www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC .com

# သရဏ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၅)

၂၀၁၃ ခုနှစ် မေလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၁ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့်
နေပြည်းနန်းစိုက် ရောင်ခြွန်လိုက် (ဘာ)

၁ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၃)
**မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဥယျာဉ်မွှေသာမိထေရ်)**

၁၂ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အားပူဇော်ခြင်း
**မြဝင်း(ဒဿန)**

၁၄ ငါနှင့်ရုပ်နာမ်
**ချောင်းဆုံအုန်းသွင်**

၁၇ မဟာလူ့သားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာဆီသို့(၂)
**မောင်ပွင့်ဉာဏ်(မောရ)**

၂၇ ဘုတ်ပြင်းမြို့နယ်မှ ကေရိနိမိကျောင်း ဆရာတော် ဦးကေသာရ အံ့ဖွယ်ရုပ်အလောင်းနှင့် ဆုတောင်းပြည့်ဂုဏ်သတင်း
**မောင်စိမ်းထွေး(ထားဝယ်)**

၂၉ ဗောဓိတစ်ထောင်ဆရာတော်ကြီး၏ အမေရိကန်ခရီးစဉ်များ
**သုဓောယျ**

၃၆ ရခိုင်ဝေသာလီမှ ရှေးဟောင်း ကြေးသွန်းမဏ္ဍိုင်စေတီငယ်များ
**မောင်ကျော်ဇော**

၄၀ မန်လည်ဆရာတော်ဘုရားကြီး၏ လက်သုံးဂါထာတော်ကြီး
**အေးရွှေ(ဗီးကုန်း)**

၄၁ ပုဂံမြို့ဟောင်းမှသစ္စာရှင်ဘုရား
**ချစ်ဆန်းသစ်**

၄၅ ကလေးမြို့နယ် မြင်းမထိရွာ သဘာဝ လိုဏ်ဂူတော် ထီးသုံးဆင့်နှင့် ဥဏ္ဏာလုံ မွေးရှင်တော်ဘုရား
**ကံဝင်း**

၄၉ မိဘစိန်ရေမသင့်ကြေငြိမ်းနှင့်
**ဆရာဦးစိန်လှိုင်(ကျိုက်ထော)**

၅၃ ဆရာတော် အရှင်ဇဝန တက်ရောက် ချီးမြှင့်သည့် ကုသိုလ်တော်ပွဲခင်း
**အောင်သာကျော်**

၅၆ ဦးဖော်အားနှင့်၏ အိမ်မီးတော်ထင်များ
**ရွှေသီရိ**

၅၉ ကံတူအကျိုးပေး
**ချောင်းဆုံအုန်းသွင်**

၆၀ ရှန်းလွှန်းဆရာတော်ရှင်ကဝိ
**မောင်ဇေယျာ**

၆၂ ပထမံပိဋကာရေထွက်ရုပ်ပေါက် လောကီ ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ တော်ဘုရားကြီး ဦးစန္ဒောဘာသ
**ပထမံဦးအေးရွှေ**

၆၆ ပွားသောနေ့မီး
**ဖျာပုံ-တင်နိုင်ဝင်း**

၆၉ ဖျာပုံမြို့ မြောက်ပိုင်းရပ်မှ ခြသေ့်ဦးဘုရားရုပ်ပွားတော်များ
**မင်းနန္ဒီရှိန်**

၇၁ ဂုဏ်တော်ကွင်းဆက်စီးပွားတက်
**ဘုန်းခေါင်**

၇၃ စာရေးဆရာနှင့်ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း
**မေတ္တာရှင်(ရွှေပြည်သာ)**


## သုတရသဆောင်းပါး


၇၄ ဆရာသခင်တို့၏စကားစများ
**ဦးအောင်သုခ**

၇၈ အဘမှင်တို့ရဲ့တောင်ရိုးတဲရွာ
**အဏ္ဏဝါလှိုင်း**

၈၃ ခိုင်းနွားကြီးများ ချောင်းဆိုးပျောက်ဆေးနှင့် မွှားပျောက်ဆေး
**ဦးသန်းစိုး(ချောင်းနက်)**

၈၄ ကျွန်မတို့ရွှေမြန်မာများ
**ရတနာဒေဝီ**

၁၁၇ ဈေးပြေး
**ဝင်းမြအောင်(မြိတ်)**

၁၁၈ ဂမ္ဘီရမိုးကြိုးသွားပေလား
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**

၁၂၄ သုဝဏ္ဏဘူမိ၏တည်နေရာ(၃)
**နိုင်ခင်မောင်လေး**

၁၃၂ ရှီဗာဘုရင်မ၏ရတနာသိုက်
**လျှမ်းထက်**


၁၃၅ သီပေါမင်းနန်းတက်ခြင်း အရေးတော်ပုံ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၃၇ ပန်းများကြာရှည်အထားခံအောင် ပြုပြင်နည်း
**သန္ဒါ(ဥပဒေ)**


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




[illegible] တစ်ကိုယ်တည်းနေတဲ့အလေ့အကျင့်
အရှင်ဥတ္တမ

[illegible] စကားလက်ဆောင်
ချောင်းဆုံ့အုန်းသွင်

[illegible] အမျိုးသမီးများနှင့်
ယောနိဌ်ဖြစ်ပွားသောကြွက်နို့ရောဂါ
ရီရီငွေး

[illegible] ကျွန်ုပ်နှင့် မဟာဂန္ဓာရီလမ်းပေါ်က
ကြုံခဲ့သမျှ
ဘုန်းခေါင်

[illegible] မျှော်လေတိုင်းမှိုင်းဝေ
မင်းဘုန်း-ဗိုလ်ဥတ္တမ

[illegible] မမေ့နိုင်သူများ
လှမိုး(ပညာရေး)

[illegible] နွားနို့မချဉ်အောင်ဒီနည်းဆောင်
စုစန္ဒာအောင်(ကျောက်ပုံ)

[illegible] ပညာရှိမင်းတိုင်ပင်အမတ်ဦးဖျော်
တင်နိုင်တိုး

[illegible] ဘုရင့်နောင်မင်းတရားကြီး၏
အဆက်အနွယ်များ
ကျော်နိုင်ခန့်

[illegible] အတာနှင့်ညွန့်ကြွားသံ
ဓာတ်ပုံ-မောင်မောင်အေး

[illegible] နတ်ဝင်းထဲကမြင်းခွာသံ
သော်တာအောင်(ကျောက်တောင်)

[illegible] အလောင်းမင်းတရားလက်ထက်
မီးဘေးကာကွယ်ရေးနှင့် တရားဥပဒေ
[illegible]ရေးဆောင်ရွက်ချက်
[illegible]ဝင်း(ရန်ကုန်တက္ကသိုလ်)

[illegible] [illegible]အမြှုတေဖြင့်
[illegible]ကိုက်ခံရခြင်းကို
[illegible]သောနည်း
[illegible]ချွင်(ကသာ)

[illegible] [illegible]စားပြဿနာ
[illegible]

[illegible] [illegible]အစဥ့်အလာနှင့်
[illegible]
[illegible](ထားဝယ်)


## သုရဋ္ဌဝတ္ထုတို


၉၆ အိပ်မက်သာထဲမှ
သုခစုစ်

၁၀၂ စစ်မြေစခန်းမှဂမ္ဘီရ
ကောင်းစံဟိန်း(ဖန်နေဝန်း)

၁၁၀ တစ္ဆေပုံရိပ်
စိုးဝေ

၁၂၈ ဘိုးတော်ဝကြီးနှင့်နန္ဒင်းဘီလူး
ဇလွန်-မောင်စိမ်းအောင်

၁၅၄ အရိုင်းမေတ္တာ
ဝင်းသိန်း(နေပြည်တော်)

၁၆၂ သူများအလွမ်းနှင့်မတူ
စောမိသွင်(ရန်ကုန်)

၁၇၀ ဘဝတစ်ကွေ့မှ တွေ့ကြုံခဲ့ရသည့်
ဖြစ်ရပ်များ
တင်ထွန်း(စက်မှု-ပြင်း)

၁၇၄ မိုးနတ်မင်းကြီး သူမညာတာ
မောင်သင်းထုံ
(ကျောက်မဲ)

၁၈၈ ကြမ္မာဝင့်ကြွေး ရှောင်ပြေးမလွတ်သာ
ငွေသော်တာလင်း
(ညောင်လေးပင်)

၁၉၃ ကြက်ကျိုးမနှင့်ကင်းကြီး
ရွှေပြည်စိုး(မိုးကုတ်)

၁၉၉ မရှိတာထက် မသိတာခက်
ကိုငြိမ်း(ရကွေဓမ)

၂၀၄ ဝိပါက်ကြမ္မာမပြေးသာ
ထန်းတပင်-စန်းလွင်

၂၁၄ မျက်စိအောက်ကနစ်ဘဝ
မိုးကုတ်ကျော်ကျော်စိုး

၂၂၂ ရွာတော်ရှင်
ကျော်စံရှိန်

၂၂၆ ပုံရိပ်မဲ့လက်စွပ်ပိုင်ရှင်
တင့်ထူး(ဝေယျဝတီ)

၂၄၆ ကျွန်ုပ်နှင့်
ထူးဆန်းသောရဟန်းအိုတစ်ပါး
ဝေမွန်လင်း

၂၅၈ ကျားဘုရင်ကို သားသမင်ထင်မှတ်ခဲ့
လေသော လူ့သတ်မုဆိုး
မောင်စိန်ဝင်း(ရွှေမိုးညို)

၂၇၀ အမှောင်ဘဝမှာလရောင်ရှာတွေ့ခဲ့သူ
မြောင်းမြ-မြင့်လှိုင်

၂၇၄ စောမြူတောင်မှတွေ့ကြုံဆန်း
နေဝန်းနီ

၂၈၀ ဆမထုတ်ပေးတဲ့အဘဘိုးမင်းခေါင်
အောင်သန်းချစ်

၂၈၆ ကွေးသောလက်များ
ဒေါက်တာဒေါ်နု(တောင်ကြီး)


BURMESE CLASSIC .com


၃၀၂ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ဝိတာမြိုင်း

၃၁၄ ကိုးလောင်းပြိုင်ရွှေခဲ
သန့်ဇင်

၃၂၆ သူတို့ဘာတွေလဲ
အောင်မြင့်(သစ်လုပ်ငန်း)

၃၃၂ သရဏဂုံအင်း
စိုးထွန်း(ဥပဒေ)

၃၆၂ ပင်လယ်ပျော်မှတ်တမ်း(၂)
ဇော်(ပင်လယ်ပျော်)

၃၇၄ ကိုးဦးမြောက်သေဆုံးပြီးနောက်
ရှစ်ခွင်ကျော်-ဖောင်တော်သီ

၃၀၂ မင်္ဂလာဒုံအနီးမှ ကိုးလောင်းကွေ့နှင့်
ထူးဆန်းသောကိုးဂဏန်းများ
ကိုတင်လှိုင်(မိတ္ထီလာ)

၃၀၆ လူဝင်စားတစ်ဦး၏တမလွန်ဘဝခရီး
ဦးသန်းစိုး(ချောင်းနက်)

၃၉၀ အရိမဒ္ဒနာပြည်မှ
အပျိုတော်ဆွေတော်မျိုးတော်များ
ရီရီငွေး

၄၁၀ အိပ်မက်နိမိတ်
ကျော်မိုးလွင်(ဝါးခယ်မ)


## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၂၇၆ နားချမ်းသာ
အောင်ကျော်

၃၉၈ ဤလမ်းခရီးလွမ်းမပြီးနိုင်
မိုးကျော့


## သုရဋ္ဌတိုင်းရင်းဆေး


၄၈ ဖောက်ထခြင်းအတွက်
အစွမ်းထက်ဆေးနည်း
သဒ္ဒါ(ဥပဒေ)

၅၀ မနာမကျင်ဘဲကြွက်နို့ပျောက်တဲ့နည်း
မြင့်မြတ်စံ(ကသာမြေ)

၈၉ ပါးချိတ်ရောင်ဝေဒနာစမ်းကြည့်ပါ
မိုးကုတ်ကျော်ကျော်စိုး

၁၀၆ မြွေဆိပ်၊ ကင်းဆိပ်၊ ကျက်ပင့်ကူအဆိပ်
လက်ဝါးပေါ်တင်လို့ကြိတ်
ပုသိမ်-မင်းလွင်

၁၃၁ ထိခိုက်ဒဏ်ရာအတွက်
ဆေးနည်းတစ်လက်
ခင်မြိုင်ရွှေ(ကျောက်ပုံ)

၁၅၇ နေ့ရာသီနှင့်
ကျန်းမာရေးဆေးအစာသိမှတ်စရာ
ဦးမင်းဇင်(ရွှေနဝင်း)


www.burmeseclassic.com

www.burmeseclassic.com

၁၆၁ စကားနည်းသောကလေးများအတွက်
**မိုးကုတ်ကျော်ကျော်စိုး**
၁၇၉ လွန်စွာအစွမ်းထက်သောဆီမန်း
**ပညာကျော်**
၁၉၁ လက်တွေ့အသုံးချ
မြန်မာ့ဆေးမြီးတိုများ
**သုတေသီဆရာငြိမ်း**
၂၀၂ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၂၃၀ ဒူးနာပျောက်ရေးအလွယ်လေး
**နေဝင်းဝင်း(လွန်ဆေး)**
၂၄၄ တင်းတိပ်အတွက်ဆေးတစ်လက်
**ကျော်ဟိန်းထက်(ဥပဒေ)**
၃၁၃ အရိုးစူး၊ အရိုးမျက်အတွက်
မခက်တဲ့နည်း
**သန္ဒါ(ဥပဒေ)**
၃၄၇ ကြက်သဟင်းနှင့်
အသည်းရောင်ရောဂါ
**စွမ်းထက်နောင်**
၃၅၂ သွားနာနေပါသလား
**မိုးကုတ်ကျော်ကျော်စိုး**
၃၉၄ ခွေးလေးယားသီးမွေး၊ ခွမွေးစူးလျှင်
**နတ်မောက်မင်းချစ်နော်**

## သုရဿ ပညာရပ်

၁၀၇ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**
၁၂၁ တရုတ်ရိုးရာ ဂန္ဓီရ ဖုန်းရှွေပညာ
အမေး အဖြေများ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၁၃၈ မေတ္တာဖြင့်သာမြင်ကြည့်ပါ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၁၆၅ ငြိုပ်ရာထူးကျ ပလူတို
**မင်းရှိန်အောင်**
၂၁၀ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဇလမင်းခေါင်**
၂၃၄ အမြင်တန်ဖိုး
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၄၁ နေ့ခုနစ်နေ့တို့၏သရုပ်သကန်အချို့
**ဝေမင်းဦး(စိတ်ပညာ)**
၂၅၁ ဗုဒ္ဓဟောကြား
နိပါတ်တော်ကျမ်းဂန်များလာ
ဂါထာမန္တန်များ(၃)
**တြိရတနာ-ဆရာဝေယျာလင်း**
၂၆၆ လောကီကျမ်းလာ
ရှေးဟောင်းပညာရပ်များ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၉၃ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
**မင်းမင်းမြတ်**
၃၀၀ စိတ်စွမ်းအင်စုဆောင်းကျွေး
**မနော်သုတေသီ**
၃၅၆ ထူးဆန်းတဲ့
ဆုပေးအထံပေးစနစ်လေလား
**မောင်ကျော့ထက်တိုင်**
၃၆၆ အာရုပ်အဂ္ဂိရတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၃၇၀ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၃၉၅ ကျွန်းလုံးမှန်ကင်းအင်း
**တြိရတနာ-ဆရာဝေယျာလင်း**

## သုရဿလက်တွေ့အသုံးချ

၆၈ လိုသူများသုံးစေဖို့
**မုနိတာ(ကျိုက်လတ်)**
၉၅ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၁၄၅ နန်းဦးဆရာတော်၏
အနန္တသိဒ္ဓိမဟာဒီပံပုဇော်နည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၆၉ ၂၀၁၃ ခုနှစ်၊ မေလအတွက်
မနေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓီရ)**
၂၀၉ သဗ္ဗသိဒ္ဓိပြည့်မြောက်ပြီး ကောန်မှုချ
အောင်မြင်စေသော အောင်စကြာစမ
**အောင်ထက်**
**(ရောအနောက်မြို့တော်)**
၃၈၉ လိုသူများသုံးစေဖို့
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၄၀၇ ၂၀၁၃ ခု၊ မေလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၃ ၂၀၁၃ ခု၊ မေလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**
၄၁၅ ရွှေမြန်မာတို့၏ ၂၀၁၃ ခုနှစ်
မိဿရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၁၈ နာမည်တွဲခြင်းများအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၃ ၂၀၁၃ ခုနှစ်၊ မေလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလဲ့လဲ့ထွဏ်း
အောင်ကျော်ဆန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းအလင်း
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဘာသာရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀
မန္တလေး တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကသား-ဂါနေဒီ၊ မီလျံနာ
ပဲခူး- သဇင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်

www.burmeseclassic.com


www.burmeseclassic.com

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# နေပြင်းမှန်စိုက် ရောင်ပြန်လိုက်

- အကျင့်ကောင်းလျှင်
  ကောင်းကျင့်ဓမ္မသတ် အပွင့်ခတ်ကြောင့်
  ချဉ့်ကပ်နှစ်ချက် စုတ်လာဘ်ထွက်
  အဖျက်ပေါ်တတ်သည်။
- အမျိုးစစ်လျှင်
  အနှစ်ကြီးစိုး ရွှေဆံမျိုးမို့
  ဆိုးယုတ်ပျက်ပြား မျိုးကပြား
  ခိုးစားလုစားလုပ်တတ်သည်။
- ဘာသာမှန်လျှင်
  သမ္မာခတ်သွင်း အေးငြိမ်းခြင်းများ
  ဖြန့်ဆင်းပတ်ရဲ ထက်အောက်ဆန့်ကြောင့်
  ပွခ်လူသား ဘာသာခြား
  ဖျက်လားဆီးလား လုပ်တတ်သည်။
- အမျိုးဘာသာ ကျင့်သိက္ခာကား
  အားပါလျှင်ထွက် အားတက်လျှင်နိုး ဆွဲခတ် မျိုးမို့
  တိုးမိသူလိုက် ကြိုက်မိသူငြိ
  ထိမိသူဖျက် တန်ပြန်ထွက်မည်
  လက်ခံရှိများ သတိထားကြ...။

(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊
ပဋိပတ်တောစခန်း)



...မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

(ထခင်လမှ အဆက်)

**ဓမ္မေသက. . .**

သင် ထိုထို ပရိသတ် ဗိုလ်ပုံရှေ့ ခြေတွေ၊ လက်တွေ့ မစင်များ စွန့်ချနေစဉ်အတွင်းလည်း-

ငါသည် ငါမဟုတ်၊ နာမ်, ရုပ်နှစ်ပါးတို့၏အလုပ်မျှသာ ဟူ၍ ညွှစ်အားပေးရသေး၏။

အများသည်လည်း သူများမဟုတ်၊ နာမ်, ရုပ်နှစ်ပါးတို့မျှသာ ဟူ၍ ညွှစ်အားပေးရသေး၏။

ပစ္စည်းများသည်လည်း ပစ္စည်းမဟုတ်၊ အဋ္ဌကလာပ်ရုပ်မျှသာ ဟူ၍ ညွှစ်အားပေးရသေး၏။

ဉာဏ်မသန်ခင် လက္ခဏာတင် စိတ်ကူးဉာဏ်ဖြင့်ပင် စရန်တင်ပေးနေခြင်း ဖြစ်သည်။

အလှူပွဲကြီးများ စရာမှဆုံးသွားပြီ။ သို့သော် ပြီးသောအဆုံးကားမဟုတ်ချေသေး။ အားလုံးတို့ကလည်း သာခုသံမိုးလျှံအထိ ခေါ်အော်ပြီးပြန်သွားကြလေပြီ။

သို့သော် သာခုနောက်(အကောင်းနောက်)၊ အကောင်း မရောက်လာချေသေး။

ရောက်လာ ကျန်ခဲ့သည်များမှာကား-

အလှူကြီးဖြစ်ခဲ့လျှင် ဇာတ်၊ အငြိမ့် ဆိုင်းများ၏အသံဗလံများ စိတ်ဝယ်ကျန်နေခဲ့ပြီ၊

ကြိတ်တိုးမစဲ တစ်ခဲနက်သောလူလုံးလူအုပ်ကြီး၏မြင်ကွင်းများ စိတ်ဝယ်ကျန်နေခဲ့ပြီ၊

အလှူလတ်, သေး ပိစိကွေးများ၌ပင် သတိအလစ် ညစ်ဝင်လာသည်များကျန်နေခဲ့သေး၏။

ယင်းအတိတ်အရိပ်တို့၏ အသုံးတော်ခံနေကြသည်များကို စားမြုံ့ပြန်စား၍မှ အားမှမရသေး၊ ထိုစဉ်ရှိ ပွဲကွင်းဆီသို့ စိတ်ကူးရောက်သွားပြန်ရာ ဟာသောနေရာမြင် 'ဟင်' ဖြစ်ရပြန်ပြီ။ လွန်သောနေရာကလှူပ် 'အွန်' လုပ်ပြရပြန်ပြီ။ မှုသောနေရာကဖမ်း 'အဟမ်း' အော်ပေးလိုက်ရပြန်ပြီ။ ထိုသည့်သင်ပွဲပြီးသော်မှ မီးမသေသေးပါတကား။

သင်သည် ထိုပွဲအမှီပြု၍ တဏှာမာန်၊ ဒိဋ္ဌိမာန်များ လန်ကွာကျလျှင်ကျ၊ မကျတောင် အားပါးကျဲသွားစေရမည့်အစား ယခုကား ထိုသို့ မဟုတ်ခဲ့ပါပြီ။ သင့်၌ သူတို့မပါးရှားသည့်အပြင် သင့်ရှိ တဏှာမာန်၊ ဒိဋ္ဌိမာန်တို့နောက် ဒေါသမာန်ကပါ အကူအထောက် ရောက်လာနေပြီ။ ယင်းကား မခံချင်စိတ်၊ မကျေချမ်းစိတ်၊ အားမလိုအားမရစိတ်များအဆိပ်ဖြစ် ကျန်နေရစ်ခဲ့ကြခြင်းပင်။ တစ်ဖန် တဏှာမာန်၊ ဒိဋ္ဌိမာန်တို့နောက် မောဟအုပ်စုလည်း အကူရောက်လာနေပြီ။ ယင်းကား ဘယ်သူဘယ်ဝါ၊ ဘာဘာညာညာဆိုသော သညာသိ အဝိဇ္ဇာစိတ်များက လွှမ်းနာကျအဖြစ် ညစ်ဝင်လာခြင်းပင်။ ပျံ့လွင့်ပူပန်စိတ်၊ ချီတုံချတုံစိတ်၊ တွေဝေးစိတ်များ ပန်းနာကျအဖြစ် ညစ်ဝင်လာခြင်းပင်။ သို့ကြောင့် သင့်အလှူကား (၁၀) သိန်းကုန်ဖြစ်ခဲ့လျှင် သင်သည် အကုသိုလ်ကို ငွေ(၁၀)သိန်း ပေးဝယ်လိုက်ရသည်နှင့် မထူးပြီ။

သင့်အလှူကား လူစည်ကားဖြစ်ခဲ့လျှင် သင့်ဖို့ ပရိသတ်များက ကိလေသာသံယောဇဉ်များ အကူထားခဲ့သည်နှင့် မခြားပြီ။ အင်း. . . သည်အတိုင်းဆိုသင့်အဖို့ ဖွပ်သထက်ညစ်၊ အသစ်ကျပ်ချွတ် ဖြစ်ဖို့ကား မလွယ်ပြီ။

အလှူမှဖြစ်သော တဏှာ၊ ပစ္စည်းသွား အငြိုးထားနေသောကြောင့်။

ဤကား ဒါနလက်နက်ဖြင့် ထုသတ်သော်မှ တဏှာမသေ၊ ပေခံနေပုံသရုပ်ပြပင်။

## ၂/ တဏှာယုတ် ကိုယ်ထဲက ဆွဲထုတ်အံ့

**ဓမ္မေသက. . .**

ဒါနသည် သူတစ်ဖက်သားများနှင့် ဆက်ဆံရသည်ကတစ်ကြောင်း၊

အာရုံအမျိုးမျိုးတို့အကြား စိတ်ထားပေးနေရသည်ကတစ်ကြောင်း၊

ပြင်ပနေ ဝတ္ထုပစ္စည်းများလောက်သာ ပေးစွန့်နေရသည်ကတစ်ကြောင်း။

ထိုအကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် တဏှာလက်ငုတ် အမြစ်မပြုတ်ခဲ့သည်ကို သင်အသိ ဖြစ်ခဲ့ချေပြီ။ သတိဦးဆောင်သော သူကောင်းပြုများ၏ အစွမ်းအစ အရာ



www.burmeseclassic.com

www.burmeseclassic.com

မထင်ခဲ့ကြသည်များကိုလည်း သင် အသိပင် ဖြစ်ခဲ့ချေပြီ။

ထို့ကြောင့် တဏှာကို ဖြတ်လိုသော သင်၊

ထိုတဏှာသို့ အစာသွင်းပေးနေသော အာရုံငါးသင်းတို့ကို ဖြတ်ချပစ်မှ တော်ချေမည်။ ယင်းမှာ တဏှာပင် ရှင်စေကြောင်း အာရုံငါးသင်းတို့က ရေလောင်းပေးနေကြခြင်းကြောင့်။

**ဓမ္မေသက. . .**

ထို အာရုံငါးသင်းကို သင် ဟန့်တားပိတ်ပင်လိုရာ၌ ဒါနသည် အရာမဝင်၊ သီလဖြင့် စောင့်စည်း ပိတ်ဆို့ထားနိုင်မှသာ ထိုအာရုံများ သင့်စိတ်တံခါး အသွားမကျွံ ရှိချေမည်။

ထိုသည့်အကြောင်းတရားအားကောင်းကောင်းကြီးသိလာသော ပါရမီရှာဖွေရေးသမား သင်သည် ယနေ့ သီလကား အခြေခံ၊ ဒါနကိုကား အရံဖြင့် တဏှာကို တန်ပြန် ထိုးစစ်ဆင်လိုက်ပြီ။

သီလသည် နတ်ပြည်တက်ရာ၏ တံခါးပေါက် ဆိုသည်ကို မမေ့နှင့်။

သီလသည် နိဗ္ဗာန်ပြည်ဝင်ရာ၏ မုခ်ဦး ဆိုသည်ကိုလည်း မမေ့လေနှင့်။

**ဓမ္မေသက. . .**

ဤ၌ နောက်ကြောင်းပြန် တစ်ဖန် စကားလွှဲ ဆွဲလိုသေးသည်မှာ-

ဒါနသည် ယုတ်ညံ့ညဥ့်ဖြစ်သော တစ်ကိုယ်ကောင်းဆန်မှုကို တော်လှန်ရာလက်နက်။

သီလသည် ယုတ်ညံ့ကျင့်ဖြစ်သော တစ်ကိုယ်ကောင်းဆန်မှုကို တားမြစ်ရာလက်နက်။

သို့ ဆိုသော်လည်း-

သင်၏ဒါနပြုစိတ်ကလည်း မိရိုးဖလာညဥ့်အသွင် ဆောင်နေပြန် (စိတ်ယှဉ်သမား၊ ကိုယ်ချင်းစာပွား၊ တန်းတူထား၊ ကရုဏာ-မေတ္တာ နှစ်ပါးတို့ကလည်း အားအင်ချည့်နဲ့ဆဲ ဖြစ်နေ)၊ သို့ကြောင့်လျှင် ပွဲမစခင် သင် အကြံဝင်စဉ်ကပင် တဏှာဆွဲရာပါ၊ တဏှာဆာရာ ရှာဖွေပေးခြင်းဖြင့် အလှူကြီး, သေးသင်ပေးခဲ့ရရာ-

သင် ပွဲဝင်သည်နှင့် ပွဲဆင်သူများ၏အာရုံကြား တဏှာကား ရေပန်းစားပြနေပြီ။

သင် ပွဲဝင်သည်နှင့် ပွဲပြင်ပစ္စည်းများ၏အာရုံကြား တဏှာကား နေရာယူထားပြီးပြီ။

သင် ပွဲဝင်သည်နှင့် ပွဲရှင် မိမိ၏ငါ, သူမြင်အကြား တဏှာကား ပိုင်ရှင်အဖြစ် ကြွားနေပြီ။

ထိုအခါ-

အောက်. . . အောက်ပြည် သင် အနေကြာခဲ့စဉ်များကပင် အသားကျကျနေရာရနေပြီးသားကြသော. . .

သင်သည် လောဘညဥ့်အမြင်ရှိ



ရေးသားတော်မူသည်

၃

# ပါရမီဘာဝ ကထာ ပါရမီဖြစ်စကား



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်က လိုလားစရာမျှသာသိ၊ ကာမပီတိ အရည်လှည့်ခံနေရပြီ။

သင်သည် ဒေါသဉာဉ် အမြင်ရှိသူဖြစ်က မကျေချမ်းစရာမျှကြည့်၊ ဒေါသမချိ အရည်လှည့်ခံနေရပြီ။

သင်သည် မောဟဉာဉ် အဝင်ခံထားသူဆိုကလည်း အမှားလှည့်စရာမျှကြည့် မောဟဂတိ အရည်လှည့်ခံနေရပြီ။

သင့်ထံရှိ ထိုဉာဉ်ကမှ ထိုအမြင်မြင်နေမိပါသော် သင်၏အကျင့်များကလည်း. . .

ရာဂစရိုက်ရှင်ဆိုက လိုလားရာ၌သာလှည့်၊ လိုလားခြင်းကိုသာ ဖြည့်ကျင့်ပေးနေရော့မည်။

ဒေါသစရိုက်ရှင်ဆိုက မလိုလားရာ၌သာဖိ၊ မလိုလားခြင်းမျှသာ ဖြည့်ကျင့်နေပေရော့မည်။

မောဟစရိုက်ရှင်ဆိုက မေ့မက်ခြင်းနှင့်သာထိ၊ မသိခြင်းမျှသာ ဖြည့်ကျင့်နေပေရော့မည်။

ထိုစဉ် ဘဝအဆက်ဆက် သူ့လက်ရာမပျက် တွဲဖက်လိုက်ပါလာသော အနုသယကိလေသာဖြစ်ပိုး ဝါသနာဆိုးတို့ကလည်း ယိုကြောင်းကြီးလေးကြောင်းအတိုင်း (ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ)သင့်စိတ်ခရီးလမ်းတစ်လျှောက် ခရီးတောက်လျှောက်လိုက်ပါနေတော့မည်သာ။

**မေ့သက. . .**

တစ်ချီကောင်း၊ တစ်ပွဲကောင်း ဒါနပြင့် တဏှာမောင်းနှင်နည်းကား-


တောင်ပေါ်ကျမိုးနှင့်အတူ ဒလဟော ထိုးဆင်းပါနေသော တောင်ကျရေများကို သင်သည် တောင်ခြေရှိ မြောင်းထိပ်ဝမှနေ တူးရွှင်းပြန့်/ပြားလေးဖြင့် တာတမံဆည်တားပေးထားမိရာ ထိုစဉ် ရေထိုးဆင်းအားနှင့် သင့်ခုခံအားဘယ်လိုမှ မမျှတတော့သောကြောင့် တစ်ခဏမျှတန့်ပြီး လန့်ဆင်း အတင်းထိုးဆင်းသွားပါသည့်ပမာ။

သင် ဒါနပြုနေချိန် ခေတ္တမျှ တဏှာအောင့်ပြီး ဆောင့်ဆင်း ဆင်းချလာကြတော့သည်သာ။ သင့်၌ သတိအုပ်စု၏ ဉာဏ်ပင်းအား နည်းပါးနေပါက တဏှာအစွဲမီး ပို၍ပင် အားကြီးလာပေဦးတော့မည်။

**မေ့သက. . .**

နောက်တစ်ကြောင်းမှာ-

သင့်တွင် တဏှာသည် လည်းကောင်း၊ သူ့နောက်လိုက် မာန၊ ဒိဋ္ဌိများ



သည်လည်းကောင်း၊ သူတို့ခြေရာလိုက်နင်းနေကြသော ဒေါသအုပ်စုဝင်, မောဟအုပ်စုဝင်များသည် လည်းကောင်း သင့်စိတ်ကိုကြိုးကိုင်နေရာ ဝင်၍ သူတို့အကြိုက် စိတ်လိုက်ပါစေသော စိတ်မီးများချည်းဖြစ်ရကား. . .

စိတ်ဖြစ်လျှင် သူတို့လိုက်ဖြစ်ပြီး စိတ်တို့ကို အညစ်အယွင်း သူတို့သွင်းပေးနေကြရာ. . .

တစ်ဖန် စိတ်ချုပ်လျှင် သူတို့အလုပ်သိမ်း၊ အနုသယအဖြစ် သူတို့ကငုပ်ကိန်း ကိန်းနေကြရာ. . .

တစ်ဖန်လည်း စိတ်အာရုံပြုရာ ဝတ္ထုကြား သူတို့ပါ အတူသွား လိုက်လံခံစားနေကြရာ. . .

သင်သည် ထိုစိတ်မှ ထွက်လာသော စိတ်ဖြစ် တဏှာကို မဆိုင်တစ်ဖက် ဝတ္ထုပစ္စည်းသက်သက်ချည်း လက်လွှတ်မိနေခြင်းကြောင့် သင်၏ဒါနဖြင့် တဏှာဖြုတ်ခြင်းသည် အနာတခြားဆေးတလွဲပမာသာ။

ရေကြောင့်ဖြစ်သော ရွှံ့ညွှန်ပေကျံလျှင် ထိုရေဖြင့်သာ ဆေးကြောမှ ကွာကျရာသည်။

စိတ်ကြောင့်ဖြစ်သော ကိလေသာ ပေကျံမှုကိုလည်း ထိုစိတ်ဖြင့်ပင် ဆေးကြောပစ်မှ ကွာကျရာသည်။

ထိုဘုရားစကား နားဝယ်ထား၊ ဤ၌ နယ်စားပယ်စားထား၊ သင်ဝင်ရမည်မှာ ဒါနနယ်မှသီလနယ်သို့သာ သို့မဟုတ် ဒါနဖြင့်မနိုင်သည့်တဏှာ သီလဖြင့် လဲကိုင်ပေးဖို့သာ။

**မေ့သက. . .**

တစ်ဖန် တစ်မျိုးတိုး သိစေချင်သေးသည်မှာ. . .

ဒါနပြုလည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ရှိရမြဲ။

သီလဆောက်တည်လည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ရှိရမြဲ။

သည့်အတူ. . .

အယုတ်တရားတို့ကို ဖယ်ရှား၍ အမြတ်တရားတို့ချည်း စိတ်၌ ကိန်းစေရာ၏။ လက်နက်ကောင်းများ ဖြစ်ကြလေသော နိက္ခမ၊ ခန္တီ၊ သစ္စာ စသည် နောက်ဝင်ဆက်ခံကြရမည့် ပါရမီဖြည့်ကိရိယာများ အားလုံးတို့၌လည်း အပ္ပမာဒ ဆိုသော ထိုသတိ စိတ်တွင်းမကွာ ပါရှိနေရမည်သာ။ ထိုစဉ်. . .

သတိဦးဆောင် ဝီရိယအသိများလည်း ခေါင်းမရှောင်သာ။

သတိဦးစီး ဗောဓိပက္ခိယအားလုံးလည်း စုစည်းပြီးသားသာ။

ဘုရားတရားတော် တစ်နွယ်ငင်တစ်စင်ပါ။ တစ်ခါဆွတ် တစ်ပွတ်လုံးပြုတ်ပမာသာ။

**မေ့သက. . .**

သင်သည် ရှိရှိသမျှ ဖြည့်သင့်၊ ပြည့်သင့်ကြသော ပါရမီအားလုံး သတိဖြင့်စည်းရုံးရာ၌ သမထလမ်းရိုး လေးဆယ်မျိုးတို့တွင် တစ်မျိုးတစ်မျိုး မိမိအရင်က ဖြည့်စမ်းခဲ့ဖူးသော ပါရမီနှိုးရာကို စိတ်ခေါင်းထိုးခံလျက်က-

ဤသတိဖြင့် ဓမ္မံ သရဏံ ဂစ္ဆာမိ ပါရမီ အရည်ပြည့်ရမြဲ။

ဤသတိဖြင့် အာရုံခံ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com

ပါရမီ ဦးခေါင်းထဲ လဲပေးရမြဲ။

ဤသတိဖြင့်ပင် အယုတ်ကိန်းတစ်စတစ်စသိမ်း အမြတ်ကိန်းသို့ ယိမ်းပေးရမြဲ။

သို့ကြောင့် သင် ပါရမီစခန်း တန်းမြင့်ဘက် တက်လှမ်းရာ၌ သင် သတိထားရမည်မှာ-

သင် ဘယ်လိုဒါနပြုပြု၊ သတိထုံ သရဏဂုံပါမှ ပါရမီသို့ လှုံခွင့်ရမည်ကို သတိပြု။

သင် ဘယ်သီလ တည်တည်၊ သတိထုံ သရဏဂုံပါမှ ပါရမီဘုံ ခိုလှုံခွင့်ရမည်ကို သတိပြု။

သင် ဘယ်အဆင့်ကိုတက်တက်၊ သတိထုံ သရဏဂုံမပျက်မှ ရှေ့ခရီးဆက်ခွင့်ရမည်ကို သတိပြု။

**မမွေသက. . .**

ဤဆိုခဲ့ပြီးသော နောက်ကြောင်း၊ ရှေ့ကြောင်းများကို စုပေါင်း၍ သင်သည် တစ်ကြောင်းတည်းသော ပါရမီခရီးသို့ ဖြည့်ရင်းတက်၊ တက်ရင်းဖြည့် တစ်လှည့်စီ ဉာဏ်ရည်လှည့် သွားလိုရာတွင် အပ္ပမာဒသတိ လုံးဝ မကင်းရသည်ကို သင် သဘောပေါက်ခဲ့ရမည်။ ပေါက်သည့်အလျောက်လည်း နွားကျောင်းသား စားကျက်ကောင်း ထိန်းကျောင်းပေးထားပမာ အမြတ်သို့နွယ်ရာ သရဏဂုံတစ်ခုခု သင့်စိတ်အာရုံပြုစေလျက်က ထိုသရဏဂုံစားကျက်ကောင်း ထိုသတိက ထိုစိတ် ထိန်းကျောင်းခိုင်းပေရော့ မမွေသက။

**ကျောင်းရောက်လျှင် ကျောင်း**

**မမွေသက. . .**

သင်တို့၊ ငါတို့၏ ဗုဒ္ဓဘာသာ မလေ့ကား ဥပုသ်နေ့မို့ ကျောင်းသွားသည် ဆိုချေရာ-

ဥပုသ်သည် မိမိစိတ် အာရုံတို့ နောက်ပါမသွားရန် သတိဖြင့် ထိန်းကျောင်းထားခြင်း။

ကျောင်းသည် အာရုံမြတ်သုံးခု စုဝေးရာဖြစ်သဖြင့် ထိုအာရုံကောင်း၌ စိတ်ကျောင်းအလုပ် လုပ်နေခြင်း။

ဤ အဓိကကျသော မလေ့နှစ်ခု သင် လက်မလွှတ်မိစေနှင့်။

သို့ကြောင့်-

ယနေ့ သင့်ဥပုသ်နေ့၏ တစ်နေ့လုံးလုံး၊ တစ်ညလုံးလုံးတို့၌ပင်။

ဘုရားဂုဏ်အာရုံစောင်း မိမိစိတ် တွေးခြင်း၊ ပြေးခြင်းမရှိအောင် သတိဖြင့်ကျောင်းလေ။

တရားဂုဏ် အာရုံပေါင်း မိမိစိတ် တွေခြင်း၊ ဝေခြင်းကင်းအောင် သတိဖြင့်ကျောင်းလေ။

သံဃာ့ဂုဏ် အာရုံတောင်း မိမိစိတ် မက်ခြင်း၊ ငေးခြင်းကင်းအောင် သတိဖြင့် ကျောင်းလေ။

**မမွေသက. . .**

သတိဖြင့် သရဏဂုံသုံးခု တစ်ခုခု သင်ရှုကြည့်နေခြင်းသည် သင့်စိတ်ဖြူစင်လာအောင် လေ့ကျင့်နေခြင်းဖြစ်သဖြင့် သီလသိက္ခာ မည်၏။

သင့်စိတ် စိတ်မြတ်ဖြစ်လာအောင် သိမ်းသွင်းနေခြင်းဖြစ်သဖြင့်လည်း သီလသိက္ခာ မည်၏။

သူပြီးလျှင် ယူပြီး သိက္ခာအားလုံးပင် အကုန်ပါ၏။

သူမပြီးလျှင် ယူပြီးလည်း ဖြူစင်သည်မဆိုသာ။

သို့ကြောင့်-

ဒါနမှ ဒါနသုဒ္ဓိ- ရိုးရိုးဒါနမှ စင်ကြယ်ဒါနဖြစ်စေလိုလျှင် သူ့အကူခေါ်။

သီလမှ သီလသုဒ္ဓိ- ရိုးရိုးသီလမှ စင်ကြယ်သီလ ဖြစ်စေလိုလျှင် သူ့အကူခေါ်။

အခြား ပါရမီမှ ပါရမီသုဒ္ဓိ- ရိုးရိုးဖြည့်မှ စင်ကြယ်ဖြည့် ဖြစ်စေလိုလျှင်လည်း သူ့အကူခေါ်။

သူဆိုသည်မှာ သတိထုံ သရဏဂုံသည် သီလသိက္ခာပင်။

သို့တိုင်လည်း-

ရေးပြသည်ကသာ လွယ်သည်၊ တကယ် ပွဲတွေ့ဝင်ရာ၌ကား ဆင်မည်းတူ ဆင်ဖြူဖြစ်အောင် ခဝါဆိုင် အပ်နှံရပါသည့်ပမာ။

ဘယ်ကမ္ဘာက စတင်ခဲ့မှန်းလည်း မသိရသော သင့်ဉာဉ်စရိုက်များ။

ဘဝဘယ်လောက်အရေအတွက်ထိ စိတ်အား တူးဖြိုခဲ့မိသည်ကိုလည်း သင်မသိရသော ထိုဉာဉ်ဟောင်း၊ စရိုက်ဟောင်းများကို သတိဖြင့် သင် ကျောင်းပေးနေရသည်မှာ ဆင်မည်းတူ ဆင်ဖြူလုပ်ပေးနေရသည်ထက်လည်း ခက်ခဲလှစွာ၏။ နှစ်သိန်းလေးသောင်း ထုထည်ပမာဏရှိသော ဤမဟာပထဝီမြေကြီး ပြောင်းပြန်လှန်ပေးနေရသည်ထက်လည်း ခက်ခဲလှစွာ၏။ အလိုလိုက်ပြီးမယား စည်းကမ်းပြန်ထားပေးနေရသည်ထက်လည်း စွာသေး၏။ အလိုလိုက်ပြီး တစ်ဦးတည်းသား စည်းကမ်းပြန်ထားပေးနေရသည်ထက်လည်း စွာပြန်သေး၏။

သို့ကြောင့် ထင်၏။

သီလ လေ့ကျင့်ခန်းဝင် ဥပုသ်ခွင်သို့ သင်ဝင်မှ မဝင်ရသေး၊ ဥပုသ်နံနက် အရုဏ်တက်၏ ဆွမ်းချက်ချိန်ရောက်သည် ဆိုလျှင်ပင်-

ကျောင်းကျလျှင် အများနှင့်လုံး စားသုံးရမည်ဖြစ်ရာ သူများနှင့်မတူ ရက်စရာကြီးအတွေးက သင်က မတတ်နိုင်သူဖြစ်နေသော် ရှေ့ပြေးလှို့ဆော်ခံရမည်။

သင်က တတ်နိုင်သူဖြစ်နေခဲ့သော် ငါလုပ် သူများထက်သာမှ အတွေးက နှိုးဆွခံရမည်။ သို့ကြောင့် သာမန်နေ့များထက် ယနေ့ အစားအသောက်များ အကောင်းလည်းပို၊ အဆောင်းလည်းပိုလာစေခဲ့ပြီ။ ဟင်းမျိုးလည်း ကောင်း၊ ဆီစသည်များလည်း ခါတိုင်းထက် ဆောင်းပိုးပေးနေခြင်းများပင်။

ထိုစဉ်တွင်-

သင့်၌ ကိုယ်ကြိုက်ရွေးဆယ်၍ ချက်ပြုတ်နေခြင်း တဏှာ။

သင့်၌ ကိုယ်ကြိုက်အတိုင်း မွမ်းမံပေးနေခြင်း တဏှာ။

သင့်၌ ကိုယ်ကြိုက်ရာဘက် အရည်အချင်း အရေအတွက် စွက်ဖက်နေခြင်း တဏှာ။

ထိုတဏှာ ဤတဏှာများက စိတ်ရှေ့မှနေ စီမံပေးနေခြင်းများကို သင်ခံယူလိုက်ရပြီကော။

တစ်ဖန် အချိန်ကျပြီ၊ ဥပုသ်ကျောင်းသို့ သွားကြမည်။

ထိုစဉ်တွင်လည်း-

သင်သည် သာမန်နေ့များသုံး အဝတ်အစားများကို ခွာချထားခဲ့ပြီး သစ်လွင်တောက်ပလှသော အဝတ်အစား၊ ကိုယ်ကြိုက်နှင့်အကိုက် လိုက်ဖက်သော အဆင်အသွေး၊ ကြေးထိုက်၍ အများကြိုက်စေသည့်အသားများ တဏှာရွေးဆင်ပေးတိုင်း သင် ဝတ်စားသွားရပြန်၏။

တစ်ဖန်လည်း ဥပုသ်ကျောင်း စုပေါင်းမိကြပြီ။

ထိုစဉ်တွင်လည်း တောမလေ့၏ ရှေးထုံးအရ ပြောကြည့်ရအောင်။

သင်သည် ဥပုသ်တောင်းရာ၏ ဆွမ်းခံတောင်းထဲလည်း ဆွမ်းဆန်များ အလုအယက်စုပေါင်းထည့်ဝင်နေ၏။

ဥပုသ်တောင်းရာ၏ ဆွမ်းဟင်းပွဲထဲလည်း ဆွမ်းဟင်းများ အားကျမခံ အပြန်ပြန်အလှန်လှန် အလျှံပယ်ထည့်၏။

ထို့နောက် ဆရာ ဘုန်းကြီးပင့်၊



www.burmeseclassic.com

www.burmeseclassic.com

အရဟာဂုံသီလခံယူ၊ ဘုရားအား ဆွမ်းခဲဖွယ်များ အာရုံထားကပ်သည့်နောက် ဆုတောင်းခြင်း၊ သီလတရား နာကြားခြင်းများဖြင့် သင် အဆုံးသတ်၏။

သင်၏ ထိုဥပုသ်တောင်းခံပွဲ တစ်ပွဲလုံး၌ပင်. . .

ဆရာက-

'တိသရဏ ဂမနံ ပရိပုဏ္ဏံ'

ဥပုသ်သည်များက (သင်က)-

'အာမ ဘန္တေပါ အရှင်ဘုရား'

ဆိုလိုသည်မှာ ယူပြီးဖြစ်နေသော သရဏဂုံသုံးပါး အပေါက်အကြားမထင် ထက်ဝန်းကျင်နှံ့စပ်နေသည်အထိ ပြည့်စုံကြ ဟူ၍ပင်။ ထိုအခါ-

'အာမ- အရှင်ဘုရား သတိပေးသောအတိုင်း မဆိုင်းမကြာ ယခုပင် လိုက်နာကြပါတော့မည်ပါဘုရား'

သင်ရောအများပါ ဝန်ခံလိုက်မိပြီ။ တစ်ဖန် အားလုံး ပြီးစီးချိန်တွင်လည်း ဆရာက-

'တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ၊

သာဓုကံ ကတွာ ခမ္မံ အပ္ပမာဒေန သမ္ပာဒေထ'

ဥပုသ်သည်များက (သင်က)-

'အာမဘန္တေပါ အရှင်ဘုရား'

ဤ၌ ဆိုလိုသည်မှာ. . .

သရဏဂုံသုံးပါး ရှေ့၌အခံထား၍ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်တော်သီလကိုတော့ဖြင့် ကောင်းမွန်စွာခံယူပြီးကြပြီ။ ပြီးလျှင်-

'တရားမမေ့ လူ့အာရုံမှန်အလေ့နှင့် ပြည့်စုံကြပစေဦး'

ထိုအခါလည်း. . .

'အာမ- အရှင်ဘုရား သတိပေးသောအတိုင်း မဆိုင်းမကြာ ယခုပင် လိုက်နာကြပါတော့မည် ဘုရား'

ဟူ၍ သင်ရော အများပါ စကားကတိ တုံ့စွက် ဝန်ခံချက်ပေးလိုက်မိကြပြီ၊

ထို့နောက် ဆရာဘုန်းကြီး ဥပုသ်ဆောင်ဇရပ်မှ ပြန်ကြွသွားသည်နှင့်တစ်ပြိုင်နက် တောခို တော်လှန်ရေးသမားများ စစ်ရေးပြပွဲ ပြီးစီးသည်နှင့် ကိုယ့်နေရာကိုယ် အစုလိုက် ပြန်သူပြန်၊ ကျန်သူကျန်ခြင်း ထရံမှာလက်နက်ချိတ်၊ ဆေးလိပ်အတွင်းဖွာသူကဖွာ၊ ရေနွေးအတွင်းသောက်သူကသောက်၊ တစ်ယောက်တစ်ပေါက် ငြင်းသူကငြင်း၊ ဖျင်းပွဲ ဖျင်းပွဲ အတင်းပွဲများ ဆင်ယင်ကျင်းပနေကြပါသည့်ပမာ။

နေ့တိုင်း၌. . .

ငါနှင့် ငါ့မိသားစုတို့၏ စားဝတ်နေရေး အရေးသုံးပါး ငါကြိုးစားမှဖြစ်မည်ဆိုသော မိစ္ဆာပညာမဂ္ဂင် စိတ်ခြေတော်တင်လျက်က လည်းကောင်း၊

ဘယ်နေရာ ဘာကို ဘယ်လို ဆိုသော မိစ္ဆာသမာဓိခွင် စိတ်ဈာန်ဝင်လျက်က လည်းကောင်း၊

သူ့ရှိအတွဲ ကိုယ့်ရှိအထဲ ဘယ်လိုနည်းဖြင့်လဲသလဲ ဆိုသော မိစ္ဆာအကျင့်ကံစုံဝင့်လျက်က လည်းကောင်း၊

သူ, သူ့ပစ္စည်း, သူပိုင်သည်မှသည် ငါ, ငါ့ပစ္စည်း, ငါပိုင်သည်အဖြစ်သို့ ကာမစနစ် စိတ်အား အညစ်အပေခံလျက်က လုပ်ကွက်ဖော်နေရသဖြင့်-

အတွေးပိုဆို ဘာကိုမှမင့်လင့်ဘဲ ဤကျင့်ဆဲ မိစ္ဆာအကျင့်၌ပင် စိတ်ဝင်စားခဲ့ပြီ။

အပြောပိုဆို ဘာကိုမှမဆက်ဘဲ ဤကျင့်ဆဲမိစ္ဆာအကျင့်၌ပင် နှုတ်ထွက်နေရပြီ။

အလုပ်ပိုဆို ဘာကိုမှပွဲမထုတ်ဘဲ ဤကျင့်ဆဲမိစ္ဆာအကျင့်၌ပင် လုပ်ကွက်ဖော်နေကြရပြီ။

သို့ဖြစ်ရာ အလုပ်ခွင်ထား အများကြား နေသော်မှလည်း တစ်ယောက်တည်းအလား စိတ်ရောကိုယ်ပါ တပိုတပါး ခါတိုင်းနေ့ မသွားအားခဲ့ကြပါ။ ယနေ့တော့ဖြင့်ကား ဥပုသ်နေ့၊ အားလုံးအားကြပြီ။

ယနေ့တော့ဖြင့် ကျောင်းသွားနေ့စုံမိ တွေ့မိနေကြပြီ။

ယနေ့တော့ဖြင့် သတင်းစုံစကားအားလုံးထံမှ ကြားခွင့် နာခွင့် ရထားကြပြီ။

ယနေ့ ထိုအခွင့်အရေး မည်သူကမျှလည်း အပိတ်အပင်မရှိ၊ မည်သူကမျှလည်း မပေး မရှိ။ သို့ကြောင့် ထိုဆရာဘုန်းကြီး ပြန်ကြွသွားသောအချိန်-

ပါးစပ်ကျွန်မရ၊ တစ်ယောက်ပြီး တစ်ယောက် ကောက်စားကြပြီ။ ထိုစဉ် ရွာအကြောင်း အရပ်ကြောင်းလည်း ပါ၏။ အလုပ်အကြောင်း အကိုင်အကြောင်းလည်းပါ၏။ ရာသီဥတုအခြေအနေ၊ တိုင်းပြည်အခြေအနေလည်းပါ၏။ ကမ္ဘာ့အခြေအနေပင် မလွတ်တတ်။

ထို့နောက် သားရေး၊ သမီးရေး အကြောင်းများထဲ ဝင်သွားကြပြန်၏။ အမြင်ချင်းတူနေလျှင် လုဝင် လုပြော၊ မတူသော် အငြင်းပွား၊ ပြောပြီးတိုင်း တဟားဟား။

သို့နှင့်ပင် စားချိန်ကျ ဝိုင်းဖွဲ့စား၊ စားရင်း စကားပွားကြရသည်သာ။

သို့နှင့်ပင် စားပြီး အနားယူ၊ ဟိုကရှုရှု၊ သည်ကရှုရှု အသက်ရှူပြင်းကြပြီသာ။

သို့နှင့်ပင် အိပ်ရာမှနိုး အချိန်မကုန်တတ်သေး။ ပုတီးတစ်ဖက်၊ စကားတစ်ဖက်ဖြင့် ကျောင်းစားကျက် စိတ်လွှတ်လျက် သီလဆတ်ခဲ့ကြပြီး ထိုစဉ် အကယ်တိတိ မိရိုးဖလာမှ စင်ခွဲ ကိုယ်ပိုင်ဗုဒ္ဓဘာသာဝင်ပွဲ ကျင်းပလိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး သင် ဖြစ်နေခဲ့ပါမူ. . .

ထိုထိုအုပ်စုကို ရှောင်ရှား၊ မိမိတစ်ဦးတည်း ခြောင်ရှိရာခိုနားလျက်က-

က။ တစ်ပတ်လုံးလုံး ကာမနှင့်ပေါင်း,

မကောင်းညစ် ညစ်ပေလာသော

ငါ့စိတ်၊

ခ။ တစ်ပတ်လုံးလုံး ကာမချင်းဖက်,

သွေးပျက်လာသော ငါ၏ကိုယ်

ယနေ့ တစ်ရက်တည်းဖြင့်ပင် အညစ်များ အားနည်းအောင် ဖြတ်တောက်ချထားခဲ့တော့မည်။

ယနေ့ တစ်နေ့တည်းဖြင့်ပင် ရှေ့ဖြစ်နှင့် နောက်ဖြစ် အားချင်းလွဲ ကင်းစဲသွားစေ့မည်။

ဤကောင်းမွန် မှန်ကန်သော အတွေးဉာဏ်များဖြင့် သင်သည် သင့်စိတ်ကို. . .

စိတ်အတွေးက ပြင်ပမီ ဟို,သည် မပေးသာအောင် သတိချင်းစပ်၍ အသိကပ်ပေးထားလိုက်ပြီ။

စိတ်အကြံက အတွင်းလည် ဟို, သည်လှန် မကြံသာရအောင် သတိချင်းစပ်၍ အသိ အသိချင်းပါ ထပ်ပေးထားလိုက်ပြီ။ ထိုစဉ်. . .

သင်၏စိတ်ထားက ဓမ္မအာရုံ၊

သင်၏နှုတ်ပွားက ဓမ္မသရဏဂုံ၊

သင့်ကိုယ်ထားကလည်း တစ်ယောက်ထီးတည်း။

ဓမ္မေသက. . .

တကယ်သွားလိုသော် ထိုသင့် သူတောင်း၏။ အသွားသင်စ ထိုကာလဝယ် ပုရွက်အုံ တုတ်ထိုးမိသည့်ပမာ။

ယခင်က မတွေးမိသည်များကပင် ရုတ်တရက်ဖွား လှသားခန့် ဝင်လာတတ်ကြ၏။

ယခင်က မတွေ့မိသည်များကပင် ယခုဝင် နှောင်အတွက် ပြင်ဆင်ပေးလာတတ်ကြချေ၏။

သတိပီလေ၊ အာရုံပလီလေလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာတတ်ကြ၏။ အသိတည်လေ၊ အာရုံပီလေလည်း ဖြစ်လာတတ်ကြသေး၏။ နှိုက်နှိုက်ချွတ်ချွတ် အတွေးများအထိ အသိရောက်သွားတတ်ကြ၏။

ထိုဖြစ်ရပ်များသည်-

က။ အိပ်ပျော်နေသော သင့်အနုသယငုတ် သတိမလုတ်တိုက်မိခြင်းကြောင့်လည်း ဖြစ်တန်ရာ၏။

ခ။ သမားရိုးကျ သွားလာနေကြသော သင့်အစွဲသိမျှား အလန့်တကြား ပြေးသွားခြင်းလည်း ဖြစ်တန်ရာ၏။

အနီးကပ်ဆုံး ဖြစ်နိုင်သည်မှာ-

၁။ သတိသည် အတွင်းငုတ်ကို ဆွဲနုတ် နှဲချွတ်တတ်သော သတ္တိစွမ်းရှိ၏။

၂။ သတိသည် အသေးအမွှားလေးများကိုလျှင် အကြီးအမားထိ ချဲ့ထွင်ပြတတ်သော အစွမ်းရှိ၏။

၃။ သတိသည် စိတ်နှင့်အစွဲ အထဲ၌ တွဲနေသည်ကို ဆွဲဖြဲပေးနိုင်စွမ်းလည်း ရှိ၏။

ထိုသတိကြောင့် သင့်ထံရှိ စိတ်အမှောင့် ရောင့်တက်လာခြင်း၊ စိတ်အမျိုးမျိုး နိုးထလာခြင်း၊ စိတ်မခန့် လန့်ပျံ့ပျံ့ခြင်းများပင်။

ယင်းသဘောကို အသွားသင်စသူကောင်းအဖို့ နားမလည်တတ်သေး။ သို့ကြောင့် အပျံ့ကို ချုပ်ဖမ်းလည်း သင်ဖမ်းနေဦးတော့မည်။

အငုတ်၏အလှုပ်ကို ကုပ်ဖျင်လည်း သင်ဖျင်ပေးနေဦးတော့မည်။

ဤနေရာ အသွားသင်စ သင့်အဖို့လိုက်နာရမည်မှာ သင်ပွဲကြည့်တုန်းက နမူနာကိုယူကာ ဘာတွေ့တွေ့ စိတ်သတိမရွေ့ သင်လေ့ကြည့်ကြည့်ပေးနေတတ်ရမည်။ ဘယ်ရောက်ရောက် သူပြေးနောက် သတိကြိုးခေါက်ကိုင်၍ သင်တောက်လျှောက် လိုက်ကြည့်ရမည်။

စိတ်ချုပ်တည်းထားခြင်း၊ သူပြေးပွဲ စိတ်မျက်နှာလွှဲထားခြင်း သင် မပြုအပ်။

စိတ်မှင်တက်မိနေခြင်း၊ မကျေချမ်းစိတ် အဝင်ခံခြင်းများလည်း သင့်၌ မရှိအပ်။

**ဓမ္မေသက. . .**

ဤနေရာ၌ အထူး အရေးကြီးသည်မှာ. . .

သတိ၏ရွေ့ပြေး နောက်ပါ ငယ်ဥာဏ်ပမာသော ဝီရိယအမည်တွင် ရဲ ဘင်းစိတ်၏ ဝင်ရဲသည်၊ ထွက်ရဲသည် များ (မည်မျှ အမြင်လှုပ်လှုပ်) အလုပ်မပျက်ဖို့ပင်။

သတိနှင့်ဖဝါးထပ်မကွာ ဇနီးအရာပမာသော သမ္ပဇာန အမည်ပေါက် အသိကလည်း ကွဲပြားသိဖြင့် အတည့်ကြည့် အရှိ-အရှိအတိုင်း သိသိနေဖို့ပင်။

ကျွဲရိုင်းဖမ်းပွဲ၊ လက်ဝှေ့ပွဲ သတ္တိခဲများသာ ကြည့်ရဲ ဝင်ရဲသည်ကို သတိရှိ။

လူချင်းသတ်ပွဲ၊ စစ်တိုက်ပွဲ သတ္တိခဲများသာ ဝင်နွဲရသည်ကို သတိရှိ။

**ဓမ္မေသက. . .**

သင့်၌ ရဲစွမ်းသတ္တိ အဘယ်မှာရှိရှိ သင်တိုက်ပွဲခွင် မဝင်ဘူးသေးသည်က တစ်ကြောင်း၊

သင့်သတ္တိက သဒ္ဓါအား မဖက်၊ ပင်ကိုဉာဉ် ရဲတင်းချက်ဖြစ်နေသည်က တစ်ကြောင်း၊

အစွဲတို့၏ တောစဉ် သင် တောမဝင်ဘူးသေးသည်က တစ်ကြောင်းတို့ကြောင့် သမထရိုး ,လေးဆယ်မျိုးထဲမှ တစ်မျိုးမျိုး လက်ကိုင်ထား သင်သရဏဂုံပွားနေစဉ် ရိုင်းလွန်းနေသေးသော သင့်စိတ်၊ အသစ်နောက် လိုက်ပြေးလျှင် 'ပြေး, မပြေး အဟောင်းပြန်တွေး တွေးပေနေပေလိမ့်မည်။

တွေးခဲ့၊ ပြေးခဲ့ရာမှ အစွဲစိတ်နှင့် တတွဲတွဲလည်း တွဲပြနေပေလိမ့်မည်။

မိမိကိုယ်တိုင်ကလည်း အတွေး-အပေးထင် စိတ်ကူးတပြင်ပြင်လည်း ရှိနေပေလိမ့်မည်။

ထိုအသွားသင်သမား သင်ကားခွေးပါထည့် မလှပမာ။

ဘယ်နေရာသွားသွား၊ မိမိနဂိုဉာဉ်ထားများက တံခါးငါးပေါက်တို့မှထွက်၊ မြင်မြင်သမျှ၊ ကြားကြားသမျှတို့နှင့် မိတ်ဖက်နေတော့ရာ။ ဘယ်သူနှင့်တွေ့တွေ့၊ တွေ့မှမတွေ့ရသေး အာရုံပေး ပြေးကြိုနေတော့ရာ။

သင်၏သိက္ခာတင်သီလကား စင်ကြယ်ခြင်းအစား စင်လွင့်ထဲရောက်သွားခဲ့ရပြီ။

ထိုအခါ ကိုယ်၊ နှုတ်နှစ်ပါး တံခါးမပျက်ယွင်းသေးက သီလကား ရ၏၊ စိတ်တံခါးရှုက် အထားပျက်နေခြင်းကြောင့် ပါရမီကား ဆက်မရသေးချေ။

ဒါနကျင့် ကျင့်ရင်းက အာရုံသို့ အလိုနည်းလာမှ ပါရမီ။

သီလကျင့် ကျင့်ရင်းက အာရုံသို့ အလိုနည်းလာမှ ပါရမီ။

**ဓမ္မေသက. . .**

ဤ၌ သင့်စိတ် အလိုနည်း,မနည်း စနည်းနာနည်းများမှာ-

**အတွေးဖြစ်ခဲ့သော အတိတ်တအကြိုက်ဆုံး၊ အမုန်းဆုံးနေရာလေး စိတ်**ပြေးတွေ့ပေးလိုက်ပါ။

ထိုစဉ်. . .

ရာဂမာန်ဝင်၊ စိတ်အစဉ် ထကြွလာ,မလာ သတိပြုကြည့်။ အကယ်တိတိ ထကြွလာသော်မှ ယခင်နှင့်ယခု တူ၊ မတူ ရှုကြည့်ပေးလေ။

ဒေါသမာန်ဝင် စိတ်အစဉ် ဇပြ,မပြ အာရုံချကြည့်။ အကယ်တိတိ ဇပြလာသော်မှ ယခုနှင့် ယခင် အားချင်းယှဉ်ကြည့်လေ။

အကယ်တိတိ အတွေ့ ဖြစ်နေပါသော်. . .

ဖြစ်နေကျ ကြိုက်စိတ်များ တဖွားဖွား တွေးလာ,မလာ အကဲပါပါ စစ်ကြည့်။

ဝင်လာနေကျ မုန်းစိတ်များ လွှားခနဲဆင် ဝင်လာ,မလာ အညာမိမိ ကြည့်ပေး။

ဤ၌ အသွားသင်စ ပါရမီစခန်းဝင်သမားများသို့-

အများအားဖြင့် ဖြစ်တတ်ကြသည်မှာ အတွင်းထား ဉာဉ်စရိုက် ဝါသနာများက အားများဆဲဖြစ်ခြင်းကြောင့်လည်းကောင်း၊ မခံရဘူးသေးသောသတိ၏အထိုး အရိုးထိလာခြင်းကြောင့်လည်းကောင်း. . . .

နွားသားစားဖူးသူ နွားမြင်တိုင်း လက်ညှိုးထိုးပြနေပါသည့်ပမာ-

တွေ့သမျှ အာရုံစဉ် ယခင်ကထက်ပင် ခုံမင်နေတတ်လှချေသည်။

တွေးသမျှ အာရုံမျှင် ယခင်ကထက်ပင် စိတ်ကူးယဉ်နေတတ်လှချေသည်။

ယင်းမှာ တဏှာက ဖွားပေးထားသော လူသားက-

တဏှာက ကျွေးနေ မွေးနေပါသည်ကို ခေါင်းခါမိသဖြင့်၊ တဏှာဖိသဖြင့် အငြိပေါ်လာခြင်းပင်။ တဏှာက ဆွ၍ 'ဇ' ပြခံနေရခြင်းများပင်။

အယုတ်တကာ့ အယုတ်ဆုံးတို့တွင် တဏှာသည် အစွာဆုံး။

အရှုပ်တကာ့ အရှုပ်ဆုံးတို့တွင် အဝိဇ္ဇာသည် အစွာဆုံး။

ထို ရင့်မာကြီး အဝိဇ္ဇာ တဏှာများနှင့် ဤအလုပ်သင် သင် အသွားသမား၊ ဤ၌ ပွဲကြီးပွဲကောင်းဆိုကာမမှား။

မဟာဗောဓိမြိုင်ဆရာတော်

(ဇနဝါသီဥပဒေသဓမ္မသာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com



# ဆင့်ကာတိုးမြှင့် မြတ်ကိုယ်ကျင့်ဖြင့်

မြဝင်း (ဒဿန)



တစ်ညနေခင်းတွင် ကျွန်တော့် တပည့်ရောက်လာပြန်ပါသည်။ သူ့လက်ထဲတွင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးဖွဲ့သော 'ကဗျာ့ဘဏ်တိုက်' စာအုပ် ပါလာပါသည်။ ခရီးရောက်မဆိုက်ပင် ကျွန်တော်က ဤသို့ စကားစ, လိုက်ပါသည်။

"ဘယ်ကလာခဲ့တာလဲ တပည့်ရဲ့၊ လက်ထဲမှာလည်း 'ကဗျာ့ဘဏ်တိုက်' စာအုပ်နဲ့"

"ဆရာ့ဆီကိုပဲ လာခဲ့တာပါ။ ကဗျာ့ဘဏ်တိုက် စာအုပ်ကိုဖတ်ရင်း တချို့ကဗျာတွေနဲ့ပတ်သက်လို့ ဆရာနဲ့ ဆွေးနွေးရရင်ကောင်းမှာပဲဆိုပြီး ဆရာ့ဆီကိုလာခဲ့တာပါ။ ကဗျာ့ဘဏ်တိုက်မှာပါတဲ့ ကဗျာတွေကို ကျွန်တော်ဖတ်ကြည့်တဲ့အခါ နားလည်တာလည်းရှိရဲ့၊ နားမလည်တာလည်းပါရဲ့။ တချို့ကဗျာတွေကိုတော့ ခပ်ရေးရေးပဲ နားလည်တယ်၊ အဲဒါ ဆရာနဲ့ ဆွေးနွေးချင်လို့ပါ"

"ကြိုးစားပြီးဖတ်ပါ တပည့်ရယ်၊ တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်"

"ကျွန်တော် ကြိုးစားပြီး ဖတ်ပါတယ်၊ ဒါနဲ့ ဆရာ့ကို ပြောရဦးမယ်၊ ဆရာတော်ဘုရားကြီးရဲ့ ကဗျာတွေကို ဖတ်ရတာ ကျွန်တော့်မှာ တာဝန်မကျေသလို ခံစားလာရပါတယ်"

"ဘယ်လိုတာဝန်မကျေတာလည်း တပည့်ရယ်၊ ပြောပြပါဦး"

"ဒီလိုပါဆရာ။ ဆရာတော်ဘုရားကြီး တောရဆောက်တည်တယ်၊ အဓိဋ္ဌာန်ဝင်တယ်၊ တရားကျင့်တယ်၊ သာသနာတော်ကြီး အစွန့်ရှည်တည်တံ့ရေး, သာသနာတော် မညှိုးနွမ်းရေးတို့အတွက် လုပ်ဆောင်တယ်။ သည်ကြားထဲကနေပြီး တပည့် ဒါယကာ၊ ဒါယိကာမတွေအတွက် စာတွေ၊ ကဗျာတွေ ရေးပေးသေးတယ်။ နီတိတွေ၊ ကျင့်စဉ်တွေ ရေးပေးတယ်။ ဆရာတော်ဘုရားကြီးဘက်က တာဝန်ကျေလွန်းတယ်လို့ ကျွန်တော် ခံစားမိတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်က တာဝန်မကျေသလို ဖြစ်နေတယ်။ ကဗျာ့ဘဏ်တိုက် စာအုပ်ထဲမှာ 'ငါ့တာဝန်ကျေပြီ၊ သင့်ဘက်ကကော' ဆိုတဲ့ ကဗျာ ပါတယ်။ ကျွန်တော် ဖတ်ပြပါ့မယ်"

"ဖတ်ပြပါ တပည့်ရယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဖတ်ပြပါ့မယ်။

ငါ့တာဝန်သည်<br>
တည်ပြီးသာသနာ၊ ချီးမကွာဘဲ<br>
ရှည်ကြာကာလ၊ ထွန်းတောက်ပရန်<br>
တွန်းအားဖန် စီမံပေးထားခဲ့။

ငါ့တာဝန်သည်<br>
တည်ပြီးလူမျိုး ဂုဏ်မညှိုးဘဲ<br>
တန်ခိုးအာဏာ၊ ဘုန်းသမ္ဘာဖြင့်<br>
ကမ္ဘာ့အလည်၊ ပျံ့နှံ့တည်ရန်<br>
တွန်းအားဖန် စီမံပေးထားခဲ့။

ငါ့တာဝန်သည်<br>
တည်ကြည်ရုပ်သွင်၊ သင့်ကျင့်စဉ်ကို<br>
တုမြင်အားကျ၊ ရှင်အားရဖြင့်<br>
တခြားလူမျိုး၊ တခြားကိုးကွယ်<br>
တစ်နယ်ခြားခြား၊ လူအများပင်<br>
သင့်အားကြည်ညို၊ သင့်မှီခိုပြီး<br>
သင့်လိုပင်ကျင့်၊ သင့်လိုပွင့်ရန်<br>
တွန်းအားစီမံပေးထားခဲ့။

သင့်ဘက်ကသာ<br>
ကဗျာစာတို၊ စာတစ်ညို့၏<br>
စာကိုယ်လျှင်ကြည့်၊ ဤလိုဖြည့်လျက်<br>
တည့်တည့်ဖြောင့်ဖြောင့်၊ လမ်းမထောင့်ဘဲ<br>
အမှောင့်လည်းလွန်၊ ရောင့်လည်းလွန်<br>
တာဝန်ကျေဖို့ ရှိတော့သည်- တဲ့။

ကဗျာရဲ့အောက်ခြေမှာ ဆရာတော်ဘုရားကြီးက 'အမျိုးဘာသာနှင့် သာသနာတော်ကို ကာကွယ်စောင့်ရှောက်တတ်ဖို့' လို့ ရေးထားပါသေးတယ် ဆရာ"

"ကောင်းလိုက်တာ တပည့်ရယ်။ တပည့်ပြောသလို ဆရာတော်ဘုရားကြီးဘက်က တာဝန်ကျေပါတယ်၊ ဆရာတို့ဘက်က တာဝန်ကျေဖို့ပဲလိုတော့တယ်။ နောက်ဆုံးအပိုဒ်လေးကို ပြန်ဖတ်စမ်းပါဦး တပည့်ရယ်"

"ဖတ်ပြပါ့မယ် ဆရာ။

သင့်ဘက်ကသာ<br>
ကဗျာစာတို၊ စာတစ်ညို့၏<br>
စာကိုယ်လျှင်ကြည့်၊ ဤကိုဖြည့်လျက်<br>
တည့်တည့်ဖြောင့်ဖြောင့်၊ လမ်းမထောင့်ဘဲ<br>
အမှောင့်လည်းလွန်၊ ရောင့်လည်းလွန်<br>
တာဝန်ကျေဖို့ ရှိတော့သည်"

"ဟုတ်တာပေါ့ တပည့်ရယ်၊ ဆရာတို့တစ်တွေက တည့်တည့်ဖြောင့်ဖြောင့်၊ လမ်းမထောင့်ဘဲ သွားဖို့ လိုပါတယ်"

"ဒါနဲ့ဆရာ၊ 'အမှောင့်လည်းလွန်၊



www.burmeseclassic.com

www.burmeseclassic.com

ရောင့်လည်းလွန်' ဆိုတာကို ကျွန်တော် သဘောမပေါက်ဘူး ဆရာ"

"အမှောင့်လည်းလွန်၊ ရောင့်လည်းလွန်ဆိုတာ 'မှောင့်ရောင့်' ကို ခွဲပြီးဖွဲ့ထားတာပါ။ 'မှောင့်ရောင့်' ဆိုတာ အနှောင့်အယှက်ကို ပြောတာ။ နှောင့်ယှက်တာကို ပြောတာ။ ဆရာတော်ဘုရားကြီးက 'မှောင့်' နဲ့ 'ရောင့်' ကို ခွဲပြီး ဖွဲ့ထားတာ။ တပည့်မှတ်မိမယ်ထင်ပါတယ်၊ ဆရာမင်းသုဝဏ်ရဲ့ကဗျာတစ်ပုဒ်ရှိတယ်။ 'လက်ဆောင်ပြန်' တဲ့။

'မိုးသကြန်ရေသောက်လို့
ရွှေပိတောက်တဝါဝါ
သင်းကြူနံ့ဖြာ။
ကျွန်တို့ဆီမှာ သာပါရဲ့ပုံမောင်း၊
မောင်ကြီး မာပါစေတဲ့
မလေး ချာပါစေတဲ့
အတာရေ ဖြာဝေသွန်းလို့ရယ်
ညွှန်းကြဆုတောင်း' တဲ့။

တပည့်ကြားလိုက်တယ် မဟုတ်လား။ ဆရာမင်းသုဝဏ် 'မာချာ' ကို 'မာ' နဲ့ 'ချာ' ခွဲပြီးတော့ 'မောင်ကြီးမာပါစေတဲ့'၊ 'မလေး ချာပါစေတဲ့' လို့ ရေးဖွဲ့ခဲ့တာပါ။ 'မာချာ' ဆိုတာက 'အနာရောဂါကင်းရှင်းတယ်'လို့ အဓိပ္ပာယ်ရတယ်။ အခုလည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'မှောင့်' နဲ့ 'ရောင့်' ကို ခွဲပြီးတော့ 'အမှောင့်လည်းလွန်၊ ရောင့်လည်းလွန်' လို့ ဖွဲ့ခဲ့တာပါ"

"ကျေးဇူးပါ ဆရာ၊ ကျွန်တော် သဘောပေါက်သွားပါပြီ။ ကဗျာဖတ်လက်စနဲ့ ဆရာ့ကို ကဗျာတစ်ပုဒ် ဖတ်ပြပါဦးမယ်"

"ဘာကဗျာလဲ တပည့်ရယ်"

"ဝန်ထမ်းများ၏တာဝန် ကဗျာပါ ဆရာ"

"ဖတ်ပြပါ တပည့်ရယ်"

**ဝန်ထမ်းများ၏တာဝန်**

ငါတို့ရလာ သာသနာနှင့် ဘာသာလူမျိုး ဇီဇရိုးအား ညှိုးခြင်းမှိန်ခြင်း တိမ်ကောခြင်းမှ ကင်းလွတ်အောင်
ငါ့အစထား သင်ကားအပါ လူများစွာတွင်
တာဝန်ကိုယ်စီ ရှိကြသည်ချည်း တစ်နည်းနည်းပင်။
ထိုသို့ရှိလျှင်-
သင်သည် သင့်ခန်း သင်တတ်ကျွမ်းရာ သင့်ပညာတွင်
ဆင့်ကာတိုးမြှင့် မြတ်ကိုယ်ကျင့်ဖြင့်
သင့်ရှေ့စော်ကား မျိုးဖျက်များ
ဖယ်ရှားသင့်ပါပြီ။

ငါ့လျှင် ငါကျွမ်း ငါ့အခန်းကို အစွမ်းထက်မြက် ပညာစက်တွင်
ဖြည့်စွက်သိကျွာ၊ စောင့်စည်းရာဖြင့်
လာသော်ကာကွယ်၊ ရှယ်သော်ဟန့်တား ချိုးဖျက်အား
တိုးထားပြီးပါပြီ။

သင်လျှင် သင့်ခန်း ငါငါ့ခန်းနှင့် အခန်းများစွာ
ပြည့်ဝန်တာကို
ကျရာဆစ်ပိုင်း သူငါဝိုင်းမှ
ဒို့တိုင်း ဒို့ပိုင် ဒို့သာကိုင်ဖြင့် နိုင်ငံ
လူမျိုး ဂုဏ်မညှိုး
တန်ဖိုးလက်ပြည့်ရှိပါမည်။

အကယ်၍သာ သူငါမဝိုင်း မပိုင်းတာဝန် ကျေပွန်မရှိ
အေးတိ အေးစက် ဘေးထွက်ပျက်ချော်. တော်သလိုနေ
ပျော်လိုနေက ခုနေသင်ကိုင် သူပိုင်နက်ဖန်
လက်ပြောင်းလှန်မည် အဆန်လည်းကင်း နှံလည်းယွင်း
ညံ့ဖျင်းမျိုးဆုံး တုံးရှေ့မည်။

"ကောင်းလိုက်တာ တပည့်ရယ်။ ဆရာတော်ဘုရားကြီးက တကယ့်ကို တာဝန်ကျေပါတယ်။ တပည့် ဖတ်သွားတဲ့အထဲမှာ အပိုဒ်တစ်ပိုဒ် ဆရာကြားလိုက်ရတယ်။ 'သင့်ရှေ့စော်ကား မျိုးဖျက်များ ဖယ်ရှားသင့်ပါပြီ' တဲ့။ အဲဒီအပိုဒ်ကို ပြန်ဖတ်စမ်းပါ တပည့်ရယ်"

"သင်သည် သင့်ခန်း သင်တတ်ကျွမ်းရာ သင့်ပညာတွင် ဆင့်ကာတိုးမြှင့် မြတ်ကိုယ်ကျင့်ဖြင့် သင့်ရှေ့စော်ကား မျိုးဖျက်များ ဖယ်ရှားသင့်ပါပြီ"

"အဲဒါ ဆရာတို့ ကျေရမယ့်တာဝန်။ ဆရာတို့က ဆရာတို့ရှေ့မှာ ဘာသာ သာသနာကို စော်ကားတာတွေ တွေ့ရင် ကိုယ်နဲ့မဆိုင်သလို ဘေးထွက်ပြီး တော်သလိုနေတတ်ကြတယ်"

"ဆရာတော်ဘုရားကြီးက အဲဒီလိုနေကြတာကို ကဗျာနောက်ပိုင်းမှာ ပြောထားတယ် ဆရာ"

"ဖတ်ပြပါဦး တပည့်ရယ်"

"အကယ်၍သာ သူငါမဝိုင်း မပိုင်းတာဝန် ကျေပွန်မရှိ အေးတိ အေးစက် ဘေးထွက် ပျက်ချော် တော်သလိုနေ ပျော်လိုနေက ခုနေသင်ကိုင် သူပိုင်နက်ဖြန် လက်ပြောင်းလှန်မည် အဆန်လည်းကင်း နှံလည်းယွင်း ညံ့ဖျင်းမျိုးဆုံး တုံးရှေ့မည်တဲ့"

"သိပ်ဟုတ်တာပေါ့ တပည့်ရယ်၊ တချို့က ကိုယ်နဲ့မဆိုင်သလို ဘေးထွက်ပြီး ပြက်တီးပြက်ချော် ပြောနေတတ်တယ်။ အဲဒီလို နေမယ်ဆိုရင်တော့ တို့ပိုင်တဲ့ တို့နိုင်ငံဟာ သူများလက်ထဲရောက်သွားမှာပဲ။ အဲဒါကို ဆရာတော်ဘုရားကြီးက 'ခုနေ သင်ကိုင်၊ သူပိုင်နက်ဖန်' လို့ ဆိုထားတယ်။ တကယ့်ကို ထိမိတဲ့အဖွဲ့ပါ။ တို့တစ်တွေကို တုန်တုန်လှုပ်လှုပ်ဖြစ်အောင် ဖွဲ့ထားတဲ့အဖွဲ့ပါ။

ကဗျာကို ဆက်ဖတ်ကြည့်ရင် မျိုးဖျက်များကို မဖယ်ရှားဘဲ တော်သလို၊ ပျော်သလိုနေသွားကြရင် လူမျိုးပါ တုံးသွားလိမ့်မယ်လို့ သတိပေးထားတယ်။ ဒါဖြင့် မျိုးဖျက်တွေကို ဘယ်လိုကာကွယ်မလဲ၊ ဘယ်လို ဖယ်ရှားမလဲ။ ကဗျာအထက်နားမှာ ဆရာတော်ဘုရားကြီး ပြောထားတာရှိတယ်၊ တပည့်ပြန်ကြည့်ပါ"

"တွေ့ပါပြီ ဆရာ၊ ကျွန်တော် ဖတ်ပြပါ့မယ်။

သင်သည် သင့်ခန်း သင်တတ်ကျွမ်းရာ သင့်ပညာတွင် ဆင့်ကာတိုးမြှင့် မြတ်ကိုယ်ကျင့်ဖြင့် သင့်ရှေ့စော်ကား မျိုးဖျက်များ ဖယ်ရှားသင့်ပါပြီ"

"ဆရာတော်ဘုရားကြီး မိန့်ဆိုထားတာက ကိုယ့်နေရာ ကိုယ့်စခန်းက နေပြီး ကိုယ်တတ်ထားတဲ့ပညာနဲ့ မျိုးဖျက်များကို ဖယ်ရှားရမတဲ့။ ဒါပေမယ့် ပညာနဲ့တင်မလုံလောက်ဘူးနော်၊ 'ဆင့်ကာတိုးမြှင့် မြတ်ကိုယ်ကျင့်ဖြင့်' လို့ ဆိုထားတယ် မဟုတ်လား။ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားရှိဖို့လိုသေးတယ်။ တစ်နည်းပြောရရင် သီလရှိဖို့လိုသေးတယ်။ အဲဒါကတော့ အကျယ်ပြောရလိမ့်မယ်"

"ကဗျာ့ဘဏ်တိုက် စာအုပ်ထဲမှာပဲ အကျင့်နဲ့ပတ်သက်ပြီး ရေးထားတဲ့ ကဗျာတွေ ရှိပါတယ် ဆရာ"

"အဲဒီ ကဗျာတွေ အကြောင်း နောက်တော့ ပြောကြတာပေါ့ တပည့်ရယ်"

ထို့နောက် ကျွန်တော့်တပည့်သည် 'ကဗျာ့ဘဏ်တိုက်' စာအုပ်ကို ပိုက်လျက် ပြန်သွားပါသတည်း။

မြဝင်း(ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

# ငါနှင့် ရုပ်နာမ်



"မောင်အုန်းသွင်၊ လောကမှာ မခွဲတမ်းအတူနေကြသူနှစ်ဦးအနက် တစ်ဦးကတစ်ဦးကို လိုလေသေးမရှိ အစစအရာရာ အလိုလိုက် အကြိုက်ဆောင်ပြီး ပြုစုပေးတယ်။ ပြုစုခံရသူ နောက်တစ်ဦးက ပြုစုသူကို စဉ်ဆက်မပြတ် ရိုက်ပုတ် ညှဉ်းဆဲတယ်၊ အခြား နည်းမျိုးစုံနဲ့လည်း မပြတ်ညှဉ်းဆဲတယ်။ သူတို့နှစ်ဦးဟာ ဘယ်သူတွေဖြစ်မလဲ"

တစ်နေ့ မွန်းလွဲပိုင်းတွင် ဆရာတော်ဦးပညာ ကြွရောက်လာပြီး ရောက်မဆိုက် အထက်ပါအတိုင်း မေးလိုက်ပါသည်။ ကျွန်တော်ကလည်း မဆိုင်းမတွပင်-

"အရှင်ဘုရားပဲ အမိန့်ရှိပါဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်ပါသည်။ ဆရာတော်က-

"အချောင်သမား၊ နည်းနည်းလေးမှအားမထုတ်ချင်ဘူး"

ဟု မိန့်ကြားပါသည်။ ကျွန်တော်က-

"တပည့်တော် အားထုတ်ချင်ပါတယ် ဘုရား၊ တပည့်တော်ရဲ့ဉာဏ် တစ်မိုက်၊ တစ်ထွာမျှနဲ့ အားထုတ်နေရင် အချိန်ကြာပြီး အဖြေမှန်မထွက်နိုင်တော့ အရှင်ဘုရားရဲ့ အဖိုးတန်တဲ့အချိန်ကို ဖြုန်းတီးရာကျမှာစိုးလို့ပါ ဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်တော့ ဆရာတော်က-

"အင်း- အပြောကောင်းတယ်၊ ဒါဖြင့်လည်း မှတ်ထားပေတော့"

ဟု မိန့်တော်မူပြီး-

"စဉ်ဆက်မပြတ် ညှဉ်းပန်းနှိပ်စက်သူက 'ခန္ဓာ' လို့ ခေါ်တဲ့ ရုပ်နဲ့ နာမ်ပဲ။ နှိပ်စက်ခံရသူက ပညတ်သဘောအရ ခန္ဓာပိုင်ရှင်ပဲ၊

ခန္ဓာပိုင်ရှင်က ဘယ်သူလဲကွ"

"ငါ ပါ ဘုရား"

"ငါ ဆိုတာ ဘယ်သူလဲ"

"အဝိဇ္ဇာပါ ဘုရား"

"အေး-ဟုတ်ပြီ။ တို့ သံသရာကို အဝိဇ္ဇာနဲ့ဝင်ခဲ့ကြတယ် ဆိုတာကိုတော့ သိထားတယ် မဟုတ်လား။ အဝိဇ္ဇာက နှိပ်စက်ခံရမယ် ဆိုတာကို မသိလို့ ခန္ဓာကိုလိုချင်တယ်။ ပြုလုပ်လို့ရတော့ မပြတ်နှိပ်စက်ခံရတော့တာပဲ။ (၃၁) ဘုံမှာ ဘယ်ဘဝမှ မလွတ်ဘူး၊ နှိပ်စက်ခံရတယ်။ တို့က လူဆိုတော့ လူ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုပဲ သိတာပေါ့။ ဒီတော့ လူ့အကြောင်းနဲ့ပဲပြောရအောင်။ လူအကြောင်းတောင်မှ အခုလောလောဆယ်တော့ ငါတို့ တစ်နေ့တာပြုစုနေရတဲ့ အခြေအနေကို ကြည့်ကြရအောင်။

မနက်အိပ်ရာကထတော့ မျက်နှာသစ်ရတယ်။ ရုပ်က မျက်လုံးမှာ မျက်ချေး၊ ခံတွင်းမှာ အနံ့ဆိုး နံနေတာကို နာမ်ကလက်မခံဘူး။ ငါက သန့်ရှင်းပေးရတယ်။ နောက်ဆုံးစားထားတဲ့အစာနဲ့က ဝေးနေပြီဖြစ်လို့ တို့ဘုန်းကြီးဆို သာပြီးဝေးတာပေါ့၊ ဗိုက်က ဆာပြီ။ ဒီတော့ သရေစာကျွေးမွေးပြုစုရတယ်။ အရက်ဆွမ်းပေါ့။ ပြီးတော့ နံနက်ဆွမ်းအတွက် ဆွမ်းခံထွက်ရတယ်။ နံနက်ဆွမ်း၊ နေ့ဆွမ်းကျွေးမွေးပြုစုရတယ်။ ရုပ်ခန္ဓာကြီး မသန့်ရှင်းရင် နာမ်က မကြည်လင်ဘူး၊ ဒီတော့ ရေချိုးရသေးတယ်။

အစာသစ်က အစာဟောင်းကို တွန်းထုတ်တယ်။ အစာဟောင်း စွန့်ပေးရတယ်။ မစွန့်ဘဲနေလို့မရဘူး။ အစာသစ်ဝင်ပြီးလည်း အစာဟောင်းမထွက်ဘူးဆိုရင် ဓာတ်ချုပ်ပြီး ရောဂါမျိုးစုံဝင်တယ်။ ဆီးလည်း ဒီအတိုင်းပေါ့။ ဒီတော့ ဓာတ်နုတ်ဆေး စားရတယ်။ ဆီး၊ ဝမ်းမှန်အောင်လုပ်ရတယ်။ ရုပ်ခန္ဓာကြီး ရောဂါဝေဒနာ မဖြစ်အောင် အနေအထိုင်၊ အစားအသောက် အစစအရာရာ ဆင်ခြင်ပြီး ပြုစုရတယ်။ ရောဂါတစ်ခုခုဖြစ်ရင်လည်း ဆေးဝါးနဲ့ ပြုစုကုသရတယ်။

နံနက် မျက်လုံးနှစ်လုံး ပွင့်တဲ့အချိန်ကစပြီး ညအိပ် မျက်လုံးနှစ်လုံး ပြန်ပိတ်တဲ့အချိန်အထိ နာမ်ခန္ဓာအလိုကျဖို့ ရုပ်ခန္ဓာကို အမျိုးစုံပြုစုရတယ်။ လူသားဘဝ၊ အလုပ်သမားဘဝ၊ ပရိယေသနဝမ်းစာရှာရတဲ့ဘဝ ဆိုရင်လည်း ဝမ်းစာရေး၊ ခန္ဓာကြီးကိုပြုစုအဖို့အရေး အလုပ်အမျိုးမျိုးကို အပင်ပန်းခံ လုပ်ရတယ်၊ နားရတယ်၊ အိပ်ရတယ်။

လူတွေကျတော့ ခန္ဓာကိုယ်ကို ပြုပြင်ရတာ၊ ပြုစုရတာ တို့ဘုန်းကြီးတွေထက် အဆများစွာ ပိုတာပေါ့။ ခေါင်းဖြီးရတာတို့၊ အဝတ်လဲရတာတို့ စသည်ဖြင့်ပေါ့။ အမျိုးသမီးတွေဆို သာဆိုးသေးသပေါ့။ လက်သည်းဆိုး၊ နှုတ်ခမ်းဆိုးစတဲ့ ခန္ဓာကိုယ်ကို ပြုစု၊ ပြုပြင်ရတဲ့အလုပ်က နည်းတာ မဟုတ်ဘူး။ ရောဂါမရှိ ဆေးစားရတယ်၊ ရောဂါရရင် ဆေးကုရတယ်။

ပုတာ၊ အေးတာတွေကို ကာကွယ်ရတယ်။ မှဲ့၊ ခြင်၊ ယင် စတဲ့ ပိုးမွှားများဘေးက ကာကွယ်ရတယ်။ ဆူး၊ ငြောင့်၊ ခလုတ် စတဲ့ ဘေးတွေကိုလည်း ရှောင်ရသေးတယ်။ ယာဉ်အန္တရာယ်တွေလည်းပါတယ်ပေါ့။ ဒါတွေအားလုံးဟာ ရုပ်၊ နာမ်နှစ်ဖြာ ဒီခန္ဓာကို ပြုစုစောင့်ရှောက်ရခြင်းပဲ။ အမျိုးစုံအောင်ပြောလို့ မကုန်ဘူး။ အမိဝမ်းမှာ ပဋိသန္ဓေနေလို့ လသားမရခင်မှာဘဲ အူ- ဆိုတာ ဖြစ်လာတာနဲ့ အမိစားတဲ့အစာကို တစ်ဆင့်ခံယူစားသောက်ပြီး ဒီရက်သားခန္ဓာကို ပြုစုခဲ့ရတာ တစ်ဘဝကုန်ဆုံးပြီး သေတဲ့အထိပဲ။

'ငါ' က ခန္ဓာကို အဲဒီလို ဂရုစိုက်ပြုစုပေးတဲ့အတွက် ခန္ဓာက 'ငါ'ကို ဘယ်လိုတုံ့ပြန်သလဲ။ အဆက်မပြတ်ညှဉ်းပန်းနှိပ်စက်တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဘယ်လို ညှဉ်းပန်းနှိပ်စက်သလဲ။

ရှေးဦးစွာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ဘေးကြီးလေးပါးနဲ့ နှိပ်စက်တယ်။ မြန်မာလိုတော့ မွေး- အို- နာ- သေပေါ့။ အများသိကြတဲ့ 'မွေး' က အမိဝမ်းက ကျွတ်တာ၊ 'အို' က မင်းတို့ငါတို့လိုအိုတာ၊ 'နာ'က ရောဂါဖိစီးတာ၊ 'သေ' က အများသိတဲ့ ဒီဘဝဇာတ်သိမ်းတာပေါ့။ တကယ့် မွေး-အို-နာ-သေက ဒီလိုမဟုတ်ဘူး။ ရုပ်ရော နာမ်မှာပါ အလွန်လျင်မြန်တဲ့ မွေး-အို-နာ-သေတွေ ရှိတယ်။

ရုပ်အကြောင်းကို ပြောရအောင်။

ရုပ်ရဲ့အစဟာ မြူမှုန်ပဲ။ မြူမှုန်သေးသေးလေးပဲ။ ဘယ်လောက် သေးသလဲဆိုရင် ဘယ်လောက်အားကောင်းတဲ့ မှန်ပြောင်းတွေနဲ့မှ ကြည့်လို့ မမြင်နိုင်အောင်သေးတယ်။ အဲဒါကို 'ပရမာဏုမြူ' လို့ခေါ်တယ်။ မြတ်စွာဘုရားက အဘိညာဉ်တန်ခိုးနဲ့မြင်တယ်။ အဲဒီ မြူမှုန်လေးတွေဟာ အလွန်လျင်မြန်စွာဖြင့် ဖြစ်-ပျက်နေတယ်။ ဘယ်လောက်မြန်လဲဆိုရင် မျက်တောင်တစ်ခတ်အတွင်းမှာ အကြိမ်ပေါင်း ကုဋေ (၅၀၀၀) ဖြစ်၊ ပျက်တယ်။ ပျက်သွားတာ ဘယ်တော့မှ ပြန်မဖြစ်ဘူး။ အစားထိုးဖြစ်တာ။ မြတ်စွာဘုရားက အဘိညာဉ်နဲ့ အကြိမ်ကုဋေ (၅၀၀၀) လို့မြင်ပြီး သိပ္ပံပညာရှင်တွေက ကုဋေ (၁၀၀) လို့ တိုင်းတာလို့ ရတယ်။ နာမ်က အမှုန် မဟုတ်လို့ ပမာဏကို ပြောလို့မရဘူး။ မြတ်စွာဘုရားက အဘိညာဉ်နဲ့ အကြိမ်ပေါင်း ကုဋေ (၈၅၀၀၀) ဖြစ်၊ ပျက်တယ်လို့ မြင်တော်မူတယ်။ နာမ်အကြောင်းကိုထားပြီး ရုပ်အကြောင်းကိုပဲ ပြောရအောင်။

ဖြစ်-ပျက်လို့ ပြောတဲ့နေရာမှာ 'တည်' ဆိုတာ ကျန်ခဲ့တယ်။ တကယ်တော့ 'ဖြစ်-တည်-ပျက်' ပဲ။ အစနဲ့အဆုံးရှိတာမှန်သမျှ 'အလယ်' ဆိုတာ ရှိရမှာပေါ့။ ဖြစ်ကအစ၊ ပျက်ကအဆုံး ဆိုရင် အလယ်က 'တည်' ဆိုတာ ရှိသေးတာပေါ့။ ဖြစ်က မွေးတယ်၊ တည်က အိုတယ်။ ပျက်က သေတယ်ပေါ့။ မွေး-အို-သေပေါ့။ ဇာတိ-ဇရာ-မရဏပေါ့။ အဲဒီ သုံးမျိုးစလုံးမှာ ဗျာဓိဆိုတဲ့ 'နာ' ပါတယ်။ မွေး-အို-သေ ဆိုတာ ဒုက္ခပဲ။ ဆင်းရဲပဲ။ နာ ဆိုတာလည်း ဒုက္ခပဲ၊ ဆင်းရဲပဲ မဟုတ်လား။ ဒီတော့ ဗျာဓိက အမြဲပါနေတာပေါ့။

အဲဒါ ရုပ်နဲ့နာမ်ကို စရတာနဲ့ မွေး၊ အို၊ နာ၊ သေ ကို ရတော့တာပဲ။ သံသရာထဲ စ, ဝင်တာကို အသာထားပြီး ဟိုဘက်ဘဝကပဲ စ, ပြောရအောင်။ ဟိုဘက်ဘဝကလည်း လူပဲဆိုပါတော့။ လူပဲပြန်ဖြစ်ဖို့ ကံရှိတဲ့ အဲဒီလူဟာ သေပြီးတာနဲ့ ချက်ချင်း ဒီဘက်ဘဝဧ လူ့ဘဝကို ရတယ်၊ ကြားမှာ ဘာအဝမှမရှိဘူး။ ကူးတို့ခ မပါလို့ ဝိညာဉ်က ပင်လယ်မကူးနိုင်ဘဲ နောက်ဘဝကိုမရသေးဘူးဆိုတာ တို့ဗုဒ္ဓဘာသာအယူ မဟုတ်ဘူး။

စောစောကပြောခဲ့တဲ့ မွေး၊ အို၊ သေ (နာကို အသာထားဦး) ဟာ ရုပ်၊ နာမ်တို့မှာလည်း အဆက်မပြတ် ဖြစ်နေတယ်။ (ကုဋေ ၅၀၀၀၊ ကုဋေ ၈၅၀၀၀) မွေး-အို-သေကို ပါဠိလို 'ဇာတိ-ဇရာ-မရဏ' လို့ ခေါ်တယ်။ ဖြစ်-တည်-ပျက်ကို ဥပါဒ်-ဌီ-ဘင်လို့ ခေါ်တယ်။ ဥပါဒ်က အစ၊ ဌီ-က အလယ်၊ ဘင်က အဆုံးပေါ့။ ဘဝမပြောင်းခင် ရုပ်၊ နာမ်တို့ ဥပါဒ်- ဌီ-ဘင် ဖြစ်နေသလို ဘဝပြောင်းတော့လည်း ဥပါဒ်- ဌီ-ဘင်နဲ့ပဲ။ ဒီမြန်နှုန်းနဲ့ ဘင်မှာ ဟိုဘက်ကဘဝကို စွန့်ခဲ့ပြီး ဥပါဒ်မှာ ဒီဘက်ကဘဝကို စရတာပဲ။ ဟိုဘက်ဘဝက ဒီဘက်ဘဝကို ကူးတာ ဝိညာဉ်က ကူးတာ မဟုတ်ဘူး၊ နောက်ဘဝ (ဘယ်လိုဘဝမျိုး) ကို ရစေမယ့် ကံနဲ့စိတ်က ကူးပေးတာပဲ။ အကောင်အထည်ဘာမှမရှိဘူး။ ဟိုဘက်ဘဝက ဘင်ဆိုပြီး ချုပ်ပြီးတာနဲ့ ဒီဘက်ဘဝ အမိဝမ်းတွင်း (သားအိမ်တွင်း) မှာ ဥပါဒ် (ကလလရည်ကြည်) ဖြစ်တာပဲ။ ဇာတိပဲ။ ပဋိသန္ဓေတည်တာပဲ။

ဥပါဒ်ဖြစ်ပြီးတာနဲ့ ဌီပဲ။ (တည်ခဏ)။ အဲဒီ ဌီကာလ (တည်ခဏ) မှာ ဥဿှာတေဇောလို့ခေါ်တဲ့ အနွေးဓာတ်



www.burmeseclassic.com

www.burmeseclassic.com

က ကာလလရှည်ကြည်ကို မပျက်စီးအောင် စောင့်ရှောက်တယ်။ အဲဒီမှာ ကံ-စိတ်-ဥတု ဆိုတဲ့ အကြောင်းတရား သုံးပါးက ထောက်ပံ့တယ်။ ငှီပြီးတာနဲ့ ဘင်ပဲ။ ပျက်တာပဲ။ ရုပ်၊ နာမ်တို့ ပျက်နေကျသဘော (ကုဋေ ၅၀၀၀၊ ကုဋေ ၈၅၀၀၀) နဲ့ ပျက်တာပဲ။ အဲဒီမှာ ဖြစ်-တည်-ပျက် ဆက်သွားတာပဲ။ သန္ဓေသား နှစ်ပတ်လောက်ရတော့ အူ ဆိုတာဖြစ်ပေါ်လာချိန် မိခင်စားသောက်သမျှကို တစ်ဆင့် စားသောက်ရတယ်။ အဲဒီမှာ အာဟာရ အထောက်အပံ့ကိုရတယ်။ အဲဒီအချိန်ကစပြီး နောက်ဘဝ မကူးခင်အထိ ကံ-စိတ်- ဥတု-အာဟာရဆိုတဲ့ အထောက်အပံ့လေးရပ်နဲ့ ရှင်သန်သွားရတော့တာပဲ။

သံသရာထဲ ဝင်တဲ့အချိန်ကစပြီး သံသရာက ထွက်သွားတဲ့အချိန်အထိ ရုပ်၊ နာမ်တို့ရဲ့ ဖြစ်-တည်-ပျက်-ဟာ ပြောခဲ့တဲ့ အမြန်နှုန်းအတိုင်း မရပ်မနားသွားနေတာပဲ။ (၃၁) ဘုံမှာ ဘယ်ဘုံရောက်ရောက် ဒီအတိုင်းပဲ။ ဖြစ်-တည်-ပျက် တစ်ကြိမ် ကျတိုင်း ကျတိုင်းမှာ 'မွေး- အို- နာ- သေ' ဆိုတဲ့ ဘေးလေးပါး၊ ဒုက္ခလေးမျိုးဟာလည်း မပြတ် ဖြစ်သွားတာပဲ။

ဒီဘဝမှာ တို့ အမိဝမ်းတွင်း ပဋိသန္ဓေ စတည်တဲ့ (ဇာတိ) ဥပါဒ် ဆိုတာနဲ့ (ဇရာ- မရဏ) ဌီ-ဘင် ဆိုပြီး ဥပါဒ်-ဌီ- ဘင် တစ်ခါတည်း ဆက်သွားတော့တာပဲ။ နာ (ဗျာဓိ) က အားလုံးမှာ ပါပြီးသားပဲ။ အဲဒါ ဘယ်အထိ ဒီလိုဖြစ်နေမလဲ၊ တို့အသိအတွက်ကတော့ ဒီဘဝကုန်ဆုံးတဲ့အထိ (သေတဲ့အထိ) ပဲပေါ့။

အဲဒါ ရုပ်နဲ့နာမ်ဟာ ငါ-ကို (ဒီဘဝမှာ) အဆက်မပြတ် ညှဉ်းပန်းနှိပ်စက်နေတာပဲ မဟုတ်လား။

ဒါက တစ်နည်း၊ နောက်နည်းတွေရှိသေးတယ်။ နောက်တစ်နည်းက မီးပုံကြီး (၁၀) ပုံနဲ့ လောင်မြိုက်တဲ့နည်းပေါ့။ ကိလေသာကို မီးနဲ့နှိုင်းတယ်။ ဘာကြောင့်လဲဆိုရင် ကိလေသာဟာ သတ္တဝါတွေကို ပူလောင်စေတဲ့အတွက်ပဲ။ ဒါတလည်း ထင်ရှားပါတယ်။ လောဘတက်သူရဲ့ ရင်ထဲ အေးချမ်းနေသလား၊ အလို (လောဘ) မပြည့်မှာစိုးလို့ ရင်ပူနေရတာ။ ဒေါသထွက်သူက သာဆိုးသေးတယ်။ မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသလား ထင်ရတယ်။ မျက်နှာက အီလူးရုပ်ပေါက်နေတယ်။

ကိလေသာ (၁၀)ပါးစလုံး ပြောနေရင်သိပ်ရှည်သွားမယ်။ (၁၀) ပါးလုံးဟာ မီးပဲ။ ပူလောင်စေတာပဲ။ အဲဒီကိလေသာ (၁၀) ပါးနဲ့ နှိပ်စက်တယ်။ နောက်တစ်နည်းနဲ့ နှိပ်စက်သေးတယ်။ အဲဒါကိုတော့ မီး (၁၁)ပါးလို့ခေါ်တယ်။ နည်း (၁၁) မျိုးနဲ့ လောင်မြိုက်စေတာပေါ့။ အဲဒီ (၁၁) မျိုးမှာ ပြောခဲ့ပြီးတာက (၆) မျိုး၊ နောက်တိုးက (၅) မျိုးပဲ။ အဲဒါတွေက-

လောဘ၊ ဒေါသ၊ မောဟ (ကိလေသာ ၁၀ ပါးမှာ ပါပြီး) ဇာတိ၊ ဇရာ၊ မရဏ (အစတုန်းက ပြောခဲ့ပြီး) နဲ့-

၁။ သောက၊
၂။ ပရိဒေဝ၊
၃။ ဒုက္ခ၊
၄။ ဒေါမနဿ၊
၅။ ဥပါယာသ

တို့ပဲ။ သောက ဆိုတာ စိုးရိမ်စိတ်၊ တစ်ခုခုအပေါ် စိုးရိမ်နေစိတ်ပေါ့။ မင်းမှာ စိုးရိမ်စရာတွေ အများကြီးရှိမှာပေါ့။ အဲဒီအနက်က တစ်ခုကို ပြောကြည့်ကြရအောင်။

မင်းက သွားကိုက်မှာကို အင်မတန်ကြောက်တယ် မဟုတ်လား။ သွားကိုက်မှာကို စိုးရိမ်စိတ် ဖြစ်နေတယ်။ နည်းနည်းကလေး ကိုက်မယ့်လက္ခဏာပြလာတာနဲ့ စိုးရိမ်စိတ်က နည်းနည်းပိုလာတယ်။ အဲဒီလိုနဲ့ တကယ်ကိုက်လာတော့ နုတ်ရမယ်နဲ့တူတယ်၊ ထုံဆေးမကောင်းရင် အသေအလဲခံရတယ်၊ ခံရခဲ့ပေါင်းများပြီ၊ ဒုက္ခပါပဲဆိုတဲ့ စိုးရိမ်စိတ်က အပူမီးအဖြစ် အဆင့်တက်လာတယ်။ ပရိဒေဝမီး တောက်လောင်တယ်။ ဖန်ရည်ငုံ၊ ဆေးသိပ်နဲ့ ကိုယ်ရဲ့ ဆင်းရဲခြင်း ဒုက္ခတွေ ဖြစ်လာတယ်။ နောက်ဆုံး ဘယ်လိုမှမရတော့ဘူး၊ နုတ်ကို နုတ်ရတော့မယ် ဆိုတဲ့ အခြေကိုရောက်လာပြီဆိုတာ သိတော့ အကြီးအကျယ် စိတ်ဆင်းရဲလာတယ်။ ဒေါမနဿပေါ့။

တကယ်နုတ်တဲ့အခါ သတိလစ်လုမတတ် နာတဲ့ဝေဒနာကို ခံရတယ်။ တချို့ကိစ္စတွေမှာ သတိလစ် မေ့မြောသွားတယ်။ တချို့ အသက်ပါ သေသွားတယ်။ ဒါကိုတော့ ဥပါယာသလို့ ခေါ်တယ်။

အဲဒီ မီးဆယ့်တစ်ပါးဟာ တစ်မျိုးမဟုတ်တစ်မျိုးနဲ့ အမြဲလောင်နေတာပဲ။ တစ်ခါတလေလည်း သောက-ပရိဒေဝလောက်ပေါ့၊ တစ်ခါတလေလည်း ဒုက္ခ-ဒေါမနဿအထိပေါ့။ တစ်ခါတလေကျတော့ ဥပါယာသထိ ရောက်တယ်။ ရုပ်၊ နာမ်ပိုင်ရှင် 'ငါ' ကို အဲဒီလိုအမြဲဖြစ်နေအောင် ရုပ်နဲ့နာမ်က အမြဲ ဖန်တီးပေးနေတယ်။ 'လူတစ်ခု ပူမှုရယ် အသချေ' လို့ ဆိုတယ် မဟုတ်လား။ လူတိုင်းမှာ စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်နှက်နေတယ်။

ရုပ်၊ နာမ်က ပိုင်ရှင် 'ငါ' ကို မပြတ်ဆင်းရဲနေဖို့အတွက် လောကီအာရုံကာမဂုဏ်အဖုံဖုံကို မပြတ်ခုံမင်ပြီးနေတယ်။ ဒုက္ခချင်းဆက်စပ်နေအောင် ဖန်တီးထားတယ်။ သံသရာကလွတ်မြောက်ကြောင်း မတွေးနိုင်, မလုပ်နိုင်အောင်၊ လူချမ်းသာ, နတ်ချမ်းသာတို့ကို ခုံမင်စွဲလမ်းနေအောင် လုပ်ထားတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးတို့ မခြားမပြတ် ဖြည့်ဆည်းနေရအောင် ညှဉ်းပန်းနှိပ်စက်ထားတယ်။

ဒီတော့-

'ငါ' ဆိုတဲ့ ရုပ်၊ နာမ်ပိုင်ရှင်ဟာ ရုပ်၊ နာမ်တို့ မပြတ် ညှဉ်းပန်းနှိပ်စက်ခြင်းကို ပြင်းပြင်းထန်ထန် ခံနေရတယ်။ ဒါပေမယ့် 'ငါ' က ရုပ်နဲ့နာမ်ကို စွဲစွဲလမ်းလမ်း ချစ်ခင် မြတ်နိုးနေတယ်။ 'အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်တယ်' ဆိုသလိုပေါ့။ အပါယ်ဘုံမှာသချာမရှိခံရပြီး လူချမ်းသာ၊ နတ်ချမ်းသာကို မျက်တောင်တစ်ခတ်စာလောက် ခံစားရရင်ပဲ အကျေနပ်ကြီး ကျေနပ်ပြီး မခွဲနိုင်တော့ဘူး။ ရုပ်၊ နာမ်က 'ငါ' ကို ဒုက္ခပေးနေတယ်ဆိုတာလည်း မသိဘူး။ ဒီတော့ 'ငါ' က ရုပ်၊ နာမ်နဲ့ မခွဲနိုင်ဘူးပေါ့။

ရုပ်၊ နာမ်က 'ငါ' ကို ညှဉ်းဆဲနေတယ် ဆိုတာကို သေသေချာချာ လက်ခံ ယုံကြည်အောင် ပြောပြနိုင်သူက ဝိပဿနာပဲ။ ငါနဲ့ ရုပ်၊ နာမ်ကို ကွာရှင်းပေးနိုင်တဲ့ တရားသူကြီးဟာလည်း ဝိပဿနာပဲ ဖြစ်တယ်။ ဒါကြောင့်. . .

ဝိပဿနာတရားကို သိအောင်လုပ်၊ သိရင် ရုပ်၊ နာမ်ရဲ့ ညှဉ်းပန်းမှုကို သိမယ်။ ယုံမယ်။ ဝိပဿနာတရားသူကြီး ကွာရှင်းပေးတဲ့အထိ ရုပ်၊ နာမ်နဲ့ အိုးစားကွဲအောင် ဝိပဿနာကျင့်စဉ်ကို ကျင့်၊ မြန်မြန်အိုးစားကွဲအောင် များများကျင့်။ ဒါပဲ"

ဆရာတော်က ဤသို့မိန့်ကြားပြီး ပြန်ကြွသွားပါသည်။

*'ငါ'နှင့် ရုပ်၊ နာမ် မြန်မြန် အိုးစားကွဲကြပါစေ*

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

- နောင်တစ်ချိန်ချိန်မှာ စကြဝဠာတစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခုဖြစ်ပေါ်လာလိမ့်မယ်။
- အဲဒီ ဘာသာတရားဟာ ထာဝရဘုရားအယူအဆကို လွှမ်းမိုးသွားလိမ့်မယ်။
- တစ်ယူသန် တရားသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မယ်။
- သဘာဝတရားနဲ့ ဘာသာတရားနှစ်ခုလုံးကို လွှမ်းခြုံမိတဲ့ အဲဒီဘာသာတရားဟာ ရုပ်၊ နာမ်နှစ်ပါးကို ကိုယ်တွေ့ ခံစားသိမြင်မှုနဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။
- အဲဒီအချက်တွေကို ဗုဒ္ဓဘာသာက အဖြေပေးလိမ့်မယ်။
- တကယ်လို့သာ ခေတ်သစ် သိပ္ပံပညာနည်းကျ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်တဲ့ ဘာသာတရားတစ်ခုရှိတယ် ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲဖြစ်လိမ့်မယ်။

**၂၀-ရာစု အကြီးမြတ်ဆုံးသိပ္ပံပညာရှင် ဒေါက်တာ အဲ(လ်)ဘတ်အိုင်းစတိုင်း**

*(၁၉-၅-၁၉၃၉) အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ပရင်စတန်တက္ကသိုလ်တွင် ဟောပြောခဲ့သော စကားစုမှ။*

**မောင်ပွင့်ဉာဏ်(မောရ)**

# မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာဆီသို့ ၂



နိဂြောဓာရုံကျောင်းနေတော်မှုပုံ





အလောင်းတော်သိဒ္ဓတ္ထမင်းသား သူသေနိမိတ်ကို မြင်နေပုံ



www.burmeseclassic.com


www.burmeseclassic.com



အလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားတော်မူခန်း



မယ်တော်မာယာ အိပ်မက်ခန်း



မဟာဗောဓိဘုရားကျောင်းဆောင်သို့ အဝင်ဝ

*(ယခင်လမှအဆက်)*

**ဗုဒ္ဓဂယာတောင်သို့**

၁၄-၁၁-၁၂ ရက်နေ့၊ မနက် (၅) နာရီမှာ မနက်စာစားကြပြီး ဘတ်(စ်) ကားတွေပေါ် အပြေးအလွှား နေရာယူကြပါတယ်။ ဘုရားဖူးအဖွဲ့ဝင်က (၅၁) ယောက်ရှိလို့ အိတ်(စ်)ပရက်ဘတ်(စ်) ကားအကြီးတစ်စီးနဲ့ မီနီဘတ်(စ်)တစ်စီး စီစဉ်ထားပါတယ်။ ရန်ကုန်ရုံးက ထိုင်ခုံဇယား အပြီးရေးဆွဲပေးလိုက်လို့ လူတွေအားလုံး ကားနှစ်စီးပေါ်မှာ နေရာတွေအပြောင်းအရွှေ့လုပ်ကြရပါတယ်။

အဖွဲ့မှာတုန်းကပြောတော့ သံယာနဲ့ သီလရှင်တွေကို ရှေ့ဆုံးမှာ နေရာပေးပြီး အသက်အရွယ်အလိုက် အရှေ့၊ အနောက် နေရာချပေးမယ်လို့ ဆိုပါတယ်။ အခုကျတော့ အသက် (၇၀) အရွယ် အမေအိုတွေက နောက်ထိုင်ခုံတွေမှာ နေရာရတာကို အတူပါလာသူ မိသားစုဝင်တွေက မကျေနပ်ကြပါ။

"ကုသိုလ်လိုချင်လို့ ဘုရားဖူးလာတာပဲ၊ ဒီလောက်ကိစ္စနဲ့ ဘာမှမဖြစ်ကြပါနဲ့"

ဆိုပြီး လူကြီးတွေက ဖျောင်းဖျတာကြားရလို့ နားချမ်းသာရပါ၏။

(၆) နာရီလောက်မှာ ကားတွေစထွက်ပါတယ်။ ကားထွက်ထွက်ချင်း အတူလိုက်ပါလာသူ ဗုဒ္ဓဂယာ မြန်မာကျောင်း လက်ထောက်ဆရာတော် ဦးကောသလ္လ ဦးဆောင်ပြီး 'နမော တဿ' (၃) ကြိမ်ရွတ်ဆို ဘုရားကန်တော့ခြင်း၊ သရဏဂုံသုံးပါး (၉) ခေါက်၊ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်များနှင့် ပဋ္ဌာန်းအကျဉ်းတို့ကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြပါတယ်။ သာယာ အေးချမ်းလှတဲ့ နံနက်ခင်းကို မင်္ဂလာရှိစွာ စတင်လိုက်ရတဲ့အတွက် အားလုံးရဲ့ရင်ထဲမှာ ကြည်နူးမှုကို ခံစားကြရပါတယ်။

နောက်ရက်တွေမှာလည်း အခုလိုပဲ ဘုရားရှိခိုးခြင်းအပြင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အရပ်ဆယ်မျက်နှာ မေတ္တာပို့ကိုပါ ရွတ်ဆိုပြီး မေတ္တာပို့ကြပါတယ်။ ရတနာသုံးပါးရဲ့ဂုဏ်တွေကို ယုံကြည်တဲ့ သဒ္ဓါတရားကြောင့်လည်း ကျွန်တော်တို့ခရီးစဉ်ဟာ အစမှအဆုံးတိုင် အနှောင့်အယှက် အန္တရာယ်တစ်စုံတစ်ရာမှမတွေ့ဘဲ အဆင်ပြေချောမောခဲ့ရပါတယ်။

ဂယာမြို့ထဲကိုဖြတ်တဲ့ လမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်မှာတော့ ဗုဒ္ဓဟိုတယ်၊ တထာဂတဟိုတယ်၊ ဟိုတယ်ဝိပဿနာ၊သိဒ္ဓတ္ထ စားသောက်ဆိုင် စတာတွေကို တွေ့ရတဲ့အခါမှာတော့ စိတ်မချမ်းမသာ ဖြစ်ရပြန်ပါတယ်။ ပေးစရာနာမည် ဒီလောက်တောင် ရှားသလားလို့လည်း စိတ်ထဲက ထင်မိပါတယ်။


စပါးတွေရိတ်သိမ်းပြီးလို့ ရိုးပြတ်တောတွေ၊ ထန်းပင်တွေနဲ့ တချို့နေရာမှာ ကြံခင်းတွေ မြင်တွေ့ရတာဟာ မြန်မာပြည်က ရှုခင်းတွေနဲ့ မခြားနားလှပါ။ ခြားနားတာက လူနေအိမ်တွေပါ။ သစ်သားအိမ်၊ ဝါးအိမ် လုံးဝ မတွေ့ရဘဲ အားလုံးဟာ အုတ်တိုက်တွေချည်း ဖြစ်ပါတယ်။ အိန္ဒိယဟာ အုတ်အတော်ပေါပါတယ်။ ကားလမ်းဘေးတစ်လျှောက် အုတ်ဖိုတွေကို နေရာအနှံ့ မြင်တွေ့ရပါတယ်။ အစိုးရက သစ်ပင်ကို လုံးဝ ပေးမခုတ်ဘူးလို့လည်း သိရပါတယ်။


အကြမ်းထည် ဖြစ်သလိုဆောက်ထားတဲ့ အုတ်တိုက်သေးသေးလေးတွေရော တိုက်ကြီးတွေပါ ဘိလပ်မြေအချောမကိုင်ထားတာက များပါတယ်။ သုံး၊ လေးခန်းတွဲ တိုက်အိမ်တွေမှာ ဆိုင်ဖွင့်တဲ့တစ်ခန်းလောက်သာကွက်ပြီးဆေးသုတ်ထားတာလည်း ရှိပါတယ်။ တောက အိမ်နံရံတွေကိုတော့ နွံတွေ၊ နွားချေးတွေနဲ့ မံထားပါတယ်။ နွားချေးတွေကို အပြားလိုက်နံရံတွေမှာကပ်ပြီး အခြောက်လှန်းထားတာ နေရာတိုင်းမှာ တွေ့ရပါတယ်။ သူတို့က နွားချေးကို မြေဩဇာအဖြစ်ရော ထမင်းဟင်းချက်ရာမှာ လောင်စာအဖြစ်ပါ သုံးပါတယ်။ အိန္ဒိယက အိမ်တွေအားလုံးလိုလိုဟာ တိုက်ကတုံးတွေဖြစ်ပြီး ခေါင်မိုးပေါ်မှာ ကောက်ရိုးပုံလိုပုံ၊ နွားချေးလှန်းလိုလှန်း၊ အမှိုက်တွေ ပစ်တင်လို ပစ်တင်ထားနဲ့ ကြည့်ရတာ အင်မတန် အရုပ်ဆိုးတယ်။

တိုက်အိမ်တွေရဲ့ ခေါင်မိုးပေါ်မှာ သံချောင်းတွေ ထိုးထိုးထောင်ထောင်နဲ့ ဆောက်လက်စ ပုံစံတွေ များပါတယ်။ အိန္ဒိယနိုင်ငံမှာ အိမ်ဆောက်ပြီးရင် အခွန်ဆောင်ရတာများလွန်းလို့ ပြီးအောင် မဆောက်ဘဲ ထားကြတယ်လို့ သိရပါတယ်။ မြို့တွေကို အဝေးကလှမ်းကြည့်ရင် မြို့ပျက်တွေလိုပုံစံမျိုးမြင်ရပါတယ်။

သောင်ထွန်းပြီး ကောနေတဲ့ နေရဉ္ဇရာမြစ်ပေါ်က အတော်ရှည်တဲ့ တံတားတစ်ခုကိုဖြတ်ပြီး မကြာခင်မှာဘဲ ကားဟာ လမ်းမကြီးကနေချိုးပြီး လမ်းသွယ်တစ်ခုထဲကို ဆင်းလိုက်ပါတယ်။


မဟာဗောဓိစေတီတော်သို့အဆင်း၊ ထမ်းသယ်တွင်ရှိသည့် အဝပါလနိဂြောဓသစ္စာဟ


ရာဇာယတန (လင်းလွန်းပင်) သစ္စာဟတွင် တရားနာနေကြစဉ်


တိဗက်ဘုန်းတော်ကြီးများနှင့်အတူ ဝတ်ပြုနေသည့် အနောက်တိုင်းသူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com


ကျောက်တောင်တန်းနဲ့အပြိုင် တောင်ခြေမှာဖောက်ထားတဲ့လမ်းက ကျဉ်းပြီး မကောင်းပါ။ တောင်ခြေတစ်နေရာမှာ ကားရပ်လိုက်တော့ တခြားဘုရားဖူးကားတွေကိုလည်း တွေ့ရပါတယ်။ ဗုဒ္ဓဂယာကနေ ဒုက္ကရစရိယာတောင်ခြေကို (၄) မိုင်လောက်ပဲ ဝေးပါတယ်။

တောင်တက်လမ်းဟာ ပြေပြေကလေးပါပဲ။ ပေ (၁၀၀၀) အမြင့်လောက်ရှိပါလိမ့်မယ်။ မတက်နိုင်သူတွေက အထမ်းနဲ့တက်ကြပါတယ်။ အထမ်းသမားတွေကိုပိုက်ဆံပေးရာမှာ အပေါ်ရောက်တာနဲ့မပေးဘဲ တောင်ခြေပြန်ရောက်မှ ပေးတာက ပိုကောင်းပါတယ်။ မဟုတ်ရင် အဆင်းကို ခြေကျင်ဆင်းရပါလိမ့်မယ်။ ဝါးတောင်ဝှေးတွေ လိုက်ရောင်းနေတာလည်း ရှိပါတယ်။ မဝယ်လို့ အလကားပေးရင်လည်း မယူပါနဲ့။ ပြန်ဆင်းလာတဲ့အခါ မရမကတွယ်ကပ်ပြီး ပိုက်ဆံ အတင်းတောင်းပါလိမ့်မယ်။ အဲဒီအခါ နဂိုက (၅) ရူပီးလို့ပြောတဲ့ တောင်ဝှေးကို (၁၀) ရူပီး တောင်းပါတယ်။

ကျွန်တော်တို့အဖွဲ့က ဦးရာဂျူးက အတော်ဝပါတယ်။ သူက တောင်တက်လမ်းကို အားစိုက်တက်နေတုန်း ကောင်လေးတစ်ယောက် ရောက်လာပြီး အနောက်ကနေပြီး တောက်လျှောက်တွန်းတင်ပေးပါတယ်။ သနားတတ်တဲ့ ဦးရာဂျူးက သူမတောင်းဘဲနဲ့ကို ပိုက်ဆံပေးလိုက်ပါတယ်။ တောင်တက်လမ်းနှစ်ဆစ်လောက် ချိုးအပြီးမှာ ဒုက္ကရစရိယာလိုဏ်ဂူရှိရာ တောင်စောင်းကို ရောက်ပါတယ်။ လိုဏ်ဂူရှိရာတောင်ကို




ဂျပန်ဘုရားကြီးဘေးမှ ရဟန္တာရုပ်တုများ



ဒုက္ကရစရိယာတောင်ကုန်းပေါ်မှ တိဗက်ပုံစေတီ



မုစလိန္ဒာအိုင်အနီးမှ အသောကကျောက်စာတိုင်



မဟာဗောဓိစေတီ၏မြောက်ဘက်ကပ်လျက်ရှိသည့် ရတနာစင်္ကြံတော်




www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုန်းတော်ကြီးနှင့် တိဗက်ဘုန်းတော်ကြီးတို့အား အတူတကွ ဖူးတွေ့ရစဉ်




သုဇာတာဘုရားကျောင်းအဝင်ဝမုခ်ဦး



နေရဉ္ဇရာမြစ်တစ်ဖက်ကမ်းမှ ဗုဒ္ဓဂယာဘက် လှမ်းမြင်ရစဉ်

အရင်က 'ပရာဂ်ဗောဓိ' လို့ခေါ်ပြီး အခု တော့ 'ဒုင်္ဂစရီ' လို့ ခေါ်ပါတယ်။ လိုဏ်ဂူက သေးသေးလေးဖြစ်ပြီး အထဲမှာ မှောင်နေလို့ မီးထွန်းထားပါတယ်။ အလောင်းတော်ဟာ ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ်နဲ့ သစ်သီးတစ်လုံးလောက်သာ စားပြီး ခဲယဉ်းတဲ့အကျင့် (ဒုက္ကရစရိယာ) (ဒုက္ခစရိယာ မဟုတ်) ကို လေ့ကျင့်ခဲ့လို့ အရိုးပေါ်အရေတင်နေတဲ့ ခန္ဓာကိုယ်ကို အမှတ်ရစေတဲ့ရုပ်တုကို ကျောက်ဂူထဲမှာ ဖူးမြင်ရပါတယ်။

လိုဏ်ဂူအဝ ညာဘက်မှာ တိဗက်ဘုရားကျောင်းဆောင် ရှိပါတယ်။ တိဗက်ဘုန်းတော်ကြီးတွေက တက်လာတဲ့ ဘုရားဖူးတွေကို ဥသျှစ်ရွက်ခတ်ထားတဲ့ ရေနွေးကြမ်းနဲ့ ဧည့်ခံပါတယ်။ ရာသီဥတုကအေးပြီး မောပန်းနေတဲ့အချိန်မှာ ဥသျှစ်နံ့သင်းနေတဲ့ ရေနွေးကြမ်းပူပူဟာ အင်မတန် သောက်လို့ အရသာရှိပါတယ်။

အောက်နားက တိဗက်စေတီတော်ရင်ပြင်မှာ ဦးကောသလ္လက ဗုဒ္ဓဖြစ်တော်စဉ်နဲ့အတူ ဒီလိုဏ်ဂူရှိတဲ့ တောင်စောင်းအကြောင်းပါ ရှင်းလင်းပြောပြပါတယ်။ ဒီနေရာကို အရင်က ဘာသာခြားတွေ သိမ်းထားပြီး ယဇ်ပူဇော်တဲ့နေရာလုပ်ထားကြောင်း၊ တိဗက်ဘုန်းတော်ကြီးတွေက ခက်ခက်ခဲခဲနဲ့ ပြန်ယူပြီး စောင့်ရှောက်ထားကြောင်း၊ တိဗက်ဘုန်းတော်ကြီးတွေလည်း နှစ်ခါလောက် ဓားပြတိုက်တာခံခဲ့ရကြောင်း၊ အခုတော့ အခြေအနေတွေ အားလုံး ငြိမ်းချမ်းသွားပြီဖြစ်လို့ တိဗက်ဘုန်းတော်ကြီးတွေကိုလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ တတ်နိုင်သလောက် လှူဒါန်းသွားကြဖို့ တိုက်တွန်းနှိုးဆော်ပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေပဲဗျာ-ဘယ်နေပါ့မလဲ၊ အားလုံးလိုလိုပဲ လှူကြတာပေါ့။ (ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ထားရာဌာနမှာ ဘာသာခြားတွေက သားကောင်သတ်ပြီး ယဇ်ပူဇော်တယ်လို့ ကြားလိုက်ရတာ အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်။)

ဘုရားရှိခိုး၊ သီလယူလို့ တရားနာအပြီးမှာတော့ ဘုရားဖူးအဖွဲ့ဝင်တွေက ပြုပြုသမျှ ကုသိုလ်အဖို့ဘာဂကို (၃၁) ဘုံက ဝေနေယျသတ္တဝါအားလုံး မိမိတို့နဲ့ထပ်တူရကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ အမျှဝေသံဟာ တောင်စောင်းတစ်ခုလုံးကို ကျက်သရေရှိစွာ လွှင့်ပျံ့သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မနက်စောစော မြူတွေဆိုင်းနေတဲ့အချိန် တောင်စောင်းကနေ တောင်အောက်ကို လှမ်းမြင်ရတဲ့ မြင်ကွင်းကလည်း အင်မတန်လှပါတယ်။ တောင်ခြေကိုလည်းပြန်ရောက်ရော နို့စို့ကလေးတွေကို မနိုင့်တနိုင်ချီထားတဲ့ ကလေးတစ်အုပ် ဝိုင်းအုံလာပါတယ်။ ဦးရာဂျူးက ပိုက်ဆံတစ်ထပ် လက်ထဲမှာကိုင်ထားပြီး တစ်ယောက်ချင်း ဝေပေးပါတယ်။ စိတ်မရှည်တဲ့ကလေးတွေက ဝိုင်းပြီးလုကြတော့ ဦးရာဂျူးလည်း အနားရောက်လာတဲ့ တောင်ခြေစောင့်ရဲလက်ထဲကို 'ခင်ဗျားပဲ ဝေပေးလိုက်တော့ဗျာ' လို့ပြောပြီး အပ်ပေးလိုက်ပါတယ်။ အဲဒီရဲက ကလေးတစ်ယောက်ကို ပိုက်ဆံတစ်ရွက်ပေးပြီး ကျန်တာ သူ့အိတ်ထဲ ထိုးထည့်လိုက်ပါတော့တယ်။ ခေါင်းပုံဖြတ်သမား ဆိုတာက နေရာတကာမှာ ရှိတာပါပဲကလား။



သုဇာတာသူဌေးသမီး ယနာရှိ ဆွမ်း ဆက်ကပ်နေပုံ

**သုဇာတာတို့ရွာဆီ**

ကျွန်တော်တို့လည်း လာလမ်းအတိုင်း ဂယာကို ပြန်လာခဲ့ကြပါတယ်။ မြန်မာကျောင်းရှေ့ရောက်တော့ ကားပေါ်က မဆင်းဘဲ ကျောင်းရှေ့တည့်တည့်လမ်းအတိုင်း အရှေ့ဘက်ကို ချိုးလာလိုက်တာ ကိုက် (၂၀၀) လောက်အကွာမှာ နေရဉ္စရာမြစ်ကို ပြန်ရောက်ပါတယ်။ ဒီမြစ်ကူးတံတားဟာသည်း ဂျပန်နိုင်ငံက ဆောက်လုပ်လှူဒါန်းထားတာ ဖြစ်ပါတယ်။ ဒီတံတားမရှိခင်ကဆိုရင် သောင်ထွန်းနေတဲ့ မြစ်ပြင်ကျယ်ကို ဒီအတိုင်း ခြေကျင်၊ ဒါမှမဟုတ် လှေနဲ့ ဖြတ်ရပါတယ်။



'နေရဉ္စရာ' ဆိုတာ 'နီလဇလာ' က လာတာဖြစ်ပြီး 'ရေပြာမြစ်' လို့ အဓိပ္ပာယ်ရပါတယ်။ ဒေသအခေါ်ကတော့ 'သီလဂျန်' မြစ်လို့လည်းခေါ်တယ်၊ 'ဖလဂူ' မြစ်လို့လည်း အမျိုးမျိုး ခေါ်ကြပါတယ်။ မြစ်ထဲက သဲသောင်ပြင်ဟာ ရွှံ့နွံမရှိလို့ မြစ်ရေဟာ ကြည်ပြီး ပြာလဲ့နေပါတယ်။ မိုးကုန်ပြီဖြစ်လို့ မြစ်ရေက ဒီအတိုင်းတောင် ဖြတ်ကူးလို့ရလောက်အောင် နည်းနည်းပဲရှိပါတယ်။



ဂယာမြန်မာကျောင်းတော်ပေါ်မှ လှမ်းမြင်ရသည့် နေရဉ္စရာမြစ်ကူးတံတား

တံတားကိုဖြတ်ပြီး ကားလမ်းမပေါ်တနေ ညာဘက်ကို ချိုးဆင်းလိုက်ပါတယ်။ လယ်ကွင်းတွေထဲ ဖြတ်ဖောက်ထားတဲ့လမ်းအတိုင်း ကွေ့ကောက်သွားလိုက်တာ နာရီဝက်လောက်အကြာမှာ "Sujata Temple" လို့ အမည်တပ်ထားတဲ့ သုဇာတာဘုရားကျောင်းကို ရောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘုရားကျောင်းဆိုင်းဘုတ်မှာ ရွာနာမည်ကို Bakrour (Sujat Village) လို့ ရေးထားတာ တွေ့ရပါတယ်။


ကျောင်းဝင်းအလယ်က သစ်ပင်ကြီးရဲ့တစ်ဖက်တစ်ချက်မှာ ကျောချင်းကပ် အဆောင်ငယ်နှစ်ခု ရှိပါတယ်။ အဆောင်တွေထဲမှာတော့ အလောင်းတော် သိဒ္ဓတ္ထမင်းသားနဲ့ သုဇာတာတို့ရဲ့ ရုပ်တုတွေရှိပါတယ်။ ကြည့်ရတာ မြန်မာပန်းပုလက်ရာတွေနဲ့ပဲ တူပါတယ်။ သုဇာတာသူဌေးသမီးက ဘုရားအလောင်းတော်ကို ယနာနို့ဆွမ်းကပ်လှူတဲ့နေရာလို့ ဆိုပါတယ်။ မလှမ်းမကမ်းက ဘုရားအလောင်းတော် ယနာနို့ဆွမ်း ဘုဉ်းပေးတဲ့နေရာနဲ့ နေရဉ္ဇရာမြစ်ထဲ ရွှေခွက်မျှောတဲ့နေရာတွေကိုတော့ ဆရာတော် ညွှန်ပြတဲ့အတိုင်း မှန်းမျှော်ကြည့်လိုက်ကြပါတယ်။ နှစ်ပေါင်း (၂၆၀၀) လောက်ကြာမြင့်ခဲ့ပြီမို့ ဒီနေရာတွေ တကယ်ဟုတ်၊ မဟုတ် ဘယ်သူမှ အသေအချာ မပြောနိုင်ပါ။

ရွာဦးထိပ်မှာတော့ ရှေးဟောင်းသုတေသနဌာနက ဝင်းခတ် ထိန်းသိမ်းထားတဲ့ အုတ်ခုံကြီးတစ်ခုနေရာ ရှိပါတယ်။ "Sujata Garh" လို့ အမည်တပ်ထားပါတယ်။ သုဇာတာသူဌေးသမီးရဲ့ နေအိမ်နေရာမှာ အသောကမင်းကြီးက အထိမ်းအမှတ်အဖြစ် စေတီတစ်ဆူ တည်ခဲ့တာလို့ ပြောပါတယ်။ စေတီပေါင်း (၈၄,၀၀၀) အဝင်အပါဖြစ်တဲ့ စေတီ ဖြစ်ပါလိမ့်မယ်။


ဂယာလမ်းအပြန်မှာတော့ မြစ်ကူးတံတားမရောက်ခင် အဆောက်အအုံငယ်တစ်ခုကို ဝင်ကြည့်ကြပါတယ်။ ဘုရားအလောင်းတော်က သုဒ္ဓိယမြက်ထမ်းသမားဆီက မြက်ရှစ်ဆုပ် အလှူခံတော်မူတဲ့နေရာ ဖြစ်ပါတယ်။ နေရဉ္ဇရာမြစ်ကမ်းနံဘေးမှာပါပဲ။ ဘုရားကျောင်းနဖူးစီးမှာတော့ "Buddha Kusa Grass Temple, Niranjana River Side, Bakrour, Bodhgaya" လို့ ရေးသားထားပါတယ်။

**ဗုဒ္ဓဂယာဘုရားဖူး**

ဗုဒ္ဓဂယာပြန်ရောက်တဲ့အခါ ဂျပန်နိုင်ငံက လှူဒါန်းထားပြီး Great Buddha လို့လူသိများတဲ့ ဂျပန်ဘုရားကြီးဆီ သွားကြပါတယ်။ လေးထောင့်ကျောက်တုံးကြီးတွေကို အထပ်ထပ်ဆင့်ပြီး ထုလုပ်ထားတာ အလွန် သပ္ပာယ်ပါတယ်။ အမြင့် မီတာ ၂၀ (ပေ ၇၀) ခန့်ရှိပြီး ဈာန



ဓုဏ္ဍရစရိယာတောင်ကုန်းပေါ်မှ မြင်ရသည့် တောင်အောက်ရှခင်း



ဓုဏ္ဍရစရိယာကျင့်ရာလိုဏ်ဂူနေရာ (ညာဘက်တွင် တိဗက်ဘုရားဆောင် ရှိသည်)



မဟာဗောဓိစေတီရုပ်ပွားတော်တွင် ကပ်လှူရန် သင်္ကန်းတော် ပင့်ဆောင်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com



မုစလိန္ဒာအိုင်မှ ဆင်းတုတော် (မြန်မာပြည်မှကောင်းမှု ဖြစ်သည်)



သုတ္ထိယမြက်ထမ်းသမားဆီက မြက်ရှစ်ဆုပ် အလှူခံတော်မူစဉ်



ဆီမီးထွန်းဘုရားဖူးများနှင့် ထိုင်ဝမ်ဘုရားဖူးအမျိုးသမီးနှစ်ဦး



ဗောဓိဂယာ၌ ဗုဒ္ဓဘာသာဝင်များ ဘုရားဝတ်ပြုနေစဉ်

မုဒြာခေါ် ဘယ်လက်ပေါ် ညာလက် ထပ်တင်ထားပြီး တရားရှုမှတ်နေတဲ့ မုဒြာပုံစံဆင်းတုတော်ကြီး ဖြစ်ပါတယ်။ ဆင်းတုတော်ကြီးရဲ့ ဝဲ,ယာဘေးနှစ်ဖက်မှာတော့ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်ရေဝတ စတဲ့ အဂ္ဂသာဝကကြီးတွေရဲ့ ရုပ်တော်မူရုပ်လုံးတွေ စီတန်းထားပါတယ်။

ဂျပန်ဘုရားကြီးက ပြန်လာတော့ မွန်းလွဲ (၁) နာရီလောက်ရှိပါပြီ။ ဂယာမြန်မာကျောင်းကို ပြန်ရောက်တာနဲ့ နေ့လယ်စာ စားပြီး အနားယူကြပါတယ်။ ညနေ (၄) နာရီလောက်မှာ အဖွဲ့သားတွေ အားလုံး စုံညီ မဟာဗောဓိစေတီကြီးဆီကို သွားကြပါတယ်။ မဟာဗောဓိစေတီဟာ (၁၅) ဝေလောက် အနက်ချိုင့်ထဲမှာရှိတာမို့ မုခ်ဝကနေ စောင်းတန်းလှေကားအတိုင်း ဆင်းရပါတယ်။ လှေကားထိပ်မှာကတည်းက ပါလာတဲ့ ကြာသက်န်းကို တစ်ဖက်စီ တန်းစီ ပင့်ဆောင်လာရင်း နမောတဿဘုရားရှိခိုး၊ ပဋ္ဌာန်း ၂၄ ပစ္စည်းအကျဉ်းတို့ကို ညီညာဖြိုဖြို ရွတ်ဆိုကြပြီး မဟာဗောဓိစေတီတော်ကြီးလိုဏ်ဂူအတွင်းသို့ ဝင်ရောက်ကြပါတယ်။ လိုဏ်ဂူထဲမှာ စံပယ်နေတဲ့ ပလ္လင်တော်ပေါ်က ရုပ်ပွားတော်မှာ အသင့်ရှိနေတဲ့ သံဃာတစ်ပါးက လွှမ်းခြုံပြီး ကပ်လှူပူဇော်ပေးပါတယ်။

မဟာဗောဓိစေတီတော်ကြီးဟာ အုတ်တိုက်နှစ်ဆင့်ပါပြီး အမြင့် (၁၇၅)



www.burmeseclassic.com

www.burmeseclassic.com

ပေ ရှိပါတယ်။ ဗောဓိပင်နဲ့ ကပ်လျက်ရှိလို့ မဟာဗောဓိစေတီလို့ ခေါ်နေကြပေမယ့် စက္ကူသောက (ခ) ဓမ္မာသောက ဘုရင် စတင် တည်ထားစဉ်က စေတီတော်ကြီးရဲ့မူလဘွဲ့တော်က 'ဓမ္မရတနာစေတီ' ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ မင်းတွေနဲ့ ပြင်ပက ဝင်လာတဲ့ ဘာသာကွဲ လူမျိုးခြားတွေက ဒီစေတီတော်ကြီးကို ဖျက်ဆီးပြီး မြေအောက်မြှုပ်ပစ်ဖို့အထိ ကြိုးစားခဲ့ကြပါတယ်။


အိန္ဒိယနိုင်ငံကို အင်္ဂလိပ်အုပ်ချုပ်တဲ့အချိန်ရောက်မှ ဒီစေတီကြီးကို ပြန်လည်တူးကာ ဖော်ထုတ်ခဲ့ပါတယ်။ မြန်မာပြည်က ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းကြီးလည်း ကမကထပြုပြီး ဒီစေတီတော်ကြီးကို အခုလက်ရှိပုံစံအတိုင်းပြုပြင်သွားခဲ့ပါတယ်။ မဟာဗောဓိစေတီတော်ကြီးရဲ့ ထူးခြားချက်တစ်ခုက စေတီတော်ကြီးဟာ ချိုင့်ဝှမ်းထဲမှာတည်နေပေမယ်လို့ မိုးရွာရင် ရေလုံးဝမဝင်ဘူးလို့ ဆိုပါတယ်။ တောင်ဘက်မှာ စေတီတော်ကြီးထက် ပိုနိမ့်တဲ့ မုစလိန္ဒာရေအိုင် တည်ရှိပါတယ်။

စေတီတော်ရဲ့ပတ်လည်မှာ လိုဏ်မှုခ်ငယ်လေးတွေ အဆင့်ဆင့် ထွင်းထုထားပြီး အထဲမှာ ဗုဒ္ဓရုပ်တုတွေ၊ မဟာယာနက ဗောဓိသတ္တလို့ခေါ်တဲ့ ဘုရားအလောင်းရုပ်တုတွေ၊ ဟိန္ဒူနတ်ဘုရားတွေ ရောကောသောကော ထည့်ထားတာ မြင်တွေ့ရပါတယ်။

ဟိန္ဒူတွေဟာ ဗုဒ္ဓနဲ့ပတ်သက်တဲ့ နေရာတိုင်းမှာ သူတို့ဘုရားကိုပါ ထည့်သွင်းနေရာယူတတ်ကြပါတယ်။ ဗုဒ္ဓဟာ သူတို့ကိုးကွယ်တဲ့ ဗိဿနိုးရဲ့ အဝတာရ (ကိုယ်ပွား)ဖြစ်တယ်ဆိုပြီး မဟာဗောဓိ လိုဏ်ဂူထဲက ဗုဒ္ဓဆင်းတုတော်ရှေ့မှာ သျှိဝရဲ့လိင်ကျောက်ငုတ်ကြီးကို စိုက်ထူခဲ့ဖူးပါတယ်။ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရလို့ ဗုဒ္ဓဘာသာနိုင်ငံတွေက တောင်းဆိုတဲ့အခါမှ အဲဒီ သျှိဝလိင်ကြီးကို ဖယ်ရှားခဲ့ပါတယ်။

မဟာဗောဓိ စေတီတော်ကြီးရဲ့ လိုဏ်အတွင်းမှာ တရားထိုင်နေကြတဲ့ နိုင်ငံခြားသား အမျိုးသား၊ အမျိုးသမီးတွေကိုလည်း တွေ့ခဲ့ရပါတယ်။ အများစုက မဟာယာနဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ လိုဏ်ထဲက ထွက်လာပြီးနောက် ဆရာတော် ဦးကောသလ္လက စေတီတော်ကြီးရဲ့ ပတ်ပတ်လည်က

သတ္တဌာန ခုနစ်နေရာ




၁။ ပလ္လင်္ကသတ္တာဟ
၂။ အနိမိသသတ္တာဟ
၃။ စင်္ကမသတ္တာဟ
၄။ ရတနာဃရသတ္တာဟ
၅။ အဇပါလသတ္တာဟ
၆။ မုစလိန္ဒသတ္တာဟ
၇။ ရာဇာယတနသတ္တာဟ

သတ္တသတ္တာဟ နေရာတွေကို လိုက်လံပြသ ရှင်းလင်းပြောကြားပါတယ်။ သတ္တသတ္တာဟ ဆိုတာ အလောင်းတော်ဟာ ဘုရားအဖြစ်ကိုရောက်ပြီးတာနဲ့ ဘယ်မှ မကြွသေးဘဲ ဗုဒ္ဓဂယာမှာပဲ တစ်နေရာမှာ (၇) ရက်စီ နေခဲ့တဲ့ (၇) နေရာကို ပြောတာ ဖြစ်ပါ၏။

အဲဒီ (၇) နေရာထဲက ဆိတ်ကျောင်းသောင်ပင်လို့ အဓိပ္ပာယ်ရတဲ့ အဇပါလနိဂြောဓသတ္တာဟ နေရာဟာ အရှေ့မုခ်ဝအဆင်းလှေကား အလယ်တည့်တည့်မှာ ရှိပါတယ်။ မဟာဗောဓိစေတီတော်ကြီးကနေ ပေ (၂၀၀) ခန့် ကွာဝေးပါတယ်။ ဆိတ်ကျောင်းသောင်ပင်က မရှိတော့ပေမယ့် အသောကမင်းကြီးစိုက်ထူခဲ့တဲ့ ကျောက်တိုင်အကျိုး (အမြင့် ၁၂ ပေခန့်) နဲ့ ယခုခေတ်ရေးထိုးထားတဲ့ ကမ္ပည်းကျောက်စာချပ် ရှိပါတယ်။

အဲဒီ ကျောက်တိုင်ကနေ ညာဘက်အုတ်လှေကားအတိုင်း တက်သွားရင် မဟာဗောဓိစေတီတော်ကြီးနဲ့ ပုံစံတူ ညဏ်တော် (၅၅) ပေရှိ စေတီငယ်တစ်ဆူကိုတွေ့ရပါမယ်။ အဲဒီနေရာဟာ အနိမိသသတ္တာဟနေရာ ဖြစ်ပါတယ်။ စေတီရဲ့အရှေ့ဘက် လိုဏ်မုခ်ထဲမှာ ဘုရားလောင်း ဗောဓိသတ် ရုပ်တော်မူ ရုပ်တုရှိပါတယ်။

**ရွှေတိဂုံစေတီတော်ကဆံတော်တွေ ရခဲ့တဲ့နေရာ**

စေတီတော်ကြီးရဲ့ တောင်ဘက်မှာတော့ ရာဇာ့ရတနသတ္တာဟ ရှိပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံက ဗိုလ်မှူးကြီးလှအောင် စိုက်ပျိုးထားတဲ့ လင်းလွန်းပင်ကြီး ရှိပါတယ်။ ဘုရားရှင်ဟာ ဒီသတ္တာဟမှာ (၇)ရက်စံတော်မူပြီး ဖလသမာပတ် ဝင်စားတော်မူပါတယ်။ (၇) ရက် (၇) ဌာန၊ စုစုပေါင်း (၄၉) ရက် ပြည့်မြောက်တဲ့နေ့မှာ တပုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်တို့ ဆက်ကပ်တဲ့ ပျားမုန့်ဆွမ်းကို အလှူခံယူတော်မူပါတယ်။ မြတ်စွာဘုရားက ညီနောင်တို့အား ဆံတော်မြတ်ရှစ်ဆူကို ချီးမြှင့်တော်မူပါတယ်။ အဲဒီ ဆံတော်တွေကို ဥက္ကလာပမင်းကြီးက ရွှေတိဂုံစေတီတော်မှာ ဌာပနာခဲ့ပါတယ်။

မြတ်စွာဘုရားရှင်က ကုန်သည်ညီနောင်တို့အား သရဏဂုံနှစ်ပါး (ဒွေဝါစိက သရဏ ဂမန) ကို ပေးတော်မူပါတယ်။ အဲဒီအချိန်က သံဃာရတနာ



www.burmeseclassic.com

www.burmeseclassic.com

မပေါ်ထွန်းသေးလို့ 'ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ' သရဏဂုံနှစ်ပါးသာ ဆောက်တည်ရတာ ဖြစ်ပါတယ်။ သတ္တဌာန (၇) နေရာကို ပုံမှာ နံပါတ်စဉ်တပ်ပြီး ဖော်ပြထားပါတယ်။ ရောက်ဖူးသူများ ပြန်လည်အမှတ်ရပြီး ကြည်ညိုနိုင်ရန် ဖြစ်ပါ၏။

နှစ်စဉ် အောက်တိုဘာနဲ့ နိုဝင်ဘာ ဒီနှစ်လဟာ ရာသီဥတုကောင်းလို့ နိုင်ငံတကာက ဘုရားဖူးတွေ အများဆုံး လာရောက်တဲ့အချိန် ဖြစ်ပါတယ်။ မဟာဗောဓိဘုရားဝင်းတစ်ခုလုံးဟာ ဘုရားဖူးတွေနဲ့ ပြည့်နေပါတယ်။ အုတ်ခုံတွေ၊ စေတီငယ်တွေကြားမှာ တရားထိုင်နေသူ၊ ဘုရားရှိခိုးနေသူ၊ တရားစာရွတ်ဖတ်နေသူတွေကို နေရာအနှံ့ မြင်တွေ့ရပါတယ်။

ဝတ်ဖြူစင်ကြယ်နဲ့ သီရိလင်္ကာ ဘုရားဖူးတွေက လက်အုပ်ချီပြီး ဘုရားကြီးကို လက်ယာရစ် လှည့်ပတ် ပူဇော်နေတဲ့ဘေးမှာ တိုင်ပေကအမျိုးသမီးနှစ်ဦးက ရွှေလှမ်းလိုက်၊ ဒူးထောက်ထိုင်လိုက်၊ ဝတ်ပြုလိုက်နဲ့ ရှိခိုးနေပါတယ်။ အင်မတန်မှ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ဘုရားကိုအာရုံပြုပြီး ရှိခိုးနေတာ ဖြစ်ပါ၏။

ဗောဓိပင်ကြီးရဲ့ အနောက်ဘက်မှာတော့ တိဗက်ဘုန်းတော်ကြီးတွေဟာ ရင်ပြင်တော်အပြည့် တရားစာရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ဆီမှာ အနောက်နိုင်ငံသူတစ်ဦးပါ ပါဝင်နေတာ တွေ့ရပါတယ်။ စေတီတော်ကြီးရဲ့မြောက်ဘက်မှာ တိဗက်ပုံစံ ပျဉ်ချပ်ပေါ် ဒိုက်ထိုးပြီး ဘုရားရှိခိုးနေသူတွေ ပိုများပါတယ်။ တချို့ဆိုရင် ရှိခိုးလိုက်၊ နားလိုက်နဲ့ ညလုံးပေါက် ဒီမှာပဲ အိပ်ကြတဲ့ပုံစံပါပဲ။ အဲဒီ မြောက်ဘက်က ဘုရားဝင်းအုတ်တံတိုင်းမှာ ဘုရားဖြစ်တော်စဉ် ရုပ်လုံးရုပ်ကြွတွေ မြင်ရပါတယ်။ တံတိုင်းရှေ့ ကကာပြီး စီတန်းစိုက်ထားတဲ့ သစ်ပင်ငယ်တွေကြောင့် ကြည့်ရတာ အဆင်မပြေပါ။

**အိန္ဒိယက ကားလမ်း**

မဟာဗောဓိ စေတီတော်ကြီးကို အဖွဲ့ကကားနဲ့ အသွား၊ အပြန် ပို့ပေးပါတယ်။ လမ်းလျှောက်သွားရရင် မလွယ်ပါ။ ကားလမ်းကကျဉ်းရတဲ့အထဲ ဘေးနှစ်ဖက်မှာ လမ်းဘေးဈေးသည်တွေ၊ ရပ်ထားတဲ့ ဆိုင်ကယ်, ဆိုက်ကား, ကားတွေကြောင့် အင်မတန် လမ်းရှုပ်ပါတယ်။ လမ်းဘယ်လောက်ရှုပ်ရှုပ်၊ လူဘယ်လောက်များများ ဆိုင်ကယ်တွေ, ကားတွေကတော့ အရှိန်မလျှော့ဘဲ တရကြမ်း မောင်းပါတယ်။ မြန်မာပြည်က ဆရာတော် အရှင်ပညာနန္ဒ ဂယာမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ပျံလွန်တော်မူသွားတယ်လို့ သိရပါတယ်။

အိန္ဒိယမှာ အခုထက်ထိ ဘယ်မောင်းစနစ်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့က လက်ယာကပ်မောင်းစနစ်နဲ့ အသားကျနေပြီဖြစ်လို့ သူတို့ဆီက ကားတွေကိုကြည့်လိုက်တိုင်း လမ်းပြောင်းပြန်မောင်းနေသလိုမျိုး မြင်မိပါတယ်။ ဒီက လူတွေ ဟိုမှာ ကားသွားမောင်းရင် သတိထားနေတဲ့ကြားက ယာဉ်တိုက်မှုဖြစ်မှာ သေချာပါတယ်။ လမ်းသွားရင် ရဟန်းသံဃာ၊ သီလရှင်၊ သက်ကြီးရွယ်အို ဘာမှဂရုမစိုက်ဘဲ တွန်းတွန်းတိုက်တိုက်သွားတတ်လို့ သတိထားရှောင်ရပါမယ်။ တစ်စုံတစ်ခု ထိခိုက်မိရင်လည်း တောင်းပန်တဲ့ထုံးစံမရှိပါ။ လူ့ယဉ်ကျေးမှုကို ထိပ်ဆုံးမှာထားတဲ့ ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ရာနယ်မြေမှာ အခုလို အနိမ့်ကျဆုံး ဖြစ်သွားရတာကတော့ စိတ်မကောင်းစရာပါ။

အဲဒီနေ့က မိုးချုပ်မှ တည်းခိုတဲ့ အဆောင်ကို ပြန်ရောက်ကြပါတယ်။ နောက်တစ်နေ့မနက် ဗာရာဏသီကို ခရီးဆက်ကြမှာမို့ အားလုံးပဲ မောမော်နဲ့ စောစောအိပ်ရာဝင်ကြပါတယ်။

မောင်ပွင့်ဉာဏ်(မောရ)



www.burmeseclassic.com

www.burmeseclassic.com

# ဘုတ်ပြင်းမြို့နယ်မှ ကေရိနိမိကျောင်း ဆရာတော်ဦးကောသာရ အံ့ဖွယ်ရုပ်ကလာပ်နှင့် ဆုတောင်းပြည့်ဂူကျိဳက်သတင်း

မောင်စိမ်းထွေး (ထားဝယ်)

ပျံလွန်တော်မူသည့်နေ့မှ ရေတွက်သော် နှစ်ပေါင်း (၃၄) နှစ်တိုင်တိုင် မပုပ်မသိုး မပျက်မစီးဘဲ သက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ ပကတိ စံကျောင်းပေါ်ဝယ် လျောင်းစက်လျက်ရှိနေဆဲ ဆရာတော်တစ်ပါး၏ရုပ်ကလာပ်ကို ဖူးမြော်နိုင်ပါသည်ဟုဆိုလျှင် သင် အံ့ဩပါမည်လား။ စာရှုသူအား ဆရာတော်၏ထေရုပ္ပတ္တိကို ဆက်လက်ဖတ်စေချင်ပါသည်။

ဆရာတော်ဘွဲ့နာမ - ဦးကောသာရ
သက်တော် - ၇၆ နှစ်
သိက္ခာတော် - ၅၅ ဝါ
ပျံလွန်တော်မူနေ့ - ၁၁. ၉. ၇၈၊ နေ့ (၁၅:၂၀) နာရီ
သီတင်းသုံးရာကျောင်း - ဘုတ်ပြင်းမြို့နယ် အတွင်း ဘုတ်ပြင်းရွာ ကေရိနိမိကျောင်း

**ဆရာတော်ငယ်ဘဝ**

ဆရာတော်သည် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျွဲခရန်ကျေးရွာဇာတိ ဖြစ်သည်။ မြန်မာနှစ် ၁၂၆၃ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့ဖွား ဖြစ်သည်။ ခမည်းတော် ဦးနိုင်ဟိန္ဒယ်၊ မယ်တော် ဒေါ်ကြံထွန်း (ခ) ဒေါ်ရွှေ ဖြစ်သည်။ ထိုင်းနိုင်ငံ သန်းစဖန်ယိန်းခုံးသို့ကျောင်း ဆရာတော် ဝိမလပညာ မဟာထေရ်မြတ်ထံ၌ ၂၀. ၆. ၁၉၂၃ နေ့တွင် ရဟန်းအဖြစ်ခံယူတော်မူသည်။ ဆရာတော် ထဝန်(မ်) ဓမ္မစရိယနှင့် ဆရာတော် ခလွန်(လ်) ဝိနာယကတို့ထံတွင် (၂)နှစ်ကြာ ပညာသင်ယူခဲ့သည်။ မြိတ်မြို့ ဝတ်တိုက်ကျောင်းတွင် ဆက်လက် ပညာသင်ကြားခဲ့သည်။ ဘုတ်ပြင်းမြို့ပေါ်မှ (၄)မိုင်ခန့်ဝေးသော အတွင်းဘုတ်ပြင်းကျေးရွာ ကေရိနိမိကျောင်းသို့ ၁၉၂၅ ခုနှစ် (သာသနာနှစ်



ဆရာတော် ဦးကောသာရ ပုံတော်



ဆရာတော် ဦးကောသာရရုပ်ထုတော်
ရွှေချသူများပြားလွန်းသဖြင့် ရွှေတုံးရွှေခဲကြီးပမာ ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com

၂၄၆၈)တွင် ရောက်ရှိ သီတင်းသုံးတော်မူသည်။

**ဆရာတော်ထူးခြားမှု**

တောကြုံအုံကြား၊ ဆင်းရဲနွမ်းပါး မပြည့်မစုံရှိလင့်ကစား ဆရာတော်သည် ကိုယ်ထူကိုယ်ထ ဆိတ်ဆိတ်ပင်သီတင်း သုံးလေ့ရှိသည်။ ဆွမ်းရေးခက်သော်လည်း တရားရေးမပျက်သော ဆရာတော်တစ်ပါးပါပေ။ ဆရာတော်သည် အချိန်နှင့်အမျှ အကျင့်ထူး အကျင့်မြတ် မေတ္တာပွားများ ကျင့်ကြံအားထုတ်၏။ ယင်းစွမ်းပကားအဟုန်ကြောင့် သိဒ္ဓိ၊ မဟိဒ္ဓိ တိုးတက်ပြီး တန်ခိုးအာနုဘော် မြင့်မားလာသည်။ ဝေဒနာအလူးအလဲခံစားနေရသူ တစ်စုံတစ်ဦးအား ဆရာတော်က ရေတစ်ခွက် မန်းမှုတ် တိုက်ကျွေးရုံဖြင့် ဝေဒနာ သက်သာ ပျောက်ကင်းခြင်း၊ သစ်ဥ၊သစ်ဖု၊ သစ်မြစ်၊ သစ်သီး၊ သစ်ရွက်တို့ ထုထောင်းကာ ဆေးအဖြစ် ညွှန်ပြသောက်စေလျှင် ယူပစ်သလို ရောဂါရှင်းရှင်းပျောက် ချမ်းသာခြင်းတို့မှာ အလွန်အံ့ဩဖွယ်ကောင်း၏။ ဆရာတော်သည် ဆေးပညာကို လိုက်စားခြင်း အလျှင်းမရှိ ရိုးရိုးရှင်းရှင်း နေတတ် စားတတ်သည်။ သို့ဖြင့်လျှင် ဆရာတော်၏ သိဒ္ဓိ၊ မဟိဒ္ဓိစွမ်းပကားကြောင့်ဟုသာ ဆိုရပါချိမ့်မည်။

ဆရာတော် သက်တော်ထင်ရှားရှိစဉ်အခါက ရွှေဆိုင်းပြားကလေးများ ကပ်လှူခြင်းကို ကြည်ကြည်ဖြူဖြူ လက်ခံတော်မူကာ ပခုံးပေါ်တင် ရွှေချလေ့ရှိသည်။ ထိုင်းရုပ်သေး ကပွဲကိုလည်း သဘောကျ ကျေနပ် နှစ်ခြိုက်သည်။ ကေရိန်မိကျောင်းတွင် (၅၃) ဝါ ခြိုးခြံချွေတာ အလိုနည်းစွာနှင့် ချို့ချို့တဲ့တဲ့ သီတင်းသုံးတော်မူခဲ့ပေသည်။

**ဆရာတော်အိပ်မက်ပေး**

ဆရာတော် ပျံလွန်တော်မူသောအခါ စံကျောင်းအနီး၌ မီးသဂြိုဟ်ရန် နံ့သာတုံးများ စုပုံထားပြီး ဖြစ်သည်။ မီးသဂြိုဟ်ရန် တစ်ရက်အလို ညဉ့် ဒကာရင်းဖြစ်သူ ဦးမွန် (၆၀နှစ်)အား ထင်ရှားပြတ်သားစွာ ဆရာတော်အိပ်မက်ပေး၏။ အိပ်မက်ထဲတွင် စံကျောင်းပေါ်မှ လှေကားထစ်မနင်းဘဲ ဆရာတော်ဆင်းကြွလာရာ ဘေးတစ်ဖက်တစ်ချက်တွင် သိကြားလိုလို ဗြဟ္မာလိုလို နှစ်ဦးရံလျက် နောက်ပါး၌ ဖြိုးဖြိုးဖြက်ဖြက် နတ်ဝတ်တန်ဆာနှင့် (၁၀) ဦးခန့် ပါရှိသည်။ ဆရာတော်သည် စံကျောင်းရှေ့ မြေပြင်၌ မရပ်၊ လေထက်တွင်ရပ်လျက်နေသည်။ ထိုအခိုက် လက်ယာရံ သိကြားလိုလို၊ ဗြဟ္မာလိုလိုက 'ယခုလို ဆရာတော်အား ထင်ထင်ရှားရှား ဖူးတွေ့ရလျှင် နားလည်တော့၊ ရုပ်ကလာပ်ကို မီးမသဂြိုဟ်ပါလေနှင့်၊ ဆရာတော်က သတ္တဝါအပေါင်းကို ကယ်တင်ချင်သေးတယ်' ဟု ပြော၏။ ဆရာတော်ကမူ ဦးမွန်အား စိုက်ကြည့်၍ 'ဒကာတော် အကြောင်းကြီးငယ်ကြုံလာရင် ဆရာတော်ကို တ,လိုက်ပါ။ အမိဋ္ဌာန်ပြုပါ။ သီလဘာဝနာနှင့် မေတ္တာတရား အမြဲပွားနေပါ' ဟု တည်ကြည် အေးဆေးလေးနက်စွာ မိန့်တော်မူသည်။

ထို့နောက် ဆရာတော်သည် အပေါ်သို့ မြင့်သည်ထက် မြင့်တက်သွားပြီး ပျောက်ကွယ်သွားသည်။ ဆရာတော်ပေးသော အိပ်မက်အရ ဒကာ၊ ဒကာမ အပေါင်း အားလုံး တစ်သဘောတည်း ဆရာတော်ရုပ်ကလာပ်အား မှန်ခေါင်းသွင်း ပူဇော်ခဲ့သည်မှာ ယခုဖူးတွေ့နိုင်ခွင့်ရသည့်အတိုင်းပင် ဖြစ်သည်။

**ဆရာတော်ထံ ဆုပန်အမိဋ္ဌာန်**

ကေရိန်မိကျောင်း ဆရာတော် ရုပ်ကလာပ် လျောင်းစက်တော်မူသော စံကျောင်းသို့ရောက်ပါလျှင် လောဘ၊ ဒေါသ၊ မောဟကင်းစင်လျက် မှန်သော သစ္စာဆိုကာ လိုရာဆုတောင်းပါက အလျင်အမြန် ပြည့်ဝပါသည်။ 'ဆရာတော်ထံ ရွှေဆိုင်းရွှေပြား မည်ရွေ့မည်မျှ ကပ်လှူပါမည်၊ တောင်းသောဆု ပြည့်ရပါစေ' ဟု ဆုပန် အမိဋ္ဌာန်ရသည်။ ဆုတောင်းပြည့်ပါက ကိုယ်ထိလက်ရောက် အမိဋ္ဌာန်ထားသည့် ရွှေဆိုင်း ရွှေပြား အရေအတွက် အတိအကျ ကပ်လှူပူဇော်သမှု ပြုရပါသည်။ ထိုသို့ သူသူငါငါ ကပ်လှူပူဇော်ထားကုန်သော ရွှေဆိုင်းရွှေပြားများ အစဉ်အမြဲ မပြတ်တွေ့ရှိရပြီး ဆရာတော်ရုပ်ကလာပ်အား ဖူးရန်ရောက်လာသူတို့အနေဖြင့် ယင်းရွှေပြားများကို ယူငင်ရွှေချနိုင်ပေသည်။

အချို့သော ဒေသခံ အနီးအနားနေသူတို့က ဆရာတော် သဘောကျတော်မူသော ထိုင်းရုပ်သေး (ဒေသအခေါ် - ရှမ်းရုပ်သေး) တစ်ပွဲ တင်ဆက်ပါမည်ဟု အမိဋ္ဌာန်ပြုကြသည်ဟု ဆိုပါသည်။ ရှမ်းရုပ်သေးပွဲမှာ သားရေဖြင့် ပြုလုပ်ထားသည့် အရုပ်အမျိုးမျိုးကို တုတ်ချောင်းနှင့် တွယ်ကပ်ထားပြီး ငှက်ပျောတုံးပေါ် ထိုးစိုက်ကာ ဇာတ်ကွက်အလိုက် ရုပ်သေးဆရာက ကွက်စိပ်ကဲ့သို့ အဆို၊ အငို၊ အပြော၊ အလွမ်း တင်ဆက်သောပွဲဟု သိရ၏။

**ဆရာတော်ရုပ်တု**

ရုပ်ကလာပ် မှန်ခေါင်းရှေ့တွင် ဆရာတော် ရင်ငွေ့လှူကာ သံယာ့ဂုဏ်တော်ပွားများ၍ သိမ်ဝင်ထားသည့် ထိုင်တော်မူ ဆရာတော်ရုပ်တု ရှိပါသည်။ အမိဋ္ဌာန်အတိုင်း လာရောက် ကပ်လှူပူဇော်ကြသည့် ရွှေဆိုင်းမှ ရွှေပြားတို့ကို ရုပ်တုတော်၌ ရွှေချသူ များပြားလွန်းသဖြင့် ရုပ်တုတော်မှာ ရွှေတုံးရွှေခဲကြီးပမာ ဖြစ်လျက်နေပေပြီ။ ဤကဲ့သို့ ဆရာတော် ကိုယ်ပွားထား ဆုတောင်းလိုသူ ပေါများလာသည့်အတွက် ကိုးကွယ်ဆည်းကပ်လိုသူများထံ ရုပ်တုတော်ပင့်ဆောင် သီတင်းသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးပြီး ယခုအခါ မြန်မာပြည်အနှံ့ ဆရာတော်၏ရုပ်တုတော်ပေါင်း (၃၅၀) ဆူ ပျံ့နှံ့သီတင်းသုံးလျက်ရှိသည်ဟု သိရ၏။

စာရှုသူ သင့်တွင် တစ်စုံတစ်ရာ ပြဿနာ အခက်အခဲ ကြုံတွေ့လျှင် ဆရာတော်၏ပုံတော်ရှေ့တွင် ရိုကျိုးစွာ မှန်မှန်ကန်ကန် သစ္စာတိုင်တည်၍ ဆွမ်း၊ သစ်သီး၊ အမွှေးနံ့သာတိုင်၊ လက်ဖက်ရည်ကြမ်းကပ်လှူပြီး လိုရာဆုတောင်းပါ။ ဆုပြည့်ဝပါက သို့မဟုတ် အောင်မြင်မှုရပါက ဆရာတော်ထံ မိမိ စေတနာ သဒ္ဓါအလျောက် ရွှေဆိုင်း ရွှေပြား မည်ရွေ့မည်မျှ အရေအတွက် အတိအကျကပ်ပါမည်ဟု သစ္စာကို အဓိကထား အမိဋ္ဌာန်ပါ။ ထူးခြားအံ့မခန်းအောင် အချိန်တိုတိုအတွင်း အကျိုးလျင်စွာ ခံစားရပါမည်။ သို့သော် ဆရာတော်ရုပ်တုရှိရာ စုံစမ်းရှာဖွေ အရောက်သွား၍ အမိဋ္ဌာန်ထားသည့် ရွှေဆိုင်း ရွှေပြားကို မမေ့မလျော့ ကပ်လှူ ပူဇော်ရပါမည်။

ဆရာတော် ဦးကေသာရ၏ ဆုတောင်းပြည့်ဝသော ဂုဏ်သတင်းသည် ထိုင်း၊ ကမ္ဘောဒီးယား၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျပန် စသော ပြည်ပနိုင်ငံများသို့ပင် ပျံ့နှံ့ကျော်ကြား ထင်ရှားနေပြီး အဝေးရောက် မြန်မာများကပါ ဝမ်းပန်းတသာ ကိုးကွယ် ပူဇော်လျက် ရှိပါကြောင်း သတင်းကောင်း ရေးသား ပူဇော်လိုက်ရပေသည်။

မောင်စိမ်းထွေး(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန်ခရီးစဉ်များ

**သုဓောယျ**

**အမေရိကန် ပထမခရီးစဉ် (၁၉၉၄) ပင့်ဖိတ်သူများ**

ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့အနီး San Mateo မြို့တွင်နေသော သွားဆရာဝန် ဒေါက်တာစိန်အောင်လင်း+ဒေါက်တာယဉ်ယဉ်အောင်။

နယူးယောက်မြို့မှ ဦးတင်ရှိန်+ဒေါ်သိန်းရီ၊ ဒေါက်တာဇော်လင်း+ စမ်းစမ်းမြင့်၊ KAM + မခင်မေမြင့် မိသားစု။

**ခရီးစဉ်**

၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် ပဏ္ဍာသမဏ ဦးဥတ္တမနှင့်အတူ ဗန်ကောက်သို့ စတင် ထွက်ခွာလာသည်။ ဗန်ကောက်မြို့ ဒေါ်သန်းတင်၊ သမီး ဒေါ်လှထူးမေ၊ ဒေါ်မေရီ၊ ကိုဗစ်တာတို့အိမ်တွင် သီတင်းသုံးပါသည်။ ထိုင်းနှင့် ဗမာလူမျိုးများ လာရောက် ဖူးမြော်ပါသည်။

ထိုင်းနိုင်ငံ ဇင်းမယ်နှင့်မဲဆောက်မြို့တွင်နေထိုင်သော ဒကာဦးသန်းထိုက်က ဆရာတော်နှင့် ဦးဥတ္တမအတွက် ခရီးစရိတ်ကို လှူဒါန်းပါသည်။

နိုဝင်ဘာလ(၅)ရက်၊ ဗန်ကောက်မှ ဆန်ဖရန်စစ္စကိုမြို့သို့ ယူနိုက်တက်လေကြောင်း VA 844 ဖြင့် ဆန်ဖရန်စစ္စကိုမြို့သို့ နိုဝင်ဘာ (၅) ရက်နေ့ နံနက် (၉) နာရီ (၁၅) မိနစ်တွင် ရောက်ရှိပါသည်။ ခရီးစဉ်တွင် ဗန်ကောက်မြို့မှ ဆရာတော်၏ ရဟန်းဒါယိကာမဖြစ်သူ ဒေါ်လှထူးမေလည်း အတူလိုက်ပါလာပါသည်။

**လာရောက်ကြိုဆိုသူများ**

ဒေါက်တာစိန်အောင်လင်း+ဒေါက်တာယဉ်ယဉ်အောင် မိသားစု၊ ဒေါ်ကြင်ရွှေ၊ သား ကိုညွန့်ထွန်းနှင့် ညီအစ်ကိုမောင်နှမများ။

**သီတင်းသုံးသည့်နေရာ**

ဖရီးမောင့် (FREMONT) မြို့ ဒေါ်ကြင်ရွှေ၊ ကိုစန်းတင့်+မခင်စန်းမြင့် နေအိမ်တွင် သီတင်းသုံးပါသည်။ မြန်





www.burmeseclassic.com

www.burmeseclassic.com

မာပြည်ဖွားများ၊ အမေရိကန်နိုင်ငံသား အများအပြား လာရောက်ဖူးမြော်ကြပါသည်။ ညပိုင်းဆိုလျှင် မထင်မှတ်လောက်အောင်ပင် လူများ လာရောက်ဖူးမြော်ကြပါသည်။ ဆရာတော်က ညတိုင်း တရားရေအေး အမြိုက်ဆေးတိုက်ကျွေးပါသည်။ အထူးအားဖြင့် ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာအကြောင်းကို ဟောပြောပါသည်။



**ဆရာတော်၏ကျင့်စဉ်မှာ**

**'ဒါနအရင်းခံ သီလဦးစွာထုံး ဗုဒ်တော် အလယ်ထား ဝိပဿနာ နောက်ဆုံးမှာ၍ နိဗ္ဗာန်ထံခရီးနှင်း တို့အကျင့်' ဖြစ်ပါသည်။**

**ရောက်ရှိသည့်နေရာများ**

**ဆန်တာခရု** (Santaeruz) မြို့**တော် ဒါဇရစ်ရှိ** ဘောင်ပုလုဆရာတော်**ကျောင်းတွင် ထပ်မံ**တရားတော်ဟော**ကြားပါသည်။ Daly City** ဆရာတော်ဦးသီလာနန္ဒကျောင်းကို ရောက်ရှိပါသည်။ **ဆန်ဖရန်စစ္စကို၊** ဒေးလီးစီးတီး၊ **ဖရီမောင့် အုတ်တလန်း၊** မလေးဟို၊ ဆန်ဟိုဆေးနှင့် ဆန်တာခရု၊ မွန်ထရေး**စသော နေရာအနှံ့**အပြားကို ရောက်ရှိ**ပါသည်။**

**ဆန်ဖရန်စစ္စကို လော့(စ်)အိန်ဂျယ်လိ(စ်) ခရီးစဉ်**

နိုဝင်ဘာ (၆) ရက်နေ့၊ (၂) နာရီ (၂၇) မိနစ်အချိန်တွင် ယူနိုက်တက်လေကြောင်း AZ321 ဖြင့် ဆန်ဖရန်စစ္စကိုမြို့မှ ထွက်ခွာခဲ့ရာ ဒေါ်ကြင်ရွှေမိသားစုနှင့် အခြား ဒကာ၊ ဒကာမများက လိုက်ပါပို့ဆောင်ကြပါသည်။

ညနေ (၃) နာရီ (၄၂) မိနစ်တွင် လော့(စ်)အိန်ဂျယ်လိ(စ်) အွန်တေရီယို (Ontario) လေဆိပ်သို့ရောက်ရှိပါသည်။

**လာရောက်ကြိုဆိုသူများ**

ဒေါက်တာ မရှိစီနှင့် မိတ်ဆွေကိုမြင့်သိန်းတို့က လာရောက် ကြိုဆိုကြပါသည်။

**သီတင်းသုံးသည့်နေရာ**

လော့(စ်)အိန်ဂျယ်လိ(စ်) ခရိုင် San Grawiel, Brand Way လမ်းတွင် သီတင်းသုံးပါသည်။ ကိုဆန်နီ+ဒေါက်တာမရှိစီ၊ သွားဆရာဝန် ဒေါက်တာဇော်ထွန်းနှင့် မဝင်းဝင်းမွန်တို့က မိမိတို့အိမ်ကို ယာယီကျောင်းအဖြစ် သီတင်းသုံးရန် လှူဒါန်းပါသည်။ L.A ဝန်းကျင်မှ မြန်မာ ဒကာ၊ ဒကာမများ လာရောက် ဖူးမြော်ကြပါသည်။

ဒေါက်တာရှိစီ၏စီစဉ်မှုဖြင့် ဆရာတော်နှင့် ဦးဥတ္တမကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပါသည်။ သွားဆရာဝန် ဒေါက်တာဇော်ထွန်း၏ ဆေးခန်းတွင်လည်း သွားကျန်းမာရေး စစ်ဆေးပေးပါသည်။ L.A County နှင့် Orange





www.burmeseclassic.com

www.burmeseclassic.com

County ရှိ ဒကာမများက ဆရာတော်ကို ပင့်ဖိတ်ပြီး ပရိတ်ဒေသနာတော်နှင့် တရားတော်ကို နာကြားကြပါသည်။ ပီနန်ဆရာတော် ဦးပညာဝံသ၏လပွန်တေကျောင်း (Lapunte) နှင့် တန်ကြည့်တောင် ဆရာတော်ဘုရား၏ အဇ္ဈာကျောင်းကိုလည်း ရောက်ရှိပါသည်။ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာစံအေးကလည်း မျက်စိစမ်းသပ်မှုများကို ပြုလုပ်ပေးပါသည်။

ခရီးစဉ်အရ L.A မှ နယူးယောက်မြို့သို့ကြွရန်ဖြစ်သော်လည်း မျက်စိကုဆရာဝန်ကြီးက ချီကာဂိုမြို့သို့ကြွရန် လျှောက်ထားသောကြောင့် ပထမခရီးစဉ်ကိုပယ်ဖျက်ပြီး ချီကာဂိုမြို့သို့ ကြွပါသည်။

**လော့(စ်)အိန်ဂျယ်လိ(စ်)မှ ချီကာဂိုသို့**

လော့(စ်)အိန်ဂျယ်လိ(စ်)တွင် တစ်ပတ်သီတင်းသုံးပြီး နိုဝင်ဘာ (၂၂) ရက်နေ့ (၁) နာရီတွင် ယူနိုက်တက်လေကြောင်း 818 ဖြင့် ချီကာဂိုမြို့သို့ ဆက်လက်ကြွခဲ့ပါသည်။ ချီကာဂိုမြို့ အိုဟဲလေဆိပ် (OHARE) သို့ ညနေ (၇)နာရီ အချိန်တွင် ရောက်ရှိပါသည်။

**လာရောက်ကြိုဆိုသူများ**

ချီကာဂိုကျောင်းမှ ဆရာတော် ဦးဝိဇယနှင့် ဒကာ၊ ဒကာမများ လေဆိပ်သို့ လာရောက် ကြိုဆိုကြပါသည်။

**ရောက်ရှိသည့်နေရာများ**

ချီကာဂို တာဝါ၊ ပင်လယ်ကမ်းခြေနှင့် ချီကာဂို Indiania, Michigan ပြည်နယ်တို့မှ မြန်မာလူမျိုးများလည်း လာရောက် ဖူးမြော်ကြပါသည်။ ချီကာဂို မြန်မာကျောင်းတွင် (၅) ရက် သီတင်းသုံးခဲ့ပါသည်။

**ချီကာဂို- နယူးယောက်**

နိုဝင်ဘာ (၂၆) ရက်နေ့ နံနက် (၈) နာရီအချိန်တွင် ယူနိုက်တက်လေကြောင်းခရီးစဉ် 694 ဖြင့် နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

**လာရောက်ကြိုဆိုသူများ**

နယူးယောက်မြို့ လော့ကွာဒီယား (Laguardia) လေဆိပ်သို့ နံနက် (၁၁) နာရီအချိန်တွင် ရောက်ရှိပါသည်။ လေဆိပ်တွင် ဆရာတော်၏ကျောင်းဒကာများဖြစ်သော ဦးတင်ရှိန်+ဒေါ်သိန်းရီ၊ KAM + ခင်မေမြင့်၊ ဒေါက်တာဇော်လင်း+ စမ်းစမ်းမြင့်မိသားစုနှင့် ဒေါ်ငယ်၊



သား ကိုဆန်းမြင့်+မတင်လှိုင်တို့က လာရောက်ကြိုဆိုကြပါသည်။

**သီတင်းသုံးသည့်နေရာ**

ဦးတင်ရှိန်+ဒေါ်သိန်းရီ၊ သမီး ဒေါက်တာဇော်လင်း+စမ်းစမ်းမြင့်တို့က သူတို့နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးရန် လှူဒါန်းပါသည်။ နယူးယောက်တွင် (၁၂) ရက်မျှ သီတင်းသုံးပြီး လာရောက်ဖူးမြော်သည့် ဒကာ၊ ဒကာမများကို မေတ္တာနှင့် ဗုဒ္ဓါနုဿတိဘာဝနာတို့ကို ဟောပြောပြသ ဆိုဆုံးမပါသည်။ နယူးယောက်မြို့ မင်ဟက်ထန်ကွင်း၊ ဘရုတ်ကလင်း၊ လောင်းအိုင်းလန်း အစရှိသော နယူးယောက်မြို့ဝန်းကျင်ရှိ မြန်မာပြည်ဖွားများက ပင့်ဖိတ်ကြပါသည်။ ဒေါ်ငယ်၊ သား ကိုဆန်းမြင့်က ခရီးစဉ်တစ်လျှောက် လိုက်ပါပို့ဆောင်ပါသည်။ နှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးမော်ကလည်း ဆရာတော်ကြီးနှင့် ဦးဥတ္တမ၏နှလုံးကို စမ်းသပ်စစ်ဆေးပေးပါသည်။ ဒေါက်တာမျိုးမော်၊ ဇနီး ဒေါက်တာမြင့်မြင့်စီတို့ကလည်း ဆရာတော်၏ကျင့်ကြံအားထုတ်သော ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာဝနာအကြောင်းကို အထူး စိတ်ဝင်တစား နာကြားပါသည်။

ဝါရှင်တန်မှ ဒကာ၊ ဒကာမများ ပင့်ဖိတ်သောကြောင့် ဒီဇင်ဘာ (၄) ရက်နေ့တွင် ဝါရှင်တန်မြို့သို့ ကြွရောက်ပါသည်။ ခရီးစဉ်တွင် ကိုဆန်းမြင့်၊ ကိုဝင်းခင်၊ မောင်လှအောင်နှင့် ဦးတင်ရှိန်တို့ အတူလိုက်ပါကြပါသည်။ ဦးကျော်သာ + ဒေါ်ခင်မေကြီးတို့က သီတင်းသုံးရန် ပင့်ဖိတ်ပါသဖြင့် တစ်ညတာသီတင်းသုံးခဲ့ပါသည်။ သမ္မတအိမ်ဖြူတော်၊ လွှတ်တော်အဆောက်အအုံ အစရှိသော နေရာ အတော်များများကို ရောက်ရှိပါသည်။ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသောင်းနှင့် ဇနီးတို့လည်း လာရောက် ဖူးမြော်ပါသည်။ ဗွီအိုအေ(VOA)အမေရိကန်သတင်းဌာနအကြီးအကဲဖြစ်သော ဒေါ်မြင့်မြင့်ဇော်၊ ခင်ပွန်း ဦးသန်းလွင်တို့လည်း ဆရာတော်ကို လာရောက် ဖူးမြော်ပါသည်။ ဒေါ်မြင့်မြင့်ဇော်က ဆရာတော်ကို VOA သတင်းဌာနမှ မြန်မာပြည်သူများကို တရားဒေသနာများ ချီးမြှင့်ပေးပါရန် လျှောက်ထားပါသည်။ ဝါရှင်တန်တွင်



www.burmeseclassic.com

www.burmeseclassic.com



အသံဖမ်းရန် အချိန်မရသဖြင့် နယူးယောက်မြို့သို့ရောက်ရှိမှ အသံဖမ်းယူပါသည်။ အသံသွင်းချိန်နည်းနေသဖြင့် ဒေါ်မြင့်မြင့်ဇော်က နယူးယောက်မြို့သို့ လိုက်လာပြီး နောက်တစ်ကြိမ်အသံဖမ်းရန် လျှောက်ထားပါသည်။ ဆရာတော် အင်္ဂလန်နိုင်ငံသို့ရောက်ရှိမှ ၎င်းကိုယ်တိုင်အသံဖမ်းယူ၍ ဆရာတော်က 'ဆင်ခြင်ရာ' တရားတော်ကို မြန်မာပြည်သူပြည်သားအပေါင်းအား တစ်ဆင့်ဟောကြားပါသည်။

**အမေရိကန်- အင်္ဂလန်ခရီးစဉ်**

ဒီဇင်ဘာ (၈) ရက်နေ့ ညနေ (၆) နာရီ (၄၅) မိနစ်တွင် ယူနိုက်တက်လေကြောင်း 900 ဖြင့် နယူးယောက်မှ လန်ဒန်မြို့သို့ ကြွရောက်ခဲ့သည်။ ဒီဇင်ဘာ (၉) ရက်နေ့တွင် လန်ဒန် ဟီသရိုးလေဆိပ်သို့ နံနက် (၆) နာရီ (၄၅) မိနစ်တွင် ရောက်ရှိပါသည်။ နယူးယောက် JFK လေဆိပ်သို့ ဒေါ်သိန်းရီနှင့် ဒေါ်ငယ် မိသားစုတို့က လိုက်ပါပို့ဆောင်ပါသည်။



လန်ဒန်တွင် ကလေးအထူးကု ဆရာဝန်ကြီး ဦးမျိုးမင်းနှင့် မိသားစုများမှ လာရောက်ကြိုဆိုကြပါသည်။

**သီတင်းသုံးသည့်နေရာ**

လန်ဒန်မြို့အနီး ဟိုက်ဝိုင်ကုန်းတွင်ရှိသော ဒေါက်တာစိန်မြင့် + မမိမိတို့အိမ်တွင် သီတင်းသုံးပါသည်။

လန်ဒန် ဘက်ကင်ဟန်နန်းတော်၊ လွှတ်တော်နှင့် ပြတိုက်အတော်များများကို ရောက်ရှိပါသည်။ လန်ဒန် တိသာရဏ ဝိဟာရ၊ ဝေလပြည်နယ်အနီးရှိ ဦးချစ်တင်+ဒေါ်မြသွင်ရိပ်သာ၊ ထိုင်းနိုင်ငံမှ ဒကာများ, တပည့်များ သီတင်းသုံးသော အမရဝတီတောရကျောင်းတိုက်များကိုလည်း ရောက်ရှိပါသည်။

ဒီဇင်ဘာ (၁၄) ရက်နေ့တွင် လန်ဒန်မှ မြောက်ပိုင်းလိဒ် (Leeds) မြို့သို့ ဗြိတိသျှလေကြောင်း အမှတ် BA 8129 ဖြင့် ခရီးဆက်ခဲ့ပါသည်။ ဆရာဝန်ကြီး ဦးမျိုးမင်း၊ ဒေါက်တာ ဒေါ်သဇင်တို့၏ ဟာရိုဂိတ်မြို့ရှိ အိမ်တွင် သီတင်းသုံးပါသည်။

ဆရာဝန်ကြီးဦးမျိုးမင်း လိုက်ပါပို့ဆောင်မှုကြောင့် စကော့တလန်နိုင်ငံ လောကာဘီမြို့အနီးရှိ စမ်မြေလင့် တိဗက်တောရကျောင်းသို့ ရောက်ရှိခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်း၏အကြီးအကဲဖြစ်သော လားမားရေရှီက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ကျွန်းငယ်တစ်ခုကိုလည်း တောရကျောင်းနှင့် အနည်းငယ်ဝေးသောနေရာတွင် ဒေါ်လာ သန်းပေါင်းများစွာဖြင့် ဝယ်ယူထားပါသည်။ ဆရာတော်ကလည်း မြတ်စွာဘုရား ဓာတ်တော်များကို ကျောင်းအတွက် လှူဒါန်းပါသည်။ စမ်မြေလင့်တွင် တစ်ညတာ သီတင်းသုံးပြီး ဘော့လင်(ချ်)တွင်သီတင်းသုံးနေသော ဘီလင်းဆရာတော် ဦးပညာဒီပကျောင်းသို့ ခရီးဆက်ပါသည်။ မန်ချက်စတာ (Manchester) အနီးပတ်ဝန်းကျင်မှ ဒကာ၊ ဒကာမများက ၎င်းကျောင်းတွင် ဆွမ်းကပ်လှူဒါန်းပါသည်။

ဒီဇင်ဘာ (၁၉) ရက်နေ့တွင် ဗြိတိသျှလေကြောင်း အမှတ် BA 8128 ဖြင့် လန်ဒန်မှ ဒီဇင်ဘာ (၂၁) ရက်နေ့ ည (၉) နာရီ (၃၀) မိနစ်တွင် ဗန်ကောက်မြို့သို့ ပြန်ခဲ့ပါသည်။ ဒီဇင်ဘာ (၂၂) ရက်နေ့ ညနေ (၃) နာရီ (၃၀) မိနစ်အချိန်တွင် ဗန်ကောက်မြို့ ဒွန်းမောင်းလေဆိပ်သို့ ရောက်ရှိပါသည်။ ဗန်ကောက်တွင် ဒေါ်သန်းတင်၊ သမီး ဒေါ်လှထူးမေ၊ ဒေါ်မေရီ၊ ကိုဗစ်တာတို့အိမ်တွင် သီတင်းသုံးပါသည်။

ဒီဇင်ဘာ (၂၅) ရက်နေ့တွင် ဗန်ကောက်မှ ရန်ကုန်သို့ ပြန်လည် ကြွရောက်ခဲ့ပါသည်။

**အမေရိကန်နိုင်ငံ ဒုတိယခရီးစဉ် (၁၉၉၈) ပင့်ဖိတ်စာပို့သူများ**

နယူးယောက်မြို့မှ ဒေါ်သိန်းရီ၊ ဒေါက်တာဇော်လင်း၊ စမ်းစမ်းမြင့်၊ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့အနီး အုတ်ကလန် (Oakland) မြို့တွင် နေထိုင်သော ကိုသန်းလွင်+မချိုချိုထွေးမိသားစု၊ ကိုသိန်းလွင်+မခင်သန်းမြင့်မိသားစု။

**ခရီးစဉ်**

ဤခရီးစဉ်တွင် ဗောဓိတစ်ထောင်ဆရာတော်နှင့် ညောင်ပင်အိုင်ဆရာတော်၊ တပည့်ဖြစ်သူ ဦးဥတ္တမက ပစ္စာသမဏအဖြစ် လိုက်ပါခဲ့ပါသည်။

မေ (၂၁) ရက်နေ့ ၁၉၉၈-ခုတွင် ရန်ကုန်မှ မြန်မာလေကြောင်း UB 225 ဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာလာခဲ့ပါသည်။ ဗန်ကောက်မှတစ်ဆင့် ကယ်လီဖိုးနီးယားပြည်နယ် လော့(စ်)အိန်ဂျယ်လိစ်မြို့သို့ မေ (၂၁) ရက်နေ့တွင်ပင် ဆောက်ရောက်ရှိပါသည်။

**လာရောက်ကြိုဆိုကြသူများ**

ကိုဆန်နီ+ဒေါက်တာရိုစီနှင့် ဆွေမျိုးများက L.Aလေဆိပ်တွင်လာရောက်ကြိုဆိုကြပါသည်။ SanMarino မြို့ ကိုဆန်နီ+မရိုစီတို့အိမ်တွင် ကျောင်းအဖြစ် သီတင်းသုံးပါသည်။ San Marino မှာ Caltex ခေါ် Calfornia Imstitute of Technology ခေါ် ကမ္ဘာကျော်တက္ကသိုလ်တည်ရှိရာ Pasaena (ပါဆာဒီနာ) မြို့နှင့်ကပ်လျက်တည်ရှိပါသည်။

ဤအခေါက်တွင် ဆရာတော်နှစ်ပါး စုံညီစွာ ကြွချီလာသဖြင့် လာရောက်ဖူးမြော်သူများ ပိုမိုများပါသည်။ ဒေါက်တာရိုစီနှင့် မောင်နှမများက ဆေးစစ်ပါသည်။ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ စံအေးကလည်း မျက်စိစစ်ဆေးပေးပါသည်။ ဒေါက်တာဇော်ထွန်း၊ မဝင်းဝင်းမွန်တို့ကလည်း ဆရာတော်များ၏သွားများကို စစ်ဆေး ကုသပေးပါသည်။ ဒေါက်တာ စံအေးနှင့် မေ့ဆေးဆရာဝန်ဖြစ်သော ဒေါက်တာ မရိုစီတို့ အစီအစဉ်ဖြင့် ညောင်ပင်အိုင်ဆရာတော်၏အတွင်းတိမ်ကို ခွဲစိတ်ကုသပေးပါသည်။ L.A County and Orange County ရှိ ဒကာ၊ ဒကာမများကလည်း အိမ်ကိုပင့်ဖိတ်ပြီး ဆွမ်းကပ်လှူဒါန်း၍ ပရိတ်တရားနာကြားကြပါသည်။ L.A တွင် နှစ်ပတ်နီးပါး သီတင်းသုံးပြီး ဆန်ဖရန်စစ္စကိုသို့ ခရီးဆက်ခဲ့ပါသည်။ လေဆိပ်တွင် ဖရီးမောင့်မြို့မှ ဒေါ်ကြင်ရွှေ၊ သမီး ဒေါ်မေဇင်းကြည်နှင့် မောင်နှမများ၊ Sunny Vole မြို့မှ ကိုလှထူးတို့ လာရောက် ကြိုဆိုကြပါသည်။

Unicity မြို့ ဒေါ်ကြင်ရွှေ၊ ကိုစိန်ရောင်၊ မခင်ပပတို့အိမ်တွင် သီတင်းသုံးပါသည်။ San Jose, Sunny vole, Mountain View, San Mateo, Daly City, Oakland နှင့် အခြားမြို့များမှ ဒကာ၊ ဒကာမများ လာရောက် ဖူးမြော်ကြပါသည်။

ဆန်ဖရန်စစ္စကို ဝန်းကျင်တွင် တစ်ပတ်သီတင်းသုံးပြီး New York မြို့သို့ခရီးဆက်ပါသည်။ ဒကာကိုဆန်းမြင့်၊ ကိုရစ်ချတ်တို့လိုက်ပါပြီး နယူးယောက်မြို့သို့ ညောင်ပင်အိုင်ဆရာတော်၊ ဗောဓိတစ်ထောင်ဆရာတော်နှင့် ဦးဥတ္တမတို့ အတူ ကြွရောက်ပါသည်။ ဗာဂျီးနီးယားရှိ ဒကာဦးကျော်ဝင်းမိသားစုအိမ်ဘွင် သီတင်းသုံးကြပါသည်။ မေရီလင်း၊ ဗာဂျီးနီးယား၊ ဝါရှင်တန်ဝန်းကျင်မှ ဒကာ၊ ဒကာမများ လာရောက်ဖူးမြော်ပါသည်။ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းကလည်း သံရုံးကို ပင့်ဖိတ်ပါသည်။ ဝါရှင်တန်တွင် (၂) ရက်နေပြီး နယူးယောက်သို့ ပြန်လည်ကြွခဲ့ပါသည်။ လေဆိပ်တွင် ဒေါ်သိန်းရီနှင့် သမီးများဖြစ်ကြသော KAM+ခင်မေမြင့်၊ ဒေါက်တာဇော်လင်း+စမ်းစမ်းမြင့်၊ ဒေါ်ငယ်နှင့် သား ကိုဆန်းမြင့်+မတင်လှိုင်တို့ လာရောက် ကြိုဆိုကြပါသည်။

New York Brooklyn (ဘရုတ်ကလင်း) ရပ်ကွက်တွင်ရှိသော ဒေါ်ခင်မြမိသားစုအိမ်တွင် သီတင်းသုံးပါသည်။ လာရောက် ဖူးမြော်ကြသူများထဲတွင် လူမျိုးခြားအများအပြား ပါဝင်ပါသည်။ ဂျာမန်အမျိုးသမီးတစ်ယောက်မှ ပြောဆိုသည်မှာ ဆရာတော်များအနီးမှာထိုင်နေစဉ် အလွန်အေးချမ်းသော ခံစားမှုမျိုး ခံစားရသည်ဟု ပြောကြားပါသည်။ Long Island ရှိ ဒေါ်သိန်းရီ၊ သမီး ဒေါက်တာဇော်လင်း+ မစမ်းစမ်းမြင့်တို့ အိမ်တွင်လည်း (၃) ရက်မျှ သီတင်းသုံးပါသည်။ ၎င်းအိမ်မှ ဒေါ်ခင်မြအိမ်ကို ပြန်လည်ကြွချီလာပါသည်။

နယူးယောက်မှ တစ်ဖန် ချီကာဂိုသို့ ကြွပါသည်။ လေဆိပ်တွင် မုံရွာခရိုင် ကနီမြို့ဇာတိ ဒေါက်တာဝင်စတာန်ခင်နှင့် မိတ်ဆွေများ လာရောက် ကြိုဆိုကြပါသည်။ ချီကာဂိုမြို့ရှိ တောင်ပုလုဆရာတော်တပည့် ဆရာတော် ဦးကေသဝကျောင်းတွင် သီတင်းသုံးပါသည်။ မီချီကန်ပြည်နယ်မှ ဒေါက်တာမောင်ရှိန် + ဒေါ်ခင်မေလေး၊ သား ကိုတင့်ရှိန်၊ သမီး နီလာရှိန်တို့က ပင့်ဖိတ်၍ ချီကာဂိုသို့ ပြန်လည်ကြွရောက်ပါသည်။ နောက်နေ့၌ ဒေါက်တာမောင်ရှိန်မိသားစု ရောက်ရှိလာပြီး ချီကာဂို နေရာအနှံ့အပြားသို့ လိုက်ပါပို့ဆောင်ပေးပါသည်။

ချီကာဂိုမှ Huston ကိုဖြတ်ပြီး လော့(စ်)အိန်ဂျယ်လိ(စ်) (L.A) သို့ ပြန်ကြွခဲ့ပါသည်။ ချီကာဂိုလေဆိပ်သို့ ဆရာတော် ဦးကေသဝကိုယ်တိုင် လိုက်ပါပို့ဆောင်ပါသည်။ လော့(စ်)အိန်ဂျယ်လိ(စ်) (L.A) လေဆိပ်၌ ကိုဆန်နီနှင့် ဒေါက်တာမရိုစီတို့ လာရောက်ကြိုဆိုကြပါသည်။ ဆန်မာရီနို (SanMarino) မြို့တွင်ရှိသော ကိုဆန်နီ+ဒေါက်တာရိုစီတို့ အိမ်တွင်ပင် သီတင်းသုံးပါသည်။

ညောင်ပင်အိုင်ဆရာတော် မျက်စိအတွင်းတိမ်ခွဲထုတ်ရန် အစီအစဉ်ရှိ၍ ဦးဥတ္တမက ညောင်ပင်အိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ လော့(စ်)အိန်ဂျယ်လိ(စ်)တွင် နေခဲ့ပါသည်။ ဦးဥတ္တမနေခဲ့၍ တောင်ပုလုကျောင်းမှ ဆရာတော်ဦးသောဘိတက ဗောဓိတစ်ထောင်ဆရာတော်ဘုရားကို မြန်မာပြည်သို့ ပို့ဆောင်ပေးပါသည်။ ဗန်ကောက်မြို့မှ ဒကာများ ပင့်ဖိတ်၍ ဒေါ်လှထူးမေတို့ မောင်နှမများအိမ်တွင် ဝင်ရောက် သီတင်းသုံးပါသည်။ ဗန်ကောက်မှတစ်ဆင့် ရန်ကုန်သို့ ပြန်လည်ကြွရောက်ပါသည်။

ညောင်ပင်အိုင်ဆရာတော် မျက်စိခွဲပြီး L.A မှ ဒကာ၊ ဒကာမများ လာရောက်ဖူးမြော်ကြပါသည်။ အိမ်သို့ပင့်ဖိတ်ပြီးလည်း ပရိတ်ဒေသနာတော်ကို နာကြားပါသည်။ ဆန်ယေဂိုးမြို့တွင်နေထိုင်သော ကိုအောင်ဆန်းဦး + မလဲ့လဲ့နွယ်သိန်းတို့ကလည်း ပင့်ဖိတ်ပြီး ဆွမ်းကပ်ပါသည်။ ညောင်ပင်အိုင်ဆရာတော်ကို အမေရိကန်တွင် တစ်ဝါသီတင်းသုံးရန် ဒကာ၊ ဒကာမများက လျှောက်ထားကြပါသည်။ ဇူလိုင် (၁၀) ရက်နေ့တွင် လော့(စ်)အိန်ဂျယ်လိ(စ်)မှ ပြန်လည်ကြွခဲ့ရာ ဗန်ကောက်မြို့ကို ဇူလိုင် (၁၂) ရက်နေ့တွင်ရောက်ရှိသည်။ ဒေါ်လှထူးမေ မောင်နှမများ၊ ဦးဇော်ဝေနှင့် အခြားမိသားစုများ လာရောက်ကြိုဆိုပါသည်။

ရေစကြိုမြို့နယ် ဖူလုံရွာ ပဋ္ဌပိုက်ကျောင်းတိုက်တွင် ကျောင်းသားဘဝမှ ရဟန်းဖြစ်သည့်တိုင်အောင် အတူတူ သီတင်းသုံးခဲ့သော ဆရာတော် ဦးဓမ္မာနန္ဒနှင့်တွေ့ဆုံရန် စီစဉ်ခဲ့ပါသည်။ ဆရာတော်ဦးဓမ္မာနန္ဒာက လမ်းပန်မြို့ ဝပ်ထားမအို့ကျောင်းတွင် သီတင်းသုံးပြီး ဗုဒ္ဓစာပေများကို ထိုင်းသံဃာတော်များအား ပို့ချနေပါသည်။ ဗန်ကောက်မြို့မှ ဒေါ်မေပုနှင့်၊ သမီး မဆယ်လီ (ခ) မစိုးစိုးကြည်တို့က လမ်းပန်မြို့သို့ လိုက်ပါပို့ဆောင်ပါသည်။

ဗန်ကောက်မှ ဒကာ, ဒကာမများ၊ ညောင်ပင်အိုင်ဆရာတော်မှာ စကားအလွန်နည်းသော်လည်း မေတ္တာစွမ်းပကားမှာ အလွန်ကြီးမားသူ ဖြစ်ပါသည်။

ဇူလိုင် (၁၈) ရက်နေ့တွင် မြန်မာ့လေကြောင်းဖြင့် ဗန်ကောက်မှ ရန်ကုန်သို့ ပြန်လည် ကြွခဲ့ပါသည်။ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်ညွန့်တင် + ဒေါ်ခင်မျိုးဦးတို့၏ ပုလဲမြို့တွင်ရှိသောကျောင်းတွင် သီတင်းသုံးပါသည်။ ဇူလိုင် (၂၀) ရက်နေ့တွင် ဆားလင်းကြီးမြို့ ညောင်ပင်အိုင်တောရသို့ ပြန်လည်ရောက်ရှိပါသည်။

ဤခရီးစဉ်အတွက် ညောင်ပင်အိုင်ဆရာတော်၏ခရီးစရိတ်အားလုံးကို ကိုဆန်နီ+ဒေါက်တာ မရိုစီနှင့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းပါသည်။

ဗောဓိတစ်ထောင် ဆရာတော် ခရီးသွားလာစရိတ်ကို ဒေါ်သိန်းရီမိသားစုက လှူဒါန်းပါသည်။

**အမေရိကန် ဒုတိယခရီးစဉ် (၂၀၀၁) ပင့်ဖိတ်စာအတွက် တာဝန်ယူသူများ**

ဆန်ဖရန်စစ္စကို၊ ဆန်မက်တီယိုမြို့မှ ဒေါက်တာစိန်အောင်လင်း + ဒေါက်တာ ယဉ်ယဉ်အောင်၊ အုတ်ကလန်မြို့ (Oakland) မြို့မှ ကိုသန်းလွင်+မချိုချိုဝင်း၊ ကိုသိန်းလွင်+မခင်သန်းမြင့်။

**နယူးဇီလန်မှ အမေရိကန်သို့**

နယူးဇီလန်မှ ဒကာများ ပင့်ဖိတ်ချက်အရ ဗောဓိတစ်ထောင်ဆရာတော်သည် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့သို့ ဒကာ ဒင်းနစ်ဝင်းသိန်းနှင့်အတူ ကြွပါသည်။ မေ ၁၉၊ ၂၀၀၁ ခုတွင် ညောင်ပင်အိုင်ဆရာတော်၊ ဦးဥတ္တမ၊ ဦးသောဘိတတို့သည် ထိုင်းလေကြောင်းဖြင့် ရန်ကုန်မှ ဗန်ကောက်သို့ကြွပြီး ဒေါ်လှထူးမေနှင့် မောင်နှမများအိမ်တွင် သီတင်းသုံးကာ ဗောဓိတစ်ထောင်ဆရာတော် နယူးဇီလန်အပြန်ကို စောင့်ဆိုင်းခဲ့ပါသည်။ မေ (၂၀) ရက်နေ့တွင် ဗောဓိတစ်ထောင်ဆရာတော်သည် နယူးဇီလန်နိုင်ငံမှ ဗန်ကောက်သို့ ပြန်လည်ကြွခဲ့ပါသည်။ မေ (၂၁) ရက်၊ ၂၀၀၁ တွင် ညောင်ပင်အိုင်ဆရာတော်၊ ဗောဓိတစ်ထောင်ဆရာတော်၊ ဦးဥတ္တမ၊ ဦးသောဘိတတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ အမေရိကန်နိုင်ငံ လော့(စ်)အိန်ဂျယ်လိ(စ်)မြို့ (L.A) သို့ ကြွခဲ့ပါသည်။ ကိုဆန်နီ+ဒေါက်တာ မရိုစီတို့၏ San Gabrielမြို့တွင်ရှိသောအိမ်တွင်သီတင်းသုံးပါသည်။

ဤအခါက်တွင် အထူးသဖြင့် ဗောဓိတစ်ထောင်ဆရာတော်ကို သူတို့အိမ်တွင် သီတင်းသုံးရန် လျှောက်ထားသော ဒကာ၊ ဒကာမ အလွန်များပြားပါသည်။ ဆရာတော်မှာ တစ်ပတ်အတွင်း ညတိုင်း နေရာပြောင်းရန် အခက်အခဲရှိသဖြင့် တချို့ ဒကာ၊ ဒကာများကို သည်းခံကြပါရန် မေတ္တာရပ်ခံခဲ့သည်။ ဒေါက်တာ မရိုစီအိမ်မှတစ်ဆင့် မျက်စိကုဆရာဝန်ကြီး ဒေါက်တာစံအေး+မအဲလစ်တို့အိမ်တွင် သီတင်းသုံးပြီး ဗောဓိတစ်ထောင်ဆရာတော်နှင့်အတူ ဦးသောဘိတ လိုက်ပါ၍ နယူးယောက်မြို့သို့ ဆက်လက်ကြွပါသည်။ ညောင်ပင်အိုင်ဆရာတော် ကျန်းမာရေးအခြေအနေရ ခရီးသွားရန်မသင့်လျော်သဖြင့် ညောင်ပင်အိုင်ဆရာတော်နှင့်အတူ ဦးဥတ္တမက လော့(စ်)အိန်ဂျယ်လိ(စ်)မြို့တွင်ပင် ဆက်လက်နေထိုင်ခဲ့ပါသည်။

နယူးယောက်မြို့တွင် ဒေါ်ငယ်၊ သား ကိုဆန်းမြင့်နှင့်မိသားစု မိတ်ဆွေသင်္ဂဟများ ဝိုင်းကြိုဆိုပြီး ကိုဆန်းမြင့်၊ ကိုဝင်းခ+မသိန်းတင်တို့အိမ်၌ သီတင်းသုံးပါသည်။ ထိုမှတစ်ဆင့် ဒေါ်သိန်းရီ၏ သမီးဖြစ်သူ ဒေါက်တာဇော်လင်း+ စမ်းစမ်းမြင့်တို့အိမ်တွင် သီတင်းသုံးပါသည်။ နယူးယောက်မှလော့(စ်)အိန်ဂျယ်လိ(စ်) (L.A) သို့ ပြန်လည်ကြွပါသည်။ ထိုမှ ဆန်ဖရန်စစ္စကိုမြို့သို့ ကြွရောက်သည်။ ဆန်ဖရန်စစ္စကို ဖရီးမောင့်မြို့ရှိ ဦးသောဘိတ၏မယ်တော်ကြီး ဒေါ်နှင်းအေးအိမ်တွင် သီတင်းသုံးပါသည်။

ဗောဓိတစ်ထောင် ဆရာတော် ဆန်ဖရန်စစ္စကိုမြို့တွင်ရှိနေစဉ် ညောင်ပင်အိုင်ဆရာတော်က မြန်မာပြည်သို့ ပြန်လည် ကြွချင်သည့်ဆန္ဒ ရှိသဖြင့် ညောင်ပင်အိုင်ဆရာတော်နှင့်အတူ ဦးဥတ္တမသည် ဗန်ကောက်သို့ ပြန်လည်ကြွခဲ့ပါသည်။ ဗန်ကောက်တွင် ဒေါ်လှထူးမေ၏မောင် ကိုဗစ်တာ၊ ညီမလေးမေရီနှင့် ဦးဇော်ဝေတို့ လာရောက်ဖူးတွေ့ပြီး မြန်မာပြည်သို့ ပြန်လည်ကြွပါသည်။

ဗောဓိတစ်ထောင်ဆရာတော်နှင့် ဦးသောဘိတတို့က ဆန်ဖရန်စစ္စကိုမှ လော့(စ်)အိန်ဂျယ်လိ(စ်) (L.A) သို့ပြန်လာပြီး ဒေါက်တာမလှမေတို့အိမ်တွင် သီတင်းသုံးပါသည်။

**အမေရိကန်မှ ဂျပန်သို့**

လော့(စ်)အိန်ဂျယ်လိ(စ်)မှ ဂျပန်နိုင်ငံသို့ကြွပြီး တိုကျိုမြို့ရှိ ကိုအေးမြင့်ဦး+ဒေါ်ခင်အေးခိုင် အေးမိသားစုအိမ်တွင် သီတင်းသုံးခဲ့ပါသည်။ ၎င်းမှတစ်ဆင့် အိုဆာကာမြို့ရှိ ဒကာမျိုးဇော်ထွန်းထံသို့ ကြွခဲ့ပါသည်။ အိုဆာကာမှတစ်ဆင့် ဦးသောဘိတ၊ မျိုးဇော်ထွန်းတို့နှင့်အတူ ရန်ကုန်သို့ ပြန်လည်ကြွခဲ့ပါသည်။

ညောင်ပင်အိုင် ဆရာတော်နှင့် ဗောဓိတစ်ထောင်ဆရာတော်ကြီးနှစ်ပါး၏ဒုတိယခရီးစဉ် လေယာဉ်ခရီးစရိတ်အားလုံးကို ဦးဥတ္တမက လှူဒါန်းပါသည်။

**အမေရိကန်စတုတ္ထနှင့် နောက်ဆုံးခရီးစဉ်**



www.burmeseclassic.com

www.burmeseclassic.com

(၂၀၀၃)

၂၀၀၃ ခု၊ ဖေဖော်ဝါရီလတွင် ဦးသောဘိတနှင့်အတူ မြန်မာပြည်မှ စင်ကာပူသို့ ကြွခဲ့ပါသည်။ စင်ကာပူမှ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုလေဆိပ်သို့ ကြွရောက်ခဲ့ပါသည်။ လေဆိပ်မှ ဦးဥတ္တမနှင့်အတူ ကိုတင်ရှိန်+မသူဇာ၊ မနီလာရှိန်၊ ကိုရဲလင်းထွန်းတို့က ကြိုဆိုကြပါသည်။ ဖရီးမောင့်မြို့ရှိ ကိုတင့်ရှိန်၊ မသူဇာတို့အိမ်တွင် သီတင်းသုံးပါသည်။ ဤအခါက်တွင် ဆရာတော်၏မေတ္တာစွမ်းအားကြောင့် သူတို့အိမ်များတွင် တည်းခိုစေလိုသော ဒကာမများက အလွန်ပင်များပြားပါသည်။

ဆရာတော် နေရာ ခဏခဏ ပြောင်း၍ ကျိန်းစက်ရသည်မှာ အဆင်မပြေပါသဖြင့် တောင်းပန်ရပါသည်။ ဖရီးမောင့်မြို့ ကုသလကာရီကျောင်းတွင် ဦးကောသလ္လ၊ ဦးဂရုမမွနှင့် ဂေါပကအဖွဲ့များ အစီအစဉ်ဖြင့် တရားပွဲကျင်းပခဲ့ပါသည်။ ဆရာတော်က သူကိုယ်တိုင် အားထုတ်ခဲ့သော သမထဘာဝနာ၊ ဝိပဿနာအကြောင်းကို ဟောပြောပြသ ဆိုဆုံးမပါသည်။ တရားနာသူအားလုံးကလည်း လွန်စွာ နှစ်ခြိုက်ကြပါသည်။

ဆရာတော်အား ပင့်ဖိတ်သော ဒကာ ဒေါက်တာ ကိုစိန်အောင်+ဒေါက်တာ ယဉ်ယဉ်အောင်တို့အိမ်တွင်လည်း တစ်ည သီတင်းသုံးခဲ့ပါသည်။ Daly City နှင့် ဆန်ဖရန်စစ္စကို ပတ်ဝန်းကျင်မှ မြန်မာပြည်ဖွားများ လာရောက်ဖူးမြော်ကြပါသည်။ ဆန်ဖရန်စစ္စကိုအနီးရှိ OAKLAND (အုတ်ကလန်) မြို့လေဆိပ်မှ လော့(စ်)အိန်ဂျယ်လိ(စ်)သို့ ခရီးဆက်ပါသည်။ ကိုဆန်နီ+ဒေါက်တာ မရှိစီတို့အိမ်တွင် သီတင်းသုံးပါသည်။ ထိုမှတစ်ဆင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာစံအေး+ အဲလစ်တို့အိမ်တွင် တစ်ည သီတင်းသုံးပါသည်။ နယူးယောက်သို့သွားမည့်နေ့ မတိုင်ခင်တစ်ရက်တွင် ဒေါက်တာ တင်လတ်+ ဒေါက်တာလှမေတို့အိမ်တွင် သီတင်းသုံးပါသည်။

ဖူးမြော်ရန်လာကြသော ဒကာ၊ ဒကာမများကို ဆရာတော်မှလည်း အထူးအားဖြင့် မေတ္တာနှင့် ဗုဒ္ဓါနုဿတိ ဘာဝနာများကို ဟောကြားပြသ ဆိုဆုံးမပါသည်။ တောင်ပိုင်းကယ်လီဖိုးနီးယားတက္ကသိုလ်တွင် ပါမောက္ခတာဝန်ထမ်းဆောင်နေသော ဒေါက်တာ ဇော်ဝင်းထွန်းကို မန္တလေးတောင် နန်းဦးဆရာတော်ဘုရားနှင့်တွေ့ရှိပုံ ဘဝဇာတ်ကြောင်းများကို ဆရာတော်က ပြောပြခဲ့ပါသည်။ ပါမောက္ခ ဒေါက်တာဇော်ဝင်းထွန်းလည်း အလွန်အံ့အားသင့်ပြီး နန်းဦးဆရာတော်ဘုရားနှင့်ဆရာတော်ကို အလွန် ကြည်ညိုသူ ဖြစ်လာပါတယ်။ တောင်ပိုင်း ကယ်လီဖိုးနီးယားတက္ကသိုလ်သည် အမေရိကန်နိုင်ငံတွင် အလွန်ထင်ရှားသောတက္ကသိုလ် ဖြစ်ပါသည်။

ဆရာတော်၏တပည့် ဦးဥတ္တမကို ပစ္စည်းလေးပါးထောက်ပံ့သော မြန်မာပြည်ဖွား ဆရာဝန်ကြီး ဒေါက်တာဘွန်းချောင်း + ဒေါက်တာစန္ဒာတို့အိမ်တွင်လည်း တရားဒေသနာတော်များအား ချီးမြှင့်ခဲ့ပါသည်။

ဆရာတော်သည် ဦးဥတ္တမ၊ ဦးသောဘိတနှင့်အတူ လော့(စ်)အိန်ဂျယ်လိ(စ်) အွန်တေရီယို (Ontario) လေဆိပ်မှ နယူးယောက် JFK လေဆိပ်သို့ ခရီးဆက်ပါသည်။ ကိုဆန်းမြင့်မိသားစု၊ ဒေါ်ခင်မြ၊ သမီး ရစ်ချတ်+ခင်သန်းအေး၊ စမ်းစမ်းနှင့်တကွ ဓမ္မမိတ်ဆွေအတော်များများ လာရောက်ကြိုကြပါသည်။ ကိုဆန်းမြင့်၏မယ်တော် ဒေါ်ငယ်၊ သားကိုဝင်းခ+မသိန်းတင်တို့အိမ်တွင် သီတင်းသုံးကြပါသည်။ ဒေါ်သိန်းရီသမီး ဒေါက်တာ ဇော်လင်း + မစမ်းစမ်းမြင့်တို့၏ Long Island ရှိအိမ်တွင်လည်း သီတင်းသုံးပါသည်။ V.O.Aမှ ဒေါ်မြင့်မြင့်ဇော်၏စီစဉ်ပေးမှုအရ သတင်းဌာနမှလည်း ဦးခင်မောင်ဒွေးနှင့်ဆက်သွယ်၍ မြန်မာပြည်သူများအတွက် တရားဒေသနာတော်များကိုလည်း ချီးမြှင့်ခဲ့ပါသည်။

နယူးယောက်၌လည်း လာရောက်ဖူးမြော်သူ အလွန် များပြားပါသည်။ ဆရာတော်က နယူးယောက်ရှိ ဒေါ်ငယ်ကို မိန့်ကြားသည်မှာ 'ရပ်တော်မူဘုရားကြီးပြီးသည်အထိ သူ မနေရပါ၊ နောက်ဆရာတော်များ လက်ထက်တွင်မှ အပြီးသတ်လိမ့်မည်' ဟု မိန့်ကြားခဲ့ပါသည်။ ဆရာတော်မိန့်ကြားချက်မှာ မှန်ကန်လှပါသည်။ ဆရာတော်သည် ဘုရားကြီး မပြီးစီးမီ ၂၀၀၆ ခုနှစ်တွင် ဘဝနတ်ထံ စံမြန်းခဲ့ပါသည်။

မတ်လ (၁၈) ရက်၊ ၂၀၀၃ တွင် ဦးသောဘိတနှင့်အတူ နယူးယောက်မှ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ဆက်လက်ကြွပါသည်။

ဤခရီးစဉ်အတွက် ဗောဓိတစ်ထောင် ဆရာတော်နှင့် ဦးသောဘိတ၏ ခရီးစရိတ်ကို ကိုအေးမြင့်ဦး+မခင်အေးခိုင်မိသားစုနှင့်မိတ်ဆွေများက စုပေါင်းလှူဒါန်းပါသည်။

ဆရာတော်၏နိုင်ငံခြားခရီးစဉ်တိုင်းတွင် အဆင်ပြေအောင် ဆောင်ရွက်ကြသော မြန်မာပြည်မှ ဒကာ၊ ဒကာမများကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

ဆရာတော်၏နိုင်ငံကူးလက်မှတ်ကိစ္စအဝဝကို ခရီးစဉ်အားလုံးနီးပါးအတွက် ဆောင်ရွက်ပေးသော၊ မင်္ဂလာဒုံလေဆိပ်သို့ ပို့ဆောင် ကြိုဆိုပေးသော အေးမိသားစုကုမ္ပဏီမှ ကိုအေးမြင့်ဦး+ ဒေါ်ခင်အေးခိုင် မိသားစုနှင့် ဝန်ထမ်းအားလုံး၊ ပြန်ကြားရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်မျိုးသန့် + ဒေါ်ခင်လေးတင့် မိသားစုနှင့် တပည့်သားမြေးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်ညွန့်တင်+ဒေါ်ခင်မျိုးဦး မိသားစုနှင့် ဝန်ထမ်းများ အားလုံးကိုလည်း မှတ်တမ်းတင်ရပါမည်။ ခရီးသွားတိုင်း မြန်မာအစားအသောက်များကို စီစဉ်ပေးသော အိမ်ဖြူတော်တည်းခိုခန်း ပိုင်ရှင် ကိုအောင်ပို+မယဉ်ယဉ်မြင့်၊ မိခင် ဒေါ်သိန်းလှတို့အား မှတ်တမ်းတင်ရပေမည်။

အထူးသဖြင့် အမေရိကန် ပထမခရီးစဉ်၌ ပြည်ဝင်ခွင့်ဗီဇာ ဆောင်ရွက်ပေးသော ဗိုလ်မှူးသန်းထိုက်၊ ကိုသန်းလွင်တို့အား ကျေးဇူးတင်ပါသည်။ သံရုံးမှအငြိမ်းစားယူသွားကြသော မဒွေးဒွေးမြင့်၊ မခင်လတ်တို့ကလည်း ခရီးစဉ် အဆင်ပြေစေရန် အကူအညီပေးခဲ့ကြပါသည်။ အမေရိကန်၊ စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ အင်္ဂလန်နှင့် မြန်မာပြည်မှ ဒကာ၊ ဒကာမ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ဦးဥတ္တမ (အမေရိကန်)

အမေရိကန်ရောက် ညောင်ပင်အိုင် ဆရာတော်ကြီးနှင့် ဗောဓိတစ်ထောင်ဆရာတော်ကြီး၏တပည့် ပဉ္စာသမဏ ဦးဥတ္တမ မှတ်တမ်းတင်ထားခြင်းဖြစ်ပါတယ်။

သုဓောယျ



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ဇော

# ရခိုင်ဝေသာလီမှ ရှေးဟောင်းကြေးသွန်းမဏ္ဍိုင်စေတီငယ်များ

**စေတီ**


**ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ဆည်းကပ်မှုအတွက် အခိုင်အခံ့ ထုနှင့်ထည်နှင့်တည်ဆောက်ထားသော ဗိမာန်တော် (သို့) အဆောက်အအုံကို 'စေတီ' ဟူ၍** ခေါ်ပါသည်။ စေတီ ဆိုသည်မှာ **အိန္ဒိယဝေါဟာရ 'စေတျ' ၏** အတိ**ကောက်** ဖြစ်ပါသည်။ တည်ဆောက်**ထားသော (သို့)** စုံပုံထားသောအရာဟု **အဓိပ္ပာယ်ရ**ပါသည်။ စေတျဟူသော ဝေါဟာရကို သူရဲကောင်းတို့အား လည်းကောင်း၊ ဆရာသခင်တို့အား လည်းကောင်း၊ တမန်တော်တို့အားလည်းကောင်း ဂုဏ်ပြုလျက် တည်ဆောက်ထားသော သင်္ချိုင်းဂူဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းကြပါသည်။ စေတီ ဆိုသည်မှာ **စင်စစ်အားဖြင့်** ကြည်ညိုဖွယ်ရာပစ္စည်း၊ ကိုးကွယ် ဆည်းကပ်ရာနေရာဟူ၍ ဆိုရမည် ဖြစ်ပါသည်။

*(မြန်မာအဘိဓာန်အကျဉ်းတွင် စေတီကို ၁။ ဘုရားရှင်၏ကိုယ်စားတော်အဖြစ်ဖြင့် ရှိသေပူဇော်အပ်သောအရာ၊ ၂။ ဓာတ်တော်၊ မွေတော် စသည်တို့ကို ဌာပနာ၍ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသော ရှိသေ ပူဇော်အပ်သည့် အဆောက်အအုံ၊ ဓာတ်တော်တိုက်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်)*

မြန်မာနိုင်ငံတွင် စေတီတို့ကို ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ သာသနာတော်အရှည် တည့်တံ့စေရန် ရည်သန်လျက် ခံ့ညား ထည်ဝါစွာ တည်ဆောက်ထားလေ့ ရှိကြပါသည်။ စေတီအများစုမှာ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်မွေတော်များ၊ ဗုဒ္ဓ၏ရုပ်ပွားတော်များကို ဌာပနာလျက် တည်ဆောက်ထားသော ဓာတုစေတီများနှင့် ဗုဒ္ဓအဆုံးအမတရားဒေသနာများကို ရေးသားမှတ်တမ်းတင်ထားသော ကျမ်းစာ၊ ပေစာ၊ ပိဋကတ်တော်များကိုဌာပနာလျက် တည်ဆောက်ထားသောဓမ္မစေတီများ ဖြစ်ကြပါသည်။ ထိုဓာတ်တော်မွေတော်များနှင့် ပိဋကတ်တော်တို့အား ဓာတ်တော်တိုက်ဟု ခေါ်သောအခန်းထဲတွင် ထည့်သိုကာ ဌာပနာလေ့ ရှိပါသည်။ ဓာတ်တော်တိုက်သည် စေတီ၏အောက်ခြေတွင် ရှိတတ်



သက်ဓုတော်ရှုစေတီတော်(မြောက်ဦးမြို့)



သက်တော်ရှည်စေတီတော်(မြောက်ဦးမြို့)



6:08 pm 03/08/13
www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ တစ်ခါတစ်ရံတွင် ခေါင်းလောင်းမှောက်နှင့် အထွတ်တို့အကြားရှိ ဓာတုဂဗ္ဘဟုခေါ် သောနေရာ၌ရှိတတ်သည်။

စေတီ တည်ထား ကိုးကွယ်ခြင်းဖြင့် ကြီးမား မြင့်မြတ်သော ကုသိုလ်ကောင်းမှုကို ဖြစ်ပေါ် ရရှိစေသည်ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ခံယူကြပါသည်။ ဤကုသိုလ်ကောင်းမှုကြောင့် တမလွန်တွင် ပိုမို၍ ကောင်းမွန် မြင့်မြတ်သောဘုံဘဝတို့၌ ဖြစ်ရသည်။ သို့မဟုတ် နတ်ဘုံနတ်ရွာတို့သို့ ရောက်ရှိနိုင်သည်။ သို့မဟုတ် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်သည်ဟု ယုံကြည်ကြသည်။ စေတီများကို သားစဉ်မြေးဆက် နှစ်ပေါင်းများစွာတိုင်အောင် ကိုးကွယ် ဆည်းကပ်နိုင်ကြသည်။ ဗုဒ္ဓဘာသာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဤစေတီတော်များက အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**စေတီ၏ဖွဲ့စည်းပုံ**

စံစေတီတော်တစ်ဆူတွင် ပါဝင်ရမည့်အစိတ်အပိုင်းများမှာ-


၁။ ဖိနပ်တော် သို့မဟုတ် အောက်ခြေစကြံ
၂။ ပစ္စယာအဆင့်ဆင့်
၃။ ခေါင်းလောင်းမှောက်
၄။ အထက်သို့အဆင့်ဆင့် သွယ်ရှူးသွားသော ပုတီးရစ်
၅။ ကြာလှန်ကြာမှောက်
၆။ ငှက်ပျောဖူး
၇။ ထီး တို့ဖြစ်ကြပါသည်။

သာမန်အားဖြင့်ဆိုလျှင် စေတီဆိုသည်မှာ အထက်ပါ အစိတ်အပိုင်းများ ပါဝင်သော ကိုးကွယ် ဆည်းကပ်ရာ အဆောက်အအုံ (ဗိမာန်တော်) ပင် ဖြစ်ပါသည်။ ဤအစိတ်အပိုင်းများအား ထူးခြားဆန်းကြယ် ကြည်ညိုဖွယ်ဖြစ်အောင် မွမ်းမံခြယ်သမှုတွင်တော့ စေတီတစ်ဆူနှင့်တစ်ဆူ မတူညီကြပါ။

အောက်ခြေဖိနပ်တော်၏ ထောင့်များတွင် အစောင့်သတ္တဝါရုပ်များကို ထည့်သွင်း၍ တည်ဆောက်လေ့ရှိကြပါသည်။ တချို့သောစေတီတို့တွင် မုခ်ကပ်များပါရှိပြီး မုခ်ကပ်များထဲတွင် ဗုဒ္ဓရုပ်ပွားတော်များကို အရုပ်မျက်နှာအသီးသီးသို့ မျက်နှာမူလျက် ထည့်သွင်းပူဇော်ကြပါသည်။ ပစ္စယာများသည် ဗဟုဂံပုံ၊ စတုရန်း အနားသားများကို ပန်းပွင့်သဏ္ဍာန် မွမ်းမံလေ့ရှိကြပါသည်။ ပစ္စယာများ၏ ထောင့်ချိုးတို့တွင် စေတီငယ်များ သို့မဟုတ် ကလသာအိုးများ ပါရှိတတ်ပါသည်။ ပစ္စယာတို့၏အရေအတွက်မှာမူ စေတီတစ်ဆူနှင့်တစ်ဆူ ကွဲပြားကြပါသည်။ ပစ္စယာတို့၏အထက်တွင် ခေါင်းလောင်းမှောက်ရှိသည်။ ခေါင်းလောင်း၏အထက်တွင် ကွင်းပုံသဏ္ဍာန်ရှိသော ပုတီးရစ်များသည် တစ်ရစ်ထက်တစ်ရစ် အထက်ဘက်သို့ သွယ်ရှူးတက်သွားကြပါသည်။ အပေါ်ဆုံး ပုတီးရစ်၏အထက်တွင် ကြာမှောက်၊ ကြာလှန် ရှိပါသည်။ ကြာမှောက်နှင့်ကြာလှန်၏အထက်ဘက်တွင် ငှက်ပျောဖူးရှိပါသည်။ စေတီတစ်ခုလုံး၏အထွတ်တွင် အနုပညာမြောက်လှသော ထီးတော်ဖြင့် အုပ်မိုးထားပါသည်။

မြောက်ဦးခေတ် (အေဒီ ၁၄၃၀-၁၇၈၄) အတွင်း စိုးစံခဲ့ကြသော မင်းတို့သည် စေတီပေါင်းများစွာကို တည်ထားပူဇော်ခဲ့ကြပါသည်။ ယနေ့ထိတိုင်ပင် ထိုစေတီများကို အထင်အရှား ဖူးတွေ့နိုင်ကြပါသည်။ စေတီများသည် တည်ဆောက်ပုံအရ အသွင်သဏ္ဍာန်အားဖြင့် တူညီကြပြီး အသေးစိတ်မွမ်းမံမှုတွင်သာ ကွဲပြားနေတတ်ကြပါသည်။ စေတီတစ်ဆူချင်းစီတွင် စိတ်ဝင်စားဖွယ်ရာ သီးခြားလက္ခဏာရပ်များ ရှိနေကြပါသည်။

အေဒီ ၁၀၀၀ ပြည့်နှစ် ဝန်းကျင်နှင့် ထိုကာလမတိုင်မီက ဗုဒ္ဓအနုပညာလက်ရာ စေတီတချို့တို့ကို ရှားရှားပါးပါး တွေ့ရှိထားပါသည်။ အမှန်မှာ ထိုစေတီများကို အေဒီ ၁၀၀၀ ထက်စောသော ခေတ်ကာလက တည်ဆောက် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့တည်ဆောက်လှူဒါန်းခဲ့ကြောင်းကို ကျောက်စာရေးထိုး မှတ်တမ်းတင်ထားခဲ့ပါသည်။ ထိုကျောက်စာမှတ်တမ်းများကိုလည်း တွေ့ရှိထားပြီး ဖြစ်ပါသည်။ ထိုစေတီတို့မှာ ပြင်းထန် ကြမ်းတမ်း ဆိုးရွားလှသော ရာသီဥတု၏နှိပ်စက်မှုဒဏ်ကြောင့်လည်းကောင်း၊ အသိဉာဏ်နည်းပါးစွာရမ်းကားဖျက်ဆီးမှုများကြောင့် လည်းကောင်း ယိုယွင်းပျက်စီးသွားခဲ့ကြပြီး ဖြစ်ပါသည်။ တချို့သောစေတီတို့ကိုမူ နှောင်းခေတ်မင်းများက မိမိတို့ တည်ဆောက် လှူဒါန်းသော စေတီများအတွင်း ဌာပနာ



၁။ စိန်ဖူး
၂။ ငှက်မြတ်နား
၃။ ထီး
၄။ ငှက်ပျောဖူး
၅။ ကြာလှန်
၆။ ကြာဝန်း
၇။ ကြာနု
၈။ ခွေ
၉။ ကြာမှောက်
၁၀။ ခေါင်း
၁၁။ ပန်းဆွဲ
၁၂။ သပိတ်မှောက်
၁၃။ ရင်ဖုံး
၁၄။ ခေါင်းလောင်းပုံ
၁၅။ ခေါင်းလောင်းနား
၁၆။ ကျည်ဆန်
၁၇။ ပစ္စယာ
၁၈။ စိနပ်
၁၉။ စေတီရံ

**စေတီတော်တစ်ဆူ၏ဖွဲ့စည်းပုံ**



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းလိုက်သည်တို့လည်း ရှိကြပါသည်။

ရှေးခေတ် ဝေသာလီမြို့တော်ဟောင်းအတွင်းနှင့် အနီးဝန်းကျင်တို့ရှိ စေတီ အပျက်အစီးများစွာတို့အထဲမှ ကြေးသွန်းစေတီငယ်တချို့ကို ရှာဖွေတွေ့ရှိထားပါသည်။ ပျက်စီးသွားခဲ့ကြပြီဖြစ်သော စေတီတို့၏ တည်ဆောက်မှုကာလကို အေဒီ ၁၀၀၀ ဝန်းကျင် (ဝေသာလီခေတ် မပျက်သုဉ်းမီ) ဟု သတ်မှတ်ထားသဖြင့် ဤကြေးသွန်းစေတီငယ်များမှာလည်း ထိုခေတ် သို့မဟုတ် ထိုခေတ်မတိုင်မီက သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ကြပါသည်။

ဤကြေးသွန်းစေတီငယ်များကို ကြည့်ခြင်းအားဖြင့် ဤစေတီငယ်များသည် ထိုခေတ်ကာလ ထုနှင့်ထည်နှင့် တည်ဆောက် လှူဒါန်းခဲ့ကြသော စေတီကြီးများကို ကိုယ်စားပြုနိုင်ပါသလားဟူသော မေးခွန်းတစ်ခု ပေါ်လာနိုင်ပါသည်။ တိကျသောအဖြေကိုမူ မည်သူကမျှ ပေးနိုင်လိမ့်မည် မဟုတ်ပါ။ ဤသို့ဖြစ်စေကာမူ ဤစေတီငယ်များနှင့် ယခုလက်ရှိစေတီကြီးများကို နှိုင်းယှဉ်လျက် တူညီချက်များအား လေ့လာဖော်ထုတ်ရသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

**ကြေးသွန်းစေတီငယ်သုံးဆူ**

ယခု အောက်တွင် ဖော်ပြမည့် စေတီငယ်သုံးဆူတို့အနက် အမှတ် (၁) စေတီကို သလ္လာဝတီရွာမှ တွေ့ရှိရခြင်းဖြစ်ပါသည်။ သလ္လာဝတီသည် ဝေသာလီမြို့တော်ဟောင်း၏ တောင်ဘက်တံတိုင်းအတွင်းရှိရွာ ဖြစ်ပါသည်။ အမှတ်(၂)စေတီကို ဝေသာလီမြို့တော်ဟောင်းနှင့် ကပ်လျက်ရှိသော ထမ္မရာဇ်ကျေးရွာတွင် တွေ့ရှိရခြင်းဖြစ်ပြီး အမှတ် (၃) စေတီကိုမူ မည်သည့်နေရာမှ တွေ့ရှိရကြောင်း တိကျသောမှတ်တမ်းမရှိပါ။

စေတီသုံးဆူစလုံးမှာ ထုချွန်ပုံဖြစ်ပါသည်။ ဟန်ချက်ညီမျှစွာဖြင့် တည်ငြိမ်ခိုင်မြဲမှုရှိအောင် သွန်းလုပ်ထားသည်ဖြစ်ရာ လွယ်လင့်တကူတော့ လဲပြိုလိမ့်ကျနိုင်လိမ့်မည် မဟုတ်ပါ။

စေတီများတွင် လှပစွာ အနုစိတ်မွမ်းမံထားသော အောက်ခံခုံပါရှိပြီး အောက်ခံခုံ၏ အထက်တွင် ဗုဒ္ဓရုပ်ပွားတော်များ ထည့်သွင်းထားရှိ ပူဇော်ရန်အတွက် အခန်းငယ်များ (မုခ်ကပ်ခန်းများ) ပါရှိပါသည်။ စေတီ၏ ကိုယ်ထည်ကမူ ဤမုခ်ကပ်ခန်းများ၏ အထက်ဘက်တွင် ရှိနေပါသည်။



စေတီအမှတ်(၁)

**စေတီအမှတ် (၁)**

ဤစေတီငယ်တွင် လေးထောင့်ပုံ အောက်ခံခုံပါရှိပြီး အောက်ခံခုံကို ရာဇပလ္လင်သဏ္ဌာန် ဖန်တီး ပြုလုပ်ထားပါသည်။ အောက်ခံခုံ၏အောက်ဆုံးအဆင့်တွင် အစောင့်သတ္တဝါလေးကောင် ပါရှိပါသည်။ လက်ရှိမြင်တွေ့နေရသည်မှာ ထိုသတ္တဝါတို့သည် ခြင်္သေ့လိုလို ခွေးလိုလိုဖြင့် ခွဲခြားမရနိုင်ဖြစ်နေပါသည်။ သို့သော် ခြင်္သေ့ဖြစ်ဖို့များသည်။

အောက်ခံခုံ၏ အထက်တွင် ရုပ်ပွားတော်များထည့်ရန်အခန်း (မုခ်ကပ်ခန်း) ရှိပါသည်။ ဤအခန်းတွင် ဝင်ပေါက်လေးခု ပါရှိပြီး အဝတစ်ခုစီ၏ အထက်တွင် ပန်းတက်ပန်းခက်များဖြင့် ဆင်ယင်ထားသော မုခ်ခုံး ပါရှိပါသည်။ ဝင်ဝတစ်ခုစီသည် အရုပ်မျက်နှာတစ်ခုဆီသို့ ဦးတည်နေပါသည်။ ဝင်ဝပေါ်မှ မုခ်ခုံးသည် ရခိုင့်ဘုရင်တို့၏ ရာဇပလ္လင်နောက်ခံတံကဲမှ ဒီဇိုင်းများနှင့် ဆင်တူပါသည်။ ထို့ကြောင့် ပစ္စယာသုံးဆင့်အသွင် ဖြစ်ပေါ်နေပါသည်။

ဤပစ္စယာသုံးဆင့်၏ အထက်တွက် ခေါင်းလောင်းမှောက် ရှိပါသည်။ ခေါင်းလောင်း၏ နှုတ်ခမ်းသားအနားစွန်းသည် ကားထွက်သွားသဖြင့် အပေါ်ဆုံးပစ္စယာအပြားကို ငုံမိသွားပါသည်။ ခေါင်းလောင်း၏ မျဉ်းကွေးမှာ ပထမတွင် အခွက်ဖြစ်ပြီး အထက်ဘက်ဆီသို့ ခုံးတက်သွားပါသည်။ ခေါင်းလောင်း၏ ကိုယ်ထည်ကို ကွင်းသုံးကွင်းတို့ဖြင့် အလှဆင်ထားပါသည်။ ခေါင်းလောင်း၏ အထက်တွင် ဓာတုဂဗ္ဘရှိပါသည်။ ဓာတုဂဗ္ဘ၏အထက်တွင် ပုတီးရစ်ဖြစ်ပြီး တစ်ရစ်ပြီးတစ်ရစ် အထက်ဘက်သို့ ငယ်၍ငယ်၍ တက်သွားပါသည်။ ဤသို့သော အရစ် ကိုးရစ်ပါရှိပါသည်။ အထက်ဘက်ဆုံး ပုတီးရစ်တွင် ကြာမှောက်များ ပါရှိနေပါသည်။

ကြာမှောက်၏ အထက်ဘက်တွင် ကွင်းတစ်ကွင်းရှိနေပြီး ကွင်း၏အထက်တွင် ကြာလှန်ရှိပါသည်။ ကြာလှန်၏ အထက်တွင် ငှက်ပျောဖူးရှိပါသည်။ ဤစေတီငယ်၏ ငှက်ပျောဖူးအထက်၌ ထီးကို မတွေ့ရပါ။

**စေတီအမှတ် (၂)**

ဤစေတီငယ်၌လည်း လေးထောင့်ပုံ အောက်ခံခုံ ပါရှိပါသည်။ သို့သော် အမှတ် (၁) စေတီ၏ အောက်ခံခုံနှင့် ဒီဇိုင်းချင်း မတူပါ။ အောက်ခြေအဆင့် ထောင့်တစ်ခုစီတွင် အစောင့်သတ္တဝါတစ်ကောင်စီ ပါရှိပါသည်။ လူသားတစ်ဦး၏ ဦးခေါင်းနှင့် ရင်ဘတ်ရှိပြီး ခြင်္သေ့ခန္ဓာကိုယ်ရှိသော သတ္တဝါ ဖြစ်ပါသည်။ ခြင်္သေ့၏ကိုယ်သည် နောက်ပိုင်း (ဖင်ဘက်) တွင် နှစ်ခြမ်းကွဲထွက်သွားသဖြင့် အောက်ခံခုံ၏ ထောင့်တစ်ခုစီကို ဟန်ချက်ညီစွာ အလှဆင်ပြီးသား ဖြစ်သွားပါသည်။ အောက်ခြေခုံ၏ အထက်ဘက်ထိပ် ထောင့်လေးခုတွင် ဉာဏ်တော်သေးငယ်သော စေတီကလေး လေးဆူတို့ ရှိနေကြပါသည်။

အောက်ခံခုံပေါ်တွင် စေတီအမှတ် (၁) မှာကဲ့သို့ပင် ဝင်ပေါက်တစ်ခုစီဖြင့် ရုပ်ပွားတော်ထားရာ မုခ်ကပ်ခန်းတစ်ခု ရှိပါသည်။ မုခ်ကပ်ခန်းတွင် ဝင်ဝလေးခု ပါပြီး မုခ်ခုံးများဖြင့် တန်ဆာဆင်ထားပါသည်။ သို့သော် ဤမုခ်ခုံးများသည်

www.burmeseclassic.com

www.burmeseclassic.com

စေတီအမှတ်(၂)



အမှတ်(၁)စေတီ၏ မုခ်ခုံးများနှင့် ဒီဇိုင်းချင်းမတူကြပါ။ မုခ်ကပ်ခန်းထဲတွင် ဘူမိဖဿမုဒြာဖြင့် ဗုဒ္ဓရုပ်ပွားတော်လေးဆူတို့ ကိန်းဝပ်လျက်ရှိပြီး အတွင်းရှိ တိုင်းဖုံးကို ကြောပေးထားကြပါသည်။ မုခ်ကပ်ခန်းလေးထောင့်ခေါင်မိုး၏အထက်တွင် ပစ္စယာငါးဆင့်ရှိပါသည်။

ဤပစ္စယာတို့၏ အထက်တွင် ခေါင်းလောင်းမှောက်ရှိပါသည်။ ခေါင်းလောင်း၏ကိုယ်ထည်အလယ်တွင် ကွင်းတစ်ခုရှိပါသည်။ ခေါင်းလောင်းနှင့် ပုတီးရစ်တို့အကြားရှိ ဓာတုဂဗ္ဘသည် အမှတ် (၁) စေတီမှာကဲ့သို့ မထင်ရှား မသိသာပါ။ ပုတီးရစ်ကိုးရစ်ရှိပြီး တစ်ရစ်စီသည် အထက်ဘက်သို့ သွယ်ရှူးသွားပါသည်။

အထက်ဆုံးပုတီးရစ်ကို ကြာမှောက်ဖြင့် ဖွဲ့စည်းထားပြီး ကြာမှောက်၏အထက်တွင် ရွဲလုံးများ၊ ရွဲလုံးများ၏ အထက်တွင် ကြာလှန်ရှိပါသည်။ ကြာလှန်၏ အထက်တွင် ငှက်ပျောဖူးနှင့် ငှက်ပျောဖူး၏အထက်တွင် ထီးတော်ပါရှိပါသည်။

**စေတီအမှတ် (၃)**

အမှတ် (၃) စေတီသည် ရှားပါးသောပုံစံ ဖြစ်ပါသည်။ အောက်ခံခုံကို ထောင့်ငါးခုဖြင့် ဖွဲ့စည်းထားပါသည်။ ထောင့်တစ်ခုစီတွင် ခြင်္သေ့ရုပ်တစ်ရုပ်စီရှိပါသည်။ အောက်ခံခုံတွင် ကြာပွင့်၏ ပွင့်ဖတ်များဖြင့် ဆင်ယင်ထားသော ပလ္လင်ခုံအဝိုင်းပေါ်တွင် ပြုလုပ်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ဤအခန်းတွင် ဝင်ပေါက်ငါးခုရှိပြီး တစ်ပေါက်စီကို မုခ်ခုံးတစ်ခုစီဖြင့် အလှဆင်ထားပါသည်။ မုခ်ခုံးတို့သည် ဘုရင်တို့၏ပလ္လင်နောက်ခံတံကဲဒီဇိုင်းနှင့် တူကြပါသည်။ မုခ်ခုံးတို့၏အောက်တွင် ဘူမိဖဿမုဒြာဆင်းတုတော်ငါးဆူတို့ကိန်းဝပ်နေကြပါသည်။ ထောင့်ချိုးငါးခုပါ မုခ်ကပ်ခန်း၏အထက်တွင် စက်ဝိုင်းပုံ ပစ္စယာသုံးဆင့် ပြုလုပ်ထားပါသည်။ ယခင်အမှတ် (၁) နှင့် အမှတ် (၂) စေတီနှစ်ဆူတို့တွင် လေးထောင့်ပုံခေါင်မိုးမှ စက်ဝိုင်းပုံပစ္စယာအဖြစ်သို့ ပြောင်းယူထားပါသည်။ ယခုအမှတ် (၃) စေတီတွင်တော့ ပဉ္စဂံခေါင်မိုးမှ စက်ဝိုင်းပုံပစ္စယာအဖြစ်သို့ ပြောင်းယူထားခြင်းဖြစ်ရာ ကူးပြောင်းပုံမှာ ပိုမို၍ ပြေပြစ်ညင်သာသွားပါသည်။

ဤပစ္စယာသုံးဆင့်တို့၏ အထက်တွင် ကြာပွင့်၊ ပွင့်ဖတ်တို့ဖြင့် တန်ဆာဆင်ထားသော ပလ္လင်ခုံနောက်တစ်ခုရှိနေပြန်ပါသည်။ ဤပလ္လင်ခုံပေါ်တွင် ခေါင်းလောင်းမှောက်၏ နှုတ်ခမ်းအနားသားကိုတင်ထားပါသည်။ ခေါင်းလောင်း၏ ကိုယ်ထည်အလယ်တွင် ကွင်းသုံးခုရှိပါသည်။ ခေါင်းလောင်း၏ အထက်တွင် ဓာတုဂဗ္ဘ မပါရှိပါ။ ကွင်းများအထပ်ထပ်ဖြင့် ပြုလုပ်ထားသော ပုတီးရစ်တို့သည် ခေါင်းလောင်း၏ အထက်တွင်ရှိနေကြပါသည်။ တစ်ကွင်းထက်တစ်ကွင်း အချင်းသေးငယ်သွားပြီး အထက်ဘက်သို့ သွယ်ရှူးသွားသော ပုတီးရစ်ပေါင်း (၂၀) ပါရှိပါသည်။ ပုတီးရစ်အထက်ရှိ ငှက်ပျောဖူးမှာ ထီးတော်၏ အောက်ဘက်သို့ ရောက်ရှိနေသဖြင့် ကောင်းစွာမမြင်ရပါ။ ထီးတော်၏ ပုံသဏ္ဌာန်လည်း ထူးခြားနေပါသည်။

**နိဂုံး**

ဤမဏ္ဍိုင်စေတီငယ်တို့၏ ဖွဲ့စည်းတည်ဆောက်ပုံကို အနုစိတ်လေ့လာကြည့်သောအခါ စေတီငယ်တို့သည် ဉာဏ်တော်အမြင့်အားဖြင့် တစ်တောင် (၄၅ စမ) အောက်သာ ရှိကြပါသည်။ ရှေးခေတ်လက်ရာ ဤစေတီငယ်တို့နှင့် ယနေ့ မြင်တွေ့နေရသော ခေတ်သစ်စေတီသို့ သိသိသာသာကြီး အသွင်တူညီနေမှုမှာ အံ့သြစရာပင်ဖြစ်နေပါသည်။ ဤမဏ္ဍိုင်စေတီငယ်တို့ကို မည်သည့်အနုပညာရှင်များကသွန်းလုပ်ခဲ့သနည်း။

စေတီအမှတ်(၃)



ဤစေတီငယ်များကို မသွန်းလုပ်ခင်က အစီအစဉ်များ ရေးဆွဲခဲ့ကြပါသလား။ အစိတ်အပိုင်းတစ်ခုစီတို့အတွက် အနုစိတ်ပုံကြမ်းကို မည်သို့မည်ပုံ ရေးဆွဲထုတ်လုပ်ခဲ့ကြသနည်း၊ နမူနာပုံစံငယ်ကို မည်သို့ပြုလုပ်ခဲ့သနည်း၊ နမူနာများကို သစ်သားဖြင့် ပြုလုပ်သလား၊ ရွှံ့စေးဖြင့် ပြုလုပ်သလား၊ ကျွန်ုပ်တို့ မဖြေဆိုနိုင်သော မေးခွန်းများစွာရှိနေကြပါ။

သို့စေကာမူ သေချာမှုတစ်ခုကတော့ရှိပါသည်။

ဤကြေးသွန်းပညာရှင်တို့သည် မည်သည့်ပုဂ္ဂိုလ်မျိုးပင် ဖြစ်နေစေကာမူ ဤပုဂ္ဂိုလ်တို့၏ ထက်မြက်စူးရှလှသော အနုပညာမျက်စိ၊ အနုပညာဆိုင်ရာ ကျွမ်းကျင်မှုတို့ ရှိနေကြသည်ဆိုခြင်းကိုတော့ မည်သူမျှငြင်းပယ်နိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤပုဂ္ဂိုလ်တို့၏ အနုပညာစွမ်းရည်သည် သူတို့၏လက်ရာ ဤမဏ္ဍိုင်စေတီငယ်များပေါ်၌ အထင်အရှား ပေါ်လွင်လျက်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

မောင်ကျော်ဇော

**ရည်ညွှန်းချက်**

*ဦးစံသာအောင် (ညွှန်ချုပ် - အထက်တန်းပညာဦးစီးဌာ) ၏*
*The Buddhist Art of Ancient Arakan (1979)*



www.burmeseclassic.com

www.burmeseclassic.com

အေးရွှေ(ဇီးကုန်း)

# မန်လည်ဆရာတော်ဘုရားကြီး၏ လက်သုံးဂါထာတော်ကြီး

စာရေးသူသည် မကြာခင်ရက် ၂၀၁၃၊ ဇန်နဝါရီလအစပိုင်းလောက်က သုရှင်မဂ္ဂဇင်းကြီးမှ စာမူခချီးမြှင့်ငွေနှင့် နက္ခတ္တမှ ချီးမြှင့်ငွေတို့ စာတိုက်မှ ရောက်ရှိလာသဖြင့် မောင်သာမန် (ဇီးကုန်း)၊ နိုင်ငံ့ဂုဏ်ရည်နှင့်၊ ကိုသက် (ဇီးကုန်း)တို့ အခြား မဂ္ဂဇင်း၊ ဂျာနယ်တို့မှ ထုတ်ယူလာခဲ့ကြသော စာမူခများအားလုံးကို မျှော်တော်တောင်၌ တောရ ဆောက်တည်နေကြသော ဘုန်းတော်ကြီးကျောင်းများသို့ ခွဲဝေလှူဒါန်းခဲ့၏။

ထိုသို့လှူဒါန်းရန် သွားရောက်စဉ် မျှော်တော်တောင် အလယ်တောရမှ ဆရာတော်ကြီးနှင့် အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။

“ဒကာကြီးက စာရေးဆရာလား၊ ဘာစာတွေရေးသတုံး”

ဟု မေးပါသည်။

စာရေးသူက-

“ရေးတဲ့စာကတော့ အစုံပါပဲ ဘုရား။ အခြေအနေနဲ့ အချိန်အခါအရ ကြည့်ရေးနေရတာပါပဲ။ တစ်ခါတလေကျတော့လည်း သွားရင်းလာရင်းရတဲ့ ဗဟုသုတလေးတွေ၊ ဥပမာ- တောအကြောင်း တောင်အကြောင်းလေးတွေနဲ့ ဆေးဝါးအကြောင်းကလေးတွေ၊ ဂါထာမန္တန်အကြောင်း၊ အင်းအိုင်အကြောင်းတွေ အစုံပါပဲ ဘုရား”

ဟု လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဆရာတော်က-

“ဒါလည်း ကုသိုလ်ရတာပါပဲ ဒကာကြီး။ စာဖတ်သူတွေကို တကယ်အကျိုးရှိပါစေဆိုတဲ့ စေတနာနဲ့သာ ရေးပါ၊ ဒကာကြီး ကုသိုလ်ရပါတယ်”

ဟု မိန့်ကြားပါသည်။

“မှန်ပါ့ဘုရား။ စာရေးရင်တော့ ဝတ္ထုတစ်ပုဒ်ပဲ ရေးရေး၊ ဆောင်းပါးပဲရေးရေး၊ စာဖတ်သူတွေ ကောင်းကျိုးတစ်ခုခုကိုရရှိပါစေဆိုတဲ့ စေတနာနဲ့ပဲ ရေးပါတယ် ဘုရား”

“သာဓု သာဓု သာဓုပါ ဒကာကြီး။ အင်း- ဒါဆိုရင်တော့ ကြုံကြိုက်တုန်း ဒကာကြီးကို မန်လည်ဆရာတော်ဘုရားကြီး အမြဲရွတ်ဆိုခဲ့တဲ့ မန်လည်ဆရာတော်ဘုရားကြီး လက်သုံးတော် ဂါထာတော်ကြီးကို ပေးလိုက်ရဦးမယ်။

ဂါထာတော်ကြီးကို အမြဲတမ်း ရွတ်ဆိုပွားများနေက သွားလေရာ၊ လာလေရာ၊ နေလေရာ ဌာနတိုင်းတို့၌ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းခြင်း၊ မိတ်ကောင်းဆွေကောင်းတို့နဲ့ တွေ့ကြုံရခြင်း၊ လူ, နတ်တို့ ချစ်ခင်နှစ်သက်ခြင်း၊ မ,စ ကြည့်ရှုစောင့်ရှောက်မည့်သူများ ပေါ်ပေါက်ခြင်း၊ စိတ်အလိုရှိတိုင်းပြည့်ဝပြီး မဂ်လာကျက်သရေတိုးပွားခြင်း စတဲ့ အကျိုးတွေကို မလွဲမသွေ ရရှိခံစားရမှာဖြစ်ကြောင်း ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့တဲ့အကြောင်း ဘုန်းကြီးမှတ်သားဖူးပါတယ်။ ဘုန်းကြီးလည်း မနက်တစ်ခါ၊ ညတစ်ခါ အဲဒီမန္တန်တော်ကြီးကို ရွတ်ဖတ်ပူဇော်ပါတယ်။

တကယ်တော့ အဲဒီ ဂါထာဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကိုကြည်ညိုရွတ်ဆိုပူဇော်တဲ့ ဂါထာပါ ဒကာကြီး၊ ဒီဂါထာတော်ကြီး ရွတ်ဆိုပူဇော်ခဲ့တဲ့ပုဂ္ဂိုလ်တွေကတော့ အာဠာဝက ဘီလူးကြမ်းကြီးနှင့် သာတာဂီရိနတ်မင်း၊ ဟေမဝတနတ်မင်းတို့ပါ။ အာဠာဝကဘီလူးမင်းဟာ ဗုဒ္ဓတရားတော်ကို နာရတဲ့အခါ အကျွတ်တရားရပြီး ဗုဒ္ဓနဲ့ ဗုဒ္ဓတရားတော်ကို အလွန် ကြည်ညိုတဲ့အတွက် သွားတိုင်း လာတိုင်း အမြဲရွတ်ဆိုခဲ့တယ်။ တပွရာဃန သရဏဂုံ ဘုရား၊ တရား၊ သံဃာလျှင် ကိုးကွယ်ရာ ဆည်းကပ်ရာရှိကြောင်း ဒီဂါထာကြီးကို သာတာဂီရိနဲ့ ဟေမဝတနတ်မင်းတို့လည်း ရွတ်ဆိုခဲ့ကြတဲ့ ဂါထာထူးကြီးပါ။

ဒကာကြီးလည်း ရွတ်ဆိုပူဇော်နိုင်တာပေါ့။ စာရေးချင်လည်း ရေးနိုင်တာပေါ့ ဒကာကြီးရာ”

ဟူ၍ ဆရာတော်က မိန့်ကြားပြီး ‘မနောသိဒ္ဓိ’ အမည်ရှိ မန်လည်ဆရာတော်ဘုရားကြီး၏လက်သုံးဂါထာတော်ကြီးကို ချီးမြှင့်လိုက်သဖြင့် သုရှင်စာဖတ်ပရိသတ်ကြီးမှ ကြည်ညိုသဒ္ဓါတိုးပွား၍ ကုသိုလ်ထူးများ ရရှိနိုင်ပါစေရန် ရည်သန်စိတ်ထားဖြင့် ဆက်လက် တင်ပြရေးသားအပ်ပါသည်။

### ဂါထာတော်ကြီး

၁။ သောအဟံ ဝိစရိဿာမိ၊<br>
ဂါမာ ဂါမံ ပုရာ ပုရံ၊<br>
နမဿမာနော သမ္ဗုဒ္ဓံ၊<br>
ဓမ္မဿစ သုဓမ္မတံ။

၂။ သောအဟံ ဝိစရိဿာမိ၊<br>
ဂါမာ ဂါမံ နဂါ နဂံ။<br>
နမဿာမာနော သမ္ဗုဒ္ဓံ၊<br>
ဓမ္မဿစ သုဓမ္မတံ။

၃။ ဥဿဘံ ပဝရံ ဝီရံ<br>
မဟေသိံ ဝိဇိတာဝိနံ။<br>
သုဝဏ္ဏံ ဝဏ္ဏံ သမ္ဗုဒ္ဓံ<br>
ကော ဒိသွာ နပသီဒတိ။

**အနက်အဓိပ္ပာယ်**

၁။ **သောအဟံ** - ထိုငါသည်၊ **သမ္ဗုဒ္ဓံ**- ထိုမြတ်စွာဘုရားကို၊ **နမဿမာနော**- ရှိခိုးလျက်၊ **ဓမ္မဿ**- ဗုဒ္ဓတရားတော်၏၊ **သုဓမ္မတံစ**- ကောင်းစွာဟောတော်မူအပ်သော တရားကောင်း၏အဖြစ်ကိုလည်းကောင်း၊ **သံဃဿ**- တပည့်သံဃာတော်၏၊ **သုပ္ပဋိပန္နတဉ္စ**- ကောင်းစွာကျင့်သူ၏အဖြစ်ကို လည်းကောင်း၊ **အဘိထောမိတွာ**- ချီးမွမ်းတော်မူ၍၊ **ဂါမာ**- တစ်ရွာမှ၊ **ဂါမံ**- တစ်ရွာသို့၊ **ပုရာ**- တစ်မြို့မှ၊ **ပုရံ**- တစ်မြို့သို့ **ဝိစရိဿာမိ**- လှည့်လည်ပါအံ့။

၂။ အထက်အနက်တွင် **နဂါ**- တစ်တောင်မှ၊ **နဂံ**- တစ်တောင်သို့ ပြောင်းခြင်းသာ ထူးပါသည်။

၃။ **ဥဿဘံ**- ဥသဘနွားမင်းကဲ့သို့ လူ, နတ်သတ္တဝါတို့၏ ရှေ့ဆောင်လမ်းညွှန်ဖြစ်တော်မူသော၊ **ပဝရံ**- မြင့်မြတ်တော်မူထသော၊ **ဝီရံ**- ကြီးမားသော လုံ့လရှိတော်မူထသော၊ **မဟေသိံ**- သီလစသော ဂုဏ်ထူးတို့ကို ဆည်းပူးတော်မူပြီးထသော၊ **ဝိဇိတာဝိနံ**- မာန်ငါးပါးကို အောင်တော်မူပြီးထသော၊ **သုဝဏ္ဏံ ဝဏ္ဏံ**- ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော၊ **သမ္ဗုဒ္ဓံ**- မြတ်စွာဘုရားကို၊ **ဒိသွာ**- ဖူးမြင်ရသော်၊ **ကော**- ဘယ်သူသည်၊ **နပသီဒတိ**- မကြည်ညိုဘဲ ရှိပါအံ့နည်း။

*အားလုံး ကောင်းကျိုးလိုရာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ*

အေးရွှေ(ဇီးကုန်း)



www.burmeseclassic.com


www.burmeseclassic.com

# ပုဂံမြို့ဟောင်းမှ သစ္စာရှင်ဘုရား


## ချစ်ဆန်းသစ်

ပုဂံမြို့ဟောင်း ကျွန်းချောင်းဘက်ကူးသည့် ကူးတို့ဇက်ဆိပ်နှင့် ဗူးဘုရားအကြားတွင် အမြင့် ဉာဏ်တော် (၁၈) တောင်ခန့်၊ ထုံးသင်္ကန်းဖြင့် သစ္စာရှင်ဘွဲ့တော်ရ စေတီတော်တစ်ဆူ ရှိပါသည်။ အရှေ့ဘက်မျက်နှာပြု၊ စေတီမုခ်ဦးတန်ဆောင်းနှင့် လိုဏ်အတွင်း နံရံကပ် ဆင်းတုတော်ကြီးတစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိသည်။ ထိုစေတီဘုရားမှာ ယွန်းပညာကောလိပ် (ယခင် အစိုးရယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း) ဝင်းအတွင်း တည်ရှိ၍ 'ယွန်းကျောင်းဘုရား' ဟု အရပ်က အလွယ်ခေါ်စမှတ်ပြုပါသည်။


အတိတ်ပုဂံမြို့ဟောင်းတွင် တိုက်စု၊ တိုက်ကုန်း၊ ရွာသစ်၊ တောင်ဘီ၊ လယ်ယား၊ ကိုးလုံး၊ ဆုံကုန်း စသည်ဖြင့် ရပ်ကွက်အလိုက် ကိုယ့်ရပ်ကွက် ကိုယ့်ဘုရား ကိုးကွယ်ကြရာ ယွန်းကျောင်းသစ္စာရှင်ဘုရားပွဲမှာ မြန်မာနှစ်၏ နှစ်အစ အစောဆုံး ကဆုန်လဆန်း (၁၄) ရက်နေ့တွင် ကျင်းပပါသည်။ ရွှေစည်းခုံ-တန်ဆောင်မုန်းပွဲ၊ အာနန္ဒာ-ပြာသိုပွဲဟု အသီးသီးခေါ်တွင် ကျင်းပလေ့ ရှိသည်။



သစ္စာရှင်ဘုရားအား ပူဇော်သည့် အလား မြန်မာ့ရွှမ်းချောင်းကြီးများနှင့် ရေပန်းအလှ (ယွန်းပညာကောလိပ်အဝင်)



မြေပြင်ညီမှ အောက်သို့ဆင်းရသည့် ဘုရားရင်ပြင်တော်၊ အာရုံခံတန်ဆောင်းနှင့် တိုင်ထိအဝင်မုခ်



ယခင် ရပ်ကွက်ဘုရားများအနက် တိုက်ကုန်းရပ်ဘုရား/တန်ဆောင်းဆို (ပုဂံမြို့ဟောင်း)

သစ္စာရှင်ဘုရားဟု အများသိလာကြသည်မှာ ကာလအားဖြင့် မကြာလှသေးဟု ပြောရပါမည်။ တစ်နည်းအားဖြင့် ယွန်းကျောင်းသမိုင်းနှင့်ဆက်စပ်၍ပေါ်လာသော ပေါ်တော်မူဘုရားတစ်ဆူဟု ပြောလျှင် မမှားနိုင်ပါ။

အစိုးရယွန်းကျောင်း (Government Lacquer ware School) ကို ၁၉၂၄ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ပထမဆုံးကျောင်းအုပ်ကြီးမှာ ဆရာကြီး ဦးစိန် (၁၉၂၄-၁၉၅၆) ဖြစ်ပါသည်။ ဆရာကြီးသည် စလင်းဇာတိဖြစ်၍ အဘဦးမှုံ (အေတီအင်န်) ပခုက္ကူ မြူနီစီပယ်ဝန်ထောက်ကြီး၊ အမိ ဒေါ်ရှင်တို့မှ မြန်မာ ... ၁၂၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။

မွေးချင်း (၉) ဦးအနက် စတုတ္ထ ...သား ဖြစ်သည်။ ဇနီး ဒေါ်မေယု ... ...ကြူသူ ဖြစ်သည်။ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



စေတီတိုက်အတွင်း
စံပယ်လျက်ရှိသည့်
ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

မထွန်းကား၍ ပုဂံမြို့သို့ရောက်သောအခါ ဒေါ်ဝါပွင့်၏သား ဦးသန်းအောင်ကို တရားဝင် မွေးစားသားအဖြစ် ခေါ်ယူမွေးစားခဲ့ပါသည်။

ဆရာကြီး ဦးစိန်သည် အင်းစိန်အစိုးရ စက်မှုသိပ္ပံကျောင်းဆင်းဖြစ်ပြီး ပခုက္ကူ လမ်းဝန်ထောက်အဖြစ် ဆောင်ရွက်နေရာမှ ပုဂံဝန်ထောက်မင်း ဦးတင်အစရှိသည့် ဒေသအာဏာပိုင်များက ယွန်းကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်ကာလ ပုဂံ-ညောင်ဦးတစ်ဝိုက် ယွန်းလုပ်သားများအတွက် လုပ်ငန်း မေးမှိန်စပြုနေကာ မြန်မာ့ရိုးရာ လက်မှုအနုပညာတစ်ရပ် တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်တော့မည့်အရေးကို တွက်ဆမိကြသဖြင့် ရိုးရာပညာထိန်းသိမ်းမှုဖြစ်တော့မည်ဟု လူကြီးများ အညီအညွတ် တိုင်ပင်ဆုံးဖြတ်ပြီး ယွန်းသင်တန်းကျောင်း တည်ထောင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ဦးစိန်အား ကျောင်းအုပ်ကြီးတာဝန်အပြင် ပုဂံဒေသသို့လာရောက်သည့် နိုင်ငံခြားပညာရှင် ပုဂ္ဂိုလ်အဖွဲ့အစည်းများအား တွေ့ဆုံ လိုက်လံရှင်းလင်းပြသရန်ကိုလည်း တာဝန်ပေးခဲ့ပါသည်။ ယင်းကာလက ပုဂံတစ်ဝိုက် သမိုင်းဝင်စေတီပုထိုး သာသနိကအဆောက်အအုံများကို ရှင်းပြနိုင်သူ ရှားပါးချိန် ဖြစ်သည်။ ထိုစဉ်က တာဝန်ခံအဖွဲ့အစည်းဖြစ်သည့် မြန်မာ့ခရီးသွားလာမှု ပြန့်ပွားရေးအဖွဲ့ Tourist Bureau လုပ်ငန်းများမှာ ယခုကဲ့သို့ ဝန်ကြီးဌာနတစ်ခုအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါ။ ဆရာကြီးသည် ယွန်းကျောင်းတွင် အနှစ် (၃၀) ကျော် တာဝန်ထမ်းခဲ့ပြီး သက်ပြည့် အငြိမ်းစားယူကာ အသက် (၇၂) နှစ်အရွယ်တွင် နှလုံးအားနည်းရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဆရာကြီး ဦးစိန်သည် ပုဂံမြို့ အစိုးရ ယွန်းကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တစ်ညှ၌ ထူးဆန်းသောအိပ်မက်ကို မြင်မက်ခဲ့သည်။ အိပ်မက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသောပုဂ္ဂိုလ်တစ်ဦးက ယွန်းကျောင်းပင်မရုံးကြီး (ယခင် သစ်သားဆောင်ရုံးကြီး) နှင့်မျက်နှာချင်းဆိုင်နေရာကို ညွှန်ပြ၍ 'အဲဒီနေရာ ကုန်းမြေမို့မို့တစ်ခု ရှိတယ်။ သစ်ပင်ချုံနွယ်တွေရှင်းလိုက်ရင် ကုန်းမို့မို့မြေကိုတူး၊ ဘုရားငုတ်တိုတစ်ဆူ တွေ့လိမ့်မယ်။ အဲဒီ ဘုရားကို ပြုပြင်မွမ်းမံ ပူဇော်ပါလေ' ဟု ပြောသည်ကို သေချာစွာမှတ်သားလိုက်ရပြီး အိပ်ရာမှ နိုးလာခဲ့ပါသည်။

ထိုညက ဇနီး ဒေါ်မေယုသည်လည်း အလားတူ အိပ်မက် မြင်မက်ကြောင်း နောက်နေ့မနက်စောစော စားရင်း ပြောပြရာ နှစ်ဦးသား အိပ်မက်တွင် ပုဂ္ဂိုလ်ထူးညွှန်ပြရာနေရာသို့ သွားကြည့်ကြသည်။ စော်ချမ်းပင်အုပ်များ အလယ်တွင် ပေါင်းပင်ချုံနွယ်များအုပ်နေသော မြေမို့မို့ကို အမှန်တကယ် တွေ့ရှိကြရသည်။

ဤသို့ဖြင့် ထိုစဉ်က ကျောင်းသားအင်အားစု (၃၀)၊ ဝန်ထမ်းမိသားစုများ စုပေါင်းအားဖြင့် ဘုရားကုန်းဟု ထင်ရသော ကုန်းမို့မို့ (ရှေးဟောင်းသုတေသနအခေါ် Mound) ကို ချုံရှင်း၊ မြေသန့်ပြုလုပ်ကြရာ ဘုရားငုတ်တိုတစ်ဆူ ပေါ်လာခဲ့ပါတော့သည်။ ဝမ်းသာအားရဖြင့် ဆက်လက်တူးဖော်ကြရာ အရှေ့ဘက် တစ်ခုတည်းသော မုခ်ဝ ဝင်ပေါက်နှင့် လိုဏ်၊ လိုဏ်အတွင်း နံရံကပ်ဆင်းတုတော်ကြီး၊ စေတီတော်၊ ဖိနပ်၊ ပစ္စယာမှ ကျည်းတန်းခန့်အထိ အပျက်အစီးအုတ်ပုံကြီး ပေါ်လာပါသည်။ မြေပြင်ညီရောက်ရှိသော်လည်း လိုဏ်ဝင်အောက်ခြေနှင့် စေတီတော်ရင်ပြင်ညီကို မတွေ့ရသေး၍ မြေကို နှိုက်ပြီး ဆက်လက် တူးဖော်ကြရာ နောက်ဆုံးတွင် လက်ရှိ မြေပြင်ညီနှင့် (၂) ပေခွဲ (၃) ပေခန့်၌ ပြင်ညီ ရင်ပြင်တော်ဟောင်း ရှေးအုတ်ချပ်အပြားကြီးများအား ညီညာပြန့်ပြူးစွာ ခင်းထားကြောင်း တွေ့လာရပါသည်။ ထိုရင်ပြင်နှတော်တွင် ယခင်က အာရုံခံတန်ဆောင်းများ ရှိခဲ့ကောင်းရှိခဲ့ပါမည်။

ဘုရားအို တန်ဆောင်းပျက်အား ဆရာကြီးဦးစိန် ကမကထပြု၍ တူးဖော်ပြင်ဆင် မွမ်းမံရာတွင် ဌာပနာပစ္စည်းအချို့နှင့် ပေစာများ တွေ့ရကြောင်း၊ ပေလွှာတွင် ပျဉ်ပြားမင်း တည်ထားကိုးကွယ်သည့် ကုသိုလ်တော် ဖြစ်ကြောင်း၊ သစ္စာရှင်ဘွဲ့မည်ရကြောင်း ပါရှိသည်ဟု သိရပါသည်။ ပျဉ်ပြားမင်း (အေဒီ ၈၄၆-၈၇၈) မှာ ပုဂံမင်းဆက် (၃၄) ဆက်မြောက်၊ အေဒီ ၈၄၉ ခုနှစ်တွင် တည်ခဲ့သည့် လက်ရှိ စတုတ္ထ ပုဂံမြို့တည်နန်းတည် ဘုရင်ကြီး ဖြစ်ပါသည်။ ဆရာကြီးဦးဆောင်သည့်အဖွဲ့သည် တူးဖော်ရာမှ ရရှိသည့်ဌာပနာနှင့်ပေစာတို့ကို မူမပျက်ပြန်လည် မြုပ်နှံဌာပနာခဲ့ကြောင်း၊ ရုပ်ပွားတော်၊ စေတီ၊ ရင်ပြင်နှင့် အာရုံခံတန်ဆောင်း စသည် အဆင့်ဆင့်ပြုပြင်ဆင် မွမ်းမံတည်ဆောက်ပြီးနောက် ဘွဲ့တော်ကို မူလအထောက်အထားအတိုင်း 'သစ္စာရှင်' ဟု ဘွဲ့မည်တပ် ပူဇော်ခဲ့ကြကြောင်း မှတ်သားသိရှိရပါသည်။

ပထမပုဂံကို ဘုရင် သမုဒ္ဒရာဇ် (ခရစ် ၁၀၇-၁၅၂) က ခရစ် ၁၀၈ ခုနှစ်တွင်စတင်တည်ခဲ့ရာ မင်းအဆက်ဆက်စိုးစံခဲ့ပြီး ယုန်လွှတ်ကျွန်း၊ သီရိပစ္စယာ၊ တမ္ပဝတီ (ဖွားစော်ရွာ) အဆင့်ဆင့် ပြောင်းရွှေ့ခဲ့သည်။ ပျဉ်ပြားမင်းကြီး စတုတ္ထပုဂံမြို့တည်ရာတွင် လက်ရှိ ပုဂံမြို့ဟောင်းနေရာ၌ နန်းတော်၊ ကျုံး၊ မြို့တံခါး (၁၂) ခု၊ မြို့ရိုးနှင့်တကွ မြို့အင်္ဂါညီညွတ်စွာ တည်ထားခဲ့ကြောင်း ရာဇဝင် အခေါ်အဝေါ်တွင် ပါရှိပါသည်။ သို့ပါ၍ သစ္စာရှင်စေတီတော်သည် အနောက်ဘက် မလှမ်းမကမ်းတွင် တည်ရှိသော ဗူးဘုရား (အေဒီ ၃ ရာစုခန့် ပျူစောထီးမင်းကြီး၏ကုသိုလ်တော်) တည်ပြီးနောက်ပိုင်းနှင့် ထင်ရှားလှသော ရွှေစည်းခုံ (၁၀၈၄-၁၁၁၃)၊ အာနန္ဒာ (၁၀၉၁) ဘုရားကြီးတို့ထက် စောမည်ဟု အကြမ်းခန့်မှန်းရပါသည်။

ဘုရားကြီးကို ပြုပြင်ပူဇော်ပြီး၍ ထီးတော်တင်သည့်နေ့တွင် ပုဂံမြို့ရပ်ကွက်များ၊ နီးစပ်ရာရွာများမှလာရောက် ဖူးမြော်ကြည်ညိုကြသည့် ပရိသတ်ဖြင့် စည်ကားလျက် ရှိသည်။ အခမ်းအနားကျင်းပသည့် ကဆုန်လ (မေလ) အလွန် ပူပြင်းသည့် အညာနွေခေါင်ခေါင်တွင် ရုတ်တရက် အခါမဟုတ် လေကြီးမိုးကြီးကျရောက်ကာ ထီးတော်၏ပတ်လည်၌ လျှပ်စီးများ တဝင်းဝင်းလက်ခြင်း၊ မိုးကြိုးသံ၊ မိုးခြိမ်းသံများ ပဲ့တင်ထပ် ကြားရခြင်းတို့ဖြင့် သစ္စာရှင် ပေါ်တော်မူဘုရားကြီးအား ပူဇော်နေသည့်အလား ဘုရားဖူးပရိသတ်အများ ကိုယ်တွေ့ကြုံခဲ့ကြရသည်။ မျက်မြင်သက်သေများအဖြစ် ယွန်းကျောင်းသားဟောင်းကြီးများ၊ သက်ကြီးရွယ်အိုများ ပြောစမှတ်ဖြစ်နေပါသည်။

ထီးတော် အောင်မြင်စွာတင်ပြီး ထိုည ဆရာကြီးဇနီးမောင်နှံ ဗုဒ္ဓပူဇနိယပွဲကြီးအတွက် ဝမ်းသာပီတိဖြင့် အိပ်ပျော်စဉ် 'ဦးစိန်၊ ဒေါ်ယု သာဓု သာဓု သာဓု' ဟု သုံးကြိမ် ကြွေးကြော်သံကို ကြားရ၍ နှစ်ဦးလုံး နိုးလာခဲ့ကြောင်း တပည့်များအား ပြန်လည်ပြောပြခဲ့သည်ဟု ဆိုပါသည်။

ဆရာကြီး ဦးစိန်၏ လက်ထက်



www.burmeseclassic.com

www.burmeseclassic.com

သစ္စာရှင်ဘုရားနှင့်စပ်လျဉ်း၍ သိုက်စာတဘောင်ရှိသည်ဆိုကာ သိုက်ဆရာများ မကြာခဏ ရောက်လာပြီး ဆွယ်တရားအမျိုးမျိုးဟော၍ သိုက်တူးခွင့်တောင်းကြကြောင်း၊ ဆရာကြီးမှ တည်ငြိမ်အေးဆေးစွာ ငြင်းပယ်ခဲ့ကြောင်း၊ 'ဘုရားသာသနာအတွက် ရည်ရွယ်သည့် သိုက်ဖြစ်လျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဖြစ်သင့်ကြောင်း၊ သာသနာတော်အတွက်သာ ဖြစ်ရမည်' ဟု အကြောင်းပြခဲ့ပါသည်။

သိုက်ဆရာတိုင်း လက်ကိုင် စာချိုးတစ်ခုမှာ 'သစ္စာရှင်မြောက် ဝါးတစ်ထောက်၊ ကျိုးသိုက်အောက်' ဟူ၍ ဖြစ်သည်။ စာချိုးအရ ၎င်းတို့၏ဖွင့်ဆိုချက်မှာ ဘုရားမြောက်ဘက် ဝါးတစ်ထောက်သာသာတွင် မန်ကျည်းပင်အိုကြီး ရှိ၏။ ၎င်းအပင်အောက်တည့်တည့်၌ သိုက်ရှိသည်။ သိုက်ကို ဘိုးသူတော်စောင့်သည်ဟု ကောက်ယူကြသည်။ ယွန်းကျောင်းနှင့်ဆက်နွယ်သူ အချို့သည် သိုက်စောင့်သူတော်ကို ဘုရားအနီးတစ်ဝိုက် ရိပ်ခနဲ မြင်ဖူးကြသည်ဟု ပြောစမှတ်ရှိပါသည်။

ဆရာကြီး ဦးစိန်နောက် ဆက်ခံသည့် ကျောင်းအုပ်ကြီး ဦးတင်အေးလက်ထက်တိုင် ဘုရားရင်ပြင်တော်ပတ်လည် အုတ်တံတိုင်းနှင့် အထက်၊ အဆင်းလှေကားများ ပြုလုပ် လှူဒါန်းခဲ့သည်။ တံတိုင်းပြုလုပ်ရာတွင် အထက်တွင် ဆိုခဲ့သည့်အတိုင်း ဘုရားမူလရင်ပြင်တော် ကျောက်ပြားကြီးများရှိရာ ပြင်ညီမှာ (နှစ်ကာလ ကြာမြင့်ခဲ့သည့်အလျောက်) လက်ရှိ မြေပြင်ညီအောက်ရောက်နေ၍ မိုးအခါ ဘုရားရင်ပြင်တစ်ခုလုံး ရေကန်ကြီးအဖြစ် တွေ့ရကာကြာရှည်စွာ ရေထွက်ပေါက်မရှိ ဖြစ်နေပါသည်။ သို့ပါ၍ ဘုရားအနောက်ဘက်မှ တံတိုင်းကိုဖောက်၊ ရေထွက်ပေါက်အုတ်မြောင်းပြုလုပ်ခြင်း၊ ဆင်းကျလာသောရေကို တံတိုင်းအပြင်ရှိဥသျှစ်ပင်ကြီးနှင့် စောင်ချမ်းပင်အုပ်များအကြား လူ (၂) ရပ်ခန့် အနံ၊ အကျယ် ပေ (၂၀) ပတ်လည်ခန့် ရေဝပ်ကန်တူး၍ ထိုကန်သို့ရေကျစေပါသည်။ ထိုကန်အတွင်းကျသည့်သစ်ရွက်သစ်ကိုင်း အမှိုက်စသည်တို့ (၃)-(၄) နှစ်တစ်ခါ ကန်ဆည် သန့်ရှင်းရေးမှာ ကျောင်းသား၊ ဝန်ထမ်း စုပေါင်းကုသိုလ်တစ်ခု ဖြစ်သည်။

အလျဉ်းသင့်၍ ပုဂံမလေ့တစ်ခုဖော်ပြလိုပါသည်။ ထိုညောင်ဦးတစ်ဝိုက်တွင် သကြန်အပြီး သို့မဟုတ် အခါလွန်သီတင်းကျွတ်၊ တန်ဆောင်မုန်းလ တစ်ရက်ရက်၌ မြို့ပေါ်နှင့် ဘုရား၊ ကျောင်း၊ တန်ဆောင်းအနီး အများသုံး ကန်ကြီးများ ရေခန်းချိန်၊ မြို့ပေါ်နှင့် အနီးကျေးရွာရှိ လူကြီး၊ လူငယ်မရွေး ပေါက်တူး၊ ငန်းပြား၊ ကြိမ်ခြင်းတို့ကိုင်ကာ ကန်ဆည် လုပ်အားဒါန ပြုကြသည်။ စေတနာအလှူရှင်များက အညာမုန့်များ၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်း၊ မုန့်လက်ဆောင်း စသည်ဖြင့် လုပ်အားပေးများအား ကျွေးမွေးဧည့်ခံကြသည်။ အိုးစည်ဗုံမောင်းတီး၍ ကခုန်သူက ကကြသည်။ အေးသာရေ၊ ကိုရင်ရေချမ်းတို့၊ ဒွေးလေးရေ စသည် တကြော်ကြော်ဟစ်အော် နောက်ပြောင်နေကြသည်မှာ ပျော်စရာကောင်းလှသည်။

ရေခန်း၍ အပူရှိန်ကြောင့် မြေပပ်ကြားအက်များအတွင်း ငါး၊ လိပ်ပေါက်လေးများနှင့် တွင်းအောင်းသတ္တဝါများ ပေါက်တူး၊ ငန်းပြား ကော်ရာထွက်လာလျှင် အချင်းချင်း အကာအကွယ်ပေးခြင်း၊ ဖမ်း၍ လွတ်ရာသို့လွှတ်ပေးခြင်း စသည် အာယုဒါန ဆင့်ပွားကုသိုလ်လည်း ရကြသည်။

အညာသား အညာသူတို့ အစဉ်အလာအယူအဆတစ်ခုမှာ 'ကန်ဆည်မှ ကန်ကောင်းမည်၊ ကန်ကောင်းလျှင် မိမိတို့၏ကံဇာတာလည်း ကောင်းလာကြမည်' ဟူ၍ ဖြစ်ပါသည်။



သစ္စာရှင် ဘုရားလိုဏ်အတွင်း တင်ပျဉ်ခွေကျောက် (အင်္ဂတေ) ဆင်းတုတော်ကြီးမှာ ရွှေသင်္ကန်းဖြင့် သပ္ပာယ်လှပါသည်။ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင် မိုးတစ်ည၌ လောဘသမားတို့လက်ချက်ဖြင့် ရွှေပွတ်အခိုးခံခဲ့ရ၍ သစ်စေးသာသာကျန်သော ဘုရားမည်းကြီးအဖြစ် အသရေညှိုးခဲ့ရပါသည်။ ၁၉၈၈ ခုနှစ် နှစ်စဉ်ဘုရားပွဲတော်မတိုင်မီ ပုဂံ (မြို့ဟောင်း) ရှိ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ဆရာတော်ကြီးများ အမှူးထား၍ ယွန်းပညာအတတ်သင်ကျောင်း ဝန်ထမ်းမိသားစု၊ ကျောင်းသားအဟောင်း,အသစ်နှင့် စေတနာရှင်များ စုပေါင်း၍ ဆင်းတုတော်ကြီးကို ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။ ဘုရားကြီးသည် ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်ကြသည်ဟု သတင်းစကားဖြင့် ရပ်ဝေးရပ်နီးမှ အဓိဋ္ဌာန်ဝင်ခြင်း၊ အလုပ်စခန်းဆောင်ရွက်ခြင်းများ ရှိပါသည်။

ယခင် သမဝါယမဝန်ကြီး ဦးအောင်စန်း လက်ထက်တွင် စေတီတော်ကြီး လုံးပတ်တစ်ဝိုက် အက်ကွဲကြောင်းများ၊ အချို့နေရာပဲ့ကျနေခြင်း စသည့် ပြုပြင်ဖွယ်အဝဝ ပြုပြင်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဝန်ကြီးအား အမှူးထား၍ ဝန်ထမ်း၊ ကျောင်းသား၊ စေတနာရှင်တို့ စုပေါင်းကုသိုလ် ပါဝင်ခဲ့ကြပါသည်။

ရှေးဟောင်းပေါ်တော်မူ သစ္စာရှင်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုလိုလျှင် ပုဂံမြို့ဟောင်း၊ ပုဂံ-ညောင်ဦးလမ်းမကြီးမှ ဧရာဟိုတယ်လမ်းအတိုင်းဝင်၊ မြစ်ဆိပ်သို့မရောက်မီ ယွန်းပညာကောလိပ်ကို တွေ့ရမည်ဖြစ်ပြီး ကောလိပ်ဝင်းအတွင်း ခွင့်တောင်း ဝင်ရောက်ဖူးမြော်နိုင်ပါကြောင်း ကောင်းမြတ်သောစေတနာဖြင့် နှုတ်လမ်းညွှန်လိုက်ရပါသည်။

ချစ်ဆန်းသစ်

*ဓာတ်ပုံများကို အငြိမ်းစား ယွန်းပန်းချီဆရာကြီး ဆရာသင်း- (ဌာနမှူး၊ သင်တန်း၊ ယွန်းပညာကောလိပ်) ပုဂံမှ ကျေးဇူးပြုသည်။*



www.burmeseclassic.com

www.burmeseclassic.com



မြင်းမထိဂူတွင်းမှ ထီးသုံးဆင့်ဘုရား



ဂူဝတောင်ပေါ်နားက နဂါးရုံဘုရား



ဂူအတွင်းမှ တံခွန်တိုင်

ကံ့ဝင်း

# ကလောမြို့နယ်၊ မြင်းမထိရွာ သဘာဝလိုဏ်ဂူတော် ထီးသုံးဆင့်နှင့်ဥဏ္ဏာလုံမွေးရှင်တော်ဘုရား

'မြင်းမထိဂူဘုရားအစ သီရိဓမ္မာသောကမင်းကြီးက' ဟု အဆိုရှိခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးကို ကြည်ညိုသဒ္ဓါအားကြီးစွာဖြင့် သာသနာထွန်းကားပြန့်ပွားရန် ရည်ရွယ်၍ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပုထိုးပေါင်း ရှစ်သောင်းလေးသောင်းကို ပါဠိလိပ်ပုတ်ပြည်၊ ပြည်ပပတ်ဝန်းကျင်ဒေသ အရပ်များ အပါအဝင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုတော်မူခဲ့ပါသည်။ စေတီပုထိုးတော်များ ဆောက်လုပ် လှူဒါန်းတော်မူခဲ့ကြောင်း ဗုဒ္ဓသမိုင်းကြောင်းလွှာကျမ်းစာများတွင် လေ့လာ တွေ့ရှိခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးကောင်းမှုတော် ယခု တည်ရှိနေတော်မူသော ကလော မြင်းမထိလိုဏ်ဂူတော်ကို ရှေးယခင်က မြင်းမထိလိုဏ်ဂူတော်ဟု မခေါ်ဆိုနိုင်ကြသေးပါ။ ပုဂံ အနော်ရထာမင်း (မြန်မာနှစ် ၃၇၉ - ၄၂၁) နန်းတက်ပြီးနောက်မှ မြင်းမထိဂူဟု အမည်ထွင်ခဲ့




ကျောက်နီပုံ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မှန်နန်းရာဇဝင်တော်ကြီးတွင် အထောက်အထား ခိုင်လုံစွာဖြင့် ပြဆိုထားပါသည်။ မြင်းမထိဂူဟု အမည်မတွင်မီက 'ရေဝင်ဂူ'ဟုခေါ်တွင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ မှန်နန်းရာဇဝင်တော်ကြီးပါ စာမျက်နှာ (၂၃၆) ၌ မြင်းမထိဂူနှင့်ပတ်သက်သောအကြောင်းအရာများကို တင်ပြရသော် -

'တစ်ရံရောအခါ လက်ထုတ်အရပ်၌ ကြိုးကနှင့်တကွ မြင်းလေးစီးသည် လူတို့ဖမ်း၍ လုံးဝမရနိုင်၊ အရှင်လည်းမရှိဟု အနော်ရထာမင်းကြီးအားနားတော်လျှောက်၏။ မင်းကြီးလည်း ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ သူရဲကောင်းလေးဦးကို ရအောင်ဖမ်းချေဟု စေတော်မူ၏။ သူရဲလေးဦးတို့သည် ခြံရံလောင်းလုပ်၍ ရေသို့ချပြီးလျှင် မြင်းလေးစီးလည်း ရေသို့ကူးလေ၏။ ကူးရာတွင် တက်၍ စီးကြလေ၏။ မြင်းကိုရပြီးသော် ဆောင်၍ မင်းကြီးအား ဆက်လေ၏။ မင်းကြီးမှ ယင်းမြင်းလေးစီးကို သင်တို့လေးဦး မွေး၍ ငါ၏အမှုတော်ကိုထမ်းဟု အပ်တော်မူလေ၏။ ထိုမြင်းလေးစီးတို့ကား နတ်မြင်းချည်းဖြစ်၍ အဖိုးအတိုင်းမသိထိုက်၏ ဟူ၍ မှန်နန်းရာဇဝင်မှာပါရှိ အဖြေနှင့်ညီရသောအခါ မြင်းမထိ၊ မြင်းဝန်း၊ မြင်းက၊ မြင်းစိုင်းကုန်း၊ မြင်းလှန်တောင် အမည်တွင်ရပုံများကို လေ့လာတွေ့ရှိခဲ့ရပါသည်။

## မြင်းမထိ အမည်တွင်ရပုံ

ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၄၃၁၅) ပေအမြင့်တွင် တည်ရှိသည်။ ထိုကလောမြို့နှင့်တစ်ဆက်တည်း မြင်းမထိတောင်သည် တောင်ခြေမှနေ၍ (၁၀၇၅) ပေမြင့်ပါသည်။ ရှေးယခင်အခါများက ကလောမြို့၏ တောင်ဘက်နား အနီးတစ်ဝိုက်တွင် မြင်းကြီးလေးကောင်သည် အနီးအပါးရွာများအား အနှောင့်အယှက်ပေးလျက် ကောက်ပဲသီးနှံများ ဖျက်ဆီးခြင်း၊ လယ်တဲများ ဖျက်ဆီးခြင်း၊ ရွာသား



ဂူအတွင်းက မဟာအောင်မြေ



မြင်းမထိဂူအမိုးပေါ်ကဂူပေါက်ဝအလင်း




နှစ်ကျိပ်ရှစ်ဆူဘုရားများ

များအားရန်လိုခြင်း စသော နှောင့်ယှက်မှုများ ပြုလုပ်နေသဖြင့် ရပ်ရွာအေးချမ်းသာယာမှုကို အနှောင့်အယှက်ပေးလာသဖြင့် ရပ်သူရွာသားများသည် စိုးရိမ်ကြီးစွာ ပုဂံပြည့်ရှင် အနော်ရထာမင်းထံ အကူအညီတောင်းကြ၏။မင်းကြီးလည်း ထိုသတင်း ကြားသိရလျှင် သူရဲကောင်းလေးဦးဖြစ်သော ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ကို စေလွှတ် နှိမ်နင်း ဖမ်းဆီးစေသည်။ သူရဲကောင်းတို့သည် မြင်းဆိုးကြီးတို့အား ရေသို့ ဆင်းအောင်ကြံ၍ ခုန်အုပ်ဖမ်းယူပြီး ယဉ်ပါးအောင် လေ့ကျင့်ကြ၏။ ၎င်းနောက် နေပြည်တော်သို့ယူဆောင်သွားကြလေ၏။ မြင်းများ ထွက်မပြေးနိုင်အောင် ဝိုင်းဝန်းဖမ်းသည့် နေရာကို မြင်းဝန်းရွာ ထိုမှ အင်းဝန်းရွာဟု အမည်တွင်ခဲ့၏။ ထို့အပြင် မြင်းများကို ရေတွင်းရှိရာနေရာတွင် မြင်းကို လံ၍ အစာစားစေ၏။ ထိုနေရာကို မြင်းလှန်တောင်၊ ထိုရေတွင်းကို မြင်းလှန်တွင်း၊ မြင်းများတခုန်မြူးထူးနေရာကို မြင်းကရွာ၊ မြင်းများဖြင့် ဒုန်းစိုင်းပြီး ခရီးထွက်ခွာခဲ့သောနေရာ မြင်းစိုင်းရွာ (မြင်စိုင်းကုန်း) စသည်ဖြင့် ရွာအမည်များတွင်ခဲ့သလို ကလောမြို့မှ (၄) မိုင်ခန့်အကွာ အလွန် မြင့်မားသော တောင်ကြီးတစ်တောင်၊ ရှေ့မှကာစီးနေသဖြင့် ကျန်စစ်သားမင်းကြီးသည် စီးတော်မြင်းကို အပြင်းစီး၍ အုံ့ဩဖွယ် ခုန်ကျော်နိုင်ခဲ့လေ၏။ ထိုတောင် (မြင်းမထိတောင်) အနီးရွာကို မြင်းမထိရွာ စသည်ဖြင့် မြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အကြောင်းအရာများကို အမှတ်ပြုလျက် တောင်အမည်၊ ရွာအမည်များ မှည့်ခေါ်ခဲ့သည်ကို သမိုင်းအထောက်အထားဖြင့် တင်ပြအပ်ပါသည်။

ရှေးယခင်အခေါ် ရေဝင်ဂူ၊ ယခု မြင်းမထိဂူတော်အတွင်း၌ လွန်ခဲ့သော နှစ်ပေါင်း (၂၃၀၀) ခန့်က သာသနာပြုမင်း သီရိဓမ္မာသောကမင်းကြီးမှ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မျက်မှောင်တော်၌ ပေါက်ရောက်သော ဥဏ္ဏာလုံမွေးတော်

www.burmeseclassic.com

www.burmeseclassic.com




ခါတ်ကို ဌာပနာထည့်သွင်းပူဇော်တော်မူခဲ့သဖြင့် ဥက္ကာလုံမွေးရှင်တော်ဟု ဘွဲ့အမည်တော်ခေါ် တော်မူခဲ့ကြပါသည်။ ပုဂံခေတ် အခါကာလ ပုဂံခေတ်ကောင်းစဉ်က အနော်ရထာမင်းကြီးသည် ဒုတိယဘုရားဒါယကာအဖြစ်ခံယူကာ မွမ်းမံပြင်ဆင်၍ ထီးတော်တင်လှူဒါန်းတော်မူကြောင်း သိရပါသည်။ ပုဂံမင်းဆက်အလောင်းစည်သူမင်းကြီးလက်ထက်တွင် ဥက္ကာလုံစေတီတော်ကို အသစ်တစ်ဖန်ပြန်လည်ပြုပြင်၍ ထီးတော်တင်တော်မူခဲ့ကြောင်း ဘုရားသမိုင်းစာအုပ်ပါ အထောက်အထားအရ သိရှိရပါသည်။

**ထီးသုံးဆင့်နှင့် ပတ်သက်၍**

ဥက္ကာလုံစေတီတော်၏ မူလဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီး တည်ထားသည်ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ မူလပထမစေတီတော်အား အနော်ရထာမင်းကြီးသည် အသစ်တစ်ဖန်ပြန်၍ မူလစေတီတော်ကိုငုံပြီး တည်တော်မူ၍ ထီးတော်တင်လှူတော်မူခဲ့ရာ မူလစေတီထက် ဉာဏ်တော်အနည်းငယ်ကြီးလေ၏။ တတိယဘုရားဒါယကာသာသနာပြုမင်းအလောင်းစည်သူမင်းကြီးကလည်း ထပ်မံ၍ စေတီတော်အားငုံပြီး တည်တော်မူရာ ဉာဏ်တော်သည်လည်း အနည်းငယ် မြင့်မားတော်မူ၍ ထီးတော်သည်လည်း ယခင်ထီးတော်နှစ်ဆူထက်ပိုမိုကြီး၍ တင်လှူတော်မူခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ ဥက္ကာလုံမွေးရှင်တော်စေတီတော်မှာ ထီးတော် (၃) ဆင့်နှင့်ဖူးမြင်ရခြင်းဖြစ်ပါကြောင်း ဒေသခံများပြောကြားစကားအရ သိရပါသည်။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်လိုဏ်ဂူတော်ကြီးတွင် သဘာဝအလျောက် ထူးဆန်းစွာ ကျောက်စာမိုးပင်ကြီးဖြစ်ပေါ်နေမှုနှင့်အတူ လွန်ခဲ့သော နှစ်ပေါင်း (၂၃၀၀)ကျော်ကာလ



အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်သဏ္ဍာန် ဖူးမြင်ရ ဂူတွင်းက တစ်နေရာ



စာရေးသူအား ဇရိတ်ပြင်း စီစဉ်ပေးခဲ့သော ခရီးသွားကုမ္ပဏီမှ ဒေါ်ယဉ်ယဉ်ဌေးနှင့် အမှတ်တရ



လိုဏ်တော်က အထွက်



www.burmeseclassic.com

www.burmeseclassic.com




ကတည်းက ဘုန်းရှင်ကံရှင်ရှေးမင်းများ လက်ထက်ကပင် စေတီရုပ်ပွား ဆင်းတုတော်များ တည်ထား ကိုးကွယ်တော်မူကြပါသည်။ ခေတ်အဆက်ဆက် သဒ္ဓါကြည်လင် ပါရမီရှင်များ၏ ကောင်းမှုကုသိုလ်များဖြင့် မြင်းမထိလိုဏ်ဂူ ဥက္ကာလုံ မွေရှင်တော်စေတီဘုရားများသည် ယနေ့ထက်တိုင်တည်နေတော်မူ၍ ပြည်တွင်း၊ ပြည်ပဘုရားဖူးများဖြင့် စည်ကားနေပါသည်။ ဂူအဝင်လိုဏ်ဝမှနေ၍ ဂူထွက်ပေါက်အထိ (၁၀၂၈)ပေရှည်လျားတော်မူပါသည်။ ဂူအဝင်လိုဏ်အတွင်း လမ်းတစ်လျှောက်တွင် နတ်သမီးရေကန်၊ ကျောက်ဖား၊ ရွှေဟင်္သာပုံ၊ ဆင်ဖြူတော်ပုံ၊ ကျောက်မဟာဗောဓိပင်ပုံ၊ နတ်သမီးသနပ်ခါးကျောက်ပျဉ်၊ ကျောက်ထီးစည်၊ ကျောက်နို့ (၃) လုံး စသည်ဖြင့် ရှုမြင်ဖွယ်ရာအစုံ သဘာဝရုပ်ပုံအဖုံဖုံကို လေ့လာနိုင်ကြပါသည်။

**နိဗ္ဗာန်လမ်းညွှန်**

ဥက္ကာလုံမွေးရှင်တော် သဘာဝလိုဏ်ဂူစေတီတော်ကို 'ကလောမြင်းမထိဂူ' ဟူ၍ လည်းကောင်း၊ ဘုန်းတန်ခိုးတော်ကြီးမား မြင်းမထိ ထီးသုံးဆင့်ဘုရား ဟူ၍ လည်းကောင်း ထင်ရှားကျော်ကြားတော်မူပါသည်။ ကလောမြင်းမထိဂူ၊ ထီးသုံးဆင့်ဘုရားသို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူလိုပါက ကလော - ပင်လောင်း - ဖယ်ခုံ - လွိုင်ကော်သွားလမ်းမကြီးအတိုင်းသွားသော် ကလောမြို့မှ (၇) မိုင်ကျော်တွင် လက်ဝဲဘက်အခြမ်း၌ မြင်းမထိရွာကို တွေ့မြင်ရပါသည်။ မြင်းမထိရွာနှင့် တစ်ဆက်တည်း လမ်းမကြီးမှ လမ်းညွှန်မှုခ်ဦးအတိုင်းဝင်ခဲ့သော် စေတီပုထိုးများ ဦးစွာဖူးမြင်ရပါလိမ့်မည်။ ထိုမှအရှေ့ဘက်လှမ်းမျှော်ကြည့်လျှင် စိမ်းလဲ့လဲ့တောင်ကုန်းတန်းကို တွေ့ရပါလိမ့်မည်။ တောင်ကုန်းဝရင်ပြင်တော်အထက်နားတွင် စေတီရုပ်ပွားတော်များကို ဦးစွာ ဖူးမြင်ရပါလိမ့်မည်။ ထိုစေတီတော်သည် သီရိဓမ္မာသောကမင်းကြီး တည်ခဲ့သော စေတီတစ်ဆူ ဖြစ်တော်မူပါသည်။ ထိုစေတီတော်အနီးခြေရင်းတွင် လိုဏ်ဂူတော်ဝင်ပေါက်ရှိပါသည်။ ထိုလိုဏ်ဂူတော်သည် မြင်းမထိဂူ ဖြစ်ပါသည်။ ထိုလိုဏ်ဂူတော်အတွင်းတွင် ဆုတောင်း အလွန်ပြည့်သည်ဟု ကျော်ကြား၍ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက် ဖူးမြော်ကြသော မြင်းမထိဥက္ကာလုံမွေးရှင်တော် ထီးသုံးဆင့်ဘုရား တည်ရှိတော်မူပါသည်။

စာရှုသူမေတ္တာမိတ်ဆွေများအနေဖြင့် ကလော၊ အောင်ပန်းမြို့များသို့ ရောက်ပါက ကလောမှ (၈) မိုင်၊ အောင်ပန်းမှ (၆)မိုင်မျှသာ ကွာဝေးသော ဥက္ကာလုံမွေးရှင်တော် ဘုန်းတန်ခိုးကြီးမား မြင်းမထိ ထီးသုံးဆင့်ဘုရားသို့ သွားရောက် ဖူးမြော် ကုသိုလ်ယူကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

မေတ္တာများစွာဖြင့်
ကံဝင်း

**ကျမ်းကိုး-**

၁။ ဥက္ကာလုံမွေရှင်တော်သဘာဝလိုဏ်ဂူဘုရားသမိုင်း
၂။ မြင်းမထိဂူ ဓာတ်ပုံလုပ်ငန်းရှင် ကိုစိုးကြည်နှင့် ဒေသခံများ ပြောကြားမှု
၃။ ကိုယ်တိုင် သွားရောက် ဖူးမြော်လေ့လာမှုများ

## ဗောက်ထခြင်းအတွက် အစွမ်းထက်ဆေးနည်း

ကျား၊ မ မရွေး ဦးရေပြားနှင့် ဆက်စပ်ပြီး ကြုံတွေ့ကြရသည့် ပြဿနာတစ်ခုမှာ ဗောက်ထခြင်းပဲ ဖြစ်ပါသည်။ အဓိကအကြောင်းရင်းတစ်ခုမှာ ခေါင်းလျှော်ရည်ပြင်းပြင်း၊ ဆပ်ပြာပြင်းပြင်းများကို အသုံးပြု၍ ခေါင်းလျှော်ခြင်းကြောင့် ဦးရေပြားတွင် အဆီဓာတ်ခန်းခြောက်ပြီး ဗောက်ထလာရပါသည်။

ဗောက်ထခြင်းပျောက်ကင်းစေရန်အတွက် အထူး သီးသန့်ဖော်စပ်ထုတ်လုပ်ထားသော ခေါင်းလျှော်ရည်များ၊ အုန်းဆီကဲ့သို့ လိမ်းရသည့်ခေါင်းလိမ်းဆီများ စသည်ဖြင့် အများအပြားပဲ ရှိပါသည်။ သူ့နည်းနှင့်သူ ကောင်းကြမှာပါ။ သို့သော်လည်း အဖိုးနည်းဝန်ပါ မြန်မာနိုင်ငံ၏သဘာဝအတိုင်း ရနိုင်သောဆေးနည်းတစ်ခု အသုံးပြုနိုင်စေဖို့ ဖော်ပြလိုပါသည်။

နည်းမှာ. . .

မြန်မာ့ဆေးဖက်ဝင် တမာပင်၏ အရွက်များကို ရေနှင့်ပြုတ်ပါ။ ထိုတမာရွက်ပြုတ်ရည် ခပ်နွေးနွေးဖြင့် ဗောက်ထနေသောဦးရေပြားသို့ သေချာ ပွတ်တိုက်လျှော်ပေးပါ။ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်များမသုံးဘဲ တရော်ကင်ပွန်းပြုတ်ရည်နှင့်လျှော်လိုက်ပါ။

ခေါင်းလျှော်မည့်နေ့တိုင်း တမာရွက်ပြုတ်ရည်ကို အသုံးပြုပေးပါ။ လွယ်ကူစွာနှင့် ဗောက်ကို ထိထိရောက်ရောက် နှိမ်နင်းပေးပါလိမ့်မည်။

သဒ္ဒါ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# မိဘစိန်ရေမသင့်ကြပါစေနှင့်
## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ယနေ့ခေတ် မျိုးဆက်သစ် ထေရဝါဒဗုဒ္ဓဘာသာဝင် လူငယ်လူရွယ် ကျားမများသည် မိဘနှင့်သားသမီး နေ့စဉ်အမြဲ ထိတွေ့နေထိုင်ကြရ၏။ တစ်အိမ်တည်းမှာ အတူနေသော မိသားစုများဖြစ်ကြသည့်အလျောက် အကြောင်းကိစ္စ တစ်ခုမဟုတ်တစ်ခု ပေါ်ပေါက်လုပ်ကိုင် ပြောဆိုနေကြရသည်။ သားသမီးနှင့်မိဘ ဆက်ဆံရေးများ အဆင်ပြေချောမွေ့သည်လည်း ရှိသည်၊ အထစ်အငေါ့ အဆင်မပြေ မချောမွေ့သည့်အခါလည်း ရှိသည်။ ထိုအခါ မိဘနှင့်သားသမီး စကားပြော အဆင်မပြေ၊ အဖုအထစ်များနှင့် ပြောမှားဆိုမှား ဖြစ်ကုန်ကြတော့သည်။

ထိုအခါ အသက်အရွယ် ငယ်ရွယ်သူ သားသမီးများက အပြောအဆို မတတ်သည့်အခါ မိဘကို ရိုသေသမှုမရှိဘဲ စော်ကားမော်ကား ခွန်းတုံ့ပြန်လှန် ပြောကြားမိပါလျှင် ကိုယ်, နှုတ်, နှလုံး သုံးပါးတို့ဖြင့် ဖြစ်စေ၊ တစ်ပါးပါးနှင့် ဖြစ်စေ ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုသားသမီးသည် မိဘစိန်ရေသင့်တတ်ပေသည်။

အကြင်ပုဂ္ဂိုလ်တစ်ဦးသည် ဘုရား၊ မိဘ၊ ဆရာသမား၊ အသက်အားဖြင့် ကြီးသောသူ၊ သီလ, သမာဓိ,ပညာ စသော ဂုဏဝုဍ္ဍိဂုဏ်၊ ဝယဝုဍ္ဍိဂုဏ် စသည့် ကျေးဇူးကြီးသူတို့ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံခြင်း၊ ဆဲဆို၍ မကြားဝံ့မနာသာ ပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်း စသည့် အ, ဂါရဝ အပြစ်များကို ပြစ်မှားကျူးလွန်မိခဲ့ပါက ထို ပြစ်မှားကျူးလွန်ခဲ့သူ ပုဂ္ဂိုလ်အား မိဘ၊ ဘုရား၊ ဆရာသမား စသော ဂုဏ်ရှိသူတို့၏စိန်ရေသင့်တတ်သည်။

ထိုသို့ စိန်ရေသင့်သူများမှာ-

၁။ ဆွံ့အ, တတ်ခြင်း၊

၂။ အသွေးအရောင်ညစ်ခြင်း၊

၃။ ပိန်ကြုံခြင်း၊

၄။ အသက်ရှည်၍ ဘုန်းမကြီး၊ ဘုန်းကြီး၍ အသက်မရှည်၊

၅။ ချည့်နဲ့ ကျိုးကန်းတတ်ခြင်း၊

၆။ ခွန်အား ဉာဏ်ပညာ ဆုတ်ယုတ်တတ်ခြင်း. . .

စသည့် အပြစ်တို့ကို နောင်သံသရာဘဝအဖို့ မဆိုသေး၊ ဃခု မျက်မှောက်ဘဝတွင်ပင် ခံစားရတတ်ပေသည်။ ထိုသို့ဖြစ်သူကို သက်ကြီးရွယ်အိုလူကြီးမိဘတို့၏စိန်ရေသင့်ပြီဟု မှတ်ပါ။

**မိဘစိန်ရေဖြေဖျောက်နည်း**

ဘုရား၊ မိဘ၊ ဆရာသမားတို့၏ စိမ်ရေ၊ သီလ, သမာဓိ, ပညာ စသော ဂုဏဝုဍ္ဍိဂုဏ်တို့နှင့်ပြည့်စုံသော ကျေးဇူးကြီးသူတို့၏စိန်ရေသင့်သူတို့မှာ မိမိတို့ပြစ်မှားမိခဲ့သောပုဂ္ဂိုလ်တို့ သက်ရှိထင်ရှား ရှိနေသေးလျှင် ထိုပုဂ္ဂိုလ်တို့အား ကန်တော့ပစ္စည်းများနှင့် ဝန်ချတောင်းပန် ကန်တော့ရမည်။

အသက်ထင်ရှား မရှိခဲ့ပါက ထိုပုဂ္ဂိုလ်တို့၏ဓာတ်ပုံ၊ ရုပ်ပုံကားချပ်များကို ပူဇော်ကန်တော့ တောင်းပန်ရမည်။ ၎င်းရုပ်ပုံများမရှိခဲ့သော် ၎င်းပုဂ္ဂိုလ်တို့၏ရုပ်ပုံသဏ္ဌာန်ကို ပြုလုပ်ပူဇော်၍ တောင်းပန် ကန်တော့ရမည်။

ဤနည်းဖြင့် ဘုရား၊ မိဘ၊ ဆရာသမားတို့၏စိန်ရေသင့်ခြင်းကို ပြေပျောက်စေနိုင်ပေသည်။

ရှေးအခါက ဘုရား၊ မိဘများ၏စိန်ရေသင့်ခဲ့သူတစ်ဦး ရှိခဲ့ဖူးသည်။ အခြားသူ မဟုတ်၊ ပုဂံခေတ်က ကျွန်းဦးဇမ္ဗူသပြေပင်သို့ ဖောင်စကြာနှင့် လှည့်လည်သွားလာခဲ့သော မဏိစည်သူ အမည်ရ အလောင်းစည်သူမင်းကြီး ဖြစ်၏။ စိန်ရေသင့်ပုံကား မင်းကြီးက သူ၏မှူးမတ်များအား မိန့်ကြားတော်မူသည်မှာ-

"ငါ၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်တို့သည် ငါကဲ့သို့ ဘုန်းကံမရှိကြသဖြင့် ဤအရပ်သို့ မရောက်နိုင်ကြပေ။ ငါသာလျှင် ဘုန်းကံရှိသောကြောင့် ရောက်ရပေသည်"

ဟူ၍ ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်တို့အား ရှုမြင်စေချင်လိုသော စိတ်နှလုံး ကြံစည်ရုံမျှနှင့်ပင် မင်းကြီး၏မျက်စိသည် ရုတ်တရက် ကွယ်လေတော့သည်။

ထိုအခါ မင်းကြီး၏သမားဟူးရား ပညာရှင်တို့သည် အထူးထူးသော ဆေးဝါးတို့ဖြင့် ကုသကြပါသော်လည်း ချမ်းသာရာမရနိုင်သောကြောင့် ပညာရှိ အမတ်ကြီးများက မင်းကြီးအား-

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ စိတ်နှလုံးတော်သည် ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်တို့နှင့် စပ်လျဉ်း၍မည်သို့ကြံစည်မိပါသနည်း"

ဟု မေးလျှောက်ကြရာ မင်းကြီးက မိမိ၏စိတ်နှလုံးတွင် ကြံစည်မိပုံကို ပြန်ကြားပြောဆိုရာ ပညာရှိများက-

"အရှင်မင်းကြီးတွင် အခြားသော ရောဂါဝေဒနာများကို မမြင်မတွေ့ပါ။ အရှင်မင်းကြီးသည် မကြံစည်အပ်သော အကြောင်းကို ကြံစည်မိ၍ ဘုရား၊ မိဘတို့၏စိန်ရေသင့်ခြင်း ဖြစ်ပါသည်။ ထိုအပြစ်များ ကျေပျောက်စေခြင်းငှာ





www.burmeseclassic.com

www.burmeseclassic.com

ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်တို့၏ ရုပ်ပုံတော်သဏ္ဌာန်တို့ကို ရွှေဖြင့်သွန်းလုပ်ပြီး ပေါက်ပေါက်ဆန်ပန်းတို့ဖြင့် ပူဇော် ကန်တော့ရပါမည်"

ဟု လျှောက်တင်ကြလေသည်။

မင်းကြီးလည်း ပညာရှိမှူးမတ်တို့၏စကားအတိုင်း ဘေးလောင်းတော် အနော်ရထာမင်းစော၏ရုပ်၊ ဘိုးလောင်းတော် ကျန်စစ်မင်းရုပ်၊ စောလူးမင်းရုပ်စသော မင်းအပေါင်းတို့၏ရုပ်ပုံတော်တို့ကို ရွှေဖြင့်သွန်းလုပ်၍ ပေါက်ပေါက်ဆန်ပန်းတို့ဖြင့် ရှိခိုးပူဇော် ဖူးမြော်ဦးချသောအခါ အနော်ရထာမင်းစောရုပ်နှင့် ကျန်စစ်မင်းရုပ်သာလျှင် မလဲဘဲ ကြံ့ကြံ့တည်နေ၍ အခြားသောမင်းရုပ်တို့သည် မင်းကြီး ဦးချသည်နှင့်တစ်ပြိုင်နက် လဲကျတုန်၏။ မင်းကြီးလည်း မျက်စိအလင်းရလေ၏။

ဤကဲ့သို့ မင်းကြီးသည် မိမိကျွန်းဦး ဖမ္မသပြေပင်ကို မြင်တွေ့ရသလို ရှေးက ဘေးလောင်းတော်၊ ဘိုးလောင်းတော်များကို ရှုမြင်စေလိုသော စိတ်နှလုံးဖြင့် ကြံ့စည်မိရုံမျှနှင့်ပင် စိန်ရေသင့်ရသေး၏။

ယခုခေတ်ကာလသည် အလွန်တရာ မောဟာထူပြောသော ကာလအချိန်ဖြစ်၍ ဘိုးဘွား၊ မိဘ၊ ဆရာသမား၊ ကျေးဇူးကြီးမားပုဂ္ဂိုလ်များကို မရိုသေခြင်း၊ ဂါရဝတရားမရှိ၊ ငါမင်းငါချင်းပြုခြင်းများသာလျှင် ပေါများလာသော ဆုတ်ကပ်အခါ ဖြစ်လာသည်နှင့်အမျှ အနာရောဂါ၊ ကြမ္မာဥပဒ်၊ ကပ်အန္တရာယ်၊ ငြိတွယ်ထိပါး၊ အသက်ရှည်၍ ဘုန်းမကြီး၊ ဘုန်းကြီး၍ အသက်မရှည်ဖြစ်နေကြရသည်။ သံသရာဘဝများမှာကား ဆိုဖွယ်ရာမရှိ။ ပစ္စက္ခ ယခုဘဝမျက်မှောက်၌မှာပင် အထင်အရှား ကြုံတွေ့နေကြရပြီဖြစ်၍ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ထိုစိမ်ရေမှ လွတ်ကင်းကြရအောင် မိမိတို့၏ အဘိုး, အဘွား၊ အမိ, အဘ၊ ဆရာသမားများနှင့် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော သက်ကြီးပုဂ္ဂိုလ် ရွယ်အိုများကို ဂါဝရတရား နှလုံးထား၍ ရိုသေလေးမြတ် ပြောဆို ဆက်ဆံနိုင်ကြပါစေဟု မေတ္တာစေတနာ ပြည့်ဝစွာဖြင့် မှာကြား ရေးသားလိုက်ပါသည်။

*ခုနစ်နေ့သားသမီးများ အားလုံး နှလုံးစိတ်ဝမ်း ချမ်းမြေ့သာယာကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မနာမကျင်ဘဲ ကြွက်နို့ပျောက်တဲ့နည်း

မြင့်မြတ်စံ(ကသာမြေ)

စာရေးသူ၏ဇနီး ဒေါ်လုံးလုံးနှင့် အတူ ဖားကန့်မြို့နယ် ဆယ်စင်းကျေးရွာ (ရွှေမြန်မာ စက်သုံးဆီ ရောင်းဝယ်ရေး) သမီးဖြစ်သူ မအေးတာဦးထံသို့ ဒေသန္တရဗဟုသုတရှာဖွေရင်း အလည်အပတ်အဖြစ် ၈-၃-၂၀၁၂၊ ညနေ (၃) နာရီအချိန်တွင် ရောက်ရှိပါသည်။

စာရေးသူလည်း ခရီးပန်းလွန်းသဖြင့် ခဏအနားယူနေစဉ် အောက်ထပ်မှ အသံတချို့ကိုကြားနေရပါသည်။ အသံလာရာသို့ နားစွင့်မိသောအခါ ကြွက်နို့ကို မနာမကျင်ဘဲ ကုပေးလို့ သက်သာပျောက်ကင်းသွားခဲ့ရသည် ဆိုတဲ့ အကြောင်းကိုကြားလိုက်ရတော့ စာရေးသူလည်း ဖြုန်းဆိုထပြီး စာအုပ်နဲ့ဘော(လ်)ပင်ကိုယူပြီး လှေကားမှ အပြေးဆင်းသွားခဲ့ပါသည်။

အောက်ရောက်လို့ ကြွက်နို့သက်သာပျောက်ကင်းပါသည်ဟုဆိုသော အမျိုးသမီးက ကသာမြို့ အမှတ် (၉) ရပ်ကွက်နေ ပန်းရန်ဆရာကြီး ဦးတင်စိန်၏ သမီးဖြစ်သူ မမိုးအား တွေ့ရ၍ စာရေးသူက အားရဝမ်းသာ နှုတ်ဆက်စကားပြောကြားရင်းက စာရေးသူက-

"မမိုးရေ၊ ငါ့နားထဲမှာ တန်ဖိုးရှိတဲ့ စကားသံ့သံ့လေး ကြားလိုက်ရလို့ သေချာသွားအောင် မေးချင်လိုက်တာ"

မမိုးက-

"ဦးမြင့်ကျော်က ဘာမေးမှာမို့လို့လဲ၊ မေးပါ"

"မမိုးပြောလိုက်တဲ့ စကားထဲမှာ ကြွက်နို့ကို မနာမကျင်စေရဘဲ ပျောက်တယ်ဆိုလား၊ ငါ့နားထဲ ကြားလိုက်တယ်။ အဲဒါလေး မေးချင်တာပါ"

"ဟုတ်တယ် ဦးမြင့်ကျော်ရေ။ အဲဒီနည်းက ကျွန်မအဖေကိုယ်တိုင် ကုသပေးခဲ့တာ။ ယုံနိုင်စရာတော့ မရှိဘူး၊ ဒါပေမယ့် အဲဒီနည်းနဲ့ လူ (၆) ယောက်, (၇) ယောက်လောက်ရှိပြီ။ သက်သာပျောက်ကင်းသွားတာတော့တွေ့ရတယ်"

"ဒီလိုဆိုရင် လုပ်ပုံလုပ်နည်းနဲ့ ပျောက်ခဲ့တဲ့ သာဓကလေး ပြောပြပေးပါဦး။ အများပြည်သူကို အမြဲအကျိုးပြုပေးနေတဲ့ သူရဇ္ဇမဂ္ဂဇင်းထဲကနေ တင်ပြချင်လို့ပါ"

"ကျွန်မ ပြောပြမယ် ဦးမြင့်ကျော်ရေ။ ကျွန်မ တက္ကသိုလ်တက်တော့ ကျွန်မရဲ့လက်ချောင်းလေးတွေမှာ ကြွက်နို့တွေပေါက်နေတယ်လေ။ ခုမှပေါက်တဲ့ ကြွက်နို့ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ (၁၀)တန်းလောက်က ပေါက်ခဲ့တာ။ သူများတွေ ပြောလို့ ကြွက်နို့ကို ဘလိတ်ဓားနဲ့လှီးဖြတ်၊ အက်စစ်နဲ့တို့။ နာတာနဲ့ စပ်တာပဲ အဖတ်တင်တယ်၊ မပျောက်ဘူး။ ပွဲခင်းမှာတွေ့တဲ့ ကြွက်နို့သတ်တဲ့သူတွေနဲ့ သတ်တော့လည်း နာတာကလွဲပြီး မထူးခြားပါဘူး။ ဒီကြွက်နို့သံသရာကြီးထဲက ကျွန်မ မလွတ်မြောက်နိုင်ခဲ့ပါဘူး"

**ဆေးတွေ့ပါပြီ**

"နောက်ဆုံး ဘွဲ့ယူဖို့ တစ်လအလိုလောက်မှာတော့ သမီးတို့အဖေ ကြွက်နို့ပျောက်တဲ့ဆေးနည်း ဘယ်ကရလာတယ်တော့ မသိပါဘူး။ သမီးမိုးမိုးရေ အဖေ့ဆီလာစမ်း။ သမီးရဲ့လက်က ကြွက်နို့တွေက မပျောက်သေးပါလားဆိုပြီး ဖေဖေက အိမ်ရှေ့ဝင်းထရံမှာ ညပ်နေတဲ့ မြွေအရေခွံ (မြွေများအရေခွံလဲပြီး ကျန်ရစ်တဲ့အရေခွံ) ကို ယူလာပြီး ကြွက်နို့တွေကို မြွေအရေခွံနဲ့ ပွတ်ပွတ်ပြီး ပါးစပ်မှလည်း 'ကြွက်ရေ၊ မြွေလာပြီဟေ့' လို့ တဖွဖွ ရွတ်ဆိုလိုက်ရုံနဲ့ တစ်ပတ်အတွင်း ကြွက်နို့များ သက်သာပျောက်ကင်းသွားပါတယ်။ နောက်ပြီး ကြွက်နို့တွေကိုပွတ်ထားတဲ့ မြွေအရေခွံကိုလည်း လမ်းမကို ပစ်ဖို့ မမေ့နဲ့နော်"

ဒီလို စိတ်ရှည်ရှည်နဲ့ ဆေးနည်းပေးတဲ့အတွက် ခေတ္တ ဆယ်စင်းမှာနေတဲ့ မမိုးအား ကျေးဇူးတင်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကဲ- စာဖတ်သူ ပရိသတ်တို့ရေ၊ မနာမကျင်ဘဲ ကြွက်နို့ပျောက်တဲ့ဆေးနည်းကို ကြွက်နို့ရှိသူများထံသို့ သတင်းကောင်းပါးစေချင်ပါသည်။

*အာရောဂျံ ပရမံ လာဘံ*

*အနာရောဂါကင်းရှင်းကြပါစေ*

မြင့်မြတ်စံ(ကသာမြေ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၊ နံနက် (၈း၃၀) နာရီတိတိတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းထိပ်တွင် တည်ရှိသည့် 'အောင်မေတ္တာ' ဘိုးဘွားခမ္မရိပ်သာတည်ရှိရာ အောင်မေတ္တာကျောင်းတိုက်အတွင်းသို့ ရောက်သွားဖြစ်ခဲ့ပါသည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဇဟုဇနဟိတ ခရ ကြွရောက်လာမည်ဟု သိခွင့်ရခဲ့သဖြင့် အရောက်လာဖြစ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

အောင်မေတ္တာကျောင်းတိုက် ဘိုးဘွားခမ္မရိပ်သာသည် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဇဟုဇနဟိတခရ၏ဩဝါဒကိုခံယူ၍ သာသနာ့မြေဒါယကာ ဦးသိန်းရွှေ၊ ဒေါ်မြင့်ကြည်တို့လှူဒါန်းသောမြေတွင် ၁၃-၅-၂၀၁၀၊ ကြာသပတေးနေ့တွင် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဇဟုဇနဟိတခရ၏တပည့်တစ်ဦးဖြစ်သူ ဦးပညာဝံသမှ စတင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိအခြေအနေတွင် အသက် (၇၀)အထက် ခိုကိုးရာမဲ့ အဘိုး (၁၂)ဦးနှင့် အဘွား (၂၈) ဦးတို့ကို စားဝတ်နေရေး၊ ကျန်းမာရေးတို့ဖြင့်သာမက တရားခမ္မ ပေးဝေခြင်းဖြင့်ပါ စောင့်ရှောက်လျက်ရှိနေသည့် ကျောင်းတိုက်ပင် ဖြစ်သည်။ ကျောင်းတိုက်ဝင်းအတွင်း တက္ကသိုလ်ဝင်တန်း ပညာဒါနသင်တန်းနှင့် ပညာဒါန ကွန်ပျူတာအခြေခံနှင့် အဆင့်မြင့်သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးနေသည်။ ၂၀၁၀ ပြည့်နှစ်ကမှ စတင် တည်ထောင်ခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါ ကျောင်းတိုက်အတွင်း

# ဆရာတော်အရှင်ဇဝန
# တက်ရောက်ချီးမြှင့်သည့်ကုသိုလ်တော်ပွဲခင်း

**အောင်သာကျော်**



အောင်မေတ္တာကျောင်းတိုက်ဝင်းအား ခပ်လှမ်းလှမ်းမှ မြင်ရစဉ်



ရွှေပန်းကန်၊ ငွေပန်းကန်များနှင့် တူ



စေတီတော်အနီးရှိ နဂါးရုံဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com



စေတီအတွင်းရှိ ဆင်းတုတော်များ







ဆရာတော်အရှင်ဇဝန ရွှေတူ ရွှေပန္နက်တိုင်ဖြင့် ပန္နက်ချနေစဉ်

စူဠာမုနိစေတီတော်၊ နဂါးရုံဆင်းတုတော်၊ ဆောက်လုပ်လက်စ သိမ်တော်၊ အဘိုးဆောင် (တိုက်)၊ ကွန်ပျူတာသင်တန်းခန်း(တိုက်)၊ ခမ်းနားတင့်တယ်လှသည့် ခန်းမကြီးတို့က အောင်မေတ္တာဘိုးဘွားဓမ္မရိပ်သာကျောင်း၏တိုးတက်လာမှု အရှိန်အဟုန်ကို ပြသနေသကဲ့သို့ ရှိနေသည်။

ယနေ့လည်း စည်ကားသိုက်မြိုက်ဝေစည်နေဦးမည့် ကုသိုလ်တော်ပွဲခင်းခင်းကျင်းပေဦးတော့မည် ဖြစ်ပါသည်။ ကွန်ပျူတာသင်တန်း ဖွင့်လှစ်ရာတိုက်၏ အနောက်ဘက် မလှမ်းမကမ်းတွင် မေတ္တာဒီပါ ဘိုးဘွားဆောင်အဖြစ် ဆောက်လုပ်မည့် တိုက်သစ်အတွက် ပန္နက်တင်မင်္ဂလာကျင်းပမည်ဖြစ်ပေရာ ဆရာတော်အရှင်ဇဝန (မေတ္တာရှင်- ရွှေပြည်သာ) ဗဟုဇနဟိတရေ ကိုယ်တော်တိုင် ပန္နက်တင်ပေးမည်။ ပန္နက်တင်မင်္ဂလာဆင်ယင်ပြီးသည်နှင့် ဝိပဿနာသင်တန်းတက်ရောက်ကာ စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုအထိမ်းအမှတ်ပစ္စည်းများကို ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဗဟုဇနဟိတရေကိုယ်တော်တိုင် ချီးမြှင့်ပေးအပ်ကာ ဩဝါဒကထာများလည်း ချီးမြှင့်ဦးမည်ဟု သိထားခွင့်ရမိသဖြင့် ကျောင်းဝင်းအတွင်းရှိ ခမ်းနားတင့်တယ်လှသည့် ခန်းမကြီးအတွင်းသို့ ရောက်နေမိခဲ့ရခြင်း ဖြစ်သည်။

မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်နှင့် ဆရာ-ဒကာရင်း ဖြစ်သော်လည်း ဆရာတော်ကို ဖူးခွင့်မဆုံဖြစ်ခဲ့ရပြန်သည်မှာ တစ်လကျော်ကျော်ပင် ရှိခဲ့ပြီ ဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းက အရှင်ဇဝန (မေတ္တာရှင် - ရွှေပြည်သာ) ဗဟုဇဟိတဓရသည် မြတ်ပုဒ္ဓ၏အဆုံး



www.burmeseclassic.com

www.burmeseclassic.com

တော်ကျအတိုင်း ပြည်ပသာသနာပြုခရီး အဖြစ် စင်ကာပူ၊ သီရိလင်္ကာနှင့် ထိုင်း နိုင်ငံများသို့ကြွရောက်တော်မူကာ တရား ဓမ္မများ ဟောဖော်ညွှန်ပြတော်မူခဲ့၏။ ထိုခရီးစဉ်တွင် စင်ကာပူနိုင်ငံ မေတ္တာရှင် ဖောင်ဒေးရှင်းတွင် ဆီးသီးသည် မဗျိုင်း ဇာတ်ကိုအခြေခံကာ တိုင်းတစ်ပါးတွင် လာရောက် အလုပ်လုပ်ကိုင်ကြခိုက် ဘဝမေ့ကာ အလဟဿသုံးဖြုန်းမှုများ မပြုလုပ်မိကြစေဘဲ ပရဟိတအကျိုး ဘက်တွင်သာ အသုံးပြုခွင့်ကြုံအောင် ကြိုးစားကြရန် သြဝါဒကထာ ပေးခဲ့ ကြောင်း ကြားသိခွင့်ရမိသည်သာရှိခဲ့ပြီး ယနေ့အထိ ဆရာတော်နှင့်မဆုံနိုင်ဘဲ ရှိ နေခဲ့သဖြင့် ဆရာတော်အားဖူးတွေ့နိုင် ရန် အရောက်လာနေမိခဲ့ခြင်းပင် ဖြစ် သည်။

လာရကျိုးနပ်သည်ဟု ဆိုရမည် ပင်ဖြစ်သည်။ ဆရာတော်သြဝါဒကထာ ချီးမြှင့်ရန်နှင့် ပန္နက်တင်မင်္ဂလာအတွက် ကြွလာတော်မူရာ လမ်းခရီးတစ်ဝက်သို့ ရောက်နေပြီဖြစ်ကြောင်း ဖုန်းအဆက် အသွယ်ရသည်။ ခန်းမကြီးအတွင်း ထိုင် နေဖြစ်စဉ်မှာပင် နမောတဿ သုံးကြိမ် ရွတ်ဆိုကြကာ ဝိပဿနာသင်တန်း အောင်မြင်စွာ ဖြေဆိုနိုင်ကြသူများအား ဂုဏ်ပြုလက်မှတ်များနှင့် ဝိပဿနာဆိုင် ရာစာအုပ်များ ချီးမြှင့်သည့်အခမ်းအနား ပထမပိုင်းကို စတင်ကျင်းပတော့သည်။ ဦးကြင်ရွှေ ဝိပဿနာအဖွဲ့ဥက္ကဋ္ဌ ဦးထွန်း ဝင်းမှ အမှာစကားပြောကြားခဲ့သည်မှာ ကြွရောက်လာကြသည့် ဓမ္မမိတ်ဆွေသူ တော်ကောင်းများ ကိုယ်စိတ်နှလုံး ရွှင် လန်းချမ်းမြေ့ကြစေရန် မေတ္တာပို့ကာ အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) သည် မြတ်ဗုဒ္ဓ ဟောဖော်ညွှန်ပြသည့် တရားတော်များကို ပြန်လည် ဟောဖော် ညွှန်ပြကာ ပြန့်ပွား ဝေစည်အောင် ဆောင်ရွက်နေတော်မူခြင်းသည် သာ သနာပြုခြင်းပင် ဖြစ်သည်။ သာသနာပြု ခြင်းသည် ဘုရားတစ်ဆူ နှလုံးသားအ တွင် တည်ထားပေးသည့်အလား သက် ရောက်စေပါသည်။ ဝိပဿနာသင်တန်း ပေးရခြင်းမှာလည်း သင်တန်းသား၊ သင် တန်းသူများ တရားအနှစ်ရကြစေရန် ရည်ရွယ်ကာ ဖွင့်လှစ်ရခြင်းပင် ဖြစ် သည်။ သင်တန်းသူ၊ သင်တန်းသားများ အနေဖြင့် နှလုံးသားထဲတွင် မိမိမည်မျှ နှလုံးသွင်းမိပြီနည်းဟု ဆန်းစစ်သမှုပြု တာ ကျင့်ကြံပွားများ အားထုတ်ကြစေ လိုကြောင်း တိုက်တွန်းပြောကြားကာ



ဆရာတော်အရှင်ဇဝန တရားနာနေကြသည့် ပရိသတ်များ



ဓမ္မာမကစလွယ်နှင့် ဂုဏ်ပြုဆုများ (၁-၅)



ပထမရရှိသည့် ဒေါ်မျှားအား ဓမ္မာမကစလွယ်အပ်နှင်းထားစဉ်

နိဂုံးသတ်သွားခဲ့သည်။

ထို့နောက်တွင် အောင်မေတ္တာ ကျောင်းတိုက် ဘိုးဘွားမွေရိပ်သာဆရာ တော် ဦးစီးနာယက ပဓာန နာယက ဆရာတော် ဦးပညာဝံသက ရုပ်တရား၊ နာမ်တရား၊ ခန္ဓာ အာယတန ဓာတ်အ ကြောင်းတို့ကို သင်ကြားခွင့်ရရှိခဲ့ကာ ရဟန်းဘောင်သို့ တက်ရောက်ခဲ့ရသည်။ အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) က ချီးမြှောက်မြှင့်တင်ပေးခဲ့သဖြင့် ပလ္လင် ပေါ် တက်ခွင့်၊ ဟောပြောခွင့် ရခဲ့သည်။ မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော်၏ ကျေးဇူးကများလွန်းလှသည်။ နူးညံ့သိမ် မွေ့စွာသင်ကြားပြသပေးခဲ့ကာ ကျောင်း ထိုင်ဆရာတော်အဖြစ် ဖြစ်တည်လာ ချိန်တွင် ဘိုးဘွားရိပ်သာ ဖြစ်တည်လာ စေရန် လမ်းညွှန်မှုများ၊ ပံ့ပိုးမှုများပေး သည်သာမက တရားဟောနည်းကိုပါ သင်ပေးခဲ့သည်။ ဘာကိုဟောပါ၊ ဘယ် လိုဟောခဲ့သည် စသည်ဖြင့် မေးမြန်း ပြောဆိုရင်းညွှန်ပြတော်မူခဲ့သည်။ ဆရာ တော်၏ကျေးဇူးများ များပြားလွန်းလှ သည့်အတွက် ပူဇော်ထိုက်သည့် ဆရာ သမားအနေအားဖြင့် ပူဇော်ခြင်း ဖြစ်ပါ



www.burmeseclassic.com


www.burmeseclassic.com




စေတီမုခ်လိုဏ်အတွင်းရှိ
အဘဘိုးမင်းခေါင်ရုပ်တု



ကျောင်းဝင်းအတွင်းရှိ ရွှေဘုမှိုစေတီတော်



အခမ်းအနားကျင်းပရာ ဖြူစင်မေတ္တာမွေ့ရုံ



မွေ့ရုံအနီးရှိ အဘိုးဆောင်

ကြောင်း မိန့်တော်မူသည်။

ထိုကဲ့သို့ မိန့်တော်မူပြီးနောက် ဝိပဿနာသင်တန်းသား၊ သင်တန်းသူများကို ချီးမြှင့်သည့်အခမ်းအနား ကျင်းပသည်။ သင်တန်းတွင် ပထမမှ ဒသမနေရာအတွင်း အဆင့်ရရှိသူများကိုမူ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ကြွတော်မူလာမှ ဆုချီးမြှင့်မည်ပင် ဖြစ်သည်။

(၁၀) နာရီ သာသာလောက်တွင် ဆရာတော် (မေတ္တာရှင်-ရွှေပြည်သာ) ရောက်ရှိလာသည်။ ဆရာတော်သည် ကျောင်းဝင်းအတွင်းသို့ ရောက်လျှင်ရောက်ချင်းပင် မေတ္တာဒီပါ အဘိုးအဘွားဆောင် ဆောက်လုပ်ရန်လျာထားသည့်နေရာသို့ ကြွတော်မူသည်။ ပန္နက်တင်မင်္ဂလာအတွက် ပြင်ဆင်ထားသည့်နေရာတွင် ဆရာတော်သည် အောင်မေတ္တာကျောင်းတိုက် ဘိုးဘွားမွေ့ရိပ်သာ၏ ပဓာန နာယကဆရာတော် ဦးပညာဝံသအား လိုအပ်သည်များကို မိန့်တော်မူသည်။ ဆယ်မိနစ်သာသာခန့်ကြာပြီးသည်တွင် ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) သည် ရွှေပန္နက်တိုင်များကို ဆောင်ယူကာ ပန္နက်တင်ရမည့်နေရာများတွင် ရွှေတူဖြင့်ရိုက်သွင်းကာ ပန္နက်တင်ပေးတော်မူသည်။ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားပြီးသည်နှင့် ကျောင်းဝင်းအတွင်းတည်ရှိသည့် ဆရာတော် ဦးပညာဝံသသီတင်းသုံးရာ ဝါးကျောင်းငယ်လေးပေါ်သို့ ကြွရောက်ကာ နံနက်ဆွမ်းဘုဉ်းပေးတော်မူရင်း နားနေတော်မူသည်။

နေ့လယ် (၁း၀၅) နာရီတွင် ခံ့ညားထည်ဝါလှသည့် ခန်းမကြီးတွင် အခမ်းအနား ပြန်စ,သည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ထံတော်တွင် ငါးပါးသီလခံယူဆောက်တည်ကြရသည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်- ရွှေပြည်သာ) အား ကန်တော့ကြ၊ ငါးပါးသီလဆောက်တည်ကြသည့် ပူဇော် အလေးထားမှုများ ပြုကြပြီးသည်နှင့် ပထမနေရာမှ ဒသမ နေရာအတွင်းရရှိကြသည့် သင်တန်းသူ၊ သင်တန်းသားများအား ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) မှ ချီးမြှင့်ပေးသည်။

ဆုများ ပေးအပ်ချီးမြှင့်ပြီးသည်နှင့် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) က ဩဝါဒကထာ ချီးမြှင့်



www.burmeseclassic.com

www.burmeseclassic.com

တော်မူသည်။ ဆရာတော်၏ဩဝါဒကထာသည် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ဆက်စပ်တင်ပြကာ ဆုံးမသွန်သင်သမှု ပြုတော်မူထားခြင်းပင် ဖြစ်သည်။ ရှင်သာရိပုတ္တရာသည် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က အနောမဒဿီဗုဒ္ဓ' ပွင့်တော်မူစဉ် ဗုဒ္ဓအမှူးရှိသော ရဟန်း သံဃာတော်တို့အား ကြီးစွာသော မဟာဒါနကုသိုလ်ကောင်းမှုတို့ကိုပြုခဲ့သဖြင့် ပညာအရာ၌ အမြတ်ဆုံးဖြစ်သော လက်ယာရံဆုကိုပန်ခဲ့ရာက ပညာအရာ၌အမြတ်ဆုံးဖြစ်သော ရှင်သာရိပုတ္တရာအဖြစ်ကို ရခဲ့ခြင်း ဖြစ်ပါသည်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဥဒါန်းတစ်ပုဒ်ကို ဤသို့ ရွတ်ဆိုတော်မူခဲ့သည်။

'(၇) နှစ်သားအရွယ် ကိုရင့်လေးပင်ဖြစ်သော်လည်း မေတ္တာဖြင့်ဆုံးမလျှင် နာယူပါမည်'

ထိုသို့ ရွတ်ဆိုခဲ့သည့်အတိုင်းပင် ကျင့်ကြံခဲ့သည်။ တစ်ကြိမ်တွင် ဆွမ်းစားကြွရန်အသွား သင်္ကန်း မသေမသပ်ဖြင့် ပုံစံမကျ ဖြစ်နေသည်ကို ကိုရင်လေးတစ်ပါးက ထောက်ပြသဖြင့် သင်္ကန်းကို ပြန်လည်ပြင်ဝတ်ကာ ထောက်ပြခဲ့သော ကိုရင်လေးထံ ပြန်လည် ပြင်ဆင်ဝတ်ထားကြောင်း သွားပြခဲ့သည်။ ထို့အပြင် အမြင်မတော်မှုများ ရှိခဲ့ပါလျှင်လည်း ဆုံးမပဲ့ပြင်ပေးရန် ပြောသည်။ ရှင်သာရိပုတ္တရာ မထေရ်သည် မြတ်ဗုဒ္ဓပြီးလျှင် ဉာဏ်ပညာအရာ၌အမြင့်မားဆုံးပင် ဖြစ်သည်။ မာန်မာနကင်းစင်သည်ကို သတိပြု ကြည့်ကြရမည်ပင် ဖြစ်သည်။ လောကတွင် မာနကီလေသာသည် ကြောက်စရာအကောင်းဆုံးပင်ဖြစ်သည်။ ရဟန္တာဖြစ်မှသာလျှင် မာနကီလေသာ ကင်းစင်နိုင်မည်ဖြစ်သည်။ မာနကီလေသာသည် အနာဂါမ်၊ သဒါဂါမ်ဖြစ်သည်အထိ ငွေ့ငွေ့လေး ကျန်ရှိနေမည်သာ ဖြစ်သည်။ မာနကီလေသာ လျှော့ချရန် လိုအပ်ပါသည်။ အချို့ တရားထိုင်ပုဂ္ဂိုလ်တို့အနက် (၂) နာရီ တရားထိုင်နိုင်သူက (၁) နာရီ တရားထိုင်နိုင်သူကို အထင်သေးစိတ်ဝင်ကာ မာနထောင်လွှားတတ်ကြသည်။ မာနကို လက်ခံထားသူတို့သည် အယုတ်ညံ့ဆုံးသောပုဂ္ဂိုလ်များသာ ဖြစ်သည်။

ဂါရဝ၊ နိဝါတ-အောက်ကျသည်ဟု ထင်ရသော်လည်း မြတ်ပါသည်။ ပုဏ္ဏ မည်သော အစေခံမလေးသည် ပညာရှိကျွန်မလေးပင် ဖြစ်သည်။ အနာထပိဏ်သူဌေး၏ အယောက် (၁၀၀) မြောက်သော ကျွန်မလေးဖြစ်သဖြင့် ပုဏ္ဏာဟု အမည်ပေးထားခြင်း ဖြစ်သည်။ ဂင်္ဂါမြစ်အတွင်း ရေဆင်းစိမ်ပါလျှင် အညစ်အကြေးများကင်းမည်ဟု ပြောကြသည်ကို-

'ဘကြီး တွေးကြည့်ပါဦး၊ ကီလေသာစင်မယ်ဆိုရင် မြစ်ထဲမစိမ်တဲ့ကာလကကော ဘယ်လိုနေလို့လဲ။ ဒီမြစ်ထဲစိမ်လို့ အကုသိုလ်တွေ မျောပါသွားတယ်ဆိုရင် ကုသိုလ်တွေကော မျောပါမသွားဘူးလား'

ဟု ပြန်မေးဖြစ်သည်။

ယောဂီဝတ်စုံ ဆုချပြီး မြတ်ဗုဒ္ဓထံပါး သွားပါဟု ညွှန်းခြင်းခံရတော့သည်။ ကျွန်မ ဖြစ်ခဲ့ရသည်က အတိတ်ဘဝက မမွကထိက စာချဖြစ်ခဲ့ပါလျက်က မာနကီလေသာ လွှမ်းခဲ့မိသောကြောင့်ပင် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် မာန်မာနကို လျှော့ချပါ၊ ရိုသေထိုက်သူကို ရိုသေကာ လေးစားထိုက်သူကို လေးစားကြပါ။ ကန်တော့ခံသူတွင် ဘာမှမရကြပါ။ ကန်တော့ခံသူ ဖြစ်အောင် သီလ၊ သမာဓိ၊ ပညာ ပြည့်အောင် ဖြည့်ရပါသည်။ ကန်တော့သူက ကုသိုလ်ရသည်၊ မာနကီလေသာကို ပယ်သတ်ရာရောက်သည်။ ပြီးလျှင် 'ငါ' ဟူသော အတွေးကိုပါ ပယ်သတ်ပါ။ မည်သို့ပယ်သတ်ရမည်ဆိုပါလျှင် ဆရာတော်၏ကိုယ်တွေ့မှာ ယခုထိ မသန့်ရှင်းသောအိမ်သာများတွေ့လျှင် ရေဖြင့်ဆေးပြီး သန့်ရှင်းရေး လုပ်ပေးနေခဲ့ဆဲဟု မိန့်ပါသည်။ ယခု ပြည်ပသာသနာပြုခရီးမှအပြန် ဗန်ကောက်လေဆိပ်တွင် အိမ်သာဆေးခဲ့သေးသည်။ ငါ ဟူသော ထောင်လွှားသည့်စိတ်ကို ပန်းကန်ဆေးသည့်အလုပ်၊ အိမ်သာဆေးသည့်အလုပ်ကိုလုပ်ခြင်းဖြင့် ပယ်သတ်နိုင်ရန်ကြိုးစားပါ။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက မိမိကိုယ်ကို အမြဲပြုပြင်နေရမည်ဟုလည်းကောင်း၊ ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးက ဘုရား မဖြစ်သေးသမျှ မိမိကိုယ်ကိုပြည့်စုံပြီဟု မအောက်မေ့ပါနှင့်ဟု လည်းကောင်း ဩဝါဒကထာများ ရှိနေခဲ့ပုံကို ဟောကြားကာ တရားတော်ဆို ဩဝါဒကထာကို အဆုံးသတ်တော်မူခဲ့တော့သည်။

*မြတ်ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေသော်*

အောင်သာကောင်



ပန္နက်တင်မင်္ဂလာ ဆင်ယင်မည့်နေရာရှေ့၌ ဓမ္မာနာရစဉ်



ဘိုးဘွားရိပ်သာ အသစ်ဆောက်ရန် လျာထားနေရာ



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် စတုက္ကနိပါတ်ကောကိလဝဂ် ရာဇောဝါဒဇာတ်တော်တွင် ဗြဟ္မဒတ်မင်းအဖြစ်ဖြင့် အလောင်းတော်ရှင်ရသေ့၏အဆိုအမိန့်ကို မှန်၊ မမှန် စမ်းသပ်ကြည့်ခဲ့ပေသည်။

ထိုဇာတ်တော်တွင် ညီတော်အာနန္ဒာအလောင်းလျာသည် ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ် ဟူသော မင်းစဉ်မင်းဆက် ခံယူလာခဲ့သော ဘွဲ့မည်ဖြင့် မင်းပြု၏။ အလောင်းလျာ ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရား (၁၀) ပါးတို့နှင့်အညီ တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်နေသဖြင့် နိုင်ငံတစ်ဝန်းလုံးမှာ အေးချမ်းသာယာ၏။ ရာသီဥတု မှန်ကန်၍ လူများမှာလည်း အနာရောဂါကင်းရှင်းကြ၏။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ကြ၏။ စပါးဆန်ရေပေါများ၏။ ရောင်း





www.burmeseclassic.com

www.burmeseclassic.com

ရှေးဝယ်တာလုပ်ငန်းများမှာလည်း အကျိုးအမြတ်ရကြ၏။ တာရာဏသီမြို့ပေါ်မှာ သူဌေးသူကြွယ် အသစ် အသစ်တွေ တိုးပွားလာသကဲ့သို့ပင် နိုင်ငံတော်တစ်လွှားမှာလည်း အလှူအတန်းတွေ ပေါများလှပါပေသည်။

ဤသို့ နိုင်ငံတော်ကြီးတစ်ခုလုံး အေးချမ်းသာယာ၍ ပြည့်ပြည့်စုံစုံဖြစ်နေကြခြင်းမှာ နိုင်ငံတော်ကြီးကို အုပ်ချုပ်နေသော ဗြဟ္မဒတ်မင်း၏ကျေးဇူးဖြစ်၏။ တိုင်းသူပြည်သား လူအားလုံး၏ အကြီးအမှူးဖြစ်သော ပြည့်ရှင်မင်းက တရားစောင့်သဖြင့် တိုင်းသူပြည်သားတို့ကလည်း မိမိတို့၏လုပ်ငန်းတာဝန်တို့ကို ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်လုပ်ကိုင်နေကြသဖြင့် တောရောမြို့ပါ တိုးတက်ဖွံ့ဖြိုးလာကြ၏။

ထို့ကြောင့် တိုင်းသူပြည်သားအားလုံးက ဗြဟ္မဒတ်မင်းကို ကျေးဇူးတင်နေကြ၏။ ဗြဟ္မဒတ်မင်းနှင့် ပတ်သက်၍ ပြောရန်ဆိုရန်ရှိလာလေတိုင်း ဗြဟ္မဒတ်မင်းအပေါ် ကျေးဇူးတင်စကားကိုသာ ပြောကြားကြ၏။ ဗြဟ္မဒတ်မင်းသည်လည်း ဤသို့သောအကြောင်းအရာကို ကောင်းကောင်းသိထား၏။ မိမိ၏ဦးဆောင်ဦးရွက်ပြုလုပ်မှုကြောင့် နိုင်ငံတော်ကြီးတစ်ခုလုံး သာယာဝပြောနေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်မိ၏။

ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ထပ်ကာ ထပ်ကာ ကြားလာရ၍ ကြိမ်ဖန်များစွာသော ဝမ်းသာနေရသည့်ကြားကပင် ဗြဟ္မဒတ်မင်းကြီး၏စိတ်ထဲမှာ လိုအပ်ချက်တစ်ခုက ရှိနေသေး၏။ ထိုလိုအပ်ချက်မှာလည်း တိုင်းသူပြည်သား လူအများနှင့် ပတ်သတ်နေပေ၏။

'ငါ့အပေါ်မှာ တိုင်းသူပြည်သားအားလုံးတို့ကကြည်ညိုနေကြတာဟုတ်ပါပြီ။ ငါ့အပေါ်မှာ ကျေးဇူးတင်စကားပြောနေကြတာတွေကိုလည်း တစ်ဆင့်စကားနဲ့ ကြားရဖန်များလှပါပြီ။ ဒါပေမယ့် တစ်နေ့ရာရာမှာ ငါ့အပေါ်မကြည်ညိုတဲ့သူ တစ်ယောက်ယောက်များ ရှိနေလေမလား။ ငါ့အပေါ် ဝေဖန်တဲ့၊ အပြစ်တင်တဲ့သူ တစ်ယောက်ယောက်များ ရှိနေလေမလား'

ဤသို့သော တွေးတောချက်က လှုံ့ဆော်ပေးနေသဖြင့် ဝမ်းမြောက်ခြင်းအရသာကို ဖြောင့်ဖြောင့်မခံစားနိုင်အောင် ဖြစ်နေရ၏။ မိမိအပေါ် မကြည်ညိုနိုင်သေးသူ၊ မိမိကို ကျေးဇူးမတင်နိုင်သေးသူသည် မည်သို့သောသူ ဖြစ်ပါမည်နည်း။ ယောကျ်ားထဲက ဖြစ်လေမလား၊ မိန်းမထဲက ဖြစ်လေမလား၊ လူကြီးထဲကလား၊ လူငယ်များထဲကလား၊ လူလတ်တန်းထဲကလား။

မိမိအပေါ် အပြစ်တင်မည့်သူ၊ ကဲ့ရဲ့ရှုတ်ချမည့်သူ တွေ့လိုတွေ့ငြား ရွှေနန်းတော်က အမှုထမ်းထဲမှာ လှေ့လာသုံးသပ်ကြည့်ပြီးပါပြီ။ လူတိုင်းစေ့ဆိုရလောက်အောင် စေ့စေ့စပ်စပ် လေ့လာစူးစမ်းကြည့်ပါလျက် တစ်ယောက်တလေမျှ ထွက်ပေါ်မလာခဲ့ပါ။

နန်းတော်တွင်း အမှုထမ်းတွေထဲမှာ ရှာမရသောအခါ ဗာရာဏသီမြို့တော်သူ မြို့တော်သားများဆီသို့ ကူးပြောင်းရ၏။ မြို့တော်သူ မြို့တော်သားများထံမှလည်း မကျေနပ်သံ၊ မကြည်ညိုသံ ထွက်ပေါ်မလာခဲ့သဖြင့် မြို့တော်






www.burmeseclassic.com

www.burmeseclassic.com

ကြီး၏အပြင်သို့ ထွက်ရတော့မည် ဖြစ်၏။

ဗာရာဏသီမြို့တော်ကြီးမှ ထွက်ခွာရမည်ဆိုလျှင် မြို့တော်ထဲမှာလို မင်းခမ်းမင်းနား အဆောင်အယောင်များနှင့် မဖြစ်နိုင်ပါ။ ပြည့်ရှင်မင်းဆိုလျှင် တိုင်းသူပြည်သားတို့က အလွန်တရာကြောက်တတ်ကြသည်။ ထတ်နိုင်သလောက် ဝေးဝေးက ခွာနေချင်ကြ၏။ မိမိတို့၏အပြုအမူမှာ၊ အပြောအဆိုမှာ အမှားအယွင်းပါသွားပါက ရာဇဝတ်သင့်မှာစိုး၍ ဖြစ်၏။

ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းက တောသူတောင်သားတို့၏သဘောထားအမှန်ကိုသိရှိရန်မှာ သူလိုကိုယ်လို ကျေးတောသားတစ်ယောက်ကဲ့သို့ အယောင်ဆောင်ထားမှ ဖြစ်ပေတော့မည်။ ကိုယ့်အချင်းချင်းကျခါမှ ရင်ထဲ၊ အသည်းထဲက စကားအမှန်ကို ထုတ်ပြောလာကြပေလိမ့်မည်။

ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် သာမန်ကျေးတောသားတစ်ယောက်အသွင်ကိုယူ၍ တစ်ရွာဝင်၊ တစ်ရွာထွက် လှည့်လည်စုံစမ်းလာခဲ့ရာ ဗာရာဏသီမြို့တော်နှင့် ဝေးသည်ထက်သာ ဝေးလာခဲ့သည်၊ မိမိအပေါ် မလိုစကားပြောကြားသူ ဟူ၍ မတွေ့ရသေးပါ။

နယ်တကာ၊ ရပ်တကာ စုံအောင် လှည့်လည်ရှာဖွေ၍ ပြီးပါသော်လည်း ဗြဟ္မဒတ်မင်းက နောက်ကြောင်းပြန်မလှည့်နိုင်သေးပါ။

'လူတို့၏ရပ်ရွာမှာ မကျေနပ်သူမရှိသော်ငြားလည်း ဟိမဝန္တာတောထဲက ရသေ့ရဟန်းများကြားမှာတော့ ရှိများရှိနေဦးမလား'

ဤသို့သောတွေးဆချက်ဖြင့် ခရီးဆက်မြဲ ဆက်လာခဲ့ရာ ဟိမဝန္တာတောကြီးထဲသို့ ရောက်လာပါတော့သည်။

ထိုအချိန်တွင် ဘုရားအလောင်းတော်သည် ဟိမဝန္တာတောထဲ၌ရသေ့တစ်ပါးဖြစ်၍ ဈာန်သမာပတ်များ ပွားများနေ၏။ ဗြဟ္မဒတ်မင်းသည် ရသေ့တို့ သီတင်းသုံးရာ ကျောင်းသခ်မ်းကို တွေ့ရသဖြင့် အလောင်းတော်ရှင်ရသေ့ထံ ဝင်ရောက်၍ ဦးခိုက်ရှိခိုး၏။ သို့ရာတွင် မိမိ၏အဖြစ်မှန်ကိုကား မလျှောက်ထားသေးပါချေ။ အလောင်းတော်ရှင်ရသေ့ကလည်း အယ်သူဘယ်ဝါ ဟူ၍ မေးမြန်းစုံစမ်းမှုမပြုဘဲ သာမညဧည့်သည်တစ်ယောက် ဟူ၍သာ သဘောထားပြီးလျှင် မိမိစားသုံး၍ ပိုလျှံနေသော ညောင်သီးများကို ကျွေးမွေးဧည့်ခံလေသည်။

ဗြဟ္မဒတ်မင်းမှာလည်း ခရီးရှည်ကြီးကို လှမ်းလာရသဖြင့် ဝမ်းသာလှပါပြီ။ သို့ဖြစ်၍ အလောင်းတော်ရှင်ရသေ့ တည်ခင်းကျွေးမွေးသည့် ညောင်သီးများကို တစ်လုံးပြီးတစ်လုံး ကောက်ယူစားရင်း-

"အရှင်ဘုရား၊ ညောင်သီးဆိုတာမျိုးက စပ်ရှားရှား ခါးသက်သက်ပါ။ အခုတော့ ညောင်သီးတွေက ချိုလှပါကလား။ သကြားမှုန့်တွေ ဖြူးထားသလိုလို၊ ပျားရည်နဲ့လောင်းထားသလိုလို။ ဘာကြောင့် ဒီလိုဖြစ်နေရတာပါလဲ"

ဤသို့ တအံ့တဩ ထုတ်ဖော်မေးလျှောက်သဖြင့်-

"ဒကာ၊ ဒီလိုဖြစ်တာကတော့ ပြည့်ရှင်မင်းက တရားစောင့်နေလို့ပေါ့။ မင်းကျင့်တရား (၁၀) ပါးနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်နေလို့ပေါ့။ မင်းဆိုတာ လူအားလုံးရဲ့ဦးစီးခေါင်းဆောင် မဟုတ်လား။ ဦးစီးခေါင်းဆောင်ဖြစ်တဲ့သူက မင်းကျင့်တရား (၁၀) ပါးနဲ့အညီ စီမံအုပ်ချုပ်နေတော့ မိုးလေဝသတွေ မှန်တယ်။ မိုးလေဝသတွေမှန်တော့ သစ်ပင်တွေ၊ တောတောင်တွေ စိမ်းလန်းပြီးတော့ အပွင့်တွေ၊ အသီးတွေ ဖြစ်ထွန်းလာကြတယ်။ ဒါကြောင့် တောထဲက သစ်သီးတွေမှန်သမျှ အဆီဩဇာပြည့်ပြီးတော့ အရသာချိုနေကြတယ်။ သစ်သီးသစ်ပွင့်တွေတင်မကပါဘူးကွယ်၊ လူတွေစားလို့ သုံးလို့ရသမျှ ပစ္စည်းတွေအားလုံးလည်း အနံ့၊ အရသာတွေနဲ့ ပြည့်စုံလာကြပါတယ်"

အလောင်းတော်ရှင်ရသေ့က ဤသို့ ပြည့်ပြည့်စုံစုံ ရှင်းလင်းမိန့်ကြားပါသော်လည်း ဗြဟ္မဒတ်မင်းကတော့ ချောချောမောမော လက်သင့်မခံနိုင်သေးပါ။ မိမိက တရားနှင့်အညီ စိုးမိုးအုပ်ချုပ်နေသဖြင့် နိုင်ငံတော်ကြီးတစ်ခုလုံး အေးချမ်းငြိမ်သက်၍ သာယာဝပြောနေသည်ကား မှန်ပါ၏။ သို့ရာတွင် မိမိစိုးမိုးအုပ်ချုပ်သည့်လုပ်ရပ်က တောထဲတောင်ထဲက သစ်ပင်၊ သစ်သီးတွေအထိ အရှိန်ဟပ်နေသည်ဆိုခြင်းကိုတော့ လက်ခံရခက်လှပါ၏။ အရှင်ရသေ့ကို ကြည်ညိုလေးစားပါသော်ငြားလည်း ပိုလွန်း ကားလွန်းသွားပြီဟု တုံ့ပြန်ချင်လှ၏။

သို့ရာတွင် ဗြဟ္မဒတ်မင်းသည် နှုတ်ဟ၍ကား မလျှောက်ထားခဲ့ပါ။ ရှင်ရသေ့စကားကို တုံ့ပြန်ချေပနေခြင်းထက် လက်တွေ့ စမ်းသပ်ကြည့်တာက ပို၍ ခရီးရောက်ပါလိမ့်မည်။

ဤသို့ဖြင့် ဗြဟ္မဒတ်မင်းသည် အလောင်းတော်ရှင်ရသေ့ကို ဦးချကာ တိုင်းတော်ပြည်တော်သို့ ပြန်လာခဲ့၏။ အပြန်လမ်းခရီးတစ်လျှောက်လုံးမှာ စိတ်ကူးလာခဲ့သည့်အတိုင်း နန်းတော်သို့ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် မိမိလက်တွေ့စမ်းသပ်သည့်လုပ်ငန်းကို အကောင်အထည်ဖော်လိုက်၏။ တရားသူကြီးများမှတစ်ဆင့် မိမိထံသို့ နောက်ဆုံး အဆုံးအဖြတ်ခံဖို့ရောက်လာသည့် အမှုမှုကို တမင်တကာပင် အလွဲအချော်ဖြစ်အောင် အဆုံးအဖြတ်ပေးလိုက်လေသည်။

ထို့နောက် ကာလအတန်ကြာသောအခါ ဗြဟ္မဒတ်မင်းသည် လေ့လာစုံစမ်းရန် ခရီးထွက်ခဲ့ရာ အလောင်းတော်ရှင်ရသေ့ထံသို့ ရောက်လာပြန်၏။ အလောင်းတော် ရှင်ရသေ့ကလည်း ယခင်အခေါက်တုန်းကအတိုင်း အရံသင့်ရှိနေသော ညောင်သီးမှည့်တို့ကို တည်ခင်းဧည့်ခံ၏။ ဗြဟ္မဒတ်မင်းသည် ယခင်အခေါက်တုန်းကလို ကောက်ကာငင်ကာ မစားလိုက်သေးဘဲ ညောင်သီးမှည့်များကိုတစ်လှည့်၊ ရှင်ရသေ့ကိုတစ်လှည့် ခပ်ပြုံးပြုံး ကြည့်လိုက်မိသည်။ ညောင်သီးမှည့်များမှာ ယခင်အတိုင်း ချိုမြချိုနေပါက ရှင်ရသေ့၏စကားကို မှားယွင်းကြောင်း သက်သေထူနိုင်ပါတော့မည်။ ဤသို့သော မျှော်လင့်ချက်ဖြင့် ညောင်သီးမှည့်တစ်လုံးကို အားပါးတရ ကောက်၍ ကိုက်စားလိုက်သည်တွင် ထိုခနဲ ထွေးထုတ်လိုက်ပြီး-

"အရှင်ဘုရား၊ ဒီညောင်သီးတွေဟာ အရင်အခေါက်တုန်းကအတိုင်း မှည့်လည်းမှည့်တယ်၊ အရည်အရောင်လည်း ကောင်းနေကြတယ်။ ဒါပေမယ့် အရင်လို မချိုတော့ဘဲ ခါးသွားရတာက ဘာကြောင့်ပါလဲ"

ဤသို့ စိတ်မသက်မသာနှင့် မေးလိုက်သဖြင့်-

"ဒကာ၊ ဒီလိုဖြစ်သွားရတာကတော့ ဒကာတို့တိုင်းပြည်မှာ အုပ်ချုပ်နေတဲ့မင်းက ပုံစံပြောင်းသွားလို့ ဖြစ်မှာပေါ့။ မင်း ဆိုတာ ရှေ့ဆောင်နွားလားကြီးနဲ့တူတယ်။ ရှေ့ဆောင်နွားလားကြီးနဲ့တကွ နောက်လိုက် နွားအုပ်ကြီး မြစ်ရေပြင်ကိုဖြတ်ကူးတဲ့အခါ ရှေ့ဆောင်နွားလားကြီးက ဖြောင့်ဖြောင့်တန်းတန်း မကူးဘဲ ကောက်တီကောက်ကွေ့ ကူး



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်

# ကံတူအကျိုးပေး

ယံ- ကမ္မံ- ကရိဿန္တိ၊ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒါ ဘဝိဿန္တိ။

အဓိပ္ပာယ်အားဖြင့်-

ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း ကောင်းမှု (ကောင်းကြောင်း)၊ မကောင်းမှု (မကောင်းကြောင်း) တို့ကို ပြုအပ်သည်ရှိသော် ထိုကောင်းမှု၊ မကောင်းမှု ပြုသည့်အတိုင်းသာလျှင် ကောင်းကျိုး (ကောင်းကြောင်း)၊ဆိုးကျိုး(ဆိုးကြောင်း) တို့ကို ရရှိ၏။

ဤကား မဂ္ဂင်ရှစ်ပါးတွင် ပညာမဂ္ဂင်တစ်ပါးဖြစ်သော အမှန်ကိုမြင်ခြင်း (အမြင်မှန်ခြင်း) သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဤအချက်ကို သိထားရန်နှင့် လက်ခံထားရန် အရေးကြီးသည်။ ဤသည်ကို ကြောင်းကျိုးဆက်တရားဟု ခေါ်သည်။

ကျွန်တော်တို့သည် သံသရာထဲကို စတင် ဝင်ရောက်ချိန်မှစပြီး ယခုအချိန်အထိ ကောင်းမှု၊ မကောင်းမှုတို့ကို အဆက်မပြတ်ပြုခဲ့ကြသည်။ ထိုကောင်းမှု၊ မကောင်းမှုတို့သည် ကြက်သားအုပ်မကြီးသွားရာ ကြက်သားလေးများလိုက်ပါသကဲ့သို့ ပြုသူအား ကောင်းကျိုး၊ ဆိုးကျိုးပေးရန် စဉ်ဆက်မပြတ် လိုက်ပါနေပြီး အဆင်သင့်သလို၊ အင်အားသင့်သလို ကောင်းကျိုး၊ ဆိုးကျိုးများ ပေးလျက်ရှိသည်။ မိမိအတွက် ကောင်းကျိုး၊ ဆိုးကျိုးကို မည်သူ့ကိုမျှ မျှမပေးနိုင်သလို မည်သူ့ကမျှ မျှခံ၍လည်း မရနိုင်ပေ။

'ပုဂ္ဂိုလ်တစ်ဦးက ပုဂ္ဂိုလ်တစ်ဦးကို အကြောင်းမဲ့ မ,တယ်ဆိုရင် အဲဒါ လိမ်တာပဲ' ဟု သာမညဆရာတော်မိန့်ကြားသည်ကို မှတ်သားရဖူးပါသည်။ ယခုလက်ရှိအချိန်မတိုင်မီ ယခင်အချိန်အားလုံးသည် အတိတ်ကာလပင် ဖြစ်သည်။ ပစ္စုပ္ပန်အခြေအနေကိုကြည့်ပြီး အယူလွဲသည်ကို တွေ့ဖူးပါသည်။ ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့ဒေသတွင် အဘိုးအိုတစ်ယောက် ရှိပါသည်။ အသက် (၉၆) နှစ်ကျော်မှ ကွယ်လွန်ပါသည်။ သူ့ဘဝထွင် ဖျားနာသည်ဟူ၍ မရှိခဲ့ပါ။ နေ့စဉ် (၁၀) မိုင်မှ (၁၆) မိုင်အထိ လမ်းလျှောက်ပါသည်။ အသက်ရှည်သည်။ ကျန်းမာသည်။ သားသမီး (၁၀)ယောက်ရှိ၍ သားသမီးပေါများသည်။

သူ့အသက်မွေးမှုအလုပ်မှာ နေ့စဉ် ဘီလူးကျွန်းရှိရွာများသို့ လှည့်ပြီး ဝက်များကို သင်းကွပ်သည်၊ ဝက်သတ်သည်။ မကွယ်လွန်မီ တစ်ရက်ထိ (၁၀) မိုင်လျှောက်ခဲ့သည်။ 'သင်းကွပ်သူ၊ အသက်သတ်သူက သားသမီးပေါပြီး အသက်ရှည် ကျန်းမာသည်' ဟု လွဲမှားစွာ ကောက်ချက်ချသူများ ရှိသည်။ အမှန်အားဖြင့် ယခု ရထားသောကောင်းကျိုးသည် အတိတ်ကောင်းကြောင်းကြောင့် ဖြစ်ပြီး ယခုပြုသောဆိုးမှုကြောင့် အနာဂတ်တွင် ဆိုးကျိုးရပေမည်။ ပြုသမျှတို့သည်လည်း နိဗ္ဗာန်မရမချင်း မည်သည့်အခါမျှ ပျောက်ပျက်မသွား၊ စံစား- ခံစားရမည်ချည်း ဖြစ်ပါသည်။ ဤတွင် တည်တောဆရာတော်ဟောပြောသည်ကို နမူနာပြုပါမည်။ ဆရာတော်က-

'အလှူအိမ်သွားလို့ ဖိနပ်အခိုးခံရပြီး ဖိနပ်ပျောက်တဲ့အခါ အချို့က ဖိနပ်ပျောက်တယ်၊ ဖိနပ်အခိုးခံရတယ်ဆိုပြီး လူသိရှင်ကြား ပြောကြတယ်။ အသိဉာဏ်ပညာရှိသူများကတော့ ဖိနပ်ခိုးခံရရင် ဘယ်သူ့ကိုမှအသိမပေးဘဲ တိတ်တိတ်ကလေးပြန်သွားတယ်။ဘာကြောင့်လဲဆိုတော့ ဖိနပ်ခိုးခံရတယ်လို့ ကြေညာရင် ကိုယ့်ကိုယ်ကိုယ် ဖိနပ်သူခိုးလို့ ကြေညာတာပဲ ဆိုတာကို သိလို့ပဲ'

(ယခင်ဘဝကဖိနပ်ခိုးခဲ့ဖူး၍ ယခုဘဝတွင် ဖိနပ်ခိုးခံရခြင်း ဖြစ်သည်)

ဟူ၍ ဖြစ်သည်။

သို့ဆိုက ကောင်းမှု၊ မကောင်းမှုတို့သည် ဘယ်တော့မှပျောက်ပျက်မသွားဘဲ တစ်ချိန်ချိန်တွင် တူသောအကျိုးပြန်ပေးမည်မှာ မလွဲဖြစ်ပေသတည်း။

ချောင်းဆုံအုန်းသွင်

မယ် ဆိုရင် နောက်လိုက်နွားတွေကလည်း သူ့နည်းအတိုင်း ကူးကြတာပဲ။ တကယ်လို့ ရှေ့ဆောင်နွားလားကြီးက ဖြောင့်ဖြောင့်တန်းတန်း ကူးမယ်ဆိုရင်တော့ နောက်လိုက်နွားတွေကလည်း သူ့အတုကိုယူပြီးတော့ ဖြောင့်ဖြောင့်ကူးကြပါလိမ့်မယ်။

ဒကာ၊ လူတို့ရဲ့ရပ်ရွာမှာလည်း ဒီအတိုင်းရှိပါလိမ့်မယ်။ လူအားလုံးတို့ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်တဲ့ မင်းက တရားနဲ့အညီ မပြုကျင့်ဘူးဆိုရင် တိုင်းသူပြည်သားတွေကလည်း မတရားတာတွေ ပြုလုပ်လာကြမယ်။ ဒီတော့ ရာသီဥတုတွေ ဖောက်ပြန်လာမယ်။ မိုးလေဝသ မမှန်တော့တဲ့အတွက် ပေါ်ပေါက်လာတဲ့ အသီးအနှံတွေမှာလည်း အဆိပ်ဩဇာတွေလျော့ပါးပြီးတော့ အရသာခါးလာကြလိမ့်မယ်။

ဒကာ၊ အဲသလိုမဟုတ်ဘဲ ပြည့်ရှင်မင်းက တရားနဲ့အညီ ပြုကျင့်မယ်ဆိုရင်တော့ တိုင်းသူပြည်သားတွေကလည်း ကောင်းတဲ့အပြုအမူကို အတုယူကြမှာပါ။ ဒီတော့ ရာသီဥတုတွေလည်း မှန်မယ်၊ မိုးလေဝသတွေလည်း ကောင်းလို့ အသီးအနှံတွေ ဖြစ်ထွန်းမယ်။ အနံ့၊ အရသာတွေနဲ့ ပြည့်စုံမယ်။ ဒီတော့ အရာရာမှာ မင်းလုပ်တဲ့သူတွေ သတိထားကြဖို့ပေါ့ကွယ်"

ဤသို့ အလောင်းတော်ရှင်ရသေ့က ရှင်းလင်းမိန့်ကြားလိုက်သဖြင့် ဗြဟ္မဒတ်မင်းသည် ကြည်ညို လေးမြတ်စွာ လက်အုပ်ချီ၍ မိမိ၏ အဖြစ်မှန်ကို လျှောက်ထားပြီးလျှင်-

"အရှင်ဘုရား၊ လူ့ဘောင်လောကကို ဦးဆောင်ဦးရွက်ပြုနေရတဲ့မင်းတွေ ကောင်းမှ အားလုံးအကုန် ကောင်းလာမယ်ဆိုတာ တပည့်တော် ယုံကြည်ပါပြီ။ တပည့်တော် လက်ခံပါပြီ။ အခုလောလောဆယ်မှာ အခါးအရသာပေါ်နေတဲ့ သစ်သီးတွေကို အရင်ကအတိုင်း အရသာတွေ ချိုလာအောင် တပည့်တော် ကြိုးစားပါ့မယ် ဘုရား"

ဤကဲ့သို့ အလေးအနက် ဝန်ခံလျှောက်ထားလိုက်လေသည်။

ဝဏ္ဏသီရိ



www.burmeseclassic.com

www.burmeseclassic.com

# စွန်းလွန်းဆရာတော် ရှင်ကဝိ (၁၇၇၈-၁၉၅၂)

မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း စွန်းလွန်းဆရာတော်အမည်ဖြင့် အလွန်ထင်ရှားသည်။ လူဝတ်ကြောင်ဘဝမှာပင် တရားထူးရ၍ ကိုရင်ဘဝဖြင့် တောထွက်ကျင့်ကြံအားထုတ်ရာ ရဟန်းကိစ္စပြီးမြောက်သည်ဟု ရှင်လူအများ၏ ယုံကြည်ကိုးစားခံရသည်။ အထူးသဖြင့် စာမတတ်ပေမတတ်၊ ဉာဏ်ထုံထိုင်းလှသည့် အရေးပိုင်ရုံး မင်းစေ၊ နောင်တောင်သူယာလုပ် ဆင်းရဲသား အိမ်ထောင်သည်ဘဝတွင် မြင်းခြံ စတီးဘရားသားကုမ္ပဏီ စာရေးကြီး ဦးဘစံထံမှ လယ်တီဆရာတော်၏ အာနာပါနတရား နာကြားရကာ ကျင့်ကြံအားထုတ်ခဲ့သည်။ တရားထူးရပြီး သာမဏေအဖြစ် ကျင့်ကြံအားထုတ်နေစဉ် မိတ္ထီလာ ရေလယ်ကျောင်းဆရာတော်၊ ပရိယတ်-ပဋိပတ်စွယ်စုံ ညောင်လွန့်တောရဆရာတော်၊ ပရိယတ်အကျော် ပဲခူး အဖျားရွာဖက်ပင်အိုင်ဆရာတော်၊ ကျမ်းပြုအကျော် တောင်သာဆရာတော် ရှင်အဂ္ဂဝံသတို့က တရားစစ်မေးရာ ကျေနပ်အားရခံရသည်။ ရသေ့ကြီးဦးခန္တီ၏လျှောက်ထားချက်အရ ညောင်လွန့်တောရဆရာတော် သထုံ နေမိန္ဒရတောင် သိမ်သမုတ်ရာ လိုက်ပါကူညီခွင့်ရခဲ့ရာ ပိုမိုထင်ရှားလာသည်။ လွတ်လပ်ရေးခေတ် ဦး သူဌေးကြီး ဆာဦးသွင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ လေကြောင်းပို့ဆောင်ရေးဉက္ကဋ္ဌ ဦးစံသိန်းတို့၏ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ ကြွရောက်တရားပြခဲ့ရာ စွန်းလွန်းဝိပဿနာဟု ထင်ရှားခဲ့သည်။ ခန္ဓာဝန်ချပြီး ရုပ်ကလာပ် မပုပ်မသိုး ကျန်ရစ်ရာ မြင်းခြံ စွန်းလွန်းဂူကျောင်း၌ ယနေ့တိုင်ဖူးမြော်နိုင်ပါသည်။



၁၃၀၉ ခုနှစ်က ရိုက်ကူးထားသောပုံတော်

## ကဝိ၊ ရှင်၊ စွန်းလွန်းဆရာတော်

၁၈၇၈ ခု၊ မတ်လ (၄) ရက်၊ တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အနီး စွန်းလွန်းရွာ၌ဖွားသည်။ အဖ တောင်သူ ဦးသန့်၊ အမိ ဒေါ်တုတ် ဖြစ်သည်။ မွေးချင်းသုံးယောက်တွင် အလတ်၊ အမည်မှာ မောင်ကျော်ဒင် ဖြစ်သည်။

ငယ်စဉ်က မြင်းခြံမြို့ မင်းကျောင်းဆရာတော်ထံ ပညာသင်သည်။ ဉာဏ်ထိုင်းလှ၍ စာကောင်းကောင်းမတတ်ဘဲ ကျောင်းထွက်ခဲ့ရသည်။ (၁၅) နှစ်တွင် မြင်းခြံမြို့ အရေးပိုင်ရုံးမှာ မင်းစေလုပ်သည်။ လခ (၁၀) ကျပ်ရသည်။ အရွယ်ရောက်လျှင် စွန်းလွန်းရွာသူ မငွေရီနှင့် အိမ်ထောင်ကျသည်။ သားသမီး(၄)ဦး ထွန်းကားရာ (၃) ဦးမှာ ငယ်စဉ်က ဆုံးပါးသည်။

အသက် (၃၀) နှစ်တွင် မင်းစေအလုပ်မှထွက်ပြီး မိဘရိုးရာတောင်သူယာလုပ်သည်။ စီးပွားဥစ္စာ တစ်စ တစ်စ ဖြစ်ထွန်းလာ၍ အသက် (၄၂) နှစ်တွင် အမိဋ္ဌာန်ဖြင့် ဘုရားဆီမီး တစ်ထောင် ပူဇော်ပြီး အလှူပေးသည်။ ကုသိုလ်ကောင်းမှုများပြု၍ အိမ်တွင် ဘုရားပင့်ပူဇော်ရာ မြင်းခြံမြို့ စတီးဘရားသားကုမ္ပဏီစာရေးကြီး ဦးဘစံထံမှ လယ်တီဆရာတော်၏ အာနာပါနတရား နာကြားခဲ့ရသည်။ ထိုအချိန်မှစ၍ အာနာပါနကျင့်စဉ်ကို မပြတ် ရှုမှတ် ကျင့်ကြံအားထုတ်ရာ လောကီအတြားအမြင်ရလာသည်။ ထို့နောက် မောင်ရင်ပေါ်ချောက်တောထဲသွား၍ ကျင့်ကြံအားထုတ်ရာ ၁၉၂၀ ပြည့်၊ ဩဂုတ်လ(၁၂)၊ ကြာသပတေးနေ့ ည (၁၀) နာရီခန့်၌ ပထမအကြိမ် တရားထူး၊ စက်တင်ဘာလ (၁၁)၊ စနေနေ့ ည (၁၀) နာရီခန့်၌ တတိယအကြိမ် တရားထူးများရခဲ့၏။

တတိယအကြိမ် တရားထူးရပြီး ဇနီးဖြစ်သူထံ သာသနာ့ဘောင်ဝင်ခွင့် အကြိမ်ကြိမ်တောင်းသည်။ ၁၉၂၀ ပြည့်၊ နိုဝင်ဘာလ (၁) ရက်၊ တနင်္လာနေ့တွင် ဘုန်းကြီး ဦးကျောက်ခေါ် ရှင်ဝီရိယထံ သာမဏေပြုသည်။ ဘွဲ့ ရှင်ကဝိ ဖြစ်သည်။ သာမဏေပြုပြီး စွန်းလွန်းရွာတောင်ဘက် မောင်ရင်ပေါ်ချောက်၌ တစ်ပါးတည်း အာနာပါနတရားရှုမှတ်သည်။ (၅)ရက်အကြာတွင် ဦးရွှေလုပ်သည် ရှင်ဝိဇယဘွဲ့ဖြင့် သင်္ကန်းဝတ်ပြီး အတူနေထိုင် ကျင့်ကြံအားထုတ်သည်။ နိုဝင်ဘာလ (၉) ရက်၊ အင်္ဂါနေ့ ည (၁၀)




www.burmeseclassic.com

www.burmeseclassic.com



၁၃၁၃ ခုနှစ် ရန်ကုန်
ဘောက်ထော်ဂူကျောင်းတွင် အရိယာသိမ်
သမုတ်ပြီးနောက် ရိုက်ကူးထားသော ပုံတော်



စွန်းလွန်း ဂန္ထကူဋိ သံသရာအေး စေတီတော်မြတ်ကြီးအား ဖူးမြင်ရပုံ

နာရီခန့်၌ စတုတ္ထအကြိမ် တရားထူးရသည်။

သာမဏေဝတ်ပြီး သုံးလခန့် အကြာ မိတ္ထီလာ ရေလယ်ကျောင်းဆရာတော်၏အမိန့်ဖြင့် သာမဏေ ရှင်ကဝိနှင့် ရှင်ဝိဇယတို့ ရေလယ်ကျောင်း၌ တရားစစ်မေးခံရသည်။ တရားစစ်ဆေးပြီး ကျေနပ်အားရလှ၍ ရေလယ်ကျောင်း၌ တစ်ဝါဆိုပြီး တရားပြသရန် စီစဉ်ပေးခံရသည်။ ထိုစဉ် ရေလယ်ဆရာတော်ပင့်လျှောက်၍ ပရိယတ်၊ ပဋိပတ် အကျော် ညောင်လွန့်ဆရာတော် ရှင်မေဓာဝီ ကြွရောက်တရားစစ်ဆေးသည်။ ရေလယ်ဆရာတော်၏ တိုက်တွန်းမှုဖြင့် ၁၉၂၁၊ ဧပြီ (၄)၊ တနင်္လာနေ့ ရှင်ဝိဇယနှင့်အတူ မိတ္ထီလာ ရေလယ်ကျောင်းသိမ်၌ ရဟန်းပြုသည်။ ရဟန်းဘွဲ့ ရှင်ကဝိဖြစ်သည်။ ဥပဇ္ဈာယ်ဆရာအဖြစ် ဟင်ရန်ကန်ဆရာတော်၊ ကမ္မဝါစာ ဆရာတော်အဖြစ် ရေလယ်ဆရာတော်နှင့် ညောင်လွန့်တောရ ဆရာတော်တို့က ဆောင်ရွက်သည်။ ရဟန်းဒါယကာမှာ မိတ္ထီလာမြို့ ပွဲစား ဦးပေါ၊ ဒေါ်ကျီးညိုဖြစ်သည်။

၁၉၂၂ ခု၊ ရဟန်း (၁)ဝါရတွင် ဒါယိကာမ ဒေါ်ရွှေရီ၏ပင့်လျှောက်ချက်အရ စွန်းလွန်းရွာအရှေ့ မောင်ရင်ပေါ်ချောက်၌သီတင်းသုံး၍ အာနာပါနကမ္မဋ္ဌာန်း ဟောပြောပြသည်။ ၁၉၂၃ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီ၏ လျှောက်ထားချက်အရ ညောင်လွန့်ဆရာတော် ရှင်မေဓာဝီ ဦးဆောင်၍ သထုံမြို့ နေမင်းရတောင် သိမ်သမုတ်ပွဲ ကြွရောက်ရာ မိတ္ထီလာ ရေလယ်ဆရာတော်၊ ဂြုပ်ဟင်းဆရာတော် ရှင်တိက္ခ၊ ညောင်လွန့်အိုင် ရှင်ကဝိန္ဒ၊ မောင်ရင်ပေါ်ချောက် ရှင်ဝိဇယတို့နှင့်အတူ လိုက်ပါ၍ ကူညီဆောင်ရွက်ရာ ပိုမိုထင်ရှားလာသည်။

' တရားထူးရသည်၊ ရဟန်းကိစ္စပြီးမြောက်သည်ဟု ထင်ရှားကျော်စော၍ ၁၉၂၅ ခုတွင် ပရိယတ်နှင့် ဗေဒအကျော် ပခုက္ကူ အဗျားရွာ ဖက်ပင်အိုင်ဆရာတော် ရှင်ဒီပ၊ ၁၉၃၀ ပြည့်နှစ်တွင် 'တစ်မိုးအောက် တစ်အင်္ဂ' ဟု ထင်ရှားသော ကျွမ်းပြုအကျော် တောင်သာဆရာတော် ရှင်အဂ္ဂဝံသတို့၏တရားစစ်ဆေး မေးမြန်းမှု ခံယူသည်။

၁၉၂၃ ခုနှစ်ကပင် မောင်ရင်ပေါ်ချောက်ကျောင်းကို ရဟန်းခံဖက် ရှင်ဝိဇယအား လွှဲအပ်၍ ယခု စွန်းလွန်းဂူကျောင်းတည်ရာတွင် နတ်ညွှန်းရွာဦးတိုး (နောင် ရဟန်းတော် ရှင်ကုန္ဒြိယ) လှူဒါန်းသောကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးရာ စွန်းလွန်းဂူကျောင်း စွန်းလွန်းဆရာတော် အမည်တွင်သည်။ လွတ်လပ်ရေးရပြီး ဝန်ကြီးချုပ်ဦးနု၏ တရားဓမ္မဆိုင်ရာအမေးများကို ဖြေကြားသည်။ ၁၉၅၂ ခုတွင် ရန်ကုန်တပည့်များ ပင့်လျှောက်ချက်အရ ဘောက်ထော် စွန်းလွန်းဂူကျောင်းတိုက်ခွဲ သိမ်သမုတ်ပွဲ ကြွရောက်၍ 'အရိယာသိမ်တော်' ဟု သမုတ်ခဲ့သည်။ ထို့နောက် သူဌေးကြီး ဆာဦးသွင်၊ နိုင်ငံတော် လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံသိန်းတို့ ပင့်လျှောက်၍ ရန်ကုန် သာသနာ့ရိပ်သာ ကြွရောက် တရားဓမ္မဟောပြသည်။ ရန်ကုန် ဘောက်ထော် စွန်းလွန်းဂူကျောင်းတိုက်ခွဲကို တပည့်ကြီး ရှင်သုန္ဒရအား လွှဲအပ်သည်။

ရန်ကုန်မှအပြန် သက်တော် (၇၆)၊ သိက္ခာ (၃၂) ဝါအရ ၁၉၅၂ ခုနှစ်၊ မေလ (၁၇) ရက်၊ စနေနေ့ ညနေ (၅) နာရီခန့်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း၌ ခန္ဓာဝန်ချခဲ့ပါသည်။ ၁၉၅၂ ခု၊ မေလ (၂၄) ရက်၊ စနေနေ့ညတွင် မြန်မာနိုင်ငံတော် အသံလွှင့်ဌာနက-

'မြင်းခြံမြို့ ကျေးဇူးတော်ရှင် စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော ကဆုန်လဆုတ် (၉) ရက်၊ စနေနေ့က ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာ ကြွင်းကျန်သော ရုပ်ကလာပ်တော်သည် မပြုမပြင် နဂိုနေအားဖြင့် ပုပ်သိုးဆွေးမြည့် ပျက်စီးခြင်း မရှိဘဲ ပကတိအတိုင်း ကိန်းဝပ်လျက်ရှိရာ လွန်စွာ ထူးခြားသောဝိသေသကို ဆောင်လျက်ရှိကြောင်း' ကြေညာခဲ့ပါသည်။

မောင်ဇေယျာ



www.burmeseclassic.com

www.burmeseclassic.com

ပထမံဝိဇ္ဇာစရထွက်ရပ်ပေါက် လောကီပညာနှင့်

# ကျေးရှူးရှင် စစ်ကွင်းဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသ

ပထမံဦးအေးရွှေ

## ငယ်စဉ်ကာလ ဖြတ်သန်းရ

စစ်ကွင်းဆရာတော်ဘုရားကြီးသည် မိုးညှိဇာတိ ဖြစ်၏။ ဆရာတော်ဘုရားကြီး၏ခမည်းတော်သည် နောင်သောအခါတွင် ပထမံလမ်းစဉ်ဖြင့်ထွက်ရပ်စခန်းသို့ မြန်းကြွခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့်လည်း ဦးသာအေးအား ပထမံလမ်းစဉ် လိုက်စားသူတို့က အဘ ဘိုးသာအေးအဖြစ် လူသိများကြ၏။

အဆိုပါ စစ်ကွင်းဆရာတော်ကြီး၏ မူလဇာတိဖြစ်သော မိုးညှိဒေသမှာ လူဆိုးလူမိုက် လွန်စွာပေါများသောဒေသ ဖြစ်၏။ ထစ်ခနဲရှိလျှင် ရိုက်ဟယ် နှက်ဟယ်၊ ထိုးဟယ်ကြိတ်ဟယ် ပြုလုပ်ကြသောစရိုက် ရှိ၏။ ထို့ကြောင့်လည်း အဖေဖြစ်သူ ဦးသာအေးက သားဖြစ်သူ၏နောင်ရေးနှင့် ဘဝရှေ့ရေးတို့ကိုတွေးတောပူပန်ကာ အမြဲလိုလို စိုးရိမ်ကြောင့်ကြနေခဲ့ရလေ၏။ စစ်ကွင်းဆရာတော်ကြီး၏ ငယ်နာမည်မှာ 'မဲလုံး' ဖြစ်၏။ အသားအရေ ပြည့်ပြည့်ကျစ်ကျစ်နှင့် ခပ်လုံးလုံး ပုံသဏ္ဍာန် ဖြစ်သောကြောင့် မဲလုံးဟု နာမအမည် မှည့်ခေါ်ခဲ့ခြင်း ဖြစ်၏။ နောင်သောအခါတွင် ထိုနယ်သားများက သူ့ကို 'မဲလေး' ဟူသော ဘွဲ့အမည်ပေးခဲ့ကြ၏။ မဲလေးသည် စိတ်ဆတ်စိတ်မြန်သူပီပီ မကြာခဏ ရန်ပွဲများ ဖြစ်ပွားရလေသည်။

နောက်ဆုံးတွင် အဖဦးသာအေး သည် သားဖြစ်သူ မဲလေး၏နောင်ရေး စိတ်အေးရရန်အတွက် တစ်စုံတစ်ရာကို ပြတ်သားစွာ စိတ်ဆုံးဖြတ်ခဲ့လေ၏။ ထို ဆုံးဖြတ်ချက်ကား သားဖြစ်သူကို မည်သည့်နည်းနှင့်မဆို သာသနာ့ဘောင်သို့ မရအရ သွတ်သွင်းရန်ပင် ဖြစ်၏။ ထို့ကြောင့် ဦးသာအေးသည် သား မဲလေး ကို စစ်ကွင်းမြို့ရှိ ထန်းပင်ကွင်းဆရာတော်ထံသို့ ခေါ်ဆောင်သွားခဲ့၏။ ထန်းပင်ကွင်းဆရာတော်၏ဘွဲ့တော်မှာ 'ဘိုးဝဏ္ဏ' ဖြစ်၏။

ဆရာတော်ကျောင်းသို့ ရောက်ရှိခဲ့ပြီးနောက် မဲလေးအား နားချကာ ရှင်သာမဏေ ပြုပေးခဲ့လေသည်။ ရှင်သာမဏေပြုပြီးနောက် ဘွဲ့အမည်မှာ အင်္ဂါသားဖြစ်သဖြင့် 'ရှင်စန္ဒောဘာသ' ဟု အမည်သညာ မှည့်ခေါ်ခဲ့လေ၏။

ရှင်စန္ဒောဘာသ၏ ပထမဦးဆုံး ငယ်ဆရာဖြစ်သည့် ထန်းပင်ကွင်းဆရာတော် ဘိုးဝဏ္ဏမှာလည်း ခေသူမဟုတ်ပေ။ ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်၏။ ထိုထူးခြားချက်မှာ ဘိုးဝဏ္ဏသည် ခွေး၊ ကြောင်၊ ကြက်၊ ငှက် စသည့် သတ္တဝါများနှင့် ကောင်းစွာ စကားပြောနိုင်ခြင်းပင် ဖြစ်၏။ ထို့အပြင် ထန်းပင်ကွင်းဆရာတော်၏ ထူးဆန်းသောအကျင့်တစ်ခုမှာ တစ်နှစ်လျှင် တစ်ကြိမ်သာ ရေချိုးခြင်းပင် ဖြစ်၏။

ရှင်စန္ဒောဘာသသည် ထန်းပင်ကွင်းဆရာတော်ထံတွင်ပင် ဗုဒ္ဓဘာသာဆိုင်ရာ အခြေခံပရိယတ္တိစာပေများကို သင်ယူခဲ့၏။ ဤသို့ဖြင့် ရှင်စန္ဒောဘာသသည် အချိန်တန်အရွယ်ရောက်၍ အသက် (၁၉) နှစ်ကျော်သောအခါတွင် စစ်ကွင်းမြို့မှ ရဟန်းအမကြီးတစ်ဦး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြတ်သော ရဟန်းဘောင်သို့ တက်ရောက်ခဲ့လေ၏။ ဦးစန္ဒောဘာသသည် ရဟန်းဘောင်သို့ ရောက်ရှိပြီးနောက်တွင်လည်း ထန်းပင် ကွင်းဆရာတော်ထံ၌ပင် ပရိယတ္တိစာပေများကို ဆက်လက် သင်ယူလေ့လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နေထိုင်သီတင်းသုံးတော်မူနေစဉ် ဦးစန္ဒောဘာသသည် ထူးခြားသော အဖြစ်အပျက်တစ်ရပ်နှင့် ကြုံတွေ့ရလေ၏။ ထိုအတွေ့အကြုံမှာ သူ၏ရဟန်းအမဖြစ်သူ၏ သမီးသည် သူတစ်ပါးပြုစားခံရ၍ ပယောဂဝေဒနာကို ခံစားနေရခြင်းပင် ဖြစ်၏။ ထိုပယောဂဝေဒနာသည် တစ်နေ့တခြား ဆိုးသည်ထက် ဆိုးလာခဲ့၏။ ထို့ကြောင့် ရဟန်းအမကြီးသည် ယမီးဖြစ်သူ၏ဝေဒနာပျောက်ကင်းစေရန် ပယောဂဆရာနှင့် ကုသခဲ့လေ၏။ သို့သော် မည်သို့မျှအကြောင်းမထူးလာခဲ့ပေ။ ထို့ကြောင့်လည်း အခြားသော ပယောဂဆရာနှင့် ပြောင်းကုခဲ့ပေသည်။ သို့သော် ထူးခြားမလာခဲ့ပေ။ ထို့ကြောင့်လည်း ရဟန်းအမကြီးသည် တစ်ယောက်မကောင်း တစ်ယောက်ပြောင်းဖြင့် ကုသလာခဲ့ရာ ပယောဂဆရာအပေါင်းတို့သာ မျိုးစုံခဲ့လေသည်၊ သမီးဖြစ်သူ၏ ဝေဒနာကား ပျောက်ပါးသည်ဟူ၍ မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုရဟန်းအမကြီးနှင့် သမီးဖြစ်သူတို့၏အဖြစ်ဆိုးကို ကိုယ်တွေ့ မြင်တွေ့ရဖန်များသောအခါ ဦးစန္ဒောဘာသသည် လွန်စွာလည်း သနားလှ၏။ စိတ်မကောင်းလည်း ဖြစ်ရ၏။ လွန်စွာလည်း မခံချိမခံသာ ဖြစ်ရလေ၏။ ထို့ကြောင့် ဆရာတော်သည် နောက်ဆုံးဒီပယောဂကို ငါကိုယ်တိုင်ကုမယ်ဟူ၍ သန္နိဋ္ဌာန်ချလိုက်တော့၏။

ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် စစ်ကွင်းဆရာတော်သည် ရဟန်းအမကြီးထံမှ ငွေအနည်းငယ်ကို တောင်းယူပြီး ပယောဂပညာသင်ယူရန်အတွက် အထက်အညာဒေသ ယောနယ်၊ ဆောနယ်ဘက်သို့ ပယောဂပညာသင် ထွက်ခဲ့၏။

ထိုသို့ ပညာသင်ထွက်ခဲ့ပြီးနောက် မကြာမတင်မီတွင် ယောနယ်မှ ပယောဂကုဆေးကို ရရှိလေတော့၏။ ဤသို့ဖြင့် ပယောဂကုပညာသင်ပြီး ပညာစုံသောအခါ ဆရာတော်သည် စစ်ကွင်းသို့ ပြန်ကြွလာခဲ့လေ၏။

အဆိုပါ ယောနယ်မှရရှိလာသည့် ပယောဂကုပညာ၏လုပ်နည်း အစီအစဉ်မှာ ဦးစွာပထမ ပယောဂအား လုပ်ထားသည့် ပညာသည်ကိုခေါ်မည် ဖြစ်၏။ ပညာသည်ရောက်ရှိလာလျှင် ထိုပညာသည်အား ချုပ်နှောင်မည်၊ ပြီးလျှင် ပညာပြန်နုတ်ယူရန် မေတ္တာရပ်ခံမည်၊ မေတ္တာရပ်ခံ၍မှမရလျှင် မျက်စဉ်းခတ်မည်ဟူသော အဆင့်ဆင့်အစီအစဉ်များ ရှိလေ၏။

ယောနယ်မှရရှိသော ပယောဂကုဆေးတောင့်မှာ နှစ်တောင့်ဖြစ်၏။ ဆေးတစ်ထောင့်မှာ အောက်ဆေးဖြစ်ပြီး ကျန်တစ်တောင့်မှာ အထက်ဆေး ဖြစ်လေ၏။ ထိုဆေးများသည် ယောနယ်၏ အဆင့်အတန်းအရ အလွန်အဆင့်မြင့်သော ပယောဂကုဆေးများ ဖြစ်၏။

ပယောဂကု အောက်ဆေးအား သွေးပြီး ခြေမကို ခတ်မည်ဆိုပါက လုပ်ထားသော ပယောဂပညာသည်သည် မျက်စိကန်းမည်ဖြစ်၏။ သို့တည်းမဟုတ် ပယောဂကု အထက်ဆေးအား သွေးပြီး မျက်လုံး၌ မျက်စဉ်းခတ်မည်ဆိုပါက လုပ်ထားသော ပညာသည် အပါအဝင် ဆရာစဉ်ဆက် (၇) ဆက်လုံး မျက်စိကန်းစေသောဆေး ဖြစ်၏။ ထိုမျှအစွမ်းထက်သော ပယောဂဆေးများ ရရှိလာပြီဖြစ်၍ ဆရာတော်သည် စစ်ကွင်းသို့ ရောက်ရှိသည်နှင့် ပယောဂကုရန် စတင်စီစဉ်လေ၏။

ပယောဂကို စတင်ကုသောအခါ စစ်ကွင်းဆရာတော်သည် လုပ်ထားသည့် ပညာသည်ကို ခေါ်လိုက်၏။ ထိုအခါ ပညာသည် ရောက်လာသည်။ ရောက်ရှိလာသော ပညာသည်က ခရီးရောက်မဆိုက်ပင် စကားဆိုလာ၏။

"မောင်ပဉ္စင်း၊ မျက်စဉ်းလေးများကော မပါဘူးလား"

ဟု မေးလိုက်၏။ ထိုသို့ မေးခွန်းမေးခြင်းမှာ ပယောဂပညာသည်သည် စစ်ကွင်းဆရာတော်ထံ၌ ပယောဂကု မျက်စဉ်းရှိနေသည်ကို ကြိုတင်သိသည့် သဘောပင် ဖြစ်၏။ ထို့အပြင် ထိုသို့သော မေးခွန်းမေးခြင်းမှာ သူ၏ပညာ မည်မျှမြင့်ကြောင်းကို ပြသည့်သဘောလည်း ဖြစ်၏။ ထိုအခါ ဆရာတော်က စဉ်းစားမိသည်မှာ-

'ပညာသည်က ပြောတောင်မပြောရသေးဘူး၊ ဆေးတောင် စ,မကုရသေးဘူး ငါလုပ်မယ့်ကိစ္စကို ကြိုသိနေပါလား' ဟု တွေးမိကာ စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေ၏။ ထို့ကြောင့် ဆရာတော်လည်း ဒီပညာသည်က လွယ်မယ်တော့ မဟုတ်ဘူးဟု တွေးမိပြီး ပထမအနေဖြင့် ခြေမကိုသာ ဆေးခတ်ရန် စီစဉ်ထားသော်လည်း ပညာသည်က ဤသို့ မထီမဲ့မြင်သဘောဖြင့် ရွဲ့သည်ဟု ထင်မိ၏။ ထို့ကြောင့် ခြေမကိုဆေးခတ်ရန် အစီအစဉ်ကို ပြောင်းပြီး မျက်လုံးအား မျက်စဉ်းခတ်ထည့်လိုက်၏။

ထိုအခါ ပညာသည်သည် မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီးနောက်-

"အင်း- မောင်ပဉ္စင်းခတ်တဲ့ မျက်စဉ်းကြောင့် အခုမှပဲ အမေ့မျက်လုံး ကြည်လာပြီး ပိုလို့တောင် ကြည့်လို့ကောင်းလာတယ်"

ဟု ပြောလိုက်၏။

ထိုအခါ ဆရာတော်လည်း ဤပယောဂကိုကုသ၍ မရနိုင်သဖြင့် စိတ်ဓာတ်ကျပြီး ကျောင်းသို့ ပြန်လာခဲ့၏။ ထို့နောက် ခါတိုင်းပြုနေကျအလုပ်ဖြစ်သော ဆွမ်းခံကြွသည့်အလုပ်ကိုပြုလုပ်ခဲ့လေ၏။ ထိုသို့ဆွမ်းခံကြွရာတွင် ဆရာတော်၏ မျက်နှာမသာမယာပုံကိုကြည့်၍ ဆွမ်းခံကြွနေကျအိမ်တစ်အိမ်ရှိ မယ်တော်ကြီးက-

"ဘယ်လိုလဲ သားမောင်ပဉ္စင်း၊ မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လာလို့လဲ"

ဟု မေးသောအခါ ဆရာတော်က အကြောင်းစုံကို ပြောပြလိုက်၏။ ထိုအခါ မယ်တော်ကြီးက-

"တဲ- ဒီလိုလုပ်၊ သားမောင်ပဉ္စင်း ဒီနေ့ဆွမ်းခံမကြွနဲ့။ အမေ့အိမ်မှာပဲဆွမ်းစားတော့၊ အမေ ကပ်မယ်"

ဟု ပြောလေ၏။

ထို့နောက် စစ်ကွင်းဆရာတော်လည်း ဆွမ်းခံဆက်မကြွတော့ဘဲ မယ်တော်ကြီးထံတွင်ပင် ဆွမ်းစားရန်စီစဉ်လေ၏။ ထိုအခါ မယ်တော်ကြီးကလည်း ဆွမ်းပွဲပြင်ပြီး ငါးကြော်ပန်းကန်ကိုချကာ ဆရာတော်အား ဆွမ်းကပ်၏။ ဆရာတော်လည်း ဆွမ်းဘုဉ်းပေးဖို့ ငါးကြော်ပန်းကန်သို့ နှိုက်သောအခါ ငါးကြော်များသည် ဟိုလှုပ် ဒီလှုပ်၊ ဟိုရွေ့ ဒီရွေ့ဖြစ်နေသဖြင့် ငါးကြော်ကို လက်ဖြင့် မဖမ်းမိဘဲ ဖြစ်နေလေ၏။

ထိုအခါတွင် မယ်တော်ကြီးက ဆရာတော်အား သားလိုခင်မင်သဖြင့်-

"မောင်ပဉ္စင်းရဲ့ စားခွက်နှိုက်ဆေးကမဆိုးပါဘူး၊ မူလမပြန်တာဘဲရှိတယ်"

ထိုအခါ ဆရာတော်က မယ်တော်ကြီးကို မူလပြန်တယ်ဆိုတာ ဘာလဲဟုမေးတော့ မယ်တော်ကြီးက-

'မူလပြန်တယ်ဆိုတာ ဒီလို' ဟု ပြောပြီး ငါးကြော်လေးများကို မည်သို့ ပြုလုပ်လိုက်သည် မသိ၊ ငါးကြော်များသည် ထန်းရွက်ခြောက်များဖြစ်နေသည်ကို တွေ့ရှိရလေ၏။

ထိုအခါ ဆရာတော်က-

"ပယောဂဖြစ်နေတဲ့ မိန်းကလေးကိုပညာနဲ့လုပ်ထားတာ အမေလား"

လို့ မယ်တော်ကြီးကို မေးလိုက်၏။

"သားမောင်ပဉ္စင်းရဲ့ ရဟန်းအမကြီးသမီးက အမေ့ကို မထီမဲ့မြင် မောက်မောက်မာမာလုပ်ခဲ့လို့ အမေက ပညာပြလိုက်တာ"

ဟု ပြောပြီးနောက်-

"တဲ- သားမောင်ပဉ္စင်း၊ ဆွမ်းစားပြီးသွားရင် ရဟန်းအမကြီးရဲ့သမီးဖြစ်သူကို ဆေးသွားပြန်ကုလိုက်။ အမေ ပညာနုတ်ထားလိုက်မယ်"

ဟု ပြောလိုက်၏။

ဆရာတော်လည်း ကျောင်းပြန်သွားပြီး လူနာဖြစ်သော ရဟန်းအမကြီးသမီးအား ဆေးကုပေးလိုက်သောအခါ လူနာလည်း မူလပကတိအတိုင်းပင် ပြန်ကောင်းသွားတော့၏။

နောက်နေ့တွင် ဆရာတော်လည်း မယ်တော်ကြီးထံ ဆွမ်းခံကြွပြီး မယ်



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးအား ထိုပညာကို သင်ပေးပါရန် တောင်းဆိုလေ၏။ ထိုအခါ မယ်တော်ကြီးက-

"သား မောင်ပဉ္စင်း၊ ဒီပညာဟာ သားမောင်ပဉ္စင်းနဲ့ မသင့်လျော်ပေဘူး"

ဟု ပြောလိုက်သောအခါ စစ်ကွင်းဆရာတော်ကလည်း-

"မယ်တော်ကြီး သင်မပေးလို့ရှိရင်လည်း ဒီပညာကို မရ,ရအောင်ကို သင်မယ်"

ဟု ပြောလိုက်သောအခါ မယ်တော်ကြီးက-

"မောင်ပဉ္စင်းအနေနဲ့က ဒီပညာကို မရ,ရအောင် သင်မယ်ဆိုရင်တော့ ဒီလိုလုပ်ပါ၊ မောင်ပဉ္စင်းနဲ့သင့်လျော်မယ့် ပညာကို မယ်တော်ကြီး ရှာပေးမယ်"

ဟု ဆိုကာ ဆရာတော်အား တစ်ရက်သတ်မှတ် ချိန်းလိုက်၏။

ဆရာတော်လည်း ရက်ချိန်းစေ့သောအခါ မယ်တော်ကြီးထံ သွားလေ၏။ မယ်တော်ကြီးထံ ရောက်သောအခါ၎င်းက-

"သား မောင်ပဉ္စင်း၊ အမေ့ဆီမှာ ဆွမ်းစားပြီး အမေပြန်လာတဲ့အထိ ဒီကနေပဲ စောင့်ပါ"

ဟု ပြောပြီးနောက် မယ်တော်ကြီးသည် မျက်နှာကို လက်ဝါးဖြင့်သပ်လိုက်သောအခါ လင်းတကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားလေ၏။ ထို့နောက် လင်းတကြီးသည် အပြင်သို့ပျံထွက်သွားလေ၏။

ဤကဲ့သို့ လင်းတယောင်ဆောင်ထားသော မယ်တော်ကြီးသည် ကောင်းကင်၌ ပျံရင်း ပညာရှာဖွေသောအလုပ်ကို နေရာအနှံ့ ပြုလုပ်လေ၏။

ဤသို့ပညာရှာရင်း ပုပ္ပားတောင်သို့ရောက်သွားခဲ့လေ၏။ ပုပ္ပားတောင်သို့ရောက်သောအခါ လူအမည် ဦးရွှေအိုး၊ ရဟန်းဘွဲ့တော် ဦးတိဿအမည်ရသော ဆေးဝိဇ္ဇာဆရာတော်ကြီးကို ရှာတွေ့ခဲ့လေ၏။

ဆေးဝိဇ္ဇာ ဆရာတော်ကြီး ဦးတိဿသည် ဆေးကြိတ်သော ကျောက်ပျဉ်နှင့် ကျောက်တလိမ့်တုံးတို့ကို အင်းစီမံပြီး ဆေးသွေးသောအခါတွင် ကမ္မဋ္ဌာန်းကိုခေါ်သွင်းပြီး ဆေးကိုကြိတ်စေခဲ့၏။ ဆေးကြိတ်သောအခါတွင် အဆိုပါဆေးကြိတ်သည့်နေရာ အပေါ်တည့်တည့်၌ ပိတာန် မျက်နှာကြက်လုပ်ပြီး ထိုပိတာန်၏အလယ်တည့်တည့်တွင် အပေါက်ဖောက်ထားလေ၏။ ထိုအပေါက်၏အောက်တည့်တည့်၌ ဆေးသွေးသောကျောက်ပျဉ်နှင့် ဆေးကြိတ်သောကျောက်တလိမ့်တုံးတို့ကို တည့်တည့်ထားလေ၏။ ထိုအခါ ဆေးဝိဇ္ဇာကြီးက နှုတ်ဖြင့် 'သဇင်နီကျလာ' ဟု ပြောလျှင် သဇင်နီကျလာ၏။ ထိုအခါ သဇင်နီကို ကြိတ်၏။ ထို့နောက် 'သဇင်နက်ကျလာ' ဟု ပြောလျှင် သဇင်နက် ကျလာပြီး သဇင်နက်ကို ကြိတ်၏။ ဂမုန်းနီ၊ ဂမုန်းနက်လည်း ထို့အတူပင် ဖြစ်၏။ သိုက်ဝင်ပစ္စည်းတွေကို ငါသွားရှာမယ် ဆိုပါက မကြာခင်ရောက်လာ၏။ တောင်းလျှင်တောင်းသလောက် ချပေးလေ၏။

အဆိုပါ ဆရာတော် ဦးတိဿသည် သာမန်လူများ မလုပ်နိုင်သည့်အရာကို လုပ်ပြနိုင်သော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။ သူသည် မြန်မာပြည်တွင် ပယောဂနှင့်ပတ်သက်ပါက ဦးတိဿတစ်ပါးသာ ရှိသည်ဟု ဆိုရမည်ပင် ဖြစ်၏။ ဦးတိဿက ထိုမျှအထိအစွမ်းထက်၏။

သို့ဖြင့် ပညာသွားရှာသော မယ်တော်ကြီးသည် စစ်ကွင်းသို့ပြန်ရောက်လာကာ ဦးစန္ဒောဘာသအား အကျိုးအကြောင်းပြောပြပြီး ပုပ္ပားတောင်မှ ဆရာတော် ဦးတိဿထံ ပညာသင်ရန် လွှတ်လိုက်လေ၏။

မယ်တော်ကြီးသည် ဆရာတော်အား အင်္ဂလိပ်ခေတ်သုံး ရာတန်နှစ်ရွက်ကိုပေးပြီး နှုတ်မှ-

"သားမောင်ပဉ္စင်းကို နတ်သွင်းပြေးနိုင်မှ ပညာကိုသင်ခဲ့"

ဟု မှာလိုက်၏။ ပြီးလျှင် မယ်တော်ကြီးသည် သူ့ထံ၌ရှိသော ဇော်ဂနီအရုပ်လေးကိုပေးပြီး-

"သားမောင်ပဉ္စင်း၊ အရေးကြုံရင် အမိုးအကာမရှိတဲ့ ကျောင်း, ဇရပ်, အိမ်အပြင်ထွက်ပြီးတော့ ဟောဒီ ဇော်ဂနီရုပ်ကလေးကို လက်ဝါးပေါ် တင်ပြီး 'သာပင်နံ့ ဗိန္ဒု ဇော်ဂနီနတ်ကြီး ဘယ်သူ့ဆီသွားပါ' ဆိုပြီး ခိုင်းလို့ရတယ်"

ဟု မှာလိုက်လေ၏။

ထို့နောက် ဆရာတော်လည်း ပုပ္ပားရှိ ဆရာတော်ဦးတိဿထံ ပညာသင်ရန် ရောက်ရှိခဲ့၏။ စစ်ကွင်းဆရာတော်လည်း ပညာသင်ဖို့အတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ရစေရန် မိတ်ဆွေရဟန်းတစ်ပါးကိုပါ အဖော်အဖြစ် အတူခေါ်သွားခဲ့၏။

ထိုသို့ စစ်ကွင်းဆရာတော်လည်း ပုပ္ပားရောက်ချိန်၌ ဆရာတော်ဦးတိဿ၏တပည့် နတ်ဆရာကြီး လေးယောက်တို့သည် စစ်ကွင်းဆရာတော်နှင့်အဖော်ရဟန်းတော်တစ်ပါးတို့အား ပညာသင်ကြားပေးရန်အတွက် ဦးစွာ ပထမဆုံး နတ်သွင်းတော့၏။ ထိုအခါ နတ်သည် မည်သို့မျှမဝင်ဘဲ ရှိနေ၏။ ထို့ကြောင့်လည်း သူတို့သည် အထူးပင် ဝါယမစိုက်ထုတ်ကာ နတ်သွင်းခြင်းကိစ္စကို ဆောင်ရွက်ကြ၏။ သို့သော်လည်း နတ်သည် မည်သို့မျှ သွင်း၍မရပေ။ ထို့ကြောင့် အဆိုပါ နတ်ဆရာကြီး လေးယောက်အား နတ်သွင်းသောအခါ လေးယောက်စလုံး နတ်ဝင်ပူးတော့၏။ ထိုနတ်ဆရာကြီး လေးယောက်တို့သည် နတ်ပူး၍ အချိန်စေ့သောအခါ ထိုနတ်တို့ကို ပြန်ထုတ်လေ၏။ ထိုအခါတွင်မှ ပြဿနာသည် စ,တော့၏။

အဘယ်ကြောင့်ဆိုသော် ထိုနတ်ဆရာကြီးလေးယောက်အား ဝင်ပူးနေသော နတ်တို့ကို မည်သို့မျှ ပြန်ထုတ်၍ မရသောကြောင့်ပင် ဖြစ်၏။ ဘယ်လိုပင် တောင်းပန်ပြီး နတ်များကို ပြန်ထုတ္တုထုတ်၊ နတ်များကမထွက်တော့ဘဲ ကြီးကျယ်စွာသောအခက်အခဲကို တွေ့ရလေတော့၏။

ထိုအခါ အဆိုပါ နတ်ပွဲသို့ လာကြည့်သူများမှတစ်ဆင့် နတ်များပြန်မကြောင်းသတင်းသည် ပို၍ ပျံ့နှံ့သည်ထက် ပျံ့နှံ့သွားပြီး ထိုကိစ္စအား ဆရာတော် ဦးတိဿ သိသွားလေ၏။ နတ်ပွဲလာသူများလည်း များသည်ထက် များလာ၏။ ပို၍ လူအုံလာ၊ လူများလာ၏။

အချိန်ကလည်း အတော်ကြာမြင့်ပြီး နှောင်းသည်ထက် နှောင်းလာ၏။ မှောင်စပင် ပျိုးလာတော့၏။ တဖြည်းဖြည်းနှင့် ထိုသတင်းသည် ပို၍ ဥက္ကောဋ္ဌေယျ (ရုတ်ရုတ်သဲသဲ) ဖြစ်ပြီး လူကလည်း ပို၍ ပို၍သာ များလာ၏။ တစ်ယောက်တစ်ပေါက်ဝေဖန်သံ၊ အကြံပေးသံ၊ ညည်းညူသံများဖြင့် ပွက်လောရိုက်နေလေတော့သည်။ ထိုအဖြစ်အပျက်ကြောင့် ထိုနတ်ပွဲ၏ ဦးစီးဦးကိုင်ဖြစ်သော ဆရာတော်ဦးတိဿသည် အလွန်ပင် အရှက်ရ သိက္ခာကျသည့်အဖြစ်မျိုးကိုကြုံပြီး အကျဉ်းအကျပ်ဖြစ်နေလေတော့၏။

**ထိုအချိန်တွင်. . .။**

(ရှေ့လဆက်ဖတ်ပါရန်)

ပထမံဆရာဦးအောင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံတင်နိုင်ဝင်း
ဖွားသောနေမီး



သတ္တဝါတို့သည် အများများသော လောကီနယ်ထဲတွင် ကျင်လည်နေကြရသည့်အား လျော်စွာ နိစ္စဓူဝ အမှားကိုသာ အများဆုံးပြုလုပ်နေကြလေသည်။ လောဘ၊ ဒေါသ စသော ကိလေသာထူပြောမှုကြောင့် လုပ်သမျှ မှားရခြင်း ဖြစ်လေ၏။ ထို့ထက် ဉာဏ်ပညာ မထွန်းလင်းကြသဖြင့် လုပ်မိသောအမှားကိုပင် အမှားမှန်းမသိကြဘဲ ထိုအမှားကိုပင် အမှန်ထင်လျက် ဆက်လက် လုပ်ကိုင်ကြရင်း အကုသိုလ်နွံအိုင်ထဲမှ ရုန်းမထွက်နိုင်ဘဲ နစ်မွန်းကြရလေတော့သည်။

သို့သော် လိမ္မာပါးနပ်သောသူတို့ကား မိမိ၏လုပ်ရပ်ကို အမှား၊ အမှန် မခွဲခြားနိုင်သော်လည်း မိမိအတွက် အကျိုးမဲ့သည်ကိုသိလျှင် သိသိချင်း ထိုလုပ်ရပ်အား ရပ်တန့်စွန့်ခွာလျက် အကျိုးဖြစ်ထွန်းသော အကျင့်တရားကို ပြောင်းလဲပြုလုပ်ကာ ကောင်းသောအကျိုးတရားကို ခံစားသုံးဆောင်ကြရလေ၏။

ကျွန်ုပ်တို့၏အရပ်ဒေသဝန်းကျင်ကို လေ့လာကြည့်မည်ဆိုလျှင် ထိုသဘောသဘာဝကို များစွာတွေ့နိုင်၏။ လူအချို့သည် အရက်သောက်ခြင်းကို နှစ်သက်စွဲလမ်းသဖြင့် ထိုအရက်သောက်ခြင်း တည်းဟူသော မစ္ဆပမာဒဌာနကိုပင် အပြစ်မရှိဟု ထင်မြင်လျက် အမှားကို ဆက်လက် ကျူးလွန်ကြ၏။

အရက်နွံအိုင်ထဲမှ ရုန်းမထွက်နိုင်သူများကား အရက်အဆိပ်သင့်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်း၊ နှလုံးလေဖြတ်ခြင်း၊ မူးလဲ၍ အနာတရဖြစ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ အချုပ်အနှောင်ခံရခြင်း၊ နောက်ဆုံး သေဆုံးသည်အထိ ဆိုးကျိုးများကို နစ်မွန်းစွာ ခံစားကြရလေသည်။

သတိသံဝေဂ အချိန်မီရရှိသွားသူအချို့သာ အရက်သောက်ခြင်း တည်းဟူသော အကျိုးမရှိသောလုပ်ရပ်ကို ရပ်တန့်စွန့်ခွာလျက် အကျိုးရှိသောလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခြင်းအားဖြင့် ချမ်းသာရာအကျိုးတရားများ ရရှိသွားကြလေသည်။

ပြောရန် ရှိပါသေးသည်။ မိမိတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော်လည်း ဘုရားအဆုံးအမနှင့်မကိုက်ညီသည့် သာသနာတော်အတွက်လည်း အကျိုးယုတ်စေသော လောကီအတတ် အမှားလုပ်ရပ်များကို မြိန်ရေ ရှက်ရေဖြင့် စွဲလမ်း လုပ်ကိုင်နေကြသည်။ အားပေးသူကလည်း အားပေး၏။ ဤသို့ဖြင့် လူတို့သည် မိစ္ဆာဒိဋ္ဌိတည်းဟူသော နွံအိုင်ထဲမှ ရုန်းမထွက်နိုင်ဘဲ နစ်မွန်းနေကြရသည်။ အချိန်မီ သတိသံဝေဂ ဉာဏ်ပညာအလင်းရလာသူ အချို့သာ မိစ္ဆာလုပ်ရပ်ငရဲအတတ်အား အကျိုးမရှိသောလောင်မီးကို ရေဖြင့်ငြိမ်းသတ်သကဲ့သို့ ရပ်တန့်စွန့်ခွာလျက် ကုသိုလ်၊ ပညာ၊ ဥစ္စာ တိုးပွား ရရှိမည့်လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် အကျိုးစီးပွား ကုသိုလ်တရားများ ရရှိခံစားကြရလေသည်။

အထက်ပါ အကြောင်းအရာတို့နှင့်ပတ်သက်၍ ဘုရားရှင်လက်ထက်က အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးလေသည်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိစ္ဆာဒိဋ္ဌိအယူရှိသော တက္ကတွန်းတို့သည် ဇေတဝန်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆော်၏ အပြင်ဘက် ခပ်လှမ်းလှမ်း၌ ဆောင့်ကြောင့်ထိုင်၍လှုံ့လပြုခြင်း၊ လင်းဆွဲတဲ့သို့ တွဲလောင်းခိုနေခြင်း၊ ဆူးပေါ်၌အိပ်ခြင်း အစရှိသော မိစ္ဆာအကျင့်တို့ကို ကျင့်ကြံကြကုန်၏။

ဘုရားသားတော် ရဟန်းတော်များသည် တက္ကတွန်းတို့၏မိစ္ဆာအကျင့်တို့ကို တွေ့မြင်ကြ၍ ဘုရားရှင်အား-

"အရှင်ဘုရား- မိစ္ဆာအကျင့်ကိုမှီ၍ တစ်စုံတစ်ခုသော ကုသိုလ်သည်လည်းကောင်း၊ အကျိုးစီးပွားသည်လည်းကောင်း ရရှိပါသလား ဘုရား"

ဟု မေးလျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည်-

"ရဟန်းတို့- ဤသဘောမျိုးဖြစ်အောင် မိစ္ဆာအကျင့်ကိုမှီ၍ ကုသိုလ်သည် လည်းကောင်း၊ အကျိုးစီးပွားသည် လည်းကောင်း မရရှိ။ ရှေးပညာရှိတို့သည် ဤသို့သဘောရှိသော မိစ္ဆာအကျင့်ကိုမှီ၍ ကုသိုလ်သည် လည်းကောင်း၊ အကျိုးစီးပွားသည် လည်းကောင်း ဖြစ်လတ္တံ့ဟု ထင်မှတ်မှားလျက် မိမိ၏ဖွားသောနေ့ (ဝါ) မွေးနေ့၌ ယူထားသောမီးကို ယူဆောင်၍ တောသို့ဝင်ကာ ထိုမီးကို အစဉ်အမြဲ တောက်လောင်နေစေရန် ထင်းမပြတ်ထိုးထားလျက် အမဲသား အစရှိသည်တို့ဖြင့် ပူဇော်ကြကုန်၏။

ထိုသို့ မီးကိုပူဇော်ကြသော်လည်း တစ်စုံတစ်ခုသော အကျိုးစီးပွားကို မမြင်ကြကုန်သည်ဖြစ်၍ ၎င်းမီးကို ရေဖြင့်ငြိမ်းသတ်၍ ကသိုဏ်းရှုခြင်း စသော သမထလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ကြသဖြင့် ဗြဟ္မာ့ပြည်သို့ လားကုန်၏"

ဟု မိန့်တော်မူပြီး အတိတ်အကြောင်းကို ဟောတော်မူ၏။

⭘

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၏။ ထိုဘုရားလောင်း၏မိဘတို့သည် ဖွားသောနေ့မီး (ဝါ) ဘုရားလောင်းမွေးဖွားသောနေ့က အသုံးပြုသည့်မီးကို ယူ၍ ဖိုးထောင်ကြကုန်၏။ ထို့နောက် အသက်အရွယ် (၁၆) နှစ်သို့ ရောက်သောအခါ ဘုရားလောင်းအား မိဘတို့က-

'ချစ်သား- ငါတို့သည် သင်၏ဖွားသောနေ့၌ မီးကို ယူထားကြကုန်၏။ အကယ်၍ အိမ်၌နေလိုငြားက ဗေဒင်သုံးပုံကို သင်ကြားလော့။ ဗြဟ္မာ့ပြည်သို့ ရောက်လိုငြားက မီးကိုယူပြီးလျှင် တောသို့ဝင်၍ မီးကိုလုပ်ကျွေးလျက်၊ ဗြဟ္မာကြီးတို့အား နှစ်သက်စေလျက် ဗြဟ္မာ့ပြည်သို့လားစေလော့'

ဟု စကားဆိုကုန်၏။

ထိုအခါ ဘုရားလောင်းသည် အိမ်၌မနေလို၍ မီးကိုယူကာ တောသို့ဝင်ပြီးလျှင် မီးကို လုပ်ကျွေးပူဇော်လျက်နေ၏။ တစ်နေ့သ၌ ပစ္စန္တရစ် ရွာငယ်တစ်ရွာမှ နွားအလှူကိုရသဖြင့် ထိုနွားကို မီးထဲသို့ ချကျွေးပူဇော်ရန် ကြံစည်၏။ သို့ပါသော်လည်း ဘုရားလောင်းထံ၌ ဆားမရှိသဖြင့် ဘုန်းရှိသောမီးအား ဆားမပါသော အမဲသားကို ကျွေးမွေးပူဇော်ရန် မသင့်၊ ရွာသို့သွား၍ ဆားကို အလှူခံကာ ဆားနှင့်တကွသော အမဲသားကိုသာ ကျွေးမွေးပူဇော်ရန် ကြံ၏။

ထို့နောက် နွားအား တိုင်တွင် ချည်နှောင်ထားလျက် ရွာသို့ သွား၏။ ဘုရားလောင်းထွက်ခွာသွားစဉ် များစွာသောမုဆိုးတို့သည် ထိုအရပ်သို့ရောက်ရှိလာ၍ နွားကိုမြင်သော် သတ်၍ချက်စားကြကုန်၏။ အမြီး၊ အရိုး၊ အရေစသည်တို့ကို စွန့်ပစ်ထား၍ ပိုလျှံသော အသားများကို ယူဆောင်သွားကြကုန်၏။

ဘုရားလောင်းပုဏ္ဏားသည် ပြန်လည်ရောက်ရှိလာ၍ အရိုး အစရှိသည်ကိုသာမြင်ရ၍ ဘုန်းရှိသောမီးသည် မိမိဥစ္စာဖြစ်သော နွားကိုပင် စောင့်ရှောက်ခြင်းငှာ မတတ်နိုင်၊ ငါတို့အား အဘယ်မှာ စောင့်ရှောက်နိုင်မည်နည်း။ ဤမီးကို လုပ်ကျွေးပူဇော်ခြင်းသည် အကျိုးမရှိရာ။ ဤမီးကို လုပ်ကျွေးနေခြင်းကြောင့် ကုသိုလ်သည် လည်းကောင်း၊ အကျိုးစီးပွားသည် လည်းကောင်း မရှိဟု ကြံစည်မိ၍ မီးကိုလုပ်ကျွေးရန်ဆန္ဒမရှိတော့ချေ။ ထို့ကြောင့် ဘုရားလောင်းသည် 'ဘုန်းရှိသောမီး၊ သင်သည် မိမိ၏ဥစ္စာကိုပင် စောင့်ရှောက်နိုင်စွမ်း မရှိ။ ငါတို့အား အဘယ်မှာ စောင်မ,နိုင်မည်နည်း။ အမဲသားလည်း မရှိတော့ပြီ၊ ဤမျှဖြင့်လျှင် ကျေနပ်လော့' ဟု အမြီး၊ အရိုး၊ အရေတို့ကို မီးထဲသို့ပစ်ချ၍ အောက်ပါဂါထာကို ရွတ်ဆို၏။

ဗဟုမ္ပေတံ အသဗ္ဘိ ဇာတဝေဒ
ယံတံ ဝါလဓိနာ ဘိပူဇယာမ။
မံသာရဟဿ နတ္ထဇ္ဇ မံသံ
နင်္ဂုဋ္ဌမ္ပိ ဘဝံ ပဋိဂ္ဂဟာတု။

**အသဗ္ဘိ** - ယုတ်မာသော၊ **ဇာတဝေဒ**- အသင်ဖွားသောနေ့မီး၊ **ယံ**- အကြင်အကြောင်းကြောင့်၊ **တံ** - သင့်ကို၊ **မယံ**- ငါတို့သည်၊ **ဝါလဓိနာ**- နွားမြီးဖြင့်သာ၊ **အဘိပူဇယာမ**- ပူဇော်ရကုန်၏၊ **တံ**- ထိုနွားမြီးသည်၊ **ဗဟုံ**- များပါသေး၏၊ **မံသာရဟဿ**- အမဲသားဖြင့် ပူဇော်ထိုက်သောသင့်အား၊ **အဇ္ဇ**- ယခုအခါ၊ **မံသံ**- ပူဇော်စရာ အမဲသားသည်၊ **နတ္ထိ**- မရှိ၊ **ဘဝံ**- အရှင်သည်၊ **နင်္ဂုဋ္ဌမ္ပိ**- နွားမြီးကိုသာ၊ **ပဋိဂ္ဂဟာတု**- ခံယူလော့။

ထို့နောက် ဘုရားလောင်းသည် မီးကိုရေဖြင့်ငြိမ်းသတ်ကာ ရသေ့ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ရရှိကာ ဗြဟ္မာ့ပြည်သို့ လားရောက်ရလေသည်။

*(ဧကနိပါတ်၊ ကကဏ္ဍကဝဂ်၊ နင်္ဂုဋ္ဌဇာတ်)*

⭘

ဗုဒ္ဓဘုရားရှင် ကရုဏာတော်ဖြင့် ဟောကြားတော်မူခဲ့သော အထက်ပါဇာတ်တော်ကို ထောက်ဆ၍ သုံးသပ်ကြည့်မည်ဆိုလျှင် ရှေးပညာရှိတို့သည် မျိုးရိုးအစဉ်အလာ အယူဝါဒ အမှားတစ်ရပ်ကို မိရိုးဖလာ စွဲလမ်းလုပ်ကိုင်နေကြရသော်လည်း နောင်တစ်ချိန်တွင် ထိုလုပ်ရပ်သည် အကျိုးမရှိဟု သိလျှင် သိချင်း အကျိုးမဲ့သော ထိုလုပ်ရပ်ကို ချက်ချင်းစွန့်လွှတ်၍ သမထအစရှိသော အကျိုးရှိရာလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်တတ်ကြလေ၏။ ထို့ကြောင့်လည်း ရှေးလူတို့သည် ဆိုးကျိုးများကို ရှောင်ရှားနိုင်၍ ကောင်းကျိုးများကို ခံစားကြရ၏။

ကျွန်ုပ်တို့တွင်လည်း ဖွားသောနေ့မီး သို့မဟုတ် မွေးနေ့မီးများ ကိုယ်စီကိုယ်င ရှိနေပေလိမ့်မည်။ မိရိုးဖလာရိုးရာအစဉ်အလာကို အကြောင်းပြု၍ ကုသိုလ်တရား, အကျိုးစီးပွားမဖြစ်ထွန်းနိုင်သော ကိုးကွယ်ယုံကြည်မှုများ၊ အခြေအမြစ်မရှိသော အယူဝါဒများ၊ လူလိမ်လူညာတို့၏ပုံပြင်များ စသည်တို့ကို အမှန်ထင်လျက် ဖွားသောနေ့မီးထဲသို့ မိမိတို့၏ ချွေးနဲ့စာကလေးများကို ပစ်ထည့်ပူဇော်လျက်သို့ ရှိနေကြပါသည်။

ယခုအခါတွင် ပိဋကတ်စာပေ နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်အသီးသီးတို့သည် လည်းကောင်း၊ ဓမ္မစာပေ, စာစောင်အသီးသီးမှ လည်းကောင်း အမှားကို အမှားမှန်းသိစေရန် လမ်းပြသွန်သင်ပေးကာ လမ်းမှန်သို့ရောက်အောင် ပို့ဆောင်ပေးနေပါသည်။ မိမိတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

လိုသူများသုံးစေဖို့

# အသုံးတည့်သော ဂါထာမန္တန်များ

**ရောဂါကင်းဂါထာ**

*ဥုံ အန္တလိက္ခေ အာကာသ ဒေဝ တာသွာဟ။*

ၚင်းဂါထာကို လက်ဖွဲ့ထိုး၍ ၚင်းဂါထာနှင့် (၃၇) အုပ်စုတ်ပြီး အဖျားရှိသောသူ၏ လက်မှာ ချည်ထားပါ။ ကလေး၊ လူကြီး မည်သည့်အဖျားမဆို ပျောက်၏။ ငှက်ဖျားတက်နေသောသူ၏ ညာလက်မှာ ချည်ထားပါက ငှက်ဖျားမတက်တော့ပါ။

**ခြေကျိုး လက်ကျိုးဆက်ဂါထာ**

*ဥုံ - ကြောသေး၊ ကြောမ၊ ကြောလေးခွ ဇီဝကသမား မန္တရား၊ အသားချင်းယှက်၊ ဆက် ဆရာဆက်။*

ၚင်းမန္တန်နှင့် ဆီကို (၃၇) အုပ်စုတ်၍ ခြေကျိုး၊ လက်ကျိုးကို လူးပေးပါ။ သောက်လည်းသောက်၊ ကျိုးသောနေရာကို ဆီလူးပြီး၊ နွားချေးနှင့် ကျပ်စည်းထားပါ။ (၇) ရက်စေ့လျှင် ကျပ်စည်းကို ဖြေပါ။

**ခေါင်းကိုက်ပျောက်ဆီမန်း**

*ဥုံ - သီသေနနာ၊ ရူပန္နာနေန၊ အထိမံသံ၊ လောဟိတ ဘရံ ဝါဒရံ၊ ဗုဒ္ဓ ဂုဏံ ဝိနာသယန္တု၊ ဓမ္မဂုဏံ ဝိနာသယန္တု၊ သံဃဂုဏံ ဝိနာသယန္တု။*

ထိုမန္တန်နှင့် ဆီကို (၃၇) ခေါက်မန်း၊ ခေါင်းကိုက်သောသူကို လိမ်းပေးပါ။ မကြာခင် ပျောက်၏။

**ခေါင်းကိုက်ပျောက်ဆီမန်း(တစ်နည်း)**

အောက်ပါ မန္တန်နှင့် ဆီကို (၃၇) အုပ်မန်းပြီးလျှင် ခေါင်းကိုက်သောသူကို လိမ်းပေးပါက မကြာမီ ပျောက်ကင်းပါ၏။

*ဥုံ - သွေးနီ သွေးနက် ခေါင်းမှာနေ၊ ခြေသို့သက် - ခြေမှာနေ၊ မြေသို့သက် - မြေမှာနေ၊ ဗုဒ္ဓသက်၊ ဓမ္မသက်၊ သံဃသက်၊ သက် ဆရာသက်။*

**ရေယုန်မန်းဂါထာ**

*ဥုံ - ဆင်ရေယုန် ဆင်သို့သက်၊ ဆင်သို့ဆင်း။ မြင်းရေယုန် မြင်းသို့သက်၊ မြင်းသို့ဆင်း။*

ၚင်းဂါထာကို ထန်းရွက်မှာ တစ်ဖက်စီ အပြန်အလှန်ရေး၍ ပြာချပါ။ ပြာကို ဆီနှင့်ဖျော်၍ ၚင်းဂါထာနှင့် (၃၇) အုပ်စုတ်၍ လိမ်းပေးပါ။ ဆင်ရေယုန်၊ မြင်းရေယုန်ပင်ဖြစ်ပါစေ ပျောက်ကင်းချမ်းသာ၏။

**လာဘ်အမြတ်အစွန်းနှင့် အနိုင်ရနိုင်သော မန္တန်**

*ဥုံ ·သဒါပာံ ဝဍ္ဍိတုံ ဂစ္ဆေ၊ နရာ ဘုမ္မိ တထာဂတေ၊ မံ ပသန္နု ယဒိ ကာလေ၊* ***တေဇယန္တု ငါ သီဝလီ။***

လာဘ်လိုသော် တေဇယန္တု - ငါ သီဝလီ။

အမြတ်အစွန်းလိုသော် - တေဇယန္တု- ငါ ပရိဝစ္စန သူဌေး။

အနိုင်ရလိုသော် - တေဇယန္တု ငါမဟောသဓ ဟု ရွတ်ပါ။

(အနည်းဆုံး ၇ ခေါက်ရွတ်ပါ။)

**ဝိယဗုဒ္ဓနဂါထာ**

*ဥုံ- ဗုဒ္ဓေါ သုဒ္ဓေါ၊ နသုဒ္ဓေါ ဗုဒ္ဓေါ၊ သုရယုတ္တံ မံ သတိ သဗ္ဗမင်္ဂလံ။*

ၚင်းဂါထာနှင့် မဆစ်ဆီကို (၃၇) အုပ်စုတ်၍ဆောင်ပါ။

အထက်လူကြီးထံ သွားသော်၊ အိမ်တက်သော် ဆီနှင့် နားရွက်မှာသုတ်သွားပါ။

ကတ္တိကိုလိုသော်- နား၏နောက်မှာ ဆီကိုသုတ်ပါ။ ဆီလိမ်းမမှားစေနှင့်၊ သစ္စာရှိပါ။

မယုံလျှင် ကြွက်ကို ၚင်းဆီသုတ်၍ ကြောင်ကိုပြသော် ကြွက်ကို ကြောင်မခုတ်ပါ။

**ဂန္ဓသိဒ္ဓိဂါထာ**

*ဩမ် နမော သေဋ္ဌ ဘူတာယ၊ ဒေဝိန္ဒာယ၊ ဗြဟ္မာဒေဝါယ ကန္တိကာ၊ ယတိ ကာလိကာ ယတိ၊ ဝိလိကာ ယတိသျှံ၊ ဟုလု ဟုလု သွာဟ။*

ၚင်းဂါထာကို နေ့စဉ်နေ့တိုင်း ရွတ်ဖတ် သရဇ္ဈာယ်သော် အကျိုးခပ်သိမ်း အတတ်ပညာ အလျှင်အမြန်တတ်ကျွမ်း၏။ လူတို့ မြတ်နိုးခြင်းကိုဖြစ်စေ၏။ ချမ်းသာခြင်းကို ဖြစ်စေ၏။ ဆီကို လည်းကောင်း၊ ပန်းကို လည်းကောင်း၊ ရေကိုသော် လည်းကောင်း (၇) အုပ်မန်း၍ လိမ်း၊ သောက်၊ ပန်းပန်သော် ခပ်သိမ်းသောသူတို့၏ပူဇော်ခြင်းကိုခံရ၏။

**သွေးတိတ်မန်းဂါထာ**

*ဥုံ ကြံဟင်း ကြံမဲ ခဲ ဆရာ ခဲ။*

(၇) အုပ်မန်း။

*ဥုံ ဂတ္တ ဂုတ္တိ သွာဟ။*

(၇) အုပ်မန်း။

*ဥုံ အဝ သုဿတုမေ သရီရေ မံသ လောဟိတံ သွာဟ။*

(၇) အုပ်မန်း။

အကြောင်းတစ်ခုခုကြောင့် သွေးထွက်ပါက ၚင်းသွေးအနည်းငယ်ကို သံပြားတစ်ချပ်ပေါ်တင်၍ သံပြားကို မီးပေါ်တင်ပါ။ မီးပူရှိန်ကြောင့် သွေးစက်ခြောက်သွားလျှင် ထွက်နေသောသွေး တိတ်သွားမည်။

မုဒိတာ (ကျိုက်လတ်)

---

အမှားကို အမှားမှန်းသိရှိရန် ကြိုးစားဖော်ထုတ်လျက် အမှားကိုစွန့်ပယ်ကာ အမှန်ရအောင် စဉ်းစားဆင်ခြင် ကျင့်သုံးသင့်ကြပေပြီ။

လမ်းမှားနေသောလုပ်ရပ်များကိုလည်း မှားမှန်းသိသည့်အချိန်မှစ၍ ချက်ချင်း စွန့်လွှတ်အပ်ပေသည်။ ဆက်လက်လုပ်ကိုင်နေကြဦးမည်ဆိုလျှင် ကျွန်ုပ်တို့၏ချွေးနဲ့စာကလေးများသာမကတော့ဘဲ မိမိ၏ခန္ဓာကိုယ်ကြီးပါ ဖွားသောနေ့မီးထဲသို့ သံသရာမဆုံး ပစ်ချပူဇော်လောင်ကျွမ်းနေရပေတော့မည်။

ရှေးပညာရှိတို့သည် ဖွားသောနေ့မီးကို ရေဖြင့် ငြိမ်းသတ်၍ စွန့်ပစ်နိုင်ကြသကဲ့သို့ မွေးကတည်းက သွေးထဲက အယူလွဲမှားမှုဖြင့် တောက်လောင်လာခဲ့သော မိစ္ဆာမီးများကိုလည်း တရားရေအေး မီးသတ်ဆေးဖြင့် အပြီးအပိုင် ငြိမ်းသတ်နိုင်ကြလျက် ဘုသိလ်တရားအကျိုးစီးပွားတိုးတက်ရာ မှန်ကန်သော သမ္မာအာဇီဝ လုပ်ငန်းများဖြင့်သာ ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပေမည်။

ဖျာပုံ-တင်နိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

မင်းနန္ဒရိုက်

# ဖျာပုံမြို့ မြောက်ပိုင်းရပ်မှ ခြသေ့်ဦးဘုရားရုပ်ပွားတော်များ

ဖျာပုံမြို့ သို့မဟုတ် မွန်လို အခေါ် ထမင်းဈေးသည် စာရေးသူ၏ချက်မြှုပ် ဇာတိဌာနေအစစ် ဖြစ်ပေသည်။ စာရေးသူ လုပ်ငန်းတာဝန်ဖြင့် မြန်မာပြည် တစ်နံတစ်လျားသို့ သွားရောက်တာဝန် ထမ်းဆောင်နေရသော်လည်း မိမိဇာတိကိုဖြင့် မမေ့နိုင်ခဲ့ချေ။ မိဘဆွေမျိုးများ ခေါင်းချသွားရာအရပ်၊ လက်ရှိ ညီအစ်ကိုမောင်နှမများလည်း သက်ရှိထင်ရှားရှိနေသေး၍ ဖျာပုံနှင့် အဆက်အသွယ်က မပြတ်။ လူမရောက်ပေမယ့် စိတ်ကတော့ ရောက်နေနှင့်ပါသည်။ တကယ်က ဖျာပုံသည် ဧရာဝတီမြစ်၏တောင်ဘက်အကျဆုံး လမ်းဆုံးခရီးမြို့၊ မုတ္တမပင်လယ်ပြင်နှင့်လည်းနယ်မြေကြော, ရေကြော ထိစပ်နေသည့်မြို့မို့ ရောင်းဝယ်ဖောက်ကားဖို့ လမ်းပန်းခရီးသာယာသည်။ ပင်လယ်ရေထွက်ပစ္စည်း ပေါများသည်။ ဖျာပုံတံတားကြီးကလည်း ရန်ကုန်မြို့ကိုသာမက ဧရာဝတီတစ်တိုင်းလုံးကို ဆက်သွယ်ပေးရာကွန်ရက်သဖွယ် ရှိနေသည်။

ဖျာပုံမြို့သည် ခရိုင်မြို့တစ်မြို့ဖြစ်ပြီး အရှေ့ ဖျာပုံမြစ်၊ အနောက်ဘက်၌ အပြောင်ချောင်း၊ တောင်ဘက်တွင် အောက်ကွင်းကြီးရွာနှင့် သက်လွတ်ချမ်းသာ လိပ်ဥကုန်း, ကျိုက္ကမွန်စေတီတော်၊ မြောက်ဘက်တွင် ချောင်းတွင်းချောင်းမကြီးနှင့်တံတားကြီးက ဝန်းရံထားသည်။ မြို့ကွက်က သန့်လျှင်နှင့်ပုံစံတူ တောင်နှင့်မြောက်အကွက်ရိုက် တည်ထားခဲ့ပြီး ဖျာပုံသည် မွန်ဘာသာစကား၊ မြန်မာလို 'ထမင်းဈေး' ဟု အဓိပ္ပာယ်ရသည်။

ဖျာပုံ (င်) သည် တပင်ရွှေထီး လက်ထက်ကအခေါ် အဝေါ် ဖြစ်သည်။

တစ်ချိန်က မြစ်အတွင်းခရီးသွားများ ဒီရေအတက်အကျကို စောင့်ရင်း ချွန်းထိပ်ဝ ကုန်းမြေကမူလေးတွင် ချက်ပြုတ်စားကြပြီး ရေတက်ချိန်ရောက်မှ မိမိသွားလိုရာခရီးကို သွားကြရသည်။

ရေစောင့်ရင်းဖြင့် ချက်ပြုတ်စားသောက်ကြနေသည်မှာ ဈေးတန်းလေးသဖွယ်ဖြစ်၍နေသည်ကို အစွဲပြု၍ ဖျာ-ဈေး၊ ပုင်- ထမင်း၊ ဖျာပုံ (င်) - ထမင်းဈေးဟု ခေါ်ခဲ့ကြပါသည်။

ဖျာပုံမြို့တွင် ထင်ရှားသည်က ဖျာပုံရာမနှင့် ခရေပင်ဇောက်ထိုး၊ မင်းကျောင်းကြီးနှင့် ခြသေ့်ဦးဘုရားများ၊ လိပ်ဥကုန်း သက်လွတ်ချမ်းသာ ကျိုက္ကမွန်စေတီတော် (မွန်ဘုရင် သုရှင်တကာရွတ်ပိ၏မိဖုရား တလပရော်သမီ တည်ထားခဲ့သည်) တို့ ရှိပါသည်။ ခရေပင်ဇောက်ထိုးကတော့ မရှိတော့ပြီ။ ဖျာပုံရာမနှင့် မင်းကျောင်းကြီး၊ လိပ်ဥကုန်းစေတီတော်၊ ခြသေ့်ဦးဘုရားတို့ ရှိနေပါသေးသည်။ ဤအထဲမှ ခြသေ့်ဦးဘုရား (၃) ဆူ သမိုင်းဖြစ်စဉ်အား တင်ပြလိုက်ရပါသည်။

ဖျာပုံမြို့မြောက်ပိုင်းရပ် မဟာပုညရာမတိုက်ဝန်းသည် မြို့တည်စကတည်းကပင် သာသနာ့ထွန်းကားခဲ့ရာ ဘုမ္မိနက်သန့်မြေ ဖြစ်သကဲ့သို့ မြောက်ပိုင်းတန်ဆောင်းတော်ကြီး၌ မြို့ကျက်သရေဆောင်ရုပ်ပွားတော်ကြီး(၃)ဆူ ကိန်းဝပ်စံပယ်တော်မူလျက် ရှိပါသည်။

ရုပ်ပွားတော်ကြီးများ ဘွဲ့တော်မှာ ယိမ်းကိုယ်တော်ကြီး၊ ယိမ်းညွန့်ကိုယ်တော်ကြီး၊ ညွန့်ပေါင်းကိုယ်တော်ကြီးတို့ဖြစ်သည်။ ခြသေ့်ကြီးသုံးကောင် ရုပ်တုရှိသည်ကိုအစွဲပြုလျက် ခြသေ့်ဦးဘုရားများဟုလည်း ခေါ်တွင်ခဲ့ကြသည်။

ရုပ်ပွားတော်ကြီး သုံးဆူအနက် ယိမ်းကိုယ်တော်ကြီးမှ အစပြုလျက် ဘွဲ့တော်များ၏ရာဇဝင်အသီးသီးရှိကြလေသည်။ ရှေးဦးစွာ ယိမ်းကိုယ်တော်ကြီးအကြောင်းကို တင်ပြရလျှင်. . .

**ယိမ်းကိုယ်တော်ကြီး**

ယိမ်းကိုယ်တော်ကြီးသည် ဉာဏ်တော်အားဖြင့် (၁၄) တောင်နှင့် (၂) မိုက် ရှိပါသည်။ ယိမ်းကိုယ်တော်ကြီး ဘွဲ့တော်တွင်ခဲ့ရသည့်ဖြစ်စဉ်မှာ ၁၂၅၁ ခုနှစ်တွင် မဟာထေရ်ဆရာတော်ကြီး ဦးပုည၏ဩဝါဒကိုခံယူလျက် ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားခဲ့ပါသည်။ ယခုလက်ရှိ ယိမ်းကိုယ်တော်ကြီးရှေ့၌ ပထမလမ်းနှင့်ကပ်လျက် တန်ဆောင်းတစ်ခု ရှိခဲ့ပါသည်။

ထိုတန်ဆောင်းအတွင်း ဘုရားဒကာ ဦးရွှေကျုံကောင်းမှုဟု အဆိုရှိကြ



ယိမ်းကိုယ်တော်ကြီး



ညွန့်ပေါင်းကိုယ်တော်ကြီး



ယိမ်းညွန့်ကိုယ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သည့် အဆိုပါ ရုပ်ပွားတော်သည် တစ်နေ့တွင် အလိုအလျောက် ယိမ်းယိုင်နေသည်ကို ဘုရားဖူးများနှင့် နံနက်ပိုင်းဈေးထိုး (ဈေးသည်) များ၊ ဖြတ်သွားဖြတ်လာများ၏ပြောဆိုသံများကြောင့် ဆရာတော် သံဃာတော်များ၊ မြို့မိမြို့ဖများ သွားရောက် လေ့လာစုံစမ်းကြည့်ရှုကြရာ အမှန်တကယ် ယိမ်းယိုင်လှုပ်ရှားနေသည်ကို တွေ့ရှိသဖြင့် ပိုမိုထင်ရှားသိသာစေရန် ရေထည့်ထားသော သပိတ်တော်ကို ရုပ်ပွားတော်အကြီး၏လက်တော်ထဲတွင် တင်ထားရာ သပိတ်တော်ထဲမှရေများ ဘောင်ဘင်ခတ် လှုပ်ရှားခြင်း၊ ဖိတ်စဉ်လျှံကျခြင်းတို့ ဖြစ်ပေါ်သည်ကို မျက်မြင်ထင်ရှား တွေ့ကြရသဖြင့် ဆရာတော်၊ သံဃာတော်ကြီးများက ထိုအခြင်းအရာတို့သည် တစ်စိတ်တစ်ဒေသ အတိတ်နိမိတ်ဖြစ်တန်ရာသည်၊ လောကီကျမ်းများအလိုအရ-

*'ဘုရားဗုဒ္ဓိုင်၊ တန်ခိုးရောင်ခြည် ကိတ်လွတ်သည်ကား၊ ပြည်ရွာပျက်မူ၊ ကြောင်းဆယ်ခုတွင်၊ တစ်ခုအဝင်၊ နိမိတ်ထင်ရှင့်'*

ဟု အဆိုအမိန့်ရှိသည်။

မကောင်းဘေး၊ မကောင်းရန် အန္တရာယ်များ ကင်းပပျောက် ချမ်းသာရောက်စေရန် ဆရာတော် သံဃာတော်များ ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သည်။

ဆရာတော်ကြီး ဦးပုညမှ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ပြီး ယိမ်းကိုယ်တော်ကြီးဘွဲ့တော်နှင့် ယနေ့တိုင် ကိုးကွယ်ဆည်းကပ်ခဲ့ကြပါလေသည်။

**ညွန့်ပေါင်းကိုယ်တော်ကြီး**

၁၂၄၅ ခုနှစ်တွင် ဒါယိကာမကြီး ဒေါ်ဖြူမှ သန်လျင်မြို့တွင် နာမည်ကြီးသည့် ပန်းရန်ဆရာကြီးဦးသာထူးကိုငှား၍ လက်ခက်ကျွေး အကုန်အကျခံကာ တည်ဆောက်ခဲ့သော ရုပ်ပွားတော်ကြီးဖြစ်ပါသည်။ ညွန့်ပေါင်းရုပ်ပွားတော်ကြီး မတည်မီ ပန်းရန်ဆရာကြီး၏လက်ရာပုံစံကို ပြသခြင်းသဘောအနေနှင့် ဝိတောက်ချောင်နေရာတွင် ဉာဏ်တော် (၅) တောင် (၁) မိုက် ရုပ်ပွားတော်တစ်ဆူကို မွန်တိုင်းရင်းသား ဒါယကာ ဦးလှိုင်နှင့် ဇနီးဖြစ်သူ ဒေါ်မင်းတို့က ပူဇော်ရာ ရုပ်ပွားတော်၏တင့်တယ်ခြင်း အချိုးအစားကို သဘောကျသဖြင့် ညွန့်ပေါင်းရုပ်ပွားတော်ကြီးကို ပူဇော်ကြလေသည်။ 'ညွန့်ပေါင်းကိုယ်တော်ကြီး' ဟု ဘွဲ့တော်တွင်ရခြင်းမှာ ယခင်က ကိုးကွယ်ထားသော နှစ်ကျိပ်ရှစ်ဆူဘုရားများသည် နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းလာခဲ့ရာ ထိုဆင်းတုတော်များကို စုပေါင်းလျက် ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထား ပူဇော်ထားရှိခဲ့သည်။ ထို့ကြောင့် အဆိုပါ ရုပ်ပွားတော်ကြီးအား ညွန့်ပေါင်းရုပ်ပွားကိုယ်တော်ကြီးဟု ဘွဲ့တော် သတ်မှတ်ခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်သည်။ သို့သော် ဘုရားဒါယိကာမကြီးဒေါ်ဖြူသည် သားသမီးများကို ပင် မငဲ့မူ၍ သီလရှင်ဝတ်ဖြင့် ဘုရားဝေယျာဝစ္စကို အသက်ထက်ဆုံး ဆောင်ရွက်ခဲ့ပါလေသည်။

**ယိမ်းညွန့်ကိုယ်တော်ကြီး**

မြန်မာနှစ် ၁၂၆၆ (၁၉၀၄) ခုနှစ်တွင် ဖျာပုံမြို့ အကြီးဝရွာနေ ဒါယကာကြီး ဦးမြတ်မင်းနှင့် ဒါယိကာမကြီး ဒေါ်ထူးသာတို့က ညွန့်ပေါင်းရုပ်ပွားတော်ကြီးနှင့် ယိမ်းကိုယ်တော်ကြီးကြားတွင် ဆွမ်းကပ်ရန် ဇရပ်တစ်ဆောင်နေရာတွင် အခွင့်တောင်းကာ ရုပ်ပွားတော်ကြီးတစ်ဆူကို တည်ထားခဲ့သည်။ ဆရာတော်ကြီး ဦးပုညမဟာထေရ်၏ဩဝါဒကိုခံယူကာ ပဲခူးမြို့ ပန်းရန်ဆရာ ဆရာဉာဏ်ကို ငှားရမ်း၍ တည်ထားခဲ့လေသည်။ မြောက်ပိုင်းရပ်ရှိ တန်ဆောင်းတော်ကြီးတွင် ရုပ်ပွားတော်ကြီး (၂) ဆူအကြား၌ သီတင်းသုံးရသည့်အတွက် 'ယိမ်းညွန့်ရုပ်ပွားတော်ကြီး' ဟူ၍ ယခုတိုင် ခေါ်ဆိုခဲ့ကြလေသည်။

ယိမ်းကိုယ်တော်ကြီးနှင့် ညွန့်ပေါင်းကိုယ်တော်ကြီးကြားတွင် တည်ထားကိုးကွယ်ကြ၍ မြို့သူ၊ မြို့သားများက အဆိုပါ ရုပ်ပွားတော်ကြီးကို ယိမ်းညွန့်ရုပ်ပွားတော်ကြီး ခေါ်ဆိုသမုတ်ခဲ့ကြသည်။ ထူးခြားမှုဖြစ်စဉ်တစ်ခုမှာ-

ဖျာပုံမြို့ မြောက်ပိုင်းရပ်၊ ယခင် ခြသေ့်ဦးဘုရားသာသနာ့မြေတွင် တည်ထား၍ တစ်ချိန်က လူသွားလမ်းချဲ့ထွင်ရာ၌ ခြသေ့်ကြီးရုပ်တုတစ်ကောင်အား နေရာရွှေ့ပြောင်းရာ နွေခေါင်ခေါင် တိမ်ညိုညစ်၍ မိုးခြိမ်းခြင်း၊ မိုးစက်များကျလာခြင်း၊ လျှပ်စီးများ ဝင်းလက်ခြင်း အကျိုးဆက်တို့ ဖြစ်ပေါ်ခဲ့ပါသည်။

ယခုအခါ ခြသေ့်ဦးဘုရား(ခေါ်) မြောက်ပိုင်းရပ်သာသနာ့နယ်မြေ သမိုင်းဝင်တန်ဆောင်းကြီးအတွင်းရှိ ဆုတောင်းပြည့် တန်ခိုးကြီးရုပ်ပွားတော်များအား လာရောက် ဖူးမြော်ကြ၍ ကုသိုလ်ယူပွားများကြသူများနှင့် စည်ကားလျက်ရှိပါကြောင်း မေတ္တာနှင့်တင်ပြလိုက်ရပါသည်။

**မှတ်ချက်**

ဖျာပုံမြို့ မြောက်ပိုင်းရပ် (ခေါ်) ခြသေ့်ဦးဘုရားဝန်းကျင်သည် စာရေးသူတို့ ငယ်စဉ်က ထူးခြားမှုနှင့်ကျော်စောသောနေရာလည်း ဖြစ်သည်။

ခြသေ့်ဦးရပ်တွင် မြန်မာပြည်၌ မည်သည့်အရပ်ရပ်တွင်မှမရှိသော ဗလိနတ်စာဟုခေါ်သည့် (၃၇) မင်း ဒေဝတာ ပူဇော်ပွဲ ကျင်းပလေ့ရှိသည်။ ကျင်းပပုံက နှစ်ပေါင်း (၁၀၀) ကျော်ရှိနေပြီ ဖြစ်သော မြန်မာ့အကျော်အမော် ပန်းချီဆရာကြီးများ လက်ရာများဖြင့် (၃၇) မင်းနတ်ပန်းချီကားများ ရေးဆွဲထားပြီး ထိုပူဇော်ပွဲတွင် ပန်းရောင်းဈေးသည်များဆီမှပန်းဝယ်ယူပြီး မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဆိုင်ရာပိုင်ရာများကို ပန်းများလှူပြီး ဆုတောင်းရပါသည်။ တချို့မှာ ဆုတောင်း၍မပြီးခင် ထိုပန်းများအား လုယက်ယူငင်ကြပါသည်။ ထိုမှ ပန်းလုပွဲတော် အသွင်သဏ္ဌာန်ဆောင်လာခဲ့ပြီး ဗလိနတ်စာ ဒေဝတာပူဇော်ပွဲကြီးဟု ထင်ရှားခဲ့ပါသည်။

သို့သော်. . .

ငယ်စဉ်က ထိုခြသေ့်ဦးဘုရားလမ်း (ယခု ချောင်းတွင်းလမ်းမကြီး) အား ည (၈) နာရီကျော်လျှင် မည်သူမျှ အဖော်မပါဘဲ ဖြတ်သန်းသွားလာမှု မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ခြသေ့်ဦးဘုရားခေါင်းရင်းတွင် ထိုခေတ်က အသုဘရထားအား ထားခဲ့ပြီး တစ်မြို့လုံးက အသုံးပြုခဲ့ကာ သူပြောလူပြောနှင့် ညဘက်ဆိုလျှင် မိန်းမတစ်ယောက် ထွက်၍ ဆိုက်ကားတားဆီးပြီး ဆိုက်ကားခတောင်းသောအခါ ခြောက်လန့်တတ်သည်ဟု သတင်းကြီးခဲ့သည့်နေရာလည်း ဖြစ်ပါသည်။

မင်းနန္ဒဝင်း
(ဖျာပုံ)

**တကိုး**

၁၉၄၆၊ မေ (၂၃) ရက်၊ ဖျာပုံ ရာဇဝင်မှတ်တမ်း။

(၁) ဥက္ကဌ ဦးဖိုးအိမ်၊ မြန်မာစာ ကြီးပွားရေးအသင်း။



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ကျင်းသကဲ့ စီးပွားတက်

### ဘုန်းခေါင်



ကျွန်ုပ်သည် မြန်မာနှစ်ဆန်းမှစ၍ တပေါင်းလတိုင်အောင် (၁၂) လတွင် ဝိဇ္ဇာစရဏ ဂမ္ဘီရသဘောထားများအရ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏အမြတ်တကာ တို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသခင်အား အမှူးထား၍ မဟာမြိုင်မှာသီတင်းသုံးနေကြကုန်သော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဆရာတော်ကြီးများအား လှူဒါန်း ပူဇော်သော အထူးစီမံသည့် တန်ဆောင်ပွဲများကို ဆက်ကပ်လှူဒါန်းမြဲ ဖြစ်ပါသည်။

ယခု ဝါခေါင်လတွင် လဆန်း (၉) ရက်သည် တနင်္ဂနွေနေ့ဖြစ်ခြင်း၊ တိထိမှာ (၉) လုံးကျော်ပြီး စန်းယှဉ်နက္ခတ်မှာ (၁၈) လုံးကျော်ရှိနေသည့်အတွက် အရပ် (၄) မျက်နှာ၊ အရပ် (၈) မျက်နှာ ဤနိုင်ငံ၊ ဤကမ္ဘာ၊ ဤစကြဝဠာနှင့် အနန္တစကြဝဠာတွင် အခိုင်အမာ တည်ရှိကြသော လာဘ်တကာနှင့် သိဒ္ဓိ မဟိဒ္ဓိတို့သည် မြတ်စွာဘုရားသခင်၏အာဝေနိကဂုဏ်တော်များမှ အရဟံ အစ ဘဂဝါ အဆုံး (၉) ပါးသောဂုဏ်တော်ကို ထပ်တင်ခေါက်ပြန် အဖန်ဖန် ကွန့်မြူး ကြည်ညိုသဒ္ဓါ စိတ်အထူးဖြင့် ဆောင်ရွက်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ အံ့ဩမကုန်နိုင်အောင်အဖြစ်မျိုးတို့နှင့် ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်သည် မြတ်စွာဘုရားသခင်အား အထွတ်ထား၍ ထွတ်ခေါင်ပွဲကပ်လှူခြင်းကိစ္စကို ဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်သည် မေတ္တာ သစ္စာကျင့်စဉ်ဖြင့် မတိမ်းမစောင်းရအောင် နှစ်ပေါင်း (၄၀) ကျော် ထိန်းကျောင်းလာခဲ့ပြီးဖြစ်သည့်အတိုင်း ပြက္ခဒိန်တစ်နှစ်အတွင်း လအလိုက်အထူးစီမံရသော အာဏာတိက္ကမ ပွဲကြီးများ လှူဒါန်းရန် (၇) ပွဲမျှ ရှိပါသည်။ ထိုပွဲများအတွက် သဒ္ဓါဖွေးဖွေးစွာဖြင့် တစ်ဦးတည်းရယူ၍ ကပ်လှူလိုသော မိတ်ဆွေများ၊ တပည့်များအားလုံး၀ တစ်ဦးတည်း ကပ်လှူခွင့်မပြုခဲ့ပါ။

ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့၏ အများပေါင်းစု ကောင်းမှုကုသိုလ်ပြုစေလို၍ 'အောင်ကြည်စန်းယု မြသန်းနု' အများစုသည့် ကောင်းမှုပွဲကိုသာ ခွင့်ပြုပေးခဲ့ပါသည်။

ကျွန်ုပ်သည် မိတ်ဆွေများနှင့် တပည့်တို့အတွက် ဦးစီးဆောင်ရွက်ရ၍ လောကစကား အရ ပြောရလျှင် မီးရှုံထား ခေါင်းတွဲကြီးနောက်တွင် တွဲပေါင်း များစွာ ချိတ်ဆွဲခံရသကဲ့သို့ များစွာ တာ၀န်ကြီးပါသည်။ မဟာဂန္ဓာရီ လမ်းကို နှစ်ပေါင်းများစွာ လျှောက်လှမ်းလာခဲ့ပြီးဖြစ် ၍ ယုံကြည်သူ၊ မယုံကြည်သူ၊ အခွင့်အရေးလိုလားသူ စသည့် စသည့် လူအမျိုးမျိုး စိတ်အထွေထွေကို ကွန်ပျူတာတွင် မှတ်သားထားသည့်အတိုင်း ပြန် လည်ကြည့်ရှုက (သတိဖြင့်ကြည့်ရှုက) သိသာထင်ရှားစွာ မြင်တွေ့ရပါသည်။

ယခု ထွတ်ခေါင်ပွဲကပ်လှူရာတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှာရှိသော ကျွန်ုပ်၏စာဖတ်ပရိသတ်မိတ်ဆွေများ၊ ခမ္ဘမိတ်ဆွေများ၊ တပည့်များ ပါ၀င်ကြသည့် အများကောင်းမှု ဒါနပွဲတစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်သည် မဟာသိဒ္ဓိအဓိဋ္ဌာန်နှင့် ထွတ်ခေါင်ပွဲကပ်လှူသည့်ကာလ အဓိဋ္ဌာန်တို့ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း နိစ္စဓူ၀အကျင့်များ ပြီးဆုံး၍ ကျွန်ုပ်၏အိမ်ဘုရားခန်းမှာ ကျင့်ဝတ်များ ပြီးဆုံးအောင်ဆောင်ရွက်၍ ထွက်လာချိန်တွင် ကျွန်ုပ်၏အလုပ်ခန်းတွင် ဧည့်သည်နှစ်ယောက် ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ကျွန်ုပ်အလုပ်ခန်းတွင် ရောက်နေကြသည့်ဧည့်သည်တို့မှာ သူစိမ်းတစ်ရံဆံများ မဟုတ်ကြပါ။ ကျွန်ုပ်နှင့်ကျောင်းနေဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။ ကျွန်ုပ်မှ မြင်မြင်ချင်း အောက်ပါအတိုင်း နှုတ်ဆက်စကားဆိုလိုက်ပါသည်။

"သူငယ်ချင်းတို့၊ ဘယ်လို မျက်စိလည်လာကြတာလဲ"

ဟု ရယ်မောစွာ ပြောလိုက်ပါသည်။

တစ်ယောက်က-

"ဟောဒီ ဘာသာမဲ့ကြီးက ငါးပိကောင်ဖြစ်ခါမှ ရေကူးသင်ချင်လို့တဲ့။ ကိုယ့်ကို နားပူနေလို့ သူငယ်ချင်းဆီ လိုက်ပို့ရတာ"

ဟု ပြန်ပြောပါတော့သည်။

ကျွန်ုပ်၏သူငယ်ချင်းများနှင့် စာချစ်သူများကို မိတ်ဆက်ပေးလိုပါသည်။ သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်က ဟိုစပ်စပ် ဒီစပ်စပ်နှင့် နေရာတကာ ပါတတ်သလို ပျော်ရွှင်ဖွယ်ပြက်လုံးထုတ်တတ်သူ ဖြစ်ပါသည်။ တစ်ယောက်က ဆိုလျှင် လူနေ လူထိုင် ဝိုက်ကြီးကွင်းကျယ်နေတတ်သလို သူများယုံသည့်ကိစ္စတိုင်းကို မယုံကြည်သူတစ်ယောက် ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတိုင်း မြတ်စွာဘုရားရှင်၏အာဝေနိကဓမ္မဂုဏ်တော်များကို သက်ဝင်ယုံကြည်သူများ ဖြစ်ပါသည်။ ကျွန်ုပ်၏သူငယ်ချင်းမှာ ကျွန်ုပ်တို့ကဲ့သို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခြင်းမရှိသကဲ့သို့ အခြားမည်သည့် အယူဝါဒနကိုမျှ လက်ခံယုံကြည်သူ မဟုတ်ပါ။ သူငယ်ချင်း၏မိဘဆွေမျိုးများတမူ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

ယခုအချိန်တွင် ကျွန်ုပ်၏သူငယ်ချင်းမှာ လောကဓံရှစ်ပါး၏အထောင်းအထု ရိုက်ပုတ်နှိပ်စက်ခြင်းကို အလူးအလဲခံနေရပြီ ဖြစ်ပါသည်။ လောကဓံ၏နှိပ်စက်မှုဒဏ်ကို ခံစားနေရပြီဖြစ်၍ သက်သာရာသက်သာကြောင်း အားကိုး

(၄)



www.burmeseclassic.com

www.burmeseclassic.com

ရှာရပါတော့သည်။

မိတ်ကောင်းဆွေကောင်းဖြစ်သည့် ငယ်ပေါင်းသူငယ်ချင်းများကလည်း ဒုက္ခထဲတွင် အလူးအလွန့် ခံစားနေသော သူငယ်ချင်းအတွက် မကြည့်ရက်၊ မမြင်ရက်ဖြစ်နေ၍ အမြတ်တကာတို့၏အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရားသခင်ကို ယုံကြည်ကိုးစား၍ ရှင်တော်မြတ်ဘုရား၏အာဝေနိက ဓမ္မဂုဏ်တော်များတို့ အားကြိုးမာန်တက် ပွားများအားထုတ်ခြင်း၊ ရှင်တော်ဘုရား ဟောကြားခဲ့သော ပရိတ်, ပဋ္ဌာန်း စသည်တို့ကို အထပ်ထပ်အခါခါ ပူဇော်စေရန် တိုက်တွန်းခဲ့ကြပါသည်။

ကျွန်ုပ်၏သူငယ်ချင်းမှာ စကြဝဠာကြီးတစ်ခုလုံး အလင်းရောင်ပေးစွမ်းနိုင်သောအချိန် မတိုင်မီ (အရုဏ်မတက်မီ) ထူးကဲစွာမှောင်သော အမှောင်ကာလ လွတ်မြောက်မည့်အချိန် သမယရောက်လာပြီဖြစ်၍ သူများထက်ကဲ ကျဲကျဲလှမ်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်ရန် အားသန်နေပြီ ဖြစ်ပါသည်။

သူငယ်ချင်းမှ-

"မင်းပြောသလိုပဲ လောကုတ္တရာအသွားဟာ လောကီချမ်းသာ အပြန်ဖြစ်တယ် ဆိုတဲ့စကားကို ကိုယ်ယုံပါပြီ သူငယ်ချင်း။ အခု ကိုယ့်မှာကြုံတွေ့နေရတဲ့ လူမှု၊ စီးပွား ဒုက္ခများမှ ချက်ချင်းချမ်းသာရာရနိုင်သောနည်းလမ်းကောင်း တစ်ခု ပေးစေချင်ပါတယ်။ သူငယ်ချင်းခိုင်းသမျှ တစ်ထစ်တည်းကျအောင် ကိုယ်လုပ်ပါ့မယ်"

ဟု နှစ်လိုအားတက်စကားပြောကြား၍ တောင်းဆိုလိုက်ပါတော့သည်။

ကျွန်ုပ်သည် လွန်စွာ ဝမ်းမြောက်ရပါ၏။ အကြောင်းမူကား ကျွန်ုပ်သူငယ်ချင်းအနေဖြင့် ဘဝလမ်းတွင် ဖြောင့်တန်းစွာသွားနိုင်တော့မည်ဖြစ်ခြင်း၊ အထိတ်ကံကြွေး ကုန်ခန်းလာပြီဖြစ်၍ မျက်မှောက်·လူမှု, စီးပွား ဘဝ မှချရရှိတော့မည့် အချိန်ကောင်းဖြစ်ခြင်း၊ ကျွန်ုပ်ဘက်မှလည်း ယခု ဝါခေါင်လတွင်တည်သော အာဏာတိက္ကမထွတ်ခေါင်ပွဲကာလတွင် ရောက်ရှိလာသူ (၇) နေ့သားသမီးတို့သည် ကြီးမားသော လောကီစီးပွားဉစ္စာများ ရကြတော့မည်ဖြစ်ခြင်း၊ နောက်တစ်ခုမှာ ကျွန်ုပ်သည် သစ္စာမေတ္တာကျင့်စဉ်အရ အဓိဋ္ဌာန်ထားသည့်အတိုင်း ဆင်းရဲဒုက္ခရောက်နေကြသူများကို ချက်ချင်း ချမ်းသာရာရအောင် ဆုပန်ထားသည့်အတိုင်း ယခု ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါသည်။

ကျွန်ုပ်က သူငယ်ချင်းအား ပြောပြသည်မှာ-

"သူငယ်ချင်းတို့၊ ကိုယ်တို့ဟာ ငယ်သူငယ်ချင်းများဖြစ်နေတာမို့ အကြောင်းအပေါင်း သိပြီးသား ဖြစ်တယ်။ အခု သူငယ်ချင်းဆန္ဒအတိုင်း ကိုယ့်ကို အကူအညီတောင်းတော့ ဝမ်းသာရပါတယ်။ ပဏာမအနေနဲ့ ကိုယ်ပြောချင်တာကတော့ မသိခဲ့တာ ကြာချင်သလောက် ကြာပါစေ၊ သိတဲ့အချိန်မှာ တကယ်လည်း မြှုပြင်ပြီး လုပ်မယ်ကိုင်မယ်ဆိုရင် နောက်မကျတော့ဘူး သူငယ်ချင်း။

ကိုယ့်အနေနဲ့ကတော့ မရေမတွက်နိုင်သော၊ ကြည်ညိုမကုန်နိုင်သော ဘုရားရှင်၏ဂုဏ်တော်များထဲမှ အကျဉ်းစုရုံးထားသည့် ဂုဏ်တော်ကိုးပါးကိုပဲ သဒ္ဓါအားလျော်စွာ ပူဇော်တယ်ကွ။

ကြီးကြီးကျယ်ကျယ်ပြောရမယ်ဆိုလျှင် မြတ်စွာဘုရား၏ဂုဏ်အရာတော်သည် လွန်စွာ နက်ရှိုင်းကျယ်ပြန့် ကြီးမားသော မဟာသမုဒ္ဒရာကြီးများတွင်သာ မြူးပျော်နိုင်သည့် ရေမင်းကြီးများ၏အရာဌာနဖြစ်သကဲ့သို့ ကိုယ်ကတော့ ကိုးပါးသောဂုဏ်တော်ကိုပဲ သဒ္ဓါအာရုံရှိတိုင်း နည်းလမ်းမျိုးစုံနဲ့ ပူဇော်တယ် သူငယ်ချင်း။

အခု သူငယ်ချင်းကိုပေးမယ့် ပုတီးစိပ်နည်းဟာ ဂုဏ်တော်ကိုးပါးကို စိပ်တဲ့နည်းပါ။ အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်အားလုံးကို တစ်ခုနှင့်တစ်ခု၊ ဂုဏ်တော်တစ်ပါးနှင့်တစ်ပါး အထပ်အဆင့် မေးတင်ခြင်း၊ ဂုဏ်တော်တစ်ခုနှင့်တစ်ခု ကွင်းဆက်ချိတ်ဆက်ပြု၍ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပုတီးစိပ်ခြင်းအမှုတို့ကိုလုပ်တယ် သူငယ်ချင်း။

ပုတီးစိပ်မယ်ဆိုရင် (၁၀၈) စက်လက္ခဏာဟုသတ်မှတ်ထားသော အောင် (၁၀၈) လုံး ပုတီးကုံးကို အသုံးပြုပြီး မေးတင်ချိတ်ဆက် ကွင်းဆက်များဖြင့် ကွန်ရက်သဖွယ် ရွတ်ဆိုပူဇော်ပြီး ပုတီးတစ်လုံးချသည့်စနစ်ကို ကျင့်သုံးရမှာ ဖြစ်တယ်။

တကယ်တမ်း သူငယ်ချင်း ဝမ်းပန်းတသာ လက်ခံယူ၍ ကျင့်ကြံသွားမည်ဆိုလျှင် ကိုယ့်အနေနဲ့ ပါရမီစခန်းတစ်ခုအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကူညီပေးမှာပါ"

ဟု ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

ကျွန်ုပ်၏သူငယ်ချင်းများမှာ လွန်စွာ နှစ်သက်လိုလားသော အမူအရာတို့ဖြင့် အထက်တွင် ကျွန်ုပ်ပြောပြခဲ့သော ဂုဏ်တော်ကွင်းဆက် ပုတီးစိပ်နည်းကို တောင်းခံပါတော့သည်။

အဖော်ပါလာသူ သူငယ်ချင်းကလည်း စိတ်ဝင်စားပြီး သူပါဆောင်ရွက်လိုကြောင်း ခွင့်တောင်း၍ ပုတီးစိပ်နည်းကို ရယူသွားကြပါတော့သည်။

ကျွန်ုပ်၏သူငယ်ချင်းများ နှစ်လိုဝမ်းသာရှိခဲ့သောပုတီးစိပ်နည်းကို ကျွန်ုပ်ရေးသားသော ပုတီးစိပ်များ၊ ကျင့်စဉ်များကို အမြဲမပြတ် ဆောင်ရွက်နေကြသည့် စာချစ်သူမိတ်ဆွေများနှင့် သူရဇ္ဇမဂ္ဂဇင်းကြီး၏စာဖတ်မိတ်ဆွေများအားလုံးအတွက် အောက်တွင် တိကျသေချာစွာ 'ဂုဏ်တော်ကွင်းဆက် စီးပွားတက်' ဟု ပုတီးစိပ်ကျင့်စဉ်ကို ရေးသားဖော်ပြပေးလိုက်ပါသည်။

ကျွန်ုပ် ဦးစွာမှာကြားလိုသည်မှာ သမ္မာလောဘဖြင့် ဆောင်ရွက်ကြခြင်းသည် မိမိ လိုလားတောင့်တသည်ထက်ပို၍ သာ၍ ကဲ၍ အကျိုးကြီးမားစွာရရှိမည့် ဂုဏ်တော်ပုတီးစိပ်နည်း ဖြစ်ပါသည်။ ဝိသမလောဘဦးစီးထား၍ ပုတီးစိပ်ခြင်း၊ ကျင့်စဉ်အဓိဋ္ဌာန်ဝင်ခြင်းတို့အနေဖြင့် မပြုလုပ်ကြပါရန် စာရေးသူအနေဖြင့် ဦးစွာ တင်ပြလိုခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**ဂုဏ်တော်ကွင်းဆက် စီးပွားတက် ပုတီးစိပ်နည်း**

ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ဂုဏ်တော်ကိုးပါးဟု အသုံးကိုကြား၍ ကြည်ညိုလိုက်သည်နှင့်-

၁။ အရဟံ- လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံ မည်တော်မူ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ - သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို သစ္စာလေးပါးတရားကို သိတော်မူတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော- ဝိဇ္ဇာ (၃) ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ (၁၅) ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္နော မည်တော်မူ၏။

၄။ သုဂတော- နိဗ္ဗာန်သို့ကြွတော်မူတတ်သောကြောင့် (တစ်နည်း) ကောင်းသောစကားကို ဆိုတတ်သောကြောင့် သုဂတ မည်တော်မူ၏။

၅။ လောကဝိဒူ-သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုအပ်သော လောကသုံးပါးကို သိတော်မူတတ်သောကြောင့် လောကဝိဒူ မည်တော်မူ၏။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ- အတုမရှိသော တရားတော်ဖြင့် ဆုံးမတော်မူတတ်သောကြောင့် အတုမရှိသော အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

၇။ သတ္ထာဒေဝ မနုဿာနံ - နတ်၊ လူတို့၏ဆရာ ဖြစ်တော်မူသောကြောင့် သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။

၈။ ဗုဒ္ဓေါ- ခပ်သိမ်းသောတရားတို့ကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏။

၉။ ဘဂဝါ- ဆည်းပူးအပ်သော ပါရမီ ဟူသော ဘုန်းရှိတော်မူတတ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

နားရည်ဝပြီး ဤဂုဏ်တော်ကိုးပါးကို သိရှိကြပြီး ဖြစ်ပါသည်။ ဂုဏ်တော်ပုတီးများစိပ်ရာတွင် ရိုးရိုးစိပ်ခြင်း၊ အနုလုံ-ပဋိလုံ ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ကွန်ချာစိပ်ခြင်း စသည်ဖြင့် နည်းပေါင်းများစွာ ရှိကြပါသည်။ ထိုပုတီးစိပ်များနှင့်မတူ တစ်မူထူးခြားသည့် ယခု ပုတီးစိပ်သည် 'ဂုဏ်တော်ကွင်းဆက် ပုတီးစိပ်နည်း' ဟု ခေါ်ပါသည်။ ဂုဏ်တော်ကွင်းဆက် ပုတီးစိပ်နည်းကို အောက်ပါအတိုင်း အသေးစိတ် ရေးသားဖော်ပြပေးလိုက်ပါသည်။

## ဂုဏ်တော်ကွင်းဆက် ပုတီးစိပ်နည်း

၁။ သော ဘဂဝါ ဣတိပိ အရဟံ ဂုဏ်တော်ပုဒ်ကို ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ်စိပ်ရပါမည်။

၂။ သော ဘဂဝါ ဣတိပိ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၃။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ်စိပ်ရပါမည်။

၄။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နောဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၅။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နောဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၆။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတောဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၇။ သော ဘဂဝါ ဣတိပိ သုဂတောဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၈။ သော ဘဂဝါ ဣတိပိ သုဂတော၊ လောကဝိဒူဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၉။ သော ဘဂဝါ ဣတိပိ လောကဝိဒူဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၀။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၁။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၂။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၃။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၄။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၅။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၆။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ ဘဂဝါဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၇။ သော ဘဂဝါ ဣတိပိ ဘဂဝါဟု ရွတ်ဖတ်ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

၁၈။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊ အရဟံဟု ရွတ်ဖတ် ပူဇော်ပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။

(မှတ်ချက်- အဓိဋ္ဌာန်ရက်ကို ၁၈ ရက် သတ်မှတ်ရပါမည်။)

ဖော်ပြထားခဲ့သည့်အတိုင်း ဂုဏ်တော်ကွင်းဆက်ပုတီးစိပ်နည်းကို ဆောင်ရွက်ကြမည့် မိတ်ဆွေတို့အနေဖြင့် သိရှိကြပြီးဖြစ်သည့်အတိုင်း အဓိဋ္ဌာန်တစ်ခုတင်၍ ဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။ ယခု ဂုဏ်တော်ကွင်းဆက်ပုတီးစိပ်သည် ကွင်းထိုးချိတ်ဆက်နည်းလမ်းဖြစ်၍ အလပ်အခြားမရှိစေဘဲ ပြည့်စုံလုံခြုံသော သွားနည်းကျင့်စဉ်တစ်ခု ဖြစ်ပါသည်။

စာချစ်သူတို့အနေဖြင့် အဓိဋ္ဌာန်ဆောင်ရွက်ရမည့် စည်းကမ်းနည်းလမ်းများ သိရှိကြပြီးဖြစ်သည်ဟု ကျွန်ုပ် ယူဆမိပါသည်။ သို့အတွက် အဓိဋ္ဌာန်ဝင်ရပုံကို သီးခြားမဖော်ပြတော့ပါ။ သာမန်ဆောင်ရွက်သည့်အတွက် အကျိုးပေးမည်မှာ သေချာသော်လည်း အဓိဋ္ဌာန်ဝင်ခြင်းနှင့်တော့ မတူညီနိုင်ပါ။ ဥပမာ- လောကီရတနာတစ်ခုအနေဖြင့် သာဓကပြုရမည်ဆိုလျှင် ရွှေသည် အဖိုးထိုက်တန်သော လောကီရတနာတစ်ပါး ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် တင်ပြချင်သည်မှာ ရွှေဟုဆိုသော တန်းဝင်ရတနာကို စိတ်ဖြာ၍ ကြည့်လိုပါသေး၏။ အကြမ်းအားဖြင့် ရွှေတို့သည် အရောပစ္စည်း (ကြေးနီ) ပါဝင်မှု အနည်း၊ အများပေါ်လိုက်၍ တန်ဖိုးလည်း ကွာခြားကြပါသည်။

ကျွန်ုပ် ယခု တင်ပြသည့် ဂုဏ်တော်ကွင်းဆက်အဓိဋ္ဌာန်ကို လောကီရတနာ အမြင့်ဆုံး ရွှေဖြစ်သော မီး (၁၀)ခါလှော်ထားသော အသန့်စင်ဆုံး ရွှေကောင်းနှင့် တူညီသော ရတနာကို ရစေလိုခြင်း ဖြစ်ပါသည်။

ဂုဏ်တော်ကွင်းဆက် ပုတီးစိပ်ရက်ကို ရွေးချယ်ရာတွင် ထိုနေ့၊ ဤနေ့ စသည့် ရက်အပြားကိုမစောင့်ဘဲ ဆောလျင်စွာ ဝင်ရောက်ကြခြင်းဖြင့် 'ဂုဏ်တော်ကွင်းဆက် စီးပွားတက်' အမည်ရသော ပုတီးစိပ်ကို အမြန်ဆုံး ဆောင်ရွက်ပြီး ရတနာ (၇) ပါးနှင့် သန်းပေါင်းများစွာ ကြွယ်ဝ ချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

နေ့၊ ရက်၊ လ၊ နှစ် ဖြင့်တော့ အတိအကျမမှတ်မိပေ။ သို့သော် ပျဉ်းမနား (နေပြည်တော်) ရှိ လက်လုပ်တောင်တောရတွင် ကျေးဇူးရှင် ဆရာတော် အရှင်မြတ် သီတင်းသုံးတော်မူသောကာလတွင် ဘွားချစ်၊ မတင်ရီ၊ ချစ်ဇနီး၊ ကျွန်ုပ်တို့အားလုံး စိတ်တူကိုယ်တူ သဒ္ဓါတူစွာဖြင့် တောရဆရာသခင် အရှင်မြတ်ကို ပူဇော်သောနေ့အဖြစ် မှတ်မိပါသည်။ နှစ်အားဖြင့် ကျွန်ုပ် အလုပ်သွားရောက်လုပ်ကိုင်နေသော တစ်ဖက်နိုင်ငံမှသည် တစ်ခေါက် ခွင့်ဖြင့်ပြန်လာခဲ့သောနှစ် ဖြစ်၏။

ကျွန်ုပ် ရန်ကုန်ပြန်မရောက်မီမှာပင် အခွင့်ကောင်းသူတို့က နေပြည်တော် ပျဉ်းမနား လက်လုပ်တောင် တောရဆရာတော် ရဟန်းတစ်ပါးကို သွားဖူးပြီး ပြန်လာကြကြောင်း ကြားသိရပါသည်။ တချို့က အရှင်မြတ်ကြီးကို ရဟန္တာ အရှင်မြတ်ကြီးဟုကြည်ညိုစွာ သမုတ်ကြပါသည်။တချို့တို့ကလည်း ရဟန်းကြီးစျာန်ပျံကြွသွားတာတောင် ကိုယ်တိုင် မြင်လိုက်ကြရသည်ဟု ဆိုကြပြန်၏။ ဤသို့သော သတင်းစကားများကို ရန်ကုန်ပြန်မရောက်မီကတည်းက ကြားနေရ၏။

သို့ဖြင့် ကျွန်ုပ်သည် ရန်ကုန်သို့ ပြန်ရောက်လာပါသည်။ ရန်ကုန်ရောက်တော့ နှစ်ရှည်လများကွဲကွာနေကြသည့် ဓမ္မမိတ်ဆွေရင်းများဖြစ်သော ဦးမြတ်စိုးသူ၊ ဦးချစ်လှိုင်၊ (အဘွားချစ်)၊ ဦးကြီးစိန်၊ ဦးအေး၊ ဦးကျော်ဝင်းတို့က ကျွန်ုပ်ကို နွေးထွေးစွာဧည့်ခံကြ၏။ သူတို့နှင့်တွေ့လျှင်တွေ့ချင်းပင် မေးမိသောစကားမှာ ဆရာတော်၏သတင်း ဖြစ်၏။ သူတို့ကလည်း ကျေးဇူးရှင်ဆရာတော်ကို စျာန်ပျံတာအမှန်ဟု ဆိုကြပြန်၏။ ဆရာတော် စျာန်ပျံသည်ကို မျက်မြင်တွေ့မြင်လိုက်ရသူတို့၏ အမည်နာမကိုပင် ရွတ်ပြသေး၏။ ပထမဦးဆုံး ဖူးတွေ့ခွင့်ကြုံလိုက်ရသူက ထမင်းဆိုင်ရှင် ကုလားကြီးဟုဆိုကြ၏။ ဟုတ်ချင်မှ ဟုတ်မည်၊ ဟုတ်လည်း ဟုတ်နိုင်သည်ဟု ကျွန်ုပ်၏ ရင်ထဲတွင် ထားလိုက်၏။ သို့သော်မိမိ၏ ဆရာရင်းဖြစ်တော်မူသော ဆရာတော်တစ်ပါး ဤသို့ သတင်းဖြစ်ပြီး ကျော်ကြားနေသည်ကို ဝမ်းသာမိသည်။ ဂုဏ်လည်းယူမိ၏။


ဟိုဘက်နိုင်ငံမှာ ရှိစဉ်ကတည်းက ဆရာတော်အရှင်မြတ်အား ကျွန်ုပ်လစဉ် လှူဒါန်းပူဇော်လေ့ရှိပါသည်။ သံဃာတော်အရှင်မြတ်များနှင့်အသုံးတည့်မည့် ပစ္စည်းများကိုလည်း ပို့သကူ ပစ်လေ့ရှိ၏။ မြန်မာပြည်ပြန်ရောက်လျှင်လည်း ပို့သကူပစ်ရအောင်ဟု ရည်စူးပြီး သင်္ကန်းကြီးတစ်ထည် ဝယ်ထားသည်။ ရန်ကုန်ရောက်၍ ဆရာတော်၏ သတင်းကိုဆရာတော်အား ဖူးပြီး ပြန်လာသူများထံမှကြားရသော အခါ ဆရာတော်အရှင်မြတ်ကြီးအား ဖူးမြော်ကန်တော့ရန် လုံးဝ ဆုံးဖြတ်လိုက်၏။ သို့နှင့် ဆရာတော်ကြီးထံသွားရန် စီစဉ်နိုင်ဖို့အတွက် ဦးချစ်လှိုင်အား တိုင်ပင်ရ၏။ ဦးချစ်လှိုင်က ကျွန်ုပ်နှင့် အရင်းနှီးဆုံးဖြစ်သော ရန်ကုန်ကပွဲယကြီး ဖြစ်၏။ ထိုအခါ ချစ်ဇနီး မိအေးတို့ရုံးက မိအေး၏အချစ်ဆုံးသူငယ်ချင်း မတင်ရီက သူမလည်း လိုက်လိုလ၏ဟုဆို၏။ ဦးချစ်လှိုင်ကလည်း အစ်ကိုပမာ၊ မတင်ရီကလည်း ကျွန်ုပ်တို့နှင့် ညီမလေးပမာဖြစ်နေ၍ အလွန်ပင်အဖွဲ့ကျပြီး ကျွန်ုပ်ကပင် လမ်း စရိတ်၊ စားစရိတ် အားလုံး ဒကာခံခွင့်ပြုရန် သူတို့ထံ တောင်းပန်မိ၏။ သူတို့ကလည်း ကျွန်ုပ်၏ပါရမီကို စိတ်ပါလက်ပါ ဖြည့်ဆည်းပေးကြပါ၏။

သို့ဖြင့် ကျွန်ုပ်တို့အုပ်စုသည် ဆရာတော်နှင့် လူများအတွက် ရည်သန်ရာ လှူဖွယ်ဝတ္ထုတို့ကို ရှာဖွေစုဆောင်းပြီး ရထားဖြင့် နေပြည်တော်ပျဉ်းမနားသို့ ထွက်လာခဲ့ကြလေသည်။ ကာလက ဆောင်းတွင်းကာလဖြစ်၍ ရာသီဥတုက အအေးဘက်ကို သန်သည်။ ဤသို့ဖြင့် ကျွန်ုပ်တို့အုပ်စုသည် လက်လုပ်တောင်ပေါ် သို့ ရောက်လာခဲ့ကြသည် ဟူ၍ အကျဉ်းချုံးလိုက်ပါရစေ။



ဦးအောင်သုခ

ထိုသင်္ကန်းတော်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ တောင်ပေါ်သို့ရောက်ရောက်ချင်း ဆရာတော်အား ဖူးမြော်ခွင့်မရပါ။ ဦးချစ်လှိုင်နှင့် ဌာနေကပ္ပိယကြီးများ၏စီစဉ်ပေးမှုကြောင့် ကျွန်ုပ်တို့သည် ဆွမ်းချက်နေရာလေး (ဝါ) ဆွမ်းချက်ဇရပ်ဖြစ်မည်ဟုထင်ရသည့် ဇရပ်ပေါ်တွင် ကမန်းကတန်း နေရာယူခဲ့ရသည်။ ဆရာတော်ကား ဇမ္ဗူမဏ္ဍိုင်ကျောင်းပေါ်တွင် တစ်ပါးတည်း တံခါးပိတ်လျက် အလုပ်လုပ်နေပုံရ၏။ ဆရာတော်၏မျက်နှာတော်ကိုပင် ဖူးခွင့်မရသဖြင့် မျှော်လင့်ကြီးစွာဖြင့် ဝေးမြေတစ်ခုပ်ခြားမှလာခဲ့သော ကျွန်ုပ်မှာ အမောဆို့သလိုပင် ခံစားမိ၏။ သို့နှင့် ဆရာတော်၏ကပ္ပိယကြီးများ ရောက်လာပြီး သူတို့ရင်းနှီးသော ဦးချစ်လှိုင်နှင့် ရှေးဟောင်းနှောင်းဖြစ်များ ပြောကြဆိုကြ၏။ သတင်းစုံကို ကြားရ၏။

ဆရာတော် ဈာန်ပျံကြွလာသော သတင်း၊ ဆရာတော် ဆွမ်းခံကြွရာ၌ ခြေထောက်မြေမထိသောသတင်း၊ ရွှေဆိုင်ရွှေသူဌေးတစ်ဦးက မိမိပိုင်ရွှေဆွဲကြိုးများ၊ ရွှေလက်ကောက်များကို အခွဲ့ဥာန်ဖြင့် ဆရာတော်ကြွလှမ်းမည့်စကြံပေါ်တွင် တဘက်စဖြင့် ဖုံးအုပ်ပြီးခင်းထားသည့်သတင်း စသည်ဖြင့် စုံလှပါသည်။

ဈာန်ပျံသည့်သတင်းအလွှင့်ကြမ်းသဖြင့် ဟိုရောက်သည်ရောက်ဖြင့် ပြန့်ကာ စုံစမ်းရေးပါ တောင်ပေါ်ရောက်ခဲ့သည်ဟုဆိုသည်။ စုံစမ်းရေးရောက်လာသည့်သတင်းကို ကိုယ်တွေ့ကြုံခဲ့ရသော ဦးကျော်ဝင်းပြော၍ ကြိုတင်သိထား၏။

ဆရာတော်နှင့် တွေ့ခွင့်ရသည့် အချိန်တွင် ကျွန်ုပ်က ဆရာတော်အား တိုက်ရိုက်ပင် ဈာန်ပျံ၊ မပျံ မေးမြန်းလျှောက်ထားမိ၏။ ကျွန်ုပ်၏စိတ်ထဲတွင် အမြင်ရှင်းလိုသည်က တစ်ကြောင်း၊ ငါတို့ဆရာတော် သည်လောက် ဈာန်ကစားလိမ့်မည်မဟုတ်ကြောင်း ယုံကြည်မိသည်က တစ်ကြောင်းကြောင့် ဖြစ်၏။

"ဈာန်ပျံသည့်ကိစ္စ ငါ့ကိစ္စမဟုတ်"

ဟု ဆရာတော်က မိန့်၏။

ဆက်၍-

"ငါ့ကိစ္စ မဟုတ်သလို နင့်ကိစ္စလည်း မဟုတ်"

ဟု ဆို၏။

ရှင်းပါသည်။ ထပ်ရှင်းလိုက်လျှင် ရှုပ်သွားနိုင်၏။


'သစ်ပင်ရှိလျှင် ဆွမ်းရှိသည်' ဟု တောရဆရာတော် အရှင်မြတ်ကြီးများ၊ သူတော်ကောင်းကြီးများ၊ ဆရာသခင် အရှင်မြတ်ကြီးများက မကြာခဏ မိန့်တော်မူ၍ ဆွမ်းအရေးကို စိတ်အေးစေ၏။ ထို့ပြင် ဤရွာတွင် တရားအားထုတ်နေသည်ကို မျက်မြင်ပူဇော်ကြရပါလျက် တစ်ရက်တည်း၊ တစ်ချိန်တည်းတွင် အခြားရွာတစ်ရွာ၌ ဆွမ်းခံကြွနေသဖြင့် ဆွမ်းလောင်းခဲ့ရသော ဒကာ၊ ဒကာမက အခိုင်အမာဆိုသည်ကို ကြားဖူး၊ ဖတ်ဖူးရ၏။

လက်လုပ်တောင်သည် ဟိုတစ်ချိန်က နေ့ချင်း၊ ညချင်း လူအင်အားသုံးလျက် မြေပြန့်ပေါ်တွင် မြေမို့အောင် ဖောက်လုပ်ဖန်ဆင်းခဲ့သော လူလုပ်သောတောင် ဖြစ်၏။ ထိုသို့ လူတို့၏ လက်ဖြင့်လုပ်သောတောင်ဖြစ်၍ 'လက်လုပ်တောင်' ဟု ခေါ်ဆိုခြင်း ဖြစ်၏။

(နေပြည်တော်) ပျဉ်းမနားမြို့၏ ရာဟုထောင့်အရပ်၌ ရှိသည်။ လက်လုပ်



ဆရာသခင်တို့၏စကားစုများ





www.burmeseclassic.com

www.burmeseclassic.com

တောင်အတွက်ဖို့ရန်မြေများကို ယူသောနေရာမှာ အတန်လှမ်း၏။ ထိုနေရာတွင် မြေစာလွှတ်ပြီး ကန်ကြီးဖြစ်နေသည်။ လက်လုပ်တောင်၏ပတ်ဝန်းကျင်ကား လယ်ယာများဖြစ်၏။ တောင်ထိပ်တွင် စေတီတစ်ဆူရှိ၏။ ယခင်မဆွ မင်းတုန်းမင်းလက်ထက်တော်ကတည်းက တည်ခဲ့သောစေတီတော်ဖြစ်သည်ဟု ဆိုကြသည်။ တောင်ထိပ်မှတစ်ဆင့်နိမ့်လျက် သံဃာတော်များအတွက် ကျောင်းများရှိခဲ့ဖူးသည်ဟု ဆိုကြ၏။ ဆရာတော်သီတင်းသုံးသောကျောင်းတော်ကား မြေပြင်ညီအထက် (၉) ပေခန့်မြင့်သောအရပ် ဖြစ်၏။ မြေပြန့်မြေညီထက် (၃) ပေခန့်မြင့်သောအရပ်ကို ယောဂီဆောင်ဟု သတ်မှတ်၏။ ဤနေရာသည် ဝိဇ္ဇာညီနောင်သမိုင်းဖြင့် တည်ခဲ့သော နေရာထူးတစ်ခု ဖြစ်၏။ မည်မျှ စကားကောင်းသွားကြသည်မသိ၊ ညီမလေး မတင်ရီက အလန့်တကြားပြလေမှ လယ်ကွင်းကို ဖြတ်သွားသော လူသွားလမ်းကလေးမှ အနီးရှိ ရွာတစ်ရွာဘက်သို့ ဦးတည်လျှောက်လှမ်းနေသော ဆရာတော်အရှင်မြတ်ကြီးကို အဝေးဇရပ်ပေါ်မှ ဖူးမြော်ရပါသည်။ ရိုးရိုးကြွလှမ်းနေခြင်း ဖြစ်ပါသည်။ ဆရာတော်ဆွမ်းခံကြွခြင်း ဖြစ်ပါသည်။ ဆရာတော်အရှင်မြတ်ကြီးကို ကြည်ညိုစွာ ကန်တော့မိပါသည်။ ထိုစဉ် ချစ်ဇနီးနှင့် ညီမလေး မတင်ရီက ဆရာတော်အပြန်တွင် ဆွမ်းလောင်းလှူနိုင်ရန် ပြင်ဆင်ကြပါသည်။

ကျွန်ုပ်သည် တစ်ရပ်တစ်ကျေးတွင် မိမိ၏ပညာဖြင့် ရိုးသားဖြူစင်စွာ ရှားထားသောငွေဖြင့် ဝယ်လာသည့် ထိုယိုးဒယားသက်န်းတော်ကြီးကို လူသွားလမ်းတွင် ပုံသကူပစ်ရန် စိတ်ကူးပေါက်သွားမိသည်။ ထို့ကြောင့် ပုံသကူမြောက်ပြုရန် ဆရာသခင် အရှင်မြတ်တို့၏ဩဝါဒများကို ပြန်၍စဉ်းစားရ၊ တွေးတောရပါ၏။

'ပံသ'သည် မြေကြီးများ၊ ဖုန်များဖြင့် ဖုံးလွှမ်းလျက်ရှိသောသက်န်းကို ခေါ်ပါသည်။ ရပ်နေ၊ ရွာနေလူတို့က အလိုမတည့်၍၊ အသုံးမတည့်၍ အလိုမရှိသဖြင့် စွန့်ပစ်အပ်သောသက်န်း ဖြစ်၏။ သက်န်းသည် ရဟန်းတို့၏အသုံးအဆောင် ဖြစ်၏။ လူတို့တွင်ရှိနေသော် လူ့သဘာဝ၊ လူ့စရိုက်၊ လူ့ဘဝနှင့် လုံးဝမသက်ဆိုင်၊ အသုံးမတည့်သဖြင့် ထိုလူကအလိုမရှိ၍ စွန့်ပစ်ထားသောသက်န်းဟု ခြုံ၍ဆိုချင်ပါသည်။

ထိုလူတစ်ယောက်က သူ့ဘဝ သူ့အတွက် အသုံးမတည့်၍ အသုံးမဝင်ပါသောကြောင့် စွန့်ပစ်ပါသည်ဆိုပါလျက် ထိုသက်န်းတော် မည်သူကောက်လေမည်၊ ငါ့သက်န်းကိုကောက်သွားပြီ၊ ငါ့သက်န်းကို ဘယ်သို့ပုဂ္ဂိုလ်ကောက်သွားသည် စသည်ဖြင့် သက်န်းအပေါ် 'ငါ' မပြတ်က ထိုလူသည် ဒါနမမြောက်ပေ။ ထို့အပြင် ထိုသက်န်းသည် ဆိုထားလေသည့်အတိုင်း ဖုန်မလူးဘဲ ပလတ်စတစ်နှင့် သေချာထုပ်ပြီးထားပါမူ ထိုသက်န်းသည် ပုံသကူမြောက်မည် မဟုတ်ပါ။

ထိုသက်န်းတော်အပေါ် စွဲလမ်းနေသောစိတ် ပြတ်ရမည်။ သင့်အတွက်အသုံးမလိုတော့သောစိတ်ဖြင့် မည်သူရရ၊ ဘာပဲလုပ်လုပ် ဟူသောစိတ်မျိုးမွေးရမည်။ ထိုသက်န်းတွင် ဖုန်လေးတော့ နည်းနည်းပေကျံနေစေရမည်။ ဤသို့တွေးမိ၏။ တွေးမိရသည့်အကြောင်းရင်းက ဆရာအရှင်မြတ်ကြီးများထံမှ ကြားနာဖူးရသည်တို့အပေါ် အခြေခံချက်များဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် တွေးမိသည့်အတိုင်းပင် စိတ်ကို အထပ်ထပ်ပြုပြင်ဆင်ခြင်လိုက်သည်။ သက်န်းပေါ်တွင် အာလယပြတ်ပြီဆိုမှ ကျွန်ုပ်အားဆန္ဒဝိုင်းဖြည့်သော ဦးချစ်လှိုင်၊ ညီမလေးမတင်ရီနှင့် ချစ်ဇနီးတို့ကို လှမ်းခေါ်ကာ အားလုံးအတူ အကျိုးခံစားရစေခြင်းအလို့ငှာ အမိဋ္ဌာန်ဖြင့် သက်န်းကြီးကို လမ်းပေါ်တွင် စီစဉ်စွန့်ပစ်ခဲ့လေသည်။

သက်န်းနှင့်ပတ်သက်၍ မည်သည့်အစွဲမျှမရှိတော့ဟု ဆိုရလင့်ကစား စွန့်ပစ်သောသက်န်းကို မြင်လောက်သည့်နေရာလောက်မှ အသာကြည့်နေမိပြန်သည်။ လူသားတစ်ယောက်ကောက်ယူသွားသည့်တိုင် ထိုသက်န်းကိုအကြောင်းပြု၍ ရဟန်းဝတ်သွားနိုင်သည်။ ကောက်ရသူကိုယ်တိုင် သက်န်းမဝတ်ဖြစ်သည့်တိုင် ထိုသက်န်းသည် ရဟန်းနှင့် သက်ဆိုင်အသုံးတည့်သဖြင့် ရဟန်းတစ်ပါးထံသို့ ဧကန်အားဖြင့် တစ်နည်းနည်းဖြင့် ရောက်သွားပေမည်။ အကျိုးမဲ့တော့မဖြစ်ဟုတွေး၍ ပီတိဖြစ်နေသေးသည်။

မကြာမီ ဆိုင်းထမ်းကြီးဖြင့် လူတစ်ယောက်သည် အခြားလမ်းခွဲလေးမှ သက်န်းကြီးစွန့်ပစ်ထားသော ခြေလမ်းလေးပေါ်သို့ လျှောက်ဆင်းလာ၏။ အတန်ကြာသောအခါ ထိုသက်န်းတော်ကြီးကို တွေ့သွား၏။ သူက အထမ်းကြီးမချဘဲ သက်န်းကြီးကို တွေတွေကြီးစိုက်ကြည့်ပြီး သက်န်းကြီးကိုကွေ့ရှောင်ကာ သူသွားလိုရာသို့ ဆက်သွား၏။

ထိုအခါတွင် ကျွန်ုပ်သည် သက်ပြင်းတစ်ချက်ချမိသည်။ ထိုသူသာ ထိုသက်န်းကြီးကို ကောက်လိုက်လျှင် ထိုကောက်သောသူသည် ရဟန်းဝတ်ရပေလိမ့်မည်။ ထိုသူက ရဟန်းဝတ်ရန် အခြေအနေမပေး၍ ငွေဆန်လျှင် ထိုသက်န်းကြီး တစ်ခါ သူထံမှပြန်ဝယ်၍ ပံ့သကူအသစ် စွန့်ပစ်ရဦးမည်။ ထိုသူက ကြည်ကြည်ဖြူဖြူဖြင့် ပြန်ရောင်းလျှင် တော်ပါသေး၏။ ထိုသူက ယူ၍ သူ့စိတ်ကြိုက်ပြုလျှင် မနည်းတောင်းပန်ကာ ညှိယူရပါလိမ့်မည်။ ထိုသူကလည်း အထမ်းကြီးဖြင့် အခြားဘက်သို့ရောက်သွား၏။

ထိုစဉ် ရွာဘက်ဆီမှ ဆရာတော်ဆွမ်းခံပြန်လာသည်။ ဆရာတော်အရှင်မြတ်လျှောက်လှမ်းသောလမ်းသည် ခြေသွားလမ်းလေးအတိုင်းဖြစ်၍ ပံ့သကူစွန့်ပစ်ထားသောနေရာနှင့် တစ်ဖြောင့်တည်း ဖြစ်နေသည်။ စွန့်ပစ်ထားသောသက်န်းကြီးအနားသို့ အရှင်မြတ်ဆိုက်ရောက်လာခဲ့သည်။ ဆရာတော်သည် ခေတ္တရပ်ပြီး အရပ်လေးမျက်နှာသို့ ရှုမျှော်ပြီး ခေတ္တဆိုင်းတော်မူသည်။ ထို့နောက် သက်န်းကြီးကို ကောက်ယူပြီး သပိတ်ပေါ်တင်ကာ ကျောင်းရှိရာဘက်သို့ ဆက်၍ လျှောက်လှမ်းတော်မူသွားလေသည်။

ထို 'ငါစွန့်ထားသောသက်န်းကြီးကို အရှင်သူမြတ်ကြီး ကောက်ယူသွားပါပကောလား' ဟု တွေးပြီး ထက်ဝန်းကျင်အနန္တကို မေတ္တာစိတ်၊ ပီတိစိတ်ဖြင့် အမျှပေးဝေမိ၏။

ဆရာတော် ကျောင်းဝန်းအတွင်းသို့ရောက်သောအခါ ဆွမ်းပြင်ထားသူက ဆွမ်းလောင်းကြ၏။ ကျွန်ုပ်လည်း ခပ်တည်တည်ဝင်၍ ဆွမ်းလောင်းလိုက်ပါသေးသည်။ ဆရာတော် ကျောင်းပေါက်ရောက်သော် လှေကားရင်းတွင် ဆရာတော်၏ခြေတော်ကို ရေတစ်ခွက်လောင်း၍ ဆေးပေးခဲ့သေး၏။ ဆွမ်းလောင်းစဉ်ကလည်း ဆရာတော်အရှင်မြတ်သည် ကျွန်ုပ်တို့ကို လုံးဝ စကားမပြော၊ စောင်းငဲ့၍ပင် မကြည့်။ ကျွန်ုပ်တို့ကသာ ဆရာတော်၏မျက်နှာတော်ကိုတစ်လှည့်၊ သပိတ်ပေါ်မှ သက်န်းကြီးကိုတစ်လှည့် ကြည့်နေကြ၏။ ဆရာတော်ကတော့ ကျောင်းထဲဝင်သွားသည့်တိုင် ကျွန်ုပ်တို့ကို နှုတ်ပင်မဆက်။ ယခုတစ်ခေါက် ဆရာတော်အား ဖူးမြော်ခွင့်မှရပါတော့မလားဟု ထင်မိ၏။ တာဝန်ကျသော ကပ္ပိယကြီးက ကပ်၍ လိုက်သွားသည်။ ကျွန်ုပ်တို့ကား မလိုက်ဝံ့၍



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းမြေပြင်တွင် ကျန်ရစ်ခဲ့၏။ အပြင်တွင် ကျွန်ုပ်တို့နှင့်အတူကျန်ရစ်ခဲ့သော ရွာသားတစ်ဦးက ည (၇) နာရီလောက်တွင် ဆရာတော် အဖူးခံတတ်သည်ဟုဆို၏။ ကျွန်ုပ်တို့ကလည်း ဆရာတော် ထိုအချိန်ကျရင် ခေါ်လိမ့်မည်ဟု ဆိုကာ ဇရပ်သို့ပြန်ကြ၏။

ဇရပ်သို့ပြန်ရောက်သော် တောခေါင်ခေါင်၌ ပျင်းရိဖွယ်ကောင်းသော နေ့ခင်း နေ့လယ်အချိန်ကို ဝိုင်းဖွဲ့စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းဖြင့် ကုန်စေအံ့ဟု အပေါင်းအသင်း ရောင်းရင်းများကို အားပေးလိုက်သည်။ စားသောက်ဝိုင်းတွင် အလွန် စကားပြောကောင်းသော ကပ္ပိယကြီးတစ်ဦးက ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ပံ့သကူ သင်္ကန်းတော် စွန့်ခြင်းနှင့်ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ကို ပြောဟော၏။ အမှန်အတိုင်း ဝန်ခံရလျှင် စိတ်မဝင်စား။ ဆရာတော်နှင့်တွေ့လျှင် သိဒ္ဓိ မဟိဒ္ဓိတွေအကြောင်း မေးလိုက်မည်ဟု မေးရန်မေးခွန်းများကိုသာ တွေးနေမိ၏။

"ရန်ကုန်က ဦး (----) ရှိလား၊ ဆရာတော်ခေါ်နေတယ်"

ဟု အော်၍ပြေးလာသော ကပ္ပိယကြီး၏အသံကြောင့် ကျွန်ုပ် ထိုင်ရာမှထလိုက်၏။ ထို့နောက် ကပ္ပိယကြီးနှင့်အတူ ဆရာတော်၏ကျောင်းသို့ ရောက်လာ၏။ ကျွန်ုပ်နှင့်အတူ ဓမ္မမိတ်ဆွေကြီး ဦးချစ်လှိုင်သည်လည်း ထက်ကြပ်ပါလာခဲ့၏။

ကျောင်းပေါ်ရောက်သော် ဆရာတော်ကို မတွေ့ရ။ ဘုရားကျောင်းတော်ပေါ်မှ ဘုရားရှင်ဆင်းတုတော်ကို ကန်တော့လိုက်၏။ ထို့နောက် ကပ္ပိယကြီး ဦးချစ်လှိုင်နှင့်အတူ ဆရာတော်၏အခန်းတွင်းသို့လှမ်းကြည့်လိုက်ရာ ဆရာတော်ကို တွေ့မြင်လိုက်ရ၏။ ဆရာတော်က ခေါ်သဖြင့် ကျွန်ုပ်တို့နှစ်ယောက် ဆရာတော်၏အနားသို့ ရောက်သွား၏။

"ရွှေစိုး၊ သင်္ကန်းဝတ်မလား"

ဟု ဆရာတော်က ကျွန်ုပ်ကို တုံးတိုကြီး မေးလိုက်၏။

ကျွန်ုပ်လည်း အံ့အားသင့်သွားပြီး ဘာဖြေရမည်မသိ ဖြစ်သွား၏။ ကျွန်ုပ်၏မျက်စိထဲတွင် မိအေးနှင့် လူမမည်အောင် ငယ်သေးသော ရင်သွေးများကို မြင်ယောင်မိခဲ့၏။ သို့သော် ဆရာညိမ်းသင်ထားချက်အရ ရှေ့တိုးသာ၊ နောက်ဆုတ်သာ ဖြေဆိုလိုက်၏။

"အခုလား ဘုရား"

"အခုတော့ မဟုတ်သေးပါဘူး"

ဟု မိန့်တော်မူပြီး-

"အေး- ငါနှင့်မတွေ့ခင်စပ်ကြား ဤသင်္ကန်းကြီးကို ငါ့အစား ငါကဲ့သို့ အမှတ်ထား၍ ကိုးကွယ်လေတော့"

ဟူ၍ ဤအတိုင်း စာသံစကားကြီးဖြင့် တစ်လုံးမလွဲအောင် မိန့်တော်မူခဲ့၏။ အရိပ်အကင်းအလွန်ပါးသော ဦးချစ်လှိုင်က သာဓုခေါ်သည်။ ကျွန်ုပ်လည်း နှစ်နှစ်ခြိုက်ခြိုက်ပင် သာဓုခေါ်လိုက်မိ၏။ ထိုစဉ်က ကြက်သီးမွေးညင်းများပင် ထောင်ထလာခဲ့ဖူး၏။ ဆရာတော် အရှင်မြတ်ကြီး ကိုယ်တော်တိုင် သပ်သပ်ရပ်ရပ်လိပ်ပြီး အပေါ်မှ ခါးပန်းကြီးဖြင့် ချည်နှောင်ထားသော ဆရာတော်ကြီး၏သင်္ကန်းတော်ကြီးကို လှမ်းချီးမြှောက်ပေးကမ်းတော်မူ၏။ ဆရာတော်အရှင်မြတ်ကြီး၏ခန္ဓာကိုယ်ပေါ်တွင်မူ ကျွန်ုပ်တို့စွန့်ပစ်ခဲ့သော ပံ့သကူယိုးဒယားသင်္ကန်းတော်ကို ဝတ်ရုံတော်မူထား၏။ ကြည်ညိုဖွယ်ရာ တင့်တယ်လှပေသည်။

ကျွန်ုပ်တို့၏ကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရားရှင်သခင် ရှင်တော်မြတ်ကြီးသည် ဘုရားဖြစ်တော်မူ၍ ပထမဝါကျွတ်ပြီးသည့်နောက် ဥရုဝေဠတောသို့ ကြွ၍ ဥရုဝေဠကဿပအမှူးရှိသော ရသေ့တို့ကို တန်ခိုးအမျိုးမျိုးပြ၍ ချွတ်တော်မူစဉ်အခါ ပုဏ္ဏာမည်သော ကျွန်မ၏အလောင်းကို ရစ်ပတ်ခြုံရုံ၍ သုသာန်၌ စွန့်ပစ်ထားသောအဝတ်ကို ပံ့သကူကောက်၍ ကာသိတိုင်းဖြစ် အစရှိသော မြတ်သော အဝတ်အထည်တို့ကို ဖယ်ပြီး ယင်းကောက်ယူ၍ထားသော ပံ့သကူအဝတ်ရှိ လောက်တို့ကိုခါပြီး ဖန်ရည်ဆိုးကာ သုံးဆောင်တော်မူလေသည်။

ဤသို့ ပံ့သကူကောက်ခြင်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အကြောင်းအကျိုးမဲ့ဖြင့် လောကတွင် ဂုဏ်ယူခြင်းသက်သက်ပြုခြင်းမျိုး မဟုတ်။ ပံ့သကူသင်္ကန်း၏အကျိုးများကိုရည်၍ သံဃာတော်အရှင်မြတ်တို့ အသက်မွေးလွယ်ရန် လမ်းညွှန်တော်မူခြင်းမျိုး ဖြစ်၏။

ပံ့သကူသင်္ကန်းကို သုံးဆောင်ခြင်းကြောင့် ရအပ်သော အကျိုးထူး (၁၂) ပါး ရှိ၏။ ယင်းတို့မှာ-

၁။ ရဟန်းအရှင်မြတ်သည် ရဟန်းဖြစ်စက ဝန်ခံတော်မူခဲ့သော ဒုတိယနိဿယနှင့်လျော်သော အကျင့်ပဋိပတ်ရှိခြင်း၊
၂။ အရိယဝံသလေးပါးတွင် ပထမအရိယဝံသနှင့်တည်ခြင်း၊
၃။ သင်္ကန်းကို စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲကင်းခြင်း
၄။ သူတစ်ပါးနှင့်စပ်သော အသက်မွေးမှုကင်းခြင်း၊
၅။ ခိုးသူတို့ဘေးမှကင်းခြင်း၊
၆။ သင်္ကန်းအပေါ်၌ တပ်မက်မှုကင်းခြင်း၊
၇။ ရဟန်းတို့အား လျောက်ပတ်ခြင်း၊
၈။ အဖိုးနည်းပြီး အရလွယ်ခြင်း၊
၉။ ကြည်ညိုဖွယ်ရာဖြစ်ခြင်း၊
၁၀။ လောဘအလိုနည်းခြင်း၊ သတ်ခြင်း၊
၁၁။ အထက် အထက် မြတ်သောအကျင့်ကိုပွားခြင်း၊
၁၂။ တပည့် သာဝကတို့အား အတုလိုက်၍ ကျင့်စေခြင်းတို့ ဖြစ်၏။

ချပ်ဝတ်တန်ဆာ အပြည့်အစုံတို့ကို ဝတ်ဆင်ထားသောမင်းသည် စစ်မြေပြင်၌ တင့်တယ်သကဲ့သို့ ပံ့သကူဆောင်ရဟန်းအရှင်မြတ်သည် ကိလေသာမာရ်စစ်သည်တော်တို့ ဖျက်ဆီးစေသော သမထ၊ ဝိပဿနာပွားများရာ၌ တင့်တယ်စေ၏ဟု ဆရာအရှင်မြတ်တို့၏ဩဝါဒကို နာယူဖူးပါ၏။

ကျွန်ုပ်တို့ဓမ္မမိတ်ဆွေနှစ်ယောက်သည်လည်း ဖန်ရည်စွန်းသောသင်္ကန်းတော်ဖြင့် ကြည်ညိုဖွယ်ရာ တင့်တယ်စွာသော အရှင်မြတ်ကြီး ချီးမြှင့်တော်မူသော ထိုသင်္ကန်းကိုပွေ့ပိုက်လျက် ရှိခိုးကန်တော့မိသည်မှာ အခါခါပင်။

ထို့နောက် ဆရာတော်အရှင်မြတ်ကြီးက-

"ကဲ- ကိုယ့်အလုပ် ကိုယ်လုပ်ကြ"

ဟု မိန့်တော်မူသဖြင့် အလိုက်သိစွာ ကျောင်းတော်မှ ဇရပ်သို့ ပြန်လာခဲ့ကြလေ၏။ ဇရပ်သို့ပြန်ရောက်သောအခါ စောင့်မျှော်နေသော ဒကာ၊ ဒကာမများကို ဦးချစ်လှိုင်က ဇာတ်ကြောင်းပြန်ဟောပြောရလေ၏။ ကျွန်ုပ်ကတော့ ဆရာတော် ချီးမြှင့်တော်မူလိုက်သော ထိုသင်္ကန်းတော်ကြီးကို ဦးပေးပြီး ဇရပ်ပေါ်တွင် တစ်ရေးမှေးဖြစ်လေသည်။

ကျွန်ုပ်သည် ဆရာတော်ချီးမြှင့်လိုက်သည့် သင်္ကန်းတော်ကြီးကို အိမ်တွင် မူလမပျက်စေအောင် ပူဇော်ကိုးကွယ်ထား၏။

ကျွန်ုပ်တို့ စွန့်လွှတ်ခဲ့သော ယိုးဒယား ပံ့သကူ သင်္ကန်းတော်ကြီးကို ဆရာတော်သုံးပြီး နောက်နောင်အခါ ရွှေကျောင်းကုန်းတောင်တော်ရှိ သိမ်ကျောင်း ရုပ်ပွား ဆင်းတုတော်ကြီး၏ ပလ္လင်တော်ထဲတွင် ဌာပနာလိုက်သည်ဟု ကြားသိရလေသည်။

ဦးအောင်သန




www.burmeseclassic.com

www.burmeseclassic.com

တောင်ရိုးတဲရွာသည် မလှိုင်မြို့နယ်ထဲတွင် ရှိသည်။ ပုပ္ပားတောင်၏အရှေ့မြောက်ဘက်ယွန်းယွန်း တောင်စဉ်တောင်တန်းတို့ ပတ်လည်ဝိုင်းနေသော ရွာ ဖြစ်သည်။ မလှိုင်မြို့မှ ကျောက်တန်းသို့ ကျောက်ခင်းလမ်းဖောက်လုပ်ထားသည်။ ကျောက်ခင်းလမ်းဆုံး၌ ချောင်းကူးပြီး မိတ်ကုန်းရွာသို့ရောက်မည်။ မိတ်ကုန်းမှ တောင်ရိုးတဲသို့ ကျောက်ခင်းလမ်းကို ခင်းထားပြန်လေသည်။ ထန်းပင်တို့ဖြင့် အလှဆင်ထားပြီး ကျောက်တုံးကျောက်ဆောင်တို့ဖြင့် ပြည့်နေသော ရွာ ဖြစ်သည်။ ရွာ၏အရှေ့ဘက်တွင် မင်းကျောင်းဟုခေါ်သော ဘုန်းကြီးကျောင်း ရှိသည်။ ရှေးဟောင်းဘုရားများစွာ တစ်စုတည်း ဖူးမြော်နိုင်လေသည်။

တောင်ရိုးတဲရွာ၏ အဓိကဇာတ်ဆောင်မှာ အဘမှင်အကြောင်း ဖြစ်ပါသည်။ ရုပ်သေးမင်းသားကြီး ဦးအာဝါးမှာ တောင်ရိုးတဲရွာတွင် နေထိုင်သည်။ အင်္ဂလိပ်အုပ်ချုပ်သော ကျွန်ဘဝခေတ်ကာလတွင် ရုပ်သေးအတတ်ပညာဖြင့် ဘဝကို ဖြတ်သန်းကျော်လွှားခဲ့ရသော ရုပ်သေးမင်းသားကြီး ဦးအာဝါး ရှိလေသည်။ နာမည်အရင်းမှာ ဦးဘိုးမှင် ဖြစ်ပါသည်။ ဦးဘိုးမှင်မှာ အဘအောင်မင်းခေါင်၏ ဦးလေးတော်ပါသည်။ အဘအောင်မင်းခေါင်း၏ အဘိုး (၇) ဦးရှိကြောင်း ယခင်ဆောင်းပါးများတွင် ရေးသားပြီး ဖြစ်ပါသည်။ အဘိုး (၇) ဦးထဲမှ ဘိုးရွှေကျင်သည် တောင်ရိုးတဲရွာသူနှင့် အိမ်ထောင်ကျသည်။ တောင်ရိုးတဲရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဦးရွှေကျင်မှ ဦးဘိုးမှင်ကို မွေးဖွားခြင်း ဖြစ်၏။

ဦးဘိုးမှင်နှင့် ဘမင်းခေါင်၏ဖခင်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်ကြသည်။



အဏ္ဏဝါလှိုင်း

အဘမှင်တို့ရဲ့တောင်ရိုးတဲရွာ



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးမှင်သည် တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ အနုပညာဝါသနာပါသဖြင့် ရုပ်သေး၊ ရုပ်ကြီးကို ကိုယ်တိုင်ပြုလုပ်သည်။ ကြိုးဆွဲလေ့ကျင့်သဖြင့် ပိုင်ပိုင်နိုင်နိုင်ကပြနိုင်သော ရုပ်သေးပညာရှင် ဖြစ်လာသည်။ မန္တလေးမှ ရုပ်သေးအဖွဲ့သည် ဦးဘိုးမှင်ကို သာခေါ်ကြသည်။ မိုးကုန်ပြီး သီတင်းကျွတ်မှစ၍ မြန်မာပြည်အနှံ့ ရုပ်သေးအဖွဲ့ဖြင့် လိုက်လံကပြရလေသည်။

အနုပညာသမားတို့သည် ဝါသနာကို အရင်းခံ၍ လုပ်ကိုင်စားသောက်ရသောသူများဖြစ်သဖြင့် ငွေကြေးမချမ်းသာကြပါ။ တစ်ခါတစ်ရံ တစ်နှစ်လုံး လိုက်လံကပြသော်လည်း အိမ်အပြန် ဝင်ငွေမပြနိုင်ပါ။ အိမ်မှ ချစ်ဇနီးကို ငွေမပေးနိုင်ပါ။ ရုပ်သေးဆရာကြီး ဦးအာဝါးဟု လူသိများသည်။ ဦးဘိုးမှင်မှာ ရွာနာမည်၊ ငယ်နာမည် ဖြစ်ပါသည်။ တစ်ခါက ရုပ်သေးကပြီးပြန်လာသော ဦးဘိုးမှင်ကြီးမှာ ငွေစ၊ ရွှေစများ ပါမလာသည့်အပြင် ငှက်ဖျားရောဂါ ရလာသဖြင့် မိန်းမဘက်မှ လက်ဖွဲ့ထားသော နွားပြာကြီးရောင်း၍ ဆေးကုရလေသည်။ 'ဒီအလုပ်ကို မလုပ်ပါနှင့်၊ မွဲဆေးဖော်နေတာ' စသည်ဖြင့် မိန်းမဖြစ်သူက ဗျစ်တောက်ဗျစ်တောက်ဖြင့် မြည်တွန်တောက်တီးလေသည်။

သို့သော် အနုပညာဓာတ်ခံရှိသူ ဦးဘိုးမှင်ကြီးမှာ နောက်နှစ်အချိန်ကျလာပါက တား၍မရ၊ ဆီး၍မရဘဲ ဇာတ်အဖွဲ့ခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။ 'နွားတစ်ရှဉ်းရှိရာ နွားပြာကြီး မရှိတော့၊ ဒီနှစ်ပြန်လာရင် ကျန်နွားကလေးတော့ ရောင်းရဦးတော့မှာပဲ' ဟု လင်တော်မောင်အပေါ် မကျေမနပ်ဖြစ်နေရှာ၏။

ဇာတ်အဖွဲ့သိမ်းပြီ။ ထုံးစံအတိုင်း ဘိုးမှင်ကြီးလည်း အချိန်တန်တော့ အိမ်ပြန်လာပြီပေါ့။ ဘယ်အချိန်ကရောက်နှင့်နေသည်မသိသော လင်တော်မောင်သည် အိမ်အပေါက်ဝတွင် မလွတ်တလွတ် အိပ်နေလေသည်။ ထုံးစံအတိုင်း 'ငွေတော့ပါလာပုံမပေါ်။ ရောဂါတော့ ပါလာပြန်ပြီလား။ ဒီဖက်ခွက်စားအလုပ်ကို လုပ်နေသရွေ့ ကြီးပွားချမ်းသာမှာ မဟုတ်၊ အိမ်ထောင်စု နွေးနွေးထွေးထွေး အတူမနေရ။ သားရေးသမီးရေး မတိုင်ပင်ရ။ အချိန်ကာလရှည်လျားစွာ နယ်ထွက်သွားလိုက်၊ ပြန်လာလိုက်၊ ရောဂါရလိုက်၊ ဆေးကုလိုက်နှင့် အိမ်မှုပစ္စည်းဖြုန်းနေတာနှင့်တူသည်။ ဟော-အခု



အဏ္ဏဝါလှိုင်း





www.burmeseclassic.com

www.burmeseclassic.com

လည်း အင်္ကျီနွမ်းဖတ်ဖတ်ကို ဝတ်ပြီး နှုတ်ခမ်းမွေးတွေ၊ ပါးသိုင်းမွေးတွေ ထူလပျစ်နှင့် လူမမာရုပ်ပေါက်နေတာပဲ။ ရောဂါပျောင်းပြန်ထလာပြီတူရဲ့။ ကျန်တဲ့နွားလေးတစ်ကောင်တော့ ရောင်းရဦးမှာပဲ' ဟု ဇနီးမယားမှ မကျေနပ်ချက်တွေ ရင်မှာပြည့်နေသည်။ ဒေါသတွေထွက်နေပြီး လင်တော်မောင်အပေါ်မှ ခွကျော်ဖြတ်ပြီး ခြေထောက်က ဆောင့်အောင့်နင်းပြီး မီးဖိုခန်းသို့ဝင်သွားလေသည်။

"ကိုဘိုးမှင်၊ ရှင်ရောက်လာပြီပေါ့။ ရောဂါရလာပြန်ပြီပေါ့"

"အေးကွာ- ရောဂါဟောင်းပြန်ထလာတယ်ကွ၊ ငါ့ကို ရေနွေးကျိုပေးပါဦး"

"ရှင်ကောက်ထားတဲ့ထင်း တစ်ချောင်းမှမရှိဘူး၊ ရေနွေးကျိုစရာ ဘာထင်းမှမရှိဘူး"

"အော်ကြီးဟစ်ကျယ်တော့ မလုပ်ပါနဲ့ မိန်းမရယ်၊ ထင်းမရှိလည်း ဟိုမီးဖိုနားက ထောင်ထားတဲ့ဝါးလုံးကို ခွဲပြီး ထင်းဆိုက်လိုက်ပါ"

"အေး- ကောင်းပြီ၊ ဒီဝါးထင်းတစ်ချောင်းနဲ့ပဲ ရေနွေးကျိုပေးမယ်။ ပွက်,မပွက်တော့ မသိဘူး"

ဇနီးဖြစ်သူသည် လင်တော်မောင်လက်ညှိုးထိုးပြသော ဝါးလုံးကြီးကို ထင်းခုတ်သည့်ဓားမကြီးဖြင့် ခွဲချလိုက်သည်။ ဝါးလုံးကွဲသွားသောအခါ ဝါးလုံးထဲမှ ငွေစ၊ ရွှေစတို့သည် ဖျာပေါ်သို့ ပြန့်ကျဲ၍ ထွက်ကျလာသည်။ မျက်လုံးအပြူးသားအံ့သြ၍ နှလုံးသည်းပွတ်တို့ ရပ်တန့်ကုန်လေပြီ။ အတန်ကြာမှ-

"ဟောတော်- ငွေတွေပါလား။ ကိုဘိုးမှင်၊ ဒါ ရှင်ယူလာတာလား။ ကျွန်မကိုပြောပါဦး"

"မင်း ထင်းဆိုက်ဖို့ ငါယူလာတာလေ"

"ရှင်စောစောက ဒီငွေတွေပါလာတယ်လို့ မပြောပါလား။ ရှင် တော်တော်ပင်ပန်းမှာပဲ။ မှန်းစမ်း၊ ဖျားနေတာလား။ ကိုယ်ပူနေတာလား။ ကျွန်မ ရေနွေးကျိုပေးမယ်။ ဘုန်းဘုန်းပေးတဲ့သွေးဆေးလေးနဲ့ ဆေးတိုက်ပေးမယ်"

စသဖြင့် ရွှန်းရွှန်းဝေအောင် ပြောနေသော ချစ်ဇနီးအမူအရာသည် တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေသည်။ ဇနီး၏ပြောင်းလဲနေသော အမူအရာကိုကြည့်ပြီး ဦးဘိုးမှင်ကြီး တရားရနေလေသည်။ ဆွေမျိုးဆိုတာလည်း ရွှေရှိမှအမျိုးတော်တတ်ကြသည်၊ ဇနီးမယားဆိုတာလည်း ငွေပေးနိုင်ရင်တစ်မျိုး, ငွေမပေးနိုင်ရင်တစ်မျိုး ပြောင်းလဲတတ်တာပဲ။ လောကကြီးမှာ မပြောင်းလဲတဲ့ အမှန်တရား မရှိတော့ဘူးလား။ ငါ ဒီအတိုင်းသေသွားရင် ငါ့အတွက် ဘာမှပါမသွားဘူး၊ ဘာမှယူမသွားနိုင်ဘူး။ တမလွန်သို့ ယူနိုင်, ပါသွားနိုင်သောအရာကား ဗုဒ္ဓဟောကြားတော်မူသော ဒါန၊ သီလ၊ ဘာဝနာပင် မဟုတ်ပါလား။ ငါလည်း အသက်ရလာပြီ၊ တရားဘက်ကို လိုက်စားဖို့ အချိန်ရောက်ပြီ။

"ဟဲ့- ကိုမှင်၊ ရှင့်ကိုခေါ်နေတာ အတော်ကြာနေပြီ။ ဘာတွေစဉ်းစားနေတာလဲ"

"ဟင်- ပြောလေ"

"ရှင်- နည်းနည်းဖယ်ပေးပါဦး၊ ကျွန်မ အပြင်သွားချင်လို့"

"ဝင်လာတုန်းကလို ခွကျော်သွားပေါ့ကွ"

"ဟို- ငရဲကြီးနေပါ့မယ်၊ ဖယ်ပေးပါရှင့်"

"ရပါတယ်ကွာ၊ ငါ ခွင့်လွှတ်ပါတယ်။ ကျော်သာကျော်သွားကွာ"

"ရှင်က ခွင့်လွှတ်ပေမယ့် ကျေးဇူးရှင်ကြီးကို ကျွန်မ မကျော်ရဲဘူးရှင့်၊ ဖယ်ပေးပါရှင်"

"အေးအေး"

အပေါက်ဝမှရပ်ပြီး အိမ်ရှေ့ခန်းသို့သွားလေသည်။ ဘုရားကိုကန်တော့ပြီး တရားရစရာတို့က ဦးဘိုးမှင်၏ရင်ထဲသို့ ကိန်းအောင်းနေလေတော့သည်။

နောက်နေ့များတွင် မင်းကျောင်းဆရာတော်ထံသွားပြီး တရားရိပ်၊ ဘုရားရိပ်သို့ ခိုလှုံလေတော့သည်။ မိမိတတ်သောပညာဖြင့် ဘုရားရုပ်ပွားတော်များ ထုလုပ်ပေးသည်။ ကျောင်းဆောက်ပေးသည်။ မင်းကျောင်းဆရာတော်၏ခွင့်ပြုချက်ဖြင့် ရွှေသာလျောင်းရုပ်ပွားတော်တစ်ဆူကို ကိုယ်တိုင်ထုလုပ်လှူဒါန်းလေသည်။ ရာသီဥတုဒဏ်ခံနိုင်ရန် အမိုးအကာတို့ကို ဆောက်လုပ်လှူဒါန်းလေသည်။ ယခုအချိန်ထိ မင်းကျောင်းတွင် အမိုးအကာတို့ဖြင့် ရှိနေသော အဘမှင် ထုလုပ်ထားသည့် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးတွေ့နိုင်ပါသည်။

အဘမှင်တို့လက်ထက်က တစ်မြို့တစ်ရွာစီ ခြားနေကြသော ဆွေမျိုးတို့သည် တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံကြသည်။ အလှူအတန်းပြုရာတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြလေသည်။ သားရေးသမီးရေး၊ သာရေး၊ နာရေးတို့တွင် ဘယ်လောက်ဝေးဝေး ဆွေမပြတ်မျိုးမပြတ်ခဲ့ပေ။

နှစ်ကာလ ကြာညောင်းခဲ့လေပြီ။ ဘမင်းခေါင်၏ ဘိုးကြီး, ဘွားကြီးတို့သည် လည်းကောင်း၊ ၎င်းတို့မှ ဆင်းသက်ခဲ့သော သားသမီးတစ်ဆက် (ဘမင်းခေါင်၏မိဘအရွယ်) တို့သည် လည်းကောင်း၊ တတိယဆွေမျိုးဆက်တို့သည်လည်းကောင်း မရှိကြတော့ပေ။ အနိစ္စသဘောအရ သေဆုံးကုန်လေပြီ။ ဘမင်းခေါင်ဘကြီးလက်ထက်မှ ဆွေမပြတ် မျိုးမပြတ်ခဲ့သော ဆွေမျိုးတို့သည်လည်း ဆွေပြတ်မျိုးပြတ်ခဲ့လေပြီ။ မိမိအမျိုးမှန်း မသိတော့။ မမှတ်မိတော့။ သားစဉ်မျိုးဆက် ဆင်းသက်ခဲ့ကြသော ဘမင်းခေါင်အမျိုးတို့သည် ဟိုတစ်စ၊ သည်တစ်စဖြင့် ကျယ်ပြန့်စွာ ပေါက်ဖွားနေထိုင်ကြလေပြီ။ အမျိုးချင်းတွေ့သော်လည်းအမျိုးမှန်းမသိတော့။အချိန်ကာလသည် ဆွေမျိုးတို့ကို ဝါးမျိုသွားလေပြီ။ ဘိုးဘွားတို့ကို မသိ မမှတ်မိတော့ပေ။

ရုပ်သေးဆရာကြီးဦးအာဝါးသည်လည်း မရှိတော့ပေ။ ၎င်း၏ဆွေမျိုးဆက်တို့ ကျန်ရှိသော်လည်း ၎င်းတို့၏မျိုးရိုးစဉ်ဆက်ကို မသိတော့၊ မမှတ်မိတော့ပေ။ ဘမင်းခေါင်နှင့် အမျိုးတော်သည် ဟုတော့ တစ်စွန်းတစ်စကြားသိရသည်။ ဘဲဥအစရှာမရသလို ဆွေမျိုးအစရှာမရတော့ပေ။

ကျန်ရှိနေသေးသော ဦးဘိုးမှင်၏ အမျိုးတစ်စုတို့သည် ဘမင်းခေါင်နှင့် အမျိုးတော်ခဲ့သည်ဟု သိရသဖြင့် ရွာဦးရွာထိပ်၌ ဓာတ်ခန်းတစ်ခုတည်ဆောက်ကြသည်။ ဘမင်းခေါင်ရုပ်တုကိုထုလုပ်ကြပြီး အဘကိုပင့်ဖိတ်၍ ကိုးကွယ်ထားကြလေသည်။ ဓာတ်ခန်းထဲတွင် နာမ်စီး၍ အဘကြွလာသည်။ 'တစ်နေ့ မင်းတို့ရွာကို ငါလာမည်၊ လူတွေ ကြက်ပျံမကျစည်ကားမည်' ဟု အဘ မိန့်ကြားသွားလေသည်။

ဆင်းရဲသော ရွာသားများလည်း အဘနာမ်စီး၍ ပြောသွားသော စကားအပေါ် ယုံမှားသံသယဝင်စရာ ဖြစ်နေလေသည်။ တောခေါင်ခေါင်၊ ကုန်းပြောင်ပြောင်တွင် ကားမပြောနှင့်၊ လှည်းတောင် အနိုင်နိုင်လာရသည့်နေရာ ဖြစ်သည်။ ဘယ်လိုမှမဖြစ်နိုင်ပေ။ နာမ်စီးပြောသော ကာယကံရှင်ကို အရူးဟုသာ သတ်မှတ်ကြလေသည်။

တောင်ရိုးတဲမှ ဒေါ်လှမြင့်သည် ဆင်ကြုံးရွာမှာ နေထိုင်သည်။ ဆင်ကြုံး



www.burmeseclassic.com

www.burmeseclassic.com

ရွာသည် သပြေကိုင်းကားလမ်းနှင့် နီးသည်။ (၅) ရက်တစ်ဈေး ခင်းကျင်းရောင်းချသော တောင်ဦးသို့ ကားကြုံဖြင့် ဈေးလိုက်လာသည်။ မွေးမြူထားသောကြက်များရောင်းချခြင်း၊ တောင်ယာမှထွက်သော ပဲ, နှမ်းတို့ကိုရောင်းချခြင်း၊ ထန်းပင်မှထွက်သော ထန်းလျက်တို့ကို ရောင်းချခြင်းဖြင့် ငွေရှာရလေသည်။ ရရှိသောငွေလေးဖြင့် ဆန်နှင့်အဝတ်အစား၊ စားစရာတို့ကိုဝယ်ပြီး ဆင်ကြုံးသို့ ပြန်လာရလေသည်။

တောင်ဦးမှအပြန် တောင်လုံးလှကျောင်းသို့ မထင်မှတ်ဘဲ ရောက်ရှိခဲ့သည်။ တောင်လုံးလှဆရာတော်ကို ဖူးတွေ့ပြီး လှူဒါန်းဖွယ်ရာများကို လှူဒါန်းလေသည်။ မိုးလေဝသအခြေအနေ၊ ရပ်ရေးရွာရေးတို့ကို သတင်းစကား ပြောဆိုကြလေသည်။

ဆွေစဉ်မျိုးဆက်တို့ကို သိသော ဦးသုမန ဆရာတော်သည် ကျောင်းသို့ ရောက်လာသော ဒကာမကြီးဒေါ်လှမြင့်ကို မေးမြန်းစုံစမ်းပါလေသည်။

"ဒကာမကြီးက ဆင်ကြုံးကလား"

"တပည့်တော်ဇာတိက တောင်ရိုးတဲရွာကပါ ဘုရား၊ အိမ်ထောင်ကျပြီးမှ ဆင်ကြုံးမှာ နေပါတယ် ဘုရား"

"ဒါဆို တစ်ချိန်က ရုပ်သေးဆရာကြီး ဦးအာဝါးဆိုတာ ရှိတယ်။ တောင်ရိုးတဲမှာအိမ်ထောင်ကျပြီး နေထိုင်သွားတယ်။ အဲဒီမျိုးဆက်တွေ ရှိသေးလား"

"မှန်ပါ၊ ရှိပါသေးတယ် ဘုရား"

"အေး- အဲဒါ ဘမင်းခေါင်အမျိုးတွေကွယ့်။ ဒကာမကြီး သူတို့ကိုပြောလိုက်၊ ဒီကိုလာခဲ့ဦးလို့"

"မှန်ပါ၊ ဒီကအပြန် ပြောလိုက်ပါ့မယ်ဘုရား"

ဆွေမျိုးစပ်တတ်သော ဆရာတော်၏ကျေးဇူးကြောင့် တောင်ရိုးတဲရွာမှ အဘမှင်၏အမျိုးတို့သည် ဆရာတော်ကျောင်းသို့ ရောက်ရှိလေတော့သည်။ တောင်ရိုးတဲရွာမှ မင်းကျောင်းဆရာတော်လည်း ကြွလာလေသည်။ ဆရာတော် ဦးသုမနနှင့် တောင်ရိုးတဲမှ ဦးအာဝါး၏မျိုးဆက်တို့ ဆက်မိကြလေပြီ။

ဆရာတော်ဦးသုမနက ဆွေမျိုးများကို နွေးထွေးစွာကြိုဆိုသည်။ ဆွေမျိုးများ၏သာရေး၊ နာရေးတို့ကို ဆွေမျိုးချင်း ဆက်ပေးသည်။ ဆရာတော်မှတ်သားခဲ့သော ဆွေမျိုးစဉ်ဆက်စာသားကြီးသည် မှန်ကန်ကြောင်း တောင်ရိုးတဲရွာမှ ဘမှင်တို့အမျိုးဖြင့် သက်သေပြနေလေသည်။

'ဖဲ ခဲ ဝဲ ရီ သုံးလီညီ နှောင်မင်းခေါင် ပေါ်လတ္တံ့'

မောင်နှမ (၇) ဦးမှ ဘမင်းခေါင် ဆင်းသက်သည်ဟု ရေးမှတ်ထားခြင်း ဖြစ်ပါသည်။

**ဇရပ်ကုန်းက အဘဓာတ်ခန်းလေး**

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်တွင် ဇရပ်ကုန်းရွာရှိသည်။ ဇရပ်ကုန်းရွာတွင် ရွာလူကြီးဦးမောင်ကံနှင့်ဇနီး ဒေါ်မြဝင်းတို့နေထိုင်ကြသည်။ တောင်ယာလုပ်ငန်းကို ရိုးသားစွာလုပ်ကိုင်စားသောက်ကြသည်။ ထွက်ရှိလာသော ကောက်ပဲသီးနှံတို့ကို မိတ္ထီလာဈေးသို့ တင်ပို့ရောင်းချပြီး ဈေးသုံးရှာရသည်။ ငွေပိုငွေလျှံလေးရှိလာသောအခါ ကုန်ကားလေးတစ်စီးဝယ်ပြီး မိတ္ထီလာ-တောင်ဦး ကုန်ပို့ကုန်သယ်ဖြင့် တစ်ဖက်တစ်လမ်းမှ ငွေရှာဖွေလေသည်။

ဒေါ်မြဝင်းသည် ငယ်စဉ်ကပင် အဘအောင်မင်းခေါင်ကို ယုံကြည်ကိုးကွယ်သူဖြစ်သည်။ အိမ်ထောင်ကျသောအခါ အဘရုပ်တုလေးဖြင့် အိမ်မှာ ကိုးကွယ်လေသည်။ ရုပ်တုလေးဖြင့် ကိုးကွယ်ရုံနှင့် အားမရသေးပါ၊ ဦးလေးတော်စပ်သူ ဦးထွန်းကြည်မှ အဘအောင်မင်းခေါင်အကြောင်း မကြာခဏပြောပြသည်။ အဘသည် စင်မြင့်သားဖြစ်ကြောင်း၊ စင်မြင့်တွင် အဘဓာတ်ခန်းရှိကြောင်း သိရလေသည်။

ဒေါ်မြဝင်းစိတ်ထဲတွင် စင်မြင့်သို့သွားချင်သောစိတ် တဖွားဖွားပေါ်ပေါက်လာလေသည်။ အဘအောင်မင်းခေါင်၏မွေးရပ်ဇာတိ စင်မြင့်ရွာမှ ဓာတ်ခန်းတွင် အဘ၏အငွေ့အသက်များ၊ ဝိဇ္ဇာဓာတ်များ ကိန်းဝပ်မည်ဖြစ်ကြောင်း ယုံကြည်နေလေသည်။ ဦးလေးဦးထွန်းကြည်အား အကျိုးအကြောင်းပြောပြပြီး စင်မြင့်သွားဖို့ ပြင်ဆင်လေတော့သည်။

တောင်ဦး-စင်မြင့်လမ်းမှာ ကားသွား၍မရ၊ လှည်းဖြင့်သာ သွား၍ရလေသည်။ အိမ်မှလှည်းကို နွားပြာကြီးတစ်ရှဉ်း ကောက်ပြီး အစားအသောက်စုံလင်စွာတင်၍ နံနက်စောစော ခရီးထွက်ခွာခဲ့ကြလေသည်။ စင်မြင့်ရောက်သောအခါ ရွာထိပ်မှာရှိသော ရွာဦးကျောင်း၊ ဓာတ်ခန်း၊ ဘုရားတို့မှာ တစ်ဆက်တည်း တစ်စပ်တည်း ရှိသည်။ မန်ကျည်းပင်အောက်တွင် လှည်းရပ်သည်။ နွားများဖြုတ်၍ အရိပ်ကောင်းတွင်ချည်သည်။ နွားစာရေစာအပြည့်အစုံပါသဖြင့် အဘ၏မေတ္တာရိပ်ဝယ် တစ်နေ့လုံး ခိုလှုံတော့မည်။

ကိုယ်လက်သန့်ရှင်းစေ၏။ ဓာတ်ခန်းသို့ဝင်သည်။ သီလခံသည်။ အဘကို ရှိခိုးကန်တော့လေတော့သည်။

"အဘအောင်မင်းခေါင်ဘုရား၊ တပည့်တော်မ အဘခြေတော်ရင်းသို့ ဦးခိုက်ရောက်ရှိပါသည် ဘုရား။ အဘကို ငယ်စဉ်ကစ၍ ယခုထိ ယုံကြည်ပါ၏ဘုရား။ ဘယ်ဘဝက ပဋ္ဌာန်းဆက်လဲမသိ၊ အဘရုပ်တုကို အိမ်မှကိုးကွယ်ရုံဖြင့်အားမရ။ အဘရှိရာ စင်မြင့်သို့ ကိုယ်တိုင် ရောက်ချင်၊ တွေ့ချင် ဖြစ်မိပါတယ်ဘုရား။ အဘ၏မေတ္တာရိပ်ကို ခိုလှုံဖို့ ရောက်ရှိလာကြောင်းပါ ဘုရား။ အဘအပေါ် ပြောမှားဆိုမှား ပြစ်မှားမိတဲ့အပြစ်ကြီးအပြစ်ငယ်တို့ကို သနားဖြင့် ခွင့်လွှတ်ပေးပါဘုရား။ အဘအနေဖြင့်လည်း တပည့်တော်မကို သမီးအရင်းလိုသဘောထား၍ စောင့်ရှောက်တော်မူပါဘုရား။ အဘအောင်မင်းခေါင်အား ရှိသေစွာကန်တော့ရပါသည် ဘုရား"

၁။ ဒေါ်ဖဲ
၂။ ဒေါ်ခဲ
၃။ ဒေါ်ဝဲ (၎င်းတို့အဆက်များ မသိရှိပါ။)
၄။ ဒေါ်နှင်းရီ ⟶ သားကြီး ⟶ ဦးကြောင် ⟶ ရွှေမန်းတင်မောင်
၅။ ဘိုးရွှင် ⟶ ဦးမောင်ပု ⟶ ဘမင်းခေါင် ⟶
၆။ ဘိုးလွင် ⟶ မငယ် ⟶ ဒေါ်ကြိုင် ⟶ မမိ (ယခုသက်ရှိထင်ရှားရှိသည်။)
၇။ ဘိုးရွှေကျင် ⟶ အဘမှင် ⟶ ဦးသာခင် ⟶ ဒေါ်အေးသိန်း (ယခုသက်ရှိထင်ရှားရှိသည်။)



www.burmeseclassic.com

www.burmeseclassic.com

ဟု နှုတ်မှ ရွတ်ဆိုကန်တော့လေသည်။ အဘပုံတော်ကိုကြည့်ပြီး ပီတိဖြစ်နေလေသည်။ စင်မြင့်မာတ်ခန်းမှ ထပြီး ဆရာတော်ကျောင်းသို့ ဝင်ကန်တော့သည်။ ဆရာတော်အား လှူဖွယ်ဝတ္ထုအစုစုတို့ လှူဒါန်းလေသည်။ ပါလာသော ထမင်းချိုင့်ကိုဖြုတ်ပြီး ဦးလေးနှင့်အတူ နံနက်စာစားကြလေသည်။

အဘမာတ်ခန်းသို့ ဒုတိယအကြိမ်ဝင်ရောက်ကန်တော့ပြန်သည်။ အဘပုံတော်ကို သေသေချာချာကြည့်ပြီး အဘကို ကြည်ညိုနေလေတော့သည်။ အဘ၏မေတ္တာရိပ်ဝယ် အေးမြလေသည်။ အိမ်ပြန်ချင်စိတ်မရှိ၊ မေ့နေလေသည်။ ဦးလေးတော်သူမှ ညနေ နေအေးပြီ၊ ပြန်ကြရအောင်ဟု လာရောက်ခေါ်ရလေသည်။

"အဘအောင်မင်းခေါင် ဘုရား၊ တပည့်တော်မသည် အဘကို ယုံကြည်သည်။ အဘ၏မေတ္တာရိပ်သည် အမှန်အေးမြပါ၏ဘုရား။ တပည့်တော် ခက်ခက်ခဲခဲနှင့် လာရတာပါဘုရား။ နေ့တိုင်းလာချင်သော်လည်း မလာနိုင်ပါ ဘုရား။ တပည့်တော်ကို သနားသဖြင့် တပည့်တော်၏လှည်းဦးထိပ်ကကြွချီပြီး တပည့်တော်အိမ်သို့ ကြွခဲ့ရန် ပင့်ဖိတ်ပါတယ်ဘုရား"

ဒေါ်မြဝင်းသည် အဘကို လှည်းဖြင့်ပင့်လေသည်။ အဘ ကြွ၊ မကြွတော့မသိ။ မမြင်ရ။ သို့သော် အဘကြွလာသည်၊ လှည်းပေါ်တွင်ပါလာသည်ဟု ယုံကြည်နေလေသည်။ အိမ်သို့ ညနေ (၆) နာရီ မိုးချုပ်မှ ပြန်ရောက်ကြသည်။ အဘိုးအိုတစ်ဦးထိုင်နေသည်ကို တွေ့ရလေသည်။ ညနေခင်း မှောင်ပျပျဖြစ်၍ အမြင်အာရုံတို့မှာလည်း မသဲမကွဲ ဖြစ်နေသည်၊ အိမ်မှလင်တော်မောင် ကိုဘိုကံကို တိုးတိုးတိတ်တိတ် မေးကြည့်တော့လည်း ဘယ်က အဘိုးကြီးမှန်းမသိဘူးဟု ပြောသည်။ ဒေါ်မြဝင်းမှ လူမှုဝတ္တရားအရ မေးမြန်းရလေသည်။

"အဘ- ဘယ်ကလာတာပါလဲ၊ အခု ဘယ်ကိုသွားမှာလဲ။ မှောင်လည်း မှောင်နေပြီ၊ သမီးတို့အိမ်မှာ ခဏနားပါလား။ ဒီမှာ ညအိပ်ပါလား"

"အဘလည်း ကြုံလို့ဝင်လာတာပါ။ ကျောက်ပန်းတောင်းကိုသွားမလို့၊ ကားက ဇရပ်ကုန်းအဝင်မှာ ပျက်နေတယ်။ အဘလည်း ရေဆာလို့ လမ်းလျှောက်လာတာ"

"ဒါဖြင့် ခဏအိမ်ထဲဝင်နားပါဦး"

ဟု ဖိတ်မန္တကပြုသည်။

ရေနွေးကြမ်းဖြင့် ဧည့်ခံပါသည်။ အဘိုးအိုမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်မှန်အထူကြီး တပ်ထားသည်။ လုံချည်ကွက်ထောက်ဝတ်ပြီး အပေါ်အကျီမှာ စွပ်ကျယ်လက်စကဝတ်ပြီး အပေါ်မှ ဖျင်ပင်နီတိုက်ပုံကို ဝတ်ထားလေသည်၊ ဒေါ်မြဝင်းလည်း ခရီးသည် အဘိုးအိုကို ဧည့်မခံနိုင်သေးပါ။ စင်မြင့်မှ မောမောနှင့်ပြန်လာပြီး ရေချိုး၊ သနပ်ခါးလိမ်း၍ အလုပ်ရှုပ်နေသည်။ ခရီးသည်အဘိုးအိုကို သတိရသောအခါ ဧည့်ခန်းထဲတွင်မရှိတော့ပေ။ ကိုဘိုကံကို မေးမြန်းတော့ ပြန်သွားပြီဟု သိရသည်။ သာမန် ခရီးသွားအဘိုးအိုတစ်ဦးဟု သာမန်တွေးထင်မိပါတော့သည်။ ဤသို့ဖြင့် မေ့မေ့လျော့လျော့ နေလာခဲ့သည်။

နောက်တစ်လခန့်အကြာ ဒေါ်မြဝင်းတစ်ယောက် စင်မြင့်သို့သွားချင်ပြန်သည်။ ဦးလေးဦးထွန်းကြည်ကို တိုင်ပင်သည်။ ယခင်ခရီးစဉ်လို နွားလှည်းဖြင့်သွားပြန်သည်၊ စင်မြင့်တွင် တစ်နေ့လုံးနေပြီး ညနေမှ ဇရပ်ကုန်းသို့ ပြန်လာသည်။ အဘအောင်မင်းခေါင်ကို ကန်တော့သည်။ အဘမေတ္တာကိုခံယူသည်။ အဘမာတ်ခန်းသည် မိဘအိမ်နှင့်တူနေလေသည်၊ အပြန်လှည်းဦးမှကြွခဲ့ပါရန် အဘကိုပင့်ဖိတ်ခဲ့ပြန်ပါသည်။

ဇရပ်ကုန်းသို့ မိုးချုပ်စ မှောင်ရီပိုး တဝါးတွင်ရောက်သည်။ အိမ်သို့ရောက်သောအခါ ထူးထူးခြားခြား ယခင်လာဖူးသော ခရီးသွားအဘိုးကြီး အိမ်ဦးခန်းတွင် ထိုင်နေလေသည်။

ဦးလေးဖြစ်သူက-

"ဟဲ့- မြဝင်း၊ နင့်အိမ်မှာ ဟိုတစ်ခေါက်က စင်မြင့်ကအပြန်မှာတွေ့တဲ့ အဘိုးကြီး ဒီတစ်ခေါက် စင်မြင့်က အပြန်လည်း တွေ့ပြန်ပြီ။ ဒီအဘိုးကြီး ရောက်တာနဲ့ တို့စင်မြင့်ကပြန်လာတာနဲ့ တိုက်ဆိုင်တယ်"

"ဟုတ်တယ် ဦးလေး"

"ငါထင်တာ ဒီအဘိုးကြီး သာမန်လူဖြစ်မယ်မထင်ဘူး"

"ဦးလေးကလည်း၊ လူမဟုတ်တော့ဘာလဲ"

"ငါပြောတာ ဝိဇ္ဇာများဖြစ်နေမလားလို့"

"မသိပါဘူး"

သို့နှင့် အိမ်ထဲဝင်ပြီး အဘိုးအိုအား နှုတ်ဆက်သည်။ ယခင်က တွေ့ခဲ့ရသော ဧည့်သည်အဘိုးအိုပင် ဖြစ်လေသည်။ ပုံသဏ္ဌာန်မပြောင်းလဲပါ။

"အဘ- ဘယ်ကကြွလာတာလဲ"

"ရန်ကုန်က လာခဲ့တာပဲ"

"အဘ ဘာနဲ့လာလဲ"

"အဘကားနဲ့လာတာ။ အဘတို့လည်း ခရီးပန်းလာတာရယ်၊ ကားနားချင်တာကြောင့် သမီးတို့အိမ်မှာ တစ်ညတည်းခိုမယ်နော်"

"ရပါတယ် အဘရယ်၊ အဘက ဘုရားခန်းမှာ အိပ်ပါ"

"အဘမှာ ကားသမားတစ်ဦး ပါသေးတယ်ကွယ့်၊ မန္တလေးတင်ဝင်းလို့ ခေါ်တယ်"

"ကားဆရာကိုလည်း နေရာပေးမှာပါ။ အိမ်ရှေ့ဆိုင်ခန်းထဲမှာ အိပ်လို့ရပါတယ်"

"အဘနာမည် ဘယ်လိုခေါ်ပါသလဲ"

"ငါ့နာမည်လား၊ ဦးမန်ကျီးလို့ခေါ်တယ်"

"ဟာ- ကြုံကြုံဖန်ဖန် မန်ကျည်းပင်က အဘနာမည်နဲ့တူလို့လား"

"ဒါနဲ့ သမီးတို့ကဘယ်ကပြန်လာတာလဲ"

"သမီးတို့ စင်မြင့်က ပြန်လာတာ"

"စင်မြင့်ကို ဘာလို့သွားတာလဲ"

"အဘအောင်မင်းခေါင်ကို ဖူးဖို့သွားတာ၊ အဲဒီရွာက အဘရဲ့ဇာတိချက်မြှုပ်ရွာလေ။ အဘမာတ်ခန်းလည်း ရှိတယ်"

"အဘကို တွေ့ခဲ့သလား"

"အဘရုပ်တုကိုတော့ တွေ့ခဲ့တာပေ့ါ။ အဘကို အိမ်ကြွပါဆိုပြီး ပင့်လာခဲ့တာ၊ ဒါဆို (၂) ကြိမ်ရှိပြီ"

"ဝိဇ္ဇာကိုပင့်တာ ဟုတ်ပါပြီ၊ တချို့က ဝိဇ္ဇာကို ဝိဇ္ဇာမှန်းမသိ၊ ကိုယ်ပင့်ပြီး ကိုယ်ပစ်ထားတာလည်း ဖြစ်နေဦးမယ်"

အဘိုးကြီးပြောသောစကားများသည် ထူးဆန်း၏။ အစွန်းထွက်စကားများ ဖြစ်နေသည်။ မိမိမှာ ဉာဏ်မမီ။ မြန်မာလို တဲ့ပြောမှသိရမည့် လူစားမျိုး ဖြစ်လေသည်။

"အဘ နားပါဦး"

ဟု နှုတ်ဆက်၍ အဘနှင့်ပါလာသော မန္တလေးတင်ဝင်းဆိုသူကို ရှာလေသည်။ အိမ်ရှေ့လမ်းဘေးတွင် ကားတစ်စီး ရပ်ထား၏။ ကားမောင်းသမားမှာ ကားပေါ်တွင် ကျောမှီကိုလှန်ပြီး အိပ်နေလေသည်။ ကားတံခါးကို အသာခေါက်ပြီး-

"ကိုတင်ဝင်း၊ ကားဆရာ ကိုတင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်း"

ဟု အသံပေး ခေါ်ပါသည်။ ကိုတင်ဝင်းလည်း ထပြီး တံခါးဖွင့်ဆင်းလာသည်။

"ဒီက မန္တလေးတင်ဝင်းဆိုတာလား"

"ဟုတ်ပါတယ်"

"ဒီဆိုင်ထဲမှာ အိပ်ဖို့လုပ်ထားပါတယ်၊ အိမ်ပေါ်ကြွပါဦး"

"နေပါစေ၊ ကျွန်တော် ကားပေါ်မှာပဲ အိပ်မှာ"

"မဟုတ်တာ၊ ဒီညစာတိုလည်း စားဖို့ ပြင်ဆင်ထားတယ်။ ဒီညအိပ်ဖို့လည်း လုပ်ထားပါတယ်"

"ကျွန်တော်က ကိစ္စမရှိပါဘူး၊ အဘကိုသာ ကောင်းကောင်းဂရုစိုက်ပါ"

"ဒီအဘက ကိုတင်ဝင်း ပင့်လာတာလား"

"ဟုတ်တယ်- မန္တလေးကို ပင့်လာတာ"

"သူ့နာမည်မေးတော့ ဦးမန်ကျီးလို့ပြောတယ်။ အဘအကြောင်းလည်း ပြောပြပါဦး"

"အင်း- အဲဘက အစ်မတို့အိမ် ဝင်ချင်နေတာ။ မန္တလေးကို တောက်လျှောက်သွားလို့ရရဲ့သားနဲ့ မသွားဘူး။ အစ်မတို့နဲ့ အကြောင်းကိစ္စရှိလိမ့်မယ်"

"ဒါဆို အဘက ဘယ်သူလဲ"

"အဘက ဝိဇ္ဇာပဲ၊ အမည်ရင်းကိုတော့ မသိဘူး။ သူပြောချင်တာ ပြောတာ။ အဘလို့ပဲ ခေါ်ကြတာများတယ်"

"ကိုတင်ဝင်းက ဝိဇ္ဇာပင့်လာတာပေါ့"

"ဝိဇ္ဇာက ပင့်တိုင်းမရ၊ ငွေရှိတိုင်းလည်း ပင့်လို့မရ။ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး အစ်မ၊ ဘုရားတည် ကျောင်းဆောက်တယ်၊ သာသနာပြုနေတဲ့ အထက်ဝိဇ္ဇာပဲ"

"အဘအကြောင်းကို ကြိုသိရတော့ ကောင်းတာပေါ့။ တော်တော်ကြာဖြစ်မှားမိရင် အခက်သား"

"အစ်မတို့အိမ်က ထူးဆန်းတယ်။ ဝိဇ္ဇာတွေကိုမပင့်ဘဲ အိမ်ကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာပဲ။ ကျွန်တော်နဲ့အဘ သိတာကြာပြီ၊ အိမ်ကိုပင့်လို့ မကြွဘူး။ အစ်မတို့အိမ်မို့ ထူးထူးခြားခြား ကြွလာတာ"

"မပင့်ဘဲနဲ့တော့ မရောက်ပါဘူး ...မောင်ရယ်၊ အစ်မလည်း စင်မြင့်ကို ...ပြီး အဘအောင်မင်းခေါင်ကို ပင့်...တာပဲ"

"အင်း- ဒါဆို အဘအောင်မင်းခေါင်နဲ့ ဒီအဘနဲ့က ဆက်စပ်လိမ့်မယ် ထင်တယ်"

"ကဲ- လာ လာ၊ ထမင်းစားရအောင်"

ဧည့်သည်အဘနှင့် ကားဆရာကိုတင်ဝင်းတို့ကို ထမင်းကျွေးသည်။ ငှက်ပျောသီး၊ လိမ္မော်သီးတို့ကို ကျွေးသည်။ ထမင်းစားပြီး စကားပြောကြရာ-

"သမီးမြဝင်း-အဘ ဒီအိမ်ကို ဘာလို့ခဏခဏကြွလာရတာလဲ၊ သိလား"

"မသိဘူး အဘ"

"သမီးပဲ စင်မြင့်သွားပြီးပင့်ခဲ့တာမဟုတ်လား"

"စင်မြင့်က အဘအောင်မင်းခေါင်ကိုပင့်တာ အဘကြွလာတယ် ဆိုတော့ အဘက ပုပ္ပား အဘအောင်မင်းခေါင်လား"

"အေး အဘပဲ"

"ဝမ်းသာလိုက်တာ အဘရယ်၊ သမီးတို့အိမ်မှာပဲနေပါ"

"ဒါဆို ငါ့သမီးဆန္ဒကိုလိုက်လျောမယ်။ အိမ်ရှေ့မှာ ဓာတ်ခန်းဆောက်၊ ဓာတ်ခန်းပြီးရင် အဘကြွလာမယ်"

"ဆောက်ပါ့မယ် အဘ၊ အဘနေမယ်ဆိုရင် သမီးဆောက်မယ်"

ဦးဘိုကံ၊ ဒေါ်မြဝင်းတို့သည် မိမိတို့အိမ်ရှေ့ကွက်လပ်၌ ဓာတ်ခန်းလေးကိုဆောက်လုပ်ကြသည်။ ဓာတ်ခန်းနှင့်တွဲလျက် အဘနှင့်သားသမီးများအိပ်ရန် အိပ်ခန်း၊ အိမ်သာခန်းတို့ကိုပါ တွဲ၍ ဆောက်လုပ်သည်။ ဒေါ်မြဝင်းသည် စင်မြင့်သို့ လှည်းဖြင့် အဘကိုပင့်ရာမှ အဘကိုယ်တိုင် ကြွလာသဖြင့် ဝမ်းသာလို့ မဆုံးတော့ပေ။

အဘအောင်မင်းခေါင်သည် ပြည်တော်သို့ပြန်ဝင်လာသည်။ မိဘများ၏ မွေးရပ်ဇာတိ စင်မြင့်ကို ကျေးဇူးဆပ်ရဦးမည်။ သာသနာဆက်၊ ပဋ္ဌာန်းဆက်များကို စောင့်ရှောက်ရပေဦးမည်။ ဝိဇ္ဇာတို့ကိုရှာ၍ မရ၊ ပင့်၍မရ၊ ပဋ္ဌာန်းဆက်မှန်ရင် အိမ်ကြွလာလေသည်။ ဝိဇ္ဇာမှန်းသိဖို့တော့လိုသည်။ တွေ့တော့တွေ့ကြမည်၊ ဝိဇ္ဇာမှန်း မသိ၍ ကျော်သွားကြလေသည်။ မသိသူတွေ ကျော်သွားကြသော်လည်း သိသူတွေ ဖော်စားနေကြသည်။ အဘနှင့်ပဋ္ဌာန်းဆက်၊ သာသနာဆက်ရှိကြသော အဘသား၊သမီးများ သိရှိပူဇော်နိုင်ရန် အကျိုးမျှော်၍ နှိုးဆော်ရပေသည်။

အဏ္ဏဝါလှိုင်း

# ခိုင်းနွားကြီးများ ချောင်းဆိုးပျောက်ဆေးနှင့် မှားပျောက်ဆေး

## ဦးသန်းစိုး(ချောင်းနက်)

တောင်သူလယ်သမားများအတွက် ခိုင်းနွားကြီးများ ကျန်းမာဝဖြိုးရန် အရေးကြီးလှပါသည်။ ခိုင်းနွားကြီးများ ကျန်းမာ၍ အားအင်ပြည့်ဖြိုးမှ လယ်ယာလုပ်ငန်း တွင်ကျယ်၍ သီးနှံများ ရရှိနိုင်ပါသည်။ ထို့ကြောင့် နွားကျန်းမာဆေးတစ်ခွက် ဖြန့်ဝေလိုက်ရပါသည်။

ခိုင်းနွားကြီးများမှာ စပါးစိုက်ခါနီးတွင် လယ်ထဲဆင်း အလုပ်လုပ်ကြရသဖြင့် အအေးပတ်ကာ ဖျားနာ ချောင်းဆိုးတတ်ပါသည်။

ထို့ပြင် နွားကြီး၊ နွားလေး၊ နွားမများပါမကျန် မှားတွယ်တတ်ပါသည်။ မှားများများတွယ်ကပ်ပါက နွားများ ပိန်ကာ ဝဲအနာများ စွဲကပ်လာတတ်သည်။

ထိုချောင်းဆိုးခြင်း၊ မှားများတွယ်ကပ်ခြင်း ပျောက်စေရန် ဆေးနည်းကတော့ နွားများကို အုန်းရည် (အုန်းသီးထဲမှအရည်) ကို တိုက်ရပါမည်။ နွားကြီးပါက (၂) လုံး၊ နွားငယ်ပါက (၁) လုံး စသည်ဖြင့် ချင့်ချိန်၍တိုက်ပါ။ (၂)ကြိမ်၊ (၃) ကြိမ် တိုက်နိုင်ပါသည်။

နွားများမှာ အုန်းရည်ကို ရေကဲ့သို့လည်း သောက်သည်။ မသောက်သော နွားများကို ဝါးကျည်တောက် သို့မဟုတ် ဖန်ပုလင်းများဖြင့် တိုက်နိုင်ပါသည်။ နွားမွေးသူ ဦးကြီးတိုင်း နွားဆေးတိုက်တတ်ကြပါသည်။

ဤဆေးနည်းမှာ ငွေကုန်ကြေးကျမရှိ၊ လူလည်း မပင်ပန်းသဖြင့် နွားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ဖော်ပြလိုက်ပါသည်။

ဤဆေးနည်းပြောပြသော တောင်တွင်းကြီးမြို့နယ် ချောင်းနက်အရှေ့ရွာမှ လယ်သမားကြီး ဦးစိုးမြင့်ကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*အားလုံး ကျန်းမာချမ်းသာကြပါစေ*

ဦးသန်းစိုး (ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

နံနက်အရုဏ်ဦးအချိန် ဘုရားရှင်အား ဆီမီး၊ နံ့သာတိုင်တို့ဖြင့် ပူဇော်နေဆဲ 'နဂါးနီ' သီချင်းသည် လေယူရာ စီးမျောလိုက်ပါရင်း ကျွန်မ၏နားစည်ကို ရိုက်ခတ်လာပါ၏။ နေ့တစ်နေ့၏ အဦးအစကို မင်္ဂလာရှိစွာ ကြိုဆိုလိုက်ခြင်းပေပဲ။

'ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြုဆောင်ပါမည်' ဟု သီချင်းလေးက အစချီထားပါသည်။ လူတို့သည် စိတ်ဆင်းရဲခြင်း၊ လူဆင်းရဲခြင်းများဖြင့် ဘဝကို ရုန်းကန်ဖြတ်သန်းနေကြသည် မို့ ဆင်းရဲခြင်းမှ လွတ်ကင်းစေမည် ဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်နေပါပြီ။ မြန်မာများ သူ့ကျွန်ဘဝ၌ ဆင်းရဲတွင်းနက်ခဲ့ကြရပါ၏။ မြန်မာ့မျိုးချစ်တေးရေး ဆရာကြီးက မြန်မာတွေ စိတ်ဓာတ်တက်ကြွလာစေရန် သီချင်းဖြင့် မြှင့်တင်ပေးခဲ့ပါသည်။ သူ့ကျွန်မခံလိုသူများ ဟိုက တော်လှန်လိုက်၊ ဒီက အုံကြွလိုက်ဖြင့် မြန်မာမျိုးချစ်တို့၏ ပြင်းထန်လှသည့် စိတ်ဓာတ်ကို တစ်ဖက်ရန်သူက ပရိယာယ်ကြွယ်စွာ ဖိနှိပ်ခဲ့ရပါ၏။ ကချင်၊ ကရင်၊ မွန်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် မြန်မာတိုင်းရင်းသားတို့က လှေခွက်ချည်းကျန် အလံမလဲစိတ်ဖြင့် ရရာလက်နက်ဆွဲ၍ လွတ်လပ်ရေးကို အရယူပေးခဲ့ကြပါသည်။ သဇင်ရနံ့သင်းသင်းမွှေးသည့် ဇန်နဝါရီလ (၄) ရက် နံနက်တွင် မြန်မာတစ်ပြည်လုံး ပျော်ရွှင်တက်ကြွစွာ လွတ်လပ်ရေးပွဲသဘင်ကြီး ဝှဲချီးကျင်းပနိုင်ခဲ့ကြပါ၏။





www.burmeseclassic.com

www.burmeseclassic.com

အလုပ်ခွင်သွားသူတွေ မရှိခိုက် 'နဂါးနီ' သီချင်း၏အဓိပ္ပာယ်ကို အတွေးနယ်ချဲ့မိခဲ့ရပါသည်။

မြန်မာတွေ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ဒုက္ခများမှ လွတ်မြောက်စေပါမည်ဟု တေးရေးသူက အာမခံလိုက်သလိုပါပဲ။ ဝိဇ္ဇာကြီးများ၊ ပုဂ္ဂိုလ်ထူးများ မ, စ၍ မြန်မာတွေ ချမ်းသာကြပါတော့မည်။ ရှင်အဇ္ဇဂေါဏ ဝိဇ္ဇာကြီးသည် ပုဂံပြည်သူများအားလုံး မှဆိုးမပါမကျန် ဘုရားတည် ကျောင်းဆောက်နိုင်ကြစေရန် ရွှေဖြစ်ကြံ၍ ကူညီမ,စခဲ့ဖူးပါ၏။ ရတနာသုံးပါးကို ယုံကြည်ကြ၍ ဘုရား၊ ရဟန္တာများ၏တန်ခိုးအာနုဘော်များသာမကဘဲ ရှစ်သောင်းလေးထောင်သော ဝိဇ္ဇာများ ကယ်တင်ခြင်းကြောင့် ဆင်းရဲတွင်းနက်နေသော်လည်း ကြွယ်ပိုးကြွယ်ဝ ချမ်းသာကြပါတော့မည်၊ နဂါးနီတန်ခိုးကြောင့် သိဒ္ဓိများတိုးတက်၍ ချမ်းသာကာ အလှူဒါနပြုနိုင်ကြပါမည်တဲ့။ ကျန်းမာ၊ ချမ်းသာစေရန်သာမက ရန်ဟူသမျှ ကာကွယ်ဆီးတားပေးပါမည်ဟု အာမဘာန္တေခံထားပါသေးသည်။ လူမွဲများအားလုံး သူဌေးဖြစ်ကြတော့မှာပါဟု အားပေးခဲ့ပါသည်။

မြန်မာတို့၏ယုံကြည်မှု၌ ရတနာသုံးပါးအပြင် မိဘ၊ ဆရာသမား၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များဖြစ်ကြသည့် အောင်လေးအောင်၊ ခေါင်လေးခေါင်တို့နှင့် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့က ကယ်မ,ပေးနိုင်သည် ဟူ၍ပါ။ ထို့အပြင် အတိတ် တဘောင် စသည်တို့ကိုလည်း ယုံကြည်ကြပါသေးသည်။ မြန်မာနိုင်ငံသူတစ်ပါးလက်အောက် ရောက်ခါနီး၌ ငလျင်လှုပ်ခြင်း၊ တော်လည်းသံကြီးများကြားရခြင်း၊ ကျီးငှက်များ တသောသောမြည်၍ ပျံသန်းခြင်း၊ ဥက္ကာပျံခြင်းများ ဖြစ်ခဲ့သည်ဟု ကြားဖူးထားပါသည်။ 'သောကြာကြယ်ကြီး လနှင့်နီး၊ ပြည်ကြီးပျက်လတ္တံ့' ဟူသည့် အဆိုအတိုင်း သောကြာကြယ်သည် လနှင့် အလွန်နီးကပ်စွာ ရှိနေပြီး လကိုပင် ဖောက်ထွင်းသွားမယောင် ဖြစ်ခဲ့၍ မြန်မာပြည်ကြီးလည်း သူ့ကျွန်ဘဝရောက်၊ မြန်မာ့ဦးစွန်းဖြစ်သည့် အရှင်သခင်တို့ ရန်သူနောက်လိုက်ပါခဲ့ရခြင်းပါ။

ခေါင်လေးခေါင် ဟူ၍ အဘဘိုးမင်းခေါင်၊ သတိုးမင်းခေါင်၊ တိမ်ကြားမင်းခေါင်နှင့် အင်းဝမင်းခေါင် လေးပါးရှိပါသည်။ အောင်လေးအောင်မှာ အာဒိကပ္ပဦးအောင်၊ ရသေ့ဦးအောင် (မင်းသားကြီး မယမင်းဆရာအောင်)၊ ပထမံဘိုးဘိုးအောင်နှင့် ပထမံ ကုန်းဘောင်နဝင်းဦးအောင်ဟု သတ်မှတ်ထားပါ၏။ အာဒိကပ္ပဦးအောင်သည် ကမ္ဘာတည်ပြီးကာလကပင် နိဗ္ဗာန်ဝင်သွားခဲ့သည်ဟု ဆိုပါသည်။ အဘဘိုးမင်းခေါင်သည် အဌာရသ ဓာတ်စမအင်းဖြင့် ထွက်ရပ်လမ်းမြန်းခဲ့သလို အဘ ပထမံဘိုးဘိုးအောင်က ပထမံစမအင်းဖြင့် အောင်ဓာတ်ရရှိတော်မူခဲ့ပါသည်။ ပထမံ ကုန်းဘောင်နဝင်းဦးအောင်သည် (၁၀၈) ကွက်နေလစက်အင်းဖြင့် ပေါက်မြောက်သွားသူပါ။



ရတနာဒေဝီ

ကျွန်မတို့ရွှေမြန်မာများ



www.burmeseclassic.com

www.burmeseclassic.com

ယက္ကန်းစင်တောင် ဆရာတော်ဘုရားကြီးမှာ ဇော်ဂျီဓာတ်စမအင်းဖြင့် ထွက်ရပ်လုမ်းနိုင်ခဲ့သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးကြီးများသည် ပုပ္ပားနတ်တောင်နှင့် ပြည်ရွှေဆံတော်ဘုရားမှာ ဝိဇ္ဇာအဖြစ် ရောက်ရှိခဲ့ကြပါ၏။ ထိုရွှေဆံတော်ဘုရားတွင် တက်လမ်းယူကြရသလို ထွက်လမ်းကိုလည်း တွေ့ရှိကြ၍ 'ပြည်ဝင်၊ ပြည်ထွက်' ဟု ဆိုကြခြင်းပါပဲ။ ဝိဇ္ဇာဖြစ်ရန် ပုပ္ပားနတ်တောင်နှင့် ပြည်မြို့ကိုဝင်၍ စရဏကျင့်ကြရပါသည်။ သမာဓိအား၊ လုံ့လအားဖြင့် ပြည်ထွက်နိုင်ကြခြင်းပါ။

ဝိဇ္ဇာတို့တွင် အင်းဖြင့် အောင်မြင်သူ အင်းဝိဇ္ဇာက အဆင့်အမြင့်ဆုံးပါ။ ပထမံဘိုးဘိုးအောင်၏ မွေးသက္ကရာဇ်မှာ ၁၆၈၇ ခုနှစ်ဟု သိရပြီး အဘပထမံကုန်းဘောင် နဝင်းဦးအောင်က ၁၆၉၀ ခုဖွားမို့ သက်တော်အားဖြင့် သုံးနှစ်မျှသာ ကွာကြပါ၏။ ဘဘုရားက ထွက်ရပ်လမ်းအောင်မြင်ခဲ့ခြင်းမှာ ပထမံကြီး(အဘအခေါ်) ပထမံဘိုးဘိုးအောင်၏ကျေးဇူးများပါသည်ဟု မိန့်ကြားဖူးပါသည်။ ဝဇီရဟိန္ဒနတ်သား (နတ်မြွက်တိုင်း ပြီးမြောက်သူ) ဘဝမှစုတေ၍ လူ့ဘဝရလာပြီး သက်တော် (၂၄) နှစ်မှာပင် ဝိဇ္ဇာ၊ ဖြစ်လာခဲ့သည်ဟု ဆိုမိန့်ပါ၏။ ရာထူးစည်းစိမ်ကိုမမက်မော၊ လောဘ, ဒေါသ, မောဟများ ဖယ်ရှားကာ ရွှေ, ငွေ စည်းစိမ်ကို ကျော်ခိုင်း၍ ဓမ္မလမ်းကြောင်းပေါ် လျှောက်ဝံ့သည်မှာ တော်ရုံသတ္တိမဟုတ်ခဲ့ပါ။

ကောက်ကျစ်ဉာဏ်များသူ ပေါလှ၍ မိခင်ဖြစ်သူက ငယ်စဉ်ကပင် အဆိပ်ကို နည်းနည်းစီ ကျွေးခဲ့၍ အရွယ်ရောက်လာသည့်အခါ အဆိပ်က အသက်အန္တရာယ်မပြုနိုင်တော့ပါဟုပြောဖူးပါသည်။ စိတ်လိုစိတ်ရဖြင့် တစ်ခါတစ်ရံ အိမ်အကြောင်း ပြောပြတတ်ပါ၏။ မြင်းခင်းသဘင်ပွဲ၌ မိခင်သည် အတောင် (၂၀)အမြင့်ကို လုံဖြင့်စွဲအောင်ပစ်နိုင်သည်ဟု ဆိုပါသည်။ တောထွက်လာတော့ မိခင်က အခက်အခဲမတွေ့ကြုံရန် တစ်ကိုယ်စာ စိန်ရွှေရတနာများပေးအပ်ခဲ့သော်လည်း မသုံးဘဲ ဘုရားဌာပနာထည့်ခဲ့ပါသည်တဲ့။ ဘဘုရားသည် ငယ်စဉ်ကပင် လှံထိုး၊ ဓားခုတ်၊ မြင်းစီးခြင်းအတတ်တို့ကို ကျွမ်းကျင်လိမ္မာခဲ့သည်ဟု ခန့်မှန်းရပါ၏။ ကုန်းဘောင်မင်းဆက်၏သွေးသားဟု မိန့်တော်မူခဲ့သဖြင့် ရမည်းသင်းစား မင်းရဲကျော်ထင်သည် (၁၆၇၃ မှ ၁၆၉၈) ခုထိ နန်းစံနှစ်ဟု ရေးသားခဲ့ရာ ဘဘုရား၏ ဖခမည်းတော်ဖြစ်လေမလားဟု တွေးမိခြင်းပါ။ ခမည်းတော်၊ မယ်တော်တို့၏ ဘွဲ့မည်ရည်ကို တစ်ခါမျှထုတ်ဖော်ပြောပြခြင်း မရှိခဲ့ပါ။ မင်းရဲကျော်ထင်သည် ဓမ္မသတ်ပုံပြင် ရာဇဝင်ထုံးဟောင်းကျွမ်းကျင်၍ စိတ်နှလုံးလည်း ပျော့ပျောင်းယဉ်ကျေးလှသဖြင့် မှူးမတ်သေနာပတိအပေါင်းတို့က စိတ်တူညီစွာ မင်းအဖြစ်တင်မြှောက်ခဲ့သည်ဟု မဟာရာဇဝင်၌ လေ့လာဖူးပါ၏။

ငယ်စဉ်ကပင် အရယ်အပြုံးနည်းပြီး တည်ကြည်စွာနေတတ်သည့် မျက်နှာထားကြောင့် နောင်တွင် ကြေးမုံထောင်ပြကာ ရယ်မောပြုံးပြခြင်း သင်ပေးကြသည်ဟု ဆိုပါသည်။ တည်ကြည်လေးနက်ပြီး ဣန္ဒြေရှိသည့်မျက်နှာတော်ကြောင့် မရင်းနှီးကြသူများ ဘဘုရားကိုလေးစားကြောက်ရွံ့ကြပါ၏။ ဝိဇ္ဇာဖြစ်လာမှ မြန်မာပြည်သူတို့ကိုကူရန် (၇) ကြိမ်တိတိ ပြည်တော်ဝင်ဖူးခဲ့ပါသည်။ ကျောက်ကုန်သည်အသွင်၊ လက္ခဏာဗေဒင်ဆရာအသွင်၊ စိတ်မနှံ့သူအသွင်ယူကာ မြန်မာပြည်တွင်း ဝင်ရောက်ခဲ့ခြင်းပါ။

သမီး- နင်တို့ အဘိုး၊ အဘွားတွေ လက်ထက်လောက်ကပေါ့။ ခုံဖိနပ်တစ်ဖက်၊ ရှူးဖိနပ်တစ်ဖက်စီးကာ ဆိုက်ကားဖြင့် လျှောက်သွားခဲ့ပါသည်ဟု မိန့်ကြားခဲ့ပါသည်။ မသိကြ၍ စိတ်မနှံ့သူဟု ပြောကြပါသည်တဲ့။ နောက်ဆုံးအကြိမ်မှ သိဒ္ဓိဝင်ဆေးတောင့်ဖြင့် ရှေ့တော်ပြေး စေလွှတ်ကာ ဘဘုရားကိုယ်တိုင်အောင်မြင်စွာ ပြည်တော်ဝင်နိုင်ခဲ့သည်။ ဆေးကုသရာတွင် ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ ဦးနှောက်အကျိတ်၊ လေဖြတ် လေငန်းရောဂါ စသည်တို့ကို ကုသပေးတော်မူခဲ့ပါ၏။ ဝဋ်နာမဟုတ်လျှင် သောက်ဆေး၊ အုံဆေးများ ပေး၍ကုသခြင်း၊ သိဒ္ဓိဝင်ဆေးတောင့်ဖြင့် ခြေချောင်းလေးများ, လက်ချောင်းများကြားလှည့်၍ သွေးကြောဖွင့်ကာ ကုသခဲ့ပါသည်။ ဆေးတောင့်၏ထူးခြားမှုများမှာ ဆေးတောင့်လှည့်နေစဉ် အောင့်ခြင်း၊ နာခြင်း၊ ပူခြင်း၊ ကျဉ်ခြင်း စသည့် ဝေဒနာများ ခံစားရပါသည်။ တချို့ လေးမျိုးစလုံး ခံစားရလျှင် 'အဘလေး၊ အမလေး' တ,၍ အော်ဟစ်နေရပါ၏။ ကုသခဲ့သည့် လူနာမှတ်တမ်းများ အဘသိမ်းထား၍ လေ့လာနိုင်ပါမည်။

ဝိဇ္ဇာတို့၏ အကြီးအမှူးဖြစ်သည့် အဘအောင်မင်းခေါင်သည် ပုပ္ပားနတ်တောင်ကိုအမှီပြု၍ အောင်လမ်းယူခဲ့ပါ၏။ ပထမံဘိုးဘိုးအောင်သည်လည်း မန္တလေး မဟာမုနိစောင်းတန်းမှ ပန်းသည်မကို ဘုရားလာတိုင်း ဘုရားကပ်လှူရန် ပန်းများ အမြဲပေးလှူသည့် စေတနာကို တုံ့ပြန်ခဲ့ပါသည်။ ဝင်းအိနေသည့် ရွှေကြက်ဥတစ်လုံးပေးခဲ့၍ နာမည်ကြီး ရာဖြတ်တို့ကပင် ဘုရင့်ဘဏ္ဍာတော်တိုက်မှရွှေတို့ထက် အရည်အသွေးကောင်းလှသည်ဟု ဆုံးဖြတ်ကြရသည်ဟူ၍ ဖတ်မှတ်ဖူးပါသည်။

ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများသည် မြန်မာ့မြေ၌ အမှန်ပင်ရှိနေကြသည်ကို ယုံမှားသံသယဖြစ်စရာ မလိုပါ။ လူအများစုသည် အတ္တကိုရှေ့တန်းတင်၍ လောဘဇော၊ မောဟဇောများဖြင့် ရှိနေကြ၏။ ပုဂ္ဂိုလ်ထူးများသည် ရတနာသုံးပါး ဦးထိပ်ထား၍ တရားရှိသူတို့ကိုသာ ကယ်မ,တတ်ကြရာ စာရေးသူ အပါအဝင် ဒေါသခဲများကို အဘယ်ပုဂ္ဂိုလ်က မုဒိတာပွားပါလိမ့်မည်နည်း။ ဝိဇ္ဇာဟူသည် 'ငါဝိဇ္ဇာဟေ့' ဟု ဟစ်ကြွေးကာ လူအများကြား ထွက်ပေါ်လာမည် မဟုတ်ပါ။ ထိုက်မှသာ တွေ့ဆုံကြပါမည်။

ကြားဖူးနားဝနှင့် စာပေမှတ်တမ်းများမှတစ်ဆင့် ဝိဇ္ဇာကြီးများသည် အတွင်းမဟာမြိုင်တော၌ ရွှေစေတီများ၊ ရွှေဆင်းတုတော်များရှေ့၌ တရားဘာဝနာ အားထုတ်လျက် ရှိကြသည်ဟုပါ။ အဘ ပထမံကုန်းဘောင်နဝင်းဦးအောင်သည် တပည့်သားမြေးတို့အား ရင်ဝယ်သားပမာ စွဲမှတ်၍ ချစ်ခင်တော်မူပါသည်။ မြန်မာပြည်အနှံ့ ကြွရောက်၍ ကယ်မ,ထိုက်သူတို့အား ဖေးမတော်မူပါ၏။ ရမည်းသင်း ရွှေမြင်တင်တောင်တော်မှာနေစဉ်ကပင် နဂါးနီတောင်သို့ မကြာခဏကြွသွားလေ့ရှိပါသည်။ ယခုနဂါးနီတောင်တော်တွင် ဘုရားတည်တော့မည်ဟု မိန့်ကြားလာပါသည်။ ခေါင်းထဲတွေးနေသည့် နဂါးနီသီချင်းထဲကလို ပုဂ္ဂိုလ်ထူးများသည် နဂါးနီတောင်ကိုအခြေပြု၍ ဘုရားတည်ကာ ကယ်မ,တော်မူမည့်အချိန်များလားဟု စဉ်းစားနေမိပါ၏။ ယခုလည်း ဂျပန်၊ ရုရှား၊ အမေရိကန်လူမျိုးများ အဘ ဆေးကုသခွင့်ပေးထားသည့် ဆရာထံရောက်လာပြီး ကုသမှုခံယူခဲ့ကြပါသည်။ ယိုးဒယားမှ မင်းဆရာတော်များကပင် ဘဘုရားအား သိဒ္ဓိရှင်တစ်ပါးဟု လက်ခံခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ငယ်စဉ်က လူတစ်ဦး ပြောဖူးပါသည်။ ထိုပုဂ္ဂိုလ်သည် ဗေဒင် ပညာကို မွေးရာပါတတ်မြောက်သူဖြစ်ပြီး နန်းတွင်းမှ ပုရောဟိတ်ကြီး ဝင်စားသူ ဟု သိခဲ့ရပါသည်။ ခင်မင်နီးစပ်သူတို့ သိ လိုရာ မေးကြလျှင် ကောင်းကင်ကိုမော့ ၍ကြည့်တတ်ပြီး အချိန်နာရီမေးကာ အ တိအကျ ဟောကြားနိုင်ပါသည်။ ဆရာ ကြီးတစ်ပါးကြွလာ၍ ဝိဇ္ဇာလမ်းလိုက်ခဲ့ ရာမှ သားကြီး၊ ငါးကြီးရှောင်ကာ ထော ပတ်၊ ငှက်ပျောသီး၊ သကြားကို ထမင်း နှင့်နယ်၍ စားသွားပါသည်။ သေဆုံး မည့်အချိန်ကိုသိကာ 'တန်ခူးမကူးတော့ ဘူး၊ သွားတော့မည်' ဟု မိတ်ဆွေတို့ အားပြောဆို၍ တကယ်ပင် တပေါင်းလ ၌ ကွယ်လွန်သွားခြင်းပါ။

တစ်ခါက ရွှေဖျိုင်းနားဆရာတော် ကြီး ဦးဝိဇ္ဇာဗလ၏မွေးရပ်မြေ ဆား တောင်ရွာဘုရားပွဲကို ရောက်ရှိသွားခဲ့ပါ သည်။ ဆရာတော်ကြီး၏ကပ္ပိယများမှ တစ်ဆင့် ရာထူးတိုးရန်၊ စီးပွားရေးအ ဆင်ပြေရန် ဆရာတော်ကြီး၏မေတ္တာ ကိုယူ၍ အောင်မြင်ကြသည်ဟု သိရပါ သည်။ နေ့လယ်ဆွမ်းစားပြီးချိန် ဆရာ တော်ကြီးသည် ကုလားထိုင်ပေါ်တစ်ပါး တည်းရှိနေပြီး ပြောင်လက်နေသည့် ဝေါ်လီလုံးအကြီးစားအရွယ် အလုံးတစ် လုံးကို ပါးစပ်ထဲ ထည့်လိုက်၊ လှည့်ပတ် ကြည့်လိုက်လုပ်ကာ အိတ်တစ်ခုထဲသို့ ထည့်၍ သင်္ကန်းတော်အတွင်း သိမ်း လိုက်သည်ကို တွေ့ရပါ၏။ နောင် အဘ နှင့်တွေ့မှ မြေကြီးက အလိုလိုဖြစ်လာ သည့် ပြဒါးရှင်လုံးဟု သိခဲ့ရပါသည်။

ဆရာတော်ဘုရားအနီး ကပ်၍ ဦးချတော့ ပြုံး၍ကြည့်တော်မူပါသည်။ စာရေးသူ၏စိပ်ပုတီးလေး ဆရာတော် ကြီးကို ကပ်လိုက်ပါသည်။ ဆရာတော် ကြီးက ပုတီးနှစ်ပတ်၊ သုံးပတ်မျှစိပ်၍ ပုတီးကို ကွင်းလေးများလို ခေါက်ရင်း ညာဘက်လက်တော်ဖြင့် စာရေးသူ၏ နဖူးကို လက်ညှိုးဖြင့် ထိုးတော်မူသည်။ နှုတ်တော်မှလည်း-

'လူလည်မ၊ လူလည်မ'

ဟု ပြုံးပြုံးကြီး မိန့်ကြားတော်မူ ပါသေးသည်။

ဟုတ်ပါသည်၊ ကျွန်မ လူလည်မ ပါ။ လူလည်ကြီးလုပ်ပြီး ပုဂ္ဂိုလ်ထူးများ ၏ဣဒ္ဓိတ်နှင့်သိဒ္ဓိကို တောင်းခံယူခြင်းပါ။ အဘကိုလည်း မကြာခဏ ပုတီးလေး ပေးလိုက်တိုင်း ပုတီးစိပ်ကာ ပြန်ပေး တော်မူပါသည်။ ကျွန်မမှာ သိဒ္ဓိ၊ မဟိဒ္ဓိ မရှိတာကိုး၊ ရှိသည့်ပုဂ္ဂိုလ်ထူးများထံမှ မေတ္တာခံယူရင်း သိဒ္ဓိကိုတောင်းခံခြင်းမျှ သာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်ထူးများနှင့်တွေ့ လည်း ချမ်းသာရန် ဆုမတောင်းခဲ့ဘူးပါ။ မှန်သောသစ္စာသာ ဖြစ်ပါ၏။

'စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ဖြင့် သာသနာတော်ကြီးကို အထောက် အပံ့ပြုနိုင်သူ ဖြစ်ပါရစေ။ နိဗ္ဗာန်မျက် မှောက်ပြုနိုင်ပါစေ' ဟူသည့် ဆုကိုသာ တောင်းခံခဲ့ပါသည်။ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ထားတာပဲ။ ထိုက်တန်လျှင်တောင်း စရာမလိုပါ၊ ရပါလိမ့်မည်။ မထိုက်၍ မရ ခြင်းသာ ဖြစ်ပါသည်။

အစ်မလို ချစ်ခင်သည့် အစ်မကြီး ဒေါ်သိန်းသိန်းက ဘဘုရားကို လျှောက် ထားပါသည်။

"မ,စရာရှိလျှင် အိကို မ,စလိုက် ပါ။ အိ ချမ်းသာလျှင် သမီးကိုပစ်မထား ပါဘူး၊ ကြည့်ရှုမှာပါ"

ဆိုတော့-

"ညည်းတို့ကိုမွေ့အမွေ့ပဲပေးမယ်"

ဟု ဘဘုရားက မိန့်ကြားတော်မူ ပါသတဲ့။ စာရေးသူကိုလည်း မွေ့အမွေ့ ပဲပေးမည်ဟုမိန့်၍ 'ကလေးများကိုတော့ စောင့်ရှောက်ပေးပါ အဘ' ဟု အထွန့် တက်ခဲ့ဖူးပါသည်။

"အေး- ကလေးတွေ သူတို့ခြေ ထောက်ပေါ် သူတို့ရပ်နိုင်အောင် ကူညီ ပေးမယ်"

ဟု မိန့်ဖူးပါသည်။

စာရေးသူ စာပြန်ရေး၍ စာမူခ တွေရတော့ ဘဘုရားကို ဆွမ်းကပ်ပါ သည်။ စာမူခများသည် အရုဏ်ဆွမ်း၊ ဘုရားပွဲ၊ ပုဂ္ဂိုလ်ကြီးများပွဲ၊ ပန်းနှင့်သစ် သီး၊ ဆီမီးများအတွက်သာ သုံးပါသည်။ စာမူခဖြင့်ဆွမ်းကပ်တိုင်း ဘဘုရား ဝမ်း ပန်းတသာ ဆွမ်းစားတော်မူပါသည်။ ပင်ပန်းသမျှ အမောပြေအောင်လည်း ပြောတတ်ပါသေးသည်။

'သမီးအိ ချက်တဲ့ ငါးပိချက်က ကောင်းတယ်၊ ဂုံမင်းဟင်းခါးလေးလည်း သောက်လို့ကောင်းတယ်' ဟု ချီးမွမ်း စမြဲပါပဲ။ လုပ်အားခဖြင့် ဆွမ်းကပ်ရ၍ ဝမ်းသာရပါသည်။ သားသမီးတို့ဝတ္တရား ကျေအောင်တော့ ကြိုးစားနေရခြင်းပါ။

ဆွမ်းစားရင်းက-

"သမီး- နဂါးနီတောင်မှာ အဘ ဘုရားတည်တော့မယ်။ နဂါးနီတောင်မှာ ဘုရားပန္နက်ချတဲ့နေ့ဟာ နှင့်ဘဝမှာရှိ တဲ့ ကံဆိုး ကံနိမ့်တွေ အားလုံးကျေ ပျောက်တဲ့နေ့ပဲ"


ဟု မိန့်ကြားတော်မူပါ၏။

အနိမ့်အညံ့တွေ ပြေပျောက် တော့မယ်ဟု သိရ၍ ကျေနပ်ရသလို ရတနာသုံးပါးကိုလည်း ပိုပြီး အာရုံပြုခဲ့ ရပါသည်။


သာသနာပြု ဘရသေ့ကြီး ပထမံ ကုန်းဘောင်နဝင်း ဦးအောင်၏ '၁၀၈ ကွက် နေလစက်' အင်းကို မေတ္တာ ရှေ့ထားပြီး ဖော်ပြပေးလိုက်ပါသည်။

ဘဘုရား၏ သိဒ္ဓိလမ်းစဉ်များကို နောင်အလျဉ်းသင့်သလို တင်ပြပေးပါဦး မည်။


**ပထမံကုန်းဘောင်နဝင်းဦးအောင်၏ (၁၀၈) ကွက် နေလစက် အင်းစီရင်ပုံ**



**ပုံ (၁) မဟာရံတံတိုင်း**



**ပုံ (၂) ဒေါင်လိုက်မျဉ်း**



**ပုံ (၃) ကန့်လန့်မျဉ်း**

'မဟာရံတံတိုင်း' ကို မြားပြထား သည့်အတိုင်းဆွဲ၍ မျဉ်းဆွဲသည်နှင့်-

**'ဥုံ ဩောင်းနမော မဟိဒ္ဓိ သိဒ္ဓိ စတုလောကပါလ ဒေဝါနံ တိဋ္ဌတု'**

ဟု ရွတ်ရမည်။

'အတွင်း ဒေါင်လိုက်မျဉ်း' များကို ပုံအတိုင်း အထက်မှအောက်သို့ ဆွဲရပါ မည်။

**'ဥုံ ဩောင်းနမော မဟိဒ္ဓိ သိဒ္ဓိ အဋ္ဌတိံသဠ မင်္ဂလာနံ တိဋ္ဌတု'**

ဟု ရွတ်ရမည်။

'အတွင်း ကန့်လန့်မျဉ်း' များကို ပုံအတိုင်း လက်ဝဲဘက်မှလက်ယာဘက် သို့ ဆွဲရပါမည်။

**'ဥုံ ဩောင်းနမော မဟိဒ္ဓိ သိဒ္ဓိ သတ္တတိံသဠ ဗောဓိပက္ခိယ ဓမ္မာနံ တိဋ္ဌတု'**

ဟု ရွတ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်တန်းလျှင် (၄) ကွက်ဖြင့် (၁၆) ကွက် ရှိပါသည်။



- အရဟံ စာလုံးဆွဲရန်၊ ရေးဆွဲစဉ် ရွတ်ဆိုပါ။

(ဥုံသြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ အရဟံ ဂုဏ်တော်နှင့်တကွ အောင်သိဒ္ဓိဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ သိဒ္ဓိဆယ်ပါ သိဒ္ဓိအနန္တတို့နှင့် ပြည့်စုံစွာ ဤအရပ်၌ ကိန်းဝပ်တည်နေတော်မူပါ အရှင်ဘုရား) ဟု ရွတ်ဆိုရမည်။

- ၁၀၈ ကွက်စာလုံးဆွဲရန် ရေးဆွဲစဉ် ရွတ်ဆိုပါ။


(ဥုံသြောင်းနမော မဟိဒ္ဓိ၊ သိဒ္ဓိ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်နှင့်တကွ ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော အောင်သိဒ္ဓိဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သိဒ္ဓိဆယ်ပါး သိဒ္ဓိအနန္တတို့နှင့် ပြည့်စုံစွာ ဤအရပ်၌ ကိန်းဝပ်တည်နေတော်မူပါ အရှင်ဘုရား) ဟု ရွတ်ရမည်။



'အရဟံ' စာလုံးဆွဲရန်၊ ရေးဆွဲစဉ် အောက်ပါအတိုင်း ရွတ်ဆိုပါ။

'ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ အရဟံဂုဏ်တော်နှင့်တကွ အောင်သိဒ္ဓိဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ သိဒ္ဓိဆယ်ပါ၊ သိဒ္ဓိအနန္တတို့နှင့်ပြည့်စုံစွာ ဤအရပ်၌ ကိန်းဝပ် တည်နေတော်မူပါ အရှင်ဘုရား'

ဟု ရွတ်ရမည်။



(၁၀၈) ကွက် စာလုံးဆွဲရန်။ ရေးဆွဲစဉ် အောက်ပါအတိုင်း ရွတ်ဆိုပါ။


'ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်နှင့်တကွ ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူသော အောင်သိဒ္ဓိဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သိဒ္ဓိဆယ်ပါး၊ သိဒ္ဓိအနန္တတို့နှင့် ပြည့်စုံစွာ ဤအရပ်၌ ကိန်းဝပ်တည်နေတော်မူပါ အရှင်ဘုရား'

ဟု ရွတ်ရမည်။



'နေ' စာလုံး ဆွဲရန်။ ရေးဆွဲစဉ် အောက်ပါအတိုင်း ရွတ်ဆိုပါ။

'ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ နေမင်းစကြာ နေမင်းတည်းဟူသော အလင်းဓာတ်သည် သိဒ္ဓိဆယ်ပါး၊ သိဒ္ဓိအနန္တတို့ဖြင့် ပြည့်စုံစွာ ဤအရပ်၌ကိန်းဝပ်တည်နေတော်မူပါ အရှင်ဘုရား'



'လ' စာလုံး ဆွဲရန်။ ရေးဆွဲစဉ် အောက်ပါအတိုင်း ရွတ်ဆိုပါ။

'ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ လမင်းစကြာ လမင်း တည်းဟူသော အလင်းဓာတ်သည် သိဒ္ဓိဆယ်ပါး၊ သိဒ္ဓိအနန္တတို့ဖြင့် ပြည့်စုံစွာ ဤအရပ်၌ကိန်းဝပ်တည်နေတော်မူပါ အရှင်ဘုရား'

*(အင်းပေါင်ချုပ်လျှင်၊ အင်းမဟာရံ တံတိုင်း ရေးဆွဲလျှင် ပုံ (၁) အတိုင်း ရွတ်ဆို၍ အောက်ပါအတိုင်းဆက်လက် ရွတ်ဆိုပါရန်။)*

'ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ ဗုဒ္ဓါယ သောဘဂဝါ ဣတိပိ အရဟံ'

အရဟံဂုဏ်တော်နှင့်တကွ ဂုဏ်တော်ကိုးပါးတို့သည် ဤ၌တည်ပါစေသတည်း။

ရောင်ခြည်တော်ခြောက်သွယ်တို့သည် ဤ၌ တည်ပါစေသတည်း။

တည်သည်ဖြစ်၍ သိဒ္ဓိတန်ခိုး မိုးသို့ထိုး တန်ခိုးအနန္တ ရှိပါစေသတည်း။

ဥုံ သြောင်းနမော မဟိဒ္ဓိ ၁၀၈ ကွက် ဗုဒ္ဓစက်လက္ခဏာတော်တို့သည် ဤ၌တည်ပါစေသတည်း။ အရဟံ အစ ကိုးပါးသော ဂုဏ်တော်တို့သည် ဤ၌ တည်ပါစေသတည်း။

သိဒ္ဓိတန်ခိုး မိုးသို့ထိုး တန်ခိုးအနန္တ ရှိပါစေသတည်း။

ဥုံ သြောင်းနမော မဟိဒ္ဓိ နေမင်း စကြာ အလင်းရောင် နေမင်းဓာတ် တန်ခိုးတော်သည် ဤ၌ တည်ပါစေသတည်း။

ဥုံ သြောင်းနမော မဟိဒ္ဓိ လမင်း စကြာအလင်းရောင် လမင်းဓာတ်တန်ခိုး တော်သည် ဤ၌တည်ပါစေသတည်း။

သိဒ္ဓိတန်ခိုး မိုးသို့ထိုး တန်ခိုးအနန္တ ရှိပါစေသတည်း။

ဗောဓိပက္ခိယတရား (၃၇) ပါးသည် ဤ၌ တည်ပါစေသတည်း၊ မဂ်လာတရား (၃၈) ပါးသည် ဤ၌ တည်ပါစေသတည်း ဟု ရွတ်ဆိုရပါမည်။

အင်းအရွက် (၁၀၈) ရွက်ကို တစ်နေ့တစ်ရွက် စားရမည်။ အင်းများ ရေးဆွဲပြီးလျှင်-

၁။ ဥုံ သန သန မဟာသန သန အပေါင်း ထောင်သောင်းမက ကြေဆရာကြေ ပြေဆရာပြေ။

(၉) ခေါက်ရွတ်။

၂။ ဥုံ သုနက္ခတ္တံ သုမင်္ဂလံ သုပ္ပဘာတံ သုဟုဋ္ဌိတံ သုခဏော သုမုဟုတ္တောစ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(၉) ခေါက်ရွတ်။

၃။ ဥုံ သိဒ္ဓိ သိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်းမက ထက်ဆရာ ထက် တက်ဆရာတက်။

(၉) ခေါက်ရွတ်။

၄။ ဥုံ သြောင်းနမော မဟိဒ္ဓိ သိဒ္ဓိ ဒသ သိဒ္ဓိယာ အနန္တ သိဒ္ဓိယာ ထက်ဆရာထက် တက်ဆရာ တက်။

(၉) ခေါက်ရွတ်။

၅။ ဥုံ ဗုဒ္ဓိ တေဇေနထက် ဥုံ ဓမ္မံ တေဇေနထက် ဥုံ သံဃံ တေဇေန ထက်ဆရာထက် တက်ဆရာ တက်။

(၉) ခေါက်ရွတ်။

အင်းသောက်လျှင် ငါးမြွေထိုး၊ ငါးရှဉ့်၊ ဝက်သား၊ အမဲသား၊ ပဲလင်းမြွေ သီး၊ မြေအောင်းသားများ မစားရ။ ဆောင်းရာသီဖြစ်က ဘူးသီး၊ ဘူးရွက် မစားရ။ ကြောက်လျှာသီး၊ ခွေးတောက်၊ ဝက်ဝံ၊ ဆင်၊ မြင်း၊ ကျား၊ အောင်းသား၊ သဲပလုပ်များ မစားရပါ။

ရဝေဒဿဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

# ပါးချိတ်ရောင်ဝေဒနာ စမ်းကြည့်ပါ

မိုးကုတ်ကျော်ကျော်စိုး

ရှေးအခါက ဘုန်းကြီးကျောင်းသားဆိုတာ အချိန်ပိုင်းမျှသာ အတူတူနေရတာ မဟုတ်ပါဘူး၊ နေ့နေ့၊ ညည ကျောင်းအိပ်ကျောင်းစား အတူတူနေကြရတာဆိုတော့ အချင်းချင်း စည်းလုံးချစ်ခင်ရင်းနှီးစွာ နေကြရတာပါ။

အဲဒီလိုနေရင်း ကျွန်တော်တို့တစ်တွေဟာ ကလေးတို့ဘာသာဘာဝ ကြံကြံဖန်ဖန် မျိုးစုံအောင် ဆော့ကစားတတ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီတတ်ကြတယ်။

ဖျားနာတာကို မဆိုလိုပေမယ့် အတော်အတန် ပြင်းပဝေဒနာ ဖြစ်တာလောက်တော့ ကလေးအချင်းချင်း ကုပေးတာနဲ့ ပျောက်ကြတယ်။ ဘုန်းတော်ကြီးတောင် သိစရာမလိုဘူး။ ငါကုပေးမယ်ဆိုပြီး ကုပေးလိုက်ကြတာပါပဲ။

ကျွန်တော်တို့ ငယ်ငယ်က ပါးချိတ်ရောင်တဲ့ ဝေဒနာဟာ ကူးစက်ရောဂါအဖြစ် ခေတ်စားပါတယ်။ တစ်ယောက်ပြီးတစ်ယောက် ကူးစက်တော့တာပဲ။ အချို့က ပါးချိတ်တစ်ဖက်သာ ရောင်တယ်၊ အချို့ကျတော့ နှစ်ဖက်စလုံး ရောင်တယ်။ နှစ်ဖက်ရောင်တဲ့ ကလေးကျတော့ အောက်ဘက်ပါးချိတ်အထိ ရောင်နေတာကြောင့် ခပ်မော့မော့ ဖြစ်နေတတ်တယ်။

အဲဒါကို ကျွန်တော်တို့က 'မော်နာ' လို့ ခေါ်ကြပါတယ်။ အဲဒီ မော်နာဖြစ်ရင် မော်နာကို အသက်အောင့်ပြီး ဖိနပ်နဲ့ (၇) ချက် ရိုက်ပေးရတယ်။ စတိသဘောရိုက်တာပါ။ တစ်ချက်ရိုက်တိုင်း 'မော်ဦးမလား' လို့ မေးရပါတယ်။ ဝေဒနာရှင်က 'မမော်တော့ပါဘူး' လို့ ပြောရပါတယ်။

ရိုက်ပြီး မေ့မေ့ပျောက်ပျောက်သာနေလိုက်ပါ၊ ခဏဆိုရင် အဲဒီမော်နာ မရှိတော့ပါဘူး။ ကလေးအချင်းချင်းကုတဲ့ စတိသဘောနည်းတွေမှာ အဲဒီ ပါးချိတ်ရောင်ဝေဒနာကုတာကိုလည်း မေ့ရခဲ့ပါဘူး။ ဒါက ကိုယ်တွေ့ပါ။ မြန်မာတွေရဲ့ဂမ္ဘီရပညာလို့ ပြောလို့ရပါတယ်၊ မော်နာနဲ့ ဖိနပ် ဆိုတာ ဓာတ်တူနံ့တူပါ။ အမှန်တော့ နံ့တူသတ်ပြီး စွမ်းပုံ ရှိပါတယ်။ 'ဓာတ်တူနံ့တူ ဆေးဖက်ယူ၊ နံ့တူတော်က အသေရ' ဆိုတဲ့သဘော ဖြစ်ဟန်တူပါတယ်။

ကျွန်တော်တို့ခေတ်က ကျောက်၊ ဝက်သက် ဆိုတဲ့ ရောဂါတွေလည်း ကူးစက်တတ်ပါတယ်။ အဲဒီရောဂါတွေ အခြားမှာဖြစ်နေပြီတဲ့လို့ ကြားတာနဲ့ ဘုန်းတော်ကြီးဟာ သူ့မှာ ဆောင်ထားတဲ့ မြင်းအချင်းခြောက်ကို ရေစိမ်ပြီး တစ်ယောက်တစ်ဇွန်း ဇွန်းကြီးတစ်ဇွန်း မသောက်မနေရ တိုက်လေ့ရှိပါတယ်။ စတိသဘောတိုက်ခြင်းပါ။ သူများတွေ ဖြစ်ပေမယ့် ကျွန်တော်တို့ မှန်ကျောင်းက ကျောင်းသားတွေ ဘာမှမဖြစ်ကြပါဘူး။ ဖျားရင် ဘုန်းတော်ကြီးက ဆေးကုပေးတယ်။ အဖျားပျောက်သွားရင် ချွေးအောင်းခိုင်းတယ်။ ဒီလိုနဲ့ ကျွန်တော်တို့တွေကြီးပြင်းခဲ့ရတာပါ။ ခေတ်မီဆေးဝါးဆိုတာ အဲဒီခေတ်က လက်လှမ်းဝေးခဲ့ကြပါတယ်။

၁၉၉၅ ခုနှစ်လောက်မှာ ကျောက်ပြသာဒ်နဲ့ ကပိုင်ကြား ရေငုတ်ကြီးကွက်ရပ်မှာ မန္တလေး ရွှေလင်းယုန်ကုမ္ပဏီက သူဌေးဦးမြင့်ခိုင် ဖက်စပ်ဆွဲပြီး ကျောက်တူးတဲ့အခါ ကျွန်တော်က အောင်မင်းနဲ့ အဖော်ညှိပြီး တွင်းရာသွားကြည့်တယ်။ လုပ်တော့မယ် ဆိုတော့ ရွာက ဗိန္ဓောဆရာ ဦးအောင်ဝင်းက သူ့တွင်းသား သန်းဝင်း ထည့်ပါရစေ ဆိုပြီး ထည့်ပါတယ်။ သူတို့အုပ်စုဟာ ပြည်ခရိုင် ကမ္ဘနယ်သားတွေပါ။

ရက်သိပ်မကြာလိုက်ပါဘူး၊ မောင်သန်းဝင်းက-

'လေးကျော်စိုး၊ ကျွန်တော် ပါးချိတ်ကြီး ရောင်နေလို့ တွင်းမလိုက်ဖြစ်သေးဘူး'

ဆိုပြီး သူ့ပါးချိတ်ကို ပြပါတယ်။ ဘယ်,ညာနှစ်ဖက်စလုံး ရောင်ကိုင်းပြီး မော့နေရတာပါ။ ကျွန်တော်တို့ငယ်စဉ်ကဖြစ်တဲ့ 'မော်နာ' ဆိုတာ သိလိုက်ပါတယ်။ ဒါပေမယ့် သူ့ပေါလန်က ဗိန္ဓောဆရာ ဆိုတော့ ဘာမှလုပ်မပေးခဲ့ဘူး၊ ဆေးဝါဝါတွေ လိမ်းထားပေးတာတွေ့ရပါတယ်။ ဒုတိယနေ့မှာလည်း ပါးချိတ်ရောင် မလျော့ပါဘူး၊ တတိယနေ့မှာလည်း မလျော့တာ တွေ့ရတာကြောင့် မနေသာတဲ့ ကျွန်တော်ဟာ သန်းဝင်းကို ခေါ်ပါတယ်။ ကျွန်တော်နဲ့ အောင်မင်းက တွင်းသွားမလို့ ထမင်းချိုင့်လွယ်အိတ်ကိုယ်စီနဲ့ပါ။

ရွာလမ်းမပေါ် ရောက်တဲ့အခါ ကျွန်တော်က-

"မင်းအနာက မော်နာလို့ ခေါ်တယ်။ ငါ ဖိနပ်နဲ့ရိုက်မယ်။ တစ်ချက်ရိုက်တိုင်း ငါက မော်ဦးမလားလို့ မေးမယ်၊ မင်းက မမော်တော့ပါဘူးဗျ ဆိုပြီး ပြန်ဖြေ၊ ဟုတ်လား။ ဒါဆို မင်းရဲ့ မော်နာ ခဏနဲ့ပျောက်တယ်"

လို့ပြောပြီး ကျွန်တော့်ဖိနပ်ချွတ်ကာ (၇) ချက် ရိုက်ပေးခဲ့ပါတယ်။ ပျောက်ပြီ ဆိုတာ ယုံပြီးသားပါ။

ညနေ ကျွန်တော် တွင်းကပြန်လာတော့ သန်းဝင်းကို ရွာလယ်မှာ ဆေးပေါ့လိပ် တငေါ့ငေါ့နဲ့ တွေ့ရပါတယ်။

"ဘယ်လိုလဲ သန်းဝင်း"

"ပျောက်သွားပြီ လေးကျော်စိုး"

လို့ စပ်ဖြဲဖြဲနဲ့ပြောပါတယ်။

ကျွန်တော် ဆေးကုတတ်တာကို သန်းဝင်းလည်း သိနေတာပါ။ ဒါက အသက်ကြီးခါမှ ငယ်စဉ် ကလေးဘဝတုန်းက ဘုန်းကြီးကျောင်းသားကုထုံးနဲ့ ပါးချိတ်ရောင်ဝေဒနာကို ကုသတာ ပထမဆုံးပါပဲ။ နောက်လည်း ဒါမျိုးဖြစ်တာ မတွေ့ပါဘူး။

ကျွန်တော် မတွေ့ကြုံပေမယ့် ကျယ်ဝန်းလှတဲ့ မြန်မာနိုင်ငံ အရပ်ရပ်မှာတော့ ပါးချိတ်ရောင်ဝေဒနာ ဆိုတာ ဖြစ်ပေါ်နိုင်ပါတယ်။

တိုးတက်နေတဲ့ခေတ်ကြီးမှာ ဆေးရုံ၊ ဆေးခန်းတွေလည်း ပေါများလှတဲ့အခါ ပါးချိတ်ရောင်ဝေဒနာကို သိပ္ပံနည်းကျ အလွယ်တကူ ကုစားနိုင်ကြပါလိမ့်မယ်။

အကယ်၍ ပါးချိတ်ရောင်ဝေဒနာ ဖြစ်ခဲ့တယ်ဆိုရင် 'မော်နာ' လို့သတ်မှတ်ပြီး ကျွန်တော်တို့ ငယ်စဉ် ကလေးဘဝ ဘုန်းကြီးကျောင်းသား ကုထုံးနဲ့ ဦးစွာကုကြည့်စေလိုပါတယ်။ ဘာအန္တရာယ်၊ ဘာဆိုးကျိုးမှ မရှိနိုင်ပါဘူး။ စတိသဘော ထိရုံ ရိုက်တာမို့ နာလည်းမနာပါဘူး။

ဒီကုနည်းကို ဘယ်သူကစ,တယ်၊ ဘယ်တုန်းက ပေါ်ခဲ့တယ် ဆိုတာကို မပြောတတ်ပေမယ့် အမှန်တကယ် အစွမ်းထက်ကြောင်းကိုတော့ မှတ်တမ်းပြုလိုက်ပါရစေ။

ချမ်းမြေ့ကြပါစေ

မိုးကုတ်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

"ဂျိဘာရာရွာက ဆင်းရဲသားတွေအတွက် ငွေချေးပေးစေချင်တယ်။ ကျွန်တော်ကိုယ်တိုင် လူ (၄၂) ယောက်ကို (၂၇) ဒေါ်လာ ချေးထားပြီးပြီ။ ငွေကြေးလိုအပ်နေတဲ့ ဆင်းရဲသားတွေ အများကြီးကျန်သေးတယ်။ သူတို့ အလုပ်ဆက်လုပ်နိုင်ဖို့၊ ကုန်ကြမ်းတွေဝယ်ဖို့ ချေးငွေလိုအပ်တယ်"

"ဘယ်လိုကုန်ကြမ်းတွေလဲ"

"ဒီလိုဗျ၊ တချို့က ဝါးထိုင်ခုံတွေလုပ်တယ်။ တချို့ကျတော့ ဖျာတွေရက်တယ်၊ ဒါမှမဟုတ် ဆိုက်ကားနင်းတယ်။ ဘဏ်တစ်ခုကနေပြီး အတိုးအနည်းဆုံးနဲ့ငွေချေးခဲ့ရင် သူတို့ထုတ်ကုန်ကို အပြင်ဈေးကွက်မှာ ရောင်းချပြီး ကောင်းကောင်းမွန်မွန် နေထိုင် စားသောက်တဲ့ အကျိုးအမြတ် ရနိုင်တယ်။ အခုတော့ သူတို့က ကျွန်တွေလို အလုပ်လုပ်နေရပြီး မတရားနှုန်းနဲ့ ငွေတိုးချေးစားတဲ့ လက်ကားအရောင်းအဝယ်သမားတွေရဲ့ ခြေထောက်အောက်က မလွတ်နိုင်ဘူး ဖြစ်နေတယ်"

"ဟုတ်ကဲ့၊ အဲဒီလူတွေအကြောင်း ကျွန်တော်သိပါတယ်"

"အဲဒီ ရွာသားတွေအတွက်ပဲ ငွေတိုးချေးဖို့ ကျွန်တော် လာပြောတာပါ"

"ကျွန်တော် အဲလိုချေးလို့မရဘူး"

"ဘာလို့မချေးနိုင်ရတာလဲ"

"ဘာလို့လဲ ဆိုတော့ ပထမတစ်ချက်ပြောရရင် ဒီရွာသားတွေအတွက် လိုအပ်တဲ့ငွေဟာ ဘဏ်မှာ ငွေထုတ်ပုံစံဖြည့်တဲ့ စာရွက်စာတမ်းဖိုးကိုတောင် ထေမိမှာ မဟုတ်ဘူး။ ဘဏ်က ဒီလောက် အသေးအမွှားကိစ္စအတွက် အချိန်ဖြုန်းမနေနိုင်ဘူး"

"ဘာဖြစ်လို့လဲ၊ ဒီငွေကြေးဟာ ဒီလူတွေ အသက်ရှင်ရပ်တည်ဖို့အတွက်

## စာရေးဆရာနှင့် ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း





www.burmeseclassic.com

www.burmeseclassic.com

အသည်းအသန်အရေးပါနေတာပဲ"

"ဒီလူတွေက စာမတတ်ကြဘူး။ ကျွန်တော်တို့ရဲ့ငွေချေးပုံစံတောင် မဖြည့်တတ်ဘူး"

"လူဦးရေ (၇၅) ရာခိုင်နှုန်း စာမတတ်တဲ့ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမှာ ပုံစံဖြည့်ရဖို့ကိစ္စက အတော် လက်ပေါက်ကတ်တဲ့မှုပဲ"

"ဘဏ်တိုင်းမှာ ဒီမူရှိတယ်"

"အင်း- အဲဒီမူကပဲ ဘဏ်တွေရဲ့ နည်းလမ်းမကျမှုကို ဖော်ပြနေတာပဲ"

"လူတစ်ယောက်ဟာ ငွေချေးတာ၊ ထုတ်တာ မပြောနဲ့။ ဘဏ်မှာ ငွေသွင်း၊ ငွေစုရင်တောင် ဘယ်လောက်သွင်းတယ်ဆိုတာ ပုံစံဖြည့်ရသေးတာပဲ"

"ဘာဖြစ်လို့လဲ"

"ဆရာက ဘာဖြစ်လို့လဲ ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ကိုင်းဗျာ- ဘဏ်က သူ့ငွေကို လက်ခံယူပြီး မည်သူမည်ဝါထံ မည်မျှငွေပမာဏလက်ခံရရှိသည်လို့ ဖြတ်ပိုင်းထုတ်ပေးလို့ မရဘူးလား။ အဲဒီ ပုံစံကို ဘဏ်ဝန်ထမ်းတွေကဖြည့်လို့မရဘူးလား၊ ငွေသွင်းတဲ့သူကပဲ ဖြည့်ရမှာလား"

"လူတွေက စာမတတ်၊ စာမရေးတတ်ဘဲနဲ့ ဘယ်လိုလုပ်ပြီး ဘဏ်လည်ပတ်လို့ရမလဲ"

"ရှင်းရှင်းလေးဗျာ၊ ဘဏ်က သူလက်ခံရရှိတဲ့ငွေအတွက် ဖြတ်ပိုင်းထုတ်ပေးလိုက်ပေါ့"

"အဲဒီလူက ငွေပြန်ထုတ်ချင်တဲ့အခါကော ဘယ့်နှယ်လုပ်မလဲ"

"အဲ- မသိဘူး၊ ဒါပေမယ့် နည်းလမ်းတစ်ခုခုရှိမှာပေါ့။ ငွေချေးချင်တဲ့သူက သူ့ရဲ့ငွေသွင်းလက်မှတ်နဲ့ ပြန်လာတယ်၊ ငွေစာရင်းအရာရှိကို ပြတယ်။ ငွေစာရင်းအရာရှိက ငွေပြန်ထုတ်ပေးတယ်။ စာရင်းဇယားထိန်းသိမ်းမှု၊ သွင်းမှုတွေက ဘဏ်အလုပ်ပဲလေ"

ဘဏ်မန်နေဂျာလည်း ခေါင်းခါပြီး ဘာလုပ်ရမှန်း၊ ဘာပြောရမှန်း မသိဖြစ်နေသည်။

"ခင်ဗျားတို့ရဲ့ဘဏ်လုပ်ငန်းစနစ်က စာမတတ်သူတွေ ဆန့်ကျင်ရေးမူနဲ့ ပုံဖော်ထားတာပဲ"

"ပါမောက္ခကြီးခင်ဗျာ၊ ဘဏ်လုပ်ငန်းဟာ ပါမောက္ခကြီးထင်သလောက် မလွယ်ကူလှပါဘူး"

"ဟုတ်ကောင်းဟုတ်လိမ့်မယ်၊ ဒါပေမယ့် ဘဏ်လုပ်ငန်းဟာ ခင်ဗျားပုံဖော်သလောက် ရှုပ်ထွေးလှမယ်လို့ ကျွန်တော် မထင်ဘူး"

"ဒီမှာ ဆရာ- ကမ္ဘာ့ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်ဘဏ်မှာဖြစ်ဖြစ် ဘယ်ငွေချေးသူမဆို ငွေချေးဖို့ပုံစံဖြည့်ရမှာပဲ"

"ဒါဆိုရင်လည်း ရွာသားတွေအတွက် ပုံစံဖြည့်ဖို့ ကျွန်တော့်တပည့်တွေကို စေတနာ့ဝန်ထမ်း လုပ်အားပေးခိုင်းရင် ရတာပဲ"

"ဆရာ သဘောမပေါက်သေးဘူးထင်တယ်။ အခြေအနေမဲ့တွေကို ကျွန်တော်တို့ဘဏ်က ငွေမချေးနိုင်ဘူး"

"ဘာလို့မချေးနိုင်ရတာလဲ"

"သူတို့မှာ အာမခံချက်မရှိဘူး"

"ခင်ဗျားငွေကို ခင်ဗျား ပြန်ရမှတော့ အာမခံ အပေါင်ပစ္စည်းလိုသေးသလား။ ခင်ဗျားငွေကို ခင်ဗျားပြန်လိုချင်တာ အဓိက မဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ငွေကို ပြန်လိုချင်တယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အပေါင်ပစ္စည်းလိုတယ်။ ဒါက ကျွန်တော်တို့အာမခံချက်ပဲ"

"ကျွန်တော်တို့အတွက်တော့ အဓိပ္ပာယ်မရှိဘူး။ အဆင်းရဲဆုံးလူတွေက တစ်နေ့ကို (၁၂) နာရီ အလုပ်လုပ်တယ်။ ဈေးရောင်းမှ ဝင်ငွေရှိပြီး စားသောက်နိုင်တယ်။ သူတို့အနေနဲ့ ခင်ဗျားငွေကို ဆပ်ဖို့ အကြောင်းတရား အပြည့်အဝ အခိုင်အလုံ ရှိတယ်။ တစ်ခါချေးမှ အသက်တစ်ရက်ပြန်ရှင်ရမှာကိုး။ သူတို့ရဲ့ အသက်ဟာ ခင်ဗျားလိုချင်တဲ့ အာမခံ အပေါင်ပစ္စည်းပဲ။ အသက်ထက် တန်ဖိုးရှိတဲ့အပေါင်ပစ္စည်း ခင်ဗျားဘယ်မှာများ တွေ့ဖူးသလဲ"

မန်နေဂျာ ခေါင်းခါလိုက်သည်။

"ဆရာဟာ စိတ်ကူးယဉ်သမား တစ်ယောက်ပါ။ စာအုပ်တွေနဲ့ သဘော





www.burmeseclassic.com

www.burmeseclassic.com

တရားတွေနဲ့ အသက်ရှင်နေသူပါ"

"မဟုတ်ဘူးလေ။ ငွေပြန်ဆပ်မှာ သေချာရင် ဘာလို့ အာမခံချက်လိုသေးလဲ၊ ဘာလို့ အာမခံပစ္စည်းလိုသေးလဲ"

"ဒါက ကျွန်တော်တို့ဘဏ်စည်းမျဉ်းပါ"

"ဒါဆို အာမခံပစ္စည်းရှိတဲ့သူသာ ငွေချေးနိုင်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ပေါက်တတ်ကရစည်းမျဉ်းပဲ။ ဒါမျိုးဆို ချမ်းသာတဲ့သူတွေပဲ ပိုက်ဆံချေးနိုင်မှာပေါ့"

"စည်းမျဉ်းတွေကို ကျွန်တော် ချမှတ်တာမဟုတ်ပါဘူး၊ ဘဏ်ကချမှတ်တာပါ"

"အေးဗျာ၊ အဲဒီ စည်းမျဉ်းတွေကို ပြောင်းသင့်တယ်လို့ ကျွန်တော် ထင်တယ်"

"နောက်တစ်ခုက ကျွန်တော်တို့ ဒီမှာ ငွေမချေးဘူး"

"မချေးဘူး"

"မချေးပါဘူး။ တက္ကသိုလ်ကပဲ ကျောင်းဆရာတွေ၊ ကျောင်းသားတွေဆီက ငွေသွင်းတာကို လက်ခံယူတာပဲရှိတယ်"

"ဘဏ်တွေက ငွေထုတ်ချေးတာ မဟုတ်လား"

"ရုံးချုပ်ကပဲ ငွေချေးတယ်။ ကျွန်တော်တို့ တက္ကသိုလ်နှင့် တက္ကသိုလ်ဝန်ထမ်းတွေဆီက ငွေအပ်တာ လက်ခံဖို့ပဲဖွင့်ထားတာ။ ခင်ဗျားတို့ရဲ့ သုံးဝေစုလယ်ယာလုပ်ငန်းကို အရင်ချေးခဲ့တဲ့ငွေက ရုံးချုပ်က အထူးခွင့်ပြုချက်နဲ့ပေးခဲ့တဲ့ ခြွင်းချက်ကိစ္စပါ"

"ခင်ဗျားဆိုလိုတာက ကျွန်တော် ဒီကိုလာပြီး ငွေချေးဖို့ပြောရင် ခင်ဗျား မချေးဘူးပေါ့"

"အမှန်ပါပဲ"

ဘဏ်မန်နေဂျာကရယ်မောလိုက်သည်။ သူ့အနေဖြင့် ဤမျှ ရယ်စရာကောင်းသောရက်များ မကြုံရသည်မှာ ကြာပြီဟု ယူဆနေပုံရသည်။

"အဲဒီတော့ ဘဏ်တွေက ငွေထုတ်ချေးတယ်လို့ ကျွန်တော်တို့ကျောင်းသားတွေကို သင်ပေးတာ မဟုတ်မမှန်မုသားစကားတွေပေါ့"

"အင်း. . . ငွေချေးချင်ရင်တော့ ဌာနချုပ်ထိတက်ရမယ်။ သူတို့ ဘယ်လိုသဘောထားမယ်ဆိုတာ ကျွန်တော်က မသိဘူး"

"ကျွန်တော် ခင်ဗျားထက်မြင့်တဲ့ အရာရှိနဲ့ပြောမှ ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့၊ အဲဒီလိုလုပ်တာ ကောင်းပါလိမ့်မယ်"

အလုပ်တစ်ခု အောင်မြင်ရန်အတွက် အကြာကြီးလုပ်ခြင်း၊ မပြတ်လုပ်ခြင်း၊ အစွမ်းကုန်လုပ်ခြင်း၊ လေးစားစွာလုပ်ခြင်း၊ ထက်သန်ပျော်ရွှင်စွာလုပ်ခြင်းဟူသော အချက် (၅) ချက် ရှိသည်။ ထိုအချက် (၅) ချက်နှင့်အညီ ကြိုးစားခဲ့သောကြောင့် အလောင်းတော်သည် ဘုရားအဖြစ်သို့ရောက်ခဲ့ရခြင်းဖြစ်၏။ အမြင့်ရောက် အောင်မြင်သူများ၏ နောက်ကြောင်းကိုပြန်ကြည့်လျှင် ဖော်ပြပါ အင်္ဂါ (၅) ချက်နှင့်အညီ ကြိုးစားကြကြောင်းကို တွေ့ရသည်။ ယခုလည်း ယူနွတ်သည် အဆင့်ပိုမြင့်သော စစ်တကောင်းမြို့ ဂျာနာတာဘဏ်၏နယ်မြေမန်နေဂျာ ဟောလာဒါအား သွားရောက်တွေ့ဆုံပြန်၏။

ထိုမန်နေဂျာက ရွာမျက်နှာဖုံးလူတစ်ယောက်အား အာမခံဖို့ လက်မှတ်ထိုးရန်လိုကြောင်း ပြောလာသည်။ ထိုသူက ငွေချေးသူ ဆင်းရဲသားများအပေါ် လက်ဝါးကြီးအုပ်ပြီး ကျွန်လိုဆက်ဆံလာနိုင်သည်။ ထို့ကြောင့်-

"ကျွန်တော် အာမခံပေးရင်ကော"

"ခင်ဗျားကိုယ်တိုင်လား"

"ဟုတ်တယ်၊ ချေးငွေတွေအားလုံးအတွက် ကျွန်တော့်ကို အာမခံအဖြစ် လက်ခံလို့မရဘူးလား"

"ခင်ဗျား ငွေဘယ်လောက်ထိလိုချင်တာလဲ"

"စုစုပေါင်း ငွေ (၁၀၀၀၀) (ဒေါ်လာ ၃၀၀) လောက် ရှိမယ်၊ အဲဒါထက်မပိုဘူး"

"အင်း- ခင်ဗျားကို အဲဒီလောက်ငွေအတွက် အာမခံသူအဖြစ် ကျွန်တော်လက်ခံနိုင်ပါတယ်။ ဒါပေမယ့် ဒီထက်တော့ ပိုမတောင်းပါနဲ့"

"ရတယ်၊ ဒီလောက်ဆိုဖြစ်တယ်။ တစ်ခုတော့ပြောချင်တယ်"

"ဘာပါလိမ့်"

"ငွေချေးသူတစ်ယောက်ယောက်က ပြန်မဆပ်ရင် ကျွန်တော် ကြားဝင်ဆပ်မပေးနိုင်ဘူး"

နယ်မြေမန်နေဂျာသည် ယူနွတ်ကိုကြည့်ပြီး မဝေခွဲနိုင်အောင် ဖြစ်နေသည်။ ဘယ်လိုလူမျိုးလဲဟုတွေးနေဟန်တူသည်။ ပြီးမှ-

"အာမခံသူတစ်ယောက်အနေနဲ့ ခင်ဗျား မဖြစ်မနေ ဆပ်အောင် ကျွန်တော်တို့က ဖိအားပေးနိုင်ပါတယ်"

"ဘယ်လိုဖိအားပေးမလဲ"

"ခင်ဗျားကို ဥပဒေအရ အရေးယူဖို့ လုပ်နိုင်တယ်"

"ကောင်းဗျာ၊ အဲဒါမျိုးဆို ကျွန်တော် သိပ်ကြိုက်တာပေါ့"

မန်နေဂျာသည် ယူနွတ်ကို စိတ်မနှံ့သူတစ်ယောက်ကဲ့သို့ လှမ်းကြည့်နေသည်။ ယူနွတ်က တရားမဲ့သော ပုံမှန်မဟုတ်၊ ဆင်းရဲသားတို့ကို လူစာရင်းမသွင်းသောဘဏ်စနစ်ကြီးကို ရပ်တန့်သို့မဟုတ် ပျက်စီးသွားစေချင်သည်။ ထိုကဲ့သို့ ပြဿနာတစ်ခုခုဖြစ်လိုက်မှလည်း ဤစနစ်ဆိုးကြီး ပျက်စီးသွားမည်မဟုတ်ပါလား။

မန်နေဂျာက စကားဆက်သည်။

"ပါမောက္ခ ယူနွတ်၊ သူတောင်းစားတစ်ယောက်ချေးသွားတဲ့ငွေကြေးအတွက် တက္ကသိုလ်ဌာနမှူးတစ်ယောက်ကို ကျွန်တော်တို့ ဘယ်တော့မှ တရားစွဲဆိုမှာ မဟုတ်ပါဘူး။ အဲဒီကရမယ့် နာမည်ဆိုးတစ်ခုတည်းကပဲ ခင်ဗျားဆီက ပြန်ရမယ့်ငွေကြေးနဲ့ ထေသာမှာမဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ပါစေလေ၊ ချေးငွေက အင်မတန်နည်းပါးတဲ့အတွက် တရားရုံးကြေးတောင် ပေးလောက်စရာမဟုတ်ဘူး။ အဲဒီငွေကိုပြန်ရဖို့ ကျွန်တော်တို့ကုန်ကျတဲ့ အုပ်ချုပ်ရေးအဖွဲ့စရိတ်ကြေးဖိုးက ပိုလိုတောင်ဝေးသေး"

"အေးလေ၊ ခင်ဗျားတို့က ဘဏ်ဆိုတော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ သင့်တင့်ရာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် ချိန်ထိုးမှုလုပ်ရမှာပေါ့။ ဒါပေမယ့် ကျွန်တော်ကတော့ ကြွေးဆပ်ဖို့ ပျက်ကွက်သူရှိရင် စိုက်ဆပ်ဖို့ စိတ်ကူးမရှိဘူး"

"ပါမောက္ခကြီးက ကျွန်တော့်ကို ကျဉ်းထဲကျပ်ထဲရောက်အောင် လုပ်နေတယ်"

"ဒီလိုဖြစ်တယ်ဆိုရင် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဘဏ်စနစ်ကိုယ်တိုင်က လူအတော်များများ အခက်အခဲတွေ့အောင်လုပ်နေတယ်။ အထူးသဖြင့် မရှိဆင်းရဲသားတွေ အခက်ကြုံအောင် လုပ်နေတယ်"

"ကျွန်တော် ပါမောက္ခကြီးကို ကူညီဖို့ ကြိုးစားနေတာပါ"

"ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် ခင်ဗျားကို မကျေမနပ်ဖြစ်နေတာ မဟုတ်ဘူး၊ ဘဏ်စည်းမျဉ်းစည်းကမ်းတွေကို မကျေမနပ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တာ"

"ပါမောက္ခကြီး ငွေချေးချင်တဲ့ ကိစ္စ ကျွန်တော် ဘဏ်ရုံးချုပ်ကိုတင် လိုက်ပါ့မယ်။ သူတို့ ဘယ်လိုအမိန့်ချ မလဲ သိရအောင်"

"နယ်မြေအရာရှိတွေနဲ့ ဒီကိစ္စက ကျွန်တော် ဆုံးဖြတ်ချက်မချရဲလောက် အောင် သမားရိုးကျမဟုတ်တဲ့ကိစ္စ ဖြစ် နေတယ်။ ဟိုထိပ်က ခွင့်ပြုချက်လာဖို့ လိုမယ်"

ဒေါ်လာ (၃၀၀) ချေးငွေလေးရ ရန် ယူနွတ်သည် (၆) လကျော်ကြာ အောင် စောင့်ခဲ့ရသည်။ ထိုချေးငွေနှင့် ဝတ်သက်သောကိစ္စများ ပေါ်လာလျှင် ယူနွတ် ဥရောပသို့ရောက်နေသည့်တိုင် အောင် ကြေးနန်းဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ မရောက်ရောက်အောင် ပို့ပေး ကြသည်။ အလုပ်မရှုပ်သင့်ဘဲ ရှုပ်၏။ အချိန်မကုန်သင့်ဘဲ ကုန်၏။ လူဆင်းရဲ များ ပြန်ဆပ်သော ရာခိုင်နှုန်းပြည့်ကို သေချာတွက်ကြည့်သောအခါ (၉၈) ရာ ခိုင်နှုန်း ပြန်ဆပ်သည်ကို တွေ့ရသည်။

ပစ္စည်းအပေါင်ထားသော သူဌေး များ၏ပြန်ဆပ်နှုန်းသည်ပင် ဆင်းရဲသား တို့၏ပြန်ဆပ်နှုန်းကို မမီသေးကြောင်း အံ့ဩဖွယ်ရာ တွေ့ကြရသည်။ စိတ် ပညာသည် မိခင်ဟူ၍ ရှိ၏။ မိခင်စိတ် သည် အမျိုးသမီးများမှာသာရှိသည်၊ အ မျိုးသားများတွင် မရှိချေ။ မျက်စိ၊ နား၊ ခြေ၊ လက် အင်္ဂါတစ်ခုခု ချို့ယွင်းသော အမျိုးသားများကို အမျိုးသမီးအများစု က လက်ထပ်ယူပြီး တစ်သက်လုံးစောင့် ရှောက်ကြသည်မှာ မိခင်စိတ်ကြောင့်ပင် ဖြစ်၏။

သို့သော် ထိုသို့ ကိုယ်လက်အင်္ဂါ ချို့ယွင်းသော အမျိုးသမီးလေးများကို တား လက်ထပ်ယူပြီး စောင့်ရှောက် သော အမျိုးသား ဟူ၍ မရှိသလောက် ရှားသည်။ ထို့ကြောင့်လည်း ဂရာမင်း ဘဏ်က ငွေချေးသူများ၏ (၉၇) ရာ ခိုင်နှုန်းမှာ အမျိုးသမီးများသာ ဖြစ်ကြ သည်။ ဂရာမင်းဘဏ်မှငွေချေးလိုလျှင် (၅) ဦးတစ်ဖွဲ့ ဖွဲ့ရသည်။ (၅) ဦးတွင် ခေါင်းဆောင်တစ်ဦး ပါရသည်။ ထို ခေါင်းဆောင်က အနစ်နာခံရသည်။ ထို သို့ (၅) ဦးစေ့လျှင် ဘဏ်က ပထမဦး ဆုံး (၂) ဦးကို စတင်၍ ငွေချေးသည်။ ထို (၂) ဦးက မဆပ်လျှင် ကျန်လူအား သုံးက တာဝန်ယူပြီး ဆပ်ရသည်။ တစ် ပတ်တစ်ကြိမ် ချေးငွေဆပ်ရသည်။ (၆) ပတ်ထိ ပထမဦးဆုံး (၂) ဦးက မှန်မှန် ဆပ်လျှင် နောက်ထပ် (၂) ဦးကို ဆက် ၍ ချေးခွင့်ပေးသည်။ ဒုတိယ (၂) ဦး သည် (၆) ပတ်တိတိ ချေးငွေမှန်မှန်ဆပ် ခဲ့လျှင် ခေါင်းဆောင်ပါ နောက်ဆုံး ချေး ခွင့်ရသွားသည်။

**သူတောင်းစားမလေး မူဖီယာခါတွန်း**

စစ်တကောင်းမြို့ မြောက်ဘက် မီရှာရေးပြည်နယ်မှ မူဖီယာခါတွန်း သည် ယခင်က သူတောင်းစားမလေး တစ်ယောက်သာ ဖြစ်သည်။ သို့သော် သူဌေးများကိုသာ ငွေချေးသော ကမ္ဘာ့ ဘဏ်စည်းမျဉ်းကိုကျော်ခိုင်းပြီး ဆင်းရဲ သားများကို ငွေချေးပေးသည့် ဂရာမင်း ဘဏ်၏ကျေးဇူးကြောင့် တင့်တင့်တယ် တယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် တည်နိုင်လာသူ ဖြစ်ခဲ့ရသည်။

မူဖီယာ (၁၃) နှစ်သမီးအရွယ် တွင် မီရှာရေးပြည်နယ် ဗွန်ကာလီရွာမှ ဂျာမီရုဒ်ဒင်း ဆိုသူနှင့် လက်ထပ်ခဲ့ရ သည်။ သူမ၏ခင်ပွန်းသည် ပင်လယ် တွင် ငါးရှာရသော ရေလုပ်သားတစ်ဦး ဖြစ်သည်။ သူမယောကျ်ား ပင်လယ် ထွက်သည်နှင့် ယောက္ခမက နေ့စဉ် ဆဲ ရေးပြီး အနိုင်ကျင့်တော့၏။ အိမ်တွင်း အလုပ်မှန်သမျှ သူမချည်း သိမ်းကျုံးလုပ် ရသော်လည်း ထမင်းစားချိန်ကျလျှင် ယောက္ခမက မဝရေစာသာ ကျွေးသည်။

ယောက္ခမအိမ်တွင် တစ်ကြိမ်မျှ ထမင်းဝအောင်မစားခဲ့ရပေ။ လင်ဖြစ် သူပြန်လာလျှင်လည်း ယောက္ခမကြီးက အရင် သူ့အကြောင်းတွေကို တစ်စိတ် တစ်အိတ်လုပ်ပြီး တိုင်ပြန်သည်။ ထို့ ကြောင့် လင်၏အကာအကွယ်ကို မရ သည့်အပြင် လင်ဖြစ်သူ၏ ခွေးရိုက်၊ နွားရိုက်ဒဏ်ကို ခံရသည်။ အာဟာရ မပြည့်ဝမှု၊ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကိုယ်ဝန်နှစ်ကြိမ်ပျက်ကျခဲ့ရပြီး တစ် ကြိမ်မှာလည်း မွေးပြီးပြီးချင်း ဆုံးသွားခဲ့ ၏။

၁၉၇၄ ခုနှစ်တွင် ရွာလူကြီးတစ် ဦးက ကြားဝင်၍ သူမယောကျ်ားနှင့် ကွာရှင်းခွင့်ရအောင် ကူညီပေးခဲ့သည်။ ထိုအချိန်က သူမတွင် သားတစ်ယောက်၊ သမီးနှစ်ယောက်နှင့် မိဘမဲ့ တူလေးတစ် ယောက်တို့ ရှိသည်။ လင်၏ရိုက်နှက်မှု ဒုက္ခမှ လွတ်မြောက်ခဲ့သော်လည်း ငတ် ပြတ်မှုဒုက္ခက နောက်မှ အဆက်မပြတ် ကပ်၍လိုက်လာသည်။

တစ်ခါတွင် လိုက်တောင်းရင်း တောင်း၊ ဖျာနှင့် အခြား ဝါးထည်ပစ္စည်း များပြုလုပ်သော လုပ်ငန်းရှင်အမျိုးသမီး တစ်ဦးက သူမထံမှ (၅) တာကာချေး၍ ဝါးတချို့ဝယ်ပြီး ဈေးရောင်းမလားဟု မေးလိုက်ရာ မူဖီယာက ချက်ချင်းခေါင်း ညိတ်ပြလိုက်မိပါသည်။ ထိုချေးငွေဖြင့် တစ်ရက်အလုပ်လုပ်လိုက်ရာ (၁၀) တာ ကာပင် မြတ်ခဲ့သည်။ ထိုသို့ အဆင်ပြေ နေရင်းမှ သူ့ထက်သာသွားမည်ကို စိုး ရိမ်သောကြောင့်လား မသိ၊ ထိုအမျိုး သမီးသည် (၂)နှစ်အကြာတွင် ငွေဆက် မချေးတော့ချေ။

ထို့ကြောင့် ချေးငွေ (၄၀) ဒေါ် လာလောက်ပင် မရသဖြင့် မူဖီယာတစ် ယောက် သူတောင်းစားပြန်ဖြစ်သွားရ သည်။ ၁၉၇၄ ခုနှစ်၊ အငတ်ဘေးကာ လတစ်လျှောက်လုံး မူဖီယာတို့ ငတ်ပြတ် ခဲ့ရသည်။ ၁၉၇၈ ခုနှစ် မုန်တိုင်းကြောင့် မူဖီယာတို့၏ ခနော်ခနဲ့တဲကလေးမှာ တစ်စစီ ပျက်စီးခဲ့ရသည်။

၁၉၇၉ ခုနှစ်တွင် ဂရာမင်းဘဏ် မှ တာကာငွေ (၅၀၀) ချေးပြီး သူ့လုပ် ငန်းကို ပြန်စရာ အောင်မြင်မှုများရလာ သည်။ ထိုငွေ (၅၀၀) ကိုလည်း သတ် မှတ်ထားသောကာလအတွင်း အကျေ ပြန်ဆပ်နိုင်ခဲ့သည်။ ၁၉၈၀ ပြည့်၊ ဒီဇင် ဘာလ (၂၅) ရက်နေ့တွင် သူမသည် ဒုတိယအကြိမ် တာကာငွေ (၁၅၀၀) ထိ ချေးခွင့်ရခဲ့သည်။

ပထမ (၁၈) လကာလတွင် သူမ နှင့် သူမ၏ကလေးများအတွက် တာ ကာ ငွေ (၃၃၀) ဖိုးမျှ အဝတ်အစားများ ကို ဝယ်ယူနိုင်ခဲ့သလို (၁၀၅)တာကာဖိုး အိုးခွက်ပန်းကန်များကိုလည်း ဝယ်ယူ နိုင်ခဲ့သည်။ သူမ၏မိသားစုအားလုံး အာ ဟာရပြည့်စုံအောင်လည်း စားသောက် နိုင်ခဲ့ကြသည်။ ဂရာမင်းဘဏ်သည် မူဖီ ယာကဲ့သို့ သူတောင်းစား ထောင်ပေါင်း များစွာကို လူလူသူသူဖြစ်အောင် ငွေ ချေးပေးနိုင်ခဲ့ကြသည်။ ဂရာမင်းဘဏ် ၏ စည်းမျဉ်း (၅) ချက် ရှိ၏။

၁။ ငွေချေးကာလ တစ်နှစ်သတ်မှတ် သည်။
၂။ အရစ်ကျပေးဆပ်မှုကို အပတ်စဉ် ပြုလုပ်သည်။
၃။ အတိုးမှာ (၂၀) ရာခိုင်နှုန်း ဖြစ် သည်။
၄။ တစ်ပတ်လျှင် ချေးငွေ (၂) ရာခိုင် နှုန်းကျ သီတင်းပတ်ပေါင်း (၅၀) ကြာ ဆပ်သွားရသည်။
၅။ တာကာငွေ(၁၀၀၀)ချေးသူတိုင်း အတွက် တစ်ပတ်လျှင် (၂) တာ



www.burmeseclassic.com

www.burmeseclassic.com

ကာနွှန်း အတိုးပြန်ဆပ်ရသည်။

**အမီနာ သို့မဟုတ် ကမ္ဘာ့အဆင်းရဲဆုံး**

အာမာဂျန်အမီနာသည် ဂျိုဘရာရွာမှ ဖြစ်သည်။ သူ၏သားသမီး (၆) ယောက်အနက် (၄) ယောက်မှာ ဝတ်မွတ်၍ သေဆုံးခဲ့ရသည်။ သမီး (၂) ယောက် အသက်ရှင်ကျန်ရစ်ခဲ့သည်။ သူမထက် နှစ်ဆခန့် ပို၍ အသက်ကြီးသော ယောကျ်ားမှာလည်း နာတာရှည်ရောဂါဖြစ်ပြီး အိပ်ရာထဲလဲနေသည်မှာ နှစ်မနည်းတော့ပေ။ မိသားစုပိုင်ပစ္စည်းများမှာ လင်သားကိုဆေးကုရင်း ကုန်ခဲ့ရသည်။

ခင်ပွန်း ကွယ်လွန်ချိန်တွင် အိမ်တစ်လုံးသာ ကျန်တော့သည်။ ထိုအိမ်မှာလည်း ယောက္ခမအိမ်ဝိုင်းထဲတွင် ဆောက်ထားခြင်း ဖြစ်သည်။ သူမသည် အရင်က ဘာစီးပွားမှမရှာခဲ့ဘူးချေ။ စာလည်းမတတ်ပေ။ အမီနာသည် မုန့်ပဲသရေစာများပြုလုပ်ပြီး ရပ်ကွက်ထဲလည် ရောင်းကြည့်သေးသည်၊ သို့သော် အဆင်မပြေခဲ့ပေ။ မြေနိမ့်ရာ လှံစိုက်ကြသည်။ လင်ဘက်မှအမျိုးများက အိမ်ဝိုင်းထဲမှ နှင်ထုတ်ကြသည်။

ပြေးစရာမြေမရှိသေးသော သူမကတော့ စေတနာမရှိကြမှန်း သိသော်လည်း ပေကတ်နေသည်။ တစ်နေ့ အမီနာ အပြင်မှပြန်ရောက်လာသောအခါ မတ်ဖြစ်သူက သူ့အိမ်မှသွပ်များကို ခွာယူရောင်းချထားသည်ကို တွေ့ရသည်။ မိုးကျလာသောအခါ သူမရော ကလေး (၂) ယောက်ပါ မိုးရေများ ရွဲစိုကုန်၏။ အမိုးမရှိသောကြောင့် မုန့်လုပ်၍ မရတော့ပေ။ နောက်ဆုံး တခြားအရပ်သို့ သွားပြီး တောင်းစားရတော့သည်။ တစ်နေ့ သူမ အိမ်သို့ပြန်ရောက်သောအခါ မိုးများသောကြောင့် အိမ်ပါပြိုကျနေသည်ကို တွေ့ရသည်။

သူမ ထိတ်လန့်တကြားဖြင့် အိမ်ပျက်ထဲဝင်ကြည့်ရာ သမီးအကြီးလေးမှာ အိမ်ပိ၍သေနေလေပြီ။ သူမသည် သမီးငယ်လေးတစ်ယောက်သာ ကျန်တော့သည်။ အိမ်ပြိုကျ၍ ကလေးတစ်ယောက်သေတာကိုပင် လာမကြည့်ကြသော လင်ဖြစ်သူ၏ ညီအစ်ကိုမောင်နှမများကို စိတ်နာမိသည်။ ထိုအချိန်က သူမကို အမြတ်ကြီးစားများကပင် ငွေမချေးကြချေ။

၁၉၇၆ ခုနှစ်ကစပြီး ဂရာမင်းဘဏ်မှ ငွေချေးယူပြီး ဝါးများဝယ်ကာ တောင်းများ ရက်လုပ် ရောင်းချရာမှ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ်ဖြင့် နေနိုင်သောဘဝသို့ ရောက်ခဲ့သည်။ ယခုအချိန်တွင် အမီနာသည် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ အမီနာ၏သမီးငယ်က ဂရာမင်းဘဏ်ချေးငွေဖြင့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက် ရှိသည်။

မေတ္တာသမားအတွက် တစ်ကမ္ဘာလုံး မည်သည့်နေရာသွားသွား၊ သူစိမ်းမရှိ၊ ဆွေမျိုးချည်းသာရှိသည် ဟူသော စကားလေးကို နားထောင်ဖူးသည်။ မှန်၏။ 'မိတ္တေ ဘာဝါ မေတ္တာ' ဟူသောဝိဂြိုဟ်အရ မေတ္တာဟူသည် မိတ်ဆွေဖွဲ့ခြင်းပင်ဖြစ်၏။ မေတ္တာသည် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟု သုံးမျိုး ရှိ၏။ ကိုယ်ဖြင့် သူတစ်ပါးချမ်းသာမည့်အလုပ်ကို လုပ်ပေးခြင်းကို ကာယကံမေတ္တာဟု ခေါ်၏။

ဆေးရုံမှ ဝန်ထမ်းများအနေဖြင့် လူနာများ၊ လူနာရှင်များကို စိတ်ချမ်းသာစေမည့် စကားလုံးများ ရွေးချယ်ပြောခြင်းသည် ဝစီကံမေတ္တာပင် ဖြစ်၏။ သက်ရှိသတ္တဝါမှန်သမျှ ချမ်းသာစေလိုသောစိတ်ကို ပွားများနေခြင်း၊ မေတ္တာပို့နေခြင်းသည် မနောကံမေတ္တာပင် ဖြစ်၏။ ဗုဒ္ဓဘာသာအများစုသည် ဝစီကံမေတ္တာနှင့် မနောကံမေတ္တာမှာသာ လမ်းဆုံးကြ၏။ ကာယကံမေတ္တာအလုပ်ကိုလုပ်သူ အလွန်နည်းသည်။

ခရစ်ယာန်ဘာသာဝင်များကား ကာယကံမေတ္တာအလုပ်ကို အများဆုံးလုပ်ကြသည်။ ကာယကံမေတ္တာကိုလုပ်လျှင် ဝစီကံမေတ္တာနှင့် မနောကံမေတ္တာအလုပ်ကိုလည်းလုပ်ပြီးသားဖြစ်၏။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ခရစ်ယာန်ဘာသာဝင်က သန်းပေါင်း (၁၇၀၀) ကျော်ဖြင့် အများဆုံး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ကား သန်းပေါင်း (၇၅၀) ကျော်ဖြင့် ဘာသာကြီးလေးခုတွင် ဦးရေအနည်းဆုံး ဖြစ်သည်။

အစ္စလာမ်ဘာသာဝင်သည် သန်းပေါင်း (၁၃၀၀) ကျော်ဖြင့် ဒုတိယလိုက်သည်။ ဒုတိယလိုက်ရခြင်းအကြောင်းမှာ ယူနွတ်ကဲ့သို့ နွမ်းပါးသူများအပေါ် ကာယကံမေတ္တာထားသူ ပေါ်များသောကြောင့်ဟု ယူဆနိုင်၏။ တန်ဝေး(လ်)ခရိုင်သည် ၁၉၇၉ ခုဝန်းကျင်က အမည်းရောင်ဒေသတစ်ခုပင် ဖြစ်သည်။ ကျေးလက်ဒေသများတွင် ပြည်သူ့တပ်မတော်ဟု အမည်ခံသော ဂိုဏ်းဘာဟီ သူပုန်အဖွဲ့က လူများကို စိတ်မထင်လျှင် မထင်သလိုသတ်ချင်တိုင်းသတ်နေချိန် ဖြစ်၏။

ယူနွတ်တို့အဖွဲ့ဝင်သွားတိုင်းသော ရွာတို့တွင် လမ်းလယ်ကောင် သေနေသည့်အလောင်းများ၊ သစ်ပင်အပေါ်မှ တွဲလောင်းအလောင်းများ၊ အုတ်နံရံတွင် ကျောပေးသတ်ခံရ၍ သေဆုံးနေသည့် အလောင်းများကို အမြဲတွေ့ရသည်။ သို့သော် ဂရာမင်းဘဏ်အဖွဲ့သားများကား မည်သည့်အန္တရာယ်မျှမရှိ၊ နောက်ပိုင်းတွင် သူပုန်အများစုသည် ဂရာမင်းဘဏ်ဝန်ထမ်းများပင် ဖြစ်လာသည်။

ကာယကံမေတ္တာအလုပ်ကို လုပ်နေသူများအတွက် မေတ္တာခြုံလွှာခြုံပြီးသား မဟုတ်ပါလား။ မေတ္တာခြုံမှုသာလျှင် တကယ်လုံကြောင်း ဂရာမင်းဘဏ်ဝန်ထမ်းများက သက်သေပြခဲ့လေပြီ။

ယနေ့အချိန်တွင် ဂရာမင်းဘဏ်ဝန်ထမ်းပေါင်း (၁၂၀၀၀) ကျော် ရှိပေသည်။ သာမန်ဘဏ်ဝန်ထမ်းတစ်ဦး၏ ခံစားခွင့်နှင့် အလုပ်ချိန်ကို ယူနွတ်က ယခုလို အချိန်စာရင်းဆွဲပြသည်။

**အမည်**

အက္ကဘာဟူစိန်

**အသက်**

၂၇ နှစ်

**လစာ**

(၁၉၉၅) ၂၂၀၀ တာကာ (၆၆ ဒေါ်လာ)။ အိမ်လခ၊ ကျန်းမာရေးနှင့် ခရီးစရိတ်ပံ့ပိုးငွေ အပါအဝင်။

**ဆုကြေး**

အစ်လေး ကာလအတွက် အပိုဆုကြေး တစ်လစာ၊ အစ်ကြီးကာလအတွက် အပိုဆုကြေး တစ်လစာ။

**မနက် (၆) နာရီ**

အိပ်ရာထ၊ ကိုယ်လက်သန့်စင်၊ ဘုရားရှိခိုး၊ မနက်စာစား။

**မနက် (၇) နာရီ**

ဌာနခွဲမှ စက်ဘီး၊ စာရွက်စာတမ်းများယူ၍ စုရပ်သို့ စက်ဘီးနင်းသွားသည်။ စုရပ်တွင် သူ့ကို မြီစား (၄၀) စောင့်ဆိုင်းနေသည်။ အုပ်စုလိုက် အတန်း(၈)တန်း,တန်း၍ ထိုင်စောင့်နေကြသည်။ အုပ်စုတစ်ခုချင်း၏ အဖွဲ့ခေါင်းဆောင်လက်ထဲတွင် အဖွဲ့ဝင် (၅) ဦး၏ငွေစာရင်းစာအုပ်ကို ကိုင်ဆောင်ထား၏။ အက္ကဘာက အဖွဲ့တစ်ခုချင်းမှ ပြန်ဆပ်ငွေနှင့် ပေးသွင်းငွေကို လက်ခံယူရသည်။

**မနက် (၉) နာရီ (၃၀) မိနစ်**

အက္ကဘာသည် သူ၏ ဒုတိယအစည်းအဝေးအတွက် နောက်အုပ်စု



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

(၂၉၂) ကြိမ်မြောက် -

ကုဋေကြွယ်သန်းကြွယ်သူဌေးကြီးများ ထွက်ပေါ်လာတော့မည် ဖြစ်၏။

ချမ်းသာကြွယ်ဝခြင်းကို နေ့ချင်းညချင်း ဖြစ်လာစေတော့မည့် ထီဖွင့်ပွဲကြီး နီးလာပြန်ပြီ ဖြစ်လေရာ ထိုကုဋေကြွယ်သန်းကြွယ်သူဌေးကြီးများအတွက် အထောက်အပံ့ပြုမည့် ဂဏန်းလုံးလေးများအား မင်္ဂလာရှိစွာ အကြံပြုလိုက်ပါသည်။

**တနင်္ဂနွေသားသမီးများ**

ဧပြီလ ၇၊ ၂၁၊ ၂၈၊ ၃၀ ရက်နေ့များမှာ ထီထိုးပါ။ နှစ်ဦးနှစ်ဖျားဖြစ်နေ၍ မင်္ဂလာရှိစွာသော အလှူကြီးတစ်ခုခုကိုပြုပြီးပြီ ဆိုသည်နှင့် ထီထိုးလိုက်ပါ။

အလှူကြီးတစ်ခုခုတွင် ဝိုင်းဝန်းကူညီ အကျိုးဆောင်ပေးရပါကလည်း အလှူပြီးသည်နှင့် ထီထိုးလိုက်ပါ။

မေလတွင် ၂၊ ၉၊ ၁၊ ၅ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဧပြီလ ၁၀၊ ၂၅၊ ၂၈ ရက်များမှာ ထီထိုးပါ။ ရှင်သာမဏေလေးများကိုလှူဒါန်းသော (သို့) ရှင်သာမဏေလေးများအတွက် လှူဒါန်းသော (ရှင်ပြုမည့်ကလေးများအား) ကုသိုလ်ပြုပြီးသည်နှင့် ထီထိုးပါ။

မေလတွင် ၇၊ ၂၊ ၉၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဧပြီလ ၉၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။ နှစ်ဦးနှစ်ဖျားတွင် ပြုလုပ်ကြမည့် အလှူတစ်ခုခုတွင် အောက်ခြေသိမ်းပြီးသည့်ထိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး နောက်ပိုင်းမှ ထီထိုးပါ။

မေလတွင် ၁၊ ၇၊ ၅ ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဧပြီလ ၁၂၊ ၂၆၊ ၃၀ ရက်များမှာ ထီထိုးပါ။ အလှူတစ်ခုခုပြုလိုက်ပါ။ ပြုပြီးနောက်နေ့မှစ၍ ဂဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပြီး ထီထိုး၍ရပါပြီ။

မေလတွင် ၂၊ ၉၊ ၃၊ ၆ ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဧပြီလ ၇၊ ၁၀၊ ၂၅၊ ၂၆၊ ၂၈ ရက်များမှာ ထီထိုးပါ။ လဆန်းပိုင်းမှစ၍ ဥပုသ်မစောင့်လျှင်သော်မှ **အဓိဋ္ဌာန်တစ်ခုခုဝင်လိုက်ပါ။ ဗုဒ္ဓါနုဿတိဘာဝနာကို** ပွားများအားထုတ်ပါ။ **ငှက်ကလေးများ**ကို ဘေးမဲ့ပေးပါ။ ပြီးမှ ထီထိုးပါ။

မေလတွင် ၇၊ ၁၊ ၄၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဧပြီလ ၁၁၊ ၂၆၊ ၂၈၊ ၂၉ ရက်များမှာ ထီထိုးပါ။ အလှူတစ်ခုခုပြုလုပ်လိုက်ပါ။ ပြီးရင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးကို အဓိဋ္ဌာန်နှင့် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ပါ။ ပြီးမှ ထီထိုးပါ။

မေလတွင် ၂၊ ၉၊ ၅၊ ၆ ဂဏန်းများ ကံစပ်နေပါသည်။

**စနေသားသမီးများ**

ဧပြီလ ၉၊ ၁၂၊ ၂၆၊ ၂၉၊ ၃၀ ရက်များမှာ ထီထိုးပါ။ လဆန်းပိုင်းမှစ၍ နေ့စဉ် (၁၅) မိနစ်ဖြစ်စေ၊ နာရီဝက်ဖြစ်စေ အာနာပါန ဗုဒ္ဓါနုဿတိဘာဝနာကို စီးဖြန်းပါ။ ပြီးမှ ထီထိုးပါ။

မေလတွင် ၇၊ ၃၊ ၄၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

(၇) ရက် သားသမီးအားလုံးတို့သည် **ဧပြီလ ၂၆ ရက် (တန်ခူးလပြည့်ကျော် ၁ ရက်) နေ့ကို မဖြစ်မနေ ထီထိုးသင့်ကြောင်း အကြံပြုပါသည်။ ထီထိုးရန် အခွင့်သင့်လျှင် ထိုးလိုက်ပါ။**

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

---

သို့ စက်ဘီးနင်းသွား၏။ ရက်သတ္တပတ်ကာလအတွင်းတွင် သူသည် အုပ်စု (၁၀)ခုသို့သွားရောက်၍ သူတာဝန်ရှိသော မြီစား (၄၀၀) လုံးနှင့်တွေ့ဆုံရသည်။ ထိုသူတို့ကို ချေးငွေထုတ်ပေးရန်နှင့် သူတို့ထံမှ ပြန်ဆပ်ငွေကောက်ခံရန်မှာ သူ့တာဝန်ဖြစ်သည်။

**နေ့က် (၁၁) နာရီ**

အက္ကဘာ မြီစားတို့၏အိမ်သို့ အလည်အပတ်သွားရောက်၍ အကြံပေးသည်။ ဤသည်မှာ မြီစားတို့၏ လိုအပ်ချက်နှင့် ပြဿနာများအား မပြတ်မလပ် လေ့လာ ကြည့်ရှုနိုင်သော အရေးကြီးသည့် နည်းလမ်းတစ်ရပ် ဖြစ်သည်။

**မွန်းတည့်ချိန်**

ဌာနခွဲရုံးသို့ပြန်ရောက်သော အက္ကဘာသည် အစီရင်ခံစာပုံစံများဖြည့်၍ လယ်ဂျာစာအုပ်တွင် ငွေစာရင်းအားလုံးသွင်းသည်။ ဌာနခွဲမန်နေဂျာက ထိုစာရင်းကို လက်မှတ်ထိုးပေးသည်။

**မွန်းလွဲ (၁း၃၀) မှ (၂း၀၀) နာရီထိ**

အက္ကဘာသည် သူ၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ နေ့လယ်စာစားသည်။

**မွန်းလွဲ (၂) နာရီ**

နံနက်ပိုင်း ပြန်လည်ကောက်ခံရရှိသောချေးငွေကို နေ့ခင်းတွင် ချေးငွေအသစ်အဖြစ် ချပေးသည်။ ဤကိစ္စတွင် ဌာနခွဲမန်နေဂျာအားလုံး၊ အလုပ်သမားအားလုံး ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးသည်။

**ညနေ (၃) နာရီ**

ချေးငွေများ ချပေးပြီးနောက်တွင် အက္ကဘာနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များသည် ကြွေးမြီအသစ်နှင့်ပတ်သက်သော အချက်အလက်များကို လယ်ဂျာငွေစာရင်းစာအုပ်တွင် ရေးသွင်းသည်။

**ညနေ (၄) နာရီ (၃၀) မိနစ်**

အက္ကဘာ လက်ဖက်ရည်သောက်ချိန်နား၍ လုပ်ဖော်ကိုင်ဖက်များနှင့် စကားစမြည်ပြောဆိုသည်။

**ညနေ (၅) နာရီမှ (၆း၃၀) နာရီထိ**

အက္ကဘာသည် ချေးငွေများနှင့်ပတ်သက်၍ အခက်အခဲကြုံနေသော ဌာနသို့သွားရောက်သည် (သို့) နယ်ခံကလေးများအတွက် ပညာပေးအစီအစဉ်တစ်ခုကို ဖွဲ့စည်းပေးသည်။

**ည (၇) နာရီ**

အက္ကဘာသည် ရုံးသို့ပြန်၍ စာရွက်စာတမ်းကိစ္စများကို လက်စသတ်ပြီး တစ်နေ့တာအတွက် လုပ်ငန်းသိမ်းသည်။

*(ဆက်ရန်)*

မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

**ပထမအကြိမ်အသိပေးခြင်း**

မခင်ရီတစ်ယောက် မြို့ပေါ်ရှိ ညီမဖြစ်သူ၏အိမ်သို့ အလည်ရောက်ရှိနေပါသည်။ စီးပွားရေးအလုပ်ကိစ္စတစ်ခုအတွက် ရောက်ရှိနေခြင်း ဖြစ်သည်။ ညီမဖြစ်သူ မဝါတို့မိသားစုက သူ၏ယောက္ခမအိမ်တွင် အတူနေထိုင်ကြ၏။ ယောက္ခမအဘွားကြီးကတော့ ဆုံးသွားသည်မှာကြာပြီ ဖြစ်၏။ ခင်ပွန်းဖြစ်သူ ကိုသန်းထွန်း၊ သမီးဖြစ်သူ သူဇာသင်းနှင့် ယောက္ခဖြစ်သူ ဦးခင်လှိုင်၊ ပေါင်းအားလုံး အိမ်သူအိမ်သား (၄) ယောက်သာ ရှိ၏။ အိမ်သားနည်းသော်လည်း အိမ်ကြီးက လေးပင် သုံးခန်း (၂) ထပ် အိမ်ကြီး ဖြစ်၏။ ညီမဖြစ်သူက စီးပွားရေးလုပ်ငန်းအဖြစ် အိမ်ရှေ့တွင် စာအုပ်အငှားဆိုင် ဖွင့်ထား၏။

မခင်ရီက နေတတ်ထိုင်တတ်ပြီး အသိရှိသူ ဖြစ်၏။ ညီမဖြစ်သူ၏အိမ်တွင် ထမင်းအိုး, ဟင်းအိုး ဝင်တည်၊ တံမြက်စည်းလှည်း၊ အဝတ်လျှော်၊ မီးပူတိုက် အစရှိသည့် ဖာဟီရကိစ္စများကို အလိုက်တသိ ဝင်လုပ်ပေးတတ်၏။ ထို့ကြောင့် မတ်ဖြစ်သူ ကိုသန်းထွန်းတို့သားအဖက သူရောက်လာလျှင် ကြည်ကြည်ဖြူဖြူ လိုလိုလားလား လက်ခံစင်ကြယ်သွားလေတော့၏။ ထို့နောက် အလုပ်လုပ်စရာမရှိတော့၍ စာအုပ်ဆိုင်ထဲမှ စာအုပ်တစ်အုပ်ကို သွားရွေးပြီး အိမ်ရှေ့ရှိ ဆက်တီခုံတွင်ထိုင်ကာ အပျင်းပြေထိုင်ဖတ်နေ၏။

နေ့လယ် (၁၂) နာရီကျော်ကျော်တွင် ကိုသန်းထွန်းတစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်နေရာမှ အိမ်ပြန်ရောက်လာ၏။ ကိုသန်းထွန်းက လက်ဖက်ရည်ဆိုင်တွင် ရေနွေးအသောက်များလာ၍ အိမ်သို့ရောက်ရောက်ချင်း အိမ်သာသို့ တန်းဝင်သွား၏။ အပေါ့အပါးသွားပြီး အိမ်ရှေ့ပြန်ထွက်လာကာ-

"အိမ်သာထဲကလည်း နံလိုက်တာ၊ ဘယ်သူလာတက်သွားတာလဲ"

ဟု ပြောလိုက်ရာ မခင်ရီသည် စာအုပ်တွင် စိတ်ဝင်စားနေသည်ဖြစ်သောကြောင့် တစ်စွန်းတစ်စသာ ကြားလိုက်ရ၍-

"ဟဲ့- သန်းထွန်း၊ နင် ဘာပြောလိုက်တာလဲ"

ဟု ပြန်၍မေးလေ၏။

"ဩော်- အိမ်သာက နံလိုက်တာလို့၊ ဘယ်သူတက်သွားတာလဲ မသိဘူးလို့ ပြောတာပါ"

"ဘာ- အိမ်သာက နံတယ် ဟုတ်လိုင်နှံကြီး နံနေတယ်။ နေဦး၊ နေဦး။ ငါက စာအုပ်ထဲ ရှာန်ဝင်နေလို့ တစ်ယောက်ယောက် အိမ်ပေါ်တက်လာတာကို မတွေ့လိုက်တာနဲ့ တူတယ်။ အဝါ့ကို မေးကြည့်လိုက်ဦးမယ်"

ဟု ဆိုကာ အိမ်ရှေ့သို့ပြန်ထွက်လာပြီး စာအုပ်ဆိုင်သို့ ဆင်းလာကာ ညီမ ဖြစ်သူအား-

"အဝါရေ၊ ခုနက အိမ်ပေါ် ဘယ်သူလာသွားသေးလဲ"

ဟု မေးလိုက်ရာ မဝါက-

"ဘယ်သူမှ တက်မလာပါဘူး။ ကျွန်မ ဆိုင်ထဲမှာထိုင်နေတာဥစ္စာ။ ဘာ့ဖြစ်လို့လဲ အစ်မ"

"ဟေ- တကယ်၊ ဘယ်သူမှ တက်မလာဘူး ဟုတ်လား"

သုခစုံ

---

အိမ်သာထဲမှ

ဆက်ဆံလေ့ ရှိ၏။

မခင်ရီက ရှာ၌ နံနက်စာ ထမင်းစားသောက်ပြီးလျှင် တစ်ရေးတစ်မောအိပ်လေ့ ရှိသည်။ သို့သော် သူများအိမ်ခဏ္ဍလာလုပ်နေချိန်တွင်မူ နေ့ခင်းဘက်မအိပ်တော့ဘဲ · လုပ်စရာကိုင်စရာရှိသည်တို့ကိုသာ ဝိုင်းဝန်း လုပ်ကိုင်ပေးလေ့ ရှိ၏။ ယခုလည်း နံနက်စာ ထမင်းစားပြီးဖြစ်၍ မျက်ကြောက စင်းလာသော်လည်း အိပ်ချင်စိတ်ကိုပြေပျောက်စေရန် လှုပ်လှုပ်ရှားရှား အငြိမ်မနေသည့်သဘောဖြင့် အနံ့အသက်သိပ်မကောင်းသည့် ရေလောင်းအိမ်သာကို ဆပ်ပြာမှုန့်နှင့် ရေကိုဖျော်ကာ သန့်ရှင်းစင်ကြယ်ပြီး အနံ့အသက်ပျောက်သွားအောင် သေသေချာချာ တိုက်ချွတ်ဆေးကြောပေးနေ၏။ မကြာခင်တွင် အိမ်သာသည် အနံ့ဆိုးများပျောက်ကာ ဆပ်ပြာမှုန့်နံ့လေး တသင်းသင်းဖြင့် သန့်ရှင်းလား။ မဟုတ်ကဟုတ်ကဟာ နင်ကလည်း၊ ငါ ခုနကလေးတင်မှ အိမ်သာကို ဆေးကြောတိုက်ချွတ်ထားတာပါဟ။ နင်ကလည်း"

"မဟုတ်ဘူး။ အိမ်သာနံ့နံတာကို ပြောတာမဟုတ်ဘူး၊ ဆေးလိပ်နံ့နံတာကိုပြောတာ။ အိမ်သာထဲမှာ ဆေးလိပ်နံ့ကို ထောင်းထောင်းထနေတာပဲ။ ဘယ်သူလာတက်သွားတာလဲ အစ်မခင်ရီ"

"ဟဲ့- ဘယ်သူမှလာတက်တာ မတွေ့ပါဘူး။ ငါ အိမ်ရှေ့မှာထိုင်ပြီး စာအုပ်ဖတ်နေတာပါ၊ ဘယ်သူမှအိမ်ပေါ် တက်မလာပါဘူး။ ဆေးလိပ်နံ့၊ ဟုတ်လား"

ဟု ဆိုကာ မခင်ရီသည် စာအုပ်ကိုချပြီး နောက်ဖေးသို့လျှောက်သွားကာ အိမ်သာအတွင်းသို့ဝင်ပြီး အနံ့ခံကြည့်ရာ-

"အေး- ဟုတ်တယ်တော့။ ဆေး





www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူမှမလာပါဘူးဆို၊ အစ်မတလည်း"

"ဒီလိုဟေ့၊ ခုနက သန်းထွန်း အပေါ်ဝင်သွားတော့ အိမ်သာထဲမှာ ဆေးလိပ်နံ့တွေ နံနေတယ်ဆိုလို့ ငါလည်း ဝင်သွားကြည့်လိုက်တာ ဟုတ်တယ်အေ့၊ ဆေးလိပ်နံ့ကြီးနံနေတယ်"

"မဖြစ်နိုင်တာ အစ်မရယ်၊ အိမ်မှာ ဆေးလိပ်သောက်တဲ့လူလည်း တစ်ယောက်မှမရှိပါဘူး။ ဘယ်ဧည့်သည်မှလည်း မလာပါဘူး။ ဆေးလိပ်နံ့နဲ့တူတဲ့ တခြားအနံ့တစ်ခုခုနေမှာပါ။ နေပါဦး၊ ကျွန်မ သွားကြည့်လိုက်ပါဦးမယ်"

ဟု ဆိုကာ မဝါသည် စာအုပ်ဆိုင်မှထ၍ အိမ်ပေါ်တက်လာပြီး အိမ်သာထဲဝင်သွားလေ၏။ ပြန်ထွက်လာသောအခါ-

"ဟုတ်တယ်တော့်၊ ဆေးလိပ်နံ့ကြီး"

"ဟုတ်ပါတယ်ဆို၊ ငါက ဆေးလိပ်နံ့ကိုတော့ သိတာပေါ့ဟ"

ကိုသန်းထွန်းက ပြန်ပြောလိုက်ရင်း ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ မဝါက ယောက်ျားဖြစ်သူကို လှမ်းကြည့်လိုက်ပြီး-

"အေးတော့်၊ ဘယ်က ဆေးလိပ်နံ့က ဘယ်လိုရောက်လာတာလဲ"

ဟု တအံ့တသြဖြင့် ရေရွတ်ရင်း ဆိုင်တွင် လူမရှိ၍ စာအုပ်ဆိုင်ဆီသို့ ပြန်ဆင်းသွား၏။ မခင်ရီကလည်း မျက်မှောင်ကြီးကုတ် ဇဝေဇဝါဖြစ်နေသော ပုံစံဖြင့် သူစာထိုင်ဖတ်နေသောခုံဆီသို့ ပြန်သွားပြီး ဖတ်လက်စစာအုပ်ကြီးကို ကိုင်ကာ စဉ်းစားနေ၏။ သူသည် ခုနကလေးတင် အိမ်သာကို ဆပ်ပြာမှုန့်နံ့လေး မွှေးနေအောင် တိုက်ချွတ်ထားခဲ့သည် မဟုတ်ပါလား။ အခု ဘယ်က ဘယ်လို ဆေးလိပ်နံ့က ရောက်လာရလေသနည်း။

အိမ်သာထဲမှ ထူးခြားသောဆေးလိပ်အနံ့နှင့်ပတ်သက်၍ ကိုသန်းထွန်းတစ်ယောက် ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း သူ၏စိတ်တို့သည် သိပ်မဝေးလှသေးသော အတိတ်ဆီသို့ အမှတ်မထင် အလိုလိုပြန်ရောက်သွား၏။

❂

ဦးသန်းညွန့်။

ဦးသန်းညွန့်က အသားဖြူဖြူ ရုပ်ရည်သန့်သန့်၊ အရပ်က အနည်းငယ်ပုသယောင် ရှိသည်။ ကိုသန်းထွန်းအမေ၏မောင်အရင်းဖြစ်၏။ ဇနီးဖြစ်သူ ဆုံးသွားပြီဖြစ်ပြီး လွန်ခဲ့သောနှစ်က ရန်ကုန်မြို့ရှိ ဌာနတစ်ခုမှအငြိမ်းစားယူကာ မိမိ၏ဇာတိနယ်သို့ ပြန်လာပြီး ယောက်ဖဖြစ်သူ ဦးခင်လှိုင်၏အိမ်တွင် အတူလာရောက်နေထိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် ကိုသန်းထွန်းတို့လင်မယားက အသက် (၇၀) နှစ်ကျော် ဖခင်အိုကြီးကိုသာမက





www.burmeseclassic.com

www.burmeseclassic.com

ဦးလေးဖြစ်သူကိုပါ စေတနာထက်သန်စွာ တင်ကျွေးထား၏။ စာအုပ်ဆိုင်လုပ်ငန်းကကောင်းနေ၍ ပူပင်စရာမရှိ ပြေပြေလည်လည် ကျွေးနိုင်မွေးနိုင်၏။ ဦးသန်းညွန့်က သူ့သားသမီးအရင်းအချာတို့၏အိမ်များရှိသော်လည်း သွားမနေဘဲ ကျယ်ကျယ်ဝန်းဝန်းရှိ၍ မြို့ထဲနှင့်လည်း နီး၊ လူဦးရေလည်းနည်းသော ဦးခင်လှိုင်၏အိမ်တွင် အေးအေးဆေးဆေး လာနေထိုင်ခြင်း ဖြစ်၏။ အစ်မဖြစ်သူ ဆုံးသွားပြီး မရှိတော့သော်လည်း ယောက်ဖဖြစ်သူ ဦးခင်လှိုင်က လူအေးသူအေး တရားသမားဖြစ်၍ အတူ အေးချမ်းစွာ နေထိုင်ရ၏။

ဦးသန်းညွန့်ကလည်း ယောက်ဖအိမ်တွင် အေးရာအေးကြောင်း ဘာသိဘာသာမနေပါ။ ထင်းခွဲတန်ခွဲ၊ ရေခပ်တန်ခပ်၊ ရေနွေးအိုးတည်စရာတည် အစရှိသည်ဖြင့် အိမ်မှုကိစ္စအဝဝတို့ကို တတ်နိုင်သလောက် ဝင်ရောက်ကူညီ လုပ်ကိုင်ပေးသဖြင့် တူဖြစ်သူ ကိုသန်းထွန်းတို့လင်မယားကလည်း လိုလိုလားလား ကြည်ကြည်ဖြူဖြူရှိကြ၏။ အားရင်အားသလို စာအုပ်ဆိုင်ကိုလည်း ဝင်ဝင်ထိုင်ပေးသဖြင့် မဝါအနေနှင့်လည်း နားနားနေနေ သက်သာရာရ၏။ ရန်ကုန်သို့ စာအုပ်တွေသွားဝယ်လျှင်လည်း ဦးသန်းညွန့်ကို ဆိုင်စောင့်အဖြစ် စိတ်ချလက်ချထား၍ရသဖြင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အလွန်ပင်အဆင်ပြေကြလေ၏။

ဦးသန်းညွန့်က သူ့တူ ကိုသန်းထွန်း၏သမီး သူဇာသင်းကို အလွန်ချစ်၏။ သူဇာသင်းက အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးဖြင့် ချစ်စရာ အလွန်ကောင်းကာ တီတီတာတာ ပြောတတ်ဆိုတတ်၏။ အနေကြာလာသည်နှင့်အမျှ မြေးဝမ်းကွဲပင်ဖြစ်သော်လည်း သံယောဇဉ်ကြီးက ပို၍ ပို၍ ခိုင်သထက်ခိုင်ခိုင်လာ၏။ (၈) တန်းကျောင်းသူကြီးပင် ဖြစ်နေပြီဖြစ်သော သူဇာသင်းက ဒါဆိုဒါ၊ ဟိုဟာဆို ဟိုဟာ။ မြေးဖြစ်သူ သူဇာသင်း မျက်နှာတစ်ချက် မညိုးရအောင်အလိုလိုက်၊ လစ်ဟာမှုမရှိအောင် အရိပ်တကြည့်ကြည့် လုပ်ကိုင်ဆောင်ရွက်ပေးတတ်၏။ သူဇာသင်းကလည်း သူ့အဘိုးအရင်း ဦးခင်လှိုင်ကို ချစ်သလိုပင် သူ့ကိုလည်း ပြန်ချစ်၍ ဦးသန်းညွန့်တစ်ယောက် မျက်ရည်တွေဝဲလာသည့်တိုင်အောင် ပီတိဖြစ်ရ၏။ သူ၏မြေးအရင်းများထက်ပင် သူဇာသင်းကို သံယောဇဉ်တွယ်နေမိသေးသည်။ ဦးသန်းညွန့်က အိမ်တွင် လုပ်စရာရှိလျှင်လုပ်၊ လုပ်စရာမရှိတော့လျှင် ဆေးပေါ့လိပ်တစ်လိပ်၊ ရေဒီယိုလေးတစ်လုံးဖြင့် ငြိမ်ချက်သားကောင်းနေတတ်၏။

တစ်နေ့တွင် ဦးသန်းညွန့် အအေးခံလွန်သွားရာ လေဖြတ်သွားလေတော့သည်။ ခြေတစ်ဖက်၊ လက်တစ်ဖက် ကောင်းစွာ အလုပ်မလုပ်နိုင်တော့။ တူဖြစ်သူ ကိုသန်းထွန်းတို့မိသားစုကလည်း အင်္ဂလိပ်ဆရာ၊ မြန်မာဆရာတို့ဖြင့် ဖိဖိစီးစီး ဆေးကုသပေးကြ၏။ ကိုယ့်ဘဝအနေအထားကိုတွေးမိပြီး စိတ်ဓာတ်ကျသွားသော ဦးသန်းညွန့်တစ်ယောက် တစ်ခါ တစ်ခါ မျက်နှာလေးငယ်ငယ်သွား၍ ကိုသန်းထွန်းတို့မိသားစုနှင့်အတူ ယောက်ဖဖြစ်သူ ဦးခင်လှိုင်ကပါ စိတ်ဓာတ်မကျရန် ဝိုင်းဝန်း၍ အားပေးစကားပြောကြရ၏။ မြေးဖြစ်သူ သူဇာသင်းကလည်း သူ့လက်ကိုဆုပ်ကိုင်ကာ-

"ဘဘလေး စိတ်ဓာတ်မကျနဲ့၊ သမီးတို့ ဘဘလေးကို ပြန်ကောင်းသွားအောင် ကုပေးမှာပါ။ ဘာမှမပူနဲ့၊ ဘာမှမပူနဲ့"

ဟု တွတ်တီးတွတ်တာ အေးချမ်းသောအသံလေးဖြင့် လာလာ၍ အားပေးမှုကြောင့် ဦးသန်းညွန့်တစ်ယောက် ကြက်သီးတွေတဖြန်းဖြန်းထလာအောင်ပင် ပီတိတွေ ဝေလျှံကြည်နူးရကာ စိတ်ဓာတ်ခွန်အားများ ပြည့်ပြည့်လာလေတော့၏။ ထို့ကြောင့်ပင် ကျနေသော စိတ်ဓာတ်ကို အလျင်အမြန်ဆွဲတင်ကာ အိပ်ရာထဲတွင် အချိန်မဖြုန်းတော့ဘဲ ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း လေ့ကျင့်ခန်းများကို စိတ်အားထက်သန်စွာ အချိန်ပြည့်နီးပါး လုပ်လုပ်နေတော့၏။ စိတ်ဆောင်သည်ဟု ဆိုရမည် ဖြစ်သည်။ သိပ်မကြာမီပင် သူသည် အိမ်ပေါ်တွင် ထိုးထားသော ဝါးလုံးတန်းကို အားပြုပြီး လေ့ကျင့် စမ်းလျှောက်ရာမှ တဖြည်းဖြည်း လမ်းပေါ်တွင်ထွက်၍ ခြေတစ်ဖက် ဆာတာ ဆာတာဖြင့် အဖော်မလိုဘဲ လမ်းလျှောက်နိုင်သော အနေအထားသို့ပင် တိုးတက်လာပြီဖြစ်၏။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

"ကိုသန်းထွန်းရေ့ ခဏလာပါဦးဟ အောက်ကို"

စာအုပ်ဆိုင်မှ ဇနီးဖြစ်သူ မဝါက လှမ်းခေါ်လိုက်သောအသံကြောင့် ပက်လက်ကုလားထိုင်ပေါ်၌ အတိတ်သို့ခရီးနှင်နေသော ကိုသန်းထွန်းတစ်ယောက် အတွေးအမျှင်များ ပြတ်တောက်သွား၏။ ထို့နောက် စာအုပ်ဆိုင်ဆီသို့ဆင်းလာခဲ့ရာ ကျေးရွာများမှ ရက်ချုပ်၊ လချုပ်စနစ်ဖြင့် ငှားသူတစ်ဦး စာအုပ်ထုပ်များနှင့်အတူ ရောက်နေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် လာအပ်သော စာအုပ်များကို မှတ်ထားသောစာရင်းဖြင့် စစ်ဆေးတိုက်ကြည့်ကာ လက်ခံထားလိုက်လေ၏။

**ဒုတိယအကြိမ်အသိပေးခြင်း**

ထိုအိမ်သာထဲမှ ဆေးလိပ်နံ့နံ့သည့်အဖြစ်အပျက် ဖြစ်ပွားခဲ့သည့်နေ့မှ ထစ်ပတ်ခန့်အကြာတွင် ဖြစ်ပါသည်။

ဦးခင်လှိုင်တစ်ယောက် နေ့စဉ် ညနေတိုင်း အာစိဏ္ဏကံ အားထုတ်နေကျ။ မိုးကုတ်ဝိပဿနာတရားစခန်းမှ ညနေ (၆) နာရီခွဲခန့်တွင် အိမ်သို့ ပြန်လည်ရောက်ရှိလာပါသည်။ အိမ်ပေါ်သို့တက်လာပြီး တောင်ဝှေးအဖြစ်အသုံးပြုသော ထီးကောက်ကို နံရံတွင်ချိတ်လိုက်ကာ အပေါ့သွားရန် အိမ်သာထဲသို့ တန်းဝင်သွား၏။ ခဏအကြာတွင် အိမ်သာထဲမှ ပြန်ထွက်လာပြီး အိမ်ရှေ့သို့ရောက်သောအခါ-

"အိမ်သာ ဘယ်သူလာတက်သွားသေးလဲ။ ဆေးလိပ်နံ့ကို မွှန်ထွန်နေတာပဲ"

ဟု ပြောလိုက်ရာ အိမ်ရှေ့တွင် စာအုပ်အဖုံးများ ထိုင်ချုပ်နေသော ကိုသန်းထွန်း အံ့အားသင့်သွားပြီး ဖခင်ဖြစ်သူကို-

"အဖေ၊ ဘာ- အိမ်သာထဲမှာ ဆေးလိပ်နံ့နံနေတယ် ဟုတ်လား"

ဟု ပြန်မေးလိုက်လေ၏။

ဦးခင်လှိုင်က-

"အေးကွ၊ ဆေးလိပ်နံ့ကို နံစော်နေတာပဲ။ ဘယ်သူလာသွားတာလဲ"

ဟု ပြန်မေးလိုက်၏။

ကိုသန်းထွန်းက-

"ဘယ်သူမှမလာပါဘူး အဖေရ။ ကျွန်တော် ဒီမှာထိုင်ပြီးတောက်လျှောက် အဖုံးတွေထိုင်ချုပ်နေတာပါ။ နံပြန်ပြီလားဟ၊ ဒီဆေးလိပ်နံ့က"

"ဘာ- နံပြန်ပြီလား၊ ဟုတ်လား။ နံပြန်ပြီလားဆိုတော့ မင်းစကားကြီးက ဘယ်တုံးက အဲဒီလို နံဖူးသေးလို့လဲ"

"ပြီးခဲ့တဲ့တစ်ပတ်လောက်က အဲဒီလို ဆေးလိပ်နံ့နံသေးတယ် အဖေရဲ့။ အဖေ ရန်ကုန်သွားနေတဲ့ရက်ကပေါ့။ အခုလိုပဲ ဘယ်သူမှအိမ်သာလာမတက်



www.burmeseclassic.com

www.burmeseclassic.com

ဘဲနဲ့ကို နံတာ"

"ဟေ"

ဟု အာမေဋိတ်သံ ထွက်လာပြီး ဦးခင်လှိုင်သည် အိမ်သာဘက်ဆီသို့ စောင်းငဲ့ကြည့်လိုက်ကာ တစ်စုံတစ်ရာကိုသွား၍ သတိရသွားဟန်ပေါ်သော၊ အဓိပ္ပာယ်တစ်မျိုးပြည့်ဝနေသော မျက်နှာသွင်ပြင်မူရာ ဖြစ်သွား၏။ ကိုသန်းထွန်းက ချုပ်လက်စ စာအုပ်များအား ခေတ္တချထားကာ အိမ်သာဆီထသွားပြီး အနံ့သွားခံကြည့်၏။ ပြီးလျှင် အိမ်ရှေ့ပြန်ထွက်လာကာ ပြုံးစိပြုံးစိဖြင့် စာအုပ်ဆိုင်ထဲရှိ မဝါအား-

"မဝါရေ၊ အိမ်သာထဲမှာ ဆေးလိပ်နံ့က နံပြန်ပြီဟေ့"

ဟု လှမ်းပြောလိုက်ပါသည်။

ဦးခင်လှိုင်က-

"အင်း. . . ဆေးလိပ်သောက်တဲ့သူ တစ်ယောက်မှမရှိဘဲနဲ့ ဆေးလိပ်နံ့က နံတာ နှစ်ခါအောင်ရှိနေပြီ ဆိုတော့ အင်း. . . သန်းညွှန့်နဲ့တူပါတယ်ကွာ"

ဟု လေးတွဲ့စွာ ရေရွတ်လိုက်လေ၏။ ကိုသန်းထွန်းက ချုပ်ရန်ကျန်နေသော စာအုပ်များကို ဆက်ချုပ်နေ၏။ စာအုပ်သာချုပ်နေရသည် စိတ်က အိမ်သာထဲမှ ဆေးလိပ်နံ့ဆီသို့သာ အာရုံရောက်ရောက်နေသည်။ ကိုသန်းထွန်းတစ်ယောက် စာအုပ်များချုပ်ပြီးသောအခါ သိမ်းဆည်းစရာရှိသည်များကို သိမ်းဆည်းပြီး အိမ်ခန်းထဲဝင်၍ ခုတင်ပေါ်တွင် မျက်လုံးကို အနားပေးသော အနေဖြင့် ခြေပစ်လက်ပစ်လှဲကာ အနားသွားယူနေပါသည်။ အနားယူနေရင်း သူ၏စိတ်တို့သည် မကြာသေးမီ လပိုင်းတ မဝေးလွန်းလှသေးသောအတိတ်ဆီသို့ ပြန်ရောက်သွားပြန်၏။

❁

ဦးလေးဖြစ်သူ ဦးသန်းညွှန့်တစ်ယောက် လေတစ်ခါထိထားသည်ဖြစ်၍ နောက်ပိုင်း အနေအထိုင်ကိုသာမက အစားအသောက်ကိုပါ ဆင်ခြင်လာကာ မိမိကိုယ်ကို ကောင်းစွာ ဂရုစိုက်နေပြီဖြစ်သည်။ ဤသို့ဖြင့်နေလာရာမှ တစ်သခန့်တွင် ဂရုစိုက်နေသည့်ကြားမှပင် ဦးသန်းညွှန့်သည် နေထိုင်မကောင်းပြန်ဖြစ်လာပြန်၏။ ဒီတစ်ခါတွင် သူ့တူသားစုကို အားနာလွန်းလှပါသည်ဟု ဆိုပြီး မြို့အနောက်ပိုင်းရှိ သမီးကြီး၏အိမ်သို့ ပြောင်းရွှေ့ကာ သွားနေပါတော့သည်။ သမီးကြီး၏အိမ်နားတွင် သူ့အား ကုသပေးမည့် ဆေးထိုးဆရာကလည်း အနီးအနားတွင်ရှိနေသဖြင့် အဆင်ပြေသောကြောင့်လည်း ဖြစ်၏။ ကိုသန်းထွန်းတို့မိသားစုက တစ်နေ့ တစ်ကြိမ် တစ်ယောက်စီ၊ တစ်လှည့်စီ သွားသွား၍ မေးမြန်းကြည့်ရှု စောင့်ရှောက်ကြ၏။

တစ်နေ့တွင် ဦးသန်းညွှန့်၏မြေးတစ်ယောက်သည် ကိုသန်းထွန်းတို့အိမ်သို့ စက်ဘီးတစ်စီးဖြင့် ရောက်လာကာ အဘိုး ရောဂါဖောက်နေကြောင်း လာရောက်၍ အသိပေးပြောကြား၏။ ဦးခင်လှိုင်က ရှေ့ပိုင်းရှိသူ့ဆွေမျိုးများဆီသွားနေ၍ အိမ်တွင်မရှိ။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် အိမ်တွင်ရှိနေသော သမီးဖြစ်သူ သူဇာသင်းကို စာအုပ်ဆိုင်တွင် အစောင့်ထားကာ ကိုသန်းထွန်းတို့ လင်မယားသည် အလျင်အမြန်ထလိုက်သွားကြ၏။ သူတို့လင်မယားပင် အနောက်ပိုင်းအိမ်သို့မရောက်သေး၊ ဦးသန်းညွှန့်တစ်ယောက် လူ့လောကကြီးကို နှုတ်မဆက်ဘဲ မျက်ကွယ်ပြုကာ စွန့်ခွာသွားလေတော့သည်။

"အီး. . . ဟီးဟီး. . . ဟီး"

"သမီးတို့ကိုပစ်သွားပြီလား အဖေရဲ့"

"ဘဘကြီး၊ ဘဘကြီး။ အီး. . . ဟီးဟီး. . . ဟီး"

"ထကြည့်ပါဦး အဖေရဲ့"

သားသမီးများနှင့် မြေးအရင်းအချာများက ဆူညံစွာဖြင့် ဝမ်းနည်းပူဆွေးကာ ငိုကြွေးနေကြချိန်တွင် ကိုသန်းထွန်းတစ်ယောက်လည်း မျက်ရည်များဝဲလာပြီး ထိန်းထားသည့်ကြားမှပင် မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းလာကြပါသည်။ မဝါကတော့ မိန်းမသားပီပီ ရှိုက်ကြီးတငင် ငိုကြွေးနေပါတော့သည်။

ကိုသန်းထွန်းတို့လင်မယား စာအုပ်ဆိုင်မှထွက်ပြီး သိပ်မကြာမီအချိန်တွင် သူဇာသင်းထိုင်နေရာ စာအုပ်ဆိုင်ထဲသို့ သရက်သီးစိမ်း (အရွယ်ခပ်ကြီးကြီး) တစ်လုံးသည် လူတစ်ယောက်က လမ်းပေါ်မှနေ၍ ဆိုင်တွင်းသို့လှမ်းပစ်လိုက်သကဲ့သို့ ဒုန်းဆိုပြီး ဝင်ရောက်လာ၏။ ဆိုင်ထဲရောက်ရောက်ချင်း သူဇာသင်းက ဘယ်သူပစ်လိုက်တာပါလိမ့်ဆိုပြီး ဆိုင်ရှေ့ထွက်ကာ ဟိုဘက်၊ ဒီဘက် လိုက်ကြည့်သော်လည်း လမ်းတွင် လူသွားလူလာသည် လုံးဝ ရှင်းနေ၏။ ဆိုင်ဘေးရှိ သရက်ပင်က ကြွေကျပြီး ဆိုင်ထဲသို့ဝင်လာနိုင်သည်။ သို့သော် ဆိုင်ဘေးရှိ သရက်ပင်တွင် အသီးတစ်လုံးမှမရှိ။ ဤနှစ်တွင် ထိုအပင်သည် အသီးမသီးသောနှစ် ဖြစ်သည်။ ထို့ကြောင့် ဘယ်ကဘယ်လို ဆိုင်ထဲဝင်လာသည်ကို လက်သည်ရှာမရဘဲ ရှိနေသဖြင့် တစ်ယောက်တည်း ဆိုင်စောင့်နေရသော သူဇာသင်းတစ်ယောက် အလွန်အမင်း အံ့ဩသင့်နေရာမှ တဖြည်းဖြည်း ကြောက်စိတ်များ တစိမ့်စိမ့်ပေါ်လာကာ ဆိုင်တွင်ဆက်မထိုင်ရဲတော့ဘဲ မျက်စောင်းထိုးရှိ အဒေါ်များ၏အိမ်သို့ အလျင်အမြန်ပြေးသွားလေတော့သည်။ အဒေါ်တို့ကို အကျိုးအကြောင်းပြောပြီး အိမ်ရှေ့တွင်ထွက်ထိုင်နေကာ သူ၏စာအုပ်ဆိုင်ကို လမ်းတစ်ဖက်မှာပင် လှမ်း၍ ကြည့်ရှုနေရပါတော့သည်။

သူဇာသင်းတစ်ယောက် ဆိုင်သို့ လှမ်းကြည့်နေရင်း သူက သရက်သီးစိမ်း စားချင်သည်ဟု ပူဆာလျှင် ချက်ချင်းလက်ငင်း မဆိုင်းမတွ ဝုန်းခနဲထကာ ဝါးလုံးကိုဆွဲပြီး ပူဆာတိုင်း၊ ပူဆာတိုင်း မငြိုမငြင် သရက်သီးစိမ်းခူးခူးပေးတတ်သော ဘဘလေး ဦးသန်းညွှန့်ကို ပြေး၍ သတိရနေမိသေးသည်။ မကြာမီတွင် ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့ အနောက်ပိုင်းမှပြန်လာကြပြီး ဦးသန်းညွှန့်ဆုံးသွားပြီဖြစ်ကြောင်း ပြောလိုက်သောအခါ သူဇာသင်းတစ်ယောက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ချုံးပွဲချ သည်းထန်စွာ ငိုကြွေးပါလေတော့သည်။ ပြီးမှ ရှိုက်ကာ ရှိုက်ကာဖြင့် ဆိုင်ထဲသို့ သရက်သီးတစ်လုံး ထူးခြားစွာဝင်ရောက်လာပုံကို မိဘနှစ်ပါးအား ပြောပြလိုက်သောအခါ ကိုသန်းထွန်းတို့ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြကာ တအံ့တဩ ဖြစ်နေကြပါတော့သည်။

ဤသို့ဖြင့် (၃) ရက်မြောက်တွင် ဦးသန်းညွှန့်၏ရုပ်ကလာပ်ကို သုသာန်တစ သင်္ချိုင်းမြေသို့ မြေမြှုပ်သင်္ဂြိုဟ်ရန် ဆွေမျိုးများနှင့် ရပ်ဆွေရပ်မျိုးတို့သည် လိုက်ပို့ကြ၏။ သူဇာသင်းကို အိမ်တွင် သူ့အဘိုးဖြစ်သူနှင့်ထားကာ ကိုသန်းထွန်းတို့လင်မယားနှစ်ဦးလုံး လိုက်ပို့ကြ၏။ သုသာန်သို့ရောက်ခါနီး (၃) လမ်းယောက်အလိုတွင် မဝါသည် တစ်စုံတစ်ခုကို သတိရသွားကာ ဦးသန်းညွှန့်၏ သားသမီးများအား သင်္ချိုင်းသို့ရောက်လျှင် မြေမြှုပ်သင်္ဂြိုဟ်ကြမည့် လုပ်မည့်ကိုင်မည့်သူများနှင့် လူတချို့အတွက် ဆေးလိပ်နှင့်ကွမ်းဗန်း ပါလားဟုမေးရာ မေ့လာကြသည်ဟုဆိုသဖြင့် ခင်ပွန်းဖြစ်သူ ကိုသန်းထွန်းအား ရှေ့နားတွင် ဈေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တစ်ဆိုင်ရှိကြောင်း၊ ထိုဆိုင်ကြီးသို့ အမြန်ပြေးသွား၍ ကွမ်းယာနှင့် ဆေးလိပ်များဝယ်ရန် အမြန်လွှတ်လိုက်ရ၏။ ကိုသန်းထွန်းက ရုပ်ကလာပ်ကိုကျော်တက်ကာ အလျင်အမြန် ပြေးသွားပြီး စျေးဆိုင်မှ ကွမ်းယာနှင့် ဆေးလိပ်များကို သွားဝယ်ယူ၏။ ကွမ်းယာများယာ မပြီးသေးခင်ပင် ရုပ်ကလာပ်က အနားရောက်လာသဖြင့် ဆိုင်ရှင်ကို အမြန်ယာခိုင်းကာ ပြီးလျှင် သုသာန်သို့ အချိန်မီပြေးလိုက်လာရလေ၏။

သုသာန်သို့ရောက်သောအခါ အခေါင်းအား သက်ဆိုင်ရာအလုပ်သမားများက အသင့်တူးထားသော မြေကျင်းဘေးတွင် ခေတ္တတင်ထား၏။ သားသမီးများနှင့် ဆွေမျိုးများ ဝိုင်း၍ ကန်တော့ကြ၏။ ငိုယိုသူများကလည်း ဝမ်းနည်းပူဆွေးစွာ ငိုကြွေးနေကြ၏။ ထို့နောက် အခေါင်းကို အုန်းဆံကြိုးများဖြင့်ဆိုင်းကာ ကျင်းထဲသို့ အလုပ်သမားများက ဖြည်းညင်းစွာချကြသည်။ အောက်သို့ရောက်သောအခါ နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် 'ကဲ- ကြည့်ချင်တဲ့သူတွေ ကြည့်ကြ' ဟု ဆိုပြီး အခေါင်းအဖုံးကို ဖွင့်ဟပေးလိုက်၏။ ဆွေမျိုးများနှင့် မိတ်ဆွေတချို့ ကျင်းဝအနီးတိုးကပ်လာကာ ဝိုင်းဝန်း၍ကြည့်ကြ၏။

ဦးသန်းညွန့်၏ရုပ်အလောင်းကြီးက ပုံမပျက်၊ အိပ်နေသကဲ့သို့ပင် ရှိနေ၏။ မျက်နှာကိုမြင်လိုက်ကြတော့မှ သားသမီးများ၊ ဆွေမျိုးများတို့သည် ရင်ထဲဆို့ဆို့တက်လာကြပြီး အားပါးတရ ရှိုက်ကြီးတငင် ဆူညံစွာ ငိုကြွေးကြပါတော့သည်။ ကိုသန်းထွန်းသည် ရင်ထဲ နင့်ခနဲ၊ လှိုက်ခနဲဖြစ်သွားပြီး မျက်ရည်များဝဲလာကာ အမြင်အာရုံများပင် ဝေဝါးလာ၏။ စီးဆင်းလာသောမျက်ရည်များကြားမှ ဦးသန်းညွန့်၏မျက်နှာအား စိုက်ကြည့်နေရင်း အလွန်အမင်း သနားစိတ်များ အလုံးအရင်းဝင်ရောက်လာကာ အသိစိတ်တစ်ချက်လွတ်သွားပြီး လက်ထဲ၌ကိုင်ထားသော ဆေးပေါ့လိပ်များနှင့် ကွမ်းယာထုပ်ကို-

"ဦးသန်းညွန့်ရေ ဦးသန်းညွန့်ကြိုက်တဲ့ ဆေးလိပ်နဲ့ ကွမ်းယာကို ထည့်ပေးလိုက်ပါတယ်။ အကြိုက်သာသောက်၊ အကြိုက်သာစားပါတော့ဗျာ"

ဟု ဆိုပြီး အခေါင်းထဲသို့ ရုတ်တရက် လှမ်းပစ်ထည့်လိုက်မိပါတော့သည်။ သူ၏ လျှပ်တစ်ပြက်အပြုအမူကြောင့် ကျင်းပတ်လည်ရှိလူများ တအံ့တဩဖြစ်သွားကြ၏။ ထို့နောက် အလုပ်သမားများက အခေါင်းဖုံးကိုပိတ်ကာ မြေကြီးများဖို့လိုက်ကြပါတော့သည်။

ကိုသန်းထွန်း၏ သတိလက်လွတ်ဖြင့် ကွမ်းယာထုပ်နှင့်ဆေးလိပ်များ ရုတ်တရက် ပစ်ထည့်လိုက်ပြီး ဦးသန်းညွန့်အား ကွမ်းယာနှင့်ဆေးလိပ်ကို အကြိုက်သောက်၊ အကြိုက်စားဟု ပြောဆိုလိုက်ခြင်းသည် ဦးသန်းညွန့်အား နာမ်လောကတွင် ကွမ်းယာနှင့်ဆေးလိပ်အား စားပိုင်ခွင့်၊ သောက်ပိုင်ခွင့်ကို ရရှိပိုင်ဆိုင်သွားသည်နှင့် တူသည်ဟု ကိုသန်းထွန်း အတွေးဝင်မိ၏၊ ယူဆမိ၏။ ယခု အိမ်သာထဲမှဆေးလိပ်နံ့များသည် သက်သေခံပင် ဖြစ်နေပါသည်။ ထို့ကြောင့် အိမ်သာထဲမှ ဆေးလိပ်နံ့နံ့နံနေသော ထူးခြားသည့်ဖြစ်ရပ်သည် သူ၏လုပ်ရပ်၊ သူ၏လက်ချက်ကြောင့် ဖြစ်နိုင်သည်။ ဤကိစ္စတွင် သူသည် အဓိကလက်သည်၊ တရားခံဖြစ်နေသည်ဟု သုံးသပ်မိ၏။ ဆေးလိပ်အနံ့သာပေးသည်မို့ တော်ပါသေးသည်၊ အိမ်သာထဲတွင် ကွမ်းတံတွေးများထွေးပြနေလျှင် အိပ်သာတော့ ညစ်ပတ်ရချေရဲ့ဟု ကြံကြံဖန်ဖန်တွေးမိကာ ကိုသန်းထွန်းတစ်ယောက် ပြုံးလိုက်မိ၏။

"ဖေကြီး၊ အိပ်နေတာလား။ နေမကောင်းလို့လား"

အိမ်ခန်းထဲဝင်လာသော သမီးဖြစ်သူ သူဇာသင်း၏လှမ်းမေးလိုက်သောအသံကြောင့် ကိုသန်းထွန်းတစ်ယောက် အတွေးအမျှင်တန်းကြီး ရပ်တန့်သွားကာ တစ်စစီ တစ်စစီ လွင့်ပျောက်သွား၏။

"ဩော်-နေကောင်းပါတယ် သမီးရဲ့၊ ခုနက စာအုပ်တွေချုပ်တာ မျက်လုံးညောင်းသွားလို့ ခဏလာနားနေတာပါ"

"မေမေ ခေါ်နေတယ် ဖေကြီးရဲ့။ ဆိုင်ခဏလာစောင့်ပေးပါဦးတဲ့၊ အပြင်သွားစရာရှိလို့တဲ့"

"အေးအေး- လာပြီ၊ လာပြီ"

ဟု ဆိုကာ ကိုသန်းထွန်းတစ်ယောက် အိပ်ရာမှထကာ အိမ်ရှေ့ရှိ စာအုပ်ဆိုင်ဆီသို့ ဆင်းသွားပါတော့သည်။

**ဒုတိယအကြိမ်အသိပေးခြင်း**

ဒုတိယအကြိမ် အိမ်သာထဲ ဆေးလိပ်နံ့နံ့ပြီးနောက် ရက်သတ္တပတ် တစ်ပတ်ခန့်တွင် ဖြစ်ပါသည်။ ထိုနေ့ညက ကိုသန်းထွန်းတစ်ယောက် ကျောင်းဖွင့်ရာသီဖြစ်သဖြင့် ကျောင်းပုံနှိပ်စာအုပ်အဖုံးများကို များစွာ ထိုင်ချုပ်နေရပါသည်။ ညဉ့်ဦးပိုင်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး ည (၉) နာရီလောက်မှ စတင်ချုပ်နေခြင်း ဖြစ်၏။ သူသည် ဒီညတော့ (၂) နာရီ (၃) နာရီလောက်အထိ ထိုင်ချုပ်ရလိမ့်မည်ဟု အပ်ထားသောစာအုပ်များကိုကြည့်ကာ ခန့်မှန်းမိ၏။ ည (၁၁) နာရီထိုးတွင် အိမ်သားများအားလုံး အလျှိုလျှို အိပ်ရာထဲဝင်သွားကြပြီ ဖြစ်၏။ ဇနီးဖြစ်သူကတော့ (၉) နာရီလောက်ကတည်းက အိပ်ရာဝင်သွားပြီ ဖြစ်၏။

ညသည် မှောင်မိုက်၍တိတ်ဆိတ်ကာ ငြိမ်သက်လျက် ရှိ၏။ ညဉ့် (၁၂) နာရီကျော်တွင် မိုးကတဖြောက်ဖြောက်ရွာချလာ၏။ အိမ်ရှေ့မှာ ခွေးနှစ်ကောင်၊ သုံးကောင်ခန့်က ဘာကြောင့်ရယ်မသိ၊ ဆွဲဆွဲငင်ငင်ဖြင့် ထအူလိုက်၏။ တိတ်ဆိတ်နေသော အ,ကာလ ညအခါတွင် ခွေးအူသံများက နားကြောစိမ့်အောင်ပင် ကျယ်လောင်လွန်းလှသည်ဟု သူ ခံစားမိ၏။ သူသည် အနည်းငယ် ကျောချမ်းသွားပြီး ကြောက်စိတ်အနည်းငယ်ပင်ဝင်လာသောကြောင့် အိမ်ရှေ့တံခါးမကြီးနားထွက်ကာ အူနေသောခွေးများကို ရပ်တန့်သွားရန် လှမ်းဟန့်ကာ အော်ခြောက်လိုက်၏။ ခွေးအူသံများရပ်သွားကာ မိုးတဖြောက်ဖြောက် အသံလည်း တိတ်သွားပြီး ညသည် ပြန်လည်တိတ်ဆိတ်သွားပြန်၏။ တိုင်ကပ်နာရီမှ စက်သံကသာ တချက်ချက်နှင့်ကြားနေရ၏။

ညဉ့် (၁) ချက်ထိုးအကျော်တွင် ကိုသန်းထွန်းတစ်ယောက် ညဉ့်ဦးပိုင်းက လက်ဖက်ရည်ဆိုင်တွင် သောက်ထားသောရေနွေးများက ကောင်းစွာ အစွမ်းပြပြီဖြစ်၏။ ထို့ကြောင့် စာအုပ်ချုပ်နေရာမှထကာ နောက်ဖေးချောင်မီးခလုတ်ကို ထဖွင့်လိုက်၏။ တစ်ဆက်တည်းပင် အိမ်သာမီးကိုလည်း ဖွင့်လိုက်၏။ ထို့နောက် အိမ်နောက်ဖေးသို့ ဆင်းလာကာ ပိတ်ထားသော အိမ်သာတံခါးကို လက်ကိုင်မှကိုင်၍ ဆွဲဖွင့်လိုက်၏။

"အမယ်လေးဗျ"

ကိုသန်းထွန်း၏ အလန့်တကြား အော်လိုက်သောအသံက တိတ်ဆိတ်နေသောအချိန်မို့ အတော်အတန်ကျယ်လောင်သွား၏။ သူ၏ရင်များ တဒိန်းဒိန်းခုန်နေသည်။ လန့်လျှင်လည်း လန့်လောက်ပါပေသည်။ သူ တံခါးကိုဆွဲဖွင့်လိုက်သည်နှင့် အိမ်သာထဲတွင် ခန်းလုံးပြည့်နီးပါးမီးခိုးလုံးကြီးကို ဝပ်(၁၀၀) အားမီးလုံး၏ အလင်းရောင်အောက်တွင် အလုံးလိုက်ကြီး တွေ့လိုက်ရသောကြောင့် ဖြစ်၏။ မီးခိုးများ ပြည့်ကျပ်နေသောကြောင့် အိမ်သာဘေးနံရံများ



www.burmeseclassic.com

www.burmeseclassic.com

ကိုပင် မမြင်ရ။ အိမ်သာထဲရှိ ဝပ် (၁၀၀) အား မီးလုံးသည်လည်း မီးခိုးလုံးများအကြားတွင် ဝေတေဝါးတားသာ တွေ့ရ၏၊ တအားဆွဲဖွင့်လိုက်၍ တံခါးပွင့်သောအရှိန်ဖြင့် လေဟပ်သွားကာ အထဲမှ မီးခိုးများသည် အပြင်ဘက်ရှိ ကိုသန်းထွန်းကို ဒလဟော ဝင်တိုက်သွားကြ၏။ အလျင်အမြန် ပိတ်ပစ်လိုက်ရ၏၊ ထို့နောက် ချက်ချင်း သူသည် အိမ်သာတံခါးကို ဝုန်းခနဲမြည်အောင် ပြန်ဆောင့်ပိတ်လိုက်ကာ အိမ်ရှေ့သို့ပြေးတက်လာပြီး အိပ်ပျော်နေသောဇနီးဖြစ်သူကို သွားနှိုးလေတော့၏။

"မဝါရေ ထစမ်း၊ ထစမ်း။ မြန်မြန်ထ ၊ မြန်မြန်ထ"

ကိုယ်လုံးကိုကိုင်ကာ လှုပ်နှိုးခြင်းခံရသော မဝါတစ်ယောက် အိပ်ချင်မူးတူးဖြင့်နိုးလာပြီး-

"ဘာလဲ ကိုသန်းထွန်းရ၊ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူးဟ၊ နင့်ကိုပြစရာရှိလို့ပါ"

"ဘာပြမလို့လဲဟာ၊ အိပ်ချင်ရတဲ့ကြားထဲ"

"လာစမ်းပါဟာ"

ဟု ဆိုပြီး ကိုသန်းထွန်းသည် မဝါ၏လက်ကို အတင်းဆွဲကာ ထူလိုက်ပြီး အိမ်နောက်ဖေးသို့ ခေါ်သွားလေသည်။ ခေါ်သွားရင်း ဖခင်ဖြစ်သူကို သတိရသွားသောကြောင့် မဝါကို နောက်ဖေးခန်းတွင် ခဏထားခဲ့ကာ ဦးခင်လှိုင်ကို-

"အဖေ အဖေ၊ ခဏထစမ်းပါ"

ဟု သွားနှိုးပြန်၏။

ဦးခင်လှိုင်က အအိပ်ဆတ်သူဖြစ်သဖြင့် ချက်ချင်းနိုးလာကာ ထလိုက်လာ၏၊ ကိုသန်းထွန်းက အလယ်တွင်နေရာယူပြီး သူတို့ (၃)ဦး အိမ်သာတံခါးကြီး၏ရှေ့တည့်တည့်တွင် ဘေးချင်းယှဉ်ကာ ရပ်လိုက်ကြ၏။ ထို့နောက် ကိုသန်းထွန်းသည်-

"အဲဒီမှာကြည့်"

ဟု ဆိုကာ အိမ်သာတံခါးကြီးကို ဆွဲဖွင့်ပြလိုက်ရာ-

"ဟာ"

"ဟင်"

ဦးခင်လှိုင်နှင့် မဝါဆီမှ အာမေဍိတ်အသံများ ပြိုင်တူထွက်လာကြကာ အိပ်ချင်စိတ်များပြေပျောက်သွားအောင် လန့်ဖျပ်ပြီး မျက်လုံးများပြူးသွားကြ၏။ ဦးခင်လှိုင်ကတော့ တရားရှိသူ၊ စရဏအားကောင်းသူပီပီ လန့်သွားသောစိတ်ကို အလျင်အမြန် ပြန်ထိန်းလိုက်သည်။ သို့သော် သူတို့ (၃) ဦးစလုံး ရင်တွေတဒိန်းဒိန်းခုန်နေကြ၏။

အိမ်သာထဲမှ အခန်းပြည့်နီးပါး မီးခိုးလုံးကြီးကို ဝပ် (၁၀၀) အား မီးလုံး၏အလင်းရောင်ကြောင့် အလုံးလိုက် အလုံးလိုက်၊ အလိပ်လိုက် အလိပ်လိုက် ဝေ့ဝဲစွာဖြင့် မြင်နေရသည်။ ထိုမီးခိုးလုံးကြီးကြောင့် ဘေးနံရံများကိုပင် မမြင်ရ။ မီးလုံးကိုလည်း ထင်ထင်ရှားရှားမမြင်ရဘဲ ဝေဝေဝါးဝါးသာ မြင်နေရသည်။ တံခါးပွင့်သွားသောအရှိန်ကြောင့် လေဟပ်ကာ အခန်းထဲမှမီးခိုးများ အလုံးအရင်းဖြင့် ဝေ့ကာဝိုက်ကာ အပြင်ထွက်လာကြပြီး သူတို့ (၃) ဦးအား တစ်ရှိန်ထိုး ဝင်တိုက်သွားကြ၏။ ဆေးလိပ်မီးခိုးနံ့များ နှာခေါင်းထဲ ထောင်းထောင်းထအောင် အတင်း တိုးဝင်လာကြသောကြောင့် ကိုယ်စီ ကိုယ်စီ နှာခေါင်းကို လက်ဖြင့် အလျင်အမြန် အုပ်လိုက်ကြ၏။ ထို့နောက် ကိုသန်းထွန်းက တံခါးကို ပြန်ပိတ်လိုက်ကာ (၃) ဦးသား အိမ်ရှေ့သို့ပြန်ထွက်လာခဲ့ကြပါသည်။ သူတို့ (၃) ဦး တော်တော်နှင့် အိပ်ရာပြန်မဝင်ကြဘဲ အိမ်ရှေ့တွင်ထိုင်ကာ ထိုထူးဆန်းသော အခြင်းအရာကို ထင်ရာမြင်ရာ အပြန်အလှန် စကားများပြောဆိုနေကြပါသည်။

"ကျိန်းသေပါတယ်ကွာ၊ သန်းညွန့်ကြီးပါပဲ"

"ဟုတ်ပါတယ်၊ ဦးသန်းညွန့်ပဲနေမှာပါ"

"ဪ - ဒီကောင်ကြီး ဒီမှာရှိနေတာကိုး"

"သူ့ရှိကြောင်း အသိပေးတာနေမှာပါ။ ခြောက်တာလှန့်တာတော့ မဟုတ်ပါဘူး"

ဦးခင်လှိုင်နှင့် မဝါတို့သာ အပြန်အလှန် ပြောဆိုနေကြသည်၊ ကိုသန်းထွန်းကတော့ ဘာမှ ထင်မြင်ချက်ဝင်မပေးဘဲ ရေငုံနှုတ်ပိတ် နှုတ်ဆိတ်နေလိုက်ကာ ခေါင်းသာလိုက်ညိတ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စ၏ အဓိကတရားခံက သူဖြစ်နေသည်ဟု ယူဆထားသောကြောင့် မသိချင်ယောင်ဆောင်ကာ နေနေခြင်းဖြစ်သည်။ ထိုညက သူသည် အိမ်သာထဲတွင်ဝင်ကာ အပေါ့မသွားဖြစ်တော့ဘဲ အပြင်တွင်သာ ဆီးအိုးထဲ အပေါ့စွန့်လိုက်ရပါတော့သည်။

နောက်တစ်နေ့ညဥ့် သူဇာသင်းသည် ထူးခြားသောအိပ်မက်တစ်ခုကို မက်ပါသည်။ အိပ်မက်ထဲတွင် သူ၏ဘဘလေး ဦးသန်းညွန့်သည် မျက်နှာလေးညှိုးငယ်စွာဖြင့် သူ့ကို စကားလာပြောနေပါသည်။ သူသည် ဤအိမ်မှာရှိနေ၍ မကျွတ်လွတ်သေးကြောင်း၊ ဆေးလိပ်အနံ့များ အကြိမ်ကြိမ်ပေးပြီး အသိပေးပါသော်လည်း သူ့အတွက် ဘာမှ မလုပ်ပေးကြကြောင်း၊ သူသည် နာမ်လောကတွင် နေရထိုင်ရသည်မှာ အဆင်မပြေလှသောကြောင့် လက်ရှိအနေအထားထက် အဆင့်မြင့်ပြီး ကျွတ်လွတ်စေရန် သူ့အတွက် ရည်စူးပြီး ကုသိုလ်လုပ်ပေးကာ အမျှအတန်းပေးဝေစေလိုကြောင်း လာရောက်ပြောဆိုကာ အိပ်မက်ပေးပါသည်။

သူဇာသင်းသည် အိပ်ရာမှနိုးနိုးချင်း ထိုအိပ်မက်ကို သူ၏ဘဘကြီးနှင့်မိဘနှစ်ပါးကို သွား၍ အသိပေးပြောဆိုလေ၏။ အကြောင်းအရင်းမှန်ကို သိကြရသောအခါ ကိုသန်းထွန်းတို့မိသားစုသည် ဒက္ခိဏာရာမ ကျောင်းတိုက်မှ သီလစင်ကြယ်မြင့်မြတ်သောဆရာတော်ကြီး (၃) ပါးကိုပင့်ဖိတ်ကာ အကျိုးသင့်အကြောင်းသင့်လျှောက်ထားပြီး ဦးသန်းညွန့်အား ရည်စူး၍ သင်္ကန်းနှင့်ဆွမ်းကို ကပ်လှူကာ ဒါနပြုပေးကြပါသည်။

ဦးသန်းညွန့်သည် သံယောဇဉ်အနှောင်အဖွဲ့များကို အာရုံပြု စွဲလမ်း၍ ကွယ်လွန်သွားခဲ့သောကြောင့် မကျွတ်လွတ်ဘဲ နာမ်လောကသို့ ရောက်ရှိနေသော်ငြား သာဓုခေါ်ဆိုနိုင်သောအဖြစ်သို့ ရောက်ရှိနေသည့်အတွက် တော်ပေသေးသည်။ ဆရာတော်ကြီးက သူ၏နာမည်ကိုခေါ်ဆိုကာ ခေါ်ယူပြီး နေရာထိုင်ခင်းပေး၍ တရားဝင်နာစေပါသည်။ ပြီးနောက် သူ၏နာမည်ကိုပင် ခေါ်ဆိုကာ ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို အမျှအတန်းပေးဝေလိုက်ကြပါသည်။

ဤပေတဒါနပြုလုပ်ပေးပြီးနောက်ပိုင်း ဦးခင်လှိုင်၏အိမ်ရှိ အိမ်သာအတွင်းမှ ဆေးလိပ်နံ့နံ့သောအဖြစ်သည် လုံးဝနိဂုံတံသွားခဲ့ပြီဖြစ်သော်လည်း ကိုသန်းထွန်းတို့မိသားစုကတော့ ဆေးလိပ်အနံ့မရတော့မှ 'အခုမှပဲ ဦးသန်းညွန့်တစ်ယောက် အိမ်မှာ တကယ်ကို မရှိတော့ပါလား' ဟု တွေးမိပြီး ရင်ထဲ ဟာတာတာကြီးဖြစ်နေကြကာ ဦးသန်းညွန့်ကို လွမ်းဆွတ်တမ်းတသတိရလျက် အမှတ်ရနေဆဲပင် ဖြစ်ပါတော့သည်။

*ကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ*

သူခစင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစံဟိန်း (ဖန်နေဝန်း)

စစ်မြေစခန်းမှဂမ္ဘီရ



ကျွန်တော်သည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးမှ ဆရာဖုန်းရှိအောင် (ဂမ္ဘီရဗေဒ)၏ 'ဂမ္ဘီရကြက်ရိုးဗေဒင်' ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။

ထိုဆောင်းပါးတွင် ကြက်ရိုးဗေဒင်သည် တောင်ပေါ်တိုင်းရင်းသားများသာမက မြေပြန့်ဒေသ ရှေးနန်းတော်အထိပင် အသုံးပြုခဲ့ကြောင်း ဖော်ပြထားပါသည်။ ကြက်ရိုးဗေဒင်သည် အချစ်ရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုင်းပြည်ရေး၊ စစ်မက်ရေး၊ မိုးလေဝသနှင့် စိုက်ပျိုးရေးကအစ အသုံးပြုခဲ့ဟန်တူပေသည်ဟုလည်း ဖတ်ရှုရပါသည်။

ကျွန်တော်သည် ဆရာ ဖုန်းရှိအောင်၏ဆောင်းပါးကို ပိုမိုနက်ရှိုင်းစွာအားဖြည့်သောအနေဖြင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တောင်ပေါ်တိုင်းရင်းသားများ လက်တွေ့အသုံးပြုနေသော ကြက်ရိုးဗေဒင်နှင့် ဂမ္ဘီရနည်းပညာများ၏စွမ်းဆောင်မှုအကြောင်းကို လွန်ခဲ့သော အနှစ် (၃၀) ကျော်က ကျွန်တော်၏မှတ်စုစာအုပ်တွင် ဝတ္ထုဆန်ဆန် ရေးမှတ်ထားသော အတွေ့အကြုံတစ်ခုအား မှတ်မှတ်ရရ ရေးသားဖော်ပြလိုက်ရပါသည်။

o

၁၉၇၉ ခုနှစ်၊ ဩဂုတ်လအတွင်းက ဖြစ်၏။ ကျွန်တော်တို့တပ်ရင်းမှာ စစ်ဆင်ရေးတာဝန်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့၏မြောက်ဘက်ခြမ်း မိုင် (၂၀) ခန့်ကွာဝေးသော နမ့်လွေချောင်းအနီး မိုင်းကိုင်ဖျာကျင်းဒေသသို့ ရောက်ရှိနေခဲ့ကြရသည်။ ထိုဒေသတွင်နေထိုင်သော တိုင်းရင်းသားများမှာ ရှမ်းတိုင်းရင်းသားအနည်းငယ်နှင့် အခါ (အီကော) တိုင်းရင်းသားအများစု နေထိုင်လျက် ရှိကြသည်။

ကျွန်တော်တို့တပ်ရင်း ထိုဒေသသို့ရောက်မလာခင် (၃) လလောက်က သောင်းကျန်းသူများ ရောက်ရှိလာကာ မိုင်းကိုင်ရှမ်းရွာကြီးအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ရွာလုံးကျွတ် ပြာပုံအတိဖြစ်ကျန်ခဲ့ရသည်။ ကျွန်တော်တို့ရောက်ရှိသွားစဉ်တွင် မိုင်းကိုင်ကွင်းပြန့်ထဲက ရှမ်းရွာအားလုံး မိုင်းယောင်းမြို့သို့ ပြောင်းရွှေ့သွားကြပြီ ဖြစ်ပါသည်။ ကျွန်တော်တို့စခန်းအောက်ခြေက ဖျာကျင်း (အခါရွာ) မှာလည်း ရွာပျက်ကုန်းအဖြစ်သာ တွေ့ရှိနေရသည်။

ကျွန်တော်တို့ တပ်ရင်းမှူး ဦးစီးစစ်ကြောင်း (၁) နှင့် တပ်ခွဲနှစ်ခွဲမှာ ဖျာကျင်းစခန်းတွင် အခြေပြုပြီး မိုင်းကိုင်ဒေသတစ်ခုလုံးကို စိုးမိုးလှုပ်ရှားရသည်။ ဗိုလ်ကြီး ကြီးရွှေဦးစီးသော အ မှတ် (၅) တပ်ခွဲမှာ ဖျာကျင်းစခန်း အပေါ် ကြောပွိုင့် (၅၄၈၉) တောင်ကုန်းတွင် အခိုင်အမာ တပ်စွဲပြီးနေထိုင်လျက်ရှိနေပေသည်။ ဒု-တပ်ရင်းမှူး ဦးစီးသော စစ်ကြောင်း (၂) မှာမူ မိုင်းငေါင်းဒေသတွင် အခြေပြုပြီး လွိုင်မွေမြို့၏ ရှေ့ကာတပ် အဖြစ်နှင့် ကျွန်တော်တို့ ဖျာကျင်းစခန်းအား ရန်သူမှတိုက်ခိုက်လာပါက စစ်ကူအဖြစ်နှင့် စစ်ကြောင်း (၂) ခုအကြား စပ်ကြားနယ်မြေလုံခြုံရေးတို့အား စိုးမိုး လှုပ်ရှားလျက်ရှိနေပါသည်။

ယခုရက်ပိုင်းတွင် ထူးထူးခြားခြား မိုးက သဲကြီးမဲကြီးရွာချလျက်ရှိနေပြီး လေပြင်းကလည်း အဆက်မပြတ်တိုက်ခတ်လျက် ရှိသည်။ နေကို လုံးဝမမြင်ရသည်မှာ လေး၊ ငါးရက်ပင် ရှိနေလေပြီ။ သည်လိုအခါမျိုးမှာ ရှေ့တန်းတပ် စခန်းများတွင် အလွန်ပင်ပျင်းစရာ ကောင်းလှပါသည်။ နှင်းငွေ့မိုးမှုန်များ တဖွေးဖွေး တဖြောက်ဖြောက် အုပ်ဆိုင်းထားသော ရှမ်းတောင်တန်းပြာပြာကြီးများကိုကြည့်ပြီး ရင်ထဲမှာ ဘာလိုလိုနဲ့ ဘာကိုလွမ်းရမှန်းမသိ တစ်မျိုးကြီးခံစား နေရတတ်ပါသည်။ ထိုအခါမျိုးများတွင် ပန်နာဆိုးနစ် ရေဒီယိုကလေးကိုသာ အဖော်ပြုကြရပြီး စစ်သည်တို့လိုရာတေး လက်ဆောင်များကို ရဲဘော်များနှင့်အတူ ဝိုင်းထိုင်နားထောင်ရင်း အပျင်းပြေ၊ အလွမ်းပြေကြရသည်မှာ စစ်သားများ၏ ဘဝပေးအရသာတစ်ခုပင်ဖြစ်ပါသည်။ ည (၈) နာရီ သတင်းအား ရဲဘော်များနှင့် ဝိုင်းထိုင်နားထောင်နေကြစဉ်မှာ-

"ဝေ့- ဗိုလ်ကြီး ကောင်းစံ၊ အားဖိုးတို့, အားဒေါ့တို့ လာတယ်ဟေ့"

စခန်းအောက်ခြေမှ ကလေးများအော်ခေါ်သံကြောင့် မိုးဖွဲဖွဲ လေတွေထဲမှာ တဲထဲကထွက်ကြည့်လိုက်၏။ ညမှောင်မှောင် မိုးလေအောက်မှာ မီးတုတ်ကိုယ်စီ ကိုင်ထားသော အသက် (၁၀) နှစ်ကျော်ကျော် ကလေးငယ်များ



www.burmeseclassic.com

www.burmeseclassic.com

တွေ ပြောတယ်။ အဲဒါ အဖေက ဗိုလ်ကြီးတို့ကို သွားပြောဆိုပြီး ရွာအောက်လှိုလမ်းက အမြန်လွှတ်လိုက်တာ”

ဟု ပြောလိုက်သဖြင့် ကျွန်တော့်မျက်လုံး အနည်းငယ်ပြူးကျယ်သွားပါသည်။ ရန်သူ့သတင်းကို ချက်ချင်းပင် **တပ်ရင်းမှူးထံ** သွားရောက်သတင်းပို့လိုက်၏။ **တပ်ရင်းမှူးနဲ့** ဗိုလ်ခင်ညို (**ထလရမှူး**) တို့ လိုက်ပါလာပြီး ကျွန်တော့်အိပ်ဆောင်တဲထဲမှာပင် ကလေးများ



ကိုလည်း လှမ်းတွေ့လိုက်ရ၏။ ... အောင် မေးမြန်းပြီးမှ စခန်းခြံစည်းရိုးအတွင်းသို့ ခေါ်သွင်းခဲ့ကြ၏။ ကလေးငယ်လေးများမှာ ကျွန်တော့်အား အသွင် ခင်မင်သော ဖျာကျောက် (အခါ) ရွာမှ ဖြစ်နေသည်။ ကျွန်တော့်ကိုမြင်တွေ့ကြမှ အငိုတစ်ဝက်ဖြင့်-

ဗိုလ်ကြီး၊ ရန်သူ (၅၀၀)လော...သားတွေ၊ မြင်းတွေနဲ့ လက်နက်ကြီးတွေလည်း ပါတယ်။ စခန်းတစ်ခုတော့ ...ကမယ်ထင်တယ်လို့ အဖေတို့လူကြီး



www.burmeseclassic.com

www.burmeseclassic.com

အား စုံစမ်းမေးမြန်းကြပါသည်။ ရရှိသောသတင်းအား တပ်ရင်းမှူးက စစ်ကူအလှမ်းဝေးသော ကျွန်တော်တို့ ဖျာကျင်းစခန်းကို တိုက်ခိုက်ရန် သေချာသည်ဟု သုံးသပ်ပြသည်။

"ကဲ- ဗိုလ်ကောင်းစံ၊ မင်းအဘွားကြီး ကြက်ရိုးဗေဒင်ဟောတာ မှန်နေပြီကွ။ အသင့်သာပြင်ထားတော့"

ဟု ပြောပြီး တပ်ရင်းမှူးမှာ ရရှိသော ရန်သူသတင်းကို အချိန်နဲ့တစ်ပြေးညီ အထက်ဌာနသို့ တင်ပြနိုင်ရန် သူနေသောတဲဘက်သို့ ထွက်ခွာသွားလေသည်။

⭘

လွန်ခဲ့သောအပတ်က ကျွန်တော်တပ်စုတစ်စုဖြင့် နယ်မြေရှင်းလင်းသတင်းရယူရန် နောင်လျှန် (အခါ) ရွာသို့ ရောက်ရှိသွားပါသည်။ ထိုရွာတွင် စီးပွားရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် မိုးလေဝသအခြေအနေများကို ကြက်ရိုးဗေဒင်ဖြင့် လိုက်လံဟောပြောနေသော မိုင်းတင်း လန်းဆတ်နယ်ဘက်မှ အခါတိုင်းရင်းသား အဘွားကြီးတစ်ယောက်အား တွေ့ရသည်။ ကျွန်တော်လည်း စခန်းတွင် အပျော်သဘောဖြင့် ဗေဒင်မေးရန် တပ်စခန်းသို့ ခေါ်လာခဲ့ပါသည်။ အဘွားကြီးမှာကြားသည့်အတိုင်း ကြက်ဖြူ အထီး၊ အမ နှစ်ကောင် (၅၀) သားခန့်အရွယ်နှင့် ချက်အရက်ကောင်းကောင်း နှစ်ပုလင်းတို့ကိုလည်း ပြည်သူ့စစ်ခေါင်းဆောင် ဦးထန်ဒူး၏ အကူအညီဖြင့် ယူဆောင်လာခဲ့ပါသည်။

ဖျာကျင်းစခန်းသို့ရောက်ရှိသော အခါ ကြက်ဖြူသားများကို ပြည်သူ့စစ်ခေါင်းဆောင် ဦးထန်ဒူးက အထီး၊ အမ တစ်အိုးစီခွဲ၍ ချက်သည်။ ည (၈) နာရီခန့်တွင် ကြက်သားဟင်းများကျက်ပြီး တပ်ရင်းမှူး အပါအဝင် အရာရှိများ ကျွန်တော့်အိပ်ဆောင်တဲထဲတွင် အားလုံး ဝိုင်းထိုင်ကြသည်။ အဘွားကြီးမှာ စစ်ပန်းကန်ပြားဖြင့် ထည့်ထားသော ကြက်သားဟင်းကို ကောက်ယူကိုင်မြှောက်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးအား တင်မြှောက်ဆက်သသည့်ပုံစံဖြင့်၊ ပါးစပ်မှလည်းပွစိပွစိဖြင့် ကျွန်တော်တို့ နားမလည်သော အခါစကားဖြင့် ရွတ်ဖတ်နေသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရက္ခစိုးနတ်တို့အား တိုင်တည်ခြင်းဖြစ်ကြောင်းကို အားလုံးပြီးမှ ပြည်သူ့စစ်ခေါင်းဆောင် ဦးထန်ဒူးပြောပြသဖြင့် သိရှိခဲ့ရပါသည်။

တပ်ရင်းမှူးနှင့် အဘွားကြီး အပါအဝင် အားလုံးမှာ ကျွန်တော် နောင်ကျန်မှယူလာသောအရက်ကို သောက်လိုက်၊ ကြက်သားဟင်းကို မြည်းလိုက်နှင့် ဒူးဆစ်ရိုး၊ ပေါင်ရိုး၊ တောင်ပံရိုးများကို အထီး၊ အမ ခွဲခြားပြီး စစ်ပန်းကန်ပြားနှစ်ချပ်ဖြင့် စုပုံထားရသည်။ အရက်နှစ်ပုလင်းလည်းကုန်၊ ကြက်သားဟင်းပါ တက်တက်ပြောင်တော့မှ သောက်စားဝိုင်းရပ်ကာ အဘွားကြီးမှာ အထီး၊ အမ သီးခြားဖယ်ထားသော ကြက်ရိုးများကို ဖယောင်းတိုင်မီးမှုန်မှုန်ဖြင့် ထောင်ကြည့်သည်။ အရိုးများ စိတ်ကြိုက်ရွေးချယ်ပြီးသောအခါ ပထမဦးဆုံး တပ်နဲ့ပတ်သက်သောအခြေအနေကိုပြောမယ်ဟု ပြောလိုက်သည်။

ကျွန်တော်တို့အားလုံးမှာ ကြက်ရိုးဗေဒင်ဟောသည်ကို တစ်ခါမှ မမြင်ဘူး၊ မကြုံဘူး၊ ပြောသံပင်မကြားဘူးသဖြင့် အလွန်ပင် စိတ်ဝင်စားလျက် ရှိကြသည်။ ကျွန်တော်နှင့် ဗိုလ်ခင်ညိုတို့မှာ မှတ်စုစာအုပ် တပြင်ပြင်ဖြင့် အဘွားကြီးပြောလာမည့်စကားကို စောင့်မျှော်နားစွင့်နေကြစဉ်မှာ-

"အခုတစ်ပတ်အတွင်း (ခုနစ်ရက်အတွင်း) ရန်သူအများကြီးလာပြီး ဒီဖျာကျင်းစခန်းကို တိုက်ဖို့ရှိတယ်။ ပြင်ဆင်နေကြပြီ။ ဒါပေမယ့် သူတို့ဘက်က အနိုင်မရဘဲ (၄)ယောက်ကျဆုံးပြီး ပြန်ဆုတ်သွားရမယ်။ တပ်ဘက်ကတော့ ဆရာတစ်ယောက်ပဲ ကျဆုံးမယ်၊ တိုက်ပွဲ လုံးဝ မဖြစ်ဘူး"

ဟု ပြောလိုက်သဖြင့် တပ်ရင်းမှူးနှင့် ကျွန်တော်တို့အားလုံး ငြိမ်နေမိကြသည်။ အဘွားကြီးမှာ ပန်းကန်ပြားထဲမှ ကျန်ကြက်ရိုးများကို မွှေနှောက်ရှာဖွေပြီး-

"တပ်အတွက်ကတော့ဒါလောက်ပဲရှိတယ်။ ဒီစခန်းရဲ့အကြီးဆုံးလူပုဂ္ဂိုလ်အတွက် ကြည့်ပေးမယ်"

ဟု တပ်ရင်းမှူးဘက်သို့ လှည့်ပြောလိုက်ပြီး အဘွားကြီးမှာ ရွေးချယ်ထားသော ကြက်ပေါင်ရိုးတစ်ချောင်းအား ဖယောင်းတိုင်မီးမှုန်မှုန်တွင်ထောင်၍ ထက်၊ အောက် စုန်, ဆန်၊ ပြောင်းပြန်လှန်ပြီး သေသေချာချာကြည့်သည်။ ပြီးမှ တပ်ရင်းမှူးအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"လက်ရှိတာဝန်၊ လက်ရှိရာထူးနဲ့ နောက် (၆) လအတွင်း အပြောင်းအရွှေ့မြင်တယ်။ ထိုပြောင်းရွှေ့တဲ့နေရာရောက်မှ ရာထူးအဆင့် တိုးမြှင့်ခံရဖို့ရှိတယ်။ ကျန်တာအားလုံးကောင်းတယ်။ ဒါလောက်ပဲ"

အဘွားကြီးပြောလိုက်သဖြင့် တပ်ရင်းမှူးကြီး သိပ်ကျေနပ်ပုံမရ။ လက်ရှိယာယီတပ်ရင်းမှူး ဗိုလ်မှူးအဆင့်ဖြင့် နောက် (၆) လကျော်မှ တစ်ဆင့်မြင့်ရာထူးတက်မည် ဆိုသည်ထက် အခြားတစ်နေရာသို့ ပြောင်းရွှေ့ရမည်ဆိုသည်ကို တပ်ရင်းမှူးက ဘဝင်မကျ။ ဒါကိုတော့ မယုံဘူးဟု တပ်ရင်းမှူး ပြောခဲ့သည်။

နောက် စခန်းတွင် ဒုတိယအကြီးဆုံး ဗိုလ်မှူးအား ဆက်ဟောသည်။

"နောက် (၆) လအတွင်း သွေးထွက်သံယိုဖြစ်ပြီး ဆေးရုံတက်ရမယ်၊ အသက်အန္တရာယ်မစိုးရိမ်ရ"

ဟု ဆိုသည်။

ထိုအခါ ဗိုလ်မှူးက-

"ဒါတော့မှန်လိမ့်မယ်။ ကျွန်တော့်မှာ လိပ်ခေါင်းရောဂါကြောင့် မကြာခဏ သွေးယိုထွက်မှုရှိလို့ ဆေးရုံခဏခဏတက်ရကြောင်း"

ပြန်ပြောပြသည်။

နောက်တစ်နေ့မနက်ပိုင်းတွင် အဘွားကြီးက စခန်းအား ရန်သူများတိုက်ခိုက်ခြင်းမှလွတ်ကင်းအောင် တန်ပြန်အစီအရင်နှစ်ခုအား နေမွန်းမတည့်မီ အပြီးလုပ်ဆောင်ပေးပါသည်။ ပထမအစီအရင်မှာ ရဲဘော်လေးများထံမှ ရရှိသော မှန်ဗိုင်းကလေး (၉) ချပ်ကို ရန်သူ့ဌာနချုပ်တည်ရှိရာ မြောက်အရပ်သို့ မျက်နှာမူပြီး စခန်းခြံစည်းရိုးတိုင်တွင် ချိတ်ဆွဲပေးသည်။ ဒုတိယအစီအရင်မှာ ဝါးနှီးဖြင့် သူကိုယ်တိုင်ရက်လုပ်သော လေရဟတ် (ပန်ကာ) ငယ် (၉) ခုကိုလည်း မြောက်ဘက်သို့ပင်လှည့်၍ ခြံစည်းရိုးတိုင်တွင် ကပ်ချည်ပေးထားခဲ့သည်။

ပန်ကာငယ်ကလေးများမှာ လေအနည်းငယ်တိုက်ရုံမျှဖြင့်ပင် မွှတ်နေအောင် လည်ပတ်နေပါသည်။ ကျွန်တော်၏အိပ်ဆောင်တဲမှာ ခြံစည်းရိုးနှင့် ပေ (၃၀) ခန့်သာကွာဝေးသဖြင့် ပန်ကာငယ်များ၏လည်ပတ်သံများကို တိတ်ဆိတ်သောညတွင် ချောက်ချားဖွယ်ရာ တဝီဝီဖြင့် ကြားနေရသည်။ သို့ကြောင့်လည်း ကျွန်တော့်မှာ တော်တော်နှင့် အိပ်မပျော်နိုင်။ စောစောက တပ်ရင်းမှူးကြီး၏ 'ကဲ- ဗိုလ်ကောင်းစံ၊ မင်းအဘွားကြီးပြောသွားတာ မှန်နေပြီကွ' ဆိုသည့်စကားနှင့် အဘွားကြီး၏ကြက်ရိုးဗေဒင်ဟောသွားသည်များကို ပြန်လည်စဉ်းစားနေမိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

◎

"အုန်း. . . အုန်း"

ပေါက်ကွဲသံကြီးနှစ်ခုက စက္ကန့်ပိုင်းခြား၍ ပေါ်ထွက်လာသည်။ မနက်စောစော (၆) နာရီပင် မထိုးသေး၊ မိုးမှုန်တွေပိတ်နေဆဲမှာ စစ်သည်များ သေနတ်ကိုယ်စီဆွဲလျက် ကတုတ်ကျင်း၊ ဝစ်ကျင်းများဆီသို့ ခုန်ဆင်းနေရာယူလိုက်ကြရသည်။ ကျွန်တော့်စိတ်ထဲတွင် ရွှံ့ကြီးပွဲကောင်းတော့ ဆင်နွှဲကြရပြီဟု ဆင်လိုက်မိသည့်မှာ အမှန်ပင်။

ဗိုလ်ကြီး ကြီးရွှေ နေထိုင်ရာ အပေါ်တန်းသို့ (၉၀၆) ဆက်သွယ်ရေးစက်ဖြင့် အခြေအနေ လှမ်းမေးကြည့်သည်။ အရှေ့ဘက် မိုင်းကွင်းကုန်းမှ မိုင်းကွဲခြင်းဖြစ်ကြောင်း၊ မိုင်းကွဲသည့်နေရာဘက်မှ စကားပြောသံသဲ့သဲ့ကြားသောဖြင့် ရန်သူများ ချဉ်းကပ်နေပြီဖြစ်ကြောင်း ပြောပြသည်။

မိုးက သဲကြီးမဲကြီး တစ်နေ့လုံးရွာချနေဆဲပင်။ မိုင်းကိုင်ဒေသအပြင်နမ့်လွေချောင်း တစ်ဖက်ကမ်းရှိ ဝမ်ဆော ဝမ်ဖိုင် တောင်မြင့်ကြီးများတွင်လည်း မည်းမှောင်စွာရွာချနေသည်ကို လှမ်းမြင်နေရသည်။ နမ့်လွေချောင်း၏ကြမ်းတမ်းသော ရေစီးသံများမှာလည်း ဒေါသကြီးစွာ တဝုန်းဝုန်း မြည်ဟည်းလျက် စီးဆင်းနေသည်။ ကမ်းနဖူးအထိ ချောင်းရေများ လျှံတက်နေသည်ကိုလည်း တပ်စခန်းပေါ်မှ လှမ်းမြင်နေရသည်။

သည်လို မိုးကြီးလေကြီးထဲမှာ ရန်သူလာအတိုက်ကို အသင့်စောင့် နေရာယူထားကြသည်မှာလည်း တစ်ညနဲ့ (၂)ရက်ရှိလာခဲ့ပြီ။ ရဲဘော်များမှာလည်း ထယ်ကွင်းထဲက ကျွဲအုပ်ကြီးလို ရွှံ့တလူးလူး ဖြစ်နေကြရသည်။ ရန်သူများ၏ စကားပြောဆိုသံနှင့် သစ်ဝါးခုတ်သံများကို လေသင့်လျှင် တစ်ချက် တစ်ချက် ကြားနေရသည်ကလွဲပြီး ဘာမှထူးခြားသောမှု မရှိသေးပါ။ အမှန်တော့ ရန်သူနေရာယူထားသောကုန်းနှင့် ကျွန်တော်တို့စခန်းမှာ ကိုက် (၁၀၀၀) သာ ဝေးပါသည်။ ကျွန်တော်တို့တွင်ရှိနေသော သေနတ်ကြီးကြီးမားမား လက်နက်ကြီးနှင့်မဆို ပစ်ခတ်နိုင်သော အကွာအဝေးဖြစ်သော်လည်း ပစ်ခတ်မှုမပြုဘဲ ရန်သူမှ စတင်တိုက်ခိုက်လာပါက စုပြုံပစ်ခတ်နိုင်ရန် အသင့်နေရာယူပြီး စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ထိုကဲ့သို့ အသင့်နေရာယူစောင့်နေရင်း အထက်ဌာနမှ ကြေးနန်းတစ်စောင် (အရေးကြီး) ဝင်လာပါသည်။

ကြေးနန်းစာတွင် ဖျာကျင်းစခန်းရှေ့ကြောတွင် ရင်ဆိုင်ထားသော ရန်သူအား တပ်ရင်းမှူး ဦးစီးစစ်ကြောင်းဖြင့် ထွက်တိုက်ရန်၊ မိုင်းဝေါင်းစခန်းမှ စစ်ကြောင်း (၂) ဖျာကျင်းစခန်းအား နေရာယူပေးရန်၊ မိုင်းဝေါင်းစခန်းသည် လူပ်ရှားခြေကုပ်ဖြစ်သဖြင့် လွှတ်ထားခဲ့ရန်တို့ ဖြစ်ပါသည်။

တပ်ရင်းမှူးမှ အပေါ်ကုန်းတွင် နေရာယူထားသော ဗိုလ်ကြီး ကြီးရွှေတပ်ခွဲအား ရန်သူများရှိနေသော ရင်ဆိုင်ကုန်းသို့ ထိတွေ့မှုရယူရန် ချဉ်းကပ်စေခဲ့သည်။ ဗိုလ်ကြီး ကြီးရွှေတပ်ခွဲ ရန်သူကုန်းသို့ ချိတက်ချဉ်းကပ်ရာ ရန်သူများတူးထားခဲ့သောပစ်ကျင်းများ၊ ဆက်သွယ်ရေးကျင်းများနှင့် မိုးခိုနေထိုင်ခဲ့သော သစ်ခက်တဲများကိုသာ တွေ့ရှိရသည်။ ရန်သူများ ညကပင် ဆုတ်ခွာသွားဟန် တူသည်၊ နေရာထိုင်ခင်းများကိုကြည့်ရခြင်းဖြင့် အင်အား (၅၀၀)ခန့်ရှိမည်ဟု ခန့်မှန်းနိုင်သည်။ ဗိုလ်ကြီး ကြီးရွှေမှာ တစ်နေ့က မိုင်းကွဲခြင်းကြောင့် ရန်သူ အသေအပျောက်ရှိနိုင်ကြောင်း တွေးမိ၏။ ထိုမိုင်းကွဲသောကုန်းမှာ ရှေ့တာကုန်းအဖြစ် မိုင်းကွင်းခင်းထားခြင်း ဖြစ်သည်။ သို့ကြောင့် နေရာမလပ်ရှာဖွေရာ တောင်စောင်းတစ်နေရာတွင် သွေးများပေကျံနေသော ဂွမ်းစ၊ ပတ်တီးစများနှင့် အသစ်စက်စက်မြေပုံများကို တွေ့လိုက်ရ၏။ မြေပုံများကို အထူးသတိကြီးစွာဖြင့် တူးဖော်ရာ ရန်သူအလောင်း(၄)လောင်းအား တွေ့ရှိရသည်။

ကျွန်တော်တို့စစ်ကြောင်းတစ်ခုလုံး ဆုတ်ခွာသွားသောရန်သူနောက်သို့ လိုက်လံရှင်းလင်းရာ ရန်သူများမှာ မိမိတို့ ဖျာကျင်းစခန်းအရှေ့ဘက် (၁၅) မိုင်ခန့်ဝေးသော မိုင်းဝ ကျိုင်းခမ်းဒေသသို့ ဆုတ်ခွာသွားကြောင်း ကျေးရွာနေ ပြည်သူများ၏သတင်းပေးချက်အရ သိရှိခဲ့ရသည်။ နောက်တစ်နေ့တွင် ကျွန်တော်တို့စစ်ကြောင်း ဖျာကျင်းသို့ပြန်လာစဉ် ရန်သူများထောင်ထားခဲ့သောမိုင်းအားနင်းမိရာ ကျွန်တော့်တပ်စုမှ တပ်ကြပ်ဝေယု နေရာတွင် ပွဲချင်းပြီးကျဆုံးသွားခဲ့ရသည်။ ထိုနေ့က ဆရာဝေယုအား သဂြိုဟ်ရာသို့ တပ်ရင်းမှူးကိုယ်တိုင် အမိန့်ပြန်တမ်း ဖတ်ကြားပြီး သဂြိုဟ်ပေးခဲ့ပါသည်။ ဆရာဝေယုအား သဂြိုဟ်ပြီးစီးသွားသောအခါ တပ်ရင်းမှူးမှ ကျွန်တော့်အား-

"ဗိုလ်ကောင်းစံ၊ မင်းအဘွားကြီးကတော့ လက်ဖျားခါလောက်တယ်ကွ။ သူပြောခဲ့တဲ့ ရန်သူဘက်အကျအဆုံးနဲ့ တို့ဘက်အကျအဆုံးရယ်၊ တိုက်ပွဲမဖြစ်ဘဲ ဆုတ်ခွာသွားရမယ် ဆိုတာတော့ အားလုံးကွက်တိ ဖြစ်နေပြီ။ ငါနဲ့ ကိုတင်ထွဋ်ပဲ ကျန်တော့တယ်။ စောင့်ကြည့်ရဦးမယ် ဟော့ကောင်ရယ်"

ဟု ပြောပြပါသည်။

ကျွန်တော်တို့စစ်ကြောင်း ဖျာကျင်းစခန်းသို့ ပြန်လည်ရောက်ရှိပြီး တစ်ပတ်ခန့်အကြာတွင် အံ့ဩတုန်လှုပ်ဖွယ်ရာသတင်းတစ်ခုအား နယ်မြေလူထုများထံမှ ကြားသိခဲ့ရပါသည်။ ထိုသတင်းမှာ လွန်ခဲ့သည့် နှစ်ပတ်ခန့်က မိမိတို့ ဖျာကျင်းစခန်းအား ရန်သူက အင်အား(၂၀၀၀)ဖြင့် အပြီးအပိုင်တိုက်ခိုက်ရန် စီစဉ်ခဲ့ကြကြောင်း၊ အစီအစဉ်တွင် ပထမ အင်အား (၅၀၀) ကို ဖျာကျင်းစခန်းအနီးတွင် တစ်ရက်ကြိုနေရာယူစေပြီး နောက်နေ့တွင် ဝမ်ဆော ဝမ်ဖိုင်နှင့် ဝမ်ကျင်း ဆန်တောက်တို့မှ အင်အား (၁၅၀၀) ကို နမ့်လွေချောင်းအား ဖြတ်ကူးပြီး ပူးပေါင်းတိုက်ခိုက်ရန်ဖြစ်ကြောင်း၊ ပထမ အင်အား (၅၀၀) မှာ နမ့်လွေချောင်းအားဖြတ်ကူးပြီး ဖျာကျင်းစခန်းရှေ့ကြောတွင် နေရာယူနိုင်ခဲ့သော်လည်း နောက်လာမည့် အင်အား (၁၅၀၀)မှာ မိုးကြီးစွာရွာသွန်းခြင်း၊ နမ့်လွေချောင်းမှာ အဆမတန်ရေကြီးခြင်း၊ ရေစီးသန်ခြင်းတို့ကြောင့် ဝါးဖောင်များဖြင့် ဖြတ်ကူးရန်မှာ မည်သို့မျှ မဖြစ်နိုင်တော့ဘဲ ဖျာကျင်းအား တိုက်ခိုက်မည့်တိုက်စစ်စီမံချက်အား ပယ်ဖျက်ကာ ဖျာကျင်းစခန်း အနီးအနား ကြိုတင်နေရာယူထားသော (၅၀၀) အဖွဲ့အား မိုင်းဝ ကျိုင်းခမ်းဘက်သို့ အမြန်ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးခဲ့ရကြောင်း ကြားသိခဲ့ရပါသည်။

◎

ထိုစစ်ဆင်ရေးတွင် ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ်အားလုံးသည် ကြက်ရိုးဗေဒင်၏နက်ရှိုင်းစွာလျှို့ဝှက်ဆန်းကြယ်မှုရှိသော ဂမ္ဘီရပညာတစ်ခုအဖြစ် ထင်ရှားစွာ တွေ့မြင်ခဲ့ရ၏။ မိမိတို့တပ်စခန်းအား ရန်သူမှ ဘယ်ရက် ဘယ်ကာလအတွင်း လာရောက်တိုက်ခိုက်မည်၊ ရန်သူအကျအဆုံးနှင့် မိမိတို့ဘက်မှအကျအဆုံးကိုလည်း တိတိကျကျ ပြောပြနိုင်ခဲ့၏။ ထို့ပြင် လူပုဂ္ဂိုလ်နှစ်ဦးကိုလည်း ဘယ်ကာလဆေးရုံတက်ရမည်၊ ပြောင်းရွှေ့ရမည်၊ ရာထူးတက်မည် စသည်များကို တိကျမှန်ကန်စွာ ပြောနိုင်ခဲ့သည်။ ဤမျှလောက်အ



www.burmeseclassic.com

www.burmeseclassic.com

# မြွေဆိပ်၊ ကင်းဆိပ် ကျက်ပင့်ကူအဆိပ် လက်ဝါးပေါ်တင်လို့ကြွတ်

မြွေဆိပ်၊ ကင်းဆိပ်၊ တောကျက်ပင့်ကူဆိပ် အဆိပ်ရှိသည့် သတ္တဝါတို့၏ အမှတ်မထင် ထိတွေ့ကိုက်ခဲမိခြင်းများ လတ်တလောကြုံတွေ့လာပါက ကုသ၍ သက်သာ ပျောက်ကင်းခြင်းတို့ကို ကိုယ်တွေ့ကြုံရခဲ့ပြီမို့ မဂ္ဂဇင်းများမှတစ်ဆင့် စာရှုသူမိတ်ဆွေ စာပေရောင်းရင်းများနှင့် မတော်တဆထိတွေ့တတ်ကြသူများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ကွာဝေးလှသော တောသူ တောင်သားများသာမက လတ်တလောကြုံတွေ့သူများအားလုံး ကုသမှုပြုနိုင်ကြရန် လက်ဆင့်ကမ်းရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

တစ်နေ့သောနံနက်တွင် စာရေးသူနှင့်အတူ လယ်စိုက်ရှင်းမှ တာဝန်ကျအမှုထမ်း စာရေးကြီး ဦးတင်ဝင်းသည် ကျွန်ုပ်၏ဥယျာဉ်သို့ ရှုစားကောင်းများ၊ သီဟိုဠ်ပင်များ၊ ရော်ဘာပင်များ စိုက်ပျိုးထားသည်တို့ကို လေ့လာလို၍ လိုက်ကြည့်ချင်ကြောင်း ပြောလာသဖြင့် အချိန်ရတာနဲ့ ကျွန်ုပ်နှင့်အတူ သံကြိုးလမ်းရွာ ကုန်းသာယာရပ်ကွက်မှ မြန်မာသမားတော်တစ်ဦးဖြစ်သူ ဆရာ ဦးမိုးဝေမှလည်း လိုက်ပါလို၍ သွားကြရင်း တောင်ပေါ်ဥယျာဉ်သို့အရောက် အပင်များကြည့်ရှုနေရင်းမှ စာရေးကြီးဦးတင်ဝင်း၏ ဘယ်ဘက်ခြေထောက်သို့ အမှတ်မထင် မျက်ခနဲဆို ထိတွေ့လိုက်ပြီး 'ဆရာရေ- လာပါဦး၊ ကျွန်တော့်ခြေထောက်မှာ ဘာထိသွားလဲမသိဘူး' ဆိုပြီး ခြေထောက်ကို မြှောက်ပြရာတွင် ခြေထောက်မှာ ချက်ချင်းဆိုတာလို ရောင်ပြီး သွားလို့မရဖြစ်သွား၍ တွဲခေါ်ပြီး တဲပေါ်သို့ရောက်ရာတွင် အတော်လေး နာကျင်ကိုက်ခဲနေသည်။ ခြေထောက်မှာလည်း ရောင်ထလာတော့ရာ ကျွန်ုပ်လည်း ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ကျွန်ုပ်တို့နှင့်အတူပါလာသည့် ဆရာလေးဦးမိုးဝေမှ-

"ကိစ္စမရှိပါဘူး၊ ခြေထောက်မှာ အပေါက် နှစ်ပေါက်တော့ တွေ့တယ်။ ပြီးတော့ လက်သည်းတွေနဲ့ ကုတ်ထားတာလည်း အစင်းကြီး တွေ့ထားတော့ ကင်း သို့မဟုတ် ကျက်ပင့်ကူပဲ ဖြစ်မှာပဲ။ မစိုးရိမ်ပါနဲ့၊ ဆရာတို့ကို စိုက်ဖို့ပေးထားတဲ့ ခရာနီပင် ရှိတယ် မဟုတ်လား၊ အဲဒါ သုံး, လေး ရွက်လောက်ခူးပြီးယူလာပါ"

ထို့နောက် ထောင်းပြီး အရည်ကို ပန်းကန်လုံးထဲတွင် ညှစ်ထည့်၍ ခြေထောက်အား လိမ်း၊ ပါးစပ်ထဲလည်း အတင်းတိုက်လိုက်ရာ ခန့်မှန်းခြေ (၁၅) မိနစ်လောက်ပဲ ကြာတယ်။ အနာမှာ ကိုက်လည်း မကိုက်တော့ဘူး၊ တိုးပြီးတော့လည်း မရောင်တော့ဘဲ သက်သာပျောက်ကင်းသွားပြီး ပကတိအတိုင်း လှမ်းလျှောက်သွားနိုင်၏။ သုံးဦးသားပြန်ဆင်းလာကြစဉ် အပင်အောက်အရောက် မျက်စိကစားလိုက်ရာ အနီရောင် တောကျက်ပင့်ကူကြီးသည် ကလေးများ ဆော့ကစားသည့် ဒိုးလုံးခန့်ရှိသည်ကို တွေ့လိုက်ရာ အတင်းလိုက်သတ်သော်လည်း မရလိုက်ဘဲ တွင်းထဲသို့ ဝင်သွားပါတော့သည်။ ဒီတော့မှ ကိုက်ခဲခြင်းခံရသည်မှာ တောကျက်ပင့်ကူကြီးဖြစ်ကြောင်း သေချာစွာတွေ့လိုက်ကြရ၍ အံ့ဩပြီး ဒီလောက် အဆိပ်ပြင်းထန်လှသည့် တောကျက်ပင့်ကူကိုပင်လျှင် ချက်ချင်း သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိလိုက်ရ၍ အားရဝမ်းသာဖြစ်ပြီး ဆရာဦးမိုးဝေအားလည်း အထူးကျေးဇူးတင်ကြောင်း ပြောပြကြသည်။

ကျွန်ုပ်တို့အားလုံး ဆေးပင်အကြောင်း၊ ၎င်းဆေးပင်နှင့် ပတ်သက်ပြီး ဗဟုသုတဖြစ်စေရန် ဖြန့်ဝေလိုကြောင်း ဆရာ့ကို ခွင့်ပန်၍ ၎င်းဆောင်းပါးအားရေးဖြစ်သွားပါတော့သည်။ ခရာနီဆေးပင်မှာ အနီရောင်ဖြစ်ပြီး အရွက်မှာဆူးများပြည့်နှက်လျက်ရှိကာ ရေချိုရပ်တွင်သာ ပေါက်တတ်ပါသည်။

ရေငန်တွင်ပေါက်သော ခရာဆူးပင်များနှင့်သဏ္ဌာန်တူပါသည်။ သို့သော်သူ၏ဆူးကား မမာဘဲ ခပ်ပျော့ပျော့ရှိပါသည်။ စာရေးသူ၏ ဥယျာဉ်တောင်ပေါ်များတွင် အရိုးတံများကို ချိုးပြီး စိုက်ထားရုံနှင့် အပင်များရှင်သန်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်ကဲ့သို့ ဥယျာဉ်တောင်ယာ၊ မိမိတို့၏နေအိမ်ပတ်ဝန်းကျင်များ၌လည်း ပန်းအိုးများနှင့် စိုက်ထားသင့်ကြောင်း၊ အခုကဲ့သို့ လတ်တလောကုသမှုများနှင့် အဆိပ်ရှိသတ္တဝါများ၏ရန်ကို ကာကွယ်နိုင်ကြကြောင်း၊ သို့ဖြစ်ပါ၍ ဆရာ့အား ခွင့်ပန်ပြီး ခရာနီပင်၏အစွမ်းထက်ပုံ၊ တောဆေးဝါးများ ဆောင်ထားသင့်, စိုက်ထားသင့်ကြောင်း မေတ္တာဖြန့်ဝေလိုက်ရခြင်း ဖြစ်ပါတော့သည်။

အလိုရှိပါက ပုသိမ်ခရိုင် ငပုတောမြို့နယ်ခွဲ ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းရွာ 'မောနင်းစတား' စာပေစတိုးသို့ ဆက်သွယ်နိုင်ပါကြောင်း။

ပုသိမ်-မင်းလွင်

---

ထိ ကြက်ရိုးပေဒင်၏အစွမ်းကို အံ့မခန်း ကြုံတွေ့ခဲ့ဖူးပါသည်။

ထိုကဲ့သို့ပင် မှန်ဝိုင်းကလေး (၉) ချပ်နှင့် လေရဟတ် (ပန်ကာ)ငယ် (၉)ခုတို့မှာလည်း လာရောက်တိုက်ခိုက်မည့် တစ်ဖက်ရန်သူ၏ရည်မှန်းချက်များ ပျက်ပြားသွားအောင် ဖန်တီးနိုင်မှုစွမ်းအားမှာ လွန်စွာပင် အံ့ဩကုန်နိုင်ဖွယ်ဖြစ်ခဲ့ရပါသည်။

စာကြွင်း- ထိုမှအပြီး နောက် (၃) လအကြာ ၁၉၇၉ ခု၊ နှိဝင်ဘာလနောက်ဆုံးပတ်တွင် ရန်သူ့မိုင်းနင်းမိပြီး ဗိုလ်မှူးတင်ထွန်း၏ ဘယ်ခြေ ဒူးအောက်မှပြတ်ကာ ဆေးရုံတင်လိုက်ရသည်။ ယခုတိုင် အသက်ထင်ရှားရှိနေပါသည်။ ၁၉၈၀ ပြည့်၊ ဖေဖော်ဝါရီလတွင် တပ်ရင်းမှူးကြီးမှာ အခြားတပ်ရင်းတစ်ခုသို့ပြောင်းရွှေ့ရပြီး ထိုတပ်ရင်းတွင်ပင် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပါသည်။ ကာယကံရှင်များနှင့် အားလုံးမှာ အံ့ဩဖွယ်ရာ ဖြစ်ခဲ့ရပါသည်။

တိုက်တွန်းချက်-ထို့ကြောင့် ကျွန်တော့်အနေဖြင့် တောင်ပေါ် တိုင်းရင်းသားများ၏ရိုးရာ လက်တွေ့အသုံးပြုနေသော ဂမ္ဘီရပညာရပ်များစွာထဲမှ မပြောပလောက်သော ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုကိုသာ ကြုံတွေ့ခဲ့ရပြီး အခြား အခြားသော တိုင်းရင်းသားများမှာလည်း ရိုးရာလက်တွေ့အသုံးပြုနေကြသော ဂမ္ဘီရပညာရပ် များစွာလည်း ရှိနေပါသည်။ ထိုပညာရပ်များကိုလည်း သုတေသီများအနေဖြင့် ရေးသား ဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု
ကောင်းစံပဒိန်း(ဖန်ရေနီး)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းရေးနှင့် လက္ခဏာ

### ဆရာသိန်းသန်းအောင်



Nelly



Ambrose

**Nelly နှင့် Ambrose (ပျားရည်ဆမ်းခရီး) စာတ်လမ်း**

Nelly သည် တနင်္လာဂြိုဟ်ခုံအားနည်း လက္ခဏာရှင်တစ်ဦး ဖြစ်သည်။ သူမ၏ခင်ပွန်းဖြစ်သူ Ambrose က တနင်္လာဂြိုဟ်ခုံ မျှတသူ ဖြစ်၏။ Nelly က ပျားရည်ဆမ်းခရီးနှင့် ပတ်သက်၍ စိုးရိမ်သောကရောက်နေသည်ကို ခင်ပွန်းဖြစ်သူက သတိထားမိသည်။ Nelly နှင့် Ambrose တို့ ခရီးထွက်ခဲ့ဖူးရာ ဝန်းကျင်ရှိ သားရဲတိရစ္ဆာန်များ တိုက်ခိုက်လာနိုင်မှုအတွက် Nelly က (စိတ်အစွဲလမ်းကြီးစွာ) ပူပန်နေခြင်း ဖြစ်သည်။


**တနင်္လာဂြိုဟ်ခုံပေါ်၌ ဝဲကတော့ပုံစံပါရှိခြင်း**



A whirlpool on Luna is an indication of subjectivity

တနင်္လာဂြိုဟ်ခုံပေါ်၌ ဝဲကတော့ပုံစံပါရှိပါက အထီးကျန်နေလိုခြင်း၊ ဝမ်းနည်းကြေကွဲလွယ်ခြင်း၊ နားလည်မှုလွဲမှားတတ်ခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်း ဟူသည့် သဘောများကို ကိုယ်စားပြု၏။

**Maureen ၏ လက်ဝါးပြင်ပုံစံ**



Maureen's whirlpool on Luna indicates over-dramatization

Maureen သည် ငယ်ရွယ်နုပျိုသူတစ်ဦးဖြစ်ခြင်းကြောင့် စိတ်အပြောင်းအလဲမြန်ဆန်တတ်သည်။ သူမ၏လက်ဝါးပြင် တနင်္လာဂြိုဟ်ခုံပေါ်၌ ဝဲကတော့ပုံစံ အမှတ်အသား ပါရှိခြင်းကြောင့် လောကဓံရိုက်ချက်များ၏ဒဏ်မခံနိုင်ဘဲ စိတ်ဓာတ်ကျလွယ်သူ၊ ဝမ်းနည်းကြေကွဲ၍ အထီးကျန်ဆန်ဆန်နေထိုင်တတ်သူ အဖြစ်တွေ့ရသည်။

**ကံလမ်းကြောင်း**

ကံလမ်းကြောင်းသည် စိတ်ခံစားမှုဆိုင်ရာစွမ်းရည်၊ ဖန်တီးနိုင်မှုစွမ်းရည်များ မည်မျှရှိကြောင်း ဖော်ပြပြီး တည်ဆောက်ပုံ ကောင်းမွန်ပါက ဘဝတစ်သက်တာရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် စိတ်အားထက်သန်ခြင်းနှင့် စိတ်ဆုံးဖြတ်ချက်ပြတ်သားခြင်း ရှိမည်။ ကောင်းမွန်သောကံလမ်းကြောင်းအဖြစ် ဆက်လက် ထိန်းသိမ်းထားနိုင်ရန်၊ အများနှင့် ဆက်ဆံပြောဆိုမှု၌ အဆင်ပြေ ချောမွေ့အောင် ကြိုးစားပေးရပါမည်။

**ကံလမ်းကြောင်းပျောက်ဆုံးနေခြင်း (Mary ၏ လက်ဝါးပုံစံ)**



Before



After

Mary သည် ရုပ်သံလုပ်ငန်းဌာနတစ်ခုမှ အောင်မြင်သော အမှုဆောင်အရာရှိတစ်ဦး ဖြစ်သည်။ သူမသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး လုပ်ငန်းခွင်အတွင်း ပျော်ရွှင်တက်ကြွစွာဖြင့် အောင်မြင်အောင် စွမ်းဆောင်နိုင်သူလည်း ဖြစ်သည်။ မကြာမီကာလ၌ Mary ၏ဘဝထဲသို့ David ဆိုသူ ဝင်ရောက်လာခဲ့၏။



www.burmeseclassic.com


www.burmeseclassic.com

ထိုအခါ မိမိလုပ်ငန်းထက် David အပေါ် ပိုမိုအာရုံစိုက်မိလာသည်ကို Mary ကိုယ်တိုင် သတိထားမိလာခဲ့၏။ Mary ၏လက်ဝါးပြင်အား လေ့လာပါက David နှင့် မဆုံတွေ့မီနှင့်ဆုံတွေ့ပြီးနောက်ပိုင်း လုံးဝ ကွာခြားနေသည်ကို တွေ့ရသည်။ David နှင့် မဆုံတွေ့မီက ဘဝရည်မှန်းချက် အကောင်ထည်ဖော်ရန် ပြင်းပြသော စိတ်ဆန္ဒများအတိုင်း ကြိုးစားနေခြင်းကြောင့် Mary ၏ ကံလမ်းကြောင်း ကောင်းမွန်ထင်ရှားလျက်ရှိပြီး David နှင့်တွေ့ပြီးနောက်ပိုင်းကာလများ၌ အချစ်ရေးဆိုင်ရာ ပဋိပက္ခများခြင်း၊ ရာထူးမှဖယ်ရှားခံရခြင်းတို့အပြင် David နှင့် လမ်းခွဲရသည်အထိ အခြေအနေ ဆိုးရွားလာခြင်းကြောင့် ကံလမ်းကြောင်း လုံးဝ ပျောက်ဆုံးသွားသည်ကို တွေ့ရှိရသည်။

**ကံလမ်းကြောင်းနှင့် ဆက်နေသော ပူးပေါင်း ဆောင်ရွက်ခြင်းသဘောပြ လမ်းကြောင်း**



ထနုလက်ကြိုးပုံစံပေါ်မှ ကံလမ်းကြောင်း



ထနုလက်ကြိုးပုံစံပေါ်မှ
ကံလမ်းကြောင်းနှင့်ဆက်နေသော ပူးပေါင်း
ဆောင်ရွက်ခြင်းသဘောပြလမ်းကြောင်း

အထက်ပါလမ်းကြောင်းသည် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အား ကိုယ်စားပြုသည့်အပြင် မိမိဘဝအတွင်းသို့ ဝင်ရောက်လာသူတစ်ဦး၏ အကူအညီဖြင့် (နှစ်ဦးနှစ်ဖက် အပြန်အလှန်) အကျိုးရှိစွာ ရည်မှန်းချက်အကောင်အထည်ဖော်နိုင်မည့်သဘောကို ဖော်ပြပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းသဘောပြလမ်းကြောင်းသည် တစ်နည်းအားဖြင့် ကံလမ်းကြောင်း၏အကူလမ်းကြောင်းပင် ဖြစ်သည်။

**Gina ၏ လက်ဝါးပုံစံ**

Gina သည် ရည်မှန်းချက်ကြီးသော အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ မိမိအလုပ်ကို ခင်တွယ်တတ်သည့် Gina သည် ကုမ္ပဏီ၏ကြော်ငြာဒါရိုက်တာတစ်ဦးနှင့် ချစ်ကြိုက်ပြီး အတူနေဖြစ်ခဲ့သည်။ အတူနေချစ်သူဘဝ ရောက်ပြီးနောက် ကုမ္ပဏီ၏ကြီးပွားတိုးတက်ရေး အစီအစဉ်များအား ကျေနပ်ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပူးပေါင်းဆောင်ရွက်ခြင်းသဘောပြလမ်းကြောင်းကြောင့် ပိုမိုထင်ရှားသန်မာလာသော ကံလမ်းကြောင်းသည် အပြန်အလှန်နားလည်ခြင်း၊ နားလည်လက်ခံမှုများဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေခြင်း၊ ဆက်ဆံရေးဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်ခြင်းတို့ကို ကိုယ်စားပြုသည်။

ပူးပေါင်းဆောင်ရွက်ခြင်းသဘောပြ လမ်းကြောင်းအနေဖြင့် ကံလမ်းကြောင်းနှင့်သာ ပေါင်းစပ်ဆက်သွယ်သင့်သည်။ ယင်းတွင် အဖျက်၊ အဖြတ်လမ်းကြောင်းများ ရှိမနေသင့်ပါ။ ကံလမ်းကြောင်းအား ပူးပေါင်းဆောင်ရွက်



Gina's line of association



(A)



(B)

The line of association (A) strengthens or (B) weakens the destiny line

ခြင်းသဘောပြ လမ်းကြောင်းအားဖြင့်သာ ပိုမို အားကောင်းလာစေပါသည်။

အကယ်၍ ပူးပေါင်းဆောင်ရွက်ခြင်းသဘောပြ (ကံလမ်းကြောင်းအကူ) နှင့် ကံလမ်းကြောင်းတို့ ဆုံတွေ့ရာနေရာ၌ ကျိုး၊ ပြတ်၊ မှေးမှိန်ခြင်းရှိနေလျှင် မိမိဘဝအတွင်းသို့ ဝင်ရောက်လာသူက မိမိရည်မှန်းချက်များအား အကောင်အထည်မဖော်နိုင်အောင် နှောင့်ယှက်ဖျက်ဆီးသူဖြစ်နေပါမည်။ ၎င်းအပြင် နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် သွားပုပ်လေလွင့်အပြောခံရခြင်း၊ ကလိမ်ဉာဏ်များ သူတို့၏ခြယ်လှယ်မှုခံရခြင်းတို့နှင့် ကြုံတွေ့ရပါမည်။

**သားအရွယ်ရောက်ခိုးကျိုးများကို တိုးပွားစေသည့် လက်ဝါးပုံစံ**

**Meg ၏လက်ဝါးပြင်**

Meg နှင့် Charles သည် အိမ်



www.burmeseclassic.com

www.burmeseclassic.com



In Meg's case, her destiny line grows stronger even though it meets with an interference line at the point where the line of association joins it



Norma's strong Sun finger, mount and star

ဆောင်သုခ ပျော်ရွှင်စွာ ခံစားနိုင်သည့် ဘဝတွဲ ဖြစ်သည်။ သို့သော် သားသမီးရ ပြီးနောက်ပိုင်း ခင်ပွန်းဖြစ်သူ Charle ဘက်မှ ဖောက်ပြန်ခြင်းကြောင့် Meg နှင့် လမ်းခွဲခဲ့ရသည်။ Charle ဘက်မှ ထောက်ပံ့ရန် ဆန္ဒမရှိသော ကြောင့် Meg အနေဖြင့် ယခင်ကထက် ပို၍ အလုပ်လုပ်ခဲ့ရသည်။ သူမ၏ကြိုး စားမှုများကြောင့် သူမ ကျွမ်းကျင်ရာ လုပ်ငန်းနယ်ပယ်အတွင်း ခေါင်းဆောင် တစ်ဦးအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

## တနင်္ဂနွေဂြိုဟ်ခုံ မှုတစွာရှိနေခြင်း

တနင်္ဂနွေဂြိုဟ်ခုံ မှုတစွာ ဖွံ့ဖြိုး နေခြင်းသည် ဝိညာဉ်စိတ် (လိပ်ပြာ) ၏ အတ်ဝင်လှုပ်ရှားမှုကို တိုက်ရိုက်ကိုယ် စားပြုပြီး သာမန်အမြင်ဖြင့် မဖြစ်နိုင်ဟု ထင်ရသည့် အရာများအား လက်တွေ့ အနက်တကယ် ဖြစ်လာစေသည့်သဘော ကိုယ်စားပြုသည်။

## Norma (စစ်မြေပြင်-စိတ်ရောဂါကုဆရာဝန်) ၏လက်ဝါးပြင်

Norma သည် ဒုတိယကမ္ဘာစစ် အတွင်း စစ်မြေပြင် စိတ်ရောဂါကုဆရာ ဝန်အဖြစ် တာဝန်ထမ်းခဲ့သူ ဖြစ်သည်။ Norma ၌ မြင့်မားဖွံ့ဖြိုးသော တနင်္ဂနွေ ဂြိုဟ်ခုံနှင့် ကြယ်တစ်ပွင့်ပါရှိပြီး ၎င်းတို့ အား ကိုယ်စားပြုသည့် လက်သူကြွယ် ပေါ်၌ ထင်ရှားတည့်မတ်စွာ တည်ရှိနေ သည်ကို တွေ့ရသည်။ ၎င်းအနေအထား သည် သူတစ်ပါး (လူအများ) အပေါ် သနားကြင်နာစိတ်ဖြင့် ကူညီပြုစု စောင့် ရှောက်တတ်သည့်သဘော ရှိကြောင်း ဖော်ပြသည်။

## တနင်္ဂနွေဂြိုဟ်ခုံ မမှုတခြင်း

တနင်္ဂနွေဂြိုဟ်ကိုယ်စားပြု လက် ချောင်း (လက်သူကြွယ်) သည် စနေ ဂြိုဟ်ခုံကိုယ်စားပြုလက်ချောင်း (လက် ခလယ်) ၏ Sattwa ပိုင်နက် လက်ဆစ် ရိုး (ထိပ်ဆုံးပိုင်း) (သို့) လက်ခလယ်၏ ထိပ်ဖျား အနီးတိုင်ရောက်ရှိနေပါက ဖွံ့ ဖြိုးမှု မှုတသော တနင်္ဂနွေဂြိုဟ် (လက် ချောင်း) အဖြစ် မှတ်ယူရပါမည်။ အ ကယ်၍ အထက်ပါ အနေအထားနှင့် ဆန့်ကျင်ဘက် အားနည်းသော တနင်္ဂ နွေလက်ချောင်း ဖြစ်ပါက မိမိကိုယ်ကို အားမကိုးတတ်သူ၊ အရည်အချင်းမပြည့် ဝသူ၊ လိုအပ်ချက်, အားနည်းချက် များ နေသူဖြစ်ကြောင်း ဖော်ပြပါမည်။ အ ကယ်၍ တနင်္ဂနွေဂြိုဟ်ခုံ ကိုယ်စားပြု လက်ချောင်း ဖွံ့ဖြိုးမှုလွန်ကဲနေက ထူး ခြားသော အရည်အသွေးနှင့် ထက်မြက် သောစွမ်းအင်များပိုင်ဆိုင်ကြောင်း ညွှန် ပြသော်လည်း မိမိကိုယ်ကျိုးတစ်ခုတည်း ကိုသာကြည့်တတ်သူ ဖြစ်လာနိုင်သည်။

တနင်္ဂနွေဂြိုဟ်ကိုယ်စားပြုလက် ချောင်း (လက်သူကြွယ်) က တွန့်လိမ် ခြင်းမရှိ (ဖြောင့်တန်း) နေပြီး ပညာရှိ အမှတ်လက္ခဏာနှင့် လမ်းကြောင်းများ က ဂြိုဟ်ခုံပေါ်တွင် ထင်ရှားစွာပါရှိနေ ပါက မွေးရာပါအသိဉာဏ်၏လမ်းညွှန် မှုဖြင့် အရာရာအကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ပါမည်။

ဖွံ့ဖြိုးမှု လွန်ကဲသော တနင်္ဂနွေ လက်ချောင်း (လက်သူကြွယ်) သည် ဉာဏ်ရည်ထက်မြက်ခြင်း၊ နှစ်လိုဖွယ်ဆွဲ ဆောင်နိုင်ခြင်း၊ တက်ကြွစွာလှုပ်ရှားခြင်း သဘောများကိုပြသပြီး ဖွံ့ဖြိုးမှု အား နည်းသော တနင်္ဂနွေလက်ချောင်း (လက် သူကြွယ်) က အထီးကျန်ခြင်း၊ အရည် အချင်းမပြည့်ဝခြင်း၊ အများ၏ပစ်ပယ်မှု ခံရတတ်ခြင်း၊ မဖြစ်နိုင်သောအရာများ ကို အကျိုးမဲ့ ကြိုးစားအားထုတ်တတ် ခြင်း၊ အဆင်မပြေမှု, အလိုမကျမှုများ ကြောင့် စိတ်မွန်းကျပ်နေခြင်းသဘော ကို ကိုယ်စားပြု ဖော်ပြပါသည်။

ဆရာသိန်းသန်းအောင်




Balanced | Overdeveloped | Underdeveloped

တနင်္ဂနွေဂြိုဟ်ခုံနှင့် ၎င်း၏ကိုယ်စားပြုလက်ချောင်း (လက်သူကြွယ်) ၏ ဖွံ့ဖြိုးမှုအလိုက် မိမိ၏ဝိညာဉ်စိတ်အား နားလည်နိုင်မှု အဆင့်အတန်းကွဲပြားပုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သည့် ကျွန်ုပ်တို့ ထောင်မှူးများသည် ညနေပိုင်း ထောင်ပိတ်တာဝန် ထမ်းဆောင်နေကြချိန် ဖြစ်ပါသည်။ *အကျဉ်းထောင်၏ထုံးစံအတိုင်း* ထောင်ဖွင့်၊ ထောင်ပိတ်အဖွဲ့များကို နှစ်ဆိုင်းခွဲ ထားရှိလေသည်။ တစ်ဖွဲ့က ထောင်ပိတ်သွားခဲ့သည်ကို ကျန်တစ်ဖွဲ့က ထောင်ဖွင့်ပေးရသောအစဉ်အလာဖြစ်သည်။

သို့မှသာ ညနေပိုင်း ထောင်ပိတ်သွားသောအဖွဲ့သည် MORNING REPORT ခေါ် နံနက်ခင်းအစီအရင်ခံစာထဲမှာ တစ်နေ့တာလုံး ထောင်ထဲဝင်, ထွက် သွားလာကြသူများ၏ လူပေါင်း စာရင်းအတိုင်း ကိုက်ညီမှသာ ထောင်ပိတ်၊ ထောင်ဖွင့်၍ ရလေသည်။

ထိုကဲ့သို့ ထောင်ပိတ်သည့်အခါ နံနက်ခင်းအစီအရင်ခံစာ စာအုပ်ပေါ်မှ လူပေါင်းစာရင်းနှင့် ကိုက်ညီမှုမရှိဘဲ တစ်စုံတစ်ရာကွဲလွဲနေပါကထောင်ပိတ်လူပေါင်းမကိုက်ညီဘဲ တစ်ခုခု လွဲချော်နေခြင်းဖြစ်ပါသည်။

ယင်းမှာ လူအဝင်၊ အထွက်ကို အတိအကျ မှတ်တမ်းတင်ထားသော တံခါးတာဝန်ခံထောင်မှူးသည် တစ်နေ့တာကာလပတ်လုံး ထောင်ကြီးထဲသို့ ဝင်ရောက်လာသောလူများ၏ အဝင်စာရင်းကို အတိအကျ ရေးသွင်းမှတ်တမ်းတင်ထားသလို ထောင်ထဲမှ ထွက်သွားကြသော အကျဉ်းသား၊ အချုပ်သားများအားလုံး၏ စာရင်းကိုလည်း မှတ်တမ်းတင်ထားခဲ့သည်။

ထိုအခါ ထောင်ကြီးထဲမှ အပြင်သို့ထွက်သွားကြသော နေ့စဉ် ရုံးထုတ်၊ ရုံးပြန် အကျဉ်းသား၊ အချုပ်သားများ၏ ရုံးထွက်သွားမှုရှိသလို လွတ်လူအကျဉ်းသားများ၊ အာမခံရသွားသဖြင့် လွတ်ပေးလိုက်ရသော အချုပ်သားများကို နေ့စဉ် သေသေချာချာ ရေစေ့စပ်စပ် ရေးသွင်းမှတ်တမ်းတင်ထားရလေသည်။

ဤကဲ့သို့ စနစ်တကျ ရေပက်မဝင်အောင် *ထိန်းချုပ်ထားသော* နံနက်ခင်းအစီအရင်ခံစာစာအုပ်ပေါ်မှ အဝင်, အထွက်စာရင်းများကို ညနေ ထောင်ပိတ်ချိန်မတိုင်မီ အပြီးသတ် စာရင်းပေါင်းထားမှသာ ထိုနေ့ ထောင်တွင်းရှိနေခဲ့သော အချုပ်သား၊ အကျဉ်းသားများ၏လူပေါင်းအမှန်ကို ရရှိနိုင်မည် ဖြစ်ပေသည်။

ဒါကြောင့် ထောင်ပိတ်တာဝန်ကျသောအဖွဲ့သည် ညနေပိုင်း ထောင်ပိတ်နေချိန်ဝယ် အိပ်ဆောင်ကြီးများ၊ တိုက်ခန်းများထဲရှိ လူဦးရေကို အိပ်ဆောင်တာဝန်ကျ ထောင်မှူးများကိုယ်တိုင် လိုက်လံ ရေတွက်စစ်ဆေးပြီး လူပေါင်းစာရင်း ကောက်ယူရသည်။

ထိုကဲ့သို့ အိပ်ဆောင်အသီးသီး၊ တိုက်ခန်းအသီးသီးမှရရှိလာသော လူပေါင်းအရေအတွက်ကို မိန်းဂျေး(လ်) (MAIN JAIL) ရုံးခန်းထဲရှိ ထောင်ပိတ်အဖွဲ့ထံ စာရင်းပေးရသည်။ ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးမှ ရရှိလာသော လူဦးရေစာရင်းကို ထောင်ပိတ်



ရိုးဝေ

တရွေ့ဆုံးရိပ်



www.burmeseclassic.com

www.burmeseclassic.com

အခုပ်ကြီးပေါ်တွင်ရေးသွင်းခဲ့ပြီး အားလုံး စုံညီသွားသောအခါ လူပေါင်းစာရင်းကို ပေါင်းရသည်။

ယင်းလူပေါင်းစာရင်း ကိုက်ညီမှု ရှိ မရှိကို နံနက်ခင်း အစီအရင်ခံစာအခုပ်ပေါ်မှ ထောင်ထဲရှိ လူအားလုံး ခေါင်း၏စာရင်းဇယားနှင့် မှန်ကန်ညီညွတ်မှုရှိမှသာ ထိုနေ့အတွက် ထောင်တွင်းရှိလူပေါင်းဦးရေနှင့် ကိုက်ညီသွားပြီး ထောင်ပိတ်နိုင်မည် ဖြစ်ပါသည်။

ထိုသို့ ထောင်ပိတ်လူပေါင်းကိုက်ညီသွားပြီဖြစ်ကြောင်း ဂါတ်မကြီးပေါ်ရှိ အစောင့်စန္ဒရီကို အကြောင်းကြားလိုက်သည်နှင့် ဂါတ်မကြီးပေါ်မှ ထောင်ပိတ်သံချောင်းဖြစ်သော ရှေးရင်အေးသံချောင်း ခေါက်သံ ခေါက်လိုက်လေတော့သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်"

ကျွန်ုပ်တို့ ထောင်ပိတ်တာဝန်ကျနေသော ထောင်မှူးကြီးများသည် မိန်းဂျေး(လ်)ရုံးခန်းထဲတွင် ထောင်ပိတ်နိုင်ရန် ရုံးထုတ်၊ ရုံးပြန်မှ ပြန်လာနေသော အကျဉ်းသား၊ အချုပ်သားများအား ညနေစာကျွေးမွေးနေခြင်း၊ ထောင်ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းများမှ အလုပ်သိမ်းပြန်လာသည့် အကျဉ်းသားများကို ထမင်းကျွေးနေခြင်းကြောင်း ထောင်ပိတ်ရန် စောင့်ဆိုင်းနေရသည်။

ထိုအချိန်တွင် ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးနှင့်အတူ မိန်းဂျေး(လ်)ရုံးခန်းထဲတွင် ထောင်မပိတ်မီ စကားဝိုင်းဖွဲ့ပြောဆိုကာ အချိန်ဖြုန်းနေခဲ့ကြသည်။


ထိုအချိန်တွင် ထောင်တာဝန်ခံ အရာရှိဖြစ်သူ ထောင်ပိုင်ကြီး ဦးအုန်းကျော်သည် ထောင်ပိတ်နေသောအဖွဲ့၏အခြေအနေကို လေ့လာသိရှိရန်နှင့် ထောင်တွင်းစစ်ဆေးမှုများ ပြုလုပ်ပြီး မိန်းဂျေး(လ်)ရုံးခန်းထဲသို့ ဝင်ရောက်လာနေသည်။

ကျွန်ုပ်တို့ ထောင်မှူးများအားလုံးသည် ထိုင်နေရာမှထကာ မတ်တတ်ရပ်လိုက်စဉ် ထောင်ပိတ်အဖွဲ့ခေါင်းဆောင်ထောင်မှူးကြီးမှ 'အလေးပြု'ဟူ၍ အော်ဟစ် အမိန့်ပေးလိုက်သဖြင့် သတိဆွဲ စောင့်နေကြရသည်။

ထောင်ပိုင်ကြီးမှာ မိန်းဂျေး(လ်)ရုံးခန်းထဲရှိ ထောင်ပိတ်မည့်အဖွဲ့ခေါင်းဆောင် ထောင်မှူးကြီး၏ကုလားထိုင်မှာ ဝင်ထိုင်လိုက်သောအခါမှသာ အားလုံးဘေးမှ ဝိုင်းစောင့်ကြည့်နေကြသည်။

ဤသို့ ညနေ ထောင်ပိတ်နေသောအချိန်ဝယ် ထောင်ပိုင်ကြီးသည် ရုံးခန်းထဲမှာ ရုံးလုပ်ငန်းများ ပြီးစီးသွားသည့်အခါ မိန်းဂျေး(လ်)ရုံးခန်းသို့ တစ်ခါတစ်ရံ လာရောက်စစ်ဆေးရင်း ထိုင်ကြည့်နေတတ်သည်။ ထောင်ထဲမှာရှိသော အကျဉ်းသား၊ အချုပ်သားများ၏ ပြဿနာကို ဖြေရှင်းပေးနိုင်ရန် အကြံဉာဏ်များ ပေးတတ်လေသည်။

ထောင်ပိုင်ကြီး ဦးအုန်းကျော်သည် အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်လာခဲ့သောလုပ်သက်မှာ မနည်း



တော့ပေ။ အင်္ဂလိပ်မင်းများ လက်ထက်မှယနေ့ထိတိုင် လုပ်ငန်းတာဝန်ကို ထမ်းဆောင်လာခဲ့သူဖြစ်ပြီး အတွေ့အကြုံများလှပေသည်။

ကျွန်ုပ်တို့လို သင်တန်းဆင်းလာသော ထောင်မှူးအသစ်လေးများအား ထောင်တွင်းဗဟုသုတများကို သိရှိနားလည်ရန် သွန်သင်ဆုံးမ ပြောဆိုလေ့ ရှိလေသည်။ အကျဉ်းထောင်ထဲရှိ အကျဉ်းသား၊ အချုပ်သားများနှင့် ပတ်သက်၍ နေထိုင်ဆက်ဆံတတ်သော အမူအကျင့်များကို ၎င်းတွေ့ကြုံခဲ့ရသော ဖြစ်ရပ်များနှင့်နှိုင်းယှဉ်ကာ ပြောပြလေ့ ရှိလေသည်။

များသောအားဖြင့် အကျဉ်းထောင်ကြီးထဲမှလွတ်မြောက်ရန် ထောင်ဖောက်ကြံစည်မှုဖြစ်စဉ်များတွင် အကျဉ်းသားများ၏ လုပ်နည်းလုပ်ဟန်၊ ထောင်ဖောက်ရာတွင် အသုံးပြုတတ်သော လက်နက်ကိရိယာများ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည့် ဓား၊ ကြိုးခွေ၊ လွှ၊ ဝါးလုံး စသည်တို့ကို နည်းမျိုးစုံသုံးကာ ထောင်ကြီးထဲသို့ခိုးသွင်းလာတတ်သည်များကို ကျွန်ုပ်တို့ သဘောပေါက် နားလည်စေရန်လည်းကောင်း၊ စဉ်းစားဆင်ခြင် တွေးတောတတ်စေရန် လည်းကောင်း၊ မျက်ခြည်မပြတ် စောင့်ကြည့်အကဲခတ်တတ်ကြစေရန် ပြောဆိုဆုံးမလေ့ရှိသည်။

ယင်းတို့အထဲမှ သူ ထောင်မှူးတာဝန်ထမ်းဆောင်ခဲ့စဉ် ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကိုလည်း ထည့်သွင်းပြောပြလေ့ရှိလေသည်။ ကျွန်ုပ်သည် ထောင်ပိုင်ကြီးပြောပြနေခဲ့သော ထူးခြားအံ့ဖွယ် ဖြစ်ရပ်မှန်ဇာတ်လမ်းများထဲမှ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို စိတ်ဝင်စားခဲ့ပါသည်။

ယင်းဇာတ်လမ်းကို ထောင်ပိုင်ကြီးမှနေ၍ တစ်ဆင့်ခံ ပြောပြနေသည့်အတိုင်း ကျွန်ုပ်က အပိုအလိုမရှိစေဘဲ ရေးသားဖော်ပြသွားပါမည်။

၀

ကျွန်ုပ်သည် တပ်သားဘဝမှ စတင်ကာ အကျဉ်းဦးစီးဌာနတွင် တပ်ဖွဲ့ဝင်အဖြစ် အမှုထမ်းလာခဲ့သူဖြစ်သည်။ ရှေးယခင် အင်္ဂလိပ်မင်းများလက်ထက် အုပ်ချုပ်နေစဉ်ကာလမှာပင် ထောင်အမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်လာခဲ့ခြင်း ဖြစ်သည်။ စည်းစနစ်ကြီးသော ကိုလိုနီခေတ် ထောင်များသည် အကျဉ်းသားများအပေါ် နိုင့်ထက်စီးနင်း ဖိနှိပ်ချုပ်ချယ်ကာ အုပ်ချုပ်လာခဲ့သည့်အချိန်ကာလ ဖြစ်ပေသည်။

အကျဉ်းသားများအား ခိုင်းစေသည့်အခါ ကျွန်တစ်ယောက်သဖွယ် သဘောထားဆက်ဆံကာ အလုပ်ကြမ်းများကို ခိုင်းစေခဲ့၏။ ထိုသို့ ခိုင်းစေရာတွင် ထွက်မပြေးနိုင်စေရန် ခြေထောက်တွင် သံခြေချင်း၊ သံထိတ်များကို သံကွင်းစွပ်၍ ချည်နှောင်ကာ ခိုင်းလေ့ရှိသည်။

ထောင်ဝန်ထမ်းများမှလည်း တာဝန်ထမ်းဆောင်နေသောအချိန်တွင် ပျင်းရိလေးတွဲ့နေ၍မရဘဲ မိမိတို့တာဝန်ကျရာနေရာအသီးသီးမှာ နံပါတ်တုတ်တစ်ချောင်း ချိုင်းကြားညှပ်လျက် လိုက်လံစစ်ဆေးကြည့်ရှုနေရသည်။

အထူးသဖြင့် ညကင်းတာဝန်ကျသော ဝန်ထမ်းများသည် ညဘက် လူခြေတိတ်ချိန်တွင် ထောင်ထဲမှအကျဉ်းသားများ ထောင်ဖောက်ကြံစည်မှုမပြုလုပ်နိုင်စေရန် တစ်ညလုံး ကင်းလှည့်စစ်ဆေးခြင်းကို ဆောင်ရွက်နေရသည်။

ဂါတ်မကြီးပေါ်မှ ရိုက်ခတ်လိုက်သော နာရီမောင်းထိုးသံကို နားစွင့်ထောင်လျက် မိမိတို့ ဂျူတီချိန်ကို လဲလှယ်ထမ်းဆောင်ကြရလေသည်။ တစ်ထောင်လုံး၏အသက်သည် ဂါတ်မကြီးပေါ်မှ နာရီမောင်းထိုးသည့် သံချောင်းခေါက်သံပင် ဖြစ်သည်။ နာရီမောင်းမထိုးဘဲ အိပ်ပျော်နေပါက ကျန်ကင်းများလည်း သံချောင်းမခေါက်ဘဲ အိပ်ငိုက်ကုန်ကြသည်။ ယင်းသို့ ဂါတ်မကြီးပေါ်မှ သံချောင်းခေါက်သံကြားသည်နှင့် အမှတ် (၁) ကင်းမျှော်စင်ပေါ်မှစတင်၍ အုတ်ရိုးပတ်ပတ်လည်ရှိ မျှော်စင်ကင်းများသည် အစဉ်အလိုက် ဆက်တိုက်ခေါက်သွားရသည်။

ဤကဲ့သို့ သံချောင်းခေါက်နေသံကို နားစွင့်ထောင်လျက် ဂါတ်မကြီးအောက်ရှိ ထောင်ဘူးဝအပေါ်ထပ်တွင် နေထိုင်သော ထောင်ပိုင်ကြီးသည် မည်သည့်မျှော်စင်မှ သံချောင်းမခေါက်ဘဲ အိပ်ပျော်နေပြီဆိုသည်ကို တစ်ခါတည်း အပ်ကျမပ်ကျ သိရှိနိုင်လေသည်။

ထိုအခါ လုံခြုံရေးအတွက် စိတ်ပူပန်မှုဖြစ်ပွားလာကာ အိပ်ရာမှထ၊ ယူနီဖောင်းကောက်ဝတ်ပြီး သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးတစ်လက်ကို ကိုင်ဆွဲကာ ထောင်ထဲသို့ ကင်းစစ်ဝင်လာလေသည်။

ထိုအချိန်တွင် ထောင်ဘူးဝကြီးအနောက်ဘက်ရှိ ထောင်ထဲမှ ဂေါ်လီခုံကို စစ်ဆေးတော့သည်။ ဂေါ်လီနံပါတ်ကို ကောက်ယူ စစ်ဆေးကြည့်ရှုလိုက်သည်နှင့် အုတ်ရိုးလျှောက်ဝန်ထမ်းသည် အုတ်ရိုးလျှောက် ပတ်ကင်းတာဝန်ကို ပျက်ကွက်ကာ တစ်နေရာရာဝယ် ချောင်ခိုအိပ်ပျော်နေပြီ ဆိုသည်ကို တန်းသိနိုင်လေသည်။

အင်္ဂလိပ်ခေတ် ကိုလိုနီစနစ်ကို ကျင့်သုံးခဲ့သော အကျဉ်းထောင်များတွင် တာဝန်ကျဝန်ထမ်းများ၏တာဝန်ပျက်ကွက်နေမှုကို သံချောင်းခေါက်သံနားစွင့်ထောင်၍ လည်းကောင်း၊ ဂေါ်လီပြေးစနစ်ကို စစ်ဆေးခြင်းဖြင့် လည်းကောင်း ချက်ချင်းသိရှိနိုင်လေသည်။

ယင်းကဲ့သို့ တာဝန်ကျဝန်ထမ်းများ တာဝန်ပျက်ကွက်နေမှုကို စစ်ဆေးအရေးယူနိုင်ရန် အုတ်ရိုးမျှော်စင် ပတ်ပတ်လည်သို့ ညမှောင်ကြီးမည်းမည်းမှာ လက်နှိပ်ဓာတ်မီးထိုးကာ လိုက်လံ စစ်ဆေးကြည့်ရှုရလေသည်။

တစ်ချိန်တည်းမှာပင် အုတ်ရိုးပတ်ကင်းလျှောက် တာဝန်ကျနေသောဝန်ထမ်းကိုလည်း လိုက်လံရှာဖွေ စစ်ဆေးနိုင်လေသည်။ ထိုခေတ် ထိုအခါက ဝန်ထမ်းများ ကင်းအိပ်ခြင်း၊ ကင်းငိုက်ခြင်း၊ တာဝန်ပျက်ကွက်နေခြင်းများကို တွေ့ရှိပါက ထောင်ပိုင်ကြီးရုံးဆို့တင်၍ အရေးယူ အပြစ်ပေးကြသည်။

ထိုသို့ ရုံးတင်ခံရသောဝန်ထမ်းသည် အနိမ့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ကြီးရှေ့ဝယ် သေနတ်ထမ်းပြီး ကျောပိုးအိတ်ထဲ ခဲနှစ်လုံးထည့်ကာ ဘောက်ထမ်းပြစ်ဒဏ်ကို ချမှတ်ခြင်းခံရသည်။ ကြီးလေးသောပြစ်ဒဏ်အဖြစ် မိမိတို့လစာမှ ဖြတ်တောက်ခံရခြင်း၊ ထောင်ထဲမှ ထောင်အပြင်သို့ ထွက်ခွင့်မရဘဲ ပြစ်ဒဏ်စီရင်ခြင်းခံကြရသည်။

ဒါကြောင့် ဝန်ထမ်းများသည် နေ့ခင်း၊ ညည တာဝန်ချိန်များတွင် အိပ်ငိုက်နေခြင်း၊ ထိုင်နေခြင်း၊ လဲလျောင်းနေခြင်းမပြုရဘဲ အမြဲတမ်း တာဝန်အပေါ် အလေးထား၍ ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်လက်လက် ထမ်းဆောင်ကြရသည်။

ယင်းကဲ့သို့ ညဘက် ထောင်ထဲကင်းစစ်ဝင်လာသော ထောင်ပိုင်ကြီး၊ တာဝန်မှူးတို့ လာရောက်စစ်ဆေးချိန်ဝယ် အဆင်သင့်ဖြစ်နေစေရန် အမြဲတမ်း နိုးနိုးကြားကြား ကင်းတာဝန်စောင့်နေကြရသည်။

များသောအားဖြင့် ညဘက်အုတ်ရိုးပတ်ကင်းတာဝန်ကျသော အုတ်ရိုးလျှောက်ဝန်ထမ်းသည် ထောင်၏အခရာ ဖြစ်သည်။ ၎င်းသာ တစ်နေရာရာဝယ် ချောင်ခိုကာ အိပ်နေမည်ဆိုပါက အိပ်ဆောင်ကြီးကို အထဲမှဖောက်ထွက်ပြေးလာသော အကျဉ်းသားအား အုတ်ရိုးနားတွင် မတွေ့မြင်ပါက အုတ်ရိုးကြီးပေါ်သို့ နည်းအမျိုးမျိုးဖြင့် ကျော်တက်ရန် ကြံစည်မှုပြုလုပ်နိုင်မည် ဖြစ်သည်။

ဒါကြောင့် အုတ်ရိုးပတ်ကင်းလျှောက်သူသည် ညဘက်အမှောင်ထဲဝယ် ဘူးဝနှင့် မိန်းဂျေး(လ်)လမ်းထိပ်တိတစ်ယောက်နှင့် ကျန်တစ်ဖက်ခြမ်းကို ဝန်ထမ်းတစ်ယောက်စီ တာဝန်ချထားသဖြင့် ထောင်ကြီး၏ဘယ်ဘက်ခြမ်းနှင့် ညာဘက်ခြမ်းစီမှာ တစ်ယောက်စီ တာဝန်ယူရသည်။

ထိုသို့ တစ်ယောက်တည်း ကင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်နေသည့် အချိန်အခါဝယ် အိပ်ချင်စိတ်ဖြစ်ပေါ် လာပါက ချိုင်းကြားမှာ လက်ကိုင်တုတ်ကိုညှပ်ကာ အုတ်နံရံကို ကျောထောက်ပြီးလမ်းလျှောက်ရင်း မတ်တတ်အိပ်ငိုက်သည့်အကျင့်ကို အုတ်ရိုးတာဝန်ကျသူတိုင်း ကျင့်သုံးလေ့ ရှိသည်။

ဤကဲ့သို့ ရှေးအဆက်ဆက်မှ ညအင်းတာဝန်ကျခဲ့ကြသော အုတ်ရိုးပတ်လမ်းတာဝန်ကျသူများသည် ချိုင်းကြားမှာ လက်ကိုင်တုတ်တိုကိုညှပ်ကာ လမ်းလျှောက်အိပ်ငိုက်နေရင်း တာဝန်ထမ်းဆောင်ခဲ့ကြသောကြောင့် ထောင်အတွင်းဘက် နံရံမည်းမည်းကြီးပေါ်ဝယ် ထိုမညာသောအစင်းကြောင်းကြီးများသည် အထင်းသား ပေါ်လွင်နေသည်ကို ယနေ့ထိကာလတိုင် ကြာမြင့်ရှည်ကြာစွာ မြင်တွေ့နေရသည်။

ထိုသို့ ညဘက် ထောင်ပိတ်ပြီးသွားသည့် နောက်ပိုင်းအချိန်များတွင် စစ်ခွေးတိုက် တာဝန်ကျ ဝန်ထမ်းများသည် အယ်(လ်)ဖေးရှင်းခွေးကြီးများကို ကြိုးဖြင့်ဆွဲကာ နောက်မှလိုက်ပါပြီး စစ်ခွေးကင်းကို တစ်ထောင်လုံး ပတ်၍ လှည့်လည်ကြသည်။ ယင်းခွေးကြီးများမှာ ကျားပေါက်တစ်ကောင်နှယ် ကြီးမားလွန်းပြီး စစ်ခွေးတိုက်ထဲတွင် လေ့ကျင့်ပျိုးထောင် မွေးမြူထားရှိသည်။

စစ်ခွေးတိုက်တာဝန်ကျဝန်ထမ်းများသည် နေ့လယ်ပိုင်းအချိန်တွင် သီးသန့်ဝင်းထဲမှာ စစ်ခွေးများကို အစာရေစာကျွေးမွေးကြခြင်း၊ ရေချိုးပေးခြင်း၊ ရန်သူကို လိုက်လံဖမ်းဆီးတိုက်ခိုက်အောင် လေ့ကျင့်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြလေသည်။

ညဉ့်နက်ပိုင်းရောက်မှသာ စစ်ခွေးတာဝန်ကျဝန်ထမ်းများသည် အယ်(လ်)ဖေးရှင်းခွေးကြီးများကို လွှတ်ကျောင်းသလို ကြိုးဖြင့် ချည်နှောင်ဆွဲလျက် စစ်ခွေးတိုက်ထဲမှ ထွက်လာကြသည်။ သူတို့ ကင်းလှည့်ရမည့်နေရာများဖြစ်သော အိပ်ဆောင်ကြီးများ၊ တိုက်ခန်းများနှင့် အုတ်ရိုးကြီးပတ်လည်သို့ ကင်းလှည့်ကာ စစ်ဆေးမှုပြုကြရသည်။

ထိုကဲ့သို့ ကင်းလှည့်နေကြစဉ် အယ်(လ်)ဖေးရှင်းခွေးကြီး (၅) ကောင်ခန့် ညလုံးပေါက် နေ့စဉ် ကင်းလှည့်စစ်ဆေးတတ်ကြသည်။ တာဝန်ကျသူဝန်ထမ်းတစ်ယောက်လျှင် ကင်းစစ်နေချိန်တွင် အယ်(လ်)ဖေးရှင်းခွေးကြီး တစ်ကောင်စီ ကြိုးဖြင့်ဆွဲပြီး ကင်းစစ်ထွက်ရ ရှိလေသည်။

ထောင်ပိုင်ကြီးသည် အကျဉ်းထောင်ထဲမှာ ကျင့်သုံးနေသော ကင်းတာဝန်ကျသူများနှင့် ပတ်သက်သော ဗဟုသုတများအား ပြောဆိုပြနေရာမှ ခေတ္တ စကားဖြတ်လိုက်သည်။ စားပွဲပေါ်မှာရှိနေသော ရေနွေးပန်းကန်ကို ကောက်မော့သောက်နေသည်။ ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာလို့နေလေသည်။

ကျွန်ုပ်တို့ ထောင်မှူးအဖွဲ့သည် ထောင်ပိုင်ကြီး စကားပြောဆိုနေရာမှ ခေတ္တရပ်သွားသဖြင့် ငုံလင့်စောင့်စားနေကြသည်။ ထောင်ပိုင်ကြီးသည် စီးကရက်ကို ဖွာရှိုက်သောက်လျက်ရှိနေရာမှ တစ်ဖွာ၊ နှစ်ဖွာ သောက်လိုက်ပြီးနောက် ရုတ်တရက်-

"မင်းတို့တွေ တစ္ဆေသရဲခြောက်တာ ခံခဲ့ရဖူးလား"

"ဟင့်အင်း- တစ်ခါမှအခြောက်မခံရပါဘူး ထောင်ပိုင်ကြီး"

"ဟားဟား- ကျုပ်ကို တစ္ဆေသရဲခြောက်ခံခဲ့ရတယ်ဆိုရင် မင်းတို့ ယုံနိုင်ပါ့မလား"

"မယုံနိုင်စရာတော့ရှိပေမယ့် ကိုယ်တိုင်ကြုံတွေ့အခြောက်ခံခဲ့ရသူက ပြောတော့လည်း ယုံရမှာပေါ့ ခင်ဗျာ"

ထိုစဉ် အမြဲတမ်း လျှာရှည်လေ့ရှိသော ထောင်မှူးဦးသိန်းထွန်း ဆိုသူမှ မယုံကြည်သလိုအမူအရာဖြင့် ဝင်ရောက် ကန့်ကွက်ပြောဆိုနေသည်။

"ကျွန်တော်ကတော့ မယုံချင်ဘူး ခင်ဗျ။ ဘာလို့လဲဆိုတော့ ဘာဝိညာဉ်၊ ဘာတစ္ဆေသရဲမှ လောကမှာမရှိပါဘူး ဆရာကြီး။ ကျွန်တော်ကတော့ လက်သင့်မခံဘူး။ တကယ်လို့ ဝိညာဉ်ရှိတယ် ပဲထားဦး။ ဒီဝိညာဉ်က အဖြူ အမည်းထင်အောင် ဒီရုပ်ကြီးကိုယူဆောင်လာနိုင်မှာပဲ။ ရုပ်ဆိုတာမျိုးက သွေးသားရှိမှသာ ရုပ်ပေါ်လာနိုင်မယ်။ သွေးသားမရှိတဲ့ဝိညာဉ်က ရုပ်ပေါ်တယ် ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဆရာကြီး။ ကျွန်တော်တော့ လုံးဝ မယုံကြည်ပါဘူး"

ထောင်မှူးဦးသိန်းထွန်း၏အယူအဆ ပြောဆိုချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလျက် ထောင်ပိုင်ကြီး၏မျက်နှာပြင်ဝယ် ပြုံးယောင်သန်းလျက် ရှိနေသည်။

"ဟုတ်ပြီ၊ ဒါဆိုရင်လည်း ကျုပ်ကိုယ်တိုင် ထောင်မှူးလေးဘဝမှာ ညဘက် တာဝန်မှူးတာဝန် ထမ်းဆောင်နေတုန်း ကြုံတွေ့လာခဲ့တဲ့ တစ္ဆေပုံရိပ် ဇာတ်လမ်း ဖြစ်ရပ်မှန် ဟုတ်၊ မဟုတ်ကို မင်းတို့တွေ လေ့လာစဉ်းစားနိုင်အောင် ငါပြောပြရဦးမယ်"

ဟု အစချီလျက် ထောင်ပိုင်ကြီးဦးအုန်းကျော်သည် ထောင်မှူးရာထူးဖြင့် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ကြုံတွေ့လာခဲ့ရသော တစ္ဆေပုံရိပ်ဖြစ်ရပ်မှန်ဇာတ်လမ်းကို အောက်ပါအတိုင်း ဆက်လက်ပြောပြလေသည်။

✿

အဲဒီနေ့က ကျွန်ုပ်သည် ထောင်ကြီးထဲတွင် တာဝန်မှူးတာဝန်ကို ထမ်းဆောင်နေစဉ်ဖြစ်သည်။ တာဝန်မှူးတာဝန်ကို ထောင်ကြီးထဲမှာရှိသော အရာရှိများ နေ့စဉ် တစ်နေ့တစ်ယောက် တာဝန်ယူထမ်းဆောင်ရသည်။ တာဝန်မှူးတာဝန် လဲလှယ်ခြင်းကို နောက်တစ်နေ့ နံနက်ပိုင်း ထောင်ဖွင့်ပြီးချိန်မှစ၍ တာဝန်ကို လွှဲပြောင်းလက်ခံကြရသည်။

အမှန်တော့ တာဝန်မှူးတာဝန်ထမ်းဆောင်နေရသောသူသည် ထောင်ကြီးတစ်ထောင်လုံး၏တာဝန်ကို (၂၄) နာရီကာလပတ်လုံး တာဝန်ယူဆောင်ရွက်နေရသည်။ အထူးသဖြင့် ထောင်ပိုင်ကြီးကိုယ်စား ညဘက်ပိုင်းမှာ တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် တစ်နေ့တာလုံး ထောင်ကြီးအတွင်းထဲမှာရှိသော အိပ်ဆောင်ဝင်းကြီးများ၊ တိုက်ခန်းများ၊ စားဖိုဆောင်ကြီး၊ ထောင်ဆေးရုံပေါ်နှင့် တောင်ယာစိုက်ခင်းကြီးများ၊ အလုပ်ဘက် အလုပ်ရုံဝင်းကြီးများပါမကျန် လှည့်လည် စစ်ဆေး ကြည့်ရှုနေရလေသည်။

ညနေပိုင်း ထောင်ပိတ်နေသည့် အချိန်ရောက်မှသာ အိမ်သို့ ခေတ္တခဏ ပြန် ရေမိုးချိုး ညစာစားပြီး ည (၈) နာရီ အချိန်မှာ ထောင်တွင်းသို့ ညဂျူတီဝင်ရောက်ရလေသည်။

ထိုအခါ ထောင်ကြီးတစ်ထောင်လုံး၏ အိပ်ဆောင်သော့ အားလုံးကို သော့ခတ် သိမ်းဆည်းထားသော ဗီရိုသော့ကို ထိန်းသိမ်းထားရသည်။ ညဘက် အိပ်ဆောင်များနှင့်တိုက်ခန်းများတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ အဆောင်၏ သော့ကိုယူပြီး သော့ဖွင့်ဆောင်ရွက်ပေးရလေသည်။

ညကင်းတာဝန်ကျနေသော ဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းအားလုံးသည် မိမိတို့ တာဝန်ကျသောနေရာမှာ ညအိပ်ရန် စီစဉ်ရပြီး တာဝန်မှူးသည် ဘူးဝရုံးခန်းကြီးထဲတွင် အိပ်ရလေသည်။ ကျွန်ုပ်နှင့်အတူတူ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တာဝန်ကြပ်တစ်ဦးနှင့် ဆေးမှူးတို့တွဲ၍ ဂျူတီချထားပေးလေသည်။

ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် တာဝန်မှူးတာဝန်ချိန်တွင် ကင်းစစ်ဆေးခြင်းကို တစ်ည (၂) ကြိမ် ကင်းထစစ်ဆေးရသည်။ ကျွန်ုပ်လည်း ညဦးစောစောပိုင်းအချိန် ကင်းလှည့်စစ်ဆေးပြီးသွားခဲ့သဖြင့် ဘူးဝတံခါးသို့ပြန်လာကာ ခုတင်ပေါ်ဝယ် လဲလျောင်းရင်း စာဖတ်နေခဲ့သည်။

ညဘက်ပိုင်း အိပ်ဆောင်များ၏ ညရေးညတာကို တာဝန်ယူထားရသောကြောင့် အိပ်ဆောင်များ၏ လုံခြုံရေးပိုင်းများ၊ ကျန်းမာရေးနှင့်ဆိုင်သော နေထိုင်မကောင်းဖြစ်သော အကျဉ်းသား၊ အချုပ်သားများအတွက် အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက သော့ဖွင့်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

အထူးသဖြင့် အမျိုးသမီးအိပ်ဆောင်ကြီးထဲမှာရှိသော အကျဉ်းသူများသည် ၎င်းတို့နှင့်အတူပါလာသော ကလေးငယ်လေးများ နေထိုင်မကောင်းဖြစ်ပေါ်သည့်အခါမှာ လည်းကောင်း၊ ကိုယ်ဝန်ဆောင် အကျဉ်းသူများသည် ညဘက် အရေးပေါ်မီးဖွားရန် ဖြစ်ပေါ်လာလျှင် လည်းကောင်း၊ အိပ်ဆောင်သော့ကိုဖွင့်ပေးနိုင်မည့် တာဝန်မှူးထံ ဂိတ်မကြီးမှတစ်ဆင့် အကြောင်းကြားပြီး ခေါ်ခိုင်းလေ့ရှိသည်။

ကျွန်ုပ်လည်း စောစောပိုင်းကင်းဦးအချိန်မှာ ကင်းလှည့်ပြီးသွားသဖြင့် မိမိတာဝန်ကျနေသော ဘူးဝထဲရှိ ခုတင်ပေါ်မှာထိုင်ပြီး ဘုရားရှိခိုး ပုတီးစိပ်နေလေ၏။ ကျွန်ုပ်သည် နေ့စဉ် အမိဋ္ဌာန်ပုတီးကို ဂုဏ်တော်ကိုးပါး ရွတ်ဆိုပြီး (၉)ပတ်တိတိပြည့်အောင် ပုတီးစိပ်လေ့ရှိလေသည်။

ယင်းသို့ ပုတီးစိပ်ပြီးသွားသောအချိန်၌ ဂိတ်မကြီးပေါ်မှ နာရီမောင်း (၁၂) ချက်ခေါက်သွားသဖြင့် ဒုတိယအကြိမ် ကင်းစစ်ဝင်ရောက်ရန် ရှူးဖိနပ်ကို ကောက်စီးလိုက်ပြီး ကိုယ်ပေါ်မှာ ဖရီးဂျက်ကက်ကိုဝတ်ဆင်လျက် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲကာ ထောင်ကြီးထဲသို့ ဝင်ရောက်လာခဲ့လေသည်။

ကျွန်ုပ် ထောင်ကြီးထဲဝင်ရောက်လာစဉ် ခုံပေါ်မှာတင်ထားသော ဂေါ်လီနံပါတ်ကို စစ်ဆေးကြည့်ရှုလိုက်သောအခါ ဂေါ်လီနံပါတ် (၃) ဖြစ်ရမည့်အစား ဂေါ်လီနံပါတ် (၁) သာ ရှိနေသောကြောင့် အုတ်ရိုးပတ်ကင်းသမားသည် တာဝန်ပျက်ကွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိလိုက်သည်။

ကျွန်ုပ်လည်း အုတ်ရိုးပတ်လမ်းကလေးအတိုင်း လျှောက်လာနေခဲ့စဉ် မြောက်လေမှာ တဟူးဟူးတိုက်ခတ်လာနေသောကြောင့် ချမ်းအေးသလို ဖြစ်ပေါ်လာသဖြင့် ဖရီးဂျက်ကက်အင်္ကျီ၏ ကြယ်သီးများကို ဆွဲစေ့ကာ တပ်လိုက်လေသည်။

ပထမဆုံး အနီးအနားမှာရှိနေသော အမှတ် (၁) ကင်းမျှော်စင်ပေါ်မှ ကင်းသမားကို လက်နှိပ်ဓာတ်မီးထိုးအချက်ပြလိုက်စဉ် 'အားလုံးကောင်းပါသည်' ဟု ပြန်လည်ဖြေသံကို ကြားလိုက်ရသည်။

ကျွန်ုပ်လည်း အုတ်ရိုးပတ်လမ်းလေးအတိုင်း လက်နှိပ်ဓာတ်မီးကိုထိုးလျက် ဆက်လက်လျှောက်လာနေခဲ့၏။ ကျွန်ုပ် ဖြတ်သွားနေသောဘေးတွင် အမျိုးသမီးအိပ်ဆောင်ကြီးကို သွပ်ပြားများဖြင့် လုံခြုံစွာ ကာရံထားသည်ကို တွေ့မြင်နေရလေသည်။ (၂) ပေခန့်အကွာမှာ သွပ်ဆူးကြိုးများဖြင့် အခိုင်အမာကာရံထားရှိလေသည်။

ကျွန်ုပ်သည် ညဥ့်နက်သန်းခေါင်ယံအချိန်အခါသမယမှာ ကင်းစစ်ဆေးနေရင်း လျှောက်လာခဲ့စဉ် အမျိုးသမီးဆောင်ကြီး လွန်သွားသောအခါ အနောက်ဘက်မြေကွက်လပ်ပေါ်တွင် နှင်းဆီပန်းစိုက်ခင်းကြီးကို တွေ့မြင်ရသည်။ နှင်းဆီပန်းရနံ့များမှာ လေအဝှေ့ဝယ် သင်းပျံ့မွှေးကြိုင်လို့နေလေသည်။

ထို နှင်းဆီခင်းကြီးကို လွန်လာသောအခါ ကြိုးစင်ထီးထီးကြီးကို ညမှောင်မည်းမည်းကြီးအချိန် လရောင်အလင်းအောက်မှာ ဘွားခနဲ တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်မှာ ကြောက်စိတ်အနည်းငယ်ဖြစ်ပေါ်ကာ ကြက်သီးမွေးညင်းများပင် ထသွားခဲ့လေသည်။

ထိုစဉ် လေနုအေးလေးတစ်ချက်ဖြတ်တိုက်သွားသလို စိတ်အသိမှာ ခံစားဖြစ်ပေါ်သလို ဖြစ်လာပြီး ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ ကြိုးစင်ကြီးမှာလည်း အသုံးမပြုတော့သည်မှာ ကြာနေ၍ ကြိုးစင်ပေါ်မှာ ကြိုးပေးသည့်အချိန်ရောက်မှသာ သံရက်မတန်းများ၊ ဒေါက်တိုင်များကို တပ်ဆင်သဖြင့် ဘာတစ်ခုမှမရှိဘဲ ရှင်းနေသည်။

ဒါကြောင့် ကြိုးစင် အုတ်ခုံကြီးသာရှိနေသည်။ ကျွန်ုပ်လည်း ကြိုးစင်အုတ်ခုံပေါ်မှာများ အုတ်ရိုးပတ်ကင်းတာဝန်ကျကင်းသမားသည် တက်အိပ်မည်လား ဆိုသည့် အတွေးဖြင့် လက်ထဲမှလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရှာဖွေနေလေသည်။

ယင်းသို့ ညအချိန်အခါကြီးမှာ ကျွန်ုပ်တစ်ဦးတည်းသာ မကြောက်မရွံ့ဘဲ ရောက်ရှိနေခဲ့ခြင်း ဖြစ်၏။ ယင်းကြိုးစင်ကြီး၏အပေါ်ဝယ် ကြိုးဒဏ်ကျခံခဲ့ရသော သေဒဏ်အကျဉ်းသားများကို ကြိုးပေး ကွပ်မျက်ခဲ့သောကြောင့် မြင်ရရုံနှင့်ပင် ထိတ်လန့် ချောက်ချားစရာကောင်းနေသည်။ ကျွန်ုပ်လည်း ကြောက်ရွံ့စိတ်ကိုမျိုသိပ်ကာ အုတ်ခုံကြီးပေါ် တက်ရောက်ကာ အုတ်ရိုးပတ်ကင်းသမားကို လိုက်လံရှာဖွေနေသည်။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို ထိုးကာ ဟိုဟိုဒီဒီရှာဖွေနေစဉ် ကြိုးစင်ကြီးနှင့် ပေ (၂၀) ခန့် ကွာဝေးသောနေရာမှာ ထုံးဖြူဖြူဖွေးဖွေးဖြင့် တည်ထားသော ကိုးတောင်ပြည့်စေတီလေးတစ်ဆူကို လှမ်းမြင်နေရသည်။ ယင်းစေတီလေးမှာ ကြိုးပေးအသတ်ခံရခါနီးအချိန်တွင် ကြိုးသမားများအနေဖြင့် လိုရာဆုတောင်းနိုင်ရန် ရည်စူးပြီး တည်ထားပေးခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ကြိုးစင်ကြီးအနီးမှ ဖြတ်ပြီး ခပ်လှမ်းလှမ်းနေရာရှိ စေတီလေးပေါ်မှာများ ကင်းသမားအိပ်နေလေမလား ဆိုသောအထင်ဖြင့် ချဉ်းကပ်သွားကာ လက်နှိပ်ဓာတ်မီး ထိုးကြည့်ရှာဖွေနေခဲ့သည်။

ကျွန်ုပ်ထိုးလိုက်သော လက်နှိပ်ဓာတ်မီးအလင်းတန်းအောက်ဝယ် တွေ့မြင်လိုက်ရသောသဏ္ဌာန်ကြောင့် အသက်ရှူမှားသွားသလိုလို၊ နှလုံးသွေးများ ရပ်တန့်သွားသလိုလိုအဖြစ်မျိုးနှင့် ပက်ပင်းတိုးနေတော့သည်။

ယင်းမှာ ကင်းသမား မဟုတ်ဘဲ ဘုရားစေတီလေးရှေ့ဝယ် နှင်းဆီပန်းများကို လက်မှာ ဆုပ်ကိုင်ထားလျက် ဘုရားဝတ်ပြုနေသော အကျဉ်းသူတစ်ဦးကို ရုတ်တရက် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။ အပေါ်ဖြူ အောက်ဖြူဝတ်ဆင်ထားသော အကျဉ်းသူသည် ညဥ့်နက်သန်းခေါင်အချိန်ကြီးမှာ အစ



www.burmeseclassic.com

www.burmeseclassic.com

ဦးတည်း ဘုရားလာရှိခိုးနေသည်မှာ အ ထူးအဆန်းလို ဖြစ်နေသည်။

သူမသည် အိပ်ဆောင်ထဲမှ အောက်ထွက်ပြေးလာပြီးလျှင် မျက်စိ သည်လမ်းမှားနေကာ အမှောင်ကြီးထဲ ရှိ စေတီတစ်ဆူကိုတွေ့မြင်၍ ဝင်ဖူး နေတန်တူသည်။ သူမသည် ကျောခိုင်း အနေအထားဖြင့် စေတီတော်ကို ကျကျ နန ဖူးမြော်နေသည့်ပုံစံပေါက်နေသည်။

ကျွန်ုပ် လှမ်းထိုးကြည့်နေသည့် ဓာတ်နှိပ်မာတ်မီး အလင်းရောင်သည် သူမ၏ကိုယ်ပေါ် ဖြာကျသွားခဲ့သဖြင့် ရုတ်တရက် အနောက်ဘက်သို့ လှည့် ကြည့်လိုက်သည်။ ကျွန်ုပ်၏တစ်သက် တွင် တစ်ကြိမ်တစ်ခါမျှ မသိဘူး၊ မမြင် ဘူးသော သူစိမ်းပြင်ပြင်တစ်ယောက်၏ မျက်နှာပေါက်မျိုး ဖြစ်နေသည်။

နှာတံမှာ ခပ်ရှည်ရှည်၊ နဖူးက အောက်မောက်ရှိနေပြီးလျှင် ပြူးကျယ် နေသောမျက်လုံးကြီးရှိနေသည်။ ယင်း မျက်လုံးများမှာ မျက်လုံးအိမ်အတွင်းသို့ နစ်ရှိုင်းစွာ ချိုင့်ဝင်လျက်ရှိသဖြင့် မဲ့ ခြောက်ခြောက်အရောင်ဖြင့် မှေးမှိန် လျက်ရှိနေသည်။ ကြုံလိုက်ကာ အသွေးအ သားမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေ ပြီးလျှင် နားထင်နှစ်ဖက်တို့မှာလည်း အောက်သို့ချိုင့်ဝင်လျက် ရှိနေသည်။

သူမ၏မျက်နှာသွင်ပြင်မှာ တစ်စုံ တစ်ရာဝေဒနာတစ်ရပ်ကို ခံစားနေရသ ယို့ အသနားခံကြည့်နေသလိုလို အမူ အရာများ ပေါ်လွင်လျက်ရှိနေပြီးလျှင် အမျိုးသမီးအိပ်ဆောင်ဘက်ဆီ လက် ဆန့်တန်းထိုးပြနေသယောင် ရှိနေသည်။

ကျွန်ုပ်သည် ကြက်သေသေသလို ဖြစ်ပေါ်သွားပြီး မည်မျှကြာအောင်ငေး ကြည့်နေခဲ့မိသည် မသိပေ၊ ယင်းနေရာ မှ ရုတ်ခြည်းပျောက်ကွယ်သွားသောအ ခါမှ သတိပြန်ဝင်လာသလို ဖြစ်ပျက် သွားလေသည်။

ကျွန်ုပ်မှာ မျက်စိရှေ့မှောက်ဝယ် တွေ့မြင်နေခဲ့ရာမှ ရုတ်ခြည်း ပျောက် ကွယ်သွားသဖြင့် စိုးရိမ်ပူပန်စိတ် ဖြစ် ပေါ်သွားသည်။ သူမသည် အမျိုးသမီး အိပ်ဆောင်ထဲကိုများ ပြန်ဝင်ပြေးသွား ခြင်းလားဟု စိတ်မှာထင်မှတ်သွားကာ နောက်မှလိုက်ရှာကြည့်နေခဲ့သည်။

ထိုစဉ် နှင်းဆီစိုက်ခင်းအစပ်နေ ရာဆီမှ ခွေးဟောင်နေသော ဆူဆူညံ ညံအသံကို ကြားနေရသည်။ စစ်ခွေး ကင်းလှည့်နေသော ကင်းသမားသည် ညဘက်ကိုများ ရောက်လာနေပြီ လားဟု စိတ်ထဲမှာ အားတက်သွားလေ သည်။ မိမိနှင့်အတူ အဖော်ရှိလာပြီဖြစ် ၍ အားတက်သွားကာ လက်နှိပ်ဓာတ် မီးထိုးလျက် အချက်ပြလျှောက်သွားနေ ခဲ့၏။

ညဥ့်သည် နက်သထက်နက်လာ နေပြီး လ၏အလင်းရောင်သာ ကောင်း ကင်ယံမှာ မှုန်ပျပျလင်းထိန်နေသည်။ နှင်းဆီခင်းကြီးထဲမှ နှင်းဆီရနံ့များသည် လေနှင်ရာ မွှေးပျံ့ကြိုင်လှိုင်နေသည်။

"ဟဲ့- ရှေ့က ကင်းသမား ဘယ် သူလဲ"

"ကျွန်တော် စစ်ခွေးကင်းအဖွဲ့က တပ်ကြပ်စံထွန်းပါ"

"မင်း အဲဒီဘက်ကို အမျိုးသမီး အကျဉ်းသူတစ်ယောက် ထွက်ပြေးလာ တာ မတွေ့လိုက်ဘူးလား"

"ဘယ်သူ့မှမတွေ့ပါဘူး ဆရာ။ ကျွန်တော့်ခွေးကြီးက နှင်းဆီခင်းထဲကို ဖွတ်တိုးဝင်ဟောင်နေလို့ နောက်ကလိုက် ဆွဲနေခဲ့ရတာပါ"

"အေးကွာ၊ ထူးတော့ တော်တော် ထူးဆန်းနေတယ်။ တစ်သက်နဲ့တစ်ကိုယ် ငါမတွေ့ဖူးဘူး"

"ဘာကိုလဲ ဆရာ"

"အင်း. . . ယုံရခက်ခက်ပါပဲ ကွာ။ ငါ ထောင်ထဲကို ဂျူတီမဝင်ခင် ထမင်းစားခါနီး သောက်ထားခဲ့တဲ့ ဝီ စကီအရက်ရှိန်ကြောင့်များ အမြင်လွဲ နေတာလားလို့ စိတ်ထဲမှာဇဝေဇဝါဖြစ် နေတယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"စောစောပိုင်းလေးကပဲ ကြိုးစင် ကြီးရှေ့နားက စေတီလေးမှာ အကျဉ်း သူတစ်ယောက်ကို မြင်လိုက်ရတယ်။ လက်ထဲမှာလည်း နှင်းဆီပန်းစည်းကြီး ကိုင်လျက်နဲ့ လှမ်းကြည့်နေရင်းကနေ ရုတ်တရက်ပျောက်သွားလို့ အမျိုးသမီး ဆောင်ထဲကိုများ ဝင်ပြေးသွားလားဆို ပြီး နောက်ကလိုက်ရှာနေခဲ့တာ"

"ဟာ- အမျိုးသမီးဆောင်ဆိုမှ သတိရတော့တယ်။ တံခါးတာဝန်ကျ ဝန်ထမ်းက တာဝန်မှူးကို အမျိုးသမီး ဆောင်က အရေးပေါ် မွေးလူနာ ရှိနေ တယ်၊ ခေါ်ခိုင်းလိုက်လို့ ကျွန်တော် ဆရာ့ကို လိုက်ရှာနေတာ"

"ဟုတ်လား၊ ဒါဆို မြန်မြန်သွားရ အောင်။ အမျိုးသမီးဆောင်ဖွင့်ဖို့သော့ က ငါ့အိတ်ထဲမှာ"

ကျွန်ုပ်သည် ကင်းလှည့်စစ်ဆေး နေခဲ့စဉ် အမှတ်မထင် ဝိညာဉ်လိုလို၊ တစ္ဆေလိုလိုပုံရိပ်ကို တွေ့မြင်ခဲ့ရသော ကြောင့် ကြိုးစင်ကြီးပတ်ဝန်းကျင်မှာ အချိန်ကုန်လွန်သွားနေခြင်း ဖြစ်သည်။ တံခါးကြီးထဲသို့ပြန်ဝင်လာခဲ့ပြီး ညဘက် အိပ်ဆောင်အားလုံး၏ သော့များကို သိမ်းဆည်းထားသော ဗီရိုကြီးထဲမှ အ မျိုးသမီးအိပ်ဆောင်သော့ကို ရှာဖွေယူ ခဲ့ပြီး တာဝန်ကြပ်နှင့် ဆေးမှူးတို့အား အရေးပေါ် မွေးလူနာကြည့်ပေးရန် ဆရာ ဝန်ကြီးထံ ဝန်ထမ်းတစ်ယောက်အား သွားခေါ်ခိုင်းသည်။

အားလုံးလူစုံသောအခါမှ အမျိုး သမီးဆောင်ထဲ သော့ဖွင့်ဝင်ရောက်ခဲ့ ကြလေသည်။ အမျိုးသမီးဆောင်ထဲသို့ ဝင်ရောက်သည့်အခါ ယောကျ်ားတစ် ဦးတည်းဝင်ခွင့်မရဘဲ အနည်းဆုံး နှစ် ယောက်၊ သုံးယောက်ပါမှ ဝင်ရောက် ခွင့်ရှိသည်။

အမျိုးသမီးအိပ်ဆောင်ထဲသို့ ဝင် ရောက်လာခဲ့သောအခါ ညဘက် တာ ဝန်ကျဝန်ထမ်း တပ်ကြပ် ဒေါ်အေးရီမှ စောင့်ကြိုနေသည်ကို တွေ့မြင်လိုက်ရ လေသည်။

"ဆရာရယ်. . . ကျွန်မ သတင်းပို့ ထားတာ ကြာလှပြီ၊ ခုမှပဲရောက်လာ တယ်။ စောစောက မွေးလူနာအကျဉ်း သူက ကလေး မီးဖွားချင်လာလို့လား မသိဘူး၊ လူးလိမ့်ပြီး နာကျင်အော်ဟစ် နေတုန်း သတိလစ်မေ့မြောသွားတာ။ ကျွန်မနဲ့ ဆရာမ နော်မူစေးတို့ နှစ် ယောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ် နေပြီး အိပ်ဆောင်သော့ကလည်းမရှိ တော့ ဝင်ကြည့်လို့မရဘူး ဖြစ်နေတယ်။ အဲဒါ ဂိတ်ကြီးပေါ်ကတစ်ဆင့် တာဝန် မှူးကို သတင်းပို့ရတယ်"

"ဆရာ၊ လူနာအခြေအနေက မွေးလုမွေးခင်ဖြစ်နေတော့ ကျွန်တော် တို့ အပြင်ဆေးရုံထုတ်ကြမလား"

ကျွန်ုပ်က စိုးရိမ်တကြီးဖြင့် ဆရာ ဝန် ဒေါက်တာထွန်းလွင်ကို ဆွေးနွေး တိုင်ပင်နေခဲ့စဉ်-

"ခဏနေပါဦး၊ ကျွန်တော် လူနာ ရဲ့အခြေအနေကိုကြည့်ပြီးမှ လုပ်သင့် တာ ဆက်လုပ်ကြရအောင်၊ လူနာက ဘယ်မှာလဲ ဆရာမ"

"ဪ- ဆရာ၊ လူနာက အရမ်း ဗိုက်နာနေတော့ လှုပ်လို့မရဘူး။ အဲဒါ ကြောင့် အပြင်ခေါ် ထုတ်လို့မရဘူးဖြစ် နေတယ်"

"ဟုတ်ပါတယ် ဆရာ၊ လူနာက စောစောပိုင်းတုန်းက သတိလစ်မေ့မြော သွားရာက ခုမှ သတိပြန်လည်လာတာ ပါ"

ဆေးမှူး နော်မူစေးကပါ လူနာ



www.burmeseclassic.com

www.burmeseclassic.com

၏အခြေအနေကို ဝင်ရှင်းပြပေးနေ၏။ ထိုအခါ ကျွန်ုပ်က-

"ကဲ- ဒေါ်အေးရီ၊ အိပ်ဆောင်ထဲက အမျိုးသမီး အကျဉ်းသူတွေကို ကျွန်တော်တို့ ဝင်သွားလို့ရအောင် လမ်းရှင်းပေးထားပါ"

ကျွန်ုပ်သည် အိပ်ဆောင်တာဝန်ကျ တပ်ကြပ် ဒေါ်အေးရီကို အမိန့်ပေးလိုက်သောကြောင့် ညဘက် အိပ်ဆောင်ကြီးထဲဝယ် ပိုးလိုးပက်လက်အနေအထားဖြင့် အိပ်ပျော်နေကြသော အကျဉ်းသူများကို လမ်းရှင်းထားပေးရန် တန်းစီး မှဲ့ကြီးခင်ခင်ကို တစ်ဆင့်ခိုင်းနေခဲ့၏။

ညဉ့်နက်သန်းခေါင်ယံအချိန်အခါဖြစ်နေသောကြောင့် အကျဉ်းသူအားလုံးမှာ အိပ်ဆောင်ကြီးထဲဝယ် အမျိုးသမီးအချင်းချင်းသာရှိနေသဖြင့် လွတ်လွတ်လပ်လပ်နေထိုင်ကာ အိပ်မောကျလျက်ရှိနေကြသည်။

"ဆရာ၊ ဝင်လို့ရပါပြီ"

ကျွန်ုပ်နှင့် ဆရာဝန်ကြီးတို့နှစ်ဦးသည် တာဝန်ကျဆေးမှူး နော်မူစေးရှေ့မှ ဦးဆောင်ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ကြလေသည်။ ညဘက် အိပ်ဆောင်ကြီးထဲဝယ် အနံ့အသက်ပေါင်းစုံက ဆိုးဆိုးဝါးဝါး ဟောင်နံ့လျက်ရှိနေသည်။ အမျိုးသမီးအကျဉ်းသူများ၏ ကိုယ်သင်းနံ့ပေါင်းစုံ၏အနံ့များမှာ အော်ဂလီဆန်အောင် နံစော်၍နေလေသည်။

ဆရာဝန်ကြီးသည် မွေးလူနာအကျဉ်းသူ၏ မီးဖွားမည့်အခြေအနေကို စမ်းသပ်စစ်ဆေးကြည့်နေသည်။

"ဟာ- ရေမွှာတောင်ပေါက်နေပြီပဲ။ အပြင်ဆေးရုံထုတ်ဖို့ အချိန်မီမှာ မဟုတ်တော့ဘူး ထောင်မှူးရေ"

"ဟင်- ဒါဆို ဘယ်လိုလုပ်ကြမလဲ ဒေါက်တာ"

"ဘယ်လိုမှလုပ်စရာမလိုပါဘူး၊ ဒီမှာပဲ ကြိုးစားပြီးမွေးမယ်ဗျာ။ ကျုပ်ကလေးမွေးဖွားဖူးတဲ့အတွေ့အကြုံ ရှိပါတယ်၊ စိတ်မပူပါနဲ့။ ကဲ- ဆရာမ၊ ကျုပ်ကို ဝိုင်းကူညီပေးမှဖြစ်မယ်နော်"

"စိတ်ချပါ ဆရာ"

ကျွန်ုပ်သည် ရင်ထဲမှာ သောကများဖြင့် ဗလောင်ဆူဝေလျက် ဖြစ်ပေါ်ခံစားနေရသည်။ အကယ်၍များ မွေးလူနာအကျဉ်းသူ ကောင်းမွန်စွာ မီးမဖွားနိုင်ဘဲ တစ်စုံတစ်ခုဖြစ်ပေါ်ပြီး ဖိတ်စဉ်သွားမှာကို စိုးရိမ်ကြောင့်ကြနေ၏။ ယခုလို မိမိတာဝန်မှူးကျူတီကျနေသောအချိန်တွင် တစ်စုံတစ်ရာ ဖြစ်ပျက်သေဆုံးသွားပါက အရေးယူခြင်းခံရမည်ဟူသော အသိက စိတ်ကို ချောက်ချားစေသည်။

ယင်းသို့ ဖြစ်ပေါ်ခံစားနေရသောသောကပူပန်စိတ်များဖြင့် အကျဉ်းသူ၏မျက်နှာကို စိုးရိမ်တကြီး လှမ်းကြည့်အကဲခတ်နေလိုက်သည်။ ဝါကြင့်ကြင့်မီးအလင်းရောင် မှုန်ပျပျအောက်ဝယ် အကျဉ်းသူအား ဆရာဝန်ကြီးဦးဆောင်လျက် အတွေ့အကြုံရှိသောအိမ်ထောင်သည်မိန်းမများပါ ဝိုင်းကူလုပ်ကိုင်ပေးနေ၏။

ကျွန်ုပ်သည် မီးရောင်အောက်၌ ဝေဒနာကြောင့် နာကျင်ရှုံ့မဲ့ အော်ဟစ်ညည်းတွားနေသော အကျဉ်းသူ၏မျက်နှာသွင်ပြင်ကို လှမ်းမြင်လိုက်စဉ်ခဏမှာပဲ-

"အလို- ဘုရား. . . ဘုရား"

ကျွန်ုပ်၏နှုတ်မှ ယောင်ယမ်းကာ အာမေဋိတ်သံ ထွက်သွားခဲ့လေသည်။ အံ့သြဖွယ်ရာကောင်းနေသည်မှာ မွေးလူနာအကျဉ်းသူ၏မျက်နှာပေါက်ပုံမှာ ကျွန်ုပ်နှင့် ညဘက် စေတီလေးရှေ့ဝယ် ကြုံဆုံ ဆုံစည်းခဲ့သောသူပင် ဖြစ်တော့၏။

သူမဝတ်ဆင်ထားသော အကျဉ်းသူများဝတ်ဆင်ထားရသည့် ပုံစံအကျႌ၊ ပုံစံလုံချည် အဖြူရောင်နှင့် ဖြစ်နေပါသည်။ မျက်နှာအနေအထားမှာလည်း နှာခေါင်းရှည်ပုံ၊ နဖူးမောက်နေပုံ၊ နားထင်ချိုင့်ပုံ၊ မျက်တွင်းဟောက်ပက်ရှိနေပုံတို့ကို ကျွန်ုပ် ကောင်းစွာ မှတ်မိနေသည်။

ကျွန်ုပ်သည် ဆရာဝန် ဒေါက်တာထွန်းလွင်နှင့် အမျိုးသမီးဆောင် ဆေးမှူး နော်မူစေးတို့နှစ်ဦး၏ တတ်ကျွမ်းလိမ္မာမှုနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်သောကြောင့် မွေးလူနာအကျဉ်းသူကို အောင်မြင်စွာဖြင့် မွေးဖွားနိုင်သည်ကို တွေ့မြင်နေရသည်။ ကလေးမှာ ယောကျ်ားကလေး ဖြစ်၏။

ယင်းနောက် အကျဉ်းသူသည် ကလေးကို အချိန်မီ ဘေးကင်းစွာ မီးဖွားပေးလိုက်နိုင်သောကြောင့် မျက်နှာပြင်ပေါ်ဝယ် ချွေးသီးချွေးပေါက်များကြားမှ ဝမ်းသာရွှင်မြူးကာ ကျွန်ုပ်ထံ လှမ်းကြည့်နေသည်။

စောစောပိုင်းအချိန်ကာလမှာ မီးဖွားချင်လာသဖြင့် နာကျင်လွန်း၍ အော်ဟစ်ညည်းညူနေရရှာ၏။ အိပ်ဆောင်သော့ဖွင့်မရနေသောကြောင့် အပြင်ဘက်မှ အမျိုးသမီးဆေးမှူးမှာလည်း ဝင်ကူညီလုပ်ကိုင်ပေးမရဘဲ ဒုက္ခကြုံနေသည်။ အိပ်ဆောင်အပြင်ဘက်မှ ဆေးမှူးက အိပ်ဆောင်ထဲမှ အိမ်ထောင်သည် အကျဉ်းသူများကို မည်သို့လုပ်၊ မည်သို့ကိုင်ဖြင့် နှုတ်မှသင်ပြပေးပြီး ဝိုင်းဝန်းကူညီပေးစဉ် သွေးတက်ကာ သတိလစ်မေ့မြောသွားခဲ့သည်။

ထိုသို့ သတိလစ်မေ့မြောသွားနေစဉ် သူမက အကျဉ်းသူများကို ဆက်လက် ပြောပြနေသည်။ သူမ၏စိတ်ထဲဝယ် အိပ်မက်လိုလို မြင်မက်နေသည်။ မိမိဝေဒနာခံစားနေရစဉ် ဘုရားကို တိုင်တည်ဆုတောင်းချင်သောစိတ်ဆန္ဒများ ဖြစ်ပေါ်စွဲလမ်းလာကာ ထုံးဖြူဖြူစေတီတော်လေးတစ်ဆူကို အိပ်ဆောင်နောက်ဘက်ရှိ နှင်းဆီခင်းများကြားမှ လှမ်းမြင်လာနေသည်။ ဘုရားကို နှင်းဆီပန်းများ ခူးပြီး ကပ်လှူပူဇော်ရန်စိတ် ဖြစ်ပေါ်လာ၍ နှင်းဆီပန်းစည်းကြီးကိုင်ကာ စေတီရှေ့မှာ ဘုရားရှိခိုး ဆုတောင်းခဲ့ရသည်ဟု ဆက်လက် ရှင်းပြပြောဆိုနေသည်။

ကျွန်ုပ်နှင့်ဒေါက်တာထွန်းလွင်တို့နှစ်ဦးသည် ထိုအကျဉ်းသူ မွေးဖွားပြီးသွားသဖြင့် ဆေးမှူး နော်မူစေးကို နောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်ကို မှာကြားထားခဲ့ပြီး အိပ်ဆောင်ထဲမှ ပြန်ကြရန် ပြင်ဆင်နေသည်။

ထိုအချိန်တွင် ကျွန်ုပ်၏မျက်လုံးအကြည့်မှာ မွေးလူနာ အကျဉ်းသူ၏ ရင်ဘတ်ပေါ်ဝယ် တင်ထားသော နှင်းဆီနီနီရဲရဲတစ်ပွင့်ကို အမှတ်မထင် လှမ်းမြင်လိုက်ရလေသည်။

ထိုအခါ ကျွန်ုပ်နှင့် သူမတို့ စေတီလေးရှေ့ဝယ်ဆုံကြစဉ် နှင်းဆီပန်းစည်းကို လက်မှာကိုင်ဆောင်ထားလျက် တွေ့မြင်ခဲ့ရသောကြောင့် ယခု တွေ့မြင်နေခဲ့ရသောနှင်းဆီပွင့်မှာ ဝန်ထမ်းအမျိုးသမီးခေါင်းမှာ ပန်ဆင်ထားသော နှင်းဆီပန်းရနံ့ကို မူးမေ့မလိုဖြစ်နေစဉ် တစ်စုံတစ်ရာရှူရှိုက်နိုင်စေရန် ပေးခဲ့သော နှင်းဆီပန်းလား ဆိုသည်ကို ဝေခွဲမရနိုင်အောင် ဖြစ်သွားသည်။

တကယ်တော့ ဤအချက်ကို သိရှိနိုင်မည့်သူမှာ ဘုရားမှတစ်ပါး မရှိနိုင်ပြီ ဖြစ်ပါတော့သည်။

ပြီး

www.burmeseclassic.com

www.burmeseclassic.com

# ဈေးပြေး

## ဝင်းမြအောင်(မြိတ်)

ယခုလို စက်တင်ဘာလ (၁၁) ရက်နေ့သည် ၂၀၀၁ ခုနှစ်တုန်းက အမေရိကန်ပြည်ထောင်စုတွင် ဝေါထရိတ်စင်တာ အမွှာညီနောင်ကို အတိုက်အခိုက်ခံရလို့ အံ့ဩဝမ်းနည်းတဲ့နေ့ ဖြစ်ခဲ့ရပါတယ်။ ၂၀၁၂ ခု၊ စက်တင်ဘာလ (၁၁) ရက်နေ့မှာတော့ ကျွန်တော်တစ်ယောက် ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ ဖြစ်နေရတဲ့ နေ့တစ်နေ့ရဲ့နံနက်ခင်းတစ်ခုပါ။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်စုံခေါင်းရပ်က ကျွန်တော်နေတဲ့အိမ်ရှေ့ ဘိုးဘွားရိပ်သာလမ်းပေါ်က 'ဈေးပြေး' ဟုသည့် အမျိုးသမီးတစ်ယောက်၏ အော်သံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် 'ဈေးပြေး၊ လာပါဦး' ဟု ကျွန်တော့်ရဲ့သမီးက အော်ခေါ်လိုက်သံကို တစ်ဆက်တည်း ကြားလိုက်ရတဲ့အခါ ဈေးသည်မှန်းတော့ သိလိုက်တယ်၊ ဒါပေမယ့် 'ဈေးပြေး ဆိုတာ ဘာတွေရောင်းပါလိမ့်လို့' တွေးနေမိတယ်။

မကြာမီမှာပဲ အိမ်ထဲဝင်လာသည့် ဈေးသည်က ဈေးတောင်းကိုချတော့ ကျွန်တော် ကြည့်မိလိုက်တယ်။ သူ့ဈေးတောင်းထဲမှာ အချဉ်ဖတ်၊ သရက်ချဉ်၊ ခရမ်းသီး၊ ကြက်ဟင်းခါးသီး၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ စပါးလင်၊ ဆေးခါးသီး၊ သပြေသီး၊ ခရမ်းချဉ်သီး၊ ပဲငပိ စတဲ့ ကုန်စိမ်းပစ္စည်းတွေကို တွေ့လိုက်ရသည်နှင့် 'ဪ- ဈေးပြေးဆိုတာ ကုန်စိမ်းရောင်းတဲ့သူကို ခေါ်ပါလား' လို့ အသိအမှတ်ပြုရင်း ကျွန်တော်၏မျက်နှာက ပြုံးတိပြုံးတုံ့ ဖြစ်သွားမိပါတယ်။

ကျွန်တော် မြိတ်ကို ရောက်ခါစ ကွက်သစ်ရပ်က မတင်အေးတို့အိမ်ကို သွားလည်ခိုက်မှာ လမ်းပေါ်ကအော်သံ ကြားလိုက်တယ်။ 'ဂေါယာ' တဲ့။ ဒီတော့ မတင်အေးက 'ဂေါယာ လာပါဦး' ဆိုတော့ ကျွန်တော်က 'ကွမ်းယာ' လို့ကြားပြီး ကျွန်တော်တို့ကို ကွမ်းယာဝယ်ကျွေးမယ်ထင်တာနဲ့ 'နေပါစေ၊ ကျွန်တော် ကွမ်းယာမစားဘူး' လို့ ပြောမိပါတယ်။ တကယ်တော့ ဂေါယာဆိုတာ ကွမ်းယာမဟုတ်ဘဲ 'ငါး' ဖြစ်နေတာကိုး။ မြိတ်မှာက ငါးကို ဂေါယာ၊ ပလာတူး၊ ဟင်းချိုမလို့ ခေါ်ကြတာကို ကျွန်တော်က မသိတဲ့အဖြစ်ကို သတိရလို့ ပြုံးမိတာပါ။ အဲဒါနဲ့ ဈေးသည်မ ပြန်ထွက်သွားတော့ ကျွန်တော်၏ဇနီးကို ကျွန်တော်က မေးကြည့်မိတယ်။ 'ဟေ့- ဈေးသည်မကို ဘာလို့ ဈေးပြေးလို့ ခေါ်တာလဲ' ဆိုတော့ 'သူက ထိုင်ရောင်းတာမဟုတ်ဘဲ လမ်းလျှောက်ရောင်းလို့ ဈေးပြေးခေါ်တာ'တဲ့။ ကျွန်တော်တို့ အထက်အညာရွာတွေမှာတော့ မိုးလင်းလာသည်နှင့် 'ဒီဘက်က ခရမ်းချဉ်သီး၊ ချဉ်ပေါင်ရွက်၊ မုန်လာရွက်၊ ကန်စွန်းရွက်၊ ဆလပ်ဖူး၊ ကိုက်လံဖူး' ဒီလိုအော်တယ်။ ပဲပေါင်းသည်ကလည်း 'ပဲပေါင်း' ဟု အော်သလို 'ကြံသကာရပြီဗျိုး'၊ 'ဓားမျှားအလိုရှိကြရင်ခင်ဗျား၊ ပခုက္ကူဓားမတွေ ရနိုင်ပါတယ်' အဲဒီလို အော်ရောင်းကြတာပါ။ ခုတော့ လမ်းလျှောက်ရောင်းလို့ 'ဈေးပြေး' တဲ့။ ဒီလိုဆို 'ဈေးလျှောက်' လို့ ခေါ်ရင်လည်း ရတာပေါ့ဟု တွေးရင်းတွေးရင်း ဈေးပြေးကနေ အတွေးတွေးလိုက်တာ မလေ့မတူတာတွေဖြစ်တဲ့ အလေ့အမူအရာ မြိတ်ဝေါဟာရစကားတွေကို သွားပြီးသတိရမိပါတော့တယ်။ ကျွန်တော်တို့ အထက်သားတွေကို 'ဗုဂံ' တဲ့။ ဒီတော့ မြိတ်စကား၊ ပုဂံစကားလို့ ခွဲခြားပြပေးပါ့မယ်။

| [illegible] | ပုဂံစကား | မြိတ်စကား | ပုဂံစကား |
|---|---|---|---|
| [illegible] | တံမြက်စည်း | ဇုံ | ပန်းကန်ပြား |
| [illegible] | ပန်းကန်လုံး | ပိရှဲ | ငါးပိရည်တို့စရာ |
| [illegible] | (ဆဲခြင်းတစ်မျိုး) | ပသေး | အခုပသေး |
| [illegible] | အမယ်လေး | သားငယ်ကောင်ငယ် | ကောင်လေး သားငယ် |
| [illegible] | ဈေးပြန်လက်ဆွဲခြင်း | ကြေးပြား | ပိုက်ဆံ (ငွေ) |
| [illegible] | ကောင်းလှချေလား | ဘာဥစ္စာ | ဘယ်ဟာ |
| [illegible] | တစ်ရပ်မှတစ်ရပ်သို့ | နိဗောင်ဒုတ် (ခနီပင်ရိုး) | အခြေမဲ့လာသူ |
| [illegible] | စည်းကမ်းမဲ့လူပေလူတေ | ကဒွေးလောင် | မိန်းမလျှာ |
| [illegible] | အလွန်ရင်းနှီးသူ | ဇီပုတ် | ရေပုပ်အိုင် |



ဈေးပြေးကစ အတွေးတွေးရတဲ့ မြိတ်ဝေါဟာရတွေကို နောက်မှရေးပြပါဦးမယ်။ ခုတော့ ကျွန်တော်တို့မြိတ်မှာ 'ဈေးပြေး' ဆိုတာ ရက်ကွက်ထဲ လည်ရောင်းတဲ့ကုန်စိမ်းသည်ကိုခေါ်တာ ဖြစ်ပါတယ် ခင်ဗျား။

ဝင်းမြအောင်(မြိတ်)



www.burmeseclassic.com

www.burmeseclassic.com



သပိတ်ကျင်း-ကျော်ကျော်ထွန်း

## ဂမ္ဘီရမိုးကြိုးသွားပေလား

'ဂမ္ဘီရ' ဆိုသော အဓိပ္ပာယ်သည် နက်ရှိုင်းခြင်း၊ ကျယ်ဝန်းခြင်းဟု လွယ်လွယ်ပြောနိုင်သော်လည်း ထို့ထက်များပြားသော၊ ပြောပြရန် ခက်ခဲသော သဘောတရားတို့ဖြင့် ပြည့်နှက်လျက်ရှိသော စကားလုံးဖြစ်သည်ဟု နားလည်ပါသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လထုတ် သိဒ္ဓိမိုး မဂ္ဂဇင်းတွင် ဆရာ ရွှေပြည်စိုး (မိုးကုတ်) ရေးသားသော 'မိုးကြိုးခဲ့ခြင်း၏နောက်၌' ဖြစ်ရပ်ဆန်းများကို ဖတ်ရသောအခါ ကျောက်မိုးကြိုးသွား၊ ကြေးမိုးသွားတို့၏ သဘာဝလွန် ဖြစ်ရပ်များ **Supernatural** ကို သိရှိခဲ့ရပါသည်။

ဆရာ ရွှေပြည်စိုး (မိုးကုတ်) ၏ မိုးကြိုးသွားများအကြောင်း ဖတ်ရင်း ကျွန်တော် ပင်စင်စားဘဝ မရောက်ခင် သတ္တုတွင်းဝန်ထမ်းဘဝက ဖြစ်ရပ်လေးတစ်ခုကို ပြန်လည် အမှတ်ရမိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ဖြစ်ရပ်ပါ။ ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းကဟု မှတ်မိပါသည်။

ကျွန်တော်တို့ ဘူမိဗေဒကွင်းဆင်းအဖွဲ့သည် ကလောမြို့နယ် ပလောင်တောင်ဒေသ ရွှေမင်းဘုံဧရိယာ ရွှေထွက်သောလုပ်ကွက်များတွင် လေ့လာစမ်းသပ်မှုများ ဆောင်ရွက်နေရချိန် ဖြစ်ပါသည်။ ရွှေမင်းဘုံဧရိယာဟု ခေါ်တွင်ရခြင်းမှာ ဤနေရာတစ်ဝိုက်သည် ရွှေမင်းဘုံ ရွာသူကြီးအပိုင် အုပ်စုအတွင်း၌ တည်ရှိခြင်းကြောင့် ရွှေမင်းဘုံဧရိယာဟု ခေါ်ဆိုနိုင်သလို ဤဒေသတစ်ဝိုက်တွင် အမြင့်ဆုံးတောင် (ခန့်မှန်းခြေ မှတ်မိသမျှ ပေ ၄၀၀၀) ရွှေမင်းဘုံတောင်၏ တောင်စွယ်တစ်ခု၌ ရှိခြင်းတို့ကြောင့်လည်း ရွှေမင်းဘုံဧရိယာဟု အမည်ပေးခေါ်တွင်ခြင်း ဖြစ်သည်။ အမြင့်ဆုံး ရွှေမင်းဘုံတောင်ထိပ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် ရွှေမင်းဘုံစေတီတော်လည်း တည်ရှိပါသည်။



ရွှေမင်းဘုံတောင်နှင့် အနီးဆုံးရွာသည် ညောင်ကုန်းရွာဖြစ်၍ မြောက်ဘက်တောင်စွယ်တွင် ရွှေမင်းဘုံရွာမ ရှိပါသည်။ ရွှေမင်းဘုံရွာမတွင် ဘုန်းတော်ကြီးကျောင်းရှိသည်ဖြစ်၍ ဥပုသ်သီလစောင့်ထိန်းလိုလျှင် ရွှေမင်းဘုံ ရွာမသို့သွားရပါသည်။ ရွာမနှင့် တောင်စွယ်တစ်ခုခြားလျက်တွင် တောင်ပဲ့ရွာရှိ၍ ကျွန်တော်တို့ လေ့လာရေးရွှေလုပ်ကွက်များနှင့် အနီးဆုံးရွာပင် ဖြစ်သည်။

## တောင်ခိုးကြားမှကြေးစည်သံ

၁၉၆၈ ခု၊ နိုဝင်ဘာလထဲတွင် နတ်စင်တောင်လုပ်ကွက်နှင့် သိမ်ကုန်းဘုရားတောင်ကြားလုပ်ကွက်နေရာများတွင် နမူနာအစမ်းကျင်း (Test Pit) များ တူးဖော်ရန်အတွက် ကျင်းတူးရမည့်နေရာတို့ကို သီအိုဒိုလိုက် တိုင်းတာရေးကိရိယာဖြင့် အကွက်ချ တိုင်းတာပေးနေရပါသည်။ ကွန်တိုမြေပုံရေးဆွဲထုတ်လုပ်ရန်အတွက်ဖြစ်စေ၊ ယခုလို အစမ်းကျင်းများ တူးဖော်ရန် နေရာသတ်မှတ်ပေးရန်အတွက်ဖြစ်စေ ဆာဗေယာဖြစ်သူ ကျွန်တော်၏တာဝန်သာ ဖြစ်သည်။ သို့သော် ယခု ရွှေမင်းဘုံဧရိယာ လေ့လာရေးလုပ်ငန်းတွင် ဆာဗေယာဆို၍ ကျွန်တော်တစ်ဦးတည်းသာ ပါရှိသောကြောင့် အထောက်အကူရရန်အတွက် တာဝန်ခံ ဘူမိဗေဒအရာရှိချုပ်က လူနှစ်ယောက် တွဲပေးထားပါသည်။

သိမ်ကုန်းဘုရားတောင်ပေါ်တွင် ဉာဏ်တော် (၁၅) ပေခန့်ရှိသော စေတီတော်(၃)ဆူ ရှိပါသည်။ အနီးအနားတွင် ဤစေတီတော် (၃)ဆူအား တည်ထားရန်သော် လည်းကောင်း၊ ဆည်းကပ်ကိုးကွယ်ရန်သော် လည်းကောင်း လူသူနေထိုင်သည့်ရပ်ရွာ မရှိပါဘဲလျက် တောကြီးမြိုင်လယ် တောင်ထိပ်ပေါ်၌ ရင်ပြင်တော်တစ်ခုတည်းပေါ်တွင် စေတီ (၃) ဆူ ကိန်းဝပ်စံပယ်တော်မူနေသည်မှာ အလွန်ပင် ထူးခြားသည်ဟု တွေးမိပါ



www.burmeseclassic.com

www.burmeseclassic.com

ဆည်။

တောင်ပဲ့ရွာမှ ထိုစဉ်က အသက် (၈၀)အရွယ်ရှိ ပလောင်အဘိုးအို အဘ ဦးသွယ်နှင့် ဦးနွဲ့တို့ ပြောပြသော လက်ဆင့်ကမ်း ပါးစပ်ရာဇဝင်အရ ဤစေတီများနှင့် (၅) မိုင်ခန့်ကွာဝေးသည့်နေရာတွင် ကရင်အမျိုးသားများနေထိုင်သော လယ်ပြင်ရွာ ရှိပါသည်။ လယ်ပြင်ရွာမှ ကရင်အမျိုးသမီးကြီး မကေ့ ဆိုသူသည် ဤတောင်ကုန်းနေရာတွင် တောင်ယာလုပ်ရန် ခုတ်ထွင်ရှင်းလင်းစဉ် သလင်းကျောက်များတွင် ပူးတွဲပါရှိနေသော ဝင်းဝါနေသည့် ရွှေငုတ်ပေါ်ထွက်ပိုင်း Outcrop ကြီးတစ်ခုကို တွေ့ရှိရသည်ဟု ဆိုပါသည်။

ကရင်အမျိုးသမီးကြီး မကေ့သည် ရိုးသား၍ လောဘမရှိသူ ဖြစ်သောကြောင့် ဤရွှေများ မသမာသူ၏လက်ထဲ မရောက်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေငုတ်ပေါ်ထွက်ပိုင်းကို ငုံမိအောင် ရင်ပြင်တော်ပြုလုပ်၍ အပေါ်မှစေတီတော် (၃) ဆူ တည်ထားခဲ့သည် ဟူ၏။ စေတီတော် (၃)ဆူတွင် မည်သည့်စေတီတော်၏အောက်၌ ရွှေငုတ်ကြီးရှိသည်ဟု မသိရပေ။ ဤလက်ဆင့်ကမ်းပါးစပ်ရာဇဝင်ကြောင့်ပင် ဘုရားကုန်းတော်ပေါ်၌ လာရောက် သိုက်တူးကြသော ဘုမ္မိယသိုက်ဆရာတို့ ရှိခဲ့ဖူးသည်။ ဤနေရာရေိယာသို့ ရွှေစမ်းသပ် လေ့လာရေးလုပ်ရန် ၁၉၆၄ ခုနှစ်က ပထမဆုံးအကြိမ်ရောက်ခဲ့စဉ်က သိုက်ဆရာတို့ တူးထားသော (၅) ပေခန့်နက်သည့် ကျင်းကြီးတစ်ခုကို တွေ့ခဲ့ရပါသည်။

၁၉၆၈ ခု၊ နိုဝင်ဘာလထဲတွင် စေတီတော် (၃) ဆူ၏ အရှေ့တောင်စောင်းတစ်လျှောက် တိုင်းတာမှုများ ဆောင်ရွက်နေစဉ် တောင်ခိုးများ အလိပ်လိုက်တက်လာကာ ပတ်ဝန်းကျင်တစ်ခွင်လုံး ဖုံးအုပ်သွားသဖြင့် သီအိုဒိုလိုက်မှန်ပြောင်းပင် ဖတ်၍မရတော့ပါ။ တောင်ခိုးများ လွင့်ပြယ်သွားသည့်တိုင်အောင် စောင့်နေကြရပါသည်။ ကျွန်တော့်အတွက် ကူညီရန် တွဲဖက်ပေးထားသော ကိုလှထွန်း (ဘူမိဗေဒအကူ) နှင့် ကိုဆန်းတင် (ရုံးအကူ) တို့နှင့် ရောက်တတ်ရာရာများ ပြောဆိုနေကြပါသည်။ အချိန်အားဖြင့် နံနက် (၁၀) နာရီခန့်ဖြစ်သည်။ ထိုစဉ် စေတီတော် (၃) ဆူရှိရာဘက် တောင်ခိုးများကြားမှ အလွန်ပင် သာယာလှသည့် ကြေးစည်တီးသံ လွင်လွင်ကို ကြားကြရပါသည်။ ဘုရား





www.burmeseclassic.com

www.burmeseclassic.com

ရှိခိုး အမျှဝေသည့်အခါတီးသည့် ကြေးစည်ငယ်အသံ ဖြစ်ပါသည်။

(၃) ယောက်စလုံး ကြေးစည်သံကြားရာသို့ စူးစိုက်ကြည့်သော်လည်း တောင်ခိုးများကြောင့် ဘာမှမမြင်ရပါ။ ကြေးစည်တီးသံကို (၃)ကြိမ်တိတိ ကြားရသဖြင့် ဘုရားတွင် တစ်ဦးတစ်ယောက်လာ၍ ဘုရားဖူးခြင်းဖြစ်မည်ဆိုကာ စေတီတော်ရှိရာသို့ သွားကြည့်ကြပါသည်။ စေတီရင်ပြင်တော်ပေါ်၌ ကျွန်တော်တို့ (၃) ဦးမှလွဲ၍ မည်သူ့ကိုမျှ မတွေ့ရပါ။ သမ္မာဒေဝနတ်ပေလော၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ပေလောဟု တွေးတောရင်း လုပ်ငန်းခွင်ရှိရာသို့ ပြန်ခဲ့ကြပါသည်။

တောင်ပံ့ရွာတောင်ကြော၏ အရှေ့မြောက်ခြမ်းတွင် စမ်းသပ်လုပ်ကွက်မြောင်းရှည် (Trench) တစ်ခု တူးဖော်စမ်းသပ်ရာ၌ ကြိုးကြပ်ရသော လက်ထောက်စက်မှုအင်/ယာ ကိုသိန်းရွှေသည် စမ်းသပ်မြောင်းရှည် တူးဖော်ရာမှ ပေါ်ထွက်လာသော ကျောက်ပုဆိန်လိုလို၊ ကျောက်မိုးကြိုးသွားလိုလို ထူးဆန်းသည့် ကျောက်ပြားလေးတစ်ခုကို ပလောင်အလုပ်သမားတစ်ဦးက ပေးသဖြင့် ဒါ ကျောက်ခေတ်က အသုံးပြုတဲ့ ပစ္စည်းများလားဟု သာမန်မျှသာ တွေးတော၍ လွယ်ထားသော ကျောပိုးအိတ်အတွင်း ထည့်ထားလိုက်သည်။

လက်ထောက်အင်ဂျင်နီယာ ကိုသိန်းရွှေနှင့် ကိုဘသော်တို့ နှစ်ဦးသည် မိသားစုပါ တောတွင်းသို့ခေါ် လာကြသူများဖြစ်သလို ကိုဘသော်တွင် အသက် (၁)နှစ်အရွယ်မျှသာရှိသေးသည့် သမီးနို့စို့အရွယ်ကလေးရှိ၍ ကိုသိန်းရွှေတွင်လည်း အသက် (၃) နှစ်အရွယ် သမီးလေး ကြည်ဝင်း ပါရှိပါသည်။ ညနေအလုပ်သိမ်းချိန်တွင် ပြန်လာကြသော ကိုသိန်းရွှေတို့ကို သမီးငယ် ကြည်ဝင်းနှင့် ကိုဘသော်၏ဇနီး ကိုသိန်းရွှေ၏ဇနီးတို့က စခန်းချရာတဲဝမှ နေ့စဉ် စောင့်ကြိုစမြဲဖြစ်သလို 'အဖေကြီး- သမီးဖို့ မုန့်ပါလား' ဆိုသည့် သမီးလေးကြည်ဝင်း၏ တီတီတာတာ အသံလေးများကြောင့် ကိုသိန်းရွှေ အမောပြေရသည်။ ကိုဘသော်သည်လည်း ဇနီး နမ္မားသူလေး၏ မျက်နှာတွေ့ရလျှင် အပန်းတွေပျောက်၍ စမ်းရေသောက်ရသလို ဘဝင်ချမ်းမြေ့ရပါသည်။ ဤသည်ကိုကြည့်၍ ပီတိဖြစ်ရသူက ကျွန်တော်ပါ။

ကိုသိန်းရွှေ၏ကျောပိုးအိတ်တွင် ကျောက်မိုးကြိုးသွားလေး ပါလာသည့် ညနေက သမီးလေး ကြည်ဝင်းသည် ယခင်နေ့ကလို တီတီတာတာဖြင့် ကြိုဆိုခြင်းမရှိတော့ရုံသာမက အမေဖြစ်သူ မလှရှင်၏လက်ကို အတင်းတွယ်ဖက်ထားရင်း သရဲကြီး၊ သရဲကြီးဟု ကြောက်လန့်တကြား အော်ပါသည်။ အမေဖြစ်သူ မလှရှင်က-

"ဟဲ့- သမီး နင့်အဖေလေ၊ သရဲမဟုတ်ဘူး"

ဟု ဆိုသည့်တိုင်-

"အဖေ မဟုတ်ဘူး၊ သရဲ"

ဟုပင် ဆိုနေသဖြင့် အမေဖြစ်သူ မလှရှင်က အတင်းပွေ့ချီ ချော့မော့ရပါသည်။

ကိုသိန်းရွှေသည် သမီးလေး ဘာကြောင့် ဤသို့ဖြစ်သည်ကို နားမလည်နိုင်သလို ကျောပိုးအိတ်ထဲ မိုးကြိုးသွားလေး ထည့်ခဲ့သည်ကိုလည်း သတိမရတော့ချေ။ ကျောပိုးအိတ်ကို တဲထောင့်တိုင်တွင် ချိတ်ထားလိုက်သည်။ ညနေထမင်းစားပြီးကြသောအခါ သမီးလေး ကြည်ဝင်းသည် ကိုသိန်းရွှေ၏ပေါင်ပေါ်ထိုင်ရင်း ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ကျောပိုးအိတ်ချိတ်ထားရာ တဲထောင့်သို့ မကြာခဏကြည့်ကာ သရဲကြီးရှိနေတယ်ဟု ဆိုပါသည်။

ကိုသိန်းရွှေသည် ကျောက်မိုးကြိုးသွားလေးကို သတိမရသော်လည်း အလုပ်မှအပြန် လမ်းတွင် ဖြတ်သန်းခဲ့ရသော နတ်စင်တောင်တောအုပ်မှ တစ်စုံတစ်ခုသောလောကသား လိုက်လာလေသလားဟု အတွေးပေါက်ကာ ကျွန်တော်တို့နေသောအဆောင်သို့ ရောက်လာပါ၏။ ကျွန်တော်သည် ညစဉ် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်းတို့ ဆောင်ရွက်သူဖြစ်သောကြောင့် ယခုလို ကလေးများထိတ်လန့်လျှင် ကျွန်တော့်ထံမှပရိတ်ရေလာတောင်းကာ ပရိတ်ရေသောက်စေခြင်း၊ ခေါင်းပေါ် ဆွတ်ပေးခြင်းဖြင့် ကလေးများ အကြောက်ပြေစေပါသည်။

ယခုလည်း ပရိတ်ရေတောင်းရုံမကဘဲ-

"အစ်ကိုပါ ခဏလိုက်ကြည့်ပေးပါ"

ဆိုသောကြောင့် လိုက်သွားရပါသည်။ ကိုသိန်းရွှေ အလုပ်မှအပြန်လမ်းတွင် နတ်စင်တောင်တောအုပ်ကို ဖြတ်သန်းရပါသည်။ တစ်ခါတစ်ရံ တောင်ပံ့ပလောင်ရွာသို့ ညနေပိုင်း သွားရောက်လည်ပတ်သည့်အခါ ကလေးများ ပါလျှင် တောအုပ်အောက်ရှိ နတ်စင်နားဖြတ်ပါက ကလေးများ ကြောက်လန့်သည်ကို ကြုံဖူးပါသည်။ ယခုလည်း သမီးလေးသည် မိမိတဲအိမ်တွင်နေရင်း ကြောက်လန့်နေသည်ဆို၍ စဉ်းစားရခက်နေပါသည်။

ကျွန်တော်ရောက်သွားပြီး ပရိတ်ရေတိုက်ကာ-

"သမီးလေး ဘာမြင်လို့လဲ"

ဟု မေးရပါသည်။

"ဟို- ဖေကြီးလွယ်အိတ်ထဲ သရဲဝင်နေတယ်"

ဟုဆိုရင်း ကျောပိုးအိတ်ရှိရာကို လက်ညှိုးထိုးပြသည်။ ဤတွင်မှ ကိုသိန်းရွှေလည်း သတိရကာ-

"ဟာ - အစ်ကိုကျော်ရေ၊ စမ်းကျင်းတူးတဲ့နေရာကနေ ကျောက်မိုးကြိုးသွားလေးတွေ့လို့ ယူလာတာတော့ ပါသဗျ"

ဟု ဆိုရင်း အိတ်ကိုယူမည်ပြုရာ သမီးလေးက-

"ဖေကြီး မယူနဲ့၊ အဲဒီအထဲ သရဲရှိတယ်"

ဟု ဆိုပြန်ပါသည်။

"ဖြစ်နိုင်တယ် ကိုသိန်းရွှေရေ။ သမီးလေးဟာ ဒါကိုပဲ လန့်နေတာဖြစ်မယ်။ လူကြီးတွေက မမြင်နိုင်ပေမယ့် ကလေးမျက်စိနဲ့ မြင်နိုင်တာတွေ ရှိတယ်။ ဒီပစ္စည်းမျိုးဆိုတာကလည်း သိနားလည်ရခက်တဲ့ ဂမ္ဘီရသဘောတွေ သက်ဝင်နေတတ်တာမို့ အိမ်မှာမထားတာဘဲ ကောင်းပါတယ်ဗျာ"

ဟု ဆိုသော ကျွန်တော်၏စကားအဆုံးတွင် ကိုသိန်းရွှေလည်း ကျောက်မိုးကြိုးသွားဟုထင်ရသော အရာလေးကို ကျောပိုးအိတ်တွင်းမှ နှိုက်ယူ၍ တဲတွင်း၌ အနွေးဓာတ်ရစေရန် ထင်းတုံးကြီးများဖြင့် မပြတ်ဖိုထားသည့် မီးကျီးခဲများ ရဲရဲတောက်နေသော မီးဖိုအတွင်းသို့ 'သွားတော့ကွာ' ဟု ရေရွတ်လျက် ပစ်ထည့်လိုက်ရာ 'ဖောက်၊ ဖြန်း' ဟူသော ပေါက်ကွဲသံနှင့်အတူ မီးခိုးဖြူဖြူအလုံးကြီး လိပ်တက်ကာ တဲအပြင်သို့ ထွက်သွားသည်ကို ထူးဆန်းစွာ မြင်လိုက်ကြရပါသည်။

လောကကြီးတွင် ကျွန်တော်တို့ ဉာဏ်မမီသည့် ဂမ္ဘီရဖြစ်ရပ်ဆန်းတို့သည် မြောက်မြားစွာပင် ရှိပါသေးလား ဟု၍ သိနားလည်ခဲ့ရပါသတည်း။


သပိတ်ကျင်းကျော်ကျော်လွင်

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ရိုးရာ ဂမ္ဘီရဖုန်းရွှေပညာ အမေးအဖြေများ

ဦးအောင်လှိုင်(သုဝဏ္ဏ)




### ကောင်းမပြောသော အိမ်ထောင်ရေးနှင့် ကံကြမ္မာ

ကျွန်တော့်အိမ်ထဲကိုဝင်လိုက်တာနဲ့ မီးဖိုတံခါးကိုမျက်နှာမူထားတဲ့ ကြည့်မှန်ကြီးတစ်ချပ်ကို တွေ့နေရတော့ ဖုန်းရွှေအရ မကောင်းရင် ဘယ်မှာရွှေ့ထားသင့်သလဲ။ နောက်တစ်ခုက မီးဖိုတံခါးရဲ့အပေါ်ဘက်မှာ တရုတ်ရှေးဟောင်းအကြွေစေ့တွေနဲ့ ဓားချိတ်ဆွဲထားတာကိုတွေ့ရမှာမို့ နိမိတ်ကောင်း,မကောင်း သိလိုပါတယ်။ ကျွန်တော့်အမျိုးသမီးက မှန်နဲ့ ဓားကို နေရာရွှေ့ဖို့ သဘောမတူပါဘူး။ ဖုန်းရွှေအရ ထားတာလို့ ပြောပါတယ်။ ကျွန်တော်တို့အိမ်ထောင်ကျတာ (၁၀) နှစ်ကျော်ကြာခဲ့ပေမယ့် အိမ်ထောင်သည်ဘဝမှာ တစ်ခါမှ မပျော်ရွှင်ခဲ့ရပါဘူး။ ဒါကြောင့် ဘယ်လိုပြုပြင်နေထိုင်ရမယ် ဆိုတာကို အကြံပြုပေးစေချင်ပါတယ်။


(မေးမြန်းသူ Alan)

Alan ရေ-

ပထမဆုံးအနေနဲ့ မီးဖိုတံခါးကို မှန်က မျက်နှာမူထားရင် သင်တို့ဇနီးမောင်နှံနှစ်ဦးစလုံးအတွက် လုံးဝထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ချက်ချင်းရွှေ့ဖို့ အသည်အောင် ပြောပြပေးပါ။

ပြီးရင် တံခါးတည်နေရာက ဘယ်ဓာတ်ကို ကိုယ်စားပြုထားတယ်ဆိုတာ လေ့လာပါ။ လိုအပ်ရင် စွမ်းအင်မြှင့်ပေးပါ။

မီးဖိုတံခါး အပေါ်ဘက်မှာရှိတဲ့ ရှေးဟောင်းအကြွေစေ့နဲ့ ဓားကလည်း ကောင်းတဲ့နိမိတ် မဟုတ်ပါဘူး။ ထားချင်ရင် သင့်ရုံးခန်းနောက်ကျောဘက်မှာ ထားပေးပါ။ ပြီးရင် သင်နဲ့ဇနီးသည်တို့ရဲ့ ကွန်ပါတ်အတိုင်း အတိတ်နိမိတ်ကောင်းတဲ့ အရပ်ထောင့်ကို ခေါင်းရင်းပေးပြီး အိပ်ပါ။ ဒါဆိုရင် သိသိသာသာ အဆင်ပြေသွားမှာပါလို့ပြောချင်ပါတယ်။



### အိပ်ရာဘေးမှာ စားပွဲတင်မီးအိမ်ထားရင် အိမ်ထောင်ရေး ထိခိုက်နိုင်ပါသလား

ကျွန်တော် လာမယ့် ဒီဇင်ဘာမှာ လက်ထပ်တော့မှာမို့ အခုလောလောဆယ် အခန်းကို ပြင်ဆင်နေပါတယ်။ ကျွန်တော့်သဘောကတော့ အိပ်ရာရဲ့နောက်ကျောမှာ နံရံကပ်မီးချောင်း (၂) ချောင်း (စာဖတ်လို့ရအောင်) နဲ့ အိပ်ရာရဲ့ဘေးမှာ စားပွဲတင်မီးအိမ်ငယ်တစ်လုံးထားဖို့ စီစဉ်လိုပါတယ်။ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်က အိပ်ရာဘေးမှာ မီးအိမ်ထားရင် အိမ်ထောင်ရေးထိခိုက်တတ်တယ်လို့ဆိုတော့ ကျွန်တော် စိတ်ထင့်သွားပါတယ်။ နောက်ပြီး သူတို့က ပြောသေးတယ်။ မီးချောင်း (၄) ချောင်းထွန်းခဲ့ရင် နိမိတ်မကောင်းဘူးတဲ့။ ဒီတော့ ကျွန်တော့်အနေနဲ့ အမှန်အတိုင်းသိလိုလို့ ကျေးဇူးပြုပြီး ရှင်းပြပေးပါလို့။

(မေးမြန်းသူ Patrick)

Patrick ရှင့်-

ရှင်တို့ပြောကြတဲ့စကားတွေအားလုံးက အဓိပ္ပာယ်မရှိတာတွေချည်းပါပဲ။ ရှင်တို့လို အသစ်စက်စက် မင်္ဂလာစုံတွဲတွေအတွက် အိပ်ခန်းထဲမှာ အနီရောင်မီးအိမ် မရှိမဖြစ်ထားဖို့လိုပါတယ်။ ဒါပေမယ့် မီးအနီပဲ ဖြစ်ဖြစ်၊ အခြားမီးရောင်ပဲ ဖြစ်ဖြစ် အလွန်အကျွံ ထိန်နေအောင်မထွန်းမိဖို့ သတိပေးလိုပါတယ်။ မီးရောင်ကြောင့် ယန်ဓာတ်လွန်ကဲသွားရင် မင်္ဂလာမောင်နှံတွေအတွက် ထိခိုက်နိုင်တယ်လို့ သတိပေး ပြောကြားလိုက်ပါတယ်။

### အချစ်ရေး အောင်မြင်စေဖို့

ကျွန်မအိပ်ခန်းထဲမှာ နှင်းဆီပန်းတွေကိုတွေ့ရင် အလွန်နှစ်သက်တတ်ပါတယ်။ ကျွန်မက မိခင်နဲ့အတူနေတဲ့သူပါ။ ကျွန်မမှာ အရမ်းကိုခင်မင်ရတဲ့မိတ်ဆွေကောင်းတစ်ဦး ရှိပါတယ်။ သူက ကျွန်မလိုပဲ လူလွတ်တစ်ဦးပါ။ အိမ်ကိုတော့ မကြာခဏ အလည်လာနေပေမယ့် ကျွန်မတို့က စုံတွဲတွေ မဟုတ်ပါဘူး။ သူ့ဘက်ကလည်း ကျွန်မကို ချစ်ကြိုက်နေတဲ့ပုံစံ၊ စိတ်ဝင်စားနေတဲ့ပုံစံလုံးဝမပြပါဘူး။ ဒါပေမယ့် သူ့ကို ကျွန်မသဘောကျနေတယ် ဆိုတာကို သိပါတယ်။ ဒါဟာ ကျွန်မအခန်းထဲက နှင်းဆီတွေကြောင့်လား ဆိုပြီး သံသယဝင်မိပါတယ်။ ကျေးဇူးပြု၍ ဖြေကြားပေးစေချင်ပါတယ်ရှင့်။

(မေးမြန်းသူ Mary)

Mary ရေ-

သင့်အခန်းထဲမှာ နှင်းဆီထားတာကို မတားလိုပါဘူး။ ဒါပေမယ့် ဆူးတွေကို ဖယ်ထားဖို့ လိုပါတယ်။ ပြီးရင် အ



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရေးနဲ့ ပတ်သက်တဲ့ ဆက်ဆံရေး ကောင်းဖို့ အိမ်ကို မီးလင်းထိန်အောင် (အထူးသဖြင့်) အနောက်တောင်အရပ်ကို မီးထိန်အောင် ထွန်းထားပေးပါ။ ပြီးရင် ဧည့်ခန်းရဲ့ အနောက်တောင်ဘက် နံရံကို အနီရောင် (သို့) အဝါရောင် တောက်တောက်ဆေးရောင် သုတ်ပေးပါ။ ပြီးရင် ပျော်ရွှင်ခြင်း (၂) ဆ စာလုံး ချိတ်ဆွဲပေးပါ။ ဒါဆိုရင် အချစ်ရေးမှာ မြန်မြန်ဆန်ဆန်နဲ့ အောင်မြင်လာပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါတယ်။

**ကော်ရစ်တာအဆုံးမှာရှိနေတဲ့ အိပ်ခန်း**

ကျွန်တော်ဝယ်လိုက်တဲ့ တိုက်ခန်းမှာ အိပ်ခန်းကျယ်က ကော်ရစ်တာရဲ့ အဆုံးမှာရှိနေပါတယ်။ ကော်ရစ်တာရဲ့ ညာဘက်ခြမ်းမှာတော့ အိပ်ခန်း (၂)ခန်းရယ်၊ ရေချိုးခန်း (၁) ခန်းရယ် ရှိနေပါတယ်။ ဒါကြောင့် ဘာတွေဖြစ်လာနိုင်သလဲ ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

ကော်ရစ်တာရဲ့အဆုံးမှာ ဘာအခန်းပဲဖြစ်ဖြစ်ရှိနေရင် ဖုန်းရွှေအရ နိမိတ်မကောင်းပါဘူး။ တစ်နည်းအားဖြင့် အခန်းရဲ့ဝင်ပေါက်ကို ချိန်ထားတဲ့ အဆိပ်မြားနဲ့ တူနေပါတယ်။

တကယ်လို့ အဆိပ်မြားကို ခုခံကာကွယ်ဖို့ အိမ်အတွင်းကနေ ပါ့ကွာ ချိတ်ဆွဲလိုက်ရင်လည်း အကာအကွယ် သဘောထက် ဘေးဥပဒ်သဘောကို ဖြစ်စေပြန်ပါတယ်။ ဒါကြောင့် အကောင်းဆုံးဖြစ်အောင် ကော်ရစ်တာရှိတဲ့ဘက် နံရံမှာ ကြည့်မှန်ချိတ်ဆွဲပေးပါ။ ဒါမှမဟုတ် သလင်းကျောက်တွဲနဲ့ မီးထွန်းပေးလိုက်ရင်လည်း မကောင်းတဲ့ချီစတ်တွေကို တန်ပြန်ခုခံနိုင်ပါတယ်လို့ ဖြေကြားလိုက်ပါတယ်။

**သလင်းကျောက်ထားမလား။ ဝါးပလွေထားမလား**

ကျွန်မတို့ရဲ့အိပ်ခန်းက မျက်နှာကြက်တစောင်းရှိနေတဲ့နေရာမှာ ကျနေပါတယ်။ အိပ်ရာကတော့ တစောင်းဖြစ်တဲ့ မျက်နှာကြက်အောက်တည့်တည့်မှာ မရှိပါဘူး။ ကျွန်မအခန်းရဲ့အလယ်တည့်တည့်မှာ သလင်းကျောက်တုံးလေးတစ်ခု ချိတ်ဆွဲထားလိုက်ပါတယ်။ သလင်းကျောက်က မကောင်းတဲ့ Shar chi (ရှာချီ) စတ်ကို ဖယ်ရှားပေးလို့ပါ။ အဲဒီနေရာမှာ သလင်းကျောက်အစား ဝါးပလွေကို ထားပေးနိုင်လား ဆိုတာ သိချင်ပါတယ်။

(မေးမြန်းသူ Esther)

Esther ရေ-

အခန်းရဲ့မျက်နှာကြက် တစောင်းဖြစ်နေရင်တော့ သလင်းကျောက်ထားထား၊ ဝါးပလွေထားထား ဘာမှ ထိရောက်မှု မရှိပါဘူး။ အကောင်းဆုံးကတော့ မျက်နှာကြက်စောင်းနေတဲ့နေရာတည့်တည့်မှာ မီးထွန်းပေးလိုက်ပါလို့ ပြောပါရစေ။

**အိပ်ခန်းအတွင်း မြင်းရုပ်ဖြင့် အလှဆင်ခြင်း**

မြင်းရုပ်တွေက အိပ်ခန်းထဲမှာ ထားကောင်းပါသလား။ ကျေးဇူးပြု၍ ဖြေကြားပေးပါ။

(မေးမြန်းသူ Cheng Siang)

Cheng Siang ရှင့်-

မြင်းရုပ်ကို (၆) ကောင် မထားကောင်းပါဘူး။ မြင်းရုပ်တွေကို ဧည့်ခန်းရဲ့တောင်ဘက်အရပ်မှာသာ ထားရပါမယ်။ နောက်ပြီး မြင်းရုပ်တွေကို အိပ်ခန်းအတွင်း သင့်အိပ်ရာအပေါ်ဘက်မှာ မထားကောင်းပါဘူး။ (အထူးသဖြင့် ခွာမြှောက်ပြီးပြေးနေတဲ့) ပုံရှိရင် သင့်ကိုနင်းခြေပြီး ကျော်လွှားသွားမယ့် နိမိတ်ကို ဖြစ်စေပါတယ်။ ဒါကြောင့် ဧည့်ခန်းရဲ့တောင်ဘက်မှာသာ ထားသင့်ပြီး အိပ်ခန်းထဲမှာထားခဲ့ရင် ဂရုတစိုက်ရှိပေးဖို့ သတိပေးလိုက်ပါတယ်။

**အိပ်ခန်းအတွင်း အနီ၊ အပြာရောင် ထပ်တစ်ရာပန်းထားရှိခြင်း**

ကျွန်တော့်အိပ်ခန်းထဲမှာ အနီ (သို့) အပြာရောင်ရှိတဲ့ ထပ်တစ်ရာပန်းနဲ့ လိပ်ပြာမောင်နှံပန်းချီကားပုံ ထားသင့်ပါသလား။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

အနီ၊ အပြာရောင်ရှိတဲ့ ထပ်တစ်ရာပန်းတွေကို အိမ်ထောင်ပြုလို့ရတဲ့အရွယ်ရောက်နေတဲ့ မိန်းမပျိုတွေရဲ့အခန်းမှာထားရင် အကောင်းဆုံးပါ။ တကယ်လို့ အိပ်ခန်းပိုင်ရှင်က ငယ်ရွယ်လွန်းသေးတယ်ဆိုရင်တော့ မထားသင့်ပါဘူးလို့ အကြံပေးလိုက်ပါတယ်။

**မိသားစုဓာတ်ပုံ စီစဉ်ထားရှိခြင်း**

ကျွန်မတို့ရဲ့ မိသားစုဝင် (၅) ဦး ဓာတ်ပုံကို အကြီး-အငယ် အစီအစဉ်ကျအောင် ဖခင်ပုံကို အပေါ်ဆုံးမှာထားပြီး ကျန်မိသားစုဝင်တွေကို တြိဂံပုံအတိုင်း စီစဉ်ထားရင် ကောင်းပါသလား။

(မေးမြန်းသူ Cheryl)

Cheryl ရှင့်-

တြိဂံပုံအတိုင်း စီစဉ်ထားတာ တအားကောင်းပါတယ်။ တြိဂံပုံ ဆိုတာ မီးဓာတ်ကို ကိုယ်စားပြုပြီးတော့ မြေဓာတ်ကို မွေးဖွားပေးတယ်။ သင်တို့က မိသားစုဝင် (၅) ဦး ဆိုတော့ အဲဒီ (၅) ဂဏန်းက မြေဓာတ်ကိုကိုယ်စားပြုနေပြန်ပါတယ်။ ဒါကြောင့် မိသားစုဝင်တွေအတွင်းမှာ ဓာတ်တွေ မျှတနေတာမို့လို့ တြိဂံပုံ စီစဉ်တာ အကောင်းဆုံးပါလို့ ထောက်ခံလိုက်ပါတယ်။

**စာကြည့်စားပွဲနှင့် တိုက်ရိုက်တန်းနေသည့် စာအုပ်စင်**

ကျွန်မသမီးရဲ့ စာကြည့်စားပွဲနဲ့ စာအုပ်စင် တိုက်ရိုက်တန်းနေလို့ ဖုန်းရွှေအရ နိမိတ်မကောင်းတာကို ဘယ်လိုကာကွယ်ရမလဲ။

(မေးမြန်းသူ - စိုးရိမ်သူမိခင် Jackie)

Jackie ရှင့်-

သမီးဖြစ်သူရဲ့ စာကြည့်စားပွဲနဲ့ တန်းနေတဲ့စာအုပ်စင်ကို အမြန်ဆုံးဖယ်ရှားပစ်ပါ။ တကယ်လို့ စာအုပ်စင်ကို မဖယ်ရှားဘဲနဲ့ ဆည်းလည်းတပ်တာတို့ သလင်းကျောက် ချိတ်ဆွဲတာတို့ လုပ်ရင်လည်း လုံးဝ စိတ်မချရပါဘူး။ စာအုပ်စင်ရဲ့ အနားစောင်းတွေက အဆိပ်မြားအမိပ္ပာယ် လုံးဝ သက်ရောက်နေပါတယ်။ ဒါကြောင့် လုံးဝဖယ်ရှားပစ်လိုက်တာ အကောင်းဆုံးပါလို့ သတိပေးလိုက်ပါတယ်။

**အရှေ့တံခါးဝတွင် လှေကားရှည်ရှိနေခြင်း**

ကျွန်မမိဘအိမ်ရဲ့ အရှေ့တံခါးဝမှာ လှေကားရှည်တစ်ခု ခံနေ၍ ဖုန်းရွှေအရ ဘာတွေဖြစ်နိုင်ပါသလဲ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

...ချိတ် ရှင်းပြပေးပါ။

(မေးမြန်းသူ - စိတ်ပူနေသော သမီးဖြစ်သူ)

**စိတ်ပူနေသောသမီးဖြစ်သူရှင့်-**

အဲဒီလှေကားက အဆိပ်မြားတွေ ...ရှေ့ရှားပြည် ဇာဘုရင်လက်ထက် ...အကြောင်းမှာ မိသားစုတစ်ခုလုံး အ...အပြုံလိုက် သတ်ဖြတ်ခံရတာ ရှိ...တယ်။ လေ့လာကြည့်တော့ သူတို့ ...ရှေ့တံခါးဝမှာ လှေကားရှည်တစ်ခု ...ခဲ့လို့ပဲ။ ဒါကြောင့် သင့်မိဘတွေကို ...ပြောင်းခိုင်းလိုက်ပါ။ ဒါမှမဟုတ် ...ရှေ့တံခါးကို နေရာပြောင်း ဖောက်...ပါ။ ဒါဆိုရင် အဆင်ပြေသွားမှာပါ...လို့ အကြံပေးလိုက်ပါတယ်။

**...ပေါ်ဘက်တွင် မှန်ရှိခြင်း**

မီးဖိုရဲ့အပေါ်ဘက်မှာ မှန်ထား...ရင် စီးပွားတက်တယ်လို့ဖတ်ဖူးလို့ လိုက်...ကြည့်ခဲ့ပါတယ်။ တကယ်လည်း စီး...(အရင်ကထက်)တဖြည်းဖြည်းတက်...ပါတယ်။ ဒါပေမယ့် ခေတ်သစ်ဖုန်း...အုပ်တွေမှာ အဲဒါဟာ အန္တရာယ်...တယ်လို့ ရေးသားထားပါတယ်။ ဒါ...ကြောင့် ဉာဏ်ရှင်းအောင် ရှင်းပြပေးပါ။

(မေးမြန်းသူ Anonymous)

**Anonymous ရှင့်-**

မီးဖိုအနီးမှာ (သို့) မီးဖိုအထက်...မှာ မှန်ထားရင် အမှန်တကယ်ပဲ ...ရာယ်များလွန်းပါတယ်။ မှန်ကိုထား...ရင် မိသားစု ထမင်းစားခန်းမှာသာ ...တိတ်နိမိတ်ကောင်းရဖို့အတွက် ထား...ပါတယ်။ တကယ်လို့ မီးဖိုအပေါ် နား...မှာ မှန်ထားခဲ့ရင်(အထူးသဖြင့်) ကလေး...တွေအတွက် ဘေးဥပဒ်ဖြစ်နိုင်တာ...ယ်၊ အိမ်မီးလောင်နိုင်တာရယ်ကြောင့် ...ဆုံး ဖယ်ထားလိုက်တာ ကောင်း...တယ်လို့ သတိပေးလိုက်ပါတယ်။

**...အမြန်ရောင်းလိုသူ**

ကျွန်တော် အိမ်အမြန်ရောင်းချင် ...အိမ်ထဲမှာ ဘာတွေထားရမလဲ, ဒါ...မဟုတ် ဘာတွေ ထုတ်ပစ်ရမလဲ ဆို...ရယ်၊ အိမ်ကို အကာအကွယ်အဖြစ် ...ရဲ့အပြင်ဘက် အရှေ့တောင်အရပ် ...အနောက်အရပ်တို့မှာ ပါ့ကွာတစ်ခုစီ ...ထားတာ မှန်ရဲ့လား ဆိုတာကို ဖြေ ...ကြားပေးစေလိုပါတယ်။

(မေးမြန်းသူ Anonymous)

**Anonymous ရှင့်-**

သင့်အိမ်ရဲ့ပြင်ပဘက်မှာ ပါ့ကွာ (၂) ခုတောင် တပ်ထားတာ ဆိုတော့ လူတွေကို အဝေးရောက်အောင် တွန်းထုတ်နေသလိုပါပဲ။ ဒီတော့ ပါ့ကွာတွေကိုဖယ်ရှားပစ်ပြီး အိမ်ရဲ့အနောက်ဘက်မှာ မီးရောင်ထိန်ထိန်ထွန်းပေးလိုက်ပါ။ ဒါဆိုရင် အိမ်အရောင်းထွက်ဖို့ သေချာသွားပါပြီလို့ ဖြေကြားလိုက်ပါတယ်။

**ဖုန်းရွှေဖြစ်သောအရောင်များ**

ကျွန်တော်တို့နေမယ့်တိုက်ခန်းကို အသစ်ပြန်ပြင်နေပါတယ်။ တံခါးကို အမည်းရောင်သုတ်ဖို့ စီစဉ်နေပါတယ်။ အမည်းရောင်က ဖုန်းရွှေအရ ဘယ်လို အဓိပ္ပာယ်ရှိပါသလဲ။ ကောင်းသလား၊ ဆိုးသလား ဆိုတာ ရှင်းပြပေးစေလိုပါတယ်။ တကယ်လို့ မကောင်းခဲ့ရင် ဘယ်အရောင်က နိမိတ်ကောင်းပါသလဲ။ အစိမ်းဆိုရင်ကော ကောင်းမလား။ အစိမ်းရောင်ကွဲတွေကလည်း များနေတော့ သံလွင်စိမ်း၊ ဒါမှမဟုတ် ပင်စိမ်းရောင်အစိမ်း ဘယ်ဟာရွေးရမလဲ ဆိုတာ သိလိုပါတယ်ခင်ဗျာ။

(မေးမြန်းသူ John)

**မစ္စတာ John ရှင့်-**

အမည်းရောင်ဆိုတာ ဘယ်တော့မှ မကောင်းတဲ့အရောင်လို့ ဖုန်းရွှေက ဆိုပါတယ်။ အမည်းရောင်ပါတဲ့ ဘယ်ဟာကိုကြည့်ကြည့် ကောင်းတာမရှိဘူး ဆိုတာ သင် လေ့လာကြည့်ရင် တွေ့ပါလိမ့်မယ်။ စီးပွားတက်ဖို့အတွက် အနီ၊ အဖြူ၊ အစိမ်းရောင်တွေ ကောင်းတဲ့အထဲက အနီရောင်ကတော့ အကောင်းဆုံးပါပဲလို့ ရွေးချယ်ပေးလိုက်ပါတယ်။

**ကားဂိုဒေါင်နဲ့ အထက် - အောက်ကျနေသည့်အခန်း**

ကျွန်တော်က ကားဂိုဒေါင်ရဲ့အပေါ်တည့်တည့်မှာရှိတဲ့တိုက်ခန်းမှာ နေပါတယ်။ ပြီးတော့ ရေချိုးခန်းက ဝင်ပေါက်တံခါးအနီးမှာ ရှိနေပါတယ်။ ကျွန်တော်နေတဲ့တိုက်ခန်းက သေးငယ်ကျဉ်းမြောင်းနေလို့ ဘယ်လိုအစီအရင် လုပ်သင့်လဲ ဆိုတာ ဖြေကြားပေးစေလိုပါတယ်။

(မေးမြန်းသူ Marrizio)

**Marrizio ရှင့်-**

ကားဂိုဒေါင်ရဲ့အပေါ်ဘက်ကျတဲ့နေရာမှာ နေရတာ (ဖုန်းရွှေအရ) တော့ မကောင်းပါဘူး။ ဒါပေမယ့် ဂိုဒေါင်ထဲမှာ ကားအချိန်ပြည့်ရှိမနေဘူး ဆိုရင် တောင်တန်းပန်းချီကားကို ဂိုဒေါင်ထဲမှာ သွားချိတ်ပေးလိုက်ပါ။ တောင်က မြေ ဓာတ်ကို အားဖြည့်ပေးလို့ ဂိုဒေါင်က ဟာလာဟင်းလင်းအဓိပ္ပာယ် (လေဟာနယ်အဓိပ္ပာယ်) မရှိတော့ဘူးပေါ့။ ရေချိုးခန်းအတွက်ကတော့ အိမ်ကို မထိခိုက်အောင် ငုံးအခန်းအနီး ကျောက်သားပန်းပုရုပ်တစ်ခု ချထားပေးလိုက်ပါ။ ဒါဆိုရင် မကောင်းတဲ့ချီဓာတ်တွေ ထွက်မလာနိုင်တော့ပါဘူးလို့ ဖြေကြားလိုက်ပါရစေ။

**နဂါးရုပ်ပါတဲ့ ရွှေလက်စွပ်ကို ဘယ်လက်ချောင်းမှာ စွပ်ရမှာလဲ**

(မေးမြန်းသူ Anonymous)

**Anonymous ရှင့်-**

နဂါးရုပ်ပါတဲ့ ရွှေလက်စွပ်ကို စာရေးတဲ့လက် ဘယ်လက်ချောင်းမှာမဆို ဝတ်ထားနိုင်ပါတယ်။ လိုအပ်တဲ့ ယန်ဓာတ်ကို မြှင့်တင်ပေးနိုင်ပါတယ်။

**ဖုန်းရွှေနှင့်ကား**

အိမ်ကိုသာမက ကားကိုပါ ဖုန်းရွှေနည်းနဲ့ အစီအရင်လုပ်ပေးနိုင်ပါသလား။

(မေးမြန်းသူ Jerry)

**Jerry ရှင့်-**

တကယ်လို့ သင့်ကိုယ်စားပြုဓာတ်က သစ်သားဖြစ်နေရင် ငွေရောင်ကားကိုဝယ်မစီးပါနဲ့။ ငွေက သတ္တုကို ကိုယ်စားပြုလို့ သတ္တုက သစ်သားကို ဖျက်ဆီး (စား) သွားပါလိမ့်မယ်။ ဒါကြောင့် ရေကိုကိုယ်စားပြုတဲ့ အပြာရောင်ကားကိုစီးပါ။ ရေက သစ်သားကို စွမ်းအင်မြှင့်ပေးပါလိမ့်မယ်။

ကားနံပါတ်နဲ့ ပတ်သက်ရင် အကောင်းဆုံးဂဏန်းတွေက 8,6,9 ပါ။ တကယ်လို့ 2,3 ဂဏန်းတွေတွဲပြီးပါလာရင် မကောင်းတဲ့နိမိတ်ပါ။

ကားအမျိုးအစားနဲ့ ပတ်သက်ရင်တော့ မာစီဒီးက အကောင်းဆုံးပါလို့ အဖြေပေးလိုက်ပါတယ်။

ဦးအောင်လှိုင်(သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com



အေဒီ ၁၄၈၀ ပြည့်နှစ်တွင် ဓမ္မစေတီမင်း ရေးထိုးခဲ့သည့် ကလျာဏီကျောက်စာတွင်လည်း 'ရှင်သောဏနှင့် ဥတ္တရထေရ် နှစ်ပါးအပါအဝင် မထေရ်ငါးပါး သုဝဏ္ဏဘူမိသို့ သာသနာပြုရန် ကြွရောက်လာ၏။ သုဝဏ္ဏဘူမိ မွန်ဘုရင်က ရဟန်းတော်များကို မြို့တွင်းသို့ပင့်ဖိတ်ပြီး ကောင်းစွာထားတော်မူ၏' စသည်ဖြင့် ရေးထိုးခဲ့၏။ အခြားရဟန်းတော်သုံးပါးမှာ ရှင်အနုရုဒ္ဓ၊ ရှင်သောမယ၊ ရှင်ကိသံဘရတ္တတို့ ဖြစ်ကြ၏။ သည့်ကြောင့် သုဝဏ္ဏဘူမိ ဟူသော ဝေါဟာရကို ကလျာဏီကျောက်စာတွင် အစောဆုံး တွေ့ရ၏။

ထိုစဉ်က သုဝဏ္ဏဘူမိဘုရင်မှာ



www.burmeseclassic.com

www.burmeseclassic.com

သထုံမင်းဆက် ကိုးဆက်မြောက် အသောကဓမ္မရာဇာ(သီရိမာသောက) ဖြစ်၏၊ မိဖုရားကား သုမမ္မာဒေဝီ ဖြစ်၏။

ထိုသုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုမထေရ်များကြွရောက်စဉ် ထိုတိုင်း၏ မြို့တော်မှာ ကေလာသတောင်၏အနောက်တောင်ဘက် သမုဒ္ဒရာအနီးတွင် ရှိ၏၊ မြို့၏အကျယ်အဝန်းကား အရှေ့-အနောက် တာပေါင်း (၁၀၀၀)သာရှိ၏။ ဖိုးခလွန်းတောင်ခြေရင်း၌ တည်ထားသောကြောင့် 'ချင်ဒ်ုခလောန်' (ဒုံဒိုးခလွန်း) ဟု ခေါ်၏။ 'ချင်' မှာ မြို့ ဖြစ်၍ 'ခလောန်'သည် ချောင်၊ လျှိုမြောင်ကိုပြော၏။ သည့်ကြောင့် ဒုံဒိုးခလွန်းသည် လျှိုမြောင်ပေါ်သော အရပ်တွင် တည်ထားသောမြို့ ဖြစ်သည်။ ကလျာဏီ ကျောက်စာတွင် တိုက်ကုလားကို ဂုဋ္ဌ မတ္တိကနဂရဟု ခေါ်၏။ တင်လဲ၊ ဆန်း လျက်၊ ကြံသကာချက်သည့်မြေအိမ်များသောမြို့။ တစ်နည်းအားဖြင့်

တ င လ ၊ ကြံသကာချက်သောမြေအိမ်နှင့်တူသည့်မြို့ဟု အဓိပ္ပာယ်ရ၏။ ဒိုးခလွန်၊ ဂုဋ္ဌမတ္တိက၊ ဂုဋ္ဌမတ္တိကမှ တိုက်ကုလား ဖြစ်လာ၏။

ယင်း တိုက်ကုလားသည် ပထမ တိုက်ကုလား ဖြစ်၏။ ပထမ တိုက်ကုလား ထွန်းကားပြီးနောက် ရာဇာဓောဝေမင်း မြို့သစ်တစ်ခုတည်ပြန်၏။ ယင်းမြို့ကို မရိဿဘူမိ သုဓမ္မဝတီဟု ခေါ်၏။ ယင်းမြို့သည် ရွှေလောင်းအင်းအနားတွင် တည်ရှိ၏။ သို့သော် အနာရောဂါထူပြောလာသဖြင့် (၁၂) နှစ်ခန့်အကြာ ၃၃၆ ဘီစီတွင် ကေလာသတောင် အနောက်တောင်ထောင့်နေရာ၌ မြို့သစ်တစ်ခု တည်ပြန်၏။ မြို့ကို တောင်စောင်းတစ်ဝက်၊ မြေညီတစ်ဝက်တွင် တည်ထား၏။ မြို့၏အကျယ်အဝန်းမှာ အလျား တောင်-မြောက် တာ ၇၈၀ (၂၆၂၅ ကိုက်) ရှိ၍ အနံ အရှေ့-အနောက် တာ ၅၀၀ (၁၇၅၈ ကိုက်) ရှိ၏။ ထိုမြို့သည် တိဿဓမ္မရာဇာမင်း လက်ထက် တည်ခဲ့သော သုဓမ္မဝတီနှင့် တောတောင်၊ မြစ်ချောင်း၊ မြေပြင်အနေအထားကအစ တူ၏။ ထို့ကြောင့် ထိုမြို့ကို သုဝဏ္ဏဘူမိဝတီဟု သမုတ်၏၊ ၃၃၅ ဘီစီတွင် မြို့တည်ထောင်ပြီးစီး၏။ ယင်းမြို့ကို ဒုတိယ တိုက်ကုလားဟု ဆိုနိုင်၏။ ပထမ တိုက်ကုလား၏ အရှေ့တောင်ဘက်တွင် တည်ရှိ၏။

တိုက်ကုလားကို အေဒီ ၃ ရာစုခန့်က ရေးသားပြုစုခဲ့သည့် တရုတ်မှတ်တမ်းတွင် ကြီးကျယ်ထင်ရှားသော မွန်ဆိပ်ကမ်းမြို့ဟု ဖော်ပြခဲ့၏။ ဆိပ်ကမ်းမြို့အမည်ကို 'မိချဲန်' ဟု ရေးသားခဲ့၏။ မိချဲန်ကို Pi-Cheien ရှေးဟောင်းအသံထွက် Ji-Kian ဟု အသံလှယ်၍ ခရစ် ၈ ရာစု၊ ၉ ရာစု တရုတ်သမိုင်းမှတ်တမ်းများတွင် (ရှေးဟောင်းအသံထွက် မိဇီယမ် mjieziem ) အသံလှယ်ထား၏။

ထိုဆိပ်ကမ်းမြို့ကြီးသည် ခရစ်မပေါ်မီမှစ၍ ခရစ်နှစ် ၈ ရာစု၊ ၉ ရာစု အထိ မွန်တို့၏အချက်အချာဒေသဖြစ်ခဲ့၏။ ယင်းဆိပ်ကမ်းမြို့ကို အိန္ဒိယတောပိုင်း ပင်လယ်ခရီးသွားများက ဝေသုင်္ဂ (Vesunga) ဟုခေါ်ခဲ့ကြ၏။ ထို့ကြောင့် ဂရိပထဝီပညာရှင် တော်လမီ(Ptolemy) က ထိုဒေသကို ဗေသိင်္ဂ(Besynga)ဟု အသံလှယ်ခဲ့၏။ ဝေ (Ve) နှင့် Be သည် မွန်ဘာသာ လဝီရ်နှင့် ဝိ (Lbir နှင့် bi) ကို အသံလှယ်ထားခြင်းဖြစ်၍ သုင်္ဂ (Sunga) နှင့် သိင်္ဂ (Synga) သည် မွန်စကား 'စိင်' ကို အသံလှယ်ထားခြင်းဖြစ်၏။ တစ်နည်းအားဖြင့် အိန္ဒိယအခေါ် ဝေသုင်္ဂသည် မွန်ဘာသာ လဝိရ်စိင် (Ibri-cin) ကို အိန္ဒိယဆန်ဆန် အသံလှယ်ထား၍ တော်လမီ၏ပထဝီဝင်



သုဝဏ္ဏဘူမိ၏တည်နေရာ (၃)

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းလာ (Besynga) သည် အိန္ဒိယ ခေါ် ဝေသုဂ်ကို ဂရိလက်တင်ဘာသာ ဆန်ဆန် အသံလှယ်ထားခြင်း ဖြစ်၏။

ပါရှားသမိုင်းမှတ်တမ်း၌မူ မိချန်ကို mu-sa/mu-cha ဟု ရေးသားဖော်ပြခဲ့၏။ ပါရှားအခေါ်သည် တရုတ်အခေါ် mjie-zien နှင့် အတော်နီးစပ်သည်ကို တွေ့ရှိရ၏။

ခရစ်နှစ် ၁ ရာစုနှစ် မတိုင်မီက တော်လမီသည် မုတ္တမပင်လယ်ကွေ့တွင် တည်ရှိသော လဝိရ်စိင်ဆိပ်ကမ်းမြို့ကို သိခဲ့ကြောင်း ထောက်ရှု၍ ခရစ်မပေါ်မီကပင် အိန္ဒိယတောင်ပိုင်း ပင်လယ်ခရီးသွားသူများသည် လဝိရ်စိင် မွန်ဆိပ်ကမ်းမြို့ကို 'ဝေသုဂ်' ဟု ခေါ်တွင်နေပြီ ဖြစ်၏။

ဝေသုဂ် ဟူသော ဆိပ်ကမ်းမြို့အမည်ကို ခရစ်နှစ် ၂ ရာစု သို့မဟုတ် ၃ ရာစုတွင်ပြုစုပြီးခဲ့သော ပါဠိကျမ်းဂန် မဟာနိဒ္ဒေသတွင်သာ တွေ့ရ၏။ သို့သော် ခရစ်မပေါ်မီကပင် ရေလမ်းကုန်သွယ်ရေးနှင့်ပတ်သက်၍ အိန္ဒိယတောင်ပိုင်းသားတို့သည် ထိုဆိပ်ကမ်းမြို့အမည်ကို သိရှိနေကြပြီ ဖြစ်၏။ ထို့အတူ လဝိရ်စိင် (Ibri-cin) ခေါ် မိချန်မွန်ဆိပ်ကမ်းမြို့သည်လည်း ခရစ်မပေါ်မီအခါကပင် ထင်ရှားသော ရေလမ်းကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်နေပေပြီ။

အမှန်စင်စစ် pi-chen (ဝါ) mi-chen (မိချန်) ကား အခြား မဟုတ်ပေ၊ ကျိုက်ထိုမြို့ အနောက်ဘက် (၅) မိုင်အကွာ အရက်သမနှင့် ဝင်းကလျာ နှစ်ရွာအကြားရှိ တိုက်ကုလားပင် ဖြစ်၏။

သုဝဏ္ဏဘူမိတိုင်းသို့ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ကြွရောက်စဉ်က ထိုတိုင်း၏မြို့တော်မှာ ဒုံဒိုးခလွန်း၊ ဂုဠမတ္တိကနဂရသည် တိုက်ကုလားဖြစ်ကြောင်း ဆိုခဲ့ပြီ။ ယင်းတိုက်ကုလားသည် ပထမတိုက်ကုလား ဖြစ်၏။

အတိအကျဆိုရသော် ပထမတိုက်ကုလားသည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉ ဒီဂရီ ၅ မိနစ် ယခု အရက်သည်မရွာနေရာတွင် တည်ရှိ၏။ ဒုတိယတိုက်ကုလားက မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၆ မိနစ် ဝင်းကလျာ၊ ကျောက်လုံးကြီးရွာတို့တွင် တည်ရှိ၏။ ထိုဒေသများသည် ရှင်သောဏနှင့် ဥတ္တရထေရ်တို့ သာသနာပြု ကြွရောက်ခဲ့ကြသော သုဝဏ္ဏဘူမိပင်ဖြစ်၏။ အသောကနိုင်ငံတော်နှင့်သာသနာပြု(၉)ဌာန၊ ကျောက်စာကျောက်တိုင်ဌာနများ မြေပုံတွင် သုဓမ္မပူရ (သထုံ) ကို သုဝဏ္ဏဘူမိဟု အတိအလင်း ဖော်ပြထား၏။

မြန်မာမှတ်တမ်းများတွင် သုဝဏ္ဏဘူမိတိုင်းသည် မြန်မာပြည်အောက်ပိုင်း ရှေးရာမညခေါ်သော တိုင်းနိုင်ငံဖြစ်ကြောင်း၊ မြို့တော်မှာလည်း ရှေးက သုဓမ္မဘူရခေါ်သော သဓုမ်-သထုမ် ဖြစ်ကြောင်းမှတ်တမ်းတင်ခဲ့၏။ ထိုမှ သထုံ ဖြစ်လာဟန် ရှိ၏။ သထုံ ဟူသော ဝေါဟာရသည် အေဒီ ၃ ရာစုကတည်းက ပေါ်ပေါက်နေသော ဝေါဟာရ ဖြစ်ဟန်ရှိ၏။ ခမာဘုရင် ဖန်ရှီမင်၏ အေဒီ ၃ ရာစု ခမာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ မြေပုံတွင် ယခုလက်ရှိ သထုံနေရာ၌ Thaton ဟုပင် ဖော်ပြထား၏။

ရှင်သောဏနှင့် ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိ (ရာမည) ရောက်ရှိကြောင်း အထောက်အထားကား ရေဘီလူးကို မထေရ်နှစ်ပါး မနုဿီဟရုပ် ဖန်ဆင်း၍ နှိမ်နင်းပြီးနောက် မွေးဖွားလာသော မင်းညီမင်းသားများအား သောဏ၊ ဥတ္တရ စသည် အမည်မှည့်ကြ၏။ ကျန်ကလေးသူငယ်များ ရေဘီလူးရန်မှကာကွယ်ရန် ထန်းရွက်၊ ပေရွက်ပေါ်၌ မထေရ်များ ရေးဆွဲပေးသော မနုဿီဟပုံကို ဆောင်ထားကြ၏။ ပြည်သူများကလည်း သုဓမ္မပူရမြို့အနီးတွင် ကြီးမားသော မနုဿီဟရုပ်တစ်ခုကို ပြုလုပ်ထား၏။ ယင်းရုပ်တုသည် ယခုတိုင်ရှိသေးသည်ဟု ဆို၏။ ထို့အပြင် ယင်းမထေရ်နှစ်ပါး သီတင်းသုံးခဲ့သည့် ကျောင်းတော်ရာ၊ ရဟန္တာရုပ်တုတော်နှစ်ဆူ၊ ရဟန္တာခြေတော်ရာ၊ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံတောင်တို့သည် ယခုတိုင် သထုံမြို့ အနီးအနားဝန်းကျင်တွင် ရှိနေသေး၏။ *(ဦးအာလောက၊ သာသနာ့ဝင်ကျမ်း)*။ မြို့၏အစွန်အဖျားတွင် သီတင်းသုံးနေကြသည့် မထေရ်များအား ပြည်သူတို့က လေးစားကြည်ညိုကြသဖြင့် အယဿမာ - အရှင်ကောင်းအရှင်မြတ်ဟု ခေါ်ဆိုကြ၏။ နောင်အခါ ယင်းနေရာသည် အယဿမာမှ အရက်သည်မ တွင်လာ၏။ *(ဦးမြင့်၊ မုတ္တံမြို့ ကန်ကြီးဘုရားသမိုင်း)*။ ကုသိနာရုံတောင်ခြေမှ အရှေ့ဘက်ကုန်းရိုး ခရီးလမ်းတွင် သက်နီးလှမ်းစေတီ (၂) ဆူ ကျောင်းတိုက်နှင့် မာလိကာစေတီ (၁) ဆူ၊ ရေချိုးဆိပ်စေတီ (၁) ဆူ ရှိ၏။ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ရေချိုးသည့် နေရာတွင် တည်ထားသဖြင့် ရေချိုးဆိပ်စေတီဟုခေါ်၏။ ကုလားကျောင်းခံ အရိုးအိုးစေတီနှင့် တူ၏။ ရဟန္တာနှစ်ပါး သက်နီးလှန်းသည့်နေရာတွင် တည်ထားသည့်စေတီကို 'သက်နီးလှမ်းစေတီ' ဟု ခေါ်၏။ ကျောင်းတိုက်နှင့် မာလိကာစေတီမှာ ရဟန္တာနှစ်ပါး ပရိနိဗ္ဗာန်စံစဉ်က မာလိကာတန်ဆာကို ပူဇော်ခဲ့၏။ ယင်းနောက် မာလိကာတန်ဆာကို ဌာပနာပြီး စေတီတည်ထား ကိုးကွယ်သဖြင့် 'မာလိကာစေတီ' ဟု ခေါ်၏။ *(မှော်ဘီဆရာသိန်း၊ ဘုရားသမိုင်းပေါင်းချုပ်)*။ သည့်ကြောင့် သထုံအနီးအနားဝန်းကျင်တွင် မထေရ်နှစ်ပါးနှင့်ပတ်သက်၍ အထောက်အထား အတော်အတန် ခိုင်ခိုင်လုံလုံရှိသည်ဟု ဆိုနိုင်၏။



ရာမညဒေသ သုဝဏ္ဏဘူမိတွင် ရှင်သောဏနှင့် ဥတ္တရထေရ်တို့မှ ဆင်းသက်လာသည့် ဆရာစဉ် (၁၀) ဆက်ရှိ၏။ ယင်း (၁၀) ဆက်ကား-


၁။ ရှင်သောဏ၊ ရှင်ဥတ္တရ
၂။ ရှင်ဘောဘိတ၊
၃။ ရှင်သောမဒတ္တ၊
၄။ ရှင်သုမနတိဿ၊
၅။ ရှင်သောဘာက၊
၆။ ဒုတိယရှင်သောမဒတ္တ၊
၇။ ရှင်အနောမဒဿီ၊
၈။ ရှင်အမိသီလ၊
၉။ ရှင်ဗျာနဒဿီ၊
၁၀။ ရှင်သီလဗုဒ္ဓိနှင့် ရှင်မဟာကာလ စသည်တို့ ဖြစ်ကြ၏။

ယင်းမဟာထေရ်များသည် သာသနာနှစ် ၁၆၀၀၊ မနူဟာမင်းလက်ထက် မင်းဆက် (၁၀) ဆက်တိုင်အောင် သထုံတွင် သာသနာပြုခဲ့ကြ၏။ ယင်း (၁၀) ဆက်အနက် အရှင်အနောမဒဿီလ



www.burmeseclassic.com

www.burmeseclassic.com



ထက် ရှင်မဟာဗုဒ္ဓလေသဘ မထေရ်၊ ရှင်ဗုဒ္ဓယောသမထေရ်တို့ သီဟိုဠ် (သီရိလင်္ကာ) သို့ကြွ၏။ သီဟိုဠ်ဘာသာနှင့်ရှိနေသော ပစ္စရိဏ်၊ ကုရုန္ဒီ၊ အန္ဓ၊ မဟာအဋ္ဌကထာ စသည့် အဋ္ဌကထာဟောင်းတို့ကို အကျဉ်းချုံး၍ သင်္ဂဟအဋ္ဌကထာသစ် စီရင်၏။ ထိုစီရင်သည့် အဋ္ဌကထာမှုများကို သထုံပြည်သို့ ဆောင်ကြဉ်းလာ၏။

ထိုမှုမက ယင်းရှင်သောဏနှင့် ရှင်ဥတ္တရထေရ် သထုံသို့ရောက်ရှိမှုနှင့် ပတ်သက်သည့် သာသနာဝင်မှတ်တမ်းမှတ်ရာ မွန်သမိုင်း၊ မြန်မာသမိုင်း မှတ်တမ်းမှတ်ရာ စုံစုံလင်လင်ရှိ၏။ သည့်ကြောင့် တိုက်ကုလားဝန်းကျင်ဒေသ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ သာသနာပြုကြွရောက်ခဲ့သည့် သုဝဏ္ဏဘူမိဟု ဆိုခဲ့ခြင်း ဖြစ်၏။

သုဝဏ္ဏဘူမိသို့ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ ကြွရောက်ခဲ့ကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက-

'တတိယတစ်ချက်၊ ဆင်းလာသက်မှ<br>
အထက်ခြားပိုင်း၊ ကိုးတိုင်း ကိုးဌာန<br>
ဝေပုံကျတွင်၊ တစ်ပါးဝင်၍<br>
အရှင်သောဏ၊ ဥတ္တရတို့<br>
စတုတ္ထတစ်ရပ်၊ ထပ်၍တစ်ဖန်<br>
ပြုပြန်ကြရာ၊ သုဓမ္မာပုရ<br>
သုဝဏ္ဏဘုံ၊ သထုံမည်သီး<br>
မွန်ပြည်ကြီးလျှင်၊ နန်းထီးမယုတ်<br>
တိုင်းသီးထုတ်၍၊ ပုရုတ္တမ<br>
ဗုဒ္ဓသာသနာ၊ တည်ရာအစစ်<br>
အမှန်ဖြစ်သည်<br>
တက်သစ်နေမင်း၊ သရေတည်း'<br>
ဟု ကဗျာလင်္ကာ စပ်ဆိုခဲ့၏။

ဤသည်တို့သည်ကား သုဝဏ္ဏဘူမိကို အိန္ဒိယ စာပေအထောက်အထား၊ ကျောက်စာအထောက်အထား၊ သာသနာဝင် မှတ်တမ်းမှတ်ရာ၊ မွန်သမိုင်း၊ မြန်မာသမိုင်း မှတ်တမ်းမှတ်ရာ အထောက်အထားများဖြင့် တင်ပြခြင်း ဖြစ်၏။

သို့သော် သုဝဏ္ဏဘူမိနှင့် ပတ်သက်လာလျှင် ဤမျှနှင့် မလုံလောက်။ တရုတ်စာပေအယူအဆ မှတ်တမ်းမှတ်ရာနှင့် အဆိုအမိန့်ကလည်း ရှိနေ၏။ ယင်း အဆိုအမိန့်များနှင့်လည်း မှတ်ကျောက်တင် နှိုင်းယှဉ်ချိန်ထိုးကြည့်ရန်လို၏။

တရုတ်စာပေမှတ်တမ်းများတွင် ကျင်လင်ဟူသော နိုင်ငံအကြောင်း မှတ်တမ်းတင်ထားသည် ဟူ၍ ပြင်သစ်ပါမောက္ခ ပယ်လီယွတ် (pelliot) က ရေးသားခဲ့သည်ဟု ဖော်ပြထား၏။ လင် (Lin) ဟူသော ဝေါဟာရ၏အနက်အဓိပ္ပာယ်အမှန်မှာ အိမ်နီးချင်း ကျောခိုင်းနံစပ် ဖြစ်၏။ Tu-Kun, Chi-li စသည့် ဒေသများသို့ သွားရောက်ရန်အတွက် ဖူနန်မှလာ၍ ရွှေနယ်ခြားပင်လယ်အော်ကို ဖြတ်သန်းသွားရန်လို၏။ ရွှေနယ်ခြား (ကျင်လင်) အကြောင်းကို တရုတ်ပညာရှင် Tso Ssu က ရေးသားပြုစုခဲ့သည့် San Tu Fu အမည်ရှိ စာအုပ်တွင်လည်း ရေးသား ဖော်ပြခဲ့၏။ အေဒီ ၁ ရာစုနှင့် ၇ ရာစုအတွင်း သုတေသီတို့ကမူ ဖူနန်နိုင်ငံ၏ဟိုဘက်အလွန်တွင် ရွှေနယ်ခြားရှိ၏။ ယင်းနယ်ခြားသည် ဖူနန်နှင့် လီ (၂၀၀၀) ကွာဝေး၏။ ထိုဒေသတွင် ငွေကို ထုတ်လုပ်၏။ မိုတင်းနေထိုင်သူအများအပြား ရှိ၏။ နိုင်ငံသားများသည် ဆင်ကျော့ဝါသနာထုံ၏။ ဆင်ကို အရှင်ဖမ်းလိုကြ၏။ ဆင်သေသွားသောအခါ ဆင်စွယ်ကို ယူ၏။ တိုင်ပင်ယူလန် (ကေရာဇ်ရှူတော်မှုကျမ်း) တွင် ရွှေနယ်ခြားနှင့်ပတ်သက်၍ အဆိုနှစ်ခုဖော်ပြခဲ့၏။ ပထမအဆိုမှာ အိုင်ဝူချီ (I Wu Chih) မှ ရယူထားခြင်း ဖြစ်၏။ I Wu Chih တွင် ကျင်လင် (Chin-Lin) ရွှေနယ်ခြားကို ချင်ချန် (Chin-chen) ဟုလည်း ခေါ်၏။ ဖူနန်မှ လီ (၂၀၀၀) ကျော်ဝေး၏။ မိုတင်းနေထိုင်သူ အများအပြားရှိ၏။ နိုင်ငံသားများ ဆင်ကျော့ ဝါသနာထုံ၏။ ဆင်ကို ဖမ်းမိသောအခါ စီးနင်းရန် အသုံးပြု၏။ ဆင်သေသွားသောအခါ အစွယ်ကိုဖြတ်ယူ၏။ ဒုတိယ အဆိုမှာ ဝေကောင်ချန် (Wai Kuo Ch'uan) မှ ရယူထား၏။ Wai Kuo Ch'uan ၏အဆိုမှာကား ဖူနန်မှ အရှေ့ဘက် လီ (၂၀၀၀) ကျော်ခန့်သွားလျှင် (Chin-che'n) သို့ ရောက်မည်ဟု ဆို၏။


တုရှုချန်က (Tu Shu Che'ng) က ကွမ်စီစူကျန် 'The K'anghsi Tzu'tien' စာအုပ်တွင် (Chin-Lin) ကျင်လင် ဆိုသည်ကား ချောင်ချီ (Chiao-Chih) ရှိ ဒေသတစ်ခု၏အမည်သာ ဖြစ်သည်ဟု ဆို၏။ Chiao-Chih ကား ယခု တုံကင် (Tonkin) ကို ဆိုလို၏။ အေဒီ ၇ ရာစုခန့်တွင် အီချင် I-ching ဆိုသူက ရွှေနယ်ခြားအကြောင်း ရေးသားခဲ့၏။ ၁၀၀ ရာစုသို့ ရောက်သောအခါ ကာစီယပါ (Kacyapa) ဆိုသူက ကျင်လင် (Chin-Lin) ကို ကျင်ချောင် (Chin-Chou)ရွှေကျွန်းအဖြစ် ဖော်ပြခဲ့ပြီး စုမတြာ သို့မဟုတ် ပလင်ဘန်း ဖြစ်မည်ဟု ဆို၏။ တော်လမီ၏ပထဝီဝင်ကျမ်းတွင် တကိုလာ (Takola) ဟူသော ဝေါဟာရ ပါရှိ၏။ တကိုလာကို အချို့က ကကူလာ Qaqula (Qaqola) နှင့် ဆက်စပ်နေ၏။ ကကူလာ၏အဓိပ္ပာယ်မှာ ကဒမန် (Ca'-damom) ဖြစ်၏။ ကဒမန်သည်လည်း ပါဠိဝေါဟာရ တကိုလမ် (Takkolam) ကို ဘာသာပြန်ထားခြင်းဖြစ်၏။ ကမ္ဘောဒီးယားနှင့် ထိုင်းဘာသာအားဖြင့် ကရဝမ် ကဒမန် (Kravun-Cardamon) ဖြစ်၏။ ခိုး(လ်)ဒါး၏အဘိဓာန်တွင် တကိုလမ် (tabbolam) ကို သီဟိုဠ် (သီရိလင်္ကာ) ဘာသာအားဖြင့် တဗူး (tabul) ဟုဖော်ပြထား၏။ ယင်း တဗူး (tabul) သည် ထန်မင်းဆက်သမိုင်းလာ တဗူးတပါ (to-bu-tabuur) နှင့် များစွာ နီးစပ်နေ၏။

နိုင်ခင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com



ဇလွန်-မောင်စိမ်းအောင်

## ဘိုးတော်ဝကြီးနှင့်နှင်းဘီလူး

(၁)

ဦးထွန်းအိတစ်ယောက် အသက်ရှူ၍မဝ၊ မိမိကိုယ်ပေါ်တွင် လေးလံသော အရာတစ်ခုက ဖိထားသောကြောင့် ဖြစ်သည်။ တဖြည်းဖြည်း အသက်ရှူကျပ်လာရသည်။ သည်တော့မှ မျက်လုံးအစုံကို ဖွင့်ကြည့်မိရသည်။

လားလား . . . နည်းနည်းနော နော‌အကောင်ကြီးမဟုတ်။ မျက်နှာကြီးကလည်း စာအုပ်တွေထဲမှာ ဖတ်ဖူးသည့် ဘီလူးကြီး။ ဘီလူး ဆိုတာ ဒါမျိုးလား။ ထူးခြားသည်က တစ်ကိုယ်လုံး ဝါထိန်နေခြင်းပင် ဖြစ်သည်။ အဝါရောင်ဘီလူးမျိုး ဖြစ်ပေမည်။ ကြောက်မက်ဖွယ်ရာ အစွယ်ကြီး အဖွေးသားနှင့်ပင်။

'မင်းတို့ ငါ့ကို အစာငတ်ထားတယ်။ ဒီနေ့တော့ မင်းသေရဖို့သာမြင်ထားပေတော့- ဟား ဟား ဟား'

ဦးထွန်းအိ ကြောက်လွန်း၍ အော်ဖို့ပြင်သည်။ အသံတို့က ထွက်မလာ။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်လို့နေသည်။ အော်ဟစ်၍ မရရုံမက၊ လှုပ်လို့လည်းမရ။ သူ တောင်းပန်ဖို့ ကြိုးစားကြည့်သည်၊ မရ။ သူပြောချင်သည်ကို ဘီလူးကြီးက ကြိုသိနေ၍လား မသိ၊ ဦးထွန်းအိအား မျက်လုံးနီနီရဲရဲကြီးဖြင့် ကြည့်ရင်းမှ-

'မင်း ဘာမှ တောင်းပန်မနေနဲ့၊ မင်းဗိုက်ထဲမှာရှိတဲ့ ကလီစာတွေ ငါစားရမှ ကျေနပ်မယ်။ ကိုင်း- သေပေတော့'

ပြောပြောဆိုဆိုပင် လက်သည်းချွန်ကြီးများနှင့် သူ့ဝမ်းဗိုက်ကို အလယ်တည့်တည့်မှ ခွဲချလိုက်သည်။ နာလိုက်သည်မှာမပြောနှင့်တော့။ အသားကုန်ပင် အော်ချလိုက်မိသည်။

"အောင်မလေး- သေပါပြီဗျ"

သည်တော့မှ အသံတကယ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားတော့သည်။ သတိရ၍ မိမိရင်ဘတ်ကို စမ်းကြည့်ရသေးသည်။ တော်သေးသည်၊ ဘာမှမဖြစ်။ ကြောက်လိုက်သည်မှာလည်း မပြောနိုင်တော့။ ခြေဖျား၊ လက်ဖျားများကလည်း အေးစက်လို့နေသည်။ လှိုင်းထနေသော ရင်ဘတ်အစုံမှာလည်း နိမ့်ချည်မြင့်ချည်နှင့်ပင်။

"ကိုထွန်းအိ၊ ဘာဖြစ်နေတာလဲ"

ပြောပြောဆိုဆို ဇနီးသည် မအုန်းရွှေနှင့် သမီးနှစ်ယောက်ဖြစ်သော မတင်အေးနှင့် မတင်မေတို့ ရောက်လာကြသည်။

"ရေပေးပါ၊ ရေ. . . ရေပေးပါ"

အာခေါင်တွေခြောက်၍ ရေအင်တာန်သောက်ချင်နေသဖြင့် တောင်းလိုက်ခြင်း ဖြစ်သည်။ သမီးအကြီး မတင်အေးက ရေပြေးခပ်သလို အငယ်မတင်မေက ခြေများကို နင်းနှိပ်ပေးနေသည်။ ဇနီးဖြစ်သူ ဒေါ်အုန်းရွှေက လက်များကို ဆုပ်နယ်ရင်းမှ-

"ရှင်- ကိုယ်လုံးတီးကျွတ်နဲ့ ပက်လက်ကြီးအိပ်နေတာကိုး၊ ဘီလူးစီးတာနေမှာပေါ့"

ဟု ဆိုသည်။

သူ တော်တော်နှင့် စကားမပြောနိုင်ပေ။ သမီးကြီး ခပ်လာသောရေကို တဝကြီးသောက်ပြီးမှပင်။

"တကယ်ပဲ ဘီလူးစီးတာ အုန်းရွှေ ဘီလူးကြီးမှ အဝါရောင်ဘီလူးကြီး။ ပြောရင်းတောင် ကြက်သီးထတယ်"

"ရှင် ထမင်းလုံးစင်အောင်မဆေးလို့ ထမင်းလုံးတစ္ဆေခြောက်တာနေမှာပေါ့"

"ဒါ. . ထားပါဦးကွာ၊ သမီးလေး အခြေအနေကော ဘယ်လိုနေသေးလဲ။ ငါလည်း အိပ်ပျော်သွားလိုက်တာ၊ ညက တစ်ရေးမှ မအိပ်ရတော့ ခဏလေးလှဲလိုက်တာနဲ့ အိပ်ပျော်သွားတော့တာပဲ။ ဘယ်အချိန်ရှိနေပြီလဲတောင် မသိဘူး"

ဇနီးသည် ဒေါ်အုန်းရွှေမှ-

"ညနေက ဆရာဝန်လာသွားတယ်၊ ဆေးနှစ်လုံးထိုးပေးသွားတယ်။ နှလုံးအားနည်းတယ် ပြောတာပဲ"

စကားမဆက်သေးဘဲ ခဏနေမှ-

"ရှင့်ကို ပြောရဦးမယ်၊ သမီးလေးကလည်း ဘီလူးကြီး လာနေတယ်၊ ကြောက်တယ်လို့ ပြောပြောနေတယ်။ အခု ရှင့်ကိုလည်း ဘီလူးစီးတယ်ဆိုတော့ စဉ်းစားစရာပဲတော်ရေ့"

(၂)

ဦးထွန်းအိတွင် သမီး (၄)ယောက်ရှိပါ၏။ အကြီးဆုံးက မတင်အေး၊ ပြီးတော့ မတင်မေ၊ နို့ညှာမက မရင်ရွှေနှင့် ယခု ဖျားနေသူက မခင်ရွှေ။

သမီးလေးနေမကောင်းဖြစ်နေတာ တစ်ပတ်ပြည့်တော့မည်။ အခြေအနေက ဘာမှမထူးခြားသေး။ တိုင်းရင်းဆေးရော အင်္ဂလိပ်ဆေးပါ စုံနေပေပြီ၊ အဖြေကား ရေရေရာရာရှာမရကြသေး။ နှလုံးအားနည်းသည်ဟုသာ ဆိုကြတော့သည်။ ပယောဂဆရာနှင့် ပြောင်းပြတော့လည်း မထူးခြား။ ဘီလူးကြီးလာနေတယ်၊ ကြောက်တယ်ဟုသာ ပြော၏။ ပို၍ အံ့ဩစရာကောင်းသည်က သမီးတွေ့သော ဘီလူးကြီးမှာ ဝါဝါကြီးဟု ပြော၏။ မနေ့က သူကိုယ်တိုင်တွေ့ခဲ့ရသောဘီလူးကြီးမှာလည်း အဝါရောင်ဖြစ်၍ ဦးထွန်းအိ မဝေခွဲနိုင်အောင် ဖြစ်ရသည်။

ယနေ့ညလည်း သမီး(၃)ယောက်မှာ နေ့ရောညပါ ပင်ပန်းကြသဖြင့် အိပ်ကြလေပြီ။ ဦးထွန်းအိတို့လင်မယားသာ အိပ်ပျက်သည်ကို ဂရုမထားနိုင်ကြ။ သူမအေပေါင်ပေါ်တွင်လှဲနေသော သမီးငယ်ကိုသာကြည့်၍ ဦးထွန်းအိ စိတ်မသက်မသာဖြစ်နေမိတော့သည်။ သိပ်မကြာလိုက်ပါ-

"ဘီလူးကြီး. . . သွား- မလာနဲ့၊ အမေရေ- သမီးကြောက်တယ် ဟီး ဟီး"

ဟု ငိုချကာ မအေ့ပေါင်ပေါ်တွင်ပင် မေ့မြော သွားပါတော့သည်။ မေ့မြောသွားရာမှ လုံးဝ ပြန်၍ သတိမရ တော့ပါပေ။





www.burmeseclassic.com

www.burmeseclassic.com

သမီးလေးမျက်ဖြူလန်ပြီး တက်သွားချိန်တွင် အိမ်ပေါ်မှ ခုန်ချသံကို ကြားလိုက်ရသည်။ မိုးတွင်းဘက်ဖြစ်၍ ခြေရင်းဘက်ဆီမှ ဗွက်ထဲနင်းလျှောက်သွားသည့် အသံကိုလည်း ကြားလိုက်ရသည်။ ဦးထွန်းအိသည် ခေါင်းကိုဆွဲ၍ နောက်ဖေးတံတားဘက်ကို ပြေးကြည့်သည်။ ဝါဝါလိုလို ဖြူဖြူလိုလိုအကောင်ကြီးအား ခြံစည်းရိုးနားအရောက်တွင် ပျောက်သွားသည်ကို တွေ့လိုက်ရတော့သည်။

သမီး (၃) ယောက်နှင့် ဇနီးသည်တို့၏ငိုသံကား တစ်အိမ်လုံး ပွက်ပွက်ညံမျှ။ ဦးထွန်းအိ မေးကြောကြီးများထောင်လာသည်အထိ အံကြိတ်ထားမိသည်။ မျက်ရည်မကျအောင် တင်းထားသည့်ကြားမှ မရတော့။ ဖြစ်ရလေ သမီးလေးရယ်။

(၃)

သမီး ရက်လည်သည့်နေ့မှာပင် ဘိုးတော်ဝကြီး အိမ်သို့ မပင့်မဖိတ်ဘဲ ရောက်လာခဲ့သည်။ ဘိုးတော်ဝကြီးဆိုသူနှင့် အနည်းငယ် မိတ်ဆက်ပေးပါအုံး။ သူကား နေရာအနှံ့ အိမ်နံရံ၊ ရုံးနံရံ၊ ကုက္ကိုပင်၊ ဘုရားတန်ဆောင်း၊ ကျောင်းကန်များပါမကျန် 'ဝ' လုံးများ လိုက်လံ၍ ကွင်းတတ်၏။ သူ့ပုံစံကလည်း ဘိုးတော်ပုံပေါက်နေ၍ ဘိုးတော်ဝကြီးဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

သူ့တွင်ပါသည်ကား 'ဝ' လုံးကွင်းရန် ထုံးဘူးနှင့် တံမြက်စည်းတစ်ချောင်းသာ ပါသည်။ ဘုရားကျောင်းကန်များ၊ ဘုန်းကြီးကျောင်းများတွင် 'ဝ'ကွင်းပြီးပါက ပြောင်စင်အောင် တံမြက်စည်းလှည်းလေ့ရှိပါသည်။ ဘုန်းကြီးကျောင်းကစွန့်သော ထမင်းကို စားလေ့ရှိ၏။ သူ၏လွယ်အိတ်ထဲတွင် ထုံးဘူးအပြင်၊ ငှက်ပျောသီးတစ်ဖီး အမြဲပါလေ့ရှိ၏။ ထမင်းကျွေးမည့်သူ မရှိလျှင် ငှက်ပျောသီးကို သာစား၏။ သူ၏ငှက်ပျောသီးမှာ မွှေးကြိုင်နေတတ်ကြောင်း ကိုယ်တွေ့ လေ့လာသူများက ပြောပြကြပါသည်။

"ဝ- မရှိပဲ ဝိ လုပ်လို့မရဘူးကွ"

"ရတနာသုံးပါးမြဲကြ"

"ဝ- ကိုးလုံးဂါထာကို ရွတ်ကြ"

ဘိုးတော်ဝကြီး၏လက်သုံးစကားများပင် ဖြစ်ပါသည်။ ကလေးများက သူ့ကို အရူးသဖွယ်သဘောထားကြသည်။ အဘယ့်ကြောင့်ဆိုသော် ဇာတ်မင်းသားဟန်မျိုးဖြင့် တံမြက်စည်းကိုထမ်းကာ ကပြတတ်သောကြောင့်ပင် ဖြစ်ပါ၏။

စိတ်လိုသည့်အခါ အိမ်များသို့ဝင်ကာ ဒိုးဒိုးဒေါက်ဒေါက်ဖြင့် ဗေဒင်တွက်တတ်သည်။ သူဟောပြောသည့်အချက်များသည် မှန်လွန်းသောကြောင့် အချို့က သူ့လာမှာစိုးကြသည်။ ဗေဒင်ဟောသည် ဆိုရာမှာလည်း တွက်ချက်ပြီး ဟောခြင်းမျိုးမဟုတ်ပါ။ တစ်ခုခုကို အာရုံခံသလို စဉ်းစားပြီးမှ ဒက်ခနဲ ဟောပြောခြင်းပင် ဖြစ်ပါသည်။

အခုလည်းကြည့်၊ ဦးထွန်းအိအိမ်တွင် ရက်လည်ဆွမ်းကျွေးပြီးသောအခါ သူပေါက်ချလာသည်။ ထမင်းဝိုင်းတွင်ဝင်၍ အကျအနစားပြီးသောအခါ-

"မင်းတို့အိမ်ခြံထောင့်မှာ နနွင်းချုံကြီး ရှိတယ်။ အဲဒါကို တူးပစ်ကြ။ ပြီးရင် ငါ့ရှေ့ကို ယူလာခဲ့ကြ"

ဟု ပြောတော့သည်။

ရပ်ကွက်ထဲမှလူငယ်များ နနွင်းပင်ချုံကြီးကို အမြစ်မှတူးပစ်ကြပြီး သူ့ရှေ့သို့ယူလာကြသည်။ ဘိုးတော်မှ ရေတစ်ခွက်တောင်း၍ နနွင်းပင်များပေါ်သို့ လောင်းချသည်။ မေတ္တာပို့ အမျှအတန်းဝေပြီးသောအခါ-

"အဲဒီနနွင်းပင်တွေကို ဓားနဲ့နုပ်နုပ်စဉ်းပြီး အရှေ့မြောက်အရပ်က ရေထဲကို လွှင့်ပစ်လိုက်ကြ"

ထိုအခါ ဦးထွန်းအိမှ-

"အဘ၊ အရှေ့မြောက်အရပ်ဆိုတော့ ဘယ်ဘက်ကျမလဲ ကြည့်ပေးပါဦး"

ဟု မေးသောအခါ-

"မင်းတို့အိမ်နဲ့ဆိုရင် ဖောင်တော်ချိတ်စေတီနားကိုသွားပြီး မြစ်ထဲကို ချပစ်လိုက်ကြပေါ့"

ဟု အဆုံးသတ်ကာ ကွမ်းတစ်ယာ တောင်းစားပြန်သည်။ ပြီးမှ-

"ငါ ဘုရားမှာ တံမြက်စည်းလှည်းစရာရှိသေးတယ်၊ မနက်ဖြန်ကျမှ တစ်ခေါက်လာခဲ့ဦးမယ်"



ဟု ပြောကာ ထွက်သွားပါတော့သည်။

(၄)

နောက်နေ့ မနက်စောစောတွင်ကား ဇာတ်လိုက်ကျော်ကြီး ရောက်ချလာကာ-

"မင်းတို့ မြဲမြဲမှတ်ထားကြ၊ နနွင်းပင်ဆိုတာ နှစ်ချို့မထားကောင်းဘူး။ အစောင့်တွေ ဝင်တတ်တယ်။ ဒီကြားထဲ အညီအဟောက်တွေ ပက်မိတဲ့အခါကျတော့ အစောင့်ကို အစာကျွေးသလိုမျိုး ဖြစ်သွားတာပေါ့ကွာ"

ထိုအခါကျမှ ဦးထွန်းအိက သူ ဘီလူးစီးခံရပုံ၊ ကလေးကလည်း ဘီလူးကြီးတွေ့မြင်ရပုံကို လုံးစေ့ပတ်စေ့ပြောပြရတော့သည်။ ဘိုးတော်ဝကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ-

"သိပ်မှန်တာပေါ့ကွာ၊ အဲဒါ နနွင်းဘီလူးလို့ ခေါ်တယ်။ မင်းက သတိမှမထားတာကိုး။ မင်းရဲ့ရင်ဘတ်ကိုခွဲပြီး အူ၊ အသည်းတွေ နုတ်သွားတယ်ဆိုမှတော့ မင်းရဲ့ရင်သွေးကို ယူမယ် ဆိုတဲ့ သဘောပေါ့ကွာ"

ဘိုးတော်ဝကြီးပြောသမျှကို နားထောင်ရင်းမှ တစ်အိမ်လုံး ခေါင်းငိုက်စိုက်ကျကုန်တော့သည်။

"အေး- ငါပြောမယ်၊ အဆိုးထဲက အကောင်းပေါ့ကွာ။ မင်းတို့ တစ်အိမ်သားလုံးဝမ်းသာကြမှာပါ။ မင်းတို့ဆုံးရှုံးသွားတဲ့ သမီးလေးကိုယ်စား သားလေးတစ်ယောက် ပြန်ရကြလိမ့်မယ်။ သားယောကျ်ားလေးမရှိတဲ့ မင်းတို့အတွက် အဆင်ပြေသွားတာပေါ့။ အဲဒီယောကျ်ားလေးက ကြာသပတေးသားလေးပဲဟေ့"

မည်သူ့ကိုမျှနှုတ်မဆက်ဘဲ ကွမ်းတစ်ယာစားကာ ထွက်သွားပါတော့သည်။

(၅)

သမီးလေးဆုံးသွားသည်မှာ အခါလည်ကျော်ခန့် ရှိပေပြီ။ အားလုံးကလည်း ဘိုးတော်ဝကြီး ပြောသွားသောစကားများကို မေ့မေ့ပျောက်ပျောက် ရှိနေကြပါသည်။

တစ်နေ့ ထူးထူးခြားခြားပင် ဦးထွန်းအိ၏ဇနီး ဒေါ်အုန်းရွှေ အိပ်မက်မြင်မက်သည်။ အိပ်မက်က အိမ်ပေါ်ထပ်မှ ကလေးတစ်ဦး ပြုတ်ကျလာ၍ ဆီးဖမ်းလိုက်ရာ ကလေးမှာ ယောကျ်ားလေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အုန်းရွှေက ခင်ပွန်းသည်ကို ပြောပြသောအခါ-

"မင်းတို့ စိတ်ထဲစွဲနေလို့ပါကွာ။ ဆာတယ်လို့ အိပ်မက်ထဲကအတိုင်း ယောကျ်ားလေးများ မွေးလာရင်တော့ ကွာ"

ဟု ပြုံးပြုံးကြီးပြောကာ ဇနီးသည်ကို ရွှန်းစိုသောပီတိများဖြင့် ကြည့်နေမိတော့သည်။ ဇနီးသည်က မျက်စောင်းထိုး၍-

"တော်ကလည်း အလုပ်ကို ကြိုးစားဦး၊ ပါးစပ်ပေါက်က တိုးလာတော့မယ်၊ ဘုရား သိကြားမလို့ ယောကျ်ားလေး ဖြစ်ပါစေတော်"

ဟူ၍ ဆုတောင်းရင်း ပြောင်းဖူးဖက်လိပ်ကြီးကိုသာ တွင်တွင်ဖွာနေပါတော့သည်။

ဒါတင်မကသေး၊ နောက်ရက်တွင် ဦးထွန်းအိမှ အိပ်မက်တစ်ခုမက်ပါလေ၏။ စိတ်ကပဲ စွဲလို့လားမသိ၊ အိပ်မက်ထဲတွင် နန္ဒင်းဘိလူးကြီးနှင့်တွေ့သည်။ ဘီလူးကြီးက ဦးထွန်းအိကိုပြောသည်တဲ့။ 'မင်း သမီးလေးကို ငါသတ်မိတာများပါတယ်ကွာ၊ ခုတော့ ငါနောင်တရပါပြီ။ မင်းကို သားလေးတစ်ယောက် အစားပြန်ပေးပါ့မယ်' ဟု ပြောသတဲ့။

မည်သို့ဆိုစေ သားယောကျ်ားလေးလိုချင်နေကြသော ဦးထွန်းအိတို့ မိသားစုအတွက် ကြိုတင်နိမိတ်များ၊ အိပ်မက်များနှင့် ဘိုးတော်ဝကြီးဟောပြောချက်များနှင့်ပင် ကြိုတင်၍ ဝမ်းသာနေကြသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

(၆)

ဦးထွန်းအိတို့ မိသားစုတွင် သားယောကျ်ားလေးတစ်ဦး ဖွားမြင်ခဲ့ပါ၏။ ကြာသပတေးသားလေးပင် ဖြစ်သည်။ ဘိုးတော်ဝကြီးဟောပြောချက် မှန်လေပြီတည်း။ သူတို့လိုအင်ဆန္ဒလည်း ပြည့်ဝခဲ့ကြပြီတည်း။

မီးဖွားသည့်နေ့က တစ်အိမ်လုံး ပျော်ရွှင်နေကြသည်။ ဘိုးတော်ဝကြီးကိုလည်း ပြေး၍ သတိရမိကြပါသည်။ ကြာသပတေးသားလေးကို အောင်မြင်ဖြစ်ထွန်းစေချင်လွန်း၍ နာမည်ကိုပင် မပေးသေးဘဲ ဘိုးတော်ဝကြီးအလာကို စောင့်မျှော်ခဲ့ကြသည်။

တိုက်ဆိုင်သည်ဟုပင် ဆိုရမလားမသိပေ၊ ကလေးမီးထွက်သည့်နေ့မှာပင် ဘိုးတော်ဝကြီး ရောက်ချလာခဲ့ပါသည်။ ဦးထွန်းအိကပင် စတင်၍-

"အဘအတွက် ပုဆိုးနဲ့အကျီကန်တော့ပါတယ်။ သားလေးအတွက် ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် နာမည်ရွေးပေးခဲ့ပါ အဘရယ်"

သည်တော့မှ ဘိုးတော်ဝကြီးက-

"အေး- မင်းတို့ကလေးဟာ အရာရှိဖြစ်မယ့် ကလေးပဲကွ။ နတ်နည်းလိမ့်မယ်။ နန္ဒင်းကိုကြောက်လိမ့်မယ်။ အမြင့်ကိုပျံသန်းနိုင်မယ့်နိမိတ်ကိုယူပြီး မောင်မြင့်သန်းလို့သာ ခေါ်ကြတော့ကွာ"

ပြီးမှ-

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ရတနာသုံးပါးမမေ့ကြနဲ့။ ဝရှိမှ ဝိ လုပ်နိုင်ကြမယ်။ ကဲ- မင်းတို့ ဘုတ်အုပ်ကလေးယူခဲ့ကြ၊ မင်းတို့ကို အဘ ဝကိုးလုံးဂါထာ ရေးပေးမယ်"

ဟုပြောလေသည်။ ပြီးမှ အောက်ပါအတိုင်း 'ဝ' ကိုးလုံးဂါထာကို ရေးပေးခဲ့ပါသည်။

'ဝရ ဗုဒ္ဓေါ၊ ဝရ ဓမ္မော၊ ဝရ သံဃော၊ ဝရိသာရော၊ ဝရ စေတော၊ ဝရံ ဒေတု၊ ဝရေပဟိမေ၊ ဝရံ ဝရံ'

ဟူ၍ ဖြစ်ပါသတည်း။

(၇)

သားလေး မောင်မြင့်သန်းမှာ အရွယ်နှင့်မလိုက်အောင်ပင် ထူးချွန်လှပါ၏။ ဦးထွန်းအိတို့မှာ လက်လုပ်လက်စားများဖြစ်၍ သမီးမိန်းကလေးများကို ရေးတတ်ဖတ်တတ်ရုံသာ ကျောင်းထားခဲ့ပါ၏။ မောင်မြင့်သန်းကလေးကိုမူ မိသားစုတစ်ခုလုံးက ဝိုင်း၍ ကြိုးစားကာ ဘွဲ့ရသည်အထိ ကျောင်းထားပေးခဲ့သည်။ ဘွဲ့ရသောအခါ ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ဘိုးတော်ဝကြီးဟောပြောခဲ့သလိုပင် စခန်းမှူး (အရာရှိ) ဖြစ်သွားခဲ့ပါသည်။

နှစ်ပေါင်းကြာမြင့်ခဲ့ပါပြီ။ နန္ဒင်းကို အင်မတန်ကြောက်သော မောင်မြင့်သန်းပင်လျှင် ယခု ပင်စင်စားဦးမြင့်သန်း ဖြစ်နေပေပြီ။ ဤစာရေးချိန်တွင် ဦးထွန်းအိ၏သမီးကြီးဖြစ်သော ဒေါ်တင်အေးပင် ကွယ်လွန်ခဲ့ပေပြီ။

စာရေးသူ အံ့ဩရသည့်အချက်တစ်ချက် ရှိပါသည်။ ယင်းမှာ ဤဇာတ်လမ်းကိုပြောပြသူ ဦးမြင့်သန်း၏ဒုတိယအစ်မကြီးဖြစ်သူ ဒေါ်တင်မေမှ နန္ဒင်းဘီလူးကြောင့်သေဆုံးခဲ့ရသော သူညီမ မခင်ရွှေလေး၏ဓာတ်ပုံကို ပြသရာ ဦးမြင့်သန်းနှင့် ခွဲခြား၍မရအောင် တူနေခြင်း ဖြစ်ပါတော့သည်။

*(ဇာတ်လမ်းပြောပြသူ အစ်မကြီး ဒေါ်တင်မေအား ကျေးဇူးတင်လျက်)*

ဇလွန်-မောင်စိမ်းအောင်

# ထိခိုက်ဒဏ်ရာအတွက် ဆေးနည်းတစ်လက်

ယာထဲ၊ ချောင်းထဲမှာ နေ့စဉ်နှင့်အမျှ တောင်သူလုပ်ငန်း လုပ်ကိုင်နေရသူများမှာ တံစဉ်ပြတ်ခြင်း၊ ဓားရှပြတ်ခြင်း၊ ပြောင်းရိုးငုတ်စူးခြင်း၊ သစ်ငုတ်စူးခြင်းတို့နှင့် မကြာခဏ ကြုံရတတ်ပါသည်။

ထိုသို့ ကြုံရသောအခါ တစ်ခါတစ်ရံတွင် ဘာမှမဖြစ်လောက်ပါဘူးဟု ထင်ရပေမယ့် တစ်ခါတစ်ရံတွင် အနာပြည်တည်၍ ငန်းမန်းဝင်ပြီး မေးခိုင်ပိုးဝင်ရောက်ကာ အသက်မဆုံးရှုံးသင့်ဘဲနှင့် အသက်ဆုံးရှုံးရသည်အထိဖြစ်သွားတတ်ပါသည်။

တံစဉ်ပြတ်လို့ပဲ ဖြစ်စေ၊ ဓားပြတ်လို့ပဲ ဖြစ်စေ၊ သစ်ငုတ်စူးလို့ပဲ ဖြစ်စေ ငွေကုန်သက်သာပြီး သက်သာ ပျောက်ကင်းစေတဲ့ဆေးနည်းကို တောင်သူကြီး ဦးအောင်ကြံမှ ပြောပြ၍ တိုင်းရင်းဆေး မြတ်နိုးသူများထံသို့ သုခုမမဂ္ဂဇင်းမှ ရေးသားဖော်ပြလိုက်ပါသည်။

ဆေးနည်းမှာ-

အရွက်နုများကို ရေဆေးဖြော်ပြီး သုပ်၍စားရသော ကုက္ကိုမြစ်နှင့် အခေါက်ကို ခွာယူ၍ နေရိပ်မှာ ခြောက်သွေ့အောင်ထားပြီး အမှုန့်ကြိတ်ထားပါ။ ထိုဆေးမှုန့်ကို ရေအေးနှင့်ဖျော်ပြီး လိမ်းပေးရုံပါပဲ။ အနာသေးငယ်လျှင် နှစ်ကြိမ်လောက် လိမ်းပေးရုံမျှဖြင့် သက်သာပျောက်ကင်းသွားပြီး အနာကြီးလျှင် ဆေးကို ထူထူလိမ်းပြီး ပတ်တီးစည်းပေးထားလိုက်ပါ။ သက်သာသွားမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ခင်မြိုင်ရွှေ (ကျောက်ပုံ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်သည့် အင်တာနက်သတင်းတစ်ပုဒ်တွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားခဲ့၏။

*'ဗြိတိသျှ ရှေးဟောင်း သမိုင်းသုတေသီများ ရှီဘာဘုရင်မကြီး၏ရတနာသိုက်ကို ရှာဖွေတွေ့ရှိခြင်း'*

*လန်ဒန်၊ ဖေဖော်ဝါရီ ၁၇ ရက်*

**ခရစ်တော်မပေါ်မီ ဘီစီ ၈၀၀ ခန့်က ကမ္ဘာ့သမိုင်း၌ ဟိုးဟိုးကျော်ခဲ့သော ရှီဘာဘုရင်မကြီး၏ ရတနာသိုက်ကြီးအား ဗြိတိသျှ ရှေးဟောင်း သမိုင်းသုတေသီများက အီသီယိုးပီးယားနိုင်ငံ**

# ရှီဘာဘုရင်မ၏ ရတနာသိုက်

လျှမ်းထက်

**(ယခင် အဘီဆီးနီးယားနိုင်ငံ) မြောက်ပိုင်းရှိ ဂိုရာတာကုန်းမြင့်ဒေသတွင် ရှာဖွေတွေ့ရှိခဲ့ရသည်ဟု သတင်းများက ဖော်ပြခဲ့ကြောင်း။**

အဆိုပါ ရှီဘာဘုရင်မကြီး၏ ရတနာသိုက်ကြီး ဝင်ပေါက်အား နေနှင့်လခြမ်းပုံသင်္ကေတများ ထွင်းထားသော အမြင့်ပေ ၂၀ ခန့်ရှိမည်ဟု ထင်ရသည့် ကျောက်တုံးကြီးတစ်တုံး၏အနောက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းကျောက်တုံးကြီးအနီးတွင် ဘုရားကျောင်းတစ်ခုဟု ယူဆရမည့် ရှေးဟောင်းအဆောက်အအုံတစ်ခုကိုပါ တွေ့ရသည်ဟု ဆို၏။


ထိုဒေသတစ်ဝိုက်အား သုတေသီများကဆက်လက်ရှာဖွေခဲ့ရာ လူအရိုးစုအမြောက်အမြားကိုပါ တွေ့ရှိခဲ့ရသဖြင့် ယခင်က စစ်ပွဲကြီးတစ်ခု ဤနေရာတွင် ဖြစ်ပွားခဲ့ဟန်ရှိသည် ဟူ၍လည်း ဗြိတိသျှ ရှေးဟောင်း သမိုင်းသုတေသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာ လူးဝစ်ရှဖီး(လ်)က ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မာကျမ်းစာ၏ဖော်ပြချက်အရ ဆိုရလျှင် ရှီဘာဘုရင်မသည် အဘီဆီးနီးယားနိုင်ငံ (ယခု အီသီယိုးပီးယား) နှင့် ယီမင်နိုင်ငံတို့အား တစ်ချိန်က စိုးမိုးခဲ့သော၊ နေလို လလို ထင်ရှားခဲ့သော ဘုရင်မကြီး ဖြစ်သည်ဟု သိရသည်။ အထက်ဖော်ပြပါ နိုင်ငံများသည် ထိုစဉ်က မြေထဲပင်လယ်ဒေသနှင့် အာဖရိကတိုက် မြောက်ပိုင်းအား သိမ်းယူထားခဲ့သော ရောမနိုင်ငံသားတို့နှင့် ဂျေရုဆလင် မြို့တော်ကြီးတို့နှင့် ကုန်သွယ်မှုပြုကာ ရွှေလမ်း၊ ငွေလမ်း ဖောက်ခဲ့သော နိုင်ငံများ ဖြစ်သည်ဟု သိရ၏။ ထိုစဉ်က ဂျေရုဆလင်မြို့တွင် အုပ်ချုပ်ခဲ့သည့် ဆော်လမွန်ဘုရင်ကြီးကို ရှီဘာဘုရင်မကြီးက အလေးချိန် ၄ တန်ခွဲရှိသည့် ရွှေများအား လက်ဆောင်အဖြစ် ဆက်သ,ခဲ့သည်။

*'ရှီဘာဘုရင်မကြီး၏ရတနာသိုက်သည် မြေပြင်အောက် ၄ ပေ အနက်တွင် တည်ရှိနေပြီး တူးဖော်ရေးအတွက် လိုအပ်သောငွေကြေးရရှိပါက ထိုရတနာသိုက်တူးဖော်ရေးကို စတင် ဆောင်ရွက်မည်ဖြစ်သည်ဟု မစ္စတာရှဖီး(လ်)က ဆက်လက် ပြောပြသည်ဟု သိရ၏'*

*အင်တာနက်*

ဤသတင်းကိုဝင် စီအင်အင် ရုပ်သံလွှင့်အစီအစဉ်နှင့် ဘီဘီစီရုပ်သံလွှင့် အစီအစဉ်များကပင် ထုတ်လွှင့်ပေးခဲ့သဖြင့် နိုင်ငံတကာတွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသောသတင်း ဖြစ်သည်။ သမ္မာကျမ်းစာ ပညာရှင်များ၊ သမ္မာကျမ်းစာ သုတေသီများကလည်း ထိုသတင်းကိုကြိုဆိုခဲ့ကြပြီး နိုင်ငံတကာမှ ထိပ်သီးသတင်းစာကြီးများကလည်း မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် လူအများ စိတ်ဝင်စားဖွယ် ခေါင်းစဉ်များနှင့်ဖော်ပြပေးခဲ့ကြ၏။ မှန်ပါသည်၊ ဆရာယုဒသန် (Judson) မြန်မာဘာသာပြန်သော သမ္မာကျမ်း၊ ဓမ္မဟောင်းကျမ်းလာ၊ ဓမ္မရာဇဝင် တတိယစောင် (First Book of The King) ၌ ဤသို့ ဖော်ပြထားခဲ့ပါသည်။




၁။ ရှေဘာပြည် (ရှီဘာပြည်) ကို အစိုးရသော မိဖုရားသည် ရှောလမုန် (ဆော်လမွန်)၏ ဂုဏ်သရေနှင့် ထာဝရဘုရား၏ နာမတော်သတင်းကို ကြားလျှင် နက်နဲခက်ခဲသော ပြဿနာအားဖြင့် သူ့ကို စုံစမ်းခြင်းငှာ လာ၏။

၂။ နံ့သာမျိုးနှင့် များစွာသော ရွှေများ၊ အဖိုးထိုက်သော ကျောက်တို့ကို ဆောင်ယူ၍ ကုလားအုတ်များ၊ လိုက်လာသူများနှင့်တကွ ယေရုရှလင် (ဂျေရုဆလင်) မြို့သို့ရောက်၍ ရှောလမုန် (ဆော်လမွန်) မင်းကြီးထံတော်သို့ ဝင်သောအခါ မိမိအလိုဆန္ဒရှိသမျှကို ဆွေးနွေးမေးမြန်းသည်။

၃။ သူမေးမြန်းသော ပြဿနာရှိသမျှကို ရှောလမုန် (ဆော်လမွန်) မင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် ဖြေလေ၏။ နားမလည်၍ ဖြေနိုင်သောအရာ တစ်စုံတစ်ရာမျှမရှိ။

၄။ ရှေဘမိဖုရား (ရှီဗာမိဖုရား) သည် ရှောလမုန် (ဆော်လမွန်) ၏ ပညာအလုံးစုံကို လည်းကောင်း၊ တည်ဆောက်သော အိမ်တော်ကို လည်းကောင်း၊ စားပွဲတော် တန်ဆာကို လည်းကောင်း၊ လုလင်တို့ခစားသည့် အခြင်းအရာကို လည်းကောင်း၊ သူတို့ ဝတ်သောအဝတ်တန်ဆာကို လည်းကောင်း၊ စားတော်ကဲစာရေးများကို လည်းကောင်း၊ ထာဝရဘုရားသခင်၏အိမ်တော်၌ မီးရှို့ရာယဇ်ပူဇော်ခြင်းကို လည်းကောင်း မြင်သောအခါ မိန်းမောတွေဝေလျက်ရှိ၍ ကိုယ်တော်၏အခြင်းအရာ၊ ကိုယ်တော်၏ဉာဏ်ပညာကို ကျွန်ုပ်သည် ကိုယ်မြင်၍ ကြားရသော သတင်းစကားမှန်ပါ၏။

ကျွန်တော်တို့သည် ဆော်လမွန်ဘုရင်ကြီးနှင့် နာမည်ကျော် ဘုရင်မကြီးရှီဗာတို့၏ လွမ်းမောတ,သဖွယ်ရာဝတ္ထုများ၊ ရုပ်ရှင်ကားများအား ကျောင်းသားဘဝကပင် ဖတ်ရှုခဲ့၊ ကြည့်ရှုခဲ့ကြရ၏။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်းသည် ကမ္ဘာကျော် စာရေးဆရာ ဆာရိုက်ဒါဟက်ဂတ်၏ "King Solomon's Mines" ဝတ္ထုကြီးကို မြန်မာဘာသာပြန်ဆိုသော 'ဆော်လမွန်သိုက်' ဝတ္ထုကိုလည်း ဖတ်ရှုခဲ့ရသောအခါ အာဖရိကတိုက် တောတွင်းတစ်နေရာတွင် 'ရှီဗာ၏သားမြတ်' ခေါ် တောင်ကြီးနှစ်လုံးအနက် လက်ဝဲဘက် သားမြတ်တောင်အတွင်းရှိဂူကြီးတွင် ဆော်လမွန်ဘုရင်ကြီး၏အံ့မခန်းရှိသည့် ရတနာသိုက်ကြီးနှင့် ဆော်လမွန်ဘုရင်ကြီးတည်ဆောက်ခဲ့သော လမ်းမကြီးအကြောင်း ဖတ်ရှုခဲ့ရသည်။

ယင်းဝတ္ထုကြီးပါ ဇာတ်ဆောင်များနှင့် အချို့ဖြစ်စဉ်များမှာ စာရေးဆရာကြီး ရိုက်ဒါဟက်ဂတ်၏စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့သော ဖြစ်စဉ်များ ဖြစ်သော်လည်း အချို့ဖြစ်ရပ်များမှာမူ သမိုင်းနှင့်သမ္မာကျမ်းစာလာ ဖြစ်ရပ်မှန် အချက်အလက်များကို အခြေခံ၍ ရေးသားခဲ့ခြင်း ဖြစ်သည်ကို တွေ့ရသည်။ ထိုဝတ္ထုကြီးကို ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ ဂျေအာသာရင်ကုမ္ပဏီက ရုပ်ရှင်အဖြစ်ရိုက်ကူးပြသခဲ့ရာ သောက်သောက်လဲ ဝင်ငွေရရှိပြီး အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်




ကားတစ်ကား ဖြစ်ခဲ့သည်။

မှန်ပါသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်းများစွာက အစ္စရေးပြည့်ရှင်ကေရာဇ်ဘုရင်ကြီး ဆော်လမွန်ကား မြေထဲပင်လယ်ဒေသတစ်ဝိုက်ရှိ တိုင်းနိုင်ငံများနှင့် အာဖရိကတိုက် နိုင်ငံအများတွင် နေလို, လလို ထင်ရှားခဲ့သော ဘုရင်ကြီးဖြစ်သည်။ သူ၏ထူးခြားထက်မြက်သောဉာဏ်ပညာသည် ထိုစဉ်က နိုင်ငံတကာမှ မင်းအပေါင်းတို့က လေးစားခဲ့ရ၏။ သူနေပြည်တော်မြို့တော်ကြီး၏မြို့လယ်တွင် အံ့မခန်း ခမ်းနားလှသော နန်းတော်ကြီးတည်ရှိပြီး ထာဝရဘုရားသခင်အတွက် ဆောက်လုပ်ထားသော ဘုရားကျောင်းတော်ကြီးမှာလည်း ရွှေ, ငွေ, ဆင်စွယ်, ကြေးသတ္တုဖြင့်လည်းကောင်း၊ ကျောက်သံပတ္တမြားအမျိုးမျိုးဖြင့် မွမ်းမံခြယ်လှယ်ထားသည်မှာ မြင်ရသူများ ရင်သပ်အံ့ဩလောက်ဖွယ် ဖြစ်သည်ဟု ဆိုသည်။

မြို့တော်တွင် နေထိုင်သောသူတို့မှာ ဥစ္စာမနေ ကြွယ်ဝချမ်းသာကြ၏။ အဆင့်မြင့်သော ဆောက်လုပ်ရေးဗိသုကာပညာရှင်များလည်း ပေါများလှသဖြင့် မြို့တော်ကြီးအား စနစ်တကျတည်ထားပုံမှာ အံ့မခန်းဖြစ်သည်ဟု သိရ၏။ ထိုစဉ်က ဆော်လမွန်ဘုရင်ကြီး စိုးစံသည့် အစ္စရေးပြည်သည် အရှေ့အလယ်ပိုင်း အာရှနိုင်ငံများတွင် အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ်နိုင်ငံများ၏ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို ဆက်သွယ်ပေးသောနိုင်ငံ ဖြစ်လေသည်။ ဆိပ်ကမ်းမြို့များသို့ နိုင်ငံတကာမှ သင်္ဘောများ ဆိုက်ကပ်သဖြင့် အလွန် စည်ကားသည့် မြို့ကြီးများ ဖြစ်ကြသည်။ ထင်းခတ်အမွှေးအကြိုင်၊ ပိုးဖဲကတ္တီပါ၊ ဆင်စွယ်၊ နံ့သာအမွှေးအကြိုင်၊ ကျောက်သံပတ္တမြားအမျိုးမျိုး ကူးသန်းရောင်းဝယ်သည့် နိုင်ငံများ၏ဗဟို ဖြစ်၏။ ထိုစဉ်က အစ္စရေးနိုင်ငံမှာ နိုင်ငံတကာမှမျှော်ကြည့်ရသောနိုင်ငံ ဖြစ်သည်။ ကမ္ဘာ့အလယ်ဂုဏ်သိက္ခာမြင့်မားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာရ၏။

ဆော်လမွန် ဘုရင်ကြီးသည် လစဉ်ပင် အလုပ်သမားပေါင်း တစ်သောင်းကျော်ကို အာရေဗျကျွန်းဆွယ်တွင်ရှိ ကျောက်တောင်များသို့ စေလွှတ်ကာ ကျောက်တုံး၊ ကျောက်ခဲများကို စနစ်တကျခွဲစိတ်ကာ ဆော်လမွန်ဘုရင်ကြီး၏ နိုင်ငံတကာအဆောက်အဦးကြီးကို တည်ဆောက်စေခြင်းအားဖြင့် အစ္စရေးနိုင်ငံမှာ ကမ္ဘာ့ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့ အချက်အချာကျသောနိုင်ငံကြီး ဖြစ်လာသည်။

သမ္မာကျမ်းစာ အထောက်အထားအရ ဆော်လမွန်ဘုရင်ကြီး၏ ကျောက်မိုင်းများနှင့်သတ္တုတွင်းများတွင် အလုပ်သမားပေါင်း ၈၀၀၀၀ ရှိပြီး ကြီးကြပ်သောအင်ဂျင်နီယာ ၃၃၀၀ ရှိသည်။ အစ္စရေးနိုင်ငံ၏ စစ်မက်အင်အားမှာလည်း အလွန် ကြီးမားခိုင်မာ၍ အာရေဗျကျွန်းဆွယ်မှ နိုင်ငံများ၊ အာဖရိကတိုက်မှနိုင်ငံများသည် အစ္စရေးနိုင်ငံ၏ အကာအကွယ်ကို ယူကြရသည်။ အစ္စရေးနိုင်ငံနှင့် ရွှေလမ်း၊ ငွေလမ်း ဖောက်ကြသည်။ အထက်ပါနိုင်ငံများသည် အစ္စရေးနိုင်ငံအား လက်ဆောင်ပဏ္ဏာ ဆက်ကြရ၏။

ဆော်လမွန်ဘုရင်ကြီး၏ ဉာဏ်ပညာနှင့်ဘုန်းတန်ခိုးကို လေးစားကြရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အငြင်းပွားမှုများ ဖြစ်ပွားလာပါက ဆော်လမွန်ဘုရင်ကြီးထံလာရောက်၍ အဆုံးအဖြတ်ခံကြရသည်၊ အကြံဉာဏ် တောင်းကြရသည်။ တရားစီရင်ရာတွင်လည်း ဆော်လမွန်ဘုရင်ကြီးမှာ တရားမျှတသည် ဟူ၍ ဝေးနီး ကျော်ကြားသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

သမ္မာကျမ်းစာ ဓမ္မသစ်ကျမ်းလာ ရှင်မဿဲ၏ ခရစ်ဝင်ကျမ်း St-Mathew တွင် ဆော်လမွန်ဘုရင်ကြီး၏ ဘုန်းတန်ခိုးတေဇာနှင့် ဉာဏ်ပညာရောင် ထွန်းလင်းမှုတို့ကြောင့် ဘုရင်မတစ်ပါးသည် ခရီးဝေးလံသော တိုင်းပြည်တစ်ပြည်မှ ခက်ခက်ခဲခဲလာရောက်၍ ဆော်လမွန်



www.burmeseclassic.com

www.burmeseclassic.com


ဘုရင်ကြီးအား ဝါရဝပြုခဲ့သည် ဟူ၍ ခရစ်တော်က ဟောကြား မိန့်မြွက်တော်မူသည်ဟု ဆိုသဖြင့် ထိုဘုရင်မမှာ ရှီဗာဘုရင်မ ဖြစ်သည်ဟု ယူဆဖွယ် ဖြစ်၏။

မှန်ပါသည်၊ ဆော်လမွန်ဘုရင်နှင့် ရှီဗာဘုရင်မတို့၏တွေ့ဆုံခန်းမှာ စိတ်ကူးယဉ်ဒဏ္ဍာရီနှင့် သူပြောကိုယ်ပြော ပါးစပ်ပြော သမိုင်းပုံပြင်များ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သမိုင်းအတဲဖြတ်သူများနှင့် သမိုင်းသုတေသီများ၊ သမိုင်းလေ့လာသူများတို့၏အမြင်တွင် သမ္မာကျမ်းစာလာဖြစ်ရပ်များမှာ သမိုင်းအတွက် အထောက်အထား၊ အခိုင်မာဆုံး အထောက်အထားများဖြစ်ကြသည်ဟု ဆိုသည်။ သို့သော် ရှီဗာဘုရင်မကြီး၏တိုင်းနိုင်ငံကို သမ္မာကျမ်းစာ၌ တိတိကျကျဖော်ပြထားခြင်းမရှိသဖြင့် ဘုရင်မကြီး၏ရွှေမြို့တော်ကြီးသည် မည်သည့်နိုင်ငံတွင်တည်ရှိသည်ဆိုသည်မှာ သမိုင်းသုတေသီများအဖို့ အငြင်းပွားဖွယ် ဖြစ်ခဲ့ရ၏။

ပါးစပ်သမိုင်းများနှင့် သူပြောကိုယ်ပြောပုံပြင်များ၊ ဒဏ္ဍာရီများအရ ရှီဗာဘုရင်မကြီး၏တိုင်းပြည်မှာ အလွန်ချမ်းသာကြွယ်ဝ၍ ဓာတ်သတ္တုများပေါကြွယ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ရွှေ ငွေ၊ ရတနာတွင်းထွက်ဓာတ်သတ္တုများပေါများသဖြင့် ဆော်လမွန်ဘုရင်ကို လက်ဆောင်ပဏ္ဏာ ဆက်သ,ရာတွင် ရွှေချိန်တန်နှင့်ချီ၍ ဆက်သ,သည်ဟု ဆိုသည်။ ရွှေတုံးရွှေခဲများ၊ ရွှေစင်ရုပ်တုများ၊ ကျောက်သံပတ္တမြားတို့ကို ကုလားအုတ်ရာပေါင်းများစွာဖြင့် သယ်ဆောင်၍ ဆက်သ,ခြင်း ဖြစ်သည်ဟု ဆိုသည်။

အထက်ဖော်ပြပါ ဖြစ်စဉ်ကို ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံများရှိ ရှေးဟောင်း ခရစ်ယာန်ဘာသာ ဘုရားရှိခိုးကျောင်းများတွင် ပန်းချီကျော်များက သရုပ်ဖော်ရေးဆွဲထားသည်ကို တွေ့ရသည်ဟု ဆိုသဖြင့် ရှီဗာဘုရင်မနှင့် ဆော်လမွန်ဘုရင်ကြီးတို့ တွေ့ဆုံကြသည့်ဖြစ်ရပ်မှာ သူပြောကိုယ်ပြောယုံတမ်းဖြစ်ရပ်များ မဖြစ်နိုင်၊ သမိုင်းဖြစ်စဉ်တစ်ခုဟု မှတ်ယူရမည် ဖြစ်တော့၏။

မှတ်စလင်ဘာသာဝင်တို့၏ ကိုရာမ်ကျမ်းတွင်လည်း ရှီဗာဘုရင်မအကြောင်း ဖော်ပြထားခဲ့၏။ ရှီဗာဘုရင်မ စိုးစံသော မြို့တော်ကြီးမှာ အရှေ့အလယ် အာရှမြို့တော်ကြီး လေးမြို့အနက် အကြီးအကျယ်ဆုံး၊ လူအစည်ကားဆုံး၊ အခမ်းအနားဆုံး ချမ်းသာကြွယ်ဝ




သောမြို့တော်ဖြစ်ပြီး အံ့မခန်းသည့် အပန်းဖြေဥယျာဉ်များ၊ ပန်းခြံများရှိပြီး မြို့ကြီး၏အမည်မှာ 'ရှီဗာ' (Sheba) ဟုဖော်ပြထားရာ ရှီဗာဘုရင်မကြီးသည် ရှီဗာမြို့တော်ကြီးကို အုပ်ချုပ်သော ဘုရင်မပေလော စဉ်းစားစရာ ဖြစ်ပေသည်။

ဂရိအမျိုးသား မဟာခရီးသည်ကြီး ဗိုင်အာဒို့ရပ်(စ်)၏မှတ်တမ်းတွင်လည်း အထက်ဖော်ပြပါ ရှီဗာမြို့တော်ကြီး၏အံ့မခန်းကြီးကျယ်ပုံ၊ မြို့တော်ဝန်းကျင်၌ နံ့သာပင်များ ပေါက်ရောက်ပုံ၊ တိုင်းသူပြည်သားအများ ချမ်းသာကြွယ်ဝပုံ၊ ဘုရင်မကြီး၏နန်းတော်ကြီးမှာ ရွှေစင်ရွှေသားများ,ကျောက်သံပတ္တမြားများ စီခြယ်ထားပုံ၊ နန်းတော်အသုံးအဆောင်ပစ္စည်းများအားလုံးမှာ ရွှေစင်, ရွှေသားများဖြင့်သာ ပြုလုပ်ထားပုံ၊ ရွှေသားရုပ်တုများ၏ လက်ရာမြောက်ပုံများကိုပါ မှတ်တမ်းတင် ရေးသားထားခဲ့ရာ ရှီဗာဘုရင်မ အုပ်စိုးသော မြို့တော်ကြီးမှာ ထူးထူးခြားခြား ချမ်းသာကြွယ်ဝသည်ဆိုသည်မှာ သံသယရှိစရာ မလိုတော့။ ဆော်လမွန်ဘုရင်ကြီးအား ရွှေစင်ရွှေသား တန်နှင့်ချီ၍ လက်ဆောင်အဖြစ်ဆက်သသည် ဆိုသည်မှာလည်း ယုံတမ်းစကား မဟုတ်နိုင်ပေ၊ သမိုင်းအထောက်အထား ဖြစ်သည်ဟု ဆိုရပေမည်။

သမိုင်းသုတေသီများ၊ သမ္မာကျမ်းစာသုတေသီ ပါရဂူအများကမူ ရှီဗာဘုရင်မကြီးသည် ဆော်လမွန်ဘုရင်မင်းကြီး၏နန်းတော်တွင် ရက်သတ္တပတ်ပေါင်းများစွာ ဧည့်သည်တော်အဖြစ်နေထိုင်စဉ် ဆော်လမွန်ဘုရင်ကြီးနှင့် မေတ္တာမျှခဲ့ရာမှ သားတော်ကလေး မီနီလစ်မင်းသားအား ဖွားမြင်ခဲ့သည်။ ဤကဲ့သို့ သားတော်ကလေးကို ဖွားမြင်ပြီးနောက် ရှီဗာဘုရင်မသည် သူ့စံမြန်းသည့် အာဖရိကတိုက် အဘီဆီးနီးယားနိုင်ငံ (ယနေ့ အီသီယိုးပီးယား) သို့ ပြန်ကြွခဲ့သည်ဟုဆိုသည်။ အီသီယိုးပီးယားနိုင်ငံ၏လူမျိုးစုများမှာ ရှေးဟောင်းခရစ်ယာန်ဘာသာဝင်များသာ ဖြစ်ကြသည်။ ယနေ့ အီသီယိုးပီးယားနိုင်ငံရှိ လူသူအရောက်အပေါက်နည်းသော တောရပ်မြိုင်ခွင်များတွင် ပျက်စီးယိုယွင်းနေသော ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ ရှေးဟောင်း အဆောက်အအုံပျက်များကို တွေ့ကြရသည်ဟု သိရ၏။

အီသီယိုးပီးယားနိုင်ငံ သမိုင်းမှတ်တမ်းများတွင်လည်း အီသီယိုးပီးယားနိုင်ငံ၌ စိုးမိုးအုပ်ချုပ်ခဲ့သော ဘုရင်မင်းအများသည် ရှီဗာဘုရင်မကြီး၏သားတော် မီနီလစ်မင်းသား၏အနွယ်တော်များ ဖြစ်သည်။ ဆော်လမွန်ဘုရင်ကြီးသည် သူ့သားတော် မီနီလစ်မင်းသား သက်တော် ၂၀ နှစ် ရှိလာသောအခါ ဂျေရုဆလင်မြို့ ဘုရားကျောင်းတော်ကြီးရှိ ယခင် တမန်တော် မိုးဇက်အား ထာဝရဘုရားသခင်က စွန့်တော်မူခဲ့သည့် ပညတ်တော်ဆယ်ပါး ရေးထိုးထားသော ကျောက်ဖျာကြီးနှစ်ချပ် ထည့်သွင်းထားသည့် ပဋိညာဉ်သေတ္တာကို ဖူးမြော်စေခဲ့၏။

မီနီလစ် မင်းသားသည် ထိုပဋိညာဉ်သေတ္တာတော်ကို တိတ်တဆိတ်ယူဆောင်၍ အီသီယိုးပီးယားသို့ ပြန်သွားခဲ့သည်။ ဆော်လမွန်ဘုရင်ကြီး၏ တပ်မတော်များက ထက်ကြပ်မကွာလိုက်ခဲ့သော်လည်း တောတောင်ထူထပ်၍ ရာသီဥတုဆိုးရွားသဖြင့် လက်လျှော့ခဲ့ရသောကြောင့် ထိုပဋိညာဉ်သေတ္တာမှာ အီသီယိုးပီးယားနိုင်ငံဘုရားကျောင်းတော်တစ်ခုတွင် ရှိသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေကာမူ အီသီယိုးပီးယားနိုင်ငံသည် ရှီဗာဘုရင်မကြီး၏နိုင်ငံတော်ဖြစ်နိုင်သည်ဟု အခိုင်အမာ ဆိုကြ၏။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှ ရှေးဟောင်း သုတေသီများက အီသီယိုးပီးယားနိုင်ငံ ဝိရာတာ ကုန်းမြင့်ဒေသတွင် ရှီဗာဘုရင်မကြီး၏ရတနာသိုက်ကို တွေ့ထားသည့်သတင်းမှာ သမိုင်းအထောက်အထားများအရ မှန်ကန်နိုင်သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထင်

Ref; 1. Hidden Treasure.
2. The picture Bible.



www.burmeseclassic.com

www.burmeseclassic.com

# သီပေါမင်းနန်းတက်ခြင်း အရေးတော်ပုံ

## လှမြင့်(ရန်ကုန်တက္ကသိုလ်)



'အရေးတော်ပုံ' ဟူသည် နိုင်ငံ၊ မင်းတို့နှင့်ပတ်သက်သော စစ်ရေးသမိုင်း ဟူ၍ လည်းကောင်း၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးအခင်း ဟူ၍ လည်းကောင်း မြန်မာအဘိဓာန်ကျမ်းတွင် အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့သည်။

မန္တလေး (ရတနာပုံ) နေပြည်တော်ကို အုပ်စိုးခဲ့သော မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၂-၁၈၇၈) သည် ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ ဩဂုတ်လ (မြန်မာနှစ် ၁၂၄၀ ပြည့်နှစ်၊ ဝါခေါင်လ) တွင် နာတာရှည် ဖြစ်သည်။ ရောဂါဝေဒနာသည် သက်သာလာခြင်းမရှိဘဲ တစ်စထက်တစ်စ ပိုမို ဆိုးရွားလာခဲ့သည်။ ထိုအချိန်တွင် မင်းတုန်းမင်း၏အရိုက်အရာ ထီးနန်းဆက်ခံရေး အရှုပ်အထွေးများ ပေါ်ပေါက်လာခဲ့သည်။ ထီးနန်းဆက်ခံရေးအရှုပ်အထွေး နန်းတွင်းအရေးတော်ပုံကြီးတွင် သာမဏေဘဝတွင်သာရှိနေသေးသော သီပေါမင်းသားကို ချက်ချင်း လူဝတ်လဲစေ၍ ဘုရင်အဖြစ် ခန့်ထားခဲ့သည် ဟူ၍ ရွှေဟောင်းမြန်မာရာဇဝင်တော်ကြီး အချို့တွင် မှတ်တမ်းတင်ဖော်ပြထားသည်။

မန္တလေး (ရတနာပုံ) နေပြည်တော်တွင် မင်းတုန်းမင်း၏ ထီးနန်းအရိုက်အရာကို ဆက်ခံ၍ ဘုရင်ဖြစ်လာခဲ့သော သီပေါမင်း (ခရစ်နှစ် ၁၈၇၈-၁၈၈၅ ခုနှစ်) ၏ နန်းတက်ခြင်းအရေးတော်ပုံသည် သမိုင်းအဆိုအမိန့်များ၊ အမြင်များ အမျိုးမျိုးကွဲပြားလျက် စိတ်ဝင်စားဖွယ် သမိုင်းဖြစ်စဉ်တစ်ခုအဖြစ် ဥဒါန်းတွင်လျက် ကျန်ရစ်နေခဲ့သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) တွင် သီပေါမင်း၏ထီးနန်းဆက်ခံရရှိခဲ့ပုံကို-

'မင်းတုန်းမင်း၏ရောဂါဝေဒနာ မသက်သာဘဲရှိသည်နှင့် ၁၈၇၈ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် (၁၂၄၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁ ရက်) နေ့တွင် ဝန်ကြီး၊ အတွင်းဝန်နှင့် မှူးကြီး မတ်ကြီးတို့တွေ့ဆုံကာ မူလကပင် မင်းတုန်းမင်းက အိမ်ရှေ့နန်းရန် အကြံအရွယ်ရှိပြီးဖြစ်သည့် သီပေါမင်းသားအား ချက်ချင်း အိမ်ရှေ့အပ်နှင်းလိုက်သော် သဘောမတူသော အခြားမင်းသားများ ပုန်ကန်ချိမ့်မည်။ ထို့ကြောင့် ယင်းတို့ကို ဖမ်းဆီး ထိန်းသိမ်းထားမှ သင့်မည်ဟု အစုံအညီတိုင်ပင်ကြ၏။ ထို့နောက် ဝန်းသိုမင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ မလွန်မင်းသား စသည့် မင်းသားကြီး့ငယ်အပေါင်းကို မင်းတုန်းမင်း၏အမိန့်တော်နှင့် ဆင့်ခေါ်၍ ဖမ်းဆီးလိုက်ကြသည်။ ထိုနေ့မှစ၍ သီပေါမင်းသား၏အမိန့်ကိုခံယူကာ နိုင်ငံအုပ်ချုပ်ရေးကိုရွက်ဆောင်ကြသည်။ နောင် (၈) ရက်လွန်မြောက်ပြီး စက်တင်ဘာလ (၁၉) ရက် (တော်သလင်းလပြည့်ကျော် ၉ ရက်) နေ့သို့ရောက်သောအခါ မင်းတုန်းမင်းကိုယ်တိုင် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဝန်ကြီး၊ အတွင်းဝန်များကို အစုံအညီခေါ်ကာ သီပေါမင်းသားအား အိမ်ရှေ့အရာကို တရားဝင် အပ်နှင်းသည်။ အိမ်ရှေ့နန်းပြန်တမ်းအမိန့်တော်ကိုလည်း ချက်ချင်းရေးသားစေ၍ လွှတ်တော်သို့ ပေးပို့စေသည်'

ဟူ၍ ရေးသားမှတ်တမ်းတင်ထားခဲ့သည်။

**သီပေါမင်းသားကို အိမ်ရှေ့နန်းအမိန့်တော်**

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင် ပဉ္စမသင်္ဂါယနာတင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။

ငါ့သားတော် သီပေါမြို့စား မင်းသား သုသီရိမဟာဓမ္မရာဇာသည်လည်း ကပ်ဦးမဟာသမ္မတ၊ ဥက္ကာမုခ၊ သကျသာကီဝင်မင်းတို့မှ အစဉ်မပျက် ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုး နေမျိုးနွယ်စစ်ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် (၃) ကြိမ်မြောက် ပထမပြန်ဆို၍ (၃)ကြိမ်တိုင်တိုင် မြတ်စွာဘုရားသာသနာတော်ကိုထမ်းဆောင်နိုင်ခြင်း၊ လောက-ဓမ္မ လိမ္မာဖျော့ပွန်သဖြင့် နောင် ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို စိုးအုပ်နိုင်မည့် နှလုံးလက်ရုံး၊ ဘုန်းပညာ လက္ခဏာနှင့် ဂုဏ်ထူးဝိသေသရှိသော သားတော်မြတ်ဖြစ်သည်နှင့်အညီ သာသနာတော်ရော တိုင်းရေးပြည်မှုများကို ညီညာဆောင်ရွက်စေခြင်းငှာ အိမ်ရှေ့မင်းတို့ တင့်တယ်စံပယ်ခြင်း၊ အလုံးအရင်း ဆင်မြင်း့ဗိုလ်ပါအပေါင်းတို့ဖြင့် ခြံရံလျက် အိမ်ရှေ့ဥပရာဇာအဖြစ်ကို ဆောင်နှင်းတော်မူမည်။ အိမ်ရှေ့မင်းအဆောင်အယောင် အခမ်းအနား၊ ဝန်၊ ဝင်းမှူး၊ အတွင်းဝန်မှစ၍ သင်းစု၊ ပင်းစု ပေးဖွဲ့ရန်စာရင်းကိုလည်းသွင်း။

(သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့၊ နားခံတော် မင်းထင်ကျော်ခေါင်တွင် ပြန်အမိန့်တော်)'

ယင်းသို့ ပြန်တမ်းထုတ်ပြီးနောက် မကြာမီတွင် လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာမိဖုရားနှင့် မြောက်ရွှေရေးမိဖုရားတို့သည် မင်းတုန်းမင်းကြီးထံ ဝင်ရောက်ကာ မင်းသားများ ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရကြောင်း လျှောက်ထားသဖြင့် မင်းသားများကို လွှတ်စေသည်။ ထို့နောက် သုံးဆယ်မင်းသားကို ချင်းတွင်းကြောင်း၊ မက္ခရာမင်းသားကို တောင်တွင်းကြီးကြောင်း၊ ညောင်ရမ်းမင်းသားကို အောက်မြစ်စဉ်ကြောင်း အသီးသီး ဘုရင်ခံအဖြစ် ခန့်အပ်၏။ သို့သော် မင်းတုန်းမင်းရှေ့မှောက်မှ ထွက်ခဲ့လျှင်ထွက်ခဲ့ချင်း ယင်းမင်းသားတို့ကို ဆင်ဖြူမရှင်မိဖုရားကြီးနှင့် မှူးတော်၊ မတ်တော်တို့က ထပ်မံ ဖမ်းဆီးလိုက်ကြသည်။ အခြားမင်းသားများလည်း ယင်း



www.burmeseclassic.com

www.burmeseclassic.com

တို့နည်းတူ ဖမ်းဆီးခံရသည်။ သို့နှင့် အောက်တိုဘာလ (၁) ရက် (သီတင်းကျွတ်လဆန်း ၆ ရက်) နေ့သို့ရောက်သော် မင်းတုန်းမင်း နတ်ရွာစံ၍ သီပေါမင်းသား နန်းတက်ခဲ့သည် ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) တွင် မှတ်တမ်းတင်ခဲ့၏။

ပုဂံဝန်ထောက် ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ် သောအမိန့်တော်တမ်းကြီး (ဒုတိယပိုင်း) တွင်မူ သီပေါမင်း ထီးနန်းရရှိခဲ့ပုံကို ဤသို့ မှတ်တမ်းတင် ဖော်ပြခဲ့သည်။

'မင်းတုန်းမင်း နာမကျန်းရှိစဉ်မှာပင် ကင်းဝန်မင်းကြီးအမှူးပြုသော ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးများသည် မင်းလျာရွေးရန် တောင်ပန်းခုံအုတ်တိုက်တွင် စည်းဝေးကြသည်။ ဤအစည်းအဝေးတွင် ဝန်ကြီးများသာမက အတွင်းဝန်များ၊ ဝင်းမှူးများလည်း ပါဝင်သည်။ သို့သော် မဲရွေးရာတွင် အခြား ဝန်ကြီးများ ရွေးချယ်ခွင့်မရှိကြဘဲ ကင်းဝန်မင်းကြီးနှင့် ဝင်းမှူးများ၊ အတွင်းဝန်များသာ ရွေးချယ်ခဲ့ကြသည်။ ဤအစည်းအဝေးကပင် သီပေါမင်းသားအား မင်းလျာအဖြစ် ရွေးလိုက်ကြသည်။ ထို့နောက် အရွယ်ရောက်သော မင်းသားအားလုံးကို မင်းတုန်းမင်းအမိန့်နှင့်ဆို၍ ခေါ်ယူကာ ကြေးထိုက်၌ ချုပ်ထားလိုက်သည်။ ပြီးလျှင် သီပေါမင်းသားအား အိမ်ရှေ့နန်းကြောင်း အမိန့်ထုတ်ပြန်ကြ၏။ နောက်တစ်ရက်တွင် မင်းတုန်းမင်းသည် မကျန်းမာမှုမှ သက်သာလာရာ မင်းမိဖုရားများ ဝင်ရောက်ခစားခွင့်ရပြန်သည်။ ထိုအခါ လင်ပန်း၊ သက်ပန်း၊ ခုနစ်ရွာ၊ မြောက်ရွှေရေးမိဖုရားများက အိမ်ရှေ့မင်း အမိန့်တော်ထုတ်ပုံ၊ မင်းသားများအား ဖမ်းဆီးထားပုံကို လျှောက်ထားကြသည်။ မင်းတုန်းမင်းက မင်းသားများကို ပြန်လွှတ်စေပြီး သုံးဆယ်မင်းသား၊ မကွေးရာမင်းသား၊ ညောင်ရမ်းမင်းသားတို့အား ချင်းတွင်းကြောင်း၊ တောင်တွင်းကြီးကြောင်းနှင့် အောက်မြစ်စဉ်ကြောင်း ဘုရင်ခံအဖြစ် ခန့်အပ်ကာ ဆိုင်ရာနယ်များသို့ သွားရောက်နေထိုင်ရန် အမိန့်ပေး၏။ သို့သော် မင်းသားများမှာ မင်းတုန်းမင်းထံမှ ထွက်ခွာလာလျှင် ထွက်ခွာလာချင်း ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့က ထပ်မံ ဖမ်းဆီးလိုက်ကြသည်။ မကြာမီ မင်းတုန်းမင်းသည် ရောဂါတိုးလာပြီးလျှင် ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် (မြန်မာနှစ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်) နေ့တွင် နတ်ရွာစံ၍ သီပေါမင်းသည် ဘုရင်အဖြစ် ထီးနန်းဆက်ခံသည်'

သိပ္ပံမောင်ဝ၏ခေတ်စမ်းရာဇဝင်ရေးများဆောင်းပါးတွင်မူ သီပေါမင်းသားအား ဘုရင်အဖြစ်တင်မြှောက်ရန် ရွေးချယ်ခဲ့ကြပုံကို ကိုယ်တွေ့မျက်မြင်ဖြစ်သော အဝေးရောက်မင်း ဦးအောင်ကြီး၏အဆိုအမိန့်များကို အကိုးအကားပြု၍ ဤသို့ ဖော်ထုတ် မှတ်တမ်းတင်ခဲ့သည်။

'အဝေးရောက်မင်း ဦးအောင်ကြီးသည် ကင်းဝန်မင်းကြီး၏တပည့်ရင်း စာရေးတစ်ဦးဖြစ်၍ သီပေါမင်းသား ဘုရင်အဖြစ် တင်မြှောက်ရန် ဝန်ကြီးများ အစည်းအဝေးသို့ လိုက်ပါခွင့် ရရှိခဲ့သည်။ ဦးအောင်ကြီး၏အဆိုအမိန့်မှာ-

မင်းတုန်းမင်း ကွယ်လွန်လျှင် ကွယ်လွန်ချင်း ဘုရင်သစ်ရွေးရေးအတွက် မြေနန်းတော်၌ ရေနံချောင်းမင်းကြီး ဦးရွှေစို၊ ခန်းပတ်မင်းကြီး ဦးရွှေမောင်၊ မကွေးမင်းကြီး ယောအတွင်းဝန် ဦးဖိုးလှိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့ ဆုံကြသည်။ ဘုရင်သစ်အဖြစ် လျာထားသူများစာရင်းတွင် သုံးဆယ်မင်းသား၊ မကွေးရာမင်းသား၊ သာဂရမင်းသား၊ ညောင်အုပ်မင်းသား၊ ညောင်ရမ်းမင်းသားနှင့် သီပေါမင်းသားတို့ ပါဝင်သည်။ ဝန်ကြီး (၄) ဦးနှင့် ဆင်ဖြူမရှင်တို့သည် မိမိတို့သဘောတူရာ မင်းသားအမည်ကို စက္ကူတွင် ရေးပြီးနောက် (၁၂) ရာသီ ရွှေဖလားကြီးထဲ၌ ထည့်ကြရသည်။ ထို့နောက် အားလုံးရှေ့တွင် တစ်ခုစီဖတ်ကြရသည်။ ရေနံချောင်းမင်းကြီး ဦးရွှေစိုက သုံးဆယ်မင်းသားကို သဘောကျသည်။ မကွေးမင်းကြီး၊ ယောအတွင်းဝန် ဦးဖိုးလှိုင်က မကွေးရာမင်းသားကို သဘောတူသည်။ ခန်းပတ်မင်းကြီး ဦးရွှေမောင်က ညောင်ရမ်းမင်းသားကို သဘောတူသည်။ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ဆင်ဖြူမရှင်တို့က သီပေါမင်းကို သဘောတူသည်။ သို့နှင့် သီပေါမင်းသားမှာ မဲအများဆုံးရသည့် မင်းသားဖြစ်၍ ဘုရင်အဖြစ် ရွေးခြင်းခံရသည်။ ဤသို့ မရွေးခင်ကပင် ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့သည် ကြိုတင် သဘောတူညီမှုရှိထားကြပြီး ဖြစ်သည်။ ထိုစဉ်က သီပေါမင်းသားမှာ သာမဏေဘဝ၌ပင် ရှိသေး၏။ ဘုရင်အဖြစ် ရွေးပြီးသည်နှင့် တစ်ပြိုင်နက် သီပေါမင်းသားသည် ချက်ချင်း လူဝတ်လဲလိုက်လေသည်'

အသျှင်ဥတ္တမဗုဒ္ဓိ ရေးသားခဲ့သော 'သီပေါမင်းနန်းတွင်းရေးနှင့် မြင်ကွန်းမင်းသားအတွင်းရေး' စာအုပ်တွင် သီပေါမင်းကို နန်းတင်ရာတွင် ဆင်ဖြူမရှင်မိဖုရားကြီးနှင့်တွဲဖက်၍ အဓိကနေရာမှ ပါဝင်ဆောင်ရွက်ခဲ့သူသည် ကင်းဝန်မင်းကြီးဦးကောင်း မဟုတ်ပေ။ နောင်တစ်ချိန်တွင် တိုင်တားမင်းကြီး ဟူ၍ ထင်ရှားလာမည့် တောင်ထားဝယ်ဗိုလ်ဦးဖိုး ဖြစ်သည်။ မင်းတုန်းမင်းကြီး ရောဂါသည်းထန်နေချိန်တွင် ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့သည် ထီးနန်းဆက်ခံမည့်မင်းလျာကို တိုင်ပင်ဆွေးနွေးရာ၌ ကင်းဝန်မင်းကြီးသည် မကွေးရာမင်းသား သို့မဟုတ် ညောင်ရမ်းမင်းသားကို နန်းတင်လိုသည်။ သို့သော် ဆင်ဖြူမရှင်မိဖုရားကြီးက လက်မခံသဖြင့် ကင်းဝန်မင်းကြီးသည် နှုတ်ဆိတ်၍ ဆင်ဖြူမရှင်မိဖုရားကြီး၏အလိုဆန္ဒကို လိုက်လျောခဲ့ရသည်။ ဘုရင်သစ်ရွေးရန် အစည်းအဝေးပြုလုပ်ရာတွင် ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောအတွင်းဝန်ဦးဖိုးလှိုင်၊ တောင်ထားဝယ်ဗိုလ်ဦးဖိုး (နောင်တွင် တိုင်တားမင်းကြီး ဖြစ်လာသူ)၊ ပေါက်မြိုင်အတွင်းဝန်၊ ကျောက်မြောင်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ထောက် စသော အရေးပါသည့် မင်းကြီးများ၊ အတွင်းဝန်များ ပါရှိခဲ့သည်။

ဤအစည်းအဝေးတွင် သီပေါမင်းသားကိုရွေးချယ်ရန် တောင်ထားဝယ်ဗိုလ်ဦးဖိုး (နောင် တိုင်တားမင်းကြီး) က အဆိုတင်သွင်းသည်။ ယောအတွင်းဝန်ဦးဖိုးလှိုင်က သဘောမတူကြောင်း ပြောဆိုသည့်အခါ တောင်ထားဝယ်ဗိုလ်ဦးဖိုးက ဓားကိုဆောင့်၍ ကြိမ်းဝါးသည်။ ကင်းဝန်မင်းကြီးက 'စကားဆို အချင်းများနေ၍ အကြောင်းထူးတော့မည် မဟုတ်ကြောင်း' ကြားဝင်ဖျန်ဖြေပြောဆိုခဲ့သည်။ နောက်ဆုံးတွင် သီပေါမင်းသားကို ရွေးချယ်ရန် အားလုံး သဘောတူညီခဲ့ကြရသည်။ တစ်ဖန် မင်းညီမင်းသားများကို မင်းတုန်းမင်းအမိန့်တော်နှင့်ဆို၍ ဖမ်းဆီးရာတွင်လည်း ဆင်ဖြူမရှင်မိဖုရားကြီးနှင့် တောင်ထားဝယ်ဗိုလ်ဦးဖိုးတို့ပင်ဖြစ်သည်ဟု ဆိုသူများလည်း ရှိပေသေးသည်။

မင်းတုန်းမင်း အသည်းအ



www.burmeseclassic.com

www.burmeseclassic.com

နာမကျန်းဖြစ်နေချိန်တွင် ဘုရင်၏အမိန့်တော်ဟုထုတ်ပြန်၍ ခေါ်ယူဖမ်းဆီးချုပ်နှောင်ခဲ့သော မင်းညီမင်းသားတို့အနက် အများစုသည် မြောက်ထားဝယ်ဒိုင်း ရနှောင်မြို့စားနှင့် အပေါင်းပါတို့၏သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။ အသတ်ခံကြရသူများတွင် မင်းတုန်းမင်း၏ထင်ရှားသော သားတော်များဖြစ်သည့် မေက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ မိုးထိုင်းမင်းသား၊ သာဂရမင်းသား၊ ပင်းလယ်မင်းသား စသည်တို့ ပါဝင်ခဲ့သည်ဟု၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) ၌ မှတ်တမ်းတင်ခဲ့သည်။

အသတ်ခံရသော မင်းညီမင်းသား အရေအတွက်နှင့် ပတ်သက်၍လည်း ရှေးဟောင်း မြန်မာရာဇဝင်ကျမ်းများ၌ အဆိုအမိန့် အမျိုးမျိုး ကွဲပြားခြားနားလျက် ရှိနေသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) တွင် မင်းညီမင်းသား (၃၀) ကျော်မျှသာဖြစ်သည်ဟု ဖော်ပြခဲ့သော်လည်း ရတနာသိင်္ခမဟာရာဇဝင် (နဂါးဗိုလ် ထိပ်တင်ထွေး) ကြီးတွင်မူ မင်းညီမင်းသား (၆၀) ကျော် ဟူ၍ လည်းကောင်း၊ ရန္တပိုမှ ရတနာဂီရိသို့ (ဦးဘချစ်) စာအုပ်နှင့် ရွှေကိုင်းသား၏ အနှစ် ၁၀၀ ပြည့်မန္တလေး (၁၂၂၁-၁၃၂၁) စာအုပ်များတွင်မူ မင်းညီမင်းသားပေါင်း (၄၀) ကျော် ဟူ၍ လည်းကောင်း၊ Europe and Burma (D.G.E.Hall) စာအုပ်တွင် မင်းညီမင်းသား(၈၀)နီးပါး ဟူ၍ လည်းကောင်း ရေးသားဖော်ပြမှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာ့သမိုင်း၏နောက်ဆုံးခေတ် မန္တလေး (ရတနာပုံ) ခေတ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်း၏ နန်းတက်ခဲ့ရသော အရေးတော်ပုံဖြစ်စဉ်သည် မြန်မာ့သမိုင်းကြောင်းတွင် အဆိုးဝါးဆုံးသော၊ သမိုင်းအမည်းစက်အရှုံးထင်းဆုံးသော သမိုင်းဖြစ်ရပ် ဖြစ်ခဲ့ကြောင်းနှင့် သမိုင်းဟူသည် ဖုံးကွယ်၍ မရသော အမှန်တရားဖြစ်ကြောင်းကို နောင်းလူတို့ သမိုင်းသင်ခန်းစာနှင့် ဘဝသင်ခန်းစာ ရရှိ၊ သိရှိစေရေးအတွက် ပြည်သူပြည်သားတို့ အပူနောက်ကျိခြင်းနှလုံး မီးအုံးသောကြိမ်ညှောက်ကဲ့သို့ ဒုံးငယ်စိတ်ဝမ်း ပင်ပန်းနွမ်းလျှရိုကြရသော အဖြစ်အပျက်ပေတည်း' ဟူ၍ သုသောဓိတ မဟာရာဇဝင်တော်ကြီးကို ပြုစုခဲ့သော မြန်မာ့သမိုင်းပညာရှင်ကြီးများဖြစ်သည့် ဆရာဘီနှင့်အဖွဲ့သည် သုသောဓိတ မဟာရာဇဝင်တော်ကြီး (ဆဋ္ဌမတွဲ)၌ ဝမ်းနည်းကြေကွဲဖွယ် မှတ်တမ်းတင်ခဲ့သည်။

ထိုနည်းတူ ခေတ်သစ်သမိုင်းကျမ်းတစ်စောင်ဖြစ်သော အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ၊ ပထမပိုင်း) တွင်လည်း သီပေါမင်းနန်းတက်ခြင်း အရေးတော်ပုံ သမိုင်းဖြစ်စဉ်ကို သမိုင်းသင်ခန်းစာယူနိုင်ကြစေရန် ဤသို့ သုံးသပ်ဝေဖန် ဖော်ထုတ်ရေးသားခဲ့သည်။

'မြန်မာ့သမိုင်းတစ်လျှောက်တွင် မင်းသစ်တစ်ဦး နန်းတက်လျှင် အန္တရာယ်ပြုမည်ထင်ရသော မှူးမတ်များ၊ မင်းညီမင်းသားများကို သုတ်သင်ခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့ဖူးသော်လည်း သီပေါမင်းလက်ထက် ဤသို့ မင်းညီမင်းသား မြောက်မြားစွာ အစုလိုက် အပြုံလိုက် လုပ်ကြံသတ်ဖြတ်ခြင်းခံရမှုနှင့် ယှဉ်နိုင်အံ့ မထင်ချေ။ ၁၉ ရာစု ကုန်ခါနီး ခေတ်သစ်ကမ္ဘာ၌ ပေါ်ပေါက်ခဲ့သော ဤဖြစ်ရပ်ကား မြန်မာ့ပဒေသရာဇ်စနစ်၏ ခေတ်နောက်ကျ၍ ဆိုးရွားလှသော ပြယုဂ်တစ်ပုဒ်ပင် ဖြစ်ချေသည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**


၁။ လွှတ်တော်မှတ်တမ်း
   တော်စိန်ခို
၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်
   တော်ကြီး (တတိယတွဲ)
၃။ ခေတ်စမ်းရာဇဝင်ရေးများ
   သိပ္ပံမောင်ဝ
၄။ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း
   (ဒုတိယပိုင်း)
၅။ သီပေါမင်းနန်းတွင်းရေးနှင့် မြင်
   ကွန်းမင်းသားအတွင်းရေး
   အသျှင်ဥတ္တမဗုဒ္ဓိ
၆။ ရတနာသိင်္ခ မဟာရာဇဝင်တော်
   ကြီး
   နဂါးဗိုလ်-ထိပ်တင်ထွေး
၇။ ရန္တပိုမှ ရတနာဂီရိသို့
   ဦးဘချစ်
၈။ အနှစ် ၁၀၀ ပြည့်မန္တလေး
   (၁၂၂၁-၁၃၂၁)
   ရွှေကိုင်းသား
၉။ သုသောဓိတ မဟာရာဇဝင်တော်
   ကြီး (ဆဋ္ဌမတွဲ)
   ဆရာဘီနှင့်အဖွဲ့
၁၀။ အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်း
   (ဒုတိယတွဲ၊ ပထမပိုင်း)
၁၁။ Europe and Burma
   D.G.E. Hall


# ပန်းများကြာရှည် အထားခံအောင် ပြုပြင်နည်း

ပန်းကို လူတိုင်း၊ အထူးသဖြင့် အမျိုးသမီးတိုင်း ကြိုက်နှစ်သက်ကြသည့်အပြင် ဘုရားတင်ခြင်း၊ ညောင်ရေအိုးထိုးခြင်း၊ နေ့စဉ် ဆင်ယင်ထုံးဖွဲ့ရာတွင် အသုံးပြုကြခြင်း၊ အခြား မင်္ဂလာကိစ္စများတွင်လည်း အသုံးပြုကြပါသည်။

များစွာသော အိမ်ရှင်မများသည် ဘုရားလှူရန်၊ ဧည့်ခန်းအလှပြုပြင်ရန် စသည် အကြောင်းအမျိုးမျိုးကြောင့် ပန်းကောင်း၊ ပန်းလှများကို အမြတ်တနိုးတန်ဖိုးထား ဝယ်ယူကြသည်။ အရောင်မျိုးစုံသော ပန်းလှလှများအား ဘုရားတွင် တင်လှူသည့်အခါ သဒ္ဓါညွတ်နူးကြည်ညို၍မဝစေသောအလှကို ဖူးတွေ့ကြရပါသည်။ ဧည့်ခန်းကို အလှဆင်သည့်အခါတွင်လည်း အလှကျက်သရေဖြိုးဝေနေတတ်ပါသည်။ သို့ရာတွင် ထိုအလှကျက်သရေများသည် အချိန်တိုအတွင်းတွင် ညှိုးနွမ်း ကွယ်ပျောက်သွားတတ်ပါသည်။ ထိုပန်းကောင်း ပန်းလှများအား တာရှည်အထားခံအောင်လုပ်ရလျှင်ကောင်းမည်ဟု ဆန္ဒရှိကြမှာ မလွဲဧကန်ပါပဲ။

ထိုဆန္ဒအား ဖြည့်သောအနေနှင့် အပင်မှခူးယူပြီး အချိန်နာရီပိုင်းအတွင်း နွမ်းရော်သွားလေ့ရှိသော ပန်းလေးများအား ရက်ပိုင်းအထိ တာရှည်ခံစေရန်အတွက် ပန်းထည့်ထားသည့် ရေထဲသို့ ဇဝက်သာအမှုန့်ကို ပန်းအနည်းအများအပေါ် မူတည်ပြီး ထည့်ပေးထားပါ။

သဒ္ဒါ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာဖြင့်သာ
# မြင်ကြည့်ပါ
## ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

ပြောချင်လွန်းလှတဲ့စကားတွေကို အကြိမ်ကြိမ် စဉ်းစားခဲ့ရပါတယ်။

အချိန်ယူပြီးတော့ကို စဉ်းစားခဲ့ရပါတယ်။

ရက်နဲ့တင်မကပါဘူး၊ တချို့စကားတွေကို လနဲ့ နှစ်နဲ့ချီပြီး စဉ်းစားခဲ့ရပါတယ်။

ဘာလို့လဲဆိုတော့-

ပြောရတော့မယ့်စကားဟာ အများသူငါအတွက် အကျိုးရှိပါ့မလား၊ အကျိုးများမဲ့သွားနိုင်သလားဆိုတာကို အကြိမ်ကြိမ် စဉ်းစားတတ်တဲ့သူမို့ပါပဲ။

ဒါပေမယ့်-

မျက်စိရှေ့မှာ တွေ့တွေ့နေရတာတွေ၊

လာလာပြောပြောပြကြလို့ ကြားနေရတာတွေ။

အဲဒါတွေကို စဉ်းစားရင်း စဉ်းစားရင်း အင်း- ဒီလိုတော့ ဒုက္ခတွေရောက်ကုန်ကြပြီ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေလည်း ဖြစ်တဲ့သူတွေ ဖြစ်ကုန်ကြပြီ။

ဒီတိုင်းသာဆိုရင်တော့. . .

ဆိုပြီး ထပ်ဆင့်စဉ်းစားရင်းကနေ ဒီစကားလေးတွေ ပြောဖြစ်လိုက်တာပါပဲ။

အိမ်ထောင်ရေးပြိုကွဲပျက်စီးသွားကြသူတွေ၊

ဘာမှန်းညာမှန်း မသိရဘဲ တချို့ဆို စိတ်နောက်သွားတဲ့ထိ ရောဂါစွဲသွားကြရရှာသူတွေ၊

ဘယ်လောက်ရှာရှာ ဘယ်လိုမှ အဖတ်မတင်ဘဲ တဖြည်းဖြည်းလုံးပါးပါးလာရသူတွေ၊

အလိုလိုနေရင်း ဘာတွေဖြစ်လို့ဖြစ်နေမှန်းမသိရဘဲ မိသားစုအတွင်းမှာ ဟိုဟာလုပ်ဖြစ်လိုက်, ဒီဟာလုပ်ဖြစ်လိုက် ဖြစ်နေကြရသူတွေ။

စဉ်းစားပေးဖို့ပါ။

ဘယ်သူ့အတွက်လဲဆိုတော့-

ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက် စဉ်းစားပေးဖို့ပါ။

ကိုယ်ကောင်းမယ်။

ကိုယ့်မိသားစုကောင်းမယ်။

ဒါဆို ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်းနေမယ်။

ကောင်းတာတွေစုလာပြီဆိုတော့၊ ကောင်းတာတွေ များလာပြီ ဆိုတော့ ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်မြို့နယ် ကိုယ့်ဒေသလည်း ကောင်းခြင်းတွေ ပြည့်ဝနေမှာပါပဲ။

မှန်ပါတယ်။

ကောင်းနေပြီဆိုရင် ဘာလို့များ ကောင်းနေပါလိမ့်ဆိုပြီး အာရုံစူးစိုက်ခြင်းကို ခံရပါမယ်။

ဩော်- သူတို့တွေ ကျန်းမာရေးတွေကောင်း၊ စီးပွားတွေလည်း ကောင်း၊ မိသားစုဆက်ဆံရေးတွေလည်း ကောင်း၊ သားသမီးတွေကလည်း မိဘကို မိဘမှန်းသိလို့ လိမ်လိမ်မာမာနဲ့မို့ မိသားစုအတွင်း ကောင်းနေကြပါလား ဆိုပြီး အာရုံစူးစိုက်ခြင်းကို ခံရပါမယ်။

သူများ ဘယ်လိုကောင်းလဲ ဆိုတာ သိကြပြီဆိုရင်-

ကိုယ်လည်း ဘယ်လိုကောင်းအောင် ဆိုတာမျိုးကို စဉ်းစားကြတော့မှာပါပဲ။ လိုအပ်ရင် အဖြေရှာကြတော့မှာပါပဲ။

အဲဒီအခါမှာ ကောင်းခြင်းကို အားကျတဲ့အတွက် ကောင်းအောင်စဉ်းစားကြတော့မှာ သေချာတယ်။

အဲဒီတော့ ကောင်းအောင်စဉ်းစားကြ၊ ကောင်းအောင် နေထိုင်ကြမှတော့ ကောင်းပြီပေါ့။

မိသားစုလည်း ကောင်း၊ ကိုယ့်ပတ်ဝန်းကျင်လည်း ကောင်း၊ ကိုယ့်မြို့ကိုယ့်ဒေသလည်း ကောင်းပြီ ဆိုမှတော့ ဘာပြောစရာလိုတော့လဲ။

ဒါဖြင့်-



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖို့တွေ အများကြီးထဲက- နေ့တိုင်းနီးပါး ကြားကြားနေရတဲ့ အကြောင်းလေးတွေဘက်ကို နည်းနည်း ပါးပါး စောင်းငဲ့ကြည့်လိုက်ရအောင်။

'အိမ်တွင်းအုန်း'

ဒီလိုပြောလိုက်ရုံနဲ့တင် စိတ်ဝင်စားသူတွေ အုတ်အော်သောင်းတင်း ဖြစ်သွားနိုင်သလို နှာခေါင်းရှုံ့ပြီး မဲ့ကြမယ့်သူတွေလည်း ကျွက်စီကျွက်စီ ဖြစ်ကုန်ကြမှာ သေချာပါတယ်။

ဒါကတော့ ကိုယ့်ဆန္ဒနဲ့ကိုယ်ပါပဲ။

ကိုယ့်အိမ်ထဲမှာ ကိုယ့်သဘောမို့ အုန်းဆွဲခြင်း၊ မဆွဲခြင်းကို လုံးဝ မဆိုလိုပါဘူး။ တိုက်လည်း မတိုက်တွန်းလိုပါဘူး။

လူတိုင်းဟာ ကိုယ့်သဘောနဲ့ကိုယ် ဆွဲချင်ဆွဲမယ်၊ မဆွဲချင်မဆွဲဘူး။ ဒါ မှန်ပါတယ်။

ဒါကိုလည်း အကြံမပေးလိုပါဘူး။

ဒါပေမယ့်-

အကြံပေးချင်နေတာ တစ်ခုတော့ ရှိပါတယ်။

အဲဒါကတော့ အန္တရာယ်ကင်းခြင်းပါပဲ။

ဟုတ်ပါတယ်။

အန္တရာယ်ကင်းစေချင်ပါတယ်။ ဒီအတွက် အန္တရာယ်ကင်းအောင် နေစေချင်ပါတယ်။

ဘာကိုမဆို ချင့်ချင့်ချိန်ချိန်နဲ့ ပြုလုပ်ရင် သင့်တော်မယ်ထင်လို့ပါ။

လူတွေမှာ-

ကိုယ့်ရိုးရာ ကိုယ့်ဓလေ့ ဆိုတာတွေ ရှိကြပါတယ်။

ဟိုးတုန်း အစဉ်အဆက်ကတည်းကနေ အခုချိန်ထိ ထိန်းသိမ်းလာကြတဲ့ ရိုးရာတို့၊ ဓလေ့တို့ ဆိုတာ ရှိပါတယ်။

ဒါကို ဖောက်ဖျက်ပစ်တော့မယ်ဆိုရင် နည်းနည်းတော့ အချိန်လေးယူပြီး စဉ်းစားပေးပါ။

ကိုယ်တစ်ခုခုလုပ်တော့မယ်လို့ စဉ်းစားလိုက်တာနဲ့-

ကိုယ်တိုင်အတွက်တင်မက ကိုယ့်မိသားစုအတွက်ပါ ထည့်စဉ်းစားပေးပါ။

ကိုယ်လုပ်လိုက်တာဟာ ကိုယ့်မိသားစုရော ကိုယ်ပါ အကျိုးဖြစ်ထွန်းပြီဆိုရင် ဆက်လုပ်ပါ။ ရဲရဲလုပ်ပါ။ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com

နောက်မဆုတ်ဘဲလုပ်ပါ။

ကိုယ်လုပ်လိုက်တာဟာ ကိုယ့်ရော ကိုယ့်မိသားစုပါ ဒုက္ခတွေပင်လယ်ဝေလာပြီ၊ တစ်ခုပြီးတစ်ခု ဖြစ်လာရပြီဆိုရင်တော့ နည်းနည်းလေး အချိန်ယူစဉ်းစားပြီးမှ လုပ်သင့်မလုပ်သင့် စဉ်းစားပါ။

ကိုယ့်မိသားစု အန္တရာယ်ကင်းဖို့ စဉ်းစားပေးပါ။

အသိမိတ်ဆွေ တစ်ယောက်နဲ့ စကားပြောဖြစ်ခဲ့တဲ့ အကြောင်းလေး တစ်ခု သတိရလို့-

တစ်နေ့ စကားစပ်မိပါတယ်။

သူဟာ သူ့အဘိုးအဘွား မိဘအစဉ်အဆက်မှာ နတ်အုန်းဆွဲလာခဲ့ပါတယ်တဲ့။ ဒီလိုနဲ့ သူ့အသက် (၅၀) ပြည့်ခါနီးမှာ ဆရာကြီးတစ်ဦးနဲ့တွေ့ပါတယ်တဲ့။ အဲဒီဆရာကြီးက သူ့အိမ်ကြွလာပြီး အုန်းဆွဲထားတာကို လက်ညှိုးထိုးရင်း ဒါတွေဟာ ဘာလုပ်ထားတာလဲလို့ မေးတယ်တဲ့။ ပြီးတော့ ပျစ်ပျစ်နှစ်နှစ် ပက်ပက်စက်စက်ပြောပြီး ဖြုတ်လွှင့်ပစ်ခိုင်းတယ်တဲ့။

သူကလည်း ဘာကြောင့်မှန်းမသိဘဲ အဲဒီဆရာကြီးခိုင်းတဲ့အတိုင်း လုပ်လိုက်မိတယ်တဲ့။

ဘာကြာလဲ၊ အိမ်တွင်းရေးပြဿနာတွေ တန်းစီးဝင်လာပြီး သူ့သမီးက အိမ်ကဆင်းသွားတော့တယ်တဲ့။ သူ့အဒေါ် အိမ်ဆိုလား သွားနေနေတော့ ပြန်ပြီး ချော့ခေါ်ကြတာတောင် လုံးဝခါးခါးသီးသီး ငြင်းတယ်တဲ့။ အိမ်ကိုပြန်လိုက်ရမယ်ဆိုရင် သူ့ကိုယ်သူ သတ်သေပြမယ်ဆိုပြီး နီးရာဓားတွေဆွဲလို့ မနည်းချော့ပြီး ပြန်ခဲ့ရတယ်တဲ့။ သူ့မိန်းမဆိုရင်လည်း ဦးခေါင်းနဲ့ပတ်သက်တဲ့ ဝေဒနာပြင်းပြင်းထန်ထန် ခံရတယ်တဲ့။ အိပ်မပျော်တဲ့ရောဂါပေါ့လေ။ ကြာတော့ လူတွေဟာ ဘာဖြစ်လို့ ဘာဖြစ်မှန်းတွေ မသိတော့ဘူးတဲ့။ ပယောဂဆရာတောင် နှစ်ဦးလောက်ပြောင်းပြီးသွားပြီတဲ့။

ဒီတော့ သူ့ကို မေးကြည့်မိပါတယ်။

'မင်း နတ်အုန်းဆွဲတုန်းက အခြေအနေနဲ့ နတ်အုန်း မဆွဲတော့တဲ့ အခြေအနေ ဘယ်လိုကွာလဲ' ဆိုတော့ သိသာတယ်တဲ့။ လုံးဝကြီးကို ပြောင်းလဲသွားတယ်တဲ့။

ထပ်မေးကြည့်တယ်။

'မင်းတို့ကို နတ်အုန်းဖြုတ်ချခိုင်းတဲ့ ဆရာကြီးဆီသွားလေ။ သူက ဘာလုပ်ပေးလဲ' ဆိုတော့ လက်ခါခါ၊ ခေါင်းခါခါနဲ့။

စားစရာမရှိရင် သူ့ဆီသွားပြီး အကျိုးအကြောင်း ပြောကြည့်ပေါ့လို့ ပြောတော့ လက်ခါတယ်။

လူမှုရေးအပူတွေဖြစ်လာပြီဆိုရင်လည်း သူ့ဆီပြန်သွား၊ အကျိုးအကြောင်းပြောပြ၊ အေးချမ်းစေနိုင်တဲ့ အစီအရင်များရှိခဲ့ရင် တောင်းကြည့်ပေါ့လို့ ဆိုတော့ တွေဝေသွားတယ်။

ဒါနဲ့-

နတ်အုန်းကိုစွရောက်လာရော။

ငါပြန်ဆွဲရမလားတဲ့။ ငါတော့ ပြန်ဆွဲပြီး တောင်းပန်ချင်နေပြီတဲ့။ ဆွေမျိုးတွေကလည်း အဲဒီလိုပဲ ဝိုင်းပြီး အကြံပေးနေပြီတဲ့။

ဒါကတော့ ငါက နတ်ကတော်မဟုတ်တော့ မပြောတတ်ဘူး။ မင်းကိုဆွဲလို့လည်း ငါမပြောဘူး၊ မဆွဲနဲ့လို့လည်း ငါမပြောဘူး။ မင်းသဘောနဲ့မင်းပဲ။ မင်းကြိုက်တာလုပ်လို့ ပြောလိုက်တယ်။

ဟုတ်တယ်လေ။

ကြွပါဆိုတော့လည်း သူပဲ၊ သွားတော့ ဆိုတော့လည်း သူပဲ။

နတ်အုန်းက ဘာမှလာပြောတာမှ မဟုတ်တာ။

ချဲ့နေတာက လူ့ပါးစပ်တွေ။

အဲဒီလို နတ်နဲ့ပတ်သက်လာပြီလား ဆိုတာနဲ့ ချဲ့ပြီ။ ဘာတွေချဲ့လို့ချဲ့မှန်းကို မသိတော့ဘူး။ ဟိုပန်းမတင်ရဘူး၊ ဒီပန်းမှ။ ဟိုအရောင်ဆို မကြိုက်ဘူး၊ ဒီအရောင်မှ ဆိုတာတွေ မိုးကိုမွှန်နေတာပဲ။ ချဲ့မှချဲ့။ အဲဒီလိုချဲ့လွန်းတော့ ဘာတွေဖြစ်လာလဲ၊ ရှင်းပါတယ်။

နတ်ဆိုတာ ဟာသလိုဖြစ်ပြီး ပြက်ရယ်ပြုတာ ခံရတော့တာပါပဲ။

လူတွေမှာ မိရိုးဖလာ ရိုးရာဓလေ့ဆိုတာ ရှိကြပါတယ်။

သူတို့ရဲ့ ရိုးရာဓလေ့ကို သူတို့ကိုယ်တိုင် ထိန်းသိမ်းထားပါတယ်။ ဗဟုသုတအဖြစ်ပြသတဲ့ ဗီဒီယိုတွေမှာ တွေ့နေ မြင်နေရတာပဲ။

ဒီလိုပါပဲ။

မြန်မာတို့ရဲ့ ရိုးရာဓလေ့ ဆိုတာလည်း ရှိပါတယ်။

ဘယ်သူ့ကိုမှ ဒုက္ခပေးကြတာ မဟုတ်ပါဘူး။

ကိုယ့်ဟာကိုယ် ပ,သကြတာပါ။

တချို့ အစွဲအလမ်းကြီးလွန်းပြီး တစ်ဖက်စွန်းရောက်သွားသူတွေကြောင့် ခုနလိုအကြောင်းတွေ ဖြစ်လာခဲ့ရတာနေပါလိမ့်မယ်။

အမှန်က ကိုးကွယ် ဆည်းကပ်ပူဇော်ခြင်းလို့ စကားပြောလာရင် ရတနာမြတ်သုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိပါဘူး။

မပြစ်မှားအပ်တာကို စကားပြောလာကြရင် အနန္တောအနန္တ ငါးပါးပါပဲ။ မပြစ်မှားကောင်းပါဘူး။

ကျေးဇူးတရားကို ကြံဖန်သိတတ်ကြတဲ့ လူမျိုးမို့ ခင်ပွန်းကြီး (၁၀) ပါးကိုလည်း မပြစ်မှားကြပါဘူး။

ဒါပါပဲ။

ခုနပြောတဲ့ နတ်ပိုင်းဆိုင်ရာက ပ,သတယ်၊ အမျှဝေတယ်၊ မေတ္တာပို့တယ်၊ ဒါပဲ ရှိတာပါ။

ဘုရားကွယ်အောင် နတ်ကိုချည်းပူဇော်နေတယ် ဆိုရင်တော့ တစ်မျိုးပေါ့။

တစ်ခါက-

ဘိုးတော်အမည်မခံပေမယ့် ဘိုးတော်လိုနေသူတစ်ဦးနဲ့ ခင်ခဲ့ဖူးပါတယ်။ တစ်နေ့ သူ့အိမ်ကို အလည်ရောက်သွားတော့ ဘုရားဆောင်ကို ဦးဆုံးသွားပြီး ဘုရားဝတ်ပြုဖို့ သွားလိုက်ပါတယ်။ တော်တော်ရှာယူရပါတယ်။ ပုဂ္ဂိုလ်ကြီးတွေ အကြီးကြီး လူတစ်ထိုင်စာလောက်ကြီးတွေ ကြားကနေ အတွင်းဘက်ကို ကြည့်ယူမှ ကျောင်းဆောင်သေးသေးလေးနဲ့ ဘုရားကို ဖူးတွေ့ရပါတယ်။

ရှေ့မှာပိတ်ကာနေတာတွေကြောင့် စိတ်မကောင်းဘဲ ပြန်ခဲ့ရပါတယ်။ အဲဒီပုဂ္ဂိုလ်လည်း ဘာမှမအောင်မြင်ရှာပါဘူး။

ခုနက ပြောသလို ဘုရားတော့ မကွယ်သင့်ဘူးပေါ့။

ဘုရားကျောင်းဆောင်သည် အားလုံးထက် ကြီးကျယ်ခမ်းနားပြီး သပ္ပာယ်နေရမှာပေါ့။

ကျောင်းဆောင်ကလည်း ကြီး။ ဆွမ်းတော်ကပ်ရင်လည်း သက်တော်ထင်ရှား ဘုရားရှင်ကို ကပ်လှူပူဇော်သလို ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးဆွမ်းတွေကို ပန်းကန်ပြား လှလှ၊ ကြီးကြီးတွေနဲ့ စားပွဲမှာ စားပွဲခင်းခင်းပြီး သောက်တော်ရေခွက်တွေနဲ့ ရိုရိုသေသေ ကပ်လှူပူဇော်သင့်တာပေါ့။

ဘယ့်နှယ် လက်သီးဆုပ်လောက် ပန်းကန်လေးထဲမှာ စတီးဇွန်းတစ်ဇွန်းစာလောက် ဆွမ်းထည့်ပြီး ကပ်လှူပေမယ့် တောင်းတဲ့ဆုကျတော့ အဆမတန်ကြီး ဆိုတော့-



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်ပါ။

မဖြစ်သင့်တာလေးတွေ ပြောပြတာပါ။

သက်တော်ရှည်ဆရာတော်ဘုရားကြီးများ ဘုရားကြည့်ညိုပုံ၊ ဆွမ်းတော်ဘယ်ပုံတွေကို စာတွေပေတွေထဲမှာရောဆင့်ဆင့်စကားနဲ့ပါ ကြည်ညိုခဲ့ရပါတယ်။ အင်မတန်မှ ကြက်သီးမွေးညင်းထလောက်အောင်ကို ပီတိဖြစ်လောက်အောင် ကြည်ညိုကြပုံတွေပါ။

ဒါကြောင့်လည်း ဘေးတွေ ရန်တွေကင်း၊ အနာရောဂါတွေကင်း သက်တော်ရှည်ကြတာပါ။

ဒါကြောင့် ဘုရားတော့ မကွယ်သင့်ပါဘူး။

နတ်ပိုင်းဆိုင်ရာက ပ,သတာ၊ အမျှဝေတာ၊ မေတ္တာပို့တာပဲ ရှိပါတယ်။

နတ်အုန်းဆွဲခြင်း,မဆွဲခြင်းဟာ ဒီလိုပါပဲ။

ဘယ်သူ့ကိုမှ ဆွဲလို့ အကြံမပေးခဲ့သလို ဘယ်သူ့ကိုမှလည်း နတ်အုန်းမဆွဲနဲ့လို့ မပြောခဲ့ဖူးပါဘူး။

ဘာလို့လဲဆိုတော့ နတ်အုန်းကို ရိုးရာဓလေ့အတိုင်း ဆွဲလာပြီး အမျှအတန်းဝေ၊ မေတ္တာပို့ပြီးမှ ရုတ်တရက် ဆွဲချလိုက်ပြီးတဲ့နောက်ပိုင်း ဝင်လာလိုက်တဲ့ ပြဿနာပေါင်းစုံဟာ ကြောက်ခမန်းလိလိ ဖြစ်နေလို့ပါပဲ။ တချို့ အသက်ပါ ဆုံးရှုံးသွားတဲ့ထိ၊ ကုမရတဲ့ရောဂါတွေ ရကြတဲ့ထိ မြင်ဖူးခဲ့ပါတယ်။ မြင်ဖူးနေပါတယ်။

ဘယ်လိုမှ မျက်စိအောက်က အပျောက်မခံလွန်းလှတဲ့ ဇနီးမောင်နှံတွေ အမုန်းကြီးမုန်းပြီး ရန်သူကြီးတွေလို ဖြစ်သွားကြတာတွေ တွေ့ခဲ့ မြင်ခဲ့ဖူးပါတယ်။ စိတ်ထဲတော့ မကောင်းပါဘူး။

သားသမီးတွေ ဟိုတကွဲ၊ ဒီတကွဲ ဖြစ်တုန်ကြတာတွေလည်း တွေ့နေရပါတယ်။

ဒါကြောင့်-

ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်သုံးသပ်ပါ။

သူများအကြောင်းလည်း မပြောပါနဲ့။

သူများအပြစ်ကိုလည်း မပြောပါနဲ့။

ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပါ။

မလိမ်ပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် မလိမ်ပါနဲ့။

အမှန်အတိုင်း သုံးသပ်ပါ၊ အရှိအတိုင်းကြည့်ပါ။

အုန်းဆွဲခဲ့တုန်းကနဲ့ အုန်းဖြုတ်ချလိုက်တာနဲ့ ဘယ်လိုတွေ ကွာခြားမှုတွေ ရှိလာလဲ၊ ဖြစ်လာလဲ။

အမှန်အတိုင်းသုံးသပ်ပါ။

ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပါ၊ ကိုယ့်ကိုယ်ကိုယ်ကလွဲရင် ဘယ်သူမှ မသိပါဘူး။

လူရှေ့သူရှေ့မှာ အမှန်ကို အမှန်အတိုင်း ပြောရမှာ မဝံ့ရင်၊ နှုတ်က မထွက်ရင် ကိုယ့်ကိုယ်ကိုယ်ပဲ သုံးသပ်ပါ။

အမှန်အတိုင်း ဖြစ်ပေါ်ခံစားနေတာတွေကို အမှန်အတိုင်းပြောရရင် ဘယ်သူများ အထင်သေးမလဲဆိုတဲ့ အစွဲကို ခဏဖယ်ထားပါ။

အမှန်အတိုင်း မြင်အောင်ကြည့်ပါ။

ကိုယ်သည်-

မိသားစုစားဝတ်နေရေး၊ လူမှုရေးတွေကြောင့် တရားဘာဝနာပွားများမှု၊ ကျင့်ကြံကြိုးကုတ်အားထုတ်မှုကို အချိန်ပြည့် မပေးနိုင်သေးပါဘူးဆိုရင်. . .

သောက်မိရင်လည်း သောက်မိမယ်၊ ဆဲရေးတိုင်းထွာပြီး စကားပြောမိရင်လည်း ပြောမိမယ်၊ သီလလည်း လုံချင်မှလုံမယ်ဆိုရင်. . .

စဉ်းစားပါ။

ကိုယ့်မှာ ကိုယ်ပိုင်စွမ်းအင်တွေ ရှိနေပါပြီလား။

ဘာကြောင့်ပဲဖြစ်ဖြစ် ဘာမှမဲ့တစ်ပေါက်တောင် မထိနိုင်စွမ်းလောက်အောင် သီလတွေ၊ သမာဓိတွေ အားကောင်းနေပါပြီလား။

စဉ်းစားပါ။

ဒါဆိုရင် မေတ္တာမျှဝေခြင်းနဲ့ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တာ ရှိကောင်းရှိနေပါလိမ့်မယ်။

အမျှဝေခြင်း၊ မေတ္တာပို့ခြင်းဟာ မပင်ပန်းပါဘူး။

စည်းစိမ်ဉစ္စာ ယုတ်လျော့မသွားပါဘူး။

ဝစီဒုစရိုက်လည်း မဖြစ်ဘူးလို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဆဲရေးတိုင်းထွာနေတာမှ မဟုတ်တာ၊ မေတ္တာပို့နေတာပဲ။

အမျှဝေခြင်း၊ မေတ္တာပို့ခြင်းဟာ လူသာမုခေါ်၊ နတ်သာမုခေါ်တဲ့ ကောင်းမှုတစ်ခုပါ။

မေတ္တာသုတ်ဒေသနာတော်မှာ အထင်အရှားရှိနေပါတယ်။

ဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်ကိုသာ ရွတ်ဖတ် သရဇ္ဈာယ်ပြီး မေတ္တာပွားဖို့ ဆုံးမတော်မူလိုက်တာပါ။ ဟိုသစ်ပင်စောင့်တော့ပို့၊ ဒီမြေကြီးပေါ်က အစောင့်တော့ မပို့မိစေနဲ့လို့ မပါပါဘူး။ ခွဲမထားပါဘူး။ မြင်ရသောသတ္တဝါများ ချမ်းသာကြပါစေ၊ မမြင်ရသောသတ္တဝါများ ချမ်းသာကြပါစေ ဆိုတာ အထင်အရှားပါပါတယ်။ သူ့တော့ မေတ္တာမပို့နဲ့၊ ပို့စရာမလိုဘူး။ သူ့ပဲပို့ ဆိုတာမျိုး မပါပါဘူး။

ဒါကြောင့် မေတ္တာပို့ခြင်းဟာ မှားတာမှမဟုတ်တာ။

အမျှဝေခြင်း ဆိုတာလည်း မှားတာမှမဟုတ်တာ။

တစ်ခါက ဇနီးမောင်နှံနှစ်ယောက်ကို အစ်ကိုတွေ၊ အစ်မတွေလို ခင်ခဲ့ဖူးပါတယ်။ သူတို့ဟာ မိဘလက်ထက်တွေကတည်းက နတ်အုန်းဆွဲတဲ့အလေ့ ရှိခဲ့ပါတယ်။ ဒီလိုနဲ့ စီးပွားဉစ္စာတွေတက်လာကြပြီး နှစ်ပေါင်း (၂၀) ကျော်၊ (၃၀) နီးပါး အကြာလောက်မှာ လူတစ်ဦးက ပြောလို့ဆိုပြီး နတ်အုန်းတွေ ဆွဲချပြီး ခြေရင်းဘက်မှာ စုပုံချထားပါတယ်။

မြင်လိုက်တော့ စိတ်မကောင်းပါဘူး။ ဘယ်သူစွန့်ခိုင်းတာလဲ ဆိုတာလောက်ပဲ သိချင်လို့ မေးလိုက်ပြီး ကျွန်တော် ဘာမှမပြောဖြစ်ခဲ့ပါဘူး။ အဲဒီအဖြစ်အပျက်ဖြစ်ပြီး ခြောက်လထိတောင် ကြာမယ် မထင်ဘူး၊ နောက်တစ်ကြိမ် ပြန်အတွေ့မှာ သိပ်ချစ်ကြတဲ့ သူတို့လင်မယား ကွဲသွားပါပြီ။ အမျိုးသားဟာ သွေးတွေ တအားတက်တဲ့ ဝေဒနာကြီး ဖြစ်လာပါတယ်။ ဒီနောက်ပိုင်း လေထိသွားပါတယ်။ အမျိုးသမီးကတော့ မယ်ချိုင်ကြီးပြိုလဲသွားပြီမို့ သူကိုယ်တိုင် ငွေရှာရပါပြီ။ သူများဆိုင်မှာ သွားအလုပ်လုပ်ရပါတယ်။ ညီအစ်မလိုခင်တဲ့သူက သနားလို့ခေါ်ထားပြီး အိမ်အလုပ်တွေပါ ဝိုင်းကူလုပ်ခိုင်းလိုက်တာ။ အဲဒီအမျိုးသမီးဟာ အိမ်ရှင်အမျိုးသမီး နတ်အုန်း ပန်းလဲတာတို့၊ ရေလဲတာတို့ကို ဝိုင်းကူလုပ်ပေးရတဲ့ဘဝ ရောက်သွားပါတယ်။ တော်တော် အံ့ဩဖို့ကောင်းပါတယ်။ တိုက်ဆိုင်တယ်လို့ပဲ ပြောရမလား၊ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ နတ်အုန်းကိစ္စဆိုရင် သူ့ကိုပဲခိုင်းနေတော့တာပဲတဲ့။ သူလုပ်ပေးနေရတဲ့ သူတွေရဲ့ကြားမှာ သူဟာ စိတ်ထိခိုက်ခဲ့ရပါတယ်တဲ့။

သူတို့စွန့်ခဲ့တဲ့ကိစ္စကို သူတို့ ပြန်လုပ်နေရလို့ပါပဲ။

ပြန်လုပ်နေရတဲ့ကိစ္စချင်းအတူတူ



www.burmeseclassic.com

www.burmeseclassic.com

သူကတော့ ဘဝတစ်ဆစ်ချိုး ပြောင်းသွားခဲ့ပါပြီ။

အဲဒီအချိန်မှာ သူတို့ကို အုန်းဖြုတ်ချခိုင်းခဲ့တဲ့သူ။

ဘာလုပ်ပေးနိုင်ပါသလဲ၊

ဒီလိုတွေမကြုံရအောင် ဘယ်လိုရပ်တည်ပေးနိုင်ပါသလဲ၊

ဘယ်လိုတွေ ကာကွယ်ပေးနိုင်ပါသလဲ။

ဒီလိုပြောချင်စိတ်တွေဖြစ်လာရင်း နောက်ထပ်တစ်ယောက်ကို ထပ်ပြီး သတိရလိုက်မိပြန်ပါတယ်။

ခုနလိုပဲ၊

ရှိပြီးသားကနေ စွန့်လိုက်တာ။

မမြင်ရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မယ်လို့ အထပ်ထပ် ကြုံးဝါးပြီး စွဲစွဲလမ်းလမ်းကြီးနဲ့ ချစ်ခဲ့ပါတယ်ဆိုတဲ့ အိမ်ထောင်ဦးစီး ယောကျ်ားဟာ လုံးဝထင်မထားတဲ့ နောက်ထပ်သံ့ယောဇဉ်အပွားတွေ ဖြစ်လာခဲ့ရတော့တာပါပဲ။

ဇနီးခမျာ ဘယ်လိုမှုကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရလို့ လုံးဝကို မခံစားနိုင်ရှာတော့ဘဲ အာရုံကြောထိခိုက်တဲ့ဝေဒနာတွေ စွဲကပ်သွားပါတော့တယ်။ အိပ်ရေးပျက်ပါများသွားပြီနဲ့တူပါရဲ့။

ကဲ-

အဲဒီလိုတွေများ မထင်မှတ်တာတွေ ဖြစ်လာခဲ့ရင်. . .

ဖြုတ်ချခိုင်းတဲ့သူက တာဝန်ယူနိုင်ပါ့မလား။ ကာကွယ်ပေးနိုင်ပါ့မလား။ ရင်ကြားစေ့ပေးနိုင်ပါ့မလား။ ထောက်ပံ့ကျွေးမွေးထားနိုင်ပါ့မလား။

မရပါဘူး။

ဘယ်သူမှ ကျွေးမွေးထားမှာလည်း မဟုတ်ပါဘူး။

ပါးစပ်ကသာ လွယ်လွယ်လုပ်ခိုင်းလိုက်တာပါ။

တစ်ခါက-

လူတစ်ယောက်နဲ့ စကားစပ်မိလို့ အဲဒီကိစ္စ ငြင်းခုံခဲ့ဖူးပါတယ်။ သူကလည်း ဒီလိုပဲ။ ပထမတော့ နတ်အုန်းဆွဲပြီး တော်တော်လေးကို အဆင်ပြေနေရာက ဖြုန်းဆို သူ့အသိတစ်ယောက်ရဲ့ စကားနဲ့ နတ်အုန်းစွန့်လိုက်ပါတယ်။

သူဟာ ရစရာရှိတာတွေမရ ဖြစ်ကုန်ရင်းကနေ တဖြည်းဖြည်းနဲ့ ပေးစရာရှိတာတွေ မပေးနိုင်တော့လို့ တိုက်အကြီးကြီးကနေ ပေ (၂၀) အိမ်လေး ဖြစ်သွားရပါတယ်။

သူက တစ်ခါ သူ့မိတ်ဆွေတွေမှန်သမျှကို ထပ်ပြီး အုန်းဆွဲဖြုတ်ခိုင်းပြန်ပါတယ်။ ဘာကို မကျေနပ်သွားလည်း မသိပါဘူး။

တစ်နေ့ စကားစပ်မိပါတယ်။

'ခင်ဗျားဗျာ၊ သူ့ဟာသူ အေးအေးချမ်းချမ်းနဲ့ အဆင်ပြေနေတဲ့သူတွေကို ဘာလို့ သွားစွန့်ခိုင်းနေတာလဲ' ဆိုတော့။ မဟုတ်ဘူးကွ၊ ဒါတွေက ဘာညာ ပြောတော့တာပါပဲ။

ဒီတော့ မေးလိုက်တယ်။

'ခင်ဗျားဟာ အနိမ့်ဆုံးအဆင့် ထိန်းချုပ်ရမယ့် ငါးပါးသီလကော တကယ်လုံနေပြီလား။ တကယ်ကော ဝစီဒုစရိုက်တွေ၊ မနောဒုစရိုက်တွေ၊ ကာယဒုစရိုက်တွေ လုံနေပြီလား။ ကောင်းမှုကုသိုလ်ကံတွေ နေ့စဉ်ပွားများနေပြီလား' ဆိုတော့ ဘာမှမပြောဘူး။

'ခင်ဗျားဟာ တစ်စုံတစ်ခုကို နှိမ်နင်း နိုင်နင်းချင်ပြီဆိုရင် သူ့ထက်သာအောင် ခင်ဗျားကျင့်ရလိမ့်မယ်။ ခင်ဗျားသီလတွေ ထိန်းရမယ်၊ အကျင့်မြတ်တွေ ကျင့်ရမယ်။ ဒါတွေ မပြည့်ဘဲ ခင်ဗျား ဒီလိုပြောနေရင် ခင်ဗျားဟာ သူ့ဟာသူနေတဲ့နတ်ကို နေရင်းထိုင်ရင်း ကြည့်မရလို့ အပြစ်ရှာပြီး ကတ်ဖဲ့လုပ်ပြောနေသလို ဖြစ်နေပြီ' လို့ ပြောပြလိုက်တယ်။

'နတ်က ခင်ဗျားကို ဘယ့်နှယ်လုပ်နေလို့လဲ' ဆိုတော့ မဖြေဘူး။

အမှန်က ဘုရားကွယ်ရင်၊ တရားကွယ်ရင်၊ သံဃာကွယ်ရင် အဲဒီလို ရတနာမြတ်သုံးပါး ကွယ်နေရင် အဲဒီလိုလူမျိုးကိုပြောရမှာ။ ရတနာမြတ်သုံးပါး ဆိုတာ မကွယ်ကောင်းဘူး၊ နတ်ကြောင့် မကွယ်သင့်ဘူး။ ဒါပဲရှိတယ်လေ။ သူ့ဟာသူ တင်တာ၊ မြှောက်တာ၊ ပ,သတာ၊ ဒါနပြုတာ ဒါ သူ့ရဲ့ဒေဝဒါနပဲလေ။ ခင်ဗျားက အခြောက်တိုက် ဘာလို့ကြည့်မရဖြစ်နေတာလဲလို့ မေးတော့လည်း ရေရေရာရာ မပြောနိုင်ဘူး။

ဟုတ်ပြီ။

ခင်ဗျားပြောသလို သူတို့ရဲ့ရိုးရာ ဓလေ့စွန့်ပြီထား၊

သူတို့တစ်စုံတစ်ခုဖြစ်ရင် ခင်ဗျားတာဝန်ယူနိုင်လား၊ မဖြစ်ပါဘူးလို့ကော ခင်ဗျားပြောနိုင်လား။ ဒါ ပုထုဇဉ်တွေလေ၊ ဘယ်လောက်ထိ တရားဘာဝနာကျင့်ကြံအားထုတ်နိုင်ဦးမှာမို့လဲ ဆိုပြီး သိချင်သမျှ မေးခဲ့ဖူးပါတယ်။

သူတို့ဟာသူတို့ အဆင်ပြေနေကြတာဗျာ၊ ကိုယ့်ကြောင့် ဒုက္ခမရောက်ကြပါစေနဲ့။ ကိုယ့်ကြောင့် သူများမိသားစုကြီး မပြိုကွဲပါစေနဲ့။ ကိုယ့်ကြောင့် သူများတွေ ရောဂါစွဲ ဘာစွဲ ဖြစ်မကုန်ပါစေနဲ့။ ကိုယ့်ကြောင့် ကုမရတဲ့ရောဂါ စွဲကုန်တာမျိုးတွေ ဖြစ်မကုန်ပါစေနဲ့လို့ ပြောခဲ့ဖူးပါတယ်။

သူကလည်းပြောတာပါပဲ။ ဇွတ်ပြောတာ။

ခုနပြောသလို 'ကိုယ်ပိုင်အရည်အချင်းရှိလာအောင် အရင်မပြောဘူး'

ဥပမာ- သီလဆောက်တည်တာ၊ ကျင့်ကြံအားထုတ်တာ ဒါန၊ သီလ၊ ဘာဝနာတွေ ပွားများဖို့ ဦးဆုံးအကြံမပေးဘဲ မဆိုင်တာတွေ လျှောက်ပြီး အပြစ်ရှာကြတယ်။

ကိုယ်မယုံရင် ကိုယ်ပဲ စမ်းကြည့်တာကောင်းပါတယ်။

ကိုယ်မယုံဘူးဆိုတဲ့ နောက်ကွယ်မှာ ဖြစ်လာမယ့် နောက်ဆက်တွဲ ပြဿနာတွေဟာ သူများအတွက် မဖြစ်ဖို့ဘဲလိုပါတယ်။

တချို့ ဘာမှ အယုံအကြည်မရှိဘူး၊ ဘာညာ ဇွတ်ပေပြီး ပြောနေတဲ့သူတွေနဲ့ ကြုံဖူးပါတယ်။

ကောင်းပါတယ်။ မယုံကြည်လို့ စမ်းကြည့်ချင်တယ်ဆိုရင်လည်း အားပေးပါတယ်။ လုပ်ချင်ရင် လုပ်ကြည့်ပါ။ ထူးတာလေးတော့ ပြန်ပြောပြပေါ့။

လုပ်ကြည့်စေ့ချင်တာကတော့-

ဝက်သား လုံးဝလက်မခံတဲ့ပုဂ္ဂိုလ်ပိုင်းဆိုင်ရာပွဲတွေ ရှိနေပါတယ်။ အဲဒီနေရာကို ဝက်သားသေချာချက်ပြီး ယူသွားကြည့်ပါ၊ စားကြည့်ပါ။

ကိုးယောက်လက်မခံတဲ့နယ်တွေကို (၉) ယောက် သွားကြည့်ပါ။ လုပ်ပါ။ လက်တွေ့က ပိုကောင်းပါတယ်။

'တောကြီးသည်၊ စကားပြောဆင်ခြင်ပါ' လို့ ဆိုင်းဘုတ်တွေ အထပ်ထပ်ချိတ်ထား၊ သတိပေးထားတဲ့ တောလမ်းခရီးတွေမှာ ထင်ရာပြောကြည့်လိုက်ပါ။

တကယ် အမှားမခံတဲ့ ခရီးမျိုးတွေကို ပြောချင်ရာပြောပြီး သွားကြည့်ပါ။

လက်တွေ့က ပိုကောင်းပါတယ်။

ဒါကြောင့် ဘာလုပ်လုပ် ကိုယ်မယုံရင် ကိုယ်တိုင်စမ်းကြည့်တာ အကောင်းဆုံးပါပဲ။

ကိုယ်လက်မခံချင်ရင် ကိုယ်တိုင်လက်တွေ့လုပ်ကြည့်တာ အကောင်းဆုံးပါပဲ။

ကိုယ်တိုင် လက်တွေ့တွေအမျိုးမျိုး အကြိမ်ကြိမ် စမ်းသပ်ပြီးမှ ဟုတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com

ဆိုမှ ခိုင်မာမှ၊ သေချာမှ ဒီပြင်လူတွေကို ပြောတာ အကောင်းဆုံး ဖြစ်နိုင်ပါလိမ့်မယ်။

ဒါမှလည်း အကြောင်းတစ်ခုကြောင့် ဖြစ်လာရတော့မယ့် အကျိုးကို စေ့စေ့စပ်စပ်ပေါက်ပေါက် ပြောနိုင်တော့မှာပေါ့။

အကြံဉာဏ်ပေးနိုင်တော့မှာပေါ့။

အကာအကွယ် ပေးနိုင်တော့မှာပေါ့။

ဒုက္ခမရောက်အောင် လမ်းကြောင်းပြပေးနိုင်တော့မှာပေါ့။

ခုဟာက-

'ဒါတွေက ဘာလုပ်ထားတာလဲ' လို့ လက်ညှိုးထိုးပြီးမေးတဲ့ ဆရာကြီးလို နာမည်ကြီးချင်လို့ လျှောက်ပြောနေရုံပဲဆိုရင်တော့ လူတွေ တော်တော် ဒုက္ခရောက်ကုန်နိုင်ပါတယ်။

ပြောချင်တာပြောလို့ ရပါတယ်၊ ဒါပေမယ့်-

ကျင့်ကြံအားထုတ်ရမယ်၊ ကိုယ်ကျင့်သီလကောင်းရမယ်။ ဒါန၊ သီလ၊ ဘာဝနာတွေကို ပွားများရမယ်။ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ကာယဒုစရိုက်တွေ ထိန်းရမယ်။ ကောင်းကံတွေကို ဆောက်တည်ရမယ်။ ပွားများရမယ်။ ဒါမှသာ လူ့ဘဝကြီးမှာ အကုသိုလ်ကင်းကင်းနဲ့ ချမ်းသာသုခ ဆိုတာ ဖြစ်လာမယ်။ မေတ္တာတရားကို ပွားများနိုင်ရမယ်။ မေတ္တာထားနိုင်ရမယ်။

အများကြီးပါ။

ရှေးရှေးကဆရာတော်ဘုရားကြီးများ ဆိုဆုံးမသလို-

'ဟိုးတုန်းက ကောင်းလို့ အခုကောင်းတယ်၊ အခုကောင်းရင် နောင်လည်း ကောင်းမယ်။ အကောင်းလက်စ ဆက်မှတော်မယ်။

ဟိုးတုန်းက ဆိုးလို့ အခုဆိုးတယ်၊ အခု ဆိုးရင် နောင်လည်း ဆိုးမယ်။ အဆိုးလက်စ ဖြတ်မှ တော်မယ်'

ဆိုတာ ဘဝမှာ အင်မတန်မှ အနှိုင်းကြီးမားလှန်းလှတဲ့ ဆုံးမဩဝါဒကြီးတွေပါ။ လူတိုင်းလိုက်နာရင် လူတိုင်း အကျိုးထူးလှတဲ့ ဆုံးမဩဝါဒကြီးတွေပါ။

ဒါ အကောင်းဆုံးပါပဲ။

အကုသိုလ် အကင်းဆုံးပါပဲ။

ကိုယ်က လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဆရာတော် အရှင်သူမြတ်ကြီးများပဲ သံဃာတော် အရှင်သူမြတ်များရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် မပြည့်စုံဘဲ လျှောက်မပြောသင့်ပါဘူး။

သူများ မပြောတာကို ရှေ့ပြီး တမင်ပြောမှ နာမည်ကြီးမယ် ဆိုတာမျိုး တွေးပြီဆိုရင်၊ ပြောချင်ပြီဆိုရင်-

ကိုယ့်စကားကြောင့်၊ ကိုယ်လိုရာ ကိုယ်ဆွဲပြောတဲ့စကားကြောင့် တစ်ဖက်သား ဒုက္ခမရောက်ဖို့တော့ လိုပါလိမ့်မယ်။ ဒါ အရေးကြီးပါတယ်။ ကိုယ့်ကြောင့်၊ ကိုယ့်စကားကြောင့် (၇) ရက်သားသမီး ဒုက္ခရောက်ရပြီဆိုရင် ကိုယ့်တာဝန်မကင်းပါဘူး။ ဒါတော့ လက်ခံရပါလိမ့်မယ်။

ဒီကိစ္စ ငြင်းခုံခဲ့ရဖူးတဲ့လူနဲ့စကားပြောတုန်းက-

သူက ဘာပြောလဲဆိုတော့-

ဒါတွေ မလိုဘူးပေါ့လေ။

ဒါကြောင့် သူ့ကိုပြောပြခဲ့တယ်။

'ဟုတ်ပြီ၊ ခင်ဗျားကို ကျွန်တော်ပြောမယ်။ လူတစ်ယောက်ဟာဗျာ၊ မြို့နယ်အဆင့်အုပ်ချုပ်တဲ့သူတစ်ဦးဦးနဲ့ ခင်လို့ ရပ်ကွက်အဆင့် အုပ်ချုပ်တဲ့သူကို လုံးဝ ဂရုမစိုက်ဘူးကွလို့ သွားလုပ်လို့ ကောင်းပါ့မလား။ မြို့နယ်အဆင့် အုပ်ချုပ်သောသူတစ်ဦးဦး ကိုယ့်အိမ် အလည်လာပြီး ပြန်သွားတဲ့အခါ ကိုယ်က ရပ်ကွက်အဆင့်အုပ်ချုပ်တဲ့သူနဲ့ အနီးဆုံးနေရမှာ။

ဒီတော့-

ရပ်ကွက်အဆင့်အုပ်ချုပ်သောသူကိုကော ခင်ခင်မင်မင်ရှိနေရင် မကောင်းဘူးလားဗျာ။

သူကရော ကိုယ့်ကို ခင်ခင်မင်မင်ရှိနေရင် မကောင်းဘူးလား။

ဒီအခါမှာ မြို့နယ်အဆင့် အုပ်ချုပ်သူတစ်ဦးဦးလာရင်လည်း ရပ်ကွက်အဆင့်အုပ်ချုပ်တဲ့သူက ကိုယ့်ကို လူပုံအလယ်မှာ နေရာမပေးပေဘူးလား။ ကိုယ့်မှာ လိုအပ်ချက်တစ်ခုခုရှိနေခဲ့ရင်တောင် ရပ်ကွက်အဆင့်အုပ်ချုပ်တဲ့သူက မြို့နယ်အဆင့်အုပ်ချုပ်သူ တစ်ဦးဦးကို ဝိုင်းဝန်းပြီး ကူညီပြောမပေးပေဘူးလား။ ဝိုင်းပြီး ကိုယ့်အခက်အခဲကို တင်ပြမပေးပေဘူးလား။ ဒီလို မေတ္တာမျိုး မကောင်းဘူးလား။ ဒီလို ချစ်ခင်ခံရတာမျိုး မကောင်းဘူးလား'

လို့ မေးခဲ့ဖူးပါတယ်။

ဒါ အကောင်းဆုံးမေတ္တာတရားပါပဲ။

ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်နေရာကို သွားသွား၊ တွေ့တဲ့သူနဲ့ သင့်အောင်နေတာ အကောင်းဆုံးပါပဲ။

ကိုယ့်ကိုချစ်ခင်နေတာပဲ အကောင်းဆုံး မဟုတ်ဘူးလား။

'နေနှင့်ဦးပေါ့ကွာ' ဆိုတာမျိုးဟာ၊ ကိုယ့်ကို အလစ်အငိုက်မှာ အချိန်မရွေး ဒုက္ခပေးနိုင်မှန်း လူတိုင်းသိကြပါတယ်။ လောလောဆယ် သတိထားကြည့်ပါ။

မနက်မိုးလင်းပြီဆိုတာနဲ့ မြန်မာ့ရုပ်မြင်သံကြားကနေ တောင်တန်းသာသနာ့ပြုဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေ၊ ဂုဏ်တော်တွန်ချာတွေ လွှင့်ပေးနေတာဟာ အင်မတန်မှ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလွန်းလှပါတယ်။ အင်မတန်မှ အေးချမ်းလွန်းလှပါတယ်။ ဂုဏ်တော်ကွန်ချာဆိုရင် အလွတ်မရသေးတဲ့သူတွေတောင် ဆရာတော်ဘုရားကြီး ရွတ်ဖတ် သရဇ္ဈာယ်တော်မူရင် လိုက်ရွတ်ရင်းနဲ့ အလွတ်ရသွားကြပါပြီ။ ရွတ်နေကြပါပြီ။ တကယ်လည်း အကျိုးထူးတွေ ပေးလွန်းနေပါပြီ။ အင်မတန်မှ ကြည်နူးဖို့ကောင်းလှပါတယ်။

ဆရာတော်ဘုရားကြီးများဆိုရင် အယုတ်၊ အလတ်၊ အမြတ် မခွဲဘဲ မေတ္တာပို့တော်မူကြတာပါ။

ဘယ်နတ်သာပို့လိုက်ပါ၊ ဘာနတ်တော့ ထားခဲ့ပော့။ ဟိုဟာက မှင်စာမို့လို့ မေတ္တာပို့စရာမလိုဘူး ဆိုပြီး ဘယ်ဆရာတော်ဘုရားကြီးများကမှ မိန့်ကြားတော်မမူခဲ့ပါဘူး။ မခွဲခြားခဲ့ကြပါဘူး။ မေတ္တာဘာဝနာသာ ပွားများခိုင်းတော်မူခဲ့ကြတာပါ။

အန္တရာယ်ကင်းအောင်သာ လမ်းညွှန်တော်မူခဲ့ကြတာပါ။

တကယ်ကို ကြည်ညိုရလွန်းပါတယ်။

ဒါကြောင့်-

မေတ္တာတရားဟာ ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကောင်းဆုံး၊ အအေးချမ်းဆုံးပါပဲ။

အိမ်တွင်းနတ်နဲ့ ပတ်သက်လို့ ကြားဖူးခဲ့ရတာတွေ၊ မြင်ဖူးခဲ့ရတာတွေ မရေမတွက်နိုင်တော့ပါဘူး။

နေ့စဉ်နဲ့အမျှ ပရိသတ်တွေနဲ့ ခင်ခင်မင်မင် တွေ့နေရသူမို့ မကြားချင်မှ အဆုံးပါပဲ။

စိတ်ချမ်းသာစရာ၊ ဝမ်းသာပီတိဖြစ်စရာ အများကြီး ကြားနေရသလို ချောက်ချားစရာ၊ စိတ်မကောင်းစရာ၊ ကြက်သီးမွေးညင်းထစရာတွေလည်း ဒုနဲ့ဒေးပါပဲ။

တချို့ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင်းနဲ့တိုက်ထားတယ် ဆိုတဲ့စကား ရှိပါသေးတယ်။

အိမ်တွင်းက သူ့ဟာသူနေတာပါ၊ ဘာမှမဆိုင်ပါဘူး။

လူတစ်ယောက်ကို ဒီလို လွယ်လွယ်နဲ့တိုက်လို့ မရပါဘူး။

အတိုက်ခံရမယ့်သူရဲ့ ကောင်းမှု, မကောင်းမှုကံ၊ ကိုယ်ကျင့်သီလကံနိမ့်ချိန်၊ သူ့ရဲ့စည်းပေါက်ခြင်း (စည်းပေါက်ခြင်းဆိုတာ သူက သူများကို သွားပြီး မတရား စတင်စော်ကားခြင်းကို ဆိုလိုပါတယ်။)

ဒါတွေ လိုပါတယ်။

အိမ်တွင်းနဲ့ တိုက်ထားတယ် ဆိုတာ အိမ်တွင်းကို လုံးဝ မေတ္တာပျက်သွားအောင် ပြောလိုက်တဲ့စကားပါပဲ။

ဘယ်သူမှလည်း ကြားရတာ မဟုတ်သလို ဘယ်သူမှလည်း မြင်ရတာ မဟုတ်ပါဘူး။ အထင်နဲ့ ရမ်းသန်းပြောနေကြတာတွေသာ များပါတယ်။

ခပ်ငယ်ငယ်တုန်းက-

ပုပ္ပားတောင်ကလပ်မှာ အဓိဋ္ဌာန်ကြီးတွေ မကြာခဏ သွားဝင်ခဲ့စဉ်တုန်းက သစ်သီးချည်းပဲစားပြီး ကျင့်နေတဲ့ ဦးရသေ့တစ်ပါးနဲ့ စကားလက်ဆုံကျခဲ့ဖူးပါတယ်။ အဲဒီတုန်းက သူပြောပြခဲ့လို့ (၃၇) မင်းနဲ့ ပတ်သက်ပြီး တော်တော်လေး ထပ်သိခဲ့ရပါတယ်။

သူပြောပြခဲ့တဲ့စကားတွေ အများကြီးထဲက တစ်ခွန်းကို သဘောကျလွန်းလို့ ခုချိန်ထိ ကြားယောင်နေရတုန်းပါပဲ။

'တောင်ပြုန်းမင်းညီနောင်နှစ်ပါး ဘုရားရှင်ကို ကြည်ညိုလိုက်ပုံများကွာ အိမ်ထဲကို ကြွလာကြတာတောင် ဘုရားဆောင်ရှေ့မှာ ကိုယ်လေးတွေကိုင်းညွတ်ပြီး လက်အုပ်လေးတွေချီလို့ ယို့ယို့လေး၊ ဖြည်းဖြည်းကလေး ကြွလာကြတာကွ။ ဘုရားဆောင်ရှေ့က ဖြတ်သွားတာတောင် အဲသလို ယို့ယို့ကလေးတွေနဲ့၊ ဘုရားကို ကြည်ညိုလိုက်ကြပုံများကွာ'

ဆိုတဲ့ စကားကို ခဏခဏပြောပြပါတယ်။

တကယ့်ကို သီလအားကောင်းလှတဲ့၊ သမာဓိအားကောင်းလှတဲ့ ပုဂ္ဂိုလ်တွေပြောတဲ့စကားနဲ့ အခု ရမ်းသန်းပြီးတဲ့- ဘာဆက်စမ်း၊ ဘာတောင်းနေတယ်ဆိုတာတွေနဲ့ လုံးဝ ခြားနားသွားပါပြီ။

ခုဟာက- လူတွေနတ်က ထင်ရာပြောပြီး ပိုက်ဆံတွေတောင်းလွန်းလို့၊ ခဲ့ကားလွန်းလို့ နတ်တွေက အခြောက်တိုက် အထင်သေးခံကုန်ရတာ ဖြစ်ပါတယ်။

ရှင်းရှင်းလေးပါ။

ဘယ်နတ်ကပြောလဲ၊ သူပြောတဲ့စကားလုံးအတိအကျ ပြန်ပြောပြပါ။ အသံက ဘယ်လိုလဲ ဆိုတော့ ဟို့နှယ်၊ ဒီနှယ်နဲ့ တိတ်သွားပါတယ်။

ဒါကြောင့်လည်း-

လက်တွေ့က ပိုကောင်းပါတယ်။

ရမ်းသန်း အထင်သေးနေမယ့်အစား၊ ပြက်ရယ်ပြုနေမယ့်အစား လက်တွေ့သိအောင် ကြိုးစားတာ အကောင်းဆုံးပါပဲ။

ကိုယ့်မှာ တစ်ကျပ်ဖိုး စွမ်းအားရှိရင် တစ်ကျပ်ဖိုးနဲ့ ညီမျှတာကို မြင်နိုင်မှာပါပဲ။

ကိုယ့်မှာ တစ်မတ်ဖိုးပဲ စွမ်းအားရှိရင် တစ်ကျပ်ဖိုးကိုမြင်နိုင်ဖို့တော့ ကြိုးစားရပါလိမ့်မယ်။

လည်းကူးကို မရောက်ဖူးဘူးဘဲနဲ့ ဇရပ်ကွင်းဆိုတာ မတွေ့ဖူးပါဘူး ဆိုလို့ မရပါဘူး။

ကိုယ်တိုင်ရောက်ဖူးအောင် ကြိုးစားရပါလိမ့်မယ်။

နေရာတကာ မဖြစ်နိုင်ပါဘူးကွာ ဆိုလို့ မရပါဘူး။

ကိုယ်မသိနိုင်တာနဲ့ ကိုယ်မမြင်နိုင်တာနဲ့ မရှိနိုင်ဘူးဆိုလို့ မရပါဘူး။

ဒါကြောင့်-

ကိုယ်အန္တရာယ်ကင်းဖို့ ဆိုတာ ကိုယ်နဲ့ပဲဆိုင်ပါတယ်။

ကိုယ့်ကိုမမြင်ရ, မြင်ရပုဂ္ဂိုလ်တွေ မေတ္တာရှိဖို့ဆိုတာကလည်း ကိုယ့်မေတ္တာနဲ့ပဲ ဆိုင်ပါတယ်။

ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားပြီး ကောင်းမှုတွေ ဆောက်တည်နေရင်းနဲ့ မြင်ရ, မမြင်ရ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှဝေတာ ဘာမှ ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး။

ကိုးကွယ်တာမှ မဟုတ်တာ၊ ရှိခိုးတာမှ မဟုတ်တာ။

အမျှဝေ မေတ္တာပို့တာပဲ။

လူချစ်၊ နတ်ချစ်ဆိုတာ ရှိပါတယ်။

မေတ္တာများများပို့လွန်းလို့ လိုအပ်ရင် မကျွတ်မလွတ်သေးတဲ့ပုဂ္ဂိုလ်တွေကအစ ဝိုင်းပြီး ကူညီကြတဲ့အကြောင်း အချိန်ယူပြီး အများကြီး ပြောပြပါဦးမယ်။ ဗဟုသုတပေါ့။

မြို့တော်ရှင်၊ နယ်တော်ရှင်၊ ရွာတော်ရှင်ဆိုတာ သူ့အရပ် သူ့မလေ့နဲ့သူ ရှိနေကြပါတယ်။

သူတို့ စနစ်တကျ စီစဉ်ထားတဲ့ မြို့တော်ရှင်နန်း၊ နယ်တော်ရှင်နန်းတွေ ရှေ့မှာ စကားအမှားမခံတဲ့ နယ်တွေ အများကြီးရှိနေပါတယ်။ မလေးမစား သွားလုပ်ရင် နယ်ခံပုဂ္ဂိုလ်တွေကလည်း လက်ခံမှာ မဟုတ်ပါဘူး။

ရှိနေပါတယ်၊ သူ့အရပ်, သူ့မလေ့နဲ့သူ ရှိနေပါတယ်။

ပြက်ရယ်မပြုစကောင်းပါဘူး။

ကိုယ်မယုံချင်ရင်သာနေပါ၊

ကိုယ့်ကြောင့်-

တစ်ဖက်သား ဒုက္ခမရောက်ဖို့။

ကိုယ့်ကြောင့် သူများမိသားစုဒုက္ခမရောက်ဖို့။

ဒါလေးပါ။

လွန်ခဲ့တဲ့ (၅) နှစ်လောက်က-

ကြေးရည်ကျိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့အိတ်ကြီးထဲမှာ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်ကြီး ကြေးရုပ်ပွားတော်တွေ တော်တော်များများ တွေ့လိုက်လို့ သူ့ဆီက ဈေးဖြတ်ဝယ်ပြီး စေတီတစ်ဆူဆူမှာ ပူဇော်ခဲ့ဖူးပါတယ်။ သေချာ ရေနဲ့ဆေးကြောပြီးမှ ပူဇော်ခဲ့တာပါ။ ရေနဲ့ဆေးနေရင်းနဲ့ တော်တော်ဝမ်းနည်းခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒါဟာ သံဃာတော်အရှင်သူမြတ် ထိုင်နေတော်မူပုံဖြစ်နေလို့ ရတနာမြတ်သုံးပါးကို ဦးထိပ်ထားသူ၊ ကြည်ညိုလွန်းသူတစ်ယောက်အနေနဲ့ အရည်ကျိုမခံနိုင်လွန်းလို့ ဝယ်လိုက်တာပါ။

ဘာကြောင့်လဲတော့ မသိပါဘူး။ ဒါပေမယ့်. . .

ဘာပဲဖြစ်ဖြစ်၊

မလုပ်သင့်တာကို မလုပ်တာ အကောင်းဆုံးပါပဲ။

ကိုယ့်စေတနာ ကိုယ်အကျိုးပေးလာမယ့် ကိစ္စမှန်သမျှ စဉ်းစားတာ အကောင်းဆုံးပါပဲ။

ကိုယ့်ကြောင့် သူများဒုက္ခရောက်သွားစေမယ့်ကိစ္စမှန်သမျှကိုလည်း စဉ်းစားတာ အကောင်းဆုံးပါပဲ။

ဒါကြောင့်-

တစ်ခုခုလုပ်တော့မယ်ဆိုရင် သင့်မသင့် ဆိုတာလေးကို စဉ်းစားဖို့လိုပါလိမ့်မယ်။

မေတ္တာတန်ခိုးစွမ်းအင် ကြီးမားလွန်းလှတဲ့ သက်တော်ရှည် ဆရာတော်ဘုရားကြီးများရဲ့ ဆုံးမဩဝါဒများကို ရိုရိုသေသေနာယူပါ။



www.burmeseclassic.com

www.burmeseclassic.com

# နန်းဦးဆရာတော်၏ အနန္တသိဒ္ဓိ မဟာဒိပ်ပူဇော်နည်း

## ဆရာဦးဖိန်လှိုင်(ကျိုက်လတ်)



နန်းဦးဆရာတော်၏ အနန္တသိဒ္ဓိ မဟာဒိပ်ပူဇော်နည်းကို ရှာဖွေရေးသား ဖော်ပြလိုက်ပါသည်။ ကျန်းမာရေးညံ့နေသူများ၊ ဘေးဥပဒ်အန္တရာယ်ကျရောက်နေသူများ၊ မနာလို ဣဿာ မစ္ဆရိယ ဝန်တိုသူများကြောင့် စိတ်ဒုက္ခရောက်နေရသူများ၊ စီးပွားရေးအဆင်မပြေ၊ အလုပ်

နာယူပြီး လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်တာ အကောင်းဆုံးပါပဲ။

မေတ္တာပို့သတဲ့အခါ ဟိုတော့ မပို့နဲ့ ဒီတော့ပို့ ဆိုတာတွေမပါတာ တွေ့ရပါလိမ့်မယ်။

ကိုယ်တိုင်လည်း မမြင်ရ၊ မြင်ရ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်ပြီး သိချင်တာလေးတွေကို ဆရာတော်ဘုရားများရဲ့ ခြေတော်ရင်းမှာ ရိုရိုသေသေ လျှောက်ထားပြီး မှတ်သားနာယူခဲ့ရပါတယ်။

ဒါကြောင့်လည်းကိုယ်တွေ့ပေါင်းများစွာနဲ့ယှဉ်ပြီး ပြောပြနိုင်တာပါ။

ပြောမယုံ ကြုံမှ သိနိုင်တဲ့ အကြောင်းတွေ၊ မယုံကြည်နိုင်လောက်တဲ့အကြောင်းတွေ အများကြီးရှိနေပေမယ့် နောင်အလျဉ်းသင့်ရင် ဗဟုသုတ ပြောပြပါဦးမယ်။

အကြောင်းမရှိ အကြောင်းရှာပြီး ရွတ်ချ ပြက်ရယ်ပြုခံနေရတဲ့ (၃၇) မင်းကို ကိုယ်တိုင် မေတ္တာပို့ရင်း အကူအညီတောင်းခဲ့လို့ အောင်မြင်ခဲ့ရတာတွေ အံ့ဩစရာကောင်းအောင် ပြောပြဖို့ အချိန်ယူလိုက်ပါဦးမယ်။

ဥပမာ- အညာဒေသဘက်က အဘိုးတစ်ယောက်။ သူ့ခမျာ ဆိုင်ကြီးတွေဖွင့်ထားပြီး လူမဝင်လို့ လာတယ်ဆိုပါတော့-

အဲဒီပုဂ္ဂိုလ်ကို ရတနာမြတ်သုံးပါး ကျေးဇူးတော်တွေ ဦးထိပ်ထားပြီး ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေနဲ့သာဆိုင်တဲ့ ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံကြိုးကုတ် အားထုတ်မှုတွေ ပြုလုပ်ဖို့ အကြံပေးလိုက်ပြီး-

အဲဒီပုဂ္ဂိုလ်လာသွားတဲ့ညမှာ-

ဘုရားရှင်ကို ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးနဲ့ ရွတ်ဖတ်ပူဇော်၊ ပရိတ်တရားတော်တွေနဲ့ ပူဇော်၊ ဗုဒ္ဓါနုဿတိ ဘာဝနာတွေ ပွားများ ပူဇော်ပြီးတာနဲ့ အမျှတွေဝေ၊ မေတ္တာပို့ပြီး-

မြင်းဖြူရှင်ကို အာရုံညွှတ်လိုက်ပါတယ်၊ အမျှဝေလိုက်ပါတယ်။

မြင်းဖြူရှင်ကို အမျှဝေ မေတ္တာပို့ပြီးတာနဲ့-

ဒီနေ့ ကျွန်တော့်ဆီကို ဘယ်မြို့ ဘယ်ရပ်ကွက်က ဦး ဘယ်သူဘယ်ဝါ လာသွားပါတယ်။ သူ့မှာ အရောင်းအဝယ်ပြုတဲ့ဆိုင်ကြီး ဖွင့်ထားပြီး လူမလာပါဘူး။ ဒါကြောင့် သူ့ကို ရတနာမြတ်သုံးပါးဦးထိပ်ထားပြီး မေတ္တသုတ်တွေ ရွတ်ခိုင်းလိုက်ပြီး မြင်းဖြူရှင်ကြီးကို အမျှဝေ မေတ္တာပို့ခိုင်းလိုက်ပါတယ်။ ကျွန်တော်ကလည်း သူ့ကိုယ်စား မြင်းဖြူရှင်ကြီးကို အမျှဝေ မေတ္တာပို့ပါတယ်။ သူ့ကို မေတ္တာထားပြီး ဘုန်းကောင်းလာဘ်လာဘတွေ ဝင်လာအောင် မြင်းဖြူရှင်ကြီးက မေတ္တာထားပါ၊ စောင့်ရှောက်ပေးပါ ဆိုပြီး တိုင်တည်လိုက်ပါတယ်။ မေတ္တာရပ်ခံလိုက်ပါတယ်။

ဒါပါပဲ။

ကိုးကွယ်တာ မပါသလို ရှိခိုးတာလည်း မပါပါဘူး။

အဲဒီလို သူ့သက်ဆိုင်ရာ သက်ဆိုင်ရာ ပိုင်ဆိုင်ကြတဲ့၊ သက်ဆိုင်ကြတဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပေးလိုက်လို့ အောင်မြင်သွားကြတာချည်းပါပဲ။ ထူးထူးခြားခြား အောင်မြင်သွားကြတာချည်းပါပဲ။

ဒါကြောင့်-

မေတ္တာတရားသာ အရေးအကြီးဆုံးလို့ ပြောချင်ပါတယ်။

ကွက်ပြီး မေတ္တာထားရင်တော့ တစ်မျိုးကြီးဖြစ်နေပါလိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပါပဲ။

လူရှေ့သူရှေ့မှာသာ ဟန်လုပ်ပြီး 'တို့တော့ အယုံအကြည် လုံးဝ မရှိဘူး' လို့ ပြောရင်းပြောရင်း တိုးတိုးတိတ်တိတ် ပ,သနေကြတဲ့၊ တင်မြှောက်နေကြတဲ့၊ ဒေဝဒါနပြုနေကြတဲ့သူတွေ ရှိကောင်းရှိနေပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ်. . .

ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၊ အနန္တော အနန္တ ငါးပါးကို ဦးထိပ်ထား၊ ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားဖို့၊ ဒါန၊ သီလ၊ ဘာဝနာတွေ ပွားများ၊ ကိုယ်ကျင့်တရားတွေကောင်းအောင်၊ အကျင့်သီလ စရဏတွေ အားကောင်းအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး မင်္ဂလာတရားတော်နဲ့အညီ နေနိုင်အောင် နေ့စဉ် လုံ့လပြုနေဖို့ပါပဲ။ ကုသိုလ်ကောင်းမှု နေ့စဉ်ပြုနေဖို့ပါပဲ။ အမျှဝေတာ၊ မေတ္တာပို့တာ မမှားပါဘူးလို့. . .

ပြောချင်လွန်းလှတဲ့ စကားလေးတွေကို-

မေတ္တာရှေ့ထားပြီး၊

မေတ္တာစကားပြောကြားရင်း. . ။

ဆရာဦးမောင်မောင်သန်း

(ရေဝ်ကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com

လုပ်တိုင်းလွဲချော်၊ လာဘ်လာဘပိတ်နေသူများ၊ စုန်းဘိုက်၊ နတ်တိုက်၊ ပယောဂအနှောင့်အယှက်များကြောင့် ဘာလုပ်ရမှန်း မသိဘဲ အားကိုးရာမဲ့နေသူများအတွက် လည်းကောင်း၊ အသုံးပြုလိုသူ၊ အလိုရှိသူများနှင့် ခုနစ်နေ့သားသမီးများအတွက် အောက်ပါအတိုင်း ဆောင်ရွက်စီမံ လုပ်ကိုင် ပူဇော်နိုင်ကြပါသည်။

ဖယောင်းတိုင်ကြီး (၃) တိုင်တွင် အောက်ပါဂါထာ (၃) ပုဒ်ကို ပထမဂါထာအား စက္ကူတစ်ရွက်၌ ရေးသားပါ။ ဒုတိယဂါထာကို တစ်ရွက်၊ တတိယဂါထာကို တစ်ရွက် ရေးပြီးလျှင် ရေးထားသော ဂါထာစာရွက်များကို ဖယောင်းတိုင် (၃) တိုင်တွင် တစ်တိုင်တစ်ရွက် ပတ်ပါ။ ဂါထာများကို စက္ကူတွင် မရေးလိုပါက ဖယောင်းတိုင်တစ်တိုင်စီမှာ သံကညစ်နှင့် ဖယောင်းတိုင်အောက်ခြေမှ ဖယောင်းတိုင်အဖျားသို့ ဂါထာကို တစ်ကြောင်းစီ ပတ်လည်ရေးပါ။ ပထမဂါထာကို တစ်တိုင်၊ ဒုတိယဂါထာကို တစ်တိုင်၊ တတိယဂါထာကို တစ်တိုင်ရေးပါ။

ဥပမာ-




**ဘုရားတွင် မီးပူဇော်ရန်**

ဘုရားရှင်ထံတွင် ငါးပါးသီလခံယူဆောက်တည်၍ ၎င်းအနန္တသိဒ္ဓိ မဟာဒီပံဖယောင်းတိုင် (၃) တိုင်စလုံးကို မီးပူဇော်ပါ။ ပထမဂါထာကို ရွတ်ဆိုပြီး ပထမမီးတိုင်ကို ပူဇော်ပါ။ ဒုတိယဂါထာကိုရွတ်ဆို၍ ဒုတိယမီးတိုင်ကိုပူဇော်ပါ။ တတိယဂါထာကိုရွတ်ဆိုလျက် တတိယမီးတိုင်ကို ပူဇော်ပြီး ဖော်ပြပါ အနန္တသိဒ္ဓိဆုတောင်းဖြင့် ရွတ်ဆိုပူဇော်ပါလေ။

**အနန္တသိဒ္ဓိ မဟာဒီပံဂါထာတော်**

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ၊
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ၊
သံဃော လောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ။

၂။ ဗုဒ္ဓ တေဇေန အရိန္ဒမော၊ ဗုဒ္ဓေါ
မေ ရက္ခန္တု နိစ္စံ
ဓမ္မ တေဇေန အရိန္ဒမော၊ ဓမ္မော
မေ ရက္ခန္တု သဒါ
သံဃ တေဇေန အရိန္ဒမော၊ သံ
ဃော မေ ရက္ခန္တု ဒိနေ။

၃။ နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပ
မုတ္တောသိ သဗ္ဗမိ၊
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ
သရဏံ ဘဝ
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အကာလိကော ဓမ္မော ဓမ္မံ
သရဏံ ဂစ္ဆာမိ၊
သုပ္ပဋိပ္ပန္နော သံဃော သံဃံ သရ
ဏံ ဂစ္ဆာမိ။
ဗုဒ္ဓေါ သဗ္ဗညုတဉာဏော
ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလသဒ္ဓော။
ဣစ္စေတံ ရတနတ္တယံ
ယေန သစ္စေန သင်္ဂမော ဟော
တု မေ ဇယမင်္ဂလံ။

**အနန္တသိဒ္ဓိဆုတောင်း**

အနန္တလေးပါးတို့၏ ကွန်ချာ၊ မဟာဓမ္မရာဇာအစစ်ဖြစ်တော်မူကြကုန်သော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓော၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမအစရှိသော တစ်ဆယ့်နှစ်ပါးသော အစိန္တေယျဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ- ရှိခိုးပါ၏။

အုံ့ခိုးစရာ၊ မဟာဒီပံ၊ မီးလျှံပြောင်ဝင်း၊ ပူဇော်ခြင်းကြောင့်၊ ကင်းရှင်းရောဂါ၊ ငါးဖြာရန်သူ၊ ဆယ်ဆူသောဒဏ်၊ ရှစ်တန်သောအပြစ်၊ နှစ်ဆယ့်ငါးပါးဘေး၊ ဝေးဝေးရှင်းကွာ၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ်၊ မကပ်ဒွတ္တိသ၊ နှစ်ဝသုံးဆယ်၊ ပါယ်လေးကြမ္မာ၊ ရောဂါဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်၍၊ မတွယ်ရှင်းကွာ ဝေးစေသောဝ်။

ရှစ်ရပ်ဒိသာ၊ သွားလေရာလည်း၊ လာဘ လာဘာ လာဘ်မိုးရွာ၍ ချမ်းသာသုခ ရပါစေ။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြွက်၊ ပူး၊ နဂါး-ဟိုင်း၊ ယောကျ်ား-မိန်းမ ဟူသမျှလည်း၊ မြင်ကစုံမက်၊ သားဝမ်းထွက်သို့၊ ဖြူစင်မေတ္တာ မျှစေသော်။

မာယ ဣန္ဒာ၊ အသူရာနှင့် စသည်ကျော်သောင်း၊ နတ်အပေါင်းလည်း၊ ကောင်းချီးစောင်မ,လိုက်စေသော်။ သူရဿတီ၊ စန္ဒီ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါရမန္ဒ၊ ဒေဝသမ္မာ၊ နတ်များစွာလည်း၊ လိုရာအောင်ဆု ပေးစေသောဝ်။

တဝ်ကျိပ်နှစ်ပါး၊ ထင်ရှားတုံလတ်၊ ကိုယ်စောင့်နတ်က၊ စသည်အညီ၊ ဒေဝီကိုးပါး၊ နတ်မင်းများလည်း၊ ဆပ္ပါးကြင်နာ၊ မေတ္တာအောင်ဆုပေးစေသောဝ်။

မဟာဂီရိ နှံ့သိကျော်လတ်၊ အိမ်စောင့်နတ်နှင့်၊ သုံးဆယ့်သုံးတန်၊ ဝေယံဘုံရပ်၊ နတ်ဒေဝါလည်း၊ ကောင်းကျိုးမကြာ၊ ပေးစေသော်။

မဟာဒီပံ၊ မီးလျှံထိန်ဝေ၊ မှောင်မျိုးခြေသား၊ မျက်ဝါးကြုတ်ကြုတ်၊ ကျွန်ုပ်ရန်သူ၊ ဟူဟူသမျှ၊ ကွာထဝေးကွာ၊ ယူဇနာလျှင်၊ တစ်ရာမျှလောက်၊ လွင့်ပါးပျောက်၍၊ ရောက်စေသောဝ်။

အိမ်တွင်း,အိမ်ပြင်၊ ကျောင်းတွင်း,ကျောင်းပြင်၊ စုန်းမှင်နတ်ရဲ၊ ခွာရှဲမိစ္ဆာ၊ သီဟဗုဂ္ဂ၊ ဝိဋ္ဋဝံအောင်း၊ မကောင်းအသံ၊ ငှက်ပျံ ငှက်ဝဲ၊ ကြွက်ခဲတစ်ဝ၊ ငြိုဟ်ပါပနှင့် ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်၍၊ မတွယ်ရှင်းစွာ၊ ဝေးစေသောဝ်။

ရောင်းဝယ်ဖောက်ကား၊ ကုန်သည်များလည်း၊ စီးပွားချမ်းသာ၊ ရာထောင်မက၊ လိုတိုင်းတ,၍ ရစေသော်။

ရာဇာခိုကပ်၊ မှီခိုလတ်လည်း၊ ချစ်မြတ်ကြည်ဖြူ၊ သားအတူလျှင်၊ မြင်သူမေတ္တာ၊ မျှစေသောဝ်။

ဆေးဝါးမန္တန်၊ ရွတ်အံဖွားဖွာ ပညာများလည်း၊ စိတ်ကလိုတိုင်း ရစေသောဝ်။ ယမ်းဆား၊ ဒုတ္တာ၊ သေလာကျောက်မျိုး၊ ပြီးမျိုးကာယ၊ အတွင်းစသည်၊ မြှုပ်ထစက်အပ်၊ အနုနတ်ဆေးရုပ်ထွေးလက်ဖွဲ့၊ ခါးလှည့်အဆောင်ကြံတိုင်းဆောင်၍၊ ဆောင်တိုင်းမကြာ မြောက်စေသောဝ်။

သိဒ္ဓိဇေယျ၊ ထိုဒီပံလျှင်၊ မီးလျှံထိန်ဝေ၊ မှောင်မျိုးခြေသည်၊ ဝေနေသတ္တဝါ သုံးဘုံရွာတွင် ချမ်းသာသုခ တောင်းဆုဟူသမျှ ပြည့်စုံကြ၍ ရရှိကြပါစေသတည်း။

*ခုနစ်နေ့သားသမီးများ အားလုံး ကိုယ်ကျန်းမာကြ၍ စိတ်အေးချမ်းသာယာကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လ...



www.burmeseclassic.com

www.burmeseclassic.com


ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟေ့ ဘယ်သူတုန်းကွယ့်"။ "ကျွန်တော် ဆရာကြီးရဲ့ တပည့်- ထွန်းကျော်လေ" ဆိုမှ ယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာလာခင်ဗျ" "ရှအေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အိုကြီးအိုပေါက်စ ကျနေတာပဲ။ ရှည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ညည် ကိုယ်ရော စိတ်ပါ လေးလေး ထိုင်းမှိုင်းပြီး ကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟေ့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး။ ဆေးစစ် ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား၊ မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ တော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရာပါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ဆေးသောက်ဖို့ မလိုပါဘူး။ ငှက်ပျောသီး၊ သင်္ဘောသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက အထိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော် တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ် တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြရုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် ပါမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြုအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်နေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ဖုံ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဓမ္မလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစာမကျေ၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟေ့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။


www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ဖတ်ရှုရန်အတွက် ရှင်ကုသလက ဆရာတော် ဦးဇောတိကရဲ့ 'SNOW IN THE SUMMER' စာအုပ်ထဲမှ အချို့စာစုတွေကို မြန်မာဘာသာပြန်ပေးခဲ့တယ်။ သူဘာသာပြန်ပေးခဲ့တဲ့ စာစုအချို့ကို စာဖတ်သူတို့အတွက် တစ်ဆင့်ကူးယူပြီး ဖော်ပြပေးလိုက်ပါတယ်။

○

တစ်ကိုယ်တည်း၊ တစ်ယောက်တည်းနေထိုင်တဲ့ အလေ့အကျင့်ကို လူတွေ မွေးမြူသင့်တယ်။ ပြုစုပျိုးထောင်သင့်တယ်။ စိတ်ကို အာရုံတစ်ခုတည်းမှာ ငြိမ်နေအောင်ထားသလို ကိုယ်ကိုလည်း တစ်နေရာတည်းမှာ တစ်ယောက်တည်းနေနိုင်အောင် ထားသင့်တယ်။ တစ်ယောက်တည်းနေတယ် ဆိုတာက လူတွေနဲ့ လုံးဝ မတွေ့မဆုံဘဲ နေရမယ်လို့ပြောတာ မဟုတ်ပါဘူး။

စိတ်ကို တစ်စိတ်တည်း၊ တစ်အာရုံတည်းမှာ ထားတယ် ဆိုတာ ဘာမှမတွေးဘဲနေရမယ်လို့ ပြောတာ မဟုတ်ပါဘူး။ စိတ်ကို သတိနဲ့ စောင့်ကြည့်ပြီး သေချာ နားလည် သဘောပေါက်ရပါမယ်။

တချို့လူတွေက ကိုယ့်ကိုယ်ကိုယ်၊ ဘာမှမတွေးတော့တဲ့အခါ နှစ်ခြိုက်စွာ အိပ်ပျော်သွားကြတယ်၊ လေးလံ ထိုင်းမှိုင်းသွားကြတယ်လို့ ယုံကြည်နေကြတယ်။

လူတွေဟာ တစ်ယောက်တည်းနေထိုင်ခြင်းရဲ့အရေးပါမှုကို နားမလည်ကြဘူး။

လူအများစုဟာ သူတို့ကို တစ်နည်းနည်းနဲ့ သွေးထိုး လှုံ့ဆော်တဲ့သူ၊ ရယ်စရာတွေပြောတဲ့သူနဲ့ အတူနေချင်ကြတယ်။ သွေးထိုးလှုံ့ဆော်သူ မရှိတဲ့အခါ သူတို့ဟာ ပျင်းရိငြီးငွေ့သွားကြတယ်။

စိတ်ကို လှုံ့ဆော် ရိုက်ခတ်တဲ့အရာတွေက တဏှာတွေပါပဲ။ လူ ဆိုတာ တစ်ယောက်တည်းနေနေရတဲ့အခါ သူတို့လုပ်ရမယ့် အရာတွေ၊ သူတို့လုပ်ပြီးသားအရာတွေကို တွေးတောနေချင်ကြတယ်။

တချို့ကျတော့လည်း ရေဒီယို၊ ကက်ဆက် နားထောင်ချင်ကြတယ်။ တီဗွီကြည့်ချင်တယ်။ စာဖတ်နေကြတယ်။ အဲဒါတွေကို တစ်ခုမှမလုပ်ဘဲ တစ်ကိုယ်တည်းနေတဲ့သူတွေဟာ ဘာအတွေးအခေါ်မှမပေါက်ဖွားတော့ဘူး။

ဉာဏ်ပညာ ဆိုတာ တစ်ကိုယ်တည်းနေထိုင်ခြင်းရဲ့ အသီးအပွင့် ဖြစ်တယ်။ တစ်ကိုယ်တည်းနေထိုင်ခြင်းဟာ အမြဲ လန်းဆန်းပြီး အင်အားကို ဖြည့်ပေးတယ်။

စိတ်နှလုံး နက်ရှိုင်းတည်ငြိမ်စွာနဲ့ စီးဆင်းဖြတ်သန်းနေတဲ့ ဘဝတစ်ခုဟာ ဘယ်နည်းနဲ့မှ ရှင်းပြမရတဲ့ အဖြစ်အပျက်တွေ ဖြစ်နေတယ်။

အခု ဆရာတော်ဟာ မဟာမြိုင်ကိုပြန်ရောက်တာ ရက်သတ္တပတ် အနည်းငယ်ရှိပြီ။ တည်ငြိမ်တယ်၊ အေးချမ်းတယ်၊ ရိုးရှင်းတယ်။

ဒီနေရာမှာက များများစားစား ထောက်ပံ့ပေးလှူနိုင်တဲ့ ဒကာ၊ ဒကာမတွေ မရှိဘူး။ အများစုဟာ ရွာသားလယ်သမားတွေ ဖြစ်တယ်။ ရိုးသားသူ






www.burmeseclassic.com

www.burmeseclassic.com

အတွေနဲ့ ရိုးရှင်းတဲ့နေရာမှာနေနေပါတယ်။ ဦးဘုန်းကြီးရဲ့စိတ်ထဲမှာတော့ ရှုပ်ထွေးနေခဲ့ပါ။

ငှက်တွေ တွန်ကျူးသံကို နားထောင်ရတာ နှစ်သက်တယ်။ သစ်ရွက်၊ သစ်ခက်၊ သစ်ညွန့်လေးတွေ လေတိုက်







www.burmeseclassic.com

www.burmeseclassic.com

လို့ ပွတ်တိုက်သံထွက်ပေါ်လာတာတွေကို နားထောင်ရတာလည်း နှစ်သက်တယ်။

အမြဲတမ်း ရှုန်းကန်လှုပ်ရှားပြီး ဆူညံနေတဲ့ မြို့ပြကြီးတွေနဲ့ အလွန်ခြားနားလှပါတယ်။ လုံးဝကို မတူညီခြားနားတဲ့ ကမ္ဘာတစ်ခု ဖြစ်နေပါတယ်။ ရေးကြီးသုတ်ပျာ လှုပ်ရှားနေရတဲ့လူတွေနဲ့ မြို့ကြီးတွေမှာ လူတွေဟာ အလွန်ပဲ စိတ်အနှောင့်အယှက်တွေ ဖြစ်နေကြပါတယ်။

ဒါကြောင့်မို့လည်း ဒီနေရာက တရားထိုင်ရတာ လွယ်ကူပါတယ်။ ဒီဘုန်းကြီးမှာ ရည်မှန်းချက်ကြီးကြီး မရှိဘူး။ ရိုးရိုးလေး နေထိုင်ပြီး ရှင်းရှင်းဘွင်းဘွင်းပဲ သိချင်တယ်။ ကိုယ်နေနေတဲ့လောကကြီးကို ပြောင်းလဲဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်သူ့ကိုမှလည်း ပြောင်းလဲလို့မရဘူး။ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲဖို့တောင် မလွယ်ပါဘူး။

ဒါပေမယ့် စောင့်ကြည့်လို့တော့ ရပါတယ်။ တကယ်လို့ ကိုယ်ဟာ ပညာရှိဖြစ်နေရင် ဘယ်အရာကိုမဆို၊ ဒါမှမဟုတ် ဘယ်သူ့ကိုမဆို စိုးရိမ်ကြောင့်ကြ ပူပန်မှုကင်းစွာ စောင့်ကြည့်နိုင်ပါတယ်။ လောကကြီးကို ကိုယ့်ပခုံးပေါ် ပြောင်းပြီး ဘယ်သူ ထမ်းဆောင်နိုင်ပါ့မလဲ။

တစ်ခါတစ်ရံမှာ ဒီဘုန်းကြီးဟာ စကားပြောလို့ရတဲ့ မိတ်ဆွေတစ်ဦးကို လိုချင်တယ်။ လူအတော်များများ ဘုန်းကြီးဆီကို လာကြပါတယ်။ ဘုန်းကြီး ဘယ်ကိုပဲသွားသွား၊ လူတွေက ဘုန်းကြီးကိုတွေ့ဖို့ လာကြတယ်။

တချို့က စိတ်ဓာတ်နိုးကြားတက်ကြွပြီး တွန်းအားရဖို့အတွက် လာကြတယ်။ အနည်းဆုံးတော့ သူတို့ အားကျအလေးထားပြီး သူတို့စိတ်ကို နှိုးဆော်ပေးတဲ့သူနဲ့ စကားပြောရတဲ့အခါ သူတို့ရဲ့ငြီးငွေ့တင်းကျပ်နေတဲ့ စိတ်အစဉ်ဟာ ခေတ္တယာယီတော့ သက်သာရာရကြပါတယ်။

ဒီနေရာမှာ မိမိကိုယ်ကို အမှန်တကယ် အမိပ္ပာယ်ပြည့်ဝစေတဲ့အရာကို မျှဝေခံစားနိုင်တဲ့သူတော့ မရှိပါဘူး။ အနည်းဆုံးတော့ ကိုယ့်မှာဖြစ်နေတဲ့အတွေးတွေကို ပြန်လည် လေ့လာဆန်းစစ်သုံးသပ်ပြီး အေးချမ်းစွာ နေထိုင်ရပါတယ်။

လောကကြီးဟာ ရှုပ်ကျားကျားနိုင်ပါတယ်။ ဘယ်သူ ဘာတတ်နိုင်မှာလဲ။ ဘာမှမတတ်နိုင်ပါဘူး။ လောကကြီးကို ကမောက်ကမ ဖြစ်ဖို့အတွက် သုံးစွဲလိုက်တဲ့အချိန်တွေနဲ့ စွမ်းအင်တွေဟာ ဘယ်လောက် နှမြောစရာကောင်းသလဲနော်။

အခု မိုးဖွားလေးတွေကျနေတယ်၊ လေတော့မတိုက်ဘူး။ ဆရာတော့်ကို အေးချမ်းတည်ငြိမ်မှု ခံစားရစေပါတယ်။ ဒီတောထဲမှာ အချို့ သစ်ပင်တွေက သူတို့အသက်ထက် ပိုပြီး မြင့်မားရှည်လျားနေကြတယ်။ နှစ်အနည်းငယ်အတွင်းမှာပဲ ဒီနေရာဟာ သစ်တောအုပ်ကြီးတစ်အုပ် ဖြစ်လာတယ်။ သစ်တောရေးဌာနက ဘုန်းကြီးကို ယာမြေ (၈) ဧကခန့် ပေးလှူထားတယ်။

နွေရာသီကလွဲလို့ ရေကောင်း၊ မြေကောင်း၊ ရာသီဥတုကောင်းကိုလည်း ရပါတယ်။ အာဟာရပြည့်ဝတဲ့ သစ်သီးသစ်ရွက်တွေကိုလည်း လုံလုံလောက်လောက် ရပါတယ်။ ကိုယ်တကယ်လိုအပ်တဲ့ အရာမှန်သမျှ ရရှိတယ်။ အချိန်အပါအဝင်ပေါ့။

ဒီဘုန်းကြီးဆီကို ဘယ်သူမှ လာပြီး အနှောင့်အယှက်မပေးပါဘူး။ တစ်ခါတစ်ရံမှာတော့ လူအချို့ ဘုန်းကြီးတောကျောင်းကိုလာပြီး သန့်ရှင်းပေးကြတယ်။ ဒီဘုန်းကြီးကျောင်းမှာ သံစကာတပ်တဲ့အခန်းနဲ့ ခြင်လုံအခန်းလည်း ရှိတယ်။ ခုတင်တစ်လုံး၊ လက်မောင်းတင်ပါတဲ့ ကုလားထိုင်တစ်လုံး၊ စာအုပ်အချို့၊ ဆေးဝါးအနည်းငယ်၊ ဘောပင်(လ်)အနည်းငယ်၊ အဲဒါ ရှိတာအကုန်ပဲ။ ကဲ - ဒီလောက်ဆို ဒီဘုန်းကြီးကို ဘယ်အရာကလာပြီး စိတ်ဆင်းရဲစေမှာလဲ။

ခွက်လှလှလေးနဲ့ လက်ဖက်ရည်တစ်အိုးကိုသောက်တယ်။ အနံ့၊ အရသာကလည်း အတော်ကောင်းပါတယ်။ စိတ်ကိုလည်း လန်းဆန်း တက်ကြွစေတယ်။ တစ်ပါးတည်း လက်ဖက်ရည်သောက်ပွဲ ကျင်းပနေသလိုပါပဲ။

တဖြည်းဖြည်းနဲ့ မိုးကလည်း ပိုသည်းလာပြီ။ အရင်ကတည်းက ဒီနေရာမျိုးဟာ စိတ်အနှောင့်အယှက်ကင်းတဲ့နေရာဆိုတာ သိပြီးသားပါ။ ဘယ်နေရာမှာမဆို အစားအစာတွေ ရှိနေနိုင်ပါတယ်။ ဒီနေရာမှာတော့ ဘာမှမရှိတော့ဘူး။

အခု နေ့လယ် (၁း၁၅) နာရီ ရှိပြီ။ အလွန် တိတ်ဆိတ်နေတယ်။ ပုစဉ်းရင်ကွဲအော်သံတွေနဲ့ ကျီးကန်းအော်သံနည်းနည်းပဲ ရှိတယ်။ ဒီတောထဲမှာ[illegible]နေတဲ့ ဦးပဉ္ဇင်းလေးတွေကလည်း ကိုယ့်ကျောင်းငယ်ကလေးတွေထဲမှာ ကိုယ့်တရားကိုယ်ရှုမှတ်နေကြတယ်။

ဘယ်နေရာမှာမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူး၊ ဒါပေမယ့် ဒီနေရာကတော့ တော်တော်ကလေး ပြည့်စုံနေသလိုပါပဲ။ ဒီနေရာမှာရှိတဲ့ လူတွေနဲ့ ဘုန်းကြီးတွေက ဒီဘုန်းကြီးကို ကြင်နာတရားတွေ ပေးစွမ်းကြတယ်။ ဒီမှာရှိတဲ့ ဦးပဉ္ဇင်းတွေ နာမကျန်းဖြစ်ရင် ဒီဘုန်းကြီးက ကြည့်ရှုစောင့်ရှောက်ပေးတယ်။ သူတို့က ဒီဘုန်းကြီးကို ဆရာဝန်တစ်ဦးဖြစ်တယ်လို့ ထင်နေကြတယ်။ တစ်ခါတစ်ရံတော့ ဒီတောထဲမှာ ဆေးဝါးရှိဖို့အတွက်က အရမ်းခဲယဉ်းတယ်။

ဒီတောထဲမှာ တောကျောင်း (၃) ကျောင်း ရှိတယ်။ ဒီဘုန်းကြီးနေရာက သီးခြား ကန့်သတ်နယ်မြေအဆန်ဆုံးပဲ။ အလည်လာတဲ့သူ မရှိသလောက်ပါဘဲ။ လပြည့်နေ့တွေမှာတော့ လူတချို့တလေကုသိုလ်လုပ်ဖို့လာကြတယ်။ ဒီမှာရှိကြတဲ့ ကိုယ်တော်တွေလည်း ပစ္စည်းပစ္စယ သိပ်များများစားစားကြီး မလိုအပ်တော့ တကယ်လိုအပ်တဲ့အရာတွေပဲ ရှိတယ်။

ဒီဘုန်းကြီးကတော့ စာအုပ်တွေ နည်းနည်းပါးပါး ဖတ်ချင်တယ်။ ဒါပေမယ့် ဒီမှာက သိပ်မရနိုင်ဘူး။ အသိဉာဏ်စေ့ဆော်ဖို့အတွက် မိမိရဲ့စွဲလမ်းမှုကို လွှတ်ထားပေးသင့်တယ်။ မဟာမြိုင်တောရမှာ သီတင်းသုံးရတာ တစ်နေ့နဲ့ တစ်နေ့ဟာ သိပ်ပြီး ခြားနားမှုမရှိဘဲ ကုန်ဆုံးစေတယ်။ ညနေခင်းမှာ တောင်ဆင်း၊ တောင်တက်လမ်းလျှောက်ကြတယ်။ အချိန်ကသာ တဖြည်းဖြည်းနဲ့ ရွေ့လျားနေပေမယ့် ဒီမှာက ဘာမှ ပြောင်းလဲမှုမရှိပါဘူး။ ပြင်ပကမ္ဘာလောကက ကသောင်းကနင်းအခြေအနေမှာ တည်ရှိနေတယ်။ ဒီနေရာမှာက တိတ်ဆိတ်ငြိမ်သက်ပြီး လုပ်ဖို့အလုပ်လည်း မရှိဘူး။ အရေးကြီးတဲ့အရာလည်း ဘာမှမရှိဘူး။

ဒီနေရာမှာက အမြဲတမ်း ထာဝရ အေးချမ်းတယ်။ ငှက်မျိုးတော်တော်များများလည်း ရှိတယ်။ ဖြစ်တောင့်ဖြစ်သာမန် ကျန်းမာရေးအခက်အခဲကလွဲလို့ ဘာဝိရောဓိမှ မရှိဘူး။ ဘာပြဿနာမှလည်း မရှိဘူး။ ဘယ်လို ပဋိပက္ခမှလည်း မရှိဘူး။ အခု ဒီမှာ သီတင်းသုံးပြီးခဲ့တဲ့ (၄) လအတွင်းမှာ ဒီဘုန်းကြီး ကျန်းမာရေးက ကောင်းမွန်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးက ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်လေ့လာနေတယ်။

သစ်သီး သစ်ရွက်တွေကို များများ ဘုဉ်းပေးတယ်။ အဆီများတဲ့အစားအသောက်ကို တော်တော် ရှောင်တယ်။ အချိုတော့ နည်းနည်းဘုဉ်းပေးတယ်။ အေးချမ်းစွာနေတတ်မှုကလည်း ကျန်းမာရေးကို အများကြီး အထောက်အကူပြုပေးတယ်။ ဒီနေရာက ဘုန်းကြီးအတွက်တော့ အကောင်းဆုံးနေရာလို့ ပြောနိုင်မိတယ်။

ဒီတောရဂုံမှာ သီတင်းသုံးရတာ အဝတာ အလွန်ကိုပဲ အေးချမ်း ငြိမ်သက်လှပါတယ်။ ဒီနေရာမှာက လူ့ဆောင်အဖွဲ့အစည်း အသိုင်းအဝိုင်းဆိုတာမရှိတော့ တိုက်ပွဲတွေ၊ ရန်ပွဲတွေလည်း မရှိဘူး။ ချမ်းမြေ့တယ်။ ဒါကြောင့်မို့လည်း လူတွေ၊ အရာဝတ္ထုတွေအပေါ်မှာ တပ်မက်တွယ်တာမှု တဏှာတွေလည်း နည်းသထက်နည်းလာတယ်။

ဒီနေ့ နည်းနည်း တိမ်ထူထပ်တယ်။ မိုးလည်း တဖွဲဖွဲရွာလို့ ဇိတ်ဆိတ်လျက်ပါပဲ။ ငှက်ကလေးတွေလည်း တေးဆိုမပျက်။ သစ်ရွက်ခြောက်တွေက မြေမှာအနှံ့ ပြန့်ကျဲလျက်။ သစ်ပင်ကြီးတွေက သူတို့ရဲ့လက်မောင်းကြီးတွေကို ဆန့်တန်းပြီး ဝသန်ကာလ မိုးရွာချခြင်းကို ကြိုဆိုဖိတ်ခေါ်နေမယောင်။ ခြောက်သွေ့ပြီး ငွေ့ငွေ့လေးနွေးထွေးဆဲ။ ပြဿနာအရှုပ်အရှင်းက လုံးဝကင်းစင်လျက်။

မိုးဦးကျလာပြီ ဆိုရင် တို့ရဲ့ဘဝတွေဟာ အသစ်တစ်ဖန် ရှင်သန်လာမယ်ပြီ။ အခု ရာသီဥတုက အေးလာပြီ။ ဒီတောရဂုံမှာ ဟေမန်ရာသီ လွှမ်းနေတယ်။ နံနက်ခင်းအပူချိန်က (၅၈) ဒီဂရီ အရှင်ဟိုက်။ ဒီနေ့မှာတော့ ကောင်းကင်ဆန်ခွင် မြူမှုန်ကင်းစင်လျက်။ ငွေအိုရောင်တိမ်သလ္လာ အနည်းငယ်ကတော့ ပါဘုပ်စက်ဝိုင်းမှာ ဂန္ဓာရီလှည့်လို့။

လေညင်းက တသုန်သုန်၊ လေပြည်က တသွေးသွေး။ ညဉ့်အခါကာလမှာ စန္ဒာလပြည့်ဝန်းကြီးက ရွှန်းရွှန်းဝေ လောက ကမ္ဘာက သစ္စာအလှနဲ့ အေးချမ်းနေ။

ညတုန်းက ဒီဘုန်းကြီး လမ်းလျှောက်ထွက်ခဲ့ပါတယ်။ ဂရုစိုက်မှုတွေ၊ စိုးရိမ်ပူပန်မှုတွေက ဘယ်နေရာမှာလဲ။ ဘယ်မှာမှ ရှာမရနိုင်။

အခု နံနက်စောစော (၄း၄၅) နာရီအချိန်။ ငှက်တွေက တေးသီကျူးနေကြပြီ။ တောကျောင်းဝန်းကျင်မှာ ငှက်တွေက အများကြီး။ သူတို့လေးတွေက လောကကြီးကို ကျေနပ်အားရပြီး အလှတရား ဆောင်ကြဉ်းနေကြတယ်။

ဒီနေ့ ရာသီဥတုက ခပ်နွေးနွေးကြီးဆိုတော့ သူတို့လေးတွေလည်း ရေချိုးချင်နေကြရှာတယ်။ ဒီဘုန်းကြီးက ငှက်ကလေးတွေ ရေချိုးဖို့ ရေသောက်ဖို့အတွက် နီညိုရောင် မြေခွက်ကြီးနှစ်လုံးထဲကို ရေဖြည့်ပေးထားလိုက်တယ်။ ငှက်ကလေးတွေ ရေချိုးတာကို စောင့်ကြည့်ရတဲ့အလုပ်ဟာ အင်မတန်မှကို စိတ်ပျော်ရွှင်မှု ရရှိစေပါတယ်။ သူတို့ကိုယ်သူတို့လည်း တော်တော်လေးပျော်ရွှင်နေပုံရတယ်။ ဒီဘုန်းကြီးက ဆွမ်းကျန်တွေကို ငှက်စာအဖြစ် နေ့စဉ်နဲ့အမျှ စွန့်လှူတယ်။ ငှက်ကလေး အတော်များများက အစားအစာနဲ့ ရေသောက်ဖို့အတွက် ရောက်ရောက်လာကြတယ်။ သူတို့လာတဲ့ရည်ရွယ်ချက်ကတော့ ဆွမ်းကျန်တွေကိုစားမယ်၊ ပြီးရင် ရေသောက်မယ်။ ဒီလောက်ပါပဲ။

အဲ - နောက်ပြီး ဒီဘုန်းကြီးကို သီချင်းတွေဘာတွေ ဆိုပြလိုက်သေးတယ်။ စိုးရိမ်ပူပန်မှုကင်းဖို့လည်း သင်ပြလိုက်သေးတယ်။ တစ်ချိန်တည်းမှာပဲ ဘုန်းကြီးဘဝကို သူတို့က ယူထားလိုက်ကြတယ်။ သိပ်အများကြီးတွေးရင် စိတ်က အလွဲလွဲအချော်ချော်ဖြစ်ပြီး တင်းကျပ်သွားမယ်လို့လည်း ပြောသွားသေးတယ်။

အဲ- ပြီးတော့ နောက်တစ်ခုက ဘယ်အချိန်မှာမဆို သေဖို့အတွက် အဆင်သင့် လုပ်ထားရမယ်၊ ဘဝ ဆိုတာ မရဏတရားကို လက်ခံခြင်းပါပဲလို့လည်း သင်ပြသွားသေးတယ်။

သူတို့က ပြောသေးတယ်၊ ဘဝ ဆိုတာ ခက်ခဲ ကြမ်းတမ်းတယ်တဲ့။ ကိုယ့်ဘဝကို အမြဲတမ်း အားရကျေနပ်နေချင်တယ်ဆိုရင် ကိုယ့်ဘဝထဲက ကိုယ့်သင်ခန်းစာတွေ အများကြီး သင်ယူရပါမယ်။ ပြီးတော့ ကိုယ်က ပိုပြီး နှစ်သက်လာမယ်ဆိုရင် ဒီသက်ရှိကမ္ဘာလောကရဲ့အပြင်ဘက်ကို ထွက်သွားနိုင်တယ်။

အခု ဘုန်းကြီးက ကျောင်းဝရန်တာရှေ့မှာ တိတ်ဆိတ်ငြိမ်သက်စွာထိုင်နေတယ်။ သစ်ပင်တွေကို တိုးဝှေ့နေတဲ့ လေသံတွေနဲ့အတူ အဝေးတစ်နေရာက ချိုးမောင်နှံ သံစုံနဲ့ ကူချဲ့သံကို ကြားရတယ်။ အခု ညနေ (၄) နာရီထိုးပြီ။ အိုက်လွန်းတာနဲ့ ရေချိုးပြီး အနားယူနေတာ။

ဒီဘုန်းကြီးက အေးချမ်းငြိမ်သက်တဲ့ဘဝတစ်ခုမှာပဲ နေထိုင်ချင်တယ်။ ကိုယ့်ကိုယ်ကိုယ် ကိုယ့်မှာရှိတဲ့ တာဝန်ဝတ္တရားတွေနဲ့အတူ လွတ်လပ်မှုကို ရသင့်သလောက်လည်း ရနေရပြီး ဘဝကို နက်နက်ရှိုင်းရှိုင်း နားလည်ခြင်း၊ အေးချမ်းမှု၊ လွတ်လပ်မှုတို့ကို လိုချင်ပါတယ်။ ဒီဘုန်းကြီးက နောက်လိုက်တပည့်သာဝက ဖြစ်ရမှာ၊ အသိအမှတ်ပြုခံရတာ၊ နာမည်ကျော်ကြားတာ ဒါတွေကို ဂရုမစိုက်ဘူး။ လိုလည်းမလိုချင်ဘူး။

ဒကာ၊ ဒကာမတွေလည်း ကိုယ့်ဘဝကို သတိနဲ့နေထိုင်နိုင်တဲ့နည်းလမ်းတွေကို နားလည် သဘောပေါက်စေချင်တယ်။ ကြွယ်ဝချမ်းသာမှုနည်းနည်း၊ အေးချမ်းမှု၊ သာယာမှု၊ ရိုးရှင်းမှု၊ ရိုးသားမှု၊ ငြိမ်းချမ်းမှုတွေကို နားလည်စေချင်တယ်။ ဒီဘုန်းကြီးအနေနဲ့ ဘယ်နည်းနဲ့ရလာတဲ့အရာတွေပဲဖြစ်ဖြစ်၊ ပြန်လည် မျှဝေပေးစွမ်းပါတယ်။

ကိုယ်လိုအပ်တဲ့အရာတွေကို သူများကို ထုတ်မပြောဘူး။ အရာဝတ္ထုနည်းနည်းပါးပါးလေးနဲ့ နေနေရတာက စိတ်ကို ပိုပြီးတော့ ပြေလျော့စေတယ်။ လူဆိုတာ မိမိကိုယ်ကိုမိမိ လုံးဝ စိတ်တင်းကျပ်မှုမရှိတဲ့နေရာ၊ သက်သောင့်သက်သာဖြစ်တဲ့နေရာ၊ အခြားသူအပေါ်မှာ မျှော်လင့်ချက်ကင်းပြီး စိတ်ပိုင်းဆိုင်ရာ လွတ်လွတ်လပ်လပ်ရှိတယ်လို့ ခံစားရတဲ့နေရာမှာ နေထိုင်သင့်ပါတယ်။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် သိနားလည်ခံစားနိုင်တဲ့နေရာ၊ အခြားသူတစ်ဦးတစ်ယောက်ကို ကျေနပ်အောင် ပြောဆိုပေးနေရတာ၊ လုပ်ပေးနေရတာမျိုး မရှိတဲ့နေရာမှာလည်း နေသင့်ပါတယ်။

o

ဒီစာစုတွေကိုဖတ်ရှုပြီး တစ်ကိုယ်တည်း နေထိုင်နိုင်ကြပါစေ။

နေထိုင်နိုင်တဲ့ အချိန်ကာလတွေမှာ စိတ်ချမ်းသာခြင်းတွေ ရယူပိုင်ဆိုင်နိုင်ပါစေ။

ရရှိလာတဲ့ စိတ်ချမ်းသာမှုအရည်အသွေးကို တည်တံ့အောင်၊ ပွားများအောင် ထိန်းသိမ်းနိုင်ကြပါစေ။

အရှင်ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com

၁၃၇၄ ခုနှစ်ဆန်းတွင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရား၌ ပြုလုပ်သည့် ယဉ်ကျေးလိမ္မာသင်တန်းတွင် ခြောက်ထပ်ကြီးဂေါပကအဖွဲ့ဝင် ဒေါက်တာ မြတ်ထွန်း၏မေတ္တာရပ်ခံချက်အရ သင်တန်းသားများအတွက် ရေးပေးသော စကားလက်ဆောင် ဖြစ်ပါသည်။ ထိုသင်တန်းသားများသာမက သုတလိုလားသည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် အသင့်အတင့်သော သုတရရှိစေရန် ဆောင်းပါးအဖြစ် ပြန်လည်ရေးသား တင်ပြခြင်း ဖြစ်ပါသည်။

စာရေးသူ

၀

**ယဉ်ကျေးလိမ္မာ သင်တန်းသားများအတွက် ချောင်းဆုံအုန်းသွင်၏အမှာစကား စကားလက်ဆောင်**

ဘဘက စကားကြာကြာပြောလို့ မရတဲ့အတွက် သားတို့၊ သမီးတို့ကို အမှာစကားစာနဲ့ပဲ လက်ဆောင်ပါးလိုက်ရပါတယ်။

သားတို့, သမီးတို့၊ ဒီယဉ်ကျေးလိမ္မာသင်တန်းကို တက်ကြတာ မြင်ရတော့ ဘဘ အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီမြန်မာနိုင်ငံတော်ကြီးဟာ ဘာသာရေးနဲ့ ယဉ်ကျေးမှုအနေနဲ့ အထက်တန်းကျကျ ကမ္ဘာမှာရပ်တည်နေပါတယ်။ ဒီရပ်တည်မှုမှာ ရေရှည်ခိုင်မြဲဖို့ဟာ သားတို့၊ သမီးတို့အပေါ်မှာတည်မှီနေပါတယ်။ အနာဂတ်မှာသားတို့၊သမီးတို့လို ယဉ်ကျေးလိမ္မာသူ များရင် များသလောက် ဒီရပ်တည်မှုဟာ ခိုင်မာပြီး တိုင်းပြည်ဟာလည်း စည်ပင်ဝပြော အေးချမ်းသာယာနေမှာ ဖြစ်ပါတယ်။ ယဉ်ကျေးလိမ္မာသူနည်းရင်နည်းသလောက် နိုင်ငံ့ဂုဏ်သိန်ဖြစ်တဲ့ ဘာသာရေးနဲ့ယဉ်ကျေးမှု ဆုတ်ယုတ်ပြီး အောက်တန်းကျတဲ့နိုင်ငံ၊ ဆူပူဆင်းရဲတဲ့နိုင်ငံ ဖြစ်သွားမှာပဲ။

ဒီသင်တန်းဟာ သားတို့၊သမီးတို့ကို လူဖြစ်ရကျိုးနပ်သူများဖြစ်အောင် သင်ပေးတဲ့သင်တန်း ဖြစ်ပါတယ်။ လူဖြစ်ကျိုးနပ်သူများသာ အမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ပါတယ်။

ဒီနေရာမှာ လူဖြစ်ရကျိုးနပ်သူများဟာ ဘယ်လိုလူမျိုးလဲဆိုတာကိုသိဖို့လိုပါမယ်။ ပြီးခဲ့တဲ့ နို့ဝင်ဘာလ (၃၀) ရက်နေ့က ကမ္ဘာ့လူဦးရေ သန်း(၇၀၀၀) ပြည့်ပါတယ်။ အဲဒီအထဲက လူဖြစ်ကျိုးနပ်သူ ဘယ်လောက်ရှိမလဲ ဆိုတာ ဆန်းစစ်ကြည့်ရအောင်။

ဘယ်လိုလူမျိုးဟာ လူဖြစ်ကျိုးနပ်သူများလဲဆိုတာကို ပြောပါ့မယ်။ အတိုဆုံးပြောရရင် မိမိကိုယ်ကို ကောင်းအောင်ဖန်တီးနိုင်သူ၊ ပတ်ဝန်းကျင်ကိုလည်း ကောင်းအောင်ဖန်တီးနိုင်သူများဟာ လူဖြစ်ရကျိုးနပ်သူများပါပဲ။ မိမိကိုယ်ကို ဘယ်လောက်ကောင်းအောင်၊ ပတ်ဝန်းကျင်, အခြားတစ်ပါးသူများကို ဘယ်လောက်များများနဲ့ ဘယ်လောက်ကောင်းအောင် ဖန်တီးနိုင်သလဲ ဆိုတဲ့အပေါ်မှာ မူတည်ပြီး လူဖြစ်ရကျိုးနပ်တဲ့ အဆင့်အတန်းလည်း တည်ပါတယ်။ ဥပမာ- ဗုဒ္ဓရှင်တော်ဘုရားဆိုရင် အတုမရှိ လူဖြစ်ကျိုးနပ်သူလို့ ဆိုရပါမယ်။

အကြမ်းဖျင်းအားဖြင့် လောကမှာ လူ (၄) မျိုး ရှိပါတယ်။ အဲဒါတွေက-

၁။ လူညံ့-လူဆိုး၊
၂။ လူညံ့-လူကောင်း၊
၃။ လူတော်-လူဆိုး၊
၄။ လူတော်-လူကောင်း

တို့ပဲ ဖြစ်ပါတယ်။

လူညံ့-လူဆိုးကတော့ လူဆိုး ဆိုတဲ့အတွက် ဘယ်သူ့အဖို့မှ မျက်မှောက်သံသရာမှာ ကောင်းအောင်မဖန်တီးနိုင်ပါဘူး။ ဒါပေမယ့် လူညံ့ ဖြစ်နေတဲ့အတွက် ဆိုးတာလည်း ခပ်ညံ့ညံ့ပဲ ဖြစ်ပါ






www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဥပမာ- ကြက်ခိုး၊ ဘဲခိုး၊ ထဘီခိုး သောက်ပေါ့။ ဒါတောင် ညှံ့တော့ မအောင်မြင်ဘူး။ ကြက်များဟာ ညဘက် ဆို လုံးဝ မမြင်ဘူး။ အခြား တိရစ္ဆာန် တွေက မြင်ကြတယ်။ ညဘက် အိပ်တန်းမှာအိပ်နေတဲ့အခါ ရင်အုပ်ကြားထဲ ဓာတ်ထိုးထည့်လိုက်ရင် ငြိမ်နေတယ်။ အသာမ,ပြီးပွေ့သွားရင် ငြိမ်ပြီး လိုက် သွားတယ်။ ဒါကိုမသိတဲ့ လူညံ့-လူဆိုး ကြက်သူခိုးက ခြေနှစ်ချောင်းကိုဆွဲတော့ ထန်အော်တာပေါ့။ လူနိုးပြီး လိုက်လို့ နည်းလွတ်အောင်ပြေးရတယ်။ လူညံ့ များ ကြက်တောင်ရအောင်မခိုးနိုင်ဘူး။

လူညံ့-လူကောင်းကတော့ လူ ကောင်း ဆိုတဲ့အတွက် ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးပေါ့။ တတ်နိုင်သလောက် တော့ မိမိကိုယ်ရော သူတစ်ပါးအတွက် ပါ ကောင်းအောင် လုပ်ပေးတတ်ကြပါ တယ်။ ဒါပေမယ့် လူက ညံ့တော့ တစ် ခါတစ်ရံ အကောင်းလုပ်ရာက အဆိုး ဖြစ်သွားတတ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ပေါင်း (၆၀) လောက်က သတင်းစာမှာ ပါဖူးတယ်။ ပဲခူးနယ်ဘက်ကပဲ။ လူတစ် ယောက်ဟာ သူ့ဖွားဖက်တော်အဖျားမှာ အားရေစုပိတ်နေလို့ ဆီးကျန်ရာက ကြာခဏ အနာဖြစ်တတ်တယ်။ မိတ် ဆွေတစ်ယောက်ကိုပြောတော့ မိတ်ဆွေ က ပိုနေတဲ့သားရေကို ဖြတ်လိုက်ရင် ပြီးတာပဲလို့ ပြောလိုက်တယ်။ သူက လူတောင်းပဲ၊ ဒါပေမယ့် လူညံ့ဖြစ်နေ တော့ ဆေးလိပ်ခုံမှာသုံးတဲ့ ဖက်ညှပ်တဲ့ ဓာတ်ကြေးနဲ့ သူဟာသူဖြတ်လိုက်တယ်။ နှင်းသိပ်လို့ သွေးတိတ်သွားပေမယ့် နောက်ရက်တွေမှာ ပိုးဝင်ပြီး ဒုက္ခများ တာပေါ့။ ဒီတော့မှ အိမ်သားတွေသိပြီး ဆေးရုံပို့လိုက်ရတယ်။ နောက်ဆက်တွဲ သတင်း မသိရတော့လို့ ဘယ်အထိဒုက္ခ များသွားသလဲ မသိခဲ့ရဘူး။ လူညံ့များ က ညံ့တော့ မိမိကိုယ်မိမိ ကောင်း အောင်ဖန်တီးတာ အဆိုးဖြစ်သွားတယ်။

နောက်တစ်ခုက ဘဘတို့ငယ်စဉ် က သင်္ကြန်ကာလ ရွာဘုရားပွဲမှာ စတု ဒိသာတိုက်ဖို့ဆိုပြီး မုန့်လုပ်ဆောင်း (မုန့် လက်ဆောင်း) လုပ်တယ်။ သင်္ကြန်အ ကြတ်နေ့ မနက်စောစောမှာ ရေ (၁၂) ဆံ့တဲ့ သစ်သားစည်ကြီးနဲ့ ဖျော်ထား တယ်။ ရွာမှာ လူရိုးလူကောင်း လူပျို ကြီးတစ်ယောက် ရှိတယ်။ အသက်က (၃၀) လောက်ပေါ့။ ဝတ်ကောင်းစား ကောင်းဝတ်ပြီး အစောကြီးရောက်လာ တယ်။ မိန်းကလေးတွေက 'လူပျိုကြီး၊ ရေမွှေးနံ့တထောင်းထောင်းနဲ့ ဘယ်သူ့ ကို လာဂေါ်တာလဲ'လို့လှောင်ကြတယ်။ လူပျိုကြီးဟာ တဟဲဟဲရယ်ပြီး အင်္ကျီ အိတ်ထဲက ပုလင်းကလေးတစ်လုံး ထုတ်လိုက်တယ်။ အဖုံးဖွင့်ပြီး မုန့်လက် ဆောင်းစည်ထဲ လောင်းထည့်လိုက်ပါ တယ်။ ပြီးတော့ အနားက မွှေတံနဲ့ မွှေ လိုက်သေးတယ်။ ဘေးလူတွေက အ လန့်တကြားနဲ့ လူပျိုကြီး၊ ဘာလုပ်တာ လဲလို့မေးတော့ မုန့်လက်ဆောင်း ပိုမွှေး အောင် ငါ ရေမွှေးလောင်းထည့်လိုက် တာလို့ ဖြေတယ်။ မုန့်တစ်စည်လုံး ချက် ချင်း ညှီမည်းသွားတယ်။ အဆိပ်ဖြစ် သွားတာပေါ့။ အားလုံး သွန်ပစ်လိုက်ရ တယ်။ လူညံ့များ ပတ်ဝန်းကျင်ကိုလည်း ကောင်းအောင်လုပ်တာ အဆိုးဖြစ်စေ ပြီး ဒုက္ခပေးတယ်။

လူတော် - လူဆိုးကျတော့ ကြောက်ဖို့ကောင်းတယ်။ ကမ္ဘာကျော် လူဆိုးကြီးတွေ အများကြီး ပေါ်ခဲ့ဖူးပါ တယ်။ မကောင်းကျိုး မိုးထိုးအောင်ပေး ခဲ့တာပဲ။ တော်လွန်းလို့ အလွန် အစွမ်း ထက်တဲ့လက်နက်မျိုးစုံ၊ ဒုက္ခပေးပုံနည်း မျိုးစုံနဲ့ လူအများကို ကပ်သုံးပါးဆိုက် အောင် ဒုက္ခပေးကြတာပဲ။ လောကအ လှကို နည်းမျိုးစုံနဲ့ဖျက်ဆီးနေသူများပဲ။ သူတို့ဒုက္ခပေးပုံကို ဖော်ပြလို့ ကုန်မှာ မဟုတ်ဘူး။ အခုလည်း အများကြီးပဲ ပေါ့။ လူနဲ့လုပ်ရပ်ကို ဘယ်လိုမှ စုံစမ်း ဖော်ထုတ်လို့ မရနိုင်လောက်အောင်ကို တော်တဲ့ လူတော်-လူဆိုးကြီးတွေပေါ့။

အထက်က ဖော်ပြခဲ့တဲ့ လူ (၃) မျိုးကတော့ လူဖြစ်ရကျိုးမနပ်သူတွေပါ။

လူတော်-လူကောင်းကမှ လူဖြစ် ရကျိုးနပ်သူ ဖြစ်ပါတယ်။ လူတော်-လူ ကောင်းဟာ မိမိအတွက်ရော သူတစ် ပါးအတွက်ပါ လောက-သံသရာ နှစ် ဖြာသောကောင်းကျိုးကို ဖန်တီးနိုင်ကြ ပါတယ်။

လူတော်- လူကောင်းဖြစ်မို့ ဘာ တွေလိုသလဲ၊ ဘယ်ကရမလဲ ဆိုတာကို မပြောခင် သားတို့၊ သမီးတို့ကို သရက် ပင်နဲ့ ပမာနှိုင်းပါတယ်။ အသီးထဲမှာ သရက်သီးက အဖိုးအတန်ဆုံးဖြစ်လို့ သရက်ပင်နဲ့နှိုင်းခြင်းပါ။

အောင်မြင်တဲ့ သရက်မျိုးစေ့တစ် စေ့ကို ဩဇာကောင်းတဲ့မြေမှာ စိုက် လိုက်ရင် သရက်စေ့ဟာ အလုပ်နှစ်ခုကို တစ်ပြိုင်နက် လုပ်ပါတယ်။ တစ်ခုက မြေကြီးထဲကို အမြစ်ဆင်းသွားခြင်းဖြစ် ပြီး နောက်တစ်ခုက မြေပေါ်ကို အညွန့် တက်ခြင်း ဖြစ်ပါတယ်။ မြေထဲဆင်း သွားတဲ့အမြစ်က မြေပေါ်တက်သွားတဲ့ အညွန့်ကို ပင်စည်ကြီးအဖြစ် ရှင်သန် ကြီးထွားအောင်၊ အကိုင်း, အခက်, အ လက်, အရွက်များ ဝေဆာအောင်၊ အ ပွင့်, အသီးများ အောင်အောင်မြင်မြင် ပေါပေါလျှံလျှံသီးအောင် မြေဆီဩ ဇာနဲ့ ရေများကို စုပ်ယူပြီး ပံ့ပိုးထောက် ပံ့ပါတယ်။

အမြစ် အားကောင်းရင် အား ကောင်းတာနဲ့အမျှ အပင်ရှင်သန်ကြီး ထွား ဝေဆာပါတယ်။ အမြစ်အားနည်း ရင်၊ ပိုးထိုး, ခြကိုက်ခံရရင် အပင်ကြုံ လှီပြီး အပွင့်၊ အသီး မဖြစ်ထွန်းပါဘူး။ နောက်ဆုံး အပင်သေတဲ့အထိ ဖြစ်သွား ပါတယ်။

သားတို့၊ သမီးတို့ဟာ ယဉ်ကျေး လိမ္မာချင်တယ် ဆိုတဲ့ မှန်ကန်အောင် မြင်တဲ့ အဖိုးတန် ဗန္ဓုရ သရက်စေ့များ ဖြစ်ပါတယ်။ အဲဒီမျိုးစေ့ဟာ ယဉ်ကျေး လိမ္မာ ဆိုတဲ့ မြေဩဇာကောင်းတဲ့သင် တန်းမှာ လာစိုက်ကြပါတယ်။ ယဉ်ကျေး လိမ္မာဘာသာရပ်များကို သွန်းလောင်း ဖြည့်ဆည်းပံ့ပိုးပေးကြတယ်။ အဲဒီတော့ အမြစ်လည်းသန်ပြီ၊ အပင်လည်းသန်ပြီ ပေါ့။အမြစ်ကဘာလဲ၊ အမြစ်ကကောင်း မွန်တဲ့စာရိတ္တ။ အပင်က ဘာလဲ၊ အပင် က ယဉ်ကျေးလိမ္မာပေါ် အခြေခံတဲ့ အ မြစ်ကင်းတဲ့အတတ်ပညာ။ စာရိတ္တအ မြစ်ကို အခြေခံပြီး တတ်မြောက်လာတဲ့ အသိပညာ၊ အတတ်ပညာသာ မိမိအ တွက်ရော သူတစ်ပါးအတွက်ပါ လော က၊ သံသရာ နှစ်ဖြာသော ကောင်းကျိုး ကိုပြုနိုင်ပါတယ်။ ထိုသူများသာ လူဖြစ် ရကျိုးနပ်သူ လူတော်-လူကောင်းများ ဖြစ်ပါတယ်။

စာရိတ္တအမြစ်နဲ့ အသိ၊ အတတ် ပညာတို့ကို မိမိတို့ ကံ၊ ဉာဏ်၊ ဝီရိယ ရှိသမျှ ပြည့်စုံကြပြီး ထိုပြည့်စုံသမျှနဲ့ ကောင်းသတင်း ကျော်ကြား ကြီးပွား ကြမှာ ဖြစ်ပါတယ်။

အခု ဒီသင်တန်းက သားတို့၊ သမီး တို့ဟာ ကံ၊ ဉာဏ်၊ ဝီရိယအလျောက် အဆင့်ဆင့် အောင်မြင်ပြီး ကြီးပွားသူ များ၊ လူဖြစ်ရကျိုးနပ်သူ လူတော်-လူ ကောင်းများ ဧကန်ဖြစ်ကြပါမယ်။ ဖြစ် အောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်း စကားလက်ဆောင်ဖြင့် နိဂုံးချုပ်လိုက် ပါတယ်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတို့နေထိုင်ရာ သတ္တလောကကြီးသည် အစွန်းတရားနှစ်ပါးတို့ဖြင့် ပြည့်နှက်လျက် ရှိသည်။ ချစ်ခြင်း, မုန်းခြင်း၊ ချိုသာခြင်း, ရိုင်းစိုင်းခြင်း၊ သိမ်မွေ့ခြင်း, ခက်ထန်ခြင်း စသည့် အစွန်းများဖြင့် တည်ရှိနေသည်။

လူတို့နေရာ လူ့လောကကြီးတွင် အစွန်းတရားတွေ မျှတရေး၊ တစ်နည်း သာယာချမ်းမြေ့ရေးအတွက် ထိန်းချုပ်ထားသည့်တရားနှစ်ပါး ရှိသည်။ လောကပါလတရားဟု ခေါ်ဆိုပါသည်။ ၎င်းတရားနှစ်ပါးသည် မကောင်းတာမှန်သမျှကိုပြုလုပ်ရန် ရှက်ရွံ့ခြင်း 'ဟိရီ' တရားနှင့် မကောင်းတာမှန်သမျှကို ပြုလုပ်ရန်ကြောက်ရွံ့ခြင်း 'ဩတ္တပ္ပ' တရားတို့ ဖြစ်သည်။

ထိုတရားနှစ်ပါး၏ ထိန်းချုပ်မှုအောက်တွင် ရှိနေကြသမျှ ကာလကြီးသည် အစဉ် အေးချမ်းသာယာနေမည်သာ ဖြစ်သည်။ ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ရာစား၊ ဗိုလ်ကျစိုးမိုးခြင်း၊ ခက်ထန်မာကျောခြင်း စသည့် အယုတ်တရား၊ တစ်နည်းအားဖြင့် ဒေါသဦးစီးသော လောဘတရားတွေ စိုးမိုးလာလျှင် လူမှုဒုက္ခမျိုးစုံတွေ၊ သတ္တဝါဒုက္ခမျိုးစုံတွေ တွေ့ကြုံခံစားရမည်မှာ မလွဲပေ။

အိပ်ကောင်းခြင်း မအိပ်ရသည့်ဒုက္ခ၊ စားကောင်းခြင်း မစားရသည့်ဒုက္ခ၊ နေကောင်းခြင်းမနေရသည့်ဒုက္ခ စသည့် ကျီးလန့်စာစားဘဝများနှင့် နေရမည်သာ ဖြစ်သည်။ လောကပါလတရားကို မသိသူများအတွက်၊ မကျင့်နိုင်သူများအတွက် တစ်ထစ်လျှော့၍ ရပါသည်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်စိတ်မွေးနိုင်ရင်သော် လည်းကောင်း၊ စေတနာထားနိုင်ရင်သော် လည်းကောင်း အေးချမ်းသာယာသည့် လောကကြီးကို ဖန်တီးနိုင်မည်ဟု ယူဆပါသည်။

လူနှင့်လူ၊ လူနှင့်တိရစ္ဆာန်၊ တိရစ္ဆာန်အချင်းချင်း မေတ္တာသက်ဝင်နေချိန်၊ စေတနာထားနေချိန်တွင် ရန်ပြုလိုသည့် စိတ်ဆိုးစိတ်ယုတ်များ ပျောက်ကွယ်နေပါသည်။

တောရပ်မှီ၍ တရားကျင့်ကြံအားထုတ်နေသည့် သူတော်ကောင်း ဆရာတော်ကြီးများအနီးတွင် ကျေးငှက်တိရစ္ဆာန်များ ဝိုင်းအုံနေလေ့ရှိကြောင်း အများသိကြပြီး ဖြစ်ပါသည်။ ဆရာတော်ကြီးများ၏မေတ္တာ၊ စေတနာဓာတ်များ အကူးစက်ခံရ၍ ရိုင်းစိုင်းသည့် သတ္တဝါများပင် မေတ္တာရိပ်ကို ခိုလှုံကြခြင်း ဖြစ်ပါသည်။

သံသရာဘုံတစ်ခွင်မှာ မေတ္တာဆိုတဲ့တရား ကြီးမားကြောင်းကို ယုံရန်လိုပါသည်။ မေတ္တာဖျန်းရင် လန်းဆန်းမည်ကို ယုံရပါမည်။ ယုံကြည်မှုနှင့်အတူ မိမိကိုယ်တိုင်က မိမိပတ်ဝန်းကျင်တစ်ခွင်ကို မေတ္တာရေတွေ အစဉ်မပြတ်ဖျန်းပေးနိုင်ရင်ဖြင့်၊ သင်ကိုယ်တိုင်က သင့်ပတ်ဝန်းကျင်တစ်ခွင်ကို မေတ္တာရေတွေ အစဉ်မပြတ်ဖျန်းပေးနိုင်ရင်ဖြင့်၊ သူကိုယ်တိုင်က သူ့ပတ်ဝန်းကျင်တစ်ခွင်ကို မေတ္တာရေတွေ အစဉ်မပြတ်ဖျန်းပေးနိုင်ရင်ဖြင့်၊





www.burmeseclassic.com

www.burmeseclassic.com



(နေပြည်တော်)

သစ္စာ

…သင်, သူ အားလုံး အားလုံးက အား အားလုံးရဲ့ ပတ်ဝန်းကျင်တစ်ခွင်ကို …ရေတွေ အစဉ်မပြတ် ဖျန်းပေး …ဖြင့်. . . ။

⊙

ကြာတော့လည်း ကြာခဲ့ပါပြီ။ …ခဲ့သည့် ၁၉၇၅ ခုနှစ်ဝန်းကျင်။ မန်း …သိုလ်၏နယ်မြေ အင်ဂျင်နီယာ …တွင် နယ်မြေကျွမ်းကျင်ဝန်ထမ်း …တာဝန်ထမ်းဆောင်စဉ်ကာလ …ပါသည်။

၁၉၇၀ ပြည့်နှစ်၊ မန်းရွှေမြို့တော် …တွင် စက်မှုအင်ဂျင်နီယာပညာများ …သင်ယူစဉ်ကတည်းက ကျွန်တော် …မိနက်သန်နေ့ရာမှန်သည် တောင် … မဟာမင်းထင်တိုက်မှ ရွှေဘုန်းရှိန် …တော်ကြီးကျောင်းပင် ဖြစ်ပါသည်။ …ကြီးကျောင်းထွက် ဆိုတာထက် …ကြီး ကျောင်းအိပ်၊ ကျောင်းစားဟု …မှ ပြည့်စုံမည်ထင်ပါသည်။

ကျောင်းပြီး၍ အလုပ်ဝင်ချိန် ဝန် …ဖြစ်သည်အထိ ဆရာဘုန်းကြီးအ …အောက်တွင် ရှိနေဆဲပါ။ မနက်စာ၊ …အတွက် ကျောင်းမှ ထမင်းဟင်း …သည် ကျွန်တော့်အတွက် မဟာဩသ …နတ်သုဒ္ဓါ ဖြစ်သည်။ ရရှိသည့်လခ …သည် တွမ်း၊ ဆေး၊ လက်ဖက်ရည်ဖိုးသာ …သည်။ အခြား အပိုကုန်ငွေ မရှိပါ။

ဘုန်းကြီးကျောင်းသားဖြစ်သဖြင့် ကျောင်းဝေယျာဝစ္စ အားလုံး လုပ်ရပါသည်။ ကျောင်း၏ဝေယျာဝစ္စ၊ ဆရာဘုန်းကြီးနှင့် သံဃာများ၏ဝေယျာဝစ္စများကို ရေးရလျှင် ကုန်နိုင်ဖွယ်မရှိပါ။ ဒီနေရာတွင် အဓိကပြောချင်သည်က ကျွန်တော် ထမင်းစားပြီးတိုင်း ကျောင်းရှိခွေးများကို ထမင်းကျွေးရခြင်း ဖြစ်ပါသည်။

ထမင်းကျွေးသည့် ကျွန်တော့်ကို ခွေးအားလုံးက ချစ်ကြပါသည်။ ကျွန်တော်က သံပြတ်လေးဖြင့် နှစ်ခါထပ်၍ လေချွန်တတ်ပါသည်။ ကျွန်တော်သာ လေချွန်လိုက်တော့ တစ်ကျောင်းလုံးရှိ ခွေးအားလုံးသည် အလုအယက် အပြေးအလွှားလာကြသည်။ အတင်းဖက်တက်မည်။ နမ်းမည်။ တီရှပ်စာန်ဗေဒဖြင့် သူတို့မေတ္တာကို ပြသကြမည်။ ကျွန်တော်ကသာ 'ဟေ့' ဆိုရင် မီးကိုရေနဲ့ငြိမ်းတာက 'ရှဲ' ဟုမြည်ပါသေးသည်၊ သူတို့တွေက တုတ်တုတ်မျှမလှုပ်။

တစ်ခါတွင် ကျောင်းမှ ခွေးမကြီး မိနီ သားလေးနှစ်ကောင်ပေါက်ပါသည်။ ခွေးထီးလေးနှစ်ကောင် ဖြစ်သည်။ တစ်ကောင်က လက်အဖြူကလေးဖြစ်၍ 'လက်ဖြူ' ဟု လည်းကောင်း၊ ဗိုက်အကျားလေးကို 'ကျားဘို' ဟုလည်းကောင်း ကျွန်တော် အမည်ပေးထားခဲ့ပါသည်။ (၂)လသားအရွယ်ခန့်တွင် ကျားဘိုလေး ပျောက်သွားပါသည်။

ကျားဘိုပျောက်သည့်နေ့က ခွေးမကြီးမိနီအဖြစ်က ရင်နင့်စရာ။ ကျောင်းဝိုင်းတစ်ခုလုံး အကြိုအကြားမကျန် တအီအီအသံပေး၍ လိုက်ရှာ၏။ အဆိုးဆုံးက ကျွန်တော့်ပုဆိုးကိုဆွဲပြီး သူ့ကလေးကို ရှာပေးရန် အကူအညီတောင်းသည်။ ပျောက်သွားမှန်း (တစ်ယောက်ယောက်က ဖမ်းသွား) သိသော်လည်း မိနီကျေနပ်စေရန် ပါးစပ်က 'ကျားဘို၊ ကျားဘို' လို့ခေါ်ပြီး လိုက်ရှာကူတော့ မိနီရဲ့ပုံသဏ္ဌာန်က တကယ့်ခွေးဖျိုမလေးတစ်ကောင်လို ခုန်ပေါက်ပြေးလွှားနဲ့ ပျော်နေလိုက်ပုံများ မြင်ရသည့် ဦးပဥ္စင်း၊ ကိုရင်များပင် စိတ်မကောင်းကြ။

'ဟဲ့- မိနီ၊ ကျားဘိုကို မတွေ့တော့ဘူး။ ရှာမနေတော့နဲ့' လို့ ပြောလိုက်ရော ခုနက ခုန်ပေါက်နေတဲ့ မိနီ ချက်ချင်းပဲ တအီအီနဲ့ စိတ်ဆင်းရဲသွားပုံက ယနေ့တိုင် မြင်ယောင်ဆဲပါ။

သည်လိုနဲ့ နောက်တစ်ပတ်ခန့်မှာ ကျန်နေတဲ့ လက်ဖြူလေး မစားမသောက်နဲ့ နေမကောင်းဖြစ်ပါရော။ ကျွန်တော်လည်း မိန်းထဲမှာ အလုပ်ရှိ၍ (၂) ရက်ခန့် ကျောင်းကိုမပြန်နိုင်ပါ။ အလုပ်ပြီး၍ ကျောင်းပြန်အရောက်မှာ မိနီရယ် ကျွန်တော့်ပုဆိုးကို အတင်းလာဆွဲပါသည်။ မိနီခေါ် ရာလိုက်သွားတော့



www.burmeseclassic.com

ကျောင်းအနောက်ဘက် မန်ကျည်းပင်အရင်းမှာ လက်ဖြူကလေးအဖြစ်က ကြည့်ရက်စရာမရှိပါ။ တစ်ခါမှလည်း မမြင်ဘူးပါ။ မျက်စိထဲ မြင်လွယ်အောင် ရေးပြရရင် ပန်းမုန်လာပွင့်တစ်ပွင့်ကို အရင်းဘက်က ပါးစပ်ဖြင့်ကိုက်ထားလျှင် ပန်းပွင့်ကြီးက မိမိပါးစပ်ရှေ့တွင် အပွင့်လိုက်ပေါ်နေမည် ဖြစ်သည်။ ယခုလည်း လက်ဖြူလေး၏ပါးစပ်တွင် ပန်းမုန်လာပွင့်ကြီးကိုက်ထားသည့်နှယ် အသားပိုတွေ အစုန့်အစုန့်ကြီးတွေနှင့် ပြည့်နေပါသည်။ ရေမသောက်၊ မစားမသောက်ရသဖြင့် ရက်ပိုင်းအတွင်းသေသွားမည် ဖြစ်သည်။

ခွေးမကြီး မိနီက နံဘေးကနေ ဂနာမငြိမ်။ မျက်လုံးကလည်း အားကိုးတကြီးကြည့်လိုက်၊ သူ့ကလေးကို လျှာဖြင့်လျက်လိုက်၊ နမ်းလိုက် လုပ်နေပါသည်။

ကျွန်တော်လည်း သက်ပြင်းတွေချပြီး ဘာလုပ်ရမှန်းမသိ။ ခွေးလေးကို ကြည့်ပြီးတော့ စိတ်ကမကောင်း။ ထိုင်နေရင်းနဲ့ အမျိုးမျိုးစဉ်းစားပါသည်။ ခွေးလေး မကြာခင် သေမည်။ ငါလုပ်လိုက်ရင် ကံကောင်းရင် ရှင်မည်။ ဒါပေမယ့် မမျှော်လင့်ရဲပါ။ သေဖို့က များသည်။ ကဲ- ဖြစ်ချင်တာဖြစ်။

ကျွန်တော် မိနီကို ပွေ့လိုက်ပြီး မျက်လုံးချင်းဆုံအောင် ကြည့်လိုက်ပါသည်။

"မိနီ၊ ငါ နင့်ကလေးကို ဆေးကုမယ်။ သေချင်သေမယ်။ လောလောဆယ် မချိမဆံ့အော်လိမ့်မယ်။ နင် ငါ့ကို နားလည်ပါနော်"

အဲဒီနောက် ကျောင်းရှိ ကိုရင်သာဒွန်းကို အကူအညီတောင်းပြီး မိနီကို အဝေးဆွဲခေါ်ခိုင်းရပါသည်။ ကျွန်တော် လက်ဖြူကို ဆေးကုပါပြီ။ အရင်ဆုံး ဘုန်းကြီးကျောင်းသားများလက်စွဲ ကြွက်နို့ပျောက်ဆေး ဖော်ပါသည်။

(စကားချပ်- ဘုန်းကြီးကျောင်းသားငယ်များ၊ ကိုရင်ငယ်ကလေးများတွင် ကြွက်နို့ မကြာခဏ ပေါက်တတ်ကြပါသည်။ လက်သုံးဆေးမှာ ဦးစွာ ကြွက်နို့ကို လက်သည်းညှပ်နှင့် ဖြစ်စေ၊ ဓားဖြင့် ဖြစ်စေ လှီး/ကိုက် ရပါသည်။ ၎င်းနောက် ကွမ်းစားထုံးနှင့် သဲဆပ်ပြာကြမ်းကို ဆတူရောပြီး လှီးဖြတ်ထားသည့် ကြွက်နို့ပေါ် အုံ၍ ပတ်တီးစည်းပါသည်။ နှစ်ရက်၊ သုံးရက်ခန့်နေပြီး ပတ်တီးဖြေလိုက်လျှင် အပေါက်ရာသာကျန်ပြီး ကြွက်နို့ပျောက်ပါသည်။)

ဒုတိယ လက်ဖြူလေး၏ခြေနှစ်ချောင်းနှင့်လက်နှစ်ချောင်းကို ပူး၍ချည်လိုက်သည်။ အရပ်အခေါ် ဝက်တုပ်တုပ်သည်။ တတိယ ပါးစပ်အရင်း (ပါးစောင်ဘေးမှ) တစ်တောင်ခန့် ဝါးလုံးငယ်တစ်လုံးကို ကန့်လန့်ထိုးသွင်းပြီး ကြိုးဖြင့် လည်ပင်းတွင်ရောချ၍ချည်လိုက်သည်။ ပြီးနောက် ပါးစပ်ဘေး စုထွက်နေသည့် အသားပိုကြီးကို ဆွဲကြည့်ပါသည်။ တွေ့ပါပြီ။ လျှာ၊ နှုတ်ခမ်းဘေးပတ်လည်မှထွက်နေသည့် အသားပိုများဖြစ်ပါသည်။ မိမိထံတွင် အသင့်ရှိနေသည့် စတီးကတ်ကြေးငယ်ဖြင့် လျှာဘေးပတ်လည်ကို လိုက်၍ကိုက်ထုတ်ရသည်။ ခွေးလေးက နာလွန်း၍ ငယ်သံပါအောင်အော်သည်။ သွေးတွေ၊ သွေးတွေ အကုန်ထွက်သည်။ မတတ်နိုင်။ ပြီးအောင်တော့ ကိုက်သည်။ အားလုံးကိုက်ပြီးတော့ ကြွက်နို့ဆေးဖြင့် လျှာဘေး၊ နှုတ်ခမ်းသားတစ်လျှောက် လိုက်သုတ်သည်။ အော်လိုက်သည့်ဖြစ်ခြင်း။ အားလုံးပြီးတော့ ပါးစပ်မှာ ကန့်လန့်သွင်းထားသည့် ဝါးလုံးကိုထုတ်၊ နောက်ခြေ၊လက်က ကြိုးဖြေပေးလိုက်သည်။

ကြိုးလည်းဖြေလိုက်ရော ပြေးလိုက်တာ ချာလည်ချာလည်နဲ့။ ရေတွင်းဘေးက ရေမြောင်းလည်းရောက်ရော သောက်လိုက်သည့်ရေ။

"ကိုရင်သာဒွန်းရေ မိနီကိုလွှတ်လိုက်တော့"

အဟိတ်တိရစ္ဆာန်အရိုင်းရဲ့မေတ္တာပေမယ့် ကျွန်တော်တို့ လူသားမိခင်က သားသမီးအပေါ်ထားတဲ့မေတ္တာနဲ့ မိနီရဲ့ သူ့ကလေးပေါ်ထားတဲ့မေတ္တာ မလျော့ဘူးလို့ ကျွန်တော်ဆိုခဲ့ရင် လွန်အံ့မထင်ပါ။

ရေသောက်ရင်း ဗွက်ထဲမှာ လူးလိမ့်ပေပွနေတဲ့သားငယ်ကို လျှာနဲ့လျက်လိုက်၊ နှုတ်သီးနဲ့နမ်းလိုက်လုပ်နေတဲ့ မိနီရဲ့မိခင်မေတ္တာက တကယ့်ကို လေးစား အတုယူစရာကောင်းပါတယ်။

အခြေအနေကိုမသိတာလား၊ သိလို့လား ဆိုတာတော့ ကျွန်တော်မသိ။ အခြားခွေးတွေကလည်း အူသံတွေပေးပြီးနေကြတာက ကျွန်တော်တို့လူသားလိုဆိုရင် ဝိုင်းပြီး အားပေးနေသယောင် ထင်ရပါသည်။

ကျောင်းမှာရှိကြတဲ့ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတွေကြားထဲမှာတော့ ကျွန်တော်က ဟီးရိုးပေါ့။

ကြွက်ကန်း ဆန်အိုးတိုးလေသလား သို့မဟုတ် စေတနာမှန်သည့် ကံတရားကြောင့်လားတော့မသိပါ၊ လက်ဖြူလေး လုံးဝ နေကောင်းသွားပါသည်။ ထူးခြားတာတစ်ခုကတော့ ကျောင်းရှိ ကိုရင်၊ ဦးပဉ္စင်းတွေက စ,သလိုနဲ့ ကျွန်တော့်ကို ဝိုင်းထိုးရင်တော့ မိနီနဲ့လက်ဖြူတို့လက်က လွတ်အောင်ပြေးပေရော့။ မဟုတ်ရင် အနည်းဆုံး သက်န်းတော့ ရစရာမရှိအောင် စုတ်ပြဲသွားအောင် အကိုက်ခံရပါမည်။

ညနေပိုင်းဆိုရင် ကျွန်တော် အလုပ်ကပြန်မလာမချင်း မိနီကိုသားအမိ ရှေ့လက်နှစ်ဖက်ပေါ် ခေါင်းတင်ထားပြီး စောင့်နေ မျှော်နေကြပါသည်။ ပြန်လာတာမြင်ရင်ဖြင့် ရှေ့ဆုံးက အော်ဟစ်ပြီးပြေးလာတာက မိနီတို့သားအမိ။ နောက်က ကျောင်းရှိ အခြားခွေးတွေအားလုံး။

ခန်းနေ ဦးပဉ္စင်းလေးက အပျော်သဘောနဲ့ ခွေးတို့ဖေဖေလို့ စ,လိုက်ရာက နောက်တော့ တစ်ကျောင်းလုံးက ကျွန်တော့်ကို 'ခွေးတို့ဖေဖေ' ဖြစ်သွားပါလေရော။ ဘာကြောင့်မှန်းတော့မသိ၊ ကျွန်တော်ကလည်း သည်နာမည်အခေါ်ခံရတာကို ကျေနပ်နေပါသည်။

တစ်လလောက်နေတော့ မိန်းထဲ ဦးပုညလမ်းတွင် နေစရာလိုင်းခန်းရပါသည်။ ဆရာတော်နှင့် ကျောင်းရှိဆွမ်းယာမျာကို ကန်တော့နှုတ်ဆက်၊ ခွေးတွေကိုလည်း နှုတ်ဆက်ပြီး မိန်းထဲရွှေ့ခဲ့ပါသည်။ ထိုနေ့က ကျောင်းမှထွက်ချိန်တွင် မိနီနှင့်လက်ဖြူတို့ကို ရှာမတွေ့ပါ။ ခွဲခွာခြင်းဝေဒနာကို တိရစ္ဆာန်ပေမယ့် မခံစားနိုင်၍ ပုန်းနေကြသည်ဟု ထင်ပါသည်။ မိန်းထဲ နေ့၊ ည နေ့ဖြစ်ပြန်တော့ သိတယ်မဟုတ်လား။ အလုပ်တစ်ဖက်ထက် ဆေးဆိုးပန်းရိုက်ရောင်စုံတွေကြား အပျော်တွေလွန်ခဲ့ပါသည်။ သို့အတွက်လည်း ဆရာတော်ထံ မရောက်ဖြစ်ပါ။ အမှန်အတိုင်းဝန်ခံရရင် မေ့နေပါသည်။ ဘဝမေ့သွားပြီဟု ပြောရင်လည်း ခံရုံသာ ရှိသည်။ သည်လိုနှင့် သုံး၊ လေးလကြာသွားခဲ့သည်။

သည်လိုနှင့် သောကြာနေ့ လခထုတ်ရသည့်လတွင် နောက်နေ့ စနေ၊ တနင်္ဂနွေ ရုံးအပိတ်ဖြစ်၍ စနေမနက် (၉) နာရီခန့်တွင် ဆရာတော်ကို ကန်တော့ရန် ကျောင်းသို့သွားဖြစ်သည်။

ကျောင်း၏တည်နေရာကို ရှေ့ပြီးပါမည်။ အနောက်ဘက်တွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

# နွေရာသီနှင့် ကျန်းမာရေးဆေးအစာ သိမှတ်စရာ

ဦးမင်းဇင်(ရွှေနဝင်း)



မာယာတို့၏ပြက္ခဒိန်အရ ၂၀၁၂ ခုနှစ် ကုန်ဆုံးချိန်တွင် ကမ္ဘာကြီးပျက်သုဉ်းတော့မည်ဟုဆိုပြီး လူအများ စိုးရိမ်ကြောက်လန့် တုန်လှုပ်နေခဲ့ကြသည်။ သို့သော် ထင်ခဲ့ကြသည့်အတိုင်း ဖြစ်မလာ၍ စိတ်အေးသွားရသည်။

၂၀၁၂ ခုနှစ် ကုန်ဆုံးချိန်တွင် ကမ္ဘာကြီးမပျက်မစီး ရှိနေခဲ့သော်လည်း ကမ္ဘာအရပ်ရပ်တွင် မထင်မှတ်၊ မမျှော်လင့်ထားခဲ့သော ရာသီဥတု ဖောက်ပြန်မှုများကိုတော့ ကမ္ဘာအနှံ့ ကြုံတွေ့နေရသည်။

မြောက်ဘက်တွင် မိုးတားတိုက်၊ အရှေ့ဘက်တွင် သီတာအေးရပ်ကွက်၊ တောင်ဘက်တွင် လမ်းဖြစ်၏။ ကျောင်းတိုက်အကျယ် အရှေ့၊ အနောက်၊ တောင်၊ မြောက် ပေ (၁၀၀၀)ခန့် ကျယ်မည်ထင်သည်။ ကျွန်တော်နေထိုင်ရာ ကျောင်းမှာ ကျောင်းတိုက်၏ အနောက်မြောက်ထောင့်တွင် ရှိသည်။ အရှေ့မုခ်မှဝင်လျှင် ကျောင်းကို ကောင်းစွာမြင်ရသည်။

ကျွန်တော် ကျောင်းအရှေ့မုခ်အနောက် စက်ဘီးရပ်၊ ဒေါက်ထောက်ပြီးတော့ ဖိနပ်ချွတ်၊ နောက် စက်ဘီးသော့ခလောက်ဖြုတ်ပြီး ကျောင်းတိုက်ထဲတွန်းအဝင်မှာ ကျွန်တော့်ကျောင်းထဲက ခွေးတစ်အုပ် ပြေးလာသည်။ ရှေ့ဆုံးက မိနီ၊ နောက်က ခွေးလားမြောက်စပြုပြီဖြစ်တဲ့ လက်ဖြူ နောက် အခြားခွေးများပေါ့။

စက်ဘီးတစ်ဖက်ကိုင်ထားရသည့်အတွက် ခွေးအုပ်၏ဒဏ်ကို ကောင်းစွာခံရသည်။ အကဲဆုံးက မိနီနှင့်လက်ဖြူပဲဆိုး၊ အင်္ကျီ အားလုံးကို ရစရာမရှိအောင် ပေကုန်သည်။ အတင်းခုန်တက်ပြီး ဖက်တက်၊ အသံမျိုးစုံနှင့် အော်ကြ ဆူကြသည်။ ခွေးတို့ဖေဖေ အလူးအလဲခံလိုက်ရသည်။

ကျောင်းပေါ်သို့တက်ပြီး ဆရာတော်ကို ဝတ်ပြုကန်တော့နေချိန်မှာ ဘယ်အချိန်မှ ကျောင်းပေါ်မတက်ရတဲ့ ခွေးတွေအနက် မိနီနဲ့ လက်ဖြူက ကျောင်းပေါ်အထိ တက်သည်။ ငေါက်လို့လည်းမရ။ ဆရာတော်ကို ကန်တော့ချိန်မှာ မျက်နှာတစ်ခုလုံး ခွေးနှစ်ကောင်၏လျှာနှင့်လျက်၊ နှုတ်သီးနဲ့နမ်းတာကို ခံရ၏။ ကြံ့ခိုင်ခြင်းမှုတွင်း ဆရာတော်ကြီးနှင့် စကားပြောတော့ သတင်း ကြားမရ ခွေးပိုက်ကြည့်နေရ၍ အထူးမှတ်ပျော်နေပါသည်။

ဆရာတော်မှ ခွေးတွေကို ငေါက်ချဖို့နေနေ သာသာ ပြုံးပြုံးကြီးကြည့်၍နေပါသည်။

ကျောင်းအောက်သို့ပြန်ဆင်းပြီး ဦးပဉ္စင်း၊ ကိုရင်များနှင့်စကားပြောတော့လည်း မိနီနဲ့ လက်ဖြူက ငေါက်၍မရ၊ အခြား ခွေးများကတော့ ငေါက်၍ရ၏။ အနားမကပ်ကြတော့ပါ။ တောက်တဲ့နှစ်ကောင်လို့ ပြောရမလိုဖြစ်နေသည်။

သည်ကြားထဲ ခန်းနေဦးပဉ္စင်းလေး အမိန့်ရှိသည်က-

"မင်းကို တအား လွမ်းနေတာ။ မင်း တက္ကသိုလ်ထဲပြောင်းသွားကတည်းက သည်နေ့အထိ ဒီခွေးနှစ်ကောင်က ရက်မပျက်ဘူး။ နေ့တိုင်းပဲ ဟောဟိုပိတောက်ပင်ခြေရင်းမှာဝပ်ပြီး မျှော်နေစောင့်နေကြတာ။ သူတို့ကိုခေါ်ရင် အမြီးနှန့်ပြမယ်။ ဒါပေမယ့် မထဘူး၊ ဝပ်မြဲဝပ်နေတာ။ မိုးချုပ်မှောင်မှ ထကြတာ။ ထတာတောင်မှ အမြီးကိုထောင်မထားဘူး၊ အောက်ကိုချထားပြီးမှ ထသွားကြတာ။ မင်းကို အတော်သံယောဇဉ်ကြီးတာ။ တိရစ္ဆာန်ပေမယ့် သနားစရာအကောင်းသား"

ဟု အမိန့်ရှိပါသည်။

ကျွန်တော် ဘာလုပ်ရမလဲ။ စဉ်းစား၊ စဉ်းစား။ ရပါပြီ၊ အဖြေရပါပြီ။ အရိုင်းမေတ္တာတို့၏သံယောဇဉ်ကို ဥပေက္ခာမပြုနိုင်ပါ။ ပြုနိုင်တဲ့အားလည်းမရှိတော့သဖြင့် သည့်အတွက်ကြောင့် နောက်နေ့ တနင်္ဂနွေမှစပြီး ခွေးတို့ဖေဖေဘဝကို ပြန်လည်ခံယူလိုက်ပါသည်။

သံသရာဘုံမှာ မလွတ်တင်းနိုင်သရွေ့ မေတ္တာဓာတ်တွေ လွှမ်းခြုံနိုင်ကြပါစေ

ဝင်းသိန်း(နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ထက်တစ်နေ့ အစိုးမရ ခန့်မှန်းရခက်သော ရာသီဥတုအခြေအနေများကို ရင်ဆိုင်၍ ကြံ့ကြံ့ခံနိုင်စေရန် ကျွန်ုပ်တို့ လူသားများသည် ရာသီဥတုနှင့် လိုက်လျောညီထွေသော နေထိုင်စားသောက်မှု ဆေးအစာတို့ကို ကြိုတင်လေ့လာထားပြီး ပြင်ဆင်ထားလျှင် အသက်အန္တရာယ်အတွက် ကြိုတင်ကာကွယ်ရာ ရောက်ပါသည်။

ယခုလာမည့် နွေရာသီ၌ မထင်မှတ်ဘဲ အပူချိန်မြင့်မား၍ အပူလှိုင်းဖြတ်သန်းမှုများကို ရင်ဆိုင်ကြုံ တွေ့ရနိုင်ပေသည်။ ထိုသို့ နွေဥတုကာလကို စတင် ဝင်ရောက်စ, ကာလတွင် ကျွန်ုပ်တို့လူသားများသည် ရာသီဥတုနှင့်လိုက်လျောညီထွေအောင် ,စားသောက်နေထိုင်မှုတို့ကို ကောင်းမွန်အောင် ပြုမူနေထိုင်တတ်ရပေမည်။

သို့ပါ၍ နွေရာသီဥတုတွင် ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာသင့်သည်တို့ကို ရေးသား တင်ပြလိုက်ပါသည်။

**နွေရာသီတွင် ကျန်းမာရေးအတွက် ရှောင်ရန်အချက်များ**

၁။ နံနက် (၁၀) နာရီမှ မွန်းလွဲ (၃) နာရီခန့်အတွင်း အပြင်သို့သွားလာသည့်အခါတွင် ထီး၊ ဦးထုပ်စသော နေပူဒဏ်ကာကွယ်သည့် အသုံးအဆောင်မပါဘဲ သွားလာခြင်းကို ရှောင်ပါ။

၂။ နေပူထဲသို့ သွားလာနေစဉ်နှင့် သွားလာပြီးစအချိန်တွင် ရေခဲရေ (သို့) အအေးခံထားသော ဖျော်ရည်တို့ကို ချက်ချင်းသောက်သုံးခြင်းမပြုရပါ။

၃။ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ခြေဆေး၊ လက်ဆေး၊ ရေချိုး၊ ခေါင်းလျှော်ခြင်း မပြုရပါ။

၄။ နေပူထဲမှ ပြန်လာပြီးစ,တွင် ပန်ကာလေ၊ အဲယားကွန်း စသည့် အအေးကို တိုက်ရိုက်ခံယူခြင်း မပြုရပါ။

၅။ နေပူထဲမှပြန်လာပြီး ချွေးစိုနေသည့်အကျႌ၊ အတွင်းခံစွပ်ကျယ်စသည်တို့ကို မလဲသေးဘဲ အချိန်ကြာမြင့်စွာ မနေရပါ။

၆။ နွေရာသီတွင် နံနက်မှစ၍ မွန်းလွဲ (၄) နာရီအတွင်း အရက်သေစာ သောက်စားခြင်း ရှောင်ပါ။

၇။ ရေနှင့်လုပ်ကိုင်ရသော အလုပ်ကို လုပ်နေရင်းမှ ရေစိုအဝတ်အစားနှင့်နေပူထဲသွားလာခြင်း မပြုရ။ ဖော်ပြပါအချက်များကို သတိပြု၍ ရှောင်ကြဉ်ပါ။

**နွေရာသီတွင် ကျန်းမာရေးအတွက် လိုက်နာသင့်သည့်အချက်များ**

၁။ နေပူပြင်းသည့်အချိန်တွင် အပြင်သို့ မလွဲမသွေ သွားလာခဲ့ရလျှင် အပြင်သို့မထွက်မီ ရေကို အဝသောက်ပြီးမှသွားပါ။

၂။ မိမိတွင် ဆီးချို၊ သွေးတိုး၊ နှလုံး စသည်တို့ရှိလျှင် သောက်နေကျဆေးများကို အပြင်သို့မထွက်မီ မိမိနှင့်တစ်ပါတည်း အဆင်သင့်ယူဆောင်သွားပါ။ *(လိုအပ်လျှင် အရေးပေါ်သုံးနိုင်ရန်။)*

၃။ နေပူထဲမှ ပြန်၍ရောက်လာလျှင် အရင်ဦးစွာ ချွေးစိုနေသော အဝတ်အစားများကို အမြန်လဲပါ။ ပြီးလျှင် ရေရိုးရိုး (အအေးခံထားသောရေ မဖြစ်စေရပါ။) ကို အဝသောက်ပါ။

၄။ နေပူထဲမှ ပြန်လာပြီး (၂) နာရီကျော်မှ ခြေ, လက်ကို ရေထိပါ၊ ဆေးပါ။

၅။ နေပူထဲသို့ အသွားအလာများသောနေ့များတွင် ညပိုင်းမှာ အိပ်ရာမဝင်မီ ခြေဖဝါးနှစ်ဖက်ကို ဆားဖြင့်ပွတ်ပြီး ဒူးခေါင်းအထက်မှစတင်၍ ရေဖြင့် အေးအောင်လောင်းချပြီး ရေခြောက်အောင်သုတ်ပြီး ခြေဖဝါးနှစ်ဖက်လုံးကို အုန်းဆီ သို့မဟုတ် ထောပတ်ဆီစသည် တစ်မျိုးမျိုးဖြင့် ခြေဖဝါးကို ဆီလူးပေးပါ။

၆။ နွေပိုင်းတွင် နံနက် အိပ်ရာထထချင်း မျက်နှာမသစ်မီ ဒူးခေါင်းအထက်မှနေ၍ ရေ (၄)၊ (၅) ခွက်ခန့် အရင်လောင်းပြီးမှ မျက်နှာသစ်၊ သွားတိုက်ပါ။

၇။ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ အခံရှိသူများ နေ့လယ်နေပူပြင်းသည့် အချိန်တွင် အိမ်သာတက်သည့်အခါ လေဝင်လေထွက်ရအောင် အိမ်သာကို ပြုပြင်ဖန်တီးထားပါ။ အိမ်သာတံခါးကိုလည်း အထဲမှ ချက်မထိုးထားဘဲ စေ့ရုံသာစေ့ထားပါ။

**ရှင်းလင်းချက်-** များသောအားဖြင့် မြန်မာ့လူနေမှုအခြေအနေအရ အိမ်သာအများစုသည် ကျဉ်းကျုံ့၍ တံခါးအလုံပိတ်၊ အလင်းရောင်နည်းပြီး လေဝင်လေထွက် လုံးဝ မကောင်းသော အိမ်သာကများပါသည်။ ထိုသို့သော အိမ်သာများတွင် အထက်ပါ ရောဂါအခံရှိသူများ ပူပြင်းသည့်အချိန်တွင် အိမ်သာထဲမှာတင် ဒုက္ခရောက်ကြရသော လူနာများ အတော်များများ တွေ့ကြုံရသောကြောင့် သတိပေးရခြင်း ဖြစ်ပါသည်။

**ပူပြင်းသည့်နွေရာသီတွင် ကျန်းမာရေးအတွက် ရှောင်ရန် အစားအစာများ**

၁။ အပူအစပ်များသော အစာများ။

၂။ ဒူးရင်းသီး၊ အုန်းနို့ပါသော အစားအစာများ။

၃။ ရေခဲ၊ ရေခဲရေ စသော အအေးလွန်ကဲသည့် အစာများ။

၄။ ဝမ်းနုတ်၊ ဝမ်းလွယ်စေသည့် အစာများ။

၅။ ပုစွန်ချဉ်၊ ငါးချဉ်၊ လက်လုပ်ချဉ်၊ ချဉ်ဖတ်များ၊ ဝမ်းတွင်းကလီစာများ၊ ဘဲသား၊ ဝက်ဆီနှင့် တွင်းအောင်းစာများ။

၆။ အထူးသတိပြုပြီး စားရမည်မှာ အများစာ ချက်ပြုတ်ထားသော အလှူစာများ၊ နမြောစာများ စသည်တို့ ဖြစ်သည်။

**ရှင်းလင်းချက်-** အလှူစာဆိုသည်မှာ များသောအားဖြင့် အလှူအတန်းများတွင် တစ်ရက်, နှစ်ရက်မှစ၍ ကြိုတင်ပြီးလုပ်ထားသည့် အစားအစာများ အလှူနေ့မတိုင်မီ ညဦးမှစ၍ ချက်ပြုတ်ထားသော အစားအစာများကိုသာ ကျွေးမွေးရပေသည်။ ၎င်းအစားအစာများသည် အများစာအတွက် လူအများဖြင့် လုပ်ကိုင်ရသည့်အတွက် ရာသီဥတုပူပြင်းသည့် အချိန်ကာလများတွင် သာမန်မျက်စိဖြင့် မမြင်ရသော (အချဉ်ပေါက်၍) ဗက်တီးရီးယားပိုးများပေါ်ပွားနိုင်ပြီး လူကို အန္တရာယ်ပေးစေတတ်ပါသည်။ များသောအားဖြင့် နွေရာသီ အလှူစာ အချို့တွင် အစာအဆိပ်ဖြစ်ခြင်း (Food Poison) ကို တွေ့ရများတတ်ပါသည်။

ထို့ကြောင့် လျှဒါန်း ကျွေးမွေးကုသိုလ်ယူကြသော အလှူရှင်များလည်း တတ်နိုင်သလောက် ကျန်းမာရေးနှင့်ညီညွတ်အောင် ချက်ပြုတ်ကျွေးမွေးနိုင်စေရန် အထူးစီစဉ်ပေးရန် လိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှမြောစာ ဆိုသည်မှာ သံ့ာမန် များတွင် မိသားစု စားသောက်၍ အိုးအဲကြွင်းကျန်နေသည့် အစားအ သောက်အကြွင်းအကျန်များကို နှမြော သောစိတ်ဖြင့် သိမ်းထားပြီး ပြန်လည်၍ စားသောက်စေခြင်း၊ အချို့ အလှူတွင် ချွေမွေး၍ ပိုလျှံသည့် အစားအစာ များကို (နံနက်ပိုင်းအလှူချိန်တွင် စား သောက်သော်လည်း မည်သည့်အန္တ ရာယ်မှမရှိဘဲ) အလှူချိန်ပြီးသည့်ညနေ ပိုင်းတွင် အလှူကျန် အစားအစာ များကို နှမြောပြီး တစ်ရပ်ကွက်လုံး၊ တစ် ရွာလုံး ဝေငှ၍ ပေးကျွေးရာတွင် အစာ အဆိပ် (Food Poison) ဖြစ်ခြင်းကို ဆို လိုပါသည်။

အထက်ပါ အစားအစာများကို ပူ ပြင်းသည့် နွေရာသီတွင် အထူးသတိ ပြု၍ ရှောင်ကြဉ်ပါ။

**နွေရာသီတွင် ကျန်းမာရေးအတွက် စား သုံးသင့်သည့် အစားအစာများ**

၁။ ဓာတ်အေးပြီး လတ်ဆတ် အရည် ရွှမ်းသည့်အသီးအနှံများ။ (ဖရဲသီး၊ သခွားမွှေးသီး၊ သင်္ဘော သီး၊ ကတွတ်သီး၊ တည်သီး၊ ပန်း သီး၊ ကျွဲကောသီး၊ ပိန္နဲသီး၊ စိမ်း စား၌၊ ဆီးပန်းသီး၊ ကျောက်ဖရုံ သီး၊ သဖန်းသီး၊ ခရမ်းချဉ်သီး စသည်)

၂။ ဝမ်းတွင်းအေးပြီး အပူကိုငြိမ်းစေ သည့် သနပ်ရွက်နုနှင့်ဆီးသီး (သို့) မန်ကျည်းရွက်နု ချဉ်ရည်ဟင်း၊ တန်စွန်းရွက် မန်ကျည်းမှည့်ချဉ် ရည်ဟင်း၊ ဘူးသီး, ကျောက်ဖရုံ သီး ချဉ်ရည်ဟင်း၊ ကျောက်ပွင့် သုပ်၊ မန်ကျည်းရွက်သုပ်၊ သခွား သီး၊ မြင်းခွာရွက်သုပ်၊ ကင်ပွန်းချဉ် ဟင်း၊ ပေါက်ပန်းဖြူ ရွက်,ပွင့်၊ ညန်ရွက်, ညန်ပွင့်၊ ဆန်ဆေးရွက် စသည်တို့ကို မြှုပ်၍ စားခြင်း၊ ဟင်းနုနယ်၊ ဒန့်သလွန်သီး,ရွက် စသည်တို့ကို များများစားပေးပါ။

၃။ သား၊ ငါးအနေဖြင့် နွေရာသီတွင် ကြေကျက်လွယ်သော အသား, ငါးတို့ကို စားသုံးပေးပါ။ ငါးခူ၊ ငါး ကျည်း၊ ငါးရံ့၊ ငါးကြင်း စသည့် ငါးများ ပုစွန်၊ အိမ်ကြက်သား၊ ဆိတ်သား စသည့် သား,ငါးများ ကို စားပေးပါ။

**နွေရာသီတွင် အထူးစားသောက်ပေးသင့် သည့် ဖျော်ရည် ဆေးရည်များ**

၁။ ဆေးကုလားမဖျော်ရည်။ (သကြားခဲဖြင့်ဖျော်ပါ။)

၂။ ရှားစောင်းလက်ပပ်နှစ် သကြား ဖျော်ရည်။

၃။ ဖရဲသီးဖျော်ရည်။

၄။ ဆီးသီးကို ပြုတ်၍ အနှစ်ထုတ်ပြီး ဖျော်ရည် (သို့) ဆီးယိုလုပ်၍စား ခြင်း။

၅။ မြင်းခွာရွက်အရည်ကို ပျားရည်၊ နွားနို့၊ သကြား စသည်ဖျော် သောက်ခြင်း။

၆။ မုန့်လက်ဆောင်းထန်းလျက်ရည် (ဖယောင်းမီးသင်း) နှင့်သောက် ခြင်း။

၇။ ပြောင်းဖူးပြုတ်ရည်ကို သောက် ပေးခြင်း။

၈။ ကျောက်ပွင့်အဖြူပွင့်ကြီးများကို သကြားခဲ၊ ကျောက်ဖရုံယိုထည့် ၍ပြုတ်သောက်ခြင်း။

၉။ မုန့်နှပ်၊ မုန့်ကျွဲသည်း စသည် ဝမ်း တွင်းအေးသည့် ဖျော်ရည်၊ အစာ တို့ကို စားသောက်ပေးပါ။

**နွေရာသီတွင် ဖြစ်တတ်သော ရောဂါအ လိုက် ကုသနိုင်သည့် ဆေးဓာတ်စာများ**

နွေရာသီတွင် အဖြစ်များသော ရောဂါများအတွက် ကုသပျောက်ကင်း နိုင်သော ဆေးဓာတ်စာများကို ဖော်ပြ ပါမည်။ နွေရာသီတွင် အပူရှိန်ပြင်းပြီး ချွေးထွက်များ၍ ဆီးခန်းပြီး ဆီးနှင့်ပတ် သက်သောရောဂါများ အဖြစ်များတတ် သည်။

**ဆီးပူ၊ ဆီးနည်း၊ ဆီးဝါလျှင်**

၁။ သခွားသီးကို ထန်းလျက်နှင့်တဝ စားပေးပါ။

၂။ ကျောက်ဖရုံသီး အသားခြစ်ယူပြီး သကြားနှင့်ပေါက်၍ အရည်ညှစ် ယူပြီး ၎င်းအရည်ကို သောက်ပေး ပါ။

၃။ ဆေးကုလားမ ဖျော်ရည်ထဲတွင် သံပရာရည်ခတ်၍ သောက်ပေး ပါ။

၄။ မြင်းခွာရွက်ရည်နှင့် ပျားရည်၊ သံပရာရည်တို့ဖြင့် ဖျော်ရည်လုပ် သောက်ပါ။

**ဆီးချုပ်ပြီး ဆီးခုံတင်း၍ ဆီးမထွက်လျှင်**

၁။ ကြက်သွန်နီကြီးကြီးတစ်ဥကို ပါး ပါးလှီးပြီး သကြား ဇွန်းကြီး (၁) ဇွန်းထည့်၍ ရေနွေးပူပူဖြင့် ဖန် ခွက်တွင် (၁၅) မိနစ်ခန့် စိမ်ပါ။ ၎င်းဆေးရည် ခပ်နွေးနွေးကို သောက်ပေးပါ။

၂။ ဧကရာဇ်မြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ ဆီးခုံနှင့် လိင်အင်္ဂါတစ် ဝိုက်ကို မကြာခဏ လိမ်းပေးပါ။

၃။ ပိတ်ပါးစ တစ်စကို ရေစွတ်၍ ဆီးခုံပေါ်ဖြန့်၍တင်ပါ။ ၎င်းပိတ် စပေါ်တွင် စားဆော်ဒါမှုန့်ကို ဇွန်း ကြီး (၁) ဇွန်းခန့် ဖြန့်၍ ပုံပေးပြီး ၎င်းဆော်ဒါအမှုန့်ပေါ်မှ သံပရာ ရည်ကို ဖျန်းပေးပါ။ မကြာမီ ဆီး သွားလာမည်။

**ဆီးပူ၍ ဆီးသွားတိုင်း မခံနိုင် ဆီးကျဉ်နေ လျှင်**

၁။ ကရမက်ကို ဆန်ဆေးရည်နှင့်သွေး ၍ ဟင်းစားဇွန်း (၁)ဇွန်း၊ (၂)ဇွန်း ခန့် တစ်နေ့ (၃) ကြိမ် တိုက်ပါ။

၂။ ကြွေပုပ်ကို သံပရာရည်နှင့်သွေး ၍ စားပွဲဇွန်း (၁) ဇွန်းခန့် တစ် နေ့ (၂) ကြိမ်တိုက်၍ ရေအဝ သောက်ပေးပါ။

**အပူများ၍ ကျောက်ကပ်ရောင်ပြီး ဆီးတွင် သွေးပါသော်**

၁။ မီးကွင်းဂမုန်း သတ္တုရည်ကို ဒိုပါ လာသကြားခဲနှင့် စပ်၍တိုက်ပါ။

၂။ ရှားစောင်းလက်ပပ်အနှစ်ကို ခြစ် ၍ ယူပြီး ဒိုပါလာသကြားခဲနှင့် ဖျော်တိုက်ပါ။

၃။ ကရမက်ကို ဆန်ဆေးရည်နှင့် သွေးပြီး သကြားစပ်၍ တိုက်ပေး ပါ။

**ကျောက်ကပ်အပူငုပ်၍ ခါးနာ၊ ခါးကိုက် လျှင်**

၁။ နံ့သာဖြူ၊ ကရမက်၊ ဇာသီး (၃) မျိုး ရောသွေး၍ ခါးနှင့် ဆီးစပ် တစ်ဝိုက်ကို တစ်နေ့ (၃) ကြိမ် လိမ်းပါ။

၂။ ကွမ်းရွက်ကို မီးကင်၍ ခါးတစ် ဝိုက်တွင် တစ်နေ့ (၂) ကြိမ် ကပ် ပေးပါ။

**နွေရာသီတွင် အသက်အန္တရာယ်အထိ ပေးတတ်သော အပူရုပ်၍မှားခဲ့လျှင်**

နေပူထဲမှပြန်လာပြီး ချွေးခြောက်၊ မျက်စိပူ၊ ကိုယ်အပူချိန် ပြင်းစွာတက်၍



www.burmeseclassic.com

www.burmeseclassic.com

အပူရှပ်ခဲ့လျှင်-

၁။ ကြက်သွန်နီဥကြီးကြီးတစ်လုံးကို အခွံခွာ၍ ထန်းလျက်တစ်ခဲ၊ နှစ်ခဲနှင့် တစ်ခါတည်းဝါးစားပါ။ ပြီးလျှင် ရေနွေး ခပ်နွေးနွေးလေး မှုတ်သောက်ပေးပါ။ (ရေနွေး မှုတ်သောက်ခိုင်းခြင်းမှာ မျက်နှာကို ရေနွေးငွေ့ပေး၍ ချွေးခေါ်စေခြင်း ဖြစ်သည်။ ချွေးစို့လာပြီး အပူကျလာမည်။)

ပြီးလျှင် နံ့သာဖြူနှင့်ကရမက်ကို များများသွေးထားပြီး ပထမ နဖူးနှင့် ချိုင်းနှစ်ဖက်ကို အရင်လူးပေးပါ။ ပြီးလျှင် (၅) မိနစ်ခန့် စောင့်ပါ။ ပြီးလျှင် နဖူးနှင့် ချိုင်းနှစ်ဖက်ကို ဆေးရည်ထပ်လူးပြီး တစ်ကိုယ်လုံးအနှံ့ လူးပေးပါ။ အခိုး တရှိန်ရှိန်ထွက်ပြီး အပူလျော့ကျလာပါမည်။

အထက်ပါနည်းသည် 'အရေးပေါ် ကုသနည်း' ဖြစ်သည်။ အပူရှပ်၍ ဖျားဖျားချင်း အမြန်ဆုံးလုပ်ဆောင်ပါက အမြန်ဆုံးချမ်းသာရာရမည်။ 'ယုံကြည်စွာ'နှင့် 'အမြန်ဆုံး' လုပ်ဆောင်ရန်သာ လိုအပ်ပါသည်။ ဆေးရုံ၊ ဆေးခန်း ဝေးကွာသောအရပ်ဒေသများတွင် ဤနည်းဖြင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါသည်။

ဇနွရာသီတွင် အသက်အန္တရာယ်အထိပေးတတ်သော နောက်ရောဂါတစ်မျိုးမှာ 'ဖျားပြီးချွေးထွက်မရပ်သော ငန်းရောဂမိုးလိုက်ခဲ့လျှင်' လူနာသည် ကိုယ်ပူ၍ ဖျားကာ ချွေးများ အတောမသတ်ထွက်လာပြီး ခြေ၊ လက်၊ မျက်နှာနှင့် တစ်ကိုယ်လုံး အေးစက်ပြီး စကားမေးမရ ဖြစ်တတ်သည်။ ထိုသို့ဖြစ်လာခဲ့လျှင် အရေးပေါ် ကုသနည်းမှာ-

လူနာကို တိုင်းရင်းဆေးခန်းသုံး ဆေးနံပါတ် (၁၇) ကဲ့သို့ 'ပူ၊ ကျေ၊ ပွင့်' အာနိသင်ရှိသောဆေးကို လက်ဖက်ရည်ဇွန်း (၁) ဇွန်းခန့် ရေနွေးနှင့်ဖျော်၍ နာရီဝက်ခြား (၁) ကြိမ်ဖြင့် (၃) ကြိမ်ခန့် တိုက်ပေးပါ။

ပထမဆေး (၁) ကြိမ်တိုက်ပြီးပြီးချင်း နန္နင်းမှုန့်များများစုယူပြီး လူနာကို အဝတ်အစားချွတ်၍ တစ်ကိုယ်လုံးကို နန္နင်းမှုန့်နှင့် နိုင်နိုင်ဆတ်ပေးပါ။

*(နန္နင်းမှုန့်ဆတ်သည် ဆိုသည်မှာ နန္နင်းမှုန့်နှင့် လူနာ၏တစ်ကိုယ်လုံးကို လက်ဖဝါးဖြင့် ဖိ၍ ဖိ၍ ဆတ်ပေးခြင်း ဖြစ်သည်။)*

လူနာကို ဘေးမှ လူ (၃)၊ (၄) ယောက်ခန့် ဝိုင်း၍ နန္နင်းဆတ်ပေးရသည်။

ထိုသို့ နန္နင်းမှုန့် နိုင်နိုင်ဆတ်ပေးခဲ့လျှင် နာရီဝက်အတွင်း ချွေးထွက်ရပ်လာပြီး ခန္ဓာကိုယ်အပူငွေ့ ပြန်၍ရလာမည်။ ခန္ဓာကိုယ်နွေးလာမည်။ သတိပြန်လည်လာမည်။ ဒါဆို ကိုယ့်ဘက်ကို ပြန်ပါလာပါပြီ။ လူနာ၏အသက်အန္တရာယ်ကို မစိုးရိမ်ရတော့ပါ။

အထူးသဖြင့် တိုင်းရင်းဆေးပညာသင်များ အထူးသတိထားရမည့်အချက်မှာ-

'ငန်းရောဂမိုး' ရောဂါကို ကုသရာတွင် အပူလွန်ကဲ၍ ဖြစ်သည်ဟု မှတ်ချက်ချ၍ အတွင်းဆေးအနေဖြင့် 'အေးချိုဆိမ့်ဖန်' သော ဆေးခန်းသုံး ဆေးနံပါတ် (၁၄)၊ (၁၅)၊ (၁၆) ကဲ့သို့ ဆေးများတိုက်ကျွေး၍ ကုသခြင်း 'မပြုရန်' အထူး သတိပေးချင်ပါသည်။ အကယ်၍ 'အေး၊ ချို၊ ဆိမ့်၊ ဖန်' သောဆေးများ တိုက်ကျွေးလိုက်ပါက လူနာ၏ခန္ဓာကိုယ်ထဲတွင် ပိတ်လှောင်မိနေသော တေဇော အပူဓာတ်သည် ဆန့်ကျင်ဘက် အအေးဓာတ်နှင့် ထိပ်တိုက်တွေ့ဆုံ၍ ဝိရောဓိဓာတ် ပြင်းထန်အားကြီးပြီး ချောင်ပိတ်မိထားသောခွေးဆိုးတစ်ကောင်ကဲ့သို့ မည်းမည်းမြင်ရာ မလွတ်တမ်း ကိုက်ခဲတတ်သလို ပိတ်လှောင်၍ အကျဉ်းကျနေသော တေဇော အပူဓာတ်သည် ၎င်းစိုက်ဝင် ခိုအောင်းနေသော လူနာ၏ခန္ဓာကိုယ်တွင်းရှိ (ကမ္ဗဇပထဝီဟု ဆိုအပ်သော) ကိုယ်တွင်းကလီစာများအား အစွမ်းကုန် ကျွမ်းလောင်စေပြီး လူနာ၏အသက်ကို အန္တရာယ်ပြုခြင်း ခံရပေမည်။

ထို့ကြောင့် ၎င်းအကျဉ်းကျ ပိတ်မိနေသော တေဇောအပူဓာတ်၏ မိတ်ဖက်ကို ဆောင်စေသော 'ပူ၊ ကျေ၊ ပွင့်' ဆေးမျိုးကို ပေးကျွေးလိုက်ပါက ကိုယ်တွင်းကလီစာများတွင် စွဲဝင်ခိုအောင်းနေသော တေဇောအပူဓာတ်များသည် အပြင်မှဝင်လာသော 'ပူ၊ ကျေ၊ ပွင့်' ဆေးအာနိသင်နှင့်ပေါင်းစပ်ပြီး စွဲဝင် ခိုအောင်းနေသည့်နေရာဌာနမှခွာ၍ ခန္ဓာကိုယ်ပြင်သို့ ပြန်ထွက်ရန် တာစူလာပါသည်။

ထို့ကြောင့် 'ပူ၊ ကျေ၊ ပွင့်' ဆေးမျိုးတိုက်လိုက်ပြီး နန္နင်းမှုန့်နှင့် နိုင်နိုင်ဆတ်ပေးလိုက်သည့်အခါတွင် ခန္ဓာကိုယ်သည် ပြန်လည်၍ အခိုးပြန်လာပြီး နွေးလာခြင်း ဖြစ်သည်။

*(အေး၊ ချို၊ ဆိမ့်၊ ဖန်သော ဆေးမျိုး တိုက်ကျွေးလိုက်ပါက ဆေးတိုက်လေ၊ ခန္ဓာကိုယ်မှ ချွေးပိုထွက်ပြီး ရေခဲတုံးတမျှ ပို၍ အေးစက်လာသည်ကို တွေ့ရမည်။ ရောဂါအခြေအနေ ပိုဆိုးလာမည်။)*

ဤရောဂါသည် ကြောက်စရာ အလွန်ကောင်းပါသည်။ လူနာအတွက် အချိန်နှင့်အမျှအရေးကြီးပါသည်။ ကုသမှု ကုထုံးမမှန်ဘဲ လွဲမှားပါက လူနာကို အသက်အန္တရာယ်ပေးစေတတ်သည်။

**နွေရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခဲ့လျှင်**

နွေရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခဲ့လျှင် ဓာတ်ဆားရည်ကို လိုအပ်သလို တိုက်ပေးရမည်။ အကောင်းဆုံးဆေးမှာ နန္နင်းဖြစ်ပါသည်။ ဝမ်းပျက်ဝမ်းလျှောသူများ ဆေးအလွယ်တကူရနိုင်ပါက တိုင်းရင်းဆေးခန်းသုံးဆေးနံပါတ် (၂၅) သို့မဟုတ် (၃၅) ကို နန္နင်းမှုန့်နှင့် ဆတူစပ်၍ တစ်နေ့ကို လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာ (၄) ကြိမ်၊ (၅)ကြိမ်ခန့် ရေနွေးပူပူနှင့်တိုက်ပေးပါ။

အကယ်၍ ဆေးရှာရမလွယ်ပါက ကွမ်းရွက် (၄)၊ (၅) ရွက်ကို ထပ်၍ ကတော့ချွန်လိပ်ပြီး ဆားသိပ်ထည့်၍ မီးခဲနှင့် ကွမ်းရွက်ကျွမ်းသွားသည်အထိ ဖုတ်ပါ။ ရရှိလာသော ဆားမီးဖုတ်ကို အမှုန့်ပြု၍ နန္နင်းမှုန့် လက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ ဆားမီးဖုတ် မန်ကျည်းစေ့ (၁) စေ့ခန့် စပ်၍ တစ်နေ့ (၃) ကြိမ် ရေနွေးဖြင့် တိုက်ပါ။

အကယ်၍ အထက်လှန်အောက်လျှောဖြစ်ခဲ့လျှင် ငရုတ်ကောင်း (၇) စေ့၊ ကြက်သွန်ဖြူ (၇) တက်ကို ညက်အောင်ထောင်း၍ ပျားရည် ဟင်းစားဇွန်း (၁) ဇွန်းနှင့် ဖျော်၍ တစ်ခါတည်းကုန်အောင် ရေနွေးဖြင့် သောက်ပါ။ ဆေး (၁) ကြိမ်တည်းနှင့် ကောင်းသွားပါမည်။

အထက်ပါ ရေးသားဖော်ပြချက်များသည် ပြည်သူလူထုအတွက် အမှန်တကယ် အရေးပေါ်ခဲ့ပါက အလွယ်တကူ လက်လှမ်းမီပြီး အကျိုးအများဆုံးဖြစ်သည့်နည်းများကို စေတနာရှေ့ထား၍ ရေးသားတင်ပြလိုက်ပါသည်။

*လူတိုင်း ကျန်းမာစွာဖြင့် ရပ်တည်နိုင်ကြပါစေ*

ဦးမင်းဇင်(ရွှေနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

# စကားနည်းသော ကလေးများအတွက်

## မိုးကုတ်ကျော်ကျော်စိုး

“ဘဘ - သမီး၊ မီးဖွားပြီးပြီ။ ကြာသပတေးသမီးပါ။ အဲဒါ သမီးလေး ကို နာမည်ရွေးပေးပါဦး”

ဆိုပြီး မိုင်းရှူးကနေ နေပြည် တော်ကို ဖုန်းနဲ့လှမ်းပြောပါတယ်။ စိုင်း မွန်းခမ်းနဲ့ ပုလဲဝတ်ရည်တို့ရဲ့ သမီးဦး ကလေးပါ။ အဖေချော၊ အမေချောမို့ သမီးလေးမှာ အလှနဲ့ပြည့်စုံပြီးသားလို့ အမှတ်မှတ်လိုက်ပါတယ်။

ပုလဲဝတ်ရည်နဲ့ မြေးလေးတို့ဟာ မြေးလေး (၂) နှစ်ကျော်မှ နေပြည်တော် ကို လာလည်ပါတယ်။ ဖြူဖြူဖွေးဖွေး၊ ချောချောလေးပါ။ စကားကလည်း အ ရွှန်းပြောတတ်ပါတယ်။ ချစ်စဖွယ်ပါပဲ။

“ဘဘပေးတဲ့အမည်ပဲ၊ ရွှမင်းလို့ ခေါ်ကြတယ်။ ကျောင်းနာမည်တော့ ရွေးရသေးဘူး။ ရွှမင်းက (၂)နှစ်ပြည့် တဲ့အထိ စကားကောင်းကောင်းမပြော ဘူး ဘဘရဲ့၊ ခပ်အ,အ,ရယ်။ ဒါနဲ့ အိမ်ဝန်းကျင်က စကားပြောစေချင်ရင် ကြက်ဆီဘူး ကျွေးရတယ်ဆိုလို့ သမီး ကြက်ဆီဘူးတစ်ခုကျွေးလိုက်တယ်။ မှန် လိုက်တာ ဘဘရယ်။ ကလေးဟာ ကြက်ဆီဘူးလည်း စားပြီးရော ပြော လိုက်တဲ့စကား၊ နားတောင် ငြီးယူရ တယ်။ အခု ဘဘမြင်တဲ့အတိုင်းပဲလေ”

လို့ ပြောပြပါတယ်။

ဒါက မြန်မာတို့ရိုးရာဓလေ့အရ စိတ်သဘောလုပ်ရတဲ့နည်းတွေပါ။ ဒီလို ရိုးရာစတိသဘောဓလေ့တွေ အများအ ပြား ရှိကြပါတယ်။

ကျွန်တော် မိုးကုတ် ကျောက်ဖျာ မှာနေစဉ်က ကိုအောင်မြင့်၊ မအုန်းမေ တို့ရဲ့သမီး ခင်မာချိုဟာ အတော်လေး ကြီးသည်အထိ စကားနည်းလှပါတယ်။ မပြောပါဘူး။ ဒါကို အဘွားဖြစ်တဲ့ ဖွား ငြိမ်းဟာ ငါ့မြေး ဒီအတိုင်းနေရင် အ,အ ဖြစ်သွားလိမ့်မယ်ဆိုပြီး ပါးစပ်ကို စတိ သဘော ယောက်မနဲ့ မွှေပေးပါတယ်။

အဲဒီလိုလည်း ယောက်မနဲ့မွှေပြီး ပြောများလိုက်တဲ့စကား၊ မြင်းအီးပေါက် သလား မှတ်ရပါတယ်။ ဖွားငြိမ်းနဲ့ ကျွန်တော်ကတော့ ယောက်မရဲ့အစွမ်း ကိုပြောပြီး သဘောကျနေကြတာပါ။ ယောက်မနဲ့မွှေတာက ရှမ်းထုံးစံပါ။

ကြက်ဆီဘူးကျွေးတာကျတော့ လူသိများဟန်ရှိပါတယ်။ အသိမိတ်ဆွေ တစ်ယောက်က-

“ကျွန်တော့်သား စကားမပြော တာနဲ့ ကြက်ဆီဘူးကျွေးလိုက်ပါတယ်၊ သာလိကာ ပခုံးပေါ် တင်ထားသလား အောက်မေ့ရတယ်. . . ပြောလိုက်တဲ့ စကား၊ နားကိုအူနေတာပဲ”

လို့ ပြောပြဖူးပါတယ်။ အမျိုး သမီးတစ်ဦးကျတော့-

“ကလေးစကားမပြောရင် ဝက် မြီးကိုသာ ဟင်းချက်ကျွေးလိုက်၊ နားငြီး အောင်ပြောလိမ့်မယ်”

‘လို့ ပြောပြဖူးပါတယ်။ စတိနည်း တွေ အများအပြားရှိမယ် ထင်ပါတယ်။

ဘယ်မိဘဘိုးဘွားမဆို မိမိတို့ရဲ့ သားသမီး၊ မြေး၊ မြစ်လေးတွေ စကား တီတီတာတာပြောတာကို သဘောကျ ကြပါတယ်။ ခွင်းချက်အနေနဲ့ပေါ့လေ၊ မွေးရာပါ ဆွံ့အ,နေတယ် ဆိုရင်တော့ စတိသဘောလည်း ရမယ်မထင်ပါဘူး။ သူ့ကံ သူ့ဝဋ်ကြွေး ဆိုတာ ရှိသေးတာ ကိုး။

ဆိုလိုတာက စကားတစ်လုံးအ လေ့သာပြောပြီး ခေါင်းညိတ်၊ ခေါင်းခါ သာလုပ်လေ့ရှိတဲ့ စကားနည်း ကလေး ငယ်များအတွက်သာ ဖြစ်ပါတယ်။

ကြက်ဆီဘူးကို မိုးကုတ်ဒေသက လူတွေ စွန့်ပစ်လေ့ရှိပါတယ်။ ကြက်ဖင် ဆိုပြီး စားလေ့မရှိပါဘူး။ ကြက်ဆီဘူးဆို တာ ကြက်ရဲ့မစင်စွန့်ရာ စအိုပေါက်ရဲ့ အထက်မှာရှိနေပါတယ်။

ကြက်တစ်ကောင်ရဲ့ အမြီးဟာ အဲဒီ အဆီဘူးမှာ ပေါက်တာပါ။ အမြီး အုံအကြီးကြီးကို အဲဒီ အဆီဘူးက ထိန်း ထားတာကြောင့် အားအင်အဆီစုတဲ့နေ ရာကို လူတွေက ‘အဆီဘူး’ လို့ခေါ်ခြင်း ပါ။ ကြက်ဖင်မဟုတ်ပါဘူး၊ ကခြားစီပါ။ အောက်ခြေက စအိုပေါက်ကို ဓားနဲ့ ခုတ်ပြီး ဖယ်လိုက်ရင် သန့်ရှင်းတဲ့အဆီ ဘူးကို ရရှိပါတယ်။

ငုံးဆူ လူမသိ ဆိုတာလို ကြက် ဆီဘူး တန်ဖိုးရှိတာကို အချို့မသိကြပါ ဘူး။ အဲဒါကြောင့် စွန့်ပစ်ခြင်းပါ။ ကျွန် တော်တို့ ကျောက်ဖျာရွာကလူတွေ ရွှေ ဘိုဘက် ဘုန်းကြီးပျံသွားတဲ့အခါ အိမ် တစ်အိမ်မှာ တည်းပါတယ်။

အဲဒီမှာ အပျိုပေါက်အရွယ် ဝဝ တုတ်တုတ် ချောချောကြီး သန်းဌေး ဆို တာပါတော့ အိမ်ရှင်မိန်းမကြီးက သန်း ဌေးကိုချစ်တော့ ကြက်သားပန်းကန်ထဲ က ကြက်ဆီဘူးကို ဇွန်းနဲ့ကော်ပြီးထည့် ပေးဓါတယ်။ သန်းဌေးက လန့်သွားပြီး ဇွန်းနဲ့ကော်ပြီး ဖျတ်ခနဲ လွှင့်ပစ်ပါတယ်။

“ကြက်ဖင်ကြီး ကျွန်မ မစားရဲဘူး”

လို့ ပြောပါတယ်။ အဲဒီမှာ အိမ် ရှင် မျက်နှာပျက်စွာနဲ့-

“ဟဲ့- သန်းဌေး၊ အဲဒါ ကြက်ဆီဘူး ခေါ်တယ်။ ကြက်တစ်ကောင်လုံးမှာ အားအရှိဆုံးနဲ့ အကောင်းဆုံးဟဲ့ သန်း ဌေးရဲ့”

လို့ ပြောပါတယ်။

သူတို့ဆီမှာ ကြက်ဆီဘူးကို အ မြတ်တနိုးစားဟန်ရှိပေမယ့် အစားဇီဇာ ကြောင်လှတဲ့ မိုးကုတ်လူတွေကတော့ စားလေ့စားထမရှိတာ အမှန်ပါ။

ဒါပေမယ့် မိမိတို့ကလေး စကား ထစ်အ, ထစ်အ, ဖြစ်နေတာတို့၊ စကား ပြောရမှာ နှုတ်လေးနေတာတို့၊ စကား အလွန် နည်းတာတို့ ကြုံခဲ့မယ် ဆိုရင် တော့ မိမိတို့ရဲ့ရင်သွေး စကားတွေ ပေါက်ပေါက်ဖောက်သလို ပြောလာ အောင် ကြက်ဆီဘူးချက်ကျွေးကြည့်ကြ ပါလို့ စေတနာနဲ့ တိုက်တွန်းလိုက်ပါ တယ်။

ချမ်းမြေ့ကြပါစေ

မိုးကုတ်ကျော်ကျော်စိုး

*(စိုင်းမွန်းခမ်း၊ ပုလဲဝတ်ရည်၊ သမီး ရွှမင်းသို့ အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

### ယခင်က ကြံ့တောသုသာန်

ကြံ့တောသုသာန်ကိုရောက်ရန် ဟံသာဝတီအဝိုင်းမှနေ၍ ကုအေးပုတ်မောင်းပြီးမှ ကြံ့တောသုသာန်အဝသို့ ရောက်သည်။ လိုင်းကားစီးပြီး လမ်းလျှောက်ပြီးလာသူများကတော့ အတွင်းသို့ရောက်ရန် ကုန်းကြောင်းလျှောက်၍ ဝင်ရသေးသည်။ သုသာန်မှူးရုံးကိုဖြတ်ပြီးမှ သုသာန်အတွင်းသို့ ရောက်ပေသည်။ သုသာန်လမ်းမ၏တစ်ဖက်တစ်ချက်တွင် အုတ်ဂူလေးများကို အစီအရီ တွေ့နိုင်ပါသည်။ ထိုအုတ်ဂူလေးများထဲတွင် ဘက်မဲ့အရိုးစုများ၊ လောလောလတ်လတ် သေဆုံးသူတို့၏အလောင်းများကတော့ အိပ်စက်လဲလျောင်းနေကြပေမည်။ သေဆုံးပြီ ဆိုမှတော့ အလောင်းများပင် ဖြစ်ကြပေမည်၊ အကောင်းများတော့ မဖြစ်နိုင်ကြပါပေ။

သေသည့်အသုဘကိုလှပအောင် မိတ်ကပ်လိမ်းကြ၊ သနပ်ခါးလိမ်းပေးကြ၊ နှင်းဆီပန်းများ မျက်နှာတစ်ဝိုက်တွင် ဝန်းရံပေးကြနှင့်။ ချောချောလှလှ ငယ်ငယ်ရွယ်ရွယ်လေးများ သေလျှင်တော့ သေတာတောင် လှလိုက်တာ၊ သေပန်းပွင့်လိုက်တာ၊ အိပ်နေသလိုပါပဲလားဟု ထင်မှတ်မှားကြသော်လည်း ဘယ်နှရက်များခံပါမည်နည်း။ ယခုခေတ်တွင် သေတာနဲ့ ရေခဲတိုက်ထဲထည့်ထားကာ (၃) ရက်ထားကြသည်။ ဒါကြောင့်လည်း ပုံစံမပျက်ဘဲ မြင်တွေ့နိုင်ကြ၍ သိပ်တရားမရကြပါ။

နယ်မြို့ငယ်တို့၊ တောရွာတွေမှာ ဘယ်ရေခဲတိုက်ရှိပါ့မလဲ။ (၃) ရက်ထားသည်နှင့် အနံ့ထွက်လာသည်။ အရည်ထွက်လာသည်။ ပုံစံအနည်းငယ်ပျက်လာသည်။ လူတွေက လိုက်ပို့ရင်းက ငါလည်း တစ်နေ့ သေရမှာပါလား။ ဒီလိုပုံပျက်သွားမှာပါလားလို့ အသုဘရှုကာ တရားရနိုင်၏။ မြို့ထက် ပို၍ အသုဘပို့ရင်း တရားတွေ့နိုင်လေသည်။ 'မသာတစ်ခေါက် ကျောင်း (၁၀) ခေါက်' လို့ ဆိုထားသည် မဟုတ်ပါလား။

ကြံ့တောသုသာန်ထဲရောက်သည်နှင့် အုတ်ဂူဖြူဖြူလေးများ၊ မြေပုံမို့မို့ကလေးများကလည်း အပြည့်ပါပေ။ တရုတ်အမျိုးသားများ၏အုတ်ဂူများဆိုအကြီးကြီးဖြစ်ကာ လှပစွာ ဆေးခြယ်ထားတတ်ကြသေးသည်။ သေသူသုံးခဲ့သော ပစ္စည်းများကို ထိုအုတ်ဂူထဲသို့ထည့်ပေးတတ်ကြ၍ တရုတ်အုတ်ဂူများဆို ဂူဖောက်ခံရတတ်၏။ တစ်ခါက ရွှေဆိုင်အိမ်သို့ နားကပ်နောက်ပိတ်ချောင်နေ၍ ပြင်ရန်သွားသည့်အခါ အိမ်ရှေ့တွင် တာလပတ်မိုးထားပြီး ကနားဖျင်းထိုးထားသည်။ ဘေးနှစ်ဖက်တွင် ဝါးလုံးတန်းများ တန်းထားပြီး ထိုဘေးတန်းတွင် အကျႌစ၊ အဝတ်စ အသစ်များကိုတင်ထားသည်ကို တွေ့ရသည်။ ရွှေဆိုင်က ဘယ်တုန်းက အထည်ဆိုင်ဖြစ်သွားလဲ၊ ဆိုင်မဖွင့်ဘူးလားလို့ ထင်မိလိုက်ပါသည်။ သေချာကြည့်မှ အခေါင်းကြီးချထားသည်ကို တွေ့ရသည်။

သေသည့်သူအတွက် အဝတ်အစား၊ အသုံးအဆောင်များ ထည့်ပေးရန်ပြင်ထားကြောင်း သိလိုက်ရပါသည်။ ဒါကြောင့်လည်း ဂူများအဖောက်ခံရခြင်းဖြစ်ဟန်တူပါသည်။ ရှင်သူတို့သည် မိမိ၏လောဘကို မသတ်နိုင်ကြ။ ကောင်းရောင်းကောင်းဝယ် လုပ်မစားချင်ကြ။ သချႋုင်းမှ ဂူကိုပင် ချမ်းသာမပေးဘဲ ဖောက်ယူကြလေသည်။ ပစ္စည်းများပါမှန်းသိသောဂူတို့သည် ပိုပြီး အဖောက်ခံရတတ်သည်။

ဟံသာဝတီအဝိုင်းဘက်မှ ဝင်သောအခါ လက်ယာဘက်တွင် ဂူလေးတစ်ဂူ ရှိသည်။ ထိုအုတ်ဂူလေးကား စစ်အတွင်းက ပလိပ်ရောဂါဖြင့် သေဆုံးသွားသော အသက် (၅) နှစ်အရွယ်ရှိ မေမေ့မောင်၏အုတ်ဂူလေး ဖြစ်ပါ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအုတ်ဂူသေးသေးလေးထဲက ...အကြောင်းကို အမေက ပြောပြ သည်။

"မေမေရယ်၊ မောင်လေးရယ် ...နှမနှစ်ယောက် ဝလိပ်ရောဂါဖြစ် ... အပြင်းဖျားပြီး ချိုင်းကြားတို့ ...ကြားတို့မှာ အကျိတ်တွေထွက် ... ရောဂါဖြစ်တာက သုံးခွမှာ။ သုံးခွ ... စစ်ပြေးကြတာကို နေမကောင်းကြ ... ရန်ကုန်ကို ပြန်ခေါ်လာပြီး ဆရာ ...ခဲ့တုတာ မောင်လေးကတော့ ဆုံး ...တယ်။ မေမေကတော့ ကံကောင်း ... အသက်ရှင်ခဲ့ရတယ်"

မေမေ့မောင်လေး၏အုတ်ဂူလေး သည် ကြံတောသုသာန် မပြောင်းခင် ... ရှိနေသေးသည်။ မေမေ့အဖေ၏ အုတ်ဂူကိုလည်း ဦးလေး၏အုတ်ဂူအနီး ...င် တွေ့ခဲ့ရသည်။ မေသွယ် ပထမ ...တွင် မေသွယ့်မွေးစားအဒေါ် ဒေါ် ...ဆုံးတော့လည်း ကြံတောသုသာန် ...င် ဂူသွင်းခဲ့သည်။ ထိုစဉ်ကတည်းက ...တောသုသာန်သို့ မေသွယ်၏ချစ်ရ ...များ ရောက်ရှိခဲ့ကြရသည်။

မေသွယ့်ဒေါ်ကြီးကား သဘော ...ကောင်းသူ ဖြစ်သည်။ မုန့်ဖိုး တစ်နေ့ ...တစ်မတ်ပေးသည်။ မေသွယ်သည် တစ် ...ကို တစ်ခါတည်းရ၍ တစ်ပတ် ...တစ်ခါ မေမေတို့အိမ်ပြန်ရတိုင်း မောင် လေးတွေအတွက် မုန့်ဝယ်သွားခဲ့သည်။ ထိုဒေါ်ကြီး၏ကျေးဇူးများရှိသော်လည်း မေသွယ် ဆပ်ခွင့်မကြုံခဲ့ရပါ။ မေသွယ် က (၆) တန်းအောင်သောနှစ်တွင် မိဘ အိမ်သို့ ပြန်ရောက်လာသည်။ အဒေါ် တွေက ပြန်မလွှတ်လိုသော်လည်း တင်ိုင် နှင့်မို့ ပြန်လွှတ်လိုက်ကြရသည်။ သူ များသားသမီး ချစ်ရသည်မှာ ထိုသို့သာ ဖြစ်ပါသည်။ အချိန်တန်တော့ မိဘအိမ် ပဲ ပြန်ချင်ကြပါသည်။ ထိုသို့ ငှက်ပျော တစ်ဥယျာဉ်ကုန်သောသူများအထဲတွင် မေသွယ်လည်း ပါခဲ့ပါသည်။

**ဖေဖေ့ကိုလည်းထားခဲ့ရ**

မေသွယ် တတိယနှစ်တွင် ဖေဖေ ဆုံးပြန်ပါသည်။ ရင်ခွဲရုံဝင်းကား ဆေး ရုံကြီးအနီးတွင် ရှိပါသည်။ ရေခဲတိုက် ခန်းရှိရာ အဆောက်အအုံအတွင်းတွင် သေသူများကို ပြင်ဆင်ထားရှိရန် အခန်း ငယ်လေးများထဲတွင် အလောင်းစင်များ ရှိသည်။ အလောင်းထားရာ အခန်းဝ တွင် သေသူ၏ အမည်နှင့်အသက်ကို ရေးထားသည်။ တစ်နေ့ တစ်နေ့ သေသူ များ များပြားလှ၍ သူ့အချိန်နှင့်သူ သင်္ဂြိုဟ်ရန် ပြင်ဆင်ထားကြခြင်းပါပေ။

မေသွယ် ပထမနှစ်တွင် မေသွယ့် သူငယ်ချင်း၏အမေဆုံးရာ အသုဘပို့ လိုက်ကြသည်။ အလောင်းများပြင်ထား သည်ကိုလည်း လိုက်ကြည့်ကြပါသည်။ တစ်လောင်းက အဘွားကြီးဖြစ်ပြီး ရွှေ ဘုန်းပွင့်ဘုရားမှအပြန် နားကပ်အလုခံ ရပြီးသေသောအလောင်း ဖြစ်သည်တု ဆိုပါသည်။ အသားညိုညို၊ ပိန်ပိန်ပါးပါး နှင့် အလောင်းစင်ပေါ်တွင် လဲလျောင်း နေပါသည်။

နောက်အလောင်းတစ်ခုကား ယောကျ်ားကလေးတစ်ယောက်၏အ လောင်း။ အသက်ကတော့ (၁၈) နှစ် လောက် ဖြစ်မည်ထင်သည်။ ကြာ၍ အ သက်ပင် မမှတ်မိတော့ပါ။ သူ့နာမည် နှင့် အသက်ကိုဖတ်ကာ အလောင်းကို ဝင်ကြည့်ကြသေးသည်။ အလောင်း ဘေးတွင် အဖေလား၊ဦးလေးလား မသိ။ လူတစ်ယောက် ရပ်နေသည်။ အသုဘ ချရန် အချိန်စောသေး၍ တခြား ဘယ် သူကိုမှ မတွေ့သေး။ အလောင်းကို ယင် ကောင်နားမည်စိုး၍ ထင်ပါသည်၊ ပိတ် ဖြူဖြင့် မျက်နှာကိုလွှမ်းထားသည်။

"ဦးလေး၊ မျက်နှာလေးကြည့်ချင်

...ပီလွင်ရန်ကုန်

...အလွမ်းနှင့်မတူ



www.burmeseclassic.com

လို့ ဖွင့်ပြပါလားဟင်။ ဘာဖြစ်လို့ဆုံးတာတဲ့လဲ။ ငယ်ငယ်လေးရှိသေးတာ သနားပါတယ်နော်"

မေသွယ်တို့အပြောကြောင့် ပိတ်ဖြူစကို လှပ်ပြပါသည်။ ပလက်ဖောင်းပေါ်တွင် သူ့ဘာသာလမ်းလျှောက်သွားသည်ကို ကားက ပလက်ဖောင်းပေါ်အထိ ဝင်တိုက်မိကာ ဆုံးသွားရရှာသော အလောင်း ဖြစ်ပါသည်။ မျက်နှာအနေအထား မပျက်စီးပါပေ။ ကာယကံရှင်များကတော့ ဖြေနိုင်ရန် မမြင်ပါ။ တွေ့ရသည့် မေသွယ်တို့ပင် စိတ်မကောင်းဖြစ်ကြရသည်။ ဒါပေမယ့်လည်း ကာယကံရှင်မဟုတ်၍ တွေ့တုန်းသာ စိတ်မကောင်းလိုက်တာဟု ဆိုမိကြသည်။

ကိုယ့်ဖေဖေဆုံးတော့ အခန်းကျယ်ကြီးတွင် အလောင်းပြင်ထားရာ ဖေဖေ့နှမအရင်းရော ဝမ်းကွဲညီမများကလည်း ငိုကြသည်။ သားသမီးများကလည်း ဆေးကျောင်း တတိယနှစ်တွင် တစ်ယောက်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် တတိနှစ်တွင် တစ်ယောက်၊ အ. ထ. က (၆) ဗိုလ်တထောင်တွင် နှစ်ယောက်မို့ ဆရာ၊ ဆရာမများ, ကျောင်းသားကျောင်းသူများကလည်း လိုက်ပို့ကြ၊ သတ္တုတွင်းဝန်ကြီးဌာနတွင် လက်ရှိအလုပ်အကိုင်နှင့်မို့ ရုံးမှ ဖေဖေ့မိတ်ဆွေများ, တပည့်များကလည်း လိုက်ပို့ကြ၊ လမ်းသူလမ်းသားများကလည်း လိုက်ပို့ကြနှင့်မို့ ဖေဖေ့အသုဘသည် တော်တော်စည်ကားပါသည်။

မေသွယ် သူများမိဘဆုံးတုန်းကသာ လတ်လျားလတ်လျားနှင့် တခြားအလောင်းများကို လိုက်ကြည့်နိုင်သည်။ ကိုယ့်ဖေဖေ့ဆုံးတော့ ဘယ်သူတွေလာပို့မှန်းပင် မမှတ်မိတော့။ မျက်စိထဲ ဘယ်သူ့ကိုမှလည်း မမြင်။ ဆေးရုံကြီး ရင်ခွဲရုံမှနေ၍ ကြံတောသုသာန်သို့ လိုက်ပါပို့ဆောင်သော ကားတန်းကြီးကလည်း အရှည်ကြီးပါပေ။ ထိုကြံတောသုသာန်တွင် ဖေဖေ့ကို အုတ်ဂူလုပ်ကာ မြေမြှုပ်ခဲ့ရပါသည်။ အုတ်ဂူပေါ်တွင် နာမည်အပြင် ကြီးကြပ်ရေး ဓာတုဗေဒအရာထမ်းချုပ် ဆိုသော စာတန်းလေးထိုးပေးထားသည်။ ဆုံးသည့်နေ့စွဲကိုလည်း ရေးမေးထားပါသည်။ ကျောက်ပြားတွင် နာမည်ရေးထိုးထား၍ ဖေဖေ့ဂူကို ရှာ၍လွယ်ပါသည်။

ဖေဖေသည် သားသမီးများကို ဘယ်တော့မှမရိုက်၊ နှုတ်ဖြင့်သာ ဆုံးမသည်။ မနက်လင်းလျှင် သားသမီးများစားချင်တာကို ကိုယ်တိုင်ထွက်ဝယ်ပြီး အိမ်တွင်ပင် ကျွေးတတ်သည်။ ဖေဖေ့ယာဉ်မောင်းသည် ရုံးပိတ်သည့်နေ့ ဖေဖေရုံးသို့သွားချင်လျှင် ဖေဖေ့ကို သူ့အိမ်မှနေ၍ လာကြိုရသည်။ ဖေဖေသည် ထိုယာဉ်မောင်းဦးလေးကြီးအား ဖေဖေ့အိမ်သို့လာရသည့် လိုင်းကားခကိုပြန်ထုတ်ပေးတတ်သည်။ ရုံးကားကို အိမ်သို့ယူမထားပါပေ၊ ရုံးမှာသာ ထားသည်။ တစ်ခါတော့ ရန်ကင်းရုံးတွင် ဗုံးထောင်ထားသည်ဟု သတင်းကြားသည်ဆိုကာ ဘာမထိဦးခင်အောင်က ဖေဖေ့ထံ ဖုန်းဆက်သည်။ ဦးခင်အောင်သည် ထိုစဉ်က ဘ. ခ. ရတွင် အလုပ်လုပ်နေပါသည်။ ဖေဖေက ကားဖြင့်လာကြိုရန် တပည့်အိမ်သို့ ဖုန်းဆက်ခေါ်ရာ ဖေဖေ့တပည့်က ရုံးကားဖြင့် ပြည်ထောင်စုပွဲသွားနေသည်ဟုသိရ၍ အကြီးအကျယ်စိတ်ဆိုးပါသည်။ ဖေဖေသည် တပည့်တွေအပေါ် စိတ်ဆိုးသည်ကို ဒီတစ်ခါပဲ ကြုံခဲ့ဖူးပါသည်။

အိမ်ကကားလေးဖြင့် လူအကုန်မဆံ့၍ နာမည်ကြီးဆရာတော်တစ်ပါးကို ထောက်ကြံ့ဘက်သို့ သွားဖူးလို၍ ဖေဖေ့ရုံးကားဖြင့်လိုက်ပို့ပေးရန် ဖေဖေ့ကို ပြောဖူးပါသည်။ ဖေဖေ့တပည့်ကသူ မောင်းပို့ပေးမည်၊ ဆရာ့ကိုသာ ရအောင်ပြောဟု ပြောသော်လည်း ရုံးကားသည် အိမ်ကလူများ စီးရန်မဟုတ်ဟု ဆိုကာ ဖေဖေက ခွင့်မပြုခဲ့ပါ။ ထိုသို့သော ဖေဖေ ဆုံးသွားသည့်အခါ ကျောင်းမပြီးသေးသော သားသမီးများနှင့်ကျန်ခဲ့သော မေမေ့ကိုလည်း သနားသည်။ ဖေဖေ့ကိုလည်း တစ်ခါမှ နေမကောင်းမဖြစ်ဘူးဘဲ တစ်ခါဖြစ် တစ်ခါတည်း ဆုံးသွား၍၊ အသက် (၅၀) ကျော်သာရှိသေး၍လည်း စိတ်မကောင်းဖြစ်ရသည်။ ကြံတောသုသာန်မြေသည် လာသမျှလူကိုလက်ခံကာ ချစ်သူခင်သူများကို ထားခဲ့ရသောနေရာလေးလည်း ဖြစ်ပါသည်။

မေသွယ်တို့ အလုပ်နှင့် နယ်ပြောင်းရသည့်အခါ ဖေဖေ့ကို လွမ်းသော်လည်း ကြံတောသုသာန်သို့ သွားမကြည့်နိုင်ပါပေ။ ခွင့်နှင့် ရန်ကုန်ကို ပြန်ရောက်သည့်အခါတွင်တော့ ဖေဖေ့ဂူကို သွားကန်တော့ရ၊ ရှင်းလင်းရပါသည်။

### ကြံတောသုသာန် နေရာရွှေ့ပြောင်းခြင်း

ကြံတောသုသာန် ပြောင်းရမည်ကို မသိသေးခင်မှာ ဖေဖေ့ကို အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ဖေဖေက အိမ်သို့လာလည်သည်။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်ပြုံးပြုံးနှင့်ပါပေ။ ဖေဖေနှင့်အတူ အဖော်များ (၈) ဦးခန့် ပါလာသည်။ ဧည့်ခန်းပြည့်လုနီးပါးပင် ဖြစ်ပါသည်။ မေမေက ပြောဖူးပါသည်။

'လူ့အများကြီး အိပ်မက်မက်ရင် မကောင်းဘူး။ အိမ်ဝကို နောက်ကျောခိုင်းထားပြီး မကောင်းတဲ့ အတိတ်ဆိုး နိမိတ်ဆိုးတွေ သွားပါစေဆိုပြီး ဘုရားသောက်တော်ရေကို နောက်ပြန်ပက်လိုက်ပြီး ဆုတောင်းရတယ်'

စိတ်စွဲလမ်း၍ ဖေဖေ့ကိုအိပ်မက်မက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဖေဖေသည် မေသွယ့်ကို အချစ်ဆုံးပါပေ။ သမီးတစ်ယောက်တည်းပါ၍ အလိုလည်းလိုက်သည်။ မေမေပြော၍မရသည့်စကားကိုပင် သမီးပြောမှရတတ်သည်။ ရုံးမှ အရစ်ကျဆပ်ငွေဖြင့် ကားပေးရာ ဖေဖေက မလိုချင်ဟု ပြော၏။ မေမေပြော၍လည်း မရပါ။

"ဖေဖေရယ်၊ သမီးတို့ တက္ကသိုလ်ရောက်ရင် ကားလေးရှိမှ ကောင်းမှာပေါ့။ ယူလိုက်ပါနော်"

သမီးစကားကြောင့် ဖေဖေက ကားလေးကိုယူလိုက်သည်။ ထိုသို့သော ဖေဖေ့ကို အိပ်မက်မမက်သည်မှာ ကြာပြီ ဖြစ်ပါသည်။ ယခုမှ အိပ်မက်ပြန်မက်ခြင်း ဖြစ်သည်။

ဖေဖေဆုံးခါစကသာ ကိုယ်နေမကောင်းလျှင် မကြာခဏ အိပ်မက်မက်တတ်သည်။ အိပ်မက်ထဲတွင် အပေါ်အဖြူ၊ အောက်ဖြူ ဝတ်ထားပြီး မျက်မှန် မပါပေ။ ဖေဖေ့ကိုမြှုပ်သည့်အခါ ဖေဖေ့ညီတစ်ဝမ်းကွဲက အပေါ်ကလွှမ်းသည့် အင်္ကျီ၊ ပုဆိုး၊ မျက်မှန်တအစ လျှူရန်ဆိုကာ ယူထားလိုက်သည်။ ဖေဖေ့ကို အိပ်မက်မက်တိုင်း မျက်မှန်မပါပါ။ မျက်မှန်မထည့်ပေးလိုက်လို့များလားဟု စိတ်မကောင်းဖြစ်ရသည်။ အိပ်မက်မက်တိုင်း 'မပြန်ပါနှင့်' လို့ ပြောမိတတ်သည်။

'ဖေဖေ မပြန်လို့မရဘူး။ (၃)နာရီထိုးပြီ၊ ဖေဖေ ပြန်ရတော့မယ် သမီးရဲ့ နောက်မှထပ်လာခဲ့မယ်နော်'

ဟု ပြောတတ်သည်။

အိပ်မက်ကလန့်နိုးတိုင်း ဖေဖေဆုံးသည့်အချိန်သည် ညနေ (၃) နာရီမှန်း အမှတ်ရလိုက်မိသည်။ ဖေဖေ တစ်ခါတလေ သစ်ပင်ကြီးအောက်



www.burmeseclassic.com

www.burmeseclassic.com



...ရှိန်အောင်

...ဂြိုဟ်ရာထူးကျ ပလူတို

*ပလူတို အာကာသဒြပ်ထု၏ပဋ္ဌမ ...မြောက်လကို ရှာဖွေတွေ့ရှိ။*
*လော့အိန်ဂျလိ(စ်)၊ ဇူလိုင်၊ ၁၃။*

ဂြိုဟ်တစ်စင်း၌ရှိအပ်သော အင်္ဂါ ...များ ပြည့်စုံမှုမရှိခြင်းကြောင့် နေ ...ကြာဝဋ္ဋာအဖွဲ့အစည်း၏ ဂြိုဟ်များစာ ...မှ ဖယ်ထုတ်ခံထားရသည့် ပလူတို အာကာသဒြပ်ထုသည် ဂြိုဟ်အရံလ ...စင်းအထိ ပိုင်ဆိုင်ထားကြောင်း သိပ္ပံ ...ညာရှင်များက ဇူလိုင်လ (၁၁) ရက် ...တွင်ထုတ်ပြန်ကြေညာခဲ့သည်။ ရေခဲ ...ဖုံးလွှမ်းနေသော ပလူတို အာကာ ...ဒြပ်ထု၏ဝန်းကျင်၌ အရွယ်အစားအ ...ောင်ကုန်းထိပ်ဖျားလေးတွင် ထိုင်နေ ...တ်သည်ကိုလည်း အိပ်မက်မက်တတ် ...ပါသည်။ အိပ်မက်မက်တိုင်းလည်း အ ...ရောင် အဝတ်အစားများသာ ဝတ် ...ဆင်ထားသည်ကို မြင်မက်တတ်သည်။ ... ဘယ်ဘဝသို့ရောက်နေပါသလဲ။ ...ဖေ့ကို မြေမြှုပ်လိုက်စဉ် အင်္ကျီက ...ဝင်နီရောင်၊ ပုဆိုးကတော့ အပြာကွက် ...သည်။

ကြံတောသုသာန်နေရာရွှေ့သည့် ...သတင်းကို သတင်းစာတွင် ဖတ်ရ၍ ...သုသာန်ပြောင်းရမည်ကို သိရသည့်အ ...ခါ ဒါကြောင့်များ အိပ်မက်မက်သလား ... တွေးမိ၍ မေမေ့ဆီကို စာရေးမိပါ ...သည်။ ထိုစဉ်က ရန်ကုန်အိမ်တွင် ဖုန်း ...သော်လည်း မြို့လေးနှင့် (၁)မိုင်ကျော် ...ဝေးသည့် စက်ရုံလေးတွင် အနီး၊ အဝေး ...ပြောသည့်ဖုန်း မရှိပါ။ တယ်လီဖုန်းမှာ ...နှင့်အရာရှိများထံတွင်သာ ရှိပါသည်။ ...ဖေ့ဂူနှင့် ဘိုးဘွားများ၏ဂူများကို ...ဘယ်လိုလုပ်မည်ကို သိချင်၍မေးကြည့် ...သည်။

"သမီးမောင်က သမီးအဘိုး၊အ ... သမီးဦးလေးတို့ဂူတွေက အရိုး ...ဖော်ကောက်ပြီး မီးပြန်သင်္ဂြိုဟ်တယ်။ ...တွေတိုတော့ ရေထဲမျှောလိုက်တယ်။ သမီးဖေဖေရဲ့အရိုးကိုတော့ ကောက်ပြီး ရေဝေးသုသာန်ကို ပြောင်းမြှုပ်လိုက်ပြီး အုတ်ဂူပြန်လုပ်တယ်။ ကုန်ကျစရိတ်တွေအားလုံး သမီးမောင်က တာဝန်ယူတယ်။ မေမေလည်း လိုက်မကြည့်နိုင်ပါဘူး။ ရေဝေးက ဝေးလည်းဝေးတယ်။ မေမေကလည်း အသက်ကြီးပြီလေ။ ခရီးဝေးလည်း မသွားချင်တော့ဘူး"

ဘယ်လိုပဲဖြစ်ဖြစ် မောင်ဆရာဝန်က နေရာပြောင်းပေး၍ အုတ်ဂူနေရာကို သူသာ သိပေမည်။ မောင်နှမတစ်တွေ မဆုံကြရသည်မှာလည်း ကြာပြီဖြစ်သည်။ ကိုယ်က ခွင့်နှင့် ရန်ကုန်ပြန်ချိန်တွင် သူတို့က နယ်မှာမို့ မတွေ့ကြရ၍ ဖေဖေ့ဂူနေရာမသိသဖြင့် သွားပြီး မကန်တော့ဖြစ်တော့ပါ။

## ကြုံကြိုက်တိုင်းလွမ်းအယ်

ရန်ကုန်ပြန်ရောက်သည့်အခါ ရွှေတိဂုံဘုရားဖူးသွားရင်း ဟံသာဝတီအဝိုင်းသို့ရောက်ခဲ့လျှင် ကြံခဲတောသုသာန်ကို သတိရမိသည်။ ကြံတောသုသာန်မဖျက်လျှင်တော့ ဝင်ဖြစ်ပါလိမ့်မည်။ မိသားစုဝင်များ၏ဂူများ ကြံတောတွင်ရှိ၍ မကြုံကြိုက်လည်း ရောက်အောင်သွားခဲ့ရသည်။

မျက်စိထဲတွင် မြင်ယောင်မိပါသေးသည်။ ကြံတောသုသာန်လမ်းဘေး သစ်ပင်ကြီးနားတွင် ရုပ်ရှင်မင်းသမီး မေရှီမြင့်ဂူရှိကြောင်း မှတ်မိ၏။ ဖေဖေ့ဂူကိုသွားရသည့်အခါ ထိုနေရာလေးမှနေ၍ ဝင်ရ၍ ဖြစ်သည်။ မေရှီမြင့်သည် နာမည်ကြီး မင်းသမီးဖြစ်ပြီး အူတွင်သန္ဓေတည်၍ဆုံးကြောင်း မေမေပြောပြ၍ သိရပါသည်။ မေရှီမြင့်ကိုတော့ မမီလိုက်၍ ရုပ်ရှင်ကားများကို မကြည့်ဘူးပါပေ။ ထိုနေရာလေးသည် ဖေဖေ့ဂူသို့ရောက်ရန် အမှတ်တရနေရာလေးဖြစ်ပါသည်။

ဘယ်အရာမှ မတည်မြဲသော လောကကြီးတွင် ကြံတောသုသာန်သည်လည်း ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။ ဘယ်လိုပဲပျောက်ကွယ် ပျောက်ကွယ်၊ ကိုယ်ချစ်သူ ခင်သူတို့ကို ကနဦးဆုံးမြှုပ်နှံရာနေရာလေးဖြစ်၍ ဘယ်လိုပင် နေရာပြောင်းသွားပါစေ ထိုနေရာလေးသို့ရောက်တိုင်း လွမ်းမိရပါသည်။ စာဖတ်သူတို့ရော ထိုသို့ ခံစားမိကြဖူးပါသလား။ မေသွယ်ကတော့ ထိုသို့ ခံစားမိပါသည်။ သူမွေးအလွမ်းနှင့်မတူသောအလွမ်းပဲ ဖြစ်ပါတော့သည်။

စောမိသွယ်-ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ရ အသေးငယ်ဆုံး ဂြိုဟ်ရံလတစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ကြေညာခဲ့ပြီးနောက် ပလူတို၏ ဂြိုဟ်ရံလ စုစုပေါင်း (၅) စင်းအထိ ရှိလာပြီ ဖြစ်သည်။

စီစဉ်ထားသည့်အတိုင်း အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏အာကာသယာဉ်တစ်စင်း ၂၀၁၅ ခု ပလူတို အာကာသဖြပ်ထုဆီသို့မရောက်ရှိမီ ဟတ်ဘယ်အာကာသမှန်ပြောင်း အသုံးပြု၍ ပလူတို၏ပတ်ဝန်းကျင်ကိုလေ့လာရာမှ ပဉ္စမမြောက် ဂြိုဟ်ရံလအားတွေ့ရှိခဲ့ခြင်းဖြစ်၏။ မိုးကုပ်စက်ဝိုင်းသစ်ဟူ၍ အမည်ပေးထားသော အထက်ပါ အာကာသယာဉ်ကို ပလူတိုအား ဂြိုဟ်တစ်စင်းအဖြစ် သတ်မှတ်ထားဆဲကာလ ၂၀၀၆ ခုနှစ်တွင် နာဆာက လွှတ်တင်ခဲ့သည်။

နောက်ပိုင်းကာလတွင် နိုင်ငံတကာ နက္ခတ္တသိပ္ပံသမဂ္ဂက ပလူတိုကို နေအဖွဲ့အစည်း၏ဂြိုဟ်စာရင်းမှ လျှော့ချ၍ ဂြိုဟ်စဉ်မမီသော အာကာသဖြပ်ထု (Dwarf Planet) အဖြစ် အဆင့်ချ သတ်မှတ်ခဲ့သည်။ လက်ရှိတွင် ပီ-၅ ဟူ၍ ယာယီအမည်သတ်မှတ်ထားသော ပလူတို၏ပဉ္စမမြောက် ဂြိုဟ်ရံလသည် အချင်း (၆) မိုင်မှ (၁၅) မိုင်အတွင်းရှိ လငယ်တစ်စင်း ဖြစ်သည်။ ပလူတို၏အကြီးဆုံးဂြိုဟ်ရံလမှာ အချင်းမိုင် (၆၅၀) ရှိ ချေရွန်လဖြစ်ပြီး ၁၉၇၈ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ (အေပီ။)

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ နိုင်ငံတကာသတင်းကဏ္ဍတွင် အထက်ပါအတိုင်း ဖတ်ရှုလိုက်ရသည်။ ဒီတော့ ပလူတိုအစာမကြေဝေဒနာသည် ပြန်လည်ထကြွလာပြီ ထင်သည်။ အစကနဦးတုန်း နေစကြဝဠာအဖွဲ့အစည်းတွင် နေကို ဗဟိုပြု၍ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ် ဟူ၍ ဂြိုဟ်ကြီး (၉)လုံး လက်ဝဲရစ် လှည့်ပတ်နေသည်ဟု ကမ္ဘာ့နက္ခတ္တဗေဒ သိပ္ပံပညာရှင်များ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက ခိုင်ခိုင်မာမာ လက်ခံထားကြသည်။ ထို့ပြင် မူလတန်းကျောင်းသားအရွယ်ကစပြီး နေစကြဝဠာအဖွဲ့အစည်းတွင် ပလူတိုဂြိုဟ် အပါအဝင် ဂြိုဟ်ကြီး (၉) လုံး ဝိုင်းရံလျက် တည်ဖွဲ့ထားကြောင်း သံကုန်ဟစ် ကျက်မှတ်ခဲ့ရသည်။ ထိုသို့ရှိနေရင်းမှ ၂၀၀၆ ခုနှစ်အရောက်တွင် ပလူတိုဂြိုဟ်ကို ဂြိုဟ်တစ်စင်း၌ရှိအပ်သော အင်္ဂါရပ်အရည်အသွေးနှင့် မပြည့်စုံဆိုပြီး ဂြိုဟ်စာရင်းမှ ဖယ်ထုတ်လိုက်သောအခါ နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံးသည် လှုပ်လှုပ်ရွရွ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ရသည်။

အရင်းစစ် အမြစ်မြေက ဆိုသလိုပင် နေမဟိုပြု စကြဝဠာအယူကို လက်မခံမီ မြေကမ္ဘာဗဟိုပြု စကြဝဠာ ယူစွဲသည့်ကာလပင် စကြဝဠာဗေဒအတတ်၊ နက္ခတ္တဗေဒအတတ်၊ နက္ခတ်ဗေဒင်အတတ် စသည်တို့သည် ဤကမ္ဘာတစ်လွှားတွင် ထွန်းကားလာခဲ့သည်။ ဤနေရာ၌ ဇောတိသဝေဒပညာခေါ် နက္ခတ်ဗေဒင်ပညာရှုထောင့်က ဆန်းစစ်သုံးသပ်ကြည့်ကြပါမည်။ တကယ်တော့ နက္ခတ်ဗေဒင်ပညာ ဆိုသည်မှာ မြေကမ္ဘာကို ဗဟိုပြု၍ ဂြိုဟ်တို့၏အမြင်၊ အယှဉ် အပူး ဆက်နွယ်မှုများကို တိုင်းတာတွက်ချက်ပြီး ဟောကိန်းထုတ်ယူရသောအတတ်ပညာ ဖြစ်သည်။ နက္ခတ်ဗေဒင်ပညာ၌ အရှေ့တိုင်းနက္ခတ်ဗေဒင်ပညာ၊ အနောက်တိုင်းဗေဒင်ပညာ ဟူ၍ ရှိသည်။

အရှေ့တိုင်း နက္ခတ်ဗေဒင်ပညာ (ဟိန္ဒူမူ) တွင် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်၊ ကိတ်ဂြိုဟ်ကို အခြေခံကပြု၍ တွက်ချက်ဟောပြောရသော နည်းနာဖြစ်ပြီး အနောက်တိုင်း၌ နက္ခတ်ဗေဒင်ပညာမှာကား တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့ကို ပဓာနပြု၍ တွက်ချက် ဟောပြောရသောနည်းနိဿရည်း ဖြစ်၏။

စိတ်ဝင်စားစရာတစ်ခုက အရှေ့တိုင်း နက္ခတ်ဗေဒင်ပညာ (ဟိန္ဒူမူ) တွင် ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်ကို အလေးဂရုပြု ထည့်သွင်း စဉ်းစားသော်လည်း ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ် ဆိုသော နောက်တွေ့ဂြိုဟ်တို့ကို ပေယျာလကန် ပြုထားကြသလိုပင် အနောက်တိုင်းဗေဒင်ပညာမှာလည်း နောက်တွေ့ဂြိုဟ်များဖြစ်ကြသော ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့ကိုအရေးတယူပြု ထည့်သွင်းစဉ်းစားသော်လည်း ရာဟုဂြိုဟ်၊ ကိတ်ဂြိုဟ်တို့ကို ဥပေက္ခာပြုထားကြသည်ဆိုခြင်းကိုပင် ဖြစ်၏။

တချို့က တကယ့်ဂြိုဟ်သုံးလုံးဖြစ်သော ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်ကို ဘေးဖယ်ထားပြီး တကယ့်ဂြိုဟ်မဟုတ်သော အရိပ်ဂြိုဟ် (ဝါ) အမှတ်အသားဂြိုဟ်ဖြစ်သော ရာဟုဂြိုဟ် (NORTH NODE)၊ ကိတ်ဂြိုဟ် (SOUTH NODE) တို့ကို တလေးတနက်ထား နေရာပေးထားသည့်အတွက် သိပ်ဘဝင်မကျကြပေ။ ရှင်းလင်းအောင်ဆိုရသော် တနင်္ဂနွေဂြိုဟ်သည် နေလမ်းကြောင်းစက်ဝန်းအတိုင်း တိကျစွာသွားနေသည်။ တနင်္လာဂြိုဟ်သည် လသွားလမ်းကြောင်းအတိုင်း ကမ္ဘာမြေကို လှည့်ပတ်လျက်ရှိရာ လသွားလမ်းကြောင်း စက်ဝန်းသည် နေသွားလမ်းကြောင်းစက်ဝန်းကို နှစ်ကြိမ်တိုင် ဖြတ်သွားမိသည်။ မြောက်ပိုင်းလတ္တီတွဒ်၌ လသွားလမ်းကြောင်းစက်ဝန်းနှင့် နေသွားလမ်းကြောင်းစက်ဝန်းတို့ဖြတ်မိသော အမှတ် (North Node) ကို ရာဟုဂြိုဟ် ဟူ၍ လည်းကောင်း၊ တောင်ပိုင်းလတ္တီတွဒ်တွင် လသွားလမ်းကြောင်းစက်ဝန်းနှင့် နေသွားလမ်းကြောင်းစက်ဝန်းတို့ ဖြတ်မိသောအမှတ် (South Node) ကို ကိတ်ဂြိုဟ်ဟု ခေါ်ဝေါ်ကြသည် ဟူ၏။ တချို့က ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်ကို အရိပ်ဂြိုဟ်ဟုခေါ်ဆိုကြသည်။ မည်သို့ဆိုစေ ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် တခြားဂြိုဟ်များလို ပကတိဂြိုဟ်များ မဟုတ်သည့်တိုင် တခြား ဂြိုဟ်များနည်းတူ ဟောကိန်းများကို ဖော်ဆောင်နိုင်သဖြင့် အရှေ့တိုင်း နက္ခတ်ဗေဒင်ပညာရှင်တို့သည် တန်ဖိုးထား ထည့်သွင်းကြဲဆ ကြသည်မှာ ရှေးပဝေသဏီကပင် ဖြစ်၏။

သို့ဖြစ်သည့်တိုင် နောက်တွေ့ဂြိုဟ်များဖြစ်ကြသော ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့ကို အရှေ့တိုင်းနက္ခတ်ဗေဒင်ပညာရှင်တို့က တလေးတနက်ထား မထည့်သွင်း မစဉ်းစားကြသည်မှာ ဝေဖန်ဖွယ်ကြောစရာပင်။ သို့သော်လည်း အရှေ့တိုင်းနက္ခတ်ဗေဒင်ကျမ်းတချို့တွင် ယူရေးနပ်(စ်)ဂြိုဟ်ကို ဣန္ဒြဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်ကို ဗရုဏဂြိုဟ်၊ ပလူတိုဂြိုဟ်ကို ရုဒြဂြိုဟ်ဟု ဖော်ပြမှုရှိကြောင်း

www.burmeseclassic.com

လည်း သိရှိရသည်။ နောက် ရှုဒြဂြိုဟ် ကို ယမဂြိုဟ်၊ ကုန်ဒြဂြိုဟ်ကို ပြဇာပတိ ဂြိုဟ်ဟု ခေါ် ဆိုကြောင်း သိရှိရပေသေး သည်။

ဤနေရာမှာ အဆိုပါနောက်တွေ့ ဂြိုဟ်များဖြစ်ကြသော ယူရေးနပ်(စ်) ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ် နှင့်ပတ်သက်၍ ပြောချင်စရာလေးတ ချို့ရှိသည်။ ယင်းတို့မှာ ဤသို့ဖြစ်သည်။ ၁၇၈၁ ခုနှစ် ယူရေးနပ်(စ်)ဂြိုဟ်ကို တောင်တွေ့ရှိပြီးနောက်မှာ ကမ္ဘာတစ် လွှားဝယ် စက်မှုတော်လှန်ရေး အပါအ ဝင် တိုင်းရေးပြည်ရေး လှုပ်ရှားမှုတွေ၊ တော်လှန်ရေးတွေ၊ နယ်ပယ်ချဲ့ထွင်မှု တွေ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွေ၊ ပုန် ကန်မှုတွေ၊ အောက်ခြေသိမ်းအပြောင်း အလဲပြုလုပ်မှုတွေ၊ တီထွင်ဆန်းသစ်မှု တွေ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးပြောင်းလဲ မှုတွေ တသီတတန်းကြီး ပေါ်ထွန်းလာ ခဲ့သည်။

၁၈၄၆ ခုနှစ် နက်ပကျွန်းဂြိုဟ်ကို တွေ့ရှိပြီးနောက်တွင် ကမ္ဘာတစ်လွှား၌ အန္တရာယ်ထူပြောသော စွန့်စားရှာဖွေ မှုတွေ၊ စူးစမ်းလေ့လာမှုတွေ၊ လျှို့ဝှက် လှုပ်ရှားမှုတွေ၊ လျှို့ဝှက်ဆန်းကြယ်သော ဗေဒရပ်တွေ၊ အတွေးအခေါ် အယူဝါဒ ဆန်းတွေ၊ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုး တက်မှုတွေ၊ ရုပ်ဝါဒီဦးစားပေး နိုင်ငံရေး အတွေးအခေါ်တွေ၊ ဝိဉာဉ် သိပ္ပံပညာ တွေ၊ နယ်လွန်စိတ်ပညာတွေ၊ တခြား စိတ်ပညာဆိုင်ရာတွေ စသည်တို့ အစီ အရီ တိုးတက် ပေါ်ပေါက်လာခဲ့သည် ဟူ၏။

ဤနေရာမှာ ကျန်ရှိနေသော ပလူတိုဂြိုဟ်နှင့် စပ်လျဉ်း၍ အထူးတ သည် ဝိတ္တာရချဲ့ ပြောဆိုချင်ပါသည်။

၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၉) ရက်နေ့တွင် အမေရိကန်ပြည် ထောင်စု အရီဇိုနာပြည်နယ် လိုဝဲ(လ်) နက္ခတ်ကြည့်မျှော်စင်မှနေ၍ ပါမောက္ခ ပါဆီဗယ်လိုဝဲ(လ်)၊ ပါမောက္ခ ပစ်ကာ ရင်း၊ ကလိုက်တွန်ဘော(လ်) တို့က စတင်တွေ့ရှိခဲ့၏။ ပလူတိုဂြိုဟ်သည် နေ စကြဝဠာအဖွဲ့အစည်း၌ နဝမမြောက် ဂြိုဟ်၊ အပြင်ဘက်အကျဆုံးဂြိုဟ်၊ မိမိ ဝင်ရိုးစွန်းတွင် (၁၇) ဒီဂရီစောင်းကာ လည်ပတ်နေသောဂြိုဟ်ဖြစ်ပြီး နေကို တစ်ပတ်ပတ်မိရန် (၂၄၈) နှစ် ကြာ ညောင်းသည် ဟူ၏။ ပလူတိုဂြိုဟ်သည် နေမှအဝေးဆုံးအချိန်မှာ မိုင်သန်းပေါင်း (၃၆၆၆) ရှိ၍ နေနှင့်အနီးဆုံးအချိန်မှာ မိုင်သန်းပေါင်း (၂၇၆၆) ရှိကာ နေရောင် ရရှိပုံမှာ ကမ္ဘာမြေထက် (၁၆၀၀) ပုံ (၁) ပုံ ရရှိသည် ဟူ၏။

နောက် စိတ်ဝင်စားစရာတစ်ခုက ပလူတိုဂြိုဟ်ကို ၁၉၃၀ ပြည့်နှစ်တုန်းက အချင်းမိုင် (၈၀၀၀) ရှိသည် ဆိုပြီး ၁၉၄၉ ခုနှစ်မှာတော့ အချင်းမိုင် (၆၄၀၀) ရှိသည်ဟုဆိုကာ ၁၉၅၀ ပြည့်နှစ်ကျ တော့ အချင်းမိုင် (၃၆၀၀) သာရှိသည် ဟု ဆိုကြပြန်သည်။ အချင်းမိုင် (၇၉၂၃) ရှိသော ကမ္ဘာကြီးထက် (၁၀) ဆ ငယ် လေး လဲသည်ဟု ဆိုကြပြန်သည်။ တချို့က ပလူတိုဂြိုဟ်သည် အရင်တုန်းက နက် ပကျွန်းဂြိုဟ်၏ အရံဂြိုဟ်တစ်လုံးသာ ဖြစ်ပြီး နေ၏ဆွဲငင်အားကြောင့် နက် ပကျွန်းဂြိုဟ်စက်ကွင်းမှ ရုန်းထွက်လာ ကာ သီးသန့်ဂြိုဟ်တစ်လုံးအဖြစ် နေအ ဖွဲ့ဝင်အဖြစ်ရပ်တည်နေကြောင်း၊ ထို ပလူတိုဂြိုဟ်သည် အစတုန်းက နေတစ် စင်းသာဖြစ်ပြီး နောက်ပိုင်းတွင် မီးငြိမ်း ကာ အရွယ်မှာလည်း တစ်စ တစ်စ လုံး ကျစ်သေးငယ်လာကြောင်း စသည်ဖြင့် မှတ်ချက်ပေးကြပြန်သည်။ နောက်တစ် ဖန် ပလူတိုဂြိုဟ်တစ်ခုလုံး ရေခဲဖုံးလွှမ်း နေကြောင်း ဆိုကြပြန်သည်။ ၂၀၀၆ ခု နှစ်ဝန်းကျင်ရောက်ပြန်တော့ ပလူတို ဂြိုဟ်သည် ဂြိုဟ်တစ်လုံး၏အင်္ဂါရပ်နှင့် မညီညွတ်၊ နေကိုပုံမှန်လည်ပတ်နေခြင်း မရှိ။ အရွယ်အစားသေးငယ်လွန်းပြီး သူ ၏အရံဂြိုဟ်လများက သူ့ထက် ပို၍ အ ရွယ်အစားကြီးမားနေသည်ဟု ဆိုကြပြန် သည်။

သို့ကလို ပဟေဠိဝေဆာနေသော ပလူတိုဂြိုဟ်နှင့် နှီးနွယ်နေသည့် အ ကြောင်းခြင်းရာများ၊ ရှင်းလင်းချက်များ၊ ဖွင့်ဆိုချက်များ၊ သဘောသဘာဝများ၊ သရုပ်သကန်များကို မဖော်ပြမီ ပလူတို ဂြိုဟ်၏အမည်နာမဖြစ်သော 'ပလူတို' ဆိုသော ဝေါဟာရနှင့်ပတ်သက်၍ အ နည်းငယ် ဖော်ညွှန်းချင်ပါ၏။ တကယ် တော့ ထို 'ပလူတို' ဟူသော ဝေါဟာရ သည် ရှေး ရောမ ခေါ်မ ဒေဝတာ ပုရာဏ်လာ မြေအောက်ကမ္ဘာကို စိုးမိုး အုပ်ချုပ်ခွင့်ရသော နတ်ဘုရား၏အမည် နာမတော်ပင် ဖြစ်သည်။ ဇုနတ်မင်းကြီး နှင့် ပိုဆေးဒန် နတ်ဘုရားကြီးတို့၊ ဂျိုင်း ယင့်ယက္ခဘီလူးကြီးများနှင့် တိုက်တန် ကမ္ဘာ့ဏ်ဘီလူးကြီးများကို လူ့ဘုံ၊ နတ်ဘုံမှ တိုက်ထုတ်ခဲ့ကြသည့်အခါတွင် ပလူတို နတ်ဘုရားက ပူးပေါင်း ပါဝင်ကူညီခဲ့သ ဖြင့် ထိုပလူတိုနတ်ဘုရားသည် ကမ္ဘာ မြေကြီးအောက်ရှိ အဖိုးတန် ဘေ့ာ့တ် ရတနာသတ္တုများ စိုးမိုးခွင့်ရရှိခဲ့သောအော မြေအောက်ကမ္ဘာ (မြေအောက်ဘုံ) ထို ပါ အုပ်စိုးခွင့်ရရှိခဲ့လေသည်။ ပလူတို နတ်ဘုရားသည် ကမ္ဘာမြေတစ်လွှားကို အုပ်စိုးခွင့်ရ ဒီမီတာနတ်ဘုရားမ၏သမီး တော် ပါဆီဖွန်ကို ခိုးယူပေါင်းသင်းသ ဖြင့် ပလူတိုနှင့် ဒီမီတာတို့ အချင်းများ ရာ-တခြားနတ်ဘုရားနှင့် နတ်ဘုရားမ များက ကြားဝင်ဖျန်ဖြေပေးရပြီး ပလူ တိုနှင့် ပါဆီဖွန်းကို တရားဝင်လက်ထပ် ပေးလိုက်ရသည် ဟူ၏။

မှတ်သားစရာတစ်ခုက ပလူတို နတ်ဘုရား၏မြေအောက်ကမ္ဘာကို တစ် ကြိမ်ရောက်ရှိလျှင် ပြန်လမ်းလုံးဝမရှိ သော ကြောက်မက်ဖွယ် တက်(ခ်) မြစ် ကြီး၏တစ်ဖက်ကမ်း တားတရပ်(စ်) ခေါ် မရဏတိုင်းပြည်ဟု တချို့ကဆို၏။ အချို့ကမူ ၎င်းတိုင်းပြည်ကို ဟေဒီဟု လည်း ခေါ်ကြသေးသည်။ တစ်ဖက်၌ လည်း ဟေဒီ ဆိုသည်မှာ ပလူတိုနတ် ဘုရား၏ အခြားအမည်နာမတစ်ခုဟုဆို ကြပြန်သေးသည်။ ခရစ်ယာန်ဘာသာ ဝင်တချို့ကမူ ဟေဒီတိုင်းပြည် ဆိုသည် မှာ ငရဲပြည်ကိုခေါ် ဆိုခြင်းပင် ဖြစ်သည် ဟု မြွက်ဆိုကြပြန်သည်။

ယင်းနောက် အမှတ်သညာပြု စရာတစ်ခုက ပလူတိုဂြိုဟ်၏အရံဂြိုဟ် လများကို အဆိုပါမြေအောက်ကမ္ဘာနှင့် ပတ်သက်နေသော နတ်ဒေဝတာများ၊ မိစ္ဆာများ၏ အမည်နာမများကိုယူ၍ မှည့်ခေါ်ထားကြခြင်းကိုပင် ဖြစ်၏။ ဥပမာ-ချေရွန်၊ ဟိုင်ဒရာ၊ နစ်(စ်) စသည် တို့ပင် ဖြစ်၏။

သို့ကလို မြေအောက်ကမ္ဘာလား၊ ငရဲပြည်လားဟု ဝိုးတဝါးဖြစ်နေသော တိုင်းပြည်ကို အုပ်စိုးခွင့်ရ ပလူတိုနတ် ဘုရား၏အမည်နာမကို ယူမှည့်ခေါ် ထားသော ပလူတိုဂြိုဟ်နှင့်ပတ်သက်၍ လည်း ပြောစရာများစွာရှိနေသည်က အမှန်ပင်။ သို့အတွက်ကြောင့် ပထမ ဆုံးပြောချင်သည်က ပလူတိုဂြိုဟ်ကို ပြန်လည်ပေးဆပ်ရန် မလိုခြင်း၊ မြေ အောက်ဘုံသား၊ လူသားတို့၏အတွင်း စိတ်၊ လူသားတို့၏အစိတ်အပိုင်း၊ တိမ် မြုပ်နေသော စွမ်းရည်စွမ်းပကားသစ်၊ ရုပ်ပိုင်းဆိုင်ရာစွမ်းရည်သစ်၊ စိတ်ပိုင်း ဆိုင်ရာစွမ်းရည်သစ်၊ စိတ်ပိုင်းဆိုင်ရာပြု ပြင်ပြောင်းလဲမှု၊ မြေအောက်လုပ်ငန်း ကြီးများ၊ မီးတောင်ပေါက်ကွဲမှုများ၊ မြေ ငလျင်လှုပ်ရှားမှုများ၊ ဘဝ၏နိဂုံးနှင့်



www.burmeseclassic.com

[redacted]
www.burmeseclassic.com

နိဒါန်း ဆက်နွယ်မှု စသည့် ဖော်ဆောင်မှုများကိုပင် ဖြစ်၏။ ထို့ပြင် ပလူတို၏ အကောင်းသဘောကို ပြဆိုရာ မပြိုလဲနိုင်ခြင်း၊ လွတ်လပ်ခြင်း၊ စွမ်းရည်ဖြည့်တင်းခြင်း၊ သန့်စင်ခြင်း၊ သစ်လွင်စွာစတင်ခြင်း၊ ဖီးနစ်ငှက်သို့ အသစ်တစ်ဖန် ပြန်လည်စတင်ခြင်း စသည်တို့ဖြစ်ပြီး အဆိုးသဘောညွှန်းဆိုရာတွင် ယုံမှားသံသယဖြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးခြင်း၊ မိုက်မဲခြင်း၊ ဆိုးသွမ်းခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ နှိပ်စက်ကလူပြု၍ ကျေနပ်မှုရှာဖွေခြင်း၊ ဝေဒနာခံစားရခြင်း အစခပ်သိမ်းတို့ ဖြစ်ကြပေသည်။

ထို့ပြင်တစ်ဝ ဖောက်ခွဲမှု၊ ပေါက်ကွဲမှု၊ ကန့်သတ်ပိတ်ဆို့မှုများကို ထိုးဖောက်ထွက်ပြုလာမှု၊ မြေအောက်အဖွဲ့အစည်းများ၊ လျှို့ဝှက်အဖွဲ့အစည်းများ၊ သမားရိုးကျကို ဆန့်ကျင်ဖီလာပြုမှု၊ ကပြောင်းကပြန်ဖြစ်စေမှု၊ ဖျက်အားပြင်းလက်နက်များ ပေါ်ထွန်းမှု၊ အစုလိုက်အပြုံလိုက် သေကျေမှု၊ အသေခံလုပ်ကြံမှု၊ အဖျက်သမားများ၊ အကြမ်းဖက်သမားများ၊ အစွန်းရောက်သမားများ၊ စစ်သွေးကြွများ၊ ဖျက်ဆီးခြင်း၊ အသစ်တစ်ဖန် ဖန်တီးခြင်း၊ လျှို့ဝှက်မှုကိုဖော်ထုတ်ခြင်း၊ ဉာဏ်အလင်းရခြင်း စသည်ဖြင့် ဖွင့်ဆိုမှုများကိုလည်း တွေ့ရှိရပြန်သည်။

ဤနေရာမှာ ထည့်သွင်းပြောဆိုရန်သင့်သည်က ၁၉၃၀ ပြည့်နှစ် ပလူတိုဂြိုဟ်ကို စတင်တွေ့ရှိနေပြီးနောက်တွင် ကမ္ဘာမြေတစ်လွှား၌ မကြုံစဖူးသော လက်နက်ဘေး၊ ရောဂါဘေး၊ အငတ်ဘေးများ၊ သဘာဝဘေးအန္တရာယ်များ၊ လူလုပ်သော ဘေးအန္တရာယ်များ၊ မြေအောက်ဂိုဏ်းများ၊ လျှို့ဝှက်ဂိုဏ်းများ၊ အစွန်းရောက်သမားများ၊ အကြမ်းဖက်သမားများ၊ စစ်သွေးကြွများ၊ ဖျက်အားပြင်းလက်နက်များ၊ ကပြောင်းကပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ဟု ထူးထူးခြားခြား မှတ်ချက်ပေးမှုကိုပင် ဖြစ်၏။

နောက် အရေးကြီးသော သော့ချက်တစ်ခုကတော့ အနောက်တိုင်း နက္ခတ်ဗေဒင်ပညာဆိုင်ရာ ဟောကိန်းများထုတ်ယူရာတွင် ပလူတိုဂြိုဟ် အပါအဝင် ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ် စသော နောက်တွေ့ဂြိုဟ်ကြီး (၃) စင်းကို အဓိကဂြိုဟ်အဖြစ် မဖြစ်မနေ အသုံးပြုခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဤပလူတိုဂြိုဟ်ကို ဗြိတ္တာရာသီ၏ပိုင်ရှင်ဂြိုဟ်, သဘာဝပါပဂြိုဟ်, အဓိကဂြိုဟ်, အမင်္ဂလာဂြိုဟ်, အင်္ဂါဂြိုဟ်နှင့်ဆက်နွယ်မှုရှိခြင်း၊ မိဿရာသီနှင့် ဆက်နွယ်မှုရှိခြင်း စသဖြင့် ညွှန်းဆိုမှုများ ရှိသည်။

တစ်ဖန် ပလူတိုဂြိုဟ်၏ ဂြိုဟ်ပရိယာယ်ဖွင့်ဆိုရာတွင် အပြုအမူနှင့် စိတ်သဘောပြောင်းလဲခြင်း၊ စွမ်းအားပြည့်ဝခြင်း၊ မာကျောခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ တည်ဆောက်မှုပြုလုပ်လိုခြင်း၊ တီထွင်တတ်ခြင်း၊ မိမိကိုယ်ကို တန်ဆာခံပြုတတ်ခြင်း၊ အခြားသူများအတွက် စွန့်စားတတ်ခြင်း၊ အလွန်ဆိုး, အလွန်ကောင်းခြင်းကို တစ်ပြိုင်တည်းလိုလို တွေ့တတ်ခြင်း၊ အောင်မြင်နေရင်းမှဆုံးရှုံးတတ်ခြင်း၊ အခြေအနေကောင်းကိုစွန့်လွှတ်ခြင်း၊ အပြောင်းအလဲကိုဖြစ်စေခြင်း၊ ထိုသို့မဖြစ်စေရန် ဟန့်တားခြင်း စသည်တို့ ဖြစ်၏။ ၎င်းအပြင် ပလူတိုဂြိုဟ်သည် အဏုမြူ၊ ဓာတ်ကလီးယား၊ လေယာဉ်နှင့် အာကာသယာဉ်မှူး၊ အာကာသဆိုင်ရာ အလုပ်အကိုင်များ၊ တီဗွီ, အင်ဂျင်နီယာ, ရာသီဥတုပညာရှင်, ရှေးဟောင်းအဲ့နုပညာရှင်, ရှေးဟောင်းသုတေသီ, မြေအောက်မြေတွင်း၌လုပ်ရသော အလုပ်အကိုင်များကို ရည်ညွှန်းသည် ဆို၏။

ထို့ထက် ပို၍ စိတ်ဝင်စားစရာကောင်းသည်က အနောက်တိုင်းနက္ခတ်ဗေဒင်ပညာအားဖြင့် တိုင်းရေးပြည်ရေး၊ ကမ္ဘာ့အရေး၊ ရာသီဥတုအရေးများအတွက် သုံးသပ်ဟောကိန်းထုတ်ရာတွင် အဓိကဇာတ်ဆောင်ဂြိုဟ်များဟု ဆိုကြသော အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ်(စ်)ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့၏ ပဓာနကျသော အပူးအကပ် အမြင်အယှဉ်၊ ပဓာနကျသော ဆက်နွယ်မှုများသည် သက်ရှိဝိညာဉ်ပမာ အရေးပါသောသော့ချက်များဖြစ်ကြ၏။ ထိုအထဲမှ အနှေးဆုံးဂြိုဟ်ဖြစ်သော ပလူတိုဂြိုဟ်သည် (၂၄၈) နှစ်မှ တစ်ကြိမ် မိမိပိုင် ဗြိစ္ဆာရာသီခွင်သို့ ပြန်လည်ရောက်ရှိသည်။ ဤပလူတိုဂြိုဟ်သည် စနေဂြိုဟ်နှင့် (၃၃) နှစ်မှာ တစ်ကြိမ်၊ ယူရေးနပ်(စ်)ဂြိုဟ်နှင့် နှစ် (၁၀၀) ကျော်မှာ တစ်ကြိမ်၊ နက်ပကျွန်းဂြိုဟ်နှင့် အနှစ် (၅၀၀) မှာ တစ်ကြိမ် ဝိသေသပူးယှဉ်မှုများ ရှိသည်ဆို၏။ တိုင်းပြည်ဇာတာတစ်စောင်၌ ပလူတိုဂြိုဟ်သည် ဖော်ပြပါ အဓိကဂြိုဟ်များဖြင့် အမြင်အယှဉ်၊ ပဓာနကျသော ဆက်နွယ်မှုများရှိနေခဲ့လျှင် တိုင်းရေးပြည်ရေးအရှုပ်အထွေးများ၊ နိုင်ငံတကာဆက်ဆံရေးအရှုပ်အထွေးများ၊ လူလုပ်သောကပ်ဘေးများကြုံရမှု၊ သဘာဝကြောင့်ဖြစ်သော ကပ်ဘေးများ ကြုံရမှုဖြစ်တတ်သည် ဟူ၏။

အနောက်တိုင်း နက္ခတ်ဗေဒင်ပညာ၌ သို့ကလို ထီးချက်ဆိုင်ပမာ အရေးပါပါ အသုံးပြုနေသော ပလူတိုဂြိုဟ်ကို ၂၀၀၆ ခုနှစ် ချက်နိုင်ငံ ပရာဟာမြို့တော်တွင်ပြုလုပ်သော (၂၆) ကြိမ်မြောက် နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂ (အိုင်အေယူ) မှ ဂြိုဟ်တစ်စင်းတွင်ရှိရမည့် ဂုဏ်အင်္ဂါနှင့် မပြည့်စုံဆိုပြီး နေအဖွဲ့အစည်းဝင်ဂြိုဟ်စာရင်းမှ ပယ်ဖျက်လိုက်သောအခါ နက္ခတ်ဗေဒင်ပညာရှင်များအကြားထဲတွင် အတော်ကြီးကို အုတ်အော်သောင်းတင်း ကသောင်းကနင်းဖြစ်သွားမည်မှာ သေချာပေ၏။

မည်သို့ပင်ဆိုစေကာမူ ပလူတိုဂြိုဟ်ကို ဂြိုဟ်စာရင်းမှပယ်ဖျက်လိုက်သည်ဖြစ်စေ၊ ဂြိုဟ်စဉ်မမီအဖြစ်၊ အာကာသဒြပ်ထုအဖြစ် ပြောင်းလဲသတ်မှတ်လိုက်သည်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် အနောက်တိုင်း နက္ခတ်ဗေဒင် ဟောကိန်းထုတ်ရာမှာတော့ အရေးပါအရာရောက်နေဦးမှာ စောန် ဖြစ်သည်။ ဘာဖြစ်လို့လဲဆိုတော့ အရိပ်ဂြိုဟ်၊ အမှတ်ဂြိုဟ်ဖြစ်သော တကယ့်ဂြိုဟ် မဟုတ်သော ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ကို အရှေ့တိုင်းနက္ခတ်ဗေဒင်ပညာမှာ အခရာကျကျစွာအသုံးပြုနေခဲ့၊ အသုံးပြုနေဆဲ မဟုတ်ပါလား။ သို့အတွက်ကြောင့် ပလူတိုဂြိုဟ်ကို ဂြိုဟ်အဖြစ်ကနေ ဘယ်လိုပဲရာထူး ချပစ် ချပစ် နက္ခတ်ဗေဒင်ပညာရှင်များကတော့ ဂြိုဟ်တစ်စင်းအဖြစ် အသိအမှတ်ပြုစွာဖြင့် အသုံးပြုနေမည်မှာ အသေအချာဖြစ်၏တည်း။

မင်းရှိန်အောင်


**စာကိုး**

၁။ လှမိုး (ပညာရေး) ၏ သတင်းစာကပြောသော ဖြစ်ရပ်ဆန်းများ၊ သိဒ္ဓိမိုးမဂ္ဂဇင်း (၇/၂၀၀၈)။

၂။ ဆရာဘဲလားလေဘာတီ၏ သမိုင်းကိုရေးနေသောဂြိုဟ်များ၊ နက္ခတ်ဗေဒင်မဂ္ဂဇင်း (၁၀/၂၀၀၂)။

၃။ ဒေါက်တာဖေဉာဏ်၏ အနောက်တိုင်းနက္ခတ်ဗေဒင်ပညာ၏ အခြေခံသဘောတရားများ။




www.burmeseclassic.com

www.burmeseclassic.com



# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လက်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ဂုဏ်သုံး ဝင်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်းတို့ကို အထူးသဖြင့် ဝေဒဗွမန္တန်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာ ဂါထာမန္တန်များအား ရွတ်ဖတ်ကျင့်ပွား ပူဇော်ပါလျှင် ထူးကဲသော ကောင်းကျိုး ခံစားရမည်မှာ ဧကန်မုချဖြစ်ပါသည်။ ယခု မေလ၌ ၃- ၅- ၂၀၁၃ နေ့ နံနက် (၆း၅၁) နာရီမှ ၄- ၅- ၂၀၁၃ နေ့ နံနက် (၅း၅၄) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် ပထမအကြိမ် စန်းနှင့်ယှဉ်နေမည်ဖြစ်ပြီး ၄-၅-၂၀၁၃ နေ့ နံနက် (၅း၀၅း၁၄) နာရီမှ နံနက် (၆း၂၈း၁၀) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ကျော်မည်ဖြစ်ကာ ၄- ၅- ၂၀၁၃ နေ့ နံနက် (၅း၄၉း၅၀) နာရီမှ နံနက် (၆း၃၉း၄၀) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။ တစ်ခါ မေလ၌ပင် ဓနသိဒ္ဓိနက္ခတ်သည် ဒုတိယအကြိမ်မြောက် ၃၀-၅-၂၀၁၃ နေ့မှ နေ့လယ် (၂း၅၁) နာရီမှ ၃၁-၅-၂၀၁၃နေ့ နေ့လယ် (၁း၅၆) နာရီအတွင်း စန်းယှဉ်မည်ဖြစ်ပြီး ၃၁-၅-၂၀၁၃ နေ့ နံနက် (၃း၁၈း၀၄) နာရီမှ ၄-၄၀-၅၀ နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ကျော်မည်ဖြစ်ကာ ၃၁-၅-၂၀၁၃နေ့ နံနက် (၄း၀၂း၃၈) နာရီမှ (၄း၅၁း၂၉) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၅း ၁၇း ၀၂ | ၆း ၄၀း ၅၈ | ၁ | ၆း ၀၁း ၃၈ | ၆း ၅၁း ၂၆ |
| ၂ | ၅း ၁၃း ၀၆ | ၆း ၃၆း ၀၂ | ၂ | ၆း ၅၇း ၄၂ | ၆း ၄၇း ၃၀ |
| ၃ | ၅း ၀၉း ၁၀ | ၆း ၃၂း ၀၆ | ၃ | ၅း ၅၃း ၄၆ | ၆း ၄၃း ၃၄ |
| ၄ | ၅း ၀၅း ၁၄ | ၆း ၂၈း ၁၀ | ၄ | ၅း ၄၉း ၅၀ | ၆း ၃၉း ၄၀ |
| ၅ | ၅း ၀၁း ၁၈ | ၆း ၂၄း ၁၄ | ၅ | ၅း ၄၅း ၅၄ | ၆း ၃၅း ၄၄ |
| ၆ | ၄း ၅၇း ၂၂ | ၆း ၂၀း ၁၈ | ၆ | ၅း ၄၁း ၅၈ | ၆း ၃၁း ၄၈ |
| ၇ | ၄း ၅၃း ၂၆ | ၆း ၁၆း ၂၂ | ၇ | ၅း ၃၇း ၀၂ | ၆း ၂၇း ၅၂ |
| ၈ | ၄း ၄၉း ၃၀ | ၆း ၁၂း ၂၆ | ၈ | ၅း ၃၃း ၀၆ | ၆း ၂၃း ၅၆ |
| ၉ | ၄း ၄၅း ၃၄ | ၆း ၀၈း ၃၀ | ၉ | ၅း ၂၉း ၁၀ | ၆း ၁၉း ၀၀ |
| ၁၀ | ၄း ၄၁း ၃၈ | ၆း ၀၄း ၃၄ | ၁၀ | ၅း ၂၅း ၁၄ | ၆း ၁၅း ၀၅ |
| ၁၁ | ၄း ၃၇း ၄၂ | ၆း ၀၀း ၃၈ | ၁၁ | ၅း ၂၁း ၁၈ | ၆း ၁၁း ၀၉ |
| ၁၂ | ၄း ၃၃း ၄၆ | ၅း ၅၆း ၄၂ | ၁၂ | ၅း ၁၇း ၂၂ | ၆း ၀၇း ၁၃ |
| ၁၃ | ၄း ၂၉း ၅၀ | ၅း ၅၂း ၄၆ | ၁၃ | ၅း ၁၃း ၂၆ | ၆း ၀၃း ၁၇ |
| ၁၄ | ၄း ၂၅း ၅၄ | ၅း ၄၈း ၅၀ | ၁၄ | ၅း ၀၉း ၃၀ | ၅း ၅၉း ၂၁ |
| ၁၅ | ၄း ၂၁း ၅၈ | ၅း ၄၄း ၅၄ | ၁၅ | ၅း ၀၅း ၃၄ | ၅း ၅၅း ၂၅ |
| ၁၆ | ၄း ၁၇း ၀၂ | ၅း ၄၀း ၅၈ | ၁၆ | ၅း ၀၁း ၃၈ | ၅း ၅၁း ၂၉ |
| ၁၇ | ၄း ၁၃း ၀၆ | ၅း ၃၆း ၀၂ | ၁၇ | ၄း ၅၇း ၄၂ | ၅း ၄၇း ၃၃ |
| ၁၈ | ၄း ၀၉း ၁၀ | ၅း ၃၂း ၀၆ | ၁၈ | ၄း ၅၃း ၄၆ | ၅း ၄၃း ၃၇ |
| ၁၉ | ၄း ၀၅း ၁၄ | ၅း ၂၈း ၁၀ | ၁၉ | ၄း ၄၉း ၅၀ | ၅း ၃၉း ၄၁ |
| ၂၀ | ၄း ၀၁း ၁၈ | ၅း ၂၄း ၁၄ | ၂၀ | ၄း ၄၅း ၅၄ | ၅း ၃၅း ၄၅ |
| ၂၁ | ၃း ၅၇း ၂၂ | ၅း ၂၀း ၁၈ | ၂၁ | ၄း ၄၁း ၅၈ | ၅း ၃၁း ၄၉ |
| ၂၂ | ၃း ၅၃း ၂၆ | ၅း ၁၆း ၂၂ | ၂၂ | ၄း ၃၈း ၀၂ | ၅း ၂၇း ၅၃ |
| ၂၃ | ၃း ၄၉း ၃၀ | ၅း ၁၂း ၂၆ | ၂၃ | ၄း ၃၄း ၀၆ | ၅း ၂၃း ၅၇ |
| ၂၄ | ၃း ၄၅း ၃၄ | ၅း ၀၈း ၃၀ | ၂၄ | ၄း ၃၀း ၁၀ | ၅း ၁၉း ၀၁ |
| ၂၅ | ၃း ၄၁း ၃၈ | ၅း ၀၄း ၃၄ | ၂၅ | ၄း ၂၆း ၁၄ | ၅း ၁၅း ၀၅ |
| ၂၆ | ၃း ၃၇း ၄၄ | ၅း ၀၀း ၃၈ | ၂၆ | ၄း ၂၂း ၁၈ | ၅း ၁၁း ၀၉ |
| ၂၇ | ၃း ၃၃း ၄၈ | ၄း ၅၆း ၄၂ | ၂၇ | ၄း ၁၈း ၂၂ | ၅း ၀၇း ၁၃ |
| ၂၈ | ၃း ၂၉း ၅၂ | ၄း ၅၂း ၄၆ | ၂၈ | ၄း ၁၄း ၂၆ | ၅း ၀၃း ၁၇ |
| ၂၉ | ၃း ၂၅း ၅၆ | ၄း ၄၈း ၅၁ | ၂၉ | ၄း ၁၀း ၃၀ | ၄း ၅၉း ၂၁ |
| ၃၀ | ၃း ၂၂း ၀၀ | ၄း ၄၄း ၅၄ | ၃၀ | ၄း ၀၆း ၃၄ | ၄း ၅၅း ၂၅ |
| ၃၁ | ၃း ၁၈း ၀၄ | ၄း ၄၀း ၅၀ | ၃၁ | ၄း ၀၂း ၃၈ | ၄း ၅၁း ၂၉ |



www.burmeseclassic.com

www.burmeseclassic.com

သက်ရှိလူသားများတွင် ထိ၊ သိ၊ သတိတရားတို့ကို သိရှိနိုင်ကြသည် နာမ်တရားတို့ ရှိကြပါ၏။ နာမ်တရားသည် အသက်ရှင်သန်နေသောသူများတွင်သာ ရှိကြပါ၏။ သေဆုံးသွားခဲ့ကြသောသူများတွင်တော့ နာမ်တရားများ မရှိကြတော့ပါ။ တစ်နည်းအားဖြင့် နာမ်တရားမရှိကြတော့သဖြင့် သေဆုံးကြရခြင်းလည်း ဖြစ်၏။ သေဆုံးသွားခဲ့ကြသောသူတို့၏နာမ်တရားတို့သည် ဘဝတစ်ခုသို့မကူးပြောင်းမီကာလ၌ ဝိညာဉ်လောကသားအဖြစ်သို့ ရောက်ရှိနေကြပြီး လူတို့အား ခြောက်လှန့်နေကြခြင်းလည်း ဖြစ်ပါ၏။ လူတို့က ခြောက်လှန့်နေကြသည်ဟု ထင်မှတ်သော်လည်း တကယ်တမ်းကျတော့ ဝိညာဉ်လောကသားများက လူတို့အား ခြောက်လှန့်နေကြခြင်း မဟုတ်ပါ။ လူတို့ပြုခဲ့ကြသည့် ကောင်းမှုကုသိုလ်များကို အမျှအတန်း ရယူလိုကြ၍ လူတို့အား ရုတ်တရက် ကိုယ်ထင်ပြသခြင်း သို့မဟုတ် အသံဖြင့်အသိပေးခြင်းတို့ကို ပြုလုပ်တတ်လေ့ရှိကြပါ၏။ ထိုဖြစ်စဉ်ကို လူတို့က သရဲ၊ တစ္ဆေ ခြောက်လှန့်ခြင်းဟု သတ်မှတ်ကြပါ၏။

သေဆုံးသွားကြသူတို့အနေဖြင့် ဘဝသစ်တစ်ခုသို့ကူးပြောင်းကြရာတွင် မသေဆုံးမီကာလ၌ မိမိတို့ပြုခဲ့ကြသော ကုသိုလ်နှင့် အကုသိုလ်တရားတို့အပေါ် မှီတည်၍ ဝိညာဉ်တို့၏လားရာများကလည်း မတူညီကြပါ။ တစ်နည်းအားဖြင့် ဓမ္မပဒတွင် ဖော်ပြထားသလို မိမိတို့ပြုခဲ့သောကုသိုလ်နှင့် အကုသိုလ်တရားတို့သည် နွားနောက်သို့ လှည်းဘီးလိုက်ဘိသကဲ့သို့ တစိုက်မတ်မတ် လိုက်နေကြမည်သာ ဖြစ်ပါ၏။ ဥပမာအားဖြင့် လူတစ်ယောက်သည် အသက်ရှင်စဉ်ကာလမှာ သူပြုလုပ်ခဲ့သည့်ကုသိုလ်ကောင်းမှုနှင့် အကုသိုလ် မကောင်းမှုတို့အပေါ်တွင် မှီတည်၍ သူ၏တမလွန်သို့ လားရာသည်လည်း မတူညီကြခြင်း ဖြစ်ပါ၏။ သေဆုံးသွားပြီးခဲ့သည့်ကာလကို မဆိုထားဘိ၊ မသေဆုံးမီကာလ၌လည်း သူပြုကျင့်ခဲ့သော အကုသိုလ်တရားသည် နောက်ပိုးတက်၍ အသက်ရှင်လျက်ရှိသည့်ကာလမှ ပြန်လည်၍ ဝဋ်ကြွေးကို ခံစားရလေ့ရှိပါသည်။

အတိတ်ကာလ ရက်တစ်ရက်မှာ စာရေးသူ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာတစ်ရွာသို့ ရောက်ရှိခဲ့ပါသည်။ တစ်ချိန်သောကာလက ထိုရွာတွင် နေဥစ္စာပေါကြွယ်ဝသော လူချမ်းသာတစ်ဦး ရှိခဲ့ပါ၏။ သူသည် အလှူအတန်းကိုရက်ရောသောသူတစ်ယောက်ဖြစ်၍ မကြာခဏ ရွာတွင်အလှူအတန်းလုပ်လေ့လည်း ရှိပါ၏။ ထိုသို့ အလှူအတန်းကို ရက်ရောစွာဖြင့် ပြုလုပ်ခဲ့သော်လည်း သူသေဆုံးခဲ့သည့်ကာလ၌ မကျွတ်မလွတ်ဘဲ သရဲသဘက်အဖြစ်နှင့် ဝိညာဉ်လောကသားအဖြစ်သို့ ရောက်ရှိနေခဲ့ပါ၏။

သူ့အတွက် မည်သို့ပင် ကောင်းမှုကုသိုလ်များကို ရွာရှိလူများကပြုလုပ်ခဲ့ပေမယ့် ဝိညာဉ်လောကသားအဖြစ်က မကျွတ်လွတ်ခဲ့ပါ။ ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းကို ရွာသားတို့က ရွာဦးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်က သူလှူဒါန်းခဲ့သည့် အလှူသည် ဆင်သတ်၍ အရပ်ဝေခဲ့သလိုဖြစ်ခဲ့ကြောင်းကို ပြန်လည် မြွက်ကြားခဲ့ပါ၏။ အဓိပ္ပာယ်က အလှူခံပုဂ္ဂိုလ်တို့၏ ရသာတဏှာအတွက် မိမိက အကုသိုလ်ပြုလုပ်၍ လှူဒါန်းခြင်းကို ဆိုလိုခြင်းဖြစ်ပါ၏။ တစ်နည်းအားဖြင့် ဆရာတော် မြွက်ကြားခဲ့သည့် စကားက ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ၏ဇာတ်ကြောင်းကို ဆိုလိုခြင်း ဖြစ်ပါ၏။



ထိုသူ အသက်ထင်ရှားရှိခဲ့စဉ်ကာလမှာ အလှူအတန်းပြုလုပ်သည့်အခါတိုင်း တရုတ်အမဲတို့ကိုပေါ်၍ လှူဒါန်းခဲ့ခြင်း ဖြစ်ပါ၏။ သူ၏အလှူအတန်းသည် မသန့်စင်ခဲ့ကြောင်းကိုလည်း ဆရာတော်က သိရှိခဲ့၍ ယခုလို မြွက်ကြားခဲ့ခြင်းလည်း ဖြစ်ပါ၏။ ဝိညာဉ်လောကသားဘဝမှာ တစ်ချိန်က သူ လှူဒါန်းခဲ့သည့် အကျိုးဆက်ကြောင့် ဆာလောင်မွတ်သိပ်ခြင်းမဖြစ်ခဲ့သော်လည်း အထက်ဘုံများဆီသို့ မရောက်ရှိနိုင်ဘဲ ဝိညာဉ်လောကသားဘဝနှင့် အောက်ဘုံဖြစ်သော အပါယ်လေးဘုံတို့သို့ မြန်းရမည်မှာလည်း သေချာသလောက်ဖြစ်နေကြောင်းကို ဆရာတော်က ဆက်လက်၍ မြွက်ကြားခဲ့ပါ၏။ သူ့အား မည်သို့သော လှူဒါန်းခြင်းမျိုးများဖြင့် အမျှအတန်းပေးဝေခဲ့သော်လည်း သူမရရှိခဲ့ကြောင်းကို ရွာသားတို့အား အိပ်မက်ပေး၍ သိရှိစေပါသည်။

ထိုသူကဲ့သို့ပင် အလှူအတန်းပြုလုပ်၍ ကျွဲမွေးလှူဒါန်းခြင်းကို ဝါသနာထက်သန်သော အခြား ရွာသားတစ်ဦးလည်း ထိုရွာတွင် ရှိခဲ့ပါ၏။ ထိုသူကတော့ လယ်ပိုင်ရှင်တစ်ဦးဖြစ်ပြီး မိုးစပါးပေါ်ပြီးတိုင်း ရွာရှိလူများအားလုံးအား အသက်သတ်လွတ် ဟင်းလျာများနှင့် နှစ်စဉ်ကျွေးမွေးခဲ့၏။ သူကိုယ်တိုင်က ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲခဲ့သူတစ်ဦးဖြစ်၍ သူကျွေးမွေးလှူဒါန်းသည့်အခါတိုင်း အသက်သတ်လွတ် သီးစုံဒံပေါက်ထမင်း သို့မဟုတ် အသက်သတ်လွတ်ဟင်းလျာများနှင့်သာ ကျွေးမွေးလှူဒါန်းလေ့ရှိပါ၏။ သူနေ့စေ့၍ကံကုန်သည့်ကာလမှာ ပထမလူကဲ့သို့ ဝိညာဉ်လောကသားအဖြစ်သို့ မရောက်ရှိခဲ့ဘဲ အထက်ကောင်းကင်ဘုံတစ်ခုသို့ ရောက်ရှိခဲ့ကြောင်းကို ဆရာတော်ထံ အိပ်မက်ပေးခဲ့၍ ဆရာတော်က ရွာသားများအား ပြန်လည်၍ ရှင်းလင်းပြောကြားခဲ့ပါ၏။

ဆရာတော်မြင်မက်ခဲ့သည့် အိပ်မက်အတိုင်း အခြား ရွာသားများလည်း မြင်မက်ခဲ့ကြ၍ ရွာသားများအနေဖြင့် မယုံကြည်၍မရနိုင်တော့ပါ။ တစ်နည်း



www.burmeseclassic.com


www.burmeseclassic.com

အနေဖြင့် သူ၏အလှူအတန်းသည် သန့်ရှင်းကြယ်၍ အကုသိုလ်ကင်းသော အလှူဒါနတစ်ခုလည်း ဖြစ်ပါ၏။ အဆက်ဖော်ပြပါ ဝက်သတ်၍ လှူဒါန်းခဲ့သော သူဌေးတစ်ယောက်လို သူကိုယ်တိုင်သတ်ခဲ့သော်လည်း ကြံရာပါအနေဖြင့် အကုသိုလ်ကံ ကျရောက်ရမည် ဖြစ်ပါသည်။

တစ်ချိန်က ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး နျူတန် ပြောကြားခဲ့သလို သတ်ရောက်မှုတိုင်းသည် တူညီသော ဆန့်ကျင်ဘက်သက်ရောက်ခြင်းများရှိကြပါ၏။

ထို့အတူ ဓမ္မစကားပုံတစ်ခုကလည်း 'သင်စိုက်ပျိုးထားသလောက်သာ သင်ပြန်လည်၍ ရိတ်သိမ်းလို့ရမည်' ဟု ဖော်ပြထားပါသည်။ ကုသိုလ်နှင့်အကုသိုလ် အကြောင်းတရားများကို မယုံကြည်ကြသူများအနေဖြင့် 'ဘယ်သူမပြု မိမိမှု' ဆိုသည့်အတိုင်း မိမိတို့သမိုင်းကို မိမိတို့သာရေးသောသူများဖြစ်ကြလိမ့်မည်ဟု စာရေးသူအနေဖြင့် မှတ်ချက်ချမိပါ၏။ အကုသိုလ်အကြောင်းတရားတို့သည် ပစ္စုပ္ပန်ကာလတွင် ချိုမြိန်လှသော်လည်း သံသရာတွင် ခါးကော့အောင် ခံကြရမည်ကို သိရှိထားကြရန်လိုအပ်လှပါ၏။

စာရေးသူ၏ ငယ်ပေါင်းသူငယ်ချင်းဖြစ်သူတစ်ယောက်သည် ငယ်စဉ်ကာလကတည်းက သတ္တဝါများအား သတ်ဖြတ်ခြင်း၊ အကုသိုလ်အကြောင်းတရားကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ရာ လွန်ခဲ့သော အနှစ် (၃၀) ကျော်ကာလက ရထားတွဲဆက် မီးရထားအလုပ်သမားတစ်ဦးအနေဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့စဉ် ရထားတွဲဆက် တာဝန်ကျသည့် ရက်တစ်ရက်မှာ ရထားစက်ခေါင်းနှင့် ရထားတွဲကြားတွင် ညပ်၍ မရှုမလှ သေဆုံးခဲ့ရခြင်းကို ထောက်ရှုခြင်းအားဖြင့် တမလွန်ဘဝကို မဆိုထားဘိ၊ ယခုပစ္စုပ္ပန်ကာလမှာပင် သတ္တဝါများအား သတ်ဖြတ်ခဲ့သည့် အကျိုးဆက်ကြောင့် ဥပစ္ဆေဒကကံဖြင့် အသေဆိုးနှင့် သေဆုံးခဲ့ရပါ၏။ ယခုရေးသားဖော်ပြချက်သည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်မဟုတ်ပါ၊ စာရေးသူကိုယ်တိုင်သိရှိခဲ့သည့် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်၍ ရေးသားဖော်ပြနေခြင်း ဖြစ်၏။





ဘဝတစ်ကွေ့မှ
တွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်များ

တင်ထွန်း (စက်မှု-၂) ပြီး



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်သူ တရားပျက်ပျက်၊ မိမိ မပျက်ပါနဲ့' ဟု မြန်မာစကားဆောင်ပုဒ်အတိုင်း 'မိမိတို့ပြုသမျှ မိမိတို့သာ နှုကြရမည်' ဖြစ်ကြောင်းကိုလည်း ယုံမှား သံသယမဖြစ်ကြရန် ဖော်ပြရေးသားလိုပါ၏။ သုံးလူ့ထိပ်တင် မြတ်စွာဘုရားသခင်သော်မှ ကယ်လို့ရနိုင်သည့်သူတို့ကိုသာ ကယ်တင်ခဲ့ပြီး ကယ်လို့မရနိုင်သောသူတို့ကိုတော့ ဥပေက္ခာပြုခဲ့သည်ကို လူတိုင်းသိရှိနိုင်ကြမည် ဖြစ်ပါ၏။ 'ခွင့်သာခိုက်မှ မလိုက်ချင်ရင် အမိုက်နှင့်ပြင် ရှိဦးမှာလား၊ ခွင့်သာတုန်းမှ မရုန်းချင်ရင် အရှုံးနှင့်ပြင် ရှိဦးမှာလား၊ ခွင့်သာဆဲမှ မခဲချင်ရင် အလွဲနှင့်ပြင်ရှိဦးမှာလား' ဆိုသည့် မြန်မာစကားဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးကြရန် အထူး လိုအပ်လှပါ၏။

သိလျက်နှင့် ဝိပါက်ကံကြမ္မာငင်ကြသည့်သူများကိုတော့ စာရေးသူအနေဖြင့် သနားမိပါ၏။ လွန်ခဲ့သောကာလရက်တစ်ရက်မှာ စာရေးသူ အိပ်စက်၍ ပျော်သွားခိုက် အိပ်မက်တစ်ခုကို မက်ခဲ့ပါ၏။ အလားတူပင် အိပ်မက်ထဲတွင် စာရေးသူ၏နာမ်တရားက ငရဲပြည်တစ်ခုသို့ ရောက်ရှိသွားခဲ့ပါ၏။ လူ့ဘဝတွင် အကုသိုလ်တရားကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ကြသူများမှာ ထိုငရဲပြည်၌ ကြီးစွာသောဆင်းရဲဒုက္ခများကို ခံစားနေကြရသည်ကို မြင်မက်မိ၍ စာရေးသူအနေဖြင့် အကုသိုလ်တရားကို ကျူးလွန်ရမှာ လွန်စွာမှ ကြောက်ရွံ့ထိတ်လန့်မိခဲ့ရာမှ ပြန်လည်၍ ရေးသား ဖော်ပြခြင်းလည်း ဖြစ်ပါ၏။

တစ်နည်းအားဖြင့် အစမကောင်းလျှင် အနှောင်းမသေချာတတ်ကြောင်းကိုလည်း သတိပြုကြရမည် ဖြစ်ပါ၏။ အကုသိုလ်ဒုစရိုက်ကို ပြုလုပ်ကြသူများအနေဖြင့် ယခုမျက်မှောက်ကာလမှာပင် တောင်နံ့ရံ့အတွင်း၌နေကြရပြီး ကုသိုလ်သုစရိုက်ကို ပြုလုပ်ကြသူများကတော့ တောင်နံ့ရံ့အပြင်ဘက်တွင်နေထိုင်ကြရကြောင်းကိုလည်း ပစ္စုပ္ပန်ကာလတွင် လက်တွေ့ကျကျ သိရှိနိုင်ကြမည်လည်း ဖြစ်ပါ၏။ အစကောင်းလျှင် အနှောင်းသေချာမည်မှာ သစ္စာစကားတစ်ခုသာဖြစ်၍ အရှေ့မှနေဝန်းထွက်သည့်ပမာကဲ့သို့ မည်သည့်အခါမျှ လွဲသွားမည်မဟုတ်ပါ။ စာရေးသူနားလည်သလို ရေးသားဖော်ပြရလျှင် ယခုမျက်မှောက်ဘဝတွင် ကောင်းမှုကုသိုလ်များကို တစိုက်မတ်မတ်ပြုလုပ်နေကြသူများသည် ယခုဘဝတွင်သာမကဘဲ နောင်တမလွန်ဘဝတွင်လည်း အောက်ဘုံများသို့ မည်သို့မျှ ကျရောက်နိုင်မည် မဟုတ်ကြောင်းကို သံမှိုနှက်သလို စိတ်ထဲ၌ စွဲမှတ်ယုံကြည်မိပါ၏။

၁၉၆၅ ခုနှစ်က စာရေးသူ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်ခဲ့ပါ၏။ စာရေးသူနေထိုင်သည့် လမ်းတွင် သားသတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ရှိပါ၏။ ထိုသို့ လုပ်ကိုင်ခဲ့သည်မှာလည်း နှစ်ပေါင်းမနည်းလှတော့ပါ။ ရက်တစ်ရက်တွင် ထိုသူ မကျန်းမမာနေသည့် ကာလ၌ မည်ကဲ့သို့သောရောဂါများကို ခံစားနေရသည်တော့ စာရေးသူလည်း မသိနိုင်ပါ၊ အသတ်ခံရသည့်ကာလ၌ သတ္တဝါတွေ အော်ဟစ်ညည်းတွားနေသလို ထိုသူလည်း ရောဂါဝေဒနာကို မခံစားနိုင်၍ ငယ်သံပါအောင် အော်ဟစ်လျက် ရှိပါ၏။ စာရေးသူက သူ၏နေအိမ်သို့ သွားရောက်ကြည့်ရှုခဲ့သည့်အခါ ကြမ်းပြင်ပေါ်၌ လူးလိမ့်နေသည်ကို မြင်တွေ့ခဲ့ရ၍ ဆရာဝန်တစ်ဦးအား သွားရောက်ခေါ်ယူ ပြသခဲ့သော်လည်း မည်သည့်ရောဂါမျှရှာမတွေ့ခဲ့ကြောင်းကို ပြန်လည်၍ပြောကြားခဲ့ပါ၏။ ထိုအခါ စာရေးသူ၏ ထင်မြင်ယူဆချက်ကတော့ အသတ်ခံခဲ့ရသည့်သတ္တဝါများလို ဒုက္ခဆင်းရဲခံစားရသည့် အကြောင်းတစ်ရပ်က သံသရာဝဋ်ကြွေးကို ပြန်လည်၍ ပေးဆပ်နေရခြင်းသာ ဖြစ်ပါ၏။ မည်သူမျှလည်း သူ့အား မကယ်တင်နိုင်ခဲ့သလို မည်သူကမျှလည်း သူ့အစား ဝင်ရောက်၍ ဝဋ်ကြွေးကို ခံယူလို့မရနိုင်ပါ။ တစ်နည်းအားဖြင့် ရေးသားဖော်ပြရလျှင် ကိုယ်ဖြစ်ကိုယ်ခံဟူ၍သာ သဘောထားရပါမည်။

သူ့အပေါ်တင်ရှိနေသည့် ငွေရေးကြေးရေးနှင့် ဆက်နွယ်သော အကြွေးတို့ကို တစ်ပါးသူတို့က စိုက်ထုတ်ပြီးပေးဆပ်၍ရနိုင်သော်လည်း သံသရာဝဋ်ကြွေးကိုတော့ တစ်ပါးသူက စိုက်ထုတ်၍ ပေးဆပ်လို့မရနိုင်ပါ။ ကိုယ်တိုင်ပေးဆပ်ရသည် ဆိုတာကိုလည်း သံသယဖြစ်စရာမလိုပါ။ အထက်ဖော်ပြပါ ဖြစ်ရပ်က ဥပမာပြုနေပါသည်။ တစ်နည်းအားဖြင့် လက်တွဲခေါ်၍ရသူကိုသာ လက်တွဲခေါ်ကြမည် ဖြစ်သော်လည်း၊ လက်တွဲ၍ ခေါ်ယူလို့မရနိုင်သူများကိုတော့ လက်တွဲဖြုတ်ထားရမည်မှာလည်း သဘာဝတရားတစ်ခုသာ ဖြစ်ပါ၏။ ထိုသူ၏ဖြစ်စဉ်မှာ ရှာဖွေ၍မရသည့်ရောဂါကို နေ့စဉ်ရက်ဆက်ခံစားနေခဲ့ရသော်လည်း လူနာလာမေးကြသူများအနေဖြင့်လည်း လက်ပိုက်ကြည့်နေရုံမှလွဲ၍ မည်သည့်အကူအညီများကိုမျှ မပေးနိုင်ခဲ့ကြောင်း စာရေးသူအနေဖြင့် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ၍ ကြောက်စရာကောင်းလှသည့် ဝဋ်ကြွေးသံသရာကို ပြန်လည်၍ ရေးသား ဖော်ပြနေခြင်းလည်း ဖြစ်ပါ၏။

ဥပမာအားဖြင့် လျှပ်စစ်မီးဝင်နေသည့် လျှပ်စစ်ကြိုးကို အန္တရာယ်ဖြစ်နိုင်၍ မကိုင်ကြရန်ပြောကြားခဲ့သော်လည်း မယုံကြည်၍ ကိုင်မိကြသည့်သူများအနေဖြင့်တော့ လျှပ်စစ်မီးဝင်နေသော ဓါယာကြိုး၏တုံ့ပြန်ခြင်းကို မလွဲမသွေ ခံစားကြရမည်မှာလည်း သံသယဖြစ်စရာမလိုပါ။ တစ်နည်းအားဖြင့် သူမိုက်တို့ သွားရာလမ်းကို ကောက်ကောက်ပါအောင်လိုက်ကြရမည့်သဘောလည်း ဖြစ်ပါ၏။ ထိုအကြောင်းတရားနှင့်ဆက်နွယ်၍ စာရေးသူ၏ငယ်ပေါင်းသူငယ်ချင်းဖြစ်သူကလည်း လက်တွေ့ကျကျ ပြသခဲ့ပြီလည်းဖြစ်ပါ၏။ ရထားတွဲကြားတွင် ညပ်၍ သေဆုံးခဲ့သောဖြစ်ရပ်မှာလည်း ကြည့်ရှု၍မကောင်းနိုင်အောင် ဖြစ်ခဲ့ရပါ၏။ တစ်နည်းအားဖြင့် ငယ်စဉ်ကာလက သတ္တဝါတို့အား မညှာမတာ သတ်ဖြတ်ခဲ့သည့် ဝဋ်ကြွေးသံသရာတစ်ပတ်လည်ခဲ့ခြင်းကို မည်သူမျှငြင်းဆန်၍ မရနိုင်ကြောင်းကိုလည်း ငယ်ပေါင်းသူငယ်ချင်းဖြစ်သူက လက်တွေ့ကျကျ ပြသခဲ့ပါသည်။

မိမိကြောင့် သေစေလိုသည့်ဆန္ဒမရှိဘဲ မတော်တဆဖြစ်ရပ်များပေါ်တွင် အာပတ်ဖြေ၍ ရနိုင်သော်လည်း သေစေလိုသည့်ဆန္ဒဖြင့် ပြုလုပ်ခြင်းများကိုတော့ အာပတ်ဖြေ၍မရနိုင်ကြောင်းကိုလည်း သိရှိထားကြရမည် ဖြစ်ပါ၏။ ဥပမာ-ညဉ့်အခါကာလများ၌ အလင်းရောင်မရှိ၍ ပိုးမွှားတိရစ္ဆာန်များကို သေစေလိုသည့်ဆန္ဒများမရှိဘဲ မတော်တဆတက်နင်းမိ၍ သေဆုံးခဲ့ရသည်များကို အာပတ်ဖြေ၍ရနိုင်သော်လည်း သေစေလိုသောဆန္ဒဖြင့် တက်ရောက်နင်းပါက မည်သို့သောအာပတ်ကိုမျှ ဖြေ၍မရနိုင်ကြောင်းကို သိရှိထားကြရန် လိုအပ်ကြကြောင်းရေးသားဖော်ပြရင်း ဤဆောင်းပါးကို နားလိုက်ပါ၏။

တင်ထွန်း(စက်မှု ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com



**ဆရာချမ်းမင်းရဲ့** ၁၉၇၀ ခုနှစ်မှစတင်၍ လက္ခဏာဗေဒင် ဟောပြောခဲ့သူ **ချမ်းမင်းမှ**

အတွဲ-၂၉၊ အမှတ်-၃၊ ၁၉၇၅-ဇူလိုင်လတွင် ထုတ်ဝေသော ရှုမဝမဂ္ဂဇင်း၏ စာမျက်နှာ (၉၉)၌

မိမိစာတ်ပုံနှင့်အတူ ကြော်ငြာထည့်သွင်း၍ ယနေ့တိုင် လက္ခဏာဗေဒင်ဟောပြောခဲ့သူ၊

ထိုင်းနိုင်ငံ၊ ဘန်ကောက်၊ ချင်းမိုင်၊ လန်ပန်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၊ ပီနန်၊ ဆက်ဘူ၊

ဂျပန်နိုင်ငံ၊ အိုဆကာ၊ တိုကျိုမြို့တို့တွင် (၉)နှစ်ကြာ လက္ခဏာဗေဒင်ဟောပြောခဲ့သူ

သရေ၊ ဇော်တီသဝေအ နက္ခတ္တရောင်ခြည်၊ ရုပ်ရှင်အမြုတေ၊ ပေဖူလွှာ၊ သုတသဘင်၊ ရုပ်ရှင်သရဖူ၊
သုရဇ္ဇ၊ Wellness မဂ္ဂဇင်းတို့တွင် လက္ခဏာဗေဒင်ဆောင်းပါးများကို ရေးသားလျက်ရှိသူ။

အာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား? "မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ ဗုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာအမိဋ္ဌာန်ဝင်ပြီးမှ ...ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊ လအထိ ...ခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉-ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော်ဘုရားသက်တော် (၈၂)ထိသာ ...နိုင် မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ်ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇော်တီသဝေဒ မဂ္ဂဇင်း အမှတ် ...စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

"ဂျပန်နိုင်ငံမှာ (၈)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ ...တို့ သတင်းစာထဲမှာတွေ့လို့ချက်ချင်းသွားမေးတော ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ ... ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာ ဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ...နောက်ပိုင်းမှာ သန်းကြွယ်သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ ...လောက်သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။
... - နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၃)

အမှတ်တရရဲ့အမှတ်တရ - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး တကရှိအိတိုးစံကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက် ...ခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂၊ စာမျက်နှာ - ၁၃၂-၁၃၃-၁၃၄-၁၃၅)

"...အောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်ကထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီးအဆိုတော်သီချင်းရေးဆရာပရိုဂျူဆာ ကို ...ခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ ...သာဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်း ...တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော် ...ညှိခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။" (တွေ့ဆုံခြင်း၊ ...ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ-၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၊ စာမျက်နှာ-၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

... - ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း (တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း)
ဓန်ထမ်းကြီးမိုးသာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၇) နာရီ မှ ညနေ (၃) နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com

"ဟာ- ကြီးမောင် ဆိုတဲ့ကောင် လုပ်ပြန်ပြီ။ ဆွမ်းတော်တင်မယ့် ဩဇာသီးကို ယူစားနေပြန်ပါပြီ။ ငါ့နှယ်- ခက်တော့တာပါပဲ"

"ဆာနေလို့ပါ အဘရာ၊ ပြီးတော့ အသေးလေးပဲ ယူတာပါ"

"ဆွမ်းတော်ပွဲကျမှ ယူစားရတယ်ကွ။ ဦးဦးဖျားဖျားကြီး ယူမစားကောင်းဘူးရယ်"

"ကဲ-အဘ၊ ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ။ ဒါဖြင့် ဒီမှာက နှစ်ခြမ်းတောင်မှခွဲလိုက်မိပြီရယ်"

"အေးပါ- ခုမှတော့ မထူးတော့ပါဘူး၊ စားလိုက်။ နောက်သာ ဒါမျိုးမလုပ်ရဘူးနော်၊ ကြားလား ကြီးမောင်"

"ဟုတ်. . . ဟုတ်"

ရပ်ကွက်ထဲမှာ ကြီးမောင် ဆိုတဲ့ ဒီကောင် ငယ်တော့တာလည်း မဟုတ်ဘူး။ သူနဲ့ရွယ်တူတွေ အိမ်ထောင်တွေဘာတွေတောင်မှကျကုန်ပြီရယ်။ တွက်ကြည့်ရင် အသက်သုံးဆယ်ကအကျော်ရင်သာ ရှိမည်၊ ဒါပေမယ့် အသိကျတော့ ကလေးသာသာပါ။ နေရာတကာ ပြောနေဆိုနေရတာချည်းပဲ။ တစ်ခုတော့ ရှိရဲ့၊ ဦးလှသောင်တို့ ရပ်ကွက်ဓမ္မာရုံလေးမှာဖြင့် အလှူအတန်းပွဲလမ်းသဘင်များရှိပလားဆိုမှ ကြီးမောင် ဆိုတဲ့ ဒီကောင်ကြီးကိုပဲ ဒိုင်ခံအားကိုးနေရလေတော့ တော်တန်အပြစ်မရှိလောက်ဘူးဆိုရင် ဦးလှသောင်တို့လား၊ အသာမေ့နေလိုက်တာ များပါတယ်။

ကြီးမောင် အရင်ဘဝကကုသိုလ်ကံနည်းခဲ့လို့ ဒီဘဝ လူဆင်းရဲရဲ၊ အသိဉာဏ်နုံ့နည်းရတော့ ဒီပုံအတိုင်းသာဆက်သွားနေရင် နောင်ဘဝတွေမှာလည်း ဒီဝဋ်ကြွေးက လွတ်ဖို့မလွယ်ဘူးရယ်။ ကြီးမောင်- ဒီကောင် စိတ်ရင်းစေတနာက မဆိုးရှာပါဘူး။ လုပ်ချင်ကိုင်ချင်၊ သူတစ်ပါးကိုကူညီချင်တဲ့စိတ်တော့ အရှိသားရယ်။ ဒါကြောင့်လည်း အဘဦးလှသောင်က ဒီကလေးအပေါ် တရင်းတနှီး ဆုံးမရတာပေါ့။ နောက်ပြီး ပြောလိုက်ရင်၊ ဆုံးမလိုက်ရင် နားထောင်တဲ့သူမို့လို့ပါ။ ခုကိစ္စကြည့်လေ၊ ရပ်ကွက်ထဲမှာ လှည့်အလှူခံလို့ရတဲ့ ဆန်,ဆီ,ဆား, ဟင်းသီးဟင်းရွက်တွေကို ဓမ္မာရုံရောက်တော့ ပြင်ဆင် ဆွမ်းတော်တင်ရဦးမှာမဟုတ်လား။ လိမ္မော်သီး၊ ပန်းသီး၊ ဩဇာသီးတွေလည်း သေချာ ရေနဲ့ဆေးပြီးမှန်စီရွေချ ဆွမ်းတော်အုပ်ကြီးနဲ့တင်ရမှာလေ။ အဲဒီအထဲကမှ ဩဇာသီးမှည့်တစ်လုံး ကြီးမောင်က ယူစားလို့ စားဦးစားဖျား မစားကောင်းဘူး ဆိုတာ ဆုံးမရတယ်။

တစ်လောက သူရဇ္ဇမဂ္ဂဇင်းထဲမှာ ဦးလှသောင် ဖတ်လိုက်ရတာရှိပါကောလား။ ဆွမ်းတော်မတင်ရသေးခင် စားဦးစားဖျားယူစားကြတဲ့လူတွေ နောင်သေလွန်တော့ ပြိတ္တာတွေ ဖြစ်ရတဲ့အကြောင်းရေးထားတာများ ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲ။ အဲဒါကိုပြောပြပြီး အသိနဲ့ဆင်ခြင်နိုင်အောင် ကြီးမောင်ကိုပြောပြတော့ ဟုတ်ကဲ့အဘ၊ ကျွန်တော် နောက်ဆင်ခြင်ပါမယ်လို့ ပြောသံကြားရတော့ ဦးလှသောင် ပြောပြရကျိုး၊ ဆုံးမရကျိုး နပ်ပြီတဲ့လားဗျာ။

ကြီးမောင် ဆိုတဲ့ကောင် ရပ်ရေးရွာရေး အချိန်ပြည့် ပေးလုပ်နိုင်ရအောင်က ဒီကောင့်အိမ်ရဲ့ background က အချမ်းသာကြီးထဲကလား ဆိုတော့. . ဟုတ်ရပေါင်ဗျာ၊ လက်လုပ်လက်စား မိသားစုထဲကပါပဲ။ ကြီးမောင်တစ်ယောက် ကံကောင်းပုံကတော့ အခုထိကို အသက် (၈၀) ကျော် အဖေနဲ့အမေတို့ အိမ်မှာရှိကြသေးတယ်။ ကြီးမောင်တို့မှာက မောင်နှမ (၇) ယောက်လား၊ (၈) ယောက်လားမသိဘူး ရှိတယ်။ အဲဒီအထဲကမှ ကြီးမောင်က အလယ်အလတ်ပါ။ သူ့အထက်က အစ်ကိုတွေ၊ အစ်မတွေ ဆိုတာ အိမ်ထောင်ကျကြပေမယ့် အိမ်ခွဲကြတာလိုက်လို့။ အိမ်ဝင်းကြီးထဲမှာ ဒီလိုပဲ ဇောင်းတဲထိုး အဖီလေးချနေနေကြတာရယ်။ စားအိုးသာခွဲတာ၊ စီးပွားကျတော့ ခွဲကြသေးတာလိုက်လို့လား။ ကြီးမောင်ရဲ့အထက်က အစ်မတွေ၊ အစ်ကိုတွေ အိမ်ထောင်ကျပြီးသားလူတွေ ဒီလိုပဲ အတူနေနေကြတာ။

ကြီးမောင်တောင်မှ အသက်(၃၀) ဆိုတော့ ကြီးမောင်အောက်က ညီမ၊ နှမ၊ ညီတွေလည်း ရှိကြတယ်။ အိမ်ထောင်ကျတဲ့လူတွေလည်းရှိ၊ အပျို၊ လူပျိုတွေလည်း ရှိကြတယ်။ ဒီလိုပဲ အတူနေကြတာပါ။ ကိုယ့်ဆီက ယာအလုပ်တွေပြီး၊ ကိုယ့်ရပ် ကိုယ့်မြို့က အလုပ်တွေပြီးလို့ တခြား ရွာတွေမှာ ဂျုံရိတ်၊ ကုလားပဲနုတ်၊ ပြောင်းရိတ်အငှားလိုက်၊ ရွှေတောငွေတောသွားကြပြီး အိမ်အတွက် ဝင်ငွေရှာရမည် ဆိုတော့ ကြီးမောင်ရဲ့အထက်နဲ့အောက်က အစ်ကိုတွေ၊ ညီမတွေပဲ သွားကြ၊ လိုက်ကြတယ်။ ပြောရရင် ကြီးမောင် ကိုရင်ဝတ်ခဲ့တော့ ဘုန်းကြီးကျောင်း၊ အတန်းကျောင်းနဲ့သာ အချိန်ကုန်ခဲ့တော့ ဒီ



မောင်သင်းထုံ(ကျောက်မဲ)

မိုးနတ်မင်းကြီး သုမညာတာ

www.burmeseclassic.com

www.burmeseclassic.com

ောင်သူအလုပ်တွေ၊ ထယ်ထိုး, ထွန် အလုပ်တွေဆို မလုပ်တတ်တာ များ တယ်။ သူများဆီ ငွေကြေးနဲ့အငှား က်လုပ်ရအောင်ကလည်း အလုပ်က င်းမှ မြန်ဦးမှဟာကိုး။ အလုပ်ဖြစ်မှ မှ) သာ ငှားချင်ကြတာကလား။

ငယ်ဘဝတစ်လျှောက် အချိန်မှန် င် အချိန်မှန်စားနဲ့ နေခဲ့ရတဲ့ ကြီး ောင်တစ်ယောက် ကိုရင်ကနေ လူ က်လာလို့ အိမ်ပြန်ရောက်တော့လည်း ဟာဖြင့် မလုပ်တတ်၊ ဒီဟာဖြင့် မလုပ် တ်နဲ့၊ ဟို ကျည်းကန်ရှင်ကြီးရဲ့မေတ္တာ ထဲက စာတစ်ပိုဒ်လိုပါပဲ။ 'ယောင် ောင်တောင်၊ ကြောင်တက်တက် င်းကျောက်မှန်တဲ့ကြက်' ဆိုတာလို ပဲ၊ ဒီတော့ အိမ်အတွက် မဖြစ်မနေ က်လုပ်ရဖို့ ကြုံလာပြီလား ဆိုမှဖြင့် ြီးမောင်ဆိုတဲ့ကောင်တော့ ထားခဲ့ပါ၊ အငယ်တွေကလည်း အစ်ကိုကြီး ကြီး မောင်နဲ့မဖြစ်ပါဘူး၊ ကျုပ်တို့ပဲလိုက်ပါ့ မယ်ဆိုပြီး သူ့အစား သွားကြတော့ ကြီး မောင်ရဲ့ဘဝက အိမ်စောင့်၊ ခွေးမောင်း၊ ကျီးမောင်းအဖြစ် ကျန်ခဲ့တာ များပါ တယ်။

ကြီးမောင်ရဲ့ဥပမိရုပ်ကို ကြည့်ကြ ဦးမလား။ ဆံပင်ကတိုတို၊ ပါးကပိန်ပိန်၊ သွားကကျဲကျဲတဲတဲ၊ နှုတ်ခမ်းလန် ပါးစပ် ပြဲရတဲ့အထဲ သူ့စိတ်ဝင်တစား ငေးနား ထောင်ပလားဆိုမှဖြင့် သွားရည်တွေကျ ကျလာတတ်တာက ပိုသေးရဲ့။ ဒါတင် လား ဆိုတော့ စကားပြောတော့လည်း တောရောက်တောင်ရောက်ပါ။ ပြောရ မယ့်စကားမှန်းမသိ၊ မပြောရမယ့်စကား မှန်းမသိ ကြီးမောင်ပါးစပ်က ပြောထွက် တော့ ကျန်တဲ့လူတွေဆိုတာ ငိုရခက်၊ ရယ်ရခက်။ အဲဒီလိုကြီးပါလို့ ဆိုနေ။ ဒါ ပေမယ့် ကြီးမောင်ကိုတော့ ရပ်ကွက်ထဲ ကလူတွေက ခွင့်လွှတ်ပေးကြတာများ ပါတယ်။

ပြောပြီးပါပြီ။ ကြီးမောင်မှာက အိမ်ထောင်ကလည်းမရှိ၊ အိမ်အတွက် ဘာမှနောက်ဆံတင်းစရာလည်း မလို။ မိအို၊ ဖအိုတွေရှိကြတယ် ဆိုပေမယ့် အ ချိန်တန်ရင် ကျွေးမွေးပြုစုကြမယ့် ညီ တွေ၊ ညီမတွေ တစ်လှေကြီးက ရှိနေ လေတော့ ကြီးမောင်တစ်ယောက် ရပ် ကွက်မမ္ဘာရုံမှာ အလှူအတန်းရှိပလား ဆိုမှဖြင့် ညဥ့်အိပ်ညဥ့်နေ လိုတာ အကူ အညီပေးနေတော့တာပါပဲ။ အိမ်မှာ ထက်စာရင် မမ္ဘာရုံမှာက အလှူထမင်း၊ အလှူဟင်းက ပိုစားကောင်းတော့ အ စားကောင်းမက်တဲ့ ကြီးမောင်ကို မမ္ဘာ



ရုံမှာ တွေ့ရတာများပါတယ်။

ဦးလှသောင်ကတော့ ရပ်ရွာက လူကြီးပါ။ ကြီးမောင်တစ်ယောက် ရပ်ကွက်ထဲမှာ၊ မမ္ဘာရုံမှာ လုပ်ကိုင် နေတာ တွေမြင်တော့ ခင်မင်မိရာ က ခမျာ စိတ်ရင်းဖြင့် ကောင်းရှာ တယ်၊ အမှား,အမှန်လေး မဝေ ဖန်တတ်၊ မပိုင်းခြားတတ်တာ ခက် တယ် ဆိုပြီး အနီးကပ်စောင့်ရှောက် ရတာပါ။ ကြီးမောင်မှာ လိုတာတစ်ခုက တော့ ဆုံးမပဲ့ပြင်ဖို့လိုနေပါတယ်။ ဦးလှ သောင်တို့ရပ်ကွက်က အများနဲ့ဆိုင်တဲ့ အလုပ်တွေဆိုရင် မမ္ဘာရုံကနေ ဦးတည် ဆောင်ရွက်တတ်ကြပါတယ်။

ကြည့်ပါလား၊ တစ်လောက မန္တ လေးမှာ မီးလောင်တော့ မီးဘေးဒုက္ခ သည်တွေကို တတ်နိုင်သမျှ ကူညီစောင့် ရှောက်ကြဖို့ ကြီးမောင်တို့မြို့ စီစဉ်ကြ တယ်။ ကြီးမောင်တို့ရပ်ကွက်ကလူတွေ ကလည်း မီးဘေးဒုက္ခသည်တွေကို လူ အား၊ ငွေအား၊ ပစ္စည်းအားနဲ့ တတ်နိုင် သမျှ ကူညီကြပါရောလား။ အဲဒီတုန်း က ကြီးမောင်တို့ မမ္ဘာရုံထဲမှာ ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

ထဲကလူတွေ လျှုဒါန်းထားတဲ့ စောင်၊ ခြင်ထောင်၊ အဝတ်အထည်တွေ၊ စားအိုးစားခွက်တွေမှ တောင်ပံ့ယာပံ့ကိုလျှုကြတာပါ။ အဲဒါတွေ ညအချိန်စောင့်ကြည့်ကြဖို့ကျတော့ ဦးလှသောင်တို့က ကြီးမောင်နဲ့ လူငယ်တစ်စုကို အကူအညီတောင်း တာဝန်ပေးရပါတယ်။ ဒီကောင်တွေကလည်း အားတက်သရော ကူညီကြပါတယ်။

နောက်တစ်နေ့ ဦးလှသောင် မမှာရုံရောက်တော့ ကြီးမောင်ကို အဝါရောင်တောက်တောက် အကျႌတစ်ထည်ဝတ်ထားတာ ထူးထူးဆန်းဆန်း တွေ့လိုက်ရပါတယ်။ ဒီကောင် အဝတ်အစားနဲ့ပတ်သက်လာရင် ဒါဝတ်ဘိုင်မို့ တခြားလူတွေမေးကြည့်တော့ ဒီကောင် မီးဘေးဒုက္ခသည်တွေအတွက် လှူတဲ့အထဲက အကျႌတစ်ထည်ကို ကောက်ဝတ်ထားတာလို့ သိရပါတယ်။ ဒီကောင် ကြီးမောင် ဆိုတဲ့ကောင် မလုပ်သင့်တာလုပ်တာ။ ဟိုစေတနာရှင်က ဒုက္ခသည်ကို စေတနာသန့်သန့်နဲ့ လှူတဲ့ဟာကို ဒီကောင်က ဘာလို့ ယူဝတ်ရတာလဲ။ မလုပ်ကောင်းတဲ့ဟာကိုလို့ ဦးလှသောင်က ကြီးမောင်ကို တိတ်တိတ် ဆုံးမပါတယ်။

"အဘရယ်၊ ကျုပ် ကြိုက်လို့ပါဗျာ။ ဘယ်သူမှသိမှာမဟုတ်ပါဘူး။ နောက်ပြီး အကျႌတွေ၊ ဘောင်းဘီတွေ ဆိုတာ အများကြီးပါ။ တစ်ထည်လောက်နဲ့တော့ သိတန်လောက်ပါဘူး၊ အများကြီးဥစ္စာကို ကြည့်ပါဦး"

ဦးလှသောင်က ကြီးမောင် နားလည်အောင် ပြောပြဆုံးမပေမယ့် ကြီးမောင်ကတော့ အဲဒီ အဝါရောင်အကျႌလေးကို ယူဝတ်ပြန်တော့တာပါပဲ။ ရပ်ကွက်ကိုယ့်ကြည်လို့လှူတာ၊ အလှူရှင်ပြန်သိရင်လည်းမကောင်းဘူး။ ဒါမလုပ်ကောင်းတာ၊ မယူကောင်းတာကို ဒီကောင်လေး ကြီးမောင် သိအောင် ဘယ်လို ဥပမာ ဥပမေယျတွေ၊ ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ပြောရရင် ကောင်းလေမလဲ။ ဒီအတောအတွင်း ဦးလှသောင်ဖတ်တဲ့ သူရဋ္ဌမဂ္ဂဇင်းတို့၊ သိဒ္ဓိမိုးမဂ္ဂဇင်းတို့ထဲက ဒီလိုအကြောင်းအရာဆင်တဲ့ ဇာတ်လမ်းလေးများ ဖတ်မိလိုဖတ်မိငြားရှာပေမယ့် မတွေ့မိပါဘူး။ မပါတာလား၊ ဦးလှသောင်ပဲ မဖတ်မိတာလား မသိပါဘူး။ ဒီလိုနဲ့ ကြာလာတော့ သွေးအေးပြီး မေ့သွားပါရောလား။

နောက်တစ်ခါ ရေဘေးဒုက္ခသည်တွေအတွက်လားပဲ။ ရပ်ကွက်ထဲမှာ ထမင်းထုပ်တွေဆင့်တော့ ရပ်ကွက်ထဲကလူတွေလည်း ကိုယ်ချင်းစာပြီး ကိုယ်စားမယ့်အထဲက ဖဲ့ပြီးမှကို ထမင်းထုပ်တွေလှူကြပါတယ်။ ပြောရရင် အဲဒီညနေကထမင်းထုပ်တွေဆင့်တာနောက်ကျတော့ တချို့ အလုပ်ပြန် နောက်ကျတဲ့လူတွေဆို ထမင်းထုပ်ထဲမှာ ဟင်းကောင်းကြွေးကောင်းတွေ မထည့်နိုင်ပါဘူး။ ကြက်ဥကြော် ဖြစ်ဖြစ်၊ မုန်ညင်းချဉ် ဖြစ်ဖြစ်၊ ဆီတိုဟူးလား၊ ငါးပိ, ငါးခြောက်ဖုတ်လား ထည့်ကြတယ်။ ဒါက အများစုပါ။ ငွေကြေးချမ်းသာတဲ့ အိမ်တွေကတော့ တရုတ်ဆိုင်တွေက အကြော်အလှော်တွေ တစ်ပွဲဝယ်၊ ထမင်းထုပ်ထဲထည့်လှူကြတယ်။ ဒါက တစ်မျိုးရှိသေးတယ်။ တချို့အိမ်တွေကျတော့ ထမင်းပဲထုပ်ပြီး ဟင်းအစား ငွေ (၅၀၀)မျိုး၊ (၁၀၀၀) မျိုးကို သတ်သတ် ပလတ်စတစ်အိတ်လေးနဲ့ ထည့်လှူတဲ့ ထမင်းထုပ်တွေလည်း ရှိတယ်။ ဒီအကြောင်းတွေကို ကြီးမောင်နဲ့အတူ တွဲကျတဲ့ကောင်လေးက နောင်မှာပြန်ပြောပြလို့သိရတာပါ။

ဦးလှသောင်က သိတော့ ကြီးမောင်ကိုခေါ် ဆူပြီးမှ နောင်ဒါမျိုးမလုပ်ဖို့ ပုံပြင် ဇာတကပြောပြပြီးမှ ဆုံးမရပြန်ပါတယ်။ ဒီတစ်ခါ ဦးလှမောင် ပြောပြဆုံးမတာက 'မင်းကုသ' အကြောင်းပါ။ သူ့မျက်နှာမှာကတော့ ကျောက်ပေါက်မာတွေ ဗရဗျစ်နဲ့ တယ်ရုပ်ဆိုးလှသူလို့ ဆိုပါတယ်။ အရင်းစစ်လိုက်တော့ မင်းကုသ ဒီဘဝ၊ ဒီလို ကျောက်ပေါက်မာ ဖြစ်ရတာဟာ အရင်ဘဝက ရဟန်းကိုလှူမယ့် မုန့်ပျားသလက်ထဲက ပဲစေ့တွေကို အရင်ထွင်ယူပြီးမှ စားလိုက်လို့ဆိုပါတယ်။ လှူတဲ့အကျိုးကြောင့် ဒီဘဝ ချမ်းသာရပေမယ့် ပဲစေ့တွေယူစားတဲ့ အပြစ်ကြောင့် ကျောက်ပေါက်မာတွေ ဖြစ်ရတာပါ။

အကြောင်း ရှိပါတယ်။ ဦးလှသောင် ဒီပုံပြင်ကို ကြီးမောင်တို့ကိုပြောပြရတာတော့ ဒီကောင်တွေ အလှူထမင်းထုပ်တွေကို ဖြေဖြေကြည့်ကြပြီးမှ ဟင်းကောင်းပါလာရင် နှိုက်စားကြတယ် ကြားရလို့ပါ။ တယ်ခက်တဲ့ကလေးတွေပါလား။ ကေန္တ ဒီလိုလုပ်တဲ့အထဲမှာ ကြီးမောင်က ခေါင်းဆောင်နေမှာရယ်၊ ကြီးမောင် မလုပ်ရင် ကျန်တဲ့ကလေးတွေက လုပ်ရဲ စားရဲကြမှာ မဟုတ်ဘူးရယ်၊ လှူတဲ့လူက စေတနာနဲ့လှူတဲ့ဟင်းဖိုးထည့်ပေးတဲ့ ပိုက်ဆံတွေရော၊ ဒီကလေးတွေ ယူများယူကြသေးသလားပဲ။ ဘုရား. . . ဘုရား။ ဦးလှသောင် စဉ်းစားမိတော့ ရင်လေးရတယ်။ အပြုက်အပြုက်နဲ့ နှာခေါင်းသွေးထွက်မှာ စိုးရတယ်။ ဦးလှသောင်ကတော့ သက်ပြင်းတွေအခါခါချ၊ ခေါင်းတွေ တဖြင်းဖြင်းကုတ်ရင်းက ဒီကလေးကို ဘယ်လိုဆုံးမရပါ့မလဲ။ ထိထိရောက်ရောက်ကလေးပြောပြမှတော်ရော့မယ်လို့ တွေးမိပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ ဒီကလေး မမှာရုံအတွက်အောက်ခြေသိမ်းလုပ်ပေးလို့ ခင်မင်မိတာလွဲပြီး ကိုယ့်တူ၊ ကိုယ့်မြေး မဟုတ်တော့လည်း အကြောင်းတိုက်ဆိုင်မှပဲ ပြောဆိုဆုံးမဖြစ်တာပါ။

ဒီလိုနဲ့လုပ်ရင်းကိုင်ရင်းကပဲ တစ်ခါမတော့ မိဘမဲ့ကလေးတွေအတွက် အလှူအတန်းကိစ္စ ရပ်ကွက်ထဲမှာ ပေါ်လာပါရောလား။ ဘဝအကြောင်းကြောင်းကြောင့် မိဘမဲ့များ၊ ခိုကိုးရာမဲ့ဖြစ်နေတဲ့ကလေးတွေကို မြို့နယ်က အလှူအတန်းလုပ်ကြမည်၊ ကူညီထောက်ပံ့ကြမည် ဆိုတော့ ထုံးစံအတိုင်း ဦးလှသောင်တို့၊ ကြီးမောင်တို့ရပ်ကွက်လည်း ရောက်လာပါတယ်။ ကြီးမောင်တို့ရပ်ကွက်ဟာ လက်လုပ်လက်စား၊ ဆင်းရဲသားတွေ၊ ဈေးသည်တွေ၊ ဝန်ထမ်းတွေ အနေများတယ် ဆိုပေမယ့် အို- သားသမီးချင်းကိုယ်ချင်းစာလိုက်ကြပုံက အဲဒီ မိဘမဲ့ကလေးတွေအတွက်တဲ့။ အဝတ်အစား၊ ကျောင်းစိမ်းအထည် အသစ်အဟောင်း၊ ပုံနှိပ်စာအုပ်အဟောင်းထီးတွေ, မိုးကာတွေ၊ တချို့ ငွေကြေးတတ်နိုင်တဲ့သူတွေကတော့ အသစ်တွေဝယ်ပေးကြတာပေါ့။ မိဘမဲ့ကလေးတွေဆိုတာ စာသင်သားကလေးအရွယ်လေးတွေဆိုတော့ ကွန်ပါဘူး၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘော(လ်)ပင်၊ ပေတံတွေ စိတ်ကူးတည့်ရာ ဝယ်လှူကြပါတယ်။ ဗလာစာအုပ်တွေလှူတာများ ဒါဇင်လိုက်၊ အထုပ်တွေကို မနည်းပါဘူး။

ခက်လိုက်ပုံများ၊ ပစ္စည်းတွေစောင့်ရင်းက ယူတတ်တဲ့ 'ဇ' လေးရှိတဲ့ ကြီးမောင်တစ်ယောက် မလုပ်ကောင်းတာလုပ်ပုံက အဲဒီ မိဘမဲ့ကလေးတွေအတွက်လှူတဲ့ ဗလာစာအုပ်တွေထဲက တစ်ဒါဇင်ကို ယူထား၊ ချန်ထားပြီး၊ မမှာရုံတစ်နေရာမှာထားခဲ့ပြီးမှ ကျန်တဲ့ပစ္စည်းတွေကိုပဲ မြို့နယ်ရဲ့စုရပ်ဆီ သွားပို့ပေးတာတဲ့။ ဒါကလည်း ဦးလှသောင် နောင်မှ ပြန်ကြားတာပါ။ ဒီကလေး တတ်



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးများနှင့် ယောနိ၌ဖြစ်ပွားသော ကြွက်နို့ရောဂါ

ရီရီဌေး

အမျိုးသမီးများ၏ယောနိ (မိန်းမကိုယ်) ၌ ဖြစ်ပွားသောရောဂါများအနက် ဒုတိယအဖြစ်အများဆုံးရောဂါမှာ ယောနိ၌ဖြစ်သော ကြွက်နို့ရောဂါ ဖြစ်ပါသည်။ ထိုရောဂါသည် လိင်မှုတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်ပြီး Human Papilloma Virus=HPV ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်ပွားခြင်း ဖြစ်သည်။ ၎င်းရောဂါသည် အမျိုးသမီးထု၏(၄)ရာခိုင်နှုန်းမျှ ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးများတွင်ဖြစ်ပွားပြီး အထူးသဖြင့် ယောနိကိုမသန့်စင်သည့် အမျိုးသမီးများနှင့်ရောဂါရှိနေသောယောကျ်ားနှင့်ဆက်ဆံမိသည့် အမျိုးသမီးများတွင် အများဆုံး ဖြစ်ပွားတတ်ပါသည်။

HPV ဗိုင်းရပ်(စ်)ရောဂါပိုး အမျိုးပေါင်း (၁၀၀) ကျော် ရှိသည့်အနက် HPV Type 6 နှင့် 11 ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရှိရပါသည်။ သားအိမ်ခေါင်းကင်ဆာသည်လည်း ထိုဗိုင်းရပ်(စ်)ပိုးဖြစ်သော HPV Type 16 နှင့် HPV Type 18 ကြောင့် ဖြစ်ပွားပါသည်။

**ကြွက်နို့ဖြစ်ပွားသောနေရာများနှင့် ကြွက်နို့၏ပုံသဏ္ဌာန်**

ကြွက်နို့ဖြစ်ပွားရာနေရာမှာ အမျိုးသမီးတို့၏ ယောနိအတွင်းပိုင်းနှင့် အပြင်ပိုင်းနေရာများတွင် ဖြစ်ပွားတတ်ခြင်း၊ သားအိမ်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပွားတတ်ခြင်း။

ကြွက်နို့၏ပုံသဏ္ဌာန်မှာ အနီ သို့မဟုတ် ပန်းရောင်၊ အညိုရောင်ရှိပြီး အဆုပ်လိုက် ပန်းဂေါ်ဖီပုံသဏ္ဌာန်ကဲ့သို့လည်းကောင်း၊ အထပ်များစွာရှိသော မှို့ပွင့်များကဲ့သို့လည်းကောင်း ရှိသည်။

စတင်ဖြစ်ပေါ်ချိန်တွင် အနည်းဆုံး (၂) မီလီမီတာ အချင်း ရှိသည်။



ကောင်းမစည်ရာ ကြုံပြန်ပါပြီ။ ဘာလုပ်ဦးမလို့ပါလိမ့်မယ်။ ဟိုက မိဘမဲ့ကလေးတွေဆိုတာ ခိုကိုးရာမဲ့ အားငယ်နေကြရတဲ့အထဲ။ ဒီတစ်ခါလုပ်ရပ်ကတော့ ရပ်ကွက်ထဲမှာ အဆိုးဆုံးလို့ဆိုရမှာပေါ့။ ကြီးမောင်ဆိုတဲ့ကောင် အဲဒီ ဗလာစာအုပ်တစ်ဒါဇင်ကို တမင်ချန်ထားပြီးမှ မြို့ထဲက စာအုပ်ဆိုင်တစ်ဆိုင်မှာ ပြန်သွင်း ရောင်းစားလိုက်တယ်ဆိုပဲ။

ဦးလှသောင်က ဒီတစ်ခါတော့ဖြင့် ဒီကောင့်ကို အထိရောက်ဆုံး ဆုံးမဦးမှတော်တော့မှာပါလို့ အမျိုးမျိုးစဉ်းစားနေတုန်း ကြီးမောင်တစ်ယောက် သူ့အထိုလို အသိဝင်စရာ ကြုံခဲ့ရလို့ပါပဲ။ တခြားမဟုတ်ပါဘူး။ မိစုံ, ဖစုံ၊ ညီအစ်ကိုမောင်နှမတွေနဲ့ တပျော်တပါးနေခဲ့ရတဲ့ ကြီးမောင်ဟာ တစ်ပတ်အတွင်းမှာပဲ မိဘမဲ့ဘဝကို ချက်ချင်းလက်ငင်း ကျရောက်ခဲ့ရလို့ပါပဲ။ အမေက အရင်ဆုံးပြီး ရက်မလည်ရခင် သူ့အဖေကြီးပါ ဆုံးသွားရလို့ပါပဲ။ ကြီးမောင်အကြောင်းသိတဲ့ အဖော်တွေကတော့ လန့်ဖျတ်လန့်ကုန်ကြပါတယ်။

ဦးလှသောင်က ကြီးမောင်ကို မဆုံးမရက်တော့ဘူး။ ဒီကောင် အချိုးတွေပြောင်းတန်ကောင်းပါပြီ။ ကိုယ်တွေ့ကြုံမှ နောင်တရတယ်ဆိုတာ ကြီးမောင်ကို ရည်ရွယ်ရေးသလားမှ မသိတဲ့ဟာပဲ။ 'အလှူရေစက် လက်နဲ့မကွာ၊ တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ဆိုသလိုပါပဲ။ လူအများကတော့ အလှူအတန်းတွေမှာ အတော်လေးကို ဝါသနာထုံကြပုံရပါတယ်။ ဒီတစ်ခါကတော့ ဘိုးဘွားရိပ်သာအတွက်အလှူပါ။ ဒီတစ်ခါလည်း ငွေအား၊ အဝတ်အစား၊ ဆေးဝါး၊ စာအုပ် တတ်နိုင်သမျှလှူကြတန်းကြပါတယ်။ ခါတိုင်းလိုပဲ ကြီးမောင်တို့တစ်တွေလည်း ပစ္စည်းတွေလက်ခံ၊ စာရင်းတွေလုပ်၊ တူရာတူရာစု၊ ပစ္စည်းအမျိုးအစားလိုက် ပုံထားကြပါတယ်။ တစ်နေ့ နေ့ခင်း ဘာရယ်မဟုတ် ဦးလှသောင်တစ်ယောက် ဓမ္မာရုံရောက်သွားတော့ ကြီးမောင်ကြီးကို စ,ချင်တာနဲ့-

"ဟာ- ဘိုးဘွားရိပ်သာအတွက် လှူကြတဲ့အထဲမှာ ဆေးဝါးတွေလည်း ပါတာပဲ။ဟေ့ကောင်-ကြီးမောင်၊ ပရုတ်ဆီတစ်ဘူးလောက် ယူထားလိုက်ပါလားကွ။ အများကြီးဥစ္စာ၊ ဘယ်သူမှ မသိပါဘူး"

"ဟာ - ဘကြီးသောင်ကလည်း၊ ကျုပ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဘိုးဘွားရိပ်သာသွားရအောင် လုပ်နေပြန်ပါပြီ။ ကြောက်ပါတယ်၊ မယူချင်ပါဘူး"

ကြီးမောင်ရဲ့ပါးစပ်က ဗလုံးဗထွေးအသံတွေကြားလို့ ဓမ္မာရုံထဲကလူတွေ ရယ်လိုက်ကြတာများ အုန်းထလို့နေပါတော့တယ်။ ဦးလှသောင်ကြီးရဲ့မျက်နှာဆိုတာလည်း ကြည်နူးပြီး ပြုံးချိုလို့ပါ။

မောင်သင်းထုံ(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

ထိုမှ တဖြည်းဖြည်း ကြီးထွားလာပြီး အစုလိုက်အပြုံလိုက် ထွက်လာပါသည်။

**ပြန့်ပွားကြီးထွားသောအကြောင်းရင်းများ**

အမျိုးသမီးယောနိမှ ထွက်သောအရည်ကြောင့် လည်းကောင်း၊ စိုစွတ်ခြင်းနှင့် ရေငွေ့ဓာတ်ရှိခြင်းကြောင့်လည်းကောင်း ကြွက်နို့ကြီးထွားခြင်းကို ဖြစ်စေပါသည်။ ထိုသို့ ကြွက်နို့ကြီးထွားလာသည်နှင့်အမျှ မိန်းမကိုယ်ယားယံခြင်း၊ ပူလောင်စပ်ဖျဉ်းသောဝေဒနာကိုခံစားရခြင်း၊ လိင်ဆက်ဆံစဉ်၌ ရောဂါနုစဉ် အနည်းငယ်နာကျင်ခြင်း၊ ရောဂါရင့်လာပါက လိင်ဆက်ဆံစဉ် အလွန်အမင်း နာကျင်တတ်ခြင်း၊ အချို့သောအမျိုးသမီးများတွင် နာကျင်မှုနှင့်အတူသွေးဆင်းခြင်း၊ ထိုသို့သော အခြေအနေမျိုးဖြစ်ပေါ်လာပါက မိမိ၌အန္တရာယ်ဖြစ်စေနိုင်သောကြွက်နို့ ဖြစ်နိုင်သဖြင့် လိုအပ်သောစစ်ဆေးခြင်းကို ပြုလုပ်ရပေမည်။

**ရောဂါဖြစ်ပွားရသောအကြောင်းရင်းများ**

ဤရောဂါမှာ အများအားဖြင့် အိမ်ထောင်ရှင်အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိပြီး မသန့်ရှင်းသောလိင်ဆက်ဆံမှုကြောင့် ကူးစက်ခြင်း ဖြစ်ပါသည်။ စတင်ဖြစ်ပွားချိန်တွင် အလွန်သေးငယ်သော ဂေါ်ဖီပန်းပုံသဏ္ဍာန်ရှိပြီး (၂) မီလီမီတာအချင်း ရှိပါသည်။

ထိုမှ တဖြည်းဖြည်း ကြီးထွားလာပြီး ယောနိနှင့်အနီးတစ်ဝိုက် သားအိမ်၊ သားအိမ်လည်တံနှင့် စအိုအနီးတစ်ဝိုက်သို့ ပျံ့နှံ့သွားပါသည်။

ကိုယ်ဝန်ဆောင်များတွင် ယောနိနှင့် သားအိမ်လည်တံတို့တွင် ကြွက်နို့ရောဂါရှိပါက ကလေးမွေးသောအခါမွေးလမ်းကြောင်းမှ ရောဂါပိုးဝင်ကာ ကူးစက်နိုင်ပါသည်။ ကလေးငယ်များသည် လသားအရွယ်လောက်တွင် လည်ချောင်း၌ ထိုဗိုင်းရပ်(စ်)ကူးစက်သည့် ရောဂါ ရနိုင်ပါသည်။

ထို့အပြင် သန္ဓေတားဆေးများကို ကာလရှည်ကြာစွာ သုံးစွဲသူများ၊ စိတ်ဖိစီးမှုများခံရသူများ၊ ဆေးလိပ်သောက်သုံးသူများ၊ အရက်သေစာသောက်စားသူများ၊ သန္ဓေတားဆေးစားသုံးရာတွင် ဓာတ်မတည့်သူများ၊ အဆိုပါအမျိုးသမီးများ၌လည်း ကြွက်နို့ဖြစ်ပွားစေရန် အခွင့်အရေး ပါရှိသည်။ အထက်ပါအကြောင်းအချက်များသည် ခန္ဓာကိုယ်၏ခုခံကာကွယ်မှုစွမ်းအားကို လျော့နည်းစေသဖြင့် ဗိုင်းရပ်(စ်)ရောဂါပိုးများ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။

ထို့အပြင် တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းပါးသူများတွင် ရောဂါပိုးအလွယ်တကူဝင်ရောက်နိုင်ပါသည်။ ထိုပိုးသည် ယောနိအတွင်းသို့ ဝင်ရောက်ပြီး ၎င်းဧရိယာအတွင်း၌ တဖြည်းဖြည်း ဖွံ့ဖြိုးကြီးထွားလာပါသည်။ သို့သော်လည်း ထိုရောဂါသည် ရောဂါပိုးဝင်ရောက်ပြီး တစ်ပတ်ခန့်အတွင်း၌ ရောဂါလက္ခဏာမပေါ်ပေ။ လအတန်ကြာမှ ရောဂါလက္ခဏာအဖြစ် အလွန်သေးသော အဖုကလေး စတင်ပေါ်လာပါသည်။ ထိုအခြေအနေကို ဂရုတစိုက်ကုသပါက လျင်မြန်စွာ ပျောက်ကင်းနိုင်ပါသည်။ ထိုအဆင့်မှာ အစောဆုံးအဆင့် ဖြစ်ပါသည်။ စောစီးစွာကုသခြင်းဖြင့် အန္တရာယ်ဖြစ်ခြင်းကို တားဆီးနိုင်ပေမည်။

**သတိထားရမည့်အချက်များ**

ယောနိတွင်ဖြစ်ပွားသော ကြွက်နို့သည် HPV 6 နှင့် HPV 11 စသော ဗိုင်းရပ်(စ်)နှစ်မျိုးကြောင့် ဖြစ်ပွားသော်လည်း HPV Type 6 မှာ အန္တရာယ်များစွာပြင်းထန်ခြင်းမရှိပါ။ ကင်ဆာရောဂါဖြစ်ရန် အခွင့်အရေးနည်းပါသည်။ သို့သော် HPV Type 11 မှာမူကား အန္တရာယ်ရှိသော ဗိုင်းရပ်(စ်)အမျိုးအစား ဖြစ်ပါသည်။

ဗိုင်းရပ်(စ်) အမျိုးအစား HPV Type 11 ရောဂါပိုးဝင်ရောက်ကာ ကြွက်နို့ရောဂါခံစားရသော ရောဂါရှင်များ၏ (၅၀)ရာခိုင်နှုန်းမှာ ထိုဗိုင်းရပ်(စ်)ကြောင့် တဖြည်းဖြည်း ကင်ဆာဆဲ(လ်)အသွင်ကူးပြောင်းကာ သားအိမ်လည်တံတွင် ကင်ဆာရောဂါ ဖြစ်ပွားစေပါသည်။

ထို့အတူပင် HPV Type 16,18,31 တို့သည်လည်း အန္တရာယ်ကြီးသောအမျိုးအစား ဖြစ်သည်။ ထိုရောဂါဖြစ်ပွားပါက အိမ်ထောင်ရှင် အမျိုးသမီးများသည် လိင်ဆက်ဆံစဉ် နာကျင်မှုရှိခြင်း၊ ကြွက်နို့မှတစ်ဆင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြင်း၊ မွေးလာသည့်ကလေးငယ်များတွင် လည်ချောင်း၌ ရောဂါပိုးပါလာနိုင်ခြင်း။

အထက်ပါအကြောင်းများကြောင့် ကြွက်နို့ရောဂါ မဖြစ်ပွားအောင် လိင်ဆက်ဆံရာတွင် ကွန်ဒုံးကိုအသုံးပြုခြင်းဖြင့် မဖြစ်မီ ကြိုတင် ကာကွယ်နိုင်ပါသည်။

အကယ်၍ အမျိုးသမီးကလေးများတွင် ကြွက်နို့ရောဂါပေါ်ပေါက်နေလျှင်သော်လည်းကောင်း၊ ကြွက်နို့နှင့်ပတ်သက်ပြီး သံသယရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ပြသကာ ကုသမှုခံယူသင့်ပါသည်။ ထိုအခါ ဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးပြီး ကြွက်နို့ရောဂါခံစားရသည်မှာ အမှန်တကယ်ဖြစ်ပါက အောက်ပါကုသချက်များဖြင့် ကုသပေးပါသည်။

**ကြွက်နို့ရောဂါရှင်များအတွက် ကုသချက်**

ကြွက်နို့ရောဂါရှင်များကို စမ်းသပ်မှုအရ တွေ့ရှိရသော ရောဂါအခြေအနေအလိုက် ခရိုင်အိုဆာဂျရီ (Cryosurgery) ခေါ် အလွန်အေးသော နိုက်ထရိုဂျင်အရည်နှင့်တို့ပေးသောနည်း၊ လျှပ်စစ်ဆာဂျရီ (Electrosurgery) ခေါ် ထုံဆေးတင်ပြီး ကြွက်နို့ကို စက်ဖြင့်မီးရှို့ခြင်း၊ လေဆာပစ်၍ကုသခြင်း (Laser Surgery) ခေါ် လေဆာဖြင့်ကုသနည်း၊ အပြင်ရှိ ကြွက်နို့များအတွက် ထုံဆေးပေးပြီး အလုံးလိုက်ခွဲထုတ်နည်းတို့ဖြင့် ကုသပေးပါသည်။

ယောနိ၌ဖြစ်ပွားတတ်သောကြွက်နို့ကို အမျိုးသမီးများအနေဖြင့် ပြသရန် ရှက်ကြောက်ခြင်း၊ ဆေးမြီးတိုများနှင့် ကုသခြင်းကြောင့် စဖြစ်လျှင်ဖြစ်ချင်း ပြသသည့်လူနာထက် ရောဂါအခြေအနေဆိုးဝါးမှ ရောက်လာသည့်လူနာကများပြားပါသည်။ ဤသို့ ရောဂါအခြေအနေဆိုးဝါးမှ ရောက်ရှိလာခြင်းသည် လူနာအတွက် အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်ပေသည်။ ရိုးရိုးကြွက်နို့ဖြစ်လျှင်ပင် လူနာအတွက် အနေရအထိုင်ရ ခက်ခဲပေမည်။ ထိုကြွက်နို့သည် ရိုးရိုးကြွက်နို့မဟုတ်ဘဲ ကင်ဆာရောဂါအသွင်သို့ ကူးပြောင်းတတ်သည့်ကြွက်နို့ဖြစ်ပါက လူနာအတွက် စိုးရိမ်စရာအခြေအနေနှင့် ရင်ဆိုင်ရတတ်ပါသည်။

သို့ပါ၍ ရောဂါစတင်ပြီ ဆိုသည်နှင့် ရှက်ကြောက်ခြင်း၊ ဆေးမြီးတိုနှင့်ကုသခြင်းမပြုဘဲ သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် ဆောလျင်စွာ ပြသရန် တိုက်တွန်းလိုက်ရပါသည်။

ခိုခိုဌေး

*Ref; What are Genital Warts?*
*from. Internet.*



www.burmeseclassic.com

www.burmeseclassic.com

# လွန်စွာအစွမ်းထက်သောဆီမန်း

## ပညာကျော်

ပြီးခဲ့သော ဝါဆိုလဆန်းရက် ဖြစ်ပါသည်။ ကျွန်ုပ်၏တပည့် မောင်မောင်စိုး ကျွန်ုပ်ထံ ရောက်ရှိလာပါသည်။ သူ ရောက်ခြင်း၏အဓိကကိစ္စမှာ ကျွန်ုပ်ထံမှာ 'ဆီမန်း' ရလိုသောကြောင့် ဖြစ်သည်။ ဆီမန်းတောင်းခံရာတွင် အဓိကထိအပ်သော နှမ်းနက်ဆီကို ရေသန့်ဘူးကြီးတစ်ဘူးဖြင့်ထည့်ပြီး ယူဆောင်လာပါသည်။

'ဆရာ့ဆီကို ဆီမန်းတောင်းရအောင်လာခဲ့တာပါ။ ဆီမန်းအတွက် ဆရာလမ်းညွှန်ထားသည့်အတိုင်း နှမ်းနက်ဆီလည်း ယူလာခဲ့ပါတယ်။

နောက်တစ်ခါတည်း ဆရာပြောထားခဲ့သည့်အတိုင်း ဆီမန်းဂါထာတော်ကိုလည်း ချီးမြှင့်ပါ'

ဟု တောင်းခံပါတော့သည်။

"အေး အေး- ဆရာပေးထားခဲ့တဲ့ကတိစကားအတိုင်း ဆီမန်းဂါထာကို ဆရာပေးလိုက်ပါ့မယ်။ ဆီမန်းဂါထာကို ဘယ်နည်းဘယ်ပုံရခဲ့တယ်ဆိုတာကိုပါ မောင်စိုးလည်း သိသင့် သိထိုက်တာမို့ ဆရာ တစ်ခါတည်း ပြောပြပါ့မယ်။ သေသေချာချာ မှတ်သားနားထောင်ပါ"

ဟု ကျွန်ုပ်က ပြောပြလိုက်ပါသည်။

ဆီမန်းဂါထာတော်ကို ရရှိခဲ့ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်ကာလက ဖြစ်ပါသည်။ ကျွန်ုပ်သည် ဌာနတာဝန်ဖြင့် ခရီးထွက်ခဲ့ရာ ဆောင်ရွက်ရန်ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ပြီး ကျွန်ုပ်နှင့်နှစ်ပေါင်းအတော်ကြာအောင် ကွဲကွာနေခဲ့သော မိတ်ဆွေထံ လမ်းကြုံနေသဖြင့် ဝင်ရောက်တွေ့ဆုံခဲ့ပါသည်။

ထိုကဲ့သို့ ဝင်ရောက်ခဲ့ရခြင်းမှာ ကျွန်ုပ်၏မိတ်ဆွေကို တွေ့လိုသည်က တစ်ကြောင်းဖြစ်ပြီး နောက်တစ်ခုကမူ လူသူလေးပါးအသိမခံဘဲ တစ်ပါးတည်း တရားအားထုတ်နေသော ဆရာတော်တစ်ပါးကို ဖူးမြော်လိုခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏အကူအညီဖြင့် ဆရာတော်ကို ခြေစုံဦးတိုက် ဖူးမြော်ခွင့်ရခဲ့ပါသည်။

ကျွန်ုပ်သွားလို၊ ဖူးမြော်လိုသော ဆန္ဒပြင်းပြရခြင်းမှာ ရိုးသားစွာ ဝန်ခံရလျှင် ဆရာတော်သည် အနီးအနားမှာရှိနေကြသော ဂေါစကံရွာများမှ ဒါယကာ၊ ဒါယိကာမများတို့အတွက် ကျန်းမာရေးနှင့်ပတ်သက်၍ ချီးမြှင့်ပြီး ကယ်မ,ကြောင်း သတင်းစကား တိုးတိုးတိတ်တိတ် ကြားထားရသဖြင့် ဖူးမြော်လိုခြင်း ဖြစ်ပါသည်။

ဆရာတော်၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အထူးပူဇော်ခွင့် ရခဲ့ပါသည်။ တပည့်လိမ္မာ ဆရာအာပတ်လွတ် ဆိုစကားအတိုင်း (ကျွန်ုပ်မှာ ဆရာတော်မှ ယခု ကျွန်ုပ်၏တပည့် မောင်မောင်စိုးကို ပေးမည့် ဆီမန်းဂါထာကို ချီးမြှင့်လိုက်ပါသည်။ စာရေးသူ) ကျွန်ုပ်အား ဆရာတော်မှ ဆီမန်းဂါထာကို ချီးမြှင့်ပေးလိုက်ပါသည်။

ထိုဆီမန်းဂါထာကို (၃၇) အုပ်မန်း၍ ပြီးသောအခါ အသုံးပြုနိုင်ပါသည်။ ဆီမန်း၏အစွမ်းသတ္တိတို့မှာမူ-

- အရိုးကျိုး
- အရိုးအက်
- အဆစ်လွဲ
- အကြောတင်
- အကြောထုံး

တို့ကို ပျောက်ကင်းသည့်အပြင် ငယ်ရွယ်သူ လသားကလေးငယ်များ ချွဲကျပ်ခြင်း၊ ဖျားနာခြင်းတို့ကို လိမ်းပေးရုံဖြင့် သက်သာပျောက်ကင်းကြောင်း မိန့်ကြားလိုက်ပါသည်ဟု ကျွန်ုပ်တပည့် မောင်စိုးအား ပြောပြလိုက်ပါသည်။

နောက် ဆရာတော်ကြီးက ဆက်လက်မိန့်ကြားရာတွင်-

"ဒါယကာကြီးတို့ လူ့ဘောင်လောကမှာ လူသားတွေရဲ့ ကျန်းမာရေးကို နယင်းမျိုးနဲ့ စီမံခန့်ခွဲပြီး ဆေးဝါးတွေ ဖော်စပ်ပြီး ကုသပေးကြတယ် မဟုတ်လား။ ဆေးကျမ်းတွေထဲက 'ဓာန္ဒုတ္တရိ' (ဓန္ဒုတ္တရိ) ဆေးကျမ်းအလိုအရ ဆေးဝါးဖော်စပ်ရာမှာ တစ်နှစ်လုံး လအလိုက်ရှောင်ရန်ရက်များ ပြဋ္ဌာန်းထားတာ ရှိတယ်လေ။ အဲဒီရက်တွေက-

- တန်ခူးလ၊ ကဆုန်လ၊ နတ်တော်လတို့မှာဆိုလျှင် လဆန်းရက်ဖြစ်ဖြစ်၊ လဆုတ်ရက်ပဲဖြစ်ဖြစ် (၇) ရက်နေ့ကို ရှောင်ရန်။
- နယုန်လ၊ ဝါဆိုလဆိုရင် လဆန်းနှင့် လဆုတ်ရက် (၈) ရက်နေ့ကို ရှောင်ရန်။
- ဝါခေါင်လ၊ တော်သလင်းလ၊ ပြာသိုလတို့မှာ လဆန်းနှင့် လဆုတ်ရက်ဖြစ်သော (၉) ရက်နေ့ကို ရှောင်ရန်။
- တန်ဆောင်မုန်းလ၊ တပေါင်းလတို့မှာလည်း လဆန်းနှင့် လဆုတ်ရက် (၁၀) ရက်ကို ရှောင်ရန်။
- သီတင်းကျွတ်လနှင့် တပို့တွဲလတို့မှာလည်း လဆန်းနှင့် လဆုတ်ရက် (၁၁) ရက်ကို ရှောင်ရန်လို့ အဆိုရှိတယ်။ ပြထားတယ်။

ယခု တို့များပေးလိုက်တဲ့ ဆီမန်းဆေးဝါးကတော့ ဆေးကျမ်းတွေအလိုနှင့်ညီဖို့ မလိုဘူး။ ဘာကြောင့်ဆိုရင် 'ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်' ကနေပြီး စီမံတာဖြစ်လို့ပါပဲ။ ဆီမန်းကို စီမံဆောင်ရွက်ပြီးရင် သုံးစွဲတဲ့အခါမှာ သုံးစွဲသူက အမှန်တကယ် သက်ဝင်ယုံကြည်တယ်ဆိုရင် စူးဝင်နေတဲ့ဆူးကို နုတ်ယူလိုက်သလို ဝေဒနာရောဂါ သက်သာပျောက်ကင်းမှာ သေချာပါတယ်"

ဟု မိန့်မှာတော်မူခဲ့ပါတယ်။

ဆီမန်း ဂါထာတော်ကို အောက်တွင် ရေးသားဖော်ပြထားပါသည်။

**လွန်စွာအစွမ်းထက်သော ဝိဇ္ဇာဆီမန်း**

ဉုံ စတုကော ပဇ္ဈော၊
ကော ပဇ္ဈော ဝဟောတိ၊
အဋ္ဌိမိန္ဒ တိဋ္ဌာဟိ။

*(အရိုးကျိုး၊ အရိုးအက်၊ အကြောတင်၊ အကြောလွဲ၊ အဆစ်လွဲ၊ အဆစ်ရောင်၊ ဒဏ်သင့်အရောင်တို့ကို လိမ်းပေးရုံနှင့် ပျောက်၏။ ၃၇ အုပ် မန်းရမည်။)*

ကျွန်ုပ်သည် ဆီမန်းကို စီမံဆောင်ရွက်ရာ တစ်ကြိမ်တည်း (၃၇) အုပ်မန်းပြီး မသုံးပါ။ ဆီမန်းစီမံရာတွင် (၇) ရက်တိုင်အောင် တစ်ကြိမ်လျှင် (၃၇) အုပ်မန်းပါသည်။ ဤသို့ ဆောင်ရွက်စီမံပြီးမှ အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်မှာ ဆရာတော်၏ဆန္ဒအတိုင်း နေရာအရပ် ကျောင်းသခ်မ်းနှင့် ဘွဲ့တော်တို့ကို အတိအကျ မဖော်ပြသည့်အတွက် နားလည်ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျွန်ုပ်၏တပည့် မောင်မောင်စိုးအား ပေးလိုက်သကဲ့သို့ စာချစ်သူမိတ်ဆွေများလည်း နှစ်လိုစွာ သုံးစွဲနိုင်ရန်အတွက် ဒါနမှုတစ်ခုအဖြစ် ရေးသားဖော်ပြပေးလိုက်ရပါတော့သည်။

*ရောဂါကင်းကွာ၍ ကျန်းမာ၊ ချမ်းသာကြပါစေ*

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်မဟာဂန္ဓာရီလမ်းပေါ်ကကြုံခဲ့သမျှ

# ထူးထူးခြားခြား ဆရာတော်နှစ်ပါး

**ဘုန်းခေါင်**

စကြဝဠာနိယာမကြီးသည် သူ၏ တာဝန်အတိုင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုသည့် ကာလသမုတ်ထားပြီး ကာလယန္တရားကြီးလည်မြဲ ဖြစ်ပါသည်။ အမှုမဲ့အမှတ်မဲ့နေခဲ့သောအခါတွင် ထင်ရှားမှုမရှိသော်လည်း အကြောင်းတစ်စုံတစ်ခု ဆုံမိ၊ ကြုံမိသည်နှင့် ဘဝရထားကြီး ဆိုက်နားဖြုတ်သန်းသွားခဲ့ပြီးသော အတိတ်ဘူတာကြီးများ၊ တစ်နည်း တစ်ချိန်က ရိုက်ကူးထားခဲ့သော ပုံရိပ်တို့တထင်ရှားစွာ ပြန်ပေါ်လာမြဲ ဖြစ်ပါတော့သည်။

တစ်နေ့ကပါ။ တိတိကျကျပြောပြရမည်ဆိုလျှင် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့က ဖြစ်သည်။ ထိုနေ့ကိုပင်ရှေးက ဆရာသခင်တို့က မေတ္တာကြီးမားစွာဖြင့် စောင့်ရှောက်ခဲ့ကြခြင်းကို အမှတ်တရဖြစ်စေသောနေ့ရက်အဖြစ် ဂုဏ်ပြု၍ ဆရာသခင်များနေ့ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါသည်။

ထိုနေ့က ကျွန်ုပ်၏တပည့်များတို့ ညီမူစုရုံးပြီး ကျွန်ုပ်ကို ကန်တော့ရန် ရောက်လာခဲ့ကြလေသည်။ တင်ကြိုပြီး အသိပေးထားခြင်းမရှိဘဲ စုပေါင်းရောက်ရှိလာကြသည့်အတွက် ကျွန်ုပ်မှာ ဘာမှ ပြင်ဆင်ရန်အချိန်မရှိသည့်အတွက် အချိုတိုက်ရပါတော့သည်။ အချိုတိုက်ကျွေးသည်ဆိုသဖြင့် အအေးတိုက်ကျွေးခြင်း မဟုတ်ပါ၊ အပူတိုက်ကျွေးခဲ့ခြင်းပါ။

စေတနာထက်သန်သော ကျွန်ုပ်၏ဇနီးသည်နှင့် သမီးများက မန်းကီးအမည်ရှိသော ကော်ဖီမစ်နှင့် လပ်ကီးအမည်ရှိသော ကိတ်ခြောက်များနှင့် တပည့်များကို ဧည့်ဝတ်ကျေပွန်အောင် ဧည့်ဝတ်ပြုစုခဲ့ကြပါသည်။

ကျွန်ုပ်ကို ယခင်နှစ်များက တစ်ဦးချင်း တစ်ယောက်ချင်းစီက မိမိတို့အစီအစဉ်အတိုင်း လာရောက် ကန်တော့ခဲ့ကြရာမှ ယခုနှစ်ကျမှ သူတို့ ဘာရည်ရွယ်မှန်းထားသည် မသိ၊ စုစည်းရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။ ကျွန်ုပ်မှာ တပည့်များ၏ အသိကြီးမှုကို ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။ မူလကပင် ချီးမြှင့်ရန် စီမံထားခဲ့သော မဟာသိဒ္ဓိ သဗ္ဗသုခ ပန်းပေါင်းဆေးတော်ကြီးကို တစ်ယောက်လျှင် တစ်တောင့်ကျစီ ချီးမြှင့်ပေးလိုက်ပါသည်။

စာချစ်သူ ကျွန်ုပ်၏မိတ်ဆွေများ အနေဖြင့် မဟာသိဒ္ဓိ သဗ္ဗသုခ ပန်းပေါင်းစုံဆေးတော်ကြီးကို စုဆောင်းခဲ့ရပုံကို အကျဉ်းမျှ ဖော်ပြပေးလိုက်ပါသည်။ ကျွန်ုပ်အိမ်တွင် နှစ်စဉ်နှစ်တိုင်း မိမိအနေဖြင့် လည်းကောင်း၊ တပည့်များ၏ဒါနမှုဖြင့်လည်းကောင်း၊ တခြားသောသူများ (ကျွန်ုပ်ထံသို့ ဘဝရှေ့ရေး သိလိုရေးကို လာရောက်မေးကြသည့်အခါတွင် ပူဇော်ခွင့်ကြုံရသော အထူးဘုရားကန်တော့ပွဲ) ၏ ကန်တော့ပွဲများ၊ လအလိုက် အထူးလှူဒါန်းပူဇော်သော အာဏာတိက္ကမဘုရားကန်တော့ပွဲတွင် ထည့်၍ လှူဒါန်းရသော ဘယဆေးဖက်ဝင်ပန်းများ၊ အထူးပြု၍ လှူဒါန်းရသော ရာသီပန်း (ရှားပါးသောပန်း) များကို ဆေးတော်ကြီးဖော်မည့်အချိန်အထိ အာဏာတိက္ကမပွဲဖြစ်သော ဘုရားကန်တော့ပွဲကြီးပေါင်း (၉) ပွဲ ကြုံခဲ့ရသည့်ပန်းများ ဖြစ်နေပါတော့သည်။

ကျွန်ုပ်၏တပည့်များကို ဝေငှဒါနချပြီး ဆေးတော်ကြီးကို လက်ဝယ်အပ်နှံပေးလိုက်ပါသည်။ ထိုဆေးတော်ကြီးကို သန့်စင်ထားသောပုလင်းဖြင့် ထည့်ပြီး မြင့်မြတ်သောနေရာ၊ ဘုရားဆောင်၊ ဘုရားခန်းတွင် ထားရှိရမည်ဖြစ်သည်။

ဉာဏ်ကြီးသူများအနေဖြင့် ဆေးတော်ကြီးကိုသောက်ခြင်း ပြုလုပ်နိုင်ပါသည်။ စားသောက်သောသူများ ကံငါးပါးလုံခြုံရန် အထူး လိုအပ်လှပါသည်။ ဆေးတော်ကြီးကို သုံးတတ်လျှင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့တွင် များစွာ အကျိုးပေးသော ဆေးတော်ကြီး ဖြစ်ပါသည်။


ဆေးတော်ကြီး၏အစွမ်းသတ္တိဖြစ်

လုပ်ငန်းပြီးဆုံး၍ စွန့်ပစ်ချိန်တွင် စနစ်တကျ သိမ်းဆည်း စုဆောင်းထားရသောပန်းခြောက်များနှင့်ဆေးတော်ကြီးအတွက် လိုအပ်သောပရဆေးဆိုင်မှ ပန်းများကိုဖြည့်တင်းပြီးမှ ဖော်စပ်ရပါသည်။

**တကယ်ထူးသောပန်းပေါင်း**

ကျွန်ုပ်မှာ မဟာသိဒ္ဓိ သဗ္ဗသုခ ဆေးတော်ကြီးဖော်စပ်ရန်အတွက် စနစ်တကျ သိမ်းဆည်းထားခဲ့သော ပန်းများကို ပြန်လည်၍စိစစ်သန့်စင်ပြီး ချိန်တွယ်လိုက်သောအခါ အံ့ဩဖွယ် (၉) ကျပ်သားအတိကို ရရှိပါတော့သည်။

ကျွန်ုပ်သည် မှတ်တမ်းမှတ်ရာများကို ပြန်လည်ရှာဖွေလိုက်သောအခါတွင်





www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးသိဒ္ဓိကို ကျွန်ုပ်၏တပည့် ကိုယ်တွေ့ကြုံခဲ့ကြဖူးပြီးဖြစ်၍ လွန် ဆော့ရွှင်ကြပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတော့သည်။

ထိုတပေါင်းလပြည့်နေ့က တပည့် ဆုပေး ချီးမြှောက်ခဲ့ပြီးချိန်တွင် တည့်တစ်ယောက်မှ ဆရာ၏ မဟာ လမ်းကြောင်းပေါ်က ထူးခြား(ထူး ခြား) သော ဆရာတော်များအ ကြောင်း ပြောပြရန် တောင်းဆိုလေ၏။ ့်ဝင် ကျွန်ုပ်မှ အောက်ပါအတိုင်း ပြခဲ့ရလေတော့သည်။

**ဗိတ်မှဖြစ်ရပ်ဆန်းများ**

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော် ကာလက ဖြစ်သည်။ ကျွန်ုပ်သည် တက္က သိုလ်ဝင်တန်းရောက်နေချိန်တွင် သမ ထကို အထူး ကြိုးစားနေချိန် ဖြစ်လေ သည်။ နွေရာသီကျောင်းပိတ်ရက်တွင် ကျွန်ုပ်၏ဖခင်မှာ မင်္ဂလာဒုံ စစ်ဆေးရုံ တွင် အမှတ် (၂) နာလန်ထစခန်း၌တက် ရောက်နေချိန် ဖြစ်သည်။ ကျွန်ုပ်မှာ မိမိ နေထိုင်ရာမြို့မှ မိခင်နှင့်ဖခင်တို့ရှိရာ ရန်ကုန်မြို့သို့လိုက်သွားခဲ့သည်။ ကျွန်ုပ် မှာ ဖခင်၏အမေ ကျွန်ုပ်၏ဘွားအေနှင့် နေထိုင်ရသူဖြစ်၍ မိခင်နှင့်ဖခင်တို့ တာ ဝန်ကျရာမြို့ကို သွားခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ်အခါက ကျွန်ုပ်တို့နေခဲ့ရသည့် နေရာမှာ ရန်ကုန်မြို့ ပြည်လမ်းမကြီးနှင့် အလုံလမ်းထောင့် ယာဉ်ထိန်းအဖွဲ့နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။ ကျွန်ုပ်တို့ နေထိုင်ရသောနေရာသည် ပြည်လမ်း ၏အရှေ့ဘက်မှာ ရှိပါသည်။ ယခုတော့ ပြည်သူ့ရင်ပြင်ပန်းခြံကြီး ဖြစ်နေပါပြီ။

အတိတ်ကာလက တည်နေရာ ကို မှတ်မိသမျှပြောပြရလျှင် ကျွန်ုပ်တို့၏ အနောက်မြောက်ဘက်တွင် ဝါဝါဝင်း ကွက်သစ်ဟု အမည်ရသော ကွက်သစ်၊ မြောက်ဘက်တွင် ကပ္ပလီကွက်သစ်ဟု အမည်ရပါသည်။ ဈေးလည်းရှိပါသည်။ အရှေ့ဘက်တွင် ရွှေတိဂုံစေတီတော်၏ အနောက်ဘက်စောင်းတန်း (အနောက် ဘက်မုခ် နှစ်ပြားစောင်းတန်း) တည်ရှိပါ သည်။

တပေါင်းလ ရွှေတိဂုံစေတီတော် ၏တပေါင်းပွဲတော်ကြီးမှာ ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ၊ ဈေးတန်း ကြီးများမှာ လွန်စွာစည်ကားလှပါသည်။ ဘုရားကုန်းတော်အနောက်ဘက် နှစ် ပြားတန်ဆောင်းဘက်၊ ဦးဝိစာရလမ်း အရှေ့ဘက်နှင့် မြောက်ဘက် သွေးဆေး ကန်, အာဇာနည်ကုန်း၊ အရှေ့ဘက် ဗဟန်းဈေးနှင့်ဆိုင်တန်းများတို့မှာ လွန် စွာ စည်ကားလှပါသည်။

သွေးဆေးကန်၏ဘေးနားမှ ကုန်း ပေါ်တွင် ဘုန်းတော်ကြီးကျောင်းတစ် ကျောင်း ရှိပါသည်။ ကုန်းတော်ပေါ် တက်၍ ဘုရားဖူးကြ၊ ဆရာတော်ကို ဖူးမြော်ကြချိန်တွင် အလှူခံပုံးကလေး များကိုကျောပိုးထားပြီး ဧည့်သည်နံဘေး မှမခွာဘဲ အလှူခံနေသော လိပ်ကလေး နှစ်ကောင်မှာ လွန်စွာ ချစ်စရာကောင်း လှပါသည်။ အလှူခံပုံးထဲကို အလှူငွေ အကြွေထည့်လိုက်မှ အနားကခွာသွား ကြပါတော့သည်။ လွန်စွာ လိမ္မာယဉ် ကျေးနေသော ကုန်းလိပ်ကလေးများ ဖြစ်ပါသည်။ (ကျောင်း၏အမည်နာမ အား မမှတ်တော့သည်ကို ခွင့်လွှတ်ပါ ရန် မေတ္တာရပ်ခံပါသည်။ စာရေးသူ).

**ရက်မကြာ ခုနစ်ရက်သာ ဖူးခွင့်ရသည့် ဆရာတော်**

ကျွန်ုပ်သည် မိခင်၊ ဖခင်များနှင့် အတူ ပျော်ရွှင်စွာနေ၍ ကျွန်ုပ်တို့နေ ထိုင်ရာတိုက်ခန်းသို့ ဆရာတော်တစ်ပါး ကြွရောက်ပြီး နေ့စဉ် ဆွမ်းအလှူခံ၍ ချီးမြှင့်နေပါသည်။ ကျွန်ုပ်ရောက်ပြီး (၂) ရက်မြောက်နေ့တွင် ကျွန်ုပ်၏ဖခင်အား ထိုဆရာတော်မှ အပ်ချည်လုံးတစ်လုံး အလှူခံလေသည်။ သို့နှင့် ကျွန်ုပ်တို့ မိသားစုမှလည်း ဝမ်းမြောက်ရွှင်လန်းစွာ အပ်ချည်တစ်လုံး ကပ်လှူလိုက်ပါသည်။ (ထိုစဉ်က အလွယ်တကူ အပ်ချည်လုံး အသစ်တစ်လုံး ကပ်လှူနိုင်ခြင်းမှာ ထို စဉ်က ကျွန်ုပ်၏မိခင်သည် ဂါသနာအ လျောက် မိသားစုအတွက် အဝတ်ပုဆိုး များနှင့် သူ့အတွက် အဝတ်အထည်ကို



www.burmeseclassic.com

www.burmeseclassic.com

ချပ်တတ်ပါသည်။ အငှားချပ်ခြင်းတော့ မရှိခဲ့ပါ။ အိမ်မှာ အပ်ချုပ်စက်ကလည်း ရှိနေခဲ့သဖြင့် အပ်ချည်တစ်လုံးကို အဲဆင်သင့် ကပ်လှူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူ)

ကြုံကြိုက်တိုက်ဆိုင်နေစဉ် ကျွန်ုပ်ဖခင်၏စေတနာနှင့် ရက်ရောမှုကို စာချစ်သူများအား အသိပေးလိုပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်ဖခင်၏ သဒ္ဓါရက်ရောမှု၊ အလှူဒါနပေးကမ်းစွန့်ကြဲမှုကို မမီဟုထင်ပါသည်။ ကျွန်ုပ်၏ဖခင်အသည် တာဝန်နှင့် ခရီးတစ်ခေါက်ထွက်ချိန်တွင် အိမ်မှယူသွားခဲ့သော ဝတ်စုံလေး၊ ငါးစုံမှာ အိမ်အပြန်တွင် ပါမလာခဲ့တော့ပါ။ စွပ်ကျယ် စကလက်တစ်ထည်နှင့် ရေလဲလုပ်သော လုံချည်အစုတ်တစ်ထည်သာ ပြန်ပါလာမြဲ ဖြစ်ပါသည်။ သူ၏အပေါင်းအသင်းထဲမှ ဆင်းရဲနွမ်းပါးသူနှင့်တပည့်များကို သူ့ဝတ်စုံများအားပေးကမ်းသည့်အပြင် ငွေကျပ် (၅၀)၊ (၁၀၀)ကိုပါ ပေးကမ်းမြဲ ဖြစ်ပါသည်။ လွန်စွာ သဒ္ဓါရဲသူဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပ်ချည်လုံးအလှူခံသွားခဲ့သော ဆရာတော်သည် သီတင်းတစ်ပတ်ခန့် ဆွမ်းခံကြွလာခြင်း မရှိပါ။ (၈) ရက်မြောက်နေ့ရောက်သောအခါတွင် ဆရာတော် ကြွလာပါတော့သည်။ ကြွလာခဲ့သည်မှာ မနက်ပိုင်း ဆွမ်းခံချိန်မဟုတ်ပါ၊ ညနေပိုင်းတွင် ဖြစ်ပါသည်။

နေရာထိုင်ခင်းစီမံပြီး ဆရာတော်ကို ပင့်ရပါသည်။ ကျွန်ုပ်တို့ မိသားစု (၃) ယောက် ဆရာတော်ကို ဝတ်ဖြည့်ကြပါသည်။ ထိုစဉ်တွင် ဆရာတော်မှ အောက်ပါအတိုင်း မိန့်တော်မူပါသည်။

"ဒါယကာကြီး၊ ဘုန်းကြီးနဲ့ ဒါယကာကြီးတို့က အတိတ်က အဆက်ရှိခဲ့ကြတယ်။ ဒါကြောင့် ဘုန်းကြီးအနေနဲ့ ဒါယကာကြီးအိမ်ကို ဆွမ်းအလှူခံကြွရတာ။ တစ်နေ့က အပ်ချည်လုံးအလှူခံရတဲ့အကြောင်းကိစ္စကလည်း ပြီးသွားပြီ။ ထိုအပ်ချည်လုံးကို ဒါယကာကြီးအတွက် လက်ဖွဲ့စီမံရတာ၊ အခုတော့ ပြုဖွယ်များအားလုံး အောင်မြင်ပြီဖြစ်လို့ ဒါယကာကြီးလက်ဝယ်အပ်နှံဖို့ ကြွလာခဲ့တာ"

ဟု အမိန့်ရှိပြီး ကျွန်ုပ်ဖခင်လက်ဝယ်သို့ လက်ဖွဲ့တစ်ကုံးပေးအပ်လိုက်ပါသည်။

ရွတ်ဖတ် သရဇ္ဈာယ်ပြီးနောက် တစ်ဆက်တည်း မိန့်ဆိုသည်မှာ-

ဘုန်းကြီးလုပ်စရာ တာဝန်ကျေဖွန်ပြီဖြစ်လို့ နောက်နေ့မနက်မှာ ဘုန်းကြီး ခရီးထွက်တော့မယ်။ ဘယ်ကြွမှာလဲ မမေးမလျှောက်ပါနဲ့၊ 'ဘာမှလည်း ဝတ္ထုငွေမလှူပါနဲ့"

ဟု တိုတိုပြတ်ပြတ် မိန့်ဆိုပြီး နောက် ကြွသွားခဲ့ပါတော့သည်။

မှတ်ထားရမည့် စကားတစ်ခွန်းကတော့ 'ကံမကုန်ကြသေးရင် ပြန်ဆုံကြရဦးမှာပါ' ဟု ဖြစ်ပါသည်။

ကျွန်ုပ်ဖခင်ကို ချီးမြှင့်ပေးသွားခဲ့သော လက်ဖွဲ့ကြိုးတစ်ကုံးမှာ ဝိတ်ချင်းသီး (၂၄) လုံး ပါဝင်ပါသည်။ စလွယ်လက်ဖွဲ့ကုံး ဖြစ်ပါသည်။ 'ဒါယကာကြီးကိုယ်နဲ့မကွာထားပါ' ဟု မိန့်ထားခဲ့ပါသေးသည်။

ကျွန်ုပ်၏ဖခင်သည် တပ်မတော်မှ ဆေးပင်စင်ယူပြီး အငြိမ်းစားဘဝနှင့် မိမိတို့၏မြို့၊ မိမိနေအိမ်တွင် နေထိုင်နေပြီ ဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင် အငြိမ်းစားယူပြီး (၃)နှစ်ခန့်အကြာတွင် မမျှော်မှန်းခဲ့သော အဖြစ်ဆန်းတစ်ခုနှင့် ကြုံရပြန်ပါတော့သည်။

**ဆရာတော်တစ်ပါး ဆွမ်းအလှူခံခြင်း**

ကျွန်ုပ်တို့မြို့သည် ဧရာဝတီမြစ်ကြီး၏အနောက်ဘက်ကမ်းတွင်ရှိသော ခရိုင်မြို့ကြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့နေထိုင်ရာအရပ်သည် မြို့၏အရှေ့ထိပ်တွင် တည်ရှိပြီး ကျွန်ုပ်တို့အရပ်၏အရှေ့ဘက်တွင် 'ရွှေချောင်း' ဟု အမည်ရသော ချောင်းခြောက်တစ်ချောင်း တည်ရှိနေပါသည်။ မိုးရာသီကာလ ချောင်းအညာ (ချောင်းဖျား) တွင် မိုးကောင်းခဲ့လျှင် ချောင်းရေတို့စီးကျလာပြီး ဧရာဝတီမြစ်ထဲသို့ စီးဝင်မြဲ ဖြစ်ပါသည်။

ဧရာဝတီမြစ်ရေကြီးချိန်တွင် ဆိုလျှင် ထိုချောင်းထဲသို့ (၃)ဖာလုံလောက်အဝေးရောက်အောင် မြစ်ရေများက ချောင်းထဲဝင်ရောက်မြဲ ဖြစ်ပါသည်။

ယခု ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ဆိုသကဲ့သို့ ဧရာဝတီမြစ်ရေများကြီးပြီး ချောင်းထဲကို ရေဝင်နေချိန် ဖြစ်ပါသည်။

ကျွန်ုပ်တို့ အိမ်ဝိုင်းတံခါးဝတွင် သက်န်း(၃)ထည်၊ သပိတ်တစ်လုံး လွယ်သိုင်းထားသော ရဟန်းတစ်ပါး ဆွမ်းအလှူခံနေပါပြီ။ ထိုဆရာတော်သည် အနောက်မှအရှေ့တူရူသို့ကြွလာခဲ့ရာ မည်သည့်အိမ်ကိုမျှ ဆွမ်းအလှူခံခဲ့ခြင်း မရှိပါ။ ကျွန်ုပ်တို့အိမ်ကိုသာ တခုတ်တရကြွရောက် ဆွမ်းအလှူခံခြင်း ဖြစ်ပါသည်။

ထိုရဟန်း၏ဆွမ်းသပိတ်ကိုယူပြီး တစ်ပါးစာ လုံလောက် ပြည့်စုံအောင် ဆွမ်း၊ဆွမ်းဟင်းလျာတို့ကို ထည့်လှူရပါသည်။ ဝတ်ခွက်ဆောင် မဟုတ်ပါ၊ ပတ္တပိုဏ်စုတင်ဆောင်ဖြစ်မည် ထင်ပါသည်။ အချိန်ကလည်း မနက် (၁၁) နာရီခန့်ရှိနေ၍ ဆွမ်းကပ်လှူရန် အိမ်ထဲကြွရန် ပင့်ဖိတ်သော်လည်း လက်မခံဘဲ ဆွမ်းသပိတ်ကိုသာပေး၍ ထိုသို့ စီမံလိုက်ရခြင်း ဖြစ်ပါသည်။

"ဘုန်းကြီး ခရီးကြုံလို့ဆွမ်းအလှူခံပြီး ချီးမြှင့်တာပါ"

ဟုသာ မိန့်ဆိုသွားခဲ့ပါသည်။

အရှေ့အရပ်တူရူသို့ စကြံ့ချီပြီး ဣန္ဒြေနှင့် ကြွလမ်းသွားလေတော့သည်။

ကျွန်ုပ်တို့မိသားစုမှာ ဝမ်းပန်းတသာဖြင့် ပြောဆိုနေရင်း ရန်ကုန်မှာကြုံခဲ့ရသည့်အဖြစ်ကို သတိရလာပါလေတော့သည်။ သို့နှင့်ပင် ဆရာတော်ကြွသွားရာနောက်ကို လိုက်လံခဲ့ရလေတော့သည်။ ဧရာဝတီမြစ်ရေဝင်နေသော ချောင်းထဲ၊ ချောင်းကမ်းပါးတွင်ရှိသော ဆူးဖြူပင်အရိပ်တွင် သင်္ကန်းကြီးကို အခင်းပြုပြီး သပိတ်ကိုချ၊ ရေစပ်တွင် ကိုယ်လက်သန့်စင်ပြီး ဆွမ်းဘုဉ်းပေးပါတော့၏။ နောက် သန့်စင်ဆေးကြောပြီးသည်နှင့် ဝိနည်းစည်းကမ်းအတိုင်း သပိတ်လွယ်ပြီး မြောက်စူးစူးအရပ်သို့ ကြွမြန်းသွားခဲ့ပါတော့သည်။

ကျွန်ုပ်ကိုယ်တိုင် ဆွမ်းသပိတ်ကပ်လှူလိုက်ရသော်လည်း ဆွမ်းလှူရသော ပီတိအရှိန်ကြောင့် ရန်ကုန်မှာ ဖူးခွင့်ကြုံခဲ့ရသော ဆရာတော် ဟုတ်၊ မဟုတ် ကျွန်ုပ် အတပ်မပြောနိုင် ဖြစ်နေရပါတော့သည်။ မိမိကိုယ်ကိုမိမိ အပြစ်တင်မိပါတော့သည်။ ကျွန်ုပ်၏တပည့်များကို ပြောပြခဲ့ရပါတော့သည်။

ကျွန်ုပ်သည် ဆရာတော်များနှင့် ပြန်လည် ဖူးမြော်ပူဇော်ခွင့်ကြုံနိုင်ရန် အဓိဋ္ဌာန်များ အကြိမ်ကြိမ်အခါခါ ဝင်ရောက်ခဲ့ပါသော်လည်း ယနေ့တိုင် ဖူးခွင့်မကြုံရသေးပါ။ မိမိဖြစ်ချင်သော လောဘစိတ်ဆန္ဒတို့သည် အဘယ်မှာ ဖြစ်ပါအံ့နည်း။ 'သဗ္ဗေဓမ္မာ အနတ္တာ' မဟုတ်ပါလား ခင်ဗျာ။

(မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရသော ဆရာတော်များကို ပူဇော်တင်တော့လိုက်ပါသည်။ စာရေးသူ)

ပညာတိုးပွား၍ အကျိုးများကြပါစေ

[illegible]ခေါင်



www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ (၃၁) ရက်နေ့သည် ...လေးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့မို့ ...တော်တို့အလုပ်လုပ်သော ကောင် ...န်သစ်စက် ပိတ်သည်။ သို့နှင့် ...လွင် ဦးဆောင်သော ကျွန်တော် ...မြန်မာတစ်စုက မလေးရှားလွတ် ...ရေးနေ့အခမ်းအနားကို သွားကြည့် ...ကွာလာလမ်ပူမြို့ဆီသို့ ထိုနေ့နံနက် ...စောမှာ ထွက်ခဲ့ကြသည်။ ကောင် ...န်သစ်စက်သည် မလေး-တရုတ် ... ညီအစ်ကိုတစ်တွေပိုင် ဖြစ်ကာ ...လာလမ်ပူမြို့ အပြင်ဘက် (၁၄) ...တွာ၊ ဆူဗန်းလမ်းမ (ဆူဗန်းလေ ...သို့သွားရာလမ်း) ပေါ်မှာ ရှိသည်။ ...လာလမ်ပူနှင့် ဆူဗန်းကို ပြေးဆွဲ ... အမှတ် (၁၄၄-၁၄၅) ဘတ်(စ်) ...ရှိသည်မို့လည်း ကွာလာလမ်ပူ ... ကေအယ်(လ်)သို့ သွားရတာက

ကြိုတင်ဗီဇာမယူဘဲ ဝင်ဝင်ချင်းတစ်လ ပေးသည်။ ယင်းဗီဇာ တစ်လလွန်သော် ကျွန်တော်တို့သည် ရက်ခိုးနေသူတွေ ဖြစ်လို့သွားကြသည်။ ထိုင်းတောင်ပိုင်း မြို့တော် ဟတ်ဂျိုင်းအနီးက မလေး ကောင်စစ်ဝန်ရုံးမှာ ဗီဇာကြီး သုံးလယူ ၍ရပါသည်။ သို့သော် ဗီဇာကြေး၊ အသွားအပြန်ခရီးစရိတ်နှင့် အကုန်အကျ များသည်။ မလေးတွင်ရသောလုပ်ခက

ပြောပလောက်သည်မဟုတ်၍ မတာမိ ပါ။ ဒါကြောင့် မြန်မာအများစုသည် ရက်လွန်ခိုးနေတာ ဖြစ်သည်။ မလေးမှာ ခိုးနေတာက မြန်မာတွေချည်း မဟုတ် ပါ။ ဘင်္ဂလားဒေ့ရှ် (ဘင်္ဂါလီ) တွေလည်း ရှိသည်။ သူတို့လည်း ရက်လွန်ခိုးနေသူ တွေ ဖြစ်သည်။ နောက်တစ်မျိုးက အင်



...လေးတိုင်း ပိုင်ရှိ

...ဂိုလ်ဥတ္တမ

...ဒင်ပြေသည်။ ဤသစ်စက်ကို ဦး ...ရောက်သူက ကိုသန်းလွင်ဖြစ်ကာ ... တရုတ်စကားလည်းတတ်သည်မို့ ... တရုတ်လူမျိုးများနှင့် ဆက် ...ရာတွင် သူ့ကို အားထားရသည်။ ... မန်နေဂျာ မာကျိုင်းတို့နှင့် ...သွယ်ရာတွင် သူတို့ကို အင်္ဂလိပ်လို ...၍ရပါသည်။ မလေးရှားတွင် ကျွန် ...တော်တို့အားလုံး ရက်လွန် ခိုးနေကြသူ ...ဘာ ဖြစ်သည်။ ၁၉၉၀ ပြည့်အချိန် ...လေးရှားသည် မြန်မာပတ်(စ်)ပို့ကို



www.burmeseclassic.com

www.burmeseclassic.com

ဒိုနီးရှားတွေ ဖြစ်သည်။ သူတို့က စာအုပ်ကို မပါကြပါ။ မလက္ကာရေလက်ကြားကိုဖြတ်၍ လှေနှင့် ခိုးဝင်သူတွေဖြစ်သည်။ မလေးနှင့် အင်ဒိုနီးရှားလူမျိုးတို့သည် နိုင်ငံနယ်နိမိတ် ပိုင်းခြား၍သာ လူမျိုးကွဲရသည်။ ပြောသောဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ စာ အားလုံးအတူတူ ဖြစ်သည်။ မှတ်ပုံတင်မစစ်လျှင် မလေးလား၊ အင်ဒိုနီးရှားလား ခွဲ၍မရပါ။ သူတို့သည် ပစိဖိတ်တောင်ပိုင်း ပိုလီနီးရှန်း (Polynesian) ကျွန်းသားတွေ ဖြစ်သည်။ မြန်မာပြည်က ဆလုံနှင့်တူပါ၏။ အင်ဒိုနီးရှားလူမျိုး အလုပ်သမားများက မလေးတွင် သောင်းဂဏန်းများစွာပဲ ရှိ၏။ သတင်းစာတွင် မလက္ကာရေလက်ကြားကို ဖြတ်ကူးရင်း အင်ဒိုနီးရှားလူမျိုးတွေ မကြာခဏ လှေမှောက်၊ ရေနစ်သေသောသတင်းကို ဖတ်ရပါသည်။

BURMESE CLASSIC .com

ခိုးနေကြတာချင်းအတူတူ ဘင်္ဂါလီတွေက ပိတ်ရက်တွင် အပြင်မထွက်ကြချေ။ မထွက်ရဲ၍ မထွက်တာဘဲဖြစ်သည်။ မြန်မာကမူ ကျွန်တော်တို့ကအစ အလုပ်ပိတ်လျှင် တစ်ခါတလေ သစ်စက်အဆောင်၌ တစ်ယောက်မှမကျန်အောင်ထွက်ကြသည်။ ကေအယ်(လ်) မြို့လယ်ကောင် ချောင်ကစ်တွင် ကုန်တိုက်များ၌ မြန်မာသံတွေညံနေအောင်ကြားရသည်။ ယနေ့ ဩဂုတ် (၃၁)ရက်နေ့တွင် ဘတ်(စ်)ကားဂိတ်ဖြစ်သော ပူဒူးယာယားကုန်တိုက် အောက်ခြေကနေ အပေါ်တက်ခဲ့ကြသည်။ သူတို့လွတ်လပ်ရေးနေ့မို့ မလေးရှားအလံတွေက ပလူပျံအောင် လွှင့်ထားကြသည်။ ကင်မရာကိုင်ထားသော ကိုသန်းလွင်က 'ကိုဝမ်း၊ ဓာတ်ပုံရိုက်လေ' ဆိုတော့ အမှတ်တရဖြစ်အောင်ပဲ ဆိုင်တစ်ဆိုင်က လွှင့်ထူထားသော မလေးရှားအလံအောက်တွင် ကျွန်တော်က သွား၍ရပ်နေလိုက်သည်။ သူက ဓာတ်ပုံရိုက်ပေးသည်။ ထို့နောက် ကိုတာရာယားကုန်တိုက်ကို ကျော်လိုက်သည်နှင့် မလေးရှားလွတ်လပ်ရေးနေ့ကျင်းပရာ မာဒေးကားဘောလုံးကွင်းသို့ ရောက်သွားခဲ့သည်။ ကွင်းကိုရောက်တော့ အခမ်းအနားက ပြီးသွားပါပြီ။ သို့သော် လူအုပ်တချို့ကမူကျန်နေဆဲဖြစ်သည်။ ကိုသန်းလွင်တို့က ပန်းဖွားအက,ကနေသော ကျောင်းသူကလေးများနှင့်အတူ တွဲ၍ဓာတ်ပုံရိုက်သည်။

မာဒေးကား ဟူသည် မလေးလို 'လွတ်လပ်ရေး' ဟု အဓိပ္ပာယ်ရသည်။ မာဒေးကားကွင်းက မည်သည့်အကာအရံမျှကာမထားပါ။ ထူးခြားတာဆို၍ ကွင်းထောင့်တွင် ယနေ့ ပြည်လမ်းတော်ဝင်စင်တာရှေ့ကလို တီဗီဖန်သားပြင်အကြီးကြီးတပ်ထားတာပဲ ရှိသည်။ ဤကွင်းထဲကိုရောက်တော့ ကျွန်တော်တို့ငယ်စဉ်တုန်းက မြန်မာ့လက်ရွေးစင်ဘောလုံးသမားများဖြစ်သော 'ဗဟာဒူး' တို့ကိုသတိရသည်။ မလေးရှား လွတ်လပ်ရေးနေ့ မာဒေးကားဖလားအတွက် အရှေ့တောင်အာရှနိုင်ငံတွေ ယှဉ်ပြိုင်ကစားကြသည်။ မြန်မာအသင်းက နိုင်ပွဲများ၍ 'မြန်မာနိုင်ပြီ' တေးတစ်ခေတ်ဆန်းခဲ့ရာ ခေတ်ကာလ ဖြစ်သည်။ ဗဟာဒူးနှင့် စတိုင် ဆိုလျှင် အရှေ့တောင်အာရှ ဘောလုံးအားကစား ပရိသတ်နှုတ်ဖျား ရေပန်းစားခဲ့ကြသည်။ ယင်းမာဒေးကား ဘောလုံးကွင်းကနေ မလှမ်းမကမ်းတွင် ကွာလာလမ်ပူဘူတာရုံကြီး ရှိသည်။ ဗန်ကောက်- စင်ကာပူ ရထားစီးသော် ဤဘူတာရုံကို ဖြတ်ရမည်။ ထိုနေ့က မာဒေးကားဘောလုံးကွင်းကနေ ယော်ဟန်းကုန်တိုက်သို့သွားခဲ့ကြသည်။ ယော်ဟန်းကုန်တိုက်တွင် မြေအောက်ထပ် ရေပန်းနားမှာ ထိုင်လှေ့ရှိကြသည်။

ဤနေရာတွင် ဗန်ကောက်ကုန်တိုက်နှင့် ကေအယ်(လ်)ကုန်တိုက်တို့ကို နှိုင်းယှဉ်ပြောပြလိုသည်။ ဗန်ကောက်သည် မိုင် (၃၀) စတုရန်းအတွင်း လူနေအိမ်ခြေမပြတ်သောအရပ် ဖြစ်သည်။ နောင်အခါ မကာအိုကနေ ညဘက်လေယာဉ်နှင့်ပြန်လာက ဗန်ကောက်ကို ကောင်းကင်ယံက မြင်ရတာ သိပ်လှသည်။ မျက်စိတစ်ဆုံးတွင် လျှပ်စစ်မီးတွေ ထိန်ထိန်ညီးလို့ နေပါ၏။ ကေအယ်(လ်)၏မြို့ဖွဲ့စည်းပုံက ဤကဲ့သို့မဟုတ်ပါ။ ကေအယ်(လ်)ကတစ်နေရာ၊ ကပုန်းကတစ်နေရာ၊ ကလန်းကတစ်နေရာ၊ ပက်တလင်းဂျာယားကတစ်နေရာ၊ ဆူဂိုင်းဘလူး (သစ်စက်အနီးရှိမြို့လေး) က တစ်နေရာ၊ ဆလာယန်းဘာရူးက တစ်နေရာ ဖြစ်သည်။ ယင်းမြို့တွေအကြားတွင် ရော်ဘာတောတွေ၊ ဆီအုန်းတောတွေ ရှိသည်။

ကေအယ်(လ်)သို့ ကျွန်တော် စ,ရောက်သည်မှာ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ (၁၅) ရက်နေ့ မနက်ဝေလီဝေလင်း ဖြစ်ပါ၏။ ပီနန်ကနေ ညကားစီးလာခဲ့ရာ ကေအယ်(လ်)သို့ မနက်အစောကြီး (၆) နာရီခန့်တွင် ရောက်သည်။ ပူဒူးယာယားကုန်တိုက်နားမှ ကားဆိုက်သည်။ ယင်းမှနေ၍ ဘန်ဒါဘာရူး (ဘီဝန်း) မြို့သို့ တက္ကစီ စီးသည်။ ဘန်ဒါသည် အသစ်၊ ဘာရူးသည် မြို့ဖြစ်သည်။ ဘီဝန်း မြို့သစ်ဟုအဓိပ္ပာယ်ရသည်။ လမ်းတွင် လမ်းမီးလည်း မရှိ၊ တောအုပ်တွေပဲ ရှိ၏။ ကားစီးရင်း ငါ့ကို ပိုက်ဆံပါတယ် ထင်ပြီး တောထဲမောင်းသွား သတ်ရင် ဟု ကြောက်စိတ်ဝင်လာမိသည်။ အဲဒါ ကေအယ်(လ်)နှင့် ဆင်ခြေဖုံး ဖြစ်သည်။

ဗန်ကောက်က လူနေထူထ[ပ်]သည်။ အဲဒီတော့ ကုန်တိုက်တွေမှာ လူအမြဲစည်ကားသည်။ လူခေါ်စရာမလိုပါ။ ဗန်ကောက်က မာပိုကရောင်းကုန်တိုက်တွင် တစ်ခုသော တနင်္ဂနွေနေ့၌ စတ[်]လှေကားတွင် လူညပ်၍ပါသွားဖူးသည်။ ကေအယ်(လ်)က ကျွန်တော်တို့သွားရာ ယော်ဟန်ကုန်တိုက်တွင် ဤသို့ မဟုတ်ပါ၊ လူခေါ်ရသည်။ လူလာစေဖို့ တနင်္ဂနွေနေ့တွင် အဆိုတော်တွေနှင့်ဖျော်ဖြေပွဲ လုပ်ရသည်။ သည်တော့မှ လူလာသည်။ ဂေါ်ဖီထုပ်ခရမ်းရောင်ကို ဤကုန်တိုက် စူပါမားကက်၌ စ၍ မြင်ဖူးသည်။ အင်ဒိုနီးရှား ပန်းသီးလေးတွေက သေးသေးလေးတွေ ဖြစ်သည်။ တနင်္ဂနွေနေ့ ကုန်တိုက်ကပြန်လျှင် ကြက်ဆီထမင်း တစ်ဘူးဝယ်ကာ ပြန်သည်။ ၁၉၉၀ ပြည့်က (၂) ရင်းဂစ်ပဲ ပေး[ရ]သည်။ ချောင်ကစ်လမ်းဘေးကွက်လပ်တွင် မလေးထမင်းဆိုင် ရှိသည်။ တစ်ခ[ါ]ပြင် ဟင်းသုံးမျိုးနှင့် (၁) ရင်းဂစ်ခွဲပေးရသည်။ မလေးဟင်းတွေက မြန်မာဟင်းနှင့်တူသည်။ ကြက်သားမဆလာချက်၊ ခရမ်းသီးနှပ် ဆိုတာမျိုးတွေ ဖြစ်သည်။ ငါးပိရည်၊ တို့စရာ ကန်စွန်းပြုတ်၊ [...] စောင်းလျားသီးပြုတ် ဆိုတာတွေ [...]သည်။

တနင်္ဂနွေတစ်ရက်က ဖြစ်၏။ [...] ငယ် ကိုကိုအောင်က လာခေါ်၍ ေ[...] အယ်(လ်)ကို လာခဲ့ကြသည်။ ယော်ဟ[န်...] မှာ လည်ပတ်၊ ဓာတ်ပုံရိုက်ပြီးတော[့...] ချောင်ကစ်ထမင်းဆိုင်မှာ ထမင်းစား[...] ကြသည်။ ငါးပိရည်၊ တို့စရာနှင့်စားရ[...] အိမ်သတိရကာ မျက်ရည်လည်လာ[...] သည်။ ငယ်သူပါ၍ စိတ်ကိုထိန်းလိုက်[...] သည်။ အကြီးကစ၍ ကျွေးပြုက်သေ[...] အငယ်က ဆောက်တည်ရာမရ [...] တော့မည်။ ဒီဆိုင်မှာပဲ တေအေ[...] အိုက်(စ်)လီမွန် ရသည်။ နို့မပါသော [...] ခဲလက်ဖက်ရည် သံပရာရည်[...]



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကေအယ်(လ်)၏ နေ့ခင်းပူပူမှာ ဤလက်ဖက်ရည်သောက်ရတာ အရသာရှိသည်။ ပြီးလျှင် လေးညှင်းဆီပါသော အင်ဒိုနီးရှားစီးကရက် ဂူဒူးဂူရမ် တစ်လိပ် ခဲမည်။ ကေအယ်(လ်)မှာက စီးကရက်တစ်လိပ်ချင်း ရောင်းပါသည်။

ဩဂုတ်လ (၃၁) ရက်နေ့တုန်းက ရိုက်ခဲ့သောဓာတ်ပုံတွေကို ကိုသန်းလွင်က တူးပေးသည်။ မလေးရှားအလံတော်အောက်တွင် ရိုက်ခဲ့သော ကျွန်တော့်ပုံက ကြည်လင်ပြီး ကောင်းသည်။ ဤဓာတ်ပုံကိုကြည့်၍ 'အင်း-မလေးကပြန်အထွက်မှာတော့ ငါလွတ်မယ်နဲ့တူတယ်' ဟု နိမိတ်ကောက်မိသည်။ မရည်ရွယ်ဘဲ အမှတ်တမဲ့နှင့် ဤအလံအောက်တွင် ရပ်၍ ဓာတ်ပုံရိုက်ခဲ့ခြင်းပါ။ အမှတ်တမဲ့၊ ဆင်းအမှတ်မဲ့သည်ပင် အယူတော်မင်္ဂလာပညာအတွက် အရေးကြီးသည်။ မိမိဘာသာ မရည်ရွယ်ဘဲ အမှတ်တမဲ့ပြုလုပ်လိုက်မိသည် ဖြစ်စေ၊ သူတစ်ပါးက သူ့ဘာသာ အမှတ်တမဲ့ ပြုမိသည်ဖြစ်စေ၊ မိမိက သူတစ်ပါးကို အမှတ်တမဲ့နှင့် ပြုမိသည်၊ ပြောမိသည်ဖြစ်စေ၊ သူတစ်ပါးက မိမိကို အမှတ်တမဲ့ ပြုမိသည်၊ ပြောမိသည် ဖြစ်စေ၊ ယင်းကို နိမိတ်အဖြစ် ကောက်၍ရသည်။

အမှတ်တမဲ့ပြုခြင်းသည် ရှေ့စိတ်ဖြစ်သည်။ သတိက နောက်စိတ် ဖြစ်သည်။ ဝိပဿနာအားထုတ်ရာ စိတ္တာနုပဿနာတွင် ရှေ့စိတ်ကို နောက်စိတ်က ပြန်ကြည့်ခြင်း ဟူ၍ ရှိသည်။ ယင်းသည် လောက ဟူသော (၃၁) ဘုံကို ကျော်လွန်ရာ လောကုတ္တရာ (လောက-ဥတ္တရ) ကျင့်စဉ် ဖြစ်သည်။ ယခု နိမိတ်ကောက်ရာ၌လည်း ရှေ့စိတ်ကို နောက်စိတ်က ဖတ်ခြင်းပဲ ဖြစ်သည်။ ထိုအခါ လောကီအတွက် အဖြေတစ်စုံတစ်ရာကို ရှုနိုင်သည် သို့မဟုတ် ဖော်ထုတ်နိုင်သည်။

သစ်စက်ပိုင်ရှင်က တရုတ်သူဌေးမို့ မြန်မာ-တရုတ်များဖြစ်သော ကိုသန်းလွင်၊ ကိုစိန်လွင်နှင့် နောက်ရောက်လာသော ကိုကြည်လွင်တို့အား တစ်နေ့လုပ်ခ (၁၅)ရင်းဂစ်ပေးသည်။ ကိုငွေးဦး၊ ကျွန်တော်နှင့် နောက်မှရောက်လာသော ကိုမြသိန်းတို့ကို (၁၄) ရင်းဂစ်ပေးသည်။ အင်ဒိုနီးရှားတွေ၊ ဘင်္ဂါလီတွေမှာ တစ်နေ့ကို (၁၃) ရင်းဂစ်ပဲ ရသည်။ တစ်လလုံး ရက်မပျက်က (တနင်္ဂနွေနေ့မပါ) ဆောင်းငွေ ရင်းဂစ် (၆၀) ပေးသည်။ ထို့ကြောင့် ကျွန်တော်၏တစ်လလုံး လုပ်ခသည် (၄၂၀) ရင်းဂစ် အပေါင်း (၆၀) ရင်းဂစ်၊ စုစုပေါင်း (၄၈၀) ရင်းဂစ် ရသည်။ ယူအက်ဒေါ်လာ (၂၀၀) ပင် မပြည့်ချေ။ ထိုအချိန်က ယူအက် (၁၀၀) လျှင် ရင်းဂစ် (၂၇၀) ရှိသည်။ ကိုယ့်အရပ်ထက်တော့ သာတယ်မဟုတ်လားဟု မေးစရာ ရှိ၏။ ကိုယ့်အရပ်ထက်သာတယ်ဆိုရုံမျှအတွက် သူတစ်ပါးအရပ်၌ အောက်ကျနောက်ကျခံပြီး ဤပင်ပန်းသောအလုပ်တွေကို လုပ်နေခြင်းမဟုတ်ပေ။ တခြား ဝင်ငွေကောင်းသောနိုင်ငံ မရောက်သေးခင်သာ အသာမေ့၍လုပ်နေခြင်း ဖြစ်သည်။

မလေးရှားသည် အီကွေတာဇုန်မှာရှိသည်။ ပူအိုက်စွတ်စိုသော ရာသီဥတု ရှိသည်။ သရက်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး စသည်တို့ကို (၁၂) ရာသီလုံး ရသည်။ သရက်သီးက အပင်ပေါ်မှာ အမြဲရှိသည်၊ တွေ့နိုင်သည်။ သိပ်ချမ်းသာသောနိုင်ငံ မဟုတ်ပေမင့် စရိုက်ကောင်းသည်။ သူတစ်ပါးခြံထဲကနေ လမ်းမဘက်ထွက်နေသောကိုင်းက အသီးကို မည်သူမျှ တုတ်နှင့်၊ ခဲနှင့် ပစ်ခူးနေတာမတွေ့ရ။ ဗန်ကောက်က တည်းခိုအိမ်ရှိရာ ဆွိုင်ပါဝှစ်လမ်းထဲမှ သရက်သီးတွေ လမ်းဘက်ထွက်သီးနေတာ ရှိသည်။ မည်သူမျှ သူတစ်ပါး၏ခွင့်ပြုချက်မရှိဘဲ ဗစ်ခတ်ခူးယူနေတာ မတွေ့ရပါ။ နောင် မကာအိုတွင်တွေ့ရသော ဖိလစ်ပိုင်သူငယ်ချင်းကို မေးကြည့်မိသည်။ အဲဒီလို လမ်းမဘက်ထွက်နေတာ မပြောပါနဲ့၊ ခြံဝင်းထဲတောင် ဝင်ခိုးပါသတဲ့။ အဲဒီပိုင်ရှင်က သေနတ်နှင့် လိုက်ပစ်ပါသတဲ့။ ဖိလစ်ပိုင်တွင် သေနတ်ပေါ၏။ မလေးရှားတွင် ဆောင်းရာသီ မရှိချေ။ ၁၉၉၀ ပြည့်၊ ဒီဇင်ဘာလတွင် မြောက်ပြန်၏ အနံ့အသက် ငွေ့ငွေ့လေးသာ ရတော့ ကျွန်တော် သိပ်စိတ်ပျက်သွားသည်။

ကျွန်တော်သည် ဆောင်းရာသီဝယ် နှင်းမြူတွေ ပိန်းနေအောင်ကျသော မင်းဘူးဆိုသည့်မြို့တွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ မလေးရှားမှာက နေ့ခင်းမှာ အလွန် ပူပြင်းပြီး ရေတွေ အငွေ့ပြန်ကာ ကောင်းကင်တက်သွားသည်။ ကောင်းကင်က လေနုအေးတွေနှင့်တွေ့တော့ ညမှာ မိုးအဖြစ် ရွာချသည်။ ငယ်စဉ်က ပထဝီဘာသာတွင် သင်ခဲ့ရသော ပျံကျမိုးဆိုတာ ဒါပဲ ဖြစ်သည်။ ငယ်စဉ်က သင်ခဲ့ရသည့် ပျံကျမိုးကို ယခု အသက် (၄၀) ကျော်ဝယ် နဖူးတွေ့ဒူးတွေ့ တွေ့ကြုံ၍နေရပါပြီကော။

ကိုသန်းလွင်တို့ ညီအစ်ကိုတစ်တွေက ကိုယ့်ဘာသာချက်စားကြသည်။ လူငယ်တွေမို့ ထမင်းစား အားကောင်းပေရာ ထမင်းဆိုင်မှာစားဖို့ရန် မဖြစ်ပါ။ တနင်္ဂနွေနေ့တွင် အနီးရှိ ဆူဂိုင်းဘလူးမြို့က ကုန်စုံဆိုင်မှာ စည်သွတ်ဘူးတွေ ဝယ်ထားကြသည်။ ကျွန်တော်၊ ကိုငွေးဦးနှင့် ကိုမြသိန်းတို့က တရုတ်စားသောက်ဆိုင်တွင် မနက်စာ-ညစာ စားကြသည်။ နေ့ခင်း (၁၂) နာရီ အလုပ်ရပ်သော် စားသောက်ဆိုင်မှာ ထမင်းတစ်ခါပြင် (၁) ရင်းဂစ်နှင့် ဆင့် (၄၀) ဖြစ်သည်။ ညနေ (၆) နာရီထိုးသော် ယင်းစားသောက်ဆိုင်မှာပဲ ထမင်းလိုက်ပွဲယူ၍ရသည်။ (၁)ရင်းဂစ်နှင့် ဆင့် (၅၀) ကျ၏။ နေ့စဉ် စားပြီး လက်မှတ်ထိုး၊ တစ်ပတ်တစ်ခါ စနေနေ့ လခထုတ်သော် ငွေရှင်းရသည်။ နေရသည်က ယင်းစားသောက်ဆိုင်၏အပေါ်ထပ်မှာ ဖြစ်လေသည်။ ထမင်းစားပြီးလျှင် ဝရန်တာမှာထိုင်၍ တောင်ဘက် ဆူဇန်း မိုးကောင်းကင်၌ လေယာဉ်တွေ တစ်စီးပြီးတစ်စီး ဆင်း၊ တက်တာကို ကြည့်ရင်း ကျွန်တော်က ဆေးတံဖွာလေ့ ရှိသည်။ ဒီအချိန်တွင် နေလုံးနီနီကြီးက ရော်ဘာပင်များတောအုပ်ကြားမှာဝင်သွား၊ ကွယ်ပျောက်လို့ သွားခဲ့ပြီ။

မနက်ကို တေ (လက်ဖက်ရည်အချို) တစ်ခွက် ဆင့် (၅၀)နှင့် ထမင်းထုပ်သေးလေးတစ်ထုပ် ဆင့် (၅၀) တန် စားသောက်သည်။ ထမင်းထဲတွင် ငါးခြောက်ကြော်လေးများ၊ ဘဲဥမွှေကြော်လေးများ ပါသည်။ (၈) နာရီ အလုပ်မတက်ခင် စားရတာ ဖြစ်သည်။ ညနေ (၃) နာရီမှာ လက်ဖက်ရည်တစ်ခွက်ကို သူငယ်ချင်းဘင်္ဂါလီနှင့်အတူ သောက်သည်။ ကျွန်တော်ကပဲ တိုက်ခဲ့သည်။ သူက နောက်ကြောင်းမှာ သားမယားတွေ ရှိသည်။ (၃) နာရီအလုပ် ခေတ္တနားသည်နှင့် သူ့ကို 'ဟေ့- ကြာရေ' လို့ ကုလားလိုပြောကာ လက်ဖက်ရည်သွားသောက်ကြသည်။ သူက ၁၉၇၁ ခုနှစ်၊ ဘင်္ဂလားဒေ့ရှ်လွတ်မြောက်ရေး လှုပ်ရှားမှုကာလတွင် အနောက်ပါကစ္စတန်စစ်သားတွေကို ပုန်းရှောင်ခဲ့ရပုံပြောပြသည်။ ဒီဘင်္ဂါလီသည် ဖဲသမား ဖြစ်သည်။ စနေနေ့ညတိုင်း အောက်ထပ်မှာ ဖဲဝိုင်းလုပ်တော့ သူဖဲဝင်ကစားသည်။ မကစားနဲ့မပြောရ၊ သူက ဒက်ကာမှာ ဖဲ Expert လို့ ပြောသည်။ ဒါနှင့် 'အေး- ဒက်ကာမှာ မင်းက ဖဲဘုရင်၊ ကော



www.burmeseclassic.com

www.burmeseclassic.com

အယ်(လ်)မှာတော့ တရုတ်စကားမတတ်, မလေးစကားမတတ်မို့ မင်းကို ဝိုင်းလိမ်ရိုက်တာနဲ့ မင်းပဲ ကျွန်ဖြစ်မှာပဲ' လို့ပြောလိုက်သည်။ သူ ရင်းဂစ်(၁၀၀၀) ကျော်ရှုံးသည်။ ဖဲရှုံးတော့ ပိုက်ဆံချေးချင်လို့လာသည်။ မသိချင်ယောင်ဆောင်နေလိုက်သည်။ နောက်ပိုင်း အပေါင်းအသင်းမလုပ်တော့ပါ။

လူမိုက် ဆိုတာ အဲဒါ ဖြစ်သည်။ လုပ်ရတဲ့အလုပ်က ပင်ပန်း၊ ရတဲ့ပိုက်ဆံက နှစ်ပြားတစ်ပဲ၊ မူးစုပဲစု စုထားရသမျှကို ဖဲရိုက်ပစ်တဲ့သူ။ ဒီလူလောက် မိုက်တာ ဘာရှိတော့မလဲ။ ကိုယ့်အရပ်ကိုယ့်ဒေသလည်း မဟုတ်။ ဖဲဝိုင်းကတရုတ်တွေက အချင်းချင်း တရုတ်လိုပြောပြီး၊ မလေးလိုပြောပြီး ဖဲလိမ်ရိုက်တာ သူခံရသည်။

မိုးရွာပြီးပြီဆိုလျှင် ပတ်ဝန်းကျင်တစ်ခိုမှာ မြူတွေဆိုင်းလို့လာတော့၏။ စာရေးဝါသနာပါသူမို့ ဒီအတွေ့အကြုံကို 'မျှော်လေတိုင်း မှိုင်းပြာမှုန်ဝေ' နာမည်နဲ့ စာရေးရမယ်လို့ ပြောတော့ ကိုဒွေးဦးက 'မျှော်လေတိုင်း မှိုင်းရီ' ဆိုရင် မကောင်းဘူးလားလို့ ပြင်ပေးသည်။ သူ့နာမည်လေးက ပိုကောင်းတာမို့ လက်ခံလိုက်သည်။ ၁၉၆၉ ခုနှစ် ကျောင်းပြီးလို့ ရန်ကုန်ရောက်ကတည်းက စာစရေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ် စာပေလုပ်သားအဖွဲ့တွင် အဖွဲ့ဝင်အမှတ် (၃၂၀၆) နှင့် အဖွဲ့ဝင် ဖြစ်ခဲ့သည်။ ပထမအကြိမ် စာပေလုပ်သားညီလာခံ (ကမ္ဘာအေး) သို့ စမ်းချောင်းမြို့နယ် စာပေလုပ်သားအဖွဲ့ ညီလာခံ ကိုယ်စားလှယ်အဖြစ် တက်ခဲ့သည်။ နောက် ဥက္ကဋ္ဌ တက္ကသိုလ်နေဝင်း၏ စမ်းချောင်းစာပေလုပ်သားအဖွဲ့တွင် အလုပ်အမှုဆောင် ဖြစ်ခဲ့သည်။ ယခုတစ်ဖန် နိုင်ငံရပ်ခြား အတွေ့အကြုံတွေကို စာရေးချင်လို့လာပြန်ပါပြီ။

ဒီဇင်ဘာလဆန်းမှာ ကိုသန်းလွင်က ဗန်ကောက်ကလာသော သူ့သူငယ်ချင်းတစ်ယောက်နှင့် စင်ကာပူသို့သွားသည်။ မလေးကအထွက် ဂျဟိုဘာရူး (Jahobaru) ဘူတာရုံတွင် ရထားပေါ်သို့ မလေးလူဝင်မှုတက်လာရင်း သူ့စာအုပ်ကိုကြည့်ကာ ဘူတာရဲစခန်းသို့ခေါ် သွားသည်။ အတူပါ သူငယ်ချင်းက စင်ကာပူသွားခွင့်ရသည်။ သူက ငြင်းပေမယ့် မာဒေးကားကွင်းမှာ ကောင်မလေးတွေနှင့် ရိုက်ထားသော ဓာတ်ပုံကြောင့် အဖမ်းခံရသည်။ စာအုပ်ထဲမှာက တခြားနိုင်ငံမှာ၊ ဓာတ်ပုံထဲမှာက ဩဂုတ်လ (၁၁) ရက်နေ့ ကေအယ်(လ်)မှာ။ ဓာတ်ပုံတွင် နေ့စွဲပါနေသည်။ သူ ငြင်း၍မရတော့။ နောင် သူလွတ်ပြီး ဗန်ကောက်သွား၊ ဗန်ကောက်ကနေ သစ်စက်ကို ပြန်လာ၏။ ဂျဟိုးအချုပ်ထဲမှာတုန်းက မနက်ဆိုရင် ကွက်လပ်တစ်ခုမှာ စုဝေးပြီး ကျန်းမာရေးလုပ်ခိုင်းတယ်။ အဲဒီကွက်လပ်ကို သံစကာအကွက်ကြီး မိုးထားတယ်။ ရေကြည့်တော့ (၄၈) ကွက် ရှိတယ်။ သူ ဤအချုပ်ထဲ၌ (၄၈) ရက် နေခဲ့ရသည်။ နိမိတ် ဟူသည် ယင်းပင် ဖြစ်သည်။ သူတို့အဖွဲ့ကို မလေးအရှေ့မြောက်ရှိ ရတန်ဗဂျန်းကိုပို့ပြီး ထိုင်းသို့ဝင်စေသည်။ သူက ပြန်လာပြီးတော့ ပြောသွားသည်။ 'ထွက်ရင် ရတန်ဗဂျန်းကပဲ ထွက်ကြ'။ ကျွန်တော်က ပြန်ထွက်တော့ ဆရာ့စကား မြေဝယ်မကျ နားထောင်ခဲ့ပါ၏။ ကိုယ့်ထက်ငယ်ပေသည့် သည်နယ်မြေမှာဖြင့် သူက ဆရာ။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ ဖြစ်သည်။ မွတ်စလင်နိုင်ငံမလေးရှားက ခရစ်ယာန်နှစ်သစ်ကူးမှာ အလုပ်မပိတ်ပါ။ မန်နေဂျာမာကျိုင်းက ဖိုမင်ထံမှာ လူတောင်းသည်။ လွှဝိုင်းခုံတစ်ခုဖွင့်ဖို့ ရှိသည်၊ လွှဝိုင်းဆရာတစ်ယောက်နှင့် အကူတစ်ယောက်ပေးပါ။ ဖိုမင်က လွှဝိုင်းဆရာအပဲ့နှင့် အကူအဖြစ် ကျွန်တော့်ကိုပေးသည်။ ကျွန်တော်တို့နှစ်ဦးတည်း အလုပ်လုပ်ရသည်။ အေးအေးဆေးဆေးပါပဲ။ ဘာမှ ကသီလင်တမရှိ။ ဖြတ်ရတာက ကင်ပတ်(စ်) (Campus) ဆိုတဲ့ သစ်မာသားကို (၃) လက်မခန့်တုံးလေးတွေ ဖြတ်ရသည်။ ယင်းလွှထိုင်ခုံသည် အရှေ့ဘက်ကိုလှည့်သည်။ ယခင် ကြမ်းခင်းသစ်တွေဖြတ်သော လွှဝိုင်းခုံက မြောက်ဘက်ကို လှည့်သည်။ ဇန်နဝါရီ (၁) ရက်နေ့၊ ၉၁ ခုနှစ်ရဲ့ ပထမဦးဆုံးနေ့ အလုပ်ပြောင်းရသည်။ ပြောင်းရသောအလုပ်က အရှေ့ဘက်လှည့် ဖြစ်သည်။ ဒါကြောင့် ဒီနှစ်ထဲမှာပဲ အရှေ့ဘက်နိုင်ငံတစ်ခုသို့ မိမိ ကူးပြောင်းအလုပ်လုပ်ရမည်၊ လုပ်ရသောအလုပ်ကလည်း ပင်ပန်းမည်မဟုတ်ဟု နိမိတ်ယူလိုက်သည်။ ၁၉၉၁၊ မတ်လတွင် မကာအို ရောက်သွားခဲ့၏။

သူ့အရပ်နဲ့ သူ့ဒေသ သူ့စရိုက်လေးတွေသိရအောင် ပြောပြလိုပါသေးသည်။

မြို့တွေသည် တစ်မြို့စီ၊ တစ်နေရာစီ ခပ်ကျဲကျဲရှိကြောင်း ရှေ့မှာပြောခဲ့သည်။ ဒီမြို့တွေမှာ တစ်ပတ်လျှင် တစ်ရက် ညဈေး ရှိသည်။ မလေးလိုတော့ ပါဆာမလန်း ဟုခေါ်သည်။ ပါဆာသည် ဈေး၊ မလန်းသည် ည ဖြစ်၏။ ကျွန်တော်တို့သစ်စက်အနီးရှိ ဆူဂိုင်းဘလူးမြို့တွင် ကြာသပတေးနေ့ ညဈေးဖြစ်သည်။ သောကြာမှာ ဆာလာရန်းဘာရူးမှာ ဖြစ်လျှင်ဖြစ်မည် သို့မဟုတ် ကပုန်းမှာ ဖြစ်မည်။ ဆူဂိုင်းဘလူးမှာ ဈေးရှိပါသည်။ သို့သော် မနက်ဈေးသာ ဖြစ်သည်။ မြို့ထဲမထွက်သည့် တနင်္ဂနွေနေ့တွင် ဤဈေးသို့သွားပြီး လက်ဖက်ရည်သောက်သည်။ မလေးဆိုင်တွေမှာက 'တေ-ဒူးဝါး' (လက်ဖက်ရည်နှစ်ခွက်) လို့မှာသော် စားပွဲထိုးက 'မကမ်း' (ဘာစားမလဲ) လို့ မေးသည်။ မကမ်းသည် အစာဖြစ်သည်။ ဗန်ကောက်ပြန်ရောက်၍ ဒါကိုပြောတော့ မြိတ်သား ဇော်ဝင်းက ဆလုံစကားနဲ့ မကမ်း ဆိုတာ အစာပဲလို့ပြောသည်။ တူမှာပေါ့၊ ပိုလီနီးရှန်းကျွန်းသားတွေပဲ။ ဖိလစ်ပိုင်တွင် အီလိုကာနို ဆိုသော လူမျိုး ရှိသည်၊ သူတို့သည်လည်း အစာကို မကမ်းလို့ ခေါ်သည်။ စင်ကာပူ ဝန်ကြီးချုပ် လီကွမ်ယူက ဤပိုလီနီးရှန်းကျွန်းသားအနွယ်တွေကို အိန္ဒိယသမုဒ္ဒရာ မဒရိုစကာနိုင်ငံအထိ ပျံ့နှံ့လို့နေကြောင်း သူတွေ့ခဲ့ပါသည်ဟု ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စင်ကာပူဇာတ်လမ်း (Singapore Story) တွင် ရေးခဲ့သည်။

ဗန်ကောက်မှာက ဂျပန်ဗီဇာပေးနေကြောင်းကြားရသည်။ ဂျပန်ဗီဇာရလိုရငြား ကြိုးစားကြည့်ချင်သည်။ နိုင်ငံခြား ထွက်၍ ကြုံရာကျပန်း လုပ်စားရာ၌ ဂျပန်မှလွဲသော် ကျန်နိုင်ငံတွေက အချည်းနှီး ဖြစ်၏။ ပင်ပန်းသည်၊ ကြာသည်။ သို့နှင့် ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးနီးတော့ ဗန်ကောက်ပြန်ဖို့ရာ စီစဉ်သည်။ အိတ်ရှင်းရင်း ယော်ဟန်ကုန်တိုက်ကဝယ်လာသည့် မဖွင့်ရသေးသော အခွေတစ်ခွေတွေ့သည်၊ သို့နှင့် ညီငယ်ဇော်မင်းသို့ ပစ်ပေးကာ 'ဖွင့်ကြည့်စမ်းကွာ' ဟု ပြောလိုက်၏။ ဇော်မင်းက အခွေကို ကက်ဆက်ထဲထည့်ပြီး ခလုတ်နှိပ်လိုက်သည်။ အမေရိကန်အဆိုတော် ဂျွန်ဒင်ဗာ၏ အောင်မြင်သောအသံနှင့် "On the road again" သီချင်းထွက်လာသည်။ 'လမ်းပေါ်သို့တစ်ဖန်'။ ဪ- မလေးကို ပြန်မလာရတော့ဘူးဆိုတဲ့ နိမိတ်ပေပဲ။ လမ်းတစ်ခုပေါ်သို့ ရောက်ရပေဦးတော့မည်။ ဂျွန်ဒင်ဗာသည် "Take me home- Country road"



www.burmeseclassic.com

www.burmeseclassic.com

သီချင်းဖြင့် အောင်မြင်ခဲ့ရာက ယခုသီချင်းကို နောက်ဆက်တွဲ သီဆိုခြင်း ဖြစ်သည်။ ကေအယ်(လ်)က ထိုင်းသံရုံးမှာ (Transit visa) သွားယူသည်။ ကေအယ်(လ်)- ခိုဒါဘာရူး အဝေးပြေးကားလက်မှတ်သွားဝယ်သည်။

ဖေဖော်ဝါရီ (၁၃) ရက်နေ့တွင် အစ်စက်က သစ်ထမ်းဖက် ညီငယ်များကို နှုတ်ဆက်၍ ထွက်ခဲ့သည်။ (၁၄၄-၁၄၅) ဘတ်(စ်)ကားစီးကာ ကေအယ်(လ်)မြို့ထဲကို သွားသည်။ ချောင်အစ်ကိုဖြတ်၍ ယော်ဟန်းကုန်တိုက်မြေအောက်ထပ်တွင် ထမင်းစားသည်။ ကားဂိတ်က ယော်ဟန်းကုန်တိုက်၏အနောက်ဘက်မှာ ဖြစ်သည်။ ထမင်းစားဖို့ထမင်းမှာစဉ် ထမင်းဆိုင်က မလေးစားပွဲထိုးက 'ထိုင်းလူမျိုးလား' ဟုမေးသဖြင့် ပြုံးစလွယ် 'အေး' ဟုပြောလိုက်သည်။ သို့သော် သူကမပြီးပါ၊ မီးဖိုထဲက ထိုင်းလူမျိုးထမင်းချက်ကို ခေါ်ထုတ်လာခဲ့သည်။ ထွက်လာသော ထိုင်းထမင်းချက်က ကျွန်တော့်ကို ထိုင်းဘာသာဖြင့်ပြောသည်။ သို့နှင့် ကျွန်တော်က ထိုင်းထမင်းချက်ကို 'ဖမ- ဖမ' (မြန်မာ) ဟု ထိုင်းလိုပြောလိုက်ရသည်။ ယင်းသည် ကောင်းသောနိမိတ် ဖြစ်သည်။ ထိုင်းနိုင်ငံသို့သွားရောက်ရမည့် ကျွန်တော်သည် ထိုင်းလူမျိုးနှင့်စကားပြောရသည်ဖြစ်၍ ထိုင်းနိုင်ငံတွင်းသို့ ချောမောစွာရောက်မည်ဟု အဖြေရသည်။ ဆိုလိုသည်မှာ မလေးနယ်စပ်တွင် အဖမ်းမခံရ ဟူ၍ ဖြစ်သည်။

ည (၇) နာရီခွဲတွင် ကွာလာလမ်ပူမြို့ မြောက်ပိုင်းခရီးစဉ်ကားဂိတ်၌ မိုးတွေက အုန်းအုန်းထအောင် ရွာနေ၏။ ခရီးစီးရမည့်ကားပေါ်သို့တက်ကာ ကားထွက်ခဲ့သည်။ လမ်းတွင် တစ်နေရာ၌ ညစာစားသည်။ ခိုဒါဘာရူးမြို့ ဂိတ်ဆုံးသို့ရောက်သော် ကားဂိတ်တွင် ဆရာကိုသန်းလွင်ပြောထားသည့်တိုင်း တက္ကစီသမားများတွေ့သည်။ ရတန်ဗဂျန်းသို့ တက္ကစီခ 'ဒူးဝါးပူးလူးလီမာ' (၂၅ ရင်းဂစ်) ဟု ဆိုသဖြင့် 'ဒူးဝါးပူးလူး' (ရင်းဂစ် ၂၀) နှင့် ဈေးဆစ်လာရသည်။ ရတန်ဗဂျန်းသွားရာလမ်းတွင် ရဲကင်းတစ်ခုရှိသည်ဟု ကိုသန်းလွင် ပြောခဲ့၏။ ဟုတ်သည်၊ တစ်နေရာတွင် တက္ကစီသမားက လက်ပြတာတွေ့၍ ကြည့်လိုက်တော့ ရဲကင်း ဖြစ်နေသည်။ ရတန်ဗဂျန်းရောက်ပြီး ကားခပေး၍ ဆင်းလိုက်သည်။ မလေးလူဝင်မှုကိုဝင်တော့ ကျွန်တော်က ဆွဲလာသည့် အတက်ချိကေ့(စ်)ကို ဟန်ပါပါ သူ့ရှေ့ခုံပေါ်တင်၍ ဒေါက်၊ ဒေါက်ဆို ခလုတ်နှိပ်ကာ ဖွင့်လိုက်သည်။ ပြီးတော့ ပတ်(စ်)ပို့ကိုထုတ်၍ ကမ်းပေးလိုက်သည်။

စိတ်ထဲကမူ 'မေတ္တာသုတ်' ကို ရွတ်နေ၏။ မျက်လုံးက ထိုင်းဘက်ကမ်းသို့ ကြည့်နေ၏။ မလေးလူဝင်မှုအရာရှိက ကျွန်တော့်စာအုပ်ကို အသေအချာကြည့်နေသည်။ ပြီးတော့မှ ဒုန်းခနဲ အထွက်တံုးထုပြီး စာအုပ်ကိုပြန်ပေး၏။ ကျွန်တော်လည်း စာအုပ်ကိုယူ၍ မပြေးရုံတမယ် ထိုင်းဘက်ကမ်းသို့လာခဲ့တော့သည်။ ကျွန်တော်ကား မလေးထောင်နှုတ်ခမ်းကနေ ပွတ်ကာသီကာ လွတ်လာခဲ့ချေပြီ။

(နောင်မကာအိုတွင် ၂၀၀၀ ပြည့်နှစ်၌ လက္ခဏာပါရဂူ ဆရာ ဦးစံတင်အောင်နှင့်တွေ့ရာ ဆရာက ကျွန်တော့်လက်ကိုစစ်ဆေး၍ ခင်ဗျားဟာ ထောင်နှုတ်ခမ်းဝကနေ ပွတ်ကာသီကာ လွတ်လာတဲ့သူပဲဟု ပြောသည်။ မှန်ပါတယ်ဆရာဟု ဝန်ခံလိုက်ရသည်။)

မလေးရှားနှင့် ထိုင်းနိုင်ငံနယ်နိမိတ်ကြားတွင် ဂလုတ်မြစ် ရှိ၏။ ထိုင်းဘက်က ဆူဂိုင်းကလုတ်ဟု ခေါ်ပြီး မလေးဘက်က ရတန်ဗဂျန်းဟု ခေါ်ခြင်း ဖြစ်၏။ ယင်းမြစ်ပေါ်တွင် အုတ်တံတားကြီးဖြစ်ကာ ဒေသခံများကမူ မော်တော်ဆိုင်ကယ်ဖြင့် သွားလာနေကြ၏။ ထိုင်းလူဝင်မှုဝင်ရာ 'ဆမ်းဆစ်' ဟု ဆိုသဖြင့် ရင်းဂစ် (၃၀) ထုတ်ပေးလိုက်ရသည်။ ဗီဇာကြေးက ကေအယ်(လ်)က ထိုင်းသံရုံးမှာ ပေးခဲ့ပြီးသားပါ။ ဒါက လိုင်းကြေးတောင်းတာပါ။ ကျွန်တော်လည်း ထောင်နှုတ်ခမ်းက လွတ်လာတာမို့ ဝမ်းသာနေပြီး ဈေးပင်မဆစ်တော့ဘဲ ရင်းဂစ် (၃၀)ထုတ်ပေးလိုက်တော့သည်။ မလေးအဝင်တုန်းကလည်း ချန်ဂလုံဂိတ်တွင် မလေးလူဝင်မှုကို ဘတ်(၃၀၀) ပေးခဲ့ရသည်။ ယခု ပြန်အထွက်တွင် ထိုင်းလူဝင်မှုကို ရင်းဂစ် (၃၀) ပေးရသည်။ ရင်းဂစ် (၃၀) သည် ဘတ် (၃၀၀) နှင့် တန်ဖိုးညီပါသည်။

ထိုင်းလူဝင်မှုရုံးဘေးတွင် ဆိုင်ကယ်ကယ်ရီ ရှိသည်။ ဆူဂိုင်းဂလုတ်ဘူတာရုံသို့ လိုက်ပို့ခိုင်းသည်။ ခရီးက မဝေးလှပါ။ တစ်ဖာလုံခန့်သာပါ။ လူချည်းဆိုက လမ်းလျှောက်သွားရုံသာပါ။ ဆူဂိုင်းဂလုတ် - ဗန်ကောက် ရထားက နံနက် (၁၀) နာရီ ထွက်မည်။ သို့နှင့် လက်မှတ်ကို ကမန်းကတန်း သွားဝယ်သည်။ လက်မှတ် မရောင်းသေးပါ။ လက်မှတ်ရုံပိတ်ထားသည်။ သို့နှင့် နာရီကြည့်ရာ နာရီက (၈) နာရီခွဲပဲ ရှိသေးသည်။ ဟာ- ဘယ်လိုဖြစ်တာလဲ၊ မလေးနယ်စပ်မှာတုန်းက (၉) နာရီပါ၊ ဘယ့်နှယ်ကြောင့် နာရီ နောက်ပြန်သွားနေတာလဲ။ နောက်မှသတိရသည်။ မလေးနှင့် ထိုင်းက အချိန်တစ်နာရီကွာသည်။ မလေးက တစ်နာရီစော၏။ ရတန်ဗဂျန်းနှင့် ဆူဂိုင်းဂလုတ်ကြား တံတားပေါ်တွင် နှစ်နိုင်ငံနယ်စပ် ရှိသည်။ တံတားဟိုဘက်ထိပ်က (၉) နာရီဆိုလျှင် တံတားဒီဘက်ထိပ် ထိုင်းက (၈) နာရီပဲ ရှိသေးသည်။ တံတားရဲ့ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှာတောင် တစ်နာရီကွာလို့နေပြီ။ ကဲ - ဘယ့်နှယ်လုပ်ပါ့မလဲ၊ ဘယ့်နှယ်မှလုပ်၍မရပါ။ ဒါက နိုင်ငံတကာစံတော်ချိန် ဖြစ်သည်။ မြဝတီ-မဲဆောက်တံတား ရှိသည်။ တံတားဒီဘက် မြန်မာပြည် (၈) နာရီထိုးတွင် တံတားဟိုဘက် ထိုင်းက (၈) နာရီခွဲနေမည်။ မလေး- ထိုင်းနယ်စပ်တွင် ကျန်နှစ်နိုင်ငံနယ်စပ်တွေလိုပဲ နှစ်နိုင်ငံလုံး၏ ပိုက်ဆံတွေသုံးသည်။ ထမင်းစားတော့ (၁) ရင်းဂစ်ပဲ ကွာသည်။ (၁၀) ဘတ်နှင့် ညီပါ၏။ နောက် လက်မှတ်ရုံဖွင့်တော့ ဆူဂိုင်းဂလုတ် - ဗန်ကောက်လက်မှတ်ဝယ်သည်။ နံနက် (၁၀) နာရီတိတိတွင် ရထားထွက်သည်။ ရထားပေါ်တွင် ကိုယ့်လိုပဲ မလေးတွင် ခိုးနေရာက ပြန်ထွက်ခဲ့သော မြန်မာညီငယ်လေးများကို တွေ့ရသည်။ ကျွန်တော့်ဘဝထဲက တစ်စိတ်တစ်ပိုင်းဖြစ်သော မလေးရှား၊ 'မျှော်လေတိုင်း မှိုင်းရီ' မလေးရှားကား အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ ရထားပေါ်ကနေ ဘေးရှုခင်းများကိုကြည့်ရင်း လယ်ကွင်းတွေထဲ၌ ခေါင်းတွင်ပဝါစည်းထားသော ထိုင်းတောင်ပိုင်း မွတ်စလင်အမျိုးသမီးများကို မြင်ရသည်။ ယခုအခါ နိုင်ငံတကာသတင်း၌ကြားရသော ထိုင်းနိုင်ငံတောင်ပိုင်း မွတ်စလင်ပြည်နယ်များဖြစ်သည့် ယလ-ပတာနီ-နာရာသီဝပ်ပြည်နယ်တွေကို ဤရထားက ဖြတ်သန်းမည် ဖြစ်ပါသည်။ နေခင်း (၂) နာရီ၌ ထိုင်းနိုင်ငံ တောင်ပိုင်းမြို့တော် ဟတ်ဂျိုင် (Hat- Yai) သို့ ရောက်၏။

မင်းဘူး-ဗိုလ်ဥက္ကာ



www.burmeseclassic.com

www.burmeseclassic.com

ဦးနိုင်စိန် ဆိုတာ ကျွန်မတို့နဲ့ခြံတစ်ခြံခြားမှာနေတဲ့ ဘာသာကွဲတစ်ယောက်ပါ။ သူ့လုပ်ငန်းက သတ္တဝါလေးတွေကို သတ်ဖြတ်ရောင်းချတဲ့လုပ်ငန်းဖြစ်ပြီး အဲဒီလုပ်ငန်းနဲ့ စားနိုင်သောက်နိုင်အနေအထား ရှိပါတယ်။

ကျွန်မသိရသလောက် သူ့မိသားစုက လူနည်းနည်းပါ။ ယူထားတဲ့မိန်းမက ခပ်ငယ်ငယ်ပဲ ရှိဦးမယ်။ အဲဒီ မိန်းမက ပထမယောကျ်ားနဲ့ သမီးကလေးတစ်ယောက်ပါလာရှာပါတယ်။ ခပ်ငယ်ငယ်သမီးလေးဟာ အိမ်ထောင်သက်တစ်လျှောက် ဦးနိုင်စိန်လက်ပေါ်မှာကြီးပြင်းလာရတာပါ။ ဒါကြောင့်လည်း 'သမီး၊ သမီး' နဲ့ ပါးစပ်ဖျားက မချနိုင်လောက်အောင် ဒီကလေးမကို ဦးနိုင်စိန်ချစ်ရှာပါတယ်။

အသက်ကြီးတဲ့ ဦးနိုင်စိန်က မိန်းမငယ်ငယ်လေးယူထားတယ်ဆိုပြီး အလိုတော့မလိုက်ပါဘူး။ သူ ရှာဖွေရသမျှ မိန်းမလက်ထဲအကုန်ထည့်တယ် ဆိုပေမယ့် သုံးချင်တိုင်းမသုံးနိုင်ပါဘူး။ သူ့စည်းကမ်းဘောင်ထဲမှာ ချွေတာသုံးရတာပါ။ ဘောင်ကျော်ပြီး သုံးဖြုန်းမိလို့ကတော့ ကြားရပါပြီ၊ တဗျစ်တောက်တောက်အသံတွေနဲ့ ဗုန်းဒိုင်းဂွမ်း ဆိုတာတွေက တကယ့်ကို နားမချမ်းသာစရာပါ။

မိန်းမကလည်း သူ့ကို အတော်ကြောက်ရပါတယ်။ ဦးနိုင်စိန် အိမ်မှာကြာကြာရှိနေတဲ့ရက်များဆို အသက်ပြင်းပြင်းတောင် ရှူရဲပုံမပေါ်ပါဘူး။ အမိကကတော့ ဘာကိစ္စဖြစ်ဖြစ် မှားမှား၊ မှန်မှန် လက်အရင်ပါတတ်တာပါ။ စိတ်ဆတ်တယ်လို့ ပြောရပါမယ်။

သူ့မိန်းမအပေါ် နိုင်စားပေမယ့် ကျွန်မတို့လို ပတ်ဝန်းကျင်က လူတွေနဲ့တော့ ပေါင်းရသင်းရ အဆင်ပြေပါတယ်။ ကျွန်မတို့မိသားစုနဲ့ဆိုရင် ပြောမနာဆိုမနာတွေပေါ့။ ကျွန်မတို့က အိမ်ဆိုင်လေး ဖွင့်ထားပါတယ်။ ဦးနိုင်စိန်အရောင်းအဝယ်အလုပ်က ပြန်လာရင် ကျွန်မဆိုင်မှာ အမြဲတမ်း ကွမ်း၊ ဆေးလိပ် ဝင်ဝယ်နေကျပါ။ အိမ်နီးချင်းတွေလည်းဖြစ်တော့ တစ်ခါ တစ်ခါ သူစိတ်တိုင်းမကျတာတွေကို ရင်ဖွင့်ပြောပြတတ်ပါတယ်။ ကျွန်မတို့လင်မယားနှစ်ယောက်ကလည်း ချော့တန်ချော့၊ အကြံပေးတန်ပေးနဲ့ ပြောရဆိုရတာတွေ ရှိပါတယ်။

ဒီနောက်ပိုင်း ကျွန်မသတိထားမိသလောက် ဦးနိုင်စိန်တို့ မိသားစုဘဝ အရင်ကလို မဟုတ်တော့ပါဘူး။ အရင်က နည်းနည်းသေသေသပ်သပ်နေတတ်တဲ့သူဟာ အခုဆို စုတ်တိစုတ်ဖတ်၊ ဖိုသီဖတ်သီ ဖြစ်လာပါတယ်။ ဆံပင်ကလည်း ဖုတ်သိုက်၊ အဝတ်အစားဆိုတာ တွန့်ကြေနေတာများတယ်။ အရောင်းအဝယ်လည်း အရင်ကလို ကောင်းပုံမပေါ်ပါဘူး။

ပိုပြီး အံ့သြစရာကောင်းတာက အရင် သူနိုင်ခဲ့တဲ့ မိန်းမဟာ အခုဆို သူ့ကို နင်ပဲငဆ ပြန်ပြောတတ်လာပါပြီ။ သူတို့အိမ်လေးမှာ ဗုန်းဒိုင်းဂွမ်း အသံတွေထက် သူ့မိန်းမ ပစ္စည်းတွေဆောင့်ချတဲ့အသံကို နေ့ရောညပါ ကြားလာရတာပါ။

ကျွန်မ သတိထားမိသလောက်တော့ ဒီလိုတွေဖြစ်လာတာဟာ ကျန်ခဲ့ကဲ့ (၈)လ၊ (၉) လလောက်က စခဲ့တာလို့ထင်ပါတယ်။ တစ်နေ့ သူ့မိန်းမနဲ့ သမီးလေး ခရီးထွက်သွားကြပါတယ်။ ပြန်လာတော့ သမီးကလေး ပါမလာပါဘူး။ အဲဒီနောက်ပိုင်း ဦးနိုင်စိန်ရဲ့မိန်းမ ခရီးထွက်တာ များလာပါတယ်။ လအတော်ကြာပျောက်သွားတဲ့ သမီးလေးကို ကျွန်မတို့ပြန်တွေ့ရတော့ အိမ်ထောင်သည်လေး ဖြစ်နေပါပြီ။ ဘာသာတူယောကျ်ားလေးက ခပ်ငယ်ငယ်ရှိပါသေးတယ်။ ဦးနိုင်စိန်တို့လင်မယားကို လာကန်တော့ပြီး ခပ်မြန်မြန်ပဲ ပြန်သွားကြတယ်။

ငွေသော်တာလင်း(ညောင်လေးပင်)

ကြမ္မာဝင့်ကြွေးရှောင်ပြေးမလွတ်သာ





www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်းတွေပေမယ့် ဦးနိုင်စိန်နဲ့သာ ရင်းနှီးတာပါ။ သူ့မိသားစုနဲ့ကတော့ ခပ်မှန်မှန်ပဲခေါ် ပြောဆက်ဆံခဲ့ရတဲ့အတွက် ကျွန်မတို့ကိုတောင် ပြုံးပြနှုတ်ဆက်ရုံ နှုတ်ဆက်သွားပါတယ်။ အဲဒီတတည်းက ဦးနိုင်စိန်တို့အိမ်မှာ အင်မယားနှစ်ယောက်တည်း ကျန်ခဲ့တော့တာပါ။ အခြေအနေတွေကတော့ အရင်ကနဲ့မတူ တစ်မူထူးလာပေမယ့် ဦးနိုင်စိန်ကတော့ ကျွန်မတို့ဆိုင်ကို ပုံမှန်အတိုင်း ဝင်ထွက်နေပါတယ်။

တစ်နေ့တော့ ညနေခင်းပိုင်းအချိန်လေးမှာ ကျွန်မဆိုင်ကို ဦးနိုင်စိန်ရောက်လာပါတယ်။ မျက်နှာမကောင်းရှာပါဘူး။

"ဦးနိုင်စိန်ကြီး မျက်နှာလည်း မကောင်းပါလား။ မနက်က ဦးနိုင်စိန်မိန်းမ အထုပ်အပိုးတွေနဲ့ခရီးထွက်သွားတာ တွေ့လိုက်တယ်။ ဒါကြောင့်ထင်တယ်၊ ဟုတ်လား"

"အင်း- ဟုတ်တယ် မထိုက်ရဲ့။ အဲဒီကိစ္စနဲ့ မနက်ခင်းပိုင်းက ငါနဲ့စကားများကြသေးတယ်။ ငါက ဒီရက်ပိုင်း ခရီးမသွားပါနဲ့လို့ ဆိုတာ မရဘူး။ ဖွတ်သွားမယ်ချည်း ပြောနေလို့ ငါစိတ်တိုလိုက်ရတာ။ တကယ် စိတ်ရှုပ်တယ်ဟာ၊ ပြောမကောင်းဆိုမကောင်းနဲ့။ ငါသေချင်တယ် မထိုက်ရယ်၊ ငါသေသွားမှ ငါ့တန်ဖိုးကို သိမယ်။ အဲဒါကြောင့် ငါလည်း ဒေါ်သထွက်ထွက်နဲ့ ဒီနေ့ ငါးသလောက် (၅၀) သားဝယ်ပြီး ချက်စားတယ်။ တမာဖူးလည်း သုပ်လိုက်သေးတယ်။ အခု ဆေးခန်းက ပြန်လာတာ။ ဆရာဝန်က သွေးတိုးနေတယ်တဲ့လေ။ တိုးပစေဟာ၊ သေသွား ပြီးရော။ ကျန်တာထပ်စားဦးမှာ။ ငါမြန်မြန်သေမှအေးမယ်"

"ဟယ်- ဦးနိုင်စိန်ကလည်း အဲဒီလိုတော့ ဂျစ်မတိုက်နဲ့လေ။ ကိုယ့်ကျန်းမာရေးတော့ ကိုယ်ဂရုစိုက်မှပေါ့။ ဒေါသတွေသိပ်ထွက်မနေနဲ့ဦးနော်။ ကျွန်မတို့ဗုဒ္ဓဘာသာမှာ ဒေါသနဲ့သေရင် ငရဲပြည်ကိုသွားရတယ်လို့ ဆိုထားတယ် ဦးနိုင်စိန်ရဲ့။ ပြီးတော့ အားမနာတမ်းပြောရရင် ဦးနိုင်စိန်ကလည်း သတ္တဝါတွေကို သတ်တာဖြတ်တာတွေ ရှိထားတာ မဟုတ်လား။ ခပ်ရှင်းရှင်းပြောရရင် အကုသိုလ်တွေရှိနေတော့ အခုလိုများ ဒေါသ၊ မောဟတွေနဲ့ သေလို့ကတော့ ကျွန်မတို့ဘာသာအရ အပါယ် (၄) ဘုံကို တန်းဆင်းရမှာ ကျိန်းသေပဲ ဦးနိုင်စိန်ရေ"

ကျွန်မက ပြောရင် တဲ့တိုးပဲ။ ကြိုက်တာ, မကြိုက်တာ နောက်မှကြည့်ရှင်း၊ ပြောစရာရှိကာကို ပြောလိုက်ရမှလေ။ ဦးနိုင်စိန်ကလည်း စိတ်မဆိုးရှာပါဘူး။ တဟဲဟဲနဲ့ ဆေးလိပ်ဝယ်ပြီး ပြန်သွားရော။

အဲဒီညကပါ။ ကျွန်မရဲ့ဘဝမှာ မကြုံဖူး, မကြားဘူးတာတွေ ကြားရ၊ မြင်ရ၊ တွေ့ခဲ့ရတော့တယ်။ ည (၉) နာရီ



www.burmeseclassic.com

www.burmeseclassic.com

လောက်ဆိုရင် ကျွန်မတို့အပိုင်းက လူပြတ်တယ်လို့ ပြောရမယ်။ သူ့အိမ်သူနေ၊ ကိုယ့်အိမ်ကိုယ်နေနဲ့ လမ်းအထွက်နည်းလို့ ည(၈)နာရီလောက်ဆို ကျွန်မတောင်ဆိုင်သိမ်းပြီးနေပါပြီ။ လင်မယားနှစ်ယောက် ထမင်းစားပြီး စကားအေးအေးဆေးဆေး ထိုင်ပြောနေတုန်း ကျွန်မမတ်ကလေး အိမ်ကိုရောက်လာပါတယ်။

"အစ်ကိုရေ၊ ကျွန်တော် တောင်ဘက်က ပတ်လာတော့ အစ်ကိုတို့နဲ့ တစ်ခြံခြားက အဘိုးကြီးလေ ဝူးဝူးဝါးဝါးနဲ့ ဘာတွေအော်နေလဲ မသိဘူး။ သွားကြည့်လိုက်ပါဦး"

ကျွန်မ စိုးရိမ်သွားမိတာက ဦးနိုင်စိန်ရဲ့ကျန်းမာရေးပါ။ ညနေကပဲ သူသွေးတိုးနေကြောင်း ပြောခဲ့တာလေ။ ဒါနဲ့ လင်မယားနှစ်ယောက် ကပျာကယာပဲ မတ်ကလေးကိုပါခေါ်ပြီး ထွက်ခဲ့လိုက်တယ်။ ခြံခြားနေတဲ့ ဦးနိုင်စိန်အိမ်ရှေ့ရောက်တော့ အသံတွေ စကြားရပါပြီ။

"ဟေ့ကောင်တွေ- အဲဒီကို မညှစ်နဲ့လေကွာ၊ ငါနာနေပြီ။ ဟာ ဟာ- ငါ့လည်ပင်းကိုညှစ်တယ် ဟုတ်လား၊ ဝေါ့ ထွီ။ မင်းတို့တွေ သွားကြ၊ ဆင်းကြစမ်းကွာ။ မလာကြနဲ့။ ဟိုကောင်ကြီး ငါ့ခံပင်ကို ဆွဲတယ်။ အား အား- သေပါပြီကွာ၊ ငါနာနေပြီကွ။ သွားကြစမ်း၊ သွားကြစမ်း- ဝေါ့. . ."

ကျွန်မတို့မှာ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ပါ။ အိမ်တံခါးကလည်းပိတ်လျက်ကြီးမို့ အထဲမှာ ဘယ်သူတွေများရောက်နေသလဲပေါ့။ ဒါပေမယ့် ဦးနိုင်စိန်အသံကလွဲရင် ချောက်ချောက်ချက်ချက်တောင် မကြားရပါဘူး။ ဒါနဲ့ ခဏတော့ ဆက်ပြီး နားထောင်နေခဲ့ရတယ်။

"အမလေး- ငါ့ကို ဆွဲနေလိုက်ကြတာ။ ဟေ့ကောင်တွေ၊ မင်းတို့ ငါ့ကိုယ်ပေါ်ကို မဖိနဲ့လေ။ အား- လည်ပင်း၊ လည်ပင်းကို ညှစ်ပြန်ပြီ။ ဝေါ့. . . သမီးရေ- သမီး၊ အဖေ့ကိုခွင့်လွှတ်ပါကွာ။ သမီးပြန်လာပါ သမီးရယ်၊ ဟိုတစ်ခါ အဖေ့အတွက် သားလေးမွေးပေးပြီးတော့ အခု သမီးလေးတစ်ယောက်မွေးပေးပါဦး။ အဖေ့သားလေးရော ဘယ်မှာထားခဲ့လဲ။ အား အား- ငါ့ကို မဆွဲကြပါနဲ့၊ လည်ပင်းကိုမညှစ်နဲ့လေ။ အသက်ရှူကျပ်နေပြီ ဝေါ့. . . ထွီ"

အသံတွေကို ဆက်ကြားနေရတာ နားမချမ်းသာစရာပါဘဲ။ ဦးနိုင်စိန်ပြောနေတာတွေကိုကြားပြီး ကျွန်မ ဒူးတွေတောင်တုန်လာပါတယ်။ ဘုရား ဘုရား- ဦးနိုင်စိန်ဟာ တကယ်တော့ လူယုတ်မာတစ်ယောက်ပါလား ဆိုတဲ့ အသိတ ကျွန်မကို ချက်ချင်း နှိပ်စက်ပါတော့တယ်။ သူ့မိန်းမ သူ့ကိုနိုင်လာခဲ့တာတွေ၊ သမီးလေး လအတော်ကြာပျောက်သွားပြီး အိမ်ထောင်ကျသွားတာတွေ၊ သူ့ယောက်ျားလေးနဲ့ တစ်ခါသာ လာကန်တော့သွားပြီး နောက်ထပ်ရောက်မလာတော့တာတွေ၊ ကျွန်မခေါင်းထဲမှာ ဆက်စပ်တွေးမိလိုက်တာ အများကြီးပါပဲ။ ကြည့်စမ်းပါဦး၊ သားသမီးအရင်းမဟုတ်ပေမယ့် သူ့လက်ပေါ်မှာ ကြီးလာတဲ့ကလေးကို မိန်းမမျက်နှာမှမထောက် စော်ကားရက်လိုက်တာ။

ကျွန်မယောက်ျားသာ ကျွန်မကို တွဲမထားရင် ကျွန်မ ဒူးညွတ်ပြီး ခွေလဲသွားမှာပါ။

"မဖြစ်ဘူး မိန်းမရေ လမ်းလူကြီးတွေကိုအကြောင်းကြားရမယ်။ အထဲမှာ ဘယ်သူတွေမှန်းမသိ၊ ဘာဖြစ်နေမှန်းမသိနဲ့။ တစ်ခုခုပဲ"

ကျွန်မတို့သုံးယောက်တည်း မဝင်ရဲလို့ ဆုံးဖြတ်ရတာပါ။ ကျွန်မတို့ အကြောင်းကြားလို့ လမ်းလူကြီး (၅) ယောက် ဦးနိုင်စိန်အိမ်တို လိုက်လာကြပါတယ်။ ခြံနားပြန်ရောက်တော့ ဝူးဝါး ထွီ ဆိုတဲ့ အသံတွေ ကြားနေရဆဲပါ။

"ဦးနိုင်စိန်၊ ဦးနိုင်စိန် တံခါးဖွင့်ပါဦး။ အထဲမှာ ဘယ်သူတွေရှိသေးလဲ"

"မေးတာ ဘယ်သူတွေလဲ"

"ကျွန်တော်တို့ ရပ်ကွက်ထဲကပါ။ အိမ်ထဲဝင်ချင်လို့ တံခါးထဖွင့်ပါဦး"

လမ်းလူကြီးရဲ့ စကားအဆုံးမှာ ခန္ဓာကိုယ်ပွတ်ရွှေ့သံကို ကြားလိုက်ရပါတယ်။ တံခါးကစေ့ရုံစေ့ထားပြီး သူ့ခန္ဓာကိုယ်နဲ့ ခံထားပုံရပါတယ်။ ခန္ဓာကိုယ်ဖယ်လိုက်တဲ့အခါမှာ တံခါးရွက်ပွင့်သွားခဲ့ပါရော။ အားလုံး အိမ်ထဲရောက်တော့ ဦးနိုင်စိန်ကလွဲလို့ တစ်ယောက်မှရှိမနေပါဘူး။ ခေါင်းအုံးတခြား၊ လူတခြားနဲ့ ဖြစ်နေပြီး ခေါင်းအုံးပေါက်ပြဲကာ မှို့တွေထွက်ကျနေပါတယ်။ အဲဒီမှို့တွေနဲ့ ကြမ်းပြင်ပေါ်မှာ အန်ထားတဲ့ ထမင်းလုံးတွေ၊ သွေးတွေဟာ မြင်မကောင်းပါဘူး။

ပြူးထွက်နေတဲ့မျက်လုံးနဲ့ အားလုံးကိုကြည့်နေတဲ့ ဦးနိုင်စိန်မှာ အဝတ်တောင် ကပ်မနေတော့ပါ။ ကျွန်မယောက်ျားက မီးရောင်နဲ့ တန်းတစ်တန်းမှာတွေ့ရတဲ့ ပုဆိုးတစ်ထည်ကို ယူပြီး အပေါ်က အုပ်ပေးလိုက်ပါတယ်။

"ဦးနိုင်စိန်၊ ခင်ဗျား ဘာဖြစ်နေတာလဲဗျာ၊ ပြောပါဦး"

စောစောက တစ်ယောက်တည်း စကားတွေပြောနေတာ သူမဟုတ်သလိုပါပဲ။ ရောက်လာတဲ့လူတွေကို ဧည့်ထောက်ခံမပြောဘဲ ပြူးပြီး ကြည့်နေပါတယ်။

"ခင်ဗျား ဝေဒနာတွေ ခံစားနေရတယ်နဲ့တူတယ်။ ကျွန်တော်တို့ ဆေးရုံပို့ပေးမယ်နော်။ ကဲကဲ - သူ့ကို မ,လိုက်ကြရအောင်၊ အရင်ထူလိုက်ပါဦး"

လမ်းလူကြီးရဲ့ စကားအဆုံးမှာ ကျွန်မယောက်ျားနဲ့ အခြားတစ်ယောက်က ထိုင်လျက်ဖြစ်အောင် ဖြည်းဖြည်းချင်း မ,ထူလိုက်ပါတယ်။ ခါးလေးမတ်ရုံရှိပါသေးတယ်၊ ရှိသမျှလူအကုန်ကြားရလောက်အောင် ဦးနိုင်စိန်ရဲ့ ဇက်ဟာ တစ်ယောက်ယောက်က ချိုးချလိုက်သလို ဂျွတ်ခနဲမြည်ပြီး စိုက်ကျသွားပါတော့တယ်။ ကျွန်မဆိုရင် အတော့်ကို တုန်လှုပ်သွားတာပါ။ လမ်းလူကြီးများ အံ့ဩပြီး ပျာယာခတ်ကုန်ပါတယ်။

ထိုအချိန်ကတည်းကစပြီး ဦးနိုင်စိန် သတိပြန်မလည်ရှာတော့ပါ။ ဆေးရုံရောက်တဲ့အထိ တခူးခူး၊ တဂွီးဂွီးသာ အသံထွက်နေပါတော့တယ်။ ခရီးထွက်သွားတဲ့မိန်းမဖြစ်သူကို ရအောင်စုံစမ်းအကြောင်းကြားလိုက်တဲ့အတွက် ဦးနိုင်စိန်ရဲ့မိန်းမ ရောက်လာတဲ့အခါမှာ ဦးနိုင်စိန်အသက်ကို မမီတော့ပါဘူး။ သူတို့ဘာသာအရ အသုဘချပြီးချိန်ထိ ဦးနိုင်စိန်ရဲ့မိန်းမ မျက်ရည်တစ်စက်မကျတာတွေ့တော့ ကျွန်မ မအံ့ဩတော့ပါ။ ကျွန်မအတွက် တကယ်တမ်းအံ့ဩစရာက ရှိပြီးနေလို့ပါ။

ဦးနိုင်စိန် မသေခင် ပေးဆပ်လိုက်ရတဲ့ဝဋ်ကြွေးတွေ အများကြီးလို့ ပြောရပါမယ်။ သူ့ကို မမြင်ရတဲ့အရာတွေက ဆွဲကြ၊ ဖိကြ၊ လည်ပင်းညှစ်ကြတာရယ်၊ ဆေးရုံပို့ခါနီးကျမှ ဦးနိုင်စိန်ရဲ့ဇက်ဟာ တစ်ယောက်ယောက်က ချိုးချလိုက်သလို ဂျွတ်ခနဲမြည်ပြီး ကျိုးကျသွားတာတွေရယ်က ကျွန်မအတွက် ပဟေဠိတွေဖြစ်နေပေမယ့် ဦးနိုင်စိန်ရဲ့ လားရာကို ကျွန်မ သိလိုက်ပါပြီ။ အပါယ် (၄) ဘုံကလွဲလို့ ဘယ်ကိုမှမရောက်နိုင်တော့ပါဘူး ဆိုတာပါပဲ။

ငွေသော်တာသင်း
(ညောင်လေးပင်)

www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ

## သုတေသီဆရာငြိမ်း



ပိုဆိုးလာတတ်ပါသည်။ အကောင်းဆုံးမှာ နံနက်စောစော အိပ်ရာထ ရေချိုးသည့်အခါ ချိုင်းကို ဆပ်ပြာနှင့်တိုက်ပြီး သေချာစွာ ဆေးကြော သုတ်သင်ရပါမည်။ ၎င်းနောက် မျက်နှာသုတ်ပဝါနှင့် စင်ကြယ်အောင်သုတ်ပြီးလျှင် ထုံးရည်ကြည်အား ချိုင်းတွင် သုတ်လိမ်းပေးပါ။ ခြောက်သွေ့အောင် ယပ်ခတ်ပေးပါ။ ခြောက်သွေ့သွားသည့်အခါ ချိုင်းကို ဇင့်အောက်ဆိုက်ပါသော ကိုယ်လိမ်းပေါင်ဒါလိမ်းပေးပါ။ ညအိပ်ရာဝင်ခါနီးတွင်လည်း ၎င်းအတိုင်းပင် ပြုလုပ်ပါ။

*(ထုံးရည်ကြည်ဆိုသည်မှာ ထုံးကိုခွက်တစ်ခွက်ထဲထည့်ပြီး ရေနွေးလောင်းထည့်၍ရသော အပေါ်ယံရေကြည် ဖြစ်ပါသည်။ ချိုင်းချွေးနံ့ထွက်သူများအဖို့ ကြက်သွန်ဖြူ အစိမ်းစားခြင်းမှ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။)*

**ဆေးလိပ် ဘယ်လိုဖြတ်မလဲ**

'ဘိန်းဖြူအစ ဆေးလိပ်က' ဟု ဆိုကြသည်။

ဆေးလိပ်ဆိုရာ၌ သနပ်ဖက်ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်၊ ကွမ်းသီးဖတ်ဆေးလိပ်၊ သတင်းစာပတ်ဆေးလိပ်၊ ပွတ်ချွန်း၊ ဆေးပြင်းလိပ်၊ စီးကရက် စသည်တို့ ဖြစ်ကြ၏။ ဆေးလိပ်ကိုရှူရှိုက်သောက်သုံးခြင်းဖြင့် အဆုတ်ကို ထိခိုက်စေ၏။ သွေးကြောပိတ်စေသည်။ အဆုတ်ကင်ဆာဖြစ်စေ၍ အသက်တိုတတ်၏။

ထိုသို့ ကျန်းမာရေးကို ဆိုးဝါးစေသည့်ဆေးလိပ်ကား စွဲနေသူတို့အဖို့ ပြတ်သွားရအောင် မည်သို့ ဖြတ်မည်နည်း။ နည်းသိလျှင် မခက်ပါ။

မြင်းခွာရွက် တစ်ဆယ်သား။
ငရုတ်ကောင်း သုံးကျပ်ရှစ်ပဲသား။
ပိတ်ချင်း သုံးကျပ်သား။
ပျားရည် ဆယ့်ငါးကျပ်သား။

မြင်းခွာရွက် ပဥ္စင်းပါးကို အရိပ်တွင် ခြောက်အောင်လှန်းပါ။ (မြင်းခွာရွက်အနီရလျှင် ပိုကောင်း၏။)

ဆေးဖော်ခါနီးလျှင် နေပူတွင် ပြန်

**ကွမ်းရွက်က ဘယ်လိုအစွမ်းထက်သလဲ**

ကွမ်းရွက်သည် အနာပေါက်၊ ချောင်းဆိုး၊ ပန်းနာ၊ နှလုံးရောဂါ၊ မျက်စိရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်၏။ အနာများပေါ်၌ ကွမ်းရွက်ကပ်ပေးပါက အနာသည် အသားနုတက်၍ သက်သာ ပျောက်ကင်းပါ၏။

ကွမ်းရွက်သည် အညှော်အသင်းများအတွက် လွန်စွာကောင်း၏။ ရှူပေးခြင်းဖြင့် အညှော်များထွက်၏။ ကွမ်းရွက်စိမ်းသတ္တုရည်မှာ ကလေးသူငယ်များအတွက် လိမ်းခြင်း၊ သောက်ခြင်း၊ ရှူခြင်းဖြင့် ဆေးဖြစ်၏။ ကွမ်းရွက်စိမ်းရည်ကို ပျားရည်နှင့်ရော၍ တိုက်ပေးပါက ကလေးများ လေပွခြင်း၊ အစာမကြေခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းများ သက်သာ ပျောက်ကင်း၏။ ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်က မီးယပ်ကြောင့်ဖြစ်သော စိတ်ရောဂါ ပျောက်၏။ ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆားအနည်းငယ် ထည့်သောက်က ပန်းနာရင်ကျပ်၊ ရင်အောင့်၊ နင်တယ် ပျောက်၏။

ကွမ်းရွက်ရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်မျက်သင့်နာ၊ မျက်စိနာ၊ မျက်စိရောင်ခြင်း၊ ကိုက်ခြင်း စသည် မျက်စိနှင့်ဆိုင်သော ရောဂါများ ပျောက်ကင်း၏။ ကွမ်းရွက်ကို နနွင်းနှင့်ကျိုပြီး ဆားအနည်းငယ် ခတ်သောက်က ဖျားနာရောဂါပျောက်၏။ ကွမ်းရွက်ကို ထန်းလျက်၊ ချင်း၊ ဆားတို့နှင့်ထည့်ပြီး ပြုတ်သောက်သော် အပူလွန်၍ ဖျားသောရောဂါ ပျောက်၏။ ကွမ်းရွက်ကိုမီးကင်၍ ကလေးငယ်များ ငယ်ထိပ်တွင် အုန်းဆီနှင့်ဆွတ်ပြီးကပ်ပေးထားပါက နှာစေးရောဂါ ပျောက်ကင်း၏။

ကွမ်းရွက်ကား မြန်မာ့ဆေးဖက်ဝင်စစ်စစ် ဖြစ်ပါ၏။

**ချိုင်းနံ့ပျောက်အောင် ဘယ်လိုလုပ်မလဲ**

ချိုင်းနံ့ထွက်နေသူအနားသို့ မည်သူမျှ မကပ်ချင်ကြပါ။ နှစ်သက်ဖွယ် မကောင်းသည့် ချိုင်းနံ့ကား အော်ဂလီဆန်ဖွယ် ကောင်းလှပါ၏။

ချိုင်းနံ့ဟူသည် ချိုင်းတွင်ရှိသော Apocrine gland ခေါ် အကျိတ်ငယ်ကလေးများမှ နံသောအဆီထွက်ခြင်းကြောင့် ဖြစ်၏။ ထိုအဆီများ ကုန်သွားစေရန် ရေမှန်မှန်ချိုးပေးရမည်။ ချွေးဖွပ်သန့်စင်ပြီး ခြောက်သွေ့သော အဝတ်များကို လဲလှယ်ဝတ်ဆင်ရပါမည်။

ရေမှန်မှန်ချိုးမပေးပါက ချိုင်းနံ့



www.burmeseclassic.com

www.burmeseclassic.com

လှန်း၍ အမှုန့်ပြုပါ။ ထို့နောက် ငရုတ်ကောင်း၊ ပိတ်ချင်းတို့ကို လှော်၍ အမှုန့်ပြုပါ။ ထို့နောက် ၎င်းအမှုန့်နှင့် မြင်းခွာရွက်မှုန့်တို့အား ပျားရည်နှင့်ရောစပ်ပါ။

အဆိုပါဆေးအား ထမင်းစားပြီးတိုင်း မန်ကျည်းစေ့ခန့် နေ့စဉ် စားပေးလျှင် ဆေးလိပ်သောက်ချင်စိတ် ကုန်ခန်းသွားပါလိမ့်မည်။ အာနိသင်အနေဖြင့် ထမင်းစား၍ကောင်းကာ အမြင်ကြည်လင်ပြီး အကြားအာရုံလည်း ကောင်းလာပါလိမ့်မည်။ ဆီး၊ ဝမ်း၊ သွေး၊ လေတို့လည်း မှန်လာပါလိမ့်မည်။ ဤနည်းဖြင့် ဆေးလိပ်ဖြတ်ကြည့်နိုင်ပါ၏။

**ဇက်ကြောတွေ တက်နေသလား**

အညောင်းထိုင်ပါများလျှင် ဖြစ်စေ၊ အာရုံစူးစိုက်မှုများလျှင်ဖြစ်စေ ဇက်ကြောတွေ တက်တတ်သည်။ အသက်အန္တရာယ်မရှိဟု ဆိုနိုင်သော်လည်း နေရထိုင်ရ ခက်ခဲပါသည်။

သည့်အတွက် ဇက်ကြောတွေ မခံမရပ်နိုင်အောင် တက်နေက မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။ နည်းသိလျှင် မခက်ပါ။

ရှောက်သီးတစ်လုံးကို အလယ်တည့်တည့်မှခွဲ၍ အရည်ညှစ်ယူပါ။ ၎င်းနောက် အစေ့၊ အခွံ၊ အရည် သုံးမျိုးလုံးကို ကြွေကရား သို့မဟုတ် ကြွေရည်သုတ်ဇလုံတွင်းသို့ ထည့်ပါ။ ဆားသင့်ရုံနှင့် ပွက်ပွက်ဆူနေသော ရေနွေးဖြူ ကြွေကရားတစ်လုံးခန့် ထည့်ပါ။ အေးသောအခါ နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် သင့်ရုံ သောက်ပေးပါက သိသိသာသာ သက်သာပျောက်ကင်းပါ၏။

အဝလွန်သူများ အမြဲ သောက်ပေးပါက နောက်ကြော၊ ဇက်ကြော မတက်ခြင်း၊ အမောခံနိုင်ခြင်း၊ ထိခိုက်ရှနာများ အကျက်မြန်ကာ ပျောက်ကင်းလွယ်ခြင်း၊ ကိုယ်ခန္ဓာပေါ့ပါးသွက်လက်ခြင်းတို့ ဖြစ်စေပါသည်။

**ထိကရုံးအစွမ်း ဘယ်လိုရှိသလဲ**

ထိကရုံးသည် ဆေးဖက်ဝင်အပင်တစ်မျိုး ဖြစ်ပါသည်။

ထိကရုံး၏ အရွက်၊ အမြစ်၊ ပဉ္စငါးပါးလုံးကို အသုံးပြုနိုင်သည်။ ထိကရုံးသည် ဖန်ခါးသော အရသာ ရှိ၏။ အေးသောသတ္တိ ရှိ၏။ သလိပ်၊ သည်းခြေတို့ကို ငြိမ်းစေ၏။ အရွက်ကိုကြိတ်၍ ဆီးခံ၌ အုံပေးလျှင် ဆီးလွန်ရောဂါ ပျောက်၏။ မြင်းသရိုက်၊ လိပ်ခေါင်းရောဂါအတွက် အရွက်ကိုအမှုန့်ပြုကာ နို့နှင့် သောက်ပေးလျှင် ပျောက်ကင်းသက်သာ၏။ ထိကရုံးပင်၏အမြစ်ကိုသွေး၍ လိမ်းပေးလျှင် အနာမှ အမြစ်များ ထွက်လာစေ၏။ ထိကရုံးမြစ်ကိုပြုတ်သောက်ပါက ဆီးအိမ်၌တည်သောကျောက်ကို ပျော်၍ ကွဲကြေစေ၏။

ပဉ္စငါးပါးကိုကြိတ်၍ ရေနှင့်ဖျော်လူးပါက ဖောရောင်ခြင်းကို လျော့ကျစေ၏။ ရောင်အန်းသောနေရာတွင် ကြက်တောင်နှင့် သုတ်လိမ်းပေးပါက ရောင်အမ်းခြင်း ကင်းပျောက်၏။ သွေးအန်ခြင်း၊ သွေးကျခြင်း၊ ဝမ်းရောဂါ၊ ပန်းနာတို့ ပျောက်ကင်းစေ၏။ အားတိုးဆေးအဖြစ်လည်း ဖော်စပ်အသုံးပြုနိုင်၏။

ထိကရုံးဟုဆိုရာ၌ ကုန်းထိကရုံးနှင့် ရေထိကရုံး ဟူ၍ ရှိ၏။ ကုန်းထိကရုံး ပဉ္စငါးပါးကို ကျို၍ သကြားနှင့် သောက်ပါက သွေးအန်ရောဂါ၊ သွေးကျရောဂါ၊ ဝမ်းသက်ရောဂါတို့ကို ပျောက်ကင်းစေ၏။ ထိကရုံးအမြစ်ကို ပြုတ်သောက်ခဲ့သော် သည်းခြေဒေါသလွန်၍ ဖြစ်သော ကျောက်တည်ရောဂါကို ပျော်၍ ကွဲကျစေ၏။ ဆီးပူ၊ ဆီးအောင့်ရောဂါဖြစ်လျှင် ထိကရုံးပဉ္စငါးပါးလုံးကို အခြောက်ပြု၍ လက်ဖက်ခြောက်ကဲ့သို့ ပြုလုပ်ပြီး သောက်ရ၏။

ထိကရုံးကား ဆေးဖက်ဝင် အဖိုးတန်လှပါသတည်း။

**ရေဖျဉ်းရောဂါ ပျောက်ဖို့ရာ**

ရေဖျဉ်းရောဂါသည် ဝမ်းဗိုက်အဆမတန် ပူတင်းရောင်ကားကာ စူထွက်နေသည့်ရောဂါ ဖြစ်ပါသည်။ ထို့အတူ ခြေထောက်များလည်း ဖောရောင်လာလေ့ရှိသည်။ ရောဂါကို သက်သာပျောက်ကင်းအောင် မကုသလျှင် အသက်ဘေးအန္တရာယ်ရှိပါသည်။

သို့ဆိုပါက ရေဖျဉ်းရောဂါ ကင်းပျောက်ဖို့အတွက် မည်သို့လုပ်ဆောင်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

၁။ မြေဇူခေါ် လေးနာရီပန်းပင်၏အမြစ် (၃) ကို ရှာပါ။ ၎င်းပန်းသည် အဖြူ၊ အနီ၊ အဝါ ဟူ၍ သုံးရောင် ရှိ၏။ အရွက်ဝိုင်း၍ ပန်းပွင့်မှာ လော်စပီကာနှင့် တထေရာတည်း တူပါသည်။ ထိုအပင်၏အမြစ်မှာ ကန်စွန်းဥကဲ့သို့ ဖြစ်၏။

၎င်းဥကိုယူ၍ အခွံခွာ၊ ရေစင်အောင်ဆေးပြီး ပြာဖြင့် တစ်ညအိပ်သိပ်ပါ။ နောက်ရက်သို့ရောက်လျှင် ပြာတို့ ရေစင်အောင်ဆေး၍ ဥကို ခုတ်ထစ်ပါ။ ထို့နောက် ရေသုံးပိဿာဖြင့် သုံးခွက်တစ်ခွက်တင် ကျိုပါ။ ရလာသောပြုတ်ရည်ကို အအေးခံပြီး မြေအိုးထဲသို့ထည့်ပါ။ ရေဆာလာသည့်အခါတိုင်း နေ့စဉ်မပြတ် (၁၇) ရက် ဆက်သောက်ပါ။ အငန်နှင့်အဆီကို တစ်လရှောင်ပြီး သံပရာ၊ ရှောက်၊ လိမ္မော်များကိုစားသောက်ပေးပါ။ ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ သက်သာပျောက်ကင်းပါ၏။

၂။ ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများအတွက် နောက်ထပ်ဆေးနည်းတစ်ခု ရှိပါသေး၏။

ဟားဖက်ရွက် (ခေါ်) ငုဝါရွက် ၂၅ ကျပ်သား၊

သဘော်မဲဇလီ (ခေါ်) ပွေးကိုင်းရွက် ၂၅ ကျပ်သား။

သက်ရင်းကြီးရွက် ၂၅ ကျပ်သား။

မန်ကျည်းသီးမှည့် ၂၅ ကျပ်သား။

ထန်းလျက်စစ်စစ် ၂၅ ကျပ်သား။

ဟားဖက်ရွက် (ခေါ်) ငုဝါရွက်၊ သဘော်မဲဇလီ (ခေါ်) ပွေးကိုင်းရွက်၊ သက်ရင်းကြီးရွက်တို့ကို ဆေးအချိန်မှန်အောင် (၂၅)ကျပ်သားစီ ချိန်သောအခါ မနက်ချိန်လျှင် တစ်မနက်တည်း၊ ညနေချိန်လျှင် တစ်ညနေတည်း အပြီးချိန်ရမည်။ ထို့နောက် ရေစင်အောင်ဆေး၊ မြေအိုးထဲထည့်ပြီး ရေသုံးပိဿာနှင့်ကျိုပါ။ သုံးခွက်တစ်ခွက်တင်ကျန်လျှင် ချ၍ အရည်စစ်ပြီး အအေးခံပါ။ စကျိုသည့်အချိန်တွင် ထန်းလျက်နှင့် မန်ကျည်းမှည့်တို့ ရေနစ်ရုံထည့်စိမ်ထားပါ။

သုံးခွက်တစ်ခွက်တင် ကျန်လျှင် ချ၍ အရည်စစ်ပြီး အအေးခံပါ။ အေးလျှင် ထန်းလျက်နှင့် မန်ကျည်းစိမ်သည့်ရေကို မစစ်ဘဲ ထည့်မွှေပါ။ သုံးရက်အတွင်း တတ်နိုင်သလောက် သောက်ပေးပါ။

* မဲဇလီရွက်သည် အဆိပ်ဖြစ်တတ်သဖြင့် သုံးရက်ကျော်လျှင် အသစ်ကျိုချက်သောက်ပါ။ ဆေးသောက်နေစဉ်အတွင်း ဆီးဆေးကို နှစ်ရက် တစ်ကြိမ်ထိုးပေးပါ။

မကြာခင် ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ရွာတော့မြိုး မိုးရာ ကြက်ကျီးမှာ ကာငါး

ချစ်ဦးညိုး (ဗိုလ်ကုတ်)

ကြက်ကျီးမနှင့်ကာငါကြီး



တစ်နေ့သ၌

ရာသီစက်ကား ပွင့်လင်းရာသီသို့ ရောက်ရှိခဲ့လေပြီ။ မိုးရာသီ၏အစိမ်းရောင်တို့ လုံးဝ လွှင့်စဉ်ကာ မြေပြင်တို့သည်လည်း ခြောက်သွေ့ တင်းမာသွားခဲ့လေပြီ။ မိုးရေလုံလောက်စွာ သောက်သုံးလိုက်ရသော အိမ်ဝိုင်းအတွင်းရှိ သစ်ပင်ပန်းမန်တို့သည်ကား စိမ်းစိုတောက်ပလျက် ရှိကြလေ၏။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးရွာကြီးရှိ ကျွန်ုပ်၏အိမ်ငယ်လေးတွင် အခန်းအောင်းကာ စာရေးလျက်ရှိသော ကျွန်ုပ်သည် အညောင်းဆန့်သည့်အနေဖြင့် အိမ်ရှေ့သရက်ပင်

www.burmeseclassic.com

www.burmeseclassic.com

ရိပ်တွင် ချထားသော ထိုင်ခုံများမှ ဝါးဖြင့်ပြုလုပ်သော ကုလားထိုင်တွင်ထိုင်ကာ စိတ်လက်ပေါ့ပါးစွာ ပတ်ဝန်းကျင်သို့ ကြည့်ရှုနေမိ၏။

သရက်ပင်၏တောင်ဘက်တွင် ကျွန်ုပ်၏အိမ်ရှိပြီး သရက်ပင်၏အရှေ့ဘက်တွင် ညီမ မညွန့်စိန်တို့အိမ် ရှိလေသည်။ ကျွန်ုပ်တို့နှစ်အိမ်၏မျက်နှာစာ ဝန်းကျင်များတွင် သီးပင်စားပင်၊ ပန်းပင်တို့မှတစ်ပါး မြက်ပင်၊ ပေါင်းပင် ဟူ၍ အပေါက်မခံဘဲ သန့်ရှင်းမှု အမြဲပြုရာ တလင်းပြင်သည် ပြောင်လျက် သန့်ရှင်းနေ၏။

ထိုသို့ ကြည့်ရှုလျက်ရှိစဉ် ကျွန်ုပ်၏မျက်ဝန်းအတွင်းသို့ လှုပ်ရှားသော အရာဝတ္ထုတစ်ခု လာ၍ဝင်ရာ ထိုအရာကို အသေအချာကြည့်သောအခါတွင် တစ်ထွာကျော်ကျော်မျှ ရှည်လျားသော နီညိုရောင် ကင်းခြေများကြီး ဖြစ်နေသည်ကို ကြောက်လန့်ဖွယ် တွေ့ရလေ၏။ ကင်းကြီးကား သရက်ပင်၏အရှေ့ဘက်ခြေမှ ကျွန်ုပ်၏အိမ်သို့ ဦးတည်ပြီး လာနေခြင်း ဖြစ်၏။

ကျွန်ုပ်၏ဘဝတွင် ကင်းအကောင်ပေါင်း မရေတွက်နိုင်အောင် မြင်ခဲ့ဖူးပါ၏။ ဤကင်းကြီးကား ဒုတိယအကြီးဆုံး ကင်းကြီး ဖြစ်သည်။ ကင်းခြေများတို့သည် အများအားဖြင့် လက်ညှိုးလုံးခန့်သာ တွေ့ရတတ်၏။ ယခုကင်းကြီးကား လက်မလုံးထက်ပင် ကြီးမားလှပါသည်။

ကျွန်ုပ်တို့ငယ်စဉ် ဘုန်းတော်ကြီးကျောင်းသားဘဝ၌ တောင်ဆုပ်ခန့်ရှည်လျားပြီး ပေတံအပြားထက်ပင် ကြီးမားသော ကင်းကြီးတစ်ကောင် ညအခါ၌ ခွေးများ ဝိုင်းဟောင်းနေ၍ ဆင်းကြည့်ရာမှ ယိတ်လန့်ဖွယ် မြင်တွေ့ခဲ့ရဖူး၏။ ထိုကင်းကြီးနှင့်စာသော် ယခုကင်းမှာ စာမဖွဲ့လောက်သော်လည်း ယခု ကျွန်ုပ်မြင်သော ကင်းကြီးမှာလည်း သေးသေးသိမ်သိမ် မဟုတ်ချေ။

ထိုကင်းမျိုး အိမ်ပေါ်တွင် တက်အောင်းနေပါက မတော်တဆ နင်းမိ၍ အကိုက်ခံရလျှင် သို့မဟုတ် အိပ်ပျော်နေစဉ် အကိုက်ခံရလျှင် ကြီးစွာသော ကင်းဆိပ်ဝေဒနာ ခံစားရပြီး ကလေးငယ်ဆိုပါက အသက်ပင် ဆုံးရှုံးသွားနိုင်လေ၏။

ထို့ကြောင့် ကျွန်ုပ်သည် တုတ်ငယ်တစ်ချောင်းရှာကာ ကျွန်ုပ်အိမ်ဘက်သို့မလာရန် ဟန့်တားလိုက်၏။ သူတစ်ပါးအသက်ကို သတ်လိုစိတ်လည်း မရှိ မိမိပယောဂကြောင့်လည်း မသေစေလိုသဖြင့် တိတ်တဆိတ် ထိုသို့ ဟန့်တားခြင်း ဖြစ်၏။ ကျွန်ုပ်၏ယောက်ဖ မောင်မြအေး တွေ့မြင်ပါက ချက်ချင်းပင် ရိုက်သတ်မည်ဖြစ်ကြောင်း သိ၏။

ကင်းကြီးသည် ဟန့်တားလိုက်သည်နှင့် အရှေ့သို့ ဦးခေါင်းလမ်းကြောင်း ပြောင်းသွားပြီး အရှေ့ဘက်အိမ်ဝင်းထဲသို့ တရွေ့ရွေ့ ဝင်သွားလေတော့၏။

မောင်မြအေး၊ မညွန့်စိန်တို့တွင် အိမ်မွေးကြက်များ များပြားစွာရှိရာ ထိုကြက်တို့သည် အနီး၌မရှိသဖြင့် ကင်းကြီး အန္တရာယ်ကင်းခြင်း ဖြစ်၏။ ကင်းကိုမြင်လျှင် ကြက်တို့သည် သူတို့အစားအစာအဖြစ် အလွတ်ပေးရိုး ထုံးစံမရှိချေ။ အရှေ့ဘက်အိမ်တွင်လည်း ကြက်တို့ များစွာရှိသော်လည်း ထိုကင်းကြီးအား ထိုအိမ်မှကြက်တို့ တွေ့မြင်ဟန်မရှိချေ။ ပကတိ တိတ်ဆိတ်နေလေ၏။ ထိုကင်းကြီးသည် မြေအောင်းနေရာမှ မြေတွင်းတစ်ခုခုမှ ထွက်လာဟန်ရှိ၏။ နောက်ထပ် အောင်းစရာ မြေတွင်းတစ်ခုခုတွေ့ပြီး ဝင်အောင်းကာ အန္တရာယ်ကင်းနိုင်ပါစေဟု ဆန္ဒပြုနေမိတော့၏။ လူတို့မြင်ခဲ့ပါမူ အဆိပ်ရှိသော မည်သည့်သတ္တဝါကိုမဆို သတ်ပစ်ကြမည်သာ ဖြစ်ပါသည်။

**ကင်းအရက်**

ကင်း ဟူသော ဝေါဟာရသည် သတ္တဝါနှင့် အန္တရာယ်ကင်းရန် ကင်းစောင့်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ကင်းကင်းရှင်းရှင်းနေခြင်း စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုးထွက်၏။ မြန်မာ့ဝေါဟာရကား ကျယ်ပြန့်လှပေသည်။

လူမှန်လျှင် ကင်း (၃) ကင်း တစ်ကင်းပြီးသည်ဟု အဆိုရှိသည်။ ကင်း (၃) ကင်းမှာ ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းပုစွန် ခေါ် ကင်းမလက်မည်းတို့ ဖြစ်သည်။

မိုးကုတ်တွင် ကင်းမြီးကောက်အထိုးခံရဖူးရာ အထိုးခံရသောလက်သည် လွန်စွာ နာကျင်ပြီး အဆိပ်တက်ကာ ရောင်လာသည်ကို တွေ့ရပြီး အနာပျောက်သော် ထုံသလိုမျိုး တစ်ရက်မျှ ခံစားရလေ၏။ ထို့ကြောင့် ကျွန်ုပ် ကင်းမြီးကောက် မပြီးပါ။ ကျန်သော ကင်း (၂) မျိုးမှာ အကိုက်မခံရဘူး၍ မသိပါ။ ဤကင်းကြီးမျိုးကိုက်ပါက ပြီးနိုင်မည် မထင်မိချေ။

ကျွန်ုပ်တို့ မိုးကုတ်မြို့သို့လာသော် ရှေးအခါက ကင်းခွန်ကောက်သော ကင်းရွာကြီးအား ကင်းချောင်းကို ဖြတ်ကျော်ပြီးသော် တွေ့ရ၏။ ထိုကင်းရွာတွင် ရဲစခန်း ရှိ၏။ ထိုရွာတွင် နာမည်ကြီးသည်မှာ ကင်းအရက် ဖြစ်သည်။

ကင်းအရက်သည် လီဆူးအရက်ချက်သကဲ့သို့ပင် ပြောင်းဆန်ဖြင့်ချက်ရာ လီဆူးအရက်ကဲ့သို့ မီးတောက်အရက် ဖြစ်လေ၏။ အမည်သာ ကွဲသည်၊ ပြင်းပုံက အတူတူဖြစ်သည်။ ထို့ကြောင့် ကင်းအရက်သည်လည်း နာမည်ကြီး၏။

'သေချင်ရင် စိန်မစားနဲ့၊ ကင်းကပိုင်ကိုသွား' ဟူသော စကားသည် မိုးကုတ်၌ လူတိုင်းသိ၏။ ကင်းနှင့် ကပိုင်ရွာတို့သည် သိပ်မဝေးလှပါ။ ကင်းက အောက်ချိုင့်တွင်တည်ပြီး ကပိုင်က အထက်ဘက် ကားလမ်းဘေးတွင် တည်သည်။ ကပိုင် ဟူသည် ကင်းအပိုင်ရွာဟူ၍ သတ်မှတ်ရာမှ ကင်းပိုင်မှသည် ကပိုင်သို့ ဝေါဟာရရွေ့လျောခဲ့ဟန် ရှိ၏။ ထိုရွာတို့သို့ တွင်းသားများရောက်ခဲ့သော် သို့မဟုတ် တစ်ညအိပ်မျှ ညွှဲ့သည်တို့ရောက်ခဲ့သော် ထိုဒေသ၏ငှက်ဖျားရောဂါ ကူးစက်ခြင်းခံရတတ်လေ၏။ ငှက်ဖျားပိုးပြင်းထန်လွန်းရာ ထိုငှက်ဖျားရောဂါဖြင့် သေဆုံးရတတ်၏။ ထို့ကြောင့် သေချင်ရင် စိန်ခေါ် အာဆင်းနစ်အက်စစ်ကို စားစရာမလို၊ ကင်းရွာ၊ ကပိုင်ရွာသို့သွားရုံနှင့်သေ၏ဟု ဆိုလိုခြင်း ဖြစ်သည်။

ထိုငှက်ဖျားဒဏ်ကို ကာကွယ်ရန်ဟူ၍ ကင်းရွာရောက်သူတို့က ကင်းအရက်ကို မှီဝဲကြသလို ကပိုင်ရွာရောက်သူတို့ကလည်း ကပိုင်အရက်ကို မှီဝဲကြလေ၏။

ဤကင်းအရက်ကား ကင်းရွာတွင်ချက်၍ ကင်းအရက်ဟု အမည်တွင်ခြင်းဖြစ်ကာ ကင်းအရက်နောက်တစ်မျိုးကို ဗဟုသုတအဖြစ် ထပ်မံ တင်ပြလိုပါသည်။

**ကင်းအရက်စစ်စစ်**

ကျွန်ုပ်သည် မိုင်းရှူးရတနာမြေ၌ နှစ်အတန်ကြာ ဖက်စပ်မန်နေဂျာတာဝန်ကိုယူရရာ ဖက်စပ်လည်ပတ်ရန် လိုအပ်သမျှပစ္စည်းတို့ကို ဝယ်ယူဖြည့်တင်းပေးရ၏။

လိုအပ်သမျှသောငွေကြေး ကိုင်တွယ်သုံးစွဲခွင့်ဟူ၍ ကျွန်ုပ်တစ်ဦးတည်းကိုသာ ခွင့်ပြုထားရာ ငွေကြေးထုထည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဝယ်ယူရသောကိစ္စ ဟူသမျှ ကျွန်ုပ်သာလျှင် သွားလေ့ရှိ၏။ ထို့ကြောင့် လိုအပ်သမျှသောပစ္စည်းတို့ ပံ့ပိုးရန် အမြဲတစေ အပြင်သို့ထွက်နေရတတ်၏။

မန်နေဂျာလည်း ကျွန်ုပ်၊ စာရင်းကိုင်လည်း ကျွန်ုပ်၊ အဝယ်တော်လည်း ကျွန်ုပ်၊ ကိစ္စကြီး,ငယ် ဟူသမျှ ကျွန်ုပ်သည်ပင်ဖြစ်ရာ ဖတ်ဖတ်မောအောင် ဆောင်ရွက်ရပါသည်။

တစ်နေ့တွင် ဒေါက်အိတ် ခေါ်မြန်ချုပ်ထားသောအိတ်များ ဝယ်ယူရန် သစ်ကွင်းရှိ ကိုလှစိုး၊ မဝင်းတို့အိမ်သို့ ရောက်ပါသည်။ ကိုလှစိုးမှာ ကျောက်ခန်းတောင်းသားဖြစ်ပြီး တောင်ကြီးသူ မဝင်းနှင့် အိမ်ထောင်ကျကာ မိုင်းရှူးရွာနာမြေပေါ်သောအခါ၌ ဖက်စပ်နှင့်ဆက်နွယ်သော ထင်း၊ အိတ်ခွဲလုပ်ငန်းများလုပ်ကာ စီးပွားဖြစ်နေသူ ဖြစ်၏။

ကိုလှစိုးနှင့် မဝင်းတို့ ဟူသည်မှာ ကာလရှည်လျားစွာကပင် ဆက်ဆံခဲ့ခြင်းဖြစ်ရာ ခင်မင်ရင်းနှီးနေသူများဖြစ်လေ၏။ သူတို့အိမ်သို့ရောက်သည်နှင့် အအေး၊ ကော်ဖီ စသည်တို့ဖြင့် ဧည့်ခံမြဲ ဖြစ်၏။ ကျွန်ုပ်ကဲ့သို့ အခြားသော အိတ်စပ်များမှ အဝယ်တော်တို့နှင့်လည်း ကြုံရမြဲ ဖြစ်သည်။

"ဦးကျော်စိုး၊ ဆေးဖြစ်ဝါးဖြစ်ကင်းအရက်သောက်ပါလားဗျ။ နည်းနည်းပေါ့။ သူက ဆေးဖြစ်တယ်။ အများကြီးလည်း သောက်လို့မရဘူး၊ အရမ်းပူတယ်။ သောက်မလား"

ကင်းအရက် ဆိုသောအခါ ကျွန်ုပ်က မိုးကုတ်က ကင်းအရက်ကို ပြေးပြီးသတိရမိလေ၏။

"ဘယ်လို ကင်းအရက်လဲ ဦးလှစိုး ဗဟုသုတအဖြစ် မြင်ဖူးချင်တယ်။ သောက်တော့မသောက်ချင်ပါဘူး၊ ကျွန်တော်မှ အရက်မသောက်တာ"

ဟု ဆိုသောအခါ ကိုလှစိုးသည် အခန်းတွင်းဝင်၍ ပုလင်းတစ်လုံးဆွဲချလာပြီး ကျွန်ုပ်ရှေ့ရှိ စားပွဲပေါ် တင်ပြသည်။ မြင်သည်နှင့် ကျွန်ုပ်မှာ အူတွေသားလာပြီး ဖျို့ချင်သလိုလို ဖြစ်လာ၏။ အဘယ်ကြောင့်ဆိုသော် လက်သန်းလုံးခန့်ရှိ ကင်းခြေများ (၆) ကောင်၊ (၇) ကောင်ခန့်ကို အရက်ဖြင့်စိမ်ထား၍ဖြစ်သည်။ ကင်းတို့ဖြင့် ပုလင်းပြည့်လုနီးပါးဖြစ်သည်။ ရွံရှာဖွယ်အတိ ဖြစ်ပါသည်။ ထိုကင်းကောင်များကိုကြည့်၍ မည်သို့သတိမည်နည်း။ ဆေးအဖြစ်ပင်သောက်၍ဝင်နိုင်မည် မထင်ပါ။

"ကင်းတွေ ဒီလောက်များတာ ဘယ်ကနေရှာထားတာလဲဗျ"

"ဦးကျော်စိုးကလည်း၊ ပိုက်ဆံပေးပြီးရှာခိုင်းရင် ပေါပါတယ်ဗျာ။ ကျွန်တော်တို့ဆီမှာတော့ အင်တိုင်းကင်းလို့ခေါ်ကြတယ်။ ဒါက တရုတ်ဆေးဗျ။ တရုတ်တွေ အမြတ်တနိုး သောက်ကြတယ်။ အချို့ဆို မြွေစိမ်းအရှင်နဲ့ ထည့်စိမ်ပြီး သောက်ကြတာ။ ယောကျ်ားဒူလာဖြစ်ရင် ကောင်းတယ်။ ဒူးတွေဘာတွေ နာကျင်ကိုက်ခဲရင် လိမ်းလို့ရတယ်။ နောက်ပြီးတော့ အားလည်းဖြစ်တယ်။ ယောကျ်ားအားပေါ့ဗျာ။ ကင်းအရှင်တွေထည့်ပြီးမှ အရက်လောင်းပြီး စိမ်ရတာ။ ဒါမှ ကင်းဆိပ်တွေ အန်ထုတ်ပြီး အရက်နဲ့ရောသွားတာ။ အလွန်တန်ဖိုးကြီးတယ်။ ဦးကျော်စိုးမို့ ခင်လို့ ကျွန်တော်တိုက်တာ၊ အတော်အတန်လူဆို ဒီအရက်နဲ့ ဧည့်မခံဘူး"

"တော်ပါပြီ ကိုလှစိုးရယ်၊ ကျွန်တော့်မှာ ဘာရောဂါမှလည်း မရှိပါဘူး။ မြင်ရတာနဲ့ကို ကျေးဇူးတင်လှပါပြီ"

ဟု မသောက်လိုကြောင်း ပြောသောအခါ ကိုလှစိုးသည် သူ့ပုလင်းပြန်သိမ်းသွားလေတော့၏။ ထိုအခါ အိမ်ရှိအလုပ်သမတစ်ဦးက ကော်ဖီမစ်တစ်ခွက်နှင့် ကိတ်ခြောက်ပန်းကန် လာချပေးလေ၏။ ဤသည်မှာ ပထမအကြိမ်ကင်းအရက်ကို ကြုံဖူးခြင်း ဖြစ်သည်။

ဒုတိယအကြိမ်ကြုံရသည်မှာ ရွှေအိမ်စံ သစ်ဆိုင်၌ ဖြစ်သည်။ သစ်လုံးကြီး,ငယ်တို့သည် တွင်းလုပ်ရာ၌ မရှိမဖြစ်မို့ လေး၊ ငါးရက် ကားတစ်စီးခန့်အမြဲဝယ်ယူနေရလေ၏။

ရွှေအိမ်စံသည် နမ္မတူ ရှမ်းမ ဖြစ်သော်လည်း ခင်ပွန်းမှာ မိုင်းရှူးသား တရုတ် အားလင် ဖြစ်၏။ ဇနီးမောင်နှံနှစ်ဦးစလုံး ကျွန်ုပ်နှင့် မိသားစုပမာ ခင်မင် ရင်းနှီးနေလေ၏။ ၂၀၀၁ ခုနှစ်မှသည် စတင် ခင်မင်သိကျွမ်းခဲ့ရာ ကာလအားဖြင့် ကြာခဲ့ပြီ ဖြစ်သည်။

ကျွန်ုပ်သည် သစ်ဝယ်ယူရာ၌ ရွှေအိမ်စံတွင် မရှိမှသာ အခြားဆိုင်တို့၌ဝယ်ယူ၏။ လောပန်၏ဇနီးနှင့် ရွှေအိမ်စံတို့မှာလည်း ရင်းနှီးပြီးဖြစ်ရာ ပြောစရာမလိုတော့ပေ။

ကျွန်ုပ်တို့ အဝယ်တော်များလာလျှင် ထမင်းစားခိုက်နှင့်ကြုံက ထမင်းမစားမနေ အတင်းကျွေး၏။ မကြုံပါက ခေါက်ဆွဲ စသည် တစ်ခုခု မှာကျွေးမြဲဖြစ်သည်။ သကြားလုံး၊ နေကြာစေ့၊ ကော်ဖီမစ်၊ စီးကာရက် ဆိုသည်မှာ ထာဝရရှိပြီးသား ဖြစ်၏။ အရက်ကြိုက်သူ အဝယ်တော်များအား အရက်ဖြင့် ဧည့်ခံ၏။ လွန်စွာ ဧည့်ဝတ်ကျေပြီး ဇနီးမောင်နှံနှစ်ဦးစလုံး သဘောဖြူ အူစင်းများ ဖြစ်ကြသည်။ အပြောအဆိုလည်း လိမ္မာယဉ်ကျေးကြလေ၏။

တစ်နေ့တွင် ရွှေအိမ်စံသည် စားစရာထည့်သော ကြောင်အိမ်ထဲမှ အရက်ပုလင်းကို ဆွဲထုတ်လာပြီး ပြ၏။ ကင်းခြေများတို့ဖြင့် စိမ်ထားသောအရက် ဖြစ်သည်။

"ဦးလေး၊ ဆေးဖြစ်ဝါးဖြစ် နည်းနည်းသောက်ပါလား။ တန်ဖိုးကြီးတယ်၊ ဆေးလည်းဖြစ်တယ်။ ဒါ ကင်းနဲ့စိမ်ထားတဲ့ ကင်းအရက်လေ၊ သောက်ရခဲတယ် ဦးလေးရဲ့"

"တော်ပါပြီ ရွှေအိမ်စံရယ်၊ မသောက်ချင်ပါဘူး"

ဟု တားမြစ်ရလေ၏။ ထိုအခါ သူတို့နှင့် အိမ်ချင်းကပ်လျက် မှာနေကျမိုးသောက်ပန်း ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲမှာ၍ ဧည့်ခံလေ၏။ ဤသည်မှာ ကင်းအရက်ကို ဒုတိယအကြိမ် မျက်ဝါးထင်ထင် မြင်ဖူးခြင်း ဖြစ်လေ၏။

**တစ်ကျော့ပြန်ရောက်လာခြင်း**

တစ်ထွာကျော်ကျော် ကြီးသော ကင်းကြီးကို မြင်သောအခါ အထက်ပါအကြောင်းအရာတို့ကို ပြေး၍ မြင်ယောင်မိ၏။ ဤကင်းကြီးမျိုးသာ ထိုလူတို့တွေ့ရှိပါက အရှင်လတ်လတ် ပုလင်းတွင် ရအောင်သွတ်ကာ အရက်လောင်း၍ ကင်းအရက်ဖြစ်အောင် စိမ်ထားပေလိမ့်မည်။

ထိုသို့ စိမ်ထားပြီးသော် အရက်ကုန်သွားပါက အရက်အသစ်ထပ်၍လောင်းကာ စိမ်ပြီး သောက်ကြပြန်၏။ အရက်ကြောင့် ကင်းကောင်တို့ မပျက်မစီး ကာလရှည်လျားစွာ ပုံစံမပျက်နေကြောင်းသိရ၏။ ထိုသို့ တွေး၍ကောင်းတုန်းမှာပင် အရှေ့ဘက်အိမ်မှ ကောင်မလေးတွေ၏အော်သံကို ကြားရ၏။

"အရီးညွန့်စိန်၊ အရီးညွန့်စိန်"

"ဘာတုံး"

"အရီးတို့အိမ်ထဲ ကင်းကြီးဝင်သွားပြီ။ အကောင်ကြီးက ကြီးလွန်းလို့ ကြက်တွေတောင် အနားမကပ်ရဲဘူး။ အိမ်မြောက်ဘက်ကနေပြီးဝင်သွားပြီ၊ ကျွန်မတို့လည်း မရိုက်ရဲလို့"

ဟူသော ပြောသံကို ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အိမ်ပေါ်မှ မောင်မြအေးနှင့် မညွန့်စိန်တို့ ပြေးဆင်းလာသည်။ ကြက်တွေနှင့် ထိပ်တိုက်တွေ့နေသော်လည်း ဆိတ်ရဲရန် မဆိုထားဘိ၊ ဆူညံစွာအော်ဟစ်လျက် ကင်းကြီးနှင့်ဝေးရာ ပြေးခွာလာကြ၏။

ကြက်ဖကလေးတစ်ကောင်မှာမူ ကင်းကြီးကိုဆိတ်ရန် ရွယ်လျက် ကင်းကြီးဘေးမှကပ်ပါလာသော်လည်း ဆိတ်ရဲခြင်း မရှိပေ။ ကြက်ပင်ကြောက်သော ကင်းကြီး ဖြစ်သည်။ လက်သန်းလုံး၊ လက်မလုံးခန့် ကင်းဖြစ်မှ ဦးခေါင်းကို နှုတ်သီးဖြင့် ပေါက်သတ်ကာ တစ်ခါတည်းမျိုချတတ်လေ၏။ ယခုသော်မူ အနားသို့ပင် ရဲရဲမကပ်ဝံ့ကြပါ။ သတ္တိခဲ ကြက်ဖလေးတစ်ကောင်သာလျှင် ကင်းကြီးဘေးမှရံ၍ ပါလာ၏။ တရွယ်ရွယ်နှင့် မဆိတ်ရဲ။

ကင်းကြီးသည် ကြက်ခြံဟောင်းထဲဝင်သွားသဖြင့် မောင်မြအေးသည် ကြက်ခြံအပြင်မှ မှိန်းကိုင်လျက် စောင့်နေ၏။ ကြက်ခြံမှ အပြင်အထွက်တွင် ကင်းကြီးအား မောင်မြအေးက မှိန်းဖြင့်ထိုး၍ ဖိထားသည်ကို မြင်နေရ၏။ ကြက်ဖလေးမှာမူ ကြက်ခြံဟောင်းထဲ၌ ကျန်ရစ်၏။

ခဏအကြာ၌ ဦးခေါင်း၏နောက်၌ မှိန်းထိုးဖောက်ထားရာ ထိုမှိန်းကို ကင်းကြီး ဖက်တွယ်လျက်အနေအထားဖြင့် ကျွန်ုပ်ထိုင်နေရာ ရှေ့ကွင်းပြင်၌ ချထားလိုက်လေသည်။ ကင်းကြီးမှာ တွန့်လိမ်ရစ်တွယ်လျက် ဒေါသကြောင့် ကျောမှ အတန်ငယ်ကြီးမားသော အကြေးခွံများ ဖောင်းထကာ ဖောင်းကြွလျက် ရှိလေ၏။ အလွန်ပင် အုယားစရာကောင်းသောမြင်ကွင်းပါပေ။

ကင်းကြီးသေမည်စိုး၍ ကျွန်ုပ် နှုတ်ပိတ် ရေငုံနေခဲ့သော်လည်း ကံမကောင်းသောကင်းကြီးကား ဤအိမ်ဝိုင်းသို့ တစ်ကျော့ပြန်ရောက်ခဲ့ခြင်း ဖြစ်၏။ ယခုသော် မှိန်းဒဏ်ရာကြောင့် ကြီးစွာသောဝေဒနာ ခံစားနေရလေပြီ။

**ကင်းနဲ့ကြက်**

ကျွန်ုပ်နှင့် မောင်မြအေးတို့သည် ကင်းကြီးကို ကြည့်နေကြ၏။ ကင်းကြီးမှာ တလူးလူးဖြင့် မှိန်းတံကို ရစ်ပတ်နေ၏။ အတော်ပင် အသက်ပြင်းသော ကင်း ဖြစ်၏။ အချိန်အားဖြင့် အတန်ငယ်ကြာခဲ့ပြီ ဖြစ်သည်။

"အစ်ကိုလေးရာ၊ ဒီကင်းကြီးကို ကျွန်တော် မသတ်ပါဘူးဗျာ။ ဒါပေမယ့် ကျွန်တော့်မှာ ကြက်တွေလည်း အများကြီးရှိတယ်၊ ကလေးတွေလည်း ရှိတယ်။ အန္တရာယ်အလွန်များလွန်းလို့ သတ်ရတာပါ။ မတော်လို့ အိမ်ပေါ်ရောက်နေရင် မသက်သာဘူးဗျ။ အကောင်ကကြီးလွန်းတယ်"

"ကြက် ဆိုတာ ကင်းကိုက်ရင် တစ်ခါတည်းသေတယ်လို့ ကြားဖူးတယ်ကွ"

"ကင်းက ကိုက်စရာမလိုပါဘူး အစ်ကိုလေးရဲ့။ ကြက်တွေ ကြက်တန်းမှာ အိပ်နေရင် အဲဒီတန်းအထက်က ဖြတ်လျှောက်ရုံနဲ့ ကြက်တွေ သေကြရတာ။ ကြက်တွေအတွက် ကင်းဆိပ်က အဲဒီအထိ ပြင်းတယ်။ ညမှာ ကင်းက ကြက်ကိုနိုင်တယ်။

ပြီးတော့ ကြက်နဲ့ကင်းက ကက်ကင်းဓာတ်လေ အစ်ကိုလေးရဲ့။ နေ့မှာ ကြက်က ကင်းကိုနိုင်တယ်။ ကြက်က တွေ့မရှောင် သတ်စားလေ့ ရှိတယ်။ ကင်းဟာ ကြက်ရဲ့ ဆေးတစ်ပါးပါပဲ။ ကင်းစားတဲ့ကြက်ဟာ ကြက်နာမကျနိုင်ဘူး၊ ရောဂါမဖြစ်နိုင်ဘူး။ ရောဂါရှိတဲ့ ကြက် ကင်းကိုစားရရင် ရောဂါပျောက်တယ်။

ညကျပြန်တော့ ကင်းက ကြက်ကို ပြန်နိုင်တယ်။ ကြက်ဆိုတာ ညမှာ ဘာမှမမြင်ရဘူး။ အဲဒါဆို ကင်းက ကြက်ကို ကိုက်စရာတောင် မလိုဘူး၊ သူတို့အပေါ်က ဖြတ်လျှောက်ရုံနဲ့ကို သေတာ။ အဲဒါကြောင့် ကြက်တွေဟာ ညမှာအိပ်နေပေမယ့် ကြက်အိပ်ကြက်နိုး ဆိုတဲ့အတိုင်း သူတို့နှုတ်သီးနဲ့ သူတို့ အိပ်နေတဲ့ ကြမ်းပြင် သို့မဟုတ် အိပ်တန်းပေါ်ဗျာ။ မကြာခဏ တဒေါက်ဒေါက်နဲ့ဆိတ်ပြီး ခြောက်လှန့်နေလေ့ရှိတယ်။ အဲဒါ သူတို့ဆီ ကင်းမလာအောင် ခြောက်လှန့်နေတာပေါ့။ ကြက်တွေနဲ့ အတူနေဖူးရင်သိကြပါတယ်။ ကျွန်တော်တို့ကတော့ ရန်ကုန်မှာတုန်းကလည်း ကြက်မွေးတယ်၊ ဒီမှာလည်း ကြက်မွေးတော့ကာ ကြက်အကြောင်း သိနေတယ်"

ဟု ပြောပြလေ၏။

ကျွန်ုပ်သည်ကား ပတ္တမြားမြေမှာ ကြီးပြင်းသဖြင့် ကြက်အကြောင်း မသိရိုးအမှန် ဖြစ်ပါသည်။

**ကြက်ငယ်တို့၏အန္တရာယ်**

"ကြက်ကြီးတွေမှာ ကြက်နာရောဂါလောက်ပဲ ကြောက်ရတာ၊ ကြက်ငယ်လေးတွေကျတော့ ကျွန်တော်တို့လို အိမ်မွေးကြက်သမားတွေမှာ အန္တရာယ်တွေ အတော်စုံပါတယ်။

ကြက်သားပေါက်လေးတွေဟာ ရာသီဥတုဒဏ်ကြောင့်လည်း သေကြရတယ်။ ဟိုတစ်နေ့က ဖားပြုပ်ကြီးတစ်ကောင်ဟာ ကြက်တွေ အိပ်တန်းတတ်ခါနီးမှာ ကြက်ပေါက်စလေးတစ်ကောင်နောက်ကို တကောက်ကောက်လိုက်နေတာတွေ့ရတယ်။ ကြက်က လင်း[illegible] လျှောက်မြန်တော့ မမီဘူးဖြစ်နေတယ်။ ကျွန်တော်လည်း အချိန်အတော်ကြာ ကြည့်နေတာ။ ကြက်ကလေးကို မီလု[illegible] မီခင်မှာ ကျွန်တော် ဖားပြုပ်ကြီးကို အ[illegible] ချိန်မီ မောင်းထုတ်လိုက်တယ်။ နို့မို့ရင် ဒီဖားပြုပ် ကြက်ကလေးကို စားမှာသေ[illegible] ချာတယ်။ ဒီဟာ ဖားပြုပ်က ကြက်သ[illegible] ငယ်ကို စားမယ်လုပ်တာ ပထမဆုံးမြင်ဖူးခြင်းပါ။ တစ်ခါမှ ဒါမျိုးမကြုံဖူးဘူး။

ကျွန်တော် ရန်ကုန်မှာနေတုန်းက[illegible] လှိုင်မြစ်တစ်ဖက်ကမ်းမှာ နေတာပါ[illegible] ဒီရေတောဆိုတော့ အိမ်အောက်မှာရေ[illegible] ပတ်ဝန်းကျင်မှာပါ ရွှံ့ညွန်တွေ အမြဲ[illegible] နေတယ်။ အဲဒီ ရွှံ့ညွန်တွေထဲမှာ ငါး[illegible] ရှဉ့်တွေ အမြဲနေတယ်။

ကျွန်တော်က အိမ်ကြက်တွေမွေး[illegible] တော့ကာ ကြက်ပေါက်စလေးတွေကို ငါးရှဉ့်စုပ်တာ မကြာမကြာခံရတယ်။ ငါးရှဉ့်က ရွှံ့ထဲကနေပြီး ကြက်လေးတွေ[illegible] ကို ဆွဲစုပ်ပြီး စားတာပေါ့ဗျာ။

အချို့ ကြက်ကလေးတွေ ဆိုရင် အတင်းရုန်းတော့ကာ ခြေပြတ်ပါသွား[illegible] တာတွေ ကြုံရတယ်။ အဲဒီခြေပြတ်လေး[illegible] တွေနဲ့ သူဟာသူသွားလာနိုင်အောင် ကြိုး[illegible] စားနေထိုင်တာ တွေ့ရပါတယ်။

ကြက်ပေါက်ကလေးတွေကို အ[illegible] လွယ်တကူ ဖမ်းယူ စားသောက်နိုင်တာ[illegible] က ကြောင်ပဲဗျ။ အရှေ့ဘက်အိမ်မှာ[illegible] ခွေးမရှိတော့ ကြက်ပေါက်လေးတွေ[illegible] ညမှာ ကြောင်က စိတ်ကြိုက်လာဖမ်း[illegible] လေ့ရှိတာကြောင့် အတော်နစ်နာတယ်[illegible] ကျွန်တော်တို့ဆီကျတော့ အစ်ကို[illegible] လည်း အမြင်ပဲ၊ ခွေးတွေရှိနေတော့[illegible] ကြောင်မကပ်ရဲဘူး။ အဲဒါကြောင့် သ[illegible] သာတယ်။

ကောင်းကင်ကလာနိုင်တဲ့ အ[illegible] ရာယ်က စွန်ရယ်၊ သိမ်းငှက်ရယ်၊ [illegible] သိမ်းရယ်ပဲ။ အဲဒီ သားစားငှက်တွေ[illegible] လည်း ဒီမှာ အတော်ရှားပါတယ်။ [illegible] ကြောင့် ကျွန်တော့်ရဲ့ကြက်ပေါက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဆွေဟာ ရာသီဥတုဒဏ်မခံရရင် တင်တာများပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အတွက် အိမ်ကြက်မွေးမြူတာ ဆိုးဘူး ဆိုရမှာပါ။ အိမ်ကြက်က မွေးမြူရေးကြက်ထက် စျေးပိုရတော့ စီးပွားရေးအတွက် တစ်ထောင့်တစ်နေရာက အထောက်အကူပြုပါတယ်"

ဟု ကြက်အကြောင်း ပြောပြလေ၏။

**အသက်ပြင်းသောကင်းကြီး**

"အစ်ကိုလေးနဲ့ကျွန်တော် ထိုင်နေတာ အတော်ကြာပြီ၊ ဒီကောင်ကြီးတ တလှုပ်လှုပ်နဲ့ မသေနိုင်ဘူးဗျာ"

ဟု ပြောပြီး ထိုင်ရာမှထကာ ထိုးထားသောနေရာမှ လည်ပင်းကို ပြတ်အောင် မိုန်းဖြင့် ဖြတ်လိုက်လေ၏။ ထိုအခါ ဦးခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွားလေ၏။ ဦးခေါင်းတလှုပ်လှုပ်လုပ်နေသလို ကိုယ်ကလည်း လှည့်ပတ်သွားလာနေ၏။ အကြေးခွံကြီးများကလည်း ဒေါသကြောင့် ဖောင်းကြွနေလေသည်။ ကြောက်ဖွယ်ဖြစ်သည်။ (၁၀) မိနစ်ခန့် လှည့်ပတ်သွားပြီးသော် အသွားရပ်သွားသဖြင့် ဒီကောင်ကြီး မလှုပ်နိုင်တော့ဘူးဟု ထင်မိလေ၏။

အတန်ကြာသော် အကြေးခွံမှ မာန်များကျကာ ပကတိအသွင်ပြန်ဖြစ်သွား၏။ ဦးခေါင်းကြီးကား မသွားနိုင်သော်လည်း တလှုပ်လှုပ်နှင့်ရှိနေချေ၏။

ထိုသည်ကိုကြည့်နေသော ကြက်ဖိုလေးတစ်ကောင်သည် ပြေးလာကာ ဦးခေါင်းကို ချီသွားပြီး ကပျာကယာ မျိုချလိုက်သည်။ အတော်သတ္တိကောင်းသောကြက်ပါပေ။ ဆိတ်ရန် လိုက်နေသောကြက်ထက် အတန်ငယ်သော ကြက်ကလေး ဖြစ်၏။ ဦးခေါင်းကား ကိစ္စပြတ်သွားခဲ့လေပြီ၊ ကြက်၏အစာအိမ်ထဲရောက်သွားခဲ့ပြီ ဖြစ်၏။

ကင်းကြီး၏ရှည်လျားသောကိုယ်ပိုင်းကား မလှုပ်မယှက်ရှိရာ သေပြီဟု အထင်ရောက်ကြလေ၏။

"အစ်ကိုလေး၊ သူ့ရဲ့ကျောက အကြေးခွံတွေ ဖောင်းမထောင်တော့ဘူးဗျ။ ဒီကောင် သေသွားပြီနေမှာ"

ဟု ပြောကာ မိုန်းသွားဖြင့် တို့ကြည့်လေ၏။ ထိုအခါ ကင်း၏ကျောမှ အကြေးခွံတို့သည် ဒေါသမာန်ဖြင့် ပြန်ထည်ကြွလာသည်ကို အံ့ဩဖွယ် မြင်တွေ့ရလေ၏။ ပြီးလျှင် ထိုဦးခေါင်းမဲ့သောကိုယ်သည် ဦးခေါင်းရှိသကဲ့သို့ပင် လှည့်ပတ်သွားလာနေပြန်၏။

ကျွန်ုပ်တို့ လူသည်လည်းကောင်း၊ သတ္တဝါအများစုသည် လည်းကောင်း ဦးခေါင်းမဲ့သွားလျှင် နှလုံးစွမ်းအားဖြင့် သွေးရှူးသွေးတန်း ဆက်၍ လှုပ်ရှားနိုင်ကြသော်လည်း ရေရှည်တွင် ဆက်လက်ရပ်တည်လှုပ်ရှားနိုင်စွမ်းမရှိဘဲ ငြိမ်သက်သေဆုံးသွားတတ်ကြလေ၏။

ယခု ကင်းခေါင်းပြတ်ကြီးမှာမူ နာရီဝက်မျှပင်ကြာခဲ့သော်လည်း မသေဘဲ သွားလာနေဆဲ ရှိ၏။ ထို့ကြောင့်ပင် ကျွန်ုပ်က-

"တိရစ္ဆာန်တွေမှာ လူတွေနဲ့မတူတဲ့စွမ်းအင်တွေ ရှိတတ်ကြတယ်ကွ။ ဒီခေါင်းပြတ်ကြီးကို တစ်နေရာရာမှာ လွှတ်ထားပေးရင် သူ့ဦးခေါင်းပြန်မပေါက်လာဘူးလို့ မပြောနိုင်ဘူး။ ခုဟာက သူ့ကိုထိရင်လည်း ဒေါသထွက်တတ်တယ်။ ပြီးတော့ ဝေဒနာမရှိသလို ပုံမှန်လမ်းလျှောက်နိုင်တယ်။ ဒီတစ်ခါပဲ အဲဒါမျိုး ကြုံဖူးတယ်ကွ"

ဟု ပြောသော် မောင်မြအေးက အတွေ့အကြုံများသူပီပီ တိရစ္ဆာန်တို့၏ ထူးခြားဆန်းကြယ်မှုကို ပြောပြ၏။

**မိကျောင်း၏ဆန်းကြယ်မှု**

"အစ်ကိုလေးက ချောင်းမြောင်း အင်းအိုင်တွေပေါ်တဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ မနေဘူးလို့ပါ။ အဲဒီဒေသတွေက ဖား၊ ငါး၊ ပုစွန်တွေ ပေါ်ရုံမကဘူး၊ မိကျောင်းတွေလည်းကျက်စားကြတယ်။ အဲဒီ ရေနေသတ္တဝါတွေအကြောင်းသာ အစ်ကိုလေး လေ့လာမယ်ဆိုရင် ရေးဖွဲ့ဖို့မကုန်နိုင်အောင်ကို ကုန်ကြမ်းတွေရမှာ သေချာတယ်။

အဲဒီ ရေနေသတ္တဝါတွေထဲမှာ မိကျောင်းဟာ အတော်အသက်ပြင်းပါတယ်။ မိကျောင်းတစ်ကောင်မိလို့ သတ်ပြီးပြီ၊ ခေါင်းဖြတ်ပြီးပြီ ဆိုပါတော့။ အဲဒီမှာ မိကျောင်းသားရောင်းကြပါတယ်။ ဒါပေမယ့် ဝက်တို့၊ အမဲတို့လို ဖျက်ပြီးမှ ရောင်းတာမဟုတ်ဘူး၊ ကမ်းစပ်မှာ အကောင်လိုက်ချထားပြီး လာဝယ်တဲ့လူတွေကို လိုသလောက် လှီးဖြတ်ပြီးရောင်းတာ။

မိကျောင်းဆိုတာ အလွန်အသက်ပြင်းတဲ့အကောင် ဆိုတော့ အန္တရာယ်ပြုနိုင်တဲ့ ဦးခေါင်း၊ ခြေ၊ လက်၊ အမြီး ဆိုတာတွေကို အရင်ဆုံး ခုတ်ဖြတ်ပစ်လိုက်တာ။ အဲဒီမှာ အကောင်က လုံးဝ မလှုပ်နိုင်တော့ပါဘူး၊ မျက်မြင်အားဖြင့် အသေကောင်ပါ။

ဒါပေမယ့် ဝယ်သူရှိလို့ သူ့အသားကို လှီးတိုင်း တဆတ်ဆတ်တုန်နေတယ်။ ဆိုရရင်တော့ မြင်ရက်စရာမရှိဘူးပေါ့ဗျာ။ သူ့ရဲ့အသက်က သူ့ရဲ့ချက်မှာ တည်နေတယ်ဆိုကိုးဗျ။ ဒီတော့ ချက်ကိုမရောက်မချင်း မိကျောင်းဟာ မသေဘူး ဆိုရမှာပါ။ ချက်ကို ဖျက်ဆီးပြီးမှ သေတယ်လို့ ဆိုကြပါတယ်။

ဒါတောင်မှ လှီးဖြတ်ပြီးတဲ့ သူ့အသားကို နနွင်းမှုန့်ထိရင် တဆတ်ဆတ်ပြန်တုန်တယ်လို့ ပြောကြပါတယ်။ မိကျောင်းက နနွင်းနဲ့ လုံးဝ မတည့်ပါဘူး။

မိကျောင်းရဲ့အသက် ချက်မှာ တည်သလို ဒီကင်းကြီးရဲ့အသက်ဟာလည်း ချက်မှာ တည်နေပုံ ရှိတယ်ဗျ။ ကြည့်ပါဦး၊ လှည့်ပတ်သွားလာနေလိုက်တာ။ ဦးခေါင်းမပါတော့ ရည်ရွယ်ချက်မရှိလို့သာ အဝေးကိုမရောက်တာ။ ဒီအတိုင်းသာ ပစ်ထားရင် ကြက်လည်း မစားရဲဘူး၊ ပျောက်သွားမှာ သေချာတယ်။ အပိုင်းပိုင်းဖြတ်ပစ်လိုက်မှ စိတ်ချရတော့မယ်"

ဟု ပြောကာ မိုန်းဖြင့် စိတ်ရှည်လက်ရှည် ကြေညက်အောင် ထိုးဆွ၍နေလေ၏။ ထိုသည်ပင်လျှင် များလှသော ခြေထောက်တို့သည် အတန်ကြာ တရွရွဖြင့် လှုပ်နေဆဲရှိလေ၏။

**ကင်းသား**

ရုပ်ရှင်မင်းသား ဝင်းဦးသည် ပေါက်ကရအစားအစာဟု ခေါ်သော ဖား၊ ကင်းပုစွန် စသည့် စားကောင်းသောအကောင်မျိုးစုံတို့ကို ရအောင်မှာယူကာ ရှာရှာဖွေဖွေစားတတ်ကြောင်း ရှေးစာရေးဆရာများရေးပြ၍ ဖတ်ဖူး၏။

ဝင်းဦးသည် ကင်းမလက်မည်းခေါ် ကင်းပုစွန်ကြီးများကို မီးဖုတ်၍ စားကြောင်း၊ တစ်ခါက သူငယ်ချင်းများကို ထမင်းဖိတ်ကျွေးရာတွင် ငွေအုပ်ကို ဖွင့်ပြလိုက်ရာ ငုတ်တုတ်ထိုင် ပုံစံမပျက် ဖားကြီးကို ပေါင်းထားကြောင်း သူငယ်ချင်းတို့ အလန့်တကြားမြင်ရသည် ဆို၏။ သူငယ်ချင်းတို့ မစားရဲသော်လည်း ဝင်းဦးကမူ နှစ်သက်စွာ စားသုံးကြောင်း ဖတ်ရှုရ၏။

ရုပ်ရှင်မင်းသား ကိုဝင်းဦးသည် စားလို့ရတာ အကုန်စား ဟူသော စနစ်ဖြင့် အကုန်စားပုံရ၏။ ကင်းသားဖြစ်သော ကင်းခြေများ၏အသားကိုမူ စားသည် ဟူ၍ မပါပါ။ ကင်းပုစွန်မှာမူ



www.burmeseclassic.com

www.burmeseclassic.com

ကဏန်းလက်မကဲ့သို့ ကြီးမားသည့် လက်မကြီး (၂) ခုပါရာ ထိုလက်မကြီးထဲမှ အသားတို့သည် လယ်ကဏန်း၊ ပင်လယ်ကဏန်း၏လက်မကဲ့သို့ သူ့အသားသည် ဆိမ့်မှာ သေချာပါသည်။

ဆရာဖိုးကျော့၏ဝတ္ထုတို့တွင်မူ ကင်း၏အသားသည် ပုစွန်သားကဲ့သို့ စား၍ကောင်းကြောင်း 'တောင်ပုစွန်သား ကြွပ်ကြွပ်ဝါး' ဝတ္ထုတွင် ဖတ်ရ၏။

ကိုဝင်းဦးကား တောင်ပုစွန်သားကို စားသွားရဟန် မတူပေ၊ အသက် (၅၅) နှစ်တွင် အူမကြီးကင်ဆာရောဂါဖြင့် ဆုံးပါးသွားခဲ့ရာ စာရေးအလွန်ကောင်းသော စာရေးဆရာမို့ ကျွန်ုပ်လွန်စွာ နှမြောလေ၏။ ဝင်းဦး၏ဝတ္ထုတွေကို အလွန်ကြိုက်ပါသည်။

ပုစွန်၏အခွံနှင့် ကင်း၏အခွံတို့သည် အခွံမာချင်း ပုံစံတူကြသဖြင့် အသားလည်း ပုစွန်သားကဲ့သို့ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းရပါသည်။

ကင်းတို့သည် သစ်ဆွေးပုံ၊ ဝါးဆွေးပုံ၊ အမှိုက်ပုံတို့၌ အများအပြားနေထိုင်ကျက်စားကြပါသည်။ ကင်းခြေများတို့၏အရောင်သည် အနီရောင်စစ်စစ် ဟူ၍ မတွေ့ရဘဲ လိမ္မော်ရောင်၊ နီညိုရောင်၊ ခရမ်းရောင်၊ ခရမ်းနုရောင်၊ ခပ်ပြာပြာအရောင်တို့သာ အတွေ့ရများလေ၏။

## ကံကောင်းသည့်ကြက်ကျီးမ

စေ့စေ့ညက်ညက် ကြေအောင်မှိန်းဖြင့် ထိုးနေသောအခါ ခြေ၊ လက်တို့ပင် လုံးဝ မလှုပ်ရှားနိုင်တော့ဘဲ ငြိမ်သက်သွားခဲ့လေပြီ။ ကင်းခေါင်းပြတ်ကြီးကား အမှန်တကယ် သေဆုံးသွားခဲ့ပြီဖြစ်သည်။

ထိုသို့ ငြိမ်သက်သွားသောအခါ မောင်မြအေးသည် ကျွန်ုပ်အနီးရှိထိုင်ခုံတွင် ပြန်ထိုင်ကာ စကားစမြည်ပြောနေကြသည်။ ထိုအချိန်တွင် ကြက်ကျီးမသည် အရွယ်အတော်ရောက်နေပြီဖြစ်သော သူ့ကလေးအုပ်စုနှင့် ကင်းကြီးနားရောက်လာရာ ကြက်ကျီးမက ကင်းသေကြီးကို ထိုးဆိတ်၍စား၏။

ထိုသို့စားလျှင် ကြက်ငယ်လေးများကလည်း ဝိုင်း၍ ထိုးဆိတ်လုယက်စားကြလေ၏။ လောဘကြီးသောကြက်ကျီးမသည် ကြေမွနေသော တင်းသေကြီးကို ချီပြေးကာ အတင်းပင် လည်ဆန့်၍ မျိုချလိုက်တော့၏။ ကြက်ငယ်လေးများမှာ ချာလပတ်လည်၍ ကျန်ရစ်ကြပါသည်။

ကြက်ကျီးမသည် မည်သည့်အစာကိုတွေ့တွေ့ ကြက်သားပေါက်လေးများကို တကွပ်ကွပ်ဖြင့် ခေါ်၍ ကျွေးတတ်သော်လည်း ကင်းသေကြီးကိုမူ မကျွေးတော့ဘဲ အလောတကြီး အငမ်းမရ မျိုချလိုက်လေတော့၏။

ဤဖြစ်ပုံကိုကြည့်၍ ကျွန်ုပ်တို့ ရယ်မောနေကြပါသည်။ ထိုအခါ မောင်မြအေးက ကြက်ကျီးမအကြောင်းကို ပြောပြ၏။

"ဒီကြက်ကျီးမဟာ လူတွေကြောင့် ကျိုးတာ မဟုတ်ပါဘူး၊ မိုးရာသီမှာ ဥကျင်းဝပ်ရာကနေ သားပေါက်ပြီးနောက်ပိုင်း ခုလိုဖြစ်သွားတာပါ။ ဆိုရရင်တော့ အအေးပတ်တဲ့သဘောပါပဲ။ သူတို့ ဥကျင်းဝပ်တာ (၃) ပတ် ကြာပါတယ်၊ စုစုပေါင်း (၂၁) ရက်ပါ။

ကျိုးတာက အရိုးကျိုးတာမဟုတ်ပါဘူး။ လူလို ဆိုရင်တော့ မီးယပ်ကျိုးပေါ့ဗျာ။ အကြောဆိုင်းသွားတဲ့သဘောပါ။ ကြာကြာရပ်ရင် သူ့ခြေထောက်က အောက်ကို ညွှတ်ညွှတ်ပြီး ကျသွားတာပါပဲ။ ဒီလိုနဲ့ သူ့ကလေးတွေထိန်းလာတာ အရွယ်တောင်ရောက်ခါနီးပါပြီ။

ဒီကြက်မက သားထိန်းတော်ပါတယ်။ အရင်လည်း နှစ်သားကျပြီးပြီ။ အကုန်လုံး အောင်တယ်။ ဒီသားကျမှ မိုးစွေတာနဲ့တိုးပြီး အအေးပတ်တာကြောင့် မီးယပ်ကျိုး ကျိုးသွားတာ။

ခုတော့ ကင်းကြီးတစ်ကောင်လုံး စားလိုက်ရပါပြီ။ ကင်းဟာ ကြက်ရဲ့ဆေးပဲဗျ။ ဒီကောင်မ မကြာဘူး၊ အရင်လို ပကတိပြန်ကောင်းသွားမှာသေချာတယ်။ သူ့ကံကောင်းသွားတာပေါ့ဗျာ။ အခြားကြက်တွေသာစားသွားရင် သူ့ဝေဒနာ ပျောက်ဖို့ခက်မယ်။ အစ်ကိုလေး စောင့်သာကြည့်၊ ဒီကြက်ကျီးမ မကြာခင် အကောင်းပကတိဖြစ်တော့မှာ"

ဟူ၍ ပြောပြလေ၏။

သို့သော် စောင့်ကြည့်ရန် အချိန်မရပေ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ရန်ကုန်သို့သွားရန်ခရီးစဉ် ရှိ၏။

ရန်ကုန် ဗဟန်းရှိ မဟာစည်ရိပ်သာ၏ (၆၂)နှစ်မြောက် ပြည်လုံးကျွတ်ဩဝါဒခံယူပူဇော်ပွဲသို့သွားမည်။ သုရဿမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်းတို့ ထုတ်ဝေရာ ပညာရွှေတောင်စာအုပ်တိုက်သို့ သွားမည်။ စာတည်းချုပ် ဦးအောင်မြတ်နှင့် တွေ့ဆုံမည်။ စာပေဗိမာန်သို့သွား၍ စာနယ်ဇင်းအဖွဲ့ဝင်ကတ် သွားလုပ်မည်။

*(အဖွဲ့ဝင်ထားသည်မှာ ကြာပြီဖြစ်သော်လည်း ရန်ကုန်မရောက်၍ စာနယ်ဇင်းကတ် မထုတ်ရသေးပါ။)*

ပြီးလျှင် မြောက်ဒဂုံရှိ စာရေးဆရာ ဇနီးမောင်နှံဖြစ်သော ဦးမောင်မောင်အေး (ဓာတ်ပုံ)၊ ဒေါ်တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) တို့ထံသို့ သွား၍ မြောက်ဒဂုံရှိ စာရေးဆရာများနှင့်တွေ့ဆုံမည်။

ထိုမှ ကြည့်မြင်တိုင်ရှိ တူမများထံ သွားလည်မည်. . . စသော အချက်များကြောင့် ကျွန်ုပ်သည် ရန်ကုန်သို့ ခရီးထွက်ခဲ့လေ၏။ ကြက်ကျီးမကား အာရုံထဲမရှိတော့ပါ။

## ကြက်ကျီးမ ပြန်ကောင်းနေပြီ

၅-၁၂-၂၀၁၁ ညရထားဖြင့် နေပြည်တော်မှ ရန်ကုန်သို့ ခရီးထွက်ခဲ့ပြီး ၁၇-၁၂-၂၀၁၁ ညရထားဖြင့် ရန်ကုန်မှ နေပြည်တော်ရထားဖြင့် ပြန်ခဲ့ရာ (၁၈) ရက်နေ့ နံနက် (၆) နာရီတွင် နေပြည်တော်သို့ ရထားဆိုက်ရောက်ပြီး ပြန်ကပြေးသို့ နံနက်(၈)နာရီတွင်ရောက်၏။

နေ့လယ်ပိုင်း သရက်ပင်ရိပ်တွင် မောင်မြအေးနှင့် စကားပြောကြရာ အကြောင်းစုံတွေပြောအပြီး၌ ကြက်ကျီးမအကြောင်း စကားဆက်၍ မောင်မြအေးက ပြောပြ၏။

"အစ်ကိုလေးရေ၊ ကျွန်တော့်ရဲ့ ကြက်ကျီးမကတော့ ကင်းကြီးစားပြီး နောက်တစ်နေ့မှာပဲ မီးယပ်ကျိုးရောဂါ ပျောက်သွားတယ်။ အရင်လိုပဲ ဒေါင်ဒေါင်မြည် ပြန်ဖြစ်သွားပြီဗျ။ ခုဆိုရင် ကြက်ကလေးတွေနဲ့ သားခွဲပြီး နောက်တစ်ကြိမ်တောင် ပြန်လိုက်နေပြီ။ ညတ ဥတစ်လုံးတောင် စ,ပြီး ဥထားလိုက်ပြီဗျာ"

"အေးကွာ၊ တစ်ဖက်တစ်လမ်းက ကင်းကြီးသေသွားပေမယ့် အဲဒီကင်းကြီးကြောင့် ကြက်ကျီးမ နေကောင်းသွားတာ ဝမ်းသာစရာပါပဲ။ အဲဒါကြောင့်ပေါ့ကွ၊ အနန္တသူရိယအမတ်ရဲ့ မျက်ခြေလက်မှာ-

'သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ
ပျက်လင့်ကာသာ
ဓမ္မတာတည်း'
လို့ စပ်ဆိုခဲ့တာပေါ့ကွာ"

ဟု ပျက်ခြင်းနှင့်ဖြစ်ခြင်းကို ယှဉ်၍ ကျွန်ုပ်မှပြောပြလိုက်လေ၏။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(...ဘုတ်)



www.burmeseclassic.com

www.burmeseclassic.com

# မရှိတာထက် မသိတာခက်

ထိုငြိမ်း(ရုက္ခဗေဒ)

မရှိတာထက် မသိတာခက်

'မရှိတာထက် မသိတာခက်' ဟူသောစကား ရှိလေသည်။ မရှိလျှင် ဆင်းရဲဒုက္ခ လူမှုအခက်အခဲများ ကြုံတွေ့ရသည်မှန်သော်လည်း ငွေကြေးမနေအင်အား ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ စိတ်ဆင်းရဲမှု (စေတသိကဒုက္ခ)၊ ကိုယ်ဆင်းရဲမှု (ကာယိက ဒုက္ခ) များကို လူတိုင်း ကြုံတွေ့ကြရ၏။ မသိလျှင်တော့ ဘဝတွင် အမှားမျိုးစုံနှင့် ကြုံတွေ့ကြရမှာ အမှန်ပင်ဖြစ်သည်။ အမှားဆိုသည်မှာ လူတိုင်းရှိတတ်ကြပါသည်။ သို့သော် မပြုလုပ် မပြုထိုက်

(၁)

သည့်ကြီးလေးသော အမှားမျိုးကို မကျူးလွန်မိကြရန် အရေးကြီးလှပေ၏။ မသိ၍ကျူးလွန်မိခဲ့ကြသောသူတို့မှာ များစွာနစ်နာဆုံးရှုံးပြီး သနားစရာလည်း အင်မတန်ကောင်းလှသည်။ ထို့ကြောင့် အကောင်း, အဆိုး၊ အကျိုးအကြောင်း၊ အမှား,အမှန်ခွဲခြားနိုင်သော ဉာဏ်ပညာလည်း အထူး လိုအပ်လာသည်။

လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ ကြားမြင်ဗဟုသုတသည် လူတိုင်းအတွက် အရေးကြီးသောအရာဖြစ်သည်။ စာပေအသိအမြင်ဗဟုသုတ နည်းပါးလှသောကြောင့် ဖျာပုံခရိုင် (---) ကျေးရွာမှ ပဋ္ဌာနက္ကိယက်ကြီး





www.burmeseclassic.com

www.burmeseclassic.com

ကို ကျူးလွန်ခဲ့ကြသော မောင်နှမ လေးယောက်တို့၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်ကလေးတစ်ခုကို တင်ပြလိုက်ပါသည်။

■◆

ဦးလူမော်သည် နာတာရှည်ရောဂါဖြင့် အိပ်ရာထဲလဲနေသည်မှာ တစ်နှစ်ကျော်လာပြီ ဖြစ်သည်။ အသက်မှာလည်း (၇၀)ဝန်းကျင်ရှိပြီဖြစ်သဖြင့် ဇရာဗျာဓိတို့ နှိပ်စက်၍နေလေသည်။ ဘဝတစ်လျှောက်လုံး မယားနှင့် သားသမီး (၄)ယောက်ကို ပင်ပင်ပန်းပန်း ကုန်းရုန်းလုပ်ကျွေးခဲ့သမျှဒဏ်တွေက ခုတော့ ကောင်းကောင်းကြီးကို ပြန်လည်၍ ထိုးနှက်ကြပြီ ဖြစ်သည်။ ဆင်းရဲနွမ်းပါးသဖြင့် အစာအာဟာရကိုလည်း ကောင်းစွာ မမှီဝဲနိုင်လေကြောင့် အခြားရောဂါများလည်း ဝင်ရောက်လာခဲ့သည်။ မြို့တက်၍ ကုသရန်ကလည်း ငွေကြေးအင်အားကမရှိ။ နီးစပ်ရာ ဗမာဆရာများနှင့် ကုသရင်း အချိန်များကုန်လာခဲ့သော်လည်း အခြေအနေမှာ တိုးတက်မလာခဲ့ပေ။

အိမ်ထောင်ခွဲ- သားအကြီး နှစ်ယောက်မှာလည်း ဖခင်အိမ်ကို တစ်နေ့တစ်ခေါက်လာကြည့်သည်မှလွဲ၍ ဘာမှလောက်လောက်လားလား မထောက်ပံ့နိုင်ရှာပေ။ သူတို့သည်လည်း မိသားစုအတွက် နေ့နေ့၊ ညည အပြေးအလွှားရုန်းကန်နေကြရသူများ ဖြစ်သည်။ အတူနေ သားလူပျိုဖြစ်သော မောင်ဝင်းအောင်၏လုပ်စာဖြင့် အသက်ဆက်နေကြသည်။ သမီးထွေးလေးဖြစ်သည့် မိသက်ခင်ကတော့ ဖခင်ကြီးကို မညည်းမညူ ပြုစုရှာလေသည်။

"ညီမလေး၊ အဖေ့ကို သေချာဂရုစိုက်နော်။ ဘာမှလျှောက်မသွားနဲ့ ကြားလား။ အစ်ကိုအလုပ်သွားတော့မယ်"

အလုပ်သွားခါနီးတိုင်း မှာလေ့ရှိသော အစ်ကိုဖြစ်သူ၏စကားကို မိသက်ကလည်း နားထောင်ပါသည်။ ဖခင်ကြီးအနားမှ တစ်ဖဝါးမှမခွာပါ။ ဖခင်ကြီးအား နှစ်ရှည်လများ ပြုစုလာခဲ့ရသော်လည်း တစ်စက်မှ ညည်းညူခြင်း မရှိခဲ့ပေ။ ဦးလူမော်၏ရောဂါမှာလည်း သက်သာလာသည်ကိုမရှိဘဲ တစ်နေ့တခြားတိုး၍တိုး၍သာလာပါသည်။ ညဘက်ရောက်သည်နှင့် တစ်ကိုယ်လုံး ကိုက်ခဲကာ သမီးလေးအား နှိပ်ခိုင်းရသည်မှာညတိုင်းလိုလိုဖြစ်သည်။ ဗိုက်ကလည်း ညဉ့်နက်သန်းခေါင်ကျမှ ဆာလာသည်။

သမီးလေးကိုလည်း မနှိုးရက်။ သူ့ခမျာ တစ်နေ့လုံး ဖခင်ကိုပြုစုနေရသည်မို့ ပင်ပန်းနေရှာမည်။ သားကိုနှိုးရန်ကလည်း မဖြစ်။ သူ့ခမျာလည်း ဆန်စက်တွင် ဆန်အိတ်၊ ဆန်ကွဲအိတ်များကို ထမ်းပိုးရသည်မို့ ညဘက် အိပ်ရေးမပျက်စေချင်။ ထို့ကြောင့် မိမိမှာရှိသည့် အင်အားကို ညှစ်ထုတ်ကာ ကြောင်အိမ်ရှိရာကို ဖင်တရွတ်တိုက်ဆွဲ၍ ရောက်အောင်သွားသည်။ ကြောင်အိမ်ရှေ့သို့ရောက်သောအခါ တုန်တုန်ချည့်ချည့်လက်များဖြင့် ပန်းကန်များကို လှန်လှောဆွဲယူရာ ပန်းကန်တို့က ကြမ်းပြင်ပေါ်သို့ ပြုတ်ကျလာသည်။ ထိုအခါ မီးဖိုချောင်မှအသံများကြောင့် သမီးဖြစ်သူမှာ နိုးလာပြီး မီးဖိုချောင်သို့ ထလာတော့သည်။

"ဟယ် - အဖေရယ်၊ သမီးကိုနှိုးပါတော့လား။ အဖေ ဗိုက်ဆာရင် သမီးထည့်ကျွေးမှာပေါ့"

ဟုဆိုသော သမီး၏အသံကိုကြားသောအခါ ဦးလူမော်ခမျာ အားရဝမ်းသာဖြစ်ပြီး တင်းထားသည့် အားများကို ဖြေချလိုက်သည်တွင် ကြောင်အိမ်ကိုမှီတွယ်ရပ်နေရာမှ ဗုန်းဗုန်းလဲကျသွားတော့သည်။

သမီးဖြစ်သူမှ မိမိနေရာသို့ ပြန်လည် ပို့ဆောင်ကာ ကျွေးမွေးမှုကို စားသောက်ပြီးပြန်အိပ်သော်လည်း ညောင်းညာကိုက်ခဲမှုဝေဒနာက မသက်သာ။ မိုးစင်စင်လင်းမှသာလျှင် အိပ်ပျော်နိုင်ခဲ့သည်။ ဤသို့ဖြင့် ဦးလူမော်သည် စားသောက်ချိန်မှအပ တစ်နေ့လုံး အိပ်၍သာနေတော့သည်။ ညရောက်သောအခါ အိပ်၍မရတော့။ ကိုက်ခဲမှုဝေဒနာလည်း ညရောက်သည်နှင့် တစ်စခန်းထလာ၏။ သမီးလေးခမျာလည်း ဖခင်ကို ကာလရှည်ကြာစွာ ပြုစုလာရသောကြောင့် အပျိုဖြန်းလေး မိသက်ခင်သည် မီးယပ်ပိန်မီးယပ်ခြောက်ကဲ့သို့ တပိန်ပိန် တလိမ်လိမ်ဖြစ်လာသည်။

ရွာလယ်ပိုင်းမှ အရီးလေး ဒေါ်တုတ် ဆိုသူသည် မိသက်ခင်အား သူ့အိမ်ခေါ်၍ -

"ဟဲ့ - ခင်သက်၊ ငါပြောတာ သေသေချာချာနားထောင်။ စဉ်းလည်းစဉ်းစားပေါ့အေ"

ဟု ဆိုကာ သူ့အမြင်ကို ပြောလေတော့သည်။

"နင့်အဖေကို ကြည့်ရတာ မရှိသားဘူးလို့ထင်တယ်။ နင်တို့စဉ်းစားကြည့်လေ။ နေ့ဘက်ဆိုရင် အသေကောင်လိုပဲ အိပ်နေလိုက်တာ။ အဲ- ညဘက်ရောက်ပြီဆိုတာနဲ့ ဟိုနေရာကိုက်လို့ ဒီနေရာကိုက်လို့နဲ့ နင်ပဲ အနားကမခွာရအောင် နှိပ်ပေးနေရတာ မဟုတ်လား။ ဘယ်မှာမသွားနိုင်မလာနိုင်တဲ့လူက ညဉ့်နက်သန်းခေါင်ကျတော့ တစ်ယောက်တည်း ထစားနိုင်တယ်။ နင်တို့သေသေချာချာ စဉ်းစားနော်။ နင်တို့အဖေဟာ ဖုတ်ဝင်နေပြီလို့ ငါထင်တယ်"

"မဖြစ်နိုင်တာ အရီးလေးရာ၊ ကျွန်မအဖေကို ပေါက်ကရတွေလာမပြောပါနဲ့"

"ငါက နင်တို့အတွက် ပြောတာ။ မကောင်းဆိုးဝါးရှိနေတဲ့အိမ်ဟာ စီးပွားလာဘ်လာဘတွေပိတ်ပြီး ဒုက္ခကောင်းကောင်းရောက်လိမ့်မယ်။ အဲဒါ မြန်မြန်ထုတ်ပစ်မှ။ ဒီလိုမဟုတ်ဘဲ ဆက်ပြီးလက်ခံထားရင် နင်တို့တွေ ပါးပါးပြီး အသက်အန္တရာယ်တောင် စိုးရိမ်ရလိမ့်မယ်ဟဲ့"

"ကျွန်မအဖေဟာ ဖုတ်မဟုတ်ဘူး၊ ကျွန်မသိတယ်။ အရီးလေး မဟုတ်တာတွေ မပြောပါနဲ့နော်"

"ဟဲ့ - ငါက နင်တို့ကို စေတနာနဲ့ပြောတာ။ ဖုတ်ဆိုတာ နေ့ခင်းဘက်ကျရင် ငြိမ်နေတာပဲ။ ညဘက်လည်းရောက်ရော ဇာတိပြလာတော့တာပဲ။ ပြီးတော့ နင့်အဖေဟာ ရိုးရိုးဖုတ်မဟုတ်ဘူး။ သွေးစုပ်ဖုတ်ဟဲ့။ နင်ပဲကြည့်လေ၊ တဖြည်းဖြည်းနဲ့ ပိန်လိုက်လာပြီ။ နင်နင်းပေးနှိပ်ပေးသမျှ နင့်ဆီက သွေးတွေစုပ်ယူနေတာ။ နင်ငါပြောတာမယုံရင် နင့်အဖေအိပ်တဲ့ အိပ်ရာအောက်မှာ ဩဇာရွက်တွေထားကြည့်ပါလား။ မဖယ်ခိုင်းရင် ကြိုက်သလိုပြော။ ဖုတ်မှန်သမျှ ဩဇာရွက်ကိုကြောက်ကြတယ်။ နင်မယုံရင်စမ်းကြည့်လေ"

ခင်သက်ကတော့ အရီးလေးပြောလိုက်သောစကားများကို ယုံကြည်မှုမရှိပါ။ အရီးလေးကို ဘာမှဆက်မပြောတော့ဘဲ အိမ်သို့ပြန်လာခဲ့သည်။ ဖခင်ကို ယခင်အတိုင်း ပြုစုပြုစုနေရသော်လည်း အရီးလေး ပြောစကားများက ခေါင်းထဲဝင်ရောက်လာသောအခါ စိုးရွံ့စိတ်၊ ကြောက်စိတ်တို့က ဝင်ရောက်လာကာ တစ်ခါခါ ဖခင်အပေါ် သံသယစိတ်များ ဝင်ရောက်လာခဲ့သည်။ အရီးလေး၏ပြောစကားများကို အစ်ကိုဖြစ်သူအား ပြောပြမိသည်။ သို့သော် အစ်ကို ဝင်းအောင်က လုံးဝ ယုံကြည်မှုမရှိ။ အရီးလေး ဆိုသူကလည်း ဦးလူမော်၏ မိ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခဲ့ သားနှစ်ယောက်အိမ်သို့သွား ကာ ပြောပြန်သည်။

နောက်ဆုံးတွင် မောင်နှမ (၄) ယောက် တိုင်ပင်၍ အရိုးလေးပြော တာကို ဟုတ်သော်ရှိ မဟုတ်သော်ရှိ စောင့်ကြည့်မည်ဟုဆိုကာ ခြုံဇာရွက်များ ကို ဖခင်အိပ်ရာအောက်သို့ တိတ်တ ဆိတ်ထားလိုက်ကြသည်။ ညရောက် သောအခါ ဦးလူမော်သည် မိမိ၏အိပ် ရာသည် ယခင်ကကဲ့သို့မဟုတ်။ ဟိုကဖု ဒီကဖုနှင့် ခိုးလိုခုလုဖြစ်နေသဖြင့် ကျော နှင့်အိပ်ရာ အမြဲတစေ ကပ်ထားရသည့် အသားအရေတို့မှာ ယားယံလာသည်။ ထို့ကြောင့်-

"သားတို့၊ သမီးတို့ရေ- လာကြ စမ်းပါဦး။ ဒီမှာ အဖေ့အိပ်ရာအောက်က ဘာတွေလဲကွယ့်။ လာဖယ်ပေးကြစမ်း ပါဦး"

ဟု အခန်းအတွင်းမှ ဖခင်၏ခေါ် သံကို အပြင်မှ သားသမီးများနှင့်အတူ လာစောင့်ကြည့်နေသော အရိုးလေးပါ ကြားသွားသောအခါ-

"ကဲ - ဘယ့်နှယ်ရှိစ၊ ငါမပြောဘူး လား။ ငါပြောတာကို မင်းတို့မှ မယုံကြ တာ။ ခုတော့ ယုံပြီမဟုတ်လား"

အရိုးလေးက အားမာန်ဝင့်၍ ပြောလေသည်။

"ဖုတ်ဆိုတာ တာရှည်လက်ခံထား လို့ကောင်းတာမဟုတ်ဘူး။ ဟိုဘက်ရွာ က ဆရာဦးညိုထွားကို ငါသွားပင့်ပေး မယ်"

"အရိုးလေး ကောင်းသလို စီစဉ် တော့ဗျာ။ ကျွန်တော်တို့လည်း ဘာလုပ် လို့ဘာကိုင်ရမှန်းကို မသိတော့ဘူး"

ဟု အစ်ကိုကြီးတို့၏ပြောစကား တို ခင်သက် ဘာမှဝင်မပြောတော့ဘဲ ငို၍သာနေတော့သည်။

■◆

"အား. . . အား. . . အား တော် ပါတော့ ဆရာရယ်။ ကျွန်တော် ဖုတ် မဟုတ်ပါဘူး။ လူပါ၊ လူပါဗျာ"

တဗုန်းဗုန်းတဒိုင်းဒိုင်းဖြင့် ရိုက် နှက်နေသော ဖုတ်ဆရာဆိုသူ ဦးညိုထွား အား ဦးလူမော်သည် အသံငွေ့ငွေ့ဖြင့် ပြောသော်လည်း ဖုတ်ဆရာက မလျှော့ ပေ။

"ညင်ညင်သာသာနဲ့ထွက်ခိုင်းတာ မထွက်ဘဲ ခေါင်းမာတဲ့ကောင်၊ သေပြီ သာမှတ်။ ဟဲဟာ - ဟဲဟာ၊ ဗုန်း. . . ဗုန်း. . . ဗုန်း"

အပေါ်စီးမှနေ၍ တုတ်ဖြင့် အဆက်မပြတ်ရိုက်သည်။

"သားတို့၊ သမီးတို့ရေ အဖေ့ကို ကယ်ကြပါဦးကွယ်။ မားပြလားမသိဘူး၊ အဖေ့ကို ရိုက်သတ်နေပြီ။ အဖေသေရ တော့မယ်။ ဘယ်သွားနေကြလဲ သားတို့၊ သမီးတို့ရေ"

ဦးလူမော် အားကုန်ဟစ်၍ ပြော သော်လည်း အသံမှာထွက်မလာနိုင်ပေ။ တဗုန်းဗုန်းဖြင့် ရိုက်နှက်နေသော ဦးညို ထွားအား မကျေနပ်စွာဖြင့်အခန်းထဲပြေး ဝင်တော့မည့် ညီဖြစ်သူ ဝင်းအောင်ကို အစ်ကိုများက ဝိုင်းဆွဲကြ၏။

"ငါ့ညီရယ်၊ စိတ်ကိုထိန်းပါကွာ။ တို့အဖေကို ရိုက်နေတာ မဟုတ်တာ။ မကောင်းဆိုးဝါးဖုတ်ကို ဆုံးမနေတာပဲ ဟာ"

ဦးလူမော်ခမျာတော့ ဖုတ်ဆရာ ဆိုသူ ဦးညိုထွား၏ ရိုက်နှက်မှုဒဏ်ချက် အောက်တွင် မရှုမလှခံနေရရှာသည်။

"ငါ့ဆရာကိုများ မလေးမစားနဲ့ ခုထိမသွားသေးဘူးလား။ မထွက်ချင်တဲ့ အကောင် ကဲကွာ၊ သေပေတော့"

ဟု ဆိုကာ လည်ပင်းကိုချည်းဖြတ် ရိုက်သည်။

"အား. . . အား. . . အား. . . ဘုရား၊ ဘုရား။ အဖေသိပြီ၊ အဖေသိပါ ပြီ။ သားတို့၊ သမီးတို့၊ အဖေ့ကို အထင် မှားကုန်ကြပြီ။ အဖေ့ကိုဖုတ်ထင်ပြီး မင်း တို့ ပြစ်မှားစော်ကားကြတဲ့အတွက် ပဉ္စာ နန္တရိယကံကြီးထိုက်ကြတော့မယ်။ အဖေ သေရမှာမကြောက်ပါဘူးကွယ်။ မင်းတို့ အတွက် အဖေအသေဖြောင့်မှာမဟုတ် တော့ဘူး"

ဦးလူမော် ရင်ထဲမှပြောချင်သော စကားတို့သည် မည်သို့မျှထွက်ပေါ်မလာ နိုင်တော့ပေ။ နောက်ဆုံးထွက်သက် အချိန်ကိုရောက်လုပြီ ဖြစ်သည်။ ဦးညို ထွားသည်လည်း အခန်းတွင်းမှ ချွေးများ တဒီးဒီးကျလျက်ထွက်လာလေသည်။

"ကဲ - ဘာမှမပူကြနဲ့တော့၊ ကိစ္စ ပြီးသွားပါပြီ။ ဒီဖုတ်က တော်တော်ကြီး တယ်။ မနည်းကိုထုတ်ယူရတယ်။ ကျုပ် ဖုတ်တွေကိုထုတ်လာတာ မနည်းတော့ ဘူး၊ အလွယ်တကူချည်းပဲ။ ကျုပ်ရဲ့အင်း လက်ကိုင်ပဝါ မျက်နှာပေါ်တင်လိုက် တာနဲ့ ညင်ညင်သာသာထွက်တာချည်း ပဲ။ ဒီဖုတ်ကျမှ တော်တော့်ကို ခက်ခက် ခဲခဲထုတ်ယူရတယ်။ အင်းလက်ကိုင်ပဝါ မျက်နှာပေါ်တင်လည်း မရ၊ ထွက်ပါဆို လည်း မထွက်။ ဘယ်လိုဖုတ်မှန်းကိုမသိ ဘူး။ ကဲကဲ- အထဲကိုသွားကြည့်ကြဦး။ ပြီးရင် အသုဘကိစ္စ လုပ်စရာရှိတာလုပ် ကြတော့"

ဤသို့ဖြင့် ဦးလူမော်သည် ဖုတ် ဆရာဆိုသူ ဦးညိုထွား၏ အရှင်လတ် လတ် ရိုက်နှက်မှုဒဏ်ချက်အောက်တွင် မရှုမလှသေပွဲဝင်ခဲ့ရရှာလေတော့သည်။ ရိုးသားပြီး အသိအမြင် ဗဟုသုတနည်း ပါးကြသော သားသမီး (၄) ယောက်တို့ သည် ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်မိ လျက်သားဖြစ်သွားကြသည်။

အဇာတသတ်သည် မသိမှုကြောင့် ကျေးဇူးရှင်ဖခင်ကြီးကို အကျဉ်းချသတ် မိခဲ့သည်။ ပဉ္စာနန္တရိယကကံကြီးကိုသာ မကျူးလွန်ခဲ့ပါလျှင် အဇာတသတ်သည် ၎င်းအဇာတသတ်သည် ၎င်းဘဝတွင်ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမည့်ပုဂ္ဂိုလ်ဟု ကျမ်း ဂန်များ၌ ဆိုသည်။ အမိသတ်၊ အဖ သတ်ဟူသော ဂရုကံကြီးကို ကျူးလွန်မိ သည့်အတွက် အပါယ်ငရဲသို့ အပိတ်အ ပင် အတားအဆီးမရှိ လားရောက်ခဲ့ရ သည်။ ထို့ကြောင့် ဤကဲ့သို့ ကြီးလေး သော ဂရုကံမျိုးကို မသိ၍ဖြစ်စေ၊ သိ လျက်ဖြစ်စေ ကျူးလွန်ကြသူများမှာ အပါယ်ငရဲသို့ကျရောက်ရမည်မှာ ကေန် မုချဖြစ်သည်။

မိဘများ အသက်အရွယ်ကြီးရင့် ၍ ဇရာအိုအရွယ်သို့ ရောက်သောအခါ အချို့သော အဘိုးအဘွားတို့မှာ အသက် ကြီးလာကြသော်လည်း ဝမ်းမီးကောင်း နေတုန်းပင် ဖြစ်သည်။ အိပ်ရာထဲလဲနေ သော်လည်း ကောင်းကောင်းစားနိုင်ပေ သည်။ ထိုသို့သော အစားကို ကောင်း ကောင်းစားနိုင်သည်ကိုပင် ဖုတ်ဝင်သည် ဟု ထင်ကြပြန်ပါသည်။ အသက်အရွယ် ကြီးရင့်သူများသည် ညညများတွင် လူ ငယ်များကဲ့သို့ အိပ်မပျော်ပေ။ ည၌ သုံးယံတွင် တစ်ယံလောက်သာ သူတို့ အိပ်ပျော်ကြသည်။ အိပ်မပျော်သည့် အခါ ညဉ့်နက်သန်းခေါင်အချိန်တွင် မနေနိုင်မထိုင်နိုင်အောင် ဗိုက်ဆာလာ တတ်ပါသည်။ သားသမီးများ အိပ်မော ကျနေသည့် ညဉ့်နက်သန်းခေါင်တွင် လွန်စွာ ဆာလာသောအခါ အရင်က လမ်းပင် မလျှောက်နိုင်သော အဘိုး အဘွားများသည် အစားဇောကြောင့် အားတင်းကာ ကြောင်အိမ်ရှိရာသို့ ရောက်အောင်သွားလေတော့သည်။

သားသမီးများ အိပ်ရေးပျက်မည် စိုးသောကြောင့် အော်ဟစ်ကာမနှိုးရက်။



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြွက်သစ်ပင် ဆေးဖက်ဝင်

မဟာနွယ်(မန်းတက္ကသိုလ်)



*'ကတိသစ္စာတည်သောခါ၊*
*ဩဇာလေးနက် ပေါ်ဆီတက်၍၊*
*နွယ်မြွက်သစ်ပင်၊*
*ဆေးဖက်ဝင်၏'*

မှန်ကန်သော သစ္စာစကား ဖြစ်ပါ၏။

လူသားနှင့် သက်ရှိသတ္တဝါများသည် ခန္ဓာကိုယ်ကိုရရှိခဲ့သည့်နေ့ကပင် ရောဂါပါလာ၏။ ယင်းရောဂါ၏ဝေဒနာကိုခံစားလာရ၏။ သို့သော် လူတစ်ဦးနှင့်တစ်ဦးသည် ဝေဒနာခံစားရပုံချင်းကား မတူညီကြ။

ဤသို့ဖြစ်ရခြင်းမှာ ဓာတ်လေးပါးတို့၏ လွန်ခြင်း၊ ယုတ်ခြင်း မတူညီမှုကြောင့် ဖြစ်၏။ သာဓကပြရလျှင် အချို့သောသူတို့သည် ဝက်သားကိုစားလျှင် ဝမ်းသက်တတ်ကြ၏။ အချို့သောသူတို့သည် အမဲသားကိုစားလျှင် ဝမ်းသက်တတ်ကြ၏။ အချို့သူတို့သည် ဝက်သားကိုစားသော်လည်း ဝမ်းမသက်တတ်ကြ။ အချို့သောသူတို့သည် အမဲသားကို စားသော်လည်း ဝမ်းမသက်တတ်ကြ။ ဓာတ်ချုပ်တတ်၏။

ဓာတ်သဘောသဘာဝတို့၏ ခြားနားမှုမှာ မှတည်၍ လက္ခဏာတို့ကို ပြနေတတ်ကြ၏။ ဓာတ်သဘောတရားတို့၏ ဖောက်ပြန်၊ လွန်,ယုတ်မှုတို့ကို သတိမထားသောသူတို့သည် ရောဂါဖြစ်လွယ်ကြ၏။ ဖြစ်ကြ၏။ ဓာတ်သဘောတရားတို့၏ ဖောက်ပြန်၊ လွန်,ယုတ်မှုတို့ကို အစဉ်သတိပြုကြသောသူတို့မှာ ရောဂါဝေဒနာဖြစ်ပွားမှုကို တစ်နည်းနည်းဖြင့် ရှောင်တိမ်းနိုင်ကြ၏။ ရောဂါကင်းရှင်းကြ၏။ သတိပြုစရာအချက်ပင် ဖြစ်၏။

ရောဂါဝေဒနာ ဖြစ်သောအခါမှ ဆေးကုသမှုထက် ရောဂါဝေဒနာမဖြစ်ခင် ကြိုတင်ကာကွယ်မှုပြုခြင်းမှာ အကောင်းဆုံး ဖြစ်ပါ၏။ လူတိုင်း လူတိုင်းမှာ ရောဂါဝေဒနာရှိ၏။ ဆာလောင်မွတ်သိပ်မှုပင်လျှင် ရောဂါတစ်ခု ဖြစ်ပါ၏။ သမ်းဝေခြင်း (အိပ်ချင်၍) ပင်လျှင် ရောဂါတစ်ခုဟု သတ်မှတ်ထားကြ၏။

---

သားသမီးများ အိပ်ရေးပျက်မည်ကိုစိုး၍ အော်ဟစ်မနိှုးရက်သော အဘိုးအဘွားတို့၏ စေတနာသည် လောလောဆယ်တွင် အဘိုး၊ အဘွားများကို ဖုတ်ဝင်နေသည်ဆိုသည့် ယုံကြည်စေသောအချက်တစ်ချက် ဖြစ်သွားစေတော့၏။ ကြောင်အိမ်တံခါးကိုဖွင့်ပြီးသည်နှင့်တစ်ပြိုင်နက် တွေ့သည့်အစားအစာကို ယူ၍စားတော့သည်။ ဇရာ၊ ဗျာဓိဒဏ်က ဖိစီးနေသောကြောင့် ကြောင်အိမ်ကို မနည်းအားယူ၍ ရပ်နေရသည်။ ဖေးမမည့်သူမရှိ ဟူသောအသိကြောင့် စိတ်အားတင်းပြီးရပ်နေရသည်။ ဖေးမမည့်သူတစ်ယောက်ယောက်ကိုသာ တွေ့ရလျှင် ချက်ချင်းလဲကျမည်မှာ သေချာသည်။

ထိုအချိန်မျိုးတွင် မသက်သာစိတ်ဝင်နေသော သားသမီးတစ်ယောက်ယောက်က အသံကြားသည်နှင့် အိပ်ရာမှထလာပြီး အနားလာရပ်လျက် ကြောင်အိမ်တွင် အသင့်တွေ့သော အသားဟင်းများကို စားနေသော မြင်ကွင်းကိုမြင်သောအခါ နဂိုကတည်းကမှ သံသယရှိနေသူမို့ -

'ကြည့်စမ်း - ငါတို့မသိအောင် ညသန်းခေါင်မှာထလာပြီး စားတာဆိုတော့ ဖုတ်ဝင်တယ်' လို့ ထင်သွားတတ်ပါသည်။

'အမေ ဘာလုပ်နေတာလဲ'

ဟု မေးလိုက်သည်နှင့် သားသမီးအသံကို ကြားလိုက်ရသော မိဘတို့မှာ အားတင်းထားသည့် စိတ်တို့ကို လျှော့ချလိုက်တော့သည်။ ငါ့ကို ဖေးမကူညီမည့်သားသမီး ရောက်လာပြီ ဟူသည့် အားကိုးစိတ်ကြောင့်ပင် ဖြစ်၏။ ထိုကဲ့သို့ သားသမီးကိုအားကိုးလိုသောစိတ်သည်လည်း အဘိုးအဘွားတို့ကို ဖုတ်ဝင်နေပြီဟု အသေအချာဆုံးဖြတ်ရန် အကြောင်းတစ်ချက်ဖြစ်သွားပြန်ပါလေသည်။ အကြောင်းမှာ သားသမီးအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အားတင်းထားသည့်စိတ်အား လျှော့လိုက်သည့်အတွက် ကြောင်အိမ်ရှေ့တွင် ခွေကျသွားတော့သည်။ ဤကဲ့သို့ ခွေကျသည်ကို သားသမီးများက လူတွေ့သွားသောကြောင့် ဖုတ်က ဟန်ဆောင်ကာ ပျော့ခွေသွားသည်ဟု အထင်ရောက်သွားသည်။ ထိုနေ့မှစ၍ ဆရာမျိုးစုံဖြင့် ဖုတ်ထုတ်ရန်အတွက် လုပ်ဆောင်ကြလေတော့သည်။

ထို့ကြောင့် သားသမီးတို့အနေဖြင့် သက်ကြီးရွယ်အို အမိ၊အဖတို့အား အထင်မမှားမိကြစေရန် အထူး လိုအပ်ပေသည်။ ဖုတ်မဟုတ်ပါဘဲ ဖုတ်ဟု အထင်မှားကာ ပြုလုပ်မိပါက ပဉ္စာနန္တရိယကံ ထိုက်ပါလိမ့်မည်။ အထက်တွင် ဖော်ပြခဲ့သောဖြစ်ရပ်က သက်သေထူခဲ့ပြီ ဖြစ်သည်။ မရှိတာထက် မသိတာခက် ဟူသောစကားကဲ့သို့ သက်ကြီးရွယ်အိုမိဘတို့နှင့်ပတ်သက်သော၊ ဖြစ်လေ့ဖြစ်ထရှိသောအကြောင်းအရာများကို သိရှိထားသင့်ပေသည်။ အဇာတသတ်ကဲ့သို့ အချိန်လွန်မှ နောင်တမရမိကြစေရန် ဤဆောင်းပါးဖြင့် သတိပေးရေးသားတင်ပြလိုက်ရပေသည်။

ကိုငြိမ်း(ရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com

သို့ဆိုလျှင် လူတို့မှာ ရောဂါနှင့် ဝေးကြပါချေ။ ဤနေရာတွင် လူတိုင်းနှင့်သင့်လျော်သော ဆေးတော်တစ်လက်ကို ဖော်ပြပေးပါမည်။ ဆေးသည် ရှေးရခိုင်သမားတော်ကြီးများ အမြဲလက်ကိုင်ထား သုံးစွဲခဲ့သောဆေး ဖြစ်သည်။ ဆေးကား အပူ၊ အအေး မျှတ၏။ မိမိတို့ ဉာဏ်မီသလောက် တိုးချဲ့ကာ အသုံးပြုပါက ရောဂါဝေဒနာများ သက်သာပျောက်ကင်းရပါ၏။

ဆေးက အပူလိုပါက အပူသို့ရ၏၊ အအေးလိုပါက အအေးသို့လည်းရ၏။ ယင်းသို့ အပူ၊ အအေး လိုတ,ရ ဆေးကား တိုင်းရင်းဆေးလောကတွင် ရှားပါး၏။ ယင်းကြောင့်လည်း ရခိုင်သမားတော်များသည် လက်ကိုင်ထားကြရ၏။

**ဆေးကား-**

ငရုတ်ကောင်း၊ ကွမ်းရွက်၊ ထုံး၊ ဆား၊ ကျပ်ခိုး၊ နနွင်း၊ ဆင်တုံးမနွယ်။ နနွင်းခါး ဆေးဦးရေ (၈) ပါး ဖြစ်၏။ ဆေးအားလုံးကို (၁) ကျပ်သားစီ စု ဆောင်းပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးကို အမှုန့်ထောင်းထားပါ။ လေလုံသောပုလင်းတွင် ထည့်၍ သိမ်းဆည်းထားပါ။

**ဆေးဂုဏ်သတ္တိ**

လူတို့တွင် ဖြစ်ပေါ်တတ်သော ရောဂါမှန်သမျှတို့မှာ သောက်ဆေးအဖြစ် အသုံးပြုနိုင်၏။ လိမ်းဆေးအဖြစ် အသုံးပြုနိုင်ပါ၏။

**ပျောက်ကင်းနိုင်သောရောဂါများ**

အဖျား၊ ငှက်ဖျား၊ သက်ဖျား၊ တက်ဖျား၊ ရက်ချန်ဖျား၊ အူရောင်ငန်းဖျား၊ သန္နိပါတ်အဖျားတို့ကို တိုက်ပေးပါ။

ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပြည့်၊ ဝမ်းလျှောရောဂါတို့ကို ရေနွေးနှင့်တိုက်ပေးပါ။ ဖောရောင်သော ဝေဒနာတို့ကို နှမ်းဆီနှင့်ဖျော်၍ လိမ်းပေးပါ။

အမျိုးသမီးများ မီးယပ်ရောဂါတို့အတွက်လည်း သောက်နိုင်ပါသည်။ သွေးဒူလာ၊ လေဒူလာ၊ ပါဒရက်ရောဂါတို့အတွက်လည်း သောက်ပါ။

မည်သည့်ရောဂါမဆို ဉာဏ်နှင့်ချင့်ချိန်ပြီး တိုက်ကျွေးပေးပါက ရောဂါဝေဒနာ သက်သာ ပျောက်ကင်းလိမ့်မည်။

ဆက်လက်၍ ဣတ္ထိသဃ ဆေးတော်တစ်လက်ကို ဖော်ပြပါမည်။ ဤဆေးသည်လည်း ရခိုင်သမားတော်ကြီးများ လက်ကိုင်ထားခဲ့ရသော ဆေးတော်တစ်လက် ဖြစ်ပါ၏။ ရခိုင်ဘုရင်များလက်ထက်တွင် ဤဆေးသည် နန်းတွင်းသုံးဆေးတော်တစ်လက် ဖြစ်ခဲ့၏။ ဆေးက လွယ်လွယ်ကူကူ ဖော်စပ်နိုင်ပါ၏။

**ဆေးကား**

ယမ်းစိမ်း၊ ဇဝက်သာ၊ ကျောက်ချဉ်၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ချင်းခြောက်၊ ဆားပုပ် ဆေးအားလုံး (၁)ကျပ်သားစီစုပါ။

**ပြုလုပ်နည်း**

ဆေးကိုအမှုန့်ကြိတ်ထားပါ။ လေလုံသောပုလင်းတွင် သိမ်းဆည်းထားပါ။

**ဆေးဂုဏ်သတ္တိ**

ဆေးတိုက်သောအခါ အရွယ်အလိုက် ချင့်ချိန်၍ တိုက်ပေးပါ။ ကလေး (၁) ရွေးမှ (၁) ပဲသား၊ လူကြီး (၁)မတ်သားမှ (၁) ကျပ်သား ချင့်ချိန်၍ တိုက်ပေးပါ။

ဖျား၍ အပူငုပ်သော် ကွမ်းပြုတ်ရည်၊ လေးညှင်းနှစ်ပါး ကဲ၍ တိုက်ပေးပါ။ အဖျားကြီး၍ အပူကြီးသော် လည်းကောင်း၊ ရေသောက်တော်သော် လည်းကောင်း ဥပသကာ၊ ကံ့ကော်ဝတ်ဆံ နှစ်ပါး ကဲ၍ တိုက်ပေးပါ။ အပူလွန်၍ ဝမ်းကျ၊ ဝမ်းသွားသော် မာဇူသီးခွံ၊ ပန်းရွက်ရည်နှစ်ပါး ရေနှင့်တိုက်ပေးပါ။ ဝမ်းချုပ်သော် မန်ကျည်းသီးမှည့်ရည်၊ ဇဝက်သာ နှစ်ပါး ကဲ၍ တိုက်ပေးပါ။

ဆီးမသွားသော် ယမ်းစိမ်း၊ ငှက်ပျောလက်ပတ်ရည် နှစ်ပါး ကဲ၍ တိုက်ပါ။

လေငန်းဖမ်းသော် သံပရာရည်နှင့် တိုက်ပေးပါ။ ချွေးအလွန်များသော် ကံ့ကော်ဝတ်ဆံ၊ ဥပသကာ၊ ဒန့်ဓကူ သုံးပါးကဲ၍ တိုက်ပေးပါ။ သွေးသံမညီညွတ်၍ မအိပ်နိုင်သော် ကံ့ကော်ဝတ်ဆံ၊ ဇာတိပ္ဖိုလ်သီး နှစ်ပါးကဲ၍တိုက်ပေးပါ။

ဝမ်းကိုက်သော် လင်းလေကဲ၍ တိုက်ပေးပါ။ ထုံနာပါဒရက် တက်၍ သလိပ်သံ၊ ချွဲသံကြားသော် သံပရာရည်၊ ဇဝက်သာ ကဲ၍ တိုက်ပေးပါ။ မီးယပ်ဝမ်းကျသော် မာဇူသီးခွံ၊ လက်ထုတ်ခေါက် နှစ်ပါးကဲ၍ တိုက်ပေးပါ။

ဤဆေးသည် ဣတ္ထိသဃ လိုတရဆေးဖြစ်သဖြင့် သမားတော်များဉာဏ်ကွန့်၍ သုံးစွဲနိုင်ပါ၏။

**မီးယပ်ရောဂါဆေးကျော်**

ဤဆေးသည် ရှေးရခိုင်သမားတော်ကြီးများ အမြဲသုံးစွဲခဲ့သော ဆေးတော်ဖြစ်၏။ စာရေးသူကိုယ်တိုင် ဆေးတော်ကိုဖော်စပ်၍ ဝေဒနာရှင်တို့အား ထောက်ပံ့ပေးခဲ့ပါ၏။ အောင်မြင်ပါ၏။ ယုံကြည်စွာဖော်စပ်၍ သုံးဆောင်ကြပါ၊ ကုသကြပါ။ အောင်မြင်ပါလိမ့်မည်။

**ဆေးကား**

ကြံရည်တစ်ပုလင်း၊ အုန်းသီးရည်တစ်ပုလင်း၊ စမုန်မျိုးငါးပါး (၁) ကျပ်စီထည့်ပါ။

**ပြုလုပ်နည်း**

ဆေးတော်ကို စဥ့်အိုး သို့မဟုတ် ဖန်အိုးထဲသို့ လော်စာ တဆေး (၈) ပဲသားထည့်ပါ။ တစ်ညစိမ်ထား။ နောက်တစ်ညတွင် သံလွင်စပါး၊ ပေါက်ပေါက်လက်ဖက်ရည်ပန်းကန်ဖြင့် တစ်ပန်းကန်ထည့်ပါ။ နှစ်ညအိပ်လျှင် ဆေးဖတ်ကို စစ်ယူပါ။

ထိုဆေးရည် (အထက်ပါ) နှစ်ပုလင်းမှာ ပျားရည်စစ်စစ် တစ်ပုလင်းထည့်ပါ။ သုံးပုလင်း ဖြစ်လာပါမည်။

**ဆေးဂုဏ်သတ္တိစွမ်းရည်**

လေနာ၊ ရင်နာ၊ လေရောဂါအမျိုးမျိုးဖြစ်လာပါက ဆေးကိုသောက်ပါ။

မီးယပ်သွေးဆုံးနာ၊ မီးယပ်ပိန်ခြောက်ရောဂါတို့ကိုလည်း ပျောက်ကင်းသက်သာ ဖြစ်လာပါမည်။ မြင်းသရိုက်၊ ဒူလာနာများမှာ နံနက်တစ်ဇွန်း၊ ညတစ်ဇွန်းသောက်ပါ။ မီးယပ်ရောဂါအမျိုးမျိုးလည်း ပျောက်ကင်းသက်သာပါလိမ့်မည်။

ပညာကို သေရွာသို့ မယူလိုပါ။ ရောဂါရှိ ဆေးရှိပါ၏။ ရောဂါသိလျှင် ဆေးရှိ၏။ ရောဂါမသိ ဆေးမရှိပါ။ ရောဂါကိုသိအောင် ကြိုးစားကြပါစို့။

တိုင်းရင်းမြန်မာဆေး ဗဟုသုတ ပြည့်ဝကုံလုံ ပြည့်စုံနိုင်ကြပါစေ။

တိုင်းရင်းမြန်မာဆေးလောကကို သစ္စာရှိစွာဖြင့်. . .

*ကျန်းမာချမ်းသာကြပါစေ*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ စာရေးသူ၏ 'ရွှေအင်းဝ' ဆေးဆိုင်သို့ မိတ်ဆွေတစ်ဦး ရောက်ရှိလာ၏။ 'သမ္မုလသစ္စာ' ဆိုသည့် အမည်နာမဖြင့် တိုင်းရင်းဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသည့် တိုင်းရင်းဆေးဆရာ ဦးသိန်းဇံ ဖြစ်၏။ ဤ သမ္မုလ ဆိုသည့် ဆေးများမှာလည်း အစွမ်းထက်လှသဖြင့် ရောင်းအားကောင်း၏။ ဆီးချိုဆေး ဆိုလျှင် အထူးအစွမ်းထက်လှသဖြင့် နယ်မှ သုံးစွဲသူများက ဒါဇင် လေး၊ ငါးဆယ်အထိ ဝယ်ယူအားပေးကြသည်ကိုလည်း တွေ့ရသည်။

ဤဆေးဝါးဖြစ်ပေါ်လာပုံကလည်း ခပ်ဆန်းဆန်း။ အဘဘိုးဘိုးအောင်နှင့် ပဋ္ဌာန်းဆက်ရှိသောဦးသိန်းဇံသည် အဘအောင်၏အထောက်အပံ့ကို များစွာရထားသူဖြစ်ပြီး ဤအကြောင်းကြောင့်ပင် သူ၏ဆေးဝါးများအစွမ်းထက်ရခြင်း ဖြစ်သည်။

"လာထိုင် - ဦးသိန်းဇံ၊ အရောင်းအဝယ်တွေကော ကောင်းရဲ့လား"

"အရောင်းအဝယ်ကတော့ကောင်းပါတယ်ဆရာရယ်။ ဒါပေမယ့် ကျွန်တော့်ဆေးတွေက ကုန်ကြမ်းပစ္စည်း ရှားပါးတာမို့ ပေါပေါများများမထုတ်နိုင်ဘူးဖြစ်နေတယ်"

"အဲဒါကြောင့် ဆရာ့ဆေးတွေက ရောင်းကောင်းတာဖြစ်မယ် ဆရာရဲ့"

"ဒါနဲ့ အခု ဆရာဘာတွေရေးနေတာလဲ"

"အခုရေးနေတာက 'ဝိပါက်ကြွမှာ မပြေးသာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝင်္ခလိုက်တတ်တာလေးတွေကို ရေးနေတာ ဆရာရဲ့။ လောကမှာ အခုလက်ရှိ ဖြစ်ပျက်နေတာတွေကို အခြေခံပြီးရေးတာ ဆိုပါ တော့"

" ကောင်းတယ်ဆရာ၊ အခု စာဖတ်ပရိသတ်က တစ်မျိုးဗျ။ ဘုရားလက်ထက်က လို့ ဆိုလိုက်တာနဲ့ သူတို့စိတ်ထဲ မှာ သိပ်မထူးဆန်းတော့ဘူး။ ကြားဖူးနားဝရှိပြီးသားတွေဖြစ်နေပြီ။ အခုလက်ရှိဖြစ်နေတာတွေကို ပိုပြီးစိတ်ဝင်စားတာ ဆရာရဲ့"

"ဟုတ်တယ် ဆရာ၊ အဲဒါကြောင့် ကျွန်တော်လည်း ကိုယ်တွေ့မျက်မြင်ဖြစ်နေတာလေးတွေကို ဘုရားဖြစ်တော်စဉ်တွေနဲ့ယှဉ်ပြီး ရေးတာ လူငယ်တွေ ဘာသာရေးကိုလည်း ပိုပြီးစိတ်ဝင်စားလာအောင် ဒီနည်းနဲ့ သိမ်းသွင်းနေရတာ"

"သိပ်ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့ငယ်ငယ်က ကြာနီကန်ဆရာတော်ကြီးလိုပေါ့။ ဆရာတော်ကြီးက ပုံတိုပတ်စတွေ၊ ရယ်စရာမောစရာတွေနဲ့ ကွက်စိပ်ဆန်ဆန်ဟောတာဆိုတော့ လူကြီး၊ လူငယ်၊ ကလေးကအစ အကုန်စိတ်ဝင်စားကြတယ်ဗျ။ ကလေးတွေကို တရားနာချင်လာအောင် စည်းရုံးသိမ်းသွင်းခဲ့တာဗျ"

"ဟုတ်တယ် ဆရာ၊ ဆရာတော် ဟောတဲ့ တရားတွေက ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတွေ မဟုတ်ခဲ့ပေမယ့် လူငယ်တွေ၊ ကလေးတွေကို တရားပွဲထဲရောက်လာအောင် စွမ်းဆောင်နိုင်ခဲ့တာဗျ"

"စကားစပ်မိလို့ ဆရာ့ကို ကျွန်တော့်ကိုယ်တွေ့အကြောင်းလေး ပြောပြဦးမယ်ဗျ။ ကျွန်တော် ပြောချင်တာက ဝင်္ခလည်တယ်၊ ဝင်္ခလိုက်တယ်ဆိုတာ





ထန်းတပင်-စန်းလွင်

ဝိပါက်ကြွမှာ မပြေးသာ



www.burmeseclassic.com

www.burmeseclassic.com

ပြုထားခဲ့တဲ့ ကံတွေအတိုင်း တစ် ...မတိမ်းဖြစ်တတ်တယ် ဆိုတာကို ...ချင်တာ။ ဆရာ့စာထဲ ထည့်ရေးချင် ...ရေးပေါ့၊ ဒီလိုဗျ။

အရင်တုန်းက ကျွန်တော် အခုလို ...ဆေးဆရာဘဝမရောက်ခင်တုန်း ...အဖြစ်အပျက်ပေါ့။ ကျွန်တော်ကိုယ် ...ဖြစ်ခဲ့တာ။ အဲဒီတုန်းက ကျွန်တော် ...တိရစ္ဆာန်ဆေးကုဆရာဝန်ဆိုပါတော့။ ...-မွေး-ကု) ဝန်ထမ်းဆိုတော့ အရပ် ...နယ်တကာကို သွားနေရတာ။

အဲဒီလိုနဲ့ နယ်မြို့လေးတစ်ခုမှာ ...ဝန်ထမ်းဆောင်နေတုန်းက အဖြစ် ...ပျက် ဆိုပါတော့ဗျာ။ ကျွန်တော်တို့ ...-မွေး-ကု) ဆရာဝန် ဆိုတာကလည်း ...အရပ်ဒေသ ကိုယ်တာဝန်ကျတဲ့ ...ရာတွေမှာ ကျွဲ၊ နွားကာကွယ်ဆေး ...ထိုးတာတို့၊ ပညာပေးဟောပြော ...တို့ဆိုတာတွေလုပ်ပြီးရင် အလုပ်က ...ရှိတာမဟုတ်ဘူး။ ခုခေတ်လိုလည်း ...ငှက်တုပ်ကွေးတို့၊ ဝက်နားရွက်ပြာ ...တဲ့ရောဂါဆန်းဆန်းတွေလည်းမရှိကြ ...ဘူး။

တစ်နေ့တော့ ကျွန်တော်နဲ့အတူ ...တဲ့ မိတ်ဆွေကလည်း ပျင်းပျင်းရှိတာ ...ငါးမိုင်းသွားခွဲရအောင်ဆိုပြီး အဖော် ...ရောဗျို့။ ကျွန်တော်ကလည်း တစ်ခါ ...မြင်ဘူးတာနဲ့ လိုက်သွားတာပေါ့။

ငါးမိုင်းခွဲတဲ့နည်းကလည်း သိပ် ...ဝင်စားစရာကောင်းတာ ဆရာရဲ့။ ...ပျော့အတောင့်စနက်တံတွေနဲ့လုပ် ...။ ထားလိုက်တော့ဗျာ၊ မိုင်းလုပ်ပုံ ...နည်းကိုတော့ အသေးစိတ်ပြောမပြ ...ဘူး။လူငယ်တွေ အတုမြင်အတတ် ...ပြီးလိုက်လုပ်ကြမှာစိုးလို့၊ ပြီးတော့ ...မကောင်းတဲ့ ဗဟုသုတမျိုးတော့ ...ချင်ဘူး ထားလိုက်တော့။

ငါးမိုင်းခွဲကြရော ဆိုပါတော့။ ငါး ...ခွဲတဲ့နေရာကလည်း ချောင်းတစ်ခုရဲ့ ...နားမှာ ရေအိုင်ကြီးလိုဖြစ်နေတဲ့နေ ...ရေကျချိန်မှာလည်း အဲဒီနေရာက ...ရေနက်တယ်။ အဲဒီမှာခွဲတာ။

ငါးမိုင်းခွဲပြီးတာနဲ့ ငါးတွေဆိုတာ ...တ်လို့တောင်မနိုင်ဘူးဗျာ။ ရလိုက် ...ငါးတွေဆိုတာ တောင်းကြီးတောင်း ...နဲ့ သယ်ရတာ။ အဲဒီလိုပဲ ကျွန်တော် ...မကြာခဏခွဲနေကျဗျ။

ဒါပေမယ့် ကျွန်တော်က ကိုယ်တိုင် ...ငါးမိုင်းမခွဲဘူးဗျ။ ဒါပေမယ့် သူတို့ ...ခွဲတိုင်း ကျွန်တော်အမြဲတမ်းလိုက် ...သွားတယ်။ ငါးတွေကိုလည်းကြော်

လိုက်၊ ချက်လိုက်နဲ့ အမျိုးမျိုးလုပ်စားကြ တာပေါ့ဗျာ။အဲဒီအချိန်အထိ ကျွန်တော် ဘာကိုမှ လေးလေးနက်နက် မတွေးခဲ့မိ ဘူးဗျာ ပျော်နေတာပဲ။ ဟော - သိပ် မကြာပါဘူးဗျာ၊ ဝဋ်လည်မယ့်အချိန် ရောက်လာတော့တာပဲ"

"ဟုတ်လား၊ ဘယ်လိုဝဋ်လည် တာလဲဗျ"

"ဝဋ်လည်တာကတော့ ဆရာ ရယ်။ ငါးမိုင်းခွဲတဲ့ကျွန်တော့်မိတ်ဆွေက တစ်နေ့တော့ ငါးမိုင်းခွဲခါနီး ဘယ်လို အဆင်မပြေဖြစ်တယ်တော့ မသိပါဘူး။ မိုင်းက လက်ထဲတင်ကွဲပြီး ညာလက်တစ် ချောင်းပြတ်ထွက်သွားတယ်။ တစ်ကိုယ် လုံး ဒဏ်ရာတွေဗရပွဖြစ်ပြီး သိပ်မကြာ ဘူး သူဆုံးသွားတယ်။ ပတ်ဝန်းကျင်က တော့ ပြောကြတာပေါ့ဗျာ။ 'ဒီကောင် တော့ ဘယ်တော့ဝဋ်လည်မလဲကြည့်နေ တာ အခုတော့ ဝဋ်လည်ပြီ' တဲ့ဗျာ။

အဲဒီမှာတင် ကျွန်တော်လက်တွေ့ မျက်မြင် ဝဋ်လည်တာကိုစတွေ့ဖူးတာပဲ။ ပြီးတော့ ကျွန်တော်လည်း အကုသိုလ် အလုပ်ကို လုံးဝ မလုပ်တော့ဘူး။ အား လည်းမပေးတော့ဘူး။ ပြီးတော့ ကျွန် တော်လည်း ဝဋ်လည်တာကို ကြောက် တတ်လာတယ်။ ငါလည်း ဒီငါးတွေသေ တာကို ဝမ်းသာအားရစားခဲ့တာပဲ။ ဒီဝဋ် ကြွေးကို ငါလည်း တစ်နေ့ပြန်ခံရမှာပဲဆို တာ သိထားတယ်။

အဲဒီနောက်ပိုင်းတော့ ကျွန်တော် ပုတီးစကိုင်တော့တာပဲ။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားကိုလည်း အချိန်ရရင် ရသလို ကျင့်ကြံအားထုတ်တယ်။ဘုရား၊ တရား၊ သံဃာကို ကျွန်တော် ပိုပြီးတော့ ဆည်းကပ်တယ်"

"အဲဒီအချိန်ကစပြီး စရဏအား အထူးကောင်းခဲ့တယ်ဆိုရမှာပေါ့။ အဲဒီ ကစပြီး ကျွန်တော် တိုင်းရင်းဆေးဘက် ကို လေ့လာလိုက်စားခဲ့တယ်။ ဆရာဖြစ် တဲ့အထိပေါ့။ အဲဒီလိုနဲ့နေလာရင်း စရ ဏအားကောင်းလာတော့ သမာဓိလည်း ရလာတော့ဗျာ အဲဒီမှာ အဘဘိုးဘိုး အောင်နဲ့ စပြီးအဆက်အသွယ်ရှိလာပြီ။ အဘဘိုးဘိုးအောင်အကြောင်းကိုတော့ ပြီးမှ ဇာတ်စုံရှင်းပြမယ်။

တိုတိုပြောကြပါစို့ဗျာ။ ကျွန်တော် ဝဋ်လည်မယ့်အချိန်ကို ရောက်လာတော့ တာပဲ"

"ဟုတ်လား၊ ဆက်ပါဦးဗျာ ဇာတ် လမ်းက ကောင်းလာပြီ"

"တစ်နေ့တော့ ကျွန်တော် အိမ်

မှာ ဆေးချက်နေတုန်း ကျွန်တော့်အမျိုး သမီးက မီးဖိုပေါ်တင်ထားတဲ့ ပေါင်းအိုး ကို အောက်ချပေးပါဦး ဆိုတာနဲ့ ကျွန် တော်လည်း ပေါင်းအိုးကို အောက်ချပေး လိုက်တယ်။ ပြီးတော့ ကိုယ့်သဘောနဲ့ ကိုယ် ပေါင်းအိုးကြီးကို ဖွင့်တော့တာပဲ။

ပေါင်းအိုးဆိုတာမျိုးက လေအလုံ ပိတ်ပြီး ပေါင်းရတာမျိုးဆိုတော့ ပေါင်း အိုးကို ဖွင့်တော့မယ်ဆိုရင် အဖုံးပေါ်က လေပေါက်ကို အရင်ဖွင့်ရတယ်ဗျ။ အထဲ ထဲကလေတွေ အကုန်ထွက်သွားပြီး လေ ကုန်ပြီဆိုမှဖွင့်ရတာ။ အဲဒါကို ကျွန်တော် မသိဘူးဗျ။ အပူပြင်းအားကြီးနေတဲ့ ပေါင်းအိုးကြီးကို ကျွန်တော် ဒီအတိုင်း လှည့်ဖွင့်နေတာ စဉ်းစားသာကြည့်တော့ ဘယ်လောက် အန္တရာယ်များသလဲ ဆို တာ။

အဖုံးကိုလည်းဖွင့်လိုက်ရော ဘာ ပြောကောင်းမလဲဗျာ။ 'ဝုန်း'ဆို ပေါက်ကွဲ သံကြီး ထွက်လာတော့တာပေါ့။ ကျွန် တော် သတိလစ်ပြီး ဘာမှကိုမသိတော့ တာ။ သတိလည်းရရော တစ်ကိုယ်လုံး အပူတွေ်လောင်ထားလိုက်တာ ရစရာ ကိုမရှိဘူး။ နှစ်ပေါင်းများစွာ ကျွန်တော် အားထုတ်လာတဲ့စရဏတွေကြောင့်သာ အသက်မသေခဲ့တာဖြစ်မယ် ထင်ပါရဲ့ ဗျာ"

"ဒါကတော့ ဆရာရယ်။ ဝဋ်ကြွေး ဆိုတာ ပြေးလို့လွတ်နိုင်တဲ့အမျိုးမှမဟုတ် တာဗျာ။ သဗ္ဗညုတရွှေဉာဏ်တော်ကြီး ကို ရထားတဲ့ ဗုဒ္ဓမြတ်စွာဘုရားတောင်မှ ဘုရားဖြစ်တဲ့အချိန်အထိ ဝိပါက်တော် (၁၂) ပါး ဆိုတာကို ပေးဆပ်တော်မူခဲ့ရ သေးတာပဲလေ။ပြီးတော့ ဝဋ်ဆိုတဲ့နေရာ မှာလည်း အပိုင်း(၃)ပိုင်းရှိတယ် ဆရာ ရဲ့"

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

"ဘဝမှာ ဝိပါကအပိုင်း၊ ကမ္မ အပိုင်း၊ ကိလေသာအပိုင်းရယ်လို့ (၃) ပိုင်းရှိတယ် ဆရာရဲ့။ ကိလေသာ ဆိုတာ ကတော့ အဝိဇ္ဇာနဲ့ တဏှာ ဦးစီးထားတဲ့ အနုသယအဆင့်ကို ကိလေသာဝဋ်ခေါ် တာပေါ့။ ကမ္မ ဆိုတာကတော့ မသေမီ ရှေ့အတိတ်ကပြုလုပ်ခဲ့တဲ့ နာနက္ခဏိက အဆင့်ကုသိုလ်ကံနဲ့ အကုသိုလ်ကံပေါ့ ဆရာရယ်။ အဲဒါကို ကမ္မဝဋ်ခေါ်တာ ပေါ့။ ဝိပါက ဆိုတာကတော့ အဲဒီ ကုသိုလ်နဲ့ အကုသိုလ်ကံကြောင့် ဖြစ် ပေါ်လာတဲ့အကျိုးတရားတွေပေါ့။ အဲဒါ ကို ဝိပါကဝဋ်ခေါ်တာပေါ့။ အဲဒီဝိပါက ဝဋ်၊ ကမ္မဝဋ်၊ ကိလေသဝဋ် (၃) ပါးတို့



www.burmeseclassic.com

www.burmeseclassic.com

သီးခြားစီခွဲထုတ်လို့မရဘူးဆရာရဲ့။

ဥပမာပြောရရင် အခု ကျွန်တော် ရေးနေတဲ့ ဘော(လ်)ပင် ဆိုပါတော့။ ဘော(လ်)ပင်ရဲ့ပုံသဏ္ဍာန်က ဝိပါကအပိုင်းပေ့ါ။ ပြုလုပ်ထားတဲ့ ကော်သားက ကမ္မအပိုင်းပေ့ါ။ ပြီးတော့ ဒီဘော(လ်)ပင်လေးမှာပါဝင်တဲ့ မဟာဘုတ်ခေါ်တဲ့ ဓာတ်ကြီးလေးပါးက ကိလေသာအပိုင်းပေ့ါ။ တစ်ခုနဲ့ တစ်ခုဟာ ကြောင်းကျိုးဆက်စပ်နေတာမို့ သီးခြားစီခွဲထုတ်လို့မရဘူး ဆရာရဲ့"

"ဟုတ်တာပေ့ါဗျာ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'နွား၏ ခြေရာနောက်သို့ လှည်းဘီးတို့သည် အစဉ်သဖြင့်လိုက်ကုန်၏' လို့ လှည်းဘီးနဲ့ ဥပမာပြုတာပေ့ါ ဆရာ"

"အမှန်ပေ့ါဗျာ၊ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်လို့ ရဟန္တာဖြစ်သွားသည့်တိုင်အောင် အနုသယကိလေသာကို ပယ်ပြီးတော့ တစ်ဖန် ပဋိသန္ဓေနေရခြင်း 'ဇာတိ' ကို ကုန်အောင်လုပ်နိုင်ပေမယ့် ရှေးရှေးဘဝကပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကိုတော့ ကုန်စင်အောင် မလုပ်နိုင်ဘူးဗျ။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ သာဝက အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ ရဟန္တာဘဝနဲ့ပဲ ခိုးသားတွေရဲ့သတ်ဖြတ်ခြင်းကို ခံခဲ့ရတာပေ့ါ။ ဝဋ်ကြွေးပေ့ါ ဆရာရယ်"

"အင်း - ဝဋ်ကြွေးများ တယ်ကြောက်စရာကောင်းဗျာနော"

"ဟုတ်တယ် ဆရာ၊ ဆရာပြောသလိုပဲ ကိုယ်ပြုထားခဲ့တဲ့ကံအတိုင်း ဒီဝဋ်ကြွေးကို ပြန်ပေးဆပ်ကြရတာ ဆရာလည်း ကြားဖူးမှာပါ။ ကောင်းကင်မှာပျံနေတဲ့ ငှက်တစ်ကောင်ဟာ ကောင်းကင်မှာပဲ မီးလောင်ရင်း သေခဲ့ရတယ်ဆိုတာလေ"

"ကြားတော့ကြားဖူးတယ် ဆရာ၊ ပြန်ပြောပါဦး"

"ဒီလို ဆရာရဲ့။ တစ်ခါတုန်းက လယ်သမားတစ်ယောက်ဟာ အလွန်ဒေါသတွေထွက်နေတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ခိုင်းနွားတစ်ကောင်ဟာ ခိုင်းလို့မရဘဲ ပေကပ်ပြီး မြေကြီးပေါ်မှာ အိပ်နေတယ်။ နွားကပ်မျိုးပေ့ါဗျာ။ လယ်သမားဟာ အလုပ်ကလည်း အရေးကြီးနေတော့ စိတ်တိုပြီး ရိုက်နှက်တော့တာပေ့ါ။ ဒါပေမယ့် ဘယ်လောက်ပဲရိုက်ရိုက် နွားကမထဘူး ပေကပ်နေတယ်။ ဘယ်လိုမှခိုင်းလို့မရတဲ့အဆုံး လယ်သမားဟာ ဒေါသပွပြီးဘာလုပ်သလဲဆိုတော့ ကောက်ရိုးကွင်းကို နွားလည်ပင်းမှာစွပ်ပြီးတော့ မီးရှို့လိုက်တယ်။

နွားဟာ အဲဒီကောက်ရိုးမီးကွင်းကြီးကြောင့်ပဲ မီးလောင်ပြီး မချိမဆံ့သေခဲ့ရတယ်။ လယ်သမားဟာ အဲဒီအကုသိုလ်ကံဝဋ်ကြွေးကြောင့်ပဲ နောက်ဘဝမှာ ကျီးကန်းဖြစ်ခဲ့ရတယ်။ရွာတစ်ရွာမှာ မီးလောင်တော့ မြက်ခြောက်ကွင်းကြီးတစ်ခုဟာ မီးလောင်ရင်း အလိုလိုကောင်းကင်ကို ပျံတက်သွားပြီး အဲဒီကျီးကန်းရဲ့လည်ပင်းမှာ ကွက်တိသွားစွပ်တယ်။ ပြီးတော့ ကျီးကန်းဟာ ကောင်းကင်မှာပဲ မီးလောင်ရင်းသေခဲ့ရတယ်လေ။ ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည် ဆိုတာလိုပေ့ါ"

"အမှန်ပေ့ါ ဆရာရယ်။ အဲဒီကျီးကန်းလိုပဲ ကျွန်တော်တွေ့ဖူးတဲ့ လူတစ်ယောက်အကြောင်း ကျွန်တော်ပြောပြဦးမယ်"

"ဟား. . . လုပ်စမ်းပါဆရာရယ်၊ ကျွန်တော်က အဲဒါမျိုး နားထောင်ချင်နေတာ"

"အဲဒီလူရဲ့အဖြစ်ဟာ အတော်လည်း အံ့သြစရာကောင်းပြီး ကြောက်စရာလည်း သိပ်ကောင်းတယ်။ သူနဲ့ ပြန်တွေ့လိုက်ရတဲ့အချိန်မှာ သူ့ကိုကြည့်ပြီး ကျွန်တော် အရမ်းလန့်သွားတယ်။ သံဝေဂတွေလည်း ရလိုက်တယ်"

"ဒီလိုဆရာရဲ့၊ ကျွန်တော် နိုင်ငံခြားရောက်နေတုန်းက ဆိုပါတော့"

မလေးရှားနိုင်ငံမှ ကွာလာလမ်ပူမြို့လယ် မြန်မာများနေထိုင်သော တိုက်ခန်းတစ်ခုအတွင်း -

"ဟေ့ - ကိုအောင်နိုင်၊ နောက်ကျလှချေလားဗျ၊ ကိုဝင်းလွင်ကော"

"နောက်မှာ ပါတယ် ဗိုစန်းရေ၊ ဒီနေ့မှ ဖောက်သည်တွေ အရမ်းကျနေတာနဲ့ နောက်ကျသွားတာ။ ခင်ဗျား ထမင်းစားပြီးပြီလား"

"မစားသေးဘူးလေဗျာ၊ ခင်ဗျားတို့ကိုစောင့်နေတာ"

"အေးဗျာ၊ ဒါဆိုလည်း ကျုပ် ရေချိုးလိုက်ဦးမယ်"

ကိုအောင်နိုင် ဆိုသူက ရန်ကုန်သား ဖြစ်၏။ မလေးရှားသို့ရောက်နေခဲ့သည်မှာ (၇) နှစ်နီးပါးရှိပြီ ဖြစ်သော်လည်း မပြေလည်သော မိသားစုဘဝကို လုပ်ကိုင် ကျွေးမွေးနေသူဖြစ်သဖြင့် မြန်မာနိုင်ငံသို့မပြန်နိုင်သေး။ ကွာလာလ[...] မှာ အလုပ်အကိုင်ရလေမလားဟု LA[...] မြို့လေးမှ ကျွန်တော် ကွာလာလမ်ပူ[...] ဆင်းလာရင်း ကိုအောင်နိုင်၏အခန်း[...] သောင်တင်နေခြင်း ဖြစ်သည်။ ထို[...] သုံးယောက်သား ထမင်းစားရင်း စ[...] ကောင်းနေကြပြန်၏။

"ကိုအောင်နိုင်လုပ်တဲ့ဆိုင်က တ[...] နေ့ ဘယ်လောက်ရလဲ"

"တစ်နေ့ ရင်းဂစ် (၄၀) ရတယ်[...]"

"ဟာ - လစာကလည်း ကော[...] သားပဲဗျ။ တစ်လကို (၁၀၀၀) တော[...] တာ ဆိုတော့ မဆိုးပါဘူး"

"ဗိုစန်းအတွက်လည်း ကျွန်တေ[...] ဆိုင်မှာပြောပေးထားတယ်။ တခြား[...] တွေကိုလည်း စုံစမ်းထားတယ်။ အလ[...] က ရမှာပေ့ါဗျာ။ ခင်ဗျားက မ[...] စကားကို ကောင်းကောင်းပြောနိုင်[...] ရယ်၊ Speaking နည်းနည်းပါးပါးလ[...] ရတယ်ဆိုတော့ အလုပ်ကရမှာပါ။ အလ[...] မရခင်လည်း ဘာမှပူမနေနဲ့ ကျွန်တော်[...] ပဲနေ။ ငွေလိုရင်ယူသုံး၊ အလုပ်ရတေ[...] ပြန်ဆပ်ပေ့ါဗျာ"

"အေးဗျာ - ခင်ဗျားတို့စ်ယော[...] ရှိနေလို့သာပဲ နို့မို့ရင် မလွယ်ဘူး။ ဒါ[...] ခင်ဗျားက ဆိုင်မှာဘာလုပ်ရသလဲ၊ စ[...] ပွဲထိုးလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်[...] နောက်ဆိုက်မှာ စာဖိုမှူးပေ့ါဗျာ"

"ဩော်- ဒါကြောင့် ခင်ဗျား လ[...] ကောင်းတာကိုး"

"ဟုတ်တယ်၊ ရှေ့လဆို ကျွန်တေ[...] တစ်နေ့ (၅၀) ရပြီလေ။ သူဌေးက ကျွ[...] ဝေ့ာ်ပြန်မှာကိုကြောက်နေတာဗျ။ ကျွ[...] တော့ကို သူ့ဆိုင်ကနေ ပြောင်းသွား[...] ကို သူစိုးရိမ်နေတယ်ဗျ။ ဘာဖြစ်လို့[...] ဆိုတော့ ကျွန်တော့်လက်ရာကို ဖော[...] သည်တွေက ကြိုက်ကြတယ်လေ။ [...] တော့ (THAIFOOD) ယိုးဒယားအ[...] အစာကို ကျွန်တော်က ကျွမ်းကျွမ်းကျ[...] ကျင်ချက်တတ်တော့ သူဌေးက သဘေ[...] ကျတာပေ့ါ"

"ကိုဝင်းလွင်တို့ စားပွဲထိုးတွေ[...] တော့ တစ်နေ့ ဘယ်လောက်ရသလဲ"

"ကျွန်တော်တို့ စားပွဲထိုးတွေ[...] တစ်လ (၈၀၀) ပေးတယ်ဗျ။ စားပွဲထိုး[...] ပေမယ့် မသက်သာဘူး၊ ဆိုင်သိမ်းတာ[...] သန့်ရှင်းရေးကအစ အကုန်လုပ်ရတာ[...]

"အေးဗျာ၊ ကျွန်တော်လ[...] အလုပ်မြန်မြန်ရချင်ပြီ။ အိမ်မှာ မိန်း[...] သမီးလေး ဘယ်လိုများရှန်းကန်နေ[...]



www.burmeseclassic.com

www.burmeseclassic.com

…သိဘူး"

"တွေ့မှမနေပါနဲ့ဗျာ၊ အချိန်တန် …ရှာပေါ့"

…တွာလာလမ်းပူ၌ အလုပ်ရှာရ …မှာ လွယ်လှသည်တော့ မဟုတ်။ …စကားပြောတတ်ပါမှ အလုပ်တစ် … မျှော်လင့်နိုင်၏။ မလေးစကား …တတ်သူများမှာ ပြင်ပစားသောက်ဆိုင် …တွင် အလုပ်ရဖို့ သိပ်မလွယ်လှပါ။ …စကား၊ တရုတ်စကား တစ်ခုခု …ကျင်ပါမှ အလုပ်အကိုင်ရဖို့ သေ…၏။

မိမိသည်ပင် မလေးစကားမတတ် … အလုပ်ရဖို့ အသည်းအသန် ရှာ…ရ၏။ ရပြန်တော့လည်း ပန်းကန် … သန့်ရှင်းရေး ဒိထက်မပို။ မလေး …တတ်သူများမှာ ဆိုင်ရှေ့ဆိုက်တွင် …ထိုးလုပ်ရသဖြင့် အလွန်အားကျခဲ့ …။ ထို့ကြောင့်ပင် မလေးစကားကို …နေ့ နှစ်ခွန်း သင်ယူ၏။ ကိုယ်တတ် …သောက်ကို နေ့စဉ်ပြောရင်း လေ့ကျင့် …၏ ဤသို့ ပုံမှန်သင်ကြားလာရင်း (၇) … (၈) လရှိသောအခါ မလေးစစ်စစ် …နှင့် ရင်ဘောင်တန်း ပြောလာနိုင် …တော့၏။ တရုတ်စကားကိုလည်း တစ် …တ သင်ယူရ၏။ မလေးစကားအ …အတန် ပြောတတ်လာသောအခါ …လုပ်အကိုင်အခွင့်အလမ်းများ ရရှိလာ …တော့၏။ Speaking ကိုလည်း မတတ် …ခေါက်တတ်မြောက်ထားသဖြင့် မလေး … မလေးနိုင်ငံသားတစ်ယောက်လို နေ …ကျလာခဲ့ပြီ ဖြစ်သည်။ PassPort …အကန်ရှိသော စက်ရုံဝန်ထမ်းများ … ဘာသာစကားက သိပ်ပြဿနာမရှိ၊ …တာဝန်ကျသောဆိုက်မှ အလုပ်ကို …တာဝန်ကျေအောင်လုပ်နိုင်လျှင် ကိစ္စပြီး … အချိန်တန် အိမ်ပြန်ရုံသာ။ ဘာသာ …စကားတတ်သူများမှာတော့ စက်ရုံများ … နေရာကောင်းကောင်းရရှိနိုင်ကြ၏။ …ကြောင့် နိုင်ငံခြားတိုင်းပြည်များတွင် …ရောက်လုပ်ကိုင်သူများသည် ထိုနိုင်ငံ …ဘာသာစကားကို တတ်နိုင်သလောက် …သင်ယူထားပါက အခက်အခဲတော်တော် …များကို ကျော်လွှားပြီး ဖြစ်ပေလိမ့် …မည်။

၁၆

တစ်နေ့ -

"ဗိုစန်း၊ ခင်ဗျား ဒီနေ့အလုပ်ရပြီ …"

"ဟာ - ဟုတ်လား၊ ဘယ်ဆိုင်မှာ လဲ"

"ကျွန်တော်တို့ဆိုင်မှာပဲလေ။ စားပွဲထိုးတစ်ယောက်ထွက်သွားလို့ သူဌေးက ခင်ဗျားကို မနက်ဖြန် အလုပ်ဝင်ခိုင်းလိုက်တာ။ ကိုဝင်းလွင်နဲ့အတူဆင်းရမှာ"

"ဟုတ်လား၊ ဟား- ဝမ်းသာလိုက်တာဗျာ။ ကျွန်တော့်ကို လိုအပ်တာတွေ သင်ပေးထားဦးဗျ။ ဒါမှပိုအဆင်ပြေမှာ"

"မလိုပါဘူးဗျာ၊ ခင်ဗျား ဂျိုဟိုးမှာနေတုန်းက HONG KONG BOY စားသောက်ဆိုင်မှာ လုပ်ဖူးတယ် မဟုတ်လား"

"ဟာ - အဲဒီမှာ အကြာကြီးလုပ်ခဲ့ဖူးတယ်ဗျ"

"အဲဒါဆိုရပြီ၊ အဲဒီဆိုင်နဲ့အတူတူပဲ။ အေး - ဒါပေမယ့် အအေးဖျော်တာကတော့ ဒီမှာကပိုများတယ်ဗျာ။ အဲဒါလေးတွေတော့ ကျွန်တော် သင်ပေးမယ် ဟုတ်လား"

"အေးဗျာ၊ ကျေးဇူးပဲ"

နောက်နေ့မှစ၍ အလုပ်ဝင်ရ၏။ အလုပ်ဆိုင်နှင့် အိမ်က ခြေလှမ်းဆယ်လှမ်းမျှသာဝေးသဖြင့် သွားလာရသည့် ပြဿနာက သိပ်မရှိ။ ဆိုင်ရှင်သူဌေးကလည်း သဘောကောင်းသူ ဖြစ်သဖြင့် ပေါင်းသင်းဆက်ဆံရေးက အဆင်ပြေလှ၏။ဤသို့ ပျော်ရွှင်စွာလုပ်ကိုင်နေကြရင်း တစ်နေ့ အနောက်ဆိုက် (ချက်ပြုတ်ခန်း) သို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိသွား၏။

ကိုအောင်နိုင်က ငါးကြီးတစ်ကောင်ကို ကျွမ်းကျင် ပိုင်နိုင်စွာ ကိုင်တွယ်နေ၏။ ကိုအောင်နိုင် လုပ်သမျှကို အသေအချာ ကြည့်နေမိတော့သည်။ အံ့သြလွန်းသဖြင့် ကြက်သေသေသွားရတော့၏။

ကိုအောင်နိုင်က ဖောက်သည်ရွေးချယ်ပေးထားသော ငါးကြီးကိုသန့်စင်၍ ဘေးတစ်ဖက်တစ်ချက်ကို လေးထောင့်ဓားကြီးဖြင့် (၃) ချက်စီခန့် အပေါ်ယံရုပ်၍ လှီးချလိုက်၏။

အရှင်လတ်လတ် ဓားဖြင့် အလှီးခံရသောငါးကြီးမှာ ကိုအောင်နိုင်လက်ထဲတွင် နာကျင်သောဝေဒနာကို မခံမရပ်နိုင် ခံစားရင်း ဖျတ်ဖျတ်လူးရုန်းကန်နေတော့၏။

ဓားဖြင့်မွှန်းပြီးသည်နှင့် ငါးကြီး၏ခေါင်းကို မြှောက်ကိုင်ထားပြီး ဓားဖြင့်မွှန်းထားသောအောက်ပိုင်းကို ပွက်ပွက်ဆူနေသော ဆီအိုးထဲသို့ နှစ်ချလိုက်၏။ သို့သော် ခဏတစ်ဖြုတ်သာ နှစ်လိုက်ခြင်းဖြစ်၏။ ဆီဖြင့် ကျော်ခြင်းမဟုတ်ပါ။ ပြီးလျှင် ငါးပုံစံပြုလုပ်ထားသော ဖိုင်ဘာပန်းကန်ပြားထဲသို့ ချထားလိုက်၏။

ထိုအချိန်တွင် ငါးကြီးမှာ မလှုပ်နိုင်တော့။ သို့သော် သေကား မသေသေး။ ပါးဟပ်ကြီးများ၊ ပါးစပ်များက လှုပ်စိလှုပ်စိဖြစ်နေတုန်းပင် ဖြစ်၏။ ပြီးမှ ငါးကြီး၏ ပတ်လည်တွင် ခရမ်းချဉ်သီး၊ သခွားသီးများကို နေရာတကျ ပန်းပွင့်ပုံစံ အပိုင်းကလေးများဖြစ်အောင် လှီးထားပြီး မသေမရှင်ဖြစ်နေသော ငါးကြီး၏ ပတ်လည်တွင် လှပစွာ ခင်းကျင်းထားလိုက်၏။

ဗန်းထဲတွင် ချဉ်စပ်များ၊ ငရုတ်ဆီများကိုလည်း ပန်းကန်လှလှလေးများနှင့် လှပစွာပြင်ဆင်ထားလိုက်ပြီးလျှင် စားသုံးရန် အသင့်ဖြစ်လေပြီ။ ဖောက်သည်များက လှုပ်စိလှုပ်စိဖြစ်နေသော ငါးကြီး၏ အသားကို တူများ၊ ခက်ရင်းများဖြင့် ဖဲ့၍ဖဲ့၍ စားကြလေ၏။ ဤမသေမရှင် ငါးကြော်ကို ဖောက်သည်များက လတ်ဆတ်သည်ဟုယူဆပြီး အလွန်နှစ်သက်စွာ စားကြလေ၏။ ငါးတစ်ကောင်၏ သေပွဲဝင်ပုံက ရင်နင့်စရာကောင်းလှ၏။

အကယ်၍ စားဖိုမှူး၏ အကိုင်အတွယ်မကျွမ်းကျင်မှုကြောင့် ငါးသေသွားပါက စားဖိုမှူးက စိုက်၍လျော်ရ၏။ စကားများရ၏။ ထို့ကြောင့် စားဖိုမှူးက ကျွမ်းကျင်သူဖြစ်ဖို့လို၏။

ကိုအောင်နိုင် လုပ်ကိုင်သမျှကို အသေအချာကြည့်နေရင်း မီးဖိုခန်းကိုလည်း မီးဖိုခန်းဟု မမြင်တော့။ တိရစ္ဆာန်များသာ ရောက်ရှိခံစားရလေ့ရှိသော ငရဲခန်းဟုသာ မြင်လာတော့သည်။ ငါးများ၊ ဖားများ၊ ငါးရှဉ့်များကိုလည်း မကြည့်ချင်တော့။ မကြည့်ရက်တော့။ ငါးကြီး၏ ဘေးမှာ စားသောက်ဖွယ်ရာများဖြင့် လှပစွာ တန်ဆာဆင်ထားသော အလှအပတို့သည် ထိုမသေမရှင်ဖြစ်နေသော ငါးကြီးအတွက် မဟုတ်။ သူများစားဖို့ ချည်းသာ ဖြစ်တော့၏။

ဤသို့ဆိုလျှင် ထိုငါးကြီး၏နေရာအား လူတစ်ယောက်အဖြစ် အစားထိုးကြည့်လိုက်မိ၏။ လူဆိုသည်မှာလည်း အချိန်မရွေး သေသွားနိုင်သည့်အမျိုးမို့ တစ်နေ့သေရမည်သာ ဖြစ်၏။ မသေခင် အခိုက်အတန့်လေး လူတို့၏ ဘေးမှာ ဝတ္ထုပစ္စည်းသန အဆောင်အယောင်များ စွာတို့သည်လည်း လူတို့အတွက် အပိုင်ရထားသည်မဟုတ်။ သေရွာသို့ အပိုင်ယူသွားနိုင်သည် မဟုတ်ချေ။ အပိုင်ယူသွားရမည့်အရာကား ဒါန၊ သီလ၊ ဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com

သာလျှင် ရှိချေ၏။ လက်ရှိ ပိုင်ဆိုင်ထား သမျှ စည်းစိမ်ဥစ္စာရတနာတို့သည်လည်း သူများစားဖို့ချည်းသာ ဖြစ်တော့သည်။ ငါးကြီးမှပေးသောအတွေးများ ဖြစ်၏။ ထိုငရဲခန်းကို ကျော်ခိုင်းခဲ့တော့သည်။

■◆

ဤသို့ဖြင့် ရာသီအလီလီပြောင်းခဲ့လေပြီ။ ကိုအောင်နိုင်သည်ပင် မြန်မာနိုင်ငံသို့ အပြီးပြန်သွားခဲ့လေပြီ။

တော်ပါသေးသည်။ မိမိမှာ ကိုအောင်နိုင်လိုအလုပ်မျိုး မလုပ်တတ်သဖြင့် သူဌေးက အခြားစားဖိုမှူးတစ်ယောက်အား အစားထိုးခန့်လိုက်လေသည်။ ကိုအောင်နိုင်ပြန်သွားပြီး မကြာမီ စင်ကာပူနိုင်ငံ၌ (SARS) ဗိုင်းရပ်(စ်) ရောဂါပိုး ဝင်ရောက် ကူးစက်ခြင်းကို ခံကြရပြီး လူ (၂၀၀) ကျော် ထို (SARS) ရောဂါနှင့်ပင် သေဆုံးကုန်ကြသည်။ မလေးရှားနိုင်ငံ၌ အချို့နေရာများတွင်လည်း စင်ကာပူတွင် နေ့ချင်းပြန် သွားရောက် အလုပ်လုပ်ကြသူများ (SARS) ရောဂါကူးစက်လာသဖြင့် နှစ်နိုင်ငံအဝင်အထွက်ကို ပိတ်ထားလိုက်၏။ ရောဂါပိုးတွေ့ရှိသော ရပ်ကွက်ကြီးများကိုလည်း ပိတ်ထားလိုက်၏။ အဝင်၊အထွက်လုံးဝ မလုပ်စေရန်။ ဤရောဂါသည် သက်ကြီးရွယ်အိုနှင့်လူငယ်လူရွယ်များတွင် အဖြစ်များပြီး စားသောက်ဆိုင်များမှ ကူးစက်ခြင်းသည် အများဆုံးဖြစ်သည်ဟု ပညာရှင်များ၏ သုတေသနစာတမ်းထွက်လာသောအခါ စားသောက်ဆိုင်များအားလုံး ရောင်းအားကျသွား၏။ ပုံမှန်ဖောက်သည်ပင် မလာတော့။ ထို့ကြောင့် ဆိုင်ရှင်သူဌေးများ စီးပွားရေးထိခိုက်လာကြတော့သည်။ နောက်ဆုံး အလုပ်သမားများကို လျှော့ချပစ်သဖြင့် မိမိလည်း ထိုဆိုင်မှ အလုပ်ပြုတ်ခဲ့ရပြန်တော့သည်။ တိမ်စိုင်များလို လေနှင်ရာလွင့်ရပေဦးတော့မည်။

ထိုဆိုင်မှထွက်ခွာလာခဲ့ပြီး နေရာဒေသအနှံ့အပြားမှာ လူမျိုးပေါင်းစုံနှင့် တွေ့ဆုံပေါင်းသင်းဆက်ဆံရင်း အလုပ်မျိုးစုံကိုလုပ်ကိုင်ခဲ့ရသည်။ ဤသို့နှင့် (၄) နှစ်ခန့် နေထိုင်ခဲ့ပြီး အတွေ့အကြုံများစွာ ရင်မှာပိုက်လျက် မြန်မာနိုင်ငံသို့အပြီး ပြန်လာခဲ့တော့သည်။

■◆

"ဟေ့- ခင်ဗျား ကိုစန်းလွင် မဟုတ်လား"

"ဟ- ကိုဝင်းလွင်ကြီး၊ မလေးက ပြန်ရောက်နေတာ ကြာပြီလား"

"ကြာပြီဗျ၊ ခင်ဗျားနဲ့ ကွဲသွားပြီး သိပ်မကြာဘူး ကျွန်တော်လည်း ပြန်လာတာ။ ဒါနဲ့ အခု ရန်ကုန်ကို ဘာလာလုပ်တာလဲ အရေးကြီးကိစ္စပါလား"

"အရေးကြီးပေမယ့် အချိန်ရပါတယ်။ ဘာကိစ္စရှိလို့လဲ"

"ခင်ဗျား၊ ကိုအောင်နိုင်အကြောင်း ကြားပြီးပြီလား"

"ကိုအောင်နိုင်နဲ့မတွေ့တာ မလေးက ပြန်သွားပြီးကတည်းကလေ။ ကျွန်တော်ကလည်း နယ်မှာနေတာဆိုတော့ အဆက်အသွယ် လုံးဝမရှိတော့တာကြာပြီ။ ခုဘာဖြစ်လို့တုံး"

"အေးပေါ့ဗျာ၊ ခင်ဗျားနဲ့က အလှမ်းဝေးနေတော့ ဘယ်သိပါ့မလဲ ဒီလိုဗျ။ ကိုအောင်နိုင်နဲ့ ကျွန်တော်က ရန်ကုန်မှာပဲ စားသောက်ဆိုင်လေး ဖွင့်ထားတာဗျ။ ကျွန်တော်တို့နှစ်ယောက် စပ်တူလုပ်ကြတာပေါ့။ အဲဒါ မိုးတစ်လောက ကျွန်တော်တို့ရပ်ကွက် မီးလောင်တာ ကြားလိုက်တယ် မဟုတ်လား။ သတင်းစာထဲပါတယ်လေ။ အဲဒီမှာ ကိုအောင်နိုင် မီးလောင်ခံလိုက်ရတယ်ဗျ။ ခုဆေးရုံမှာ အချိန်ရရင် လိုက်ခဲ့ပါလား။ ကျွန်တော် ဆေးရုံသွားမလို့"

"ဟာဗျာ- ဖြစ်မှဖြစ်ရလေ။ ကဲ- ကျွန်တော်လည်း ဆေးရုံကို လိုက်မယ်ဗျာ။ သက်ကောသက်သာရဲ့လား"

"ဟိုရောက်မှသာ ကြည့်ပေတော့ဗျာ။ လာ၊ သွားရအောင်"

■◆

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အံ့ဩတကြီးထိတ်လန့်သွားရတော့သည်။ ဆေးရုံခုတင်အထက်မှာ ကိုအောင်နိုင်အား မြင်ရက်စရာ မရှိ။ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး မီးလောင်ခံထားရပြီး ရင်ဘတ်အထက်ပိုင်းမှာ မီးလောင်ဒဏ်ရာက မဆိုစလောက်သာ ရှိသည်။ အသက်မသေသော်လည်း စကားမပြောနိုင်ရှာတော့။ မိမိကို မြင်လိုက်သည်နှင့် စကားပြောရန်ဟန်ပြင်လိုက်သော်လည်း အသံကထွက်မလာတော့။ မိမိကိုကြည့်ပြီး မျက်ရည်များ ဖြိုင်ဖြိုင်ကျနေရှာ၏။ မိမိသည်ပင် ကိုအောင်နိုင်ကိုကြည့်ပြီး ကိုအောင်နိုင် ဟူ၍ မမြင်တော့။ ဖိုင်ဘာပန်းကန်ကြီးထဲက ငါးကြီးတစ်ကောင်ဟုသာ မြင်နေတော့သည်။

ကိုအောင်နိုင်၏ဘေးမှာ ပတ်ချာလည်ဝိုင်းနေသည့် ဇနီး၊ သားသမီးများ… သူကြိုးစားရှာဖွေခဲ့သမျှ ပစ္စည်းဥစ္စာများသည် သူ့အတွက် မဟုတ်တော့။ သုံးဆောင်ခံစားခွင့်မရှိတော့ပြီ။တစ်ယောက်တည်း အဖော်မဲ့စွာ လက်ချည်းဗလာ သွားရရှာပေတော့မည်။ သံသရာခရီးက ရှည်လွှန်းလှ၏။ ထိုခရီးအတွက် စရိတ်… စကအနေဖြင့် ဒါန၊ သီလ၊ ဘာဝနာ… လေးမှပါအောင် ယူသွားနိုင်ပါရဲ့လား… မတွေးတတ်နိုင်တော့။

ထိုနေ့ညနေတွင်ပင် ကိုအောင်နိုင်… ဆုံးသွားတော့သည်။

■◆

"ဆရာရယ်၊ စိတ်မကောင်းစရာ… ကြီးဗျာ"

"ဟုတ်တယ်၊ ကျွန်တော်လည်း… အတော်စိတ်ထိခိုက်ခဲ့ရတယ်။ ဆရာတို့… ကျွန်တော်တို့ဟာ မနက်ဖြန်ဆိုတာလေး… ကိုတောင်မှ သေချာပေါက်နေရမယ်ဆို… တာ သေချာတဲ့ကိစ္စမဟုတ်ဘူးလေ။ အဲ… တော့ အချိန်ရှိခိုက် လုံ့လစိုက် ဆိုသ… နိဗ္ဗာန်မရောက်မချင်း သံသရာခရီးအ… တွက် ကျွန်တော်တို့ ဒါန၊ သီလ၊ ဘာဝနာ… လေးတစ်ခုခုတော့ လမ်းစရိတ်ဆောင်… ထားမှ တော်ကာကျမယ် ဆရာရေ"

"ဟုတ်တယ်ဗျာ၊ ဘာတစ်ခုမှမ… ဘဲ အပါယ်ရောက်ခါမှ အိမ်ပြန်ပါရ… ဦး၊ ကောင်းမှုကုသိုလ်လုပ်ပါရစေဦး… လို့ရတဲ့ကိစ္စ မဟုတ်ဘူးဗျ။ ပြီးတော့… အတိတ်ဘဝကပြုထားခဲ့တဲ့ အကုသို… ကံဆိုတာကလည်း ဘယ်လောက်များ… မယ် ဆိုတာ မသိနိုင်ကြဘူးဗျ။ ဒါတွေ… အကျိုးမပေးနိုင်အောင် ကယ်နိုင်တာ… တော့ ဝိပဿနာလုပ်ငန်းတစ်ခုပဲ… တယ်။ အနည်းဆုံးတော့ သောတာ… လောက်ဖြစ်ထားရင်ပဲ အပါယ်ဘေး… စိတ်ချရပြီလေ"

"ဟုတ်တယ် ဆရာ၊ ဒီဘဝမှာ… ရှိသလောက်တော့ ဆပ်ကြရဦးမှာ… လေ"

"ကဲ. . . ဆရာရေ- စကားလည်း… ပြောလို့ကောင်းတယ်၊ ခရီးဆက်စ… လေးတွေလည်းရှိသေးလို့ခွင့်ပြုပါဦး…"

"ကောင်းပါပြီဗျာ၊ ကျုပ်မိတ်… သူတော်ကောင်းကြီး တရားထူးတ… မြတ်ကို အမြန်ဆုံးရနိုင်ပါစေဗျာ"

မေတ္တာ…


ထန်းတပင်-စန်း…

www.burmeseclassic.com

www.burmeseclassic.com

# သဗ္ဗသိဒ္ဓိပြည့်မြောက်ပြီး ကောင်းမှုချအောင်မြင်စေသော အောင်စကြာစမ

အောင်ထက်(ရွာအနောက်မြို့)



သဗ္ဗသိဒ္ဓိ ကြီးလေးကြီး စကြာစမ

**စကြာစမ စီမံကြလိုလျှင်**

၁။ ရွှေကောင်းရက်မြတ်ရွေးပါ။

၂။ သန့်စင်သော နံကာ၊ စက္ကူတို့တွင် ရေးဆွဲပါ။
(ယခုခေတ် ကွန်ပျူတာတွင်ထည့်၍ ပုံထုတ်နိုင်ပါသည်။)

၃။ ဘုရားကန်တော့ပွဲတည်ပါ။
အုန်း (၁) လုံး၊ ငှက်ပျော (၃) ဖီး (ဖီးကြမ်း) (မီးလွတ်အစိမ်းကိုသုံးပါ။) ဖယောင်းတိုင်(အလင်းတိုင်)၊ အမွှေးတိုင် (နံ့သာတိုင်)၊ ပန်း၊ ရေချမ်း (အောင်သပြေကို ကပ်လှူပါ။)

၄။ တန်ခိုးကြီးသော နတ်မင်းကြီးများ၊ (၈) ဆူသော ဂြိုဟ်နတ်မင်းကြီးများ၊ သာသနာတော်စောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ ပင့်ဖိတ်ပါ။

၅။ သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဆရာသခင်များ၊ ဝိဇ္ဇာလေးပါးနှင့် မိမိတို့ ပါရမီဖြည့်ဖက်များ ပင့်ဖိတ်ထားပါ။

၆။ နေ့စဉ် အရုဏ်ဆွမ်းကပ်ရပါမည်။ ဆီဆွမ်း (၉) ပွဲ ကပ်လှူပါရန်။

၇။ စီမံ ဆောင်ရွက်ရန် ကာလသတ်မှတ်ခြင်း။
စတင်သည့်နေ့မှ (၇) ရက်တိတိ (နေရာ၊ အချိန်တို့ပါ တိကျရပါမည်။)

၈။ အောက်ပါဒေသနာတို့ ရွတ်ဖတ်ပူဇော်ပါ။
(က) မေတ္တာသုတ်၊
(ခ) ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ၊
(ဂ) ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်တို့ကို တစ်မျိုးတစ်ခေါက်စီ အရုဏ်တက်ချိန်မှ အပြီး ရွတ်ဖတ်ပူဇော်ပါရန်။

၉။ ဘုရားဖူးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း ပြုလုပ်ပါ။

၁၀။ လိုသောဆုတောင်းဆိုပါ။

၁၁။ ပင့်ဖိတ်ထားသူများအား နေရပ်ဌာနပြန်ပို့ပါ။

ယုံကြည်သဒ္ဓါ မြတ်နိုးစွာဖြင့် ထိုသို့စီမံမှုကို သတ်မှတ်ရက်ကာလ (၇) ရက်တွင် မကျိုးမပေါက် မပြောက်မကျား သန့်ရှင်းစင်ကြယ်စွာ ဆောင်ရွက်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် မိမိတို့ စေတနာကံအတိုင်း အကျိုးပေးမည်မှာ ဧကန်ပင် ဖြစ်ပါသည်။

(ဆရာသခင်၏ သတိပေးစကားနှင့် ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့၊ တွေ့ခဲ့ရသော ကိုယ်တွေ့ဖြစ်စဉ်များအရ လွန်စွာမှ အဖျက်အဆီး အတားအဆီး အနှောင့်အယှက်တို့ လွန်စွာ အားကြီးကြောင်းကို အထူး သတိပေးလိုလိုက်ပါသည်။ စာရေးသူ)

စာချစ်သူ မိတ်ဆွေများကို မူလဆရာ၏ ညွှန်ပြပုံကလည်း ထူးဆန်းနေပြန်ပါသည်။ စီးပွားဥစ္စာနှင့်ပတ်သက်၍ အောင်မြင် ကြွယ်ဝလာသောအခါတွင် အကျိုးအမြတ်ကို (၇) ပုံ ပုံရပါမည်။ ထို (၇) ပုံမှ တစ်ပုံစာကိုပင် ထပ်၍ (၅) ပုံ ပုံပါ။ တစ်ပုံစာကို ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စတို့တွင် လှူရန်ဟု ဆိုထားပါသည်။ သိမ်မွေ့သောလမ်းညွှန်မှု ဖြစ်ပါသည်။

စကြာစမပုံကိုလည်း သီးခြားဖော်ပြပေးထားပါသည်။

ကျွန်ုပ်ရေးသားလိုသောအကြောင်းသည်၊ ဖြူစင်သော အကြောင်းခံတရားဖြင့် ဆောင်ရွက်ပေးခြင်းသည် ကြီးမားသောစွမ်းအင်ကို ဖြစ်နေပါသည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် မိမိတို့ကြုံတွေ့နေရသော အခက်အခဲတို့မှ လွတ်မြောက်ကြောင်း အစီအမံဖြစ်၍ ဆန္ဒတူ၍ ယုံကြည်စွာ ဆောင်ရွက်လိုသူများအတွက် ပညာဒါနအနေဖြင့် ရေးသား ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

*(ဝိဇ္ဇာရေ ဂမ္ဘီရပညာကို သင်ကြားပေးခဲ့ကြသော ဆရာသခင်အပေါင်းတို့အား ကန်တော့ပါ၏။)*

*ကောင်းမှုကိစ္စမှန်သမျှ*
*လိုလား တောင့်တတိုင်း*
*ရရှိပြည့်စုံကြပါစေ*

အောင်ထက်
(ရွာအနောက်မြို့တော်)




www.burmeseclassic.com

www.burmeseclassic.com

ဆရာဒလမင်းခေါင်

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်




©2007 HowStuffWorks

### အခန်း (၁၀)
### ဘဝသတိပေးဂဏန်း
### (How to Know your Challenges: Warning Signs as to Your Stumbling Blocks)

**ဘဝအတွက် သတိပေးသော စိန်ခေါ် ဂဏန်းရှာနည်း**

**(Where to find your challenges)**

ဘဝအတွက် စိန်ခေါ်ဂဏန်းကို ဘဝလမ်းကြောင်းဂဏန်းက ရှာရသည်။ မွေးဖွားရာ သက္ကရာဇ်၊ လ၊ နှစ်များကို ပိရမစ်ပြောင်းပြန် တြိဂံပုံတည်ဆောက်ခြင်းဖြင့် စိန်ခေါ်သော ဘဝသတိပေးဂဏန်းကို တည်ဆောက် ရယူရသည်။ ၎င်းက ဘဝမှာတွေ့ရသော အခက်အခဲများကျော်ဖြတ်၍ အခွင့်အရေး၊ ဩဇာနှင့် အကျိုးပေးမိတ်ဆွေများ ရှာယူနိုင်သည်။ နောက်ဆုံးရသော ဘဝသတိပေးဂဏန်းက အခက်အခဲများ သိရမည်။ သာမန်စိန်ခေါ်မှုများ ဤဂဏန်းများက ဖော်ပြသည်။ ဘဝအတွက် သတိပေးချက်များကို ကာလအပိုင်းအခြားအလိုက် သတိထားရမည့်အချက်များကို ဖော်ပြသည်။

**တွေ့ကြုံရသော အခက်အခဲများ ကျော်ဖြတ်နည်း**

**(How you can overcome your weak traits)**

ဘဝတွင်တွေ့ကြုံရသော အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အနှောင့်အယှက်များမရှိပါကလည်း ဘဝသည် ငြီးငွေ့ဖွယ်ရာ ဖြစ်သည်။ ၎င်းတို့သည် ဘဝရည်မှန်းချက်ပျက်အောင် အဟန့်အတားများဖြစ်သော အနှောင့်အယှက်များ စိတ်ဓာတ်အင်အားပြည့်စွာတားရန် ကာကွယ်တားဆီးနိုင်သည်။ ၎င်းတို့ကို သတိထားသောလက္ခဏာများရှိသည်။ တွေ့ကြုံရသော စိန်ခေါ်မှုများသည် တစ်ဦးနှင့်တစ်ဦးမတူပါ။ ဘဝသတိပေးဂဏန်းများတွင် စိန်ခေါ်ချက်ဂဏန်းများ တူညီမှုမရှိပါ။ မကြာခဏတွေ့ရသော သတိပေးဂဏန်းအဖြစ် (၁) ဂဏန်း၊ (၂) ဂဏန်းနှင့် (၂) ဂဏန်း၊ (၃) ဂဏန်း၊ (၄) ဂဏန်းနှင့် (၅) ဂဏန်းတို့ တွေ့ရသည်။ (၆) နှင့် (၇) ဂဏန်းများက ဘဝကို သတိပေးသော စိန်ခေါ်ဂဏန်းများ မဟုတ်ပါ။ (၈) ဂဏန်းနှင့် (၀) ဂဏန်း ဆက်သွယ်ထားသည့်အပ ဘဝသတိပေးဂဏန်းမဟုတ်။ (၉) ဂဏန်းမှာ ဘဝသတိပေးတဲ့စိန်ခေါ်ဂဏန်းမဟုတ်။ ၎င်းဂဏန်းမှာ အများနှင့်ဆိုင်သောဂဏန်းဖြစ်နေ၍ဖြစ်သည်။

**သတိပေးဘဝဂဏန်းရှာနည်း**

**(Rule for finding your challenge)**

ဘဝသတိပေးဂဏန်းကို ဘဝလမ်းကြောင်းဂဏန်းများမှ ရှာယူရမည်။ တွက်သောအခါ နုတ်ကိန်း ဥပဒေသကို သုံးရမည်။ မွေးဂဏန်းတွင် အထူးဂဏန်းပါရှိက မနုတ်မီ တစ်လုံးတည်းဂဏန်းရအောင် ပေါင်းရမည်။ ဥပဒေသများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥပဒေသ (၁) မွေးလဂဏန်းနှင့် မွေးရက်ဂဏန်းကို နုတ်ပါ။

နုတ်၍ရသောဂဏန်းသည် ပထမ ဘဝသတိပေးဂဏန်း ဖြစ်သည်။

ဥပဒေသ (၂) မွေးနှစ်ဂဏန်းနှင့် မွေးရက်ဂဏန်းကို နုတ်ပါ။

ယင်းမှာ ဒုတိယ သတိပေးဘဝဂဏန်း ဖြစ်သည်။

ဥပဒေသ (၃) ပထမ သတိပေးဘဝဂဏန်းနှင့် ဒုတိယသတိပေးဘဝဂဏန်းနုတ်ပါ။

ယင်းသည် တတိယ သတိပေးဘဝဂဏန်း ဖြစ်သည်။

ဥပဒေသ (၄) မွေးလဂဏန်းနှင့် မွေးနှစ်ဂဏန်းတို့ကို နုတ်ပါ။

၎င်းမှာ စတုတ္ထ သတိပေးဘဝဂဏန်း ဖြစ်သည်။


၎င်းတတိယဂဏန်းမှာ အဓိကသတိပေးဘဝဂဏန်း၏ လက်အောက်ခံဂဏန်း ဖြစ်သည်။ များသောအားဖြင့် တတိယနှင့် စတုတ္ထဂဏန်းများ တူညီသည်။ အကယ်၍ မတူညီပါက ဘဝတွင် စိန်ခေါ်မှုတစ်ခုထက်ပို၍ရှိကြောင်း ဖော်ပြချက် ဖြစ်သည်။ အခြားသတိပေးဘဝဂဏန်းများမှာ ဘဝတစ်လျှောက်လုံးတွင် လွှမ်းမိုးမှုပြုသည်။ ၎င်းကို နားလည်နိုင်ရန်လိုအပ်ပြီး အစဉ်မပြတ် အားဖြည့်ပေးခြင်းဖြင့် ဘဝတွင် မျှမျှတတပြုလုပ်ကာ လိုက်လျောညီထွေ လုပ်ဆောင်ရမည်။

ဥပမာ သတိပေးဂဏန်းရှာရန်အတွက် ၁၉၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်မွေးသူကို ရှာပါက-

ပထမ သတိပေးဘဝဂဏန်းအတွက် ဒီဇင်ဘာ (၁၂) လပိုင်းကို (၁၂) ကို တစ်ခုတည်းပေါင်းက (၃) ရသည်။ ၎င်းကို နေ့ဂဏန်း (၈) မှ နုတ်က (၅) ရသည်။

ဒုတိယသတိပေးဂဏန်းအတွက် နေ့ဂဏန်း (၈) ထဲ (၇) ဂဏန်း (၁၉၁၁=၁၄=၅) (၅) မှ နုတ်က (၈) ရသည်။

တတိယသတိပေးဂဏန်းနှင့် အဓိကသတိပေးဂဏန်းရှာရန် အထက်ပါ ပထမ သတိပေးဘဝဂဏန်းနှင့် ဒုတိယ သတိပေးဂဏန်း ခြားနားပါက (၅-၃) = ၂ ရသည်။ ပုံစံဖြင့် ဖော်ပြရသော်-






www.burmeseclassic.com


www.burmeseclassic.com

စတုတ္ထနှင့် ထပ်ဖြည့်သတိပေး ဘဝဂဏန်းသည် နှစ်မှရသော ဂဏန်း (၅) လမှ ဂဏန်း (၃) တို့ ခြားနားခြင်း (၅-၃=၂) ရသည်။

ယခု ရရှိခဲ့သော (၂) ဂဏန်းသည် မွေးလမ်းကြောင်းဂဏန်းမှရသော ဘဝ အတွက် အရေးကြီးသောဂဏန်း ဖြစ်သည်။ တတိယနှင့် စတုတ္ထသတိပေး ဂဏန်းများ များသောအားဖြင့် တူညီကြသည်ဟု ဖော်ပြခဲ့ပါသည်။

ယခု ဆက်လက်၍ ဘဝသတိပေး ဂဏန်းနှစ်ခုရှိသော ဥပမာကို ဆက်လက် ဖော်ပြမည်။

သည်။ ပြဿနာအခက်အခဲ ကျော်ဖြတ်နိုင်ပါသည်။ သတိပေးဘဝဂဏန်း (၀) ရရှိခြင်းနှင့် ရှေးအတိတ်ကပါရမီကြောင့် ဤသို့ အခက်အခဲများ ဖြတ်ကျော်နိုင်ခြင်း ဖြစ်သည်။ ကနေဒီသည် ဘဝတွင် အခက်အခဲများကြုံခဲ့ရပြီး ဖြတ်ကျော်နိုင်ခဲ့သည်။ သတိပေး ဘဝဂဏန်းနှင့် ထပ်ဖြည့်ဂဏန်း (၄) သည် ကနေဒီ၏ ဘဝနောက်ပိုင်းတွင် ရင်ဆိုင်ရသော ဂဏန်း ဖြစ်သည်။ တွေ့ကြုံရသော အခက်အခဲများကို အချိန်မှန်မှန် စနစ်တကျ စည်းကမ်းတကျ ကနေဒီ လိုက်နာသည်။ ကနေဒီသည် အတတ်နိုင်ဆုံး




အထက်ဖော်ပြပါ ပုဂ္ဂိုလ်တွင် သတိပေးဘဝဂဏန်းများ ရောထွေးနေပါသည်။ ဘဝတစ်လျှောက်လုံးမှာ ဘဝ သတိပေးဂဏန်း သုံးကြိမ်ရှိသည်။


ဆက်လက် သတိပေးဘဝဂဏန်း (၀) ရသောပုံစံကို ကြည့်ပါ။

ဥပမာ အက်ဒ်ဝက်ဒ်ကနေဒီ (Edward kennedy) မွေးသက္ကရာဇ် ၁၉၃၂ ဖေဖော်ဝါရီ (၂၂) ရက်။

ချွေတာ၊ အလုပ်မရွေး၊ ပျင်းရိခြင်း၊ ခေါင်းမာခြင်းမရှိဘဲ အလုပ်ကို လုံ့လဝီရိယရှိရှိ လုပ်ကိုင်ခြင်းကြောင့် အခက်အခဲများ စိန်ခေါ်မှုများကို ဖြတ်ကျော်နိုင်ခဲ့သည်။

**သတိပေးဂဏန်းများ၏**
**အဓိပ္ပာယ်ဖော်ပြချက်များ**
**(Meaning of the Challenges set out in this chapter by numbers)**

သတိပေးဘဝဂဏန်း (၀)- သတိ




ဆီနိတ်တာကနေဒီ (Senator Kennedy) ၏ သတိပေးဘဝဂဏန်း (၀) သည် ဘဝမှာတွေ့ကြုံရမည့်အခက်အခဲ ရင်ဆိုင်မှုသာမက ဘဝတစ်လျှောက် ဘာအခက်အခဲမှမရှိကြောင်း ဖော်ပြသည်။ တစ်နည်းဆိုရသော် ဘဝမှာ ဖြောင့်ဖြူးသာယာပြီး အောင်မြင်မှု၏ အတားအဆီးသည် အနည်းငယ်သာရှိ

ပေးဘဝဂဏန်း (၀) သည် အဆုံးသတ် စိန်ခေါ်မှုနှင့် စမ်းသပ်ခံကို ဖော်ပြသည်။ (၀) ဂဏန်းတွင် သဘာဝနှစ်ရပ်ရှိသည်။

၁။ စိန်ခေါ်မှုများအားလုံးခံရမည်၊

၂။ ဘဝမှာ စိန်ခေါ်မှုမရှိခြင်းကို ဖော်ပြခြင်းတို့ ဖြစ်သည်။

ဆုံးဖြတ်ချက်ရွေးချယ်ဖို့လိုသည်။ အသိဉာဏ်နှင့် ပင်ကိုဉာဏ် စွမ်းရည်ရှိပြီး ၎င်း (၈)ဂဏန်းတွင် ဂဏန်းအားလုံးပါဝင်သည်။ ထို့ကြောင့် ပညာရှိရှိ ရွေးရမည်။ သို့မဟုတ်ပါက ဘဝတိုးတက်မှုကို ဖုံးကွယ်သည့် အနှောင့်အယှက်များနှင့် ရင်ဆိုင်ရမည်။ အနှောင့်အယှက်များနှင့်ရင်ဆိုင်ရန် အမြဲကြိုးစားနေရမည်။ အားနည်းချက် ဘာဆိုသည် အတိအကျ မသိနိုင်။ အောင်မြင်မှုကား မိမိကြိုးစားမှုအပေါ် မူတည်နေသည်။ ဤတွင် ကိုယ်ကိုယ်ကိုယ်ယုံကြည်မှုရှိ၍ အကျင့်သိက္ခာ စိတ်ဓာတ်ပြင်းပြင်းဖြင့်အားထုတ်ရမည်။

**ဘဝသတိပေးဂဏန်း (၁)** စိတ်ထက်သန်အောင်ကျင့်၍ အကျင့်စရိုက်ကောင်းရမည်။ အခြားသူနှင့်ဆွေမျိုးများ၏အကူအညီရမည်။ အနှောင့်အယှက်များ ကြုံတွေ့ရသည်။ သို့သော် သူများကို အပြစ်မတင်သင့်ပါ။ ခိုက်ရန်ဒေါသဖြစ်ခြင်းရှောင်ရမည်။ ရည်ရွယ်ချက်တိတိကျကျထားပြီးလုပ်ကိုင်ပါ။ မတွေဝေပါနှင့်။ အခြားသူများ လေးစားမှုရှိအောင်နေပါ။ ၎င်းတို့တွင် တီထွင်မှုနှင့်ပင်ကိုအရည်အသွေးရှိသည်။ ယင်းကိုလက်တွေ့ကျအောင်ကြိုးစားရမည်။ မှန်ကန်သည်ထင်က သေချာအောင်လုပ်။ ထို့နောက် ရှေ့သို့တိုး၍ ကြိုးစားပါ။

**သတိပေးဘဝဂဏန်း (၂)** ၎င်းဂဏန်းရပါက ယုံကြည်မှုတိုးအောင်လုပ် သို့မဟုတ်ပါက ပျော့ညံ့ပြီး ယုံကြည်မှုအားနည်း၍ စိတ်ထိခိုက်ရတတ်သည်။ ၎င်းကို ခွင့်လွှတ်မေ့ပျောက်ရန် မလွယ်ပါ။ ဤသို့ဖြင့် အမြင်ကျဉ်းမြောင်းခြင်းနှင့် မနာလိုဝန်တိုစိတ် အမြစ်တွယ်ကာ တဖြည်းဖြည်း ကြီးထွားလာတတ်သည်။ အမြင်ကျယ်ရန် ကြိုးစားပါ။ စိတ်ကူးမယဉ်ပါနှင့်။ စိတ်ကူးယဉ်မှုကို ရပ်တန့်ပါ။ အခြားသူများကြည့်၍ ပုံတူကူးမချပါနှင့်။ ကိုယ်ပိုင်စွမ်းရည်ဖြင့် ကြိုးစားပါ။ ငြိမ်းချမ်းမှုကိုနှစ်သက်သူဖြစ်၍ မရိုးသားမှုကိုရှောင်ပါ။ စိတ်စွမ်းရည်ထူးရှိ၍ မိမိနှင့်ငွေကြေးအောင်မြင်မှုအတွက် အသုံးပြုသင့်သည်။

**သတိပေးဘဝဂဏန်း (၃)** တစ်ချိန်တည်း အရာများစွာစိတ်ဝင်စား၍ မိမိစွမ်းရည်မပြန့်အောင် ကြိုးစားပါ။ စိတ်ကူးဉာဏ်ကောင်းပြီး စကားသုံးနှုန်းမှာ ပြောင်မြောက်သော်လည်း မိမိကိုယ်မိမိ ထိထိမိမိဖော်ပြရန် အခက်အခဲတွေ့တတ်သည်။ အဝေဖန်ခံရတာကို မနှစ်သက်တတ်ပါ။ လူအများ၊ မိတ်ဆွေများနှင့် အနေများသောအခါ မကြာခဏ တစ်ကိုယ်တည်းနေချင်စိတ်ပေါ်တတ်သည်။



www.burmeseclassic.com

**[illegible]ခြင်း [illegible]ခြင်း [illegible]ခြင်း သိမ့်မွေ့ခြင်း သစ္စာ [illegible]ခြင်း [illegible]ခြင်းတို့ စိတ်ဝင်စားသည်။ သို့ရာတွင် ငွေအသုံးစွဲကြီးခြင်း အချိန်ဖြုန်းခြင်း အတင်းပြောခြင်း၊ တွေဝေခြင်းတို့ရှောင်ပါ။** ပင်ကိုစွမ်းရည်ကိုဖော်ထုတ်ပါ။ ဤသို့ အခြားသူများနှင့် ပျော်ရွှင်စွာ ဆက်ဆံလုပ်ကိုင်နိုင်မည်။

**သတိပေးဘဝဂဏန်း (၄)** ၎င်းဂဏန်းရသူများသည် အလုပ်ကို အစီအစဉ်တကျ စည်းကမ်းရှိရှိလုပ်ဖို့ ကြိုးစားရမည်။ အရည်အသွေးကောင်းရှိသော်လည်း မြုပ်ကွယ်နေတတ်သည်။ ၎င်းတို့တွင် ပျင်းရိ၊ ဂရုမစိုက်၊ ခေါင်းမာ၊ အချိန်ဖြုန်း၊ ပေါ့ပေါ့ဆဆလုပ်တတ်သည့်အကျင့် ဖြစ်ပေါ်တတ်သည်။ အလုပ်လုပ်မှုကို မနှစ်သက်။ နေ့ရွှေ့ညရွှေ့လုပ်တတ်ပြီး မလိုအပ်ဘဲ ပူပန်တတ်သည်။ လက်တွေ့ကျကျကြိုးစားပါက အောင်မြင်နိုင်သည်။ ၎င်းတို့တွင် မြုပ်နေသောအရာကား လက်တွေ့လုပ်ဆောင်မှုနှင့် ခြိုးခြံချွေတာခြင်း ဖြစ်သည်။ ၎င်းကို တိုးတက်အောင်ပျိုးထောင်ပါက အသက်ကြီးပိုင်းတွင် နိုင်မာပြီးငွေကြေးပြည့်စုံမည်။ ရည်မှန်းအောင်မြင်ရန် ဖြတ်လမ်းမလိုက်ပါနှင့်။ သတိပေးဘဝဂဏန်း (၄) သဘာဝမှာ အရင်လိုကအနှေးတွေ့တတ်သည်။

**သတိပေးဘဝဂဏန်း (၅)** ၎င်းတို့သည် လွတ်လပ်မှုလိုလားသည်။ စိတ်ခံစားမှုနှင့် ကာမဂုဏ်ကိစ္စတွင် ပြင်းပြသူများဖြစ်သည်။ ၎င်းတို့ကို ထိန်းဖို့ခက်သည်။ အလွန်စိတ်လိုက်မာန်ပါလုပ်တတ်၍ဖြစ်သည်။ စိတ်မြန်ပြီး စမ်းသပ်လိုစိတ်ရှိ၍ မတည်ငြိမ်မှုများဖြစ်တတ်သည်။ အခြားသောသူ၏ အမှုကိစ္စများလေ့လာလိုစိတ်ရှိသည်။ ကျန်းမာရေးမကြာခဏညံ့တတ်၍ သတိထိန်းသိမ်းပါ။ အဟောင်းမှ အသစ်ပြောင်းလဲချင်စိတ်နှင့် ကာမဂုဏ်လွန်ကဲမှုကို ထိန်းပေးပါ။ တာဝန်ရှောင်လွှဲလိုခြင်းမလုပ်ပါနှင့်။ ၎င်းဂဏန်းပိုင်ရှင်များသည် လုပ်ငန်းမြင့်တင်ခြင်း၊ ကြော်ငြာခြင်း၊ ခရီးသွားလုပ်ငန်း စသည့် လူအများနှင့် ဆိုင်သောလုပ်ငန်းများ အထူးအကျိုးပေးသောကာလ ဖြစ်သည်။ စိတ်လိုက်မာန်ပါလုပ်ခြင်းကို ရှောင်ပါ။ မိတ်ဆွေသစ်တိုးပွားအောင်လုပ်ပါ။

**သတိပေးဘဝဂဏန်း (၆)** ၎င်းတို့သည် စိတ်ကူးကြံစည်တတ်သူဖြစ်ပြီး အခြားသူများ လွှမ်းမိုးမှုမခံရပါစေနှင့်။ မိမိအတွေးအခေါ် အကြံများကို အများက လက်ခံစေချင်သည်။ မှားမှားမှန်မှန် အကောင်းမြင်လွန်းသောစိတ်ရှိသည်။ မိမိ၏စည်းကမ်းဥပဒေသများ အခြားသူများနှင့်မတိုက်ဆိုင်က ပြဿနာဖြစ်တတ်သည်။ ထို့ကြောင့်လည်း အိမ်ထောင်ဖက်နှင့် မကြာခဏစကားများရန်ဖြစ်ရ၏။ ၎င်းတို့သည် ၎င်းတို့မှလွဲ၍ ကျန်သူများကို အမှားဟုထင်သူများ ဖြစ်သည်။ မိမိအယူအဆများ အခြားသူများ လိုက်နာဖို့ထက် ကိုယ်တိုင်က ကြိုးစားပြသင့်သည်။ ၎င်းတို့သည် ဘယ်သောအခါမှ အပြည့်အဝပျော်ရွှင်မှုမရပါ။ အချစ်ရေးမှာ ရတာမလို လိုတာမရဖြစ်တတ်သည်။ အခြားသူအဖို့ သူ့နည်းသူ့ဟန်မှန်သည် ထင်ကြသည်ဆိုသည်ကို သဘောပေါက်သင့်သည်။

**သတိပေးဘဝဂဏန်း (၇)** ၎င်းတို့သည် လက်ရှိအခြေအနေကို ဆန့်ကျင်ဘက်သို့ပြောင်းချင်သူများ ဖြစ်သည်။ သို့သော် ပြောင်းလဲသွားရန် အားမထုတ်နိုင်ကြပါ။ အသစ်သစ်များ တိုးတက်အောင် မလုပ်ဆောင်နိုင်ကြပါ။ ယင်းဂဏန်း အခက်အခဲကြုံ၍ ဝမ်းနည်းဖွယ်ကြုံစေတတ်သည်။ သို့ရာတွင် အချို့သောအနည်းစုမှာ ကံကောင်းထောက်မ, ရတတ်သည်။ ၎င်းတို့သည် စမ်းသပ်ခံရမှုနှင့် ချုပ်တည်းထားရမှုဖြစ်စေသည်။ ၎င်းတို့သည် တလွဲမာနထားလွန်းခြင်း၊ ခံစားချက်ကို မျိုသိပ်ထားတတ်သည်။ ပညာရေးအဆင့်မြင့်ရန်လိုသည်။ သို့မှ နက်နက်နဲနဲဆန်းစစ်နိုင်ပြီး အတတ်ပညာကျွမ်းကျင်မှုရနိုင်သည်။ အကြောင်းမဲ့ကြောက်ခြင်းကိုရှောင်ပါ။အရက်သောက်ခြင်းကိုရှောင်ပါ။ နာမ်ပိုင်းဆိုင်ရာ စိတ်ဝင်စားတတ်သည်။ ၎င်းကို လိုက်စားတတ်၍ အကျိုးတရားမှာ ယုံကြည်မှုအစား ကြောက်ရွံ့မှုကို ဖြစ်စေပါသည်။ ကျွမ်းကျွမ်းကျင်ကျင် လေ့လာခြင်းဖြင့် ကောင်းကျိုးရနိုင်ပါသည်။

**သတိပေးဘဝဂဏန်း (၈)** ၎င်းတို့သည် ဘဝတိုးတက်မှု အသိအမှတ်ပြုခံရတတ်သည်။ ငွေနှင့် ဩဇာအာဏာအတွက် အားစိုက်လုပ်ကိုင်တတ်သည်။ အဓိကရည်ရွယ်ချက်က ရုပ်ဝတ္ထုပစ္စည်းချမ်းသာမှုပေါ် အခြေခံ၍ လွတ်လပ်စွာနေရေး ဖြစ်သည်။ ၎င်းတို့သည် တန်ဖိုးများဖြတ်တတ်၍ ဆုံးရှုံးမှုနှင့် တွေ့ကြုံရတတ်သည်။ ငွေဆိုတာ အများအတွက် မိမိတစ်ဦးတည်းမဟုတ်ဆိုတာ နားလည်သင့်သည်။ ၎င်းဘဝသတိပေးဂဏန်း (၈) သည် (၀)၏သဘောကိုလည်း ဆောင်ယူတတ်သည်။ ၎င်းဂဏန်းသည် အသက် (၃၅) နှစ် ဘဝနောက်ပိုင်းကာလများကို အစိုးရသည်။ ပထမသတိပေးဘဝဂဏန်းက (၀) ဖြစ်ပါက ဘဝကိုတည်ဆောက်သူဟု ဆိုသည်။

၎င်းဂဏန်း (၈) သည် ကြိုးစားအားထုတ်ရခြင်းကို ဖော်ပြ၍ အခြေအနေတစ်ရပ်ကို နှစ်ဖက်ရှုမြင် အတွေးအခေါ်မျိုးရှိသည်။ မိမိခြေထောက်ပေါ် ရပ်တည်ပြီး အောင်မြင်မှုရယူ၍ တကယ့်အခြေအနေအမှန်ကို မြင်တတ်ရသည်။

**သတိပေးဘဝဂဏန်း (၉)** ၎င်းဂဏန်းသည် အနှောင့်အယှက်မရှိ။ ၎င်း (၉) ဂဏန်းသည် တစ်လုံးတည်းဂဏန်းတွင် တန်ဖိုးအမြင့်ဆုံးဂဏန်း ဖြစ်သည်။ ၎င်းမှ နုတ်ပယ်မှုမပြု။ (၉) ဂဏန်းအတိုင်းသာထားရမည်။ (၉) ဂဏန်းအမြင့်အမြတ်ဆုံးဂဏန်း ဖြစ်သည်။ လူတိုင်းအားနည်းချက်၊ စိန်ခေါ်မှုကြုံရတတ်သည်။ ၎င်းတို့ကျော်ဖြတ်နိုင်သော စွမ်းရည်ရှိပါက အခက်အခဲမရှိ။ စိန်ခေါ်မှု၊ သတိပေးမှုများကြုံရပါက အပြုသဘောအကျင့်စရိုက်ကောင်းများ ထုထောင်၍ ကျော်ဖြတ်ရမည်။ ဘဝအောင်မြင်ရေးအတွက် ပြောင်းလဲနိုင်ရန် ဆုံးဖြတ်ချက်ထားရမည်။ ၎င်းကို ဂဏန်းဗေဒင်က ဖော်ပြသော စိန်ခေါ်သတိပေးချက်ကို ကျော်လွှား၍ အောင်မြင်နိုင်အောင် ကြိုးစားရမည်။

■◆

## အခန်း (၁၁)
## ဘဝမှတ်တိုင်
## (Your Pinnacles: How to know What you will Face or Experience)

ထိပ်ဂဏန်းကို ဘဝတွင် တွေ့ရမည့် အတွေ့အကြုံများ၊ ရှောင်လွှဲမရဘဲ ရင်ဆိုင်ရမည့်တာဝန်များကို စစ်ဆေးရသော ဘဝစာမေးပွဲကြီးကဲ့သို့ အနိုင်ယှဉ်ပြိုင်နိုင်သည်။ ၎င်း၏ ကြိုတင်အဟောများမှာ တိကျမှန်ကန်ပါသည်။

### ဘဝမှတ်တိုင် ထိပ်စီးဂဏန်းရှာနည်း
### (Where you can find your pinnacles)

ဘဝမှတ်တိုင် ထိပ်စီးဂဏန်းကို ဘဝမွေးလမ်းကြောင်းမှ ရှာနိုင်သည်။ ပီရမစ်ပုံ တြိဂံပုံစံ တည်ဆောက်၍ အခြေခံအားဖြင့် နှစ်၊ လ၊ ရက် ဂဏန်း



www.burmeseclassic.com

www.burmeseclassic.com

အခြေပြုရာရသည်။ ထိပ်စီး (၄) ခု ဖြစ်ပေါ်ပြီး ၎င်းကနေ ဘဝအပြောင်းအလဲများ ဖော်ပြသည်။ သတိပေးဘဝဂဏန်းမှာ ပိရမစ်ပြောင်းပြန် တြိဂံပုံဖြစ်၍ ယခုမှာ ပိရမစ်အတည့်တြိဂံပုံ ဖြစ်သည်။

**ဘဝမှတ်တိုင် ထိပ်စီးဂဏန်း၏ လမ်းညွှန်ချက်များ**

**(How to let your pinnacles guide you)**

လူတိုင်း ဘဝလမ်းဆုံးရောက်ပါက မှန်ကန်သောလမ်းကို ရွေးချယ်ရန်လိုသည်။ ထိုကာလမှာ အနာဂတ်ဘဝမှတ်တိုင် ထိပ်ဂဏန်း၏ ညွှန်ပြချက်ကို ရယူနိုင်သည်။ ၎င်းဘဝမှတ်တိုင်ထိပ်စီးဂဏန်းလမ်းချက်အတိုင်းသွားက အကောင်းဆုံးသောဘဝခရီး ဖြစ်သည်။ ၎င်းဂဏန်းက ရမယ့်အခွင့်အရေး ရင်ဆိုင်ရမည့် အခက်အခဲကို လမ်းညွှန်ပေးသည်။ ၎င်းဘဝမှတ်တိုင်စီးဂဏန်းကို လေ့လာခြင်းအားဖြင့် ဘဝအပြောင်းအလဲ လောကစံ၏ အတက်အကျသိနိုင်သည်။ ဘယ်သူမှ မသိနိုင်သော ဒုက္ခရောက်မည့်ကာလကို ၎င်းဘဝမှတ်တိုင်ထိပ်စီးဂဏန်းဖြင့် သိနိုင်သည်။ အဖြစ်အပျက်များ လေ့လာသုံးသပ်နိုင်ရန် (၇) ဂဏန်းမွေးလမ်းကြောင်းဂဏန်းဖြစ်ပါက အထီးကျန်နေရတတ်သည်။ သဘာဝအားဖြင့် တစ်ယောက်တည်းနေတတ်သည်။ ၎င်းထိပ်စီးဂဏန်းရောက်သည့်ကာလတွင် စိတ်ပျက်စရာများ ဒီရေကျသကဲ့သို့ ကြုံရတတ်သည်။ (၉) ဂဏန်းမှာ အခက်အခဲများကြောင့် စိတ်ညစ်စရာများ ကြုံရတတ်သည်။ လူနှင့် လောကသဘာဝကို နားလည်ထားပါက ၎င်းအတွက် ပြင်ဆင်ထားနိုင်ပါသည်။

**ဘဝမှတ်တိုင်ထိပ်စီးဂဏန်းကာလ**

**(Duration of Pinnacles)**

(၉) ဂဏန်း၏ စက်ဝန်းတစ်ပတ်လည်မှုနှင့် ဘဝမှတ်တိုင်၏ကာလကို သတ်မှတ်သည်။ (၃၆၀) ဒီဂရီရှိသော စက်ဝန်းကို (၉၀) ပိုင်းက (၄) ပိုင်းရသည်။ (၃ + ၆ + ၀= ၉) (၉) ဂဏန်းကိုရောက်သည့်ကာလအဖြစ် (၄×၉=၃၆) ရသည်။ ယင်း (၃၆) သည် ဘဝမှတ်တိုင်စတင်ရာအခြေခံအမှတ်အဖြစ်ယူသည်။

ထို့ကြောင့် ဘဝမှတ်တိုင်ကာလတိုယူရာတွင် ဘဝလမ်းကြောင်းဂဏန်းကို (၃၆) မှ နုတ်ယူရသည်။ ဒုတိယဘဝမှတ်တိုင်မှာ ပထမဘဝမှတ်တိုင် ကုန်ဆုံးသောကာလကို (၉)နှစ်ပေါင်းရမည်။ အလားတူ တတိယဘဝမှတ်တိုင် ကုန်ဆုံးသောကာလတွင် (၉) နှစ်ပေါင်းယူခြင်းရသည်။ စတုတ္ထဘဝမှတ်တိုင်မှာ တတိယမှတ်တိုင်၏ အဆုံးကာလမှ နောက်ပိုင်း (သေဆုံးသည်အထိ) ကို ယူရမည်။ ဤကား ဘဝမှတ်တိုင်ဂဏန်းများအတွက် အခြေခံဘဝလမ်းကြောင်းဂဏန်း ဖြစ်သည်။

**ဘဝမှတ်တိုင်များရှာယူရန် စည်းကမ်းချက်**


**(Rule for finding your pinnacles)**

ပထမဘဝမှတ်တိုင် မွေးလနှင့် မွေးရက်ဂဏန်းများပေါင်းယူပါ။

ဒုတိယဘဝမှတ်တိုင် မွေးရက်နှင့် မွေးနှစ်တို့ကို ပေါင်းပါ။

တတိယဘဝမှတ်တိုင် မွေးလနှင့် မွေးနှစ်ဂဏန်းများကို ပေါင်းပါ။

သာဓကအနေဖြင့် ဖော်ပြလိုသည့် ဟဲလင်ဟေးဘရောင်း (Helen Hays Broun) ၏ မွေးသက္ကရာဇ်မှာ ၁၉၀၀ ပြည့်၊ အောက်တိုဘာလ ၁၀ရက်တွင် မွေးသည်။ ဟဲလင်ဟေးဟူ ထင်ရှားသော ပြဇာတ်ဆရာမ ဖြစ်သည်။ ၎င်းကို ပုံစံဖြင့်ပြသော်-




| | အသက် | သော့ချက်ဂဏန်း |
|---|---|---|
| ပထမဘဝမှတ်တိုင် | ၁ နှစ်မှ ၃၃ | = ၂ |
| ဒုတိယဘဝမှတ်တိုင် | ၃၄ နှစ်မှ ၄၃ | = ၂ |
| တတိယဘဝမှတ်တိုင် | ၄၄ နှစ်မှ ၅၂ | = ၄ |
| စတုတ္ထဘဝမှတ်တိုင် | ၅၃ နှစ်နောက်ပိုင်း | = ၂ |

အသက် (၃၆) နှစ်မှ လက်ရှိအသက် (၃၃) နှစ် နုတ်ပါက (၃) ရသည်။ အသက် (၃၃) နှစ်အထိ ပထမဘဝမှတ်တိုင်သည် (၃) ဖြစ်သည်။ ဒုတိယဘဝမှတ်တိုင်သည် (၃) ပဲ ဖြစ်သည်။ ၎င်းသည် အသက် (၃၄) နှစ်မှ (၄၃) နှစ်အထိ ဖြစ်သည်။ တတိယဘဝမှတ်တိုင် (၄) က (၉) နှစ်ကြာပြီး အသက် (၄၄) နှစ်မှ (၅၃) နှစ်အထိ ဖြစ်သည်။ (၅၂) နှစ်သည် တတိယဘဝမှတ်တိုင်၏ နောက်ဆုံးနှစ် ဖြစ်သည်။

စတုတ္ထဘဝမှတ်တိုင်က (၂) ဖြစ်ပြီး အသက် (၅၃) နှစ်မှ သေအထိ ဖြစ်သည်။ ဘဝမှတ်တိုင် (၂) ဂဏန်းက ထူးခြားသည်။ သို့ရာတွင် (၁၀) ဂဏန်းမှာ အောက်တိုဘာ (၁၀)၊ နေ့က (၁၀)၊ မွေးခုနှစ်က (၁၉၀၀=၁၀) (၁၀) ပင် ဖြစ်သည်။ ထူးခြားမှုမရှိသော်လည်း (၁၀) ဂဏန်းက လွတ်လပ်မှုနှင့် ဦးဆောင်မှုဟူ၍ အဓိပ္ပာယ်ရှိသည်။ ဘဝမှတ်တိုင်ဂဏန်း (၂) က အနုပညာပါရမီရှိပြီး အထူးသဖြင့် အသံနှင့် ပတ်သက်သော စကားပြောခြင်း၊ သီချင်းဆိုခြင်းမှာ ပိုင်နိုင်သည်။

နောက်ထပ် သာဓကအနေဖြင့် ဖော်ပြရသော် -

ဘဝလမ်းကြောင်း ဂဏန်း (၁၁) ရ၍ ပထမမှတ်တိုင်ဂဏန်း (၃) သည် မွေးသည်မှ (၂၅) နှစ်အထိဖြစ်ပြီး ဒုတိယဘဝမှတ်တိုင် ထိပ်စီးဂဏန်းမှာ (၉) ဖြစ်၍ အသက် (၂၆) နှစ်မှ (၃၅) နှစ်အထိ ဖြစ်သည်။ တတိယဘဝမှတ်တိုင် ထိပ်စီးဂဏန်းက (၃) သည် အသက် (၃၆) နှစ်မှ (၄၆) နှစ်အထိ ဖြစ်သည်။ စတုတ္ထဘဝမှတ်တိုင် ထိပ်စီးဂဏန်း(၁၀) သည် အသက် (၄၆) မှစ၍ သေသည်အထိ ဖြစ်သည်။ သတိပြုရမှာက ၁၉၇၀ ပြည့်နှစ်ကစ၍ သူ၏ ဘဝမှတ်တိုင် ပြောင်းလဲခဲ့သည်။ ရစ်ချာဘာတန်သည် သဘာဝသရုပ်ဆောင်ကနေ ပုဂ္ဂိုလ်ရေးလုပ်ဆောင်မှုများအပေါ် ပြောင်းလဲပါလိမ့်မည်။

(ဆက်ရန်)

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ကျော်ကျော်စိုး

မျက်စိအောက်က နှစ်ဘဝ

**အရေးပေါ်ခေါ် ခြင်း**

"နိုင်းငြိမ်း၊ နိုင်းငြိမ်း"
"နိုင်းငြိမ်း၊ နိုင်းငြိမ်း"

ခေါ်သံကြားလို့ ထွက်ကြည့်လိုက်တော့ အဲမေဖြစ်နေတယ်။ ဒီလို အရေးတကြီးခေါ်သံဆိုတာ အကြောင်းထူးလို့ အရေးပေါ်လို့၊ ပြီးတော့ ငါနဲ့ပတ်သက်လို့ ဆိုတာ ငါအလိုလိုသိလိုက်တယ်။ အဲမေက လှေကားတံခါးဝမှာရပ်လို့။ သူ့ရဲ့ မျက်စိမျက်နှာကလည်း မကောင်းဘူး။

"ဘာလဲ အဲမေ"

"ဟို. . . ဟို. . . စိတ်ခိုင်ခိုင်ထားနော် နိုင်းငြိမ်း"

"ဩော်- နင်ကလည်း၊ ပြောမယ့်အရေး ပြောစမ်းပါ။ ငါစိတ်ခိုင်ပြီးသားပါ အဲမေရဲ့"

"ဟို - ရွှေထွန်းလေ၊ ရွှေထွန်း"

ဆိုပြီး စကားဆက်မထွက်နိုင်ဘဲ တစ်ဆို့ပြီး ရပ်သွားပြန်တယ်။ ငါချက်ချင်း သိလိုက်တယ်။ ရွှေထွန်း သေပြီဆိုတာ။ ဒါနဲ့ ငါက ရှေ့ကနေ စကားပြန်ခေါ်ရပြန်တယ်။

"ရွှေထွန်း ဘာဖြစ်တာလဲ ပြောလေ"

"လှူးထဲမှာ တွင်းပိပြီးသေပြီ။ အဲဒါ သူ့အလောင်းကို လှူးထဲကနေ ရအောင်ဆွဲတင်ပြီး ယူခဲ့တာ။ ငမုန်းချောင်းက ရေကန်နားမှာ ရေချိုးရအောင်ချထားတယ်။ အဲဒါ ရွာလူကြီးတွေက ကျွန်မကို ခေါ်ခိုင်းလိုက်လို့"

"ဩော် - အေးအေး။ ကောင်းပြီလေ၊ ငါသွားကြည့်လိုက်မယ်။ နင်ကော လိုက်ခဲ့ဦးမှာလား"

"လိုက်ခဲ့မယ်၊ ကျွန်မရဲ့ ပုတ်တောနဲ့ လွယ်အိတ် ဒီမှာခဏထားခဲ့မယ်နော်"

ဆိုပြီး သူ့ရဲ့ပုတ်တောနဲ့လွယ်အိတ်ကို ဖိနပ်ချွတ်မှာထားခဲ့ပြီး ငါတို့ငမုန်းချောင်းဘက် ထွက်ခဲ့ကြတယ်။ အဲမေက ငမုန်းချောင်းဘက်မှာ နေ့စဉ်က နယ်သွားဆေးနေကျလေ။ ဒါနဲ့ ငါတို့နှစ်ယောက် ဘုန်းကြီးကျောင်းကုန်းကို ဝိုက်ပြီးသွားရတဲ့ တွင်းသွားလမ်းလေးအတိုင်း သွားလိုက်တဲ့အခါ ခဏဆိုရောက်တာပါပဲ။

ရေလျှောင်ကန်လေးနံဘေးမှာ လူတွေအုံခဲနေတယ်ဟဲ့။ ငါ့အထင် လူသုံး၊ လေးဆယ်ထက်တော့ မနည်းဘူး။ ငါလာတော့ လူတွေအားလုံး ငါ့ဆီကြည့်ကြတယ်။ အဲဒီမှာ ကျောက်ပြဿဒ်က လူအများစုကို တွေ့ရတယ်။ ကျောက်ဖျာကလူတွေ သိပ်သိဟန်မတူသေးဘူး။ လူတွေကို ခြုံငုံသုံးသပ်ပြီး ကြည့်တဲ့အခါ ငါ့သားကြီးကျော်တင်နဲ့ သားငယ် ဘစိုးတို့တောင် အဲဒီလူအုပ်ထဲမှာ မမြင်ရဘူး။ ရွှေထွန်းရဲ့မိန်းမ ခင်ရီလည်း မရောက်သေးဘူး။

"ဘွားငြိမ်း - လာလာ၊ ဒီမှာ အဘွားရဲ့သားတော့မနက် (၁၁) နာရီလောက်က တွင်းဖိမိပြီးဆုံးသွားခဲ့ပြီ။ အဲဒါ ကျွန်တော်တို့ ခက်ခက်ခဲခဲ မရမက အပေါ်ကိုရောက်အောင်တင်ခဲ့တာ။ အခုညနေ (၄) နာရီကျမှ ဒီကိုရောက်တာပဲ" လို့ ကျောက်ပြဿဒ်သားတစ်ယောက်က ပြောပြတယ်။ ဒါနဲ့ပဲ ငါဟာ ရေကန်ရဲ့အရှေ့ဘက်ဘေးမှာချထားတဲ့ ရွှေထွန်းရဲ့အလောင်းကို ကြည့်မိတယ်။ မှတ်တောင် မမှတ်မိပါဘူးဟယ်။

အသားခပ်လတ်လတ်နဲ့ အလွန်တောင့်တင်း ထွားကျိုင်းတဲ့ ရွှေထွန်းဟာ ညိုညစ်ညစ်မျက်နှာနဲ့ ကိုယ်လုံးကလည်း





www.burmeseclassic.com

www.burmeseclassic.com

င်သေးသေးဖြစ်သွားတော့ နဂိုရုပ်ပျောက်နေတာကိုး။ ဒါနဲ့ ရွှေထွန်း ဟုတ်မှုတ်ပါလေစဆိုပြီး သူ့ရဲ့ ညာဘက်ဘက်ကို ဆွဲမ,ပြီး ကြည့်မိတယ်။

အဲဒီညာဘက်မှာ သေရာပါ ဒဏ်ရာတစ်ခုရှိတယ်လေ။ အဲဒါက ရွှေထွန်းတို့ ကျောင်းနေစဉ် ကလေးဘဝတုန်းက ဘသောင်းနဲ့ ဂျင်ခုတ်ကြတယ်။ နှစ်ယောက်သား ဂျင်ခုတ်ကြရာကနေ ဘသောင်း ခုတ်နေတာကို ဝင်ပြီး ဆရာလုပ်တော့ မားခုတ်ရာမှာ လက်လျှိုမိလို့ ညာဘက်လက်ခလယ်ရှေ့ဆုံးအဆစ် ပါသွားတယ်လေ။ သူ့လက်မှာ လက်တစ်ဆစ်တိုနေတယ်။ အဲဒါ သူ့ရဲ့မမှားနိုင်တဲ့ သင်္ကေတပဲ။

ဟုတ်တယ် မမှားဘူး။ သူ့ရဲ့လက်က သက်သေပြနေတော့ ရွှေထွန်းဆိုတာ ငါလက်ခံလိုက်တယ်။ အဲဒီမှာ ငါ့ပါးစပ်က အလိုလိုသံဝေဂစကားထွက်





www.burmeseclassic.com

www.burmeseclassic.com

လာခဲ့တယ်။

"ဪ - ရွှေထွန်း ရွှေထွန်း၊ နင် ငါ့မျက်စိအောက်မှာ နှစ်ခါသေပါပေါ့လား"

ဆိုတဲ့ စကားပါပဲ။

ဒီစကားကို အနီးနားကလူတွေ ကြားကြပေမယ့် အဓိပ္ပာယ်ကို နားလည်ကြမှာ မဟုတ်ပါဘူး။ ငါမျက်ရည်မကျပါဘူး။ ထူးပြီးတော့လည်း ဝမ်းပန်းတနည်းမဖြစ်တော့ပါဘူး။

ငါဟာ ဆရာတော်ကြီး ဦးဝိမလ ဟောတဲ့ မိုးကုတ်ဝိပဿနာတရားတွေနဲ့ ထုသားပေသားကျနေပါပြီ။ အဲဒါတစ်ကြောင်းပေါ့ပဲ။ ပြီးတော့ ငါ့ဘဝမှာ ရှိုင်းစိုင်းတဲ့ လောကဓံရဲ့ ထောင်းထုချက်တွေနဲ့အတူနေလာရတဲ့အခါ ငါ့ရဲ့နှလုံးသားတွေလည်း မာကျောကျစ်လျစ်နေပါပြီ။ ပူဆွေးခြင်း၊ သောကဖြစ်ခြင်း၊ မျက်ရည်ကျခြင်းဆိုတာတွေလည်း မဖြစ်တော့ပါဘူး။

ငါ့သမီး အငယ်ဆုံး အုန်းမေဆိုရင် ဒုတိယသမီးလေးမွေးပြီး (၉) ရက်အရမှာ မိုးကုတ်ဆေးရုံမှာ မီးယပ်သွေးတက်ရောဂါနဲ့ဆုံးတာပဲ။ နင်လည်း အမြင်ပဲလေ။ ငါ ဘယ်မှာမျက်ရည်ကျလို့လဲ။ တစ်ဘဝချုပ်ငြိမ်းတော့လည်း တစ်ဘဝဒုက္ခငြိမ်းသွားတာပေါ့ဟာ။ လူဆိုတာ သေရမယ့်လူတွေချည်း မဟုတ်လား။ ရှေ့သေနဲ့ နောက်သေပဲလေ။ ဒါ အဆန်းတကြယ်မဟုတ်ဘူး။ ဝမ်းနည်းပူဆွေးနေရမယ့်အရာလည်း မဟုတ်ဘူး။ ဒါနဲ့ ငါ ကျောက်ပြဿဒ်ကလူတွေကို မေးတယ်။

"နင်တို့ ဒီအလောင်းကို ဘယ်ကို သယ်မလဲ"

"ကျောက်ပြဿဒ်သင်္ချိုင်းဇရပ်ကို သယ်မှာပါ အဘွား"

"အေးအေး - ကောင်းတယ်၊ ကဲ-ငါသွားမယ်"

လို့ တိုတိုတုတ်တုတ်ပြောပြီး ငါနဲ့ အဲမေ ရွာကို ပြန်ခဲ့ကြပါတယ်။

## သူဌေးသမီးမယ်ငြိမ်း

ရွှေထွန်းအကြောင်းကို ပြောရမယ် ဆိုရင် ငါ ငယ်စဉ် အပျိုဘဝက စပြီးပြောပြမှ ပြည့်စုံမှာမို့ အဲဒီကစပြီး ပြောပြမယ်။ ငါဟာ ငါတို့အမေကို မမြင်ဖူးလိုက်ဘူးဟဲ့။ ငါ ကလေးဘဝမှာ ဆုံးသွားတယ်လို့ ပြောတာပဲ။

ငါတို့အဖေက ရွာမှာ နာမည်ကြီး ကျောက်ကုန်သည် ဦးသုန်လို့ခေါ်တယ်။ အဲဒီခေတ်က ကျောက်ကုန်သည်ဆိုတာ ခုခေတ်လို ဘယ်ပေါ်မှာလဲ။ ငါ့အဖေရယ်၊ ဖွားဖိုးရယ်၊ ဖွားမွေးရယ် ဒါလောက်ပဲရှိတာ။ ဖွားမွေးကျတော့ အသေးအဖွဲကနဲဆေးစပဲဝယ်လို့ ဟာပြား (ငါးကျပ်) ကျောက်ကုန်သည်လို့ ခေါ်ကြတယ်။ ကျောက်ကြီးတွေဝယ်တာ ငါ့အဖေနဲ့ ဘွားဖိုးပဲ ရှိတယ်။

ဒီတော့ ရွာမှာ ငါက သူဌေးသမီး ပေါ့ဟယ်။ တို့အဖေက ဖွားအောင် (မအောင်)နဲ့နောက်အိမ်ထောင်ပြုတယ်။ ဖွားအောင်နဲ့ မရင်၊ မရွှေ၊ မထွေး ဆိုတဲ့ သမီး (၃)ယောက်ရတယ်။ ဒီလိုနဲ့ ငါဟာ အပျိုပေါက်ဘဝရောက်ခဲ့တယ်။

ငါနဲ့ရွယ်တူ အပျိုဖော်သူငယ်ချင်းက ငါ့အမေရဲ့ညီမအငယ်ဆုံး မအေးပေါ့။ ငါနဲ့ ရွယ်တူဖြစ်ပေမယ့် သူက ငါ့အဒေါ်လေ။ သူက ဝါကြီးတယ်ဆိုရမှာပေါ့။

ငါဆိုရင် အဲဒီအချိန်က ရွာမှာ ပိုက်ဆံလည်းအရှိဆုံး၊ လှလည်းအလှဆုံးပေါ့။ ခုခေတ်အခေါ် အစီးပေါ့ဟယ်။ အောက်ပြည်အောက်ရွာလိုဆိုရင်တော့ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်ပေါ့။

ငါဟာ အဲဒီတုန်းက အများဖေလောက်အောင်လှတယ်။ ဆံပင်ဆိုရင်လည်း ဖြန့်ချထားရင် ဖနောင့်အထိရောက်တယ်။ နက်မှောင်သန်စွမ်းပြီး တအုံ့တမကြီးဆိုတော့ အတော့်ကို ထင်ပေါ်တာလေ။ ရုပ်ရှည်ကလှ၊ ဆံပင်ကလည်းကောင်း ဆိုတော့ လူတကာငေးရတာပေါ့လေ။

ငါ အပျိုပေါက်ဘဝမှာပဲ ငါ့အဖေက ပဒိုင်းပွင့်ဓာတ်စက်တစ်လုံး ဝယ်လာတယ်။ ဓာတ်ပြားတွေလည်း အများကြီးပေါ့။ အထူးအဆန်းဆိုတော့ ညဆိုရင် တစ်ရွာလုံးနီးပါး သီချင်းလာပြီး နားထောင်ကြတယ်။

အဲဒီမှာ သီချင်းဆိုဝါသနာပါတဲ့ ငါဟာ သီချင်းမှန်သမျှ အကုန်ရတာပါပဲ။ မေရှင်တို့၊ လေဘာတီမြရင်တို့၊ မကြည်အောင်တို့၊ အချို့ဆို မှတ်တောင်မမှတ်မိတော့ပါဘူး။ အဲဒီကက်ဆက်ထဲက သီချင်းတွေကို အမှီပြုပြီး ရွာကလူငယ်တွေ ဘင်ဂျိုတီးကြ၊ ပတ္တလားတီးကြနဲ့ ဂီတကို အစပျိုးပါတယ်။

အဲဒီမှာ ပိုက်ဆံတတ်နိုင်တဲ့ ငါ့ရဲ့ ဦးလေးတော်တဲ့ ကိုကျော်ဝကနေပြီး ကျောက်ဖျာတီးဝိုင်းကို စထောင်တော့တာပါပဲ။ အဲဒီတီးဝိုင်းမှာ အသံလည်းကောင်း၊ သီချင်းတွေလည်းရတဲ့ ငါက သီချင်းဆိုပြီး ကရတယ်။ ငါကလည်း ဝါသနာပါပြီးသား ဆိုတော့ အစစအရာရာ အဆင်ပြေပါတယ်။

## အဆိုအက မင်းသမီး မယ်ငြိမ်း

ငါတို့ကျောက်ဖျာတီးဝိုင်းလေးဟာ ရွာနီးချုပ်စပ်ကနေ ကျော်ကြားသွားလိုက်တာ မိုးကုတ်အထိပါပဲ။ အလှူပွဲမင်္ဂလာပွဲတွေမှာ အဲဒီခေတ်အဲဒီအခါက ကျောက်ဖျာတီးဝိုင်းပါမှ ခေတ်မီတာဟဲ့။ အင်္ဂလိပ်ခေတ်ဆိုတော့ ခုခေတ်လို ဘယ်ဖွံ့ဖြိုးဦးမှာလဲ။ မိုးကုတ်မှာ တီးဝိုင်းတွေ မတည်ထောင်နိုင်သေးဘူး။

အဲဒီတီးဝိုင်းနဲ့အတူ အဆိုအကနဲ့ ညွှဲခံရတဲ့ငါဟာလည်း ကျောက်ဖျာက အဆိုအကမင်းသမီးမယ်ငြိမ်းဆိုပြီး ကာလသားလောကမှာ ရေပန်းအလွန်စားခဲ့ပါတယ်။ ပိုးသူပန်းသူ ဆိုတာကတော့ အလွန်ပေါတာပေါ့ဟယ်။

ဒါပေမယ့် ချစ်ခြင်းတရား ဆိုတဲ့ ရေစက်ဟာ အတော်အံ့ဩဖို့ကောင်းပါတယ်။ ဒီလောက် ဝိုင်းဝိုင်းလည်ချစ်နေကြတဲ့ ယောကျ်ားတွေထဲမှာ ငါသံယောဇဉ် ရှိတာက တို့ရွာတောင်ဘက်က ငွေပင်ရွာက ညွှန့်လှိုင် ဆိုတဲ့ လူပျိုပါပဲ။ ဒါနဲ့ပဲ ငါ့ရဲ့အချစ်ကို ငွေပင်ရွာက ညွှန့်လှိုင်က ရသွားတာပေါ့ဟာ။

ညွှန့်လှိုင်လား၊ ညွှန့်လှိုင်ဆိုတာက သူလိုကိုယ်လို သာမန်ကျောက်တွင်းတူးသမားယောက်ပါပဲ။ ညွှန့်လှိုင်ဟာ ရုပ်ချောတယ်။ သဘောပြည့်တယ်။ အလုပ်ကြိုးစားတယ်။ ရိုးသားတယ်။ ပြီးတော့ သူက ရည်းစားစာအရေးကောင်းတယ်ဟဲ့။ ငါ သူ့ကို ချစ်သွားတာ အဲဒါလည်းပါတာပေါ့။

ဒါနဲ့ပဲ ငါနဲ့ ညွှန့်လှိုင်ဟာ စာအသွားအပြန်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ အဲဒီအချိန်တွေဟာ ငါ့ဘဝမှာ အပျော်ဆုံး၊ အကြည်နူးဆုံး၊ အချိုမြိန်ဆုံးအချိန်တွေပေါ့။ သူ့ရဲ့စာတွေဖတ်ဖတ်ပြီး ကြည်နူးချမ်းမြေ့ခဲ့ရတာဟာ ဘဝမှာ မမေ့စရာပါပဲ။

## သူဌေးလက္ခဏာ

ဒါနဲ့ ကြားဖြတ်ပြောရဦးမယ်။ ငါ့အဒေါ်မအေးနဲ့ ငါဟာ ညီအစ်မတွေလို ကောင်းတိုင်ပင်ဆိုးတိုင်ပင် ရင်းရင်းနှီးနှီး နေကြတာပါ။ အဲဒီအချိန်တုန်းက မအေးမှာ ရည်းစားမရှိသေးဘူး။ သူက ဖြူဖြူ တုတ်တုတ်နဲ့ ခြေချောင်း၊ လက်ချောင်းတွေ ထွားကျိုင်းတယ်။ တုတ်တုတ်ခိုင်ခိုင်ကြီးတွေနဲ့ပေါ့။

ငါ့ကျတော့ ခြေချောင်း၊ လက်ချောင်းလေးတွေက ဖော့ဖယောင်းလို ဖြောင့်ဖြောင့်သေးသေးလေးတွေနဲ့ အလှ



www.burmeseclassic.com

www.burmeseclassic.com

ရှာတာကိုး။ မအေးက ငါ့ခြေချောင်း၊ လက်ချောင်းလေးတွေကိုကြည့်ကြည့်ပြီး မကြာခဏ ငါ့ကိုပြောတယ်။

"မယ်ငြိမ်း - နင့်ခြေချောင်း၊လက်ချောင်းလေးတွေက ဖော့ဖယောင်းလို ပျော့ပျောင်းနူးညံ့ပြီး သွယ်သွယ်လေးတွေနဲ့လှလိုက်တာ။ အဲဒါ သူဌေးရဲ့ ခြေလက်တွေဟဲ့။ ငါ့ကျတော့ တုတ်တုတ်ခိုင်ခိုင်ကြီးတွေနဲ့ အရုပ်ဆိုးလိုက်တာ။ ဆင်းရဲမှာသေချာတယ်။ မယ်ငြိမ်း၊ နင် သူဌေးဖြစ်ရင် ငါ့ကိုပစ်မထားနဲ့နော်"

ဆိုတာပါပဲ။ မအေးဟာ ဆင်းရဲမှာ အလွန်ကြောက်ပါတယ်။ သူ့စိတ်ထဲမှာ သူဌေးကေန်ဖြစ်မယ်လို့ ငါ့ကိုထင်ထားတော့ကာ သူ့ကို စောင့်ရှောက်ဖို့ မကြာခဏပြောလေ့ရှိတယ်။ ဒီတော့ ငါလည်း ရင်ထဲအရှိအတိုင်းပြန်ပြောဖြစ်ပါတယ်။

"မပူပါနဲ့ မယ်အေးရယ်၊ ငါချမ်းသာရင် နင်ချမ်းသာတာနဲ့အတူတူပါပဲ။ ဘာတယ်လို့ ငါချမ်းသာရင် နင့်ကို ပစ်ထားဘူး စိတ်ချ။ ငါတို့က အမျိုးရင်းတွေပဲဟာ"

ဆိုပြီး ပြောရင် မအေး အရမ်းစိတ်ချမ်းသာပါတယ်။ ငါ့အဖေ ချမ်းသာတယ်ဆိုတာနဲ့ ငါချမ်းသာတာမှ မဟုတ်တာ။အိမ်ထောင်ရယ်လို့ကျရင် ကိုယ့်ခြေပေါ် ကိုယ်ရပ်တည်ပြီး ကြိုးစားကြရမှာ ကိုး။ အဲဒီအချိန်ကာတွေဟာ ငါ့အတွက် သောကဆိုတာ မြူမှုတောင်မရှိတဲ့အချိန်တွေလို့ ဆိုရမှာပါပဲ။

**ရှမ်းနီအိုက်ပန်း**

အိုက်ပန်း အကြောင်းကလည်း ပြောမဖြစ်လို့ပြောပြရဦးမယ်။ အိုက်ပန်း ဆိုတာ ဗန်းမော် မန်စီရွာက ရှမ်းနီတိုင်းရင်းသားပါ။ အိုက်ပန်းက အသားညိုညို၊ ထောင်ထောင်မောင်းမောင်း အားကောင်းမောင်းသန် လူပျိုတစ်ယောက်ပါ။

သူက တို့ကျောက်ဖျာက ပေါလံကြီး ဦးစိန္တာအိမ်မှာနေတဲ့ တွင်းသား(၃၀) လောက်ထဲကတစ်ယောက်ပါ။ အဲဒီတုန်းက အင်္ဂလိပ်ခေတ် ကျောက်တွင်းတွေ လိုင်စင်ခံပြီးလုပ်ရတဲ့ခေတ်ပါ။

အခုသူကြီးကိုထွန်းညိုတို့အိမ်မှာ သူ့ဖိုးတီးတဲ့ မောင်းကြီးဟာ ဦးစိန္တာရဲ့ မောင်းကြီးပေါ့။ တွင်းသားတွေများလွန်းတော့ ပါးစပ်နဲ့အော်မခေါ်နိုင်ဘူး။ ထမင်းစားချိန်ရောက်တိုင်း အဲဒီမောင်းကြီးတဒူဒူထုတော့တာပဲ။ ထမင်းစားမောင်းပေါ့တယ်။ နောက် ဦးစိန္တာတို့ရွာက ရွှေ့သွားတော့မှ အဲဒီမောင်းကြီးကို သူကြီးဦးသာအောင်လက်ထဲ ထည့်ခဲ့တာ။ ခုတော့ သူကြီးကိုထွန်းညိုပေါ့။ ဒါက ဆက်စပ်လို့ ပြောတာနော်။

အဲဒီ အိုက်ပန်း ဆိုတဲ့ တွင်းသားဟာ အတော်ရိုးတယ်။ သူကလည်း ငါ့ကို ရည်စားစကားပြောတယ်။ ဘယ်လိုပြောတယ်ထင်လဲ။

"မယ်ငြိမ်း၊ နင်ငါ့မိန်းမလုပ်။ ငါနင့်ကို ကောင်းကောင်းလုပ်ကျွေးမယ်"

တဲ့ဟ။ ဘယ်လောက်တုံးတိတိနဲ့ ရိုးသလဲဆိုတာ နင်တွေးကြည့်ပေါ့။ အဲဒီတုန်းက ငါဖြင့်ကွယ်ရာမှာပြောပြောပြီးရယ်လိုက်ရတာ အမောပဲဟ။ သူများလို ချစ်တာ၊ ခင်တာ၊ ကြင်နာတာတွေ တစ်လုံးမှမပါဘူး။ ငါက သူ့မိန်းမလုပ်ရမယ်တဲ့လေ။ ကဲ-ဘယ်လောက်အကြောင်းကြောင်းနိုင်တဲ့လူလဲ နင်တွေးကြည့်။

အဲဒီလိုကြီးပြောလာတော့ ငါ သူ့ကို မုန်းလိုက်တာ အရမ်းပါပဲ။ အတော်ရိုင်းတဲ့ရှမ်းနီစုတ်ဆိုပြီး ကြည့်လို့ကို မရတာ။ ငါဆိုတာက အဲဒီအချိန်မှာ ထဘီတစ်ပတ်ယမ်း တစ်ခန်းအပြည့်ရနိုင်တယ် ဆိုတဲ့ စကားလိုပဲ ကာလသားတွေ ဝိုင်းဝိုင်းလည်နေတဲ့အချိန်ဆိုတော့ သူလိုလူမျိုးလောက်တော့ အာရုံထဲမှာတောင် မထည့်မိပါဘူးဟယ်။

ငါ့မှာကလည်း သိမ်မွေ့နူးညံ့လှပတဲ့ ညွန့်လှိုင် ဆိုတဲ့ ချစ်သူကလည်းရှိနေပြီ ဆိုတော့ သူ့လိုအရိုင်းအစိုင်းကို ဘယ်စိတ်ဝင်စားမှာလဲဟယ်။ အိုက်ပန်းသာမဟုတ်ဘူး။ အလှာအသီးသီးက လူပျိုကာလသားတွေကို ဘယ်သူ့မှ စိတ်မဝင်စားခဲ့တာ အမှန်ပါ။ ငါ့ချစ်သူကလွဲပြီး ဘယ်သူ့မှစိတ်မဝင်စားခဲ့ပါဘူး။

တစ်သက်မှာ တစ်ချစ်၊ တစ်ချစ်မှာ တစ်အိမ်ထောင်နဲ့ သေတစ်ပန်သက်တစ်ဆုံး ငါနဲ့ ညွန့်လှိုင် ပေါင်းသင်းကြမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ။ အဆိုရှိတယ်လေ၊ မိန်းမကောင်း ပန်းပန်ရင် တစ်ပွင့်တည်းပန်ရမယ်တဲ့ဟ။

**ဦးစိန္တာရဲ့အလှူ**

ဒါပေမယ့် လူဆိုတဲ့ သတ္တဝါတွေမှာ ကြံတိုင်းလည်းမအောင်၊ ဆောင်တိုင်းလည်းမမြောက်ဆိုတဲ့စကား ရှိတဲ့အတိုင်းပေါ့ဟယ်။ ကြံစည်တာတခြား၊ ဖြစ်တာတခြားဖြစ်လေ့ရှိကြတယ်။ အဲဒီလိုဖြစ်ဖို့ ရာ ကံတရားက စီမံခဲ့တယ်ဆိုရမှာပါပဲ။

အဲဒါက ရွာမှာ တွင်းတွေအကြီးအကျယ်လုပ်တဲ့ ပေါလံကြီးဦးစိန္တာတို့ရဲ့ အလှူပွဲကြီးပါပဲ။ တို့မိုးကုတ်ဒေသမှာ အလှူဆိုရင် ခြေခင်းလက်ခင်းသာတဲ့ ဆောင်းရာသီမှာ လုပ်လေ့ရှိကြတယ်။ တို့ကျောက်ဖျာကျောင်းမှာ ဦးစိန္တာတို့ရဲ့ အလှူပွဲကြီး အကြီးအကျယ် ကျင်းပတယ်။ ပိုက်ဆံရှိ မျက်နှာကြီးဝိုင်းဆိုတော့ စည်လိုက်တာ ဝက်ဝက်ကွဲပါပဲ။

စည်တာလည်း မပြောနဲ့လေ၊ ကျောက်ဖျာအလှူမှာ ကျောက်ဖျာတီးဝိုင်းနဲ့ အဆို၊ အကနဲ့ စည့်ခံတာကိုး။ တီးဝိုင်းကလည်းကောင်း၊ အဆိုအကကလည်းကောင်း ဆိုတော့ ပွဲကြည့်ပရိသတ်ဆိုတာ ကျောင်းဝိုင်းကွင်းအပြည့်ပါပဲ။ တို့တွေဟယ် ပျော်လိုက်တာမပြောနဲ့၊ တက်ညီလက်ညီရှိလိုက်ကြတာ။

ငါ့ကိုဆိုရင်လည်း မယ်ငြိမ်း၊ မယ်ငြိမ်းနဲ့ အားပေးလိုက်ကြတာ ဝက်ဝက်ကွဲပါပဲ။ ဆုချတဲ့ကာလသားတွေလည်း အများအပြားပေါ့ဟယ်။ မိုးကုတ်၊ ကျပ်ပြင်နဲ့ ရွာနီးချုပ်စပ်က ဖိတ်သမျှလူတွေလာကြတာကိုး။

တရားနာဖို့ အချိန်ရောက်တာတောင်မှ ပရိသတ်ကို မနည်းတောင်းပန်ပြီး တီးဝိုင်းနားရတာကလားဟယ်။ ဒီအလှူပွဲကြီးမှာ ဆိုရကရတာ ဘယ်အလှူမင်္ဂလာပွဲနဲ့မှကို မတူအောင် ငါလေ ပျော်ရွှင်တက်ကြွနေမိတာ အံ့ဩဖို့တောင်ကောင်းတယ်။

ဒီပွဲဟာ ပရိသတ်ကို နောက်ဆုံးအနေနဲ့ ကပြခွင့်ရလိုက်တယ် ဆိုတာကို ငါလေ တကယ်မသိခဲ့ပါဘူးဟယ်။ ပွဲကလို့လည်းပြီးရော ငါ့ရဲ့ဘယ်ဘက်အောက်မျက်ခမ်းတွေ တဆတ်ဆတ်လှုပ်နေတာ တွေ့ရတယ်။ ဒါနဲ့ လှုပ်နေတဲ့မျက်ခမ်းကို တံတွေးနဲ့ဆွတ်ပြီး ဖွဟဲ့ - ကောင်းရင်လှုပ်၊ မကောင်းရင်မလှုပ်နဲ့ဆိုပြီး ကလေးတို့ဘာသာဘာဝလုပ်ရတာပေါ့ဟယ်။ ဒါပေမယ့် အဲဒီအောက်မျက်ခမ်းဟာ လှုပ်မြဲလှုပ်နေတာ အတော်ကြာတယ်တဲ့။

အောက်မျက်ခမ်းလှုပ်ရင် မျက်ရည်ကျစရာကြုံတတ်တယ်လို့ တို့က အယူရှိတာကိုး။ ငါတွေးကြည့်တယ်၊ ဝမ်းနည်းစရာဆိုတာ ဘယ်လိုမှတွေးလို့ မရပါဘူး။ ငါ့ရဲ့အဖေလည်း အရွယ်ကောင်း ဒေါင်ဒေါင်မြည်၊ ဆွေမျိုးတွေလည်း ကျန်းမာပကတိ ချမ်းသာစွာရှိနေကြတော့ ဒါဟာ သွေးသားကလှုပ်တာနေမှာ၊ နိမိတ်ကြောင့်လှုပ်တာ မဟုတ်လောက်ဘူးလို့ ခပ်ပေါ့ပေါ့တွေးလိုက်မှ ဖြေသာပါတော့တယ်။

**မီးဆုခံပွဲမှာ**

တို့မိုးကုတ်ရှမ်းတွေရဲ့ ဓလေ့မှာ အလှူပြီးရင် ညပိုင်းမှာ မီးဆုခံပွဲလုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိကြတယ်။ ဒါကိုတော့ နင်လည်း အမြဲကြုံနေတော့ သိတာပဲလေ။

မီးဆုခံပွဲဆိုတာ ရှေးတုန်းက မီးပုံးပျံပွဲတွေမှာ မီးစက်၊ မီးဒုံး၊ မီးရှူးမီးပန်း၊ မီးပေါက်ပစ်လွှတ်တဲ့အခါတွေမှာ ပြုလုပ်တဲ့ပွဲလို့ ရှေးလူကြီးတွေက ပြောဖူးတယ်။ မီးရှူးမီးပန်းတွေ၊ မီးပုံးပျံတွေ တစ်ဖက်နဲ့တစ်ဖက်အပြိုင်အဆိုင်လွှတ်ကြတဲ့ အခါ အားပေးတဲ့အနေနဲ့ သီဆိုတီးမှုတ် ကခုန်ကြတဲ့ပွဲလို့ ကြားဖူးတယ်။ အဲဒါကြောင့် မီးဆုခံတေးရယ်လို့ရှိခဲ့ကြောင်း ကြားဖူးပေမယ့် အဲဒီဓလေ့ တို့ဆီမှာ မရှိတော့တာကြောင့် တိမ်ကောသွားပါပြီ။

ဒါပေမယ့် မီးဆုခံဓလေ့ကတော့ ခုထိ ကျန်နေသေးတယ်။ ပုံစံက ပြောင်းလဲသွားခဲ့ပြီပေါ့။ ခုခေတ်လူတွေကျတော့ တချို့က မီးရှူးခံပွဲလို့ခေါ်ကြပြန်တယ်။ ခုခေတ်လို အောက်လင်းဓာတ်မီး၊ လက်ဆွဲဓာတ်မီးတွေမပေါ်သေးတော့ မီးဆုခံပွဲကို မီးရှူးတိုင်တွေနဲ့လုပ်ပြီး ကကြခုန်ကြရလို့ပဲ။ အဲဒါကြောင့် မီးရှူးခံပွဲလို့ ခေါ်ကြဟန်တူပါတယ်။

လက်ရှိအခြေအနေမှာ ငါတို့တစ်တွေသိထားတာက အလှူရှင်တွေဆီက ကုသိုလ်ကောင်းတဲ့ပွဲပါ။ ချက်ကြပြုတ်ကြ၊ လုပ်ကြကိုင်ကြ၊ ကျွေးကြ၊ ဆေးကြ၊ သိမ်းဆည်းကြတဲ့လူတွေဟာ အလုပ်ကိုယ်စီနဲ့မို့ တရားမနာနိုင်ကြသလို သာဓုလည်း ခေါ်ချင်မှ ခေါ်မိကြမယ်လေ။ အမျှဝေလို့ သာဓုခေါ်မှ အဲဒီအလှူရဲ့ ကုသိုလ်ကို ရကြတာကိုး။ အဲဒါကြောင့် မီးဆုခံပွဲဟာ အလှူရှင်တွေဆီက အမျှဝေတာကို သာဓုခေါ်ပြီး ကုသိုလ်ရယူတဲ့ပွဲပေါ့။ အဲဒါကြောင့် မီးဆုခံပွဲကို ရွာလုံးကျွတ်ထွက်ကြတာများတယ်။

ငါတို့ လူပျို၊ အပျိုတွေ ဆိုတာကတော့ မှောင်ရိပ်ခိုတာနဲ့ အလှကိုယ်စီပြင်နေကြပြီလေ။ ဒီညမှာ ကျောက်ဖျာတီးဝိုင်းနဲ့ ရှိသမျှ လူပျို၊ အပျို အကုန်ကကြရမှာကိုး။ မကလို့မရဘူး၊ ကကြရတယ်။ ဝါသနာပါတဲ့ဘိုးဘွားတွေအထိ အပျော်ဝင်ကြတယ်။ အလွန်ပျော်စရာကောင်းတာ နင်လည်း သိပါတယ်။

အဓိကပွဲတောင်းခံရတာက ငါပဲလေ။ မီးဆုခံပွဲပေမယ့် ရွာနီးချုပ်စပ်တွေက လူပျိုကာလသားတွေအတော်များများ လာရောက် အားပေးကြပါတယ်။ ငါ့ချစ်သူ ညွန့်လှိုင်လည်း ပါတယ်။

အဲဒီလို မီးဆုခံပွဲကို မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွှဲလိုက်ကြတာ ည (၁၁) နာရီလောက်ရောက်မှ ပွဲသိမ်းပြီး အလှူရှင်တွေဆီက အမျှကိုခံယူပြီး အားလုံး သာဓုခေါ်ကာ မီးဆုခံပွဲ ရုတ်သိမ်းလိုက်တော့တာပါပဲ။

မီးဆုခံပွဲကို ရွာလယ်ကွင်းမှာ လုပ်တာဆိုတော့ ငါတို့အိမ်က ကွင်းရဲ့တောင်ဘက်လေ။ ခု မြင့်နိုင်နဲ့ အဲထွေးတို့နေတဲ့ နေရာဆိုတော့ ခုပြန်ခုရောက်ပေါ့ဟယ်။ ဘာဝေးတာမှတ်လို့။ ဒီလိုနဲ့ ငါဟာ (၁၀) လံလောက်သာဝေးတဲ့ အိမ်ဆီ အပျော်စိတ်တွေနဲ့ ပြန်ခဲ့ပါတယ်။

**ထမ်းပြေးခံရပြီ**

ငါတို့အိမ်ရဲ့ အနောက်ဘက်မှာ ကပ်လျက်က ဘိုးဇရပ်တို့အိမ် ရှိတယ်။ (၄) လံလောက်ပဲကွာတယ်။ ဘိုးဇရပ်တို့အိမ်ကြီးမှာ တီးဝိုင်းခေါင်းဆောင် တို့ဦးလေး ကိုကျော်ဝနဲ့ တို့အဒေါ် မမှုန်နေတယ်။ မမှုန်ကတော့ လေဖြတ်ပြီး အိပ်ရာထဲလဲနေတာပါ။ ကိုကျော်ဝကတော့ သူတို့တီးဝိုင်းတွေ သိမ်းနေတုန်းပါပဲ။ ငါဟာ သံယောဇဉ်စိတ်နဲ့ ညွန့်လှိုင်များ ရှိနေဦးမလားဆိုပြီး နောက်ကြောင်းကို ကြည့်နေချိန်မှာပဲ ရုတ်တရက် ပါးစပ်ကို လက်ကြမ်းကြီးနဲ့ ပိတ်တာခံလိုက်ရပြီး ငါ့ရဲ့ခန္ဓာကိုယ်ဟာ စွေ့ခနဲမြောက်တက်ကာ လူတစ်ယောက်ရဲ့ ထမ်းပြေးခြင်းခံရတာပါပဲ။

အော်ချိန်လည်းမရဘူး။ လူ့ပ်ရှားရုန်းကန်ချိန်လည်း မရအောင် အလွန်သန်မာထွားကျိုင်းတဲ့ ယောကျ်ားအားနဲ့ ထိန်းချုပ်ပြီး ငါတို့အိမ်နဲ့ ဘိုးဇရပ်တို့အိမ်ကြားကနေ နောက်ဘက်ထင်းခြံ၊ အဲဒီကနေ သစ်ဆိမ့်ကုန်းလမ်းအတိုင်း ထမ်းပြေးခဲ့တာပါပဲ။

လမ်းက လူသွားလမ်းကလေးပါ။ ရွာနဲ့အတော်ဝေးမှ ငါ့ကို ပခုံးပေါ်က ချပါတယ်။ ဒါနဲ့ ငါက မေးတယ်။

"နင် ဘယ်သူလဲ၊ ငါ့ကို ဘာလုပ်တာလဲ"

"ငါအိုက်ပန်းလေဟာ၊ နင့်ကို ချစ်လွန်းလို့ ခုလိုခိုးပြေးခဲ့တာပဲ"

ဆိုပြီး သားမယားအဖြစ် ပြုကျင့်တော့တာပါပဲ။ ဒါနဲ့ ငါဟာ အိုက်ပန်းနဲ့ အိမ်ထောင်ကျခဲ့ရတာပေါ့ဟာ။ တကယ်တော့ ငါအမုန်းဆုံးလူဟာ ငါ့လင်လာဖြစ်နေတော့တာပါပဲ။

ငါ အဲဒီညက မျက်ရည်ပေါက်ပေါက်ကျခဲ့တယ်။ လူရိုင်းဖြစ်တဲ့ အိုက်ပန်းကတော့ ကြင်နာသနားရမှန်း မသိခဲ့ဘူး။ သူ့ဆန္ဒကိုပဲ ရှေ့တန်းတင်တဲ့လူပါပဲ။

ဒီအခါကျမှ ဒီနေ့ အောက်မျက်ခမ်းတွေ တဆတ်ဆတ်လှုပ်ခတ်နေတာ ဒါကြောင့်ကိုးလို့ သိခဲ့ရတယ်။ ငါ့ချစ်သူ ညွန့်လှိုင်ရဲ့ မျက်နှာလှလှကို မြင်တွေ့လိုက်ရတာဟာ အဲဒါနောက်ဆုံးပါပဲ။ သူ ဘယ်ကိစ္စနဲ့မှ ကျောက်ဖျာကို ရောက်မလာခဲ့တော့ပါဘူး။

ချစ်ခြင်းအတွက် ကျခဲ့ရတဲ့ မျက်ရည်တွေဟာ အဲဒီညဟာ နောက်ဆုံးပဲ။ ငါ ဘယ်သူ့အတွက်မှ မျက်ရည်မကျတော့ဘူးဆိုတဲ့ ခိုင်မာပြတ်သားတဲ့စိတ်ကို မွေးလိုက်တယ်။ ဆုံးဖြတ်ချက်ကိုလည်း ချလိုက်မိတယ်။

ငါ့ရဲ့နှလုံးသားဟာ မုန်းတီးခြင်းနဲ့ အတူ ကျစ်လျစ်မာကျောသွားခဲ့ပါတယ်။ ငါ့ရဲ့ ရည်ရွယ်ချက်တွေ ကြေမွပျက်စီးဆုံးရှုံးသွားခဲ့ရပြီလေ။ ငါ့ဘဝ ဘာ အဓိပ္ပာယ်ရှိတော့မလဲ။

**မြင်းများနှင့်အိုက်ပန်း**

အိမ်ထောင်တစ်ခုရယ်လို့ ဖြစ်လာတဲ့အခါမှာတော့ စီးပွားရေးဆိုတာ လိုအပ်လာပြီလေ။ တို့ မိုးကုတ် ဆိုတာက မိဘချမ်းသာပေမယ့် အထောက်အကူပေးခဲ့တာ နင်လည်း အသိပဲ။ ဒီတော့ ကိုယ်ထူးကိုယ်ချွန် ကြိုးစားရတယ်။

ဒါနဲ့ ငါတို့ဟာ ရွာလယ်က သူကြီးဦးသာအောင်ရဲ့မြေကွက် အရှေ့ဘက်ခြမ်းကိုဝယ်ပြီး အိမ်လေးဆောက်လိုက်တယ်။ နောက်ဈေးဆိုင်လေးတည်လိုက်တယ်။ အိုက်ပန်းက မြင်းတွေဝယ်ပြီး ကျိုက်ပြင်ဘက်က ရောင်းကုန်တွေသယ်တယ်။ အဲဒီတုန်းက မြင်းနဲ့သယ်ရင်သယ်၊ မြင်းနဲ့မသယ်ရင် ပခုံးနဲ့ ထမ်းသယ်ရတဲ့ခေတ်ဟဲ့။ ခုခေတ်လို ကားတွေဘာတွေဘယ်ရှိမလဲ။

အိမ်ထောင်ရေးလား။ အိမ်ထောင်ရေးဆိုတာကတော့ ပေါက်တဲ့ နဖူးမထူးဘူးဆိုတာလိုပေါ့ဟယ်။ ဖြစ်ပြီးမှတော့ အိမ်ရှင်မ,ကောင်း ပီသအောင်နေရတာပေါ့။ စိတ်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေတတ်တဲ့ ငါဟာ အလွန်ရိုင်းစိုင်းပြီး တဖျစ်တောက်တောက်နဲ့ ဆူဆဲနေတတ်တဲ့ ဒဏ်ကို နေ့ရှိသရွေ့ ခံစားရပါတယ်။ သည်းခံတတ်တဲ့အလေ့လည်း အလိုလိုရလာခဲ့တယ်။ ငါကတော့ ရေငုံနှုတ်ပိတ်နေလေ့ရှိတာ များတယ်။ မေတ္တာအခြေမခံတဲ့ အိမ်ထောင် ဆိုတာ ဘယ်မှာ သာယာမှုရှိမှာလဲဟယ်။

ငါဘဖြစ်ဖြစ်မငိုဘူး။ မျက်ရည်ကျတာဟာ အရှုံးပေးတာနဲ့ အတူတူ[illegible]တဲ့။ ဒါ့ကြောင့် ငါမွေးတဲ့ ကလေးတွေ (၄) ယောက်တိတိ ပျက်စီးကုန်တယ်[illegible] မတတ်နိုင်ဘူး၊ သူ့ကံနဲ့သူလာတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သင့်လို့ သေတယ်လို့ သဘောထားပြီး သေရင် မြှုပ်ပစ်လိုက်တာပဲ။ မျက်ရည်မကျဘူး၊ တမ်းတမနေဘူး။

ကိုယ့်ရင်သွေးသေရင် ဘယ်သူမဆို ပူဆွေးမြေလူးခံစားကြရတာ ငါသိတယ်။ ဒါပေမယ့် ငါ့မှာ ငိုချင်တဲ့စိတ်၊ ဝမ်းနည်းစိတ် ဖြစ်ကိုမဖြစ်တော့ဘူး။ လောကကြီးကို စိတ်နာသလို ရွံမုန်းသလိုကြီး ခံစားနေရတာ။ ခံစားမှုသလိုကြီးပေါ့ဟာ။

ဒီလိုနဲ့ (၅) ယောက်မြောက် သမီးလေး မွေးတော့ လူကြီးတွေက ကျန်အောင်ဆိုပြီး မကျန်လို့ မှည့်တယ်။ အဲဒီ မကျန်ကစပြီး ငါ့ကလေးတင်တော့တာပဲ။

**ညွန့်လှိုင် အသက် (၄၁) နှစ်**

"ဟဲ့- မယ်ငြိမ်း၊ နင်ကြားပြီးပြီလား"

"ဘာလဲဖွားကူရဲ့၊ ဘာသတင်းလဲ"

"ငွေးပင်ရွာက ညွန့်လှိုင်သေလို့တဲ့လေ"

"ဩော်- ဟုတ်လား၊ ဘာရောဂါနဲ့ သေတာတဲ့တုံး"

"ဘာရောဂါနဲ့မှမဟုတ်ဘူး၊ ဒီနေ့ ငွေးပင်ချောင်းရိုးမှာ တွင်းပိလို့သေသွားတာ"

"အင်း- သေနေ့စေ့လို့ သေရတာပဲပေါ့နော်"

"အေးပေါ့ဟယ်၊ ဒီအရွယ်က အရွယ်ကောင်းကြီးဥစ္စာ။ သေသွားတာ နှမြောစရာပေါ့ဟဲ့"

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ဖွားကူရယ်"

"ခုမှ သူ့အသက် (၄၁) နှစ်ပဲရှိသေးတာ။ သူ့ခမျာ ညည်းကို ခွဲခွာရတဲ့ နောက်ပိုင်း ချစ်သူတောင်မရှာဘဲ လူပျိုကြီးဘဝနဲ့နေလာတာ ခုတော့ ဆုံးသွားပြီပေါ့ဟယ်"

လို့ ဖွားကူကပြောပြတယ်။ ဖွားကူရဲ့သမီး မပိုးက ငွေးပင်မှာ ကိုဖိုးချိန်နဲ့ အိမ်ထောင်ကျနေတာ ဆိုတော့ ငွေးပင်သတင်း ချက်ချင်းရဟန်တူပါတယ်။

ဒါပေမယ့် ငါထူးပြီး မတုန်မလှုပ်သလို ခံလည်းမခံစားရတော့ပါဘူး။ ညွန့်လှိုင်ဆိုတာ ဟိုးအတိတ်မှာ မှုန်ဝါးဝါးကျန်ရစ်ခဲ့ပါပြီ။ သူ့အတွက် ဝမ်းလည်းမနည်းသလို၊ ဝမ်းလည်းမသာပါဘူး။ ဒါဘာလဲ ဆိုတော့ ငါ့စိတ်ထဲမှာ ဥပေက္ခာဆိုတဲ့ သဘောတရားဝင်နေတဲ့သဘောပါ။

ခုနှစ်သက္ကရာဇ် မမှတ်မိပေမယ့် ညွန့်လှိုင်အသက် (၄၁) နှစ်မှာ ဆုံးတယ်ဆိုတာကိုတော့ မှတ်မိနေပါတယ်။ ဒါကလည်း အမှတ်တမဲ့ပါပဲ။ စွဲစွဲနစ်နစ်မဟုတ်ပါဘူး။ ဒါက ညွန့်လှိုင်ရဲ့ ပထမဘဝ ပြီးဆုံးသွားခြင်းပါပဲ။

**ကျောက်ကြီးရောဂါ**

မကျန်မွေးပြီး (၃) နှစ်အကြာမှာ ကျော်တင်ကို မွေးတယ်။ ကျော်တင် ပြေးနိုင်လွှားနိုင်တဲ့အရွယ်မှာ တို့ရွာတွေမှာ ကျောက်ကြီးရောဂါဖြစ်တော့ လူနဲ့ဝေးရာ တောထဲပြေးနေကြရတယ်။ ကူးမှာ ကြောက်လို့လေ။

အဲဒီ ကျောက်တွေဖြစ်တော့ အလွန်လှတဲ့ အပျိုကြီး မခဆိုရင် ကျောက်ရောဂါကြောင့် အလှပျက်ပြီး နားလုံးဝလေးသွားတော့တာပဲ။ အချို့သေသူတွေ သေပေါ့ဟယ်။

အဲဒီလို အပြေးမြန်တာတောင်မှ ကျော်တင်မှာ ကျောက်ကြီးရောဂါ ရလိုက်သေးတယ်။ သေပြီထင်တာ မသေဘူးဟဲ့။ ဒီကောင်က အသက်ပြင်းတယ်။ ကံအတော်ကောင်းပြီး လူဖြစ်လာတာ နင်အမြင်ပဲလေ။

ကျော်တင် (၃) နှစ်သားကျော်ကျော်မှာ ရွှေထွန်းကို ကိုယ်ဝန်ရတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်ကို ဂျပန်က ဝင်တိုက်တဲ့အချိန်ဆိုတော့ စစ်ဘေးစစ်ဒဏ်ကို မြို့ရော တောပါ ခံစားကြရတယ်။ ပုန်းလျှိုးကွယ်လျှိုးနေကြရတယ်။ တို့ရွာရဲ့အပြင် ဆိုတာ သစ်တောဝါးတောအတိပြီးတာမို့ အရေးဆိုရင် ရွာစည်းရဲ့အပြင်ထွက်တာနဲ့ တောထဲလျှိုထဲမြောင်ထဲ ရောက်တာဆိုတော့ ရွာမှာနေလို့ရကြပါသေးတယ်။

တို့ဆိုင်လေးရဲ့ရောင်းကုန်အတွက်ကတော့ ကျပ်ပြင်ကို မသွားရဲတော့တာကြောင့် ကားလမ်းခရီးမိုင် (၆၀) ဝေးတဲ့ ရေဝတီအရှေ့ဘက်ကမ်းက သပိတ်ကျင်းမြို့လေးမှာ ကုန်သွားဝယ်ရတယ်။ အဓိကကုန်က ဆားနဲ့ ဆန်ပါပဲ။

အဲဒီအချိန်မှာ ငါတို့မှာ မြင်း (၄) ကောင်လောက်ရှိတော့ အဆင်ပြေတယ်။ သပိတ်ကျင်းကို ကားလမ်းက သွားရဲတာ မဟုတ်ဘူး။ တောထဲဖြတ်လမ်းတွေအတိုင်း သွားရတာ။ အများအားဖြင့် ညမှာ မောင်းရတာ။ နေ့ဆိုနားပေါ့ဟယ်။ တို့တွေဟာ အဲဒီခေတ်ဆိုးခေတ်ပျက်မှာနေနေရတာ တကယ့်သည်းထိတ်ရင်ဖိုပါပဲဟာ။

**ကျောက်ဂူတွင် မွေးဖွားခြင်း**

ဂျပန်ခေတ်ဟာ တဖြည်းဖြည်းကြမ်းလာတာ တွေ့ရတယ်။ ဂျပန်တွေဟာ ဗမာတွေကို ဖမ်းပြီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်တဲ့သတင်းတွေ၊ ပြီးတော့ မီးရထားလမ်းဖောက်လုပ်ရာမှာ သုံးဖို့ဆိုပြီး ချွေးတပ်ဆွဲတာတွေလုပ်လာတာကြောင့် ရွာထဲမှာ ဘိုးဘွားတွေလောက်သာ ကျန်ပြီး အရွယ်ရှိသူတွေ မှန်သမျှ တောထဲမှာပုန်းနေရတဲ့ခေတ်ကို ရောက်လာတယ်။

တို့မိုးကုတ်သားတွေ ဆိုတာက ကြောက်စရာရှိရင် သူများထက် ပိုကြောက်ကြတယ်လေ။ ဒါကို နင်လည်းသိပါတယ်။ အဲဒီတော့ ငါလည်း ကိုယ်ဝန်နေ့စေ့လစေ့နဲ့ သူရိန်တောင်စောင်းရဲ့ ကျောက်ဂူတစ်ခုထဲမှာ ငါနဲ့ ငါ့ကလေး (၂) ယောက်နဲ့ သွားပုန်းနေရတာပေါ့ဟာ။

အဲဒီမတ်စောက်တဲ့တောင်စောင်းရဲ့ ဂူထဲကို အတော်ခက်ခက်ခဲခဲ သွားရတာကလား။ ရွာက မိသားစုတွေ အတော်များများဟာ အဲဒီလို တောထဲတောင်ထဲက ကျောက်ဂူတွေကို ရှာပြီးနေကြရတယ်လေ။ ငါတို့ကိုလည်း အိုက်ပန်းက ရှာပြီး ပို့ပေးတာပါ။ မြင်းတွေကိုလည်း တောထဲမှာ ဝှက်ထားရတယ်။

အိုက်ပန်းက တောတောင်လည်းကျွမ်း၊ လမ်းလည်းကျွမ်းတော့ကာ တို့မိသားစုစားဖို့သောက်ဖို့ မပူပင်ရအောင် ရိက္ခာပို့ပေးနိုင်စွမ်း ရှိတယ်။

ရွာတွေမှာ ဆိုင်တွေမရှိတော့တာကြောင့် ဆားပြတ်တဲ့ အိမ်ထောင်ကယောကျ်ားတွေဟာလူစုပြီး သပိတ်ကျင်းကို ဆားသွားထမ်းကြရတဲ့ခေတ်ပေါ့ဟယ်။ တကယ့်ခေတ်ဆိုးခေတ်ပျက်ကြီးပါပဲ။

ဒီလိုနဲ့ ငါဟာ ကျောက်ဂူထဲမှာ ဗိုက်နာလာတော့ သူကြီးဦးသာအောင်ကတော် ဘွားထွန်းကို အိုက်ပန်းက ရအောင်ခေါ်လာပြီး မီးဖွားပါတယ်။ ချောချောမောမောပါပဲ။ ရွှေထွန်းကို ဂျပန်ခေတ် သူရိန်တောင်တန်းစောင်းက ကျောက်ဂူမှာ မွေးဖွားခဲ့တာပါ။ ဆင်းရဲပင်ပန်းချက်တော့ မကျန်ဘူးပေါ့ဟယ်။ ငါ့မှာ မကျန်နဲ့ ကျော်တင်တို့ မငိုမှအောင် ချော့ရ၊ ကလေးငယ် ရွှေထွန်း မငိုအောင် ထိန်းရနဲ့ အတော်ဒုက္ခကြီးခဲ့တာပါပဲ။

**မြွေဟောက်ပါးပျဉ်းအောက်မှာ**

ငါတို့နေတဲ့ ကျောက်ဂူဟာ လူသွားလမ်းလေးကနေကြည့်ရင် မမြင်နိုင်ပါဘူး။ ဒါပေမယ့် စကားကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်၊ ကလေးငိုရင် ကြားနိုင်တာကြောင့် ကလေးတွေမငိုအောင် အမျိုးမျိုးချော့ရ၊ ခြောက်ရပါတယ်။

ဂူကနေ အောက်ဘက်ကို လှမ်းကြည့်ရင် ကွေ့ကောက်တဲ့ လူသွားလမ်းလေးရဲ့ တစ်ပိုင်းတစ်စကို လှမ်းမြင်နေရပါတယ်။ တို့ဂူနဲ့ အနီးအနားဂူတစ်ခုမှာလည်း ကျောက်ပြဿဒ်က မိသားစုတစ်စုရှိတယ်၊ တစ်ဖက်နဲ့တစ်ဖက် လူရိပ်လူယောင်မြင်ရတော့ အားရှိသေးတာပေါ့ဟာ။

ဒါနဲ့ တစ်နေ့မှာ ကလေးအိပ်ပျော်နေတုန်း ငါနဲ့ ကလေးနှစ်ယောက် ထင်းခြောက်လိုက်ကောက်ကြပါတယ်။ ထင်းတစ်ယောက်တစ်ပွေ့နဲ့ ပြန်လာချိန်မှာ ဂူထဲလည်းဝင်လိုက်ရော ငါ့မျက်စိက ကလေးဆီရောက်သွားတာကိုး။ အဲဒီမှာ ရုတ်တရက် လန့်သွားမိတယ်။

ဘာလဲ ဆိုတော့ လက်မောင်းလောက်ရှိတဲ့ မြွေဟောက်ကြီးဟာ အိပ်ပျော်နေတဲ့ကလေးအပေါ် ပါးပျဉ်းကြီးမိုးထားတာကို ရုတ်တရက်တွေ့လိုက်ရလို့ပါပဲ။

ငါဟာ လန့်မအော်မိအောင် သတိနဲ့ ထိန်းပြီး ထင်းစည်းကို အသာချရတယ်။ကလေးနှစ်ယောက်ကိုလည်း မြွေကြီးကိုပြပြီး ငြိမ်ငြိမ်နေဖို့ သတိပေးရတယ်။

ကလေးနှစ်ယောက်ဟာ ငါ့နောက်ကကွယ်ပြီး မြွေဟောက်ကြီးကိုကြည့်နေကြသလို ငါလည်းမလှုပ်ရဲဘူး။ မတော်တဆလှုပ်လိုက်ရင် ကလေးငယ်ကိုပေါက်မှာ စိုးရတယ်လေ။

ခဏလောက်ကြာတော့ မြွေကြီးဟာ ဘာစိတ်ပေါက်သွားတယ် မသိပါဘူး။ ပါးပျဉ်းအောက်ချပြီး ငါတို့ဘေးကနေအေးအေးဆေးဆေးထွက်သွားတယ်။ ခဏနဲ့ မျက်စိအောက်က ပျောက်သွားတာပါပဲ။

ငါ့မှာဖြင့် အဲဒီကာလလေးကို အကြာကြီးလို့ကို ထင်နေမိတာဟဲ့။ အိုက်ပန်းကလည်း မရှိဘူးလေ။ သူ့မှာက ငါတို့က တစ်တာဝန်၊ မြင်းတွေက တစ်တာဝန်ဖြစ်နေတော့ မအားနိုင်ရှာဘူးလေ။

ဒါနဲ့ ငါ ကလေးဆီ ပြေးကြည့်တယ်။ ကလေးက အိပ်မောကျနေတုန်းပဲရှိပါသေးတယ်။ အဲဒီမှာ ငါစိတ်ထဲ ဒီကလေးတစ်ခုခုတော့ထူးမယ်လို့ ထင်ထားမိလိုက်တာပါပဲ။ အိပ်ပျော်နေတုန်း မြွေဟောက်ကြီးက လာစောင့်ပေးနေတယ်ဆိုတာ လူတွေကိုပြောရင် ယုံချင်မှယုံကြမှာ။မကျန်နဲ့ ကျော်တင်တို့တောင် မှတ်မိကြမယ် မထင်ပါဘူး။

**ငါ့ကိုမှတ်မိလား**

ခေတ်တကာ့ခေတ်ထဲမှာ ဂျပန်ခေတ်ဟာ စိတ်ပျက်စရာအကောင်းဆုံးပါပဲ။ တစ်ဆင့်စကားတစ်ဆင့်နား ကောလာဟလသတင်းနဲ့ တို့တွေ အကြောက်လွန်ပြီး တောထဲပြေးပုန်းလိုက်၊ အခြေအနေမထူးရင် ပြန်လာလိုက်နဲ့ အလုပ်ကိုကောင်းကောင်းမလုပ်နိုင်ကြပါဘူး။

ဗမာက ဂျပန်ကိုတော်လှန်၊ ဂျပန်ကို အင်္ဂလိပ်ကဝင်တိုက်နဲ့ စစ်မီးလောင်မြန်တဲ့အခါ တို့တွေ ကျောက်ဂူမှာနေကြရပြန်တယ်။ ဆိုရရင်တော့ ကျောက်ခေတ်လူသားတွေဖြစ်နေကြတာပေါ့ဟာ။ ဂူအောင်းနေကြရတာပေါ့။

ဘာလိုလိုနဲ့ ရွှေထွန်းတောင် စကားပြောတတ်စပြုလာပါပြီ။ ထူးခြားပြီး မြွေကြီးပါးပျဉ်းမိုးပေးတဲ့ကလေးမို့ ရွှေလိုထွန်းအောင် ရွှေထွန်းလို့ နာမည်ပေးထားတာပဲ။

တစ်နေ့မှာ ငါ ရွှေထွန်းကို နို့တိုက်နေတာဟဲ့။ အဲဒီမှာ ရင်ခွင်ထဲက ရွှေထွန်းက နို့စို့နေတာဖြုတ်ပြီး ငါ့ကို ခေါ်တာ ထူးထူးဆန်းဆန်း ကြုံလိုက်ရတယ်။

"မယ်ငြိမ်း၊ ဟဲ့- မယ်ငြိမ်း" တဲ့။

ငါ အံ့ဩသွားပြီး ငုံ့ကြည့်လိုက်တော့ ရွှေထွန်းက ငါ့ကို မော့ကြည့်ပြီး ခေါ်နေတာလေ။ ဒါနဲ့ ငါလည်း တအံ့တဩနဲ့ ပြန်မေးမိတယ်။

"နင်က ငါ့ကို မယ်ငြိမ်းခေါ်ရအောင် ဘယ်သူမို့တုံး"

လို့ မေးလိုက်တယ်။

အဲဒီတော့ ရွှေထွန်းက ပြုံးပြီး ပြန်ပြောတယ်။

"ငါ ငွေးပင်ရွာက ညွန့်လှိုင်လေဟာ။ နင် ငါ့ကို မမှတ်မိတော့ဘူးလား"

တဲ့။ ငါလေ ရုတ်တရက် တောင့်တောင့်ကြီးဖြစ်သွားပြီး ဘုရားကို တ,လိုက်မိတယ်။

"ဘုရား ဘုရား၊ နင်က ညွန့်လှိုင်ဟုတ်လား"

"ဟုတ်တယ်လေ၊ နင့်ကို သံယောဇဉ်မပြတ်လို့ ငါ နင့်ဆီလာနေတာပေါ့"

ဆိုပြီး လူကြီးလိုပြောတဲ့အခါ ငါ့မှာ အံ့ဩခြင်းမက အံ့ဩခဲ့ရတယ်ဟဲ့။ ဒါဆို ဒီကလေးဟာ ညွန့်လှိုင်ဝင်စားတယ်ဆိုတာ သံသယဖြစ်စရာမလိုတော့ဘူး။ တိတိကျကျကို ပြောနေခဲ့ပြီပဲ။

ဒါပေမယ့် ဒီကိစ္စကို ငါဘယ်သူ့ကိုမှ ပြောပြမနေတော့ပါဘူး။ သတ္တဝါဆိုတာ တစ်ဘဝပြီးတစ်ဘဝ ခန္ဓာအိမ်ဆောက်ရတယ် ဆိုတာ ငါသဘောပေါက်ပြီးသားပဲ။ စိတ်အစွဲရဲ့ လားရာ ငါ့ရင်မှာလာပြီး သန္ဓေတည်တယ်ဆိုတာလည်း ဒါဟာ ဥပါဒါန်ကြောင့် ဖြစ်ရတဲ့ဘဝ ဆိုတာ ငါသဘောပေါက်ပါတယ်။

ဒီကောင်ဟာ ဂူထဲမှာ အဲဒီတစ်ကြိမ် တိတိကျကျ ပြောပြီးတဲ့နောက် အဲဒီညွန့်လှိုင်ရဲ့ အတိတ်ဘဝအကြောင်းကို လုံးဝမပြောတော့ဘဲ ရေငုံနှုတ်ပိတ်သွားခဲ့တာပါပဲ။ လူတွေကွယ်ရာမှာ မေးရင်တောင်မှ ပြန်မပြောတော့ပါဘူး။ ဒါက လူဝင်စား ရွှေထွန်းရဲ့ ငယ်ဘဝဖြစ်စဉ်ပါ။

**ဦးယန်း ဆုံးပါးခြင်း**

လွတ်လပ်ရေးမရခင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့နှစ်မှာ ဘစိုးကို မွေးတယ်။ ဘစိုးက တို့ရွာက ဘိုးဇရပ် အိပ်မက်ပေးပြီး ဝင်စားလာတာ။ ဒီကောင်က ကံအလွန်ကောင်းတယ်။ အားလုံးထဲမှာ အချမ်းသာဆုံးပဲလေ နင်မြင်တာပဲ။

လွတ်လပ်ရေးရပြီးမှ နှစ်အနည်းငယ်ကြာတော့ အငယ်ဆုံး အုန်းမေကို မွေးတယ်။ အဲဒီအုန်းမေ မွေးပြီး ပြေးတတ်လွှားတတ်တဲ့အရွယ်မှာ အိုက်ပန်း ရုတ်တရက်သေသွားတော့တာပါပဲ။

သပိတ်ကျင်းကို မြင်းတွေနဲ့ ကုန်သွားတင်ပြီးအပြန်မှာ မကြာလိုက်ဘူး အကောင်းပကတိကနေ ရုတ်တရက်ကြီး လဲသေသွားတော့တာပါပဲ။ ခုခေတ်အခေါ်တော့ ဦးနှောက်သွေးကြောပြတ်တယ်ဆိုရမှာပေါ့ဟယ်။ တို့အခေါ်တတော့ လေသင်တုန်းဖြတ်ပြီး သေတယ်ခေါ်တာပေါ့။

အရွယ်လား၊ အရွယ်က လေးဆယ်ကျော်ကျော် သန်သန်မာမာကြီးပါပဲ။ ငါကတော့ လူတွေကို -

"သေတော့လည်း အေးသွားတာပါပဲ။ ဆူပူကြိမ်းမောင်းသံ၊ ဆဲဆိုသံတွေ မကြားရတော့ ကောင်းတာပေါ့"

လို့ ပြောပြလိုက်ပါတယ်။ ငါ သူ့အတွက် မျက်ရည်တစ်စက်မကျခဲ့ဘူး နှမြောလည်း မနှမြောဘူး။ သေသွားတော့ ငါဝဋ်ကျွတ်ပြီလို့ပဲ ရုတ်တရက်တွေးပြီး စိတ်ထဲပေါ့သွားခဲ့တယ်။ လူတွေဆို ငါ့ရဲ့မာကျောတဲ့စိတ်ကို အံ့ဩမဆုံးကြဘူး။

ခင်ပွန်းတစ်ယောက်အဖြစ်၊ ကလေးတွေရဲ့ ဖခင်အဖြစ် သံယောဇဉ်တိ



www.burmeseclassic.com

www.burmeseclassic.com

တလွဲပြီး ငါ့သူ့ကိုတစ်စက်ကလေးမှ လို့မရခဲ့ဘူး။ အချစ်ဆိုတာ ငါ့ဘဝမှာ တိုင် သေဆုံးသွားပြီပဲဟာ။ ဘယ် ယောက်ျားကိုမှ ငါချစ်လို့ရမှာ မဟုတ် တော့ဘူး။ ငါ့ရဲ့ အသည်းနှလုံးက တို့မိုး တ်က ကျောက်စိုင်ကျောက်ခဲကြီးတွေ ပဲ မာကျောနေပြီပေါ့ဟာ။

**ကယ်မငြိမ်းတဲ့မငြိမ်း**

ကလေး (၅) ယောက်နဲ့ မုဆိုးမ ဝကို နင်မြင်ကြည့်ပေါ့ဟာ။ ထောက် ာက်ခံခဲ့ယောကျ်ားရယ်လို့ မရှိတော့ ဘဝမှာ မြင်းတွေကို ရွာထဲက စံကျော့ ရောင်းလိုက်တယ်။ ဆိုင်လည်း ပြုတ် ဟာ။ထိုင်နေလို့မရတဲ့ဘဝမှာ ငါဟာ နေ့စဉ် ကနဲဆေး (ကနယ်ဆေး) ပုတ် တစ်ချပ်နဲ့ ထွက်ရတယ်။

ကျောက်ပြဿဒ်က လုပ်ခကို ဦးချစ် ရဲ့တွင်းမှာ နေ့စားလိုရင် တစ်ရက် (၂) ပ်နဲ့ နေ့စားဆင်းတယ်။ ငါတို့က စော ထဲ ခဲတွေထည့်ပြီး တစ်နေကုန် ထမ်း တ်ရတာပေါ့။ ချွေးဒီးဒီးကျပြီး အလွန် ပန်းတဲ့အလုပ်ပါ။ ဒါပေမယ့် အဲဒီ (၂) ပ်က ငါတို့မိသားစု (၆) ယောက် စ်နေ့စားလောက်တယ်ဟဲ့။

အိုက်ပန်းရှိစဉ်က သက်သောင့် တ်သာရှိခဲ့ပေမယ့် နေ့စဉ် ဆူဆဲကြိမ်း မောင်းနေတတ်တဲ့ အကျင့်ကြောင့် လူ ငြိမ်းချမ်းပေမယ့် စိတ်မငြိမ်းချမ်းခဲ့ဘူး။ ဆိုးမဘဝကျတော့ ဆူမယ့်၊ ဆဲမယ့်သူ၊ ကြိမ်းမောင်းမယ့်သူမရှိတော့ဘူးလေ။ လူ ာ ဆင်းရဲတာ၊ စိတ်ကတော့ ချမ်းသာ တယ်။

ငါ့ကိုလား။ မုဆိုးမဖြစ်တာ (၄၀) ကျော်စ ဆိုတော့ အရွယ်ကောင်းပဲဥစ္စာ။ လှမှုမပျက်သေးတာ။ လိုချင်တဲ့သူ၊ မ်းလမ်းတဲ့သူတွေရှိတာပေါ့ဟယ်။ ဒါ ပေမယ့် ငါ့မှာ အိမ်ထောင်ပြုချင်တဲ့စိတ် ဆိုတာ တစ်ရွေးသားတောင် မရှိဘူး။ ယောကျ်ားတွေအပေါ်လည်း လုံးဝအ ထင်ကြီးစိတ်မရှိဘူး။ ယောကျ်ားမှန်သမျှ အိုက်ပန်းလိုလူတွေလို့ပဲ သတ်မှတ်ထား တာ။

ငါ့မှာလေ ကလေးတွေ တစ်အုံ စ်မကို ရှာဖွေကျွေးရတာ ဖတ်ဖတ်ကို မောနေတာဟဲ့။ ဒီတော့ လူတွေက နင့် ာမည်ကသာ မယ်ငြိမ်း၊ လူကျတော့ တယ်မငြိမ်းပါလားဟယ်လို့ ပြောစ ာ်ပြုတယ်။

ငါဟာ စိတ်မာတတ်ကြံ့ခိုင်တယ်။ နည်းစိတ်မမွေးဘူး။ မျက်ရည်မကျ ဘူး၊ မိန်းမသားပေမယ့် ဒေါင်ကျကျ ပြား ကျကျဆိုပြီး တင်းမာတဲ့စိတ်နဲ့ ကလေး တွေ လူလားမြောက်အောင်မွေးတယ်။ အရွယ်ရောက်တော့ရှင်ပြုပေးနိုင်အောင် ကြိုးစားတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ကြီးလာလိုက်တာ မကျန်အပျိုဖြစ်ပြီး အောင်ရနဲ့ အိမ်ထောင်ကျတယ်။

ကျော်တင်က (၁၆) နှစ်သားမှာ တွင်းဆရာစလုပ်ပြီး မိခင်ကို လုပ်ကျွေး တယ်။ ရွှေထွန်းက နောက်လိုက်လုပ် တယ်။ ဘစိုးကိုတော့ ကိုရင်ဘဝနဲ့ စာ သင်ဖို့ မန္တလေးကို ပို့ပေးတယ်။ ကျော် တင် လုပ်နိုင်ကိုင်နိုင်တဲ့ဘဝရောက်တော့ ကျော်တင်က အမေ အနားယူတော့၊ ဘာမှမလုပ်နဲ့တော့ ဆိုပြီး ဘဝကို အ ငြိမ်းပေးလိုက်တော့တာပဲ။ အဲဒီကျမှ ငါ့ ဘဝမှာ မယ်ငြိမ်း ဆိုတဲ့အမည်နဲ့ လိုက် တော့တယ်ဟာ။

**ရွှေထွန်းအရွယ်ရောက်ပြီ**

ဒီရွှေထွန်း ဆိုတဲ့ အကောင်ဟာ ညွှန့်လှိုင်ဝင်စားတယ် ဆိုတာ ငါဘယ် သူ့မှမပြောဘူး။ ပြောရင် အိုက်ပန်း ရန် ရှာမှာစိုးလို့ဟဲ့။ ငါဟာ အဲဒီကိစ္စရင်နှုတ် ပိတ်နေခဲ့တယ်။ တော်သေးတယ်၊ ရွှေ ထွန်းကလည်း သူညွှန့်လှိုင်ပါလို့ ဘယ်သူ့ ကိုမှထပ်ပြောမပြခဲ့ဘူး။ တောထဲမှာ ပုန်း အောင်းနေတုန်းကပဲ ပီပီပြင်ပြင် တစ်ခါ သာ ပြောပြခဲ့တာလေ။ ငါနဲ့ သူ အဲဒီ အတိတ်အကြောင်းကို ဝှက်ထားခဲ့ကြ တယ်။ ဒါကြောင့် ရွှေထွန်းက အရင် ဘဝက ညွှန့်လှိုင်ဆိုတာ မသိကြပါဘူး။

ကျော်တင်ရဲ့နောက်လိုက်လုပ်ပြီး တွင်းပညာလည်းတတ်၊ အရွယ်လည်း ရောက်ကရော ကျောက်ပြဿဒ်က သူ့ အဘွားတော်တဲ့ ကိုဖိုးစိန်၊ မအေးတို့အိမ် မှာ တွင်းဆရာသွားလုပ်ပါတယ်။

ဒီအချိန်မှာ မအေးဟာ ကျောက် ကြောတွေပေါက်ပြီး ကျိကျိတက်ချမ်း သာနေပြီလေ။ ငယ်စဉ်တုန်းက မယ်ငြိမ်း၊ နင်ချမ်းသာရင် ငါ့ကို ပစ်မထားနဲ့နော် လို့ ခဏခဏပြောတဲ့ မအေးဟာ သူဌေး ကတော်ဖြစ်နေပါပြီ။ သူက ငါ့ရဲ့ရုပ် လက္ခဏာကြည့်ပြီး ငါက ချမ်းသာမယ်၊ သူက ဆင်းရဲမယ်လို့ ထင်ခဲ့ပေမယ့် တကယ့်လက်တွေ့ဘဝမှာ သူက သူဌေး မကြီးဖြစ်နေပြီး ငါက ဆင်းရဲတဲ့ မုဆိုးမ ဘဝရောက်နေခဲ့တယ်။ ကံတရားဆိုတာ အလွန်အံ့ဩဖို့ကောင်းတယ်ဟ။

နင် ကျောက်ဖျာကို ရောက်လာ တော့ ဘစိုးက အိမ်ထောင်ကျနေပြီး ဘွားဇရပ်ဝင်စားတဲ့ တင်ကြည်နဲ့ ရနေပြီ ပေါ့။ ငါ့သမီးအငယ်ဆုံး အုန်းမေက တော့ အောင်မြင့်နဲ့ မင်္ဂလာဆောင်ပြီးစ လေ။ ကျော်တင်နဲ့ ရွှေထွန်းတို့က လူပျို တွေ နင်လည်း မြင်နေတာပဲဟာ။

နင်ရောက်ပြီး မကြာလိုက်ဘူး။ ရွှေထွန်းဟာ ကျောက်ပြဿဒ်သူ ခင်ရီနဲ့ အိမ်ထောင်ကျသလို ကျော်တင်ကလည်း စစ်ကိုင်းသူ ခင်စန်းလှိုင်နဲ့ အိမ်ထောင် ကျတယ်။ အဲဒီမင်္ဂလာပွဲတွေ နင်နွှဲခဲ့သေး တာပဲ မှတ်မိနေမှာပေါ့။

အုန်းမေ သမီးလေး (၂) ယောက် အရမှာ နင့်မျက်စိအောက်မှာပဲ သေ သွားတယ်။ နင်ဟာ ငါ့သားလို အတူတူ နေခဲ့တာ ငါ့မျက်ရည်ကျတာ ဘယ်မှာ မြင်လို့လဲ။ ငါလေ ဘဝမှာ ငြိမ်းငြိမ်းချမ်း ချမ်းပဲနေချင်တယ်။ မပူလောင်ချင်ဘူး။ ပူလောင်တဲ့စိတ်လည်း လုံးဝမမွေးဘူး။ ငါ့ဘဝမှာ ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွား၊ ဒါနဲ့ပဲ နေခဲ့တော့တာလေ။

**မျက်စိအောက်က နှစ်ဘဝ**

ရွှေထွန်းဟာ အရင်ဘဝက (၄၁) နှစ်မှ တွင်းပိပြီး ဆုံးခဲ့ရတယ်။ ဒီဘဝမှာ လည်း အသက်(၄၁)မှာ တွင်းပိပြီးများ သေဦးမလား ဆိုတဲ့အတွေး ငါ့စိတ်ထဲ ဖျတ်ခနဲဝင်ခဲ့ဖူးတယ်။ ရွှေထွန်းအသက် (၄၁) နှစ်ကိုရောက်ခဲ့လို့လေ။ ဒါ ပေမယ့် အဲဒီဝင်ခဲ့တဲ့အတွေးကို ချက်ချင်းဖျက်ရ တယ်။ အရင်ဘဝနဲ့ ခုဘဝ ဘာဆိုင်လို့ လဲဆိုပြီး ဖြေသိမ့်ရတာပေါ့ဟာ။

ပြီးခဲ့တဲ့ ညွှန့်လှိုင်ဘဝက အဖို့အစု ကြောင့်လားတော့ မသိပါဘူး။ ခုဘဝမှာ လည်း တိုက်တိုက်ဆိုင်ဆိုင် (၄၁) နှစ်မှာ ပဲ ဆုံးပါးသွားခဲ့ပြန်တယ်။ အရင်ဘဝက လည်းတွင်းပိလို့သေ၊ ခုဘဝလည်း တွင်းပိ လို့သေဆိုတော့ အတော်လေးကို တိုက် ဆိုင်လှပါတယ်။

အဲဒီကောင်ဟာ ငါ့မျက်စိအောက် မှာ နှစ်ခါတောင် သေပြီးပြီပေါ့ဟယ်။ နောင်ဘဝတွေမှာ လူဖြစ်ခဲ့ရင် ဒီလိုဘဝ ဆိုးမျိုးနဲ့ မကြုံပါစေနဲ့လို့ဘဲ ငါဆုတောင်း ရတာပါပဲ။

ငါနဲ့ အဲမေ ရွာအဝင် ညောင်ပင် အောက်ရောက်မှ ရွှေထွန်းရဲ့မိန်းမ ခင်ရီ နဲ့ ကျောက်ပြဿဒ် ရှမ်းပိုင်းက မိန်းမ တစ်စု ရွှေထွန်းအလောင်းရှိရာကို သုတ် သုတ်သုတ်သုတ်နဲ့ သွားကြလေရဲ့။

*ချမ်းမြေ့ကြပါစေ*

မိုးကုတ်ကျော်ကျော်စိုး

**မှတ်ချက် -**

*ပြန်ကပြေးအား ၁-၇-၂၀၁၂ နေ့မှစ၍ အောင်ဇမ္ဗူရုပ်ကွက်ဟု ပြောင်းထားပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ညသန်းခေါင် လရောင်အောက်တွင် ရေလွှာသင်ဖြူး လှိုင်းတွန့်ကလေးများ မြူးထူးပျော်ပါး ငွေရည်ကလေး တွေလှဲလျက် ပြေးလွှားဆော့ကစားနေကြသည်။ ညဥ့်နက်သန်းခေါင်ကာလမို့ မြစ်ငယ်မြစ်သည် အထီးတည်း ပျင်းရိလေးတွဲ့စွာ စီးဆင်းနေသည်။ ထို့အတူ မြစ်ငယ်ရေပြင်ပေါ် ဝယ် လူတစ်ယောက်နှင့်လှေငယ်တစ်စီးကလည်း အထီးကျန်ဆန်လှစွာ တဖြည်းဖြည်းချင်း ရွေ့လျားနေလေသည်။ အထီးကျန်စျာန်ဝင်နေ၍ပေပဲလားမသိ။ လှေငယ်ရှင်လုလင်သည် လှော်တက်ကို မခတ်ချင်ခတ်ချင်ဟန် တစ်ချက်ချင်း တအိအိလှော်ခတ်နေသဖြင့် လှေကလေးသည် ခြေတရွှတ်တိုက်ဆွဲနေသည့် ဂိလာနလူတစ်ယောက်နှယ် ဆန့်ငင်ဆန့်ငင်ဖြင့် ရွေ့တစ်ချက်မရွေ့တစ်ချက်သွားနေရကား တိတ်ဆိတ်သောညကာလ လရောင်မှေးမှေးအောက်မှ မြစ်ငယ်ရေနှင့် လှေငယ်ရှင်တို့အသွင်ကား ပျင်းရိငြီးငွေ့ဖွယ်ဟု ဆိုရမည်လား၊ လွမ်းဆွတ်တမ်းမောဖွယ်ဟု ဆိုရမည်လားမသိ။ စင်စစ် ထိုလှေငယ် ဦးတည်နေသည်ကား တုတ်ရဲ ဆိုသော ရွာကလေးဘက်သို့တည်း။

တုတ်ရဲရွာ ဆိုသည်ကား အင်းဝမြို့ဟောင်း (ဝါ) ရတနာပူရ အင်းဝနန်းမြို့ရာဟောင်း၏ အရှေ့မြောက်ဘက် (၃)မိုင်ခန့်အကွာတွင်ရှိသော ရွာကလေးတစ်ရွာပါပေ။ ရှေးမြန်မာ အင်းဝမင်းများလက်ထက်အဆက်ဆက်တွင် တုတ်ကိုကိုင်ဆွဲလျက် ရဲဝံ့စွာတိုက်ပွဲဝင်ခဲ့သော စစ်သည်သူရဲကောင်းလေးများစွာတို့ပေါ်ထွန်းခဲ့ရာရွာဖြစ်သဖြင့် ထိုရွာကို တုတ်ရဲရွာဟု ခေါ်စမှတ်ပြုခဲ့ကြလေသတတ်။

"အင်း. . . တဖြည်းဖြည်းချင်း ရွာဘက်တောင်အတော်နီးလာပါပေါ့လား။ မိသင်းတော့ လွမ်းကျန်ရစ်ခဲ့ရှာမှာပဲ။ ငါလည်း ဘယ်တော့မှ မိသင်းကို ဟောဒီလှေကလေးပေါ်ခေါ်တင်လို့ ပျော်ပျော်ရွှင်ရွှင်နေနိုင်ရမှာပါလိမ့်"

လရောင်အောက် အတန်လှမ်းလှမ်းတွင် သစ်ပင်ဝါးပင်များ၊ အိမ်ရာများနှင့် မိုးတိုးမှောင်တောင် ထိုးထိုးထောင်ထောင် ရိုးတိုးရိပ်တိပ် မြင်ရစပြုနေပြီဖြစ်သော မိမိ၏တုတ်ရဲရွာကို လှမ်းမြင်လိုက်ရသည်နှင့် ကိုဘိုးရင်နှုတ်က သို့ကလို ရေရွတ်လိုက်မိသည်။ သူ့ချစ်သူမိသင်းရှိရာ သူတို့အခေါ် မြောက်ရွာဟုခေါ်သော ရွာတော်အမည်ရှိ ရွာလေးသို့ အသွားတုန်းကတော့ ချစ်သူနှင့်တွေ့ချင်လွန်း၍မို့ ကိုဘိုးရင်၏ လက်တို့ကလှော်တက်ကို သွက်လက် တက်ကြွစွာလှော်မိခဲ့သလောက် ယခုချစ်သူနှင့်ခွဲခွာ၍ အချိန်တန်လို့ အိမ်ပြန်ရလေသောအပြန်လမ်းတွင်မတော့ လှော်လက်တို့လေး၍ လှော်တက်က နှေးကွေးပေလွန်းရကား လှေကလေးက ဖြည်းဖြည်းသာရွေ့နေလေခြင်း ဖြစ်ပေသည်။ သို့-လှော်တက်ကို တစ်ချက်ချင်းတစ်ချက်ချင်း ခပ်လေးလေး ခပ်မှေးမှေးကလေး လှော်ခတ်ရင်း ရွာသို့ပြန်ခဲ့ရလေသော်ငြား ကိုဘိုးရင်၏စိတ်တို့က မြောက်ရွာမှာပင် ကျန်ရစ်နေဆဲ။

"ကိုရင်"

"ဟင် - မိသင်း၊ ပြောလေ"

"ကျုပ်တို့ ဒီအတိုင်းဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ကြာကြာနေကြမှာလဲ။ ကျုပ်တို့ရှေ့ရေး ကိုကိုရင် ဘယ်လိုစဉ်းစားထားလဲဟင်”

တုတ်ရဲရွာသား ကိုဘိုးရင်နှင့် ပြောက်ရွာတော်သူ မိသင်းတို့ လူငယ်ဘာဝ ရည်ငံနေကြသည်မှာ သုံးနှစ်ခန့်ပင် မဟုတ်သော်လည်း နှစ်နှစ်နှစ်မိုးကာတော့။ ရွာတော်က အလှူပွဲတစ်ခုမှာ ရွာ၏ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အချောအလှစာရင်းဝင်မလေးတစ်ဦးဖြစ်သော မိသင်းကို တောင်ရွာ တုတ်ရဲသား ကိုဘိုးရင်တစ်ယောက် မြင်မြင်ချင်း ရင်ထဲ နင့်ခနဲ ခံစားရလိုက်မိသည်။ မြှားကရေစက်ချခဲ့ဖူးသောပန္နက်ကြောင့် ထင်ရဲ့။ ကိုဘိုးရင်ကို မြင်ခဲ့၊ အကြည့်ချင်းဆုံခဲ့မိသော မိသင်းကလည်း မြင်မြင်ချင်းပင် ဘာကြောင့်များ ချစ်ချင်တယ်ဟုဆိုရမလို မိသင်းရင်တွေခုန်ခဲ့ရသည်။ ရင်တွေတုန်ခဲ့ရသည်။ အခြားတစ်ပါး ကာလသားတွေစိုက်ကြည့်လျှင်၊ စေ့စေ့ကြည့်လျှင် မျက်စောင်းမျက်မာန်နှင့် ခပ်ထန်ထန် ပြန်ကြည့်တတ်သော မိသင်းတစ်ယောက် တစ်ရွာသား ကိုဘိုးရင်၏စူးရဲသောအကြည့်စိန်းများအောက် လက်မြှောက် အရှုံးပေး၍ ရှက်စနိုး မျက်လွှာချခဲ့လိုက်မိရပါသည်။

‘ဘယ်လိုလူကြီးမှန်းလဲ မသိဘူး။ အကြည့်ကရဲလိုက်တာ။ သူများရှက်ပါတယ်’

မိသင်းရင်ထဲကလည်း သို့ကလို ရေရွတ်လိုက်မိရှာပြန်ပါသည်။

‘လှရက်ပါပေ့ နှမရယ်၊ ဟောဒီ ကိုဘိုးရင် ကျုပ်အသည်းမှာ စွဲမိပါပြီ’

မိသင်းကို မြင်မြင်ချင်း ကိုဘိုးရင်၏ ရင်ထဲကစကား။ အနီးသို့ တုတ်ရဲသား ကိုဘိုးရင်နှင့် ရွာတော်သူ မိသင်းတို့ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိကြလေသဖြင့် ရွာခံအောင်သွယ်တော်များမှတစ်ဆင့် ချဉ်းကပ်လာလေသော ကိုဘိုးရင်ကို မိသင်းကလည်း သိပ်ကြာကြာဟန်ဆောင်ကာမူပိုနိုင်ခြင်း မရှိခဲ့ပါလေ။ သည်လိုနှင့် ရွာတော်မှ ပန်းရွှေကြာထံသို့ တုတ်ရဲမှ ပျားပိတုန်းကောင်သည် မကြာခဏ ပျံကာဝဲခဲ့ပါလေသည်။ သည်လိုနှင့် ရက်ကို လစား၊ လကို နှစ်စား၍ တစ်မိုးမှ နှစ်မိုးသို့ ကူးပြောင်းရောက်ရှိလာလေပြီ။ မိန်းမသား မိသင်းက ချစ်သူနှစ်ဦး ချိန်းတွေ့ခဲ့လေသော ထိုညကာလအခါက ချစ်သူကိုဘိုးရင်ကို နှစ်ကိုယ်ရှေ့ရေး မေးနေလေခြင်းဖြစ်ပါချေသည်။

“အင်း. . . ဒီတစ်ဆောင်း ပဲပေါ်ပြီးရင် ကိုဘိုးရင် မိသင်းကို လူကြီးစုံရာနဲ့ မိသားဖသားပီပီလာတောင်းပါ့မယ်။ ဒီတစ်ဆောင်းပဲစောင့်ပါ မိသင်းရယ်နော်။ ကိုဘိုးရင်လည်း မိသင်းနဲ့အတူနေချင်လှပါပြီကွယ်။ အိမ်က အဘနဲ့ အစ်မ (အဖေနှင့် အမေ) တို့ကလည်း ကိုဘိုးရင်သဘောပဲလို့ခွင့်ပြုထားပြီးသားပါကွယ်။ စိတ်ပူမနေနဲ့ပေါ့”

“တကယ်လား ကိုရင်ရယ်”

“နှစ်ကယ်၊ နှစ်ကယ်ပါ မိသင်း






www.burmeseclassic.com

www.burmeseclassic.com

ရယ်"

ချစ်သူ မိသင်း၏ ကိုယ်လုံးတစ်တစ်အစ်အစ်ကလေးကို ရင်မှာထွေးပွေ့ထားရင်းက ကိုဘိုးရင် မချိတင်ကဲ ပြန်ဖြေလိုက်ရသည်။ ချစ်သူ၏ ကိုယ်သင်းရနံ့လေးက အခုထိ သူ့နှာခေါင်းထဲစွဲနေဆဲ။ မိသင်း၏လှပသော စွဲမက်ဖွယ်မျက်နှာကလေးနှင့် အားငယ်ငယ် မဲ့ပြုံးမြော့မြော့ကလေးက သူ့စက္ခုစုံထဲ စွဲထင်နေဆဲ။

"ကိုရင်၊ မိသင်းမျှော်နေမယ်နော်"

ချစ်သူနှစ်ဦး ခွဲခွာခါနီး သူလှေထဲသို့အဆင်း မိသင်း၏ခပ်တိုးတိုးမှာသံကလေးကလည်း သူ့နားထဲမှာ ကြားယောင်နေဆဲ။

'ဒီတစ်ဆောင်းပဲ စောင့်လိုက်ပါ မိသင်းရယ်'

ကိုဘိုးရင် သို့ကလို စိတ်ထဲက ညည်းညူရေရွတ်လိုက်ရင်း အတွေးရေယဉ်ကြောကိုဖြတ်လိုက်သည်။

"ဟင် - ညောင်ဆိုးပင်ကြီးနားတောင်ရောက်နေပြီပဲ။ မြန်မြန်လှော်မှ"

အတွေးကောင်းကောင်းနှင့် နောက်ကြောင်းကြည့်မိလိုက်သည့်ခဏ ရွာနှင့်တစ်ပြသာသာကမ်းစပ်ပေါ်ရှိ ညောင်ပင်ကြီးနားသို့ သူရောက်နေပြီ ဖြစ်ကြောင်းတွေ့လိုက်ရတော့သည်။ ဤညောင်ပင်ကြီးသည် ဤအနီးအနားဝန်းကျင်ဒေသတစ်ဝိုက်၌ အမည်ဆိုးဖြင့် နာမည်ကြီးလှသော အဓိကရညောင်ပင်ကြီးဖြစ်သည်။ အကြောင်းသိစာတတ်သိသော ဤနယ်ခံလူများအားလုံး ညနေ နေဝင်ရီသရောအချိန်အခါမှစ၍ ဤညောင်ပင်ကြီးနှင့်ဝေးကွာလှမ်းစွာနေရာမှ ဖြတ်သွားဖြတ်လာကြသည်။ လူများများ၊ အဖော်များများပါကြသည့်တိုင် ဤအဓိကရညောင်ဆိုးပင်ကြီးရှေ့မှ မလွှဲမရှောင်သာကပ်၍ဖြတ်ရလျှင်ပင် ညောင်ပင်ကြီးရှေ့ရောက်သည်နှင့် တက်ကုန်လက်ကုန်လှော်၍ အမြန်ဆုံး ဖြတ်သွားကြသည်သာ။ အကြောင်းမူ ဤညောင်ပင်ကြီးသည် အခြောက်အလှန့် အလွန်ကြီးလှသည်၊ ကြမ်းလှသည်ဟု ဘိုးစဉ်ဘောင်ဆက် ရှေးလက်ထက် ခေတ်ကာလများကတည်းက နာမည်ဆိုးဖြင့် ကျော်ကြားလှသောကြောင့်ပင်။ ထို့ကြောင့်လည်း ဤညောင်ပင်ကြီးကို အဓိကရညောင်ဆိုးပင်ကြီးဟု ခေါ်ကြသည်။

ကိုဘိုးရင်လည်း ထိုအကြောင်းကို ကောင်းကောင်းသိသဖြင့် မည်သည့်အခါမျှ ဤညောင်ပင်ကြီးနားကဖြတ်သွားလေ့မရှိခဲ့။ မိသင်းထံသွားခဲ့သော ညအခါမျိုးတိုင်း၌လည်း ဤညောင်ဆိုးပင်ကြီးကို အဝေးမှ ရှောင်ခဲ့ရှားခဲ့သွားခဲ့သည်ချည်းသာ။ ယခုတော့ အတွေးလွန်သတိလက်လွတ်ဖြစ်သွားသဖြင့် မမျှော်လင့်ဘဲ ဒီညောင်ဆိုးပင်ကြီးနားမှ ဖြတ်သွားရလေတော့သည်။ ယခုမှပြန်လှည့်ထွက်လို့လည်း မမီတော့။ ညောင်ပင်ကြီးရှေ့ ဝါးနှစ်ပြန်ကွာလောက်ကို ရောက်နေလေပြီ။ သို့နှင့် ကိုဘိုးရင်စိတ်ထဲ ထင့်ခနဲဖြစ်သွားပြီး လှော်တက်ကိုအားထည့်လျက် ခပ်သွက်သွက်လှော်မည့်အကြံနှင့် တက်ကို အားနှင့်တစ်ချက်မ,ရင်း ရုတ်တရက် ဘာရယ်မဟုတ် ညောင်ပင်ကြီးကို လှမ်းမော့ကြည့်လိုက်မိသည်။

"ဟိုက်"

ကိုဘိုးရင်နှုတ်က ထိုသို့ အာမေဋိတ်သံတစ်ချက်ထွက်သွားရင်းက ပါးစပ်အဟောင်းသားကြီးဖြစ်သွားရတော့၏။ အကြောင်းမူ ညောင်ပင်ကြီးကို လှမ်းမော့ကြည့်လိုက်စဉ်အခိုက် ညောင်ပင်ကြီးသည် ရိပ်ခနဲလှုပ်သွားပြီး ထိုညောင်ပင်ကြီးပင် ရုတ်တရက် ရေထဲသို့ဆင်းလာသလားဟု ထင်လိုက်ရသောကြောင့်ပင်။ သို့နှင့် သတိထားပြီး သေသေချာချာကြည့်လိုက်မိသည့်အခါတွင်ကား ညောင်ပင်ကြီး ရွေ့ဆင်းလာခြင်း မဟုတ်ဘဲ ညောင်ပင်ကြီးနှင့် တစ်ထပ်တည်း တစ်ရပ်တည်းနီးပါး မြင့်မားကြီးမားလှသော မည်းမှောင်မှောင်အကောင်ကြီးတစ်ကောင် ရေထဲရှိ သူ့ရှိရာဘက်သို့ လွှားခနဲ လှမ်းဆင်းလာခြင်းပင်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

သို့နှင့် အန္တရာယ်ဆိုသောအသိနှင့်ကြောက်စိတ်ကြောင့် ကိုဘိုးရင် ချက်ချင်း သတိဝင်လာပြီး လှေကို အားကုန်ကျုံး၍လှော်လိုက်သည်။ မရွေ့၊ လှေသည် လုံးဝမရွေ့။ ရှေ့တွင် တစ်စုံတစ်ရာနှင့် တိုက်မိနေသလိုဖြစ်နေသည်။ သို့နှင့် ကိုဘိုးရင် လှေကို တအားကျုံးလှော်လိုက် ပြန်သည်။ ဒါလည်း လှေက လုံးဝမရွေ့။ ထို့ကြောင့် လှေကို ကွေ့ထွက်ရန်ကြိုးစားကြည့်လိုက်၏။ ကွေ့၍လည်း မရ။ သို့နှင့် ရှေ့သို့လည်းမရွေ့၊ ဘေးသို့လည်း မကွေ့လေသဖြင့် နောက်ဆုံး ကိုဘိုးရင် လှေဦးဘက်ကို လှမ်းကြည့်လိုက်မိ၏။

'အောင်မယ်လေးဗျ၊ အမေရေ ကယ်ပါ'

ကိုဘိုးရင် အသံပင်မထွက်ရဲဘဲ သို့ကလည်း စိတ်ထဲကသာအော်လိုက်မိသည်။ သူမြင်လိုက်ရသည်က သူ့လှေဦးရှေ့တွင် ပိတ်ကာ၍ရပ်နေသော ခြေထောက်ကြီးနှစ်ချောင်း။ ခြေထောက်များဟု ဆိုရလေသော်ငြား ပေါင်လုံးကြီးနှစ်လုံးဟု ဆိုလေမှ ပို၍ မှန်ပေမည်။ အမွေးမည်းမည်းကြီးတွေ တစ်ထွာတစ်မိုက်မျှ ရှည်လျားစွာ ဖုံးလွှမ်းထားသော ပေါင်လုံးကြီးနှစ်လုံး။ ဤနေရာဤရေပြင်အနက်ကို ကိုဘိုးရင် ကောင်းကောင်းမှန်းနိုင်၏။ ဤနေရာတွင် ရေပြင်သည် အနည်းဆုံး ဝါးတစ်ပြန်ကျော်ကျော်ခန့်နက်မည်မှာ သေချာသည်။ ဤမျှနက်သော ရေပြင်၌ပင်လျှင် ထိုမကောင်းဆိုးဝါးကြီး၏ ပေါင်လယ်မျှလောက်သာရှိလေရာ တစ်ကိုယ်လုံးသာဆိုပါက ထိုမကောင်းဆိုးဝါးကြီး မည်မျှ ကြီးမားကြောက်မက်ဖွယ်ကောင်းလိုက်ပါမည်နည်း။ သို့အတွေးနှင့် ကိုဘိုးရင်ခမျာ သူ့မျက်စိရှေ့တည့်တည့် လှေဦးထိပ်တွင်ရပ်နေသောအကောင်ကြီး၏ပေါင်ရင်းမှအထက်သို့ ဆက်လက် မော့ကြည့်ခြင်းငှာ မဝံ့ရဲတော့။ အကယ်၍များ မော့ကြည့်လိုက်မိပါလေက မတွေးရဲစရာပါပေ။

စင်စစ် ကိုဘိုးရင်သည် ပင်ကိုသတ္တိသိမ်နည်းလှသူ၊ ခေလှသူမဟုတ်။ သန်မာထွားကျိုင်း အားကောင်းမောင်းသန် ယောကျ်ားကောင်းတစ်ယောက်။ လူလူချင်းဆိုလို့ကတော့ နှစ်ယောက်တစ်ယောက် ယှဉ်ရန်ကိုပင် ဝန်လေးသူမဟုတ်။ ထိုးရဲလုံးရဲသည်။ သို့သော် ယခု သူရင်ဆိုင်နေရသည်က လူသာမန်မဟုတ်။ ကြီးမားလွန်းလှ၊ ကြောက်မက်ဖွယ်ကောင်းလွန်းလှသည့် နာနာဘာဝဝေမာနိကပြိတ္တာကြီးလား၊ သရဲကြီးလား၊ တစ္ဆေကြီးလားဟု ဆိုနိုင်သည့် အဒိဋ္ဌသားမိစ္ဆာမကောင်းဆိုးဝါးကြီးတစ်ကောင်။ သူယခုမြင်နေရသော မိစ္ဆာမကောင်းဆိုးဝါးကြီး၏ ပေါင်လုံးကြီးများကလည်း ပေါင်တစ်လုံးသည် ထန်းပင်ကြီးတစ်လုံးစာမျှမက ကြီးမားလှသည်။ ထို့ကြောင့် ထိုပေါင်လုံးများမှ အထက်သို့ ဆက်၍ သူခေါင်းမော့မကြည့်ရဲတော့။ မိမိကိုယ်ကိုမိမိမယုံ။ ထို့ထက် ဆက်၍ မော့ကြည့်ရန် သူသတ္တိမွေး၍မရ။ ထိုမြင်ကွင်းမျှနှင့်ပင် ကိုဘိုးရင် ခေါင်းနားပန်းများကြီးသွားပြီး ဆံပင်တွေရော တစ်ကိုယ်လုံးမွေးညင်းတွေပါ အကုန်ထောင်ကုန်သည်ဟုထင်ရ၏။ ရင်ထဲတဒိတ်ဒိတ်ဖြစ်ပြီး ခြေတွေရောလက်တွေပါ တအားဆတ်တုန်နေ၏။ စိတ်လှုပ်ရှားလွန်းလှစွာဖြင့် လက်ထဲက လှော်တက်ကို တအား



www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်ထားမိပြီး ရေထဲနှစ်ထားသော လက်ကိုသော်မှ မ,မတင်ရဲ။ လုံးဝ မလှုပ်ရဲ။

"သံ. . . သမ္ဗုဒ္ဓေ. . . ဒွါသသဋ္ဌ . . . အဋ္ဌ. . . သမ္ဗုဒ္ဓေ"

သမ္ဗုဒ္ဓေဂါထာတော်ကို သူကြိုးစားရွတ်ကြည့်လိုက်သည်။ ငယ်ငယ်ကတည်းက အဘတို့၊ အစ်မတို့ သင်ပေးထားသဖြင့် နှုတ်တက်အာဂုံဆောင်လာခဲ့သောသမ္ဗုဒ္ဓေဂါထာကို ယခု ကိုဘိုးရင် အမြီးအမောက်တည့်အောင် ရွတ်၍မရဖြစ်နေသည်။ သို့နှင့် တစ်မျိုးပြောင်းရွတ်ကြည့်လိုက်သည်။

"ဣတိဘဂဝါ. . . ဗုဒ္ဓေါ. . . သမ္မာသတိ. . . အင်း. . . အဲ"

သမ္ဗုဒ္ဓေရွတ်၍ ဟန်မကျသဖြင့် ဘုရားဂုဏ်ကိုးပါးကို ပြောင်း၍ကြိုးစားပြီး ရွတ်ကြည့်သော်လည်း မဟန်။ ကြောက်စိတ်လွှန်နေသဖြင့် ဘုရားဂုဏ်တော်ကိုးပါးကိုလည်း အဆင်ပြေပြေ မရွတ်နိုင်ပြန်။

"အဲဒါတွေမရွတ်နဲ့၊ ငါလည်းရတယ်"

အထက်ပါအတိုင်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သမ္ဗုဒ္ဓေဂါထာ၊ ဂုဏ်တော်ကိုးပါးတို့ကို မနည်းကြိုးစားရွတ်နေစဉ်မှာပင် မကောင်းဆိုးဝါးကောင်ကြီး၏ အသံနက်ကြီးဖြင့် သို့ကလိုပြောသံကို ကြားလိုက်ရသည်၌ ကိုဘိုးရင်ခမျာ နေစရာမရှိတော့။ နဂိုကမှ ဂါထာတွေ ရွတ်၍ အဆင်မပြေရသည့်ကြားထဲ ထိုမိစ္ဆာကောင်ကြီး၏အသံက ကြားဖြတ်ပေါ်လာလေပြန်သဖြင့် ကိုဘိုးရင် တတ်သမျှမှတ်သမျှ ဂါထာတွေအားလုံး ဘာမှ မရတော့။ အစပင်ဖော်မရတော့။ ဂါထာရွတ်ရန်ကြိုးစားနေသော သူ့နှုတ်ဖျားတို့မှာ ကြောက်စိတ်ကြောင့် တဆတ်ဆတ်တုန်နေပြီး မေးချင်းပင်ရိုက်နေသည်။ ကိုဘိုးရင် ဆက်၍ဘာလုပ်၍ဘာကိုင်ရမှန်း မသိတော့။ အဖော်အလှော်လေးများ တွေ့လိုတွေ့ငြား ဘေးဘီဝဲယာကို အသာဝေ့ဝဲကြည့်လိုက်တော့လည်း အ,ကာလအချိန်မတော်အခါမတော်ကြီးမို့ အနီးအနားဝန်းကျင်မှာ မည်သည့်လူ့အသွားအလာမှုမရှိ။ မည်သည့်လူရိပ်သူရိပ်မျှလည်း မပေါ်လာ။

ဤမကောင်းဆိုးဝါးကောင်ကြီး ပိတ်ဆီးထားသဖြင့် လှေကလည်းရှေ့ကိုတိုး၍လည်းမရ၊နောက်ကိုလည်းမဆုတ်ရဲ။ ရှင်းရှင်းပြောရလျှင် လုံးဝကိုမလှုပ်ရဲ။ ကိုဘိုးရင် ဇောချွေးတွေလည်းပြန်နေပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းလည်း မသိ၊ ခက်ပြီ။ ထိုအခါက ထိုအချိန်ကာလသည် အချိန်အားဖြင့် မိနစ်ပိုင်းအနည်းငယ်မျှသာ ရှိလေသော်ငြား ကိုဘိုးရင်အဖို့တော့ ရှည်ကြာလွန်းလှသည့် ညဥ့်ယံကာလများ ဖြစ်နေပါလေသည်။ သို့နှင့် မတတ်သာသည့်နောက်ဆုံး ထိုအကောင်ကြီးကို လက်ထဲကလှော်တက်ဖြင့် အားကုန်လှမ်းရိုက်လိုက်လျှင်ကောင်းလေမည်လားဟု ကိုဘိုးရင် ကြံစည်လိုက်မိသေးသည်။ သို့သော် ဤမျှကြီးမား ကြောက်မက်ဖွယ်ရာသော မကောင်းဆိုးဝါးကောင်ကြီးကို ထိုသတ္တဝါကြီးနှင့်ယှဉ်လိုက်လျှင် ထမင်းအိုးမွှေသည့်ယောက်မလောက်ပင်မရှိသော မိမိ၏ လှော်တက်ဖြင့်ရိုက်ခြင်းသည် မည်သို့မျှ အရာရောက်နိုင်မည့်လုပ်ရပ်ကိစ္စမျိုးမဟုတ်။ အချည်းနှီး မိုက်မဲခြင်းသာ ဖြစ်ပေလိမ့်မည်။ အခန့်မသင့်လျှင် ဤမိစ္ဆာကောင်ကြီး စိတ်လွတ်သွားပြီး မိမိကိုလှမ်းဆွဲကုပ်ချိုးသတ်လိုက်မှဖြင့် အခက်ဟု တွေးမိကာ ဆုပ်ကိုင်ထားသော လှော်တက်ကို မ,မည်ပြုပြီးမှ စိတ်ကိုအသာလျှော့ထားလိုက်ရသည်။

သို့နှင့် နောက်ဆုံး ကြံရာမရဖြစ်နေသော ကိုဘိုးရင်မှာ ရွာဘက်သို့လှမ်းမျှော်ကြည့်လိုက်မိလေသည်။ ထိုအခါ မကောင်းဆိုးဝါးကောင်ကြီး၏ ပေါင်နှစ်ခုကြားမှဖြတ်လျက် မိမိတို့ တုတ်ရဲရွာဦးရှိ ရွာတော်ရှင်နတ်ကွန်းလေးအား လရောင်အောက်မှ ခပ်ရေးရေးလှမ်းမြင်လိုက်မိလေသည်။ ထိုရွာတော်ရှင်ကို မိမိ ညဥ့်ကာလထွက်တိုင်း အမိ၊ အဖ၊ အဘိုး၊ အဘွားတို့ထံမှ တစ်ဆင့်စကား မှတ်ကြားထားချက်အရ ဘေးကင်းရန်ကင်းရန် ဆေးလိပ်နှင့် ကွမ်းကို ကိုဘိုးရင် အမြဲတမ်း တင်မြှောက် ဂါရဝပြုခဲ့စမြဲဖြစ်သည်။ ယခု မိမိမှာ သေရေးရှင်ရေးဘေးတွေ့နေရလေပြီ။

"ရွာတော်ရှင်ဘိုးဘိုးကြီး၊ သားတော်ကိုကယ်တော်မူပါ။ ဒီမှာ ဒုက္ခတွေ့နေရပါပြီ ဘုရား"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အကြံကုန် ဂဠုန်ဆားချက်ဟုပဲဆိုဆို ဘေးအန္တရာယ်ကြုံလာရပြီ ဆိုတော့ သတ္တဝါတို့သဘောသဘာဝအတိုင်း ရေနစ်သူပင် မြက်တစ်ပင်ဖြစ်ဖြစ် ဆွဲထားတတ်ကြလေသေးသည်ပဲ။ ယခုလည်း ကြံရာမရသည့်အဆုံး နောက်ဆုံး မျှော်လင့်ချက်ဖြင့် ရွာတော်ရှင်နတ်ကွန်းအား လှမ်းကြည့်လိုက်ကာ အထက်ပါအတိုင်း ကတုန်ကယင်နှင့် နှုတ်မှတိုးတိုးကလေး ရွာတော်ရှင်နတ်ကို လှမ်း၍တမ်းတတိုင်တည်လိုက်မိရှာပါသည်။

ထိုအခါ သူ့စိတ်ကပဲထင်လိုက်မိသည်လား၊ တကယ်ပင်ဖြစ်ခဲ့လေသလား မသိ။ လရောင်အောက် ရွာဦးနတ်ကွန်းမှ အလင်းရောင်တစ်ချက် လက်ခနဲဖြစ်သွားပြီး အလင်းတန်းခပ်ဖျော့ဖျော့တစ်ခုကို ဘိုးရင်ရှိရာဘက်သို့ လွင့်လာသလိုလို ထင်မှတ်လိုက်ရလေသည်။

"ကြော်- နင်က အားကိုးရှိသပေါ့လေ၊ တောက်"

ထိုသို့ ကိုဘိုးရင်၏ မျက်စိထဲ ရွာတော်ရှင်နတ်ကွန်းဘက်မှ အလင်းရောင်ပေါ်လာသလိုလို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် သူ့လှေဦးထိပ်မှာ ကားကားကြီးရပ်နေသော မကောင်းဆိုးဝါးကြီး၏ပေါင်ကြီးနှစ်ဖက်သည် ဆတ်ခနဲ လှုပ်ခါသွားကာ အထက်ပါအတိုင်း ရေရွတ်လိုက်သည် အ,မင်္ဂလာအသံဆိုးကြီးကိုကြားလိုက်ရပြီးနောက် မိစ္ဆာအကောင်ကြီးသည် ရုတ်တရက် ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပါလေတော့သည်။ သို့ မကောင်းဆိုးဝါးကြီး ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ကိုဘိုးရင်လည်း လှေကို အသားကုန် လှော်ခတ်ခဲ့သည်ကိုသာ မှတ်မိလိုက်ပြီး ရွာသို့၊ အိမ်သို့ မည်သို့မည်ပုံ ပြန်ရောက်ခဲ့သည်ကိုပင် မမှတ်မိနိုင်လောက်အောင် ဖြစ်သွားခဲ့ရပါသည်။

သို့နှင့် နောက်ဆုံး ရွာဦးဆရာတော်ကိုပင့်ကာ ဆရာတော်မှ ပရိတ်ရေတိုက်၊ ပရိတ်ကြိုးများချည်ပေးပြီးမှ ကိုဘိုးရင် သတိပြန်လည်လာခဲ့ရပါ၏။ ထိုနေ့မှ နောက်တစ်ပတ်၊ ဆယ်ရက်ခန့် ကိုဘိုးရင် အပြင်းဖျားခဲ့ရပါလေသေးသည်။ ထိုအခါမှစ၍ ကိုဘိုးရင်တို့ တုတ်ရဲတစ်ရွာလုံး ရွာတော်ရှင်ဘိုးဘိုးကြီးကို အထူးလေးစား ပူဇော်ပ,သလေ့ ရှိခဲ့ကြပါလေသည်။

*(ဤဇာတ်လမ်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်က အမှန်ဖြစ်ပျက်ခဲ့သောဇာတ်လမ်း ဖြစ်ပါသည်။ ဇာတ်ဆောင်နှင့် ဒေသအမည်များ အမှန်အတိုင်း ဖြစ်ပါသည်။ အဘိုးဖြစ်သူ၏ ဤဇာတ်လမ်းကို ပြောပြပေးပြီး ရေးခွင့်ပြုခဲ့သော ဦးကျော်သန်း (မြို့နယ်မြေစာရင်းဦးစီးမှူး - ငြိမ်း၊ ကျောက်ဆည်မြို့) အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။)*

ကျော်စံရှိန်



www.burmeseclassic.com

www.burmeseclassic.com



တင့်ထူး(ဧေယျဝတီ)

ပုံရိပ်မဲ့ လက်စွပ်ပိုင်ရှင်

အေးထွန်းတို့ နေထိုင်ရာဒေသက ကျေးလက်တောရွာတစ်ရွာသာ ဖြစ်သည်။ တောရွာဖြစ်ခြင်းကြောင့် လျှပ်စစ်မီးက မရှိ။ ဖယောင်းတိုင်၊ ဒီဇယ်ဆီထည့်ထွန်းရသော မီးခွက်များကို အားပြုနေကြရသည်။ တချို့ စီးပွားရေးအဆင်ပြေသောအိမ်များကတော့ မီးစက်များဝယ်ထားကြသဖြင့် ညဘက်မှောင်လာလျှင် မီးစက်မောင်းပြီး အလင်းရောင်ဖန်တီးရယူကြလေသည်။ တစ်ညလုံး မီးစက်မောင်းထားခြင်းတော့မဟုတ်။ ဒီဇယ်ဆီဈေးကကြီးသဖြင့် ညဦးပိုင်း ကိုးနာရီလောက်အထိသာ မောင်းကြပြီး စောစောအိပ်စက်ကြရလေသည်။

မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်မီးရှိသဖြင့် အိမ်တိုင်းလိုလိုက မီးသွယ်ထားကြကာ လိုအပ်သော အလင်းရောင်၊ တီဗီဖွင့်ရန်၊ သားသမီးများ စာကျက်မှတ်ရန်တို့အတွက် မီးခလုတ်ဖွင့်လိုက်သည်နှင့် လင်းထိန်နေတော့၏။ တစ်ညလုံး ခလုတ်မပိတ်ဘဲထားလျှင် တစ်ညလုံးလင်းနေတော့၏။

ကျေးလက်ဒေသများမှာကတော့ ညနေ ငါးနာရီအချိန်လောက်၌ မမှောင်သေးမီ အလင်းရောင်ရှိနေစဉ်တွင် ညစာထမင်းကို စားထားကြရ၏။ ညဘက်တွင် မှောင်နေသဖြင့် ညရှစ်နာရီ၊ ကိုးနာရီလောက်ဆိုလျှင် အိပ်ရာဝင်ကြကာ မီးငြိမ်းထားကြ၏။ ညတစ်ရေးနိုး အပေါ့အပါးသွားလို၍ထကြလျှင် လက်နှိပ်ဓာတ်မီး အသုံးပြု၍ သွားကြရလေသည်။

မြို့မှာက မီးထိန်လင်းနေသဖြင့် ပူအိုက်သောနေ့များ၊ အိပ်မရသောနေ့များတွင် အလင်းရောင်အောက်၌ တစ်ညလုံး ထိုင်နေလိုပါက ထိုင်နေ၍ရကြသည်။ မပျင်းမရိ တီဗီထိုင်ကြည့်နေလိုကလည်း ကြည့်နိုင်သည်။ တချို့ ကျောင်းသားများဆိုလျှင် တစ်ညလုံး စာထိုင်ဖတ်ကြသည်။ ကျေးလက်တောရွာများတွင် ထိုသို့ လိုသလို အသုံးမပြုနိုင်ကြ။ ည၌ နက်သည်နှင့်အံမျှ ဆိုဖိုးက ကုန်ကျလေ၏။ တစ်ရက်တလေဆိုလျှင် အကြောင်း မဟုတ်သော်လည်း ရက်ကြာရှည်လာ ပါက စီးပွားရေးထိခိုက်နိုင်လေသည် ထို့ကြောင့် ညကိုးနာရီလောက်ဆိုလျှ ရွာမှလူများအားလုံး အိပ်မောကျခဲ့ကြ သာ ဖြစ်လေသည်။ သို့သော် ကျေးလ တောရွာနှင့် မြို့ပေါ်နေထိုင်ကြသူတို့ ကွာခြားချက်ကတော့ ရှိ၏။ ကျေးလ နေထိုင်သူတွေက စောစောအိပ်၍ နံန (၄) နာရီခန့် ကြက်တွန်သည်နှင့်ထ သည်။ မြို့ပေါ်နေသူတို့က ည၌နေ သန်းခေါင်ချိန်ရောက်မှအိပ်ကြ၍ နံန စောစောမထကြဘဲ (၈) နာရီလောက် သာ အိပ်ရာတထကြလေသည်။

■

တစ်ညတွင် ကိုထွန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးနိုးလာပြီး အပေါ့အပါးသွားရန် အိမ်အောက်သို့ ဆင်းလာခဲ့လေသည်။

"ဝုတ် ဝုတ် ဝုတ်"

"အူ အူ အူ အူ"

"ဟာ - ညကြီးအချိန်မတော် ခွေးတွေဟောင်နေအူနေကြပါလား"

ခွေးများစု၍အူနေသည့်အသံများကို ကြားလာရသဖြင့် ကျောထဲစိမ့်လာခဲ့ရသည်။ အကာလ ညအချိန် လူတွေအိပ်မောကျနေချိန်ဖြစ်သဖြင့် ပို၍ပင် ကြောက်စရာဖြစ်နေသည်။

"ခွေးတွေဘာလို့အူနေကြပါလိမ့်"

သူ့မိသားစုများကတော့ ခွေးတွေ ကြောက်ခမန်းလိလိ အူသံတွေ ဆူညံနေသည့်တိုင်အောင် တစ်ယောက်မျှ နိုးမလာခဲ့ကြချေ။ သူမှာသာ သို့လော သို့



www.burmeseclassic.com

www.burmeseclassic.com

လောတွေးတောကာ စိုးရိမ်နေခဲ့တော့သည်။ ယခင်ညများက ခွေးများ ဒီလို အူသံမကြားခဲ့ကြချေ။ ယခုရက်ပိုင်းတွင်မှ ထိုကဲ့သို့အူကြခြင်းမှာ အကြောင်းတော့ရှိရမည်ဟု သူတွေးမိနေသည်။ အိပ်ရာထဲတွင် ပက်လက်လှန်လိုက်၊ တစ်ဖက်သို့စောင်းလိုက်ဖြင့် ဟိုတွေးသည်တွေး တွေးနေမိကာ တော်တော်နှင့် အိပ်မပျော်ဘဲရှိနေခဲ့သည်။ မည်သည့် အချိန်ထိ သူအိပ်မပျော်ခဲ့ဘဲရှိနေခဲ့သည်ကိုပင် သူမသိရှိခဲ့ချေ။

"ဟာ - ခွေးတွေက လမ်းထဲအတိုင်းလာနေတဲ့ မည်းမည်းသတ္တဝါကြီးကိုမြင်လို့ အူနေကြတာပါလား"

ကိုထွန်းမြိုင် ထိုမကောင်းဆိုးဝါးကောင်ကြီးကိုမြင်နေရသည်။ မကောင်းဆိုးဝါးကောင်ကြီးသည် သူ့အိမ်ရှေ့သို့ ရောက်လာပြီး အိမ်ပေါက်ဝတွင် ရပ်၍ လက်ဝါးကြီးဖြန့်ကာ တောင်းနေလေသည်။ ဘာကိုတောင်းနေသည်ဆိုတာကို သူမသိခဲ့ပါချေ။

"ငါ့ဟာ ပြန်ပေး"

"ငါ့ဟာ ပြန်ပေး"

သူ့ဟာ ဆိုတာက ဘာလဲ။ ဘာ ပြန်ပေးရမည်ကို သူမသိ။ ထိုမကောင်းဆိုးဝါးကောင်ကြီးနှင့်လည်း သူတစ်ခါဖူးမျှ တွေ့ဆုံခဲ့ခြင်းမရှိခဲ့။ ယခု ဘာကိုလာတောင်းနေပြီး သူကဘာကိုပြန်ပေးရမည်ဆိုသည်ကို စဉ်းစားရကျပ်နေခဲ့သည်။

ထိုသို့ စဉ်းစားရကျပ်နေချိန်တွင် ကိုထွန်းမြိုင်အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ သူနိုးလာခဲ့တော့ မကောင်းဆိုးဝါးကောင်ကြီးကိုလည်း သူမတွေ့ရတော့၊ လက်ဝါးဖြန့်ပြီး ငါ့ဟာပြန်ပေးဆိုတဲ့အသံကိုလည်း သူမကြားခဲ့ရတော့ချေ။

"ဩော်- ငါအိပ်မက်မြင်မက်ခဲ့တာပဲ။ ငါ့အိပ်မက်ကလည်း ကြောက်စရာကြီးပါလား။ ဧကန္တ -- ငါ စောင်မခြုံဘဲ အိပ်ပျော်သွားခဲ့လို့ ကြောက်စရာအိပ်မက်ဆိုး မြင်မက်ခဲ့တာနဲ့တူတယ်"

ကိုထွန်းမြိုင်မှာ စောင်မခြုံဘဲ အိပ်ပျော်သွားခဲ့တော့ အေးလာပြီး အိပ်မက်ဆိုးမြင်မက်ကာ အိပ်မက်ထဲက မကောင်းဆိုးဝါးကောင်ကြီးက ငါ့ဟာပြန်ပေးလို့ လာတောင်းခံနေသည်ကို မြင်ယောင်နေမိသည်။

"ဒါဟာ အိပ်မက်ပဲ၊ တကယ်မှ မဟုတ်တာဘဲ"

မနက်မိုးလင်းသောအခါ အိမ်နီးချင်းနေသူတစ်ဦးအား သူ့အိပ်မက်ကို ပြောပြခဲ့မိသည်။

"ဟုတ်မှာပေါ့လေ၊ ခင်ဗျားက ပြန်အိပ်တော့ စောင်ခြုံပြီး မအိပ်ခဲ့တော့ အေးပြီးမြင်မက်တာပဲ ဖြစ်မှာပါ။ ဒါမျိုးက ဆောင်းဥတုတွေမှာ စောင်မခြုံဘဲ အိပ်ပျော်ခဲ့ရင် မြစ်ရေပြင်ထဲ ကမ်းမမြင်လမ်းမမြင် ကူးခပ်နေတာမျိုးတို့၊ ရေစက်လွန်းလို့ ရေဆာနေတာမျိုးတို့ မက်တတ်ကြပါတယ်လေ"

ထိုအိမ်နီးချင်းက ရှင်းပြတော့မှပင် ကိုထွန်းမြိုင် စိတ်သက်သာရာရခဲ့လေသည်။

"ဟာ- ငါ့နောက်က လက်ဝါးကြီးဖြန့်ဖြန့်ပြီးလိုက်လာနေပြီ။ သူ့ပုံပန်းကြီးကလည်း မလှမပနဲ့ ကြောက်စရာကြီး။ ငါလွတ်အောင်ပြေးမှပဲ။ အမလေး - ခလုတ်တိုက်ပြီဟ"

အေးထွန်း ခလုတ်တိုက်မိကာ မြေပြင်ပေါ်သို့ မှောက်ခုံမှောက်လဲကျသွားခဲ့သည်။ ထိုစဉ် နောက်မှ လိုက်လာသော မကောင်းဆိုးဝါးကောင်ကြီးက သူ့အနားသို့ ရောက်ရှိလာခဲ့သည်။

"အမလေးဗျ၊ ကယ်ကြပါဦး။ မကောင်းဆိုးဝါးကောင်ကြီး သူ့ကိုမီလာပြီ။ အမေရေ သားကို ကယ်ပါဦးဗျ"

"ဟဲ့ - သား သား၊ ညကြီးမှာ ဘာဖြစ်တာလဲ။ အမေတို့ အနားမှာရှိနေတယ်လေ။ သားဘာမှမကြောက်နဲ့"

အေးထွန်း အိပ်ပျော်နေရင်းမှ လန့်နိုးလာကာ အနားတွင် သူ့မိဘများ ရှိနေခဲ့သဖြင့် စိတ်သက်သာရာရခဲ့ပါသည်။

"ရော့ရော့- သား၊ ရေသောက်လိုက်ဦး။ သား အိပ်မက်မက်ပြီး လန့်အော်နေတာလေ"

မိခင်ပေးလာသောရေကိုသောက်ပြီးသည့်တိုင်အောင် အေးထွန်း အကြောက်ကမပြေသေးပေ။ အိပ်မက်ထဲက မကောင်းဆိုးဝါးကောင်ကြီးက သူလဲကျရာအနားသို့ ရောက်ရှိလာပြီး လက်ဝါးကြီးဖြန့်တောင်းနေခဲ့သည်ကို မျက်လုံးထဲပြန်၍ မြင်ယောင်နေဆဲ ဖြစ်သည်။

"ငါ့သားတို့ကို အမေတို့ပြောထားတယ် မဟုတ်လား။ အိပ်ရင် စောင်သေချာခြုံပြီးအိပ်ပါလို့၊ စောင်မခြုံဘဲအိပ်ခဲ့တော့ ညဉ့်နက်လာတော့ အေးစက်လာပြီး အိပ်မက်တွေ ကယောင်ကတမ်း မက်ခဲ့တော့တာပေါ့ကွယ်"

အေးထွန်းလည်း သူ့အိပ်ရာဝင်ခဲ့စဉ်က သိပ်မအေးသေးသဖြင့် စောင်မခြုံမိဘဲ အိပ်ပျော်ခဲ့သောကြောင့် ညဉ့်နက်ချိန် အေးလာသောအခါတွင် သည်လို အိပ်မက်ဆိုးကြီးကို မြင်မက်လာရသည်ဟု ထင်မှတ်ခဲ့မိသည်။

"ဟာ- ငါ့သားမက်ခဲ့တဲ့အိပ်မက်နဲ့ ငါမက်တဲ့ အိပ်မက်ဟာ တစ်ပုံစံထဲပါလား။ ငါ့သားအိပ်မက်ထဲမှာလည်း မကောင်းဆိုးဝါးကောင်ကြီးက သူ့ဟာပြန်ပေးဖို့ လက်ဝါးကြီးဖြန့်ပြီး တောင်းသတဲ့၊ ငါ့အိပ်မက်ထဲလည်း ငါ့ဟာပြန်ပေးဆိုတာ တောင်းခဲ့တယ်။ ငါတို့သားအဖနှစ်ယောက်ရဲ့ အိပ်မက်က တူညီနေပါလား"

သူတို့သားအဖနှစ်ယောက်၏အိပ်မက်သည် ဘာကြောင့်တူညီနေရသည်ကိုတော့ ကိုထွန်းမြိုင် စဉ်းစား၍မရနိုင်အောင်ဖြစ်ခဲ့ရသည်။ သို့သော်လည်း ထိုမကောင်းဆိုးဝါးကောင်ကြီးနှင့် သူတို့သားအဖနှစ်ယောက်မှာ တစ်နည်းနည်းနှင့်တော့ ပတ်သက်ဆက်နွယ်နေကြောင်း ပတ်သက်နေရမည်ဟုတော့ ရေးရေးတွေးခဲ့မိသည်။ မည်မည်ရရတော့ အသေအချာမသိရှိခဲ့ပါချေ။

အိမ်အလုပ်တွေက များပြားလှ၍ အလုပ်နှင့်လက် ပြတ်ရသည်ဟူ၍ မရှိ။ လယ်မှရိတ်ပြီး ကောက်ဆိုင်ပုံထားသည်ကို ကောက်ပြန့်ကြရသည်။ နေ့ခင်းဘက်တွင် ရိုးပြတ်တောများကို ထယ်ရေး အမိထိုးကာ ပဲနောက်၊ မတ်ပဲများ ချိန်ခါမီ ကြဲပက်စိုက်ပျိုးခဲ့ရသည်။ ညပိုင်းရောက်တော့ လသာသာတွင် နွားများနှင့် ကောက်ပြန့်ကို စပါးနယ်ကြရသည်။ အေးထွန်းက ကောက်ပြန့်ပေါ်တွင် နွားများနှင့် လှည့်ပတ်ကာ စပါးနယ်နေ၏။ သူ့၏ဖခင်ကောက်ဆွတစ်လက်ဖြင့် နယ်ထားသော ကောက်ရိုးများကို အထက်အောက်လှန်ကာ ဆွပေးနေရသည်။ အတော်ကြီးညဉ့်နက်ကြမှ စပါးနယ်ခြင်းကို ရပ်နားကြကာ အိပ်ခဲ့ကြသည်။ နေ့ခင်းဘက်ရောက်ပြန်တော့ ကြဲထားသော ပဲခင်းများအား ကျွဲ၊ နွားများ ဝင်မစားရအောင် ခြံကာရန်အတွက် တောထဲတက်ကာ ဝါးခုတ်ရသည်။ ဝါးများရောက်လာတော့ တိုင်စိုက်ခြံကာလုပ်ပေးကြရပြန်သည်။

ရက်အတန်ကြာသောအခါတွင် ကောက်ဆိုင်ပုံမှ ကောက်လှိုင်းများအားလုံး စပါးနယ်ပြီးသွားခဲ့သဖြင့် စပါးများ



www.burmeseclassic.com

www.burmeseclassic.com

သော စပါးနှင့် ကောက်မှော်များကို ရွာထဲမှ လုပ်အားပေးလူအုပ်နှင့် စပါးယက်ကြရပြန်သည်။ စပါးယက်ရာတွင် လူအားကောင်းကောင်းနှင့်သာ ဝိုင်းဝန်းယက်ရသည်။ ကောက်မှော်ပုံအား ယပ်ပြီးသွားသောအခါ စပါးအဖျင်းအမှော်တို့က ဘေးဘက်ရောက်သွား၍ စပါးညည်းသီးသန့်ရလာခဲ့တော့သည်။

"ကဲ-ဟေ့၊ စပါးယက်လို့တော့ ပြီးသွားခဲ့ပြီ။ မင်းတို့ ရေမိုးချိုးသန့်စင်ပြီးရင် ထမင်းစားကြရအောင် လာခဲ့ကြဟေ့။ အဆင်သင့်ပြင်ဆင်ထားမယ်"

"ဟာ - ထမင်းပွဲက ပြင်ထားပြီသား‌ဗျ။ ကျွန်တော်တို့ ကြိုက်တတ်တာတော မပါဘူးလား"

"ပါပ့ါဗျာ၊ မင်းတို့ကြိုက်တတ်မှန်းသိလို့ ငါ နှစ်လုံးတောင်ဝယ်ထားတယ်။ အရက်ဦးရေမီးတောက်တွေနော်။ တော်တော်ပြင်းတယ်။ မစားခင် မျှဝေပြီးသောက်ကြဟေ့"

စပါးယက်ကြသည့် လူငယ်များသည်။ လက်ဖက်ရည်ပန်းကန်ထဲထည့်တာ အလှည့်ကျ သောက်ခဲ့ကြသည်။ စပါးပုံကြီးကို ပြီးစီးအောင် ယက်ကြရသည်က ပင်ပန်းလှသည်။ မစားမီသမကာလေး မှိုဝဲလိုက်ရပါမှ ပင်ပန်းမှုများ ပြေပျောက်ခဲ့ရတော့သည်။

"ကဲ - စားကြမယ်ဟေ့"

"ဟင်းကတော့ ဘူးသီးနဲ့ ကြက်သားရောချက်၊ အချဉ်ထောင်းလေးနဲ့ဆိုတော့ သိပ်စားကောင်းပြီပေါ့ဗျာ"

"အေး - စားကြ၊ ဗိုက်ဝအောင်သာစားကြဟေ့။ အားမနာနဲ့"

အလုပ်တစ်ခုကို ရွာလူငယ်များဖြင့် ဝိုင်းဝန်းလုပ်အားပေးပြီးကြလျှင် အလုပ်ရှင်က ကျွေးမွေးပေးလာသည်မှာ ချစ်စရာကောင်းသောရွာဓလေ့ပင် ဖြစ်သည်။

"ဟာ - အဖေ အဖေ၊ သားကိုတယ်ပါဦး။ ဟိုမကောင်းဆိုးဝါးကောင်ကြီးလက်ဝါးကြီးဖြန့်ပြီး ငါ့ဟာ ပြန်ပေးဆိုပြီး လိုက်တောင်းနေပြန်ပြီဗျ"

"ဟဲ့သား၊ သား အိပ်နေရင်းကထယောင်နေပြန်ပြီလား"

"အမေ၊ သားနောက်ကို လက်ဝါးကြီးဖြန့်ပြီး မကောင်းဆိုးဝါးကောင်ကြီးက လိုက်တောင်းနေလို့ဗျ"

"ဟာ- ဟုတ်လား၊ သားအရင်တစ်ခါ အိပ်မက်တဲ့အတိုင်းပါပဲလား"

"ခက်တော့နေပြီပဲ၊ ဒီမကောင်းဆိုးဝါးကောင်က ငါ့ဟာပြန်ပေးဆိုပြီး ဘာကိုလိုက်တောင်းနေရတာလဲပဲ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် ခွတော့ ကျနေပြီပဲ"

ကိုထွန်းမြိုင်မှာ ထိုဖြစ်ရပ်အတွက် အတော်ပင် စိတ်ရှုပ်ထွေးနေ၏။ လူလူချင်းပြောကြဆိုကြ၊ တောင်းကြရမ်းကြသာဆိုရင် ဘာကိုလိုက်တောင်းနေသည်ကို သိရပေမည်။ အခုဟာက မကောင်းဆိုးဝါးကောင်က အိပ်မက်ဖြင့် လိုက်တောင်းနေခြင်းဖြစ်လေရာ ဘာကိုလိုက်တောင်းနေသည်ကို ခန့်မှန်းမရနိုင်ဖြစ်နေရသည်။

"ဟဲ့ - ထွန်းမြိုင်၊ ဒီလိုတွေ အိပ်မက်နေတာ နှစ်ကြိမ်၊ သုံးကြိမ်ရှိနေပြီလေ။ အိပ်မက်တိုင်းကလည်း တစ်ပုံစံတည်းဖြစ်နေလေတော့ ဒီကိစ္စဟာ ရိုးရိုးတန်းတန်းမှ ဟုတ်ရဲ့လားပဲ"

"အေးလေဗျာ၊ ကျုပ်လည်း မစဉ်းစားတတ်အောင်ဖြစ်နေရပြီဗျ"

"နင်မစဉ်းစားတတ်ရင်လည်း အကြမ်းနိုင်တဲ့ ရွာဦးဆရာတော်ဆီသွားပြီး အကျိုးအကြောင်းလျှောက်ထားကြည့်ပါလားဟယ်"

"ဟာ - ဟုတ်တယ်၊ ဆရာတော်ဆိုရင်တော့ သိကောင်းသိလိမ့်မယ် ထင်တယ်"

မကြာမီ ရွာဦးဆရာတော်ဘုန်းကြီးထံ ရောက်လာခဲ့ကြသည်။

"မကောင်းဆိုးဝါးကောင်က ငါ့ဟာပြန်ပေးလို့ လိုက်လိုက်တောင်းတယ်လို့ မြင်မက်ခဲ့ကြတာဆိုတော့ ဒကာတို့ သူ့ပစ္စည်းနဲ့ပတ်သက်ပြီးများ တစ်ခုခု ယူထားမိကြသလား"

"ကြံကြံဖန်ဖန် ဘုရားတပည့်တော်တို့ ဘာမှမယူထားခဲ့ကြပါဘူးဘုရား"

"မယူထားကြဘဲနဲ့တော့ အိပ်မက်နဲ့ အခါခါလိုက်တောင်းနေမှာ မဟုတ်ဘူး ဒကာရဲ့"

"နေစမ်းပါဦး၊ မောင်အေးထွန်း အနေနဲ့ကော ဘာများယူထားမိသလဲ။ စဉ်းစားစမ်းပါဦးလေ"

အေးထွန်းလည်း ဆရာတော်မေးလာသဖြင့် ပြန်၍စဉ်းစားကြည့်နေမိသည်။

"တပည့်တော် သတိရတာတစ်ခုတော့ရှိပါတယ် ဘုရား"

"ဘာကိုသတိရတာလဲ"

"ဟိုလွန်ခဲ့တဲ့တစ်နှစ်ပိုင်းလောက်က တပည့်တော်တို့ရွာထဲမှာ အသုဘတစ်ခုဖြစ်ပါတယ် ဘုရား။ အဲဒီအသုဘသုသာန်မှာသွားသဂြိုဟ်တော့ တပည့်တော် လိုက်ပါ ပို့ဆောင်ပေးခဲ့ပါတယ် ဘုရား"

"အင်း - အဲဒီလိုပို့ဆောင်ခဲ့တော့ ဘာဖြစ်သလဲ။ ဆက်ပြောစမ်းပါဦး"

"တပည့်တော်လည်း သုသာန်ထဲရောက်တော့ အလောင်းကိုမြေချပြီးမြေဖို့နေချိန်မှာ အပေါ့သွားချင်တာနဲ့ ခပ်လှမ်းလှမ်းမြေပုံတစ်ခုနားကချုံမှာ သွားထိုင်ပြီး အပေါ့စွန့်မိပါတယ်ဘုရား။ ဒီလိုအပေါ့စွန့်နေစဉ်မှာပဲ တပည့်တော်ရဲ့ရှေ့နားမှာ မြေကြီးထဲက တစ်ဝက်ပေါ်နေတဲ့ လက်စွပ်တစ်ကွင်းကို မြင်တွေ့ခဲ့ပါတယ် ဘုရား"

"အင်း - ဟုတ်ပြီ၊ အဲဒီလိုမြင်ခဲ့တော့ကော"

"တပည့်တော်လည်းစဉ်းစားကြည့်မိတယ် ဘုရား။ 'ကျောင်းစကို ရှောင်၊ မသာစကိုဆောင်' လို့ အဆိုရှိထားတာမို့ ကျောင်းပစ္စည်းနဲ့ ပတ်သက်ရင် မသုံးစွဲကောင်းဘူး။ မသာ၊ သုသာန်၊ သချိုင်းထဲကပစ္စည်းဆိုတော့ သုံးစွဲကောင်းတယ်လို့ သိထားခဲ့တာနဲ့ တပည့်တော်လည်း အဲဒီရွှေလက်စွပ်ကလေးကို ကောက်ယူလာခဲ့ပြီး သိမ်းထားခဲ့မိပါတယ် ဘုရား"

"ဟုတ်လား၊ အဲဒီလက်စွပ်ကော ရှိသေးလား"

"တပည့်တော်ထံမှာ ရှိပါတယ် ဘုရား"

"ဒါဖြင့် အဲဒီလက်စွပ် ဆရာတော့်ကို ယူပြစမ်းပါဦး"

ဆရာတော်လည်း အေးထွန်း ပြလာသော သုသာန်မြေမှ ကောက်ယူခဲ့သည့်ရွှေလက်စွပ်ကို အသေအချာကြည့်နေလေသည်။

"ဟာ - ဒီလက်စွပ်ဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဒီရွာက ကွယ်လွန်သွားခဲ့တဲ့ ဦးဘိုးယုံရဲ့ ရွှေလက်စွပ်ပဲ။ ဒီဒကာကြီး သေဆုံးတော့ သူ့ရဲ့ ရုပ်အလောင်းမှာ လက်စွပ်က မချွတ်သေးဘဲ ဝတ်ထားလျက်နဲ့တွေ့လို့ ဆရာတော်ကပဲ လက်စွပ်ကိုမချွတ်ကြဘူးလားလို့မေးတော့ သူ့ဇနီးက မချွတ်တော့ပါဘူး ဘုရားလို့ လျှောက်ထားခဲ့ပြီး မြေမြှုပ်သဂြိုဟ်ခဲ့ကြတာပဲ။ အခုတော့ နှစ်တွေကြာပြီး နောက်ထပ်မြှုပ်နှံမယ့်အလောင်းတွေအတွက် တွင်းတူးရာက မြေပေါ်ကို ပြန်ပေါ်လာခဲ့တာကို မောင်အေးထွန်း ကောက်တွေ့ပြီး ယူခဲ့တာပဲ ဖြစ်မယ်။ အဲဒီဒကာကြီး ဦးဘိုးယုံဟာ ကွယ်လွန်သွားခဲ့တာ နှစ်တွေကြာနေပြီဖြစ်ပေမယ့် ခုအချိန်ထိ မကျွတ်မလွတ်ရှိနေပြီး သူ့ရဲ့ လက်စွပ်ကို စွဲလမ်းနေတုန်းပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ- ဟုတ်လား ဘုရား"

"သိပ်ဟုတ်တာပေါ့၊ ဒါကြောင့် သူ့လက်စွပ်ကို ယူထားတဲ့အတွက် အိပ်မက်တွေမေးပြီး တောင်းခဲ့တာပဲပေါ့ ဒကာတို့ရယ်"

ဆရာတော် ရှင်းပြခဲ့တော့မှပင် အတိတ်ကဖြစ်ရပ်များကို သိရှိလာခဲ့ရတော့သည်။

တကယ်တော့ အေးထွန်းမှာ ပိုင်ရှင်မရှိသော သုသာန်မြေပေါ်မှ ရွှေလက်စွပ်ကလေးကို တွေ့မြင်ပြီး ကောက်ယူထားမိခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ထိုရွှေလက်စွပ်ပိုင်ရှင်က စွဲလမ်းစိတ်နှင့် မကျွတ်မလွတ်ဖြစ်နေကာ အိပ်မက်ဖြင့် ပြန်လည်တောင်းခံနေခြင်းပင် ဖြစ်လေသည်။

"ဆရာတော်ဘုရား၊ ဒီကိစ္စကို ဘယ်လိုများဆောင်ရွက်ရပါ့မလဲဘုရား။ အမိန့်ရှိပါဘုရား"

"အိမ်း- ခက်တာက အဲဒီလက်စွပ်ပိုင်ရှင် ဦးဘိုးယုံရဲ့ ဆွေမျိုးတွေကလည်း တစ်ယောက်မှ မရှိခဲ့လေတော့ သူ့ကို ကောင်းမှုပြုပေးမယ့်သူ မရှိဘဲ ခုချိန်ထိ မကျွတ်လွတ်သေးရတာဘဲ"

"ဒီတော့ အဲဒီသုသာန်မြေက ကောက်ယူလာတဲ့ ရွှေလက်စွပ်ကလေးကို သုသာန်မြေထဲမှာပဲ ပြန်ထားပေးလိုက်ပါ။ ပြီးတော့ မကျွတ်မလွတ်ဖြစ်နေသေးတဲ့ လက်စွပ်ပိုင်ရှင် ဦးဘိုးယုံအတွက် သံဃာများပင့်ဖိတ်ပြီး ဆွမ်းကျွေးပြီး အမျှအတန်းပေးဝေပေးလိုက်ပါ"

"အဲဒီလိုလုပ်ပေးရင် အိပ်မက်ပေးတာတို့၊ ပြန်ပြီးတောင်းတာတို့ မရှိနိုင်တော့ဘူးလားဘုရား"

"သေသူကို ရည်စူးပြီး ကုသိုလ်ပြုကာ အမျှအတန်း ပေးဝေလိုက်ရင် မကျွတ်မလွတ်ဖြစ်နေရသူဟာ အမျှကုသိုလ်ရရှိသွားတာနဲ့ ကောင်းရာဘဝကို ကူးသွားနိုင်တာမို့ အိပ်မက်ပေးခြင်း၊ အိပ်မက်နဲ့ ပြန်တောင်းခြင်းများ မရှိနိုင်တော့ဘူးပေါ့ ဒကာတို့ရယ်"

ဦးထွန်းမြိုင်တို့ သားအဖလည်း ဆရာတော်အမိန့်ရှိသည့်အတိုင်း မကြာမီအချိန်မှာ သံဃာငါးပါးပင့်ဖိတ်ကာ ဆွမ်းကျွေးပြီး ကုသိုလ်ပြုပေးကာ အမျှအတန်းပေးဝေခဲ့ပါသည်။ ထို့နောက်ပိုင်းတွင်တော့ အိပ်မက်ဆိုးများ မြင်မက်ခြင်း၊ ငါ့ဟာ ပြန်ပေး ဟူသော တောင်းဆိုမှုလည်း လုံးဝ ကင်းရှင်းသွားခဲ့ကာ အေးချမ်းသွားခဲ့ရလေတော့သည်။

ဘင့်ထူး (ဧယျဝတီ)

# ဒူးနာပျောက်ရေး အလွယ်လေး

တစ်ရက်တွင် ကျွန်တော်သည် ကြံခင်းမြို့နယ် အုတ်တွင်းအုပ်စု သရက်ပင်တွင်းကျေးရွာရှိ အဘဦးအောင်မင်း ထံရောက်ခဲ့ပါသည်။ အဘနေအိမ်ပေါ် ရောက်သည့်အခါ ဧည့်သည်(၁၀)ဦးခန့် ရောက်နေသည်ကို တွေ့ရသည်။ သင့်တော်ရာနေရာတစ်ခုတွင် ဝင်ထိုင်ရင်း အဘနှင့် ဧည့်သည်များ ပြောဆိုနေကြသည်များကို နားစွင့်ကြည့်နေမိသည်။

ဧည့်သည်များထဲမှ အသက် (၅၅) နှစ်အရွယ်ခန့်ရှိ ဦးလေးတစ်ယောက် ဒူးကို ကွေးညွှတ် ညည်းညူရင်း အဘကို ပြောပြနေသည်။

"အဘ ကျွန်တော့်ဒူး နာနေတာ ငါးရက်ကျော်နေပြီ။ အထိုင်အထဆိုရင် ပိုနာတယ်။ လမ်းလျှောက်ရင်လည်း နာတယ်။ မနက်ဖြန် ပြည်မြို့ကို အထူးကုဆရာဝန်နဲ့ပြရအောင် သွားမလို့ပါ"

"ဒါလောက်နဲ့တော့ ဘယ်မှမသွားနဲ့ကွ၊ ငွေလည်းအကုန်မခံနဲ့။ မင်းပြန်ရင် ငါဆေးပေးလိုက်မယ်"

အဘ ပြောလိုက်သည့် စကားကြောင့် ကျွန်တော် တော်တော်လေး စိတ်ဝင်စားမိသွားပါသည်။ ဝေဒနာရှင် ဦးလေးကတော့ ကျေနပ်ပြုံးရွှင်သွားတာ တွေ့ရသည်။ ထို့နောက် အဘသည် အခြားဧည့်သည်တို့ မေးမြန်းသည်များ အပေါ် ဆောင်ရန်၊ ရှောင်ရန်၊ စီစဉ်ရန်များကို ညွှန်ကြားပြောပြနေသည်။နံနက် (၁၁) နာရီခွဲလောက်ကျမှ ဧည့်သည်များ ရှင်းသွားသည်။ အဘအိမ်ပေါ်မှာ ကျန်ရှိနေသည်က ဒူးနာဝေဒနာ ခံစားနေရသည့် ဦးလေးရယ်၊ သူ့သားနှစ်ယောက်ရယ်၊ ကျွန်တော်ရယ်။ ထိုစဉ် အဘထံမှ စကားသံထွက်လာသည်။

"ဒီလိုလုပ်ကွ မောင်အုံးဖေရဲ့။ မင်းဒူးနာအတွက် ဒီခုံညင်းဒိုးကို ကျောက်ချဉ်နဲ့သွေး၊ သွေးပြီးဆေးရည်နဲ့ နာနေတဲ့ ဒူးကို လိမ်းပေး၊ ဆေးလိမ်းတဲ့ နေရာကို အဝတ်ပါးသန့်သန့်နဲ့ အုပ်စည်းပေးထား၊ နာရီဝက်လောက်နေတော့ စည်းထားတဲ့ အဝတ်ပါးကို ပြန်ဖြေလိုက် မင်းဒူးနာ ပျောက်ပေါ့ကွာ။ ရော့ - ခုံညင်းဒိုးကိုယူသွား၊ ကျောက်ချဉ်က မင်းအပြန် ဘက်ရဲဈေးထဲမှာ ဝယ်သွား"

"ဟုတ်ကဲ့ပါ အဘ၊ ဟုတ်ကဲ့"

အဘပေးသော ခုံညင်းဒိုးကိုယူ၍ ဦးအုံးဖေနှင့် သားနှစ်ယောက် ပြန်သွားကြသည်။ သူတို့ပြန်သွားကြတော့မှ ကျွန်တော်လည်း အဘနှင့် စကားပြောခွင့်ရတော့သည်။

❑

ပြီးခဲ့သည့် တန်ဆောင်မုန်းလပြည့်နေ့ညတွင် အဘအိမ်၌ ညအိပ်မည်။ အဘကိုယ်တိုင် စီမံသော ဆေးပေါင်းခသည့် မယ်ဇလီဖူးသုတ်စားမည့်အစီအစဉ်ဖြင့် မြန်အောင်မြို့မှ မွန်းလွဲ (၂) နာရီခန့်မှာ ထွက်လာခဲ့ပါသည်။ အဘထံရောက်တော့ ဧည့်သည်တစ်ဦးမှ မတွေ့ရ။

အဘဦးအောင်မင်းသည် အသက်အရွယ်ကြီးနေသော်လည်း ကျန်းမာရေးကောင်းမွန်နေဆဲ။ အတွေ့အကြုံ ဗဟုသုတ နှံ့စပ်စုံလင်သည်။ ဘာသာတရားအထူးကိုင်းရှိုင်းပြီး သီလ၊ သမာဓိနှင့် အကျင့်စရဏ အားကောင်းပါသည်။ အဘတတ်ကျွမ်းသည့် တိုင်းရင်းဆေးပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာများဖြင့် ဝေးနီးရပ်မှ ရောက်လာသမျှ ဝေနေယျများကို ကူညီစောင့်ရှောက်ပေးသည်။

အဘ ပြောကြားသည်များကို နာယူမှတ်သားနေစဉ် အဘခြံဝင်းအတွင်း သုံးဘီးဆိုင်ကယ်တစ်စီး မောင်းဝင်လာသံကြားရသည်။ထို့နောက် တစ်လောက ဒူးနာသည်ဆိုသော ဦးအုံးဖေနှင့် သားနှစ်ယောက် အိမ်ပေါ်သို့ ပြုံးရွှင်စွာတက်လာကြသည်။ အဘရှေ့တွင် သုံးဦးထိုင်လျက် ပါလာသော ပန်းသီး၊ လိမ္မော်သီး၊ နဂါးမောက်သီးများနှင့် အဘကို ကန်တော့ကြသည်။

"အဘ ပြောတဲ့တိုင်း ခုံညင်းဒိုးနဲ့ ကျောက်ချဉ်သွေးလိမ်းတာ ကျွန်တော့် ဒူးနာပျောက်သွားပါပြီ"

"အေး- ကောင်းပါလေ့၊ ငွေမကုန် ဝေဒနာကုန်တာသိရတော့ ဝမ်းမြောက်ဖွယ်သတင်းကိုးကွ"

အဘ ဝမ်းမြောက်အားရစွာ ပြောကြားသကဲ့သို့ ကြားရ၊ မြင်ရတွေ့ရသော ကျွန်တော်သည်လည်း ရောယောင်ဝမ်းသာ ကြည်နူးမိပါသည်။ ငွေကြေးကုန်ကျမှုမရှိ လွယ်ကူမြန်ဆန်စွာ ကရိကထမများသော ဒူးနာပျောက်ဆေး အလွယ်နည်းလေးကိုတော့ မြတ်နိုးတန်ဖိုးထား၍ ဒူးနာနေသည်ဟု ပြောဖူးသော မိတ်ဆွေသင်္ဂဟတို့ကို ရှာဖွေလက်ဆင့်ကမ်း ပြောကြားရပေဦးတော့မည်။

နေဝင်းဝင်း(လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

# မမေ့နိုင်သူများ

## လှမိုး(ပညာရေး)

၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် တောင်အမေရိက ထိုက် ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့မှ ထုတ်ဝေသော ခေတ်သစ်သတင်းစာ မျက်နှာဖုံးတွင် ထိတ်လန့်ချောက်ချား ဖွယ်ရာ အောက်ပါခေါင်းစဉ်ဖြင့် ဖော်ပြ ထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုကြ ရသော သတင်းစာဖတ်ပရိသတ်သည် အံ့တသြဖြစ်သွားကြရသည်။

ထိုသတင်းစာမှာ ဥရုဂွေးနိုင်ငံတွင် စောင်ရေအများဆုံး ထုတ်ဝေရပြီး ဩ စတိတ္တမ အကြီးမားဆုံး သတင်းစာကြီး လည်း ဖြစ်သည်သာမက ထိုစဉ်က ဥရု ဂွေးနိုင်ငံတွင် အာဏာရထားသောနိုင်ငံ ရေးပါတီမှပုဂ္ဂိုလ် အသိုင်းအဝန်းနှင့် လည်း နီးစပ်သည့် သတင်းစာကြီးတစ် စောင်ဖြစ်ရကား သတင်းထူး သတင်း ဆန်းများကို အခြား သတင်းစာများ ထက် ဦးဦးဖျားဖျား ထည့်သွင်းနိုင်သည် ဟု သတင်းစာဖတ်ပရိသတ်တို့က ယူဆ ထားကြ၏။ ထိုသတင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

'မမေ့နိုင်သူများ၏ကလဲ့စား'

မွန်တီဗီဒီယို

ဖေဖော်ဝါရီလ၊ ၂၄

ယမန်နေ့ ညနေပိုင်း သို့မဟုတ် ညဦးပိုင်းတွင် မွန်တီဗီဒီယိုမြို့ ဆင်ခြေ ဖုံးရပ်ကွက်၊ (၃၅)လမ်းရှိ လူမနေသော အိမ်တစ်လုံးတွင် လူသတ်မှုတစ်မှု ဖြစ် ပွားခဲ့သည်ဟု သိရှိရကြောင်း။ ထိုရပ် ကွက်အတွင်းရှိနေထိုင်သူများ၏ သတင်း ပေးမှုကြောင့် ရဲစုံထောက်များသည် အ ထက်ဖော်ပြပါလမ်းရှိ လူမနေသောအိမ် တစ်လုံးကိုရှာဖွေခဲ့ရာ ဧည့်ခန်းအတွင်းရှိ ကြီးမားသော သေတ္တာကြီးတစ်လုံးထဲ တွင် တောင့်တင်းကြံ့ခိုင်သည့် လူတစ် ယောက်၏အလောင်းကို တွေ့ရသည်ဟု သတင်းရရှိကြောင်း။

လူသတ်သမားသည် သေဆုံးသူ ၏မျက်နှာကို လေးလံသော သံချောင်း ဖြင့် ရိုက်နှက်ထားသဖြင့် ရုပ်ပျက်ဆင်း ပျက် ဖြစ်နေပြီး သွေးများလည်း ပေကျံ ခြောက်ကပ်နေသည်ဟု သိရ၏။ သို့ သော် ရဲနှင့်စုံထောက်တို့ကမူ သေဆုံးသူ မှာ ခရီးသွားကိုယ်စလှယ်ကုမ္ပဏီတစ်ခု တည်ထောင်ထားသူ ဂျာမန်အမျိုးသား၊ မျက်နှာဝိုင်းဝိုင်းနှင့် ဟားဘတ်ကူကာ(စ်) ဖြစ်သည်ဟု ကျွန်တော်များ၏ မှုခင်း သတင်းထောက်အား ထုတ်ဖော် ပြော ဆိုခဲ့သည်။

လူသတ်သမား သို့မဟုတ် လူ သတ်သမားများသည် ပိပိရိရိကြံစည်၍ သတ်ဖြတ်ထားခြင်းဖြစ်ရကား မည်သည့် သဲလွန်စမျှ ရှာဖွေတွေ့ရှိရခြင်း မရှိဟု သက်ဆိုင်ရာရဲအဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူတစ်ယောက်က ထုတ်ဖော်ပြောဆိုခဲ့ သည်။ သို့သော် အလောင်းအားထည့် ထားသောသေတ္တာအတွင်း၌မူ အောက် ဖော်ပြပါ လက်နှိပ်စက်ဖြင့်ရိုက်ထား သော စာတစ်စောင်ကို တွေ့ရသည်ဟု ဆိုသည်။

'ပြစ်ဒဏ်ချမှတ်ခြင်း'

သေဆုံးသူ ဂျာမန်အမျိုးသား အက်(စ်)အက်(စ်) ဂက်စတာပိုလ် ဗိုလ် ကြီး ဟားဘတ်ကူကာ(စ်)သည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ရီဂါမြို့ အကျဉ်း စခန်းရှိ အပြစ်မဲ့ပြည်သူ ဂျူးအမျိုးသား အကျဉ်းသမားများနှင့် ကလေးငယ် (၃၀၀၀) တို့အား ရက်ရက်စက်စက်၊ နည်းလမ်းအမျိုးမျိုးဖြင့် သတ်ဖြတ်ညှဉ်း ဆဲခဲ့သူ လူသတ်သမား အကျဉ်းစခန်း တာဝန်ခံ ဖြစ်သည်။ သူကျူးလွန်ခဲ့သော လူသားမဆန်သည့်မှုခင်းများကို ကျွန်ုပ် တို့အဖွဲ့၌ အထောက်အထား ခိုင်ခိုင်မာ မာနှင့် မှတ်တမ်းတင်ထားခဲ့ပြီး ဖြစ် သည်။ သို့ဖြစ်ရာ သူ့အား သေဒဏ်ချ မှတ်၍ ပြစ်ဒဏ်စီရင်ခဲ့ခြင်း ဖြစ်သည်။

သူ့အား ဖေဖော်ဝါရီလ (၂၃)ရက်၊ ၁၉၆၅ ခုနှစ်တွင် သေဒဏ်ချမှတ်သည်။

မမေ့နိုင်သောသူများအဖွဲ့

⭘

လူသားတို့၏သမိုင်းတွင် အရိုင်း စိုင်းဆုံး, အရက်စက်ဆုံး ပြစ်မှုများ၊ မတရား အဓမ္မမှုများကို ဒုတိယကမ္ဘာ စစ်ကြီးအတွင်းက နာဇီ အက်(စ်) အက် (စ်) ဂက်စတာပို အဖွဲ့ဝင်များနှင့် နာဇီ ထိပ်တန်း ခေါင်းဆောင်ကြီးများသည် ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့ကြ ပါသည်။ သူတို့သည် အများပြည်သူများ မရိပ်မိစေရန် ဂျူးလူမျိုးများကို အစုလိုက် အပြုံလိုက် ခါတ်ငွေ့ပေး၍သတ်ဖြတ်ခဲ့ ကြပါသည်။ ထိုစဉ်က နာမည်ကျော် ငရဲ ခန်းများဖြစ်သော ထရီဘလင်ကာ၊ ဘူ







www.burmeseclassic.com

www.burmeseclassic.com

ကင်ဝေါ(လ်) မေဒါနက်၊ ဆိုဘီနာ၊ ဘဲ(လ်)ဇက်၊ အော(ဖ်)ဝစ် ငရဲစခန်းများတွင် ဂျူးလူမျိုးပေါင်း (၁၁) သန်းကျော်ကို နည်းလမ်းအမျိုးမျိုးဖြင့် ကွပ်မျက်ခဲ့ကြသည်ဟု သိရှိကြရ၏။

၁၉၄၅ ခု၊ မေလတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် စစ်ရှုံးသူ နာဇီ လူသတ်တရားခံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ထိုရာဇဝတ်သား၊ ဝရမ်းပြေးအချို့သည် ဂျာမနီနိုင်ငံအတွင်း၌ပင် နာမည်အမျိုးမျိုးပြောင်းကာ ရုပ်ပြောင်း၊ ရုပ်လွှဲလုပ်၍ အလျဉ်းသင့်သလို နေထိုင်ခဲ့ကြသည်။ ဂျာမနီနိုင်ငံတွင် ကိုယ်ယောင်ဖျောက်၍မဖြစ်သော နာဇီရာဇဝတ်သားများကမူ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နည်းလမ်းအမျိုးမျိုးနှင့် သိမ်းယူသိုဝှက်ထားသော ရွှေ၊ငွေရတနာများကို ယူဆောင်ပြီး တောင်အမေရိကတိုက်နိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြ၏။ ထိုနိုင်ငံများတွင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် အခြေစိုက်နေထိုင်ခဲ့ကြသော ဂျာမန်အမျိုးသားများက အထက်ဖော်ပြပါ ဝရမ်းပြေး ဂျာမန်အမျိုးသားများအား အကူအညီပေးခဲ့ကြသည်။ တောင်အမေရိကတိုက်တွင် အာဏာရရှိထားသော အစိုးရအဖွဲ့ဝင်များကလည်း ထိုဝရမ်းပြေး နာဇီစစ်ရာဇဝတ်သားများကို အကူအညီပေးခဲ့ကြ၏။


'ရာဇဝတ်ဘေး၊ ပြေးမလွတ်နိုင်' ဟူသော ရှေးသူဟောင်းတို့၏ ဆိုရိုးစကားသည် အခါခပ်သိမ်း လုံးဝဥဿုံ အလုံးစုံ မှန်ကန်သော သစ္စာစကားပင်ဖြစ်သည်။ အတိုင်းအတာအားဖြင့် ကြီးမားသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရာဇဝတ်မှုကျူးလွန်သူမှန်သမျှ မည်မျှကြာညောင်းအောင် ပုန်းအောင်းတိမ်းရှောင်နေစေကာမူ နောက်ဆုံး၌ တစ်နေ့နေ့တစ်ချိန်ချိန်၊ တစ်နေရာရာတွင် ဥပဒေစက်ကွင်း ကျဆုံးရမည်သာ ဖြစ်၏။


မှန်ပါသည်။ နာဇီလူသတ်သမားရာဇဝတ်သားများသည် နာမည်အမျိုးမျိုး၊ ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုးပြောင်းကာ သက်ဆိုင်ရာတိုင်းပြည်များ၏ အာဏာပိုင်အဖွဲ့များ အကာအကွယ်နှင့် နေထိုင်ခဲ့ကြသည်။ စစ်ပြီးကာလ နှစ်ပေါင်း (၂၀) ကျော်သည့်တိုင်အောင် အာဂျင်တီးနားနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဥရုဂွေးနိုင်ငံ၊ ဘရာဇီး(လ်) နိုင်ငံစသော တောင်အမေရိကတိုက်နိုင်ငံအများတွင် ခိုလှုံနေကြသည်။ ထိုရာဇဝတ်သား ဝရမ်းပြေးများ၏နောက်သို့ တကောက်ကောက် အနံ့ခံရှာဖွေနေကြသော နာဇီမုဆိုးများမှာ အစ္စရေးနိုင်ငံမှ ထောက်လှမ်းရေးအဖွဲ့များ၊ အမေရိကန်ပြည်ထောင်စုမှ အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့၊ အင်္ဂလန်နိုင်ငံမှ ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ ဂျာမနီနိုင်ငံမှ ထောက်လှမ်းရေးအဖွဲ့ဝင်များအပြင် အထက်ဖော်ပြပါ နာဇီရာဇဝတ်သားများ လူမဆန်စွာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည့် အကျဉ်းစခန်းများမှ ကံအားလျော်စွာ လွတ်မြောက်လာခဲ့သော ဂျူးလူမျိုးများ ဖြစ်ကြသည်။

သူတို့သည်လည်း မိမိတို့အစီအစဉ်ဖြင့် နာဇီမနုဿမုဆိုးများအဖြစ် နာဇီစစ်ရာဇဝတ်သား ဝရမ်းပြေးများကို ဖမ်းဆီးရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ကြသည်။ ဤသို့သော နာဇီမနုဿမုဆိုးများတွင် ဂျူးအမျိုးသား ဆိုင်မွန်ဝါဆင်သော်နှင့် ဒေါက်တာ မိုက်ကယ်ဘာဟာတို့ ဖြစ်သည်။ သူတို့သည် ကိုယ်ပိုင်ရုံးခန်းများဖွင့်ကာ မိမိတို့အစီအစဉ်ဖြင့် နာဇီစစ်တရားခံများ၏ သဲလွန်စများ၊ အထောက်အထားသာဓကများ စုဆောင်းကာ တရားခံများကို တစ်ဦးပြီးတစ်ဦး ခြေရာခံနိုင်ခဲ့ကြပြီး ရာဇဝတ်သားများကို တရားရုံးများသို့ ပို့ဆောင်စေ၍ နိုင်ငံတကာ တရားဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ခဲ့ကြပါသည်။

ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်းကြီးနှင့် သိဒ္ဓိမိုးမဂ္ဂဇင်းကြီးများတွင် အထက်ဖော်ပြပါ နာဇီမနုဿမုဆိုးကြီးများ တစိုက်မတ်မတ် ခြေရာခံ၍ ဖမ်းဆီးနိုင်ခဲ့သည့် နာဇီ စစ်ရာဇဝတ်သားများအကြောင်း အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုရေးသားမည့် နာဇီစစ်တရားခံ ဝရမ်းပြေး အက်(စ်)အက်(စ်) ဂက်စတာပိုဗိုလ်ကြီးဟောင်း ဟားဘတ်ကူကာအား မိမိတို့အစီအစဉ်ဖြင့် အနံ့ခံလိုက်ခဲ့ကြသော 'မမေ့နိုင်သောသူများ' အဖွဲ့အစည်း၏ စွန့်စားခန်းနှင့် နာဇီစစ်ရာဇဝတ်သား ဝရမ်းပြေး ဟားဘတ်ကူကာ (စ်) အကြောင်း ဖြစ်ပါသည်။ ဤအဖွဲ့အစည်းအား အချို့ကမူ အစ္စရေးနိုင်ငံမှ မော့ဆက်ထောက်လှမ်းရေးအဖွဲ့ဝင်များက ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုသာ ဖြစ်သည်ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုအဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် နာဇီစစ်ရာဇဝတ်သားများ၏ နောက်ကြောင်းရာဇဝင်အထောက်အထားများကို မိမိတို့အစီအစဉ်ဖြင့် ခြေရာခံပြီး ရှာဖွေစုဆောင်းကာ တရားခံများကို သူတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအလိုက် ပြစ်ဒဏ်ချမှတ်၍ လက်စားချေခြင်း ဖြစ်သည်။ သူတို့ နာဇီဝရမ်းပြေး ဟားဘတ်ကူကာ(စ်)နောက် တကောက်ကောက်လိုက်ကြပုံများမှာ သည်းထိတ်ရင်ဖိုရုပ်





www.burmeseclassic.com

www.burmeseclassic.com

ကားတစ်ကားမှ ဇာတ်လမ်း ဇာတ်ကွက်များကဲ့သို့လည်းကောင်း၊ လျှို့ဝှက်သည်းဖိုဝတ္ထုကြီးများထဲမှ စာရေးဆရာကြီးများ စိတ်ကူးယဉ် ရေးခဲ့ကြသည့် ဇာတ်လမ်း ဇာတ်ကွက်များထက် ရင်ဖိုဖွယ်ရာ ဖြစ်သည်။

ဟားဘတ်ကူကာ(စ်)၏ဘဝသည် စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ သူသည် ဘတ်ဗီယန်လေတပ်မှ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော အရာရှိတစ်ဦး ဖြစ်၏။ သူသည် လက်ဗီးယား ပြည်နယ်သားတစ်ဦး ဖြစ်၏။ သို့သော် နာဇီဂျာမန်တို့ လက်ဗီးယားအား သိမ်းပိုက်ခဲ့သည်နှင့် လေတပ်ဗိုလ် ဟားဘတ်ကူကာ(စ်)သည် နာဇီ ဂက်စတာပိုအဖွဲ့နှင့်ပူးပေါင်းကာ အက်(စ်) အက်(စ်) အဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။ ရီဂါမြို့ပေါ်မှ ဂျူးလူမျိုးထောင်ပေါင်းများစွာကို လူမဆန်စွာ ညှဉ်းဆဲသတ်ဖြတ်ခဲ့သူ ဖြစ်သည်။ ရီဂါအကျဉ်းစခန်းတွင် ဂျူးအမျိုးသမီးများနှင့် ကလေးငယ်များကို အကြောင်းမဲ့သတ်ဖြတ်ခဲ့သူ ဖြစ်သည်။ သူ၏နောက်ကြောင်းသမိုင်း မှတ်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

၁၉၄၁ ခု၊ နိုဝင်ဘာလ နောက်ဆုံးရက်သတ္တပတ်၏နေ့တစ်နေ့ ညနေခင်းတွင် ရီဂါမြို့မှ 'သားသတ်သမား' ဟု နာမည်ကျော်နေသော လေတပ်ဗိုလ်ဟောင်း နာဇီဂက်စတာပို တစ်ဖြစ်လဲ ဟားဘတ်ကူကာ(စ်)သည် ရီဂါမြို့ရှိ ဂျူးလူမျိုးများနေထိုင်သည့် ရပ်ကွက်အတွင်း မြင်းစီး၍ဝင်လာကာ လမ်းဘေးဝဲယာတွင် တွေ့ရသော ဂျူးအမျိုးသား သက်ကြီးရွယ်အိုများ၊ လူငယ်များ၊ အမျိုးသမီးများ၊ ကလေးငယ်များအား သူ၏ ညာဘက်လက်ထဲတွင် ကိုင်ထားသော မောင်းပြန်သေနတ်ဖြင့် လက်တည့်စမ်းပစ်ခတ်သွားခဲ့ရာ ထိုညနေခင်းတွင်ပင် ဂျူးလူမျိုး အပြစ်မဲ့ ပြည်သူပြည်သားများ ရာချီ၍ သေဆုံးခဲ့ရသည်။

အခြား အထောက်အထား မှတ်တမ်းတစ်ခုတွင် ရီဂါမြို့သားတစ်ဦးက အစ္စရေးထောက်လှမ်းရေးသမားများထံတွင် အောက်ပါအတိုင်း ကျမ်းသစ္စာကျိန်ဆို၍ ထွက်ဆိုခဲ့သည်။

'၁၉၄၂ ခုနှစ်၊ မတ်လအတွင်း ရက်တစ်ရက်တွင် ဗိုလ်ကြီးဟားဘတ်ကူကာ(စ်) ခေါင်းဆောင်သော နာဇီစစ်သား (၈)ယောက်တို့သည် ရီဂါမြို့ လူ(ဒ်) ဇာလမ်းရှိ ဂျူးလူမျိုးများနေထိုင်သောအိမ်များကို တစ်အိမ်တက်ဆင်းတက်ရောက်ခဲ့ကြပြီး ဂျူးအမျိုးသားများ၊ အမျိုးသမီးများကို ဖမ်းဆီးကာ အသင့်ရပ်ထားသော မော်တော်ကားပေါ်သို့ တက်စေသည်။ အခြား ကားတစ်စီးတွင် ပါသွားသောသမီးဖြစ်သူနှင့်အတူ လိုက်ခွင့်ပြုရန် တောင်းပန်သည့် ဂျူးအဘွားအိုကြီးတစ်ဦးအား ဟားဘတ်ကူကာ(စ်)သည် သူ၏ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်သတ်လိုက်သည်။ အဘွားကြီးအနီးမှာ မအေဖြစ်သူကို အော်ခေါ်ပြီး စူးစူးဝါးဝါးငိုနေသော ကလေးငယ်တစ်ဦးကို သူသွားရာလမ်းအား ပိတ်ရပ်နေသည်ဟုဆိုကာ ကလေးငယ်၏ဦးခေါင်းကို သူ့သေနတ်ဖြင့် ပစ်သတ်ခဲ့တော့၏'

အခြား မျက်မြင်သက်သေတစ်ဦးကလည်း အစ္စရေး မော့ဆက်တပ်ဖွဲ့ဝင်များထံ ဤသို့ ထွက်ဆိုခဲ့သည်။

ရီဂါ အကျဉ်းစခန်းကို မော်တော်ယာဉ်များဖြင့် ရောက်လာသော ဂျူးအမျိုးသား၊ အမျိုးသမီးများကို ဗိုလ်ကြီး ဟားဘတ်ကူကာ(စ်)သည် တည်တည်ငြိမ်ငြိမ်၊ ဣန္ဒြေရရ လိုက်ကြည့်သည်။ မော်တော်ကားပေါ်မှ ရုတ်တရက် ဆင်းရန်ဝန်လေးနေသူများကို သူ့သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ မော်တော်ကားတစ်စင်းပေါ်မှ ဂျူးလူမျိုး အဘိုးကြီးတစ်ယောက်ကမူ 'ဂျူးလူမျိုးတွေကို ယခုလို အစုလိုက်အပြုံလိုက်သတ်တဲ့အတွက် ဂျာမနီနိုင်ငံဟာ တစ်နေ့တော့ ဒုက္ခကောင်းကောင်းကြီးခံရလိမ့်မယ် ဆိုတာ မှတ်ထားပါ' ဟု ကြိမ်းလိုက်သည်။ ထိုအဘိုးကြီးနှင့် သူ့အနီးရှိ မြေးကလေးဖြစ်ဟန်ရှိသော ကလေးငယ်ကလေးကို လက်မရွံ့လူသတ်သမား ဟားဘတ်ကူကာ(စ်) သည် မသေမချင်း တုတ်ဖြင့် ရိုက်သတ်ခဲ့သည်ဟု ဆိုသည်။

လေတပ်မတော်မှ သူရသတ္တိနှင့်ပြည့်စုံသူ လေသူရဲတစ်ဦးသည် နာဇီ လူသတ်သမားတစ်ဦးအဖြစ် ရောက်ရှိသွားခဲ့သည်မှာ အံ့ဖွယ်သရဲ ဖြစ်ခဲ့ရသည်။ ၁၉၄၅ ခုနှစ်၊ မေလတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားခဲ့သည်နှင့် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စစ်ကြီးအတွင်းက အပြစ်မဲ့ ဂျူးလူမျိုးပေါင်း (၁၁) သန်းနှင့် အခြား ပြည်သူများ၊ မဟာမိတ်စစ်သုံ့ပန်းများကို ရက်ရက်စက်စက် လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသော ဂက်စတာပို နာဇီသူရဲကောင်းများသည် သူတို့ လုယူသိမ်းဆီးထားခဲ့သော ဂျူးလူမျိုးတို့၏ရတနာ ရွှေ ငွေများကို သယ်ဆောင်၍ ကြက်ပျောက်ငှက်ပျောက် ပျောက်ခဲ့ကြ၏။

သူတို့ ရက်ရက်စက်စက်ပြုမူကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသော သေမင်းခံတွင်းမှလွတ်ကင်းလာကြသည့် ဂျူးအမျိုးသားများနှင့် မဟာမိတ်များသည် နည်းလမ်းအမျိုးမျိုးနှင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နာဇီစစ်တရားခံ ဝရမ်းပြေးများနောက် ကလဲ့စားချေရန် လိုက်ခဲ့ကြသည်။

လက်မရွံ့လူသတ်သမား ကူကာ(စ်)သည် သူ့ကလေးသုံးဦးနှင့် ဇနီးအား ခေါ်ဆောင်၍ ရုပ်ပြောင်းရုပ်လွှဲလုပ်ခဲ့ပြီး အခြား နာဇီဝရမ်းပြေးများနှင့်အတူ တောင်အမေရိကတိုက်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး တောင်အမေရိကတိုက် ဘရာဇီး(လ်)နိုင်ငံ ရီအိုဒီဂျနေယိုမြို့တွင် နာဇီလက်သစ်များ၏ အကူအညီနှင့် နေထိုင်ခဲ့သည်။ သို့သော် သူ ဒုတိယကမ္ဘာစစ်အတွင်းက ကျူးလွန်ခဲ့သော ရာဇဝတ်မှု အတိတ်တစ္ဆေသည် သူ့အား ခြောက်လှန့်လျက် ရှိသည်။

သူကဲ့သို့ နာဇီဝရမ်းပြေးများအား အစ္စရေး မော့ဆက်ထောက်လှမ်းရေးအဖွဲ့မှအဖွဲ့ဝင်များ၊ နာဇီမနုဿမုဆိုးများနှင့်မမေ့နိုင်သောသူများအဖွဲ့သည် တကောက်ကောက်လိုက်၍ ဖမ်းဆီးကာ ရာဇဝတ်ခုံရုံးတင်ခြင်း၊ ကလဲ့စားချေခြင်းများ ပြုလုပ်သည်ကို တွေ့လာရသည်။ ဟားဗတ်ကူကာ(စ်)အဖို့ တထိတ်ထိတ်နှင့် နေခဲ့ရသည်။

၁၉၆၀ ပြည့်နှစ်၊ မေလတွင် ဘူနိုအေရီ(စ်)မြို့တွင် ဂျူးအမျိုးသား (၆) သန်းကို ရက်ရက်စက်စက် သတ်ခဲ့သည့် နာဇီ အက်(စ်)အက်(စ်) ဂက်စတာပိုခေါင်းဆောင်တစ်ဦးဖြစ်သော အိုက်ခမန်းအား အစ္စရေး မော့ဆက်ထောက်လှမ်းရေးသမားများက ဖမ်းဆီးခေါ်ဆောင်သွားပြီး ဂျေရုဆလင်မြို့တွင် အထူးရာဇဝတ်ခုံရုံးတင်ကာ စစ်ဆေးအရေးယူခဲ့သည်ကိုကြားသိလာရသော ကူကာ(စ်)သည် နောက်အလှည့်မှာ သူ့အလှည့်ဖြစ်ကြောင်း နားလည်ထားသည်။ သူ့အား ကာကွယ်ပေးရန် ရဲအဖွဲ့ကို အကူအညီတောင်းခဲ့သည်။ သို့သော် သူ ကျူးလွန်ခဲ့သည့်အပြစ်တို့သည် သူ့အား ခြောက်လှန့်လျက် ရှိနေလေသည်။ သူ ပြေးမလွတ်တော့ပါ။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း မမေ့နိုင်သူများ၏ကလဲ့စားချေမှုကိုခံခဲ့ရပါကြောင်း။

လှမိုး(ပညာရေး)

*Ref: Hunting-Evil By- G-Walters.*



www.burmeseclassic.com

www.burmeseclassic.com

ကြာခဲ့ပါပြီ။

လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်က ဖြစ်၏။

. . . . . . . . . . . . . . . . .

"ဆရာလေး ရောက်နေတယ်ဆိုလို့"

"အမယ်-မြန်သား။ ဘယ်သူပြောလိုက်တာလဲ"

"ညီလေးကြီးရယ်"

"သြော်- ဟုတ်တယ်၊ ဟုတ်တယ်။ သူ မနက်က တာဆုံဘက်လာရင်းနဲ့ဆိုလား၊ လှမ်းမြင်လို့ ဝင်လာတယ်လေ"

ပြောရင်းနှင့် ကျွန်ုပ်၏ဘေးတွင် အားရပါးရ ထိုင်ချလိုက်သူမှာ ကိုလေးစံခ ဖြစ်၏။ သူ့ဘေးနားကပ်လျက်လိုက်ထိုင်ရင်း ကျွန်ုပ်ကို ပြုံးကြည့်လိုက်၊ ကိုလေးစံခကို ကြည့်လိုက် လုပ်နေသူကို သေချာကြည့်လိုက်ပြီး-

"ဒီကောင် ကောက်ချိတ်မဟုတ်လား။ ဟင်- ဟေ့ကောင်၊ ကောက်ချိတ်"

"ဟား- အစ်ကိုလေးမှတ်မိသားပဲ"

"အမယ်- မင်းကများ"

ပြောရင်းနှင့် သူ၏ပခုံးလေးကို လက်သီးနှင့် ခပ်ဖွဖွလေး လှမ်းထိုးလိုက်၏။ ကျွန်ုပ်တို့သုံးယောက် အားရပါးရ စကားပြောနေချိန် ကျွန်ုပ်ကို အလွန်ချစ်သော၊ အလွန်ဂရုစိုက်သော ဘလေးချစ် ပြန်ရောက်လာ၏။ ဘလေးချစ်နောက်နားမှ ဒေါ်ကြီးမြကပါ ကပ်လျက်။

"ဟဲ့- စံခတို့"

"ဟုတ်ကဲ့ ဘလေးချစ်"

"အေးအေး- တို့လည်း တာဆုံဘက်ဆီလျှောက်ရင်း ပဲသွားကြည့်တာ။ ခလေးကြီးက သက်သတ်လွတ်ဆိုတော့"

ဘလေးသည် ကျွန်ုပ်ကို ချစ်စနိုးနှင့် ခလေးကြီးဟု ခေါ်လေ့ရှိသောကြောင့် ဒေါ်ကြီးမြကပါ ခလေးကြီးလိုက်ခေါ်၏။ တစ်ခါ တစ်ခါမှ လူလေးခေါ်တတ်၏။

"အေး- လာကြ၊ ဆရာလေး ရှိတယ်"

ကိုလေးစံခ လှမ်းပြောလိုက်သံကြောင့် အိမ်ရှေ့ဆီ လှည့်ကြည့်လိုက်ရာ အသက် (၅၀) ခန့် လူနှစ်ဦး။

"ဒါ ငါ့မိတ်ဆွေတွေပါပဲလား"

"ဟုတ်တယ်လေ ဘလေးချစ်"

"ခလေးကြီးဆီလာတာပေါ့လေ"

"ဟုတ်ကဲ့ ဘလေး။ စံခ ပြောလို့၊ ရန်ကုန်က ဆရာလေး ရောက်နေတယ်ဆိုလို့"

"သြော်- အေး"

အလွန် ရိုးသားကြပါသည်။ သူတို့ အားရပါးရ ပြောနေကြသော စကားများထဲတွင် ဟန်ဆောင်မှုမတွေ့ရ။ မသိလျှင် မသိကြောင်း ပြောတတ်ကြပြီး သိချင် သိကြောင်း ပြောကြ၏။ ကျွန်ုပ်၏ စာများကို လေ့လာဖတ်ရှုပြီး သဘောကျနေကြသူများဖြစ်ကြောင်း၊ ဖတ်ပြီးလိုက်တွေးကြည့်ကြကြောင်း၊ သို့သော် အချို့အရာများမှာ ဘာမှန်းပင် မသိရသည်များရှိကြောင်း၊ ထို့ကြောင့် ဆရာလေးရောက်တုန်း ပညာနှင့်ပတ်သက်ပြီး အားရပါးရ စကားပြောချင်ကြောင်း၊ စကားပြောချင်သည် ဆိုသော်လည်း ဆရာလေးပြောသမျှကို နားထောင်ချင်၍ဖြစ်ကြောင်း ရွှန်းရွှန်းကိုဝေနေ၏။

ဒေါ်ကြီးမြ တည်ခင်းဧည့်ခံထားသော ရေနွေးအိုးထဲမှ ရေနွေးကုန်ချိန်တွင်တော့-

"ဆရာလေး"

"ဗျာ"

"သူနာမည်က ကံချို၊ ဒီတော့ ကက်ကင်းမိအောင် ဆိုပြီး ကျွန်တော်သူ့ကို ခွေးကျွေးခိုင်းတယ် ဆရာ။ ကံချို ခွေးကျွေး။ ဟုတ်တယ်နော် ဆရာလေး"

"အဲ- ဟုတ်ကဲ့"

"ပြီးတော့. . . ဟိုဒင်း. . . သူညီမက စိန်နွဲ့။ သူ့ကျတော့ နှင်းဆီ အမြပန်ခိုင်းတယ်။ ဖြစ်တယ်မဟုတ်လား ဆရာလေး"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ်"

အလွန် ရိုးသားကြသူများဖြစ်၍ သူတို့စကားများကို ကျွန်ုပ်က တလေးတစား နားထောင်ပေး၏။ လိုအပ်နေသည်များကို ချက်ချင်း မပြောရက်၊ ဆန့်ကျင်ဘက်မပြောရက်။ ဖြူစင်သောစိတ်ထားရှင်များဖြစ်ရုံမက ပညာကို စိတ်





www.burmeseclassic.com

www.burmeseclassic.com

ဝင်စားကြ၊ မြတ်နိုးကြသူများဖြစ်၍ ထို ပုဂ္ဂိုလ်များကို ကျွန်ုပ် တလေးတစားတုံ့ ပြန်စကား ဆိုရချေတော့မည်။ သိသင့် သည်များကို ရှင်းပြရပေတော့မည်။

"ခလေးကြီး၊ အိုးပေး"


ဒေါ်ကြီးမြလက်ထဲသို့ ဘာမှမရှိ တော့သော ရေနွေးကရားအိုးထည့်လိုက် ပြီး မြေပန်းကန်လေးထဲရှိ အေးစက်နေ သောရေနွေးလက်ကျန်ကို မော့သောက် လိုက်၏။ ဒေါ်ကြီးမြမှာ အလွန် စည်း ကမ်းကြီးသည်။ သူ့ဖခင်လက်ထက်က တည်းက စဉ်နှင့်ပြုလုပ်ထားသော ကြက်ဖ ပုံ စဉ့်ကရားအိုးလေးမှာ ယခုထိ အရာမ ယွင်း။

"ကံချို့ ခွေးကျွေးတာတော့ ဒါ လောက်ကြီး မဟုတ်ဘူး၊ စိန်နဲ့ကတော့ ထူးသား"

"ကောင်းပါတယ်။ ဒီက အစ်ကို ကြီးပြောတာ မများပါဘူး။ ပိုပြီး ခံတတ် ထိသွားအောင် ဒီလိုလုပ်ပါလား"

"မှန်း"

"ကိုကံချိုကို ကောင်းမှုကုသိုလ် တွေ များများလုပ်ခိုင်း။ ရွတ်တာဖတ် တာ၊ ပုတီးစိပ်တာ၊ ဗုဒ္ဓါနုဿတိဘာဝနာ ပွားတာ၊ ဒါနပြုတာ၊ သီလဆောက်တည် ခိုင်းတာ များများလုပ်ခိုင်း"



ဆရာဦးမောင်မောင်သန်း

([illegible])



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

ကျွန်ုပ်စာများကို အလွန်သဘောကျသော အစ်ကိုကြီးမှာ ကိုကံချိုဘက် လှည့်ကြည့် ပြုံးလိုက်ပြီး-

"ကဲ- ကံချို၊ ဆရာလေး ပြောပြီ။ မင်း ကျားထိုးတာကြီးကိုလျှော့။ ဒီကောင်က ကျားသိပ်ထိုးတာဆရာလေး။ အချိန်ရရင် ရသလို ကျားသွားထိုးတာ။ ကဲ- လုပ်တော့ကွာ၊ ဆရာလေး ပြောနေပြီ။ တို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့ ဒါတွေသိရတာ၊ တို့ ရန်ကုန်သွားရင် ဆရာလေး ဒီလိုပြောဖို့ တယ်မလွယ်ဘူး"

ပြောနေရင်း ဒေါ်ကြီးမြ အကြမ်းအိုး လာချပေး၏။ အဆန်အောင်သော မြေပဲကြီးများကိုလှော်ထားပြီး ဆီလေးဆမ်းထားသည့် မြေပဲပန်းကန်ပါ အဆစ်ပါလာ၏။

"အစ်ကိုကြီးနာမည်"

"ဝင်းကိုပါ။ ဟဲဟဲ- ခရေလှူပါတယ် ဆရာလေး"

"ကောင်းတယ်ဗျာ"

"ဆရာလေးက တစ်ချိန်လုံး ကောင်းနေတာပဲ။ ကျွန်တော်တို့လည်း ပြောပြဦးလေ"

ဘေးနားတွင်နားထောင်နေသော ကိုလေးစံခ စကားကြောင့် အစ်ကိုကြီး ဦးဝင်းကိုတို့ကပါ သဘောကျသွား၏။

"အခု အစ်ကိုကြီး ဦးဝင်းကိုပြောတာတွေက ကက်ကင်းပညာခန်းတွေလေ။ ကောင်းတာပေါ့၊ အရမ်းကောင်းတာပဲ။ ကျွန်တော်က ကက်ကင်းကို စိတ်ကိုဝင်စားတာ၊ သဘောအရမ်းကျတာ။ ဒီပြင်ပညာတွေသင်ခဲ့ရတာနဲ့ ကက်ကင်းသင်ခဲ့ရတာ မတူဘူး"

"ဟင်- ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး၊ မတူဘူး"

"နို့- နေပါဦး။ နာမည်တစ်ခုကိုမြင်တာနဲ့၊ ကြားတာနဲ့ ဒီဒင်းကို ပြောင်းပြန်ပြန်လိုက်ရင် ကက်ကင်းမဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ အစ်ကိုကြီးပြောသလိုပဲ။ ပညတ်တစ်ခုကို ပြောင်းပြန်ပြန်လိုက်ရင် ကက်ကင်းပဲ။ ကက်ကင်းလို့ ပြဆိုထားတာပဲ။ ကက်ကင်းလို့လည်း ပြောကြတာပဲ။ ဒါက စာပေကျမ်းဂန်တွေကို ဖတ်ရှုလေ့လာလိုက်တာနဲ့ သိသွားနိုင်တဲ့ ကက်ကင်း၊ ဒါမှမဟုတ် သူပြောလူပြောနဲ့ သိရတဲ့ ကက်ကင်း"

"ဆရာလေးပြောတာ နားလည်သလိုလိုနဲ့ သပွတ်အူဖြစ်နေသလိုပဲ"

စကားပြောရင်း မြေပဲတစ်ဇွန်းယူဝါးနေသော ကိုလေးစံခကြောင့် အစ်ကိုကြီး ဦးဝင်းကိုတို့ပါ သဘောကျသွား၏။ ကိုလေးစံခ နောက်နားမှာထိုင်ရင်း မြေပဲပန်းကန်ဆီသို့ မျက်လုံးရောက်နေသူကတော့ ကောက်ချိတ်။ ကျွန်ုပ်က ကောက်ချိတ်ကို ပြုံးပြလိုက်ပြီး မြေပဲပန်းကန်ဆီသို့ မျက်စိပစ်ပြလိုက်၏။

"ဒီလိုလေ အစ်ကိုလေးရဲ့။ ကက်ကင်းတော့ ကက်ကင်းပဲ၊ လုံးဝ မမှားဘူး။ ဒါပေမယ့် အသက်ဝင်ရမယ်လေ၊ အကျိုးပြုရမယ်လေ"

"မှန်း. . ."

"အစ်ကိုကြီး ဦးဝင်းကို ကျွန်တော်ပြောပြမယ်။ ဥပမာ- လူတစ်ယောက် နာမည် ဆိုပါတော့။ ထားပါတော့ ကိုနွယ်သိန်း၊ အစ်ကိုကြီး ဘာပေးမလဲ"

"အဲ- ဒီဒင်း ဆိုရင်တော့ ဟို. . . သောကြာစ စနေပြန်ပိတ်တဲ့ သနပ်ပင် အိမ်ရှေ့စိုက်ခိုင်းလိုက်မယ်"

"ဟုတ်တယ်၊ အစ်ကိုကြီးပြောတာ မှန်တယ်။ ဒါ ကက်ကင်းပဲ။ ဒါပေမယ့် ဒီထက် ပိုပြီး အသက်ဝင်အောင်၊ ကက်ကင်းဓာတ်ထိအောင် သင်္ကန်းနက်သားကို ပုတီးလုပ်ပြီး သင်္ကန်းနက်သားပုတီးစိပ်ရင်ကော"

"ဟာ- အေး- ဟုတ်သား"

"ခုန သနပ်ပင် သူ့ဟာသူရှိနေရင် အသက်က မဝင်ဘူးလေ။ ကက်ကင်းဆိုတာ ဓာတ်သက်ဝင်နေရမယ်၊ လှုပ်နေရမယ်၊ ဓာတ်ထိနေရမယ်။ ဒါမှ အကျိုးပြုမှာလေ"

"ဟုတ်ပ"

"ကျွန်တော် တစ်ခါက ကျွန်တော့်သူငယ်ချင်း မြင့်သူကို သစ်မင်းဆောင်ခိုင်းလိုက်တယ်။ သစ်မင်းကို ဒီအတိုင်း ဟိုတင် ဒီတင် ဆောင်ခိုင်းရင် ကက်ကင်းဟာ ငြိမ်နေမယ်လေ။ ဒီတော့ သစ်မင်းပေါ်မှာ ပန်းကန်ပြားတင်ပြီး သစ်သီးဆွမ်းကပ်ခိုင်းလိုက်တာပေါ့။ ဘုရားရှင်ကို ပန်းပွင့်လေးတွေနဲ့ ပူဇော်ချင်ရင်လည်း သစ်မင်းပေါ်မှာ ပန်းကန်ပြားတင်ပြီး ပန်းကန်ပြားလေးထဲမှာ ပန်းပွင့်လေးတွေ ထည့်ပူဇော်ခိုင်းတယ်။ ဒါက သစ်မင်း အလုပ်လုပ်နေတာပေါ့။ သူ့နာမည်က မြင့်သူကိုး။ မြင့်သောသူ၊ မြတ်သောသူလို့ အဓိပ္ပာယ်ကထွက်နေတော့ ကက်ကင်းနဲ့ ဘုရားပူဇော်ခိုင်းလိုက်တာပေါ့။ သူ့ဘဝတစ်လျှောက်လုံးမှာ အဲဒီ သစ်မင်းကြီးပေါ်မှာပဲ ဘုရားရှင်ကို ဆွမ်းတော်ကပ်လိုက်၊ ပန်းတွေ ကပ်လိုက်နဲ့ ပူဇော်လာလိုက်တာ ခုဆို ဓာတ်ထိလာတဲ့ ကက်ကင်းအကျိုးကို စံစားနေရပြီ။ မရှိစကား မကြားရတဲ့ကိုယ် ဖြစ်ရပါစေသား ဆိုပြီး ဆုတောင်းလာလေသလား အောက်မေ့ရတယ်"

"ဟား - ဆရာလေးပြောတာနဲ့ ကျွန်တော်တောင် ပြည်ဘက်ကို လွမ်းချင်းသွား လွမ်းချင်းပြန်ပြီး ကက်ကင်းဓာတ်စီရင်လိုက်ချင်တယ်။ ပြည်မှာ ခရေသားကြီးကြီးရတယ်။ ပန်းကန်ပြားလုပ်ခိုင်းပြီး အဲဒီ ခရေပန်းကန်ပြားနဲ့ ဆရာလေးပြောသလို ဘုရားပူဇော်လိုက်ချင်တယ်။ ဟင်- မနိပ်ဘူးလား ဆရာလေး"

"ကောင်းပါတယ် အစ်ကိုကြီး ဘယ်တော့သွားသွား ရပါတယ်"

"လုပ်လေ၊ လုပ်လေ ဝင်းကိုကြီးရ"

ဘလေး ဝင်ပြောလိုက်သည်ကြောင့် အစ်ကိုကြီး ဦးဝင်းကို သဘောကျသွား၏။ ဘလေးဘက် လှည့်ကြည့်ပြုံးနေရင်းမှ ခပ်လှမ်းလှမ်းရှိ ရှေးကျလှသော ကြေးကွမ်းအစ်ကြီးထဲမှ ကြေးထုံးဘူးကိုဖွင့်၍ သူ၏ညာဘက်လက်ညှိုးနှင့် တစ်ကော် ကော်လိုက်ပြီး သွားတွင်ခြစ်လိုက်၏။ ထုံးမှာ မန်ကျည်းစေ့နှစ်စေ့နီးပါး ပါသွားသောကြောင့် အစ်ကိုကြီး ဝင်းကိုကို အကဲခတ်နေမိ၏။ တွန့်မသွား ကျွန်ုပ်ကသာ သူ့အတွက် ထုံးပေါက်သွားမည်ကို စိုးရိမ်ရင်း မျက်နှာအနည်းငယ် မဲ့ရှုံ့သွားမိ၏။

"ကက်ကင်းတွေက အင်မတန်မှ အားပါတယ်။ ဓာတ်ထိလာရင် လိုသလို ဖြစ်လာတာပဲ။ ခုန သင်္ကန်းနက်သား ဆောင်ခိုင်းသလိုပဲ တစ်နေရာမှာ တွေ့ခဲ့ ဆုံခဲ့တဲ့ မစောနန်း ဆိုတဲ့ ကလေး လေးကို နှင်းဆီ ဘုရားပူဇော်ခိုင်းလိုက် တယ်။ မပြတ်ပေါ့လေ"

"စောနန်း-နှင်းဆီ၊ ဟုတ်သားဟ"

"သူလည်း ဖြစ်တာပဲ၊ စီးပွား။ သူ ကတော့ ရိုးရိုးကုန်စုံရောင်းတာ။ ဖြစ် တာပဲ၊ စီးပွား။ ခုထိလည်း နှင်းဆီပန်း ဘုရားပူဇော်တုန်း"

"ဒါဖြင့် မြင့်ဦး ဆိုရင် အင်ဖတ် ခင်းပြီး. . ."

"ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိတယ်။ အခု ကိုကြီးဝင်းကို ပြောတဲ့ နာမည်ပဲ၊ မြင့်ဦး။ ကျွန်တော်ကတော့ အင်ဖက်ကို မတွေးဘူး။ ခုနလို ဓာတ် အောင် အုန်းဖူး ဘုရားပူဇော်ခိုင်းတယ်။ အမြဲမရရင် ရတဲ့နေရာကဝယ်ပြီး ပူဇော် ခိုင်းတယ်။ ရှာမရလည်း ရသလို



www.burmeseclassic.com

www.burmeseclassic.com

လို့လဲဆိုတော့ သ္မနာမည်က မြင့်ဦး ဦးဦးဖျားဖျား မြင့်နေရမှာ၊ မြင့် ဦးနေရမှာ။ ဒါဖြင့် အုန်းဖူးဆိုတာ ဖျားဖျားပဲလေ။ အဲဒီ အုန်းဖူးကို ရားပူဇော်ခိုင်းလိုက်တာပေါ့။ အင် နဲ့တော့ ကွာလောက်သွားပြီ"

"ကွာသွားပြီ။ ဒီဒင်းကို မတွေးမိ ..."

အားလုံးသော မျက်လုံးတို့သည် နှိပ်ထံသို့ စုဝေးရောက်ရှိလာကြ၏။ လေးသည် ကိုလေးစံခနှင့် ကိုကြီးဝင်း တို့ဘက်သို့ ခပ်မော့မော့ ဝေ့ကြည့် တ်၏။ တွေ့လား၊ ခလေးကြီးက အဲ ဟူသော အမိပ္ပာယ်ထွက်နေသည့် ကြည့်မျိုး ဖြစ်၏။

"များသောအားဖြင့်တော့ ကက် င်း ဆိုတာ ပညတ်ပြောင်းပြန်ကိုပဲ အဓိကထား ထားပြီး ပြောနေကြတာ၊ ဆောင်နေကြတာ များတယ်။ ဓာတ်ထိ တာ ဓာတ်မထိတာ သိပ်မစဉ်းစားကြ တော့ဘူး။ လွယ်လွယ်စဉ်းစားလို့ရတဲ့ ညတ်နဲ့ပဲ ကက်ကင်းလို့ ခေါ်ကြတာ များတယ်။ ပြောရမယ်ဆိုရင် ဒါက ညတ်ပြောင်းပြန်ပဲ။ ဘာအကျိုးရှိမှာ လဲ ဘာဓာတ်ထိမှာလဲ၊ ပြီးတော့ ဘာ အတွက်ကောသုံးမှာလဲ၊ ဘယ်လိုသုံးမှာ လဲ ဘယ်အချိန်မှာ သုံးမှာလဲ။ ပြောမယ် ဆို ကက်ကင်းပညာခန်းကို ဘယ်အချိန် မှာ စပြီး ဆောင်မယ်ဆိုတာ ရှိတယ်။ နေပြောတဲ့ ပညတ်ပြောင်းပြန်တွေသုံး နေတာက အဆောင်လို့ မည်, မမည်၊ ဓာတ်ထိ, မထိ၊ ဖြစ်နိုင်, မဖြစ်နိုင်"


အားလုံး တိတ်ဆိတ်နေသည်မှာ အပ်ကျသံပင် ကြားရမတတ်။

"ကျွန်တော် စိုးကြည် ဆိုတဲ့ သူ ငယ်ချင်းတစ်ယောက်ကို ထိထိရောက် ရောက်ဖြစ်အောင် ကက်ကင်း ဆောင် ပေးခဲ့ဖူးတယ်။ သူက ရွှတ်တာဖတ်တာ လည်း ဝါသနာပါတဲ့သူ။ ပြီးတော့ သူ့ မိဘကို ဘာမဆို ဦးထိပ်ထားတယ်။ ဒါ ကြောင့်လည်း ကူညီလိုက်တာ။ ဘယ် လိုကက်ကင်းလဲ ဆိုတော့. . ."

"ကန့်စွန်းပေါ့"

ဖျတ်ခနဲဝင်ပြောလိုက်သော အစ်ကိုကြီး ဦးဝင်းကိုဆီသို့ အားလုံး အာရုံ ရောက်သွားကြ၏။ သူ့မိတ်ဆွေပင်လျှင် အံ့တသြ။

"ဟုတ်တယ်၊ မှန်တယ်။ အစ်ကို ကြီး ပြောသလိုပဲ။ တနင်္လာစ အင်္ဂါပိတ် မှည့်ထားတဲ့ ပညတ်ပဲ၊ မှန်တယ်။ ဒါပေ မယ့် ကျွန်တော်ကတော့ ကန်စွန်းပေး လိုက်ရင် ကံစွမ်းအောင် သူလုပ်ရတော့ မယ်လေ။ ကန်စွန်းညွန့်တွေ ဘုရားပူ ဇော်ရမယ်၊ အိမ်ရှေ့ မြင့်တဲ့နေရာမှာ ကန်စွန်းညွန့်တွေ ဖြာနေအောင် အိုးလှ လှလေးနဲ့ စိုက်ထားရမယ် ဆိုတာတွေ ကို သူ တိတိကျကျ လုပ်နိုင်မယ်မထင် လို့ ကြေးစည်ကို ပေးလိုက်တယ်"




"ဟာ"

တစ်သံတည်း မဟုတ်၊ အစ်ကို ကြီး ဦးဝင်းကိုတို့ရော ကိုလေးစံခတို့ပါ မတိမ်းမယိမ်း ပြိုင်တူထွက်လာကြသော အသံ ဖြစ်၏။

"ကြေးစည်၊ သူ့ရဲ့ကက်ကင်းပဲ။ အဲဒီ ကြေးစည်ကို ဘုရားဆောင်ရှေ့မှာ ဆွဲခိုင်းထားပြီး ဘုရားဝတ်ပြုပြီးတိုင်း ကြေးစည်ထုခိုင်းတယ်။ သူလည်း လုပ် တယ်၊ မပျက်ဘူး။ မမေ့တော့ဘူးလေ။ ကက်ကင်းကို နေ့တိုင်း သတိရခိုင်းလိုက် တော့ ကက်ကင်းဟာ အသက်ဝင်သွား ပြီပေါ့။ ပြီးတော့ ပေါ့တန်တန် ဆောင် ခိုင်းလိုက်တာ မဟုတ်ဘူး။ မြင့်မြတ်တဲ့ အချိန်၊ ပြောရမယ်ဆိုရင် ဘုရားဝတ်ပြု တဲ့အချိန်တိုင်းမှာ သူ့အတွက် ကက်ကင်း ဟာ အသက်ဝင်သွားပြီ။ ကောင်းခြင်း တွေနဲ့တည်ဆောက်လိုက်တဲ့ ကက်ကင်း ပဲ။ ကံကိုကောင်းစေတဲ့ ကောင်းကျိုးပြု ချိန်မှာ ကံကိုမြင့်သွားအောင် ထပ်ပြီး ပညာကူလိုက်တာပဲ။ ဒါ ကက်ကင်း"

"ကြိုက်တယ်၊ ဒီဒင်းကို"

အားရပါးရ အော်လိုက်သော အစ်ကိုကြီး ဦးဝင်းကိုအသံ အပြီးမှာ ဘလေးပါမကျန် ဟိုလှည့်ပြောလိုက်, ခေါင်းညိတ်လိုက်၊ ဒီလှည့်ပြောလိုက်, ခေါင်းညိတ်လိုက်တွေနှင့် ပွစိပွစိတွေ ဖြစ်ကုန်ကြတော့၏။

"ဒါဆို လူလေး၊ စံခကြီးလည်း ကြေးစည်ရတာပေါ့"

"ရတာပေါ့ ဘလေး။ ကိုလေးစံခ ကို ပြောတော့မလို့ ခုပဲ ပြောတော့မလို့"

"ကိုင်း- ဒီနွားပွဲနေ့ပြီးရင် ကြေး စည်ဝယ်မယ်။ အဲ- မနက်ခါဆိုရင်ပဲ နွား ပွဲနေ့၊ တန်းဝယ်ပြီး တန်းဆောင်ရင် ရ ပြီပေါ့နော ဆရာလေး"

"ဒီလိုလုပ်လေ။ အင်္ဂါနေ့ မနက် (၉) နာရီ (၄၅) တိတိမှာ စပြီးဆွဲချိတ် လိုက်ပေါ့။ ရပြီ"

"အမလေးလေ- ဆောင်ချင်လိုက် တဲ့ ကက်ကင်း၊ စံခတို့များ"

"အမယ်-အစ်ကိုနှယ်၊ ဆရာလေး ဆီ စရောက်ကတည်းက တစ်ခုခု အ ဆောင်တောင်းမလို့ပါ။ ခုတော့ ဟန်ကျ လိုက်လေ"

အစ်ကိုကြီး ဦးဝင်းကိုနှင့် ကိုလေး စံခတို့ အချီအချပြောနေချိန်တွင် ကျွန်ုပ် လည်း မြေပဲတစ်ဆုန်း ခပ်စားလိုက်၏။ ကောက်ချိတ်က အကြမ်းပန်းကန်လေး ထဲမှ ရေနွေးလက်ကျန်လေးကို ဘေးသို့ ပက်လိုက်ပြီး ကြက်ဖပုံကရားအိုးထဲမှ ရေနွေးအသစ်ထပ်ငှဲ့ပေး၏။

"ကောင်းတော့ ကောင်းတယ် ကိုလေးစံခ၊ ဒါပေမယ့် ဘုရားရှိခိုးတာ မှန်ရမှာနော်။ ဘုရားဝတ်ပြုပြီးတိုင်း ကြေးစည်ထုမှာ"

"လုပ်မယ် ဆရာလေး၊ စိတ်ချ"

အစ်ကိုကြီး ဦးဝင်းကို၏လက်တို့ ကြေးကွမ်းအစ်ကြီးဆီ ရောက်သွားပြန် ၏။ ထုံးဘူးဘေးနားရှိ ကြေးခွက်လေးထဲ မှ ကွမ်းသီးစိတ်များကို လှမ်းယူလိုက်ပြီး တထုတ်ထုတ်နဲ့ ဝါးနေပြန်၏။

"ဪ- သူက အချိန်တွေ အခါ တွေနဲ့ဆောင်ရင် ပိုစွမ်းတယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ဒါဆို အကြီးမကြီးအတွက် ဆရာလေးကို မေးဦးမှ"

"ဘယ်သူလဲ၊ နာမည်"

"မြစိန်လေ၊ အကြီးမကြီးလေ။ ဪ- ဆရာလေး ဘယ်သိမလဲ၊ ကျွန် တော့်သမီး အကြီးမကြီး"

"ကက်ကင်း ဆောင်ခိုင်းချင်လို့ လား"

"ဟုတ်တယ် ဆရာလေး"

"သူ့နာမည်က မြစိန် ဆိုတော့ သူ့ နာမည်ဟာ ရတနာတွေချည်းပဲ၊ ကောင်း တယ်။ မြကလည်း အရောင်ထွက်တယ်၊ စိန်ကလည်း အရောင်ထွက်တယ်။ ဒီလို ဆို အရောင်ထွက်တာနဲ့ ဘုရားရှင်ကို ပူဇော်ရမယ်။ အင်္ဂါစ ကြာသပတေးပိတ် ကို စဉ်းစား။ စံပယ်၊ ဆွတ်ဆွတ်ဖြူနေ တာပဲ၊ လင်းနေတာပဲ။ အဲဒါနဲ့ ပူဇော် မယ်။ စံပယ်ပန်းပွင့်လေးတွေကို ပန်းကန် ပြားလေးထဲထည့်၊ ဘုရားပူဇော်ပေါ့။ ပြီး တော့ ဆီမီးပါ ထပ်ထွန်း"




www.burmeseclassic.com

www.burmeseclassic.com

"တစ်တိုင်ဆို ရလား"

"ကျွန်တော်ပြောတာ ဆီမီး။ ဆီနဲ့ ဂွမ်းနဲ့ ဆီမီးခွက်လေးနဲ့ထွန်းတာ"

"ဪ- ဆီမီး - စံပယ်"




"အယ်- ကတဲ- နေရာကျလိုက်သမှ။ ကံချိုရေ၊ မင့်တူမအတွက် ဆီမီးခွက်တွေ စုသာထားပေတော့"

"အေးအေး- လူလေးပြောတဲ့အတိုင်း လုပ်လိုက်လေ။ အကြီးမကြီး ဟန်ကျတာပေါ့"

"ဟုတ်ကဲ့ ဘလေး"

တစ်ယောက်တစ်ပေါက်နှင့်စကားဝိုင်းလေးမှာ စည်ကားနေ၏။ သတိထားလိုက်မိသည်မှာ ကျွန်ုပ်အား ပတ်ချာလည်ဝိုင်း၍ စိတ်ဝင်တစားမေးနေကြခြင်းပင် ဖြစ်၏။

"စိန်ပန်းလည်း ရတာပေါ့နော် ဆရာလေး"

"ရတော့ ရတယ် အစ်ကိုကြီး၊ ဒါပေမယ့် စံပယ်က ပိုကောင်းပါတယ်။ စိန်အရောင်တောက်သလို အဖြူရောင်ပန်းလေးတွေ ဆိုတော့. . ."

"အယ်- ဟုတ်သား။ ကက်ကင်း၊ ကက်ကင်းနဲ့ ခုလို နာမည်နဲ့ကိုက်ညီအောင်တို့၊ အချိန်အခါနဲ့ စ,ဆောင်ရတာတို့ကျတော့ ခုမှသိတာကလား ဆရာလေး"

"ဟုတ်ကဲ့၊ ကျွန်တော့်ဆရာရဲ့ ကျေးဇူးပါ အစ်ကိုကြီး။ ဆရာက အကြောင်းတစ်ခုကြောင့် ဖြစ်လာနိုင်တဲ့အကျိုးကို အမြဲ ဂရုစိုက်တတ်အောင် လေ့ကျင့်ပေးခဲ့ပါတယ် ခင်ဗျ။ မျက်ရမ်းမှန်းဆ နာမည်ပြောင်းပြန်ဖြစ်ရင်ပြီးရော ဆိုတာမျိုးကို လက်မခံခဲ့ပါဘူး။ တချို့ ပိုဆိုးပါတယ်။ နာမည် ပြောင်းပြန်အဆင့်တောင် မဟုတ်တော့ဘဲ စကားလုံးပြည်တ် ပြောင်းပြန်ဖြစ်ရင် ကက်ကင်းဆိုပြီး ပြောနေ ဆိုနေကြတာတွေလည်း တွေ့နေရပါတယ်။ ဒါဟာ အင်မတန်မှ ထင်ရှားကျော်ကြားလှတဲ့၊ မြန်မာတို့မြတ်နိုးကြတဲ့ အင်္ဂဝိဇ္ဇာပညာရပ်ကြီးအတွက် စိတ်မကောင်းစရာပါ။ ဆရာဟာ အမြဲဆုံးမပါတယ်။ ကိုယ်က ပညာရပ်ကိုသွေဖည်ပြီး မလုပ်နဲ့၊ ဘာမှဘောင်မဝင်တဲ့ ထွင်လုံးမျိုးနဲ့ထွင်တာမျိုး မလုပ်နဲ့ ဆိုပြီး အမြဲ ဆုံးမပါတယ်။ ဒါကြောင့် လက်ဆေး-ဆယ်ယူတို့၊ လက်ခါ-ငွေလာတို့၊ မိုးခြိမ်း-ချစ်မောင်တို့၊ ရွှေကိုး-ကြံရည်တို့၊ ရင်နိုင်-နှာရှုတို့. စိန်ချို-ချောင်းဆိုးတို့ ဆိုတာမျိုးတွေဟာ ကက်ကင်းလို့ ပြောလို့မရပါဘူး။ ဒါတွေက အက္ခရာစာလုံးကို မရရအောင် လိုက်ပြီး ပြောင်းပြန်ပြောနေတဲ့ဟာတွေပါ။ ဗွတ်ပြောင်းပြန်တွေပါ"

"ဪ- အေးပါ။ ဒီလိုလည်း အထိန်းတို့၊ ဘောင်တို့ဆိုတာလည်း ရှိမှာပါ။ ဒါမျိုးဆိုလည်း ဆရာလေးပြောသလိုဆို ကျွန်တော်ဆို အဟုတ် အဟွတ် ဆိုတာနဲ့ ကက်ကင်းမိနေပြီ"

ကိုလေးစံခ၏ စကားကြောင့် ဘလေးပါ အသံထွက်၍ရယ်၏။ ဒေါ်ကြီးမြက ပြုံးပြီးမျက်စောင်းလှမ်းထိုး၏။ စံခကလည်း တတ်လည်းတတ်နိုင်တယ် ဟူသော အဓိပ္ပာယ်မျိုး။

"ပြီးတော့ ဘာကက်ကင်းလဲ။ ကက်ကင်းကို ဘာကြောင့်ဆောင်ခိုင်းရတာလဲ။ ဟော- အဲဒါရှိတယ်။ ဥပမာ- အစ်ကိုကြီးရာ၊ လူတစ်ယောက်ကို. . . ထားပါတော့၊ ကိုတင်ပြုံးကို ပိတုန်းဆောင်ခိုင်းပါပြီတဲ့။ ထားတော့၊ ကက်ကင်း။ နောက်တစ်ယောက်၊ ဌေးမောင်ကျလည်း ပိတုန်းပဲဆိုပြီး ပေးရင်. . ။ ဒါဖြင့် ဘာကိစ္စအတွက် ကက်ကင်းချင်တာလဲ။ အပွင့်အတွက်လား၊ အပိတ်အတွက်လား၊ အတိုက်အခံအတွက်ဆောင်မှာလား၊ လာဘ်ပိတ်နေလို့ ဆောင်မှာလား၊ ဘယ်အသက်အပိုင်းအခြားမှာ ဆောင်မှာလဲ"

"ဟော- ကက်ကင်းဆောင်တာ အသက်အပိုင်းအခြားတွေလိုသေးတယ်နော်"

"ဟုတ်တယ် အစ်ကိုကြီး၊ ဆောင်လို့ရတဲ့နှစ် ရှိသလို ဆောင်လို့မရတဲ့နှစ်တွေ အများကြီးရှိတယ်။ ဆောင်လို့ရတဲ့နှစ်မှာ ကက်ကင်းဆောင်လို့ စီးပွားတက်ပေမယ့် ဆောင်လို့မရတဲ့ နှစ်မှာ ကက်ကင်းဆောင်ရော အတိုက်အခံတွေ ဝင်လာတော့တာပဲ။ ဒါလည်း ရှိသေးတယ်"

"ခလေးကြီးပြောနေတာ ဘလေး နားထောင်ကြည့်နေတယ်။ ပညာရပ်တစ်ခုဟာ တယ်မလွယ်ပါလားလို့"

"ဟုတ်ကဲ့ ဘလေး"

"အမယ်လေးလေ- ရမ်းသန်းများ ဆောင်လိုက်လို့ကတော့ ခလေးကြီး ပြောသလိုမျိုး ပိုဆိုးသွားမှဖြင့်. . ."


"အဲဒါကြောင့် ဆရာလေးရောက်နေတယ်ကြားတာနဲ့ အပြေးလာတာပေါ့ ဘလေးရဲ့"

သူတို့ပြောနေချိန် ကျွန်ုပ်မှာ ကောက်ချိတ်လှမ်းပေးသော ရေနွေးတို ယူသောက်လိုက်၊ မြေပဲပန်းကန်ကို တို ကံချိုဆီသို့လှမ်းပေးလိုက် လုပ်နေလိုက် ၏။


"အဲလို ဆောင်လို့မရတဲ့နှစ်တွေ ရှိတယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး။ တစ်ခါက လူတစ်ယောက်ဟာ အသက်က (၄၅) နှစ် ရှိပြီ။ သူ့နာမည်က ဝင်းထွေးတဲ့။ ဒီ လိုပဲ။ သူ့ကို လူတစ်ယောက်က ကက်ကင်းမိအောင်ဆိုပြီး ထင်းရှူးဆောင်ခိုင်း လိုက်တယ်။ ဘယ်လိုဆောင်ခိုင်းလဲဆို တော့ အိမ်ရှေ့မှာ ထင်းရှူးပင်စိုက်ခိုင်း လိုက်တယ်။ အဲဒီမှာတင် သူဟာ မိတ် ဆွေတွေရဲ့အထင်လွဲမှုတွေခံရပြီး အမှု အခင်းတွေပါ ဖြစ်ကုန်တော့တာပဲ"

(၄၅) နှစ်ရှိ ဗုဒ္ဓဟူးသား၏သက် ရောက်ကို လေ့လာပါ။




ဗုဒ္ဓဟူးသားသောကြာသက်ရောက်




[ထိုနှစ်တွင် ဗုဒ္ဓဟူးနာမည်ရှင်



www.burmeseclassic.com

www.burmeseclassic.com

သူသား ကိုဝင်းထွေး၏ နာမည်တွဲမှာ ကတ်ကင်းအဆောင်မပြုရသောနှစ် ဖြစ်နေပါသည်။ အတော်လေး အတိမ်းအစောင်းမခံသောနှစ်မျိုး ဖြစ်နေပါသည်။

ဤသို့နှစ်မျိုးတွင် ဗုဒ္ဓဟူးနာမည်နှင့် (ဗုဒ္ဓဟူးနှင့်စနေတွဲ) အနေနှင့် ကက်ကင်းကို လုံးဝ အဆောင်မပြုသင့်ပါ။

လူတစ်ယောက်အတွက်အဆောင်မှားလျှင် ရင်းနှစ်မှုစ၍ ဒုက္ခများသွားနိုင်သောနှစ် ဖြစ်နေပါသည်။

သို့သော် အကြောင်းကြောင်းကြောင့် တွေးပုံ၊ စဉ်းစားပုံ လိုအပ်သွားထိတ်သည့်အခါ ကောင်းကျိုးထက် ဆိုးကျိုး ပိုမိုသွားခဲ့ရသောအကြောင်းတရားရှိသည်ကား. . . ]

"ဟယ်- အေးပါ အပုရဲ့- နော်၊ ကြောက်စရာကြီး"

ဒေါ်ကြီးမြ လှမ်းပြောလိုက်သံကြောင့် ကိုလေးစံခရော အစ်ကိုကြီး ဦးဝင်းကိုတို့ပါ ဒေါ်ကြီးမြကို လှည့်ကြည့်နေကြ၏။

"ဒါ သူဆောင်မရတဲ့နှစ်မှာဆောင်လိုက်လို့ပေါ့နော် ဆရာလေး"


"ဟုတ်ကဲ့ အစ်ကိုကြီး"

"ကျွန်တော့်လည်း ရောက်တုန်းလေး သင်ပြပေးသွားပါဦး ဆရာလေးရယ်။ တော်ကြာ ကျွန်တော်က ကက်ကင်းဆိုရင် ဝါသနာက ကြီးလွန်းတော့ တောင်ဆောင်ခိုင်း၊ မြောက်ဆောင်ခိုင်းတွေလုပ်ရင် ဒီဒင်းကို သတိမထားလိုက်မိတဲ့အခါ မကောင်းဘူး၊ တစ်ဖက်သား"

အလွန် လေးစားသွားမိ၏။ တကယ့်ကို တစ်ဖက်သားအတွက် စိတ်ထားဖြူသော အစ်ကိုကြီး ဦးဝင်းကိုအား အတော့်ကို လေးစားသွားမိပါ၏။ သူကြောင့် သူတစ်ပါး မထိခိုက်စေလို၍ သောကို စနစ်တကျသိလိုတတ်လိုသော စိတ်ထားရှင်ဖြစ်၍ ကျွန်ုပ် သူ့ကို တလေးတစား ပြုံးကြည့်နေလိုက်၏။

"နောက်တစ်ယောက် ပြောပြဦးမယ်။ သူ့နာမည်က သောင်းချစ်တဲ့။ သူတတော့ ကျွန်တော့်သူငယ်ချင်းပါ။ ဒါပေမယ့် ကျွန်တော့်ဆီလာလည်တဲ့အချိန်မှာ ဒုက္ခတွေတော်တော်ရောက်နေပြီ။ ရုပ်တောင်မပေါ်ဘူး။ သူရော သူ့မိန်းမပါ ရောက်လာတယ်။ သူ့မိန်းမက အစ်ကိုရယ်၊ ညီမတို့ကိုလည်း အာရုံတွေဘာတွေခံပြီး စစ်ပြုကြည့်ပါဦး။ ဘာတွေဖြစ်နေလဲလို့ ဆိုပြီး ပြောတယ်။ ကျွန်တော်တလည်း ဘာအာရုံမှမခံတတ်တဲ့သူ ဆိုတော့ ရိုးရိုးပဲတွေးလိုက်ပြီး ဘုရားဆောင်မှာ ရှုပ်ပွမနေဖို့ဘဲ ပြောလိုက်တာပေါ့။ သူ့မိန်းမက ရှင့်အဆောင်ပြကြည့်ပါလား ဆိုတော့ သူငယ်ချင်းပိုက်ဆံအိတ်ထဲက သုံးလက်မလောက်မရှိတရှိ ကျားသစ်ပုံ ထွက်လာတယ်။ ကသစ်သားကို ကျားသစ်ပုံထုထားတာတဲ့။ ကသစ်က ဘယ်ကသစ်မှန်းတော့ မသိဘူး။ ကျားသစ်ကတော့ ဆေးပါခြယ်ထားလို့ လှမှလှဗျာ။ ဘယ်တုံးက ဆောင်တာလဲ ဆိုတော့ မနှစ်က စ,ဆောင်တာတဲ့။ သူ့အသက်ကိုမေးတော့ (၅၃) နှစ်ရှိပြီ။ ဒါဆို သူဆောင်တာ (၅၂) နှစ်မှာ"




**အဆောင်စတင်ခဲ့သောနှစ်**

(ကျားသစ်ပုံသည် သောင်းချစ်နှင့် ကက်ကင်း ဖြစ်ပါ၏။ အလွန်ကောင်းသောအဆောင်ဟုလည်း ပြော၍ရပါသည်။ကက်ကင်းပညာခန်းအရ အတိုက်အခိုက်များလာလျှင် ဆောင်ရသောအဆောင်မျိုး ဖြစ်ပါသည်။

သို့သော် စတင်ဆောင်လိုက်သည့်ကာလသည် သူ့အတွက် အဆောင်ကောင်းဖြစ်မလာနိုင်သောနှစ် ဖြစ်နေမှန်း အဆောင်ပေးသူ သတိမေ့သွားဟန်ရှိ၏။ ထိုနှစ်တွင် စတင်၍ ကက်ကင်းဆောင်ခိုင်းလိုက်သည်နှင့် ဒုက္ခအကြီးအကျယ် ရောက်ရှိနိုင်မှန်း သတိမပြုလိုက်မိဟန် ရှိ၏။ သိခဲ့ပါလျှင်လည်း သူငယ်ချင်းသောင်းချစ်က နားပူနားဆာလုပ်လွန်း၍ ပေးလိုက်ပုံရ၏။)

"သောင်းချစ်ဟာ သူများငွေကြေးကိစ္စပြဿနာ ကြားဝင်လိုက်မိလို့ သူခမျာ အိမ်ပါရောင်းပြီးလျော်လိုက်ရတာနှစ်ခါတောင်"

"အမလေးလေ"

"ဟုတ်တယ် ကိုလေးစံခ၊ အဲဒါဘာလဲဆိုတော့ အခု အစ်ကိုကြီးကိုပြောပြနေတဲ့ အဆောင်မဆောင်ရတဲ့နှစ်မှာ အဆောင်ဆောင်လိုက်မိလို့ပဲ"

"ကတဲ- အကျိုးနည်း"

"အကျိုးနည်းမနေနဲ့၊ အကျိုးများအောင် အစ်ကိုကြီးကို ကက်ကင်း မဆောင်ရတဲ့နှစ်တွေ ပြောပြခဲ့မယ်။ မဆောင်ရ ဆိုတာက အဲဒီလိုနှစ်မျိုးတွေရောက်ရင် ကက်ကင်းကို စပြီးမဆောင်ရတဲ့နှစ်မျိုးကိုဆိုလိုတာ။ အရင်ကတည်းက ဆောင်ထားပြီးသားဖြစ်နေလို့ အဲဒီနှစ်တွေကို ဖြတ်သန်းရင်တော့ ရတယ်။ စွန့်ပစ်စရာ မလိုဘူး"

"ဩော်- ဒီဒင်းက ဒါမျိုးကိုး"

"ဟုတ်တယ် အစ်ကိုကြီး၊ ဥပမာဗျာ-တနင်္လာသားသမီးတွေဆိုပါတော့။ နာမည်က တနင်္လာစပြီး ကြာသပတေး ပိတ်မှည့်ထားတဲ့ ကြည်မှူ၊ ကောင်းမှန်၊ ချစ်မြ၊ ခိုင်မွန်း ဆိုပါတော့"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြီး ပြုံးစိစိတွေဖြစ်ကုန်ကြရင်း-

"ဆရာလေးပြောတဲ့ နာမည်မျိုးတွေက. . . အယ်-ကြားတောင်မကြားဘူးသလိုမျိုးတွေပဲ"

"ဩော်- နမူနာနာမည်တွေပြောပြတာပါ။ ထားပါတော့။ အဲဒီလူတွေဟာ သူတို့ရဲ့ ကက်ကင်းဓာတ်ကို ဝါသနာပါလို့ ဆောင်ချင်တယ်ဆိုရင် မန်ကျည်းကို ဆောင်ရတော့မယ်။ ဒီလိုဆို အဲဒီ မန်ကျည်းနဲ့ထုထားတဲ့အရုပ် အဆောင်ပဲဖြစ်ဖြစ်၊ အသားအဆောင်ပဲ ဖြစ်ဖြစ် ဆောင်ကြတော့မယ်ဆိုရင် ဆောင်ချင်တဲ့သူက ကိုယ့်ကိုယ်ကိုယ် သတိထားရလိမ့်မယ်။ ကိုယ့်အသက်ကိုကြည့်။ ကိုယ့်အသက်ဟာ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉ ဆိုတဲ့ နှစ်မျိုးတွေမှာဆို လုံးဝဆောင်လို့မရဘူး"

"ဆောင်ရင် ဘာတွေဖြစ်နိုင်လဲ ဆရာလေး"

"ဆောင်ရင် ငွေမှုတွေ၊ ငွေပြဿနာတွေ၊ သူများရဲ့ငွေပြဿနာကြားထဲ ကိုယ်ပါ ရောပါကုန်တာတွေ၊ ဗိုက်ဝေဒနာ အကြီးအကျယ်ဖြစ်ရတာတွေ ကြုံသွားနိုင်တာပေါ့ ကိုလေးစံခရဲ့"

"ဩော. . . အင်း အင်း အင်း"

"ပြီးရင် နေ့ (၇) နေ့လုံးအတွက် ကက်ကင်းမဆောင်ရမယ့်နှစ်တွေ အစ်ကိုကြီးကို ရေးပေးလိုက်မယ်"

"ဟုတ်ကဲ့ ဆရာလေး"

"ပြီးတော့ ကောင်းတဲ့အဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပြုမယ့် ကက်ကင်းကို စီရင်တော့မယ်ဆိုရင် ကက်ကင်းဖြစ်လာမယ့် အပင်ဟာ သချိုင်းတို့၊ အိမ်နောက်ဖေးတို့ဘက်က မဖြစ်သင့်ဘူး"

"ဩော"

"ဒါတွေက လူတစ်ယောက်ကို မကောင်းတဲ့စိတ်နဲ့သုံးတဲ့ ကက်ကင်းတွေနဲ့ပဲ ဆိုင်တယ်"

"ဒုက္ခရောက်အောင်လည်း လုပ်လို့ရဆို ဆရာလေး"

"ပြောပြီးပြီပဲ။ ကက်ကင်းဟာ အင်မတန်မှ ကျယ်ပြန့်လွန်းတဲ့ ပညာခန်းကြီး။ မသန့်တဲ့နေရာမှာ မကောင်းတဲ့ကက်ကင်းနဲ့ စီရင်တာမျိုးတွေ ရှိတာပေါ့။ မလုပ်ထိုက်တဲ့ပညာခန်းတွေ၊ မလုပ်ကောင်းတဲ့ပညာခန်းတွေ"

"အေးပါ၊ ဟုတ်တာပေါ့။ အကုသိုလ်များနိုင်တာကိုး"

"ဟုတ်ကဲ့ ဘလေး၊ မလုပ်ကောင်းတာတွေ အများကြီးပဲ။ ဒါကြောင့် အင်ဝိဇ္ဇာပညာကြီးကို သင်ကြားခဲ့ရစဉ်က စည်းတွေ၊ ဘောင်တွေ အမျိုးမျိုးနဲ့ သင်ခဲ့ရပါတယ်။ ကြုံသလိုသင်လို့မရပါဘူး။ စောင့်ထိန်းရတာတွေလည်း အများကြီးရှိနေပါတယ်။ ဒီလို စောင့်ထိန်းနိုင်မှလည်း ဆရာက သင်ပေးခဲ့တာတွေ ရှိနေပါတယ်။ ကိုယ်ချင်းစာတဲ့စိတ်ကို ဦးဆုံးမွေးမြူခဲ့ရပါတယ်။ ကိုယ်ချင်းစာနိုင်အောင် ကြိုးစားခဲ့ရပါတယ်။ အတွံ့အလှည့်သဘောတွေ နာခံခဲ့ရပါတယ်။ လွယ်လွယ်သင်ယူခဲ့ရတာ မဟုတ်ပါဘူး"

"အေးပါ၊ ဆရာလေးနဲ့ပြောတော့မှပဲ မကြားဘူးတာတွေ ကြားရတော့တယ်။ ဗဟုသုတတွေ တိုးတော့တယ်"

"ဟုတ်တယ် အစ်ကိုကြီးရဲ့။ ဥပမာ- အနောက်ဘက်လမ်းက ကိုလေးစံခရဲ့တူမ ဒိုးဝိုင်းအတွက်ဆိုရင် ရင်းတိုက် ဆောင်ခိုင်းလို့ ဖြစ်၊ မဖြစ် တွေးရတော့မယ်။ ဒိုးဝိုင်းမှာ အတိုက်အခံများ နေခဲ့ရင် ဒီရင်းတိုက်က မီးလောင်ရာလေပင့်သလိုမျိုး သွားပြီ။ ယုဇနပန်းပင်လေးစိုက်ပြီး ပွင့်လာလို့ ဘုရားပူဇော်နေရင် တော်သေးတယ်"

"အင်း- ယုဇန၊ အယ်. . . ဟုတ်သား။ မတွေးမိဘူး။ တွေးလို့ ချက်ချင်းမပေါ်ဘူး။ ဉာဏ်ကမပြေးချင်ဘူး ဆရာလေးလို"

"ကျွန်တော်လည်း ဉာဏ်မပြေးပါဘူး။ နှစ်ချီပြီး သင်ခဲ့ရ၊ တွေးခေါ်ခဲ့ရ၊ လက်တွေ့တွေ အများကြီးကြုံခဲ့ရလို့ သိနေတာပါ။ ဘယ်လ[illegible]တန်းသိပ္ပါမတုံး အစ်ကိုကြီးရဲ့"

"ဟုတ်တယ်နော်၊ ကြည့်တော့ ပြောင်းပြန်လေး"

"ဟုတ်တယ်။ နာမည်ပညတ်ထားတာကို ပြောင်းပြန် ပြန်လိုက်ရင် ကက်ကင်းလို့ ခေါ်တယ်လို့ တစ်ခွန်းတည်းပြောလိုက်ရုံနဲ့ ကက်ကင်းဆိုတာသိသွားပြီ။ ဒါ လွယ်လွယ်လေး"

"ဟုတ်ကဲ့"

"အဲဒီ ကက်ကင်း ဆိုတာကို သိလာအောင်၊ မြင်လာအောင်ကျတော့ တကယ့်ကို နှစ်ချီပြီး သင်ခဲ့ရတာပါ အစ်ကိုကြီး။ ခုနပြောသလို ကက်ကင်းဟာ အကြောင်းမြင့်မှာလား၊ အကြောင်းဖျက်မှာလား ဆိုတာကိုတော့ ချက်ချင်းသင်ယူလို့ မရပါဘူး။ စာဖတ်သလိုမျိုး သာမန်ဖတ်ရုံနဲ့လည်း မရပါဘူး"

"ဟုတ်ပါတယ် ဆရာလေး။ တကယ် ဆင်ခြင်ရမှာတွေ၊ လိုက်နာရမှာတွေ ပြောပြတဲ့အတွက် ဆရာလေးကို ကျေးဇူးတွေတင်ပါ့ဗျာ"

"ကျွန်တော်ကလည်း အစ်ကိုကြီးတို့၊ အစ်ကိုလေးစံခတို့ကို ရှင်းပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပညာကိုမြတ်နိုးတဲ့ အစ်ကိုကြီးဦးဝင်းကိုကိုလည်း တကယ်ကို လေးစားပါတယ်"

ဤစကားပြောအပြီး၌ ကောက်ချိတ်ငှဲ့ပေးသည့် ရေနွေးကြမ်း ခပ်အေးအေးကို ယူသောက်လိုက်၏။

ပညာစကား၊ အတွေ့အကြုံစကားလေးများ ပြောကြဆိုကြသည်မှာ ဤမျှသာ ဖြစ်၏။

ညနေစောင်းပြီဖြစ်၍ ကိုလေးစံခနှင့် ကောက်ချိတ် ပြန်သည့်အခါ တာဆုံဘက် လမ်းလျှောက်လိုက်ပြီး အကြော်စားဦးမည်ဟု စဉ်းစားလိုက်သောကြောင့် အခြား အာလာပသလ္လာပစကားများဆီသို့ လမ်းကြောင်းပြောင်းသွားလိုက်ရပြီ ဖြစ်၏။

ကြက်ဖပုံ ရေနွေးကရားအိုးထဲမှ ရေနွေးလည်း ကုန်ချေပြီ။ ဒေါ်ကြီးမြပင်လျှင် ခြံထဲဆင်း၍ ပဲတောင့်ရှည်ခူးလိုက်၊ ရုံးပတီသီးခူးလိုက်နှင့် အလုပ်ရှုပ်နေပြီ မှန်း လှမ်းမြင်နေရ၏။

အစ်ကိုကြီး ဦးဝင်းကိုနှင့် တွေ့ရာလေးပါး စကားပြောနေရင်း၊ ဟိုကြည့်ဒီကြည့် ကြည့်ရင်း တာလမ်းဘေးတွင် အလေ့ကျပေါက်နေသော အပင်ပုပျပ်ပျပ်လေးများဆီ မျက်လုံးရောက်သွားသည်။ ခရမ်းရောင်အပွင့်လေးများအစီအရီနှင့်။ အချို့ အပင်လေးတွေများ အဖြူရောင်အပွင့်လေးများနှင့်။

တောပန်း တောင်ပန်းတော့ [illegible] ပါသည်၊

သို့သော် လှနေကြပါ၏။

သဘာဝလေးများအတိုင်း [illegible] သဘာဝနှင့်သူ ဖူးပွင့်ဝေစည်နေလို[illegible] ကြသည်မှာ. . . ။

ဆရာဦးမောင်မောင်သ[illegible]

(ရင်ကိုအေးမြစေသ[illegible]

## နွားနို့မချဉ်အောင် ဒီနည်းသော[illegible]

နတ်မောက်ဈေးထဲမှာလည်း နွား[illegible] နို့ကို ပုလင်းများနှင့်ထည့်ပြီး လာရောင်[illegible] ကြပါသည်။ စစ်တယ်၊ မစစ်ဘူး ဆိုတာ[illegible] မသေချာလို့ နွားနို့စစ်စစ်ရရှိရန် နတ်[illegible] မောက်မြို့၏အနောက်မြောက် ဇလုပ်[illegible] ကြီးတဲတိုက်ရှိ ဦးအောင်လှအိမ်သို့ နွား[illegible] နို့သွားဝယ်ခဲ့ပါသည်။

ဦးအောင်လှသည် နို့စားနွားမ အ[illegible] ကောင် (၂၀) ကို မွေးမြူထားပြီး စီးပွား[illegible] ဖြစ် နွားနို့ရောင်း၍ အသက်မွေးဝမ်း[illegible] ကျောင်းပြုလျက် နေထိုင်သူဖြစ်ပါသည်။

ဦးအောင်လှ၏နေအိမ်တွင် ရေ[illegible] နွေးကြမ်း၊ မြေပဲဆန်ကြော်တို့နှင့် တည်[illegible] ခင်းဧည့်ခံ စကားပြောရင်း စာရေးသူ[illegible] ဦးအောင်လှ၏ဇနီး ဒေါ်ရီအား နွား[illegible] များ တစ်နေ့တည်းရောင်းမကုန်လျှင် [illegible] ပြီး အလကားမဖြစ်ဘူးလားဟု မေးမိ[illegible] သည်။

ထိုအခါ ဒေါ်ရီမှ နွားနို့များရောင်း[illegible] မကုန်လျှင် ပုလင်းတွေနဲ့ထည့်မထား[illegible] ဒန်အိုးတစ်လုံးထဲသို့ထည့်ပြီး ငရုတ်သီး[illegible] စိမ်း လေး၊ ငါးတောင့်ကို ထည့်ထား[illegible] လိုက်ပါ။ နောက်တစ်နေ့မှ ငရုတ်သီး[illegible] စိမ်းများကို ဆယ်ယူထားပြီး အသုံး[illegible] လျှင် အချိန်မည်မျှကြာကြာထားသော[illegible] လည်း မချဉ်တော့ဘူးဟု ပြောပြသ[illegible] စာဖတ်သူများ ဗဟုသုတရရှိစေရန် [illegible] သားလိုက်ပါသည်။

*ကျန်းမာ၊ ချမ်းသာ၍ လိုရာဆ[illegible] ပြည့်ဝကြပါစေ*

စုံစန္ဒာအောင်(ကျောက်ပ[illegible]

*(ဦးအောင်လှနှင့် ဇနီး ဒေါ်ရီအ[illegible] ကျေးဇူးများစွာတင်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



ဝေမင်းဦး(စိတ်ပညာ)

နေ့ခုနစ်နေ့တို့၏သရုပ်သကန်အချို့

# နေ့ခုနစ်နေ့တို့၏ သရုပ်သကန်အချို့

ဝေမင်းဦး(စိတ်ပညာ)

(၁)

ထိုသို့အားဖြင့် . တပေါင်းလပြည့် တနင်္ဂနွေနေ့၌ လုံးဝန်းမဏ္ဍလ ယူဇနာ (၁၅၀)ရှိသောနေမင်းသည် ပေါ်လာပေ၏။ ထိုသို့ နေမင်းပေါ်လာသည်မှ လူတို့ ကြောက်ခြင်းကင်းသည်ကို အကြောင်းပြု၍ သူရိယဟု မှည့်တွင်၏။ ထိုသူရိယဟူသော အမည်ကိုစွဲလျက် 'သူရဋ္ဌ'ဟူ၍ တနင်္ဂနွေကို ခေါ်ကုန်၏။ ထိုသူတို့ဆန္ဒရှိပြန်၍ အလင်းကို တောင့်တသောနေ့၌ (၄၉)ယူဇနာအလျားရှိသော လနှင့်တကွ နက္ခတ်တာရာ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု၊ ကိတ်၊ မိတ္တူဂြိုဟ်) တို့သည် တစ်ပြိုင်နက် ပေါ်လာပေ၏။ ထိုသို့ ပေါ်လာသောအခါ ဆန္ဒရှိ၍ တောင့်တရာတွင် ဖြစ်သည်ကို စွဲ၍ ဆန္ဒဟု ခေါ်ကြကုန်သည်။ ဤသို့အားဖြင့် လူ့ဘုံ၊ နတ်ဘုံတို့သည် တစ်ပြိုင်နက်တည်၍ သိကြား၊ ဗြဟ္မာတို့သည် လူတို့အား သုံးဆောင်အပ်, မသုံးဆောင်အပ်သည့်၊ အခမ်းအနားမင်္ဂလာလုပ် ဆောင်သင့်သည်, မသင့်သည် နှစ်ရက်တစ်ခါလာ၍ အခါကို ပြောလာကုန်သည်။ တနင်္ဂနွေ, တနင်္လာ စသည်တို့ကိုလည်းကောင်း၊ တန်ခူး, ကဆုန် စသည်တို့ကို လည်းကောင်း၊ တစ်နှစ်, နှစ်နှစ် စသည်တို့ကိုလည်းကောင်း သိကြားမင်းသည် ပညတ်သောကြောင့် သက္ကရာဇ သက္ကရာဇ် ဟူ၍ ဆိုကုန်သတည်းဟု မြန်မာ့မဟာသင်္ကြန် လက်ရိုးကျမ်းထဲတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ သို့သော် ထိုပညတ်ချက်များကို ထိုကျမ်း၌ အသေးစိတ် ဖော်ညွှန်းထားသည်ကို မတွေ့ရှိရပေ။

သို့ဖြစ်စေကာမူ ပုဂ္ဂလပညတ် မြန်မာပြန်ထဲမှာကျတော့ ပညတ်(၂၀၉) မျိုးအကြောင်းဖော်ပြထားရာ ၎င်းတို့ထဲမှအချို့ကို အမြည်းအစမ်းအဖြစ် ညွှန်းဆိုချင်ပါသည်။ ယင်းတို့မှာ-

၁။ ဒိသာပညတ် (အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အောက်၊ အထက် စသဖြင့် အရပ်မျက်နှာအား ခေါ်ဝေါ်သမုတ်ခြင်း)၊



www.burmeseclassic.com

www.burmeseclassic.com

၂။ ဒိဝသပညတ် (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ စသဖြင့် နေ့ခုနစ်နေ့ကို ခေါ်ဝေါ်သမုတ်ခြင်း)၊
၃။ သမယပညတ် (နံနက်အခါ၊ မွန်းတည့်အခါ၊ မွန်းလွဲအခါ၊ နေ့ချမ်းအခါ စသဖြင့် ခေါ်ဝေါ်သမုတ်ခြင်း)၊
၄။ မာသပညတ် (တန်ခူး၊ ကဆုန်၊ နယုန် စသဖြင့် ဆယ့်နှစ်လအမည်ကို ခေါ်ဝေါ်သမုတ်ခြင်း)၊
၅။ သံဝစ္ဆရပညတ် (ကောဇာသက္ကရာဇ် ၁ မှစပြီး ရှေ့သို့ရောက်သမျှ ကောဇာသက္ကရာဇ်တို့ကို ခေါ်ဝေါ်သမုတ်ခြင်း)၊
၆။ အာကာသပညတ် (ကောင်းကင်ဟင်းလင်းပြင်ကို ခေါ်ဝေါ်သမုတ်ခြင်း)၊
၇။ ပါဠိပညတ် (ပါဠိဘာသာဖြင့် ခေါ်ဝေါ်သမုတ်ခြင်း)၊
၈။ မြန်မာပညတ် (မြန်မာဘာသာဖြင့် ခေါ်ဝေါ်သမုတ်ခြင်း)၊
၉။ ဗျည်းပညတ် (ဗျည်းအက္ခရာဖြင့် ခေါ်ဝေါ်သမုတ်ခြင်း)၊
၁၀။ သရပညတ် (သရအက္ခရာတို့အား ခေါ်ဝေါ်သမုတ်ခြင်း)၊
၁၁။ ဝဏ္ဏပညတ် (ဗျည်း ၃၃ လုံး၊ သရ ၈ လုံး၊ ပေါင်း အက္ခရာ (၄၁) လုံးအား ခေါ်ဝေါ်သမုတ်ခြင်း)၊
၁၂။ သင်္ချာနိယာမပညတ် (၁ အစ ၉ အဆုံး သင်္ချာဆိုင်ရာနှင့်တကွ အတွက်အချက်ဆိုင်ရာ ခေါ်ဝေါ်သမုတ်ခြင်း)

စသည်တို့ ဖြစ်ကြပေသည်။

ဤနေရာမှာ အထူးတလည် မီးမောင်းထိုးပြောဆိုချင်သည်ကား ဒိဝသပညတ် ဟူသည့် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ဆိုသော နေ့ (၇) နေ့နှင့် နှီးနွယ်သမျှကို ရှိုင်းသရွေ့ တင်ပြလိုခြင်းပင် ဖြစ်သည်။ ဆိုခဲ့သော ပုဂ္ဂလပညတ် ပါဠိ - မြန်မာပြန်ထဲတွင် တနင်္ဂနွေနေ့ အပါအဝင် နေ့ (၇) နေ့တို့ကို ဝိဂြိုဟ်ပြုဖွင့်ဆိုထားသည်မှာ အလွန်တရာ စိတ်ဝင်စားစရာကောင်းလှပေသည်။ ယင်းတို့မှာ ဤသို့ဖြစ်သည်။

**တနင်္ဂနွေ**

ပါဠိ -

**တနင်္ဂ၊ ဝင်္ဂ၊ သေတိ၊ ဂဝေသတီတိ၊**

အနက် -

**ယောဒိဝေါ** - အကြင်နေ့သည်၊ **တနင်္ဂဝင်္ဂ** - အကောက်အကျစ်ကို၊ **သေတိ ဂဝေသတိ**- ရှာမှီးတတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သောဒိဝါ** - ထိုနေ့သည်၊ **တနင်္ဂနွေ** - တနင်္ဂနွေ မည်၏။

**တနင်္လာ**

ပါဠိ -

**တနင်္ဂ၊ ဝင်္ဂ၊ လုနာတိ၊ ဆိန္ဒတီတိ၊ တနင်္လာ။**

အနက် -

**တနင်္ဂဝင်္ဂ** - အကောက်အကျစ်ကို၊ **လုနာတိဆိန္ဒတိ**- ရိတ်ဖြတ်ဖျက်ဆီးတတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သောဒိဝါ**- ထိုနေ့သည်၊ **တနင်္လာ**- တနင်္လာ မည်၏။

**အင်္ဂါ**

ပါဠိ -

**အင်္ဂသမ္ပုဏ္ဏ ဝိဇ္ဇ ဇနေတီတိ၊ အင်္ဂါ။**

အနက်-

**ယောဒိဝါ**- အကြင်နေ့သည်၊ **အင်္ဂသမ္ပုဏ္ဏ**- အဆင်းအဝါလက္ခဏာနှင့် ပြည့်စုံခြင်းကို လည်းကောင်း၊ **ဝိဇ္ဇ**- အတတ်ပညာဖြင့် ပြည့်စုံခြင်းကို လည်းကောင်း၊ **ဇနေတိ**- ဖြစ်စေတတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သောဒိဝါ** - ထိုနေ့သည်၊ **အင်္ဂါ**- အင်္ဂါ မည်ပေ၏။

**ဗုဒ္ဓဟူး**

ပါဠိ -

**သဗ္ဗညုတ၊ ဗုဒ္ဓဉာဏ၊ ဇနေတီတိ၊ ဗုဒ္ဓဟူး။**

အနက် -

**ယောဒိဝါ**- အကြင်နေ့သည်၊ **သဗ္ဗညုတ ဗုဒ္ဓဉာဏ** - သဗ္ဗညုတဘုရားရှင်၏ဉာဏ်တော်ကဲ့သို့သောဉာဏ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **သောဒိဝါ**- ထိုနေ့သည်၊ **ဗုဒ္ဓဟူး**- ဗုဒ္ဓဟူး မည်ပေ၏။

**ကြာသပတေး**

ပါဠိ -

**ကေကြသ၊ သောညဘာတီတိ၊ ကြာသပတေး။**

အနက် -

**ကေကြသ** - ကုမုဒြာကြာမျိုးကဲ့သို့၊ **သောညဘာတိတိ**- ကောင်းမြတ်တင့်တယ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **သောဒိဝါ**- ထိုနေ့သည်၊ **ကြာသပတေး**- ကြာသပတေး မည်ပေ၏။

**သောကြာ**

ပါဠိ -

**သုဠ္ဌုဝစနံ၊ ဗဟုဝစနံ၊ ကရောတိ တိ၊ သောကြာ။**

အနက် -

**သောဒိဝါ**- အကြင်နေ့သည်၊ **သုဠ္ဌုဝစနံ** - ကောင်းသောစကားကို လည်းကောင်း၊ **ဗဟုဝစနံ**-များစွာသောစကားကို လည်းကောင်း၊ **ကရောတိ**- ပြောဆိုခြင်းကိုပြုတတ်၏၊ **ဣတိတသ္မာ**-ထို့ကြောင့်၊ **သောဒိဝါ** - ထိုနေ့သည်၊ **သောကြာ** - သောကြာမည်ပေ၏။

**စနေ**

ပါဠိ -

**စုတိပဋ္ဌိ၊ ဇနေတီတိ၊ စနေ။**

အနက် -

**သောဒိဝါ** - အကြင်နေ့သည်၊ **စုတိပဋ္ဌ** - သားဦး၊ မယားဦး၊ ဥစ္စာဦးတို့ ရွေ့လျားပျက်စီးသည့်အဖြစ်ကို၊ **ဇနေတိ**- ဆောင်တတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သောဒိဝါ** - ထိုနေ့သည်၊ **စနေ**- စနေ မည်ပေ၏။

**ရာဟု**

ပါဠိ -

**သြဘာသံ၊ မန္ဒရိယဘာဝံ၊ ဇနေတီတိ၊ ရာဟု။**

အနက် -

**သောဒိဝါ** - အကြင်နေ့သည်၊ **သြဘာသံ** - နေ, လတို့ အရောင်အလင်းကို၊ **မန္ဒရိယဘာဝံ** - ဝန်တိုသည့်အဖြစ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **သောဒိဝါ** - ထိုနေ့သည်၊ **ရာဟု** - ရာဟု မည်ပါပေ၏။

ဤတွင် မေးခွန်းထုတ်စရာတစ်ခု ဖြစ်လာသည်က တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ဆိုသည့် နေ့ (၇) နေ့အကြောင်း ပြောနေသည်မှာ ရာဟုဆိုသော အရာတစ်ခုက ဘယ်လိုရောက်လာသလဲ၊ နေ့တစ်နေ့တိုးပြီး ရာဟုနေ့လို့ ဖော်သွင်းချင်သလား။ တကယ်ဆန်းစစ်လျှင် လက်ရှိးဗေဒင်ပညာ၊ လက်ဆန်းဗေဒင်ပညာများအလိုအရ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ် ဟူ၍ ဂြိုဟ်ကြီး (၈)လုံးရှိရာဝယ် ထိုဂြိုဟ်ကြီး(၈)လုံးတို့သည် တနင်္ဂနွေနေ့၊ တနင်္လာနေ့ စသောနေ့ (၇) နေ့ကို ကိုယ်စားပြုနေသည်ဆိုသည်ကိုလည်း တွေ့ရပေသည်။ တနင်္ဂနွေဂြိုဟ်သည် တနင်္ဂနွေနေ့ကို၊ တနင်္လာဂြိုဟ်သည် တနင်္လာနေ့ကို၊ အင်္ဂါဂြိုဟ်သည် အင်္ဂါနေ့ကို၊ ဗုဒ္ဓဟူးဂြိုဟ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနေ့ကို၊ ကြာသပတေးဂြိုဟ်သည် ကြာသပတေးနေ့ကို၊ သောကြာဂြိုဟ်သည် သောကြာနေ့ကို၊ စနေဂြိုဟ်သည် စနေနေ့ကို ကိုယ်စားပြုသည်ဟု ရှေးပညာရှိတို့က မှတ်ယူထားရာတွင် ရာဟုဂြိုဟ်မှာမူ ပိုသလိုလိုရှိနေခဲ့၏။ သို့သော် သဘောချင်းတူသော ဗုဒ္ဓဟူးနေ့၏ တစ်ဝက်ကို ကိုယ်စားပြုသည်ဟု သတ်မှတ်ထားလိုက်ကြ၏။ ပိုမိုရှင်းအောင်ဆိုလျှင် ဗုဒ္ဓဟူးဂြိုဟ်သည် ဗုဒ္ဓဟူးနေ့၏ ပထမတစ်ဝက်၊ ရာဟုဂြိုဟ်ကို ဗုဒ္ဓဟူးနေ့၏ ဒုတိယတစ်ဝက်ကို ရှေးပညာရှိတို့က သတ်မှတ်လိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် ဂြိုဟ် (၈) လုံး၊ နေ့ (၇) နေ့ အယူအဆသည် ဖြစ်ပေါ်လာရခြင်းပင် ဖြစ်သည်။

ဤနေရာတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်က အဆိုပါ တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့ ဟူသော နေ့ (၇) နေ့သည် ဘယ်ခေတ်ဘယ်ကာလကပင် စတင်ခဲ့ကြသနည်း။ အာဒိကပ္ပကမ္ဘာဦးကျမ်း၊ သကြိန်လက်ရိုးကျမ်းများ ကိုးကား၍ အများအားဖြင့် ယင်းတို့သည် ကမ္ဘာဦးလူသားများခေတ်ကပင် သိကြားမင်းဖန်တီးမှုကြောင့် ပေါ်ပေါက်လာသည်ဟု ယုံစွဲမှုများ ရှိနေခဲ့ကြသည်။

သို့တစေ တခြားတစ်ဖက်တွင် အေဒီ ၅ ရာစုက ပေါ်ပေါက်ခဲ့သော ရှေးဟိန္ဒူနက္ခတ်ဗေဒပညာရှင်များ ဖြစ်ကြသည့် ပထမအရိယဘဋ္ဋနှင့် ဝရာမိဟိရတို့ ပြုစုကြသော ဝေဒကျမ်းများတွင်လည်းကောင်း၊ အေဒီ ၇ ရာစုက ပေါ်ထွန်းခဲ့သည့် ရှေးနက္ခတ်ဗေဒပညာရှင် ဗြဟ္မဂုတ္တ စီရင်ရေးသားခဲ့သော သိဒ္ဓန္တကျမ်းတွင်လည်းကောင်း အဆိုပါ တနင်္ဂနွေ၊ တနင်္လာနေ့ စသော နေ့ (၇) နေ့တို့ မပါဝင်သည်ကို အလေးဂရုပြုဖွယ်ရာ တွေ့ရှိရသည်။ ၂၀ ရာစု စောစောပိုင်းက ထင်ရှားခဲ့သော ဣရုဝေဒိကအရိယကျမ်းပြုဆရာ ရာဟုလာသံကိစ္စည်းကလည်း ဝေဒခေတ်မှာ တနင်္ဂနွေနေ့၊ တနင်္လာနေ့ စသော နေ့အမှတ်အသားများ မပြုလုပ်ကြသေးကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဥပမာ ရိဂ်ဝေဒ၌ (၇) နေ့အမှတ်အသား မပါရှိသေး ဟူ၍ ဖြစ်၏။ သူနှင့်ခေတ်ပြိုင် ပါဏိနိကာလိန ဘာရတဓဿ (ပါဏိနိခေတ်အိန္ဒိယ) ကို ရေးသားခဲ့သော ဗာရာဏသီတက္ကသိုလ်ပါမောက္ခ ဝါသုဒေဝသရဏအဂြဝါလကလည်း ပါဏိနိခေတ် (၄ ရာစု ဘီစီ) မှာ တနင်္ဂနွေနေ့ စသော နေ့များ အမှတ်အသားမပြုကြသေးကြောင်း တင်ပြခဲ့သည်ကို တွေ့ရှိရပေသည်။

စိတ်ဝင်စားဖွယ်တစ်ခုက ထိုသို့ နေ့ (Day) အမှတ်အသားများမထားမီက နေ့ရက်များကို ရက် (Date) သို့မဟုတ် နက္ခတ်များဖြင့် အမှတ်သညာပြုကြသည်။ အမည်နာမပေးကြလျှင် ဖွားနက္ခတ်ကိုစွဲ၍ နာမအမည်ပေးကြ၏။ နမူနာဆိုရသော် ကြတ္တိကာနက္ခတ်ဖွား၊ မာဃနက္ခတ်ဖွား၊ သတ္တဘိသျှနက္ခတ်ဖွား စသဖြင့် ဖြစ်သည်။

သို့ဖြစ်သည့်တိုင် 'နေ့နှင့်ရက်စု၊ ဆယ့်သုံးခု၊ မိတ္တျုဝါရခေါ်' ဆိုသည့် သဘောမျိုး။ တနင်္ဂနွေနေ့ စသော နေ့များနှင့် တစ်ရက်၊ နှစ်ရက် စသဖြင့် ကွဲကွဲပြားပြား ခေါ်ဆိုလာသည်မှာ အနှစ် (၉၀၀)၊ (၁၀၀၀)ပဲ ရှိလိမ့်မည်ထင်သည်ဟု ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်) က သူ၏ဆောင်းပါးတစ်ပုဒ်တွင် မှတ်ချက်ပေးထားသည်ကို တွေ့ရှိရပေသည်။ မြန်မာပြည်အနေနှင့်ပြောရလျှင် သရေခေတ္တရာခေတ်၊ ပုဂံခေတ်လောက်တွင် ထိုတနင်္ဂနွေနေ့၊ တနင်္လာနေ့ အစရှိသောနေ့များ ရှိနှင့်နေပြီးဟု ယူ၍ရနေပေပြီ။

၁၁ ရာစုက ပေါ်ပေါက်ခဲ့သော နရဒသံဟိတကျမ်းထဲတွင် 'ဝါရတီထိနံ၊ သင်္ချာယာမိလနေ၊ နေ့ရက်သင်္ချာ နှစ်ခုပေါင်းသော်၊ တယောဒသ၊ ဆယ့်သုံးဂဏန်း၊ အသ္သ၊ ဖြစ်ကုန်အံ့၊ အယံယောဂါ၊ ဤယုဂ်သည်၊ တကာစောနာမ၊ ကကစ (လွှ) ယုဂ်မည်၏။ မင်္ဂလေသု၊ မင်္ဂလာ အခမ်းအနားမျိုး၌၊ အတိဂါရယော၊ အလွန်ကဲ့ရဲ့ဖွယ်ဖြစ်၏' ဟု ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့အတူ ၁၆ ရာစုက ပေါ်ထွန်းခဲ့သည့် ဆရာရဃုနန္ဒန၏ ဇောတိတတ္တကျမ်းထဲတွင် တနင်္ဂနွေနေ့၌ အသဝနိနက္ခတ်၊ တနင်္လာနေ့၌ စိတြနက္ခတ်၊ အင်္ဂါနေ့၌ ဥတ္တရာသာဠ်နက္ခတ်၊ ဗုဒ္ဓဟူးနေ့၌ မူလနက္ခတ်၊ ကြာသပတေးနေ့၌ သတဘိသျှနက္ခတ်၊ သောကြာနေ့၌ ဖုသျှနက္ခတ်၊ စနေနေ့၌ ဘရဏီနက္ခတ်တို့ ကြိုက်လျှင် ထိုကဲ့သို့ ကကစ (လွှ) ယုဂ်သင့်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာပြည်၌ ပုဂံခေတ်တွင် တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့ ဟူသော နေ့ခုနစ်နေ့သုံးစွဲမှုသည် ခိုင်ခိုင်မာမာရှိနှင့်နေပြီး ဖြစ်၏။ ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်တော်စဉ်နှင့် ဤတနင်္ဂနွေနေ့ အစနေ့ (၇) နေ့တို့အား ဆက်စပ် သုံးစွဲမှုကို ဂန္ထဝင်မြောက် စံတော်ဝင်မြောက် ဤသို့တွေ့ရှိရ၏။

၎င်းမှာ 'မ၊ သိ၊ ကြ၊ လျှင်၊ တွေး၊ ဆ၊ ဦး' ဟူ၍ ဖြစ်၏။

'မ'မှာ ကြာသပတေးနေ့၊ 'သိ'မှာ သောကြာနေ့၊ 'ကြ'မှာ တနင်္လာနေ့၊ 'လျှင်' မှာ ဗုဒ္ဓဟူးနေ့၊ 'တွေး' မှာ စနေနေ့၊ 'ဆ' မှာ အင်္ဂါနေ့၊ 'ဦး' မှာ တနင်္ဂနွေနေ့ စသဖြင့်ဖြစ်၏။

ထင်ရှားအောင် ဆိုရသော် -

| | | |
|---|---|---|
| မ | - | ကြွက်သန္ဓေ |
| သိ | - | ပူးဖွား |
| ကြ | - | ကျားတောသွား |
| လျှင် | - | ဆင်ဘုရားဖြစ် |
| တွေး | - | စက်လှစ်နာဂ |
| ဆ | - | နိဗ်သီဟ |
| ဦး | - | ဂရုဠ်ဓာတ်မီးလောင် |

ဟူ၍ ဖြစ်၏။

ဆိုချင်သည့်သဘောက ကြာသပတေးနေ့တွင် ဘုရားလောင်းမင်းသားပဋိသန္ဓေယူတော်မူသည်။ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။ တနင်္လာနေ့တွင် တောထွက်တော်မူသည်။ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူသည်။ စနေနေ့တွင် ဓမ္မစကြာတရားဦး ဟောတော်မူသည်။ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ တနင်္ဂနွေနေ့တွင် တေဇောဓာတ် လောင်ကျွမ်းတော်မူသည်ဟု အမှတ်သညာညွှန်းချက်ကိုပင် ဖြစ်၏။

ထိုသို့သော အကြောင်းရင်းခံများကိုအစွဲပြု၍ လယ်တီဆရာတော်ဘုရားကြီးသည် 'သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ' အစချီသော ခုနစ်နေ့ဘုရားရှိခိုးလင်္ကာကို စပ်ဆိုတော်မူခဲ့ရာ နားဝင်မှာလည်း ချိုသာပျော့ပျောင်း၊ ရွတ်ဆိုရာတွင်လည်း ချိုမြိန်ချောမွေ့လွန်းလှသဖြင့် ယနေ့ထက်တိုင် အများသူငါ လျှာဖျားနှုတ်ဖျားများတွင် ပျံ့ဝဲနေဆဲ ဖြစ်သည်။ သို့ကလိုပင် တခြားမြန်မာပညာရှင်များ ရေးသားတော်မူသော ခုနစ်နေ့ဘုရားရှိခိုးများလည်း ပြိုးပြိုးပြက်ပြက် ရှိနှင့်နေကြပါသေး၏။ ထိုအထဲတွင် ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်) က ရှေးပညာရှိတို့ စီရင်ခဲ့သောမူတစ်ခုကို အမှတ်အသားမပျက် လင်္ကာအမှတ်အစွဲတို့ကိုသွင်းလျက် အဆင်း



www.burmeseclassic.com

www.burmeseclassic.com

# တင်းတိပ်အတွက် ဆေးတစ်လက်

အမျိုးသမီးများ မီးယပ်ဓမ္မတာ မမှန်၍သော် လည်းကောင်း၊ သွေးသား မစင်ကြယ်၍သော်လည်းကောင်း မျက်နှာတွင် အညိုအမည်း တင်းတိပ်ကွက်များ စွဲတတ်ပါသည်။ ထို့အပြင် နေပူထဲသွားလာလွန်းလျှင်လည်း နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်ဓာတ်ကြောင့် မျက်နှာတွင် အညိုအမည်း၊ တင်းတိပ်ကွက်များ စွဲတတ်ပါသည်။

ထိုကဲ့သို့ အမျိုးသမီးများမျက်နှာတွင်ဖြစ်ပေါ်တတ်သည့် တင်းတိပ်ကွက်များအတွက် ငွေကုန်ကြေးကျမရှိသော လိမ်းဆေးတစ်လက် တင်ပြလိုပါသည်။ ထိုလိမ်းဆေးမှာ လူတိုင်းသိပြီးသော ထောပတ်သီးမှအစေ့ ဖြစ်ပါသည်။

ထောပတ်စေ့ကို ရေဖြင့်သွေးပြီး တင်းတိပ် အညိုအမည်းကွက်များပေါ်သို့ ညအိပ်ရာဝင်သည့်အခါတိုင်း လိမ်းပေးပါ။ ထိုသို့ မှန်မှန်လိမ်းပေးခြင်းဖြင့် တင်းတိပ်ကွက်များ ပျောက်ကင်းသွားပြီး မျက်နှာအသားအရေ ဖြူဝင်းပသွားစေပါသည်။

မည်သည့် ဘေးထွက်ဆိုးကျိုးမှု မရှိဘဲ လက်တွေ့အသုံးပြု ပျောက်ကင်းသူများ၏ပြောပြချက်အရ ရေးသားတင်ပြလိုက်ပါသည်။

ကျော်ဟိန်းထက်(ဥပဒေ)

အတက် အသက်အသံအနေအထား အနည်းငယ် ပြုပြင်ရုံမျှ ပြုပြင်ထားသော (ဝါ) ရှေးမူကို ပွတ်ရုံချောရုံမျှ ဒန္တသော ခန ဆင်စွယ်ပွတ်နည်းသဘောမျိုးပြထားသော ခုနစ်နေ့ဘုရားရှိခိုးမူတစ်မျိုးလည်း အပါအဝင် ဖြစ်သည်။ ၎င်းမှာ ဤသို့ ဖြစ်၏။

*သြက္ကန္တော ဂုရုဝါရသို၊*
*ဝိဇာတော သုက္ကဝါသရော နိက္ခန္တော စန္ဒ ဝါရသို၊*
*သမ္ဗုဒ္ဓေါ ဗုဒ္ဓဝါသရေ။*
*သောရိဝါရေ ဓမ္မစက္က၊ အင်္ဂါရေ ပရနိဗ္ဗုတော၊ ရဝိဝါရေ တေဇော ဓာတု၊ အဟံဝန္ဒာမိ သဗ္ဗဒါ။*

**နော-** အကျွန်ုပ်တို့၏၊ **သာမိကော-** အရှင်ဖြစ်တော်မူသော၊ **သမ္ဗုဒ္ဓေါ-** သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်၊ **ဂုရုဝါရသို** - ခြောက်ဆယ်ခုနှစ် သက္ကရာဇ် တက်စ ဝါဆိုလသည် ပြည့်ထဝန်း၍ နေ့ကား ကြာသပတေး ရန်ဘေးပယ်ဖြတ် ကရကာင့်လဂ် နက္ခတ်အာသာဠ် ခါကောင်းမွန်၌၊ **သြက္ကန္တော** - ငါးဆယ့်ငါးနှစ် စွန်းလစ် ခြောက်လ ရက်မှနှစ်ဆယ် သက်တော်ကြွယ်သား မယ်တော်မာယာ ခန်းတိုက်ကြာ၌ ရတနာ့ရွှဲတီ စိုင်ခဲအိကို ပဋိသန္ဓေ ထက်ဝယ်ခွေ၍ ကိန်းနေစံမြန်းတော်မူပါ၏ ဘုရား။

**သုက္ကဝါသရေ** - ခြောက်ဆယ့်ရှစ်ခု ရတုသာလှ ကဆုန်လသည် ပြည့်ထဝန်းဝါ နေ့သောကြာတွင် ဝိသာခါနက္ခတ် စန်းမြတ်ပြိုင်စွာ လဂ်မှာသိဟ်ခွင် အောင်မြင်မင်္ဂလာ ခါကောင်းစွာ၌၊ **ဝိဇာတော** - သုံးဆယ့်နှစ်အင် နိမိတ်ထင်လျက် မိခင်မနွမ်း ချမ်းချမ်းသာသာ ဖွားမြင်တော်မူပါပေ၏ ဘုရား။

**စန္ဒဝါရသို** - ကိုးဆယ့်ခုနစ် သက္ကရာဇ်တွင် မနှစ်မသက် စိတ်တော်ပျက်၍ လဂ်ကရကာင့် နက္ခတ်ဥတ္တရာ အာသဠှတည် တနင်္လာနေ့ခါချမ်းမြေ့၌၊ **နိက္ခန္တော** - ယသော်ဓရာ ရာဟုလာကို မျက်နှာသန့်စင် မြင်သည်တခြား ပါးပါးလျလျ နှမငဲ့တမီ သာချင်းချီ၍ သီသည့်စကားလေးလခြားဖြင့် လေးပါးကြောင်းအင် ထင်သည့်နိမိတ် နတ်ပြဟိတ်ကြောင့် ညဉ့်ဦး တိတ်ဆိတ်ခါ ပြည်ကခွာ၍ နော်မာရှေးရှု ထွက်တော်မူပါပေ၏ ဘုရား။

**ဗုဒ္ဓဝါသရေ** - တစ်ရာ့သုံးခု ဥတုဂိမာန ပြိုသကဆုန် ဇုဏှာဆန်းပတ် ဆယ့်ငါးရက်တွင် လဂ်ကားမိဿ နေ့ဗုဒ္ဓ၌၊ **သမ္ဗုဒ္ဓေါ** - လေးပါးသစ္စာ ပုဒ်အာကို လွယ်ကာဆွတ်ချ လူတွင်ထင်ရှား ဘုရားဖြစ်တော်မူပါပေ၏ဘုရား။

**သောရိဝါသရေ** - တစ်ရာ့သုံးနှစ် သက္ကရာဇ်ဝင်လှည့် ဝါဆိုပြည့်သား တော၏အသရေ ပင်တိုင်းဝေသည့် စနေနေ့ရက် ဓနုလဂ်၌၊ **ဓမ္မစက္က-** ပြည်မဗာရာ မိဂဒါဝယ် အညာကောဏ္ဍည ဘဒ္ဒိယနှင့် ဝပ္ပမကျန် ထေမွန်ဆင့်ကာ မဟာနာမ်မည်ရှိ အဿဇိမည်ထူး ထေရ်ငါးဦးအား အမှူးတည်လျက် ဓမ္မစက်ကို ဘဝဂ်လှိုက်ဆူ ဟောမြွက်တော်မူခဲ့ပါပေ၏ ဘုရား။

**အင်္ဂါရေ**-တစ်ရာ့လေးဆယ် ပြည့်ကယ်ရှစ်ခု ရတုမြူးဟုန် ကဆုန်ပြည့်လျက် လဂ်ကားပြိဿ ကာလချမ်းမြေ့ နေ့ကားအင်္ဂါ သောက်ရောင်ဝါ၌၊ **ပရိနိဗ္ဗုတော** - နှစ်ဆယ်အနေ လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် တစ်သိန်းကယ်သား ပေါယယ်သတ္တ ဝေနေယျကို ဒုက္ခကင်းလွတ် ဝဋ်နှောင်လွတ်၍ ကျွတ်ဆုငှာစေ ဇကာဒသ ဆယ့်တစ်ဝထိန်ညီး မီးကင်းရာဘုံ ချမ်းသာရိပ်မြုံကို ခိုလုံ စံပယ်တော်မူခဲ့ပါလေပြီ ဘုရား။

**ရဝိဝါရေ** - တနင်္ဂနွေ တိမ်ခြေပုံ့ဟုန် ဂဠုန်မင်းနေ့ သာချမ်းမြေ့၌၊ **တေဇောဓာတု** - တစ်ဆယ့်ရှစ်တောင် ရွှေရောင်မောင်းမောင်း ကိုယ်တော်လောင်းကို အပေါင်းပရိသတ် ပူဇော်ညွတ်လျက် ဓာတ်တေဇော်ရှိန် ထိန်ထိန်ပြောင်ပြောင် လောင်မြိုက်တော်မူခဲ့ပါပြီ ဘုရား။

**ဣမေသတ္တဝါသရေ** - ဤသို့လျှင် တည်း ချစ်ရှင်ပရမေ သုံးလုံးဆွေ၏ သန္ဓေတည်စ အရင်ကပင် ကာလစန်းလဂ် ခုနစ်ရက်တို့ကို၊ **အဟံ** - အကျွန်ုပ်ဟု ဝေါဟာရခန္ဓ ပဥ္စကသမူဟာသည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **ဝန္ဒာမိ** - စေတနာပြတ်သား ကံသုံးပါးဖြင့် လေးပါးဣရိယာပုတ် မျှကိုင်းလိုက်၍ စိုက်စိုက်သဒ္ဓါ ရှိခိုးပါ၏ ဘုရား။

ဝေမင်းဦး (စိတ်ပညာ)

**ကျမ်းကိုး**

၁။ ဆန်းထွန်း (မန်းတက္ကသိုလ်) ၏ ခုနစ်နေ့ဘုရားရှိခိုး၊ ဇောတိသဝေဒမဂ္ဂဇင်း (၇/၁၉၈၈)

၂။ ဆရာကြီးဦးသာတင့်၏ ပုဂ္ဂလပညတ်အခြေခံဓာတ်ကား



www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိ မင်းတိုင်ပင်အမတ် ဦးဖျော်

## တင်နိုင်တိုး

ရွှေနန်းလက်သုံးပုံ ပုရပိုက်တွင် ပါရှိ မင်းတိုင်ပင်အမတ် ဦးဖျော်၏ပုံ တွေ့ရှိရသည်။ ပုရပိုက်ဆွဲပုံတွင် ဘိုးသက်ထက် ငယ်မည် ဦးဖျော်တွင် ဘာ ပညာရှိမင်းတိုင်ပင်အမတ် ပလိပ်စားပုံ ဟူ၍ ရေးထိုးထားပါသည်။ ပုရပိုက်ပုံတွင် ဦးဖျော်က နှုတ်ခမ်းမွေး ရှည်ဖြင့် ခံ့ညားလှသည်။ ယင်းပုရပိုက်တွင် တွင်းသင်းတိုက်ဝန် ဦးထွန်းညို၊ အမတ်ကြီး မောင်းထောင်ရွာစား မဟာစည်သူကြိန်၊ ဝက်မစွတ်နဝဒေးတို့နှင့်အတူ ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်၏။

ကုန်းဘောင်ခေတ်လယ်ပိုင်း အထင်ရှားကြသူ မင်းတိုင်ပင်အမတ် များထဲတွင် ဦးဖျော်၏အမည်က တိမ်မြုပ်နေသကဲ့သို့ ဖြစ်နေသည်။ သို့သော် ပလိပ်စားဦးဖျော်၏အမည်က မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားလှပါသည်။ ဦးဖျော်ကား ငစဉ့်ကူးမင်း ရွှေနားတော်သွင်းဧချင်း တစ်စောင်ဖြင့်ပင် မြန်မာစာပေသမိုင်း၌ ပညာရှိစာဆိုတော် တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။

မောင်သုတ၏ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ'စာအုပ်အရ ပလိပ်စားဦးဖျော်ကို မြန်မာနှစ် ၁၁၀၀ ပြည့်နှစ် (ခရစ်နှစ် ၁၇၃၈ ခု) ခန့်တွင် ဖွားမြင်ကြောင်း သိရှိရ၏။ ဦးဖျော်၏ဇာတိမှာ ပုခန်းကြီးမြို့ ပဲခင်းရွာဇာတိ ဖြစ်သည်။ ဦးဖျော်သည် ဆင်ဖြူရှင်လက်ထက်တွင် သားတော် စဉ့်ကူးမင်းသား၏ဆရာအဖြစ် အမှုထမ်းရွက်ရ၏။ ထိုစဉ်အတွင်း ငစဉ့်ကူးမင်း ရွှေနားတော်သွင်း ဧချင်းကို စပ်ဆိုခဲ့ခြင်း ဖြစ်သည်။ စဉ့်ကူးမင်း ထီးနန်းရရှိသောအခါ ဦးဖျော်အား ချီးမြှင့်မြှောက်စားခဲ့သည်။

၁၇၈၂ ခုနှစ်တွင် ဘိုးတော်ဘုရား (ဗဒုံမင်း) နန်းတက်လာရာ ဦးဖျော်အား မင်းတိုင်ပင်အမတ်အဖြစ် ဆက်လက်သုံးကောင်းပြုခဲ့ပါသည်။ ဘိုးတော်ဘုရားက အမရပူရမြို့တော်သစ်တည်ရန် ထီးပေါင်းကားရပ်သို့ မှူးမတ်ပညာရှိ (၃)ဦးနှင့် ပုဏ္ဏား (၃)ယောက်တို့ကို စေလွှတ်ခဲ့ရာ မင်းတိုင်ပင်အမတ် ဦးဖျော်တစ်ဦးလည်း အပါအဝင် ဖြစ်ပါသည်။ ဦးဖျော်သည် ဘိုးတော်ဘုရားလက်ထက်တွင် ကျောက်ရင်းတောင်သာမြို့များကိုလည်း မြို့စားအရာပေးအပ်ခြင်းခံခဲ့ရသည်။

ဦးဖျော်သည် ဝေဒကဝိ ဗေဒင် စသည့် ပညာရပ်များကိုလည်း ကျွမ်းကျင်နိုင်နင်းသူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဦးဖျော်သည် သာသနာသက္ကရာဇ်ဖြုပုံလင်္ကာနှင့် ဖြို့ဟတ်လင်္ကာများကိုလည်း ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ ဦးဖျော်သည် ဘကြီးတော် (စစ်ကိုင်းမင်း) နှင့် သာယာဝတီမင်းတို့လက်ထက်များတိုင် ပညာရှိအဖြစ် ဆက်လက်ခန့်အပ်ခြင်းခံခဲ့ရသည်။ သာယာဝတီမင်း လက်ထက်တွင် ဦးဖျော်က မဟာမင်းလှကျော်ထင်ဘွဲ့ခံ မဖဲမြို့စား မင်းတိုင်ပင်အမတ် ဖြစ်ခဲ့သည်။

လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ၏သား တရားသူကြီး ဦးအေးသည် မင်းတိုင်ပင်အမတ် ဦးဖျော်နှင့် စာဆိုဖက် ဖြစ်ပါသည်။ ဤတွင် ဦးဖျော်၏ဇနီး အမတ်ကြီးကတော်အကြောင်းကလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ အလောင်းမင်းတရား၏ညီတော် တောင်ငူဘုရင်ခံ သတိုးသိခ်သူဘွဲ့ခံ ဦးရွှေခြူသည် မွန်စစ်သူကြီးဗညားကျော်၏သမီး ခင်ထော်မိနှင့် စုံဖက်ကာ သမီးမယ်ကွန်းပိုကို ဖွားမြင်ခဲ့ပါသည်။ မယ်ကွန်းပိုသည် မုတ္တမအခွန်ဝန် ဦးချင်းနှင့် လက်ဆက်ရာမှ သမီး ရှင်မယ်ဥကို ဖွားမြင်ခဲ့ပါသည်။ ရှင်မယ်ဥသည် မင်းတိုင်ပင်အမတ် ဦးဖျော်၏ဇနီး ဖြစ်ပါသည်။

မင်းတိုင်ပင်အမတ်ကြီးဦးဖျော်နှင့် ဇနီး ရှင်မယ်ဥတို့မှ ငရန်ခေါ် သန္တိ နှစ်မြို့ဝန် မဟာမင်းထင်စည်သူဘွဲ့ခံ ဦးမြင့်ကို ဖွားမြင်ခဲ့ပါသည်။ ဦးမြင့်သည် ကိုလိုနီခေတ်ဦးကာလတွင်မှ ဆုံးပါးသွားပါသည်။ ဦးမြင့်မှ ဦးဘ ဆိုသူ သားတစ်ဦး ထွန်းကားခဲ့ကြောင်း သိရှိရပါသည်။ ပညာရှိဦးဖျော်၏ ဆွေစဉ်မျိုးဆက်များမှာ ယနေ့တိုင် ဆက်လက်ကျန်ရှိနေကြဦးမည် ဖြစ်ပါသည်။

ဦးဖျော် ငစဉ့်ကူးမင်းရွှေနားတော်သွင်းဧချင်း ရေးဖွဲ့ဖြစ်ခဲ့ပုံနှင့် ပတ်သက်၍ စဉ့်ကူးမင်းသားက 'မင်္ဂလာမဏ္ဍိုင်' ချီ 'မင်းရဲဒိဗ္ဗ ဧချင်း' မှာ အလင်္ကာရသတို့နှင့်ပြည့်စုံကြောင်း ချီးမွမ်းပြောဆိုမိရာမှ မိမိလည်းရေးဖွဲ့နိုင်ပါကြောင်း သံတော်ဦးတင်ကာ ရေးဖွဲ့သီကုံးခဲ့ခြင်း ဖြစ်သည်။ ဧချင်းတွင် အပိုဒ် (၇၀) မျှ ပါရှိရာ နောက်ဆုံးပိုဒ်၌-

'တိဂုံဆံရှင်၊ အသစ်ပြင်ဟု၊ ရွှေစင်ထီးချက်၊ သကြားဆက်က၊ ရွှေစက်ဖြန့်ချီ၊ နတ်ပေါင်းညီ၍၊ ရွှေနီဖလံ၊ ပုဇွန်ခွဲဖြင့်၊ မွမ်းမံပြင်ဆင်၊ ရွှေထီးတင်'

ဟု တွေ့ရှိရသဖြင့် ဆင်ဖြူရှင်မင်း ရွှေတိဂုံစေတီတော်၌ ထီးတော်သစ်တင်ပြီးကာလ ၁၇၇၅ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်ဟု မှတ်ယူရပါသည်။

သာယာဝတီမင်းလက်ထက်တော် ၁၇၊ မေ၊ ၁၈၃၈ တွင် တရားသူကြီး ဦးအေးက ပဟေဠိအဖြည့်ခံရတု (၂) ပိုဒ်ကို ရေးဖွဲ့ကာ ဦးဖျော်ထံပေးပို့ခဲ့ရာ ဦးဖျော်က ရတုတတိယပိုဒ်ကို ဖြည့်စွက်ရေးဖွဲ့ခဲ့ကြောင်းတွေ့ရှိရသည်။ အလားတူ ၂၇၊ ဇွန်၊ ၁၈၃၈ တွင်လည်း တရားသူကြီး ဦးအေးက ဦးဖျော်ထံ ရတု (၂) ပုဒ် ထပ်မံ ပေးပို့ခဲ့ပြန်ပါသည်။ သို့ဖြစ်၍ ပညာရှိ မင်းတိုင်ပင်အမတ် ဦးဖျော်သည် မောင်သုတ၏ 'စာဆိုတော်များအတ္ထုပ္ပတ္တိ' တွင် ဖော်ပြထားသကဲ့သို့ ၁၁၅၀ ပြည့်နှစ်ခန့် (ခရစ်နှစ် ၁၇၈၈) တွင် ကွယ်လွန်ခဲ့ခြင်းမရှိဘဲ သက်ရှိထင်ရှားရှိနေဆဲဟု ဆိုနိုင်ပါသည်။

ဦးဖျော်အား ပလိပ်မြို့စားဟုသာ သိရှိကြပါသည်။ ဦးဖျော်ရရှိသောဘွဲ့မည်ရည်များနှင့်ပတ်သက်၍ အမှတ်အသား များစွာ မတွေ့ရပေ။ စဉ့်ကူးမင်းသားက မိမိဆရာဖြစ်သူ ဦးဖျော်အား 'ငစဉ့်ကူးမင်း ရွှေနားတော်သွင်း ဧချင်း' ကို ရေးဆက်ခဲ့သဖြင့် မင်းရဲရာဇာဘွဲ့ဖြင့် ပလိပ်ရွာစားအရာ ပေးအပ်ကြောင်း ဆိုပါသည်။ သို့ကြောင့်ပင် ယင်းရွှေနားတော်သွင်းဧချင်းကို 'ပလိပ်စားဧချင်း' ဟု ခေါ်ဆိုကြခြင်း ဖြစ်ဟန်ရှိပါသည်။

သို့သော် သာယာဝတီမင်းလက်ထက် ဦးဖျော်ရရှိခဲ့သည့်ဘွဲ့မှာ မဟာမင်းလှကျော်ထင်ဘွဲ့ဖြစ်ကြောင်း တိကျစွာ သိရှိရပါသည်။ မဖဲမြို့ကို မြို့စားအရာရရှိခဲ့ပြီး ရာထူးကိုမူ အမတ်ဟူ၍သာ သာမန် ဆိုပါသည်။ မင်းတိုင်ပင်အမတ်ကိုပင် ဆိုလိုရင်းဖြစ်ဟန် ရှိပါသည်။ ဦးဖျော်သည် သာယာဝတီမင်းလက်ထက်၌ပင် ကွယ်လွန်ခဲ့သည်ဟု မှတ်ယူရ၏။

မင်းတိုင်ပင်အမတ် ပညာရှိဦးဖျော်၏ စာပေလက်ရာများကို ရှာဖွေဖော်ထုတ်နိုင်ကြမည်ဆိုပါလျှင် ဦးဖျော်အကြောင်း ပိုမိုသိရှိလာနိုင်စရာရှိပါသည်။ ပညာရှင်များ၊ သုတေသီများအနေဖြင့် ရှာဖွေဖော်ထုတ်နိုင်ကြစေရန် တင်ပြရေးသားအပ်ပါသည်။

တင်နိုင်တိုး


**ကျမ်းကိုး:**

၁။ စာဆိုတော်များအတ္ထုပ္ပတ္တိ
မောင်သုတ

၂။ သမိုင်းရနံ့ ပျံ့ပျံ့သင်းသင်း
ဦးစိန်မောင်ဦး
(ရှေးဟောင်းသုတေသန)

၃။ ရွှေနန်းလက်သုံးပုံပုရပိုက် မှတ်တမ်း




www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်လေးရလာတော့ အပျော်အပါး အသောက်အစားတွေ လျော့ပါးလာပြီး ဘာသာရေးဘက် နှိုးနွယ်လာရတာ၊ ဘက်ပြောင်းလာတာကိုက အကောင်းဘက်သို့ ဦးတည်လာပြီဆိုပြီး မိသားစုတွေက ဝမ်းသာအားရဖြစ်နေကြသည်။

မိမိကိုယ်မိမိလည်း သုံးသပ်ဆင်ခြင်မိပါသည်။

မိမိဘဝတစ်လျှောက်လုံး ကိုယ်ထင်ရာကိုယ်စိုင်းခဲ့သည့်အဖြစ်။ မိမိ၏ဖခင်ကြီးသည် အရက်သေစာ၊ လောင်းကစား ကင်းရှင်းစွာဖြင့် ဇနီး၊ သားသမီးများအပေါ် သစ္စာရှိရှိ မေတ္တာတရားကြီးမားစွာ ဘဝကို ရင်ဆိုင်ဖြတ်သန်းရာတွင် မိမိတို့အဖို့ စံနမူနာယူမည်ဆိုလျှင် ယူထိုက်၊ အတုခိုးထိုက်သည့် ဖခင်ကြီး၏သားဖြစ်ခဲ့သော်လည်း -

အခုတော့ သည်သို့မဟုတ်ပြီ။

မိမိအဖို့ ယမကာကို နှစ်နှစ်ခြိုက်ခြိုက်ကြိုက်လိုက်သည့်ဖြစ်ခြင်း။ ဖခင်ကြီးက စာရေးဆရာဖြစ်သည် မှန်သော်လည်း အရက်ကို တစ်စက်မျှ လျှာပေါ် မတင်ဘူးသည့် စာရေးဆရာ အများစုထဲမှ ရှားပါးလှသည့်သူ။ စာရေးဆရာဆိုတာ အရက်သမားတွေပါကွာဟု ပြောလာငြားအံ့။ အရက်မသောက်တတ်သည့် စာရေးဆရာတွေထဲမှာတော့ အဖေက တစ်ဦးအပါအဝင် ထိပ်ဆုံးကပေါ့။

"မင်းတို့ဘဝတစ်လျှောက်လုံး မိဘဆွေမျိုးဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် အရက်သေစာသောက်စားမှုယစ်ခြင်းနဲ့ လောင်းကစားကိုရှောင်ကြဉ်ဖို့ အဖေ မင်းတို့ညီအစ်ကိုတစ်တွေကို ကြပ်တည်းစွာ တားမြစ်တယ်။ မင်းတို့ အဖေ စိတ်ချမ်းသာစေချင်ရင် အဲဒီကတိတစ်ခုကိုပေးကြ၊ လိုက်လည်းလိုက်နာကြပါ'

ဟု ပြောဆို ဆုံးမခဲ့သော်လည်း ကတိမတည်နိုင်ခဲ့။ လက်နက်ကိုင်အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်စဉ်ကာလ အရှေ့ပိုင်း ရှမ်းပြည်နယ် ကျိုင်းတုံမှာ တာဝန်ကျတော့ ဘာပြောကောင်းလိမ့်မလဲ။ ရာသီဥတုကို အကြောင်းပြပြီး သောက်လိုက်သမှ ဝက်ဝက်ကွဲ။

ကျိုင်းတုံဒေသထွက် စပါးအရက်ကလည်း ဘာပြင်းသလဲမမေးနဲ့။ သန့်စင်ကြည်လင်ပြီးပြာလွဲ့လွဲ့နှင့် မီးကိုတောက်သည့်အရက်။ သည်လိုအရက်မျိုးကိုတစ်နေ့ တစ်လုံးခွဲ၊ နှစ်လုံးလောက်ထိတော့ နာဠာဂီရိဆင်ကြီး ရှုလပတ်ရည်သောက်ရသလိုသာပ။

နောက်ဆုံး အရက်ကို မည်မျှကြိုက်လိုက်ပါသနည်းဆိုသော် ထမင်းစားတာတောင်မှ လူအမြင်မတင့်တယ်မှာစိုးရိမ်ပြီး ရေနွေးကရားအိုးထဲထည့်ကာ အကြမ်းပန်းကန်တစ်လုံးနှင့် ငှဲ့ပြီးထမင်းတစ်လုတ်၊ အရက်တစ်ခွက်သောက်ပြီးစားမှ စားဝင်သည့်အမျိုး။

သည်လို အရက်သောက်သတ်တမ်းရင့်လာတော့ မျက်နှာပြင်တစ်ခုလုံးအထွတ်အထွက်တွေထလာပြီး အညိုအမည်းကွက်တွေပါ မြင်မကောင်းလောက်အောင် ဆိုးဝါးစွာ ထွက်ပေါ်လာတော့ ဇနီးဖြစ်သူက အရက်ကိုလျှော့သောက်ဖို့၊ ဆင်ခြင်ဖို့ သတိပေးသလို ဖခင်ဖြစ်သူကလည်း စာနှင့်တစ်

# ဝေမွန်လင်း
## ကျွန်ုပ်နှင့်ထူးဆန်းသော ရဟန်းအိုးတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

သွယ်၊ ဖုန်းနှင့်တစ်မျိုး နားပူလာအောင် ဆိုဆုံးမလွန်းသဖြင့် ဖခင်ကြီးကိုလည်း ခပ်ရှောင်ရှောင် အတွေ့မခံ။ အဆက်အသွယ်ပြတ်လုနီးပါးကိုနေဖြစ်ခဲ့တာ။

အရက်သမားတို့ထုံးစံအတိုင်း -

မသောက်တတ်ခင် သောက်စသင်ကာလတုန်းကတော့ ဟိုလူက တစ်ခွက် ဖွတ်ခေါ် တိုက်၊ သည်လူကတစ်ခွက်ဝယ်တိုက်၊ နောက်ဆုံး အမြည်းဖြစ်ဖြစ်စားပါဆိုပြီး ဝိုင်းထဲ မရမက အတင်းဖွတ်ခေါ်ပြီး ဇာတ်သွင်းခံခဲ့ရတာကလား။

တကယ်တမ်း သောက်တတ်လာတော့ ခေါ်မည့်သူမရှိတော့။ ပထမတော့ အရက်ကို လူက သောက်သည်။ ကြာလာတော့ အရက်က လူကိုသောက်သည့်အဖြစ်။ နောက်ဆုံး အရက်က ဘဝတစ်ခုလုံးကို ဝါးမျိုသွားသည့်အခါမှာတော့ -

လုပ်ငန်းခွင်တွင် တာဝန်မကျေမှုများ၊ ကတိကဝတ်ပျက်မှုများအပြင် လူမှုဆက်ဆံရေးတွင်ပါ ဝိုင်းကြဉ်ခံရသည့်အဖြစ်။

သို့သော် -

နောင်တရလိမ့်မည်တော့ မထင်ပါလေနှင့် ဝေးသေး။

နောက်ဆုံး အရက်နှင့် မျက်နှာမသစ်သည်ကိုဘဲ တော်သေးသည်ဟု မိမိကိုယ်မိမိ နှစ်သိမ့်ပြီး ကျေနပ်ဂုဏ်ယူနေမိသည်မှာ ဟုတ်လှပြီ မှတ်ထင်ထားတာဆိုတော့ -

မိမိအကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေရသည်ကိုပင် မလွတ်လပ်။ တင်းကျပ်မှုတွေများလာသည်ဟု စိတ်ကဖိစီးလာသည်မို့ နှုတ်ထွက်စာတင်ပြီး ရန်ကုန်ကို ပြန်လည် ပြောင်းရွှေ့လာခဲ့သည်။

မိသားစု ကသီလင်တနိုင်လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အဲသည်အချိန်ကာလတုန်းက လမ်းစဉ်ပါတီခေတ်ဆိုတော့ မိမိ၏ပါတီအင်အားကို ရန်ကင်းပါတီယူနစ်သို့ ပြောင်းရွှေ့သတင်းပို့လိုက်ရာ ယူနစ်ကော်မတီဝင် ဦးတင်ဖေ၏ကောင်းမှုကြောင့် ရန်ကင်းမြို့နယ် ပညာရေးမှူးရုံးတွင် ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသဖြင့် အတန်ငယ် အဆင်ပြေသွားရသည်။

ရန်ကင်းတစ်မြို့နယ်လုံးရှိ ဆရာ၊ ဆရာမဝန်ထမ်းအင်အား (၆၀၀) ကျော် (၇၀၀) နီးပါးမှာ အမျိုးသားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာ စာရေးဝန်ထမ်းအားလုံးပေါင်းမှ (၆၀) ပင် ကျော်မည်မထင်။ ကျောင်းဆရာတွေ ဆိုတော့ သောက်တတ်စားတတ်သူများက မိမိဂုဏ်သိက္ခာငဲ့ပြီး လူမြင်သူမြင်မသောက်ကြ။ လခထုတ်ရက်လိုမျိုး၊ အခမ်းအနား, နှစ်ပတ်လည်ပွဲမျိုးနှင့်ဆုံလျှင်တော့ ကြိတ်ဝိုင်းလေးများကို ကျောင်းထဲမှာပင်လုပ်ဖြစ်ကြသည်။

ကျွန်တော်တို့ ပညာရေးဝန်ထမ်းအုပ်စုထဲတွင် စာရေးကြီး ဦးစံမောင်နှင့် မ/၁၆ ကျောင်းအုပ်ဆရာကြီး ဦးညိုကြီးကိုတော့ ဘယ်ဆရာမှမီအောင်မသောက်နိုင်ကြ။ ချသမျှ အရက်ပုလင်းက ပလိုင်းပေါက်နှင့်ဖားကောက်သည့်နှယ် ပုလင်းတွေသာ လဲသွားရသည်။ သူတို့ကတော့ မဖြုံရေးချမဖြုံ။ တကယ်လက်လန်သည့်သူတွေနှင့် တွေ့ဆုံတွဲမိသည်ဆိုတော့ -

မိမိ၏ဇာတိရုပ်ကို ကြာကြာ ဖုံးကွယ်မထားနိုင်တော့။ နေ့တိုင်းလိုအကြောင်းအမျိုးမျိုးပြပြီး ဝိုင်းဖွဲ့ဖြစ်ကြတော့သည်တကား။

▮◆

ထိုနေ့က လစာထုတ်ရက် ဖြစ်သည်။ အ-မ-က(၁)ရန်ကင်း၏ ဝန်ထမ်းလစာများကို မိမိကတာဝန်ခံပြီး ကျောင်းအုပ်ကြီးလွှဲစာဖြင့် တစ်ကျောင်းလုံးစာ လစာငွေကို ထုတ်ယူလာပြီး သေချာထုပ်ပိုး၍ လွယ်အိတ်ထဲထည့်ကာ ကံဘဲ့ဘုတာရုံလမ်းအတိုင်းလျှောက်ပြီး ပြန်လာတော့ အချိန်က ညနေ (၄) နာရီခွဲသာသာခန့် -

"ဟေ့ - ကျောင်းဆရာ၊ ဝင်ပါဦးဗျ"

ဒေါ်ရှမ်းမအရက်ဆိုင်ထဲမှ တေးရေးဆရာ ကိုလေးလွင်နှင့် မိတ်ဆွေရွှေနေတစ်စုက လှမ်းခေါ်လိုက်သဖြင့်-

"နေဦးဗျာ၊ အိမ်ပြန်ပစ္စည်းတွေထားလိုက်ဦးမယ်။ မကြာပါဘူး၊ အခုပြန်လာခဲ့မယ်"

ကိုလေးလွင်က မိမိ၏စကားဆုံးအောင်အထိ လက်မခံ။ ဆိုင်ထဲမှ ခပ်သွက်သွက်ကလေးထွက်လာပြီး လက်မောင်းကိုကိုင်ဆွဲကာ -

"ဆရာရဲ့ လာစမ်းပါ၊ ပြောစရာလေးရှိလို့ ဆရာ့ကိုစောင့်နေတာ"

ဆိုတော့ မိမိလည်း ကိုလေးလွင်ခေါ်ဆောင်ရာ ဆိုင်အတွင်းသို့ ကန့်လန့်ကန့်လန့်နှင့် ပါသွားရသည့်အဖြစ်။

ရွှေနေ ဦးအေးမြင့်က-

"ဒေါ်ရှမ်းမရေ၊ ဖန်ခွက်တစ်လုံးလောက်"

ဆိုပြီး လှမ်းတောင်းလိုက်သည်။ ဖန်ခွက်ရောက်လာတော့ အရက်ကို လက်သုံးလုံးခန့်ငှဲ့ပြီးကမ်းပေးရင်း ခရီးဦးကြိုပြုတော့ -

"ဆရာအေး၊ နောက်မှ နောက်မှ။ ကျွန်တော် ဒါတွေ အိမ်ပြန်ထားပြီး အခုပဲပြန်လာမှာ"

ဟု ဆိုသော်လည်း ဘယ်လိုမှ တောင်းပန်လို့မရ။

"ကချင်ကပြန်လာတဲ့ တပ်ကြပ်ကြီး လက်ဆောင်ပေးလို့ ဆရာ့ကိုတိုက်ချင်လွန်းလို့ မျှော်နေတာ။ ဆရာက ဘာအိုက်တင်ခံနေရတာလဲ"

ကချင်ကရလာတဲ့ ကချင်အရက်ဆိုတော့ အနည်းငယ်စိတ်ဝင်စားသွားသည်။

"ကဲ- ပြောမရလည်း ဒီလောက်တောင်ဖြစ်တာ ပေးဗျာ"

ဆိုပြီး လက်တစ်ဖက်က အရက်ခွက်ကိုင်ပြီး လက်တစ်ဖက်က ရေတစ်ခွက်ကိုင်ကာ တစ်ကျိုက်တည်း မော့ချလိုက်ပြီး နောက်က ရေလိုက်ရသည်။ ပြင်းလိုက်သည့်အရက်။ ဝမ်းခေါင်းထဲကို ပူဆင်းသွားတာ။သိတယ်မို့လား၊ အရက်သမားတို့ထုံးစံအတိုင်း ပထမအဝင်တစ်ခွက်သာ စဉ်းစားချင့်ချိန်နေသော်လည်း တစ်ခွက်ဝင်သွားပြီးနောက် ခွေးခြေပုလေးတစ်လုံးဆွဲကာ ဝိုင်းထဲဝင်ထိုင်လိုက်ပြီး တစ်ခွက်ပြီးတစ်ခွက် ဆင့်ကာဆင့်ကာ. . . ။

▮◆

မနက်မိုးလင်းတော့ ညက အိမ်ကို ဘယ်လိုပြန်ရောက်လာသည်ကို ကောင်းစွာ မမှတ်မိတော့။ အတော်မူးသွားတယ်ဆိုပဲ။ ဩော် - သတိရပြီ။

"မိန်းမရေ၊ ကိုယ့်လွယ်အိတ်ကော"

"အိမ်ရှေ့ကစားပွဲပေါ်မှာ တင်ထားတယ်"

ကမန်းကတန်း စားပွဲရှိရာသို့ အပြေးအလွှားလာရသည်။ မျက်နှာတောင်မသစ်နိုင်သေး။ လွယ်အိတ်ထဲမှာက တစ်ကျောင်းလုံးရဲ့လစာငွေတွေ ပါတယ်မို့လား။

"တော်ပါသေးရဲ့၊ လွယ်အိတ်ပြန်ပါလာလို့။ မျက်မှန်တပ်ပြီး လွယ်အိတ်ထဲကငွေထုပ်ကို စမ်းလိုက်သည်။ ဟော-ခက်ပြီ၊ ငွေထုပ်ကို ရှာမတွေ့။

"မိန်းမရေ၊ ဒီလွယ်အိတ်ထဲကငွေထုပ်များ မင်းသိမ်းထားလား"

ဆိုပြီး နောက်ဖေးစားဖိုဆောင်ကို လှမ်းမေးတော့ -

"ဘာမှမသိမ်းပါဘူး၊ ကိုင်တောင်မကြည့်ဘူး။ ညက ရှင့်ကိုတွဲလာတဲ့လူတွေ လာပို့တဲ့အတိုင်း လွယ်အိတ်ထားလိုက်တာပဲ"

အဲဒါမှဒုက္ခ။ မနက် (၉) နာရီခွဲ ကျောင်းတက်ပြီ ဆိုတာနှင့် ဝန်ထမ်းဆရာ၊ဆရာမတွေကို လစာငွေထုတ်ပေးရမည်။ မပေးလို့က မဖြစ်။ ကိုယ့်မှာကလည်း ပေးစရာငွေက မရှိပြီ။ နာရီလှမ်းကြည့်လိုက်တော့ (၇) နာရီထိုးပြီးခါစ။

ကမန်းကတန်း ရေချိုး၊ အဝတ်အစားလဲကာ ဇနီးသည်၏ အစ်ကိုကြီးဖြစ်သူ အင်းဝဓာတ်ပုံတိုက်ပိုင်ရှင် ဦးဝင်းမြင့်ထွန်းဆီ ပြေးရသည်။ လစာငွေတွေ ကျပျောက်လို့။အခုမနက် ကျောင်းတက်ရင် လစာတွေထုတ်ပေးရမှာ။ မပေးနိုင်ရင် ပြဿနာတက်တော့မယ် ဆိုတော့ ယောက်ဖကြီးက သူကိုယ်တိုင်ကလည်း အရက်မသောက်၊ ဆေးလိပ်မသောက်၊ လောင်းကစားမလုပ်ဘဲ မိသားစုစီးပွားရေးကိုသာ တစိုက်မတ်မတ်ရှာဖွေနေသူတစ်ဦးဆိုတော့ -

မိမိကို ဆူလိုက်ပူလိုက်တာ နားပင်မီးတောက်မတတ်။ စက်သေနတ်ပစ်သည့်နှယ် တရစပ်။ လောင်ချာနှင့်ပစ်သည့်နှယ် ဝုန်းဝုန်းဒိုင်းဒိုင်း။

မတတ်နိုင်ပြီ။ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ဆိုတော့ ခံပေတော့ပေါ့။

"မင်း အသောက်အစားကို ဆင်ခြင်ပါ၊ အနေအထိုင်ကို ပြုပြင်လိုက်ပါ၊ အချိန်မီသေးတယ်။ မင်းမှာမွေးထားတာ သမီးလေးတွေ။ နောက်တစ်နှစ်၊ နှစ်နှစ်ဆို အရွယ်ရောက်လာတော့မှာ။ကလေးတွေရဲ့ရှေ့ရေးလည်း ထည့်စဉ်းစား။ ငါ့ညီမကိုလည်း ငဲ့ညှာပါ။ မင်းဘဝတစ်လျှောက်လုံး မင်းပျော်သလိုနေခဲ့ပြီပဲ။ အခု ဒီလစာငွေတွေ မင်းမပေးနိုင်ရင် မင်းအလုပ်ပြုတ်မယ်။ အချုပ်ထဲရောက်မယ်။ ငါ့ညီမနဲ့ တူမလေးတွေ မျက်နှာငယ်ရတော့မယ်။ အဲဒါ မင်းစဉ်းစားမိရဲ့လား။ ငါ့ညီမနဲ့ ငါ့တူမလေးတွေ ဒုက္ခရောက်မှာစိုးလို့ ငါ မင်းပြောတဲ့ငွေ ပေးလိုက်မယ်။ မင်းအပေါ် ချစ်လွန်းလို့ စေတနာရှိလွန်းလို့ ပေးလိုက်တာ တော့ မထင်လေနဲ့။ ရော့ - ယူသွား"

ပြောပြောဆိုဆိုနှင့် အစ်ကိုကြီးက ငွေထုတ်ပေးလိုက်သဖြင့် ဝန်ထမ်းလစာ တိစ္စက ကျောင်းအရောက်ပြန်ပြီးထ



www.burmeseclassic.com

www.burmeseclassic.com

ဆေးနိုင်ခဲ့သည်။ ကျောင်းဆင်းချိန်မှာတော့ ဒေါ်ရှမ်းမအရက်ဆိုင်ကိုသွားပြီး ညက အဖြစ်အပျက်များကို မေးမြန်းစုံစမ်းကြည့်တော့ ဒေါ်ရှမ်းမက-

"မပြောချင်ပါဘူး ဆရာရယ်။ ဆရာ ညက အတော် အမူးလွန်တာ။ အယ့်နှယ်၊ ကိုယ်သိတဲ့လူတွေရော မသိတဲ့လူတွေပါ သောက်သမျှ ဝိုင်းဖိုးတွေ ဝိုက်ဆံရှင်း၊ မုန့်ဖိုးတောင်းတဲ့လူတွေ ငွေထုတ်ပေးနဲ့ ဆရာ့လွယ်အိတ်ထဲက ငွေထုပ်ကို ထုတ်လိုက်၊သွင်းလိုက်နဲ့။ ဆရာ့သူငယ်ချင်းတွေ တားလို့လည်း မရဘူး။ ဆရာ့သူငယ်ချင်းတွေက ပြန်ဖို့ခေါ်လည်း ဆရာက ပြောမရနဲ့။ ဆရာ နောက်ဆုံး မှောက်သွားတော့မှ ဆိုင်ထဲမှာသောက်နေကြတဲ့ လူတချို့က ဆရာ့အိမ်သိတယ်ဆိုပြီး လိုက်ပို့ကြတာ"

သိပါပြီ။ ညက မိမိ လူမှန်းမသိ သူမှန်းမသိဖြစ်ခဲ့ရသည်။ အိမ်ကို ဘယ်နည်းဘယ်ပုံ ပြန်ရောက်သည်ကိုလည်း မမှတ်မိ။ ညက အရက်ဆိုင်တွင် မိမိ ဘာတွေလုပ်ခဲ့၊ ဘာတွေမှားခဲ့မှန်းလဲ မပြောနိုင်ပြီ။ ယောက်ဖပြောသလို အတယ်၍များ လစာငွေတွေ ထုတ်မပေးနိုင်ခဲ့ပါက အလုပ်ကလည်း ပြုတ်ရဦးမည်။ ထောင်တန်းကလည်းကျရဦးမည်။ ဇနီးသည်နှင့် သမီးလေးတွေ ဘယ်ရွေ့ဘယ်မျှ မျက်နှာငယ်ကြလိမ့်မည်ကို မတွေးရဲတော့။

ဒေါ်ရှမ်းမ ငဲ့ပေးသော အရက်ခွက်ကို လက်ကာပြရင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆိုင်ထဲမှ ခေါင်းငိုက်စိုက်ချကာ တစ်လှမ်းချင်း လေးကန်စွာ လှမ်းရင်း ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်တော့သည်။

"မိန်းမရေ၊ ကိုယ်ဒီနေ့ကစပြီး အဖေ့သားစစ်စစ်ဖြစ်ပြီ"

"အလိုတော် - အစက ကိုယ်က ဘယ်လူ့သားမို့လို့လဲ"

မိမိပြောလိုသောစကားအဓိပ္ပာယ်ကို ဇနီးဖြစ်သူ နားလည်ဟန်မတူ။

"ကိုယ် ဒီနေ့ကစပြီး ရာသက်ပန် အရက်ကိုဖြတ်လိုက်ပြီ။ အဖေမကြိုက်တဲ့ အရက်သမားဘဝကို စွန့်လွှတ်ပြီး ကိုယ့်ဇနီးနဲ့ သားသမီးတွေအတွက် စိတ်ချမ်းသာမှု အပြည့်အဝပေးနိုင်အောင် ဘဝကို ပြုပြင်ပြောင်းလဲဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပြီဆိုတာ ချိုလွဲသိအောင် ကိုယ်သစ္စာဆိုပြီး ပြောပါ့မယ်"

"ကိုယ်ဒီလောက်သောက်လာတဲ့နှစ် နည်းမှမနည်းတာ။ ဒီလို တုံးတိကြီး ဖြတ်လိုက်ရင် တစ်ခုခုများဖြစ်နေမလား"

စိုးရိမ်စိတ်ဖြင့် ချိုလွဲရီက မေးလာသည်။

"မစိုးရိမ်ပါနဲ့ ချိုလွဲရယ်၊ ကိုယ်တို့ လူ့ဘဝလောကအလယ်ကို အူဝဲဆိုပြီး ရောက်လာကြတုန်းက မိခင်နို့ချိုကို မှီဝဲပြီး အသက်ဆက်ခဲ့၊ ကြီးပြင်းခဲ့ရတာ။ ဟော - တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်ကြာတော့ နို့ချိုကိုဖြတ်ပြီး ဖြည့်စွက်အစာနဲ့ ဒီအသက်အရွယ်အထိ ကြီးပြင်းခဲ့ရတာ။

အရက်ဆိုတာ အသက် (၂၀) ကျော်လောက်မှစပြီးသောက်တတ်တာ။ လူအဖြစ်စတင်တုန်းက သောက်ခဲ့ရတဲ့ နို့ချိုတောင်ဖြတ်နိုင်ခဲ့သေးတာ။ အသက်ကြီးမှ သောက်တတ်တဲ့ အရက်ဖြတ်လို့ မရဘူးဆိုတာ အဓိပ္ပာယ်မဲ့လွန်းရာကျပါတယ်။

ငယ်ငယ်ကလေးဘဝက သောက်သုံးခဲ့ရတဲ့ နို့ချိုကို မပြတ်သေးပါဘူး၊ သောက်ချင်သေးပါတယ်ဆိုတာ လူကြားလို့ ကောင်းဦးမယ်။ အသက်ကြီးမှ သောက်တတ်တဲ့အရက် မဖြတ်နိုင်ဘူးဆိုတာ လူကြားလို့မကောင်းတဲ့အဖြစ်ပါကွာ။ ကိုယ်တကယ်ဒီနေ့ကစပြီး အရက်မပြောနဲ့၊ ဘီယာ၊ ထန်းရည်ပါမသောက်တော့ဘူးလို့ ယတိပြတ်ဆုံးဖြတ်လိုက်ပြီ"

ဇနီးသည် ချိုလွဲရီနှင့် သမီးတို့၏ ဝမ်းသာပျော်ရွှင်ကြည်နူးမှုကိုတော့ စာဖွဲ့လို့ပင် လိုက်မမီတော့။

◆

ဘဝတစ်ခုလုံးကို ပြောင်းပြန်လှန်လိုက်သလို အဖြူ အမည်းလို အပြောင်းအလဲကြီး ပြောင်းလဲလိုက်တာကို ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးက တအံ့တဩ။

မိမိအလုပ်ချိန်အလုပ်လုပ်သည်။ စိတ်ရောကိုယ်ပါနှစ်ထားလိုက်သည်။ အားလပ်ချိန်မှာ မိမိဘဝ တိုးတက်ရေး အထောက်အကူပြုမည့် စာအုပ်စာတမ်းတွေ လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုရာမှ စာပေဖတ်ရှုခြင်းက မိမိဘဝကို ပြောင်းပြန်လှန်ပစ်လိုက်သလို အဖြူ အမည်း ကွဲကွဲပြားပြားဖြစ်သွားရသည်။ ဒါကြောင့်မို့လည်း ပညာရှိများက အလိမ္မာ စာမှာရှိသည်ဟုဆိုခဲ့ကြသည် မဟုတ်ပါလား။

ဖခင်ကြီးကိုယ်တိုင်က စာရေးဆရာ စာပေသမား။ ဖခင်ကြီးစုဆောင်းသိမ်းဆည်းထားသမျှ ဗီရိုတွင်းရှိ စာအုပ်စာတမ်းတစ်ခုမကျန်ကို ဒီအသက်ဒီအရွယ်ကျမှ ဖတ်ဖြစ်ခဲ့ရသည့်အဖြစ်။

မိမိတို့နေထိုင်ရာ ကံဘဲ့အရပ်မှာ ပဋ္ဌနိကာယ် သာသနာ့ဗိမာန်ကျောင်းတိုက်ကြီးတည်ထောင်ပြီး စာသင်သံဃာတော်များ ပရိယတ္တိ၊ ပဋိပတ္တိ ပို့ချသင်ကြားပေးနေသည်ကိုတွေ့မြင်ရတော့ လူက စိတ်ကောင်းဝင်လာသည့်အချိန်လို့ပဲပြောပြော၊ ကျွတ်ချိန်တန်လို့ပဲဆိုဆို ဒွိပိဋကနှစ်ပုံခွဲအောင် ဦးပဋ္ဌင်းလေးဦးသဠနှင့်ခင်မင်ရင်းနှီးရာမှ ဗုဒ္ဓ၏တရားဓမ္မများ လေ့လာမှတ်သား နာယူခွင့်ရရှိခဲ့သလို သည်ကျောင်းတိုက်ကြီး၏ ရုံးလုပ်ငန်းများကို စီမံခန့်ခွဲနေသည့် ဆရာဖိုးကျော့နှင့်ပါ ရင်းနှီးခွင့်ရသည့်အချိန်မှစပြီး အရက်သမားဘဝကို အပြီးတိုင်စွန့်လွှတ်ကာ တရားဓမ္မလမ်းပေါ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ရသည့်အဖြစ်။

◆

သည့်နောက်ပိုင်းတော့ မနက်အရုဏ်တက်ချိန်တိုင်း ကံဘဲ့မိုးကောင်းစေတီတော်ကြီးဆီသို့ နေ့စဉ် ဝတ်ပြုမြဲ၊ ပရိတ်ပဋ္ဌာန်းပူဇော်မြဲ အကျင့်လေးက စွဲမြဲလာခဲ့သည်။

စိတ်၏ အေးချမ်းမှု၊ တည်ငြိမ်မှုတို့ကို လက်တွေ့ခံစားလာရပြီး ပီတိဖြစ်ရသည်ကလည်း အတိုင်းထက်အလွန်။ မိမိအနေဖြင့် အရံစေတီလေးတွေ၏ ဂူတစ်ဂူဖြစ်သည့် အင်္ဂါဂြိုဟ်တိုင်နှင့် ဗုဒ္ဓဟူးဂြိုဟ်တိုင်ကြားရှိ ဂူလေးအတွင်းမှာ ဘုရားဝတ်ပြုမြဲ။

တစ်နေ့ -

ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ နံ့သာတိုင်တို့ ဆက်ကပ်ပူဇော်လှူဒါန်းပြီး ဩကာသ အစချီကာ ဘုရားဝတ်တက်၊ ငါးပါးသီလခံယူပြီး ပရိတ်ကြီး (၁၁) သုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသနိဒ္ဒေသတို့ကိုပူဇော်၊ အနန္တစကြဝဠာအနန္တသတ္တဝါတို့ မေတ္တာပို့၊ အမျှဝေပြီးချိန်သည် ပုံမှန် နေ့စဉ် (၁) နာရီခွဲခန့် ကြာတတ်သည်လေ။

ဘုရားဝတ်ပြုပြီး သံတိုင်တံခါးလေးလှပ်၍ အပြင်သို့ထွက်လိုက်တော့ မိမိရှေ့မှာ ရဟန်းတစ်ပါး။ သက်တော်က မှန်းရတော့ခက်သည်။ ထားပါတော့၊ (၅၀) ထက် လျော့နည်းနည်း။ ကျော်လည်း တစ်နှစ်စ၊ နှစ်နှစ်စပေါ့။ ရဟန်းကြီးကို တွေ့တော့ မိမိရိုကျိုးစွာပဲ ဝတ်ဖြည့်လိုက်သည်။

"ဒကာဘုရားဝတ်တက်နေတာကို



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းဘုန်းစောင့်ကြည့်နေတာ အချိန်အတော်ကြာသားပဲ။ ဘာဆုတွေများတောင်းသေးသလဲကွယ့်"

"အမှန်အတိုင်း လျှောက်ထားရမယ်ဆိုရင်တော့ တပည့်တော် ဘာဆုမှ မတောင်းပါဘူး ဘုရား။ တပည့်တော် ဘဝတစ်လျှောက်လုံး မှားခဲ့တဲ့ အမှားတွေ၊ အပြစ်တွေကို ဒဏ်ခတ်တဲ့အနေနဲ့ ပြန်ဆပ်နေတာပါ ဘုရား"

မိမိ၏ လျှောက်ထားချက်တွေကို မိန့်မိန့်ကြီးနားထောင်ရင်း-

"ဒကာလေးပြုခဲ့သမျှ၊ မှားခဲ့သမျှ အပြစ်တွေကျေပျက်ပါစေလို့ ဘုန်းဘုန်း ဆုတောင်းပေးလိုက်ပါတယ်။ ဒီလို ဒကာလေးရေ၊ ဘုန်းဘုန်း ဒီနယ်ဒီအရပ်က တော့ မဟုတ်ဘူးကွယ့်။ ဘုန်းဘုန်းက တောင်တန်းသာသနာပြုရဟန်းတစ်ပါးပါ။ အခု ရန်ကုန်ကို ကြွလာရင်း ဒီမိုးကောင်းဘုရားကို အရုဏ်တက် လာလာဖူးတာ (၇)ရက်ရှိပြီကွယ့်။ ဘုရားရောက်တိုင်း ဒကာလေးကို သတိထားကြည့်မိတာ။ ရောက်စနေ့ကတည်းက ဆိုပါတော့"

ဦးပဥ္စင်းကြီးက စကားလေကြောက ရှည်နေသည်။ မိမိမှာက ဘုရားဝတ်တက်ပြီးပြီမို့ ဗိုက်ထဲမှာက ဆာလောင်မွတ်သိပ်နေချိန် လက်ဖက်ရည်လေး၊ မုန့်ဟင်းခါးလေး စားလိုလှပြီမို့ -

"အရှင်ဘုရား၊ တပည့်တော် အချိုပွဲကပ်ချင်လို့ လက်ဖက်ရည်ဆိုင်ကြွပြီး လိုက်ပါဘုဉ်းပေးပါရန် လျှောက်ပါတယ် ဘုရား"

ဆိုတော့ -

"ပြည့်စုံပါတယ် ဒကာ၊ ဒကာ့ရဲ့ စေတနာကို ဘုန်းဘုန်း အသိအမှတ်ပြုပါတယ်။ ဘုန်းဘုန်း လိုရင်းကိုပြောပြီး ဒကာ့ကို အလှူခံပါတယ်။ ဒကာ လှူဖြစ်အောင်လှူပါ"

ခက်ပြီ၊ မိမိမှာက အဲသည်အချိန်က လခထုတ်ပြီးစရက်ဆိုတော့ လက်ထဲမှာ (၄၅) တန် (၁၇) ရွက်တော့ပါသည်။ သည်ဘုန်းကြီး ဘာအလှူခံမှာပါလိမ့်ပေါ့။

"ဘုန်းကြီးကို သပိတ်နဲ့ သပိတ်လွယ်ကြိုးဝယ်လှူပြီးကပ်ပါလား ဒကာ" တဲ့။

"အရှင်ဘုရား၊ ဒီလိုလုပ်ပါဘုရား။ တပည့်တော်မှာလည်း အလုပ်ဝင်ဖို့ အချိန်ရှိသေးလို့ အရှင်ဘုရားကို တပည့်တော် ဝတ္ထုကပ်လိုက်ပါ့မယ်။ အရှင်ဘုရား စိတ်တိုင်းကျ ဝယ်ယူပါ။ ဝတ္ထုငွေ ဘယ်ရွေ့ဘယ်မျှဆိုတာသာ မိန့်ပါဘုရား။ တပည့်တော်ပါတဲ့ငွေနဲ့ လောက်မယ်ဆိုရင်လည်း တပည့်တော် တစ်ခါတည်း လှူလိုက်ပါမယ် ဘုရား"

ဘုန်းဘုရားက တစ်ဖက်သို့လှည့်ကာ နှုတ်မှ လှုပ်လှုပ်ရွရွ ရွတ်ဆိုနေပြီးနောက်-

"သံသပိတ်နဲ့ သပိတ်လွယ်ကြိုးအပါအဝင်ဆို (၄၀၀) ကျော်ကျော်လောက်ပေါ့။ ဥာန်ကုန် (၄၅၀) ပေါ့ ဒကာ"

မိမိအိတ်ထဲမှ (၄၅) တန် (၁၀) ရွက်ကို ရေတွက်ပြီး ဘုန်းကြီးကို လှူလိုက်တော့ ဦးပဥ္စင်းကြီးက သူ့ယပ်ကို ထိုးပေးပြီး ယပ်အလယ်ကဇစ်ကိုဖွင့်ပြီး ငွေကိုထည့်ခိုင်းသည်။

မိမိလည်း လှူဖွယ်ကိစ္စပြီးပြီမို့ ဝတ်ဖြည့်ရင်း လက်ဖက်ရည်ဆိုင်သို့ သုတ်ခြေတင်ကာ ဦးဆုံး မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်သည်။ ပြီးမှ လက်ဖက်ရည် ကျဆိမ့်တစ်ခွက်ကို ဇိမ်ခံသောက်ရင်း စီးကရက်တစ်လိပ်ကိုဖွာကာ စောစောက အလှူခံပုဂ္ဂိုလ်အပေါ် စိတ်စနောင့်စနင်းဖြစ်ရသည်။

ရန်ကုန်မြို့ပေါ်မှာကလည်း အခုလို သာသနာ့အရေခြုံပြီးလုပ်စားနေတာက အများသား။ ငါ အလိမ်ခံရပြီလား။ မဟုတ်သေးပါဘူး၊ စောစောစီးစီးအလှူခံဆိုတော့လည်း မငြင်းရက်။ လှူတာလည်း လှူပြီးပြီပဲ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိပေါ့။

နောက် (၂) ရက်ခန့်ကြာတော့ ဘုရားဝတ်ပြုပြီး ထုံးစံအတိုင်း ဂူလေးထဲမှာအထွက် ဟိုကနေ့က ဦးပဥ္စင်းကြီး။ ဟာ - ခက်ပြီ၊ ဒီနေ့ စောစောစီးစီး ဘာများထပ်ပြီးအလှူခံဦးမလဲပေါ့။

"ဒကာ၊ ဒကာ ဘုရားဝတ်တက်နေတာ ပြီးအောင် ဘုန်းဘုန်းစောင့်နေတာ"

"တင်ပါ့ဘုရား၊ ဘာများအလိုရှိပါသေးလဲ ဘုရား"

"မလိုတော့ပါဘူး၊ ပြည့်စုံပါပြီ ဒကာ။ ဒကာရဲ့အလှူ အထမြောက်အောင်လို့ ဒကာပေးတဲ့ဝတ္ထုငွေနဲ့ ဘုန်းဘုန်း သပိတ်နဲ့ သပိတ်လွယ်ကြိုး ရခဲ့ပါပြီ။ အလှူဒါနမြောက်သွားအောင်လို့ ဒီတန်ဆောင်းထဲမှာပဲ ဘုန်းဘုန်းကို ရေစက်ချပြီးလှူပါ ဒကာ"

မိမိ မနေ့တစ်နေ့က လှူလိုက်စဉ်က စိတ်ထဲမှာ ဇဝေဇဝါ ဒွိဟယုံမှားသံသယများစွာနှင့်။ အခုတော့ သည်သို့မဟုတ်ပြီ။ မိမိလှူလိုက်သောငွေဖြင့် အမှန်တကယ် လိုအပ်သော သပိတ်နှင့် သပိတ်လွယ်ကြိုးတွေဝယ်ယူပြီး ရေစက်ချလှူခိုင်းနေပြီမို့ မိမိ စိတ်နှင့်ပြစ်မှားမိသောအပြစ်ကို ကြီးစွာနောင်တရနေသည့်အပြင် ရေစက်ခွက်ကိုင်ပြီး ရေစက်ချလှူနေစဉ်အတွင်း ဘုန်းဘုန်း မိန့်ကြားချက်က ကြက်သီးထစရာ။

"ဒကာရေ လောကကြီးမှာ မြင်အပ်၊ မမြင်အပ်တဲ့အရာတွေ အပုံကြီးရှိတယ်။ မပြစ်မှားမိစေနဲ့ကွယ့်၊ ကြားလား။ အခုဆို ဒကာရဲ့အလှူဒါနက ပြီးဆုံးခြင်းတွင်ခဲ့ပြီမို့ ဝမ်းမြောက်နုမော် ကြည်နူးစွာ သာဓုခေါ် ရစ်ပေတော့ကွယ်"

မိမိ၏ စိတ်အကြံ၊ စိတ်အတွေးကို သည်လိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဘယ်လိုများ သိလေရော့မသိ။ မိမိဉာဏ်မမီပါ၊ မတွေးတတ်ပါ။ မိမိကိုယ်မိမိလည်း အပြစ်တင်၍မဆုံး။

အထူးပြောလိုတာကတော့ လက်အုပ်ချီမိုး၍ အမျှဝေ၍ သာဓုအနုမောဒနာကို ဝမ်းမြောက်စွာ ခေါ်ဆိုဦးချပြီး မျက်လုံးဖွင့်ကြည့်လိုက်ချိန်မှာတော့ -

လူသူကင်းရှင်းလှသည့်မိုးကောင်းဘုရားရင်ပြင်တော်အနီးအနားတစ်ဝိုက် ပုဂ္ဂိုလ်ထူးရဟန်းကြီး၏ အရိပ်အယောင်ကို မမြင်ရတော့။ ကြက်သီးဖျန်းဖျန်းထရတော့သည်။ကြောက်၍ထသောကြက်သီးတော့ မဟုတ်တန်ရာ။ ဝမ်းသာပီတိကြောင့်ထရသော ကြက်သီးသာတည်း။

သည်အဖြစ်အပျက် တွေ့ကြုံပြီးနောက် မေ့မေ့ပျောက်ပျောက်ဖြစ်နေစဉ် တစ်ညမှာတော့ အိပ်မက်မက်သည်။

ရှင်သီဝလီရဟန္တာပုံနှယ် သပိတ်ကိုလွယ်လျက် ယပ်ကို ကိုင်ဆောင်ပြီး တောင်ဝှေးတစ်ချောင်းနှင့် မတ်ရပ်ပြုံးပြုံးကြီးစိုက်ကြည့်နေတာက မိမိ သပိတ်နှင့် သပိတ်လွယ်ကြိုး လှူဒါန်းလိုက်သော ရဟန်းကြီးမှ ရဟန်းကြီးအစစ်။

မိမိခေါင်းကို တောင်ဝှေးဖြင့်လှမ်းတို့လိုက်ချိန်မှာတော့ မိမိ ဖျတ်ခနဲ လန့်နိုးခဲ့ရပြီတကား။

မည်သို့သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဆိုတာကိုတော့ ယနေ့တိုင်ဝေခွဲလို့မရ။ ထူးဆန်းသော ရဟန်းအိုတစ်ပါးဟု ဆိုရုံမှလွဲ၍။

*(အသက် ၉၀ ပြည့်ပြီဖြစ်သော ဖခင်ကြီး အမျိုးသားစာပေ ပထမဆုရ (ဦး) ညိုဝင်းသို့ ဂါရဝပြုလျက်)*

ဝေမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များ ၃

△ ကြီးရတနာဆရာဇေယျာလင်း



**စိန္တာမဏိမန္တန်တော် အမှတ် (၃)**

၁။ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
၂။ စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
၃။ စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

**စိန္တာမဏိရတနာနိ**-ကြံစည်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်နိုင်သော ရတနာတို့ ဟူသည်၊ **ဗုဒ္ဓံ**- မြတ်စွာဘုရားပါတည်း။ **ဗုဒ္ဓရတနာနံ**- ဘုရားရတနာတို့ကို၊ **သရဏံ**- ဆည်းကပ်ခြင်းကို၊ **ကရံ**- ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** - ပြုသူ၏၊ **ဣစ္ဆာ** - လိုအင်ဆန္ဒမှန်သမျှသည်၊ **ခိပ္ပမေဝ** - လျင်မြန်စွာသာလျှင်၊ **သမိဇ္ဈတု**- ပြည့်စုံပါစေသတည်း။

**စိန္တာမဏိရတနာနိ**- ကြံစည်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်နိုင်သော ရတနာတို့ ဟူသည်၊ **ဓမ္မံ** - တရားရတနာပါတည်း။ **ဓမ္မရတနာနံ**- တရားရတနာတို့ကို၊ **သရဏံ**- ကိုးကွယ်ဆည်းကပ်ခြင်းကို၊ **ကရံ**- ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** - ပြုသူ၏၊ **ဣစ္ဆာ** - လိုအင်ဆန္ဒမှန်သမျှသည်၊ **ခိပ္ပမေဝ** - လျင်မြန်စွာသာလျှင်၊ **သမိဇ္ဈတု** - ကောင်းစွာ ကုံလုံ ပြည့်စုံပါစေသတည်း။

'စိန္တာမဏိရတနာနိ၊ သံဃံ သံဃရတနာနံ' အစရှိသော အပိုဒ်ကိုလည်း အထက်နည်း ဗုဒ္ဓရတနာနံ၊ ဓမ္မရတနာနံ များအတိုင်း အနက်သိကြပါလေကုန်။

အထက်ဖော်ပြပါ စိန္တာမဏိမန္တန်တော် အမှတ် (၃) မှာကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အများဆုံး ရင်းနှီးကျွမ်းဝင်သိရှိကြပြီး လူအတော်များများ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ယူ ရွတ်ပွား ပူဇော်လေ့ရှိနေကြသော ဂါထာမန္တန်တော်မြတ် ဖြစ်ပါသည်။ စိန္တာမဏိဂါထာ၊ စိန္တာမဏိမန္တန်ဟု ပြောကြလျှင် အထက်က အမှတ် (၁)နှင့် အမှတ်(၂) စိန္တာမဏိမန္တန်တော်များကို မသိကြသည့်တိုင် ဤအမှတ်(၃) စိန္တာမဏိမန္တန်တော်မြတ်ကိုမူ လူအတော်များများ သိကြ၊ ရင်းနှီးကျွမ်းဝင်ကြ၊ အာဂုံကျက်မှတ် ဆောင်ယူ ပူဇော်လေ့ ရှိကြပါသည်။ ဤမန္တန်တော်မှာလည်း ယုံကြည်မှုသဒ္ဓါ အားကောင်းစွာဖြင့် ပူဇော်ရွတ်ပွားကြလေက အတိုင်းမသိ အကျိုးကြီးမားစွာ ရရှိစေနိုင်သော မန္တန်တော်ဖြစ်ပါသည်။

အကြောင်းမူ အထက်တွင် ဖော်ပြခဲ့ပြီးသောမန္တန်အနက်အဓိပ္ပာယ်ကို စေ့စေ့သေချာစွာ လေ့လာကြည့်ပါက စိတ်တွင်ကြံတိုင်း မဆိုင်းမှန်စွာ ပြည့်စုံစေသောရတနာအစစ်တို့ကား ဘုရားတည်းဟူသောရတနာ၊ တရားတည်းဟူသော ရတနာ၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့ပါတည်း။ ထိုဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်သူအား စိတ်အလိုဆန္ဒ ကြံသမျှတို့ တစ်လုံးတစ်ဝတည်း ပြည့်စုံစေရာ၏ဟူသော အနက်သဘောအဓိပ္ပာယ်ရှိကြောင်း ခြုံငုံ၍ တွေ့ရှိရပါသည်။ အားလုံးသော ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့ သိကြသည့်အတိုင်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့သည် ယုံကြည်ကိုးကွယ်ဆည်းကပ်လေးမြတ် ပူဇော်သူတို့အား မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်အထိ ဆောင်ကြဉ်းနိုင်သော ရတနာမြတ်၊ ရတနာအစစ်တို့ ဖြစ်ကြပါသည်။

ထိုသို့ မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်အထိ ဆောင်ကြဉ်းပေးနိုင်သော ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးအထူးတို့ကား အမှန်စင်စစ် အစိန္တေယျ မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ကြီးမားလွန်းလှပါလေ၏။ ထူးမြတ်လှပါပေ၏။ ထိုမျှ မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ဂုဏ်ကျေးဇူး အထူးကြီးမားလွန်းပြီး အချမ်းသာတကာ့ အချမ်းသာတို့တွင် အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သော သန္တိသုခ အသင်္ခတ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကိုပင်ပေးစွမ်းနိုင်သော ထိုရတနာမြတ်သုံးပါးတို့အား ယုံကြည်မြတ်နိုး ကိုးကွယ် ဆည်းကပ်သောသူတို့၏ စိတ်အလိုဆန္ဒ မှန်သမျှတို့ကို ပြည့်စုံအောင် ပေးစွမ်းနိုင်မည်ဆိုသည်ကိုကား လုံးဝ ယုံမှားစရာ မရှိပါချေ။ ထို့ကြောင့် စွဲမြဲယုံကြည်စွာ ဆောင်ယူပွားများအပ်သောမန္တန်တော်မြတ် ဖြစ်ပါသည်။

ဤစိန္တာမဏိ အမှတ် (၃) မန္တန်တော်မြတ်ကြီး၏ အကျိုးကျေးဇူးကြီးမားပုံအား ကျွန်ုပ်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည်များကို အခြေပြု၍ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် သုရဿမဂ္ဂဇင်းတွင် 'စိတ်အလိုဆန္ဒပြည့်ဝစေရာ စိန္တာမဏိအင်းရတနာ' ဟူသော ကျွန်ုပ်၏ဆောင်းပါး၌ စိန္တာမဏိအမှတ် (၃) မန္တန်ကို ဆောင်ယူရွတ်ပွားခဲ့သဖြင့် ဘုမ္မိပြိဟ်စား၍ ဘုမ္မိကြီးကျရောက်သောအခါ၌ပင် လျှင် ထီပေါက်ခြင်း၊ နိုင်ငံခြားကုမ္ပဏီ၌ လစာကောင်းစွာဖြင့် အလုပ်ရရှိခဲ့ခြင်း စသော အကျိုးများကို ခံစားခဲ့ရကြောင်း ရေးသား ဖော်ပြခဲ့ဖူးပါသည်။ (အကျယ်အသေးစိတ်ကို ထိုဆောင်းပါး၌ ရှာဖွေကြည့်ရှုကြပါလေ။)

**စိန္တာမဏိ အမှတ် (၃) မန္တန်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ**

ဤစိန္တာမဏိ အမှတ် (၃) မန္တန်တော်လည်း ဘုရားရှင် တိုက်ရိုက်ဟောကြား ဖော်ထုတ်ခဲ့သော စိန္တာမဏိမန္တန်ဟုတ်သည်၊ မဟုတ်သည်မှာ မသေချာသော်လည်း ထိုမန္တန်တော်၏ အနက်အဓိပ္ပာယ်အရ လောကသုံးပါးတွင် အမြတ်ဆုံးသော အတုမရှိ အကြီးမြတ်ဆုံးဖြစ်တော်မူကြသော ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးတို့အား ဦးခိုက် ဆည်းကပ် ပူဇော်ထားသော မန္တန်တော်ဖြစ်သဖြင့် အစိန္တေယျ မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ကြီးမြတ်သော အကျိုးတန်ခိုးသိဒ္ဓိတို့နှင့် ပြီးမြောက်စေနိုင်ကြောင်း၊ ဆောင်ယူသူတို့၌ အလိုရှိအပ် တောင့်တအပ်သော အလိုဆန္ဒမှန်သမျှတို့ ပြည့်ဝစေနိုင်ကြောင်း စသည်တို့ကို ကောင်းစွာ နားလည်သိမြင်ကြသော ရှေးမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ မဟာဣဒ္ဓိသိဒ္ဓိရှင်ကြီးများသည် ကိုယ်တိုင်လည်း စီရင်ဆောင်ယူခဲ့ကြပြီး နောင်လာနောက်သားတို့အားလည်း အကျိုးများစေရန် ရည်သန်လျက် ဤစိန္တာမဏိ အမှတ် (၃) မန္တန်တော်ကို ဝိဇ္ဇာမယအင်းပညာဖြင့် အင်းအစီအရင် စီမံ ဖန်တီးထားရစ်ခဲ့ကြပါသည်။ ထိုရှေးပညာရှင်ကြီးများ ထားရစ်ခဲ့သော ထိုစိန္တာမဏိရတနာအင်းမြတ်အစီအရင်ကို ဤမဂ္ဂဇင်း၏ စာဖတ်ပရိသတ်အပေါင်းတို့အားလည်း ဆောင်ကြ၍ အောင်ကြစေ ခြင်းအလို့ငှာ ဖော်ထုတ်တင်ပြလိုက်ပါသည်။

**စိန္တာမဏိရတနာအင်းမြတ်အစီအရင်**
**(အင်းအသွားပြ မူရင်းဂဏန်းအင်း)**

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| (၁) | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၁ |
| ၇ | (၃၂) | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၁၂ | ၁၉ | |

**စိန္တာမဏိရတနာနံ ဗုဒ္ဓံရတနာအင်း**

| | | | | | |
|---|---|---|---|---|---|
| | စိ | န္တ | နာ | သ | |
| စိ | တ | ရ | ပွ | မ | နံ |
| နံ | မေ | ဒ္ဓံ | ရ | တ | တိ |
| နာ | တု | သ | ရ | က | ဏိ |
| ဝ | ဗု | ရံ | ဗု | မိ | ရ |
| | နိ | ဋ္ဌ | ဒ္ဓ | က | |

ဖော်ပြထားသော အင်းကွက်များတွင် ဂဏန်းအင်းကွက်မှာ စိန္တာမဏိမန္တန်စာသားများကို အင်းအသွားအတိုင်း မှန်ကန်စွာ ရေးဖြည့်တတ်စေရန် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုဂဏန်းအင်းကွက်ပါ (၁) မှ (၃၂) ထိ ဂဏန်းစဉ်အတိုင်း ရေးသွင်းပါက 'စိန္တာမဏိရတနာနံ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ' အစချီ စိန္တာမဏိရတနာနံ ဗုဒ္ဓရတနာအင်းကို ဖော်ပြပါအတိုင်း ရရှိပါလိမ့်မည်။ ထို့အတူ ဓမ္မံ ဓမ္မရတနာနံ၊ သံဃံ သံဃရတနာနံ အစချီမန္တန်များကိုလည်း အထက်နည်းအတိုင်း စီရင်ရေးသွင်းနိုင်ပါသည်။ အင်းစီရင်နည်းမှာကား အထက်က ကျွန်ုပ်ရေးသားခဲ့သော ဆောင်းပါး၌ လည်းကောင်း၊ ကျွန်ုပ် အခန်းဆက်ဆောင်းပါးအဖြစ် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်သော 'မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်းလေ့လာခြင်း' ဟူသော ဆောင်းပါးများ၌ ပါဝင်ကြပြီးဖြစ်ပါ၍ ဤနေရာ၌ အသေးစိတ် ထပ်မံ မရေးလိုတော့ပါ။ ထိုဆောင်းပါးများ၌သာ ရှာဖွေလေ့လာကြည့်ရှုကြပါဟုသာ မေတ္တာရပ်ခံအပ်ပါသည်။

ထိုစိန္တာမဏိရတနာအင်းမြတ်ကို




www.burmeseclassic.com

www.burmeseclassic.com

တို ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့တွင် စီရင်၍ အိမ်ရှိ ဘုရားကျောင်းဆောင်တော်၊ အလုပ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းတို့တွင် ရှိသေစွာ ဆောင်ထားကြပါက ဘုန်းကျက်သရေတိုး၏၊ လူ၊ နတ်တို့ ချစ်ခင်၏၊ စီးပွားဥစ္စာ လာဘ်လာဘတိုး၏၊ သူတစ်ထူး မကောင်းမကြံစည်နိုင်၊ ဘေးရန်အန္တရာယ်ကင်း၏၊ ကြံစည်တိုင်း အောင်စေနိုင်၏၊ အထူးအကြံအစည်နှင့် လုပ်ငန်းကြီးများ လုပ်ဆောင်ပါက ဤစိန္တာမဏိရတနာအင်း (၃) အင်း(ဘုရား၊ တရား၊ သံဃာ)အား မိုင်းတိုင် စက္ကူ၊ စက္ကူဖြူတို့တွင် ရေးဆွဲစီရင်၍ ဖယောင်းတိုင်တွင်ပတ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ရည်မှန်းလျက် တစ်နေ့ (၃) တိုင် (၃) ရက် ပူဇော်ပါလေ။ အလိုရှိတိုင်းပြီးပါသည်၊ အကျိုးကြီးလွန်း၍ ဉာဏ်ရှိသလို သုံး၍ ရပါသည်။

ဤစိန္တာမဏိ ရတနာအင်းမြတ် အစီအရင်တို့နှင့် ပတ်သက်၍ ကျွန်ုပ်ထိတွေ့ တွေ့ကြုံခဲ့ရသည့် သာဓကအချို့ကို ပြောပြလိုပါသည်။ အဖြစ်အပျက်တို့မှာ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်က ဖြစ်ပါသည်။ ထိုကာလက ကျွန်ုပ်နှင့် မကင်းရာမကင်းကြောင်းဖြစ်သော သူတစ်ယောက်သည် ငွေကြေးအခက်အခဲဖြစ်သဖြင့် အရေးတကြီး အကူအညီတောင်း၏။ ထိုအချိန်က ကျွန်ုပ်သည် အထက်ဖော်ပြပါ 'စိတ်အလိုဆန္ဒ ပြည့်ဝစေရာ စိန္တာမဏိအင်းရတနာ'ဆောင်ပါးကို ရေးပြီးသည့်မှာလည်း မကြာသေးသောကာလ ဖြစ်ပါသည်၊ သို့နှင့် ကျွန်ုပ်သည် သူ၏ အခက်အခဲအား ထိုစိန္တာမဏိ ရတနာအင်းတို့ဖြင့် ကူညီပေးရန် ဆုံးဖြတ်လိုက်ပါသည်၊ သို့အားလျော်စွာ စိန္တာမဏိရတနာအင်းမြတ်အစီအရင် (ရတနာသုံးပါးအတွက် အင်းကွက် ၃ ကွက်ကို ၃ ရက်အတွက် ၉ ကွက်) တို့ စီရင်ပေးလိုက်ပြီး ဖယောင်းတိုင်များ၌ပတ်ကာ ပေးလိုက်၏။ ထိုစိန္တာမဏိရတနာအင်းမြတ်ဖယောင်းတိုင် အစီအရင်တို့ကို ပူဇော်နေစဉ် ထိုစိန္တာမဏိမန္တန်ကိုလည်း တတ်အားသမျှ ရွတ်ပွားပူဇော်နေပါရန်လည်း မှာကြားလိုက်ပါသည်၊ ထိုစဉ်က ကျွန်ုပ် သူ့အား စိန္တာမဏိရတနာအင်းမြတ်တို့အား စီရင်ရာတွင် ဉာဏ်ကစား၍ အောက်ပါအတိုင်း စီရင်ပေးလိုက်ပါသည်။



အထက်တွင် တွေ့မြင်ရသည့်အတိုင်း ဗုဒ္ဓရတနံ စိန္တာမဏိအင်းတော်ကို စက္ကူဖြူတွင် စီရင်ပြီး အင်းကို တနင်္ဂနွေထောင့်မှ အစပြုကာ မိတ်ဆွေဖြစ်သူဖြစ်ချင်သည့်ဆန္ဒအတိုင်း 'ကားအလျှင်အမြန် ရောင်းထွက်စေသတည်း' ဟု လက်ယာရစ်ရေး၍ရံလိုက်၏။ ဓမ္မရတနံ၊ သံဃရတနံ စိန္တာမဏိအင်း အသီးသီးကိုလည်း ထိုနည်းတူစီရင်ပြီး ဖယောင်းတိုင် (၃) တိုင်၌ အသီးသီးပတ်ကာ ပရိတ်ချည်မျှင်ဖြင့် ပတ်ချည်လျက် ပေးလိုက်ခြင်း ဖြစ်၏။

သို့နှင့် ထိုနေ့ညက ကျွန်ုပ်ပေးလိုက်သော ထိုအင်းဖယောင်းတိုင် (၃) တိုင်ကို ထွန်းညှိပူဇော်ပြီး နောက်နေ့တွင် ကားစရောင်းရန် ကြိုးစားခဲ့ကြ၏။ သို့သော် ထိုနေ့က ကားရောင်းရန်ထွက်ပြီးနောက် ညခင်းပိုင်း ကျွန်ုပ်ထံသို့ သူတို့ လာရောက်ကြပြန်၏။ သူတို့မျက်နှာကား မကောင်း။ ကျွန်ုပ်ပြောသည့်အတိုင်း အင်းဖယောင်းတိုင် (၃) တိုင်အား ထွန်းညှိပူဇော်ပြီး စိန္တာမဏိမန္တန်ကိုလည်း ဖယောင်းတိုင်မီးများ ငြိမ်းသည်အထိ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း၊ အင်းစက္ကူဖြူများကိုလည်း ရေ၌ဖျော်လျက် ကားကို ပတ်ချာလည်အနှံ့ပက်ဖျန်းပေးခဲ့ပြီး 'ကားအလျှင်အမြန်ရောင်းထွက်စေသတည်း' ဟု ရွတ်ဆိုခဲ့ကြောင်း၊ ထို့နောက် ကားရောင်းရန်ထွက်သွားကြသောအခါ ကားဝယ်လိုသူများ၊ ပွဲစားများနှင့်တွေ့သော်လည်း သူတို့လိုချင်သည့်ဈေးထက် များစွာနိမ့်၍ပေးကြသဖြင့် အရောင်းအဝယ် အဆင်မပြေကြောင်း ညည်းညည်းညူညူ ပြောကြပါသည်။ ထိုအခါ ကျွန်ုပ်က (၃) ရက်တော့ ဆက်တိုက် လုပ်ဆောင်ပြီး ကြိုးစားကြည့်ကြရန် ပြန်ပြောလျက် စိတ်ပူရန်မလိုကြောင်း၊ အဆင်ပြေသွားမည်ဖြစ်ကြောင်း အားပေးပြောကြားလိုက်ပါသည်။ ထိုသို့သာ ပြန်ပြောလိုက်ရသော်လည်း ကျွန်ုပ်စိတ်ထဲ၌မူ ကိုယ်စီရင်ပေးလိုက်သည့်အတိုင်း ပွဲဦးထွက် မအောင်မြင်သဖြင့် မျက်နှာပူမိ၊ ရှက်မိသည်ကတော့ အမှန်ပါ။ သို့နှင့် ကျွန်ုပ်လည်း သူတို့ကားအရောင်းအဝယ်ကိစ္စ အဆင်ပြေ အောင်မြင်စေကြောင်း ဆုတောင်းပေးနေခဲ့မိပါသည်။ သူတို့မှာလည်း အရေးတကြီးငွေလို၍ အမြန်ရောင်းထွက်ချင်ကြသောကြောင့် ကျွန်ုပ်ကို အထင်ကြီးအားကိုးစွာ လာရောက် အကူအညီ တောင်းခံကြခြင်းဖြစ်ရာ မအောင်မြင်ခဲ့ပါက အလကားလုပ်ပေးရသည့်ကြားမှ မျက်နှာဘယ်နားသွားထားရမှန်းမသိအောင် အနေခက်ရပေတော့မည်။

နောက်တစ်နေ့ ညနေ၌ သူတို့အဖွဲ့ ကျွန်ုပ်ထံလာကြပြန်ပါပြီ။ ကျွန်ုပ်မှာ သူတို့လာနေသည်ကို အဝေးမှမြင်ကတည်းက မသိမသာလှမ်း၍အကဲခတ်နေရသည်မှာ အမော။ ကျွန်ုပ်အိမ်ရှေ့သို့ သူတို့ရောက်လာတော့မှ သူတို့၏မျက်နှာအမူအရာများကို အကဲခတ်ကြည့်ရှုလိုက်ရာ သူတို့မျက်နှာများ ပြုံးပြုံးရယ်ရယ်ဖြစ်လာကြသည်ကို မြင်လိုက်ရသောအခါကျမှ ကျွန်ုပ်ရင်ထဲ အနည်းငယ် ပေါ့သွားရပါသည်။

အချုပ်အားဖြင့် ထိုနေ့က မထင်မှတ်ဘဲ ကားလိုချင်သူတစ်ယောက်နှင့် တွေ့ရာ သူတို့လိုချင်သည့်ဈေးထက်ပင် အနည်းငယ်ပိုရခဲ့သည်ဟု သိလိုက်ရပါသည်။ ထို့နောက် ကျွန်ုပ်ထံမှ ပြန်ခါနီး သူတို့ဘာသာသူတို့ သုံးသပ်ပြောပြသွားပုံက ပထမရက်က အရောင်းအဝယ်မဖြစ်ခြင်းမှာ လိုချင်သည့်ဈေးကို မရနိုင်သေးသဖြင့် အင်းအစီအရင်က အရောင်းအဝယ်ဖြစ်အောင် မ,မစသေးဘဲ ဈေးပိုပေးမည့်သူနှင့် တွေ့စေပြီးမှ အရောင်းအဝယ်ဖြစ်ခဲ့သလားဟု သူတို့ ထင်မိပါကြောင်း၊ ဤစိန္တာမဏိအင်းရတနာတို့သည် အမှန်ပဲ လိုအင်ဆန္ဒပြည့်ဝစေနိုင်သည် ဆိုသည်မှာ ယုံမှားသံသယရှိစရာမလိုကြောင်း၊ ကျွန်ုပ်ကိုလည်း လွန်စွာကျေးဇူးတင်ပါကြောင်း စသဖြင့် ဝမ်းသာအားရပြောကြားခဲ့ကြပြီး အတန်တန်တားနေသည့်ကြားမှ ကျွန်ုပ်ကိုလည်း ဂါရဝပြု ကျေးဇူးတုံ့ပြန်သွားကြပါသေးသည်။

ဤအဖြစ်သည် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလပိုင်းလောက်တွင် ဖြစ်ပွားခဲ့သော လက်တွေ့သာဓကတစ်ခု ဖြစ်ပါသည်။ အခြားသာဓကဖြစ်ရပ်အချို့ ရှိသေးသော်လည်း ဆောင်းပါးရှည်အံ့သည်



www.burmeseclassic.com

www.burmeseclassic.com

စိုးသောကြောင့် ဤမျှသာ တင်ပြလိုပါသည်။ ဤမဂ္ဂဇင်းကြီး၏ စာဖတ်သူများလည်း ဖော်ပြခဲ့သော ဥပမာသာဓကကို အခြေပြု၍ မိမိအလိုဆန္ဒရှိသည့် အကြောင်းခြင်းရာတို့ကို စိန္တာမဏိရတနာအင်းမြတ် အစီအရင်တို့တွင် အထက်ဥပမာအတိုင်း ရုံ၍ရေးပြီး မီးထွန်း စီရင် ဆုတောင်းက အလိုဆန္ဒများ ပြည့်စေမည်မှာ အမှန်ပင်။ ဥပမာ အိမ်၊ ခြံ၊ မြေ အလျင်အမြန် အရောင်းထွက်စေသတည်း၊ လုပ်ငန်းအောင်မြင်စေသတည်း စသဖြင့် အင်းတွင်ရုံ၍ ရေးသားစီရင်ခြင်းမျိုး ဖြစ်ပါသည်။

ဤကား စိန္တာမဏိမန္တန် အမှတ် (၃) နှင့် ပတ်သက်၍ ဝိဇ္ဇာမယအင်းပညာဖြင့် စီရင်အသုံးပြုသည့် ရှေးဆရာမြတ်တို့၏ ဂန္ဓာရီဝိဇ္ဇာမယပညာရပ်တစ်ခုကို ကောက်နုတ် တင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

**ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန် အမှတ် (၆)**

ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန် အမှတ် (၆) အဖြစ် ဖော်ပြလိုသောမန္တန်တော်မှာ ငါးရာ့ငါးဆယ်ဝင် ဒုကနိပါတ်မှ 'သဗ္ဗဒါဌ' ဇာတကဝတ္ထုတော်လာ မြေအပြင်အလုံးကို အစိုးရစေနိုင်သည့် ပထမဝိဇယမန္တန်တော်အကြောင်း ဖြစ်ပါသည်။ ဤပထဝီဇယမန္တန်တော်မှာလည်း မန္တန်တော်၏ အမည်နာမကို ကြားဖူးကြ၊ ရင်းနှီးကြသူများသော်လည်း ဤပထဝီဇယမန္တန်တော်ကို ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး အလွတ် အာဂုံဆောင်ယူ သရဇ္ဈာယ်ရွတ်ပွားကြသူများကတော့ နည်းပါးသေးသည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အများစုအနေဖြင့် သမ္ဗုဒ္ဓေဂါထာ၊ သရဏဂုံသုံးပါးဂါထာ၊ ဂုဏ်တော်ကိုးပါး စသော ဂါထာများကို အလွတ်ရသည်ကများ၍ အာဂုံဆောင် ရွတ်ပွားကြလေ့ရှိသော်လည်း အထက်တွင်တင်ပြခဲ့သော စိန္တာမဏိမန္တန်အမှတ် (၂) နှင့် ဤပထဝီဇယမန္တန်တို့ကိုတော့ ကြားဖူးကြသည်သာရှိ၍ ထိုဂါထာမန္တန်တော်များကို သိသူ၊ မြင်ဖူးသူတို့ပင် အလွန်နည်းပါးသည်။ အမှန်စင်စစ် ဤပထဝီဇယမန္တန်တော်မှာ ဘုရားရှင်ထုတ်ဖော်ဟောကြားခဲ့သည့် ဂါထာမန္တန်တော်များတွင် ထင်ရှားလှသည့် မန္တန်တစ်ခု ဖြစ်ပါသည်။ ဤပထဝီဇယမန္တန်တော် ဖြစ်ပေါ်လာသော နောက်ကြောင်းရာဇဝင် နိပါတ်ဇာတကဝတ္ထုတော်ကို ပြန်ပြောင်းပြောရသည်ရှိသော် -

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံနေစဉ်တွင် မင်းအတိုင်ပင်ခံ ပညာရှိအလောင်းတော် ပုရောဟိတ်ကြီးသည် ပထဝီဇယမန္တန်တော်ကို တတ်မြောက်သူ ဖြစ်လေ၏။ တစ်နေ့သ၌ နံနက်ခင်းကာလတစ်ခုတွင် နန်းမြို့တော်အပြင် တောစပ်တစ်နေရာရှိ ကျောက်ဖျာထက်၌ထိုင်ကာ ပုရောဟိတ်ကြီးသည် ပထဝီဇယမန္တန်တော်ကို ကျနသေချာစွာ ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

ထိုစဉ်အခါ ကျောက်ဖျာအောက် မြေတွင်းထဲ၌အောင်းနေသော မြေခွေးတစ်ကောင်သည် ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏား၏ ပထဝီဇယမန္တန်ရွတ်ဖတ်သံကို ကြားလေသောခဏ၌ ရှေးဘဝကတည်းက ထိုပထဝီဇယမန္တန်ကို လေ့ကျက် ရရှိထားဖူးခဲ့သဖြင့် ထိုမြေခွေးသည် ပုရောဟိတ်ကြီး ပထဝီဇယမန္တန်ကို ရွတ်ပြီးသည်နှင့် မန္တန်တော်ကို အာဂုံဆောင် အလွတ်ရရှိသွားခဲ့၏။

ထိုအခါမှစ၍ မြေခွေးသည် မြေအပြင်၌ရှိသော ရန်မျိုးစုံကို အောင်နိုင်စေတတ်သည့် ပထဝီဇယမန္တန်ကို မန်းမှုတ်လေရာ မန္တန်၏ အာနုဘော်ကြောင့် တောအတွင်း၌ ရှိရှိသမျှသော ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျားသစ်၊ ကျား၊ ဝက်ဝံ၊ သမင်၊ ချေ၊ ဒရယ်၊ စိုင်၊ ဆတ်မှစ၍ သေးသော, ကြီးသော အခြေနှစ်ချောင်း၊ အခြေလေးချောင်း သတ္တဝါအပေါင်းတို့သည် မြေခွေးထံ ခံ့ညားဝန်းရံ ခစားလာကြလေ၏။ ထိုအခါ မြေခွေးသည် သူနှစ်သက်သော မြေခွေးမတစ်ကောင်ကို မိဖုရားအဖြစ် တင်မြှောက်လျက် သဗ္ဗဒါဌဟူသော ဘွဲ့အမည်ကိုခံယူကာ တောသုံးထောင်တို့၏ အရှင်ဘုရင်အဖြစ် စိုးစံလေတော့သည်။

ဤသို့ဖြင့် ကြီးမားသောတိရစ္ဆာန်ထုကြီးဖြင့် နောက်လိုက်အင်အားတောင့်တင်းလာသောအခါ သဗ္ဗဒါဌမြေခွေးမင်းသည် သွေးနားထင်ရောက် စိတ်ကြီးဝင် မာန်တက်လျက် တိရစ္ဆာန်များကိုသာမက လူတို့ကိုပါ အုပ်ချုပ်မင်းလုပ်ရန် ကြံစည်လေသည်။ သို့နှင့် တစ်နေ့သ၌ ဗာရာဏသီမြို့အနီးသို့ ချဉ်းကပ်လာကာ -

"မင်းအဖြစ်ကို ပေးမည်လော၊ သို့တည်းမဟုတ် စစ်ပြိုင်စစ်ခင်းခြင်းပြုမည်လော"

ဟု ဗာရာဏသီမင်းထံ ရာဇသံပါးလိုက်ရာ ပုရောဟိတ်အမတ်ကြီးသည် ပစ္စင်ပေါ်သို့တက်၍ မြေခွေးအား-

"အချင်း သဗ္ဗဒါဌ၊ သင်သည် ကျွန်ုပ်တို့၏ ဗာရာဏသီပြည်ကို မည်ကဲ့သို့ သိမ်းပိုက်မည်နည်း"

ဟု မေးလိုက်သည်။

ထိုအခါ မြေခွေးက ခြင်္သေ့အပေါင်းတို့၏ ဟိန်းဟောက်သံတို့ဖြင့် သိမ်းပိုက်မည်ဖြစ်ကြောင်းပြန်ပြောသည်နှင့် ပုရောဟိတ်ကြီးသည် ပြည်သူအားလုံးတို့အား မိမိတို့၏ နားပေါက်များကို ပဲကြီး၊ မုန့်ညက်တို့ဖြင့် လုံခြုံစွာပိတ်ထားကြရန် အမိန့်ထုတ်ပြန်လိုက်သည်။ ပြည်သူအပေါင်းတို့သည် ပုရောဟိတ်ကြီး ညွှန်ကြားချက်အတိုင်း မိမိတို့၏ နားပေါက်များကိုသာမက အိမ်မွေးတိရစ္ဆာန်တို့၏ နားပေါက်များကိုပါ ပိတ်ထားလိုက်ကြလေသည်။

အားလုံး အဆင်သင့်ဖြစ်ပြီးသောအခါ ပုရောဟိတ်အမတ်ကြီးသည် ဒုတိယအကြိမ် ပစ္စင်ပေါ်သို့ ပြန်တက်ကာ-

"အသင် သဗ္ဗဒါဌ၊ သင်သည် တိရစ္ဆာန်မျှသာဖြစ်ပြီး တိရစ္ဆာန်တို့တွင်လည်း အမျိုးယုတ်သူဖြစ်ပေတယ်။ သင်ကဲ့သို့ အမျိုးယုတ်နိမ့်သူ၏ အမိန့်ကို အမျိုးမြတ်သော ကေသရာဇာခြင်္သေ့မင်းတို့က နာခံမည်မဟုတ်ချေတကား"

ဟု လှမ်းပြောလိုက်လေသည်။

ထိုအခါ မြေခွေးမင်းလည်း မခံချင်စိတ်များဖြစ်က -

"အသင်ပုရောဟိတ်၊ အခြားခြင်္သေ့များကို အသာထား၍ ယခု ငါစီးနေသည့် ခြင်္သေ့ကိုပင် ချက်ချင်းဟောက်စေအံ့"

ဟု ဆိုလျက် သူတက်စီးနေသည့် ဆင်နှစ်ကောင်' အောက်ခံထားလျက်ရှိနေသော ခြင်္သေ့ကို ခြေဖြင့်ကုတ်၍ အချက်ပေးလိုက်ရာ ခြင်္သေ့လည်း ခေါင်းကိုမော့၍ သုံးကြိမ်ဆက်တိုက် ဟောက်လိုက်လေသည်။ ထိုအခါ အောက်ခံဆင်နှစ်ကောင်သည် လန့်၍ထွက်ပြေးသဖြင့် မြေခွေးလည်း ဆင်၏ခြေထောက်နားသို့ ပြုတ်ကျကာ ဆင်များ တက်နင်းမိ၍ ထိုနေရာ၌ပင် မချိမဆံ့ ပွဲချင်းပြီး သေဆုံးလေတော့သည်။

ဤကား ပထဝီဇယမန္တန်တော်၏ နောက်ခံဇာတ်လမ်း၊ နောက်ကြောင်းရာဇဝင်ဖြစ်သော ငါးရာ့ငါးဆယ်နိပါတ်တော်လာ သဗ္ဗဒါဌကထာဝတ္ထုတော် ဖြစ်ပါသည်။ ဤဇာတ်တော်အရ ပထဝီ



www.burmeseclassic.com

www.burmeseclassic.com

ယမန္တန်၏ အာနုဘော်သည် လူသား မျိုးစင်စစ် မဆိုထားနှင့်၊ အပိတ်တိရစ္ဆာန် ဖြစ်သော မြေခွေးကဲ့သို့ ယုတ်နိမ့်သော တိရစ္ဆာန်တစ်ကောင်က ရွတ်ဖတ်သည် ကိုပင် ကြီးမားသော ဘုန်းတန်ခိုးတေ ဇော အာဏာကြီးမားလျက် မြေအပြင်ရှိ တိရစ္ဆာန်အပေါင်းတို့ကို မင်းမူအုပ်ချုပ် နိုင်းလုပ်နိုင်ခဲ့ပြီး လူသားတို့ကိုပင် အံ့တု ယှဉ်ပြိုင်သည်အထိဖြစ်ခဲ့ကြောင်း တွေ့ ရပေသည်။ ကျွန်ုပ်တို့ ယခု မျက်မှောက် ခေတ် လူသားတို့အဖို့ သာမန်အားဖြင့် မြင်နိုင်ပဲ ဆိုကောင်းဆိုကြမည် ဖြစ် သော်လည်း ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အဖို့ မှုသားစကား လုံးဝ မပြောကြား။ ကောင်းသောစကား၊ မှန်သောစကား၊ သစ္စာလေးပါးတရားတို့ကို ဟောကြား တော်မူသော သဗ္ဗညုတရွှေဉာဏ်တော် ရှင် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ဟောကြား တော်မူခဲ့သောဇာတ်တော် ဖြစ်သဖြင့် အကြွင်းမဲ့ ယုံမှားသံသယဖြစ်ဖွယ် မရှိ ပါချေ။ ထို့ကြောင့်လည်း ထိုမျှတန်ခိုး တေဇော် အာနုဘော် ကြီးမားလျက် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ပေး စွမ်းနိုင်သည့် ပထဝီဇယမန္တန်တော်ကို လူတိုင်း သိလိုတတ်လို ဆောင်ယူလိုကြ သည်သာ ဖြစ်ပေသည်။

သို့သော် ဗုဒ္ဓဘုရားရှင်သည် မူရင်း ပထဝီဇယမန္တန်တော်ကိုကား အသေး စိတ် မိန့်မြွက်ထုတ်ဖော်ဟောကြားခဲ့ခြင်း အား မရှိပါချေ။ သို့ဖြစ်၍လည်း ယခု မျက်မှောက်ခေတ်၌ အထက်ပါ သဗ္ဗဒါဌ ဇာတ်တော်လာ ပထဝီဇယမန္တန်အစစ်ဟု အာမခံ ထုတ်ဖော်ထားသော မန္တန်ကို တွေ့ရှိရသော်လည်း ရှေးရှေးပညာရှိ ဆရာတော်၊ သမားတော်များ၊ ဂမ္ဘီရ ဝိဇ္ဇာမယ မဟိဒ္ဓိသိဒ္ဓိရှင်ကြီးများ ပထဝီ ဇယမန္တန်တော်အဖြစ် လက်ခံ ယုံကြည် ဆောင်ယူ ရွတ်ပွားနေသော မန္တန်ကား ရှိပါသည်။ ထိုသို့အများယုံကြည်လက်ခံ ဆောင်ယူပွားများနေကြသော ပထဝီဇယ မန္တန်တော်ကြီးမှာ အောက်ပါအတိုင်းဖြစ် ပါသည်။

**ပထဝီဇယမန္တန်တော်**

၁။ ဩြောင်း ပထဝီဇယံသဗ္ဗံ၊ အနေက အံ့န္တရာယိကံ၊ ဇယံ ပစ္စေကဗုဒ္ဓါစ၊ ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟာရော ဟရိ ဒေဝါ၊ ဇယံမြပုဗ္ဗာ စတရဋ္ဌော၊ ဇယံနာဂေါစ ဝိရုဠှော၊ ဝိရူပက္ခောစ စန္ဒိမာ။

၃။ ဝိက္ကန္တော ဝေနတေယျောစ၊ ကုဝေ ရော ဝရုဏောပီစ၊ အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလ ကော။

၄။ အဋ္ဌရသ မဟာဒေဝါ၊ သုခိတာစ ပသိဒ္ဓိယော၊ အသီတိ မဟာသာဝ ကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျော မမ္ဗောစ သံယောစ၊ ဒသပလောစ ဇေယျကော။ ဧတေ န သစ္စဝဠေနေ၊ ဇေယျာသုခီ ဘဝန္တု မေ။

၆။ နရာ ဒေဝါစ ဗြဟ္မဏော၊ ယက္ခာ နာဂါစ ဂရုဠာ။ တေပိဒိသွာ ပိယာ မယံ၊ ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ အရဟာ အဂ္ဂ သာဝကာ။ သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါသုတီတလာ။ သဗ္ဗေဘယာ ဝိနဿန္တု၊ သဗ္ဗေနဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊ ဗဟူ အနန္တ ပါဏိနော၊ အနန္တစက္ကဝါဠေစ၊ ဗဟူ အနန္တပါဏိနော။

၁၀။ ဣမေ သတ္တာ အဝေရာစ၊ အညမ ည် ပိယာဟောတန္တု၊ ဣမေသတ္တာ အဝေရာစ၊ အညမည် သုခါဟော တန္တု။

၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။ ဣမေ သဗ္ဗေ ယထာသတ္တာ၊ ဒုက္ခာမုစ္စန္တု တတ္တ ကာ။

၁၂။ ဒသကောဋိ ဒတဇာ စ၊ ထလဇာ နဝကောဋိယော၊ သံသေဒဇာ ပပါတိကာ၊ ဒီယာယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော။ သမန္တာစက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။

၁၄။ အဗျာပဇ္ဈာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ၊ သဗ္ဗေသတ္တာ အဝေရာစ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

**ပထဝီဇယမန္တန်တော်အနက်**

၁။ **အနေကအန္တရာယိကံ-** တစ်ပါး မက များလှသွယ်သွယ် အန္တရာယ်ကိုပြု တတ်သော၊ **ပထဝီဇယံ-** ကြွင်းမဲ့ဉဿုံ အလုံးစုံသောမြေအပြင်၌ အောင်မြင် ဖွယ်ဟူသမျှ တစ်စမကြွင်းရန်ခပင်းကို၊ **ဩြောင်း(ညီ)-**ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက် ထင်ထင် အောင်မြင်ပါစေသတည်း။ **ပစ္စေကဗုဒ္ဓါစ -** ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သည်လည်း၊ **မေ-** အကျွန်ုပ်အား **ဇယံ-** အောင်ဆုကို၊ **ဒဒန္တု-** ပေးတော်မူပါစေ ကုန်သတည်း။ **မဟေသယောစ-** မြတ် သော သီလက္ခန္ဓ စသည့်ကျေးဇူးဂုဏ် အထူးကို ရှာမှီးတော်မူကုန်ပြီးသော ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိကဘုရား သခင်, အရှင်အဂ္ဂသာဝက, မဟာသာဝ က, ပကတိသာဝက ရဟန္တာမြတ်တို့ သည်လည်း၊ **ပရိ-** ထက်ဝန်းကျင်အကြွင်း မရှိသောအားဖြင့်၊ **မေ-** အကျွန်ုပ်အား၊ **ဇယံ-** အောင်ဆုကို၊ **ဒဒန္တု-** ပေးတော်မူ ကြပါစေကုန်သတည်း။

၂။ **ဟာရော-** မာရ်နတ်သည် လည်း ကောင်း၊ **ဟရိဒေဝေါ -** ဟရိဒေဝေါနတ် သည် လည်းကောင်း၊ **မေ-** အကျွန်ုပ် အား၊ **ဇယံ-** အောင်ဆုကို၊ **ဒဒန္တု-** ပေးကြ ပါစေ ကုန်သတည်း။ **ဗြဟ္မာ -** ဗြဟ္မာ သည် လည်းကောင်း၊ **ဓတရဋ္ဌော-** ဓတ ရဋ္ဌနတ်မင်းသည် လည်းကောင်း၊ **မေ-** အကျွန်ုပ်အား၊ **ဇယံ -** အောင်ဆုကို၊ **ဒဒန္တု -** ပေးကြပါစေကုန်သတည်း။ **နာ ဂေါစ -** မဟာနာဂနတ်မင်းသည် လည်း ကောင်း၊ **ဝိရုဠှော -** ဝိရုဠှကနတ်မင်း သည် လည်းကောင်း၊ **ဝိရူပက္ခောစ-** ဝိရူ ပက္ခနတ်မင်းသည် လည်းကောင်း၊ **စန္ဒိ မာဓိ-** လနတ်သားသည် လည်းကောင်း။

၃။ **ဝေနတေယျောစ -** ဝိနဘာနတ် သမီး၏ သားတော်ဖြစ်သော နတ်မင်း သည် လည်းကောင်း၊ **ကုဝေရောစ -** ကုဝေရနတ်မင်းသည် လည်းကောင်း၊ **ဝရုဏောပီစ-** ဝရုဏနတ်မင်းသည်လည်း ကောင်း၊ **အဂ္ဂိဝ-** မီးနတ်သားသည်လည်း ကောင်း၊ **ဝါရုဏော -** လေနတ်သား သည်လည်းကောင်း၊ **ပဇ္ဇုန္နော-** မိုးနတ် သားသည်လည်းကောင်း၊ **ကုမာရောစ-** ကုမာရနတ်သားသည် လည်းကောင်း၊ **စတုလောကပါလောစ -** စတုလောကပါ လနတ်သားလေးပါးသည်လည်းကောင်း၊ **မေ-** အကျွန်ုပ်အား၊ **ဇယံ-** အောင်ဆုကို၊ **ဒဒန္တု-** ပေးကြပါစေကုန်သတည်း။

၄။ **သုခိတာ -** ချမ်းသာအောင် ဆောင်နိုင်ကုန်သော၊ **အဋ္ဌာရသမဟာ ဒေဝါ -** တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည် လည်းကောင်း၊ **ပသိဒ္ဓိယော-** အထူးထူးအပြားပြားစီးပွား ချမ်းသာကို ပြီးစေတတ်သော၊ **အသီတိ မဟာသာဝကာစ-** ရှစ်ကျိပ်သော မဟာ သာဝက ရဟန္တာအရှင်မြတ်တို့သည် လည်းကောင်း၊ **မေ-** အကျွန်ုပ်အား၊ **သဗ္ဗ ဇယံ-** အောင်ဆု ဟူသမျှကို၊ **ဒဒန္တု- ပေး** တော်မူကြပါစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

၅။ **ဓမ္မောစ**- ဆယ်ပါးသောတရားတော်သည် လည်းကောင်း၊ **သံဃောစ**- သမုဒ်ရှိ ပရမတ် နှစ်ရပ်သောသံဃာသည် လည်းကောင်း၊ **ဝေဿယျာ** - ရန်သူဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ **ဒသဗလောစ** - ကာယဉာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားသခင်သည်လည်း၊ **ဝေဿကော**- ရန်မျိုးဥဿုံ အလုံးစုံကို ချုတ်ကုန်မကြွင်း ခုတ်စဉ်းဖျက်ခြေ အထူးအောင်မြင်ကုန်သည်လည်းကောင်း၊ **မေ**- အကျွန်ုပ်အား၊ **ဘဝန္တု**- ဖြစ်ကြပါစေကုန်သတည်း။

၆။ **နရာစ** - လူတို့သည် လည်းကောင်း၊ **ဒေဝါစ** - နတ်တို့သည် လည်းကောင်း၊ **ဗြဟ္မာနောစ** - ဗြဟ္မာတို့သည် လည်းကောင်း၊ **ယက္ခာစ**- ဘီလူးတို့သည် လည်းကောင်း၊ **နာဂါစ**- နဂါးတို့သည် လည်းကောင်း၊ **ဂရုဠာစ**- ဂဠုန်တို့သည် လည်းကောင်း၊ **တေပိ**- ထိုလူ၊ နတ်၊ ဗြဟ္မာ၊ ဘီလူး၊ ဂဠုန်၊ နဂါးတို့သည် လည်း၊ **ဒိသွာ**- မြင်သည်ရှိသော်၊ **မမံ**- အကျွန်ုပ်အား၊ **ပိယာ**- ချစ်ခင်မြတ်နိုးကြကုန်သည်၊ **ဟောန္တု**- ဖြစ်ပါစေကုန်သတည်း၊ **ပုတ္တံ**- မိမိတို့၏သားကို၊ **သိနေဟာဂ္ဂဝ**- ချစ်ခင်ကြကုန်သကဲ့သို့၊ **မမ**- အကျွန်ုပ်အား၊ **ပိယာ** - မြတ်နိုးချစ်ခင်ကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း။

၇။ **ဗုဒ္ဓါစ**- မြတ်စွာဘုရားတို့သည် လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါစ** - ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ **အရဟာ**- ရဟန္တာတို့သည် လည်းကောင်း၊ **အဂ္ဂသာဝကာစ** - အဂ္ဂသာဝကတို့သည်လည်းကောင်း၊ **သဗ္ဗေ** - အလုံးစုံကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကတို့သည်၊ **မေ**- အကျွန်ုပ်အား၊ **မေတ္တံ**- ချစ်ခြင်းမေတ္တာကို၊ **ကရောန္တု**- ပြုတော်မူပါစေကုန်သတည်း။ **သဗ္ဗေ**- အလုံးစုံကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အဂ္ဂသာဝကတို့သည်၊ **မေ**- အကျွန်ုပ်၏၊ **မတ္ထကေ**- ဦးခေါင်းထက်၌၊ **တိဋ္ဌန္တု**- ရပ်တည်တော်မူကြပါစေကုန်သတည်း။

၈။ **တေသံ** - ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အဂ္ဂသာဝကတို့၏၊ **မေတ္တာနုဘာဝေန**- မေတ္တာ၏အာနုဘော်တော်ကြောင့်၊ **သဗ္ဗေ**- အလုံးစုံကုန်သော၊ **ရောဂါ**- ကိုးဆယ့်ခြောက်ဖြာအနာရောဂါတို့သည်၊ **သုသီတလာ**- အလွန်ငြိမ်းအေးကြကုန်သည်၊ **ဟောန္တု** - ဖြစ်ပါစေကုန်သတည်း၊ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ဘယာ** - ကြောက်မက်ဖွယ်ဘေးတို့သည်၊ **ဝိနဿန္တု**- ပျောက်ကွယ်ကြကုန်စေကုန်သတည်း၊ **သဗ္ဗေ** - အလုံးစုံကုန်သော၊ **ဥပဒ္ဒဝါ**- ကပ်၍နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်၊ **နဿန္တု**- ပျက်စီးကြပါစေကုန်သတည်း။

၉။ **ဣမသ္မိံစက္ကဝါဠေသု**- ဤစကြဝဠာ၌၊ **ဗဟူ**- များစွာကုန်သော၊ **အနန္တပါဏိနောစ**- အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **အနန္တစက္ကဝါဠေသု**- အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတိုက်အပေါင်းရှိ **ဗဟူ**- များစွာကုန်သော၊ **အနန္တပါဏိနောစ**- အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။

၁၀။ **ဣမေသတ္တာ**- ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **အညမညံ**- အချင်းချင်း၊ **အဝေရာ**- ရန်မရှိကြကုန်သည်ဖြစ်၍၊ **ပိယာစ**- မြတ်နိုးချစ်ခင်ကြကုန်သည်လည်း၊ **ဟောန္တု**- ဖြစ်ကြပါစေကုန်သတည်း၊ **ဣမေသတ္တာ**- ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **အညမညံ**- အချင်းချင်း၊ **အဝေရာ**- ရန်မရှိကြကုန်သည်ဖြစ်၍၊ **သုခိတာ**- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်၊ **ဟောန္တု**- ဖြစ်ကြပါစေကုန်သတည်း။

၁၁။ **နေရယိကာစ**- ငရဲသားတို့သည် လည်းကောင်း၊ **တိရစ္ဆာနာစ**- တိရစ္ဆာန်တို့သည် လည်းကောင်း၊ **ပေတာစ**- ပြိတ္တာတို့သည် လည်းကောင်း၊ **အသုရကာစ**- အသူရကာယ်တို့သည်၊ **ယမာစ**- ငရဲသနင်း ယမမင်းတို့သည် လည်းကောင်း၊ **ယေထာ**- အကြင်သို့သော အခြင်းအရာအားဖြင့်၊ **ဇာတာ**- ဖြစ်ကုန်သော၊ **သဗ္ဗေ**- အလုံးစုံကုန်သော၊ -**ဣမေသတ္တာ**- ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်၊ **သန္တိ**- ရှိကြကုန်၏၊ **တတ္တကာ** - ထိုမျှလောက်သော သတ္တဝါအပေါင်းတို့သည်၊ **ဒုက္ခာ**- ဆင်းရဲအပေါင်းတို့မှ၊ **မုစ္စန္တု** - ကင်းလွတ်ကြပါစေကုန်သတည်း။

၁၂။ **ဒသကောဋိဇာတာစ** - ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **ထလဇာနဝကောဋိယောစ**- ကုန်းနေကိုးကုဋေသော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **သံသေဒဇာ ပါဏိကာစ**- အညီ၌ဖြစ်သောသတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ **တေ** - ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါ
အပေါင်းတို့သည်၊ **ဒီဃာယုကာ**- အသက်
ရှည်ကြကုန်သည်၊ **ဘဝန္တု**- ဖြစ်ပါစေကုန်
သတည်း။

၁၃။ **သမန္တာ**- ထက်ဝန်းကျင်အ
ရပ်မှ၊ **စက္ကဝါဠေသု**- အဆုံးအပိုင်းအခြား
မရှိကုန်သော စကြဝဠာတိုက်အပေါင်း
တို့၌၊ **ဥဒ္ဓံ**- အထက်၌၊ **ယာဝဘဝဂ္ဂါစ**- နေ
ဝသညာ နာသညာ ယတနဘဝဂ်ဘုံတိုင်
အောင် လည်းကောင်း၊ **ယေသတ္တာ**-
အကြင်သတ္တဝါအပေါင်းတို့သည်၊ **ပထ**
**ဝီစရာ**- မြေ၊ ရေ နှစ်ပြင် ထက်ကောင်း
ကင်၌ ကျင်လည် လှည့်သွား ကျက်စား
ကြကုန်၏။

၁၄။ **သဗ္ဗေ**- အလုံးစုံကုန်သော
**တေသတ္တာ**- ထိုသတ္တဝါအပေါင်းတို့သည်၊
**သဗ္ဗေဟိ**- အလုံးစုံကုန်သော၊ **ဉာတိ**-
အဆွေအမျိုးတို့နှင့်၊ **သဟ** - တကွ
**အဗျာပဇ္ဇာ**- စိုးရိမ်ကြောင့်ကြမရှိကြကုန်
သည် လည်းကောင်း၊ **အဝေရာစ**- အ
တွင်းရန် မရှိကြကုန်သည် လည်းကောင်း၊
**ဟောန္တု**- ဖြစ်ပါစေကုန်သတည်း။

ပထဝီဇယ ဟူသည် မြေအပြင်
၌ အောင်မြင်မှုပင်။ အောင်မြင်ခြင်း
သည် ရန်အပေါင်း၊ ဘေးရန်အန္တရာယ်
အပေါင်းတို့ကို အောင်မြင်ခြင်း၊ ရာထူး
ဂုဏ်သိန်စည်းစိမ်ချမ်းသာတို့ကို အောင်
မြင်ခြင်း ဟူ၍ အကြမ်းအားဖြင့် နှစ်မျိုး
ရှိကြရာ ဤပထဝီဇယသည် မြေအပြင်
၌ ထိုအောင်မြင်ခြင်းနှစ်မျိုးလုံးကို ဆော
စွမ်းနိုင်သော အောင်ဂါထာ၊ အောင်
မန္တန်တော်ကြီး ဖြစ်ပေသည်။ နောင်
ကြောင်းရာဇဝင် အစဉ်အလာကော
ခြင်းနှင့် ဆင်းသက်ပေါ်ပေါက်လာသော
မန္တန်တော်ကြီး ဖြစ်သည်။ ဤမန္တန်သ
အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း သ
ဒါဌ္ဌဇာတ်တော်၌ ဘုရားရှင် ဖော်ထု
ဟောကြားတော်မူခဲ့သောမန္တန်မျိုး ဖြ
သည်။ သို့သော် ယခု ကျွန်ုပ်တို့ ဖတ်
လေ့လာခွင့်ရနေသော အထက်ပါမ
တော်သည် ထိုသဗ္ဗဒါဌ္ဌ ဇာတကပ
တော်တွင် ပါသည့်အတိုင်း အလော
တော် ပုရောဟိတ်ပညာရှိကြီး ရွတ်
ပူဇော်သော မူရင်းပထဝီဇယမန္တန် ဟု
မဟုတ်ကား မသေချာပါ။ သို့သော်
ရိဝိဇ္ဇာမယ ရှေးပညာရှင် ကထိအ
အများစုတို့ကမူ ယခု ပထဝီဇယ
သည် မူရင်းပထဝီဇယမန္တန်အစစ်
ယုံကြည်ယူဆ လက်ခံကြလေ
ထိုသို့ ယုံကြည်ကြသည့် အလျော်



www.burmeseclassic.com

ဝီဇယမန္တန်ကို အသုံးချလျက် ထွက်
မ်းသို့ပေါက်သည်အထိ ကြံဆ
လုပ်ဆောင်ခဲ့သည့် ဂန္ဓာရီဝိဇ္ဇာမယ
ရှင်များ ရှိခဲ့ကြပေသည်။

**ဝီဇယမန္တန်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ**

အထက်တွင် ဖော်ထုတ် တင်ပြ သော ပထဝီဇယမန္တန်ဟု အများ ခံ ယုံကြည်ရသော မန္တန်တော်ကို စိတ်ဖြာ လေ့လာကြည့်လိုက်သော အောက်ပါအတိုင်း တွေ့ရပါသည်။

၁။ ပထဝီဇယမန္တန်တော်တွင် မန္တန်အပိုဒ်(၁၄)ပိုဒ် ရှိသည့်အနက် မန္တန်၏ အပိုဒ်(၁)တွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့အား ရှိခိုးလျက် မြေအပြင်၌ အောင်မြင်ဖွယ် ဟူသမျှ တစ်စမကျန် အောင်မြင်ရပါစေကြောင်းအောင် ဆုတောင်း၍ အောင်ဆုယူထားသည်ကို တွေ့ရသည်။

၂။ မန္တန်အပိုဒ် (၂) မှ အပိုဒ် (၅)အထိတွင် သိကြား၊, ဗြဟ္မာ, စတုလောကပါလနတ်များ, နဂါးများထံ၌ လည်းကောင်း၊ ဘုရား, တရား, သံဃာ, အသီတိမဟာသာဝကကြီးများထံမှလည်းကောင်း အောင်ဆုတောင်းထားသည်ကို တွေ့ရသည်။

၃။ တစ်ဖန် မန္တန်၏ အပိုဒ် (၆) မှ အပိုဒ်(၈)အထိတွင် ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကတို့ထံမှ လည်းကောင်း၊ လူ, နတ်, ဗြဟ္မာ, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဘီလူး စသည်တို့ထံမှ လည်းကောင်း မေတ္တာကို ခံယူထားကြောင်း တွေ့ရသည်။

၄။ မန္တန်တော်၏ အပိုဒ် (၉) မှ (၁၄) အထိ ဂါထာပုဒ်များကား ဤစကြဝဠာမှစ၍ အနန္တစကြဝဠာအတွင်း အပိုင်းအခြားမရှိ များပြားစုံလင်လှပါသော အထက်ဘဝဂ်၊ အောက်အဝီစိတိုင် ဗြဟ္မာ့ဘုံမှ ငရဲဘုံထိ ရှိရှိသမျှ သတ္တဝါအနန္တအပေါင်းတို့အား မေတ္တာပို့ထားကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်လေရာ ဤပထဝီဇယမန္တန်တော်ကြီးအား အနှစ်ချုပ်လိုက်သော် ဆုတောင်းဆုယူထားသည်ထက် မေတ္တာခံယူ၊ မေတ္တာပို့သည် (ဝါ) မေတ္တာဘာဝနာပွားများခြင်းကို အဓိက အလေးထားသည်ကို တွေ့ရပါသည်။ ဤမန္တန်တော်၏ ထိုအပိုဒ် (၉) မှ (၁၄) အထိ ဂါထာပုဒ်များဖြင့် မေတ္တာဘာဝနာပွားများခြင်း ပြုရာတွင်လည်း သတ္တဝါအလုံးစုံတို့အား ခြုံငုံမိရုံမျှမက အလွန် အသေးစိတ်ပြီး စနစ်ကျစွာ မေတ္တာပို့ထားကြောင်း တွေ့ရပြန်ပါသည်။ ဤစာရေးသူပင်လျှင် နေ့စဉ် မေတ္တာပို့ရာ၌ ဤပထဝီဇယမန္တန်တော်၏ အပိုဒ် (၉) မှ (၁၄) အထိအတိုင်း မေတ္တာဘာဝနာပွားလေ့ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤပထဝီဇယမန္တန်တော်ကြီးသည် အနှစ်ချုပ် အခြေခံအားဖြင့် မေတ္တာတရားကို အရင်းခံထား၍ မေတ္တာကို အကြောင်းပြုပြီး ပေါင်းစုစီရင်ထားသော မန္တန်တော်ကြီး ဖြစ်သည်နှင့်အညီ ဤပထဝီဇယမန္တန်တော်ကို အရင်းခံထား၍ သိဒ္ဓိဆယ်ပါးပြီးမြောက် ထွက်ရပ်လမ်းထိပေါက်အောင် ကြံစည်အားထုတ်ကြသော ထွက်ရပ်ဂိုဏ်းတစ်ခုရှိခဲ့ပြီး ထိုဂိုဏ်းကို ရှေးက မေတ္တာဂိုဏ်းဟု လည်းကောင်း၊ မန္တန်ဝိဇ္ဇာဂိုဏ်းဟု လည်းကောင်း ခေါ်ခဲ့ကြပါသည်။ (ယခုထိ ထိုဂိုဏ်းတော်ကြီး ရှိ၊ မရှိကိုမူ ကောင်းစွာ မသိပါ။)

ထိုပထဝီဇယမန္တန်ကို-

၁။ ဂါထာပိုဒ် (၁၄) အင်းအဖြစ် စီရင်လျက် သောက်ခြင်း၊

၂။ မိမိမွေးနေ့မှစ၍ သီလဆောက်တည်ကာ ရတနာသုံးပါးကို အမြဲနှလုံးသွင်းလျက် ပထဝီဇယမန္တန်ဖြင့် မိမိစားသောက်သမျှ သက်သတ်လွတ်အစာအာဟာရ, ရေတို့ကို မန်းမှုတ်လျက် (၄၅) ရက်တိုင်တိုင် စားခြင်း -

စသည်တို့ကိုပြုလုပ်လျက် ဂိုဏ်းပညာစဉ်တက်ကြပါသည်။ ထိုဂိုဏ်းတက်စဉ်များ ကျင့်ကြံအားထုတ်နေစဉ် မိန်းမအဖျက် အထူးဝင်တတ်သည်ဟု ဆိုပါသည်။ ပညာတက်စဉ် အင်းစီရင်ခြင်း၊ မန္တန်ဟိန်းရွတ်ခြင်းများ ပြုလုပ်နေစဉ်တွင် မိန်းမများမလာစေရ၊ မိန်းမအသံကြားလျှင်ပင် လှည့်မကြည့်ရဟု ဆိုပါသည်။

အထက်ပါအတိုင်း မန္တန် (၁၄)ပုဒ်ကို စီရင်၍ (၁၄) အင်းသောက်ပြီးသောအခါသော် လည်းကောင်း၊ အစာအာဟာရ, ရေတို့ကို မန္တန်ဖြင့် (၄၅) ရက်ရွတ်ဟိန်းလျက် စားသောက်ကျင့်ကြံပြီးသော်အခါ၌ လည်းကောင်း၊ မန္တန်မှော်အောင်သဖြင့် ပယောဂအမျိုးမျိုးတို့ကို နိုင်ခြင်း၊ ကုသနိုင်ခြင်း၊ နတ်အပေါင်းတို့ ချစ်ခင်စောင့်ရှောက်ခြင်း၊ နတ်များကို ခေါ်နိုင်, စေနိုင်, ဝင်စေ, ထွက်စေနိုင်ခြင်း စသည်တို့အပြင် အကျင့်စရဏအား၊ သီလ, သမာဓိအားနှင့် ပါရမီကံအလျောက် သိဒ္ဓိအမျိုးမျိုး ပြီးမြောက်စေနိုင်သည်ဟု ဆိုပါသည်။ အခြေအနေပေးသူများ လက်တွေ့ ကျင့်ကြံအားထုတ်သင့်ကြပါသည်။မေတ္တာကိုအခြေခံ၍ ကြံစည်စီရင် ကျင့်ကြံအားထုတ်ရသော၊ အပြစ်ကင်းသော ဝိဇ္ဇာမယသိဒ္ဓိမဟိဒ္ဓိကျင့်စဉ်တစ်မျိုးဖြစ်သဖြင့် အကျိုးမယုတ်နိုင်။ သိဒ္ဓိအမျိုးမျိုးပေါက်ရောက်ရရှိနိုင်လိမ့်မည်ဟု ကျွန်ုပ်ကိုယ်တိုင်လည်း ယုံကြည်ပါသည်။

ထို့အပြင် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်နယ်တွင် ဤပထဝီဇယမန္တန်နှင့် ဆင်တူသော သဘောရှိသည့် မန္တန်တစ်ပုဒ်ကိုလည်း လေ့လာ တွေ့ရှိခဲ့ပါသည်။ ထိုမန္တန်မှာ အောက်ပါအတိုင်းဖြစ်ပြီး ပထဝီဇယမန္တန် အမှတ် (၂) ဟု ယူဆလိုကလည်း ယူဆပါလေ။ ထိုမန္တန်ကို ဟံသာဝတီခေတ်တွင် ဝိဇ္ဇာမယပညာရပ်တို့၌ နှံ့စပ်တတ်သိသူဟု ထင်ရှားခဲ့သော ဓမ္မစေတီမင်းကြီး အမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည်ဟု ဆိုပါသည်။

မန္တန်မှာ-

*'ဩြောင်း ဇေယျ ပထဝီသေဋ္ဌံ၊*
*ဇေယျသဗ္ဗတ္တရုပ်ဟံသဇ္ဇေ၊ ဇေယျ*
*သမ္ဗုဒ္ဓဒေသိတော၊ ဇယျမာရော*
*ဟရိဒေဝေါ၊ ဇယျဗြဟ္မာ စတေရ*
*ဌော၊ ဇယျနာဂေါ ဝိရူဠှော၊ ဝိရူ*
*ပက္ခောစန္ဒြဗြဝိ၊ ဣန္ဒောစတုရော*
*စာပိ၊ အဂ္ဂိဝါရဏ ပစ္စုန္နော၊ ကုမာ*
*ရောစ စတုပါလော။ အဋ္ဌာရသ*
*မဟာဒေဝေါ၊ သုခိတာတဿ မာနီ*
*ယော၊ ဇယျဗုဒ္ဓေါ၊ ဇယျဓမ္မော၊*
*ဇယျသံဃော ဆကန္တောစ၊ ဒသ*
*ဗလောဝ ဇယျကော၊ ဧတေန*
*သစ္စေန ဟောတုမေ ဇယျမင်္ဂလံ'*

ဤသည်တို့ကား ငါးရာငါးဆယ်နိပါတ်တော်လာ သဗ္ဗဒါဌဇာတကဝတ္ထုတော်ကြီးတွင် ဗုဒ္ဓဘုရားရှင် ထည့်သွင်းဟောကြားတော်မူခဲ့သော ပထဝီဇယမန္တန်တော်ကြီးနှင့် ဂန္ဓာရီဝိဇ္ဇာမယပညာရပ်တို့ ဆက်စပ်နေပုံတို့ပင် ဖြစ်ပါသည်။

*(ဆက်ရန်)*

တိရတနာ-ဆရာဇေယျာသင်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

လူဆိုးလောကမှ လမ်းမတော်ဖိုးတုတ်ကို မြန်မာပြည်တစ်ဝန်း လူအများမတွေ့ဘူးပေမယ့် ကြားဖူးကြပေလိမ့်မည်။ ယခုဖိုးတုတ်က ကျွန်းညိုဖိုးတုတ်၊ လမ်းမတော်ဖိုးတုတ်လို တစ်ပြည်လုံးသတင်းမကြီးပေမယ့် သာယာဝတီတစ်နယ်လုံးက လူဆိုးလောကမှာ မသိသူမရှိ သတင်းကြီးသည်။ သတင်းကကြီးလောက်ပါပေသည်။ ဖိုးတုတ်က ပိုက်ဆံသာရမယ်ဆိုလျှင် ဘာလုပ်ရမလဲ၊ လုရမလား၊ လူသတ်ရမလား ဒုစရိုက်မျိုးစုံလုပ်သည်။ ဒုစရိုက်မှုမျိုးစုံထဲမှာ ဖိုးတုတ်အနှစ်သက်ဆုံးအလုပ်က အခကြေးငွေယူပြီး ကြေးစားလူသတ်ရတဲ့အလုပ်။ ပိုက်ဆံသာမြက်မြက်လေး ပေးငှားလို့ကတော့ ဘယ်သူ့သွားသတ်ရမလဲ။ ရက်ရက်စက်စက်လုပ်တတ်သည်။ လူသတ်မှုတွေနှင့် ဖမ်းဆီးအရေးယူခံရပြီး အမှုလွတ်သွားတာလည်းရှိသည်။ နှစ်ရှည်ထောင်ဒဏ်၊ ကျွန်းဒဏ်တွေ ကျခံရပြီး ပြန်လည်လွတ်မြောက်ခဲ့တာလည်း ရှိလေသည်။ ဒါကြောင့် တစ်နယ်လုံးက ကျွန်းညိုဖိုးတုတ်ကို ရွံကြောက်ကြီး ဖြစ်နေကြသည်။ ဖိုးတုတ်နှင့်မပတ်သက်မိစေရန် ခပ်ဝေးဝေးက ရှောင်ကြသည်။

၁၉၈၃ ခုနှစ် အချိန်ကာလ ပါတီကောင်စီခေတ်။ ပဲခူးတိုင်းဒေသကြီး သာ





www.burmeseclassic.com

www.burmeseclassic.com

သာဝတီခရိုင်ထဲမှာ မိုးညှိမြို့နယ်ဆိုတာ ပါရှိသည်။ အောက်မင်းလှမြို့နယ်မှ အနောက်ဘက် (၁၆) မိုင်သာသာခန့် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင်ရှိသည်။ လယ်ယာကိုင်းကျွန်းနှင့်အင်းအိုင်ချောင်းမြောင်းများရှိ၍ ကိုင်းထွက်သီးနှံနှင့် ငါးပိ၊ ငါးခြောက် အလွန်ပေါသည်။ ထိုစဉ်အချိန်က လမ်းပန်းဆက်သွယ်ရေး မကောင်း။ ဧရာဝတီမြစ်ကြီးကိုသာ အားကိုး၍ ထက်၊အောက်စုန်ဆင်းသွားလာကြရသည်။ လယ်ကွင်းများကို ဖြတ်ဖောက်ထားသော ကားလမ်းဖြင့် နွေအခါမှသာ အောက်မင်းလှမြို့ကို သွားလာလို့ရသည်။ မိုးအခါ အောက်မင်းလှမြို့ကို သွားလာလိုလျှင် ပဲ့ထောင်ကူးတို့ စက်လှေတို့ဖြင့် အင်းအိုင်ချောင်းမြောင်းများကိုဖြတ်ပြီး တစ်ဝက်ခရီးလောက်မှာရှိသော အင်းဘုတ်ရွာကိုရောက်အောင် သွားရသည်။ အင်းအုတ်ရွာမှတစ်ဆင့် မြင်းလှည်း၊ ကား တစ်ခုခုစီးရသည်။ (စကားချပ် - မိုးညှိမြို့ ကမ်းပြိုခဲ့သဖြင့် ဒုတိယအကြိမ် ရွှေ့ပြောင်းပြီးနောက် နိုင်ငံတော်က ရေနက်ကွင်းများတာဖို့ပြီး ကားလမ်းဖောက်ပေးခဲ့၍ ယခုအခါ မိုးညှိမြို့မှ ရန်ကုန်မြို့သို့ နေ့ချင်းပေါက်ဟိုင်းနိုးကားများ ဥဒဟို သွားလာနေကြပြီဖြစ်သည်။)

ခင်မင်ရင်းနှီးသော မိတ်ဆွေများကို သာယာဝတီနယ်ကပါ ပြောလိုက်လျှင် လူမိုက်တွေများတယ်ဟု နောက်ပြောင်တတ်ကြသည်။ အမှန်တော့ လူကောင်း၊ လူမိုက်ဆိုတာ အရပ်ဒေသနှင့် လုံးဝမဆိုင်။ လူတစ်ဦးချင်းစီရဲ့ အသိဉာဏ်နှင့်သာဆိုင်ပေသည်။နေရာဒေသတိုင်းမှာ ပညာရှိသူတော်ကောင်းတွေရှိသလို လူဆိုးလူမိုက်တွေလည်းရှိနေကြသည်။ အထူးသဖြင့် ရာဇဝတ်မှုခင်းများကို အများဆုံး ကျူးလွန်တတ်ကြသူမှာ ကျေးလက်ဒေသများ ဖြစ်သည်။ ကျေးလက်ဒေသများသည် လယ်ယာကိုင်းကျွန်းများ၌သာ အချိန်ကုန်ပြီး မိုးချုပ်မှ အိမ်ပြန်ရောက်ကြရသည်။ မိမိတို့အား အသိဉာဏ် အလင်းတံခါးဖွင့်ပေးသော စာဖတ်ချိန်မရှိ။ ထစ်ခနဲဆို ဒေါသအလျောက်ဖြေရှင်းတတ်ကြသဖြင့် နာကျင်စေမှု၊ လူသတ်မှုများ ကျေးရွာများ၌ ပိုမိုဖြစ်ပွားကြောင်း တွေ့ရသည်။ သာယာဝတီခရိုင်ထဲမှာရှိသော မိုးညို၊ ကြို့ပင်ကောက်၊ နတ္တလင်း၊ ဇီးကုန်း စသည့် မြို့နယ်များသည် အစွန်အဖျားဒေသများ၌ ရွာများ နယ်နိမိတ်ချင်း ဆက်စပ် တည်ရှိနေကြသည်။

အုပ်ချုပ်မှုအလှမ်းကွာဝေးသဖြင့် လူဆိုးလူမိုက်တို့အတွက် ရဲရဲတင်းတင်း ရာဇဝတ်မှုကျူးလွန်ရန် အခွင့်သာစေသလိုဖြစ်သည်။ ဒါကြောင့် တာလသား လို့ခေါ်တဲ့ ထောင်ပြန်ကျွန်းပြန်တွေတာ တစ်နယ်တစ်ယောက်ဆိုသလို ဗိုလ်ကျမင်းမူနေကြသည်။ ဘယ်လောက်အထိ ဗိုလ်ကျတတ်သလဲဆိုလျှင် ၎င်းနယ်ထဲမှာ တာဝန်ကျဝန်ထမ်းတွေရဲ့စက်ဘီးကို တာလသားလူမိုက်ငှားစီးလျှင် ပြန်မပေးမချင်း မတောင်းရဲ၊ လူမိုက်အချင်းချင်း သတ်လို့သေမှပြန်ရသည်။ ရွာထဲမှာ ဖဲဝိုင်း၊ ဂျင်ပိုင်း၊ ကြက်ဝိုင်း၊ လောင်းကစားဝိုင်းတွေ လုပ်ချင်သလိုလုပ်သည်။ ရွာလူကြီးတွေ ပြတ်ပြတ်သားသား မတားရဲ။ လူမိုက်တွေနှင့်သင့်အောင် အလိုက်အထိုက် ဆက်ဆံနေကြရလေသည်။ ပြဿနာပေါ်လာတော့မှရှင်းကြရသည်။ မိန်းမငယ်တွေ အုပ်ထိန်းသူ မိဘမောင်ဘွားမပါဘဲ ရွာပြင်မသွားရဲ။ လူမိုက်တွေရန်ကြောက်နေရသည်။ လူမိုက်လောကဆိုတာလည်း ဘယ်လောက်ပဲမိုက်မိုက် ကိုယ့်ထက်မိုက်တဲ့သူနဲ့တွေ့ပြီး ဇာတ်သိမ်းသွားကြရတာများသည်။

လူမိုက်တွေ နည်းမျိုးစုံနှင့် နိဂုံးချုပ်သွားကြရတဲ့အထဲမှာ ကျွန်းညိုဖိုးတုတ်ဇာတ်သိမ်းက တစ်မျိုးဆန်းသလိုတော့ရှိသည်။ လူမိုက်အချင်းချင်း သတ်လို့သေရတာမဟုတ်ဘဲ ကျားဘုရင်ကို သားသမင်လို့ အထင်မှားသွားခဲ့တာကြောင့်

# မောင်စိန်ဝင်း(ရွှေမိုးညို)

## ကျားဘုရင်ကို သားသမင်ထင်မှတ်ခဲ့လေသော လူသတ်မှုဆိုး





www.burmeseclassic.com

www.burmeseclassic.com

ကျားဘုရင်ရဲ့ ဝါးမျိုစားသောက်ခြင်းကို ခံလိုက်ရတဲ့ လူသတ်မှုဆိုးတစ်ယောက် အကြောင်းဆိုလျှင် ပိုမှန်ပေလိမ့်မည်။

ဖိုးတုတ်ကို ကျွန်းညိုဖိုးတုတ်လို့ ဘာကြောင့်ခေါ်သလဲ။ ကျွန်းညိုရွာကို အစွဲပြုပြီး ကျွန်းညိုဖိုးတုတ်လို့ ခေါ်ခြင်း ဖြစ်သည်။ ကျွန်းညိုရွာ ဆိုတာ မိုးညို မြို့နယ် လက်အောက်ရေကင်းရဲစခန်း အပိုင်မှာရှိသော ရွာတစ်ရွာ ဖြစ်သည်။ မြေနုကျွန်းတွေမှာ ပြောင်း၊ ငရုတ်၊ မြေပဲ၊ ဆေးရွက်ကြီး အလွန်စိုက်ပျိုးဖြစ်ထွန်း သည်။ အထူးသဖြင့် ဆေးရွက်ကြီးအ ထွက်ကောင်းသည်။ အရည်အသွေး ကောင်းလှသော ဆေးရွက်ကြီးကို လာ ဝယ်သော ဆေးကုန်သည်တွေနှင့် ခြေ ချင်းလိမ်နေသည်။ ကျွန်းညိုဆေးရွက် ကြီးဆိုလျှင် မော်လမြိုင်နယ်ကအထိ ကြိုက်သည်။ မော်လမြိုင်တက်ရောင်း သော ဆေးကုန်သည်တွေရော ရွာသား များပါ ဆေးရွက်ကြီးနှင့် စီးပွားဖြစ်နေကြ သည်။ တကယ်တော့ ကျွန်းညိုရွာလေး က သာယာလှပသည့် ရွာလေးဖြစ်ပြီး ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသည်။ ဘာသာရေး ကိုင်းရှိုင်းကြပြီး လူဆိုးလူ မိုက်အချို့ကြောင့် နာမည်ကြီးနေရခြင်း ဖြစ်သည်။

ဧရာဝတီမြစ်ကြီး ခြားထားသော မိုးညိုမြို့အနောက်ကမ်းမှာ ဧရာဝတီတိုင်း ဒေသကြီးထဲမှာ ပါဝင်သော ကနောင်၊ မြန်အောင်၊ ရွှေကျင်မြို့နယ်များ ရှိသည်။ ဧရာဝတီမြစ်ကြီးကပေးလာတဲ့ ကောင်း၊ ကျိုးဆိုးကျိုးတွေ နှစ်ဖက်စလုံး မျှဝေခံ စားနေကြရသည်။ ဆိုးကျိုးက မြစ်ကမ်း ပါးပြိုတာကြောင့် မြို့ရွာများပြောင်းရွှေ့ ကြရသည်။ ကမ်းပြိုရာမှ ပေါ်ထွန်းလာ တဲ့ မြေနုကျွန်းပြဿနာကြောင့် နှစ်ဖက် အငြင်းပွားရ အချင်းများရသည်များရှိ သည်။ ကောင်းကျိုးက မြေဩဇာကောင်း လွန်းတဲ့ မြေနုကျွန်းတွေမှာ တောင်သူ များ ထွန်ယက်စိုက်ပျိုးပြီး စီးပွားရေးတွေ ကောင်းလာခြင်း ဖြစ်သည်။ စီးပွားရေး တွေကောင်းလာတဲ့ရွာတွေထဲမှာ ကျွန်း ညိုရွာလည်း အပါအဝင် ဖြစ်သည်။

ကျွန်းညိုဖိုးတုတ်ကို လူဆိုးလူမိုက် ဆိုပြီး အသားမည်းမည်း၊ လူပုံဆိုးဆိုးလို့ မထင်လိုက်ကြနှင့်။ ဖိုးတုတ်က အသား ဖြူဖြူ ကိုယ်ဟန်နွဲ့နွဲ့ ဇာတ်မင်းသားလို ရုပ်မျိုး။ ရုတ်တရက်မြင်လိုက်လို့ကတော့ ဘယ်လိုမှ လူဆိုးလူမိုက်လို့ ထင်စရာမရှိ။ သင့်တင့်သော အရပ်အမောင်း (၅)ပေ၊ (၆)လက်မခန့်ရှိပြီး အဝတ်အစားကို သေ သပ်စွာ ဝတ်ဆင်တတ်သည်။ ဖိုးတုတ် အနှစ်သက်ဆုံးက အနွေးထည် (Field Jacket) အစိမ်းရောင်ကို ရာသီမရွေး ဝတ်ဆင်တတ်ခြင်းပင်။ သာမန်အချိန် စကားသိပ်မပြော။ အရက်ကြိုက်တတ် ပြီး မူးလာလို့ကတော့ ဘယ်သူ့မှလူမထင် ကြမ်းတမ်းရမ်းတတ်သည်။ လူပုံအေးသ လိုရှိပေမယ့် သွေးအေးအေးနှင့် လူသတ် မှုများကို ကျူးလွန်တတ်လေ့ရှိသည်။

■◆

နယ်မြေတစ်ခု၏ တရားဥပဒေစိုး မိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ကာကွယ် စောင့်ရှောက်ကြရသော ရဲ စခန်းတစ်ခုတွင် လုပ်ငန်းနှင့် ပတ်သက် သော မှတ်ပုံတင်စာအုပ် (၁) မှ (၃၇) အထိ ရှိသည်။ မှတ်ပုံတင်များကို အပိုင်း (၃) ပိုင်း ခွဲထားသည်။ အုပ်ချုပ်ရေး အပိုင်းနှင့် သက်ဆိုင်သော မှတ်ပုံတင် များ၊ မှုခင်းပိုင်းနှင့်သက်ဆိုင်သော မှတ် ပုံတင်များ၊ လူဆိုးနှင့် သက်ဆိုင်သော မှတ်ပုံတင်များ ဟူ၍ ဖြစ်သည်။ လူဆိုး များနှင့်ပတ်သက်သော မှတ်တမ်းများကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊ ပြဋ္ဌာန်း ချက်များအတိုင်း လိုက်နာ ကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုး ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို များစွာ အထောက်အကူဖြစ်စေသည်။ မှတ်တမ်းထိန်းသိမ်းခြင်းစနစ်များကို ဘယ်ခေတ်ဘယ်အခါက ပြုစုသည့်စနစ် ဖြစ်ပါစေ မကောင်းမြင်၍မရ။ ပြည်သူ လူထုကို အကျိုးပြုနေသမျှ၊ သူ့ထက် ကောင်းအောင်မလုပ်နိုင်သမျှ လက်ခံ ကျင့်သုံး ဆောင်ရွက်နေခြင်းက အသင့် လျော်ဆုံး ဖြစ်ပေသည်။

လူဆိုးအမျိုးစားအမျိုးမျိုးရှိသည်။ အကြမ်းဖျင်းအားဖြင့် ကြီးလေးသော ရာဇဝတ်မှုများကို ထပ်တလဲလဲ ကျူး လွန်လေ့ရှိသော ရာဇဝင်လူဆိုး၊ လက် ဗွေလူဆိုး၊ (က) စာရင်းဝင်လူဆိုး၊ (ခ) စာရင်းဝင်လူဆိုး၊ တရားခံပြေးများ ဖြစ် သည်။ ရဲစခန်းများတွင် လူဆိုးများ ကျူး လွန်ခဲ့သော ပြစ်မှုအမျိုးအစားနှင့် ၎င်း တို့ ကျူးလွန်တတ်သော အလေ့အထ (Habitudc) များအလိုက် အရောင်များ ဖြင့် အပြစ်ကျကတ်များကို မှတ်တမ်းထိန်း ထားရှိသည်။ ရာဇဝတ်ပြစ်မှုမှတ်တမ်း များအရ လူဆိုးများသည် ၎င်းတို့စိတ် ထန်သည့် ပြစ်မှုအမျိုးအစားကို ၎င်းတို့ ကျူးလွန်တတ်သည့်အလေ့အထအတိုင်း ပြန်လည် ကျူးလွန်တတ်လေ့ရှိခြင်းပင်။

လူသစ်က ထ၍ ပြစ်မှုကျူးလွန် ခြင်းနည်းပါသည်။ ဥပမာအားဖြင့် ဓားပြ တိုက်တတ်သည့်လူဆိုးက ဖောက်ထွင်း မှုမကျူးလွန်ခြင်း၊ ဖောက်ထွင်းသမားက ဓားပြမတိုက်တတ်ခြင်းတို့ ဖြစ်သည်။ မှုခင်းတစ်ခုကို ကိုင်တွယ်စစ်ဆေး ဖော် ထုတ်ရသော အမှုစစ်အရာရှိတစ်ဦး သည် လူဆိုးထိန်းမှတ်တမ်းများကို ပစ် ပယ်၍မရ။ ခက်ခဲသော ရာဇဝတ်မှုခင်း များကိုဖော်ထုတ်ရာ၌ အခင်းဖြစ်ရပ်တွင် ကျန်ခဲ့သော သဲလွန်စများကိုကြည့်၍ လူ ဆိုးထိန်းမှတ်တမ်းများနှင့် တိုက်ဆိုင်စစ် ဆေးရာမှ မှုခင်းများပေါ်ပေါက်ခဲ့တဲ့ ဖြစ် ရပ်များစွာရှိပေသည်။ လူဆိုးထိန်းသိမ်း ခြင်းအပိုင်း၌ ပြည်သူလူထု ပူပေါင်းပါဝင် ကူညီရမည့်ချက်များလည်း ရှိသည်။ တရားဥပဒေစိုးမိုးမှ အကျိုးဆက်ဖြစ် သော တည်ငြိမ်အေးချမ်းသာယာမှုကို ရ ရှိနိုင်ပေမည်။ ပြည်သူအများ တရား ဥပဒေစိုးမိုးရေးကို လိုလားကြသည်။ တရားဥပဒေစိုးမိုးရေးကို အမှန်တကယ် လိုလားလျှင် တာဝန်သိပြည်သူတစ် ယောက်ဖြစ်ဖို့လိုသည်။ တာဝန်ရှိ အဖွဲ့ အစည်းများကို ပူပေါင်းအကူအညီပေး ရန်လိုသည်။ ပြည်သူတစ်ယောက်အနေ ဖြင့် ကျယ်ကျယ်ပြန့်ပြန့်မဟုတ်တောင် သိသင့်သိထိုက်သော အခြေခံဥပဒေများ ကိုသိအောင် လေ့လာထားရန်လိုသည်။ ဒါမှအသိအမြင်မှန်ကန်မည်။ ရပ်ရွာတွေ တည်ငြိမ်အေးချမ်းသာယာရေးအတွက် စစ်ပွဲတွေရပ်ရန် လိုအပ်သလို ရာဇဝတ် မှုခင်းတွေ လျော့နည်းကျဆင်းရန်လိုအပ် သည်။ ထောင့်စုံဘက်စုံမှ တာဝန်သိ စိတ်ဓာတ်ဖြင့် အားလုံး ဝိုင်းဝန်းဆောင် ရွက်ကြမှ ရပေမည်။ တရားဥပဒေစိုးမိုး ရေးခေါင်းစဉ်အောက်မှ ကျယ်ပြန့်နက် ရှိုင်းလှသော အချက်အလက်တွေ များ စွာ ပါဝင်နေပေသည်။ နယ်မြေတစ်ခုကို လုံခြုံအေးချမ်းအောင် ကာကွယ်စောင့် ရှောက်နေကြရတဲ့ ရဲစခန်းလေးတစ်ခုမှာ ပင် တရားဥပဒေစိုးမိုးရေးနှင့် တည် ငြိမ်အေးချမ်းရေးအတွက် အထောက်အ ကူဖြစ်စေသည့် မှတ်တမ်းထိန်း စနစ် ကောင်းများရှိနေကြသည်။

လူဆိုးထိန်းမှတ်တမ်းတွေထဲမှာ ကျွန်းညိုဖိုးတုတ်က ဘယ်လိုလူဆိုးအမျိုး အစားလဲ စိစစ်ကြည့်လိုက်တော့ ကျွန်း ညိုဖိုးတုတ်က အန္တရာယ်ပြုတတ်သည် ဟု သိရသောလူဆိုးများနှင့် ပေါင်း၍ ကြီးလေးသောရာဇဝတ်မှုတို့ကို ကျူးလွန် ရန် ပိပိရိရိ စီစဉ်တတ်သော လူဆိုးအမျိုး အစားဖြစ်ကြောင်း တွေ့ရသည်။ ရေ ကင်းရဲစခန်းပိုင် လူဆိုးထိန်းများလက် တွင် အခြေခံအကျဆုံး လူဆိုးစုံထောက်



www.burmeseclassic.com

www.burmeseclassic.com

တော်စုစာအုပ် (မှတ်ပုံတင် ၃၃) ၌ စာရင်းသွင်းနေသော လူဆိုးတစ်ယောက် ဖြစ်သည်။

■◆

ပြည်မြို့ လ/ထ တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ တာဝန်ထမ်းဆောင်နေသော ရဲအုပ်အောင်နိုင်ထံ မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် အမိန့်စာရောက်ရှိလာသည်။ အမိန့်စာနှင့်အတူ ငြိုးသနာတွဲ၍ပါလာသည်။ ဖေဖော်ဝါရီလ ၂၈ ရက်လကုန်မည်။ ယခင်မြို့နယ်မှူးက လစာထုတ်ရန် မည်သို့မျှ မစီစဉ်ခဲ့ဘဲ ကပ်၍အဝေးသို့ပြောင်းသွားသည်။ မိမိအမည်ဖြင့် ငွေထုတ်သူအရာရှိ (Drawer Power) ဘဏ်၌ မရောက်သေး။ တပ်ဖွဲ့ဝင်တွေ လစာအချိန်မီရအောင် စီစဉ်ပေးရမည်တဲ့။ လစာတွေ အချိန်မီမရက ယခင်လူအပြစ်မမြင်ဘဲ မိမိသာ အပြစ်ဖြစ်ရမလိုဖြစ်နေသည်။ ဘယ်လိုလုပ်ရမလဲ၊ မြို့နယ်မှူးလက်သစ်လေး မြို့နယ်မှူးမှလုပ်ရမယ်မကြဲသေး၊ ခေါင်းခဲစရာကြုံရသည်။ ကိစ္စမရှိပါဘူးလေ၊ အနာသိလျှင် ဆေးရှိရမည်။ မိုးညိုမြို့နယ်သို့ အမြန်ပြေးရတော့သည်။ ဘဏ်မန်နေဂျာကြီးနှင့် ညှိရသည်။ ဘဏ်နေဂျာကြီးက သဘောကောင်းလှသည်။ လစာမလွှဲ၍ အခြားအသုံးစရိတ်များ မထုတ်ပါဘူးဆိုသောဝန်ခံချက်နှင့်အတူ မြို့နယ်ပြည်သူ့ကောင်စီမှထောက်ခံချက်ပေးလျှင် လစာများထုတ်ပေးမည်ဟု ဆိုသည်။ မြို့နယ်ကောင်စီနှင့် ညှိနှိုင်းရပြန်သည်။

· ရဲအုပ်အောင်နိုင် ပခုံးပေါ် (၂) ဘားမတပ်ရသေး။ တစ်ဘားအောက်မှ အပြာခံအပြား တပ်ဆင်ထားရသည်။ တစ်နှစ်ပြည့် အတည်ပြုခန့်ထားမှ နှစ်ဘားတပ်ရမည်။ ထိုအချိန်က ရဲအုပ်နှစ်ဘားများကို မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ပေးထားချိန် ဖြစ်သည်။ ငွေထုတ်ခွင့် (Power) လည်း ပေးထားသည်။ ချက်လက်မှတ်ကို ပထမဆုံးအကြိမ် ရေးထိုးဖူးခြင်း ဖြစ်သည်။ လစာတွေ အဆင်ပြေပြေထုတ်ရမှ ဟင်းချနိုင်ပြီး ဩော် - ကျောင်းစာသင်ခန်းမ၊ သင်တန်းခန်းမတွေမှာ လုံးဝသင်ကြားမပေးလိုက်တဲ့ ဘာဝအတွေ့အကြုံတစ်ခု ရလိုက်ပါလား။ ဒါကြောင့် အတွေ့အကြုံရှိဖို့လိုတယ်လို့ လူကြီးတွေ မကြာခဏပြောကြတာ ဖြစ်မယ်ဟု တွေးလိုက်မိသည်။

ခေါင်းခဲစရာတစ်ခုတော့ ရှင်းသွားပေမယ့် ခေါင်းခဲစရာ အကြီးကြီးကျန်နေသည်။ မိုးညိုမြို့ပေါ်မှာ ရောဝတီမြစ်ကမ်းပါးတွေ တဝုန်းဝုန်းပြိုကျနေသည်။ ဖဆပလခေတ် ပြည်တော်သာစီမံကိန်းနှင့် ရထားတဲ့ ခုံညား ထည်ဝါလှသော အထက်တန်းကျောင်း၊ စုပေါင်းရုံးကြီးတွေ မျက်စိအောက်မှာပင် ကမ်းပြိုလို့ ဖျက်ရရွှေ့ကြရသည်။နမြောစရာကောင်းလိုက်ပါဘိ။ အသစ်ရွှေ့ပြောင်းထားသောရဲစခန်း ကမ်းနှင့်ဝေးသေးပေမယ့် ဒီနှုန်းအတိုင်း ကမ်းဆက်ပြိုနေလျှင် စိတ်မချရ။ မိုးညိုမြို့နယ်လက်အောက်မှာ ထိန်တော၊ ရေကင်း၊ ဆင်မနိုင်ရဲစခန်းများ တောင်နှင့် မြောက် အလျားလိုက်တည်ရှိသည်။ ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တစ်ဖက်ကမ်း ဆင်မနိုင်ရဲစခန်းကလည်း ကမ်းနဲ့နီးလာပြန်သည်။ ရဲအုပ်အောင်နိုင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များ ထမ်းဆောင်ရင်း ရဲစခန်းနှစ်ခု ရွှေ့ပြောင်းရေးကိစ္စတွေအတွက် ဘယ်လိုလုပ်ရပါ့မလဲ။ ဘတ်ဂျက်ကလည်း မရှိ စိတ်မအေးနိုင်အောင်ရှိနေရသည်။

■◆

ဇူလိုင်မိုးက သဲသဲမဲမဲပင်ရွာချနေသည်။ မိုးဒဏ်လေဒဏ်တို့ကြောင့် မြစ်ကမ်းတွေ ပိုပြိုလာသလိုရှိသည်။ မြို့သူမြို့သားတွေ ဝန်စည်စလယ်တွေနှင့် မိုးထဲလေထဲ သယ်ယူရွှေ့ပြောင်းနေကြသည်။ ရဲအုပ်အောင်နိုင် ရဲတပ်ဖွဲ့ဝင်အင်အားတွေနှင့် တတ်စွမ်းသရွေ့ အကူအညီတွေပေးခဲ့သည်။ ကျရောက်လာတဲ့ သဘာဝဘေးအန္တရာယ်ကိုတော့ စိတ်မကောင်းရုံမှတစ်ပါး ဘာမှမတတ်နိုင်။ တောင်မင်း၊ မြောက်မင်း မကယ်နိုင် ဆိုသလို ဒုက္ခကိုယ်စီရှိနေကြသည်။

မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ယာယီအဆောက်အအုံလေး။ မူလ ရဲစခန်းဟောင်း ပြောင်းရွှေ့စဉ်က ဖျက်ထားသောပစ္စည်းလေးများဖြင့် ဆောက်လုပ်ထားသည်။ မိုးပေါက်များတဝေါဝေါရွာချနေ၍ ဘာသံမှမကြားရ။ ရုံးထဲမှာ အလုပ်လုပ်နေတဲ့ ရဲအုပ်အောင်နိုင် နာရီကြည့်လိုက်တော့ နံနက် (၈) နာရီ ပတ်ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကျသလိုရှိနေသည်။ ပဲခူးတိုင်းရုံးက အစည်းအဝေးခေါ်ထားလို့ လိုအပ်သော စာရင်းဇယားတွေ ပြုစုနေရသည်။ မိုးက သဲသဲမဲမဲရွာနေရာမှ မိုးစဲသလိုရှိလာသည်။ နေရောင်တွေ ထွန်းလင်းတောက်ပလာပြန်သည်။ မြို့နယ်မှူးရုံးထဲကို ယူနီဖောင်းတွေစိုရွှဲနေတဲ့ ရဲတပ်ဖွဲ့ဝင်တစ်ဦးရေးကြီးသုတ်ပျာဝင်လာပြီး မြို့နယ်မှူးကို အလေးပြုလိုက်ရင်း -

"ဗိုလ်ကြီးခင်ဗျား၊ ကျွန်တော် ရေကင်းရဲစခန်းက ဒုတပ်ကြပ်လှဝေပါ။ စခန်းမှူးက အရေးကြီးသတင်း စာပို့လွှတ်လိုက်ပါတယ်"

ကမ်းတွေကပြို၊ ဆက်သွယ်ရေးတွေက မကောင်းသဖြင့် ကုန်းတွင်းလမ်းက ကြိုးစားပမ်းစား လာခဲ့ရပုံရသည်။

"အေးအေး - မင်းမိုးတွေမိလာပုံရတယ်။ အအေးပတ်ပြီး ဖျားနေဦးမယ်။ အရေးကြီးတဲ့စာငါပေးခဲ့။ မင်းတစ်ကိုယ်လုံးခြောက်အောင်သုတ်၊ အဝတ်ခြောက်တွေနဲ့လဲလာခဲ့။ ဆရာမောင်အေး၊ စီစဉ်ပေးလိုက်ပါ"

ရုံးခန်းထဲမှာ တာဝန်မှူးကျနေသော တပ်ကြပ်ဆရာမောင်အေးကို လှမ်း၍ ပြောလိုက်သည်။ မိုးမစိုရန် ပလတ်စတစ်တွေအထပ်ထပ်ထုတ်ထားတဲ့အထဲက ဆတ်သားရဲဘော်လေးထုတ်ပေးခဲ့တဲ့ စာကို ဖောက်ဖတ်ကြည့်လိုက်တော့-

'မိုးညိုမြို့နယ် ရေကင်းရဲစခန်းအပိုင် မိုးညိုနှင့် ကြို့ပင်ကောက်မြို့နယ်စပ်မှာရှိသော ဇောဓိကုန်းရွာလေးတွင် (---) နေ့/အချိန် မလှထွေး ဆိုသော မိန်းမပျိုလေးတစ်ဦးအား လူမိုက်ကျွန်းညိုဖိုးတုတ်၏ တပည့်ညိုကြီးက ရွာအပြင်ဘက်တွင်တွေ့ပြီး အတင်းဖမ်းဆီး၍ ကြို့ပင်ကောက်နယ်ထဲ ထွက်ပြေးသွားကြောင်း၊ ၎င်းနယ်ထဲရောက်နေသော ရေကင်းရဲစခန်းလှည့်ကင်းမှ နယ်ထိန်းတပ်ကြပ် မောင်ကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွာလူကြီးများ အပူတပြင်းလိုက်လံရှာဖွေနေကြောင်း၊ မိန်းကလေး၏ ကံကြမ္မာကို မသိရသေးကြောင်း နောက်ဆက်တွဲ သတင်းရက ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း' ဖော်ပြပါရှိသည်။

အရေးကြီးထူးခြားဖြစ်စဉ်သတင်းအဖြစ် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ချက်ချင်း ဆက်လက် ပေးပို့ခဲ့သည်။ တိုင်းရဲတပ်ဖွဲ့မှူးက မြို့နယ်မှူး ပဲခူးသို့ အစည်းအဝေးတက်ရန်မလိုတော့ကြောင်း ၎င်းနယ်ထဲသို့ ကိုယ်တိုင် ကွင်းဆင်း ကြီးကြပ်ကယ်တင်ရန်ညွှန်ကြားလာခဲ့သည်။ ရဲအုပ်အောင်နိုင် ၎င်းနယ်ထဲသို့ ကိုယ်တိုင် ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ရတော့မည်။ ရောဝတီမြစ်ကြောင်း ရေလမ်းခရီးသွားမှ အဆင်ပြေမည်ဖြစ်၍ ရဲတပ်ဖွဲ့ပိုင် မြင်းပျံရေယာဉ်အား လိုအပ်တာတွေ အသင့်ပြင်ဆင်ထားရန် ရေယာဉ်အုပ် ရဲတပ်ကြပ်ကြီး အေးဆိုင်အား



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ယူညွှန်ကြားလိုက်သည်။

မိုးညိုမြို့နယ်နှင့် မင်းလှမြို့နယ်ကြား ရေနက်ကွင်းရွာများရှိသည်။ မိုးတွင်းဆို ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့ ပေါင်းဆုံရာမှတက်လာသော မိုးရေ မြစ်ရေ ချောင်းရေတို့ကြောင့် မျှော်ကြည့်လေတိုင်း တစ်မျှော်တစ်ခေါ် ရေပြင်ကျယ်ကြီးများကိုသာမြင်တွေ့နေရသည်။ သွားလာရေးအဆင်ပြေရန် ရေယာဉ် (၂)စီးရှိသည်။ ဧရာဝတီမြစ်ကြောင်းခရီးဖြစ်က အင်ဂျင်ပါဝါကောင်းလှသော စက်(၂)လုံးတပ် မြင်းပျံရေယာဉ်ကို အသုံးပြုသည်။ ကုန်းတွင်းပိုင်းသွားလာက ရေကြောင်းပို့ဆောင်ရေးမှ အငှားရေယာဉ်အသေး စ/၅၉ကို အသုံးပြုသည်။ ယခုခရီးက မြစ်ကြောင်းခရီး။ ရေကင်းရဲစခန်းမှတစ်ဆင့် သွားလာရမည်ဖြစ်၍ မြင်းပျံရေယာဉ်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ရဲအုပ်အောင်နိုင် နေ့လယ်စာကိုဖြစ်သလိုစားလိုက်ပြီး မိမိနှင့်လိုက်ပါရန် ရဲတပ်စိတ်တစ်စိတ် ခေါ်ယူခဲ့သည်။ မြစ်ကမ်းပါးပြိုမှုအနည်းဆုံးနေရာတွင် ဆိုက်ကပ်ထားသော မြင်းပျံရေယာဉ်ပေါ် ရောက်ချိန် နံနက် (၁၀) နာရီ ရှိနေပြီ။ မိုးက သဲသဲမဲမဲရွာချလာပြန်၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေခိုးရေငွေ့တို့ဖြင့် မှုန်မှိုင်းပြာဝေလျက်ရှိသည်။ လေခပ်ပြင်းပြင်းလေး တိုက်ခတ်လာ၍ မြစ်ပြင်ကျယ်ကြီးမှတလိမ့်လိမ့်ပြေးတက်လာသော လှိုင်းများပိုကြီးလာသလိုရှိသည်။ လှိုင်းများရိုက်ခတ်၍ ကမ်းပါးများ တဝုန်းဝုန်းနှင့် ပြိုကျနေသည်ကို မြင်တွေ့နေရသည်။ မီးခိုးရောင်မြင်းပျံရေယာဉ်က နှစ်ထပ်တည်ဆောက်ထားသည်။ ဧည့်ခန်း၊ အိပ်ခန်း၊ စားဖိုခန်း၊ သန့်စင်ခန်း အပြည့်အစုံပါသည်။ မြင်းပျံရေယာဉ်က လှိုင်းများကိုခွဲပြီး စက်အရှိန်မြှင့်၍ ဆန်တက်မောင်းနှင်လျက်ရှိသည်။ စက်ရှိန်ကြောင့် သဘောင်္ာပဲ့ပိုင်းတွင် ရေလှိုင်းများ အလိပ်လိုက်ဖြစ်ပေါ်ရာမှ ဖြာဝေကွဲထွက်ပျောက်ကွယ်သွားကြသည်။ မြစ်ရေအလျဉ်သည် အဟုန်ပြင်းစွာ လျှင်စွာဖြင့် အစဉ်မပြတ် ဆက်လက် စီးဆင်းလျက်ရှိနေသည်။ တစ်မုဟုတ်မျှ၊ တစ်ခဏမျှ၊ တစ်စက္ကန့်မျှ ရပ်တန့်နေသည်မရှိ တွေ့သမျှကို သယ်ယူသွားကြ၏။

လူ့ဘဝခရီးသည်လည်း တဏှာဆိုတဲ့ယာဉ်ပေါ်မှာ-သုခ၊ ဒုက္ခမျိုးစုံ ရောပြွမ်းနေတဲ့ဖြစ်စဉ်တွေ သယ်ဆောင်ရင်း ခရီးတွေ စဉ်ဆက်မပြတ် နှင်နေကြရပါလား။ ရပ်တန့်နေသည်မရှိ ဘယ်တော့ခရီးဆုံးမှာလဲ။ ဘဝရပ်တည်ရန်၊ ဖြစ်ပေါ်ရန် စွဲလမ်းသော တဏှာရှိနေသမျှ သံသရာစက်ရဟတ် လည်ပတ်နေရဦးမည်။ တဏှာကို နိဗ္ဗာန်ကိုမျက်မှောက်ပြုသော ပညာဖြင့် ဖြတ်တောက်နိုင်မှသာ သံသရာစက်ရဟတ် အလည်ရပ်ပေမည်။ လူ့ဘဝခရီးဆိုတာ အဟုန်ပြင်းစွာ စီးဆင်းနေတဲ့ မြစ်ရေနှင့်တူလှပါလား။ ရဲအုပ်အောင်နိုင် ရေယာဉ်ပေါ်ကနေ ဧရာဝတီမြစ်ရေအလျဉ်မှာ မျောပါလာတဲ့ ရုပ်ဝတ္ထုမျိုးစုံတွေကို ငေးမောကြည့်ရှုရင်း ဖတ်ရှုမှတ်သား နာယူဖူးတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတရားတွေကို နှလုံးသွင်းနေမိသည်။ လှိုင်းတံပိုးတွေကြား ရေယာဉ် စက်ကုန်ဖွင့် မောင်းနှင်နေလို့ ကမ်းနှစ်ဖက်ကရွာငယ်လေးတွေ တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့ကြသည်။ အတွေးအာရုံထဲ နစ်မျောနေလိုက်တာ မြင်းပျံရေယာဉ် စက်ရပ်ပြီး ကမ်းတက်ရန် ကုန်းဘောင်ထိုးသံကြားတော့မှ အတွေးအာရုံတွေရပ်သွားသည်။ အချိန်က နေ့လည် (၂) နာရီ ထိုးနေပြီ ဖြစ်ကြောင်း နာရီလက်တံက ညွှန်ပြနေသည်။ ရေကင်းရဲစခန်းမှ ဒုရဲအုပ်ထွန်းဝေနှင့် တပ်ဖွဲ့ဝင်တွေ လာရောက်ကြိုနေကြသည်။

စခန်းမှူးဦးသောင်း အခင်းဖြစ်ရပ်ထပ်လိုက်သွားကြောင်း၊ တောမိကုန်းရွာမှ မလှထွေး လူဆိုးညိုကြီးလက်မှ ပြန်လည်လွတ်မြောက်လာကြောင်း၊ ညိုကြီးထွက်ပြေးသွားပြီး ညိုကြီးရဲ့ဆရာ လူဆိုးခေါင်းဆောင် ကျွန်းညိုဖိုးတုတ် ရဲတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုဖြစ်ပြီး သေဆုံးသွားကြောင်း၊ မြို့နယ်မှူးအလာကို စောင့်မျှော်နေကြောင်း သတင်းပို့၍ နားမနေအားဘဲ အခင်းဖြစ်အရပ်ဆီကို ခရီးပြင်းဆက်ခဲ့ကြပြန်သည်။

◆

မြင်းပျံရေယာဉ် ရေကင်းဆိပ်ကမ်းကပ်စဉ်က မိုးစဲသွားသလိုရှိပေမယ့် အခုမိုးက သဲသဲမဲမဲရွာချလာပြန်သည်။ ရဲတပ်ဖွဲ့ဝင်များ တာဝန်ဝတ္တရားက မိုးရွာနေပူရှောင်နေလို့မရ။ ရေကင်းရဲစခန်းကနေ (၆) မိုင်ကျော်လောက်ခရီးမှာရှိတဲ့ အခင်းဖြစ်နေရာ တောမိကုန်းရွာကို ဒီနေ့ရောက်မှဖြစ်မှာမို့ မိုးထဲလေထဲ ခရီးအသော့နှင်နေကြသည်။ ကျယ်ပြန့်စိမ်းစိုနေသော လယ်ကွင်း၊ ယာခင်းတွေကို အကြိမ်ကြိမ်ဖြတ်ကျော်နေရသည်။ လေပြင်းနှင့်အတူ ရောပါလာတဲ့ မိုးရေစက်တွေကြောင့် အားလုံးစိုရွှဲကုန်တော့သည်။ ရဲဘော်ခြေလှမ်းဆိုတော့ ညနေ (၄) နာရီလောက်မှာ တောမိကုန်းရွာလေးကို ရောက်ရှိသွားသည်။

သတင်းစုံစမ်းလိုက်တော့ ကျွန်းညိုဖိုးတုတ်နှင့် ရဲတပ်ဖွဲ့ဝင်များ ထိတွေ့မှုဖြစ်ပွားတာ တောထဲတောင်ထဲမှာ မဟုတ်ဘဲ တောမိကုန်းရွာလေးအရှေ့ဘက် အစွန်ဆုံးမှာရှိတဲ့ ရွာလူကြီး ဦးလူမြ၏ နေအိမ်ပေါ်မှာ ဖြစ်ကြောင်း သိရသည်။ ဘယ်လိုဖြစ်ကြတာလဲ။အဖြစ်အပျက်အစုံအလင် သိရှိရအောင် ရွာလူကြီးဦးလူမြနေအိမ် ရောက်ရှိသွားသည်။ ဦးလူမြနေအိမ်က အမြင့် တစ်ထပ်မြေတံရှည်အိမ်လေး၊ (၁၀)ပေပတ်လည်သာသာ ကျယ်ဝန်းသော အခန်းလေးတစ်ခန်း၊ ပျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုးများဖြင့် ဆောက်လုပ်ထားသည်။ ရွာလူကြီး ဦးလူမြ နေအိမ်လေး၌ ရွာလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ စုရုံးရောက်ရှိနေကြသည်။ စခန်းမှူး ဦးသောင်း ဆီးကြိုအလေးပြုလိုက်ပြီး -

"မြို့နယ်မှူးကြီးခင်ဗျား၊ အခင်းဖြစ်တဲ့နေရာက ရွာလူကြီး ဦးလူမြ နေအိမ်ပေါ်မှာပါ။ ဖိုးတုတ်အလောင်း အဲဒီမှာရှိပါတယ်၊ နေရာမရွှေ့သေးပါဘူး။ ဖြစ်ပွားပုံ အသေးစိတ်ကိုတော့ တပ်ကြပ်မောင်ကျော် ပြောပြပါလိမ့်မယ်"

စခန်းမှူး၊ ရွာလူကြီးများနှင့်အတူ ဦးလူမြနေအိမ်ပေါ် တက်ရောက်ကြည့်ရှုကြသည်။ မြင်ကွင်းများက သွေးလန့်စရာ။ လူဆိုးဖိုးတုတ် သေနတ်ဒဏ်ရာ (၂) ချက်ဖြင့် သွေးအလူးလူး ပက်လက်လန်လဲကျသေဆုံးနေသည်။ တစ်ချက်က ရင်ဝမှန်ထားပြီး တစ်ချက်က ဝမ်းဗိုက်မှန်ထားသည်။ ဝမ်းဗိုက်သေနတ်ဒဏ်ရာမှ အူများထွက်ကျနေသည်။ ကြော်- လူဆိုးလူမိုက်တို့ရဲ့ ဇာတ်သိမ်းပိုင်းဆိုတာ မလှပတတ်ပါလား။ ဖိုးတုတ်က ဝတ်နေကျ အနွေးထည် (Fi... Jacket) အစိမ်းရောင်ကို ဝတ်ဆင်ထား... သည်။ အကျီတစ်ထည်လုံး သွေးများ... လျက်။ ဖိုးတုတ်အနီးမှာ ဓားမြှောင်... သဖွယ် အသုံးပြုသော စစ်သုံးဘက်... (Bane) တစ်ချောင်း၊ အကျီထဲမှာ ထ... တွေ့ရှိသော ဓားမြှောင်တိုတစ်ချော... သားရေတပ်ဆင်ထားသော လော... လေးခွတစ်လက်နှင့် သံထစ်များပါ... စင်းများသုံးချောင်း။ ဒါကြောင့် ဖိုးတု... လက်နက်များများဝှက်ဆောင်ထား... အောင် အစိမ်းရောင်အနွေးထည်... မချွတ်တမ်း ဝတ်ထားတာ ဖြစ်ရ... ဦးလူမြ နေအိမ်အခန်းလေး ကြမ်းခ... ထရံမှာ သွေးများ နေရာအနှံ့...



www.burmeseclassic.com

www.burmeseclassic.com

...အခင်းဖြစ်အရပ်ကို ဓာတ်ပုံမှတ်...တင်လိုက်သည်။ ဖိုးတုတ်ထံမှ သိမ်း...တဲ့ သက်သေခံပစ္စည်းများကို ရှာဖွေ...နှင့် သိမ်းလိုက်သည်။ ဖိုးတုတ်အ...ကောင်းကို ဆေးစစ်ရန် ရေကင်းတိုက်...ဆေးရုံသို့ ပေးပို့စေလိုက်သည်။

မျက်နှာမကောင်းစွာဖြင့် အနီးသို့...တ်ရှိလာသော လူဆိုးထိန်းတပ်ကြပ်...မောင်ကျော်ကို တွေ့ရသည်။ ရဲအုပ်...အောင်နိုင်က -

"ကဲ - တပည့်ရေ၊ ဖြစ်ပြီးမှတော့...တတ်နိုင်မလဲ စိတ်မကောင်းမဖြစ်နဲ့။...ဘယ်လိုဖြစ်ကြတယ်ဆိုတာ အသေး...စိတ် ပြောပြပေတော့။ ဒါမှ ဥပဒေ...အဘောအရ ကယ်လိုရမယ်"

ရဲတပ်ကြပ်မောင်ကျော် အဖြစ်စုံ...ကိုလည်း ပြောပြသည်ကတော့-

၆

မိုးညှိမြို့နယ်နှင့် ကြို့ပင်ကောက်...မြို့နယ် နယ်စပ်မှာ တည်ရှိသော ဇောမိ...ကုန်းရွာလေး။ လယ်ယာကိုင်းကျွန်း သီး...နှံဖြစ်ထွန်းသည်။ ရွာကလေးက ကြို့ပင်...ကောက်မြို့နှင့်ပိုနီးလို့ ထွက်ကုန်များကို ကြို့ပင်ကောက်မြို့ပွဲရုံများ၌ အများဆုံး သွားရောက် ရောင်းချကြသည်။ ရိုးသား သော ဗုဒ္ဓဘာသာဝင် လယ်သမားယာ သမားများဖြစ်လို့ ကာလသားခေါ်တဲ့ လူဆိုးလူမိုက်တွေနှင့် ပြဿနာမဖြစ်ရန် ကြည့်ရှောင်နေရသည်။ ရွာလေးက အိမ် ခြေ ရာဂဏန်းလောက်ပဲရှိမည်။

ရွာအနောက်ပိုင်းက ဦးလှတင်၊ ဒေါ်အုန်းတို့ရဲ့ တစ်ဦးတည်းသောသမီး အသက် (၂၀) အရွယ် သမီးလေး မလှ ထွေး။ လိမ္မာရေးခြားရှိသလို ရွာမှာ ကွမ်း တောင်ကိုင် အချောအလှစာရင်းဝင်။ မိဘများက တစ်ဦးတည်းသော သမီး လေးမို့ အရိပ်တကြည့်ကြည့် မခိုင်းရက်။ ယာလုပ်ငန်းတွေကို လူငှားတွေနှင့် အ များဆုံးလုပ်သည်။ သမီးလေးကို စိတ် မချလို့ ဘယ်မှမလွှတ်။ မလှထွေး ပျင်း သလိုလိုရှိနေသည်။ ဒီနေ့တော့ ဇောမိ ကုန်းကျေးရွာအုပ်စုကို ရေကင်းရဲစခန်း က ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းရောက် နေကြသည်။ မလှထွေး ရွာအပြင်က ယာစိုက်ခင်းလေးတွေ သွားကြည့်ချင် စိတ်ပေါ်လာသည်။ ခမောက်လေး ဆောင်း၊ တုတ်ကလေးတစ်ချောင်းကိုင် ပြီး စိတ်အေးလက်အေးနှင့် ရွာအရှေ့ပိုင်း ကို ထွက်လာခဲ့သည်။ ရွာအပြင်ဘက် မဝေးလှသောနေရာမှာ မိဘများပိုင် ယာခင်းများရှိသည်။ ယာခင်းထဲရောက် ရှိလာပြီး အောင်မြင်ဖြစ်ထွန်းနေတဲ့ ယာ ခင်းတွေကို မြင်ရတော့ စိတ်ထဲ ကြည်နူး ပျော်ရွှင်သလိုရှိလာသည်။ လက်ဆတ် သော လေကောင်းလေသန့်လေးတွေ ရှူ လိုက်ရင်း သီချင်းလေးများပင် ညည်း လိုက်မိသည်။

*"တောသူဆိုတာ တကယ့်ကို ရိုး တယ်×××နှုတ်ခမ်းနီပါးနီမဆိုး×××ရိုးရိုး သားသားတို့တောသူများ×××ခင်တတ် မင်တတ်ဖော်ရွေတတ်ပါတယ်×××"*

မလှထွေး ကျရောက်လာတော့ မယ့် ဘေးအန္တရာယ်ကို မမြင်။ သူမကို ပိုးပန်းနေသော ရွာလယ်ပိုင်းက ကျွန်း ညိုဖိုးတုတ်ရဲ့တပည့် ညိုကြီး ချောင်း မြောင်းလိုက်လာတာ သတိမထားမိ။ ညိုကြီးက မည်းမည်းတုတ်တုတ်၊ ဗလ ကောင်းကောင်း၊ အရပ် (၅) ပေ (၆) လက်မလောက်၊ အသက် (၃၀) ကျော် မုဆိုးဖို။ မလှထွေး ပေါင်းပင်လေးတွေ တစ်ပင်စနှစ်ပင်စ ဆွဲနုတ်နေတုန်း ညို ကြီး ချုံပုတ်ထဲက ဖြုန်းခနဲထွက်လာတာ တွေ့လို့ မလှထွေးထိတ်လန့်သွားသည်။

"လှထွေး၊ နင်တစ်ယောက်တည်း လား၊ ဘာလာလုပ်တာလဲ"

"ဘာလာလုပ်လုပ် ရှင်နဲ့ဘာဆိုင် လဲ၊ ရှင့်လမ်းရှင်သွားစမ်းပါ"

"လှထွေးကလည်း၊ လေစိမ်းတွေ တိုက်မနေစမ်းပါနဲ့။ ငါက နင့်ကို တကယ် ချစ်တာပါဟ"

"တော်စမ်းပါ၊ နောက်ထပ်မပြော နဲ့ ကျွန်မ မကြားချင်ဘူး။ ပြန်မယ်"

ညိုကြီး မလှထွေး ပြန်မယ့်လမ်း က ပိတ်ဆို့ တားဆီးလိုက်ပြီး မလှထွေး လက်နှစ်ဖက်ကို ဖမ်းဆွဲချုပ်ထားလိုက် သည်။ မလှထွေးပါးစပ်ကို အုပ်ထားပြီး အနီးဆုံး ချုံတောထဲ အတင်းဆွဲခေါ်နေ သည်။ မလှထွေး ဘယ်လိုမှ ရုန်းမရ အော်မရ ယက်ကန်ယက်ကန်နှင့် ပါသွား သည်။ ဒီမြင်ကွင်းကို ယာခင်းအစပ်မှာ ရှိနေတဲ့ အသက် (၁၃) နှစ်အရွယ် နွား ကျောင်းသားလေးဖိုးထွေးက လှမ်းမြင် လိုက်ရသည်။ ဖိုးထွေးကြောက်ကြောက် နှင့် ရွာပြန်ပြေးလေတော့သည်။

"ဘကြီးလှတင်ရေ ဘကြီးလှတင် ကယ်ပါဦး။ အစ်မ မလှထွေးကို ရွာအပြင် ယာခင်းစပ်မှာ ညိုကြီး အတင်းဆွဲခေါ် သွားတာ တွေ့လိုက်ရတယ်"

ဦးလှတင် မျက်လုံးတွေ ပြာဝေ သွားသည်။ ရွာလူကြီး ဦးလှမြ နေအိမ် ရောက်ရှိသွားပြီး အကြောင်းကြားသည်။ လှည့်ကင်းရောက်ရှိနေတဲ့ ရဲတပ်ဖွဲ့ဝင် တွေကို ဆက်သွယ်အကြောင်းကြား သည်။ ရေကင်းရဲစခန်းက ရဲတပ်ကြပ် ဆရာမောင်ကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ ရွာလူကြီးများ၊ ရွာသားများအားလုံး စုရုံးမိကြသည်။ မလှထွေးကို ကယ်တင် ရန် အရေးကြီးသည်။ အားလုံး ကြာသံ ပေးပြီးလိုက်ကြသည်။ မလှထွေးကို ဆွဲ ပြေးမည်ထင်တဲ့ လမ်းကြောင်းအတိုင်း မှန်းဆလိုက်ကြသည်။ ချုံနွယ်ပိတ်ပေါင်း တွေထိုးနေရလို့ ခရီးမတွင်လှ။ အနည်း ငယ် ကြန့်ကြာသလိုရှိနေသည်။

"ဟေး ဟေး၊ လိုက်ဟ လိုက်ဟ"

လူအုပ်ကြီးဆီက ထွက်ပေါ်လာ တဲ့အသံတွေ ပတ်ဝန်းကျင်တစ်ခုလုံး ဆူ ညံစွာထွက်ပေါ်လာသည်။ လူဆိုးညိုကြီး မစားရတဲ့အမဲ သဲနှင့်ပက်ရန် ကြံတော့ ၏။ အားနွဲ့လှသောမိန်းမသားသဘာဝ မလှထွေး ပန်ကောင်းအညွန့်ကျိုးပြီး ညို ကြီးရဲ့ဖျက်ဆီးခြင်းကို ခံလိုက်ရပေသည်။

"ဟေး ဟေး၊ လိုက်ဟ လိုက်ဟ"

ကြာသံပေး၍ လိုက်လာသော လူ အုပ်ကြီးက ပိုမိုနီးကပ်လာသလိုရှိသည်။ ညိုကြီး ရုန်းကန်နေသော မလှထွေးကို ဆွဲပြေးနေလျှင် လူအုပ်လက်က မလွတ် မြောက်နိုင်လို့တွေးမိသည်။ မလှထွေးကို ထား၍ ထွက်ပြေးရန် ဆုံးဖြတ်လိုက် သည်။ ကိုယ်လွတ်ရုန်းထွက်ပြေးသွားတဲ့ ညိုကြီးကို မမိလိုက်ပေမယ့် မလှထွေးကို တောစပ်တစ်နေရာမှာ အင်္ကျီအဝတ်အ စားစုတ်ပြတ်နေပြီး ငိုလျက်သားတွေ့ကြ ရသည်။ သမီးလေးကို ဒီလိုမြင်လိုက်ရ တော့ ဦးလှတင် ရင်မထုမနာ ကြေကွဲ မဆုံးဖြစ်နေသည်။

"သမီးလေးရယ်၊ ဖြစ်မှဖြစ်ရလေ။ ညိုကြီး မင်း ငါ့အကြောင်းသိစေရမယ် ကွ"

ဦးလှတင် ဒေါသတွေပေါက်ကွဲ နေလို့ လူဆိုးထိန်း တပ်ကြပ်မောင်ကျော် ဝင်ရောက် နှစ်သိမ့်လိုက်သည်။

"လာပါ အဘရယ်၊ ကလေးပို စိတ်မကောင်းဖြစ်နေပါ့မယ်။ ကျွန်တော် တို့ရွာလူကြီးအိမ်သွားရအောင်။ အဲဒီကျ မှမေးကြတာပေါ့"

ရဲတပ်ဖွဲ့ဝင်များ၊ ရွာလူကြီးများ၊ ရွာသားအားလုံး ငိုနေတဲ့ မလှထွေးကို ချော့ပြီး ရွာအရှေ့ပိုင်းက ရွာလူကြီး ဦး လှမြ နေအိမ်ခေါ် ခဲ့ကြသည်။ တပ်ကြပ် မောင်ကျော်က -

"ကဲ - သမီး၊ ဘယ်လိုဖြစ်ကြတယ် ဆိုတာ မခြွင်းမချန် ပြောပြ။ ဒါမှ ထိထိ ရောက်ရောက် အရေးယူလို့ရမယ်"

မလှထွေး ဘယ်လိုမှပြန်မပြော၊ ခေါင်းကိုတွင်တွင်ယမ်းပြီး ငိုလျက်သာ



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

ရွာလူကြီး ဦးလူမြက -

"သမီး၊ အဘတို့လည်း စိတ်မကောင်းပါဘူးကွယ်။ ဖြစ်တာကို ပြောပြမှ ရဲတပ်ဖွဲ့က ထိထိရောက်ရောက် အရေးယူနိုင်မှာပေါ့"

"ဟင့် ဟင့်၊ ကျွန်မ ကျွန်မကို"

မလှထွေးအသံဆက်မထွက်တော့ ရှိုက်ကြီးတငင်ငိုချလိုက်သည်။ မလှထွေးကို ရဲတပ်ဖွဲ့ဝင်များနှင့် ရွာလူကြီးတွေ ချော့မေးနေတုန်း လှေကားမှ လူတစ်ယောက်တက်လာတာ တွေ့ရသည်။ ကြည့်လိုက်တော့ ကျွန်းညိုဖိုးတုတ်။ အနွေးထည်အစိမ်းရောင်ကို ဝတ်ထားသည်။ အရက်အတော်မူးလာပုံရသည်။ ဒယီးဒယိုင်နှင့် ရွာလူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များထိုင်နေတဲ့ ဝိုင်းအလယ်ကောင်တည့်တည့်မှာ လက်ဖက်ပွဲတစ်ပွဲလို တင်ပျဉ်ခွေချိတ်ပြီး ခပ်တည်တည်ထိုင်ချလိုက်သည်။ မျက်နှာက အရက်ရှိန်ကြောင့် နီမြန်းနေသည်။ ဗိုလ်ကျတဲ့ အပြုအမူ၊ မထီလေးစားအပြုအမူမျိုး အမှုအရာသာ မဟုတ်သေး။ မလှထွေးကို စိုက်ကြည့်လိုက်ပြီး ပခုံးကို ခပ်ကြမ်းကြမ်းလေး ဆောင့်တွန်းလိုက်ရင်း -

"ဟဲ့ကောင်မ၊ ဘာလို့စကားမပြောတာလဲ။ ညီကြီးက ငါ့တပည့်၊ နင်သဘောတူလို့ လိုက်သွားတာ မဟုတ်လား။ ငြိမ်တုန်းကငြိမ်နေပြီး ခုမှဘာအ,နေတာလဲ"

ဗိုလ်ကျစော်ကားလာတဲ့ ကျွန်းညိုဖိုးတုတ်နှင့် ပြဿနာမဖြစ်ချင်လို့ ရွာလူကြီး ဦးလူမြက -

"ဖိုးတုတ်ရာ၊ ဒီမှာ ရွာလူကြီးတွေ မေးနေတယ်။ မင်းအေးအေးဆေးဆေး ပြန်ပါကွာ"

ချော့မော့၍ပြန်လွှတ်သော်လည်း အရက်အလွန်အကျွံမူးနေတဲ့ ဖိုးတုတ်ကို တားမရတော့။ဖိုးတုတ် မလှထွေးကို ပခုံးတစ်ချက် ထပ်မံ ဆောင့်တွန်းလိုက်ပြန်သည်။

"ဟဲ့ကောင်မ၊ ငါ့ကို ဘာလို့ပြန်မပြောတာလဲ။ နင်သဘောတူလို့ လိုက်ပြေးတာမဟုတ်လား"

အခြေအနေက အတော်ဆိုးနေပြီ။ လူဆိုးထိန်း တပ်ကြပ်မောင်ကျော် အခြေအနေကို ဝင်မထိန်းလို့ မရတော့။

"ဖိုးတုတ်ရာ၊ မင်းမူးနေရင် အေးအေးဆေးဆေးပြန်ပါကွာ။ ဒီမှာ တာဝန်ရှိလူကြီးတွေရှိပါတယ်။ မင်းဝင်မပါပါနဲ့"

ကျွန်းညိုဖိုးတုတ် အရမ်း ဒေါပွသွားသည်။ ၎င်းကို ဖိုးတုတ်လို့ ခေါ်ရမလား၊ မူးနေတယ်ပြောရမလား။ အနွေးထည်ထဲကဝှက်ယူလာတဲ့ စစ်သုံးလှံစွပ်ကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။ ချော့မော့ပြောနေတဲ့ ရဲတပ်ကြပ် မောင်ကျော်ကိုထိုးရန် တစ်ဟုန်ထိုးပြေးလာသည်။ မောင်ကျော် တွေဝေသွားသည်။ (၁၀) ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ စုံပြုံရောက်နေတဲ့ ရွာလူကြီးတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ဘယ်လိုမှရှောင်တိမ်းလို့ မရတော့။ မခုခံလျှင် အသက်ဘေးအန္တရာယ်ကျရောက်နိုင်သည်။ မောင်ကျော် မတတ်သာသည့်အဆုံး ရိုင်ဖယ်သေနတ်ကို မောင်းတင်ပြီး ကျွန်းညိုဖိုးတုတ်ကို ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ကျယ်လောင်စွာ ပေါက်ကွဲမြည်သံနှင့်အတူ ဖိုးတုတ် ရင်ဝတည့်တည့် ထိမှန်ပြီး ဟပ်ထိုးလဲကျသွားသည်။ သွေးတွေ ဖြာဝေလွင့်စဉ်ကျလာသည်။ ရွာလူကြီးဦးလူမြ နေအိမ်ပေါ်မှာ အခြေအနေကား ရုတ်ရုတ်သဲသဲ။ အော်ဟစ်ပြေးလွှားဆူညံနေကြသည်။ ရင်ဝကိုသေနတ်ထိမှန်သွားတဲ့ ဖိုးတုတ် လဲကျနေရာမှ သွေးရူးသွေးတန်း ကုန်းရုန်းထလာ၏။ လက်ထဲမှလှံစွပ်ကလွှတ်မကျ။ တွေ့သမျှမြင်သမျှ ရွာလူကြီးအားလုံးကို လိုက်ထိုးတော့သည်။ ခုန်ချလို့လည်းမရ၊ ရှောင်တိမ်းလို့လည်းမရတဲ့ အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ စုပြုံခံနေကြသည်။

မောင်ကျော် ဆုံးဖြတ်ချက်တစ်ခု ထပ်မံချလိုက်ရသည်။ ဒီအတိုင်းဆို လူဆိုးလက်ချက်နှင့် ရွာလူကြီး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးထက်မက ဘေးအန္တရာယ်ကျရောက်တော့မည်။ ထပ်မံခုခံကာကွယ်မှ ရတော့မည်။ နောက်ထပ် သေနတ်တစ်ချက်ပစ်လိုက်သည်။

"ဒိုင်း"

နောက်တစ်ချက်က ကျွန်းညိုဖိုးတုတ်၏ဝမ်းဗိုက်တည့်တည့်ထိမှန်ပြီး ဖိုးတုတ် လဲကျငြိမ်သက်သွားတော့သည်။ အိမ်ခန်းလေးထဲမှာ သွေးများမြင်မကောင်းအောင် အိုင်ထွန်းလျက်ရှိနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အရုပ်ဆိုးအကျည်းတန်စေခဲ့ပြီ။ မလှထွေးအတွက် ရွာသားအားလုံး စိတ်မကောင်းဖြစ်နေကြရတဲ့အထဲ ပြဿနာထပ်ပေါ်လာရပြန်သည်။ လူဆိုးဖိုးတုတ်အလောင်းကို ရှာလိုက်တော့ လက်နက်မျိုးစုံ ထွက်လာသည်။ ရိုးသားလှတဲ့ တောသူတောင်သားတွေအပေါ် အမြဲတမ်း ဗိုလ်ကျအနိုင်ယူခဲ့တဲ့ ဖိုးတုတ်၊ လူတိုင်းကို စားစရာ သမင်လေးတစ်ကောင်လိုမြင်ခဲ့တဲ့

လူသတ်မှုဆိုးဖိုးတုတ် ဒီတစ်ခါတော့ အတွက်မှားသွားခဲ့လေပြီ။ ခုသူရင်ဆိုင် နေရတာက သားသမင်မဟုတ် ကျား ဘုရင်။ မိုက်ပေ့၊ ဆိုးပေ့ဆိုတဲ့ လူဆိုး လူမိုက်တွေကို နှိမ်နင်းနေတဲ့ ဥပဒေရဲ့ ဘက်တော်သား ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျားဘုရင်ကို သားသမင်လို့ အထင်မှား ခဲ့တဲ့ဖိုးတုတ်။ ၎င်းရဲ့ကံကြမ္မာအတိုင်း ဇာတ်သိမ်းမလှဖြစ်ခဲ့ရပြီ။

ရဲအုပ် အောင်နိုင် တပည့်ဖြစ်သူ မောင်ကျော် ပြန်လည်ပြောပြတာတွေ နားထောင်ရင်း ရုပ်ပျက်ဆင်းပျက် သေ ဆုံးသွားခဲ့ရတဲ့ လူဆိုးကျွန်းညိုဖိုးတုတ် ထွက်ပြေးလွတ်မြောက်သွားတဲ့ ၎င်းရဲ့ တပည့် လူဆိုးညိုကြီးတို့ကြောင့် ရိုးသား လှတဲ့ ရွာသူရွာသားအားလုံး ကိုယ်စိတ် နှစ်ပါးဆင်းရဲကြပုံကိုတွေ့ပြီး ဆက်စ အတွေးလေး ပေါ်လာသည်။

မန်လည် ဆရာတော်ဘုရားကြီး ၏ မဃဒေဝလင်္ကာသစ်ထဲမှာ-

*'ပညာရှိသူ လူတို့ရောက်ရာ တိုင်း ပြည်ရွာကား ကောက်ပင်မြက်သစ် ... ကြောင်းဖြစ်သား ခုနစ်နှစ်လီ ရက်ည သွန်းဖြိုး ရွာသည့်မိုးသို့ လူမျိုးတတ ချမ်းသာရာ၏'*

ခုနစ်ရက်ခုနစ်လီ မှန်မှန်ရွာသွ သောမိုးကြောင့် ကောက်ပင်တို့ ရှင်သ ကြီးထွားစေသကဲ့သို့ ပညာရှိတို့ ရော ရာအရပ်သည် ပညာရှိကိုအမှီရ၍ ချမ်း သာစေသည်။ ဒီလိုဆို လူဆိုးလူမိုက် ရောက်ရာအရပ်သည် ဆန့်ကျင်ဘ ဖြစ်ပေလိမ့်မည်။ လူတကာတို့ ချမ်းသာ မှုမရဘဲ ကိုယ်စိတ်ဆင်းရဲခြင်းအမှ သာရကြမယ်ဆိုတာ ကိုယ်တွေ့ကြုံ လေပြီ။ ရဲအုပ်အောင်နိုင် မောင်ကျေ ကို ကြည့်လိုက်ပြီး-

"ဒီမှာ တပည့်၊ လူဆိုးလူမိုက်တ ကြောင့် တို့ရဲ့တာဝန်ကျေတဲ့ရဲတပ်ဖွဲ့ဝ တစ်ဦး ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင် ဘူး။ မင်းဥပဒေနဲ့ကာကွယ်ခုခံပိုင်ခွင့် ရမယ်။ ငါတာဝန်ရှိလူကြီးတွေကို တ ပေးမယ် ဘာမှအားမငယ်နဲ့။ လောလေ ဆယ် ငါတို့နဲ့ ရေကင်းရဲစခန်းပြန်လို ခဲ့"

အားပေးစကားပြောလိုက်သည်။

ကြို့ပင်ကောက်ရဲစခန်းက လူဆိ ညိုကြီးကို ဖမ်းဆီးထားကြောင်း ဆ သွယ်အကြောင်းကြားလာသည်။ အခြ အနေတွေအားလုံး ငြိမ်သက်လာပြီမို့ ရွ လူကြီးရွာသားအားလုံးကို အားပေး သိမ့်စကားပြောပြီးပြန်ခဲ့ရာ ရေကင် စခန်းသို့ ည (၁၀) နာရီကျော်မှ



www.burmeseclassic.com

www.burmeseclassic.com

သည် ရောက်ရှိခဲ့ကြသည်။ လူဆိုးလူမိုက်ရန်ကို ခုခံကာကွယ်ရင်း ဖြစ်သွားရတာ မှန်ပေမယ့် ကိုယ့်လူကို အကာအကွယ်ပေးတယ်လို့ အများအထင်ခံရသည်။ ကာကွယ်ခုခံပိုင်ခွင့်ဆိုတာ ရုံးတော်ရောက်မှတင်ပြရပေမည်။ ခုလောလောဆယ်တော့ တပ်ကြပ်မောင်ကျော်ကို အများအမြင်ရှင်းစေရန် အမှုဖွင့် ချုပ်ထားရတာကို ရဲအုပ်အောင်နိုင် စိတ်မကောင်းဖြစ်နေမိသည်။

၂၆

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းများစွာ ကျရောက်ခဲ့ရသည်။ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအနေနှင့် အုပ်ချုပ်မှုခံခဲ့ရသည်။ ရာဇဝတ်မှုခင်းများကို အိန္ဒိယရာဇသတ်ကြီးဥပဒေနှင့် ပြဋ္ဌာန်းအုပ်ချုပ်ခဲ့သည်။ ခေတ်နှင့်မဆီလျော်၍ အိန္ဒိယရာဇသတ်ကြီးဥပဒေကို ပြစ်မှုဆိုင်ရာဥပဒေဟု ပြင်ဆင်ခဲ့သည်။ ဒါပေမယ့် အခေါ်အဝေါ်အချို့ကလွဲပြီး ပုဒ်မများ၊ ပြစ်မှုမြောက်စေသော အင်္ဂါရပ်များ၊ ပြစ်မှုပြစ်ဒဏ်များ ယခင်အတိုင်းပင် ရှိနေသည်။ ယနေ့တိုင် ကျင့်သုံးနေရဆဲ ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၀၀) ၌ ကာကွယ်ခုခံပိုင်ခွင့်နှင့် ပတ်သက်ပြီး ကင်းလွတ်ရမြဲ အချက်(၆)ချက် ဖော်ပြထားသည်။ ရဲအရာရှိများက အတိုကောက် 'သေ၊ နာ၊ မု၊ မေ၊ ခိုး၊ ချုပ်လေ' ဟု ကဗျာလေးလုပ် ကျက်မှတ်ထားကြသည်။ အကျဉ်းတင်ပြပါမည်။

(က) မကာကွယ် မခုခံလျှင် သေရမည့်အကြောင်းရှိသည့် လက်ရောက်မှု၊

(ခ) မကာကွယ် မခုခံလျှင် အပြင်းအထန် နာကျင်ခံရမည့် လက်ရောက်မှု၊

(ဂ) မုဒိမ်းကျင့်ရန်အကြံအစည်နှင့် ကျူးလွန်သည့် လက်ရောက်မှု၊

(ဃ) ကာမရာဂကို ဓမ္မတာအတိုင်း မဟုတ်ဘဲ ရောင့်ရဲအောင် ပြုလုပ်ရန်ကြံစည်သည့် လက်ရောက်မှု၊

(င) လူကိုခိုးယူရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊

(စ) မတရားချုပ်နှောင်ရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု ဟူ၍ဖြစ်သည်။

ရဲအုပ်အောင်နိုင် ဗောဓိကုန်းရွာလေး၌ဖြစ်ပွားခဲ့သောဖြစ်စဉ်ကို အချက်အလက် အကိုးအကားများနှင့် အထက်အဖွဲ့အစည်းအားလုံးသို့ ပြည့်ပြည့်စုံစုံ တင်ပြထားခဲ့သည်။ ဖါတီကောင်စီခေတ်မှာ အာဏာပိုင် အဖွဲ့အစည်းသုံးရပ်ထဲမှ တရားသူကြီးအဖွဲ့သည် တရားရေးဝန်ထမ်းတွေလောက် ဥပဒေမနှံ့စပ်ပေမယ့် အခြေအနေဖြစ်ရပ်မှန်ကို ပိုမိုသိကြသူများ ဖြစ်သည်။ မောင်ကျော်ရဲ့ အမှုကို ရုံးတင်စစ်ဆေးခဲ့လေပြီ။ အခင်းဖြစ်အရပ်မှာရှိနေသူ ရဲတပ်ဖွဲ့ဝင်များ၊ ရွာလူကြီးများရဲ့ ထွက်ဆိုချက်တွေက ပီပြင်လှသည်။ လူဆိုးကျွန်းညိုဖိုးတုတ်နှင့် ညိုကြီးတို့၏စရိုက်လက္ခဏာများ၊အချင်းဖြစ်ပွားခဲ့ရပုံ၊ ရွာသူကြီးဦးလှမြနေအိမ်ရဲ့ မရှောင်မတိမ်းနိုင်သော အနေအထား၊ မောင်ကျော်သာ မကာကွယ်ခဲ့လျှင် ရွာလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်တို့ အသက်ဘေးအန္တရာယ်နှင့် အပြင်းအထန် နာကျင်စေမှုကျရောက်နိုင်ပုံ၊ မောင်ကျော် မလွှဲမရှောင်သာ၍ သေနတ် (၂) ချက် ပစ်ရသော်လည်း ကာကွယ်ခုခံပိုင်ခွင့်ကို ပိုမိုအသုံးပြုသည် မဆိုသာကြောင်း အချက်အလက်များ ပေါ်လွင်ခဲ့လေသည်။ မောင်ကျော် ကာကွယ်ခုခံပိုင်ခွင့် ဥပဒေအခွင့်အရေးရပြီး အမှုကွင်းလုံးကျွတ် တရားသေလွတ်မြောက်သွားခဲ့သည်။မူလရာထူးနှင့် (Back Pay) လစာများ ပြန်လည်ရရှိခဲ့သည်။ ဒီလိုပဲဖြစ်ရမယ်လေ။ အဂတိတရားကင်းကင်းနှင့် ပြည်သူတွေရဲ့ဘဝ လုံခြုံအေးချမ်းမှုကို အခြေအနေမျိုးရောက်သွားလျှင် တရားဥပဒေစိုးမိုးမှုကို ရနိုင်ပါ့မလား။

ဒီနေ့ ရုံးပိတ်ရက်။ တနင်္ဂနွေနေ့ ရုံးပိတ်ရက်ပေမယ့် အရေးကြီးတဲ့ ရုံးလုပ်ငန်းတွေရှိနေလို့ ရုံးတက်ရပေဦးမည်။ မနက် (၁၀) နာရီခန့် အလုပ်တာဝန်တွေနှင့် ပင်ပန်းနွမ်းနယ်နေလို့ နေအိမ်ရှိ ပက်လက်ကုလားထိုင်ပေါ်မှာ ခေတ္တထိုင်နားနေတဲ့ ရဲအုပ်အောင်နိုင် ခြေသံကြားလို့ ကြည့်လိုက်တော့ တပ်ကြပ်မောင်ကျော်နှင့် ဇနီးဖြစ်သူတို့ သားငယ်လေးတစ်ဦးဆွဲပြီး အိမ်ပေါ်တက်လာတာတွေ့ရသည်။

"မြို့နယ်မှူးကြီးခင်ဗျား၊ ကျွန်တော်လာကန်တော့တာပါ"

"အေး အေး၊ တပည့်တို့ ထိုင်ကြကွာ"

"ကာယကံ၊ဝစီကံ၊မနောကံအပြစ်များရှိရင် ခွင့်လွှတ်ပါ ခင်ဗျား"

တပ်ကြပ်မောင်ကျော်နှင့်မိသားစု လက်အုပ်ချီကန်တော့ကြသည်။

"အေး ငါ့တပည့်၊ ရာထူးတွေအဆင့်ဆင့်တိုးတက်ပြီး ပြည်သူတွေရဲ့ဘဝ လုံခြုံအေးချမ်းအောင် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ တာဝန်တွေထမ်းဆောင်နိုင်ပါစေ။ ကောင်းတဲ့လိုအင်ဆန္ဒများ ပြည့်စုံကြပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

ရဲအုပ်အောင်နိုင် ဘေးအန္တရာယ်အပေါင်းကလွတ်မြောက်သွားတဲ့ တပည့်ဖြစ်သူနှင့် မိသားစုအတွက် ဝမ်းသာနေမိသည်။ ကန်တော့ပြီး ပြန်သွားတဲ့ တပည့်ဖြစ်သူနှင့် မိသားစုကို ငေးမောကြည့်ရှုရင်း အတွေးလေးဝင်လာသည်။ အရာရာတိုင်းတွင် တစ်ကိုယ်ကောင်းစိတ်ထား၊ ဒေါသအာဃာတစိတ်ထား၊ ရက်စက်ကြမ်းကြုတ်သော စိတ်ထားတို့သည် ဉာဏ်ပညာအမြော်အမြင်ကင်းမဲ့ရာမှ ဖြစ်ပေါ်လာရသည်။ သတ္တဝါတို့၏ အစကိုသော် လည်းကောင်း၊ အဆုံးကိုသော် လည်းကောင်း မြင်နိုင်အပ်သည် မရှိ။ အဝိဇ္ဇာဖုံးလွှမ်းလျက် တဏှာဖြင့် ချည်နှောင်ခံရပြီး တဝဲလည်လည် ပြေးသွားကျင်လည်နေကြရလေသည်။ တိုတောင်းလှတဲ့ လူ့ဘဝ၊ မီးမျိုးစုံတောက်လောင်ပြီး မဆင်းရဲချင်ဘဲ ဆင်းရဲကြရသည်။ မကြုံဆုံလိုပေမယ့် ဒုက္ခမျိုးစုံ ကြုံဆုံကြရသည်။ ကိလေသာအညစ်အကြေးဟူသမျှကို စွန့်လွှတ်ခြင်း၊ တဏှာကို ငြိမ်းသတ်ခြင်းတို့ဖြင့် ထာဝရငြိမ်းအေးချမ်းသာမှုကိုရာရပေမည်။ အဟုတ်အမှန်ကို မသိမြင်မှု၊ အဝိဇ္ဇာအမှောင်တိုက်ကြီးကို ဖြိုခွင်းနိုင်ရန် အမှန်ကိုသိမြင်မှု၊ ဝိဇ္ဇာ တည်းဟူသော ဆီမီးတိုင်ကြီးကို ထိန်ထိန်ညီးညီး မြဲမြဲစွာ ကိုင်ဆွဲထွန်းညှိလျက် မြတ်ဗုဒ္ဓလမ်းညွှန်ရာ မဂ္ဂင် (၈) ပါးလမ်းကြောင်းပေါ်မှာ ဉာဏ်၊ ဝီရိယတို့နှင့် ကြိုးစား တည်မတ်စွာ လျှောက်ပါမှ ဒုက္ခအပေါင်း ချုပ်ရာငြိမ်းရာ၊ ခန္ဓာအစဉ်နှင့် ဘဝတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်။ သစ္စာတရားတို့ကို ကိုယ်တိုင် ကြိုးစားရှာဖွေကြမှ ဘဝရဲ့လွတ်မြောက်မှုကိုရကြမည်။

လူသားအားလုံး မှီတင်းနေထိုင်ကြတဲ့ ဒီကမ္ဘာကြီးမှာ လူဆိုးလူမိုက်တွေကြောင့် အပြစ်မဲ့ပြည်သူတွေ ဆင်းရဲဒုက္ခပေါင်းစုံရောက်နေကြရတာ မြင်တွေ့နေရသည်။ မြင့်မြတ်သော လူသားတစ်ယောက်ဖြစ်ရန် အရည်အချင်း နှစ်ရပ်လိုသည်။ ကရုဏာရှိသော်လည်း ဉာဏ်ပညာမဲ့က သဘောပြည့်သည့် လူ့ဗာလကြီးအဖြစ်သို့ ရောက်ရှိသွားမည်။ ဉာဏ်ပညာရှိသော်လည်း ကရုဏာကင်းမဲ့က ရက်စက်ကြမ်းကြုတ်သော ဉာဏ်ကြီးရှင်ဖြစ်သွားမည်။ ကရုဏာ၊ ပညာ နှစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

# လောကီကျမ်းလာ ရှေးဟောင်းပညာရပ်များ

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

**အိမ်နှင့်သစ်ပင် ရှောင်စေချင်**

မိမိအိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ အိမ်၏, ကျောင်း၏ အလယ်အတွင်း၌သော် လည်းကောင်း၊ အထက်၌သော် လည်းကောင်း၊ အပြင်အပ အနီးဝန်းကျင်၌သော် လည်းကောင်း ဓာမိပင်၊ သပြေဖင်၊ ကံ့ကော်ပင်တို့ ပေါက်ရောက်ခဲ့ပါမူ ထိုအိမ်ရှင်နှင့် ကျောင်းရှင်တို့သည် ထိုသစ်ပင်များကို တာရှည်စွာမထားပါနှင့်။ ထိုသစ်ပင်တို့၏အရိပ်သည်လည်း အိမ်နှင့်ကျောင်းကို မလွှမ်းမိုးစေအပ်ပါ။

အချိန်ကာလ တာရှည်ထား၍ ၎င်းသစ်ပင်တို့၏အရိပ်သည် ကျောင်း၊ အိမ် စသည်တို့ကို ဖုံးလွှမ်းကျရောက်ခဲ့ပါလျှင် အိမ်ရှင်၊ ကျောင်းရှင်တို့သည် ပျက်စီးပြုန်းတီးခြင်းသို့ ရောက်တတ်ပေသည်။

*(သတိရှိကြ၊ ရှောင်ကြဉ်ကြပါလေ။)*

**တစ်နည်း**

အိမ်ရှေ့, ကျောင်းရှေ့က ညောင်ပင်၊ တောင်ဘက်က ၎က်ပျောပင်၊ အနောက်ဘက်က လက်ပံပင်နှင့် မြောက်က ရေသဖန်း မစိုက်ကောင်း။ ဝေးစွာရှောင်း။

**အပေး အငှား သူတစ်ပါး ဝေးစွာရှောင်ရှားဉာဏ်နေ့များ**

**တနင်္ဂနွေနေ့**

သူတစ်ပါးကို ပုဆိုး, ထဘီ မငှားကောင်း၊ မပေးကောင်း။ ရှောင်ပါ။

**တနင်္လာနေ့**

လက်ဝတ်တန်ဆာ မငှားရာ၊ မပေးရာ။ ပေးမိ၊ ငှားမိလျှင် ကွဲ, နွား ပျက်စီးအံ့။

**အင်္ဂါနေ့**

သူတစ်ပါးကို မည်သည့် ဝတ္ထုပစ္စည်းကိုမျှ မပေးကောင်း။

**ဗုဒ္ဓဟူးနေ့**

သူတစ်ပါးကို စပါးမပေးကောင်းပါ၊ မချေးကောင်းပါ။

**ကြာသပတေးနေ့**

သူတစ်ပါးကို ရွှေ ငွေ မပေးရ။ မချေးရ။

**သောကြာနေ့**

သူတစ်ပါးကို နွား, ကွဲ မပေး၊ မငှားရ။

**စနေနေ့**

သူတစ်ပါးကို အစေအပါးနှင့်တကွ ဥစ္စာဟူသမျှ မပေးကောင်း၊ မငှားကောင်း။

**ခုနစ်နေ့သား လုပ်စီးပွား ရင်းစားပြုရန် ဉာဏ်သို့ကြံ**

တနင်္ဂနွေသားသမီးများ ရွှေငွေ ဥစ္စာဟူသမျှ စီးပွားရင်းစားကောင်း၏။

တနင်္လာသားသမီးများ ကုန်သွယ်စီးပွားလုပ်ဆောင်အပ်၏။

အင်္ဂါသားသမီးများ ကွဲ၊ နွား၊ မြင်း စသည်တို့နှင့် ရင်းစားရအပ်၏။ မွေးမြူအပ်၏။

ဗုဒ္ဓဟူးသားသမီးများ ဆိတ်၊ ဝက် မွေးမြူအပ်၏။

ကြာသပတေး သားသမီးများ ဥယျာဉ်၊ လယ်ယာ လုပ်ကိုင်အပ်၏။

သောကြာသားသမီးများ စာပေအတတ်ပညာကို ကြိုးစား အားထုတ်သင်ပါက ပညာအကျိုးကို ခံစားရအံ့။

စနေသားသမီးများကား အသက်မရှိသော ရွှေငွေတို့ကို ရင်းစားပြုအပ်၏။

**ကျီကြုအတွင်း စပါးသွင်းရာ၊ မသွင်းရာ နေ့အခါ**

မိမိပိုင်ထား စပါးများကို ကျီကြုအတွင်း သွင်းသည့်အခါ ရှေးပညာရှိများ ဆိုရိုးစကားထားခဲ့သည်မှာ-

တနင်္ဂနွေနေ့၌ ကျီကြုအတွင်း စပါးသွင်းလျှင် ထားသူတို့မှာ သမုဒ္ဒရာသော်လည်း ခန်းရာ၏။

တနင်္လာနေ့၌ ကျီကြုထဲမှာ စပါးထားလေ မြစ်ရေသော်လည်း ခန်းရာ၏။

အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့တွင် ကျီကြုဆောင်ထဲ သို့လှောင်စပါး ထားမည်ကြံက သူတစ်ပါးအပ်နှံ ပစ္စည်းမှန် ဆို၍ထားရာ၏။

ကြာသပတေးနေ့တွင် သို့လှောင်စပါး ကျီထဲထားက နှစ်ပါးအကျိုး ဆတိုးပွားရာ၏။

သောကြာနေ့၌ ကျီကြုအဆောင် စပါးလှောင်မူ အကျိုးတစ်ဆောင်အောင်ရာ၏။

စနေနေ့၌ ကျီကြုထဲသို့ စပါးပိုကိုသွင်းလိုမူကား အကျိုးလေးပါး ရရာသည်။

**အသုဘအိမ်၌ ရန်ခိုက်ဒေါသမဖြစ်ရ**

အသုဘအိမ်တွင် အသုဘအလောင်းရှိနေစဉ် ရန်ခိုက်ဒေါသဖြစ်ခြင်းကို မပြုလုပ်အပ်။ ထိုသို့ပြုလျှင် အိမ်ရှင်တို့ ပူပင်သောကရောက်ရခြင်း၊ ပျက်စီးတတ်ခြင်းများ ဖြစ်တတ်ကုန်၏။ အကယ်၍ ရန်ခိုက်ဒေါသဖြစ်မိလျှင် ထိုအသုဘ အလောင်းကို နေမွန်းလွဲအခါ သုသာန်သို့ ယူဆောင်သင်္ဂြိုဟ်ရမည်ဟု လောကီကျမ်းတွင် ပါရှိ၏။ သတိပြုကြလေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ပြည့်သော မြင့်မြတ်သော လူသားတွေများများပေါ် ထွန်းမှ လောကကောင်းကျိုးကို ဖော်ဆောင်နိုင်ပေမည်။

*'ပညာကရုဏာပြည့်စုံပါမှ*
*မြင့်မြတ်သောသူ*
*ခေါ် ထိုက်ဟူတည့်။*
*တစ်ခုချို့လျှင် ဗာလသွင်မို့*
*မြင့်မြတ်လူသား ပေါ်ထွန်းငြားမှ*
*လူမျိုးတကာ ချမ်းသာရာ၏'*

ဒီကမ္ဘာမြေပြင်မှာ လူဆိုးလူမိုက်၊ လူယုတ်မာတွေ ဆိတ်သုဉ်းပြီး ကရုဏာနှင့် ပညာ နှစ်မျိုးစလုံး ပြည့်ဝသော သူတော်ကောင်းများ၊ လူပုဂ္ဂိုလ်များ များများပေါ် ထွန်းလာပြီး ပြည်သူအများ လိုလားတဲ့ တရားဥပဒေစိုးမိုးခြင်းနှင့် အတူ တည်ငြိမ်အေးချမ်းသာယာတဲ့ ဘဝတွေကို ဖော်ဆောင်ပေးနိုင်ပါစေလို့ ဆုတောင်းပေးနေမိပါတော့သည်။

**မှတ်ချက်**

*ဖြစ်ရပ်မှန်ဇာတ်လမ်းလေးအား ပြုပြင်ထားပါသည်။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ရည်ရွယ်၍ ရေးဖွဲ့ပါသည်။*

မကောင်းမှုရှောင်၊
ကောင်းမှုဆောင်နိုင်ကြပါစေ။
မောင်စိန်ဝင်း (ရွှေမြို့သစ်)



www.burmeseclassic.com

www.burmeseclassic.com

# ဘုရင့်နောင်မင်းတရားကြီး၏ အဆက်အနွယ်များ

## ကျော်ခိုင်ခန့်



ဘောမင်းကြီး မောင်ရွှေပြုနှင့်ဇနီး၏ သားအငယ်ဆုံး မစ္စတာရွှေချင်းပြု

ဟံသာဝတီ (ယခု-ပဲခူးမြို့) မင်းနေပြည်တော်၏ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဘုရင့်နောင်မင်းတရားကြီးသည် အေဒီ ၁၆ ရာစုက ယင်း၏ ယောက်ဖ တော်စပ်သူ တပင်ရွှေထီးဘုရင် နန်းကျပြီးနောက်ပိုင်းတွင် ဒုတိယမြန်မာနိုင်ငံတော်ကို ကြီးမားကျယ်ပြန့်အောင် ကြိုးပမ်းလုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဘုရင့်နောင်မင်းကြီးသည် ယင်း၏လက်ထက်တွင် နိုင်ငံတော်အဝန်းကို ကြီးမားကျယ်ပြန့်အောင် ဆောင်ရွက်ခဲ့သည်သာမက အခြားသော တိုင်းနိုင်ငံများစွာနှင့်လည်း ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူ ဖြစ်၏။ ဘုရင့်နောင်မင်းကြီး၏ အဆက်အနွယ်များသည် တန်ခိုးသြဇာနှင့် လုပ်ဆောင်ရည်မြင့်မား ကျယ်ပြန့်ခဲ့သော်လည်း ၁၅၉၉ ခုနှစ်တွင် နန်းတက်သော နန္ဒဘုရင်လက်ထက်တွင် ကျဆင်းလာခဲ့သည်။ သို့သော်လည်း ဘုရင့်နောင်မင်းတရားကြီး၏အဆက်အနွယ်များသည် မြန်မာပြည်တွင်း၌မဟုတ်ဘဲ အခြားသော တိုင်းပြည်များတွင် မြင့်မားသောနေရာဌာနများ၌ ရပ်တည်ထင်ရှားလျက် ရှိသည်ကို တွေ့မြင်ရသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ၁၅၈၁ ခုနှစ်၌ နတ်ရွာစံသည်။ မိဖုရားခေါင်ကြီးမှ မွေးဖွားသော နန္ဒဘုရင်သည် ဟံသာဝတီထီးနန်းကို ဆက်လက်စိုးစံသည်။ နန်းတက်ပြီး (၁၈) နှစ်အကြာတွင် မင်းကျင့်တရားနှင့်မညီသော နန္ဒဘုရင်သည် တောင်ငူနှင့် ရခိုင် စစ်ဖြစ်ကြရာတွင် နန္ဒဘုရင် စစ်ရှုံးသည်။ နန္ဒဘုရင်၏သားတော်တို့ကို ရခိုင်ဘုရင် မင်းရာဇာကြီးက စစ်သုံ့ပန်းအဖြစ် ဖမ်းခေါ်သွားသော်လည်း တလေးတစားဖြင့် အဆင်ပြေစွာ ထားရှိသည်။ မင်းရာဇာကြီးသည် နန္ဒဘုရင်၏သမီးတော် ခင်မနှောင်းကို မိဖုရားမြှောက်သည်။ နန္ဒဘုရင်၏သားတော် စောပန် (ဘုရင့်နောင်မင်းကြီး၏မြေး) ကို သမီးတော်နှင့်လက်ဆက်စေပြီး စစ်တကောင်းအနောက်ပိုင်း ဘောမောင်း (Bohmong) ခရိုင်ကို အုပ်ချုပ်ရန် စေလွှတ်သည်။ စောပန်ကို 'ဘောမောင်းကြီး' ဟု ခေါ်ဝေါ်ကြသည်။ အဓိပ္ပာယ်မှာ ဘောမောင်းဒေသ၏အရှင်သခင် ဖြစ်သည်။ ယင်းဒေသသို့ မွန်ဂို (Mongul) နှင့် ပေါ်တူဂီများက ကျူးကျော်သိမ်းပိုက်ရန် ကြိုးစားလာကြသော်လည်း ဘောမောင်းသခင် မောင်စောပန်သည် ယင်းတို့၏ကျူးကျော်မှုကို စီမံခန့်ခွဲပြီး တွန်းလှန်နိုင်ခဲ့သည်။

ဘောမောင်းကြီး စောပန်သည် ၁၆၁၄ ခုနှစ်မှ ၁၆၃၀ ပြည့်နှစ်အထိ ဘောမောင်းဒေသကို တရားနှင့်အညီ မင်းပြုသည်။ ဘောမောင်းကြီးစောပန် နတ်ရွာစံပြီးနောက် သားတော် ဘောမင်းကြီး ပါလဲပြု (Bohmin Gree Palei Prue AD 1630-1665 ) က ဖခင်၏အရိုက်အရာကိုဆက်ခံသည်။ ယင်းနောက် ဘောမင်းကြီးပါလဲပြု၏သားတော် ဟာရီပြု (Hari Prue AD 1665-1687) ထီးနန်းဆက်ခံသည်။ ယင်းနောက် ဟာရီညို (Hari Nyo AD 1687-1727)၊ ဟာရီညို နတ်ရွာစံပြီးနောက် မြေးတော် ကောင်းလှပြု (Káung Hla Prue AD 1727-1811 ) ထီးနန်းဆက်ခံသည်။

ဘောမောင်းကြီး ကောင်းလှပြုနှင့် ခေတ်ပြိုင်မင်းတစ်ပါးမှာ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်မင်းဆက်) ကို ထူထောင်သူ အလောင်းမင်းတရားကြီး (အေဒီ ၁၈၁၁-၁၈၄၀) ဖြစ်သည်။

ဘောမောင်းကြီး ကောင်းလှပြုသည် အသက် (၁၉) နှစ်အရွယ်တွင် ဘောမောင်းအရှင်သခင် ဖြစ်လာသည်။ အသက် (၁၀၃) နှစ်တွင် နတ်ရွာစံသည့်အတွက် ဘောမောင်းမင်းဆက်အတွင်း အသက်အရှည်ဆုံး မင်းတစ်ပါး ဖြစ်သည်။ ဘောမောင်းကြီး ကောင်းလှပြုနောက်တွင် သားတော် သက်တင်ပြု (Thet Tin Prue, AD 1811-1840) က ဖခင်၏အရိုက်အရာကို ဆက်ခံသည်။ သက်တင်ပြု ပြီးနောက် ယင်း၏တူတော်ဖြစ်သူ ကောင်းလှညို (Kaung Hla




၁၉၆၃ခုနှစ်တွင် ဓါကာလေဆိပ်တွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လျူရှောက်ကျိ (Mr. Liu Shaoqi) နှင့် တွေ့ဆုံ နှုတ်ဆက်နေသော ပြည်သူ့ရေးရာ၊ စွမ်းအင်နှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဘောမင်းကြီး မောင်ရွှေပြုအား တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com




ရွှေတိဂုံစေတီတော်သို့ ရောက်ရှိ ဖူးမြော်ပြီးနောက် တွေ့မြင်ရသည့်
ဘော့မင်းကြီး မောင်ရွှေပြုချောက်ဓရီ

Nyo AD 1840-1866) က အရိုက်အရာကို ဆက်ခံသည်။ ယင်းနောက် ဘော့မောင်းမင်းဆက်၏နောက်ဆုံးနေရာကို ဆက်ခံသူမှာ ကောင်းလှညို၏သားဖြစ်သူ မောင်ပြု (Maung Prue AD 1866-1875) ဖြစ်သည်။ မောင်ပြုသည် ဘိုးတော်ဖြစ်သူ ကောင်းလှပြု နည်းတူ ဘော့မင်းကြီးကောင်းလှပြု (Bohmin Gree Kaung Hla Prue) ဟု အမည်သညာတွင်သည်။

ဘော့မင်းကြီး ကောင်းလှပြုလက်ထက် (၁၁) နှစ်ကြာကာလအတွင်း စစ်တကောင်းနယ်သို့ ဗြိတိသျှစစ်တပ်များက ကျူးကျော်ကြသည်။ သို့ရာတွင် ဘော့မင်းကြီး၏ ဗြိတိသျှများနှင့်ဆက်ဆံရေး ကောင်းမွန်စေရေးနှင့် ကြိုးစားလုပ်ဆောင်မှုတို့က ယင်းအုပ်ချုပ်သောဒေသတွင်းငြိမ်းချမ်းရေးကို လုပ်ဆောင်နိုင်ခဲ့သည်။ ဘော့မင်းကြီးကောင်းလှပြု နတ်ရွာစံပြီးနောက် အငယ်ဆုံးညီတော် သက်ထင်ညို (Thet Htin Nyo AD 1875-1901 ) က အရိုက်အရာကို ဆက်ခံသည်။ ယင်းသည် ဗြိတိသျှအစိုးရက ချီးမြှင့်သော ကျက်သရေဆောင်မင်း (KSM-Kyetthayay Saung Min ) တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။ ဘော့မင်းကြီး သက်ထင်ညို နတ်ရွာစံပြီးနောက် တူတော် စောလှပြု (Saw Hla Prue AD 1901 - 1916) က ဆက်ခံသည်။ ယင်းနောက် မောင်သာညို (Maung Tha Nyo AD 1916 - 1923)၊ ယင်းနောက် မောင်သာညို၏တူတော် ကျော်ဇံပြု (Kyaw Zan Prue AD 1923-1933) က ဆက်ခံကြသည်။ ဘော့မင်းကြီး ကျော်ဇံပြုသည် သားတော် ဆန်းထွန်းပြု (San Tun Prue ) ၏လုပ်ကြံမှုကို ခံရခြင်း ဖြစ်သည်။ ဘော့မင်းကြီး ကျော်ဇံပြုသည်လည်း ယင်းအတွက် စိတ်မကောင်းခြင်းကြီးစွာ ခံစားခဲ့ရသည်။ ယင်းနောက် ဘော့မင်းကြီးကျော်ဇံပြု၏အရိုက်အရာကို ဒုတိယသားဖြစ်သူ ကျော်ဇော်သန်း (Kyaw Zaw Than AD 1933 - 1959 ) က ဆက်ခံသည်။ ယင်းသည် အုပ်ချုပ်ရေး၌ ကောင်းမွန်သဖြင့် လူအများက နှစ်သက်ကြသည်။

ယင်းအုပ်ချုပ်နေသည့်ကာလဖြစ်သော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှထံမှ လွတ်လပ်ရေးရသည်။ ဘော့မင်းကြီး ကျော်ဇော်သန်းသည် ယင်းလွတ်လပ်ရေးအခမ်းအနားသို့ ညီအငယ်ဆုံးဖြစ်သူ ဦးထွန်းပြု (U Tun Prue) အား စေလွှတ်ခဲ့၏။ ဦးထွန်းပြုသည် နောင်အခါ ဘော့မင်းကြီး မောင်ရွှေပြု (Bohmin Gree Maung Shwe Prue) ဖြစ်လာသည်။ လွတ်လပ်ရေးအခမ်းအနားပြီးသွားသော်လည်း ဦးထွန်းပြုသည် စစ်တကောင်းသို့ မပြန်တော့ဘဲ မြန်မာအစိုးရ၏ ပြည်သူ့အိုးအိမ်ဌာနတွင် ဝင်ရောက်အမှုထမ်းသည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာအမျိုးသမီးငယ်တစ်ဦးဖြစ်သူ မညွန့်ညွန့်ရီ အခါရူဘီ (Nyunt Nyunt Yee aka Ruby) နှင့် အိမ်ထောင်ပြုသည်။ မညွန့်ညွန့်ရီသည် စာရေးဆရာမတစ်ဦးဖြစ်ပြီး ကလောင်အမည်မှာ ရှင်ဖြူပြာ (Shin Hpyu Pyar) ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ သတင်းစာဆရာ အချို့သည် အရှေ့ပါကစ္စတန်သို့ လေ့လာရေးခရီးထွက်ကြသည်။ ယင်းအဖွဲ့သည် ထိုသို့အရောက်တွင် ဘော့မင်းကြီး ရာဇာကျော်ဇော်သန်းနှင့်တွေ့ဆုံခွင့်ရကြသည်။ ယင်းသို့ တွေ့ဆုံခွင့်ရရှိသည့် အခမ်းအနားမှာလည်း ၁၉၅၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ဒါကာ (Dhaka) မြို့၌ ကျင်းပသည့် အရှေ့ပါကစ္စတန် တည်ထောင်ခြင်း အထိမ်းအမှတ် အခမ်းအနားတွင် ဖြစ်သည်။ ယင်းသို့ တွေ့ဆုံစဉ်က မြန်မာသတင်းစာဆရာအဖွဲ့တွင် ယူပီအိုင် ဦးဘသန်း၊ ဦးအမ်ဖိုးချိန် (သမာဓိသတင်းစာ) နှင့် ဦးမောင်မောင် (မြန်မာ့အလင်းသတင်းစာ) တို့ ပါဝင်သည်။ အစိုးရအဖွဲ့၏ညစာစားပွဲတွင် အသက်ခပ်ကြီးကြီး အမျိုးသားတစ်ဦးမှာ မြန်မာအမျိုးသားဝတ်စုံကို ဆင်မြန်းထားပြီး ပန်းရောင်ခေါင်းပေါင်း ပေါင်းထားသည်ကို တွေ့ရသည်။ ယင်းအခမ်းအနားတွင် ဘော့မင်းကြီး ရာဇာကျော်



www.burmeseclassic.com

www.burmeseclassic.com

ဇော်သန်းနှင့် စကားပြောခွင့်ရခဲ့သည်။ ယင်းခရီးစဉ်မှ ပြန်လာကြပြီးနောက် သတင်းစာဆရာကြီး ယူပီအိုင် ဦးဘသန်းက ဘော့မင်းကြီး ရာဂျာကျော်ဇော်သန်းနှင့် တွေ့ဆုံခဲ့သည်ကို အောက်ပါအတိုင်း ရေးသားမှတ်တမ်းပြုခဲ့သည်။

'ဘော့မင်းကြီး ရာဂျာကျော်ဇော်သန်းမှာ အသက် ၆၀ ခန့်ရှိမည် ထင်ရသည်။ တည်ကြည်သော မျက်နှာထားနှင့် ခံ့ညားသောအသွင်ကို ဆောင်နေသည်။ ဗမာစကားကို မပြောတတ်တော့ဘဲ အင်္ဂလိပ်စကားကိုမူ အင်္ဂလိပ်လူမျိုးတစ်ဦးကဲ့သို့ သွက်လက်စွာပြောဆိုတတ်သည်။ ယင်းက ကျွန်တော်တို့ သတင်းစာအဖွဲ့အား သူအုပ်ချုပ်ရာ ဧက(၂၀၀) ပတ်လည် ကျယ်ဝန်းသည့်ဒေသသို့ အလည်အပတ် လာရောက်ရန် ဖိတ်ခေါ်သည်။ ယင်းဒေသတွင် လူဦးရေ တစ်သိန်းကျော် နေထိုင်ပြီး အားလုံးမှာ ဗုဒ္ဓဘာသာကို အဓိကထား ကိုးကွယ်ကြကြောင်း၊ ဇနီးသည်မှာ ဒေါ်မြနှင်းဆီ (Daw Mra Hninzi) ဖြစ်ပြီး အသက် (၄၀) ရှိပြီဖြစ်ကြောင်း၊ ဒေါ်မြနှင်းဆီမှာမူ ဗမာစကားကို ကောင်းမွန်စွာပြောဆိုတတ်ပြီး ရခိုင်သံဝဲကြောင်း၊ ဘော့မင်းကြီး ရာဂျာကျော်ဇော်သန်းသည် မြန်မာနိုင်ငံ မော်လမြိုင်မြို့၌ ဖွားမြင်ခဲ့သော်လည်း အရှေ့ပါကစ္စတန်နိုင်ငံသားအဖြစ် ခံယူထားကြောင်း၊ သို့ရာတွင် မြန်မာ့ရိုးရာဝတ်စုံကိုသာလျှင် အမြဲ ဝတ်ဆင်ပါကြောင်း' ဆိုသည်။

၁၉၅၉ ခုနှစ်တွင် ဘော့မင်းကြီး ရာဂျာကျော်ဇော်သန်း ကွယ်လွန်သည်။ ယင်းနောက် ညီငယ်မောင်ရွှေပြု (Maung Shaw Prue) က အစ်ကို၏အရိုက်အရာကို ဆက်ခံသည်။ ဘော့မင်းကြီး မောင်ရွှေပြုချောက်ဒရီ (Bohmin Gree Maung Shwe Prue Chowdry) ဟူသောအမည်ကို ခံယူသည်။ ယင်းသည် ဘော့မောင်းမင်းဆက်၏ (၁၄) ယောက်မြောက်မင်း ဖြစ်လေသည်။ ယင်းသည် ၁၉၁၅ ခုနှစ်တွင် ဖွားမြင်သူဖြစ်ပြီး စစ်တကောင်းရှိ စိန့်ပလာစဒ်စ်(St.Placids) မှ မက်ထရစ်စာမေးပွဲအောင်မြင်သည်။ ယင်းသည် ထက်မြက်သော ဘောလုံးကစားသမားတစ်ဦးလည်း ဖြစ်သည့်အပြင် အထက်တန်းကျောင်း ဟော်ကီအသင်း၏ကပ္ပတိန်တစ်ဦးလည်း ဖြစ်သည်။ ယင်းနောက် စကော့တစ်(ရှ်) ချာ့(ချ်) ကောလိပ် (Scottish Church College) တွင် ပညာဆက်လက်သင်ကြားပြီး စစ်



၁၉၅၉ ခုနှစ်က
ဘော့မင်းကြီး မောင်ရွှေပြုချောက်ဒရီအား
မြန်မာ့ရိုးရာဝတ်စုံအပြည့်ဖြင့် တွေ့မြင်ရစဉ်




*An official record of the Bohmong District*

ဘော့မင်းကြီးမောင်ရွှေပြုချောက်ဒရီ၏
ဘော့မောင်းခရိုင်အုပ်ချုပ်ရေးလုပ်ငန်းအတွက်
ထုတ်ပြန်ထားသော
ရုံးမှတ်တမ်းမျက်နှာဖုံးအား တွေ့မြင်ရစဉ်

တကောင်းအမျိုးသားကောလိပ် (Chittagong National College) တွင် ပညာဆက်လက်သင်ကြားသည်။ ယင်းကောလိပ်မှဘွဲ့ရပြီးနောက် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်တွင် ဂျပန်က စစ်တကောင်းဒေသသို့ ဗုံးကြဲတိုက်ခိုက်သည်။ ထိုအချိန်တွင် ယင်းသည် ဘော့မောင်းဒေသသို့ပြန်လာပြီး ကာကွယ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ပါကစ္စတန်အမျိုးသားစောင့်ရှောက်ရေး စစ်မြေပြင်တပ်ရင်း ၂၂ (Pakistan National Guard Battlalion No 22 ) ၌ အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းနောက် ၎င်း၏လုပ်ငန်းဆောင်တာကြောင့် ရာထူးတိုးမြှင့်ပေးခြင်းခံရသည်။ ရာထူးတိုးမြှင့်ပြီးနောက် စစ်တကောင်းတောင်တန်းဒေသ မြို့ပြဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဆေးရုံများ၊ ကျောင်းများ၊ စာတိုက်ရုံးများ၊ စိုက်ပျိုးရေးဘဏ်များနှင့်ရန်ဂါမာတီကောလိပ် (Rangamati College) တို့ကို တည်ဆောက်ခဲ့၏။ ဘော့မင်းကြီး မောင်ရွှေပြုချောက်ဒရီ၏ အငယ်ဆုံးသားမှာ မစ္စတာရွှေချင်းပြု (Mr. Shwe Chin Prue) ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် အရှေ့ပါကစ္စတန်၏ပါလီမန်၌ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခံရသည်။ ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် လည်းကောင်း၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း၊ ပြည်သူ့ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ စွမ်းအင်နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဘန်ဒရာဘန် (Bandardan) ခရိုင်၏ပါလီမန်အဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၉၄ ခုနှစ်အတွင်းက ဘော့မင်းကြီး ရာဂျာကျော်ဇော်သန်းသည် အရှေ့တောင်အာရှနိုင်ငံများသို့ လေ့လာရေးခရီးသွားလာခဲ့ရာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့စဉ် မြန်မာနိုင်ငံသားများက ယင်းအား လှိုက်လှဲပျူငှာ နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ယင်းသည် ရွှေတိဂုံစေတီတော်သို့ လည်းကောင်း၊ အခြားသော ဘာသာရေးဆိုင်ရာ နေရာဒေသအသီးသီးသို့ လည်းကောင်း သွားရောက်လေ့လာခဲ့သည်။ ယင်းသည် ၁၉၉၆ ခုနှစ်၊ ဇွန်လအထိ စစ်တကောင်းတောင်တန်းဒေသအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျော်ခိုင်ခန့်

*Ref: Tin Naing Toh, Descendants of King Bayint Naung : Lotus Magazine ; Vol- 7, Issue 1 ( June-September 2011) Pg. 34-35.* *ကို ဘာသာ ပြန်ဆိုပါသည်။*




www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့တဲ့ဝါဆိုလဆန်းပိုင်းက သုဝဏ္ဏမှာနေတဲ့ ဆရာဦးမောင်မြင့်ဆီက ဖိတ်စာတစ်စောင်ရောက်လာခဲ့ပါတယ်။ ဖိတ်စာထဲမှာက ဝါဆိုလပြည့်နေ့ကို သူ့အိမ်မှာ ဘုရားအမှူးရှိတဲ့ ပင့်သံဃာ(၁၀)ပါးကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမှာမို့ လာခဲ့ဖို့အကြောင်း ဖိတ်ထားတယ်။

မြောင်းမြ-မြင့်လှိုင်

အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ





www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးမောင်မြင့် ဆိုတာက သုဝဏ္ဏ ပေါ်ဆန်းမှာ နေတာပါ။ ကျွန်တော့်အနေနဲ့လည်း ဆရာလိုတစ်မျိုး၊ အစ်ကိုတစ်သွယ် ချစ်ခင်လေးစားရသူပါ။ အမှန်ပြောရရင် အဲဒီရက်က ကျွန်တော် ကိစ္စတစ်ခုနဲ့ မြောင်းမြကိုသွားဖို့ သွားလက်မှတ်တောင် မှာထားပြီးသားဖြစ်နေတယ်။ ဒါပေမယ့် ကျွန်တော့်ခရီးစဉ်ကိုဖျက်ပြီး ဆရာ့ဆီသွားဖို့ပဲဆုံးဖြတ်လိုက်တယ်။

ဟုတ်တယ်လေ၊ ဆရာက ကိုယ့်ကို လာစေချင်လို့ တကန်တက ဖိတ်စာနဲ့ရော စာနဲ့ပါ လာဖြစ်အောင်လာခဲ့လို့ ဖိတ်ထားတာဆိုတော့ မသွားလို့လည်း မကောင်းဘူးလေ။ ပြီးတော့ ကျွန်တော် မြောင်းမြပြန်မယ့်ကိစ္စကလည်း ဒီလောက် အရေးကြီးတဲ့ကိစ္စမဟုတ်တာလည်း တစ်ကြောင်းပေါ့။

ဒါနဲ့ လပြည့်နေ့ကျတော့ ဟိုမှာလိုအပ်တာ နည်းနည်းပါးပါးကူလုပ်ပေးဖို့ အိမ်ကနေ စောစောလေးပဲ ထွက်လာခဲ့တယ်။ ကူလုပ်ဖို့ဆိုတာကလည်း စကားအဖြစ်ပြောတာပါ။ တကယ်တမ်း ဘာမှ မည်မည်ရရ လုပ်စရာလည်းမရှိပါဘူး။ ဆရာဦးမောင်မြင့်ရဲ့ တပည့်လက်သားတွေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေဆိုတာ များမှများ။ ရိုက်သတ်လို့ ကုန်နိုင်ဖွယ်ရှိတာ မဟုတ်ဘူး။ သူတို့ပဲ အစစအရာရာ ထောင့်စေ့အောင်လုပ်သွားလိုက်ကြတာ ကိုယ်တောင် ဘာမှလုပ်စရာမရှိဘဲ ဟိုယောင်ယောင်ဒီယောင်ယောင်ဖြစ်နေလို့ ကီး(စ်)မို့သောက်ရမယ့်ကိန်းဆိုက်တယ်။

ဆိုကြပါစို့။ ပင့်ဖိတ်ထားတဲ့ ဆရာတော်တွေကြွလာတော့ ပထမဆုံး ဝါဆိုသင်္ကန်းတွေကပ်၊ ပြီးတော့ နေ့ဆွမ်းကပ်ပေါ့။ ဆရာတော်ကြီးတွေကလည်း ဝါဆိုသင်္ကန်းလှူရတဲ့အကျိုး၊ ကာလဒါနရဲ့ ထူးခြားတဲ့ကုသိုလ်၊ ဆွမ်းအနုမောဒနာ တရားတွေတစ်ခုပြီးတစ်ခု ဖော်ညွှန်းပြဆုံးမသွားတယ်။ ကြည်ညိုဖို့လည်း ကောင်းသလို ဆရာ့အလှူအတွက်လည်း မုဒိတာပွားမိတယ်။

ဒီအလှူမှာ ထူးခြားတဲ့ မြင်ကွင်းတစ်ခုမြင်ခဲ့ရတယ်။ ဆရာတော်ကြီးတွေကို သင်္ကန်းကပ်တော့ ဆရာဦးမောင်မြင့်တို့မိသားစုက (၇) ယောက် ဆိုတော့ သင်္ကန်းတစ်ယောက် (၁) စုံ ကိုင်ပြီး ကပ်တော့ ကျန်တဲ့ (၃) စုံကိုကပ်တဲ့ မိသားစု (၃) ယောက်က ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာခြားတွေ။

ဟုတ်တယ်၊ တကယ်ပြောတာ။ အသားအရောင်နဲ့ မျက်နှာကျကိုက သိသိသာသာကြီး။ ဒါပေမယ့် ဆရာတော်ကြီးတွေ ရှေ့က တိုင်ပေးတာကို လိုက်ဆိုနေလိုက်တာများချောလို့။ ကန်တော့တာကြတော့လည်း ထိခြင်းငါးပါးနဲ့။ တော်ရုံ သာမန်ကာလျှံကာ ဗုဒ္ဓဘာသာတွေထက်ကို သာမယ်ထင်တယ်။

ကျွန်တော့်စိတ်ထဲ ဒီကိစ္စဆရာ့ကို မေးကြည့်ချင်ပေမယ့် လူတွေကလည်း အများကြီးလေ။ ပြီးတော့ ဆရာကလည်း အလုပ်ရှုပ်နေတဲ့အချိန်ဆိုတော့ အဲဒီနေ့က မမေးဖြစ်ခဲ့ဘူး။ မေးဖို့ကို စိတ်ထဲတော့ တေးထားလိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မြောင်းမြကို ခဏ





www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြီး ပြန်ရောက်တဲ့အချိန်ကျမှ မေးဖြစ်ခဲ့တော့တယ်။

ဆရာကလည်း ဒီအကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြသလို ကာယကံရှင် ဦးတင်အေး (မြန်မာအမည်) ကို ခေါ်ပြီး ရှင်းပြစေပြန်တာမို့ ဒီအတ္ထုပ္ပတ္တိလေးရေးဖို့ အခွင့်သာခဲ့တယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လထုတ် သူရဋ္ဌမဂ္ဂဇင်း စာမျက်နှာ (၂၃၂) မှာ 'အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ဖြစ်ရပ်မှန်ဝတ္ထုတိုလေးတစ်ပုဒ် ရေးခဲ့ဖူးတယ်။ ဒီဇာတ်လမ်းလေးနဲ့ အခု ကျွန်တော် တင်ပြမယ့် ဇာတ်လမ်းလေးက ကာလဒေသမတူသလို အဖြစ်အပျက်တွေလည်း မတူပါဘူး။

ဒါပေမယ့် တူညီတာတစ်ခုတော့ ရှိတယ်။ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာခြားတစ်ယောက်က ခိုင်လုံတဲ့ အကျိုးအကြောင်းတွေနဲ့ ဗုဒ္ဓဘာသာကို ယုံယုံကြည်ကြည် လေးလေးစားစား ကိုးကွယ်ဆည်းကပ်လာတာ ဒါတစ်ခုတော့တူတယ်။

အဲဒါကြောင့်မို့လည်း ကျွန်တော် အခု တင်ပြမယ့် ခေါင်းစဉ်လေးကို 'အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ (၂)' လို့ တပ်လိုက်ပါရစေ။

ဒီအကြောင်းလေး ပြောရမယ်ဆိုရင် ဦးမောင်မြင့်နဲ့ ဦးတင်အေး ဆိုတာက ဟိုးလွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်စုစာလောက်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေပါ။

ဦးမောင်မြင့်ရဲ့လျှပ်စစ်ပစ္စည်းအရောင်းဆိုင်နဲ့ ဦးတင်အေးရဲ့အိမ်ဆောက်ကုန်မာဆိုင်ဟာ သယ်န်းကျွန်း စံပြဈေးကြီးထဲမှာ ဘေးချင်းကပ် နှစ်ဆိုင့်တစ်ဆိုင် နေလာခဲ့သူတွေ။

ဦးမောင်မြင့်နဲ့ ဦးတင်အေးက ဘာသာလည်းမတူ၊ လူမျိုးကလည်းကွဲတယ်ဆိုပေမယ့် တစ်မြေတည်းနေ တစ်ရေတည်းသောက်သူတွေဆိုတော့ ညီရင်းအစ်ကိုလို ချစ်ခင်ရင်းနှီးစွာနဲ့ နေလာခဲ့ကြတယ်။ တစ်ယောက်ရဲ့အခက်အခဲကိုလည်း တစ်ယောက်က တတ်နိုင်သလောက် ကူညီခဲ့ကြတယ်။

ပြောမယ့်သာပြောတာပါ၊ ဦးမောင်မြင့်ကပဲ မကြာခဏဆိုသလို ဦးတင်အေးဆီက အကူအညီယူနေရတာ။ ဦးတင်အေးက အကူအညီတောင်းတယ်ဆိုတာ ခပ်ရှားရှားရယ်။ ဒါကလည်း မပြောနဲ့လေ၊ ဦးတင်အေးတို့လူမျိုးက စီးပွားရေးကို ကျားစီးဖားစီးလုပ်ကြသလို ငွေရေးကြေးရေးနဲ့ ပတ်သက်ရင်လည်း စည်းစနစ်ရှိကြတယ်။ လူမှုရေးနဲ့ စီးပွားရေးကို ဘယ်တော့မှ ရောထွေးမထားဘူး။

ဦးမောင်မြင့်က မြန်မာလူမျိုးဆိုတော့ မြန်မာလူမျိုးတို့ထုံး နှလုံးမူပြီပေါ့။ အပေါင်းအသင်းကဆံ့သလို ငွေရေးကြေးရေးကလည်း လက်ဖွာသလားမမေးနဲ့။ လူမှုရေးနဲ့ စီးပွားရေးက လုံးလာထွေးဆိုတော့ ဦးတင်အေးဆီက မကြာခဏဆိုသလို ငွေရေးကြေးရေး အကူအညီယူနေရတာ ဆန်းတော့မဆန်းဘူးပေါ့။

ဦးမောင်မြင့်အနေနဲ့ကလည်း ရပ်ကွက်ထဲက သာမှု၊ နာမှုကိစ္စမှန်သမျှကို သူ့ကိစ္စလို အင်တိုက်အားတိုက် လုပ်ဆောင်တတ်ပေမယ့် သူ့စီးပွားရေးကိစ္စတွေကျတော့ မည်ကာမတ္တပဲ။ စီးပွားရေးရှုထောင့်ကကြည့်ရင် ဦးတင်အေးကို ဘယ်လိုမှ မမီနိုင်ပေမယ့် လူမှုရေးရှုထောင့်ကကြည့်တော့ ဦးမောင်မြင့်ဟာ ဆရာတစ်ဆူ ဆိုတာ ဘယ်သူမှတော့ မငြင်းနိုင်ဘူး။

တစ်နှစ်။ အဲဒီနှစ်က ဦးမောင်မြင့်တို့လမ်းမှာ နှစ်စဉ်ပြုလုပ်နေကျ ဘုံကထိန်အတွက် ဝတ္ထုငွေနဲ့ လှူဖွယ်ပစ္စည်းတွေ အလှူခံနေကြတယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်း ပို့ဆောင် လှူဒါန်းရမယ့်ရက်တွေသာ နီးကပ်လာတယ်။ လှူဖွယ်ပစ္စည်းတွေကတော့ ဘာမှမည်မည်ရရ မပြည့်စုံသေးဘူး။

အလှူခံရမယ့်ရက်ကလည်း (၂) ရက်ပဲ ကျန်တော့တယ်။ သူတို့ ပဒေသာပင်ကလည်း လေရူးအမွှေခံရတဲ့ ပင်အိုကြီးလို ရိုးတံတွေ ကျိုးတိုးကျဲတဲပဲရှိသေးတယ်။ ကမ္ဘာ့စီးပွားရေးကပ်ဘေးကြောင့်လားတော့ မပြောတတ်ဘူး။ အဲဒီနှစ်က လူတိုင်းလိုလို စီးပွားရေးအပေါက်လမ်းတွေကောင်းကြတာ မဟုတ်ပေမယ့် ဒီနှစ်လောက်တော့ တစ်ခါမှအခြေအနေမဆိုးခဲ့ဘူး။ ပို့ရမယ့်ရက်ကလည်း နီးလာပြီဆိုတော့ ဦးတင်အေးဆီ အလှူငွေဖြစ်ဖြစ်၊ လှူဖွယ်ပစ္စည်းဖြစ်ဖြစ် သွားအလှူခံရင်ကောင်းမလားလို့ ဦးမောင်မြင့် စဉ်းစားမိတယ်။

တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရင်းနှီးတာမှန်ပေမယ့် 'ငါတို့ဘာသာရေးပွဲတော်အတွက် အလှူငွေထည့်ဝင်ပါဦးလို့' ဦးမောင်မြင့် ဘယ်တုံးကမှ မပြောဘူးခဲ့သလို ဦးတင်အေးကလည်း 'ငါဘာလှူရဦးမလဲ'လို့ တစ်ခါမှမေးတယ်လို့ မရှိခဲ့ဘူး။

ဦးတင်အေးကတော့ ဘယ်မေးမလဲ။ သူကိုးကွယ်တဲ့ဘာသာမှမဟုတ်တာကိုး။ ဘယ်လူမျိုးမဆို ကိုယ့်ဘာသာမဟုတ်ရင် ဘယ်လာစိတ်ဝင်စားမှာတုံး။ ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ သူ့လမ်းပဒေသာပင်လေး တင့်တင့်တယ် ပြည့်ပြည့်စုံစုံ လှူဒါန်းနိုင်အောင် ဦးတင်အေးဆီ အလှူခံဖို့ ထွက်လာခဲ့တယ်။

ဈေးပိတ်ရက်မို့ ဦးတင်အေးကို အိမ်မှာ အခန့်သင့်တွေ့ရတယ်။ ဦးမောင်မြင့်ကိုတွေ့တယ်ဆို ဦးတင်အေးက-

"ဟာ- ကိုမောင်မြင့်၊ လာဗျာ ထိုင်။ ဘယ်ကလှည့်လာတာလဲ"

လို့ ပဋိသန္ထာရစကားဆိုရှာတယ်။

ဦးမောင်မြင့်အနေနဲ့က-

'အေးဗျာ၊ ဒီနှစ် ကျုပ်တို့လမ်း ဘုံကထိန်အတွက် အင်အားနည်းနေလို့ ခင်ဗျားဆီ အလှူလာခံတာ'

လို့ပြောလိုက်ချင်ပေမယ့် ဒီစကားတွေကို ဦးမောင်မြင့် လည်ချောင်းထဲမှာပဲ တံတွေးနဲ့ ပြန်မျှောချလိုက်ရတယ်။

ဘာလို့လဲဆိုတော့ ဦးတင်အေးရဲ့ ယောက္ခမကြီးနဲ့ ဆွေမျိုးသားချင်းတွေက အိမ်ရှေ့ဧည့်ခန်းမှာ ဝိုင်းထိုင်ပြီး လေပန်းနေကြတာကိုး။

ဦးတင်အေးနဲ့ တစ်ယောက်ချင်းတွေ့လို့ ပြောရဆိုရတာ အခက်အခဲမရှိပေမယ့် အခုလို ဘာသာခြားအများရှေ့မှာတော့ ကိုယ့်ဘာသာရဲ့ဂုဏ်သိက္ခာကို အထင်သေးအမြင်သေးဖြစ်သွားမယ့် စကားမျိုးတော့ ဦးမောင်မြင့် ဘယ်လာပြောလိမ့်မတုံး။

ဒါနဲ့ ဦးမောင်မြင့်က စကားလှည့်လွှဲပြီး -

"အေးဗျာ၊ ခင်ဗျားနဲ့ လက်ဖက်ရည်သောက်ရင်း အလုပ်ကိစ္စလေးတိုင်ပင်စရာရှိလို့ ဒီကိုသက်သက်လာခဲ့တာလာဗျာ၊ လက်ဖက်ရည်ဆိုင်ခဏထိုင်ရအောင်"

လို့ ပြောလိုက်တော့ နဂိုကတည်းက စီးပွားရေးကိစ္စသာ ခေါင်းထဲထည့်ထားတဲ့ ဦးတင်အေး ငေါက်ခနဲထလိုက်လာတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့-

"ပြောပါဦး ကိုမောင်မြင့်၊ အလုပ်ကိစ္စဆိုတာဘာများလဲ"

လို့ လှမ်းမေးတယ်။

ဦးမောင်မြင့် ဘယ်ကစပြောရင်ကောင်းမလဲလို့ စဉ်းစားရင်း လည်ချောင်းရှင်းတဲ့အနေနဲ့ ရေနွေးတစ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com

...တ်လိုက်တယ်။ ပြီးတော့မှ-

"ဒီလို ကိုတင်အေးရဲ့ ခင်ဗျား ...သားစုရှေ့မှာ မပြောချင်လို့ ဒီကို သက် ...သက်လှည့်ခေါ်လာတာ။ ဘာအလုပ် ...မှုတိုင်မင်ဖို့ မဟုတ်ပါဘူး"

"ဟင်- ကိုမောင်မြင့်ကတော့ လုပ် ...မယ်။ ကဲ- ဆိုစမ်းပါဦး၊ ဘာများအ ...ကြီးခွင့်ကျယ်ပြောစရာရှိလို့လဲ"

လို့ လာချပေးထားတဲ့ လက်ဖက် ...ကို တစ်ငုံသောက်ရင်း လှမ်းမေး ...တယ်။

"အင်း. . . ဒီလိုပါ ကိုတင်အေး၊ ...တော်တို့လမ်းမိသားစု ဘုံကထိန်က ...ဖြန့်ဆို ဘုန်းကြီးကျောင်းပို့. . ."

ဦးမောင်မြင့် ပြောလက်စစကား ...လိုက်ဘူး။ ဦးတင်အေးက လက် ...ပြရင်း-

"ဩော်- သိပြီ၊ သိပြီ။ ခင်ဗျားတို့ ...ဒေသာပင် ဘုန်းကြီးကျောင်းပို့ဖို့ လူမ ...လို့ ကျုပ်ကို လာခေါ်တာပေါ့ ဟုတ် ...။ ဒီအတွက်တော့ ဆောရီးပဲဗျို့။ ...ဖြန့် ဈေးဖွင့်တယ်လေ၊ ကျုပ်အား ...မဟုတ်ဘူးနော် ကိုမောင်မြင့်"

လို့ အကျောက်အကန် ထငြင်း တယ်။

"မဟုတ်ပါဘူး ကိုတင်အေးရယ်၊ ...လည်းဆုံးအောင်နားထောင်ပါဦး။ အဲ- အင်း . . . ပြောလက်စ စကား ...တောင် ဘယ်ရောက်သွားမှန်းမသိဘူး။ အဲဒါ ကျုပ်တို့ ပဒေသာပင်လေး မြိုင် ...မြိုင်ဆိုင်ဆိုင်လေးလှူနိုင်ဖို့ ခင်ဗျားအ ...နေနဲ့အပန်းမကြီးဘူးဆိုရင် သင်္ကန်းလေး ...နည်းနည်းပါးပါး လှူစေချင်တယ်ဗျာ။ အဲဒါပြောချင်လို့ လာခဲ့တာ"

ဦးတင်အေး လက်ကျန်လက်ဖက် ရည်ကို မော့သောက်ရင်း, အတန်ကြာ အောင် စဉ်းစားခန်းဝင်နေတယ်။ ဦး မောင်မြင့်အနေနဲ့က ဒီစကားကို ညီအစ် ကိုလိုခင်နေလို့သာ ဖွင့်ပြောရပေမယ့် ရဲ့တော့ သိပ်မမျှော်လင့်ရဲဘူး။ သူ မျှော်လင့်ရဲတာလည်း သဘာဝတော့ ...တယ်။ ဟုတ်တယ်လေ၊ သူ့အလှူခံ တဲ့တစ်ဖက်လူကလည်း ကိုယ့်ဘာသာ ...မှ မဟုတ်တာကိုး။

ဦးတင်အေး ရေနွေးကြမ်းတစ် ခွက်ငှဲ့ရင်း-

"အေးဗျာ၊ ကိုမောင်မြင့်ကို ဘယ် လိုပြောရမှန်းတောင် မသိတော့ဘူး။ အ ခုလောလောဆယ် ကျုပ်မှာ ငွေလည်း မပါဘူး။ အိမ်ပြန်ယူလည်း အိမ်ကလူ တွေ မေးလာမြန်းလာဆို အလုပ်ကဖြစ် မှာမဟုတ်ဘူး။ ကျုပ်ကလည်း ယောက္ခမ အိမ်ကပ်နေရတာဆိုတော့ ဒီလိုလုပ်ဗျာ၊ ဟိုတစ်လောက ကျုပ်ဆီက ခင်ဗျားခဏ လှည့်ထားတဲ့ ငွေ (၁၀၀၀) ရှိတယ် မဟုတ်လား"

"အင်း. . . ရှိတယ်လေ၊ မနက်ဖြန် ဈေးဖွင့်ရင် ခင်ဗျားကိုပြန်ပေးဖို့ အိမ်မှာ သိမ်းထားတယ်"

"အေးဗျာ၊ အဲဒီ ငွေ (၁၀၀၀) ကျုပ်ကို ပြန်မပေးနဲ့တော့။ ပဒေသာပင် မှာလိုတဲ့ သင်္ကန်းဆိုတာ ဝယ်ပြီး လှူ လိုက်ဗျာ။ ဒါဆို အဆင်ပြေမယ် မဟုတ် လား"

ဆိုတော့ ဦးမောင်မြင့်က-

"ဟာ- ဖြစ်တာပေါ့ ကိုတင်အေး ရယ်၊ ဒီလောက်ဆို ကျုပ်တို့ ပဒေသာပင် လေးလည်း ကြည့်ပျော်ရှုပျော်ဖြစ်သွား မှာ ကျိန်းသေပဲဗျို့။ ခင်ဗျားကို သိပ် ကျေးဇူးတင်ပဲဗျာ"

ဦးမောင်မြင့်က ဝမ်းသာတာပေါ့။ အဲဒီအချိန်အခါတုန်းက ဒုတိယတန်း စား သင်္ကန်းတစ်စုံမှ (၂၀၀) ကျော်ဝန်း ကျင်လောက်ပဲ ရှိတာဆိုတော့ ဦးတင် အေး လှူလိုက်တဲ့ ငွေပမာဏဟာ ဘယ် လိုပဲဖြစ်ဖြစ် သင်္ကန်းသုံး၊ လေးစုံလောက် ရမှာကိုး။

ဦးမောင်မြင့်အနေနဲ့ ဘာသာခြား ဖြစ်တဲ့ ဦးတင်အေးဆီက ကိုယ့်ဘာသာ ရေးအတွက် အလှူခံဖြစ်တာ ဒါ ပထမ ဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်လို့ ဆို ရမယ်။

စံပြဈေးထဲက ဦးမောင်မြင့် ဆိုင် ခန်းပြန်ရောင်းလိုက်ပြီး နောက်ပိုင်းနှစ် တွေတော့ ဦးတင်အေးနဲ့ သိပ်မတွေ့ဖြစ် ကြတော့သလို အလှူအတန်းကိစ္စအ တွက်လည်း သွားအပူမကပ်ဖြစ်တော့ ဘူး။ ဘာသာမတူပေမယ့် သူ့အိမ်က ကြည်ဖြူရင်တော့ အကြောင်းလား။ မကြည်ဖြူဘဲ ကိုယ်က သွားအပူကပ်လို့ သူတို့မိသားစု ကတောက်မဆဖြစ်နေရ ရင် မကောင်းဘူးလေ။

ဒါနဲ့ ဦးမောင်မြင့်တို့နှစ်ယောက် သွားရင်းလာရင်း လမ်းမှာတွေ့ကြလို့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ခဏတစ် ဖြုတ်စကားပြောဖြစ်တာကလွဲရင် နဂိုလို တယုတယ်တွဲ မနေဖြစ်ကြတာတော့ အမှန် ပဲ။ ဒီကြားထဲ ဦးမောင်မြင့်က သယ်နိ ကွန်းကနေ သုဝဏ္ဏဘက် ထပ်ပြောင်း သွားတော့ ဦးတင်အေးနဲ့ ပိုဝေးသလို တောင်ဖြစ်သွားသေးတယ်။

တစ်နေ့မနက် အဲဒီနေ့က ဦးမောင် မြင့်အိမ်မှာ ဗေဒင်လာမေးတဲ့လူ တစ် ယောက်ကို တွက်ချက်ပေးနေတုန်း အိမ် ရှေ့ကိုတက္ကစီတစ်စီးထိုးဆိုက်လာတယ်။ ကားပေါ်က တိုးတိတိုးကန်နဲ့ဆင်းလာတဲ့ ပိန်ညှောင်ညှောင်လူတစ်ယောက်။ ပါး ရေနားရေတွေကလည်း တွန့်လိမ်လို့။ နဖူးထက်ဆံစရဲ့အချို့နေရာတွေမှာ အဖြူ ရောင်သန်းနေပေမယ့် မျက်နှာတစ်ပြင် လုံးကတော့ အနက်ဘက်ကိုလုနေပြီ။ ဦးမောင်မြင့် တစ်ချက်လှမ်းကြည့်လိုက် တယ်။ ပြီးတော့ ဒီလူကို မြင်ဖူးသလိုလို ရှိပေမယ့် ဖြုန်းခနဲ မမှတ်မိဘူး။ ကား နောက်ခန်းကထွက်လာတဲ့ ဘာသာခြား အမျိုးသမီးကို တွေ့ရတော့မှ ဆတ်ခနဲ ထပြီး -

"ဟာ - ကိုတင်အေး ကြည့်စမ်းပါ ဦးဗျာ၊ ပိန်သွားလိုက်တာ။ ရုပ်ကိုတောင် မနည်းဖမ်းယူရတယ်။ လေမှုတ်ရုပ်ကို အပ်နဲ့ထိုးလိုက်သလိုပါပဲလားဗျာ။ ဘာ လိုဖြစ်တာတုံး၊ ကျန်ခဲ့တဲ့ နှစ်လလောက် က တွေ့တုန်းကတောင် ဝဝဖြိုးဖြိုး ကျန်း ကျန်းမာမာနဲ့"

"ဟုတ်တယ် ကိုမောင်မြင့်ရေ မြင် တဲ့အတိုင်းပဲ မသေလို့တွေ့ရတာ။ ခင် ဗျားကျေးဇူးနဲ့ အသက်ရှင်လာခဲ့တာဆို လည်း မမှားဘူးပေါ့ဗျာ"

ဆိုတော့ ဦးမောင်မြင့် ကြောင် အမ်းအမ်းနဲ့ စဉ်းစားရခက်သွားတယ်။ ဘာလဲပေါ့။ ဒီလူ နေထိုင်မကောင်းဖြစ် တာ ခေါင်းပါထိခိုက်သွားလေသလားလို့ တွေးလိုက်မိသေးတယ်။

ဒါနဲ့-

"ဟ - ကိုတင်အေးစကားက အ ဆန်းပါလား။ ဘာလဲ၊ ခင်ဗျား နေထိုင် မကောင်းဖြစ်တာ လာကြည့်ဖော်မရတဲ့ ကျုပ်ကို ရွဲ့ပြီးပြောတာလား"

လို့ ပြောလိုက်တော့ ဦးတင်အေး က-

"မဟုတ်ပါဘူးဗျာ၊ ဒီအကြောင်း ပြောချင်လို့ ခင်ဗျားဆီလာခဲ့တာ။ ပြော ချင်တာကတော့ ဆေးရုံကဆင်းဆင်း ချင်းပဲ။ ဒါပေမယ့် ဗိုက်က ချုပ်ရိုးတွေ မကျက်တတ်သေးတာနဲ့ မလာဖြစ်တာ"

"ဗျာ- ကိုတင်အေး ဆေးရုံတောင် တက်လိုက်ရသေးတယ်ဟုတ်လား။ အဲဒါ များဗျာ ကျုပ်ကို နည်းနည်းပါးပါး အ ကြောင်းကြားပါတော့လား။ ကျုပ်တကယ် မသိဘူး။ ခင်ဗျား အိမ်မှာပဲ နည်းနည်း ပါးပါး ဖျားတာနာတာဖြစ်ရုံလောက်ပဲ လို့ထင်တာ"

"ဘယ်ကလာဗျာ၊ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်အေး ပြောပြောဆိုဆို အပေါ်အင်္ကျီမ,ပြီး သူ့ဗိုက်က အကင်းမသေတတ်သေးတဲ့ ခွဲစိတ်ဒဏ်ရာကိုပြတယ်။

"အလို- ကိုတင်အေး၊ ခင်ဗျား နှစ်ချက်တောင်ခွဲထားရပါလား။ ဘယ်လိုကြောင့်ဆိုတာ ကျုပ်လည်း ပြောပါဦး"

ဆိုတော့ ဦးတင်အေးက-

"ဒီလိုဗျကိုမောင်မြင့်ရဲ့၊ တစ်လောက ကျုပ် မကြာခဏဆိုသလို ဗိုက်ထဲက ထိုးထိုးပြီးအောင့်နေပေမယ့် ကျုပ်ကလည်း လေနာတာထင်ပြီး ဆေးခန်းတို့ ဘာတို့မပြဖြစ်ဘူး။ အဲဒီနေ့ကတော့ ဗိုက်ကအတော့်ကိုအောင့်တာနဲ့ လမ်းထိပ် ကဆေးခန်းကိုသွားပြတော့ ဆရာဝန်က အူအတက်ပေါက်တာဖြစ်ဖို့များတယ်ဆိုပြီး ဆေးရုံသွားဖို့ အကြံပေးတယ်။ ဒါနဲ့ ကျုပ်လည်း နီးရာအထူးကုဆေးရုံကို ချက်ချင်း သွားပြတယ်။ ဟိုရောက်တော့ လိုအပ်တာတွေ အကုန်ရိုက်ပြပြီး ဆရာဝန်က ညတွင်းချင်းပဲ ခွဲခန်းဝင်ရမယ်ပြောတော့ ကျုပ်ဖြင့်လန့်သွားတာပဲ။အကျိုးအကြောင်းမေးကြည့်တော့ အူအတက်ပေါက်တာတဲ့"

"ဟ-အူအတက်ပေါက်တာ ဘယ်လိုကြောင့် နှစ်ချက်တောင်ခွဲရတာလဲ"

လို့ ဦးမောင်မြင့်က သူနားမရှင်းတာကို ထပ်မေးတယ်။

"နေပါဦး ကိုမောင်မြင့်ရဲ့၊ ဒီမှာ မပြီးသေးဘူးဗျ"

"ဩော်- အေး. . . ဆိုစမ်းပါဦး"

"ဒါနဲ့ ခွဲစိတ်ခန်းဝင်ပြီးနောက်ပိုင်းတော့ ကျုပ်အနေနဲ့ ဘာမှမသိတော့ဘူးပေါ့ဗျာ၊ မေ့ဆေးပေးထားတာကိုး။ ကျုပ်မိန်းမပြောတာကတော့ ဆရာဝန်ကြီးတွေ ခွဲစိတ်ခန်းဝင်ပြီး တစ်နာရီလောက်ကြာတော့ ကျုပ်မိန်းမကို ခေါ်ပြောတယ်။ ကျုပ်ဗိုက်က အူအတက်ပေါက်တာ မဟုတ်ဘူးတဲ့။ သည်းခြေအိတ်ပေါက်တာတဲ့ဗျာ။ ပေါက်တာကလည်း (၂) ရက်လောက်ရှိပြီဆိုတော့ ပေါက်ကျတဲ့ သည်းခြေတွေက အူနံ့ရုံတွေကိုစားပြီး အူနံ့ရုံတွေပါ ပေါက်လုနီးပါးတွေဖြစ်နေပြီတဲ့။ အူအတက်ကလည်း ပါးနေပြီဖြစ်လို့ တစ်လက်စတည်းဖြတ်လိုက်တယ်တဲ့လေ"

"ဟာ- ဒါဆို ကိုတင်အေး သည်းခြေထုတ်လိုက်ရတာပေါ့ ဟုတ်လား"

လို့ ဦးမောင်မြင့် စိုးရိမ်စိတ်နဲ့ မေးလိုက်တယ်။

"ဒါပေါ့ဗျာ၊ ပေါက်နေမှတော့ ဘာလုပ်လို့ရတော့မှာတုံး။ အူနံ့ရုံက အပေါက်သေးသေးလေးတွေက သောက်နဲ့ ပိတ်လို့ရလို့တော်သေးတာပေါ့"

"ဒါနဲ့နေစမ်းပါဦး ကိုတင်အေးရဲ့၊ ခင်ဗျား ဆေးရုံတက်နေရတဲ့ကာလတစ်လျှောက်လုံး ကျုပ်လည်း ဘာမှကူညီရတာမရှိတဲ့နဲ့ ကျုပ်ကျေးဇူးဆိုတဲ့အဓိပ္ပာယ်က ဘာတုံးဗျ"

လို့ ဦးမောင်မြင့် သိချင်စိတ်နဲ့ မေးလိုက်ပြန်တယ်။

"ပြောပါမယ်ဗျာ၊ အဲဒါပြောချင်လို့လာခဲ့တာလို့ပြောပြီးပြီပဲ"

"ဒီလိုဗျာ၊ ကျုပ်ခွဲခန်းထဲဝင်ပြီး မေ့ဆေးပေးခံထားရတဲ့နောက်ပိုင်း လက်ရှိပစ္စုပ္ပန်အခြေအနေတွေကို ဘာဆိုဘာမှ မသိတော့ဘူး။ ဒါပေမယ့် ထူးခြားတာတစ်ခုက ဒီအချိန်မှာ ကျုပ်ခန္ဓာကိုယ်ဟာ နာကျင်မှုဝေဒနာကင်းစင်ပြီး စိတ်တွေလည်း ပေါ့ပါးလို့ သစ်ရွက်ခြောက်တစ်ခုလို လွင့်မျောနေလိုက်တာ မြေကြီးနဲ့ ခြေထောက် ထိတယ်လို့တောင် မထင်ရဘူး။ ဘယ်နေရာ ဘယ်ဒေသတွေမှန်း ကျုပ်မသိပေမယ့် မြင်မြင်သမျှကတော့ စိမ်းလန်းနေတဲ့ တောတွေ တောင်တွေချည်းပဲ"

ဦးတင်အေး မောသွားဟန်နဲ့ စားပွဲပေါ်မှာ အသင့်တင်ထားတဲ့ ရေနွေးကြမ်းတစ်ခွက်သောက်လိုက်တယ်။ ပြီးတော့ လည်ချောင်းတစ်ချက် ခပ်ဖြည်းဖြည်းရှင်းရင်း-

"ဒါနဲ့ တစ်နေရာရောက်တော့ ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ လူထွားကြီးနှစ်ယောက် ကျုပ်လက်ကို တစ်ဖက်တစ်ချက်ဆွဲခေါ်သွားတယ်။ အပေါ်ပိုင်း ဗလာကျင်းပေမယ့် ပုဆိုးကွက်တုံးကြီးတွေကို ခါးတောင်းကျိုက်သလို ဝတ်ထားတယ်။ ထွားလိုက်တာလည်း နည်းနည်းနောနောကြီးတွေမဟုတ်ဘူးဗျ။ ကျုပ်လည်း ကြောက်ကြောက်နဲ့ သူတို့လက်ထဲ လွတ်လိုလွတ်ငြား ရုန်းကြည့်သေးတယ်။ ဒါပေမယ့်ဗျာ၊ ကျုပ်သာ ဇောချွေးတွေပြန်လာတယ်။ သူတို့နှစ်ယောက်ကတော့ ကျုပ်ရုန်းတာ သိပ်တောင်မပေါ်ဘူး။ သူတို့ဆွဲခေါ်ရာနောက်ကို သစ်ရွက်လေးတစ်ရွက်လို ပါသွားရတယ်။

'ကျုပ်ကို ဘယ်ခေါ်သွားကြမှာလဲ လွှတ်ပေးပါ။ ကျုပ်အိမ်ပြန်ချင်တယ်'

လို့ အော်ဟစ်ပြောနေပေမယ့် ဒီလူထွားကြီးနှစ်ယောက်က ကျုပ်ပြောတာကို မကြားတာလား၊ အရေးပဲမစိုက်တာလား မသိဘူး။ ကျုပ်ကို တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်ကြဘူး။

တစ်နေရာရောက်တော့ ကျုပ်တို့ရှေ့မှာ တောင်အမြင့်ကြီးတစ်လုံးက ထီးထီးကြီးပေါ်လာတယ်။ကျုပ်ကိုခေါ်သွားတဲ့ လူကြီးနှစ်ယောက်လည်း ဒီတောင်ကြီးဆီ တရိပ်ရိပ်နဲ့ တည့်တည့်ကြီးသွားနေတာဆိုတော့ ကျုပ်စိတ်ထဲ ငါ့ကို ဒီတောင်နံရံကြီးနဲ့ ဝင်ဆောင့်အောင်လုပ်တော့မယ်လို့ ထင်လိုက်မိတယ်ဆိုရင် ကြောက်စိတ်က ငယ်ထိပ်ကို တက်ဆောင့်တော့တာပဲပေါ့ဗျာ။ ကြောက်ကြောက်နဲ့ အားရှိသလောက် ရုန်းကန်ကြည့်သေးတယ်။ ဒါပေမယ့် ဘာမှမထူးပါဘူးဗျာ။ ဒီတစ်ခါတော့ ငါ့ဘဝစိစိညက်ညက်ကြေရပြီလို့ စဉ်းစားရင်း မျက်စိကို စုံမှိတ်ထားလိုက်တော့တယ်။

အတော်ကြာတဲ့အထိ ဘာခံစားမှုမှမရှိလို့ မျက်စိကိုဖွင့်ကြည့်လိုက်မိတော့ လားလား- ကျုပ်တို့သုံးယောက် တောင်နံရံကြီးကို ဖောက်ဝင်လာခဲ့တယ်ဆိုတာ သိလိုက်ရတယ်"

ဦးတင်အေး ပြောနေရင်းက ခံတွင်းချဉ်လာလို့ ထင်တယ်။ ဦးမောင်မြင့်ဆီက ဆေးလိပ်တောင်းပြီးဖွာမယ်ကြံတော့ သူ့ဇနီးက-

"အစ်ကိုရယ်၊ ဆရာဝန်က ဆေးလိပ်မသောက်ဖို့ ပြောထားတယ် မဟုတ်လား"

လို့ ပြောလိုက်တယ်။

ဦးတင်အေးက လက်ကာပြရင်း-

"ငါသိပါတယ်ကွာ။ ခံတွင်းချဉ်လို့ တစ်ဖွာ၊ နှစ်ဖွာပါ"

လို့ ပြောရင်း မီးကို ရဲခနဲ[illegible] အောင်ဖွာလိုက်တယ်။ ပြီးတော့ [illegible] လက်စ စကားကို ပြန်ဆက်တယ်။

"ဒါနဲ့ တောင်နံရံကြီးဒီဘက်[illegible] ရောက်တယ်ဆိုရင် ကျုပ်နားထဲမှာ [illegible] တွေ အော်ဟစ်ညည်းညူသံတွေကို [illegible] ဆူညံညံတွေ ကြားနေရတယ်။ ဘ[illegible] နေရာက ကြားရတယ်ဆိုတာတော့ [illegible] တပ်မပြောနိုင်ဘူး။ တစ်နေရာရော[illegible] တော့ ရေတွင်းပျက်လိုလို၊ မြေအော[illegible] လိုဏ်ခေါင်းလိုလို တွင်းကြီးတစ်တွင်[illegible] ရှေ့ရောက်တော့ ကျုပ်ကိုခေါ်လာ[illegible] လူထွားကြီးနှစ်ယောက်က ရပ်လိုက်[illegible]

'ဒါ မင်းဆင်းရမယ့်နေရာ'

ဆိုပြီး ကျုပ်ကို တွင်းကြီးထဲတွ[illegible] ချလိုက်တယ်။ ကျုပ်ဖြင့် ကြောက်လို[illegible] တာ ကြက်သီးမွေးညင်းတွေတော[illegible] တောင်ထကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ် မဆင်းပါရစေနဲ့၊ ကျုပ် မိသားစုဆီ ပြန်ပါရစေ'

လို့ တောင်းပန်လိုက်ပေမယ့် အသံက လည်ချောင်းထဲမှာပဲ ပျောက်ပျောက်နေတယ်။ ကျုပ်အနေနဲ့ ဒါကို တယောင်ချောက်ချား အိပ်မက်မက်တာပါလို့ ပြောရအောင်လည်း ကျုပ်က အိပ်နေတဲ့လူတစ်ယောက် မဟုတ်ဘူးလေ။ ခွဲစိတ်ခန်းထဲမှာ သေမင်းနဲ့ သူတင်ကိုယ်တင် အပြိုင်ကျဲနေရတဲ့လူ။ ပြီးတော့ မြင်ရတွေ့ရ ခံစားရတာတွေကလည်း ထင်ထင်ရှားရှား ပြတ်ပြတ်သားသားတွေ"

ဦးတင်အေး ပြောလက်စ စကားကို ခဏရပ်ပြီး လက်ကျန်ရေနွေးကို တစ်ကျိုက်ကျိုက်လိုက်ပြန်တယ်။ အပြင်ဘက်မှာ ရာသီဥတုက ဒီလောက်ပူနေတာမဟုတ်ပေမယ့် ကျီးခြေရာထပ်နေတဲ့ ဦးတင်အေးနဖူးထက်မှာတော့ ချွေးစက်တို့က တွဲခိုနေကြတယ်။

ဦးမောင်မြင့်ကလည်း ဦးတင်အေး ဆက်ပြောလာမယ့်စကားကို စိတ်ဝင်တစား စောင့်လင့်နေတယ်။ ခဏနေတော့ ဦးတင်အေး ချောင်းတစ်ချက်ဟန့်ရင်း-

"လူထွားကြီးနှစ်ယောက်က ကျုပ်ကို တွင်းနက်ကြီးထဲ တွန်းချလိုက်တာမှန်ပေမယ့် ထူးဆန်းတာတစ်ခုက ကျုပ်ခန္ဓာကိုယ်ဟာ ကျင်းကြီးအလယ်မှာ အောက်ကို ကျမသွားဘဲ တန့်နေတာတယ်။ ကျုပ်လည်း အံ့ဩစိတ်၊ ဝမ်းသာစိတ်နဲ့ အောက်ကိုငုံ့ကြည့်မိတော့ ကြက်သွေးရောင်လိုလို၊ အညိုရင့်ရောင်လိုလို ပိတ်စကြီးတစ်စပေါ် ရောက်နေတာပဲ။

ကျင်းနှုတ်ခမ်းမှာရပ်နေတဲ့ လူထွားကြီးနှစ်ယောက်က ကျုပ်ကို ကျင်းပေါ်ပြန်ဆွဲတင်လိုက်တော့ ဒီပိတ်စကြီးလည်း ဖျတ်ခနဲ ပျောက်သွားတယ်။ လူထွားကြီးနှစ်ယောက်လည်း ကျုပ်ကိုထပ်တွန်းချပြန်တယ်။ ဒီလိုနည်းနဲ့ သုံးကြိမ်သုံးခါ တွန်းချတိုင်း ဒီအညိုရောင်ပိတ်စကြီးပေါ်ပဲကျကျနေတော့ လူထွားကြီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဇဝေဇဝါဖြစ်နေကြတယ်။ ဒီအချိန်မှာ သူတို့နောက်ကနေ-

'ဟေ့. . ဟေ့ကောင်တွေ၊ မင်းတို့ လူမှားခေါ် လာပြန်ပြီ။ ဒီလူက သင်္ကန်းလှူထားတဲ့ကုသိုလ်တွေရှိတယ်။ သွားသွား၊ ဒါ သူနေရာမဟုတ်ဘူး။ မြန်မြန်သွားပြန်ပို့ကြ'

လို့ အသံခြေဗပြည့်ပြည့်နဲ့ ပြောလိုက်တဲ့အသံကို ကျုပ်နားနဲ့ဆတ်ဆတ်ကြားလိုက်ရပြီး ရင်ထဲမှာ လှပ်ခနဲ ခံစားလိုက်ရမှုနဲ့ ကျုပ်သတိပြန်ရလာတယ်။

ကျုပ်သတိပြန်ရတော့ အထူးကုဆေးရုံကြီးရဲ့ ခုတင်ပေါ်မှာပဲ ရှိသေးတယ်။ ကျုပ်ဇနီးကတော့ (၃) ရက်လုံးလုံး သတိပြန်လည်မလာတဲ့ကျုပ်ကို ပစ်ရပြီအထင်နဲ့ ငိုနေလိုက်တာ။ ကျုပ်ယောက္ခမနဲ့ ဆွေမျိုးသားချင်းတွေလည်း မျက်စိမျက်နှာတွေပျက်လို့ပေါ့ဗျာ။ ကျုပ် သတိပြန်ရမှပဲ သူတို့လည်း သက်မချနိုင်ကြတာကိုး။

ဒီအကြောင်းတွေကို ဆေးရုံပေါ်မှာပဲ ကျုပ်ဇနီးကိုသေသေချာချာပြောပြလိုက်တော့ သူလည်း အတော်လေး အံ့အားသင့်သွားတယ်။ ဒါလေး လှူမိတဲ့ အကြောင်းလေးက ဒီလောက်တောင် အကျိုးထင်သွားသလားပေါ့။ ကျုပ်ဇနီးက လွယ်လွယ်နဲ့ ယုံတာ မဟုတ်သလို ကျုပ်ကလည်း မဟုတ်တာတွေပြောတာမှ မဟုတ်တာ။

ကျုပ်ကြုံခဲ့ရတာဟာ အိပ်မက်မဟုတ်သလို ထင်ယောင်ထင်မှားနဲ့ ဝေဝေဝါးဝါးလည်း မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် ဒီအကြောင်းကို အချိန်ယူပြီး သေသေချာချာ စဉ်းစားတယ်။ ဇနီးသည်ကိုလည်း နားလည်အောင်ပြောပြီး စဉ်းစား ဆုံးဖြတ်ခွင့်ပေးခဲ့တယ်။

ကျုပ်တို့ကိုးကွယ်တဲ့ မိရိုးဖလာဘာသာတရားမှာက ခင်ဗျားတို့ဘာသာတရားမှာလို ကံ၊ ကံ၏အကျိုးတို့ဘာတို့ ဆိုတာတွေကို လက်ခံတာမဟုတ်ဘူးဗျ။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ သူတွေ့မဟုတ်ဘဲ ကိုယ်တွေ့ဆိုတော့ အကြွင်းမဲ့ယုံတယ်။



ကျုပ် ဗုဒ္ဓဘာသာထဲ ဝင်မယ်ဆိုတော့ ကျုပ်ယောက္ခမနဲ့ ဆွေမျိုးတွေက ဆတ်ဆတ်ခါပေါ့ဗျာ။ နေထိုင်မကောင်းဖြစ်ပြီးမှ စိတ်ဖောက်သွားတယ်လို့တောင် ထင်ကြသေးတာရယ်။

ဒါပေမယ့် ကိစ္စမရှိဘူးလေ၊ ကျုပ်ဘဝရဲ့ သုံးပုံနှစ်ပုံလောက်က သူတို့စိတ်တိုင်းကျနေခဲ့ပြီးပြီ။ စေ့စေ့တွက်တွက်ပြီး ပြောရရင် တောင်တန်းကြီးမြင်နေမှတော့ လက်ထဲက ကျောက်ခဲတွေကို မက်စရာအကြောင်း မရှိတော့ဘူး။

ကျုပ် ဆက်ရှင်သန်ရမယ့် သက်တမ်းလေးမှာတော့ ကိုးကွယ်ရာအမှန်ကို လက်လွှတ်မခံနိုင်တော့ဘူး။ ကျုပ်ပြောချင်တဲ့ ခင်ဗျားရဲ့ကျေးဇူးဆိုတာ ဒါကိုပြောတာ။ ခင်ဗျား လာတိုက်တွန်းလို့ ကျုပ်လှူဖြစ်သွားတာကိုး"

လို့ ဆိုပြီး ဦးတင်အေး သူ့စကားကို အဆုံးသတ်တယ်။

ပြီးတော့ နဖူးထက်က ချွေးစက်တွေကို လက်ကိုင်ပဝါနဲ့ ခပ်ကြမ်းကြမ်းသုတ်ရင်း-

"ကျုပ်ကို ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်အောင် ကိုမောင်မြင့် ကူညီမယ် မဟုတ်လား"

ဆိုတော့ ဦးမောင်မြင့်အနေနဲ့ ဘာပြောကောင်းမလဲ ဗျာဗျာသလဲပေါ့။ သူကိုယ်တိုင်လည်း ဘာသာတရားကို အလေးအနက်ထားတတ်တဲ့အပြင် အခုလို ဘာသာခြားတစ်ယောက်က ဘာဆွယ်တရားမှ ဟောစရာမလိုဘဲ ကိုယ့်ဘာသာကို ယုံကြည်သက်ဝင်လာတယ်ဆိုတော့ ဝမ်းလည်းဝမ်းသာမိသလို ဂုဏ်လည်းဂုဏ်ယူနေမိတယ်။

ပြောရမယ်ဆို အခုအချိန်မှာ ဦးတင်အေးက ဗုဒ္ဓဘာသာကို ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်တဲ့လူတစ်ယောက်ဖြစ်နေပြီ။ မှောင်မိုက်နေတဲ့ သူ့ဘဝဟာ သူရှာဖွေတွေ့ရှိခဲ့တဲ့ လရောင်နဲ့ပဲ လမ်းမှန်ပေါ်ကို တရွေ့ရွေ့ လျှောက်လှမ်းရင်း။

(အဖြစ်မှန်ပြောပြပေးသော ဆရာဦးမောင်မြင့်နှင့် ဦးတင်အေးတို့အား ဤစာစုလေးဖြင့် ဂါရဝပြုအပ်ပါသည်။)

**မြောင်းမြမြင့်ထိုက်**



www.burmeseclassic.com

www.burmeseclassic.com

နှားချမ်းသာ၏ ငယ်စဉ်ဘဝကို တင်ပြခဲ့ပြီးပေပြီ။ နှားချမ်းသာ၏အတ္ထုပ္ပတ္တိကို ရေးသားခဲ့သော ရီချန်သည် နှားချမ်းသာနှင့် အဖြစ်ချင်းတူနေခြင်း ဖြစ်သည်။

ရီချန် အသက်(၇)နှစ်အရွယ်တွင် ဖခင် သေဆုံးသွားခဲ့သည်။ သူ့ဖခင်၏ ညီက အမွေဆက်ခံသည်။ ထိုအခါ ရီချန်၏ မိခင်ကို မယားအဖြစ် ပေါင်းသင်းသည်။ ဦးလေးသည် ပထွေးဖြစ်သွားသောအခါ သူ့ကို ကျွန်သဖွယ်ထားသည်။

ရီချန်က စားစရာရဖို့ စာအုပ်ဖတ်ရသည်။ အသံကျယ်ကျယ်ဖြင့် ရီချန်ဖတ်ပြသည်ကို ဦးလေးကနားထောင်ရင်း ဇိမ်ယူသည်။ ထိုသို့ စာဖတ်ပြခအဖြစ် စားစရာပေးသည်။ ရီချန်သည် စာဖတ်ပြရခြင်းအပြင် အိမ်အလုပ်များကိုလည်း ကျေးကျွန်သဖွယ် လုပ်ကိုင်ပေးရသည်။ အရွယ်ရောက်လာသောအခါ သူရင်းငှားအဖြစ် လုပ်ကိုင်ရ၏။ လယ်ထွန်ရသည်၊ ကောက်ရိတ်ရသည်။

ရီချန်က သူနှင့် အဖြစ်ချင်းဆင်ဆင်တူသော နှားချမ်းသာ၏ ငယ်စဉ်ဘဝကို တင်ပြပြီးသောအခါ တရားရှာဖွေသည့်အကြောင်းကို ဆက်လက် ရေးသား တင်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်တော့သည်။

■◆

ဆရာသခင် မီလာရီပက သူ့ဘဝဇာတ်ကြောင်းကိုပြောပြနေ၏။ ကျွန်ုပ်တို့ တပည့်များက စိတ်ဝင်တစား နားထောင်ကြ၏။ ငယ်စဉ်ဘဝဒုက္ခရောက်ခဲ့ပုံအဖုံဖုံနှင့်တကွ အောက်လမ်းလောကီပညာရှင်ဖြစ်လာခဲ့ပုံတို့ကို နားထောင်ပြီးသောအခါ ထိုသို့သော ဆိုးသွမ်းညစ်ထေးသူအဖြစ်မှ စင်ကြယ်သန့်ရှင်းသောသူတော်စင်အဖြစ်သို့ မည်သို့ပြောင်းလဲခဲ့သည်ကို သိလိုကြသည်။ ထို့ကြောင့် အားလုံးကိုယ်စား ကျွန်ုပ်က မေးလိုက်သည်။

"ဆရာက ဘယ်လိုကဘယ်လိုယခုလို သူတော်စင်ရသေ့အဖြစ်ကို ရောက်စေတဲ့လမ်းပေါ်ကို ပြောင်းလဲရောက်ရှိခဲ့တယ်ဆိုတာ ပြောပြပါဦး"

ထိုအခါ ဆရာသခင် သူတော်စင် မီလာရီပက ဖြစ်ကြောင်းကုန်စင်ပြောပြသည်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

■◆

ကျွန်ုပ်သည် မိမိ၏ ပညာစွမ်းအပေါ် ကျေနပ်မိသည်။ ဂုဏ်လည်းယူမိသည်။ သွေးပူနေသဖြင့် မိမိလုပ်ရပ်သည် မှန်သည်ဟု ခံယူသည်။ ဤသို့ ကလဲ့စားချေရမည်ဟု ယူဆသည်။ သို[...] သော် ကြာလာသောအခါ . သွေးအေး[...] သွားချိန်တွင် စဉ်းစားချင့်ချိန်မိလာ[...] မိမိကြောင့် သေရသူတို့အတွက် စိတ်[...] တစ်မျိုးတစ်မည်ဖြစ်စပြုလာသည်။ မိ[...] လက်ချက်ကြောင့် လယ်ယာပျက်စီး[...] အတိဒုက္ခရောက်ရသူတို့အတွက်လည်း [...] စိတ်မကောင်းဖြစ်မိသည်။

ကျွန်ုပ်တတ်ထားသောပညာသည် [...] လူ့လောကအတွက် အသုံးတည့်ပါ[...] လော၊ ကောင်းမွန်သောပညာ ဟုတ်[...] ၏လော၊ သုံးအပ်သောပညာ ဟုတ်ပါ[...] လော စသဖြင့် သံသယဝင်လာသည်။ [...] ပညာကောင်းပညာမွန်ကို ရှာဖွေသင်[...] လိုစိတ်လည်း ပေါ်ပေါက်လာသည်။ [...] ဆန္ဒပြင်းပြလာချိန်၌ ကျွန်ုပ်တွင် စိတ်[...] ဝေဒနာစွဲကပ်တော့သည်။



အောင်ကျော်

နှားချမ်းသာ

သုရဿမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဂနာမငြိမ်ဖြစ်နေသည်။ ထိုင်နေလျှင် ထလမ်းလျှောက်ချင်သည်။ လျှောက်နေလျှင် ပြန်ထိုင်ချင်သည်။ တစ်နေရာတွင် ကြာကြာငြိမ်ငြိမ်နေ၍မရဖြစ်နေသည်။ စိတ်ကလည်း ယောက်ယက်ခတ်သည်။ လူကလည်း ယောက်ယက်ခတ်၏။ စားချင်သောက်ချင်စိတ်လည်း ကုန်ခန်းနေသည်။ အိပ်သောအခါ၌လည်း အိပ်၍မပျော်။

ကျွန်ုပ်အနေဖြင့် ဆရာ့ကို အသိမပေးရဲသဖြင့် သူ့ထံ၌ တပည့်အဖြစ်ဆက်နေရင်း ကြိတ်ခံစားနေရသည်။ အခွင့်ကြုံနေရသည်။ အခွင့်ကြုံလျှင် ဆရာ့ကိုဖွင့်ပြောပြီး ပညာကောင်းပညာမွန်ရှာဖွေခွင့်ကို တောင်းခံမည်ဟုသာ အားခဲထားလိုက်သည်။

တစ်ရက်၌ အခွင့်ကောင်းတို့ကြုံကြိုက်သည်။ ဆရာသည် မိတ်ဆွေတစ်ဦးရှိရာသို့ ခရီးထွက်သွားသည်။ မိတ်ဆွေဖြစ်သူသည် မမာမကျန်းဖြစ်နေသဖြင့် သတင်းသွားမေးခြင်း ဖြစ်သည်။ သူရောက်ရှိပြီးသည့်နောက်နေ့တွင် ကွယ်လွန်သွားသဖြင့် အသုဘရက်လည်သည်အထိဆက်နေရသည်။ ပြန်ရောက်လာသောအခါ သူ့ကိုကြည့်ရသည်မှာ စိတ်





www.burmeseclassic.com

www.burmeseclassic.com

လေးလံနေသည့်အသွင်ရှိသည်။ သက်ပြင်းချသည်ကို ကျွန်ုပ်သတိပြုမိသည်။ ငှငှငိုင်ငိုင်လည်းဖြစ်နေတတ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်က အကြောင်းရင်းကို မဝံ့မရဲဖြင့် မေးမြန်းသည်။

ဆရာက -

"ဘဝဟာ မမြဲဘူး။ ငါ့ရဲ့မိတ်ဆွေရင်းချာ သေသွားခဲ့တဲ့အတွက် ငါ လှိုက်လှိုက်လှဲလှဲ ကြေကွဲရတယ်။ ဒုက္ခဆင်းရဲတွေနဲ့အတူပြီးနေပါလားလို့ ငါတွေးနေမိတယ်။ ငါ့တစ်သက်တာကို လောကီပညာကိုသင်ယူလေ့ကျင့်ရင်း အချိန်တွေကုန်ခဲ့တယ်။ ဒီပညာနဲ့ ရှိနှင့်ပြီးသားဒုက္ခဆင်းရဲတွေထဲကို နောက်ထပ် ဒုက္ခဆင်းရဲတွေ ငါထပ်ထည့်ပေးခဲ့တယ်။ မင်းကလည်း ငါ့ရဲ့သားတပည့်အဖြစ်ခံယူပြီး ငါလျှောက်တဲ့အတိုင်း လိုက်လျှောက်နေတယ်။ ဒီတော့ ငါ့လိုပဲ အကုသိုလ်တွေထုပိန်းနေပြီ။ မင်းကို ငါက ဒီပညာကိုသင်ပေးခဲ့တာဆိုတော့ ငါ့မှာလည်း အကုသိုလ်တွေလာတိုးမှာသေချာတယ်။ မင်းက ပညာရပ်ကိုသုံးပြီး ပြုလိုက်သမျှအကုသိုလ်တိုင်းအတွက် ငါ့မှာပါ အကုသိုလ်တွေတိုးနေမှာ သေချာတယ်။ အခုဒီပညာရပ်ကို ငါစွန့်လွှတ်ပြီး တရားအစစ်ကို ငါရှာတော့မယ်လို့ စိတ်ကူးမိတယ်။ မင်းက ငါ့ရဲ့ကလေးတွေနဲ့တပည့်တွေကို စောင့်ရှောက်ပေးပါလို့ပြောပြီး တရားစစ်တရားမှန်ကို အရှာထွက်ဖို့ ငါစိတ်ကူးမိတယ်။ ဒါပေမယ့် အသေအချာစဉ်းစားကြည့်တော့ ငါ့အသက်ကကြီးပြီ။ မင်းက ငယ်သေးတယ်။ ဒီတော့ ငါ့ကိုယ်စား မင်းက တရားအစစ်ကိုရှာဖွေပြီး ငါ့ကို မင်းက ကယ်ပေးနိုင်ရင် ကောင်းမယ်လို့လည်း ငါစဉ်းစားမိတယ်။ ဒီတော့ တရားစစ်တရားမှန်ကို ပြသပေးနိုင်တဲ့သူဆီ မင်းသွားပြီး ငါလုပ်စေချင်တာကို လုပ်ပေးနိုင်မလား"

သူဆန္ဒသည် ကျွန်ုပ်ဆန္ဒနှင့် တစ်ထပ်တည်းကျနေသဖြင့် ရေငတ်နေတုန်း ရေတွင်းထဲကျသကဲ့သို့ ဖြစ်နေသည်။ ကျွန်ုပ်ကခွင့်တောင်းလိုနေသည်ကို သူက ခိုင်းနေခြင်းဖြစ်ပေရာ အံဝင်ခွင်ကျဖြစ်နေသည်။ မိုးနတ်မင်းကြီးက တမင်များ ဖန်တီးလိုက်လေရော့လားဟုပင် ကျွန်ုပ်တွေးမိသည်။ သို့ဖြစ်ရာ ကျွန်ုပ်က တရားစစ်တရားမှန်ကို ရှာလိုပါကြောင်း ပြောလိုက်သည်။

ဆရာက ကျွန်ုပ်ကို စာမရီတစ်ကောင် စွန့်ကြသည်။ စာမရီမွေးကို ချည်အဖြစ် သုံးစွဲရက်လုပ်ထားသော အဝတ်အထည်များကိုလည်း ပေးသည်။ ထို့နောက် ကျွန်ုပ်ကို သူသိသည့် ဆရာတစ်ဦးထံ သွားရောက် ပညာသင်ယူရန် လမ်းညွှန်သည်။

၎င်းဆရာသည် ရွှေဂမ္ဘီရဂိုဏ်းဝင်တစ်ဦးဟု သူကပြောပြသည်။ 'ကျုမ်'တောင်ကြားလွင်ပြင်ရှိ 'နာ'ဟုခေါ်သည့် အရပ်တွင်နေထိုင်သည်။ သူသည် တန်ခိုးအတော်အတန်ရှိသူဟု ကျော်ကြားသည်။ သူ့ထံအရောက်သွားပြီး ပညာကိုအပတ်တကုတ်သင်ယူရန် ဆရာက မှာကြားသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် နာသို့ သွားရသည်။

နာသို့ ရောက်သောအခါ ဆရာသည် အိမ်၌မရှိကြောင်း ဆရာကတော်က ပြောပြသည်။ သူ့တပည့်တပန်းတို့က ဆရာနေသည့်နေရာကို ပြောပြ၏။ ကျွန်ုပ်က မသွားတတ်သဖြင့် တပည့်တစ်ဦးကို အခကြေးငွေပေးပြီး လိုက်ပို့ခိုင်းရသည်။ ဆရာနှင့်တွေ့သောအခါ ပါလာသည့် စာမရီဖြင့် ကန်တော့လိုက်သည်။ ထို့အပြင် စာမရီမွေးထည်တို့ကိုလည်း လက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။

ကျွန်ုပ်က မိမိသည် လူယုတ်မာတစ်ဦးဖြစ်ခဲ့ကြောင်း ပြောပြလိုက်၏။ လောကီပညာသင်ပေးသော ဆရာက တရားစစ်တရားမှန်ကိုရှာဖွေရန်အတွက် စေလွှတ်လိုက်သောကြောင့် ရောက်လာရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။ မွေးခြင်းနှင့်သေခြင်းကြား ကျင်လည်နေရသော မာယာလောကမှ လွတ်လမ်းကို မိမိနှင့်တကွ မိမိဆရာအတွက် သင်ယူလိုကြောင်း ပြောပြလိုက်၏။ ထို့နောက် မိမိကို တပည့်အဖြစ်လက်ခံပြီး သင်ပြပေးပါရန် ပန်ကြားလိုက်သည်။

သူက -

"ငါ့ရဲ့လုပ်နည်းကိုင်ဟန်က မဟာလွတ်လမ်းလို့ ခေါ်တယ်။ ဒီနည်းကြောင့် လုံးဝပြည့်စုံပြီးစီးသွားနိုင်တယ်။ နှစ်ဆ၊ သုံးဆကျော်လွန်သည်အထိ ပြီးစီးပြည့်စုံသွားစေနိုင်တယ်။ အမြစ်၊ ပင်စည်၊ အကိုင်းအခက် အကုန်လုံးပြီးမြောက်သွားစေတယ်။ အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ပြီးမြောက်သွားစေတယ်။ ယောဂကျင့်စဉ်ရဲ့ အသီးအပွင့်ကို ရစေတယ်။ တစ်ရက်မျှကျင့်ရုံဖြင့် လွတ်မြောက်သွားနိုင်တယ်။ စိတ်ရောနာမ်ပါ အကုန်လုံးဖွံ့ဖြိုးတိုးတက်သွားစေနိုင်တယ်။ ကြားရုံမျှဖြင့် တရားထိုင်စရာမလိုဘဲ ကိစ္စပြီးစီးသွားနိုင်တယ်။ ပါရမီအခံကောင်းသူတွေအတွက် အလွန်သင့်မြတ်တယ်။ မင်းကို ငါပေးမယ်၊ ရအောင်ယူပါ"

ထို့နောက် တပည့်အဖြစ် သွတ်သွင်းလက်ခံသည်။ ထို့နောက် ကျွန်ုပ်အား ညွှန်ပြစရာရှိသည်တို့ကို ညွှန်ပြ၏။ သို့သော် ကျွန်ုပ်သည် အကုသိုလ်တို့ညစ်ထေးနေသူ ဖြစ်သဖြင့် သူညွှန်ပြသောနည်းလမ်းသည် ထိရောက်မှုမရှိနိုင်ပေ။ ကျွန်ုပ်အနေဖြင့် လောကီပညာရပ်ကိုသင်စဉ်က ပညာခန်းတစ်ခုကို ပိုင်နိုင်ကျွမ်းကျင်ရန်အတွက် တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် အပြင်းအထန်လေ့ကျင့်ခဲ့ရသည်။ ယခု ဆရာက တစ်ရက်တည်းဖြင့် ရနိုင်သည်ဟု ဆိုသည်။ ကျင့်ကြံရန်ပင်လျှင် မလို၊ ကြားရုံမျှဖြင့် ရနိုင်သည်ဟု ဆိုသည့်အတွက် ကျွန်ုပ်သည် သူညွှန်ပြသည်တို့ကို ကြိုးစားအားထုတ်ရာ၌ ဝတ်ကျေတန်းကျေမျှသာပြုသည်။

ရက်အတန်ကြာသောခါ ဆရာက -

"သိုးပါဂ၊ သင်က သင်ဟာ ညစ်ထေးတဲ့သူဟုပြောခဲ့တာ တကယ်မှန်နေတယ်။ သင်ဟာ အကုသိုလ်တွေ အတော်ထုပိန်းနေတယ်။ ငါကလည်း ငါ့ရဲ့လုပ်နည်းကိုင်နည်းကို ပြောပြရာမှာ အပြောကြီးခဲ့တယ်။ ဒီတော့ အကုန်လွှဲမချော်ကုန်ပြီ။ ငါ့ရဲ့လုပ်နည်းကိုင်ဟန်တွေဟာ သင်နဲ့ မအပ်စပ်ဘူးဆိုတာ သိရလို့ သင့်ကို ငါ ဆက်ပြီး တပည့်အဖြစ် လက်ခံထားရင် အပိုပဲဖြစ်နေလိမ့်မယ်။ သင့်ကို ပြောင်းလဲသွားအောင် ငါမတတ်နိုင်ဘူး။ ဒီတော့ ငါ့ဆီမှာ ဆက်မနေပါနဲ့။ ဂျုံတောင်ကြားလွင်ပြင်ကိုသွားပါ။ အဲဒီမှာ လူတစ်ယောက်ရှိတယ်။ သူက မဇ္ဈိမဒေသက နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ နာရိုပါရဲ့တပည့်တစ်ဦးဖြစ်ပါတယ်။ သူ့ကို မာပါလို့ ခေါ်ကြတယ်။ သူက ပညာသင်ပြီးပြန်လာတော့ မဇ္ဈိမဒေသကကျမ်းတွေယူလာပြီး ဘာသာပြန်ခဲ့တဲ့ ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ ဒိသာပါမောက္ခသဖွယ် ကျမ်းကျေသူဖြစ်ပါတယ်။ သူနှင့် သင်တို့ဟာ ယခင်ဘဝဟောင်းတုန်းက ဆုံစည်းခဲ့ကြဖူးတယ်။ ရှေးရေစက်ရှိကြသူတွေ ဖြစ်နေတယ်။ ဒီတော့ ဆရာမာပါဆီကို သင်သွားပါ။ အခုသွားပါ"

ကျမ်းပြုပုဂ္ဂိုလ် ဆရာမာပါဟု အမည်ကိုကြားလိုက်ရသောအခါ ကျွန်ုပ်သည် တုန်လှုပ်သွားသည်။ ပြောမပြတတ်သော နှစ်အာရုံကြွေတုန်ခါမှု



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ပေါ်သည်။ အမည်ကို ယခုမှ ကြားဖူးခြင်းဖြစ်သော်လည်း စိတ်ထဲတွင် မာပါ ဆိုသူသည် ငါ၏ဆရာသခင်ဖြစ်တော့သည်ဟု သေသေချာချာ သိနေသည်။ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ စိတ်ထဲအလိုလိုသိလိုက်ခြင်းမျိုး ဖြစ်သည်။

ကျွန်ုပ်သည် ဆရာမာပါထံသို့ ချက်ချင်းဆိုသလိုထွက်ခွာသည်။ ကျွန်ုပ်နှင့်အတူ ကျမ်းစာအုပ်အနည်းငယ်၊ အဝတ်အစားအနည်းငယ်၊ လမ်းတွင် စားသောက်ရန် ရိက္ခာအနည်းငယ်တို့ကို ယူဆောင်ကာ ခရီးစတင်လိုက်သည်။

ကျွန်ုပ်သည် ဆရာမာပါထံသို့ ဦးတည်ခရီးနှင်ခဲ့သည်။ ကျွန်ုပ်သူ့ထံဆိုက်ရောက်မည့်နေ့မတိုင်ခင် တစ်ရက်အလိုတွင် ဆရာမာပါသည် အိပ်မက်တစ်ခုမြင်မက်ခဲ့သည်။ ညဘက်အိပ်စက်စဉ်မြင်မက်ခဲ့ရာ၌ အိပ်မက်ထဲတွင် သူ၏ဆရာရင်းဖြစ်သူ ဆရာကြီးနာရိုပါသည် သူ့ထံသို့ရောက်ရှိလာသည်။ ထိုသို့လာရာ၌ လက်ထဲတွင် ညစ်ထေးနေသော ဝရဇိန်လက်နက်ကို ကိုင်စွဲထားသည်။ တရားရေထည့်ထားသည့် ရွှေရေအိုးလည်းပါလာသည်။ ဝရဇိန်လက်နက်နှင့် ရွှေရေအိုးတို့ကိုပေးသည်။ အိုးတွင်ထည့်ထားသည့် တရားရေအေးဖြင့် ညစ်ထေးနေသော ဝရဇိန်လက်နက်ကို သန့်စင်အောင် ဆေးကြောပါက လောကတစ်ခွင်လုံး ရှင်ပြုံးသွားကြမည်။ သတ္တဝါအပေါင်းအတွက် အကျိုးထူးကို ရစေမည်ဟုပြောပြီး ဆေးကြောခိုင်းသည်။

နောက်တစ်နေ့နံနက်၌ နံနက်စာစားသော်အခါ သူ၏ ဇနီးသည်က ညတုန်းက အိပ်မက်ဆန်းတစ်ခုကို မြင်မက်ကြောင်းပြောပြရာ ဆရာမာပါ မြင်မက်သည့် အိပ်မက်နှင့် ဆင်တူယိုးမှား အိပ်မက် ဖြစ်နေသည်။

ဆရာမာပါက သူ့အိပ်မက်ကို ဇနီးသည်အား ပြောပြခြင်းမပြုချေ။ သူက လယ်ထဲသွားပြီး လယ်ထွန်မည် ဖြစ်ကြောင်းပြောပြီး သူသောက်ရန်အတွက် ခေါက်ရည်စီစဉ်ခိုင်းသည်။ ထိုသို့စီစဉ်ခိုင်းရာ၌ ဧည့်သည်တစ်ယောက်စာအတွက် အပိုထည့်ပေးရန် မှာကြားသည်။

ထိုအခါ ဇနီးသည်က ကန့်ကွက်၏။ ဆရာမာပါလို ဆရာအဆင့်ရောက်နေသူတစ်ဦးအဖို့ ကိုယ်တိုင်ကိုယ်ကျ လယ်ထွန်လျှင် အများအမြင်တွင် မသင့်တော်ကြောင်း၊ သူရင်းငှားများရှိနေပါလျက် ကိုယ်တိုင်လယ်ထွန်စရာမရှိကြောင်း ပြောသည်။ အိမ်နီးနားချင်းတို့က မေးငေါ့ကြမည်ဟုပြောသည်။ ဆရာမာပါက ထွေထွေထူးထူး ရှင်းမပြဘဲ ဗျစ်ရည်အိုးကိုယူပြီး လယ်ထဲသို့ ဆင်းသည်။ လယ်သို့ရောက်သောအခါ လယ်ကို စတင်သဘောထွန်သည်။ ထို့နောက် သင့်တော်ရာနေရာ၌ထိုင်ရင်း အပန်းဖြေကာ ခေါက်ရည်သောက်ရင်း သူ့အိပ်မက်က ညွှန်ပြသည့် ဧည့်သည်ရောက်အလာကို စောင့်ဆိုင်းသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် ခရီးနှင်နေဆဲရှိသည်။ လမ်း၌ တွေ့ကြုံရသူတို့ကို ဆရာမာပါနေသည့် ရွာရှိရာကို လမ်းညွှန်ခိုင်းသည်။ ထိုအခါ၌ မာပါကို မကြားဖူးကြောင်း၊ မသိကြောင်းချည်း ဖြေကြသည်။

ထိုသို့ မေးစမ်းရင်း လျှောက်လာခဲ့ရာ၌ နောက်ဆုံးတွင် ဆရာမာပါကိုသိသူတစ်ဦးနှင့် ကြုံသည်။ သို့သော် သူက မာပါကို ဆရာတစ်ဦးအဖြစ် တလေးတစား မရှိချေ။ လူသာမန်တစ်ဦးအဖြစ်သာ ယူဆသည်။

"ဆရာလားဘာလားတော့ မသိဘူး။ မာပါ ဆိုတဲ့သူတစ်ယောက်တော့ ဂျုံတောင်ကြားလွင်ပြင်မှာ ရှိတယ်"

ဟု သူကပြောလိုက်ပြီးလျှင် ဂျုံတောင်ကြားလွင်ပြင်၏ မာပါနေသည့်နေရာဆီသို့ မည်သို့သွားရမည် ဆိုသည်ကို လမ်းညွှန်ပြသည်။

ကျွန်ုပ်က-

"ဆရာမာပါကို သိသူအတော်နည်းနေတယ်။ သူ့မှာ တခြားအမည်များ ရှိသေးသလား"

ဟု မေးရာ သူကခေါင်းခါပြသည်။

"မရှိပါဘူး။ တချို့ကတော့ သူ့ကို မောင်ရင်ခေါ် သလို ဆရာမာပါလို့တော့ ခေါ်ကြတယ်"

ဟုလည်း သူကပြောပြသည်။

ကျွန်ုပ်သည် ဂျုံတောင်ကြားလွင်ပြင်သို့ ချဉ်းနင်းဝင်ရောက်သောအခါ လမ်းတွင် တွေ့သမျှလူတို့အား မာပါကို သိ၊ မသိ မေးမြန်းသည်။ သိသူတစ်ဦး တလေကိုပင်လျှင် မကြုံကြိုက်ချေ။

ကျွန်ုပ်သည် ခရီးဆက်နှင်လာရင်း တန်ဖိုးကြီးသော ဝတ်ကောင်းစားလှများကို ဝတ်စားဆင်ယင်ထားသည့် လူလတ်ပိုင်းအသက်အရွယ်ရှိသူတစ်ဦးကို တွေ့သည်။ သူ့ထံချဉ်းကပ်ပြီး ဆရာမာပါကို သိ၊ မသိ မေးမြန်းရာ သူက-

"ဩော်- သင်ပြောတဲ့ ဆရာမာပါက ကျွန်တော့်ရဲ့ အဖေကို ပြောတာလား။ သူက ရှိသမျှအိမ်ဝါတချို့ရောင်းချပြီး မဇ္ဈိမဒေသကို သွားရောက်ကာ ပညာသင်ခဲ့တယ်။ ပြန်လာတော့ စက္ကူအလိပ်တွေ မနည်းမနောပါလာတယ်။ အဲဒီလူက ခင်ဗျားမေးတဲ့ ဆရာမာပါဆိုရင်တော့ လယ်ကွင်းထဲမှာ သွားရှာပါ။ ဒီနေ့မှဘာစိတ်ကူးပေါက်တယ်မသိဘူး။ သူပိုင်တဲ့လယ်ကို မထွန်စဖူးသွားထွန်နေတယ်"

သူပြောပြသည့် သူ့ဖခင်၏ အကြောင်းသည် ကျွန်ုပ်သိထားသောမာပါ အကြောင်းနှင့် ကိုက်ညီနေ၏။ ဘာသာပြန်ပြီး ကျမ်းပြုစုသည်ဟု ကြားသိထားပေရာ တိုင်းတစ်ပါးမှ သူယူလာသော စက္ကူလိပ်တို့သည် ကျမ်းစာလိပ်များဖြစ်မည်ဟု တွက်ချင့်မိသည်။ သားဖြစ်သူက ပြောပြရာ၌ ပထမပိုင်းမှာ ကျွန်ုပ်ရှာနေသော မာပါနှင့် အချက်အလက် ကိုက်ညီနေသည်။ ဒုတိယပိုင်းမှာ ယုံရခက်ကြီး ဖြစ်ရသည်။ သူ့လို နာမည်ကျော်ဆရာမျိုးက ကိုယ်တိုင်လယ်ဆင်းထွန်သည်မှာ အံ့ဩစရာကောင်းနေ၏။ သို့ဖြစ်ရာ မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် သားဖြစ်သူ လက်ညှိုးညွှန်ပြသည့်အတိုင်း လယ်ကွက်ဆီသို့သွားသည်။

လယ်ကွက်အစပ်တွင်ထိုင်နေသူ တစ်ဦးကို တွေ့သောအခါ ရင်တလှပ်လှပ်ဖြစ်လာသည်။ ဆရာမာပါ၏အမည်ကို စကြားစဉ်ကအတိုင်း ရင်ထဲအလိုလို လှိုက်ဖိုနေသည်။

ကျွန်ုပ်သည် ရင်ဖိုနေသည်ကို ဖျောက်အောင် ဖျောက်သည်။ ပြီးမှ သူ့အနီးသို့သွားလိုက်သည်။ အနီးသို့ရောက်သောအခါ ရိုရိုကျိုးကျိုး ကိုယ်ဟန်အမူအရာဖြင့် ချဉ်းကပ်လိုက်သည်။

"မဇ္ဈိမဒေသမှာရှိတဲ့ ဆရာကြီးနာရိုပါထံမှာ ပညာသင်ယူခဲ့တဲ့ ဆရာမာပါကို လာရှာတာပါ"

သူက ထိုင်နေရာမှ မော့ကြည့်သည်။ ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးမှ မေးမြန်းသည်။

"မင်းဘယ်ကလာတာလဲ။ မင်းဘာလုပ်ချင်တာလဲ"

"ကျွန်တော့်ရဲ့ဆရာက ဆရာမာပါထံပါးမှာအတူနေပြီး ပညာဆည်းပူးဖို့ လွှတ်လိုက်လို့ ရောက်လာတာပါ။ ကျွန်တော်က အောက်လမ်းလောကီပညာကို သုံးပြီး ယုတ်မာဆိုးသွမ်းခဲ့လို့ အကုသိုလ်တွေ ညစ်ထေးနေပါတယ်။ အဲဒါကြောင့် သန့်ရှင်းစင်ကြယ်အောင်ပြုချင်ပါတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာကို သင်ယူ



www.burmeseclassic.com

www.burmeseclassic.com

ဆည်းပူးရန် ရည်ရွယ်ပါတယ်"

"ကောင်းပြီ၊ မင်းကို ဆရာမာပါနဲ့ ငါမိတ်ဆက်ပေးမယ်။ ဒီအတိုင်းတော့ မရဘူး။ ထွန်လက်စရှိတဲ့လယ်ကို ပြီးအောင် မင်းထွန်ပေးမှ ငါက မိတ်ဆက်ပေးမယ်"

ထို့နောက် သူက ခေါင်းရည်ဖြင့် ဧည့်ခံသည်။ ကျွန်ုပ်က တစ်ခွက်လုံးကုန်အောင် သောက်ပြီးသောအခါ ကျွန်ုပ်ကို လယ်စထွန်ခိုင်း၏။ သူက ပြန်သွားသည်။ ကျွန်ုပ်သည် ခေါင်းရည်အရှိန်ကြောင့် မောရပန်းရမှန်းမသိဘဲ လယ်ကိုထွန်ရာ ခပ်မြန်မြန်ပြီးစီးသွားသည်။

လယ်ထွန်ပြီးသွား၍ အပန်းဖြေရင်း ထားရစ်ခဲ့သည့် ခေါင်းရည်ကိုသောက်၏။ အနည်းငယ်မျှသာသောက်ရသေးသည်၊ လုလင်တစ်ဦး ရောက်လာသည်။ သူက ကျွန်ုပ်ကို အိမ်သို့ခေါ်လာခဲ့ရန်အတွက် ဆရာမာပါကစေခိုင်းလိုက်သဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ်လည်း လုလင်ခေါ်ရာနောက်သို့လိုက်သွားသည်။ ဆရာမာပါ၏အိမ်သို့ရောက်သောအခါ သူ့ကို ဧည့်ခန်းတွင် လယ်ကွင်းထဲ၌ တွေ့ခဲ့ရသူကို တွေ့သည်။

သူသည် ကိုယ်လက်သန့်စင်ပြီး သန့်ပြန့်သော အဝတ်အစားကို လဲလှယ်ဝတ်ဆင်ထားသည်။ ထိုင်ခုံငယ်တစ်ခုပေါ်တွင်ထိုင်နေသည်။ သူက သူ့ရှေ့သို့လာရန် လက်ဟန်ပြပြီးခေါ်လိုက်သည်။

"ဟုတ်တယ်၊ ငါဟာ မင်းတွေ့ချင်တဲ့ ဆရာမာပါပဲ။ အခု ငါဟာ မာပါဆိုတာကို မင်းသိပြီဆိုတော့ ငါ့ကို အရိုအသေပေးပါ"

ကျွန်ုပ်သည် သူ့ခြေဖျားတို့ကို နဖူးဖြင့် ဦးခိုက်ကန်တော့လိုက်သည်။ ထို့နောက် ကျွန်ုပ်သည် ညစ်ထေးနေသူဖြစ်သဖြင့် စင်ကြယ်အောင် သွန်သင်ပေးပါရန် တောင်းပန်တိုးလျှိုးလိုက်လေသည်။ တပည့်အဖြစ်လက်ခံပါရန် မိမိကိုယ်မိမိ အပ်နှံလိုက်သည်။ ကျွန်ုပ်၏ ကိုယ်ခန္ဓာ၊ ကျွန်ုပ်၏ စိတ်နှလုံး၊ ကျွန်ုပ်၏အသက်အားလုံးကို ပုံအပ်လိုက်သည်။

သူက ကျွန်ုပ်အပ်နှံသည်ကို လက်ခံသည်။ ထို့နောက် သူက-

"မင်းကို ငါ့ထံပါးမှာနေဖို့ ငါလက်ခံပါတယ်။ ဒါပေမယ့် ငါကစရိတ်ခံပြီး ကျွေးမွေးထားရင် မင်းကို ငါ ပညာသင်မပေးနိုင်ဘူး။ ဒီတော့ ငါ့အိမ်မှာ မှီခိုစားသောက်ကာ နေထိုင်ချင်သလား၊ ဒါ



မှမဟုတ် ပညာသင်ချင်သလား။ နှစ်ခုထဲကတစ်ခုကို မင်းရွေးချယ်ပါ။ နှစ်ခုစလုံးတော့ ငါမပေးနိုင်ဘူး"

"ကျွန်တော်လာတာ ပညာသင်ယူဖို့ ဖြစ်ပါတယ်။ ဒီတော့ စားစရိတ်အတွက် တခြားမှာ အလုပ်လုပ်ပြီး ရှာဖွေမယ်။ ကျွန်တော့်ကို ပညာပဲသင်ပေးပါ"

ထိုအခါ သူက ပညာသင်ပေးရန် သဘောတူသည်။ အိမ်တွင် တပည့်တစ်ဦးအဖြစ် နေခွင့်ရှိသော်လည်း စရိတ်စကကို မိမိဘာသာမိမိ ရှာဖွေမည် ဖြစ်သည်။ ကျွန်ုပ်သည် ယူဆောင်လာသော အထုပ်ကိုဖြေသည်။ ပါလာသောကျမ်းစာတို့ကို ကျမ်းစာအုပ်စင်၏ လွတ်နေသောနေရာတွင် တရိုတသေတင်သည်။ ထိုအခါ ဆရာမာပါက တားမြစ်သည်။

"အဲဒါတွေကို တခြားယူသွားစမ်း။ စင်ပေါ်မှာ တရားစစ်တရားမှန်ကို ညွှန်ပြတဲ့ ကျမ်းကောင်းကျမ်းမြတ်တွေရှိနေတယ်။ မင်းရဲ့ညစ်ထေးတဲ့ပညာရပ်ကျမ်းတွေ အတူမတင်ပါနဲ့"

ကျွန်ုပ်သည် ကျမ်းစာအုပ်များကို စင်ပေါ်မှာ ပြန်ယူလိုက်ရသည်။ ကျွန်ုပ်နေထိုင်ရသော အခန်းထဲ၌သာ သိမ်းထားလိုက်ရသည်။ ဆရာကတော်က ကျွန်ုပ်ကို သားအရင်းတစ်ဦးပမာ ဂရုစိုက်သည်။ အစားအသောက်တို့ တည်ခင်းကျွေးမွေးသည်။

ကျွန်ုပ်သည် အလုပ်လုပ်ကိုင်ရန် ရှာဖွေရာ၌ အဆင်မပြေ။ ကျွန်ုပ်ကို အလုပ်မည်မည်ရရပေးမည့်သူမရှိဖြစ်နေသည့် အခက်အခဲကိုကြုံရသည်။ ဆရာမာပါထံ ပညာသင်ရန်အတွက် ဥာဏ်ပူဇော်ခလည်း လိုနေသည်၊ နေထိုင် စားသောက်စရိတ်လည်း လိုနေသည်၊ အလုပ်မရသဖြင့် ပညာခရီးရပ်တန့်နေ၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် အရပ်တကာလှည့်၍ ခြေတိုအောင် လျှောက်ကာ သူဖုန်းစားအဖြစ် တောင်းခံသည်။ ထိုအခါ ဟိုမှနည်းနည်းဒီမှနည်းနည်းပေးကမ်းသော ဘာလီစေ့တို့ကို ရရှိသည်။

ရရှိလာသော ဘာလီစေ့တို့ကို တစ်ဝက်တိတိ ဝက်လိုက်သည်။ ထိုတစ်ဝက်ဖြင့် လက်ကိုင်ကွင်း လေးခုပါပြီး အပြစ်အနာကင်းစင်သော ကြေးအိုးကြီးတစ်လုံးကို လဲလှယ်ရယူလိုက်သည်။

ကျန်ရှိသည့်ဘာလီစေ့တို့အနက် အကုန်လုံးနီးပါးကို အသားနှင့် ခေါင်းရည်တို့ဖြင့် လဲလှယ်လိုက်သည်။ လက်ကျန်ဘာလီစေ့တို့ကို အဝတ်အိတ်အတွင်း ထည့်သည်။ ထို့နောက် လဲလှယ်ရရှိသမျှ အသား၊ ခေါင်းရည်အိုး အစရှိသည်တို့ကို အိတ်အတွင်းထပ်ထည့်ပြီး အိတ်ကို ပခုံးထက်တွင်ထမ်းကာ ဆရာ့အိမ်သို့ ယူလာသည်။

ပခုံးပေါ်ထမ်း၍ သယ်လာရာ၌ လေးလံလွန်းလှသော်လည်း မနိုင်မနင်းထမ်းရင်း အိမ်သို့ ရောက်အောင်သွားသည်။ အိမ်သို့ရောက်သောအခါ အိမ်အဝင်ဝ၌ ထမ်းထားသောအထုပ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ဟူးခနဲ ပါးစပ်မှ လေမှုတ်ထုတ်လိုက်ပြီး အမောဖြေသည်။

ကျွန်ုပ်သည် အိတ်ကို ကြမ်းပြင်ပေါ်ပစ်ချလိုက်ရာ၌ လက်လွှတ်စပယ် ပစ်ချမိလိုက်သဖြင့် ကြမ်းပေါ်သို့ဝုန်းခနဲအကျတွင် အိမ်သည် သိမ့်ခနဲတုန်သွားသည်။

ဆရာမာပါက ထခုန်သည်။ ထို့နောက် ကျွန်ုပ်ကို မာန်မဲကြိမ်းမောင်းသည်။

"အိမ်ကိုတုန်သွားတာပဲ။ မင်းကိုယ်မင်း ဗလကောင်းတဲ့ကောင်လို့ မင်းထင်နေတယ် မဟုတ်လား။ ဒီလို လေးလံတဲ့အထုပ်မျိုးကို ငါထမ်းနိုင်တယ်ဆိုတာ လူတွေသိအောင် ပစ်ချပြတာ မဟုတ်လား။ မင်းကိုယ်မင်း ဘာကောင်မှတ်နေသလဲ။ ငါ့အိမ်မှာဒီလိုလာလုပ်လို့မရဘူး။ အဝတ်ထုပ်ကြီးကို အခုယူသွားစမ်း"

ဟု အော်တစ်ပြောဆိုသည်။ အဝတ်ထုပ်ကိုလည်း ခြေဖြင့်ဆောင့်ဆောင့်ကန်သည်။ အထုပ်ပေါက်ပြပြီး အတွင်းမှ ဘာလီစေ့တို့ ထွက်ကျကုန်သည်။ ဆရာမာပါက အထုပ်ကို အိမ်အပြင်ရောက်သည်အထိ ဒေါသတကြီး ကန်ထုတ်ပစ်သည်။

ကျွန်ုပ်သည် အထုပ်ကိုကောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အိမ်အပြင်ဘက်တွင် ချထားရသည်။ စိတ်ထဲ၌ -

'ဒီဆရာက တယ်ကြမ်းပါလား။ ဒေါသကလည်း ကြီးပါပေတယ်။ နည်းနည်းလေးတောင် သည်းမခံဘူး'

ဟု မှတ်ချက်ချမိသည်။

ထိုသို့မှတ်ချက်ချထားသော်လည်း သူ့ကို ဆရာသမားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းသည် တစ်ပြားမှမလျော့ဘဲ ဆက်လက် တန်ဖိုးထားနိုင်နေဆဲ ရှိသည်။ နောင်တွင် သူ့အနီးတွင် ဆင်ဆင်ခြင်ခြင်နေထိုင်လုပ်ကိုင်ရန် မိမိကိုယ်မိမိ ဆုံးမလိုက်သည်။

ကျွန်ုပ်သည် ကြေးအိုးအတွင်းသို့ အဝတ်အိတ်ထဲ ကျန်ရှိနေသေးသည့် ဘာလီစေ့တို့ကို သွန်ထည့်လိုက်သည်။ ထို့နောက် ကြေးအိုးကို အိမ်ထဲသို့သယ်သည်။ ဆရာ့ကို ကြေးအိုးဖြင့် ကန်တော့သည်။ မိမိအပြုအမူအတွက် တောင်းပန်သည်။ လွန်စွာကျိုးနွံသော ကိုယ်ဟန်အမူအရာကိုပြသည်။

သူက ကြေးအိုးကြီးကို လက်ဖြင့် အသာထိလိုက်သည်။ ထိုသို့ပြုခြင်းသည် ကျွန်ုပ် ပူဇော်ကန်တော့သည်ကို လက်ခံလိုက်ကြောင်း ပြသလိုက်ခြင်း မည်ပေသည်။ ကျွန်ုပ်သည် အသာတကြည် လက်ခံလိုက်သည့်အတွက် ဝမ်းသာလုံးဆို့သွားသည်။ ဆရာက လက်ခံပါ့မလားဟု ပူပန်နေသောစိုးရိမ်စိတ်များ ကွယ်ပျောက်သွားသည်။

ဆရာမာပါက ကျွန်ုပ်အတွက် ရည်မှတ်ပြီး တရားစာကို ရွတ်ဆိုပေး၏။ ဆုတောင်းပေးသည်။

ဆရာသည် စိတ်ကိုအပြည့်နှစ်ပြီး ရွတ်ဆိုဆုတောင်းပေးနေရာ၌ သူ့ရှေ့တွင် ကျွန်ုပ်ရှိနေသည်ကိုပင် မေ့နေပုံရသည်။ သူ့ပါးပြင်ပေါ်သို့ မျက်ရည်များလည်း စီးကျလာသည်။ ထိုသို့ လှိုက်လှိုက်လဲလဲဆုတောင်းခြင်းကို ပြုပေးပြီးသောအခါ သူက-

"နိမိတ်ဩဘာကောင်းလှပါပေတယ်။ ဤကြေးအိုးကို အကျွန်ုပ်၏ ဆရာသခင် နာရိုပါကို ဆက်ကပ်လှူဒါန်းပါတယ်"

ဟု ရွတ်ဆိုပြီး အိုးကို ကိုင်မြှောက်တာ ဆက်ကပ်လှူဒါန်းသည့်ဟန်ပန်ကို ပြုသည်။ ထို့နောက် အိုးကို လှုပ်ခါ၏။ အိုး၏လက်ကိုင်ကွင်းတို့သည် အရှင်တပ်ထားသည့်ကွင်းများဖြစ်ကြပေရာ အိုးကို လှုပ်ခါသောအခါ ကွင်းလေးကွင်းသည်လည်း လှုပ်လှုပ်ခါခါဖြစ်ကုန်ကြသည်။ အိုးနံရံကို ထိခတ်မိကြရာ၌ တကျောင်းကျောင်းမြည်ကုန်ကြသည်။

ဆရာမာပါသည် အိုးကို အားပါးတရလှုပ်ခါသည်။ ကွင်းလက်ကိုင်တို့တလည်း တကျောင်းကျောင်းမြည်နေကြရာ ခေါင်းလောင်းလေးခုကို တစ်ပြိုင်နက်တည်း တီးနေသကဲ့သို့ ရှိတော့သည်။

အားရ ကျေနပ်သည်အထိ တီးပြီးသောအခါ ဆရာမာပါသည် ဘုရားဆောင်ဆီသို့ အိုးကို ယူသွားသည်။ ထို့နောက် ဆီမီးပူဇော်ရာ၌ ဆီမီးထွန်းရန်အတွက် ထားရှိသည့် ထောပတ်ဆီများ ဖြည့်လိုက်သည်။

ကျွန်ုပ်သည် တပည့်အဖြစ် ခံယူပြီးသောအခါ သူ့ထံမှ ပညာသင်ပေးနိုးဖြင့် မျှော်လင့်စောင့်ဆိုင်းသည်။ ရက်တို့မှ သီတင်းပတ်၊ သီတင်းပတ်တို့မှ လအဖြစ်သို့ရောက်သည့်တိုင် သူက ဘာတစ်ခုမှ သင်မပေးသောအခါ ကျွန်ုပ်သည် စိတ်မရှည်ချင်တော့ချေ။ ထို့ကြောင့် သူ့ကို မည်သို့ကျင့်ကြံအားထုတ်ရမည်ဆိုသည်ကို ညွှန်ပြပေးရန် ဖွင့်ပြောလိုက်သည်။

ဆရာမာပါက -

"ငါ့ရဲ့တပည့်တွေ အများကြီးပဲ ငါ့ဆီကိုလာကြတယ်။ ငါ့ကို ဆက်ကပ်လှူဒါန်းဖို့အတွက်လည်း လက်ဆောင်တွေ ယူလာကြတယ်။ ဒါပေမယ့် လမ်းမှာ သူတို့ ဓားပြတိုက်ခံကြရလို့ ငါ့ဆီကို လက်ဗလာဖြင့် ရောက်ရောက်လာတာ များနေတယ်။ လာတဲ့လမ်းမှာရှိတဲ့၊ တောင်ကုန်းတွေမှာရှိတဲ့ စားကျက်မှာ သိုးတွေကိုကျောင်းပေးနေတဲ့ သိုးထိန်းတွေက လုတာလို့ ပြောပြကြတယ်။ ဒီဓားပြတွေကို မှတ်လောက်သားလောက်အောင် ဆုံးမမှဖြစ်မယ်။ မင်းသူတို့ဆီကိုသွားပါ။ မင်းတတ်မြောက်ထားတဲ့ပညာရပ်ကိုသုံးပြီး မိုးအတုရွာအောင်လုပ်ပါ။ သူတို့ရဲ့ လယ်ယာမြေတွေပျက်အောင် ဖျက်ပေးပါ။ ဒီလို ဖျက်ပေးပြီးရင် ငါ့ဆီပြန်လာခဲ့ပါ။ မင်းသင်ချင်နေတဲ့ပညာရပ်ကို ငါ သေသေချာချာသင်ပေးမယ်"

ကျွန်ုပ်သည် ဆရာခိုင်းသမျှကို လုပ်ဖို့သာရှိသည်ဟု ခံယူထားသော တပည့်တစ်ဦးဖြစ်ပေရာ လမ်းတွင်စားရန်အတွက် ရိက္ခာကိုယူဆောင်ပြီး ခရီးထွက်သည်။

ဓားပြတိုက်နေသည့် သိုးထိန်းတို့ရှိရာ တောင်ကုန်းများကို မိုးသီးမုန်တိုင်းကျအောင်လုပ်သည်။ လယ်ယာများ ပျက်စီးကုန်သည်။ ထို့နောက် ဆရာမာပါထံ ပြန်လာသည်။ ဆရာ့ကို ပညာသင်ပေးရန် ပြောသည်။ သူခိုင်းသည်ကို ကျေပွန်စွာလုပ်ပေးပြီးပြီဖြစ်သော်လည်း ပညာကိုမပေး။ အချိန်ဆိုင်းနေသည်။

ကျွန်ုပ်က အကြိမ်ကြိမ်နားပူနားဆာတိုက်သောအခါ စိတ်တိုပြီး ဒေါ်ဟစ်ပြောဆိုသည်။

"ဘာ့ပြောတယ်၊ ထပ်ပြောရဲရင် ပြောကြည့်စမ်း။ မင်းလုပ်ပေးတာ ဘာများ နှယ်နှယ်ရရရှိသလဲ။ မိုးသီးမုန်တိုင်းရွာအောင်လုပ်ပေးတာလောက်နဲ့ ငါ့ဆီကပညာကို လဲလှယ်ချင်နေသလား။ ငါ့ပညာက အပုံကြီးသာတယ်။ ဒီလောက်လေးလုပ်ပေးရုံနဲ့ တန်ဖိုးလာမဖြတ်ပါနဲ့။ မရှိမဒေသကိုသွားပြီး ဘယ်လောက်အကုန်အကျခံပြီး သင်ယူခဲ့ရတယ်ဆိုတာ မင်းမသိဘူး။ ဘယ်လောက်အပင်ပန်းခံခဲ့ရတယ်ဆိုတာ မင်းမသိဘူး။ မင်းပညာကို တကယ်လိုချင်ရင် ငါခိုင်းတာတွေကို ထပ်လုပ်ပေးချေဦး။ လိုဘရက်အရပ်မှာလည်း ဓားပြတွေရှိနေတယ်။ ငါ့တပည့်တွေ ငါ့ဆီအလာမှာ ဓားပြတိုက်လွှတ်လိုက်ကြတယ်။ အခုသွားပြီး ဒုက္ခပေးချေဦး။ မှတ်လောက်သားလောက်ဖြစ်အောင် လုပ်ပေးချေဦး။ မင်းတတ်တာ မိုးအတုရွာတဲ့နည်းပဲရှိသလား။ တခြားဒုက္ခပေးတဲ့နည်းလမ်းရှိရင် ထုတ်သုံးစမ်းပါ။ မင်းကိုတန်အောင်ခိုင်းပြီးမှ ပညာကိုသင်ပေးနိုင်မယ်။ ခပ်ချောင်ချောင်ဖြင့် ငါ့ဆီက ပညာကိုရဖို့ မမျှော်လင့်ပါနဲ့"

အကယ်စင်စစ် လိုဘရက်အရပ်သည် ဆရာမာပါ၏မွေးရပ်ဇာတိ ဖြစ်သည်။ မိမိဇာတိအရပ်ကို ဒုက္ခပေးခိုင်းခြင်းအတွက် နားလည်ရခက်နေစေ၏။ သို့သော် ကျွန်ုပ်အနေဖြင့် ဆရာ့စကားကို နာခံဖို့သာ ရှိသည်။ ကျွန်ုပ်သည် ဆရာခိုင်းသည့်အတိုင်း လိုဘရက်အရပ်ဒေသသို့သွားရသည်။ ကျွန်ုပ်တတ်သောပညာရပ်တစ်ခုကို သုံးစွဲပြီး ဒေသခံတို့အကြား စိတ်ဝမ်းကွဲကာ ခိုက်ရန်ဖြစ်ပွားအောင် ပြုပေးလိုက်သည်။ ထိုသို့ ခိုက်ရန်ဖြစ်ပွားကြရာမှ လက်လွန်ပြီး အများအပြား သေဆုံးခဲ့ကြသည်။

ကျွန်ုပ်အနေဖြင့် စွမ်းစွမ်းတမံလုပ်ပြလိုက်ခြင်းဖြစ်ပေရာ ဆရာမာပါအနေဖြင့် ကျေနပ်လောက်သည်ဟု ယူဆမိသည်။ ထို့ကြောင့် သူ့ထံမှ အဖိုးတန်ပညာရပ်ကို ရတော့မည်ဟု မျှော်လင့်မိသည်။ လက်တွေ့တွင် ခဲလေသမျှ သဲရေကျဖြစ်ရသည်။ ဆရာမာပါက ပညာ



www.burmeseclassic.com

www.burmeseclassic.com

သင်ပေးရန် စကားမဟာချေ။

ဆရာက ကျွန်ုပ်မရောက်ခင်ကတည်းက ကျွန်ုပ်ကြောင့် သေကျေကုန်ကြသည်ကို သိနှင့်နေသည်။ ကျွန်ုပ်ပြန်ရောက်သောအခါ ဖက်လှဲတကင်း ကြိုဆိုသည်။ ထို့နောက် ဂုဏ်ပြုသည့်အနေဖြင့် စားသောက်ပွဲတစ်ခု ကျင်းပပေးသည်။ ကျွန်ုပ်ကို 'မဟာမှော်ဆရာ' ဟူသည့် ဘွဲ့အမည်ကိုပေးသည်။ ထိုသို့ ဂုဏ်ပြုသော်လည်း ကျွန်ုပ်ကို ပညာသင်မပေးချေ။

ကျွန်ုပ်က အရဲစွန့်၍ ပူဆာသောအခါ ဆရာမာပါက ဟက်ဟက်ပက်ပက်ရယ်မောသည်။ သူက-

"ငါ့ဆီက တရားစစ်တရားမှန်ရစေတဲ့နည်းလမ်းက မြင့်မြတ်တယ်။ မင်းပြုခဲ့တဲ့လုပ်ရပ်က စွမ်းစွမ်းတမံလုပ်ပြနိုင်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် အတော်ယုတ်ညံ့တယ်။ ဒီလို ယုတ်ညံ့တာနဲ့ ငါ့ဆီက မြင့်မြတ်တဲ့နည်းလမ်းကို အလဲအလှယ်လုပ်ဖို့ မသင့်ပါဘူး။ သွားစမ်းပါ။ မင်းကြောင့် သေရတဲ့သူတွေကို ပြန်ရှင်အောင်လုပ်ပေးစမ်း။ ပြီးတော့ မင်းကြောင့် ပျက်သွားရတဲ့လယ်တွေကို ပြန်ကောင်းအောင်လုပ်ပေးစမ်း။ သို့ပါဂ ဆိုတဲ့အယုတ်အညံ့ကောင်ကို ငါမကြည့်ချင်ဘူး။ ငါ့ရှေ့မှာမနေစမ်းနဲ့။ မင်းကိုမြင်ရင် အလိုလိုဒေါသတွေထွက်လာနေတယ်။ တော်တော်ယုတ်မာပက်စက်တဲ့အကောင်"

ဆရာမာပါသည် ပြောရင်းဒေါသထွက်လာသည်။ ကျွန်ုပ်ကို ထိုးလားကြိတ်လားလုပ်တော့မည့်ပုံ ဖြစ်လာနေသည်။ ရိုက်လားနှက်လားလုပ်တော့မည့်ပုံဖြစ်လာနေသည်။ ကြာလျှင် လက်ပါလာနိုင်သည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် သူ့ရှေ့မှာ ဆက်မနေတော့ဘဲ ရှောင်ထွက်လိုက်၏။ လူသူမရှိသည့်နေရာသို့သွားပြီး ဝမ်းပန်းတနည်းငိုမိသည်။

သူခိုင်း၍လည်း လုပ်ပေးရသေးသည်။ ယခု သူက မှိုချိုးမျှစ်ချိုး ရစရာမရှိအောင် ပြောပြောဆိုဆိုလုပ်သည်။ ထိုအတွက် အံကြိတ်ရင်း ငိုကြွေးနေမိစဉ် ဆရာကတော်ရောက်လာပြီး ချော့မော့သည်။ ဖျောင်းဖျပြောဆို၏။ ကျွန်ုပ်နေထိုင်ရာအခန်းသို့ ပခုံးဖက်ပြီးပြန်ပို့ပေးသည်။ ထို့အပြင် ဆရာမာပါကိုလည်း အကျိုးအကြောင်းပြောပြသည်။ နောက်တစ်နေ့နံနက်တွင် ဆရာမာပါက ကျွန်ုပ်ကို ခေါ်တွေ့သည်။

"မနေ့ညနေက ငါပြောတာဆိုတာ ကြမ်းတမ်းသွားတယ်။ စိတ်ထဲမထားပါနဲ့။ ဒီလိုပြောဆိုတတ်တာ ငါ့ဝသီလို့ နားလည်လိုက်စမ်းပါ။ သင်ပေးဖို့ အချိန်တန်တဲ့အခါ မင်းကို ငါ သင်ပေးမယ်ဆိုတာလည်း သိထားလိုက်စမ်းပါ။ အခုလောလောဆယ်တော့ ငါခိုင်းတာတွေကို တာဝန်ကျေပွန်အောင် ထမ်းဆောင်ပေးစမ်းပါ။ မင်းကိုခိုင်းစရာတစ်ခုရှိနေတယ်။ ငါ့သားနေဖို့အတွက် အိမ်တစ်လုံးဆောက်ဖို့ ရှိနေတယ်။ အဲဒီအတွက် မင်းရဲ့ လုပ်အား လိုနေတယ်။ အိမ်ဆောက်လို့ပြီးတဲ့အခါကျရင် ဘယ်လိုကျင့်ကြံအားထုတ်ရမယ်ဆိုတာကို ငါက လက်ထပ်သင်ပေးမယ်။ စားစရာလည်း အလကားကျွေးမယ်။ အဝတ်အစားလည်းဆင်ပေးမယ်။ အကုန်လိုသမျှ ပံ့ပိုးပေးမယ်။အပူအပင်ကင်းကင်းဖြင့် အချိန်ပြည့် တရားကိုသာ စိတ်ဖြောင့်ဖြောင့်ဖြင့် ကျင့်ပေတော့"

ကျွန်ုပ်အနေဖြင့် ယုံရခက်နေ၏။ သင်ပေးမည်ဟု ကတိပေးပေါင်းများနေချေပြီ။ ကတိပျက်ပေါင်းလည်း များနေချေပြီ။ ထိုသို့ သူ့ကတိအပေါ် သံသယရှိနေသော်လည်း ထုတ်ဖော်ပြောဆိုရန် မဝံ့သဖြင့် မျိုသိပ်ထားလိုက်၏။ ကျွန်ုပ်က သွယ်သွယ်ဝိုက်ဝိုက်ပြောလိုက်သည်။

"တကယ်လို့ တရားစစ်တရားမှန်ကို မရလိုက်ခင်မှာ ကျွန်တော်သေသွားခဲ့ရင် ပြုလုပ်ခဲ့သမျှ အကုသိုလ်တွေ မစင်ကြယ်ဘဲ သေရလိမ့်မယ်။ အဲဒါကို တွေးပူမိတယ်"

"လောလောဆယ်မှာ မင်းမသေသေးပါဘူး စိတ်ချစမ်းပါ။ လူတစ်ယောက်သေတော့မယ်၊ မသေသေးဘူးဆိုတာ ကြိုတင်သိနိုင်စွမ်း ငါ့မှာရှိပါတယ်။ ငါကသင်ပေးလိုက်ရင် မင်းလိုဆန္ဒပြင်းပြနေသူမျိုးအဖို့ သိပ်မကြာခင်မှာ တရားထူးကိုရသွားမှာပါ စိတ်မ[illegible]ပါနဲ့။ မင်းမသေခင်မှာ တရားထူးကို မလွဲမသေရမယ်ဆိုတာ စိတ်ချထားစမ်းပါ။ ငါတို့ဂိုဏ်းက တခြားဂိုဏ်းတွေနဲ့ မတူဘူး၊ ကွာခြားမှုရှိတယ်။ အမြင့်ကစာတ်ကိုယူပြီး အနိမ့်က တပည့်ထဲကို တန်းထည့်ပေးလို့ရတယ်"

ကျွန်ုပ်သည် သူပြောသည့်အတိုင်းဖြစ်လာမည်ဟု မျက်စိမှိတ်ကာ ယုံကြည်လိုက်သည်။

ကျွန်ုပ်က အိမ်ကို မည်သို့သောပုံစံမျိုးဆောက်လိုသည်ကို မေးမြန်းလိုက်သည်။ ကျွန်ုပ်အနေဖြင့် မည်သည့်အတွက်ကြောင့် အိမ်ဆောက်ခိုင်းရသည်ကို နားမလည်ပေ။ ဆရာက်ခိုင်းသည်ကို စိတ်အားထက်သန်စွာဖြင့် လုပ်ကိုင်ပေးဖို့အတွက်သာ မေးမြန်းလိုက်ခြင်း ဖြစ်သည်။ အကယ်စင်စစ် ဆရာမာပါသည် ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ကို ပစ်လိုက်ခြင်း ဖြစ်သည်။

အိမ်ဆောက်ရန်အတွက် သူ့ရွေးချယ်ထားသော မြေနေရာနှင့် ဆက်နွယ်ပတ်သက်နေသူတို့က ၎င်းမြေနေရာကို ဟင်းလင်းပြင်အဖြစ်ထားရန် သဘောတူထားကြသည်။ ထိုအချက်ကို ဖောက်ဖျက်ပြီး အိမ်ကို ဆောက်ခိုင်းရာတွင် သက်ဆိုင်သူတို့ကို တိုင်တိုင်ပင်ပင်မပြုခဲ့ချေ။ တိုင်ပင်ပါက ဝိုင်းကန့်ကွက်ဖို့သာရှိသဖြင့် သူသဘောတစ်ခုတည်းဖြင့် အိမ်ကို တည်ဆောက်ခြင်း ဖြစ်သည်။ ထိုသို့ ဆောက်နိုင်ရန်အတွက် သူသည် သက်ဆိုင်ရာတို့က ကန့်ကွက်ရန်အကြောင်းမရှိသောနေရာတွင် အိမ်တစ်လုံးပြီးတစ်လုံး ဟန်ပြတည်ဆောက်ခိုင်းခဲ့သည်။ နောက်မှသူဆောက်လိုသောနေရာတွင် တည်ဆောက်ခိုင်းခဲ့သည်။

အိမ်ဆောက်ပေးရန် ကျွန်ုပ်ကိုခိုင်းခြင်းသည် ကျွန်ုပ်တွင်တင်ရှိနေသော အပြစ်ကြွေးတို့ကို ချေး၊ သွေးတို့ဖြင့် ဆပ်ခိုင်းခြင်း ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ရက်ရက်စက်စက်အခိုင်းခံရမည်ဟုလည်း ကြိုမသိခဲ့ချေ။ လွန်စွာ အပန်းတကြီးဖြင့် လုပ်ကိုင် တည်ဆောက်ပေးရမည်ဟုလည်း စိုးစဉ်းမျှ မသိခဲ့ပေ။

ထိုသို့ ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ပစ်လိုက်သည်ကို ကျွန်ုပ်အနေဖြင့် ထိုစဉ်က နားလည်သဘောပေါက်ခြင်းမရှိပေ။ ဉာဏ်မမီပေ။

ဆရာမာပါက ကျွန်ုပ်ကိုအိမ်တည်ဆောက်ရမည့်နေရာဖြစ်သည့် တောင်ကမူစွန်းသို့ ခေါ် သွားသည်။ တောင်ကမူစွန်းသည် တောင်ကုန်း၏အရှေ့အရပ်တွင် ရှိသည်။ ထို့နောက် ဆောက်ရမည့်အနေအထားကို ပြသသည်။ အိမ်ကို အဝိုင်းပုံသဏ္ဍာန်ရှိသည့် နံရံများဖြင့် ခုတိုက်တစ်ခုသဖွယ် တည်ဆောက်ရမည်ဟု ခိုင်းသည်။ ထိုသို့ တည်ဆောက်ရာ၌ ကူဖော်လောင်ဖက်တစ်ယောက်မျှ မပေး။ ကျွန်ုပ်တစ်ယောက်တည်း တည်ဆောက်ရသည်။

ကျွန်ုပ်သည် မိုးလင်းမှ မိုးချုပ်အထိ ကျောက်တုံးများကို ကျော၌ထမ်းပိုး ပြီးသယ်ရသည်။ သယ်ရသောလမ်းမှာ တောင်စောင်းဖြစ်သဖြင့် ခြေမချော်



www.burmeseclassic.com

www.burmeseclassic.com

အောင် ဂရုစိုက်ရသည်။ ကျောက်တုံးများဖြင့် အိမ်ကို တည်ဆောက်သည်။ ဆောက်လုပ်ရာ၌ တစ်ဝက်သာသာပြီးစီးချိန်တွင် ဆရာမာပါ ရောက်လာ၏။ သူ စိတ်ကူးပြောင်းသွားပြီဟု ဆိုသည်။ သေသေချာချာ စဉ်းစားကြည့်သောအခါ ယခုဆောက်နေသော အိမ်ပုံစံသည် အဆင်မပြေကြောင်း သူသိလိုက်ရသဖြင့် ပုံပြောင်းလိုသည်ဟု ပြောသည်။ သို့ဖြစ်ရာ ဆောက်လက်စအိမ်ကို ဖြိုချပေးပါဟု ခိုင်းသည်။

ထိုသို့ဖြိုရာ၌ အသုံးပြုထားသည့် ကျောက်တုံးများအားလုံးကို ရယူခဲ့သည့် မူလနေရာသို့ပြန်သယ်ပြီး ပြန်ထားပေးပါဟု ခိုင်းသည်။ ကျွန်ုပ်သည် ဆောက်လက်စအိမ်မှ ကျောက်တုံးများကို ဖြိုချရသည်။ ထို့နောက် မူလနေရာသို့ထမ်းပိုးကာ ပြန်သယ်ပြီး ပြန်ထားရသည်။ တစ်အိမ်လုံး ပြန်ဖြိုပြီးသောအခါ ဆရာမာပါကို အကြောင်းကြားလိုက်သည်။

ထိုအခါ သူက ယခင်နေရာကို သူသဘောမကျသဖြင့် နေရာပြောင်း၍ ဆောက်လိုသည်ဟု ပြောသည်။ နေရာသစ်တစ်ခုကို သူရွေးချယ်ပေးသည်။ သူရွေးပေးသောနေရာသည် တောင်ကမူစွန်းတစ်ခုပေါ်ရှိ မြေနေရာ ဖြစ်သည်။ ၎င်းတောင်ကမူစွန်းသည် တောင်ကုန်း၏ အနောက်အရပ်တွင် ရှိသည်။ ဆရာမာပါက အိမ်ကို လခြမ်းပုံတည်ဆောက်ရန် ညွှန်ကြားသည်။ ကျွန်ုပ်သည် မူလနေရာ၌ပြန်ထားပေးထားသည့် ကျောက်တုံးတို့ကို နေရာသစ်ဆီသို့ သယ်ရသည်။ သူပြောသည့်အတိုင်း လခြမ်းပုံအိမ်ကို ဆောက်ရ၏။ ထိုသို့ဆောက်ရင်း စိတ်ဓာတ်ကျနေမိသည်။ ဆောက်၍မပြီးခင် သူရောက်လာပြီး ပြန်ဖြိုခိုင်းလိမ့်ဦးမည်ဟု သိနေသည်။ သို့သော် ဆရာ့စကားကို မလွန်ဆန်လိုသဖြင့် အိမ်ကို အပန်းတကြီး တည်ဆောက်သည်။

တစ်ဝက်သာသာ ပြီးစီးချိန်တွင် ဆရာမာပါ လာကြည့်သည်။ သူစိတ်ပြောင်းသွားသဖြင့် အိမ်ကိုပြန်ဖြိုပေးရန် ပြောသည်။ ကျောက်တုံးများကိုလည်း မူလနေရာတွင် ပြန်ထားပေးပါဟု ခိုင်းသည်။

ဆောက်လက်စအိမ်ကို ဖြိုဖျက်ပစ်ပြီး ကျောက်တုံးများကို နေသားတကျ ပြန်ထားပြီးသောအခါ သူက နေရာသစ်တစ်ခုကို ရွေးပေးသည်။ ထိုနေရာမှာ တောင်ကုန်း၏ မြောက်ဘက်တွင်ရှိသော ကမူစွန်းတစ်ခုဖြစ်သည်။ ကမူစွန်း



မှာ အတန်ငယ် ကျဉ်းမြောင်းနေ၏။ ထို့အပြင် ကြက်လျှာစွန်းပုံ ဖြစ်နေသည်။ သို့ဖြစ်ရာ မြေကွက်အနေအထားနှင့် လိုက်လျောညီထွေဖြစ်အောင် အိမ်ကို တြိဂံပုံဆောက်လုပ်ပေးရန် မှာကြား၏။

ကျွန်ုပ်က အိမ်သည် တြိဂံပုံဖြစ်နေပါက မင်္ဂလာမရှိကြောင်း၊ မကောင်းဆိုးဝါး ခိုအောင်းတတ်ကြောင်း၊ အ,မင်္ဂလာဓာတ်များလည်းကိန်းခိုတတ်ကြောင်း ပြောပြသည်။ သူက ကျွန်ုပ်ကို အယူမသီးရန်ပြောပြီး သူပြောသည့်အတိုင်း ဆောက်ခိုင်းသည်။ ကျွန်ုပ်က သေသေချာချာပြန်စဉ်းစားပြီးမှ ဆောက်ခိုင်းသင့်ကြောင်း၊ ဆောက်ရင်းတန်းလန်း ပြန်ဖျက်နေရမည်ဟုပြောရာ သူကစိတ်ပိုင်းဖြတ်ထားပြီးပြီဖြစ်ကြောင်း ပြောသည်။ သူ၏ ယတိပြတ်ဆုံးဖြတ်ချက်ကို ပြင်မခိုင်းပါနှင့်ဟုလည်း အော်ဟစ်ငေါက်ငမ်းသည်။

ကျွန်ုပ်လည်း စကားနည်းရန်စဲဟု ခံယူကာ သူခိုင်းသည့်အတိုင်း အိမ်ကို ဆောက်လုပ်သည်။ ကျွန်ုပ်သည် မူလနေရာ၌ နေသားတကျပြန်ထားပေးထားသည့် ကျောက်တုံးတို့ကို နေရာသစ်ဆီသို့ သယ်ရသည်။ သူပြောသည့်အတိုင်း တြိဂံပုံရှိသည့်အိမ်ကို ဆောက်ရသည်။

ထင်ထားသည့်အတိုင်း ဖြစ်လာပြန်သည်။ အိမ်ကိုအပြီးသတ်နေချိန်တွင် သူရောက်လာသည်။ အိမ်ကိုကြည့်ပြီး ကျွန်ုပ်ကို ဒေါသတကြီး ဆဲဆိုသည်။

"ဒါဘာလုပ်တာလဲ၊ အရူးထိုက်တာလား။ ကျက်သရေကင်းတဲ့ တြိဂံပုံသဏ္ဍာန်အိမ်ကိုဆောက်ရသလား။ မင်းလို အောက်လမ်းလောကီပညာရှင်အနေဖြင့် မသိစရာအကြောင်း မရှိဘူး။ ဒီလိုတြိဂံပုံစံမျိုးမှာ မကောင်းဆိုးဝါးတွေ၊ အ,မင်္ဂလာဓာတ်တွေကိန်းခိုတတ်တယ်ဆိုတာ မင်းသိပါလျက် ဒီလိုအိမ်ကို ဆောက်ရသလား"

"မဆောက်ခင်မှာ ဆရာ့ကို ကျွန်တော်ပြောပါသေးတယ်။ ဆရာက အယူမသီးရဘူးလို့တောင် သွန်သင်ဆုံးမပါသေးတယ်"

"အဲဒီလို ငါပြောမိသလား။ ငါမပြောပါဘူး။ ပြောမိတယ်ဆိုရင် ငါခေါင်းရည်ယစ်မူးနေလို့ ဖြစ်ပါလိမ့်မယ်။ မင်းက အမူးပြေတဲ့အချိန်မှာ လာထပ်ပြောပြပါလား။ ငါစဉ်းစားပေးမှာပေါ့။ အခုတော့ မင်းလုပ်ပုံက အရူးထိုက်တာနဲ့ အတူတူပဲ။ ပြန်ဖျက်ပစ်စမ်း၊ အခုပြန်ဖျက်စမ်း"

"ဆရာက ယတိပြတ်ဆုံးဖြတ်ချက်ကို ပြင်မခိုင်းပါနဲ့လို့ ပြောခဲ့ပါတယ်။ အဲဒါကြောင့် လာထပ်မပြောတာပါ"

"တောင်ပြောမြောက်ပြောလျှောက်မပြောနဲ့။ ဆင်ခြေတွေပေးမနေနဲ့။ ငါက မင်းပြောသလို ပြောမိလို့လား။ မင်းမှာ သက်သေသက္ခာယရှိသလား"

ဆရာမာပါသည် ဒေါသကြီးသူဖြစ်နေသဖြင့် ကျွန်ုပ်သည် ဆင်ခြေရှောင်ခြင်းသည်သာ အသင့်မြတ်ဆုံးဟု ခံယူလိုက်သည်။ သူပြောသည့်အတိုင်း အိမ်ကိုဖျက်သည်။ ကျောက်တုံးများကို မူလနေရာတွင် ပြန်ထားလိုက်သည်။

ကျောက်တုံးတို့ကို တစ်တုံးပြီးတစ်တုံး နေ့စဉ်ရက်ဆက် ထမ်းရပိုးရသဖြင့် ပခုံးတို့ပေါက်ပြဲနေသည်။ အရည်ကြည်ဖုကြီးများလည်းရှိနေသည်။ ထိရုံမျှဖြင့် စပ်ဖျဉ်းဖျဉ်းဝေဒနာက မခံမရပ်နိုင်အောင် ဖိစီးသည်။ လက်ဝါးတို့မှာလည်း စုတ်ပြတ်နေကြသည်။ ကျွန်ုပ်အနေဖြင့် တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် နားချင်သည်။ သို့သော် အိမ်ပြီးမှ ပညာကို ရနိုင်မည်ဖြစ်သဖြင့် အိမ်အမြန်ပြီးဖို့က အရေးကြီး၏။ သို့ဖြစ်ရာ ကျောက်တုံးများကို အံကြိတ်ပြီး ထမ်းပိုးသယ်ရွေ့ရသည်။ နာကျင်လွန်းသဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျသည်။


ဆရာကတော်က စားစရာလာပို့သောအခါ ကျွန်ုပ်က ပညာသင်ပေးရန်အတွက် ဆရာမာပါကို ပြောပေးရန် ပူဆာလိုက်သည်။ ကျွန်ုပ် ပင်ပန်းနာကျင်နေပုံကို စကားမဟပေ။ ဆရာကတော်အနေဖြင့် မျက်မြင်ကိုယ်တွေ့ဖြစ်နေပေရာ ပြောပြနေရန် မလိုတော့ပေ။

အောင်ဝေဘူ



www.burmeseclassic.com

www.burmeseclassic.com



# နေဝင်းမိုး
# ဇောဖြူတောင်မှ တွေ့ကြုံဆန်း

၄-၇-၂၀၁၂ နေ့က မြို့သွားရင်း ဂန္ဓာရီဆရာ ရဲဇော်ထံ ဝင်ဖြစ်ပါ၏။ ကျွန်တော့်ကို မြင်သည်နှင့် ဆရာရဲဇော်က ပျာပျာသလဲ ထွက်ကြိုပါသည်။

"လာ - ဆရာရေ၊ ဆရာရောက်လာတာနဲ့ အတော်ပဲ။ ဆရာ့ကို ထူးထူးဆန်းဆန်းပြောစရာရှိလို့။ ဒီမနက် ဆရာမလာရင် ကိုလှကိုခေါ်ခိုင်းတော့မယ်လို့" ဟုလည်း ပြောပါသည်။

ထိုအခါ ကျွန်တော်က-

"ဘာများထူးထူးဆန်းဆန်းတွေ ပြော... ရာရှိနေလို့လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ ဆရာရဲဇော်က-

"ထူးဆန်းတာပေါ့ဆရာရာ။ လာ-ဆရာ၊ 'စံ'မှာ လက်ဖက်ရည်သောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့။ 'စံ' ကိုသွားကြမယ်"

ဟု ခေါ်သဖြင့် နှစ်ယောက်သား ရန်ကုန်-ပြည်လမ်းထောင့်ရှိ 'စံ' လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပါ၏။

'စံ' ရောက်သည်နှင့် ဆရာရဲဇော်က အေးအေးဆေးဆေး လက်ဖက်ရည်သောက်ကြရင်း ထူးဆန်းပါသည်ဆိုသော အကြောင်းအရာလေးကို အောက်ပါအတိုင်း ပြောပြသည်။

■◆

"ဒီလို ဆရာရေ။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလက ကျွန်တော်နဲ့ ဦးဟန်ရှင်တို့နှစ်ဦး ပဲခူးရိုးမကြောလောက်မှာရှိတဲ့ ပေါင်းတည်မြို့နယ် စောဖြူတောင်ကို အမိဋ္ဌာန်တစ်ခုနဲ့ ခရီးထွက်ခဲ့ကြတယ်။

အမိဋ္ဌာန်ဆိုတာကတော့ စောဖြူတောင်မှာ (၉) ရက် သက်သတ်လွတ်စားပြီး ဥပုသ်ပြုရင်း ဉာဏ်တော် (၄) တောင်၊ (၅)လက်မရှိတဲ့ ကျောက်ပုံ စေတီလေးတစ်ဆူတည်ဖို့ပါ။

စောဖြူတောင် ဆိုတာကတော့ ဆရာသိတဲ့အတိုင်းပဲ။ အင်မတန် နတ်ကြီးတဲ့တောင်ပါ။ တောင်က ပေ(၁၀၀၀) လောက်တော့ မြင့်လိမ့်မယ်။ တောင်ရဲ့ တောင်ဘက်က မတ်စောက်ပြီး မြောက်ဘက်ကတော့ နိမ့်လျှောပြေသွားတဲ့ တောင်ပေါ့။ တောင်ပေါ်မှာ စကားကို ပေါက်ကရမပြောရဘူး။ ဆင်ခြင်ရပါတယ်။ အမှားအယွင်းဖြစ်လို့မရဘူး။ တစ်ခုခုမှားတာနဲ့ ဘေးဒုက္ခအမျိုးမျိုးကြုံရတာပဲလို့ ယုတ်ဆိုင်တို့၊ ဉာဏ်လယ်ရွာသားတို့က ပြောကြတယ်။

စောဖြူ ဆိုတာက သာယာဝတီ သုံးမြို့ရှင် သတိုးနော်ရထာမင်းရဲ့ နှမတော်ပေါ့။ သုံးမြို့ရှင်မင်းမှာ ညီတော်တောင်ညိုမင်း၊ ကျောက်စောင်းမင်းနဲ့ ညီမတော် စောဖြူမယ်၊ နောက် ဝက်လှကတော်ခေါ် မြစိမ်းမင်းသမီးဆိုတဲ့ မွေးချင်းညီတော်၊ နှောင်တော် (၅) ပါးထဲက တစ်ပါးပေါ့။

အဲဒီတောင်ကြီးမှာ စောဖြူမယ် အခြွေအရံအသင်းအပင်းတွေနဲ့ တစ်ပင်တိုင်မြနန်းကြီးနဲ့နေခဲ့တဲ့တောင်ပါ။ အဲဒီ စောဖြူမင်းသမီးနေခဲ့တာကို အစွဲပြုပြီး 'စောဖြူတောင်' လို့ ခေါ်တာပါ။

ရွှေလေး ငပေါ်ဘက်ကနေပြီး ဉာဏ်လယ်ရွာ၊ အဲဒီကမှ အထက်ဆိုက် ကျောက်ပြုတ်ရွာကနေ ခက်ခက်ခဲခဲ သွားရတယ်။ တောင်တွေကလည်း မြင့်တယ်။ တောတွေကလည်း ထူတယ်။ ချောက်တွေကလည်း နက်တယ်။ လူသူ အရောက်အပေါက်ကလည်း သိပ်မရှိလှဘူး။ အနီးဝန်းကျင်မှာ ရွာတွေတော့ရှိတယ်။ ဆလိုင်းချင်းတိုင်းရင်းသားတွေ နေတယ်။ ဒါပေမယ့် တစ်ရွာနဲ့ တစ်ရွာ အနည်းဆုံး (၆) မိုင်၊ (၇) မိုင်လောက် ဝေးတယ်။

တိုတုန်းကဆို တောဆင်ကြီးတွေ၊ ဟင်းမို့ (ကျား) ကြီးတွေတောင် ရှိတယ်ပြောတယ်။

ကျွန်တော်တို့နှစ်ယောက်လည်း စောဖြူတောင်ကို ရောက်တယ်ဆိုရင်ပဲ တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ တောပိုင်တောင်ပိုင်တွေကို မေတ္တာပို့၊ ဒီတောင်မှာ ကြုံတိုက်သူများ ဖူးမြော်ကြည်ညိုနိုင်ဖို့ မိမိတို့တတ်နိုင်သလောက် စေတီလေးတစ်ဆူ လာတည်တာဖြစ်တဲ့အတွက် ခွင့်ပြုကြဖို့၊ အများကောင်းကျိုးချမ်းသာအတွက်ဖြစ်လို့ ကူညီကြဖို့၊ ခွင့်တောင်းအကူအညီပေးဖို့ မေတ္တာရပ်ခံကြတယ်။ နောက် ရာဇဝင်ဟော ငါးတွေ တောင်ညို ဝန်းရံခိုသည့် ပြည်တော်နဂိုရ် ရာဇဂြိုဟ်မှ ပုဂ္ဂိုလ်လေးဦး၊ ရှစ်ဦးသော အရှင် အဆာပွားကြောင်း ရှစ်သောင်းသော ဝိဇ္ဇာဓိုရ်ဆရာကြီးတွေကိုလည်း ပင့်ဖိတ်တိုင်တည်တယ်။

ရောက်ခါစနေ့မှာတော့ ဘာမှ





www.burmeseclassic.com

www.burmeseclassic.com

သိပ်ထူးထူးခြားခြားမတွေ့ရဘူး။ တောင်ကြောပေါ်မှာ မျောက်တွေအော်တာ၊ ချေလာဟောက်တာ၊ တောင်ငှက်တွေ လန့်ပျံကြတာ ဒီလောက်ပဲ တွေ့ရတယ်။ ကျွန်တော်တို့ကလည်း အလင်းတိုင်၊ အမွှေးတိုင်တွေထွန်းပြီး -

'သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အသင်တို့အား ဤအလင်းတိုင်နဲ့ အမွှေးတိုင်တို့ကို လှူပါတယ်။ မြတ်စွာဘုရားကို ရည်စူးပြီး တစ်ဆင့် ပူဇော်လှူဒါန်းကြပါ'

လို့ ဆိုပြီး လှူဒါန်းတယ်။ နောက်တစ်နေ့မနက်တော့ ကျွန်တော်တို့လည်း စေတီလေးတည်ဖို့ ကောင်းမယ့်နေရာကို ရှာကြတယ်။ တောင်ကြောကြီးပေါ်မှာ နေရာရွေးရင်း လျှောက်သွားကြတယ်။ ဒါပေမယ့် စိတ်ကြိုက်နေရာကို ရှာမတွေ့ဘူး။ မတွေ့မချင်းရှာလိုက်တာ တစ်မနက်ကုန်ရော ဆိုပါတော့ ဆရာရယ်။ စေတီဆိုတော့ တောင်ပေါ်မှာပဲ၊ အမြင့်မှာပဲ တည်ချင်တာ။ ဒီတော့ တောင်ကြောကြီးတစ်ခုလုံးနှံ့အောင် ရှာတာပေါ့။

'မောင်ရဲရေ တို့စိတ်ကြိုက်နေရာတော့ မရတော့ဘူး။ ဘယ်လိုလုပ်မလဲ'

လို့ ဦးဟန်ရှင်က မေးတယ်။

'ရှာကြည့်ကြသေးတာပေါ့ဗျာ။ အမိဋ္ဌာန် (၉) ရက်ပဲ။ အချိန်ရပါတယ်'

အဲဒီလို ကျွန်တော်က ပြန်ပြောတယ်။ ပြောတဲ့အတိုင်း နံနက်စာစားသောက်ပြီးတာနဲ့တောင်ပြေလျှောလျှောလေးဖြစ်သွားတဲ့မြောက်ဘက်ကို ဆက်ရှာကြတယ်။ သိပ်မရှာလိုက်ရပါဘူး၊ ကျွန်တော်တို့ အဓိဋ္ဌာန်စခန်းချတဲ့နေရာနဲ့ ကိုက်(၅၀၀)လောက်မှာ လူတစ်ပိုက်စာခန့်၊ ပေါင်လုံးခန့်လောက်ရှိတဲ့မိုးမျှော်ရှတ်ပင်ကြီးတွေ ဝိုင်းပေါက်နေကြတဲ့ နေရာရဲ့အလယ်မှာ ပြောင်ချောကြီးတောင်ပူစာလေးတစ်ခုလိုဖြစ်နေတဲ့ နေရာကို သွားတွေ့တယ်။ သူ့ပုံစံကိုက မို့မို့မောက်မောက်လေးမို့ စေတီပုံစံလေးနဲ့လည်း တူနေတယ်။ ဒီတော့ အဲဒီနေရာကို ကျွန်တော်တို့ နှစ်ယောက်စလုံး သဘောကျပြီး ရွေးလိုက်ကြတယ်။

အဲဒီတောင်ပူစာကလေးပေါ်မှာ တံခွန်၊ ကုက္ကားနဲ့ သာသနာ့အလံလေးကိုလည်း စိုက်လိုက်ကြတယ်။ ဘေးမှာ ပတ်ချာလည်ပေါက်နေတဲ့ ရှတ်ပင်ကြီးတွေနဲ့ဆိုတော့ ကျွန်တော်တို့တည်မယ့် စေတီလေးလည်း သိပ်ပန်းရမှာပဲလို့တွေးပြီး ဝမ်းသာနေတာပေါ့။

တစ်ခါမှ ဒီလောက်ကြီးတဲ့ ရှတ်ပင်မျိုးတွေကိုလည်း မမြင်ဘူးခဲ့တဲ့အတွက် ထူးတယ်လေ။ ထူးတဲ့နေရာမှာ ကျွန်တော်တို့တည်မယ့် စေတီလေးက ဆည်းလည်းသံလေးတလွင်လွင်နဲ့ရှိနေမှာဆိုတော့ ပိုကြည်နူးစရာကောင်းမှာပဲပေါ့။ အဲဒီလိုတွေးပြီး ပီတိတွေလည်းဖြစ်နေကြတယ်။

ဒါနဲ့ အဲဒီနေရာလေးမှာ တစ်နေ့ခင်းလုံး၊ တစ်ညနေလုံး နှစ်ယောက်သားထိုင်ပြီး ၂၄-ပစ္စည်းတွေရွတ်ကြ၊ သမ္ဗုဒ္ဓေ ကဗ္ဗိပတ္တာ အစရှိတဲ့ စီးချမန္တန်တွေ ရွတ်ကြ၊ ပဋ္ဌာန်းပူဇော်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယဝိညာဏံ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တွေရွတ်ကြ၊ ဥဒါန်းဂါထာတော်ကြီးတွေကျူးကြ၊ ပုတီးစိပ်ကြနဲ့လုပ်ပြီး မိုးချုပ်တော့မှ မူလနေရာကို ပြန်ခဲ့ကြတယ်။ ကျွန်တော်တို့ အဓိဋ္ဌာန်ဝင်တဲ့ရက်က လသာရက်ဆိုတော့ လလေးကလည်း နှင်းဇာပဝါကို ဖောက်ထွက်ပြီး ကြင်စစလေးသာနေတယ်။

တောင်ပေါ်ဆောင်းက အတော်အေးတယ်။ နှင်းတွေကလည်း မိုးရွာချသလိုပဲ တဖြောက်ဖြောက်ကျနေတယ်။ အဓိဋ္ဌာန်စခန်းပြန်ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့လည်း အနွေးထည်တွေကိုယ်စီဝတ်ပြီး မီးလှုံဖို့အတွက် မီးဖိုကြီးကို ဖိုလိုက်ကြတယ်။

'ကုသိုလ်ရေးမို့ ကြိုးစားပေါ့ ကိုရဲရ၊ စိတ်မပျက်နဲ့'

ဦးဟန်ရှင်က အတော်ချမ်းနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး အားပေးတယ်။ ကျွန်တော်က မီးဖိုကြီးထဲ ထင်းတုံးကြီးတွေထိုးထည့်ရင်း သူ့ကို ပြုံးပြလိုက်ပါတယ်။ ကြိုးစားပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

အဲဒီအချိန်မှာပဲ ပိတ်ဖြူအဝတ်အစားတွေဝတ်၊ လွယ်အိတ်ကြီးလွယ်ထားတဲ့ အသက်(၆၀)ကျော်ခန့်လောက်လို့ ခန့်မှန်းရတဲ့ ခပ်ကြုံ့ကြုံ့ အဘိုးကြီးတစ်ယောက် ဝါးတောင်ဝှေးကြီးကို တဒေါက်ဒေါက်နဲ့ထောက်ရင်း တောင်ကြီးရဲ့အောက်ပိုင်းလောက်ကနေ တက်လာတာ တွေ့လိုက်ရတယ်။ ကျွန်တော်တို့ ကြည့်နေတုန်းမှာပဲ သူလည်း ကျွန်တော်တို့အနား ရောက်လာတယ်။ ပိတ်ဖြူကြီးတစ်ထည်ကိုလည်း ခေါင်းမှာ ပေါင်းထားတယ်။

အနားရောက်တော့ သူက မတ်တတ်ရပ်ပြီး ကျွန်တော်တို့ကို မကျေမနပ်ခပ်စိန်းစိန်းစိုက်ကြည့်နေတယ်။ သူ့ရဲ့အကြည့်က စူးစူးဝါးဝါးမို့ ကြက်သီးမွေးညင်းတောင်ထမိတယ်ဗျာ။ ကျွန်တော်တို့ကလည်း ဘာပြောရမှန်းမသိဘူး ဆရာရေ။ ဒါနဲ့ ပြောမိပြောရာ -

'အဘလည်း ကျွန်တော်တို့လိုပဲ ဒီစောဖြူတောင်မှာ အဓိဋ္ဌာန်လာယူတာလား။ မီးလှုံပါဦး အဘ'

လို့ ပြောလိုက်တယ်။

ဒီတော့ အဲဒီအဘိုးကြီးက-

'ငါက မင်းတို့လိုသွေးသားမရှိတဲ့ လူမဟုတ်ဘူး၊ မချမ်းဘူး။ မင်းတို့သာ သွေးသားခန်းခြောက်လို့ ချမ်းနေတာ'

လို့ ပြောရင်း-

'ခု မင်းတို့ ဒီစောဖြူတောင်ကို ဘာလာလုပ်တာလဲ'

လို့ မေးပါတယ်။

'ကျွန်တော်တို့ အဓိဋ္ဌာန်ယူရင်း စေတီလေးတစ်ဆူတည်ဖို့ လာခဲ့ကြတာပါ'

လို့ ဦးဟန်ရှင်က ဖြေလိုက်တယ်။

အဲဒီအခါ အဘိုးကြီးက မကျေမနပ်လေသံနဲ့ -

'ဒီတောင်မှာ စောဖြူမယ်သခင်မတည်သွားတဲ့ နိမသောင်စေတီ ရှိတယ်။ မင်းတို့ ထပ်တည်စရာမလိုဘူး။ (၃) ရက်အတွင်း မင်းတို့ ဒီကပြန်ကြ။ ငါက ဒီတောင်ပိုင်ဘိုးဘိုးကြီးပဲ'

လို့ ပြောပါတယ်။ သူ့စကားဆုံးတာနဲ့ အဘိုးကြီးက နောက်ထပ် ဘာမှထပ်မပြောတော့ဘဲ ချက်ချင်း နောက်လှည့်ပြန်သွားပါတော့တယ်။

ကျွန်တော်တို့ နှစ်ယောက်လည်း ဝါးတောင်ဝှေးကြီး တဒေါက်ဒေါက်ထောက်ပြီး ကျွန်တော်တို့ကို ကျောပေးလှည့်ပြန်သွားတဲ့ အဘိုးကြီးရဲ့နောက်ကျောပြင်ကို လရောင်နဲ့လှမ်းမျှော်ကြည့်ရင်း ပြိုင်တူသက်ပြင်းမောမောလေးတွေ ချလိုက်ကာ ဆုံးဖြတ်ချက်တစ်ခုကို နှစ်ဦးစလုံး ခိုင်ခိုင်မာမာချလိုက်ကြပါတယ်။

အဓိဋ္ဌာန်မအောင်မြင်မချင်း ဘယ်နည်းနဲ့မှ ကျွန်တော်တို့ နောက်ကြောင်းပြန်မလှည့်နိုင်ဘူး။ ယောကျ်ားတံခွန် လူရည်ချွန်ပဲ၊ မိုးစွန်တမွတ် ကြယ်ကို မရရအောင်ဆွတ်ရမှာပဲလေ။

အဲဒီညက ဆရာရေ တောင်ပိုင်ဆိုတဲ့အဘိုးကြီးပြန်သွားပြီး တစ်အောင့်လောက်လည်းကြာရော လေတွေတဝိုးဝိုးနဲ့ မတရားတိုက်တော့တာဘဲ။ သစ်ပင်တွေဆိုရင်လည်း အမြစ်ကကျွတ် လဲပြိုတော့မလိုဘဲ ပြားခနဲပြားခနဲနဲ့ ကျွန်တော့်စိတ်ထင်တော့ တောင်ကြီးတောင် သိမ့်ခနဲသိမ့်ခနဲဖြစ်သွားတယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အခါမဲ့ကြီးမှာ ကျီးတွေကလည်း လန့်ပြုလာကြတယ်။ တအားအားနဲ့ ဆူညံနေအောင် အော်ကြတယ်။ တစ်တီတူးငှက်တွေကလည်း တစ်တီတူး ဆိုတဲ့ အသံတွေ မိုးမွှန်သွားတာပဲ အော်လိုက်ကြတာ၊ ကြောက်ခမန်းလိလိဆိုပါတော့။

ဒါပေမယ့် ဆရာရေ၊ ကျွန်တော်တို့ကတော့ ခန္ဓာကိုယ်တွေ ဘုရားလှူပြီး မီးပုံကြီးဘေးမှာ ဖြစ်ချင်တာဖြစ်ဆိုတဲ့ သဘောနဲ့ တစ်ညလုံး ဝင်လေ၊ထွက်လေကို ရှူနေလိုက်ကြတာ မိုးလင်းတဲ့အထိပါပဲ။ လေကလည်း အရှေ့ဘက်ကရောင်နီပျို့ပျို့လေးတက်လာမှ ငြိမ်သွားတော့တယ်ဗျာ။

မနက်မိုးလင်းတော့ ကျွန်တော်တို့လည်း ငှတောင်ပိုင်ကြီးဆိုတဲ့ပုဂ္ဂိုလ်ဆင်းသွားတဲ့ဘက်ကို လိုက်ကြည့်တော့ ကျွန်တော်တို့ ကျောက်ပုံစေတီလေးတည်မယ့် ငရုတ်ပင်တွေဝိုင်းနေတဲ့ တောင်ကုန်းလေးနဲ့ ကိုက် (၂၀၀) လောက်ဝေးတဲ့နေရာမှာ ခန်းပွင့် (၅) တောင်လောက် (၃)ပင် (၂)ခန်း ခါးတိုက်လောက်မြင့်တဲ့ ဇရပ်လေးတစ်ဆောင်ကို တွေ့ရတယ်။ ဇရပ်ပေါ်မှာ အလွန် ကြည်ညိုစရာကောင်းတဲ့ တင်ပျဉ်ခွေကျောက်သလင်းရုပ်ပွားတော်မြတ်တစ်ဆူကလွဲပြီး ဘာမှ မတွေ့ရဘူး။ အဲဒီဇရပ်လေးပေါ်မှာ လူနေတဲ့အရိပ်လက္ခဏာလည်း တစ်စုံတစ်ရာ မတွေ့ရဘူး။

'ကိုရဲရေ၊ တောင်ပိုင်ကြီးတော့ ဒီမှာမရှိဘူး။ ဘယ်နေလဲမသိဘူး။ ဒါပေမယ့် ညရောက်ရင်တော့ တို့တွေ ဒီဇရပ်လေးပြောင်းနေကြမယ်။ ဒီဇရပ်လေးက နေချင်စရာလေးကွ'

ဦးဟန်ရှင်က ဇရပ်လေးကိုကြည့်ပြီး ပြောပါတယ်။ ဟုတ်ပါတယ်၊ ဇရပ်လေးအမိုးက ဝါးတွေကို အခြမ်းလိုက်ထပ်ပြီး မိုးထားတာ။ အကာကလည်း ဝါးတွေကိုပဲကာပြီး အခင်းကတော့ ပျဉ်ချပ်နဲ့ အင်သားတိုင်တွေနဲ့ ဆောက်ထားတဲ့ ဇရပ်သေးပါ။ လေလုံမိုးလုံနဲ့ နေချင်စရာလေးပေ့ါ ဆရာရယ်။ ဒီလောက်မြင့်ပြီး ဒီလို ဝေးလံတဲ့နေရာမှာ ဘယ်သူကများ လာဆောက်ထားသလဲ မသိပါဘူး ဆရာရာ။ တကယ်သပ်သပ်ရပ်ရပ်လေးနဲ့ပါ။ သားသားနားနားလေးပေါ့။

ပြောရရင်တော့ ဆရာရေ၊ ကျွန်တော်က 'ကောင်းတယ်၊ ဒီမှာပြောင်းနေကြမယ်' ဆိုလိုက်တာနဲ့ ညရောက်အောင် မစောင့်တော့ဘဲ ကျွန်တော်တို့မှာပါလာတဲ့ ဝေရာဝစ္စတွေ ချက်ချင်းသယ်ပြီး ချက်ချင်းပဲ ပြောင်းလိုက်ကြတယ်။ ပစ္စည်းပစ္စယကလည်း မများဘူးလေ။ စားဖို့အတွက် ရိက္ခာထည့်လာတဲ့ ကျောပိုးအိတ်ကြီးနဲ့ အဝတ်အစားအနည်းအပါးအပြင် ကျွဲကော်ထုပ်ရယ်၊ ဘိလပ်ထုပ်ရယ် ဒါပဲပါကြတာ။ မြေ-တောရှင်းဖို့နဲ့ လိုအပ်ရင်သုံးဖို့ ဓားတိုမတစ်ချောင်းနဲ့ ပေါက်ချွန်းတစ်လက်လည်း ပါသေးတယ် ဒါပါပဲ။

အဲဒီညက ကျွန်တော်တို့ ဇရပ်ပေါ်ပြောင်းမိလို့ပဲ ဆရာရေ။ နို့မို့ဆို မလွယ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ဆီမှာ ဖြစ်လေ့ဖြစ်ထမရှိဘဲ တခြားတိုင်းပြည်၊ တခြားနိုင်ငံတွေမှာသာ ကြားရတတ်တဲ့ နှင်းမုန်တိုင်းကြီးတိုက်လို့ပဲ။ တိုက်လိုက်သမှ ဆရာရယ်၊ လေတွေ တဟူးဟူးတဝှီးဝှီးကြားမှာ နှင်းသီးနှင်းခဲကြီးတွေက မိုးတွေရွာနေသလား အောက်မေ့ရတယ်။ ဇရပ်ကိုလည်း တဖြောင်းဖြောင်းနဲ့ လာထိကြတယ်။ ဒီကြားထဲ တဝေါင်းဝေါင်းဟိန်းနေတဲ့ ကျားဟိန်းသံကြီးတွေကလည်း ညံထွက်နေတယ်။ ဒါပေမယ့် ဆရာရယ်၊ ကျွန်တော်တို့ကတော့ ခန္ဓာကိုယ် ဘုရားလှူထားကြတာမို့ သိပ်တော့ မတုန်လှုပ်ကြပါဘူး။ ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ဥပေက္ခာစိတ်ထားပြီး တရားပဲထိုင်မှတ်နေလိုက်ကြတယ်။

နှင်းမုန်တိုင်းကလည်း မနက် (၄) နာရီလောက်ကြာမှ ငြိမ်သွားတယ်။ နှင်းတွေလည်း စဲသလိုဖြစ်သွားတယ်။ ဒီတော့မှ လရောင်လေးကိုလည်း မြင်ရတယ်။ အဲဒီအခါကျမှ ကျွန်တော် အိပ်ချင်စိတ်ပေါက်လာတာနဲ့ -

'ဦးဟန်ရှင်ရေ ကျွန်တော် ခဏမှေးလိုက်ဦးမယ်ဗျာ'

လို့ ပြောပြီး တစ်ရေးအိပ်လိုက်တယ်။ ညကလည်း တစ်ညလုံး တရားထိုင်ခဲ့တာဆိုတော့ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တန်းအိပ်ပျော်သွားတော့တာပါပဲ။

အိပ်ပျော်သွားတဲ့အချိန်မှာပဲ ထူးထူးခြားခြား အိပ်မက်တစ်ခုကို မြင်မက်တယ်။ အိပ်မက်ထဲမှာ ရောင်မျှစုံတောက်နေတဲ့ တိမ်တောင်တိမ်တိုက်တွေ လွင့်မျောနေတယ်။ ကျွန်တော်က အဲဒီတိမ်တွေကိုကြည့်ရင်း စီးချင်စိတ်ပေါက်လာတယ်။ ဒါနဲ့ပဲ တိမ်တွေပေါ်ကို ကျွန်တော် ခုန်တက်လိုက်တယ်။ ငွေ့ခနဲဆို တိမ်တွေပေါ် ရောက်သွားတယ်။

နောက်ငြိမ့်ငြိမ့်လေးလွင့်မျောနေတဲ့ တိမ်တိုက်ကြီးတစ်ခုပေါ်မှာ ပျော်ရွှင်စွာနဲ့ စီးလိုက်သွားတယ်။ တောင်းကင်ကျယ်ကြီးထဲမှာ တိမ်တွေကလည်း အတောမသတ်စီးပြီး လွင့်မျောနေကြတယ်။ မြေပြင်ကို ပြန်ကြည့်လိုက်တော့ မြို့တွေ၊ ရွာတွေ၊ တိုက်တာအိုးအိမ်တွေကို မြင်ရတယ်။ ကျွန်တော့်စိတ်ထဲမှာ လွတ်လပ် ပေ့ါပါးနေတယ်။ ချမ်းချမ်းမြေ့မြေ့ဖြစ်နေတယ်။

အဲဒီအချိန်မှာပဲ ရွှေရောင်တွေ တဝင်းဝင်းတလက်လက်တောက်ပနေတဲ့ ရွှေတောင်ကြီးတစ်တောင်ဆီ ရောက်သွားတယ်။ တောင်ကြီးတစ်တောင်လုံး ရွှေတွေကို အိကျနေတာပဲ။ ကျွန်တော်စီးလာတဲ့တိမ်တိုက်ကြီးက ရွှေတောင်ကြီးရဲ့ တောင်ခြေမှာ ရပ်သွားတယ်။ ကျွန်တော်လည်း ဘာရည်ရွယ်ချက်မှမရှိဘဲ တိမ်တိုက်ကြီးပေါ်ကဆင်းပြီး ရွှေတောင်ကြီးပေါ် တက်ခဲ့တယ်။ တောင်ကြီးရဲ့ ထိပ်ပေါ်မှာ ရွှေကျောင်းကြီးတစ်ဆောင်ကို တွေ့ရတယ်။ ကျောင်းပေါက်ဝမှာ ဒေါက်ခြာကြီးဆောင်းထားတဲ့ ရသေ့ကြီးတစ်ပါးက ကျွန်တော့်ကို ရပ်ကြည့်ပြီး လက်ယပ်လှမ်းခေါ်တယ်။

ကျွန်တော် ရောက်သွားတော့ သူ့လက်ထဲမှာ ဆုပ်ထားတဲ့ အင်းချပ်လေးကို ပေးတယ်။ ဘာစကားမှတော့မပြောဘူး။ ကျွန်တော်လည်း အင်းချပ်လေးကို ယူပြီး ကြည့်လိုက်တယ်။ အင်းချပ်က ငွေပြားလေးမှာချထားတာ။ ဖြန့်ကြည့်လိုက်တဲ့အခါမှာတော့ ဒီအတိုင်းတွေ့ရတယ်။

**အိပ်မက်ထဲ၌ ရသေ့ကြီးချီးမြှင့်ခဲ့သည့် သဗ္ဗသိဒ္ဓိအင်းတော်မြတ်**

| | | | | | |
|---|---|---|---|---|---|
| ဝု | ရ | န္တာ | ဓ | ရ | န္တာ |
| ဂ | အာ | ဒ္ဓံ | ဂ | အာ | မ္မံ |
| သ | မိ | ဏံ | သ | မိ | ဏံ |
| ပု | ဒိ | ပု | သံ | ရ | န္တာ |
| ဒိ | အာ | ဒိ | ဂ | အာ | ယံ |
| ပု | ဒိ | ပု | သ | မိ | ဏံ |

ကျွန်တော်က အင်းချပ်ကိုကြည့်ရင်း နားမလည်သလိုဖြစ်နေတယ်။ ဒါကြောင့် အင်းချပ်ကို တစ်လှည့်၊ ရသေ့ကြီးကိုတစ်လှည့် ကြည့်နေမိပါတယ်။ ဟုတ်တယ် ဆရာ၊ အဲဒီအင်းမျိုး ကျွန်တော် မတွေ့ဖူးဘူး။ ရှိချင်တော့ရှိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မတွေ့ဘူးတာကို ပြောတာ။ ဒီအင်းက ဘာသုံးရမှာလဲ၊ ဘယ်လို အကျိုးတွေပေးသလဲ၊ ဘယ်လိုသိဒ္ဓိတွေ ရနိုင်သလဲ၊ ရသေ့ကြီးကလည်း ဒီအင်းကို ဘယ်လိုအဓိပ္ပာယ်နဲ့ ကျွန်တော့်ကိုပေးသလဲပေါ့။

အဲဒီအချိန်မှာပဲ ရသေ့ကြီးက-

'ဒကာလေး၊ အဲဒီအင်းကို သိဒ္ဓိစုတ်ကြိမ်တဲ့နေ့အချိန်မှာ ရွှေပြား၊ ငွေပြား တစ်ခုခုမှာရေး။ သရဏဂုံသုံးပါး တစ်ပါး (၁၀)စီရွတ်ဆောင်။ အလုံးစုံသော အရာ ခပ်သိမ်းကို ပြည့်စုံစေနိုင်၊ အောင်မြင်စေနိုင်တယ်။ သဗ္ဗသိဒ္ဓိအင်းလို့ ခေါ်တယ်။ နေ့စဉ် တစ်နေ့တစ်အင်း ပုံမှန်သောက်သွားရင် ထွက်ရပ်အထိလမ်းပေါက်နိုင်တယ်'

လို့ ခပ်တိုတို မိန့်ကြားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော် အိပ်ရာကနိုးသွားတယ်။ အိပ်ရာနိုးနိုးချင်းပဲ ထူးဆန်းလှတဲ့ အိပ်မက်အကြောင်းကို ဦးဟန်ရှင်ကို ပြောလိုက်တယ်။

ဒီတော့ ဦးဟန်ရှင်က-

'မင်းအိပ်မက်က အလွန်ကောင်းတဲ့အိပ်မက်ပဲ၊ ထူးထူးဆန်းဆန်းကွာ။ အဲတော့ အချိန်ဆွဲမနေနဲ့။ မနက်ပဲ အဲဒီအင်းကိုချကွာ။ သရဏဂုံသုံးပါးနဲ့ ဉာဏ်တော်သုံးပါး ဦးဆောင်အင်းပဲ။ ကောင်းကျိုးချမ်းသာတွေရနိုင်မှာပါ'

လို့ ပြောပြီး အင်းချဖို့ တိုက်တွန်းပါတယ်။

အင်းကိုလည်း ကျွန်တော်ကောင်းကောင်းမှတ်မိတယ်ပေါ့ ဆရာရယ်။

ဦးဟန်ရှင်နဲ့ ကျွန်တော် စကားပြောနေစဉ်မှာပဲ (၁၆) နှစ်၊ (၁၇) နှစ်လောက်ရှိတဲ့ အစိမ်းရောင် ဝမ်းဆက်လေးတွေ ဝတ်ထားကြတဲ့ ကလေးမလေး (၃) ယောက် တောင်အောက်ကတက်လာတယ်။ အားလုံးက ချောချောလှလှလေးတွေပဲ။ အသားလေးတွေကလည်း ဖြူဝင်းနေတာပဲ။ ကျွန်တော်တို့နေတဲ့ ဇရပ်နားရောက်တော့ ဇရပ်ရှေ့မှာရပ်ပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတယ်။

နောက်ပြီး-

'ဆရာလေးတို့၊ ဒီမှာ ကြာကြာမနေရင် ကောင်းလိမ့်မယ်။ ဒီတောင်က တောင်ပိုင်ကြီးက လူစိမ်းသူစိမ်းတွေကို သိပ်လက်မခံဘူး။ သူသဘောမကျရင် ဒုက္ခပေးတတ်တယ်'

လို့ ခြိမ်းခြောက်တဲ့စကား ပြောပါတယ်။

ဒီတော့ ကျွန်တော်က-

'ငါတို့က နှောင့်ယှက်ရအောင်လာတဲ့သူတွေ မဟုတ်ပါဘူး။ မေတ္တာတရားရှေ့ထားပြီး အများကောင်းကျိုးချမ်းသာအတွက် ရည်ရွယ်လာကြတာပါ'

လို့ ပြန်ပြောပြီး စိတ်ထဲက အာရုံညွှတ် မေတ္တာပို့နေလိုက်ပါတယ်။ အဲဒီအခါမှာ သူတို့အထဲက အကြီးဆုံးဖြစ်ဟန်တူတဲ့ ကလေးမတစ်ယောက်က -

'ကျွန်မတို့က စိုးရိမ်လို့ပါ'

လို့ပြောပြီး တောင်အောက်ဘက်ပြန်ဆင်းသွားပါတယ်။ ကျန်တဲ့ ကလေးမလေး နှစ်ယောက်ကိုလည်း သွားကြမယ်ဆိုပြီး ခေါ်သွားပါတယ်။

သူတို့ပြန်သွားတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့လည်း အချိန်ဆွဲမနေတော့ဘဲ အိပ်မက်ထဲကရတဲ့နည်းလေးအတိုင်း အင်း (၅) အင်းချ၊ တစ်အင်းကို ဘုရားလှူ၊ ကျန် (၄) အင်းကို တစ်ယောက်တစ်အင်းသောက်၊ ကျန် (၂) အင်းကိုတော့ တစ်ယောက်တစ်အင်းဆီ ဆောင်ထားလိုက်ကြပါတယ်။

အဲဒီညမှာပဲ ဆရာရေ၊ နှင်းတွေကလည်း တောင်တစ်တောင်လုံးဝေနေအောင်ကျနေတယ်။ လသာတယ်ဆိုပေမယ့် လရောင်ပျောက်ခမန်း နှင်းတွေကကျနေတာမို့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ယမန်ညကလို လေမတိုက်၊ နှင်းမှုန်တိုင်းမကျပေမယ့် အရာအားလုံး ဝေဝေဝါးဝါးဖြစ်နေတာတော့ အမှန်ပဲ။ ဒါပေမယ့် နှင်းစက်နှင်းပေါက်တွေကတော့ တဖြောက်ဖြောက်ကျပြီး တောင်ညိုငှက်တွေ တစ်ခါတစ်ခါ လန့်ပြီးအော်အော်ပျံသွားကြတဲ့အသံတွေကိုတော့ကြားနေရတယ်။ အစကတော့ ကျွန်တော်တို့လည်း ကြားရိုးကြားစဉ်ပဲ အောက်မေ့တာပေါ့။ ဒါပေမယ့် မဟုတ်ဘူး ဆရာ။ ခဏကြာတော့မျောက်တွေလန့်ပြီး ကွိကွိကွကွအော်တဲ့အသံတွေ ညံထွက်လာတယ်။ နောက် တစ်တီတူးငှက်တွေ လန့်အော်သံ၊ ကျီးတွေ ပြိုဆင်းပြီး တအားအားအော်သံတွေပါလာတယ်။ နှင်းစက်နှင်းပေါက်သံတွေကြားမှာ သူတို့အသံတွေက အခါမဲ့ကြီးညံလာကြတယ်။

ကျွန်တော်တို့ သတိထားလိုက်စဉ်မှာပဲ ဇရပ်ရှေ့တည့်တည့်က 'ဝေါင်း၊ ဝေါင်း' ဆိုတဲ့ ကျားဟိန်းသံကြီးက ကြောက်ခမန်းလိလိ ထွက်ပေါ်လာပြန်တယ်။ ကျွန်တော်တို့မှာ အသင့်ပါလာတဲ့ ငါးတောင့်ထိုးဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ခပ်ရှယ်ရှယ်ကျားသုံးကောင်ကို နှင်းမှုန်တွေကြားကနေ ခပ်ဝါးဝါးမြင်လိုက်ရတယ်။ ခါးကြီးတွေ တန့်နွဲ့နွဲ့ခါယမ်းရင်း သူတို့ရဲ့ခြောက်ပစူးရှပြီး တောက်ပြောင်းတဲ့ မျက်လုံးတွေနဲ့ ဇရပ်ပေါ်ကိုကြည့်နေကြတယ်။ ဦးဟန်ရှင်က ကျားကြီးတွေကိုကြည့်ပြီး ကျွန်တော့်ကိုလက်ကုတ်လိုက်တယ်။ နောက်နှစ်ယောက်သား မေတ္တာသုတ်ကို ပြိုင်တူရွတ်လိုက်ကြတယ်။ မေတ္တာသုတ်ရွတ်နေစဉ် မျက်စိကိုလည်း စုံမှိတ်ထားလိုက်ကြတယ်။ မေတ္တာသုတ်ဆုံးလို့ မျက်စိဖွင့်လိုက်တော့ အေစောက ကျားကြီးသုံးကောင် ဘယ်ရောက်သွားတယ်မသိလိုက်ဘူး၊ ပျောက်သွားတယ်"

ဒါပေမယ့် အဲဒီအချိန်မှာပဲ တောဆင်အုပ်ကြီးတစ်အုပ် တောင်ခြေတနေ ဝါးကိုင်းတွေ၊ သစ်ကိုင်းတွေကို တဖြောင်းဖြောင်းချိုးပြီး ဂူးဂူးဝါးဝါးအော်ရင်း တက်လာပြန်တယ်။ သူတို့ကတော့ ရပ်မနေကြဘူး။ ကျွန်တော်တို့နေတဲ့ ဇရပ်လေးရှေ့ကနေ တစ်ဖက်တောင်ကြောပေါ်ကို တက်သွားကြတယ်။ ကျွန်တော်တို့လည်း ထုံးစံအတိုင်းပဲ မေတ္တာသုတ်ရွတ်ပြီး မေတ္တာပို့နေလိုက်ကြတယ်ပေါ့ ဆရာရယ်။ အဲဒီညက တွေ့ခဲ့ရတဲ့ ဖြစ်စဉ်တွေကတော့ တော်တော် ဆိုးဆိုးရွားရွားပါပဲ။ တော်ရုံလူဆိုရင်တော့ သွေးပျက်သွားနိုင်တယ်။

နောက်နေ့တွေတော့ ဘာမှထူးထူးခြားခြားမရှိတော့ပါဘူး။ ကျွန်တော်တို့လည်း အဓိဋ္ဌာန်လုပ်ငန်းတွေကို အောင်အောင်မြင်မြင်လုပ်နိုင်ခဲ့ပါတယ်။ တောင်ပိုင်ဘိုးဘိုးကြီးဆိုတဲ့ပုဂ္ဂိုလ်လည်း ပေါ်မလာတော့ဘူး။ တစ်ခုထူးတာက အဲဒီနောက်ပိုင်း စောဖြူတောင်ခြေမှာ တောင်ယာလာလုပ်သူတွေလို့ဆိုပြီး နေ့စဉ် နံနက်တိုင်း ကျွန်တော်တို့အတွက် ငှက်ပျောသီး၊ မာလကာသီး၊ ပိန္နဲသီး စတဲ့ သစ်သီးတွေကို လာလာပို့တာပါပဲ။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ အဓိဋ္ဌာန်မပြီးမချင်းပါ။ တစ်နေ့မှမလပ်ဘူး။

နောက်ပြီး အဲဒီလူတွေဟာ ကျွန်တော်တို့တည်နေတဲ့ ဘုရားစေတီလေးအတွက် အုတ်တို့၊ သဲတို့၊ ကျောက်တို့ကိုလည်း လိုရင်လိုသလို ရှာပေးကြပါတယ်။ သူတို့ရဲ့ကျေးဇူးကြောင့်ပဲ ကျွန်တော်တို့ရဲ့ကျောက်ပုံစေတီလေးလည်း အခက်အခဲမရှိ အောင်မြင်ခဲ့တယ်။ သူတို့ကို တအား ကျေးဇူးတင်မိပေါ့



www.burmeseclassic.com

www.burmeseclassic.com




ဦ၊ အရဟံ မေတ္တာ လာဘံ

**နက္ခတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေးဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သောယတြာများဖြင့် (၂၅) နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➽ အမှတ် (၁၃၁)၊ အောင်တံခွန် သ/မပရိဝုဏ်၊ ၁၀–မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➽ အဓိပတိ(အပြာ)၊ တိုက်ကြီး–ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➽ နံနက် (၉) နာရီမှ ည (၉) နာရီအထိ။

ဆက်သွယ်ရန်ဖုန်း ➽ ဟောခန်း– ၀၉–၇၃၁၀၉၅၅၆၊ အိမ်– ၀၉၇၃၂၄၄၈၉၇။

မှတ်ချက် ➽ '*ဖုန်းဖြင့် ကြိုတင် တိုကင်ယူပါ*'။ ကျေးဇူးတင်ပါသည်။


ဆရာရယ်။

ဒါနဲ့ပဲ ကျွန်တော်တို့ အမိဋ္ဌာန်ပြီး မြောက်လို့ ပြန်တော့မယ်လုပ်တော့ မပြန်ခင် သူတို့ကို နှုတ်ဆက်သွားဦးမယ်ဆိုပြီး သူတို့ တောင်ယာလုပ်ပါတယ်ဆိုတဲ့ စောဖြူတောင်ခြေကို ကျွန်တော်တို့ သွားတော့ သူတို့ကိုလည်း မတွေ့ဘူး။ ဘာတောင်ယာမှလဲမရှိဘူး။ တောင်ခြေတစ်ခုလုံးနံ့ရော။ ကျွန်တော်တို့ရှာလိုက်ကြတာ တောင်ယာနဲ့တူတာဆို ဘူးစင်တစ်ခုတောင် မတွေ့ဘူး။ နောက်ဆုံးတော့ ကျွန်တော်တို့လည်း လက်လျှော့ပြန်ခဲ့ရတယ် ဆရာရေ"

◆

သည်မှာတင် ဆရာရဲဇော်က သူ့စကားကို ခေတ္တရပ်လိုက်သည်။ ပြီး 'စီ'မှ စားပွဲထိုး ကောင်လေး လာချပေးထားသည့် ပေါ့ဆိမ့်ခွက်ကို အရသာခံပြီး သောက်ရင်း စကားကို မနားတမ်းပြောလာရသည့်အတွက် မောဟိုက်သွားသမျှ အမောဖြေနေလိုက်လေ၏။

ကျွန်တော်ကလည်း ဘာစကားမှ မပြောဘဲ အလိုက်တသိဖြင့် သူနောက်ထပ်ပြောလာဦးမည့်စကားကို စောင့်မျှော်ရင်း ငြိမ်နေလိုက်ပါသည်။

အတန်ကြာမှ ဆရာရဲဇော်က သူ့စကားကို ပြန်ဆက်ပါ၏။

"အဲဒါကို ဆရာ့ကို ပြောပြချင်နေတာ။ ဒီဇာတ်လမ်းလေးက ဆရာနဲ့ အင်မတန်လိုက်တဲ့ဇာတ်လမ်းလေးပါ။ ပြန်ရောက်ရောက်ချင်း ဆရာ့ကိုပြောဖို့ပဲ။ ဒါပေမယ့် အဲဒီအချိန်က ဆရာမရှိဘူးလေ။ ဆရာ ပြင်ဦးလွင်ဘက် ခရီးထွက်နေတယ်ဆိုတာနဲ့ မပြောခဲ့ရတာ။ ခုမှ ဆရာပြန်ရောက်တယ်ကြားလို့။ ဘယ့်နှယ်လဲ၊ မထူးဆန်းဘူးလား ဆရာ"

"အေးဗျ၊ ဇာတ်လမ်းလေးက စိတ်ဝင်စားဖို့ကောင်းပါတယ်။ အကယ်၍ ရေးဖြစ်ခဲ့ရင်လည်း စာဖတ်ပရိသတ်အတွက် သူတော်ကောင်းကို သူတော်ကောင်း စောင့်ရှောက်တဲ့အကြောင်း တင်ပြနိုင်တာပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ။ နောက်ပြီး ကျွန်တော့် အိပ်မက်ထဲမှာ ရသေ့ကြီးချီးမြှင့်ခဲ့တဲ့အင်းကိုလည်း ပညာရှင်တွေကို ဘယ်လိုအင်းလဲ၊ အင်းလောကမှာ အဲဒီအင်းမျိုး ရှိ၊ မရှိလည်း ဖြေကြားပေးဖို့ ထည့်ရေးပေးပါ ဆရာ။ အိပ်မက်ထဲမှာတော့ သဗ္ဗသိဒ္ဓိအင်းလို့ ရသေ့ကြီးက မိန့်ကြားခဲ့ပါတယ်။ တကယ် ဟုတ်၊ မဟုတ် စိတ်စွဲလို့မက်တဲ့ အိပ်မက်ပဲလား ဘာလားပေါ့ ဆရာရယ်"

"စိတ်ချပါ ဆရာရဲဇော်၊ ရေးဖြစ်အောင်လည်း ကြိုးစားပါ့မယ်။ ရေးဖြစ်ရင်လည်း ဆရာရဲဇော် ပြောတာတွေကို အကုန်ထည့်ရေးပေးပါ့မယ်။ စိတ်သာချ"

"ကျေးဇူးပါ ဆရာ"

နေဝန်းနီ

*ဤဇာတ်လမ်းလေးအား ပြောပြပေးသည့် ဆရာရဲဇော် (နက္ခတ္တဝေဒပညာရှင်)/စာရေးဆရာ ရဲဇော်(ဇီးကုန်း) အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဆမ ဆိုတာ မြန်မာနိုင်ငံမှာ ဆရာဝန်တွေကို ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပေးတဲ့ ဆေးကုသခွင့်လက်မှတ်လို့ နားလည်ထားကြတာ အားလုံးအသိ ဖြစ်ပါတယ်။ ဒါကြောင့် ဆမနဲ့ ပတ်သက်ရင် ကျန်းမာရေးဝန်ကြီးရဲ့လုပ်ပိုင်ခွင့်လို့သာ လက်ခံထားကြပါတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီး ဖြစ်ခါနီးက ကျွန်တော့်နေအိမ် အောင်ပုဗ္ဗာတတ်နန်းမှာ (---) မြို့က ခရိုင်ဆရာဝန်ဟောင်း ဦး(---)ကို အဘက ဆမ ပြန်ထုတ်ပေးခဲ့တာ ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ မယုံမရှိကြပါနဲ့။ မန္တလေးမြို့မှာ မျက်မြင်သက်သေတွေ အသက်ရှင်နေဆဲ ရှိပါတယ်။

၁၉၈၈ ခုနှစ် နှစ်ဦးပိုင်းထဲမှာ အဘက ကျွန်တော်တို့အားလုံးကို တစ်စုတစ်ဝေးတည်း တစ်နေ့မှာ စုစေခဲ့ပါတယ်။ အဘစေခိုင်းတာတွေကို ကျေကျေပွန်ပွန် အမှုတော်ထမ်းခဲ့တဲ့အတွက် အဘက အဲဒီနေ့မှာ ဆုချီးမြှင့်မယ်လို့ ကြိုတင် မိန့်ထားပါတယ်။ ဒါကြောင့် အောင်ပုဗ္ဗာတတ်နန်းဆီ နံနက်စောစောကတည်းက အဘတပည့်တွေ တဖွဲဖွဲ ရောက်လာကြပါတယ်။ အဘကြွခါနီး နံနက် (၁၀) နာရီမှာ အောင်ပုဗ္ဗာတတ်နန်းတစ်ခုလုံး လူတွေပြည့်နေခဲ့ပါတယ်။

အဘက လက်ထဲမှာ ငွေဖလားကြီး ကိုင်ထားတယ်။ ငွေဖလားထဲမှာတော့ မဲလိပ်တွေထည့်ထားတယ်။ အဘမျက်နှာကြီး ပြုံးပြုံးရွှင်ရွှင်နဲ့-

"ဒီနေ့တော့ ငါ့သားသမီးတွေကို ဆုတော်တွေ ချီးမြှင့်မယ်။ တစ်ယောက်ပြီးတစ်ယောက် မဲလာနှိုက်ကြ။ ကိုယ်ရတဲ့မဲကို ကိုယ်ကိုင်ထားကြ။ အဘက ဖတ်ပြီး အဓိပ္ပာယ်ပြောပြမယ်"

ဆုချီးမြှင့်မယ်ဆိုလို့ အဖိုးတန်ပစ္စည်းတွေရတော့မယ် ထင်နေတဲ့ လူအုပ်ကြီးထဲက အသက် (၇၀) ကျော်အရွယ် အဘွားကြီးတစ်ဦးက-

"အဘကလည်း၊ ဆုချီးမြှင့်မယ် ပြောထားပြီး ခုတော့ မဲလိပ်တွေပါလား"

အဘက တဟားဟား ကျယ်ကျယ်လောင်လောင် ရယ်မောရင်း-

"ဟဲ့ မိစိန်- နင်တို့ကို ငါက ရွှေထုပ်ကြီး၊ စိန်ထုပ်ကြီး၊ ငွေထုပ်ကြီးတွေ ပေးမယ်လို့ ဘယ်တုန်းကပြောခဲ့ဖူးလို့လဲ။ ငါပေးမှာက နင်တို့ သံသရာက လွတ်မြောက်အောင် နင်တို့နဲ့လိုက်ဖက်မယ့် ဝိပဿနာတရားစခန်းတွေမှာသွားပြီး ကျင့်ကြံအားထုတ်နိုင်အောင် အခြေခံတွေ၊ အလေ့အကျင့်တွေဟဲ့။ မိုးကုတ်လား၊ မဟာစည်လား၊ စွန်းလွန်းလား၊ ဖားအောက်လား စတဲ့ စတဲ့ တရားစခန်းတွေမှာ နင်တို့ဝင်ကြည့်ပြီး နင်တို့နဲ့ အပ်စပ်တဲ့နည်းကို နင်တို့ဘာသာရွေးကြ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်တူပုံ့မလဲ။ ဒါနဲ့ ငါ မေးမယ်"

"မေးပါ အဘ"

"ကိုထွန်းစုကို နာမ်ကိန်းပြီး ရှင်ပဏ္ဏဝံ ကြွနေတုန်းက မနောမယဘုန်းကြီးကျောင်းတစ်ဝိုက်ကမြေတွေ နင်တို့ကို ဝယ်ခိုင်းခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘုန်းဘုန်းကြီးရှင်မထီးက အဲဒီ မြေတစ်ဧကမှ (၅၀၀) လောက်ပဲပေါက်နေတာမို့ လူတိုင်းဝယ်ထားကြဖို့ မိန့်ခဲ့ပါတယ်"

"နင်တို့ထဲက ဘယ်နှယောက်များ မြေဝယ်ခဲ့သလဲ"

"တစ်ဦးပဲ ဝယ်ခဲ့ပါတယ်။ အဲဒါတောင် ဘုန်းဘုန်းကြီးက ငါ ဒီခြံမှာ သီတင်းသုံးမယ် ဆိုလို့ ဘုန်းဘုန်းကြီးကို ကြောက်ပြီး မဝယ်ချင်ဘဲ ဝယ်ခဲ့တာပါ အဘ"


"အေးလေ၊ နင်တို့က ပေးတာတောင်မှ မယူကြတဲ့ လူအနွတွေကိုး။ တစ်ချိန်မှာ အဲဒီမြေတွေ သိန်းထောင်နဲ့ချီပြီး ရလိမ့်မယ်လို့သာ နင်တို့သိရရင် အလုအယက်ဝယ်ကြမယ် မဟုတ်လား"

"မှန်ပါတယ်အဘ၊ သမီးတို့ဉာဏ် မမီလို့ပါ"

"အဲဒီတုန်းက ပုဂ္ဂိုလ်တွေက နင်

## ဆမတုတ်ပေးတဲ့ အဘဘိုးမင်းခေါင်

**အောင်သန်းချစ်**





www.burmeseclassic.com

www.burmeseclassic.com

တို့ကို ဆုချီးမြှင့်ခဲ့တာပဲ၊ နင်တို့ကမှ မယူခဲ့ကြတာကိုး။ ခုလည်း မဲလိပ်တွေပဲဆိုပြီး နင်တို့ မလိုချင်လည်းမယူကြနဲ့"

အဘိုးကြီးတစ်ဦးက ချက်ချင်း ကြားဝင်ဖြတ်ပြီး-

"သားတော်တို့နဲ့ ထိုက်တန်တာကို အဘက ချီးမြှင့်တာလို့ သဘောပေါက်ပါတယ် အဘ"

"အေး- ဟုတ်တယ်"

အခု နှစ်ပေါင်း (၂၅) နှစ်ခန့် ကြာတော့မှ အဘမဲထဲကအတိုင်း ကျွန်တော်တို့တစ်တွေ ဖြစ်တည်နေကြတာကို မျက်ဝါးထင်ထင် ကိုယ်တွေ့ကြုံနေကြရပါတော့တယ်။ ဥပမာ- သူတစ်ပါးထံမှာ မှီခိုနေရတဲ့ အမျိုးသမီးကြီးတစ်ဦး 'သူကြွယ်' လို့ အမိပ္ပာယ်ပေါက်တဲ့ မဲလိပ် ရတယ်။ လက်ရှိဘဝကို သိနေကြတာမို့ အားလုံးက ဝိုင်းရယ်ခဲ့ကြတယ်။ ဒါပေမယ့် ခုတော့ အဲဒီအမျိုးသမီးကြီးက ကျောက်စိမ်းသူဌေးအဖြစ်နဲ့ သူကြွယ်ကြီး ဖြစ်နေပါပြီ။ အဌမတန်းတက်နေတဲ့ ကလေးမလေးကတော့ 'ပညာ' လို့ အမိပ္ပာယ်ပေါက်တဲ့မဲလိပ် ရတယ်။ အခု သူက ဒေါက်တာဘွဲ့ (Ph.D) ရပြီး တက္ကသိုလ်မှာ ကထိက ဆရာမကြီးဖြစ်နေပြီ။ အလားတူပဲ လေထဲမှာလွင့်မျောနေရမယ့် အခြေတကျ





www.burmeseclassic.com

www.burmeseclassic.com

မရပ်တည်နိုင်မယ့်သူ၊ သောကတွေပွား ပြီး ဗျာများနေရမယ့်သူ စတဲ့ စတဲ့ လူတွေရဲ့ အနာဂတ်ပုံရိပ်တွေကိုလည်း အဘက မဲနဲ့ကြိုတင်သတိပေးခဲ့တယ်။ တကယ်တော့ အဘက ကျွန်တော်တို့ အနာဂတ်ရှေ့ဖြစ်တွေကို ကြိုတင်သတိ ပေးပြီး ပြုပြင်နိုင်တာတွေကို ပြင်ပေး ခဲ့တာ ဖြစ်ပါတယ်။

ဥပမာ - ကျွန်တော့်လက်ထဲမှာရှိ သမျှ ရွှေတွေကို ပေါက်ဈေးနဲ့ရောင်း ခိုင်းပြီး အိမ်ဆောက်ဖို့ အုတ်ခဲတွေ၊ သံချောင်းတွေ၊ သစ်တွေ ဝယ်ထားခိုင်း တယ်။ အခုလို တိုက်တာအဆောက် အအုံနဲ့နေနိုင်အောင် အဘက စီစဉ်ပေး ခဲ့တဲ့အပြင် 'ခေါင်ပရမေ' ဓာတ်နန်းမှာ (၃) နှစ်ပြည့်လို့ နာမ်မကိန်းတော့မယ့် နောက်ဆုံးအချိန်ကျမှ 'တို့ပုဂ္ဂိုလ်တွေဆို တာ ရှေ့ဘဝ (၄၀)၊ နောက်ဘဝ (၄၀) တောင် မြင်နိုင်ကြတယ်။ မင်းတို့ ရွှေမှာ ဘာဖြစ်မယ်ဆိုတာ ငါတို့ကသိနေတယ်။ ဒါကြောင့် မင်းလက်ထဲမှာရှိနေတဲ့ ရွှေ တွေအားလုံး ထွက်ကိန်းမြင်လို့ ငါက ရွှေတွေရောင်းပစ်ပြီး အိမ်ဆောက်ပစ္စည်း တွေဝယ်ထားလို့ မိန့်ခဲ့တာ' လို့ ရှင်းပြ သွားခဲ့တယ်။

ကျွန်တော်တို့ မဲနှိုက်နေကြတုန်း အိမ်ပေါက်ဝမှာ ကျွန်တော့်အိမ်ဘေးက ဘေသီလေးနဲ့ အသက် (၅၀) ကျော်အ ရွယ် ဇနီးမောင်နှံတို့ လာရပ်ကြတယ်။ ဘေသီလေးက-

"အဘ၊ ဝင်ခွင့်ပြုပါ"

"အေး- ဝင်ခဲ့၊ ဝင်ခဲ့ကြ"

သူတို့သုံးဦး အိမ်ထဲမှာဝင်ထိုင်မိ တာနဲ့ အဘက-

"ဟော့- ဆေးဆရာ၊ ငါ့ဆီလာစမ်း"

ကျွန်တော်တို့လည်း ဧည့်လူစိမ်း ကို အဘက လှမ်းခေါ်တာကြောင့် တအံ့တသြ ဖြစ်ကြရပါတယ်။ ဧည့် သည်အမျိုးသားကြီးက ဥရောပသွေး စပ်ထားတဲ့ ကပြားရုပ်သွင်နဲ့မို့ ကျွန် တော်တို့ ပိုပြီး အံ့အားသင့်နေကြတာ ဖြစ်ပါတယ်။ အဘက ငွေဖလားကြီးထိုး ပေးပြီး-

"ဆေးဆရာ၊ မဲတစ်လိပ်နှိုက်"

ဧည့်သည်ကလည်း ဘုမသိဘမ သိနဲ့ ငွေဖလားထဲက မဲတစ်လိပ်ကို ဆွဲ ယူပြီး ဖွင့်ဖတ်ပါတယ်။ ဧည့်သည် မျက် လုံးတွေ ပြူးကျယ်သွားပြီး လက်နှစ်ဖက် ကတုန်ကယင်နဲ့-

"ဆမ၊ ဆမ၊ ဆမ"

အဘက အားပါးတရ ရယ်မော ရင်း-

"ဟားဟားဟား- ဆေးဆရာ အံ့ သြနေသလား။ မင်း ဆမကို ငါပြန်ထုတ် ပေးလိုက်ပြီ"

"ကျေးဇူးတင်ပါတယ်"

ဧည့်သည် ဇနီးမောင်နှံ ရှက်ရှုံ့ရှုံ့ နဲ့ အဘကို နှုတ်ဆက်ပြီးပြန်သွားကြ တယ်။ ကျွန်တော်တို့လည်း မဲဆက်နှိုက် ပြီး ကိုယ့်ကိစ္စတွေကိုသာ ကိုယ်ပြောကြ ရင်း အဘပြန်ကြွသွားတဲ့အထိ ဧည့် သည်အကြောင်း မစပ်စုမိကြပါ။

တစ်ပတ်ကျော်ခန့် ကြာတော့ အဘဆီ အဲဒီ ဇနီးမောင်နှံ ရောက်လာ ကြပြန်ပါတယ်။ ကပြားအမျိုးသားကြီး လက်ထဲမှာ စာရွက်တစ်ရွက် ကိုင်လာ တယ်။ အဲဒီ အမျိုးသားကြီးက ဝမ်းပန်း တသာနဲ့-

"အဘ၊ ကျွန်တော့်ဆမ ပြန်ထုတ် ပေးတဲ့ အကြောင်းကြားစာ ပို့လိုက် တယ်"

"အေးလေကွာ၊ မင်း ဆမကို ငါ ထုတ်ပေးခဲ့ပြီးပြီပဲ ဆေးဆရာရဲ့"

"ဟုတ်ကဲ့ပါ အဘ၊ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် အမိန့်စာရောက်လာတာမို့ အဘကိုလာ ပြီးအကြောင်းကြားတာပါ"

အဘက-

"ဆေးဆရာ၊ မင်း မြို့ကို ချက် ချင်းမပြန်နဲ့ဦး။ ငါခိုင်းတာတွေ လုပ်သွား ကြ၊ ဝါကျွတ်ပြီးမှပြန်ကြ"

ဇနီးမောင်နှံနှစ်ဦးလုံးက-

"အဘသြဝါဒအတိုင်း လိုက်နာပါ့ မယ်"

"ကဲ- ဒါဆိုရင် ငါ့သားသမီးတွေ မနောမယကျောင်းမှာ (၇) ရက် တရား စခန်းဝင်ကြရမယ်။ အဲဒီ တရားစခန်းမှာ ဆေးဆရာဇနီးက ဝင်ပါ။ ဆေးဆရာက တော့ အိမ်မှာပဲနေခဲ့ပြီး နံနက်စောစော



တစ်ကြိမ်၊ အိပ်ခါနီးတစ်ကြိမ် တစ်နေ့ နှစ်ကြိမ်ကျ မေတ္တာသုတ် ရွတ်ပါ။ မင်း ဇနီးက မေတ္တာသုတ်ရွတ်နည်း သင်ပေး လိမ့်မယ်၊ မင်းက စာအုပ်ထဲကအတိုင်း ရွတ်ပေါ့"

*(မှတ်ချက်- ဆရာဝန်ကြီးက ဘာ သာခြားဖြစ်နေတာမို့ အဘက ကြိုတင် ပြင်ဆင်ပေးခဲ့တာပါ။ ဇနီးသည်ကသာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါတယ်။)*

"စိတ်ချပါ အဘ၊ အဘပြောတဲ့ အတိုင်း ကျွန်တော်တို့ လိုက်နာပါ့မယ်"

အဘကလည်း ဧည့်သည်ရဲ့ဦး ခေါင်းကို လက်နဲ့အုပ်ပြီး-

"ကဲ- ဒီနေ့ကစပြီး ဆေးဆရာတို့ ငါက အမည်ချီးမြှင့်လိုက်မယ်။ မင်းနာ မည် ပုညာ၊ မှတ်ထား"

"ကျေးဇူးတင်ပါတယ် အဘ"

"တစ်ဆက်တည်းပဲ မိန့်စရာရှိတာ တွေ မိန့်လိုက်မယ်။ မင်းတို့မြို့ကို မပြန် ခင် ငါ့ဆီက ဆိုင်းဘုတ်လာယူပါ။ အဲဒီ နာမည်နဲ့ ဆေးခန်းဖွင့်ကြပေတော့။ ကောင်းမှုကုသိုလ်လည်းပြုကြ"

အဘက အညိုရောင်နောက်ခံ မှာ အဖြူရောင် စာလုံးဝိုင်းတွေနဲ့ 'ဘိုးမင်းခေါင်ဆေးခန်း' ဆိုတဲ့ ဆိုင်းဘုတ် အဆင်သင့်စီမံထားပြီး ဆရာဝန်ကြီး ဇနီးမောင်နှံကို မြို့အပြန်လက်ဆောင် ပေးလိုက်ပါတယ်။

(၃) လခန့်ကြာတော့ ဆရာဝန် ကြီးကတော် အောင်ပုဗ္ဗဓာတ်နန်းကို ရောက်လာပါတယ်။ ငွေတွေ တစ်ထပ် ကြီးသယ်လာပြီး အဘကိုလာကန်တော့ ပါတယ်။ အဘလက်ဆောင် ဘိုးမင်း ခေါင်ဆေးခန်း ဆိုင်းဘုတ်တပ်ပြီးဖွင့်တဲ့ ဒုတိယပတ်ကစပြီး ဒီနေ့ထိ တစ်ခိုင် လုံးက လူနာတွေ ဝိုင်းဝိုင်းလည်နေတဲ့ သတင်းကောင်းပါ ကြားလိုက်ရတယ်။

မြို့ပြန်ခါနီးမှာတော့ ဆရာဝန်ကြီး ကတော်က လက်ထောက်ဆရာဝန်တစ် ယောက် ပြစ်မှုကျူးလွန်တာမှာ ခရိုင် ဆရာဝန်ကြီးမှာ တာဝန်ရှိတယ် ဆိုပြီး ယခင် ကျန်းမာရေးဝန်ကြီးလက်ထက်တ ဆမ အသိမ်းခံလိုက်ရတာကြောင့် သူ တို့ဇနီးမောင်နှံခမျာ ရှက်လွန်းလို့ (---) မြို့မှာမနေကြတော့ဘဲ မန္တလေးမှာ အိမ် ခန်းငှားနေခဲ့တာ (၃) နှစ်ခန့်ကြာတော့ အခုလို အဘနဲ့တွေ့ပြီး ဆမ ပြန်ပေးတဲ့ အံ့သြစရာဖြစ်ရပ်နဲ့ ကြုံရတာကို ရှင် ဖွင့်သွားခဲ့ပါတယ်။

အောင်သန်း




www.burmeseclassic.com


www.burmeseclassic.com

# သင့်မျက်နှာနှင့် သင့်ဘုန်းကံ

မင်းမင်းမြတ်



လေးထောင့်ကျမျက်နှာရှင်အမျိုးသားပုံ (စိတ်တည်ငြိမ်မှုရှိခြင်းကိုဖော်ပြသည့် လေးထောင့်ကျသော မျက်နှာပုံစံ)



နဖူးမြင့်၍ လေးထောင့်ကျသော မျက်နှာတည်ဆောက်ပုံရှိ အမျိုးသမီး

**မိမိအိမ်ထောင်ဖက်အား အကောင်းဆုံး (စိတ်ကြိုက်) ရွေးချယ်နိုင်ခြင်း**

မိမိနှင့် သင့်တော် ကိုက်ညီမည့် အိမ်ထောင်ဖက် ရွေးချယ်ရန်အတွက် အောက်ပါ ရုပ်လက္ခဏာအသီးသီးအား ကြိုတင်သိရှိထားရန် လိုအပ်ပါသည်။

**စိတ်တည်ငြိမ်မှုရှိသည့် တည်ကြည်သော ရုပ်လက္ခဏာ**

လေးထောင့်ကျသော မျက်နှာတည်ဆောက်ပုံသည် တည်ကြည်ခြင်း၊ ရှေးရိုးဆန်ခြင်း၊ လက်တွေ့ကျကျ ပြောဆိုနေထိုင်တတ်ခြင်း၊ ရိုးသားပွင့်လင်းခြင်း စရိုက်လက္ခဏာများ ပါရှိကြောင်း ဖော်ပြနေပါသည်။ ၎င်းရုပ်လက္ခဏာရှင်၏လက်ဝါးများသည်လည်း မျက်နှာကဲ့သို့ပင် လေးထောင့်ကျစွာ ရှိနေပါမည်။

နှာခေါင်းပေါက်အပေါ်ဘက် အကွေးနေရာ ကျယ်ပြန့် ကြီးမားနေပါက စိတ်ရှည်တတ်သည့် သဘာဝရှိခြင်းကြောင့် စိတ်လိုက်မာန်ပါလုပ်တတ်ခြင်း မရှိတတ်ပေ။

ခြေဟန်လက်ဟန် လှုပ်ရှားမှုများ အပေါ် သတိထားတတ်ခြင်းကြောင့် စကားအပြောအဆိုမှ အစ ဖြည်းညင်းလေးကန်တတ်သည်။

ပုံပျပ်သောလက်ချောင်းများ ပါရှိခြင်းသည် လက်တွေ့ကျကျပြောဆိုလုပ်ကိုင်တတ်ခြင်းကို ဖော်ပြသည်။

နဖူးပြင်မြင့်မားကျယ်ပြန့်ခြင်းသည် အရာရာ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်ခြင်း၊ အကျိုးအကြောင်းညီစွာ စီမံဆုံးဖြတ်နိုင်ခြင်းသဘောကို ဖော်ပြသည်။

မျက်လုံးအနေအထား အပေါ်ဘက်သို့ အနည်းငယ်တက်နေခြင်းသည် စိတ်ခံစားချက်ရှိသည့်အတိုင်း ပြောဆိုပြုမူခြင်းမရှိတတ်ကြောင်း ဖော်ပြသည်။

မျက်ခုံးတည်ဆောက်ပုံနှင့် မျက်ခုံးမွှေးပေါက်ရောက်ပုံ သန့်ရှင်း သပ်ရပ်နေခြင်းသည် လေးနက်စွာ စဉ်းစားတွေးခေါ်တတ်ခြင်းသဘောကို ပြပါသည်။

လေးထောင့်ကျသော လက်ပုံစံရှိခြင်းနှင့် ပုံပျပ်သောလက်ချောင်းများပါရှိခြင်းသည် ၎င်းရုပ်လက္ခဏာရှင်၏လက်တွေ့ကျမှု၊ သဘောထား ပြတ်သားမှု အရည်အသွေးများကို ဖော်ပြပါသည်။


ပါးစပ် တည်ဆောက်ပုံ လေးထောင့်ကျ၍ အပေါ်-အောက်နှုတ်ခမ်းသားများ ထူထဲပါက စိတ်ခံစားမှုနှင့် လက်တွေ့ဘဝအခြေအနေအား မျှတစွာ ရှုမြင်တတ်သူ ဖြစ်ပါသည်။

**အရွှန်းဖောက်၍ ပျော်ပျော်နေတတ်သူ၊ ဉာဏ်ရည်ထက်မြက်သူအမျိုးသမီး**

နားရွက်တည်ဆောက်ပုံ မြင့်၍ ထိပ်ဖျားက မျက်ခုံးထက် ကျော်လွန်သောအမြင့်တွင် ရှိနေပါက ဉာဏ်ရည်ထက်မြက်ခြင်းသဘောကို ဖော်ပြနေပါသည်။

နဖူးပြင် မြင့်မားကျယ်ပြန့်နေခြင်းသည်လည်း ကြံရည်ဖန်ရည်ကောင်းသည့်လက္ခဏာကို ဖော်ပြပါသည်။

သူငယ်အိမ် ထင်ရှားရှင်းလင်း၍ သက်ဝင်နေဟန်ရှိသည့်မျက်လုံး ပါရှိပါက စိတ်ဆုံးဖြတ်ချက် ခိုင်မာပြတ်သားခြင်း၊ နိုးကြားတက်ကြွခြင်း ရှိသည့် သဘောကို ဖော်ပြပါသည်။



နားရွက်တည်ဆောက်ပုံမြင့်၍ နားရွက်ထိပ်ဖျားက မျက်ခုံးထက် ကျော်လွန်နေသောပုံ

ပါးစပ်တည်ဆောက်ပုံ သပ်ရပ်၍ အလံရွက်ပုံ အပေါ်နှုတ်ခမ်း ပါရှိပါက အရွှန်းဖောက်၍ ပျော်ပျော်နေတတ်သူ၊ စကားပြောကောင်းသူ ဖြစ်ပါမည်။

မေးစေ့ချွန်းသော ရုပ်လက္ခဏာ ရှိပါက အိမ်မှာနေသည်ထက် ညဥ့်အိပ်ညဥ့်နေ အပြင်ထွက်လည်ပတ်တတ်ခြင်း သဘော ရှိပါသည်။

မျက်ခုံးထူသောအမျိုးသား ဖြစ်




www.burmeseclassic.com

www.burmeseclassic.com




မျက်ခမ်းစပ်ကြီး၍ မေးစေ့အသေးငယ်၍
မေးစေ့ချွန်းနေခြင်းသည်
ပျော်ပျော်နေလိုစိတ်ရှိခြင်းကို ပြသည်



နားရွက်အတွင်းကြောင်းလိုင်းကျဉ်းကြောင်း၍
နားထဲကြောင့်စင်းခြင်းကြောင့် တာဝန်သိ၊
တာဝန်ယူတတ်ခြင်းသဘော ပါရှိသည်

လျှင် မိမိဇနီးမယားထက် မိတ်ဆွေအပေါင်းအသင်းအပေါ် ပိုမိုခင်တွယ်တတ်သူ ဖြစ်ပါမည်။

မျက်လုံးအိမ် ကြီး၍ စိုစွတ်နေသော မျက်လုံးပိုင်ရှင်ဖြစ်ပါက စိတ်ခံစားမှုဝေဒနာများကိုတွန်းလှန်၍ ပျော်ပျော်နေတတ်သူ ဖြစ်ပါမည်။



ပါးရိုးကားနေသော အမျိုးသား
ဘွင်းဘွင်းရှင်းရှင်းရှိသူ၊ ပျော်ပျော်နေတတ်သူ
ဖြစ်သည်




မေးစေ့၌ အကွဲရာပါရှိသူ အမျိုးသား၏

မေးစေ့၌ အကွဲရာပါရှိသူ (အမျိုးသား)ဖြစ်လျှင် တစ်ဦးချင်း ပင်ကိုစွမ်းရည်အရ တီထွင်ဖန်တီးတတ်သူ ဖြစ်ပါမည်။ အကယ်၍ နားရွက်ထိပ်ဖျားချွန်နေပါက ဆတ်ဆတ်ထိမခံ၊ စိတ်ခံစားမှုလွယ်သူ ဖြစ်ပါမည်။

သူငယ်အိမ်သည် မျက်လုံးထက် အနည်းငယ်သေးနေပါက မိမိအရေးကိုသာ အလေးပေးတတ်သူ ဖြစ်ပါမည်။

အကယ်၍ အပေါ်-အောက်နှုတ်ခမ်းနှစ်လွှာ မျှတစွာရှိနေခြင်းသည် မိမိအလိုဆန္ဒကိုထိန်းချုပ်နိုင်သူ ဖြစ်ပါမည်။

မျက်ခုံးမွေး သပ်ရပ်စွာရှိနေခြင်းသည် သနားကြင်နာတတ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ခြင်းသဘောကို ပြပါသည်။



အပေါ်နှုတ်ခမ်းပေါ်၌ မှဲ့ပါရှိခြင်းကြောင့်
အစားအသောက်အပေါ် အရသာခံတတ်သူ
ဖြစ်သည်

မေးစေ့ တည်ဆောက်ပုံသည် လေးထောင့်ကျ၍ ကျယ်ပြန့်နေပါက မိမိ မိသားစုအတွက် အလေးပေးစဉ်းစားတတ်သူ၊ မိမိချစ်ခင်နှစ်သက်သူအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံသူ ဖြစ်ပါမည်။

ပါးရိုး အပြင်သို့ကားနေသူ ဖြစ်ပါက ဘွင်းဘွင်းရှင်းရှင်းနေတတ်သူ၊ ပျော်ပျော်နေတတ်သူ ဖြစ်ပါမည်။

နားရွက်အတွင်းကြောင်းလိုင်း အလယ်တည့်တည့်နေရာ အပြင်သို့ အနည်းငယ်ငေါထွက်နေပြီး ပါးရိုးကျသူဖြစ်ပါက (အမျိုးသား ဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ) လက်တွေ့ကျသူများအဖြစ်တွေ့ရပါမည်။

မျက်ခုံးရိုး အပြင်သို့ ငေါထွက်နေသူဖြစ်ပါက ယှဉ်ပြိုင် တိုက်ခိုက်လိုသည့်စိတ်ရှိသူ၊ အလျှော့မပေးတတ်သူ ဖြစ်ပါမည်။

နားသန်သီးနေရာ လုံးဝန်းချောမွေ့နေခြင်း (သို့) အပြားကြီးနေခြင်းရှိပါက ဘဝတစ်သက်တာ အချိန်အတွင်း ပျော်ပျော်နေတတ်သူ ဖြစ်ပါမည်။


အပေါ်နှုတ်ခမ်း၌ မှဲ့ထင်ရှားစွာပါရှိပါက အစားအသောက် ကောင်းကောင်းစားတတ်သူ၊ အစားအသောက်ကို အရသာခံတတ်သူ ဖြစ်ပါမည်။

မေးစေ့အပြင်သို့ အနည်းငယ်ငေါထွက်နေသူဖြစ်ပါက အစစအရာရာ အကောင်းဆုံး(အကောင်းစား)များကိုသာ စိတ်ဝင်တစား နှစ်သက်သုံးစွဲတတ်သူ ဖြစ်ပါမည်။

နှာခေါင်းနှင့် အပေါ်နှုတ်ခမ်းကြားနေရာ အသားဆူဖြိုးနေပါက အစားအသောက်ကောင်းကောင်းကြိုက်နှစ်သက်တတ်သူ၊ အစားအသောက်အပေါ် အရသာခံတတ်သူ ဖြစ်ပါမည်။

**ထပ်မံလေ့လာတွေ့ရှိသော အမျိုးသမီးတို့၏ရုပ်လက္ခဏာနှင့် ပင်ကိုစရိုက်များ**

မျက်နှာတည်ဆောက်ပုံ သေးငယ်ပြီး နှာခေါင်းကြီးသူ အမျိုးသမီး ဖြစ်ပါ



မျက်နှာပေါက်ရှည်၍ ဘြိဂံပုံကျသောမျက်နှာ
ပိုင်ရှင်သောမေးရိုးရှိမျက်နှာပိုင်ရှင်အမျိုးသမီးမှာ
ထွက်ထပ်မှုလိုထားသော အမျိုးသမီးပင်
ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဇာ ငယ်ရွယ်သူအမျိုးသားနှင့် အိမ်ထောင်ကျတတ်ပါသည်။ မျက်နှာတစ်ခွင်လုံးအား ခြုံကြည့်ပါက မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်တို့၏အရွယ်အစားနှင့် ထုံးဝ မလိုက်ဖက်အောင် သေးငယ်နေသောမျက်နှာကို မျက်နှာတည်ဆောက်ပုံ သေးငယ်သူအဖြစ် သတ်မှတ်ရပါမည်။

မျက်နှာတည်ဆောက်ပုံ ကြီးခြင်း (သို့) သေးငယ်ခြင်းကို အတိအကျခွဲခြားနိုင်ရန် အောက်ပါအတိုင်း တိုင်းတာတွက်ချက်ရပါမည်။

**နှာခေါင်းတည်ဆောက်ပုံ အရွယ်အစားကြီး၊ မကြီး တိုင်းတာရန်**


မျက်ခုံးထိပ်များနှင့် နှုတ်ခမ်းအောက်ခြေကြားနေရာအား အညီအမျှ ငါးပိုင်း ပိုင်းပါ။ အကယ်၍ အဆိုပါနေရာ၏ငါးပုံ သုံးပုံအား နှာခေါင်းမှ နေရာယူထားပါက နှာခေါင်းကြီး၍ မျက်နှာသေးငယ်သည်ဟု မှတ်ယူရပါမည်။ သို့သော် နှာခေါင်းက အထက်ပါ အတိုင်း အတာအောက် ရှိနေပါက နှာခေါင်းမကြီးသလို မျက်နှာအရွယ်လည်း မငယ်ဟု သတ်မှတ်ရပါမည်။ မျက်ခုံးထိပ်များချွန်၍ မျက်ခုံးမွေးများ ပွရောင်းနေပါက စိတ်ခံစားမှု မပြင်းထန်တတ်သူ၊ ခံနိုင်ရည်ရှိသူအဖြစ် သတ်မှတ်နိုင်ပါသည်။

မျက်ခုံးမွေးများပွရောင်း၍ တစ်မျှင်နှင့်တစ်မျှင် ထပ်နေပါက စိတ်ငြီးငွေ့လွယ်ခြင်း၊ စိတ်ကူးယဉ်တတ်ခြင်း ရှိပါမည်။

မျက်ခုံးမွေးများ သဘာဝကျကျ ထူထဲ၍ လှိုင်းထနေပုံရှိပါက စိတ်ဓာတ်တက်ကြွခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ အမျိုးသားတစ်ဦးဦးနှင့် အမြဲတစေ တွဲနေလိုခြင်းစိတ် ရှိနိုင်ပါသည်။



မျက်လုံးအောက်ခြေရှိအရေးအကြောင်းများက ကလေးနှင့်တူသည့်မျက်နှာပေါက်ကို ဖော်ပြသည်



မျက်လုံးအနေအထား မတည်ငြိမ်ခြင်းသည် စိတ်လှုပ်ရှားမှုလွယ်ကူခြင်းကို ဖော်ပြပါသည်

မျက်နှာပေါက်ရှည်၍ သုံးမြှောင့်ပုံကျသောမျက်နှာ၊ ပါးရိုးကျ၍ မေးရိုးအပြင်ကားနေသောမျက်နှာ၊ မေးစေ့ရှည်၍ အပြင်ဘက် အနည်းငယ်ထွက်နေဟန်ရှိ မျက်နှာပိုင်ရှင်တို့သဘာဝအရ အနည်းနှင့်အများ ခက်ထန် ကြမ်းတမ်းတတ်သည့်သဘော ရှိပါသည်။

မျက်လုံးအောက်ခြေ၌ အရေးအကြောင်းများစွာပါရှိပြီး မျက်အိမ်ဖောင်းခြင်းမရှိပါက ကလေးနှင့်တူသောမျက်နှာအဖြစ် သတ်မှတ်နိုင်ပါသည်။

မျက်အိမ်ကြီး၍ မျက်လုံးဝိုင်းကာ ကြည်လင်သန့်ရှင်းနေပါက သနားကြင်နာစိတ်ရှိခြင်း၊ စိတ်ထားနူးညံ့ခြင်းကို ဖော်ပြနေပါသည်။

ပါးစပ်တည်ဆောက်ပုံ ကြီး၍ အောက်နှုတ်ခမ်းသားများ အညီအမျှ ထူနေပါက နွေးထွေးမှုကို လိုလားသည့်သဘော၊ သံယောဇဉ်တွယ်တတ်သည့်သဘောကို ဖော်ပြနေပါသည်။

လက်မနှင့် လက်ညှိုးသုံး၍ နားရွက်အား ဆွဲလိမ်ပါက နူးညံ့သောခံစားမှုရှိလျှင် Soft ear အဖြစ် သတ်မှတ်နိုင်ပြီး ၎င်းနားရွက်ပိုင်ရှင်က စိတ်ရှည်သည်းခံတတ်သည့်သဘာဝရှိကြောင်း သိနိုင်ပါသည်။

အကယ်၍ နားရွက်အား လိမ်ဆွဲပါက မာကျောကြွပ်ဆတ်နေဟန်ရှိလျှင် အသည်းမာတတ်သူ၊ စိတ်မရှည် သည်းမခံတတ်သူဖြစ်ကြောင်း သိနိုင်ပါမည်။

နူးညံ့သောဆံပင် ပါရှိပါက စိတ်ထားနူးညံ့ခြင်းကိုဖော်ပြပြီး ဆံပင်ကြမ်းတမ်းသူဖြစ်ပါက သည်းခံစိတ်နည်းသူဖြစ်ပါသည်။

မျက်လုံးအိမ်ကြီး၍ ဖန်ရောင်ထနေသောမျက်လုံးသည် မွေးရာပါ စိတ်ခံစားမှုလွယ်သူဖြစ်ပြီး အပေါ် နှုတ်ခမ်းသားထူသူ ဖြစ်ပါက ပူပင်သောကနည်းသူ ဖြစ်ပါမည်။

Yin-Yang Eyes (တစ်ဖက်ကြီး တစ်ဖက်သေး) မျက်လုံးဖြစ်ပါက စိတ်ခံစားမှုအတက်အကျမြန်သူ၊ ဒေါသဖြစ်လွယ်, ဝမ်းနည်းလွယ်သလို ဒေါသပြေလွယ်, စိတ်ပျော်ရွှင်လွယ်သူ ဖြစ်သည်။

မျက်ခုံးထိပ်များအစွန်း ချွန်းလျက်ပါရှိပါက စိတ်ခံစားချက်တစ်ခုခုအတွက် ပေါက်ကွဲလွယ်ပြီး တဒင်္ဂအတွင်းမှာပင် စိတ်ပြေ၍ ပြန်လည်တည်ငြိမ်သွားတတ်ပါသည်။

**ရှုပ်ထွေးသောဆက်ဆံရေးပုံစံကို ဖော်ပြသည့် ရုပ်လက္ခဏာ**

အမျိုးသမီးများနှင့်ဆိုင်သောမျက်နှာပြင်ပေါ်ရှိ Point Markers 44, 45, 48, 49 or 50 နေရာ (နှာခေါင်းဧရိယာ) သည် အမျိုးသမီးတို့အတွက် အိမ်ထောင်ရေးနှင့်ဆိုင်သည့် ဌာနအဖြစ် ကိုယ်စားပြုထားပြီး ၎င်းအမှတ် (Point) တစ်ခုခုအပေါ် မှဲ့ထင်ရှားစွာ ပါရှိပါက မိမိခင်ပွန်းသည်အပေါ် သံသယများသူ၊ အယုံအကြည်မဲ့သူအမျိုးသမီး ဖြစ်နိုင်ပါသည်။



အကယ်၍ ပါးရိုးအလယ်တည့်တည့်အပေါ် မှဲ့ထင်ရှားစွာပါရှိပါက မိမိအိမ်ထောင်ဖက်အပေါ် အထိန်းအချုပ်လွတ်သွားတတ်သူ၊ ဆက်ဆံရေးရှုပ်ထွေးတတ်သူ ဖြစ်ပါမည်။ ပါးပြင်သည် ဩဇာအာဏာကြီးမားမှု၊ လူအများအပေါ် ထိန်းချုပ်နိုင်စွမ်းရှိမှုတို့အား ကိုယ်စားပြုထားသည်။

မင်းခင်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ရပ်စောက်မြို့ ပြည်သူ့ဆေးရုံ၏ အရေးပေါ်လူနာဆောင်တွင် ဖြစ်သည်။ ဈေးအနောက်ဘက်ရှိ ချက်အရက်ဆိုင်တန်းတွင် အချင်းများ၍ အရိုက်ခံလိုက်ရသော လက်တွန်းလှည်းသမား အာဂျလား၏ဦးခေါင်းကွဲဒဏ်ရာကို စစ်ဆေးပေးနေသော ဒေါက်တာဒေါ်နေ၏လက်အိတ်ပေါ်တွင် သွေးတို့ဖြင့် ခြင်းခြင်းနီလျက် ရှိနေသည်။ အင်တောတိုက်နယ်ဆရာဝန် ဒေါက်တာ ဦးထွန်းအေး (စိန်ထွန်းအေး) က အားကောင်းမောင်းသန်လှသော လက်ကြီးနှစ်ဖက်ဖြင့် အာဂျလား၏ဘယ်ညာယိမ်းထိုးနေသော ဦးခေါင်းကိုထိန်းပေးထား၍သာ ဒဏ်ရာကို အလွယ်တကူ အစိမ်းချုပ်ချုပ်ပေးလိုက်နိုင်ခြင်း ဖြစ်ပါတော့သည်။

အာဂျလား၏ဦးခေါင်းကို ပတ်တီးစဖြင့် စည်းနှောင်ပေးနေစဉ် ဆေးရုံရှေ့သို့ ဖွဲ့ထွန်စက်ကြီးတစ်စီး အရေးတကြီးထိုးဆိုက်လိုက်သံကို ကြားလိုက်ရသဖြင့် 'လာပြန်ပြီ နောက်ဒုက္ခတစ်မျိုး' ဟု ဒေါက်တာဦးထွန်းအေးက ရေရွတ်လိုက်ပါတော့သည်။ ထွန်စက်ဖြင့် ပါလာသူကား မီးဖွားပြီး အချင်းကပ်သည့်ဒုက္ခကို ခံစားနေရသူ အလယ်ချောင်ရွာမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်း ဖြစ်နေပါတော့သည်။ နေ့စေ့၊ လစေ့နှင့် ဆဋ္ဌမမြောက်သား ကိုယ်ဝန်အား မိမိအိမ်တွင် ပင်မွေးဖွားစဉ် အချင်းကပ်ပြီး သွေးသွန်နေ၍ ကောင်းဘို့ ကျန်းမာရေးမှူး ဦးအောင်သိန်း ဦးဆောင်သော အဖွဲ့က ဆေးရုံသို့ အရေးပေါ် လာရောက် ပို့ဆောင်ပေးလိုက်ခြင်းဖြစ်ပါတော့သည်။

၁၉၈၀ ပြည့်နှစ်ကာလများက ရပ်စောက်မြို့နယ် ဆက်သွယ်ရေးကိစ္စရပ်များ မတိုးတက်သေးသဖြင့် အလယ်ချောင်ရွာနှင့် ကောင်းဘို့ရွာ၊ ကောင်းဘို့ရွာနှင့် ရပ်စောက်မြို့တို့ အကြားတွင် အုပ်ချုပ်ရေးကိစ္စရပ်များ ကွင်းဆက်ပြတ်လျက်ရှိရာ ဒေါ်နန်းသန်းသန်း၏ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခွင့်တင်ခြင်းကိစ္စများ မောင်ဒေါ်နထံ အချိန်မီရောက်မလာခဲ့။ လာမယ့်လာတော့ အရေးပေါ်လူနာအဖြစ် ရောက်လာပါတော့သည်။ ထွန်စက်ပေါ်တွင် ကောင်းဘို့အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်တင်တင်ရွှေက သွေးပေါင်ချိန်ပေးပြီး ပင်မ သားဖွားဆရာမ ဒေါ်နန်းဇိန်ယံလု (ဝန်ထမ်းများကြားတွင် သူ့ကို ဒေါ်ယမ်းဘီလူးဟု ချစ်စနိုး ခေါ်ကြသည်။) က ဆားရည်သွင်းထားသော ပုလင်းကို ကိုင်လျက် လိုက်ပါလာကြသဖြင့်သာ လူနာသွေးပေါင်ချိန်မှာ (၉၀/၆၀) တွင် တည်တံ့နေခြင်း ဖြစ်ပါတော့သည်။

ဒေါ်နန်းသန်းသန်းကို အရေးပေါ်ကုသမှုများပေးနိုင်ရန် မွေးခန်းထဲသို့ရွှေ့ပြောင်းပေးလိုက်စဉ် သူမ၏ခင်ပွန်းဖြစ်သူ ဦးစိုင်းထွန်းတင်က ဆင်စွယ်ရောင်အသွေးနှင့် မွေးကင်းစ ဆဋ္ဌမမြောက်သမီးငယ်ကို ရင်မှာပိုက်လျက် လိုက်ပါလာသဖြင့် မွေးခန်းအကူ မနှင်းဦးတို့ သမီးငယ်လေးအား နွေးနွေးထွေးထွေးထားပေးရန် အပ်နှံလိုက်ရပါသည်။

ဆေးရုံတို့၏လုပ်ထုံးလုပ်နည်းအတိုင်း အချင်းကပ်လူနာတစ်ဦးရောက်ရှိလာလျှင် အရေးပေါ်သွေးသွင်း၍ လူနာ၏အခြေအနေများ တည်ငြိမ်လာသည်အထိ ခေတ္တ အနားပေးထားရပါသည်။ လမ်းတွင် သွင်းလာသော ဆားရည်များကြောင့် သွေးပေါင်ချိန်မှာ (၉၀/၆၀) တွင် တည်ငြိမ်နေသဖြင့် ဆက်လက်ဆောင်ရွက်ရမည့်ကုထုံးကို ရောက်ရှိနေသူများနှင့်တိုင်ပင်ရတော့သည်။ မောင်ဒေါ်နတို့ အလုပ်သင်ဆရာဝန်ဘဝ ဒပ်ဖရင်ဆေးရုံကြီးမှအိုဂျီမမများက အချင်းကပ်လူနာရောက်လာလျှင် သွေးအရင်ရှာ၊ သွေးသွင်းပြီး အခြေအနေတည်ငြိမ်လာတော့မှ မေ့ဆေးပေးပြီး အောက်မွေးလမ်းကြောင်းမှကပ်နေသော အချင်း





www.burmeseclassic.com

www.burmeseclassic.com

အား မုန့်ပြားသလက်ကို အိုးကင်းကပ်ရှာသလို အိုဂျီလက်ထိပ်များဖြင့် ထိုးခွာ၍ အချင်းချရမည်ဟု သင်ကြားပေးထားသည်။ အချင်းချသည့်ကိစ္စ မောင်ဒေါ်နု၏ခေါင်းထဲသို့ ဝင်ရောက်လာသဖြင့် နန်းသန်းသန်းကို မွေးဖွားပေးသောလက်သည်မှာ မည်သူနည်းဟု မေးမြန်းကြည့်ရာ ယခု မွေးဖွားသည့်ကလေးအပါအဝင် နန်းသန်းသန်းမွေးဖွားခဲ့သမျှသားသမီး (၆)ယောက်ကို မွေးဖွားသောလက်သည်မှာ သူမ၏ခင်ပွန်း စိုင်းထွန်းတင် ကိုယ်တိုင်ဖြစ်ကြောင်း ဆရာမကြီးဒေါ်တင်တင်ရွှေ ပြောပြလာတော့မှ-

"ဘယ်လို. . . ဘယ်လို၊ သားဖွားဆရာမကို မွေးဖွားပေးတဲ့လက်သည်ကသူ့ယောကျ်ားကိုယ်တိုင် ဖြစ်နေတယ်၊ ဟုတ်လား"

"ကဲ ကိုစိုင်းထွန်းတင်- လာပါဦး၊ ခင်ဗျားမိန်းမကို မွေးဖွားပေးလိုက်ပုံလေး လာပြောပြဦး"


ဟု ဖိတ်ခေါ်လိုက်ရပါတော့၏။

ဦးစိုင်းထွန်းတင်က-

"ဒီလိုပါ ဆရာ၊ ပထမကိုယ်ဝန်ကို မွေးမယ်လုပ်တော့ ကောင်းဘို့က သားဖွားဆရာမ ဒေါ်ယမ်းဘီလူးကို ပြေးခေါ်ပါတယ်။ အလယ်ချောင်နှင့် ကောင်းဘို့ (၄) မိုင်လောက်ဝေးတော့ စက်ဘီးနဲ့ပြေးခေါ်တာတောင် (၁) နာရီနီးပါးကြာ

ဒေါက်တာဒေါ်နု(တောင်ကြီး)

ကျွေးသောလက်များ







www.burmeseclassic.com

www.burmeseclassic.com

သွားပါတယ်။ အိမ်ပြန်ရောက်တော့ ကလေးခေါင်းက ပြူနေပြီ။ အဲဒါနဲ့ နန်းသန်းသန်း ညွှန်ကြားသမျှကို လိုက်နာပြီး ကလေးကို မွေးလိုက်တာ ကံအားလျော်စွာ အောင်မြင်သွားပါတယ်။ အချင်းချတာကိုလည်း နန်းသန်းသန်းပြောတဲ့အတိုင်း စိတ်ရှည်ရှည်ထားပြီး ဖြည်းလေးညင်သာစွာလုပ်လိုက်တော့ အဆင်ပြေသွားပါတယ်။ အဲဒီအချိန်ကျမှ ဒေါ်ယမ်းဘီလူးက အမောတကော ရောက်လာပြီး ကလေးချက်ကြိုးချည်တာတို့၊ သန့်ရှင်းရေးလုပ်တာတို့ ဆက်လုပ်ပြသွားတာ ကျွန်တော့်အနေနဲ့ တစ်ချိတည်းနဲ့ ကလေးမွေးဖွားခြင်း လုပ်ငန်းစဉ်များကို လက်တွေ့လေ့လာလိုက်ရပါတော့တယ်။ ဒါနဲ့ပဲ နောက်ကိုယ်ဝန်များ မွေးဖွားရာမှာ ကိုယ်တိုင် ဝင်ရောက်လုပ်ဆောင်ပေးခြင်းဖြင့် ဇနီး၏ကိုယ်ပိုင်အိုကို (လက်သည်) ဖြစ်မှန်းမသိ ဖြစ်သွားပါတော့တယ်။ ဒီသမီးကလေးမွေးဖွားတော့ ကလေးချက်ကြိုး ချည်ပြီးသည်အထိ အေးအေးဆေးဆေးပါပဲ။ နောက်မှ သွေးဒလဟော ဆင်းလာတော့မှ ချက်ကြိုးကတစ်ဆင့် အချင်းကို အသာအယာချကြည့်တာ မရတော့မှ ကောင်းဘို့ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများကို အရေးပေါ် ပြေးခေါ်ခဲ့ရတယ်"

ဟု ဆိုပါသည်။

ဦးအောင်သိန်း၊ ဒေါ်တင်တင်ရွှေတို့ကို ကျေးဇူးတင်ရပေမည်။ ရောက်ရောက်ချင်း ဆားရည်ပုလင်းချိတ်လိုက်နိုင်သည်က အခြေအနေကို ထိန်းပေးသလိုဖြစ်သွားသဖြင့် ဆေးရုံသို့ အသက်နှင့်တကွ ရောက်လာနိုင်ခြင်း ဖြစ်ပါတော့သည်။

သွေးသွင်းပြီး ပုလင်းတစ်ဝက်ခန့် ရောက်သောအခါ နန်းသန်းသန်း၏ မျက်လုံးများ ပွင့်လာပြီး-

"ဆရာကြီး၊ ကျွန်မကို သားကြောတစ်ခါတည်း ဖြတ်ပေးလိုက်ပါတော့။ ကလေးမွေးရတာ အန္တရာယ်များလွန်းလို့ ကြောက်လာပြီ"

ဟု ညည်းတွားရှာပါသည်။

သူမ စကားပြောလိုက်စဉ် သူမ၏ သွားဖုံးများ ညိုပြာပြာဖြစ်နေသည်ကို သတိထားလိုက်မိသဖြင့် မွေးခန်းအပြင်တွင် ဂနာမငြိမ် ဖြစ်နေရှာသော စိုင်းထွန်းတင်ကို-

"ဒါနဲ့ ကိုထွန်းတင်၊ ခင်ဗျားအမျိုးသမီး ဆေးလိပ်သောက်တတ်သလား"

ဟု မေးလိုက်ရာ-

"သောက်တတ်ရုံမကဘူး ဆရာရေ။ ဖင်က မီးခိုးထွက်တဲ့အထိ ဆက်တိုက်ကို ဖွာနေတာ။ ဆေးလိပ်လျှော့သောက်ခိုင်း၊ ဖြတ်ခိုင်းနေတာ ကြာလှပြီ ဆရာရေ။ ဆေးပေါ့လိပ်စွဲတာ ဆိုတော့ ခုထိဖြတ်မရပါဘူး ဆရာရယ်"

ဟု ညည်းညူရှာပါတော့သည်။

နန်းသန်းသန်းသည် အရေးပေါ် လူနာတစ်ဦးဖြစ်သော်လည်း မိမိတို့၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်နေ၍ မေ့ဆေးပေးပြီး အချင်းခွာချရမည့်အရေးကို ရင်လေးနေမိပါသည်။ ထို့ကြောင့် ဆေးရုံသို့ရောက်ရှိနေသော ကျန်းမာရေးဝန်ထမ်းများနှင့်တိုင်ပင်၍ အဆင့် (၂) ဆင့်ဖြင့် အချင်းချမည့်ကိစ္စကို အကောင်အထည်ဖော်ရတော့သည်။

ပထမအဆင့်အနေဖြင့် သွေးတစ်ပုလင်းသွင်းပြီး အခြေအနေများ တည်ငြိမ်နေစဉ် အနာအကျင် သက်သာစေမည့် မော်ဖီးရားဆေးထိုးပြီး အချင်းကို နှိုက်ထုတ်ရန် ဖြစ်သည်။ လူမမာနာကျင်မှုသက်သာစေရန် အမျိုးသမီး၏သေးသွယ်သော လက်တစ်ဖက်ဖြင့် နှိုက်စေရန် သူနာပြုဆရာမ ဒေါ်မြင့်မြင့်သန်းကို တာဝန်ပေးရန် လျာထားလိုက်သည်။ ပထမအဆင့် မအောင်မြင်မှသာ လူနာကို မေ့ဆေးပေး၍ အချင်းကိုနှိုက်ထုတ်ရန် ဖြစ်သည်။ ပထမအဆင့်ကို ရွေးချယ်ရသည်မှာ ရေရာသောနောက်ခံအကြောင်းတရားတစ်ခု ရှိခဲ့သောကြောင့် ဖြစ်ပါသည်။

၁၉၇၄ ခု၊ ပထမအကြိမ် ပြည်သူ့ကောင်စီ ရွေးချယ် တင်မြှောက်ပွဲတွင် မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဟိုလွိုင်ကျေးရွာအုပ်စုသို့ လိုက်ပါခဲ့ရသည်။ မွန်းလွဲပိုင်း ထမင်းစားပြီး အနားယူနေစဉ် မီးဖွားပြီး အချင်းကပ်နေသော မီးနေသည်တစ်ဦး၏ ခင်ပွန်းက မောင်ဒေါနကို လာခေါ်သဖြင့် အရေးပေါ်ဆေးအိတ်အား တပည့်ကျော် ကျောက်ထိုးဆရာ မောင်လိတ်ကို ဆွဲစေပြီး မွေးလူနာရှိရာ လုံးဟိန်အော (လုံးဟိန်- သူကြီး၊ ဦးအော) ၏ ရေမောင်း (ရေအားဖြင့် မောင်းထောင်းသောနေရာ)သို့ ထွက်ခွာလာခဲ့ပါသည်။ အလုပ်သမားတဲ၏ဧည့်ခန်းတွင် မွေးလူနာကို ပက်လက်သိပ်ထားပြီး ဝမ်းဗိုက်နှင့်ပေါင်အား ထဘီတစ်ထည်ကိုခေါက်လျက် ဖုံးအုပ်ထားသည်။ မီးနေသည်၏သွေးပေါင်ချိန်မှာ (၉၀/၆၀) ရှိနေ၍ လက်အိတ်စွပ်ပြီး အောက်ပိုင်းကို စမ်းသပ်ရန် ထဘီခေါက်ကို မလိုက်သောအခါ မျှော်လင့်မထားသောမြင်ကွင်းတို့ တွေ့လိုက်ရ၍ အော်မရယ်မိအောင် မိမိပါးစပ်ကို အလျင်စလို လှမ်းပိတ်လိုက်ရပါတော့သည်။

ရှာခံလက်သည်က ချမရသောအချင်း၏ချက်ကြိုးစအား သံချေးတက်နေသော ပေါက်ပြားပေါင်းကလေး၏ အရိုးတံလျှိုသော ကွင်းတွင် ရစ်ပတ်ချည်ထားပြီး ပေါက်ပြားကို မွေးလမ်းကြောင်းအဝတွင် ကန့်လန့်ချထားသောမြင်ကွင်းပင် ဖြစ်ပါတော့သည်။ ထိုအဖြစ်ကိုမြင်တွေ့လိုက်ရသော ကျောက်ထိုးဆရာ မောင်လိတ်က အားရပါးရပြုံးလိုက်ပြီး-

"ကပ်နေတဲ့အချင်းကို ပေါက်ပြားခတ်နဲ့ ခွာချခိုင်းထားတဲ့ အရပ်လက်သည်ရဲ့ ခတ်ရိုက်ခတ်ဆင်ပဲ ဆရာရေ- ဟတ် ဟတ် ဟား. . ."

ဟု မှတ်ချက်ပြုလိုက်တော့မှ ဉာဏ်ကောင်း၍ ကက်ကင်းကိုက်အောင် စီမံတတ်သော အရပ်လက်သည်အား ချီးကျူးမိပါတော့သည်။

ပေါက်ပြား၏လက်ကိုင်လျှိုသော ကွင်းတွင် ရစ်ပတ်ထားသော ချက်ကြိုးကိုဖြေပြီး မွေးလမ်းကြောင်းအတွင်း လက်နှိုက်၍ အချင်းစကို ဖြည်းညင်းစွာ ဆွဲချသောအခါ များမကြာမီကာလအတွင်း အချင်းတစ်ခုလုံးထွက်ကျလာပါတော့သည်။ အရပ်လက်သည်၏ခတ်ရိုက်ခတ်ဆင်ကပဲ စွမ်းလို့လား၊ ဒါမှမဟုတ် ကြွေကျတော့မည့် ထန်းသီးပေါ် ကိုပင် မောင်ဒေါန တက်နင်းမိလေသလားတော့ မသိ၊ အချင်းတစ်ပြုံလုံးထွက်ကျလာသည်ကတော့ အမှန်အကန်ပင် ဖြစ်နေပါတော့သည်။ အချင်းကိုလှန်၍ အတွင်းမျက်နှာစာအား လက်ဖဝါးနှစ်ဖက်ဖြင့် စုကြည့်လိုက်သောအခါ အချင်းစွယ် ဘုလုံးကလေးများအားလုံး စုံလင်နေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိလိုက်ရပါတော့သည်။ အချို့ မီးနေသည်များတွင် တစ်ခါတစ်ရံ အချင်းစွယ်ဘုလုံးကလေးများ သားအိမ်တွင် ကပ်လျက်ကျန်နေတတ်ရာ ထိုမွေးလူနာများတွင် အပုပ်ရည်များ ဆက်တိုက်ကျဆင်းတတ်ပြီး ပြင်းထန်သော မီးတွင်းဖျားဝေဒနာကို ခံစားရတတ်ပါသည်။

မိမိလက်အိတ်ကိုချွတ်ပြီး လက်ဆေးမည်ပြင်သောအခါ မီးနေသည်၏ ခင်ပွန်းက ဘယ်အချိန်က ပြင်ဆင်လိုက်မှန်းမသိသော တရော်နှင့် ကင်ပွန်းသီးရည်ခွက်ဖြင့် အသင့်စောင့်နေပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆေးကုသပြီးသော ဆေးဆရာလက်ကို ရောဂါဘယများ စင်ကြယ်စေရန်ရွယ်၍ တရော်ကင်ပွန်းဖြင့် ဆေးကြောပေးသောဓလေ့ကို ဒေသအခေါ်တတ်ဆေးခြင်း (ရှမ်းအခေါ် ဆွက်မူး) ဟု တွင်ပါသည်။ အဆိုပါ လက်ဆေးခြင်းအမှုတွင် လူနာရှင်ဘက်က တတ်နိုင်သမျှ ငွေကြေးပမာဏဖြင့် ဆေးဖိုးထဲ၌ ကန်တော့ခြင်းလည်း ပါဝင်သေးရာ မီးနေသည်၏ခင်ပွန်းက လက်သုတ်နေသော မောင်ဒေါနလက်ထဲသို့ သူ၏ အတ်သူကြွယ်တွင်ဝတ်ထားသော တစ်ထောင်တန် ငွေလက်စွပ်ကလေးကို ချွတ်၍ ထည့်ပေးလိုက်ပါတော့သည်။

မီးနေသည်၏ခင်ပွန်းက သူဇနီး၏ကပ်နေသောအချင်းကို ချပေးသဖြင့် အလွန်ကျေးဇူးတင်ကြောင်း၊ လက်သည်မိန်းမများ ဆောင်ရွက်ရမည့်အမှုကို ယောကျ်ားဆရာဝန်တစ်ဦးက ဝင်လုပ်ပေးသည့် ကိစ္စကိုလည်း အားနာလှပါကြောင်း၊ ထို့ကြောင့် လက်ဆေးခအဖြစ်၌လက်စွပ်ကလေးကို လက်ခံပါမည့်အကြောင်း တောင်းတောင်းပန်ပန်နှင့် ပြောကြားနေတော့ရာ တပည့် မောင်ထိတ်ကို စကားပြန်လုပ်စေ၍ အချင်းမှာ သူ့အလိုလိုကွာကျပြီးဖြစ်၍ ကျွန်ုပ်တို လက်ဆေးရန်မလိုကြောင်း၊ မွေးဖွားပေးသော ရွာသူလက်သည်ကိုသာ ကန်တော့လိုက်ရန် ပြောဆို၍ သူ့လက်စွပ်ကိုပြန်ပေးပြီး တည်းခိုရာသို့ အမြန်ပြန်ခဲ့ပါတော့သည်။

ဖော်ပြပါ ကံကောင်းထောက်မခဲ့သော အတွေ့အကြုံကလေးက ရှိခဲ့ဖူးသဖြင့် ဒေါ်နန်းသန်းသန်းကို မေ့ဆေးမပေးမီ အချင်းကို ဆွဲချကြည့်ရန် ကြံစည်ခဲ့ခြင်း ဖြစ်ပါတော့သည်။ မွေးလူနာဒေါ်နန်းသန်းသန်းကိုအကျိုးအကြောင်းပြောပြရာ သူမက လက်ခံသောကြောင့် မော်ဖင်းတစ်လုံးထိုးပြီး ဒေါ်မြင့်မြင့်သန်းက ဖြည်းလေးညင်သာစွာ နှိုက်ထုတ်သည်။ သို့သော် အချင်းကပ်နေသည့်နေရာက သားအိမ်ထိပ်ပိုင်းတွင်ဖြစ်နေပြီး သားအိမ်မှာလည်း လက်လှမ်းမမီလောက်အောင် မြင့်နေသည်ဟု ဆိုပါသည်။ တပည့်နှင့်မရသည့်ကိစ္စ ဆရာကိုယ်တိုင်ဝင်ရပါတော့သည်။ ဒေါ်မြင့်မြင့်သန်းတွေ့ရှိချက်အတိုင်းပင် အချင်းမှာ သားအိမ်ထိပ်ပိုင်းတွင် နက်နက်ရှိုင်းရှိုင်းသွားကပ်နေသည်။ သားအိမ်မှာလည်း အနည်းငယ်မြင့်နေသည့်အတွက် ယောကျ်ားအားနှင့်ပင် ဆွဲ၍မရဖြစ်နေ၍ အစီအစဉ် (၂) သို့ မလွှဲမရှောင်သာ လွှဲပြောင်း ဆောင်ရွက်ရပါတော့သည်။

ထိုခေတ် ထိုအခါက ရပ်စောက်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်နေသော မေ့ဆေးပေးပုံစနစ်မှာ Open Ether ခေါ် အီသာရည်အား လူနာ၏နှာခေါင်းပေါ် ပိတ်စဖုံး၍ လောင်းအုပ်သောနည်းတစ်မျိုးတည်းသာ ရှိသည်။ မေ့ဆေးမပေးမီ လူနာကို အိပ်ဆေး (Thiopentone Sleeping dose) ထိုးပေးရလေ့ ရှိသည်။ နန်းသန်းသန်း၏ကံဇာတာများ ဆိုးဝါးချင်တော့ အိပ်ဆေးထိုး၍ ဆေးချိန်တစ်ဝက်မကုန်မီမှာပင် အသက်ရှူရပ်သွားပါတော့သည်။ အိပ်ဆေးကို ဖြည်းလေးစွာထိုးပေးနေသော ဆရာမကြီး ဒေါ်စန်းရီက 'Respiratory arrest' (အသက်ရှူရပ်သွားပြီ) ဟု ပြောလည်းပြော၊ အိပ်ဆေးထိုးပြွန်နှင့်အပ်ကို အကြောတွင်းမှ တစ်ပြိုင်နက် နုတ်ပြီးချိန်တွင် အနီး၌ ရပ်နေသော ဒေါက်တာထွန်းအေးအား-

"ကိုရာမင်း၊ လိုဘလင်း၊ ဆော်လူကော်တက် အမြန်ထိုး"

ဟု အော်ဒါပေး၍ နန်းသန်းသန်း၏ရင်ဘတ်ကို မိမိလက်နှင့် ဖိညှစ်ကာ အသက်ရှူအားကူမှုကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးပါသည်။ အသက်ရှူမှုကိုနှိုးဆွပေးသောဆေးများ သူမ၏အကြောထဲသို့ ဝင်ရောက်သွားပြီးအချိန်ထိ အသက်ပြန်မရှူလာသောကြောင့် သူမ၏ပါးစပ်မှတစ်ဆင့် လေမှုတ်သွင်း၍ အသက်ရှူအားကူမှုကို ဆက်တိုက်လုပ်ပေးနေမိပါသည်။ ထိုခေတ် ထိုအခါက ရပ်စောက်ဆေးရုံတွင် အောက်ဆီဂျင်ဆလင်ဒါများမရှိသေးသဖြင့် ဒေါ်နန်းသန်းသန်းအတွက် အလိုအပ်ဆုံးအရာဖြစ်သည့် အောက်ဆီဂျင်ဓာတ်ငွေ့ကိုမှ မပေးလိုက်ရပေ။ ထိုကိစ္စမှအပ လုပ်သင့်လုပ်ထိုက်သော အသက်ကယ်မှုများကို ဆရာဝန်နှစ်ဦးနှင့် ဆေးရုံတစ်ဖွဲ့လုံးက ချွေးဒီးဒီးကျသည်အထိ အစွမ်းကုန်ဆောင်ရွက်ပေးနေစဉ်မှာပင် သူမ၏လက်သည်းထိပ်နှင့်နှုတ်ခမ်းများ ပြာနှမ်းလာပြီး မကြာမီ နှလုံးခုန်ခြင်းရပ်ဆိုင်း၍ ကွယ်လွန်ရှာသည်။

'ဆေးရုံရောက် အရေးပေါ်လူနာများအား ကယ်မ,ရာတွင် မမျှော်မှန်းနိုင်သော အခြေအနေအရပ်ရပ်တို့ကြောင့် လူနာ၏အသက်ရှင်နိုင်မှုနှင့် လူနာအားဆုံးရှုံးနိုင်မှု အချိုးသည် (၅၀း၅၀) ရှိနေသည်'

ဟု ဆေးလောက၏ ဝါရင့်ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးက မှတ်ချက်ပေးဖူးသည်ကို သွားသတိရမိသဖြင့်-

"ဆရာကြီးပြောခဲ့တာတွေ သွေးထွက်အောင်မှန်နေပါပေါ့လား"

ဟု ဝမ်းနည်းပမ်းနည်း ညည်းညူလိုက်ရပါတော့သည်။

အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော ဒေါ်နန်းသန်းသန်းအား ဆေးရုံ၏လုပ်ထုံးလုပ်နည်းများအရ (Pathological Postmortem) ရောဂါဗေဒရှာဖွေမှု ရင်ခွဲစစ်ဆေးခြင်းကို နောက်တစ်နေ့နံနက်စောစောတွင် ဆက်လက် ဆောင်ရွက်ခဲ့ရာတွင် သူမ၏ ဘယ်နှင့်ညာ အဆုတ်များ၏မျက်နှာပြင်တွင် Smooker's Lungs ခေါ် ဆေးလိပ်စွဲနေသူ၏ အဆုတ်ပေါ်တွင် တွေ့ရလေ့ရှိသော မည်းညစ်သည့် ကာဗွန်အစက်အပြောက်များကိုတွေ့ရှိရသည့်အပြင် နာတာရှည်အဆုတ်ပွဝေဒနာ၏ လက္ခဏာအဖြစ် အဆုတ်မြွေး အကန့်များ ပူးကပ်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

သူမ အသက်ထင်ရှားရှိနေစဉ် ချမပေးလိုက်ရသောအချင်းအား သားအိမ်ကိုခွဲစိတ်၍ ဆွဲခွာပေးလိုက်ရသည်။ ထိုအခါမှပင် ဒေါ်နန်းသန်းသန်း၏အချင်းကပ်နေပုံမှာ အချင်းစွယ်များသည် သားအိမ်ထိပ်ပိုင်း ကြွက်သားများအတွင်း နက်ရှိုင်းစွာ စူးဝင် ကုပ်တွယ်နေသော ရှားပါးလှသည့် အချင်းအမျိုးအစား (Placenta Acreta) ဖြစ်နေကြောင်း ဝမ်းနည်းထိတ်လန့်စွာ တွေ့ရှိလိုက်ရပါတော့သည်။

○

ဒေါ်နန်းသန်းသန်း၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရပ်စောက်သုသာန်တွင်ပင် သဂြိုဟ်သည်။ ထိုနေ့က သူမ၏နာရေးကို တလေးတစား အရေးထား၍ ရပ်ဝေး၊ ရပ်နီးမှလာရောက်သူများဖြင့် ဆေးရုံတစ်ဝင်းလုံး ပြည့်သွားသည်။ ထိုအခါမှပင် တောထဲတောင်ထဲ၊ ချောင်ကလောင်ထဲက မျက်နှာမွဲ သားဖွားဆရာမတစ်ဦး၏ ဂုဏ်ကျေးဇူးကို ပြည်သူများက မေတ္တာထား၍ တုံ့ပြန်လိုက်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါတော့သည်။

ပြည်သူ့အချစ်တော် ဒေါ်နန်းသန်းသန်းတစ်ယောက် ကောင်းရာသုဂတိဘုံသို့ လားရောက်ပါစေသော်။

ဒေါက်တာဒေါ်နု(တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်စွမ်းအင် စုံထောက်များ

# မနောသုတေသီ



FATE မဂ္ဂဇင်း အယ်ဒီတာတွေ နောက်ဆုံး အင်တာဗျူးခဲ့သူကတော့ နန်စီဇက်တလီ ဖြစ်ပါတယ်။ နန်စီက စိတ်စွမ်းအင်ကိုအသုံးပြုပြီးတော့ ရဲတွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့တာကို ဟော ဒီလို ပြောပြခဲ့ပါတယ်။

ကျွန်မဟာ နယူးယောက် ဝါးဝစ်မှာ မွေးခဲ့ပေမယ့် ဖခင်က နိုင်ငံခြားရေးဌာနမှာ အမှုထမ်းသူဆိုတော့ အတည်တကျ မနေရဘဲ အတိုင်းတိုင်း အပြည်ပြည်မှာ ပြောင်းရွှေ့ အမှုထမ်းခဲ့ရတယ်။ ကျွန်မအနေနဲ့လည်း ဖခင်သွားရာလိုက်ခဲ့ရပြီး ရောက်တဲ့နေရာမှာ ပညာသင်ခဲ့ရတယ်။ ဘရာဇီး၊ ချီလီ၊ အီကွေဒေါ၊ အာဖဂန်နစ္စတန်၊ လက်ဘနွန် စတဲ့ တိုင်းပြည်တွေမှာ တစ်တန်းကို တစ်ကျောင်း လောက်ပြောင်းပြီး ပညာသင်ခဲ့ရတယ်။

အရှေ့တိုင်းနိုင်ငံတွေရောက်တော့ ကမ္ဘာ့ဌာန်းထိုင်တာတွေ လေ့လာခဲ့တယ်။ နဂိုကလည်း ဝါသနာပါတော့ ကျွန်မကိုယ်တိုင်လည်း တရားထိုင်၊ ဘာဝနာပွားတာကို လက်တွေ့ကျင့်ကြံ့တယ်။ သက်သက်သာသာ တရားထိုင်ချင်တဲ့လူတွေအတွက် လူပျင်းကမ္ဘာ့ဌာန်းထိုင်နည်းကိုလည်း သင်ပြပေးခဲ့တယ်။ တရားထိုင် ဘာဝနာပွားတဲ့နည်းဟာ စိတ်စွမ်းအင်တွေတိုးတက်ဖို့ ဘေးအကင်းဆုံးပဲလို့ ထင်ပါတယ်။ တဖြည်းဖြည်းချင်းတိုးတက်လာတယ်။ ဒီနည်းဟာ အကောင်းဆုံးပဲလို့ ကျွန်မ ထင်တယ်။

ဒီလာဝါးနယ် ဝီ(လ်)မင်တန်မှာ စိတ်စွမ်းအင်အကြောင်းတွေ နီးနှော ဖလှယ်ပွဲ ကျင်းပပြီး ကျွန်မ ဟောပြောပို့ချရတယ်။ အဲဒီမှာ ဒီလာဝါးပြည်နယ်ရဲမှူးကြီး အာဝင်စမစ်က ကျွန်မကို သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆိုပြုပါတယ်။ ကျွန်မက ငြင်းပယ်လိုက်တယ်။ နောက် (၉) ပတ်တိတိ ကျွန်မဆီကို ပူးပေါင်းဆောင်ရွက်ဖို့ ဖုန်းနဲ့ ထပ်ကာထပ်ကာပြောတယ်။ ဒီတော့ မငြင်းသာတဲ့ အဆုံး သဘောတူလိုက်ရတယ်။ နောက်ထပ်လည်း အမှုတွေ ဆက်အပ်တော့ ကူညီရပြန်တာပါပဲ။ အစရှိ အနှောင်နှောင် ဆိုသလိုပေါ့။

အမှုပေါင်းမျိုးစုံပါပဲ။ ခွေးပျောက်မှု၊ နွားပျောက်မှု၊ လူသတ်မှု၊ ဖောက်ထွင်းမှု စတာတွေ အားလုံးပဲ။ လူသတ်မှုလိုက်ရရင် ကျွန်မ စိတ်စွမ်းအင်က အလွန် ထိရောက်တယ်။ တရားခံရဲ့ ရုပ် ဆင်းသဏ္ဌာန်၊ ရာဇဝတ်မှုကို ကျူးလွန် ခဲ့ပုံတွေကို အတိအကျပြောနိုင်တော့ ရဲ တွေ ရှာဖွေရလွယ်သွားတာပေါ့။ သူတို့ ရထားတဲ့ သဲလွန်စအပြင် မရသေးတဲ့ သဲလွန်စတွေ၊ သက်သေခံပစ္စည်းတွေပါ ကျွန်မကပြောနိုင်ခဲ့တယ်။ ရုံးတင်တရား စွဲလောက်တဲ့အထိ ပြည့်စုံပြီဆိုမှ ကျွန်မ ပြောတာ အမှန်ပဲလို့ ရဲတွေက ဝန်ခံ တယ်။

တရားခံတွေကို ဖော်ထုတ်နိုင်တာ ကျွန်မပါပဲလို့ တရားခံတွေသိသွားရင် ကျွန်မကို ရန်မူလာမယ့်အမှုမျိုးကိုတော့ ကျွန်မ ရှောင်ပါတယ်။ ရဲတွေကို ကျွန်မ ကူညီတာ လူမသိဘူးဆိုရင်တော့ ကူညီ ပါတယ်။ ကလေးပျောက်ဆုံးမှုတွေမှာ ကလေးကို ပြန်တွေ့ရရင် ကလေး ဒုက္ခလွတ်ကင်းသွားမယ်လို့ အာရုံရ လိုက်ပေးပါတယ်။ မိဘတွေက အပူ လို့ မိဘစိတ်ချမ်းသာမှုတစ်ခုတည်း မကြည့်ပါဘူး။ လူပျောက်၊ က ပျောက်ရှာရတဲ့အမှုမျိုးကို ကျွန်မမ ဘူး။ ပျောက်တဲ့လူကိုတွေ့တော့ မချမ်းသာစရာတွေ တွေ့မြင်ရတယ်

ကျွန်မရဲ့စိတ်စွမ်းအင် အာ ရဲ့ အဆောင်မြင်ဆုံးအစွမ်းကတော့ သတ်မှုတွေပါပဲ။ လူသတ်မှုကို ဘယ် ကျူးလွန်ခဲ့တယ်၊ ဘယ်သူသတ်တယ် တာကို မနောအာရုံမှာ ထင်းခနဲ လာတယ်။ အထူးသဖြင့် အခင်းဖြစ် တဲ့နေရာမှာ ကျန်ရစ်ခဲ့တဲ့ ပုံရိပ်တေ အာရုံပြုလိုက်ရင် အကုန်အသေ မြင်လာတာပဲ။

စိတ်ဝင်စားဖွယ်အကောင်း မှုကတော့ ဘာလတီမိုးအနီးမှာရှိ ဆာဒီနား ကလီယိုနက်တာ အသ အမှုပါပဲ။ အသတ်ခံရပြီး တစ်ပ ကြာမှာ ရဲတွေ ကျွန်မဆီရောက်လာ အကူအညီတောင်းတယ်။ အခင်းဖြ တဲ့နေရာ ဓာတ်ပုံတွေကိုကြည့်ပြီး လူသတ်မှုကျူးလွန်ပုံနဲ့ လူသတ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့အမည်ကို ပြောပြလိုက်တယ်။ အဲဒီလူသတ်သမားရဲ့ အမည်က ဂလန်အယ်သန်ဆိုတဲ့လူပဲ။ ရဲတွေက သူ့ကို ချက်ချင်းဖမ်းလိုက်တယ်။ အသတ်ခံရသူ လီယိုနက်တာဟာ လူသတ်သမား ကလေးဘဝက သူ့ကိုထိန်းပေးနေတော့ ကလေးထိန်းအမျိုးသမီးဖြစ်တယ်လို့ ကျွန်မအာရုံအမြင်အရ ပြောခဲ့တာဟာလည်း မှန်နေတာ တွေ့ရပါတယ်။ တရားခံက အသတ်ခံရသူဟာ သူ့ကို ငယ်ငယ်ကထိန်းနေတဲ့ ကလေးထိန်း ဖြစ်ပါတယ်လို့ ဖြောင့်ချက်ပေးတယ်။

ဒီအမှုမှာ တရားခံဟာ လူသတ်မှုကို ဘယ်လိုကျူးလွန်တယ်၊ ဘယ်နေရာမှာ ကျူးလွန်တယ်၊ အသတ်ခံရသူနဲ့ တရားခံတို့ရဲ့ဆက်နွယ်မှုဟာ ဘယ်လိုရှိတယ်၊ တရားခံရဲ့အမည်နဲ့တကွ တရားခံရဲ့ပုံသဏ္ဌာန်ကို တိတိကျကျ အမြန်ဆုံးရဲတွေကိုပြောနိုင်ခဲ့လို့ ကျွန်မလိုက်ခဲ့တဲ့အမှုတွေထဲမှာ ဒီအမှုဟာ အအောင်မြင်ဆုံးပါပဲ။

တစ်ပြည်လုံးမှာရှိတဲ့ တရားဥပဒေစိုးမိုးရေးဌာနအားလုံးရယ်၊ ရဲတွေရယ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အများဆုံးကတော့ ရဲအရာရှိတွေနဲ့ ပုဂ္ဂိုလ်ရေးဆက်နွယ်မှုနဲ့ အကူအညီတောင်းတဲ့အခါ သွားခ လာခ၊ စရိတ်စကတွေကို ရဲတွေကပဲ ပေးကြတယ်။ ဒါပေမယ့် စိတ်စွမ်းအင်အမြင်ပေါက်နေသူတွေရဲ့အကူအညီကို ယူခဲ့ပါတယ်လို့ ရဲတွေက ထုတ်ဖော်မပြောကြပါဘူး။ ရဲဌာနတွေဟာ စိတ်စွမ်းအင်ရှင်တွေရဲ့အကူအညီနဲ့ အမှုတွေကို ဖော်ထုတ်နိုင်ကြတယ်ဆိုတာတော့ သိရပါတယ်။

ခက်တာကတော့ စိတ်စွမ်းအင်ကို ရဲတွေက မယုံကြည်ကြတာပါဘဲ။ ဒီတော့ ကျွန်မကို ယုံကြည်လက်ခံလာအောင် စိတ်စွမ်းအင်ရှိကြောင်းကို လက်တွေ့ပြလိုက်ရသေးတယ်။ ဒီတော့မှ ရဲတွေက ကျွန်မကို ယုံကြည်လက်ခံလာတယ်။ ရဲတွေကို အပြစ်မတင်ပါဘူး၊ အာရုံထူးနဲ့ မြင်နိုင်တဲ့ စိတ်စွမ်းအင်ရှင်တွေရဲ့အပြစ်ပါ။ သူတို့ရဲ့ဖြန်းသန်းကြွားဝါမှုတွေကြောင့် ရဲတွေက မယုံကြည်နိုင်ကြတာပါ။ နာမည်ကြီးလိုတဲ့ စိတ်စွမ်းအင်ရှင်တွေရဲ့ ညံ့ဖျင်းမှု၊ ကြွားဝါမှုတွေကို တွေ့ကြုံဖူးတဲ့ ရဲတွေက နောင်ဆိုရင် မယုံကြည်ဘူးဖြစ်သွားကြတာပါ။

ကျွန်မ ရဲတွေဆီသွားပြီး ကျွန်မအစွမ်းနဲ့ကူညီချင်ပါတယ်လို့ မပြောပါ



**စိတ်စွမ်းအင်ပိုင်ရှင် နန်စီဇက်တာလီ**

ဘူး။ ဒီလို ကိုယ်က စ,ပြောရင် မယုံချင်သူတွေက ပိုပြီး မယုံသင်္ကာဖြစ်လာမှာပေါ့။ ရဲတွေက အကူအညီတောင်းလို့ ပထမဆုံး အမှုကိုအပ်ပြီဆိုတဲ့အခါ ဒီအမှုမှာ အသတ်ခံရသူရဲ့အမည်၊ ဘယ်နေ့က အသတ်ခံရတယ်ဆိုတာရယ်၊ ဒီအမှုနဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို တိတိကျကျပြောလိုက်တော့မှ ရဲတွေရဲ့သံသယတွေပျောက်ပြီး ကျွန်မကို ယုံကြည်လာတယ်၊ လိုလားလာတယ်။

ဒါပေမယ့် မယုံကြည်မှုတွေကတော့ ထပ်ကာထပ်ကာ တွေ့နေရတာပါပဲ။ ဒီတော့ စိတ်ရှည်ရှည်ထားရတယ်။ သည်းခံခွင့်လွှတ်နိုင်အောင် ကြိုးစားရတယ်။ ငါ့အစွမ်းကို မယုံမကြည်ဖြစ်ရမလားလို့ မခံချင်စိတ်တွေကိုမျိုသိပ်ပြီး လိုက်လိုက်လျောလျော ဆက်ဆံရတယ်။ ကိုယ့်ဘက်ကလည်း အမြင်အာရုံတွေပိုရှင်းအောင်၊ တိကျအောင် ကြိုးစားရတယ်။ မှားတဲ့အခါလည်း မှားပေမပေါ့ဆိုတဲ့ ဦးရုံစားရဲ့ဟာသကို လက်ကိုင်ပြုရတယ်။ မယုံကြည်တဲ့သူတွေကိုလည်း အပြစ်ပြောလို့ မရပါဘူး။ မယုံကြည်ဘူးဆိုတဲ့လူတွေဟာ အယောင်ဆောင်စိတ်တန်ခိုးရှင်တွေရဲ့ ဖြီးလုံးဖြန်းလုံးတွေကို နောကျေနေတဲ့သူတွေပါ။

တရားခံတွေရဲ့မှတ်ပုံတင်နံပါတ်၊ ကားလိုင်စင်နံပါတ်၊ တရားခံအမည်တွေ၊ လိပ်စာတွေကို တိတိကျကျ ပြောနိုင်တဲ့ မနောပိုင်ရှင်တွေ ရှားပါတယ်။ ကျွန်မကတော့ ဒီနံပါတ်တွေ၊ အမည်တွေကို ပြတ်ပြတ်သားသား အမြင်အာရုံခံပြီး ပြောနိုင်တယ်။ ဒီလို ရုပ်ပိုင်းဆိုင်ရာအချက်အလက်တွေသာမကဘူး၊ သူတို့ရဲ့ စိတ်နေသဘောထားတွေ၊ ဉာဉ်တွေ၊ ဝါသနာတွေ၊ စိတ်အာရုံခံစားမှုတွေကိုပါ ကျွန်မက ပြောနိုင်တယ်။

ဒီလိုမျိုး သိတာတွေကို ရဲတွေကိုယ်တိုင်ကလည်း သိတယ်၊ အာရုံရတတ်ပါတယ်။ ဒါပေမယ့် ရဲတွေက ဒီလိုအာရုံထူးကို စိတ်တန်ခိုးလို့ မခေါ်ဘူး။ စိတ်ထဲပေါ်လာတာပဲ၊ စိတ်ထဲက သိသလိုလိုဖြစ်ပါတယ်လို့ပဲ ပြောလေ့ရှိကြတယ်။ ရဲတွေကိုယ်တိုင်ကလည်း အာရုံထူးတွေရတဲ့ မနောဓာတ်ပိုင်သူတွေပါပဲဆိုတာ မကြာခဏ တွေ့ရတယ်။ ရဲတွေကိုယ်တိုင်က ဒီလို မနောအာရုံတွေကို သူတို့ရနေကြောင်း အသိအမှတ်ပြုပြီးတော့ ဆက်လက် လေ့ကျင့်လိုက်မယ်ဆိုရင် သူတို့လိုက်နေတဲ့ ရာဇဝတ်မှုခင်းတွေကို ဒီထက် ထိထိရောက်ရောက်ဖြေရှင်းနိုင်မှာပါ။

လူဆိုတာ မှားတတ်တာပဲ။ စိတ်စွမ်းအင်ဆိုတာလည်း မှားတတ်ပါတယ်။ အစပထမ အတွေ့အကြုံနည်းသေးတဲ့အခါ ပိုမှားတတ်တယ်။ နောင် စိတ်ရှည်ရှည်ထားပြီး အတွေ့အကြုံများလာရင် အမှားနည်းသွားမှာပဲ။ မသေသောဆေးဆရာ၊ မမှားသော စိတ်တန်ခိုးပိုင်ရှင်ဆိုတာ ဘယ်မှာရှိနိုင်မလဲ။ ကိုယ်ဟောပြောလိုက်တာတွေဟာ ရဲတွေ တွေ့ရှိတဲ့အချက်အလက်တွေနဲ့ ဘယ်လောက်ကိုက်ညီသလဲ ဆိုတာကိုလည်း စိစစ်ကြည့်သင့်တယ်။ အမှားတွေ့ရင် ဝန်ခံသင့်တယ်။ ဒါမှ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မှာပေါ့။

လူအများစုမှာ စိတ်တန်ခိုးပါရမီတွေ ရှိကြတာပါ။ တစ်ဦးနဲ့တစ်ဦး အနိမ့်အမြင့် ပါရမီချင်းတော့ မတူနိုင်ဘူးပေါ့။ ဒါပေမယ့် ဒီလို မွေးရာပါ ပါရမီတွေဟာ လောကီရေးကိစ္စတွေကြောင့် ငုပ်နေတာပါ။ ဒီတော့ ကိုယ့်မှာရှိတဲ့အရည်အချင်းကို မသိရတော့ဘူး။ ဒါပေမယ့် ပြန်ဖော်လိုက်ရင် အတွင်းမှာငုပ်နေတဲ့ စိတ်စွမ်းအင်တွေဟာ ပြန်ပေါ်လာနိုင်ပါတယ်။

အသက် (၅) နှစ်အောက်ကလေးတွေဟာ အလွန်ကောင်းတဲ့ စိတ်စွမ်းအင်ပါရမီတွေ ပါလာကြပါတယ်။ ဒါပေမယ့် ပညာရေးစနစ်က ဒီစိတ်စွမ်းအင်ပါရမီကို ဖွံ့ဖြိုးဖို့၊ အသုံးပြုဖို့ ခွင့်မပြုလို့ ဖြစ်ပါတယ်။

မနောသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့လူ့အဖွဲ့အစည်း၌ အိမ်ထောင်ဦးစီး ဆိုသော ပုဂ္ဂိုလ်၏ ဩဇာတိက္ကမသည် ကြီးမားလွန်းလှသည်။ မိသားစုဝင်များ၏ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသော အိမ်တွင်းရေးကိစ္စများတွင် ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီး၏ ဆန္ဒသဘောအတိုင်းသာ လိုက်နာဆောင်ရွက်ကြရသည်။ အထွန့်တက်၍ မရ။ စောဒကတက်သည်ကို လက်ခံရိုးထုံးစံမရှိ။

အိမ်ထောင်ဦးစီး လင်ယောကျ်ားကို ဇနီးဖြစ်သူက ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှယ် ရိုသေလေးစားမှု ရှိရ၏။ အိမ်ဦးနတ် ဖြစ်သည့်အားလျော်စွာပင် မယားဝတ္တရား ငါးပါးနှင့်အညီ လင်ယောကျ်ား၏နောက်မှ အိပ်ရာဝင်ကာ လင်ဖြစ်သူထက် စောစောထ၍ အိမ်မှုကိစ္စဆောင်ရွက်ရ၏။ ခင်ပွန်းဖြစ်သူနှင့် ပါလာသော ငွေကြေးများကို စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဆိုသကဲ့သို့ သေချာသိမ်းဆည်း၍ စနစ်တကျ စိစစ်သုံးစွဲရသူလည်း ဖြစ်၏။

သားသမီးတို့အနေနှင့်လည်း ဖခင်ဖြစ်သူ အိုမင်းမစွမ်းဖြစ်လာကာ ရှာဖွေမကျွေးမွေးနိုင်တော့သောအခါ မိမိတို့က တစ်လှည့်ပြန်၍ ကျွေးမွေးပြုစုကြရသည်မှာလည်း ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက အစဉ်အဆက်မပျက် ကျင့်သုံးလာကြသော မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာတစ်ရပ်ပါပေ။

ဤသည်တို့မှာ ယနေ့ မြန်မာ့လူ့ဘောင်တိုင်အောင် ခေတ်အဆက်ဆက်လိုက်နာဆောင်ရွက်လျက်ရှိကြသည့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ မင်္ဂလာတရားတော်နှင့်ညီညွတ်လှသည့် လက်ဆင့်ကမ်း အမွေကောင်းတစ်ခုပင် ဖြစ်ပါလေသည်။ ထိုမွန်မြတ်လှသည့် အစဉ်အလာကောင်းများမှာ မြန်မာတို့၏နှလုံးသားဝယ် နက်ရှိုင်းစွာစွဲဝင်နေပြီဖြစ်လေရာ ယင်းဓလေ့ထုံးတမ်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပျက်စီးယိုယွင်းသွားစေလိုသောဆန္ဒများ အလျှင်းမျှပင် ရှိကြလိမ့်မည် မဟုတ်ပါပေ။

သို့တစေ အကယ်၍ မြန်မာမိသားစုတွင် ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီးအပေါ် အရိုအသေ အလေးအစား ယိုယွင်းလျော့ပါးလာသည်သာမက အိမ်တွင်းရေးကိစ္စများမှာပါ အရေးတယူမရှိတော့ဘဲ ဘေးဖယ် လျစ်လျူရှုထားခဲ့ကြသည်ဆိုလျှင် ယုံကြည်နိုင်ကြပါမည်လား၊ အံ့အားသင့်မိကြပါမည်လား။

ရှိပါသည်။

ထိုမိသားစုတစ်ခု အမှန်တကယ်ပင် ရှိနေခဲ့ပါသည်။ ဤထူးခြားဖြစ်စဉ်ကို အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ဖြစ်လဲ အကျဉ်းသား ဆရာကြီး ဦးတိုးမောင်မှ စတင်နိဒါန်းပျိုးရမည် ဖြစ်ပါလေသည်။

❂

"ကဲ- နောက်တစ်ယောက်ခေါ်"

တစ်ခုသောနံနက်ပိုင်းတွင် ဖြစ်



ပီကာမြိုး

စည်းအပြင်က မေမေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ကျွန့်ပ်က ထောင်ဥပဒေနှင့်အညီ ယခုရက်ပိုင်း ရောက်ရှိလာသော အကျဉ်းသားလူသစ်များကို တစ်ယောက်ချင်းစီကြည့်ရှုစစ်ဆေးရသည်ဖြစ်ရာ ရှေ့တစ်ယောက် ပြီးသွားသည်နှင့် နောက်တစ်ယောက် ဆက်ခေါ်ရန် ထောင်ကျထောင်မှူးအား ပြောလိုက်သည်။

"ဆရာ၊ အဲဒါက ဟိုလေ. . ."

ထောင်မှူးက နောက်တစ်ဦးကို ချက်ချင်း မခေါ်သေးဘဲ တစ်စုံတစ်ရာ သတင်းပို့လိုဟန် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသဖြင့်-

"ကဲ- မင်း ဘာများသတင်းပို့စရာရှိနေလို့လဲကွယ့်"

ထောင်မှူးက တံတွေးတစ်ချက်မျိုချလိုက်ပြီးမှ-

"ဒီလိုပါ ဆရာ၊ ဒီအကျဉ်းသားက အသက်လည်း အတော်လေးကြီးနေတဲ့ အပြင် ကျန်းမာရေးကလည်း မကောင်းဘူး။ ပြီးတော့ လမ်းကလည်း ကောင်းကောင်းမလျှောက်နိုင်ဘူး ဆရာ။ ပြီးတော့လေ. . ."

"ပြီးတော့ ဘာဖြစ်လဲကွယ့်"


"ပြီးတော့ နားကလည်း နည်းနည်းလေးနေတော့လေ ဒီထောင်ကျရုံးအထိ လာပြီး အစစ်ဆေးခံဖို့ သိပ်အဆင်ပြေမယ့်ပုံ မပေါ်ဘူး။ အဲဒါ ဆရာကြီးတဲ့ နေ့ကျမှ အတွင်းထောင်ကျရုံးမှာ စစ်ဆေးပေးလို့မရဘူးလား"

"အင်း. . . ဒါနဲ့ အဲဒီအကျဉ်းသားက ဘယ်သူတဲ့လဲ"

ကျွန့်ပ်က ခေါင်းညိတ်ပြရင်း ထောင်မှူးအား မေးလိုက်သည်။

"ဒီမှာပါ ဆရာ"

ထောင်မှူးက ကျွန့်ပ်ရှေ့ စားပွဲပေါ်ရှိ ထောင်ပုံစံ (၂၁) ခေါ် အကျဉ်း






www.burmeseclassic.com

www.burmeseclassic.com

သား မှတ်ပုံတင်စာအုပ်တစ်နေရာကို ထောက်ပြသည်။ ကျွန်ုပ်က ဖတ်ကြည့်လိုက်ရာ-

ထောင်နံပါတ်- ၈၇၅၄/စီ
အမည်- တိုးမောင်
အဘမည်- ဦးလှမောင်
အသက်- ၆၈ နှစ်
ကျူးလွန်သောပြစ်မှု - ပုဒ်မ ၃၈၀ (ခိုးမှု)
ပြစ်ဒဏ်- ၃ လ
တရားရုံး- ကျောက်တံတားမြို့နယ်
အလုပ်အကိုင်- မရှိ
နေရပ်လိပ်စာ- အမှတ် ၁၅၇၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

"ဟင်"

ကျွန်ုပ်က အကျဉ်းသား၏နာမည်၊ အသက်အရွယ် စသည့် အချက်အလက်များကို တွေ့လိုက်ရသည့်ခဏ၌ ကျွန်ုပ်စိတ်ထဲ အတွေးတစ်ခုဝင်လာသည်။ ကျွန်ုပ်သိသော ကျောင်းအုပ်ဆရာကြီး ဦးတိုးမောင်များ ဖြစ်နေလေမလားဟု သံသယဝင်နေမိသည်။ သို့သော် အိမ်လိပ်စာကို ရေရွတ်မိသည့်အခါ၌ကား တွေဝေနေခြင်းမရှိတော့ပါချေ။

"ကဲ- တို့ သူ့ဆီသွားရအောင်"

ကျွန်ုပ်က နေရာမှ ရုတ်တရက်ထရပ်ကာ ရှေ့က ဦးဆောင်ထွက်လာသဖြင့် ထောင်မှူးမှာ အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီးကို မနိုင့်တနိုင်ကောက်ကိုင်ကာ ကျွန်ုပ်နောက်မှ ကတိုက်ကရိုက် လိုက်ပါလာခဲ့ရ၏။

ကျွန်ုပ် အတွင်းထောင်ကျရုံးခန်းတွင်ဝင်ထိုင်ကာ ဦးတိုးမောင် ဆိုသူအား ခေါ်ခိုင်းလိုက်သည်။ အတန်ငယ်အကြာတွင် ရုံးခန်းဆီသို့ တရွေ့ရွေ့လျှောက်လာနေသော အသက် (၆၀) ကျော် အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ပုံစံအကျီ၊ လုံချည်ဖြူဝတ်ထားသည့်အကျဉ်းသားမှာ ကျွန်ုပ် ကြိုတင်မှန်းဆထားသည်နှင့် ကွက်တိဖြစ်နေပါလေသည်။

"ဒါ ဆရာကြီးဦးတိုးမောင် ဟုတ်ပါတယ်နော်"

ကျွန်ုပ်၏ ရင်းနှီးစွာမေးလိုက်သံကြောင့် ထိုအကျဉ်းသား၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသေး၏။ ပြီးမှ စားပွဲရှေ့သို့ ဆက်လျှောက်လာကာ ကျွန်ုပ်အား-

"ဒီကဆရာ လူမှားနေပြီနဲ့ တူတယ်"

ကျွန်ုပ်က အသာပြုံးပြလိုက်ကာ-

"ဆရာကြီးနှယ်၊ ကျွန်တော့်ကိုလည်း သေချာကြည့်စမ်းပါဦးဗျာ"

သူက ကျွန်ုပ်ရှေ့ရှိ ခုံတစ်လုံးတွင် အသာအယာဝင်ထိုင်လိုက်ပြီးမှ သူ၏ ပါဝါမျက်မှန်ကို ပင့်တင် အားယူ၍ ကျွန်ုပ်ကို သေချာစူးစိုက်ကြည့်နေလေ၏။ အတန်ကြာမှ ခေါင်းခါပြလိုက်ကာ-

"ဟင့်အင်း- ကျုပ် မသိဘူး"

ကျွန်ုပ်က ရှေ့သို့ အနည်းငယ်တိုးလိုက်ပြီး-

"ကျွန်တော် ဆရာကြီးရဲ့သား သော်တာနဲ့ ကျောင်းနေဖက်သူငယ်ချင်း မောင်မောင်ပါ။ ဆရာကြီးတို့ လမ်း (၄၀) အိမ်ကိုလည်း မကြာခဏရောက်ဖူးတယ်လေဗျာ"

"ဟေ"

ဆရာကြီးမှာ မျက်လုံးကြီးများပြူးဝိုင်းကာ ပါးစပ်ဟောင်းလောင်းပွင့်သွားပါသည်။ သူ၏မျက်နှာပြင်ဝယ် တဒင်္ဂအားဖြင့် အံ့သြဝမ်းသာသွားဟန်တွေ့လိုက်ရသော်လည်း တစ်ခဏချင်းမှာပင် ခပ်မှိုင်းမှိုင်းဖြစ်သွားသည်ကို မြင်လိုက်ရ၏။

"သော်တာတစ်ယောက်ကော ခုလောက်ဆို ဦးစီးအရာရှိ ဖြစ်ရောပေါ့ ဆရာကြီး"

"အင်း"

ဆရာကြီးအသံက မထွက်တထွက်။

"ဒါနဲ့ သော်တာရဲ့အစ်မကြီး မသီတာ တစ်ယောက်ကော ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီလား"

"အင်း"

ဆရာကြီး၏ဟန်ပန်က မဖြေချင့်ဖြေချင်။

"ပြီးတော့ သော်တာ့ညီမလေး အေးမာတစ်ယောက်လည်း ဘွဲ့ထွေဘာတွေရရောပေါ့နော်"

"xxx. . . xxx. . ."

ဆရာကြီးထံမှ ဘာသံမှပေါ်မလာ။ ခဏနေမှ သက်ပြင်းတစ်ချက်ရှူထုတ်လိုက်ကာ-

"ဒီမှာ မောင်မောင်၊ ဖြစ်နိုင်ရင် အဲဒီမေးခွန်းတွေ မမေးပါနဲ့လား"

ကျွန်ုပ်စိတ်ထဲ အတော်ဘဝင်ကျသွားသည်။ ဆရာကြီးက အရင်ခေါ်နေကျလေသံဖြင့် ခေါ်လိုက်၍ပင်။ သူ့သားသမီးများအကြောင်း မေးမြန်းသည်ကို မကြိုက်မှန်း သိလိုက်သဖြင့် လမ်းကြောင်းပြောင်းကာ-

"ဒါဆို အန်တီဉမ္မာတစ်ယောက်ကော ကျန်းကျန်းမာမာပဲ မဟုတ်လား ဆရာကြီး"

ဆရာကြီးက-

"ဒီလိုသာ သူတို့အကြောင်းချည်း ဆက်မေးနေမယ်ဆိုရင် ကျုပ် အဆောင်ပြန်တော့မယ်။ အခုဟာက ကျုပ်ကို လူသစ်ကြည့်မလို့ ခေါ်လိုက်တာ မဟုတ်လား"

ကျွန်ုပ် အတော်အံ့အားသင့်သွားမိသည်။ ကိုယ့်မိသားစု သာရေး၊ နာရေးကိစ္စ မေးမြန်းသည်ကို မနှစ်သက်သောဖခင်ဖြစ်သူအား ယခုတစ်ကြိမ်သာတွေ့ဖူးသည် ဖြစ်၏။

"ကောင်းပြီလေ၊ ဒါဆိုလည်း လူသစ်ကြည့်ကြတာပေါ့"

ကျွန်ုပ်စကားကြောင့် ထောင်မှူးက အကျဉ်းသားမှတ်ပုံတင်စာအုပ်ကိုဖွင့်လိုက်ရာ ကျွန်ုပ်က ဆရာကြီး၏ ကိုယ်ခန္ဓာပေါ်မှ ထင်ရှားသည့်အမှတ်အသားသုံးခုကို စစ်ဆေး ရေးသွင်းလိုက်သည်။ ထောင်နံပါတ်၊ နာမည်၊ အဘနာမည်တို့ကို ကျွန်ုပ်ကမေး၍ ဆရာကြီးက ဖြေရသည်။

"ဆရာကြီးက ခုဆို ကျောင်းကသက်ပြည့်ပင်စင်ယူထားပြီးပြီ မဟုတ်လား"

ကျွန်ုပ်က မေးသည်။

"အင်း. . . ဆိုပါတော့"

"ဒါဆို အလုပ်အကိုင်နေရာမှာ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးလို့ ဖြေထားရမှာမဟုတ်လား၊ ခုတော့ ဘာလို့ အလုပ်မရှိလို့ ဖြေထားရတာလဲ"

ဆရာကြီးက သက်ပြင်းတစ်လုံး ရှိုက်ထုတ်လိုက်ကာ-

"ဒါက ရှင်းပါတယ် မောင်မောင်၊ လက်ရှိမှာ ကျုပ်က ဘာအလုပ်မှရှိတာမှ မဟုတ်ဘဲဟာ"

ဆရာကြီး၏လေသံက မာသယောင်ယောင်ထင်မိ၍ ကျွန်ုပ် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ သူက ကျွန်ုပ်နှင့် မျက်လုံးချင်းရင်မဆိုင်ဘဲ သူ့အကြည့်ကို အဝေးဆီ ပို့ထားသည်။ ကျွန်ုပ်စိတ်ထဲ၌မူ ဆရာကြီး၏အတွင်းသဘောကို နားမလည်နိုင်သေး။

"ဒီမှာ ပုဒ်မ ၃၈၀ ခိုးမှုလို့ မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ ဆရာကြီး တကယ်ကော ခိုးခဲ့လို့လားဗျ"

"အင်း. . ကျုပ် တကယ်ခိုးခဲ့တာပေါ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ကိုယ့်နားကိုယ်မယုံနိုင်အောင် ဖြစ်မိသည်။ ကျွန်ုပ်မေးခွန်းကို ဆရာကြီးက မဟုတ်ဟု ဖြေလိမ့်မည်အထင်နှင့် မေးခဲ့ခြင်း ဖြစ်၏။ ယခုမူ ဆရာကြီးဖြေလိုက်ပုံကြောင့် တအံ့တသြဖြစ်ရ၏။

"ဩော်- ဒါ. . . ဒါဆို ဘာပစ္စည်းတို့များ. . ."

ကျွန်ုပ် ဆက်မေးရန်ပင် အားအင်ကုန်ခန်းသွားဘိလို ခံစားရသည်။ ဆရာကြီး ချက်ချင်း ပြန်ဖြေရန် ဝန်လေးနေဟန်ဖြင့် တွေတွေဝေဝေဖြစ်နေသေးသည်။ ခဏနေမှ-

"အင်း. . . ပစ္စည်းက တန်ဖိုးတော့သိပ်မရှိပါဘူး။ စတိုးဆိုင်က မိန်းမဆောင်းထီးလေးတစ်ချောင်းပါ"

"ဗျာ- ဘယ်လို"

ကျွန်ုပ်မှာ အံ့သြပြီးရင်း အံ့သြနေရသည်။ ဘယ့်နှယ်ဗျာ၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ယောက်က ဘာမဟုတ်တဲ့ ထီးကလေးတစ်ချောင်း ခိုးရတယ်လို့။ လုပ်ရပ်က ဘယ်လိုတွေးတွေး အဓိပ္ပာယ်လုံးဝမရှိ။ သာမန်အသိဉာဏ်ရှိသူတစ်ယောက်ပင် မကျူးလွန်နိုင်သောပြစ်မှုမျိုး။ ဒါဆို ဒီဆရာကြီးစိတ် ပုံမှန်ကော ဟုတ်သေး၏လော။

ကျွန်ုပ်က ဆရာကြီးကိုအကဲခတ်စိုက်ကြည့်လိုက်ရင်း-

"ဆရာကြီးရဲ့လုပ်ရပ်ကို ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်ဘူး။ ဒါ သာမန်လူကောင်းတစ်ယောက်လုပ်ရပ်မှ မဟုတ်ဘဲဟာ"

ဆရာကြီး၏မျက်ဝန်းများ ကျဉ်းမြောင်းသွားကာ-

"ဘာလဲ၊ မောင်မောင်က ကျုပ်ကို ရူးနေပြီလို့ ထင်နေတာလားကွယ့်"

ကျွန်ုပ်က ပျာပျာသလဲနှင့်-

"မ. . . မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် အဲလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး။ ကျွန်တော်ဆိုလိုတာက . . ."

ကျွန်ုပ်စကားမဆုံးမီ ဆရာကြီးက လက်ကာပြလျက်-

"ဟုတ်ပါတယ်၊ အမှန်တော့ ကျုပ် ရူးနေတာပါ။ ဒီလို ကျုပ်ကို ရူးအောင် လုပ်တာ တခြားလူတွေ မဟုတ်ဘူး၊ ကျုပ်မိသားစုပဲ မောင်မောင်"

"ခင်ဗျာ"

ကျွန်ုပ်မှာ စကားဆက်မပြောနိုင်လောက်အောင် ဆွံ့အ,သွားသလို ခံစားလိုက်ရ၏။ ကျွန်ုပ်ရင်ထဲ၌မူ အမည်ဖော်ပြရန်ခက်လှသော ဝေဒနာဆိုးတစ်ခုက တနုံ့နုံ့ နာကျင်နေစေလေသည်။ ဆရာကြီးကသာ ဘာမှမဖြစ်သလို ဆက်ပြောသည်။

"ဟုတ်တယ် မောင်မောင်၊ သူတို့ကြောင့်လည်း ကျုပ် ဒီဘာမဟုတ်တဲ့ ကိစ္စကို လုပ်မိတာပေါ့ကွယ်"

"xxx. . . xxx. . ."

ခုတော့ ကျွန်ုပ်၏နှုတ်မှ ဘာသံမှပင် ထွက်မလာနိုင်တော့။ အံ့သြလွန်းလို့ ကျွန်ုပ်၏အသံများ ငုပ်လျှိုးပျောက်ကွယ်သွားခြင်းပေလား။ ဆရာကြီး၏စကားထဲမှ 'သူတို့ကြောင့်' ဟူသော စကားလုံးက ကျွန်ုပ်၏နှလုံးသားနံရံသို့ ရိုက်ခတ်ကာ ပဲ့တင်သံများ ကျယ်လောင်စွာမြည်ဟည်းသွားစေသည်။ ဦးနှောက်တွင်း၌လည်း ပဟေဠိများစွာကို တစ်ပြိုင်နက်တည်း ဖြေဆိုခိုင်းခြင်းခံရသူလို ရှုပ်ထွေးနောက်ကျိသွားစေပါသည်။

ကျွန်ုပ်က ဆရာကြီးအား-

"ဆရာကြီးပြောတာ ကျွန်တော် ဘယ်လိုမှသဘောမပေါက်နိုင်ဘူး။ ဘယ့်နှယ်ဗျာ- ဆရာကြီး စတိုးဆိုင်က ထီးတစ်ချောင်းခိုးတဲ့ကိစ္စက ဘာကြောင့် မဆီမဆိုင် မိသားစုကြောင့်ဖြစ်ရမှာလဲဗျ"

ဆရာကြီးက မချိတရိ ပြုံးလိုက်ကာ-

"အင်း. . . ကျုပ်အဖြစ်က ကျုပ်တောင် မယုံနိုင်လောက်အောင် ဆန်းကြယ်လွန်းနေတာဆိုတော့ မောင်ရင်တို့လို အပြင်လူတစ်ယောက်အနေနဲ့ ဘယ်လိုမှ နားလည်သဘောပေါက်နိုင်မှာ မဟုတ်ဘူးကွယ့်"

"ဟုတ်လား ဆရာကြီး။ ဒါဆို ဆရာကြီးရဲ့အဖြစ်ကို ကျွန်တော့်ကို နားလည်အောင်ရှင်းပြပေးပါလား ခင်ဗျာ"

ဆရာကြီးက အဝေးဆီသို့ တွေဝေငေးငိုင်စွာ ကြည့်နေပြီးမှ ရှည်လျားသော သက်ပြင်းမောတစ်လုံးကို ရှိုက်ထုတ်လိုက်လေသည်။

"အင်း. . . မောင်မောင်မို့လို့သာ ပြောရမှာနော်၊ အမှန်တော့ ကိုယ့်အဖြစ်က ရှက်စရာလို့တောင် ဆိုနိုင်တယ်။ ပြီးတော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်နေလို့ပေါ့"

"ဩော်- ဟုတ်ကဲ့"

"အဲ - ကျုပ်အဖြစ်က ဒီလိုပါ။ တစ်သက်လုံး ကျောင်းဆရာဘဝနဲ့ ရုန်းကန်ပြီး သားသမီးတွေကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ကျွေးခဲ့တဲ့လူဆိုတော့လည်း မိသားစုအပေါ်မှာ အင်မတန်ကို သြဇာညောင်းခဲ့တာပေါ့လေ။ ဘာအခြင်းအခုံ ဖြစ်နေပါစေ၊ ကျုပ်တဟော့တစ်ခွန်းပြောလိုက်တာနဲ့ အားလုံးမီးကို ရေနဲ့ဖျန်းလိုက်သလို ငြိမ်ပဲ။ ဘာကိစ္စပဲဖြစ်ဖြစ် ကျုပ်အဆုံးအဖြတ်က အတည်ပဲ။ အထွန့်တက်တာတို့၊ စောဒကတက်တာတို့ဆို အိပ်မက်တောင်မက်ရဲကြတာ မဟုတ်ဘူး။ အင်း. . . ခုတော့လည်း ဒါတွေဟာ ဟိုဝေးဝေးက အတိတ်ကာလတစ်ခုမှာ ကျန်ရစ်ခဲ့ရှာကြပြီ မောင်မောင်"

"ဟုတ်ကဲ့"

"ကျုပ် အထက်တန်းကျောင်းအုပ်ကြီးဘဝနဲ့ သက်ပြည့်ပင်စင်ယူခဲ့တဲ့နေ့ကဖြင့် ပျော်လိုက်တာ မောင်မောင်ရာ။ အရင်တုန်းကလို တစ်နေ့လုံး ကျောင်းမှာ အချိန်ကုန်မနေရတော့ဘဲ ကိုယ့်မိသားစုနဲ့ အချိန်ပြည့်နေရတော့မှာမို့လို့လေကွယ်။ တကယ်လက်တွေ့မှာလည်း မိသားစုတွေရဲ့မျက်နှာကို အမြဲမြင်နေရတော့ ရင်ထဲ၊ အသည်းထဲမှာ ဖရဏာပီတိ ဂွမ်းဆီထိသလိုပါပဲ။ ကျုပ်ဘဝမှာ ကြည်နူးပျော်ရွှင်ဖွယ် အကောင်းဆုံးအချိန်လို့တောင် ခံစားခဲ့မိသေးတယ်။ ဒါပေမယ့် မောင်မောင်ရာ. . ."

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဆရာကြီး"

"ကျုပ် သက်ပြည့်ပင်စင်ယူပြီး (၃) နှစ်ကျော် (၄) နှစ်လောက်ကြာတော့ ကျုပ်စိတ်ထဲ တစ်မျိုးခံစားမိလာတယ်။ နေရထိုင်ရတာလည်း သိပ်အဆင်မပြေချင်သလိုပဲ။ ဒါတွေ ဘယ်လိုကြောင့်ဖြစ်ပေါ်နေတယ် ဆိုတာကို ကျုပ် အချိန်အတော်ကြာအောင် မရိပ်မိနိုင်ခဲ့သေးဘူး။ ဒီကြားထဲ ကျုပ်နားထဲက လေထွက်ပြီး နည်းနည်းလေးချင်လာတာလည်း ပါမပေါ့လေ"

"ဒါပေမယ့် ဆရာကြီးက ကျွန်တော်ပြောသမျှ ကြားနေတာပဲ မဟုတ်လား"

"အဲဒါက နှစ်ယောက်ချင်း တွေ့တွေ့ဆိုင်ဆိုင်ပြောနေလို့ပါ။ ဟိုခပ်လှမ်းလှမ်းကနေ အောက်သံနဲ့ပြောတာမျိုးဆို မကြားတစ်ချက် ကြားတစ်ချက်ပဲကွယ့်"

"ဩော်. . ."

"အဲ- ကျုပ် ပထမဆုံး သတိထားမိတာက ကျုပ်သားသမီးတွေပဲ။ အရင်တုန်းကဆို အလုပ်က၊ ကျောင်းကပြန်လာရင် ကျုပ်ဆီလာပြီး တစ်ယောက်တစ်ပေါက် ပြောမဆုံးပေါင် တောသုံး

www.burmeseclassic.com

www.burmeseclassic.com

ထောင်ဆိုသလိုပဲ။ အံ့ဩစရာကောင်းတာက အဲဒီနောက်ပိုင်း သားသမီးတွေ အပြင်ကပြန်လာကြရင် ဘယ်သူမှကျုပ်ဆီ သတင်းလာမပို့တော့ဘူးကွယ့်။ အားလုံး သူတို့အမေရှေ့ရောက်သွားပြီး စီကာပတ်ကုံး ပြောနေဆိုနေလိုက်ကြတာများ လက်ပံပင် ဆက်ရက်ကျသလားအောက်မေ့ရတယ်။ အဲ - တစ်ခုတော့ ရှိသေးပေါ့လေ၊ ကျုပ်က ခေါ် မေးရင်တော့ ဖြေကြပါတယ်။ ဒါပေမယ့် မေးတစ်ခွန်း ပြောတစ်ခွန်းလောက်ပါပဲ။ ခါတိုင်းလို စိတ်ပါလက်ပါ သိပ်မရှိကြဘူး။ အင်း- ဘယ်လိုခေါ် မလဲ၊ တစ်အိမ်တည်းနေပြီး သူစိမ်းတစ်ရံဆန်တွေလိုဖြစ်နေတာပေါ့။ ဒါ့ထက် အံ့ဩစရာကောင်းတာက အိမ်မှာ ကိစ္စတစ်ခုဖြစ်လို့ ကျုပ်ဆုံးဖြတ်ချက်ချပေးရင် ရှေ့မှာတော့ ဟုတ်ကဲ့လို့ခေါင်းညိတ်ပြခဲ့ကြပြီး ကွယ်ရာကျတော့ သူတို့လုပ်ချင်သလို လုပ်ကြတော့တာကိုး။ ပြောရရင် အိမ်မှာ အရင်တုန်းကလို ကျုပ်ဩဇာမညောင်းနိုင်တော့တာပါပဲ။ ဘာကြောင့် သူတို့ ဒီလိုဖြစ်သွားကြလဲ ဆိုတာ ကျုပ် တော်တော်နဲ့ စဉ်းစားလို့ မရခဲ့ဘူး။ အတော်လေး အချိန်ကြာလာမှ ဒါတွေဟာ ကျုပ်ရဲ့အဓိကအားနည်းချက်ကြီးနှစ်ချက်ကြောင့် ဆိုတာ နားလည်ခဲ့ရတယ်"

"အဲဒီအားနည်းချက်ကြီး နှစ်ချက်က ဘာများလဲ ဆရာကြီး"

"ပထမအချက်က စောစောက ပြောခဲ့တဲ့ ကျုပ်နားနည်းနည်းလေးလာတဲ့အချက်ပဲ။ ခက်တာက ကျုပ်က ခုခေတ်ကာလသားသမီးရဲ့ ပြောစကားတွေကို ကောင်းကောင်း နားမလည်ချင်ဘူး။ အဲဒါကို ကျုပ်သားသမီးတွေက ကျုပ်မကြားဘူးလို့ထင်ပြီး ထပ်ထပ်ပြောနေရတာကို စိတ်မရှည်နိုင်ကြဘူး။ အဲလို ထပ်ကာထပ်ကာပြောပြချင်စိတ်လည်း ရှိကြပုံမရဘူး။ ပြောလိုက်မှဖြင့် ဆောင့်ကြီးအောင့်ကြီးနဲ့။ ဒါနဲ့ပဲ ကျုပ်ကလည်း သူတို့နဲ့ပတ်သက်တာမှန်သမျှ ဘာမှမမေးမမြန်းတော့ဘဲ တုံးကျိုဘာဝေ နေလိုက်တော့တယ်လေ"

"ဪ. . ."

"ဒုတိယအချက်က ကျုပ်ဝင်ငွေကိစ္စကြောင့်ပဲ။ ကျုပ်ရတဲ့ပင်စင်လစာက တစ်လတစ်လ ကျုပ်ဆေးဖိုးအတွက်တောင် မလောက်ချင်ဘူးကွယ့်။ ကျုပ်ကျောင်းအုပ်ကြီးဘဝမှာတော့ အိမ်စရိတ်ရော သူတို့တစ်တွေရဲ့ ကျောင်းစရိတ်တွေပါ အလျှံမီအောင် ထောက်ပံ့ ပေးကမ်းနိုင်ခဲ့တာလေ။ ပြီးတော့ မကြာခဏဆိုသလို ကျုပ်တပည့်တွေ လာကန်တော့ထားတဲ့ ကိတ်မုန့်တွေ၊ လက်ဆောင်ပစ္စည်းတွေနဲ့ ကျုပ်တို့အိမ်မှာ အမြဲလိုလို အလျှံပယ် ပြည့်စုံနေတာ မဟုတ်လားကွယ်။ အဲ- ကျုပ် ပင်စင်သွားပြီးတဲ့နောက်ပိုင်းမှာတော့ ဝန်ထမ်းလောကရဲ့ထုံးစံအတိုင်း လစာဝင်ငွေတို့ ကန်တော့ခံရတာတို့က တဖြည်းဖြည်း ဆိတ်သုဉ်းကုန်လာတာကလား။ ကျုပ်က-ဆရာကြီးလုပ်သက်တစ်လျှောက်လုံး ဥပဒေနဲ့ ငြိစွန်းမယ့် အလုပ်မှန်သမျှကို ဝေရမဏီ လုပ်လာခဲ့တဲ့ လူရိုးကြီး ဆိုတော့ ကျုပ်မှာ ပိုင်ဆိုင်တာဆိုလို့ ဘာမှ မည်မည်ရရ မရှိဘူးလေ။ ဒီတော့ ကျုပ်ဆီက ငွေကြေးအထောက်အပံ့တင်မက ဘာအမွေပစ္စည်းမှမရနိုင်တော့ဘူး ကွယ်။ အဲဒါကြောင့် သားသမီးတွေအနေနဲ့ ဘာမျှော်လင့်ချက်မှ မပေးနိုင်တော့တဲ့ အဘိုးကြီးအနား ဘယ်ကပ်ချင်ကြပါတော့မလဲ။ ပြီးတော့ ကျုပ် ပြောစကားကိုလည်း ဘယ်အလေးထားပြီး နာခံချင်ကြပါတော့မလဲ မောင်မောဝ်ရယ်"

ဆရာကြီး၏အသံမှာ ပြောနေရင်းကွဲအက်အက် ဆို့နင့်နင့်လေသံမျိုး ပါလာသည်။ ကြားလိုက်ရသောစကားများမှာ ကျွန်ုပ်အဖို့ အလွန် စိတ်မကောင်းချင်စရာများဖြစ်နေသည့်ကြားကပင် သိချင်နေသောကိစ္စတစ်ခုကို မေးလိုက်မိသည်။

"ဒါနဲ့ အန်တီဥမ္မာကတော့ ဆရာကြီးနဲ့ တစ်သဘောတည်းပဲ မဟုတ်လားဟင်"

ဆရာကြီးက နှုတ်ခမ်းထောင့်စွန်းတစ်ဖက်ကွေး၍ မဲ့ပြုံးပြုံးလိုက်ကာ-

"ဟဲဟဲ-သူက ကျုပ်ဘက်ပါတော့ မလိုလိုနဲ့ ပိုလို့တောင်ဆိုးနေသေးသဗျ။ ကျုပ်ပြောသမျှ တစ်ခွန်းမခံ၊ သားသမီးဘက်က အမြဲ ခုခံကာကွယ်ပေးနေတာလေ။ သူ့ကို ကျုပ်နဲ့ သားသမီးတစ်ယောက် ပြိုင်တူစကားပြောမိရင် သူက သားသမီးစကားကိုပဲ ဦးစားပေး နားထောင်တတ်တာကလား။ ဒီလိုနဲ့ ကျုပ်တောင် သူနဲ့စကားမပြောဖြစ်တော့တာ ကြာခဲ့ပါပကော"

"ဟာဗျာ-အန်တီဥမ္မာတို့ကလည်း လုပ်ရက်လိုက်တာဗျာ"

"အို- မောင်ရင်၊ မင်းအန်တီကိုတော့ အဲလိုမျိုး အထင်မလွဲပါနဲ့ကွယ်။ တကယ်တော့ သူ့မှာ အပြစ်မရှိပါဘူး။ သူလည်း အရွယ်ရလာပြီဆိုတော့ ဘဝနေဝင်ချိန်အထိ ပြုစုစောင့်ရှောက် ထားနိုင်စွမ်းရှိကြတဲ့ သားသမီးတွေဘက် က လိုက်ရမှာပေါ့ကွယ်။ ဒါ သဘာ လည်း ကျပါတယ်လေ။ ကျုပ်တို့ တော့ ရှေ့လျှောက် ဘာမှသုံးလို့ရ မှာမှမဟုတ်တာ"

"အို- ဆရာကြီးရယ်. . ."

ကျွန်ုပ် ဆရာကြီးနေရာမှ နာကျင်မိလေသည်။ ဆရာကြီး၏သား သမီးများသည် ဘုရားဟောကြားခဲ့ ၃၈ ဖြာမင်္ဂလာတရားတော်များကို ရှိကြ၍တော့ မဖြစ်နိုင်။ စည်းစနစ် သော ဖခင်၏လက်အောက်ဝယ် ပြင်းလာသူများဖြစ်ကြလေရာ သ သမီးဝတ္တရားငါးပါးကို ကောင်းစွာ နားလည်ကြပြီး ဖြစ်ပေမည်။ သို့ပါ တစ်သက်လုံး ရှာဖွေကျွေးမွေးလာ ကျေးဇူးကိုပင် မထောက်ဘဲ အ ကြောင့် ဘေးဖယ် လျစ်လျူရှုထား ပါလေသနည်း။

"အဲဒီနောက်ပိုင်း ကျုပ် အဲဒီ မှာနေရတာ အလွန် အထီးကျန်လာ နေ့စဉ်နှင့်အမျှ ငရဲကျနေသလို လာရတယ်။ ကြာလေလေ၊ နေချင် မရှိလေလေပဲ။ ဒါကြောင့် အိမ်က သာထွက်လာပြီး စတိုးဆိုင်က ပ သေးသေးတစ်ခုကို လုံခြုံရေးအ မြင်အောင် ခိုးယူခဲ့တယ်။ ဒါမှ ကျုပ် ဖမ်းခံရပြီး ထောင်ကျမှာလေ။ ခိုး ပစ္စည်းက သေးသေးဆိုတော့ ထော လည်း နည်းနည်းပဲကျခံရမှာလေ။ ထ အိမ်ကထွက်လာပြီး ဆွေမျိုးမိတ် တွေအိမ် သွားနေရင် သူတို့လက်ထဲ ပါသွားမှာလေ။ ထောင်ဆိုတော့ ထ အတွက် အလုံခြုံဆုံးနေရာပဲကွယ့်။ လောက်ဆိုရင် ကျုပ် ခိုးမှုကျူးလွန် တဲ့ရည်ရွယ်ချက်ကို မောင်ရင် သ ပေါက်လောက်ပြီ ထင်ပါရဲ့"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ

"အဲ- ကျုပ်အနေနဲ့ မောင်ရင့် တောင်းဆိုစရာ တစ်ခုတော့ ရှိတ တခြားတော့ မဟုတ်ဘူး၊ ကျုပ် ရောက်နေတာကို ကျုပ်မိသားစုဆီ သိမပေးဖို့ဘဲ။ တကယ်လို့ မောင်ရင် ကျုပ်ကိုငဲ့ညှာပြီး မိသားစုကို အသိ ခဲ့ရင်တောင်မှ ဒီတစ်သက် သူတို့နဲ့ လုံးဝ ပြန်မလိုက်တော့ဘူး ဆိုတာကို ထားစေချင်တယ်နော့"

"ကောင်း. . . ကောင်းပါပြီ ဆ ကြီး"



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ ဆရာကြီး၏ သားအေးသော်တာမှာ ကျွန်ုပ်၏ကျောင်းနေဘက်သူငယ်ချင်းဖြစ်သည့်အပြင် သူတို့မိသားစုဝင်များနှင့်ပါ ရင်းနှီးကျွမ်းဝင်ခဲ့သည်ဖြစ်လေရာ ကျွန်ုပ်မှာ လူမှုရေးအရ တာဝန်ရှိသည့်အလျောက် အန်တီဥမ္မာထံ အရောက်သွားကာ အကျိုးအကြောင်း ရှင်းပြအသိပေးလိုက်မိ၏။

တစ်အိမ်သားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နားစိုက်ထောင်နေကြပြီးမှ အန်တီဥမ္မာက-

"အားလုံး အန်တီ့အပြစ်တွေပါပဲ မောင်မောင်။ မင်းဆရာကြီး ရုတ်တရက် အိမ်ကထွက်သွားလို့ အန်တီတို့ ဘယ်မှာမှ စုံစမ်းလို့မရလို့ တစ်ခုခုများဖြစ်နေပြီလား ဆိုပြီး စိတ်ပူနေကြတာကွယ့်။ တော်သေးတာပေါ့၊ မောင်မောင်က အဲဒီမှာ ထောင်ပိုင်ကြီး ဖြစ်နေပေလို့။ ဒါနဲ့ အန်တီတို့ ထောင်ဝင်စာတော့ လာတွေ့လို့ ရတယ်မဟုတ်လားကွယ့်"

"ရတာတော့ ရပါတယ်။ ဒါပေမယ့် ဆရာကြီးက ထွက်အတွေ့ခံမယ် မထင်ဘူး အန်တီ"

အန်တီဥမ္မာ မျက်နှာမသာမယာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်ကို တွေ့ရသည်။

"ဒါဆို ဆရာကြီးလွတ်မယ့်ရက်မှာတော့ လာကြိုလို့ရမှာပေါ့နော်"

အန်တီဥမ္မာ၏အမူအရာက အားအင်ယုတ်လျော့နေသလို လေသံကလည်း တိုးညင်းလှ၏။ သားသမီး (၃) ယောက်၏မျက်နှာများတွင်မူ နောင်တရနေသော အသွင်လက္ခဏာများ တွေ့ရ၏။

"ဒါကတော့ ရပါတယ်"

"ဒါဆို မင်းဆရာကြီး ဘယ်နေ့လောက်လွတ်နိုင်မလဲကွယ့်"

"အဲဒါတော့ ကျွန်တော် ဒီအတိုင်း အလွတ်မပြောနိုင်ဘူး။ ထောင်ကျဝရမ်းကို တွက်ချက်ကြည့်ပြီးမှ အတိအကျပြောနိုင်မှာလေ"

"ဟုတ်လား၊ ဒါဆို ဘယ်တော့လောက် သိရမလဲကွယ့်"

"ရက်အတိအကျသိရတာနဲ့ ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ် အန်တီ"

"အေးကွယ်၊ ကျေးဇူးကြီးပါဘိ"

အန်တီဥမ္မာထံမှပြန်လာပြီးနောက် တစ်နေ့တွင် ဆရာကြီး၏ ထောင်ကျဝရမ်းကို စစ်ဆေးကြည့်သည်။ ဆရာကြီးအား အချင်းဖြစ်ပွားသော ဇူလိုင် (၁) ရက်နေ့မှာပင် တရားရုံးသို့ တင်ပို့ပြီး ပြစ်ဒဏ်ချမှတ်ကာ အကျဉ်းထောင်ပို့ဆောင်ခဲ့ကြောင်း တွေ့ရ၏။

ဆရာကြီးမှာ ထောင်ဒဏ် (၃) လ ချမှတ်ခံရသဖြင့် သူ၏ သာမန်လွတ်ရက်မှာ စက်တင်ဘာလ (၃၀) ရက် ဖြစ်လေသည်။ ထောင်ဒဏ် (၆) လအောက်ဖြစ်၍ သာမန်လျှော့ရက်များ မရနိုင်သော်လည်း ထောင်ပိုင်အနေဖြင့် အထူးလျှော့ရက်ကို ပြစ်ဒဏ်၏ သုံးပုံ တစ်ပုံအထိ ပေးနိုင်ခွင့် ရှိ၏။

ထို့ကြောင့် အထူးလျှော့ရက် (၁/၃) အတိအကျ (၁) လတိတိပေးလိုက်မည်ဆိုပါက ဆရာကြီးမှာ လာမည့်သြဂုတ်လ (၃၁) ရက်နေ့တွင် လွတ်နိုင်ပေသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ဆရာ့ဆရာထောင်ပိုင်ကြီးများက ယင်းသို့ လုပ်ပိုင်ခွင့်အပြည့်မသုံးရန် မှာကြားချက်ရှိခဲ့သဖြင့် ကျွန်ုပ်က လျှော့လျှော့ပေါ့ပေါ့ (၂၅)ရက်တိတိပေးလိုက်သည်။

ထိုအခါ ဆရာကြီး၏လွတ်ရက်မှာ စက်တင်ဘာလ (၅) ရက်နေ့ ဖြစ်သွားလေသည်။ သို့ရာတွင် ယင်းစက်တင်ဘာလ (၅) ရက်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် တနင်္ဂနွေနေ့ ဖြစ်နေလေရာ ထောင်လက်စွဲဥပဒေအရ ရုံးပိတ်ရက်တွင်မလွှတ်ရသဖြင့် ဆရာကြီး၏နောက်ဆုံးလွတ်ရက်မှာ စက်တင်ဘာလ (၃) ရက် သောကြာနေ့ ဖြစ်သွားလေသည်။ အန်တီဥမ္မာထံလည်း ဖုန်းဆက် အကြောင်းကြားလိုက်သည်။

"ဆရာကြီး လာမယ့် စက်တင်ဘာလ (၃) ရက်နေ့ လွတ်လိမ့်မယ်"

ကျွန်ုပ်က လွတ်ရန် (၃) ရက်ခန့်အလိုကျမှ ဆရာကြီးအား အသိပေးလိုက်သည်။ ဆရာကြီးက အနည်းငယ်စဉ်းစားဟန်ပြုကာ-

"ဒါဆို စက်တင်ဘာလ (၂) ရက်နေ့ လွှတ်ပေးလို့မရဘူးလားကွယ့်"

"ရတော့ရပါတယ်၊ ဒါနဲ့ ဘာဖြစ်လို့လဲ ဆရာကြီး"

"သြော်- ဒီနှစ် စက်တင်ဘာလ (၂) ရက်နေ့က ကျုပ်ရဲ့ (၆၈) နှစ်မြောက်မွေးနေ့လေကွယ်။ ဒီလိုမွေးနေ့မှာ လွတ်ပေးတာက မောင်ရင်တို့အတွက် ပိုကုသိုလ်မရဘူးလားကွယ့်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ ဆရာကြီး။ အဲဒီ ဆရာကြီးမွေးနေ့မှာ လွှတ်ပေးပါ့မယ်"

"သာဓုကွယ်၊ သာဓု။ ဒါနဲ့ ကျုပ်ကို တစ်ခုလောက် ကူညီပေးပါလား မောင်မောင်"

"ဘာများလဲ ဆရာကြီး"

"ဦးသီလ ဆိုတဲ့လူဆီ ကျုပ်လွတ်မယ့်ရက်ကို အကြောင်းကြားပေးပါလား။ ဟောဒီမှာ ဖုန်းနံပါတ်"

ဆရာကြီးပေးသော ဖုန်းနံပါတ်မှာ ပဲခူးမြို့တစ်နေရာ ဖြစ်နေသည်။

ကျွန်ုပ် ဖုန်းဆက်ကြည့်တော့ ဦးသီလကပင် ဖုန်းကိုင်သည်။ ကျွန်ုပ်က ဆရာကြီးလွတ်မည့်ရက်ကို အသိပေးလိုက်သည်။ သူက 'ဟုတ်ကဲ့၊ ကောင်းပါပြီ' ပြောကာ ဖုန်းချသွားသည်။

❂

စက်တင်ဘာလ (၂) ရက်နေ့ ထောင်မှလွတ်မြောက်မည့်အကျဉ်းသားများအနက် ဆရာကြီးအား အရင်ဆုံး စစ်ဆေးလွှတ်ပေးလိုက်သည်။ ဆရာကြီးအား ထောင်ဘူးဝ သံတံခါးဖွင့်ပေးလိုက်သည်။ ဆရာကြီးက ထောင်ဘူးဝရှေ့တွင် စောင့်နေသော ဦးပဉ္စင်းတစ်ပါးအား လက်ညှိုးထိုးပြသည်။

"အဲဒါ ပဲခူး (၁၀) မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာက စာချတရားပြဆရာတော်လေ။ ဦးသီလနဲ့ အတူတူ ကျုပ်ကိုလာကြိုကြတာပေါ့ကွယ်။ ကျုပ်အနေအထားက ကျန်တဲ့ ဘဝနေဝင်ချိန်ကို သာသနာ့ဘောင်ထဲကနေ တရားဓမ္မကျင့်ရင်း စောင့်ဆိုင်းတာက အသင့်တော်ဆုံးပဲ မဟုတ်လားကွယ့်။ ကဲ- မောင်မောင်၊ သွားပြီနော်"

ဆရာကြီးက ကျွန်ုပ်ကိုနှုတ်ဆက်ကာ လာကြိုသော ဦးပဉ္စင်း၊ ဦးသီလတို့နှင့်အတူ ထွက်ခွာသွားလေသည်။ ထို့နောက် ထောင်ဘူးဝအလွန်တွင် အသင့်ရပ်စောင့်နေသော ကားဖြူလေးတစ်စီးပေါ် တက်ကြကာ အကျဉ်းထောင် အဓိပတိလမ်းမကြီးအတိုင်း တရွေ့ရွေ့ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်က ဆရာကြီးတို့ကို ထောင်တံခါးကြီးအတွင်းမှ မျက်စိတဆုံး ငေးမျှော်ကြည့်ရင်းက ကျွန်ုပ်၏ဦးနှောက်ထဲသို့ အတွေးတစ်ခု စီးဝင်လာမိသည်။

ကျွန်ုပ်တို့ မြန်မာ့အိမ်ထောင်စုများအတွင်း ဆရာကြီးကဲ့သို့ မိသားစု၏ ဘေးဖယ်လျစ်လျူရှုခြင်းကိုခံရ၍ စည်းအပြင်သို့ရောက်နေသော အိမ်ထောင်ဦးစီးများ မည်မျှရှိနေပါလေဦးမည်နည်း ဟူ၍။

ပီတာမြင့်




www.burmeseclassic.com

www.burmeseclassic.com

# အဘ၏သွန်ကြားသံ

ဓာတ်ပုံမောင်မောင်အေး



သူရဇ္ဇမဂ္ဂဇင်း အမှတ် (၂)၊ အတွဲ (၁၃)၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် ဆရာအောင်သန်းချစ်၏ 'အဘပေးတဲ့ဆေးပြင်းလိပ်' ဂမ္ဘီရဆောင်းပါးတွင် အဘဘိုးမင်းခေါင်၏စောင်မ,မှုကြောင့် မန္တလေးမှ ပိုးကုန်သည်တစ်ဦးဖြစ်သူ ဒေါ်မြကြည်တို့သားအမိ၏ ဆုံးရှုံးလက်လွှတ်ရတော့မည့်ဆဲဆဲဖြစ်သော မြေကွက်ကို ပြန်ရကြောင်း ဖတ်ရှုရပေရာ ဝိဇ္ဇာမဟိဒ္ဓိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ စွမ်းပကားသည် အံ့ဖွယ်ထူးခြားပေစွ။

ဆရာအောင်သန်းချစ်၏ ဆောင်းပါးကို ဖတ်ပြီးသောအခါ အဘအောင်မင်းခေါင်၏စောင်မ,မှုကြောင့် သူခိုးနောက်ပါသွားသောစက်ဘီး ပြန်ရပုံကို သတိရမိပါသည်။ ကျွန်တော်၏ဝမ်းကွဲညီဖြစ်သူ ဦးသောင်းထွန်းတို့ ဇနီးမောင်နှံနှစ်ဦးလုံးသည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးတို့ ဖြစ်သည်။ ညီတော်မောင် ဦးသောင်းထွန်းသည် ကျောက်တန်းမြို့ အ. ထ. က (ငြိမ်း) ကျောင်းအုပ် ခယ်မဖြစ်သူ ဒေါ်ခင်အေးမြင့်ကလည်း ဒဂုံမြို့သစ် မြောက်ပိုင်း (၂၉) ရပ်ကွက် အ. မ. က (၁၁)တွင် ကျောင်းအုပ်ဆရာမကြီး ဖြစ်၏။ ဦးသောင်းထွန်းထက် (၁၀) နှစ်ကျော်ငယ်သောကြောင့် ယနေ့တိုင် တာဝန်ထမ်းဆဲလည်း ဖြစ်ပါသည်။

သူတို့နေထိုင်ရာ (၃၉) ရပ်ကွက်၊ သမာဓိ (၄) လမ်းမှ အ. မ. က (၁၁) ကျောင်းသို့ နေ့စဉ် ကျောင်းသွားကျောင်းပြန် နှစ်မိုင်ခန့်ခရီးကို စက်ဘီးဖြင့် သွားလာရပါသည်။ ကျောင်းသို့သွားသော လမ်းတစ်ဝက်လောက်တွင် မန္တလေးလမ်း ပျံကျဈေးလေးလည်း ရှိသည်ဖြစ်ရာ ဈေးဝယ်လိုလျှင်လည်း ထိုဈေးကလေး၌ပင် ဝယ်ရခြမ်းရသည်။

ခယ်မဖြစ်သူ ဆရာမကြီး ဒေါ်ခင်အေးမြင့်သည် ဘာသာတရားလေးစားကြည်ညိုကိုင်းရှိုင်းသလို ထွက်ရပ်ပေါက်ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ် အဘဘိုးမင်းခေါင်ကိုလည်း ပူဇော်ဆည်းကပ်သူ ဖြစ်သည်။ ထို့ကြောင့် အိမ်တွင် ဘုရားကျောင်းဆောင်သာမကဘဲ အဘဘိုးမင်းခေါင်အတွက်ပါ ဓာတ်နန်းသေးသေးပြုလုပ်ထားရှိကာ ပန်း၊ ရေချမ်းများဖြင့် မပြတ်ပူဇော်မှုပြုသည်။ အခါအားလျော်စွာလည်း ဘိုးမင်းခေါင်ပုတီးစိပ်ကို ဝတ်မပျက် စိပ်သည်။

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ကျောင်းပိတ်ရက်တစ်နေ့ မနက်ပိုင်းတွင် မန္တလေးလမ်း ဈေးလေးသို့ ဈေးဝယ်ရန် စက်ဘီးဖြင့် ထွက်ခဲ့သည်။ ဆရာမကြီး ဒေါ်ခင်အေးမြင့်တို့ ဇနီးမောင်နှံသည် သားသမီးမထွန်းကားသောကြောင့် အိမ်မှုကိစ္စကို ဆရာမကြီးပင်လုပ်ကိုင်ရသည်ဖြစ်ရာ ယခုလည်း ဈေးဝယ်ရန် ကိုယ်တိုင်ထွက်ခဲ့ရခြင်း ဖြစ်သည်။

ဝယ်ခြမ်းစရာများစုံလင်၍ အိမ်ပြန်ရန် စက်ဘီးသော့ဖွင့်ပြီးချိန်၌ အဘအားပူဇော်ရန် အချိုပွဲ ဆနွင်းမကင်းမပါသေးကြောင်း သတိရသောကြောင့် စက်ဘီးထားရာနှင့် ပေ (၅၀) ပင်မဝေးသော ဆနွင်းမကင်းဆိုင်သို့ပြေးရပြန်ပါသည်။ အနီးကလေးဖြစ်၍ စက်ဘီးကို သော့ပင်မခတ်ဘဲထွက်ခဲ့ခြင်း ဖြစ်သည်။ မုန့်သည်နှင့် အသိအကျွမ်းဖြစ်နေသောကြောင့် သာကြောင်းမာကြောင်း စကားတစ်ခွန်း၊ နှစ်ခွန်းပြောကာ ပြန်လာချိန်တွင် ထားခဲ့သောနေရာ၌ အစအနမျှမမြင်ရအောင် စက်ဘီးပျောက်ကွယ်ခဲ့ပြီဖြစ်၏။

အနီးအပါးမှဆိုင်များကို မေးမြန်းသော်လည်း မည်သူမျှ အဖြေမပေးနိုင်ကြချေ။ စုံစမ်းမရသည့်အဆုံး ဆိုက်ကားငှား၍ အိမ်သို့ပြန်ခဲ့ရသည်။ အိမ်ရောက်သော် ခင်ပွန်းဖြစ်သူ ဦးသောင်းထွန်းကို ပြောပြရာ-

'ပျောက်လည်း နောက်တစ်စီးပေါ့ကွာ' ဟုသာ ပြောသည်မှလွဲ၍ ဘာအကြံဉာဏ်မှ မရချေ။ မိန်းမသားဖြစ်နေသောကြောင့် လင်တော်မောင်ပြောသလို နောက်တစ်စီးဝယ်ဖို့ မစဉ်းစားနိုင်သေး၊ ကျောင်းသွား,ကျောင်းပြန်အတွက် မိမိ၏လုပ်ခလစာငွေလေးဖြင့်ဝယ်ထားရသော စက်ဘီးလေးဖြစ်၍ သံယောဇဉ်ဖြစ်မိ၏။ မခံချိမခံသာလည်း ဖြစ်၏။ ဘာလုပ်ရင်ကောင်းမလဲဟုလည်း စဉ်းစား၏။

'လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုသော စကားကို အမှတ်ရမိသည်။ သို့ဖြင့် အဘဘိုးမင်းခေါင်အတွက် ဝယ်လာသော အချိုပွဲဆနွင်းမကင်းကို အဘ၏ဓာတ်နန်းလေးတွင် ဆက်ကပ်ရင်း-

'အဘဘိုးမင်းခေါင်ရှင့်၊ သမီးရဲ့ချွေးနဲ့စာငွေလေးဖြင့် ဝယ်ထားသော စက်ဘီးလေး အခိုးခံလိုက်ရပါသည်။

ဒီစက်ဘီးလေးဖြင့် ကျောင်းတ[illegible] နေရခြင်းဖြစ်၍ မရှိလျှင်မဖြစ်ပါ။ သ[illegible]ကို ကယ်ပါဦး အဘဘိုးမင်း[illegible]ရှင့်'

www.burmeseclassic.com

www.burmeseclassic.com

ဟု တိုင်တည်စဉ် လင်တော်မောင် ဦးသောင်းထွန်းမှ-

'လုပ်မနေနဲ့၊ နင့်အဘလည်း မကယ်နိုင်ဘူး' ဟုလှမ်းနောက်သဖြင့်-

'အိုတော်- ရှင်မယုံရင် အေးအေး နေပါ' ဟု ဆိုပြီး စိတ်တွင်းမှပင် ထပ်မံတိုင်တည်ပြန်ပါသည်။ ထိုစဉ်မှာပင်-

'သမီး အဲဒီနေရာကို ခုပြန်သွား' ဟူသော အသံကြောင့် လင်တော်မောင် နောက်ပြန်ပြီလားဟု လှမ်းကြည့်ရာ ဦးသောင်းထွန်းကို အနီးအပါး၌ပင်မတွေ့ရတော့ချေ။ အသံကိုပီပြင်ပြတ်သားစွာ ကြားရခြင်း ဖြစ်သည်။ သို့ဖြင့် လမ်းထိပ်ဆွမ်းလောင်းအသင်းရုံးနားမှ ဆိုက်ကားငှားပြေး၍ မန္တလေးဈေးလေးသို့ အမြန်ပို့ခိုင်းရပါသည်။

ဈေးလေးရောက်သောအခါ အသိဆိုင်မှပြော၍ ဈေးခေါင်းရုံးသို့ သွားရပြန်သည်။ ဈေးခေါင်းက 'စက်ဘီးပျောက်တာ ဆရာမကြီးလား' ဟုဆိုရင်း လူတစ်ယောက် စက်ဘီးတွန်းပြီး ယောင်လည်လည်နဲ့ ဘယ်သွားရမှန်းမသိသလို ဖြစ်နေလို့ မသင်္ကာတာနဲ့ လှမ်းခေါ်တော့ စက်ဘီးကိုထားခဲ့ပြီး ထွက်ပြေးသွားတယ်။ 'ဒါ ဆရာမကြီးရဲ့စက်ဘီးလား' ဟုဆိုကာ ပြသဖြင့် ပျောက်သော စက်ဘီးလေးကို ချက်ချင်းပင်ပြန်ရခဲ့ပါသည်ဟု ခယ်မဖြစ်သူ အ. မ. က (၁၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အဘဘိုးမင်းခေါင်၏ညွှန်ကြားချက်အသံကြောင့် သူခိုးလက်မှ စက်ဘီးလေး ချက်ချင်းပြန်ရကြောင်း ပြောပါသည်။

ထွက်ရပ်ပေါက် ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ်တို့၏တန်ခိုးအစွမ်းသည် အံ့မခန်းရှိပေစွတကားဟုစဉ်းစားရင်း ဆရာမကြီး ဒေါ်ခင်အေးမြင့်၏ဖြစ်ရပ်နှင့် သဘောချင်းတူသော ဖြစ်စဉ်တစ်ခုကိုလည်း ဤစာစုကို ရေးသားသူ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရပါသည်။

ကျွန်တော် ကြုံတွေ့ခဲ့ရသော ပုဂ္ဂိုလ်သည် ဝိဇ္ဇာထွက်ရပ်ပေါက်ပုဂ္ဂိုလ်တော့မဟုတ်ပါ။ (၃၇) မင်း နတ်များမှ မြင်းဖြူရှင်နတ် ဖြစ်ပါသည်။ အဆိုပါ မြင်းဖြူရှင်နတ်သည် ကျွန်တော်တို့ မိဘရိုးရာ ပူဇော်ပ,သသော ဆွေမျိုးတော်နတ်ဟုလည်း ဆိုနိုင်ပါသည်။ ဆွေတော်မျိုးတော် မြင်းဖြူရှင်နတ်အား နှစ်စဉ်ဝါဝင်၊ ဝါထွက်လဖြစ်သော ဝါဆိုလနှင့် သီတင်းကျွတ်လတို့တွင် ပူဇော်ပ,သရသောအစဉ်အလာ ရှိသည်။ ပူဇော်ပ,သရာတွင် မပါမဖြစ် အဓိက အရေးကြီးသောပစ္စည်းမှာ အုန်းသီးနှင့် ဖောင်းတော်ခေါ်သော ဖျင်ဖြူ ဖျင်နီစ နှစ်စ ဖြစ်၏။ ရိုးရာ လက်ဖက်၊ ကြက်သွန်ကြော်လည်း ပါရသည်။ အခြား ခဲဖွယ်စားဖွယ်များလည်း သဒ္ဓါတရားရှိလျှင် ထည့်နိုင်သည်။ မထည့်လျှင်လည်းရပါသည်။

အုန်းသီးနှင့် ဖောင်းတော်ကား မပါမဖြစ်သော အရေးကြီးပစ္စည်းပေတည်း။

တစ်ခါသော် ကျွန်တော်၏ဇာတိရပ်မြေနှင့် မိုင်ပေါင်း(၄၀၀)ခန့်ဝေးကွာသော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ပကာရီသတ္တုတွင်းသို့ ရောက်ရှိကာ တာဝန်များထမ်းဆောင်နေချိန် ဖြစ်သည်။ ပကာရီသတ္တုတွင်းသည် ထားဝယ်မြို့၏အရှေ့ဘက်တွင် ရှိ၍ ကျောက်မဲတောင်သတ္တုတွင်းနှင့် ဟာမြင်းကြီးသတ္တုတွင်းများသို့ သွားရာလမ်းခွဲရှိ ပကာရီရွာအနီးတွင် ရှိသည်။

ပကာရီရွာသည် လမ်းဆုံလမ်းခွ ဖြစ်သလို ပကာရီသတ္တုတွင်းလည်း ရှိသောကြောင့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်နှင့် ယမကာဆိုင်တို့ပါရှိသည့် စည်ကားသောရွာကြီး ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့သားများပင် ဒေါ်စောရင် ထမင်းဆိုင်၌ လပေး စားကြသဖြင့် ဆွေမျိုးရင်းချာများကဲ့သို့ ခင်မင်ကြပါသည်။ ဆိုင်ပိုင်ရှင်ဖြစ်သူ မအေးအေးမြင့်၊ မလေးလေးမြင့်တို့ ညီအစ်မ၏ ထမင်းဟင်းလက်ရာကောင်းမွန်လှသလို စိတ်သဘောထားလည်း ကောင်းသူများ ဖြစ်သည်။



သူခိုးလက်မှ ပြန်ရသော စက်ဘီးလေးနှင့် ဆရာမကြီး ဒေါ်ခင်အေးမြင့်

တစ်ညတွင် ထမင်းဆိုင်မှ ညစာစားခဲ့ပြီး အဆောင်သို့ ပြန်ခဲ့ပါသည်။ အဆောင်တွင် အတူနေသူများက ရွာထဲလျှောက်လည်နေကြသဖြင့် ကျွန်တော်တစ်ယောက်တည်း ပြန်လာခြင်း ဖြစ်ပါသည်။ အဆောင်တွင် တစ်ယောက်မှ မရှိသဖြင့် အိပ်ရာပေါ် ထိုင်ရင်း အတွေးကမ္ဘာထဲရောက်နေစဉ်-

'မောင်ကျော် ငါ့မှာ ဖောင်းတော် မရှိဘူးကွ' ဆိုသည့် ကြည်လင်ပြတ်သားသောအသံကို ကြားရပါသည်။ သမထဘာဝနာရှုမှတ်သည့်အခါ ကြားရတတ်သော သောတအာရုံမှအသံမျိုး ဖြစ်ပါသည်။ အသံကိုကြားသည်နှင့် အသံရှင်ပုဂ္ဂိုလ်သည် ကျွန်တော်တို့ရိုးရာ ဆွေတော်မျိုးတော် (၃၇)မင်းနတ် မြင်းဖြူရှင်ဟု အလိုအလျောက် သိနေပါသည်။ ဘာကြောင့် သိတာလဲဟု မေးလျှင် မဖြေတတ်ပါ။ အသံသာကြား၍ ရုပ်ကို မမြင်ရပါ။

'ကောင်းပြီ၊ လုပ်ပေးမယ်'

ဟု ကျွန်တော် ပြန်ဖြေလိုက်ပါသည်။ နောက်ထပ် အသံမကြားရတော့ပါ။ ဘာလဲ၊ ငါဘာဖြစ်သလဲဟု မိမိကိုယ်ကို ပြန်လည်သုံးသပ်၏။ ထူးခြားမှုဟူသာ အဖြေထွက်၏။ ဘာဖောင်းတော်လဲဟု ရေရေရာရာမသိ။ သို့ဖြင့် သတိရ၍ ကောက်ကာငင်ကာ စာရေးလိုက်၏။ စာအတိုချုပ်မှာ-

'မြင်းဖြူရှင်နတ်က ဖောင်းတော် မရှိဘူး လာပြောတယ်၊ ကြည့်လိုက်ကြဦး'

နောက်တစ်လခန့်အကြာ အိမ်မှ ပြန်စာ ရောက်လာ၏။

'ဟုတ်တယ် ကိုကြီးရေ၊ စာရလို့ မြင်းဖြူရှင် ဆွဲအုန်းကို လှမ်းကြည့်တယ်။ အုန်းအသစ်လဲစဉ်က မေ့လို့ဖောင်းတော် (ဖျင်ဖြူ ဖျင်နီစ) မထည့်လိုက်ဘူး။ အခုထည့်လိုက်ပါပြီ' ဆိုသော မိုင်ပေါင်း (၄၀၀) ကျော်အဝေးရှိ အိမ်သူသက်ထားထံမှ ပြန်စာပါ။

အလွန်မှထူးဆန်းသော ဖြစ်ရပ်ပါ။ နတ်နှင့်စကားပြောရာတွင် ကြားခံနတ်ဝင်သည်မှ တစ်ဆင့် ပြောခြင်းသာ တွေ့ဖူး၊ ကြားဖူးပါသည်၊ ကျွန်တော့်ကဲ့သို့ တိုက်ရိုက်ပြောဖူးသူ ရှိအံ့မထင်ပါ။

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းပြန်ပြောရရင် ဟိုလွန်ခဲ့တဲ့ (၂၅) နှစ်ကျော်က တကယ့်အဖြစ်အပျက်လို့ ပြောရမှာပေါ့နော်။ အခုကျွန်တော်ပြောမယ့် ၅၄၀ နတ်ဝင်းဆိုတာ မန္တလေးမြို့ကြီးရဲ့မြို့လယ် လူနေရပ်ကွက်ထဲက တစ်ကွက်ပါ။ ကျွန်တော်တို့ မန္တလေးသူ၊ မန္တလေးသားတွေရဲ့အခေါ် ပေါ့နော်။ တောင်ဘက်မှာ ၅၃၁ လှထောင်ဝင်း၊ အရှေ့ဘက်မှာ ဆိုင်းဝင်း, ချိပါဝင်းနဲ့ မြောက်ဘက်မှာက ပဲဝင်း၊ ညွန့်ပေါင်းဈေးဝင်း၊ ဦးကျားကြီးဝင်း၊ ရွှေတံငါဝင်း၊ ၅၃၂ တမာကုန်းဝင်း၊ ကျားလျှာဝင်း စတဲ့ စတဲ့ ဝင်းဝေါင်းခ,တဲ့ မန္တလေးမြို့ကြီးရဲ့ အထင်ကရ ၅၄၀ နတ်ဝင်းပါ။

အဲ- အဲဒီအထင်ကရ ၅၄၀ နတ်ဝင်းဖြစ်ရခြင်းအကြောင်းက ရပ်ကွက်အလယ်ကောင်မှာ မန္တလေးဘိုးဘိုးကြီးအပါအဝင် (၃၇) မင်း နတ်အပေါင်း စံမြန်းပျော်ပါးကြတဲ့ ပေ (၁၀၀) ကျော်ပတ်လည်ကျယ်ဝန်းတဲ့ နတ်ကနားပေးကြတဲ့ နတ်ကွန်းကြီးတစ်ခု ရှိလို့ပါပဲ။ နတ်ကနားစီးတဲ့ နတ်ကတော်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့က အမေဒေါ်ခွေးမကြီးပါ။ ကျွန်တော်တို့ အဘိုးအဘွားနဲ့က ဆွေလိုမျိုးလိုနေကြတာ၊ အလွန်သဘောကောင်းတဲ့ နတ်ကတော်ကြီးပါ။ ကွမ်းယာကတော့ ဘာစားသလဲမမေးနဲ့၊ ဆိတ်ပါးစပ်ကြီးပဲ (ကန်တော့ပါရဲ့ ခင်ဗျာ)။ ကျွန်တော့်အသက် (၁၈)၊ (၂၀) လောက်မှာ နတ်အုပ်ကြီး အမေဒေါ်ခွေးမကြီးတစ်ယောက် လူကြီးရောဂါ (၉၅) ပါးနဲ့ ကွယ်လွန်ရှာတာပါ။ ကျွန်တော်တို့ ဘလေးဘဝ မှတ်မိစ (၇) နှစ်၊ (၈) နှစ်အရွယ် တပေါင်းလ နတ်ပွဲလတွေမှာ ကျင်းပတဲ့နေ့ကစပြီး ပွဲစ၊ ပွဲဆုံး အဲဒီ နတ်ကနားပွဲမှာပဲ ပျော်မဆုံး မော်မဆုံး ကခုန်ကြ၊ ပြေးလွှားကစားခဲ့ကြတဲ့ ငယ်ဘဝကို အခု အသက် (၅၄) နှစ်၊ ကာလသားပေါက်စ အဘိုးအရွယ် အထိ အထူးပဲ သတိတရနဲ့ လွမ်းမိပါတယ်။

တကယ်ပါ၊ ငယ်စဉ်ဘဝက (၃၇) မင်းနတ်အကြောင်းတွေ ဘာဆိုဘာမှ မသိခဲ့ပါဘူး။ အခုရွယ် (၅၀) ကျော်မှ ကိုကြီးကျော်ရဲ့သမိုင်းက ဒီလိုပါလား၊ ပုပ္ပားမယ်တော်ကြီးရဲ့ဖြစ်စဉ်က ဘယ်လို၊ တောင်ပြုန်းမင်းနှစ်ပါးဖြစ်တဲ့ ရွှေဖျဉ်းကြီး, ရွှေဖျဉ်းငယ်ရဲ့ဘဝက ဒီလိုပါလားရယ်လို့ လက်လှမ်းမီရာ ဘုတ်အုပ်တွေထဲ ဖတ်မိ၊ လေ့လာမိမှ သိခဲ့ရပါတယ်။ အဲဒီ နတ်ကနားဝင်းကြီးရဲ့အရှေ့ဘက်နားက ကျွန်တော်တို့ ၅၄၀ နတ်ဝင်းရဲ့ အကြီးအကဲဖြစ်တဲ့ မြင်းဖြူရှင်အဖေကြီးရဲ့နတ်နန်းကိုလည်း အရှိအသေပြုရင်း လေ့လာခဲ့ပါတယ်။ ဒီလို သိရှိဖို့က အင်မတန်လိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က နတ်ဝင်းခြံပေါက် (နတ်ဝင်းသား) လည်း ဖြစ်ပြန်၊ သားစဉ်မြေးဆက် ဆိုသလို မြန်မာ့ရိုးရာဓလေ့တွေကို ယုံကြည်ကိုးကွယ်သူတစ်ယောက်လည်း ဖြစ်လို့ပါပဲ။

ဟုတ်ပါတယ်၊ ကျွန်တော်ဟာ မြန်မာလူမျိုးစစ်စစ်နဲ့ မန္တလေး နတ်ဝင်းသားတစ်ယောက်ပါ။ ပြောရရင် ကျွန်တော်တို့ နတ်ဝင်းသူ၊ နတ်ဝင်းသား အားလုံးနီးပါးက မန္တလေးဘိုးဘိုးကြီး၊ မြင်းဖြူရှင်အဖေကြီး၊ မုံရွာအလုံဘိုးဘိုးကြီး၊ ထီးဖြူဆောင်းအဖေကြီး စတဲ့ နတ်တွေကို တပေါင်းလ နတ်ပွဲရောက်ရင် စီးပွားရေးအဆင်ပြေတဲ့လူတွေက ကိုယ်ပိုင်ကားတွေနဲ့သွားကြတယ်၊ အဆင်မပြေကြတဲ့သူတွေကတော့ မသွားနိုင်လို့ မြန်မာငွေတစ်ကျပ်နဲ့တစ်မတ် (ငါးမတ်) ကို လူကြုံနဲ့ ရေစင်ဖိုး ဆက်သ,လိုက်ပြီး-

'အလုံဘိုးဘိုးကြီးနဲ့ ထီးဖြူဆောင်းအဖေကြီးရှင့်၊ ကျွန်တော်မျိုးမတို့မိသားစု အဖေကြီးရဲ့နတ်နန်းအရောက် ပျော်ပျော်ပါးပါးနဲ့ ထီးရောက်၊ နန်းရောက် လာချင်ပါတယ် ဘုရား။ ဒါပေမယ့်လည်း ကျွန်တော်မျိုးမတို့ မိသားစု စီးပွားရေးက မကောင်းသေးလို့ပါ။ လာမယ့်နှစ်များမှ ကျွန်တော်မျိုးမတို့မိသားစု ကိုယ်တိုင်ကိုယ်ကျ ထီးရောက်၊ နန်းရောက်လာပြီး ဗောင်းတော်များ၊ ပဝါများ၊ ကန်တော့ပွဲများလည်း ဆက်သချင်ပါတယ်။ စီးပွားလာဘ်လာဘများ ကောင်းအောင် စောင်မကြည့်ရှုပေးတော်မူပါ၊အဖေကြီးရှင့်'





www.burmeseclassic.com


www.burmeseclassic.com

အဲဒီလို တိုင်တည်ဆုတောင်းသံက ကျွန်တော်တို့ငယ်စဉ်က အမေကြီးဒေါ်ငွေးတင်ရဲ့ တပေါင်း နတ်ပွဲလတွေမှာ လူမလိုက်နိုင်လို့ ရေစင်ဖိုးဆက်ရင် ဆုတောင်းစကားတွေကို အလွတ်နီးပါး ရနေကြပါတယ်။ အလုံနတ်ပွဲ၊ ထီးဖြူဆောင်းနတ်ပွဲတွေကို နေ့ချင်းပြန်သွားရတာက လွယ်တာမဟုတ်ဘူး။ ဒါက လည်း ၅၄၀ နတ်ဝင်း တောင်ပေါက်က အရိုးအိုးကြီး ဘုရားစေတီတော်ဝင်းအတွင်းက 'ဓမ္မဒူတ ရှမ်းဘုန်းကြီး' ရဲ့ မနက် (၄) နာရီ အုန်းမောင်းခေါက်ပြီးသွားမှ ည (၈) နာရီ (၉) နာရီလောက်မှာ အိမ်ပြန်ရောက်ကြတယ်။ ထီးရောက် နန်းရောက်သွားလို့ဆက်သ,ပြီးအပြန် နနွင်းနဲ့ရေစင်တွေကို ယူလာကြတယ်။ အိမ်ပြန်ရောက်တော့ လူကြုံဆက်သတဲ့သူတွေကို ဝေမျှကြရတယ်။ နနွင်းကို အိမ်ရှိလူကုန် စတီ တို့လူးကြပြီး ရေစင်ကိုတော့ အိမ်က သောက်ရေအိုးထဲထည့်



သော်တာအောင်(ကျောက်တောင်)

နတ်ဝင်းထဲက မြင်းရွှာသံ





www.burmeseclassic.com

www.burmeseclassic.com

ပွားကြတယ်။ နေ့ချင်းပြန် ဆိုတော့ လူပန်း စိတ်ပန်းကြရတာပေါ့။ ဒီဘက်ခေတ်အခါထိ သားစဉ်မြေးဆက် ဆိုသလို ထီးရောက် နန်းရောက် သွားတဲ့ သူကသွားလို့၊ မသွားနိုင်တဲ့သူတွေက လည်း (၁) ကျပ်၊ (၅) မတ်နဲ့ ရေစင်ဖိုးလေး ဆက်သလိုက်နဲ့ပေါ့ဗျာ။ သူ့အရပ်နဲ့ သူ့ဇာတ်က ဟုတ်လို့။

ဒီလိုနဲ့ပဲ. . . ဆိုကြပါစို့ရဲ့၊ ၁၉၈၈ ခု၊ သီတင်းကျွတ်လမပြည့်မီ လူခြေတိတ်ချိန် ညဉ့် (၁) နာရီကျော်လောက် ၅၄၀ နတ်ဝင်းထဲမှာ အရှေ့က အနောက်၊ တောင်နဲ့ မြောက်ပေါက်ဆီကို လည်ဆံမွေးတဖွားဖွားနဲ့ မြင်းဖြူကြီးတစ်ကောင် ဟီသံပေးရင်း ပြေးသွားတဲ့ မြင်းခွာသံတွေကို (၃) ညတိုင်တိုင် အိပ်ရာထဲကနေ ကြားကြသတဲ့လေ။ မနက်မိုးလင်းလို့ တစ်ယောက်တစ်ပေါက် ကိုယ်ထင်ရာ ထင်ရာကိုပြောဆိုနေကြတာ ကျွန်တော် မြင်နေ၊ ကြားနေရပါတယ်။ သူများတွေလိုပဲ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ပေါ့ဗျာ။ တချို့ကလည်း ဒါဟာ မြင်းဖြူရှင်အဖေကြီးက ဟီသံ၊ ခွာသံပေးလို့ အန္တရာယ်ကျရောက်တော့မယ့်အကြောင်း သတိပေးတာပေါ့နော်။ သတိ ဝီရိယနဲ့ နေကြဖို့၊ အိပ်ကြ၊စားကြဖို့ကို ကျွန်တော်တို့ နတ်ဝင်းထဲက သက်ကြီးရွယ်အို အဘိုး၊ အဘွားများက ပြောနေ၊ မှာနေကြတယ်။ အယုံအကြည်မရှိကြတဲ့သူတွေလည်း ရှိကြတယ် ဆိုတော့ ပြန်ပြောလို့ မကောင်းကြလို့ ပြီးစလွယ် ခေါင်းညိတ်၊ မမြင်ကွယ်ရာကျတော့ စပ်ဖြီးဖြီးနဲ့ ပြုံးတဲ့သူကပြုံး၊ မဲ့တဲ့လူတွေက မဲ့ကြပေါ့ဗျာ။ ဒါမျိုးဆိုတာကလည်း ပြောရခက်သား၊ ပြောမယ့် ကြုံဖူးမှသိတဲ့။ နိမှသောင် နှောင်မှသိတဲ့။

လူအတော်များများက လက်တွေ့ပြမှ၊ မြင်ရမှ ယုံကြတယ်။ သူတို့ကိုယ်တိုင် လက်တွေ့မျက်မြင်ခံစားရမှ ယုံကြည်ကြတာကလည်း ကျွန်တော့်အမြင်ပါပဲ ဆိုတော့ ကျွန်တော့်အနေနဲ့ သူတို့ မယုံချင်နေ၊ ကျွန်တော်ကတော့ လုံးဝ (လုံးဝ) ကို ယုံကြည်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က နတ်ဝင်းသားမို့ ပြောတာ မဟုတ်ဘူး၊ တကယ်တမ်းပြောရရင်-

ဟိုလွန်ခဲ့တဲ့ (၃၅) နှစ်ကျော် အနှစ် (၄၀) နီးပါး ကာလကပေါ့ဗျာ၊ ကျွန်တော်တို့ ၅၄၀ နတ်ဝင်းရဲ့မြောက်ဘက်ဆန်တန်းလို့လည်း ခေါ်ကြတဲ့ (၃၆) လမ်း၊ (၈၁၊ ၈၂) လမ်းကြားက သူဌေးတစ်ယောက်ရဲ့သား အကြီးနဲ့ အပေါင်းအပါ သူငယ်ချင်းတစ်စု ပြင်ဦးလွင်ကို ကိုယ်ပိုင်ကားနဲ့ ပျော်ပွဲစားသဘောအဖြစ် သွားလည်ကြသတဲ့လေ။ (၁၅) နှစ်အထက်၊ (၂၅) နှစ်အောက် လူငယ်တွေဆိုတော့ သိကြတဲ့အတိုင်း ကာလဒေသ ရိုးရာဓလေ့တွေကို သတိမထားနားမလည်တာလည်း ဖြစ်မှာပေါ့။ တချို့လူငယ်တွေက လုံးဝ အယုံအကြည် မရှိကြဘူးပေါ့နော်။ နောက်ပြီး တိုက်တိုက်ဆိုင်ဆိုင်ဖြစ်တယ်လို့ ပြောရမလားဘဲ၊ ဘာလို့လဲ ဆိုတော့ သူဌေးသား အပါအဝင်အရ အသောက်အစား အနည်းအကျဉ်းပါမယ်၊ နောက်ပြီး လူငယ်ပီပီ ပါးစပ်သရမ်းတာလည်း ပါမယ်ထင်ပါရဲ့။ အေးလေ၊ အားလုံးထင်ကြတဲ့အတိုင်း ပြင်ဦးလွင်ကအပြန် ချောက်ထပ်ကွေ့အဆင်းမှာ ကားမှောက်ပြီး ကိုယ်တိုင်ကားမောင်းတဲ့ သူဌေးသားက ပွဲချင်းပြီးသေဆုံးလို့၊ အကြီးဆုံး အထိန်းတော်သူငယ်ချင်းက ခြေကျိုး, လက်ကျိုး၊ ကျန်တဲ့ သူငယ်ချင်းတွေ ထိပ်ပေါက်, ခေါင်းကွဲ ဖြစ်ကြလေသတဲ့။

အဲဒီသတင်း ကြားကြားချင်းပဲ ကျွန်တော်တို့ ၅၄၀ နတ်ဝင်းရဲ့ပတ်ဝန်းကျင်မှာ ပွက်လောက်ရိုက်ကုန်တာပေါ့။ ပြောဆိုဝေဖန်ကြတာလည်း အမျိုးမျိုးပါပဲ။ နတ်နဲ့နဂါးမလှည့်စားနဲ့၊ မယုံကြည်တဲ့သူတွေကို ကိုးမြို့ရှင်အဖေကြီးက ယုံအောင် လက်တွေ့ပြလိုက်တာ၊ ကိုးမြို့ရှင်အဖေကြီးတို့မောင်နှမကို ဘာတွေဝေဖန်ကြတာမှန်းမသိဘဲ စသဖြင့် ပြောဆိုသံလည်း ကြားရတယ်။ (၉) ယောက်သွားတာလာတာ မကြိုက်တဲ့ နယ်မြေ ဆိုတာ သူဌေးသားနဲ့ သူ့ရဲ့သူငယ်ချင်းတွေက လုံးဝ မသိကြဘူးလေ။ တချို့ သိလည်း အယုံအကြည်မရှိတာ ပါမှာပေါ့၊ ဒီတော့ ကျော်မကောင်း, ကြားမကောင်း ဖြစ်ကုန်ကြတာနေမှာပေါ့ စတဲ့ စတဲ့ လူအမျိုးမျိုး ဝေဖန်မှုက အတောမသတ်နိုင်တော့ဘူး။ အသုဘပို့တဲ့ပရိသတ်ကလည်း အများကြီးပဲ။ ကျွန်တော်တို့ ကလေးတွေ မတိုးနိုင်ဘူးဗျ။ အသုဘပို့ပြီး ရက်လည်တဲ့နောက် (၄၊ ၅၊ ၆) လအထိ ပြောစရာ၊ သတိရစရာတွေဖြစ်သွားတဲ့ အဖြစ်ဆိုးကြီးပါပဲ။

ဒါပေမယ့်လည်း ဗုဒ္ဓတရားတော်အရ အချိန်က ကုစားလို့ သေသောသူကြာရင် မေ့သွားကြပြီပေါ့။ လောကဓမ္မတာပါပဲလေ။ ကျွန်တော့်အနေနဲ့ပြောရရင် ယုံချင်ယုံ၊ မယုံချင်နေ။ အဲအဲ- ဒါပေမယ့် မစော်ကားနဲ့၊ ပမာမခန့်မလုပ်နဲ့။ ပညာမတတ်ပေမယ့် လက်ဖက်ထုပ်တော့တတ်ကြတဲ့လူတွေက အများသား။

ကျွန်တော်ကတော့ ၅၄၀ နတ်ဝင်းသားစစ်စစ်ဆိုတော့ နတ်တွေ၊ ဆေးဒင်, လက္ခဏာတွေကို ယုံကြည်ပါတယ်။ ဒါပေမယ့် တစ်ဖက်စွန်းမရောက်အောင် သတိထားပါတယ်။ အလယ်အလတ်လမ်းစဉ်သဘောပေါ့ဗျာ။ အခုလည်းပဲ မြင်းဖြူရှင်အဖေကြီးက သုံးရက်အထိ သတိပေးတဲ့သဘောနဲ့ မြင်းဟီသံ၊ မြင်းခွာသံတွေ ပေးတယ်။ မြင်းဖြူကြီးတစ်ကောင် လည်ဆံမွေးတဖွားဖွားနဲ့ ၅၄၀ နတ်ဝင်းထဲမှာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက် ပြေးတာကို သေသေချာချာ မြင်တွေ့ကြားလိုက်တဲ့သူတွေက အထူးသတိထားပြီး နေထိုင်စားသောက်ကြလေရဲ့။ အဲ- အမှုမဲ့အမှတ်မဲ့ပြောဆိုနေထိုင်ကြတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ဒါကလည်း သဘာဝပါပဲ။ ဖြူတဲ့သူရှိသလို မည်းတဲ့သူလည်းရှိကြပါတယ်။ တစ်နေ့ထက်တစ်နေ့ ဘာများဖြစ်မှာပါလိမ့်၊ ကောင်းသတင်းသာကြားရပါစေ, မြင်ရပါစေလို့ ကန်တော့ပွဲတွေနဲ့ ဆုတောင်းနေကြတာကို ၅၄၀ နတ်ဝင်းထဲက အဖ မြင်းဖြူရှင်အဖေကြီးရဲ့ နန်းထဲမှာ မြင်တွေ့ရပါတယ်။ ဘေးဥပဒ် အန္တရာယ်ကင်းဝေးစေကြောင်း ဆုမွန်ကောင်းတောင်းကြတယ်။

ဒီလိုနဲ့ပဲ ရက်တစ်ပတ်ကျော် (၁၀) ရက်နေ့ ည (၁၀) နာရီကျော်လောက် ကျွန်တော်တို့ ၅၄၀ နတ်ဝင်းအနောက်ပေါက် ညောင်ကန်ဆရာတော် ဦးဗုဒ်ရဲ့ အရိုးအိုးစေတီနဲ့ မန်းရွှေဆောင်မှာရဲ့ အရှေ့ဘက်ကပ်လျက် မြဒါလီစာအုပ်အငှားဆိုင်က စာအုပ်အပုံပေါ်မှာ တင်ပြီးထွန်းထားတဲ့ ဖယောင်းတိုင်မီးကနေ ၅၄၀ နတ်ဝင်း တစ်ရပ်ကွက်လုံး ပြောင်သလင်းခါအောင် အကြီးအကျယ် မီးလောင်ပါလေရောဗျာ။ ကျွန်တော်တို့ တစ်ရပ်ကွက်လုံးနီးပါးက ဓာတ်ဆီနဲ့အလုပ်လုပ်ကြတဲ့ သားရေဖိနပ်လုပ်တဲ့ အိမ်တွေ ဆိုတော့ ပိုဆိုးကုန်တာပေါ့။

ဖြစ်ပုံက မီးစလောင်တဲ့ မြဒါလီစာအုပ်အငှားဆိုင်က နတ်ဝင်းအနောက်ပေါက်နားက ဆိုတော့လေ 'မီး. . . မီးတဲ့၊ နတ်ဝင်းထဲ မီးလောင်နေတယ်' ဆိုပြီး လမ်းဘေးမီးတိုင်ကို မီးစမြင်တဲ့သူတွေက ခေါက်လိုက်ကြတယ်။ နာရီဝက်အတွင်း အရင်ဦးဆုံးရောက်လာတဲ့ ဈေးချိုမီးသတ်တပ်ဖွဲ့က မီးသတ်ပိုက်နဲ့ နတ်ဝင်း အနောက်ပေါက်ကနေ



www.burmeseclassic.com

www.burmeseclassic.com

# အရိုးစူးအရိုးမျက်အတွက် မခက်တဲ့နည်း

အရိုးစူး၊ အရိုးမျက်ခြင်းသည် လူတိုင်းဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စတစ်ခုပဲ ဖြစ်ပါသည်။

နေ့စဉ် ထမင်းသုံးဆောင်သည့်အခါ၊ အထူးသဖြင့် ငါးဟင်းလျာဖြင့် စားသောက်သောအခါ အခန့်မသင့်လျှင် အရိုးစူးခြင်း၊ အရိုးမျက်ခြင်းများ ဖြစ်စေတတ်ပါသည်။ ခံတွင်း၀ (သို့) လည်ချောင်းထဲမှာ ဖြစ်တာကြောင့် ဘယ်လောက်နေရခက်တယ် ဆိုတာ ဖြစ်ဖူးသူများ သိကြပါလိမ့်မည်။

နေ့စဉ် အချိန်တိုင်း ပုံမှန် ထမင်း၊ ဟင်းစားသောက်ခြင်း၊ ရေသောက်ခြင်း၊ အခြား စားဖွယ်များ သုံးဆောင်ခြင်းပြုတိုင်း လည်ချောင်းကို ဖြတ်ဆင်းရတာကြောင့် အရိုးမျက်နေသည့်အခါ ဘာပဲသုံးဆောင်၊ သုံးဆောင် အဆင်မပြေကသိကအောက် ဖြစ်ရစေပါသည်။

လည်ချောင်းတွင် အရိုးစူး, အရိုးနင်ခြင်းအတွက် ဖြေရှင်းနိုင်မည့် ဆေးနည်းများ၊ ဂါထာမန္တန်များ စသဖြင့် နည်းပေါင်းစုံ ရှိပါသည်။

လည်ချောင်း၌အရိုးမျက်နေသည့်အခါ တစ်ခါတစ်ရံ အဆင်သင့်လျှင် ရေတစ်ခွက်သောက်လိုက်ရုံနှင့် သူ့အလိုလို လျှောဆင်းသွားတတ်သော်လည်း အဆင်မသင့်လျှင်တော့ နည်းပေါင်းစုံပေမယ့် နင်မြဲ နင်နေတတ်ပါသည်။

အရိုးမျက်သည့်အခါ အချို့ကတော့ ကြက်ဥအစိမ်းကိုဖောက်၍ မျိုချတတ်ကြပါသည်။ ကြက်ဥ၏ချွဲကျိုသောအရည်များနှင့်အတူ နင်နေသောအရိုးပါ ရောဆင်းသွားတာကြောင့် အဆင်ပြေစေပါသည်။ သို့ပေမယ့် ကြက်ဥအစိမ်း၏ညှီနံ့ကို လူတိုင်းမခံနိုင်တာကြောင့် လူတိုင်းအတွက် အဆင်ပြေ လွယ်ကူစေမည့်နည်းတစ်ခုကတော့ လတ်ဆတ်၍ အရည်ပြည့်သောသံပရာသီးတစ်လုံးအား ရေဆေးပြီး ဓားနှင့်စိတ်ပါ။ သံပရာသီးစိတ်အား ပါးစပ်တွင်ငုံထားပေးပါ။

စုပ်ငုံထားသော သံပရာစိတ်မှ အရည်များအား ဖြည်းဖြည်းချင်း မျိုချပေးပါ။ သံပရာသီးတစ်လုံးမကုန်ခင် သံပရာရည်၏အချဉ်ဓာတ်ကြောင့် မျက်နေသောအရိုး ကြေပျက်ဆင်းသက်သွားပါလိမ့်မည်။

ငါးအရိုးမျက်စဉ်က လက်တွေ့အသုံးပြုပြီး အဆင်ပြေခဲ့တာကြောင့် အသုံးပြုနိုင်ကြရန် တင်ပြအပ်ပါသည်။

သဒ္ဒါ(ဥပဒေ)

ကြမ်းလှမ်းပက်လိုက်တာ မီးက ဝုန်းခနဲ နတ်ဝင်းအတွင်းထဲ ပြန့်ကျဲသွားလို့ ပိုဆိုးကုန်တာပေါ့လို့ ပြောရတာပါ။ မနိုင်တော့ဘူး၊ ဘယ်လိုမှကို မနိုင်တော့ဘူး။

နတ်ဝင်းတစ်လမ်းကျော်က တမာကုန်းမီးသတ်အပြင် မဟာအောင်မြေမီးသတ်၊ ကျွန်းလုံးဥသျှောင်မီးသတ်၊ တမ္ဗဝတီမီးသတ်၊ ဟေမာဇလမီးသတ် စတဲ့ မီးသတ်ပေါင်းစုံက လေးဖက်လေးတန် ဝိုင်းပြီး မီးသတ်ကြရတာပေါ့။ မီးစတင်လောင်တဲ့ မြဒါလီစာအုပ်အငှားဆိုင်နဲ့ (၄) အိမ်ပဲခြားတဲ့ ကျွန်တော်တို့မိသားစုလည်း အသက်ဖက်နဲ့ထုပ်ပြီး ဖင်ပိတ်ပြေးရတာပေါ့ဗျာ။ ဘာပြောကောင်းမလဲ၊ အခု အသက်အရွယ် (၅၄) နှစ်အထိ သတိရတုန်းပဲ။

သတိတရနဲ့ မှတ်မိတာလည်း မပြောနဲ့လေ၊ ဘာလို့လဲ ဆိုတော့ အဲဒီ ကျွန်တော်တို့အရပ် မီးမလောင်ခင် (၃၊ ၄) ရက်က ၁၉၈၈ အရေးအခင်းကြောင့် စစ်အာဏာသိမ်းပြီးလို့ ညမထွက်ရ ကာဖျူးအမိန့်ထုတ်ထားတဲ့ အချိန်ကာလ။ အဲဒီ ကာဖျူးအမိန့်ကြားထဲကနေ အသက်ဖက်နဲ့ထုတ်ပြီး ဖင်ပိတ်ပြေးရတာလို့ပြောတာ ကျွန်တော့်အလွန်လားဗျာ၊ စဉ်းစားသာကြည့်။ ရုပ်ရှင်ရုံတွေထဲမှာ ဇာတ်ဝင်ခန်းအရ သူများတွေ မီးလောင်ပြီးပြေးကြတော့ ခင်ဗျားတို့၊ ကျွန်တော်တို့က ထိုင်ခုံပေါ်မှာ အေးအေးဆေးဆေးထိုင်လို့ နေကြာစေ့လှော် အခွံခွာစားရင်း ဇိမ်ခံပြီး ကြည့်ခဲ့ကြတယ်လေ။ ဟုတ်တယ်နော်။ ဟော- အခုလို ခင်ဗျားတို့၊ ကျွန်တော်တို့ ရပ်ကွက်မီးလောင်လို့ သားသမီးတွေ လက်ဆွဲပြီး ပြေးကြ၊ အိမ်ထဲက တွေ့ကရာ အဝတ်သေတ္တာတွေဆွဲလို့ အရူးမီးဝိုင်းသလို ပြေးကြရတော့ ရုပ်ရှင်ကြည့်တုန်းက သူများတွေ မီးပြေးရတာကို နေကြာစေ့လှော်စားရင်း၊ ထိုင်ခုံပေါ်ထိုင်ရင်း ဇိမ်ခံကြည့်ခဲ့လို့ ကျွန်တော့်အမြင်ပြောရရင် အဲဒါ မသေခင် ဝဋ်လည်တာလို့ ကျွန်တော်တော့ယုံကြည်တယ်ဗျာ၊ ဟုတ်တယ်နော်။ ဒါတွေဟာ လူ့သဘာဝတွေမို့ ဖြစ်တတ်ပါတယ်လေ။

ဒီအကြောင်းတွေက တကယ့်ကိုကိုယ်တွေ့ဘဝသရုပ်ဖော် သမိုင်းဝင်၊ ဂန္ထဝင် ဇာတ်လမ်းတစ်ပုဒ်ပါ။ တကယ်လို့ ကျွန်တော်သာ အခုလို စာရေးပြီး မှတ်တမ်းမတင်ဘဲ သေသွားရင် ဘယ်သူမှ သိကြမှာ မဟုတ်ဘူးနော်။ ဒါကလည်း လူ့လောကကြီးအတွင်းထဲက (၃၁) ဘုံသား လူတွေရဲ့ ဖြစ်ပျက်ကြရတာ ဓမ္မတာမို့ ဘာမှမထူးဆန်းပါဘူးလို့ ပြောလည်း ကျွန်တော် ခံရုံပေါ့ဗျာ။

အဲအဲ - ကျွန်တော်ပြောချင်တဲ့ ဇာတ်သိမ်းပိုင်းက ဒီလိုပါ။

ကျွန်တော်တို့ ၅၄၀ နတ်ဝင်း မီးလောင်တော့ နတ်ဝင်းတောင်ဘက်ထိပ်က သဲအင်းဂူဆရာတော်ကြီးရဲ့အရိုးအိုးကြီးစေတီတော်ဘုရားဝင်းထဲ မီးပြေးကြတာပေါ့။ မီးလောင်နေတာကို ဘုရားအုတ်တံတိုင်းအတွင်းထဲကနေ ငိုရင်းကြည့်နေရတယ်။ ရင်ထဲမှာ အလုံးကြီး၊ အပ္ပလုံးကြီး ဆို့လို့ပေါ့။ မီးက ည (၁၁) နာရီခွဲလို့ (၁၂) နာရီထိုးခါနီးမှ ငြိမ်းသွားတာ။ အရိုးအိုးကြီးစေတီတော် ဘုရားဝင်းထဲ အထုပ်အပိုးတွေ ကိုးရိုးကားရားနဲ့၊ သားသမီးတွေ တိုးလိုးတွဲလောင်းနဲ့ လူတွေ မီးဘေးဒုက္ခသည်ဘဝ လက်တွေ့ခံစားရင်း အမောပြေ အပန်းဖြေရင်း နတ်ဝင်းသူ၊ နတ်ဝင်းသားတွေ တညီတညွတ်တည်း ပြောကြတဲ့ စကားကတော့-

"အင်း- လွန်ခဲ့တဲ့ တစ်ပတ်ကျော်က မြင်းဖြူရှင်အဖေကြီးက မြင်းခွာသံ၊ မြင်းဟီသံတွေနဲ့ အကြိမ်ကြိမ် သတိပေးသွားပဲ၊ ငါတို့ကိုက မယုံကြည်တာလိုလို အမှုမဲ့ အမှတ်မဲ့နဲ့ သတိမထားခဲ့ကြဘူးလေ။ နောက်ဆိုရင် ကျွန်တော်မျိုးမတို့ အထူးပဲ သတိထားပါ့မယ် မြင်းဖြူရှင်အဖေကြီးရှင့်"

အရိုးအိုးကြီးစေတီတော် ဘုရားဝင်းအတွင်းထဲမှာတော့ ၅၄၀ နတ်ဝင်းထဲက မီးဘေးဒုက္ခသည်တွေနဲ့ ပြည့်လို့ပါပဲ။ မီးလောင်ပြင် မှောင်မှောင်မည်းမည်းကြီးထဲမှာ မြင်းဖြူရှင်အဖေကြီးများ မြင်းဖြူကြီးစီးပြီး အားပေးစကားများလာပြီး ပြောလေမလားလို့ တချို့က တွေးရင်း မျှော်နေကြလေရဲ့။

သော်တာအောင်


(ကျောက်တောင်)

www.burmeseclassic.com

www.burmeseclassic.com



ကိုးလောင်းပြိုင်ရွှေခဲ
သန့်ဇင်



ရွှေခဲ လူသတ်သွားပြီတဲ့။ ဤသတင်းက ဆင်ဝိုင်းအတွင်း ချက်ချင်းပြန့်သွားသည်။ ဘယ်လိုဖြစ်တာလဲ၊ ဒီကောင်ကြီးက သိပ်လိမ္မာတာ။ ခိုင်းလို့ အရမ်းကောင်းတဲ့ စွယ်စုံကြီးက ဘာဖြစ်လို့ သူ့ဦးစီးကို သတ်ရတာလဲ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ ဆင်ဦးစီး ကံရင်၏မိန်းမသည် မပဋ္ဌာမြေလူး ဖြစ်နေရှာသည်။ (၃) နှစ်အရွယ် သားလေးကတော့ ဘာမှမသိရှာ၊ ငိုနေသောအမေကို ငေးကြည့်နေသည်။ ရွှေခဲ ဆိုသော ဆင်ကြီးသည် စွယ်စုံအမျိုးအစားဆင်ဖြစ်၍ အသက် (၄၀) ခန့် ရှိပြီး အရပ် (၉) ပေခန့်မြင့်ကာ အစွယ် (၂) ပေခန့်ရှိ အလွန်ခိုင်းကောင်းသောဆင်ကြီး ဖြစ်သည်။ ငုတ်ထုတ်လုပ်ကွက်မှ အလုပ်သိမ်းကာ အုန်းတကူးချောင်းထဲ ရေချဖို့ ဦးစီးကအခေါ်မှာ ရုတ်တရက် အစွယ်နှင့် ထိုးသတ်လိုက်ခြင်း ဖြစ်သည်။

◎

ရွှေဥဒေါင်းကြီးဝိုင်းသည် သပိတ်ကျင်းမြို့နယ် အရှေ့ဘက်တွင်ရှိပြီး အရှေ့ဘက်၌ မိုးကုတ်၊ မြောက်ဘက်၌ မိုးမိတ်မြို့နယ်များနှင့် တဆက်တစပ်တည်းရှိ၏။ တောတောင် အလွန် ထူထပ်၏။ ကျွန်း၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက် စသည့် ပဌမတန်းစား သစ်အမျိုးပေါင်းစုံလင်စွာ ပေါက်သည်။ ဝံ၊ ကျား၊ ဆင်၊ ကျားသစ်၊ ချေ၊ ဒရယ် အလွန်ပေါ၍ နေပြောက်မထိုးသည့်တောကြီး ဖြစ်၏။

အုန်းတကူးချောင်းသည် ရှမ်းရိုးမမှ ချောင်းဖျားခံလာပြီး ရေညှိအိုက်တောင်အား ကွေ့ဝိုက်ကာဖြင့် အုန်းတကူးရွာမြောက်ဘက်မှ တကောင်း ကြံညှပ်လမ်းအားဖြတ်ပြီး အနောက်ဘက် ဧရာဝတီမြစ်မသို့ စီးဝင်သည်။ ရေညှိအိုက်တောင်ကြီး၏ မြောက်ဘက်ပိုင်း တောင်ကုန်းပြန့်ပေါ်တွင် အုန်းတကူး သစ်ထုတ်လုပ်ရေး ဆင်စခန်း ရှိသည်။ ကုန်းကမူ၏အနောက်ခြေ၌ အုန်းတကူးချောင်းသည် ကြည်လင်စိမ်းမြစွာ စီးဆင်းသည်။ မိုးတွင်းတောင်ကျချောင်းဖြစ်သော်လည်း နွေအခါမှာ ရေမပြတ်ပါ။ ဒူးဆစ်ခန့်မှ ရင်စို့အနက်အထိ ရေရှိ၍ ဆင်စခန်းနှင့် အနီးရှိ ရွာလေးပါ ရေအတွက် အဆင်ပြေသည်။

ချောင်းထဲ၌ ဆင်မသားအမိ ရေချိုးနေကြသည်။ ဆင်ဦးစီးလုပ်သူက သူ့ဆင်မကြီးအား ဒိုးနွယ်များဖြင့် ပွတ်တိုက်ဆေးကြောပေးနေသည်။ ဆင်မကြီးကတော့ နှာမောင်းဖြင့် ရေစုပ်ယူ၍ ဆင်ကလေးအား မှုတ်ပန်းပေးခြင်းဖြင့် ရေချိုးပေး၏။ ဆင်ကလေးကား ချောင်းရေထဲမှာမြူးထူးစွာဖြင့် ခုန်ပေါက်လျက်။

တောင်ကုန်းထိပ်မှ သစ်ထုတ်လုပ်ရေးဆင်စခန်းသည် မီးခိုးငွေ့များကြား၌ ငြိမ်သက်သယောင်ယောင် ရှိနေပါသည်။ တောထဲစားကျက်မှ ဆင်တို့၏ ဝါးကိုင်းဆွဲသံ၊ အော်သံများအား တစ်ခါတစ်ရံ ကြားနေရသည်။

ဦးစီးကံရင် ဆင်ထိုးခံရသည်ကြား၍ တောအုပ် ဆရာဦးသောင်း သစ်ကွက်မှ ဆင်ဝိုင်းသို့ ရောက်လာသည်။ ဆင်ခေါင်းကြီး၏တဲ၌ ဆင်လုပ်သားတို့အား စုဝေးစေလိုက်သည်။

"ဦးဖိုးမြ- ဘယ်လိုဖြစ်ရတာလဲဗျာ၊ ပြောပြပါဦး"

"ဆရာလည်း သိပါတယ်ဗျာ။ စစ်ထွက်ယောက်ျား၊ မြွေသမားနှင့် ရေသွား



www.burmeseclassic.com


www.burmeseclassic.com

ခရီး ဆင်စီးတမျှ စိတ်ကဘယ်ခါ မချရာ လို့ မန်လည်ဆရာတော်ကြီး ဆုံးမခဲ့တာပဲ။ ဒီကောင် ကံရင်ကိုက ပေါ့လွန်းပါတယ်ဗျာ။ ကိုယ်စီးနေတဲ့ဆင် မုန်ယိုနေတာကို ငါ့ဆင် ငါပိုင်ပါတယ် သွားလုပ်တာကိုး"

ဆင်ခေါင်းကြီးက တဖျစ်တောက်တောက် ပြောနေရှာ၏။

"ကျွန်တော် ကံရင့်ကို မနက်က သတိပေးလိုက်သေးတယ်။ မင်းရဲ့ဆင် နားရွက် အရမ်းခတ်နေတယ်၊ မုန်အာ သောက်နေပြီ ထင်တယ်။ သတိထားနော် ဆိုတော့ ရပါတယ်ကွာတဲ့။ ဒီကောင်ကလည်း မူးနေတော့ ပြောရခက်သား"

ဆင်ဦးစီးတစ်ယောက်က ဝင်ပြော၏။ ဆင်တို့မုန်ယိုခြင်း ဆိုသည်မှာ ရာဂ စိတ်ထကြွလာချိန်၌ဖြစ်တတ်သော အမူအရာလက္ခဏာ ဖြစ်သည်။ ဆင်မုန်ယိုပြီဆိုလျှင် ဆင်၏နားထင်ရှိ မုန်တွင်းခေါ် အကျိတ်များ၏ ထိပ်ပိုင်းရှိ အပေါက်ကလေးများကြွလာပြီး ပျစ်ချွဲချွဲအရည်များ စီးကျလာသည်ကို အပေါ် မုန်





www.burmeseclassic.com

www.burmeseclassic.com

ယိုသည်ဟု ခေါ်သည်။ ပါးစပ်အတွင်း စီးဝင်လာလျှင် မုန်အာသောက်သည်ဟု ခေါ်၏။ အန္တရာယ်အကြီးဆုံးအချိန် ဖြစ်ပါသည်။ လိင်အင်္ဂါများထကြွလာခဲ့လျှင် အောက်မုန်ယိုပြီဖြစ်၍ ထိန်းမနိုင်သိမ်းမရဖြစ်ကာ မည်းမည်းမြင်ရာ တိုက်ခိုက်တတ်သည်။ အပေါ်မုန်ကျစဉ် ကောင်းစွာ ထိန်းချုပ်နိုင်လျှင် မုန်ယိုစိတ်ရပ်တန့်သွားပြီး ပြန်ငြိမ်သွားတတ်၏။ ဆင်မများ မုန်ယိုခြင်းမှာ မသိသာလှပါ။ ဆင်ထီးများကဲ့သို့ မုန်ဆိုးခြင်းမရှိဘဲ ညင်သာလှ၏။ မည်မျှလိမ္မာသောဆင်ဖြစ်ပါစေ၊ မုန်ယိုလာလျှင် ထိန်းရခက်လှပါသည်။ တိရစ္ဆာန်သာဖြစ်၍ အသိဉာဏ်ရှိသော လူသားက ထိန်းသိမ်းကွပ်ကဲရမည် ဖြစ်သည်။ ယခုတော့ ဆင်စီးသမားက ပေါ့ပြက်ပြက်နိုင်ခဲ့သဖြင့် ရွှေခဲ လူသတ်ဖူးသွား၏။ မုန်စိတ်ကြောင့် အကပ်မခံဘဲ စားကျက်တောထဲသို့ ပြေးသွားပြီ ဖြစ်သည်။ တောထဲမှာ ဆင်မလေးများ ရှိသည်။ သူတို့သဘာဝ နေထိုင်ကြပါဦးမည်။ ရွှေခဲ၏ဦးစီးဟောင်း ဦးစီက သစ်လုပ်ကွက်သို့ ရောက်နေသည်။ ရွှေခဲ ဆင်ပေါက်ဘဝမှာ ကျုံးသွင်း လေ့ကျင့်ပေးခဲ့ရသော လက်ဦးဆရာ ဖြစ်သည်။ ရွှေခဲအပေါ် လည်း သံယောဇဉ်ရှိသည်။ သစ်ထုတ်လုပ်ရေးမှ ဆင်များသည် တန်ဖိုးအလွန်ရှိ၏။ ဦးစီးတစ်ယောက်အား သတ်ရုံဖြင့် အပြစ်ပေးလို့မရပါ။

တောအုပ်ကြီး ဆရာဦးသောင်းမှ ကံရင်၏အသုဘအတွက် ဆင်ခေါင်းကြီးအား မှာစရာရှိတာ မှာနေသည်။ မိန်းမနှင့်ကလေးကျန်ခဲ့၍ ထောက်ပံ့ကြေးကအစ စီစဉ်ပေးရသည်။ စခန်းစောင့်ဦးရှမ်းကား ဆင်ဝိုင်းထိပ်ရှိ ဥတိန္နနတ်ကွန်း၌ ဆီမီး၊ အမွှေးတိုင်များ ပူဇော်ပ,သ၍ အမိုက်အမဲလေးများအား ခွင့်လွှတ်ပါရန် တောင်းပန်နေရှာသည်။

ဆင်ဝိုင်းထိပ် တဲစပ်ဆီမှ ခွေးဟောင်သံသဲ့သဲ့ကြားရသည်။ ကြည့်လိုက်တော့ ဆင်ပေါက်လေးအား ခွေးတစ်ကောင်က ထိုးဟောင်နေခြင်း ဖြစ်သည်။ ဆင်မကြီးက နှာမောင်းဖြင့် တွန်းထုတ်လိုက်သောအခါ ခွေးသည် တအိုင်အိုင်မြည်၍ ပြေးလေသည်။ ကျွန်းပင်ကြီးထိပ်၍ အိပ်တန်းပြန်ငှက်တို့ ဆူညံစွာ ကိုင်းလုနေကြသည်။ အုန်းတကူးဆင်စခန်းလေးကား ဘာမှမသိသလိုဖြင့် သာယာငြိမ်သက်လျက်။

ဦးစီ ဆင်ဝိုင်းမှ အရှေ့ဘက်လျှို အတွင်း တောလမ်းလေးအတိုင်း ဆင်းလာခဲ့သည်။ အရှေ့ဘက်ဆီမှ အင်ပြန်တောင်ရိုးသည် ဝါးတောကြီးများ၊ သစ်ပင်ကြီးများဖြင့် နေပြောက်မထိုးအောင် ထူထပ်လှ၏။ ရေထွက်ကောင်းသဖြင့် ဝါးနှင့်တောငှက်ပျောပင်တို့ ဆယ့်နှစ်ရာသီပတ်လုံး ပေါက်ရောက်သောကြောင့် ဆင်သမားများက လုပ်ငန်းခွင်ဖြီးလျှင် ထိုတောသို့ ဆင်များအား စားကျက်လွှတ်မြဲ ဖြစ်သည်။ တောတောင်တို့၏ သဘာဝအရ ဆင်ခလောက်သံသဲ့သဲ့ကို ကြားနေရသည်။ တချို့ဆင်များကလည်း သည်၊ ခလောက်ထဲသို့ ရွှံ့များထိုးပိတ်ပြီး အသံဖျောက်၍ သူတို့ကြိုက်သော ငှက်ပျောပင်၊ ဝါးပင်များရှိရာသို့သွားပြီး ဇိမ်နှင့်စား၍ နပ်နေတတ်ကြသည်။ ဒီတော့ ဆင်ဦးစီးက ခလောက်သံမကြားလျှင် ဖျောက်၍မရသော ဆင်ခြေရာလမ်းကြောင်းအတိုင်း စားကျက်သို့ လိုက်ရတော့သည်။

ဦးစီ လွယ်အိတ်ထဲမှာ မန်ကျည်းသီးနှင့် ဆား၊ ထန်းလျက်များ ထည့်ပြီး ဆင်ကြီးရွှေခဲနောက် လိုက်နေသည်။ ဆင်ဦးစီးကံရင် သေသည်မှာ ရက်လည်ပြီဖြစ်၍ ရွှေခဲကြီးလည်း မုန်စိတ်ပျောက်လောက်ပါ၏။ အင်ပြန်တောင် အရှေ့လျှိုပြန့် ဝါးတောစပ်သို့ရောက်သောအခါ ခလောက်သံသည် ပို၍နီးလာပြီ ဖြစ်သည်။ ဦးစီ သတိထား၍ တောအနေအထားအား ကြည့်သည်။ မြေပျော့၌ ဆင်ခြေရာနှစ်စုံတွေ့နေရသည်။ ခြေရာတစ်စုံက ရွှေခဲကြီး၏ခြေရာမှန်း သူသိလိုက်သည်။ နောက်ခြေရာတစ်စုံက ခပ်သေးသေး ဆိုတော့. . . ဦးစီ ပြုံးမိလိုက်၏။

ရွှေခဲ ချစ်သူတွေ့သွားပြီ။ ဆင်မလေးတစ်ကောင်၏ ခြေရာသာတည်း။

ဆင်ဦးစီး လက်ဟောင်းကြီးဖြစ်ပြီး ဆင်တွေ၏အထာကို နောကျေနေသူဖြစ်၍ ရွှေခဲကြီးကို ပြန်ကောက်ဖို့ ဘာအန္တရာယ်မှမရှိဟု တွက်ဆလိုက်သည်။

လျှိုစောင်းသည် ကိုင်းမြက်တို့ဖြင့် ဖုံးလွှမ်းနေပြီး ကညင်ပင်နှင့် ကျွန်းပင်တို့က ဟိုဒီ တစ်ပင်စီဖြင့် မိုးစွန့်နေသည်။ ဆင်ခလောက်သံသည် လျှိုအောက်ဝါးတောထဲမှ လာနေသည်။ နီးနီးကပ်ကပ် ကြားနေရ၏။ ဘာမှမဝေးတော့။ သူ အသံစ, ပေးလိုက်သည်။

"ရွှေခဲကြီးရေ။ ဟေ့- ရွှေခဲကြီး၊ လာ လာ"

ဦးစီ အသံပေး၍ ဝါးတောစပ်သို့ တရွေ့ရွေ့ ချဉ်းကပ်သည်။ ရွှေခဲသည် သစ်လုပ်ငန်းသုံး ဆင်ယဉ် ဖြစ်နေသော်လည်း လူသတ်ဖူးသောဆင် ဖြစ်နေသည်။ ဆင်သည် သားရဲတိရစ္ဆာန်များထဲတွင် အန္တရာယ်အလွန်ကြီးသော အင်အားရှိသည့် သတ္တဝါ ဖြစ်၏။ အခြားသော သတ္တဝါများထက် အသိဉာဏ်ပိုရှိသည်။ ကြောက်စရာလည်း အလွန်ကောင်းသည်။ အနီးကပ်ဆုံး သခင်တိုင် သေကြောင်းကြံတတ်သည်။ သခင်အား သစ္စာရှိသလို သခင်ကိုပင် ဒုက္ခပေးတတ်၏။

"ရွှေခဲရေ၊ လာ လာ ရွှေခဲရေ"

ဦးစီ ဝါးတောထဲ အဝင်မှာပင် တွေ့ပါပြီ။ ဆင်သည် နားလည်းပါး၏၊ အနံ့ခံလည်း အလွန်ကောင်း၏။ ရွှေခဲသည် ဦးစီ တောတိုးလာကတည်းက ကြိုပြီးသိနေသည်။ သို့သော် ရွှေခဲ ဆင်ပေါက်ဘဝ ကျုံးသွင်းခံရပြီးနောက် ဝန်ပေါ့လေ့ကျင့်ခြင်းမှ သစ်ဆွဲဆင်ဖြစ်လာသည်အထိ လက်ဦးသခင်ဖြစ်နေ၍ ဦးစီကို ဘယ်အခါမှ မေ့မည် မဟုတ်ပါ။ တခြား ဆင်ရိုင်းသာဆိုခဲ့လျှင် ဦးစီလည်း ဆင်နင်းလို့သေမည်လား၊ ခွေးပြေး,ဝက်ပြေးပဲ ပြေးနေရမည်လား မသိ။

ရွှေခဲသည် ဦးစီအား တွေကြည့်နေသည်။ နှာမောင်းအောက်ချ၍ မျက်တောင်မခတ်၊ နားရွက်မလှုပ်ဘဲ ငြိမ်နေသည်။ အနီးရှိ ဆင်မသည်လည်း ဆင်ဝိုင်းတွင်းမှ စားကျက်လွှတ်ထားသော ဆင်မ မိနီ ဖြစ်နေသည်။ မိနီသည် သူ့ယောက်ျားဖြစ်နေသူ ရွှေခဲကြီး၏အရိပ်အခြည်အား စောင့်ကြည့်နေသည်။ အကယ်၍ ရွှေခဲ တောနက်ထဲသို့ ထွက်ပြေးခဲ့လျှင် သူပါ ခိုးရာလိုက်တော့မည် ဖြစ်သည်။ ဦးစီလို ဆင်ဦးစီးပါးဝနေသူက ဆင်အထာကို သိနေပြီးသား။ ရွှေခဲ မပြေးတော့ပါ၊ သူ့အပြစ်သူ သိနေ၍ သခင်ကို ကြောက်နေခြင်းသာတည်း။ မုန်စိတ်ပျောက်သွားပြီးနောက် ယခင်စိတ် ပြန်လည်ခဲ့သောအခါမှာကား ရွှေခဲကြီးသည် တကယ့်ဆင်ကောင်းကြီး တစ်ကောင် ဖြစ်၏။ ဆင်ဝိုင်းမှာလည်း ခေါင်းဆောင်ဆင်ကြီး ဖြစ်သည်။ ဦးစီသည် ရွှေခဲကြီးအား ချော့ရတော့မည် ဖြစ်သည်။ သို့မှသာ သခင်က အပြစ်ကိုခွင့်လွှတ်ပြီး ပြန်ခေါ်နေမှန်း သိသွားမည် ဖြစ်၏။

"ဆော်ပိုင်. . . ဆော်ပိုင်. . .



www.burmeseclassic.com

www.burmeseclassic.com

လော့မိုင်ရယ် . . . ဆော်ပိုင်ရေ . . . ဆော်ပိုင် လော့မိုင်ရယ်"

ဦးစီ၏ဆင်ချော့တေးက ရွှေဥ ခေါင်းကြီးဝိုင်းအတွင်း အင်ပြန်တောင်အား ပဲ့တင်ထပ်၍ လွင့်မျောလာ၏။ အသံအေးအေးလေးဖြင့် မှုဦးဆိုနေသော ဦးစီ၏ဆင်ချော့သီချင်းသံသည် ကလေးတစ်ယောက်အား ချော့သိပ်နေသကဲ့သို့ ရှိ၏။ လွယ်အိတ်ထဲမှ မန်ကျည်းသီးဆားနယ်လုံးအား ထုတ်၍ ရွှေခဲကြီးကို ပြသည်။ ရွှေခဲကြီးက အနီးရှိ ဆင်မအား နှာမောင်းဖြင့် တို့လိုက်သည်။ ပြီးတော့ ဦးစီရှိရာသို့ တစ်လှမ်းချင်း တိုးလာ၏။ ဆင်မက သူ့ကို ခေါ်မှန်းသိ၍ နောက်မှ တစ်လှမ်းချင်း လှမ်းလျက်။ ဆင်နှစ်ကောင် မလှမ်းမကမ်းသို့ ရောက်သော အခါ ဦးစီ သီချင်းသံကိုရပ်လိုက်သည်။

"ဟောင် . . . ဟောင်- ရွှေခဲ"

ဆင်တို့နားလည်သောဆင်စကားဖြင့် အမိန့်ပေးလိုက်သည်။ 'ဟောင်၊ ဟောင်' ဆိုသည်မှာ ဆင်ကိုရပ်ခိုင်းခြင်း ဖြစ်သည်။ ရွှေခဲကြီးက ခြေစုံရပ်လိုက်သည်။ သခင့်အမိန့်အား နားထောင်နေပြီ ဖြစ်သည်။ မျက်စိတွေက ဦးစီ လက်ထဲမှ မန်ကျည်းသီးလုံးကို ကြည့်လျက်။

"ရော့- စား၊ မင်းမိန်းမကိုလည်း ကျွေးလိုက်ဦး"

ဦးစီက နောက်တစ်လုံးထုတ်လိုက်ပြီး လှမ်းပေးလိုက်သည်။ ဆင်ထီးများသည် ဆင်မိန်းမကိုလည်း တော်တော်ချစ်ရှာသည်လား။ မန်ကျည်းသီးလုံးအား နှာမောင်းဖြင့် လှမ်းယူပြီး ဆင်မ မိနီသို့ လှည့်ပေး၏။ ဦးစီက ရွှေခဲကြီး၏ဘယ်ဘက်သို့ဝင်လိုက်သည်။ ဆင်ယဉ်တို့သည် ဘယ်ဝင်၊ ညာဝင် အမှတ်အသားရှိသည်။ သူတို့ကြိုက်သောဘက်မှ ဝင်ရသည်။ ရွှေခဲက ဘယ်ဝင်ကြိုက်သော ဆင် ဖြစ်သည်။ အဝင်မှားလျှင် အလွန်အန္တရာယ်ကြီး၏။

"မက် . . . မက်"

ဆင်ကို ဝပ်ခိုင်းခြင်း ဖြစ်သည်။ သို့သော် ရွှေခဲကြီးက မဝပ်ဘဲ ဦးစီ၏ လွယ်အိတ်ကို လှမ်းဆွဲသည်။ ဦးစီ လွယ်အိတ်ထဲမှာ ထန်းလျက်ပါသည်ကို အနံ့ရ၍ သိနေသဖြင့် စားမလို့တောင်းခြင်း ဖြစ်သည်။ ထုတ်ပေးလိုက်တော့ ဆင်လင်မယားနှစ်ကောင် ခွဲဝေစားကြ၏။ 'တော်တော် မယားချစ်တဲ့ ရွှေခဲ' ဟု ဦးစီ ညည်းမိသည်။ ထန်းလျက်စားပြီးမှ ဦးစီ ရှေ့မှာ ဝပ်ပေးသည်။ ဦးကင်းပေါ် တက်ထိုင်လိုက်ပြီး ခြေဖနောင့်နှင့်တို့လိုက်ရုံရှိသေး၏။ ရွှေခဲက ဆင်ဝိုင်းသို့ ဦးတည်နေလေပြီ။ သည်လိုဆင်မျိုးအား ဘယ်ပုံ ဘယ်ရွေ့ အပြစ်ပေးရပါမည်နည်း။

◎

ရွှေခဲကြီးပြန်ရောက်လာပြီး ပုံမှန်အလုပ်ပြန်လုပ်နေပြီ ဖြစ်သည်။ အလုပ်သိမ်းချိန် ချောင်းထဲမှာ ရေချိုးပေးပြီး ဆင်စားကျက်သို့လွှတ်လိုက်လျှင် ဆင်မ မိနီမှာ မယောင်မလည်ဖြင့် ပါသွားတတ်သည်။ သတ္တဝါတို့၏သဘောသဘာဝဖြစ်၍ မည်သူမျှ အလေးအနက်မထားကြ။

ဤသို့ဖြင့် လေးလခန့်အကြာ၌- တစ်နေ့ . . .

ပဋ္ဌာန်နဂိုသစ်ကွက်၌ ဆင်အင်အားနည်းသဖြင့် ဆင်မမိနီအား ခေါ်ဆောင်သွားကြသည်။ ပဋ္ဌာန်နဂို ဆင်ခေါင်းကြီးအား အုန်းတကူးဆင်ဝိုင်းတာဝန်ခံ ဆင်ခေါင်းကြီး ဦးဖိုးမြက ဆင်မှတ်ပုံတင်ဖြင့် တရားဝင်လွှဲပေးသည်။ ပဋ္ဌာန်နဂိုဆင်ခေါင်းကြီးနှင့် ဦးစီး၊ လုံကိုင်တို့ ဆင်ပုခက်ပေါ် တက်ပြီး၍ ဦးဖိုးမြက မိနီနှာမောင်းကို ကိုင်ပြီး 'သွားတော့' ဟု လက်ညှိုးညွှန်နေသည်အား ချောင်းစပ်ရောက်နေသော ရွှေခဲကြီး လှမ်းကြည့်နေသည်ကို မည်သူမျှ သတိမထားမိပါ။ ဆင်မမိနီ ဆင်ဝိုင်းကုန်းထိပ်မှ မြောက်ဘက်လမ်းအတိုင်းအဆင်း၊ အုန်းတကူးချောင်းစပ်မှ ရွှေခဲကြီးအား လှည့်ကြည့်၏။ မိနီဝမ်းနည်းနေမည်မှာ သေချာပါ၏။ ဦးကင်းထိပ်မှ ချွန်းကိုကြောက်၍ မအော်ရဲ။

"တေ . . . တေ . . . တေ . . . တေ"

ဦးစီသည် ချောင်းစပ်မှာပေကတ်နေသော ရွှေခဲအား ရေထဲသို့ အတင်းဆင်းခိုင်းနေ၏။ ဦးစီအား မလွန်ဆန်နိုင်သဖြင့် ရေစပ်သို့ဆင်းပြီး ဒူးဆစ်မြုပ်လောက်သည့်နေရာမှ ဆင်မ မိနီသွားသည့်ဘက်သို့လှည့်၍ နှာမောင်းမြှောက်ကာ အော်လိုက်ပါတော့သည်။

"ဝူး . . . ဟူး . . . ဝူး . . ."

ဆင်ဦးစီးလုပ်သူမှာ တိရစ္ဆာန်စကားအား နားမလည်၍သာ ရှိပေမည်။ သူ့ဆင်ကြီး တစ်ခုခု ထူးခြားနေပြီကိုတော့ ရိပ်မိလိုက်၏။

"လာပါ သားရယ်၊ မင်းကို ငါ ကိုယ်တိုင် ရေချိုးပေးမှာပါ။ ဘာတွေ ဖြစ်နေတာလဲ"

ဆင်မ မိနီ ပါသွားသည်ကို 'ဦးစီ' မသိလိုက်ပါ။

ထိုစဉ်မှာ ဆင်ခေါင်းကြီး ဦးဖိုးမြသည် ရေလဲပုဆိုးနံငယ်ပိုင်းအား ဝတ်၍ ချောင်းစပ်သို့ ရေချိုးဆင်းလာနေသည်။ ချောင်းစပ်မရောက်မီမှာပင် ရေထဲဝင်၍ ကြေးတွန်းခံနေသော ရွှေခဲကြီးသည် ဖြုန်းခနဲ ထရပ်လိုက်ပြီး ဦးဖိုးမြဆီသို့ တစ်ဟုန်ထိုး ပြေးသွားပါတော့သည်။

"ရွှေခဲ- မလုပ်နဲ့၊ မလုပ်နဲ့"

ဦးစီ၏အော်သံသည် အုန်းတကူးချောင်းရိုးမှတစ်ဆင့် အင်ပြန်တောင်တန်းဆီမှ ပဲ့တင်ရိုက်၍ပြန်လာနေသည်။ ဆင်သတ္တဝါတို့၏ စိတ်ဖောက်ပြန်သော အချိန်အခါမှာ မည်သူက တား၍ရမည်နည်း။ ဆင်တိုးသံ၊ ဦးစီ၏အော်သံကြောင့် ဦးဖိုးမြကြည့်လိုက်ရာ သူ့ဆီသို့ ပြေးလာနေသော အစွယ်ဖွေးဖွေးနှင့် ရွှေခဲကြီးအား တွေ့လိုက်ရပါတော့သည်။ ဆင်ဆိုသည်မှာ ခန္ဓာကိုယ်ကကြီးမားသလောက် လှုပ်ရှားမှု အလွန်မြန်သော သတ္တဝါ ဖြစ်၏။ ဦးဖိုးမြ ချောင်းကမ်းပါးပေါ်သို့ တက်ပြေးသည်။ သို့သော် မလွတ်ရှာပါ။ ရွှေခဲ၏အစွယ်နှစ်ချောင်းထက်၌ ဦးဖိုးမြ စွေ့ခနဲ ပါသွား၏။ ပြီးတော့ ပြန်ကျအလာမှာ ရှေ့ခွာဖြင့် နင်းသတ်လိုက်ပါတော့သည်။

ဦးစီ ချောင်းကမ်းပါးထိပ် တညင်ပင်ကြီးနောက် ပြေးဝင်လိုက်ပြီး စခန်းတစ်ခုလုံးကြားအောင် အော်လိုက်ပါသည်။

"ရွှေခဲ စိတ်ဖောက်ပြန်နေပြီဟေ့- လုပ်ကြပါဦး။ ကလေးတွေ၊ မိန်းမတွေ လွတ်ရာပြေးကြ"

ရွှေခဲကြီးကား ဦးဖိုးမြအား အပြီးတကြီးဖြင့် နင်းသတ်နေသည်။ သူ့ချစ်သူအား တခြားတစ်နေရာသို့ နေရာပြောင်းခိုင်းလိုက်သူဟု ထင်ပြီး စိတ်မှတ်ကြီး၍ ကလဲ့စားချေနေခြင်း ဖြစ်သည်။

"ရွှေခဲ၊ ယား ယား ယား ယား"

ဆင်ခေါင်းဦးစီသည် အန္တရာယ်လွတ်ကင်းရာမှနေ၍ ဆင်တို့နားလည်သော စကားဖြင့် မလုပ်ဖို့ အော်ဟစ်နေသည်။ ဆင်သမားတွေ ပြောက်အိုး၊ ပေထုပ်များ ယူလာကြပြီး မီးရှို့၍ ဖောက်ခွဲပစ်လိုက်ကြသည်။

"ဖောင်း . . . အုန်း"

"ဖောင်း . . . ဒိုင်း"

ပြောက်အိုးသံကြောင့် ရွှေခဲလန့်သွားပြီး အုန်းတကူးချောင်းရိုးအတိုင်း ရေညှိအိုက်တောင်ကြားထဲသို့ ပြေးဝင်သွားပါတော့သည်။

◎



www.burmeseclassic.com

www.burmeseclassic.com

"ဦးစီ- ဘယ်လိုလုပ်ကြမလဲ"

တောအုပ်ကြီး ဆရာဦးသောင်းက မေးလိုက်သည်။ ဆင်ခေါင်းကြီး ဆင်နင်းခံရသည့်သတင်း ကြားရသဖြင့် သူ ရောက်လာခြင်း ဖြစ်သည်။

"ဆရာရယ်၊ ရွှေခဲကြီးဟာ သူ့ကောင်မ မိနီကို တခြားနေရာ ရွှေ့လိုက်လို့ ဒေါသထွက်ပြီး ဖြစ်သွားရတာပါ။ ဒီကောင်ကြီးက တကယ်အားကိုးရတဲ့ဆင်ကြီးပါ"

"ဒီလိုလုပ်ဗျာ၊ ခင်ဗျား တောနင်းပြီး လိုက်ရှာ။ ရအောင်ပြန်ခေါ်ခဲ့။ ပြန်ရောက်လာရင် ဆင်ဦးစီးပြောင်းမယ်။ ဒီကောင်ကြီးကို မလှန်နိုင်အောင်လုပ်နိုင်တဲ့ ဆင်ဦးစီး ရှိပါတယ်"

ရွှေခဲကဲ့သို့ ဘက်စုံသုံးနိုင်သော ဆင်ပြောင်ကြီးမျိုးအား လူနှစ်ယောက်သတ်ဖူးရုံဖြင့် ဆင်ဆိုးစာရင်းသွင်း၍ မဖြစ်သေးပါ။ မြန်မာ့သစ်လုပ်ငန်းတွင် စက်ယန္တရားတွေ ဘယ်လောက်တိုးတက်လာနေပြီ ဖြစ်သော်လည်း တောတွင်းသစ်စခန်းများ၌ ဆင်များ၏အရေးပါမှုသည် အမိကကျနေသည် မဟုတ်ပါလား။

ဦးစီ ရင်လေးနေမိပါသည်။ သူ၏ ဆင်လုပ်သက်အရ ရွှေခဲ၏အနာဂတ်မှာ မလှပနိုင်တော့မှန်း ရိပ်စားမိနေသည်။ ပြီး- နောက်ရောက်လာဦးမည့် ဆင်ဦးစီးအတွက် အခြေအနေက ကောင်းနိုင်မည်မဟုတ်။ အထက်အရာရှိ ဖြစ်နေ၍ ဘာမှမပြောသာ။

နောက်နေ့ နံနက်စောစောမှာ ရွှေဒေါင်းကြီးဝိုင်းအတွင်းသို့ ထွက်လာခဲ့တော့သည်။

၀

ရှမ်းရိုးမကြီးသည် တောင်ခိုးတို့ဖြင့် ဝေ၍ကောင်းတုန်းပင်။ ကျွန်းပင်၊ အင်ပင်အရွက်အခက်တို့မှ နှင်းစက်များသည် မြေပေါ်သို့ တပေါက်ပေါက်ကျလျက်။ တောနင်းလာသော လူသံကြောင့် တောကောင်ငယ်ကလေးများ ဟိုဒီပြေးလွှား၍ ပုန်းကြသည်။ တောနက်လာပြီဖြစ်၍ လွယ်ထားသော ဒူးလေးအားဖြုတ်၍ အဆင်သင့်ပြင်ထားလိုက်ရသည်။ မြားတံထိပ်မှ နက်ကျောကျောအရောင် တစ်ခွေ့ခုန်အဆိပ်သည် သွေးဆာနေသလိုလို။ ဤတော ဤတောင်အကြောင်းကိုတော့ ဦးစီ ကောင်းကောင်းသိသည်။ ဆင်လိုက်ရင်း ဆင်နင်းလို့မသေဘဲ ကျားသစ်ကိုက်ခံရမည်လား၊ ဝံကုတ်ခံရမည်လား။ သတိကို မပြတ်တင်၍ မျက်စိ၊ နားစွင့်ထားရ၏။ ပြာသိုလသည် တောကောင်ကြီးများ မိတ်လိုက်သည့်အချိန် မဟုတ်ပါလား။ နားစွင့်ကြည့်တော့ ရွှေခဲ၏ခလောက်သံ မကြားရ။ ဒီကောင် လူလည်ကျပြီ ထင်သည်။ ဆင်တို့သည် အလွန်ပင်ပါးနပ်၏။ မှတ်ဉာဏ်လည်း ကောင်းသည်။ သူတို့နောက် မလိုက်စေလိုလျှင် ဆင်ခလောက်ထဲ ရွှံ့များထိုးထည့်တတ်ကြသည်။ ထိုအခါ ခလောက်သည် အသံမမြည်တော့။

ကုန်းစောင်းအတိုင်းဆင်းပြီး ဝါးတောကြီးရှိရာ ခင်တန်းဘက် ဆက်လိုက်သည်။ အစာရေစာပေါများသည့်တောကိုသာ ရွှေခဲကြီးပြေးမည်ကို တွက်ဆထားပြီးသား။ နောက်ပြီးတော့ အရှေ့မိုးကုတ်ဘက် တောင်တန်းတွေကြားမှာ တောဆင်ရိုင်းတွေကလည်း ရှိနေသည်။ ရွှေခဲက စွယ်စုံဆင် ဖြစ်သောကြောင့် ဆင်ရိုင်းတွေကိုလည်း ကြောက်မည်မဟုတ်။ ဟိုင်းလိုကောင်မျိုးနဲ့တွေ့လျှင် ဗိုလ်လုကြဦးမည်။ မျက်စိရှင်ရှင်ထားပြီး လျှောက်လာစဉ် ဝါးတောထဲမှ မည်းမည်းအရိပ်အား တွေ့လိုက်ရသည်။ ဝါးရွက်ခြောက်များအား နင်း၍လာသော ချွတ်ချွတ်အသံကို ကြားရ၏။ ရုတ်တရက် ဒူးထောက်ချလိုက်ပြီး သေချာကြည့်လိုက်တော့ ဝက်ဝံတစ်ကောင်။ ခြေကားရား လက်ကားရားဖြင့်၊ လက်သည်းကြီးတွေက အသည်းယားစရာကြီး။ အစာရှာထွက်လာသော ဝက်ဝံဖြစ်၏။ ဦးစီ ရုတ်တရက် ဝါးရွက်တွေကြား ပက်လက်လှန်အိပ်လိုက်သည်။ မလှုပ်မယှက်။

ဝက်ဝံသည် သစ်ပင်တွေအား မော့ကြည့်မော့ကြည့်နှင့် ဦးစီ အနားသို့ ရောက်လာသည်။ မလှုပ်မယှက် ပက်လက်ဖြစ်နေသော ဦးစီအား နမ်းကြည့်သည်။ အသေကောင်ထင်သွားသည်။ ပြီးနောက် ညာလက်မှာကိုင်ထားသော ဒူးလေးအား ငုံ့နမ်းပြန်၏။ မြားတံထိပ်မှ တစ်ခွေ့ခုန်အဆိပ်အား နမ်းမိသွားသည်။

"ဂူး . . . ဂူး . . . ဂူး"

တောသတ္တဝါများသည် အန္တရာယ်ရှိသော အဆိပ်အား၊ သူတို့သဘာဝအရ သိကြသည်။ လီဆူတိုင်းရင်းသားများသာသိသော တစ်ခွေ့ခုန်အဆိပ်ပင်အား ဝက်ဝံတွေကလည်း သိကြသည်။ ယောင်လို့ပင် အပင်နားသို့ မကပ်ကြ။ ယခုလည်း ဝက်ဝံကြီး အဆိပ်အား နမ်းမိပြီး အော်ဟစ်၍ ထွက်ပြေးသွားပါတော့သည်။ ဦးစီသည် ဆင်ကောက်လာခြင်းဖြစ်ရာ တခြားသောသတ္တဝါများအား ဖြစ်နိုင်လျှင် မသတ်လိုပါ။ ရှောင်လို့ရသရွေ့ ရှောင်မည့်လူမျိုး ဖြစ်ပါသည်။ မုဆိုးစစ်စစ်သာဆိုလျှင် ဤဝက်ဝံ အသက်ထွက်သွားမည်သာ ဖြစ်၏။

နေမွန်းတည့်ပြီ။ ယမနေပင်ကြီးပေါ်မှ ငှက်တစ်ကောင်သည် 'အုံ အုံ' မြည်၍ အသံပေးနေသည်။ လူသံကြားရသဖြင့် ခပ်လှမ်းလှမ်းမှ အစာစားနေကြသော ဒရယ်စုံတွဲ လန့်၍ထွက်ပြေးသွားသည်။ အုန်းတကူးချောင်းရိုးသည် စမ်းချောင်းစပ်စပ်သာ ရှိတော့သည်။ ကြည်လင်သောရေက သွဲ့သွဲ့လေး စီးနေ၏။ ကျောက်တုံးများအကြားမှ ကျောက်ငါးကြင်းလေးများ ကူးခပ်နေကြသည်။

တွေ့ပါပြီ။

ရွှေခဲကြီးသည် တောငှက်ပျောပင်များကိုဝအောင်စားပြီး ရေဆင်းသောက်နေခြင်း ဖြစ်သည်။ ကြီးမားသော အစွယ်ကြီးနှစ်ချောင်း၌ ခြောက်ကပ်နေသောသွေးများကို တွေ့ရသည်။ ဦးစီက လေတင်ဖြစ်နေ၍ ရွှေခဲကြီး အနံ့မရခြင်း ဖြစ်သည်။ ဦးစီ အော်ခေါ်လိုက်သည်။

"ရွှေခဲရေ- ငါ့သားကြီး၊ လာ လာ"

ခပ်လှမ်းလှမ်းဆိုပေမယ့် နားပါးသောသတ္တဝါဖြစ်၍ ခေါင်းထောင်လာပြီး နားရွက်ကြီးနှစ်ဖက် ကားတက်လာသည်။ အသံလာရာဆီသို့ သူကြည့်နေသည်။ ဦးစီကို တွေ့သွားပါပြီ။ ရွှေခဲကား ဦးစီကို အလွန်သံယောဇဉ်ကြီး၏။ ဦးစီကလည်း ရွှေခဲ သူ့ကို ဘယ်တော့မှအန္တရာယ်မပေးဟု ယုံကြည်သည်။ ရွှေခဲက တုပ်တုပ်မလှုပ်၊ စမ်းချောင်းစပ်မှာ ရပ်နေသည်။

ဦးစီ ဆင်အနားသို့ တစ်လှမ်းချင်းချဉ်းကပ်နေသည်။ ပါးစပ်မှလည်း စုတ်သပ်ပေးနေ၏။

"ရှူး . . . ဗွမ်း"

ဦးစီ၏တစ်ကိုယ်လုံး ရေစိုသွားသည်။ ရွှေခဲက နှာမောင်းဖြင့် စမ်းရေအား စုပ်ယူပြီး ဦးစီအား ပက်လိုက်ခြင်းဖြစ်သည်။

"ငါ့သား ရွှေခဲကြီးရယ်၊ မင်း ဘာဖြစ်လို့ ဦးဖိုးမြတို့ သတ်လိုက်တာလဲ။ မင်း တယ်မိုက်တဲ့ကောင်ပဲကွာ။ မင်း ဒီလိုလုပ်နေရင် ဒုက္ခတွေ့တော့မယ်။ ငါ့စကားကို နားထောင်ပါကွ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆိုဖြင့် လွယ်အိတ်အတွင်းမှ ရွှေခဲကြိုက်တတ်သော မုန့်ကျည်းသီးဆားလုံးများအား ခွံ့ကျွေးနေသည်။ ရွှေခဲကြီးသည် မျက်တောင်များ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းဖြင့် မန်ကျည်းသီးလုံးအား စားနေ၏။ စားရင်းဖြင့် မျက်ရည်ကျလာသည်ကို တွေ့ရသည်။ ရွှေခဲ ဝမ်းနည်းနေပေပြီ။ အစွယ်မှာပေနေသော သွေးစွန်းခြောက်များအား ရေဖြင့် ပွတ်တိုက်ဆေးပေးရင်း သူ့ကိုပွတ်သပ်ပေးရ၏။ စားလို့ကုန်သွားသောအခါ ရွှေခဲသည် ဦးစီအား စိုက်ကြည့်နေ၏။ သဘောကတော့ သခင်၏အမိန့်အား နာခံနေသည့်အလားရှိ၏။

"မက်. . . မက်. . . မက်"

ရွှေခဲ ဝပ်ပေးလိုက်ပါသည်။ ဦးစီသည် ဦးကင်းပေါ် တက်ထိုင်လိုက်ပြီး အချက်ပေးလိုက်သည်။ ရွှေခဲကား လာလမ်းအတိုင်း ဆင်စခန်းဆီသို့ ဦးတည်ပြန်ပါလေ၏။

၀

လူနှစ်ယောက်သတ်ထားပြီးဖြစ်၍ ရွှေခဲအား လွှတ်မထားဘဲ ထူးခတ်ထားရ၏။ ဦးစီကိုယ်တိုင် ငှက်ပျောပင်၊ ဝါးကိုင်းများအား ခုတ်ကျွေးရသည်။ (၂) ရက်ခန့်ရှိသော် အနောက် ကုသာနယ်မှ ဆင်ဦးစီးအသစ်တစ်ယောက် ရောက်လာသည်။ ကျော်ဒင်ဆိုသူ ဖြစ်၏။ သူက ကုသာနယ်မှာ နာမည်ကြီး ဆင်ဦးစီးဖြစ်သည်။ တော်ရုံဆင်ဆိုးမှာ ကျော်ဒင်နှင့်တွေ့လျှင် ဝပ်သွားရမြဲ ဖြစ်သည်။ အလွန်ရက်စက်သည်။ ကျော်ဒင် စီးခဲ့သော ဆင်များမှာ ဦးကင်း၌ ချွန်းဒဏ်ရာ ဗရပွနှင့် ကျန်ရစ်ခဲ့သည်က များလေသည်။

ကျော်ဒင်သည် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းပါလေတော့သည်။ ထူးခတ်ထားသော ရွှေခဲကြီးအနီးသို့ သွားလိုက်ပြီး နားရွက်ဖျားအား လှီးဖြတ်လိုက်ပါတော့သည်။

"ကျီ. . ."

ရွှေခဲကြီးကား နာလွန်းလှသဖြင့် အော်ဟစ်နေရှာသည်။

"မင်းကို ငါနိုင်သွားပြီ၊ မင်း ငါခိုင်းတာလုပ်ရမယ်။ ငါ ကျွေးတာစား၊ ငါ့ကို မလှန်နဲ့"

ကျော်ဒင် ရွှေခဲအား အမိန့်ပေးနေသည်။ ဆင်များသည် နားရွက်ကိုထိလျှင် အလွန်နာတတ်သည်။ တချို့ ဆင်ဦးစီးများက မလှန်နိုင်အောင် အမိန့်နာခံရန်အတွက် နားရွက်လှီးတတ်ကြသည်။

ရှမ်းနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပါလေပြီ။ ရွှေခဲ၏နားရွက်မှ သွေးတို့ ပေါက်ပေါက်ကျနေ၏။ ဦးစီသည် ရွှေခဲအား အဝေးမှကြည့်ရင်း စိတ်မသက်မသာဖြစ်နေရှာသည်။ ရွှေခဲအနား မည်သူမျှ မရှိတော့မှ ဝက်ဆီနှံ့နန္ဒင်းစပ်ထားသော ဆင်ဆေးအား နားရွက်ဒဏ်ရာကို ထည့်ပေးရသည်။ ရွှေခဲကြီး မျက်ရည်ကျပြန်၏။ ဆင်သည် အမှတ်အလွန်ကြီးသည်။ ရွှေခဲလို ဆင်ကတစ်မျိုး။ သူ သံယောဇဉ်ရှိသူဆိုလျှင် မြူတစ်မှုန်အန္တရာယ်မပေးတတ်သော်လည်း သူ့အား နာကြည်းအောင်လုပ်သူကို သူမှတ်ထားတော့မှာ သေချာနေပါပြီ။

"ငါ့သား- မင်းကို နောက်နေ့ကစပြီး ကျော်ဒင်က ခိုင်းလိမ့်မယ်။ လိမ်လိမ်မာမာ အလုပ်လုပ်ပါကွာ။ လူတွေကို အန္တရာယ်မပေးပါနဲ့တော့"

ရွှေခဲကြီးကား ဦးစီကို တွေတွေကြီး ကြည့်နေလေသည်။ ဆင်သတ္တဝါတို့၏အတွင်းစိတ်သည် မိန်းမတို့နှင့်မခြားဝေခွဲရခက်လှပါပေ၏။

၀

ဆင်စခန်းမြောက်ဘက် သစ်လုပ်ကွက်၌ လူစုံ၊ ဆင်စုံ လုပ်ငန်းခွင်ဝင်နေကြ၏။ ခုတ်လှဲပြီးသောသစ်လုံးများအား အုန်းတကူးချောင်းစပ်သို့ ဆင်တချို့ ဆွဲနေကြသည်။ ဆင်ဦးစီး ကျော်ဒင်နှင့် ရွှေခဲကြီးမှာ ကျွန်းငုတ်ဖော်နေ၏။ လက်သုံးဖက်မျှရှိသော ကျွန်းငုတ်အား ဖော်ရသည်မှာ မလွယ်လှပါ။ သည်လိုလုပ်ငန်းမျိုးက ရွှေခဲလို တံဆင်မျိုးမှ ပို၍အလုပ်တွင်သည်။ ရွှေခဲက အလုပ်ကတ်သည့် ဆင်မျိုးမဟုတ်။ ပြလိုက်သည်နှင့် ဘာလုပ်ရမည်ကို သိနေသောဆင် ဖြစ်၏။ သို့သော် ကျော်ဒင်အတွေးက တစ်မျိုး။ လူနှစ်ယောက်သတ်ထားသောဆင်ဖြစ်၍ နှိမ်ထားမှဖြစ်မည်ဟူသော အတွေးဖြင့် ရွှေခဲလုပ်နေလျက်နှင့် ချွန်းဖြင့် ပေါက်ကာ ရက်ရက်စက်စက်ခိုင်းနေသည်။ တစ်ခါတစ်ရံ နာ၍ ကျီခနဲ အော်သည့်အသံကို သစ်ဆွဲဆင်စီးနေသော ဦးစီ အတိုင်းသားကြားနေရသည်။ ဒီပုံစံမျိုးနှင့်ဆိုလျှင် တစ်နေ့နေ့မှာ ပြဿနာတက်တော့မည်ဟု ဦးစီ ထင်မိသည်။ တောအုပ်ကြီးအား အကျိုးအကြောင်းရှင်းပြပြီး လူလဲမှဖြစ်မည်ဟု ပြောရန် စိတ်ကူးမိသည်။ ကျော်ဒင်ဘယ်လောက် ဆင်စီးကောင်းကောင်း၊ ဆင်ကိုဘယ်လောက်နိုင်နိုင် ဆင် ဆိုသည်မှာ တစ်နေ့ (၃) ကြိမ် သခင်ကို သေကြောင်းကြံဖို့ စဉ်းစားသည်ဟု ဆိုထားသည် မဟုတ်ပါလား။ ဆင်အနား လူရှိနေလျှင် ဆင်သည် လူကို မျက်ခြည်မပြတ် ကြည့်နေတတ်သည်။ ဆင်ကြံကြံသည့် မျက်လုံးဟု လူတွေ ပြောတတ်ကြသည်။

တစ်ငုတ်ပြီးသွား၍ နောက်တစ်ငုတ်ဆီသို့ ရွှေ့သွားကြသည်။ ဦးစီတို့နှင့် ခပ်လှမ်းလှမ်း ဖြစ်သွား၏။ ရွှေခဲကြီးသည် ရွှေ့လက်နှစ်ချောင်းဝပ်၍ ကျွန်းငုတ်ကြီးအား ဦးခေါင်းဖြင့် တွန်းနေ့နေသည်။ သစ်ငုတ်ကြွလာတော့ သန်စွမ်းလှသောအစွယ်ဖြင့် ပင့်ကော်မ,သည်။ တစ်ကြိမ်နှင့်မရ၍ နောက်တစ်ကြိမ် ထပ်မ,သည်။ ကျွန်းငုတ်က တော်တော်နှင့် မကြွ။ ကျော်ဒင် စိတ်တိုလာပြီး ရွှေခဲ၏ ဦးကင်းအား ချွန်းနှင့် ဆက်ကာဆက်ကာ ပေါက်သည်။ သွေးတို့ယိုစီးကျလာ၏။ ရွှေခဲ ပြန်ရပ်လိုက်ပြီး နာလွန်း၍ နားရွက်နှစ်ဖက်အား ဆတ်ဆတ်ခါ၏။

ရုတ်တရက် ရွှေ့လက်နှစ်ဖက် ကွေးချလိုက်သည်။ အမှတ်တမဲ့မို့ ဦးကင်းထက်မှ ကျော်ဒင် သစ်ငုတ်ပေါ် ပြုတ်ကျသွားတော့သည်။ သစ်ငုတ်ပေါ်မှ ငုတ်ဘေးလိမ့်ကျအလာမှာ ရွှေခဲ၏ အစွယ်နှစ်ချောင်းသည် စွေ့ခနဲ ဖြစ်သွားသည်။

သွားပြီ. . .။

ကျော်ဒင်၏ခန္ဓာကိုယ်မှာ ရွှေခဲကြီး၏အစွယ်ကြားမှာ ကားကားကြီးဖြစ်နေ၏။ ကျော်ဒင်၏အော်ဟစ်သံမှာ သစ်ကွက်အတွင်း ဆူညံစွာ ပေါ်ထွက်လာသည်။ အနီးရှိ ကညင်ပင်ပေါ်မှ ငှက်တို့ စူးစူးဝါးဝါးဟစ်အော်ကြသည်။ ရွှေခဲက အစွယ်မှာညပ်နေသော ကျော်ဒင်အလောင်းအား ခါချလိုက်ပြီး ရွှေ့ခွာဖြင့် နင်းချလိုက်သည်။ ဦးခေါင်းသည် စိစိညက်ညက်ကြေလျက်။ အော်ဟစ်သံများကြားရသဖြင့် ဆင်သမားများ ပြေးလာကြသည်။ ကြောက်မက်ဖွယ် မြင်ကွင်းကြောင့် အနားမလာကြတော့ဘဲ ပြေးကုန်ကြ၏။ သစ်ကွက်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသဖြင့် ဦးစီ သစ်ဆွဲနေရာမှ ထိုနေရာသို့ ဆင်ကိုဦးတည်ခိုင်းလိုက်သည်။ ရွှေခဲသည် ဒေါသအလွန်ကြီးနေပြီ ဖြစ်သည်။ အနီးရှိတဲတစ်လုံးအား ပြေးပြီးဝှေ့လိုက်ပြန်၏။ တဲမှာ မြေပေါ်သို့ ပြားပြားဝပ်သွားသည်။ အလုပ်သမားတစ်ယောက်က အင်ပင်ကြီးပေါ် ဖက်တက်သွားသဖြင့် အင်ပင်အား ဦးကင်းနှင့်ပြေးဆောင့်သည်။ ထိုလူတ



www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းမှာ ပုဆိုးကွင်းနှင့် ကိုယ်အား ပတ်ထား၍ ပြုတ်မကျ။ အင်ပင်ကြီး သိမ့်သိမ့်ခါနေသည်။ ဦးစီ၏ဆင်ကြီးသည် သခင့်အမိန့်အတိုင်း မကြောက်မရွံ့ဘဲ ရွှေခဲကြီးရှိရာသို့ ဦးတည်နေသည်။ ဦးစီဆင်က ဟိုင်းဆင်ကြီး ဖြစ်သည်။ နားရွက်ကားကားကြီးနှင့် ရွှေခဲထက် အလုံးအထည် ပိုကြီးသည်။ ရမ်းကားနေသောရွှေခဲကို မြင်ရ၍ လည်းကောင်း၊ သခင်၏အမိန့်ပေးချက်ကြောင့်လည်းကောင်း တိုတုတ် သန်မာသော နှာမောင်းကြီးအား မြှောက်ပြီး သွားနေသည်။ ဆင်နှစ်စီး သစ်ကွင်းကွက်လပ်မှာရင်ဆိုင်မိကြသည်။ ဦးစီက ဟိုင်းကြီးအား ချွန်းနှင့်အုပ်လိုက်သည်။ ဆင်ကြီးတုံ့ခနဲ ရပ်သွားသည်။ နှာမောင်းကိုတော့ မချသေး။ ဆင်အော်သံကြောင့် ရွှေခဲသည် တဲများကိုဖျက်နေရာမှ လှည့်လာသည်။

"ဟေ့ကောင်- ရွှေခဲ၊ မင်း တယ်မိုက်ပါလား။ ငါ့ပြောစကားကို နားမထောင်ဘူး၊ မင်း ဒုက္ခရောက်တော့မယ်"

နှာမောင်းအားကိုးသည့် ဟိုင်းကြီးကလည်း နှာမောင်းမြှောက်လျက် အဆင်သင့်၊ အစွယ်အားကိုးသည့် စွယ်စုံတံဆင် ရွှေခဲကြီးကလည်း အစွယ်နှင့်ထိုးရန်အဆင်သင့်။ သို့သော် နှစ်ကောင်လုံး ရပ်နေကြသည်။ ရွှေခဲသည် ဦးစီပြောစကားအား တွေပြီး နားထောင်နေသည်။ ပုန်းနေကြသော သစ်စခန်းမှ အလုပ်သမားများက သည်းထိတ်ရင်ဖိုဖွယ်ရာ မြင်ကွင်းကိုကြည့်ပြီး အသည်းတယားယားဖြစ်နေကြသည်။ ဦးစီတော့ ဒီတစ်ခါ ဆင်နှစ်ကောင်ကြား နင်းခံရပြီဟု ထင်နေကြသည်။

ရွှေခဲကြီး ကျီခနဲ မြည်အောင် အော်ပြီး လှည့်ပြေးသွားပါတော့သည်။ ဟိုင်းကြီးက သခင့်အမိန့်ကို စောင့်နေသည့်အလား ငြိမ်သက်လျက်။

**၀**

ဦးစီ ရွှေခဲနောက် မလိုက်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ရွှေခဲအား ဆိုးသွမ်းဆင်စာရင်းထဲ ထည့်လိုက်ကြပြီး သတ်မိန့်ပေးလိုက်ပြီ ဖြစ်သောကြောင့်တည်း။ ဆင်ပေါက်ကလေးဘဝကတည်းက သူလေ့ကျင့်ပေးခဲ့ရသော ရွှေခဲအတွက် စိတ်မကောင်း ဖြစ်မိပါသည်။ ရွှေခဲကြီးကား ပျောက်ခြင်းမလှ ပျောက်သွား၏။ သပိတ်ကျင်းမြို့နယ် ရွှေဥဒေါင်းသစ်တောကြိုးဝိုင်းသည် မိုးကုတ်၊ မိုးမိတ်သစ်တောကြိုးဝိုင်းများနှင့် ထိစပ်နေပြီး တောတောင် အလွန်ကြီးသည်။ တောရိုင်းတိရစ္ဆာန် အလွန် ပေါများ၏။ ရွှေခဲလို ပါးနပ်သောဆင်သည် သစ်လုပ်ကွက်ကြိုးဝိုင်းသို့ ပြန်၍ လည်လာမည်မဟုတ်။ မုဆိုးအဖွဲ့ကတော့ ရွှေခဲအား အပြစ်ဒဏ်ပေးရန် တောနင်း၍လိုက်နေပြီ ဖြစ်ပါသည်။ မုဆိုးအဖွဲ့တွက်ဆသည်က မိုးမိတ်နယ်ထဲသို့ ပြေးမည်ဟုထင်ထားကြသည်။ မောင်တော်နှမတော်တောင် အရှေ့မြောက်စူးစူးသို့ တောနင်း၍ လိုက်ကြသည်။

သို့သော် ကြားရသည့်သတင်းက ဤသို့ ဖြစ်သည်။ ဇရပ်တွင်းအရှေ့ဘက် တောထဲ ရွှေတူးနေသူများ၏ တဲစခန်းသို့ ရွှေခဲ ဝင်မွှေသွားသည်တဲ့။ ညဘက်အချိန်မှာ တဲတစ်လုံးအားနင်းပြီး အိပ်နေသော လင်မယားနှစ်ယောက်ကို ထိုးသတ်သွားသည့်သတင်းအား ကြားရ၏။ ရွှေခဲ လူသတ်သည်မှာ ငါးလောင်းရှိပြီ။ နယ်မြေအာဏာပိုင်များ ဏှုပ်ရှားကြရတော့မည်။

ဆင်ဆိုးကြီး ရွှေခဲ ဖြစ်နေပါချေပြီတကား။ ဇရပ်ကွင်းနှင့် တစ်ဆက်တည်း လိပ်ကျဘက်မှာလည်း ဝင်မွှေသွားသည်တဲ့။ ထိုစဉ်က ဤနေရာများသည် ရွှေတူးဖော်ရေးကုမ္ပဏီများ မရှိသေး။ သတင်းကြား၍ နီးစပ်ရာရွာများက လာရောက်ခိုးတူးသည့်တဲစုငယ်လေးများသာ ဖြစ်သောကြောင့် တောဆင်ရိုင်းများဝင်လာလျှင်လည်း ထွက်ပြေးကြရသည်။ ယခုကဲ့သို့ သစ်လုပ်ငန်းမှ ဆင်ယဉ်တစ်ကောင်က စိတ်ဖောက်ပြန်ပြီး သင်းကွဲတစ်ကောင်တည်း ဝင်ဖျက်ဆီးမည်ကိုတော့ မည်သူကမျှ သတိမထားမိကြ။ ဆင်ဆိုးဆိုသည်က တဲတွေ့၍ ဝင်ဖျက်ပြီဆိုလျှင် လူကိုလည်း ချမ်းသာမပေးတတ်။ ယခုပင် မြစ်အရှေ့ တောင်တန်းတစ်လျှောက် ဇရပ်ကွင်း၊ လိပ်ကျ၊ ချောင်းကြီးရွာစဉ်တန်း အရှေ့တောထဲရှိ ရွှေတူးသည့် တဲစုကလေးများအား ဝင်နင်းသွား၍ သတင်းပြန့်သွားပြီး မည်သူမျှမနေရဲကြတော့။ ရွှေခဲ လူသတ်သည်မှာ (၇) လောင်းရှိနေပြီ။

သစ်တောဦးစီးမှ ဆင်ပစ်အဖွဲ့ ဇရပ်ကွင်းသို့ ကားလမ်းအတိုင်း အမြန်ပေါက်ချလာချိန်မှာတော့ လေးမိုင်ရွာ ရဲကင်းသို့ ဝါးခုတ်သူတစ်စု သတင်းလာပို့သည်။ တောထဲမှာ ထင်းခုတ်နေသူ သားအဖနှစ်ယောက် ဆင်နင်းခံရသည် သတင်း ဖြစ်သည်။ ရဲကင်းမှ အတြ... တစ်ယောက် အုန်းတာတူးဆင်စခန်းသို့ ရောက်လာပြီး ဦးစီအား လာခေါ်သည်။ ဆင်ခြေရာနှင့် လက်စလက်နကိုကြ... ပြီး ရွှေခဲလက်ချက် ဟုတ်၊မဟုတ် သိ... ၍ အကူအညီတောင်းခြင်း ဖြစ်သည်။ ဦးစီ လိုက်သွားပြီး ကြည့်လိုက်တော့ ရွှေခဲလက်ချက်ဖြစ်နေတာ သေချာ... သည်။ တောအုပ်ကြီးလည်း ခေါင်းပူ... ပါသည်။ နောက်ဆုံးတော့ နယ်မြေ... တပ်ရင်း၊ ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီး... ဆင်ပစ်အဖွဲ့ ပူးပေါင်း၍ ရွှေဥဒေါင်း... ကြိုးဝိုင်း ရှမ်းတောင်ရိုးတစ်လျှောက်... တောနင်းရတော့သည်။

ဒီကြားထဲ ဟိုမှ သည်မှ သတင်း... တွေရလာသည်။ ဆင်ကြီးက မန္တလေး... တိုင်းမှနယ်ကျော်ကာ စစ်ကိုင်းတိုင်းဒေ... သကြီးအထိ မြစ်ကူးသွားခြင်းပေတည်း... အရှေ့ ကသာကြိုးဝိုင်းမှ တောထဲမှာ... ရွှေခဲအား တွေ့လိုက်ရသည့်သတင်းနှင့် ကန့်ဘလူသစ်တောကြိုးဝိုင်း ဧရိယာ... ထဲအထိ ဝင်မွှေသွားသည့်သတင်းများ... ဖြစ်သည်။ ရွှေခဲကြီးနှင့် ဆင်ပစ်အဖွဲ့... လိုက်တမ်းပြေးတမ်းကစားသလို ဖြစ်နေ... သည်။ ထိုကြိုးဝိုင်းမှ ဝန်ထမ်းများအား... မှာထားရသည်။ တွေ့သည်နှင့် အသေ... ပစ်သတ်ဖို့ ဖြစ်သည်။ မြစ်အနောက်... ဘက်နှင့် ကသာအရှေ့မှာ တောနင်း... လိုက်တော့ ရွှေခဲက သပိတ်ကျင်းဘက်... ပြန်လည်လာသည်။ ရွှေခိုးတူးသည့်... စခန်းတွေ အကုန်ရပ်ကုန်၏။ ဝက်သေ... လိပ်ကျ၊ ဖက်ရှည်၊ ကွင်းသုံးဆယ်နှင့်... ငှက်ပျောတောရွာ တဲစုများအား ဝင်မွှေ... သည့်သတင်း ဖြစ်သည်။ ငှက်ပျောတော... ရွှေစခန်းက အဆိုးဆုံးခံလိုက်ရသည်... ပြန်ခုခံဖို့နေနေသာသာ အစွယ်ဖွေးဖွေး... နှင့် ရွှေခဲကြီးပြေးလာသည်ကို ဝေးဝေး... မှမြင်ရုံနှင့် လွတ်ရာပြေးကြရသည်။ တဲ... တစ်လုံးလျှင် ရွှေခဲ တစ်ချက်စာသာ... သည်မို့ တဲအိမ်လေးတွေက ပြားပြားဝပ်...

နောက်ဆုံး ငါးယောက်တစ်ဖွဲ့... ပြီး တောနင်းကြတော့သည်။ ထိုစဉ်က မုဆိုးများတွင် နှစ်လုံးပြူး၊ သံမဏိကျည်... ဆန်တွေရှိကြသဖြင့် ရွာမုဆိုးတွေ... လည်း တိတ်တိတ်လေး ကျိတ်လိုက်နေ... ကြသည်။ ရွှေခဲ၏အစွယ်မျိုး တစ်စုံ ငါး... သိန်းပေါက်နေပြီ ဖြစ်၏။ ရွှေခဲသတင်း... က တစ်ပတ်ခန့် ငြိမ်ကျသွားသည်။... တွေကတော့ တောအား တစ်လခန့်ချင်း... နင်း၍ ရှာနေကြပြီ ဖြစ်သည်။ တစ်...



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လုံး ဆိုးသွမ်းလာသော၊ တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်အောင်ကြောက်နေရသော ရွှေခဲကြီး ဘယ်ပျောက်သွားပြီနည်း။ တချို့က သူသတ်ခဲ့သောလူတွေ၏ဝိညာဉ်တွေ စီးနေရာက ခွာသွားသဖြင့် လူသတ်ဆင်ကြီး ငြိမ်သွားခြင်း ဖြစ်သည်ဟု ကောလာဟလတွေ ထွက်နေ၏။

O

အင်ပြန်တောင်ရိုး၏အရှေ့ (၁၀) မိုင်ခန့်အကွာတွင် ပုံမြန့်တောင် ရှိ၏။ တောင်ခြေ၌ မြေပြန့်လေးများ ဟိုသည်တစ်ကွက်စီ ဖြစ်ပေါ်နေသည်။ စိမ့်စမ်းကောင်းသဖြင့် ကိုင်းတောကြီးများ ရှိသည်။ ထိုနေရာမှအခြေတည်လာသော ချောင်းပေါက်လေးတစ်ခုသည် အင်ပြန်တောင် လျှိုကြားမှဖြတ်စီးပြီး အုန်းတကူးချောင်းထဲသို့ စီးဝင်၏။ ထိုချောင်းဖျား၌ ရှမ်းအဘိုးအိုလင်မယားနေသည့် တောင်ယာတဲလေးတစ်လုံး ရှိသည်။ မြေပြန့်လေးအား လယ်တည်၍ တောင်ယာစပါးစိုက်သည်။ တစ်ခါတစ်ရံ တောထွက် ပျားရည်၊ ဆတ်သားခြောက်နှင့် ရွှေအတိုအစလေးများ မြို့ပေါ်တက်ရောင်းသည်ကို တွေ့ကြရသည်။ သည်နယ်က တောထဲမြေကြီးတူး၍ ချောင်းထဲအင်ဝိုင်းဖြင့်ရွှေကျင်လျှင် ထမင်းစားဖို့ မပူရ။

တစ်နေ့ အဘိုးကြီးလင်မယား (၄) မိုင်ရွာ ဈေးတန်းသို့ ဆီ၊ ငရုတ်၊ ကြက်သွန်နှင့် ဆားဝယ်ပြီး တောထဲသို့အပြန် သူတို့ တောင်ယာတဲအနီး ကိုင်းတောထဲ၌ ညည်းသံကြားရ၍ မဝံ့မရဲဖြင့် ဝင်ကြည့်ရာ ဆင်ကြီးရွှေခဲအား တွေ့ရပါလေတော့သည်။ ရွှေခဲကြီး လဲနေ၏။ အဘိုးကြီးလင်မယား ကြောက်၍ပြေးမည်ပြုသည်။ ရွှေခဲက မထနိုင်။

"အဘွားကြီး၊ ဒီဆင်ကြီးဟာ သစ်စခန်းက နာမည်ကြီးနေတဲ့ ဆင်ကြီးရွှေခဲဖြစ်မယ်ထင်တယ်"

"လာပါ အဘိုးကြီးရယ်၊ ရွှေခဲဆိုရင် ကျွန်မတို့ဒုက္ခရောက်ကုန်လိမ့်မယ်။ ဆင်ကြီးမထနိုင်ခင် ပြေးမှ"

"နေဦး- ငါကြည့်ရသလောက်က ဒီဆင်ကြီး ဒဏ်ရာရနေလို့ မထနိုင်တာနေမှာ။ သေခါနီးဖြစ်နေရင်လည်း သစ်တောကို အကြောင်းကြားတာပေါ့"

အဘိုးကြီးက ကိုင်းတောထဲမှာလဲနေသော ရွှေခဲကြီးအနားသို့ မရောက်တရောက်သွားပြီး အခြေအနေကို ကြည့်လိုက်သည်။ ဆင်ကြီး၏နောက်ညာခြေသည် ငုတ်ကြီးစူးဝင်နေပြီး ရောင်ကိုင်းနေ၏။ ယင်ကောင်ကြီးများဝဲနေသဖြင့် အမြီးဖြင့် တဖျပ်ဖျပ် ခတ်နေရသည်။

"ရွှေခဲကြီး၊ မင်း ငုတ်စူးနေတယ်။ ငါ့ကို အန္တရာယ်မပေးပါနဲ့၊ ငါ နုတ်ပေးရမလား"

ရွှေခဲကြီး အသံမပေးနိုင်ဘဲ အဘိုးကြီးအား မော့ကြည့်သည်။ သူ့မျက်လုံးများက အသနားခံနေသည့်အလား ရှိသည်။ အဘိုးကြီးသဘောပေါက်သွား၍ အဘွားကြီးကို ခပ်လှမ်းလှမ်းမှာစောင့်နေရန် မြောပြီး အနားတိုးကပ်သွားသည်။ စူးနေသော ရှားငုတ်ကြီးက အတော်ကြီး၏။ အားစိုက်ပြီး ဆွဲနုတ်လိုက်သောအခါ သားနံ့ရည်၊ ပြည်ပုပ်များ စီးကျလာ၏။ စမ်းချောင်းမှရေအားခပ်ယူပြီး အနာကြီးအားဆေးကြောပေးသည်။ အဘွားကြီးလွယ်ထားသော ဈေးခြင်းပလိုင်းထဲမှ နနွင်းမှုန့်ထုပ်အား ဖြေပြီး ရွှေခဲ၏ ငုတ်စူးနာအား သိပ်ပေးခဲ့ရသည်။ ရွှေခဲသည် အဘိုးကြီးလုပ်ပေးသမျှအား ငြိမ်၍ကြည့်နေသည်။ ရှားငုတ်ထွက်သွား၍ အနာသက်သာသွားဟန်တူပါသည်။ အဘိုးကြီးလင်မယား ထွက်သွားကြတော့ ရွှေခဲ ကျီခနဲနေအောင် အော်လိုက်သည်။ လူလိုဆိုရရင်ဖြင့် 'ကျေးဇူးတင်ပါသည်' ပေါ့။

O

နောက်တစ်ရက်။

အဘိုးကြီး မယောင်မလည်ဖြင့် ကိုင်းတောနား သွားကြည့်တော့ ရွှေခဲသည် ယိုင်တိယိုင်တိုင်ဖြင့် အားယူထနေသည်။ အဘိုးကြီးကိုမြင်လိုက်သောအခါ နှာမောင်းကို မြှောက်လိုက်သည်။

"မက် မက်၊ ရွှေခဲ မက် မက်"

ဆင်ကို ဝပ်ခိုင်းသော သင်္ကေတစကား ဖြစ်သည်။ ရွှေခဲ ဝပ်ချလိုက်၏။ အဘိုးကြီး သူ့အနားသို့ ရောက်သော် တစောင်းလှဲချလိုက်သည်။ ဆေးထည့်ခိုင်းနေခြင်းတည်း။ ဝက်ဆီနှင့်နနွင်းရောနယ်ထားသော ဆင်ဆေးအား အနာပေါက်ထဲသို့ သိပ်၍ထည့်ပေးလိုက်၏။ အဘိုးကြီးဆေးထည့်နေသည်ကို ကြည့်နေရင်း ရွှေခဲမျက်လုံးအစုံမှ မျက်ရည်များကျလာသည်။

"မင်း- ဘယ်မှမသွားနိုင်ဘူး၊ ဆာနေလိမ့်မယ်။ ငါ ငှက်ပျောပင်တွေခုတ်လာပေးမယ်။ ဒီမှာပဲနေပါကွာ၊ သိလား ရွှေခဲ"

ကိုင်းတောတစ်ဖက် စိမ့်မြေမှာ တောထနေသော ငှက်ပျောရိုင်းပင်များအား ခုတ်လာပြီး ရွှေခဲအနား ပုံပေးလိုက်သည်။ ဆင်သည်လည်း အစာအိမ်ရှိသည်ပဲ၊ ဆာပေမပေါ့။ စားလိုက်သည်မှာ တချွမ်းချွမ်းဖြင့်။

နောက်ရက်များမှာ ရွှေခဲကြီး ထိုနေရာမှာ မရှိတော့။ ငှက်ပျောတောကြီးထဲ ရောက်နေသည်။ အဘိုးကြီးသွားကြည့်တော့ ငှက်ပျောတောထဲမှ ထွက်လာသည်။ ရွှေခဲခြေထောက် ကောင်းသွားပြီ ဖြစ်၏။ အဘိုးကြီးလင်မယားအား ရန်မူခြင်း မရှိပါ။ တစ်ခါတစ်ရံ ညဘက်များ၌ရောက်လာပြီး တဲနားမှာ အိပ်နေတတ်သည်။ အဘိုးကြီးအား သူ့ကျေးဇူးရှင် မှတ်ယူပြီး ခင်မင်နေဟန် ရှိသည်။ အဘွားကြီး ဟင်းချက်နေစဉ် ဝါးဆစ်နှစ်လုံးအား နှာမောင်းဖြင့် ပွေ့ပြီး စမ်းချောင်းဘက်ထွက်သွား၏။ ပြန်လာတော့ ရေအပြည့်ပါလာသည်။ ကူညီ၍ ရေခပ်ပေးနေခြင်း ဖြစ်သည်။ 'ငါ့သားကြီးက လိမ္မာတယ်' ဟု ပြောလိုက်သောအခါ မီးဖိုချောင်ထဲမှ ဆားအိုးအား ဆွဲယူ၍ ပါးစပ်ထဲ လောင်းချသွားသည်။ အဘွားကြီးက 'ကုန်ပါပြီ' ဟုအော်လိုက်သောအခါ ပြေးထွက်သွားတော့သည်။ အဘိုးကြီး တောထဲ ထင်းခုတ်သွားလျှင် လိုက်လာတတ်သည်။ ထင်းချောင်းကြီးများ လိုက်ကောက်ပေးခြင်း၊ ထင်းစည်းအား တဲအထိ သယ်ပေးခြင်းဖြင့် ကူညီလုပ်ဆောင်ပေးနေသည်။ ရွှေခဲသည် တခြားဆင်ယဉ်များနှင့်မတူဘဲ ဆိုးလာလျှင် ကမ်းကုန်အောင် ရက်စက်ခြင်း၊ အငြိုးအတေးကြီးခြင်း စသော စရိုက်လက္ခဏာရှိနေသော်လည်း လူသားအပေါ် သံယောဇဉ်တွယ်တတ်သည့်ဆင် ဖြစ်နေပြန်ပါ၏။

စမ်းချောင်းအစပ်၌ အဘိုးကြီးသည် အင်ဝိုင်းလေးဖြင့် ရွှေကျင်နေသည်။ မလှမ်းမကမ်းမှာ ရွှေခဲသည် ဝါးကိုင်းများအား ဆွဲချိုးပြီး အစာစားနေသည်။ ထိုဒေသသည် ဘယ်နေရာတူးတူး ရွှေထွက်၏။ တစ်ခါတစ်ရံ နီလာ၊ ပတ္တမြား အစရှိသော ဖြန်းကျောက်အရိုင်းတုံးလေးများ ရတတ်သည်။ သားကောင်ရှာသော တောလည်မုဆိုးများ လာတတ်သကဲ့သို့ ရွှေရှာသည့်သူများလည်း မယောင်မလည်ဖြင့် လာတတ်သည်။ အဘိုးကြီးသည် ရွှေခဲ၏လူသတ်ရာဇဝင်ကို သိနေ၍ တစ်နေ့နေ့၌ ရွှေခဲ အန္တရာယ်ဖြစ်မည်ကို ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် သူတို့လင်မယားအပေါ် အန္တရာယ်မပေး၍ သံယောဇဉ် ဖြစ်နေပါသည်။ အင်ဝိုင်းထဲ၌ လက်လက်ထနေသော ရွှေမှုန်တွေက များလာသည်။ ခဲ၊ သံများ အားလုံးနီးပါး ကုန်စင်သွားသောအခါ သဲအနည်းငယ်ခန့် ရောနေသော ရွှေမှုန်များအား စုပြီး အိတ်ထဲထည့်လိုက်သည်။

"စွပ်. . . စွပ်"

"ချွတ်. . . ချွတ်"

ခြေသံကြားရသည်။ မုဆိုးလား၊ ရွှေရှာသူလား။

အဘိုးကြီး ခြေသံကြားရာဆီသို့ လှမ်းကြည့်လိုက်သည်။ သူနည်းတူ ရွှေခဲသည် အစာစားနေရာမှရပ်၍ ခြေသံလာရာဘက်သို့ စွေပြီးကြည့်နေသည်။ နှာမောင်းကြီးမြှောက်၍ အနံ့ခံနေ၏။ ပလိုင်းလွယ်၍ တောခုတ်ဓားများကိုင်ထားသော လူနှစ်ယောက် စမ်းချောင်းလေးအတိုင်း လျှောက်လာနေသည်ကို တွေ့ရသည်။ တစ်ယောက်က စမ်းချောင်းရေထဲမှ ကျောက်တုံးလေးများအား ကောက်၍ ပွတ်သပ်ကြည့်နေသည်။ နောက်တစ်ယောက်က ဘေးပတ်ဝန်းကျင်အား အကဲခတ် ကြည့်နေရင်း အဘိုးကြီးအား တွေ့သွားသည်။ အဘိုးကြီး၏ မလှမ်းမကမ်းမှာက နှာမောင်းကြီးမြှောက်လျက် ခြေစုံရပ်နေသော ရွှေခဲ။

"ဟေ့ကောင်- ပြေး ပြေး၊ ဟိုမှာ ရွှေခဲကြီး။ ပြေးဟ"

ထိုသူနှစ်ယောက်သည် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေ၏။ အဘိုးအိုသည် အခြေအနေကို ရိပ်စားမိသွားသည်။ ရွှေခဲကို လက်ယပ်ခေါ်လိုက်သည်။

"ရွှေခဲ- ငါ့သား၊ မင်း ဒီမှာရှိနေတာကို တောတက်တဲ့လူတွေ မြင်သွားပြီ။ မင်းလွတ်ရာကျွတ်ရာကို သွားတော့။ ငါတို့နဲ့ဆက်နေရင် မင်းမှာ အန္တရာယ် အလွန်များတယ်။ အဘိုးပြောတာကို နားလည်လား၊ ဟိုဘက်ဝေးဝေးကို သွားနေပါ။ မင်းအတွက် အစာရေစာ ပေါ်ပါတယ်။ တောနက်တော့ လူတွေလည်း မလာရဲကြဘူး"

"ဗူး. . ."

ရွှေခဲက နားလည်သည့်သဘောဖြင့် အသံတစ်ချက်ပေးလိုက်ပြီး စမ်းချောင်းအတိုင်း အထက်သို့ တက်သွားပါတော့သည်။

◎

အဘိုးကြီး ထင်ထားသည်မှာ မလွဲပါ။ မကြာမီပင် တောခေါင်းတစ်ယောက်၊ သစ်တောဝန်ထမ်းနှစ်ယောက်နှင့် ရဲတပ်သားသုံးယောက် လက်နက်အပြည့်အစုံဖြင့် အဘိုးကြီးလင်မယားနေထိုင်ရာ တောင်ယာတဲသို့ ရောက်ချလာကြသည်။

"ဘကြီးတို့တောင်ယာအနားမှာ ဆင်ဆိုးတစ်ကောင် ဝင်ခိုနေပါတယ်။ ဘကြီးတို့ သတိထားမိပါသလား"

"ကျုပ်တို့တော့ သတိမထားမိပေါင် မောင်ရယ်"

"ကျွန်တော်တို့က ဘကြီးတို့ကို အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးတာပါ။ ဒီဆင်ကြီးက လူကိုးယောက်ကို သတ်ခဲ့ပြီးပြီ၊ သတိထားနေကြပါ"

တောခေါင်းသည် သတိပေးပြီးနောက် တောင်ယာတဲပတ်ဝန်းကျင်သို့ လေ့လာကြည့်သည်။ ဆင်ချေးတုံးများ၊ ဆင်ခြေရာများက တဲပတ်ဝန်းကျင်၌ မြင်တွေ့နေရသည်။ သစ်တောဝန်ထမ်းတစ်ယောက်က ဆင်ချေးပုံအား တုတ်ဖြင့် ဆွနေသည်။ ပြီးနောက် တောခေါင်းဖြစ်သူအား လှမ်းပြောလိုက်သည်။

"ဆရာ- ဒီဆင်ချေးပုံတွေဟာ လတ်လတ်ဆတ်ဆတ်ကြီး၊ တစ်ခုခုတော့ ထူးခြားနေပြီ"

"အေးကွ၊ တဲပတ်ဝန်းကျင်မှာလည်း ဆင်တစ်ကောင် ကျက်စားနေတဲ့ သဲလွန်စတွေ တွေ့နေရတယ်။ ပြီးတော့ ခြေရာတွေ၊ ဆင်ချေးပုံတွေက မကြာသေးဘူး ဆိုတော့ အဘိုးကြီးလင်မယား မတွေ့ဘူး ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမယ့် သူတို့ကို ဘာဖြစ်လို့ ရွှေခဲကြီးက အန္တရာယ်မပေးတာလဲ။ ငါ စဉ်းစားလို့ မရဘူး ဖြစ်နေတယ်"

"ရွှေခဲရဲ့အမှုအကျင့်ကို ဆင်စခန်းက ဦးစီတစ်ယောက်ပဲ သိလိမ့်မယ်။ စခန်းရောက်မှ မေးကြည့်တာပေါ့။ ပြန်ကြရအောင်"

သစ်တောအဖွဲ့ ပြန်ထွက်သွားကြပါသည်။ အဘိုးကြီးလင်မယား ရွှေခဲအတွက် စိုးရိမ်ရလေပြီ။ ဒီကောင်ကြီး ပြန်မလာပါစေနဲ့ဟု ဆုတောင်းနေမိသည်။

သို့သော် ဆုတောင်းမပြည့်ပါ။

အဘယ်ကြောင့်ဆိုသော် ရွှေခဲသည် တဲဝမှာ မားမားကြီးရပ်နေသောကြောင့်တည်း။

နှာမောင်းက ပိန္နဲကိုင်းကြီး တစ်ကိုင်းအား ရစ်ပတ်ပြီး မ,လာသည်။ ပိန္နဲသီး လေး၊ ငါးလုံးပါလာသည်။ သူတို့စားဖို့ တောထဲမှခူးလာခြင်း ဖြစ်သည်။

"ရွှေခဲ၊ မင်းကိုပြောတာ မမှတ်ဘူး။ ငါ့စကားကို နားမထောင်ရင် မင်းဒုက္ခရောက်လိမ့်မယ်။ လူတွေ မင်းကိုလာရှာနေကြပြီ။ မင်းကိုသတ်မလို့ကွ"

အဘိုးကြီး ဆူပူပြီး အော်ဟစ်ပြောဆိုသောအခါ အပြစ်လုပ်မိသော ကလေးတစ်ယောက်ကဲ့သို့ ရွှေခဲကြီးသည် ခြေစုံရပ်လျက် တွေပြီး နားထောင်နေသည်။ အဘွားကြီးက မျက်ရည်စမ်းစမ်းလေးဖြင့် အဝေးကိုထွက်သွားဖို့ပြောရှာသည်။ ရွှေခဲ အသံမပေးဘဲ ချာခနဲလှည့်ထွက်သွားသည်။

◎

"ရွှေခဲဟာ လူတွေကိုမုန်းတီးသွားပေမယ့် သူ သံယောဇဉ်ကြီးတဲ့သူဆိုရင် အလွန်ပဲ ခင်တွယ်တတ်တဲ့ ဆင်အမျိုးအစားပဲ။ ကျုပ် မပြောချင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ရွှေခဲ သံယောဇဉ်ကြီးတဲ့လူတွေထဲမှာ ကျုပ်လည်း ပါတယ်။ ဒါပေမယ့် ရွှေခဲဟာ လူကိုးယောက်သတ်ခဲ့တဲ့ ကိုးလောင်းပြိုင်ဆင်ဆိုးစာရင်းဝင်နေပြီ၊ သေမိန့်ကျထားပြီးပြီဖြစ်တော့ တာဝန်ဝတ္တရားအရ အရေးယူရမှာပါ။ ဒီတော့ ရွှေခဲကို မိချင်ရင် အဲဒီတောင်ယာတဲအနားမှာ လင့်ထိုးပြီးစောင့်ပါ။ ကြိမ်းသေ မိပါလိမ့်မယ်။ အဘိုးကြီးလင်မယားက သံယောဇဉ်ဖြစ်နေလို့ လိမ်ပြောလိုက်တာပါ။ ဒီကောင်ကြီး တောင်ယာတဲကိုပြန်လာမှာ သေချာပါတယ်"

ရှည်လျားစွာ စကားပြောလိုက်ရ၍ ဦးစီ မောသွားသည်။ ဆေးနွေးကြမ်းတစ်ခွက်အား ငုံသောက်လိုက်ပြီး အဝေးရှိ အင်ပြန်တောင်အား ငေးကြည့်နေမိသည်။ သူမြင်ကွင်း၌ တောင်ရိုးကြီးအား မမြင်ပါ၊ ရွှေခဲ ဆင်ပေါက်ဘဝမှာမြူးထူးဆော့ကစားနေသည့်ပုံရိပ်တို့သာ ပြန်မြင်မိနေပါသည်။ ဦးစီ သက်ပြင်းမောကြီးတစ်ချက် ချလိုက်ရပါတော့သည်။

နယ်မြေခံတပ်ရင်းမှူး၊ ရဲမှူး၊ မြို့နယ်ဦးစီး၊ တောအုပ်ကြီးတို့ အစီအစဉ်များကို ရေးဆွဲနေကြသည်။ ဦးစီ တဲပေါ်မှ ဆင်းလာပြီး အုန်းတကူးချောင်းစပ် ကညင်ပင်ကြီးအောက်မှာ သွားထိုင်နေလိုက်သည်။ ချောင်းထဲ၌ ဆင်သားအမိ ရေချိုးနေကြသည်။ ဆင်ကလေးသည် မိခင်ဆင်မကြီးအား တိုးဝှေ့၍ ဆော့



www.burmeseclassic.com

www.burmeseclassic.com

ကစားနေသည်။ ဆင်မကြီးက နှာမောင်းဖြင့် ရေစုပ်ယူပြီး ဆင်လေးအား ပက်နေသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး ဦးစိ၏မျက်ဝန်း၌ မျက်ရည်တို့ ရစ်ဝိုင်း၍လာကြပါသည်။

"သွားပေ့ဦးတော့ ရွှေခဲရေ့ မင်းဘဝကူးကောင်းပါစေ"

၀

ရဲအရာရှိက အဘိုးကြီးလင်မယားအား သတိပေးစကား ပြောသည်။ လူတွေအန္တရာယ်ထပ်ပြီး မဖြစ်ပေါ်စေရန် ကိုးလောင်းပြိုင် ရွှေခဲကြီးအား နှိမ်နင်းရမည်ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် ရွှေခဲအား သွားတွေ့ပြီး မောင်းမထုတ်ဖို့ရန်နှင့် မသိလိုက်ဘာသာ တောင်ယာတဲမှာ ပဲနေကြဖို့၊ တောလည်မထွက်ဖို့ တားမြစ်သည်။ အဘိုးကြီးလင်မယားမှာ ဘာမှမပြောနိုင်ဘဲ ကတိပေးကြရသည်။ သူတို့ရင်ထဲမှာ မကောင်းကြ။ ကျန်သည့် အဖွဲ့သားတွေက ရွှေခဲလာနေကျလမ်းရှိ ဖျောက်ဆိပ်ပင်ကြီးပေါ်မှာ လင့်စင်ထိုးနေကြသည်။

လသည် ဗုံပြန့်တောင်ထိပ်၌ မခို့တရို့ဖြင့် အလင်းဖြန့်လျက်။ တောသည် ပိုးကောင်မွှားကောင်တို့၏အသံဖြင့် တကျီကျီ မြည်နေသည်။ တစ်ခါတစ်ရံ လျှိုထဲမှ ချေဟောက်သံသည် တတိန်တိန်မြည်လျက် ပျံ့လွင့်လာသည်။ မိန်ငှက်တို့၏ ဂီးဂီးမြည်သံက ကျွန်းပင်ထိပ်ဖျားမှ အသံပေးလျက်ရှိသည်။ လင့်စင်ပေါ်မှာက တောခေါင်းကြီး၊ ဆင်ပစ်မုဆိုးနှစ်ယောက်နှင့် လက်ဖြောင့်တပ်သားတစ်ယောက်တို့ ရှိနေသည်။ နယ်မြေခံတပ်မှ စိတ်ကြိုက်ရွေးပေးလိုက်သောဆင်မုဆိုးများဖြစ်၏။ သေနတ်တွေက သီးသန့် ဆင်ပစ်ရိုင်ဖယ်များ ဖြစ်သည်။ တစ်ချက်ဆိုတစ်ချက် တုံးခနဲ လဲကျသွားနိုင်သည့် နှစ်လုံးပြူးကြီးများ ဖြစ်၏။

လေပြည်အေးများမြူးလာသဖြင့် တောသည် သစ်ရွက်လှုပ်သံများနှင့်အတူ စိမ့်စိမ့်အေးလာသည်။ တောခေါင်းကြီးက ဂျာကင်ကို ဇစ်ဆွဲစေ့လိုက်ပြီး ခေါင်းစွပ်အား နားရွက်ဖုံးသည်အထိ ဆွဲချလိုက်သည်။ ခြင်ရိုင်းကြီးများက အသားပေါ်သည့်နေရာကိုကိုက်ရန် တဝီဝီမြည်လျက်။ ဆင်ထိုး၍မသေဘဲ နာမည်ကြီး သပိတ်ကျင်းငှက်ဖျားကြောင့် ရှောသွားနိုင်သည်။

"ချွတ်. . . ချွတ်"

"ဖျောက်. . . ဖျောက်"

ဆင်တိုးသံကို ကြားလာရသည်။ တောခေါင်းကြီးက မုဆိုးတစ်ယောက်အား လက်တို့လိုက်သည်။ လင့်စင်ရှိရာ ဖျောက်ဆိပ်ပင်ကြီးနှင့် အနီးဝန်းကျင်၌ ကျွန်းပင်၊ အင်၊ ကညင်ပင်ကြီးများ မိုးထိုးမတတ် ပေါက်နေကြသည်။ မြေပြင်အောက်ခြေသည် မရှုပ်ထွေးလှသော်လည်း ပေါင်လယ်ခန့် ကိုင်းမြက် သက်ငယ်ပင်တို့ဖြင့် ကုန်းလျှောဖြစ်နေသည်။ မနီးမဝေး၌ စမ်းချောင်းလေးသည် ရေစီးသံ တဖျောက်ဖျောက်။

"ဂိုး. . ."

ညဥ့်ငှက်တစ်ကောင်က ဆင်ကြီးကိုတွေ့သွား၍ အသံပေးပြီး သစ်ပင်ပေါ်မှ ပျံသွားသည်။ မုဆိုးနှစ်ယောက်ဆီမှ ဆင်ပစ်နှစ်လုံးပြူးနှစ်လက်သည် ပြိုင်တူမြင့်တက်လာကြသည်။ ပြောင်းဝများက လင့်စင်တန်းပေါ်သို့တင်လျက် ရွှေခဲကြီးရှိရာဆီသို့ ချိန်ထားကြသည်။ လက်ဖြောင့်တပ်သားကတော့ သူ၏ ဂျီသရီးသေနတ်ကြီးအား အသင့်အနေအထား။ ဆင်သံကြားကတည်းကပင် မောင်းတင်ပြီး လုံခြုံရေးခလုတ်များအား ဖြုတ်ထားကြပြီး ဖြစ်သည်။ အားလုံး အသက်ပြင်းပြင်းမှ မရှူရဲဘဲ ငြိမ်သက်စွာဖြင့် ကိုင်းတောအလယ် ဆင်လာလမ်းအား မမိုတ်မသုန် ဒူးစိုက်ကြည့်လျက်။

ကိုက် (၂၀၀). . .၊

ကိုက် (၁၅၀). . .၊

ကိုက် (၁၀၀). . .။

ရွှေခဲကြီးသည် ဖြည်းဖြည်းချင်းလာနေရာမှ ရုတ်တရက် ရပ်လိုက်သည်။ မုဆိုးနှစ်ယောက်က တောခေါင်းကြီးအား ကြည့်သည်။ အသာနေဦးဟူသော မျက်နှာရိပ်မျက်နှာကဲ ပြလိုက်၍ မုဆိုးနှစ်ယောက် ပြန်ငြိမ်သွားသည်။ အချက်ပြမည့် တောခေါင်းကြီးက အနေအထားအား ဂရုစိုက်ကြည့်နေသည်။ လရောင်အောက်၌ ဆင်ဆိုးကြီး ရွှေခဲသည် နှာမောင်းမြှောက်ပြီး အနံ့ခံနေသည်။ ဖြူဖွေးသော လရောင်မှာ ကိုယ်ခန္ဓာမည်းမည်းကြီးက ကိုင်းတောအလယ် ထီးတည်းကြီး ဖြစ်နေသည်။ စိတ်ချသွားသဖြင့် ရွှေခဲသည် တောင်ယာတဲဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာသည်။

ပစ်ကွင်းသည် ပို၍ ပို၍ နီးကပ်လာသည်။ တောခေါင်းကြီးသည် ညင်သာစွာဖြင့် သူနားထင်သို့ လက်ညှိုးထိုးပြလိုက်သည်။

လက်ပြလိုက်သည်နှင့်-

"ဒိုင်း. . . ဒိုင်း"

(၅၀၀) ဂရမ်အား သံမဏိကျည်ဖူးနှစ်ခု ရွှေခဲကြီး၏နားရွက်နောက် ပြေးဝင်သွားသည်။ မုဆိုးနှစ်ယောက် ကျည်ခွံချိုးချပြီး နောက်တစ်ချက်စီ ထပ်ပစ်သည်။ လက်ပြင်သို့ ကျည်ဖူးနှစ်ခု ဝင်ရောက်သွားပြန်သည်။ လက်ဖြောင့်တပ်သားက လိုအပ်လျှင် ဂျီသရီး အကပ်လိုက် ပစ်ထည့်မည့် အနေအထားဖြင့် ချိန်ထားသည်။

"ဝူး. . . ကျွီ. . ."

"ကျွီ. . . ဝူး. . ."

ရွှေခဲကြီး၏ နာကျင်စွာ အော်ဟစ်သံသည် အင်ပြန်တောင်၊ ဗုံပြန့်တောင်ကြားမှာ ပျံ့လွင့်သွားပြီး စုံတင်ထပ်လျက်။ အိပ်တန်းခိုနေကြသော ငှက်တချို့ လန့်ပျံကြသည်။ အကောင်ငယ်လေးများ၏တောတိုးသံကြောင့် တောသည် ဖြန်းဖြန်းထလျက် ရှိသည်။ ဆင်ကြီးရွှေခဲ၏ခန္ဓာကိုယ်ကြီး ဖြည်းဖြည်းချင်း တအိအိဖြင့် မြေပြင်ပေါ်သို့ ပုံလဲကျသွားသည်။ အချိန်အနည်းငယ်စောင့်ပြီး မလှုပ်တော့မှ သူတို့အဖွဲ့ လင့်ပေါ်မှ ဆင်းလာကြသည်။ ရွှေခဲကြီးကား ဇိမ်နှံ ချုပ်နေပေပြီ။ လူကိုးယောက်အား သတ်ခဲ့သော သူ၏အစွယ်ကြီးမှာ လရောင်အောက်၌ ဖွေးဖွေးဖြူလျက်။

မုဆိုးအဖွဲ့ တောင်ယာတဲဆီသို့ ထွက်ခွာလာခဲ့ကြသည်။ ငိုရှိုက်သံတချို့ တဲငယ်အတွင်းမှ ပျံ့လွင့်ထွက်လာသည်။

အဘွားအို၏ တိုးညင်းလှသော စကားသံတို့က ရှိုက်သံနှင့်အတူ မသဲမကွဲ။

"သားကြီးရွှေခဲရေ့ ကောင်းရာဘုံဘဝရောက်ပါစေကွယ်. . ."

တောသည် ပြန်လည် ငြိမ်သက်သွားသည်။ လေပြည်အေးက ကျွန်းရွက်များကြားမှ တိုးဝှေ့လျက်။

သန့်ဇင်

*ဤဖြစ်ရပ်မှန်ဇာတ်လမ်းကို ပြောပြသူ သပိတ်ကျင်းမြို့မှ ဦးကျော်သန်းနှင့် ဆင်တို့၏အချက်အလက်များအတွက် အထောက်အကူပြုခဲ့သော ဆရာဘောင်းညွန့်သစ် (မြို့နယ် သစ်တောဦးစီးမှူး- ငြိမ်း၊ တိုက်ကြီးမြို့နယ် စာပေ၊ စာနယ်ဇင်းဥက္ကဋ္ဌ) အား ကျေးဇူးတင်ရှိပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

တတိယ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သူ အလောင်းမင်းတရားသည် မြန်မာနိုင်ငံကို တတိယအကြိမ် ပြန်လည် စည်းရုံး တည်ထောင်ခဲ့သူအဖြစ် သမိုင်းတွင် ထင်ရှားခဲ့သည်။ အလောင်းမင်းတရားထုတ်ပြန်ခဲ့သော အမိန့်တော်များတွင် စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ခဲ့မှုများသာမက မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း တွေ့ရှိရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် နန်းတော် နေအိမ်အဆောက်အအုံများ ဆောက်လုပ်ကြရာ၌ မီးလောင်ရန် လွယ်ကူသော သစ်၊ ဝါး၊ ဓနိ၊ သက်ငယ်များကိုသာ သုံးစွဲကြသဖြင့် မီးလောင်ကျွမ်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရပါသည်။ မြန်မာမင်းများလက်ထက်က မီးလောင်ကျွမ်းမှုများကို လေ့လာပါက မီးပေါ့ဆမှုကြောင့် မီးလောင်မှုများ ဖြစ်ပွားခဲ့ရကြောင်း သိရှိရပါသည်။ ထို့ကြောင့် မြန်မာမင်းများလက်ထက်က ထုတ်ပြန်ခဲ့သော အမိန့်တော်များတွင် ပြည်သူများအား မီးမပေါ့ဆရန် သတိပေးခြင်း၊ ချက်ပြုတ်ချိန်ကို သတ်မှတ်ပေးခြင်း၊ မီးဘေးကာကွယ်ရေးတွင် ပြင်ဆင်ရန်ညွှန်ကြားခြင်းများ ပါဝင်သကဲ့သို့ ပေါ့ဆမှုကြောင့် မီးလောင်ပါက မည်ကဲ့သို့ အရေးယူမည်ကို သတိပေးခြင်းများ ပါဝင်နေသည်ကို လေ့လာ မှတ်သားရပါသည်။

# အလောင်းမင်းတရားလက်ထက်

## မီးဘေးကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်



အလောင်းမင်းတရား ထုတ်ပြန်သော အမိန့်တော်များတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် ထုတ်ပြန်သည့် အမိန့်တော်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

*ခိုးသေးမီးပွားမှာလည်း မပေါ်ထွက်ရအောင် ညဥ့် နေ့ နိုးဆော်၍ တစ်အိမ်ကို ချွန်သောဝါး ၁၀ စင်းတန်သည်၊ ၅ စင်းတန်သည် စိုက်ထောင်ရှိစေ။*

*အိမ်မိုးမှာလည်း အိုးရေပြည့်ထားရှိစေ၊ ထမင်းချက်ပြုတ်သည်မှာလည်း ကျင်းဦးပြည့်တူး၍ ချက်ချိန်သာ ချက်စေ။ နံနက် ၄ ချက်တီးကျော် ၃ မောင်း ချက်ပြုတ်၍ မီးသေငြိမ်းစေသည်။ ည ၃ ချက်တီးကျော် ၂ မောင်းတွင် မြို့ဝန်တို့က မောင်းခတ်လျှင် ထမင်းချက်စေ။*

*ငင်း ၃ ချက်တီးကျော် ၇ မောင်းကို မီးသေငြိမ်းစေ။*

*ချက်ပြုတ်ချိန် မောင်းခတ်သည့်အချိန်တွင်းက လွတ်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွားမီးပေါက် မပွင့် မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်ကို အမှိုက်ကြက်မွေးနှင့် ထိုးစမ်းသပ်စေ၊ သေငြိမ်းသည်ကာလဖြစ်လျှင် မသေမငြိမ်းစမ်းသပ်သည့် အမှိုက်ကြက်မွေးကို စွဲလောင်လျှင် မီးရှိသည့်အိမ်ရှင်ကို ခေါ်၍ မြို့ဝန်ရုံးမှာ ပို့အပ်ရမည်။ လမ်းခရီးကိုလည်း ဆေးအိုး၊ ဆေး*



www.burmeseclassic.com

www.burmeseclassic.com

*တံသောက်၍ မသွားလာစေနှင့်။ သွားလာလျှင် ဆေးအိုး၊ ဆေးတံကို လုယူသိမ်းထားရမည်။ မီးဆော်ကို တစ်နေ့ ၅ ကြိမ် လှည့်ပတ် စစ်ကြောစေ။*

အထက်ပါ အမိန့်တော်တွင် မီးဘေးကာကွယ်ရေးအတွက် အိမ်တိုင်းတွင် ဝါးလုံး (၁၀) လုံး သို့မဟုတ် (၅) လုံးထားရှိရန်၊ အိမ်ခေါင်မိုးတွင် ရေအပြည့်ထည့်သောအိုးများ ထားရှိရန် ညွှန်ကြားထားသည်။ ဝါးလုံးများ၊ ရေအပြည့်ထားသောအိုးများ ထားရှိခြင်းမှာ မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ရန် ရည်ရွယ်ဟန်တူသည်။ မီးလောင်မှုဖြစ်ပွားရာတွင် ထမင်းဟင်းချက်ပြုတ်ရာမှ လောင်ကျွမ်းခြင်း ဖြစ်သည်။ အထူးသဖြင့် အပူရှိန်ပြင်းသောနွေကာလတွင် ချက်ပြုတ်ရာမှ မီးလောင်ကျွမ်းသဖြင့် ချက်ပြုတ်ချိန်ကို သတ်မှတ်ပေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အမိန့်တော်တွင် ထမင်းဟင်းချက်ချိန် သတ်မှတ်ပေးထားသည်ကို တွေ့ရှိရပါသည်။ ချက်ပြုတ်ချိန်မှာ နံနက် ၄ ချက်တီးကျော် ၃ မောင်း ဖြစ်သည်။ ညဆိုလျှင် ၃ ချက်တီးကျော် ၂ မောင်း ဖြစ်သည်။ ထမင်းချက်ချိန်ကို မြို့ဝန်က မောင်းခတ်၍ သတ်မှတ်ပေးပါသည်။ ၃ ချက်တီးကျော် ၇ မောင်းတွင် မီးငြိမ်းသတ်ရပါသည်။ ထိုသတ်မှတ်ချိန်ကလွဲလျှင် မီးပွား၊ မီးပေါက်မရှိစေရဟု ကြပ်တည်းစွာ တားမြစ်ပါသည်။

မီးငြိမ်းသွားလျှင်လည်း မီးကြွင်း မီးကျန်များ ရှိတတ်ပါသည်။ ယင်းမီးကြွင်း၊ မီးကျန်မှ ထ၍ လောင်ကျွမ်းနိုင်ပါသည်။ သို့ဖြစ်၍ မီးကြွင်းမီးကျန်များ ရှိ၊မရှိကို မီးဆော်ခန့်ထား၍ စမ်းသပ်စေပါသည်။ အမှိုက်ကြက်မွေးဖြင့် စမ်းသပ်ပါသည်။ ထိုသို့ စမ်းသပ်လျှင် စမ်းသပ်သည့် အမှိုက်ကြက်မွေးကို မီးစွဲလောင်ပါက မီးရှိသည့်အိမ်ရှင်ကို ခေါ်ဆောင်၍ မြို့ဝန်ရုံးသို့ ပို့အပ်စေသည်။ မီးမပေါ်ဆစေရန် လုပ်ဆောင်ကြခြင်း ဖြစ်သည်။

ထို့ပြင် မီးလောင်မှုကို တားဆီးကာကွယ်ရန်အတွက် လုပ်ဆောင်ရာတွင် ဆေးအိုး ဆေးတံသောက်၍ သွားလာခွင့်မပြုခြင်း၊ မီးဆော်ကို တစ်နေ့(၅) ကြိမ် လှည့်ပတ်စစ်ကြောစေခြင်းတို့ ပါဝင်ပါသည်။

အလောင်းမင်းတရားသည် မင်းနေပြည်တော်တွင် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာမည်ကို အထူး စိုးရိမ်ပေသည်။ နေပြည်တော်တွင် မိမိမရှိခိုက် မီးလောင်မှုဖြစ်ပေါ်လာပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်ကိုလည်း အမိန့်တော်ထုတ်၍ ညွှန်ကြားထားသည်ကို တွေ့ရှိရပါသည်။ အလောင်းမင်းတရား ယိုးဒယားသို့ စစ်ချီတိုက်ခိုက်စဉ် နေပြည်တော်၌ ရာဇဝတ်တော်ရေး ခိုးသေးမီးပွားမပေါ်ပေါက်စေရန် အစောင့်အနေထားခဲ့သော သားတော်ကြီးဖြစ်သည့် အိမ်ရှေ့မင်း သီရိသုဓမ္မရာဇာအား ရေးသားသောစာ၌ လည်းကောင်း၊ မိဖုရားခေါင်ကြီးနှင့် သားတော်အားပေးသောစာတွင်လည်းကောင်း အကြိမ်ကြိမ် မှာကြားသည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

*ကျေးဆိုးကျွန်ဆိုးတို့ တစ်ဖက်နားလျှောက်ထားသော်လည်း မျက်နှာအပြင် မညီသမျှကို မယူနှင့် မပြတ်မလတ် သတိပေးရမည်။ လူပျို လူလွတ် ဖြစ်သည်။ ခိုးသေးမီးပွားကိုလည်း လူလူပြုရမည်။ မပြတ်မလတ် နှိုးဆော်။ ၁၁၂၁ ခု၊ ပြာသိုလပြည့်ကျော် (၂) ရက်နေ့။*

*ရှင်မိဖုရား သီရိသုမေ့ရာဇာ၊ ရတနာသုံးပါးဂုဏ်တော် မိခင်၊ ဖခင် ဆရာသမား၊ ကျေးဇူး ရှင်မိဖုရားတို့ပြုသော ဆုတောင်း ပဋ္ဌာနာမေတ္တာဆက်သည်အတိုင်း ငကိုယ်တော်မှစ၍ သားတော်၊ မြေးတော်၊ မတ်တော်၊ သူရဲသူခက်၊ ဆင် မြင်း လက်နက်ကိုင် ဗိုလ်ပါ ပကတိ ချမ်းသာတော်မူသည်။ နေပြည်တော်တွင် ခိုးသေးမီးပွားကို ကြပ်ကြပ်တည်းတည်း။ စီရင်နှိုးဆော်စေ ၁၁၂၁ ခု၊ တပေါင်းလဆန်း (၁၂) ရက်နေ့။*

အထက်ပါပေးစာများကို ထောက်ရှု၍ အလောင်းမင်းတရားသည် နေပြည်တော်တွင် ခိုးသေးမီးပွား အန္တရာယ်မပေါ်ထွန်းရေးအတွက် တင်းတင်းကြပ်ကြပ် ဆောင်ရွက်သည်ကို တွေ့ရှိနိုင်ပါသည်။ နေပြည်တော်၌ မိမိမရှိစဉ်တွင်လည်း မိမိလွှဲအပ်ထားသော အိမ်ရှေ့စံသားတော်ကြီးနှင့် မိဖုရားခေါင်ကြီးတို့အား စာဖြင့် ဆက်သွယ်၍ ညွှန်ကြားသည်ကို တွေ့ရှိရသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိမှသည် အုပ်ချုပ်ရေးခိုင်မာမှုနှင့် ငြိမ်ဝပ်ပိပြားရေးကို လွန်စွာ အထောက်အကူပြုသည်။ ယင်းအချက်ကို ကောင်းစွာသဘောက်ပေါက်သော အလောင်းမင်းတရားသည် နေပြည်တော်တွင် တရားဥပဒေစိုးမိုးမှုရှိရေးကို အလေးထားဆောင်ရွက်သည်။ အလောင်းမင်းတရား ထုတ်ပြန်သော အမိန့်တော်တွင် မိမိ၏လက်အောက်ခံ အရာရှိများအား အောက်ပါအတိုင်း ညွှန်ကြားခဲ့ပါသည်။

*အမှုအခင်းမရှိသည်ကို ညဉ့်တစ်ချက်တီးကျော်လျှင် မသွားမလာစေနှင့်၊ မြစ်တားရမည်။ အမှုအခင်းရှိ၍သွားလာလျှင် မီးအိမ်နှင့်သွားလာကြစေ။ လူဆော်ကို မပြတ် လှည့်ပတ် စစ်ကြောစေ။ သူခိုးတို့ အိမ်ရာကျိုကြ ကောက်ယူသော် ခိုးသည်ကိုသိ၍ ဟစ်ကြော်လျှင် ကြားသမျှ အကုန်ဝန်းရံဖမ်းဆီးစေ၊ ကြားထောက်သိထောက် သိသင့်လျက် မလာမရောက် မညီမညာနေလျှင် နေသသူကို (၅) ချက် အရိုက်ခံစေ၊ အရိုက်မခံဝံ့လျှင် ကြေး ၅၀ ယုတ်စေ။*

အထက်ပါ အမိန့်တော်အရ နေပြည်တော်တွင် ခိုးမှုမဖြစ်ပွားရအောင် ညအခါ အမှုကိစ္စမရှိဘဲ မသွားလာရန်၊ သွားလာလျှင် မီးအိမ်နှင့်သွားလာရန်၊ လူဆော်ကို မပြတ် လှည့်ပတ်စစ်ကြောစေရန် ညွှန်ကြားခဲ့ကြောင်းသိရှိရသည်။ ခိုးမှုပေါ်ပေါက်၍ ဟစ်ကြွေးလျှင် ကြားသမျှ အကုန်ဝိုင်း၍ဖမ်းဆီးရန်၊ ကြားသိလျက် မလာရောက်လျှင် အပြစ်ပေးရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

အချုပ်ဆိုရသော် အလောင်းမင်းတရားသည် မြန်မာနိုင်ငံတော်ကို ပြန်လည်စည်းရုံးသော မင်းမြတ် ဖြစ်သည်သာမက ရန်သူမျိုးငါးပါးတွင် အပါအဝင်ဖြစ်သော ခိုးမှု၊ မီးလောင်မှု မဖြစ်ပွားရလေအောင် ကြိုတင်ကာကွယ်ခြင်း၊ မီးပေါ်ဆသူ, ခိုးသူတို့ကို အရေးယူခြင်း၊ စုပေါင်းအင်အားဖြင့် တားဆီးခြင်းတို့ဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးသမားအဖြစ် မှတ်တမ်းတင်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

**ကျမ်းညွှန်း**

၁။ အလောင်းမင်းတရား အမိန့်တော်၊ ရွှေပြည်ဦးဘတင်စာစု။
၂။ ကန်သာစိမ်းလဲ့စာတန်းများ ရန်ကုန်၊ မင်းလှစာအုပ်တိုက်၊ ၁၉၆၉။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် စာတည်းမှူးလုပ်သော 'ပိတောက်နွယ်' မဂ္ဂဇင်းစာပေတိုက်သို့ ကျွန်ုပ်၏အမည်ဖြင့် ပုဇွန်တောင် စာတိုက်မှ စာတစ်စောင် ရောက်ရှိလာသည်။ နယ်မှ စာရေးဆရာများ ပေးပို့နေကျ နယ်စာမူအထင်ဖြင့် ဖွင့်ဖောက်ဖတ်ကြည့်ရာ ကျွန်ုပ်အတွက် သီးသန့်ရေးလိုက်သောစာဖြစ်ကြောင်း ဖတ်ရှုရလေတော့သည်။

ဆရာရှင့်-

သမီး ရိုသေစွာ စာရေးလိုက်ပါသည်။ ဆရာ့ထံ သမီး စာရေးသားရခြင်းအကြောင်းရင်းက သူရဿမဂ္ဂဇင်းကို လစဉ် ဖတ်ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် သူရဿမဂ္ဂဇင်း အတွဲ (၁၀)၊ အမှတ် (၈) ပါ ဆရာရေးသားထားသော ကျွန်ုပ်နှင့် သစ်၊ စား၊ သွား၊ အိပ်၊ ချီး အန္တရာယ်ကင်းဆောင်းပါးကို ဖတ်ရပါသည်။

သမီးအကြောင်းကိုလည်း အနည်းငယ် ရေးသားလိုပါသည်။ သမီးက နယ်ကပါ။ မကွေးတိုင်းဒေသကြီး သရက်ခရိုင် တောင်တွင်းကြီးမြို့ကပါ။ ဝမ်းရေးအတွက် ရန်ကုန်မြို့ (၃၅) လမ်း အလယ် ကွန်ပျူတာစာစီလုပ်ငန်းမှာ စာစီစာရိုက်လုပ်ငန်း ဆောင်ရွက်ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ မဟာသင်္ကြန် ရုံးပိတ်ရက်အတွင်း ဒေသကို ပြန်သွားခဲ့ပါသည်။ ဧပြီလ (၂၀) ရက်၊ နံနက် (၉) နာရီကျော်လောက်က သမီး မတော်တဆ မော်တော်ဆိုင်ကယ် မှောက်ခဲ့ပါသည်။ ဆိုင်ကယ်မှောက်ခဲ့တဲ့နေရာက တောင်တွင်းကြီးမြို့ရဲ့ တောင်ဘက် အောင်သုခကျေးရွာနားမှာပါ။ ဖြစ်ပွားပုံက မိသားစု အရေးကြီးကိစ္စတစ်ခုနဲ့ သမီးအစ်ကိုကြီးက မော်တော်ဆိုင်ကယ်မောင်းလို့ သမီးက နောက်ကထိုင်ပြီး လိုက်လာတာပါ။ ဖြစ်ချင်တော့ သမီးဝတ်ထားတဲ့ လုံချည်အနားစက ဆိုင်ကယ်နောက်ဘီးထဲညပ်ပြီး ဆိုင်ကယ်ကို ဘရိတ်တအားဖမ်းလိုက်သလိုဖြစ်တော့ အရှိန်ပြင်းစွာနဲ့သွားနေတဲ့ မော်တော်ဆိုင်ကယ်က စလစ်ဖြစ်ပြီး ရုတ်တရက် မှောက်သွားခဲ့တာပါ။ အိမ်ကထွက်လာတည်းက သမီး သရဏဂုံတော်ကို ရွတ်ဖတ်သွားတာပါ။ ဆရာရေးတဲ့ သစ်, စား, သွား, အိပ်, ချီးပေါ့။ ဆိုင်ကယ်က အရှိန်နဲ့မှောက်တာ။ အံ့သြစရာကောင်းတာက သမီးရော သမီးအစ်ကိုကြီးပါ အနည်းငယ် ပွန်းပဲ့တာကလွဲလို့ ဘာဆိုဘာမှ မဖြစ်ခဲ့ကြပါဘူး။ ဆိုင်ကယ်ကတော့ နောက်ကြည့်မှန်တို့၊ မီးခွက်တို့ ကျိုးပဲ့ပျက်စီးကုန်ပါတယ်။ အဲ- တစ်ခုက သမီးလုံချည်အနားစ စုတ်ပြတ်ပြီး ဆိုင်ကယ်ဘီးထဲ ညပ်ပါသွားပါတယ်။ နားနဲ့မနာ ဖဝါးနဲ့နာပါဆရာ၊ သရဏဂုံတော် ဂုဏ်ကျေးဇူးကြောင့် အရှက်တကွဲ အကျိုးနည်းနဲ့ အသက်အန္တရာယ် ထိခိုက်ရန်ကြုံသော်လည်း အထိအခိုက်မရှိခဲ့တာကို ဆရာ့ထံ အကျိုးအံ့ကြောင်း ကျေးဇူးတင်ကြောင်း။ ပြီးတော့ ခုနစ်ရက်သားသမီးများအတွက် လူတွေနဲ့မကင်း အကျိုးရှိစေတဲ့ ဆရာ့ဘဝအတွေ့အကြုံများရှိပါသေးလျှင် ဆက်လက်၍ ရေးသားဖော်ပြပေးပါရန်နှင့် သမီး 'ကျွန်ုပ်နှင့် သစ်၊ စား၊ သွား၊ အိပ်၊ ချီး (၂)' ကိုလည်း ဖတ်ပြီးခဲ့ပါသည်။ ပိတောက်နွယ်မဂ္ဂဇင်း စာအုပ်တွင် ဆရာ စာတည်းမှူးတာဝန် ထမ်းဆောင်နေသည်ကို တွေ့မြင်သည့်အတွက် ပိတောက်နွယ် မဂ္ဂဇင်း စာပေတိုက်တွင် ဆရာရှိနေမည်ထင်၍ ဤစာအား ရေးသားလိုက်ပါသည်ရှင်။

ဆရာ့ကို အထူး ကျေးဇူးတင် ရှိ

အောင်မြင့်(သစ်လုပ်ငန်း)

---

သူတို့ ဘာတွေလဲ



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖြင့်-

သမီး ဝေဝေစိုး

*(New Life Computer)*


ခေတ္တ မကွေး

အထက်ပါ မကွေးတိုင်းဒေသကြီးမှ သမီး မဝေဝေစိုး ရေးသားပေးပို့သော စာအား ကျွန်ုပ် ဖတ်ရှုရသော်လည်း စာမရေးဖြစ်သည်က ကြာခဲ့သည်ဖြစ်၍ စာပေအကြွေးတင်ခံခဲ့ရပါသည်။ ကျွန်ုပ်သည် ပီတိအဟုန်များစွာဖြင့် ဤ 'ကျွန်ုပ်နှင့် သစ်၊ စား၊ သွား၊ အိပ်၊ ချီး (၃)' အား ဆက်လက် ရေးသားရပေတော့သည်။

ဤလောကကြီးတွင် ဖြစ်ရပ်ဆန်းကြယ်မှုများ အမျိုးမျိုးအဖုံဖုံ ရှိနေကြကြောင်း ရှေးက ဆရာများ၊ သုတေသီများ တွေ့ကြုံရမှုများအပေါ် မှတ်တမ်းမှတ်ရာများဖြင့် ရေးသားခဲ့ကြသည်ကို ကျွန်ုပ် ဖတ်ရှုခဲ့ရသည်။ ယခု ကျွန်ုပ်ရေးသားဖော်ပြမည့်အကြောင်းအရာသည် ကျွန်ုပ်ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဆန်းကြယ်မှုတစ်ခုဖြစ်ကြောင်း အောက်ပါအတိုင်း ဝန်ခံရေးသားရပေတော့သည်။

အချိန်ကား ၁၉၈၅ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့ ဖြစ်ပါ၏။ ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ယခု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) မြန်မာ့သစ်လုပ်ငန်းကော်ပိုရေးရှင်း (ယခု မြန်မာ့သစ်လုပ်ငန်း) ဓာတ်ပုံနှင့်







www.burmeseclassic.com

www.burmeseclassic.com

ဗီဒီယိုဌာနတွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါ၏။ မာတ်ပုံနှင့် ဗီဒီယိုဌာနသည် ဌာနဆိုင်ရာလုပ်ငန်းအဆင့်ဆင့် မှတ်တမ်းမှတ်ရာများ၊ ပြက္ခဒိန်ထုတ်လုပ်ရိုက်ကူးခြင်းတာဝန်များ၊ အစည်းအဝေးပွဲများ၊ ဝန်ကြီးဌာန၏ ခရီးစဉ်များ၊ သတင်းထုတ်ပြန်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ထမ်းဆောင်နေရသည်ဖြစ်၍ သွားလာမှု လွယ်ကူစေရန်အတွက် မော်တော်ဆိုင်ကယ် တစ်စီးမောင်းနှင်ခွင့် ခွင့်ပြုထားပေသည်။ လုပ်ငန်းသည် အလျင်အမြန် အရေးကြီးဆောင်ရွက်ရသည့် လုပ်ငန်းများပါရှိသည်ဖြစ်၍ အိမ်အပြန် အချိန်မမှန်။ တစ်ခါတစ်ရံ ဌာနတွင်ပင် အိပ်စက်ခဲ့ရသည်များလည်း ရှိခဲ့သည်။ လုပ်ငန်းပေါ်မူတည်၍ သစ်တောကြိုးဝိုင်းများရှိရာသို့ ခရီးဝေးသွားရသည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး မရှောင်နိုင်ခဲ့။ တာဝန်မို့ ရှောင်လွှဲ၍မရ။ ညည်းညူ၍ မရ။ လုပ်ငန်းပြီးစီးဖို့က အရေးကြီးသည်။ ဤသို့ အရေးကြီးတာဝန်ကိစ္စများ ရှိနေမှုကြောင့် ကျွန်ုပ် ကိုယ်တွေ့ကြုံရမှုက ဆန်းကြယ်လှစွာ တွေ့ကြုံခဲ့ရပေတော့သည်။

◎

ဇူလိုင်လသည် မိုးတွင်းကာလဖြစ်၍လား မသိ၊ သည်တစ်နေ့လုံး မိုးတစိမ့်စိမ့်ရွာနေသည်။ ဤသို့ မိုးရွာပြီဆိုလျှင် မော်တော်ဆိုင်ကယ်စီးသူ ကျွန်ုပ်အဖို့ မိုးရေကာနိုင်သည့် မိုးကာအကျီ၊ နွေးထွေးသည့် အဝတ်အစားအပို၊ အိတ်ထဲထည့်ထားသည့် ကင်မရာ မိုးမစိုစေရေး စသည့် ဆောင်ရန်၊ ရှောင်ရန်များကို ကြိုတင်စီစဉ်ထားရှိရသည်။ ယနေ့တစ်နေ့တာ ဆောင်ရွက်ရမည့်လုပ်ငန်းပြီး၍ အိမ်ပြန်ရန်အတွက် နာရီကြည့်လိုက်မိသည်။ ည (၉) နာရီထိုးပါပေါ့လားဟု စိတ်ထဲ တွေးမိကာ ပင်ပန်းမှုဒဏ် တစ်ချက်မျှ သမ်း၍ အညောင်းဆန့်ပြီး ပစ္စည်းများသိမ်းနေစဉ် ဖုန်းသံမြည်လာတော့သည်။

တယ်လီဖုန်းကိုင်၍-

"အမိန့်ရှိပါခင်ဗျာ"

"ဘယ်သူလဲ- မောင်အောင်မြင့်လား"

"ဟုတ်ကဲ့ ခင်ဗျာ"

"မင်း မောင်စိန်ဝင်းကိုခေါ်ပြီး မဂ်လာဒုံကိုလာခဲ့။ လာရင် ငါ့စားပွဲပေါ်က ရုံးဖိုင်အနီကိုယူလာခဲ့၊ အရေးကြီးတယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

ဌာနအကြီးအကဲ ဖုန်းဖြင့်ခိုင်းဆိုသည်ဖြစ်၍ လုပ်ဖော်ကိုင်ဖက် ကိုစိန်ဝင်းကို အကျိုးအကြောင်းပြောကာ လိုအပ်သည်များ ယူဆောင်၍ ဌာနအကြီးအကဲနေထိုင်ရာ မင်္ဂလာဒုံသို့ နှစ်ယောက်သား မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာလာခဲ့ကြတော့သည်။

အချိန်ကား ည (၉) နာရီခွဲပင် ရှိချေသည်။ ထိုစဉ်က သစ်လုပ်ငန်းကော်ပိုရေးရှင်း ရုံးချုပ်ရှိရာ အလုံမြို့နယ်မှ မင်္ဂလာဒုံမြို့နယ်သို့ သွားရောက်ရသည်ဖြစ်ရာ လမ်းများသည် လည်းကောင်း၊ လျှပ်စစ်မီးတိုင်တို့သည် လည်းကောင်း ယခုလို ဖွံ့ဖြိုးမှုမရှိသေး။ မင်္ဂလာဒုံ အဝေးပြေးလမ်းရှိ စော်ဘွားကြီးကုန်းဟု ဆိုသော အဝေးပြေးကားဝင်း အဟောင်းသည်ပင် လူသေမြှုပ်နှံသောသချိုင်းဝင်းကြီး ဖြစ်ပေသည်။ လမ်းဆုံလမ်းခွ အာလိန်ငါးဆင့်ဘုရားသို့သွားသော လမ်းခွဲတွင် ပျံကျဈေးဆိုင်များ၊ ဆိုင်ခုံတန်းများနှင့် ဈေးသည်များ၊ ကားဂိတ်များ၊ ကျူးကျော်အိမ်များဖြင့် နေ့လယ်နေ့ခင်း ပျားပန်းခတ်မျှ ရှုပ်ထွေးလှသည်။ ညဘက်ကျတော့ နေ့ခင်းနှင့်ဘာမှမဆိုင်။ လူသူပြတ်ကာ မှောင်ရိပ်ကြီးစိုးပြီး တိတ်ဆိတ်ငြိမ်သက်လှသောနေရာဒေသပင် ဖြစ်သည်။ တစ်လမ်းလုံး ကျွန်ုပ်တို့စီးလာသော ဆိုင်ကယ်စက်သံက လွှမ်းမိုးကာ နှစ်ယောက်သား စကားပြောလိုက်၊ ရွှတ်ဖတ်လိုက်နှင့် တရွေ့ရွေ့သွားနေရသော်လည်း မိုးကား မှောင်မှောင်မည်းမည်း တစိမ့်စိမ့်ရွာဆဲပင် ဖြစ်ပေသည်။ သို့သော် နှစ်ယောက်သား တိုင်ပင်ထားသည့်အတိုင်း ဌာနအကြီးအကဲနှင့်တွေ့ပြီး လုပ်ငန်းဆက်မခိုင်းလျှင် ကိုစိန်ဝင်းအား လှိုင်မြို့နယ်ရှိ သူ၏နေအိမ်သို့ပြန်ပို့ပေးပြီး ကျွန်ုပ်အိမ်ရှိရာ သာကေတမြို့နယ်သို့ ပြန်မည်။ ထို့အတွက် ဌာနအကြီးအကဲထံသို့ အမြန်ရောက်ရှိရန် မော်တော်ဆိုင်ကယ်စက်ရှိန် အနည်းငယ်မြှင့်၍ ကျွန်ုပ် မောင်းနှင်လေတော့သည်။

◎

တာဝန်ပေး စေခိုင်းလိုက်သော ရုံးစာတွဲ ဖိုင်အနီရောင်လေးအား နှစ်ယောက်သား ဌာနအကြီးအကဲထံ ပေးအပ်သောအခါ ဌာနအကြီးအကဲက-

"အေး- ကျေးဇူးပါပဲကွာ။ မင်းတို့လည်းပင်ပန်းသွားကြပြီ၊ ငါလည်း မနက်စောစော ဝန်ကြီးရုံးမှာ အရေးပေါ်အစည်းအဝေးရှိတယ်။ အစည်းအဝေးမှာ တင်ပြဖို့အတွက် ဝန်ကြီးရုံးက ဖုန်းနဲ့ပြောလို့ ဝန်ကြီးရုံးကို သွားရမယ်။ မင်းတို့ကော ထမင်းစားပြီးပလား"

"ဟုတ်ကဲ့"

ဟု နှစ်ယောက်သား ပြိုင်တူပြောဆိုလေရာ ဌာနအကြီးအကဲက-

"ကဲ- (၁၁) နာရီလည်း ထိုးနေပြီ၊ မင်းတို့ပြန်နားကြတော့။ ကောင်းကောင်းသတိထား စီးသွားကြကွာ၊ မိုးကလည်း ရွာတုန်းပဲကွ"

"ဟုတ်"

ဌာနအကြီးအကဲအား နှုတ်ဆက်ပြီး နှစ်ယောက်အား ပြန်ခဲ့ကြလေတော့၏။

အပြန်ခရီးကား တာဝန်မရှိတော့၍ စိတ်လက်ပေါ့ပါးစွာဖြင့်ပြန်ခဲ့ကြသည်ဖြစ်ရာ ကျွန်ုပ်ကား ထုံးစံအတိုင်း သစ်၊ စား၊ သွား၊ အိပ်၊ ချိုး သရဏဂုံသုံးပါးအား ရွတ်ပွားကာ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ချိန် ဆိုင်ကယ်နောက်မှ ထိုင်စီးလာသော ကိုစိန်ဝင်းသည် ကျွန်ုပ်၏နောက်ကျောကိုမှီ၍ အိပ်ငိုက်လျက်လိုက်ပါလာတော့သည်။

မော်တော်ဆိုင်ကယ်သည် တိုင်းခန်းမဆောင်ကို ကျော်လာပြီးနောက် ကုလားသချိုင်း၊ နာမည်ကြီးကိုးလောင်းကွေ့ အဆင့်ဆင့်ကျော်ဖြတ်ကာ စော်ဘွားကြီးကုန်း လမ်းဆုံရောက်တော့ အာလိန်ငါးဆင့်ဘုရားသွားရန် ကြက်လျှာစွန်းလမ်းခွဲသို့ မော်တော်ဆိုင်ကယ် အရှိန်လျှော့၍ ချိုးအကွေ့၊ လမ်းဆုံရှိ ပျံကျဈေးဆိုင်ခုံပေါ်တွင် လူနှစ်ယောက် သူတို့ဘာသာစကားဖြင့် တစ်ယောက်နှင့်တစ်ယောက် ငြင်းခုံရန်ဖြစ်စကား ပြောနေကြသည်။

ကျွန်ုပ်စိတ်ထဲတွင် သည်လူတွေသည်အချိန်ကြီးမှာ ဈေးခုံပေါ်ထိုင်ပြီး စကားများ ရန်ဖြစ်နေရတယ်လို့ဟုတွေးမိသည်။ ကျွန်ုပ်တွေးမိသလို ကိုစိန်ဝင်းကလည်း ဆိုင်ကယ်အကွေ့တွင် ခေါင်းထောင်ကြည့်ရာက 'ဒီလူတွေဗျာ၊ မိုးအေးအေးနဲ့ ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြတာ မဟုတ်ဘူး' လို့ ပြော၏။ ကျွန်ုပ်က သူ့စကားအား ထောက်ခံကာ 'အေး' ဟု ပြော၏။ ကျွန်ုပ်၏စကားအဆုံး ဖြန်းဆို လမ်းဘေး ဆိုင်ခုံအောက်က ခွေးနက်တစ်ကောင် မော်တော်ဆိုင်ကယ်ရှေ့သို့ လျှပ်တစ်ပြက် ရောက်လာ၏။ ကျွန်ုပ် မည်သို့မျှရှောင်လွှဲချိန်မရဘဲ မော်တော်ဆိုင်ကယ်က မျက်စိတစ်မှိတ်အတွင်း ခွေးကိုလည်းတိုက်၊ ဆိုင်ကယ်လည်း ဝုန်း

www.burmeseclassic.com

www.burmeseclassic.com

ဆို လမ်းမပေါ်တွင် လျှောထိုးမှောက်လေတော့၏။ ခွေးကို ဆိုင်ကယ်အရှိန်ဖြင့်တိုက်မိချိန်၊ ကျွန်ုပ်၏နောက်တွင် ထိုင်၍လိုက်ပါလာသော ကိုစိန်ဝင်းမှာ ကျွန်ုပ်ကိုကျော်၍ ကတ္တရာလမ်းပေါ်သို့ ပြုတ်ကျ၏။ ကျွန်ုပ်သည်လည်း လမ်းမပေါ်တွင် ဒူးထောက်လျက် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၏။ နှစ်ယောက်သား မထနိုင်။ မထင်မှတ်ဘဲ ဖြစ်ပေါ်လာတဲ့ အန္တရာယ်တွေ့ကြုံနေကြသော ကျွန်ုပ်တို့နှစ်ယောက်ဒုက္ခအား မှောင်မှောင်မည်းမည်း ဈေးခုံပေါ်ထိုင်ပြီး စကားများနေကြသော ထိုပုဂ္ဂိုလ်နှစ်ယောက်က ပိုမို အသံကျယ်လောင်စွာ ရန်ဖြစ်နေသည့်အလား ကျွန်ုပ်တို့အား ဥပေက္ခာဖြင့် မသိကျိုးကျွန်ပြုနေပေတော့သည်။ ကျွန်ုပ် ဆိုင်ကယ်မှောက်သည့်နေရာနှင့် ယင်းတို့ စကားများနေသောနေရာသည် အလွန်ရှိလှ (၁၅) ပေမျှသာ ဝေးကွာနိုင်သည်။ သို့သော် ထိုနှစ်ယောက်ကား အံ့ဩဖွယ်ရာ စကားပြောမပျက် ရှိနေကြသည်။

ကိုစိန်ဝင်းသည် ဆိုင်ကယ်ပေါ်မှ ယာဘက်ပခုံးနှင့်ကျသဖြင့် ဝဲလက်ဖြင့် ပခုံးကိုကိုင်ကာ ထိုင်လျက်ညည်းညူနေသည်။ မှောက်နေသော မော်တော်ဆိုင်ကယ်သည် လမ်းမပေါ်တွင် လဲပြိုနေသော်လည်း စက်ရပ်သွားခြင်း မရှိဘဲ နောက်ဘီးလည်ပတ်၍ တိတ်ဆိတ်ငြိမ်သက်နေသော သန်းခေါင်ကျော်ကာလအား စက်သံဖြင့်လွှမ်းမိုးကာ ရှိနေချေ၏။ ကျွန်ုပ်၏ ယာဘက်ဒူးဆစ်သည် ဖူးရောင်စွာ လေပူဖောင်းပမာနှင့် ညို့သကျည်းတို့သည်လည်း ပွန်းပဲ့ဒဏ်ရာများက မိုးရေထိ၍ စပ်ဖျဉ်းဖျဉ်းဖြစ်နေ၏။ မော်တော်ဆိုင်ကယ်ရှိရာသို့ တရွတ်တိုက်သွားရောက်ကာ ဆိုင်ကယ်စက်ကို ပိတ်ရသည်။ ဆိုင်ကယ်လက်ကိုင်ကို အားပြု၍ မတ်ရပ်ထကြည့်သည်။ ရ၏။ ဝဲဘက်ခြေထောက်ကို အားပြုပြီး ဆိုင်ကယ်အား မ,၍ ထောင်ကြည့်သည်။ ရ၏။ ဆိုင်ကယ်ထောင်၍ရသည်နှင့် လမ်းဘေးသို့ ယာဒူးခေါင်းနာကျင်စွာနှင့်ပင် ဆိုင်ကယ်ရွှေ့ထောင်ထားခဲ့ပြီး လမ်းဘေးတွင် ငုတ်တုတ်ထိုင်ကာ ပခုံးကို လက်ဖြင့်ဖိကာနေရှာသော ကိုစိန်ဝင်းအား-

"ကိုစိန်ဝင်း၊ ဘာဖြစ်သွားလဲ"

"ကျွန်တော် ယာဘက်ပခုံးနာနေ၊ ရောင်နေတယ်"

သူပြောမှ ကျွန်တော့်ခြေထောက်ကို သတိရမိသည်။ ကျွန်ုပ် ရုံးအိတ်ကို သတိရမိသည်။ မော်တော်ဆိုင်ကယ်၏ ခြင်းထဲတွင်ထည့်ထားသော ရုံးအိတ်ထဲတွင် လက်နှိပ်ဓာတ်မီး၊ ကင်မရာ၊ မျက်နှာသုတ်ပဝါနှင့် ပရုတ်ဆီဘူး ပါသည်။ ပရုတ်ဆီဘူးကိုယူ၍ ကိုစိန်ဝင်းကိုလည်း လိမ်းပေး၊ ကျွန်ုပ်၏ဒူးခေါင်းဒဏ်ရာကို လိမ်းပြီး-

"ကိုစိန်ဝင်း၊ လမ်းလျှောက်နိုင်လား"

"လျှောက်နိုင်တယ်၊ ခြေထောက်က ဘာမှမဖြစ်ဘူး"

"ဒါဆိုရင် ကိုယ်တို့ ဆိုင်ကယ်နှိုးကြည့်မယ်၊ နိုးရင် ပြန်ကြတာပေါ့"

ပြောပြောဆိုဆိုဖြင့် ကျွန်ုပ် ခြေထောက် ထော့နင်းထော့နင်းဖြင့်သွား၍ ဆိုင်ကယ်စက်နှိုးတံပေါ်သို့ ဝဲဘက်ခြေထောက်တင်ကာ နင်းပြီးနှိုးကြည့်သည်။ တစ်ချက်၊ နှစ်ချက်၊ မနိုးသေး။ သုံးချက်မြောက်တွင် ဆိုင်ကယ်စက်နိုးတော့၏။ ဆိုင်ကယ်စက်နိုးသော်လည်း ရှေ့မီးကြီး မလင်း၊ ဆိုင်ကယ်မှောက်စဉ် ရှေ့မီးကြီး မှန်ကွဲပြီး မီးလုံးပါ ထိခိုက်သွားပုံရသည်။ တော်သေးသည်၊ လက်နှိပ်ဓာတ်မီးပါသည်ဖြစ်၍ ဆိုင်ကယ်စက်နှိုး၊ ဒေါက်ထောက်ထားပြီး လက်နှိပ်ဓာတ်မီးဖြင့် ဆိုင်ကယ်မှောက်သည့် အနီးတစ်ဝိုက် မီးထိုးကြည့်မိသည်။ ဆိုင်ကယ်နှင့်တိုက်မိသည့် ခွေးနက်ကြီးသည် လည်းကောင်း၊ အခြား ခွေးများသည် လည်းကောင်း တစ်ကောင်တစ်မြီးမျှမတွေ့။ လက်နှိပ်ဓာတ်မီးရောင်ကြောင့်လား၊ မော်တော်ဆိုင်ကယ်စက်သံကြောင့်လား မသိ။ စကားများနေသော ဈေးဆိုင်ခုံပေါ်က ပုဂ္ဂိုလ်နှစ်ယောက်သည် ဈေးဆိုင်ခုံပေါ်မှထ၍ ပြန်ကြမည်ပြု၏။ ယင်းအချိန်တွင် ကျွန်ုပ်၏အသိဉာဏ်က အိပ်ထဲတွင်ထည့်ထားသော ကင်မရာကို လျှပ်တစ်ပြက်ယူ၍ ထိုနှစ်ယောက်ကို ဓာတ်ပုံရိုက်မိလေတော့သည်။ ကင်မရာ၏ ဖလက်(ရှ်) မီးရောင်က တဝင်းဝင်းဖြင့် ဖလင်သုံးကွက်စာ သုံးကြိမ်လောက်ရိုက်ဖြစ်လိုက်၏။

ကင်မရာ၏မှန်ဘီလူးထဲတွင် ၎င်းတို့ပုံရိပ် ရေးရေးပေါ်နေ၏။ တစ်ဦးက ဗိုက်ရွဲရွဲ ပုပုဝဝ။ တစ်ဦးက ပိန်ပိန်၊ မြင့်မြင့်။ နှစ်ဦးလုံး အသားများနက်မှောင်နေ၏။ အပေါ်အင်္ကျီ မပါကြ။ ပုံပန်းသဏ္ဌာန်တွေက သံသယဝင်စရာတွေမို့ ကျွန်ုပ်၏ဦးခေါင်းမှဆံပင်များ အလိုလိုထောင်ကာ. ကြက်သီးမွေးညင်းထကာ ကိုစိန်ဝင်းအနားသို့ တိုးကပ်မိပါသည်။ ကိုစိန်ဝင်းကလည်း ကျွန်ုပ်နည်းတူ သူတွေ့မြင်မှုအပေါ် သံသယရှိ၍ ကျွန်ုပ်အနားသို့ တိုးကပ်လာခဲ့သည်။ ကင်မရာဖြင့် ဓာတ်ပုံရိုက်ခဲ့သော်လည်း ထိုသူနှစ်ယောက်သည် သူတို့နှင့်မဆိုင်သည့် သဖွယ် တစ်ဖက်တွင်ရှိသော သချိုင်းဘက်သို့ဦးတည်ကာ ထွက်သွားကြလေသည်။ မိုးက တစိမ့်စိမ့်ရွာနေဆဲပင်။

၁၀

ကျွန်ုပ်တို့နှစ်ဦးသား သံသယစိတ်များစွာဖြင့် လှိုင်မြို့နယ်ရှိ ကိုစိန်ဝင်းအိမ်သို့ မော်တော်ဆိုင်ကယ် တရွေ့ရွေ့နှင့် သတိထားကာ မောင်းနှင် ပို့ဆောင်ပြီး ကျွန်ုပ်နေထိုင်ရာ သာကေတမြို့နယ်သို့ သစ်၊ စား၊ သွား၊ အိပ်၊ ချီး သရဏဂုံ သုံးပါးရွတ်ပွား၍ မော်တော်ဆိုင်ကယ်ကို သတိထားမောင်းနှင်နေသော်လည်း ကျွန်ုပ်ပြန်ရာလမ်းတစ်လျှောက် ခွေးများ အမှတ်မထင် ဆိုင်ကယ်ရှေ့မှ သုံး၊ လေးကြိမ် ဖြတ်ပြေးမှုကို တွေ့ကြုံရပါသေးသည်။ မိုးအေးသည့်ဒဏ်ကြောင့် ခြေထောက်ဒဏ်ရာက နာကျင်လှသည်ဖြစ်၍ အိမ်သို့ အမြန်ရောက်ချင်နေသည်။ ဆိုင်ကယ်အမြန်မမောင်းရဲ၊ ပုံမှန်သာ မောင်းသွားရသဖြင့် ကျွန်ုပ်၏အိမ်သို့ ညဉ့် (၂)နာရီကျော်မှ ရောက်ခဲ့တော့သည်။

ဆိုင်ကယ်စက်သံကြားသဖြင့် ဇနီးက အိမ်ခြံတံခါး ထဖွင့်ပေးသည်။ မီးရောင်အောက်တွင် ကျွန်ုပ်ရရှိလာသော ဒဏ်ရာများကြည့်၍ ဇနီးဖြစ်သူ စိုးရိမ်မှုဖြစ်ရသေးသည်။ ဒဏ်ရာဒဏ်ချက်များပြသပြီး အကျိုးအကြောင်းပြောပြတော့မှသရဏဂုံကျေးဇူးကြောင့် အသက်အန္တရာယ်မရှိခဲ့တာကိုဘဲ ဇနီးဖြစ်သူ စိတ်ပူပန်မှုလျော့ပါးသည်ကို ကျေးဇူးတင်ရပါသည်။ ဒဏ်ရာဆေးကြောသန့်စင်ခြင်း၊ ဆေးလူး, ဆေးထည့်ခြင်း၊ မတ်တီးစည်းခြင်းများပြုလုပ်ပြီး အိပ်ရာဝင်ခဲ့ကြသော်လည်း ကျွန်ုပ် ဒဏ်ရာက နာကျင်ကိုက်ခဲခြင်းနှင့်အတူ ထူးဆန်းသော လူမည်းကြီးနှစ်ယောက်အကြောင်း တွေးတောကာ အိပ်မရခြင်းတို့ကြောင့် နံနက် အမြန်ရောက်ပါစေဟု ဆုတောင်းနေမိတော့သည်။ မိုးကား တစိမ့်စိမ့်ရွာမြဲပင် ရှိနေသေးသည်။

မည်သည့်အချိန်က အိပ်ပျော်သွားသည်မသိ၊ အိပ်ရာထက် ခန္ဓာကိုယ် အပြောင်းအလှည့်၌ ယာဘက်ဒူးခေါင်း



www.burmeseclassic.com

www.burmeseclassic.com

စူးရှ နာကျင်သည့်ဒဏ် ခံစားရသဖြင့် အိပ်ရာမှလန့်နိုးခဲ့သည်။ လက်က နာရီကိုကြည့်မိသည်။ နံနက် (၆) နာရီ ထိုးတော့မည်။ အိပ်ရေးမဝသည့်ဒဏ်၊ ဆိုင်ကယ်မှောက်၍ ကိုယ်လက်နာကျင်ကိုက်ခဲသည့်ဒဏ်နှင့်အတူ ညက တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များ ရုပ်ရှင်၊ ဗီဒီယိုကြည့်ရသည့်အလား ကျွန်ုပ်အာရုံတွင် အစီအရီပေါ် ထွက်လာခဲ့သည်။ အထူးသဖြင့် သန်းခေါင်ကျော် အချိန်မတော် ဈေးခိုင်ပေါ် စကားကျယ်လောင်စွာ ပြောနေကြတဲ့ လူမည်းကြီးနှစ်ယောက် အကြောင်း။

ကျွန်ုပ် ဆိုင်ကယ်မှောက်သည့်ဒဏ်ကြောင့် ရုံးမတက်နိုင်သဖြင့် ရုံးမှ တာဝန်ရှိ ဆရာဦးဗိုလ်လေးရောက်လာသည်။ ကျွန်ုပ်၏ဒူးနာအား ဓာတ်မှန်ရိုက်ပေးခြင်း၊ ဆေးကုသပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ တော်သေးသည်၊ ဓာတ်မှန်အဖြေက အရိုးကို မထိခိုက်။ ကိုစိန်ဝင်းကိုလည်း ကျွန်ုပ်ကဲ့သို့ပင် ဆေးခန်းသွားပြပေးခဲ့သည်။ ရက်သတ္တ (၁) ပတ်ကြာ နားနေလိုက်ရသည်။ ကျွန်ုပ်တို့နှစ်ယောက်သား အသက်အန္တရာယ်မထိခိုက်ဘဲ ဤမျှဒဏ်ရာရခဲ့သည်က ကျွန်ုပ်ယုံကြည်စွာ ရွတ်ဖတ်ပူဇော်သော သစ်၊ စား၊ သွား၊ အိပ်၊ ချိုး ကျေးဇူးကြောင့်ဟု ဆိုချင်ပါသည်။ သို့သော် ကျွန်ုပ်၏စိတ်အစဉ်တွင် မပြေလည်သည့်ပုစ္ဆာတစ်ပုဒ်အား အဖြေရှာထုတ်ရန် ဆုံးဖြတ်ခဲ့ရပါတော့၏။

သည်နေ့တော့ ရုံးလုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ရန်အတွက် မော်တော်ဆိုင်ကယ်မီးလုံးကွဲသွားသည်များကအစ လိုအပ်သည်များ ပြင်ဆင်ပြီး ဖြစ်သည်။ မိုးတွင်းဆိုပေမင့် သည်နေ့တော့ ကောင်းကင်တွင် သာသာယာယာ ရှိလှသည်။ နေလည်းမပူ၊ မိုးလည်းမအုံ့။ မော်တော်ဆိုင်ကယ်မောင်းသမားအကြိုက်ဟု ရေးချင်ပါသည်။

ရုံးကိုရောက်တော့ ကိုစိန်ဝင်းလည်း ရုံးတက်နိုင်ပြီ။ ကိုစိန်ဝင်းက-

"ဦးအောင်မြင့်၊ ကျန်းမာရေးအခြေအနေ"

"အိုကေ ပြသွားပြီ ကိုစိန်ဝင်းရေ၊ စိတ်ပဲကျန်တော့တယ်"

"ဗျာ- စိတ်က ဘာဖြစ်လို့လဲ"

"ဟိုလေဗျာ၊ ကိုယ်တို့ အန္တရာယ်ကြုံတဲ့ညက စကားများတဲ့ ပုဂ္ဂိုလ်နှစ်ယောက်. . ."

"အဲ. . . အဲဒါ ကျွန်တော်လည်း ပြောမလို့၊ တစ်ပတ်လောက်သည်းခံနေရတယ်"

"သူတို့ ဘာတွေလဲဗျ"

"ထူးတော့ထူးတယ်။ ကိုယ်တော့ မသိဘူး၊ စုံစမ်းရမယ်"

"ကောင်းတယ်၊ ကျွန်တော်တို့ စုံစမ်းကြတာပေါ့"

✿

သည်နေ့ ရုံးပိတ်ရက် ဖြစ်သည်။

အချိန်ရသည်ဖြစ်၍ ကိုစိန်ဝင်းနှင့် ကျွန်ုပ် တိုင်ပင်ထားသည့်အတိုင်း နံနက်စာ ထမင်းစားသောက်ပြီး လှိုင်မြို့နယ်မှ စော်ဘွားကြီးကုန်းသို့ နှစ်ယောက်သား မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာခဲ့ကြသည်။ လူများ၊ ကားများ၊ ဈေးသည်များဖြင့် စည်ကားလှသော စော်ဘွားကြီးကုန်း ကြက်လျှာစွန်းသို့ ရောက်ရှိခဲ့ကြပြန်ပြီ။ စော်ဘွားကြီးကုန်းနှင့် အာလိန်ငါးဆင့်သို့သွား လမ်းဆုံသည် နေ့နှင့်ညဘာမှမဆိုင်၊ ဥဒဟိုသွားလာလှုပ်ရှားနေကြသည်။ မော်တော်ဆိုင်ကယ်ကို လမ်းဆုံအနီးနားရှိ စားသောက်ဆိုင်ရှေ့တွင် ရပ်ကာ လက်ဖက်ရည် မှာသောက်ကြသည်။ လက်ဖက်ရည်ကျသင့်ဖိုး ရှင်း၍ ခံတွင်းချဉ်သဖြင့် ကွမ်းယာဝယ်ရန်နှင့် ပုဂ္ဂိုလ်နှစ်ယောက်အကြောင်း စုံစမ်းရန် နှစ်ဦးသား ထွက်လာခဲ့သည်။ ကွမ်းယာဆိုင်က အသက် (၅၀) ကျော် ဦးလေးကြီးတစ်ယောက် ရောင်းသည့် ကွမ်းယာဆိုင် ဖြစ်သည်။ ကျွန်ုပ်ကပင်-

"ဦးလေး- ကွမ်းယာ၊ ဗမာဆေးနဲ့ တစ်ထုပ်လောက်"

"ထုံးလေးလေးလား၊ အပေါ့လား"

"ပုံမှန်ပါပဲ ဦးလေး။ ဩော်- ဒါနဲ့ ဦးလေးဆိုင်နဲ့ မျက်စောင်းထိုးဈေးခုံက ဘာရောင်းတာလဲ ခင်ဗျာ"

(ပုဂ္ဂိုလ်နှစ်ဦး အချိန်မတော် စကားထိုင်ပြောသော ဈေးခုံ)

"ဟော- ဘာဖြစ်လို့လဲ၊ မင်းတို့ဝယ်ချင်လို့လား။ အရင်ကတော့ ဈေးရောင်းတာ"

"ခင်ဗျာ- မဝယ်ချင်ပါဘူး၊ သိချင်တာလေးရှိလို့ပါ"

"ဘာသိချင်တာလဲ ငါ့တူ။ ပိုင်ရှင်ကတော့ မရှိတော့ဘူး၊ သူ့မိသားစုပဲရှိတယ်"

"ပိုင်ရှင်. . . ပိုင်ရှင်က. . ."

ကျွန်တော် အံ့သြ ထစ်ငေါ့စွာနှင့် မေး၏။

"ပိုင်ရှင်က သူ့ဆိုင်ကိုလာရင်း လမ်းဖြတ်ကူးတုန်း တစ်ဖက်ယာဉ်ကြောကကားဘရိတ်ပေါက်ပြီး ဝင်တိုက်တာ ကားတိုက်ခံရလို့ သေသွားပြီ"

"ဗျာ- ဘယ်တုံးကလဲ ခင်ဗျာ"

"မကြာသေးဘူးကွ၊ တစ်လကျော်လောက် ရှိသွားပြီ။ ကားလမ်းဖြတ်ကူးတာ လူက လေးယောက်၊ ခွေးကတစ်ကောင်။ နှစ်ယောက်က ဆေးရုံတင်ထားရတယ်၊ နှစ်ယောက်နဲ့ ခွေးတစ်ကောင်က သေတယ်။ သေတဲ့လူက အဲဒီဆိုင်ပိုင်ရှင် ပုပုဝဝ၊ ပိန်ပိန်နဲ့က သူ့သူငယ်ချင်း၊ သေသွားတဲ့ခွေးက ဆိုင်ပိုင်ရှင်ရဲ့ခွေး။ နက်ကျော်ဆိုတဲ့ ခွေးနက်ကြီးပေါ့။ ခွေးက သိပ်လိမ္မာတယ်၊ သူ့သခင်ကိုလည်း အရမ်းသိတယ်။ ဈေးဆိုင်လာတိုင်း လိုက်လိုက်လာတယ်လေ"

"ဗျာ"

ဟု ကျွန်ုပ်နှင့် ကိုစိန်ဝင်း နှုတ်မှ ယောင်၍ ပြိုင်တူ 'ဗျာ' လိုက်မိသည်။

"ရော့- မင်းတို့မှာတဲ့ ကွမ်းယာ"

ယာပြီးသွားသော ကျွန်ုပ်တို့အတွက် ကွမ်းယာအထုပ်ပေးသဖြင့် ကျသင့်သည့်ကွမ်းယာဖိုး လှမ်းပေးရင်း-

"ကျေးဇူးပါပဲ ဦးလေး"

ဟု နှုတ်ဆက်ကာ ကိုစိန်ဝင်းနှင့် ကျွန်ုပ် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ မော်တော်ဆိုင်ကယ်ရှိရာသို့ ထွက်လာခဲ့ကြပါတော့၏။

✿

မော်တော်ဆိုင်ကယ် ခွေးတိုက်ပြီး မှောက်ခဲ့စဉ်က ကင်မရာဖြင့် ထူးဆန်းသောပုဂ္ဂိုလ်နှစ်ဦးအား ရိုက်ကူးခဲ့သော ဖလင်လိပ်ပုံများ ကူး၍ ဖလင်ဆေးပြီးသောအခါ ဖလင်တစ်လိပ် (၃၆) ကွက်တွင် ဖလင်သုံးကွက်သာ ပုံရိပ်မထင်၊ မည်းမှောင်၍နေသည်ကို တွေ့ရသည်။ ထိုဖလင်သုံးကွက်သည် ထိုညက မိုးတစိမ့်စိမ့်၊ မှောင်မှောင်မည်းမည်းထဲ စကားများနေသည့် လူမည်းကြီးနှစ်ယောက်အား ရိုက်ကူးခဲ့သော ဖလင်ကွက်နေရာ ဖြစ်နေပေသည်။ ကိုစိန်ဝင်းကို ပြ၍ ကျွန်ုပ် ဆွေးနွေးကြည့်တော့-


"ကဲ- ကိုစိန်ဝင်း၊ ဓာတ်ပုံရိုက်တာ ဒီလူနှစ်ယောက် ပုံရိပ်မထင်ပုံထောက်ရင် ကွမ်းယာရောင်းတဲ့ဦးလေးကြီးပြောတဲ့ လူနှစ်ယောက်များ ဖြစ်နေလား မသိဘူး"

"ဟုတ်မယ်၊ ကွမ်းယာသည် ဦး



www.burmeseclassic.com

www.burmeseclassic.com




လေးကြီးပြောတာ ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ တစ်ယောက်က ပုပုဝဝ၊ တစ်ယောက် ပိန်ပိန်။ ပြီးတော့ ခွေးနက်ကြီးတစ်ကောင်လည်း ပါတယ်ဆိုတော့ သူတို့ ဘာတွေလဲ မသိဘူး"

"အေး- ကိုယ်လည်း မသိဘူး၊ သိတဲ့လူတွေ မေးကြည့်ရမှာပဲ။ အေး-တစ်ခုတော့ ရှိတယ်၊ ကိုယ်တို့အသက်အန္တရာယ် မထိခိုက်, မဆုံးရှုံးတာကတော့ ကိုယ်တို့ ယုံကြည်စွာ ရွတ်ဖတ်နေတဲ့ သရဏဂုံသုံးပါးဂုဏ်ကျေးဇူးကြောင့် ဆိုတာကတော့ သိသာ ထင်ရှားလှပါတယ်ကွာ"

"ဟုတ်တယ်၊ ဟုတ်တယ်။ ညဥ့်သန်းခေါင်ကျော်ကြီး ဆိုင်ကယ်မှောက်တာ သာမန်မဟုတ်ပေမယ့် အသက်အန္တရာယ်ထိခိုက်မှု အများဆုံးဖြစ်နိုင်တယ်လို့ ဆေးခန်းသွားပြတုန်းက ပြောကြတယ်။ သိပ်ကံကောင်းတယ်လို့ ပြောကြတယ်"

ကျွန်တော့်စိတ်ထဲတော့ သူတို့ ဘာတွေလဲ ဆိုတာ. . . သူတို့ ဘာတွေလဲ ဆိုတာ. . . ။

ဒါကတော့ လွန်ခဲ့သည့် နှစ်ပေါင်း (၃၀) နီးပါးက လုပ်ဖော်ကိုင်ဖက် ကိုစိန်ဝင်းနှင့် ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ကြရသော အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။ ယခု စော်ဘွားကြီးကုန်းရှိ သချိုင်းဝင်းသည် လည်းကောင်း၊ ဈေးဆိုင်ခုံ, ပုံကျများသည် လည်းကောင်း မရှိတော့ပြီ။ အဝေးပြေးဝင်းအပေါင်းနှင့် အာလိန်ငါးဆင့်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မင်းဓမ္မလမ်း၊ မင်္ဂလာဒုံအဝေးပြေးလမ်းမကြီးတို့သည် ခေတ်နှင့်အညီ တိုးတက်စည်ကား ပြောင်းလဲခဲ့ချေပြီ။ ထို့အတူ ကျွန်ုပ်သည် ဌာနမှ အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့သည်မှာလည်း ဆယ်စုတစ်စုပင် ပြည့်တော့မည်။ ကိုစိန်ဝင်းသည် ဦးစိန်ဝင်းဘဝသို့ ရောက်ရှိပြီး ဌာနတွင် လက်ထောက် အထွေထွေမန်နေဂျာ ရာထူးဖြင့် တာဝန်များ ကျေပွန်စွာထမ်းဆောင်လျက်ရှိပေပြီ။ လူတွေ၊ နေရာဒေသတွေ၊ ခေတ်တွေစနစ်တွေ တိုးတက် ပြောင်းလဲမှုတွေ ရှိနေပါသော်လည်း လူသားများနှင့် မကင်းသည့်

(၁) မျက်နှာသစ်ခြင်း၊
(၂) အစာစားခြင်း၊
(၃) ခရီးသွားလာခြင်း၊
(၄) အိပ်စက်အနားယူခြင်း၊
(၅) ရေချိုးခြင်းများ. . .

ဆောင်ရွက်ကြလေတိုင်း အန္တရာယ်ကင်း ဘေးရန်ရှင်းသည့် သံဝေဓပါကိုးဂါထာဟု ဆိုအပ်သော သရဏဂုံ၏ ဂုဏ်ကျေးဇူးတော်မြတ်အား ကိုယ်တွေ့ကြုံဖြင့်-

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ၊ . . .
တတိယမ္ပိ၊ . . .'

ဟု ရွတ်ဖတ်ပူဇော်ကာ လူမည်းကြီးနှစ်ယောက်နှင့် ခွေးနက်တစ်ကောင်အား ကောင်းရာသုဂတိ လားကြပါစေဟု မေတ္တာများပို့၍ 'သူတို့ဘာတွေလဲ' ကို ရေးသားရပေတော့သည်။

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု
အောင်မြင့်(သစ်လုပ်ငန်း)



www.burmeseclassic.com

www.burmeseclassic.com

လူတွေပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။

'ဆေးကောင်းရင် သန်းခေါင်း'

'ဆေးကောင်းတယ် ဆိုတာ အင်းစောင်းတာလောက် ရှိတယ်'

ဆိုတဲ့ စကားပါပဲ။

သဘောက ဆေးဘယ်လောက်ကောင်းကောင်း၊ အင်းနဲ့ဆောင်ရွက်ရင် ဆေးထက် ထက်မြက်တယ် ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။ ဒီပညာကိုပေးခဲ့တဲ့ ကျွန်တော့်ဆရာက ဘာပြောသလဲဆိုရင်-

"အခု ခင်ဗျားကိုသင်ပေးတဲ့ သရဏဂုံအင်းဟာ အင်းပညာရပ်အနေနဲ့ ကြည့်ရင် မူကြိုအဆင့်ပဲဗျ။ အဲဒီ မူကြိုအဆင့်တောင် အသုံးပြုတတ်ရင် အသုံးပြုတတ်သလောက် အသုံးဝင်ပါတယ်။ ဟုတ်၊ မဟုတ် ကိုယ်တိုင်လည်း စမ်းကြည့်ပေါ့"

လို့ ပြောဖူးပါတယ်။

ကျွန်တော်က ကိုယ်တတ်ထားတဲ့ သရဏဂုံအင်းအကြောင်းကို ဖော်ပြချင်တာတော့ ကြာပါပြီ။ ဆရာသမားလည်း ကွယ်လွန်သွားတော့ ဘယ်သူ့ဆီမှာ ခွင့်တောင်းရေးရမှန်းမသိ ဖြစ်နေပါတယ်။ အခုအချိန်မှာ အခြား ပညာရှင်ကြီးတွေ အင်းအကြောင်းရေးတာ တွေ့တော့မှ ပညာကို သေရွာယူမသွားချင်တဲ့ဆန္ဒနဲ့ ကျွန်တော်နဲ့ ရင်းနှီးတဲ့ သရဏဂုံအင်းအကြောင်းကို အိတ်သွန်ဖာမှောက် ရေးပါတော့မယ်။ အခု ကျွန်တော် ဖော်ပြမယ့် အကြောင်းအရာတွေကတော့ အင်းအကြောင်း ဘာမှမသိသေးတဲ့ ဝါသနာရှင်တွေအတွက် အသေးစိတ် ဖော်ပြပေးမှာပါ။

ဒီသရဏဂုံအင်းကို ကျွန်တော်က တကူးတက သင်ယူခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ သူငယ်ချင်းလည်းဖြစ်၊ ဆရာလည်းဖြစ်တဲ့ သူငယ်ချင်းဆရာကို ညီအစ်ကိုအရင်းလို ခင်နေလို့ သူ့ကိစ္စတွေ ကူညီရပေါင်းများလာတော့ သရဏဂုံအင်းကို ပထမဆုံး မြင်ဆရာအဖြစ် ကြုံလာပါတယ်။ အိမ်တစ်အိမ်ရောက်ရင် ဆရာက ပဏာမပြောတဲ့စကား၊ ဆောင်ရန်၊ ရှောင်ရန်စကားတွေ ကြားရဖန်များလာတော့ ကြားဆရာအဖြစ် ဗဟုသုတတွေ ရလာပြန်တယ်။ ဆရာနဲ့ တစ်နှစ်ကျော် အိမ်ပေါင်းများစွာ သွားခဲ့ပေမယ့် ကျွန်တော် လုံးဝ သင်လည်းမသင်ဘူး၊ ရေးကြည့်တာမျိုးလည်း မလုပ်ခဲ့ပါဘူး။

ဒါပေမယ့် မြင်ပါ၊ ကြားပါများလာတော့ မလေ့ကျင့်ဘဲ အလိုလို ရေးရင်ရပြီဆိုတဲ့ အချိန်လောက်မှာ-

"ခင်ဗျား သရဏဂုံအင်းရေးကြည့်ပါလား၊ မျက်စိရည် နားရည် ပြည့်နေပြီဗျ"

တကယ် ရေးကြည့်တယ်ဆိုရင်ပဲ တစ်ခါတည်းနဲ့ အမှားအယွင်းမရှိ ရေးတတ်သွားပါတယ်။ အချိန်အားဖြင့် တစ်နှစ်ကျော်ကြာမှ စပြီး ရေးဖြစ်တာပါ။ နောက် သူငယ်ချင်းဆရာ အကြံပေးချက်အတိုင်း 'အင်းကစားပါ' ဆိုတော့ ကုသိုလ်ကောင်းမှုပါရအောင် ညအက်ဘုရားရှိခိုးပြီးတာနဲ့ သရဏဂုံအင်းကို (၉) ကွက် ပူဇော်ပါတယ်။ ဓာတ်ကျလာရင် (၁၈)ကွက်အထိလည်း ပူဇော်တယ်။ ဒီအင်းပူဇော်တဲ့အလုပ်ကို ဘယ်လောက်လုပ်ဖြစ်သလဲဆိုရင် (၂) နှစ်ကျော် လုပ်ဖြစ်ခဲ့တာပါ။ အင်းကွက်ပေါင်း (၅၀၀၀) ကျော်သွားတာ မှတ်မိနေပါတယ်။ အခုလို အင်းကွက် (၅၀၀၀) ကျော်ချိန်မှာ ကျွန်တော့်အိမ်ကို ဆရာက ပေါက်ချလာပြီး-

"ခင်ဗျား သရဏဂုံအင်း ထုံသွားပြီ။ အင်းနှအောင်၊ မအောင် စစ်ဆေးပေးဖို့ ဆရာအရှင်မြတ်တွေက ခွင့်ပြုလိုက်တယ်"

ဆိုပြီး အင်းစစ်ဆေးပွဲလေး အိမ်မှာလာပြီးလုပ်ပါတယ်။ အင်းစစ်ဆေးတဲ့ကိစ္စကိုတော့ ဂိုဏ်းမလွတ်မှာစိုးလို့ မဖော်ပြတော့ပါဘူး။ အင်းစစ်ဆေးပွဲပြီးမှ-

"ခင်ဗျား အင်းအောင်သွားပါပြီ။ (၇) ရက်သားသမီးတွေကို လိုအပ်သလို အကူအညီပေးပေတော့"

လို့ ခွင့်ပြုတယ်ဗျ။

ဒါကြောင့် စပြီး အင်းရေးချိန်က အင်းအောင်ချိန်အထိ (၃) နှစ်ကြာခဲ့ပါတယ်။ အခုဖော်ပြမယ့် သရဏဂုံအင်းကို ဝါသနာရှင်တွေက စိတ်လည်းဝင်စားတယ်၊ ကိုယ်တိုင်လည်း လုပ်ကြည့်ချင်တယ်ဆိုရင် ဒီဆောင်းပါးကို ပြီးဆုံးအောင်ဖတ်ဖို့ လိုပါလိမ့်မယ်။ ပြီးတော့ အင်းပညာနဲ့ စိမ်းတဲ့ ဝါသနာရှင်တွေအတွက် လုပ်တတ်ကိုင်တတ်အောင် ဆောင်ရန်၊ ရှောင်ရန် အချက်တွေပါ ဖော်ပြပေးပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဆရာက သရဏဂုံအင်းကို အိမ်သန့်ရှင်းရေးအတွက် အသုံးပြုတာများပါတယ်။ အိမ်သန့်ရှင်းရေးဆိုတာ ဘာတွေလဲလို့ သိချင်ကြမှာပါ။ အိမ်တစ်အိမ်မှာ ပရလောကသားကိုဖယ်ရှားဖို့ အလွန် ခက်နေတဲ့အဖြစ်မျိုးတွေ၊ ပယောဂကြောင့် အတိုက်အခိုက်ခံရပြီး ခြောက်တာလှန့်တာမျိုးတွေ၊ ဒီအတိုက်အခိုက်ကြောင့်ပဲ အိမ်သားထဲက တစ်ဦးဦး ဆေးကုမရဘဲ ရောဂါဖောက်နေတာတွေ၊ ဒီအတိုက်အခိုက်ကြောင့် တဖြည်းဖြည်း စီးပွားကျလာတာတွေ၊ လုပ်သမျှ မထင်မှတ်အောင် အရှုံးပေါ်နေတာတွေ၊ အပုပ်နံ့ပေးတာတွေ၊ အမှတ်မဲ့ ရိုးတိုးရိပ်တိပ် တွေ့တွေ့နေတာမျိုးတွေ၊ သဲနဲ့ပက်တာ, ရေနဲ့ပက်တာ, ခဲနဲ့ပေါက်တာ မကြာ မကြာကြုံနေရတာတွေ၊ အိမ်ကြမ်းပြင်ကို လူတွေကြားလောက်အောင် ရှပ်တိုက်လျှောက်တာမျိုးတွေဆိုရင် လုပ်လို့ရပါတယ်။

သရဏဂုံအင်းကို ကိုယ်တိုင်ရေးတတ်အောင် ဖော်ပြတဲ့ ဆောင်းပါးဖြစ်လို့ ဖတ်ပြီးတာနဲ့ အိမ်တစ်အိမ်ရဲ့အခက်အခဲကို ကြားတာနဲ့ ချက်ချင်း သွားပြီးမကူညီလိုက်ပါနဲ့၊ မှားတတ်ပါတယ်။ လောကကြီးမှာ ဘီလူးစည်း၊ လူစည်းဆိုတာ ရှိပါတယ်။ အိမ်တစ်အိမ်မှာရှိတဲ့ လူသားတစ်ယောက်ကို ဒီအိမ်ပေါ်က ဆင်းသွားဆိုရင် အလွန် ခက်ခဲတတ်ပါတယ်။ နှင်ချတဲ့ပုဂ္ဂိုလ်တွေက တရားရုံးအမိန့်ရပြီးသားလည်းဖြစ်၊ တာဝန်ရှိတရားရုံးဝန်ထမ်း, တာဝန်ရှိ ရဲအရာရှိ, ရပ်ကွက်လူကြီးတွေအစုံပါလာမှ မဆင်းချင်ဆင်းချင် အားမတန်လို့ မာန်လျှော့တာ တွေ့ဖူးပါလိမ့်မယ်။

ဒီသဘောတရားနဲ့ အတူတူပါပဲ။ ပရလောကသား ဆိုတာလည်း အစွဲအလမ်းကြောင့် အိမ်တစ်အိမ်၊ ဒါမှမဟုတ် သစ်တိုင်တစ်တိုင်, အခန်းတစ်ခန်းတို့ မခွဲနိုင်မခွာရက်ဖြစ်နေတာမျိုးပေါ့။ ဒါမျိုးကို ဖယ်ရှားဖို့ ဆောင်ရွက်တဲ့နေရာမှာ သိမ်သိမ်မွေ့မွေ့ဆောင်ရွက်ဖို့ အလွန်အရေးကြီးပါတယ်။ ဝါသနာရှင်ကို အကူအညီပေးပါလို့ အိမ်တစ်အိမ်က ကမ်းလှမ်းလာရင် အရင်ဆုံး ဒီလိုဆောင်ရွက်ဖို့လိုပါတယ်။

အရင်ဆုံး ရေချိုး၊ ခေါင်းလျှော်၊ အဝတ်သစ်အစားသစ်နဲ့ အိမ်ဘုရားမှာ ပထမဆုံး ငါးပါးသီလယူပါ။ အကူအညီတောင်းတဲ့ အိမ်လိပ်စာအတိုင်း မိမိအိမ်ကနေ မေတ္တာလှမ်းပို့ပါ။ ပရလောကသားကြီးကိုလည်း မေတ္တာပို့ပါ။ မိမိရဲ့ကုသိုလ်ကောင်းမှုကို ပရလောကသားကြီးအတွက် အမျှပေးပါ။ ဒီလိုဆောင်ရွက်ပြီးမှ အကူအညီတောင်းတဲ့အိမ်ကို သွားနိုင်ပါပြီ။ အဲဒီ အိမ်ကိုရောက်တာနဲ့ ဒီလိုပြောဖို့ လိုပါတယ်။



စိုးထွန်း (ဥပဒေ)

သရဏဂုံအင်း

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်သည် ဤအိမ်ရှိ အိမ်သားများ၏ အကူအညီတောင်းခံမှုကြောင့် မနက်ဖြန်တွင် ဤအိမ်၌ သရဏဂုံအင်းရေး၍ သန့်ရှင်းရေးလုပ်တော့မည်ဖြစ်ပါ၍ သရဏဂုံနှင့်မသက်ဆိုင်သောပုဂ္ဂိုလ်များ ရှိနေခဲ့ပါလျှင် သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် မေတ္တာရပ်ခံ အသိပေးပါသည်။

အကယ်၍ သင်တို့ကိုယ်တိုင် နေရာရှာဖွေရန် ခက်ခဲနေပါက သင်တို့နှင့် အနီးစပ်ဆုံး အပင်ကြီးတစ်ပင်မှ ရုက္ခစိုးနတ်မင်းထံတွင် နေစရာတစ်နေရာ ပေးပါရန် တောင်းခံနိုင်ပါတယ်။ ကျွန်ုပ်ကိုယ်တိုင်လည်း ရုက္ခစိုးနတ်မင်းတို့အား မေတ္တာရပ်ခံပေးပါမယ်။ သင်တို့ကိုယ်တိုင် ရှာဖွေရန်ခက်ခဲနေပါက ဤအိမ်မှ အိမ်သားတစ်ဦးဦးကို ဖြစ်စေ၊ ကျွန်ုပ်ထံ ဖြစ်စေ အိပ်မက်နဲ့ အခက်အခဲများကို တင်ပြနိုင်ပါတယ်။ သင့်အတွက် ယခုလို ပြောဆိုအကြောင်းကြားသည်ကို သက်ဆိုင်ရာ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ ကြားကြ၊ သိကြပါစေသတည်း"

ဒီစကားကို (၃) ကြိမ်လောက် ဖြည်းဖြည်းမှန်မှန် ပြောပေးရပါမယ်။

ပြီးမှ မေတ္တာပို့၊ အမျှဝေပြီး မိမိအိမ်ကိုပြန်နိုင်ပါပြီ။ အင်းရေးတဲ့ကိစ္စက သတ်မှတ်ရက်ရောက်မှ ရေးရပါမယ်။ အင်းရေးဖို့သွားရင် အထက်ဖော်ပြခဲ့တဲ့ အတိုင်း ရေချိုး၊ ခေါင်းလျှော်၊ အဝတ်သစ်ဝတ်၊ ငါးပါးသီလခံယူ၊ မေတ္တာပို့ အမျှဝေပြီးမှ ဖိတ်ခေါ်တဲ့အိမ်ကို သွားရမှာပါ။

'အင်း' လို့ ဆိုလိုက်တာနဲ့ ကျွန်တော်တို့လိုင်းမှာ အင်းအမျိုးအစား (၅) မျိုးရှိပါတယ်။ အခြားပညာရှင်ကြီးတွေနဲ့ တူချင်မှတူပါလိမ့်မယ်။ အဲဒီအမျိုးအစား (၅) မျိုးကတော့-

၁။ ရွှေပြားမှာရေးတဲ့အင်း၊
၂။ ငွေပြားမှာရေးတဲ့အင်း၊
၃။ ကြေးပြားမှာရေးတဲ့အင်း၊
၄။ မိုင်းကိုင်စက္ကူပေါ်မှာရေးတဲ့အင်း၊
၅။ ကျောက်ပျဉ်မှာရေးတဲ့အင်းပဲ ဖြစ်ပါတယ်။

အခု ဖော်ပြမယ့် အင်းအမျိုးအစားကတော့ ကျောက်ပျဉ်မှာရေးတဲ့အင်းကို အဓိကထားပြီး ဖော်ပြပေးပါမယ်။ ကျောက်ပျဉ်လို့ ဆိုလိုက်တာနဲ့ ကိုယ့်မှာ အဆင်သင့်မရှိဘူးဆိုရင် အိမ်ရှင်ဆီက ကျောက်ပျဉ်ကို ရေဆေးသန့်စင်ပြီး အသုံးပြုလို့လည်းရပါတယ်။ ကျွန်တော်ကတော့ အင်းရေးဖို့ ကျောက်ပျဉ်အသေးတစ်ခုဝယ်ပြီး သီးသန့်ထားပါတယ်။ ပြီးတော့ အင်းရေးဖို့ ကညစ်ကိုလည်း မိမိဘာသာလုပ်ဖို့ လိုပါလိမ့်မယ်။

ကျောက်ပျဉ်မှာသွေးမယ့်အတုံးကလည်း နံ့သာဖြူတုံးကိုပဲ သုံးရမှာပါ။ ကညစ်ကိုလည်း နံ့သာဖြူသားနဲ့ လုပ်ရပါမယ်။ ဒါကြောင့် အရှည် (၃) လက်မလောက်၊ အလုံးက ဘော(လ်)ပင်လောက်၊ ထိပ်ဖျားချွန် ကညစ်ကို အမြဲသုံးစွဲဖို့ ဖန်တီးလိုက်ပါ။ ပြီးရင် ဦးပဥ္စင်းတွေ သိမ်ဝင်နေချိန်မှာ ခွင့်တောင်းပြီး ထည့်ပေးလိုက်ရပါမယ်။ ဒါမှ သိမ်ဝင်ကညစ်ဖြစ်သွားပြီး ရေးတဲ့နေရာမှာ အာနိသင် ပိုပြီး ထက်ပါတယ်။

ကျောက်ပျဉ်မှာ နံ့သာဖြူထုံးကို သွေးမယ် ဆိုရင်လည်း လက်ယာကပ်မောင်းလို လက်ယာရစ် သွေးရပါမယ်။ ပျစ်ပျစ်ကလေးဖြစ်အောင် သွေးပြီး ကျောက်ပျဉ်အလယ်မှာ (၂) လက်မပတ်လည် အဝိုင်းလေးဖြစ်အောင် စုလိုက်ပါ။ နံ့သာဖြူအနှစ်မှာ ရေများနေရင် ခဏစောင့်ပေးပေါ့။ ကညစ်နဲ့ ဘေးသားကို ခြစ်ကြည့်လိုက်။ အစင်းလေးဖြစ်သွားရင် အင်းကွက်ရေးလို့ရပါပြီ။

အခုဆိုရင် အင်းကွက်ရေးရမယ့် ကဏ္ဍရောက်လာပြီဖြစ်လို့ ဆောင်ရန်၊ ရှောင်ရန်တွေ သိဖို့ အလွန် လိုအပ်ပါလိမ့်မယ်။ အင်းတစ်ကွက်ရေးတိုင်း မအောင်မြင်ဘူးဆိုတာ အဲဒီ ဆောင်ရန်၊ ရှောင်ရန်အချက်တွေနဲ့ သွားပြီး ငြိနေလို့ပါပဲ။ ဒီအချက်တွေ မငြိမှ အင်းနိုးပါလိမ့်မယ်။ အင်းနိုးရင် အောင်မြင်တဲ့ အင်း ဖြစ်သွားပါပြီ။ မိမိတို့ဉာဏ်ရှိသလို သုံးနိုင်ကြောင်း ဆရာအရှင်မြတ်တွေက ပြောပါတယ်။

ကဲ- ဆောင်ရန်၊ ရှောင်ရန် အချက်တွေကို ပြောပါတော့မယ်။

အင်းရေးသူက ဥပမာ (၁)လက်မပတ်လည်တစ်ကွက် ရေးဆွဲတဲ့နေရာမှာ စတုရန်း (၄)ဖက် ညီနေရပါမယ်။ သင်္ချာဘာသာရပ်မှာလည်း (၁) လက်မပတ်လည် စတုရန်း (၄) ဖက်မညီရင် မမှန်တော့ဘူးလေ။ ဒီသဘောတရားမျိုးပါပဲ။ ဒါကြောင့် စတုရန်းကွက် ညီရပါမယ်။ အနားတစ်ဖက်ဖက် ပိုသွားတာ သို့မဟုတ် လိုနေတာတွေလည်း ပျက်ပါတယ်။ အခုရေးမှာက (၉) ကွက်အင်းဖြစ်လို့ စတုရန်းတစ်ကွက်ချင်း ညီရမှာဖြစ်သလို (၉) ကွက်စလုံး အပိုအလိုမရှိ စတုရန်းဖြစ်မှ အကွက်ဆွဲခြင်းမှန်ကန်မှာ ဖြစ်ပါတယ်။

ပြီးတော့ အင်းတစ်ကွက်ထဲမှာ သွင်းတဲ့ အင်းဆန်က အင်းပေါင်ကိုသွားထိရင်လည်း ပျက်ပါတယ်။ အင်းဂဏန်း နှစ်ခု သွားထိရင်လည်း ပျက်မှာပါ။ ရေးတဲ့ဂဏန်း မပီသရင်လည်း ပျက်တဲ့အင်း ဖြစ်သွားပါလိမ့်မယ်။ ဒါတွေရေးပြနေလို့ ဝါသနာရှင်တွေ စိတ်မာတ်ကျမသွားပါနဲ့။ လေ့ကျင့်မှုကဏ္ဍကလည်း အရေးကြီးပါတယ်။ တကယ်အောင်မြင်တဲ့အင်း တစ်ကွက်ပိုင်ချင်ရင် ဘုရားရှိခိုးပြီးတိုင်း အင်းကစားပြီး ဘုရားရှင်ကို ပူဇော်ပေါ့။ အင်းကစားချိန်မှာ မှားသွားလို့ ဘာမှ မဖြစ်ပါဘူး။

နောက်ထပ် သိသင့်တဲ့အချက်က နက္ခတ်မမှန်တာ၊ မကောင်းတာကိုရှောင်ရပါမယ်။ ဒီအတွက် ပေဒင်ပြက္ခဒိန် ဝယ်ထားပေါ့။ အဲဒီ ပေဒင်ပြက္ခဒိန်မှာ နက္ခတ်ကောင်းတဲ့နေ့ကိုရှာပြီး အင်းရေးရင် ပိုပြီး ထက်မြက်ပါတယ်။ ပြီးတော့ အင်းအသွားမမှန်တာ၊ အက္ခရာဂဏန်းကိုအလှည့်မမှန်တာ၊ ဥပမာ-(၉)ဂဏန်းကိုရေးရင် အဝိုက်ကလေးက စပြီး အဝိုက်ကြီးမှာ ဆုံးတယ်မဟုတ်လား။ အင်းဂဏန်းကိုလည်း အဝိုက်သေးက စပြီး ဆွဲရပါမယ်။ ကိုယ့်ရဲ့အင်းကွက်ကို ကိုယ်ဝန်ဆောင်သည်က အမှတ်မဲ့ကိုင်မိရင်လည်း ပျက်ပါတယ်။ ဂါထာမမှန်ခဲ့ရင်လည်း အင်းကန်းတယ်လို့ ဆရာအရှင်မြတ်တွေ လမ်းညွှန်ထားပါတယ်။

အင်းကန်းတဲ့ကိစ္စပြီးရင် အင်းကျိုးတဲ့ကိစ္စ ကျန်ပါသေးတယ်။ ဥပမာ- အင်းစီရင်တဲ့လူက မပြီးခင် နေရာရွှေ့လိုက်တာမျိုး မလုပ်ရပါဘူး။ အင်းရေးနေရင်း ဘေးကို စကားလှမ်းပြောရင်လည်း အင်းကျိုးတတ်ပါတယ်။ နောက် အင်းရေးလို့မပြီးခင်မှာ အရေးပေါ်ကိစ္စရှိလို့ ထသွားရင်လည်း အင်းကျိုးပါလိမ့်မယ်။ အင်းရေးနေချိန်မှာ တခြားအာရုံကို စိတ်ရောက်နေတာမျိုး၊ အင်းရေးချိန်မှာ တစ်ခုသောဒွါရကို ပိတ်ပြီး ရေးမိရင်လည်း အင်းကျိုးပါတယ်။

အခုဆိုရင် အင်းပျက်၊ အင်းကန်း၊ အင်းကျိုးခြင်းကိစ္စတွေသိပြီးရင် သီးသန့်လိုက်နာရမယ့်အချက်တွေလည်း ရှိပါသေးတယ်။ အဓိက အင်းစီရင်တဲ့အခါမှာ အရိပ်မကွယ်ရဘူးလို့ ဆရာအရှင်မြတ်တွေ လမ်းညွှန်ပါတယ်။ ဥပမာ- နေမွန်းမတည့်သေးမီ အင်းချသူက အရှေ့ဘက်က အင်းမချရပါဘူး။ အပြန်အလှန်အားဖြင့် နေမွန်းလွဲသွားရင်လည်း အင်းစီရင်သူက အနောက်ဘက်မှ




www.burmeseclassic.com

www.burmeseclassic.com

မနေရပါဘူး။


အင်းကဏ္ဍမှာ ခြွင်းချက်လည်း ရှိပါသေးတယ်။ အသည်းအသန် လူမမာတစ်ယောက်ကို နံ့သာဖြူအင်းတိုက်ဖို့ စီရင်တဲ့နေရာမှာ အထက်ကဖော်ပြခဲ့တဲ့ အချက်တွေကို ဂရုထားစရာမလိုပါဘူး။ အဲဒီ ခြွင်းချက်ကို ထပ်ပြီး ခွဲခြားထားတာက ဒီလို စီရင်ခွင့်ရှိတဲ့လူဟာ အင်းအောင်တဲ့လူလည်း ဖြစ်ဖို့လိုဝါတယ်။ ဂျိုဩမေတြီပညာရပ်မှာ ဆွဲသားချက်တစ်ခုလွဲသွားတာနဲ့ အမှန်မရနိုင်ပါဘူး။ အင်းဆိုတာလည်း ပညာရပ်တစ်ခုသာဖြစ်လို့ အောင်မြင်ချင်ရင်တော့ စည်းမျဉ်းစည်းကမ်းတွေမငြိအောင် ရေးနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ အင်းတစ်ကွက်စရေးမယ်ဆိုရင် စတင် ဆွဲရမယ့်မျဉ်း၊ နောက်ဆုံးမှဆွဲရမယ့်မျဉ်းတွေ အစီအစဉ်ကျနဖို့ လိုအပ်ပါတယ်။

ဖော်ပြပါပုံကိုကြည့်ပါ။




အင်းတစ်ကွက် စရေးပြီဆိုရင် (၁၊ ၂၊ ၃၊ ၄) အကွက်ရဲ့ အပြင်မျဉ်း (၄) ခုကို စတုရန်းကွက်ဆက်မိအောင် အရင်ဆွဲရပါမယ်။ စတုရန်းကွက်ကြီးပြီးမှ (၁၊ ၂၊ ၃၊ ၄) မျဉ်းတွေမှာ နောက်ဆွဲရမယ့်မျဉ်းတွေအတွက် အစက်ကလေးတွေကြိုပြီးလုပ်ထားရပါမယ်။ ဒါမှ ဆွဲတဲ့မျဉ်းတွေဟာ မလွဲတော့ပါဘူး။ အပေါ်ကအောက် (၅) နဲ့ (၆) ကို အရင်ဆွဲပါ။ မြေပုံအရပ်မျက်နှာအတိုင်း အနောက်က အရှေ့ (၇) နဲ့ (၈) ကို ဆက်ဆွဲပါ။ အကွက်ကိုစွပြီးရင် အင်းဆန်သွင်းဖို့ပဲလိုပါတော့တယ်။

အင်းဆန်လို့ ဆိုလိုက်တဲ့အတွက် အက္ခရာဂဏန်းတွေကို အင်းရေးနည်းအတိုင်းရေးမှ အင်းဆန်လို့ ခေါ်ပါတယ်။ လေ့လာသူ ဝါသနာရှင်တွေအတွက် ကျောင်းသုံး ဂဏန်းအက္ခရာနဲ့ အင်းဂဏန်းကို ကွဲကွဲပြားပြားသိသွားအောင် တွဲဖက်ပြီး ဖော်ပြပေးပါမယ်။ ထူးခြားတဲ့ ဂဏန်းဆိုလို့ (၅) ရယ်၊ (၆) ရယ်၊ (၉) ရယ်ပဲ ရှိပါတယ်။ သိသိသာသာ ကွဲပြားတဲ့ဂဏန်းဆိုလို့ (၉) တစ်လုံးပဲ ရှိပါတယ်။





အင်းဂဏန်းကို သိပြီဆိုရင် သရဏဂုံအင်း ရေးရမယ့်ကဏ္ဍကို ရောက်လာပါပြီ။ သရဏဂုံအင်းဆန်ကတော့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ပဲ ဖြစ်ပါတယ်။ အင်းကွက်က (၉) ကွက်အင်း ဖြစ်ပါတယ်။ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' နဲ့ 'သံဃံ သရဏံ ဂစ္ဆာမိ' တွေ မပါပါလားလို့ သိချင်ကြမှာပါ။ ဒါပေမယ့် သရဏဂုံအာနိသင်အပြည့် ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အင်းဟိန်းတဲ့နေရာမှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ရော၊ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ရော 'သံဃံ သရဏံ ဂစ္ဆာမိ' ပါ (၉) ကြိမ်ဟိန်းပြီးမှ အင်းဆန်တစ်ဆန် ရေးရမှာဖြစ်လို့ သရဏဂုံအာနိသင် ပြန်ပြီးပြည့်သွားပါတယ်။

အခု စပြီးရေးမယ်ဆိုရင် 'ဗု' ဆိုရင် ကြာသပတေးနံ (၅) ဖြစ်လို့ (၇) လို့ရေးရပါမယ်။ 'ဒ္ဓံ' ဆိုရင် 'ဓ' ကိုယူပြီး စနေနံ (၇) ဖြစ်လို့ (ʌ) လို့ ရေးရပါမယ်။ 'သ' ဆိုရင် သောကြာနံ (၆) ဖြစ်လို့ (ᑲ) လို့ ရေးရပါမယ်။ 'ရ' ဆိုရင် ဗုဒ္ဓဟူးနံ (၄) ဖြစ်လို့ (ʕ) လို့ ရေးရပါမယ်။ 'ဏံ' ဆိုရင် စနေနံဖြစ်လို့ 'ဓ' နဲ့ တူသွားပြီး (၇) အက္ခရာကို (ʌ) လို့ ရေးရပါမယ်။ 'ဂ' အက္ခရာက တနင်္လာနံ (၂) ဖြစ်လို့ (/) လို့ ရေးရပါမယ်။ 'စ္ဆာ' ဆိုရင် 'ဆ' ကိုယူပြီး အင်္ဂါနံ (၃) ဖြစ်လို့ (ʔ) လို့ ရေးရပါမယ်။ 'မိ' ကတော့ ကြာသပတေးနံ (၅) ဖြစ်လို့ 'ဗု' နဲ့ အတူတူဖြစ်လို့ (၅) ဂဏန်းကို (၇) လို့ ရေးရပါမယ်။ အခုဆိုရင် အင်းဆန်တွေသွင်းပြီးရင် အလယ်မှာ တစ်ကွက်ကျန်နေပါလိမ့်မယ်။ ဒီအကွက်က မိမိအကူအညီပေးလိုသူရဲ့နေ့နံကို ရေးရမှာ ဖြစ်ပါတယ်။

ပုံ (က)
(မြင်းသွား)
ဂဏန်းကွက်အတိုင်း
အင်းဆန်ရေးသွင်းရမည်

| | | |
|---|---|---|
| ၃ | ၈ | ၅ |
| ၆ | ၉ | ၂ |
| ၁ | ၄ | ၇ |

ပုံ (ခ)
သရဏဂုံအင်း မြင်းသွားအတိုင်း
အင်းဆန်သွင်းပြီးပုံ



အခု ဖော်ပြခဲ့တဲ့ အင်းကွက်ကတော့ ကျောက်ပျဉ်မှာ နံ့သာဖြူပျစ်ပျစ်ကလေးသွေးပြီး နံ့သာဖြူကညစ်နဲ့ (၁) လက်မခွဲပတ်လည်လောက် ရေးရမယ့် သရဏဂုံအင်းကို ဖော်ပြနေတာပါ။ အကူအညီပေးမယ့်အိမ်ရဲ့ ပြတင်းပေါက်၊ တံခါးပေါက်ရှိသလောက် အင်းအရေအတွက်ကိုက်အောင် ရေးရပါမယ်။ တစ်ပေါက်အတွက် တစ်အင်းရေးပြီးတိုင်း အင်းရေးပြီးသား နံ့သာဖြူကွက်ကို ပြန်ပြီးစု၊ ဖန်ခွက်ထဲထည့်။ ပြီးတော့မှ သမြေခက်ကလေးနဲ့ ပြတင်းပေါက်ရဲ့အထက်၊ အောက်၊ ဘယ်၊ ညာကို ပက်ပေးပါ။ ဒီပုံစံအတိုင်း ပြတင်းပေါက်ရှိသလောက်၊ တံခါးရှိသလောက် လုပ်ရပါမယ်။ သရဏဂုံအင်း လွှမ်းခြုံတဲ့အိမ် ဆိုရင် ဘယ်ပရလောကသားမှ ခိုအောင်းမနေနိုင်ပါဘူး၊ ဝေးရာကို ရှောင်သွားပါလိမ့်မယ်။ ဝါသနာရှင်က စည်းစနစ်ကျကျ အင်းရေးဖို့ပဲ လိုပါလိမ့်မယ်။

အခုလို ပြတင်းပေါက်ကို အင်းရေပက်ပြီးရင် အမွှေးပေးရမယ့်ကဏ္ဍလည်း ကျန်ပါသေးတယ်။ အမွှေးဆိုတဲ့နေရာမှာ ယခုခေတ်ပေါ် ဘယ်အမွှေးတိုင်မှမသုံးရပါဘူး။ ဆရာ့ဆရာများသုံးသလို လိုက်ပြီးသုံးရပါလိမ့်မယ်။ အင်းစောင့်နတ်မင်းများ နှစ်သက်တဲ့ အမွှေးနံ့ဟာ နံ့သာဖြူအမွှေးနံ့ပဲ ဖြစ်ပါတယ်။ ဒီအမွှေးနံ့ကို ဘယ်လိုဖန်တီးသလဲဆိုရင် နို့ဆီခွက်တစ်ခွက်ကို အရင်ဆုံး ဘေးဘက်မှာ အပေါက်တွေဖောက်လိုက်ပါ။ နို့ဆီခွက်အောက်ဘက်ကိုတော့ မြေကြီးလက်မဝက်လောက် ဖြည့်လိုက်ပေါ့။ နို့ဆီခွက်ကိုကိုင်နိုင်အောင် လက်ကိုင်တစ်ခုလည်း တပ်ရမယ်နော်။

ခွက်ကိုစွပြီးရင် နံ့သာဖြူတုံးကို ဆီးစေ့လောက် အတုံးကလေးတွေ အရင်လုပ်ပြီး စုထားပါ။ နို့ဆီခွက်ထဲမှာ မီးခဲရနေပြီဆိုရင် မီးခဲပေါ်ကို နံ့သာဖြူတုံးလေး တစ်တုံး၊ နှစ်တုံးလောက် ထည့်လိုက်ပေါ့။ မီးခဲအပူကြောင့် နံ့သာဖြူအငွေ့တွေ မွှေးပြီး ထွက်လာပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ပြင်းတစ်ပေါက်ကို စက်ဝိုင်းပုံ (၅)ပတ် ပတ်ရပါမယ်။ (၅) ပတ်ဆိုတာ အနန္တော အနန္တငါးပါးကို ရည်ညွှန်းတာပါ။

အခုလို အိမ်သန့်ရှင်းရေးကို မေတ္တာနဲ့ကူညီဆောင်ရွက်ပေးတဲ့နေရာမှာ တစ်ခါတစ်ရံ မအောင်မြင်တာနဲ့ ကြုံတွေ့တတ်ပါတယ်။ ဒီလိုကြုံလာရင် အင်းမစွမ်းလို့ မဟုတ်ဘူး ဆိုတာကို အရင်ဆုံး သိထားရပါမယ်။ မိမိရေးလိုက်တဲ့အင်းဟာ စည်းမျဉ်းစည်းကမ်း ဘယ်လောက်ချို့ယွင်းနေသလဲလို့ အဖြေကို အရင်ရှာကြပါ။ ကိုယ့်ရဲ့အားနည်းချက်ကို ရှာဖွေလို့တွေ့ပြီဆိုရင် အောင်မြင်အောင်ရေးဖို့ မခက်တော့ပါဘူး။

အခုဆိုရင် အင်းကွက်ရေးနည်းသိပြီ၊ အင်းဂဏန်းသိပြီ၊ အင်းဆန်သွင်းနည်းလည်းသိပြီ။ ဒါပေမယ့် ဒီအကွက်ထဲမှာ ဒီအက္ခရာတွေရေးရုံနဲ့ အင်းတစ်ကွက်ဟာ သက်ဝင်လာမှာ မဟုတ်ပါဘူး။

လိုအပ်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ ရှိပါသေးတယ်။ အဲဒါကို အင်းဟိန်းတယ်လို့ ခေါ်ပါတယ်။ အင်းမရေးခင် ဟိန်းရတဲ့ဂါထာ၊ ရေးဖို့စ,တိုင်း ဟိန်းရမယ့်စကားစု၊ ပြီးသွားရင် အချုပ်ဟိန်းဂါထာတွေပြည့်စုံမှ အောင်မြင်တဲ့အင်းတစ်ကွက် ဖြစ်ပါလိမ့်မယ်။

မရေးခင်မှာ မိုင်းကိုင်စက္ကူမှာရေးမယ်ဆိုရင် မိုင်းကိုင်စက္ကူရယ်၊ ခဲတံရယ်၊ ပေတံရယ် စုကိုင်လိုက်ပါ။ ကျောက်ပျဉ်မှာရေးမယ်ဆိုရင် နံ့သာဖြူတုံးတစ်ခုသာကိုင်ပြီး ကျောက်ပျဉ်မှာ ထိထားပါ။ ပြီးရင် အဖွင့်အင်းဟိန်းဂါထာကို ဆိုရပါမယ်။ ပရိတ်ကြီးထဲက မင်္ဂလသုတ်အပိုဒ် (၁၄) ကိုတော့ လူတိုင်းသိကြမှာပါ။

'ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ'

အဲဒီ ဖုဋ္ဌဿကို (၇) ခေါက်ဆိုပြီးမှ အင်းရေးမယ့်ကိစ္စကို စ,လို့ရပါပြီ။ အရင်ဆုံး (၉) ကွက်အင်းကို စတုရန်းကွက်ညီညီ ဆွဲရမှာဖြစ်လို့ နံပါတ် (၁) မျဉ်းမဆွဲခင် ဟိန်းရမယ့်စကားစု ရှိပါတယ်။ အဲဒါကတော့-

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ'

ကို (၉) ခေါက်ဆိုပြီးမှ နံပါတ်(၁) မျဉ်းကိုဆွဲ၊ နံပါတ် (၂) မဆွဲခင်လည်း (၉) ခေါက်ဆိုပြီးမှ (၂) ကိုဆွဲပါ။ (၃) နဲ့ (၄) လည်း ဒီသရဏဂုံကိုပဲ အဟိန်းဂါထာအဖြစ် အသုံးပြုပါ။ ဒီလိုပဲ (၅၊ ၆၊ ၇၊ ၈) မျဉ်းတွေကိုလည်း မဆွဲခင် (၉) ခေါက်စီဆိုပြီးမှ မျဉ်းဆွဲရပါမယ်။ စတုရန်းကွက် (၉) ကွက်ဆွဲပြီးရင် အင်းဆန်သွင်းရတော့မယ်။ ဒီနေရာမှာ အခြားဂါထာတွေဆိုရင် လွဲတတ်လွန်းလို့ ဆရာက သရဏဂုံကိုပဲ (၉) ခါဟိန်းပြီး အင်းဂဏန်းတစ်လုံးစီ ရေးပါလို့ လမ်းညွှန်ခဲ့ပါတယ်။

အင်းတစ်ကွက်ရေးပြီးရင် အင်းကွက်ရဲ့အရှေ့၊ အနောက်၊ တောင်နဲ့မြောက်မှာ အစက်ကလေးတွေ တစ်စက်စီ (စတိ) လုပ်ပေးရပါမယ်။ စိတ်က ရည်စူးရမှာက 'နတ်မင်းကြီးလေးပါး စောင့်ရှောက်စေသတည်း' လို့ စိတ်ညွှတ်ပြီး အစက်ကလေးတွေလုပ်လိုက်ပါ။ အလယ်အကွက်ကတော့ သက်ဆိုင်ရာအိမ်ထောင်ဦးစီးနေ့နံကို နောက်ဆုံးထည့်ရပါမယ်။

အခုဆိုရင် သရဏဂုံအင်းရဲ့ ပရိကံတွေ စုံသလောက် ရှိလာပါပြီ။ ဒါပေမယ့် မပြည့်စုံသေးပါဘူး။ ဘုရားရှင်ရှေ့မှာ ပရိကံယူတာတွေ ကျန်ပါသေးတယ်။

အင်းမရေးခင် ဘုရားရှင်ကို ဆီမီး (၃) တိုင် ပူဇော်ပါ။ အင်းစောင့်နတ်မင်းက ဘုရားရှင်ကိုပူဇော်ဖို့ ပထမ (၃) တိုင်ထက် နိမ့်တဲ့နေရာမှာ တစ်တိုင်ထွန်းပေးပါ။ ပန်း၊ ရေချမ်းတွေက ပြောဖို့မလိုတော့ပါဘူး။ အသစ်ကပ်ပြီး ဖြစ်ရပါမယ်။

အမွှေးပေးတဲ့နေရာမှာ အထက်က တင်ပြခဲ့သလို နံ့သာဖြူတုံးကလေးတွေကို မီးခဲပေါ် ပေါက်ပေးရုံနဲ့ အလွန်မွှေးပျံ့တဲ့ နံ့သာဖြူအငွေ့လေးတွေ ထွက်လာပါလိမ့်မယ်။ အင်းရေးမယ့် မိမိရှေ့မှာတော့ အင်းစောင့်နတ်မင်းအတွက် တစ်တိုင်ထွန်းပေးရပါမယ်။ ပြီးရင် သီလယူရပါမယ်။

အခုလို ဆီမီးထွန်းပြီး၊ ပန်း, ရေချမ်း အသစ်ကပ်ပြီး၊ အင်းစောင့်နတ်မင်းအတွက် တစ်တိုင်ထွန်းပြီးရင် နံ့သာဖြူနံ့လေးမွှေးလာချိန်မှာ အင်းဟိန်းဂါထာနဲ့ ဟိန်းပါ။ ဒါမှ နည်းနည်းပါးပါးအမှားရှိရင် ခွင့်လွှတ်ပါလိမ့်မယ်။ ပြီးရင် အကွက်တွေကို သရဏဂုံဆိုပြီး ဆွဲပါ။ သရဏဂုံဆိုပြီး အင်းဆန်သွင်းပါ။ အားလုံးပြီးမှ ကူညီလိုသူရဲ့နေ့နံကို အလယ်မှာ အင်းဂဏန်းနဲ့ရေးပါ။ နတ်မင်းကြီးလေးပါးစောင့်ရှောက်ရန် အင်းရဲ့အရှေ့၊ အနောက်၊ တောင်နဲ့မြောက်မှာ အစက်တစ်စက်စီ ပြုလုပ်ပါ။

ဒါတွေပြီးရင် နက္ခတ်အစီးအနင်းကင်းလွတ်အောင် ပဋ္ဌာနသုတ်တော်ထဲက ဖော်ပြပါအပိုဒ်ကို (၉) ခါ ရွတ်ဆိုရပါမယ်။

'သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တော စ
သုယိဋ္ဌံ ဗြဟ္မစာရိသု'

ရွတ်ဆိုပြီးရင် အင်းကိစ္စ ပြီးသလောက်ရှိလာပါပြီ။ သစ္စာပြုဖို့ပဲ ကျန်ပါတော့တယ်။

'ကျွန်ုပ်သည် ဤသရဏဂုံအင်းကို ဦး(---)အိမ်အတွက် ကောင်းမြတ်သောစေတနာနှင့်ရေးခြင်း ဖြစ်ပါသည်။ အဖိုးအခ လုံးဝ မတောင်းပါ။ သရဏဂုံနှင့် မသက်ဆိုင်သူများအားလည်း တစ်ရက်ကြိုတင်၍ ဖယ်ရှားထွက်ခွာပေးရန် ခွင့်ပန်ခဲ့ပြီး ဖြစ်ပါသည်။

ဤမှန်ကန်သော သစ္စာစကားကြောင့် ဦး (---) အိမ်တွင် စိတ်အနှောင့်အယှက်ဖြစ်စေသောကိစ္စများ ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ လျှောကျပျောက်ကင်းပါစေသတည်း။ ကျွန်ုပ်ပြုသမျှ ကုသိုလ်ကောင်းမှုများကိုလည်း အမျှပေးဝေပါ၏'

ဟု အမျှ (၃) ကြိမ်ပေးရပါမည်။

ဒီသရဏဂုံအင်းနဲ့ပဲ ပယောဂကြောင့် နေထိုင်မကောင်းဖြစ်နေသူကို ကူညီချင်ရင် အထက်က ညွှန်ပြသလို အင်းတစ်ကွက်ရေး၊ နေမကောင်းသူရဲ့နေ့နံကို အလယ်မှာသွင်း။ သစ္စာပြုပြီးရင် ဦးခေါင်းအလယ်မှာ နံ့သာဖြူစုတ်နဲ့ နံ့သာဖြူအင်းကို ဖန်ခွက်ထဲထည့်ပြီး တို့လိုက်ပြီးမှာ ငယ်ထိပ်မှာ (၃) ချက်ထိုးပါ။ ထိရုံကလေးထိရမှာနော်။ နောက်ကုပ်မှာ (၃) ချက်၊ လက်မောင်း (၃) ချက်၊ လက်ကောက်ဝတ် (၃) ချက်၊ ရင်ညွန့်မှာ (၃) ချက် ထိုးပေးပါ။ အခုလိုဆောင်ရွက်ပြီးရင် လူမမာဟာ ဆေးလိုက်လာတာမျိုး၊ လန်းဆန်းလာတာမျိုးကို ထူးထူးခြားခြား တွေ့မြင်ရပါလိမ့်မယ်။ ကျန်တဲ့ကိစ္စများကိုတော့ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါတယ်။

စိုးထွန်း(ဥပဒေ)

နောက်လတွင် ပုဏ္ဏကတိုက်သောအိမ်နှင့် သရဏဂုံအင်းအကြောင်း ဖော်ပြပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် တစ်ချိန်က တိုင်းရင်းဆေးမြီးတို ဆောင်းပါး (၅) ပုဒ်ခန့် ရေးဖူးခဲ့၏။ ရိုးရှင်းလွယ်ကူလွန်းပြီး အမှန်တကယ် ရောဂါပျောက်ကင်းသည်ကို သိသောအခါမှရေးခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကြားဖူးနားဝဖြင့် ရေးသားခဲ့ပါက စာဖတ်ပရိသတ်က ယုံကြည်ပြီး လုပ်ကြည့်ခဲ့၍ မပျောက်လျှင် ဘယ်သူမှ မကောင်းသောကြောင့် ဖြစ်သည်။ ထိုအခါမျိုးတွင် တာဝန်အရှိဆုံးသူမှာ စာရေးသူများ ဖြစ်သည်ဟု ဆိုရမည်။ ယနေ့ မြန်မာပြည်သူအများသည် စီးပွားရေးချွတ်ခြုံကျနေကြ၍ ဆေးကုသစရိတ်များကလည်း မိုးထိအောင် မြင့်မားလှသဖြင့် ငွေကြေး မတတ်နိုင်သူအများစု အသက်တိုရသည်မှာ ရင်နာစရာကောင်းလှပေသည်။

ကျန်းမာရေးအသိပညာ ချို့တဲ့ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ငွေကြေးမရှိခြင်းတို့ကြောင့် မြန်မာတို့၏သက်တမ်းသည် တဖြည်းဖြည်းတိုလာသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရပြီ ဖြစ်၏။ သတ္တဝါမှန်လျှင် မိမိရှင်သန်ရေးအတွက် အားထုတ်ကြစမြဲ ဖြစ်သော်လည်း ငွေမရှိ၍ အသေခံကြသူများလာကြသည်။ ဤနေရာတွင် ကွက်လပ်ဖြည့်သည့်အနေဖြင့် ဂမ္ဘီရမဂ္ဂဇင်းများမှ ဆေးနည်းဆောင်းပါးများသည် လူထုထဲ စိမ့်ဝင်ပျံ့နှံ့လာသည်။ အမှန်တကယ်ပျောက်ကင်း၍ သာခုခေါ်သံ



# အခုန်းအမြုတေဖြင့် ခွေးရူးကိုက်ခံရခြင်းကိုကုသသောနည်း

## အေးလွင်(ကသာ)

များကြားရသောအခါ စာပေတာဝန်ကျေပွန်ကြသူများကို ချီးကျူးမိသည်။ အမှန်တကယ် ဒုက္ခရောက်သွားသူများ၏ဆဲဆိုကြိမ်းမောင်းသံများ ကြားရသောအခါ ရေးသားသူအတွက် ရှက်မိသည်။ စာရေးသောသူက စာမူပါလျှင်ပြီးရော ဖြစ်ကတတ်ဆန်း ရေးခဲ့လျှင် စာဖတ်ပရိသတ်ကြီးကို မထီမဲ့မြင်ပြုရာရောက်သည်ဟု ခံစားမိသောကြောင့် မိမိမသိသော၊ နားမလည်သော၊ မယုံကြည်သောဆေးနည်းများကို မရေးခဲ့ပါ။ ဆေးနည်းရေးခြင်းသည်လည်း ကိုယ့်အလုပ်မဟုတ်ဟု ခံယူခဲ့မိသည်။

သို့သော် မိမိလက်တွေ့သိရှိ၍ယုံကြည်သော ဆေးနည်းဆိုလျှင် လည်းကောင်း၊ အများအတွက် အမှန်တကယ်အကျိုးရှိမည့်ကိစ္စဟု ယုံကြည်မိလျှင်သော် လည်းကောင်း ရေးသားခဲ့သဖြင့် အရေးအတွက်အားဖြင့် အလွန်နည်းခဲ့ပါသည်။ ယခုဆေးနည်းကတော့ မှန်ကန်သည်ဟု ယုံကြည်ပြီး လက်တွေ့ကုသခံခဲ့သူကိုလည်းသိရှိသဖြင့် ရေးသားလိုက်ပါသည်။

စာရေးသူတို့ ကသာမြို့တွင် မြို့နယ်စာရေးဆရာအသင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှာ အလွန်ခင်မင်ရင်းနှီးကြသည်။ အကြောင်းကတော့ မြို့နယ်စာရေးဆရာအသင်းမှ ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့နှင့်အတူ ကသာမြို့ပေါ်ရှိ စာသင်ကျောင်းများ၌ ကျောင်းသားလူငယ်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းလိုက်နာရေး ဟောပြောပွဲများကို အတူတကွ ဟောပြောကျင်းပခဲ့သောကြောင့် ဖြစ်၏။

ကသာမြို့နယ် စာရေးဆရာအသင်း စတင်ဖွဲ့စည်းသောအခါ ယနေ့ကာလအခြေအနေသည် ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးရမှုမြင့်တက်လာသည်ကို သတိပြုမိ၍ ယာဉ်အန္တရာယ်ကာကွယ်ရန် အသိပညာပေးကာ ဟောပြောပွဲများ ကျင်းပရန် စည်းဝေးဆုံးဖြတ်ခဲ့ကြသည်။ ပထမအနေဖြင့် ယာဉ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



နှုန်းဆာမထေးနှင့် ဦးအောင်ဝင်း၊



မုရိုးပင်



မုရိုးပင်

တပ်ဖွဲ့တပ်ကြပ်ကြီးအောင်ဝင်းနှင့် ဆွေးနွေးရာ စိတ်ဝင်စားစွာဖြင့် ပူးပေါင်းမည်ဟု ကတိပေး၏။ တပ်ကြပ်ကြီး အောင်ဝင်းက ဤကိစ္စကို အလွန်စိတ်ဝင်စားသွားပြီး စာသင်ကျောင်းများမဖွင့်မီအချိန်မှာပင် စာသင်ဝိုင်းများ၌ သူတစ်ဦးတည်း ဟောပြောတော့သည်။ မကြာမီ အချိန်အတွင်းမှာပင် သူကိုယ်တိုင် ဆိုင်ကယ်အတိုက်ခံရ၍ ခြေကျိုးတော့၏။ အိပ်ရာထဲ၌ လပေါင်းများစွာ နေလိုက်ရသည်။ တပ်ကြပ်ကြီး အောင်ဝင်း ဆိုင်ကယ်တိုက်ခံရပြီးချင်း မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်လေး(ကသာ)က စာရေးသူကို ဟောပြောပွဲအတွက် ဆက်လှုပ်ရှားရန် ပြောကြားပြီး ရန်ကုန်သို့ အစည်းအဝေးသွားတက်သည်။ သူကိုယ်တိုင် ရန်ကုန်တွင်အစည်းအဝေး မတက်မီ အချိန်ပိုင်းအတွင်းမှပင် သူ၏သားက ဆိုင်ကယ်နှင့်ကားတိုက်ခံရပြီး အသက်ဆုံးရှုံးသွားရ၏။ ထို့နောက်ပိုင်း စာရေးသူတို့ကျင်းပသော ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲများ ကျောင်းတွင် စတင်သောအခါ ထိုအကြောင်း ပြောပြဖြစ်၏။ စာရေးသူကိုယ်တိုင် ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ တထိတ်ထိတ်ဖြင့် ရှိနေရကြောင်း ပြောပြရာ ကျောင်းသားများ တအုန်းအုန်းရယ်ကြသည်။ ဘဝတွင် အမှတ်တရအဖြစ်များ ဖြစ်သည်။ တပ်ကြပ်ကြီး အောင်ဝင်းနှင့် ဟိုးယခင်ကတည်းက ခင်ခဲ့ကြခြင်း ဖြစ်သည်။ သူနှင့်ပတ်သက်၍ အမှတ်ရစရာအဖြစ်တစ်ခုလည်း ရှိသေး၏။ လွန်ခဲ့သော (၅) နှစ်ခန့်က ကသာမြို့အထွက်တွင် ဆိုင်ကယ်ဦးထုပ် မဆောင်းသူများကို တားဆီးပြီး ဒဏ်ငွေမရိုက်ဘဲ ပညာပေးကာ ဆိုင်ကယ်ဦးထုပ်ဝယ်ခိုင်းသောအဖြစ်တစ်ခုကို ပြောပြခဲ့ခြင်း ဖြစ်သည်။

တပ်ကြပ်ကြီးအောင်ဝင်းက စာရေးသူကို-

'ဆရာရယ်၊ ကျွန်တော်က ဆိုင်ကယ်ကိုတားပြီး ဦးထုပ်မဆောင်းလို့ ဒဏ်ငွေမရိုက်ဘဲ ဦးထုပ်ဝယ်သွားပါဆိုပြီး ဦးထုပ်ရောင်းလိုက်တာ ဆိုင်က ဝယ်ခဲ့တဲ့ဈေးအတိုင်း ရောင်းပေးတာတောင် အဲဒီ လူနှစ်ယောက်က မကျေမနပ်ပုံစံနဲ့ ဦးထုပ်ဝယ်ပြီး ထွက်သွားကြတယ်။ နောက် (၁၅) မိနစ်ကြာရော အဲဒီဆိုင်ကယ်ပြန်လှည့်လာပြီး ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော်တို့နှစ်ယောက် ဆိုင်ကယ်မှောက်တာ ခေါင်းနဲ့ကတ္တရာလမ်း ထိမိတယ်၊ လူကဘာမှမဖြစ်ဘူး။ ဦးထုပ်ကွဲသွားပြီ။ ဦးထုပ်ဆောင်းထားလို့ ဘာမှမဖြစ်ခဲ့ရတာပါ။ အဲဒါကြောင့် ဦးထုပ်ပြန်လာဝယ်တာ။ ဆရာ ဦးထုပ်ရောင်းပေးခဲ့တာ ကျွန်တော်တို့ရဲ့အသက်ကို ကယ်ခဲ့တာပဲလို့ ပြောသွားတယ်။ ကျွန်တော့်မှာ ကိုယ့်လုပ်ရပ်အတွက် ပီတိဖြစ်လိုက်ရတာဗျာ'

ဟု မှတ်မှတ်ရရ ပြောခဲ့ဖူးသည်။

ယခုလည်း သူက စာရေးသူ၏ စာဖတ်ပရိသတ်တစ်ယောက်လို ဖြစ်နေသဖြင့် တစ်နေ့တွင်-

"ဆရာ- ခွေးရူးကိုက်ခံရရင် ကုသတဲ့နည်းတစ်ခု ပြောပြမယ်၊ ရေးမလား။ ကျွန်တော်ကိုယ်တိုင် ကုသနေတာ"

"အမှန်တကယ် အကျိုးရှိမယ့် ဆေးနည်းဆိုရင် ရေးမယ်လေ"

ထို့နောက် စာရေးသူကို ခွေးရူးကိုက်ခံရပါက မည်သည့်ဆေးမျှ မထိုးရဘဲ ကုသနည်းကို ပြောပြတော့သည်။

အုန်းသီးအတွင်းတွင် အုန်းသီးငယ်လေးများ ရှိတတ်သည်။ ထိုအသီးငယ်လေးကို အများအားဖြင့် အုန်းအမြုတေဟု ခေါ်ဝေါ်ကြသည်။ ထိုကဲ့သို့သော အုန်းသီးအတွင်းမှ အုန်းသီးလေးများကို ရတတ်ကြပါသည်။ သိမ်းထားသူများလည်း ရှိကြသည်။ ထိုအသီးလေးကို အသုံးပြုတတ်အောင်ရေးခြင်း ဖြစ်ပါသည်။ ထိုအုန်းအမြုတေလေး၏ထိပ်ကို ဖွင့်ထားပြီး အတွင်းထဲသို့ ဘင်္ဂလားရှိန်းခိုကို အနည်းဆုံး ဆီးဖြူသီးလုံးခန့် သိပ်ထည့်ထားပါ။ မုရိုးပင်မှ အရွက် (၇) ရွက်ခူးပြီး ၎င်းအရွက် (၇) ရွက်မှ အဖေအား ရှိန်းခိုသိပ်ထားသည့် အုန်းအမြုတေအတွင်းထည့်၍ မွှေနှောက်ပါ။

မုရိုးပင်သည် အပူပိုင်းဒေသများတွင် အပေါက်များ၍ မုရိုးပင်၏အဖေသည် နွားနို့ခဲရာတွင် အသုံးပြုသည်ဟု သိရပါသည်။ မုရိုးပင် (၃) မျိုးရှိကြောင်းလည်း သိရ၏။ ထိုဆေးကို ခွေးကိုက်ခံရသည့်လူနာ၏ အနာအား သိပ်ပေးထားပြီး ပတ်တီးစည်းထားပါ။ လူနာ၏ ငယ်ထိပ်ကို ဘလိတ်ဓားဖြင့် သွေးစို့ရုံရိတ်၍ ထိုနေရာတွင် ဆေးသိပ်ထည့်ပါ။ ဆေးသိပ်ထားသည့် (၃) ရက်အတွင်း ရေ လုံးဝ မချိုးရပေ။

ခွေးရူးကိုက်ခံရသည့် လူနာသည် ဘုန်းကြီးပျံပွဲမသွားရသော်လည်း ဤဆေးသိပ်ပြီးပါက သွားနိုင်သည်ဟု ဦးအောင်ဝင်းက အာမခံ ပြောကြားခဲ့၏။ သူ့အနေဖြင့် လူနာ(၅)ယောက်ကို ကုသပေးခဲ့ပြီးကြောင်း သိရသည်။ ဤဆေးနည်းအား ဦးသိန်းနိုင် (ရပ်ကွက် ၈ ကသာမြို့) ထံမှရရှိခဲ့၍ သူ့ဆရာအနေဖြင့်လည်း လူနာပေါင်းများစွာကုသခဲ့ပြီးကြောင်းပြောသေး၏။ ဦးအောင်ဝင်းသည် ခွေးရူးကိုက်ခံရသူများကို အခမဲ့ကုသပေးကြောင်း ပြောပြသည်။ တပ်ကြပ်ကြီး အောင်ဝင်းသည် ကသာမြို့ရဲစခန်းဝင်းအတွင်း၌နေသူ ဖြစ်သည်။

အေးလှိုင်(ကသာ)



www.burmeseclassic.com

www.burmeseclassic.com



Dr. Thomas Verny



Shirley Kleppe-Moran



Dr. Elisabeth Kubler-Ross

# လူဝင်စားပြဿနာ

တိုးထက်

ကလေးများကို ပြန်ပေးဆွဲ သတ်ဖြတ်ပြီး အပြစ်မဲ့သည့် ထိုကလေးများ သူတို့ထံတွင် ပြန်လည်ဝင်စား မွေးဖွားစေရန် ရည်သန်၍ သူတို့သွေးများနှင့် လိမ်းကျံသည့် လူမျိုးစုတချို့မှ မိန်းမအများအပြားအကြောင်း ရာဇဝင်မှတ်တမ်းကို အိန္ဒိယရဲမှတ်တမ်းစာစုများတွင်တွေ့ရသည်။

*ဗီ ပါရာမီဆွာရား*

*(Soul, Karma and Rebirth စာအုပ်မှ)*

တလင်ဂ(စ်) အိန္ဒိယလူမျိုးတို့သည် မွေးကင်းစကလေးတို့၏ ခန္ဓာကိုယ်မှ မွေးရာပါအမှတ်များ ရှာဖွေကြည့်ကြလေ့ရှိသည်ဟု လွန်ခဲ့သော ရာစုနှစ် အလယ်ပိုင်းတာလတွင် အလတ်စကာပြည်နယ်မှ ရှုရှားဂိုဏ်းချုပ်ဘုန်းတော်ကြီး ပီဗီနီယာမီနော့က မှတ်တမ်းတင်ခဲ့သည်။ မွေးကင်းစကလေး၏ မွေးရာပါအမှတ်သည် ကွယ်လွန်သွားသည့် ဆွေမျိုးသားချင်း၏မွေးမှတ်နှင့် အတော်တူနေပါလျှင် ထိုကလေးကို ထိုကွယ်လွန်သူ ဝင်စားသည်ဟု သတ်မှတ်ပြီး ကွယ်လွန်သူ၏နာမည်ကိုပင် ထပ်ပေးသည်။

အတိတ်ဘဝအကြောင်း ကလေးများပြောကြားမှုကို နှိပ်ကွပ်လေ့ မရှိသော ဗနွန်ကျေးလက်ဒေသတွင် လူဝင်စားနှုန်းသည် အနည်းဆုံး (၅၀၀) တွင် တစ်ယောက်ကျ အဆင့်သို့ ရောက်လေ့ရှိသည်ဟု ဘီရွတ်မြို့ရှိ အမေရိကန် တက္ကသိုလ် အာရှရေးရာ လေ့လာရေးဌာနမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ ဆာဗီယာ ကရမ်က ဆိုသည်။

လူဝင်စားမှု အနက်အဓိပ္ပာယ်ရှိသော အရပ်စကား Taqamus ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ 'ရှပ်အင်္ကျီလှည့်ခြင်း' ဖြစ်သည်။

ယခင်ဘဝက ကျူးဝင်လာသော အခါ ယောက်ျားလေးများဖြင့် ခရစ်ကက် ကစားနေသော ဒိုလန်မစ်တြာ။

ကိုယ်ဝန်ဆောင် ကာလတွင် ချစ်သူခင်သူ တစ်ဦးတစ်ယောက်၏နာရေးကိုကြုံလျှင် ထိုကွယ်လွန်သူကို စွဲလမ်းသောစိတ်က သန္ဓေသားစိတ်ကို ပုံသွင်းမှု ပြုပေးတတ်သည်ဟု လန်ဒန်မြို့မှ စိတ်ပညာရှင် ဒေါက်တာ အီမန်ချူရယ်လူဝစ်က British Medical Journal (July 7, 1979) တွင် ရေးသားခဲ့သည်။ သူသည် ဒုတိယကိုယ်ဝန်ရှိနေချိန်တွင် ဖခင်ဆုံးပါးသွားသည့် အမျိုးသမီးတစ်ယောက်အကြောင်းကို သက်သေအဖြစ် ထောက်ပြခဲ့သည်။ သန္ဓေသားတွင် သူမ ဖခင်ပြန်ဝင်စားမည်ဟူသော ဥပါဒါန်စိတ်အစွဲအလမ်းဖြင့် သူမ ဖခင်အတွက် မျက်ရည်မကျနိုင် ဖြစ်ခဲ့သည်။

လက်ဘနွန်နိုင်ငံမှ အသက် (၅) နှစ်အရွယ် အိုင်မတ် အီလာဝါသည် အတိတ်ဘဝက သူသည် တီဘီရောဂါသည် အီဘရာဟင် ဘိုဟာမီ ဖြစ်ကြောင်း အတည်ပြုသာစေသည့်အချက် (၅၇) ချက်ကို ပြောကြားခဲ့သည်။ ထိုအချက်များမှ (၅၁) ချက်မှာ ကွက်တိမှန်နေခဲ့သည်ဟု ဒေါက်တာစတီဗင်ဆင်က ဆိုခဲ့သည်။

'ကျွန်တော်တို့အားလုံး ပြန်လာကြသည်ပင်။ ဤတပ်အပ်သေချာမှုသည်ပင်လျှင် ဘဝကို အဓိပ္ပာယ်ရှိစေပြီး နှောင်းနောက် လူဝင်စားသောအခါ ယခင်ဘဝကို ကျွန်တော်တို့ အမှတ်ရသည်ဖြစ်စေ၊ အမှတ်မရသည်ဖြစ်စေ အကြောင်းမဟုတ်ချေ။ ဤတွင် အရေးပါသည့်အချက်ကား လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သူ၏အဆင်ပြေမှု မဟုတ်ချေ။ ဝင်စားမှုတစ်ခုချင်းတွင် ဆက်လက်ဖြစ်ထွန်းမှုပီပြင်ရေးနှင့် စင်ကြယ်ရေးသာဖြစ်သည်'

*ဂပ်စ်တပ်ဖ်မာလာ (၁၈၆၀-၁၉၁၁)*

'တော်ဝင်မင်းသား ဖြစ်ပါစေ၊ တောသား ဖြစ်ပါစေ၊ အရိုင်းအစိုင်း ဖြစ်စေ၊ လူယဉ်ကျေး ဖြစ်စေ။ ဤလောကသည် သုခဖြစ်စေ၊ ဒုက္ခဖြစ်စေ အားလုံး ဝေမျှခံစားရသည်။ အဘယ်ကြောင့်ဆိုသော် အနာဂတ်တစ်ချိန်တွင် အားလုံး တစ်ယောက်နှင့်တစ်ယောက် နေရာလဲကြရပေမည်'

*ပါမောက္ခ ဖရန့်စစ် သိုဝန်*

***Princeton Review***

*(မေလ၊ ၁၉၈၁)*



www.burmeseclassic.com

www.burmeseclassic.com



Margaret Baker



Fashion model Bonnie Brown



British regressionist Joe Keeton

**ရှေးပဝေသဏီကာလက ယုံကြည်ချက်၏ အခြေအမြစ်များ**

ပြန်လည်မွေးဖွားမှုသည် လူသား၏ဝေဖွဆော်ဦးကာလ ဖြစ်စဉ်များတွင် ထည့်တွက်ရမည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်သည်။

*CARL JUNG*
*ကား(လ်)ဂျုန်*

လူဝင်စား သဘောတရား၏ ဇာတိသည် သမိုင်းဦးကာလမှာတည်သည်။ ကမ္ဘာလောကတွင် ရှေးအကျဆုံးအရာထက်ပင် ပို၍ ခေတ်ဦးပေသေးသည်။

*E.D. WALKER*
*အီး‌ဒီ ဝေါကား*

ရှေးကာလ လူသားတို့တွင် ယခင်ဘဝကို သိမြင်သော စွမ်းရည်ထူးများ ရှိခဲ့သည်။ လူအဖြစ်ကို အခါခါ ခံယူရသည့် အကြောင်းတရားကို အပြည့်အဝ နားလည်ခဲ့ကြသည်။ သို့သော် ရှေးကာလတစ်နေရာတွင် စာရိတ္တပျက်ပြားခြင်းကြောင့် ထိုစွမ်းရည် ပျောက်ကွယ်သွားခဲ့သည်။ ထိုကာလမှစ၍ လူဝင်စားမှုအား သိနားလည်မှုကို ဘာသာရေးယုံကြည်မှုနှင့်ခံယူမှုတို့က အစားထိုးနေယူခဲ့ကြသည်။ ဤကျဆုံးမှု၏ကျဆင်းသွားသည့်အနေအထား၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ဘာသာတရားထင်ရှားလာခဲ့သည်။

ရှေးဟောင်း ဒဏ္ဍာရီ ပုံပြင်များ၊ လူမျိုးစုဇာတ်လမ်းများနှင့် ဘာသာရေးကြီးများတွင် ကိန်းအောင်းနေသော ယုံကြည်မှုတို့သည် လူဝင်စားမှုအကြောင်းကို လူတို့သိရှိခဲ့သည့်ကာလကို ပြသွန်းသော သက်သေအထောက်အထားများပင် ဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် ဘီစီ (၂၀၀၀၀) ခန့်နှင့် ဘီစီ (၇၅၀၀၀) ကြားတွင် ထွန်းကားခဲ့သော နီအန်သာဒ(လ်) လူမျိုးစု၏ အကြွင်းအကျန်များတွင် ပြန်လည်မွေးဖွားခြင်းအကြောင်း အစောဆုံး ယုံကြည်မှုကို ဖော်ပြသည့် သန္ဓေသားပုံစံမျိုးဖြစ်အောင် ကောက်ကွေးထားခံခဲ့ရသော အလောင်းတို့၏ အရိုးစုရုပ်ကြွင်းများကို တွေ့ရသည်။ လူဝင်စားမည့် နောက်ကာလကို ကြိုတင်မျှော်ရည်ပုံဖြင့် ကွယ်လွန်သူအား ရိက္ခာများနှင့်ပင် အတူမြှုပ်နှံထားခဲ့ကြောင်း သက်သေအထောက်အထားများ တွေ့ရသည်။ အလောင်းများကို နေ၏ အရှေ့အနောက်ဝင်ရိုးနှင့် တစ်ပြေးညီ တည်ထားသောကြောင့် နေသည်ပင် နေ့စဉ် အမိဝမ်းတွင်းမှထွက်ပြူကြောင်း အသိအမှတ်ပြုရိပ်ရှိခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၅၀၀၀) နှင့် (၂၅၀၀၀) ကြားကာလ ပလီအိုလုပ်သစ်ဦးပိုင်းကာလတွင် ထွန်းကားခဲ့သော ရှာမန်းယုံကြည်မှုကမူ လူနှင့်တိရစ္ဆာန်တို့ကို သက်ဝင်စေသော အင်အားသွယ်အမြဲတေအရိုးစုတွင် တည်ရှိသည်ဟု ယူဆခဲ့သည်။ သတ္တဝါတို့သည် ယင်းတို့၏ ပကတိအရိုးစုမှ ပြန်လည်မွေးဖွားသည်ဟု ယုံကြည်ခဲ့ကြသည်။ ဘက်စတက်လူမျိုးတို့၏ဒဏ္ဍာရီတစ်ခုကမူ နတ်ဘုရား ကွက်ဇကို(လ်)၏လိင်တံမှ ရယူသောသွေးဖြင့် သေလွန်သူ၏အရိုးမှုန့်ကို မျိုးပွားပုံဖော်ခြင်းဖြင့် လူမျိုးအသစ်တစ်ခုကို ဖန်တီးခဲ့သည်ဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်များကာလက ဂွာတီမာလာနိုင်ငံရှိ ကွင်းချီမာယာလူမျိုးတို့ကို လေ့လာနေခဲ့သော လူမျိုးစုဗေဒပညာရှင် လီယိုနတ်ရှု(လ်)ဇီးဂျာနာသည် လူသား၏အရိုး၌ လူသား၏အသက်တည်သည်ဟူသော စကားကို ကြားနေခဲ့ရသေးသည်။ လူ့အသားအရေသည် သစ်သီးတစ်ခု၏အသားကဲ့သို့ပင် မကြာမတင်ကာလတွင် ခြောက်သယောင်းပျက်စီးသွားတော်လည်း အရိုးစုသည်ကား ဘဝအသစ်ပြန်မွေးဖွားရန် အမာခံအခွံဖြစ်သော အစေ့ပင်ဖြစ်သည်ဟုဆိုခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းတွင် နတ်ဒေဝတာများအလား ပေါက်ဖွားခဲ့သော လူသားတို့အကြောင်း ဇာတ်လမ်းပေါင်း များစွာရှိသည်။ "The Fairy Faith in Celtic Countries" စာအုပ်တွင် ဒဗလျူ ဝိုင် အီဗင်(စ်)ဝင့်(စ်)သည် နတ်ဒေဝတာမှဆင်းသက်လာသည်ဟု ယူဆကြသော လူမျိုးစုများ အတွေးအခေါ် အကြောင်း ရေးဖွဲ့ခဲ့သည်။ 'နတ်ဒေဝတာတို့သည် တစ်ခါက လူသားများပင် ဖြစ်သည်။ လူသားမျိုးနွယ်သည်လည်း တစ်ချိန်တွင် နတ်ဒေဝတာများ ဖြစ်လာပေမည်။ သတ္တဝါသည် လူသားမျိုးနွယ်နှင့်ဆက်စပ်လျက်ရှိနေသည်ကဲ့သို့ပင် လူသည် နတ်ဒေဝတာနှင့် မမြင်ရသောလောကဖြင့်ဆက်စပ်တည်မှီနေသည်' ဟု သူ ရေးသားခဲ့သည်။

အီဂျစ်၊ ဗြိတိန်၊ အိန္ဒိယ၊ ဂရိနှင့် လက်တင်အမေရိကကဲ့သို့ ကမ္ဘာတစ်ဝန်းပျံ့နှံ့နေသော အရပ်ဒေသများ၏ ရှေးဟောင်းမှတ်တမ်းများတွင်လည်း အထက်မှ ဘုရင်နှင့်သူရဲကောင်းများသည် နတ်ဒေဝါတာ လူဝင်စားများ ဖြစ်ကြကြောင်း ဒဏ္ဍာရီများကို တွေ့ရသည်။ ဂေါ(လ်)လူမျိုးနှင့် ဘရိုင်ဆွန်လူမျိုးတို့သည် အာသာဘုရင်အား လူသားမျိုးနွယ်ကို ပညာပေးရန်နှင့် ဘဝမြင့်တ



www.burmeseclassic.com

www.burmeseclassic.com

ပေးရန် ပြန်ရောက်လာခဲ့သော နေနတ်ဘုရားဝင်စားသူဟု ယုံကြည်ခဲ့ကြသည်။ အီဂျစ်နိုင်ငံတွင်မူ ဖာရိုဘုရင်များအား မြေအောက်ကမ္ဘာကိုအုပ်စိုး၍ သေလွန်သူတို့ကို တရားစီရင်သော အိုဆီရိ (စ်) က ခန့်ထားသူများဟု ယူဆခဲ့ကြသည်။ ကမ္ဘာသစ်မှ အက်စတက်နှင့် အင်ကာလူမျိုးတို့ကမူ သူတို့၏ လူစွမ်းကောင်းများသည် နေတွင်တည်ရှိသော နတ်ဘုံနတ်နန်းတွင် သွားရောက်စံမြန်းနေကြပြီး သူတို့လူမျိုးအတွက် လိုအပ်ပါလျှင် လူ့အသွင်ကို ပြန်လည် ခံယူဝင်စား၍ ပြန်လာလေ့ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။ ရှေးခေတ် ခေါမနိုင်ငံတွင်မူ ဇုနတ်ဘုရားသည် နတ်ဒေဝတာနှင့် လူသားတို့၏မင်း ဖြစ်ခဲ့သည်။ ခေတ်ကာလတစ်လျှောက် တစ်ခေတ်ပြီးတစ်ခေတ်တွင် ထွန်းပေါက်ခဲ့သော အမျိုးသားသူရဲကောင်းများအဖြစ် ပြန်လည် ဝင်စားခဲ့သည်။ မဟာအလက်ဇန္ဒားသည် ဇုနတ်ဘုရား၏ဝင်စားဘဝတစ်ခုပင် ဖြစ်သည်ဟု ခံယူခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၏ ဘာသာရေးစာများတွင် အထွတ်အမြတ်အထားဆုံးကား လူ့အဖြစ်ရော နတ်ဒေဝတာအဖြစ်ပါ အခါခါ မွေးဖွားခဲ့ဖူးသော ရာမာနှင့် ခရစ်နာတို့ကိုပင် ဖြစ်သည်။

'ငါကိုယ်ငါ သတ္တဝါများကြားတွင် မွေးဖွားစေသည်။ ကိုယ်ကျင့်တရားပျက်ပြား၍ မကောင်းမှုများ ပုန်ကန်ထကြွနေခြင်းနှင့် ကမ္ဘာလောကတွင် တရားမဲ့နေလျှင် ငါသည် ခေတ်တစ်ခေတ်မှတစ်ခေတ် ပြန်လည်ဝင်စားသည်။ တရားမျှတမှုရှိစေရန်၊ ဆိုးယုတ်သူတို့ကိုဖျက်ဆီးရန်နှင့် မှန်ကန်မှုကိုတည်ရန် ငါ ပြန်ဝင်စားသည်' ဟု ဘဂဝါဂီတတွင် ဟိန္ဒူတို့၏ဆရာသခင် ကရစ်နာက ဆိုညွှန်းခဲ့သည်။

အတိတ်ဘဝကို နောက်ကြောင်းပြန် တောင့်တမှုအပြုဆုံး လုပ်ရပ်ကို ဟိန္ဒူစာပေများတွင် တွေ့ရသည်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဘာသာတရားဖြစ်သော ဟိန္ဒူဘာသာတရားသည် ဘီစီ(၄၀၀၀) စုကာလအတွင်းက စတင်ဖြစ်ထွန်းခဲ့ပါသော်လည်း ဘီစီ (၆) ရာစုရောက်မှသာလျှင် ယင်း၏ လူဝင်စားသဘောတရားကို ရှင်းလင်း သဲကွဲစွာ တင်ပြမှုရှိလာခဲ့သည်။ ယင်းသဘောတရားပေါ် ပေါက်လာရန် အကြောင်းကို မည်သူမျှ အတည်ပြုပြောကြားနိုင်ခြင်း မရှိချေ။ ဗြာဟ္မဏများက ချပေးလာသည် မဟုတ်ကြောင်း သေချာ၏။ ရှေးဟောင်းအီဂျစ်နှင့် ချော(လ်)ဒီယံလူမျိုးတို့နှင့် နီးစပ်ခဲ့သော ပို၍ ရှေးကျသည့် အသားနီရောင်မျိုးစုက ချပေးခဲ့သည်ဟု ဆိုကြသည်။ ထိုဆရာများသည် နတ်ဒေဝတာမျိုးစုတစ်စု သို့မဟုတ် လူသားအသွင်ခံယူထားသော နတ်ဒေဝတာများဖြစ်ပြီး ယင်းတို့ဇာတိသည် လူဝင်စားမှုကို ယုံကြည်သည်ထက် သိနေသည့်အဆင့်ရှိခဲ့သည့် ပျောက်ဆုံးသွားသော အတ္တလန္တိတ်ကျွန်း ဖြစ်နိုင်သည်ဟု ဆိုသည်။



**ဘဝ၏သံသရာဘီး**

လူသား၊ တိရစ္ဆာန်၊ ပန်းပင်နှင့် သယံဇာတ အားလုံးတို့ကို ဘဝစက်ဝန်းကြီးပေါ်တွင် ချည်နှောင်ထားပြီး ယင်းတို့ သေခြင်းနှင့်ရှင်ခြင်းကြား အဖန်ဖန်လည်ပတ်လျက်ရှိသည်ဟု ဟိန္ဒူတို့ ယုံကြည်ခဲ့ကြသည်။ ဤလည်ပတ်မှုတွင် ကိုယ့်ဘဝ အတက်အကျ၊ တစ်နည်း လူ့ကြမ္မာကို စီရင်သည်က လူ့ကံပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် လူတစ်ယောက်၏ ကောင်းမှု, ဆိုးမှုသည် ကာယကံရှင်ပေါ်တွင်သာ သက်ရောက်အားရှိမည် မဟုတ်၊ လောကတစ်ခုလုံး ပေးလည်း လောင်းရိပ်သင့်စေသည်ဟုပင် ဖြစ်သည်။ ကံသည် အတိတ်ဘဝပြုရပ်များမှနေ၍ မျက်မှောက်အခြေအနေကို ထုတ်လုပ်ပေးခဲ့ပြီး မျက်မှောက်ပြုရပ်မှတစ်ဆင့် ထာဝရအတွက် ပြင်ဆင်မှုပြုသည်။ ဟိန္ဒူတို့၏မျှော်လင့်ချက်ကား ဤသံသရာဝဋ်ကြွေးထဲမှ လွတ်ရာလွတ်လမ်းကို လျှောက်လှမ်းရန်သာဖြစ်သည်။ သို့သော် ထိုသို့လွတ်ရန်မှာ ခက်ခဲလှ၏။ အလွန်တရာ အခက်အခဲ အပင်အပန်းခံပြီးမှသာလျှင် ထွက်ရပ်ပေါက်နိုင်မှု ရှိသည်။ လူ့ဘဝ လူ့စည်းစိမ်ကို တပ်မက်မှုသည်ပင် လူကို အကြိမ်ကြိမ် လောကတွင်ပြန်လည်ဝင်စားအောင် ဆွဲငင်လေ့ရှိသည်။ ထို့အပြင် အပြစ်ရှိသူများဖြစ်သည်နှင့်အညီ လူသားတို့သည် နောက်တစ်ကြိမ်တွင် သူတို့ လူ့အဖြစ်ပြန်ဝင်စားမည်ဟု အာမခံချက်ပင် မရှိချေ။ အလွန်ပင် ဆိုးဝါးသော ပျက်စီးမှုကြောင့် တိရစ္ဆာန်ဘဝသို့ လျှောကျ ဝင်စားနိုင်သည်။ သို့သော် တိရစ္ဆာန်သည်လည်း လူ့အဖြစ် အနာဂတ်ဘဝတွင် ပြန်လည်ဝင်စားခွင့်ရနိုင်၏။ ထိုကြမ်းတမ်းသော သံသရာခရီးအကြောင်းကို Svetasva-tara upanishad, 5.11: တွင် အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖော်ပြထားသည်။

'ခန္ဓာကိုယ်ကို အစားအစာနှင့်ရေဖြင့် ဖြည့်တင်းမှုပြုသည်ကဲ့သို့ပင် လူ၏နာမ်အား စိတ်ကူးစိတ်သန်းအာရုံခံစားမှု၊ ရုပ်ရည်အမြင်အာရုံထင်ရှားမှုတို့ဖြင့် အားဖြည့်နိုင်ပြီး ယင်းလုပ်ရပ်နှင့် လိုက်လျောညီထွေစွာ အဆက်ဆက်သဏ္ဌာန်များကို ခံယူနိုင်သည်'

**Katha Upanishad** တွင် မရဏမင်းသည် ကိုယ့်အတ္တနှင့် ကိုယ့်ကိုယ်ကိုယ်လှည့်စားပြီး ခံစားရမည့်ဝဋ်ကြွေးမှလွတ်အောင် ပြေးနိုင်မည်ဟု ထင်သူတို့ကို သတိပေးစကား ပြောကြားထားခဲ့သည်။

'ဥစ္စာဓနနှင့်ပျော်ရွှင်မှုကိုတပ်မက်သောကြောင့် အသိဉာဏ် နုံနည်းသူတို့သည် ဤလောကသာလျှင် တည်ရှိပြီး အခြားလောကများမရှိဟု အမြင်များကို မျက်စိကန်းစွာ ခံယူကြသည်။ ဤသည့်အတွက်ကြောင့် သေလွန်ပြီး နောက်ဘဝအတွက် ပြင်ဆင်ထားရန် သို့မဟုတ် ကောင်းမှုလုပ်ရန်သော် လည်းကောင်း မလိုဟု ထင်ကြသည်။ ဤကမ္ဘာလောကသည်ပင်လျှင် အရာရာဖြစ်ပြီး အခြားစကြဝဠာ မရှိချေ။ ထိုသို့သော မိုက်မဲသူတို့သည် သေခြင်း၊ ရှင်ခြင်း သံသရာတွင် လည်ပတ်ရင်း ငါ၏နှင်တံအောက်သို့ ထပ်ကာထပ်ကာ ရောက်ရမည်'

သန်းရာပေါင်းများစွာသော ဟိန္ဒူဘာသာဝင်တို့ကြားတွင် ပြန်လည်မွေးဖွားမှုယုံကြည်ချက်မှာ ခိုင်မာလှသောကြောင့်-

'အနောက်နိုင်ငံသားတစ်ယောက်က ကလေးဘဝမှ လူကြီးဘဝ ဖြစ်သည်ကို တစ်ဘဝအတွင်းဖြစ်ရပ်ဟု လက်ခံသကဲ့သို့ပင် ဟိန္ဒူများအနေဖြင့်မူ တစ်ဘဝပြီးတစ်ဘဝ သံသရာကျင်လည်ခြင်းသာလျှင် ဘဝဖြစ်သည်'

ဟု စာရေးဆရာမ နန်စီရော့(စ်)က **"Three Ways of Asian Wisdom"** တွင် ရေးသားခဲ့သည်။

အရှေ့တိုင်း၏ အခြားသော ဘာသာတရားကြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်တို့သည်လည်း ဤခံယူချက်နှင့်အလားတူခံယူချက် ရှိကြသည်။

ဥပနိသ္သယပညာ နောက်မှ နှစ်ပေါင်း (၁၀၀) ပင် မကြာသောကာလတွင် ဗုဒ္ဓဘာသာ၏လူဝင်စားနှင့် ကံဒဿန လိုက်လာခဲ့သည်။ ဘီစီ ၅၆၃ ခုနှစ်မှ ဘီစီ ၄၈၃ ခုနှစ် ကာလတွင် ထွန်းကားခဲ့သော ဂေါတမဗုဒ္ဓသည် ဘဝ၏အစိပ္ပာယ်မဲ့ပုံမှန်သမျှ၏အဖြေကို လူဝင်စားမှုနှင့်ကံတွင် ရှာတွေ့ပုံရခဲ့သည်။ လူဝင်စားခြင်းသည် လောကကြီး၏ မညီမျှပုံတို့ကို ဖြိုဖျက်ပစ်နေသည်ဟု ယူဆခဲ့ပုံရသည်။ သို့သော် ဘဝတစ်ခုမှတစ်ခုသို့ ဝိညာဉ်တစ်ခုက ပြောင်းလဲခိုဝင်သွားသည် ဟူသော ခံယူချက်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာနှင့်ဟိန္ဒူတို့ ယူဆပုံမတူညီခဲ့ကြချေ။ မွေးကင်းစ လူအသစ်သည် ယခင်နာမ်တူညီမှုသည် ပင်လယ်လှိုင်းများ သို့မဟုတ် ဖယောင်းတိုင် မီးလျှံများအသွင် တူပုံပေါက်သည်မှအပ အခြား တူညီမှု မရှိဟု ဗုဒ္ဓဘာသာက ယူသည်။ ဤအတွက်ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် လူဝင်စားမှုထက် ပြန်လည်မွေးဖွားမှုဟူသော အသုံးအနှုန်းကို ပို၍ နှစ်ခြိုက်သည်။ သို့တိုင်အောင်ပင် သေဆုံးချိန်တွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အခြေခံအတွေးက နောက်ဘဝ၏အမြုတေကို သက်ဝင်စေသော အတွေးပင် ဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်သည်။

သဘောတရားရေးရာပိုင်း လက်ပေါက်ကတ်ပြောကြားချက်များကို ဖယ်ရှားလိုက်ပါလျှင် တစ်ခန္ဓာမှ တစ်ခန္ဓာသန့်စင်ရေး ခရီးကြမ်းကြီးကိုနှင်ရသည့် အနေနှင့်ပတ်သက်၍ ဟိန္ဒူနှင့်ဗုဒ္ဓဘာသာ အမြင်တူသည်။ တရားပေါက်ရန်အတွက် အကြီးဆုံးအဟန့်အတားမှာ တပ်မက်မှုနှင့် အသိပညာကင်းမဲ့မှုဖြစ်ပြီး မိမိအကျင့်ကိုပြင်ရန် နောက်တွန့်သော လူသားတို့သည် ကံနှောင်ကြိုးတင်းတင်းချည်လျက်သားဖြင့် ပြန်လည်ဝင်စားမှုသံသရာဘီးတွင် အဆက်မပြတ် လည်ပတ်နေသည်။ ဗုဒ္ဓဘာသာသင်းမှုတစ်ခုမှ စကားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ဤမှာ မွေးဖွားပြီး ဤမှာ သေဆုံးရန်၊
- ဤမှာ သေဆုံးပြီး အခြားနေရာမှာ မွေးဖွားရန်၊
- ထိုမှာ မွေးဖွားပြီး ထိုမှာ သေဆုံးရန်၊
- ထိုမှာသေဆုံးပြီး အခြားတစ်နေရာမှာ မွေးဖွားရန်. . .
- ဤသည်က ရှင်သန်မှု၏စက်ဝန်းပင်တည်း။

*(မိလိန္ဒ မေးခွန်းများ ၇၇)*

နှစ်ပေါင်း (၂၅၀၀) ကာလတစ်လျှောက်တွင် ယခင် ဘဝပေါင်း (၅၅၀) နေထိုင်ခဲ့ဖူးသည် ဆိုသော ဂေါတမဗုဒ္ဓသည် 'လောကီစည်းစိမ်ကို တွယ်တာတပ်မက်မှုသည် သံသရာမှ မလွတ်မကျွတ်နိုင်စေသော အကြောင်းတရားဖြစ်သည်' ဟု မိန့်ခဲ့သည်။

'ဆန္ဒတဏှာ တွယ်နေခြင်းသည်ပင် လောကသို့ ပြန်လည်ရောက်ရှိရန် အကြောင်းတရားပင် ဖြစ်သည်'

ဟု သူ၏တပည့်သာဝကများကို အောက်ပါအတိုင်း သွန်သင်ခဲ့သည်။

'အခြားတစ်ပါးသော အရာကို တွယ်တာသူအတွက် ကျဆုံးမှု ရှိသည်။ တွယ်တာမှု မရှိသူအတွက် ကျဆုံးမှု မရှိချေ။ ကျဆုံးမှု မရှိလျှင် အေးချမ်းမှု ရှိသည်။ အေးချမ်းမှုရှိလျှင် ထက်သန်သောဆန္ဒ မရှိချေ။ ပြင်းထန်သောဆန္ဒ မရှိလျှင် မည်သည့်အရာမျှ လာခြင်း သို့မဟုတ် သွားခြင်း မရှိချေ။ လာခြင်း၊ သွားခြင်း မရှိပါလျှင် သေခြင်း၊ ရှင်ခြင်း မရှိချေ။ သေခြင်း သို့မဟုတ် ရှင်ခြင်း မရှိပါလျှင် ဤလောကလည်း မရှိ၊ ထိုလောကလည်းမရှိ ကြားလောကလည်း မရှိချေ။ လောက၏နိဂုံး ဖြစ်သည်'

ဂေါတမ မမွေးဖွားခင် ကာလကြာမြင့်စွာ၊ ဟိန္ဒူလူမျိုးတို့ လူဝင်စားသဘောတရားကို မခံယူသေးခင် ကာလကတည်းကပင် အေသင်မြို့တော်၏ အနောက်ဘက် (၁၄) မိုင်အကွာရှိ အီလီယူဆီအပ်(စ်) မြို့လေးကိုအစွဲပြု၍ ခေါ်ဆိုခဲ့သော အီလီယူဆီအပ် လျှို့ဝှက်ကျင့်ထုံးများတွင် အမိက အကြောင်းချက်သည် လူဝင်စားကိစ္စနှင့်ပတ်သက်ခဲ့သည်။ ယင်း အီလီယူဆီအပ်(စ်)၏လျှို့ဝှက်ကျင့်ထုံးသည် ခေါ်မတို့ ယင်းတို့အတိရပ်တွင် အခြေမချသေးခင် ဘီစီ ၁၅ ရာစုနှစ်ကာလကတည်းကပင်လျှင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည်။ ထိုလျှို့ဝှက်ကျင့်ထုံးများသည် ဈာန်ပျံမှု၊ ခန္ဓာကိုယ်မှဝိညာဉ်ခွာမှုနှင့် သေပြီး နောက်ဘဝကို တစ်စိတ်တစ်ပိုင်း မြင်ခွင့်ရစေခဲ့သောကိစ္စများ ပါဝင်သည်ဟု ယူဆရ၏။ နတ်ဘုရားမ ပါစီဖွန်သည် သူမ၏ရက်ကန်းစင်၌ ဝိညာဉ်ဟောင်းများအတွက် ခန္ဓာအသစ်များ ရက်လုပ်လေ့ရှိသည်ဟု ဆိုသည်။ လောကတွင်မူ အလောင်းတချို့၏ဝိညာဉ်များအား ငရဲပြည်ရှိ စမ်းရေတွင်းမှ ပြန်ပြောင်းအမှတ်ရရေ ခပ်ယူလာပါရန် အမှာဖြင့် မြှုပ်နှံလေ့ရှိခဲ့ကြသည်။ ဤသို့ ခပ်ယူလာသော ဝိညာဉ်သည် နောက်ဝင်စားသည့်ဘဝ၌ ယင်းတို့ လွန်ခဲ့သောဘဝဖြစ်ရပ်များကို ပြန်ပြောင်း အမှတ်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

ခေါ်မများက စိတ်အာရုံပြောင်းလဲမှုအဖြစ် ခံယူခဲ့သော လူဝင်စားကိစ္စသည် ဘီစီ ၇ ရာစုနှစ် အော်ပစ်လျှို့ဝှက်ချက်များတွင် ပေါ်လာခဲ့ပြန်သည်။ အော်ပစ်စာများက ရှေးဟောင်း အိန္ဒိယပုံစံအတိုင်းပင်လျှင် 'သောကဖိစီးနေသောဘီး' ဟု တင်စားစကား အသုံးပြုသည်ကို တွေ့ရသည်။ ပိုက်သိုဂိုရပ်(စ်)နှင့် ပလေတိုတို့ ခေတ်ကာလ ရောက်သောအခါ ထိုသဘောတရားများ အိုဟောင်းနေခဲ့ပြီ ဖြစ်သော်လည်း သက်တမ်းမည်မျှရှိသည်ကို မည်သူမျှ မသိခဲ့ချေ။ ဘီစီ ၅ ရာစုတွင် ရှင်သန်ခဲ့သော သမိုင်းပညာရှင် ဟီရိုဒိုတပ်(စ်)က အီဂျစ်တို့အား ပထမဦးဆုံး လူဝင်စားဝါဒီများဟု ညွှန်းဆိုခဲ့ပါသော်လည်း အီဂျစ်တို့က သူတို့၏ အသိပညာသည် မတွက်ဆနိုင်လောက်အောင် ကြာမြင့်သော ရှေးကာလက အရှေ့ဒေသမှရောက်လာခဲ့သည်ဟု ဆိုညွှန်းခဲ့ကြသည်။ လျှို့ဝှက်နက်နဲသော အတတ်ပညာ၏နတ်ဘုရားဟု သတ်မှတ်သော သူတို့၏ အိုဆီရပ်နတ်ဘုရားသည် နွားသိုးကြီးတစ်ကောင်အသွင်ဖြင့် အိန္ဒိယမှနေ၍ အီဂျစ်သို့မောင်းခံခဲ့ရသည်ဟု သူတို့စာများတွင် ဖော်ပြခဲ့သည်။

အလားတူ ထိုလူဝင်စားသဘောတရားသည် အနောက်ဥရောပအရပ်သို့ မောင်းသွင်းခံခဲ့ရပြီး ဒရုခ်များ၊ ဆဲလ်များနှင့် ဂေါလ်လူမျိုးများသည် ယင်းတို့၏ဒဿနိကများတွင် ပြန်လည်မွေးဖွားမှုဇာတ်လမ်းများ ရေးဖွဲ့ခြယ်မှုန်း ထည့်လိုက်သည်လား ဆိုသည့်အချက်ကိုမူ မှတ်တမ်းခြေရာကောက်၍ မရချေ။ ဝေလဒရူး(ခ်)တို့၏ Barddes တွင် ဖော်ပြထားသော စက်ဝန်းများနှင့် အရှေ့တိုင်း၏ ရှင်သန်ရပ်တည်ရေး စက်ဝန်းများ အတော်တူညီမှု ရှိကြသည်ကိုမူ မငြင်းနိုင်ချေ။ Barddes ၏ အဆိုအရ ဘဝစက်ဝန်းသုံးခုရှိပြီး အလယ်စက်ဝန်း (Cylch Abred) သည် ပြန်လည်မွေးဖွားခြင်းစက်ဝန်း ဖြစ်သည်။ ဝိညာဉ်သည် ဘဝတစ်ခုချင်းတို့ ဖြစ်ထွန်းကျင်လည်သွားသည်။ ဖြစ်နိုင်သမျှပုံစံနှင့် အသွင်အမျိုးမျိုး ခံယူပြီးနောက် အိန္ဒိယတို့၏ နိဗ္ဗာန်နှင့်နှိုင်းယှဉ်သာသော ပြီးပြည့်စုံသည့်အနေအထားသို့ ဆိုက်ရောက်၏။ ရှေးခေတ် ဥရောပသားများသည် ပြန်လည် မွေးဖွားမည်ဖြစ်ကြောင်း တပ်အပ်ယုံကြည်မှုပြည့်ဝခဲ့သောကြောင့် ကလေးမွေးဖွားသောအခါတွင် ရှိုက်ကြီးတငင်ငိုကြွေး၍ သေဆုံးချိန်တွင် ဝမ်းမြောက်ဝမ်းသာ ဟစ်ကြွေးခဲ့ကြသည်။ ဒရူး(ခ်)များ၏ယုံကြည်မှုက ပို၍ ပြင်းထန်ခဲ့၏။ ကြွေးမြီများကို ဤဘဝတွင် ချေဆပ်မှု မပြုနိုင်ပါလျှင် နောက်ထပ်ဝင်စားသည့်ဘဝတွင် ချေနိုင်သည်ဟု ခံယူခဲ့ကြ၏။

အစ္စလာမ်၊ ဂျူး၊ ခရစ်ယာန်ဘာသာတို့သည် လူဝင်စားမှုကို လက်မခံသော်လည်း ဤဘာသာရေးဌာနများသည်ပင် လူဝင်စားသဘောတရားများကို လက်ခံထားမှုများ တွေ့ရသည်။ အပြောင်းဝင်စားမှုသည် တမန်တော် မိုဟာမက်၏သွန်သင်မှုများနှင့် လိုက်လျောညီထွေ မရှိပါသော်လည်း ကိုရမ်ကျမ်းတွင် အောက်ပါအတိုင်း ပြောကြားထားသည်ကို တွေ့ရသည်။

> အလ္လာအရှင်မြတ်သည် သင့်ကို ကမ္ဘာမြေကြီးမှ ပန်းတစ်ပင်ကဲ့သို့ ဖူးပွင့်လာစေခဲ့ပြီး ဤနောက်တွင် သူသည် သင့်ကို ပြန်လည် အသွင်ပြောင်း၍ အသစ်တစ်ဖန် ပွင့်လန်းစေသည်။
>
> (ဆူရာ ၇၁း၁၇-၁၈)

ဂျူးဘာသာ၏ဂမ္ဘီရအတတ်ပညာကိန်းအောင်းရာ စာပေမှာ ကာဘာလာဖြစ်ပြီး ဤနေရာတွင် ဟီဘရူးတို့၏ လူဝင်စားမှုသဘောတရားကို တွေ့ရသည်။ အရေးအတွက် တစ်ခုမျှသော ဝိညာဉ်ကိုဖန်တီးမှုမှသည် ယင်းတို့ တဖြည်းဖြည်းသန့်စင်ပြီး အခြား သန့်စင်သော ဝိညာဉ်များနှင့် ပေါင်းစပ်မှုအထိ သံသရာအသွင်ရှိသည်။ ကာဘာလာ ဂန္ထဝင်လက်ရာတစ်ခုဖြစ်သော "The Zohar" သည် အေဒီ ၁ ရာစုမှဟုယူဆပြီး ယင်းတွင် အောက်ပါအတိုင်း ဖြစ်သည်။

'ဝိညာဉ်များသည် ယင်းတို့ထွက်ပေါ်လာခဲ့ရာ နိဗ္ဗိတွင်းသို့ ပြန်လည်ဝင်ရောက်ရမည်။ သို့သော် ဤသို့ဖြစ်ရန်အတွက် သူတို့သည် သူတို့တွင် ဌာပနာထားသောကျောက်မျက်ကို ဝိပြင်အောင် သွေးရပေမည်။ ဤအခြေအနေကို တစ်ဘဝအတွင်း၌ ပြည့်ဝအောင် မဆောင်ရွက်နိုင်ပါလျှင် နောက်တစ်ဘဝ၊ တတိယတစ်ဘဝ စသည်ဖြင့် ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်။ ဘုရားသခင်နှင့်ပြန်လည် ဆုံစည်းထိုက်သော အခြေအနေရရှိသည်အထိ ကြိုးကုတ်ရမည်။

အိဒ်ဝေါကာ၏ ဂန္ထဝင် ၁၉ ရာစုလက်ရာ Reincarnation တွင် ဆိုညွှန်းထားချက်ကို ထောက်ရပါလျှင် သမ္မာကျမ်းစာအတွင်းမှ လူဝင်စားအကြောင်းနှင့်ပတ်သက်၍ သွန်သင်ပြချက်များသည် အများအားဖြင့် သဘောပေါက်လက်ခံထားပြီးသားအနေမျိုးဖြင့် အုတ်ပန္နက်သဖွယ် ထိုနေရာ၊ ဤနေရာမှပေါ်ပေါက်နေသည်။ သမ္မာကျမ်းစာတွင်းမှ စာပိုဒ်အတော်များများကား လောကသို့ အဖန်ဖန်ရောက်ရှိ ရှင်သန်ရသည့်အနေဖြင့် အနက်ဖွင့်ဆိုမှသာလျှင် အဓိပ္ပာယ်ရှိသည်။ အောက်တွင် ဖော်ပြထားသော သမ္မာကျမ်းစာသစ်မှ ကောက်နုတ်ချက်သည် ဟိန္ဒူနှင့်ဗုဒ္ဓဘာသာတို့ မြင်ပုံအတိုင်းပင် အထွတ်အမြတ် အနေအထားကို ရရှိရန်အတွက် ပြင်းထန်စွာ ကြိုးစားအားထုတ်ရပုံကို ဖော်ကျူးထားသည့်အချက်များမှ တစ်ခုဖြစ်သည်။

'အောင်နိုင်သောသူကို ငါဘုရား၏ကျောင်းတော်တွင် မဏ္ဍိုင်အဖြစ် ငါတည်သည်ဖြစ်ပြီး သူသည် နောက်ထပ်ပြင်ပသို့ထွက်ရမည် မဟုတ်ချေ'

(အနဂ္ဂတိကျမ်း ၃း၁၂)

သို့တိုင်အောင် စောစောပိုင်း သာသနာအတွက် လူဝင်စားမှုသည် ပဋိပက္ခဖြစ်စရာ အကြောင်းတရားသာလျှင် ဖြစ်ခဲ့သည်။ ထိုသဘောတရားဘက်နှင့် ဆန့်ကျင်ဘက်တွင် သင်းကွဲမှုများဖြစ်ပေါ်ခဲ့ပြီး ခရစ်ယာန်ဘာသာသည် ပြင်းထန်ရှည်ကြာသော ပဋိပက္ခအတွက် စစ်တလင်း ဖြစ်လာခဲ့သည်။

## လူမျိုးစု မှတ်ဉာဏ်

လူဝင်စားမှုဆိုင်ရာ ဘာသာရေးယုံကြည်ချက်ကို ယဉ်ကျေးမှုဟောင်းကမ္ဘာတွင် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းခဲ့သည်နှင့်အမျှ ထိုအတွေးအခေါ်နှင့်ပတ်သက်၍ လူမျိုးစုခံယူချက်များသည် ပုံစံအသွင်အမျိုးမျိုး ကွဲပြားစွာပင် လူသားတို့မပေါက်ရောက်သမျှ နယ်မြေဒေသတစ်ခွင်တွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေခဲ့သည်။ တောင်နှင့်မြောက် အမေရိက၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ အာရှနှင့် အာဖရိကမှ လူမျိုးစုတို့သည် ထာဝရရှင်သန်နေရမည်ဟူသော ခံယူချက်ဖြင့် နေထိုင်ခဲ့ကြပြီး အများစုအတွက်မူ ယင်းသည် လူဝင်စားရမည့်အနေအထားကို ရည်ညွှန်းဟန် ရှိခဲ့သည်။

'ဤသဘောတရား မည်သို့ပင် ရှိခဲ့သည်ပင်ဖြစ်စေ၊ လူရိုင်းလူမျိုးစုအများအပြားတွင် ဤဝိညာဉ်လောက ပြောင်းရွှေ့ခြင်း သို့မဟုတ် လူဝင်စားသဘောတရားကို တွေ့နိုင်သည်။ ကျွန်တော်တို့ သိရှိသမျှ အချက်အလက်များအပေါ် ထောက်ထား၍ ပြောရပါလျှင် ရှေး...



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းတို့၏ဘဝများပေါ်တွင် ယခုခေတ်ကာလ ကျွန်တော်တို့ တွေ့မြင်နိုင်သည်ထက် များစွာပိုသာလျက်ပင် ထိုလူဝင်စားသဘောတရား လောင်းရိပ်ကို တွေ့မြင်နိုင်သည်'

ဟု ဆာဂျိမ်း(စ်) ဂျော့(ခ်) ဖရေဇာက သူ၏စာအုပ် "The Belief in Inmortelity (1913)" တွင် ရေးသားခဲ့၏။

ခေတ်သစ်ရုပ်ဝတ္ထုသဘောတရားကြောင့် လွန်ခဲ့သော ရာစုနှစ်ကာလတစ်လျှောက်တွင် လူမျိုးစုဓလေ့ထုံးစံနှင့် ရိုးရာအစဉ်အလာတို့ လျော့ရဲသွားပြီး ပုံပြင်ဇာတ်လမ်းများနှင့် အယူသီးမှုတို့သာလျှင် ကြွင်းကျန်နေလေ့ရှိသည်ကို တွေ့ရသည်။ ယင်းတို့သည်ကား ခိုင်မာသည့်သဘောတရားတို့၏အကြွင်းအကျန်သာဖြစ်သည်။

လူတို့ ခံယူနေကြသေးသော ယုံကြည်ချက်တစ်ခုကား ဘိုးဘေးတို့သည် သူတို့မိသားစုသို့ လူဝင်စားများအနေဖြင့် ပြန်ရောက်ရှိလေ့ရှိကြသည် ဟူသော အချက်ပင် ဖြစ်သည်။ အနောက်အာဖရိကမှ ရိုယူဘာလူမျိုးစုတွင် ဘိုးဘွားတစ်ယောက်ယောက် ကွယ်လွန်ပြီး မကြာမတင်ကာလတွင် မွေးဖွားသောကလေးကို 'ဘာဘာတွန်ဒီ' (ဖခင်ပြန်လာပြီ) သို့မဟုတ် 'ရီတွန်ဒီ' (အမေပြန်လာပြီ) ဟု နာမည်မှည့်ခေါ်လေ့ရှိကြသည်။ အာဖရိက အရှေ့တောင်ပိုင်းဒေသမှလူမျိုးစုတို့သည် မွေးကင်းစကလေးတစ်ယောက်ကို အမိရင်ခွင်တွင် ပိုက်ထွေး၍ နို့တိုက်သည်နှင့် မည်သူဝင်စားမှန်း သိရှိရအောင် ကွယ်လွန်သွားခဲ့သည့် မျိုးဆွေတို့၏နာမည်များကိုခေါ်ကြည့်လေ့ရှိကြသည်။ ကလေးက နို့စို့ချိန်တွင် ခေါ်လိုက်သည့် နာမည်သည် ကလေးတွင်ဝင်စားနေသူ၏ နာမည်ပင်ဖြစ်သည်ဟု ယူဆကြသည်။ ဤနည်းနှင့်ဆင်ဆင်တူသော အခြားလူမျိုးစု စမ်းသပ်နည်းတစ်နည်း ရှိသေးသည်။ ဆိုက်ဘေးရီးယားအရပ်မှ ယူကာဂီလူမျိုးစုဝင်တို့ကမူ လူဝင်စားသည် ဘိုးဘေး၏အမည်မှန်ကို ရေရွတ်မိလျှင် လက်ထဲတွင်ကိုင်ထားသော သွားလေသူ၏အရိုးများပေါ့သွားသည်ဟု ယုံကြည်ကြသည်။ မျက်မှောက်ကာလတွင်မူ ကလေး၏ပထမအပြုံးကို သော့ချက်အဖြစ် ထားတွက်ကြသည်။

မြောက်အမေရိကန်တိုက်ရှိ လူမျိုးစုများတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသောဓလေ့တစ်ခုကား ကိုယ်ဝန်ဆောင်အမျိုးသမီးအား ပြန်လည်ဝင်စားစေချင်သည့်မျိုးဆွေ၏ဆံပင်ဖြင့် ပြုလုပ်ထားသောအဆောင်ကိုပေးခြင်းပင် ဖြစ်၏။ တောင်ပစိဖိတ်ကျွန်းစုဝင် မာကျူဆာကျွန်းတွင်မူ အဘိုးဖြစ်သူ၏ဝိညာဉ်သည် မြေးဖြစ်သူတို့ထံတွင် ဝင်စားလေ့ရှိသည်ဟု ယုံကြည်မှုရှိပြီး သန္ဓေမရနိုင်ဖြစ်နေသော မိန်းမသည် အဘိုးဖြစ်သူ၏အလောင်းအောက်တွင် ဝင်ခြင်းဖြင့် သန္ဓေရရန် အလားအလာကို အားဖြည့်လေ့ရှိတတ်သည်။

အလက်စကာပြည်နယ်ရှိ တလင်းဂစ်လူမျိုးစုတွင် သေလွန်သူတို့နှင့် ဆက်သွယ်မှု ထို့ထက်ပင် ပြင်းထန်ကြောင်းတွေ့ရသည်။ ချစ်ခင်သူတစ်ဦး၏အသုဘတွင် လူမျိုးစုဝင် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် အလောင်း၏လက်ကိုသူမ၏ရင်ဘတ်ပေါ်တင်၍ မမွေးရသေးသော ကလေးတွင် ထိုကွယ်လွန်သူ၏ဝိညာဉ် ကိန်းအောင်းလာစေရန် အစွမ်းကုန် ဆုတောင်းလေ့ရှိသည်။ မြေပုံကို (၈) ကြိမ်ပတ်ပြီးနောက်တွင် သူမသည်မြေပုံဘေးမှနေ၍ (၇) ပေအကွာသို့ ဦးတည်သော မျဉ်းတစ်ကြောင်းကို ခြစ်လိုက်သည်။ ထို့နောက် ဤမျဉ်းကြောင်းအဆုံးတွင် ဆောင့်ကြောင့်ထိုင် ဆီးသွား၍ ထိုဝိညာဉ်အား သူမထံ ဝင်စားပါရန် ပန်ကြားပေသည်။

တစ်ခါတစ်ရံတွင် ရှင်သန်နေတို့သည် သူတို့ကိုယ်တိုင် ပြန်လည်မွေးဖွားရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဂရုတစိုက် ဆောင်ရွက်သည်။ ဘဝကုန်ခါနီးမှခံစားမိသော အသက်ကြီးကြီး အက်စကီမို (အင်နု) တစ်ဦးက အိမ်နီးချင်းလူငယ်ဇနီးမောင်နှံကို ချဉ်းကပ်၍ သူတို့မိသားစုတွင် သူ့ကို ပြန်ဝင်စားခွင့်ပေးပါရန်ပန်ကြားသည့်အနေမျိုးက မဆန်းချေ။ သူသည် နှစ်လိုဖွယ်ကောင်းသောလေးစားကြည်ညိုဖွယ်ရာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပါလျှင် လင်နှင့်မယားသည် သူ့ကို သူတို့၏သားဦးအဖြစ် ဝမ်းမြောက်ဝမ်းသာ လက်ခံပါမည့်အကြောင်း တုံ့ပြန်ပြောကြားကောင်း ပြောကြားပေမည်။ သို့ဖြင့် ကိုယ့်ကံကြမ္မာကိုကိုယ်ပြင်ဆင်ထားပြီးဖြစ်သော အဘိုးကြီးသည် သူသေမည့်အချိန်ကို စိတ်ရှည်စွာနှင့် ရောင့်ရဲကျေနပ်စွာ စောင့်ဆိုင်းပေမည်။

ဩစတြေးလျတိုက် မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတွင် ပြန်လည်မွေးဖွားရန်စောင့်ဆိုင်းနေသော သေလူတို့၏ဝိညာဉ်များသည် ပတ်ဝန်းကျင်သဘာဝ နေရာဒေသ၊ ဥပမာ- ချောက်သွေ့နေသောသစ်ပင်၊ တောင်ခြေရင်းရှိရေအိုင်ငယ်လေး စသည့် နေရာမျိုးများတွင် မှီခိုလေ့ရှိသည်ဟု ယူဆကြသည်။ လူတိုင်း လူဝင်စားလေ့ရှိကြသည်ဟု ယုံကြည်သော အေဘိုရီဂျင်းတိုင်းရင်းသားတို့က ဤဝိညာဉ်များသည် အိမ်ထောင်သည်အရွယ် မိန်းမများကို ပို၍သဘောတွေ့ကြောင်း သိသောကြောင့် ဤနေရာများမှနေ၍ မဖြစ်မနေ ဖြတ်သန်းရကိန်းဆိုက်သော အမျိုးသမီးလေးများသည် ကိုယ်ဝန်မလိုချင်ပါက သူတို့ကိုယ်သူတို့ အဘွားကြီးပုံများပေါက်အောင် အသံအစ်အစ်ဖြင့် 'ငါ့ဆီမလာနဲ့၊ ငါက အဘွားကြီး' ဟု ရေရွတ်ရင်း တုန်ချည့်တုန်ချည့်ဖြင့် ထိုနေရာမှဖြတ်သန်းသွားကြလေ့ ရှိသည်။

ဒတ္တာရီသက်တံမြွေသည် ဒေသခံတိုင်းရင်းသားတို့နှင့် မိုးကောင်းကင်နှင့်လောက ချိတ်ဆက်ချက်ဖြစ်ပြီး ရှိနှင့်သောဝိညာဉ်များသည် ယင်းတို့အား လောကထဲသို့ပြန်ခေါ်မည့် မိခင်များ၏သားအိမ်တွင်းသို့ဝင်ရောက်ရန် နိမိတ်ပုံလမ်းကြောင်းအဖြစ် မြင်ကြသည်။ မြွေ၏ရောမခန္ဓာကိုယ်ကို ပြန်လည် မွေးဖွားခြင်းနှင့် နှောင်ဖွဲ့ထားသည့် ဝိညာဉ်များတည်ရာ ကော်ခါးပတ်ကြီးတစ်ခုအဖြစ် မြင်ကြသည်။ အချို့ နယ်ခံ ဩစတြေးလျသားများသည် အခွင့်ထူးခံ မျက်နှာဖြူလူတန်းစားတွင် ပြန်လည်ဝင်စားရန် မျှော်လင့်လေ့ရှိကြသည်။ လွန်ခဲ့သော ရာစုနှစ်၏ ဒုတိယနှောင်းပိုင်းကာလတွင် မဲ(လ်)ဘုန်းမြို့၌ ကြွပ်မျက်ခံရခါနီး အသားမည်း ရာဇဝတ်သားတစ်ဦးသည် ကြိုတင်မျှော်လင့်ချက်အပြည့်ဖြင့် သေရွာသို့သွားခဲ့သည်။ သူသည် 'အရမ်းကောင်းပျာ၊ ငါ မျက်နှာဖြူလို ပြန်ထလာမယ်' ဟုဟစ်ကြွေး၍ ပျော်ပျော်ကြီး သေသွားခဲ့သည်။

နယ်မြေပြောင်းအခြေချမှုကြောင့် ဩစတြေးလျတိုက်တွင် မျက်နှာဖြူများကို အမြင်မရှိသေးခင်ကာလက အသားဖြူညှော်သည်များသည် ပြန်လည်ဝင်စားထားသော သူတို့လူများပင် ဖြစ်သည်ဟု ဒေသခံများက ယုံကြည်ခဲ့ကြသည်။

ကိုယ့်ရပ် ကိုယ့်ဒေသမှ ခွာရန် လုံးဝစိတ်ကူးမရှိသော သူတို့သည် အခြားသူတို့တွင် ထိုသို့ စိတ်ကူးမျိုးရှိနိုင်မည်ဟု လုံးဝ မယုံကြည်နိုင်ခဲ့ကြသောကြောင့် ဤအရပ်ဒေသကို မျက်နှာဖြူတို့လာရောက်ခြင်းမှာ အရင်က အသားမည်းတိုင်းရင်းသားဘဝကို သံယောဇဉ်တွယ်လျက်သား ဖြစ်သောကြောင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခြင်းမျှသာဖြစ်သည်ဟု ခံယူမိခဲ့ကြသည်။ နယ်မြေသစ်စူးစမ်းရှာဖွေရေးသမား ဆာဂျော့(ခ်)ဂရေးသည် မျက်ရည်လည်ရွဲနှင့် အမျိုးသမီးနှစ်ဦး ဦးဆောင်သော တိုင်းရင်းသားလူမျိုးစုအုပ်ကြီးတစ်အုပ်နှင့် တွေ့ကြုံခဲ့ရပုံကို သူ၏စာအုပ် "Journals of Two Expeditions of Discovery in Northwest and Western Australia (1841)" တွင် အောက်ပါအတိုင်း ရေးသားထားခဲ့သည်။

'တိုင်းရင်းသားအုပ်စုထဲမှအသက်အကြီးဆုံး အမျိုးသမီးကြီးက ကျွန်တော့်နားသို့ ကပ်လာပြီး ကျွန်တော့်ကို တဒင်္ဂကြည့်ရှုပြီးနောက် ဟစ်လိုက်ပါသည်။ 'ဟုတ်တယ်၊ ဟုတ်တယ်။ အမှန်တကယ်သူပဲ'။ ထို့နောက် ကျွန်တော့်ကိုဖက်၍ ကျွန်တော့်ရင်ဘတ်ကို ခေါင်းအပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးသည်။ ကျွန်တော်သည် သူတို့ပြုရပ်ကို နားမလည်နိုင်ခဲ့ပါသော်လည်း သူမကို သနားစိတ်ဖြင့်ပင်လျှင် သူမ ပွေ့ဖက်မှုမှာ အတော် မအီမသာဖြစ်စဖွယ်ကောင်းသည့်တိုင်အောင် အသာတကြည် ငြိမ်နေလိုက်ပါသည်။ သူမက အသက်ကြီးသည့်အပြင် ရုပ်ဆိုးအကျည်းတန်နေခဲ့သည်သာမက အတော် ညစ်ပတ်ပေတူးနေခဲ့သောကြောင့် ကျွန်တော် မအီမသာဖြစ်မှုကို ချင့်တွက်ကြည့်ပါ။

ကျွန်တော့်ခြေရင်း၌ ဒူးထောက်နေခဲ့သော အခြား အမျိုးသမီးကလည်း ငိုနေခဲ့သည်။ သို့သော် သူမက အသက်ခပ်ငယ်ငယ် ဖြစ်သည်။ အဘွားကြီးကမူ ကျွန်တော်က ငြိမ်နေခြင်းကြောင့် ပို၍ ရဲတင်းသွားဟန်ဖြင့် ပြင်သစ်အမျိုးသမီးတစ်ဦးက နမ်းသည့်ဟန်အတိုင်းပင် ကျွန်တော့်ပါးနှစ်ဖက်ကို သေချာနမ်းလိုက်သည်။ ထို့နောက် အနည်းငယ်ထပ်မံငိုရှိုက်ပြန်သည်။ အတန်ကြာတွင်မူ ကျွန်တော်သည် ရင်ဘတ်တွင် လှံဒဏ်ရာဖြင့် သေဆုံးသွားသည့် သူ့သား၏တစ္ဆေဖြစ်ကြောင်း ပြောကြားသည်။ အမျိုးသမီးငယ်မှာ ကျွန်တော့်ညီမဖြစ်ပြီး သူမကမူ ယဉ်ကျေးမှုအရလေလားမသိ၊ ကျွန်တော့်ကိုနမ်းရန် စဉ်းစားဟန်မရှိခဲ့ချေ။ ကျွန်တော်၏မိခင်အသစ်သည် ကျွန်တော့်မိခင်အရင်းက ဝမ်းသာမည့်ပုံမျိုးဖြင့်ပင် ကျွန်တော့်ကို မိသားစုသို့ ပြန်လာ၍ ဝမ်းမြောက်ဝမ်းသာဟန်ဖြင့် ကြိုဆိုခဲ့သည်'

တိုင်းရင်းသားဘဝ၏အရက်စက်ဆုံး လုပ်ရပ်နှစ်ခုဖြစ်သော ဦးရေခွံခွာခြင်းနှင့် လူသားစားခြင်းသည် ရန်သူ ပြန်လည်ဝင်စားမှုမပြုနိုင်စေရန် ဟန့်တားသည့်အနေဖြင့် ဆောင်ရွက်မှု ဖြစ်နိုင်သည်။ မြောက်အမေရိကတိုက်၏ လူနီတို့သည် ဆံပင်ကို လွန်စွာ အလေးထားခဲ့ကြသည်။ ဆံပင်မရှိသော သေသူသည် ဝိညာဉ်ဘဝတွင် အတော်ပင် အောက်ကျပေလိမ့်မည်။ လူသားစားခြင်း၏နောက်ကွယ်တွင် လူ၏ဝိညာဉ်ကို ဝါးမျိုယူလိုက်သည့်သရုပ် ရှိကောင်းရှိနိုင်သည်။ သတ်ဖြတ်သူသည် အသတ်ခံရသူ၏ ပြန်လည်မွေးဖွားခွင့်ကို ပိတ်ဆို့ရုံသာမက သေသူ၏နာမ်အားကိုပါ ယူသည့်အနေ ရှိနိုင်သည်။ ဤအကြောင်းကြောင့်ပင် လွန်ခဲ့သော နှစ်သန်းတစ်ဝက်က ပီကင်းလူသည် ဦးနှောက်ကိုစားရန် အတွင်းဦးခေါင်းခွံ၏အရင်းကို ရိုက်ခွဲဖွင့်ခဲ့သည်လား ဆိုသည့်အချက်ကို အချေအတင် ဆွေးနွေးနေဆဲပင် ရှိသည်။ ထိုအချက်ကို ဘေဂျင်းမြို့၏ဆင်ခြေဖုံးဒေသ ချော့ကိုတိန်းဂူနေရာတွင် ရှေးဟောင်းသုတေသီတို့ တွေ့ခဲ့သည့် ကာလမှ ယခုတိုင် ထိုဓလေ့၏သဘာဝကို သဘောမတူနိုင်ကြသေးချေ။ ဤရှေးခေတ်လူတို့သည် သူတို့ဘိုးဘေးတို့၏ ဝိညာဉ်များကိုရယူရန် ကြိုးစားခဲ့သည်ပင်လား သို့မဟုတ် ပြန်လည်ဝင်စားမှု မပြုနိုင်အောင်ဟန့်တားသည့်အနေဖြင့် ပြုလုပ်ခဲ့ကြသည်လား မဆိုတတ်ချေ။

တတိယကမ္ဘာတွင် ကြုံလေ့ကြုံထများလှသည့် ကလေးငယ်များသေဆုံးမှုတွင် အနက်အဓိပ္ပာယ် မြားမြောင်လှပေသည်။ ဥပမာ-အသေမွေးသောကလေးများသည် ဘဝသစ်သို့ဝင်ရောက်သောအခါတွင် စိတ်မချမ်းမြေ့စရာကောင်းသော ဤဘုံတွင် ရုန်းကန်ရှင်သန်ရန် ထပ်မံ ကြိုးစားခြင်းမပြုတော့ဟု ဆုံးဖြတ်၍ မမွေးခင်သေသည်ဟု အာဖရိကမှ အိုင်အိုလူမျိုးတို့က ယူဆခဲ့ကြသည်။ ရိုင်းစိုင်းသောလူမှုအသိုက်အမြုံများတွင်၊ အထူးသဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အာဖရိကအလယ်ပိုင်းဒေသတို့တွင် မိဘတို့သည် သေလွန်သူမိသားစုတွင်းမှာပင် ပြန်လည်မွေးဖွားစေရန် မျှော်လင့်ရည်သန်လျက် အလောင်းကို တံစက်မြိတ်အောက်တွင် မြှုပ်နှံလေ့ရှိကြသည်။ ဤအတွက်ပင်လျှင် အာရီဇိုနာပြည်နယ်မှ အိုပီတိုင်းရင်းသားတို့သည် သချိုင်းကုန်းမြေပုံမှနေ၍ ကလေး၏အိမ်ဟောင်းသို့ လမ်းဖောက်လေ့ရှိကြသလို ကနေဒါနိုင်ငံမှ ဟူရွန်လူနီတို့သည် ဖြတ်သန်းသွားသော အမျိုးသမီးများထံတွင် ဝင်စားနိုင်ရန်အတွက် သေဆုံးသည့်ကလေး၏အလောင်းကို လမ်းဘေးတစ်လျှောက်တွင် မြှုပ်နှံလေ့ရှိခဲ့ကြသည်။

သို့သော် ကလေးသေမှုနှင့် ပတ်သက်၍ ပို၍ နက်ရှိုင်း၊ ပို၍ မကောင်းသော အနက်ဖွင့်ဆိုချက်များလည်း ရှိသေးသည်။ အထူးသဖြင့် မိသားစုတွင် ကလေး တစ်ယောက်ပြီးတစ်ယောက် သေဆုံးလျှင် အဓိပ္ပာယ်ကောက်ချက်ဆိုးဝါးတတ်သည်။ နောက်တစ်ကြိမ် ဝင်စားသောအခါတွင် ပို၍ သက်တမ်းရှည်နေထိုင်စေရန် သို့မဟုတ် နောက်တစ်ကြိမ် ပြန်ဝင်စားမှု မပြုစေရန်အတွက် ငယ်ရွယ်စဉ် သေဆုံးသွားသည့်ကလေးများ၏အလောင်းများကို ခုတ်ထစ်ပိုင်းဖြတ်ပစ်သည့်ဓလေ့ အာဖရိက၊ အမေရိကနှင့် အိန္ဒိယနိုင်ငံတွင် ရှိသည်။ ခြေချောင်းလေးများ၊ ခြေထောက်များနှင့် လက်ချောင်းများကို ဖြတ်တောက်သည်။ တစ်ခါတစ်ရံတွင် မိခင်ဖြစ်သူသည် သေဆုံးသည့်ကလေး၏ဝိညာဉ် သူမ ခန္ဓာကိုယ်သို့ ပြန်လာစေရန် ဖြတ်တောက်ထားသည့် နားရွက်အစတစ်စ မျိုချလေ့ရှိသည်။ အတော်ပင်ကွဲပြားသော အင်စတိုးနီးယားနှင့် နိုက်ဂျီးရီးယားနိုင်ငံတို့တွင် ကလေးအသေသာ ဆက်တိုက်မွေးနေသော မိသားစုများသည် ထိုသို့အပျက်များနေသောဝိညာဉ် နောက်တစ်ဖန် မွေးဖွားမလာစေရန်အတွက် လတ်တလောသေသည့် ကလေး၏အလောင်းကို မှောက်လျက်မြှုပ်နှံလေ့ရှိသည်။

⭘

ပြန်လည်ဝင်စားမှု ခံယူချက်ကို ကာလကြာမြင့်စွာက မေ့လျော့ပြီးဖြစ်သော အမဲလိုက်ဓလေ့ထုံးစံများတွင် တွေ့ရသည်။ လွင်ပြင်ဒေသကနေ လူနီတို့သည် သတ်ဖြတ်ထားသော ဘစ်ဆွန်မွေးထူနွားများ၏ဦးခေါင်းကို ထွက်ပြူစနေဘက်သို့ ဦးတည်ထားမှုပြုပြီး ရှေးခေတ် ဖင်လန်နိုင်ငံတွင် ဒေသခံ နတ်ဆရာသည် သတ်ဖြတ်ထားသော ဝက်ဝံတစ်ကောင်၏အလောင်းကို တောင်ထိပ်သို့သယ်ဆောင်သွားပြီး အရှေ့ဘက်သို့ မျက်နှာပြုနေသော ထင်းရှူးပင်တို့၏ထိပ်တွင် တည်ထားလေ့ရှိခဲ့သည်။

နွေဦးပေါက်ကာလတွင် သစ်ပင်ပန်းမန်တို့ ပြန်လည်ပွင့်လန်းမှုကို ကိုယ်စားပြုသော အစိမ်းရောင်ကို ရှေးခေတ် ဗြိတိန်သားများက ပြန်လည်မွေးဖွားခြင်းနိမိတ်အရောင်အဖြစ် မြင်ခဲ့ကြသည်။

သေဆုံးချိန်တွင် စိတ်စွဲလမ်းရာ



www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် ပြန်လည် မွေးဖွားလာရလေ့ရှိသည်ဟု ဟိန္ဒူတို့က ယူဆကြသည်။

အရှေ့တိုင်းရိုးရာ အယူအဆတစ်ခုကမူ ဝိညာဉ်သည် ဘဝ (၆) ဘဝမျှ ပြင်းထန်စွာ ရုန်းကန် ရှင်သန်ဖွံ့ဖြိုးပြီးနောက် သက်သောင့်သက်သာရှိသည့် ဘဝတစ်ခုသို့ ဝင်စားရသည်ဟု ဆိုညွှန်းသည်။ လူဝင်စားသည့် ဘဝတစ်ခုပြီးတစ်ခုသည် ပို၍ ခက်ခဲကြမ်းတမ်းလေ့ရှိသည်။ ဤသည်မှာလည်း လောကနှင့် သံယောဇဉ်ပြတ်စေရန် ဖြစ်သည်ဟု ဆိုသည်။ မျက်မှောက်ကာလတွင် ရှေးအကျဆုံးပုံနှိပ်စာအုပ်ဟု လက်ခံထားသော "Diamond Sutra" တွင် လူဝင်စားမှုကို ရည်ညွှန်းချက် များစွာ ပါဝင်သည်။ အေဒီ ၈၆၈ ခုနှစ်တွင် ဝမ်ချီအာ ဆိုသူက ပုံနှိပ်လိုက်သော "Diamond Sutra" ကို ၁၉၀၇ ခုနှစ်တွင် ဆာအော်ရီ(လ်) အက်စတိန်းက တရုတ်နိုင်ငံ ထွန်းဟောင်မြို့ရှိ ဗုဒ္ဓတစ်ထောင်ဂူပုထိုးထဲမှရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ ဗြိတိသျှပြတိုက်တွင် ထိန်းသိမ်းထားသည်။ ထိုစာအုပ်တွင် ဗုဒ္ဓက 'ငါ၏အတိတ်ဘဝငါးရာတို့တွင်' ဟု ဆိုညွှန်းချက်ဖြင့် အစပြုထားသည်။

ရှေးလူတို့သည် ဤလောကတွင် ခါခါလူဝင်စားမှုကို ယုံကြည်ခဲ့ကြသည်။ ကမ္ဘာလောကကြီးသည် လောင်မီးများကျသင့်ပြီးနောက် ပြန်လည်ရှင်သန်အားပြည့်လေ့ရှိသည်ဟု စတိုအစ်များက ဆိုသည်။ ဖီလိုက အောက်ပါအတိုင်း ရေးသားခဲ့သည်။

'ဤသည် အရာအားလုံးတွင်ရှိသော အမြဲမပြတ် သက်ဝင်နေသော အတွင်းတေဇောမီးကြောင့်ပင်ဖြစ်ပြီး အချိန်ကာလ ရှည်ကြာစွာ လည်ပတ်ပြီးနောက် အရာအားလုံး ပြန်လည်ရှင်စားစေသည်။ ဤမှ ပြန်လည်မွေးဖွားသည့် ကမ္ဘာ ဖြစ်လာသည်။

ကျွန်တော်တို့၏ မြောက်မြားစွာသောဘဝတို့ချိတ်တွယ်ထားသော ထာဝရငွေမျှင်ကြိုးကို ဟိန္ဒူတို့က Sutratime ဟု ခေါ်ဆိုကြသည်။ ထိုက်တန်သော ဝင်စားမှုတိုင်းသည် ထိုကြိုးမျှင်တွင် 'အဖိုးတန်ပုလဲတစ်လုံး' တပ်ဆင်လိုက်ခြင်းပင် ဖြစ်သည်။

အေဘ(လ်) ၏ ဝိညာဉ်သည် ဆက်(သ်)၏ခန္ဓာကိုယ်ထဲသို့ ဝင်စားပြီးနောက် မိုးစက်၏ခန္ဓာထဲသို့ ရောက်ရှိသည်ဟု တာလ်မုဒ်က ဆိုသည်။

ခရစ်ယာန်သမ္မာကျမ်းစာထဲတွင် ထင်ရှားသော ပညာရှိသုံးပါးသည် မွေးကင်းစ ရေရှုခရစ်ကို ပုရောဟိတ်ကြီးတစ်ဦး၊ အာစရိယကြီးတစ်ဦး ဝင်စားသူအဖြစ် ယူဆခဲ့ပုံရသည်။ အရှေ့တိုင်းမှ ပညာရှိများတွင် မာဂီအဖြစ် ထင်ရှားခဲ့သောသူတို့သည် ပါရပ်ရှားနိုင်ငံမှဖြစ်ပြီး တေဇော-ဝိညာဉ် သို့မဟုတ် လူ၏ထာဝရ နာမ်သည် ကမ္ဘာလောကသို့ အကြိမ်ကြိမ် ပြန်လာလေ့ရှိသည်ဟု ယုံကြည်သော ဇိုရိုအက်တာဘာသာဝင်များ ဖြစ်သည်။

အာဖရိကဒေသမှ မာဆေးလူမျိုးတို့၏ လူမျိုးစုဒဏ္ဍာရီပုံပြင်တွင် နတ်ဘုရားကြီးသည် လူသားတို့ကိုကာကွယ်လိုသောဆန္ဒပေါ်သောအခါတွင် သူ၏အနှစ်သက်ဆုံး လူသား လီအီရှိအား ကလေးတစ်ယောက် သေဆုံးချိန်တွင် အောက်ပါအတိုင်း ဆိုရွတ်ခိုင်းခဲ့သည်။

'လူသားတို့သေဆုံးပြီး ပြန်လည်ရောက်ရှိလာကြသည်။ လစန္ဒာသေဆုံးပြီး ပြန်လည်ရောက်ရှိမလာပါ'

သို့သော် နောက်ထပ်တစ်ကြိမ် ကလေးတစ်ယောက် သေဆုံးသောအခါတွင် ထိုကလေးသည် သူ့ကလေးမဟုတ်သောကြောင့် လီအီရှိသည် ထိုမန္တန်ကို ရေရွတ်ရန် မေ့သွားသည်။ သူ့သားတစ်ယောက် သေဆုံးပြန်မှသာလျှင် သတိပြန်ရခဲ့သည်။ သို့သော် ထိုအချိန်တွင် နောက်ကျလွန်းနေခဲ့ပြီ ဖြစ်သည်။ ထိုကာလမှစ၍ လူတို့သည် သေဆုံးရသည့်သတ္တဝါများ ဖြစ်လာပြီး လသည် ပြန်လည် ရှင်သန်ရသောအရာ ဖြစ်လာသည်။

သက်တံမြွေသည် ဩစတြေးလျတိုင်းရင်းသားများ၏ ပြန်လည်မွေးဖွားခြင်းနိမိတ်ပုံ ဖြစ်သည်။ အိုင်နုလူမျိုး မိသားစုတွင် ကလေးများကို ရိုက်နှက်ဆုံးမခြင်း မရှိချေ။ ထိုသို့ ရိုက်နှက်ဆုံးမမှုမပြုခြင်းမှာ မိဘနှင့်သားသမီးအနေအထားသည် အတိတ်တွင် ပြောင်းပြန်အနေအထားရှိနိုင်ခဲ့သလို အနာဂတ်နောင်ဘဝတွင် ပြောင်းပြန်အနေအထားရှိနိုင်ကောင်းသည်ဟု ခံယူယုံကြည်ကြ၍ ဖြစ်သည်။ ကံသဘောတရားဖြင့်ကြည့်လျှင် အနောက်တိုင်း မိဘများက ဆိုလေ့ရှိသည့်စကား 'ဒါက မင်းကို နာစေတာထက် ငါ့ကို နာစေတယ်' ဟု သားသမီးကိုဆုံးမရာတွင် မိဘတို့ ဆိုလေ့ရှိသည့် စကားသည် သိစိတ်ထက် မသိစိတ်ဖြင့် ပို၍ လေးနက်သောသဘောဆောင်သည့်အသွင် ရှိသည်။

တိဗက်လူမျိုးတို့သည် အင်္ဂလိပ်ငွေဒင်္ဂါးများပေါ်တွင် ဝိတိုရိယဘုရင်မ၏ပုံတူကိုတွေ့သောအခါ ဝိတိုရိယဘုရင်မသည် သူတို့၏တိဗက်နတ်ဘုရား Green Doline (မြစိမ်းသခင်မကြီး) လူဝင်စားအသွင်တစ်ရပ်ဟု ယုံကြည်ခဲ့ကြသည်။ ထိုမျှသာမကသေး၊ တိဗက်၏ပထမဦးဆုံး ဗုဒ္ဓဘာသာဝင် ဘုရင်၏ နီပေါသူမိဖုရားအဖြစ် ဝင်စားခဲ့သော မြစိမ်းသခင်မကြီးသည် ကမ္ဘာကြီးကို အုပ်စိုးရန်အတွက် ဝိတိုရိယဘုရင်မအဖြစ် ပြန်လည် ဝင်စားလာခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့အတွက်ကြောင့် လာဆာမြို့တွင် ဆွေးနွေးညှိနှိုင်းမှုပြုသောအခါတွင် ဘုရင်မ၏ကိုယ်စားလှယ်များသည် သူတို့ပေါ် အသားလွတ် စေတနာထားဆက်ဆံမှုကိုကြုံဆုံခဲ့ရသည်ဟု ဒဗလျူ ဝိုင် အီဗင်(စ်)ဝင့်(စ်)က ရေးသားခဲ့သည်။

ရှေးအကျဆုံး ဘုရင်တို့သည် ကိုယ့်ကိုယ်ကိုယ်သတ်သေသည့် ဓလေ့ထုံးစံမျိုးကို နိမိတ်ပုံပြု ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ပြုခြင်းမှာ နတ်ဘုရား၊ ဘုရင်များသည် မပဟာမိခင်ဖြစ်သော ကမ္ဘာမြေမှ ပြန်လည်မွေးဖွားပြီး ဘဝအသက် ဖြစ်ထွန်း၊ လူတို့အတွက် စည်ပင်ဝပြောစေရန် ရည်သန်၍ ထိုသို့ စတေးမှုပြုခြင်း ဖြစ်ခဲ့သည်။

တောက်ဘာသာ၏ထင်ရှားသော တရုတ်ဘိုးတော် (၈) ဦးတွင် သံချိုင်းထောက်နှင့် ဘိုးတော်လီသည် မှော်ဆရာတစ်ဦးဖြစ်ပြီး ဝေးကွာသောအရပ်ဒေသသို့ နာမ်ဝိညာဉ်ကို စေလွှတ်နိုင်စွမ်း ရှိခဲ့သည်။ တစ်ကြိမ်တွင်မူ ခန္ဓာမှ ဝိညာဉ်ခွာ၍ ရက်သတ္တပတ် တစ်ပတ်ကြာမျှ ခရီးနှင်ခဲ့သည်။ ထိုသို့ ခရီးနှင်စဉ် သူ၏ရုပ်ခန္ဓာကိုယ်ကို စောင့်ရှောက်ပါရန် သူ့တပည့်များကို တာဝန်ပေးခဲ့သည်။ သို့သော်လည်း သူ့တပည့်မှာ တာဝန်ပျက်ကွက်သွားပြီး သူ၏ဆွေမျိုးသားချင်းများက သက်မဲ့ခန္ဓာကိုယ်ကို မြေမြှုပ်လိုက်ကြသည်။ သို့ဖြင့် ဘိုးတော်လီ၏ဝိညာဉ် ပြန်ရောက်လာသောအခါတွင် ခန္ဓာကိုယ်ကို မတွေ့နိုင်ဘဲ သင့်တော်ရာ အခြား ခန္ဓာကိုယ်တစ်ခုကို လိုက်လံရှာဖွေရသည်။ သို့သော် အချိန်တိုတိုအတွင်း၌ ခြေထောက်တစ်ဖက်မသန်သော သူတောင်းစားတစ်ဦး၏ ခန္ဓာကိုယ်ကိုသာ ရရှိခဲ့သည်။ ထို့ကြောင့် ဘိုးတော်လီသည် သံချိုင်းထောက်သုံးရသော သူတောင်းစားအဖြစ် ပြန်လည် ဝင်စားလာခဲ့ရသည်။

တိုးထက်

*Ref: The Case For Reincarnation by JoeFisher* ကို ပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကြက်သဟင်းနှင့် အသည်းရောင်ရောဂါ

## စွမ်းထက်နောင်

ကြက်သဟင်းသည် အသည်းရောင် ဘီပိုး (Hepatitis B) နှင့် ရောဂါများစွာကို တိုက်ဖျက်နိုင်သောစွမ်းအင်ရှိကြောင်း သုတေသနပြုမှုများကို အင်တာနက်တွင် လေ့လာတွေ့ရှိရပါသည်။ မြန်မာ့ဆေးဝါးပင်များသည် ကမ္ဘာ့ဆေးဝါးများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန် သိပ္ပံနည်းအရ သုတေသနပြုရန် လိုအပ်ပါသည်။ မြန်မာ့ဆေးဖက်ဝင် ကြက်သဟင်းအပင်၏အကျိုးရှိပုံတို့ကို သိပ္ပံနည်းကျလေ့လာချက်များနှင့် နိုင်ငံတကာတွင် ဆေးဝါးအဖြစ် သုံးစွဲမှုများကို တင်ပြလိုပါသည်။

ကြက်သဟင်း၏ ဆေးဖက်ဝင်မှုများကို ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ဝေသော လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ်စာအုပ်၌အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**ပုံသဏ္ဌာန်**

ပင်မတ် ချုံပင်မျိုး ဖြစ်ပါသည်။ (၁-၇) ပေအထိ မြင့်သည်။ အရွက်မှာ ရွက်လွှဲထွက်သည်။ အရွက်မှာ ငှက်မွေးရွက်ပေါင်း ဖြစ်သည်။ အပွင့်မှာ သေးငယ်သည်။ အရောင်မှာ လိမ္မော်ရောင်။ ရိုးတံကပ်ပြီး အပွင့်ပွင့်သည်။ အသီးမှာ ညှာတံမဲ့သည်။

**ပေါက်ရောက်ပုံ**

စားသုံးပင်အဖြစ် နေအိမ်ခြံဝင်းများတွင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင်စိုက်ပျိုးကြသည်။ မရှော်ရွက်ပင်နှင့် မျိုးရင်းတူသောကြောင့် အပင်ပုံသဏ္ဌာန်လည်း ဆင်တူယိုးမှား ဖြစ်ပါသည်။

အသုံးပြုသည့်အစိတ်အပိုင်း - အရွက်၊ အမြစ်။

**အာနိသင်**


အရွက်မှာ အေး၏။ ချိုသောအရသာ ရှိ၏။ လေလမ်းကိုဖြောင့်၍ ဝမ်းမီးကို တောက်စေတတ်၏။ ပိုးနာ၊ အဆိပ်နာတို့ကို နိုင်၏။ ကိုယ်ပူနာနှင့်သင့်၏။ အသည်းရောဂါများနှင့် အထူးသင့်လျော်၏။

**အသုံးပြုပုံ**

ကြက်သဟင်းရွက်အား ဟင်းချိုချက်၍ လည်းကောင်း၊ ကြော်ချက်စားခြင်း, အတို့အမြှုပ်အဖြစ် လည်းကောင်း ဟင်းလျာများတွင် စားသုံးကြသည်။

ကြက်သဟင်းမြစ်ကိုသွေးသောက်ခြင်း၊ ပြုတ်သောက်ခြင်းဖြင့် သွေးတိုးကို ကျစေပါသည်။ နှလုံးတုန်၊ ရင်တုန်ခြင်းကို သက်သာစေပါသည်။

အဆိပ်ရှိသောပိုးမွှားများ ကိုက်ခဲရပါက ကြက်သဟင်းအမြစ်ကိုသွေးလိမ်းနိုင်ပါသည်။ ကြက်သဟင်းမြစ်ကို ဆန်ဆေးရည်နှင့်သွေးလိမ်းပါက ကြက်သမာနှင့် အဖုအကျိတ်၊ အနာပေါက်ရောဂါများကို သက်သာပျောက်ကင်းစေသည်။ ကြက်သဟင်းအရွက်ကို ဟင်းခါးချက်သောက်၍ လည်းကောင်း၊ သုံးပုံတစ်ပုံကြွင်းပြုတ်သောက်ခြင်းအားဖြင့် လည်းကောင်း အဖျားရောဂါကို သက်သာစေပါသည်။ အဖျားကျစေပါသည်။ ကြက်သဟင်း ပဥ္စင်းပါးကို သုံးပုံတစ်ပုံကြွင်းကျန်အောင် ပြုတ်သောက်ခြင်းဖြင့် အသည်းရောင်အသားဝါရောဂါကို သက်



ကြက်သဟင်းအပွင့်နှင့်အသီးများပုံ



ကြက်သဟင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကြက်သဟင်းအရွက်နှင့် အသီး၊ အပွင့်များပုံ



ကြက်သဟင်းအသီး စေ့တင်သီးပုံ

သာစေပါသည်။ ကြက်သဟင်းရွက်ဟင်းချိုအဖြစ်လည်း စားသုံးနိုင်ပါသည်။

ရှုတော်မူဆေးအဘိဓာန်၌ ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကြက်သဟင်းရွက်သည် ပူ၏။ ချိုသောအရသာ ရှိ၏။ ဝမ်းမီးကိုဖြောင့်စေတတ်၏။ ပိုးနာ၊ အဆိပ်နာတို့ကို နိုင်၏။ ကိုယ်ပူနာနှင့်သင့်၏။ အထူးသဖြင့် ၎င်းအမြစ်ကို လက်တစ်ဆစ်ဖြတ်၍ ဆန်ဆေးရည်နှင့်သွေးပြီး ကြက်သမာနာကို သုတ်လူးလျှင် သက်သာပျောက်ကင်းစေတတ်၏။ သွေးကိုကြေစေတတ်၏။ မြွေဆိပ်၊ ကင်းဆိပ် စသော အဆိပ်အမျိုးမျိုးတို့ကို လျင်မြန်စွာပယ်နိုင်၏။

အင်တာနက်တွင် လေ့လာတွေ့ရှိရသည်မှာ ကြက်သဟင်းကို အများအားဖြင့် ကျောက်ကွဲ ကျောက်ကြေအပင် (Stone breaker)၊ တစ်နည်းအားဖြင့် အရွက်အောက်မှာ အစေ့ရှိသောအပင်ဟု ခေါ်ကြသည်။ တစ်နှစ်ပတ်လုံးပေါက်ရောက်သောအပင် ဖြစ်၏။

**ရုက္ခဗေဒအမည်** - (Phyllanthus niruri)

**မျိုးရင်း** - (Phyllanthaceae) (Euphorbiaceae)

မြန်မာ့ကျမ်းစာအုပ်များတွင် မျိုးရင်းကို Euphorbiaceae ဟု ဖော်ပြထား၍ အခြားစာအုပ်များတွင် (Phyllanthaceae) ဟု ဖော်ပြထားပါသည်။ အိန္ဒိယ အာယုဗ္ဗေဒဆေးကျမ်းတွင် အလွန် အသုံးဝင်သောဆေးဝါးအဖြစ် သုံးစွဲနေကြပါသည်။ အစာခြေစနစ် (Gastric system)၊ ဆီးလမ်းကြောင်း၊ မျိုးပွားအင်္ဂါစနစ်၊ အသည်း၊ ကျောက်ကပ်နှင့်သရက်ရွက်ရောဂါများအတွက် အသုံးပြု၏။ ထိုအပင်ကို ဘရာဇီးနှင့် ပီရူးနိုင်ငံများတွင် ကျောက်ကပ်ကျောက်တည်ခြင်းအတွက် ကုသသည်။ လတ်ဆတ်သော ဖျော်ရည်သို့မဟုတ် အခြောက်အမှုန့်များကို အသုံးပြုနိုင်၏။ အရွက်နှင့်ပင်စည်ကို ဝါဂွမ်း ချည်ထည်များ ဆေးဆိုးရာတွင် အနက်ရောင်ဆိုးဆေးအဖြစ် သုံး၏။

ဆေးဝါးအဖြစ် အသုံးပြုနိုင်မှုကို သိပ္ပံနည်းအရလေ့လာခဲ့ရာတွင် အဆိပ်အတောက် ဘေးထွက်ဆိုးကျိုး မရှိဘဲ ဆီးလမ်းကြောင်းများတွင် ကယ်စီယမ်ဓာတ် လျော့နည်းစေကြောင်း တွေ့ရှိခဲ့ကြပါသည်။ သိပ္ပံနည်းအရ အရေးပြုလေ့လာခဲ့ရသောအပင် ဖြစ်၏။ ထိုအပင်တွင် ပါဝင်သော အယ်ကာလွိုက်သည် ကျောက်ကပ်နှင့် ဆီးအိမ် ဆီးလမ်းကြောင်း ကျောက်တည်မှုများအတွက် ကာကွယ်ကုသနိုင်သည့်ဆေး ဖြစ်သည်။ ကြက်သဟင်းမှထုတ်ယူရရှိသော အဆီအနှစ်သည် ဆီးလမ်းကြောင်း၊ သည်းခြေနှင့်ဆိုင်သောလမ်းကြောင်းရှိ ကြွက်သားအစိတ်အပိုင်းများကို ပုံမှန်အလုပ်လုပ်ရန် ချော့မွေ့အနားရစေပြီး ကျောက်ကပ်နှင့် ဆီးအိမ်ထဲ၌ ကျောက်ဖြစ်ခြင်း၊ ကျောက်တည်ခြင်းကို အလွယ်တကူ ချေဖျက်နိုင်သည့် အာနိသင်ရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သဟင်းသည် တစ်ကမ္ဘာလုံးရှိ သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များ အလေးထား လေ့လာခဲ့ခြင်းမှာ အသည်းရောင် ဗိုင်းရပ် ဘီပိုး (Hepatitis B) ကို တိုက်ဖျက်နိုင်သောစွမ်းအင်ရှိကြောင်း ၂၀၀၁ ခုနှစ် စမ်းသပ်မှုအရသိရှိခဲ့ကြောင်း ဖြစ်၏။ ထို့အပြင် ကြက်သဟင်းရွက်သည် ဗိုင်းရပ်ပိုး (Antiviral) ဆန့်ကျင်သည့်အာနိသင်ရှိသောကြောင့် ခုခံအားကျဆင်းမှုရောဂါ (HIV-AIDS) ကိုလည်း စမ်းသပ်ခဲ့ကြပါသည်။ ကြက်သဟင်းသည် ဆေးဝါးသုတေသနလေ့လာမှု၊ ကုသမှုများအရသော် လည်းကောင်း၊ ဆေးဖက်ဝင်ဆေးဝါးအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုနေမှုအရသော်လည်းကောင်း ဘေးထွက်ဆိုးကျိုး လုံးဝမရှိကြောင်း တွေ့ရှိရ၏။

ပန်းပွင့်များသည် ဇူလိုင်နှင့် ဩဂုတ်လများတွင် ပွင့်ကြ၏။ အမြစ်၊ အရွက်၊ အသီးတို့တွင် နီနှစ်ရောင်အစေးများ ထွက်၏။ တစ်ပင်လုံးကို ဆေးဝါးအဖြစ် အသုံးပြုနိုင်၏။ အရသာသည် ချဉ်၊ ခါး၍ အေးပြီး ရေငတ်ပြေစေ၏။ ချောင်းဆိုးရောဂါ၊ လည်ချောင်းရောဂါ နာတာရှည်၊ ဝမ်းကိုက်ရောဂါ ကုသနိုင်၍ ဆီးဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ အသီးကို ယားနာ၊ အနာများ၊ တီဘီရောဂါနှင့် သန်ကောင်ရောဂါတို့ကို ကုသနိုင်သည်။ လတ်လတ်ဆတ်ဆတ် အမြစ်သည် အသည်းရောင်ရောဂါ ကုသရာတွင် အလွန် အစွမ်းထက်၏။ အရွက်အစိမ်းကို ဆားဖြင့်ရောနယ်၍ ယားနာ



www.burmeseclassic.com

www.burmeseclassic.com

များ၌လိမ်းကျံပြီး အနာထိခိုက်ဒဏ်ရာ ရရှိမှုများကို ဆားမပါဘဲ လိမ်းနိုင်၏။ နို့နှစ်ရောင်အစေးများသည် လည်ချောင်း၊ ဝဲစပ်အနာများအတွက် အလွန်ကောင်းမွန်၏။ အရွက်နှင့်အမြစ်ပြုတ်ရည်သည် အားတိုးဆေးနှင့် ဆီးဆေးများပင် ဖြစ်၏။ အရွက်မှထုတ်ယူရရှိသော အဆီအနှစ် (Extract) တွင် အစွမ်းထက်သော phyllanthin နှင့် hypophyllanthem ဓာတ်ပေါင်းများ ပါဝင်သည်။ အစေ့၏ အဆီတွင် Ricinoleic acid, linoleic acid Glucoside, rutin, Quercetin ပါဝင်သည်။ ယခုအခါ အရွက်မှ lignan-sniranthim, Nirtetralin နှင့် Phyllanthin ဓာတ်ပေါင်းများ ထုတ်ယူ၍ ဆေးဝါးအဖြစ် အသုံးပြုနေကြ၏။ ထိုဆေးဝါးများသည် အသည်းအားတိုးဆေးများ၌ အသုံးပြုနေကြရာတွင် အလွန် ထင်ရှားပါသည်။

**ပါဝင်သောဓာတုဓာတ်များ**
**(Chemical Constituents)**

အပင်တွင်ပါဝင်သော ဓာတုဗေဒဓာတ်ပစ္စည်းများနှင့် ဆေးဝါးအဖြစ် အသုံးပြုနိုင်မှုကို ဓာတ်ခွဲ စမ်းခဲ့ပါသည်။ ကြက်သဟင်းအပင်၏အရွက်၊ ပင်စည်၊ အမြစ်တို့တွင် အလွန်အစွမ်းထက်သော အောက်ပါ ဓာတ်ပစ္စည်းများ ပါဝင်၏။

| | |
|---|---|
| Lignans | ▪ လိုင်ဂနင် |
| Glycosides | ▪ ဂလိုင်ကိုဆိုက် |
| Fluorides | ▪ ဖလိုရိုက် |
| Alkaloids | ▪ အယ်ကာလွိုက် |
| Ellagitannins | ▪ အယ်လာဂျီတနင်း |
| Phenylpropanoids | - အဆီဓာတ်စတီးရွိုက်ဆေးဝါး |
| Arabinogalactan | - အာရာဘီနိုဂလက်တင် |

## ကြက်သဟင်းကို လက်တွေ့စမ်းသပ်သုတေသနပြုမှုများ

**၁။ ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်းကိုစမ်းသပ်ချက်**

ဆီးလမ်းကြောင်းတွင် ကျောက်တည်မှုအဖြစ်များဆုံးသည် ကယ်စီယမ်အောက်ဇီလိတ် ကျောက်တည်ခြင်း ဖြစ်သည်။ ဆီးလမ်းကြောင်းအတွင်းတွင် အမျိုးအစားမတူ ကွဲပြားသော ကျောက်တည်မှုများ ရှိနိုင်ပါသည်။ ဆီးအတွင်း ကျောက်များ အစိုင်အခဲ (Crystal) ဖြစ်ပေါ်မှုသည် ဓာတ်ဆားအမျိုးမျိုးတို့ ဖွဲ့စည်းဖြစ်ပေါ်မှုကြောင့် ဖြစ်၏။ ဆီးလမ်းကြောင်းအတွင်း ကျောက်တည်မှုကိုဖြစ်ပေါ်စေသော ဓာတ်ဆားများမှာ ကယ်စီယမ်အောက်ဆီလိတ် (Calcium oxalate)၊ ယူရစ်အက်စစ် (Uric acid)၊ ဆစ္စတင်း (Cystine)၊ အက်စွတင်း (Xanthenes) များ ဖြစ်ပါသည်။

ကယ်စီယမ်အောက်ဆီလိတ်ဓာတ်ဆားများ ဖွဲ့စည်းဖြစ်ပေါ်မှုကြောင့် ဖြစ်ပေါ်လာသောကျောက်ကို ကယ်စီယမ်အောက်ဆီလိတ်ကျောက် (Calcium oxalate stone) ဟု ခေါ်ပြီး ဆီးလမ်းကြောင်းအတွင်း ကျောက်တည်မှုကို အများဆုံးဖြစ်ပေါ်စေသောကျောက် ဖြစ်ပါသည်။

ကြက်သဟင်းဖြင့် ဆီးအိမ်ထဲ၌ ကယ်စီယမ် အောက်ဆီလိတ်ကျောက်များရှိသော ကြွက်များကို စမ်းသပ်ခဲ့ပါသည်။ ကြက်သဟင်း အဆီအနှစ် (၅) မီလီဂရမ် (Extract 5 mg\day) ကို (၃၀) ရက်တိုက်ကျွေးခဲ့ရာ ကြီးသောကျောက်များသေးငယ်၍ သေးသောကျောက်များကို ပျော်ကျစေကြောင်း တွေ့ရှိရပါသည်။ ထိုစမ်းသပ်ချက်ကို ၂၀၀၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

**၂။ အသည်းရောင်ဘီပိုး စမ်းသပ်ချက်**
**(Effects of an Extract from Phyllanthus mixture on hepatitis B)**

အသည်းရောင်ဘီပိုးရောဂါ ဖြစ်ပွားနေသူများအား ကြက်သဟင်းမှရေဖြင့် ထုတ်ယူသော အဆီအနှစ် (Extract) ကို တိုက်ကျွေးခြင်းဖြင့် (၃) ပတ်မှ (၆) ပတ်အတွင်း ရောဂါသက်သာလာကြောင်း တွေ့ရှိရ၍ (၆) လမှ (၁၂) လအထိ အသည်းရောင်ဘီပိုး သက်သာပျောက်ကင်းရန် သောက်သုံးသင့်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။

**၃။ အသည်းပျက်စီးမှုကို ဆန့်ကျင်ခြင်း**
**(Anti-liver damage)**

ကြက်သဟင်းသည် အသည်းပျက်စီးမှုကိုကာကွယ်ပေးသည်။ ၂၀၀၇ ခုနှစ် လေ့လာမှုအရ ကြက်သဟင်း၏ အဆီအနှစ် (Extract) ကို အသည်းပျက်စီးနေသည့် ကြွက်များအား စမ်းသပ်ခဲ့ရာတွင် အသည်း ပုံမှန်အခြေပြန်လည်ဖြစ်လာကြောင်း တွေ့ရှိရ၏။ ထို့ကြောင့် အသည်း၏တစ်ရှူးများ မိမိဘာသာမိမိ ပြန်လည်ပြုပြင်စေရန် ကူညီဆောင်ရွက်ပေးကြောင်း တွေ့ရှိရ၏။

**၄။ ကျောက်ကပ်အတွင်း ကျောက်တည်နေမှုကိုစမ်းသပ်မှု**
**(Treatment for Nephrolithiasis)**

ဆေးဝါး ကုသလေ့လာမှုများအရ ကြက်သဟင်းသည် ကျောက်တည်မှုဆန့်ကျင်ဟန့်တားပြီး ကျောက်တည်နေပါက ကျောက်များကို တဖြည်းဖြည်းသေးငယ်စေ၍ ဆီးလမ်းကြောင်း ချောမွေ့ အနားရစေပါသည်။ ကယ်စီယမ်ကြောင့်ဖြစ်ပေါ်သော ကျောက်တည်မှုကို လုံး၀ သန့်ရှင်းစင်ကြယ်စေ၏။ ဆီးလမ်းကြောင်းနှလုံးကြွက်သား (Cardiovascular)၊ အာရုံကြော (Neurological) တို့ကို အဆိပ်အတောက်ဖြစ်စေသော ဘေးထွက်ဆိုးကျိုးများမရှိကြောင်း တွေ့ရှိရပါသည်။ ဤလေ့လာမှုအရ ကြက်သဟင်းသည် ဆီးလမ်းကြောင်း၊ ကျောက်ကပ်အတွင်း ကျောက်တည်ဖွဲ့စည်းမှုကို ကြိုတင်ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။

တိုင်းရင်းဆေးနှင့် ခေတ်ပေါ်ဆေးဝါးကုသနည်း နှစ်မျိုးလုံးတွင် ကျောက်ကပ်၌ ကျောက်တည်နေမှုကို ကာကွယ်နိုင်သည်ဟု ယူဆကြသည်။ ကျောက်ကပ်တွင် ကျောက်ဖွဲ့စည်းဖြစ်ပေါ်မှု အဆင့်ဆင့်ကိုချေဖျက်နိုင်ကြောင်း တွေ့ရှိရ၏။

**၅။ ခုခံအားကျဆင်းမှုရောဂါ ဆန့်ကျင်နိုင်မှု (Anti-HIV) အား စမ်းသပ်ခြင်း**

ကြက်သဟင်းသည် အသည်းရောင် ဘီပိုး (Hepatitis B Virus) နှင့် အသည်းရောင်အသားဝါရောဂါကို အကျိုးပြု ကာကွယ်နိုင်ကြောင်း တွေ့ရှိရသဖြင့် ခုခံအားကျဆင်းမှုရောဂါ AIDS (HIV) ကုသနိုင်မှုကိုလည်း စမ်းသပ်သုတေသနပြုခဲ့ပါသည်။

ကြက်သဟင်း၏အယ်ကာလွိုက် (Alkaloid) က ခုခံအားကျဆင်းမှုရောဂါ (AIDS-HIV) ရောဂါအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာခဲ့ရာ ရောဂါပြန့်ပွားမှု ဖြစ်မှု မဖြစ်ရန် တုံ့ပြန်ကာကွယ်နိုင်ကြောင်း တွေ့ရှိရ၍ (HIV cells) များကို အဆိပ်အတောက် လျော့နည်းစေခဲ့ကြောင်း တွေ့ရှိရ၏။ ထပ်မံသုတေသနပြုရန် လိုအပ်နေသေးကြောင်း သိရှိရပါသည်။

**၆။ ကိုလက်စရော အဆီကျစေသော စမ်းသပ်ချက်**

ကြွက်များအား ကြက်သဟင်းကို တိုက်ကျွေးခဲ့ရာ အဆီများလျော့နည်း၍ ကိုလက်စရော ကျစေကြောင်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၇။ အရက်သောက်သုံးမှုများနှင့် အသည်းအဆီဖုံးမှုအား စမ်းသပ်ခြင်း**

တာရှည်စွာ အရက်သောက်သုံးမှုကြောင့် အရက်ကြောင့် အသည်းပျက်စီးခြင်းကို ရေဖြင့် ထုတ်ယူထားသော ကြက်သဟင်းရွက် အဆီအနှစ်ကို ကြွက်များဖြင့် စမ်းသပ်ခဲ့ရာ အရက်ကြောင့် အသည်းပျက်စီးခြင်းနှင့် အဆီများစွာစားသုံးမှုကြောင့် အသည်းအဆီဖုံးခြင်းကိုဆန့်ကျင်နိုင်ကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုအရ တွေ့ရှိရပါသည်။

**၈။ အကျိတ်ဖြစ်ပေါ်မှုဆန့်ကျင်ခြင်း အရည်အသွေး**

**(Anti-tumor activity)**

ကြက်သဟင်း (Extract) သည် အကျိတ်ကြီးထွားမှုကို သေးငယ်စေနိုင်သော အာနိသင် ရှိ၏။

**၉။ ဆီးချိုရောဂါကုသမှု**

သွေးထဲရှိ ဂလူးကို့(စ်)အချိုဓာတ်များကိုလျော့နည်းစေကြောင်း စမ်းသပ်တွေ့ရှိရ၏။ သကြားသိုလှောင်မှု စုပ်ယူမှုကို လျော့ကျစေ၏။ ဆီးချိုရောဂါဖြစ်မှုကို ကာကွယ်စေ၏။

**ဆေးဝါးအဖြစ် အသုံးပြုနိုင်မှုများ**

**(Pharmacological Uses)**

ဘရာဇီးနိုင်ငံတွင် ကြက်သဟင်းတစ်ပင်လုံးအား ရေနွေးကြမ်းအဖြစ် အသုံးပြုကာ ကျောက်ကပ်နာကျင်မှုများကို တိုင်းရင်းဆေးအဖြစ် သုံးခဲ့၏။ ဆီးထဲမှကျောက်ဖြစ်စေသော ယူရစ်အက်စစ်ကို ထုတ်ပစ်ရန်သုံးပြီး အောက်ပါရောဂါကိုကုနိုင်ပါသည်။

**အသည်းရောဂါများ ကာကွယ်နိုင်မှု အကျိုးရလဒ်များ**

**(Hepatoprotective Effect)**

၁။ အသည်းရောင်အသားဝါ ဘီပိုးရောဂါ (Hepatitis B) သည် လူသားများအတွက် မလွဲမရှောင်နိုင်သော တွေ့ကြုံနိုင်သော အဓိကရောဂါတစ်မျိုး ဖြစ်ပါသည်။ ရောဂါကုသရာတွင် အကုန်အကျများစွာဖြင့် မမျှော်မှန်းနိုင်သောဘေးထွက်ဆိုးကျိုးများ ရှိနိုင်ပါသည်။ ကြက်သဟင်းသည် အသည်းရောင်အသားဝါ ဘီပိုးနှင့် အခြား ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်သော ရောဂါကူးစက်ခြင်းကို ဆန့်ကျင်နိုင်သောရလဒ်ရှိကြောင်း သိရှိရပါသည်။ အသည်းပျက်စီးမှုကိုကာကွယ်ပြီး ဗီတာမင်အီး (E) ထက် ပိုကောင်းမွန်ပါသည်။

၂။ ကြက်သဟင်းသည် အသည်းရောင်ဗိုင်းရပ်(စ်) ဘီပိုးကို ဆန့်ကျင်စေသော ပဋိပစ္စည်းကို ကြွစေသော အာနိသင်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဓာတ်တိုးဆန့်ကျင်မှုအာနိသင်ရှိ၍ ခုခံအားတိုးတက်စေပြီး အသည်းဆဲ(လ်)များ၏ရောဂါပိုးများကို ခန္ဓာကိုယ် ခုခံအားစနစ်မှဖယ်ရှားပစ်စေပါသည်။ အသည်းရောင်ရောဂါပိုးများသည် ခန္ဓာကိုယ်၏အစိတ်အပိုင်းများ ပုံမှန်လုပ်ကိုင်နိုင်စွမ်းမရှိစေဘဲ ပျက်စီးစေပါသည်။ နာတာရှည် ဘီပိုးဝေဒနာရှင် (၃၇) ဦးကို လေ့လာစမ်းသပ်ခဲ့ရာတွင် ကြက်သဟင်းအဆီအနှစ် (Extract) ၆၀၀ မီလီဂရမ် (600 mg) ကို နေ့စဉ် ရက်ပေါင်း (၃၀) တိုက်ကျွေးခဲ့ပါသည်။ လူနာ (၅၉) ရာခိုင်နှုန်းသည် ဆေးတိုက်ကျွေးပြီး (၂) ပတ်မှ စတင်၍ ပျောက်ကင်းကြောင်း တွေ့ရှိရပါသည်။ ရောဂါပျောက်ကင်းစေရန် (၉) လခန့် ဆေးဆက်လက်သောက်သုံးရပါမည်။ ကြက်သဟင်းသည် ဗိုင်းရပ်ပိုးများ၏ဇီဝဓာတ်ပစ္စည်းများ အစားထိုး ပြန်လည်ပြည့်ဝလာခြင်းတို့ကို မဖြစ်စေရန် ကာကွယ်တားဆီးပါသည်။

၃။ ကြက်သဟင်းမှ ထုတ်ထားသောအာယုဗ္ဗေဒဆေးဝါးများဖြင့် ကြွက်များကို တိုက်ကျွေးကြည့်ရာ အသည်းပျက်စီးမှုကို ဆန့်ကျင်နိုင်ကြောင်း အသည်းရောင်ရောဂါများကို ကာကွယ်နိုင်သောအာနိသင်ရှိကြောင်း တွေ့ရှိရ၏။

၄။ ၁၉၈၀ ပြည့်နှစ် ဂျပန်နှင့်အိန္ဒိယတွင် သုတေသနပြုမှုများအရ ကြက်သဟင်းကို အသည်းရောဂါကုနိုင်သည့် အရည်အသွေးရှိသည့် အဓိကဓာတ်ပေါင်းများ (phyllanthin, hypophyllanthin) နှင့် (triacontanal) နှင့် (Glycoside) တွေ့ရှိရသည့်အတွက် ရောဂါများကုသနိုင်သည့်အရည်အသွေး ရှိကြောင်း တွေ့ရှိရပါသည်။

၅။ ခုခံအားကျဆင်းမှုရောဂါ (HIV,AIDS) ကုသနိုင်မှုကို လေ့လာခဲ့ရာ အယ်ကာလွိုက်အဆီအနှစ် (Extract) သည် ခုခံအားကျဆင်းမှုရောဂါ (HIV) ပိုးကို တုံ့ပြန်နိုင်စွမ်းရှိကြောင်း တွေ့ရှိရပါသည်။

၆။ အဆီကျစေခြင်း အရည်အသွေးကိုလေ့လာခဲ့ရာမှာ ထုတ်ယူထားသော ကြက်သဟင်း၏အဆီအနှစ် (Extract) နှင့် အရက်သည် ကိုလက်စရောနှင့် အဆီကျစေကြောင်း တွေ့ရှိရသည်။ အစာခြေရည် ပိုထွက်စေပြီး သွေးရည်ကြည် (Plasma) အရည်အသွေးကို တိုးတက်စေ၏။

၇။ ဆီးချိုရောဂါကုနိုင်မှု အရည်အသွေးကို လေ့လာခဲ့ရာ ကြက်သဟင်း၏ အရက်ဖြင့်ထုတ်ယူထားသော(အယ်ကိုဟော) အဆီအနှစ် (Extract) သည် သွေးထဲမှ သကြားဓာတ်ကိုလျှော့ချနိုင်ကြောင်း ကြွက်များအားစမ်းသပ်မှုအရ သိရပါသည်။ ဆီးကျိတ်ရောင်ခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ ဆီးချိုရောဂါသက်သာပျောက်ကင်းခြင်း၊ အဆီကျစေကြောင်း တွေ့ရှိရပါသည်။ ရေဖျဉ်းစွဲခြင်း၊ (Hydropsy) ဖောရောင်ခြင်း၊ အရိုးအဆစ်နာကျင်ကိုက်ခဲခြင်း၊ ဆီးအိတ်ရောင်ခြင်း၊ ဆီးလမ်းကြောင်း ရောဂါပိုးဝင်ခြင်းနှင့် ဗိုက်ဆိုခြင်းကို ကုသနိုင်ပါသည်။

၈။ ငှက်ဖျားရောဂါကုသနိုင်ခြင်း (treats malaria)။

၉။ ခြင် (ဆင်ခြေထောက်ရောဂါဖြစ်စေသောခြင်) ဆန့်ကျင်နိုင်မှု (prevent mutation)။

၁၀။ တက်ခြင်း၊ အကြောဆွဲခြင်း၊ ဝက်ရူးပြန်ရောဂါကုသနိုင်မှု (reduces fever)။

၁၁။ အကိုက်အခဲပျောက်ခြင်း၊

၁၂။ ကျောက်ကပ်တွင် ကျောက်တည်ကျောက်များ ဖယ်ရှားပေးခြင်း၊

ကျောက်တည်သောလူများအား စမ်းသပ်တိုက်ကျွေးရာ ကြက်သဟင်းအဆီအနှစ် (Extract) တစ်နေ့ (၂၈ ရမ်) သောက်သုံးစေရာ (၃၀) ရက်အတွင်း ကျောက်များကုန်စင်ကြောင်းတွေ့ရ၏။

၁၃။ အသည်းမှ အဆိပ်အတောက်များ ဖယ်ရှားပေးခြင်း၊

၁၄။ ဝမ်းချုပ်၊ အစာမကြေ၊ ဆီးနည်းပျောက်ခြင်း (mildly laxative)။

၁၅။ သွေးတိုးရောဂါပျောက်ခြင်း။

၁၆။ သန်ကောင်များ ကြေပျက်စေခြင်း (expels worms)။

**ကြက်သဟင်းကို ဆေးဖက်ဝင်အပင်အဖြစ် အသုံးပြုနိုင်မှု**

**(HERBAL PROPERTIES AND ACTIONS)**

၁။ ကျောက်ကပ်ကျောက်နှင့် သည်းခြေကျောက်ကို ပျော်ကျစေခြင်း။ ကျောက်များမတည်ရန် ကာကွယ်ခြင်း (expels stones)။

၂။ ကျောက်ကပ်လုပ်ငန်းလုပ်ဆောင်မှုကို ကူညီလုပ်ဆောင်ပေးခြင်း၊ ကျောက်ကပ်ကိုအဆိပ်အတောက်မဖြစ်စေရန်ကာကွယ်၍ ကျော



www.burmeseclassic.com

www.burmeseclassic.com

ကပ်လုပ်ဆောင်မှု အရည်အချင်းကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်အတွင်း အရည်များမျှတစေခြင်း၊ သန်မာမှုရှိစေခြင်း (supports kidneys)။

၃။ ဆီးရွှင်စေခြင်း၊ ယူရစ်အက်စစ်ကို လျော့နည်းစေနိုင်သည့်ပြင် ဆီးပိုသွားစေ၏ (increases urination)။

၄။ ကိုက်ခဲနာကျင်မှု ပျောက်စေခြင်း (relieves pain)။

၅။ အသည်းကို အဆိပ်အတောက်ဖြစ်ခြင်းကာကွယ်၍ အသည်းသန်မာစေခြင်း၊ အရည်များ အချိုးမျှတခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း (အသည်းအင်ဇိုင်းဇီဝဓာတ်ကူပစ္စည်းများ မျှတမှုဖြစ်စေခြင်း) (protects liver)။

၆။ အသည်းကို အဆိပ်အတောက်ပြေစေခြင်း (clears obstructions)။

၇။ တောင့်တင်းခြင်း၊ တက်ခြင်း လျော့နည်းစေခြင်း (reduces spasms)။

၈။ ရောင်ရမ်းခြင်းကို လျော့နည်းစေခြင်း (reduces inflammation)။

၉။ ဗိုင်းရပ်ပိုးများဖြစ်သော အသည်းရောင်အသားဝါ အေ၊ ဘီ၊ စီ၊ ရေယုန်ရောဂါနှင့် ခုခံအားကျဆင်းမှု (Hepatitis A, B and C, herpes and HIV)။ ဗိုင်းရပ်ပိုးများကို သေစေခြင်း (kills viruses)။

၁၀။ အစာကြေစေခြင်း (aids digestion)။

၁၁။ သွေးထဲတွင် သကြားဓာတ်လျော့စေခြင်း (reduces blood sugar)။

၁၂။ သွေးဖိအားလျော့စေခြင်း၊ သွေးတိုး, ကိုလက်စရော လျော့စေခြင်း (lowers blood pressure and cholesterol)။

၁၃။ ဗက်တီးရီးယားပိုးများကို သေစေခြင်း (kills bacteria)။

**သုတေသနပြုမှုအရ အထောက်အထားပြည့်စုံသော အသုံးပြုနိုင်မှုများ**

၁။ နာကျင်ကိုက်ခဲမှု ပျောက်စေခြင်း။

၂။ ဗက်တီးရီးယားရောဂါပိုး ဆန့်ကျင်ခြင်း။

၃။ အသည်းအဆိပ်အတောက်ဖြစ်မှု ဆန့်ကျင်ခြင်း။

၄။ အနာဖြစ်မှုဆန့်ကျင်ခြင်း။

၅။ ကျောက်ကပ်ကျောက်တည်မှု ဆန့်ကျင်ခြင်း။

၆။ ငှက်ဖျားကာကွယ်ခြင်း။

၇။ အသည်းကလာပ်စည်း ဆဲ(လ်)များကို ကာကွယ်ခြင်း။

၈။ ရောဂါပိုးဆန့်ကျင်ခြင်း။

၉။ ဆီးသွားစေခြင်း။

၁၀။ အားတိုးဆေး၊ အသည်းတိုးဆေး၊ အစာကြေဆေး၊ အသည်းကာကွယ်ခြင်း၊ သန်မာစေခြင်း၊ သွေးတိုးရောဂါ, ကိုလက်စရောကျစေခြင်း။

ကြက်သဟင်းသည် ရောဂါများစွာကို ဆေးဝါးအဖြစ် ကုသအသုံးပြုနိုင်သော ဆေးဖက်ဝင်အပင် ဖြစ်ပါသည်။ ဆေးဝါးကုသမှု၊ သုတေသနပြုများကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ရာတွင် အသည်းကိုကာကွယ်ခြင်း၊ ကျောက်များကျစေခြင်း၊ ကိုက်ခဲနာကျင်မှုသက်သာစေခြင်း (သွေးအားနည်းခြင်း၊ တက်ခြင်း၊ ဗိုင်းရပ်ပိုးဆန့်ကျင်ခြင်း၊ ဗက်တီးရီးယားရောဂါပိုးဆန့်ကျင်ခြင်း)၊ ဆီးရွှင်စေခြင်း၊ ဓာတ်တိုးဆန့်ကျင်မှုရှိခြင်း၊ သွေးအတွင်းသကြားဓာတ်လျော့နည်းစေခြင်း အရည်အသွေးများရှိကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာတစ်ဝန်း ကြက်သဟင်းကို အသုံးပြုမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဂျပန်- ကြက်သဟင်း အခြောက်ပဌင်းပါးကိုပြုတ်သောက်လျှင် အထွေထွေကျန်းမာရေးကောင်းသည်ဟု ယူဆပါသည်။ အသည်းရောဂါကို ဒိန်ချဉ်ဖြင့်ရောသောက်ပြီး အစာမကြေ၊ လေနာ၊ ဝမ်းကိုက်ရောဂါတို့ကို ရေနွေးကြမ်းအဖြစ် သောက်သုံး၏။ အရွက်အစိမ်းညှစ်ရည်ကို ကြက်ဆူဆီဖြင့်ရောစပ်၍ မျက်စိရောဂါအတွက် မျက်စိပတ်ဝန်းကျင်တွင် လိမ်းကျံသည်။

၂။ ပြင်သစ် - အရွက်ကိုပြုတ်သောက်လျှင် သည်းခြေရည် များစေခြင်း၊ အသည်းအားတိုးဆေးအဖြစ် သုံး၏။

၃။ အိန္ဒိယ- အရွက်စိမ်းရည်ကို ဆီးလမ်းကြောင်းရောဂါများ၊ ဆီးချိုရောဂါများအတွက် အသုံးပြု၍ အရွက်ခြောက်ကို ရေနွေးကြမ်းကဲ့သို့ သွေးတိုးရောဂါများအတွက်သော်လည်းကောင်း သောက်သုံး၏။

၄။ ဖိလစ်ပိုင်- မီးဖွားပြီး အမျိုးသမီးများ အရွက်ပြုတ်ရည်ကို ရေချိုးခြင်းဖြင့် အရေပြားပေါ်ရှိ ရောဂါပိုးမွှားများကုန်စင်စေသည်ဟု ယုံကြည်၏။

၅။ ထိုင်းနိုင်ငံ- အဖျားကျဆေး၊ ဆီးဆေး၊ ငှက်ဖျားဆေး၊ အထွေထွေရောဂါကာကွယ်ဆေးများအဖြစ် သုံး၏။

၆။ အနောက်အိန္ဒိယ- အစားစားလိုစိတ်ဖြစ်ပေါ်ဆေး၊ ဆီးချိုရောဂါ, ဆီးရောဂါ, ငှက်ဖျားရောဂါဆေးများအဖြစ် အသုံးပြု၏။ ဂနိုး ဆီးပူညောင်းကျရောဂါများ ပျောက်ကင်းရန် အသုံးပြု၏။

ကြက်သဟင်းပင်သည် လူသားများအား အလွန်အကျိုးပြုသော ဆေးဝါးပင်များအုပ်စုတွင် ပါဝင်သည်။ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် တိုင်းရင်းဆေးအဖြစ် အသုံးပြုခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။ အထူးသဖြင့် အသည်းရောင်အသားဝါရောဂါကိုကုသနိုင်ခဲ့ကြောင်း၊ အသည်းရောင်ဘီပိုး (Hepatiti-B) (HBV) ကို ကုသနိုင်ရုံမက ခုခံအားကျဆင်းရောဂါ HIV ရောဂါပိုးကိုခုခံရန် အကျိုးသက်ရောက်မှုရှိကြောင်းနှင့် ကြက်သဟင်းအယ်ကာလိုင်း အဆီအနှစ် (Extract) သည် လူသားများ၏ကလာပ်စည်းများ၊ ဆဲ(လ်)များကို အဆိပ်အတောက် လုံးဝမဖြစ်ကြောင်းနှင့် ကိုယ်ခံ ခုခံအား တိုးမြင့်စေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာတွင် ရိုးရာအစဉ်မပျက် သုံးစွဲခဲ့ကြသော ဆေးဖက်အပင်များ ကောင်းကျိုးရလဒ်ကို သိရှိလိုကြသဖြင့် မိမိရိုးရာ တိုင်းရင်းဆေးပင်များ၏ ရောဂါပျောက်ကင်းမှု ရလဒ်များကို တိုးတက်လာသော ခေတ်မီနည်းပညာများဖြင့် သုတေသနပြုပြီး လေ့လာဖော်ထုတ် သုံးစွဲနေကြပါသည်။ အတွေ့အကြုံအရ သုံးစွဲခဲ့သော Experience based medicine မှ သက်သေအထောက်အထား (Evidence based medicine) အဖြစ် သုံးစွဲနိုင်ရန် ဖော်ထုတ် လုပ်ဆောင်နေကြပါသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ရှေးရိုးရာသုံးစွဲခဲ့သော ဆေးဝါးပင်များ များစွာရှိခဲ့ပါသည်။ ထိုဆေးဝါးအပင်များ၏ လက်တွေ့ရောဂါပျောက်ကင်းမှုများကို အတွေ့အကြုံ အထောက်အထားမှတစ်ဆင့် ခိုင်လုံသော သက်သေ အထောက်အထားဖြင့် စမ်းသပ်သုတေသနပြု၍ အများပြည်သူတို့ မြန်မာ့ဆေးဝါးပင်များကို ယုံကြည်စိတ်ချစွာဖြင့် သုံးစွဲနိုင်ရန် သုတေသနပြုမှု ပြုလုပ်သင့်ပါကြောင်း တိုက်တွန်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်

ကိုးကား

*လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များပေါင်းချုပ်*
*အင်တာနက်*



www.burmeseclassic.com

www.burmeseclassic.com

# သွားနာနေပါသလား

## မိုးတုတ်ကျော်ကျော်စိုး



၂၀၁၂ ရဲ့ ဒီဇင်ဘာတစ်နေ့မှာ ကျွန်တော့်ဆီကို ဖုန်းဝင်လာတာနဲ့ ဖုန်းနံပါတ်ကြည့်လိုက်တော့ ကျွန်တော်မသိတဲ့ဖုန်း ဖြစ်နေပါတယ်။ မေးကြည့်တော့ မော်လမြိုင်မြို့က စာဖတ်ပရိသတ်တစ်ဦး ဖြစ်နေပါတယ်။ နာမည်က မသီတာပါ။ ကျွန်တော့်ဖုန်းနံပါတ်ကို မြောက်ဒဂုံက စာရေးဆရာမတင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ဆီကရကြောင်း၊ ကျွန်တော်နဲ့သိကျွမ်းခင်မင်ရတာ များစွာ ဝမ်းသာပါကြောင်း ပဏာမအနေနဲ့ပြောကြားပြီး သူသိချင်တာကို မေးပါတယ်။

"ဆရာ၊ ဆရာ့ရဲ့ဆေးနည်းကို မတင်တင်နွဲ့က ၂၀၁၂ အောက်တိုဘာလထုတ် သူရဿဝတီမဂ္ဂဇင်းမှာ 'အညာတြပင်ငယ် စွမ်းအားကထည်' ဆိုပြီး ရေးပြလို့ ကျွန်မ ဖတ်ရပါတယ်။ အဲဒီမှာ သွေးစုနာလို့ခေါ်တဲ့ အနာစိမ်းကို အဓိကဦးစားပေးပြီး ရေးထားတာ တွေ့ရတယ်။ တခြား ဘာတွေများ ပျောက်ပါသေးသလဲ ဆရာ"

"ကျွန်တော်ကိုယ်တိုင် အနာစိမ်းဖြစ်တာပျောက်လို့ အဲဒီ ဆေးနည်းကို ရေးပြတာပါ။ အဲဒီ ဆေးနည်းနဲ့ အနာစိမ်းဝေဒနာရှင် အတော်များများကို ကုသအောင်မြင်ခဲ့ပါတယ်။ တခြား ဘာဝေဒနာပျောက်သလဲ ဆိုတာတော့ မသိပါဘူး"

"ကျွန်မ အဲဒီ ကပ်စေးနှဲပင်နဲ့ အနာစိမ်းပေါက်တဲ့လူတွေကိုပေးတာ အကုန်လုံးပျောက်တယ် ဆရာ၊ ကျွန်မကိုယ်တိုင် အနာစိမ်းပေါက်တာနဲ့စမ်းပြီး ကုကြည့်တော့ တကယ်ပျောက်သွားတာတွေ့ရတာနဲ့ ကြုံသမျှ အနာစိမ်းပေါက်တဲ့လူတွေကို ကုပေးတာပါ။ မြန်မာနိုင်ငံအရပ်ရပ်မှာ ဘယ်နေရာမဆို တွေ့နိုင်တဲ့ဆေးပင် ဆိုတော့ လူတိုင်းလက်လှမ်းမှီတဲ့ဆေးနည်းပါ။ ပိုက်ဆံတစ်ပြားမှမကုန်ဘဲပျောက်တာမို့ ဆရာကို အထူးကျေးဇူးတင်ပါတယ်။ ဒါနဲ့ အနာစိမ်းတောင်ပျောက်ရင် အခြားအနာလည်း ပျောက်မှာပဲဆိုပြီး သွားနာလို့ ပါးရောင်နေတဲ့လူကို အဲဒီဆေးနဲ့ကုကြည့်တယ်။ အံ့ဩစရာ ဆရာရယ်၊ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားပါတယ်။ အဲဒါလေး ပြောပြချင်တာလည်း ပါတောပေါ့ ဆရာရယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ပညာတိုးတာပေါ့"

"ဒါနဲ့ ဆရာ- ၂၀၀၈ ခု၊ နိုဝင်ဘာလမှာပါတဲ့ 'မေတ္တာရှင်တို့၏လက်ဆင့်ကမ်းပညာအမွေ' ဆိုတဲ့ ဝတ္ထုထဲက သက်တန့်မန်းများ မပေးနိုင်ဘူးလား ဆရာ"

"ဪ- ၂၀၀၈ ခုနှစ်ကတည်းက ကျွန်တော့်စာတွေ မသီတာ ဖတ်နေတာကိုး"

"ဟုတ်ကဲ့- ကျွန်မက သူရဿအမြဲဖတ်တော့ ဆရာ့စာတွေ အလေးထားဖတ်မိပါတယ်"

"အေးဗျာ၊ -ကျွန်တော့်စာတွေဖတ်တယ် ဆိုတော့ ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အဲဒီ သက်တန့်မန်းဂါထာကို အခကြေးငွေနဲ့ မကုပါဘူး၊ ထိုက်တန်တဲ့လူကို ပညာအမွေ လက်ဆင့်ကမ်းပေးပါမယ်လို့ ကတိခံယူပြီးမှ အဲဒီပညာကို ရထားတာဆိုတော့ ပိုက်ဆံကို လုံးဝမမျှော်ကိုးဘဲ ကုပေးတတ်တဲ့ ကျွန်တော့်လိုလူကို ရှာနေတာ၊ ခုထိတော့ မတွေ့သေးပါဘူး။ ပေးထိုက်တဲ့လူတွေ့ရင်တော့ ကျွန်တော် ပေးမှာပါ၊ တွေ့သမျှလူတွေကို ပေးမဖြစ်တာမို့ ကျွန်တော် ဂါထာကို ထည့်မရေးတာပါ။ အဲဒီ သက်တန့်မန်းဂါထာကိုတော့ ကျွန်တော် လွယ်လွယ်နဲ့ပေးလို့မရတာ ခွင့်လွှတ်ပါခင်ဗျား"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ် ဆရာ။ နောင်လည်း ဆက်ပါဦးမယ်။ ဒါပဲနော် ဆရာ"

ဆိုပြီး ဖုန်းချသွားပါတယ်။

စာဖတ်ပရိသတ် ဆိုတာ ကျွန်တော်တို့ စာရေးသူတွေရဲ့အားပါပဲ။ နောက် နေပြည်တော်က ပုဂ္ဂိုလ်တစ်ဦးကတည်း ရွှေရည်ဝင်းစာပေက ကျွန်တော့်ဖုန်းနံပါတ် ရအောင်တောင်းပြီး ကြိုကြိုးထိုးနေတာကို ဇာတိပွဲလိုလ်သီးသောက်နည်း၊ လိမ်းနည်း မေးမြန်းပါတယ်။ အသေအချာ ပြန်ဖြေပြရပါတယ်။

ကျွန်တော့်ဖုန်းနံပါတ်က-

၀၉ ၄၉၂ ၂၃၆ ၂၅ ပါ။

ဝက်ချေးပနဲအုပ်စုဝင် လမ်းဘေးပေါက်ပင် ကပ်စေးနှဲပင်ရဲ့အရွက်ဟာ သွားနာ၊ သွားဖုံးနာ ပျောက်တယ်လို့ မသီတာ ပြောပြလို့ သိရပါတယ်။ အမွေးစုတ်စုတ်၊ အရွက်ဖားဖားနဲ့ အရွက်ကို လက်တစ်ဆုပ်ခန့်ခူးပြီး ညက်ညက်ထောင်းကာ အုန်းဆီ သို့မဟုတ် စားဆီနဲ့ရောပြီး ဆီပွက်သည်အထိ အပူပေးရပါတယ်။ ဆီက အရွက်စိုရုံလောက် ထည့်ရတာပါ။ ဆီပွက်တာနဲ့ချလို့ရပါပြီ။ အဲဒါကို ပလတ်စတစ်ဝိုင်းကလေးထဲ ထည့်ပြီး အနာဝမှာ အုံထားရတာပါ။ ပတ်တီးစည်းလို့ရရင် စည်းပါ၊ စည်းလို့မရရင် ပလတ်စတာနဲ့ ကြက်ခြေခတ်ကပ်ထားပေးပါ။ တစ်ရက်ကို တစ်ကြိမ်လဲပါ။ အနာစိမ်းနရင် ပိန်သွားပါတယ်။ ရင့်ရင် မကြာမီ ပေါက်ပါတယ်။ သွားကိုက်၊ သွားဖုံးရောင်ဖြစ်ရင်လည်း အဲဒီလို ပလတ်စတာနဲ့ကပ်ထားပေးပါ။

ကျွန်တော် မိုင်းရှူးကနေပြီး မွေးဇာတိ နေပြည်တော်မှာ ပြန်လာနေတော့ ကျွန်တော့်ညီမျိုးမြင့်ရဲ့ဇနီး ဂုံမင်းအိုင်သူ မနုက ခရီးရောက်မဆိုက်ပါဘဲ၊ သူ့ဝေဒနာကို တင်ပြပါတယ်။ မိုးရှူးမှာတုန်းကတော့ ဖက်စပ်မန်နေဂျာ တစ်ဖက်ကလုပ်သလို တစ်ဖက်ကလည်း လူတွေကို ဆေးကုပါတယ်။ မိုင်းရှူးမှာ ဆေးပင်တွေပေါတော့ အတော်အဆင်ပြေပါတယ်။ နေပြည်တော်မှာကျတော့ သဘာဝပေါက်ပင်တွေ မတူတော့တာကြောင့် အခက်ကြုံရတယ်။ ကျွန်တော်က တောင်တန်းဒေသမှာ အရွယ်ရောက်တော့ တောင်တန်းဒေသက အပင်တွေပဲသိပါတယ်၊ နေပြည်တော်က အပင်တွေကို သိပ်မသိလှပါဘူး။ ဒါနဲ့ မနုက-

'အစ်ကိုကြီး- ကျွန်မ သွားနာနေတာအတော်ကြာပြီ၊ ဆေးဝယ်သောက်



www.burmeseclassic.com

www.burmeseclassic.com

တာလည်း မသက်သာဘူး။ အဲဒါ ဆေးလေးဘာလေး လုပ်ပါဦး အစ်ကိုကြီးရဲ့'

လို့ ဆိုပါတယ်။ ဆေးမလိုတဲ့ ဝေဒနာမို့ တော်ပါသေးရဲ့လို့ တွေးပါတယ်။ ဆေးပေးရမယ့်ဝေဒနာဆို အခက်ကြုံရမှာပါ။ ဒါနဲ့ ကျွန်တော် အရင်ကလည်း တင်ပြခဲ့ဖူးတဲ့ ဆေးနည်းကို ပြောပြရပါတယ်။

"သွားနာတာက ဆေးသောက်၊ ဆေးလိမ်းစရာမလိုပါဘူးကွာ။ မင်း အိပ်ရာဝင်ခါနီးရင် သွားကို ပြောင်စင်အောင်တိုက်ပါ။ အိပ်ရာထတဲ့အခါမှာတော့ ပါးစပ်ထဲကို ရေလုံးဝမဝင်စေဘဲ မျက်နှာကို အေးနေအောင်သစ်ပါ။ နာနေတဲ့နေရာကို ရေခွက်ထဲမှာ အေးနေအောင်စိမ်ပေးပါ။ ဒါဆိုရင် သွားမှာဖြစ်နေတဲ့ အပူအပုပ်ထွက်သွားပြီး သက်သာလိမ့်မယ်။ နေ့တိုင်းသာ အဲဒီလိုလေ့ကျင့်ပေးပါ။ သွားတိုက်ချင်ရင် နံနက်စာစားပြီးမှတိုက်ပေါ့။ သိသိသာသာ သက်သာသွားပါလိမ့်မယ်။ အေး- အဲဒီလို အမြဲ လေ့ကျင့်နေမယ် ဆိုရင်တော့ မင်း တစ်သက် သွားဝေဒနာ ဖြစ်ချင်လို့တောင် ဖြစ်မှာမဟုတ်ဘူးကွ"

လို့ ပြောပြရပါတယ်။

နောက် (၄၊ ၅) ရက်ကြာလို့ မနုကိုတွေ့တော့ မနုမျက်နှာ ရွှင်လန်းနေပါပြီ။ ကျွန်တော့်ကိုမြင်တာနဲ့ကျွန်တော့်အမေးတောင် မစောင့်တော့ဘဲ သူ့ဝေဒနာအကြောင်း တန်းပြီးပြောပြပါတယ်။

"အစ်ကိုကြီးခိုင်းတဲ့အတိုင်း လုပ်လိုက်တာ တစ်ခါပဲ လုပ်လိုက်ရတယ်၊ သွားနာပျောက်သွားတယ် အစ်ကိုကြီးရဲ့"

"မင်းဟာ မြန်လှပါလားဟ၊ ဟုတ်မှဟုတ်ရဲ့လား"

"ဟုတ်တယ် အစ်ကိုကြီး၊ ပျောက်သွားပြီ။ အဲဒီဝေဒနာကြီး ခံစားနေရတော့ ကျွန်မမှာ စားလို့လည်းမကောင်း၊ စကားလည်းမပြောချင်။ အိပ်လို့လည်း မရနဲ့ အတော်ဒုက္ခရောက်တာပါ။ ခုမှ စိတ်ချမ်းသာတော့တယ်"

"ဒါနဲ့ ငါခိုင်းတဲ့အတိုင်းဆက်လုပ်သေးလား"

"လုပ်တာပေါ့ အစ်ကိုကြီးရယ်၊ ဘာဝန်လေးတာမှတ်လို့။ သွားကျန်းမာရေးအတွက် အမြဲ လေ့ကျင့်သွားမယ် အစ်ကိုကြီး"

"အေး- ကောင်းတယ်၊ ကောင်းတယ်"

လို့ ပြောပြီး သူတစ်ထူး ကိုယ့်ကြောင့် ချမ်းသာရသွားတာ ပီတိဖြစ်လို့မဆုံးပါဘူး။ ဒီနည်းနဲ့ သွားဝေဒနာပျောက်ကြတာ အများအပြားပါ။

ကျွန်တော် အိမ်ထောင်ကျစကအိမ်သူဟာ သွားဖုံးမှာ ပြည်ဖုတွေ မကြာ မကြာ ပေါက်လေ့ရှိတယ်။ အထက်ပါနည်းအတိုင်း ခိုင်းတဲ့အခါ အဲဒီဝေဒနာ သက်သာ ပျောက်ကင်းခဲ့ပါတယ်။ နောင် လုံးဝ ပြန်ဖြစ်တာမတွေ့ပါဘူး။

ဒီနည်းက ဆရာတော်ကြီးတစ်ပါးရဲ့နည်းပါ။ ဒီနည်းကို လူအတော်များများသိကြသလို ကျင့်သုံးကြပါတယ်။ ကျွန်တော်ကတော့ သွားဝေဒနာရှင်တွေကို ပိုက်ဆံတစ်ပြားမှ မကုန်တဲ့ ဒီနည်းနဲ့ ချည်းကုပေးလေ့ ရှိပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း မိုးကုတ်မှာနေစဉ်က ဒီနည်း အမြဲကျင့်သုံးပါတယ်။ သူများတွေ သွားနာတယ် ဆိုတာကြီးကို ကိုယ်တိုင်မခံစားဘူးတော့ မသိပါဘူး။

မိုင်းရှူးမှာနေတော့ အများနဲ့ ဆက်ဆံပြောဆိုရတဲ့ မန်နေဂျာအလုပ်ဆိုတော့ နေ့စဉ် (၄) နာရီခွဲထပြီး မျက်နှာသစ်၊ သွားတိုက်ရပါတယ်။ ဆိုရရင်တော့ အဲဒီ အလေ့အကျင့် (၁၀) နှစ်လောက် ပျက်သွားခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်၊ မိုးကုတ်မှာနေစဉ်ကလည်း ပြန်မလုပ်ဖြစ်ပါဘူး။ ၂၀၁၁ ခုနှစ်မှာ နေပြည်တော်ပြောင်းနေစဉ်လည်း မလုပ်ဖြစ်ပါဘူး။ သွား အမြဲကျန်းမာနေတော့ ဘယ်တော့မှ နာမှာမဟုတ်ဘူးလို့လည်း အတ္တစိတ်နဲ့ ထင်ထားပါတယ်။ အဲဒါဟာ မဟာအမှားကြီးပါပဲ။

ဘာလို့လဲဆိုတော့ ၂၀၁၃ ရဲ့ နှစ်သစ်ကူးလဖြစ်တဲ့ ဇန်နဝါရီလထဲမှာ ကျွန်တော် နေမကောင်း ခဏဖြစ်ပါတယ်။ (၄) ရက်လောက်နေတော့ ပြန်ကောင်းပါတယ်။ (၇) ရက်လောက်အထိ ရေမချိုးဖြစ်ပါဘူး။ နေပြည်တော်ရဲ့ဆောင်းကလည်း အတော်အေးပါတယ်။

(၈) ရက်အရမှာ အောက်ညာဘက်သွားဖုံး အံသွားနေရာမှာ ရောင်ဖူးနေပြီး အတော်နာတာကို အိပ်ရာအထမှာတွေ့ရပါတယ်။ ဒါနဲ့ သွားမတိုက်တော့ဘဲ မျက်နှာအေးနေအောင်သစ်ပြီး လမ်းလျှောက်ထွက်ပါတယ်။ ပါးစပ်ထဲရေမဝင်စေတဲ့နည်းအတိုင်း မျက်နှာသစ်တာပါ။ နေ့လယ်လောက်ရောက်တော့ ရေပါချိုးလိုက်တာနဲ့ အဲဒီ ရောင်ပြီး နာနေတဲ့အဖုကြီး ပျောက်သွားပါတယ်။ 'နိုပ်ဟ' ဆိုပြီး အဲဒီနည်းကိုဆက်လုပ်ပေမယ့် ဘယ်ဘက်အောက်သွားဖုံးကရောင်ပြီး နာလာပြန်ပါတယ်။

ဒီတစ်ခါ နာတာကတော့ နားအုံတွေပါကိုက်ပြီး နာတာပါ။ ဘာစားစား၊ အဲဒီဘယ်ဘက်သွားနဲ့စားတာပါ။ နာနေတဲ့အခါမှာတော့ ဘယ်လောက်ထိနာသလဲဆိုရင် ထမင်းကို ညာဘက်သွားဖုံးနဲ့တောင် မဝါးနိုင်ဘဲ ဒီအတိုင်းလိမ့်ပြီး မျိုချရတဲ့အထိ နာတာပါ။ အဲဒီ နာတဲ့နေရာမှာ ထမင်းတစ်စေ့ဝင်ရင်တောင် အတော်နာပါတယ်။ နှစ်ရှည်လများ ပင်တိုင်ဝါးခဲ့တဲ့သွားဟာ ဒဏ်ဖြစ်တယ်ထင်ပါရဲ့။

ဒီအခါကျမှ သွားနာတယ် ဆိုတဲ့ ဝေဒနာကို လက်တွေ့ခံစားဖူးပါတော့တယ်။ အလွန် ကြောက်ဖို့ကောင်းပါတယ်။ ဘာမှလည်း စားချင်စိတ် မရှိသလို စားသမျှလည်း ဝါးမရတော့ ဘာအရသာမှ မရှိပါဘူး။

ဝေဒနာ ဆိုတာ ဘာဝေဒနာမှမဖြစ်တာ အကောင်းဆုံးပါပဲ။ ဝေဒနာဖြစ်ပြီဆိုမှတော့ ဘယ်ဝေဒနာဖြစ်ပါစေ၊ ကြီး,ငယ်အလိုက် သူ့အတိုင်းအတာနဲ့သူ ဒုက္ခကို ခံစားရတော့တာပါပဲ။ ဒီလို ဝေဒနာတွေမကြုံမှ 'ကျန်းမာခြင်းသည် လာဘ်တစ်ပါး' ဆိုတဲ့ ဘုရားဟောစကားဟာ အလွန်မှန်ကန်ကြောင်း သတိပြုမိပါတော့တယ်။ ကျွန်တော်တောင် ကျန်းမာခဲ့တဲ့ သွားဟာ ခုတော့ ဖောက်ပြန်ယိုယွင်းပြီး အထိမခံနိုင်အောင် နာကာ ဘယ်ဘက်ပါးတောင် ရောင်လာခဲ့ပါတယ်။ ဟင်းတောင် အဖတ်တွေမဝါးနိုင်ဘဲ အရည်နဲ့ထမင်းနယ်ပြီး လျှာနဲ့လိမ့်ပြီး မျိုချနေရတဲ့ဘဝပါ။ သွားဝေဒနာရှင်တွေကို ကိုယ်ချင်းစာတတ်ခဲ့ပါပြီ။

ကျွန်တော့်ရဲ့ကုထုံးနဲ့ ကုနေတာ (၂) ရက် ရှိသွားပါပြီ၊ မသက်သာပါဘူး။ ဒါနဲ့ နာနေတဲ့သွားကို စစ်ဆေးကြည့်တော့ ဘယ်ဘက်အောက် ဒုတိယအံသွား ဖြစ်နေပါတယ်။ ကိုင်ပြီးနှဲ့ကြည့်တော့ နှဲ့နေတာတွေ့ရတာကြောင့် အံသွားကျိုးချင်လို့ နာနေတာဖြစ်ကြောင်း တွေ့ရပါတယ်။

ဒီအခါကျမှ ကိုယ့်ကိုယ်ကိုယ် သတိပြုမိတယ်ပေါ့ဗျာ။ ကျွန်တော့်အသက် (၆၇) နှစ်ထဲရောက်နေပြုပါပေါ့လားဆိုပြီး ကျွန်တော့်အစ်ကိုကြီး ကိုရွှေသီးရဲ့စကားကို ကြားယောင်မိပါတယ်။ ကိုရွှေသီးဟာ ကျွန်တော့်အစ်ကိုဝမ်းကွဲပါ။ ကျွန်တော်နဲ့တွေ့တော့-



www.burmeseclassic.com

www.burmeseclassic.com

'ငါ့ညီရေ ငါ့အသက် (၇၀) ကျော်စပြုပြီကွ။ ခုထိတော့ ကျွဲတွေ ကျောင်းနိုင်သေးတယ်၊ ထယ်လည်းထိုးနိုင်သေးတယ်။ အေး- ဒါပေမယ့် အသက် (၆၅) နှစ်မှာ သွားတွေကျိုးတယ်ကွ၊ ခု သွားတွေ အစုံမရှိတော့ဘူး။ အသက်ကြီးလာတော့ ဘာထူးခြားမှုတွေ လာသလဲဆိုတော့ ခရီးကြာကြာသွားရင် မကြာခဏ ခလုတ်ထိုက်လာတာ တွေ့ရတယ်။ ခြေထောက်တွေ အားနည်းလာတဲ့သဘောပေါ့ကွာ။ ကျန်တာတော့ မထူးသေးပါဘူးကွ၊ ထမင်းလည်းစားနိုင်သေးတယ်'

လို့ ပြောပြပါတယ်။

ကွဲကွာခဲ့ကြတဲ့ နှစ်ပေါင်း (၅၀) ဝန်းကျင်အတွင်းမှာ ရုပ်သွင်တွေလည်း ပြောင်းလဲနေကြရပြီ။ ခုလည်း အစ်ကိုကြီး ကိုရွှေသီးပြောသလို သွားတွေကျိုးစပြုတော့မယ်ထင်ရဲ့လို့ တွေးမိပါတယ်။

နာလွန်းတဲ့ ဝေဒနာဟာ စက္ကန့်မလပ်ခံစားနေရတာမို့ အနီးနားမှာ သွားဆရာဝန်ရှိရင် သွားနုတ်ပစ်မှာ မလွဲပါဘူး။ ဒါပေမယ့် နဲ့နေတဲ့သွား ပြန်ခိုင်လိုခိုင်ငြား ကျွန်တော့်ကုထုံးနဲ့ပဲ ဒုက္ခခံပြီး ကုနေတာ (၅) ရက်ပြည့်တဲ့နေ့မှာတော့ နဲ့နေတဲ့သွားရဲ့ သွားဖုံးအပြင်ဘက်မှာ ရောင်ပြီး ယားနေတဲ့အဖုကို စမ်းသပ်တွေ့ရတယ်။ ယားလာတာဟာ ကောင်းတဲ့လက္ခဏာပါ။ အနာပေါက်ချင်ရင် ယားလာတတ်တာပါပဲ။ ပြီးတော့ နဲ့နေတဲ့သွားဝန်းကျင်က ' သွားဖုံးတစ်သျှူးတွေနိုးစေဖို့ သွားတိုက်တဲ့အခါ ဖိနှိပ်ပွတ်တိုက်ပေးနေတာပါ။ သွားနဲ့တယ်ဆိုတာ သွားကို ညှပ်ထားတဲ့ သွားဖုံးတစ်သျှူးတွေအားနည်းပြီး ပျော့သွားလို့ နဲ့နေတာပါ။ အဲဒါကြောင့် သွားတိုက်တိုင်း သွားဖုံးတွေကို လက်ညှိုးနဲ့အကြိမ်ကြိမ် ဖိနှိပ်ပွတ်တိုက်ရပါတယ်။

(၅) ရက်မြောက်တဲ့နေ့မှာ ထုံးစံအတိုင်း နံနက်စောစောထ၊ မျက်နှာသစ်၊ အောင်ဇမ္ဗူရပ်ကွက်ရဲ့ ဇီဇဝါအဝိုင်းကြီးမှာ လမ်းလျှောက်၊ ရွတ်နေကျ ပရိတ်, ပဋ္ဌာန်းတွေ ရွတ်ပြီးတဲ့အခါမှာ ကိုတင်ထွန်းနဲ့ စန်းသော်တာ ကဖေးမှာ နံနက်စာစားကြပါတယ်။ လက်ဖက်ရည်နဲ့အီကြာကွေး စားကြတာပါ။

အဲဒီလိုစားတဲ့အခါ သွားနာတာ အတော်ကြီး သက်သာနေတာ တွေ့ရပါတယ်။ အီကြာကွေးကို ညာဘက်သွားနဲ့ ကောင်းကောင်းကြီး ဝါးလို့ရနေပါပြီ။ ဒီတော့မှ ဘယ်ဘက်သွားဖုံးမှာ ထွက်နေတဲ့အဖုကို စမ်းကြည့်မိတယ်။ မရှိတော့ဘူး။ ခေတ္တခဏသာထွက်တဲ့ အပူကျိတ်ပါ။ အဲဒီနေ့မှာ ထမင်းနဲ့ဟင်းကို ညာဘက်သွားနဲ့ကောင်းကောင်းဝါးစားနိုင်ပါပြီ။

ဝမ်းသာလိုက်တာ အရမ်းပါပဲ။ သွားကိုစမ်းကြည့်တော့ ပြန်ခိုင်နေပါပြီ။ အဲဒီသွားကို ညှပ်ထားတဲ့ တစ်သျှူးတွေလည်း ပြန်တင်းနေပါပြီ။ နဲ့နေစဉ်က တစ်သျှူးတွေ ပါးပြီး ပျော့နေတာပါ။ မဆုတ်မနစ် အနာခံပြီး (၅) ရက်လေ့ကျင့်တဲ့အခါမှာတော့ ကျိုးမလို့ နဲ့နေတဲ့ သွားကို ခိုင်မာစေခြင်းဖြင့် အောင်ပွဲခံလိုက်နိုင်ပါပြီ။

ဝေဒနာကို သည်းမခံနိုင်ဘဲ သွားဆရာဝန်ဆီမှာ သွားပြီးနုတ်ပစ်လိုက်က သွားတစ်ချောင်းဆုံးရှုံးရမှာပါ။ မနုတ်ဘဲ အနာခံလို့ အသာစံလိုက်ရပါပြီ။

ညနေပိုင်းမှာ သက်သာသွားတဲ့ သွားကို စမ်းသပ်တဲ့အနေနဲ့ ကျွန်တော် သူငယ်ချင်း မွတ်တား (ဦးသီဟ၊ အင်ကြင်းပန်းစာပေ) က ကျွေးတဲ့ ဘူးသီးကြော်ကို အဲဒီသွားနဲ့စမ်းသပ်ပြီး ဝါးစားကြည့်ပါတယ်။ ဝါးလို့ရပေမယ့် အနည်းငယ်နာနေသေးတာကို တွေ့ရပါတယ်။ နောက်နေ့တွေမှာတော့ အရင်လို ပကတိ ပြန်ကောင်းနေတာကို တွေ့ရတာပါပဲ။ သွားနာပျောက်သွားတော့ကာ စားလို့လည်း ကောင်း၊ အရသာလည်းရှိ၊ ကြေညက်အောင်လည်း ဝါးနိုင်တာမို့ အလွန် စိတ်ချမ်းသာရပါတယ်။ သွားနာတယ်ဆိုတာ ပြောမယုံ ကြုံဖူးလို့ သိခဲ့ရပါပြီ။

ခုတော့ သွားက သင်ခန်းစာပေးထားပြီမို့ အရင်လို အတ္တစိတ်နဲ့ ငါ့ဘဝမှ မဖြစ်ဘူးလို့ထင်ပြီး မပေါ့ရဲတော့ပါဘူး။ ဟိုအရင်တုန်းကလို သွားကျန်းမာရေးအတွက် မြန်မာ့နည်း မြန်မာ့ဟန်ဖြစ်တဲ့ မျက်နှာသစ်တိုင်း ပါးစပ်ထဲ ရေမဝင်ဘဲ အေးနေအောင်သစ်ကာ ပြန်လည် လေ့ကျင့်နေရပါပြီ။

စာရှုသူများလည်း ပိုက်ဆံတစ်ပြားမှမကုန်ဘဲ သွားကျန်းမာလိုပါက အထက်နည်းအတိုင်း လိုက်နာကျင့်သုံးကြစေလိုပါတယ်။

သွားကျိုးရင် သွားတုစိုက်လို့ရနိုင်ပေမယ့် အတု ဆိုတာ အစစ်လောက်တော့ မကောင်းပါဘူး။ ပြီးတော့ သွားတွေကျိုးကုန်ရင် လူလည်း အရွယ်အိုမင်းလာပါတယ်။ ပါးတွေ ချိုင့်ကုန်ပါတယ်။

မိုးကုတ်က ကျွန်တော့်ကျေးဇူးရှင် ဒေါ်တင်ကြည်ဟာ ရှေ့သွား (၂)ချောင်း မလှတော့ အဲဒီသွားတွေ နုတ်ပြီး လှအောင် သွားတုစိုက်ပါတယ်။ လှတော့ လှသွားပါရဲ့၊ ဒါပေမယ့် ဒေါ်တင်ကြည်က-

'ဒီသွားတုတွေနဲ့ နေရတာ နှစ်ပေါင်းအတော်ကြာလာခဲ့ပေမယ့် ခုထိ အထာမကျဘူး၊ နေလို့အရသာမရှိဘူး'

လို့ ပြောပြလေ့ ရှိပါတယ်။ တစ်ခါမဟုတ်၊ အခါခါပါ။ စိတ်တိုင်းမကျတိုင်းပြောပြတတ်တာပါ။ ဒါဟာ သင်ခန်းစာပါပဲ။

ပြီးတော့ ကျွန်တော်တို့ မိုးကုတ်တောင်ကချင်ရပ်ကွက်က မတရုတ်မ ဆိုတာ ရှိတယ်။ သူလည်း ရှေ့သွား (၂) ချောင်း ခေါနေတာပါ။ အရွယ်က အဲဒီတုန်းက (၃၀) ကျော်စအရွယ်ပါ။ လှချင်ပချင်တဲ့အရွယ် ဆိုပါတော့။ သို့သော်လည်း အိမ်ထောင်နဲ့ သားသမီးတွေနဲ့ပါပဲ။ သူနဲ့အတွဲက တောင်ကချင်က မကြည်ရွှင်ပါ။ ကျွန်တော်တို့အိမ်မှာ အမြဲဝင်,ထွက်နေတော့ ကျွန်တော်တို့နဲ့ မိသားစုလို ရင်းနှီးပါတယ်။

တစ်နေ့မှာ မတရုတ်မက မကြည်ရွှင်ကို ပါးစပ်ဟ,ပြပါတယ်။

'ကြည့်စမ်း- ကြည်ရွှင်'

ဆိုတော့ မကြည်ရွှင်နဲ့ကျွန်တော်တို့ကြည့်တော့ ခေါနေတဲ့ သူ့သွား (၂) ချောင်း မရှိတော့ပါဘူး၊ ဟင်းလင်းဖြစ်နေပါပြီ။

"ဟယ်- တရုတ်မ၊ နင့်သွားတွေ သွားနုတ်ခဲ့တာလား"

"အေးလေဟယ်၊ ငါ လှသွားအောင် ရှေ့သွားအသစ်ပြန်စိုက်မှာလေ"

"အောင်မလေး- တရုတ်မရယ်၊ နင့်အစား ငါ နှမြောလိုက်တာဟယ်။ သွားအကောင်းကြီးများ ချိုးပစ်ရတယ်လို့"

"ဆရာက သွားအသစ်ပြန်စိုက်ပေးဖို့ ရက်ချိန်းပေးလိုက်ပြီဟဲ့။ ငါ သွားအသစ်စိုက်ပြီးရင် အပျိုစားဖြစ်သွားမှာ၊ နင်ကြည့်နေ"

လို့ ပြောပြီး ကျေနပ်နေပါတယ်။

နောက် သွားစိုက်ပြီးတဲ့အခါ သူနဲ့လိုက်လျောညီထွေတဲ့ ရှေ့သွားနှစ်ချောင်းကိုမြင်ရပေမယ့် နောင် တစ်နှစ်လောက်ကြာတဲ့အခါ သွားတုတွေ အထာမကျတာမို့ ပြုတ်ထွက်ကုန်ပါတယ်။ ဒီအခါ ရှေ့သွား ဟောင်းလောင်းနဲ့ မတရုတ်မကို ကျွန်တော် အမြဲမြင်ရလေ့ရှိပါတယ်။ နောက်ထပ် မစိုက်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။

သွားတုစိုက်တယ် ဆိုတာ အလကားစိုက်လို့ရတာမဟုတ်ပါဘူး၊ ပိုက်ဆံရှိမှ စိုက်လို့ရတာပါ။ ထာဝရအဆင်ပြေနေသူတွေကို မဆိုလိုပေမယ့် မတရုတ်မတို့လို လက်လုပ်လက်စားတွေအနေနဲ့ သွားတုစိုက်ဖို့ဆိုတာ ဒုလ္လဘတစ်ပါးပါ၊ အလွန်ခဲယဉ်းလှပါတယ်။ 'လှချင်လွန်းလို့ သွားကြောင်တိုက်၊ ရေစီးကမ်းပြိုလိုက်' ဆိုတဲ့ စကားပုံလိုပါပဲ၊ လှချင်လွန်းလို့ သွားချိုးမိတဲ့ မတရုတ်မဟာလည်း သွားဟောင်းလောင်းနဲ့ အရွယ်နဲ့မမျှ အလှပျက်သုဉ်းခဲ့ရတာပါ။ မကြံကောင်း မစည်ရာ အစစ်ကိုဖျက်ဆီးပြီး အတုကို ဆင်ယင်မိတဲ့အတွက် နောင်တတရားတွေ ရနေမှာပါ။

ကျွန်တော် မန္တလေး သမီးဆီရောက်တော့ မတရုတ်မဟာ သွားဟောင်းလောင်းနဲ့ ဒေါ်တရုတ်မ ဖြစ်နေပြီး အရွယ်နဲ့မမျှ အိုစာကြောင်း သတင်းစကား ကြားသိရပါတယ်။ မကြည်ရွှင်ရော မတရုတ်မပါ သားသမီးတွေ အရွယ်ရောက်လို့ ရှာနိုင်ဖွေနိုင်တာကြောင့် ချောင်လည်ကြကြောင်းလည်း မုဒိတာဖြစ်ဖွယ် ကြားသိရပါတယ်။

သွားဆိုတာ ခန္ဓာကိုယ်အတွက် အစားအစာတွေ ကြိတ်ဝါးပေးရတဲ့အခြေခံစက်ပါ။ 'အအိပ်ကြိုးစား၊ အစားအားထုတ်၊ အလုပ် ဆင်ခြင်' ဆိုတဲ့ မြန်မာစကား ရှိပါတယ်။ အိပ်ပျော်အောင်ကြိုးစားရပါမယ်။ အိပ်ပျော်မှ အားရှိပြီး ကျန်းမာတာပါ။ လူတစ်ဦးအတွက် အနည်းဆုံး (၆) နာရီ အများဆုံး (၈) နာရီ အိပ်ပေးရပါမယ်။ အဲဒါကြောင့် 'အအိပ်ကြိုးစား' လို့ ဆိုတာပါ။ 'အစား အားထုတ်' ဆိုတာကျတော့ အစာကို ကြေညက်အောင် ဝါးစားပေးရပါမယ်။ ဒါမှ အစာအိမ်သက်သာပြီး စားတဲ့အစားအစာထဲမှာပါဝင်တဲ့ ဓာတ်တွေကို ကုန်စင်အောင် စုပ်ယူနိုင်တာပါ။ သွားနာနေလို့ လျှာနဲ့လိမ့်ပြီးမျိုချခဲ့ရင် အစာအိမ်လည်း ပင်ပန်းပါတယ်။ ရသင့်ရထိုက်တဲ့ဓာတ်တွေကိုလည်း ကုန်စင်အောင် မရတာမို့ စားသမျှ ခန္ဓာကိုယ်အတွက် အပြည့်အဝ မခံစားရပါဘူး။ 'အလုပ်ဆင်ခြင်' ဆိုတာကျတော့ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အရင်ဆုံး သေသေချာချာ ဆင်ခြင်သုံးသပ်နိုင်ဖို့ အရေးကြီးပါတယ်။ မဆင်မခြင် မသုံးသပ်ဘဲ လုပ်မိလို့ ရှိတာကုန်ပြီး လက်မဲ့ဘဝရောက်ရသူတွေဆိုတာ အများကြီးရှိခဲ့ကြပါတယ်။ အဲဒါကြောင့် အလုပ်ကို ဆင်ခြင်ရပါမယ်။

ဒါက သွားနဲ့ဆက်နွယ်လို့ တင်ပြခြင်းပါ။

ကျွန်တော်ဟာ အသက် (၆၆)နှစ်ပြည့်သည်အထိ သွားဝေဒနာမခံစားခဲ့ရပါဘူး။ ဒါကလည်း မာလွန်းတဲ့အစားအစာဖြစ်တဲ့ မန်ကျည်းစေ့၊ ပဲလှော်စတာတွေ၊ ပူလွန်းတဲ့အစားအစာတွေ၊ အေးလွန်းတဲ့ ရေခဲနဲ့ပြုလုပ်တဲ့ အစားအစာတွေကို အသိ၊ သတိနဲ့ အမြဲရှောင်ခဲ့လို့ပေါ့။ မရှောင်ရင် သွားတွေဒုက္ခဖြစ်ပြီး သွားဝေဒနာခံစားရမှာ မလွဲပါဘူး။

ကျွန်တော်တို့ မိုးကုတ်ကျောက်ဖျာရွာက ကိုအုန်းမောင်ဆိုတာ အသက် (၃၀) ကျော်ကျော်နဲ့ သူ့ဖခင်ရဲ့အရိုက်အရာ အိုးသူကြီးရာထူးကို ရခဲ့တာပါ။ သူ့ဖခင် ဦးမြင့်က အိုးသူကြီးနားတော့ သားဖြစ်သူက အိုးသူကြီးရာထူးကို လက်ဆင့်ကမ်းအမွေအဖြစ် ရယူခြင်းပါပဲ။ ကျွန်တော့်ထက် အသက် နည်းနည်းပဲကြီးပါတယ်။

အလှူမင်္ဂလာ စတဲ့ သာရေး၊ နာရေးတွေအတွက် ချက်ပြုတ်တော့မယ်ဆိုရင် သူ့ကိုခေါ်ပြီးတိုင်ပင်ရတယ်။ ဝယ်ပြီးတာနဲ့ သား၊ ငါးတွေကို သူ့လက်ထဲအပ်ရတယ်။ အိုးသူကြီး ကိုအုန်းမောင်နဲ့ အဖွဲ့က ချက်ကြပြုတ်ကြပါတယ်။

အဲဒီမှာ ဝက်သားကို အတုံးလိုက်ဖုတ်ပြီး ပါးပါးလှီးကာ ပူပူလောင်လောင် အရက်နဲ့မြည်းတယ်။ ဝက်သား အသားကို တောက်တောက်စဉ်းပြီး ထမင်းပူပူနဲ့နယ်ကာ အရက်နဲ့မြည်းတယ်။ ချက်ထားလို့ ပွက်ပွက်ဆူနေတဲ့အိုးထဲက ဝက်သားကို ကော်ယူပြီး အရက်နဲ့မြည်းတယ်၊ ကိုအုန်းမောင်ဟာ ပူပူလောင်လောင်ကို အတော်စားနိုင်သူ ဖြစ်ပါတယ်။ အိုးသူကြီး ဆိုတော့ သူ့ကို ဘယ်သူကမှ ပြောရဲတာမဟုတ်ပါဘူး။ ချက်ပြုတ်ရာမှာ သူ့သဘောပါပဲ။

အဲဒီလို ပူလောင်တဲ့ ဝက်သားဖုတ်တွေ၊ ဝက်သားချဉ်တွေ၊ ဝက်သားနှပ်တွေ စားဖန်များတဲ့အခါမှာတော့ ကိုအုန်းမောင်ရဲ့ ညီညွတ်လှပတဲ့ သွားတွေဟာ အကုန်လုံး ပြုတ်ထွက်ကုန်တော့တာပါပဲ။ အသက်ငယ်ငယ်နဲ့သွားတွေက အကုန်ပြုတ်ကုန်တာ တစ်သက်လုံး ဒီတစ်ဦးပဲ မြင်ဖူးပါတယ်။ ပူလွန်းတဲ့ အစားအစာတွေကို မမှုတ်မပြုဘဲ၊ အေးအောင်မစောင့်နိုင်ဘဲ အလောတကြီးစားမိတာကြောင့် ကြာလာတဲ့အခါ သွားဖုံးတစ်သျှူးတွေ အပူလောင်ပြီး သေဆုံးကုန်တာကြောင့် သွားတွေပြုတ်ထွက်ကုန်ခြင်းပါ။

ကိုအုန်းမောင်ဟာ အားတောင်းမောင်းသန် အတော် ဗလကောင်းတဲ့ တွင်းဆရာတစ်ဦးဖြစ်တာကြောင့် တွင်းလုပ်လည်း အတော်လေးကို နာမည်ကြီးတဲ့လူပါ။ အဲဒါကြောင့် စားနိုင်သောက်နိုင်အဆင့်ရှိပါတယ်။ အဲဒါကြောင့် ပြုတ်ကုန်တဲ့သွားတွေကို သွားတုတွေ ဆိုင်မှာစိုက်လိုက်ပါတယ်။ ကြည့်လို့ပြန်သင့်သွားပါတယ်။

အဲဒီမှာ သွားတုတွေအားကိုးနဲ့ အရင်လိုပဲ ပူပူလောင်လောင်တွေ စားမြဲစားပါတယ်။ အဲဒီအပူဒဏ်ကို သွားတုတွေမခံနိုင်ဘဲ ပြုတ်ထွက်ကုန်ပြန်ပါတယ်။ အစစ်လည်း မခံနိုင်၊ အတုလည်း မခံနိုင်တဲ့လူပါ။ အတုတွေကျတော့ ကွဲကြေကုန်တာပေါ့။

ဒါနဲ့ ကိုအုန်းမောင် သွားတုမရှိတော့ဘဲ ပါးစပ်ဟောင်းလောင်းနဲ့ ဘဝမှာနေရပါတယ်။ တွင်းကျင်းက နောက်ထပ် အဆင်မပြေတော့ သွားတုမစိုက်နိုင်တော့ပါဘူး။ သွားမရှိတော့လို့ အထင်မသေးလိုက်ပါနဲ့၊ ရှိတဲ့သွားဖုံးနဲ့ ကြိတ်ဝါးပြီး စားမြဲစားတာပါပဲ။ သွားဖုံးပဲဗျာ၊ သွားမှမဟုတ်တာ ဘယ်ကြေမှာလဲ။ အထက်-အောက် သွားတုအံကပ်နဲ့ ကြည့်လို့သင့်သေးပေမယ့် သွားလုံးဝမရှိတော့တဲ့အခါ အတော်လေးကို အိုစာသွားခဲ့တာပါ။

သွားမရှိလို့ ဖြစ်သလို သွားဖုံးနဲ့ဝါးပြီး မျိုချဖန်များလာတဲ့အခါမှာ ကိုအုန်းမောင်ရဲ့ဗလ သိသိသာသာကြီး ကျလာတာကို မျက်ဝါးထင်ထင်မြင်တွေ့ရပါတယ်။ ဒါနဲ့ပဲ ကိုအုန်းမောင်ဟာ အသက် (၄၀) ကျော်ကျော်မှာပဲ ကျန်းမာရေးမကောင်းဖြစ်လာပြီး အိပ်ရာထဲလဲကာ လူ့ဘဝကနေ ထွက်ခွာသွားရတော့တာပါပဲ။ ကိုအုန်းမောင်ရဲ့ဇနီး၊ သားသမီးတွေ ကျန်ရစ်ခဲ့ပါတယ်။

ဒါကို တင်ပြနေတာက သွားနဲ့ပတ်သက်ပြီး စာရှုသူတွေ သတိသံဝေဂရစေဖို့ပါ။ လူတိုင်း လူတိုင်း အသက်ကြီးလာပြီ ဆိုရင် သွားတွေ ကြွေအားနည်းသွားခဲ့ပါပြီ။ ကြွေဟာ သွားကို အမာခံကာကွယ်ပေးနေတဲ့ တံတိုင်းပါပဲ။ သွားဖုံးတွေရောင်လာတတ်ပါတယ်။ အပူအပုပ်များနေရင်လည်း သွားဖုံးတွေ နာတတ်ပါတယ်။

အဲဒါဆိုရင် ကျွန်တော်တင်ပြခဲ့တဲ့ နည်းလေးနဲ့ လေ့ကျင့်ကြည့်ကြပါလို့ တိုက်တွန်းပါရစေ။

ချမ်းမြေ့ကြပါစေ
မိုးကုတ်ကျော်ကျော်နီး



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတဲ့ဆုပေးဒဏ်ပေး စနစ်လေလား

## မောင်ကျော်တိုင်



လောကမှာ အဆိုး, အကောင်း၊ အဖြစ်, အပျက်၊ ဣဋ္ဌ, အနိဋ္ဌ ဆိုတဲ့ ဆန့်ကျင်ဘက်သဘောတွေဟာ ယှဉ်တွဲနေပါတယ်။ ကမ္ဘာ့မီဒီယာတွေကတော့ သတင်းဆိုးတွေသာ အသားပေး ဖော်ပြနေကြတယ်။

ရာဇဝတ်မှုတွေဟာ လူသားနဲ့အတူပေါ်လာတာ ဖြစ်တယ်။ ရာဇဝတ်မှုဆိုတဲ့ အနိဋ္ဌာရုံတွေနဲ့အတူ ရာဇဝတ်မှုတွေနဲ့ ဆန့်ကျင်ဘက် မင်္ဂလာတွေလည်း ပေါ်ပေါက်နေပါတယ်။

ဖားမိုးတွေ၊ ငါးမိုးတွေ၊ ကျွတ်မိုးတွေ၊ ခဲမိုးတွေ ရွာချသလို ငွေမိုးတွေလည်း ရွာပါတယ်။ 'ရွှေဘုန်းတော်တိုးပါလို့ ငွေမိုးတွေရွာလို့' သီချင်းဟောင်းတွေ ရှိတယ် မဟုတ်လား။ တကယ်ကော ငွေမိုးတွေ ရွာသလား။

၁၉၈၃ ခုနှစ်၊ မတ်လကတော့ ရှမ်မြို့က ရီတာရဲ့ပန်းခြံထဲမှာ ပဲကတ္တီပါစေ့တွေ မိုးပေါ်က ကျလာတယ်။ အနီးအနားက အိမ်တွေဟာ ခြံကြီးဝင်းကြီးနဲ့ အုတ်နံရံတွေကာထားတာဆိုတော့ အိမ်နီးချင်းဘက်က ပစ်ချတာ မဟုတ်နိုင်ဘူးလို့ ရီတာက ပြောတယ်။ ဒီရာသီဟာ ပဲပေါ်ချိန် မဟုတ်ပေမယ့် ပဲစေ့တွေက လတ်လတ်ဆတ်ဆတ် ပဲတွေ ဖြစ်နေတယ်။

၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလက မစ်ဆိုရီနယ် စိန့်လူးဝစ်မြို့နေ အမျိုးသမီးတစ်ဦးက သူမရဲ့အိမ်ပေါ်ကို ပဲမိုးတွေ ရွာချတယ်လို့ ဌာနေမိုးလေဝသဌာနကို သတင်းပို့တယ်။

၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့က အင်္ဂလန်နိုင်ငံ လန်ကက်ရှိုင်းယားမှာ ပန်းသီးတွေ မိုးပေါ်က ရွာချတယ်။ ပန်းသီးတွေအားလုံး အလုံး(၁၀၀) လောက် ကျလာတာ ဖြစ်တယ်။ ဒါရက်တို့ဇနီးမောင်နှံဟာ ညအချိန် အိပ်ရာထဲ ကွေးနေစဉ် အိမ်ခေါင်မိုးပေါ် တဒုန်းဒုန်းကျလာသံတွေကြားလို့ ထွက်ကြည့်တော့မှ ပန်းသီးတွေဖြစ်နေတာ တွေ့ရတယ်။ ဒီလို ပန်းသီးတွေကျနေတာ တစ်နာရီလောက်ကြာတယ်။ အိမ်နီးနားချင်း ပန်းခြံထဲမှာလည်း ပန်းသီးတွေကျနေတာ မြင်ရတယ်လို့ ဒါရက်တို့ဇနီးမောင်နှံက ပြောတယ်။

၁၈၆၇ ခုနှစ်၊ မေလ (၉) ရက်နေ့မှာ ဒပ်ဗလင်မြို့မှာ ဟင်းရွက်ဟင်းသီးတွေ ကျဖူးတယ်။ ရဲတွေရဲ့ကိုယ်ပေါ် တောင်ကျတယ်လို့ ရဲမှတ်တမ်းရှိတယ်။

၁၅၀၃ ခုနှစ်မှာ လက်ဝါးကပ်တိုင်ငယ်ကလေးတွေ (Cross) မိုးပေါ်ကရွာချဖူးတယ်။ လိုက်ကို(စ်)သင်နီ(စ်)က မှတ်တမ်းတင်ထားတယ်။ လက်ဝါးကပ်တိုင်ဟာ အနောက်တိုင်းသားများအဖို့ ဘာသာရေးအထွတ်အမြတ်ပစ္စည်း ဆိုတော့ မင်္ဂလာလို့ ပြောရမှာ ဖြစ်တယ်။

ပဲစေ့တွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ပန်းသီးတွေ မိုးပေါ်ကကျလာလို့ ဘယ်သူ့ကိုမှ မထိခိုက်ဘူး။ ဒါတွေဟာ လူတွေ စားသောက်လို့ရတဲ့ပစ္စည်းတွေဖြစ်လို့ မင်္ဂလာရှိတဲ့ ပစ္စည်းတွေသာ ဖြစ်တယ်။ 'မင်္ဂလာမိုး' လို့တောင် ခေါ်နိုင်တယ်။ ဒီလို မင်္ဂလာမရှိတဲ့ ဖားမိုး,ငါးမိုး, ခဲမိုးတွေ၊ မင်္ဂလာရှိတဲ့ ပဲမိုး, သစ်သီးမိုးတွေ ရွာကျတဲ့အချိန်ဟာ မိုးရွာနေစဉ် ဖြစ်စေ၊ မိုးကြီးရွာပြီးနောက် မကြာခင် ဖြစ်စေ ရွာတာ ဖြစ်တယ်။ ရွာတဲ့မိုးဟာ သာမန်မိုး မဟုတ်ဘဲ မိုးသက်မုန်တိုင်းတွေလည်း ဖြစ်တယ်။ အထူးသဖြင့် မိုးသက်မုန်တိုင်းဖြစ်ပေါ်စဉ်မှာ တိုက်ခတ်တတ်တဲ့ လေဆင်နှာမောင်း ဖြစ်တယ်။




လေဆင်နှာမောင်းကို အနောက်တိုင်းမှာ 'တိုနေဒိုး' မုန်တိုင်းလို့ ခေါ်တယ်။ တိုနေဒိုး လေဆင်နှာမောင်းဟာ တစ်နာရီ မိုင် (၃၀၀) လောက်အထိ တိုက်ခတ်နိုင်တယ်။ တိုနေဒိုး လေဆင်နှာမောင်းရဲ့ ပြင်းထန်မှုကို အဆင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခွဲထားတယ်။ T1, T2 စသဖြင့် ပြင်းအားကို ဖော်ပြလေ့ရှိတယ်။ ဒီလေဆင်နှာမောင်းက တစ်နေရာမှာရှိတဲ့ ငါးတွေ၊ ဖားတွေ၊ ကျွတ်တွေ၊ သစ်သီးတွေ၊ ပဲတွေကို လေနဲ့မွှေ့ယူပြီး အခြားတစ်နေရာကို သယ်ဆောင်သွားတာဖြစ်တယ်လို့ လေ့လာသူတွေက ယူဆကြတယ်။

တိုနေဒိုး လေဆင်နှာမောင်းအပြင်းစားတိုက်ခတ်တဲ့အခါ သင်္ဘောတွေ မှောက်တယ်၊ အိမ်တွေပျက်တယ်၊ ကားတွေ, လူတွေပါ လေထဲမြောက်တက်သွားတယ်။ ၁၈၉၀ ပြည့်နှစ်က လူးဝစ်ဗီးမြို့မှာတိုက်တဲ့ လေဆင်နှာမောင်းဟာ မိခင်ပွေ့ချီ ထားတဲ့ ကလေးငယ်ကို မွှေ့ယူသွားပြီး အခြားရပ်ကွက်တစ်ခုမှာ အောက်ပြန်ကျလာတယ်။ ကလေးကတော့ ဘာမှထိခိုက်အနာတရမဖြစ်ဘဲ ပြန်ကျလာတာ ဖြစ်တယ်။ ပြန်အကျမှာ လေမွှေ့ရာခင်းပေးသလားလို့ ထင်ရတယ်။

၁၉၀၅ ခုနှစ်က အိုကလာဟိုမားမှာ တိုက်တဲ့ လေဆင်နှာမောင်းက လူတွေရဲ့ဘွတ်ဖိနပ်တွေကို ချွတ်ယူသွားတယ်။

၁၉၁၁ ခုနှစ်က ဘရက်ဖို့မှာတိုက်တဲ့ လေဆင်နှာမောင်းက ကျောင်းသူကလေးတစ်ဦးကို ပေ (၂၀၀) လောက်မြင့်အောင် မြောက်တင်လိုက်တယ်။ ပြန်ကျတော့ မသက်သာလှဘူးပေါ့။

၁၉၅၈ ခုနှစ်လောက်က ဥက္ကလာပမြို့တည်နေစဉ် ဥက္ကလာပမြို့ကို လေဆင်နှာမောင်းမွှေ့သွားဘယ်။ လမ်းဘေးမှာရောင်းတဲ့ မုန့်ဟင်းခါးဆိုင်က ဟင်းအိုးတွေ၊ ခုံတွေ မိုးပေါ်ပျံသွားတယ်။ နွားမတစ်ကောင်လည်း လေထဲမြောက်တက်သွားတာကို ကြုံဖူးတယ်။

ဒီလို လေဆင်နှာမောင်းတိုက်ရင် တစ်နေရာက အရာဝတ္ထုတွေ လေထဲပါသွားပြီး အခြားတစ်နေရာမှာ ပြန်ကျတာ တွေ့ရတယ်။ တစ်နေရာက ငွေတွေဟာ လေမုန်တိုင်းထဲ ပါသွားပြီး အခြား တစ်နေရာမှာ ပြန်ကျတာမျိုးတွေလည်း မနည်းလှပါဘူး။ ဒီလို ငွေတွေ မိုးပေါ်က ကျလာတာကို မှတ်တမ်းတင်ထားတာတွေလည်း မနည်းလှပါဘူး။

၁၉၄၀ ပြည့်နှစ် ရုရှားပြည် ဂေါ်ကီမြို့အနီးမှာ ငွေဒင်္ဂါးတွေ မိုးပေါ်ကကျလာဖူးတယ်။ ငွေဒင်္ဂါးထောင်ချီကျလာတယ်လို့ မှတ်တမ်းရှိတယ်။

၁၉၂၇ ခုနှစ်က လန်ဒန်မြို့အနီး ဘက်တားဆီးအရပ်မှာ ဖရင့်ဒင်္ဂါးတွေ ကျလာတယ်။ (၂) ကျပ်တန် ဒင်္ဂါးတွေဖြစ်တယ်။ ၁၉၂၈ ခုနှစ်မှာလည်း ဖရင့်ဒင်္ဂါးတွေ ကျလာဖူးတယ်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလမှာ ကာရိုလီနားမြောက်ပိုင်းမှာ ဖရင့်ဒင်္ဂါးတွေ ကျလာတယ်။ ၁၉၄၂ ခုနှစ်က ပြင်သစ်ပြည် ဘာဂျက်မြို့မှာ ဖရင့် တစ်ထောင်တန်ငွေစက္ကူတွေ မိုးပေါ်ကကျလာဖူးတယ်။

၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလမှာ ချီကာဂို လာဆီယီလမ်းနေ ရိုးသားသူတစ်ယောက်က မိုးပေါ်ကကျလာတဲ့ (၅၈၈) ဒေါ်လာကို ရဲစခန်းလာအပ်သွားတယ်။ ဒေါ်လာငွေစက္ကူတွေဟာ မိုးပေါ်ကကျလာတာ အများကြီးပဲ။ ထုတ်မပြောဘဲ ရထားတဲ့ ဒေါ်လာတွေကို သိမ်းထားတဲ့ လူတွေ ဘယ်လောက်များတယ် ဆိုတာတော့ တွေးကြည့်ရမှာ ဖြစ်တယ်။ ဒေါ်လာတွေဟာ ပလူပျံအောင် တစ်ရပ်ကွက်လုံးပေါ်မှာ ရွာချတာဆိုတော့ လူအများအပြားရကြမှာပေါ့။

အချို့နေရာတွေမှာ ငွေဒင်္ဂါးတွေ အစုလိုက် အပြုံလိုက် ကျလာတာမျိုးလည်းရှိတယ်။ မိုးရွာချလိုက်သလို ဒင်္ဂါးမိုးကြီး ပြန့်ကျဲရွာချတာမျိုး မဟုတ်ဘဲ တစ်နေရာမှာ စုပြုံကျလာတာမျိုးတွေလည်းရှိတယ်ဆိုတဲ့ မှတ်တမ်းတွေ ရှိပါတယ်။ ဒီလို အစုလိုက်အပြုံလိုက် ငွေတွေကျလာတာဟာ လူတစ်ဦးတစ်ယောက်ဆီကို ကျလာတာ များတယ်။

အင်္ဂလန် စိန့်မေရီဘုရားကျောင်းရှိ သင်္ချိုင်းကို လာရောက်တဲ့လူတွေဆီ ကျလာတာ ဖြစ်တယ်။ ပူပူနွေးနွေးဒင်္ဂါးတွေဟာ နှစ်ကြိမ်ထက်မနည်း ဒီလိုကျလာဖူးတယ်။

၁၉၈၉ ခုနှစ်က စိန့်မေရီဘုရားကျောင်းသင်္ချိုင်းကို လာရောက်တဲ့ ဒေးဗစ်နဲ့ ဆိုဖီတို့ဇနီးမောင်နှံဟာ ဒီလိုဒင်္ဂါးတွေ သူတို့ရှေ့ကျလာတာ ကြုံခဲ့ရတယ်။ ဒီလိုကျလာတဲ့ ဒင်္ဂါးတွေဟာ ၁၉၀၂ ခုနှစ်နဲ့ ၁၉၅၃ ခုနှစ်အတွင်း သွန်းလုပ်ထားတဲ့ဒင်္ဂါးတွေဖြစ်လို့ ရှားပါးဒင်္ဂါးတွေဖြစ်တယ်။ လောလောဆယ် လူတွေ အသုံးပြုတဲ့ဒင်္ဂါး မဟုတ်နိုင်ဘူး။ ဒီဒင်္ဂါးတွေကို အခုအခါမှာ ဘဏ်က ပြန်သိမ်းပြီးတော့ ၁၉၇၁ ခုနှစ်က ဒင်္ဂါးအသစ်တွေ ထုတ်ထားတာ ဖြစ်တယ်။

ကင်းမှာနေတဲ့ မစ္စတာ အဲ(လ်)ဘတ်ဝီလီယန်က ဒင်္ဂါးမိုးတွေ ရွာချတာကို သူကိုယ်တိုင် တွေ့ကြုံခဲ့ရတယ်လို့ ၁၉၈၉ ခုနှစ်က ဝန်ခံ ထုတ်ဖော်ပြောတယ်။ (၆) နှစ်တွင်း မကြာခဏ ဒင်္ဂါးမိုးတွေရွာလို့ သူရတဲ့ဒင်္ဂါးတွေ မနည်းပါဘူးလို့ ပြောပြတယ်။ ဒီဒင်္ဂါးတွေဟာ ဘုရားသခင်က ပေးတာလို့ သူက ယုံကြည်နေတယ်။

ဒါတွေဟာ ငွေမိုးရွာချတာမဟုတ်ပါလား။ လုယက်ခိုးဝှက် တိုက်ခိုက် လိမ်လည်ယူထားတဲ့ လူတစ်ယောက်ဆီက ငွေတွေကို အခြားလူတစ်ယောက်ဆီကို ပို့ပေးလိုက်သလို ဖြစ်သွားတယ်။ လူဆိုးလူမိုက် လူညစ်တွေကို ဒီလိုနည်းနဲ့ မိုးနတ်မင်းကြီးက လေဆင်နှာမောင်းကို အသုံးချပြီး ပြစ်ဒဏ်ခတ်လိုက်ပြီးတော့ လူကောင်းတွေကို ဆုလာဘ်ပေးသနားလိုက်တာဖြစ်တယ်လို့ ပြောရင်ကော သဘာဝမကျဘူးလားလို့ ပြောစရာဖြစ်နေပါတယ်။

မောင်ကျောက်တိုင်

*(Ref: The Unexplained.)*



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာမှုအစဉ်အလာနှင့် ဆင်ဖြူရတနာ



**ဆင်ဖြူမရှင်မိဖုရားကြီးရေးခိုင်းသည့် ဆင်ဖြူရတနာစာတမ်း**

မြန်မာမှုအစဉ်အလာနှင့် ဆင်ဖြူရတနာအကြောင်းမှ 'လွတ်လပ်ရေးရပြီးကာလမှဆင်ဖြူတော်' အခန်းတွင်-

'၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် ကိုလိုနီခေတ် သူ့ကျွန်ကာလတစ်လျှောက်လုံးတွင် ဆင်ဖြူတော်ရတနာ ပေါ်ပေါက်ခြင်း မရှိဟု သိရသည်။ အချို့ကလည်း ကိုလိုနီခေတ်တွင် တောင်ငူဘက်၌ ဆင်ဖြူတော်ပေါ်သယောင်ယောင် ပြောကြ၏။ ဂဃနဏ မပြောနိုင်ချေ'

ဟူ၍ ရေးသားခဲ့ပါသည်။

ထပ်မံသိရသည်မှာ ဗြိတိသျှအစိုးရခေတ်တွင် ခရစ်နှစ် ၁၉၂၅ ခုနှစ်က တောင်ငူမြို့နယ်က ကရင်အမျိုးသားခေါင်းဆောင် စောဒါမေ (ခေါ်) စောဒီဖိုးမင်း ဖမ်းဆီးရမိသော ဆင်ဖြူတော်လေးသားအမိကို အစိုးရထံအပ်ရာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ထားရှိသည်ဆိုကြောင်း၊ အင်္ဂလန်သို့ပို့လိုက်ရာ သေဆုံးကုန်သည်ဟု ကြားရဖူးကြောင်းပြောသည်ကို သိရှိရပါသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် အလယ်နန်းမိဖုရားကြီးကို ဆင်ဖြူမရှင်ဘွဲ့ပေးခဲ့သည်။ ထိုအလယ်နန်းမိဖုရားကြီးသည် စစ်ကိုင်းမင်းတရား (ဘကြီးတော်) နှင့် မိဖုရားခေါင်ကြီး ရှင်မင်းနု (နန်းမတော်မယ်နု) တို့၏တစ်ပါးတည်းသောသမီးတော် ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏အလယ်နန်းမိဖုရားကြီး ဖြစ်လာသောအခါ ဓားထက်သောမိဖုရားကြီးတစ်ပါး ဖြစ်၏။ မိဖုရားခေါင်ကြီး စကြာဒေဝီ နတ်ရွာစံသောအခါ



www.burmeseclassic.com

www.burmeseclassic.com



(မြောက်နန်းမိဖုရားကြီးကလည်း မရှိတော့၍) အလယ်နန်းမိဖုရားကြီးသာလျှင် မိဖုရားခေါင်ကြီးဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေသည်။ သို့ရာတွင် မင်းတရားကြီး၏ အခြားသောမိဖုရားများက အလယ်နန်းတော်မိဖုရားကို မိဖုရားခေါင်ကြီးအဖြစ် ချီးမြှင့်စေလိုသည့်ဆန္ဒ မရှိကြချေ။ နတ်ရွာစံမိဖုရားခေါင်ကြီးကဲ့သို့ ကျန်မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမများအပေါ် ညှာတာသနားပြီး ရင်အုပ်မကွာ ကရုဏာရှေ့ထား၍ တရားပြည့်ဝသောသူ ဖြစ်မည်မဟုတ်ဟု ယူဆကြသည်။ ဓားထက်သောမိဖုရားကြီးဖြစ်၍ အခြားမိဖုရားများက သူတို့အပေါ် မညှာတာ နှိပ်စက်ညှဉ်းပန်း အနိုင်အထက်ပြုမည်ကို အလွန် စိုးရိမ်နေကြသည်။ သို့ကြောင့် မင်းတရားကြီးထံဝင်၍ ကန့်ကွက်အရေးဆိုကြသည်။ မင်းတရားကြီးကလည်း ပညာရှိသောမင်းပီပီ အမြော်အမြင်ဆင်ခြင်ဉာဏ်ဖြင့်ပြည့်ဝတော်မူ၍ မှူးမတ်များနှင့် တိုင်ပင်ရာ အားလုံးက တစ်သဘောတည်း ရှိကြသည်။ အဂ္ဂမဟေသီမိဖုရားကြီးအဖြစ် မချီးမြှင့်ဘဲ ထားပြန်ကလည်း ရက်စိတ် ဝမ်းနည်းမှု၊ နာကြည်းမှုများဖြစ်သွားရှာမည်ကို ကြိုတင်သိမြင်တော်မူသည်။ သို့ကြောင့် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး အရိုက်အရာအမည်မခံသည်မှလွဲ၍ မိဖုရားခေါင်ကြီးနှင့်မခြား အစစအရာရာ အဆောင်အယောင် တူညီစွာ ချီးမြှင့်မြှောက်စား ပေးသနားတော်မူသည်။ ထို့အပြင် မြန်မာရာဇဝင်လာ မည်သည့်မိဖုရားခေါင်ကြီးများပင် မခံယူရဘူးသည့် 'ဆင်ဖြူမရှင်' ဘွဲ့ထူးကို ခံယူစေသည်။

ဆင်ဖြူမရှင်ဘွဲ့ခံ မိဖုရားကြီးသည် မိဖုရားခေါင်ကြီးမဖြစ်ရ၍ ကျေနပ်ရောင့်ရဲမှုမရှိသော်လည်း မြန်မာ့ရာဇဝင်တွင် မည်သည့်မိဖုရားကြီးမျှ မခံယူရဘူးသည့် ဆင်ဖြူမရှင်ဘွဲ့ထူးကို ခံယူရသောကြောင့် ကျေနပ်သင့်သလောက် ကျေနပ်ဂုဏ်ယူလျက် ရှိပါသည်။ သို့ဖြစ်၍ သူမ၏ဆင်ဖြူမရှင်ဘွဲ့တော်ကို ဂုဏ်သင့်သထက်သင့်စေရန် ထိုစဉ်က သံတော်ဆင့် အဝေးကြည်ဝန် ဦးလတ် (ဝက်မစွတ်ဝန်ထောက်ဖြစ်လာမည့်) ကို ခေါ်၍ မြန်မာရာဇဝင်၌ ဆင်ဖြူတော်ရတနာရပြီး ဆင်ဖြူရှင်ဘွဲ့ခံသောမင်းအပေါင်းအား စာရင်းဇယားပြု၍ စာတမ်းရေးသားဆက်သွင်းစေသည်။

၀



www.burmeseclassic.com

www.burmeseclassic.com

ဝက်မစွတ် ဝန်ထောက်လောင်း ဦးလတ်သည် ဆင်ဖြူမရှင်မိဖုရားကြီး၏ စေခိုင်းချက်အရ ဆင်ဖြူရတနာစာတမ်းကို အောက်ပါအတိုင်း ရေးသား ဆက်သွင်းရလေသည်။

"ဆင်ဖြူရတနာစီးနင်းရသောမင်းတို့သည် ဘုန်းတန်ခိုးတိုးတက်ကြခြင်း၊ ဗိုလ်သုံးပါးညီညွတ်၍ ပြည်ထဲလေးမျက်နှာ သာယာဝပြော စည်ပင်ခြင်း စသောအကျိုးတရားတို့နှင့် ပြည့်စုံ၏။ မင်းတို့စီးနင်းအပ်သော ဆင်၊ မြင်း၊ ရထား စသော ယာဉ်တို့တွင် ဆင်ယာဉ်သည် သာလွန် ထူးမြတ်ပါပေသည် စသဖြင့် အစချီကာ သရေခေတ္တရာမှစ၍ ဆင်ဖြူတော်ရတနာရသော ဆင်ဖြူရှင်ဘုရင်များအကြောင်းကို ဖော်ပြပါမည်။ အကျဉ်းချုပ် ချုံးဖော်ပြရလျှင် သရေခေတ္တရာခေတ် သာသနာနှစ် ၁၀၁ ခုနှစ်တွင် သရေခေတ္တရာပြည်၌ နန်းတက်သော ဒွတ္တဘောင်မင်းကြီးသည် ဆင်ဖြူတော်အစီးပေါင်း (၃၆၀) ရှိသည်။

ပုဂံခေတ် သာသနာတော်နှစ် ၆၀၄ ခုနှစ်တွင် နန်းတက်သော ပျူစောထီးမင်းကို ခမည်းတော် နေမင်းသားက ဆဒ္ဒန်ဆင်ပြောင်မျိုးဖြစ်သော မဟာသုဘဒ္ဒါ ဆင်မနှင့်တကွ ဆင်ဖြူ (၃၀) ဆက်နှင်းပေးသည်။

ကောဇာနှစ် ၄၀၆ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းတရားကြီးသည် သီဟိုဠ်၌ရှိသော မြတ်စွာဘုရား၏စွယ်တော်မြတ်ကို ကိုးကွယ်လိုသဖြင့် ဆင်ဖြူတော်တစ်စီး လက်ဆောင်ပေး၍ တောင်းခံဖူးသည်။ ရရှိသောစွယ်တော်ကို တန့်ကြည်တောင်ဘုရား၌ စေတီတည်၍ ဌာပနာသည်။ သထုံ မနူဟာမင်းထံသို့လည်း ဆင်ဖြူတစ်စီး လက်ဆောင်ပေး၍ ပိဋကတ်တော်များကို တောင်းခံရာ မချေမငံပြောသဖြင့် သထုံပြည်ကို တိုက်ခိုက် သိမ်းပိုက်ကြောင်း၊ ပိဋကတ်တော်အစုံနှင့် ဆင်ဖြူ (၃၃) စီး ခေါ်တင်ဆောင်ခဲ့ကြောင်း ဆိုပါသည်။

ဤသည်ကိုထောက်၍ သထုံ မနူဟာမင်းသည် ဆင်ဖြူတော် (၃၃) စီးပိုင်ကြောင်း တွေ့ရသည်။ ကောဇာနှစ် ၅၃၅ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းသည် ဆင်ဖြူတော် (၃၆) စီး ရှိသည်။

ကောဇာနှစ် ၆၄၃ ခုနှစ်တွင် ပုဂံ နရပတေ့မင်းက မုတ္တမ၌ အစောင့်ထားသော အလိမ္မာအမတ်ကို သတ်၍ နန်းတက်သော ဝါရေရုမင်းသည် မြန်မာနှစ် ၆၅၅ ခုနှစ်၌ ဆင်ဖြူတော်ရလေသည်။



ဆင်ဖြူမရှင် မိဖုရားကြီးပုံ

**ပင်းယခေတ်**

ပင်လယ်စား သီဟသူသည် ပင်းယ ၌ နန်းမတက်မီ ပင်လယ်၌ မင်းပြုနေစဉ် မြန်မာနှစ် ၆၇၁ ခုနှစ်တွင် စမုန်မြစ်အတွင်း မျောပါလာသော ဆင်ဖြူမအသေကောင်ကို ဆယ်ယူ၍ သစ်၊ ဝါးများဖြင့် ထူမ,ပြီးလျှင် တက်၍စီးလျက် တစ်စီးရှင်အမည်ကိုခံယူသဖြင့် တစ်စီးရှင်သီဟသူ တွင်လေသည်။

တစ်စီးရှင်သီဟသူ၏ သားတော်ကျော်စွာသည် မင်းမဖြစ်မီ မြန်မာနှစ် ၇၀၃ ခုနှစ်တွင် မုန်တောမှ ဆင်ဟိုင်းတစ်စီးနှင့် ဆင်ပေါက်တစ်စီး၊ စမုန်မြစ်နားမှတစ်စီး၊ လွန်ကဲကျွန်းမှ တစ်စီးနှင့် ဆင်ပေါက်တစ်စီး၊ စုစုပေါင်း ဆင်ဖြူ (၅) စီးရှိသဖြင့် ငါးစီးရှင်ကျော်စွာဟု တွင်လေသည်။

မုန်တောမှရရှိသော ဟိုင်း (အစွယ်မထွက်သေးသော ဆင်ဖြူ) တစ်စီးကို ပုလဲတမူး ဟူ၍ လည်းကောင်း၊ ပေါက် (ဆင်ထီးကြီး) တစ်စီးကို ပစ္စယာနာဂ ဟူ၍ လည်းကောင်း၊ စမုန်မြစ်နားမှရသော တည် (အစွယ်တစ်ချောင်းသာ အပြင်ထွက်သောဆင်ဖြူ) တစ်စီးကို ဥပေါသထာ ဟူ၍ လည်းကောင်း၊ လွန်ကဲကျွန်းမှရသော အစွယ်စုံတိုး (တစ်ချောင်းသာ အပြင်ထွက်သောဆင်ဖြူ) တစ်စီးကို ချစ်စွမရဲ ဟူ၍လည်းကောင်း၊ ပေါက် (ဆင်ထီးကြီး) တစ်စီးကို ကေသရာ ဟူ၍ လည်းကောင်း အမည်မှည့်ပါသည်။

မြန်မာနှစ် ၇၁၃ ခုနှစ် ပင်းယ၌ နန်းတက်သော နရသူ (လေးစီးရှင်ကျော်စွာ၏ညီတော်) လက်ထက် ဆင်ဖြူ (၃) စီးသာ ကျန်သဖြင့် နန်းစံ၍ (၃) နှစ်ရှိသောအခါ ဆင်ဖြူ (၃) စီးနှင့် နရသူကို ပါမောသို့ ယူဆောင်သွားသဖြင့် ပါမောနရသူဟု တွင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

**စစ်ကိုင်းခေတ်**

မြန်မာနှစ် ၇၀၆ ခုနှစ် စစ်ကိုင်း၌ နန်းတက်သော အနော်ရထာမင်းရဲ (အသင်္ခယာစောယွမ်း၏ သားတော်) သည် ဆင်ဖြူရှင်ဘွဲ့ကိုခံယူသဖြင့် ဆင်ဖြူရှင် အနော်ရထာမင်းရဲဟု တွင်လေသည်။

**အင်းဝခေတ်**

မြန်မာနှစ် ၇၆၃ ခုနှစ် အင်းဝ၌ နန်းတက်သော တရဖျား (မင်းကြီးစွာစော်ကဲ၏သား) သည် ငယ်စဉ်က အောက်မားဆင်မှ ဆင်ဖြူတော်မွေး၍ ရသဖြင့် ဆင်ဖြူရှင်ဘွဲ့ကိုရ၏။ (အောက်မားဆင် ဟူသည်မှာ တောဆင်ရိုင်းကို ကျုံးတွင်းရောက်အောင် သွေးဆောင်ခေါ်ယူသည့် တည်ဆင်ကိုခေါ်သည်။)

မြန်မာနှစ် ၇၈၅ ခုနှစ် အင်းဝ၌ နန်းတက်သော သီဟသူ (ပထမမင်းခေါင်၏သား၊ ဟံသာဝတီဘုရင်မ ရှင်စောပု၏ခင်ပွန်း) သည် အထိန်းတော် မြေဒူးစား ဥတ္တမသီရိ ဇေယျနော်ရထာ ဆက်သသည့် လေးတောင်ပြည့် ဆင်ဖြူတော်တစ်စီး၊ ပြည်စား စောရွှေခေတ်က ဆက်သသည့် ဆင်ဖြူတော်တစ်စီး၊ ပေါင်း (၂) စီး ရရှိသဖြင့် ဆင်ဖြူရှင်သီဟသူဟု ခေါ်သည်။ မြန်မာနှစ် ၉၁၆ ခုနှစ် အင်းဝ၌ နန်းတက်သော သတိုးမင်းစောသည် အောက်မားဆင်မှ ဆင်ဖြူတော်မွေးသဖြင့် ဆင်ဖြူရှင်သတိုးစော ဟူ၍ အမည်တွင်ခဲ့သည်။

**တောင်ငူခေတ်**

မြန်မာနှစ် ၇၈၂ ခုနှစ်တွင် အင်းဝမင်းခေါင်ကြီးက စောလူးသင်္ခယာအား တောင်ငူ၌ မင်းအဖြစ် အုပ်ချုပ်စေ၏။ ၇၈၈ ခုနှစ်၌ ဆင်ဖြူတော်ရ၍ အင်းဝမိုးညှင်းမင်းတရားကို တော်လှန်ပြီးလျှင် ရေလွှဲငါးခရိုင်ကို သိမ်းယူလျက် သီးခြားမင်းပြုလေသည်။

(နေပြည်တော်လယ်ဝေး၊ နေပြည်တော်ပျဉ်းမနားဒေသဖြစ်သော ရမည်းသင်း၊ ပက်ပိုင်၊ ပြကောင်းတောင်ညို၊ တမြင်ဆန်းဆည်များကို ရေလွှဲငါးခရိုင်ဟု ခေါ်သည်။)

**ဟံသာဝတီ**

မုတ္တမဝါရေရုမင်းဆက်မှ မြန်မာနှစ် ၇၁၀ ပြည့်နှစ်တွင် ပဲခူးကို ဟံသာဝတီသမုတ်၍ ပြောင်းရွှေ့ နန်းတက်သော ဗညားဦးသည် ဆင်ဖြူတော်ရရှိသဖြင့် ဆင်ဖြူရှင်ဗညားဦးဟု တွင်သည်။ မြန်မာနှစ် ၉၁၂ ခုနှစ် ဟံသာဝတီ၌ နန်းတက်သော ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ယိုးဒယားကိုတိုက်ခိုက်ရာမှ ဆင်ဖြူများရရှိသဖြင့် ဆင်ဖြူများရှင် ဟူသောဘွဲ့ကို ခံယူနိုင်သည်။

**ညောင်ရမ်းခေတ်**

မြန်မာ ၁၀၆၀ ပြည့်နှစ် အင်းဝ၌ နန်းတက်သော စနေမင်းသည် ညီတော်ကို ပုဂံဘုရင်ခံအဖြစ် ခန့်ထားပြီး သားတော်ကို အိမ်ရှေ့ဥပရာဇာပေးသည်။ ညီတော်က မခံရပ်နိုင်သဖြင့် ပုန်ကန်ခြားနား၍ ဟံသာဝတီတောတွင်း၌ နေစဉ် မွန်အမျိုးသမီးတစ်ဦးနှင့်သင့်မြတ်၍ မောင်သာလှ အမည်ရသော သားတစ်ယောက်မွေးသည်။ မောင်သာလှသည် စစ်တောင်း၌ ဆင်ဖမ်းရာမှ ဆင်ကျားတစ်ကောင်ရသဖြင့် ဆင်ကျားရှင်ဘွဲ့ကို ခံယူသည်။

**စာရေးသူ၏မှတ်ချက်** ။ ။ *ဝှင်းဆင်ကျားရှင်မင်း၏သမီးတော် ရှင်အောင်ပံမှမွေးသည့် ရှင်ပုစွန်သည် ညောင်ရမ်း စကြာဝန်ကြီး ဦးမြတ်ရာနှင့်လက်ဆက်ရာ မိမိနှောက်ကိုမွေး၏။ မိမိနှောက်သည် ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးမင်းသားနှင့် လက်ဆက်ရာမှ သီပေါမင်း၏မယ်တော် လောင်းရှည်မိဖုရားကို မွေးသည်။*

**ကုန်းဘောင်ခေတ်**

မြန်မာနှစ် ၁၁၂၅ ခု အလောင်းမင်းတရားကြီး၏ဒုတိယသားတော် မြေဒူးမင်းသားသည် နန်းတက်ပြီးနောက် ၁၁၃၃ ခုနှစ်၊ နယုန်လတွင် မကွေးမြို့မှ ဆင်ဖြူတော်ရသဖြင့် ဆင်ဖြူရှင်ဘွဲ့ကို ခံယူသည်။

(ကုန်းဘောင်မင်း ၁၁ ဆက်တွင် ဆင်ဖြူရှင်ဘွဲ့ခံသည်မှာ ဤမင်းတစ်ပါးသာ ဖြစ်၏။)

ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက် မြန်မာနှစ် ၁၁၄၆ ခုနှစ်၊ နယုန်လတွင် ရန်အောင်မြင်သစ်တောမှ ဆင်ဖြူ (၁) စီး၊ တပို့တွဲလတွင် ရွှေကြာသိန်းသောင်းတောမှ ဆင်ဖြူ (၁) စီး၊ ၁၁၄၇ ခုနှစ်၊ နယုန်လတွင် အင်တောက်သာတောမှ ဆင်ဖြူ (၁) စီး၊ ၁၁၅၀ ပြည့်နှစ် နတ်တော်လတွင် ကလေးမြို့ တောမှ ဆင်ဖြူ (၁) စီး၊ ၁၁၅၈ ခုနှစ်၊ သီတင်းကျွတ်လတွင် ကလေးမြို့ တောမှ နောက်ထပ် ဆင်ဖြူ (၁) စီးနှင့် တောင်တွင်းကြီးမှ ဆင်ဖြူ (၂) စီး၊ ၁၁၆၆ ခုနှစ်၊ ဝါခေါင်လတွင် ဟံသာဝတီ လှိုင်မြို့နယ် မင်းလှအရပ်မှ ဆင်ဖြူ (၁) စီး၊ ၁၁၆၈ ခုနှစ်၊ တပို့တွဲလတွင် ဟံသာဝတီ နိုဗ္ဗာန်ရွာ အရှေ့ ကွင်းသာယာအရပ်မှ ဆင်ဖြူ (၁) စီး၊ စုစုပေါင်း ဆင်ဖြူတော် (၉) စီး ရရှိခဲ့သည်။

စစ်ကိုင်းမင်း(ဘကြီးတော်) လက်ထက် မြန်မာနှစ် ၁၁၈၃ ခုနှစ်၊ ပထမဝါဆိုလတွင် ယောမြို့ကျေး ကျောက်စရစ်ကန်ချောင်းမှ ဆင်ဖြူတစ်စီး ရရှိသည်။

မြန်မာနှစ် ၁၁၉၉ ခုနှစ် သာယာဝတီမင်း လက်ထက်တော်၌ နယုန်လတွင် ယောမြို့ကျေး ရဲထူးတောမှ ဆင်ဖြူ တစ်စီး၊ ၁၂၁၂ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ဗန်းမော်မြို့ဝန်က ဆက်သသော ဆင်ဖြူတစ်စီး၊ ပေါင်း နှစ်စီး ရရှိသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြန်မာနှစ် ၁၂၂၀ ပြည့်နှစ်၊ ပထမဝါဆိုလတွင် သောင်သွပ်စော်ဘွားက ဆက်သသည့် ဆင်ဖြူမတစ်စီး၊ ၁၂၂၃ ခုနှစ်၊ တော်သလင်းလတွင် မောက်မယ်ကျမိုင်းက ဆက်သသည့် ဆင်ဖြူတစ်စီး၊ ၁၂၂၇ ခုနှစ်၊ နယုန်လတွင် ယောမြို့ကျေး ခင်အေးတောမှရသော ဆင်ဖြူ တစ်စီး၊ ၁၂၂၈ ခုနှစ်၊ ပြာသိုလတွင် ညောင်ရွှေစော်ဘွားက ဆက်သသည့် ဆင်ဖြူတစ်စီး၊ ၁၂၃၀ ပြည့်နှစ်၊ တန်ခူးလတွင် တကောင်းမြို့ကျေး ကျွဲစားအင်းတောမှရသော ဆင်ဖြူ တစ်စီး၊ နယုန်လတွင် ငွေတောင်ရွာနေ ရှမ်းဗိုလ်ငနက ငွေဒင်္ဂါး (၁၂၀၀) ဖြင့် ဝယ်၍ဆက်သသည့် ဆင်ဖြူတစ်စီး၊ နောင်မွန်မြို့အုပ်က ဆက်သသော ဆင်ဖြူမ တစ်စီး၊ ၁၂၃၉ ခုနှစ်၊ ဝါခေါင်လတွင် သနီစော်ဘွားကဆက်သသည့် ဆင်ဖြူမ နှစ်စီး၊ တန်ဆောင်မုန်းလတွင် ဒုရကတိုင်း ထားဝယ်မှဆက်သသည့် ဆင်ဖြူမ တစ်စီး၊ စုစုပေါင်း ဆင်ဖြူတော် (၁၀) စီး ရရှိသည်။

ဘဝရှင်မင်းတရားကြီးလက်ထက်တော် အောက်မြို့ကျေး ထားဝယ်မှ ဆက်သသည့် ဆင်ဖြူမရတနာ သီရိမဟာသုဘဒ္ဒါကို မင်းတရားကြီးက ပေးတော်မူ၍ အလယ်နန်းတော်မိဖုရား သီရိပဝရမဟာရတနာဒေဝီသည် မြန်မာရာဇဝင်တွင် မည်သည့်မိဖုရားခေါင်ကြီးမှပင် မခံယူရဘူးသည့် ဆင်ဖြူမရှင်ဘွဲ့ထူးကို ခံယူရပါသည် ဘုရား

ဟူ၍ အဆုံးသတ်ထားသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ဟိုးတစ်ချိန်က ရန်ကုန်မြစ်ရဲ့ဒီဘက်ခြမ်းက မြို့တော်ရန်ကုန် ကြည့်မြင်တိုင်ကမ်းနားဖြစ်ပြီး အခြားတစ်ဖက်ကတော့ လယ်ကွင်းတွေနဲ့စိမ်းစိုနေခဲ့တဲ့ ရွာငယ်လေးတွေ ရှိခဲ့ပါတယ်။ ဒီစဉ်က တစ်ဖက်ကနေတစ်ဖက်ကိုလာရင် သမ္ဗန်ငယ်လေးတွေနဲ့ ကူးခပ်ရတာပေါ့။ စက်သမ္ဗန်, လက်ခတ်သမ္ဗန် စသည်ဖြင့်ပေါ့လေ၊ မောင်ဖိုးထောင်တို့ ပုလဲငါးဌာနပိုင် ရေပေါ်လွှန်း၊ ဘိုလိုခေါ်တော့ Floating Dock ဆိုတာ ရှိခဲ့ဖူးပါတယ်။ ယခုဘုရင့်နောင်တံတားအနီး မြစ်သုံးဆိုင်နားမှာ ရှေ့ကျောက်၊ နောက်ကျောက်၊ ဘေးကျောက်များချပြီး ဌာနပိုင်ရေယာဉ်များကို လွှန်းတင်ပြုပြင်ပေးတဲ့ နေရာတစ်ခုပါပဲ။

လွန်ခဲ့တဲ့ အနှစ် (၃၀)ကျော်ကတော့ သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဘူးလို့ ပြောရမှာပေါ့။ ဒီရေပေါ်လွှန်းကျင်းကြီးမှာ မြန်မာလူငယ် အင်ဂျင်နီယာတွေ၊ အလုပ်သမားတွေနဲ့ စက်ရုံကြီးတစ်ရုံလို လုပ်ကိုင်နေကြရတာပါ။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်နဲ့ ညနေတစ်ကြိမ် တစ်နေ့ (၃)ကြိမ်ပဲ ကြို့ပို့ဌာနဆိုင်ရာဖယ်ရီ ထားရှိပါတယ်။ ရေစီးသန်တာကြောင့် မလိုအပ်ဘဲ ထိခိုက်မှုတွေဖြစ်မှာစိုးလို့ အပြင်လှေသမ္ဗန်များ ကပ်ခွင့်မပြုပါဘူး။ ဒါပေမယ့် တို့မြန်မာများက စည်းကမ်းလိုက်နာ၊ အချိန်လေးစားကြတော့ တစ်ခါတစ်ရံလည်း 'ဂေါ်ဂို' လေးနဲ့ ကပ်ရတာပါပဲ။ သမ္ဗန်ဆရာတွေကလည်း 'ငကျွမ်း' တွေဆိုတော့ ရေတက်၊ ရေကျ၊ ရေသေ အချိန်တွက်, ရေစီးတွက်ပြီး အဝင်၊ အထွက် လုပ်ကြရတာပေါ့။ အိမ်ကထွက်၊ ဘတ်(စ်)ကားစီး၊ ရေဆိပ်ထိ လမ်းလျှောက်၊ ဖယ်ရီပေါ်တက်၊ ရေပေါ်လွှန်းရောက်။ အပြောလွယ်သလောက် အချိန်ကိုက်ဖို့ ခက်သဗျာ။ အိမ်က ဘယ်လောက်ထွက်ထွက် ကားဂိတ်မှာ ကားအလာစောင့်ရ၊ မီးခြစ်ဆံဘူးထဲ ဂေါ်ဇီလာထည့်ထားသလို ချောင်ချိတ်ကားပေါ် တွယ်တက်ရတာ၊ တစ်ခါတလေ အံမြှုတမ်း ယောက်ျားပီသစွာ တာဇံ



www.burmeseclassic.com

www.burmeseclassic.com

နွယ်ကြိုးခိုသလို ကားဘေး၊ ကားနောက် တွယ်စီးရတာ။ လမ်းမှာများ ကားပျက် လို့ကတော့ သေပြီဆရာပဲ။ အကျိုး ဆက်ကတော့ ဖယ်ရှိမမိဘူးပေါ့ဗျာ။ အလုပ်ချိန် နောက်မကျစေဖို့ အသက် ကို ဖက်နဲ့ထုပ် (အဲဒီတုန်းက ကျွတ်ကျွတ် အိတ်တွေ ခုလောက် ခေတ်မစားသေး ဘူး။) ပြီး ရုံးချိန်အမီရောက်စေဖို့ 'ဂေါ် ဂီ' လေး အားကိုးကြရတာပေါ့ဗျာ။ သူ့ ဇာတ်နဲ့သူ့အရပ်ကတော့ လိုက်တယ်ဗျ၊ သိပ်မကြီးတကြီး တာဝန်ကျအရာရှိများ ကလည်း အန္တရာယ်မရှိ ပြီးရော ခွင့် ပြုရတာပါပဲ။ ဟုတ်တယ်လေ၊ ဒီမှာအ လုပ်လုပ်နေတဲ့ပုဂ္ဂိုလ်များက တော်တန် ရုံမဟုတ်ဘူး၊ ကျွမ်းကျင်တွေ။ ဒီနေရာ မှာ သူမရှိရင်မဖြစ်ဘူး မဟုတ်ပေမယ့် နည်းနည်းတော့ အခက်အခဲဖြစ်၊ အဆင် မပြေ ဖြစ်တတ်တာပေါ့။ ဒါကြောင့် ပြောတာပါ၊ အချင်းချင်း နားလည်ခွင့် လွှတ်စာနာလို့ ညှိနှိုင်းလုပ်ဆောင်ကြရင် အေးဆေးပါလို့။ အဲ - ကြုံတုန်းပြောရ ဦးမယ်၊ အဲဒီတုန်းက ဘတ်(စ်)ကားတွေ ကျပ်ပေမယ့် ခရီးသွားချင်း စာနာကြ သဗျ။ ရဟန်း၊ သက်ကြီးရွယ်အို၊ ကိုယ် ဝန်ဆောင်မိခင် စသဖြင့် နေရာပေးသင့် တဲ့လူတွေ ပါလာရင် ထိုင်နေသူတွေက အလိုက်တသိ ဖယ်ပေးကြတယ်။ နေ ရာဖယ်ပေးဖို့ ဘယ်သူမှ ပြောစရာမလို ဘူး။ ပစ္စည်းတွေ မနိုင်မနင်းဖြစ်နေတာ၊ ထမင်းချိုင့်၊ ခြင်း တိုးလိုးတွဲလောင်းဖြစ် နေတာတွေ့ရင်လည်း ထိုင်နေသူက ယူ ပြီး ပေါင်ပေါ်တင်ပေးထားတယ်။ တစ် ယောက်ကို တစ်ယောက်က ကူညီကြ တယ်။ ဘတ်(စ်)ကားပေါ်မှာ ထိုင်ခုံလု တာဟာ ရှက်စရာကောင်းမှန်း လူတိုင်း လက်ခံတယ်။ ကားပေါ်မှာ မိန်းကလေး တွေ လက်သရမ်းခံရရင်လည်း တွေ့တဲ့ လူက ကာကွယ်ပေးသလို လုပ်တဲ့လူကို လည်း အလွန်တရာ အောက်တန်းကျ တဲ့လူအဖြစ် သတ်မှတ်ခံရတယ်။ ကျွန် တော်ထင်တယ်လေ၊ သံယာကို သံယာ မှန်းသိ၊ အရှက်အကြောက်ကို သေချာ နားလည်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်က လွန်ခဲ့တဲ့ အနှစ် (၃၀) ထိ မြန်မာတို့အ ရပ်မှာရှိခဲ့ဖူးတာ အခိုင်အမာပါ။ ခုချိန် မှာ မြန်မာ့ဓလေ့ထုံးစံများကို မိဘများ ကလည်း ကိုယ်တိုင်လိုက်နာ၊ သားသမီး များကိုလည်း သင်ပြပေးရင်တော့ ချစ် စရာကောင်းတဲ့ တို့မြန်မာများကို ပြန် တွေ့ရဦးမှာပါ။

ဒီတော့ဗျာ. . . ရေစီးသန်တဲ့မြစ် ထဲမှာ 'ဂေါ်ဂီ' စီးပြီး အလုပ်ဆင်းရတဲ့ ကျွန်တော်တို့မှာ 'ဘုရား၊ ဘုရား' နဲ့ အမြဲ တမ်း ကုသိုလ်ရနေတာပေါ့။

မောင်ဖိုးထောင် သင်တန်းဆင်း ပြီးလို့ သင်္ဘောသားစစ်စစ် ဖြစ်သွားခဲ့ ပါပြီ။ ဒါကြောင့် လွန်းတင်ထားတဲ့ သင်္ဘောမှာ သံချေးခေါက်၊ ဆေးသုတ် ဖို့ရောက်ရှိလာပါပြီ။ တစ်သက်နဲ့တစ် ကိုယ် သင်္ဘောကြီးတစ်စင်းလုံး ဖင်တုံး လုံးနဲ့မြောက်နေတာ ဒါပထမဆုံးပဲ မြင် ဖူးတာဗျ။ အောက်ပိုင်းကိုယ်ထည်တွေ ကို သဲနဲ့စားပြီး တိုက်ထားတာ ပြောင် နေပြီလေ။ ထုံးစံအတိုင်း အလှည့်ကျ ည အိပ်ရတာပေါ့။ ငါးဖမ်းသင်္ဘောပီပီ တက်မ,ခန်းရှေ့မှ သင်္ဘောဦးအထိ (၁၅

ပ င် လ ယ် ပျေ ာ် မှ တ် တ မ်း ( ၂ )

# သံယောဇဉ်ကိုကို

# ဇော်(ပင်လယ်ပျော်)





www.burmeseclassic.com

www.burmeseclassic.com

ပေ) လောက်ပဲ ကျယ်တယ်။ ညဆို အဲဒီမှာထိုင် ထွေရာလေးပါးပြော၊ ပါလာတဲ့ လက်ဖက်သုပ်လေး, အကြော်လေးနဲ့ လူစုကြတာပေါ့။ ဒီတုန်းက ငယ်သေးတော့ နားမလည်ခဲ့ဘူးလေ။ သိတာတော့ သိနေတယ်။ သိင်္ဂုတ္တရကုန်းတော်ပေါ်က ရွှေရောင်တွေ တဝင်းဝင်းနဲ့ ရွှေတိဂုံစေတီတော်ကို လှမ်းဖူးရတာကတော့ လူဖြစ်ရကျိုးနပ်သဗျ။

ရွာက ဘထွေးတို့၊ အရီးလေးတို့ဆို ဘယ်လောက်ပျော်ကြရှာမလဲနော်။ တွေးမိတာပါ။ ပြောသာပြောတာ၊ မောင်ဖိုးထောင်လည်း ဆရာ့ဆရာကြီးများရဲ့ညွှန်ကြားချက်အရ မိုးခါးရေတော့ နည်းနည်းသောက်စ ပြုရတာပေါ့။ တံငါဖြစ်ပြီး အခါးရည်လေးနည်းနည်းမှ မငုံ့ရင် သင်းကွဲဟနုမန် ဖြစ်သွားမှာပေါ့။

ညအိပ်တာဝန်မှာ အရာရှိတစ်ယောက်လည်း ပါသဗျ။ သူကတော့ ခဏထိုင် ပြောစရာရှိတာပြောပြီး သင်္ဘောအတွင်းခန်းမှာ ရုံးအလုပ်တွေလုပ်ပြီး ရှုပ်နေတာပေါ့။ ပြောရဦးမဗျ၊ မောင်ဖိုးထောင်တို့အဖွဲ့ ညတာဝန်ယူခဲ့တာ ဒီနေ့ပါဆို တစ်ပတ်လောက်ရှိပြီ။ တစ်ညတစ်မျိုးမရိုးရအောင် ဧည့်ခံတာ ခံထားရလို့ ဘယ်သူမှ အတွင်းခန်းမဝင်ဘဲ အပြင်ကုန်းပတ်မှာ စုနေကြတာ သဘောပေါက်။ အရာရှိမင်းကတော့ Style ရှိမှ Star ဖြစ်တဲ့သူ ဆိုတော့ အလုပ်ပြီးရင် အခန်းထဲက အိပ်စင်မှာ ဇိမ်ကျတော့မယ့်သဘောပေါ့ဗျာ။ ဒီလိုနဲ့ ထွေရာလေးပါးပြောပြီး အိပ်ကြမယ့်အချိန်မှာပဲ အတွင်းခန်းက အရာရှိရဲ့အော်သံကို ကြားရလို့ အားလုံး မတိုင်ပင်ဘဲ အခန်းထဲ ပြေးဝင်ခဲ့ကြတယ်။ သင်္ဘောအတွင်းခန်းမှာက ရေပေါ်လွန်းက ယူထားရတဲ့ မီးပဲ ရှိတယ်လေ၊ မီးရောင်လေး ခပ်မှိန်မှိန်ပေါ့။

ကြမ်းပြင်ပေါ်မှာတော့ အရာရှိမင်းက ခြေဆင်းပြီး နံရံကို ကျောမှီလို့။ လက်ထဲမလည်း ရေပုံမှာသုံးတဲ့ သစ်သားမြင်းလုံးကြီးကိုင်လို့ ကြောင်ကြောင်ကြီး မေ့နေတယ်။ ပထမဆုံးကတော့ ကြောက်အားလန့်အားနဲ့ သမမှာစိုးလို့ လက်ထဲက သစ်သားမြင်းလုံးကိုယူ၊ ဒုတိယကတော့ ဘုရားဆောင်ပေါ်က သောက်တော်ရေကို စွန့်လို့ အရာရှိမျက်နှာကို သောက်တော်ရေနဲ့တောက်လိုက်မှ ပြူးတူးပျာတာနဲ့ ထပြီး 'ဟိုကောင်မ ငါ့ကို. . .' ဆိုပြီး ထပ်မေ့သွားလို့ အပြင်ကို တွဲထုတ်လာရတယ်။

သင်္ဘောပေါ်က ဒီလောက်ဆူနေမှတော့ Dock ပေါ်ကလူတွေပါ ကူးလာကြပြီး သတိရအောင် ဝိုင်းလုပ်လိုက်ရတယ်။ အရာရှိသတိရမှ သူလည်း ကျွန်တော်တို့လိုပဲ ဧည့်ခံ ခံလိုက်ရမှန်းသိတော့တယ်။

ဖြစ်စဉ်က ဒီလိုဗျ. . .

(အရာရှိ ပြောတဲ့အတိုင်း ရေးတော့မှာနော်။)

"ငါက မင်းတို့နဲ့ အာပြီး မနက်ရုံးပို့ရမယ့် Report တွေ၊ Dock ဆင်းရမယ့်ကိစ္စတွေ ပြင်စရာရှိတာပြင်နေတုန်း ဘေးနားက File ပြုတ်ကျလို့ ကောက်ပြီး ပြန်တင်ရတယ်။ ခဏနေရင် ပြန်ပြုတ်ကျပြန်ရော။ ထိလည်းမထိဘဲ ပြုတ်ကျတော့ နည်းနည်းတော့ ဆန်းနေတာပေါ့။ မင်းတို့သိတဲ့အတိုင်း သူကြီးကလည်း စာအုပ်ကြီး ဆိုတော့ အလုပ်ပြီးဖို့ပဲ အာရုံစိုက်နေမိတယ်။ တစ်ခါထပ်ပြုတ်ကျတော့ စိတ်မရှည်တာနဲ့ File ကိုကောက်ပြီး အံဆွဲထဲ ထည့်ထားလိုက်တယ်။ သိပ်မကြာဘူး၊ အခန်းထောင့်က ပစ္စည်းတင်တဲ့စင်ကနေ ဘူးတစ်ဘူး ပြုတ်ကျပြီး အထဲကပစ္စည်းတွေ ကြမ်းပေါ်ပြန့်ကျဲသွားတော့ ငါလည်း အလုပ်ရပ်ပြီး ပစ္စည်းကောက်ရင်း ပွစိ ပွစိ ပြောမိတာပေါ့။ ဒီအချိန်မှာ တခစ်ခစ်နဲ့ မိန်းမရယ်သံကြားရသလို၊ ရေစော်ကြီးလည်း နံလာလို့ ငါလည်း ဘေးက မြင်းလုံး ကောက်ကိုင်ပြီး အားရပါးရ ဆဲရင်း လှည့်ကြည့်လိုက်တော့ CHART TABLE (ရေပုံဆွဲတဲ့စားပွဲ) ဘေးမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက် ရပ်နေတာ တွေ့ရတယ်။ ငါ့စိတ်ထဲ မင်းတို့လုပ်ထားတဲ့ အရှုပ်ထုပ်ထင်လို့ 'ငါ့အခန်းထဲ ဘာလာလုပ်တာလဲ၊ ထွက်သွားစမ်း' လို့ အော်လိုက်တော့ ငါ့ကိုလှည့်ပြုံးပြတဲ့ မီးရောင်မှိန်မှိန်အောက်က သူ့မျက်နှာကို ကြည့်ပြီး ကြောက်ကြောက်နဲ့ လက်ထဲက မြင်းလုံးနဲ့လှမ်းအရိုက်မှာ ငါမျက်နှာတစ်ခုလုံး အေးခနဲဖြစ်ပြီး ဘာမှသတိမရတော့ပါဘူးကွာ"

ဒီတော့မှ ကျွန်တော်တို့လည်း အရင်နေ့တွေက ဧည့်ခံပွဲအကြောင်း ဝမ်းသာအားရ ပြောပြကြရတယ်။ အောင်ဘုတုန်းကဆို ပထမပိုင်း ဘာမှန်းမသိဘူး။ နောက်မှ ခြောက်မှန်းသိကြတာ။ အကြောင်းရင်းကတော့ ပါးစပ်ဆော့တဲ့ အမှုပေါ့ဗျာ။ အဲဒီနေ့က Dock ကိုအလာ၊ ရေထဲမှာ မိန်းမအလောင်းတစ်လောင်းပေါ်တာကိုတွေ့တော့ ငပွေးက 'ဟာ- အလတ်ကြီးရှိသေးတယ်၊ နှမြောစရာကွာ' လို့ ပြောခဲ့တယ်။ သမ္ဗန် ရေပေါ်လွန်းမှာ ကပ်တော့ သူတို့နှစ်ယောက်ဆင်းသွားတာ သမ္ဗန်သိသိသာသာပေါ့သွားလို့ သမ္ဗန်ဆရာကတောင် 'ခမျာတို့နှစ်ယောက်စီးတာ သုံးယောက်စာလောက် လေးတယ်' လို့ ပြောလိုက်သေးတယ်။ ထုံးစံအတိုင်း လုပ်စရာရှိတာလုပ်ပြီး ညနေ ဖယ်ရီပေါ်ပြန်ဖို့တက်တော့ အောင်ဘုပုဆိုးစကို တစ်ခုခုငြိနေသလို ဖြစ်နေလို့ 'နေခဲ့စမ်းပါကွာ၊ သင်္ဘောမှာ ငပွေးကျန်ပါသေးတယ်' ဆိုမှ ငြိနေတာ လွတ်သလို ခံစားရတယ်။ ငပွေးကတော့ ဘယ်သိမလဲ၊ ရေချိုးပြီး အဝတ်လဲဖို့ လုပ်နေတာလေ။ သင်္ဘောတစ်စင်းလုံးလည်း သူတစ်ယောက်ပဲရှိသေးတယ်၊ Duty အတွဲတွေက အပြန်ဖယ်ရီနဲ့မှ ရောက်မှာကိုး။

ရေသုတ်ပြီး မျက်နှာသုတ်ပဝါလှမ်းအတင်မှာ တစ်ယောက်ယောက်က ပုတ်ချသလို ခံစားလိုက်ရတယ်။ ဒါလည်း စိတ်ထင်လို့ထင်ပြီး အခန်းထဲက ထွက်လာခဲ့မိတယ်။ နောက် Duty အတွဲအရှည်ကြီးတို့ ရောက်လာမှ ပါလာတဲ့ ထမင်းထုပ်ဖြေပြီး ညစာစားကြတယ်။ အခန်းထဲမှာ ရေစော်နံလာလို့ တံခါးပေါက်တွေ ထဖွင့်ပြီး ပြန်ထိုင်တော့ ထမင်းထုပ်ထဲကအမဲသားတွေ မရှိတော့ဘူး။ အချိန်ကလည်း အခုမှ ညနေ (၁၇း၃၀ နာရီ) (၅ နာရီခွဲ) ကျော်ကျော်ရှိသေးတာ။ ညကျတော့လည်း သင်္ဘောပေါ် ဟိုက ကျွိကျွိ၊ ဒီက ကျွိကျွိနဲ့ ကြားနေပေမယ့် Dock ပေါ်က သင်္ဘောသူခိုးတက်စရာမရှိလို့ စိတ်ချလက်ချ အိပ်မိလိုက်တယ်။

နောက်တစ်နေ့က အောင်ဘု ညစောင့် Duty ပေါ့။ မနေ့ညကကိစ္စကို ပြောပေမယ့် အောင်ဘုတို့က ဟားတောင် လွှတ်လိုက်သေးတယ်။ ဒီည တွဲဖက်က ကျွန်တော် မောင်ဖိုးထောင် ခင်ဗျ။ ညစာစားတော့ (၂၀း၀၀) နာရီ (၈ နာရီ) ကျော်ပြီလေ။ တေသားကတော့ ထုံးစံ စားဦးစားဖျား ကန်တော့ပြီး စားဖြစ်တယ်။ နောက် သောက်ပွဲလေးမစ, ခင် ဖူးနေရတဲ့ ရွှေတိဂုံစေတီတော်ကို အာရုံပြုလို့ ကန်တော့၊ မေတ္တာပို့၊ အမျှဝေလိုက်တယ်။ ဝုန်းဒိုင်းအသံတွေနဲ့အတူ အောင်ဘု အရှေ့ဘက် ကုန်းပတ်ပေါ်ရောက်လာတယ်။ မျက်နှာတစ်ခုလုံးလည်း ချွေးစေးတွေပြန်လို့ဗျ။ ကျွန်တော် ဘုရားရှိခိုးနေတုန်း အောင်ဘုက အခန်းထဲဝင်ပြီး စားစရာယူနေတုန်း ရေ



www.burmeseclassic.com

www.burmeseclassic.com

စော်နံလာလို့ လှည့်ကြည့်လိုက်တော့ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် အခန်းဝမှာရပ်ပြီး ပြုံးပြနေတယ်။ တစ်ကိုယ်လုံးလည်း ရေတွေရွှဲလို့တဲ့ဗျာ။ အောင်ဘုက ဘယ်ကမိန်းမလဲ ဆိုပြီး အနားသွားတော့ အောင်ဘု အနားမရောက်ခင် လှည့်ထွက်သွားတယ်။ အောင်ဘုကို ဒါမျိုးစမ်းလို့ ဘယ်ရမလဲ။ အသေရှာ အရှင်ရရ အနောက်က အမိလိုက်ဖမ်းတာ။ အပြင်ရောက်တော့ ဘာမှမရှိဘူး။ ဒါနဲ့ နှစ်ယောက်သား လိုက်ရှာတော့ အောင်ဘုအခန်းထဲမှာလည်း ရေတွေ၊ အောင်ဘု ပြေးထွက်လာတဲ့ဘက်မှာလည်း ရေတွေရွှဲနေတာ တွေ့ရတယ်။

'ဖိုးထောင်ရေ၊ အောင်ဘုရေ- အောင်မလေး- တရဲ ခြောက်တယ်ဗျ၊ တရဲ. . . တရဲ' ဆို အာပြဲကြီးတွေနဲ့ သံကုန်ဟစ်ပြီး Dock ပေါ် ပြေးခဲ့ကြရတယ်။ ဒါပေမယ့် ကြောက်လို့ အပြောခံရမှာစိုးလို့ ထစ်ဖွဲ့နဲ့တစ်ဖွဲ့ အသိမပေးခဲ့ကြဘူး။ ညဘက်ရောက်မှာကို တထိတ်ထိတ်နဲ့ စောင့်နေရသလို ကြောက်ကြောက်လန့်လန့်နဲ့ Duty ညများကို ဖြတ်သန်းခဲ့ကြရတာ ဒီနေ့မှပဲ ကုန်ဆုံးသွားတော့တယ်။ တာဝန်ကျ အရာရှိ အပါအဝင် တာဝန်ကျသင်္ဘောသားအားလုံး သင်္ဘောဦးပိုင်း ကုန်းပတ်မှာ စုထိုင်လို့ ဒီတစ်ညကို ကျော်ဖြတ်ခဲ့ကြရတယ်။ ဘုန်းကြီးကျောင်းသား ဖိုထောင်က ဒီနေရာမှာတော့ ဆရာကြီးပေါ့ဗျာ။ ဘုရားစာတွေ၊ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်တွေကို ရွတ်ဖတ်ပူဇော် စည်းချလို့ အားလုံး တစုတဝေးပဲ နေလိုက်ကြတယ်။ အရှေ့ဘက်က ထွက်လာတဲ့ နေဝန်းနဲ့အတူ ဖိုးထောင်တို့ရဲ့ သူရသတ္တိတွေလည်း ထွက်ပြူလာပြီး နေရောင်အောက်မှာ တစ်ရေးတစ်မော အိပ်လိုက်ကြတာ ပထမအရာရှိတို့အဖွဲ့ရောက်မှပဲ နိုးကြတော့တယ်။

"ဟိတ်ကောင်တွေ၊ ညမအိပ်ဘဲ ဘာလုပ်နေလို့ ခုထိ မထကြသေးတာလဲကွ"

"ဟာ- ကုန်းချုပ်ရေ ပြောမနေနဲ့။ သင်္ဘောမှာ သရဲမ သောင်းကျန်းလို့ အထဲမှာမပြောနဲ့ အပြင်မှာတောင် အိပ်ဖို့နေနေသာသာ မျက်စိတောင် မမှိတ်ရဲဘူး။ မိုးလင်းမှ ရဲရဲတင်းတင်း အိပ်ရတာဗျ"

ဆိုပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြရတော့တယ်။ ရေယာဉ်မှူးတို့၊ ကုန်းချုပ်တို့၊ စက်ချုပ်တို့ ခေါင်းစားကုန်တာပေါ့။ ညဘက် တာဝန်ကိုလည်း မချလို့မရဘူး။ ချပြန်တော့လည်း မူးကြောင်ရူးကြောင်နဲ့ သင်္ဘောပေါ်ကနေ Dock ကြမ်းပြင်ပေါ် ပဲကျကျ၊ ရန်ကုန်မြစ်ထဲ ပဲကျကျ အန္တရာယ်ရှိနိုင်တာကိုးဗျ။ ဒါနဲ့ ညဘက်ကို အရာရှိတစ်ယောက် (သို့) အင်ဂျင်နီယာတစ်ယောက်နဲ့ ကုန်းပတ်သင်္ဘောသား နှစ်ယောက်၊ စက်ခန်းသင်္ဘောသား တစ်ယောက် အဖွဲ့ဖွဲ့ပေးလိုက်ရတယ်။

ညဘက်တာဝန်ကျ အရာရှိ (သို့) အင်ဂျင်နီယာနဲ့ သင်္ဘောသားအုပ်စုဟာ ညနေ (၁၈း၀၀ နာရီ) (၆ နာရီ) အရောက်လာရပြီး မနက် တာဝန်လာလဲမယ့်အဖွဲ့က မနက် (၉) နာရီအရောက် လာလဲပေးရပါတယ်။ ဘာတွေဘယ်လို လုပ်ကြသော်လည်း မသရဲ ကတော့ သူ့တာဝန် သူကျေပါပေတယ်ဗျာ။

ညနေမှောင်စပျိုးတာနဲ့ သင်္ဘောခန်းတွေထဲမှာ လျှောက်သွားနေတဲ့ ဆံပင်ဖားလျားနဲ့ မသရဲကို ရိပ်ခနဲ မြင်ရတတ်သလို၊ တယောက်ချင်း,နှစ်ယောက်ချင်း သင်္ဘောသားခန်းကို ဝင်ရင်လည်း ဘေးကနေ ဖြတ်သွားလို ဖြတ်သွားနဲ့ သူ့ရှိကြောင်း အမျိုးမျိုး ကြော်ငြာနေတော့တာပဲ။ ကမ်းကုန်လို့ ရေထဲရောက်လာတဲ့ သင်္ဘောသားဗျာ၊ ကြာတော့လည်း တယ်ဂရုမစိုက်ကြတော့ပါဘူး။ သရဲမ ခမျာလည်း သူဘယ်လိုခြောက်ခြောက်၊ မကြောက်ကြတော့ ပျင်းလာတယ်ထင်ပါ့ဗျ။ တယ်မတွေ့တော့ပါဘူး။ ရှိတော့ရှိသေးတယ်ဗျ။ အသားဟင်းများ ပါလာရင် ဒင်းက နှိုက်စားသွားတတ်တာကိုးဗျ။

ဒီလိုနဲ့ပဲ သင်္ဘောပြုပြင်ခြင်းတွေ ပြီးစီးလို့ လွှန်းဆင်းရမယ့်အချိန်ကို တဖြည်းဖြည်းရောက်လာပါတော့တယ်။ ရေပေါ် လွှန်းကို ရေဖြည့်လိုက်လို့ လွှန်းကျင်းထဲကို ရေတွေဝင်လာတဲ့အချိန်မှာ ကျွန်တော်တို့သင်္ဘောကို ထောက်ထားတဲ့ ဒေါက်တွေကိုဖြုတ်ပြီး ဆွဲသင်္ဘောတွေနဲ့ အပြင်ကို ဆွဲထုတ်ကြရတယ်။ ပြဿနာက အဲဒီမှာ စ,တာပဲဗျာ။ သင်္ဘောပေါ်မှာ မိန်းမတစ်ယောက်ကို တွေ့ပါတယ်ဆိုပြီး အသံထွက်တော့တာပါပဲ။ ဘယ်လိုမှလည်း ရှာမရပါဘူး။ သင်္ဘောကတော့ ထုံးစံအတိုင်း ရေလယ်ဘွိုင်ကို ရောက်ရှိ ချည်နှောင်ပြီးသွားပါပြီ။

အဲဒီည သင်္ဘောပေါ်မှာလျှောက်သွားနေတဲ့ဖြူဖြူအရိပ်တစ်ခုကို သင်္ဘောသားတွေရော၊ ဘေးသင်္ဘောတွေရော သမ္ဗန်တွေကပါ တွေ့ရှိအတည်ပြုလိုက်ရတာကတော့ ဒီအမျိုးသမီးဟာ မကျွတ်မလွတ်တဲ့အပြင် ဒီသင်္ဘောမှာပဲ စွဲပြီး လိုက်ပါနေပြီ ဆိုတာ သေချာသွားပါတော့တယ်။ မှတ်မှတ်ရရ ပင်လယ်မထွက်ခင် တစ်ညမှာပေါ့။ အောင်ဘု အိပ်နေရင်း ထယောင်အော်မှ အဖြေသိရပါတော့တယ်။ ဖြစ်ပုံက အောင်ဘု အိပ်နေတုန်း အခန်းထဲကို လေအေးအေးလေး ဝင်လာလို့ ကြည့်လိုက်တော့ ဆံပင်ရှည်ရှည်တွေ တလွင့်လွင့်နဲ့ ဖြူဖြူရှည်ရှည်သဏ္ဌာန်တစ်ခု သူ့ဆီကို ရွေ့လာနေတာ တွေ့ရတယ်။ အောင်ဘု ကြောက်အားလန့်အားနဲ့ 'မလာနဲ့။ ငါ့ဆီမလာနဲ့၊ ဒီသင်္ဘောမှာလည်း မနေနဲ့' လို့ အော်နေတုန်း လန့်နိုးသွားတယ်။ မနက်ကျတော့ အောင်ဘုကို ခေါ်ပြီး သေချာမေးမှ သူနဲ့ ငပွေး ပါးစပ်ဆော့ထားတာ သိရတော့တယ်။

နောက်နေ့တော့ သင်္ဘောကို ကမ်းကပ်ပြီး ပင်လယ်ပြင်ထွက်ဖို့ ပစ္စည်းတင်အပြီးမှာ သံဃာတော်ငါးပါးပင့်လို့ အန္တရာယ်ကင်း ဆွမ်းကပ်ကြပါတယ်။ ပရိတ်ရွတ် တရားနာကြတယ်။ သင်္ဘောတစ်စင်းလုံးကိုလည်း ပရိတ်ရေတွေနဲ့ ပက်လို့ အမျှဝေကြ၊ ရွတ်ဖတ်ကြရတာပေါ့။

မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တွေကိုလည်း ပြုသမျှကုသိုလ်တွေ အမျှဝေသလို၊ ရေယာဉ်နဲ့မသက်ဆိုင်တဲ့ပုဂ္ဂိုလ်များလည်း ရေယာဉ်မှာမနေကြဘဲ ဆိုင်ရာနေရာ လိုရာဌာနကို သွားကြဖို့ မေတ္တာပို့ အမျှဝေကြရပါတယ်။ ဓာတ်ရှင်ဆိုရင်တော့ သရဲမ ခမျာ အောင်ဘုကို သံယောဇဉ်မကင်းတဲ့အကြည့်နဲ့ သမင်လည်ပြန် လှည့်ကြည့်လို့ Slow motion ရွေ့လျား ပျောက်ကွယ်သွားမှာပေါ့ဗျာ။ ခုတော့ ဘာမှမတွေ့ရပါဘူး။ သို့သော် သင်္ဘောကပ်ထားတဲ့ ဆိပ်ကမ်းအပေါ်နားက ငါးအရောင်းဒိုင်မှာ မိုတင်းနေထိုင်ကြတဲ့ အောင်နက်တို့၊ ငနီတို့၊ မြီးတိုတို့တစ်စုရဲ့ လွမ်းလွမ်းဆွေးဆွေး အူသံကိုတော့ နားနဲ့ဆတ်ဆတ် ကြားလိုက်ရပါတယ်။ အောင်ဘုတို့၊ ငပွေးတို့လည်း နောက်နောင်ကို မထော့မနမ်း ဆတ်ဆတ်ဆော့ဆော့ မပြောကြတော့ဖို့ ဆုံးဖြတ်လိုက်ကြပါတော့တယ် ခင်ဗျာ။

ဇော်(ပင်လယ်ချောင်း)



www.burmeseclassic.com

www.burmeseclassic.com

အာရပ်အဂ္ဂိရတ်ပညာတွင် ပထမဆုံး စိတ်ပါဝင်စားသည့်ပုဂ္ဂိုလ်မှာ မင်းသားခါလစ် ဖြစ်၏။ သူသည် ရှုပ်ထွေး၍ သိက္ခာမဲ့သော နန်းတွင်းကိစ္စများကို ငြီးငွေ့သဖြင့် သူ၏ရပိုင်ခွင့်များကိုစွန့်လွှတ်ကာ အဂ္ဂိရတ်ပညာကိုသာ မြတ်မြတ်နိုးနိုး လုပ်ဆောင်ခဲ့၏။ သူသည် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားလှသဖြင့် ကျမ်းပေါင်းများစွာကို အာရပ်ဘာသာသို့ ပြန်ဆိုရန် သူ၏ဘာသာပြန်ဆရာများအား အမိန့်ချမှတ်ခဲ့၏။ သို့သော် သူ့အားဝိုင်းအုံနေသည့် တမန်တော်အတုအယောင်များကြောင့် သူ၏ကြိုးပမ်းချက်တို့မှာ ကျဆုံးခဲ့ရ၏။

တစ်နေ့တွင် မင်းသားခါလစ်သည် ဂျေရုဆလင်မြို့၌ လှည့်လည်ရင်း တပအကျင့်ကို ကျင့်နေသည့် ခရစ်ယာန်ဘုန်းကြီးတစ်ပါးနှင့် တွေ့ကြုံခဲ့လေ၏။ မင်းသား၏ရှေ့မှောက်မှာပင် ဘုန်းတော်ကြီးသည် သတ္တုပြောင်းလဲမှုဖြစ်စဉ်၏ လုပ်ငန်းအစအဆုံးကို ပြုလုပ်ပြခဲ့၏။

ထိုအခါတွင်မှ မင်းသားခါလစ်သည် ယမ်းပုံမီးကျ ပေါက်ကွဲလေတော့၏။ အဘယ့်ကြောင့်ဆိုသော် သူ၏ဆရာဟောင်းဖြစ်သူ အဂ္ဂိရတ်ပညာရှင် အတုသည် သူ့အား ဖြီးဖြန်းလိမ်လည်သွားသည်ကို သိရသောကြောင့် ဖြစ်၏။ ထို့နောက် မင်းသားလည်း သူ့ဒေါသကို မထိန်းနိုင်ဘဲ သူ၏ဆရာဟောင်းဖြစ်သူအား သေဒဏ်ပေးလိုက်တော့၏။ သို့သော် အဆိုပါ အရှုပ်အထွေးတို့ဖြစ်ပွားသောအခါတွင် အဂ္ဂိရတ်ပညာရှင် ခရစ်ယာန်ဘုန်းတော်ကြီးလည်း ပျောက်ကွယ်သွားတော့၏။ နှစ်ပေါင်းအတန်ကြာပြီးနောက်တွင်ကား ထိုပုဂ္ဂိုလ်သည် ပြန်လည်ပေါ်ပေါက်လာခဲ့၏။

ထိုအခါတွင်ကား ဘုန်းတော်ကြီးသည် ခါလစ်မင်းသားအား အဂ္ဂိရတ်ပညာ၏လျှို့ဝှက်ချက်များကို သင်ကြားပေးရန် သဘောတူညီခဲ့၏။ ဤသို့ဖြင့် မင်းသား ခါလစ်သည် သတ္တုများကို ပြောင်းလဲနိုင်သည့် ပထမဆုံးသော အာရပ် (ဝါ) မွတ်စလင် အဂ္ဂိရတ်ပညာရှင် ဖြစ်လာခဲ့တော့၏။

ဤသို့ဖြင့် ခါလစ်သည် သမိုင်းဝင်ပုဂ္ဂိုလ်ကျော် ဖြစ်လာခဲ့၏။ သူသည်

# အာရပ်အဂ္ဂိရတ်ပညာ

## ဆရာဆက်ထွန်းလင်း(အာယုဗေဒ)





www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ်သော ယဉ်ကျေးမှုတစ်ခု၏ မြင့်မြတ်သော မင်းသားတစ်ပါး ဖြစ်လာ၏။ သူသည် အင်္ဂလိပ်ပညာကိုစိတ်ဝင်စားသည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရှိသော အဆိုဖြစ်၏။ သို့သော် သူ၏နာမည်ဖြင့် ရေးသားထားသော အင်္ဂလိပ်ကျမ်းမှာမူ အမှားများသာ ဖြစ်နေသည်။ အမှန်တကယ်ကား အဆိုပါကျမ်းသည် မင်းသားခါလစ် သေဆုံးပြီးနောက် ကာလအတော်ကြာမြင့်သောအခါတွင်မှ ရေးသားထားသည့်ကျမ်း ဖြစ်၏။ သို့သော် ဤအဆို၏နောက်ကွယ်တွင် အမှန်တရားတစ်ခုကား ရှိနေ၏။ ထိုအမှန်တရားကား အစဉ်အလာအရ အင်္ဂလိပ်ပညာ၏အကြောင်းကိုပြောဆိုလျှင် အလက်ဇန္ဒြီးယားမှ စတက်ဖာနော့မှသည် ခါလစ်အား အင်္ဂလိပ်ပညာသင်ကြားပေးခဲ့သည့် ဂျေရှုဆလင်မှ ဘုန်းတော်ကြီး အထိ ပြောရပေမည်။

ဤမှတ်တမ်းတွင်ပါရှိသည့် အမည်များသည် မှန်သည်ဖြစ်စေ ဤမှတ်တမ်း၏ဆိုလိုရင်းမှာ အင်္ဂလိပ်ပညာသည် အီဂျစ်မှခရစ်ယာန်လောကသို့ အလယ်ခေတ်တွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် အစ္စလာမ်လောကသို့ ရောက်ရှိလာပုံကို သင်္ကေတသဘောတရားဖြင့် မှတ်တမ်းပြုထားခြင်းပုံသဘောကား ထင်ရှား၏။

အစ္စလာမ် အင်္ဂလိပ်ပညာနှင့်ပတ်သက်၍ ဟေရန်း၏သား ဂျဗီးကို ပို၍ လူသိများကြ၏။ ဤသို့ထင်ရှားရသည့် အကြောင်းမှာ ဥရောပအင်္ဂလိပ်ပညာရှင်တစ်ဦးက သူ့အား အာရပ်ကျမ်းပြုပညာရှင်များတွင် အတော်ဆုံးဟု သတ်မှတ်လိုက်သောကြောင့် ဖြစ်၏။

ဂျဗီး၏ရှေးအကျဆုံးသော ကိုယ်ရေးအတ္ထုပ္ပတ္တိကို အယ်ဖာလစ်တွင်တွေ့ရ၏။ သူ၏အမည်အပြည့်အစုံမှာ အဗ္ဗဒူလာဂျဗီးအစ်မနေ ဟေရန်အစ်မနေ အဗ္ဗဒူလာအယ်ကူဖီ ဖြစ်၍ ၎င်း၏ဘိုးအေမှာ စူဖီပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။

လူအများစုကတော့ ဤဖော်ပြပါအကြောင်းအရာကို လက်မခံကြပါ။ ရှီးရိုက်အစ္စလာမ်ဂိုဏ်းဝင်များက ဂျဗီးသည် ၎င်းတို့၏ ဝါဒရေးရာအတွက်လည်း တီထွင် ဦးဆောင်သူတစ်ဦးဟု ဆိုကြ၏။ ၎င်းသည် ရှီးရိုက်ဂိုဏ်းမှ နာမည်ကျော်ကြားသူ ဆဌမမြောက် အီမန်ပုဂ္ဂိုလ်ဖြစ်သည့် ဂျဖားအယ်ဆာတစ်နှင့်လည်း အလွန်ခင်မင်သူ ဖြစ်၏။ ၎င်းသည် ကူမားတွင် နေထိုင်သူ ဖြစ်၏။ အပြန်အားဖြင့် ဒဿနပညာရှင်တစ်စုမှ ဆိုသည်မှာ ဂျဗီးသည် ၎င်းတို့ထဲမှ တစ်ဦးဖြစ်ကြောင်း၊ ဒဿနနှင့်ပတ်သက်၍ ရေးသား သီကုံးခဲ့ကြောင်းဖြင့် ပြောဆိုကြ၏။

ရွှေဖြစ်၊ ငွေဖြစ် အင်္ဂလိပ်တိုးကြသူများကမူ ဂျဗီးသည် အင်္ဂလိပ်ပညာကို အဆင့်မြင့် ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း အတည်ပြုပြောဆိုကြ၏။ သို့သော် ထိုအကြောင်းကို ရှေ့နောက်ပိတ်နေခဲ့ရသည်ဟုလည်း ဆို၏။ သူတို့က ထပ်မံ ပြောဆိုကြသည်မှာ ဂျဗီးသည် တစ်မြို့မှတစ်မြို့သို့ ဝှဲကောင်းကောင်းနှင့်ပြောင်းရွှေ့ခဲ့သည်ဟု ဆို၏။ သူသည် တစ်နေရာတည်းတွင် ကြာကြာနေလေ့မရှိပေ။ အကြောင်းမှာမူ သူ့အသက်အန္တရာယ်အတွက် စိုးရိမ်ရသောကြောင့်ဖြစ်၏။ တချို့ကလည်း ပြောကြသည်မှာ သူသည် ဘာမီဆိုက်မိသားစုမှ ဆင်းသက်သည်ဟု ဆို၏။ သူသည် ဂျဖားအစ်ဖနေးယားဟေယာနှင့် အထူး ခင်မင်သည်ဟုဆို၏။

ဤသို့ ပြောဆိုသူများက ဂျဗီးသည် သူ၏ဆရာများအကြောင်းကို ပြောဆိုလျှင် ဂျဖားအကြောင်းကို ပို၍ ရည်ညွှန်းလေ့ရှိ၏။ သို့ရာတွင် ရှီးရိုက်များကမူ ဂျဖားအယ်ဆာတစ်ကိုသာ ရည်ရွယ် ဆိုလိုကြ၏။ ယုံကြည်ရသူ၊ အင်္ဂလိပ်ပညာကို စိတ်ဝင်စားသူတစ်ဦးက ဆိုသည်မှာ-

'ဂျဗီးသည် ဗက်အယ်ရှန်လမ်းတွင် နေထိုင်သူ' ဟု ဆို၏။ ထိုလမ်းသည် ရွှေနယ်မြေဟု ခေါ်ဆိုသော ဒေသတွင်ရှိ၏။ ဂျဗီးသည် ကူဖာမြို့တွင်အနေများ၏။ အကြောင်းမှာ မြို့တော်၏ ရာသီဥတုသည် သူ့အတွက် အကောင်းဆုံးဖြစ်သောကြောင့်ပင် ဖြစ်၏။ ထိုမြို့တော်မှာပင် သူသည် အသက်ရှည်ဆေးကိုဖော်စပ်ခဲ့၏။ နောက်ပိုင်းခေတ်တွင် ထိုမြို့တော်ရှိ အိမ်အချို့ကို ဖျက်ဆီးဖြိုချပြီးနောက် လူတစ်ဦးက ပြောပြသည်မှာ-

'ဂျဗီး၏အိမ်ဘေးတွင် Mortor နှင့် ဓာတ်ခွဲခန်းတို့ရှိကြောင်း တွေ့ရသည်ဟု ဆိုပါသည်။ ထိုအချိန်သည် အဗ္ဗဒူလာ၏သား အိ(စ်)အဗ္ဗဒူလာ၏လက်ထက်တွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ၎င်း၏အိမ်တော်ဝန်ဖြစ်သူက ပြောပြသည်မှာ သူကိုယ်တိုင်က ဤ Mortor ကိုပိုင်ဆိုင်သူဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

သို့သော် အချို့သော ပညာရှင်များနှင့် စာပေသုတေသီတို့က အတိအကျပြောဆိုကြသည်မှာ ဂျဗီး ဆိုသော ပုဂ္ဂိုလ်သည် မည်သည့်ခေတ်အခါတွင်ကမျှ မရှိခဲ့ပါဟူ၍ ဆိုကြ၏။ အချို့ကလည်း ဂျဗီးသည် တကယ်ရှိနေခဲ့မည်ဆိုပါက သူသည် 'မာစီ' ကျမ်းတစ်ကျမ်းတည်းကိုသာ ရေးနိုင်သူ ဖြစ်ရမည်။ သူ့နာမည်နှင့် ရေးသားထားသည့် အခြားသော ကျမ်းများမှာ သူ့လက်ရာများမဟုတ်ဘဲ အခြားသောပုဂ္ဂိုလ်တို့က သူတို့နာမည်အစား ဂျဗီး၏နာမည်ကို ယူ၍ရေးခြင်းသာ ဖြစ်ရမည်ဟု ဆိုကြခြင်းဖြစ်၏။ ကျွန်ုပ်တို့နှင့်သက်ဆိုင်သမျှမှာ စာမျက်နှာပေါင်း (၂၀၀၀) ခန့် ရှိသည့် ကျမ်းကြီးကို ပြုစုရေးသားသူတစ်ဦးသည် သူ၏ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရေးသားခဲ့သူ ဖြစ်ရမည်။ ထို့အပြင် မိမိကိုယ်တိုင်ရေးသားပါလျက် တစ်ခါမှမရှိခဲ့ဘူးသူ၏နာမည်ကို တပ်လိုက်ခြင်းမှာ များစွာ မဖြစ်နိုင်သောကိစ္စ ဖြစ်၏။ ဤကိစ္စသည် အတွေးအခေါ် ဦးနှောက်ရှိသော လူတစ်ယောက်အတွက် ဖြစ်နိုင်စရာအကြောင်းမရှိပေ။ ထိုသူသည် မည်သည့်အကျိုးအမြတ်ကို မျှော်လင့်ပြီး ဂျဗီး၏ နာမည်ကို သုံးစွဲခဲ့ရပါသနည်း။ ဤအချက်ကို ထောက်ရှုကြည့်လျှင် အာရပ်အင်္ဂလိပ်ပညာသမိုင်းတွင် ဂျဗီးသည် ရှိကိုရှိခဲ့ရမည့် လူတစ်ယောက်ဟု ယူဆနိုင်ပါသည်။

သူ၏ကိုယ်ရည်ကိုယ်သွေး အရည်အချင်းတို့မှာ လူသိထင်ရှား ကျော်ကြားပြီး အခြား အရေးပါသော ကျမ်းပေါင်းများစွာကို သူသည် ရေးသားခဲ့ပြီးဖြစ်၏။ ရှီးရိုက်ဂိုဏ်း၏မူဝါဒများနှင့်ပတ်သက်၍လည်း ရေးသားခဲ့၏။ ရာဇီးက သူ့အင်္ဂလိပ်ကျမ်းတွင် ဂျဗီးကို အောက်ပါအတိုင်း ဖော်ညွှန်းထား၏။

'ကျွန်ုပ်၏ဆရာဖြစ်သူ အဘူမူဆာ ဂျဗီးက မိန့်ဆိုခဲ့သည်မှာ. . .' ဟူသော အချီးစကားကို သုံးထားသည်မျိုးလည်း တွေ့ရ၏။ ဤအကြောင်းအရာနှင့်ပတ်သက်၍ အများစု၏သုံးသပ်မှုမှာ-

'၁၀ ရာစုခေတ် မွတ်စလင်ပညာရှင်တို့က မယုံကြည်၍ပြောသောစကားများဖြစ်၏' ဟု ဆိုကြ၏။ ယနေ့ခေတ်တွင် အဆိုပါ လျှို့ဝှက်မှုကို အချိုးမှီ စူးစမ်း လေ့လာပြီးသည့်နောက်တွင် 'ကီတပ်အယ်ဖာလစ်' ကျမ်းသည် အထောက်အထားခိုင်လုံကြောင်း တွေ့ရှိရ၏။ ထို့နောက် ဂျဗီးနှင့်ပတ်သက်ပြီး ၎င်းပုဂ္ဂိုလ်သည် အပိုတန်ခရေနသား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း သူကို ခရစ်နှစ် (၇၂၁-၂၂) ခုနှစ်လောက်၌ ကူဖာမြို့တွင် မွေးဖွားခဲ့ကြောင်း၊ ကူဖာမြို့သည် အိုမေးယတ်ခေတ်၏အကြီးဆုံးမြို့တော်ဖြစ်ကြောင်း၊ ၎င်းကို 'အယ်- ဆူဖီ' ဟု ဆိုထားသဖြင့် ၎င်းသည် နောင်သောအခါတွင် ဆူဖီတစ်ယောက်ဖြစ်လာကြောင်း တွေ့ရှိလာရ၏။

အဆိုပါ ဆူဖီဂိုဏ်းသည် မွတ်စလင်ဘာသာအတွင်း ဖွံ့ဖြိုးလာသောဂိုဏ်း ဖြစ်၏။ ဂျာဘီးသည် ရှီးရိုက်မွတ်စလင်ဂိုဏ်းဝင်တစ်ဦး ဖြစ်၏။ သူသည် ဆဋ္ဌမမြောက် အီမန်၏တပည့်လည်းဖြစ်၏။ အီမန်သည် ဂမ္ဘီရသိပ္ပံ၊ နက္ခတ္တ၊ အဂ္ဂိရတ်ပညာတို့ကို ကျွမ်းကျင်သူပညာရှင်ဖြစ်၏။ အေဒီ ၇၆၅ တွင် ဂျဖားကွယ်လွန်ပြီးနောက် ဂျာဘီးသည် ဗာမီဆိုက်မိသားစုနှင့် ခင်မင်ရင်းနှီးလာခဲ့၏။ ထိုမိသားစုသည် အက်ဗာစစ် အုပ်စိုးသူခေတ်တွင် အရေးပါသည့်ဝန်ကြီးလည်းဖြစ်၏။ နောက်ပိုင်းတွင် ဘုရင်ခံအထိဖြစ်လာ၏။

ဂျာဘီးသည် ဘဂ္ဂဒက်နန်းတော်တွင် ရရှိထားသောရာထူးကြောင့် သူ့လုပ်ငန်းအတွက် အရေးပါသော သိပ္ပံပညာနှင့် အဂ္ဂိရတ်ပညာ စမ်းသပ်မှုများကို လက်တွေ့လုပ်နိုင်ခဲ့၏။ အေဒီ ၈၀၃ ခုနှစ်တွင် ဗာမီဆိုက် အာဏာ ကျဆုံးသောအခါ ဂျာဘီးသည် ကူဖာသို့ပြန်လာခဲ့၏။ ကူဖာတွင်ပင် ဂျာဘီးသည် အေဒီ ၈၁၃ ခုနှစ် သို့မဟုတ် ၈၁၅ ခုနှစ်၌ ကွယ်လွန်ခဲ့၏ဟု ယူဆရ၏။

ဂျာဘီး ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၁၀၀ အကြာတွင် ဂျာဘီးရေးသားသည်ဟူသော အဂ္ဂိရတ်ကျမ်းတစ်စောင်ထွက်လာပြန်၏။ ဂျာဘီးအမည်ကိုယူ၍ ရေးသားသူပေါင်း ၃၀၀၀ ခန့်ရှိကြောင်းဆို၏။ ယနေ့ခေတ်တိုင် လက်ကျန်ကျမ်းအဖြစ် (၂၁၅) ကျမ်း ရှိသေး၏။ ထို့ကြောင့် အဆိုပါ ကျမ်းများ၏ခိုင်မာမှုသည် သံသယဖြစ်ဖွယ်ရှိနိုင်ပါသည်။ အဆိုပါ ကျမ်းများအနက် အစောဆုံးရေးသားထားသည် ဟူသည့် ကျမ်းသည်ပင် ၉ ရာစု နှောင်းပိုင်းထက် မစောပေ။

ဂျာဘီးသေဆုံးပြီးနောက် နှစ်ပေါင်း (၅၀) ကျော် ကြာသည်အထိပင် သူ့နာမည်ဖြင့် ကျမ်းကို အဆက်မပြတ်ထွင်ပြီး ရေးသားနေကြ၏။ ဤကဲ့သို့သော ဂျာဘီး၏ ကျမ်းပေါင်းကြီး ဆိုသည်မှာ အမျိုးစုံပါဝင်သော ပဟေဠိတစ်ခုသဖွယ် ဖြစ်နေပေသည်။ ဂျာဘီးရေးသားစဉ်က ကျမ်းသည် စုစည်းခိုင်မာပြီး ပြည့်စုံရှင်းလင်းသော စွယ်စုံကျမ်းကြီး ဖြစ်၏။ ထိုကျမ်းကို တမင်သက်သက် အစိတ်စိတ်အမွှာမွှာ ခွဲခြမ်းပြီး တစ်ပိုင်းတစ်စစီ ရေးသားကြခြင်း ဖြစ်၏။ ထိုအပိုင်းအစများကို သိပ္ပံနည်းကျအမည်နာမများတပ်၍ ဤသို့ ရေးသားသူသည် ဂျာဘီး၏တပည့်ရင်း သို့မဟုတ် ဂျာဘီးနှင့်နီးစပ်သူတစ်ဦးဦးသာ ဖြစ်ရမည်။ အချို့သော စကားလုံးများမှာ ဒဿနပညာရှင်တို့၏စကားလုံးများဖြစ်ပြီး ထိုစကားလုံးများအား ရေးသားသူသည် အမည်မဖော်လို၍ သူ့နာမည်အစား ဂျာဘီး၏နာမည်ကို တပ်လိုက်ခြင်းလည်းဖြစ်၏။

'ဘရားသားဟုမ်' အမည်ရှိ ညီရင်းအစ်ကိုအသင်းကြီး၏ ထုံးတမ်းစဉ်လာအရ ဂျာဘီးပြောသမျှ လက်ခံကျင့်သုံးကြသူများသည် ထိုစကားလုံးများကိုပင် သူတို့ရေးသားသောစာများ၌ထည့်သွင်းအသုံးပြုကြ၏။

ထိုစကားလုံးများကို စွယ်စုံကျမ်းအဖြစ် ရေးမှတ်ထားပြီးနောက် စာတမ်းပေါင်း (၅၁) စောင်တို့ကို စုစည်းကာ ခေတ်ပြိုင် သုတစွယ်စုံကျမ်းအဖြစ် စုပေါင်းထုတ်ဝေခဲ့ခြင်းလည်း ဖြစ်၏။ ၎င်းမှာ လူသားမျိုးနွယ် တိုးတက်ပြောင်းလဲမှုဆိုင်ရာ ပဓာနလမ်းညွှန်ကျမ်းအဖြစ် ထုတ်ဝေကြ၏။ ဤသို့ ဂျာဘီးကိုယ်တိုင် ရေးသားသည်ဖြစ်စေ၊ နှောင်းလူများက ရေးသားသည် ဖြစ်စေ ထိုကျမ်းများသည် အစ္စလာမ် အဂ္ဂိရတ်ပညာနှင့်ပတ်သက်၍မူ သံသယကိုဖြစ်ပေါ်စေခဲ့၏။

သူ့နာမည်ပါရှိသော ကျမ်း၌ ရေးသားထားချက်များမှာ တစ်ပုံစံတည်းဖြစ်သော အတွေးအခေါ် အယူအဆများကို အခြေပြု၍ ရေးသားခြင်း ဖြစ်၏။ နာမည်ကြီးပုဂ္ဂိုလ်တစ်ဦး၏ ကျော်ကြားမှုကို လုယက်ဖျက်ဆီးရန် မဟုတ်ဘဲ အဆိုပါ ပုဂ္ဂိုလ်၏ကျော်ကြားမှု၊ သိက္ခာ စသည်တို့ ပို၍လေးနက်စေရန် ထောက်ခံအားပေးခြင်းသာ ဖြစ်သည်ဟုလည်း ဆိုကြ၏။

ဂျာဘီး၏ကိစ္စတွင် သူ့လက်ရာကို တပည့်ဖြစ်သူ၏လက်ရာမှ ကွဲပြားစေရန်မှာ အထူး အရေးကြီးပါသည်။ ထိုကျမ်းများ၌ Book of Glorious သည်ပင်လျှင် ဂျာဘီးနှင့်တူနေသည်ဟု ရေးသားကြ၏။ Acquire ကျမ်းမှာမူ သုတဆိုင်ရာ ကျမ်းတစ်စောင် ဖြစ်၏။ GIORIOUS ကျမ်း၏အဓိပ္ပာယ်မှာ သန့်စင်သောဘဝ ဟူသည့် အဓိပ္ပာယ် ရှိ၏။ ဟင်နရီကိုဘင်၏ဝေဖန်ချက်တွင်မူ ဂျာဘီးသည် ပုံပြင်လည်းမဟုတ်၊ ဒဏ္ဍာရီလည်းမဟုတ်ပေ။ ဂျာဘီးသည် သာမန်သမိုင်းဝင်ပုဂ္ဂိုလ် မဟုတ်ပေ။ ကိုပါတ်ကျမ်းကို အခြားသူများက ဝိုင်းဝန်းရေးသားကြသည်ဖြစ်စေကာမူ GIORIOUS ကျမ်းကို ဂျာဘီးကိုယ်တိုင်ရေးခဲ့သည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် ဂျာဘီး၏အမည်ကိုသုံးစွဲခွင့်လည်း ရှိပေသည်။

ဂျာဘီး၏ ကိုပါတ်ကျမ်းတွင် သုံးထားသော စကားလုံးများမှာ ကီတပ်အယ်ရာဟင်းဖြစ်ပြီး မာစီကျမ်းအရ လက်တင်အင်္ဂလိပ်တွင် ကျော်ကြား၏။ 'ကီတပ်အယ်' ကျမ်းသည် အနောက်တိုင်းတွင် လက်တင်ဘာသာ၏ (၇၀) မြောက်ကျမ်းအဖြစ် ကျော်ကြား၏။ 'ကူတပ်အယ်မာ မာဝါဇင်ကျမ်း' သည် 'ဟန်ချက်ညီကျမ်း' (Book of THE BALANCES) အဖြစ် ကျော်ကြား၏။

အစ္စလာမ် အဂ္ဂိရတ်ပညာသည် သိသာ ကွဲပြားသော ပုံစံနှစ်မျိုးဖြင့် ရပ်တည်သည်။ တစ်မျိုးမှာ ဝိညာဉ်ဆိုင်ရာ အဂ္ဂိရတ်ပညာ ဖြစ်၏။ ၎င်းပညာရပ်သည် လူသားဝိညာဉ်ကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်နိုင်၏။ ၎င်းကို အဓိကပြုကျင့်သူမှာ အဘူ အယ် အီရတ်ကီ (အေဒီ ၁၃ ရာစု) ဖြစ်၏။ နောက်တစ်မျိုးမှာ အဂ္ဂိရတ်ပညာသီးသန့်၊ ဓာတုပညာသီးသန့်ပြုရသည့် အဂ္ဂိရတ်ပညာဖြစ်၏။ ဤအဂ္ဂိရတ်ဝါဒကို ကိုင်စွဲသူမှာ အဘူဘေကာ အယ်ရာဇီ (အေဒီ ၈၆၅-၉၂၃/၄ ခုနှစ်) ဖြစ်၏။ အဂ္ဂိရတ်ပညာ၏ထုံးတမ်းစဉ်လာ ရွှေထောင့်နှစ်ရပ်ကို အောင်မြင်စွာ ပြဆိုခဲ့၏။

ဂုဏ်သတ္တိလေးမျိုးရှိသော ဓာတ်ကြီး (၄) ပါး အစရှိသော အရစ္စတိုတယ်၏သဘောတရားသည်ကား ဂျာဘီး၏အထင်ရှားဆုံးသော သဘောတရား ဖြစ်လာ၏။ အဆိုပါ ဂုဏ်သတ္တိ (၄)မျိုးဆိုသည်မှာ အပူ၊ အအေး၊ အစို၊ အခြောက်တို့ ဖြစ်၏။ နောက်တစ်မျိုးသောတီထွင်မှုမှာ နောင်တစ်ခေတ် အဂ္ဂိရတ်ပညာအုတ်မြစ် ဖြစ်ခဲ့၏။ ၎င်းသည် ကန့်နှင့်ပြဒါးပေါင်းထားသော သဘောတရားဖြစ်ပြီး ဋီကာကျမ်း၌ ဤသို့ရေးထား၏။

'သတ္တုမှန်သမျှတို့သည် ပြဒါးနှင့်ကန့်တို့ပေါင်းစပ်ခြင်းသာ ဖြစ်ရ၏။ ၎င်းတို့သည် ကံတရားအရ ဂုဏ်သတ္တိ ကွဲပြားမှုရှိကြ၏။ ယင်းခြားနားချက်သည် အသုံးပြုသော ကန့်၏ခြားနားချက်အ



www.burmeseclassic.com

www.burmeseclassic.com

လိုက် ဖြစ်၏။ ထိုကန့်ကိုတွေ့ရှိရာ အရပ်အသုံးပြုသော ကန့်၏ခြားနားချက်အလိုက် ဖြစ်၏။ ထိုကန့်တွေ့ရှိရာအရပ် အသုံးပြုရာအရပ်၊ အသုံးပြုပုံပြုနည်းစသည်တို့အလိုက် ၎င်း၏ဂုဏ်သတ္တိသည် ကွာခြား၏။ အင်္ဂလိပ်ပညာတွင် အများဆုံးသုံးရသည့် ပြဒါးနှင့်ကန့်တို့ကို အမည်နာမ ခွဲခြား၍ မသိကြပေ။ သို့ရာတွင် ၎င်းတို့နှစ်ခုကို အမျိုးအစားအမျိုးမျိုးဖြင့် ပူးပေါင်း၍ ဖြစ်လာသောဓာတ်ကိုမူ နှစ်မျိုး သိရှိကြ၏။ တရုတ်အင်္ဂလိပ်ဒဿနတွင် ယင်နှင့်ယန် ရှိသကဲ့သို့ ကန့်သည် အဖိုဓာတ်ဖြစ်ပြီး လှုပ်ရှား၏။ ပူ၏။ ထို့ကြောင့် နေကို ကိုယ်စားပြု၏။ ပြဒါးမှာမူ အမဓာတ်ဖြစ်ပြီး အေး၏။ ငြိမ်သက်၏။ အပြုခံဓာတ် ဖြစ်၏။ လကို ကိုယ်စားပြု၏။ ၎င်းတို့သည် လုံးဝသန့်စင်၍ ရာနှုန်းပြည့် ပူးပေါင်းမိသောအခါ ပြီးပြည့်စုံဆုံးဖြစ်သော ရွှေသတ္တုကို ဖြစ်စေ၏။ အကယ်၍ ပေါင်းစပ်မှုသည် မပြီးပြည့်စုံပါက ရရှိလာသော သတ္တုသည် ပြီးပြည့်စုံမှုမရှိပေ။ ထို့ကြောင့် အင်္ဂလိပ်ဆရာ၏တာဝန်သည် မတူသော သတ္တုဓာတ်နှစ်မျိုးမှ လိုအပ်သည့်အနှစ်သာရကို ထုတ်နုတ်၍ ပူးပေါင်းစေခြင်းဖြင့် ထူးခြားသောရလဒ် (ဝါ) အကျိုးပြုသောသတ္တုကို ရရှိစေခြင်းပင် ဖြစ်၏ဟု ရေးသားထား၏။

ဂျုံးလုပ်ခဲ့သည့် လုပ်ရပ်များမှာ များပြားလှ၏။ သို့သော် သုံးမျိုးသုံးစား ခွဲနိုင်၏။ အခြေခံအဆင့်တွင် မူလဓာတ်မှထုတ်နုတ်လိုသောဓာတ်ကိုရရန် မူလဓာတ်ကို ပေါင်းတိုက်ခြင်း၊ သန့်စင်စေခြင်း၊ ကြိတ်ခြေခြင်း၊ စုပ်ယူခြင်း၊ အခြောက်ခံခြင်း၊ မီးဖြင့်ချက်ခြင်းတို့ဖြစ်၏။ ပေါင်းတိုက်မည့်ပစ္စည်းအတွက် ရှုပ်ထွေးသောနည်းစနစ်များ သုံးရ၏။ ထိုရုပ်ဝတ္ထု၏သီးသန့်အနှစ်သာရကို ထုတ်ယူခြင်း၊ သန့်စင်ပြီး ရုပ်ဝတ္ထုများကို ပြန်လည် ပေါင်းစည်းစေခြင်းဖြင့် ပြဒါးရှင်လုံးကို လုပ်ယူရာ၌ အဆင့်ပေါင်းများစွာ ရှိ၏။

ဤလက်တွေ့များကို ပြုလုပ်ရန် ကိရိယာတန်ဆာ များစွာ လိုအပ်ပေသည်။ သူကိုယ်တိုင်ကား အသက်ရှည်ဆေးကို ပြုလုပ်လိုသည်။ သူ၏ကျမ်းစာအုပ်တစ်အုပ်၌ ဤသို့ ဖော်ပြထား၏။

'တစ်နေ့တွင် သူ့အား မှူးမတ်တစ်ဦးက စိတ်ပျက်လက်ပျက်နှင့် လာခေါ်၏။ အကြောင်းမှာ သူ အင်မတန်ချစ်မြတ်နိုးသည့် ကိုယ်လုပ်တော်တစ်ဦးမှာ ထူးဆန်းသည့်ရောဂါတစ်မျိုးဖြင့် သေဆုံးခါနီးဆဲဆဲအချိန် ဖြစ်၏။ ထိုသူ လာရောက်ရသည့်အကြောင်းမှာ သူ့ထံမှ အသက်ရှည်ဆေး အကူအညီကို လာရောက်တောင်းခံခြင်းလည်း ဖြစ်၏။ ထို့ကြောင့် သူ၌ရှိသော အသက်ဆေး (၂) ဂရမ်ကို သံပရာရည်၊ ပျားရည်တို့ဖြင့် ဆတူရောစပ်ပြီးသား အလေးချိန် (၂) အောင်စကို ပေးလိုက်၏။ ထို ပျားရည် အသက်ရှည်ဆေးအား သောက်ပြီးနောက်နာရီဝက်မျှ မကြာမတင်သော အချိန်တွင်ပင် လူနာအမျိုးသမီးသည် ပကတိ လုံးဝ ပြန်ကောင်းသွား၏။

ထို့အပြင် ဂျုံး၏အရှေ့တိုင်း ပြဒါးကျမ်းတွင် စကားဝှက်များစွာသုံးခဲ့ခြင်း ဖြစ်၏။ 'မာတယ်' ဟူသော စကားလုံးကို ရိုးရိုးအဓိပ္ပာယ်ဖြင့် မသုံးဘဲ လျှို့ဝှက်အဓိပ္ပာယ်အဖြစ်သုံးကာ သူ၏လုပ်နည်းလုပ်ဟန်ကိုရေးသားခဲ့၏။ အရောင်နှင့်ပတ်သက်၍ ပြဆိုရာတွင်မူ 'မာတယ်' သည် 'အစိမ်းရောင်' ကို ပြ၏။ 'ဝါး' သည် 'အဝါရောင်' ကို ပြ၏။

သူ၏ မျှခြေဆိုင်ရာ သဘောတရားကျမ်း၌ မထွင်းဖောက်နိုင်ခြင်းအကြောင်းကို ရေးသားခဲ့၏။ သူ ဖော်ပြသည့် အင်္ဂလိပ်နည်းအချို့မှာ ဖြောင့်ဖြောင့်တန်းတန်း မဟုတ်ဘဲ ကွေ့ဝိုက်နေသဖြင့် သူ့ကို 'လျှို့ဝှက်သူ' ဟုနာမည်ပေး၏။

မျှခြေသဘောတရားနှင့်ပတ်သက်၍ ဆိုလိုသည့် **Balance** သည် ဂျုံး၏ **equilibrum** ဟူသော စကားတွင်လည်း အဓိပ္ပာယ် များစွာ ရှိသေး၏။ အမှန်တကယ်တွင်မူ ဂျုံးသည် မွတ်စလင် ဂျင်နစတီကို ၎င်း၏သိပ္ပံနည်းကျလုပ်ရပ်အတွင်း ဆွဲသွင်းထားခြင်း ဖြစ်၏။ ဆိုလိုသည်မှာ ရှေးခေတ် အင်္ဂလိပ်ပညာရှင်များက ၎င်းတို့၏ပညာရပ်အတွင်းသို့ သိမ်းသွင်းယူငင်ထားသကဲ့သို့ ဖြစ်၏။

ဂျုံး၏အင်္ဂလိပ်ကျမ်းကို ဓာတုအင်္ဂလိပ်ပညာကျမ်း သို့မဟုတ် ဝိညာဉ်ဆိုင်ရာ အင်္ဂလိပ်ကျမ်းဟု ပြန်ဆိုနိုင်ပေသည်။ ဂျုံးသည် ဤပညာရပ်နှင့် ပတ်သက်၍ မည်သည့်အခါမျှ ပြောလေ့ပြောထမရှိကြောင်း အောက်ပါစကားဖြင့် သိနိုင်၏။

'ဒီမယ်- ကျုပ်ပြောမယ်၊ လူတစ်ယောက်ကို ရုပ်ပိုင်းအနေနဲ့ဟန်ချက်ညီစေရန်နဲ့ ဝိညာဉ်ပိုင်းအားဖြင့်လည်း ဘဝသစ်ကိုရရှိစေဖို့ ရည်ရွယ်ပြီးတော့ အဲဒီလူကို ခုတ်မယ်၊ ထစ်မယ်ဆိုရင် အဲဒီလူဟာ ဘယ်တော့မှ မသေနိုင်တော့ဘူး။ ဒီဟန်ချက်မျှခြေကို လူတစ်ယောက်ဟာ တစ်ကြိမ်ရရှိပြီးတာနဲ့ နောက်ပိုင်းမှာ ဘယ်သောအခါတွင်မှ မပြောင်းလဲတော့ပေ။ လျော့လည်းမသွားပေ၊ တိုးလည်းမသွားတော့ပေ'

ဟု ဆိုထားပါသည်။

ထိုစာအုပ်မှာပင် နောက်စာတစ်ပိုဒ်၌ ဤသို့ ဆိုထား၏။

'ဘုရားသခင်၏ အကူအညီဖြင့် ကျွန်ုပ်သည် ကျမ်းစာများ၊ တရားစာပိုဒ်များ၊ ဓမ္မတေးများကို တွေ့ရှိလေ့လာခဲ့ပြီး ဖြစ်၏။ လူသား၏ခန္ဓာကိုယ်ကို ပျက်စီးစေခြင်းမှ ထိန်းသိမ်းရန် လိုအပ်ချက်များကိုတွေ့ရှိရပြီး ဖြစ်၏။ သင်ဘာလုပ်နေသည်ကို နားလည်ရန်အတွက် မူလပထမဦးဆုံးသော ဖန်ဆင်းချက်ဆီသို့ ပြန်သွားရပါမည်။ သို့မှသာ နာမ်၏အေးစက်မှုနှင့် ဝိညာဉ်၏နွေးထွေးမှုကို ခွဲခြားနိုင်မည် ဖြစ်ပေသည်။

'အလားတူပင် ကမ္ဘာမြေ၏အေးစက်မှုနှင့် လေထု၏ပူနွေးမှုကို ခွဲခြားနိုင်မည် ဖြစ်ပေသည်။ သို့မှသာလျှင် ဤအချက်အားလုံး၏အရေးပါပုံကို နားလည်ပေလိမ့်မည်' ဟု ဆိုထား၏။

ဂျုံးသည် လူသား၏ ဘဝဟန်ချက်ကို ပိုမိုကောင်းမွန်စေရန် စည်းရုံးလှုံ့ဆော်ခြင်း ဖြစ်ပေမည်။ ထိုအချက်သည် လူသား၏ဘဝမကျဆုံးမီ ရရှိထားရမည့်အချက် ဖြစ်ပေသည်။ ၎င်းသည် အာဒမ်အား ဧဒင်ဥယျာဉ်မှ နှင်မထုတ်မီဘဝ ပြီးပြည့်စုံမှုကို ပေးထားခဲ့သော အခြေအနေ ဖြစ်၏။ ထို့အပြင် ဂျုံးသည် ဆူဖီဝါဒနှင့် ရှီးရိုက်လမ်းစဉ်နှစ်မျိုးစလုံးကို တစ်ပြိုင်နက်တည်း လက်ခံကျင့်သုံးသူဖြစ်ခြင်းမှာမူ အံ့ဩစရာမလိုပေ။

'ဆူဖီ' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ရှေးခေတ်သူတော်စင်များ ဝတ်ဆင်သည့် ဝတ်ရုံရှည်နှင့် ထိုဝတ်ရုံတိုဝတ်ဆင်သူဟု အဓိပ္ပာယ်ရ၏။ ၎င်းသည် ဂမ္ဘီရနှင့် တပအကျင့်ကို ကျင့်သူဖြစ်၏။ အဆိုပါ ဆူဖီစနစ်သည် အေဒီ ၇ ရာစု၊ ၈ ရာစုတွင် ပေါ်ပေါက်ခဲ့၏။ ကူဖာဒေသတွင် ပထမဦးဆုံးသော ဆူဖီအဖွဲ့ပေါ်ပေါက်ခဲ့၏။ ၎င်းသည် ဂျုံး၏မွေးရပ် ဖြစ်၏။ ဆူဖီအကြီးအကဲများက ပြောသည်မှာ-

'လောကီအနှောင်အဖွဲ့များမှ မည်သို့မည်ပုံ လွတ်မြောက်အောင် ကျင့်ရမည်ကို တပည့်များအား သင်ကြား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြ၏။ သေဆုံးခြင်းနှင့် ပြန်လည်ရှင်သန်ခြင်းတို့ကို စိတ်ပိုင်းအရလေ့ကျင့်ရ၏။ ထိုသေဆုံးခြင်းနှင့် ပြန်လည်ရှင်သန်ခြင်းတို့ကို လေ့ကျင့်၍ ပြီးမြောက်ပါက ဘုရားသခင်နှင့် အချိန်မရွေးတွေ့နိုင်၊ ဆုံစည်းနိုင်မည် ဖြစ်၏။ ၎င်းခရီးစဉ်သည်ပင် ယနေ့ အဂ္ဂိရတ်ပညာရှင်တို့ လျှောက်လှမ်းရမည့်လမ်းစဉ် ဖြစ်ပေ။ ဝိညာဉ်သည် အဂ္ဂိရတ်ပညာတွင် အသုံးပြုသော နာသတ္တုနှင့် သဘောတရားတူ၏။ နာကိုသာ အကြွင်းမဲ့ သန့်စင်နိုင်လျှင် ရွှေဖြစ်စေသကဲ့သို့ ဝိညာဉ်ကိုလည်း အကြွင်းမဲ့သန့်စင်အောင် လေ့ကျင့်ရမည်။ သို့မှသာလျှင် ဝိညာဉ်သည် ရွှေနှင့်တူသောဝိညာဉ်ဖြစ်လာပြီး ဘုရားသခင်နှင့် ဆုံတွေ့ခွင့်ရရှိမည် ဖြစ်၏။ လသည် နေနှင့်ဆက်သွယ်ရမည် ဖြစ်သကဲ့သို့ သူရဲကောင်းသည် ဂုဏ်ယူဝံ့ကြွားမှုမပြုမီ နဂါးကို သတ်နိုင်ရမည် ဖြစ်၏။

ကူဖာမြို့တော်သည်ကား ၇ ရာစုတွင် မွတ်စလင် ရှီးရိုက်ဂိုဏ်း စတင်ပေါ်ပေါက်သည့်နေရာ ဖြစ်၏။ ရှီးရိုက်ဂိုဏ်းဟုဆိုရာတွင် 'ရှီးရိုက်' ဟူသော အမည်သည် ဂိုဏ်းပေါင်းများစွာကို ဆိုလိုခြင်း ဖြစ်၏။ အများက ယုံကြည်ထားကြသည်မှာ ရှီးရိုက်ဂိုဏ်း၏ ကာဗစ်ခေါင်းဆောင်သည် တမန်တော် မိုဟာမက်၏ ညီအစ်ကိုဝမ်းကွဲလည်းဖြစ်ပြီး သမက်လည်း ဖြစ်၏။ ၎င်းသည် မိုဟာမက်၏အရိုက်အရာကို တိုက်ရိုက်ဆက်ခံသူလည်း ဖြစ်၏။ အစ္စလာမ်ဘာသာ၏ ပထမ ကာလစ်သုံးဦးသည် ဆွန်နီများဖြစ်ပြီး ငွေတိုးချစားသူများလည်း ဖြစ်၏။ ရှီးရိုက်တို့၏ပုံစံကား ဂမ္ဘီရပညာများနှင့် အစဉ်အလာမဟုတ်သည့်အတွေးများကို လက်ခံပုံ ရှိ၏။

၎င်းတို့၏ဝတ်အဖွဲ့ခေါင်းဆောင်ကို ၎င်းတို့က အီမန်ဟု ခေါ်၏။ ဆဌမမြောက် အီမန်သည် ဂျဖားအယ်ဆာတ် ဖြစ်၏။ ၎င်းသည် အဂ္ဂိရတ်ပညာရှင်တစ်ဦးဖြစ်ပြီး ဂျဘီး၏ဆရာလည်း ဖြစ်၏။

မျှခြေ အခြေခံသဘောတရားကျမ်းကြီး (BALANCE) ကို သိပ္ပံနှင့်သမိုင်းပညာရှင်များက ဝေဖန်ကြ၏။ ၎င်းတို့က ဝေဖန်ကြသည်မှာ-

'ဤကျမ်းသည် ရှေ့-နောက်မညီသော စကားများဖြင့် ရေးသားထားသည်။ မဟုတ်တရုတ်များကို စုပေါင်းရေးသားထားသည်။ ပစ်စလက်ခတ်ရေးသားထားသည်။ များစွာသော အတွေးဒသနများကို ရောထွေးရေးသားထား၏'ဟု ဆိုကြ၏။ ဤကဲ့သို့ သိက္ခာမဲ့ခြင်း၊ မလိုလားခြင်းများကို အဆိုပါကျမ်း၏တစ်စိတ်တစ်ဒေသ၌ နှီးနှောထားသည်မှာ ထူးဆန်းလှ၏။ ဤနေရာတွင် ဂျဘီးသည် သူ့စာကို အံ့ဆုံးသတ်ရာ၌ အဓိပ္ပာယ်မရှိသော မေးခွန်းများဖြင့် အဆုံးသတ်ထားသည်။ ဥပမာ - လူသေကောင်၏ကိုယ်တွင် ကိုက်ခဲနေသောသွားကို ပူးကပ်ထားပါက ထိုကိုက်ခဲခြင်းဝေဒနာသည် ပျောက်ကင်းသွားပါသလား။ ထိုမေးခွန်းများသည် အနောက်တိုင်းဆေးသိပ္ပံတွင် မဝင်ဆံ့သော်လည်း ရှေးခေတ် အာရပ်လောကတွင် လူအများလက်ခံထားသည့် အယူအဆများ ဖြစ်၏။ ဘုရားသခင်ပေးသည့် ဆုများတွင် လူသားတို့အတွက် အမြင့်မြတ်ဆုံးဖြစ်သောဉာဏ်ပညာကို လမ်းဖွင့်ပေးသည့် ဤကျမ်းမျိုးတွင် ဂျဘီးသည် အဘယ်ကြောင့် ဤမေးခွန်းမျိုးကို ထည့်သွင်းထားပါသနည်း။

ဖြစ်နိုင်သည်မှာ ဂျဘီးသည် သူ့ရှေ့နှင့်နောက်မှ ပညာရှင်များကဲ့သို့ပင် သူ့စာဖတ်ပရိသတ်အား ပြက်ရယ်ပြုလို၍ ဖြစ်ပေမည်။ ပို၍ဖြစ်နိုင်သည်မှာ ဤထူးဆန်းသောမေးခွန်းများသည် ကမ္ဘာမြေ၏လျှို့ဝှက်ချက်များကို ပြန့်ကျဲစေသည်သာ ဖြစ်၏။ လုံးဝ ဆက်စပ်မှုမရှိသော မှတ်ချက်တစ်ခုသာ ဖြစ်၏။ ၁၄ ရာစုတွင်ရေးသားခဲ့သည့် အစ်ဖနေးရှာရွှန်ကျမ်းက ဤသို့ဆို၏။

'အဂ္ဂိရတ်သည် မှော်ပညာတစ်မျိုး ဖြစ်၏။ ဤအကြောင်းကြောင့်ပင် ၎င်းတို့၏အစ္စလာမ်မဟုတ်သော ဆက်ခံသူတစ်ဦးဖြစ်သည့် ဂျဘီးက အပြင်းအထန်ရေးသားခဲ့၏။ ဤကဲ့သို့ ရေးသားခြင်းမှာ အဂ္ဂိရတ်ပညာအား ဘာသာရေးဆိုင်ရာဝိနည်းများမှ ကာကွယ်ရန်ဖြစ်ပြီး ၎င်း၏လျှို့ဝှက်ချက်များကိုကား လူပြိန်းများ၏ မှားယွင်းယုံကြည်ချက်မှ ကာကွယ်ခြင်းမပြုပေ။ အမှန်တကယ်တွင်မူ အစ္စလာမ်ဝါဒနှင့် အဂ္ဂိရတ်ပညာရပ်တို့အကြားတွင် ပွင့်လင်းထင်ရှားသောတိုက်ခိုက်မှု ဟူ၍ တစ်ခါမျှမရှိခဲ့ပေ။ သို့ရာတွင် အစ္စလာမ်တရားသူကြီးများကမူ အဂ္ဂိရတ်ပညာကို သံသယမျက်လုံးဖြင့်သာ ကြည့်နေကြ၏။ အဘယ့်ကြောင့်ဟူမူ ၎င်းတို့အမြင်တွင် အနောက်တိုင်းကဲ့သို့ပင် အဂ္ဂိရတ်ပညာအား ရွှေကို အတုလုပ်သည့်ပညာဟု သတ်မှတ်ထား၏။

အထက်ပါ မျှခြေကျမ်းကြီးကို သိပ္ပံသမိုင်းပညာရှင်များက ဘာသာပြန်ဆိုကြပြီး သဘာဝသိပ္ပံကို အရေအတွက်စနစ်ဖြင့် ခွဲခြားသတ်မှတ်ရန် အပြင်းအထန် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် ဂျဘီး၏ မျှခြေကျမ်းမှာ သာမန်မျှမဟုတ်ဘဲ သိပ္ပံပညာ၏ရှေ့ပြေးသမိုင်းလည်း ဖြစ်နေပေသည်။ ဤကျမ်းနှင့်ပတ်သက်ပြီး ဟင်နရီကိုဟင်က ဤသို့ဆိုခဲ့၏။

'ဤကျမ်းသည် ဝိညာဉ်ပိုင်းသာမက ရုပ်ပိုင်းကိုပါ တစေ့တစောင်းပြဆိုထားလေသည်။ အရာခပ်သိမ်းတိုင်းတွင် ပေါ်လွင်မှုနှင့် ငုပ်လျှိုးမှုတို့၏ဆက်စပ်မှုကို ရှာဖွေရမည်ဖြစ်ပြီး ပုံမှန်နှင့်ထူးခြားမှုကိုလည်း ရှာဖွေသိရှိရမည် ဖြစ်၏'

ဂျဘီးသည် ဓာတ်လေးပါးတို့၏ ဂုဏ်ကိုဖော်ပြရာ၌ ပူခြင်း၊ အေးခြင်း၊ စိုခြင်း၊ ခြောက်ခြင်းတို့ကို ဖော်ပြရာ၌ ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာကိုသာ သုံးသပ်ခြင်းမဟုတ်ဘဲ ၎င်းတို့၏သကတ်စွမ်းရည်ပိုင်းကိုပါ သုံးသပ်ထားခြင်းလည်း ဖြစ်၏။

ထိုသဘောတရားသည် ဂျဘီးခေတ် အဂ္ဂိရတ်ပညာ၏အခြေခံအဖြစ် တည်ရှိနေပေသည်။ ဓာတ်လေးပါးတို့၏ အပြောင်းအလဲကိုဖော်ပြရာ၌ မူလအခြေအနေမှပြောင်းလဲသွားခြင်း၊ မူလအခြေအနေသို့ ပြန်လည်၍ ပြောင်းလဲခြင်း စသည်ဖြင့် ရှိနေပြီး နောက်ဆုံးတွင် ရုပ်ဝတ္ထုတစ်ခုလုံး ပြောင်းလဲသွားရသည်အထိ ဖြစ်လေ၏။

ဂျဘီး၏ အဂ္ဂိရတ်လုပ်ငန်းသည် ထုံးတမ်းစဉ်လာဖြစ်သော စိတ်နှင့်ဝိညာဉ်ဆိုင်ရာ လေ့ကျင့်ခန်းတစ်ရပ်ဖြစ်သည်ဟု ကိုဟင်က ရှင်းပြခဲ့၏။ ဤသို့ဆိုခြင်းဖြင့် ဂျဘီးရေးခဲ့သည့်အဂ္ဂိရတ်ကျမ်းများသည် ဝိညာဉ်ဆိုင်ရာစာစု ဟူ၍ မဆိုနိုင်ပေ။ တကယ့် ရုပ်ဒြပ်အစစ်ပေါ်တွင် တကယ်ပြုလုပ်သော လက်တွေ့လုပ်ရပ်များသာ ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် လုပ်ရတ်၏အဆင့်များသည် နာမ်၏ပြောင်းလဲမှုအဆင့်သို့ ဆိုက်ရောက်သွား၏။ ၁၉၃၂ ခုနှစ်တွင် ဂျဘီးကျမ်းများအနက်မှ ကျမ်းတစ်ခုကိုတွေ့ရ၏။ ထိုကျမ်းကို လက်တင်ဘာသာဖြင့်ရေးထား၏။ ထိုကျမ်း၏အမည်မှ 'မြကျောက်သင်ပုန်းကျမ်း' (EMERAL TABLET) ဟု အမည်ပေးထား၏။ ထိုကျမ်းကိုတွေ့ရှိရပုံမှာ ထူး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုထဲတွင်ရှိသော 'ဟာမီး' ၏ အလောင်းတွင် လက်ဖြင့်တိုင်ထားသော မြကျောက်ပြား၌ ထင်ဟပ်နေသည့် စာသားများ ဖြစ်၏။ ၎င်းသည် လွန်စွာရှေးကျသောခေတ်ကပင် ရှိနေခဲ့သည်ဟု အလယ်ခေတ် ဥရောပလူထုက ယုံကြည်ကြ၏။ အခြားသော ဒဏ္ဍာရီတစ်ခု၏ အဆိုမှာ ဤ 'မြကျောက်သင်ပုန်း' ကို တွေ့ရှိသူသည် အီဗရာဟင်၏ဇနီး ဆာရာသော် လည်းကောင်း၊ အလက်ဇန္ဒြားသည်ဂရိတ်သော် လည်းကောင်း၊ တီယာနာမြို့မှ ကျော်ကြားသော ဒဿနပညာရှင်သော် လည်းကောင်း၊ ထိုပုဂ္ဂိုလ်များအနက် တစ်ဦးဦးက အေဒီ ၁ ရာစုတွင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု ဆို၏။

ဂျဗီးကိုယ်တိုင်ကလည်း အဆိုပါ မြကျောက်သင်ပုန်းကျမ်းကို တီယာနာမှ ပညာရှင်က တွေ့ရှိခဲ့သည် ဟူသော အဆိုကို လက်ခံထား၏။ အာရဗီဘာသာဖြင့် ရေးသားထားသည့် အဆိုပါကျမ်းသည် လွန်စွာရှေးကျ၏။ ထို့အပြင် ဂရိအတွေးအခေါ်ကို အခြေခံ၍ ရေးသားထားသည့် အလွန်တရာ လေးနက်သော အတွေးအခေါ်များ ပါရှိသည့် ကျမ်းဟု ဆိုသည်။

ဤမြကျောက်သင်ပုန်းကျမ်းသည် အာရပ်အဂ္ဂိရတ်အစဉ်အလာ၏ အခြေခံကျမ်းကြီး ဖြစ်၏။ ထို့အပြင် ဂျဗီးကို ဂုဏ်ပြုထားသည့် လက်ရာကိုလည်း တစ်နည်းတစ်လမ်းအားဖြင့် လွှမ်းမိုးနေပေသည်။

မြကျောက်သင်ပုန်းစာသည် အဂ္ဂိရတ်ပညာ၏သမိုင်းတစ်ခုလုံးတွင် အနှစ်ချုပ်သံခိပ်အဖြစ်ဆုံးသောကျမ်း ဖြစ်၏။ ထိုသင်ပုန်းစာတွင် စာကြောင်းအနည်းငယ်မျှသာပါရှိပြီး အနက်အဓိပ္ပာယ်ကား ငုပ်ကွယ်လွန်းလှပါသည်။ မြုပ်ကွက်များကို ဖော်ထုတ်ရှင်းလင်းထားမှု မရှိပေ။ သို့ဖြစ်ပါသောကြောင့်လည်း နောက်ပိုင်း၌ အဆိုပါ ငုပ်ကွယ်နေသော အဓိပ္ပာယ်ကို မရေမတွက်နိုင်အောင် များပြားလှစွာသော စာမျက်နှာများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြလေသည်။ လက်တင်ဘာသာမှ ထိုအကြောင်းအရာနှင့်ပတ်သက်သည့် ရေးသားချက်အချို့ကို ဖော်ပြလိုက်ပါသည်။

'၎င်းသည် မှန်ကန်၏။ မှားယွင်းမှုလိမ်ညာမှု လုံး၀ ကင်းရှင်း၏။ သေချာ၏။ အစစ်အမှန်ဆုံး ဖြစ်၏။ အထက်ပိုင်းမှရေးသားချက်သည် အောက်ပိုင်းရှိ ရေးသားထားချက်များနှင့် သဘောကွဲလွဲမှုမရှိဘဲ ထပ်တူဖြစ်၏။ ဤသို့ဖြင့် အကြောင်းတစ်ရပ်၏အံ့ဖွယ်ကို ပြီးပြည့်စုံစေ၏။ တစ်ခုမှတစ်ခုကို လက်ခံရန် မလွယ်ကူသောကြောင့် အရာခပ်သိမ်းတို့ ဖြစ်ရ၏။ အရာခပ်သိမ်းသည် ထိုအကြောင်းတစ်ရပ်၏ တစ်ခုတည်းသော မွေးစားမှု၊ ဆင့်ပွားမှုမှ ဖြစ်ရ၏။ ထို့ကြောင့် နေမင်းသည် ဖခင်ဖြစ်၍ လမင်းသည် မိခင် ဖြစ်၏။ လေသည် သားအိမ်သဖွယ်ဖြစ်ပြီး ကမ္ဘာမြေသည် သားဖွားပေးသူ၊ ပြုစုပေးသူ ဖြစ်၏။ တစ်လောကလုံး၏အံ့မခန်းလုပ်ရပ်များသည် ဖခင်၏အလုပ် ဖြစ်၏။ ၎င်းစွမ်းအားသည်လည်းပြီးပြည့်စုံ၏။ နေရောင်သည် ကမ္ဘာမြေပေါ်သို့ ကျရောက်ပါက ၎င်းသည် ကမ္ဘာမြေအား မီးမှခြားနားပေးလိမ့်မည်၊ နူးညံ့ခြင်းကို ကြမ်းတမ်းခြင်းမှ ခွဲခြားပေးမည်။ ၎င်းသည် ကမ္ဘာမြေမှ အစပြုကာ တဖြည်းဖြည်းချင်း ကောင်းကင်ဘုံသို့ တက်ရောက်သွားသည်။ ထို့နောက် ကမ္ဘာမြေသို့ တစ်ဖန်သက်ဆင်း၍ ကောင်းမြတ်သောအရာများ၊ ညံ့ဖျင်းသောအရာများ၏အင်အားများကို အားလုံး စုစည်းထား၏။ ဤသို့ဖြင့် သင်သည် ကမ္ဘာလောကတစ်ခုလုံး၏တောက်ပမှုဂုဏ်ရည်ကို ပိုင်ဆိုင်ရမည် ဖြစ်၏။ ကြည်လင်ထင်ရှားမှုအားလုံးသည်လည်း သင့်ထံမှ ပျံ့နှံ့သွားရမည်။ သင်သည် ခွန်အား အားလုံး၏ ခံတပ်ကြီးတစ်ခုသဖွယ် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် နူးညံ့မှု အားလုံးကို ဖောက်ထွင်းသွားသောကြောင့် ဖြစ်၏။ ထို့အပြင် အမာခံရုပ်ဝတ္ထုအားလုံးကိုလည်း ဖောက်ထွင်း၏။ ဤသို့ဖြင့် လောကကြီးကို ဖန်ဆင်းခဲ့လေသည်။

ဤအကြောင်းကြောင့် ငါ့အား 'ဟာမီးထရစ်မစ်ဂျစ်စတပ်' ဟု ခေါ်၏။ အကြောင်းမှာမူ ငါသည် ကမ္ဘာလောကတစ်ခုလုံးရှိ ဉာဏ်ပညာများ၏ လေးပုံသုံးပုံကို ပိုင်ဆိုင်သောကြောင့် ဖြစ်၏။ ပြောစရာရှိသည်မှာ ဝိညာဉ်ဆိုင်ရာလုပ်ရပ်သည် ပြည့်စုံသွားပြီ ဖြစ်၏။

ယေဘုယျအားဖြင့် စာပေများက ထောက်ခံထားသည့်အဆိုမှာ 'အထက်လောကနှင့် အောက်လောကတို့၏ ဆက်သွယ်မှုသည် တစ်ခုတည်းသော မူလဒြပ်မှဖြစ်ပေါ်လာသည်ဟု ဆိုထား၏။ ဤတွင် အဖိုဓာတ် (Sol) နှင့် အမဓာတ် (Luna) တို့မှ သားသမီးများ ပေါက်ဖွားလာခဲ့သည်။ ဤကျမ်းသည် ဓာတ်ကြီးလေးပါးကို ရည်ညွှန်းခြင်းဖြစ်ကောင်းဖြစ်ပေမည်။ ထိုကျမ်းတွင် အရာခပ်သိမ်းသည် မီး (Sun)၊ ရေ (Moon)၊ လေ (Wind/air)၊ မြေ (Earth) တို့မှ ဖြစ်ပေါ်ရသည် ဟူ၍ ရေးထားသော ကြောင့် ဖြစ်သည်။

ဓာတ်များကို ခွဲခြားခြင်း၊ ပြန်လည်စုပေါင်းခြင်း၊ အငွေ့ပြန်စေခြင်း၊ စွဲမြဲစေခြင်းတို့ကို အဂ္ဂိရတ်နည်းပညာအဆင့်ဆင့်တို့ဖြင့် ပြုလုပ်ခြင်းနည်းဖြင့် ပညာရှင်သည် သဘာဝမှဖန်တီးသည့် အသိုက်အဝန်းတစ်ခု (ဓာတ်) ကို ရရှိပေမည်။ ၎င်းသည် ဓာတုဖြစ်စဉ် သို့မဟုတ် ဂမ္ဘီရဖြစ်စဉ် သို့မဟုတ် ဝိညာဉ်ပိုင်းဖြစ်စဉ်တို့ကို နီးကပ်စွာ လေ့လာသုံးသပ်ရပေသည်။

ဤပညာရပ်သည် အလွန် မြင့်မြတ်သည့် စကားလုံးများဖြင့် မြေပြင်မှ ကောင်းကင်သို့ တက်ရ၏။ ထိုမှတစ်ဖန် ကောင်းကင်မှ မြေပြင်သို့ ပြန်လည်သက်ဆင်းရ၏။ မြင့်မြတ်သော အရာများနှင့် နိမ့်ကျသောအရာများမှ အင်အားများ အားလုံးကို စုစည်းပြီးသားလည်း ဖြစ်၏။ ဤဖြစ်စဉ်၏ ဥဒါဟရုဏ်မှာ ပေါင်းခံသည့်ဖြစ်စဉ်ကို ရည်ညွှန်းခြင်း ဖြစ်၏။ သို့ရာတွင် ၎င်းတို့သည် သာမန်လေ့ကျင့်ခန်းမျှသာ ဖြစ်နိုင်ပေသည်။ ထိုလုပ်ရပ်များကြောင့် ဝိညာဉ်သည် ခန္ဓာကိုယ်ကို စွန့်ခွာ၍ အစစ်အမှန် ပရမတ္ထနှင့် ဆက်သွယ်ပေသည်။

သို့ဖြင့် သင်သည် ကမ္ဘာလောကတစ်ခုလုံး၏တောက်ပမှုကို ပိုင်ဆိုင်၏။ ထို့အပြင် သင့်ထံမှ ကြည်လင်တောက်ပမှုအားလုံးသည် ပတ်ဝန်းကျင်သို့ ဖြာထွက်နေရမည် ဖြစ်၏။ ဘဝ၏ဂမ္ဘီရဆန်သော ရုပ်ခန္ဓာကို အဂ္ဂိရတ်ပညာရှင်၏ လုံထဲတွင်ပင် ဖြူဖွေးအောင် လည်းကောင်း၊ မည်းနက်သွားအောင်သော် လည်းကောင်း ပြုလုပ်နိုင်ပါသည်။

ဂျဗီးရေးသားသည်ဟု ဆိုသော နောက်ထပ် အာရပ်ကျမ်းတစ်စောင်၌ ဒဿနပညာရှင်တစ်စု၏ပုံရိပ်ကို ဖော်ဆောင်ထား၏။ ၎င်းတို့သည် အဂ္ဂိရတ်ပညာ၏ဥပဒေသကို ဆွေးနွေးရန် ထိုပညာရှင်များစုရုံးနေကြခြင်း ဖြစ်၏။ ဤကျမ်းသည် လက်တင် အဂ္ဂိရတ်ကျမ်းတစ်ခုကို စံပြုမှီငြမ်းထားကြောင်းကား အလွန်ပင်သေချာလှပါသည်။

၉၀၀ ပြည့်နှစ်ဝန်းကျင်ဟု သတ်မှတ်ထားသော လက်တင်အဂ္ဂိရတ်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com

သည် အာရပ်အဂ္ဂိရတ်ကျမ်းမှတစ်ဆင့် ပေါ်ထွက်လာခြင်း ဖြစ်၏။ အခြားသော ဖြစ်နိုင်သည့်အချက်တစ်ခုမှာ အာရပ်အဂ္ဂိရတ်ကျမ်းသည်ပင်လျှင် မူလဂရိကျမ်းမှ ပေါ်ထွက်လာခြင်း ဖြစ်၏။

ရှေးခေတ် ဂရိဒဿနပညာရှင် (၉) ဦးဖြစ်သည့် အန်စီမန်ဒါ၊ အန်စီမန်နီ၊ အန်စာဂိုရပ်၊ အန်ပီဒိုကပ်၊ ဘာဗီလော့၊ လူစီပပ်၊ အန်ဖာတာပ်၊ အန်ပီဒေါ်ကပ်၊ ပိုက်သာဂိုရပ်၊ ဇီနိုဖန်တို့သည် အဂ္ဂိရတ်ပညာနှင့်ပတ်သက်၍ ဆွေးနွေးရန် တွေ့ဆုံလေ့ရှိကြ၏။ သူတို့ဆွေးနွေးကြသည့်အကြောင်းအရာများမှာ လောကကို ဖန်ဆင်းသည့် ဘုရားရှင်အား မှန်းဆခြင်း၊ စကြဝဠာ၏စုစည်းမှု၊ ဓာတ်ကြီးလေးပါးသဘောတရားတို့ ဖြစ်လေသည်။

သူတို့သည် အကြိမ်ပေါင်း (၇၂) ကြိမ် အချေအတင် ဆွေးနွေးပြီးနောက် သူတို့သည် ဂရိဒဿနကို အာရပ်တို့ လက်ခံကြောင်း ဆုံးဖြတ်လိုက်ကြ၏။ အဆိုပါ ဒဿနများသည် အဂ္ဂိရတ်ပညာ၏ ဥဒါဟရုဏ်များ ဖြစ်လာခဲ့၏။ ရှေးခေတ် အစ္စလာမ် အဂ္ဂိရတ်ပညာရှင်များက အစ္စလာမ်နှင့် အံဝင်အောင်ပြုလုပ်ခြင်းများကို ဖော်ပြသည်။ ဤကျမ်းသည် ဥပမာတစ်ရပ် ဖြစ်၏။

ဂျဗီး၏ခြေရာကိုနင်းသည့် ပညာရှင်များမှာ ကျော်ကြားသည့် ပါရှန်သမားတော်ကြီး အဘူဘေကာ မိုဟာမက် အဗ္ဗနေး ဇာကရီယာ အာရာဇစ် (၈၆၄ - ၉၂၅) ဖြစ်သည်။ ၎င်းကို အနောက်တိုင်းက 'ရာဇီ' ဟု သိထားပြီး လျှို့ဝှက်သောကျမ်းကို ရေးသူအဖြစ်လည်း သိရှိထား၏။ ထိုကျမ်းတွင် ဖိုခန်းသုံး ပစ္စည်းကိရိယာများ၊ ဓာတုဗေဒ ပစ္စည်းများ၊ နောက်ထပ် အသစ်ထည့်သည့် ဆားများကိုပါ ဖော်ပြထား၏။ ယခင်က အဂ္ဂိရတ်ကျမ်းများတွင် ကန့်နှင့်ပြဒါးနှစ်မျိုးကိုသာ အခြေပြုထားလေ့ရှိကြ၏။

နောက် အာရပ်အဂ္ဂိရတ်ပညာရှင်တစ်ဦးမှာ မာဆလာမာ အဗ္ဗနေး အာမက် အယ် မက်ဂတီ ဟု လူသိများသူဖြစ်၏။ သူသည် စပိန်နိုင်ငံ မဒရစ်မြို့မှ ဖြစ်၏။ သူ၏မွေးသက္ကရာဇ်မှာ ၁၀၀၇ ခုနှစ် ဖြစ်၏။ နောက် ပညာရှင်တစ်ဦးမှာ မိုဟာမက် အဗ္ဗနေး အူမေး ဖြစ်၏။ သူ၏မွေးသက္ကရာဇ်မှာ ၉၀၀ ပြည့်နှစ်ဖြစ်ပြီး ၉၆၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့ဖြစ်သည်။ သူသည် "THE SILVERY WATER AND THE STRRY" ကျမ်းကို ပြုစုခဲ့သူ ဖြစ်၏။ နောက်တစ်ဦးမှာ အဘူအလီ အဗ္ဗနေး စင်နာ (၉၈၀- ၁၀၃၇) ဖြစ်၏။ အနောက်တိုင်းမှ သူ့ကို အဗီဆင်နား ဟူ၍ လူသိများ၏။ သူသည် သမားတော်မင်းသား ဖြစ်၏။ သူသည် အဂ္ဂိရတ်ပညာနှင့်ပတ်သက်၍ တစ်ကြိမ်ဝေဖန်ခဲ့ဖူး၏။

အစ္စလာမ် အဂ္ဂိရတ်ပညာသည် ၁၃ ရာစုတွင် အဘူအယ်အီရတ်တီနှင့်အတူ တိုးတက်လာခဲ့သည်။ ၁၄ ရာစုတွင် 'အဒမ်ဂျီဒတ်ကီ' ကြောင့် ဆက်လက်တိုးတက်လာခဲ့၏။

အခြားသော အစ္စလာမ်ဒဿန၏ လိုင်းကွဲများကဲ့သို့ပင် အဂ္ဂိရတ်ပညာကို ခရစ်ယာန်လောကသို့ သွတ်သွင်းခဲ့၏။ အစ္စလာမ်သာသနာနှင့် နိုင်ငံရေးအာဏာသည်လည်း အနောက်တိုင်း (ဥရောပ) သို့ ပျံ့နှံ့ ကျယ်ဝန်းလာခဲ့၏။ စပိန်နိုင်ငံနှင့် စစ္စလီနယ်တို့သည် အာရပ်နှင့်လက်တင်ယဉ်ကျေးမှုတို့ ရောယှက်ရန် လွယ်ကူသော တံခါးပေါက်များ ဖြစ်ကြ၏။

အထူးသဖြင့် စပိန်နိုင်ငံတွင် ဆာရာဆန် အုပ်စိုးစဉ်က မွတ်စလင်ယဉ်ကျေးမှု၏ ဩဇာကြောင့် သိပ္ပံ၊ မော်ပညာ၊ နက္ခတ္တနှင့် အဂ္ဂိရတ်ပညာများ ဖွံ့ဖြိုးခဲ့ရ၏။ အကြောင်းမှာမူ လူသားတို့သည် ယဉ်ကျေးမှုအသစ်နှင့် အတွေ့အကြုံသစ်များကို မွတ်သိပ်နေကြသောကြောင့် စပိန်ကျွန်းဆွယ်သည် အလားအလာရှိသောဒေသဖြစ်လာပြီး သင်္ချာဗေဒ၊ နက္ခတ္တဗေဒ၊ ဆေးပညာနှင့် အဂ္ဂိရတ်တို့ကို လေ့လာနိုင်ပေသည်။

ထို့နောက် တစ်ကမ္ဘာလုံးမှ ပညာလိုလားသူများသည် တိုလီဒို၊ ဘာစီလိုနာ၊ တာရာနနှင့် အခြား စပိန်မြို့တော်ကြီးများသို့ ရောက်ရှိလာကြပြီး သူတို့တတ်သိထားသော အာရပ်ဘာသာစာပေနှင့် စကားတို့ကို တိုးတက်စေရန်လည်းကောင်း၊ ဘာသာပြန်သူအဖြစ် အလုပ်လုပ်ရန် လည်းကောင်း သွားရောက်ကြသည်။ ဤအလုပ်ကား လွယ်ကူသောအလုပ်တစ်ခု မဟုတ်ပေ။ မူလဘာသာမှ ဒေသခံဘာသာသို့ ပြန်ဆိုရ၏။ ထိုမှတစ်ဆင့် တရားဝင်ဘာသာပြန်ဆိုသူက လက်တင်ဘာသာသို့ ပြန်ဆိုရ၏။ စံနစ်မှာ ရှုပ်ထွေးသောစနစ် ဖြစ်၏။ ထို့သို့ဖြစ်သောကြောင့် နောက်ဆုံးပြန်ဆိုသောဘာသာသည် မတိကျမှုများဖြင့် ပြည့်နှက်နေတော့၏။ အလွန်တရာမှားခြင်းမျိုးတော့ မဟုတ်ပေ။

အာရပ်လက်ရေးစာမူတို့ကို ဘာသာပြန်ဆိုသည့်အလုပ်အား အထက်အာဏာပိုင်များက တိုက်တွန်းအားပေးကာကွယ်ခဲ့၏။ တိုလီဒိုမှဂိုဏ်းချုပ်သည်လည်းကောင်း၊ တာရာဂွန်မှ ဂိုဏ်းအုပ်သည် လည်းကောင်း တိုက်တွန်းအားပေးခဲ့၏။

ထိုအချိန်က သာသနာ့ဝန်ထမ်းဘုန်းတော်ကြီးများ အာဏာရှိနေချိန်ဖြစ်၍ ဘာသာပြန်သူများသည် ၎င်းတို့၏စာရေးစာချီအလုပ်လည်း လုပ်ခဲ့ကြ၏။ တစ်နိုင်ငံလုံး စာမတတ်သည့်ဘဝ၌ ဘာသာပြန်သူတို့၏ကျေးဇူးကြောင့် ပညာရပ်ဆိုင်ရာဘာသာစကား အမျိုးမျိုးကိုဖတ်ရှုရသဖြင့် စာတတ်သူများပေါ်များလာ၍ အာဏာပိုင်တို့က ဘာသာပြန်သမားတို့ကို ကာကွယ်ခြင်း ဖြစ်၏။

ထိုအချိန်တွင် ရောဘတ်ချက်စတာအမည်ရှိ အင်္ဂလိပ်လူမျိုးရောက်ရှိလာသဖြင့် ကျောင်းထိုင်ဘုန်းတော်ကြီးပီတာက ထိုသူအား ကိုရမ်ကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခိုင်းခဲ့၏။ ထုံးတမ်းစဉ်လာအရ ဤရောဘတ်ချက်စတာကပင် အဂ္ဂိရတ်ပညာ၏လက်ရေးစာမူကို ၁၁၄၄၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် အင်္ဂလိပ်ဘာသာသို့ ပြီးဆုံးအောင် ပြန်ဆိုခဲ့ခြင်း ဖြစ်၏။ အဆိုပါကျမ်းကို ကျော်ကြားသည့် ခရစ်ယာန်သူတော်စင်ကြီး မော်ရိနပ် ဆိုသူက သူ့တပည့်များအတွက် ရေးသားခဲ့သောကျမ်းဖြစ်၏။ ရောဘတ်ချက်စတာသည် အဂ္ဂိရတ်ဆိုတာ ဘာလဲ၊ အဂ္ဂိရတ်ပညာတွင် မည်သည့်အရာများ ပါဝင်ပါသလဲ စသည့် ပြဿနာများကို လက်တင်ယဉ်ကျေးမှုသို့ သွတ်သွင်းခဲ့၏။ ထို့အပြင် လျှို့ဝှက်ပညာ၏ဆေးရည်နှင့်ပတ်သက်ပြီးလည်း လက်တစ်ဆုပ်စာမျှသာရှိသော ဂရိ လက်ရေးကျမ်းများကို အေဒီ ၈ ရာစု၊ ၉ ရာစု ဘန်ဇင်တိုင်းခေတ်တွင်ပင် ဥရောပသို့သွတ်သွင်းရန် ကြံစည်ခဲ့၏။ ဤကား ကမ္ဘာ့အနောက်ခြမ်းသို့ အဂ္ဂိရတ်ပညာ ဝင်ရောက်လာခြင်းပင် ဖြစ်ပေတော့၏။

*(ဆက်ရန်)*

ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com





**သွေးတိုးရောဂါရှင်များ . . စားချင်တာစား**

**စကြာမင်း**

**သွေးတိုးကျဆေး**

**ကိုဆောင်ထား** ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-01 12 YR 00799 I

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ အားကိုးရှိနေပြီဆိုတော့ ဘာစားစား သွေးတိုးဆို ဗိုလ်မထား စားချင်တာစား ဆေးကောင်းတစ်လက် ဆောင်လို့ထားပေါ့ မမမြင့်ရယ်" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါမမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား-ဟား၊ ဟင်းဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရှော ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် စကြာမင်း သွေးတိုးကျဆေးကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေးပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေးဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက အုန်းနို့ခေါက်ဆွဲ၊ ဒါက စကြာမင်းသွေးတိုးကျဆေး၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . စကြာမင်းသွေးတိုးကျဆေးတော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

ကိုရဲ

ပင်ရင်း၊ စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တိုက်ကင်းတပ်စု ထမန်းတိုက် (ထမန်းအောက်ရွာ) ကို ရောက်ရှိချိန်ဟာ ည (၁၀) နာရီကျော်နေပါပြီ။ နောက် (၂) နာရီ၊ (၃) နာရီ ခရီးဆက်ရင်တောင် ရွာဆက်ဝေးလွန်းလို့မရောက်နိုင်တာကြောင့် ထမန်းတိုက်ရွာကလေးမှာပဲ ညအိပ် စခန်းချလိုက်ပါတယ်။

ရွာအနေအထားအရ အိမ်ခြေ (၁၀)လုံးနဲ့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းပဲ ရှိပါတယ်။

အိမ်ခြေနည်းပေမယ့် အိမ်ထောင်စုလူဦးရေကတော့ မနည်းပါဘူး။ အိမ်တည်ဆောက်ပုံအရ အိမ်အမိုးရဲ့တံစက်မြိတ်ကို ဘေးနံ (၂) တောင်အကွာအထိ ဆွဲချပြီး ကြမ်းပြင်နဲ့ တံစက်မြိတ်ကြားကွာဟနေတဲ့နေရာကိုတော့ ဝါးပိုးဝါးကြီးတွေ ကပ်ရက်လုပ်ပြီး ကာထားပါတယ်။ ထိပ်နှစ်ဖက်ပွင့် အလယ်လျှောက်လမ်းထားတဲ့ တိုးလျှိုပေါက် ရင်တွဲအိမ်တွေပါ။

အိမ်မကြီးလျှောက်လမ်း ဘယ်,

ရှစ်ခွင်ကျော်ဖောင်တော်သီ

ကိုဦးမြောက် သေဆုံးပြီးနောက်

ညာမှာတော့ မီးဖိုနဲ့ ကျပ်ခိုးစင် အစီအရီ ရှိနေပါတယ်။ မီးဖိုတစ်ဖိုဟာ အိမ်ထောင်စုတစ်စုပါ။ အိမ်ထောင်တစ်စုမှာ မိသားစု (၃) ဦးပဲထား၊ မီးဖို (၁၀) ဖိုရှိအိမ်တစ်အိမ်မှာ လူဦးရေ (၃၀) နေထိုင်တာကြောင့် အိမ် (၁၀) လုံးရှိသော်ငြား လူဦးရေ (၃၀၀) ကျော် ရှိနေမှာ ဖြစ်ပါတယ်။

အရှေ့ပိုင်း ရှမ်းပြည်နယ်မြို့တော်ကျိုင်းတုံရဲ့အရှေ့မြောက် တောင်တန်းကြီးတွေပေါ် တောင်ယာလုပ်ငန်းနဲ့ အသက်မွေးရင်း နေထိုင်တဲ့ လွယ်လတိုင်းရင်းသားတွေရဲ့ လူနေမှုဓလေ့ထုံးစံပါ။

ကျွန်တော်တို့ ရောက်ရှိချိန်ဟာ အိပ်စက်အနားယူချိန်ဖြစ်လို့ နတ်တော်လကွယ်ညရဲ့ လမသာ, ကြယ်ရောင်မလင်းတဲ့ မဟူရာညလည်းဖြစ်၊ ဆောင်းဦးရဲ့အအေးလွန်ကဲမှုလည်းရှိလို့ မီးလင်းဖိုဘေး အနွေးဓာတ်ယူရင်း အိပ်စက်အနားယူနေကြချိန်မှာ-

“ဝုတ်. . . ဝုတ်. . . ဝုတ်”

“ဂိန်. . . ဂိန်”

“အူး. . .”

“ဝူး. . .”


ညဥ့်သန်းခေါင်ကျော်လောက်မှာတော့ ရွာတွင်းရှိသမျှခွေး၊ ဘုန်းကြီးကျောင်းကခွေးတွေဟာ စူးစူးဝါးဝါး ဆူဆူညံညံနဲ့ အူသံတွေ အချိန်ကြာမြင့်စွာ ကြားရတယ်။ ကောင်းတဲ့အတိတ်နိမိတ်တော့ မဖြစ်နိုင်ပါဘူး။

“အီး. . .”

“အား. . .”

ခွေးဟောင်သံ၊ ခွေးအူသံတွေ တိတ်ဆိတ်သွားချိန်မှာတော့ ကျွန်တော်နားမလည်တဲ့ လွယ်လစကားတွေ၊ အော်ဟစ်ပြီး ငိုယိုသံတွေ ကြားရပါတယ်။

“ကျော်ငြိမ်း- ထစမ်းကွာ၊ အိုက်ရေးကို သွားခေါ်စမ်း”



အခြေအနေအသေးစိတ် သိချင်လို့ လွယ်လရဲဘော် အိုက်ရေးကို အခေါ်လွှတ်လိုက်ပါတယ်။ နှစ်ယောက်သား ကျွန်တော့်ရှေ့ရောက်တဲ့အခါ-

“မင်းတို့နှစ်ယောက် နားထောင်ကြည့်စမ်း”

“ငိုသံတွေကြားနေရတယ်”

“အေး- အဲဒါ သွားစုံစမ်းကြည့်စမ်း။ ကျော်ငြိမ်း အဖော်လိုက်သွား”

ကျွန်တော် တာဝန်ပေးစုံစမ်းခိုင်းတဲ့ တပ်စုရုံးက ကျော်ငြိမ်းရော တပ်စိတ် (၁) က အိုက်ရေးပါ (၁)နာရီကြာမှပြန်ရောက်ပါတယ်။

“ကြာလိုက်တာကွာ”

အိမ်ခြေ (၁၀) လုံးနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းသာရှိတဲ့ ရွာကျဉ်းကျဉ်းလေးကို ကျွန်တော် ခန့်မှန်းတဲ့အချိန် ပြန်မရောက်လို့ အပြစ်ဆိုစကားနဲ့ စ,လိုက်တာပါ။

“ဗိုလ်ကြီးပဲ စုံစမ်းဆို”

“အေးလေ”

“ဒီလို ဗိုလ်ကြီးရ၊ အဲဒီ ငိုသံကြား



www.burmeseclassic.com

www.burmeseclassic.com

တဲ့အိမ်မှာ လူသေလို့။ အသက် (၃၀)၊ အရွယ်ကောင်း ရွာသားတစ်ယောက်တဲ့။ ညနေဘက်က အကောင်း၊ ဘာရောဂါမှမရှိဘဲ ရွာထဲမှာ ခွေးတွေဟောင်ပြီး 'ကြောက်တယ်၊ ကြောက်တယ်။ မလိုက်ဘူး၊ မလိုက်ဘူး' လို့ အလန့်တကြားအော်ဟစ်ရင်း အသက်ပျောက်သွားတာတဲ့"

"အဆန်းပါလား"

"ဆန်းဆို ဗိုလ်ကြီးရေ၊ ဒီလို. . ."


လို့ အစပျိုးပြီး ဇာတ်စုံ ခင်းပြပါတယ်။

✿

ထမန်းတိုက်ရွာသူ၊ ရွာသားဖြစ်သူ အိုက်ကျောင်းနဲ့ အီတစ်တို့ လင်မယားအိမ်ထောင်သက် (၁) နှစ်အကြာမှာ သမီးတစ်ဦး ထွန်းကားပါတယ်။ သက်စိုးမရှည်ဘဲ လသားနဲ့ဆုံးပါးသွားလို့ လင်မယားနှစ်ယောက်လုံး အရှုံးတစ်ပိုင်းဖြစ်ကြရပါတယ်။

အိမ်ထောင်သက် (၅) နှစ်အကြာမှာ သေဆုံးတဲ့ကလေး အစားရတယ်ဆိုရမလို အမြွှာပူးမောင်နှမကို ဖွားမြင်ပါတယ်။ ဝမ်းသာစရာကြီးပါ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေအတွက် သားသမီးဆိုတာ ရတနာအဖြစ် သတ်မှတ်ပြီး ဝမ်းသာဂုဏ်ယူစရာဖြစ်ပေမယ့် ဘာသာတူသော်လည်း အယူဝါဒကွဲပြားတဲ့ အိုက်ကျောင်းတို့ လင်မယားအတွက်တော့ သောကအပူမီးတွေ တောက်လောင်ပြီး ဝမ်းနည်းပူဆွေးခြင်း ရလဒ်တွေနဲ့ ကြုံတွေ့ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

မွေးကင်းစမောင်နှမနှစ်ယောက်လုံးရဲ့ အောက်သွားဖုံးတွေမှာ စပါးလုံးတစ်ထောက်အရွယ်အစားရှိတဲ့ အစွယ်နှစ်ချောင်းစီပါလာတာတစ်ချက်၊ နောက်တစ်ချက်က ရင်နာစရာပါ။ ကလေးတွေကို မပစ်ရက်ဘူးဆိုရင် ရွာကိုစွန့်ခွာပေးရာကိုသွားရပါတယ်။ မသွားရင်လည်း မောင်းထုတ်ပါတယ်။ ဘယ်သူနဲ့မှ အဆက်အဆံမလုပ်ရပါဘူး။ သီးခြားကမ္ဘာကို ပို့လိုက်တဲ့သဘောပါ။

ရွာမှာ ဆက်နေချင်သပ ဆိုရင်တော့ အမြွာမောင်နှမကို စွန့်လွှတ်ရပါတယ်။ တစ်ရွာလုံးနဲ့ လင်မယားနှစ်ယောက် လွန်ဆွဲပွဲပါ။

ကမ္ဘာပေါ် ရှိရှိသမျှလူသားတိုင်းဟာ သားသမီးရယ်လို့ဖြစ်လာရင် ကျိုးကျိုး၊ ကန်းကန်း ချစ်ကြတာချည်းပါ။ ဘယ်မိဘကမှမပစ်ပယ်ပါဘူး။ အိုက်ကျောင်းနဲ့ အီတစ်လည်း ဒီသဘောပဲရှိကြမှာပါ။ သို့သော် တစ်ရွာလုံးနဲ့ နှစ်ယောက်ဖြစ်လို့ အရှုံးပေးလိုက်ရတယ်။

ဝ

ကျွန်တော့်တပ်စု စခန်းချတဲ့ညသေဆုံးသူဟာ (၉) ယောက်မြောက်ပါ။ သူ့အရင် (၈) ယောက် သေဆုံးပုံဟာလည်း 'ကြောက်တယ်၊ ကြောက်တယ်။ မလိုက်ဘူး' လို့ အော်ဟစ်ရင်း အသက်ပျောက်သွားတာ တစ်ချက်၊ ကြောက်လန့်ပြီးမအော်ခင် ရွာထဲကခွေးတွေ ဆူညံနေအောင် အူတာချင်းဟာ တစ်ထပ်တည်းကျနေပါတယ်။

နေ့စဉ် တောင်ယာနဲ့နေအိမ်၊ နေအိမ်နဲ့တောင်ယာ တောင်တက်၊ တောင်ဆင်းတွေကို ခြေတို့အောင်လျှောက်နေကြရလို့ ကျန်းကျန်းမာမာ၊ သန်သန်စွမ်းစွမ်းချည်းပါ။ ပြီးတော့ အရွယ်အားဖြင့် အစိတ်၊ (၃၀)၊ (၄၀) အရွယ်ကောင်းတွေချည်း ရွေးဖြစ်နေတာဟာ မရိုးသားပါဘူး။ စဉ်းစားစရာပါ။

မမြင်အပ်တဲ့ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ၊ ဝိညာဉ် ပရလောကသားတွေရဲ့အတိုက် အနှောင့်အယှက် ပယောဂတစ်ခုခုဆိုတာတော့ ခန့်မှန်းလို့ရနေပါပြီ။ အနာသိရင် ဆေးရှိတယ် မဟုတ်ပါလား။

ဝ

ကျွန်တော်၊ ရဲဘော်အိုက်ရေးနဲ့ ကျော်ငြိမ်း (၃)ယောက်သား မနက်လင်းလင်းချင်း ထမန်းတိုက်ရွာပြင် တစ်ပတ်ပတ်ပြီး လှေ့လာပါတယ်။ ထူးခြားမှုကတော့ သက်ငယ်ပင်ရှည် ကြီးတွေကို ကြိုးလိုကျစ်ပြီး ရွာကိုပတ်ထားတာတွေ့ရပါ တယ်။ ခြံစည်းရိုး ကာရံတဲ့သဘောပါ။

"အိုက်ရေး၊ ဒါ ဘာလုပ်တာလဲကွ"

"ပရိတ်ကြိုးဖြစ်မယ် ထင်တယ် ဗိုလ်ကြီး"

ပရိတ်ကြိုးမှန်ရင် ဘယ်လိုဘေးအန္တရာယ်မှမကျရောက်နိုင်ပါဘူး။ ကျွန်တော်တို့ (၃)ယောက် အခြေအနေကိုသုံးသပ်နေစဉ်မှာ ကိုရင်လေးတစ်ပါးဆွမ်းခံထွက်တာတွေ့လို့ မေးကြည့်ပါတယ်။

"ကိုရင်- ဒီသက်ကယ်ပင်ကိုကျစ်ပြီး ကြိုးလုပ်၊ ရွာကိုပတ်ထားတာ ဘာကိစ္စလဲ သိလား"

ကျွန်တော့်စကား နားမလည်လို့ အိုက်ရေးကတစ်ဆင့် စကားပြန်နဲ့ပြောဆိုရပါတယ်။ အိုက်ရေးပြောသလိုပါပဲ ပရိတ်ကြိုးပါတဲ့။

"အိုက်ရေးရေ- ကိုရင်လေးကို လျှောက်ကြည့်စမ်း၊ ပရိတ်ကြိုးကို ဘယ်သူ့အစီအမံနဲ့လုပ်တာလဲလို့"

အိုက်ရေးမေးပြီး ကိုရင်လေးရဲ့ အဖြေစကားကတော့ ကျောင်းထိုင်ဘုန်းကြီးအစီအမံဆိုတာကြောင့် ကျွန်တော် အပြစ်မြင်တဲ့စိတ်ကို ချုပ်တည်းလိုက်ရပါတယ်။

ဝ

"ဟာ- လူအုပ်ကြီးပါလားဟ"

ဟုတ်ပါတယ်။ ကျွန်တော် စခန်းချတဲ့အိမ်ရှေ့မှာ ကလေး၊ လူကြီး ရွာလုံးကျွတ် စုဝေးနေကြပုံပါ။

"ဒီလူအုပ်ကြီးက ဘာလုပ်နေကြတာလဲ ဆရာကြီးလှတင်"

ကျွန်တော့်တပ်စု တပ်ကြပ်ကြီးကို မေးပါတယ်။

"ဗိုလ်ကြီး အမိန့်ပြန် သေနတ်ပစ်ဖောက်ပြီး သရဲ၊ တစ္ဆေ၊ မကောင်းဆိုးဝါးတွေကို မောင်းထုတ်ပေးဖို့ လာပြောတာပါ"

အမိန့်ပြန်တယ်ဆိုတာ စစ်တပ်၊ ရဲ နိုင်ငံ့ဝန်ထမ်းတွေသေဆုံးမှ လုပ်ဆောင်ရတာပါ။ ဒါမျိုး မတွေ့မကြုံဘူးလို့ ဆန္ဒမရှိပါဘူး။

"အိုက်ရေး၊ အဲလိုလုပိခွင့်မရှိဘူးလို့ ပြောလိုက်ကွာ"

အိုက်ရေး ပြောဆိုပြီး သက်ကြီးရွယ်အိုတွေ ခေါင်းချင်းဆိုင် တိုင်ပင်ပြီးရှေ့တစ်ဆင့် တက်လာတာကတော့ ပရိတ်ရေမန်းလုပ်ပေးဖို့၊ ဆေးဝါးမန္တန်အဆောင်တွေ လုပ်ပေးဖို့ မေတ္တာရပ်ခံကြပါတယ်။

"အိုက်ရေး-အဲဒါလည်း ဘုန်းကြီးလုပ်ပေးတာပဲ၊ ငါလုပ်ပေးလို့မရဘူးလို့ ပြောကွာ"

"လုပ်ပေးလိုက်ပါ ဗိုလ်ကြီးရာ၊ သူတို့အသိက ဗိုလ်ကြီးလုပ်ပေးရင် ရမယ်ချည်းပဲ ထင်နေတယ်။ ယုံကြည်တယ်၊ အားကိုးတယ်"

တပ်ကြပ်ကြီးလှတင် ကြားဖြတ်ပြီး ကိုယ်စားဝင်လိုက်ခြင်းပါ။

ဝိညာဉ်လောကသား၊ ပရလောက စုန်း, ကဝေ နတ်အစွဲချွတ်တဲ့အလုပ်ဟာ ပယောဂကုဆရာတွေရဲ့အလုပ်ပါ။ ကျွန်တော့်ဆွေစဉ်မျိုးဆက် အစဉ်အလာ မရှိခဲ့ပါဘူး။ ကျွန်တော် ဘာလုပ်မလဲ၊ ဘာလုပ်သင့်သလဲ စဉ်းစားရင်း ခေါင်းထဲမှာ အလင်းတန်းတစ်ခုဝင်လာပါတယ်။

ဝ

မနှစ်က မိုးဦးကျမှာ နမ့်လွှေချောင်း ဝါးလုံးထိုးစီးဆင်းတဲ့ ရေစီးကြမ်းကြီးမှာ ကျွန်တော် ရေနစ်ဖူးပါတယ်။ ကျွန်တော် ရေကူးကျွမ်းကျင်တယ်ဆိုပေမယ့် သေနတ်၊ ကျည်ဆန်၊ ယူနီဖောင်း ချပ်ဝတ်တန်ဆာ (အီကွင်းမင့်) အလေးချိန်နဲ့ ဘယ်လိုမှ အသက်ရှင်အောင် ကြိုးစားလို့မရပါဘူး။

သေအံ့မူးမူးအချိန်မှာ ကျွန်တော့်တပ်ခွဲမှူး မနက်တိုင်းရွတ်ဆိုနေကျ ဓာရဏပရိတ်တော်ထဲက 'ဥဒကေ- ရေ၌၊ န လဂ္ဂေယျ- မငြိတွယ်, မနစ်မွန်းရာ' ရွတ်ဆိုသံအပိုဒ်လေး နားထဲမှာ ကြားနေရပါတယ်။ စာအုပ်လေးထဲက စာသားတွေကို မျက်စိထဲမြင်နေပါတယ်။ (ကျက်မှတ်ခြင်းမရှိသေးပါ။) စက္ကန့်ပိုင်းအတွင်းမှာ နမ့်လွှေချောင်းဘက်ကို လဲကျနေတဲ့ ရေသဖန်းပင်အကိုင်းနဲ့ငြိပြီး အသက်ရှင်ခွင့်ရခဲ့ရာက ဓာရဏပရိတ်တော်ရဲ့အစွမ်းထက်မှုကို လက်ခံ ယုံကြည်ပြီး အာဂုံဆောင်နိုင်အောင် ကျက်မှတ်ခဲ့ပါတယ်။

ကျွန်တော့်ဆေးဝါး အဆောင်အယောင် အစီအရင်ကတော့ ဓာရဏပရိတ်ပါ။

ဝ



www.burmeseclassic.com

www.burmeseclassic.com

တော်တော်လေးရဲ့အထက်မှာ ကောင်းတာ...လမင်းသစ္စာ



# လမင်းသစ္စာ

လေးဖက်နာသောက်ဆေးနှင့် သက်ရင်းရောက်ပေါင်းဒဏ်ကြေးလိမ်းဆေးရည်

၁၆၁၀ YR ၀၀၇၀၆၆

၀၇၁၀ YR ၀၀၇၁၈၁

အကြောတက်၊ အဆစ်အမြစ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အရိုးကျိုးပေါင်းတက်၊ လေးဖက်နာနှင့် ဂေါက်ရောဂါဖြစ်လျှင်. . .

လမင်းသစ္စာ . . . . ဆေးကိုလိမ်း

လမင်းသစ္စာ . . . . ဆေးကိုသောက်.... ပျောက်

ကျွန်တော် တပ်ကြပ်ကြီးလှတင်နဲ့ တပ်စိတ်တစ်စိတ်ကို တပ်ခွဲရုံးစိုက်တဲ့ ဝမ်တာပင်းစခန်းကို လွှတ်ပါတယ်။ (၃) ရက်စာ ရိက္ခာထုတ်၊ တိုက်ကင်းအစီအရင်ခံစာ၊ စည်းရုံးရေးလုပ်ငန်းခွင့်တောင်းစာပို့ တာဝန်နဲ့ပါ။ ကျွန်တော်နဲ့ကျန်အင်အားကတော့ ဘုန်းကြီးကျောင်းဝင်းထဲပြောင်းရွှေ့နေရာယူပါတယ်။ ကျောင်းထိုင်ဆရာတော်နဲ့ ဝင်တွေ့၊ ရွာကအခြေအနေကိုလျှောက်တင်၊ ခွင့်ပြုချက်တောင်းပြီး ရွာသားတွေရဲ့ပယောဂအစွဲချွတ်ဖို့ လုပ်ငန်းစ,ပါတယ်။

ဘုရားဆောင်သန့်ရှင်းရေးလုပ်၊ ရေချမ်းကပ်၊ ဆီမီးပူဇော်၊ ဘုရားဝတ်တက်၊ ငါးပါးသီလခံယူပြီး သတ္တဝါတွေ မေတ္တာပို့ သစ္စာဆိုပါတယ်။

"ဘုရားတပည့်တော်သည် ဤထမန်းတိုက် ရွာသူ ရွာသားများ၏ အတိုက်အခိုက် နှောင့်ယှက်ဖမ်းစား၍ အသက်အန္တရာယ်နဲ့ ကြုံတွေ့နေရခြင်းကို မရှုမမြင်ရက်ပါ။ ဤသစ္စာစကားမှန်ပါက ဘုရားတပည့်တော်၏ ရှေ့မှောက်ရှိ သောက်ရေအိုးအတွင်းမှ ရေစင်များသည် ဓာရဏပရိတ်တော်မြတ်၏တန်ခိုးတော်ကြောင့် ဆေးဝါးကဲ့သို့ အစွမ်းထက်ပါစေဘုရား"

ကျွန်တော် နှုတ်ထွက်သစ္စာဆိုပြီး သောက်ရေအိုးအဝကို မျက်နှာအပ်၍ (၃၁) ဘုံ ရည်စူးပြီး (၃၁) ခေါက် ရွတ်ဆို ပူဇော်ပါတယ်။ ပြီးမှ-

"ကျော်ငြိမ်း၊ ရွာလူကြီးအိမ်သွား။ တစ်ရွာလုံးရှိ ကလေး၊ လူကြီး အားလုံး ကျောင်းထဲကိုလာခဲ့ပါလို့ပြော"

"သူကြီးအိမ်တောင် သွားစရာမလိုဘူး၊ ကျောင်းရှေ့မှာ အားလုံးစုပြီး ဗိုလ်ကြီးအခေါ်ကို စောင့်နေကြတယ်"

ကျွန်တော် ကျောင်းအပြင်ထွက်ကြည့်ပါတယ်။ ကျော်ငြိမ်းပြောသလိုပဲ ကျောင်းရှေ့မှာ စုရုံးရောက်ရှိနေလို့ လက်ယပ်ခေါ်လိုက်ပါတယ်။ ကျွန်တော် ခန့်မှန်းတဲ့လူဦးရေထက်တောင် ပိုနေမှာပါ။ ကျွန်တော် ကျောင်းမကြီးဘုရားခန်းကို ညွှန်ပြ နေရာယူခိုင်းပါတယ်။

ကျွန်တော့်ရှေ့က ဖြတ်သွားတဲ့ သက်ကြီးရွယ်အိုတွေရော သက်တူရွယ်တူတွေပါ လက်အုပ်ချီ ဦးညွှတ်သွားကြပါတယ်။ မျက်နှာငယ်လေးတွေနဲ့ပါ။ ကျွန်တော် သမားဂုဏ်ရရှိလိုက်ပါပြီ။ ကျွန်တော့်အပေါ် ယုံကြည်ကိုးစားလို့ ဆေးစွမ်းထက်မယ်ဆိုတာ ပြောစရာမလိုတော့ပါ။

ကျွန်တော်လျှောက်ထားတဲ့ အစီအစဉ်အတိုင်း ပရိသတ်ကြီးကို ဆရာတော်က တရားပေး၊ ငါးပါးသီလခံယူစေပြီး လုပ်ငန်းစ,ပါတယ်။ ကျောင်းဝင်းပေါက်ကို ရေအိုးရွှေ့၊ ရေအပြည့်ပါ ရေအိုး (၃) လုံးကိုပါ ပရိတ်ရေပွားယူဖို့ သယ်ခိုင်းထားပါတယ်။ တစ်ယောက်ချင်း တန်းစီထွက်၊ ရေတိုက်ပြီး ရွာထဲပြန်လွှတ်လိုက်ပါတယ်။

ရိက္ခာ (၃) ရက်စာကုန်တဲ့ထိ အခြေအနေစောင့်ကြည့်ပါတယ်။ အသေအပျောက်အဖိတ်အစဉ် လုံးဝမရှိတော့လို့ ကျွန်တော့်ရဲ့ဇီဝိတဒါနပီတိကို ပြောပြလို့မကုန်နိုင်အောင်ပါ။

ကျွန်တော် တာပင်စခန်းကို ပြန်ရောက်ပြီး တစ်လကြာအထိ ဆက်သားလွှတ် သတင်းပို့ဖို့ တာဝန်ပေးခဲ့တဲ့အတိုင်း တစ်နေ့တစ်ယောက် လာသတင်းပို့ပါတယ်။ 'သေဆုံးသူမရှိ' ဆိုတဲ့ထူးခြားမှုမရှိတဲ့ သတင်းတွေချည်းပါ။

ဓာရဏပရိတ်တော်ရဲ့ အံ့မခန်းအစွမ်းပါ။

ရှစ်ခွင်ကျော်-ဇောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ

ဘာသာပြန်သည်
ဦးအောင်လှိုင်(သုဝဏ္ဏ)

### ပြိဿရာသီ (နွားသိုး)
### Taurus (the bull)

**ဧပြီ (၂၁) မှ မေ (၂၁) အတွင်း မွေးဖွားသူများ**

နွားသိုးရာသီရုပ် ဖြစ်ပါသည်။ ပထဝီ (မြေကြီး) ဓာတ်ကို ကိုယ်စားပြုသည်။ စီးပွားရေးအရ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ဦးစားပေးတတ်၍ စိတ်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားသူများ မဟုတ်ကြပေ။ ခရီးသွားလာရခြင်း အစရှိသည့် ရုပ်ပိုင်းဆိုင်ရာသာယာမှုများကို ရွေးရှုတတ်သည်။ ခရီးတစ်ခုကို အနည်းဆုံး နှစ်ခေါက်ထက်မနည်း ရောက်ဖူးကြသူများ ဖြစ်သည်။

မေလအတွင်းမွေးဖွားသူ ပြိဿရာသီဖွားများသည် ကုမ္ပဏီပိုင်ရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းပိုင်သူများ ဖြစ်တတ်ကြသည်။ ၎င်းအပြင် ပြိဿရာသီဖွားများအား အင်ဂျင်နီယာများ, ရုပ်ရှင်အနုပညာရှင်များ, စာရေးစာချီများ, ဥယျာဉ်မှူးများတွင် လည်းကောင်း၊ သန့်ရှင်းရေးလုပ်သား, သားသတ်သမားများနှင့် ဖယောင်းတိုင်လုပ်သူများ၌ပါ (လူအလွှာ) အသီးသီး၌ တွေ့ရတတ်သည်။ ရုပ်ခန္ဓာပိုင်းအရ တောင့်တင်းသန်မာ၍ စကားနည်းသူ (ဆိတ်ဆိတ်နေတတ်သူ) များ ဖြစ်ကြသည်။ မိမိဘာသာ အေးဆေးစွာ တစ်ကိုယ်တည်း နေတတ်ခြင်းကြောင့် ၎င်းအား နှောင့်ယှက်လာခြင်းကို လုံးဝ လက်သင့်မခံတတ်ကြပေ။ ပြိဿရာသီဖွားအား ဖိအားပေးမိပါက ပို၍ပင် ခေါင်းမာတတ်ကြသည်ကိုတွေ့ရမည်။ စိတ်တိုလျှင်တိုသလို ကြောက်မက်ဖွယ်ကောင်းလောက်အောင် စိတ်လိုက်မာန်ပါပြုတတ်ကြပါသည်။ နွားသိုးများ နွားရူးပြန်သောအခါ ၎င်းသွားလေရာလမ်းတစ်လျှောက် ရှိသမျှ၊ တွေ့သမျှ အရာအားလုံးအား ဖျက်ဆီးတတ်သည့်သဘောပင် ဖြစ်သည်။

အမှန်စင်စစ် Destroy (ဖျက်ဆီးသည်) ဟူသော အသုံးအနှုန်းထက် (Demolish) ချေဖျက် ဖြိုဖျက်သည် ဟူသောစကားရပ်က ပိုမိုမှန်ကန်ပါသည်။ မကောင်းသည့်ကိစ္စအရာမှန်သမျှကို ချေဖျက်ခြင်းပင် ဖြစ်သည်။ ကောင်းသောအရာများအား ဖျက်ဆီးခြင်းသဘော မဟုတ်ပေ။ အချို့သော ပြိဿရာသီဖွား (နွားသိုး) များသည် ဘဝတစ်သက်တာအတွင်း တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာ ဒေါသတကြီး တိုက်ခိုက်တတ်သည်။ စိတ်ထိန်းနိုင်သော (သည်းခံမှု၊ ချုပ်တည်းမှုရှိသည့်) သူများ ဖြစ်သည်။

ပြိဿရာသီဖွား အမျိုးသား၏ ဇနီးဖြစ်သူတစ်ဦး၏ အတွေ့အကြုံအရ အိမ်ထောင်ကျပြီးနောက် သက်တမ်းတစ်လျှောက်အတွင်း သူမ၏ခင်ပွန်းဖြစ်သူ ဒေါသတကြီးဖြစ်နေခြင်းကို တစ်ခါမှ မတွေ့ဖူးဘူးသော အခြေအနေမျိုးဖြင့် ကြောက်မက်ဖွယ်ရာ ကြုံတွေ့လိုက်ရကြောင်း သိရှိရသည်။

ပြိဿရာသီဖွား အမျိုးသမီးတို့၏ မျက်လုံးကို လေ့လာပါက သူမ(တို့)၏ အကြည့်သည် အေးဆေး တည်ငြိမ်၍ ကြည်လင်နေတတ်သည်ကို တွေ့ရ၏။ လှုပ်ရှားမှုများသည်လည်း တင့်တယ်လှပါသည်။ သို့သော်လည်း ပြိဿရာသီ၏ သဘာဝစရိုက်လက္ခဏာတို့က အတွင်းစိတ်သန္တာန်၌ ဖုံးကွယ် (ပုန်းအောင်း) နေတတ်ပါသည်။

ပြိဿရာသီဖွား (အမျိုးသား) တို့၏ခန္ဓာကိုယ်တည်ဆောက်ပုံသည် လည်ပင်းတစ်ဝိုက် တုတ်ခိုင်သန်မာနေတတ်ပါသည်။ ပခုံး၊ ရင်အုပ်နှင့် ကျောကုန်းတို့သည်လည်း ကျယ်ပြန့်၍ ကြွက်သားများဖြင့် သန်မာလှပါသည်။ အရပ်ပုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ နားရွက်များသည် သေးငယ်၍ ဦးခေါင်းနှင့် နီးကပ်နေတတ်သည်။ အစားအစာစားသောအခါ ဖြည်းညင်းစွာ (စိမ်ပြေနပြေ) ဝါးတတ်ကြသည်။ ဆံပင်များအနေဖြင့် နွားသိုး၏နဖူးပေါ်ဝဲကျနေသော ဦးစွန်းဖုတ်ကဲ့သို့ ခေါင်းအလယ်တည့်တည့်နေရာမှ ကွေးလျက် ကျနေတတ်ပါသည်။ အများအားဖြင့် လှိုင်းတွန့်ဆံပင်များပါရှိတတ်ကြသည်။ အသားညိုလွန်း၍ မျက်လုံးနက်ကြသည်။ ခြုံငုံပြောမည်ဆိုပါက ပြိဿရာသီဖွားများ အသားညိုလွန်း၍ မျက်လုံးနက်ကြသည်။ ခြုံငုံပြောမည်ဆိုပါက ပြိဿရာသီဖွားများသည် နူးညံ့သော၊ ပျော့ညံ့သော စိတ်ထားပိုင်ရှင်များမဟုတ်ကြပါ။ သာမန်လူတစ်ဦးအဖို့ ပြိဿရာသီဖွား ဟုတ်၊ မဟုတ် လေ့လာရာ၌ အသားအရေ (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ရပ်မှုသာ (အပေါ်ယံကြည့်၍) တထစ်ချ ဆုံးဖြတ်၍မရပါ။ အထက်ပါအချက်အလက်များ ပေါင်းစုံသုံးသပ်၍သာ သိရှိနိုင်ပါသည်။

ပြိဿရာသီဖွားများသည် ဆန့်ကျင်ဘက်လိင်အပေါ် ဆွဲဆောင်နိုင်စွမ်းရှိကြပါသည်။ တစ်ခါတစ်ရံ ၎င်းတို့၏ ကာယစွမ်းအားများကို အကျိုးမဲ့ ဖြုန်းတီးပစ်တတ်ကြသည်။






www.burmeseclassic.com

www.burmeseclassic.com

ပြိဿရာသီဖွားများသည် စိုးရိမ်ပူပန်မှုနည်းသူများ ဖြစ်ကြသည်။ ၎င်းတို့ စိတ်ကူးမျှော်လင့်ချက်များအတိုင်း ဖြစ်မလာပါက နှုတ်ခမ်းစူ၍ တန်နဲ့ စည်းစားနေတတ်သည်။ ၎င်းရာသီဖွားတို့၏ ဦးနှောက်သည် ထက်မြက်သယောင်ရှိသော်လည်း ဆုံးဖြတ်ချက်ချရာ၌ သတိကြီးစွာထားလွန်းသောကြောင့် နှေးကွေးဆိုင်းတွနေတတ်သည်။

ပြိဿရာသီဖွားများသည် ထူးခြားစွာ ကျန်းမာရေးကောင်းသူများ ဖြစ်ကြသည်။ တစ်ခါတစ်ရံ နာမကျန်းအနည်းငယ်ဖြစ်သည့်တိုင် ဆရာဝန်တို့၏အကြံပြုချက်အား မနာခံဘဲ ငြင်းပယ်တတ်ကြသည်။ မိမိတို့ ကိုယ်ကာယသန်မာမှုအပေါ် အားကိုးယုံကြည်ကြသည့်သဘောဖြစ်သည်။ ၎င်းရာသီဖွားတို့၏ ဆတ်ဆတ်ထိမခံနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများသည် (ကျန်းမာရေးမကောင်းချိန်၌) ကျောကုန်း၊ ကျောရိုး၊ လည်ချောင်း၊ လည်ပင်း၊ ခြေထောက်၊ ခြေမျက်စိ စသည့်နေရာများ၌ အများဆုံးသိသာစွာ ခံစားရတတ်သည်။ ဖျားနာနေချိန်၌ ဆေးဝါးကုသမှုအပြင် သာမန်အချိန်များ၌ လတ်ဆတ်သောလေနှင့် လေ့ကျင့်ခန်းလုပ်ပေးရန် လိုအပ်သည်။

ပြိဿရာသီဖွားများအား ကြမ်းတမ်းသောသူ၊ ခေါင်းမာသောသူများအဖြစ် တထစ်ချ မသတ်မှတ်နိုင်ပါ။ အခြေအနေ အတိုင်းအတာတစ်ခုအထိ သည်းခံမှု ရှိတတ်ပါသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ ၎င်းတို့၏ ထိုင်ခုံနှင့်အတွေးအမြင်များအား ပုံသေစွဲကပ်ထားသူများ ဖြစ်ကြသည်။ စိတ်ခံစားမှုအပိုင်း၌လည်း မကျေနပ်ချက်များရှိပါက နှစ်ပေါင်းအတော်ကြာ နှုတ်ဆိတ်လျက် တစ်စုံတစ်ရာ စောဒကတက်ခြင်း မရှိတတ်ပါ။ သို့သော် စိတ်ခံစားမှုအကျိတ်အခဲ ကြီးထွားလာသောအခါ၌ ပြင်းထန်သောအရှိန်အဟုန်ဖြင့် တုံ့ပြန်တတ်ကြ၏။ လောကဓံအခက်အခဲအား ကြံ့ကြံ့ခံနိုင်ခြင်းကြောင့် သူရသတ္တိအပေါ် ချီးမြှင့်သည့်ဆုတံဆိပ်ပိုင်ရှင်များသည် ပြိဿရာသီဖွား အမျိုးသား၊ အမျိုးသမီးများပင် ဖြစ်သည်။

ပြိဿရာသီဖွားများသည် ငါးကြီးခုတ်သားနှင့် အမဲသားကြော်များကို အထူး နှစ်သက်တတ်ကြသည်။ ၎င်းရာသီဖွားများသည် ငွေကြေးနှင့်ပတ်သက်၍ ပူပင်စရာမရှိပေ။ ပြိဿရာသီဖွားအများစုသည် ဘီလျံနာများ မဟုတ်ကြသော်လည်း ဆင်းရဲနွမ်းပါးသူများ မဟုတ်ကြပါ။ အင်ပါယာတစ်ခုအား ဖြည်းဖြည်းချင်း (သေချာစွာ) တည်ထောင်နိုင်ကြသူများ ဖြစ်သည်။ အရာရာကို ခိုင်မာစွာ အုတ်မြစ်ချခြင်းဖြင့် စတင်တတ်သည်။ တည်ငြိမ်၍ ခိုင်မာသော စီးပွားရေးလုပ်ငန်းအား မပျက်စီးအောင် ထိန်းသိမ်းနိုင်သူများ ဖြစ်သည်။ အကျပ်အတည်း တစ်စုံတစ်ရာဖြစ်ခဲ့ပါကလည်း အခိုက်အတန့်သာကြာ၍ အနေနှင့်အမြန် ငွေကြေးပြန်လည်ဝင်ရောက်လာတတ်သည်။ ငွေရှင်သူများဖြစ်သော်လည်း ကပ်စေးနဲသူများမဟုတ်ကြပေ။ အမှန်တကယ် ဒုက္ခရောက်နေသူများအပေါ် စာနာစိတ်ဖြင့် ရက်ရောစွာ ပေးကမ်း လှူဒါန်းတတ်ကြသည်။

ပြိဿရာသီဖွားများသည် ကြီးမား၍ အန္တရာယ်ပေးတတ်သည့် သတ္တဝါကောင်ကြီးများကိုပင် အကြောက်အရွံ့မရှိ ရင်ဆိုင်ဝံ့သူများ ဖြစ်သည်။ အားအင်ကြီးမားသော ဆင်ရိုင်းကြီးများအထိ ရင်ဆိုင် တိုက်ခိုက်ရဲသော်လည်း (ခြွင်းချက်အနေဖြင့်) သေးငယ်သော ကြွက်သတ္တဝါအား ကြောက်လန့်တတ်ကြသည်။ ရက်စက်ကြမ်းကြုတ်သော ကျားသတ္တဝါနှင့် တွေ့ဆုံပါက မျက်တောင်မခတ်စတမ်း ရဲဝံ့စွာပြိုင်ကြည့်၍ ယှဉ်ပြိုင် တိုက်ခိုက်ရန် သတ္တိရှိသော်လည်း သေးငယ်သော နကျယ်ကောင်အား တွေ့ရပါက ကြောက်လန့်တကြားဖြင့် နီးစပ်ရာသစ်ပင်ဆီသို့ ပြေးတက်တတ်ပါသည်။ ၎င်းပြင် သုခုမလက်ရာမြောက်သော ပန်းချီကားများကို ကြည့်၍လည်း ရင်ထဲ၌ လေးနက်စွာ ခံစားတတ်ကြသည်။ ပြိဿရာသီဖွားတိုင်းလိုလို ဗီးနပ်(စ်) (Venus) နတ်သမီး၏ ဂီတနှင့် အနုပညာရပ်တို့အပေါ် နှစ်သက်မြတ်နိုးတတ်သည့် သဘောသဘာဝများ ပိုင်ဆိုင်ထားကြသည်။

ပြိဿရာသီဖွားများသည် ကျားဖြစ်စေ၊ မ၊ ဖြစ်စေ အသံအောင် (ကောင်း) သူများ ဖြစ်ကြသည်။ အချို့မှာ ကြေးစား (ကျွမ်းကျင်) အဆိုရှင်များအဖြစ်ပင် ရပ်တည်နေကြသည်။ ၎င်းရာသီဖွားများသည် ရဲတိုက်အဆင့်မှ တဲအိမ်အဆင့်၌ပင် နေထိုင်သူဖြစ်သည့်တိုင် ၎င်းတို့၏အေးဆေးတည်ငြိမ်မှုအား နှောင့်ယှက်လာခြင်းကို လုံးဝ သည်းမခံတတ်ကြပေ။ ခေါင်းမာတတ်သောသူများ ဖြစ်သော်လည်း ၎င်းတို့ဘာသာ မည်သူ့ကိုမျှ အနှောင့်အယှက်မပေးဘဲ နေတတ်သူများ ဖြစ်သည်။

**ပြိဿရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွားအမျိုးသားများအား လေ့လာပါက လှုပ်ရှားလှုပ်ရှားမှုနည်းပါးလံတတ်သော်လည်း သတိကြီးစွာ သေချာမှုရှိသောသူများ ဖြစ်ကြသည်။ ၎င်းအမျိုးသားတို့သည် ဘဝထောင်သည်တာအိမ်ထောင်ဖက်အဖြစ် လက်တွဲမည့် မိန်းကလေးအား ရွေးချယ်ရာတွင် အချိန်ကာလ နှစ်ချီ၍ကြာရှည်တတ်သည်။ စိတ်ပိုင်းဆိုင်ရာအားဖြင့် အသက် (၁၈) နှစ်မှ (၈၀) ထိတိုင် ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို တန်ဖိုးထားထိန်းသိမ်းတတ်သူ ဖြစ်သည်။

၎င်းရာသီဖွား (အမျိုးသား) များသည် လာမည့် (နက်ဖြန်)တိုင်းအတွက် အသေးအဖွဲမှအစ ဂရုတစိုက် ပြုလုပ်တတ်သူများ ဖြစ်ကြသည်။ မိမိ၏ဇနီးမယားဖြစ်သူအား ဝံပုလွေများကဲ့သို့ အန္တရာယ်ပေးနိုင်မည့်သူများနှင့် တစ်ယောက်တည်း စိတ်ချစွာ မထားရစ်တတ်ကြပေ။ မိမိဇနီးမှ မိမိအပေါ် အထင်အမြင်လွဲစေသည့်တိုင် အတိုက်အခံကြားမှ အန္တရာယ်ကို ရအောင်ကာကွယ်တတ်သည်။ မိမိပြောစကားနားမထောင်သည့်ဇနီးဖြစ်ပါက (တစ်ခါတစ်ရံ) သူမအား ဆံပင်မှဆွဲ၍ မိမိနှင့်အတူလိုက်ပါ (ပြန်သွား) စေပါသည်။ အကယ်၍ သင် (အမျိုးသမီး) သည် ပြိဿရာသီဖွား အမျိုးသား၏ဇနီးဖြစ်ပါက ၎င်းအမျိုးသားသွားလေရာ တကောက်ကောက်လိုက်နေရုံသာ ရှိသည်။

ပြိဿရာသီ(အမျိုးသား)တို့သည် ၎င်းတို့နှင့်အသွင်တူသူ မိတ်ဆွေများကို လိုလားစွာ ဖိတ်ခေါ်တတ်ကြပါသည်။ ဈေးဝယ်ထွက်ရခြင်းကို နှစ်သက်သည်။ ငွေရေးကြေးရေးအနေဖြင့် အိုးအိမ်ခြံမြေတို့မှအစ မပူပင် မကြောင့်ကြဘဲ နေထိုင်နိုင်သူများ ဖြစ်သည်။ မိမိနိုင်ငံ မိမိလူမျိုးအပေါ် ချစ်တတ်သောစိတ်ရှိပြီး ဘောလုံးကန်ခြင်း၊ ငါးများခြင်း၊ စခန်းချခရီးထွက်ခြင်းတို့ကို သဘောကျနှစ်သက်သည်။ ၎င်းအပြင် ခရီးရှည်လမ်းလျှောက်ခြင်း၊ ပန်းဥယျာဉ်စိုက်ပျိုးခြင်းတို့၌လည်း ဝါသနာထုံသည်။ ထို့ပြင်မက စာပေရေးရာ၌လည်း ရှေးခေတ်သူရဲကောင်းတို့၏ ရာဇဝင် အတ္ထုပ္ပတ္တိများ၊ အင်ပါယာထူထောင်ခဲ့သူများ၏ မှတ်တမ်းများအား လေ့လာတတ်ပါသည်။

ခေတ်ပညာတတ်၍ နားလည်မှုပြည့်ဝသော ပြိဿရာသီဖွားအမျိုးသားများသည် ၎င်းတို့၏ဇနီးသည်များအား



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်အတွင်း၌ ကျွန်ကဲ့သို့ တရစပ် အလုပ်လုပ်နေရခြင်းကို မနှစ်သက်ကြပေ။ သားသမီးများရှိခဲ့ပါကလည်း မျိုးရိုးစဉ်ဆက်အလိုက် ဂုဏ်သိက္ခာရှိရှိဖြင့် စီးပွားဥစ္စာ ပိုင်ဆိုင်သူများ ဖြစ်စေလိုကြသည်။ သားသမီးများအား စိတ်ရှည်သည်းခံမှုအပြည့်ပေး၍ ကျောင်းပညာရပ်နှင့် ဘဝပေးသင်ခန်းစာ အရပ်ရပ်အား တဖြည်းဖြည်းချင်း ပေးတတ်ကြသည်။ သားသမီးများကြီးပြင်းရင့်ကျက်လာချိန်၌ ပြိဿရာသီဖွားဖခင်၏ ပုံစံအတိုင်း အသားကျသွားကြမည် ဖြစ်ပါသည်။

ပြိဿရာသီ၏သဘာဝအရ ဂီတအနုပညာနှင့် အလှအပ အနုအရွတို့ကို အလေးပေး တန်ဆာဆင်တတ်သည်။ ပွင့်လင်းရိုးသားသည့် စရိုက်လက္ခဏာရှိသည်။ သစ္စာစောင့်သိမှုကိုလိုလားကြ၏။ လူအများအား နွေးထွေးလုံခြုံမှုပေးနိုင်သလို မိမိကိုယ်တိုင်လည်း နွေးထွေးလုံခြုံမှုကို နှစ်သက်သည်။ ခြံစောင်ခြံရာ၌လည်း နူးညံ့အိစက်သည့်အသားမျိုးကို ရွေးချယ်လေ့ရှိသည်။ ရေနွေးဖြင့်ရေချိုးတတ်ပြီး အကောင်းစား အမွှေးဆုံးဆပ်ပြာကိုသုံးကာ ရေချိုးပြီးပါကလည်း အမွှေးနံ့သာ (ခေါင်းမှခြေတစ်ဆုံး) လိမ်းကျံတတ်သည်။

**ပြိဿရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးများသည် အရပ်ရှည်တတ်ကြသည်။ အနည်းဆုံး အရပ်အမြင့် (၅) ပေအထက် ရှိကြသည်။ ၎င်းရာသီဖွား အမျိုးသမီးများသည် ကမ္ဘာမြေကြီး၏ (မရှိမဖြစ်) ဆားသဖွယ် လိုအပ်သောဘက်မှ ဖြည့်စွမ်းပေးသူများ ဖြစ်ကြသည်။

ပြိဿရာသီဖွား အမျိုးသမီးများသည် လောကအတွင်းယှဉ်ပြိုင်မှု (ပြိုင်ပွဲ) အမျိုးမျိုး၌ တရားမျှတစွာ ပါဝင်တတ်သူများ ဖြစ်သည်။ သာမန် အမျိုးသမီးများထက် ရိုးသားပြီး ထက်မြက်သောသူများ ဖြစ်သည်။ အလွယ်တကူ မျက်ရည်ကျလေ့မရှိသော လောကဓံအား ကြံ့ကြံ့ခံနိုင်သူများ ဖြစ်ကြသည်။ ကိုယ်ကျင့်တရားများ ကောင်းမွန်၍ မဟုတ်မခံစိတ်ရှိသောကြောင့် လိုအပ်ပါက ကြမ်းတမ်းစွာတုံ့ပြန်တတ်ကြသည်။ သူမ(တို့)၏ဘဝကြင်ဖော်ကိုလည်း အတတ်နိုင်ဆုံး မိမိနှင့် အသွင်တူသူကိုသာ ဦးစားပေး ရွေးချယ်တတ်ကြသည်။ ၎င်း အမျိုးသမီးများသည် အများအားဖြင့် မိမိကိုယ်မိမိ ထိန်းချုပ်ကိုင်တွယ်နိုင်ကြသူများ ဖြစ်သည်။ ပြိဿရာသီဖွားအမျိုးသမီးတို့၏ စွမ်းဆောင်ရည်များအပေါ် အမျိုးသား အားလုံးက ချီးကျူးလေ့ရှိကြသည်။

ပြိဿရာသီဖွား၏ သဘာဝအရ မိမိနှင့် ရန်ငြိုး(ပြိုင်ဘက်)ဖြစ်သူနှင့် ရင်ဆိုင်တိုးသောအခါ မိမိဘက်မှ စတင်စိန်ခေါ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ရန်ပြုဖျက်ဆီးခြင်းများ လုံးဝ ပြုလေ့မရှိပေ။ အတတ်နိုင်ဆုံး ရှောင်ရှားသွားတတ်သည်။ သို့သော်လည်း မိမိ၏ရန်သူ (ပြိုင်ဘက်) အပေါ် သွေးအေးအေးထား၍ ရင်ဆိုင်ပြီး ကြောက်မက်ဖွယ်ကောင်းအောင် (စိတ်တိုင်းကျ) လက်တုံ့ပြန်တတ်သည်။

ပြိဿရာသီဖွား အမျိုးသမီးများသည် အများအားဖြင့် အမျိုးသားတို့ ဝါသနာပါရာကို စိတ်ဝင်စားတတ်ကြသည်။ ဉာဏ်ရည်ထက်မြက်သော အမျိုးသား၊ အမျိုးသမီးများနှင့် တွဲဖက်တတ်ကြသော်လည်း သူမကိုယ်တိုင်အတွက် မည်သည့်နာမည်ကြီးတက္ကသိုလ်များမှ စိတ်လှုပ်ရှားမှု၊ စိတ်ဝင်စားမှု မပြုနိုင်ပေ။

၎င်းရာသီဖွား (အမျိုးသမီး)တို့၏ ပန်းအိုးထဲတွင် ပန်းအတုထိုးထားခြင်း တွေ့ရခဲပါသည်။ မွှေးကြိုင်သင်းပျံ့၍ လှပဝေဆာသော ပန်းအစစ်များကိုသာ သုံးတတ်ကြသည်။ ပြိဿရာသီဖွား အမျိုးသမီးများသည် ပန်းချီနှင့် ဂီတအနုပညာအပေါ် ခံစား နားလည်တတ်ကြသူများ ဖြစ်သည်။ သဘာဝကြီး၏အလှအပတို့အား မျက်မြင်တွေ့ရခြင်း၌ ပီတိဖြစ်လေ့ ရှိကြသည်။ သူမတို့ ဝတ်စားသော အဝတ်အထည်၊ အသုံးအဆောင်များသည် နူးညံ့၍ အိစက်သော အထိအတွေ့ ရှိသည်။ အားကစားဝတ်စုံနှင့် ဖြောင်အကျီ၊ ဘောင်းဘီများကိုသာဝတ်စားလေ့ရှိကြသည်။ ရေနွေးဖြင့် ရေချိုးခြင်းကို နှစ်သက်သည်။ အမွှေးနံ့သာ လိမ်းကျံခြင်းကို သဘောကျသည်။ လူအများအကြား၌ သူမကို အော်ဟစ်ပြောဆို ဆူပူကြိမ်းမောင်းခြင်းတို့အား လုံးဝ လက်မခံတတ်ကြပေ။ အရာရာကို ဖြည်းညင်းစွာ၊ အေးဆေးစွာ လုပ်တတ်ပါသည်။ ပြိဿရာသီဖွား အမျိုးသမီးတစ်ဦးအား သင်မှ အလောသုံးဆယ် စေခိုင်းကြည့်ပါက ဒေါသ အလွန်ထွက်တတ်ကြောင်းတွေ့ရှိရပါမည်။ မိမိသားသမီးများ အပါအဝင် ကလေးငယ်များအား ယုယ ပိုက်ထွေးစွာ ချစ်တတ်ကြသည်။ မိခင်တစ်ဦးဖြစ်ပါကလည်း သူမ၏စည်းကမ်းကို မလိုက်နာသူ သားသမီးအား ပြင်းထန်စွာ အပြစ်ပေးတတ်သည်။ အာခံ၍ပြောဆိုခြင်း၊ စကားနားမထောင်ခြင်းရှိသော သားသမီးအား လုံးဝ ခွင့်မလွှတ်တတ်ပေ။ တစ်ခါတစ်ရံ၌ မိမိခင်ပွန်းဖြစ်သူအား ကူညီထောက်ပံ့ပေးသည့်အနေဖြင့် အချိန်ပိုင်းအလုပ်တစ်ခုခုကို (တိတ်တဆိတ်) လုပ်တတ်ကြသေးသည်။ မိသားစုအတွင်း စီးပွားရေး (အခိုက်အတန့်) ကျပ်တည်းနေချိန်များ၌ ယာယီသဘောဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိအောင် ကူရှာပေးခြင်းပင် ဖြစ်သည်။ စင်စစ် သူမတို့သည် အလုပ်ကြိုးစားတတ်သူများ ဖြစ်ကြသည်။

သူမ (တို့၏) စွမ်းဆောင်ချက်ပြင်ခြင်းများအပေါ် မိမိခင်ပွန်းအားမှ



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်တွဲ လိုက်ပါလျက် ဂုဏ်ယူဝင့်ကြွားတတ်ကြသည်။ မိမိခင်ပွန်းအား သာအောင် ကျော့လိုစိတ်၊ ကွက်ကျော်လုပ်လိုစိတ်နှင့် နောက်ကွယ်မှကြိုးကိုင်ထိန်းချုပ်လိုစိတ် လုံးဝမရှိသော သစ္စာစောင့်သိသူများ ဖြစ်ကြသည်။ မိမိသင်ကြားတတ်မြောက်ထားသောပညာဗဟုသုတများနှင့် ခင်ပွန်းအပေါ် လိုအပ်သလိုကူညီတတ်ကြသည်။ ခင်ပွန်းသည်၏ အားနည်းချက်၊ လိုအပ်ချက်များအပေါ် အားပေးတတ်သူများလည်း ဖြစ်သည်။ အကယ်၍ သင်သည် မုန်တိုင်းအတွင်းမှ လွတ်မြောက်လာခဲ့သည့် ဒုက္ခသည်တစ်ဦးဖြစ်ပါက ပြိဿရာသီဖွား အမျိုးသမီး၏အိမ်မှ နွေးထွေးစွာ လက်ကမ်းကြိုဆိုပြီး လိုအပ်သောအကူအညီ ရရှိပါလိမ့်မည်။

**ပြိဿရာသီဖွား (ကလေးငယ်)**

ပြိဿရာသီဖွား ကလေး (ကျား၊မ) တို့သည် အများအားဖြင့် ကျန်းမာသန်စွမ်းကြသည်။ ယောကျ်ားကလေးများက တစ်ခါတစ်ရံ ကြောက်တတ်ကြသည်။ မိန်းကလေးများကမူ ၎င်းတို့၏ အရုပ်ကလေးများအား တယုတယပြုတတ်ကြသည်။ အရုပ်ကလေးများကို အမြဲတမ်း သန့်ရှင်းစွာထားလေ့ရှိသည်။ မိန်းကလေးထဲမှ အချို့မှာ ယောကျ်ားလျာများ ဖြစ်ကြပါသည်။ ယောကျ်ားကလေးတို့၏စရိုက်ပါသောကြောင့် သစ်ပင်တက်ခြင်း၊ လေသေနတ်ပစ်ခြင်း၊ ယောကျ်ားကလေးများနှင့် ရင်ပေါင်တန်းကစားခြင်းများ ရှိတတ်ပါသည်။ ၎င်းရာသီဖွားကလေးငယ်များသည် တစ်ခါတစ်ရံ ရှက်တတ် ကြောက်တတ်ကြသော်လည်း တစ်ခါတစ်ရံ ခေါင်းမာ၍ ဂျစ်ကန်ကန်နိုင်တတ်ကြသည်။ တစ်ခါတစ်ရံ၌ ၎င်းတို့အား ကျီစားရာတွင် ရှိုင်းစိုင်းစွာ တုံ့ပြန်တတ်ကြသည်။

ပြိဿရာသီဖွားတို့သည် ကလေးငယ်အရွယ်ပင်ဖြစ်သော်လည်း စိတ်အတွင်း အလိုလိုသိစိတ်ဖြင့် တုံ့ပြန်တတ်ကြသည်။ ၎င်းကလေးငယ်များ၏အခန်း၌ လိမ္မော်ရောင်နှင့် အနီရောင် အဆင်တန်ဆာ ဆေးရောင်များ ခြယ်သထားပါက ၎င်းတို့အား စိတ်ဂနာမငြိမ်ခြင်းနှင့် ခေါင်းမာ ဂျစ်ကန်ကန်နိုင်ခြင်းများ ဖြစ်စေပါသည်။ မိဘတို့အနေဖြင့် ၎င်းတို့သားသမီး (ပြိဿရာသီဖွား) များအား တေးသီဆိုခြင်း၊ ဂီတသံစဉ်များကို နားထောင်စေခြင်းဖြင့် ပညာရှင်များ ဖြစ်သည့်တိုင် အဆင့်ဆင့် လေ့ကျင့်ပေးသွားနိုင်ပါသည်။ အကယ်၍ ပန်းချီရေးဆွဲစေပါကလည်း စိတ်ပါသည်နှင့်တစ်ပြိုင်နက် ပန်းချီပညာရှင်တစ်ယောက်ဖြစ်သွားနိုင်ပါသည်။ ကျောင်းနေစဉ်ကာလအတွင်း အတန်းထဲ၌ စာတော်ကြသူများ ဖြစ်တတ်သည်။ မှတ်ဉာဏ်အားဖြင့် ဖြည်းဖြည်းချင်းသာ မှတ်နိုင်သော်လည်း ဦးနှောက်ထဲ ရောက်ပြီးနောက်ပိုင်း အလွယ်တကူ မမေ့ပျောက်တတ်တော့ပေ။ အရာရာကို ပြုမူဆောင်ရွက်ရာ၌ နှေးကွေးသော်လည်း သေချာမှုရှိသော၊ စိတ်ချရသောသူများ ဖြစ်ကြသည်။ ထိုသို့သောကလေးငယ်များအား မကြာခဏ ကျောင်းအတွင်းဖွဲ့စည်းထားသော အုပ်စုတစ်ခုခု၏ ခေါင်းဆောင်များအဖြစ် ရွေးချယ်လေ့ရှိကြသည်။

အချို့ ပြိဿရာသီဖွား ကလေးများသည် (ကျောင်းနေစဉ်) မိမိအားသင်ကြားပြသသူ ဆရာ၏အမှားကို ထောက်ပြရဲတတ်ကြသည်။ ထို့အတွက် သက်ဆိုင်သူကျောင်းသားမိဘမှ နောက်တစ်နေ့တွင် ၎င်း၏သားသမီးအား ဆရာရှေ့ဆွဲခေါ်၍ တောင်းပန်ခိုင်းရသည့်အဖြစ်အပျက်များ ရှိပေသည်။ ၎င်းရာသီဖွား (မိန်းကလေး)ဆိုပါကလည်း ပါတီပွဲတက်သည့်ဝတ်စုံဖြင့် သစ်ပင်တက်ခြင်းကြောင့် စုတ်ပြဲသွားရသည့်ကိစ္စများ ရှိတတ်သည်။

**ပြိဿရာသီဖွား (သူဌေး)**

လွန်စွာသည်းခံတတ်သူများ ဖြစ်သည်။ အပြုအမူဟန်ပန်အရ အေးဆေးငြိမ်းချမ်းစွာနေတတ်သော ပင်ကိုစရိုက်ရှိသည်။ သူတစ်ဖက်သားအပေါ် ညှာတာတတ်သလို ခေါင်းမာတတ်သောသဘောလည်း ရှိသည်။ မိမိစိတ်ဓာတ်နှင့်လိုက်ဖက်မည့်သူ၊ မိမိစည်းကမ်းအတိုင်း လိုက်နာတတ်သူများရရှိရန် အလုပ်သမားရှာဖွေမှု၌ အချိန်ပေး၍ စိတ်ရှည်သည်းခံစွာ ရှာဖွေတတ်သည်။

ပြိဿရာသီဖွားတို့၏စိတ်ဓာတ်ရှိရင်းစွဲအား မည်သည့်အရာကမျှ ပြောင်းလဲခြင်းမပြုနိုင်ပေ။ လက်တွေ့ကျကျလုပ်တတ်သူများ ဖြစ်သည်။ ၎င်းရာသီဖွားသူဌေးအများစုသည် စီးပွားရေးလုပ်ငန်းအသေးစားမျှနှင့် လုံးဝ တင်းတိမ်မှုမရှိတတ်ပေ။လုပ်ငန်းများလုပ်ရာ၌ အောက်ခြေမှ တဖြည်းဖြည်း ထိပ်တန်းရောက်အောင် လုပ်တတ်ပြီး ဖြတ်လမ်းနည်းအားဖြင့် မလုပ်တတ်ပေ။

အားကစားပိုင်း၌ ဘော့(စ်)ဘောနှင့် ဘောလုံးအားကစားကို စိတ်ဝင်စားသည်။ မိမိအလုပ်သမားအပေါ် လိုအပ်သလို ဖြည့်ဆည်းပေးခြင်း၊ တွဲဖက်လုပ်ကိုင်သူအပေါ် သစ္စာစောင့်သိခြင်းတို့က ပြိဿရာသီဖွားသူဌေး၏ အနာဂတ်အတွက် အလားအလာကောင်းများပင် ဖြစ်သည်။

**ပြိဿရာသီဖွား (အလုပ်သမား)**

၎င်းရာသီဖွား အလုပ်သမားများအား အလွန်ဖိအားပေးခြင်းမပြုဘဲ ၎င်းတို့အရည်အချင်းဖြင့် လုပ်ငန်းလည်ပတ်စေနိုင်ပါသည်။ ချမ်းသာကြွယ်ဝမှုနှင့် ဩဇာအာဏာရရှိရေးအတွက် (အလုပ်သမားဘဝမှာပင်) ရည်မှန်းချက်ကြီးမားစွာ ထားရှိတတ်သည်။ အလုပ်သမားဘဝကတည်းက စည်းကမ်းတကျ နေထိုင်လာခဲ့ခြင်းကြောင့် နောင်တစ်ချိန်အမှုဆောင် အရာရှိချုပ်တစ်ယောက်ဖြစ်လာချိန်၌ အခြေခံကျကျ စီမံကိုင်တွယ်တတ်နိုင်မည် ဖြစ်သည်။ အတွေ့အကြုံ၊ ပညာရပ်၊ ဗဟုသုတတို့အပေါ် များစွာ အခြေခံသည်။ အရေးပါသော ကိစ္စတစ်ခုအတွက် ဆုံးဖြတ်ချက်အခိုင်အမာမချမီ အချိန်ယူတတ်သည်။ ချပြီးပါကလည်း ပြန်ပြင်ရန်စိတ်ကူးမရှိတတ်ပေ။

ပြိဿရာသီဖွားအလုပ်သမားသည် အမျိုးသမီးဖြစ်ပါက တိုးညင်းသောအသံ၊ တိတ်ဆိတ်သောအမူအရာဖြင့် နေထိုင်လုပ်ကိုင်တတ်သော်လည်း အရေးအကြောင်းကိစ္စများ၌ စိတ်မလှုပ်ရှားတတ်ဘဲ ပုံမှန်အတိုင်းသာ လုပ်တတ်ကြသည်။ လှုပ်ရှားမှုများနှေးကွေးသော်လည်း အလုပ်ကို သေချာတိကျစွာဖြင့် ပြီးပြတ်အောင်လုပ်နိုင်ကြသည်။ ပြိဿရာသီဖွား(အမျိုးသမီး)များသည် ပြိဿရာသီ(အမျိုးသား)များနှင့် တန်းတူ ရင်ပေါင်တန်း၍လုပ်ကိုင်နိုင်စွမ်း ရှိကြ၏။

ပြိဿရာသီဖွားအမျိုးသမီး/သားတို့သည် အိပ်ရာပြောင်းအိပ်ရခြင်းကို လွန်စွာ မုန်းတီးတတ်ကြ၏။ သို့သော်လည်း အလုပ်လုပ်ရာ၌ ပျော်ရွှင်စွာလုပ်တတ်ကြသည်။ မည်သို့သောအကြောင်းကိစ္စ၊ ပြဿနာများကိုမဆို ယုံကြည်မှုရှိစွာဖြင့် ဖြေရှင်းတတ်ကြပါသည်။

ထိုကဲ့သို့ အခြေခံပိုင်သော၊ အလားအလာကောင်းသော၊ လုပ်ရည်ကိုင်ရည်ရှိသော ပြိဿရာသီဖွား အမျိုးသမီးအား အချို့က လက်ထပ်ထိမ်းမြားရန် ရွေးချယ်ကြပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်-မန္တလေး ပြေးဆွဲသွားလာနေသည့် ကားများသည် ရန်ကုန်အဝင် မင်္ဂလာဒုံအနီးမှ ဖြတ်သန်းရသည်။ မန္တလေးမှရန်ကုန်သို့ သွားလိုလျှင် ရန်ကုန်မြို့အဝင် မင်္ဂလာဒုံလေယာဉ်ကွင်းအနီးမှ ဖြတ်သန်းသွားလာကြရသည်။ ကုန်တင်ကား၊ အဝေးပြေးကား၊ ခရီးသည်တင်ကား၊ ကိုယ်ပိုင်ကားအားလုံး မင်္ဂလာဒုံလေယာဉ်ကွင်းအနီးမှ ဖြတ်သန်းသွားကြရသည်။

ယခု နိုင်ငံတော်မှ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် လမ်းများပြုပြင်ပေးနေသည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး လမ်းမကြီးကို ဦးစားပေး ပြုပြင်ရာတွင် မင်္ဂလာဒုံလေယာဉ်ကွင်းရှေ့မှ ကားလမ်းမကြီးကိုလည်း ပြုပြင်ခဲ့သည်။

မင်္ဂလာဒုံလေယာဉ်ကွင်းရှေ့ရှိ ရန်ကုန်-မန္တလေးကားလမ်းမကြီးမှာ ယခင်က ရိုးကြိုးကို ကွေ့ပတ်၍ ဖောက်လုပ်ထားသော နှစ်လမ်းသွား ကတ္တရာလမ်းမကြီး ဖြစ်သည်။ ယခု မင်္ဂလာဒုံ လေယာဉ်ကွင်း အနောက်ဘက် ရှေ့တည့်တည့်မှ တောင်-မြောက်အတိုင်း လေးလမ်းသွားကားလမ်းမကြီးအဖြစ် ဖောက်လုပ်ထားသည်။

ရန်ကုန်-မန္တလေးကားများ သွားလာမှုလွယ်ကူခြင်း၊ ကွေ့ပတ်မသွားရခြင်း၊ လမ်းကျယ်ခြင်း၊ ခရီးတွင်ခြင်းစသော အကျိုးခံစားမှုများကိုလက်တွေ့ခံစားနေကြရသည်။ ရန်ကုန်-မန္တလေးကားလမ်းအဝင် မင်္ဂလာဒုံ လေယာဉ်ကွင်း အနောက်ဘက်ကားလမ်းတွင် အတိတ်က အလွန်ထူးဆန်း အံ့ဩထိတ်လန့်ဖွယ်ကောင်းလှသည့် အဖြစ်အပျက်များရှိခဲ့သည်ကို ပြန်လည် မြင်ယောင်မိပါသည်။

ရန်ကုန်-မန္တလေးအဝင် မင်္ဂလာဒုံလေယာဉ်ကွင်းလမ်းမှာ ယခင်က နှစ်လမ်းမောင်းကားလမ်း ဖြစ်သည်။ ကားများသည် မင်္ဂလာဒုံ လေယာဉ်ကွင်းမြောက်စပ်သို့ ရောက်သောအခါ လေယာဉ်ကွင်းအနောက်ဘက် (၁၅) ပေအ



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာဒုံအနီးမှ
# ကိုးလောင်းကျွေ နှင့်
# ထူးဆန်းသောကိုးကတန်းများ



www.burmeseclassic.com

www.burmeseclassic.com

နက်ခန့်ရှိသည့်ရိုးကြီးကိုပတ်၍ ဖောက်ထားသော ဂငယ်ကွေ့သဏ္ဍာန် ကားလမ်းအတိုင်း ပတ်၍ လေယာဉ်ကွင်းတောင်ဘက် ကားလမ်းအတိုင်း သွားလာရသည်။ မင်္ဂလာဒုံလေယာဉ်ကွင်း အနောက်ဘက်တွင် ချောင်းရိုးလေးတစ်ခု ဖြတ်သန်းသွားသည့်နေရာ၌ တံတားတစ်ခုရှိသည်။ ၎င်းတံတားထိပ်နှစ်ဖက်တွင် ကားများမကျစေရန်အတွက် တစ်တောင်ခန့်အမြင့်ရှိသည့် အုတ်နံရံများ ကာရံထားသည်။ ထိုတံတားထိပ် လမ်းဘေးဝဲယာတွင်လည်း ဘုတ်တိုင်များ စိုက်ထားသည်။

၎င်းကွေ့ကို ကိုးလောင်းကွေ့ဟု ခေါ်ကြသည်။ တစ်ခါက ခရီးသည်တင် ဘတ်(စ်)ကားတစ်စီးသည် ထိုဂငယ်ကွေ့ ချောက်ထဲသို့ ထိုးကျပြီး လူ (၉) ဦးတိတိ တစ်ပြိုင်တည်း နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ထိုအချိန် ထိုအခါမှစ၍ မင်္ဂလာဒုံလေယာဉ်ကွင်းရှေ့ ကားလမ်း ဂငယ်ကွေ့ကို ကိုးလောင်းကွေ့ဟု အမည်မှည့်ခေါ်ကြသည်။ ထိုလူ (၉) ဦး တစ်ပြိုင်နက် ပွဲချင်းပြီးသေဆုံးပြီးနောက် ထိုနေရာ ထိုဒေသကို ကိုးလောင်းကွေ့ ကိုးနဂါးသိုက်ဟု နာမည်ကြီးလာသည်။ ထိုကိုးလောင်းကွေ့တွင် လမိုက်ညများ၌ မည်းမည်းသဏ္ဍာန်လူတစ်စု သွားလာလှုပ်ရှားနေကြသည်ဟု ခရီးသွားများကြားတွင် သတင်းထွက်လာသည်။ ထိုကိုးလောင်းကွေ့နေရာကို လမိုက်ညများတွင် တစ်ဦးတစ်ယောက်တည်း ဖြတ်သန်းသွားရဲခြင်း မရှိကြချေ။ ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ထိုနေရာအနီးတစ်ဝိုက်တွင် ကားများ မကြာခဏတိုက်ကြသည်။ ကားမှောက်မှုများ မကြာခဏဖြစ်သည်။ လူအသေအပျောက်လည်း ရှိခဲ့သည်။ ထို့ကြောင့် ကိုးလောင်းကွေ့သည် နာမည်ကြီးကျော်ကြားခဲ့ခြင်း ဖြစ်သည်။

ဤကိုးလောင်းကွေ့ နဂါးသိုက်သည် နာမည်ကြီးမည်ဆိုလည်း ကြီးလောက်ပေသည်။ နာမည်ကြီးလောက်အောင်လည်း အဖြစ်အပျက်များက အံ့ဩဆန်းကြယ်လှသည်။ ကြောက်စရာ၊ ထိတ်လန့်စရာ၊ အံ့ဩစရာများဖြင့်ပြည့်နှက်နေသည်ကို တွေ့ရသည်။ ဤနေရာနှင့်ကိုးဂဏန်းနံပါတ်များသည် လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်ဆန်းများကို ဖန်တီးခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ တစ်ခုပင်ဖြစ်သည်။

ဖြစ်ရပ်ဆန်းတစ်ခုကို ယခု ပြန်လည် တင်ပြချိန်မှာပင် ကြက်သီးမွေးညင်းထလောက်အောင်တုန်လှုပ်ချောက်ချားဆဲ ဖြစ်ပါသည်။ အဖြစ်အပျက်က ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် ကိုးလောင်းကွေ့နှင့် ကိုးဂဏန်းများဖြစ်ရပ်ဆန်းမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ်ကောင်းလှသည်။

လွန်ခဲ့သော နှစ် (၄၀) က ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်သည် ယနေ့တိုင် မျက်ဝါးထင်ထင် ကြေးမုံပြင်တွင် အရိပ်သဏ္ဍာန်ထင်လာသည်။ ဤကိုးလောင်းကွေ့ အတိတ်အဖြစ်အပျက်ကို ပြန်လည်တွေးမိတိုင်း ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့နေမိပါသည်။ လွန်ခဲ့သည့် နှစ် (၄၀) ကာလက (၁၉၇၃ ခုနှစ်က) ဖြစ်ပါသည်။

ကျွန်တော်သည် ကျန်းမာရေးဝန်ထမ်းတစ်ဦး ဖြစ်သည်။ ကျန်းမာရေးဝန်ထမ်း ဆိုသော်လည်း ဆေးဖက်ပညာသည် မဟုတ်ပါ။ ကျန်းမာရေးကားကို မောင်းရသည့် ယာဉ်မောင်းဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်အမည်မှာ ဦးတင်မောင် ဖြစ်ပါသည်။ ကျွန်တော်သည် ထိုစဉ်က မြို့နယ်ဆရာဝန်ကြီး၏ ရုံးကားကို မောင်းရသည့် ယာဉ်မောင်းတစ်ဦး ဖြစ်ပါသည်။ တစ်နေ့တွင် ရန်ကုန်သို့ ဆေးပစ္စည်းများ ကားဖြင့်သွားထုတ်ရန် တာဝန်ကျလာသည်။ ထိုနေ့ကို ယနေ့တိုင် မမေ့နိုင်သေးပါ။

ကျွန်တော်မောင်းသော ကားမှာ ဖော်(စ်) ဝါဂွမ်ကား ဖြစ်သည်။ ကားနံပါတ် ဇ/၁၀၈၄ ဖြစ်သည်။ ကျွန်တော်နှင့်အတူပါသူမှာ အသောက်အစားကင်းသည်။ ကျွန်တော်တို့သည် အသောက်အစားကင်းပြီး ဘုရား၊ တရားနှင့်နေကြသူများ ဖြစ်ပါသည်။ ကျွန်တော်ဆိုလျှင် ဘုရားကျောင်းကန်များသွား၍ အမြဲတမ်း ပုတီးစိပ်နေသူ ဖြစ်ပါသည်။ ခရီးသွားမည်ဆိုလျှင်လည်း ဘုရားရှိခိုးကန်တော့ပြီးမှ ခရီးထွက်လေ့ရှိပါသည်။

ထိုနေ့နံနက်ကလည်း ခရီးမထွက်မီ ဘုရားရှိခိုး မေတ္တာပို့ အမျှအတန်းဝေပြီးမှ ကားထွက်လာကြခြင်း ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် မန္တလေး-ရန်ကုန်ကားလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာကြပါသည်။ ကားကို ကျွန်တော်ကိုယ်တိုင် မောင်းပါသည်။ ဒိုက်ဦးရောက်သောအခါ ရန်ကုန်သွားမည့်မိတ်ဆွေနှစ်ဦးတွေ့သဖြင့် ခရီးကြုံတင်လာကြပါသည်။ ဒိုက်ဦးမှ မိတ်ဆွေနှစ်ဦး တင်ပြီး ဆက်လက် မောင်းလာကြပါသည်။ ကျွန်တော်မောင်းသော ကားသည် ညနေ (၅) နာရီအချိန်တွင် ထိုနေရာ တံတားအရောက် မည်သို့ဖြစ်သည် မသိ၊ မြောက်တက်သွားပြီး တံတားပေါင်ကိုကျော်၍ ချောက်ထဲထိုးကျသွားကာ ဘယ်ဘက်သို့ တိမ်းမှောက်သွားရာမှ တစ်ဖန် အရှိန်ဖြင့်ပက်လက်လန်သွားပြီး ကားလေးဘီးစလုံး မိုးပေါ်ထောင်လည်နေပါသည်။ ကျွန်တော်မှာ ကားမြောက်တက်သွားသည်မှ ချောက်ထဲကျပြီး ပက်လက်လန်နေသည်အထိ အစ၊ အဆုံး သတိရှိရှိဖြင့် သိနေမိသည်။

ထူးဆန်းသည်မှာ မည်သို့မည်ပုံ ကားမြောက်တက်သွားပြီး တစ်တောင်ခန့်အမြင့်ရှိသည့်တံတားပေါင်ကို မတိုက်မိဘဲ ချောက်ထဲ ကျော်ကာကျခြင်း ဖြစ်သည်မှာ စဉ်းစားမရဘဲ ဖြစ်နေသည်။ အရှိန်ပြင်းပြင်းမောင်းလျှင်လည်း တံတားပေါင်ကို တိုက်မိပြီး ချောက်ထဲကျရန်သာ ဖြစ်သည်။

ယခု ထိုသို့မဟုတ်ဘဲ ထူးဆန်းအံ့ဩစွာ ကားသည် မြောက်တက်သွားပြီး တံတားပေါင်ကို လေယာဉ်ပျံကဲ့သို့ ကျော်၍ (၁၅) ပေခန့် အနက်ရှိသည့် ချောက်ထဲသို့ ထိုးကျခြင်း ဖြစ်သည်။ ချောက်ထဲကျပြီး ကားပက်လက်လန်သွားသော်လည်း ကားပေါ်ပါ လေးဦးလုံး အထိအခိုက်မရှိကြချေ။ ကားထဲမှ လေးဦးသား တံခါးဖွင့်၍ အပြင်ရောက်သောအခါ လယ်ကွင်းထဲသို့ လူတစ်စု ပြေးလာသည်ကိုမြင်လိုက်ရသည်။ ရှေ့ဆုံးမှ ပြေးလာသူသည် အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း၊ အင်္ကျီကိုယ်တုံးလုံးနှင့် ပုဆိုးအပြာကွက်တုံးကြီးဝတ်ထားပြီး ကိုယ်ခန္ဓာမှာ အဆမတန် ကြီးထွားသူ ဖြစ်သည်။ ၎င်းနောက်မှ ယောကျ်ား၊ မိန်းမ အပါအဝင် အားလုံး (၈) ယောက် ဖြစ်သည်။ ရှေ့ဆုံးမှ လူထွားကြီးက-

"မှောက်မှာပေါ့၊ အရက်မူးမောင်းတာကိုး"

ကျွန်တော့်ကို ငေါက်ပါသည်။

ကျွန်တော်က အရက်မသောက်ကြောင်း၊ သူ့အလိုလို တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ပြောပြသည်။ သူက-

"ဖယ် ဖယ်၊ ငါ ဝပ်ရှော့ဆရာ၊ ကားပြန်မောင်းပေးမယ်"

ဟု ပြောပြီး သူ့လူများဖြင့် ကားကို ပြန်ထည့်ပြီး ရှေ့ဆုံးမှ လူထွားကြီးသည် ကားကို ကျွမ်းကျင်စွာမောင်း၍ ချောက်ထဲမှကားကို ကားလမ်းပေါ် အ



www.burmeseclassic.com

www.burmeseclassic.com

ရောက် မောင်းပေးပါသည်။

ကားလမ်းပေါ်ရောက်သောအခါ-

"ကဲ- သွားတော့"

ဟု ဆိုကာ ကားကို ကျွန်တော့်ထံ ပေးပါသည်။ ကားမှာလည်း (၁၅) ပေ အမြင့်မှ ချောက်ထဲ အရှိန်နှင့်ကျသော်လည်း အပွန်းအပဲ့ အနည်းငယ်သာရှိပြီး ပိန်ခြင်း၊ ပျက်ခြင်း၊ ကွဲခြင်းမရှိသည်ကို ထူးဆန်းစွာ တွေ့ရသည်။

ကျွန်တော်လည်း ထိုလူထွားကြီးကို ကျေးဇူးတင်ကြောင်းပြောပြီး ကားမောင်းထွက်၍ နောက်သို့လှည့်ကြည့်သောအခါ လူထွားကြီးနှင့်တကွ လူတစ်စုမှာ ထူးဆန်းစွာ ကားလမ်းမပေါ်ရော ချောက်ထဲမှာပါ မတွေ့ရတော့ပါ။ လူတစ်စုလုံး ပျောက်သွားပါသည်။ ကျွန်တော်နှင့်တကွ အတူပါလာသောသူ သုံးဦးမှာလည်း ထူးဆန်းသော ကားမှောက်မှုနှင့် ထူးဆန်းသောလူတစ်စုကို တွေ့ရသဖြင့် အထူး ထိတ်လန့်အံ့ဩဖွယ်အဖြစ်နှင့် ကြုံတွေ့ကြရပါသည်။

မင်္ဂလာဒုံသို့ ရောက်သောအခါ ၎င်းအနီးတစ်ဝိုက်တွင် ကျေးရွာ ရှိ၊ မရှိ စုံစမ်းသောအခါ တံတားအနီး၌ ကျေးရွာ လုံးဝမရှိဘဲ ထိုကွေ့တွင် လူကိုးဦးစလုံး ကားမှောက်သေဆုံးသည့်နေရာဖြစ်ကြောင်းနှင့် ကိုးလောင်းကွေ့ခေါ်ကြောင်း ပြောပြသောအခါ ကျွန်တော်တို့အားလုံး ကြက်သီးမွေးညင်းထသွားကြပါသည်။

ကျွန်တော်တို့ ကားမှောက်မှုမှာ တစ်ဖက်သူအဖို့ အထူးအဆန်းဖြစ်ချင်မှ ဖြစ်မည်၊ သို့သော် ကျွန်တော့်အဖို့ တစ်သက်တာတွင် အလွန် ထူးဆန်း ထိတ်လန့် အံ့ဩဖွယ်ရာ ကားမှောက်မှုကြီး ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုးလောင်းကွေ့နှင့် ကိုးဂဏန်းများတိုက်ဆိုင်နေပုံမှာ အလွန်အံ့ဩဖွယ်ကောင်းလှပါသည်။ ထိုကိစ္စကို ရှင်းလင်းတင်ပြပါမည်။

၁။ ကျွန်တော် မိတ္ထီလာမှစထွက်သောအချိန်မှာ နံနက် (၄) နာရီအချိန် ဖြစ်ပါသည်။ ကားမှောက်သည့်အခါ မင်္ဂလာဒုံလေယာဉ်ကွင်းရှေ့ ကိုးလောင်းကွေ့၊ ကားမှောက်သည့်အချိန်မှာ ညနေ (၅) နာရီ ဖြစ်သည်။ ထို့ကြောင့် ကားစထွက်သည့် နံနက် (၄)နာရီနှင့် မှောက်ချိန် (၅) နာရီ ပေါင်းသောအခါ (၉) ဂဏန်းတစ်လုံး ရပါသည်။

၂။ ကျွန်တော် ယာဉ်မောင်း အမည်မှာ ဦးတင်မောင် ဖြစ်ပါသည်။ မွေးနံမှာ သောကြာသားဖြစ်သည့်အတွက် (၆) ဂဏန်း ရပါသည်။ ကျွန်တော်နှင့်အတူ လိုက်ပါလာသည့်ယာဉ်မှူးမှာ ဦးစိန် ဖြစ်ပါသည်။ အင်္ဂါသားဖြစ်သည့်အတွက် (၃) ဂဏန်း ရပါသည်။ နှေ့နံနှစ်ခုပေါင်းသောအခါ (၉) ဂဏန်း တစ်လုံးထပ်ရပါသည်။

၃။ ကားမှောက်သည့်အချိန် (၅) နာရီနှင့် ကားထဲပါ လူ (၄) ဦး ပေါင်းသောအခါ (၉) ဂဏန်းတစ်လုံး ထပ်ရပါသည်။

၄။ ကားနံပါတ်ရှေ့အက္ခရာမှာ 'ဇ' ဖြစ်ပါသည်။ 'ဇ' အက္ခရာသည် နေ့နံအရ (၃) ရပါသည်။ သောကြာသား ကျွန်တော့်မွေးနံ (၆) နှင့်ပေါင်းသောအခါ (၉) ဂဏန်းတစ်လုံး ရပြန်ပါသည်။

၅။ မှောက်ရာတွင် လာရောက်ကယ်ဆယ်သည့် လူတစ်စုမှာလည်း (၉) ဦးဖြစ်နေသည့်အတွက် (၉) ဂဏန်းတစ်လုံး ရပါသည်။

ထို့ကြောင့် ကိုးလောင်းကွေ့ နဂါးသိုက်နှင့် ကိုးဂဏန်းများမှာ အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းလှပါသည်။

ကျွန်တော် ကားမောင်းလာစဉ်ယခု အသက် (၅၉) နှစ် ရှိပါသည်၊ တစ်ကြိမ်တစ်ခါမျှ ကားမှောက်ခြင်း၊ ကားတိုက်မှုဖြစ်ခြင်း မရှိခဲ့။ သို့သော် မင်္ဂလာဒုံ ကိုးလောင်းကွေ့ ကားမှောက်မှုမှာ မည်သို့မည်ပုံ ထူးဆန်းအံ့ဩစွာ တံတားပေါင်ကို လေယာဉ်ပျံကဲ့သို့ ကျော်တက်ကာ ချောက်ထဲ တိမ်းမှောက်သွားသည်ကို ယနေ့တိုင် အဖြေရှာမရပါ။ ကားမှောက်မှုတော့ ဖြစ်ခဲ့သည်။ ဤကားမှောက်မှုတွင် အမြင့် (၁၅) ပေနက်သည့် ချောက်ထဲသို့ အရှိန်နှင့်ကျသဖြင့် ကားလည်း ပျက်စီးနိုင်သည်၊ လူလည်း ထိခိုက်ဒဏ်ရာရနိုင်သည်။ သို့သော် ကားလည်း ပွန်းပဲ့ရုံမှလွဲ၍ ဘာမှမဖြစ်၊ လူလည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမဖြစ်သည်မှာ ကျွန်တော်ကိုယ်တိုင် ဘုရားတရားကို ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ခြင်း အကျိုးကျေးဇူးကြောင့်ပဲ ဖြစ်ပါသည်။

ဤကားမှောက်မှုမှာ နှစ်ပေါင်း (၄၀) တိုင်တိုင် ကြာခဲ့သော်လည်း တွေးမိတိုင်း ကြက်သီးမွေးညင်းထမိပါသည်။ နှစ်ပေါင်း (၄၀)ကြာခဲ့သော်လည်း ယနေ့တိုင် မမေ့နိုင်ပါ။ ဤကားမှောက်မှုအဖြစ်ဆန်းမှာ အံ့ဩထိတ်လန့် သွေးပျက်ဖွယ်ကောင်းလှပါသည်။

ထိုစဉ် ဖော်(စ်)ဝါဂွမ်ကားတိုင်းမှောက်အောင် မောင်းနိုင်သူ ဆုပေးမည်ဟု ကြော်ငြာထားသောအချိန် ဖြစ်ပါသည်။ ၎င်းတို့၏ကားမှာ မည်မျှပင်မောင်းမောင်း၊ မတိမ်းမှောက်နိုင်ကြောင်း အာမခံထားသောကား ဖြစ်ပါသည်။ ထိုကဲ့သို့ ကားကုမ္ပဏီမှ မတိမ်းမှောက်နိုင်ကြောင်းအာမခံထားချိန်တွင် ကျွန်တော့်အဖြစ်ဆန်း ဖော်(စ်)ဝါဂွမ်ကားမှောက်မှုမှာ ကုမ္ပဏီမှဆုရနိုင်သော်လည်း အစိုးရကားဖြစ်နေသဖြင့် ကျွန်တော်တို့မှာ ကားမှောက်မှုကို တိုးတိုးတိတ်တိတ် သိုသိပ်ထားရသဖြင့် ကားကုမ္ပဏီသို့ အသိမပေးရဲဘဲ ဆုနှင့်လွဲခဲ့ရပါသည်။

⭘

ဤကားမှောက်မှုကို ယခု အငြိမ်းစားယာဉ်မောင်းဦးတင်မောင် (နန်းတော်ကုန်းမြေ၊ အောင်မင်္ဂလာရပ်ကွက်နေသူ) က စာရေးသူအား ပြောပြထားသည်မှာ ကြာပြီ ဖြစ်ပါသည်။ ဦးတင်မောင်၏ ကားတိုက်မှုအဖြစ်ဆန်းကို ရေးမည်ကြံစည်တိုင်း အခြား ဆောင်းပါးကိစ္စများ၊ အရေးပေါ် သတင်းဆောင်းပါးများကို ဦးစားပေး ရေးသားနေရသဖြင့် ဦးတင်မောင်၏ ကိုးလောင်းကွေ့နှင့် ကိုးဂဏန်းများ ဆောင်းပါးမှာ စာမူဖိုင်နောက်ထဲတွင် ရောက်နေခဲ့ပါသည်။

တစ်နေ့တွင် အခြား ဆောင်းပါးများ ဦးစားပေး ရေးသားရန် ကြံစည်စိတ်ကူးသော်လည်း မည်သို့မျှဦးနှောက်မရွှင်ဘဲ ကြန့်ကြာနေပါသည်။ ထိုစဉ်စာမူဖိုင်တွဲထဲမှ ဦးတင်မောင်၏ထူးဆန်းအံ့ဖွယ် ကားမှောက်မှုအချက်အလက်ကလေး ပြန်တွေ့ပြီး ချက်ချင်း ရေးချင်စိတ်ပေါ်လာကာ တစ်ထိုင်တည်းရေးချလိုက်မိပါသည်။

ယာဉ်မောင်း ဦးတင်မောင် ပြောပြချက်အရ ထိုနှစ်ထဲတွင် ဦးတင်မောင်ကားမှောက်သည့်နေရာမှာပင် (၁၀)ရက်အကြာ၌ မြို့တော်မောင်းမောင်းသိန်းတို့ဇာတ်အဖွဲ့ ကားတိမ်းမှောက်ခဲ့ရာ ဆရာဦးချစ်တင် ကားမှောက် သေဆုံးသွားကြောင်း ပြောပြသည်။ ထို့ကြောင့် မင်္ဂလာဒုံလေယာဉ်ကွင်းအနီးမှ ကိုးလောင်းကွေ့မှာ အလွန် ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်ဆန်းများနှင့် ပြည့်နှက်နေကြောင်း ရေးသား တင်ပြအပ်ပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

လူသေကောင်အလောင်းမြေမြှုပ်သင်္ဂြိုဟ်ရာတွင် ပုဆိုး၊ အင်္ကျီ၊ လုံချည်များထည့်ပေးသည်လည်း ရှိ၏။ အချို့ကလည်း မြေကြီးထဲမြှုပ်တာပဲ၊ အလကားဆွေးမြည့်ကုန်မှာမို့ အဝတ်အထည်တွေ မထည့်သူတို့လည်း ရှိကြပါသည်။ ထိုအဝတ်အထည်များ ထည့်၊ မထည့်အကြောင်းနှင့်ပတ်သက်၍ ထည့်သင့်ကြောင်းကို လူဝင်စားတစ်ဦး၏ လက်တွေ့ ခံစားခဲ့ရပုံကို ရေးသား တင်ပြပါမည်။

**တွေ့ရှိ ခင်မင်ခဲ့**

သူမအမည် ဒေါ်စိုးခင်။ အသက် (၄၅) နှစ်ခန့်ရှိပြီး လင်သား မရှိတော့ပါ။ သားသမီး (၃) ယောက်နှင့် တောင်ယာအလုပ် လုပ်ကိုင် စားသောက်ရသူ ဖြစ်ပါသည်။ နေရပ်ဇာတိမှာ ကျောက်ပန်းတောင်းမြို့နယ်မှ (---) ရွာမှာ ကြီးပြင်းခဲ့ပါသည်။ မိဘမျိုးရိုးအတိုင်း ထန်းတက်ထန်းလျက်ချက်လုပ်ငန်း လုပ်ကိုင်ခဲ့ရပါသည်။

ဒေါ်စိုးခင်မှာ တစ်ရွာတည်းနေ ထန်းသမား ဦးတင်မောင် ဆိုသူနှင့် အိမ်ထောင်ကျခဲ့၍ သားသမီး (၃) ယောက်အရတွင် လင်သားဆုံးပါးသွားခဲ့ပါသည်။ လင်သားဆုံးပါးသောအခါ သားသမီးကလေးများနှင့် လယ်ကူလီ ယာကူလီ လုပ်စားခဲ့ပါသည်။ အလုပ်က ပင်ပန်းဆင်းရဲ၊ စားဝတ်နေရေးက ကျပ်တည်းလှပါသည်။ ထို့ကြောင့် ရေကြည်ရာမြက်နုရာနေရာရှာခဲ့ရာ တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်း သစ်တောစိုက်ခင်းတွင် အလုပ်ရခဲ့ပါသည်။

ထိုသစ်တောစိုက်ခင်း မရောက်မီကပင် အကြီးဆုံးသမီးက ရွာမှ မောင်တင်ဝင်းနှင့်အိမ်ထောင်ကျခဲ့၍ မိသားစုဝင် (၄) ယောက် ဖြစ်ပါသည်။ ပထမသစ်တောစိုက်ခင်းတွင် နေ့စားအလုပ်ရခဲ့၍ စားဝတ်နေရေး အနည်းငယ်အဆင်ပြေလာသည်။ သစ်တောစိုက်ခင်းတွင် ကျွန်းပင်များ ပျိုးထောင်ခြင်း၊ ကျွန်းခင်း သစ်စိုက်ပျိုးခြင်းများ ပြုလုပ်ရ၏။ ထိုကျွန်းစိုက်ကွက် မြေလွတ် မြေရိုင်းများတွင် နှမ်း၊ ပြောင်း၊ ဝါများ စိုက်ပျိုးခွင့်ရသဖြင့် မိသားစု စုပေါင်းကာ ပေါက်တူး၊ ပေါက်ပြားများဖြင့် တူးဆွ၍ စိုက်ပျိုးလုပ်ကိုင်စားသောက်ကြရပါသည်။

စိုက်ပျိုးရန် မြေကွက်ကျယ်ကျယ်ပြန့်ပြန့် ရပြန်တော့လည်း ထွန်ယက်ရန် ကျွဲ၊ နွားက မရှိခဲ့ပါ။ ထို့ကြောင့် ကျွဲ၊ နွားမွေးမြူရန် ဆန္ဒရှိနေပါသည်။ ထိုအချိန်က စာရေးသူ၏ အမိ၊ အဘများကလည်း ထိုစိုက်ခင်းတွင် နှမ်းများဝယ်နေချိန်ဖြစ်ကာ ဒေါ်စိုးခင်နှင့်တွေ့ဆုံခင်မင်





www.burmeseclassic.com

www.burmeseclassic.com

ရာမှ နွားအဖက်မွေးရန် စကားစပ်မိကြရာ နွားများမွေးမြူဖြစ်ခဲ့ကြပါသည်။ ထိုအခါမှစ၍လည်း စာရေးသူနှင့်ဒေါ်စိုးခင် ခင်မင်ရင်းနှီးခွင့်ရခဲ့ပါသည်။

ဒေါ်စိုးခင်၏သမက် ကိုတင်ဝင်းကလည်း လက်မှုပညာအတော်သားပါ။ ကိုတင်ဝင်းက မျက်စိအမြင်ကျယ်သူဖြစ်၍ ကျွန်းစိုက်ခင်းထဲရှိ ကျွန်းပင်အိုအခြောက်ငုတ်ကြီးများကို လွှငါးမန်းဖြင့်တိုက်ဖြတ်ယူကာ ပေပျဉ်ကြီးများရယူ၍ ရွှေပေါ်ထိုး အချောကိုင်ကာ လက်ယက်ထိုး ကျွန်းသေတ္တာများ ပြုလုပ်တတ်ပါသည်။ ကျွန်းသေတ္တာများမှာ ထူထဲချောမွတ် လှပ၍ ဈေးကောင်းကောင်းရပါသည်။ ထိုအချိန်က ကျွန်းသေတ္တာတစ်လုံးကို (၁၀၀၀) ခန့်ရ၍ ဝင်ငွေကောင်းနေပါသည်။

**ဘဝကြောင်း ပြောပြီ**

တစ်နေ့တွင် ဒေါ်စိုးခင်က စာရေးသူတို့အတွက် ယာထွက် မြေပဲတောင့်များ လာပို့ပါသည်။ အစိုပြုတ်စားရန်တဲ့။ ထိုအခါ စာရေးသူတို့မှ-

"ဒေါ်စိုးခင်၊ မြေပဲဖိုးက ဘယ်လောက်ပေးရမှာတုံး"

ဟု မေးသောအခါ ဒေါ်စိုးခင်မှ-

"အမယ်လေး-ပေးစရာမလိုပါဘူး။ ယာထွက်ကလေး ဆရာလေးတို့ စားဖို့ လာပို့တာပါ"

ဟု ပြောပါသည်။

စာရေးသူမှ-

"မဟုတ်ဘူးလေ၊ ခင်ဗျားတို့မှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရတာ။ ယူပါဗျာ"

ဟု ပြောရာ ဒေါ်စိုးခင်မှ-

"မယူပါဘူး။ ဟိုတုန်းက ဆင်းရဲပင်ပန်းခဲ့ပေမယ့် အခု ဆရာလေးတို့ ကျေးဇူးကြောင့် တော်တော်အသက်ရှူ



# လူဝင်စားတစ်ဦး၏ တမလွန်ဘဝခရီး



www.burmeseclassic.com

www.burmeseclassic.com

ချောင်နေပါပြီ။ ဟိုတုန်းကတော့ ဆင်းရဲလိုက်သမှ ခါးမှာ အဝတ်ပင်မကပ်နိုင်ခဲ့ပါဘူး။ ဒီဘဝမှာတင် မဟုတ်ဘူး၊ ဟိုအရင်ဘဝကတည်းက ဆင်းရဲခဲ့တာပါ"

ဟု ပြောပါသည်။

စာရေးသူလည်း ဒေါ်စိုးခင်၏ 'ဟိုဘဝက' ဆိုသောစကားကို ကြားလိုက်ရသဖြင့် စာရေးသူမှ-

"ဒေါ်စိုးခင်က ဟိုဘဝကဆိုတော့ ဘဝကြောင်း ပြောတတ်လို့လား"

ဟု မေးမိပါသည်။

ဒေါ်စိုးခင်က-

"ပြောတတ်ပါရဲ့"

ဟု ပြောသဖြင့် စာရေးသူမှ-

"ပြောတတ်ရင် ပြောပြပါ"

ဟု တောင်းဆိုရာ ဒေါ်စိုးခင်က-

"အင်း- ရှက်ရှက်နဲ့ပြောရမှာပေါ့"

ဟု အောက်ပါအတိုင်း ပြောပြပါတော့သည်။

ယင်းသို့ ဘဝကြောင်းမပြောသေးမီမှာ စာရေးသူ၏ဇနီးက ဒေါ်စိုးခင်အား နံနက်စောစော ထမင်းကြမ်းနှင့် ပဲပြုတ်ကျွေးသဖြင့် စားနေပါသည်။ ဒေါ်စိုးခင်မှာ ထမင်းစားလိုက်၊ ရေနွေးသောက်လိုက်၊ စကားပြောလိုက် ဖြစ်နေသဖြင့် စာရေးသူမှ-

"ခင်ဗျား ထမင်းစားပါဦး၊ ပြီးမှ အေးအေးဆေးဆေးပြောပြပါ"

ဟု ပြောမှ ထမင်းစားပါတော့သည်။

## ယခင်ဘဝက ထန်းလုပ်ငန်း

'နွေဦးကာလ၊ မြူထသောအခါ၊ . . . ဆောင်မြအိုးလွယ်ကာ၊ ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင် . . .' ဆိုသော ထန်းသမားတျာချင်းကဲ့သို့တော့ မဟုတ်ပါလေ။ ကျောက်ပန်းတောင်းနယ်က ထန်းပင်များ ဆောင်းတွင်း နတ်တော်လပြည့်ကျော်၊ ပြာသိုလဆန်းဆိုပါလျှင် ထန်းနို့များ ထွက်ပြူလာ၍ ထန်းပင်ပြုပြင်ကာ ထန်းလှီးကြပါတော့သည်။ ထန်းဖိုပင်များက ထန်းရည်အရင်ရရှိပါသည်။ ရရှိလာသော ထန်းရည်များကို ထန်းလျက်ချက်လုပ်ရပါသည်။

ထန်းဖိုဦးထန်းလျက်က ဆေးဖက်ဝင်သဖြင့် ဈေးကောင်းလှသည်။ ထန်းဖိုဦးထန်းလျက်များများထွက်ရန် ဂရုစိုက်လုပ်ဆောင်ကြရပါသည်။ ဒေါ်စိုးခင်မဖြစ်မီ ယခင်ဘဝက ထိုရွာကလေးမှာပင် မိန်းကလေးဖြစ်ခဲ့၍ အမည် မလှဝင်းဖြစ်ခဲ့ပါသည်။ အဖေ၊ အမေက ထန်းတက်သမားမျိုးရိုးမို့ မလှဝင်းကလည်း ထန်းလျက်ချက်ရင်း ကြီးပြင်းခဲ့ရသည်။ ငယ်ငယ်က ကျောင်းမနေရ၍စာမတတ်ခဲ့ပါ။

မလှဝင်း (၁၈) နှစ်သမီးတွင် မြူအိုးကောက်ရ၊ ထန်းလျက်ချက်ရန် ထင်းရှာရနှင့် အလွန် ပင်ပန်းစွာ အလုပ်လုပ်ရပါသည်။ ထိုနယ်က ထန်းပင်များရှိ၍ ထန်းရည် အလျှံပယ်ထွက်သော်လည်း ထင်းက ရှားလှပါသည်။ ထင်းအဖြစ် ဆီးစေ့ခွံခြမ်းများ၊ ထန်းစေ့မှုတ်များ၊ ထန်းလက် ထန်းရွက်ခြောက်များကို ရှာဖွေစုဆောင်းရပါသည်။ အပျိုလေးမလှဝင်းမှာ အရွယ်နှင့်မလိုက်အောင် အလုပ်လုပ်ရသဖြင့် တစ်နေ့တွင် ဖျားပါလေရော။ အမိအဘများကလည်း ဆင်းရဲကျပ်တည်းလှသဖြင့် မလှဝင်းကို ဆေးမကုသနိုင်ခဲ့ကြပါ။ အား၊ အာဟာရကလည်းမရသဖြင့် မကြာမီ မလှဝင်း အနိစ္စရောက်ခဲ့ရပါသည်။

"အဲ-မလှဝင်းဆုံးတော့ အမိအဘက မရှိဆင်းရဲဆိုတော့ ရပ်ရွာကဝိုင်းဝန်းသင်္ဂြိုဟ်လို့တော့ပေးပါရဲ့၊ မလှဝင်းရဲ့အလောင်းပေါ်မှာ ဘာအဝတ်အထည်မှမလွှမ်းဘဲ မလှဝင်းရဲ့ကိုယ်ကို ဖျာစုတ်နှင့်ပတ်ကာ မြေမြှုပ်လိုက်ရတာပေါ့။ အဲဒါနဲ့ မလှဝင်းလေး တစ္ဆေဘဝရောက်တော့ ကိုယ်လုံးတီး ဗလာကျင်းဖြစ်နေရတာပေါ့။ အဲ- တစ္ဆေဘဝကလည်း အခြား တစ္ဆေများကမြင်တော့ သိပ်ရှက်တာပေါ့။ ဒါနဲ့ ရရာ ညောင်ရွက်ခြောက်၊ အင်ဖက်ခြောက်ကို ကိုယ်မှာကပ်ပြီး နေခဲ့ရတာပေါ့။

လူတွေကတော့ ကျွန်မကို မမြင်ရဘူးထင်တယ်။ တစ်ခါတလေ ကျွန်မ မရှောင်ဖြစ်တဲ့အခါ လူတွေက ဘေးချင်းတိုက်ကြ၊ တိုးသွားကြ၊ တက်နင်းသွားကြနဲ့ပါ။ ကျွန်မ ခိုကပ်နေတဲ့ ရွာပြင်က ညောင်ပင်ကြီးမှာလည်း တစ္ဆေတွေကို ပြည့်ကျပ်လို့ပါပဲ။ နေရထိုင်ရ၊ သွားရလာရတာကတော့ ပေါ့ပါးပါရဲ့။ ထမင်းနဲ့ရေကတော့ ဘယ်တော့မှ ဝလင်အောင် မစားမသောက်ရဘူး။ ဒါပေမယ့် လူတွေ၊ နွားတွေကိုခြောက်လှန့်ရလို့ ပြေးလွှားတာကို ကြည့်ပြီး ပျော်နေကြပါတယ်။ လူတွေစွန့်ပစ်တဲ့ ထမင်းလုံး၊ ဟင်းအိုးဆေးရေတွေကို ရှာရှာစားရပါတယ်။ အချိန်တန်ရင်တော့ ကိုယ့်နေရာ ကိုယ်ပြန်ရောက်ကြရပါတယ်။ အချိန်တန်လို့မှ မရောက်လျှင် ကြိမ်လုံးကိုင်တစ္ဆေကြီးက လိုက်ရိုက်ပါတယ်။

ကျွန်မကိုယ်ပေါ်မှာ အဝတ်မရှိလို့ သစ်ရွက်ခြောက်ကပ်ပြီးသွားရင် လူတွေက သစ်ရွက်ခြောက် လေလွင့်ပြီး လေနောက်ပါနေတယ်လို့ ထင်ကြပါရဲ့။ မိုးရွာရင် ထန်းလက်ဖတ်ပြားအောက်၊သစ်ရွက်ခြောက်အောက်ဝင်ပြီး မိုးခိုရတာပဲ။ ကျွန်မရဲ့ကိုယ်ခန္ဓာက ဘယ်လောက်ကြီးသလဲ၊ ဘယ်လောက်သေးသလဲဆိုတာ မသိရပါဘူး။ မိုးခိုရင် မိုးတော့ လုံနေတာပဲ။ ပြီးတော့ မြေတွင်း၊ သစ်ခေါင်းကြီးကြီး၊ သေးသေး ဝင်နိုင်၊ထွက်နိုင်တယ်။ ဒါကြောင့်လည်း ဒီဘဝမှာ ပျော်တာပေါ့။ နေ့မှန်း၊ညမှန်းလည်း မသိပါဘူး။ ရက်၊ လ၊ နှစ်ဆိုတာလည်း မသိရပါဘူး။ ဒါပေမယ့် ကျွန်မကိုယ်ပေါ်မှာ အဝတ်မကပ်ရလို့တော့ စိတ်ညစ်တာပေါ့။ အဲဒါ ကျွန်မအလောင်းကောင်ကို သင်္ဂြိုဟ်တုန်းက အဝတ်အထည်မလွှမ်းလိုက်လို့ပါဘဲ။ အဲဒါကြောင့် ယခုဘဝရောက်တော့ သေဆုံးသွားတဲ့သူတွေကို မြှုပ်နှံသင်္ဂြိုဟ်လျှင် အဝတ်အထည် စုတ်စုတ်၊ ကောင်းကောင်း လွှမ်းပေးကြ၊ ထည့်ပေးလိုက်ကြပါလို့ ကျွန်မ အမြဲတိုက်တွန်းနေပါတယ်။

## ကျွတ်ချိန်တန်ပြီ

"ကျွန်မကိုယ်ပေါ်မှာ အဝတ်မပါတာက ဆင်းရဲခဲ့လို့ပါ။ ဆင်းရဲတာကလည်း မရှိလို့ မလှူ၊ မလှူလို့ မရှိ ဖြစ်ခဲ့တာပါ။ အဲ- ဟိုဘက်ဘဝ မလှဝင်းဘဝတုန်းကလည်း ဘာမှမလှူနိုင်ခဲ့ပါဘူး။ အဲဒါကြောင့် ဒီဘက်ဘဝမှာ တတ်နိုင်သမျှ လှူနေပါတယ်။ ဆွမ်းတော်အမြဲလောင်းနိုင်ပါတယ်။ ပြီးတော့ ပြီးခဲ့တဲ့ ဝါဆိုတုန်းက ပုဂံမျှော်ကျောင်း ဘုန်းတော်ကြီးကို ဝါဆိုသင်္ကန်း လှူဖြစ်ပါသေးတယ်"

စာရေးသူမှ-

"သာဓု၊ သာဓုပါဗျာ။ ခင်ဗျား ကျွတ်လွတ်လာပုံ ဆက်စမ်းပါဦး"

ဟု ပြောသောအခါ-

"ဒီလို ဆရာလေးရေ ကျွန်မက မလှဝင်းဘဝတုန်းက ရည်းစား ကိုသာဝဆိုတာ ရှိတယ်။ သူ ထန်းတောအလာကို ချုံပုတ်ထဲက စောင့်စောင့်ကြည့်ပါတယ်။ သူ့ကိုချစ်တာကိုး။ အဲ- ကျွန်မက တစ္ဆေဘဝမှာ ဘယ်လောက်ကြာကြာနေရတယ် မသိပါဘူး၊ အခု ဒေါ်စိုးခင်ဘဝရောက်တော့ ကိုသာဝမှာ မြေးတွေ၊ မြစ်တွေ ရနေပါပြီ။

အဲ- တစ္ဆေဘဝက ကျွတ်ချင်လာတော့ အဲဒီ ရွာပြင် ချုံပုတ်ထဲမှာ ခိုအောင်းနေရင်း ကျောင်းက ဦးပဥ္စင်းလေးက သင်္ကန်းရုံ၊ သပိတ်ကလေးပွေ့



www.burmeseclassic.com

www.burmeseclassic.com

# အင်းလက်ဆောင်သုံးမျိုး

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ယရာဝါသကိစ္စများနှင့် လူ့ဘောင်လောကအတွင်း မှီတင်းနေထိုင်ကြပြီး ကျား၊ မ ဟူသမျှ အိမ်ထောင်သားမွေးရန် မင်္ဂလာဆောင် အကြောင်းဆက်ပေါင်းဖက်ကြပါသော်ငြား အချို့သော အိမ်ထောင်သည်တို့မှာ မျိုးဆက်သားသမီးရတနာများ မပွားစီးနိုင်ဘဲ သားသမီးမရ၊ သားသမီးအဖတ်မတင်သော အိမ်ထောင်ရှင်များအတွက် အောက်တွင်ဖော်ပြပါအင်းကို ကြေးပြား၊ ငွေပြားတစ်ခုခုတွင်အင်းချ၍ အင်း၏အလယ်ကွက်မှာ ယောကျ်ား၏နေ့နံကိုရေးသွင်းပြီး မိန်းမနေ့နံကို နောက်အင်းတစ်ချပ်၏အလယ်ကွက်မှာပင် ရေးသွင်းလျက် အင်းချပ်များကို လက်ဖွဲ့ပြုလုပ်ကာ တစ်ယောက် လက်ဖွဲ့တစ်လုံးစီ ဆောင်ထားပါက သားသမီးများ ပွားစီး၍ စိတ်ချမ်းသာကြပါလိမ့်မည်။

အင်းဆန်မှာ-

'ယောရုကွေ့ မဟာယောရုကွေ့'

မြင်းသွားအင်းချပါ။ အင်းအလယ်ကွက်မှာ မိမိမွေးနံကို ရေးသွင်းပါ။

| | | |
|---|---|---|
| ယော | မ | ရု |
| ယော | နံ | ရု |
| ကွေ့ | ကွေ့ | ဟာ |

**အင်းဆန်သွင်းပြီး**

| | | | |
|---|---|---|---|
| အစ → | ၁ | ၄ | ၇ |
| | ၆ | နံ | ၂ |
| | ၃ | ၈ ↑ | ၅ |

အဆုံး

**မြင်းသွားအင်းသွားရန်**

၎င်းအင်းသည် သားသမီးရတနာမရရှိသူ အိမ်ထောင်ရှင်များအတွက်သာမက ၎င်းအင်းကို မိမိမွေးနံထည့်၍ အဆောင်ပြုလျှင် ကုန်အရောင်းတွင်ကျယ်သည်။ မျက်နှာပွင့်လည်း ကောင်း၏။ သစ်ပင်များ၊ သစ်သီးများ အဖတ်မတင်၊ အသီး မအောင်မြင်ခဲ့ပါက ၎င်းအင်းကို ချ၍ (အလယ်ကွက်တွင်) 'သစ်သီးများရစေ' ဟု ရေးသားပြီး သစ်ပင်အောက်မှာ အင်းကိုမြှုပ်ပါ။

**လိုတရစေအင်း- ငွေပြန်အင်း**

| | | |
|---|---|---|
| စ | ဘ | ဝ |
| မ | နံ | တ |
| သ | က | ယ |

အင်းဆန်-

'စ တ သ ဘ ယ မ ဝ က'

အလယ်နံသွင်းပါ။

၎င်းအင်းကို စနေနေ့မှာ စီရင်၍ လက်ဖွဲ့ထိုးပါ။ မြင်းသွားအင်းချပါ။

၎င်းအင်းကိုစီရင်၍ ငွေနှင့်အတူထားသော် ငွေပြန်လာ၏။ ကုန်တိုက်လိုလျှင် နှုတ်တွင်ငုံ၍ ပြောပါက ကုန်များစွံ၏။ ၎င်းလက်ဖွဲ့ကို ရေစိမ်၍ ရောင်းမည့်ကုန်များကိုပက်ဖျန်းသော် ကုန်များအရောင်းသွက်၏။

**ကုန်တိုက်-ဝိယအနအင်း**

| | | | |
|---|---|---|---|
| လာ | ဘံ | ဘ | ဝိ |
| တိ | သံ | ဂုံ | ဿ |
| ဿ | မ | ပ | တိ |
| ဝိ | ဘ | ဘံ | လာ |

၎င်းအင်းကို **အဝင်နက္ခတ်ကြုံ**သည့်အခါ ငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်ပါ။

အင်းဆန်မှာ-

'လာဘံ ဘဝိဿတိ၊ လာဘံ ဘဝိဿတိ'

အလယ်လေးကွက်မှာ-

'သံ ဂုံ ပ မ'

ရေးသွင်းပါ။

**အဝင်နက္ခတ်ကြုံသောနေ့များ**

တနင်္ဂနွေဆန်းသောလတွင် လဆန်း (၁၄) ရက်၊ လဆုတ် (၅)ရက် အဝင်နက္ခတ်ရ၏။

တနင်္လာဆန်းသောလတွင် လဆန်း (၁၀) ရက်၊ လဆုတ် (၉) ရက်။

အင်္ဂါဆန်းသောလတွင် လဆန်း (၇) ရက်၊ လဆန်း (၁၄) ရက်၊ လဆုတ် (၅) ရက်၊ လဆုတ် (၁၀) ရက်။

ဗုဒ္ဓဟူးဆန်းသောလတွင် လဆန်း (၃) ရက်၊ လဆုတ် (၃) ရက်၊ လဆုတ် (၈) ရက်။

ကြာသပတေးဆန်းသောလတွင် လဆန်း (၂) ရက်၊ လဆန်း (၉) ရက်၊ လဆုတ် (၁) ရက်၊ လဆုတ် (၇) ရက်။

သောကြာဆန်းသောလတွင် လဆန်း (၁၃) ရက်၊ လဆုတ် (၅) ရက်၊ လဆုတ် (၁၀) ရက်။

စနေဆန်းသောလတွင် လဆန်း (၃) ရက်၊ လဆန်း (၁၀) ရက်၊ လဆုတ် (၂) ရက်၊ လဆုတ် (၈) ရက်။

ခုနစ်နေ့သားသမီးများ အားလုံး ကိုယ်ကျန်းမာကြ၍ စိတ်အေးချမ်းသာယာကြပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ပြီး ဆွမ်းခံဖို့ ရွာထဲကိုကြွလာတာပေါ့။ အဲဒါ ကျွန်မက ကြည်ညိုသဒ္ဓါစိတ်နဲ့ ရှိခိုးဦးချ ကန်တော့မိပါတယ်။ အဲ- ရှိခိုးကန်တော့ဦးချလည်းပြီးရော ကြိမ်တုတ်ကိုင်တစ္ဆေကြီးက ဖြုန်းဆို ရောက်လာပြီး 'နင် လူ့ဘဝပြန်ပေတော့' လို့ပြောတာနဲ့ ကျွန်မလည်း ရွာထဲဝင်ပြေးခဲ့တာ ခုဘဝ အမေဖြစ်မယ့် ဒေါ်ဗျားကြီးဝမ်းထဲ ဝင်လိုက်ရာကနေပြီး အခုဘဝ မစိုးခင် ဖြစ်လာတာပါပဲ။ ကိုင်း- ကျွန်မ တစ္ဆေဘဝက ဘယ်လောက်များ ရှက်စရာကောင်းလိုက်ပါသလဲတော်"

ဟု အဆုံးသတ်သွားပါသည်။

ကိုင်း- ဒေါ်စိုးခင်ဘဝကို ဇာတ်ပေါင်းကြည့်ရအောင်ပါ။ ပထမဆုံးကတော့ သေဆုံးသူများ သဂြိုဟ်မြှုပ်နှံရာတွင် အဝတ်အထည်များ ဖုံးလွှမ်းထည့်သင့်ကြောင်း၊ ဒုတိယကတော့ တစ္ဆေဘဝ နေခဲ့ရပုံ၊ တတိယကတော့ တတ်စွမ်းသမျှ အလှူဒါနပြုသင့်ပုံနှင့် စတုတ္ထကတော့ ဘယ်ဘဝရောက်ရောက် ဘာသာ သာသနာကို လေးစားယုံကြည်သင့်ကြောင်း ဒေါ်စိုးခင်မှ တွေ့ကြုံခဲ့ရသမျှကို သင်ခန်းစာပေးသဖြင့် သတိသံဝေဂ ရယူကြပါစို့လို့သာ. . .။

*အားလုံး ကျန်းမာ ချမ်းသာကြပါစေ*

ဦးသန်းစိုး(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

`အရိမဒ္ဒနာပြည်မှ အပျိုတော်ဆွေတော်မျိုးတော် ဇာတ်လမ်းကား. . .

လွန်ခဲ့သော နှစ်ပေါင်း (၁၉၀၀) ခန့်က ဖြစ်ရပ်မှန် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ ထိုစဉ်က သမုဒ္ဒရာဇ်မင်းကြီးသည် ယုန်လွှတ်ကျွန်းနှင့် အနီးတစ်ဝိုက်ရှိ ရွာကြီး (၁၉) ရွာကို စုပေါင်းကာ ပုဂံရာမပြည်ကြီးဟု သမုတ်၍ မင်းပြုခဲ့ပါသည်။ မင်းကြီး မင်းပြုသည့်ခုနှစ်ကား မဟာလ္လကပုဏ္ဏား သက္ကရာဇ်ဖြိုပြီးနောက် သက္ကရာဇ် ခဆပဉ္စကိန်းဝင် (၂၉) နှစ် ဖြစ်ပါသည်။ ဆခပဉ္စကိန်း ဆိုသည်မှာ ကိန်းခန်းသွားသည်၊ ကိန်းသုဉ်းသွားသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ထိုကိန်းခန်းသွားသောခုနှစ်မှစ၍ ရေတွက်သော် (၂၉) နှစ်မြောက် ဖြစ်သည်။ ခဆပဉ္စကိန်းဝင် (၂၉) မှာ အေဒီ ၁၀၇ ခုနှစ် ဖြစ်သည်။

*(မှတ်ချက်- ဦးကုလား မဟာရာဇဝင်ကြီး ပထမတွဲမှ)*

**ရိရိဌေး**

**အရိမဒ္ဒနာပြည်မှ**
**အပျိုတော်ဆွေတော်မျိုးတော်များ**

ထိုပြည်ကြီးသည် မြတ်စွာဘုရားရှင်လက်ထက်တော်က ဗျာဒိတ်ထားခဲ့သောပြည်ကြီး ဖြစ်သည်။ ဗျာဒိတ်တော်ဖြစ်ပွားလာပုံအကြောင်းမှာ ထိုအရိမဒ္ဒနာ မည်သော ရွှေပြည်တော်အကြောင်းကား-

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် မဇ္ဈိမဒေသမှ ထိုပြည်တည်ရာအရပ်သို့ ဒေသစာရီ ကြွတော်မူခဲ့သည်။ တန့်ကြည်တောင်ဖျားထက်၌ရပ်၍ကြည့်တော်မူသော် ကမ်းပါးမြင့်ထက်ရှိပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့်ကျီးမည်းတစ်စုနားနေ၏။ ပေါက်ပင်၏အလယ်၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွလည်းနေ၏။ပေါက်ပင်ရင်း၌ ဖားသူငယ်လည်း ဝပ်လျက်ရှိ၏။ ဘုရားရှင်သည် ဤအရာများကိုမြင်သော် ပြုံးတော်မူ၏။ ညီတော်အာနန္ဒာလည်း ပြုံးတော်မူသည့်အကြောင်းကို လျှောက်ရာ မြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်စကားကား-

"ချစ်သားအာနန္ဒာ၊ ငါ ပရိနိဗ္ဗာန်ပြုတော်မူပြီး အနှစ် (၆၅၁) သို့ ရောက်သောအခါ၌ ဤအရပ်သည် ပြည်ကြီးဖြစ်လတ္တံ့။ ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးမည်း နားသည့် အလိုသော်ကား ထိုပြည်၌ အလျှ သီတင်းသုံးသူ များလတ္တံ့။ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွအလိုကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စည်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သောစကားကို သုံးသည်ဖြစ်၍ သစ္စာမှားယွင်းယိုလတ္တံ့။ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည့် အလိုတော်ကား ထိုပြည်သူတို့သည် ဖားနှယ် ဝမ်းချမ်း(အေးချမ်း) ၌ သာယာစွာ ပျော်မွေ့လတ္တံ့။ ထိုပြည်ကိုတည်ထောင်စပြုသော သမုဒ္ဒရာဇ်မင်း. လက်ထက်၌ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှုံးပုံ့ကြီးတို့သည်လည်း မင်းမူလတ္တံ့။

*(အချို့ ရာဇဝင်မှာ ကျားကြီးအစား ဘူးပင်ကြီးများ မင်းမူလတ္တံ့ဟု ဆို၏။)*



ထိုငှက်ကြီး၊ ဝက်ကြီးတို့ကို အဘကား နေနတ်သား၊ အမိကား နဂါးမင်းသမီး ထိုနှစ်ပါး သံဝါသဖြစ်ရာတွင် မြင်သော ဘုန်းလက်ရုံး အာဏာနှင့် ပြည့်သောမင်းသည် ခွင်းလတ္တံ့"

ဟူ၍ ဗျာဒိတ်တော်ထားတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




ထိုဗျာဒိတ်တော်အရ ပုဂါရာမ ပြည်ကို အရိမဒ္ဒနာပြည် ဟူ၍လည်း ခေါ်ဆိုခဲ့ကြပါသည်။ ဘုရားရှင် ဗျာဒိတ်တော် ထားတော်မူသည်နှင့်အညီ သမုဒ္ဒရာဇ်မင်းသည် မင်းပြုသောအခါ၌ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပုံကြီးများ ပေါ်ပေါက်လာခဲ့သည်။ အရှေ့အရပ်၌ ဝက်ကြီးသည် အရံ (၅၀၀) နှင့် နေ၏။ တောင်အရပ်၌ ကျားကြီးသည် အရံ (၅၀၀) နှင့် နေ၏။ အနောက်အရပ်၌ ငှက်ကြီးသည် အရံ (၅၀၀) နှင့် နေ၏။ မြောက်အရပ်၌ ရှူးပုံကြီးသည် အရံ (၅၀၀) နှင့် နေ၏။

မင်းကြီးသည် ဝက်ကြီးအား ထမင်းအလုံး (၆၀)၊ ဖရုံသီး (၉) လုံး၊ ဖွဲ့(၉) လှည်းကို နေ့တိုင်းပေးရ၏။ ငှက်ကြီးအား သမီးကညာ တစ်နေ့ကို တစ်ယောက်နှုန်းဖြင့် (၇) ရက်တစ်ကြိမ် (၇) ယောက် အမြဲပေးရ၏။ ကျားကြီးနှင့် ရှူးပုံကြီးတို့အတွက် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို နေ့စဉ်ပေးရ၏။ ဤသို့ပေးခဲ့ရသည်မှာ (၁၂) နှစ်တိုင်တိုင် ရှိအောင်ခဲ့ပြီ။ ငှက်ကြီးအား (၁၂) နှစ်တိုင်တိုင် အစာပေးရသော မိန်းမပျိုပေါင်းတား (၄၃၂၀) ခန့် ရှိခဲ့ချေပြီ။

ထိုသို့ မိန်းမပျိုကလေးများ၏အသက်ပေါင်း များစွာကို ငှက်စာအဖြစ် ပေးဆပ်ရသည့်အတွက် မိန်းမပျိုဦးရေ နည်းပါးလာခဲ့သည်။ ပထမသော် အရပ်သူအရပ်သား မိန်းမပျိုများကို ငှက်စာအဖြစ် ပေးဆက်ရ၏။ ထိုမှကုန်သော်ကုန်သည်၊ သူဌေးများ၏ သမီးပျိုများကို ငှက်စာအဖြစ် ပေးဆက်ရ၏။ ထိုမိန်းမပျိုများကုန်သော် နန်းတွင်းသူ အပျိုတော်များအလှည့်သို့ ရောက်လာခဲ့သည်။

ထိုစဉ်က နန်းတွင်းငှက်စာဆောင်မှုမှာ ငကော် ဖြစ်သည်။ ငကော်သည်



www.burmeseclassic.com

www.burmeseclassic.com

ငှက်စာအဖြစ် မိန်းမပျိုကလေးများကို စာရင်းပြုစုကောက်ယူကာ ငှက်ကြီးထံမှောက်သို့ အရောက်ပို့ပေးရသူ ဖြစ်သည်။ အရပ်သား မိန်းမပျိုကလေးများ မရှိတော့သဖြင့် အပျိုတော်များအလှည့်သို့ ရောက်လာပြီဖြစ်၍ အပျိုတော်များ၏ခေါင်းဆောင်ဖြစ်သော မင်းသမီး သီရိစန္ဒာဆီသို့ ရောက်လာခဲ့သည်။

"အရှင်မင်းသမီး၊ ယနေ့မှစ၍ နောက် (၇) ရက်အကြာတွင် ဤနန်းတွင်းရှိ အပျိုတော်များထဲမှ အပျိုတော် (၇) ဦးကို ငှက်စာအဖြစ် ကျွေးရပါမယ် ဘုရား"

"ဘုရား . . ဘုရား၊ ဒီလိုဆိုရင် အပျိုတော်တွေတော့ ဒုက္ခရောက်ကုန်တော့မှာပဲ။ ဒီ (၇) ရက်ပြီးရင်လည်း နောက် (၇) ရက်မှာ အပျိုတော်တွေကို ထပ်ပေးရဦးမှာပဲ။ ဒီအပျိုတော်တွေထဲမှာ ငကော်ရဲ့အမျိုးတွေပါသလို အရှင်မရဲ့အမျိုးတွေလည်း ပါတယ်။ ဆွေတော်မျိုးတော်တွေကို ငှက်စာအဖြစ် ဘယ်လိုပေးဆက်ရပါ့မလဲ"

"မှန်ပါ အရှင်မင်းသမီး၊ ကျွန်တော်မျိုးလည်း စိုးရွံ့ကြောက်လန့်မိပါတယ် ဘုရား"

ထိုစဉ် မင်းသမီး သီရိစန္ဒာ၏အစ်ကိုတော် မင်းသားအောင် ခေါ် ဦးစစ်အောင် ရောက်လာသဖြင့် အကျိုးအကြောင်းပြောပြရာ မင်းသားအောင်က-

"နှမတော်၊ ဒီလိုဆိုရင် ဒီမှာဆက်နေလို့မဖြစ်တော့ဘူး။ ဒီတိုင်းပြည်နဲ့ဝေးကွာတဲ့အရပ်ကို ဆွေတော်မျိုးတော်တွေခေါ်ပြီး အတူထွက်ပြေးမှဖြစ်မယ်"

ဤသို့ပြောကြားရာ ငှက်စာဆော်မှူး ငကော်ကလည်း-

"အရှင်မင်းသမီး၊ မင်းသားအောင်ပြောတဲ့စကားဟာ အလွန် သင့်မြတ်ပါတယ် ဘုရား။ ဒါကြောင့် ကျွန်တော်မျိုးတို့အုပ်စုဟာ ဒီတိုင်းပြည်က အမြန်ဆုံးထွက်ပြေးမှ ဖြစ်ပါမယ် ဘုရား"

၎င်းတို့အုပ်စုသည် တိုင်ပင်ထားသည့်အတိုင်းပင် မင်းသမီး သီရိစန္ဒာ၊ မင်းသားအောင်၊ ငကော်တို့နှင့်အတူ အပျိုတော်များနှင့်တကွ ၎င်းတို့ကို ကာကွယ် စောင့်ရှောက်ရန် ပေးထားသည့် တပ်မှူးလေးတစ်ဦး ဦးဆောင်သော စစ်သည်ရဲမက် တစ်တပ်ပါ အတူတူထွက်ပြေးခဲ့ကြသည်။

သူတို့သည် တောတောင် လျှိုမြောင်များကိုဖြတ်၍ပြေးခဲ့ရာ ပထမဦးစွာ ရေမြေကောင်းသောအရပ်၌ စခန်းချခဲ့သည်။ ထိုနေရာကား မိုးကြိုးပစ်တစ်ဖက်လွဲရွာ ဖြစ်သည်။

ထိုနေရာသို့ရောက်သော် ရွာတည်၍နေခဲ့ကြသည်။ ရွာတွင်းသို့မဝင်နိုင်ရန် ရွာလမ်း ဟူ၍မထားဘဲ တဲအိမ်ကလေးများကို တစ်ဦးအိမ်ရှေ့၊ တစ်ဦးအိမ်နောက် စသည်ဖြင့် သွားလာရခက်အောင် စနစ်မကျစွာ ဆောက်ထားခဲ့သည်။ ထိုရွာတွင် ရွာလမ်း မရှိသလို သွားလိုပါက တစ်ဦး၏အိမ်တွင်းမှ ဝင်ရောက်ဖြတ်သန်းသွားရသည်။ ဤသို့ပြုလုပ်ခြင်းမှာ ရန်သူများ ရွာတွင်းသို့ အလွယ်တကူမဝင်နိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ မိုးကြိုးတစ်ဖက်လွဲရွာမှာ ယခုတိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တည်ရှိပြီး အိမ်ခြေစနစ်တကျမရှိ။ ရွာလမ်း မရှိပေ။

ထိုအရပ်၌ ပုန်းအောင်းနေထိုင်စဉ် မင်းကြီး၏တပ်များ လိုက်လံရှာဖွေသဖြင့် အချို့သောသူများ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထိုခေတ်က အဖမ်းခံရသူများအား နားကို အပ်ဖြင့်ဖောက်ပြီး အပ်ချည်ကြိုးဖြင့်သီကာ ဖမ်းခေါ်သွားပါသည်။ အဖမ်းခံရသူများမှာ အပ်ချည်ကြိုးကိုဖြတ်၍ထွက်ပြေးနိုင်သော်လည်း မင်းမိန့်ကို နာခံကာ လိုက်ပါသွားခဲ့ကြသည်။

ကျန်လူများမှာ ထွက်ပြေးပြီးပုန်းအောင်းနေသဖြင့် မမိခဲ့ချေ။ ထို့နောက် မင်းသားအောင်နှင့် မင်းသမီး သီရိစန္ဒာတို့ တိုင်ပင်ပြီး-

"ဤအရပ်၌ မနေအပ်တော့ပေ၊ ရှေ့ဆက်ပြေးမှဖြစ်မယ်"

"နှမတော်ရဲ့ အကြံကောင်းပေစွ၊ မနက်ဖြန် ရှေ့ဆက်ပြေးမှဖြစ်မယ်"

ထိုသို့ ပြောဆိုပြီး ထွက်ပြေးခဲ့ရာ အရပ်တစ်ခုသို့ ရောက်လာခဲ့သည်။ ထိုအရပ်၌ ခေတ္တစခန်းချစဉ် မင်းကြီး၏တပ်သားများ ရောက်လာမည်စိုးသဖြင့် ငကော်အား လင့်စင်ထိုးပြီး စောင့်ကြည့်ခိုင်းခဲ့သည်။ ထိုအရပ်ကို ရှေးအခါက 'ငကော်လင့်စင်' အရပ်ဟု ခေါ်သည်။ ထိုမှ ကာလရွေ့လျော့ပြီး ငကော်လင့်စင်မှ 'ကော်လင့်စင်' ဟူ၍ ခေါ်ဆိုခဲ့ကြပါသည်။ ထို့နောက် နှစ်ပေါင်းများစွာကြာသောအခါ ကော်လင့်စင်မှ 'ကောလင်း' ဖြစ်လာသည်ဟု ဆိုပါသည်။

*(ဤနေရာ၌ အချို့ရာဇဝင်ဆရာများ၏မှတ်ချက်တစ်ခု ရှိပါသည်။ ထိုအရပ်၌ ငကော်သည် ငှက်ကြီးများလာ၊ မလာကို လင့်စင်ထိုး၍စောင့်ကြည့်ပြီး သမုဒ္ဒရာဇ်အား ပြန်လည်လျှောက်ထားရသည့်အတွက် ငကော်လင့်စင်ဟု ဆို၏။ ထိုမှ ကောလင့်စင် ဟူ၍ လည်းကောင်း၊ ထိုမှ ကောလင်း ဖြစ်လာသည်ဟု ဆို၏။)*

နောင်နှစ်ပေါင်းများစွာ ကြာသောအခါ လူနေအိမ်ခြေများလာပြီး ကောလင်းမြို့ ဖြစ်သွားသည်ဟု အဆိုရှိပါသည်။

ဤအရပ်သို့ ရောက်ပြီးနောက် နေရာအခြေအနေကို မကြိုက်သဖြင့် အောက်ဘက်သို့ ပြန်ဆင်းလာရာ ချင်းတွင်းမြစ်နှင့် မူးမြစ်အကြားရှိ နေရာတစ်ခုသို့ ရောက်လာခဲ့ပါသည်။ ထိုနေရာသည် မြေပြန့်အရပ်ဖြစ်ပြီး မြေဆီမြေသြဇာ ကောင်းမွန်ခြင်း၊ ချောင်းနှင့်နီးခြင်း၊ မဟာမြိုင်တောကြီးနှင့်နီးခြင်း စသည့် အချက်အလက်များကြောင့် ဤနေရာလေးကို ရွေးချယ်ခဲ့ကြသည်။ မြေဆီမြေသြဇာကောင်းသည့်အတွက် ထွန်ယက်စိုက်ပျိုးရန်ကောင်းမွန်ခြင်း၊ ချောင်းရှိသည့်အတွက် ရေအတွက် မပူပင်ရခြင်းတို့အပြင် မဟာမြိုင်တောကြီးနှင့်နီးသည့်အတွက် ရဲမက်များလာပါက ပုန်းအောင်းရန်နေရာရှိခြင်းတို့ကြောင့် ထိုနေရာကို ရွေးချယ်ခဲ့ပါသည်။

ထိုနေရာမှ တောအတွင်းသို့ဝင်သွားသော် နန္ဒင်းတက်များ တစ်တောလုံးပေါက်နေပါသည်။ နန္ဒင်းပင်များကို အမှီပြု၍ ခူးဆွတ်ရောင်းချနိုင်သဖြင့် ဤနေရာတွင် ရွာတည်ခဲ့ကြပါသည်။ ရွာ၏အမည်ကိုလည်း 'နန္ဒင်းတော' ဟု အမည်ပေးကာ အတည်တကျ နေထိုင်ခဲ့ကြပါသည်။ ထိုနေရာသည် တန့်ဆည်မြို့နယ်အတွင်း၌ရှိပြီး မူးမြစ်နှင့် (၁၀) မိုင် ကွာဝေးပါသည်။ မဟာမြိုင်တောကြီးနှင့် မိုင် (၂၀) ခန့် ကွာဝေးပါသည်။ ယခုတိုင် နန္ဒင်းတောရွာအဖြစ် တည်ရှိနေပါသည်။

မင်းသမီး သီရိစန္ဒာသည် ဖူးစာဖက်မရှာဘဲ တစ်ကိုယ်တည်း အပျိုကြီးအဝဖြင့် ဤရွာကလေး၌ တစ်သက်လုံးနေထိုင်ခဲ့ပါသည်။ အစ်ကိုတော် မင်းသားအောင်မှာ အပျိုတော်တစ်ဦးနှင့် လက်ထပ်ပြီး ထိုရွာကလေး၏ ကောင်းကျိုးအဖြာဖြာကို လုပ်ဆောင်ပြီး ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ခဲ့သည်။ ၎င်းတို့နှင့်အတူလိုက်ပါခဲ့သော အပျိုတော်များကို တပ်မှူးကလေး၏ လူပျိုတော်သားများနှင့် လက်ထပ်ပေးကာ အပျိုတော်အဆက်အနွယ်ကို တိုးပွားစေခဲ့သည်။ ထိုမှ ပေါက်ဖွားလာသူများအား တစ်ဝမ်းကွဲမယူရပေ။ နှစ်ဝမ်းကွဲဆွေမျိုးများ အချင်းချင်း လက်ထပ်ပေးကာ မျိုးဆက်ပွားစေပါသည်။ ၎င်းတို့အုပ်စုမှာ အခြား



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးများနှင့်သွေးမနှောဘဲ မိမိမျိုးနွယ် အချင်းချင်းသာ လက်ထပ်ရမည် ဆိုသည့် စည်းကမ်းချက်ကြောင့် အပျိုတော်မျိုးရိုးဟူ၍ ပေါ်ပေါက်ခဲ့ပါသည်။

ရှေးမြန်မာလူမျိုးများသည် အရပ်အမောင်း ထောင်ထောင်မောင်းမောင်း ရှိပြီး ၎င်းတို့၏အရပ်မှာ (၆) ပေကျော်၊ (၇) ပေနီးပါးခန့် ရှိကြသည်။ နဂိုကပင် နန်းတွင်းသူ အပျိုချောများမှ ပေါက်ဖွားလာသည့်အတွက် အသားအရေဖြူဝင်းပြီး ရုပ်ရည်ချောမောလှပကြသည်။ အပျိုတော်မျိုးနွယ်များမှာ အလွန် ချောကြသဖြင့် 'မိန်းမလှပေါ် နန္ဒင်းတော' ဟူသည့် စာချိုးပင် ပေါ်ပေါက်ခဲ့ပါသည်။

နန္ဒင်းတောကြီးကား ကျယ်ဝန်းလှပေသည်။ အပျိုတော် ဆွေတော်မျိုးတော်များမှာ နန္ဒင်းတောကြီးအစပ်၌သာ စခန်းချနေထိုင်ခဲ့ကြသည်။ ထိုမှ ကြာလာသောအခါ နန္ဒင်းတောကြီးအတွင်းသို့ ဝင်ရောက်လှည့်လည်ကြည့်ခဲ့ကြသည်။ ဤသို့ လှည့်လည်ကြည့်စဉ် ထူးဆန်းသောနေရာတစ်ခုသို့ ရောက်ရှိခဲ့သည်။ ဤနေရာမှာ 'အက်ကြီး' ဟု အမည်ရသော နေရာတစ်ခု ဖြစ်သည်။ အက်ကြီးမှာ သာမန်နေရာ မဟုတ်ပေ၊ မြင့်မြတ်သောနေရာတစ်ခု ဖြစ်သည်။

အပျိုတော်မျိုးနွယ်စုသည် ထိုနေရာသို့ရောက်လာသောအခါ သာမန်နေရာတစ်ခုဟု မှတ်ထင်ကာ အက်ကြီးပေါ်တွင် အမျိုးသမီး၊ အမျိုးသားများ အတူတူ ဝိုင်း၍ထိုင်ကြသည်။ အချို့ကလည်း ဤအက်ကြီးအနီးရှိ ချုံပုတ်များတွင် ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်းတို့ ပြုလုပ်မိခဲ့သည်။

ထိုကဲ့သို့ ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း စသည့် မဖွယ်မရာလုပ်သူများမှာ တောကြီးထဲတွင်မျက်စိလည်ကာ လမ်းပျောက်နေကြသည်။ ထိုသူများမှာ ယခုပင် မျက်မှောက်၌အတူတူရှိပြီး ပျောက်ခြင်းမလှပျောက်သွားကြသည့်အတွက် ကျန်လူများက လိုက်လံရှာဖွေခဲ့ကြ၏။ သို့သော် မတွေ့သဖြင့် စခန်းချရာတောစပ်ဆီသို့ ပြန်လာခဲ့ကြသည်။ ထိုညတွင် အိပ်မက်ပေးကာ ထိုနေရာမှာ မြင့်မြတ်သောနေရာဖြစ်ကြောင်း၊ ဤအက်ကြီးနှင့် အနီးတစ်ဝိုက်၌ မသန့်ရှင်းသောအပြုအမူများ ပြုလုပ်ပါက နတ်ဖမ်းခြင်းခံရမည်ကြောင်းနှင့် တောင်းပန်ပါက ထိုလူများကိုပြန်တွေ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုအခါ အပျိုတော် ဆွေမျိုးတော်များက အက်ကြီး၌ သွားရောက်တောင်းပန်ရာ နတ်ဖမ်းထားသူများအား ပြန်လည်တွေ့ရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ အက်ကြီးနေရာကို အပျိုတော်ဆွေတော်မျိုးတော်များသည် အလေးဂရုထားပြီး နတ်တင်ခြင်းကိစ္စများတွင် ဤနေရာ၌ ဆောင်ရွက်ကာ မြင့်မြတ်သောနေရာအဖြစ် သတ်မှတ်ခဲ့ကြသည်။ အခါကြီးရက်ကြီးများတွင် ထိုနေရာသို့သွားကာ မီးပူဇော်ခြင်း၊ အမွှေးနံ့သာတိုင်များထွန်းညှိ ပူဇော်ခဲ့ကြပါသည်။ ဤနေရာကို နတ်ကြီးသည့်နေရာဟု ယခုတိုင် ပြောစမှတ်တွင်ခဲ့ပါသည်။ အချို့ကလည်း ဤနန္ဒင်းတောကို စောင့်ရှောက်သည့် နတ်ကြီးများ နေထိုင်ရာအရပ် ဟူ၍လည်း အမျိုးမျိုးပြောဆိုကြပါသည်။

မင်းသမီး သီရိစန္ဒာသည် နန္ဒင်းတောရှာကြီးအတွင်း၌ နှစ်ပေါင်းများစွာ စိုးစံတော်မူပြီးနောက် နတ်ရွာစံ ကံကုန်ခဲ့ပါသည်။ ထိုအခါ အပျိုတော် ဆွေတော်မျိုးတော်များက မင်းသမီးအလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး အရိုးပြာကို အရိုးတောင်သချိုင်း၌ မြှုပ်နှံခဲ့ပါသည်။

၎င်းတို့သည် လူသေသောအခါ အရိုးကိုပြာချ၍ ထိုပြာများကို အရိုးအိုးအတွင်းသို့ထည့်လိုက်သည်။ ထို့နောက် ထိုသူ မသေခင်က ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်သည့် ပုတီး၊ နားတောင်း၊ ကြယ်သီး စသည့် အသုံးအဆောင်ပစ္စည်းများကို အရိုးပြာနှင့်အတူတူ အရိုးအိုးအတွင်းသို့ ထည့်လိုက်သည်။ အမျိုးသားဖြစ်ပါက ၎င်းသောက်သောဆေးတံနှင့် အသုံးအဆောင်များကို အရိုးအိုးထဲသို့ ထည့်ပေးလိုက်သည်။ အရိုးအိုးကို ပိတ်စအဖြူနှင့်ဖုံးအုပ်ပြီး အရိုးတောင်သချိုင်းဆီသို့ ယူဆောင်သွားကြသည်။ မိဘသေဆုံးပါက သားသမီးများက အရိုးအိုးကိုပိုက်ပြီး ရှေ့မှသွားရသည်။ ၎င်း၏နောက်မှ ဆွေမျိုး၊ အသိမိတ်ဆွေတို့ လိုက်ပို့ရသည်။ အသုဘလိုက်ပို့သူများနှင့် သားသမီးများသည် အဝတ်ဖြူကို ဝတ်ဆင်ပြီး ထမင်းအိုး၊ ဟင်းအိုးများကို တစ်ပါတည်း ယူဆောင်သွားကြသည်။ ၎င်းတို့သွားရာလမ်းတွင် အိမ်မှထွက်သည်မှစ၍ ဆိုင်းများ၊ ဗုံများ တီးကာ အသုဘကို လိုက်လံပို့ဆောင်ကြသည်။ ထမင်း၊ ဟင်းများကို တောင်ခြေတွင်ကြပက်ကာ ဝိညာဉ်အစာကျွေးကြသည်။

အရိုးတောင်သို့ ရောက်သောအခါ အရိုးအိုးကို မြေကြီးထဲသို့ တစ်ဝက်သာသာမြှုပ်နှံပြီး အရိုးအိုးနှုတ်ခမ်းဝကို မြေကြီးပေါ်၌ ဖော်ထားသည်။ ဤသို့ နှုတ်ခမ်းဝဖော်ထားသည့်အတွက် အချို့သူတို့ကအရိုးအိုးထဲမှပုတီး၊ နားတောင်းများ ယူငင်သဖြင့် နောင်သောအခါ အရိုးအိုးများ အားလုံးကို မြေကြီးထဲသို့ မြှုပ်နှံခဲ့ကြသည် ဆို၏။ ၎င်းဆွေတော်မျိုးတော်များသည် ခေတ်အဆက်ဆက် ပြောင်းလာသော်လည်း လူသေပါက မိသားစုမစုံလင်လျှင် လူသေကို မပုပ်မသိုးအောင်ပြုလုပ်၍ လေး၊ ငါးလထားကာ လူစုံမှ မီးသဂြိုဟ်ကြသည်ဟု ဆိုပါသည်။

ထိုရွာအနီးတွင် ရွှေထွက်သော စီပနန်းချောင်း ရှိသည်။ ထိုချောင်း၏ ရာဇဝင်မှာ ဗိဿနိုးဘုရင်မနှင့် ဆက်စပ်နေသည်ဟု ဆို၏။ ထိုချောင်းသည် မဟာမြိုင်တောကြီးအနီးမှ ဖြတ်သန်းစီးဆင်းရာချောင်း ဖြစ်သည်။ ထိုချောင်းအတွင်း တောင်ကျရေများ စီးဝင်၏။ တောင်ကျရေများသည် ရွှေထွက်ရာတောင်များမှ စီးဆင်းလာသဖြင့် ရွှေများပါဝင်၏။ ထိုချောင်းထဲတွင် ရွှေစကလေးများ၊ ရွှေအဖတ်ကလေးများ ပါဝင်သဖြင့် နန္ဒင်းတောရွာသူရွာသားများ ရွှေကျင်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ စီပနန်းချောင်းကို တချို့လူများက 'ရွှေချောင်း' ဟူ၍လည်း ခေါ်ကြသည်။

ဤကဲ့သို့ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်လာရင်း မင်းတုန်းမင်းလက်ထက်သို့ရောက်သောအခါ ထိုမျိုးဆက်ထဲမှ ဖိုးထွားကြီး ဆိုသူသည် သူကြီးဖြစ်လာခဲ့သည်။ မြန်မာမင်းထံသို့ အခွန်အတုပ်များပို့ပြီး ဤရွာ၏ကောင်းကျိုးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ မြန်မာမင်း၏စစ်တပ်များသည် မဏိပူရအာသံဘက်သို့စစ်ချီရာတွင် ဖိုးထွားကြီးသည် မိမိရွာသားများ၏ခေါင်းဆောင်အဖြစ် ထိုစစ်တပ်နှင့်အတူ လိုက်ပါအမှုတော်ထမ်းခဲ့ရသည်။

ဖိုးထွားကြီး ဆိုသည့်အတိုင်း သူ၏အရပ်အမောင်းမှာ (၆) ပေကျော် (၇) ပေနီးပါးခန့်ရှိပြီး လူထွားကြီးဖြစ်သည်။ လူကောင်ထွားသကဲ့သို့ အင်အားလည်း အလွန် ကောင်းသည်။ ထမ်းပိုးတွင် စပါးတစ်တင်းစီထည့်ထားသော တင်းတောင်းနှစ်တောင်းကို အေးအေးလေး ထမ်းနိုင်သည်။ သူ၏ ခြေထောက်အလျားမှာ တစ်တောင်ခန့် ရှိသည်။ သူနှင့်ပတ်သက်သော ပါးစပ်ရာဇဝင်တစ်ခု ရှိသည်။

သူသည် တောအတွင်းသို့သွားစဉ် ရွှံ့ခပ်ပျော့ပျော့ပေါ်တွင် နင်းလိုက်ရာ ၎င်း၏ခြေရာကြီး ထင်ကျန်ခဲ့သည်။ ထို့နောက် အခြားသောသူများက ဤခြေရာကြီးကို တွေ့သောအခါ-

"ဟာ- ခြေရာက အကြီးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဟာ ရိုးရိုးခြေရာတော့ ဟုတ်မှာမဟုတ်ဘူး"

"ဘုရားခြေရာဖြစ်မယ်ထင်တယ်"

တောသွားသူများသည် ဗဟုသုတနည်းပါးကြသဖြင့် ဘုရားခြေရာထင်ပြီး ရှိခိုးရာ ဖိုးထွားကြီးမှာ တိုက်တိုက်ဆိုင်ဆိုင် ဝမ်းသွားပြီး ပျော့ခွေသွားသည်ဟု ပြောစမှတ်တွင်ခဲ့ကြပါသည်။

ဖိုးထွားကြီးသည် အာသံ မဏိပူရမှအပြန်တွင် ချင်းတိုင်းရင်းသူတစ်ယောက်နှင့် တွေ့ဆုံကာ ခေါ်ယူလာခဲ့သည်။ ရွာသို့ရောက်သော် ကောင်းမွန်စွာ မင်္ဂလာဆောင်နှင်း၍ လက်ထပ်ထိမ်းမြားခဲ့သည်။

နန္ဒင်းတောရွာတွင် ရှေးခေတ်က တည်ခဲ့သော စေတီတစ်ဆူ ရှိပါသည်။ ထိုစေတီမှာ ကုလားကျောင်းခံပုံဖြစ်ပြီး လိုဏ်ဂူသဏ္ဍာန် တည်ထားကိုးကွယ်ပြီး အပေါ်တွင် စေတီတည်ထားပါသည်။ စေတီတော်၏လက်ရာသည် ပုဂံခေတ်စေတီတော်များနှင့် ပုံသဏ္ဍာန်တူညီပါသည်။ ထိုစေတီတော်အတွင်း၌ ရေးဆွဲထားသော ပန်းချီများသည်လည်း ပုဂံခေတ် ဆေးပန်းချီကားများနှင့် တူနေကြောင်း တွေ့ရှိရပါသည်။

ဖိုးထွားကြီးသည် ချင်းတိုင်းရင်းသူနှင့် လက်ထပ်ရာမှ သားသမီးများ ပေါက်ဖွားခဲ့သည်။ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး စေတီတစ်ဆူကိုလည်း တည်ထားခဲ့ပါသည်။ ၎င်းတည်ထားသည့်စေတီတွင် ကြာပွင့်ပုံအဝိုင်းများဖြင့် လှပစွာတည်ထားခဲ့ပါသည်။

သူသည် သာမန်ထက် ထူးခြားသော ရုပ်ရည်အသွင်သဏ္ဍာန်ရှိသူဖြစ်၍ သူနှင့်ပတ်သက်ပြီး ပါးစပ်ရာဇဝင်များရှိခဲ့သည်။ ဖိုးထွားကြီး သေဆုံးသွားပြီးနောက် ဤရွာ၌ ဦးဝကျော် ဆိုသူအဖြစ် လူဝင်စားဖြစ်ခဲ့သည်ဟု ဆိုပါသည်။

ထိုအချိန်တွင် ဘိုးဇာဂရ ခေါ် ပုဂ္ဂိုလ်ထူးတစ်ဦး ပေါ်ခဲ့သည်။ ဘိုးဇာဂရသည် ရွာသူရွာသားများ၏အကျိုးအတွက် တစ်ဖက်တစ်လမ်းဆောင်ရွက်ရင်း အင်းဝိဇ္ဇာပညာရပ်ကို ပေါက်မြောက်အောင် ကြိုးစားနေသည့်သူ ဖြစ်သည်။

ဦးဝကျော်သည် ဘိုးဇာဂရ ခေါ်သူတော်စင်နောက်သို့လိုက်ကာ တပည့်ခံခဲ့သည်။ ဘိုးဇာဂရအတွက် အစစအရာရာဆောင်ရွက်ပေးသလို ဆရာသခင်၏နောက်မှ သွားလေရာလိုက်ပါခဲ့သည်။ ဤသို့ နှစ်ပေါင်းများစွာ ဝတ်ကြီးဝတ်ငယ် ပြုစုကာ နေလာခဲ့ရာ ဘိုးဇာဂရမှာလည်း တဖြည်းဖြည်း ပေါက်မြောက်မည့်အချိန်သို့ နီးကပ်လာခဲ့ချေပြီ။

ထိုအခါ ဘိုးဇာဂရက-

"ငါ့တပည့်၊ မင်း အင်းနဲ့ပတ်သက်ပြီး ဝါသနာပါသလား"

"ပါပါတယ် ဆရာကြီး"

"မင်း ဝါသနာပါရင် မင်းကို အင်းဝိဇ္ဇာဖြစ်အောင် ငါကူညီမယ်"

ဤသို့ဆိုပြီး အင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။ ဦးဝကျော်ကလည်း အင်းပညာကို စိတ်ပါလက်ပါ သင်ယူခဲ့သည်။ မကြာမီ ဘိုးဇာဂရမှာ ထွက်ရပ်ပေါက်ဝိဇ္ဇာတစ်ဦး ဖြစ်သွားခဲ့သည်။

ဦးဝကျော်သည် ဆရာကြီး ဘိုးဇာဂရသင်ပေးသောနည်းများကို တစိုက်မတ်မတ် လေ့လာလိုက်စားခဲ့ရာ နောင်သောအခါ အင်းဝိဇ္ဇာကြီးအဖြစ် ပြီးမြောက်အောင်မြင်သွားသည်ဟု ဆိုပါသည်။

အပျိုတော် ဆွေတော်မျိုးတော်များထဲတွင် ထူးခြားသောပုဂ္ဂိုလ်ဟု ဆိုရပေမည်။ ယခင်က အခြားသူများနှင့် သွေးမနှော ခဲ့သော အပျိုတော်ဆွေတော်မျိုးတော်များသည် အင်္ဂလိပ်များအုပ်စိုးသည့်အချိန်၌ မြို့အုပ်၊ ဝန်ထောက်စသည့် အရာရှိကြီး,ငယ်များ ရောက်ရှိလာပြီး အပျိုချောများကို နှစ်သက်၍ လက်ထပ်ရာမှအစ အခြားသူများနှင့် သွေးနှောခဲ့ရသည်။ တချို့သော နန္ဒင်းတောမှ အမျိုးသမီးများသည် နန်းတွင်း၌ ဝတ်သကဲ့သို့ ပြန့်ထဘီကို ဝတ်ဆင်ကြပါသည်။ ယခုတိုင် နန္ဒင်းတောရွာ၌ အပျိုတော် ဆွေတော်မျိုးတော်အဆက်အနွယ်များ ရှိပါသေးသည်။ ၎င်းတို့မျိုးနွယ်စု မှတ်တမ်းမှတ်ရာများမှာ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်ကအထိ ရှိသေးသည်ဟု ဆိုပါသည်။ ယခုမူ မှတ်တမ်းမှတ်ရာများ ပျောက်ပျက်ကုန်ပြီဖြစ်၍ လက်လှမ်းမီသမျှ ရှာဖွေတင်ပြခြင်းဖြစ်ပါသည်။ ဤမှတ်တမ်းနှင့်ပတ်သက်၍ ပြောပြသူမှာ အပျိုတော်, ဆွေတော်မျိုးတော်ဝင် အထက်တန်းပြ ဆရာမတစ်ဦး ဖြစ်ပါသည်။ အကယ်၍ ဤမျိုးနွယ်များအကြောင်းကို ပိုမိုသိသူများက ထုတ်ဖော်ကြမည်ဆိုလျှင် ပိုမို ပြည့်စုံသောမှတ်တမ်းတစ်ခုဖြစ်မည်ဟု ယူဆပါကြောင်း တင်ပြလိုက်ရပါသည်။

ရီရီခွေး

ကျမ်းကိုး

ဦးကုလား မဟာရာဇဝင်ကြီး (ပထမတွဲ)

## ခွေးလှေးယားသီးမွေး ခူမွေး စူးလျှင်

ခူကောင်ကို လူတိုင်း သိပါသည်။ ၎င်းခူမွေးသည် အလွန် အဆိပ်ပြင်း၊ ထိမိလျှင် လူ၏အရေပြားပေါ် မွေးညင်းပေါက်ကလေးများထဲ စူးဝင်သွားပြီး မနေနိုင်မထိုင်နိုင် ယားကာ သွေးထွက်၊ အနာဖြစ်သည်အထိ ကုတ်ဖဲ့ရပါတော့သည်။

ထိုသို့ ခူမွေးစူးလျှင် ပုံသကူရရှိသော ဖားပြုပ် (ဖားဂပြုပ်) အခြောက်ကို ရေနှင့်သွေးပြီး လိမ်းပေးလိုက်ပါ။ ခူမွေးများ ပြုတ်ထွက်ကုန်ပါလိမ့်မည်။ ထို့နောက် ဆီးဖြူသီး သုံး၊ လေးလုံး ဝါးစားပေးပါ။ အဆိပ်ပြေပျောက်မြန်ပါသည်။ ခူမွေးစူးသည့်နေရာကို ဆီသုတ်လိမ်းပြီး မီးကင်ပေးပါ။

ခူမွေးကဲ့သို့ ယားယံတတ်သော နောက်တစ်မျိုးမှာ အညာဒေသနှင့် မြေလတ်ပိုင်း တောတောင်ထဲတွင် အလေ့ကျ ပေါများစွာပေါက်သော ခွေးလှေးယားနွယ်ပင်မှ အသီးတောင့်များပင် ဖြစ်ပါသည်။

*(၎င်းခွေးလှေးယား အစေ့အဆန်နှင့် အမြစ်တို့ကို ကာမသတ္တိ အားတိုးဆေးဖော်ရာတွင် အသုံးပြုရပါသည်။)*

ခွေးလှေးယားအသီးခြောက်များပေါ်မှ အမွေးများသည် လေတိုက်ရာလွင့်ပါပြီး လူ၏အရေပြားပေါ် လာစူးလျှင် အလွန်ပင် ယားယံပါသည်။ ယင်းကဲ့သို့ ခွေးလှေးယားသီးအမွေးစူး၍ ယားယံလျှင် ဆီးဖြူသီး လေး၊ ငါးလုံးကို ဝါးစားပါ။ ယားသောနေရာပေါ် နှမ်းဆီသုတ်လိမ်းပြီး မီးကင်ပေးပါ။

အထက်ပါအတိုင်း ခူမွေး၊ ခွေးလှေးယားမွေးစူး၍ ယားယံလျှင် ပြုလုပ်ဆောင်ရွက်ပါက သက်သာပျောက်ကင်းနိုင်ပါကြောင်း ကျေးလက်ဒေသသုံးနည်းစနစ်ကို တင်ပြ ရေးသားအပ်ပါသည်။

နတ်မောက်မင်းချစ်နော်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းလုံးမှန်ကင်းအင်း

△ ကြိရတနာဆရာဒေးယျာလင်း



'လူ့အလို နတ်မလိုက်နိုင်' ဟူသော မြန်မာ့ဆိုရိုးစကား (ဝါ) စကားပုံတစ်ခု ရှိပါသည်။ အဝိဇ္ဇာ တဏှာ မကင်းကြလေသော ပုထုဇဉ်လူသားတို့၏ အလိုဆန္ဒတို့ကား ကြီးမား များပြားလှလွန်းစွာသောကြောင့် လူတို့၏အလိုကို နတ်တို့ပင် အကုန်မဖြည့်ဆည်းနိုင်ကြ ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုသို့ ဆိုရလောက်အောင်လည်း လူတို့၏ အလိုဆန္ဒများကလည်း များပြားလွန်းလှပါပေ၏။ လူတိုင်းအသက်ရှည်လိုကြသည်၊ ကျန်းမာချင်သည်၊ ဘေးရန်အန္တရာယ်တို့မှ လွတ်ကင်းလိုကြသည်၊ အခြွေအရံပေါချင်သည်၊ ကြီးပွားချမ်းသာချင်သည်၊ ဘုန်းတန်ခိုး ကြီးမားချင်သည် စသည် စသည်ဖြင့် အလိုဆန္ဒမှန်သမျှတို့ များပြောင်လှလေစွ။ သို့အားလျော်စွာ မိမိတို့အလိုဆန္ဒမှန်သမျှတို့ ပြည့်ဝကြစေခြင်းငှာ၊ ပြည့်စုံကြစေခြင်းငှာ အမျိုးမျိုး အဖုံဖုံ ကြံစည်အားထုတ် ကြိုးစားဆောင်ရွက်ကြပါသည်။ ထိုကဲ့သို့ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရာတွင် အောင်မြင်သူလည်း ရှိသည်၊ မအောင်မြင်သူလည်း ရှိသည်။ မအောင်မြင်ကြသူများတွင် အချို့က ဉာဏ်နည်း၍၊ အချို့က ဝီရိယအားနည်း၍ မအောင်မြင်ကြချေ။ သို့ရာတွင် အချို့သောသူများမှာ ဉာဏ်၊ ဝီရိယ အားကောင်းသည့်ကြားမှ အလွဲလွဲအချော်ချော် အဆီအငေါ်မတည့်သည့် အမျိုးမျိုးသော အကြောင်းအရာ အနှောင့်အယှက်များကြောင့် အောင်မြင်မှုနှင့်လွဲချော်နေကြရသည်၊ လုပ်ငန်းများ ဖင့်လေး နှေးကွေးခြင်းများဖြင့် ကြုံနေကြရသည်။

ထိုသို့ ဉာဏ်၊ ဝီရိယ အားကောင်းပါလျက် အခက်အခဲများနှင့်ကြုံတွေ့နေရသောသူများအတွက် ကြီးစွာသောအထောက်အကူပြုနိုင်မည့် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရပ်များထဲမှ အင်းစမပညာဖြင့် စီရင်အပ်သော အစီအရင်တစ်ခုကို မဂ္ဂဇင်းကြီး၏စာဖတ်ပရိသတ်များအတွက် ကျွန်ုပ် ထုတ်ဖော်ပြလိုက်ပါသည်။ ထိုအစီအရင်မှာ ဤဆောင်းပါးခေါင်းစဉ်ပါအတိုင်း 'ကျွန်းလုံးမှန်ကင်း အင်းမြတ်အစီအရင်' ဖြစ်ပါသည်။

ဤကျွန်းလုံးမှန်ကင်း အင်းမြတ်ကို စီရင်ထားရစ်ခဲ့သူမှာ အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆရာတော်ဘုရားကြီးပင် ဖြစ်ပါသည်။ ဗားမဲ့ဆရာတော်ကြီးဟု ဆိုလိုက်လျှင် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များ၊ ထိုပညာရပ်ကို စိတ်ဝင်စားသူများ၊ လေ့လာနေသူများ၊ သုတေသီများ အားလုံး မသိသူ မရှိပါ။ ဟံသာဝတီခေတ်မှ ဒုတိယ ညောင်ရမ်းအင်းဝခေတ်အထိ ထင်ရှားလှသော အကျော်ဇေယျ အင်းစမပညာအရာတွင် ပြိုင်စံရှားသော ကဝိအမော် ဆရာတော်ကြီး ဖြစ်ပါသည်။

ဗားမဲ့ဆရာတော်၏ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအစွမ်းတို့ဖြင့် သာမန် မြို့စားလေးမောင်သစွာကို ညောင်ရမ်းမင်းကြီးဟု ရာဇဝင် တွင်လောက်အောင် ကျော်ကြားခဲ့သည့် အင်းဝရွှေထီး ရွှေနန်းရှင်အဖြစ် လည်းကောင်း၊ ညောင်ရမ်းမင်းကြီးနောက် မဟာဓမ္မရာဇာဘွဲ့ခံ အနောက်ဘက်လွန်မင်းကြီးကိုလည်း အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်ခဲ့သည့်... စော်ကားခဲ့သည့် ငဇင်ကာနှင့်အပေါင်းအပါများကို အောင်နိုင်သည်ထိ ကြည့်ရှု မ,စ ကူညီပေးတော်မူသည့်အပြင် ဆရာတော်၏ တပည့်ဒကာ၊ ဒကာမများစွာကိုလည်း ကြီးပွားချမ်းသာ ဘေးဘယာဝေးကွာစေကြောင်း ကောင်းမြတ်လှသည့် အကျိုးစီးပွားများ ရရှိစေခြင်းအလို့ငှာလည်း မြောက်မြားလှစွာသော ထင်ရှားသည့်သာဓကများစွာဖြင့် စောင့်ရှောက် ကူညီတော်မူခဲ့သည်။ ရာဇဝင်တွင် အတင်ခံရသော အဓိကရ ထင်ရှားကျော်ကြားလှသည့် ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရှင် ကဝိအမော် ဆရာတော်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ကြီးသည် ကြီးမားလှသောမေတ္တာတို့ဖြင့် နှောင်းလူတို့အကျိုးငှာလည်း ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအတတ်များစွာတို့ကို ပေထက်အက္ခရာတင်၍ ရေးသားပြုစုထားရစ်တော်မူခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ် အပါအဝင် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအတတ်များကို လေ့လာလိုက်စား အားထုတ်နေကြသူများ၊ သုတေသီဝါသနာရှင်များအတွက် နည်းယူ ပညာရှာမှီးရာ၌ များစွာ အထောက်အကူပြု အကျိုးကျေးဇူးများ ဖြစ်စေခဲ့သော ဆရာတော်ကြီး ဖြစ်ပါလေသည်။

ဗားမဲ့နည်း၊ ဗားမဲ့အစီအရင်များဟုဆိုလိုက်လျှင် သိဒ္ဓိတန်ခိုး အကျိုးများစွာ ပြီးမြောက်စေသည့် လောကီပညာအစီအရင်များဟု ယုံမှားသံသယမရှိစေလောက်အောင် ပြီးမြောက်သော အစီအရင်များဖြစ်သည် ဆိုသည်ကို ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်တိုင်း အသိပင် ဖြစ်ပါသည်။ သို့အားလျော်စွာ ကြီးပွားချင်သော၊ ချမ်းသာချင်သော၊ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ လွတ်မြောက်ချင်သော စသဖြင့် လိုအင်ဆန္ဒအမျိုးမျိုးရှိကြသောလူတိုင်းအတွက် အသက်ဘေးရန် အန္တရာယ်အသွယ်သွယ်တို့မှ လွတ်မြောက်စေလျက် ကြီးပွားချမ်းသာ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ကို ပေးစွမ်းစေနိုင်သည့် ဗားမဲ့နည်း ဗားမဲ့အစီအရင်တစ်ခုဖြစ်သော ဤကျွန်းလုံးမှန်ကင်း အင်းကြီး အစီအရင်ကို ဤမဂ္ဂဇင်းကြီးမှတစ်ဆင့် ဖော်ထုတ်တင်ပြ ပညာဒါနမျှဝေပေးလိုက်ပါသည်။

**ကျွန်းလုံးမှန်ကင်း အင်းမြတ်အစီအရင်**



www.burmeseclassic.com

www.burmeseclassic.com

'က္ကတိပိသော၊ တစ်ပုဒ်ကုန်ထ၊ တစ်ပုဒ်စ၊ က,တွင်ရပ်၊ သတိနှင့်စား။ သုံးခါပြန်၊ သုံးပြန်ချီ၊ သုံးလီချ၊ ဆယ်ခါပြန်မှ၊ အမှန်ရ၊ နဝကုန်၊ ယုံလေမင်း၊ မသိသူကျော်လေတုံ၊ သိသူဖော်လေကုန်'

အထက်အဆိုပါ လင်္ကာစာသွားမှာ ဤကျွန်းလုံးမှန်ကင်း အင်းမြတ်၏ နိဒါန်းအညွှန်း အဖွင့်စာသား ဖြစ်ပါသည်။ ထိုလင်္ကာသွားအတိုင်းပင် ဤအင်းအစီအရင်တော်၌ သုံးခါ သုံးပြန် သုံးလီချရသည့်အင်း ဖြစ်သဖြင့် အင်း (၉)ကွက် ပါဝင်သည်။ အဦးအစ ပထမ၌ အင်းတော်တိုင်းတွင် 'က္ကတိပိသော' မှစ၍ 'က' တွင် အဆုံးသတ်ပါသည်။ ဤအကြောင်းကို အင်းကွက်များ ရေးသား စီရင်သောအခါ ထင်ရှားပါလိမ့်မည်။ ဤအင်း (၉) ကွက်အတွက် သက်ဆိုင်ရာ အင်းဆန်ဂါထာများမှာလည်း (၉) ပုဒ် အသီးသီး ရှိပါသည်။ ထိုအင်းဆန်ဂါထာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### အင်းဆန်ဂါထာများ

**၁။ ပထမအင်းကွက်အင်းဆန်ဂါထာ**

က္ကတိပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတောလောက။

အထက်အင်းဆန်ဂါထာကိုကြည့်က အင်း၏နိဒါန်းအညွှန်းပါအတိုင်း က္ကတိပိသောမှ အစပြု၍ လောကမှာ 'က' တွင် အဆုံးသတ်ထားကြောင်း တွေ့ရပါလိမ့်မည်။

**၂။ ဒုတိယအင်းကွက်အင်းဆန်ဂါထာ**

က္ကအဒ္ဓေါမိ္ဗတိ ရဝိန္နော၊ ဝိဟံဇ္ဇာ သုသောသု၊ စ ဂ ဘုမ္မာ ရတော ဂသဏ လောဝါမ္ဗုသက။

**၃။ တတိယအင်းကွက်အင်းဆန်ဂါထာ**

က္ကန္နောစသ အပိ ဂဏဒ္ဓေါ၊ ဟံ ဘလောမ္ဗဇ္ဇာမ္ဗာဝါတိ၊ သုရမ္ဗုရသော တောသဝိသဂက။

**၄။ စတုတ္ထအင်းကွက်အင်းဆန်ဂါထာ**

က္ကဏမ္ဗာ သောန္နောဒ္ဓေါ ဝါတော စ ဟံတိသ သဘ၊ သုဝိအလောရ သ ဝိမ္ဗမ္ဗုဂဇ္ဇာရက။

**၅။ ပဉ္စမအင်းကွက်အင်းဆန်ဂါထာ**

က္ကတောသုမ္ဗဏစဝိမ္ဗုမ္ဗာဟံ၊ အဝ သောတိ၊ လောဂန္နော. သရဇ္ဇာဒ္ဓေါသ သရဝါဘပိက။

**၆။ ဆဋ္ဌမအင်းကွက်အင်းဆန်ဂါထာ**

က္ကမ္ဗုလောသ တောမ္ဗာ ဂသသု ဟံန္နောရမ္ဗု အသဝါဏဂ ရဘစသောဇ္ဇာ ပိဝိ တိဒ္ဓေါက။

**၇။ သတ္တမအင်းကွက်အင်းဆန်ဂါထာ**

က္ကသ သ သောဂမ္ဗု သုဝါဇ္ဇာလော ဟံဏ ပိသန္နော၊ ဂဝိတောရ ရတိမ္ဗာမ္ဗ ဘဒ္ဓေါဂအစက။

**၈။ အဋ္ဌမအင်းကွက်အင်းဆန်ဂါထာ**

က္ကဇ္ဇာ ဂမ္ဗ သလော ဝိဘသပံ တောဒ္ဓေါသော ဏ ရ ဂမ္ဗု ပိရ အသုသ တိ စဝါန္နောမာက။

**၉။ နဝမအင်းကွက်အင်းဆန်ဂါထာ**

က္ကဘရသဇ္ဇာ သ ဂတိဂ ဟံမ္ဗု စမ္ဗတော ပိဝါသဒ္ဓေါ ရန္နော လောသော အမ္ဗာဝိဏသုက။

အထက်ပါအင်းကွက် (၉) ကွက်အတွက် အင်းဆန်ဂါထာ အသီးသီးကို လေ့လာကြည့်ပါက အင်းဆန်ဂါထာတိုင်း၌ 'က္က' နှင့် စ၍ 'က' နှင့် အဆုံးသတ်ထားကြောင်း တွေ့ရပါလိမ့်မည်။ ဤကား ကျွန်းလုံးမှန်ကင်း အင်းမြတ်အစီအရင်၏ ထူးခြားချက်တစ်ခု ဖြစ်သည်။ ဤကျွန်းလုံးမှန်ကင်း အင်းမြတ်အစီအရင်၏ နမူနာအင်းကွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (၁) ကျွန်းလုံးမှန်ကင်း ပထမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | ရ | မ္ဗ | ပိ | ဝိ | သ |
| အ | သ | တိ | ဒ္ဓေါ | ဟံ | န္နော | သော |
| လော | မ္ဗု | ရ | ဂ | ဂ | မ္ဗာ | ဇ္ဇာ |
| ဏ | ဝါ | တော | သ | စ | ဘ | သု |

### (၂) ကျွန်းလုံးမှန်ကင်း ဒုတိယအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | ပိ | သ | ဒ္ဓေါ | ဂ | ဇ္ဇာ |
| န္နော | ဂ | အ | စ | ဟံ | ဏ | မ္ဗ |
| သ | သ | ရ | ရ | ဝါ | သု | ဘ |
| တော | ဝိ | မ္ဗု | သော | မ္ဗာ | တိ | လော |

### (၃) ကျွန်းလုံးမှန်ကင်း တတိယအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | ဒ္ဓေါ | သော | စ | ဝါ | အ |
| ဏ | ရ | န္နော | မ္ဗာ | ဟံ | တော | သ |
| ဂ | ဇ္ဇာ | ရ | ပိ | ဝိ | လော | တိ |
| မ္ဗု | ဂ | သ | မ္ဗ | သု | အ | သ |

### (၄) ကျွန်းလုံးမှန်ကင်း စတုတ္ထအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | စ | မ္ဗ | မာ | အ | တိ |
| တော | ဝိ | ဏ | ပိ | ဟ | မ္ဗု | သော |
| ရ | သု | ရ | ဒ္ဓေါ | ဂ | သ | အ |
| သ | ဝါ | ဇ္ဇာ | သ | လော | န္နော | ဝ |

### (၅) ကျွန်းလုံးမှန်ကင်း ပဉ္စမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | မ္ဗာ | သ | သု | ဂ | အ |
| မ္ဗု | ဒ္ဓေါ | သော | လော | ဟံ | သ | မ္ဗ |
| ပိ | တိ | ရ | စ | ဓာ | ဂ | န္နော |
| ဇ္ဇာ | ဝိ | အ | တော | သ | ဏ | ရ |

### (၆) ကျွန်းလုံးမှန်ကင်း ဆဋ္ဌမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | သု | သော | လော | ဝါ | န္နော |
| သ | စ | မ္ဗု | သ | ဟံ | ဇ္ဇာ | သ |
| ဒ္ဓေါ | အ | ရ | မ္ဗာ | ဝိ | ရ | ဏ |
| ဘ | ဂ | တိ | မ္ဗ | ဂ | တော | ပိ |

### (၇) ကျွန်းလုံးမှန်ကင်း သတ္တမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | ဏော | မ္ဗ | သ | ဝိ | ဏ |
| ဇ္ဇာ | မ္ဗာ | သ | ဂ | ဟံ | ဘ | သော |
| စ | န္နော | ရ | သု | ဂ | ပိ | တော |
| တိ | ဝါ | အ | သ | ရ | မ္ဗု | ဒ္ဓေါ |

### (၈) ကျွန်းလုံးမှန်ကင်း အဋ္ဌမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | သ | သ | ဂ | ဂ | တော |
| ဘ | သု | ဇ္ဇာ | ရ | ဟံ | တိ | မ္ဗ |
| မ္ဗာ | ဏ | ရ | လော | ဝါ | ဒ္ဓေါ | မ္ဗု |
| အ | ဝိ | န္နော | သော | ပိ | သ | စ |

### (၉) ကျွန်းလုံးမှန်ကင်း နဝမအင်း

| | | | | | | |
|---|---|---|---|---|---|---|
| က္က | က | ဂ | သော | ရ | ဝါ | မ္ဗု |
| တိ | လော | ဘ | ပိ | ဟံ | အ | သ |
| သု | တော | ရ | သ | ဝိ | စ | သ |
| န္နော | ဂ | ဏ | မ္ဗ | ဒ္ဓေါ | ဇ္ဇာ | မ္ဗာ |

အထက်အဆိုပါ ကျွန်းလုံးမှန်ကင်း အင်းအစီအရင်တို့၏အကျိုး တန်ခိုးသိဒ္ဓိနှင့်အင်းအညွှန်းကို မူလကျမ်းရင်းတွင် အောက်ပါအတိုင်း လင်္ကာစာသားထားရှိခဲ့ပါသည်။

ပြည္ဖွန်းလိုက်မည်၊ မှတ်နားလည်လော့၊ စိတ်ရှည်မှာထား၊ ဉာဏ်ပွားစေကြောင်း၊ လင်္ကာလောင်းအံ့၊ ပေါင်းပရိသတ်၊ အိုသူမြတ်တို့ရွှတ်ဖတ်သရဇ္ဈာယ်၊ နှုတ်ဝယ်လည်းငုံ၊ အာဂုံဆောင်ကြ၊ ကျိုးကြောင်းပြအံ့၊ ပထမအင်းကွက်၊ ရန်ပျက်ပြုန်းချေ၊ အင်းချေဒုတိယ၊ ရာဇမျက်စောင်၊ ဆောင်လေတစ်တန်၊ ချိုးမှန်။



www.burmeseclassic.com

www.burmeseclassic.com

အင်းဆန်တတိယ၊ စွဲထစုန်းဖမ်း၊ ပရမ်းပတာ၊ ဖြစ်တို့လာသော်၊ လက်ဃာလက်ဝဲ၊ ခွဲ၍မီးထွန်း၊ မကျွမ်းစေရ၊ စတုတ္ထမူ၊ ပျောက်ကြဉပဒ္ဒဝါ၊ ဘယာဟူသမျှ၊ အကာရ၏၊ ထိုမှမပြေ၊ ရေစိမ်၍သောက်၊ တန်ပြန်ရောက်၏၊ ငါးမြောက်ပဥ္စ၊ အင်းတေဇကား၊ လာဘတစ်တန်၊ အမှန်ဇဝ၊ ကုန်တိုက်ရ၏၊ ဆဋ္ဌအင်းတော်၊ မလျော်ရန်ပေါင်း၊ အပဟန့်ကောင်း၏၊ အင်းပေါင်းသတ္တာ၊ အကျိုးမှာကား၊ လယ်ယာမြေတွင်၊ ပိုးကောင်ဝင်သော်၊ လျှင်မြန်ပျောက်စေ၊ ထွက်ပြေးလေ၏၊ အင်းခြေအဋ္ဌမ၊ သွားပခရီး၊ ဘေးဆီးရန်ပြေ၊ ထွက်ရေနဝ၊ ကိုးကွယ်ကြသော်၊ တေဇထက်မိုး၊ တန်ခိုးထင်ပေါ်၊ အကျော်အစော၊ အဟောမှန်စွာ၊ ဒိသာပါမောက်၊ လာရောက်သမျှ၊ ခယကျိုးနွံ၊ လွန်စွာစုံမက်၊ ဘုန်းကျက်သရေ၊ တိုးတက်လေသည်၊ သပြေကျွန်းလုံး မှန်ကင်းတည်း။

အထက်ပါ အင်းညွှန်းလင်္ကာအရ ဤကျွန်းလုံးမှန်ကင်း အစီအရင်၏ အကျိုးတန်ခိုးသိဒ္ဓိကို အကြမ်းအားဖြင့် သိရှိနိုင်ပါသော်လည်း အသေးစိတ် လုပ်ထုံးလုပ်နည်း စီရင်နည်းကား အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကျွန်းလုံးမှန်ကင်းအင်းအစီအရင် လုပ်ထုံးလုပ်နည်း**

၁။ ပထမ အင်းကွက် လက်စက်မီးခွက်တွင်ချ၍ ဘုရားရှေ့တော်တွင် ကန်တော့ပွဲပေးလျက် ငါးပါးသီလခံယူပြီး ထွန်းညှိပူဇော်ရပါမည်။ ထိုသို့ ထွန်းညှိပူဇော်ရင်း အင်းဆန်ဂါထာကို မပြတ်ရွတ်ဖတ်ပါက ဘေးရန်အန္တရာယ်ဟူသမျှ လျှင်မြန်ကင်းရှင်းပါလိမ့်မည်။

၂။ ဒုတိယအင်းကွက်ကို ရွှေပြားတွင် ရေးသွင်းစီရင်ပြီး နံ့သာငါးပါး သို့မဟုတ် အနည်းဆုံး နံ့သာနှစ်ပါး ရေတွင်စိမ်၍ ဤဒုတိယအင်းဆန်ဂါထာနှင့် (၃၇)ခေါက်စုတ်ပြီး ဆောင်သော် မင်းစိုးရာဇာ အထက်လူကြီး ဆရာသမားများ လွန်စွာ ချစ်ခင် စောင်မ, ကြည့်ရှုခြင်းခံရပေမည်။ ဝန်ထမ်းများ အထူးဆောင်အပ်ပေသည်။

၃။ တတိယအင်းကွက်ကို လက်စက်မီးခွက် နှစ်ခွက်တွင်ချပြီး လက်ဝဲ၊ လက်ယာ ယှဉ်၍ထားပြီး မီးထွန်းပါ။ မီးထွန်းစဉ်တွင် တတိယအင်းဆန်ဂါထာကို မပြတ်ရွတ်သော် စုန်း၊ နတ်၊ ပယောဂ မှန်သမျှတို့ကို လွန်စွာနိုင်၏။

*(သတိပြုရန်- မီးစာကုန်သည်အထိ မထွန်းရ၊ တစ်ဖက် သေကျေပျက်စီးဒုက္ခကြီးတတ်သည်။ အကုသိုလ်ရှောင်ပါလေဟု ဗားမဲ့ဆရာတော် အမှာတော်ရှိပါသည်။)*

၄။ စတုတ္ထအင်းကွက်ကို ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့တွင် လက်ဖွဲ့ထိုး။ ထိုအင်းဆန်ဂါထာနှင့် (၁၀၈) ခေါက်စုတ်၍ ဆောင်သော် သူပြုလူပြု၊ အမှောင့်ပယောဂဘေး၊ စုန်းတိုက်၊ နတ်တိုက် ဟူသမျှ မထိခိုက် မကျရောက်နိုင်။ ထိုဘေးရန်တို့မှ ကင်းရှင်း၏။ ကာကွယ်၏။ သူတစ်ပါး ကြံစည်သည်ဟုထင်သော် ထိုလက်ဖွဲ့ကိုရေစိမ်၍ အင်းဆန်ဂါထာနှင့် (၇) အုပ်မန်းပြီး သောက်လျှင် တန်ပြန်၏။ သူပြုသမျှ သူပြန်ခံရလိမ့်မည်။

၅။ ပဉ္စမအင်းကို ရွှေပြားတွင်ချ၍ လက်ဖွဲ့ထိုးပြီးလျှင် ကန်တော့ပွဲ၊ သစ်သီး၊ မုန့်၊ ယိုတို့ဖြင့် မြတ်စွာဘုရားရှင်ကို ရည်မှန်းကပ်လှူပူဇော်လျက် အင်းဆန်ဂါထာဖြင့် ထိုလက်ဖွဲ့ကို (၃)ခေါက်ရွတ်ဟိန်းပါ။ ထို့နောက် ဘုရားထံ သစ္စာပြုရှိခိုးပြီး သစ္စာပြု၍ ဆောင်လေလျှင် လူချစ်လူခင်ပေါ်များ၏။ လာဘ်လာဘရွှင်လန်း၏။ ကုန်ရောင်း၍မစွံသော် လက်ဖွဲ့ကိုရေစိမ်၍ ကုန်ကိုပက်က ကုန်ရောင်းစွံပေလိမ့်မည်။ ဘုရားကို သစ္စာပြုရန်ကား ကာမေသုကို ရှောင်ပါမည်ဟု သစ္စာပြုရန် ဖြစ်သည်။

၆။ ဆဋ္ဌမအင်းအား ငွေပြားတွင် လက်ဖွဲ့ထိုး၍ဆောင်ရမည်။ အကြောင်းရှိက ထိုဆဋ္ဌမအင်းဆန်ဂါထာဖြင့် ရွတ်သော် ရန်ပြိုပျက်၏။ ရန်သူတို့ ချောက်ချား၏။ အပဟန့်ကောင်းလှ၏။

၇။ သတ္တမအင်းကို မိုင်းကိုင်စက္ကူတွင်ချ၍ ပြာပြုပြီးလျှင် ရေတွင်ထည့်၍ ပက်ဖျန်းပါက လယ်ယာသီးနှံဖျက်ပိုးများ၊ တိရစ္ဆာန်ဆိုးနှင့် ရန်သူဟူသမျှတို့ ကြောက်ရွံ့ ပြေးကြရ၏။

၈။ အဋ္ဌမအင်းကို မိုင်းကိုင်စက္ကူတွင်ချ၍ ပြာပြုပြီးလျှင် အင်းဆန်ဂါထာနှင့်မန်း၍ ရေအေးနှင့်သောက်ပါလေ။ ထို့နောက် ဤအဋ္ဌမအင်းဆန်ဂါထာကို ပင်ရွတ်၍ ခရီးသွားသော် အန္တရာယ်ကင်း၏။ သားရဲတိရစ္ဆာန်တောကောင်တို့ အနှောင့်အယှက်ကင်း၏။ ခြသေ့နှင့်တွေ့လျှင်သော်လည်း ဟောက်ခြင်းငှာပင် မစွမ်းနိုင်ချေ။

၉။ နဝမအင်းကွက်ကို ရွှေပြား ငွေပြားတွင်ချ၍ လက်ဖွဲ့ထိုးပါ။ ထို့နောက် ထိုလက်ဖွဲ့ကို အင်းဆန်ဂါထာနှင့်ပင် ဘုရားရှေ့တော်တွင် (၉) ခေါက်၊ သိမ်တွင် (၉) ခေါက်၊ နတ်စင်တွင် (၉) ခေါက်၊ လမ်းလေးခွတွင် (၉) ခေါက်၊ တံစက်မြိတ်တွင် (၉) ခေါက်၊ တံတားပေါ်တွင် (၉) ခေါက်၊ ရေဆိပ်တွင် (၉) ခေါက်စီစုတ်၍ ဆောင်လေပါက လူတို့ချစ်ခင်ရိုသေကြ၏။ ဘုန်းကျက်သရေတိုး၏။ ကျော်စောထင်ရှား၏။ သူတစ်ပါးတို့မေးလာသည်တို့ကို နတ်တို့ထံမှ တစ်ဆင့် ကြားသိရပြီး မှန်ကန်စွာဖြေကြားနိုင်လာသည်။

*(နတ်တို့ကိုလည်း မေတ္တာပို့ အမျှဝေလေ။)*

ဗားမဲ့ဆရာတော်၏ လက်စွဲအစီအရင်ဖြစ်သော ဤကျွန်းလုံးမှန်ကင်း အင်းမြတ် အစီအရင်က အထက်ပါအတိုင်း လူတို့အလိုဆန္ဒအဝဝတို့ကို ပြည့်ဝစေနိုင်သော သဗ္ဗသိဒ္ဓိအကျိုး တန်ခိုးအမျိုးမျိုးတို့ဖြင့် ပြည့်စုံသော အစီအရင်ထူးတစ်ခု ဖြစ်သည်။ ထူးခြားချက်ကား ပထမအင်းမှ နဝမမြောက်အထိ အင်းကွက်တိုင်းတွင် 'က္က' နှင့်စ၍ 'က' နှင့်ဆုံးပြီး ထို 'က္က' နှင့် 'က' အက္ခရာဝလီနှစ်လုံးတို့အဆုံးတွင် ပူးယှဉလျက်နေသည်ကို တွေ့ရပါမည်။ 'က္က' အက္ခရာသည် 'အ' ဟူသော သူရိယနေမင်းအုပ်စုဝင် အက္ခရာဖြစ်ပြီး 'က' အက္ခရာသည် လမင်း၏ အုပ်စုဝင်အက္ခရာ ဖြစ်၏။ သို့ဖြစ်ရာ အင်း (၉) ကွက်စလုံးတွင် 'က္က' နှင့် 'က' တွဲယှဉ်နေခြင်းကား စန္ဒ-သူရိယ နေနှင့်လတို့ကို တွဲ၍ နေဓာတ်၊ လဓာတ်တို့၏ ဟိတ်တန်ခိုး သိဒ္ဓိအားတို့ကို ယူထားလေသည်ဟု မှတ်ယူရန် ရှိလေသည်။

ပသို့ဆိုစေမူ ဤကျွန်းလုံးမှန်ကင်း အင်းမြတ်အစီအရင်ကား တန်ခိုးကြီးမားသိဒ္ဓိအကျိုး များပြားလှသော ဗားမဲ့အစီအရင်ထူးတစ်ခုဖြစ်သဖြင့် ယုံကြည်စွာ စီရင်ဆောင်ယူသင့်လှပေသည်ဟု မှတ်ယူသဖြင့် အများအကျိုးငှာ ဤမဂ္ဂဇင်းကြီးမှတစ်ဆင့် ဖော်ထုတ် တင်ပြလိုက်ပါသည်။ ကျမ်းရင်းပဏာမအစ လင်္ကာသွားပါအတိုင်း 'နဝတုန်၊ ယုံလေမင်း၊ မသိသူကျော်လေတုံ၊ သိသူဖော်လေကုန်' ဟု ဆိုထားပါသဖြင့် မသိသူကျော်သွား၊ သိသူဖော်စားကြပါလေကုန်။

***အနန္တစကြာဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ***

*မေတ္တာများဖြင့်*

တြိရတနာ-ဆရာဇေယျာသင်း

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ကားသည် တောင်ကုန်းများ၊ လယ်တွင်းများ၊ ဥယျာဉ်ခြံမြေများတို့ ဖြတ်ကျော်လာသည်။ ညတ မိုး[illegible]သွား သဖြင့် လယ်ကွင်းများသည် [illegible]မှလာ မြူထည်အပြည့်နှင့် ငြိမ်သ[illegible]နေသည်။ လယ်ကွင်းထဲတွင်ဖူးပွင့်နေ[illegible] များကိုမြင်ရသောအခါ [illegible] ခိုးတိုတမ်းသာက လယ်[illegible]များ [illegible] သတိရလာကြသည်။

ဖလောင်းချိတ်နှင့် [illegible] [illegible]မိုင်ကျော်သာ [illegible] [illegible]ကတ[illegible] တောင်[illegible]

ငယ်၊ မြောင်းငယ်များကို ဖြတ်သွားရ သဖြင့် ရောက်ခဲ့လှသည်။ [illegible] မြုပ်မှေးဖွားခဲ့သူ ဒေါ်[illegible] မွေးရပ်မြေကို ငေးကြ[illegible] ဆိတ်ဆိတ် လိုက်ပါလာသ[illegible] တိုင်၊ ဦးသုဂါကျော်၊ ဒေါ်သ[illegible]

ဤအရပ်ကို ယခင်တတည်းက သုံးနှစ် [illegible] လေးနှစ်တစ်ခါ ရောက်ဖူးထား [illegible]အစိမ်းကြီးမဟုတ်ပေ။ သူ [illegible] သူ[illegible]မကြီးတို့ရှိစဉ်က [illegible] ငယ်[illegible] သုံးလေးခါ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ဖူးထားကြသော်လည်း ဓညဝတီတွင် မွေးဖွားလာသော ထွန်းကျော်လင်းတို့ မောင်နှမအတွက်မှာမူ ဤအရပ်ဤဒေသသည် ခပ်စိမ်းစိမ်းပင်။

မနက်ရှစ်နာရီကပင် ဖလောင်းချိတ်မှထွက်လာသောကားသည် နေမွန်းမတည့်မီ ရာဇပါရာ(မင်းရွာ)ကို ဝင်လာသည်။ နွားလှည်း၊ မြင်းလှည်း၊ မြင်းဂါရီများကို ရှောင်နေရ၍ ကားကအသွားနှုန်း ပိုနှေးသွားသည်။ ဆေးဝါ၊ ဆေးနီ၊ ဆေးပြာများသုတ်လိမ်းထားသော အုတ်စိမ်းကာအိမ်တချို့နှင့် မြေစိုက်တဲအုတ်စိမ်းကပ်အိမ်များကို ကားလမ်းဘေးနှစ်ဖက်တွင် ဟိုသုံးလေးအိမ်စုသည်သုံးလေးအိမ်စုမြင်လာရသည်။ ရဇပါရာမှာ အိမ်ခြေ လေးငါးရာရှိသော်လည်း လယ်ကူလီယာကူလီ များသဖြင့် သက်ငယ်မိုးအိမ်တွေသာ များသည်။ ရွာမှာလည်း စနစ်တကျ တည်ထားသောရွာ မဟုတ်သဖြင့် ဟိုတစ်စုသည်တစ်စုနှင့် အမြင်မလှဘဲ ကျိုးတိုးကျဲတဲဖြစ်နေသည်။

ဦးကြာပန်းအောင်၏အိမ်မှာ ရဇပါရာ (မင်းရွာ) မြောက်ဘက်တွင် ရှိ၏။ စမ်းချောင်းတစ်ခုကို ဖြတ်ထိုးထားသော သစ်သားတံတားကြီးတစ်ခုကိုဖြတ်ကျော်လာရသည်။ ကားဟွန်းသံကြောင့် မြင်းလှည်း၊ နွားလှည်းများက တစ်ဖက်တံတားထိပ်တွင် ရပ်စောင့်နေကြသည်။

"ဓညဝတီကဆွေမျိုးတွေကို သွားခေါ်တယ် ထင်တယ်"

ဟု လှည်းပေါ်က နှုတ်ဆက်သော လူကြီးတစ်ယောက်ကို ဦးလှထွန်းအောင်က ခေါင်းညိတ်ပြထားခဲ့၏။ ထိုသူက -

"ဆွေမျိုးတွေပါလာကြပလား"

ဟုထပ်မေးသော်လည်း ဦးအောင်တိုင်တို့မိသားစုကားက လွန်သွားပြီ ဖြစ်သဖြင့် တံတားထိပ်တွင် ငေးကျန်ရစ်ခဲ့သည်။

"စောစောကနှုတ်ဆက်တဲ့လူကြီးက ဘွားဘွားတို့အမျိုးတွေလား ပါပါ"

ထွန်းကျော်လင်းက ဦးသင်္ဂါကျော်ကို မေး၏။

"ဟုတ်မှာပေါ့ကွာ"

"ဟင် - ဘွားဘွားတို့ အမျိုးတွေကလည်း ကုလားတွေနဲ့ တူလိုက်တာနော်"

"ဟ - ကုလားပြည်နေတာပဲ တူမှာပေါ့"

"မတူပါဘူးနော်။ အသားကလည်းဝင်းနေတာပဲ၊ နှုတ်ခမ်းမွေးနဲ့မို့ပါ"

သူဇာဖြူက ဝင်ပြောသည်ကို ထွန်းကျော်လင်းက -

"တူပါတယ်ဟာ၊ နင်ကနင့်အဘွားအမျိုးတွေဆို ကာကွယ်နေပြန်ပြီ။ စောစောက နင့်တို့အဘွားအမျိုးကလည်း ကုလားရုပ်ပဲ"

"ဟယ် - ဒီကလေးတွေ ပေါက်ကရ သိပ်စကားများတာပဲ"

ဒေါ်သန္တာဖြူက အော်လိုက်သဖြင့် ထွန်းကျော်လင်းတို့ မောင်နှမ ခဏ နှုတ်ဆိတ်သွားကြသည်။

တံတားလွန်ပြီး မကြာခင်မှာပင် နောက်ချေးပုံ၊ အုတ်စိမ်းကာ အိမ်စုတစ်စုသို့ ရောက်လာသည်။ နွားချေးတွေကို

# ဤလမ်းခရီး လွမ်းမပြီးနိုင်

သူရနှမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

လမ်းဘေးတွင် စုပုံထားကြသဖြင့် ထွန်းကျော်လင်းက နှာခေါင်းကို လက်နှင့်ပိတ်ပြီး -

"နွားချေးစော်နံတယ်"

ဟု ဆိုသည်။

မြေစိုက်တဲအိမ်တွေမှာလည်း နွားချေးတွေနှင့်အပြင်ကလိမ်းကျံထားသည်ကို တွေ့ရသည်။

"ဒီအိမ်စုက ဘိုးဘိုးကြီးတို့ လယ်ကူလီစုတဲ့။ မိဖြူ နင်မှတ်ထားနော်။ ရာဇဌာနီမှာနေရင် ဒီအစုက ကုလားမတွေ နင့်ကို ထောပတ်ထမင်းချက်ကျွေးကြမှာ။ သူတို့မှာ နွားတွေအများကြီးရှိတယ်၊ ထောပတ်ကောင်းကောင်းတွေလည်းလုပ်တတ်ကြတယ်။တို့လယ်တောက မူနာရဗီတို့ထက်တောင် ထောပတ်ချက်တော်တယ်။ ထောပတ်အကြောင်းပြောတာနဲ့ ထမင်းတောင်ဆာလာပြီ"

သူ့အစ်ကိုက ထမင်းဆာလာပြီဆိုသဖြင့် သဇင်ဖြူက -

"ဘယ်နှနာရီရှိပလဲ"

ဟု မေး၏။

ထွန်းကျော်လင်းက လက်မှနာရီကို မြှောက်ပြပြီး -

"ဆယ် နာရီကျော်ပြီ"

ဟု ပြောသည်။

"ကိုယ်ပြောတာနဲ့ အကျွန်လည်း ထမင်းဆာလာပြီ"

"မပူပါနဲ့။ နင် ဒီမှာကြာကြာနေရင် နင့်ကိုယ်ကပါ ထောပတ်နံ့ နံလာလိမ့်မယ်"

"မွှေးလာလိမ့်မယ်ပြောစမ်းပါ"

"ထပ်သရီး- ဘယ်ကမွှေးရမှာလဲ။ ကြာတော့ နှာခေါင်းထဲနံလာတယ်ဟ။ အဖိုးကြီးတို့အိမ်က မနက်တိုင်း ခိုစာကျွေးကျွေးနေတဲ့ ဗိုက်ရွဲရွဲနဲ့ မည်းတူမကြီး နင်မှတ်မိလား"

"မှတ်မိပါတယ်။ ကိုယ်တို့ သဇင်တို့ကို သူကသိပ်ချစ်တာ။ ဖက်ဖက်နမ်းတတ်တာလေ"

"အေး - ငါက သူ့အနမ်းမခံနိုင်လို့ ထွက်ထွက်ပြေးရသေးတယ်ဟ"

"ဟုတ်တယ်။ သူက လိုက်ဖမ်း၊ ကိုယ်က ပြေးနဲ့လေ"

"ဒါကို အဖိုးမကြီးကပြောတယ်။ သူတို့ကသက်သတ်လွတ်စားတော့ သူတို့ကိုယ်ကထွက်တဲ့ ချွေးနံ့တွေဟာလည်း ထောပတ်နံ့ မုန်ညင်းဆီနံ့ပဲ မွှေးတယ်တဲ့။ ပဲနဲ့ ဟင်းသီးဟင်းရွက်၊ ထောပတ်၊ ဒိန်ခဲတွေကလွဲရင် အငန်ဆိုတာလည်း ဆားတစ်ခုတည်းပဲစားတော့ စာထဲတွေ့ဖူးတဲ့ ကုလားမတွေ ခံတွင်းက ကြာညိုနံ့သင်းတယ် ဆိုတာ ငါတော့ ထောပတ်နံ့၊ မုန်ညင်းဆီနံ့နံတာကိုပြောတယ်ထင်တာပဲ၊ ဖွီ. . ."

မိဘဘိုးဘွားများမှာ စစ်ပြေးလာကြရသဖြင့် ဤအရပ်ဤဒေသတွင် မည်သို့မည်ပုံ နေထိုင်စားသောက်ကြရမည်ကိုတွေးပြီး အသံတိတ်ပူပန်လာကြရသော်လည်း ဖျိုရွယ်နုနယ်ကြသေးသော ထွန်းကျော်လင်းတို့ မောင်နှမနှစ်ယောက်မှာမူ လူငယ်တို့၏ အနာဂတ်မဲ့ ပျော်ရွှင်ခြင်းနှင့် ကားပေါ်တွင် စကားများပြီးလိုက်လာကြသည်။

အမှန်က သူတို့မောင်နှမမှာ ဤလမ်းဤခရီးကိုရောက်မှ ပိုမိုရင်းနှီးလာကြသည်။ မိမိမြို့ ကမ်းသာတွင်နေခဲ့ကြစဉ်ကမူ တစ်မြို့တစ်ပြည်တွင် ကျောင်းသွားနေကြသော အစ်ကိုနှစ်ယောက်ကလည်း အိမ်တွင် အစဉ်အမြဲမရှိတတ်ရာ မေးထူးခေါ်ပြော ခပ်စိမ်းစိမ်းသာရှိနေခဲ့၏။ ယခု စစ်ပြေးကြရတော့ ရွယ်တူအဖော်အလော် ပြောဆိုတိုင်ပင်စရာမှာလည်း ဤမောင်နှမ နှစ်ယောက်သာ ပါသဖြင့် လမ်းခရီးမှာ သူငယ်ချင်းတွေလိုဖြစ်လာကြသည်။

"အရင် တို့ငယ်ငယ်က ဘိုးဘိုးတို့ အိမ်ကို တို့လာလည်ကြတယ်ကြားတိုင်း နွားနို့နဲ့ ထောပတ်တွေ လာပို့ကြတာလည်း ဒီအစုကပဲတဲ့။ မိဖြူ နင်မှတ်မိလား"

သူ့နှမငယ်ကို ထွန်းကျော်လင်းက သတိတရ မေးမြန်းနေပြန်သည်။

"မှတ်မိပါတယ်။ အဲဒီတုန်းက ကုလားမကလေးတစ်ယောက်တောင် ကိုယ့်ကို လျှာထုတ်ပြသွားသေးတယ်ဆို ခစ်. . . ခစ်"

"ဟင် - ဒါကျတော့မှတ်မိတယ်။ ငါက သူ့ကိုနောက်မိလို့ပါဟာ ဟဲဟဲ"

"ကုလားပြည်မှာ ဇာတ်မတူတဲ့ လူတွေကို မနောက်ရဘူး၊ အရောမဝင်ရဘူးလို့ အဲဒီတုန်းက ဘွားဘွားကြီးတောင် ကိုယ့်ကို ဆူသေးတယ် မဟုတ်လား"

"အေး- ကိုငယ်၊ ရာဇဌာနီရောက်ရင် လူတကာနဲ့ သိပ်မရောရဘူးနော်။ နင် အဲဒါကြပ်ကြပ်သတိထား။ ဟိုတုန်းက အဲသလို လူတကာနဲ့ ပေါးလားဝါးလားနေတာကို အဖိုးကြီး၊ အဖိုးမကြီးတို့က မကြိုက်သလို ခုလည်း ဘိုးဘိုး၊ ဘွားဘွားကြီးတို့က မကြိုက်ဘူးနော်။ သူများရပ်ရွာမှာနေတယ်ဆိုတာ အနေအထိုင်ဆင်ခြင်ရတယ်သား။ ကိုယ့်မြို့ကိုယ့်ရွာမဟုတ်ဘူး၊ ကြားလား"

"ဟုတ်ကဲ့ပါ မေမေရာ"

ထွန်းကျော်လင်းက သူ့ဘိုးဘိုးကြီး ဦးကြာပန်းအောင်တို့အိမ်ကြီးဘက် ငေးကြည့်၍ ပြန်ပြောလေသည်။

ဤအိမ်ကြီးတွင် သူ့အဘွား၏ အဖေ၊ အမေ သူ့အဖိုးကြီး၊ အဖိုးမကြီးတို့ရှိခဲ့စဉ်က အလည်ရောက်ဖူးကြသည်ကို သတိရနေသည်။ ထိုစဉ်က သူတို့မိသားစုသည် စိန်မြှောင်ဘုရားပွဲလာရင်း အဖိုးကြီး၊ အဖိုးမကြီးတို့ကို ဝင်ကန်တော့ကြခြင်း ဖြစ်သည်။

မကြာခင်မှာပင် တိပိရတောင်ကြောအဆုံးက ဘိုးဘိုးကြီး၊ဘွားဘွားကြီးတို့ သားစဉ်မြေးဆက်နေလာခဲ့ကြသော တိုက်အိမ်ကြီးကို ကုန်းမို့မို့တွင် မြင်လိုက်ရသည်။ တိုက်ကြီးမှာ လယ်ကွင်းနှင့်တောင်ကြောအဆုံးက ကုန်းခင်းဥယျာဉ်ကြီးထဲတွင် တည်ရှိသည်။ တိုက်ကြီးဝန်းကျင်တွင် အုတ်စိမ်းကပ်၊ အုတ်စိမ်းကာတဲအိမ်များ၊ နောက်ချေးကျံမြေစိုက်တဲများနှင့် နွားရုံ၊ မြင်းဇောင်းများကိုလည်း မြင်နေရသည်။ တိပိရတောင်ကြော၏အရှေ့ဘက်ခြမ်းတွင်မူ ဥယျာဉ်ခြံမြေတို့က မျက်စိတစ်ဆုံးမိုးတစ်ဆုံးရှိနေသည်။ ရာသီဥတုသာယာသော မိုးနှောင်းကာလဖြစ်သဖြင့် တောတောင်ရေမြေအားလုံး နေရောင်ခြည်ထဲတွင် တောက်ပနေကြသည်။

အာသံမဏိပူရဘက်ရှိ ဟိမဝတတိပိရ ဟီလီတရိုက်တောင်တန်းများဘက်မှမူ မြူတွေငွေ့ဖြန့်ကာ လွမ်းမောဖွယ်ရာ ဖြစ်နေသည်။ အမှန်က ယခုလို စစ်ပြေးကာလ စစ်ပြေးများသာမဟုတ်ပါက ဤအရပ်သည် ဆွတ်ပျံ့ဖွယ်ရာသာ။

အုတ်တံတိုင်းပတ်ပတ်လည်ကာထားသော အဝင်တံခါးဝတွင် ကားရပ်လိုက်သည်။ ကုလားကြီးတစ်ယောက်က ဓားကောက်ကြီးချိတ်ပြီး သံတံခါးမကြီးကို လာဖွင့်ပေးသည်။ တိုက်ကြီးရှေ့မရောက်ခင်ကပင် တိုက်ဝတွင် လူတွေစုရုံးနေကြသည်။ ကြားသမျှသိသမျှ ဆွေမျိုးတွေ အကုန်လာကြိုစောင့်နေကြသည်။

ထွန်းကျော်လင်းတို့အဘွား ဒေါ်ကြာဦးဖြူ ကားပေါ်မှ အရင်ဦးဆုံးဆင်းသည်။ ဒေါ်ကြာဦးဖြူကို ဝိုင်းဖက်ကြ၊ ငိုကြရှိုက်ကြ၊ ပြောကြ-ဆိုကြနှင့် ခဏချင်း တစ်ဝင်းလုံး ဆူညံသွားသည်။

အိမ်ပေါ်ရောက်သောအခါများ



www.burmeseclassic.com

www.burmeseclassic.com

နေသော ဦးကြာပန်းအောင် အခန်းထဲက ထွက်လာသည်။ မျက်စိနှစ်ဖက်စလုံးတွင် မျက်ရည်တွေအပြည့်နှင့် သူနှမငယ်တို့ မိသားစုကို ရီဝေသော မျက်လုံးအစုံနှင့် စိုက်ကြည့်ကာ-

"မဉ္စဝတီဘက်က မကောင်းသတင်းတွေကြားရတော့ ငါ့နှမနဲ့တွေ့ဦးမလားလို့ အားလုံးဆွေမျိုးတွေက စိတ်ပူနေကြတာ။ ခုတော့ မသေလို့ တွေ့ရပြီ။ ငါဖလောင်းချိတ်ကို ဆင်းဆင်းကြိုတာ တစ်လနှစ်လရှိသွားပြီ ကြာဦး။ ဒီအချိန်ကျမှ နင်တို့ရောက်လာလိမ့်မယ်လို့ဘယ်သူမှ မထင်ဝံ့ကြတော့ဘူး။ လိုရမည်ရဆိုသလိုသာ ဖလောင်းချိတ်က ယောက်ဖဉက္ကာကို မှာထားရပေမယ့် ဒီလိုရောက်လာကြလိမ့်မယ်လို့ ငါမထင်တော့ဘူးလေ။ ဖလောင်းချိတ်ကို ရောက်လာကြပြီလို့ ဟိုမြေးမြို့ပိုင်လေးကအပြောလွှတ်လိုက်တယ်ဆိုမှ အားလုံးသက်မချနိုင်ကြတာ။ နောက်တစ်ကြောင်းကလည်း မဉ္စဝတီမှာ ယောက်ဖတို့ သင်္ဂါတို့အမျိုးတွေရှိတော့ မဉ္စဝတီဘက်ကိုများ ပြေးလာကြလား။ ဒီကိုမဝင်ခဲ့ကြဘဲ အင်္ဂလိပ်တွေခေါ်သွားတဲ့ ဒင်နာဂျီပူကိုပဲ တစ်ခါတည်းလိုက်ပါသွားကြလေသလား။ လမ်းခရီးမှာလည်း သေကြပျောက်ကြအသံတွေကြားတော့ ဒီကဆွေမျိုးတွေအားလုံး စိုးရိမ်ကြီးနေကြတာ။ နင်ပန်းဝါသူပဲ၊ အရေးအကြောင်းဆို ရာဇဌာနီကို သတိရရမှာပေါ့ ကြာဦး။ နင့်တို့မိသားစုအတွက် ငါ့မှာ နေ့တိုင်းတွေးပြီး မျက်ရည်ကျရတယ်။ ငါတို့အမျိုးတွေ မြို့တိုင်း၊ စခန်းတိုင်းမှာရှိကြပါတယ်။ နင်စာလေးတစ်စောင်တောင် အကျိုးအကြောင်း ငါတို့ဆီ မပေးကြဘူး။ ငါတို့မှာတော့ နင်တို့မိသားစုအကြောင်းတွေ ဟီး. . . ဟင်း . . . ဟင်း. . ."

ဦးကြာပန်းအောင်က တုန်တုန်ချည့်ချည့် ဗလုံးဗထွေးပြောပြီး ရှိုက်ကြီးတငင်နှင့်ငိုသောအခါ ဒေါ်ကြာဦးဖြူကလည်း ငိုကြီးရှိုက်မနှင့် ယခင်ကကဲ့သို့ စာပေး၍မရနိုင်ကြောင်း၊ လက်ရှိအခြေအနေကို အစ်ကိုကြီးမသိ၍သာ အပြစ်တင်နိုင်ကြောင်း ဇာတ်စုံပြော၍ မောင်နှမနှစ်ယောက် ငိုကာရှိုက်ကာရန်တွေ့ပြောဆိုနေကြသည်ကို ဆွေမျိုးလူကြီးတစ်ဦးက-

"ကဲကဲ - ဘယ်သူကဘယ်သူ့ကိုမှ အပြစ်တင်မနေကြနဲ့တော့။ ခုမောင်နှမတွေ့၊ ဆွေမျိုးတွေလည်း တွေ့ကြရပြီပဲ တိတ်ကြတော့။ ဒီထက်ဒုက္ခရောက်စရာမရှိတော့ပါဘူး"

ဟု ပြောလိုက်ရသည်။

"နို့ - အရီးလေး၊ ကိုထွန်းကြီးတစ်ယောက်ကော မမြင်ပါလား"

ဟု ထွန်းကျော်မင်းတို့အရွယ် လူငယ်တစ်ယောက်က ဒေါ်သန္တာဖြူကို မေးလိုက်တော့မှ ဆွေမျိုးအသိတွေကလည်း ထွန်းကျော်မင်းကို သတိရသွားကြသည်။ သူတို့စိတ်ထဲမှာ လမ်းခရီး၌ ထွန်းကျော်မင်း ဆုံးပါး၍များ ကျန်ခဲ့လေသလားဟု စိုးရိမ်နေကြသလားမသိ။ ချက်ချင်း မျက်နှာအပျက်ပျက်ဖြစ်ကာ သူတို့မိသားစုကို ဝိုင်းကြည့်ငေးမောနေကြသည်။ ထိုအခါ ဒေါ်သန္တာဖြူကလည်း သူ့သားကြီးအကြောင်း ဆွေမျိုးတွေကို ပြောပြလိုက်ရ၏။

ဦးကြာပန်းအောင်တို့ တိုက်ကြီးပေါ် စုရုံးရောက်ရှိနေကြသော ဆွေမျိုးအရင်းအချာအားလုံးမှာ ထွန်းကျော်လင်းတို့ မောင်နှမနှစ်ယောက်ကလွဲလျှင် ဦးအောင်တိုင်တို့ မိသားစုအတွက် မျက်နှာစိမ်းတွေ မဟုတ်ကြ။ ဦးအောင်တိုင်၊ ဦးသင်္ဂါကျော်၊ ဒေါ်သန္တာဖြူတို့မှာ စိန်မြောင်ဘုရားပွဲလာရင်း လေးနှစ်ဟုတ်ခါ၊ ငါးနှစ်တစ်ခါရောက်နေကြမို့ အားလုံးနှင့် မရင်းနှီးသည့်တိုင်အောင် ရာဇပါရာရှိ ဆွေမျိုးအားလုံးမှာ မျက်နှာသိမြင်ဖူးတွေ့ဖူးကြသူများချည်း ဖြစ်ကြသည်။ ထို့ကြောင့်လည်း တစ်ယောက်တစ်ပေါက် ဆွေမျိုးတွေက ပြောဆို အလွမ်းသယ်ကြရင်း ထမင်းမေ့ဟင်းမေ့ဖြစ်သွားကြပြန်၏။

ဤသည်ကို ထွန်းကျော်လင်းတို့မောင်နှမက ဖလောင်းချိတ်တွင် လာခေါ်သော ဦးကြာပန်းအောင်၏ သားကိုကျော်သာလှကို -

"အခင်၊ ကျွန်တော်တို့ကိုလည်း ထမင်းကျွေးဦး။ အခင့်အမျိုးတွေက အလွမ်းသယ်လို့ ဒီနေ့ပြီးကြတော့မှာ မဟုတ်ဘူး"

ဟု ပြောယူရသည်။

ဤသည်ကို ကိုကျော်သာလှကလည်း -

"အေးကွ၊ ငါတို့အမျိုးတွေကတော့ မင်းတို့မဉ္စဝတီအမျိုးတွေလိုမဟုတ်ဘူး။ ကွယ်ရင်မေ့ တွေ့တော့သေအောင်လွမ်းဆိုတာ ဘယ်သူ့အမျိုးတွေလဲမသိဘူး"

ဟုနောက်ပြောင်ကာ သူကလည်း ယခုမှ ထမင်းကျွေးဖို့သတိရလေသည်။

ထမင်းဝိုင်းတွင် အသံအကျယ်ဆုံးနှင့် စကားပေါက်ပေါက်ဖောက်နိုင်သူကတော့ ဒေါ်ကြာဦးဖြူပင်။ သူ့ထုံးစံအတိုင်းသင် ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်ကို မေးမဆုံးပြောမဆုံးဖြစ်နေလေသည်။

။ ၆ ။

"ဘာပဲဖြစ်ဖြစ်လေ ပေါ်ဖြိုးဖြိုးနှင့်လည်း ကြာဦးတို့မိသားစု ဒီမှာပဲ အခြေချကြတော့။ နင်တို့တက်နေသာ ထိုင်ကြားပြည်ကြားအစွန်းအဖျားမှာ တုလားကြောက်ရ၊ ဂျပန်ကြောက်ရနဲ့ ခုနေခါမနေအပ်တဲ့အရပ်ဖြစ်နေပြီ။ ရာဇဌာနီမှာ နင့်အမွေဥယျာဉ်ခြံမြေတွေ၊ လယ်တွေဆိုလည်း ငါတစ်ယောက်တည်းတောင် နိုင်အောင်မလုပ်နိုင်တာ။ ဟိုကောင် အရေးပိုင်ကျတော့လည်း လယ်ဥယျာဉ်တွေကို စိတ်ဝင်စားတာမဟုတ်တော့ တို့မောင်နှမ တစ်ယောက်တစ်ဝက် လုပ်ကြတာပေါ့ဟာ။ လယ်ကူလီလည်း ငါငှားပေးပါ့မယ်။ နောက်တစ်လ၊ နှစ်လဆိုလယ်လည်းသိမ်းရတော့မှာဆိုတော့ နင်တို့မိသားစုရောက်လာကြတာ အတော်ပဲ"

မဉ္စဝတီဘက်က စစ်ပြေးနှင့်ရောက်လာကြသော သူ့နှမငယ်ကို ဦးကြာပန်းအောင်က ဝမ်းသာအားရ စီမံကိန်းချ၍ပြောပြ၏။

'ဟိုကောင်အရေးပိုင်ကျ' ဆိုသည်မှာ အရေးပိုင်အငြိမ်းစား သူညီ ဦးကြာပန်းမောင်ကို ပြောခြင်းဖြစ်သည်။ ဦးကြာပန်းမောင်မှာ နှစ်နှစ်သုံးနှစ်နေ၍ပင် ရာဇဌာနီကို တစ်ခေါက်ရောက်တတ်သူမဟုတ်။ သားသမီးမြေးမြစ်အားလုံးကလည်း အကုန်သူ ပညာတတ်ရာထူးရာခံတွေနှင့်ချည်းဖြစ်ကြရာ ရာဇဌာနီရှိ ဘိုးဘွားပိုင်ဥယျာဉ်ကိုရှိသည်ဟုပင် သတိရကြသူများ မဟုတ်ကြ။ အမှန်က သူညီ ဦးကြာပန်းမောင်တို့မိသားစုသာ မဟုတ်။ သူ့သားငယ် ဦးလှထွန်းမောင်ပင် ယခုအခါ ကာလကတ္တားမြို့ ရဲစခန်းတွင် ရဲဝန်ထောက်လုပ်နေရာ တစ်နှစ်နေ၍ပင် သူ့အဖေဆီ တစ်ခေါက်ရောက်ချင်မှ ရောက်တတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ဘိုးဘွားပိုင်လယ်မြေများကို ချစ်ကြသော သူတို့မောင်နှမသာ ရာဇဌာနီရှိ လယ်ယာဥယျာဉ်များကို အတူလုပ်ကိုင်စားသောက်ကြရန် ဆိုသော ဦးကြာပန်းအောင်၏စကားမှာ အလွန် သဘာဝကျလှပေသည်။

သို့သော် အဘိုး၊ အဘွား၊ အမိအဖတို့က ဦးကြာပန်းအောင်၏ စကားကို မည်သို့မျှ မဆုံးဖြတ်ကြသေးသော်လည်း ထွန်းကျော်လင်းတို့ မောင်နှမ

www.burmeseclassic.com

ယောက်ကမူ -

"သူတို့ကုလားပြည်မနေချင်ပါဘူးဟာ။ စစ်ကြီးပြီးရင် တို့ဓညဝတီဘက်ကို ပြန်မှာပဲ"

ဟု လူကြီးတွေကွယ်ရာတွင် ပြောဆိုတိုင်ပင်နေကြသည်။

ဦးအောင်တိုင်တို့မိသားစု ဦးကြာပန်းအောင်ရှိရာ ရာဇပါရာကို ရောက်ပြီးသုံးရက်သာကြာသေးသည်။ သော်ဒလီပါရာရှိ ဒေါ်ကြာဦးဖြူ၏ ဦးလေးတော်ဆီက သူတို့ဆီက သူတို့မိသားစုကို အခေါ်ရောက်လာပြန်၏။ သော်ဒလီပါရာဆိုသည်မှာလည်း ဒေါ်ကြာဦးဖြူတို့၊ ဦးကြီး၊ ဦးလေး၊ ဘိုးဘွား၊ မိဘအစဉ်အဆက် နေထိုင်လာခဲ့ကြသောရွာကြီး ဖြစ်သည်။ 'သော်ဒလီ' ဆိုသည်မှာ နယ်စားပယ်စားစော်ဘွားဟု အဓိပ္ပာယ်ရပြီး 'ပါရာ'မှာ ကုလားစကား ရွာဖြစ်သာ။ 'သော်ဒလီ'မှာ ရခိုင်စကားဖြစ်ပြီး ကုလားက 'ချောင်ဒရီ'ဟု အသံထွက်၏။

ယခု အခေါ်လွှတ်လိုက်သည်ဆိုသော ဒေါ်ကြာဦးဖြူတို့ ဦးလေးမှာ အရေးပိုင်ကြီးအဖြစ်မှ အငြိမ်းစားယူကာ သူ့မိသူ့ဖများ အစဉ်အဆက်နေသွားခဲ့ကြသော 'သောဒလီပါရာ' ရွာတွင် မိသားစုနှင့်အတူ အခြေချနေသည်။ သော်ဒလီပါရာကို ထွန်းကျော်လင်းတို့ မောင်နှမလည်း တစ်ခါမှမရောက်ဘူးကြသဖြင့် ဆွေပြမျိုးပြ ရာဇပါရာသို့ ထွက်လာကြပြန်သည်။

သော်ဒလီပါရာနှင့် ရာဇပါရာမှာ ခြေကျင်တစ်မနက်ခရီး ရှိသော်လည်း လမ်းကောင်းသည်။ ကားမောင်းလိုက်ပို့သူမှာ ဒေါ်ကြာဦးဖြူတို့ ဦးလေး ဦးစံလှဘော်၏အိမ်မှ ကုလားတစ်ယောက်ဖြစ်သည်။ ရဇပါရာနှင့်စာသော် သော်လဒီပါရာမှာ တိပိရဟီလီတရိုက်တို့နှင့် ပိုနီးသည်။ မဏိပူရ-အာသံဘက်ရှိ ဟိမဝန္တာတောင်စွယ်များထဲတွင်ရှိသဖြင့် အမြဲမှိုင်းပျမှုန်ရီနေသည်။ လမ်းတစ်လျှောက်ရှိရွာများမှာမူ ဖလောင်းချိတ်မှ ရာဇပါရာသို့ လာတုန်းက တွေ့ခဲ့ရသော အုတ်စိမ်းကာ မြေစိုက်တဲအိမ်များကဲ့သို့ပင်ရှိသည်။ ထူးခြားသည်မှာ လယ်ကွင်းငယ်များကို တောင်ကြိုတောင်ကြားတွင် အနည်းအကျဉ်းသာတွေ့ရပြီး ဉယျာဉ်ခြံကြီးများကိုသာ အများအပြားတွေ့လာရသည်။ လေးညှင်း၊ ကရဝေး၊ ငရုတ်ကောင်းပိတ်ချင်းခြံကြီးများမှာ တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။

ထူးခြားသည်မှာ ပန်းဖွေး (ဘန့်ပွေး)ပင်ပုများကို စနစ်တကျစိုက်ပျိုးထားသော ဉယျာဉ်ကြီးများကို တွေ့လာရခြင်းပင်။ ဤသည်ကို ထွန်းကျော်လင်းက အထူးအဆန်းလိုမြင်သဖြင့် သူ့အဖေကို မေး၏။

"ပါပါ၊ ဒီဘန့်ပွေးပင်တွေကိုများ ဘာလို့ ခြံနဲ့ဝင်းနဲ့ စိုက်ထားကြတာလဲ။ ကုလားတွေက အသီးစားလို့လား"

"ဟာ- ပန်းဖွေးသီးတော့ လူစားမလားကွ၊ နွားပဲစားတဲ့ဟာ"

"ဒါဆို ပန်းဖွေးပင်တွေကို ခြံကြီးခြံငယ်တွေနဲ့ဘာလို့စိုက်ထားကြတာလဲ"

"ပါပါတို့ဆီက သနပ်ဖက်ခြံလိုလေကွာ။ ကုလားတွေ ဘီလီသောက်ကြတာ ပန်းဖွေးရွက်ပဲပေါ့"

သူ့အဖေရှင်းပြမှ ဘန့်ပွေးခြံတွေ စနစ်တကျ စိုက်ထားကြသည်ကို ထွန်းကျော်လင်းတို့မောင်နှမက သဘောပေါက်သွားကြ၏။

"ငရုတ်ကောင်းပင်တွေကိုလည်း ဒီအရပ်မှာ ခြံနဲ့စိုက်ကြတာပဲနော် ပါပါ"

"ဟုတ်တယ်၊ ငရုတ်ကောင်းကလည်း ဈေးကောင်းတာကိုး။ မင်းအဖိုးလေးတို့ ရာဇဌာနီ သောဒလီပါရာကို ရောက်ရင်လည်း ငရုတ်ကောင်းခြံကြီးတွေ တွေ့ရလိမ့်မယ်။ မင်းအဖိုးလေးက ငရုတ်ကောင်းပင်တွေကို ကွန်ကရစ်တိုင်စင်တွေနဲ့ စနစ်တကျ စိုက်ထားတာ။ ဒီအရပ်က ပရဆေးထွက်တဲ့ အရပ်တွေဆိုတော့ ကံ့ကော်ပင်ကြီးတွေလည်း အောထနေတာ ပါတယရွာဘက်ကျရင် မြင်ရလိမ့်မယ်။ ကံ့ကော်ဝတ်ဆံတွေက အမွှေးအကြိုင် လူသုံးကုန်ပစ္စည်းထုတ်လုပ်တာ။ ဟီလီတရိုက်ဘက်မှာ ပျားဖယောင်း၊ နနွင်းခါး၊ ဖာလာ၊ သစ်ကြံပိုး၊ စန္ဒကူး၊ နွယ်ချိုထုပ်တွေကို မြင်းတွေ၊ လားတွေနဲ့ တောင်ပေါ်က သယ်ချလာပြီး ကားဂိတ်ဘူတာရုံတွေမှာပုံထားကြတာ ဟိုတုန်းက ပါပါ မြင်ဖူးတယ်"

လမ်းတစ်လျှောက်တွင် ထွန်းကျော်လင်းမေးသမျှ သူ့အဖေက မနားတမ်းပြောပြလာသည်။

ဉယျာဉ်ခြံမြေကြီးတစ်ခြံကိုလွန်၍ လမ်းချိုးတစ်ခုကိုရောက်သည်နှင့် သော်ဒလီပါရာက 'ရာဇဌာနီ' ဆိုသော ဦးစံလှဘော်၏ တိုက်ကြီးကို ကုန်းလျှောဆင်ခြေစောင်းတွင် လှမ်းမြင်ရသည်။ ထိုတိုက်အိုကြီးကို မြင်ရသည်မှာ (၁၇) ရာစုက ရဲတိုက်ကြီးလိုလို၊ ဟိန္ဒူဘုရားကျောင်းလိုလိုပင်။

လေးဖက်လေးတန်တွင် အချွန်အတက်တွေ၊ ဓစ္စင်၊ ပြအိုးတွေလိုလို တံတိုင်းတိုက်ကြီး၏ ခေါင်မိုးတို့တွင် ထိုးထိုးထောင်ထောင်ကို လှမ်းမြင်နေရသည်မှာ အဆန်းတကြယ်ဖြစ်၏။ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာသုတ်အိမ်များ၊ နောက်ချေးကျံ မြေစိုက်တဲများကို ကားက ဖြတ်မောင်းလာသည်။ ပြေလျှောသော မြေနီလမ်းအတိုင်း ကားကဖြည်းဖြည်းတက်လာ၏။

အုတ်တံတိုင်းကာ အိမ်အဝင်ဝရှိ အုတ်အမိုးအခုံးတစ်ခုမှာ ထုထည်ကြီးမားလှသည်။ ထိုအမိုးအခုံးအောက်ကျောက်ဖြူပြားပေါ်တွင် အင်္ဂလိပ်၊ မြန်မာ၊ ကုလားစာတို့နှင့် ကမ္ပည်းရေးထိုးထားသည်။ ထိုကမ္ပည်းကို ထွန်းကျော်လင်းတို့ မောင်နှမက အသံထွက်ဖတ်လိုက်ကြ၏။

"ရာဇဌာနီ"

"ရာဇဌာနီဆိုတာ ဘာလဲဟင် ပါပါ"

ထွန်းကျော်လင်းက သူ့အဖေကို မေး၏။ သူ့အဖေက သူ့အဘွားနှင့် သူ့အမေတို့၏ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး တီးတိုးပြောလိုက်၏။

"မင်းတို့ အဖိုးလေးက အရှူးထပြီး ရေးထားတာ"

ထွန်းကျော်လင်းအား တီးတိုးပြောလိုက်သော ဦးသင်္ခါကျော်၏စကားကို သူ့သမီး သဇင်ဖြူကပါ အံ့ဩသွားပြီး -

"ဟင် - အဖိုးလေးက ရူးနေတာလား ပါပါ"

ဦးသင်္ခါကျော်က သူ့သမီးကို တိတ်၊ တိတ်ဟု ပါးစပ်လက်တားပြလိုက်သည်ကို မြင်ဖြစ်အောင်မြင်လိုက်သော သူ့မိန်းမ သန္တာဖြူက -

"ရာဇဌာနီ ဆိုတာ မင်းနေပြည်တော်တဲ့ သမီးရယ်"

ဟု ရယ်ကြဲကြဲနှင့် ပြောလိုက်၏။

"ဟင် - စောစောက ပါပါပြောတော့ အရူးထလို့လုပ်ထားတာဆို။ အဖိုးလေးက တစ်ခါတစ်ခါ အရူးထတတ်လား၊ သူငယ်ပြန်နေပြီလား"

ဤတစ်ခါတော့ ဒေါ်သန္တာဖြူက-

"ရှင်နော်၊ အရင်တစ်ခါ သားကြီးကို မဟုတ်တရုတ်လျှောက်ပြောသလို ခုလည်း ပြောပြန်ပလား။ အမေ ပြောပြမယ် မှတ်ထားကြ။ သမီးတို့၊ သားတို့ အဖိုးလေးက ခု အသက်ကိုးဆယ်နီးပါး ရှိနေပြီ၊ ဘာသူငယ်မှမပြန်ဘူး။ ဒီတိ



www.burmeseclassic.com

www.burmeseclassic.com

သွေးဇာတိမာန် ရှိတယ်။ ဟိုးရှေးရှေး တုန်းက ရခိုင်ဘုရင်တွေဟာ ဒီနေရာမှာ မြို့တည်ခဲ့ကြတယ်တဲ့။ အဲဒါကြောင့် မင်းတို့အဖိုးလေးက အင်္ဂလိပ်၊မြန်မာ၊ကုလား သုံးဘာသာနဲ့ ဘယ်လူလာလာသိအောင် ဆိုပြီး ရာဇဒွာနီလို့ ကမ္ပည်းထိုးထားတာ၊ ဘာအရှုံးထရမှာလဲ။ ရှင်တို့မြဝတီ သားတွေ ဘာနားလည်လဲ။ ယဉ်ကျေးမှု အစဉ်အလာရှိတဲ့အရပ်ကို ကဲ့ရဲ့တာ ကောင်းလား"

ဟု သူ့ယောက်ျား ဦးသဂ်ီကျော် ကို အော်ပစ်လိုက်၏။ သို့သော် ဦးသဂ်ီ ကျော်က ရယ်ဖြဲဖြဲနှင့် သူ့မိန်းမ ဘယ်လို မှ မကြားအောင် ထွန်းကျော်လင်းကို ဖက်ပြီး နားနားကပ်ကာ -

"ဒါအစပဲရှိသေးတယ်ကွ။ တိုက်ကြီးထဲရောက်ရင် မင်းတို့အဖိုးလေး အရှူးထထားတာတွေ နောက်အများကြီးမြင် ရပါလိမ့်မယ်"

ဟု သူ့မိန်းမ မျက်စောင်းထိုးနေသည့်ကြားထဲက တမင်စ,သလိုပြောပြန်သည်။ ထွန်းကျော်လင်းကတော့ ရယ်နေ၏။

ကားက ရာဇဒွာနီဟု ကမ္ပည်းထိုးထားသော ကြေးတံခါးကြီးရှေ့တွင် ရပ်သွားသည်။ ကြေးတံခါးက တော်တော်နှင့်ပွင့်မလာ။ ဦးသဂ်ီကျော်က -

"ဟွန်းတီးလိုက်ကွာ"

ဟု ပြောသည်ကို ဒေါ်သန္တာဖြူက -

"ရှင်သိသားနဲ့ အရင်တစ်ခါလိုလုပ်ပြန်ပြီ"

ဟု ဆိုသည်။

ကုလားဒရိုင်ဘာကတော့ ရယ်နေ၏။

ဦးသဂ်ီကျော်က သူ့မိန်းမကို စ,ချင်သဖြင့် -

"ဘာလဲ၊ မင်းအဘိုးအိုကြီးကို ကြောက်လို့လား။ အရေးပိုင်ကျကြီးမှာ ဘာအာဏာပါဝါမှ မရှိတော့ပါဘူးကွာ မကြောက်ပါနဲ့။ ဒါရာဇဒွာနီထက်အဆင့်မြင့်တဲ့ ရွှေပြည်ရခိုင်မြဝတီမြောက်ဦးနန်းတော်က မင်းသား၊ မင်းသမီးတွေ ကြွချီလာတော်မူလာတာ မင်းဘာမှတ်လို့လဲ"

"အဲဒါမှ အရူးကြီးစကားပြောနေတာ မှတ်ထားကြ"

ဒေါ်သန္တာဖြူ၏ စကားမဆုံးမီပင် သူ့အမေ ဒေါ်ကြာဦးဖြူ ကားပေါ်က ဆင်းပြီး ကြေးတံခါးကြီးဘေးရှိ လူဝင် (မင်းပုန်း) ပေါက်တံခါးလေးကို တွန်းတာ အထဲဝင်သွား၏။

ကားပေါ်က တခြားလူတွေကို မခေါ်။ ကားပေါ်ကလူတွေလည်း တစ်ယောက်မှ မဆင်းကြသဖြင့် ထွန်းကျော်လင်းက သူ့အဘွားနောက်ဆင်းလိုက်ရန်လုပ်သောအခါ ဦးသဂ်ီကျော်က သူ့သားကို ဆွဲထားသည်။

"ဟင် - ပါပါ၊ ဘာဖြစ်လို့လဲ"

"မင်းအဖိုးလေး ပြူရိုကရက်ကြီးအကြောင်း မင်းမသိပါဘူး။ မင်းအဘွားသံခင်းတမန်ခင်းသွားတာ အရေးပိုင်လောက်ဖြစ်ခဲ့လို့ပေါ့ကွာ။ ငါတို့ မြဝတီက အမျိုးတွေကို အင်္ဂလိပ်ဆွဲပေးထားတဲ့ မင်းကြီးလည်ပတ်နဲ့သာဆို မင်းအမေတို့အမျိုးတွေက ဘယ်လိုနေမလဲ မသိဘူး"

"ဦးသဂ်ီ၊ အဘိုးလေးက ရှင့်အဖေထက်ကြီးတယ်နော်။ ငရဲမကြောက်ဘူးလား"

ဒေါ်သန္တာဖြူ၏စကားအဆုံးမှာ -

"သား၊ ဒါ ရာဇဒွာနီက မင်းတို့အမျိုးတွေ ကုလားပြည်မှာ အရူးထနေကြတာ အစပဲရှိပါသေးတယ်ဆိုတာ စောစောက ငါမပြောဘူးလား"

ဦးသဂ်ီကျော်၏ စကားကို ဤတစ်ခါတော့ ဇနီးသည် သန္တာဖြူကပါ ဝင်ရယ်၏။

ထိုစဉ် မားကောက်ကြီးချိတ်ထားသော ပထန်ကုလားကြီးတစ်ယောက်က ကြေးတံခါးကို လာဖွင့်ပေးသည်။ ထိုအခါမှ ကားက ဟွန်းတီးပြီး ခြံတွင်းထဲဝင်လာ၏။ အပြင်က လှမ်းမြင်စဉ်၌ တိုက်ကြီးနှင့် တံတိုင်းရှည်ကြီးမှာ ကပ်လျက်ဟု ထင်ခဲ့ရသော်လည်း တံတိုင်းကြားနှင့် တိုက်ကြီးကြားတွင် ဆေးနီ၊ ဆေးဝါသုတ်အိမ်တွေနှင့် မြေစိုက်တဲအိမ်လေးများ လေး ငါးလုံးကို တွေ့ရ၏။ အလှအပ စိုက်ပျိုးထားသော ရောင်စုံပန်းဥယျာဉ်တစ်ခင်းကိုလည်း တွေ့ရ၏။ ထိုပန်းဥယျာဉ်ကို ဖြတ်ဖောက်ထားသော ဆင်ခြေလျှော ကတ္တရာခင်း ကားလမ်းအတိုင်း ကားဖြည်းဖြည်း မောင်းတက်လာပြီး တိုက်ကြီး၏ ဆင်ဝင်ရှေ့တွင်ရပ်လိုက်သည်။ ထိုအခါမှ ဦးအောင်တိုင်တို့မိသားစုမှာ ကားပေါ်က ဆင်းကြရသည်။

ဆင်ဝင်အောက်၌ကြိုနေကြသော အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးသုံးယောက်ကိုတွေ့ရသည်။ ယခင်ကလည်း သိဟောင်းကျွမ်းဟောင်း ဖြစ်သဖြင့် အမျိုးသားတစ်ယောက်က -

"အခင်ကြီးတို့ လာဝင်ကြပါ"

ဟု တိုက်ကြီးထဲဦး[illegible]

မှိုင်းလုံးကော်ဇော[illegible]သော တိုက်ကြီးပေါ်တွင် ယောကျ်ား မိန်းမသူ ဆယ်ယောက်ခန့်တို့ ထိုင်နေကြသည်။ ထိုလူအုပ်ထဲတွင် အစောဆုံးဝင်းထဲ မင်းပုံးပေါက်က ဝင်သွားသော ဒေါ်ကြာဦးဖြူကိုလည်း တွေ့ရသည်။ ကော်ဇောပေါ်တွင် ထိုင်နေကြသော လူအုပ်ထိပ်တွင် ကုလားထိုင်ကြီးနှင့် အခန့်သားထိုင်နေသူ ခေါင်းဖြူဖြူနှင့် အဘိုးကြီးကိုတော့ ထွန်းကျော်လင်းတို့ မောင်နှမက မမေးဘဲနှင့် သူတို့အဖိုးလေး ဦးစံလှဘော် ဆိုသူဖြစ်ကြောင်း ခန့်မှန်းမိကြသည်။

ဦးအောင်တိုင်တို့မိသားစုကို ဦးစံလှဘော်ကအစ အားလုံး မတ်တတ်ထ လက်ကန်တော့ထိုး၍ ကုလားယဉ်ကျေးမှုနှင့် နှုတ်ဆက်ကြသည်။ အပြန်ပြန်အလှန်လှန်ပြီးမှ ဒေါ်ကြာဦးဖြူက တစ်ခါမှ ရာဇဒွာနီကို မရောက်ဘူးကြသေးသော သူ့မြေးနှစ်ယောက်ကို သူ့ဦးလေး ဦးစံလှဘော်နှင့် မိတ်ဆက်ပေးသည်။ ကျန်လူများမှာ ယခင်က ပန်းဝါသွားရင်း၊ စိန်မြှောင်ဘုရားပွဲလာရင်း၊ ဂယာသွားရင်း မြင်ဖူးတွေ့ဖူးသိဖူးကြပြီးသားဖြစ်သဖြင့် စစ်ကြီးအကြောင်း၊ဆွေမျိုးတွေအကြောင်း မေးမဆုံးပြောမဆုံးဖြစ်နေကြသည်။

"ငါ့မြေးတွေက ငါတို့ရာဇဒွာနီဘက် တူလား၊ မြဝတီဘက် တူလား အဖိုးလေးကြည့်စမ်းပါ့မယ်။ လာ - ဒီကို တိုးပါ"

ထွန်းကျော်လင်းတို့ မောင်နှမက ဦးစံလှဘော်ဘေး တစ်ယောက်တစ်ဖက် ရွံ့ရွံ့နှင့် လက်ယှက်၍ သွားရပ်ကြသည်။ ဦးစံလှဘော်က အားရပါးရ ဖက်ကာ မောင်နှမနှစ်ယောက်၏ မျက်နှာကို သေသေချာချာကြည့်သည်။

"ငါ့မြေးလေးတွေက ငါတို့ ရာဇဒွာနီဘက်တူပါတယ်။ ကြည့်ကြပါဦး၊ အဲဒါကြောင့် ချောလိုက်ကြတာ။ ဒီမြေးမလေးဆို ချောလိုက်လှလိုက်တာ ရာဇဒွာနီမှာတောင် ရှာလို့ရမှာ မဟုတ်ဘူး"

ဟု ပြောပြီး နှစ်ယောက်စလုံးကို အားရပါးရ ဖက်နမ်းသည်။

ကြည့်ကြပါဦး ဆိုသဖြင့် ဝိုင်းကြည့်သူထဲမှ သူ့မြေးတော်ကြီး သော်ဒါရှ က -

"ဘိုးဘိုး၊ ရာဇဒွာနီမှာတောင် ရှာမရဘူးဆိုတော့ မြဝတီဘက်သွားတူလို့ ပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ အားလုံး ဝိုင်းရယ်ကြသည်။ အဘိုးကြီးလည်း ရယ်နေ၏။

ဦးစံလှဘော်မှာ အသက်ရှစ်ဆယ်ကျော်ပြီး သန်သန်မာမာပင်ရှိသေး၏။ သူ၏ပါးသိုင်းမွေးကြမ်းကြမ်းကြီးနှင့် ဖက်နမ်းသောအခါ 'ထွန်းကျော်လင်းတို့ မောင်နှမမှာ မသိမသာတွန့်တွန့်သွားကြသည်။ ဤသည်ကိုပင် သူ့သမီးကြီး ဒေါ်အောင်သော်ဒါက -

"မောင်လေးရဲ့ လသားလေးကို ပါပါ ဖက်ဖက်နမ်းတိုင်း ငိုပါတယ်၊ ငိုပါတယ်ဆိုပြီး ပြောနေကြတာ။ နောက်တော့မှ ပါပါ့(ဗရမ်း)ပါးသိုင်းမွေးစူးလို့ ကလေးက ငိုတာကိုး။ ဟဲဟဲ - ခုလည်း အကျွန်မြင်တယ်၊ ဧည့ဝတီက အကျွန့်မြေးတွေ ပါပါဖက်နမ်းတိုင်း တွန့်တွန့်နေကြပြီ တော်ပါတော့"

ဟု ပြောလိုက်သောအခါ ဝိုင်းရယ်ကြပြန်သည်။

ဦးစံလှဘော်က သူ့သမီးကြီး အောင်သော်ဒါ၏အပြောကို ရှက်ရှက်နှင့် ထွန်းကျော်လင်းကို -

"ဧည့ဝတီသားကြီး၊ ခုဘယ်နှတန်း ရောက်ပြီလဲ"

ဟု မေး၏။

ထွန်းကျော်လင်းက တက္ကသိုလ်ဝင်တန်းတစ်ပိုင်းတစ်စနှင့် စစ်ပြေးလာခဲ့ကြရကြောင်းပြောသောအခါ ဦးစံလှဘော်က ကာလကတ္တားမှာ ကျောင်းဆက်တက်သွားနေရမည်။ သူ့သမီးအငယ် စာရာဝတီနှင့် သူ့မြေးသမက်၊ မြေးချွေးမတွေမှာလည်း တက္ကသိုလ်ဝင်တန်းထိ ရောက်နေသည်မှာ စာတော်၍ ဖြစ်ကြောင်း၊ သူ့တုန်းက ဤအသက်အရွယ် ခုနစ်တန်းသာ ရှိသေးကြောင်း၊ စစ်ကြီးကြောင့် တစ်နှစ်ကျောင်းပျက်သွားသည်မှာ နှမြောစရာကောင်းကြောင်း၊ မဖြစ်မနေ ထွန်းကျော်လင်းကို ကာလကတ္တားကို ပို့ပြီး ကျောင်းထားပေးကြရမည်ဟု အရေးပိုင်ကြီးလေသံနှင့် အမိန့်ပေးလေသည်။

ထို့နောက် ထွန်းကျော်လင်းကိုလည်း စာတော်၊ မတော် စမ်းသည့်သဘောလားမသိ။ ထွန်းကျော်လင်းကို အင်္ဂလိပ်လိုချည်း မှတ်တော့သည်။ ထွန်းကျော်လင်းမှာလည်း ရှုံ့ရှုံ့နှင့် တတ်သရွေ့ မှတ်သရွေ့ ပြန်မှတ်ပြီး ထွန်းကျော်လင်းများသွားလျှင် မြေးအဘိုးနှစ်ယောက် ရယ်မောပြီး စတားဖြတ်မရ ဖြစ်နေကြ၏။

ဤသည်ကို ထွန်းကျော်လင်း အဖေ၏ ဦးသင်္ဂါကျော်က သူ့သားဆီ မျက်စပြပြီး -

"မင်းကို ငါမပြောဘူးလား။ ဒါက အရှူးထတာ အစပဲရှိသေးတယ်"

ဟူသော သဘောနှင့် ပြုံးပြနေသည်။

ဤသို့နှင့် ဦးအောင်တိုင်တို့ ရာဇဌာနီရောက် ဆွေမျိုးဧည့်သည်တွေမှာ ဦးသင်္ဂါကျော်စကားနှင့်ဆိုရလျှင် 'အရူးထ၍မပြီးသေး။ ဧည့်ခန်းကြီး၏တစ်ဖက်ထောင့်ရှိ ကော်ဇောခင်းထားသော တစ်နေရာသို့ ဦးအောင်တိုင်တို့ မိသားစုကို ခေါ်လာပြန်သည်။ အဝတ်ခင်းထားသော စားပွဲပေါ်တွင် ရွှေဇဝါကွပ်သားရေဖုံးစာအုပ်ကြီးတစ်အုပ်နှင့် ကလောင်တံတစ်ချောင်းကို ပန်းအိုးထဲတွင်ထိုးစိုက်ထားသည်။ ထိုစားပွဲနောက်ရှိနံရံတွင် ကပ်ထားသော စလင်းကျောက်ရှည်ပြားတစ်ခု၌ စာတန်းထိုးထွင်းထားသည်။

*'မိတ်ဆွေကောင်းမှန်လျှင် ဤစာအုပ်တွင် နေရပ်လိပ်စာနှင့် လက်မှတ်ချီးမြှင့်ခဲ့ပါ'*

အင်္ဂလိပ်၊ မြန်မာ၊ ကုလား သုံးဘာသာနှင့် ရေးထိုးထားသော စာတန်းကို ဦးသင်္ဂါကျော်တို့ သားအဖက ပြိုင်တူပြုံးကြည့်ကြပြီး ကြီးစဉ်ငယ်လိုက် လက်မှတ်ရေးထိုးကြပြန်သည်။ ဤသည်ကို အနားတွင် ရပ်ကြည့်နေသော ဦးစံလှဘော်က -

"အဖိုးလေးတို့ အမျိုးတွေ၊ အဖိုးလေးမိတ်ဆွေတွေ ရာဇဌာနီကို ဘယ်နှစ်ကဘယ်လူလာသွားတယ်၊ ဘယ်လူက ဘယ်နှခေါက်ရောက်ပြီးဆိုတာ အဖိုးလေး ဒီစာအုပ်မှာ လှန်ကြည့်လိုက်ရုံပဲ။ အဖိုးလေး ပင်စင်ယူပြီးကတည်းက အလွမ်းပြေ ပြုစုထားတာ။ အိမ်တိုင်းမှာ ဒီလိုမှတ်တမ်းမျိုးမရှိသင့်ဘူးလားကွယ်"

"ရှိသင့်ပါတယ် အဖိုးလေး"

ဦးစံလှဘော်က ထွန်းကျော်လင်းကို ဦးတည်မေးသည်။ ထွန်းကျော်လင်းက ရှိသင့်ကြောင်း၊ ထားသင့်ကြောင်း ပြန်ပြောပြနေရ၏။ နောက်လူတွေကတော့ ဣန္ဒြေမပျက်ငြိမ်နေကြရသည်။

"အဖိုးလေးတို့ အမျိုးထဲက ဒီနှစ် ရာဇဌာနီရောက် လူသစ်နှစ်ယောက်ကတော့ ငါ့မြေးတို့ နှစ်ယောက်ပဲ။ အဖိုးလေး ဒီလိုလုပ်ထားတာကို အဖိုးလေး အစ်ကိုကတော့ အပိုလို့ထင်တယ်။ နောက်မှ သူသဘောပေါက်တယ်။ ငါ့မြေးတို့ မှတ်ထားကြ။ လူတစ်ယောက်ရဲ့ သမိုင်းဟာ သူ့ရဲ့ရပ်သမိုင်း၊ မြို့သမိုင်းဖြစ်သလို နိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်းလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဖြစ်ချင်ဖြစ်လာတတ်တာပဲ။ ခုကြည့်၊ အဓိပတိကြီး စစ်ဘုရင် ဟစ်တလာဆို အဖေတောင် ခေါ်စရာမရှိတဲ့ လူတစ်ယောက်ဘဲ။ ဟစ်တလာဆိုတာနဲ့ ဥရောပတစ်ခွင်လုံး သိမ့်သိမ့်တုန်နေရတယ် မဟုတ်လား။ ဒီတော့ အဖိုးလေး ပြောချင်တာက လူတိုင်းလူတိုင်းမှာ စာမျက်နှာတွေရှိကြတယ်။ ကမ္ဘာမကျော်တောင် ကိုယ့်အိမ်ကိုယ့်ရွာမှာပဲဖြစ်ဖြစ်ပေါ့။ ငါ့မြေးက ပညာတတ်ဖြစ်မယ့်လူဆိုတော့ စာမျက်နှာကပိုရှည်ရမှာပေါ့ မဟုတ်ဘူးလား ငါ့မြေး"

"ဟုတ်ကဲ့ပါ၊ ဟုတ်ပါတယ် အဖိုးလေး"

ဦးစံလှဘော်မှာ စကားပြောဖော်မရှိ၍လားမသိ။ ထွန်းကျော်လင်းကို လက်တွဲမဖြုတ်သလို စကားလည်း မပြတ်ပြောလာ၏။

"အေး - နောက်တော့ ငါ့မြေးကို အဖိုးလေး ဗဟုသုတတွေ အများကြီး ပြောပြရဦးမယ် လာ၊ လာ"

သွားရင်းက သူအရေးပိုင်ကြီးလုပ်ခဲ့စဉ်က အကြောင်းတွေလည်း ပါ၏။

ဦးစံလှဘော်က ဦးအောင်တိုင်တို့ မိသားစုအား စစ်ကြီးမပြီးမချင်း ရာဇဌာနီမှာနေသွားကြရန်ပြောသည်။ ဟီလီတရိုက်၊ ဘန်ဒါပင် (ရွာတော်) ပန်းဝါ၊ ဖလောင်းချိတ်၊ ရဇပါရာ၊ သော်ဒလီပါရာမှဆွေမျိုးများကို စုံစုံစေ့စေ့ဖိတ်ကြားပြီး ထမင်းစားပွဲကြီး တစ်နေ့လုပ်ဦးမည်ဟုလည်း ကြိမ်းဝါးနေသည်။

ညနေကျတော့ ဦးစံလှဘော်က ထွန်းကျော်လင်းတို့မောင်နှမနှစ်ယောက်ကိုလက်တွဲခေါ်ပြီး အိမ်ရှေ့ ဆင်ဝင်ဝအုတ်နံရံကို မော့ကြည့်ပြီး မေး၏။

"ဒီသက္ကရာဇ်ကို ငါ့မြေးတို့ သိလား"

အဖိုးလေး မော့ကြည့်ပြီးမေးမှမြင်မိကြသည်။ ရောက်စတုန်းကမူ မော့မကြည့်မိခဲ့ကြပေ။ ထိုနေရာမှာလည်း စလင်ကျောက်ပြားပေါ် အင်္ဂလိပ်၊ မြန်မာ၊ ကုလားသက္ကရာဇ်များ ရေးထွင်းထားသည်ကို တွေ့ရပြန်သည်။ မြန်မာနှစ် ၁၈၂၄ ခု ဖြစ်သည်။

"ဒီတိုက်ကြီးကို အဖိုးလေးပါပါ ငါ့မြေးတို့ဘေးက ဘာကြောင့် ဒီသက္ကရာဇ်မှာဆောက်ရလဲဆိုတာတော့ သိကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"မသိပါဘူး အဖိုးလေး"

"အေး - မှတ်ထားကြ။ အဖိုးလေးတို့ ငါ့မြေးတို့ ကျွန်စဖြစ်တာ ရခိုင်နဲ့ တနင်္သာရီကို အင်္ဂလိပ်မင်း သိမ်းတာ ဒီသက္ကရာဇ်ပဲ။ အဲဒါကြောင့် မှတ်မှတ်ရရ ရှိကြလေအောင် ကမ္ပည်းမော်ကွန်းတင်ထားတဲ့ သဘောဗျ"

"ဟုတ်ကဲ့ပါ အဖိုးလေး"

"အေး - ထိုးမှရာဇဝင်၊ တင်မှကမ္ပည်း၊ ရေးမှမှတ်တမ်း၊ ထားမှ မော်ကွန်း၊ ရှိမှ သမိုင်း၊ မှတ်မှကောဇာ၊ ထိုမှ မြို့ရွာ ရှည်ကြာမြဲမြဲ တည်စေကြောင်း ဆို မဟုတ်လား"

"ဟုတ်ကဲ့ပါ အဖိုးလေး"

ဤသည်ကစ၍ အဖိုးလေးသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအကြောင်းကို ထွန်းကျော်လင်းတို့ မောင်နှမ နှစ်ယောက်အား လမ်းလျှောက်ရင်း ပြောပြနေပြန်သည်။

စစ်တကောင်းမြို့နယ် ယာယီအုပ်ချုပ်ရေးမှူး မစ္စတာစီအာထက်ထရိုက် (Acting Contreller C.R Cartwright) ဦးဆောင်သော အင်္ဂလိပ်စစ်တပ်သည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်သို့ တက်ရောက်၍ မည်သို့သော အခွင့်အာဏာမပါဘဲ မြန်မာနိုင်ငံအလံကို နုတ်ပြီး အင်္ဂလိပ်အလံကို စိုက်ထူခဲ့သည်။ ထို့ကြောင့် ၁၈၂၄ ခု၊ မေလ ၅ ရက်နေ့တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။

ဤသို့ဖြင့် ရှင်မဖြူကျွန်းနှင့် ရှင်မညီကျွန်းတို့မှာ သမိုင်းဝင်ကျွန်းဖြစ်လာသည်ဟု ထိုနှစ်က တည်ဆောက်ခဲ့သော အဖိုးလေးတို့ ဤတိုက်မှာလည်း သမိုင်းဝင်သည်ဟုဆို၏။ ဤတိုက်ကြီးမှာ ယခုနှစ်ပေါင်း တစ်ရာကျော်ပြီ။ ထိုနှစ်ပေါင်း တစ်ရာကျော်အတွင်း ဤတိုက်ကြီးတွင် မိသားစုထဲက တစ်ယောက်ယောက်၊ မိသားစုတစ်စု နေကိုနေနေရသည်မှာလည်းအစဉ်အလာဖြစ်သည်။ အဖိုးလေးကို မွေးသည်မှာလည်း ဤတိုက်ကြီးမှာပင်ဖြစ်ကြောင်း ပြောပြသည်။ မိမိတို့၏ ချပ်မြှုပ်မွေးရပ်မြေ ဆိုသည်မှာ မမေ့ကောင်းမမေ့အပ်သော ဌာနီဌာန ဖြစ်သည်ကိုလည်း 'ဇာတိချက်ကြွေ၊ ရန်အောင်မြေနှင့်၊ သွန်းရေခံရာ၊ ခန်းဝါထင်ရှား၊ ရပ်သုံးပါး' ဟု ဆို၏။

သူ့အဖိုးလေးကို သူ့အဖေကသာ ယူဒိုပီယံကြီး၊ ဗြူရိုကရက်ကြီးဟုဆိုသော်လည်း ထွန်းတော်လင်းကမူ သူ့အဖိုးလေးကို အလွန်ချစ်စရာကောင်းသူ၊ ပျော်ပျော်နေတတ်သူဟုမြင်သည်။ ထို့ကြောင့်လည်း သူတို့၏ အဖိုးလေးသည် ယခုအသက်ရှစ်ဆယ်ကျော်ထိ ကျန်းကျန်းမာမာပင်ရှိနေသေးသည်။

အဖိုးလေးက မနက်လမ်းလျှောက်ရအောင်ဟု ခေါ်သဖြင့် ထွန်းကျော်လင်း လိုက်သွားရာ အဖိုးလေး ရပ်စောင့်နေသောနေရာကို ထွန်းကျော်လင်းမရောက်မီမှာပင် တဲတစ်လုံးထဲက သံကြိုးတန်းလန်းနှင့်ဆွဲခေါ်လာသော ဝက်ဝံကြီးတစ်ကောင်ကို ကုလားတစ်ယောက်က အဖိုးလေး လက်ထဲလာထည့်သည်။ အဖိုးလေးသည် ကုလားလာပေးသောသံကြိုးကိုဆွဲပြီး ဝက်ဝံနှင့်အတူ အိမ်လေးတွေကိုဖြတ်ပြီး တိုက်ကြီးဝင်းထဲကထွက်လာသည်။ ထွန်းကျော်လင်းလည်း သူ့အဖိုးနောက်က လိုက်လာရ၏။

ဝက်ဝံကြီးကို ကြောက်၍ အဖိုးနားကို မကပ်ရဲသည်ကို အဖိုးလေးက -

"ဒီကောင်က သိပ်လိမ္မာတာ။ ငါ့မြေးကို အန္တရာယ်မပြုပါဘူး။ လာပါ၊ မကြောက်ပါနဲ့"

ဟု ပြော၏။

တံပိုရတောင်ခြေရှိ အနီးအနားက ပရဆေးခန်းများနှင့် သူ့အလုပ်သမားများ ရွာကို တစ်နာရီလောက်လျှောက်ပြီး လိုက်ပြသည်။ တိုက်ကြီးထဲ ပြန်လာကြသောအချိန်မှာ နံနက် (၈)နာရီကျော်ပြီ။

ဝက်ဝံကြီးတစ်ကောင်ကို ဆွဲပြီး လမ်းလျှောက်ပြန်လာကြသော ထွန်းကျော်လင်းတို့ မြေးအဘိုးကို တိုက်ပေါ်ဝရန်တာကလှမ်းကြည့်နေသော ဦးသဂီကျော်က သူ့သားကို ပြုံးပြနေသည်။ ဤသည်မှာလည်း ရာဇဌာနီသားတို့၏ အရူးထခြင်းတစ်မျိုးဟု သူ့သား ထွန်းကျော်လင်းကို ပြောနေသယောင်ပင်။

အမှန်က သူတို့အရပ်တွင် ဤသို့ ဝက်ဝံကို မွေးထားနိုင်ခြင်း၊ ဝက်ဝံကြီးတစ်ကောင်ကိုဆွဲပြီး လမ်းလျှောက်နေနိုင်သူမှာ ဂုဏ်သိက္ခာကြီးတစ်ခု။ သော်ဒလီတွေ၊ မဟာရာဂျာတွေသာလုပ်နိုင်သောအလုပ်ဟု ဂုဏ်ယူကြခြင်းကို သူ့အဖေက ပြောပြမှ ထွန်းကျော်လင်းက သိရသည်။

ညနေစာစားခါနီးတွင် တိုက်ကြီးထဲ မီးတွေလင်းလာသည်။ ဤသည်ကို အောက်လင်းလက်ဆွဲဓာတ်မီးနှင့်သာ နေလာခဲ့ရသော သဇင်ဖြူက အံ့ဩတကြီးနှင့် သူ့အဖေ ဦးသဂီကျော်ကို မေးသည်။ အာစီရဝတီရှိ မီးစက်က မီးပေးထားသည်ဟု ဆို၏။

အိမ်ရှင်မိသားစုနှင့် ဧည့်သည်မိသားစုဆွေမျိုးတို့မှာ ညနေစာစားပြီးချိန်မှစ၍ တော်တော်နှင့်စကားမပြတ်ကြ။ မင်းယောက်ကျားများက ရေဒီယိုနား ဝိုင်းထိုင်ကာ စစ်သတင်း၊ စစ်အခြေအနေကို ဝေဖန်မိကပြောဆိုနေကြသလို မိန်းမသူများကမူ ဆွေမျိုးသားချင်းများအကြောင်း ဓာတ်ဆက်နားထောင်ရင်း ပြောဆိုနေကြသည်။

သော်ဒလီပါရာရှိ ဦးစံလှဘော်တို့ တိုက်ကြီးထဲရောက်ပြီး သုံးရက်ခန့်အကြာတွင် ဘန်ဒါပင်(ရွာတော်)မှ မရမာ (မြန်မာ၊ ဗမာ) ကြီးနှစ်ယောက်သည် ရာဇဌာနီဘက်လာရင်း လမ်းကြုံသဖြင့် အဖိုးလေးတို့တိုက်ထဲ ဝင်လာကြသည်။ သူတို့သည် ဧည့ဝတီက စစ်ပြေးအမျိုးတွေ ရောက်နေကြသည် ကြားသဖြင့် တွေ့ရအောင် ဝင်လာကြသည်ဟု ဆို၏။ အဖိုးလေးနှင့် သိဟောင်းကျွမ်းဟောင်းဖြစ်သဖြင့် တိုင်းရေးပြည်ရေးသိချင်ကြတာလည်း ပါလေမည်။

ဘန်ဒါပင်က ထိုဧည့်သည် နှစ်ယောက်ကို ဒေါ်ကြာဦးဖြူကလွဲလျှင် ထွန်းကျော်လင်းတို့ မိသားစုကား လုံးဝသိကြသည်မဟုတ်။ အသက်ခုနစ်ဆယ်ခန့်ရှိ ဦးထွန်းပေါ် ဆိုသော အဘိုးကြီးနှင့် ဒေါ်ကြာဦးဖြူတို့ကတော့ ငယ်စဉ်ခါ ပန်းဝါတွင်နေစဉ်က သိကျွမ်းခဲ့ကြသည်ဟု ဆိုသည်။ နောက်တစ်ယောက် ဘင်ဒါသားကိုတော့ ဒေါ်ကြာဦးဖြူလည်း မသိ။ ဟီလီတရိုက်သား ဇာတိဖြစ်ပြီး သူ့ကိုယ်သူ 'ဗမာ'ဟု ပြောသည်။

ရွာတော်(ဘင်ဒရာဘင်)ဆိုသည်မှာ ရခိုင်၊ ဗမာတွေအတွက် သမိုင်းရှိသောအရပ် ဖြစ်သည်။ တောင်တန်းဒေသတွင် ရွာတော် အပါအဝင် သက်ထောင်၊ ပိုလံထောင်၊ ဗိုလ်မင်းထောင်၊ မြို့ထောင်ဟု တိုက်နယ်ကြီးလေးနယ်ရှိသည်။ ထိုတိုက်နယ်ကြီးလေးနယ်တွင် ဗုဒ္ဓဘာသာဝင်များလည်း ခေတ်အဆက်ဆက်၌ နေထိုင်ခဲ့ကြသည်။ ရွာတော် (ဘင်ဒရာဘင်) မှာ ဗိုလ်မင်း ရခိုင်တိုင်းရင်းသားတို့၏ မူးစိုက်ရာနေရာဖြစ်သည်။

မြန်မာလူမျိုးများ ထိုဒေသကို ရောက်လာနေထိုင်ခဲ့ကြသည်မှာ ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်လောက်ကပင် ဖြစ်သည်။ ဘုရင့်နောင် တည်ထောင်ခဲ့သော ဟံသာဝတီနေပြည်တော်ကြီးကို ရခိုင်မင်း တောင်ငူမင်းနှင့် ယိုးဒယားမင်းတို့ သုံးပွင့်ဆိုင် ဝိုင်းတိုက်ကြသဖြင့် ဟံသာ



www.burmeseclassic.com

www.burmeseclassic.com

ဝတီ ပျက်လေသည်။

ရခိုင်ပြည်မြောက်ဦးခေတ် ဒုတိယ မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂) အုပ်စိုးချိန်တွင် မင်းရဲကျော်ထင် အမည်ရှိသော တောင်ငူမင်း သီဟသူသည် နောင်တော် ဟံသာဝတီ ပဲခူးမင်း နန္ဒဘုရင်ကို လက်ဆောင်ပဏ္ဏာအမြောက်အမြားပေး၍ ရခိုင်ဘုရင် မင်းရာဇာကြီးထံ စစ်ကူတောင်းပြီး သံတမန်စေလွှတ်သည်။ သီဟသူ၏စစ်ကူတောင်းသဝဏ်လွှာတွင် -

'ဟံသာဝတီ ပဲခူးမြို့ကို ကူညီတိုက်ပေးတော်မူပါ။ ပဲခူးကို ရလျှင် သမီးကညာ၊ ဆင်ဖြူရတနာတို့ကို ဆက်သပါမည်။'

(မြန်မာစာညွှန့်ပေါင်းကျမ်း တွဲ-၁၊ စာ-၃၃၁)

ထိုသဝဏ်လွှာကိုရသော မင်းရာဇာကြီးသည် ဟံသာဝတီ ပဲခူးကို ကူညီတိုက်ပေးရန် စစ်အင်္ဂါတွေ ချက်ချင်းပြင်ဆင်သည်။ပင်လယ်ရေကြောင်းကို တိုက်သင်္ဘော (၃၀၀)၊ ဘင်္ဂလား(၁၂)မြို့မှ ကုလားသူရဲ (၃၀၀၀၀) ကို ဆင့်ခေါ်၍ သားတော် အိမ်ရှေ့မင်း မင်းခမောင်းကို ဦးစီးစေ၏။ မင်းခမောင်း၏ ရေကြောင်းတပ်များသည် ဗသ္သူးကျွန်း မော်တင်ဝမှ လှည့်ပြီး သန်လျင်ကို ဦးစွာချီတက်တိုက်ခိုက်စေသည်။

မင်းရာဇာကြီးကိုယ်တိုင်ကတော့ မူ ကုလားတန်စား အမတ်စောနံ၊ မြို့စားအမတ်အောင်နိုင် တန်းလွဲအမတ် ဂါမနိ၊ သံထောင်စားအမတ် တုံးညို၊ အမ်းစားအမတ် တုရင်သူ၊ တောင်ကုတ်စားအမတ်ရန်မျိုးအောင်၊ မြို့ချောင်းစားအမတ် သက်မင်းကောင်းလှဖြူ ကိုယ်ရံကြီး မဇ္ဈိမသောက စသော ရဲမက်ဗိုလ်ပါများနှင့် လက်ဝဲ၊ လက်ယာ ခြံရံကာ ကြည်းကြောင်းက ချီလာသည်။

ခရစ် ၁၅၉၉ ခုနှစ်မှာ တောင်ငူဘုရင်က ဟံသာဝတီမြို့တော်၏ အရှေ့ဘက် သားတော် နတ်ရှင်နောင်က ဟံသာဝတီမြို့တော်၏ မြောက်ဘက်၊ ရခိုင်ဘုရင် မင်းရာဇာကြီး၏ သားတော် မင်းခမောင်းက မြို့တော်၏ တောင်ဘက်၊ မင်းရာဇာကြီးက မြို့တော်၏ အနောက်ဘက်၊ ဟံသာဗိုင်းဂနိုင်းက တပ်ချ ဝန်းရံထားကြသည်။

ကြာသောအခါ ဟံသာဝတီသားတွေမှာ စားနပ်ရိက္ခာအခက်အခဲကြောင့် မြို့တံခါးကို ဖွင့်လိုက်ရပြီး ဟံသာဝတီ ကျရှုံးလေသည်။ နန္ဒဘုရင်ကို တောင်ငူခေါ်ဆောင်ခဲ့ပြီး နတ်ရှင်နောင်က ကွပ်မျက်လိုက်သည်။

ဟံသာဝတီ နေပြည်တော်ကြီး ကျဆုံးသွားသောအခါ ရခိုင်ဘုရင်က ဟံသာဝတီမင်းပိုင် ရွှေငွေရတနာများနှင့် ယိုးဒယားကြေးရုပ်ကြီးတွေကို ယူသည်။ တောင်ငူမင်းကမူ သီဟိုဠ်စွယ်တော်နှင့် ကျောက်သပိတ်တော်တို့ကို ယူသည်။ ထိုအချိန်မှာပင် ဟံသာဝတီနှင့် တောင်ငူကို ချီတက်လာသော ယိုးဒယားဘုရင် ဗြနရာဇ်တပ်တွေကို ရခိုင်အိမ်ရှေ့မင်းသား မင်းခမောင်းတပ်တွေ လမ်းခုလတ်က ဖြတ်တိုက်ရာ ယိုးဒယားဘုရင်၏ ညီတော် ဗျသမွန်ကို လက်ရဖမ်းမိသည်။ ဗျသမွန်ကို ကောင်းမွန်စွာ စောင့်ရှောက်ထားပြီး ယိုးဒယားအမြောက် (၃၀၀၀) နှင့် အလဲအလှယ်လုပ်ကြသည်။

ဟံသာဝတီနှင့် တောင်ငူကို ထိပါးလာသည့် ယိုးဒယားတပ်တွေကို တိုက်ပေးသည့်အပြင် ဟံသာဝတီ ပဲခူးကိုလည်း တိုက်ပေးသည့်အတွက် တောင်ငူမင်းက ရခိုင်မင်းရာဇာကြီးအား ဟံသာဝတီကေရာဇ်၏ သမီးတော် ရှင်ထွေးနှောင်းခေါ် ခင်မနှောင်းကို မိဖုရားအဆောင်အယောင်နှင့် ကတော်လေးယောက်၊ ကိုယ်လုပ်တော်သုံးကျိပ်၊ ယိုးဒယားက ရထားသော ဆင်ဖြူတော်တစ်စီးကိုပါ ကတိအတိုင်း ပေးအပ်လိုက်သည်။

တောင်ငူမင်းက နောင်တော် ဟံသာဝတီမင်း၏သမီးတော် ခင်မနှောင်းကို မင်းရာဇာကြီးထံ လက်ဆောင်ပေးလိုက်သဖြင့် တောင်ငူမင်းက မင်းရာဇာကြီးကို တူတော်၊ မင်းရာဇာကြီးက တောင်ငူမင်းကို ဦးရီးတော်ခေါ်၍ ရခိုင်နှင့် ချစ်ကြည်ရေးလုပ်ကြသည်။

ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်တွင် မင်းရာဇာကြီး ရခိုင်ကို ပြန်သည်။ ရခိုင်ကို ရောက်သောအခါ ရှင်ထွေးနှောင်းခေါ် ခင်မနှောင်းကို 'တန်ဆောင်မိဖုရား'အဖြစ် ချီးမြှောက်သည်။ နန္ဒဘုရင်၏ မြောက်နန်းက ဖွားသော သားတော် 'မောင်ခက်ပန်' ကိုလည်း ခင်မနှောင်းနှင့်အတူ ရခိုင်ခေါ်လာပြီး ယောက်ဖတော်အဖြစ် ဘင်္ဂလား(၁၂)မြို့၏ ဘုရင်ခံအဖြစ် မြှောက်စားသည်။ ဤသည်ကစ၍ ဘုရင်ခံ ဘင်္ဂလားဆယ့်နှစ်မြို့စား မောင်ခက်ပန်က တစ်ခါ သူ၏အနွယ်တော်များကို မြို့စား၊ ရွာစား၊ နယ်စားတွေ မြှောက်စားပြန်လေရာ ယခု ဘင်္ဂလားဒေ့ရှ်ပိုင် ဟီလီတရိုက်ဒေသတွင် ဗမာများ အဆက်ဆက် နေထိုင်ခဲ့ကြလေသည်။ ထိုမှပေါက်ဖွားပျံ့နှံ့ကာ ဗိုလ်မင်းထောင်၊ သက်ထောင်၊ မြို့ထောင် စသည့် တိုက်နယ်ကြီးများ၌လည်း ယခုတိုင်ရှိနေကြသေးသည်။

ယခု ရွာတော်တဲ့ဟုဆိုသော ထိုလူနှစ်ယောက်မှာလည်း မောင်ခက်ပန်၏ အမျိုးအနွယ်များဖြစ်ကြပုံရသည်။ ဒေါ်ကြာဦးဖြူနှင့် မညဝတီအကြောင်း၊ မြန်မာပြည်အကြောင်း၊ဂျပန်တွေအကြောင်းကို မေးမြန်းပြောဆိုကြပြီး နောက်တစ်ညမှာ ရွာတော်ကို ပြန်သွားကြသည်။

ရွာတော် ပြန်သွားကြသော ထိုလူနှစ်ယောက်နှင့် ဦးစံလှဘော်၊ ဒေါ်ကြာဦးဖြူတို့ကလည်း ရွာတော်ရှိ သူတို့၏ဆွေမျိုးတွေဆီ မညဝတီက ဦးအောင်တိုင်၊ ဒေါ်ကြာဦးဖြူတို့ မိသားစုရောက်နေကြသည့်အကြောင်း သတင်းစကား အမှာပါးလိုက်သည်။

▮◆

ရဇပါရာရှိ ဦးကြာပန်းအောင်အိမ်နှင့်စာလျှင် သောဒလီပါရာရှိ ဦးစံလှဘော်အိမ်၌နေနေရသည်ကို ထွန်းကျော်လင်းတို့ မောင်နှမက ပို၍ သဘောကျနေကြသည်။ သို့သော် ထွန်းကျော်လင်းတို့ အဖိုးလေး ဦးစံလှဘော်က ထွန်းကျော်လင်းအား ကာလကတ္တား၌ ကျောင်းဆက်နေရန်အတွက် သူ့သား၊ သူ့မြေး၊ သူ့တူ ကျောင်းဆရာ၊ ဆရာမများဆီရေးပေးလိုက်သော စာများကိုယူကာ တစ်ပတ်အကြာမှာ ရဇပါရာရှိ ဦးကြာပန်းအောင်အိမ်သို့ ပြန်လာကြသည်။

ဦးစံလှဘော်မှာ ခေတ်ပညာတတ် အရေးပိုင်လုပ်ခဲ့သူမို့ ထွန်းကျော်လင်းပညာရေးထိခိုက်မှာကို လုံးဝ မလိုလား။ ထို့ကြောင့်လည်း မညဝတီတွင် တက္ကသိုလ်ဝန်တန်းထိ ကျောင်းနေလာခဲ့သော ထွန်းကျော်လင်းအား နောက်နှစ်တွင် ကာလကတ္တား၌ ကျောင်းသွားနေရန် ထောက်ခံစာအမျိုးမျိုးနှင့် သူ့အမျိုးတွေဆီ စာရေးပေးလိုက်ခြင်း ဖြစ်၏။

ရဇပါရာကို ရောက်ရောက်ချင်း ဦးကြာပန်းအောင်က ထွန်းကျော်လင်းကို စာတစ်စောင်ထုတ်ပေးသည်။ ဖလော်င်းချိတ်က လူငယ်နှစ်ယောက်လာပြီး ပေးသွားသည်ဟု ပြော၏။ ဤအရပ်ဒေသတွင် သူ့အား စာလာပေးမည့်သူ မရှိသဖြင့် ထွန်းကျော်လင်းက သိလိုဇောနှင့် ချက်ချင်း စာကိုဖောက်ဖတ်ကြည့်သည်။

(ဆက်ရန်)

ငြိမ်းကျော်



www.burmeseclassic.com

www.burmeseclassic.com



# ကံမြင့်ကံပွင့် အစီအရင်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ဘုရား (၅) ဆူလှည့်၍ ပုတီးစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်၊ အရှေ့အရပ်ကအကျီးဆောင်နှင့်စပ်၍ ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို အမိဋ္ဌာန်ပုတီးများ မကြာ မကြာ သွားစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဖြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ တန်ဆောင်း၊ ဇရပ်၊ ရင်ပြင်တော်များတွင် တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ပါနှင့်။

**ကျန်းမာရေး** - ပရိမိတ္တဇာလသုတ်တော် သို့မဟုတ် ဖုဋ္ဌသဂါထာကို ရွတ်ဖတ်ပူဇော်ပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်လှည်းရောင်းသော ထီကားများတွင် (၂) ဂဏန်း များစွာပါသော ထီလက်မှတ်လေးများကို နှစ်စောင်တွဲ၊ ငါးစောင်တွဲများ ရွေးချယ်ကံစမ်းထားပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟိ တဟိ အစရှိသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ထုပ်တန်းတွင် ဆီးခက် (၈) ခက် ချည်၍ ထားပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် မကြာ မကြာ စတီခေါက်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အဂ္ဂ' နံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ မေ့စကြာ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်အသုံးပြုရန် သန့်ရှင်းရေးပစ္စည်း၊ တံမြက်စည်း စသည်တို့ တတ်အားသရွေ့လှူပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ အာဟာရ၊ ဓာတ်စာ တတ်အားသရွေ့လှူပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံတွင် (၇) ဂဏန်း များစွာပါသော မင်္ဂလာစုံတွဲလေးများ နိုင်သလောက်ထိုးထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့် လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို ပုတီး (၅) ပတ် စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးထွက်စက်ပစ္စည်းအပျက်များကို ရှာဖွေ ရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီး ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဓာရဏပရိတ်ရွတ်ရင်း လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်များ အိမ်ရှေ့လာရပ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တိုင်း ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့် လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ မကြာခဏ သွား၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ဦးခေါင်းတွင် အနာများပေါက်နေသော ကလေးငယ်များကို စားချင်တဲ့မုန့်ဝယ်ကျွေးလိုက်ပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီဆိုင်လေးများ အိမ်နားရောက်လာပါက (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာဖြင့် ပူဇော်လှူဒါန်းပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ် လှူဒါန်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံ အဟောင်းများကို စီးနေသောရေတွင် မျှောလိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။



www.burmeseclassic.com

www.burmeseclassic.com

အမှိုက်များ ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်ယူပြီး မကျီစားပါနှင့်။ ကိုယ်က လျှော့ပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဝါဟာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - စနေနေ့တွင် စနေနံထီဆိုင်မှာ (၇၊ ၁၊ ၄) ဂဏန်းများ ဝေဝေဆာဆာပါသော ထီလက်မှတ်လေးများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အဖြူရောင်ပန်းကလေးများဖြင့် ဝေဝေဆာဆာ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ် စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံနှင့် ရေချမ်း၊ ဆီမီး များ ကပ်လှူပူဇော်ပြီး ပဌာန်းနှင့်ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဖြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ် ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင်ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရ ကြုံသလို လှူပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင် (သို့) ကားနှင့်ရောင်းသော ထီဆိုင်တွင် (၂) ဂဏန်း များစွာ ပါအောင် ရွေးချယ်ကံစမ်းထားပါ။

**စနေသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးနှင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာခဏ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်လည်ပြီး ရေသပ္ပာယ်ပါ။ ပြီးလျှင် တနင်္ဂနွေထောင့်တွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ပလတ်စတစ်အိတ်အဟောင်းများ၊ ဘူးခွံများ၊ ပုလင်းခွံများ ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်းကန်၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်း၊ အမှိုက်ကောက်၊ ပန်းခြောက်များ စွန့်ပစ်ပေးခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံတိုင်း အဆင်ပြေအောင် စကားပြောပါ။ ဆန့်ကျင်ဘက် မဖြစ်ပါစေနှင့်။
**ကျန်းမာရေး** - ဦးခေါင်းမကောင်းသော ဝေဒနာရှင်များကို ဆေးဝါး၊ မာတ်စာ၊ ငွေကြေး တတ်အားသရွေ့ လှူပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်လှည့်ရောင်းနေသော ထီသည်လေးများထံမှ (၇၊ ၀၊ ၃၊ ၄) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-
တနင်္ဂနွေစ- စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်ရင်း အောင်မြင်မှုများစွာကို ရယူပါ။
ဥပမာ- အုံးထက်၊ အတာ၊ အောင်ထိပ်

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*
ပြည်သိန်းကျော်


www.burmeseclassic.com

www.burmeseclassic.com

တဗျာဆရာ နှောင်းသစ်တို့ ပြော နေသောအကြောင်းအရာက ကျွန်တော် ငယ်ငယ်က ကြုံခဲ့ရသည့်အဖြစ်နှင့် ဆင် ဆင်တူနေခဲ့သည်။

သူတို့ပြောနေကြသည်ကား ထူး ခြားသော အိပ်မက်နိမိတ်အကြောင်းပင် ဖြစ်တော့၏။

ဒီမနက် သူတို့ရွာနမှ အကြီးအကဲ တစ်ယောက် ရုတ်တရက် ဆုံးသွားခဲ့၏။

မဆုံးမီက ကုလားထိုင်မှာ ထိုင် ကာ တရားခွေဖွင့်နားထောင်နေခဲ့သည်။

ဇနီးဖြစ်သူက ခင်ပွန်းသည်ခိုင်း၍ ဈေးသွားကာ ဦးထုပ်တစ်လုံး သွားဝယ် နေသည်။

သမီးဖြစ်သူက ခေါင်းရင်းအိမ်မှာ မီးပူတိုက်နေခဲ့သည်။

အဖြစ်က မြန်သည်။

ဦးထုပ်သွားဝယ်သူ ဇနီး ပြန် ရောက်တော့ ထိုအရာရှိ အကြီးအကဲမှာ ထိုင်လျက် သေဆုံးနေလေတော့သည်။

သေဆုံးသူနှင့်ဦးထုပ် မည်သို့ပတ် သက်နေသနည်း။

ထိုအကြီးအကဲ မသေမီ တစ်နေ့ က ဖခင်ဖြစ်သူက သူ့သား အကြီးအကဲ ထံ ရောက်လာသည်။

"ညက အိပ်မက်မကောင်းဘူး သားရာ။ မင်းလေ၊ ဦးထုပ်အသစ်ကို ဆောင်းပြီး အဖေ့ဆီလာတယ်လို့ အိပ် မက်မက်တယ်။ အဖေက သားဆီက ဦး ထုပ်ကို တောင်းတယ်။ အဖေက ဗေဒင် ပညာလည်း နည်းနည်းတတ်တယ်လေ

အိပ်မက်နိမိတ်

ကျော်မိုးလွင်(ဝါးခယ်မ)





www.burmeseclassic.com

www.burmeseclassic.com

ကွာ။ သားဆီက ဦးထုပ်တောင်းတဲ့ သဘောက ခေါင်းလဲတဲ့သဘောပေါ့ ကွာ။ အဖေက (၈၀) ကျော်ပါပြီ။ သေမယ်ဆိုရင် သေပျော်တဲ့ အရွယ်ပဲကွ။ သားက အသက် (၅၀) ကျော်ဆိုတော့ သေလို့မသင့်သေးဘူးလေကွာ။

အိပ်မက်က မကောင်းဘူးကွာ။ ဘာပဲပြောပြော၊ သား ကျန်းမာအောင် ယတြာချေမယ်။ မနက်ကျရင် အဖေ့ကို ဦးထုပ်တစ်လုံးဝယ်ပေးကွာ၊ ဟုတ်လား။ သား မမေ့မနေနဲ့၊ ဆက်ဆက်ဝယ်ပေးနော်"

သားဖြစ်သူကဲ မမေ့ပါ။

ထိုသေမည့်နေ့မှာဝင် ဖခင်ကိုပေးရန် ဖန်းကို ဦးထုပ်တစ်လုံးဝယ်ခိုင်းခဲ့၏။

ကဗျာဆရာ နှောင်းသစ်တို့လူစု အကြီးအကဲအိပ်မောက်အသွားတွင် ထို အကြီးအကဲ၏ဖခင်ဖြစ်သူက ကြေကွဲစွာ ထိုဖြစ်ရပ်ကို ပြောလာ၍ ကျွန်တော်က ဆင့်ပွားကြားလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

အိပ်မက်နိမိတ်သည် တကယ်ပင် ထင်တတ်ပါသလား။

ရာဇဝင်တွင် စလေငချွေး၊ တပင်ရွှေထီး၊ တော်သလမင်းကြီး စသည် များပြားလှစွာသော အိပ်မက်ပိုင်ရှင်များ ရှိခဲ့ကြသည် မဟုတ်ပါလား။

အိပ်မက်နှင့်ပတ်သက်၍. . .

ကျွန်တော့်အဘွား ပြောသွားခဲ့သည့်အကြောင်းကို ဆက်လက်ရေးသားတင်ပြလိုပါသည်။

အဘွားအိပ်မက်က အကြီးအကဲ၏ဖခင်မက်သောအိပ်မက်နှင့် ဆင်ဆင်တူခဲ့သည်။

ကျွန်တော့်အဖေမှာ ကျောက်ထိုးဆရာတစ်ယောက် ဖြစ်ပါသည်။ သူ





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျသည်ကား ဝါးခယ်မမြို့ အပိုင် ရွှေလောင်းတိုက်နယ်တွင် ဖြစ်ပါသည်။

တစ်နေ့တွင် ဖြစ်ပါသည်။

အဘွားဖြစ်သူ အမေမြိုင် ကျွန်တော်တို့ဘက်ကမ်းအိမ်သို့ ရောက်လာခဲ့ပါသည်။

အဘွားမှာက သား (၄) ယောက် ရှိ၍ သမီး (၁) ယောက် ရှိပါသည်။

အဘွားတို့ခေတ်က 'ဘ' အက္ခရာ ပါသော ရုပ်ရှင်မင်းသားများ ခေတ်စားခဲ့သည်။

ဘချစ်၊ ဘမြင့်၊ ဘတင့် စသည့် မင်းသားများ ဖြစ်ပါသည်။ ထိုမင်းသားများကို အဘွား သဘောကျ၍ သူ့သားများကို 'ဘ' ထည့်ကာ မှည့်ထားဟန်တူပါသည်။

အဘွားသားများကို ကြီးစဉ်ငယ်လိုက် နာမည်မှည့်ထားသည်မှာ ဤသို့ ဖြစ်ပါသည်။

၁။ မောင်ဘသောင်း
၂။ မောင်ဘသန်း
၃။ မောင်ဘညွန့်
၄။ မောင်ဘချော ဟူ၍ ဖြစ်ပါသည်။

ကျွန်တော့်အဖေမှာ နံပါတ် (၃) မြောက် ဦးဘညွန့် ဖြစ်ပါသည်။

တစ်ဦးတည်းသော အဘွား၏ သမီးမှာ ဒေါ်ငွေသိန်း ဖြစ်ပါသည်။ အစ်ကို ကိုချားကြီး၏မိခင်၊ တာတူးလေး (ယခု တေးသံရှင်၊ ရုပ်ရှင်သရုပ်ဆောင် ရန်ပိုင်စိုး) ၏အဘွား ဖြစ်ပါသည်။

အဘွား အမေမြိုင်က သားတွေဆီ တစ်လှည့်စီ လှည့်နေတတ်ပါသည်။

အဘွားသားအကြီး ဦးဘသောင်းက ရန်ကုန်မှာနေသည်။ ဦးဘသန်းက ဝါးခယ်မအပိုင် ထော်ကနွတ်ဘက်ကမ်းမှာ နေသည်။ ဦးဘချောက ဝါးခယ်မမြို့ မြို့မလမ်းမှာနေသည်။ ကျွန်တော့်အဖေ ဦးဘညွန့်က ဝါးခယ်မမြို့တစ်ဖက်ကမ်း ရွာသစ်မှာနေ၍ အဘွား၏တစ်ဦးတည်းသောသမီး ဒေါ်ငွေသိန်းက ဈေးရပ်ကွက်တွင် နေခဲ့ပါသည်။

အဘွား ရောက်လာသည့်နေ့က အဖေ မရှိပါ၊ တာဝန်ကျရာ ရွှေလောင်းကို ရောက်နေခဲ့ပါသည်။ အဘွားက ရောက်ရောက်ချင်းပင် အမေ့ကို ပြောခဲ့သည်။

"ညက အိပ်မက် မကောင်းဘူး သမီးရယ်။ သား ဘညွန့်ရယ်လေ၊ ခမောက်ကြီးဆောင်းပြီး ငါ့ဆီ ရောက်လာတယ်။ ငါက တောင်းတော့ မပေးဘူး။ အမေနဲ့ မဖြစ်ပါဘူးတဲ့။ သမီး- ဘညွန့်ပြန်လာရင် ဆက်ဆက်ပြော။ အမေ့ကို ခမောက်တစ်လုံးဝယ်ပြီး လာပေးပါလို့။ မမေ့နဲ့နော် သမီး၊ ပြောဖြစ်အောင် ဆက်ဆက်ပြော"

ထိုစဉ်က ကျွန်တော် အနားမှာရှိနေပါသည်။ ကလေးအရွယ်ဖြစ်၍ ပြောခဲ့သော အဘွားစကားကို နားလည်ခြင်း မရှိခဲ့ပါ။

ထိုစဉ်က အဘွားသည် မိခင်စိတ်နှင့် ခေါင်းလဲရန် ကြိုးစားခဲ့ကြောင်း ယခုမှ ကျွန်တော် သိခဲ့ရပါတော့သည်။

အဘွားပြန်သွားပြီး နောက်တစ်နေ့တွင် အဖေ့မကောင်းသတင်းက ကျွန်တော်တို့ထံ ရောက်လာခဲ့ပါသည်။

အဖေ ရွှေလောင်းမြစ်ထဲ၌ လေမှောက်သည့်သတင်းပင် ဖြစ်ပါသည်။ တံငါလှေတွေ့ပြီး ကယ်တင်ခဲ့၍ မသေခဲ့ခြင်း ဖြစ်ပါသည်။

ရွာတစ်ရွာမှာ ကျောက်ဆေးထိုးပြီးအပြန် လှိုင်းလေမိကာ အဖေ စီးလာသောလှေမှောက်ခြင်း ဖြစ်ပါသည်။

ထိုစဉ်က ယခုကဲ့သို့ပွဲထောင်များ မရှိသေးပါ။ တစ်ရွာနှင့်တစ်ရွာကို လှေနှင့်သာ အဖေ ဆေးကုသွားခဲ့ရပါသည်။

ဤနေရာတွင် လိပ်ပြာလွင့်ခြင်း အကြောင်းကို တစ်ဆက်တည်း တင်ပြလိုပါသည်။

အဖေ ရွှေလောင်းမြစ်အတွင်း လှေမှောက်စဉ်က လက်တစ်ဖက်က ဆေးအိတ်၊ လက်တစ်ဖက်က အဝတ်အစားထည့်သည့်အိတ် ဆွဲကာ ရေကူးခဲ့သည်တဲ့။ အဖေ့ကို ကယ်တင်ခဲ့သော တံငါလှေမှလူများ ပြန်ပြော၍ သိခဲ့ရသည်။

အဖေ့လိပ်ပြာလွင့်ခြင်းဟု တတ်သိ နားလည်သူများက ဆိုခဲ့ကြသည်။ အဖေ ရေနစ်သည့်ညက ကျွန်တော်တို့ မိသားစု ဝိုင်းဖွဲ့ကာ စကားပြောနေခဲ့ကြသည်။

ထိုစဉ် လေမတိုက်ဘဲ ဝုန်းခနဲ အိမ်နံရံကိုတိုက်လိုက်သည့်အသံ ထွက်ပေါ်လာခဲ့သည်။ လူကြီးများက အိမ်ဘေးပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်ကာ ရှာခဲ့ကြသည်။ အုန်းပင်မရှိ၍ အုန်းသီး၊ အုန်းလက်ကြွေ၍ ထိစရာလည်း အကြောင်းမရှိခဲ့ပါ။

အဖေ နေကောင်းစပြုတော့ ထူးဆန်းသောစကားကို ပြောလာခဲ့သည်။

"ငါ လှေမှောက်ပြီး ရေနစ်တဲ့ညက နင်တို့ဆီ ရောက်လာတယ်။ နင်တို့ ဝိုင်းဖွဲ့စကားပြောနေခဲ့ကြတယ်။ ငါအိမ်ရှေ့က ခေါ်တာတောင် တစ်ယောက်မှ မကြားကြဘူး။ ငါလည်း ဒေါသဖြစ်လာတာနဲ့ အိမ်ကို ခဲနဲ့ပေါက်ပြီး ပြန်ထွက်လာခဲ့တယ်"

အဘွား အိပ်မက်နိမိတ်။

လိပ်ပြာလွင့်ခြင်း။

ဒီကိစ္စများသည် တကယ်ဖြစ်ခြင်း ပေလား၊ တိုက်ဆိုင်ခြင်းပေလား။

ကဗျာဆရာ နှောင်းသစ်တို့လူစု ပြောနေသောစကားကို နားထောင်ကာ ကျွန်တော် အတွေးပွားနေမိခဲ့သည်။

အဖေသည် လှေမှောက် ရေနစ်ပြီးသည့်နောက် ကျန်းမာရေးမကောင်းတော့ပါ။ ကျွန်တော် သိသမျှ ထိုစဉ်က အမေသည်ပင် မေ့ခဲ့သည်လား၊ အဘွားသည်ပင် သူ့အိပ်မက်ကိုသူ မေ့ခဲ့သည်လား မသိတော့ပါ။ အဖေ ခမောက်တစ်လုံး အဘွားကိုဝယ်မပေးခဲ့သည်မှာ သေချာပါသည်။

အဖေ အဘွားပြန်သွားပြီးနောက် သူ့တပည့်များနှင့် အိမ်ကို ပြန်ရောက်လာခဲ့ပါသည်။ အဖေ ရောက်လာပြီး နောက်တစ်နေ့မှာပင် အဘွားက အဖေ့အတွက် စိတ်မချလို့ဆိုကာ ကျွန်တော်တို့အိမ် ပြန်ရောက်လာခဲ့ပါသည်။

တစ်ပတ်အတွင်းဟု ထင်ပါသည်၊ ကျွန်တော် ငယ်သေး၍ ကောင်းကောင်း မမှတ်မိတော့ပါ။

အဖေတစ်ယောက် အဘွားလက်ထဲမှာပင် ဆုံးပါးသွားခဲ့ရပါတော့သည်။

နှောင်းသစ်တို့ ပြောပြသည့်အဖြစ်နှင့် ကျွန်တော်ငယ်ငယ်က ကြုံခဲ့ရသော အဖြစ်ကား အသွင်တူ၍ အဆင်ကွဲခဲ့ပါသည်။

သို့သော်၊ အသွင်၊ အဆင် မကွဲပြားဘဲ တူညီနေသောအဖြစ်ကိုကား စာရေးဆရာပီပီ ရှာဖွေ တွေ့လိုက်ရပါသည်။

ထိုသည်ကား. . .

အကြီးအကဲဖြစ်သူ၏ဖခင်၊ ကျွန်တော့်အဖေ၏မိခင် ကျွန်တော့်အဘွားတို့သည် မိခင်၊ ဖခင် ပီသနေခြင်းပင် ဖြစ်ပါတော့သတည်း။

လေးစားစွာဖြင့်

ကျော်မိုးလွင်(ဝါးခယ်မ)



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေးစေဖြာ တစ်နေ့တာလမ်းညွှန်

## ဒေါ်ခင်စိုးညို (B.Sc)



မေလ (၁) ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃)၊ (၄)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်း၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၂) ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂)၊ (၃)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၃) ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄)၊ (၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာ၊ အစိမ်းရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၄) ရက်၊ စနေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂)၊ (၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူ၊ ဖေဒါရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၅) ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃)၊ (၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းနု၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၆) ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈)၊ (၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၇) ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂)၊ (၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အညို၊ အဖြူ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၈) ရက်၊ ဗုဒ္ဓဟူးနေ့-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄)၊ (၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၉) ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီ၊ ကြက်သွေးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၁၀) ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ အညို။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၁၁) ရက်၊ စနေနေ့-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄)၊ (၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၁၂) ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉)၊ (၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် ကြည်ပြာရောင်၊ အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၁၃) ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄)၊ (၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္တာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

မေလ (၁၄) ရက်၊ အင်္ဂါနေ့- လာဘ်



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃)၊ (၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃)၊ (၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ပန်းနုရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၁၆) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၄)၊ (၆)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အနက်၊ အဖြူ။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၁၇) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၈)၊ (၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ အစိမ်း။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၁၈)ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂)၊ (၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁)၊ (၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၀) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာ၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၁) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ် အရှေ့တောင်၊ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါရွတ်ဆိုပါ။

**မေလ (၂၂) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇)၊ (၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၃) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း(၂)၊ (၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အညို၊ မီးခိုး။ အကျိုးပေးနေ့သား စနေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၄) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၉)၊ (၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဓိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၅) ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃)၊ (၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၆) ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂)၊ (၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်သို့လှည့်၍ 'ဗုဒ္ဓေါ နမော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၇) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁)၊ (၂)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၈) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂)၊ (၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမော ဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၂၉) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃)၊ (၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဝါ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မေလ (၃၀) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း(၂)၊ (၅)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။


**မေလ (၃၁) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၃)၊ (၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com


www.burmeseclassic.com





# ရွှေမြန်မာတို့၏ ၂၀၁၃ခုနှစ် မိဿရာသီပြောင်း မန်ဒိန်းဇာတာဟောကိန်း

(ပြေါမေါ့ဖွန် ၂၀၁၃)


မင်းရှိန်အောင်







လကြွတ်ဇာတာ
၂၆-၄-၂၀၁၃ (၂း၀၉) AM
၁၃၇၅ ခု၊ တန်ခူးလပြည့်ကျော်
(၁) ရက်



၁၀-၅-၂၀၁၃ (၃း၅၄) AM
၁၃၇၅ ခု၊ ကဆုန်လဆန်း (၁) ရက်




တကယ်တော့ ရွှေမြန်မာ၏ ၂၀၁၃ ခုနှစ် မိဿရာသီပြောင်း မန်ဒိန်းဇာတာသည် မြန်မာနှစ် ၁၃၇၅ ခုနှစ်၊ မဟာသင်္ကြန်ဇာတာပင် ဖြစ်သည်။ မြန်မာနှစ် ၁၃၇၄ ခု၊ နှောင်းတန်ခူးလဆန်း (၄) ရက် (၁၄-၄-၂၀၁၃) တနင်္ဂနွေနေ့ နံနက် (၄) နာရီ (၆) မိနစ် (၂) စက္ကန့်တွင် ၁၃၇၅ ခုနှစ် မဟာသင်္ကြန် ကျရောက်သည်ဖြစ်၏။ ဤမြန်မာနှစ် ၁၃၇၅ ခုနှစ်၏အရှင်သခင်ဂြိုဟ်များမှာ-

၁။ ဝဿပတိ (ကေရာဇ်) ဗုဒ္ဓဟူးဂြိုဟ်၊
၂။ သေနာပတိ (ကာကွယ်ရေး) တနင်္ဂနွေဂြိုဟ်၊
၃။ သဿပတိ (စိုက်ပျိုးရေး) ဗုဒ္ဓဟူးဂြိုဟ်၊
၄။ နိရဿပတိ (ဓာတ်သတ္တု) အင်္ဂါဂြိုဟ်တို့ ဖြစ်ကြပါသည်။

စိတ်ဝင်စားစရာတစ်ခုမှာ ဤ မိဿရာသီ ကူးပြောင်းချိန် (၁၄-၄-၂၀၁၃) သည် ၁၃၇၄ ခု၊ တပေါင်းလ၏ လကွယ်နေ့ (၁၀-၄-၂၀၁၃) နှင့် (၄) ရက်လောက်သာ နီးစပ်စွာ ကွာခြားနေ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းပင် ဖြစ်သည်။ ဆိုချင်သည်က ၎င်းလက္ခယ်နေ့ဇာတာသည် မန္တိန်းဗေဒင်ပညာဥပဒေအရ မိဿရာသီပြောင်းဇာတာကို လွှမ်းမိုးနိုင်သည် ဟူခြင်းပင် ဖြစ်၏။

ပြီး- မှတ်သားစရာတစ်ခုက ဤမိဿရာသီပြောင်း မန်ဒိန်းဇာတာတာလတစ်လတာအတောအတွင်းထဲတွင် လကြတ်ခြင်း၊ နေကြတ်ခြင်းတို့ ဖြစ်ပွားခဲ့ခြင်းပင် ဖြစ်သည်။ ၂၆-၄-၂၀၁၃ နေ့တွင် လကြတ်ခြင်းသည် တူရာသီ၌၊ ၁၀-၅-၂၀၁၃ နေ့တွင် နေကြတ်ခြင်းသည် မိဿရာသီ၌ ဖြစ်ပွားမည် ဖြစ်၏။ ရှေးနက္ခတ်ဗေဒင်ပညာကျမ်းရင်းများ အဲလို အရ သက်ဆိုင်ရာ ဒိဂ်စွဲ တိုင်းပြည်များတွင် ဘေးဥပဒ်အန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ရတတ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ဤမိဿရာသီပြောင်း မန်ဒိန်းဇာတာ၌ လဂ်သည် ဝါယော၊ ထိရ ဖြစ်သော ကုံရာသီတွင် ပေါ်နေသည် ဖြစ်၏။ ထူးခြားချက်များမှာ မိန်ရာသီရှိ ယူရေးနပ်(စ်)ဂြိုဟ်နှင့် ကုံရာသီရှိ နက်ပကျွန်းဂြိုဟ်တို့သည် ရာသီအိမ်ချင်း ဖလှယ်ထားကြသကဲ့သို့ပင် ၂-တန့်ဘာဝရှိ တနင်္ဂနွေဂြိုဟ်၊ သောကြာဂြိုဟ်နှင့်ပူးနေသော အင်္ဂါဂြိုဟ်နှင့် ၃-တန့်ဘာဝရှိ ကြာသပတေးဂြိုဟ်တို့သည် ဘာဝအိမ်ချင်း လဲလှယ်ထားကြသည် ဖြစ်၏။ နောက် ကြာသပတေးဂြိုဟ်သည် ဇာတာခွင်ထဲတွင် သော့ချက်ကျ တည်ရှိနေပြီး စနေဂြိုဟ်၊ ပလူတိုဂြိုဟ်၊ ယူရေးနပ်(စ်)ဂြိုဟ်တို့နှင့် ဝိုင်းကြီးပတ်ပတ် ဒူဝဝေ ကွင်းဆက်ချိတ် ဖြစ်နေသော ပဓာနကျ အမြင်အယှဉ်များရှိနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် ကြာသပတေးဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်နှင့် ဂြိုဟ်ပြိုင် ဖြစ်နေပါသေးသည်။

ထိုသို့သော အကြောင်းရင်းခံများကြောင့် ဤမိဿရာသီပြောင်း မန်ဒိန်းဇာတာကာလတွင် ရွှေမြန်မာတစ်ခွင်တစ်ပြင်ဝယ် ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ အခွန်အကောက်လုပ်ငန်းတို့နှင့် စပ်လျဉ်း၍ ဖြေရှင်းရမလွယ်သော ကိစ္စရပ်များ ပေါ်တတ်သည်။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ အင်တာနက်ဆိုင်ရာ ဆက်သွယ်ရေးကိစ္စရပ်များ၌ ညှိနှိုင်းဖြေရှင်းရ ခက်ခဲသော အကြောင်းကြီးငယ်များ ဖြစ်နေဦးမည်။ ကာကွယ်ရေးဆိုင်ရာနှင့် နီးနွယ်နေသော စီးပွားရေးလုပ်ငန်းများ အစည်းပြေသလိုရှိလာပြီး အလျှော့၊ အတင်းများ ပြုလုပ်လာရမည်။ သတ္တုတူးဖော်ရေးမြေများ၊ စိုက်ပျိုးမြေနှင့်ပတ်သက်၍ ဖြေရှင်းရမလွယ်သေးမှုများ၊ အင်အားပြ အရေးဆိုမှုများ၊ ဥပဒေအရဖြေရှင်းရမှုများ အရှိန်အဟုန်မြင့်တက်နေဦးမည်။

မီးရထား၊ မော်တော်ကားဆိုင်ရာ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များမှာ မတော်တဆ ထိခိုက်မှုများ၊ အငြင်းပွားမှုများ၊ အရေးဆိုမှုများ ရှိလာမည်။ မီဒီယာ စာနယ်ဇင်းလောက၌ အရေးဆိုမှုများ၊ စောဒကတက်မှုများ၊ အငြင်းပွားမှုများ၊ ညှိနှိုင်းမှုများ ပြု၍မကုန် ရှိနေမည်။ ဤလောကမှထင်ရှားသောပုဂ္ဂိုလ်တစ်ယောက်အတွက်(ဝါ)ထင်ရှားသော အကြီးအကဲ လူကြီးမင်းတစ်ယောက်အတွက် ဝမ်းနည်းရမှုများရှိမည်။ အလုပ်သမားတို့၏ဆန္ဒထုတ်ဖော်မှုများ အရှိန်အဟုန် မြင့်တက်နိုင်သည်။ စစ်ဘေးရှောင်စခန်း၊ ပဋိပက္ခရှောင်စခန်းတို့ကို အကြောင်းပြု၍ (ဝါ) တိုင်းတစ်ပါးအဖွဲ့အစည်း၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့အစည်းများကို အကြောင်းပြု၍ ဥပဒေရေး၊ ဘာသာရေးဆိုင်ရာ ပြဿနာတို/ရှည် ဖြစ်ပေါ်တတ်သည်။ ဘာသာရေး၊ ဥပဒေရေးဆိုင်ရာပြဿနာများကို ဖန်တီးယူဖို့ အားထုတ်မှုများကို





လည်း ရှင်းလင်းရလိမ့်မည်။ လျှို့ဝှက်ခြေရှုပ်ခံရမှု၊ သံခင်း တမန်ခင်း အကျပ်အတည်းတွေ့ရမှုများ ကြုံရနိုင်သော်လည်း ဖြေရှင်းရခက်ခဲမည် မဟုတ်ပါ။ လက်နက်ကိုင်ပဋိပက္ခမှ ငြိမ်းချမ်းရေးသဟဇာတဘက်ဆီသို့ လမ်းကြောင်းပြောင်းရ လွယ်ကူလာပါလိမ့်မည်။ သို့သော် အခက်အခဲတော့ ရှိနေဦးမည်။

၁၀-၅-၂၀၁၃ နေ့ ဝန်းကျင်တွင် လေနီကြမ်း၊ လေဆင်နှာမောင်း၊ လေပြင်းမုန်တိုင်းတို့ ဖြစ်ပေါ်တတ်သည်။ အချိန်တိုတောင်းသော်လည်း ပြင်းထန်မည်။ လက်နက်ဘေး၊ မီးဘေး၊ ပဋိပက္ခဘေးများလည်း ကြုံတွေ့နိုင်ပါသည်။ ၈-၆-၂၀၁၃ နေ့ ဝန်းကျင်တွင် မိန်းမ၊ ကလေးတို့နှင့်နီးနွယ်နေသော ရာဇဝတ်မှုခင်းများကို ဖြေရှင်းရများလာမည်။ မူးယစ်ဆေးဝါး၊ ပျော်ပွဲစားရုံ၊ နိုက်ကလပ်တို့နှင့်ပတ်သက်နေသော ပြဿနာများ ထွက်ပေါ်လာမှု များလာမည်။ ပညာသင်ယူကြသူများလောကသို့ မူးယစ်ဆေးဝါး နေရာဝင်ယူမှု ဦးစားပေး ရှင်းထုတ်လာရမည်။ ဘာသာရေးပြဿနာ၊ ဥပဒေပြဿနာများ ဖော်ဆောင်နေမှုကိုလည်း ရှင်းလင်းရလိမ့်မည်။


၂၃-၆-၂၀၁၃ နေ့ ဝန်းကျင်ခန့်တွင် အနုပညာလောက၌ ပဋိပက္ခဖြစ်မှုများ၊ ဝိရောဓိဖြစ်မှုများရှိနေသော်လည်း ထူးထူးခြားခြား အောင်မြင်မှုတို့လည်း ရရှိတတ်သည်။ ပညာသင်ကြားရေးနေရာ၊ ပျော်ပွဲရွှင်ပွဲနေရာများနှင့်ဆက်နွယ်နေသော မူးယစ်ဆေးဝါးဆိုင်ရာများကို ဖြေရှင်းရ ပိုများလာမည်။

၈-၇-၂၀၁၃ နေ့ ဝန်းကျင်ခန့်တွင် လေနီကြမ်း၊ လေဆင်နှာမောင်း၊ လေပြင်းမုန်တိုင်းတို့ ဝင်ရောက်နိုင်၏။ အချိန်တိုတောင်းသော်လည်း ပြင်းထန်မည်။ ဆက်သွယ်ရေးလုပ်ငန်း၊ ဖြေဖျော်ရေးလုပ်ငန်း၊ စာနယ်ဇင်းလုပ်ငန်းတို့တွင် အကျယ်အကျယ် မငြိမ်းဖွယ် ကိစ္စရပ်များ ဖြစ်ပေါ်တတ်သည်။ စိုက်ပျိုးမြေ၊ သတ္တုတူးဖော်ရေးမြေနှင့် စပ်လျဉ်း၍ ဖြေရှင်းချက်မကုန်ရှိနေဦးမည်။ လက်နက်ကိုင်ပဋိပက္ခမှ ငြိမ်းချမ်းရေးသဟဇာတလမ်းကြောင်းသို့ ဦးတည်ရွေ့လျားမှု ပိုများလာမည်။ လက်နက်ဘေး၊ မီးဘေး၊ ပဋိပက္ခဘေးများလည်း ကြုံကြိုက်နိုင်ပါသည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com



နာမည်တွဲတယ် ဆိုတာ-

နားထောင်ရလွယ်ပါတယ်၊

ဒါပေမယ့် တော်တော်ကလေး သတိထားရတဲ့အလုပ်မို့ တော်တော်ခဲယဉ်းတယ်ဆိုရင် မမှားနိုင်ပါဘူး။

ဘာလို့လဲ-

နာမည်တွဲလိုက်တာ မှန်သွားရင်တော့ ကောင်းပါရဲ့၊ မှားများသွားရင် ကလေးတစ်ယောက်ရဲ့ဘဝ သွားပြီ။

အဲဒီမှာ ရင်နာစရာတွေ၊ စိတ်မကောင်းစရာတွေ၊ ထိခိုက်စရာတွေ၊ စုတ်တသပ်သပ်ဖြစ်ရတဲ့ အကြောင်းတရားတွေ တန်းစီပြီး ဝင်လာတော့တာပါပဲ။

ဒါကြောင့်-

နာမည်တွဲ၊ နာမည်တွဲနဲ့ ပြောတော့ လွယ်ပါတယ်။

တော်တော်များများတွေ့ခဲ့ရဖူးပါတယ်။ တွေ့နေရပါတယ်။ ကြုံလည်းကြုံခဲ့ရဖူးပါတယ်။

လူတစ်ယောက်ဟာ သူ့ကလေးကို နာမည်ပေးထားတာ။ ချူချာလွန်းလို့ဆိုပြီး နာမည်လာပြောင်းတော့ ပထမနာမည်ကို မေးကြည့်လိုက်ပါတယ်။ နာမည်က 'မေပိုးသဲ'။ ကလေးက လူရုပ်တောင် မပေါ်ပါဘူး။ (၄) နှစ်ကျော်ပါပြီ။

ကလေးကို ဘာလို့ ဒီနာမည်ပေးရတာလဲလို့ မေးကြည့်တော့ စာရွက်လေးတစ်ရွက် ထုတ်ပြပါတယ်။ နားလည်တဲ့သူက စာစီပြီး ပေးထားတာပါ။ ကြာသပတေးစ သောကြာပိတ် မှည့်ရမယ်ဆိုပြီး ရေးထားပါတယ်။

မှန်ပါတယ်။

ကလေးရဲ့မွေးဖွားရာကံကိုကြည့်လိုက်တော့ ဒီလိုပဲ မှည့်ရမှာပါ။ ဒါပေမယ့် ဆိုးသွားတာက နမ္မနာနာမည် မပေးလိုက်ပါဘူး။ ဒီတော့ ကလေးရဲ့ **အဖေ** တွဲလိုက်တာကိုလည်း ဟင်-**ခင်ဗျား** ပေးလိုက်တာကြီးက ဆိုပြီး အ**ပြစ်ပြောလို့မရ**တော့ပါဘူး။ သူ့ခမျာ**လည်း သူတွဲတတ်**သလိုတွဲပြီပေါ့။ သူက နာမည်ပညာမှ **ထဲထဲဝင်ဝင်** မသိရှာဘဲ



www.burmeseclassic.com

www.burmeseclassic.com

ကိုး။ ဘာပဲဖြစ်ဖြစ် သူ့ရင်သွေးလေးကို သူ့လုံတဲ့နှာမည်းပေးချင်ရှာမှာပဲလေ။ ဒါ သူမေတ္တာ၊ မိဘမေတ္တာ။ သွားပြီး အပြစ် ပြောလို့မရဘူး။ ဒီတော့ မေပိုးသဲပေါ့။ မှန်တယ်လေ၊ ကြာသပတေးစ သော ကြာပိတ်ထားတာပဲ။

ဒီနှာမည်းမျိုးဟာ ချုချာတတ်တဲ့ သဘောရှိတယ်။

တစ်ခုမဟုတ်တစ်ခု ဖြစ်နေတတ်တယ်။

နည်းနည်းလေး ဆော့လို့ ချွေးထွက်တာနဲ့ ချွေးအေးပတ်ပြီး ဖျားတာတို့ဘာတို့ ဖြစ်တတ်တယ်။

အစားလေး များတာနဲ့ ရင်ပြည့်ပြန်ရော။

ဒိပြင် ကလေးတွေနဲ့ ယှဉ်လိုက်ရင်



သူရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကွဲအောင်မြစ်စသား)**



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်း ပျော့သလိုပဲ။

ဒါကြောင့် နာမည်ပြောင်းပေး လိုက်ရတယ်။

နာမည်ပြောင်းရတာလည်း ဘာမှ ခဲခဲယဉ်းယဉ်း မဟုတ်ဘူး။

သူ့အဖေက ကိုမြတ်သူလေ-

ဒီတော့ လွယ်တာပေါ့။ 'ဖြူသီရိ မြတ်သူ' လို့ ပြောင်းပေးလိုက်တယ်။

အဲဒီမှာတင် ကလေးဟာ လုံးဝ မချူချာတော့သလို ပွင့်တက်လာလိုက် တာမှ စားလည်းစား၊ အိပ်လည်းအိပ်။

သူ့အဖေရော၊ သူ့အမေရော ကလေးပါ နောက်ထပ် သုံး, လေးလ လောက်ကြာတော့ ထပ်ရောက်လာ တယ်။ မချူချာတော့ဘူးဆိုတာ ဝမ်းသာ အားရနဲ့လာပြောပြီး ကလေးပါပြတာ။ အဲဒီမှာ စကားလေးတစ်ခွန်းပြောတယ်။ သူ့အဖေက ဘာပြောလဲဆိုတော့ ဆရာ ရယ်၊ ကျွန်တော် အဲသလိုမျိုးလေး မ တွေးတတ်ဘူးတဲ့၊ တွေးခဲ့မိရင် အဲသလို လေး ပေးဖြစ်ခဲ့မှာတဲ့။

ဒါဟာ-

မိဘမေတ္တာပါပဲ။

သူ့သမီးလေးကို သူမှည့်ပေးခဲ့ တုန်းက ဒီလိုတွဲမှည့်ခဲ့ရင် ဒီလို ချူချာ လိမ့်မယ်ဆိုတာ သူ့ခမျာ မသိခဲ့ရှာပါ ဘူး။ သူတွဲတတ်သလိုလေး တွဲခဲ့တာပါ။

ဟုတ်ပါတယ်။

နာမည်ပညာဆိုတာ သီးသန့်ရှိနေ ပါတယ်။ သီးသန့်သင်ယူရတဲ့ပညာပါ။ အစင်အကြယ် အင်မတန် သတိထားရ ပါတယ်။ တစ်လုံးလွဲလိုက်ဘာနဲ့ လူသား တစ်ယောက်ရဲ့ဘဝတစ်ခုပါ။ ခပ်ပေါ့ပေါ့ တွေးလို့မရပါဘူး။ စိတ်ကူးယဉ်ပြီး မှည့် ချင်တိုင်းလည်း မှည့်လို့မရပါဘူး။ သူများ မှည့်ထားတဲ့နာမည်လှလိုက်တာ ဆိုပြီး အားကျပြီး အဲဒီလို လိုက်မှည့်လို့လည်း ရတာမျိုး မဟုတ်ပါဘူး။ ကလေးလေး တွေဆိုတာ သူ့ကံနဲ့သူလာတာပါ။ ထင် ရာစွတ်မှည့်လိုက်ရင် ဘုန်းကံရှိလို့ လူ ဖြစ်လာရတဲ့ ကလေးတစ်ယောက်ရဲ့ဘဝ ဟာ ရေစုန်မျောသွားနိုင်ပါတယ်။

ဒါ နာမည်ပညာပါ။

အခု ဖြူသီရိမြတ်သူရဲ့ ဖခင်လို ပေါ့။ သူ့သမီးလေးကိုသူ ချူချာစေချင် လို့မှ မဟုတ်ဘဲ၊ ဒါပေမယ့် သူ့ခမျာ နာ မည်ပညာမသင်ခဲ့ဘူးတော့ မသိရှာဘူး လေ။ နာမည်ပညာနဲ့ သူနဲ့ နည်းနည်း စိမ်းနေတော့ မသိရှာဘူး။ ဒီတော့ သူ လည်း ကြာသပတေးစ သောကြာပိတ် ဆိုတဲ့အတိုင်း ပေးလိုက်တာပဲ။ ကလေး ချူချာသွားတော့မှ သူ့ကိုယ်သူ မချင့်မရဲ ဖြစ်တာ။

အမှန်က မှည့်သူက တွဲပေးပြီး တစ်ခါတည်း မှည့်ပေးလိုက်ရင်တော့ ပို ကောင်းတာပေါ့။ အန္တရာယ်ကင်းတာ ပေါ့။ ကလေးလေးအတွက် သိပ်ကောင်း သွားတာပေါ့။

ဘာလို့လဲဆိုတော့-

ဒါ ဘဝလေ၊ လူတစ်ယောက်ရဲ့ ဘဝ။

အင်မတန်မှ အရေးကြီးတယ်၊ အ တိမ်းအစောင်းမခံဘူး။

အတိမ်းအစောင်းမခံဘူးဆိုလို့-

ဖြူသီရိမြတ်သူလေးလိုပဲ ကြုံခဲ့ရ တဲ့ ကလေးတစ်ယောက်။

သူ့နာမည်က လှိုင်းဆုနဒီ။

သူကတော့ ဖြူသီရိမြတ်သူလေး ထက်ကြီးတယ်။

သူက ဘာဖြစ်တာလဲ ဆိုတော့ ခဏ ခဏ တက်တယ်။ အာရုံကြော မကောင်းရှာတော့ မျက်စိလေးပါ စွေ သွားတယ်။ အသက်က (၉) နှစ်ကျော် လို့ (၁၀) နှစ်ထဲမှ သွားတွေ့တာ။

သူ့မိဘတွေက သူပြောလူပြော ကြားပြီး ရောက်လာကြတာ။

ကလေးဟာ ဖြူဖပ်ဖြူရော်နဲ့။

အိမ်လာတဲ့နှစ်က တစ်နှစ် ကျောင်းနားထားရတယ်။

ကြည့်စမ်း- နာမည်ဟာ ကလေး ကို ဘယ်လောက်တောင် ထိခိုက်နေပြီ လဲလို့။

သူတို့မိသားစုလည်း ရောက်လာ ရော ဘာလို့ ဒီနာမည်ပေးရတာလဲလို့ မေးကြည့်လိုက်တော့ သူ့အမေလေ၊ စိတ်ကူးယဉ်ဝတ္ထုတွေထဲက ဇာတ်ကောင်နာမည်ကို သဘောကျလို့တဲ့။ သူ့သမီးလေးကို နာမည်မှည့်ဖို့သွားမေး တော့ ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေ ပေးရမယ် ပြောလို့တဲ့။

ဘယ်လိုတွဲတွဲလား ဆိုတော့ မဟုတ်ဘူးတဲ့။ ဗုဒ္ဓဟူးစ အင်္ဂါ၊ စနေပိတ် မှည့်ရမှာတဲ့။

မိဘနာမည်တွေ မေးကြည့်လိုက် တော့ တစ်ယောက်က တနင်္လာနာမည် ရှင်၊ တနင်္လာကို ဖြိုဖျက်နိုင်စွမ်းတဲ့ ဂြိုဟ် တွဲဟာ ဗုဒ္ဓဟူးစ၊ စနေပိတ်လေ။

ဥပမာ- လက်ထုတ်၊ ရင်းတိုက်။

ဒီနံ့သင့်သစ်တွေနဲ့ စီရင်လိုက်ရင် တနင်္လာထိတာပဲ။

တနင်္လာ အကောင်းကနေ မကောင်း ဖြစ်တော့တာပဲ။

ခု- ကလေးနာမည်က အဲသလို ကြီး တွဲထားတယ်။

ဒီတော့ ဘာဖြစ်လဲ၊ ကလေးနာ မည်နဲ့ ပညတ်ဟာ မိဘ တနင်္လာကို ထိ ခိုက်စေနိုင်တော့ မိဘရဲ့မေတ္တာအရှိန်အ ဝါကြောင့်လား မသိဘူး။ ကလေးဘက် မြားဦးပြန်လှည့်သွားသလိုမျိုး၊ ခိုက်သွား သလိုမျိုးဖြစ်ပြီး ကလေးဟာ ခုလို ထိ ချက်ပြင်းတော့တာပါပဲ။

ပြီးတော့ တစ်လုံးချင်း အဓိပ္ပာယ် လည်း ကြည့်ကြပါဦး။

လှိုင်း- မငြိမ်မသက် ဝုန်းဒိုင်းကြ နိမ့်လိုက်မြင့်လိုက်ဆိုပြီး အကြမ်းသဘော ပဲကြည့်။ ရေလှိုင်းလေးတွေဆိုကတည်း က မညီမညာ မဖြောင့်မဖြူးတော့ဘူး။

ဆု- ဒါကတော့ ကောင်းတယ်။ ပထမဆု၊ ဒုတိယဆု ဆိုတဲ့ ဆုလာဘ်မျိုး။

နဒီ- ဒါဟာ စီးဆင်းခြင်း၊ ကွေ့ ကောက်ခြင်းသဘောတွေ ပါလာပြီ။

'လှိုင်းဆုနဒီ' လည်း မှည့်ရော ကလေးဟာ တစ်ချိန်လုံး ဆေးခန်းနဲ့ မပြတ်တော့တဲ့အဖြစ်ကို ရောက်တော့ တာပဲ။

ဒါ မတွဲတတ်တွဲတတ် တွဲလိုက်ရ တဲ့အခါလည်းကျရော မဖြစ်သင့်တာ တွေ တောက်လျှောက်ဖြစ်ရတော့ ဘယ် သူထိခိုက်သလဲ။ ကလေးထိခိုက်တာ။ ဒါဖြင့် ဘယ်သူစိတ်ဆင်းရဲရလဲ။ ကလေး အတွက် အမြဲတမ်း စိတ်ပူ သောက ရောက်နေရတဲ့မိဘတွေ စိတ်ဆင်းရဲရပြီ ပေါ့။

ပြီးတော့ ကလေးက ဖွားဇာတာ ကောင်းတဲ့ အင်္ဂါလေး။

မှည့်ထားပုံက အထက်ဆောင် ပန်းလို့ပဲ ပြောရမလိုလို၊ ဘာမှန်းကို မသိဘူး။

ပြောင်းပေးလိုက်ရတော့တာပေါ့။ 'ဆုလာဘ်ရတနာ' လို့။

ခုထိ ဟတ်ချိုးတောင်မဖြစ်တော့ ဘူးလို့ တင်စားရမလို ဖြစ်နေပြီ။ တက် တယ်ဆိုတာ ဘာမှန်းတောင် မသိတော့ ဘူး။ တဖြည်းဖြည်း ဝေးဝေးသွားရာက နေ ခုဆို ဘာသံမှ မကြားရတော့ဘူး။ ဆုလာဘ်ရတနာလေးဟာ ခုဆို တတိ ယနှစ်တောင် ဖြေတော့မယ်။ အောင်မြင် စွာနဲ့ ဘွဲ့ယူတော့မယ်။ ကျန်းမာလိုက် တာမှ ဖြူဖြူဖွေးဖွေး၊ ကျက်သရေရှိရှိ လေး။

ဒါ နာမည်တစ်လုံးရဲ့ သတ္တိတွေ ပါပဲ။

ဒါကြောင့်-



www.burmeseclassic.com

www.burmeseclassic.com

နာမည်ဟာ တွဲလိုက်လို့ အဆင်မပြေလောက်သေးဘူးထင်ရင် ကိုယ့်သဘောနဲ့ကိုယ်တွဲမှည့်တာ အကောင်းဆုံးပါပဲ။

တော်တော်များများလေး တွေ့နေရပါတယ်။

နာမည်တွေဟာ အဓိပ္ပာယ်တွေဆိုးလို့မေးကြည့်လိုက်တော့ ဒီနဲ့နဲ့ ဒီနဲ့ ဒီလိုတွဲရမယ်ဆိုလို့ ဆိုပြီး ပြောကြတာကလွဲရင် တခြားအခြေအတော့ သိပ်မကြားရပါဘူး။

အမှန်က တတ်ကျွမ်းနားလည်ကြတဲ့ ပညာရှင်တွေ အများကြီးရှိနေတာပဲ၊ သွားပြီး တိုင်ပင်သင့်ပါတယ်။

ကိုယ်မှည့်ချင်တဲ့ ပုံစံကလေးတွေလည်း ပြောပြပေါ့။

ပညာနဲ့ ဘောင်ဝင်တာ၊ ဝင်တာ ကလေးကောင်းစားမှာ၊ မကောင်းစားမှာ ပညာရှင်တွေက ရှင်းပြမှာပေါ့။

နာမည်ပညာလမ်းကြောင်းတွေ မှည့်ပုံမှည့်နည်း ဘောင်တွေစည်းတွေထဲကနေ ရှင်းပြမှာပေါ့။

ဒါဆို ကိုယ်တိုင်လည်း နှစ်သက်သလို မှည့်လို့ရပြီပေါ့။

တချို့ တော်တော်လေး ဆိုးသွားတာတွေ မြင်ဖူးပါတယ်။

အဲဒါကတော့ စာတွေဖတ်ပြီး မှည့်လိုက်တာ။ တွေးတောခြင်း၊ ဆင်ခြင်ခြင်း နည်းနည်းလျော့သွားပြီး သတိမမူမိလိုက်ကြတယ်နဲ့ တူပါရဲ့။

နာဂရာဇာတို့၊ မင်းရဲဒိဗ္ဗတို့၊ အောင်ဇေယျတုတို့ဆိုပြီး မှည့်ထားကြတာတွေ မှတ်တမ်းတင်ထားခဲ့ရပါတယ်။

ဘာလို့ နာဂရာဇာ ဆိုပြီး မှည့်တာလဲ ဆိုတော့ စနေ မရဏဖွားမို့လို့ အင်္ဂါနဲ့ ပိတ်မှည့်ရမယ် ဆိုလို့တဲ့။

ဟာ- လုပ်ပါဦး၊ မိဘတွေနာမည် ဆိုတော့။ သူ့အဖေက ဆုံးသွားပါပြီတဲ့။ သူ တစ်နှစ်သားမှာ ဆုံးတယ်တဲ့။ သူ့အမေခမျာမှာလည်း ဘဝရပ်တည်ဖို့ခက်တော့ ဒီကလေးကို ဘိုးအေ၊ ဘွားအေတွေဆီမှာထားပြီး တစ်နေကုန် အလုပ်ဆင်းရပါတယ်တဲ့။ နာမည်တွေကတော့ ဖအေရော မအေပါ 'ဖ'၊ 'ပ' အက္ခရာတွေနဲ့ စပြီး မှည့်ထားကြတဲ့ ကြာသပတေးတွေချည်းပါပဲ။

စိတ်ထဲမကောင်းဘူး။

ဘာလို့ ဒီလိုတွဲဖို့ဖြစ်လာရလဲ ဆိုတာ ကောက်ကြောင်းအစကို မစဉ်းစားချင်တော့ဘူး။ တွဲပုံမှားသွားပြီဆိုပြီး သိလိုက်ချိန်မှာ ဖခင် လူ့လောကကြီးထဲကနေ ထွက်သွားရှာပြီ။

စနေစ အင်္ဂါပိတ် မှည့်လိုက်တာဟာ မူလအခြေ ကြာသပတေးကို ပုံစံတစ်မျိုးမျိုးနဲ့ထိခိုက်သွားစေနိုင်တယ်လို့ အင်္ဂဝိဇ္ဇာပညာကြီးမှာ အထင်အရှား ပြထားပါတယ်။

ဒီလိုပုံ မှည့်လို့ ပုံစံတစ်မျိုးမျိုးနဲ့ မိဘတွေ ထိခိုက်သွားကြရတာတွေ ရှိနေပါတယ်။

မထိခိုက်စေချင်ပါဘူး။

သားသမီးလေးတွေကို မထိခိုက်စေချင်သလို၊ မိဘတွေကိုလည်း မထိခိုက်စေချင်ပါဘူး။ ဘယ်သူမှ ထိခိုက်တာမကောင်းပါဘူး။

သားသမီးလေးတွေ ထိခိုက်ရင် မိဘတွေရဲ့ရင်မှာ ပူလောင်ရ၊ ငွေကုန်ကြေးကျများရ၊ စိတ်ထိခိုက်ရနဲ့ မိဘတွေခမျာ အင်မတန်မှ သနားဖို့ကောင်းပါတယ်။

ဒီလိုပါပဲ။

မိဘနှစ်ပါးထဲက တစ်ပါးကို ဖြစ်ဖြစ်၊ နှစ်ပါးလုံးကို ဖြစ်ဖြစ် ထိခိုက်လိုက်ပြန်ရင်လည်း ကလေးဟာ မိဘမဲ့သွားပါပြီ။ အသက်ရှင်လျက်နဲ့ တခြားစီ ဖြစ်သွားကြပြန်ရင်လည်း ကလေးလေးတွေရဲ့ရင်ထဲမှာ ကွက်လပ်လေးတွေ ဖြစ်ရပြီပေါ့။ ဒါကြောင့် မိဘတွေကို ထိခိုက်သွားရင်လည်း မကောင်းပါဘူး။

တွဲတယ် ဆိုတာ သိပ်အရေးကြီးပါတယ်။

စာဖတ်ရှုနဲ့ မသိနိုင်သေးတာတွေ တစ်ပုံကြီး ရှိနေပါသေးတယ်။

ဒီလိုတွဲလုံးတွေကြောင့် မိဘတွေ ထိခိုက်ကုန်ရတာ မနည်းဘူး။

ဒီလိုတွဲရင် ဒီလိုဖြစ်တတ်တယ် ဆိုပြီးတော့လည်း အချိန်ရတိုင်း ဖွင့်ဆိုပြခဲ့တာ နှစ်ကို မနည်းတော့ပါဘူး။

ဒါပေမယ့်-

များသောအားဖြင့်တော့ ကိုယ့်အလုပ်နဲ့ကိုယ် မအားမလပ်ကြသူတွေက များတယ်လေ။ ဖတ်မိတဲ့သူရှိသလို မဖတ်ဖြစ်တဲ့သူတွေလည်း ရှိမှာပဲ။

ကိုယ့်အလုပ်နဲ့ကိုယ် မအားကြရသူတွေချည်းပဲ ဆိုတော့ တော်ရုံ သတိမထားမိတော့ဘူး။ ဒါကြောင့် အချိန်ရတိုင်း နာမည်မှည့်တတ်ပုံတွေကို အကြိမ်ကြိမ် ဖွင့်ဆိုနေရတာပါ။

အခု-

ဖွင့်ဆိုဖြစ်တာကတော့ နာမည်တွဲပုံကိစ္စတွေပါပဲ။

နာမည်တွဲပုံကိစ္စတွေပါပဲ ဆိုလို့ တစ်ခါကကြုံခဲ့ဖူးတာလေး သတိရလို့။

တစ်နေ့-

လူတစ်ယောက် ရောက်လာတယ်။ ဘိုးအေလို့ခေါ် ရတော့မယ့် အရွယ်ဖြစ်နေတာမို့ နာမည်မှည့်ပေးရမယ့် ကလေးရဲ့ဘိုးအေနဲ့တူတယ်ဆိုပြီး ကြည့်နေလိုက်တာ ဟုတ်ပါရဲ့၊ ဘိုးအေပါပဲ။ သူက စာရွက်ကလေးတစ်ရွက် ထုတ်ပြပါတယ်။ စာရွက်ကိုမြင်လိုက်တော့ ကိုယ်တိုင်လက်ရေးနဲ့ ရေးပေးထားတာမို့ ဘာလိုလို့ပါလိမ့်ဆိုပြီး အတွေးခတ်နေလိုက်ပါတယ်။

ကလေး တော်တော်လေး ချာချာလွန်းလို့ပါတဲ့။

ဟင်- ကလေးနာမည်ဘယ်သူလဲ ဆိုတော့ ကလေးနာမည်က ဆရာပဲ မှည့်ပေးလိုက်တာလေတဲ့။ အဲဒီမှာတင် ခေါင်းနားပန်းတွေကြီးသွားပြီး ကျွန်တော့် ပြပါဦးလို့ ပြောရင်း ယူကြည့်လိုက်မိပါတယ်။

မဖြစ်နိုင်ဘူး၊ ကလေး ဘယ်နည်းနဲ့မှ မချာချာနိုင်ဘူး။ ကျွန်တော်ပေးလိုက်တဲ့နာမည်တွေထဲမှာ ကလေးကို ချာချာစေတာ မပါဘူး။ ဘယ်လိုမှည့်လိုက်လဲဆိုတော့ 'နေဝန်းကျော်' တဲ့။

ကလေးနာမည်ပေးလိုက်တဲ့ စာရွက်လေးထဲမှာ ရေးပေးလိုက်တာက စနေစပြီး တနင်္လာပိတ်မှည့်ရမည်။ ဥပမာ- 'ထက်အောင်ကောင်း' ဆိုပြီး သုံး၊ လေးလုံး ရေးပေးလိုက်တာ။

သူမှည့်ထားတာက နေဝန်းကျော်။

ဖခင်နာမည်ကို ကပျာကယာမေးလိုက်တော့ ကိုသူရိန်ထွန်း။

အဲဒီမှာ သွားတာပဲ။

ကလေးဟာ သူ့အဖေကို ကျော်တဲ့ ပညတ်ကြီး ဖြစ်သွားပြီ။

ဘာလို့ ဒီလိုပေးလိုက်ရတာလဲ၊ ကျွန်တော်ပေးတာ မဟုတ်ဘူး ဆိုတော့ ဆရာပဲရေးပေးလိုက်တာပဲလေတဲ့။ 'စနေစ တနင်္လာပိတ်' ပဲလေတဲ့။

စနေစ တနင်္လာပိတ်တော့ ဟုတ်ပါရဲ့၊ ကျွန်တော် ရေးပေးထားတယ်လေဗျာ။ ကျွန်တော် မှည့်ပေးလိုက်တာ ဒီလိုမှ မဟုတ်ဘဲ ဆိုတော့. . .

ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အဖေက ရိုးတယ်ဆိုပြီး သူ့သားကို ခပ်ဆန်းဆန်းဖြစ်အောင် ပေးချင်တယ်ပြောတော့ ဝိုင်းစဉ်းစားပြီး မှည့်လိုက်ကြတာပဲတဲ့။

ဖခင်က နေလေ၊ ကလေးက ဖခင်ကို ကျော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဆန်းကျမ်းပညာရှင်တွေသာ ဒီနာမည်ကိုကြားရင် ဒေါက်ခနဲ ဟောထည့်လိုက်မှာ တန်းနေမှာပဲ။ လုံးဝ လွဲမှာ မဟုတ်ဘူး။ ချွချာတာလောက်ကတော့ အသာလေးပြောနိုင်ကြတယ်။

နာမည်ကရှင်းနေတာပဲ၊ ဖခင်ကို ကျော်နေတယ်။

ဒါ မမှည့်သင့်ဘူး။ သူ့ဖခင်ဟာ နေနာမည် မဟုတ်ရင်တော့ တစ်မျိုးပေါ့လေ။ သူ့ဖခင်က နေနာမည်ဖြစ်နေတော့ ကလေးအတွက် ပိုပြီး အထိနာသွားရတော့တာပေါ့။

အဲဒါ ဆရာပဲရေးပေးလိုက်တာပဲ၊ ဆရာရေးပေးသလို စနေစ တနင်္လာပိတ် မှည့်လိုက်တာပဲလေ ဆိုတော့. . .

ဘယ်လိုပြောမလဲ-

ရှိသမျှ ပညတ်တွဲတွေ လျှောက်ရေးပြီး ဒါတွေ မသင့်တော်ပါဘူးလို့ စာမျက်နှာ (၅) မျက်နှာ၊ (၆) မျက်နှာလောက်ထိ ရေးပြရရင်လည်း မဖြစ်သေးဘူး။

အဲဒါကြောင့် ပြောတာပေါ့။

ဘယ်လို စဉ်းစားရမှန်းတောင် မသိတော့ဘူး။

တွဲပုံ တွဲနည်းကတော့ မှန်ပါရဲ့၊ တွဲသင့်, မတွဲသင့် ဆိုတာ ရှိနေတော့ တစ်ချက်တိမ်းသွားလို့ မဖြစ်ပါဘူး။

တစ်ခါကလည်း ဒီလိုပဲ။

ကလေးတစ်ယောက်ကို နာမည်ပေးလိုက်တာ အဲဒီ ကလေး (၁၀) နှစ်သားလောက်ရောက်တော့ သူ့မိဘနဲ့ တစ်ခါပြန်ဆုံဖြစ်တယ်။

'ဆရာမှတ်မိလား၊ ကျွန်မကလေးကို ဆရာ နာမည်ပေးခဲ့တာလေ' ဆိုပြီး ကိုယ်တိုင် လက်ရေးနဲ့ရေးပေးခဲ့တဲ့ စာရွက်လေးထုတ်ပြတယ်။ စာရွက်လေးက ဟောင်းတောင်နေပါပြီ။

ပြီးတော့ ဘာဆက်ပြောလဲဆိုတော့-

ကလေးက ဘယ်လိုမှ ဆုံးမလို့မရတော့ဘဲ ရိုင်းစိုင်းလွန်းနေလို့တဲ့။ စရိုက်က ကြမ်းမှကြမ်းတဲ့။

ဟာ- လုပ်ပါဦး၊ ဘယ်လိုများ နာမည်ပေးခဲ့မိလို့လဲ ဆိုတော့. . .

'ဟိန်းထွဋ်ဘုန်းစံ' တဲ့။

သူလည်းပြောရော စာရွက်ကို တဖျာကယာလှမ်းကြည့်လိုက်ပြီး အင်း- ဒီနာမည်မျိုး ငါမပေးဖူးပါဘူးလို့ တွေးရင်း စာရွက်ယူကြည့်လိုက်မိပါတယ်။ သူပြောတဲ့ နာမည် လုံးဝမပါပါဘူး။

'ဘယ်မှာလဲ' ဆိုတော့ ဆရာက သောကြာစ အင်္ဂါပိတ် မှည့်ရမယ်ပြောထားလို့ သူ့အဘိုးက အဲဒီလို တွဲပေးလိုက်တာပါတဲ့။ ဒါ ဆရာတွဲခိုင်းတဲ့အတိုင်းပါပဲတဲ့။

ရေးပေးလိုက်တာက 'ဟန်ထူးဆက်' လို နာမည်မျိုးတွေ။

သူပေးလိုက်တာက ဟိန်းထွဋ်ဘုန်းစံ ဆိုတော့ တွဲထားတာကတော့ ဟုတ်ပါရဲ့၊ အဓိပ္ပာယ်တွေက တစ်မျိုးဖြစ်နေပြီး ကလေးက မနိုင်တော့ဘူး။ သူ့ကိုရိုက်ရင် မိဘတောင် ခံသတ်နေပြီ။ ကြောက်စရာ။

တကယ့်ကို ကြောက်စရာဖြစ်နေပြီ။

ကလေးအတွက်ကော ကောင်းပါတော့မလား စဉ်းစားသာကြည့်။

မိဘက ချစ်လို့ ခွင့်လွှတ်တယ်ထား၊ အပြစ်က မနေဘူး။ ကြာရင် ကလေးနစ်မွန်းသွားမယ်။ ရိုင်းစိုင်းတယ်ဆိုတာ ဂုဏ်ယူစရာမှမဟုတ်တာ။

ဒါ အနိဋ္ဌပဲလေ၊ ဣဋ္ဌမှ မဟုတ်တာ။

ကိုယ်ခေါ်ချင်သလိုခေါ်လိုက်တာကို နာမည်လို့သတ်မှတ်ချင်ရင် ဘက်စုံ၊ ရှုထောင့်စုံကတော့ လေ့လာသင့်တာပေါ့။

ဦးဆုံး စဉ်းစားပေးရမှာကတော့ ကလေး။

ကလေးချွချာလို့ မဖြစ်ဘူး။

ကလေး ဘုန်းနိမ့်သွားလို့ မဖြစ်ဘူး။

ဒါက အရေးကြီးတယ်။

လူကြီးက ပြောတတ်တယ်။ ခေါင်းမူးရင်လည်း ပြောတတ်တယ်၊ ဗိုက်နာရင်လည်း ပြောတတ်တယ်၊ လေထိုး လေအောင့်ရင်လည်း ပြောတတ်တယ်။

ကလေးက မပြောတတ်ရှာဘူး။

နာမည် ဖောက်တိဖောက်ထိုးဖြစ်အောင် မှည့်လိုက်လို့ ခေါင်းမူးရင်လည်း မပြောတတ်ရှာဘူး၊ ဗိုက်အောင့်ရင်လည်း မပြောတတ်ရှာဘူး၊ သူ ဘယ်လိုခံစားနေရပါတယ်ဆိုတာ မပြောတတ်ရှာဘူး။

ကဲ- ဘယ်လောက် သနားဖို့ကောင်းလဲ။

မျက်လုံးလေးတွေ ကလယ် ကလယ်နဲ့။ မိဘတွေ၊ ဦးလေးတွေ၊ အဒေါ်တွေ၊ အဘိုးအဘွားတွေထားတဲ့အတိုင်း လေးနေကြရှာတာ။

ဒီလို အပြစ်ကင်းစင်လွန်းလှတဲ့၊ ဖြူစင်လွန်းလှတဲ့ ကလေးလေးတွေအတွက် ဘက်စုံ၊ ထောင့်စုံကနေ စဉ်းစားမပေးသင့်ဘူးလား။

ကိုယ့်သားသမီးကို မြင့်လွန်းချင်လို့ အမြင့်ကြီးတွေ လျှောက်မှည့်တယ်၊ မှန်တယ်။

ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဟိုးအမြင့်ကြီး ရောက်စေချင်ကြတာချည်းပါပဲ။ မိဘတိုင်းပါပဲ။

ဟုတ်ပြီ၊ မှည့်ပြီ။ အမြင့်ကြီးတွေ။

မှည့်ထားရင်းကနေ တဖြည်းဖြည်း ချွချာလာတာတို့၊ တဖြည်းဖြည်း ရိုင်းစိုင်းလာတာတို့ တဖြည်းဖြည်း စာမကျက်ချင်ဖြစ်လာတာတို့၊ တဖြည်းဖြည်းနဲ့ မိဘကို ထိခိုက်လာတာတို့ ဖြစ်လာပြီ၊ ကြုံလာပြီ ဆိုရင် အဲဒီလို မှည့်ထားတာတွေနဲ့ပတ်သက်ပြီး စဉ်းစားပေးသင့်ပြီ။

ဘာဆက်လုပ်သင့်လဲ။

ဘာလုပ်ပေးသင့်လဲ။

စဉ်းစားသင့်ပြီ။

ဒီအကြောင်းလေးဟာ ဒီလအတွက် သူ့ရဋ္ဌလက်ဆောင်ပေးချင်တဲ့အကြောင်းလေးပါပဲ။

ကိုယ့်သဘောနဲ့ကိုယ် နာမည်တွဲလိုက်လို့ ဘာတွေ ဘယ်လိုကြုံနေရလဲ။ ကလေးလေးတွေကို အကဲခတ်ပေးပါ။ စောင့်ကြည့်ပေးပါ။

ဒါက မေတ္တာရပ်ခံတာပါ။

ကလေးလေးတွေအတွက် မေတ္တာရပ်ခံတာပါ။

ဒီလို စောင့်ကြည့်လို့ မေပိုးသဲလေးလို၊ လှိုင်းဆုနဒီလေးလို၊ နေဝန်းကျော်လေးလို၊ ဟိန်းထွဋ်ဘုန်းစံလေးလိုများ ကြုံနေကြရပြီဆိုရင် ကလေးလေးတွေအတွက် အချိန်ပေးပြီး စဉ်းစားပေးပါ။

ဒါဟာ-

ဒီလအတွက် သူ့ရဋ္ဌလက်ဆောင်ပါပဲ။

ဒီသူ့ရဋ္ဌလက်ဆောင်က ပြန်စဉ်းစားပေးဖို့, စောင့်ကြည့်ပေးဖို့၊ ကလေးလေးတွေအတွက် စဉ်းစားပေးဖို့ ဒါက အဓိကပါပဲ။

ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သူ့ရဋ္ဌရဲ့ထုံးစံအတိုင်း-

နာမည်တွဲတာ မှားနေနိုင်တဲ့ ကလေးလေးတွေများရှိရင် မြှပြင်ပေးနိုင်အောင်. . .

မသိသေးရင် သိပြီးသားသူက ပြန်ပြောနိုင်အောင်. . .။

ဆရာဦးမောင်မောင်သန့်
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

လုပ်ငန်းတာဝန်နှစ်ခုယူရခြင်း၊ အခြားတစ်ယောက်နှင့်အတူ တွဲလုပ်ရခြင်းများ ရှိတတ်၍ အနည်းငယ် ပင်ပန်းနေတတ်သည်။ အလုပ်တစ်ခုကိုလုပ်တိုင်း တစ်ကြိမ်တည်းနှင့်မပြီးဘဲ နောက်တစ်ကြိမ်ဆောင်ရွက်ပြီးမှ အောင်မြင်တတ်သည်။ စကားပြောမကြမ်းအောင် ဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ (၆) ဂဏန်း ရှောင်ပြီးအလုပ်လုပ်ပါ။ သူများအတွက် အာမခံပေးခြင်းမျိုး သတိထားပါ။ ရှောင်လိုက်ပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားရှောင်ရပါမည်။ ပရိမိတ္တဇာလသုတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ခြင်း၊ လေအောင့်တတ်သောဝေဒနာရှင်နှင့် ဦးခေါင်းမူးဝေတတ်သော ဝေဒနာရှင်များကို ဆေးလှူပါ။ ကျန်းမာရေးကောင်းလာပါလိမ့်မည်။ ပရိတ်မရွတ်တတ်သူများ ဖုဋ္ဌသဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်ပြောက် ပုလဲပေါက်အင်္ကျီ မဝတ်ပါနှင့်။ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် စကားပြောဆင်ခြင်ရပါမည်။ လူငယ်များ၏နှလုံးသားရေးရာကိစ္စများ အဆင်ပြေနေပါလိမ့်မည်။ တန်ဖိုးမရှိသောကျောက်များ မဝယ်ပါနှင့်။ မဝင်ပါစေနှင့်။ စက်ပစ္စည်း အကျိုးမပေးသောကာလ ဖြစ်နေပါသည်။ အိမ်ရှိ စက်ပစ္စည်းများအတွက် စိတ်တိုင်းမကျ ဖြစ်နေတတ်သည်။ စက်များ မကြာခဏ ပျက်တတ်၊ ထွက်တတ်ပါသည်။ ပညာရေးနှင့်ဆိုင်သောကံများ ကောင်းနေပါသည်။ လူမှုရေးအတိုက်အခံများရှိပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ထီထိုးမည်ဆိုပါက (၂၊ ၁၊ ၅) ဂဏန်းတွေ များများပါအောင် ကားနှင့်ရောင်းသော ထီဆိုင်မှာ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားစေတီများသို့သွား၍ လျှပ်စစ်မီးအတွက် လှူပေးပါ။*



၂၀၁၃ ခုနှစ် ၊ မေလအတွက်

# ခုနစ်ရက်သားသမီး ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသော ၊

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

ယခုလ ဝင်ငွေအားကောင်းနေပါသည်။ မင်္ဂလာနှင့်ဆိုင်သောကိစ္စများ ဆောင်ရွက်ရတတ်သည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုဖို့ကိစ္စရှိတိုင်း အစိမ်းရောင်၊ ရွှေအိုရောင်အင်္ကျီများ ဝတ်မသွားပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ လေမချုပ်အောင်နေပါ။ အပူအစပ်များ လွန်အောင် မစားဝါနှင့်။ ရင်, ဝမ်းရောဂါရှိသူ၊ အတိုက်အခံများသူများ ရေသတ္တဝါလေးများကို မကြာမကြာ ဘေးမဲ့ပေးပါ။ လူမှုရေးအတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ စက်ပစ္စည်း အကျိုးပေးနေတတ်ပါသည်။ လက်ဝတ်ရတနာပစ္စည်းအတွက် စကားစမြည်ပြောရတတ်သည်။ အိုးအိမ်ကိစ္စပြဿနာများ ရှိတတ်သည်။ မင်္ဂလာတိစ္စ အချစ်ရေးကိစ္စများ အဆင်ပြေနေတတ်သည်။ ချစ်သူကို စမိ၊ နောက်မိရင်း လမ်းခွဲစကားများ မပြောမိပါစေနှင့်။ အမှုအခင်းဖြစ်နေသူများအား အာမခံပေးခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သူများကို ကူညီမှုများပေးခြင်း မပြုလုပ်ရန် အထူးရှောင်ပါ။ [illegible]နှင့်ဆိုင်သောကံများ ကောင်းလာမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ပါနှင့်။ နိုင်ငံရပ်ခြားခရီးကံများ အကျိုးပေးမည်။ [illegible] ရှိမည်။ အလှူကြီးတွေ လှူရပါလိမ့်မည်။ ထိုထိုးရန်အတွက် [illegible] ရာထူးနှင့်ဆိုင်သောကိစ္စများအတွက် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသ [illegible] အချိန်ရတိုင်း အချိန်ယူပြီး [illegible]ပါ။

ယတြာ ။ ။ [illegible]

**အင်္ဂါသားသမီးများ**

လုပ်ငန်းကိစ္စများ စုပေါင်းလုပ်ကိုင်ရင်း အောင်မြင်တိုးတက်မှုများ ရရှိလာမည်။ သူတစ်ပါး၏အလုပ်များကိုလည်း ကူညီပေးနေရတတ်သည်။ မူလနေရာက တခြားနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး မူလနေရာကို ပြန်ရောက်ချင်နေသူများအတွက် ဆန္ဒများ ပြည့်လာမည်။ လုပ်ငန်းခွင်အတွင်း စိတ်ချမ်းသာပျော်ရွှင်မှုများရရှိပြီး မသင်ရဘူးသေးသော ပညာရပ်များလည်း သင်ကြားခွင့်ရလာမည်။ အမှုအခင်းဖြစ်ထားသောသူများနှင့် ခရီးရှည်အတူမသွားပါနှင့်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ တရားဥပဒေကို ဆန့်ကျင်သည့်ကိစ္စမှန်သမျှ ရှောင်ပါ။ မကြာခဏ ပြဿနာဖြစ်တတ်သူကို အာမခံပေးခြင်း ရှောင်ပါ။ ကျန်းမာရေး စိုးရိမ်စရာမရှိပါ။ လေအောင့်လာသည်အထိ အဆာခံခြင်းရှောင်ပါ။ အပူအစပ်များကို လွန်ကဲစွာ မစားပါနှင့်။ ပညာရေးနှင့်ဆိုင်သောကံများ ကောင်းမည်။ လူငယ်တို့သဘာဝ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် တစ်ဦးနှင့်တစ်ဦး နားလည်မှုတွေရှိဖို့လိုပါသည်။ လူမှုရေးအတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ လာဘ်လာဘအတွက်လည်း ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါက အောင်မြင်ပါလိမ့်မည်။ အကြံအစည်ပြုရန် ကိစ္စရှိတိုင်း အပြောက်အပြောက် ပုလဲပေါက် အင်္ကျီဒီဇိုင်းများ ဝတ်မသွားပါနှင့်။ ထီထိုးမည်ဆိုပါက (၇၊ ၂၊ ၉၊ ၁၊ ၅) ဂဏန်းများ ဝေဆာမြိုင်ဆိုင်နေအောင် ရွေးချယ်ကံစမ်းပါ။ ဘုရားရှင်အား ထမင်းလျက်ဆွမ်း၊ နို့ဆွမ်း၊ ထောပတ်ဆွမ်းများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူတွေကို ကြံ့တိုင်းလှူပါ။ အညံ့များ လျော့နည်းသွားပြီး ဆန္ဒများ ပြည့်လာပါလိမ့်မည်။

ယတြာ ။ ။ ရေကာ့သိုလ်များစွာပြုပါ။

BURMESE CLASSIC .com

**ဗုဒ္ဓဟူးသားသမီးများ**

မင်္ဂလာနှင့်ဆိုင်သောကိစ္စများ ဆောင်ရွက်ပေးနေရတတ်သည်။ အနုပညာနှင့်ဆိုင်သော အလှအပပစ္စည်းလေးများ လက်ဆောင် ရရှိတတ်သည်။ ငွေဝင်ပြီး အကုန်အကျများနေတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမျိုး မရှိစေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းများ ရှောင်ပြီး အလုပ်လုပ်ပါ။ အောင်မြင်မှုအတွက် အကြောင်းကြုံငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။ ဘုရားစေတီကို မကြာခဏသွားပြီး ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် ရေသတ္တဝါလေးများကို အစာကျွေးခြင်းများ ဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ပညာရေးနှင့်ဆိုင်သောကံများ တောက်လျှောက်ကောင်းနေပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါ။ လူငယ်တို့သဘာဝ ချစ်သူတွေ အဆင်ပြေနေစေရန် တစ်ယောက်နှင့်တစ်ယောက်ဆုံတိုင်း ကျန်ခဲ့တဲ့ အတိတ်က ဇာတ်ကြောင်းတွေ ပြန်ပြောပြီး စိတ်တသိတအောက် မဖြစ်ကြပါစေနှင့်။ ထီထိုးဖြစ်အောင်ထိုးပါ။ (၂၊ ၉၊ ၇၊ ၅) ဂဏန်းများ ပြည့်နေအောင် ရွေးချယ်ပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေအလုံးအရင်း ဝင်လာပါလိမ့်မည်။ တရားဥပဒေကိုဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ သူတစ်ပါးအတွက် အိမ်ပေါင်ပေးခြင်းမျိုး၊ အရှုပ်အရှင်းရှိသောအိမ်၊ လက်ဝတ်ရတနာဝယ်ယူခြင်းမျိုးများ ရှောင်ပါ။ ရပ်ဝေးမှာရှိသော အင်္ဂါနာမည်ရှင်များ၊ အင်္ဂါနံလုပ်ငန်းများ အကျိုးပေးပါသည်။ ကိုယ်နှင့်ထိစပ်သော၊ အကျိုးပေးသော အမိကနာမည်ရှင်များမှာ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ၎င်းတနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အောင်မြင်မှု ရရှိပါလိမ့်မည်။

ယတြာ ။ ။ အာဟာရဒါနများစွာပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေဝင်မည့်ကာလ ဖြစ်ပါသည်။ အောင်မြင်လိုသောကိစ္စများ သို့မဟုတ် အခက်အခဲရှိသောကိစ္စများ၊ ကောင်းတဲ့အကြံဉာဏ်များအတွက် စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ယခုလတွင် (၅) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ ဂုဏ်တော်ကွန်ချာကို နှုတ်ကမပြတ် အမြဲရွတ်နေပါ။ အရေးကြီးသောကိစ္စများရှိပါက တန်ခိုးကြီးဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ဘုရားပူဇော်ပြီးမှ လိုရာကိစ္စကိုပြုပါ။ အောင်မြင်ပါမည်။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ နတ်ချစ်ဂါထာများကိုရွတ်ပါ။ နတ်ကောင်း နတ်မြတ်များကို မေတ္တာပို့ အမျှဝေပါ။ လူမှုရေးအတိုက်အခံများလျှင် ၂၄ ပစ္စည်းကို နေ့စဉ် မပျက်မကွက် (၂၄) ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ရာထူးကိစ္စများအတွက် ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ အောင်မြင်သွားမည်။ လုပ်ငန်းခွင်စာမေးပွဲများ အောင်မည်။ ပညာရေးကံများ ကောင်းနေသော်လည်း အပျော်အပါးလျှော့ပြီး ဖွဲ လုံ့လဖြင့် စာကြိုးစားလိုက်ပါ။ လူငယ်တို့အတွက် အချစ်ရေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် စကားပြော အထူးဆင်ခြင်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အပြောက်အပြောက် ပုလဲပေါက်အကျီ ဝတ်မသွားပါနှင့်။ မိတ်ဆွေများ ကိုယ့်အပေါ် ဆတ်ဆံနေတို တစ်မျိုးမြင်ပြီး မတွေ့မနှပ်ဖြင့် စကားပြော ကြမ်းတတ်၊ မှားတတ်ပါသည်။ ဘာမဆို သည်းခံပါ။ စိတ်ရှည်ပါ။ နားထောင်တတ်အောင်ကျင့်ပါ။ အောင်မြင်ရပါလိမ့်မည်။ အိမ်ထောင်ရေးများ မသင့်လွန်းပါက သူ့ဘက်ကိုယ့်ဘက် မျှမျှ ဆိုင်ရာနတ်များကို [illegible] ပြုပေးခြင်းများ ဆောင်ရွက်ပါ။ ငှက်ကလေးများ [illegible] အစာကျွေးပါ။ [illegible] ကျွေးပါ။

**ယကြာ။ ။ ဆေးလှူပေးပါ။**

## သောကြာသားသမီးများ

ငွေနံကောင်းသောကာလ ဖြစ်ပါသည်။ တန်ဖိုးမရှိသောကျောက်ဝင်လာလျှင် လာဘ်များပိတ်သွားတတ်သဖြင့် သတိထားရှောင်ပါ။ ထီကံကောင်းသောကာလဖြစ်၍ ထီလည်း ထိုးဖြစ်အောင်ထိုးထားပါ။ အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အကျိုးအပေးဆုံးသော နံသင့်ပုဂ္ဂိုလ်မှာ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ တိုင်ပင်ခြင်း၊ အကူအညီတောင်းခြင်း၊ အကြံဉာဏ်များရယူခြင်းဖြင့် အောင်မြင်လာပါလိမ့်မည်။ (၃) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ ရပ်ဝေးမှာ အရှုပ်အရှင်းဖြစ်နေသော စက်၊ စက်ရုံများ အကျိုးမပေးပါ။ ဆိုင်ကယ်စီး လုံးဝမကြမ်းပါစေနှင့်။ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ အကြောင်းကြီးငယ်ရှိပါက ဘုရားစေတီတစ်ဆူဆူကို အရင်သွားပြီး ဖယောင်းတိုင် (၇) တိုင်ထွန်း၊ ဘုရားပူဇော်ပြီးမှ လိုရာခရီးကိုသွားပါ။ စာကလေးများကို မကြာခဏ ဘေးမဲ့လွှတ်ပေးပါ။ ရေသတ္တဝါလေးများ၊ စာကလေးများကို အစာကျွေးပါ။ လေရောဂါဝေဒနာရှင်တွေကို ကြုံသလို ဆေး၊ ငွေ၊ အာဟာရ လှူပါ။ သံဃာတော်အရှင်သူမြတ်များကို လိုအပ်တဲ့ ထီး၊ ဖိနပ်၊ စာအုပ်၊ သင်္ကန်း၊ ဝတ္ထုငွေများ တတ်အားသရွေ့ လှူပါ။ ပညာရေးကံများ ကောင်းနေပါသည်။ အိမ်တွင်းရေးများ ဆူဆူပူပူမဖြစ်အောင် စကားပြောမကြမ်းပါစေနှင့်။ ချစ်သူမရှိသေးသူများ စန်းပွင့်နေမည်။ ချစ်သူစုံတွဲများအနေဖြင့် တစ်ယောက်နှင့်တစ်ယောက် အကျီစားသန်၊ စကားပြောများတတ်ပြီး လမ်းခွဲစရာကိစ္စများ ကြုံတတ်သဖြင့် သတိထားရပါလိမ့်မည်။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသောထီကားများ၊ တနင်္လာနံထီဆိုင်များတွင် (၂၊ ၉၊ ၇၊ ၅) ဂဏန်းတွေ အများဆုံးပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယကြာ။ ။ စေတီများတွင် ဆီမီးထွန်းညှိပူဇော်ပေးပါ။**

## စနေသားသမီးများ

ထီကံကောင်းသောကာလ ဖြစ်သည်။ လူမျိုးကွဲနှင့်အကျိုးပေးနေမည်။ ရပ်ဝေးမှာရှိသော အင်္ဂါနံလုပ်ငန်းများ၊ စက်ရုံများ၊ စက်ပစ္စည်းများ ပြန်လည် ဦးမော့လာမည်။ ကိုယ့်ကို အကောင်းဆုံး အကြံပေးနိုင်သူ၊ ကူညီနိုင်သူများသည် စနေနာမည်ရှင်များ၊ စနေသားသမီးများ ဖြစ်ပါသည်။ ဘာမဆို တိုင်ပင်ပါ။ အောင်မြင်ပါလိမ့်မည်။ ဗုဒ္ဓဟူးနံကိစ္စများ၊ နာမည်ရှင်များ မမျှော်လင့်ဘဲ အကျိုးပေးပါလိမ့်မည်။ (၁) ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ကိစ္စရှိတိုင်း အကျီအနီရဲရဲ မဝတ်ပါနှင့်။ ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို ငွေကြေး၊ ဆေး၊ အာဟာရ လှူပေးပါ။ ထီးတော်၊ စိန်ဖူးတော်အတွက် လှုပ်စစ်မီးများ လှူပေးပါ။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးတော်ကြောင့် အောင်မြင်မည့်ကာလဖြစ်၍ ဘုရားရှင်ကို ပူဇော်လှူဒါန်းခြင်း၊ တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သံဃာတော်အရှင်သူမြတ်များကို လိုအပ်သမျှ လှူဒါန်းခြင်းများ ပြုပါ။ ပညာရေးကံများ ကောင်းနေပါသည်။ ခေါင်းမူးစေသော အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက် စသော တက်စာများကို အလွန်အကျွံမစားဖို့ လိုပါသည်။ အိပ်ရေးပျက် လုံးဝ မခံပါနှင့်။ ကျန်းမာရေးအတွက် လိုအပ်ပါက ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပြီး လမ်းများများလျှောက်ပေးပါ။ အချစ်ရေးများ အဆင်ပြေနေမည်။ မင်္ဂလာရှိသော ဘုရားဆောင်၊ ဧည့်ခန်းများတွင် ဖုန်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ရှင်းလင်းဖယ်ရှားပါ။ မင်္ဂလာမရှိ ကျက်သရေမရှိသော စကားအသုံးအနှုန်းများ ရှောင်ပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၂၊ ၉၊ ၇၊ ၃) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယကြာ။ ။ ငါးအရှင်လေးများကို ရေအရှင်တွင် ဘေးမဲ့လွှတ်ခြင်းပြုပါ။**

ရင်ကိုအေးမြစေသော

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)ထပ်၊ (၆)ရပ်ကွက်

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com